
www.burmeseclassic.com

အတွဲ (၁၇) အမှတ် (၄)
၂၀၁၇ခုနှစ် ဧပြီလ

# သရဖူ

မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ ။

BURMESE CLASSIC


# သရဖူ
## မဂ္ဂဇင်း

အတွဲ (၁၇) အမှတ် (၄) ၂၀၁၇ ခုနှစ် ဧပြီလ

www.burmeseclassic.com

www.burmeseclassic.com

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



## ဘာသာရေးဆောင်းပါးများ


၆ ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်တော်မူသော
မိုဃ
(ပကိဏ္ဏကလေခကမ္မဋ္ဌာကထာ)
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

၂ မနလဥမဟာထေရုပ္ပတ္တိကထာကျမ်း
လာ မန်လည်ဆရာတော်ဘုရားကြီး၏
နလုံးသွင်းတရား
မြဝင်း(ဒဿန)

၇ ထူးထူးခြားခြားရေးဟောင်းသမိုင်းဝင်
ရှင်တောက်ထိန်ပေါ်တော်မူ
ဓာတ်ဘုရားကြီး
မောင်စိမ်းထွေး(ထားဝယ်)

၃ သရဏဂုံဆောက်တည်တုံက
သုသုသ

၃ ပုဂ္ဂိုလ်ထူးချွယ်တောင်ဆရာတော်၏
လိုတရင်္ဂါထာတော်
ရောမြေကျော်ဝေ

၉ ပျော်ဘွယ်မြို့နယ် သန်လျင်တောရ
ယင်းတော်မင်းကျောင်း
ဖူးစရာအဖုံဖုံ ဘုရားစုံ
စနေထွန်း(မြစ်သား)

၃၉ ရှင်အရဟံသမုတ်ခဲ့သော
နေဝင်သိမ်နှင့်
သီတင်းသုံးတော်မူခဲ့သောဂူကြီး
ရေနံမြေ-လွမ်းစု

၄၁ နှစ်သစ်ဦးခရီးသွားတောလား
စေးလာနွယ်

၄၇ ရွှေဆံတော်ဘုရား
တောင်ဘက်စောင်းတန်းမှ
သိုက်ချုပ်ကွန်းတိုင်ကြီး
မနင်းမွှင့်(ပြည်)

၄၉ ရန်အောင်မြို့မှ
ရန်အောင်မြင် ဆုတောင်းပြည့်စေတီနှင့်
ဦးဒီပကျောင်းတော်
သစ်ဆုံ-အောင်မြင့်စော

၅၂ မြင့်မြတ်သူတို့၏အလုပ် သို့မဟုတ်
ပါရမီကုသိုလ်
ဆရာဦးစိန်လှိုင်
(ကျိုက်လတ်)

၅၃ ဘာသာသာသနာနှင့် ဝိသမစီးပွားရေး
လုံးထွေးသတ်ပုတ်နေသည့်
ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်
ရာမည-သွေးမွှန်

၆၃ သေခဲလုပွဲတော် သို့မဟုတ်
တောဘုရားပွဲ
ဦးစန္ဒိမာ(စလင်း)

၆၆ ပဌာန်းကျင့်စဉ်နှင့်
ဝိဇ္ဇာမိုရ်ဆရာတော်(၂)ပါး
မနင်းဆီ
(ရေဆင်း-နေပြည်တော်)

၇၃ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ်(၁၈)
ကံဝင်း

၇၉ ညောင်လွန်တောရဆရာတော်ဘုရားကြီး
အမှတ်တရ
တင်အောင်(စက်မှုတက္ကသိုလ်)

၈၄ ခန္ဓီစေတီပုတီးစိပ်ခြင်းအစွမ်း
ခုနစ်ဂဏန်းဖြစ်ရပ်ဆန်း
တွန်းအားရှင်

၈၂ ဓမ္မနဓမ္မမဟာဒွါရနိကာယတေရသမ
သာသနာပိုင် အဘိဓဇ အဂ္ဂမဟာ
သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊
အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ
ဟင်္သာတမြို့ မဟိတာရုံဆရာတော်
ဘုရားကြီး၏သက်တော်နှစ်(၁၀၀)ပြည့်
အထိမ်းအမှတ်ထေရုပ္ပတ္တိအကျဉ်းနှင့်
ဩဝါဒအမြုတေ
သစ္စာဝါဒီ-ဦးမြင့်အောင်

၉၈ ကပ်ကာစေတီတော်နှင့်
ဘိုးတော်ဘုရား
ကသာသင်းမွှေး

၂၅၇ ရွှေကံကူလေပျံသစ်တော်ရှုပ်ရှင်တော်
မြတ်၏ ၂၀၁၆ ခုနှစ် မော်လမြိုင်-
ဘားအံ-ကျိုက္ကမော့လေး-ကော့ကရိတ်
ဒေသစာရီခရီးစဉ်ထူးခြားမှုများနှင့်
ကရဝိက်ဖောင်စကြာ
ဘိုဘို(ရွှေကံကူ)


## သုတရသဆောင်းပါး


၆၀ ကံကံ၏အကျိုး
ချောင်းဆုံအုန်းသွင်

၆၂ ကမ္ဘာပေါ်တွင်အကောင်းဆုံး
စကားလုံးတော်များ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၇၀ ကိုလိုနီခေတ်တွင် သီဟိုဠ်နိုင်ငံမှ
ဗုဒ္ဓမြတ်စွယ်တော်
မြန်မာနိုင်ငံသို့ ဒေသစာရီကြွချီခဲ့သော
သမိုင်းဝင်ခရီးစဉ်
လှမြင့်(ရန်ကုန်တက္ကသိုလ်)

၈၆ ဒေးဝွန်ပါတောင်ခြေက
ဓမ္မစေတီထီးတင်လှူပွဲသို့
အဘအောင်မင်းခေါင်
ကြွရောက်ချီးမြှင့်ခြင်း
အဏ္ဏဝါလှိုင်း

၉၆ ဘယ်ရင်ခွင်မှာပျော်မှာလဲ
ခေါက်တာအရှင်လာဘာသာမိ
(မြတ်မေ့)

၁၀၉ ရခိုင်ညွှန့်ဖူး မြောက်ဦးရွှေနန်း
ဗျာလ်တို့မြေသို့
အကြင်နာလက်တစ်ကမ်း
ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သု)

၁၂၃ မြောက်ဦးခေတ်လယ်
ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု(၁၀)
ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

၁၄၀ ကာမဂုဏ်ရမ္မက်ဆိုးကို
ဖျက်ချိုးဖို့ခက်လှသည်
ထွန်းကျော်လှ

၁၅၂ လောကီပညာပဒေသာ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၁၆၆ သေရန်ကြိုတင်ပြင်ဆင်နေသူ
တစ်ယောက်အကြောင်း
မောင်မောင်အောင်မင်း
(ဒဿနိက)

၂၀၄ ဘဝအဆင့်အတန်းနိမ့်ရာမှမြင့်ရာသို့
ချစ်ဖို့(မော်ကျွန်း)


www.burmeseclassic.com



www.burmeseclassic.com


၂၁၃ ဓာတုအဆိပ်လွတ်
ပန်းကန်ဆေးနည်း
နေပြည်တော်ကျော်ကျော်စိုး

၂၂၅ လူတိုင်းအတွက်
အင်္ဂလိပ်စာဗဟုသုတ
မောင်ပွင့်ဉာဏ်(မောရ)

၂၃၀ ဝိဇ္ဇာပေးတဲ့ဆေးနည်းမဟာ
နတ်မောက်မင်းသန့်နိုင်

၂၄၂ လယ်တွင်း(၁၁)ခရိုင်နှင့်(၉)ခရိုင်
တိုက်ကြည်(စဉ့်ကိုင်)

၂၄၉ သဘာဝဓမ္မ
ချောင်းဆုံအုန်းသွင်

၂၇၉ သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်းနား
နေအောင်လင်း(စလေ)

၂၉၁ ရာဇဝင်ထဲကကျွန်များ
ကိုရွှေမြသန်း

၃၀၀ ရုပနိကာယ် သဒ္ဒနိကာယ်
ပညာသဘောတရားများနှင့်
ပျိုမေတို့သတိပြုဆင်ခြင်ဖွယ်ရာများ
မင်းချမ်းမြေ့(ပုသိမ်)

၃၀၂ အတိတ်ဆီသို့သမင်လည်ပြန်
ဒေါ်မြသန်းကြည်(သန်လျင်မြို့)

၃၂၀ ကရင်သိဒ္ဓိရှင်ဘိုးပိုက်ဆံ
မောင်သန်းဆွေ(ထားဝယ်)

၃၄၂ ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပထမံပညာ၏
မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၂၅)
ပထမံဆရာဦးအေးရွှေ

၃၇၅ နိုင်းမြစ်ကမ်းမှလွမ်းရိပ်သာ(၁)
လှမိုး(ပညာရေး)

၃၈၂ ပါရမီရှင်တစ်ဦး၏
ထူးခြားသောသာသနာပြုခရီးစဉ်
တင်တင်ဦး(ပေါင်းတည်)

၃၈၇ ဆန်ကိုတိုးစေ ခြံအမြဲတေ
ရဲမျိုးသူ(မောဓိမြိုင်)

၃၉၄ ဝိဇ္ဇာတို့ဌာနီ အလုံပြည်
ဂန္ဓာရီတောစခန်းရောက်
အင်္ဂလန်နိုင်ငံသား
အောင်မြင့်ထွန်း(မသုံးလုံး)


## သုရဇ္ဇတိုင်းရင်းဆေး


၇၂ ပြည်တည်သွေးစုနာပေါက်သော်
**နတ်မောက်မင်းချစ်နော်**

၁၆၈ ရင်ကျပ်အသက်ရှူမဝသော်
**နတ်မောက်မင်းချစ်နော်**

၁၆၉ ရှေးရှေးကမြန်မာကြီးများ
လက်ဆင့်ကမ်းသယ်ယူလာသော
ဆေးမြီးတိုများ
**သုဓ္ဓ(နဝင်းမြို့)**

၁၈၅ အစားမတော်တစ်လုတ်
**ဒေါ်နေနေနိုင်ရည်**
**(တိုင်းရင်းဆေးပညာ)**

၁၈၇ အရက်သမားတို့တွင်ဖြစ်တတ်သော
ရေဖျဉ်းရောဂါအတွက်
ဆေးနည်းကောင်းတစ်လက်
**စနေထွန်း(မြစ်သား)**

၂၀၈ အမျိုးသမီးများအတွက်
ဆေးတစ်လက်
**အောင်လံထူ(နတ်မောက်)**

၂၁၈ ကလေးငယ်များနှင့်
အဆိပ်သင့်အစားအစာများ
**နေပြည်တော်ကျော်ကျော်စိုး**

၂၃၃ အတက်ရောဂါကာကွယ်ရန်
**စိုးထွန်း(ဥပဒေ)**

၂၅၆ ကြမ်းပိုးတအားကိုက်နေသလား
ကြက်သန်းတွေ
တအားကိုက်နေပါသလား
**စိုးမင်း(မြောက်စည်း-ရွာသစ်)**

၂၇၇ အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
လျှာလည်းလောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၂၅)
**ရွှေနဝင်း(ပုသိမ်)**

၃၁၅ ဆင်ပွေးနဲ့ပွေးသား
**နေပြည်တော်ကျော်ကျော်စိုး**

၃၄၆ ဝဲ-ယားနာအကြောင်းသိစေချင်
**ထပ်တရာ**

၃၄၈ ထူးခြားတဲ့ဝက်
**ရွှေပြည်စိုး(မိုးကုတ်)**

၃၅၃ ကျွဲ-နွားများဖျားနာသည့်အခါ
**နေပြည်တော်ကျော်ကျော်စိုး**

၃၆၀ ဆီးကျောက်တည်ခြင်းနှင့် ပတ်သက်၍
ဆေးဝါး၊ ဓာတ်စာဟင်း
**အောင်လံထူ(နတ်မောက်)**

၃၆၄ မုက္ခရုကာသနည်းအစီအရင်
**ဦးကိုကိုကြီး(စစ်ဆေးရေး)**
**ကစစ(၁၂)၊ ထုံးဘို**


## သုရဇ္ဇဝတ္ထုတို


၁၂၆ လူသူမနီး ဂူကြီးခရီးစဉ်
**မင်းနန္ဒရိုက်**

၁၃၀ ရိုးမပေါ်ကရွက်ပုန်းသီး
**ထွန်းတောက်**

၁၃၈ မေတ္တာသည်သာ
**မောင်မောင်ညွန့်(သရက်)**

၁၄၂ သချိုင်းကုန်းကသရဲများနှင့်
ဒေါ်နှင်းမြ
**မင်းဟိန်းထိုက်**

၁၅၄ တမလွန်ချစ်သူ
**မေ(တာချီလိတ်)**

၁၆၀ ပိတောက်ပင်ကြီးသိသမျှ
**မိုဟန်ကို**

၁၇၀ မမြင်အပ်သောခရီးသည်
**ကိုချို(မြကိုင်း)**

၁၇၄ ကျေးဇူးသိသောလက်ပံပင်စောင့်
**တင့်ထူး(ဓေယျဝတီ)**

၁၇၉ မီးကျီးမီးတောက်မီးလျှံကြား
ကြာဖူးကြာပွင့်ကြီးအလယ်က
မောင်ရင်ချာန်ရ
**ကိုဇော်ဝင်း(လှတော)**

၁၈၂ ကိုးသိမ်ဝင်အပ်နှင့်
ကျတ်ကပေးသောလယ်တစ်ပွဲ
**ဓာတ်ပုံ-မောင်မောင်အေး**

၁၉၀ ခေတ်သစ်ရှင်ဒေဝဒတ်
**အေးချမ်းအောင်(ရမည်းသင်း)**

၁၉၄ ဘဝပေါင်းကသိုက်နန်းဆက်မှ
ဒီဘဝအထိ နှောင့်ယှက်ခံနေရသော
ကျွန်တော့်မိတ်ဆွေနှင့်ကျွန်တော်၊
ကျွန်တော့်ဇနီးသည်
**စိုးမင်း(မြောက်စည်း-ရွာသစ်)**


www.burmeseclassic.com

www.burmeseclassic.com

၂၀၆ သနပ်ခါးဘုန်းကြီး
**ရွှေနှယ်ရီး**
၂၁၄ ကျားမရှိကျွန်းက ကျားမသိခွေး
**ဖိုးကျော့**
၂၂၂ ဝိဇ္ဇာအစစ်နဲ့
ထူးဆန်းတဲ့လူတစ်ယောက်
**လမင်းငယ်(ဟုမ္မလင်း)**
**ခေတ္တလူ့ပြည်တောရ**
၂၃၄ မုသားကျိန်စာ
**အောင်မြင့်မြတ်(ပြည်ရွှေဘို)**
၂၄၂ ဘားလားတံတားနားမှဖြစ်ရပ်ဆန်း
**အောင်ဆန်းလင်း(ဘီ-အေ)**
၂၄၆ ပြကျောက်(၁၃)
**နေပြည်တော်ကျော်ကျော်စိုး**
၂၅၂ သဗ္ဗေသတ္တာ ကမ္မသကာ
**ရဲမြတ်တင်(အမျိုးသားစာပေဆုရ)**
၂၇၀ အစိမ်းရောင်သက်ပျောက်ဝတ်စုံတစ်စုံ
**မောင်မောင်မိုးအောင်**
**(စာပေဗိမာန်စာမူဆုရ)**
၂၈၂ စုန်းမ၏မာယာချစ်ကံကြမ္မာ
**အောင်ကြည်သန်း(ဖောင်တော်သီ)**
၂၈၈ သရဲနှင့်ငါးမျှားခြင်း
**ရေနံ့သာ-ခင်လေး**
၂၉၄ ရက္ခစိုးကြီး၏
မန်ကျည်းတစ်ပင်ရဲ့မြေနေရာ
**ချင်းတွင်းရေလှိုင်း**
၂၉၈ သေနတ်မီးမကူးတဲ့အဆောင်လေး
**မင်းမြတ်သီဟ**
၀၆ နှောင်ကြိုးလေးတစ်မျှင်
**မောင်စိန်ဝင်း(ရွှေမိုးညို)**
၁၂ အပါယ်ဘုံသားချစ်သူ
**မဟာသျှံ**
၁၈ ဘုရားထန်
**မျိုးညွန့်ဦး**
၃၀ သူတော်ငချစ်
**သကျဘုန်းနွယ်(မဒေါက်)**

၃၅၄ မျောက်နှင့်လူ
**သန့်ဇင်**
၃၇၀ မျက်နှာနစ်ဖက်နဲ့ဘီလူးကြီး
**ရီရီဌေး**

## သုရဿအခန်းဆက်ဝတ္ထုရှည်

၄၀၆ ပညာရှင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

## သုရဿ ပညာရပ်

၁၀၆ ပညတ်သွားရာဓာတ်သက်ပါ
**သူရိန်ထွန်း(ဝိဇ္ဇာစရဏ)ပြည်**
၂၀၉ နေ့စဉ်သုံးလက္ခဏာပညာ
**ဦးအောင်မင်း**
၃၂၂ ဝိဇ္ဇာရေမြန်မာ့အဂ္ဂိရတ်ပညာ(၇၃)
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**
၃၃၅ ယနေ့ခေတ်သုံးလက္ခဏာကွန်ရက်
**ဘသုန်**
၃၈၉ လက်တွဲဖော်သိဖို့ရာ
အဘယ်သို့လျှင်ရှာ
**ထင်ကျော်စွာ(ဂမ္ဘီရရှာစု)**
၄၀၁ သိဒ္ဓိဝင်ငှက်ပျောစေ့နက်ပုတီးလေး
**စိုးမင်း(မြောက်စည်း-ရွာသစ်)**

## သုရဿလက်တွေ့အသုံးချ

၁၄ ခုနစ်ရက်သားသမီးများအားလုံးအတွက်
အသက်ရှည်ဆေး
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၂၆ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၁၄၆ သင်၏စီးပွားရေးလုပ်ငန်းတွင်
ပူဇော်သင့်သော
ဟိမဝန္တာတောစောင့်နတ်မင်းကြီး
**ပညာကျော်**

၁၉၃ ၂၀၁၇ခုနှစ်၊ ဧပြီလအတွက်
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား
**ဦးအောင်စောလှိုင်**
**(ပုသိမ်)**
၃၁၁ ၂၀၁၇ ခုနှစ်၊ ဧပြီလအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရှိန်အောင်**
၃၁၇ ၂၀၁၇ ခုနှစ်၊ ဧပြီလအတွက်
ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်**
**(ဂမ္ဘီရ)**
၃၆၁ ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ဇာတာနှင့်
နိုင်ငံတော်ဇာတာ
**မင်းရှိန်အောင်**
၃၆၆ အောင်ကြောင်းဝေဖြာ
နှစ်ဦးမင်္ဂလာယတြာ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၉၃ ပြည်မြန်မာ၏
၂၀၁၇ ခုနှစ်၊ မိဿရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**
၄၀၄ ၂၀၁၇ ခုနှစ်၊ ဧပြီလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ**(B.Sc)
၄၁၅ ၂၀၁၇ ခုနှစ်၊ ဧပြီလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**
၄၁၈ နှစ်ဦးလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၄၂၂ ၂၀၁၇ ခုနှစ်၊ ဧပြီလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**


**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိခိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွင့်
ဝေလဲ့လဲ့ထွဏ်း


**ကွန်ပြူတာစာစီ**
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
ဒီမွန်ထွန်း။ နှင်းသန္တာကျော်၊
ဆန်းထွန်းမြင့်။
**ရုံးအဖွဲ့**
အေးအေးစန်း။ စုမွန်၊ ထွေးစန္ဒာ
စိုးစုစံ၊ နုနု၊ သဇင်ဦး။ မြတ်စုမွန်၊ လဲ့စုမွန်
**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၈၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ -၀၁-၃၈၈၇၃၈

**မျက်နှာဖုံးနှင့် အတွင်းယန်းချီ**
စိုးအောင်
**သုရဿစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဖလင်**
color king
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(၀၀၀၈၄)
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၉၈၆၇၄

**မန္တလေး**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း။ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကြီး**-ဂါနေဒီ၊ မိလုံ့နှာ
**ပဲခူး**- သဇင်စာပေ
**ဟသ္သာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားဖြန့်ဈေး ( ၃၀၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com



မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com



❑ ဗဟုလ္လာ မမ သန္တိကေ၊ တက္က ဝစရ ဝတ္တျုနိ။
တေ သိဒ္ဓမ္ဗိ ဧကံဝတ္ထု၊ လက္ခိတံ လေခရာသိကံ။ ။

**မမသန္တိကေ** - ငါတို့ထံဝယ်. . .၊

**တက္က ဝစရ ဝတ္ထုနိ** - အတွေး ကျက်စား အကြောင်းအရာတို့သည် ကား . . .။

**ဗဟုလ္လာ** - များသည်ထက်များ၊ တွေးတိုင်းပွား။

**တေသု** - ထို အားလုံးတို့ထဲ၌၊ **ဣဒမ္ဗိ** - မှို့ဥ အမှတ်အသား ဤအကြောင်း တရားကလည်း၊ **ဧကံ ဝတ္ထု** - စာဖွဲ့ လောက်သောရေးရာမြောက်အကြောင်း တစ်ပါး။

**လက္ခိတံ** - မှတ်သင့်သော၊ **လေခ ရာသိကံ** - စာစု ပေစု မှတ်တမ်းတစ်ခု . . .။

**❑အခံကြား အတိုက် လွှားကနဲ တက်လာချိန်**

မြက်မှို့ဥသည် မိုးဦးကျ ပူအိုက်ချိန် မှာမှ သူပေါက်ခွင့်ရ၏။

သို့ ပေါက်ခွင့်ရရာ၌. . . မိုးဦးကျစ ပူအိုက်သော မြေခိုး၊ ရေခိုး ထကြွဆဲ ကာလရှိ မြေဆီ၏အညှိသတ္တိသည် မှို့ဥ ၏ သန္ဓေတည်ရာ၏ အကြောင်းခံဖြစ်ခဲ့ ၏။ သူ၌ နောက်ကံသတ္တိအကြွင်းအကျန် ပါမလာခဲ့၍။

တစ်ဖန်. . . မှတ်သုန်လေ အပူခိုး သည် သန္ဓေပေး ဖခင်အရာ၌ တည်စေ ပြီး မြေဆီ၏အညှိပုပ်သည် သန္ဓေခံမိခင် အရာ၌တည်ပေးရ၏။ ထိုစဉ် စွတ်စိုသည့် မိုးဥတုက ထိုဖိုနှင့်မတို့ကို အောင်သွယ် ပေးလိုက်သောအခါ. . . တစ်ညလုံးလုံး မိခင်မြေ ဝမ်းဗိုက်ထဲ၌ သန္ဓေသက် ဖွံ့ဖြိုး ၍ နံနက်မိုးသောက်လျှင်ကား မိခင်မြေမှ တွားသွားမြေပေါ်ဝယ် မြက်မှို့ဥအဖြစ် ဖွားသန့်စင်ခွင့်ရခဲ့ချေပြီ။ ထိုမြက်မှို့ဥမိခင် မြေ သန္ဓေခံကောင်းကောင်းသလောက် ပင် အချို့ စလယ်အိုးပမာဏကြီး၏။ အချို့ က နို့ဆီဝင်အိုး၊ အချို့ သီးသီး၊ တည်သီး ပမာဏ။ သို့ဖြင့် နံနက်တွင် ထိုထိုမြက်မှို့ဥ များ ဖွံ့ဖွံ့ကားကား ငွားငွားစွင့်စွင့် ဖွေး ဖြူဖြူအသွေးအရောင်တို့ဖြင့် လျှို့နှင့် မြောင်ချောင်ဘေး မြက်ခင်းပြင်ကလေး များဝယ် အင်အား ပြသနေကြရာ. . . မြင်သူတိုင်း သွေးလှုပ် ပြေးနုတ်ချင်စရာ။

ထိုမှတစ်ဆင့် နေ့လယ်ပိုင်းအထိ ခရီးရောက်လာသောအခါ. . . ထိုမြက်မှို့ ဥလေးများ အောက်ခံမိခင်မြေ အပူခိုးက အထက်နေ၏ ထိုးကျင့်ခြင်းခံနေရသော ကြောင့် တဖြည်းဖြည်း အပူအုပ် အောက် သို့ တဖြည်းဖြည်း ငုပ်သွားတော့၍ လည်းကောင်း၊ မြက်မှို့ဥလေးများ ကိုယ်တိုင်လည်း အမာခံကျောရိုးများ မပါ၊ ခုခံစရာ ကံသတ္တိ၊ စိတ်သတ္တိများက လည်းနတ္ထိ၊ အရေပြားနှင့် အသားများက လည်း ပျော့အိအိ၊ အလွန်အမင်းနူးညံ့ နေ၍လည်းကောင်း. . . ခမျာမှာ. . .



www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတော်ရှင်
## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသော

# မိုဃ
## (ပကိဏ္ဏက လေခက္ခန္ဓာ့ကထာ)
ကထာစာပေါင်းသိုက်



နေအောက်ဝယ် ဖားဖားညှိုးမိန်မိန် အရေအသားကိုယ်ခန္ဓာန္ဓမ်းပါးနေပြီကြောင့် မြင်သူတိုင်းက လက်ရှောင် ယောင်လို့တောင် မကိုင်ချင်စရာ . . .။ တစ်ဖန် . . .

ထိုမှတစ်ဆင့် နေစောင်း၍ အပူရှိန်ကျ နေလုံးကြီးဝင်ရန် မေးတင်ချိန်အထိ ခရီးရောက်လာသောအခါ. . . ထိုမြက်မှိုဥများ . . . အချို့က စိတ်စိတ်ကွဲ မှိုပုံသည်ပင် မှုန်မွဲမွဲဖြစ်လာပြီ။ အချို့က အရိအခွဲများစီးကျ မှိုပုံပင် ပီပီသသ မရှိချင်။ တစ်ဖန် ထိုမှတစ်ဆင့် နေအရှိန်



www.burmeseclassic.com

www.burmeseclassic.com

အပူဝေး၍ မိခင်မြေ နွေးနွေးထွေးထွေးဖြင့် ပြေးဝင်လာသောအခါတွင်ကား အလာကောင်းသော်မှ အခါနှောင်းခဲ့ပြီပမာ . . . တစ်ရက်မျှသာ အသက်ရှင်ခွင့်ရ ထိုမြက်မှိုဥလေးများခမျာ မိခင်မြေ၏ ရင်ခွင်ထက်မှာပင် မှိုဘဝစွန့်လွှတ်သွားကြရရှာချေပြီ။

မြေက မွေးဖွား မှိုဥများ ယခုသော် မြေစာဖြစ်သွားရပါပြီကောလား။

❑ ငါတို့ဘဝ ခြေလှမ်း စချိန်

ငါတို့သည် ကံလက်ကျန် အခံပါနေသည်ကြောင့် မှိုဥကဲ့သို့ မြေထဲက ဘွားကနဲ ခွဲထွက်ခွင့်မရ။ တစ်ဖန် . . .

သီလအခြေခံ ဒါနအရံ ကံတို့ဖြင့် နတ်တို့ထံ ဆန်တက်ခွင့်ရကြသောနတ်ကဲ့သို့ ရုတ်တရက်သွား ဘွားကနဲပေါ်လည်းဖြစ်ခွင့်မရ။ ရခဲ့သည်မှာ မိဘနှစ်ပါးတို့၏ ဥတုသွေးအကြား ကံဆက်ရေကြည်လေးတွင် ကပ်ဖားဖား၍ မိခင်ဝမ်းဗိုက်ကြားအထားခံရခြင်းပင်တည်း။

တစ်ဖန် . . . သန်းဦးခေါင်းပမာဏမျှ သေးငယ်လွန်းလှသော ထိုကံဆက်ရေကြည်ဥလေးမှနေ လူတစ်လုံးသူတစ်လုံးဖြစ်ထွန်းလာရန်အတွက်ကိုကား ဤကံဆက်ရေကြည်ဥလေးအတိုင်း မိခင်ဝမ်းဗိုက်၌ တစ်ပတ်ကြာ နေ . . .။ ထိုမှတစ်ဆင့်အမြှုပ်၊ ထိုမှတစ်ဆင့် သားတစ်။ ထိုမှထိုမှနေ တစ်ဆင့်တစ်ဆင့် သားတစ်ခဲ၊ ခက်မအသွင် စသည်များဖြင့် တစ်ပတ်စီအထားခံခဲ့ရပြီး နောက်ဆုံး ရက်သတ္တပတ်ပေါင်း ၄၂-ပတ်၊ လအားဖြင့် ၁၀-လ၊ ရက်အားဖြင့် ၂၉၄-ရက်သို့ရောက်လေသည်မှ ထိုသည့်ငါ . . . မိခင်ဝမ်းမှ ရုန်းထွက်ထွက်၍ လောကဘက်သို့ ပတ်သက်ခွင့်ရခဲ့တော့သည်။

ထိုစဉ် . . . မိခင်မှာလည်း ဆယ်လတိုင်တိုင် မလှုပ်သာမယှက်သာ။ ငါ့မှာလည်းပဲ ဆယ်လလုံးလုံး မရှုသာမရှိုက်သာ။ သို့တိုင်လည်း . . . မိခင်သည် ငါ့မျက်နှာမြင်သည်နှင့် ပြုံးနိုင်၊ ရွှင်နိုင်၏။ ငါ့မှာမူကား လောကကြီး၏ အကြို အငိုဖြင့် နှုတ်ဆက်နေရပြီ။ ငါ၏ ထိုအငိုသည် နောက်ကြောင်းမကောင်း မိခင်ဝမ်းလည်းအောင်းခဲ့ရသောကြောင့်လည်း ဖြစ်နိုင်၏။ ရှေ့မှနေ လမ်းကြောင်း ကြွေးတောင်းကြမည့်သူပေါ်နေသောကြောင့်လည်း ဖြစ်နိုင်၏။ ငါ၏လူ့လောကအဝင်အပြင်အဆင်တပင် တယ်မကောင်းလှ။

သို့ဖြင့် လူ့လောကအကြား မီးတွင်းသားဘဝ ရောက်ခွင့်ရရာ . . . နေမပူမီ (မြေအဆူဖြင့်) ပေါက်ခွင့်ရ မြက်မှိုဥလောကမြေအထက်သို့ လုရုန်းထွက်နေသည့်ပမာ . . . ထိုမီးတွင်းကာလအတွင်း ငါ့မှာလည်း လိုချင် ငိုပြော၊ မလိုချင် ငိုပြောဖြင့် အငိုကား တသောသော။ အမေ့မှာလည်း သွေးအရောင်တင် အသားမီးကင်ဖြင့် လောကဘက် ခြေလှမ်းဆက်ရန် ပြင်ဆင်နေ . . .။

သို့ဖြင့်ပင် ထိုမီးတွင်းကာလ ကျော်လွန်ခဲ့ကြပြီ။

❑ လင်းကြက် တွန်သံကြားက မသိနိုးနား ငါ့အရွယ်

လင်းကာနီး အချိန်တွင် အစသော် အဖြူရောင်တောက်ပလာသည် ဆို၏။ သည့်နောက် ပြန်မှောင်။ သည့်နောက်မှ အရုဏ်ရောင်လာသည် အဆိုရှိရာ . . .

ငါ၏ မီးတွင်းထွက်စအရွယ်မှ ၁၀-နှစ်သားတိုင်အောင်ကာလသည် အဖြူစပြန်မည်းသွားသည့် လင်းကာနီး အချိန်များပမာ . . . လူ့စလေ့ လူ့ရိုးရာ လူ့အစဉ်အလာများ ဘာဆို ဘာမျှ မသိတတ်နိုင်သေးရာ မုဋ္ဌဒသကအရွယ် သို့မဟုတ် မသိနိုးနား ကာလများ ဆိုရပါမည်။ လူ့ဘဝ၊ လူ့ကာမ ဘာမျှမသိ သို့သော် နိုးလျက်က ခိုနားနေပြီ။ လူ့ပုညာ၊ လူ့အပုည ဘာမှ မခွဲတတ် သို့သော် နိုးလျက်က အနားကပ်နေပြီ။

ဤ၌ အရွယ်များကို သင်္ချါရလေးပါးတို့က ထုနှက်ပုံဖော်နေကြပုံကို သိသာရုံမျှ အသိပေးထားခဲ့ပါရစေ။

ဤသင်္ချါရလေးမျိုးတို့တွင် . . .

ဥတုသင်္ချါရသည် နေကိုမှီ၍ ဖြစ်ပေါ်နေ၏။ ထိုစဉ် . . . နေရှိရာ နေ့တစ်လျှောက် မြေက အအေးဖြင့် ခုခံ၏။ တစ်ဖန် နေဝင်ခါ ညတစ်လျှောက် ထိုမြေသည် အပူဖြင့် ပြန်လည် ထိုးစစ်ဆင်နေ၏။ သို့ဖြင့် လူ့ကိုယ်ရှိ မြေဓာတ်၊ ရေဓာတ်၊ လေမီးဓာတ်များ အပြင်ခံနေကြရ၏။ ငယ်ကာလတွင် မီးခိုးဖြင့် လှုံဆော်၍ လေမှုတ်ဖြင့် ကြီးထွားစေ၏။ ကြီးကာလတွင် မီးခိုးဖြင့် ဖျက်ဆီး၍ လေဖြင့် မှုတ်ခြေချပစ်၏။ တစ်ဖန် . . . အခံမြေ၊ ရေ ဓာတ်နှစ်ပါးတို့ကလည်း ငယ်ကာလတွင် ရေခိုး၊ မြေခိုးများတိုးပွားစေ၍ ကြီးကာလတွင် ရေခိုး၊ မြေခိုးများ ရင့်ကျက်စေ၏။ တစ်ဖန် . . .

အာဟာရ သင်္ချါရသည် ဥတုမှီ ဖြစ်ပေါ်နေ၏။ ထိုစဉ် . . . ဥတုအေးကြီးစိုးရာ ကာလတစ်လျှောက်တို့၌ အဆီဩဇာပြည့်ဝ၏။ ဥတုပူ လွှမ်းမိုးချိန်တွင်ကား အဆီများ ခန်းခြောက်ကြ၏။ သို့ဖြင့် လူ့ခန္ဓာ အသိုက်အမြုံ ဓာတ်အာရုံသို့ ဓာတ်စာများပို့သွင်းပေးကြရရာ . . . အဆီပြည့် စားခွင့်ရရာ ကာလ၌ လူတို့ကြီးထွားကြ၏။ အဆီလျော့ စားခွင့်ရ ကာလတွင်ကား လူတို့ သေးပုကြ၏။ တစ်ဖန်လည်း . . . ပြင်ပနေ ထိုဥတုနှင့် အာဟာရများကို ခန္ဓာတွင်းနေ ဤကံနှင့်စိတ်တို့က မှီခိုနေကြရ၏။

ထိုစဉ် . . . ဥတုကအေး အစာများကလည်း အဆီပြည့် လွေးခွင့်ရချိန် ကာလမျိုးဝယ် . . . လူ့စိတ်များ အေးတည်ကြ၏။ သွေးပူ၊ လေပူ မဆူပွက်ခြင်းကြောင့် ရုတ်တရက် စိတ်ဆိုး၊ စိတ်ပုပ် ဖော်ထုတ် မပြသကြ။

သွေးမှီစိတ်က သည်သို့ အယုတ်ဘက်မပုံ့ အကောင်းဘက်ဆန်နေသည်ကြောင့် စိတ်မှီ ကံများကလည်း . . .

သူတစ်ပါး အကြောင်းဆို အကောင်းချည်း ကြံစည်ပေးတော့သည်။

သူတစ်ပါး အလုပ်ဆို အကောင်းချည်း ထုတ်ဆိုပေးတော့သည်။

သူတစ်ပါးအတွက်ဆို အကောင်းဘက်ချည်း လက်ဆက်ပေးတော့သည်။ သို့ကြောင့် ထိုကာလရှိ လူသားများ ကံကောင်းထောက်မသော လူသားများ ဆိုရပါမည်။

သည်သို့ ဥတု၊ အစာ၊ သင်္ချါရတို့က လူပုံ ထုနှက်ပုံဖော်ကြရာတွင် . . . အရွယ်ကို အချိန်နှင့်တွဲဘက်၍ တဒင်္ဂဒင်္ဂ (အရှိန်ခိုးဆက်၍) နှက်နေကြရာ . . . မုဋ္ဌဒသကခေါ် ဤမသိနိုးနားအရွယ်သည် ခတ်ခွင်ကြားမှ ပုံပေါ်သည်။ သို့ကြောင့် မွေးစမှ ဆယ်နှစ်သားဘဝကို မသိနိုးနားကာလဆိုရပါသည်။

ဤ၌ ဘူးစင်နေ ဘူးနွယ်ကြားမှ ဘူးသီးတစ်လုံးသီးစေရာ၌ ပင်မကြီးသည် မြေဆီကိုစုပ်ယူ၍ တစ်မှုန်ချင်း၊ တစ်မြွှားချင်း သောမြေကလာပ်စည်းပေါင်းမြောက်မြားစွာတို့ကို စုစည်းရ၏။ ပြီးသော် သန္ဓေသက်သွင်းပေးရ၏။ ပြီးသည်နှင့် မိမိရှိမြေကလာပ်စည်းများစွာကို ရေကလာပ်စည်းများစွာဖြင့် ဖွဲ့စည်းပေးကာ ဖူးမှနေ အသီးဖွားပေးရ၏။ ထိုဘူးသီး မီးက သွေးထိုး လေကနိုး၍ နိုး၍ ပိုးခေါ်ခြင်းခံရရာ . . .

ပထမနေ့က ပေါ်သောဘူးသီး ဒုတိယနေ့ အလုံးနည်းနည်းကြီး။

ဒုတိယနေ့က တွေ့သော ဘူးသီး တတိယနေ့ အလုံးနည်းနည်းကြီး။



www.burmeseclassic.com

www.burmeseclassic.com

သည်သို့ ဘူး၏ တစ်နေ့ နည်းနည်းကြီး နည်းနည်းကြီးတို့သည် အချိန်တိုင်းစက်တွန့် တိုင်း ဥတုက အလုပ်လုပ်ပေးသော ကြောင့်သာ ကြီးထွားခွင့်ရပမာ. . . ၁၀-နှစ် ၁၀-နှစ်တာ အချိန်တိုင်းရှိ ၁၀-နှစ်သား အသက် - ၂၀၊ ၃၀ စသည့် အရွယ်များစွာတို့သည်လည်း အချိန်နှင့် စက်လျက် ဥတု၊ အာဟာရတို့က အတွင်း၊ အပြင်ကနေ လှုံ့ဆော်ပေး။ ဥတု၊ အာဟာရမှီ ကံစိတ်တို့ကလည်း အတွင်းလှုပ်၊ အပြင်ထွက် ယက်ဖော်ကြ ဖြင့်ပင် လူသည်လည်း တစ်နေ့ နည်း နည်းကြီး သုံးဖြင့် လူတစ်လုံးသူတစ်လုံး ဖြစ်ခွင့်ကြရသည်။ သို့ဖြင့် မသိန်းနား ဆယ်နှစ်သား လူလားမြောက်ရပြီ။ တစ်ဖန်. . .

ထိုသည့်ငါ. . . အချိန်နှင့်အရွယ် အပြိုင်ထွက် လှုဘက် ခရီးဆက်ခဲ့ရာ . . . . . . စိဋ္ဌဒသက ခေါ် ပျော်အား၊ ပါးအား ကောင်းသော အသက်-၂၀ အရွယ်စဉ်ဝင်လာခဲ့ပြီ။ သို့မဟုတ် နေဆာလှု မိုင့်ငွားငွား ကာလသားဘဝ ငါဝင်နားတော့မည်။ တစ်ဖန် ဝဏ္ဏဒသက ခေါ် အလှကြွယ် အရွယ်တင့် အားမာန် များဝင့်လာချိန် အသက် - ၃၀ ဤ အချိန်အရွယ်ထိကား ပဌမအရွယ်ဆို ရပါမည်။ သို့မဟုတ် နံနက်နေထွက် နေတက်ချိန်များရှိ မှိုဥ၏ နုပျိုလန်းဆန်း ဆဲ ကာလမျိုး။

သို့မို့ကြောင့် . . . နံနက်ခင်း မြက်မှိုဥကို အလှပြချိန်ကာလ ပထမ အရွယ်ဆိုသော ဤမှနေ စတင် ဖွင့်လှစ် ပါတော့အံ့။ ထိုအချိန်က ဤအရွယ်များ သည် လောကသားတို့အကြား ချက်ပြုတ် စားချင်စရာ မြက်မှိုဥတစ်ပါးတည်း။

**□ မှိုဥ ဖွေလက် စိမ်းစိုမြက်နှင့်**

ပထမအရွယ်ဝင် ငါတို့၏ ထိုစဉ် ကာလတွင်. . .

အသက်-၂၀ မှ ၂၇-တိုင်အောင် သည် သာသနာ့ရပ်ဝန်းထဲမှာ . . . ။ တစ်ဖန်. . .

အသက်-၂၇ မှ ၃၈-တိုင်အောင် သည် လူ့ရပ်ဝန်းထဲမှာ. . . ။

သို့ ရဟန်းတစ်လှည့် လူ့တစ်လှည့် အလှည့်ပေးနေရချိန် . . . အရွယ်က လည်း နုပျို စိတ်ကလည်း လန်းဆန်း၊ အမူအကျင့်များကလည်း ဖျတ်လတ်နေ သည်ကြောင့်. . .

ရဟန်းဘဝ၌ ရောက်လေရာ ဒေသတိုင်း ဒကာ၊ ဒကာမ ကြီးကြီးငယ် ငယ်များ၏ အကြည်ညိုအမြဲခံခဲ့ရ၏။ ရဟန်းရဟန်းချင်းများ၏ အမြတ်တနိုး ခင်မင်ခြင်းခံရ၏။ အထူးမှာ ဆရာသမား များ၏ အရေးပေးခြင်းကို နေရာတိုင်းခံ ခဲ့ရခြင်းများပင်။

လူ့ဘဝ၌လည်း ရောက်လေရာရာ တိုင်း လူအများချစ်ခင်ခြင်းခံခဲ့ရ၏။ အတူ နေအမျိုးသားများ၏ ချစ်ခင်မှုအပြင် ဆက်ဆံမိသူ အမျိုးသမီးများ၏ အရေး ပေးခြင်းအထူးခံခဲ့ရ၏။ ထိုစဉ်ရှိ ငါ၏ အမည်များက . . . အချို့ ဖိုးပြုံးချို အမည်ဖြင့် ခေါ်ကြ၏။ အချို့က မောင်စမ်းပွင့်၊ အချို့က ပွဲတိုင်းကျော် စသည်များဖြင့်။

ပထမအရွယ်၏ ဤ ဒုတိယ၊ တတိယ ဒသကပိုင်းများ၌ တက်သွေး တို့၏ စစ်ရေးပြ အခမ်းအနားပင်ဖြစ်ရာ . . .

တင့်တောင့်တင့်တယ် ချစ်စဖွယ် အရွယ် သည်အရွယ်၊

ခုခံရေး၏ ရေအား၊ မြေအား သွေးသားများ ကြွယ်ဝရာအရွယ် သည်အရွယ်။

စိတ်ကစားတိုင်း ကိုယ်သွားသန် အားမာန်တို့ တက်ကြွရာအရွယ် သည်အရွယ်။ သို့ကြောင့် ထိုကာလရှိ ငါ၏ဘဝသည် ထင်တိုင်းကြွပွဲဝင်များ ခဲ့၏။

သည်သို့ ပွဲဝင်ရာတိုင်းတို့၌ ခန္ဓာ တွင်း ခင်းကျင်းထားသည့် ဓာတ်အား များက အတိုက်ဓာတ် လေ၊ မီးက ဦးစီး၊ အခံဓာတ် ရေ၊ မြေတို့က နောက်မြီးခို ဖြစ်နေခြင်းကြောင့် စိတ်လည်းအလှုပ် သန်၊ ကိုယ်၊ နှုတ်တို့ကလည်း အရှပ်ဆန် အလှမ်းသန်ဖြစ်နေကြရာ. . . ကြံလိုက် ပြီဟေ့ဆို လျှမ်းထွက်သွားပြီ။ ပြောလိုက် ပြီဟေ့ဆို လောလောလောလောဖြင့် လောနေပြီ။ လုပ်လိုက်ပြီဟေ့ဆို ဒရော သောပါးဖြင့်လွှားနေပြီ။ ယင်း၏အကျိုး ဆ... က ကြိုးစားသလောက် မအောင် မြင်ခြင်း မျှော်မှန်းရာဘက်မတက်လာ ခြင်း၊ ပွဲပြီးတိုင်း မီးမသေနိုင်ခြင်းများပင်။

တစ်သက်လုံးကိစ္စ တစ်ချက်ဖြင့် ဆုံးဖြတ်ခြင်းများသည်. . . အမှား။

အသေးအဖွဲကိစ္စများ ကျော် မသွားနိုင်ခြင်းများသည်. . . အမှား။

ဉာဏ်မဝင် ဉာဉ်ဖြင့်ပင် ပွဲဝင်ခြင်း များသည်လည်း . . . အမှား။

သို့ဖြင့် ထိုအမှားဤအမှားများ၏ ကြားဝယ် ကစားသမားချင်း ဖလှယ်ခဲ့ ကြရာ . . . စိတ်ကူးယဉ်ထားသည်က တစ်မျိုး၊ ပွဲတိုးခွင့်ရတော့ တစ်ဘာသာ ဖြစ်ခဲ့ရပြီ။ သို့တစေလည်း တက်ကြွနေ သော သွေးသားများ၏ ထောက်ခံအား ပေးမှုများကြောင့် နံနက်ပိုင်းရှိ မြက်မှိုဥ ဖွေဖွေးနှင့်နုနု ရှုလို့တော့ ကောင်းတုန်း ပါ။

**□ မွန်းတည့်ချိန်အောက် နေနောက်ပါ မှို**

သွေးပွား၊ အသားကြွယ် ပထမ အရွယ် ကွယ်လွန်ခဲ့ပြီဖြစ်သော ငါ့ အသက်၏ ၄၀-မှ ၆၀-အတွင်းအရွယ် နယ်ကူးလာသောအခါ. . .

မြေနှင့် နေတို့၏ အတိုက်အခံ ကြားရှိ မှိုဥသည် အပူပြင်းဆုံးအချိန်ဖြစ် သော မွန်းတည့်မှ မွန်းတိမ်းကာလများ အတွင်းဝယ် . . . ပိုက်တွေးမြေက အေးစက်သွားသလောက် ဆွဲငင်နေက ဆွေ့ဆွေ့ခုန်မွေ့နှောက်မှုကိုခံနေရခြင်း ကြောင့် အရောင်များလည်း ပြောင်းလာ၊ အသားများလည်း ကြမ်းလာ၊ အားအင် များလည်း နောက်ဆုတ်သွား၊ ပုံစံလည်း ပျက်သွားသည့်ပမာ. . .

ဘဝ၏ လောကဓံများ အလူးလူး အလဲလဲခံနေရ၏။ အကောင်းလောကဓံ များမှိန်၍ အဆိုးလောကဓံများ ထိန်ထိန်ညီးလာ၏။ အမှုများ တစ်မျိုးပြီး တစ်မျိုး ရင်ဆိုင်လာရ၏။ ယခင် အတွေး က 'အမှုဆိုတာ ကိုယ်ကျူးလွန်မှုဖြစ် တာ'၊ ယခု ကိုယ်တွေ့က 'အမှုဆိုတာ သူပေး၊ လူပေးဖြင့် ဖြစ်လာနေပြီ'။ ။ လူမှုရေးလုပ်စဉ်က အမြင်မတူသော အုပ်စု၏ ခြေထိုးမှုကိုလည်းခံနေရပြီ။ 'နူရာ ဝဲစွဲ၊ လဲရာ သူခိုးထောင်း'၊ 'မြောင်း တောရာ နှန်းတင်' ဖြစ်လာနေပြီ။

ထိုစဉ်ရှိ ငါ၏ ဖြစ်စဉ်များသည် . . . အသက်-၃၀ မှ ၄၀- အကြားတွင် ဘဝစပ်တူ၊ ကံစပ်တူ အလုပ်ဆင်းဖက် များကပင် ငါ့နောက်ကနေ မားမားမတ် မတ် မရပ်လာတော့။ တစ်ဖန် အသက်-၄၀ မှ ၆၀-ကြားတွင် ငါသည် လူမှုထက် ရဟန်းဘက် ဆက်ခဲ့ပြန်ရာ ရောက်လေ သမျှ တောင်ရွာနေရဟန်းများ၏ ကဏ္ဍ ကောခြင်းခံနေရသည်။ အချို့က နယ် နှင်၏။ အချို့က အမှုဆင်၊ အချို့က အပြစ်တင်။ ထိုအားလုံး ကုန်းကျုံးခံနေ ရရာ ငါ့ဘဝ နွေခေါင်၏မွန်းတည့်နှင့် အထူးတူလှ၏။

တစ်ဖန် ထိုရောက်လေသမျှ တောတွင်းများရှိ ဒကာများဘက်က လည်း. . . အချို့ကရောင်းစား၊ အချို့က ပေါင်စား၊ အချို့က (ငါ့အား) ပြောင်စား

www.burmeseclassic.com

လုပ်ပြနေကြသည်။ သို့သော် သူတို့က အနည်းအပါးသာ။ ရိုးသားစွာ ကြည်ညို သူက အများအစားမှာ။

ထိုစဉ်ရှိ ငါ၏အင်အားများတွင် ရုပ်ဓာတ်ကလည်း တက်ဆဲ၊ စိတ်ကလည်း သွက်ဆဲပင်ဖြစ်ချေရာ. . . သည်နေရာ နေ့မကောင်း ဟိုနေရာ ချက်ချင်းပြောင်းပြီးသား။ သည်ဒကာ လက်မကောင်း ဟိုဒကာ လက်ပြောင်းထားပြီးသား။ သို့ဖြင့် စကောပေါ် တက်မိသော ဆီးဖြူသီး စကောကြီးခါသလောက် စကောထက်လိမ့်နေရ၏ပမာ. . . ငါ့နေရာများ မြန်မာပြည်အနှံ့ ဖြစ်ခဲ့ပြီ။

ဘဝအလယ်ပိုင်းရှိ ငါ၏ သည်အသက်၊ သည်အရွယ်သည် ခန္ဓာနှင့်အတူ လက်ဝဲလမ်းကြောင်းမှနေ ဖွံ့ဖြိုး တိုးတက်လာသော မြေ၊ ရေအခံ ဓာတ် (သွေး၊ သား) များနှင့်၊ ခန္ဓာနှင့်အတူ လက်ယာလမ်းကြောင်းမှနေ ချောင်းမြောင်းလိုက်ပါလာသော လေ၊ မီး အတိုက်ဓာတ်များ၏ ထိပ်တိုက်ဆုံ ရှက်ကုန်ဖွင့်တိုက်ရာနေရာဖြစ်ခြင်းကြောင့် ကာယအား၊ ဉာဏအားများ အစွမ်းကုန် ပွင့်လန်းသောအရွယ်များပင် ဖြစ်၏။ အတိုး၊ အဆုတ်တို့အကြား တန့်နားအရွယ်များ ဖြစ်နေသေး၏။

လေ၊ မီး အတိုက်တို့၏ ဒဏ် မတွန်းလှန်နိုင်သဖြင့် အရွယ်ကြီးရာနောက် အရုပ်အမောင်းများ တိုး၍ မလိုက်သာဘဲရှိ၏။ တစ်ဖန် ရေ၊ မြေတို့၏ ခုခံစစ်ချီးမပစ်နိုင်သေးသဖြင့် သွေး၊ သည်းခြေ၊ လေ၊ သလိပ်များ မခန်းဘဲ နေသေး၏။

သည်နေရာရှိ သည်အရွယ်သည် (၄၀၊ ၅၀- အရွယ်များသည်) တစ်သက်တာအတွက် စီးပွားဖြစ် ရှာဖွေ အကောင်းဆုံး။

**၁ နေဝင်ကာနီးရှိ မြက်မှိုဥကြီး**

ယခင် သက်တမ်း ၁၂၀-ကာလ တုန်းက သုံးချိုးတစ်ချိုးဝင် အသက်-၄၀ အရွယ်တို့ (ဗလဒသုက) အားကောင်း မောင်းသန်အရွယ်နေရာ ရှိ၏။

ယခု အသားကုန် အသက်-၉၀ အထိနေခွင့်ရှိ ကာလတွင်ကား အသက် -၃၀သည် ဗလဒသုကနေရာရပြီး. . . ရှေ့ရှိ အကျလက်ကျန်များလည်း တစ်ဆင့်လျှော့နှုန်းဖြင့် နေရာပေးရတော့သည်။ နောက်ကျန်အတက်များလည်း တစ်ဆင့်တက်နှုန်းဖြင့် နေရာပေးရတော့မည်။

သို့ကြောင့် ယခု ငါ၏ လက်ကျန် အသက်- ၆၀၏အထက်များသည်. . .

ခုခံအား သွေး၊ သားများ ဆုတ်ပေးပြီး အရွယ်။

ဝမ်းတွင်းကြောအဆွဲခံနေရသဖြင့် ခါးကုန်းသောအရွယ်။

နောက်ကြောများ ဆွဲဆန့်ထားသဖြင့် ခါးကော့သောအရွယ်။

သည်းခြေ၊ သလိပ်များ အပူလွန်ခြင်း၊ ခန်းခြင်းကြောင့် သတိမေ့သောအရွယ်။ ယင်းတို့သည် အသက်-၆၀ ကျော်ပြီးနောက် ၇၀-အရွယ်ရောက်မှသည် ယခု ၇၀-ကျော်သောနေရာများ၏ လက္ခဏာပြများ ဖြစ်လာကြသည်။

ဘဝဖြစ်စဉ်ကြီး၏ ရောက်ရာကို အမှတ်အသားပြသော အရွယ်များတွင် ကလေး၊ ကာလသား၊ လူလတ်ပိုင်းများကိုလည်း တစ်ပိုင်းလျှင် ၁၀-နှစ်ကျစီ ထုနှက်ပုံဖော်ပေးခဲ့ရသည်ကို ပြဆိုခဲ့ပြီးပြီ။ တစ်ဖန် အရွယ်လတ် ဦးစီး လူကြီးပိုင်းများကိုလည်း ပြခဲ့ပြီးပြီ။

ယခု အရွယ်ကျ အရွယ်လွန် အဘိုးအိုပိုင်းများကို ဆက်၍ ပြသရလှည့်ဖြစ်၏။ ယင်းအရွယ်များကိုလည်း အချိန်သည် စက္ကန့်နှင့်စက်၍ ဝါးမျိုနေ၏။ သင်္ခါရတို့သည်လည်း စက္ကန့်နှင့်စက်၍ပင် ပြုပြင်ပေးနေရ၏။ ဤသို့ ထုသည်မှာ ဥတုသင်္ခါရ၊ အာဟာရသင်္ခါရတို့ အပြုကြမ်း၊ အပြင်ကြမ်းလာခြင်းကြောင့် အရွယ်များ တစ်ဆင့်လျှော့လျှော့ကျလာခြင်းပင်။

သို့ကြောင့် တက်ခေတ်တုန်းက ခေတ်တစ်ခေတ် (ကလေးခေတ်၊ ကာလသားခေတ် စသည်) ပုံပေါ်စေရာ၌ ဆယ်စုနှစ် တစ်ခုကျစီ အားယူခဲ့ရသော်လည်း . . . ယခု ကျခေတ်တွင်ကား



ဟိုးထား ဟိုးထား ဆေးဝါး စသည်များဖြင့် တားနေရင်းကြားကပင် တရဟော ထိုးဆင်းနေတော့ရာ. . . အသက်- ၆၀ ကျော်လာခဲ့သည်မှ ၇၀- တွင်း ဆိုးဝါးစွာ အထိနာခဲ့ပြီ။

၆၆-ကျော်ပြီဟော့ ဆိုသည်နှင့် နောက်ရေလည်း မလိုက်၊ နေကလည်း ထိုးစိုက်ကျလာချိန်ရှိ မြောင်းတွင်းရေသည် စီးနှုန်းကလည်း ဖြည်းနှေးလာ၏။ ရေနှင့်ပါလာသော အနည်မှုန်တို့ကလည်း အောက်ခံမြေ၊ ပတ်လည်မြေများနှင့်ပူးပေါင်းပြီး နုန်းအသွင်ဆောင် ရေကြောင်းကလည်း မှိုကောကော. . . ကြာသော် အတူနေမြေက အတူနေရေကိုမျိုချပစ်တော့မည့်ဟန်. . . ပမာ. . .

လည်ပတ်သွေးတို့၏ စုန်ဟန်၊ ဆန်ဟန်များ နှေးကွေးလာနေ၏။

သွေးမှီ စိတ်လည်း လေးလံထိုင်းမှိုင်းလာနေ၏။

သွားလာထိုင်ထများလည်း လေးကန် ဖင့်နွဲ့လာနေ၏။

သွားလို၊ လာလိုခြင်း ဆန္ဒအားများကား ကုန်ခန်းသွားပြီပင်ထင်ရ၏။

ယခင်က စာပေများ ရေးသားရန် အချက်အလက်များ ရုတ်တရက်ပေါ်ခဲ့လျှင် အချိန်ရ၍ ရေးခွင့်ရ အချိန်အထိ အတွေးများ ထင်းကျန်နေသေး၏။ ယခုသော်. . . ထိုအတွေးများ သည်နေရာပေါ် သည်နေရာပျောက်တော့သည်။ သို့တစေလည်း ရေးပြီဟော့ဆို အသစ်အသစ်ထပ်မံပေါ်လာသောအတွေးများဖြင့် ရေးအားကား ဟောင်းဆဲပင်။

တစ်ဖန် ဤ ဆယ်စုနှစ်အတွင်း ၆၈၊ ၆၉-နှစ်ထဲ ရောက်လာသောအခါ ရေးလက်စ ဖြတ်တောက်စရာကျမ်းများ ကိုပင် မရေးချင်တော့ပါ။ စာတစ်ဝါကျ အတွေ့ရ၍ ရေးချလိုက်ပြီ။ နောက်တစ်ဝါကျဆက်ရေးရန် ထောက်ခံချက်များ ပေါ်မလာတော့ပါ။ သို့ဖြင့် ရုံတစ်ခါ လမ်းတစ်ခါလျှောက် စာတစ်ပုဒ်ရေး လုပ်ပေးနေရ၏။ ရုံတစ်ခါ တရားအမှတ်မှတ်၍အတွေးဖော်ပေးနေရ၏။ တစ်ဖန် . . .

ဆယ်စုနှစ် လွန်ကာစ ယခု ၇၀- ကျော်ကာလတွင်ကား. . . သွေးသား ခံစစ်များ တားကျိုး၊ လေ၊ မီးထိုးစစ်ကြီး ကမိုးလာပြီထင့် . . . ဇီရဏတေဇော (အငယ်တွင် အရွယ်ရင့်စေပြီး အကြီးကျက်စေသော အပူမီး) နှင့် ဘဝင်လေ ဘဝဖြစ်စဉ်ငင်ပေးနေသည့် ဝမ်းတွင်း အောင်း ကုစ္ဆိသယလေ. . . ထို လေ၊



www.burmeseclassic.com

www.burmeseclassic.com

မီးတို့သည် ဝမ်းတွင်းဝယ် အမြုပ်ပူလောင်နေ၏။ သည်ကြားထဲ ပြင်ပနေ ဥတုပူများကလည်း ဝင်ထွက်လေနှင့်အတူ ဝင်ကူကြသေး၏။

တစ်ဖန်. . . သူ့အထက်ရှိ အစာအိတ်သည်လည်း တညင်းညင်းဖြင့် ဖျင်းပူပူနေ၏။ သို့ကြောင့် သူတို့အထက်ရှိ သည်းခြေအိတ်ပါ ပူခြစ်နေ၏။ ပျံ့နှံ့နေသော သည်းခြေများပါ အပူဒဏ်ခံနေရ၏။ တစ်ဖက်နေ နှလုံးအိမ်အတွင်းရှိ နှလုံးသွေးလည်း အပူလွန်လာနေ၏။ သွေးပူတော့ စိတ်လန့်၊ စိတ်လန့်တော့ ထွက်ပြေးနေပြီ။ သို့ကြောင့် ယခု ၇၀-ကျော် ငါကိုယ်တော်၏ အဖြစ်သနစ်များက. . . လေ၊ မီးတို့၏ ထိုးစစ်ကြောက်၍ စိတ်များ ထွက်ပြေးနေကြသည်ကြောင့်. . .

ငယ်ငယ်ကတည်းက ရနေသော ပရိတ်ပင် မေ့နေ၍ ရပ်ပေးနေရ၏။

အမြဲဆောင်ထားသည့် ဝိနည်းပါဠိလည်း မေ့သွား၍ ရပ်နားပေးထားရ၏။

ပြောလက်စ စကားများ ပြောရင်းက အစပျောက်သွား၍ တခြားလှည့်ပြောနေရ၏။ လူကြီးအကြောင်း လူကြီးဖြစ်မှ ကောင်းကောင်းသိလာ၏။

အခြား ကလေး၊ ကာလသား လူရွယ်၊ လူလတ်ပိုင်းနေ အကြောင်းများကား. . .

တစ်ဖက် အာရုံကြား ခုန်ကူးကစားနေခြင်းကြောင့် သို့မဟုတ် တစ်ဖက် အာရုံတို့၏အဆွဲခိုတွဲလိုက်ပါနေမိခြင်းကြောင့် သိသည်လည်းရှိ၏။ မသိသည်လည်းရှိ၏။ ယခု အရွယ်၌ကား တစ်ဖက်အာရုံများကလည်း အရေးလုပ်ကာလာမဆွဲကြ။ လာဆွဲသော်မှ တွဲခိုလိုက်ပါနိုင်သည့် အားကလည်း မရှိ။ သို့ကြောင့် အရွယ်ကပြောသော သဘောတရား လောက်လောက်လားလား သိခွင့်ရခြင်းပင်။

ဤ၌ သွေးအိပ်၍ စိတ်လေးလာသောအကြောင်းကို ထပ်မံပြောဆိုပါမည်။

စိတ်သည် သွေးကို မှီနေကြောင်း အားလုံးက လက်ခံလျက်ရှိပါသည်။ ထိုစဉ်. . . ခံစားသိသည် သုက်သွေးကို မှီ၍ ဖြစ်ပေါ်ပါသည်။ မှတ်သားသိသည့် သည်းခြေသွေးမှီ၍ ဖြစ်ပေါ်သည်။ စေတနာဝင်အသိသည် စုန်၊ ဆန် လည်ပတ်သွေးမှီ၍ ဖြစ်ပေါ်ပါသည်။ စိုးပိုင်သိသည် နှလုံးသွေးမှီ၍ ဖြစ်ပေါ်ပါသည်။

သည်သို့ပင် နာမ်ခန္ဓာများ ဖြစ်ပေါ်လာပုံကို ငါတို့ ခွဲပြခဲ့ဖူးပါသည်။

ထိုခွဲတမ်းအရ ယနေ့ ငါ့ဖြစ်အင်ယှဉ်ကြည့်မိပါသော်. . . ကိုယ်၊ စိတ် အာရုံနောက် မလိုတော့ခြင်းသည် သုက်သွေးခန်းသွားခြင်းကြောင့် ထင်၏။ အမှတ်အသားတာမသွားတော့ခြင်းသည် သည်းခြေအပူလွန်ခြင်းကြောင့် ထင်၏။ ကိုယ်၊ စိတ် လန်းဆန်းတက်ကြွစွာ မလှုပ်ရှားတော့ခြင်းသည် သွေးအားနည်းသွား၍ ထင်၏။ အာရုံများကို ဆစ်တောက် တိုင်းထွာ မလုပ်လိုတော့ခြင်းသည် နှလုံးသွေးအားနည်းသွား၍ ထင်၏။ သို့ဖြင့် အရွယ်က ငါ့အား ဆုံးမနေသည် ထင်၏။

သို့ကြောင့် သည်နေရာရှိ ငါ့ဘဝ၊ ငါ့ခန္ဓာသည် နံနက်ခင်းကမှ လောကတွင်း ချင်းနင်းဝင်လာသော မြက်မှိုဥကြီး. . .။

မြေမိခင်၏ အပူငွေ့ နောက်ဆုတ်သွားခြင်း၊ ပြင်ပနေ အထက်စီးနေလုံးကြီးက တစ်နေ့ခင်းလုံးလုံး အပူပေးဖျက်ဆီးပစ်နေခြင်းများကြောင့် အမာခံ အရိုး၊ အကြောများမပါ ဗလာချီ အရေပြားအသားလွှလွှလေးများဖြင့်သာ ခန္ဓာတည်ဆောက်ထားသည့် ထိုမြက်မှိုဥကြီး. . . ညှိုးလည်းညှိုး အရည်လည်းရွှမ်းကာ အချို့နေရာကွဲအက်၊ အချို့နေရာပြဲ ထွက်လာနေပြီပမာ. . . ဥတုကြားက မွေးဖွားခွင့်ရ ထိုဘဝကို ဥတုကပင် ပြန်လည်ဝါးမျိုနေချေရာ. . . သည်မှနောက် မြက်မှိုဥကြီး ဘယ်အခြေရောက်မည်မသိ။

□ **မှိုဥဖြစ်စဉ် နေအဝင်မှာ**

ဤနေရာက ငါ မရောက်သေးသောနေရာဖြစ်၍ ခန့်မှန်းကြည့်ခြင်းမျှသာ။ မြက်မှိုဥ၏ ဖြစ်စဉ်နောက်ဆုံးဝယ် . . . နေဝင်သွား၍ နေသွင် ပူများကို မြေ က သူ့ရှိ အအေးဖြင့် ပြန်လည်မောင်းထုတ်ပြီး တစ်ဖန် သူ့ရှိ အပူငွေ့ဖြင့် သူ့ရင်ခွင်နေ မြက်မှိုဥများကို ဖမ်းယူထွေးပွေ့လေရာ မှိုဥလေးများခမျာ ပြန်လည် အသက်ဝင်မလာကြတော့ပါ။ ဘာ့ကြောင့်. . .

လက်မရွံ့ နေ၏ လက်လွတ်စပယ်ဒဏ် တစ်နေ့လုံး ကုန်းခံထားရခြင်းကြောင့် လည်းကောင်း၊ လက်ခံထားသော ခန္ဓာကလည်း အမာခံ ဒဏ်ခံပါမလာခြင်းကြောင့် လည်းကောင်း မိခင်ရင်ငွေ့ဘုံ တစ်ဖန်ပြန်လည်လှုံခွင့်ရသော်မှ ဤမှိုများ သေကြရခြင်းပါ။

တစ်ဖန် သေဆုံးသွားကြသည့် ထိုမှိုဥများကို မိခင်မြေသည်. . . ဘုရားလက်ထက်ကာလတုန်းဆီက သားသေကို ပြန်လည်၍ အသက်သွင်းရန် ဆေးသမား လိုက်လံ ရှာဖွေနေသော ကိသာဂေါတမီပမာ . . . မြေသည် တစ်ညလုံး မှိုကို ရင်ခွင်ကြားမှာထား ညလုံးပေါက် ပြေးလွှားနေလေရာ ဤမြက်မှိုဥလေးများလည်း မိခင်ရင်ခွင်ကြားမှပင် တဖြည်းဖြည်း အပုပ်ပြရုပ်လုံးဝိသ ရှိကြမည် မဟုတ်တော့ပါ။ တစိမ့်စိမ့် ယိုစီးမှုဆိုသော သင်္ချာန်ကြီးပင် ရှိကြမည် မထင်တော့ပါ။

သို့ကြောင့် နောက်ဆုံး ဘဝရှင်းတမ်းထုတ်ပြန်လိုက်သောအခါ မြေမှမွေးဖွား မှိုဥများ မြေကြား ပြန်သွားကြရမည်။

တစ်ဖန်. . . မှိုဟူ၍ မြေထက်တက်မလာမီကလည်း မှိုမရှိ။ ဘဝဆုံး၍ ပျက်သုဉ်းသွားပြီးနောက်လည်း မှိုမရှိ။ သို့ကြောင့် မရှိရာမှလာ၍ မရှိရာသို့ပင် ပြန်ကြလေပြီ။သို့ဆိုသော်. . . မိခင်ဝမ်းမှလှမ်းထွက်ခဲ့သော ငါတို့သည်လည်း နေပြီးနောက် သေလွန်သွားသည့်အခါ ငါ ခဏထား မဟာဗောဓိမြိုင် ဆိုသော အမည်ပင် ကျန်ခဲ့တော့မည် မထင်။

□ ဗဟုလ္လာ မမ သန္တိကေ၊ တဏှာ ဝစရ ဝဋ္ဋာနိ။
တေသုဒ္ဒမ္မိ ဧကံဝဋ္ဋံ၊ လက္ခိတံ လေခရာသိကံ။ ။

**မမသန္တိကေ** - ငါတို့ထံဝယ်. . .၊

**တဏှာဝစရ ဝဋ္ဋာနိ** - အတွေးကျက်စားအကြောင်းအရာတို့သည်ကား၊

**ဗဟုလ္လာ** - များသည်ထက်များ တွေးတိုင်းပွား။

**တေသု** - ထိုအားလုံးတို့ထဲ၌၊ **ဣဓမ္မိ** - မှိုဥအမှတ်အသား ဤအကြောင်းတရားကလည်း၊ **ဧကံဝဋ္ဋံ**-စာဖွဲ့လောက်သောရေးရာမြောက်အကြောင်းတစ်ပါး။

**လက္ခိတံ** - မှတ်သင့်သော၊ **လေခရာသိကံ** - စာစုပေစုမှတ်တမ်းတစ်ခု ။ ။

*၁၃၇၃-ခုနှစ်၊ တပို့တွဲလပြည့်။*
*အင်္ဂါနေ့။*

*(ဇီးကုန်းသာဝကများ*
*လာရောက်ပူဇော်သော၍)*

**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**



www.burmeseclassic.com

www.burmeseclassic.com

၁။

ကျွန်တော်သည် သူရဇ္ဇမဂ္ဂဇင်း (၁၀/၂၀၁၆) ၌ မန်လည်ဆရာတော်ဘုရားကြီးအကြောင်း ဆောင်းပါးရေးခဲ့ပါသည်။ ထိုဆောင်းပါး၌ ကျွန်တော်အကိုးအကားပြုခဲ့သော စာအုပ်မှာ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ရေးသားသည့် 'မန်လည်မဟာထေရုပ္ပတ္တိကထာ' စာအုပ် ဖြစ်ပါသည်။

၂။

တစ်လောဆီက ကျွန်တော်သည် မန်လည်ဆရာတော်ဘုရားကြီး၏ ဖြစ်တော်စဉ်ကိုပြဆိုသော စာအုပ်တစ်အုပ်ကို ဖတ်ရပြန်ပါသည်။ ထိုစာအုပ်မှာ မန်လည်ဆရာတော်ဘုရားကြီး၏ အန္တေဝါသိကတပည့် ရေဦးမြို့ ချမ်းသာကြီးတိုက်နေ သျှင်တေဇဝန္တ ရေးသားသော 'မနလဥ္စမဟာထေရုပ္ပတ္တိကထာ' ဖြစ်ပါသည်။ ထိုစာအုပ်ကို မန္တလေးမြို့ ရတနာသိဒ္ဓိပိဋကတ်တော်စက်စာပုံနှိပ်တိုက်က ၁၂၈၂ ခုနှစ် နတ်တော်လတွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး ရေးသားသော'မန်လည်မဟာထေရုပ္ပတ္တိကထာ'သည် အလွန်ကျဉ်းလွန်းသည့်ပြင် ဆရာတော်ဘုရားကြီး၏ ဖြစ်တော်စဉ် ပြည့်စုံစွာမပါရှိခြင်း၊ ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူကာနီးမိန့်ကြားသော ဒေသနာများမပါရှိခြင်းတို့ကြောင့် ဆရာတော်ဘုရားကြီး၏အတူနေတပည့်ကြီးများက မန်လည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို ထပ်မံ ရေးသားရန် တိုက်တွန်းသဖြင့် မနလဥ္စမဟာထေရုပ္ပတ္တိကထာကို ရေးသားခဲ့ရသည်ဟု ကျမ်းပြုသူ သျှင်တေဇဝန္တကဆိုခဲ့ပါသည်။

၃။

ကျွန်တော်သည် ဤဆောင်းပါး၌ မန်လည်ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်တော်စဉ်တို့ကို မဖော်ပြတော့ဘဲ ဆရာတော်ဘုရားကြီးဘဝနတ်ထံပျံလွန်တော်မူခါနီး နှလုံးသွင်းခဲ့သော တရား၊ အားထုတ်ခဲ့သော ကမ္မဋ္ဌာန်း၊ စီးဖြန်းသရဇ္ဈာယ်ခဲ့သော ဒေသနာတော်များကိုသာ ဖော်ပြမည် ဖြစ်ပါသည်။


ကျမ်းပြုသူ သျှင်တေဇဝန္တသည် မန်လည်ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူသည်အထိ ဆရာတော်ဘုရားကြီးအနီး၌ရှိနေပြီး ဆရာတော်ဘုရားကြီးအား ဝတ်ကြီးဝတ်ငယ်ပြုနေခဲ့သည်ဟု ဆိုပါသည်။

မန်လည်ဆရာတော်ဘုရားကြီးသည် ဇရာက ဖိစီးနှိပ်စက်လာသောကြောင့် မထသောလျောင်းစက်ခြင်းဖြင့် လျောင်းစက်တော်မူရာတွင် အန္တေဝါသိကတပည့်ကြီး သျှင်တေဇဝန္တက မန်လည်ဆရာတော်ဘုရားကြီးအား -

'အရှင်မြတ် နှလုံးသွင်းအပ်သော တရား၊ အား ထုတ်အပ်သော ကမ္မဋ္ဌာန်း၊ စီးဖြန်းသရဇ္ဈာယ်အပ်သောဒေသနာတော်တို့ကို အသေအချာမိန့်တော်မူပါမှ တပည့်များသိကြရသဖြင့် အားရဝမ်းမြောက်နိုင်ပါမည်'

# မြဝင်း(ဒဿန)

## မနလဥ္စမဟာထေရုပ္ပတ္တိကထာကျမ်းလာ
## မန်လည်ဆရာတော်ဘုရားကြီး၏နှလုံးသွင်းတရား





www.burmeseclassic.com

www.burmeseclassic.com

ဟု ကောင်းမွန်စွာ လျှောက်ထားလေသည်။

ထိုအခါ ဆရာတော်ဘုရားကြီးက သာဓု သာဓု သာဓုဟု သာဓု(၃)ကြိမ်ခေါ်ဆို၍ မိမိနှလုံးသွင်းအပ်သော၊ တရားအားထုတ်အပ်သော ကမ္မဋ္ဌာန်းစီးဖြန်းသရဇ္ဈာယ်သော ဒေသနာတော်တို့ကို မိန့်ဆိုတော်မူလေသည်။ ဆရာတော်ဘုရားကြီး မိန့်ဆိုတော်မူပုံကို ကျမ်းပြုသူ သျှင်တေဇဝန္တက ဤသို့ မှတ်တမ်းတင်ခဲ့ပါသည်။

'. . . တပည့်တို့- ဆရာ့မှာ အနာအထူးမရှိ။ ဇရာ၏အတွက်ကြောင့် အားပျက်ကုန်ခန်း၍ ပင်ပန်းရုံသာရှိချေသည်။ ထိုပင်ပန်းခြင်းဝေဒနာကိုလည်း အနာဟု ငါမမှတ်။ ငါသိအပ်သည့် ဘုရားစကားတို့တွင် သင်္ခတာဓမ္မာ၊ အသင်္ခတာဓမ္မာ ဟူ၍ ဟောတော်မူအပ်သော ဓမ္မသင်္ဂဏီပါဠိရပ်၌ အသင်္ခတဓာတ်နိဗ္ဗာန်မဟုတ်သမျှ ပြုပြင်ကြရသည့် သင်္ခတချည်းသာမဟုတ်လောဟု မိန့်တော်မူပြီးမှ ထိုသင်္ခတရှိသမျှ၏ ပြုပြင်ကြရသည့် အခြင်းအရာမှာ အစာအာဟာရ၊ သီတုဏှနှင့် ကံကစိတ်က ဤလေးဝတို့ ပြုပြင်၍ပေးကြမှ ဤကာယ၊ ဤအထည်သည် သန္တတိအစဉ်မပြတ်ဘဲ ထိုင်ရပ်သွားခြင်း၊ လျောင်းခြင်း၊ စက်ခြင်းတို့ဖြင့် ကိုယ်တွင်းဓာတ်ရုပ်နံ့တို့ မပုပ်မနံ့၊ မပျက်စီးဘဲ လူမင်းကြီး၊ နတ်မင်းကြီး၊ လူ့သမီး၊ လူ့သား အကောင်အထည်နှင့် အသက်တွေ့ရှိသည့်အလားကဲ့သို့ အထင်မှား၊ အမြင်မှား၊ အပြောမှား၊ အဆိုမှား၊ အမှတ်မှား၊ အသိမှားကြတိုင်း ဘုရားကို ပုန်ကန်၍ အသက်ရှိဟန် ပြုလုပ်လေသည်မှာ ငါတို့ပုထုဇဉ်မိုက်တို့၏ အလေ့သာတည်း။ ထို့ကြောင့် မြတ်စွာဘုရားသည် 'သံယုတ်ပါဠိတော်' ၌ 'အဟံ လောကေနေနဝိဝဒါမိ၊ လောကောဝမံဝိဝဒတိ' ဟု ဟောတော်မူလေသည်။ ထိုသို့ ဟောတော်မူသောဒေသနာကိုထောက်ပြီးလျှင် ဘုရားကိုပုန်ကန်၍ ငြင်းဆန်ရမည်ကို ကြောက်လှသော ငါဆရာသည် သင်္ခါရ ဓမ္မ ရှိသမျှတို့သည် ပြုပြင်မှ ဖြစ်ကြရသည့် သင်္ခတချည်းသာတည်းဟု အမြဲနှလုံးသွင်းလျက်ရှိသည်။

သရဇ္ဈာယ်သည့် ဒေသနာမှာ ဝေဒနာစွဲကပ်၍ အမြဲမပြတ် နှိပ်စက်ရလေခြင်းဟု ဝမ်းမနည်း စိတ်မပျက်ဘဲ ရတနသုတ် စသော ပရိတ်တရားနှင့် အနတ္တလက္ခဏာသုတ်၊ ဓမ္မစက္ကပဝတ္တနသုတ်တရားတို့ကို စဉ်းစားအောက်မေ့၍ သရဇ္ဈာယ်လျက် ငါနေသည်။ ငါ့မှာ မခံသာအောင်ဝေဒနာအထူးမရှိ။ ဇရာ၏ ပဋိပိဋ္ဌနသဘောမျှကြောင့်သာ မထူနိုင်၊ မထနိုင်၊ မကြွနိုင်၊ မစောင်းနိုင်ရှိနေသည်။ ဇရာကြောင့် အိုနာကို ပျိုလာအောင်ဆေးစား၍ဖြစ်မည်လည်းမဟုတ်။ ပြုလုပ်ပြင်ဆင်ကြရသမျှ ဤခန္ဓာ ရူပကာယသည် ဘယ်ဟာမှ ကျေးဇူးကို မသိတတ်။ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ဖြင့် မပြတ်နှိပ်စက်၍ အသစ်တစ်ဖန်ဖြစ်ဖို့ အချက်တို့ဖြင့်သာ စီမံလျက်ရှိချေသည်။ သေခြင်းသဘောဆိုသည်မှာလည်း ငါတို့သူငါသတ္တဝါဟူသမျှတို့ကို မဆိုထားဘိ ဘုရားသဗ္ဗညု သုံးလူ့ဘဆရာစောမြတ်စွာသော်မှလည်းဝမ်းသွန်သည့်ဝေဒနာကြောင့်၊ ကိုယ်ခန္ဓာပျက်ဆုံး၍ ဘုံသုံးပါးကင်းလွတ်ရာ နိဗ္ဗူတပြည်ခေမာသို့လျှင် မကြာရောက်ရချေသေးသည်။

ငါတို့ဆရာစောမြတ်စွာ၏တပည့် ပကတိသာဝကဟူသမျှတို့ထက် ဆထက်လွန်စွာ လက်ျာရံကြီးစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်နှင့်လက်ဝဲရပ်ဘုန်းလျှံတန်ခိုးတော်စျာန်ပျံဝယ် သူမတန်ဧတဒဂ်ဖြင့် အမိန့်မြွက်ခံရသောအရှင်မဟာမောဂ္ဂလာန်စသော မထေရ်မြတ်တို့သော်လှလည်း အသီးသီးသောဝေဒနာအဖြာဖြာတို့ဖြင့် မနေသာအောင် နှိပ်စက်၍ နိဗ္ဗူထက်အောင်ခန်းသို့ စံမြန်းတော်မူကြရသေးသည်ဟု မိန့်တော်မူပြီးမှ ဤခန္ဓာ ဤဘဝတွင် ဤသမယ ဤအခါသည် ငါဆရာသိသမျှသင်္ခါတို့၏ အနိစ္စလက္ခဏာကို ထင်လင်းစွာ ပွားများဖို့ အချက်ကြီးပေတည်းဟု အပြီး စိတ်၌ ငါထားသည်။ သို့ဖြစ်၍ ငါ၏အတွက် စိတ်မပျက်အားမငယ်ကြနှင့်ဟု ဘွယ်ရာစွာ တရားချေဖြင့် ဩဝါဒပြုရင်းဖြင့်ပင် တော်သ[illegible]င်းလဆန်း ၁၂ ရက်နေ့သို့တိုင်ရော[illegible]ခဲ့သတည်း''

(သတ်ပုံမှာ မူရင်းအတိုင်း ဖြစ်ပါသည်။)

၄။

မန်လည်ဆရာတော်ဘုရားကြီးသည် ၁၂၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်နေ့ ညဉ့်သန်းခေါင်ကျော်၍ ၁၃ ရက်နေ့အကူး ညဉ့်နာရီပြန်တစ်ချက်ခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူပါသည်။

သျှင်တေဇဝန္တသည် ထို 'မနလဥ္ဇမဟာထေရုပ္ပတ္တိကထာ' ကို ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်နိဗ္ဗာန်စံကျောင်းသို့ အလောင်းတော်ပင့်သောပွဲ၌လှူဒါန်းဝေငှရန် ထိုနှစ် တော်သလင်းလပြည့်ကျော် ၁၂ ရက်နေ့တွင် ပြီးစီးအောင်ရေးသား၍ ရန်ကုန်မြို့ ပညာအလင်းသတင်းစာတိုက်သို့ ပုံနှိပ်ရန် ပေးအပ်ခဲ့သည်ဟု ဆိုပါသည်။ သို့ရာတွင် မည်သို့ဖြစ်လေသည်မသိ။ စာအုပ်သည် အလောင်းတော်နိဗ္ဗာန်စံကျောင်းချပွဲအမီ ရောက်မလာခဲ့ပါ။ ထို့ကြောင့် ထိုစာအုပ်ကို အလောင်းတော်နိဗ္ဗာန်စံကျောင်းချပွဲ၌ လှူဒါန်းဝေငှခြင်းမပြုနိုင်ခဲ့ပါ။ ထိုအချက်နှင့်စပ်လျဉ်း၍ သျှင်တေဇဝန္တက ကျမ်းပြီးနိဂုံး၌ ဤသို့ရေးခဲ့ပါသည်။

'တန်ဆောင်မုန်းလပြည့် နိဗ္ဗာန်စံကျောင်းအလောင်းတော်ပင့်သောပွဲတွင် ပေးဝေလှူဒါန်းရန် ကြံစည်အားထုတ်ပြီး ရေးသားရာ တော်သလင်းလဆုတ် ၁၂ ရက်၊ စနေနေ့တွင် ပြီးစီး၍ ပညာအလင်းသတင်းစာတိုက်သို့ ပုံနှိပ်ရန် ပေးအပ်လိုက်ပါသည်။ ၎င်းတိုက်သားတို့သည် မည်ကဲ့သို့စိတ်ထားဖြင့် ပုံမနှိပ်ဘဲ သိုဝှက်ဖျောက်ဖျက်ထားသည်ဟုမသိ၍ မေးမြန်းပါသော်လည်း မပေးဘဲနေသောကြောင့် နိဗ္ဗာန်စံကျောင်းပွဲတွင် မလှူဒါန်း မဝေငှရဘဲရှိကြောင်း၊ ၎င်းနောက်မှ 'လက်ခံရရှိသောမူကို ထပ်မံပြုပြင်၍ပုံနှိပ်ပြီးလျှင် ယခုတဘန် ဝေငှလှူဒါန်းရပါကြောင်း'

(သတ်ပုံမှာ မူရင်းအတိုင်း ဖြစ်ပါသည်)

မည်သို့ပင်ဖြစ်စေ သျှင်တေဇဝန္တ၏ အားထုတ်မှုကြောင့် မန်လည်ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူခါနီး နှလုံးသွင်းခဲ့သော တရား၊ အားထုတ်ခဲ့သော ကမ္မဋ္ဌာန်း၊ စီးဖြန်းသရဇ္ဈာယ်ခဲ့သော ဒေသနာတော်တို့ကို သိခွင့်ရပေသည်။ ကျမ်းပြုဆရာ သျှင်တေဇဝန္တအား ကျေးဇူးတင်မဆုံးဖြစ်မိပါ၏။

သျှင်တေဇန္တ၏ 'မနလဥ္ဇမဟာထေရုပ္ပတ္တိကထာ' ၌ မန်လည်ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်တော်စဉ်နှင့် စပ်လျဉ်းသော မှတ်သားဖွယ်အချက်များ ပါရှိနေပေသေးရာ ထိုမှတ်သားဖွယ် အချက်များကိုလည်း အလျဉ်းသင့်သလို တင်ပြသွားမည် ဖြစ်ပါသည်။

မြဝင်း (ဒဿန)



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီး၏ဇာတိ စစ်ကိုင်းမြို့ လင်းယဉ်ရွာတွင် ကျောက်စာတိုင်စိုက်ထူထားခဲ့သော ဆရာတော်ကြီးအမြဲနှုတ်ငုံဆောင်ခဲ့သော ဂါထာတော်များဖြစ်ပေသည်။

ခုနစ်ရက်သားသမီးများအားလုံး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေရန်နှင့် အသက်ရှည်ခြင်း၊ လာဘ်လာဘတိုးပွားရရှိစေခြင်း၊ အခက်အခဲအကျပ်အတည်းများမှ လွတ်မြောက်ကြစေရန်ရည်သန်၍ ရှာဖွေ စုဆောင်း ဖော်ပြလိုက်ပါသည်။

ယနေ့ခေတ် နိုင်ငံအနှံ့ ခရီးသွားလာနေကြသည်။ ခရီးသွားလာကြရာ၌ အန္တရာယ်များ တွေ့ကြုံနေကြရသည်။ ကားစီးကားမောင်းကြသောပုဂ္ဂိုလ်များ၊ ဆိုင်ကယ်စီးပုဂ္ဂိုလ်များ၊ ရေကြောင်းခရီးသွားများ၊ မော်တော်ရုပ်ပြေးစီးသူများအဖို့ အမင်္ဂလာသတင်းများ မကြာခဏကြားသိနေကြရ၏။ နေပြည်တော်ကားလမ်းတွင် မကြာခဏ ကားမှောက်ပြီး မသေသင့်သေးသောအရွယ်မှာ ဥပစ္ဆေဒကမရဏဟုခေါ်သော သေချိန်မကျသေးဘဲနှင့်သေကြရသောကံမှလွတ်ကင်းသော ကောင်းကျိုးချမ်းသာမှန်သမျှ ရရှိစေနိုင်သောဂါထာများဖြစ်ပေသည်။

အခက်အခဲ အကျပ်အတည်း၊ မကောင်းသော ဘေးအန္တရာယ်ဟူသမျှလွတ်ကင်းပပျောက်စေ၏။ စားဝတ်နေရေးအဆင်ပြေချောမောစေသည်။

ဤဂါထာရွတ်လျှင် အထူးဂရုပြုသတိထားရမှာက သတ္တဝါအားလုံးတို့ကို မေတ္တာအရင်ပို့ပြီးမှ ဂါထာကိုရွတ်ပါ။ မြတ်စွာဘုရားရှင်၏ နှုတ်တော်မှထုတ်ဖော်မြွက်ကြားခဲ့သော အင္ဂုနမေတံပါဠိတော်ဂါထာတော်ကို ရွတ်ပြီးပါက မိမိအတွက်သစ္စာပြုဆုတောင်းပါ။ (ဧတေန သစ္စဝဇ္ဇေန အန္တရာယော ဝိနဿန္တု) ဤမှန်သော ဘုရားရှင်၏ နှုတ်တော်မှထုတ်ဖော် မြွက်ကြားတော်မူခဲ့သော ဘေးဥပဒ် အန္တရာယ်ဟူသမျှတို့သည် ပျောက်ပျက်ပါစေသတည်း။ ဘုရားတပည့်တော်အား အခါခပ်သိမ်းချမ်းသာခြင်းနှင့် ပြည့်စုံပါစေသတည်း။

**သက်တော်မြဲဂါထာတော်**

□ အင္ဂုနမေတံ ဘိက္ခဝေ
အနဝဇ္ဇာသော၊
ယံ ပရူပက္ကမေန
တထာဂတံ
ဇီဝိတာ ဝေါရောပေယျ၊

နှင့်နာဠာဂီရိလွှတ်ခန်းမှာပါဝင်သောပါဠိတော်ဖြစ်သည်။ ဇာတ်ကြောင်းစရလျှင် ဘုရားရှင်ကိုသတ်ပြီး ဘုရားလုပ်ချင်သော ရှင်ဒေဝဒတ်သည် အဇာတသတ်မင်းသားလေးကို ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအား သတ်ခိုင်းပြီး ဘုရင်လုပ်ပေးပြီးတဲ့နောက် မင်းသားလေးကို စည်းရုံးပြီး ဘုရားရှင်ကို လုပ်ကြံကြသည်။ လူသတ်သမားအဆင့်ဆင့်စေလွှတ်လျက် ခြေရာပျောက်ချုံကွယ်ပြီးလုပ်ကြံကြသော်လည်း အဇာတသတ်၏လုပ်ကြံမှုမအောင်မြင်တာနှင့် ရှင်ဒေဝဒတ်က သူကိုယ်တိုင်ဘုရားကိုလုပ်ကြံမည်ဆိုပြီး မြတ်စွာဘုရားသခင်သည် ဂိဇ္ဈကုဋ်တောင်ခြေ အရိပ်ကောင်းသော မြေပြန့်နေရာတစ်နေရာမှာ စင်္ကြံကြွတော်မူနေစဉ် ရှင်ဒေဝဒတ်ကိုယ်တိုင် တောင်ပေါ်ကျားကုတ်ကျားခဲတက်သွားပြီး တောင်ထွက်ပေါ်ကနေ ဘုရားရှင်နှင့်တည့်တည့်ချိန်ပြီးမှ ကျောက်



(ဓာတ်ချီလတ်)

# ဆရာဦးစိန်လှိုင်

## ခုနစ်ရက်သားသမီးများအားလုံးအတွက် အသက်ရှည်ဆေး

(သက်တော် ၁၀၂ နှစ်ရှိ အဘိဓဇ စံကင်းသရာတော်ကြီး အမြဲရွတ်သောဂါထာများ)

**အင္ဂုနမေတံခေါ်**
**သက်တော်မြဲဂါထာတော်**

ဘုရားဟောထားသောစာဆိုလျှင် ရနိုင်လေ၊ ရွတ်နိုင်လေ၊ ကောင်းလေ ဖြစ်သည်။ သို့သော် မြင့်မြတ်သော ဘုရားမူခပါဠိတော်များကို သေးသိမ်သော ရည်ရွယ်ချက်နှင့် ရွတ်ဆိုခြင်းသည် မကောင်းကျိုးသာပေးမည်ဖြစ်၏။ ဒါကို ဘုရားလည်း မကယ်နိုင်ပါ။ ဘုရားစာကလည်း မကယ်နိုင်ပေ။ ဘုရားဟောစာတွေသည် အကုသိုလ်အလုပ်၊ ဒုစရိုက်အလုပ်တွေမှာသုံး၍ အစွမ်းမထက်ပါ။

ဤဂါထာကို စွဲစွဲမြဲမြဲရွတ်ဆိုသောသူတိုင်း ကောင်းကျိုးမှန်သမျှရရှိပြီး

အနုပက္ကမေန ဘိက္ခဝေ
တထာဂတာ ပရိနိဗ္ဗာယန္တိ၊
ဧတေန သစ္စဝဇ္ဇေန အန္တရာယော
ဝိနဿန္တု၊ ဧတေန သစ္စဝဇ္ဇေန
သောတ္ထိမေ ဟောတု သဗ္ဗဒါ။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များအလေးထားပြီး၊ မှတ်သားရမှာက အင္ဂုနမေတံပါဠိတော် (လောကီအခေါ် ဂါထာ) မည်သို့မည်ပုံ ဖြစ်ပေါ်လာသည်ဆိုတာက အရေးကြီးသည်။ နောက်ခံသမိုင်းကြောင်းသိထားလျှင် ရွတ်ရဖတ်ရသည့်အခါ အာရုံပြု၍ကောင်းသည်။

အင္ဂုနမေတံပါဠိတော်က ဝိနည်းစူဠဝဂ္ဂပါဠိတော် လောဟိတုပ္ပါဒကအခန်း



www.burmeseclassic.com

www.burmeseclassic.com

မောင်းဆင် (ယခုခေတ်အနေနှင့်ဆိုရလျှင်) ကုပ်နှင့်ကျောက်တုံးကိုကော်ပြီး ကျောက်တုံးကြီးတစ်လုံးကိုလိမ့်ချလိုက်သည်။ ဒါပေမယ့် ဘုရားရှင်၏ အတုမရှိသော ပါရမီတော်အဟုန်ဘုန်းတော်ဂုဏ်တို့ကြောင့် ဟိုဘက်ဒီဘက်မှာရှိသော တောင်ထွတ်နှစ်ခုတို့သည် အလိုလိုထိုးထွက်လာကြပြီး လက်ချင်းယှက်သလို ထိုးခံလိုက်သည့်အခါ ကျောက်တုံးကြီးများမှာ ကျမလာနိုင်တော့ပေ။ ဘုန်းတန်ခိုးဆိုသည်မှာ ဘုရားရှင်မို့ အလိုလိုရတာမျိုးမဟုတ်ပါ။ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဆည်းပူးခဲ့သော ပါရမီတော်တွေ၏အစွမ်း ဖြစ်သည်။ အဲဒါကို ဘုန်းတော်တန်ခိုးတော်ဟု ခေါ်သည်။

အဲဒီလို သူမတူအောင်ပါရမီတော်တွေကိုပြုလုပ်ခဲ့သောနေရာမှာ နှစ်ဦးမရှိ အတုမရှိ၊ အတူမရှိ၊ ဘဂဝါဂုဏ်တော်ဆိုတာ အဲဒါကိုခေါ်တာဖြစ်သည်။

ရှင်ဒေဝဒတ်က ကျောက်မောင်းဆင်ပြီး ကျောက်တုံးကြီးကို လိမ့်ချပေမယ့် တောင်ထွတ်ကြီးနှစ်ခုက ဆီးခံထားသဖြင့် ကျောက်တုံးကြီးက လွင့်စဉ်ပဲ့ထွက်လာသောကျောက်ချပ်ကလေးတစ်ခုက ဘုရားရှင်၏ ခြေမတော်ကို ထိမှန်ပြီး သွေးခြည်ဥသွေးစို့သွားခဲ့ပါသည်။ ဒါ လောဟိတုပ္ပာဒယက်ထိုက်သွားသည်။

မြတ်စွာဘုရားသည် ခြေမတော်မှာ ကျောက်လွှာရှပြီးသွေးစိမ်းတည်သွားသည့်အခါ အပေါ်သို့လှမ်းမော့ကြည့်ပြီး -

"ဟယ် - ဒေဝဒတ်၊ သင်သည် များစွာသောမကောင်းမှုကို ဖြစ်ပွားစေပြီ။ သင်သည် သေစေလိုသော စေတနာဖြင့် ငါဘုရားအား သွေးစိမ်းရှင်ရှင်ထွက်စေခဲ့ပြီ"

ဟု မိန့် တော်မူသည်။

ရဟန်းများကိုလည်း ရှင်ဒေဝဒတ်သည် အနန္တရိယကံကြီးလွန်ကျူးကြောင်းကို အသိပေး မိန့်မြွက်တော်မူသည်။

ထိုသတင်းသည် ရာဇဂြိုဟ်တစ်မြို့လုံး ပျံ့နှံ့သွားလေရာ ရဟန်းတော်များအားလုံးတို့သည် ဘုရားရှင် သီတင်းသုံးရာကျောင်းတော်သို့ စုရုံးရောက်ရှိလာကြ၏။ ကျောင်းတော်ကို လေးဖက်လေးတန် နေရာမလပ် စောင့်ကြပ်ပြီးနေကြသည်။ သူ့အုပ်စုနှင့်သူ လမ်းလျှောက်သောရဟန်းများက လမ်းလျှောက်နေကြပြီးလျှင် သစ်ပင်များ၊ ကျောင်းနံရံများစသည်တို့၌ ထိုင်၍အကဲခတ်သူများကခတ်နှင့် ရှင်ဒေဝဒတ်၏ရန်ကို စိုးရိမ်တကြီးကာကွယ်နေကြရ၏။ ရှင်ဒေဝဒတ်သည် အဇာတသတ်နှင့်ပေါင်းပြီး ဘုရားရှင်ကို လုပ်ကြံခဲ့တာ၊ သဲလွန်စမပေါ်အောင်လုပ်ကြံခဲ့တာတွေကို သိနေကြသော သံဃာတော်များသည် မြတ်စွာဘုရားအပေါ်တွင် ကြောင့်ကြမှုမနေရက်ကြတော့။ တချို့လည်း ငိုက်မျဉ်း၊ အိပ်ချင်သည့်အခါရသမျှစာတွေရွတ်အံရင်း စင်္ကြံလျှောက်ပြီးစောင့်ရှောက်နေကြရသည်။

အဲဒီလို ရဟန်းတွေစုရုံးလာနေကြသည်ကို မြတ်စွာဘုရားသခင်ကြားသိတော်မူလို့ ရဟန်းတော်များအားလုံးကို ရှေ့တော်သို့ခေါ်ခိုင်းပြီး ဘုရားရှင်၏ ရှေ့တော်မှောက်မှာ ရဟန်းတော်များစုံသည့်အခါဘုရားရှင်က မိန့်တော်မူသည်မှာ မျောက်စိတ်လိုထင်ရာမြင်ရာလုပ်တတ်သော ပုထုဇဉ်သတ္တဝါများ၏ မိုက်မဲမှု၊ မိုက်မဲသူတစ်ယောက်ကြောင့် ဒုက္ခရောက်သူ၊ ပူပန်နေကြရရှာသော ပုထုဇဉ်ရဟန်းတော်များကို သနားကြင်နာစိတ်အပြည့်နှင့် -

၁။ အဋ္ဌာနမေတံ ဘိက္ခဝေ
အနဝကာသော၊
ယံ ပရူပက္ကမေန
တထာဂတံ
ဇီဝိတာ ဝေါရောပေယျ၊
အနုပက္ကမေန ဘိက္ခဝေ
တထာဂတာ ပရိနိဗ္ဗာယန္တိ။

ချစ်သားရဟန်းတို့-မြတ်စွာဘုရားရှင်တို့မည်သည် သူတစ်ပါးပယောဂဖြင့် သေရရိုးထုံးစံမရှိ။ သေနိုင်သောအခွင့်မရှိ။ ချစ်သားတို့-ဘုရားရှင်တို့မည်သည် သူတစ်ပါးပယောဂမပါဘဲ (အချိန်အခါ အခြေအနေအားလျော်စွာ)အလိုလိုသာလျှင် ပရိနိဗ္ဗာန်ပြုကြရမြဲ ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် တိုတိုရှင်းရှင်းနှင့် သံဃာကင်းကြ?လေအောင် အပြီးအပြတ် မိန့်တော်မူလိုက်သည်။ အဲဒီတော့မှ ရဟန်းတော်များလည်း ဘုရားရှင်ကို ကန်တော့ပြီး ကိုယ့်ကျောင်းကိုယ်ပြန်သွားကြတော့သတည်း။

**□ ဂါထာရွတ်မည့်ပုဂ္ဂိုလ် အထူးဂရုပြုသတိပြုရန်**

ဤဂါထာကို ရွတ်ဆိုမည့် ပုဂ္ဂိုလ်သည် ဂါထာမရွတ်ဆိုမီ သတ္တဝါအားလုံးကို မေတ္တာပို့ပြီးမှရွတ်ပါ။ အနည်းဆုံး ဂါထာကို (၉) ခေါက် ရွတ်ဆိုနိုင်လျှင် အကောင်းဆုံးဖြစ်ပေသည်။

**၂။ အဘိဓဇ စံကင်းဆရာတော်ကြီး အမြဲရွတ်ဆိုတော်မူသော (ဂါထာ-၂)**

□ ယေစဗုဒ္ဓါ အတီတာစ၊ ယေစ ဗုဒ္ဓါ
အနာဂတာ၊ ပစ္စုပ္ပန္နာစ ယေဗုဒ္ဓါ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။ ။

**အတီတာ** - အတိတ်ရှေးအခါက ပွင့်တော်မူကြကုန်ပြီးသော၊ **ယေဗုဒ္ဓါစ**- အကြင်ဘုရားရှင်တို့သည်လည်းကောင်း၊ **အနာဂတာ** - ပွင့်တော်မူလတ္တံ့ဖြစ်ကုန်သော၊ **ယေဗုဒ္ဓါစ** - အကြင်ဘုရားရှင်တို့သည် လည်းကောင်း၊ **ပစ္စုပ္ပန္နာ**-ပွင့်တော်မူဆဲဖြစ်ကုန်သော၊ **ယေ ဗုဒ္ဓါစ** - အကြင်ဘုရားရှင်တို့သည်လည်းကောင်း (သန္တိထင်ရှားမသွေရှိကြပါပေကုန်၏)၊ **တေ** - ထိုရှေးခုနောင်ခါ၊ ကာလသုံးပါး ဘုရားရှင်အဆူဆူတို့ကို၊ **အဟံ**-အကျွန်ုပ်သည်၊ **သဗ္ဗဒါ** - နေ့ရောညပါ အခါခပ်သိမ်း၊ **ဝန္ဒာမိ** - ရှိသေမြတ်နိုးရှိခိုးပါ၏ အရှင်ဘုရား။

၃။ နမော တေ ပုရိသာဇည၊ နမောတေ ပုရိသုတ္တမ၊ နမောတေတိဏ္ဏသံသာရ၊ နမောတေ အမတံ ဒဒ။

**ပုရိသာ ဇည** - ယောကျ်ားဇာနည်ဖြစ်တော်မူသောမြတ်စွာဘုရား။ **တေ** - အရှင်ဘုရားအား၊ **နမော**-ရှိခိုးပါ၏။ **ပုရိသုတ္တမ**-ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား၊ **တေ**-အရှင်ဘုရားအား၊ **နမော** - ရှိခိုးပါ၏ဘုရား။ **နမော တေ တိဏ္ဏသံသာရ**-သံသရာခရီးခဲမှကူးမြောက်တော်မူပြီးသော မြတ်စွာဘုရား။ **တေ** - အရှင်ဘုရားအား၊ **နမော** - ရှိခိုးပါ၏။

**အမတံ ဒဒ** - အမြိုက်နိဗ္ဗာန်ကိုပေးတော်မူတတ်သောမြတ်စွာဘုရား။ **တေ**-အရှင်ဘုရားအား၊ **နမော** - ရှိခိုးပါ၏ဘုရား။

**(၄)ဒီဝါတပတိသဗ္ဗမင်္ဂလာဂါထာ**

ရှေးခေတ်က ဆရာတော်ကြီးများ၊ ယခုခေတ် ရဟန်းရှင်လူတော်တော်များများ ရွတ်ဆိုနေကြသော သဗ္ဗမင်္ဂလာဂါထာတော်၏ နောက်ခံသမိုင်းနှစ်မျိုးမှာ နိဒါနသံယုတ်ပါဠိတော်မှာလာသော မဟာကပ္ပိနထေရ်အား ချီးကျူးသော ဂါထာနှင့် ဓမ္မပဒမှာ အရှင်ကာဠုဒါယီနှင့် ကောသလမင်းကြီးတို့နှစ်ဦးကို အစပြု၍ မြတ်စွာဘုရားသခင်သည် တစ်ခုသော သီတင်းကျွတ်လပြည့်နေ့ ညနေချမ်းအချိန်မှာ မဟာပဝါရဏာပြုဖို့ သံဃာတော်များနှင့်အတူ မိဂါရမာတာပြာသာဒ်ကျောင်းတော်မှာစည်းဝေးနေစဉ် ကောသလမင်းကြီးက ပြိုးပြိုးပြက်ပြက်နှင့်ကျောက်မျက်ရတနာတွေစီခြယ်ထား

www.burmeseclassic.com

www.burmeseclassic.com

သော မင်းဝတ်တန်ဆာတွေနှင့် ဝတ်ဆင်ပြီး မြတ်စွာဘုရားရှင်ထံ လာရောက်ကြည်ညိုသည်။

နေကလည်းဝင်ဆဲ၊ လကလည်း ထွက်ဆဲထွက်ပြူစအခါသမယ မှာ စိတ်နှလုံးချမ်းမြေ့စရာအချိန်အခါ ဖြစ်သည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပတ်ပတ်လည်မှာ ရှိသေစွာ ခစားနေကြသော သံဃာတော်တွေထဲမှာ အရှင်ကာဠုဒါယီမထေရ်သည် သမာပတ်ဝင်စားနေသောကြောင့် ထူးထူးခြားခြား အဆင်းရောင်နှင့် ကြည်လင်လှပနေသည်။ မြတ်စွာဘုရားအနီးမှာ ခစားနေသောရှင်အာနန္ဒာက ပတ်ဝန်းကျင်မြင်ကွင်းအားလုံးကို သတိပြုမိလိုက်ရာ လထွက်နေဝင် ရှင်ဘုရင်နှင့် အရှင်ကာဠုဒါယီတို့၏ မြင်ကွင်းကိုကြည့်လိုက်၊ မြတ်စွာဘုရားသခင်၏မျက်နှာတော်ကို ဖူးလိုက်နှင့် စိတ်ထဲမှာမအောင့်နိုင်တော့ဘဲ မြတ်စွာဘုရားရှင်ကို လျှောက်ထားလိုက်သည်မှာ -

"ဘုန်းတော်ကြီးမြတ်သောမြတ်စွာဘုရား။ တိုက်တိုက်ဆိုင်ဆိုင်တစ်ပြိုင်နက်တစ်ချိန်တည်းမှာ ထွန်းလင်းတောက်ပနေသော လ၊ နေ၊ ရှင်ဘုရင်နှင့် အရှင်ကာဠုဒါယီတို့၏ အရောင်အဆင်းတွေကို သတိထားကြည့်ရှုနေရင်းက မြတ်စွာဘုရားရှင်၏တစ်ကိုယ်တော်လုံးလွှမ်းဖုံးလွှင့်ပျံ့ပြီး ကွန့်မြူးနေသော အရှင်ဘုရား၏ကိုယ်တော်ရောင်ကသာလျှင် အလင်းရောင်အားလုံးထက် လွန်ကဲ၍ အံ့ဩနှစ်သက်ဖွယ်ရှိပါသည်ဘုရား"

ဟု အရှင်အာနန္ဒာက လျှောက်ထားလိုက်သည့်အခါ မြတ်စွာဘုရားရှင်က ဒိဝါတပတိဂါထာကို ဟောကြားတော်မူသည်။

သံယုတ်ပါဠိတော် သဂါထာဝဂ်မှာပဲ ဒိဝါတပတိဂါထာကို တစ်စိတ်တစ်ဒေသဟောထားတာ နှစ်နေရာတောင်ရှိသေး၏။ ပဌမတသုတ် မာဃသုတ်ဟု ခေါ်သည်။ ဂါထာအဓိပ္ပာယ်ကို ဖွင့်ဆိုသည့်နေရာမှာ သံယုတ်အဋ္ဌကထာ (သံ၌ ၂-၂၂၆) ကတောင် ပိုပြီးပြည့်စုံသည်။

တရားတစ်ပုဒ်၊ ဂါထာတစ်ပုဒ်ဟာ တစ်ဦးတစ်ယောက်၊ တစ်နေရာတည်းမှာ ဟောသည်ဟု ပုံသေမှတ်၍မရ။ သဘာဝလည်းမကျပေ။

**□ ဒိဝါတပတိတစ်ထောင်တန်ဂါထာ**

တစ်ခါက သီဟိုဠ်ကျွန်းမှာ ဘာတိကမင်းကြီးသည် မဟာစေတီတော်ကြီးအနီးမှာ သံဃာတော်များကို ပင့်ဖိတ်ပြီး အလှူဒါနပြုလုပ်နေခိုက်မှာ နေလည်းဝင်ခါစ၊ လကလည်းထွက်ပေါ်စဖြစ်နေသည်။ ထိုမြင်ကွင်းကို ဘာတိမင်းကြီးသတိပြုမိပြီး အနားမှာရှိသော သူ၏ပညာရှိအမတ်တစ်ဦးကို ရုတ်တရက် -

"အမတ်ကြီး၊ ပိဋကသုံးပုံထဲကရတနာသုံးပါးစလုံးပါသော ဇယမင်္ဂလာအောင်ခြင်းဂါထာတစ်ပုဒ်ကို ရွတ်ဆိုပါ"

ဟု မိန့်တော်မူရာ ပညာရှိအမတ်ကြီးက ခေတ္တစဉ်းစားပြီး ဒိဝါတပတိဂါထာကို ရွတ်ဆိုလျှောက်ထားလိုက်သည်။

က။ **ဒိဝါတပတိအာဒိစ္စော**-အာဒိစ္စောရောင်ခြည်တစ်ထောင် အလင်းဆောင်သောနေမင်းကြီးသည်၊ **ဒိဝါ**-နေ့အခါ၌သာလျှင်၊ **တပတိ**-ထွန်းလင်းတောက်ပ၏။

- အမတ်ကြီးသည် ထိုစာပိုဒ်ကိုရွတ်ပြီး ဝင်လုဆဲ နေမင်းကြီးကို လှမ်း၍ လက်အုပ်ချီလိုက်၏။

ခ။ **ရတ္တိမာ ဘာတိ စန္ဒိမာ**-စန္ဒိမာ လမင်းကြီးသည်လည်း၊ **ရတ္တိ**-ညဉ့်အခါ၌သာ၊ **အဘာတိ**-ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး၊ ညစ်မျိုးငါးဝ ကင်းစင်မှသာလျှင်၊ **အာဘာတိ**-ထွန်းလင်းတောက်ပ၏ဆိုပြီး ထွက်ပြူစ လမင်းကြီးဆီ လက်အုပ်ချီလိုက်သည်။

ဂ။ **သန္နဒ္ဓေါ ခတ္တိယော တပတိ** - ရေမြေသနင်း ပြည့်ရှင်မင်းသည်လည်း၊ **သန္နဒ္ဓေါ** - မင်းမြောက်တန်ဆာ ဖွဲ့ဒရာကို ဝတ်ဆင်တော်မူမှသာလျှင်၊ **တပတိ** - မင်းတို့ကျက်သရေ ထွန်းလင်းတောက်ပနိုင်ပေ၏ ဆိုပြီးတော့ အနီးရှိ မင်းကြီးကို အမတ်က လက်အုပ်ချီလိုက်ပြန်သည်။

ဃ။ **ဈာယီ တပတိ ဗြာဟ္မဏော**-ဗြာဟ္မဏော - (ဗရာယ်မနော)၊ ကိလေသာကုန်ခန်းသည့် ရဟန္တာအရှင်မြတ်သည်ပင်လျှင်၊ **ဈာယီ** - အာရုံလက္ခဏာ၊ နှစ်ဖြာဈာန်မွေ့ သမာပတ်ဝင်စား၍နေမှသာလျှင်၊ **တပတိ**-ရဟန်းတို့ကျက်သရေ ထွန်းလင်းတောက်ပနိုင်ပေ၏ ဆိုပြီး အမတ်ကြီးသည် အစည်းအဝေးသို့ကြွရောက်တော်မူနေကြသော သံဃာတော်ပရိသတ်ကြီးဆီသို့လက်အုပ်ချီကန်တော့လိုက်သည်။

င။ **အထသဗ္ဗ မဟောရတ္တိံ ဗုဒ္ဓေါ တပတိ တေဇသာ**- အထ-ထိုမှတစ်ပါး၊ ဗုဒ္ဓေါ - မြတ်စွာဘုရားရှင်သည်သာလျှင်၊ **သဗ္ဗံအဟောရတ္တိံ** - နေ့ရောညပါ အခါခပ်သိမ်း၊ **တေဇသာ** - ပညာသီလဂုဏ်မေတ္တနှင့်ပုညတေဇောငါးမျိုးသောအာနုဘော်တို့ဖြင့်၊ **တပတိ** - စိန်ရွှေမြရောင်၊ နေလရောင်ထက် အခေါင်ညွန့်ကျူး၊ လွန်ကွန့်မြူးလျက်၊ အထူးပင်ထွန်းလင်းတောက်ပတော်မူပါပေ၏လို့ဆိုပြီး ပညာရှိအမတ်ကြီးသည် ဒီနေရာရောက်တော့ မလှမ်းမကမ်းမှာဖူးမြော်နေရသော မဟာစေတီတော်ကြီးဘက်ကိုလှမ်းပြီး လက်အုပ်ချီကန်တော့လိုက်သည်။ အမတ်ကြီးကဦးခေါင်းအထက်မှာ လက်အုပ်ချီမြှောက်တင်ကန်တော့နေစဉ်မှာ -

"အမတ်ကြီး၊ သင့်လက်အုပ်ကို မချပါနှင့်ဦး"

ဟု မင်းကြီးကတားတည့်ပြီး အမတ်ကြီး၏လက်အုပ်ထဲကို ဆုတော်ငွေတစ်ထောင်ထည့်လိုက်သည်။

အဲဒီဒိဝါတပတိသဗ္ဗမင်္ဂလာဂါထာတော်ကို သံယုတ်အဋ္ဌကထာမှာ (သဗ္ဗမင်္ဂလာဂါထာတော်သည်) အခါခပ်သိမ်းအရာခပ်သိမ်း၊ လောကီလောကုတ္တရာ၊ ကျက်သရေမင်္ဂလာ၊ ဥစ္စာစီးပွားကြီးပွားတိုးတက်ကြောင်း၊ ဘေးရန်ကင်းကြောင်းကောင်းမြတ်သောဂါထာဟု မှတ်ချက်ရေးထားပါသည်။

**□ ဈာန်သမာပတ်နှစ်မျိုး**

ဂါထာတွင် အပိုဒ် (၄) မှ ဈာယီ တပတိ ဗြာဟ္မဏော - ကိလေသာကုန်ခန်းသည့် ရဟန္တာအရှင်မြတ်သည်ပင်၊ ဈာယီ-အာရုံလက္ခဏာနှစ်ဖြာဈာန်မွေ့ သမာပတ်ဝင်စားနေမှသာ၊ တပတိ - ရဟန်းတို့ကျက်သရေတော် ထွန်းလင်းတောက်ပနိုင်ပေ၏။ သမာပတ်ဝင်စားတယ်ဆိုတာ အာရုံတစ်ခုခုကိုရှုမှတ်သောသမထ၊ ဈာန်သမာပတ်တစ်မျိုး အာရမ္မဏူပနိဇ္ဈာန်ဟုခေါ်သည်။

ဖြစ်ပျက်လက္ခဏာရေးသုံးပါးကို ဝိပဿနာရှုပြီး သမာပတ်ဝင်စားသောဈာန်ကတစ်မျိုး လက္ခဏူပနိဇ္ဈာန်ဟုခေါ်သည်။

**□ ဘုရားရှင်၏ တန်ခိုးတေဇော် (၅) မျိုး**

မြတ်စွာဘုရားရှင်တွင် တေဇခေါ်သောတန်ခိုးအစွမ်း (၅) မျိုးရှိသည်။ သီလ၊ ဂုဏ၊ ပညာ၊ ပုည၊ ဓမ္မ ဖြစ်သည်။

ခုနစ်နေ့သားသမီးများအားလုံး ဘေးအန္တရာယ်ကင်းဝေး၊ စည်းစိမ်ချမ်းသာ၊ ကိုယ်ကျန်းမာ စိတ်အေးချမ်းသာကြပါစေ။

**ဆရာဦးစိန်လှိုင်(ကျိုက်သဝတ်)**



www.burmeseclassic.com

www.burmeseclassic.com

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့။


ပြောမနာဆိုမနာ မိတ်ဆွေကြီး ဦးဝင်းလုံး (ခ) ဦးဝင်းစိန်၊ ဒေါ်အုန်းမြင့်တို့၏ တခုတ်တရ ဖိတ်မန္တကပြုသည်ကို အလေးထား၍ ၎င်းတို့ဇနီးမောင်နှံ ချစ်မြှုပ်ဇာတိဖြစ်သော လောင်းလုံးမြို့နယ် ထိန်တွင်းရွာကထိန်ခင်းရဟန်းခံ ရှင်ပြုအလှူတော်မင်္ဂလာပွဲသို့ ကျွန်တော်နှင့် ကိုစိန်စိန်တို့ အချိန်အချက်ပြုကာ ဆိုင်ကယ်နှင့်သွားကြသည်။ ချောကြာပြင်မှလမ်းခွဲပြီး မြို့ဟောင်းသွားလမ်း နံဘေးရှိ နခံတောရွာနှင့်ခမောင်းတောင် ရွာကြား တောင်ထိပ်ပေါ် ရပ်ခံတောင် (ခံတောင်မြင့်) စေတီတော်မြတ်ကြီးအား နံနက်နေခြည်ဖြာအထိုးတွင် ရွှေတောင်ကြီးပမာ ဖူးမြော်ရသည်။

ခမောင်းတောင်ရွာထိပ်မှ အရှေ့စူးစူးသို့ဖဲ့ဆင်း၍ ဖုန်ထူထူမြေနီလမ်း အတိုင်းပင် တစ်မိုင်လျော့လျော့ကို ဖြည်းဖြည်းမှန်မှန်မောင်းနှင်လာခဲ့ရာတွင် ထိန်တွင်းရွာသို့ (၈) နာရီခန့်ရောက်သည်။ အိမ်ကြီးရခိုင်များနှင့် အိမ်ခြေ (၄၀၀) ကျော် ရွာကြီးတစ်ရွာဖြစ်သော ထိန်တွင်းရွာမှာ ထားဝယ်မြစ်အနောက်ဘက်ကမ်းကို မေးတင်လျက်ရှိသဖြင့် မြစ်နားနီးရေကျွမ်းကြသူများဖြစ်သည့်အလျောက် ခေတ်အဆက်ဆက် လှေပြိုင်ပွဲများ၌ ထိန်တွင်းသားတို့ ပွဲတိုင်းကျော် လူတွင်ကျယ်ခဲ့သည်။ ထိန်တွင်းသားတို့၏ ပြိုင်လှေ ရွှေပန်းလေးကားနာမည်ကြီးဖြစ်သည်။

တရားတော်နာရေစက်ချပြီးနောက်



ရှင်တောက်ထိန်ပေါ်တော်မူဓာတ်ဘုရား အနီးကပ် ကြည်ညိုဖူးမြော်


ရွှေထီးတော်မြတ်



ထက်ဝဲဘက်ထိုင်တော်မူ


ထက်ယာဘက်ထိုင်တော်မူ



www.burmeseclassic.com


www.burmeseclassic.com



မာတ်ထုံး (၉) ထုံးပါရှပ်ပွားဆင်းတုအား ဌာပနာထားသောစေတီ



မုန်အုပ်ဆောင်းနှင့် ရုပ်ပွားတော်



နဂါးရုံဘုရားတစ်ဆူ

အလှူရှင်တို့ ဧည့်ခံကျွေးမွေးသည်ကို စားသောက်ပြီးသောအခါ မိတ်ဆွေကြီး ဦးဝင်းလုံးကို ဝမ်းသာအားရကျေးဇူးတင်စွာ နှုတ်ဆက်ရပါသည်။ အပြန်လမ်း တစ်ဝက် ကမြောကင်းရွာတွင် ကိန်းဝပ်စံပယ်တော်မူသော ရှင်ကိုးရှင်သမိုင်းဝင် ရှင်တောက်ထိန်ဘုရားအား ကျွန်တော်တို့ ဝင်ရောက်ဖူးမြော်ကြည်ညိုကြသည်။ ထားဝယ်ဘက်ကလာလျှင် ကမြောကင်း မြစ်ကူးတံတားကြီးကိုဖြတ်ပြီး ညာဘက်ကွေ့ မောင်းမကန်သွားလမ်းကြောပေါ်တည်ရှိသော ကမြောတင်းရွာလယ်လမ်းသွယ်ထဲသို့ တစ်ဖာလုံခန့်ချိုးဝင်သွားပါက ရှင်တောက်ထိန်ဘုရားရောက်သည်။ ထားဝယ်မှ (၁) မိုင် (၄) ဖာလုံလောက်သာဝေး၍ သွားလမ်းလာလမ်းသာဖြစ်ရာ အလွန်အဆင်ပြေပါသည်။

ယခင်တုန်းက ကျွန်တော်တို့ ကျောင်းသားဘဝ ကမြောကင်းမြစ်ကူးတံတားကြီးမဆောက်မီ အတော်ပင် ခရီးထောက်၍ စိတ်ပန်းလူပန်း အချိန်လင့်သွားရလာရသည်ကို ပြန်အမှတ်ရမိပါသည်။ အရှေ့ကမ်းနှင့် အနောက်ကမ်း ကူးတို့လှေသမ္ဗန်နှင့် ကူးသည့်အခါတွင် သမ္ဗန်ခတ်သံကို ပျင်းရိဖွယ်နားထောင်ရင်း ငြိမ်ငြိမ်ထိုင်လိုက်ရသည်။ (နောက်တော့ ပဲ့ချိတ်လှေငယ်များပေါ်လာ၏။) မြစ်ရေကျချိန်ကြုံလျှင် သမ္ဗန်လှေမှ ကူးတို့ကမ်းပါးမတ်စောက်စောက်ကို ဖိနပ်ခါးကြားထိုးတက်ရသည်။ မိုးတွင်းကာလတွင်မူ စိတ်ပျက်စရာကောင်းလှအောင် အတက်အဆင်းဒုက္ခရောက်၏။ ဒီကြားထဲ မိုးသည်းလေထန် မြစ်ရေစီးကြမ်းပြီဆိုမှဖြင့် ခရီးသွားများဘုရား့တပေရော့။ ကံမကောင်းအကြောင်းမလှ၍ သမ္ဗန်မှောက်၊ လှေမှောက်အဖြစ်ဆိုးနှင့် ကြုံတွေ့ရသောသာဓကများလည်းရှိပါသည်။

ထိုစဉ်က ပြည်သူ့လုပ်ငန်းအိမ်ရာဆောက်လုပ်ရေးဌာနဝန်ကြီး ထားဝယ်သား ဗိုလ်မှူးချုပ်စိန်ဝင်း (နိုင်ငံတော်ကောင်စီ/ ဝန်ကြီးချုပ်) ဦးဆောင်မှုဖြင့် အရှေ့ဘက်ကမ်း ဖြတ်ကူးကျွန်းတန်းနှင့် အနောက်ဘက်ကမ်း ကဘူတောင်နေရာကို မြစ်ကူးတံတားထိုး မဖြစ်မနေ တည်ဆောက်ပေးခဲ့သည်။ ကောဇာ ၁၃၃၃ ခု၊ ပြာသိုလကွယ်နေ့ (၁၅-၁-၁၉၇၂) နံနက် (၈း၁၅) တံတားအုတ်မြစ်ချပြီး တိုင် (၉) ခွင်၊ အရှည်ပေ (၁၀၀၀)၊ အားဖြည့်ကွန်ကရစ်နည်းစနစ်နှင့် မြန်မာအင်ဂျင်နီယာများက တည်ဆောက်ခဲ့ကြသည်။ အုတ်မြစ်ချအခမ်း

www.burmeseclassic.com




ဘုရားပရိဝုဏ်မြင်ကွင်းနဲ့



အောင်မြေအသိမ်းအမှတ်
သာသနာ့အလံစိုက်ထူ



ဂန္ဓကုဋိတိုက်ဝယ် ဘုရားသုံးဆူစံပယ်





သိမ်တော်အတက်အရှေ့လှေကား

အနားတက်ရောက်လာကြသောပရိသတ်အား လှေပြိုင်ပွဲ၊ စန္ဒာဦးယဉ်ကျေးမှုကပွဲတို့ဖြင့် ဧည့်ခံဖျော်ဖြေရာ ကမ်းလုံးညွတ်မျှ ကျိတ်ကျိတ်တိုးစည်ကားခဲ့သည်ကို မြင်ယောင်မိသေးသည်။ ယခု တံတား သက်တမ်း (၄၅) နှစ်ရှိပါပြီ။ မွေးရပ်မြေအတွက် ကျေးဇူးပြုသွားသော ဦးစိန်ဝင်းအား တံတားဖြတ်တိုင်း ကျွန်တော်တို့ အောက်မေ့ သတိရပါသည်။

❑

ရှင်တောက်ထိန်ဘုရားကို စေတီလို့ ထင်ယောင်ထင်မှားယူဆကြသူတချို့ ရှိပါတယ်။ တစ်နယ်တစ်ကျေး ရပ်ဝေးဘုရားဖူးများအနေနဲ့ ဒါကို အဟုတ်မှတ်ထင်သွားမှာ စိုးရိမ်စရာပါ။ အမှန်တော့ စေတီအရှေ့ဘက်ကပ်လျက်သိမ်အတွင်း ဂန္ဓကုဋိတိုက်တဝဂ္ဂမှာ စံပယ်ကိန်းဝပ်တဲ့ ဘုမိဖသသမုဒြာထိုင်တော်မူရုပ်ပွားတော်မြတ်သည်သာ ရှင်တောက်ထိန်ဘုရားဖြစ်ပါတယ်။

ဘုရားသမိုင်းလာအရ ရှေးရှေး ကောဇာနှစ် ၁၀၃ ခုနှစ်လောက်တုန်းက ဆင်းဆင်းရဲရဲ တောင်ယာစိုက်ပျိုးလုပ်ကိုင်စားသောက်အသက်မွေးဝမ်းကျောင်းပြုတဲ့ ဦးဖိုးတုတ်၊ ဒေါ်စောအီး ဇနီးမောင်နှံတို့ဟာ အဲဒီကမြောက်ဝင်းရွာ အနောက်ဘက်ခြမ်းကုန်းမြင့်ငယ်တစ်ခု အပေါ် တောင်ယာလုပ်ဖို့ ခုတ်ထွင်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဥပဂုတ္တမထေရ်မြတ်



ရှင်သီဝလိမထေရ်မြတ်



နတ်ကြီးလေးပါးကြိုးတိုင်



ဗြိတိသျှပိုင်မော်လမြိုင်စတီကျောက်စာတော်
(မြန်မာ-အင်္ဂလိပ်)




ရှင်တောက်ထိန်ဘုရားသိမ်တော်ကြီး

လင်းပြီး ပေါင်းသင်မီးရှို့မြေတူးဆွတဲ့အခါ ဖြူနီးဆို မာတောင့်တောင့်အရာဝတ္ထုတစ်စုံတစ်ခုကို ပေါက်တူးနဲ့ခုတ်မိသွားပါလေရော။ ဒါနဲ့ သူတို့ဇနီးမောင်နှံလည်း ဘာပါလိမ့်သိလိုဇောနဲ့ မြေကြီးကို သတိထားပြီး တူးဖော်ကြည့်တော့ လုံးဝမထင်မှတ်ဘဲ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရဲ့ ဦးခေါင်းတော်ကို အံ့ဩဘနန်း ဦးစွာဖူးမြော်တွေ့ရှိရတယ်လို့ဆိုပါတယ်။ အဲဒီနောက် ရုပ်ပွားတော်ရဲ့မျက်နှာတော်ပေါ် လာတဲ့အထိ မြေတွေဖယ်ရှားယက်သဲ့ပြီး ဝါးခြမ်းစိတ်လေးတွေနဲ့ ရာဇမတ်ကွက်ပြုလုပ်ကာရံထားပေးလိုက်ပါတော့တယ်။

ဒီအခါ ကမြော့ရွာသူရွာသားများနဲ့ အနီးအနားရွာများပါမကျန် အပြေးအလွှား လာရောက် ဖူးမြော်ကြတယ်။ ဦးဖိုးတုတ်ဇနီးမောင်နှံနဲ့ ရွာသူရွာသားတွေ တိုင်ပင်ပူးပေါင်းပြီး မြေကြီးထဲမြုပ်နေတဲ့ရုပ်ပွားတော်ကို ဆက်လက်တူးဖော်ကြရာမှာ ဦးဖိုးတုတ်၊ ဒေါ်စောသီးတို့စတင်တွေ့တဲ့ တပို့တွဲလပြည့်နေ့မှ တပေါင်းလပြည့်နေအထိ တစ်လအတွင်း ထိုင်တော်မူရုပ်ပွားတော်တစ်ဆူလုံး မြေပေါ် သို့ပေါ် ထွက်လာပါတော့တယ်။ ဒါနဲ့ သစ်ဝါးခုတ်ယူပြီး ယာယီအမိုးပြုလုပ်ကာ ပူဇော်ကြတယ်။ တစ်ဆင့်စကားတစ်ဆင့်နားဆိုသလို ကမြောကင်းရွာမှာ မြေပေါက်ဘုရား၊ ပေါ်တော်မူဘုရားပေါ် တယ်ဆိုပြီး တစ်မုဟုတ်ချင်းသတင်းပြန့် ဟိုးဟိုးကျော်ကြားသွားလိုက်တာ ထားဝယ်နယ်တစ်ခုလုံး အုတ်အော်သောင်းတင်း လာရောက် ဖူးမြော်ကြကြည်ညိုကြသူတွေ ကြက်ပျံမကျဆိုဘဲ။ ကျွန်တော်တို့သိတဲ့အတိုင်းပဲလေ။ အခုခေတ်ကာလနဲ့လားလားမှမတူတာ။ ရှေးမြန်မာ(ထားဝယ်)ကြီးတွေဆိုတာ ဗုဒ္ဓဘာသာဝင် များပီပီ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အလွန်တရာ ကိုင်းရှိုင်းကြည်ညိုကြတာကလား။

ထူးထူးခြားခြား အခုလိုပေါ်တော်မူဘုရားကြီးဆိုတော့ ဘယ်ပြောကောင်းမလဲ။ ဆွမ်းတော်ကပ်၊ ပန်း၊ ရေချမ်းကပ်၊ ဆီမီးပူဇော်သူတွေ၊ ပုတီးစိပ်သူတွေ၊ တရားထိုင်သူတွေ၊ ဆုတောင်းသူတွေ၊ မေတ္တာပို့သူတွေ၊ ကြေးစည်တနောင်နောင်သာခုခေါ်သူတွေ၊ ရပ်ဝေးကနေ လှည်းလှေနဲ့ရောက်လာသူတွေ၊ ညအိပ်ညနေ ဘုရားဖူးဧည့်သည်တွေများပန်းခပ်မျှ တိုးဝှေ့နေရာယူဖူးမြော်ကန်တော့ကြမှာ မြေကြီးလက်လတ်မလွဲ

www.burmeseclassic.com


ပါဘဲ။

ကမြောကင်းရွာသဘာဝမြေအနေအထားကြည့်ရင် ဦးဖိုးတုတ်တောင်ယာခုတ်တဲ့ ကုန်းမြင့်နေရာတစ်ပိုက်ကို အထက်ပိုင်း၊ မြစ်ကမ်းနီးနေရာကို အောက်ပိုင်း ခွဲခြားထားတာဖြစ်လို့ ပေါ်တော်မူ ရှင်တောက်ထိန်ဘုရားဖူးတွေ့ရတဲ့နေရာကို တောက်ထိန်အထက်ပိုင်းလို့ ကနေ့အထိတွင်တယ်။ ထားဝယ်ဒေသိယစကား ထိန်ဆိုတာ နေရာ၊ ရှင်(ရှင်းရှင်) ဆိုတာ ဘုရားဖြစ်တော့ ရှင်တောက်ထိန်ဆိုတာ ကုန်းမြင့်ပေါ်ဘုရားလို့ အဓိပ္ပာယ်ရတာပေ့ါ။ ထိန်တွင်း၊ ထိန်ကြီး၊ ထိန်သစ်၊ ထိန်လယ်၊ ထိန်ဟောင်း၊ တလိုင်းထိန်၊ ပြင်းထိန် စတဲ့ အခေါ်အဝေါ်တွေ အထင်ကရရှိလေရဲ့။ ထိန်ကို ထားဝယ်တို့က ထီလို့အသံထွက်ပြောပါတယ်။


တောက်ထိန်ကို တောင်ထိပ်မှ ရွှေလျှားပြောင်းလာဟန်ရှိတယ်ဆိုပြီး တချို့သူတွေကပြောပြန်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် တနဲ့ထ စနေနံနှစ်လုံးထပ်နေတာကတော့ ထူးတယ်။ စနေနံနှစ်လုံးဆက်နာမည်ရှိတဲ့သူတွေအတွက် ပိုအကျိုးပေးထူးတယ်လို့ဆိုတယ်။ ရှင်ကိုးရှင်အဓိဋ္ဌာန်ဝင်သူများဟာ အဓိကအလယ်အမှတ်စဉ်(၅)နေရာကျတဲ့ ရှင်တောက်ထိန်မှာအဓိဋ္ဌာန်စဝင်ပြီး ရှင်တောက်ထိန်မှာပဲပြန်ပြီး အဓိဋ္ဌာန်အဆုံးသတ်စခန်းရပ်လေ့ရှိတယ်လို့ အဆိုရှိပါတယ်။ အဲဒါကြောင့် လောကီပညာဆိုင်ရာလိုက်နာကျင့်ဆောင်သူကြတွေ၊ လောကီလောကုတ္တရာနှစ်ဖြာ အောင်မြင်ထွန်းပေါက်လိုသူတွေ၊ ထွက်ရပ်လမ်းစဉ်ပါရမီရှင် သူတော်စင်တွေဆိုတာ အဓိဋ္ဌာန်ကို ရှင်တောက်ထိန်မှစပြီး ရှင်တောက်ထိန်မှာပဲ အဆုံးသတ်စခန်းရပ်ဆုတောင်းပြီးကာမှ သူတို့လိုရာလမ်းစဉ်ကို အားထုတ်ကြလေရဲ့။ ထွက်ရပ်လမ်းလိုက်စားတဲ့ ပုဂ္ဂိုလ်မြတ်တွေ ဒီဒေသတစ်ခွင်မှာထူးခြားစွာရှိခဲ့တာကတော့ အမှန်ပါပဲ။

အဓိဋ္ဌာန်ဝင်သူတချို့ပြောတာက ရုပ်ပွားတော်မြတ်ဟာ မျက်တောင်တော်ခတ်ခြင်းစတဲ့ ထူးထူးကဲကဲတန်ခိုးပြာဋိဟာပြတော်မူတတ်တယ်လို့ သိရပါတယ်။ ရုပ်ပွားမြတ်ဦးခေါင်းတော်လက်ဝဲဘက်မှာ ပေါက်တူးထိအရာကို ထင်ထင်ရှားရှားတွေ့မြင်ရတယ်။ အချို့ဘုရားဖူးအမျိုးသားအများစု အနီးကပ် ခြေဖျားထောက်ကြည့်တဲ့အခါ အဲဒီပေါက်တူးထိအရာလေးကိုတွေ့ရကြောင်း တညီတညွတ်ပြောဆိုကြပါတယ်။


ရှင်တောက်ထိန်ဘုရားကို ခေါ်တိ ဘုရားလို့လည်းခေါ်ကြတယ်။ ရုပ်ပွားတော်ဟာ ရုပ်ရှင်တော်မြတ်ဖြစ်တာကြောင့် ပေါ်တော်မူတဲ့အချိန်ကစပြီး ကနေ့အထိ တဖြည်းဖြည်းဉာဏ်တော်မြင့်လာသလို တရွေ့ရွေ့ကိုယ်လုံးတော်ကြီးလာတယ်လို့သိရတယ်။စာရေးဆရာကြီးမောင်သန်းဆွေ(ထားဝယ်)က ဉာဏ်တော် (၅)လက်မ၊ (၆)လက်မခန့်။ ဆရာဦးဘမြင့်(ထားဝယ်)က ဉာဏ်တော် (၅)ပေ၊ (၉).လက်မအတိုင်းအတာမှတ်တမ်းရေးထားတာ ‘လေ့လာ ဖတ်ရှုရတယ်။ အရင်တုန်းက ရုပ်ပွားတော်မြတ်အား



အရှေ့ဘက်သိမ်ဝင်ပေါက်မှ ဖူးတွေ့ရစဉ်




မုဒ္ဒဝင်ဇာတ်နိပါတ်ပန်းချီကားချပ်များ





www.burmeseclassic.com

www.burmeseclassic.com



သတ်နိုင်းဆည်းကပ်ရင် ရုပ်ပွားတော်ရဲ့ ကျောဘက်ကို ပတ်မိအောင်ကြိုးစချည်နိုင်ခဲ့ပေမယ့် အခုချိန်မှာတော့ အဲသလို ကြိုးပတ်မိအောင် မချည်နိုင်တော့ဘူး။ ဒါဟာ ကိုယ်လုံးတော်ကြီး ထွားလာတာနဲ့အမျှ ရုပ်ပွားတော်နောက်ကျောသိမ်နံရံနဲ့ထိကပ်လာတာကြောင့် ဖြစ်တယ်ဆိုတာ သိသာထင်ရှားပါတယ်။

တစ်ခါက တာသစ်တိုင် ဝါးပေါင်းကွပ် ဓနိဖက်မိုးတင်းကုပ်အရွယ်သာသာ ဘုရားသိမ်တော်ကို ကောဇာ ၁၂၉၅ ခု (ခရစ်နှစ် ၁၉၃၃) ကမြောကင်းရွာ ဦးကြံ၊ ဒေါ်မြတို့က သွပ်မိုးအုတ်ကာ ရှေးလက်ရာအတိုင်း အခိုင်အခံ့ လက်ရှိသိမ်တော်ဆောက်လုပ်လှူဒါန်းခဲ့တယ်။ အဲဒီနောက် နှစ်ပေါင်း (၆၅) နှစ်အကြာ သိမ်အမိုးယိုယွင်းပျက်စီးတဲ့အပြင် အချို့နေရာမှာ အင်္ဂတေကွာကျလာတာကြောင့် ၁၃၆၀ ပြည့်နှစ်၊ နယုန်လဆန်း ၅ ရက်နေ့မှာ တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးဖွံ့ဖြိုးရေးကောင်စီ ဦးဆောင်ဦးရွက်ပြုပြီး အများပြည်သူပါဝင်လှူဒါန်းမှုနဲ့ ရှင်တောက်ထိန်ဘုရားဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအားတက်သရော ဆောင်ရွက်ခဲ့တယ်။ လက်ရှိသိမ်တော်အတွင်း ထိုင်တော်မူသုံးဆူ မှန်စီရွှေချပလ္လင်အသီးသီးပေါ် စံပယ်နေတာကို ကြည်ညိုဖွယ်အတိဖူးမြော်ရပါတယ်။

ပေါ်တော်မူရှင်တောက်ထိန်ဘုရားတစ်ဆူလုံး မြေပေါ်ပေါက်ထွက်တဲ့နေရာ အဲဒီနေရာမှာပဲ ရုပ်ပွားတော်ကိုငုံပြီး စေတီတည်လိုက်တယ်လို့ မှုကွဲတစ်ခုလည်းရှိပါတယ်။ ရုပ်ပွားတော်မြတ်ကိန်းဝပ်ရာအရပ်ကို သာသနိကနယ်မြေအဖြစ် သတ်မှတ်ပြီး စေတီတစ်ဆူတည်စဉ်အခါက စေတီအတွင်းသင်းကျစ်တော်မှာ ဓာတ်လုံး (၉) လုံးပါ ရုပ်ပွားငယ်တစ်ဆူကို ဝိဇ္ဇာတွေလာရောက်ဌာပနာ ထည့်သွင်းထားတယ်။ အဆိုတစ်ခုနဲ့ ရောထွေးအမှတ်မှားသွားဟန်တူပါတယ်။ ဝိဇ္ဇာတွေမကြာမကြာလာရောက်ကြတာ သက်ကြီးရွယ်ကြီးဥပါသကာများတွေ့ရတယ်လို့သိရတယ်။ စေတီအရှေ့မြောက်တနင်္ဂနွေထောင့်မှာ အောင်မြေရှိပြီး အထိမ်းအမှတ်သာသနာ့အလံစိုက်ထားတာတွေ့ရတယ်။ အခုဖူးတွေ့ရတဲ့ စေတီတော်ကို ကောဇာ ၁၃၁၉ ခုနှစ်(ခရစ် ၁၉၄၈) လွတ်လပ်ရေးရပြီးနောက် ဆရာဦးဖိုးဟန် ပြန်လည်ပြုပြင်မွမ်းမံထားတာပါ။ စေတီတော်ဉာဏ်တော် (၄၀) ပေ၊ (၆) လက်မ မြင့်တယ်။

ရှေးရှေးအခါကစလို့ ကနေ့တိုင်အောင် နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့် (အဘိဓမ္မာ) နေ့ရောက်ရင် အသံမစဲပဌာန်းပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ တစ်ခွက်ဆွမ်းဒါနလှူဒါန်းပွဲကို ရှင်တောက်ထိန်ဘုရားဝင်းအတွင်းမှာ ကမြောကင်းတစ်ရွာလုံး အုန်းအုန်းထအစဉ်အလာမပျက် ဆင်နွှဲကျင်းပပြုလုပ်လေ့ရှိတယ်။ တစ်ခွက်ဆွမ်းဒါနဆိုတာ ကမြောကင်းရွာသူရွာသားအိမ်တိုင်းစေ့ အဲဒီနေ့ကျရင် တစ်အိမ်လျှင် ဆွမ်းဟင်းတစ်မျိုးစနစ် လာရောက် လှူဒါန်းကြပြီး သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းကုသိုလ်ယူကြခြင်းဖြစ်ပါတယ်။ နှစ်သက်ဖွယ် ကျွန်တော်တို့ ထားဝယ်ဓလေ့ယဉ်ကျေးမှုတစ်ခု အခုထိ ကမြောကင်းရွာမှာ မကွယ်မပျောက်ထိန်းသိမ်းထားဆဲတွေ့ရတာ အလွန်ကျေနပ်ဂုဏ်ယူစရာကောင်းပါလေရဲ့။

ဘုရားသိမ်အတွင်း နံရံအပေါ်ဘက်မှာ လက်ရာမြောက် ဗုဒ္ဓဝင်ဇာတ်နိပါတ်ပန်းချီကားတွေ တခမ်းတနားရှုစားရပါတယ်။ နောက်ပြီး ဦးဖိုး[illegible]တ်တို့ ဇနီးမောင်နှံတောရှင်းနေပုံ၊ မြေ[illegible]ရာမှ ပေါ်ထွက်လာတဲ့ ဘုရားရုပ်တု[illegible] ဘုရားရုပ်တုအား ကုန်းပေါ်သို့ ရွာသူရွာသားများဖော်ယူကြပုံ၊ ပေါ်တော်မူဘုရားအား ဖူးမြော်ကန်တော့နေကြပုံ စတဲ့ ဘုရားသမိုင်းအကျဉ်းချုပ်ပန်းချီသရုပ်ဖော်ကားချပ်တွေကိုလည်း သိမ်ထွက်ပေါက်နံရံမှာ စိတ်ဝင်စားဖွယ် ချိတ်ဆွဲပြသထားပါတယ်။ ဘုရားပရိဝုဏ်ပြည့်လုနီးနီး စေတနာသဒ္ဓါတရားထက်ထက်သန်သန်ရက်ရောရောအလှူရှင်အသီးသီးလှူဒါန်းပူဇော်ထားတဲ့ သာသနိကအဆောက်အအုံတွေ၊ သာသနာ့ရုပ်လုံးရုပ်တုတွေမနည်းမနောပါ။ အမျိုးဘာသာသာသနာ့ထိန်းသိမ်းစောင့်ရှောက်ရေးဘက်မှာ ထားဝယ်သူထားဝယ်သားတွေ ဘယ်လောက်အားထုတ်ဆောင်ရွက်တယ်ဆိုတဲ့ပြယုဂ်လို့သာဆိုချင်ပါတော့တယ်လေ။

ဥက္ကဋ္ဌ ဦးစိုးဝင်း၊ အတွင်းရေးမှူး ဦးအောင်သန်း၊ ဘဏ္ဍာထိန်း ဦးလှထွေး၊ စာရင်းစစ် ဦးတင်ဝင်း အပါအဝင် ဂေါပကအဖွဲ့ (၂၀) ဦး စနစ်တကျဖွဲ့စည်းပြီး ကိုယ့်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဘုရားဝေယျာဝစ္စအမျိုးမျိုးအကျိုးတော်ဆောင်နေတာဖြင့် ချီးမွမ်းစရာပေပဲ။

**□ သမိုင်းဝင် ရှင်တောက်ထိန်ဘုရား ထူးခြားချက်**

၁။ ပေါ်တော်မူ(မြေပေါက်)ရှေးဟောင်းဘုရားဖြစ်သည်။

၂။ တရွေ့ရွေ့ကြီးထွားလာသော ဓာတ်ဘုရား(ရုပ်ရှင်တော်) ဖြစ်သည်။

၃။ မျက်တောင်ခတ်ခြင်း၊ ပြုံးတော်မူခြင်း တန်ခိုးပြာဋိဟာပြသည်။

၄။ ဦးခေါင်းတော် လက်ဝဲဘက်တွင် ပေါက်တူးရာ ထင်ထင်ရှားရှားရှိသည်။

၅။ ဝိဇ္ဇာများလာရောက်ဖူးမြော်သည်။

၆။ ရှင်ကိုးရှင်သမိုင်းဝင်ဘုရား အမှတ်စဉ် (၅) အဓိကအလယ်ကျသည်။

၇။ အဓိဋ္ဌာန်စဝင်ပြီး အဆုံးသတ်အဓိဋ္ဌာန်ရပ်စခန်း ဖြစ်သည်။

၈။ စနေနံ နှစ်လုံးထပ်အကျိုးပေးထူးသည်။

၉။ ထွက်ရပ်လမ်းစဉ်ပါရမီရှင်များတို့ လျှို့ဝှက်ထွက်နေရာ ဖြစ်သည်။

မောင်စိမ်းထွေး(ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

**အပ္ပမာဏောဗုဒ္ဓေါ** - ဗုဒ္ဓသည် မနှိုင်းယှဉ်အပ်သော ကျေးဇူးဂုဏ်ထူးရှိတော်မူ၏။

**အပ္ပမာဏောဓမ္မော** - ဓမ္မသည် မနှိုင်းယှဉ်အပ်သော ကျေးဇူးဂုဏ်ထူးရှိတော်မူ၏။

**အပ္ပမာဏောသံဃော** - သံဃာသည် မနှိုင်းယှဉ်အပ်သောကျေးဇူးဂုဏ်ထူးရှိတော်မူ၏။

မြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့ဘဝတွင် ကျွတ်တမ်းဝင်နိုင်သော်လည်း ဗဟုဇနဟိတာယ၊ ဗဟုဇနသုခါယ၊ လောကာနုကမ္ပကာယအရ များစွာသောလူအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ၊ များစွာသောလူအပေါင်းတို့၏ ချမ်းသာခြင်းအလို့ငှာ၊ သတ္တလောကကို စောင့်ရှောက်ခြင်းအလို့ငှာ ပွင့်ထွန်းပေါ်ပေါက်တော်မူလာခြင်း ဖြစ်ပါသည်။

# သသသ

## သရဏဂုံဆောက်တည်တိုက

သို့ဖြစ်ပါ၍ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဖြင့် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအပေါင်းတို့အား ချေချွတ်ဆုံးမတော်မူပါသည်။ ထိုဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သောတရားတို့သည် လူ၊ နတ်၊ နိဗ္ဗာန် (၃) တန်သော ချမ်းသာကိုပေးစွမ်းနိုင်သည့် နိယျာနိကသုဒေသီတဓမ္မများ ဖြစ်ကြပါသည်။ မြတ်စွာဘုရားရှင်သည် ထိုဓမ္မရတနာများကိုဖြန့်ဝေနိုင်ရေးအတွက် ပရိသတ်ကို တည်ထောင်တော်မူပါသည်။ ထိုပရိသတ်သည် သေက္ခအသေက္ခပုဂ္ဂိုလ်အားဖြင့် ဖြူစင်သန့်ရှင်း အပြစ်ကင်းသောသံဃာတော်များ ဖြစ်ကြပါသည်။ မြတ်စွာဘုရားရှင်သည် မိမိ၏ရည်ရွယ်ချက် (၃) ပါးကို သတ္တလောကကြီး၌ အကောင်အထည်ဖော်တော်မူပါသည်။

မြတ်စွာဘုရားရှင်သည် ကိလေသာအညစ်အကြေးမှကင်းဝေးတော်မူသဖြင့် ဖြူစင်သန့်ရှင်း အပြစ်ကင်းခြင်းဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူပါသည်။ တရားဓမ္မသည် အစ၌ နာယူခြင်းနှင့်စပ်လျဉ်း၍ ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံတော်မူ၏။ အလယ်၌ ကျင့်ကြံအားထုတ်ခြင်းနှင့်စပ်လျဉ်း၍ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံတော်မူ၏။ အဆုံး၌ အကျိုးရရှိခြင်းနှင့်စပ်လျဉ်း၍ နိဗ္ဗာန်ချမ်းသာရရှိခြင်းဂုဏ်နှင့် ပြည့်စုံတော်မူ၏။ သံဃာသည် မြတ်စွာဘုရား ဆုံးမတိုင်းသော အကျင့်မြတ်ကိုကျင့်ကြံအားထုတ်သဖြင့် ကိလေသာအညစ်အကြေးကင်းဝေးခြင်း အာသဝက္ခယဂုဏ်၊ အသေက္ခဂုဏ် အကျင့်မြတ်များကို ကျင့်ကြံအားထုတ်ဆဲသေက္ခဂုဏ်၊ သုပ္ပဋိပန္နဂုဏ် စသော ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူကြ၏။ သို့ပါ၍ နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်၊ အလေးအမြတ် တန်ဖိုးထားဖွယ်အရာများကို ရတနာဟု သတ်မှတ်သလို ဗုဒ္ဓဘာသာဝင်များအတွက် ဘုရား၊ တရား၊ သံဃာသည် အနှိုင်းမဲ့သော အထွတ်အမြတ်တန်ဖိုးထားသည့်အရာများဖြစ်သဖြင့် ရတနာသုံးပါး သို့မဟုတ် သရဏဂုံသုံးပါးဟု သတ်မှတ်ကိုးကွယ်ဆည်းကပ်ကြခြင်း ဖြစ်ပါသည်။

သရဏဂုံဆောက်တည်ခြင်းကို ဗုဒ္ဓဘာသာဝင်များသည် စကားပြောတတ်စအရွယ် ကလေးငယ်ဘဝကပင် မိဘ၊ ဆရာသမားများ၏ကျေးဇူးကြောင့် အောက်ပါအတိုင်း ရွတ်ဆိုတတ်ကြပါသည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

**ဗုဒ္ဓံ** - မြတ်ဘုရားကို၊ **သရဏံ** - ကိုးကွယ်အားထားရာဟူ၍၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏၊ အရှင်ဘုရား။





www.burmeseclassic.com

www.burmeseclassic.com

ဓမ္မံ သရဏံ ဂစ္ဆာမိ။

**ဓမ္မံ** - မဂ်လေးပါး၊ ဖိုလ်လေးပါး နိဗ္ဗာန်ပရိယတ်ဟုဆိုအပ်သော တရားရတနာကို၊ **သရဏံ** - ကိုးကွယ်ရာအားထားရာဟူ၍၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏ အရှင်ဘုရား။

သံဃံ သရဏံ ဂစ္ဆာမိ။

**သံဃံ** - ၈ှစ်ယောက်အရိယာမြတ် သံဃာကို၊ **သရဏံ** - ကိုးကွယ်ရာ အားထားရာဟူ၍၊ **ဂစ္ဆာမိ** - ဆည်းကပ်ပါ၏ အရှင်ဘုရား။

သရဏအဓိပ္ပာယ်မှာ'ကိုးကွယ်ရာ' ပင် ဖြစ်ပါသည်။ သို့ရာတွင် သရဏကို ကိုးကွယ်ရာဟူ၍ဆိုခြင်းမှာ နားလည်လွယ်အောင်ပြန်ဆိုခြင်း ဖြစ်ပါသည်။ သရဏ၏ မူလအဓိပ္ပာယ်မှာ 'သတ်ဖြတ်ခြင်း၊ ပယ်ဖျောက်ခြင်း၊ ဖယ်ရှားခြင်း' ပင် ဖြစ်သည်။ ဘေးအန္တရာယ်အမျိုးမျိုး၊ ကြောက်ရွံ့ထိတ်လန့်ဖွယ်အမျိုးမျိုး၊ ကိုယ်စိတ်ဆင်းရဲမှုအမျိုးမျိုး၊ လားရောက်ကျခံရမည့် အပါယ်ဒုက္ခတိဘေးအမျိုးမျိုး၊ အချုပ်အားဖြင့် သံသရာတစ်ခွင်လုံး မဆုံးနိုင်အောင် ကျင်လည်ခံစားရမည့် ဘေးဒုက္ခအမျိုးမျိုးကို သတ်ဖြတ်ပယ်ဖျောက်ဖယ်ရှားပေးတတ်သည် သရဏဟုခေါ်ခြင်းဖြစ်ပါသည်။ ဘေးအန္တရာယ်များကို ဖယ်ရှားပေးခြင်းဖြင့် ကောင်းကျိုးချမ်းသာကိုပေးသည်ဟု အဓိပ္ပာယ်သက်ရောက်လာ၏။ ဤအဓိပ္ပာယ်ကို ခြုံငုံ၍ စောင့်ရှောက်တတ်သောအရာဟု လည်းကောင်း၊ ကိုးကွယ်ရာဟုလည်းကောင်း ဘာသာပြန်ကြခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရားသည် သတ္တဝါတို့အား မကောင်းမှုဒုစရိုက်များကိုရှောင်ရှား၍ ကောင်းမှုသုစရိုက်များကို ဆောင်ထားရန် ကြောင်းကျိုးပြ၍ ဆုံးမသွန်သင်ပေးခြင်း၊ သံသရာလည်ကြောင်း၊ ပြတ်ကြောင်းကိုလည်း ညွှန်ပြခြင်းဖြင့် ကျရောက်ဆဲ၊ ကျရောက်လတ္တံ့သော ဘေးရန်အန္တရာယ်များကို ဖယ်ရှားတတ်၏။ ကောင်းကျိုးချမ်းသာများကို ဖြစ်ပွားစေတတ်၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် စစ်မှန်မြင့်မြတ်သော ကိုးကွယ်ရာ (သရဏ) ဖြစ်သည်။

တရားတော်သည် ငါးပါးသီလမှစ၍ တရားတော်အတိုင်း လိုက်နာကျင့်သုံးလျှင် ယုတ်စွအဆုံး သံသရာကျင်လည်ရစေကာမူ ဘေးအန္တရာယ်ကင်းကွာ၍ သက်သောင့်သက်သာချမ်းသာမှုရှိအောင် ဆောင်ရွက်ပေးတတ်၏။ သံသရာဝဋ်ဒုက္ခမှလွတ်မြောက်လိုလျှင်လည်း အဆုံးစွန် လွတ်မြောက်သည်အထိ ပို့ဆောင်ပေးနိုင်၏။ ထိုသို့ သက်သာမှုပေးတတ် လွတ်မြောက်စေတတ်၍ တရားတော်သည် စစ်မှန်မြင့်မြတ်သော ကိုးကွယ်ရာ (သရဏ) ဖြစ်သည်။

သံဃာတော်သည် မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်များကိုဆောင်၍ သတ္တဝါတို့အား မြတ်စွာဘုရားရှင်ကိုယ်စား ဟောကြားညွှန်ပြ၏။ ကိုယ်တိုင်လည်း မြတ်သောအလှူခံပုဂ္ဂိုလ်ဖြစ်သည်အထိ ကျင့်ကြံ၍ ပူဇော်လှူဒါန်းသူများ အကျိုးစီးပွားများအောင်၊ ဘေးရန်ကင်းအောင်ဆောင်ရွက်တော်မူတတ်၏။ ထို့ကြောင့် သံဃာတော်သည် စစ်မှန်မြင့်မြတ်သောကိုးကွယ်ရာ (သရဏ) ဖြစ်သည်။

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသည်ဖြင့် နှုတ်မြွက်ရွတ်ဆို၍ သရဏဂုံခံယူဆောက်တည်ခြင်းသည် သမ္မာဒိဋ္ဌိပုဂ္ဂိုလ်အဖြစ်၊ ဗုဒ္ဓဘာသာအဖြစ် ဦးစွာ ခံယူခြင်းပင်ဖြစ်၍ အလွန်ပင် အရေးကြီးပါသည်။ ဘုရားရုပ်ပွားတော်စေတီရှေ့မှာသော်လည်းကောင်း၊ ရဟန်းသံဃာတော်တစ်ပါးပါး၏ရှေ့မှာသော်လည်းကောင်း ခံယူဆောက်တည်ရပါမည်။ ထိုအခွင့်အရေးများမရနိုင်လျှင် မိမိဘာသာလည်း ရွတ်ဆိုဆောက်တည်နိုင်ပါသည်။

မိတ္ထီလာမြို့နယ် ကျေးဇူးရှင် တောင်ပုလုတောရ ကမ္မာဌာနာဆရာတော်ဘုရားကြီးမှ -

၁။ ဘုရား၊ တရား၊ သံဃာရတနာ သုံးပါးအား သဒ္ဓါယုံကြည်စိတ်ဖြင့် မိမိကိုယ်ကိုအပ်နှင်းခြင်း။

၂။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအားမှီခိုအားထားခြင်း။

၃။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏တပည့်အဖြစ်ခံယူခြင်း။

(၄) ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ရိုသေစွာရှိခိုးခြင်း။

အဲဒီ (၄) ပါးအနက်မှ တစ်ပါးပါးကိုပြုလုပ်လိုက်လျှင် ပြုလုပ်သည့်သူဟာ သရဏဂုံတည်သည်ဟုမှတ် ရမည်ဖြစ်ကြောင်း မိန့်ကြားတော်မူပါသည်။

မိတ္ထီလာမြို့ ဝမ်းတော်ပြည့်သာသနာ့ရိပ်သာ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသူရိယမဟာထေရ်က -

"ဗုဒ္ဓဘာသာ ဆိုတာ သရဏဂုံတည်တာရယ်၊ ကံကံရဲ့အကျိုးကိုယုံကြည်တာရယ် ဒီအင်္ဂါနှစ်ပါးနဲ့ညီရင် ဗုဒ္ဓဘာသာဖြစ်ပါပြီ"

ဟု ဟောကြားခဲ့ပါသည်။

ဘုရား၊ တရား၊ သံဃာ ဟူသောရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း သို့မဟုတ် သရဏဂုံတည်ခြင်းအားဖြင့် ရရှိသောအကျိုးကျေးဇူးများကို ဘဒ္ဒန္တသူရိယမဟာထေရ်က အောက်ပါအတိုင်း ဟောကြားထားပါသည်။

၁။ သေဘေးအစရှိတဲ့အန္တရာယ်ကို ကင်းဝေးလွတ်မြောက်စေတတ်သောကြောင့် ကိုးကွယ်အားထားရာ ဖြစ်ပါသည်။

၂။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်ဝဋ်တွင်းမှ လွတ်ကင်းစေတတ်သောကြောင့် ကိုးကွယ်အားထားရာဖြစ်ပါသည်။

၃။ လူချမ်းသာ၊ နတ်ချမ်းသာရစေနိုင်သောကြောင့် ကိုးကွယ်အားထားရာဖြစ်ပါသည်။

၄။ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာရစေနိုင်သောကြောင့် ကိုးကွယ်အားထားရာဖြစ်ပါသည်။

ကျေးဇူးရှင် တောင်ပုလုတောရကမ္မဌာနာဆရာတော်ဘုရားကြီးမှလည်း-

"သရဏဂုံတည်သူရဲ့အပေါ်မှာကျရောက်ဆဲ ကျရောက်လတ္တံ့သောဘေးကို၊ ရန်ကိုကြောက်ခြင်း ထိတ်လန့်ခြင်း ကိုယ်ဆင်းရဲစိတ်ဆင်းရဲခြင်းကို၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဟုဆိုအပ်သော အပါယ်လေးပါးလားခြင်းကို တားမြစ်ဖိစီးဖျက်ဆီးတတ်တယ်။ ဒီမျှသာမကသေးဘူး။ နတ်ပြည်ရောက်တဲ့အခါမှာလည်းပဲ သရဏဂုံတည်တဲ့နတ်နဲ့ သရဏဂုံမတည်တဲ့နတ်ဟာ မတူဘူး၊ ကွာခြားတယ်။ သရဏဂုံတည်တဲ့နတ်က သရဏဂုံမတည်တဲ့နတ်ထက် ဆယ်ပါးသောအကြောင်းအရာတွေမှာ ပိုလွန်တယ်။ ဒါတွင်လားဆိုတော့ မဟုတ်သေးဘူး။ တရားကိုအထူးအားမထုတ်ရဘဲနဲ့ သရဏဂုံတည်ရုံမျှနဲ့ မဂ်ကိုရနိုင်တယ်"

ဟု ဟောကြားခဲ့ပါသည်။

သရဏဂုံတည်သည့်အတွက် သေဘေး မှလွတ်မြောက်ခဲ့သော သာဓကတစ်ခုပြောပြလိုပါသည်။

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်တွင် သီတင်းသုံးနေစဉ် ဖြစ်ပါသည်။ တစ်နေ့သောအခါ ထင်းခုတ်သားအဖနှစ်ဦးသည် ထင်းခုတ်ပြီးပြန်အလာ မြို့ပြင်ရောက်အနီးတွင် လှည်းဖြုတ်ပြီး အနားယူကြပါသည်။ နွားနှစ်ကောင် အစာစားရေသောက်နေစဉ် အခြားနွားများနှင့်ရောပြီးမြို့တွင်းသို့ပါသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖခင်လှည်းသမားသည် မြို့ထဲဝင်သွားသော မိမိနွားများကို လိုက်ရှာပါသည်။ ရှာတွေ့၍ ဖမ်းပြီးမြို့ပြင်ထွက်မည့်အချိန်တွင် မြို့တံခါးပိတ်သွားသည့်အတွက် အပြင်သို့ထွက်၍မရတော့ပါ။ မြို့ပြင်တွင် ကလေးငယ်နှင့် ထင်းလှည်း ကျန်ရစ်ခဲ့ပါသည်။ ညအချိန်တွင် အိပ်ပျော်နေသော ကလေးငယ်အနားသို့ ဘီလူးနှစ်ယောက် ရောက်လာပါသည်။ တစ်ယောက်သောဘီလူးက သမ္မာဒိဋ္ဌိအယူရှိပြီး တစ်ယောက်က မိစ္ဆာဒိဋ္ဌိအယူရှိပါသည်။ မိစ္ဆာဒိဋ္ဌိအယူရှိသောဘီလူးက အိပ်နေသောကလေးငယ်ကို စားရန်တိုင်ပင်ရာ သမ္မာဒိဋ္ဌိဘီလူးက တားမြစ်ပါသည်။ ဒါပေမယ့် မိစ္ဆာဒိဋ္ဌိအယူရှိသောဘီလူးက လက်မခံဘဲ စားမယ်ပြောပြီး ကလေးငယ်၏ခြေထောက်ကို ဆွဲလိုက်ပါသည်။ သည်လိုဆွဲလိုက်သည့်အခါ ကလေးငယ်ကယောင်ပြီး-

"နမောဗုဒ္ဓဿ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ"

ဟု နှုတ်ကရွတ်ဆိုလိုက်ပါသည်။

အဲဒီလို ရွတ်ဆိုလိုက်သည့်အခါ ခြေထောက်ဆွဲထားသော မိစ္ဆာဒိဋ္ဌိဘီလူးက ထိတ်လန့်တကြားနှင့်လွှတ်လိုက်ရပါသည်။ အန္တရာယ်မပြုနိုင်တော့ပါ။

ထိုအခါ သမ္မာဒိဋ္ဌိဘီလူးက -

"မင်းဘုရားသားမြေးကိုပြစ်မှားမိပြီ။ မင်းကန်တော့ရမယ်"

ဟု ပြောသည့်အခါ မိစ္ဆာဒိဋ္ဌိဘီလူးက -

"ဘယ်လိုကန်တော့ရမှာလဲ"

ဟုမေးပါသည်။

"ဒီကလေးညစာမစားရသေးဘူး။ ဗိမ္ဗိသာရမင်းကြီးရဲ့ ပွဲတော်အုပ်နဲ့ ရွှေခွက်ကိုယူပြီးကန်တော့ရမယ်"

ဟု ပြောသဖြင့် မင်းကြီး၏ပွဲတော်အုပ်နှင့်ရွှေခွက်ကိုသွားယူပါသည်။ သမ္မာဒိဋ္ဌိဘီလူးက ကလေးငယ်ကိုစောင့်ရှောက်ပြီးကျန်ခဲ့ပါသည်။ မိစ္ဆာဒိဋ္ဌိဘီလူးက ဗိမ္ဗိသာရမင်းကြီး၏ ပွဲတော်အုပ်နှင့် ရွှေခွက်ကိုယူပြီး ကန်တော့ပါသည်။ ကလေးငယ်ကိုနှိုးပြီး မိဘနှစ်ပါးကဲ့သို့ ဘုရင့်ပွဲတော်စာကို ကောင်းမွန်စွာ ကျွေးမွေးပါမည်။ ကလေးငယ်စားပြီးပြန်အိပ်သွားသည့်အခါ ပွဲတော်အုပ်တွင် မင်းကြီးမြင်နိုင်စေရန် စာတန်းရေးထိုးပြီး လှည်းထဲတွင်ထား၍ပြန်သွားကြပါသည်။

နောက်တစ်နေ့တွင် ဘုရင့်ပွဲတော်အုပ်လိုက်ရှာကြပါသည်။ လှည်းပေါ်တွင် တွေ့ရသည့်အခါ ကလေးငယ်ကို စစ်ဆေးမေးမြန်းပါသည်။ ညက မိဘများလာကျွေးခြင်းဖြစ်ပါသည်ဟုဖြေဆိုသည့်အခါ မိဘများကို ခေါ်ယူပြီး ဆက်လက်စစ်ဆေးပါသည်။ မိဘများက မသိကြောင်းသံတော်ဦးတင်ကြပါသည်။ ပွဲတော်အုပ်ကို သေချာစွာကြည့်သည့်အခါ ဘီလူးရေးထားသောစာကိုတွေ့ကြရပါသည်။

ဘုရင်ကြီးသည် သားအမိသားအဖသုံးယောက်ကို ဘုရားရှင်ထံခေါ်သွားပြီး အကြောင်းစုံလျှောက်ထားပါသည်။

မြတ်စွာဘုရားရှင်က -

"ရတနာသုံးပါးကို အမြဲမပြတ်အောက်မေ့ အမှတ်ရနေသောသူအား အန္တရာယ်မှန်သမျှ လွတ်ငြိမ်းချမ်းသာသည်သာဖြစ်တယ်"

ဟု မိန့်ကြားတော်မူပါသည်။

ကလေးငယ်၏ အတိတ်ဇာတ်ကြောင်းကလည်း စိတ်ဝင်စားစရာကောင်းပါသည်။ ကလေးများကစားကြသည့်အခါ ကလေးငယ်တစ်ဦးက -

"နမောဗုဒ္ဓဿ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ"

ဟု ရွတ်ဆိုပြီး ကစားသည့်အခါ သူသာလျှင် အမြဲအနိုင်ရနေပါသည်။

ထိုအခါ ဘုရင့်ပွဲတော်အုပ်စားရသည့် ကလေးက -

"မင့်ပါးစပ်ကရွတ်ပြီးကစားတော့ မင်းပဲအမြဲအနိုင်ရတယ်။ မင်းရွတ်တဲ့မန္တန် ငါ့ကိုသင်ပေးပါ"

ဟု တောင်းပန်ပါသည်။

ထိုကလေးငယ်က သင်ပေးသည့်အခါ ကစားလျှင်နိုင်သည့်မန္တန်ဆိုပြီး မြတ်မြတ်နိုးနိုး အမြဲရွတ်ဆိုနေပါသည်။

အိပ်ရာမှနိုးစဉ်စပြီး ရွတ်ဆိုသည့်အတွက် အထုံရနေပါသည်။ ခလုတ်တိုက်လဲလျှင်လည်း ရွတ်ဆိုမိလျက်သားဖြစ်နေပါသည်။ ထိုသို့ အထုံရနေသည့်အတွက် ဘီလူးက စားရန် ခြေထောက်ဆွဲသည့်အခါ ရွတ်နေကျအတိုင်း ရွတ်ဆိုလိုက်သောကြောင့် ဘီလူးစားခြင်းမှ ကင်းဝေးသွားခြင်း ဖြစ်ပါသည်။

သေခါနီးတွင် သရဏဂုံတည်သွားသဖြင့် နတ်ပြည်ရောက်သွားသည့် အခါကတစ်ခုဆက်ပြီးပြောလိုပါသည်။

တစ်ခါတုန်းက ဒမိဋ္ဌိအမည်ရှိသော တံငါသည်သည် အနှစ်ငါးဆယ်ပတ်လုံး တံငါအလုပ်ဖြင့် အသက်မွေးဝမ်းမှုပြုလုပ်ပါသည်။ တစ်နေ့တွင် ဝေဒနာစွဲကပ်ပြီး အိပ်ရာထဲလဲပါတော့သည်။ ဇနီးက ခြေဆုပ်လက်နယ်ပြုနေစဉ် အိမ်သို့ ရဟန်းတစ်ပါးကြွရောက်လာပါသည်။

ဇနီးသည်က -

"သခင်၊ ဟိုမှာ ရဟန်းတစ်ပါးကြွတော်မူလာတယ်"

ဟု ဆိုပါသည်။

"ရှင်မအနှစ်ငါးဆယ်ရှိပြီ။ ငါဟာ ဒီရဟန်းကိုမမြင်ဖူးဘူး။ သူကလည်း ငါ့ကိုမမြင်ဖူးဘူး။ သူ့ကျေးဇူးလည်း ငါ့အပေါ်မှာမရှိဘူး။ ငါ့ကျေးဇူးလည်း သူ့အပေါ်မှာမရှိဘူး။ ရဟန်းကိုပြောလိုက်ပါ"

ဟု ခိုင်းပါသည်။

ဇနီးသည်က သူခိုင်းသလိုမပြောဘဲ -

"ကန်တော့ဆွမ်းပါဘုရား"

ဟု လျှောက်ထားပါသည်။

ရဟန်းတော်က -

"ဒါယကာဘယ်နှယ့်နေတုံး"

ဟု မေးပါသည်။

"ဒါယကာကတော့ အလွန်အားနည်းနေပါတယ်ဘုရား။ ဒီဝေဒနာက ထမြောက်မှာမဟုတ်ပါဘူး"

ဟု လျှောက်ထားပါသည်။

ရဟန်းတော်က ဒါယကာအနားသို့ကြွသွားပြီး အင်းပျဉ်ပေါ်တွင်ထိုင်ပါသည်။

"ဒါယကာ၊ သီလများမဆောက်တည်ချင်ဘူးလား"

"ဆောက်တည်ပါ့မယ်"

ရဟန်းတော်က သရဏဂုံနှင့်တကွ ငါးပါးသီလကိုပေးတော်မူပါသည်။ ဒါပေမယ့် ငါးပါးသီလခံယူသည်အထိ မရောက်ဘဲ သရဏဂုံဆုံးသည့်အခါတွင် မေ့မြောနစ်မွန်းပြီးသေသွားပါသည်။

သေသည်၏အခြားမဲ့၌ ဒမိဋ္ဌိသည် နတ်ပြည်သို့ရောက်သွားပါသည်။ နတ်ပြည်ရောက်သည့်အခါ ငါဘာကြောင့်နတ်ပြည်ကိုရောက်ပါလိမ့်လို့ စူးစမ်းဆင်ခြင်ကြည့်သည့်အခါ ရဟန်းတော်ထံမှ ခံယူဆောက်တည်ရသည့် သရဏဂုံ၏ အကျိုးကျေးဇူးကြောင့်ဟု သိရပါသည်။

"ဒီရဟန်းတော်ရဲ့ ကျေးဇူးဟာ တယ်များပြားပါကလား။ သရဏဂုံ တည်ဆောက်ရတာနဲ့ပဲ နတ်ပြည်ကိုရောက်ရတယ်။ လူ့ပြည်ကိုဆင်းပြီး ရဟန်းတော်ကို ဖူးမြော်ကန်တော့မယ်"

ဟု စိတ်ကူးပြီး လူ့ပြည်သို့အားသက်၍ ရဟန်းတော်ကို ရှိခိုးကန်တော့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

"သင်ဘယ်သတုံး"

"တပည့်တော်က အရှင်ဘုရား သရဏဂုံချီးမြှင့်လိုက်တဲ့ ဒမိဠဒါယကာပါဘုရား"

"သင်ယခုဘယ်ရောက်နေတုံး"

"တပည့်တော် စတုမဟာရာဇ် နတ်ဆိုးရောက်နေပါတယ်ဘုရား။ ယခုလိုရောက်ရခြင်းဟာ အရှင်ဘုရားချီးမြှင့်တော်မူတဲ့ သရဏဂုံမျှကို ခံယူဆောက်တည်မိလို့ပါပဲ။ အရှင်ဘုရားဆက်လက်ပေးတော်မူတဲ့ ငါးပါးသီလအထိ တပည့်တော်မသေဘဲ ခံယူဆောက်တည်ခွင့်သာရခဲ့ပါရင် အထက်အထက်နတ်ဘုံကို ပင်ရောက်နိုင်ပါတယ်။ အရှင်ဘုရားရဲ့ ကျေးဇူးဟာ တပည့်တော်အပေါ်မှာ အင်မတန်များလှပါတယ်ဘုရား"

သရဏဂုံဆောက်တည်ခြင်းဖြင့် ယခုဘဝရော နောင်ဘဝတွင်ပါ အကျိုးကျေးဇူးခံစားရရှိနိုင်ပါသည်။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဝါသေဋ္ဌာဘိဝံသ ဆရာတော်ဘုရားကြီး၏ သရဏဂုံကဗျာကို မျှဝေပေးရင်း ဤစာစုကို အဆုံးသတ်လိုက်ပါသည်။

- *သရဏဂုံ၊ ဆောက်တည်တုံက*
  *လုံးစုံဘဝ၊ ဘုံဌာနဩ*
  *ခယပူဇော်၊ အကျော်တိက္ခ*
  *ပဏ္ဍိတဖြစ်၊*
  *ဒေဝလုံးစုံ၊ လိုလိုက်ကုန်ဘိ*
  *နိုင်းတုံတုမဲ့၊ ရခဲ့စည်းစိမ်*
  *ကိုယ်ရှိန်ရွှေဝင်း၊ သင်းပင်းမြတ်နိုး*
  *ပျက်ရိုးမငြိ၊ မိတ်ဆွေရှိ၏*
  *ရဘိကျော်စော၊ ပြန့်ပြောတတ်ငြား*
  *ဤရှစ်ပါးသည်၊*
  *ဟောထားသရဏဂုံအကျိုးတည်း။*
*စိတ်ချမ်းသာ၍ကိုယ်ကျန်းမာကြပါစေ*

သုသုသ

**ကျမ်းကိုး -**

ဗုဒ္ဓဘာသာတရားတော် (အထက်တန်းဆင့်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ သာသနာရေးဝန်ကြီးဌာန

သရဏဂုံတည်ခြင်းအကျိုး (မိတ္ထီလာမြို့နယ် ကျေးဇူးရှင် တောင်ပုလုတောရကမ္ဘာအေးဆရာတော်ကြီး)

သရဏဂုံနှင့်အလုပ်ပေးတရားတော် (မိတ္ထီလာမြို့ဝမ်းတော်ပြည့်သာသနာ့ရိပ်သာ၊ မဟာကမ္မဋ္ဌာနစရိယဘဒ္ဒန္တ သူရိယမဟာထေရ်)

# ထီ

## ဆရာဦးမောင်မောင်သန်း
(ရှင်ကိုအေးမြေသား)

(၁၃၉) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

ချမ်းသာကြွယ်ဝကြသူများစွာ ထပ်မံပေါ်ထွက်လာဦးတော့မည်ဖြစ်၏။

**တနင်္ဂနွေသားသမီးများ**

မတ်လ ၅၊ ၇၊ ၈၊ ၁၆၊ ၂၂၊ ၂၅၊ ၂၉ ရက်များမှာ ထီထိုးပါ။

တစ်နေ့ထဲ ဘုရား (၆) ဆူပြည့်အောင်သွားပါ။ ဘုရားတိုင်းမှာရှိတဲ့ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ သပြေညွန့်တွေဝေဖြာနေအောင် အားရပါးရလှူဒါန်းပူဇော်ပြီးရှိခိုးပါ။ အပြန်မှာထီထိုးပါ။

ဧပြီလမှာ ၁၊ ၂၊ ၇၊ ၅ ဂဏန်းများကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

မတ်လ ၅၊ ၈၊ ၁၆၊ ၁၉၊ ၂၃၊ ၂၉ ရက်များမှာ ထီထိုးပါ။

တနင်္ဂနွေနံဘွဲ့အမည်ရှိသောဘုရားစေတီတစ်ဆူဆူမှာရှိ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာသပြေညွန့်တွေဝေဖြာနေအောင် ပူဇော်လှူဒါန်းလိုက်ပါ(သို့)ဘုရားတစ်ဆူဆူ၏ တနင်္ဂနွေထောင့်မှာလှူလိုက်ပါ။ အပြန်မှာထီထိုးပါ။

ဧပြီလမှာ ၂၊ ၉၊ ၇၊ ၃ ဂဏန်းများကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

မတ်လ ၅၊ ၉၊ ၁၆၊ ၂၄၊ ၂၉ ရက်များမှာ ထီထိုးပါ။

နိမိတ်ကြည့်ပါ။ ရပ်[illegible]သို့ ဘုရားဖူးခရီးသွားသည့်စကားသံကြားလျှင်၊ မြင်လျှင်၊ စကားစပ်မိလျှင် ထီထိုးပါ။ ကိုယ်တိုင်လည်း ကောင်းမွန်အေးချမ်းသောစကားများကိုသာပြောပါလေ။

ဧပြီလတွင် ၁၊ ၇၊ ၅၊ ၂ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

မတ်လ ၅၊ ၁၆၊ ၂၀၊ ၂၄၊ ၂၉ ရက်များမှာ ထီထိုးပါ။

အိမ်နှင့်နီးရာဘုရားတစ်ဆူဆူ(သို့) နံနက်ဝေလီဝေလင်းမှာရောက်အောင်သွားပါ။ အကြော်စုံများနှင့် ဆွမ်းတော်ကပ်ပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ကပ်လှူပူဇော်ပါ။ အပြန်မှာထီထိုးပါ။

ဧပြီလတွင် ၂၊ ၉၊ ၇၊ ၅ ဂဏန်းများကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

မတ်လ ၅၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၉ ရက်များမှာ ထီထိုးပါ။

ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ရုပ်ပွားတော်မြတ်များ (၉)ဆူပြည့်အောင် သပြေညွန့်များနှင့်ဝေနေအောင် ကပ်လှူပူဇော်ပါ။ အပြန်မှာထီထိုးပါ။

ဧပြီလတွင် ၁၊ ၇၊ ၅၊ ၃ ဂဏန်းများ ကံစပ်ပါသည်။

**သောကြာသားသမီးများ**

မတ်လ ၅၊ ၉၊ ၁၆၊ ၁၉၊ ၂၉ ရက်များမှာ ထီထိုးပါ။

နီးရာ ဘုရားစေတီတစ်ဆူဆူကို နှုတ်မှ ဂုဏ်တော်များရွတ်ရင်း လမ်းလျှောက်သွားပါ။ ဘုရားရောက်ပြီဆိုလျှင် သောကြာထောင့်တွင် သပြေညွန့်များ ဝေဖြာနေအောင် လှူဒါန်းပူဇော်ပါ။ ပြီးရင် ဂုဏ်တော်များရွတ်၍ လမ်းလျှောက်ပြန်လာပါ။ နောက်နေ့ ထီထိုးပါ။

ဧပြီလတွင် ၁၊ ၇၊ ၆၊ ၂ ၉ ဂဏန်းများကံစပ်ပါသည်။

**စနေသားသမီးများ**

မတ်လ ၅၊ ၁၆၊ ၂၀၊ ၂၄၊ ၂၉ ရက်များမှာ ထီထိုးပါ။

ခွေးလေးများ၊ ငှက်လေးများကို ညနေ၊ မနက် အဆင်ပြေသလို အစာကျွေးပါ။ (၉) ရက်ပြည့်ပြီးမှ ထီထိုးပါ။

ဤလတွင် -
၅-၃-၂၀၁၇ တနင်္ဂနွေနေ့၊
၁၆-၃-၂၀၁၇ ကြာသပတေးနေ့၊
၂၉-၃-၂၀၁၇ ဗုဒ္ဓဟူးနေ့များတွင်
ခုနစ်ရက်သားသမီး မည်သူမဆို ထီထိုးဖြစ်အောင်ထိုးပါလေ။

ဆရာဦးမောင်မောင်သန်း
(ရှင်ကိုအေးမြေသား)



www.burmeseclassic.com

www.burmeseclassic.com



# ရောင်မြကျော်ဝေ

## ပုဂ္ဂိုလ်ထူးရွှေယပ်တောင်ဆရာတော်၏ လိုတရဂါထာတော်

စာရေးသူတို့ နေထိုင်သော ရထားဝန်းရပ်ကွက်သည် လူနေအိမ်ခြေအားဖြင့် (၂၀၀) ကျော်ခန့်ရှိပေသည်။ တစ်နေ့တွင် ပေရွက်ယပ်တောင်ကြီးနှင့် သပိတ်ကိုလွယ်လျက် ရဟန်းထူးပုဂ္ဂိုလ်ကြီးတစ်ပါးသည် မည်သည့်နေအိမ်ကိုမျှ မဝင်ဘဲနှင့် မတ်ရပ်ဆွမ်းခံကြွရောက်လာလေသည်။ ရထားဝန်းရှိလိုင်းသူလိုင်းသားတို့ကလည်း ဆွမ်းနှင့်ဟင်းကို လောင်းလှူကြပါသည်။

ဆရာတော်ကြီးကလည်း နှုတ်မှ -

"ဒကာတွေ၊ ဒကာမတွေကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးဘယာတွေဝေးကွာကြပါစေ"

ဟု ဆုပေးပါသည်။

စာရေးသူကလည်း စက်ရုံမှပြန်လာတာနှင့် ဇနီးဆွမ်းလောင်းလှူနေတာကို မြင်တွေ့ရတော့ ရဟန်းတော်ကြီးကို ဦးတိုက်ပြီး ရဟန်းကြီးနောက်မှ ကပ္ပိယအဖြစ်လိုက်နေသော မိတ်ဆွေကြီးကိုထွန်းရွှေကို မေးမိပါသည်။

ကိုထွန်းရွှေက -

"ရွှေယပ်တောင်ဆရာတော်ကြီးလေကွာ။ ဆရာတော်ကြီးက လူပုဂ္ဂိုလ်တွေအိမ်ကိုမကြွဘူးကွ။ ဆားကိုယ်တော်ဦးသူရိန္ဒလိုပဲ။ ဒါပေမယ့် ဆွမ်းဘုဉ်းပေးတာကတော့ သက်သတ်လွတ်မဟုတ်ဘူးကွ။ ဘာဟင်းဖြစ်ဖြစ်လှူလို့ရတယ်။ ရဟန်းမစားရတဲ့ အသားဟင်းကလွဲရင်ပြောတာ။ ဖိုးကျော်ဝေ မင်းက ဆရာတော်ကြီးကို အခုမှမြင်ဖူးတော့ အထူးအဆန်းဖြစ်နေမှာပေါ့။ ဆရာတော်ကြီးက မျက်နှာတန်းမိရင် ခင်တတ်ပါတယ်ကွာ။ ငါတို့စက်ရုံအုပ်ကြီးဦးကျော်လှဝင်းကပင့်လို့ကြွလာတာကွ။ ဆရာတော်ကြီးက ဦးကျော်လှဝင်းကို ဂါထာတစ်ပုဒ်ပေးထားတယ်။ သူပေးတဲ့ဂါထာက ရွတ်ရုံတင်မဟုတ်ဘူး ပုတီးစိပ်ဖို့ မပျင်းရဘူး။ ဒါပေမယ့် ကံ (၅) ပါးတော့ လုံမှဖြစ်မယ်။ ဒီည စက်ရုံအုပ်ကြီးရဲ့တဲမှာ ဆရာတော်ကြီးက တစ်ညတည်းမှာကွ။ ညနေကျမင်း ရေချိုး၊ ထမင်းစားပြီး ဆရာတော်နဲ့ စကားပြောရအောင်လာခဲ့ကွာ။ ဆရာတော်ကြီးအနားမှာ ငါရှိပါတယ်"

ဟု မိတ်ဆွေကြီး ကိုထွန်းရွှေက ပြောတော့ စာရေးသူလည်း ဆရာတော်ကြီးနှင့်စကားပြောရမည်ဆိုတော့ ဝမ်းသာမိပါသည်။

ဆရာတော်ကြီးက -

"ဒကာကြီးနာမည်က ဘယ်လိုခေါ်သလဲ"

ဟု မေးသောအခါ စာရေးသူကလည်း -

"ကိုကျော်ဝေလို့ ခေါ်ပါတယ်ဘုရား။ အရှင်ဘုရားကို တပည့်တော်ဘွဲ့တော်ကိုသာ ကြားဖူးတာ။ ရွှေယပ်တောင်ဆရာတော်၊ ရွှေယပ်တောင်ဆရာတော်လို့ နာမည်ကြီးလို့ပါဘုရား"

"ဒကာကြီးဦးကျော်ဝေ ကျုပ်ကကိုင်တာ ပေယပ်တောင်ပါ။ ရွှေယပ်တောင်မဟုတ်ဘူး။ ဒါပေမယ့် အများကရွှေယပ်တောင်ဆိုတော့လည်း ရွှေယပ်တောင်ပေါ့ဗျာ။ ဇမ္ဗူဒိပ်နိမိတ်တဲ့။ ဇမ္ဗူဒီပါလက်ယာတောင်စွန်း ဩဘာနိမိတ်ထွန်းတဲ့ကျွန်းဆိုတော့လည်း ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ပေမပေါ့"

ဆရာတော်သည် စာရေးကြီးကိုမြင့်ဆွေရှိန်လှူသော လိမ္မော်ရည်ကို ဘုန်းပေးပြီး -

"ခင်ဗျားတို့စက်ရုံတိုးတက်ဦးမယ်ဗျ။ တနှစ်တစ်ကြိမ်ပဋ္ဌာန်းပွဲကျင်းပပေးဗျ။ နှစ်စဉ်ရဟန်းခံရှင်ပြုပွဲလုပ်ပေးတာလည်းကောင်းပါတယ်။ မင်္ဂလာတစ်ပါးပေါ့ဗျာ"

စက်ရုံအုပ်ကြီးဦးကျော်လှဝင်းက-

www.burmeseclassic.com

"တပည့်တော်တို့ တပည့်ဝန်ထမ်းတွေတလူညီပါတယ်ဘုရား။လျှော်ရေးတန်းရေးဝါသနာပါကြပါတယ်။ တပည့်တော်က စက်ရုံမှူးဘဝနဲ့ ပြောင်းလာတာမကြာသေးပေမယ့် စာရေးကြီးဦးထွန်းရှိန်နဲ့ စာရေးကြီးဦးမြင့်ဆွေရှိန်တို့ရဲ့ ဩဇာအာဏာတွေကအားကိုးရပါတယ်ဘုရား။ နယ်ခံတွေဆိုတော့ တပည့်တွေက လေးစားကြပါတယ်။ သူတို့စကားကိုအားလုံးနားထောင်ကြပါတယ်။ ဝန်ထမ်းတွေထဲမှာ လူကောင်းများပါတယ်။ အရက်သမားကတော့ အနည်းအကျဉ်းလောက်ပဲရှိပါတယ်"

ဆရာတော်သည် ဦးကျော်လှဝင်းကို သေချာစွာကြည့်ပြီး -

"ဒကာကြီးတပည့်တွေထဲမှာ အရက်သမားအနည်းအကျဉ်းကို ဒကာကြီးက အရက်ဖြတ်အောင်လုပ်မပေးနိုင်ဘူးလား။ တရားသဘောနဲ့ဆွေးနွေးကြည့်ပေါ့ဗျာ။ သူတို့က မအိုတဲ့ဆေးကိုစွဲနေကြတာဗျ။ တော်ကြာ အိုအောင်မနေရဘဲနဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ ပင်စင်မရဘဲ သေသွားခဲ့ရင် ကျန်တဲ့သူလည်းဒုက္ခ၊ သူတို့လည်း ဘဝကူးကောင်းမှာမဟုတ်ဘူး ။ဘုန်းကြီးပြောတာကို ဒကာကြီးသဘောပေါက်မှာပါ။ လူ့ဘဝဆိုတာရခဲပါတယ်။ ကယ်ကောင်းပါတယ်"

ဦးကျော်လှဝင်းသည် ဆရာတော်၏ ဩဝါဒစကားကို ခေါင်းညိတ်နားထောင်ပြီး -

"အမှုထမ်းဆိုတာ နယ်စုံက ပြောင်းလာတော့ ဆုံးမဖို့ကခက်ပါတယ်ဘုရား။ တာဝန်ချိန်မှာ သတိမှတ်ပြီး သားပါ။ တာဝန်ချိန်ကလွဲတော့လည်း သောက်ကြတာပါဘဲ။ သူတို့စိတ်နဲ့သူတို့ ကိုယ်ဆိုတော့လည်း ပြောတဲ့သူအတွက် ခက်လှပါတယ်။ တပည့်တော်တော့ သတ္တဝါတစ်ခုကံတစ်ခုလို့ပဲ သဘောထားပါတော့မယ်"

စာရေးကြီးကိုမြင့်ဆွေရှိန်က စက်ရုံ



အုပ်ကြီး ဦးကျော်လှဝင်း၏ စကားကို သဘောကျပြီး -

"စက်ရုံအုပ်ကြီးပြောတာလည်း မှန်ပါတယ်ဘုရား။ စက်ရုံဆိုတာ မတစ်ထောင်သားတွေ အုပ်ချုပ်ရတော့ မလွယ်ကူပါဘုရား။ မိသားစုတစ်စုထဲမှာတောင် တစ်ယောက်တစ်မျိုး အမျိုးမျိုးတွေ့ကြုံတွေ့နေရပါတယ်ဘုရား။ ဆုံးမလို့မရတဲ့သားသမီးတွေဆိုရင် မိဘတွေက ပစ်ထားမှာပဲ။ နောင်မကြွဉ်တဲ့ သားသမီးတွေအတွက်တော့ ကိုယ်ပြုသည့်ကံကိုယ်သာခံပေါ့ဘုရား"

ဦးကျော်ညွန့်တစ်ယောက်ကတော့ ဆရာတော်ရှေ့မှာ ဒူးထောက်ပြီးကျုံ့ကျုံ့ထိုင်လျက် -

"ဆရာစော်ဘုရား၊ တပည့်တော်ကိုလည်း ဂါထာလေးတစ်ပုဒ်ချီးမြှင့်ပေးတော်မူပါဘုရား"

ရွှေယပ်တောင်ဆရာတော်ကြီးက ဦးကျော်ညွန့်ကို သေချာစွာကြည့်ပြီး -

"ကျုပ်ပေးမယ့်ဂါထာက ([illegible]၅)ပါး လုံးပြီးပုတီးမှန်မှန်စိပ်မှဖြစ်မှာ။ [illegible]ကာကက်(၅)ပါးကောလုံးရဲ့လား"

"တပည့်တော်လုံပါတယ်ဘုရား။ ကတိလည်းပေးပါတယ်"

"အခြားကြောင့်မဟုတ်ဘူး ဒကာ။ ကတိဆိုတာ ပေးပြီးရင်မမှားရဘူး။ မှားမိရင် ဂါထာက တန်ပြန်ပြီး လိမ်ညာသူအတွက် ခိုက်တတ်တယ်။ ဒကာတို့က ကတိတည်မယ်ဆိုရင်တော့ ဘုန်းကြီးပေးမယ်။ ဒကာကြီး ဦးကျော်ဝေလည်း ရေးပြီးမှတ်ထားပေါ့။ ကဲ - ကျုပ်ကတိုင်ပေးမယ်။ ဒကာတို့ကလိုက်ဆိုကြ။ သူ့အသက်လည်းမသတ်ပါ၊ သနားညှာတာမည်။ သူ့ဥစ္စာလည်းမခိုးပါ။ ကိုယ်ချင်းစာပါမည်။ သူ့သားမယားမပြစ်မှားပါ။ အမြဲရှောင်ပါမည်။ မုသားစကားလည်းမပြောပါ။ အမှန်ကိုသာပြောပါမည်။ သေရည်သေရက် ထိုအရက်လူသတ်လက်နက် မသောက်မစား အမြဲရှောင်ပါမည်"

ရွှေယပ်တောင်ဆရာတော်ကြီးသည် စာရေးသူတို့ကို ကတိတောင်းပြီး အောက်ပါဂါထာတော်ကိုပေးလေတော့သည်။ ကိုထွန်းရွှေက စာရေးသူကို လက်ကုတ်ပြီး -

"ဖိုးကျော်ဝေ၊ မင်းကိုငါမပြောဘူးလား"

ဟု ဆိုလေသည်။

ရွှေယပ်တောင်ဆရာတော်ဘုရားကြီးချီးမြှင့်သော ဤဂါထာတော်သည် ကံငါးပါးကိုလုံသောသူတို့အတွက် လိုတရဂါထာတော်ဟု ဆိုပါသည်။ နေ့စဉ်သက်စေ့ပုတီးစိပ်ပါက ဝိဇ္ဇာတို့၏ မ,စ စောင့်ရှောက်ခြင်းကိုခံရပါမည်။ ကံထူးသူတို့ သတိပြု၍ ပုတီးစိပ်ကြပါသည်။ ပုတီးစိပ်ရာတွင် (၁၀၈) လုံးပုတီးကိုသာ လျှင်စိပ်ရပါမည်။ ဆရာတော်ကြီးက သူတော်ကောင်းတို့အတွက် ကြီးပွားရာကြီးပွားကြောင်း အပါယ်လွတ်ငြိမ်းချမ်းသာကိန်းသည့် သမထလမ်းစဉ်ဟုဆိုပါသည်။ ဝိပဿနာအစ သမထကဟု ညွှန်းဆိုထားပါသည်။

ဧရာမြေကျော်ဝေ

### သဗ္ဗသိဒ္ဓိက္ကုဿသယမနောမယိဒ္ဓိဂါထာတော်

▫ နမော ဣတိပိသော ဘဂဝါ ပုဗ္ဗေနိဝါသ၊
စက္ခုညာဏံ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊
ဒိဗ္ဗစက္ခုညာဏံ ဝိဇ္ဇာစရဏ သမ္ပန္နော၊
သုဂတော လောကဝိဒူ အာသဝက္ခယညာဏံ၊
အနုတ္တရော ပုရိသ ဒမ္မသာရထိ စက္ခုံစ၊
သောတဉ္စ သတ္ထာဒေဝမနုဿာနံ၊
ပူရေန္တောပိ ဗုဒ္ဓေါ ဘဂဝါတိ၊
မနောမယိဒ္ဓိဘဝန္တုမေ၊
နမောဗုဒ္ဓါယ သိဒ္ဓံ၊ သဒ္ဓိကိစ္စံ သိဒ္ဓိကမ္မံ၊
သိဒ္ဓိကာယံ၊ တထာဂတံ၊ သိဒ္ဓိကဉ္စေဝ၊
သမ္ဘာဒေ၊ သိဒ္ဓိယာပနတေနမော၊
ဒုက္ခပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပတ္တာ စ နိဗ္ဘယာ
သောကပတ္တာစ နိသောကာ
ဟောန္တု သဗ္ဗေပိ ပါဏိနော။ ။



www.burmeseclassic.com

www.burmeseclassic.com

### ပျော်ဘွယ်မြို့နယ်

# သန်လျင်တောရ ယင်းတော်မင်းကျောင်း ဖူးစရာအပုံပုံ ဘုရားစုံ

### စနေထွန်း(မြစ်သား)

ညဉ့်သန်းခေါင်ကျော်အိပ်ကောင်းတုန်းအချိန်မှာ ဆိုင်းမဆင့်ဘုံမဆင့်နဲ့ ဖြုန်းစားကြီးရွာချလိုက်တဲ့ မိုးကြောင့် စာရေးသူအနေနဲ့ အိပ်နေရာကနေ လန့်နိုးခဲ့ရပါတယ်။ အိပ်ရာဘေးမှာရှိတဲ့ နာရီကိုကြည့်လိုက်တော့ နံနက်(၄)နာရီ ထိုးပြီးနေပြီမို့ အိပ်ရာကနေလူးလဲပြီးထလိုက်ရတယ်။

မထလို့လည်းမဖြစ်ဘူးလေ။ ဒီနေ့မနက်မှာ စာရေးသူတို့မိသားစုအနေနဲ့ ဘုရားဖူးခရီးထွက်မယ့်အစီအစဉ်ကရှိနေသေးတာမို့ပါ။ ခရီးစဉ်ရှိကာမှ မထင်မှတ်ဘဲ မိုးကရွာချလိုက်တာမို့ စိတ်ထဲမှာတော့ ကသိကအောက်ဖြစ်သွားမိတာအမှန်ပါပဲ။

တော်ပါသေးတယ်။ စောစောပိုင်းက တဖြောဖြောနဲ့ရွာနေတဲ့မိုးက ခုတော့ သူမဟုတ်တော့သလိုဘဲ မိုးသီးမိုးပေါက်တွေက ပျောက်ခြင်းမလှပျောက်သွားလို့ပေါ့။ ဒါပေမယ့် မိုးရိပ်တွေကတော့ ကောင်းကင်ပြင်မှာ မည်းနေတုန်းဆိုတော့ မိုးအခြေအနေက စိတ်မချရသေးတာအမှန်ပါပဲ။



စိန်ရတနာသက်နန်းကာဝ်ထားသော စိန်ဘုရားပုံတော်



စွယ်တော်ကိုးဆူနှင့်အတူ ဗုဒ္ဓရုပ်ပွားတော်များ

စာရေးသူအနေနဲ့ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီးတာနဲ့ အိမ်ဦးခန်းဘုရားဆောင်မှာရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်ကို မျက်နှာသစ်ရေ၊ သောက်တော်ရေတို့ကို ကပ်လိုက်တယ်။ညဉ့်ဦးပိုင်းက စာရေးသူရဲ့ဇနီးက အဆင်သင့်ပြင်ပေးထားတဲ့ သစ်သီးပန်းကန်ကိုယူပြီး ဘောဇဉ်အဖြစ်နဲ့ကပ်တယ်။

ပြီးတာနဲ့ စာရေးသူပြုမြဲအတိုင်း ဘုရားရှေ့မှာ ငါးပါးသီလခံယူပြီး နေ့စဉ်ရွတ်ဆိုမြဲဖြစ်တဲ့ ဂါထာတော်တွေကို ရွတ်ဖတ်ပူဇော်ပြီးတာနဲ့ သတ္တဝါအားလုံးကို မေတ္တာပို့၊ အမျှအတန်းဝေလိုက်တယ်။ စာရေးသူအနေနဲ့ ယနေ့ယခုပြုလုပ်ခဲ့သမျှ ကောင်းမှုကုသိုလ်အဝဝကြောင့် စာရေးသူတို့မိသားစု သွားမယ့်လာမယ့်ခရီးလမ်းမှာ ခလုတ်မထိဆူးမငြိဘဲ ဖြောင့်တန်းစွာ သွားနိုင်ပြန်နိုင်ရပါလို၏ဆိုတဲ့ဆုကို ဘုရားရှင်ထံတိုင်တည်ပြီး ဆုမွန်တောင်းမိတယ်။

ဒါတင်မကသေးပါဘူး။ စာရေးသူရဲ့နေအိမ်ရှေ့မှာရှိတဲ့ မြို့ဦးကုန်းတော်ပေါ်က မြင်းဖြူရှင်နတ်နန်းနဲ့ ကိုးသိန်းရှင်နတ်နန်းကိုသွားပြီး ရှိသေသမှုနှင့် အလင်းတိုင်များ၊ အမွှေးတိုင်များထွန်းညှိဆက်သရသေးပါတယ်။ ဒါကတော့ စာရေးသူအနေနဲ့ ခရီးထွက်ဖို့ရှိတဲ့အခါတိုင်းမှာ စာရေးသူရဲ့ယုံကြည်မှုနဲ့ ပြုလုပ်မြဲဖြစ်တဲ့ လုပ်ငန်းတစ်ခုပါပဲ။ စာရေးသူအနေနဲ့ သွားမယ့်လာမယ့်လမ်းမှာ ဘေးမသီရန်မခရအောင် အဖေကြီးနှစ်ပါးတို့က စောင့်ရှောက်ပေးဖို့အတွက် တိုင်တည်ခြင်းပဲ ဖြစ်ပါတယ်။

တဖြည်းဖြည်းနဲ့ မိုးကလင်းစပြုလာတာကိုတွေ့ရပါတယ်။ စောစောပိုင်းက မည်းနေတဲ့မိုးရိပ်တွေကလည်းပြယ်စပြုသွားပြီမို့ အမှောင်ရိပ်ကမရှိတော့ပါဘူး။ နာရီကြည့်လိုက်တော့ နံနက်(၆)နာရီထိုးရှိနေတာနဲ့ ဇနီးနဲ့ သမီးအပါအဝင် မြေးတို့ကို ဘူတာရုံသွားဖို့ လောဆော်လိုက်ရတယ်။ မကြာပါဘူး၊ ခဏနေတော့ ညထဲကကြိုတင်မှာထားတဲ့ ဆိုင်ကယ်ဆိုက်ကားတွဲကအချိန်မီရောက်လာတာနဲ့ မိသားစုလေးဦးစလုံး ဘူတာရုံဆီသို့ ဦးတည်ပြီးထွက်ခဲ့ကြပါတယ်။

ဘူတာရုံရောက်တော့ (၆) နာရီခွဲတာနဲ့တစ်ပြိုင်နက် ရထားလက်မှတ်ဖွင့်စရောင်းပြီမို့ ထုံးစံအတိုင်း လက်မှတ်ပေါက်မှာ ဝင်တန်းစီပြီး လက်မှတ်ဝယ်လိုက်တယ်။ လက်မှတ်ဝယ်ရတာ အရင်

www.burmeseclassic.com


www.burmeseclassic.com



ပတ္တမြားဘုရား



မြရတနာသက်န်းကပ်ထားသော မြဘုရား




တပုဿနှင့်ဘလ္လိကညီနောင်အား
ဆံတော်ပေးနေဟန်



ဘိုးတော်ဦးဝိုင်းတည်ထားကိုးကွယ်ခဲ့သော အနိုင်ဘုရားကြီး





ဓာတ်တော်တိုက်အတွင်းမှ ရုပ်ပွားတော်

ကလို ခက်ခက်ခဲခဲမရှိလှပါဘူး။ စာရေးသူတို့မိသားစု (၄) ဦးသွားမယ့်ခရီးအတွက် ထိုင်ခုံလက်မှတ်က အပြည့်အဝရတာဆိုတော့ သက်သောင့်သက်သာနဲ့ လိုက်ပါရမှာမို့ ဝမ်းသာမိတာ အမှန်ပါပဲ။

စာရေးသူတို့စီးမယ့် ရထားက မန္တလေးကနေ ရန်ကုန်ကိုသွားမယ့် ရထားဖြစ်ပါတယ်။ ရထားက မြစ်သားဘူတာကို နံနက် (၇) နာရီခွဲမှာဆိုက်မှာဆိုတော့ စာရေးသူတို့အနေနဲ့ ဘူတာထိုင်ခုံမှာ နာရီပိုင်းလောက်တော့ထိုင်ပြီး ရထားစောင့်ရဦးမှာပေ့ါ။ အမှန်ပြောရရင် စာရေးသူဟာ ရထားစီးပြီး ခရီးမသွားဖြစ်ခဲ့တာ နှစ်ချီပြီးကြာခဲ့ပြီဖြစ်ပါတယ်။

မရောက်တာကြာပြီဖြစ်တဲ့ဘူတာရုံရဲ့အသွင်အပြင်က စာရေးသူရဲ့အမြင်အာရုံမှာ ဆန်းသစ်လှပနေတာတော့ အမှန်ပါပဲ။ ဟိုးလွန်ခဲ့တဲ့နှစ်တွေတုန်းကဆိုရင် စာရေးသူတို့ရဲ့ မီးရထားဘူတာရုံဟာ အမှိုက်သရိုက်တွေနဲ့ ညစ်ပတ်ပေရေနေသလို ခွေးလေခွေးလွင့်တွေနဲ့ အခြေအနေမဲ့လူတွေ အိပ်စက်နားခိုရာနေရာတစ်ခုလို မြင်နေတွေ့နေခဲ့ရတာပါ။


အခုတော့ အဲဒီမြင်ကွင်းအစား ဘူတာရုံကြီးတစ်ခုလုံးဟာ သန့်စင်ရှင်းလင်းနေသလို ပလက်ဖောင်းပေါ်တွေ

www.burmeseclassic.com



မှန်ြောတစ်မျိုးနှင့် ထူးခြားစွာ ဖူးတွေ့ရသော
ဗုဒ္ဓရုပ်ပွားတော်






စွယ်တော်တိုက်အတွင်းမှ မြဘုရား



စွယ်တော်တိုက်အတွင်းမှဘုရားများ

မှာ အလှစိုက်ထားတဲ့ ပန်းပင်တွေလည်း သူ့နေရာနဲ့သူ စီတန်းပြီးရှိနေပါတယ်။ အပင်တိုင်းအပင်တိုင်းရဲ့ အကိုင်းအခက်တွေကို တွဲလွဲခိုပြီး အနီရောင်၊ အဝါရောင်၊ အဖြူရောင်နဲ့ ရောင်စုံပွင့်နေကြတဲ့ ပန်းအလှတွေကလည်း စာရေးသူရဲ့ မျက်စိပသာဒမှာ အင်မတန်မှလှပတဲ့ ပန်းချီကားတစ်ချပ်ကို မြင်လိုက်ရသလိုပါပဲ။

ပြောင်းလဲချိန်တန်ပြီဆိုတဲ့အတိုင်း အခြေအနေနဲ့ အချိန်အခါအရ မြစ်သားဘူတာရုံရဲ့ ဥပဓိရုပ်ကို ယခင်နဲ့မတူ တစ်မူဆန်းသစ်အောင် ပြုပြင်ဆောင်ရွက်ပေးခဲ့တဲ့ ဘူတာရုံက တာဝန်ရှိပုဂ္ဂိုလ်တွေကို စာရေးသူတို့ မြို့ခံများရဲ့ကိုယ်စား စာရေးသူအနေနဲ့ ချီးကျူးလေးစားမိတာ အမှန်ပါပဲ။



အနန္တသိဒ္ဓိသစ္စာမိဘွာန်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

မကြာမီမှာပဲ လက်မှတ်ရောင်းရုံး ခန်းဘက်ဆီက အဆက်မပြတ် တဒေါင်ဒေါင်နဲ့ခေါက်လိုက်တဲ့ သံချောင်းသံကြောင့် စာရေးသူလက်မှာပတ်ထားတဲ့ နာရီကိုကြည့်လိုက်တော့ နာရီလက်တံက (၇) နာရီခွဲစပြုနေတာမြင်ရပါတယ်။ မန္တလေးဘက်ဆီကလာမယ့်ရထားသံလမ်းကို လှမ်းအကြည့်မှာ နှင်းမြူမပြယ် တပြယ်ကြားကနေ ဥဩသံပေးပြီး အတင်းတိုးထွက်လာနေတဲ့ ရထားကြီးကို လှမ်းမြင်နေရပါပြီ။


အချိန်မှန်ရထားကြီးက ဘူတာရုံရှေ့မှာ ဆန့်ဆန့်ကြီးရပ်သွားချိန်မှာတော့ စာရေးသူတို့မိသားစုစီးရမယ့်တွဲနံပါတ် (၄) ပေါ်ကို တက်ခဲ့ပါတယ်။ အရင်တုန်းကလို ထိုင်ခုံကြားကလူသွားလမ်းတစ်လျှောက်မှာ တောင်းတွေပလုံးတွေ၊ သေတ္တာတွေပိတ်နေတဲ့အပြင် အိပ်နေတဲ့



ဓာတ်တော်တိုက်အတွင်းမှ ကျောင်းတော်မှုဘုရားကြီး



ဓာတ်တော်တိုက်အတွင်းမှ နဂါးရုံဘုရား



ကျွန်းနက်မြတ်စွာဘုရား




စွယ်တော်တိုက်အတွင်းမှ သဏ်န်းနက်ဘုရား




ဓာတ်တော်တိုက်အတွင်းမှ နဂါးရုံဘုရား

www.burmeseclassic.com


www.burmeseclassic.com




ဓာတ်တော်တိုက်အတွင်းမှ ရုပ်တော်မှုဘုရားများ




သရက္ခန်မြတ်စွာဘုရား



ဓာတ်တော်တိုက်အဆောက်အအုံ



ရှေးဟောင်းရုပ်ပွားတော်



ဗုဒ္ဓခြေတော်ရာ

လူတွေအပေါ်က ဟိုကျော်ဒီခွနဲ့ ကိုယ့်ထိုင်ရမယ့်ခုံနေရာရောက်အောင် စွန့်စားသွားရတဲ့အနေအထားမျိုးမဟုတ်တော့ဘဲ ကိုယ့်နေရာကို သက်သောင့်သက်သာနဲ့ သွားရတဲ့အနေအထားကို မြင်ရတော့ ဪ - မြန်မာ့မီးရထားကြီးကလည်း ပြောင်းလဲသွားပြီကိုး ဆိုတဲ့အသိနဲ့ စိတ်ထဲမှာ ဝမ်းသာလိုက်မိတာအမှန်ပါပဲ။

စာရေးသူတို့စီးတဲ့ရထားကတော့ မြစ်သားဘူတာကနေ (၇) နာရီခွဲအပြီးမှာ စထွက်ခဲ့တာပါ။ သာစည်ဘူတာရောက်တော့ (၉) နာရီထိုးနေပါပြီ။ သာစည်ဘူတာကနေ ရှေ့ဆက်ပြီးထွက်လာလို့ ပျော်ဘွယ်ဘူတာရောက်တော့ (၉) နာရီခွဲပြီပေါ့။

စာရေးသူတို့မိသားစုလည်း ရထားပေါ်ကဆင်းပြီးတာနဲ့ ပျော်ဘွယ်ဘူတာရုံအတွင်းကိုဝင်ခဲ့ကြပါတယ်။ ပျော်ဘွယ်က စာရေးသူတို့သွားရမယ့်နေရာရဲ့ ခရီးအစပါပဲ။ ဟုတ်ပါတယ်၊ စာရေးသူတို့သွားမှာက ပျော်ဘွယ်မြို့နယ် ယင်းတော်ဆိုတဲ့မြို့ဆီကိုပါ။

သွားရမယ့်လမ်းခရီးက စာရေးသူတို့မိသားစုအတွက် နယ်စိမ်းဖြစ်နေတာဆိုတော့ ဘူတာရုံမှာ လက်မှတ်သိမ်းနေတဲ့ဝန်ထမ်းကို မေးရပါသေးတယ်။ ဘူတာရုံဝန်ထမ်းလမ်းညွှန်တဲ့အတိုင်း ဘူတာရုံအပြင်ဘက်ထွက်လိုက်တော့ ကားလမ်းရဲ့တစ်ဖက်မှာ မိတ္ထီလာသွားမယ့်ကားက ခရီးသည်ချနေတာ အဆင်


www.burmeseclassic.com



ယင်းတော်မင်းကျောင်းသာသနာ့ရိပ်သာမှ
ဖဆေန နာယကဆရာတော်ကြီး




ဆရာတော်၏ စာသင်တပည့်သီလရှင်များ



ဆရာတော်၏ စာသင်တပည့်သီလရှင်များ



ဆရာတော်၏ စာသင်တပည့်သီလရှင်များ



ဆရာတော်၏ စာသင်တပည့်သီလရှင်များ

သင့်တွေ့ရတော့ မိသားစုအားလုံး ကားရှိရာဘက်ကို ထွက်ခဲ့ကြပါတယ်။

ကားက ခရီးသည်ဆိုလို့ စာရေးသူတို့မိသားစုပဲရှိတာမို့ ဝါသနာပါရင် ကလို့တောင်ရတယ်ဆိုတာမျိုးလို နေရာက ချောင်ချိလှပါတယ်။ ကားစပြီးဘီးလိမ့်ပြီဆိုတာနဲ့ ကားစပယ်ယာက စာရေးသူတို့ကို -

"ဘယ်လိုက်မှာတုံး"

လို့ မေးတာနဲ့ စာရေးသူက -

"ယင်းတော် မင်းကျောင်းအထူးချင်ဖူးလိုက်ဓာတ်တော်တိုက်ကိုသွားမှာ"

လို့ ပြောလိုက်တယ်။

ဓာတ်တော်တိုက်ရှိရာကို စာရေးသူအနေနဲ့ လွန်ခဲ့တဲ့ နှစ်လ၊ သုံးလလောက်က ရောက်ဖူးခဲ့ပါတယ်။ အဲဒီတုန်းက ဒီလို ဘုရားဖူးသက်သက်ရောက်ခဲ့တာ မဟုတ်ပါဘူး။ စာရေးသူရဲ့ရပ်ကွက်ထဲမှာ နေတဲ့ သားဖွားဆရာမ ဒေါ်လေးဆက်ရဲ့မောင် မောင်နေဝင်းရဲ့ မင်္ဂလာကိစ္စ အကြောင်းပြောဖို့အတွက် ရမည်းသင်းကိုသွားရင်း အပြန်မှာ ခရီးသွားဟန်လွှဲ ဆိုသလိုဝင်ရောက်ခဲ့ရတာမျိုးပါ။

အမှန်အတိုင်းပြောရရင် အဲဒီတုန်းက ဘုရားဖူးသက်သက်မဟုတ်တာရယ်၊ အပြန်ခရီးအတွက် အချိန်ငဲ့တွက်ရတာရယ်ကြောင့် ရောက်ခဲ့တာသာရှိပြီး ဘုရားစုံကိုဖူးခွင့်မရခဲ့တာ အမှန်ပါဘဲ။ စိတ်ထဲမှာ မချင့်မရဲနဲ့ ပြန်ခဲ့ရတာမို့ တစ်နေ့နေ့တစ်ချိန်ချိန်မှာ စာရေးသူအနေနဲ့ နောက်တစ်ကြိမ် လာဖူးခွင့်ကြုံရပါလို၏လို့ ဆုတောင်းခဲ့တာပါ။

အခုတော့ စာရေးသူရဲ့ဆုတောင်း ပြည့်ခဲ့ပါပြီ။ အဓိကရည်ရွယ်ချက်ကတော့ စာရေးသူတစ်သက်မှာ မဖူးမတွေ့ဘူးခဲ့တဲ့ ရုပ်ပွားတော်အဆူဆူကို စာရေးသူရဲ့ဇနီးနဲ့မိသားစုကိုလည်း ဖူးမြင်စေချင်တာရယ်၊ သူ့ရဲ့မဂ္ဂဇင်းကြီးရဲ့ စာဖတ်ပရိသတ်များကိုလည်း စာရေးသူဖူးခွင့်ကြုံလို့ ဖူးခွင့်ရခဲ့တဲ့ ထူးထူးခြားခြား ဘုရားများနဲ့ပတ်သက်ပြီး သိစေချင်၊ မြင်စေချင်၊ ဖူးစေချင်တဲ့စေတနာအနန္တနဲ့ သူရဲ့မဂ္ဂဇင်းရဲ့ စာမျက်နှာပေါ်က တင်ပြချင်တဲ့ဆန္ဒများနဲ့ ဒီဘုရားဖူးခရီးစဉ်ကို ပြင်ဆင်ပြီးထွက်ခဲ့တာပါ။

စာရေးသူတို့စီးလာတဲ့လိုင်းကားက ယင်းတော်ကိုရောက်ပြီး မကြာခင်မှာပဲ မြို့လယ်လောက်မှာရှိတဲ့ ဓာတ်တော်တိုက်ရှေ့ကို ဆိုက်ရောက်ခဲ့ပါတယ်။ လိုင်းကားပေါ်ကဆင်းပြီးလို့ နာရီကြည့်လိုက်တော့ (၁၀) နာရီထိုးပြီးစပဲရှိသေးတာမို့ ပျော်ဘွယ်နဲ့ ယင်းတော်ခရီးက နာရီဝက်ပဲ ကားစီးလိုက်ရတယ်ဆိုတာ သိရပါတယ်။ ကားပေါ်ကဆင်းပြီးတာနဲ့ စာရေးသူ ပထမဆုံးလုပ်ဖြစ်တဲ့အလုပ်က ယင်းတော်မင်းကျောင်းရဲ့အပေါက်ဝမှာရှိတဲ့ 'ဇိနလာဘနဝင်းစကြာမုခ်ဦးနဲ့ ထူးချင်ဖူးလိုက်ဓာတ်တော်တိုက်' ဆိုတဲ့ဆိုင်းဘုတ်များရှေ့မှာ စာရေးသူတို့မိသားစုအနေနဲ့ အမှတ်တရဓာတ်ပုံရိုက်ခဲ့တာပါပဲ။

မုခ်ပေါက်ကနေ ကျောင်းဝင်းထဲကို ဝင်လိုက်ပြီဆိုတာနဲ့ စွယ်တော်တိုက်ကို စတင်မြင်တွေ့ရပါတယ်။ စွယ်တော်တိုက်ရဲ့ အလှူရှင်များကတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုလို့ ကမ္ပည်းထိုးထားတာကိုဖတ်လိုက်ရပါတယ်။


စာရေးသူတို့မိသားစု စွယ်တော်တိုက်ထဲကို မဝင်ခင်မှာ ကျောင်းဝင်းရဲ့ အရှေ့ထိပ်မှာရှိတဲ့ သန့်စင်ခန်းရှိရာဆီ အရောက်သွားကြရပါတယ်။ နေ့စဉ်လာရောက်ကြတဲ့ ဘုရားဖူးဧည့်သည်တွေ အသုံးပြုဖို့ အများသုံးရေအိမ်သာဆိုပေမယ့် ညစ်ပတ်ပေရေမှုလုံးဝမရှိဘဲ သန့်ရှင်းပြောင်လက်နေတာမို့ အသုံးပြုသူတိုင်း စိတ်ချမ်းသာမှုကို ရရှိစေတာ အမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com


စာရေးသူတို့ မိသားစုအနေနဲ့ ကိုယ်လက်သန့်စင်ပြီးတာနဲ့ စာရေးသူတို့ သွားရာလမ်းဘေးမှာရှိတဲ့ 'အနန္တသိဒ္ဓိ သစ္စာအဓိဋ္ဌာန်' ဘုရားကြီးကို ဝင်ရောက်ဖူးမြော်ခဲ့ကြပါတယ်။ ရုပ်ပွားတော်ကြီးရှေ့မှာ မိမိတောင်းလိုသောသိဒ္ဓိတစ်မျိုးမျိုးကို ဆုတောင်းရင် ထိုဘုရားကြီးက 'ပြည့်စေသတည်း' လို့ ဆုပေးလိမ့်မယ်လို့ ရေထားတဲ့စာတန်းကိုလည်း မြင်တွေ့ဖတ်ရှုခဲ့ရပါတယ်။



ဓာတ်တော်တိုက်အတွင်းမှ ရုပ္ပဓာတ်တော်များ



ယင်းတော်ကန်မြင်ကွင်း



ဓာတ်တော်တိုက်မုခ်ဦးဆိုင်းဘုတ်နှင့် စာရေးသူမိသားစု

စာရေးသူ နာရီကြည့်လိုက်တော့ (၁၀) နာရီခွဲကျော်ပြီမို့ ရထားနဲ့ ကားစီးလာရတဲ့ခရီးမှာ ဝမ်းဗိုက်ထဲက ဟာတာတာရှိလာပြီဖြစ်ပါတယ်။ စာရေးသူတို့မိသားစုလည်း နီးစပ်ရာအဆောင် (၂) ခုရဲ့ကြား လမ်းလေးထဲမှာ ဝင်ထိုင်ကြပြီး ပါလာတဲ့ထမင်း၊ ဟင်းနဲ့ ဝမ်းဗိုက်ကို အစာဖြည့်လိုက်ကြပါတယ်။ စားသောက်လို့ပြီးချိန်မှာတော့ စောစောက ကျောင်းအဝင်ဝမှာတွေ့ခဲ့ရတဲ့ စွယ်တော်တိုက်ဆီကို ဦးတည်ပြီးလာခဲ့ကြပါတယ်။

စွယ်တော်တိုက်ထဲကိုဝင်ပြီဆိုတာနဲ့ အဝင်ဝအခန်းဆောင်ထဲမှာ ဘုရားဖူးလာသူတွေအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းတွေကိုရောင်းပေးနေတဲ့ သီလရှင်ဆရာလေးများကို တွေ့ရပါတယ်။ စာရေးသူကတော့ ပြန်ကာမှ ပဲဝယ်မှာမို့ မိသားစုကို လက်ဆွဲပြီး စွယ်တော်တိုက်ထဲကိုပဲဝင်ခဲ့လိုက်ပါတယ်။

စွယ်တော်တိုက်ထဲကိုရောက်ပြီဆိုတာနဲ့ ရောင်စုံလျှပ်စစ်မီးတွေတဖျပ်ဖျပ် လင်းနေတဲ့အခန်းထဲမှာ ဖူးချင်ဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်များကို ထူးခြားစွာ ဖူးမြင်လိုက်ရတာပါပဲ။ အမှန်အတိုင်း ရိုးသားစွာဝန်ခံရရင် စာရေးသူအဖို့တော့ ခုလို မုဒြာမျိုးစုံနဲ့ မရေမတွက်နိုင်လောက်အောင်ကို များပြားလှတဲ့ ဗုဒ္ဓရုပ်ပွားတော်များကို တစ်နေရာတည်းမှာ တစ်ထိုင်တည်းဖူးခွင့်ရတာဟာ ဒါပထမဆုံးအကြိမ်လို့ပဲ ပြောချင်ပါတယ်။

စွယ်တော်တိုက်ရဲ့ အခန်းခန်းအဆောင်ဆောင်ကိုဝင်ထွက်ရာလမ်းတစ်လျှောက်ရဲ့ ဘယ်၊ ညာမှာဆိုတာက လည်း ပန်းခင်းသောလမ်းကို လျှောက်လှမ်းနိုင်ရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အမျိုးစုံတဲ့ပန်းအလှပင်တွေကိုစီတန်းပြီးချပေးထားတာကလည်း အမြင်တစ်မျိုးဆန်းစရာအဖြစ် တွေ့မြင်ရပါတယ်။

ခန်းမဆောင်အထဲကိုရောက်လို့ ဘုရားကိုဦးချလိုက်တာနဲ့ ဈာနမုဒြာနဲ့ စိန်ရတနာသက်န်းကပ်လှူထားတဲ့ စိန်ဘုရားရုပ်ပွားတော်ကို ဖူးမြင်ရမှာဖြစ်သလို သလင်းကျောက်အထိကို ထုဆစ်ထားတဲ့ ဗောဓိမုဒြာစိန်ဘုရားကိုလည်း ဖူးမြင်ရမှာဖြစ်ပါတယ်။

နောက်တစ်ဆက်တည်းမှာမဲ ဈာနမုဒြာဖြစ်တဲ့ မြရတနာသင်္ကန်းကပ်ထားတဲ့ မြဘုရားရုပ်ပွားတော်နဲ့အတူ ပတ္တမြားရတနာသင်္ကန်း ကပ်လှူထားတဲ့ ပတ္တမြားဘုရားတို့ကို ဖူးတွေ့ရမှာဖြစ်ပါတယ်။ ဒီဘုရားဆောင်တတော့ စိန်ဘုရား၊ မြ

www.burmeseclassic.com

ဘုရား၊ ပတ္တမြားဘုရားတို့ သုံးဆူစလုံးကို တစ်ပြိုင်တည်းဖူးမြော်ရနိုင်တဲ့အဆောင် ဖြစ်ပါတယ်။

ရှေ့ဆက်ပြီး ဘုရားဆောင်ခန်းအလိုက် ဝင်ရောက်သွားမယ်ဆိုရင် ကြေးဆင်းတုရုပ်ပွားတော်များစံပယ်ရာ ကြေးဘုရားခန်းနှင့် ကျောက်ဆင်းတုရုပ်ပွားတော်များစံပယ်ရာ ကျောက်ဘုရားခန်းများကိုရောက်ရှိပြီး ဘုရားပုံတော်အဆူဆူကို ကြည်ညိုဖွယ်ရာ ဖူးမြင်ရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ဒီဘုရားခန်းအတွင်းမှာပဲ ရုပ်တော်မှုဘုရား၊ နဂါးရုံဘုရား၊ အလိုတော်ပြည့်ဘုရားများနှင့်အတူ သစ်သားမှာ ကျောက်ဖြစ်ကာ အမဟာဓာတ်ဝင်နေတဲ့ကျွန်းနက်ကျောက်၊ ထန်းကျောက်၊ အုန်းကျောက်၊ အင်ကြင်းကျောက်များကိုလည်း လေ့လာမှတ်သားဖွယ်ရာအဖြစ် တွေ့မြင်ရပါသေးတယ်။

နောက်ထပ် ဘုရားဆောင်ထဲမှာတော့ ဤဘဒ္ဒကမ္ဘာ၌ ဘုရား (၅) ဆူ ပွင့်မည်ဖြစ်ရာ (၄) ဆူမှာပွင့်ပြီးဖြစ်လို့ နောက်ပွင့်တော်မူမယ့် အရိမေတ္တေယျ ဘုရားတစ်ဆူသာကျန်တဲ့အကြောင်းကို ကြာဖူးတစ်ဖူးကိုကိုင်ပြီး သတိပေးဟန်မုဒြာရှိတဲ့ သစ်ကနက် (သက်န်းနက်) ဘုရားနဲ့အတူ အခြားသောဘုရားရုပ်ပွားတော်အဆူဆူကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပြန်ပါတယ်။

ခန်းမဆောင်ရဲ့ နောက်ဘက်မှာလည်း သံသေတစ်ပြည်ဝစေတီတော်နဲ့ လာဘမုနိမုဒြာ ကျွန်းနက်ဘုရားအပြင် သစ်ကနက်ဘုရားများ၊ ကုဋ္ဌာသယရွှေချောင်းများ၊ ရွှေတုံးများနဲ့ ဗုဒ္ဓစွယ်တော် ဓာတ်ကိန်းဝပ်နေတဲ့ ဓာတ်တော်တို့ကို ဖူးမြင်ရပါတယ်။

ရတနာသိဒ္ဓိ အဓိဋ္ဌာန်ဘုရားကို ရွှေဖရုံသီးပလ္လင်ထက်မှာ 'ဝရမုဒြာ' ဟန်နဲ့ ထုလုပ်ပူဇော်ထားတဲ့ လေးလက်မအရွယ်ရှိ ရွှေဟောင်း ကြေးဘုရားကလည်း သားသမီးမရသူများအတွက် သားဆုပန်လို့ရတဲ့ ရုပ်ပွားတော်အဖြစ်နဲ့ သိရှိဖူးမြင်ရပြန်ပါတယ်။

ဒီနောက် အဘယမုဒြာမြဘုရား၊ ဇောဓိပုံမြဘုရားနှင့် ရွှေးနှစ်ပေါင်းတစ်ထောင်ကျော်လောက်က ဆင်ခံမြင်းခံ ရွှေဟောင်းကြေးဘုရားတစ်ဆူကို ရတနာမျိုးစုံ စီခြယ်ထားတဲ့ လာဘမုနိဘုရား၊ ဆင်ခံမြင်းခံရွှေဟောင်းကြေးဘုရားနဲ့ ပုံစံတူ ကျွန်းသားများကို ဘုရားထု၍ ရတနာစီခြယ်ထားသော ရတနာအဌ ရတနာစေဌ၊ ရတနာဓေဘုရားသုံးဆူကို တစ်ပြိုင်နက်ဖူးမြင်ရပါတယ်။

ကျွန်းနက်ဘုရားဆောင်ထဲရောက်ရင်တော့ ကျွန်းနက်တုံးတစ်တုံးကို ထုဆစ်ထားတဲ့ ရုပ်တော်မူဘုရားသုံးဆူကိုလည်း ကြည်ညိုဖွယ်အပြည့်နဲ့ဖူးတွေ့ရသလို သရက္ခန်တုံးကိုထုထားတဲ့ သရက္ခန်ဘုရား၊ ကျွန်းသစ်မင်းဘုရားနှင့် အလွန်ရှားပါးသော ကမ္ဘာ့အကြီးဆုံးကျောက်စိမ်းနက်ဘုရားတို့ကို ဖူးမြော်ရပြန်ပါတယ်။

ကျွန်းနက်ဘုရားဆောင်ထဲမှာပင် ပတ္တမြားဘုရား၊ ကျောက်စိမ်းဘုရား၊ မြဘုရားတို့နဲ့အတူ ထူးခြားစွာ သပ္ပာယ်တဲ့ အဆူဆူသောဘုရားရုပ်ပွားတော်များကို ဖူးတွေ့ရပါတယ်။

ထိုမှတစ်ဖန် ရေဆန်ကျွန်းဘုရားခန်းသို့ရောက်ရှိပြီး မအူတုံးတစ်တုံးကို မုဒြာမျိုးစုံဖြင့်ဖြစ်သော ခြေချထိုင် သက်တော့င်သက်သာဘုရား၊ သင်္ကန်းကိုင်ထားဟန် စီဝရပာဏ္ဍုမုဒြာရုပ်တော်မူဘုရားနှင့် မဟာကရုဏာမုဒြာရုပ်တော်မူရေဆန်ဘုရား၊ တပုဿနှင့် ဘလ္လိက ညီနောင်နှစ်ဦးကို ဆံတော်ပေးနေဟန် 'သစ်ပြန်ဘုရား' တို့အပြင် အခြားအခြားသော မုဒြာမျိုးစုံရှိတဲ့ ရုပ်ပွားတော်အဆူဆူကိုလည်း ဖူးတွေ့ရပါတယ်။

ငုင်းရေဆန်ကျွန်းဘုရားဆောင်အတွင်းမှာပင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၉၅၄ ခုနှစ် ပုဂံခေတ်လက်ရာ ရွှေဟောင်းရုပ်ပွားတော်နဲ့ ဗုဒ္ဓခြေတော်ရာပါဒစေတီတော်ကိုလည်း ထူးခြားစွာ ဖူးမြင်ရပြန်ပါတယ်။

အထက်ပါစွယ်တော်တိုက်အတွင်းရှိ ဖူးစရာအဖုံဖုံဘုရားစုံကို တဝကြီးဖူးမြော်ပြီးနောက်တွင် စာရေးသူတို့မိသားစု ဓာတ်တော်တိုက်ရှိရာကို သွားရောက်ဖူးမြော်ကြပါတယ်။ ဓာတ်တော်တိုက်အဆောက်အအုံကြီးဟာ သုံးထပ်အဆောင်ဖြစ်ပြီး အင်မတန်မှ ကြီးမားတာကို တွေ့ရပါတယ်။

ဓာတ်တော်တိုက်ရဲ့ အောက်ထပ်နဲ့ အလယ်ထပ်မှာတော့ ရဟန္တာရှင်သူမြတ်များရဲ့ဓာတ်တော်မျိုးစုံအဖုံဖုံကို ရဟန္တာရုပ်တုပုံတော်များနဲ့အတူပူးတွဲပြီး ဖူးမြင်ရပြန်ပါတယ်။ ပေ (၁၀၀) နီးပါးရှည်တဲ့ ခန်းမကြီး (၂) ထပ်မှာ မရေမတွက်နိုင်လောက်အောင် များပြားလှတဲ့ ရဟန္တာရုပ်တုများရဲ့ ဓာတ်တော်များကို ဖူးမြော်ခွင့်ရအောင် ဆောင်ရွက်ထားရှိပေးတဲ့ မင်းကျောင်းဆရာတော်ကြီးရဲ့ စေတနာကတော့ အံ့ဩချီးမွမ်းဖွယ်ရာကောင်းလှတာ အမှန်ပါပဲ။

ဒါကြောင့်လည်း 'ထူးချင်ဖူးလိုက် ဓာတ်တော်တိုက်ရယ်' လို့ နာမည်ကျော်ကြား လူသိများခဲ့တာလို့ စာရေးသူထင်မိပါတယ်။ အပေါ်ဆုံးအထပ်မှာတော့ အနိုင်ဘုရားရုပ်ပွားတော်ကြီးအပါအဝင် ရုပ်ပွားတော် (၁၈) ဆူကိုလည်းကြည်ညိုဖွယ်ဖူးမြော်ရပါသေးတယ်။

အနိုင်ဘုရားရုပ်ပွားတော်ကြီးကို ဘိုးတော်ဦးဝိုင်းအာနေနဲ့ ကံသည်းကို စစ်တိုက်သွားရာ လမ်းခရီးအကြား ချုံတစ်ခုထဲမှာတွေ့ရှိခဲ့တယ်လို့ဆိုပါတယ်။ ထိုဘုရားဟာ ပန်းပေါင်းတစ်ထောင်ဘုရားဖြစ်နေတဲ့အပြင် လက်တော် (၁၁) ချောင်းပါရှိနေတာကို အကြောင်းပြုပြီး (၁၁) မီးငြိမ်းရမည်၊ စစ်နိုင်ရမည်ဆိုတဲ့ နိမိတ်ကောက်ပြီး ဘိုးတော် ဦးဝိုင်းက စစ်တိုက်ရာမှာနိုင်သည့်အတွက် 'အနိုင်ဘုရား' ရယ်လို့ ဘွဲ့တော်တွင်ခဲ့ကြောင်း သိရပါတယ်။

ဓာတ်တော်တိုက်ရဲ့ အပေါ်ထပ်အနောက်ဘက် ဝရန်တာကိုထွက်ပြီး ရန်ကုန်-မန္တလေးကားလမ်းဟောင်းရှိရာဘက်ကို လှမ်းကြည့်လိုက်ရင် အတိုင်းမသိကျယ်ပြောလှတဲ့ ရေပြင်ဖွေးဖွေးနဲ့ ယင်းတော်ကန်ရဲ့အလှကို တဝကြီး ကြည့်ရှုခံစားရပြန်ပါတယ်။ ရေပြင်ကျယ်ကိုဖြတ်ပြီးတိုက်ခတ်လာတဲ့လေကိုရှူရှိုက်ရတဲ့အတွက်လည်း စာရေးသူအနေနဲ့ တစ်မနက်ခင်းလုံး မောပန်းနွမ်းနယ်ခဲ့သမျှတွေဟာ တစ်ခဏချင်းပဲ ပျောက်ကွယ်သွားတယ်လို့ စိတ်ထဲမှာခံစားလိုက်ရပါတယ်။

ယင်းတော်ကန်ရဲ့ မြင်ကွင်းကိုလည်း အမှတ်တရအဖြစ်နဲ့ ဓာတ်ပုံမှတ်တမ်းတင်ခဲ့ပါသေးတယ်။ စာရေးသူတို့မိသားစုအနေနဲ့ ယင်းတော်မင်းကျောင်းအတွင်းက ထူးထူးခြားခြားဘုရားများကို တဝကြီးဖူးပြီးချိန်မှာတော့ စာရေးသူရဲ့ ဆန္ဒတွေ တစ်လုံးတစ်ဝတည်းပြည့်စုံခဲ့ရတယ်ဆိုပြီး စိတ်ချမ်းသာမိတာအမှန်ပါပဲ။ ရှားရှားပါးပါး ဘုရားများကို ထူးထူးခြားခြားဖူးနိုင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

စာရေးသူတို့မိသားစုအနေနဲ့ ဖူးခဲ့ရတဲ့ ဘုရားအဆူဆူထဲက စွယ်တော်ခန်းမဆောင်မှာ စွယ်တော်ကိုးဆူနဲ့အတူ စံပယ်တော်မူတဲ့ ဘုရားရုပ်ပွားတော်အရေအတွက်သိချင်တဲ့အနေနဲ့ ရေတွက်ကြည့်ရာမှာ စွယ်တော်ကိုးဆူပါ ရုပ်ပွား


www.burmeseclassic.com

www.burmeseclassic.com

တော်အဆူပေါင်း (၁၀၀) ရှိတာကိုသိလိုက်ရပါတယ်။

စွယ်တော်ဆောင်အခန်းတစ်ခုထဲမှာတင် ရုပ်ပွားတော်အဆူပေါင်း (၁၀၀) ရှိနေပြီဆိုမှတော့ ကျန်တဲ့အဆောင်ဆောင်အခန်းခန်းမှာရှိတဲ့ ရုပ်ပွားတော်တွေဟာ ဘယ်လောက်များ များပြားလိမ့်မလဲဆိုတာ စာဖတ်သူများအနေနဲ့ ခန့်မှန်းတွက်ဆလို့ရလိမ့်မယ်လို့ထင်ပါတယ်။

စာရေးသူအနေနဲ့ ဘုရားအဆူဆူကိုဖူးရင်း ထူးခြားတဲ့ဘုရားရုပ်ပွားတော်များရဲ့ပုံတော်ကို မှတ်တမ်းဓာတ်ပုံအဖြစ် ရိုက်ကူးခဲ့ပြီး ပုံထုတ်လိုက်တဲ့အခါမှာ ပုံ (၆၀) ကျော်ထွက်ရှိလာတဲ့အထဲက ပုံ (၃၀) ကိုပဲ သူရဋ္ဌမဂ္ဂဇင်းတိုက်ကို ဆောင်းပါးနဲ့အတူပို့နိုင်ခဲ့ပါတယ်။ ဒါကလည်း စာရေးသူအနေနဲ့ စာမျက်နှာကိုငဲ့ရတဲ့သဘောကြောင့် ဖြစ်ပါတယ်။

အခုလို စာရေးသူတို့ ဗုဒ္ဓဘာသာဝင်များအနေနဲ့ ကိုယ့်ဘာသာ သာသနာကို တစ်နေရာတည်း တစ်ချိန်တည်းမှာ စုစုဝေးဝေးနဲ့ တွေ့မြင်ဖူးမြော်နိုင်အောင် အကျိုးဆောင်ပေးခဲ့တဲ့ ကျောင်းထိုင်ဆရာတော်ကြီးရဲ့ မေတ္တာစေတနာကို စာရေးသူအနေနဲ့ အံ့သြချီးမွမ်းဂုဏ်ယူမိတာအမှန်ပါပဲ။

စာရေးသူအနေနဲ့ ယင်းတော်မင်းကျောင်းသာသနာ့ပွင့်လင်းအောင် အားထုတ်ဆောင်ရွက်ခဲ့တဲ့ ဆရာတော်ကြီးရဲ့ အတ္ထုပ္ပတ္တိကို ရေးသား ဖော်ပြ ပူဇော်လိုပေမယ့် ဆရာတော်ကြီးရဲ့ ထေရုပ္ပတ္တိနဲ့ ပတ်သက်တဲ့ မှတ်တမ်းစာအုပ်မရခဲ့လို့ ဘယ်လိုမှ ရေးသား ဖော်ပြခွင့်မရခဲ့တာ စိတ်မကောင်းဖြစ်မိပါတယ်။

ဒါပေမယ့် သီလရှင်ဆရာလေးများက အမှတ်တရအဖြစ်ရောင်းချပေးနေတဲ့ အရောင်းခန်းမထဲမှာ 'သန်လျင်တောရယင်းတော်မင်းကျောင်းမှ ထူးထူးခြားခြားဘုရားများ' ဆိုတဲ့ မှတ်တမ်းစာအုပ်ကို ဝယ်ယူရရှိခဲ့တဲ့အတွက် ယင်းတော်မင်းကျောင်းရယ်လို့ ဖြစ်ပေါ်လာခဲ့ရတဲ့သမိုင်းအကျဉ်းကို အထဲမှာပါတဲ့အတိုင်း အကျဉ်းချုံးပြီး ပြန်လည်ရေးသား ဖော်ပြဖောက်သည်ချနိုင်ခဲ့တဲ့အတွက် ဝမ်းသာ ကြည်နူးရပါတယ်။

ယင်းတော်မင်းကျောင်းရယ်လို့ အမည်တွင်ခဲ့ပုံကတော့ သက္ကရာဇ် ၆၈၄ မှာ ပင်းယမြို့မင်းအဖြစ် စိုးစံတော်မူခဲ့တဲ့ ခုနစ်ကျောင်းဒါယကာ ဥဇနာမင်းကြီးက ယင်းတော်မြောက်ဘက်မှာ ယခင်ကတည်းကရှိခဲ့တဲ့ မြို့ဦးကျောင်းကို ရွှေကျောင်းကြီးအဖြစ် ပြင်ဆင်ဆောက်လုပ်လှူဒါန်းခဲ့တဲ့အတွက် မြို့ဦးကျောင်းကနေ မင်းကျောင်းရယ်လို့ဖြစ်လာပြီး မင်းကျောင်းသာသနာထွန်းပြောင်လာခဲ့တယ်လို့ဆိုပါတယ်။

ထို့နောက် ယင်းတော်မင်းကျောင်းကျောက်စာနဲ့ပုရပိုက်စာများအရ အင်းဝခေတ် ဒုတိယဘုရင်မင်းခေါင်၊ ဘိုးတော်ဦးဝိုင်း၊ ညောင်ရမ်းခေတ် ညောင်ရမ်းမင်းတရားကြီး၊ ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီး အစရှိတဲ့ မင်းအဆက်ဆက်က ကိုးကွယ်ခဲ့ကြတဲ့အတွက် မင်းကျောင်းသာသနာဟာ ပိုမိုပြီး ခိုင်မြဲထွန်းပြောင်လာတယ်လို့ သိရပါတယ်။ ထိုမင်းဆက် (၅)ဆက်တို့ကိုးကွယ်ကြလို့ မင်းကျောင်းသာသနာဟာ ဒုတိယကမ္ဘာစစ်ကြီးအထိ နှစ်ပေါင်း (၄၀၀) မျှ ရွှေရောင်တဝင်းဝင်း ထွန်းပြောင်လာခဲ့တယ်လို့ဖတ်ရှုမှတ်သားရပါတယ်။

ခရစ်နှစ် ၁၉၃၉ ခုနှစ်မှာ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားလာချိန်မှစပြီး မြန်မာနိုင်ငံကိုလည်းစစ်မီးလျှံများကူးစက်လာတဲ့အတွက် မြန်မာနိုင်ငံကို ဖက်ဆစ်ဂျပန်အဝင်နဲ့ အင်္ဂလိပ်အပြေးကာလနဲ့ တစ်ဖန် ဖက်ဆစ်ဂျပန်အပြေး မဟာမိတ်အင်္ဂလိပ်တို့အဝင်မှာ ရွှေရောင်ဝင်းပြောင်ခဲ့တဲ့ မင်းကျောင်းတော်ကြီးဟာ ဗုံးဒဏ်၊ အမြောက်ဒဏ်၊ သေနတ်ဒဏ်တွေကြောင့် အစိတ်စိတ်အမြွှာမြွှာပျက်စီးခဲ့ရတယ်လို့ စိတ်မကောင်းစွာသိလိုက်ရပါတယ်။

ဒီကြားထဲမှာ အဲဒီမြို့ရွာမှာနေထိုင်ကြတဲ့ ဘာသာခြားတွေက ကျောင်းတော်ကြီးရဲ့ကြွင်းကျန်တဲ့တိုင်တွေသစ်တိုသစ်စတွေကို တစ်ခုမကျန် ယူဆောင်သွားကြတဲ့အတွက် မင်းကျောင်းတော်ကြီးဟာ လုံးဝဥဿုံ ပျက်စီးဆုံးရှုံးအဖြစ်သို့ ရောက်ခဲ့တယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှစ၍ ၁၉၈၇ ခုနှစ် နှစ်ပေါင်း (၄၀) နီးပါးအတွင်းမှာ ဒေသခံဆရာတော်ကြီးများ၊ ဒေသခံလူကြီးများက မင်းကျောင်းသာသနာမဆုံးရှုံးစေရေးအတွက် ရဟန်းသံဃာများကိုပင့်ဆောင်ပြီး မင်းကျောင်းသာသနာ့မြေမှာ ကျောင်းထိုင်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။

ဒါပေမယ့် ဆွမ်းကွမ်းပစ္စည်းလေးပါးရှားပါးတာကတစ်ကြောင်း၊ ဘာသာခြားတွေရဲ့ အန္တရာယ်ကလည်း စိုးရိမ်ရတာကလည်းတစ်ကြောင်းမို့လို့ ကျောင်းလာထိုင်တဲ့ ဘုန်းတော်ကြီးတွေအနေနဲ့ (၁)နှစ်(၂)နှစ်ခန့်သာကျောင်းထိုင်ပြီးတာနဲ့ မင်းကျောင်းသာသနာမြေက စွန့်ခွာသွားကြတယ်လို့ ဆိုပါတယ်။

ယင်းတော်မင်းကျောင်းသာသနာတော်ဟာ ၁၉၈၇ ခုနှစ်၊ ဇူလိုင် ၁၁ ရက်မှာ ပွင့်လင်းဖို့အချိန်အခါကျရောက်လေတော့ သာသနာပြုမယ့်ရဟန်းပုဂ္ဂိုလ်က သူ့အလိုလို ရောက်လာတယ်လို့ဆိုရပါလိမ့်မယ်။ ပဋ္ဌာန်းဆက်အရ မင်းကျောင်းသာသနာ့မြေမှာသာသနာပြုဖို့အကြောင်းဖန်တီးပြီး ရောက်ရှိခဲ့သူကတော့ ယခု ယင်းတော်မင်းကျောင်းမှာ လက်ရှိကျောင်းထိုင်ပြီး သာသနာပြုနေတဲ့ 'ဟိတေသီနေလှ အရှင်နိပုဏ' ဘွဲ့အမည်ရတဲ့ ဆရာတော်ကြီးလို့ ဆိုပါတယ်။

ဆရာတော်ကြီးရောက်လာခါစက မင်းကျောင်းသာသနာ့မြေမှာ တဲသာသာကျောင်းအိုတစ်ကျောင်း၊ ပျက်စီးနေတဲ့ သိမ်ဟောင်းတစ်ခု၊ စေတီပျက်တစ်ဆူသာရှိပြီး ဘေးပတ်ပတ်လည်မှာ ဘာသာခြားတွေနေတဲ့အိမ်တွေရှိနေပါတယ်။ ဆရာတော်ကြီးအနေနဲ့ မင်းကျောင်းသာသနာမြေကိုရောက်ပြီး (၅) နှစ်တာကာလအတွင်း သာသနာ့မြေတွင် သာသနာသန့်စင်အောင် ဓမ္မစကြာ၊ အာဇာနစက်တွေနဲ့ ရှင်းလင်း ဆောင်ရွက်ခဲ့ရကြောင်း သိရပါတယ်။

ဒီလိုနဲ့ပဲ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်မှာ ဆရာတော်ကြီးအနေနဲ့ ယင်းတော်မင်းကျောင်းမှာ သာသနာပြုခဲ့တာ (၂၅) နှစ် ငွေရတုပွဲကိုရောက်ချိန်မှာတော့ မင်းကျောင်းသာသနာမြေမှာ သံဃာ၊ သီလရှင် ပရိယတ်(၂၀၀)ကျော်တို့ဖြင့် ပရိယတ်၊ ပဋိပတ်တို့နှင့်တကွ အဆောက်အအုံ၊ စေတီရုပ်ပွားတော်၊ စွယ်တော်ဆံတော်များနဲ့ဘက်စုံဝင့်ကြွားဖွံ့ထွားစည်ပင်တိုးတက်လာခဲ့ကြောင်းသိရပါတယ်။ ဆရာတော်ကြီးအနေနဲ့ မင်းကျောင်းသာသနာ့မြေကို ရောက်ရှိပြီး (၁) နှစ်ကျော်မျှကြာတဲ့အချိန်မှာ မိတ္ထီလာမြို့ ဓမ်းတော်ပြည့်ဆရာတော်ကြီး ဦးသူရိယ ကြွရောက်လာပါတယ်။ ဆရာတော်ဦးသူရိယက ယင်းတော်မင်းကျောင်းအခြေအနေကို လေ့လာပြီးတဲ့နောက် မင်းကျောင်းဆရာတော်က စေတီပျက်ရှိရာခေါ်သွားပြီး စေတီပျက်ကို လက်ညှိုးထိုးပြပြီး အောက်ပါအတိုင်း ဩဝါဒစကားကို မိန့်ကြားတော်မူတယ်လို့ ဆိုပါတယ်။

"ကုလားတွေကြားထဲသာသနာ



www.burmeseclassic.com

www.burmeseclassic.com

ပြနေတဲ့ ကိုယ်တော့်သတ္တိကိုတော့ချီးကျူးပါတယ်။ ဒါပေမယ့် ကိုယ့်အဖေကို ဂရုမစိုက်တာတော့ မကောင်းဘူး။ ကိုယ့်အဖေဂရုစိုက်မှ ကိုယ်တော်ကြီးပွားမှာပေါ့"


အထက်ပါ ဆရာတော်ကြီးရဲ့ ဩဝါဒထဲက 'ကိုယ့်အဖေကိုဂရုမစိုက်' ဟူသည် စေတီပျက်ကိုမပြုပြင်ဘဲနေလို့ ပြောခြင်းဖြစ်တယ်ဆိုတာကို မင်းကျောင်းဆရာတော်က သဘောပေါက်နားလည်သွားပါတယ်။ အမှန်တော့ မင်းကျောင်းဆရာတော်အနေနဲ့က မင်းကျောင်းသာသနာ့မြေကို မရောက်မီကာလမှာ ပရိယတ်နယ်၊ ပဋိပတ်နယ်မှာသာ ကျင်လည်ခဲ့ရတာမို့ စေတီတည်ခြင်းကိစ္စ၊ ဓာတ်တော်မွေတော်စွယ်တော်ဆံတော်တို့ကို ကိုးကွယ်ပူဇော်ခြင်းကိစ္စမှာ စိမ်းနေတဲ့အတွက် စေတီပျက်ကိုတွေ့မြင်နေရပေမယ့် ပြင်ရန်မကြိုးစားခဲ့ခြင်းသာဖြစ်တယ်လို့ ဆိုပါတယ်။

ဝမ်းတော်ပြည့်ဆရာတော်ကြီးရဲ့ ဩဝါဒခံယူရရှိပြီး တစ်လအကြာမှာတော့ မင်းကျောင်းဆရာတော်အနေနဲ့ 'စေတီပျက်ကိုပြင်တော့မယ်' ဆိုပြီး ဆုံးဖြတ်ချက်ချပြီးတဲ့နောက်ပိုင်းမှာ စေတီတော်တည်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အတွက် ၁၉၈၉ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ရွှေထီးတော်အထွတ်တင်ပူဇော်နိုင်ခဲ့တဲ့ ဉာဏ်ဒေါ်အမြင့် (၃၀) ပေရှိ 'ရန်မျိုးအောင်စေတီ' ဘွဲ့အမည်ရှိ စေတီတစ်ဆူကို တည်ထားကိုးကွယ်နိုင်ခဲ့ပါတယ်။

ရန်မျိုးအောင်စေတီတော်တည်ပြီး နှစ်ပေါင်း (၁၈) နှစ်ကြာတဲ့အခါမှာတော့ စေတီတော်ကြီးရဲ့ မူလဉာဏ်တော် ပေ (၃၀) ကိုငုံပြီး ဉာဏ်တော်အမြင့် (၅၄) ပေ၊ (၉) လက်မရှိ စေတီတော်အကြီးအဖြစ်နဲ့ ၂၀၀၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှာ ဒုတိယအကြိမ် ရွှေထီးတော်တင်ကပ်လှူပူဇော်ပြီး တည်ထားနိုင်ခဲ့ပါတယ်။

ဆက်လက်ပြီး ဆရာတော်ကြီးအနေနဲ့ နဝင်းစကြာမုခ်ဦး အပါအဝင် အပေါ်က ရွှေတိဂုံ၊ ကျိုက်ထီးရိုးပုံစံဖြစ်ပြီး အောက်က မဟာမြတ်မုနိဘုရားကြီးနဲ့ ဓာတ်တော်တိုက်ပြုတိုက်ထားပြီး 'တိဂုံကျိုက်ထီးဓာတ်မွေမုနိစေတီ' တော်ကိုလည်းတည်နိုင်ခဲ့ပါတယ်။

အထက်ပါ အကြောင်းအရာအားလုံးဟာ ယင်းတော်မင်းကျောင်းရဲ့ မှတ်တမ်းမှာ ဆရာတော်ကြီး ဟိတေသီနေလအရှင်နိပုဏကိုယ်တိုင် ပြုစုခဲ့တဲ့



ဘိုးတော်ဦးမိုင်းတည်ထားကိုးကွယ်ခဲ့သော အနိုင်ဘုရားကြီး

သမိုင်းကြောင်းပါ အချက်အလက်များဖြစ်ပါ တယ်။

ယခုလက်ရှိမှာလည်း ဓာတ်တော်တိုက်ကြီးရဲ့အရှေ့ဘက်မှာ ဂုဏပူဇာ ဓမ္မာရုံကြီးကို စတင်ပြီးတည်ဆောက်နေတာကိုလည်း တွေ့မြင်ခဲ့ရပါသေးတယ်။ ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေနဲ့ ငွေတစ်သိန်းကျပ်လှူရုံမျှနဲ့ ဓမ္မာရုံကြီးရဲ့ ဒါယိကာ၊ ဒါယိကာမများ ဖြစ်နိုင်ပါပြီဆိုပြီး နှိုးဆော်ထားတဲ့ နှိုးဆော်စာတန်းကလည်း ဗုဒ္ဓဘာသာဝင်များအတွက် အလှူရေစက် လက်နဲ့မကွာအောင် ဆွဲဆောင်ထားရှိသလို မြင်တွေ့ခဲ့ရပါတယ်။

သည်မျှဆိုရင်တော့ စာရေးသူတင်ပြချင်တဲ့ သန်လျင်တောရယင်းတော်မင်းကျောင်း သာသနာ့မြေနဲ့ပတ်သက်လို့ လုံးစေ့ပတ်စေ့မဟုတ်တောင်မှ ထိုက်သင့်သော ပြည့်စုံမှုတော့ရှိလိမ့်မယ်လို့ စာရေးသူယူဆမိပါတယ်။

စာဖတ်သူများအနေနဲ့ 'ထူးချင်ဖူးလိုက် ဓာတ်တော်တိုက်' တည်ရှိရာ ယင်းတော်မင်းကျောင်းဆီကို ဗဟန်းတုတပဲဖြစ်ဖြစ်၊ လေ့လာရေးခရီးပဲဖြစ်ဖြစ်၊ ဘုရားဖူးခရီးအနေနဲ့သွားရင်ရင်ပဲဖြစ်ဖြစ် ရန်ကုန်ကလာလာ၊ မန္တလေးကပဲလာလာ မီးရထားနဲ့လာမယ်ဆိုရင် ပျော်ဘွယ်ဘူတာမှာဆင်းလိုက်ရုံပါပဲ။

ဘူတာရုံအထွက် ရှေ့ကတ္တရာလမ်းရဲ့တစ်ဖက်မှာ ယင်းတော်ဘက်ဆီကိုထွက်မယ့်လိုင်းကားနဲ့ တက်လိုက်သွားရင် နာရီဝက်အတွင်း ဓာတ်တော်တိုက်ရှိရာကိုရောက်မှာဖြစ်ပါတယ်။ ကားနဲ့လာမယ်ဆိုရင်တော့ ရန်ကုန်ကလာရင် ပျော်ဘွယ်မြို့ကျော်တာနဲ့ ယင်းတော်ကို မကြာခင်ရောက်တာပါ။ မန္တလေး - မိတ္ထီလာဘက်ကလာရင်တော့ ယင်းတော်ရောက်တာနဲ့ ဓာတ်တော်တိုက်ဆင်းလိုက်ရင်ပဲ ခရီးစဉ်အဆုံးကို ချောချောမောမောရောက်နိုင်တာ ဖြစ်ပါတယ်။

စာရေးသူအနေနဲ့ စာရှုသူမေတ္တာမိတ်ဆွေများကို သန်လျင်တောရယင်းတော်မင်းကျောင်းရှိရာသွားရောက်ဖူးမြော်နိုင်ဖို့အတွက် ဟင်းစားလည်းပေးခဲ့ပါပြီ။ ထို့အတူ ကွန်ချက်ကိုလည်း ပြပေးခဲ့ပြီးဖြစ်ပါတယ်။ စာရေးသူတာကတော့ တာဝန်ကျေပွန်ပြီလို့ထင်ပါတယ်။

ဒါကြောင့် စာရှုသူမေတ္တာမိတ်ဆွေများအနေနဲ့ ဖူးစရာအဖုံဖုံ ဘုရားစုံတည်ရှိရာ၊ ယင်းတော်မင်းကျောင်းဓာတ်တော်တိုက်ရှိရာ ရှပ်ပွားတော်များထံပါးသို့အရောက်သွားပြီး သွားရောက်ဖူးမြော်ကုသိုလ်ယူကြမယ်ဆိုရင်ဖြင့် 'ထူးချင်ဖူးလိုက် ဓာတ်တော်တိုက်' ဆိုတဲ့စကားအတိုင်း ထူးကဲသောအကျိုးတရားများ အမှန်တကယ်ပင် ရရှိနိုင်မှာဖြစ်ကြောင်း စေတနာကောင်းနဲ့ တိုက်တွန်းနှိုးဆော်လိုက်ရပါတော့သည်။

စေတနာမှန်လျှင်ကံကောင်းမည်

**စနေထွန်း (မြစ်သား)**

စာကိုး -

- ထူးထူးခြားခြားဘုရားများ (ဟိတေသီနေလအရှင်နိပုဏ)
- ကိုယ်တိုင်လေ့လာချက်

www.burmeseclassic.com

အနော်ရထာမင်းကြီးလက်ထက် အေဒီ ၁၁ ရာစုတွင် ရှင်အရဟံမထေရ် မြတ်သည် ပုဂံညောင်ဦးအရပ်တွင် လည်းကောင်း၊ မန္တလေးနှင့် မနီးမဝေး ဒေသတို့တွင် လည်းကောင်း၊ မိတ္ထီလာ နယ်တစ်ဝိုက်တွင် လည်းကောင်း၊ သိမ်တွေ အမြောက်အမြား သမုတ်တော်မူခဲ့ ကြောင်း လေ့လာသိရှိရသည်။ ထိုထို သိမ်တို့အနက် မန္တလေးမြို့ ပြင်ဦးလွင် ကားလမ်းဘေး ဘိုတက်ကုန်းရွာအနီး တွင် တည်ရှိသော 'နေထွက်သိမ်'၊ မန္တလေးမြို့ (၃၅) လမ်း အောင်ပင်လယ် ကန်ကောက်ရွာအနီးရှိ 'မွန်းတည့်သိမ်'၊ မန္တလေးမြို့ (၁၁) လမ်း ညောင်ကွဲအရပ် တွင် တည်ရှိသော 'နေဝင်သိမ်'၊ မန္တလေးမြို့ တံခွန်တိုင်အရပ် ပြည်ကျောင်းတိုက် အတွင်းရှိ 'သန်းခေါင်ယံသိမ်' တို့သည် လည်း ထင်ရှားသည့်သိမ်များ ဖြစ်သည်။ ရှင်အရဟံမထေရ်သည် ရှင်အရဟံဂူ (ရထနာဂီရိဂူ) ကြီးတွင် သီတင်းသုံး တော်မူရင်း အထက်ဖော်ပြပါ မန္တလေး မြို့ပေါ်ရှိသိမ်တို့ကို သမုတ်တော်မူခဲ့ပါ သည်။

(ရှင်အရဟံဂူကြီးကို သက္ကရာဇ် ၅၂၀ ပြည့်နှစ်တွင် အလောင်းစည်သူ မင်းကြီး၏ သားတော် မင်းရှင်စောက မထေရ်မြတ် သီတင်းသုံးတော်မူရန် အတွက် ဆောက်လုပ် လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်က မင်းရှင်စော သည် ဖခမည်းတော်မင်းကြီး၏ရာဇမာန် ရှမှုကြောင့် ပြည်နှင်ဒဏ်ပေးခြင်းခံရ သဖြင့် ထွန်းတုံးပူတက်အရပ်တွင် မြို့ပြ တည်ထောင် မင်းပြုလျက်ရှိစဉ် ပုဂံပြည် မှ မန္တလေးဖြစ်လာမည့်အရပ်သို့ သာသနာပြုရန် ရောက်ရှိတော်မူလာ သည့် ရှင်အရဟံနှင့်တွေ့ဆုံကြခြင်း ဖြစ် သည်။ စကားချပ်)

တကယ်တော့ ရှင်အရဟံသည် ပုဂံပြည် အနော်ရထာမင်းလက်ထက်မှ စ၍ စောလူးမင်း၊ ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်း၊ မင်းရှင်စော စသော မင်းဆက်တို့တွင် နှစ်ပေါင်း (၆၀) ကျော်တိုင် သာသနာပြုခဲ့သည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဖြစ်ပါ၏။ ယနေ့ ထက်တိုင် ထိန်းသိမ်းစောင့်ရှောက်တည်

## ရေနံမြေ-လှမ်းရ

# ရှင်အရဟံသမုတ်ခဲ့သော နေဝင်သိမ်နှင့် သီတင်းသုံးတော်မူခဲ့သောဂူကြီး




အရဟံသစ္စာရှင်နေဝင်မဟာသိမ်တော်ဘုရား



ရှင်အရဟံရုပ်တုတော်



www.burmeseclassic.com

www.burmeseclassic.com





ရှိလျက်ရှိသောသိမ်နှင့် တံခွန်တို့မှာ မထေရ်မြတ်၏ သာသနာ့တံခွန်များပင် ဖြစ်ပေသည်။

ယခု စာရေးသူ ရေးသား တင်ပြမည်မှာ ရှင်အရဟံမထေရ် သမုတ်ခဲ့သော 'နေဝင်သိမ်' နှင့် မထေရ်မြတ် သီတင်းသုံးတော်မူခဲ့သော 'ရှင်အရဟံ ဂူကြီး' ၏ အတ္တုပ္ပတ္တိအကျဉ်း ဖြစ်ပါ၏။

□ နေဝင်သိမ်

နေဝင်သိမ်သည် မန္တလေးမြို့ (၁၁) လမ်း၊ တာရိုးအဟောင်းနှင့် တာရိုးအသစ်အကြား ညောင်ကွဲရပ်တွင်တည်ရှိ၍ ပါမိုင်းဝင် ရတနာမဥ္ဇူဘုရား၏ မြောက်ဘက်အရပ်တွင်တည်ရှိ၍ အဆိုပါဘုရားမှ ကိုက် (၅၀၀) ကျော် (၆၀၀)ခန့် ကွာဝေးပေသည်။ ပထမမူလသိမ်တော်ကား ပုံ (၁) တွင် မြင်ရသည့်အတိုင်း သိမ်ငယ်သိမ်သေးဖြစ်သော်လည်း မျက်မှောက်ကာလတွင် ဘက်စုံပြုပြင်မွမ်းမံမှုကြောင့် ပုံ(၂)တွင် မြင်ရသည့်အတိုင်း ဝံ့ကြွားကြီးမားလျက် နေ့စဉ် အဓိဋ္ဌာန်ဝင် ပုတီးစိပ်သူတို့ဖြင့် စည်ကား၍နေပါသည်။ ယခုအခါ ရှင်အရဟံ ဆုတောင်းပြည့်ဘုရားတည်ထားပြီး ဂန္ဓကုဋီရှေ့တွင် ရှင်အရဟံ၏ ရုပ်တုတော်ကို ထုလုပ်ကိုးကွယ်လာသည်။သိမ်သမုတ်ကျောက်တိုင်(သိမ်တိုင်)နှင့် သိမ်တံတိုင်းအကာအရံများ ပြုလုပ်စိုက်ထူထားပြီး ဘုရားအတွင်း၌ ရှင်မထီး (အဋ္ဌဂေါဏ) ရုပ်တုနှင့် မယ်သော်တာရုပ်တုတို့ကို တွေ့ရသည်။ တစ်ခါတလေ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ လာရောက် ပုတီးစိပ်သည်ကို တွေ့မြင်ရသည်ဟု ဆိုပါသည်။ အဓိဋ္ဌာန်ဝင်ကာ ပုတီးစိပ်ပါက လိုအင်ဆန္ဒပြည့်ဝ၍ ကောင်းကျိုးချမ်းသာကို လက်တွေ့ပေးစွမ်းသောနေဗင်သိမ်ပင် ဖြစ်ပါသည်။

□ ရှင်အရဟံဂူ

ရှင်အရဟံဂူသည် နေဝင်သိမ်၏ မြောက်ယွန်းယွန်း၊ သိမ်တော်မှ ကိုက် (၃၀၀) ကျော်ခန့်အကွာတွင် တည်ရှိသည်။ ဂူကြီးသည် ပုံ (၃) တွင် မြင်ရသည့်အတိုင်း အတော်အတန် ကြီးမားမြင့်မောက်ပြီး ဂူပေါ်တွင် စေတီတစ်ဆူနှင့် ရုပ်ပွားဆင်းတုတစ်ဆူတည်ထားလျက် သက္ကရာဇ် ၅၂၀ ပြည့်နှစ်တွင် ဂူကြီးကို တည်ထားခဲ့ကြောင်း ကမ္ပည်းစာရေးထိုးထားလေသည်။ ဂူကြီးကုန်း၏ အတွင်းပိုင်းတွင် လိုဏ်ခေါင်းရှိသဖြင့် တစ်ပေါက်တည်းသာရှိသော့တံခါးပေါက်ကို အမြဲတစေ သော့ခတ်ထားပြီး ခွင့်ပြုချက်မရသော တစိမ်းတရံဆံတို့အား ဝင်ခွင့်မပြုပါပေ။ သိမ်တော်ကျောင်းမှ ခန်းနေဆရာတော် (ဒုတိယကျောင်းထိုင်ဆရာတော်) ဦးပဏ္ဍိတ၏ မိန့်ဆိုချက်အရ ဂူတွင်းရှိ ဘုရားဆင်းတုတော်တို့အား ခိုးယူကြသဖြင့် သော့ခတ်လျက် ပိတ်ထားရကြောင်းသိရသည်။ စာရေးသူနှင့် စာရေးဆရာ သတင်းထောက် ရွှေကျေး(မြစ်ငယ်)တို့သည် ဆရာတော် ဦးပဏ္ဍိတ၏ ခွင့်ပြုချက်ဖြင့် လိုဏ်ဂူအတွင်းသို့ ဆရာတော်နှင့်အတူတကွ ဝင်ကာ လေ့လာခဲ့ကြသည်။ ဂူအတွင်း၌ ရုပ်ပွားဆင်းတုတော်တစ်ဆူရှိ၍ အခြားသော ရုပ်ပွားတော်တို့အား သိမ်တော်ကျောင်းပေါ်တွင် ပင့်ဆောင်ထားသည်ဟု ဆိုပါသည်။

လိုဏ်ဂူသည် အလျား (၂၀) ပေ၊ အနံ (၁၅) ပေခန့် ကျယ်ဝန်း၍ လျှပ်စစ်မီးမရှိသောကြောင့် အလင်းရောင်ဖျော့ဖျော့သာရှိပေသည်။ ရှင်အရဟံသည် ထိုဂူအတွင်း၌ သီတင်းသုံးတော်မူခဲ့ပါသည်။ သို့ရာတွင် မည်သည့်ထောင့်၊ မည်သည့်နေရာတွင် လဲလျောင်းကျိန်းစက်သီတင်းသုံးခဲ့သည်ကိုတော့ မသိရပါပေ။ ဂူ၏အတွင်းပိုင်း၌ သွပ်ပြားဖြင့်ပိတ်ထားသော ခပ်ကျဉ်းကျဉ်းအပေါက်တစ်ခုတွေ့ရပေရာ ဂူ၏အထက်သို့တက်သောလမ်းကြောင်းဟုသိရသည်။ အိုမင်းပြီး ကြံ့ခိုင်မှုမရှိတော့သော ဂူကြီး၏ အနေအထားအရ အန္တရာယ်ဖြစ်နိုင်သောကြောင့် အဆိုပါအပေါက်ကိုပိတ်ထားသည်ဟု ဆိုပါသည်။ တကယ်တော့ သက္ကရာဇ် ၅၂၀ ပြည့်နှစ်တွင် ပြုလုပ်တည်ဆောက်ခဲ့သော ဂူကြီးသည် မျက်မှောက်ကာလ ၁၃၇၈ ခုနှစ်တွင် သက်တမ်း (၈၅၈) နှစ် ရှိပေပြီ။ သို့မို့ကြောင့် အိုမင်းဟောင်းနွမ်းလျက်ရှိသော ဂူကြီး၏အထက်ပိုင်းအချို့နေရာတို့တွင် ကျိုးပဲ့ပြိုပျက်နေသည်ကို တွေ့ရသည်။ ပြုပြင်မွမ်းမံမှုမရှိပါက သာသနာ့အမွေအနှစ်လည်းဖြစ်၊ ရှေးဟောင်းအမွေအနှစ်လည်းဖြစ်သော ရှင်အရဟံဂူကြီးကား ထိမ်ကောပပျောက်သွားနိုင်ပါသည်။

ရေနံမြေ-လွမ်းစု

မှီငြမ်း -

၁။ မင်းရှင်စော၊ ရှင်အရဟံမထေရ်နှင့် နေထွက်ဂူ၊ နေဝင်သိမ် (နတ်မောက်ထွန်းရှိန်)
၂။ စာဆိုတော်များအတ္ထုပ္ပတ္တိ (မောင်သုတ)
၃။ သိမ်တော်ကျောင်းဆရာတော် ဦးပဏ္ဍိတမိန့်ဆိုချက်
၄။ စာရေးသူ၏မှတ်စု



www.burmeseclassic.com


www.burmeseclassic.com



ကျောက်တော်ကြီးဘုရားအဝေးမြင်ကွင်း

စေးလာနွယ်

# နှစ်သစ်ဦးခရီးသွားတော်လား



မဟာသကျရံသီကျောက်တော်ကြီးဘုရား

နယ်ခြားတောင်တန်းသာသနာပြု ဆရာတော်ကြီး အရှင်ဦးဥတ္တမသာရ၏ 'မေတ္တာခရီးသည်ကြီးကိုယ်တွေ့မှတ်တမ်း' ဒုတိယပိုင်းတွင် ခရီးသွားခြင်း ဟူသည် သွားလိုရာဒေသကိုလည်း ရောက်စေ၊ လမ်းခရီးတစ်လျှောက်၌ ဗဟုသုတလည်း ရစေ ဟူ၍ တွေ့မြင်ရာ လေ့လာကြည့်ရှု မှတ်သားခြင်းမျိုးကို သဠာရိတမှတ်သား ခြင်းနှင့်တကွ ခရီးသွားသောသူဟု ခေါ် ဆိုပါသည်။ ၂၀၁၆ ခုနှစ် နှစ်သစ်ဦး ခရီးသွားရင်း ဘုရားဖူးရခြင်းအကြောင်း များကို သူရဋ္ဌမဂ္ဂဇင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်၏။ ယခုလည်း ၂၀၁၇ နှစ်သစ်၏ နှစ်ဦးကာလခရီးသွားခြင်းကို တိုက်ဆိုင် စွာ ဖော်ပြရပေမည်။


၂၀၁၇ ဇန်နဝါရီလ၏ ပထမပတ် အတွင်း မန္တလေးသို့ အလုပ်ကိစ္စတာဝန် ဖြင့်ထွက်လာရသော်ငြား ရောက်ရောက် ချင်းပင် အလုပ်တာဝန်ပြီးဆုံးသွားချေပြီ မို့ အချိန်များစွာလစ်ဟာကျန်ရှိနေပေတော့ သည်။ ဆူညံသောမြို့ပြမှ ထွက်ခွာပြီး 'တောင်သမန်အင်းက လေညင်းဆော် တော့' ဟူသော စာရေးဆရာကြီးမြသန်း တင့်၏မူအတိုင်း သဘာဝအလှတရားတို့ စုစည်းရာ သို့တည်းမဟုတ် ဆရာကြီး ဒဂုန်တာရာ၏ မယ်ဇယ်ရန့် သင်းပျံ့မွှေး ရီရာအရပ်သို့ ဦးတည်ခဲ့ပါသည်။

မည်သည့်အချိန်သွားသွား ဘုန်း တန်ခိုးမညှိုးလှသည့် တောင်မင်းကြီး




www.burmeseclassic.com

www.burmeseclassic.com




မဟာသကျရံသီကျောက်တော်ကြီးဘုရား
(တောင်သမန်ကျေးရွာ)




ပုထိုးတော်ကြီးမြတ်စွာဘုရားတံတိုင်းစင်းမှ
ဘုရားတစ်ဆူ




တောင်မင်းကြီးဘုရား
(တောင်သမန်အင်းစပ်)



ပုထိုးတော်ကြီးမြတ်စွာဘုရား



မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ



ကျောက်တော်ကြီးရုပ်တုနှင့်အတူ

ဘုရားသို့ ဦးခိုက်စမြဲပင်။ တောင်သမန် အင်းကမ်းစပ် ဦးပိန်တံတား၏အနောက် ဘက်ထိပ်တွင် အုတ်ဆင်းတုတော်ကြီး တစ်ဆူရှိခဲ့၏။ ဘွဲ့မည်တော်အဖြစ် နေပူခံကိုယ်တော်ကြီး၊ ဆင်ဖြူဝန်ဘုရား၊ တောင်မင်းကြီးဘုရားဟု အသိများကြ ၏။ ရှေးခေတ် မြန်မာကြီးများ အမျိုး ဘာသာ ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းလိုစိတ်၊ ဘာသာသာသနာကို ကြည်ညိုအားထားလိုစိတ်ရှိကြသည်ကို မသိရှာသော 'ရွှေရိုး' အမည်ခံ အင်္ဂလိပ် စာရေးဆရာ ဂျေဂျေစကော့ကလည်း 'ဘုရားကြီးကို တဖြည်းဖြည်းနှင့် ချုံနွယ် ပိတ်ပေါင်းတို့ဖုံးအုပ်နေသည်။ နောင် တစ်ခေတ်တွင် ထိုဘုရားကြီး အကောင်း ပကတိမြင်ရတော့မည်မဟုတ်ဘဲ အကျိုး အပဲ့အဖြစ်သာမြင်ရမည်မှာမလွဲ။ ဘုရား ရုပ်လုံးပင်ပေါ်ချင်မှပေါ်တော့မည်' ဟု သူ၏ The Burmans his life and notions စာအုပ်တွင် ရေးသားထားခဲ့သည်။

နှစ်တစ်ရာကျော်က သူစိုးရိမ်ခဲ့ သောအရာများသည် တစ်ခုမှဖြစ်မလာ ဘဲ ခေတ်အဆက်ဆက် မြန်မာလူမျိုးတို့ ပြုပြင်မွမ်းမံခဲ့ကြ၍ ယနေ့တွင် ကြည်ညို ဖွယ်ကိုဆောင်သော တောင်မင်းမြတ် ရှင်တော်ကို ဖူးတွေ့နေရပေသည်။ ခရစ် နှစ် ၁၈၅၅ က တောင်သမန်သံတဲသို့ ရောက်ရှိလာသော အင်္ဂလိပ်သံအဖွဲ့၏ မှတ်တမ်း (The court of Ava in 1855. By Henary Yule) တွင် နေပူခံကိုယ် တော်ကြီးဘဝက တောင်မင်းကြီးဘုရား ကို 'အီဂျစ်ပြည် နိုင်းမြစ်ဝှမ်းမှ ရုပ်တုကြီး များကဲ့သို့ အမပူရပူမြို့ တောင်သမန် အင်းစောင်းမှ ကြီးမားသော ရုပ်တုတော် ကြီးတစ်ဆူသည် တောင်သမန်အင်းကြီး ကို ပြုံး၍ကြည့်ရှုနေသည်' ဟု ကမ္ဘာ တွင် အလားတူ အခြားကြီးမားသော ရုပ်တုများနှင့်နှိုင်း၍ ရေးသားဖော်ပြခဲ့ သည်။

မည်သည့်အချိန်ဖူးဖူး ဖူးမဝဖြစ် သော တောင်မင်းကြီး မြတ်စွာဘုရား အား ရှိခိုးကော်ရော်ပြီးသည့်နောက် ဦးပိန်တံတားပေါ်သို့ အနည်းငယ် လျှောက်လှမ်းကြည့်ရှုမိသည်။ သစ်သား တိုင်အချို့ အစားထိုးလဲလှယ်ထားပြီး

www.burmeseclassic.com


www.burmeseclassic.com



ကျောက်တော်ကြီးဘုရားအဝေးမြင်ကွင်း

စေးလာနွယ်

# နှစ်သစ်ဦးခရီးသွားတော်လား



မဟာသကျရံသီကျောက်တော်ကြီးဘုရား

နယ်ခြားတောင်တန်းသာသနာပြု ဆရာတော်ကြီး အရှင်ဦးဥတ္တမသာရ၏ 'မေတ္တာခရီးသည်ကြီးကိုယ်တွေ့မှတ်တမ်း' ဒုတိယပိုင်းတွင် ခရီးသွားခြင်း ဟူသည် သွားလိုရာဒေသကိုလည်း ရောက်စေ၊ လမ်းခရီးတစ်လျှောက်၌ ဗဟုသုတလည်း ရစေ ဟူ၍ တွေ့မြင်ရာ လေ့လာကြည့်ရှု မှတ်သားခြင်းမျိုးကို သဉ္ဇာရိတမှတ်သား ခြင်းနှင့်တကွ ခရီးသွားသောသူဟု ခေါ်ဆိုပါသည်။ ၂၀၁၆ ခုနှစ် နှစ်သစ်ဦး ခရီးသွားရင်း ဘုရားဖူးရခြင်းအကြောင်း များကို သူရဇ္ဇမဂ္ဂဇင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်၏။ ယခုလည်း ၂၀၁၇ နှစ်သစ်၏ နှစ်ဦးကာလခရီးသွားခြင်းကို တိုက်ဆိုင် စွာ ဖော်ပြရပေမည်။


၂၀၁၇ ဇန်နဝါရီလ၏ ပထမပတ် အတွင်း မန္တလေးသို့ အလုပ်ကိစ္စတာဝန် ဖြင့်ထွက်လာရသော်ငြား ရောက်ရောက် ချင်းပင် အလုပ်တာဝန်ပြီးဆုံးသွားချေပြီ မို့ အချိန်များစွာလစ်ဟာကျန်ရှိနေပေတော့ သည်။ ဆူညံသောမြို့ပြမှ ထွက်ခွာပြီး 'တောင်သမန်အင်းက လေညင်းဆော် တော့' ဟူသော စာရေးဆရာကြီးမြသန်း တင့်၏မှုအတိုင်း သဘာဝအလှတရားတို့ စုစည်းရာ သို့တည်းမဟုတ် ဆရာကြီး ဒဂုန်တာရာ၏ မယ်ဇယ်ရန့် သင်းပျံ့မွှေး ရီရာအရပ်သို့ ဦးတည်ခဲ့ပါသည်။

မည်သည့်အချိန်သွားသွား ဘုန်း တန်ခိုးမညှိုးလှသည့် တောင်မင်းကြီး




www.burmeseclassic.com

www.burmeseclassic.com




မဟာသကျရံသီကျောက်တော်ကြီးဘုရား
(တောင်သမန်ကျေးရွာ)




ပုထိုးတော်ကြီးမြတ်စွာဘုရားတံတိုင်းဝင်းမှ
ဘုရားတစ်ဆူ




တောင်မင်းကြီးဘုရား
(တောင်သမန်အင်းစပ်)



ပုထိုးတော်ကြီးမြတ်စွာဘုရား



မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ



ကျောက်တော်ကြီးရုပ်တုနှင့်အတူ

ဘုရားသို့ ဦးခိုက်စမြဲပင်။ တောင်သမန် အင်းကမ်းစပ် ဦးပိန်တံတား၏အနောက် ဘက်ထိပ်တွင် အုတ်ဆင်းတုတော်ကြီး တစ်ဆူရှိခဲ့၏။ ဘွဲ့မည်တော်အဖြစ် နေပူခံကိုယ်တော်ကြီး၊ ဆင်ဖြူဝန်ဘုရား၊ တောင်မင်းကြီးဘုရားဟု အသိများကြ ၏။ ရှေးခေတ် မြန်မာကြီးများ အမျိုး ဘာသာ ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းလိုစိတ်၊ ဘာသာသာသနာကို ကြည်ညိုအားထားလိုစိတ်ရှိကြသည်ကို မသိရှာသော 'ရွှေရိုး' အမည်ခံ အင်္ဂလိပ် စာရေးဆရာ ဂျေဂျေစကော့ကလည်း 'ဘုရားကြီးကို တဖြည်းဖြည်းနှင့် ချုံနွယ် ပိတ်ပေါင်းတို့ဖုံးအုပ်နေသည်။ နောင် တစ်ခေတ်တွင် ထိုဘုရားကြီး အကောင်း ပကတိမြင်ရတော့မည်မဟုတ်ဘဲ အကျိုး အပဲ့အဖြစ်သာမြင်ရမည်မှာမလွဲ။ ဘုရား ရုပ်လုံးပင်ပေါ်ချင်မှပေါ်တော့မည်' ဟု သူ၏ The Burmans his life and notions စာအုပ်တွင် ရေးသားထားခဲ့သည်။

နှစ်တစ်ရာကျော်က သူစိုးရိမ်ခဲ့ သောအရာများသည် တစ်ခုမှဖြစ်မလာ ဘဲ ခေတ်အဆက်ဆက် မြန်မာလူမျိုးတို့ ပြုပြင်မွမ်းမံခဲ့ကြ၍ ယနေ့တွင် ကြည်ညို ဖွယ်ကိုဆောင်သော တောင်မင်းမြတ် ရှင်တော်ကို ဖူးတွေ့နေရပေသည်။ ခရစ် နှစ် ၁၈၅၅ က တောင်သမန်သံတဲသို့ ရောက်ရှိလာသော အင်္ဂလိပ်သံအဖွဲ့၏ မှတ်တမ်း (The court of Ava in 1855. By Henary Yule) တွင် နေပူခံကိုယ် တော်ကြီးဘဝက တောင်မင်းကြီးဘုရား ကို 'အီဂျစ်ပြည် နိုင်းမြစ်ဝှမ်းမှ ရုပ်တုကြီး များကဲ့သို့ အမပူရပူမြို့ တောင်သမန် အင်းစောင်းမှ ကြီးမားသော ရုပ်တုတော် ကြီးတစ်ဆူသည် တောင်သမန်အင်းကြီး ကို ပြုံး၍ကြည့်ရှုနေသည်' ဟု ကမ္ဘာ တွင် အလားတူ အခြားကြီးမားသော ရုပ်တုများနှင့်နှိုင်း၍ ရေးသားဖော်ပြခဲ့ သည်။

မည်သည့်အချိန်ဖူးဖူး ဖူးမဝဖြစ် သော တောင်မင်းကြီး မြတ်စွာဘုရား အား ရှိခိုးကော်ရော်ပြီးသည့်နောက် ဦးပိန်တံတားပေါ်သို့ အနည်းငယ် လျှောက်လှမ်းကြည့်ရှုမိသည်။ သစ်သား တိုင်အချို့ အစားထိုးလဲလှယ်ထားပြီး



www.burmeseclassic.com


www.burmeseclassic.com

ဖြစ်၍ လုပ်ယမ်းခါခြင်းမရှိတော့ဘဲ တောင့်တင်းခိုင်မာသော တံတားတစ်စင်းအဖြစ် ရပ်တည်နေသည်။ အင်းရေမှာ ခပ်ပါးပါးလေးဖြစ်နေဟန်တူ၏။ တံတားပေါ် တည်ခင်းရောင်းချနေသည့်စျေးသမထံမှ အဖြူရောင်စိပ်ပုတီးတစ်ကုံး ဝယ်ယူအားပေးပြီးနောက် ကိုပညာ (အမရပူရ) ကျောင်းတိုက်တည်ရှိရာ တောင်လေးလုံးကျောင်းတိုက်သို့ ဦးတည်ခြေလှည့်မိပြန်ပါ၏။

အမေလူထုဒေါ်အမာ ရေးသားသော 'မန္တလေးမတိုင်ခင်က မန္တလေး၊ ကျွန်မတို့ငယ်ငယ်တုန်းက မန္တလေး၊ ကျွန်မတို့မန္တလေး' စာအုပ်ကို ဖတ်ဖူးခဲ့သည့်အမျှနည်းတူ ၁၉၉၆ ခုနှစ် အမျိုးသားစာပေဆု စာပဒေသာ (ဝိဇ္ဇာ) ဆုရ ကိုပညာ (အမရပူရ) ၏ 'တောင်သမန်ဝန်းကျင်သမိုင်းဝင်နေရာများ' စာအုပ်ကို အမှတ်ရနေမိသည်။ လူထုဒေါ်အမာ၏ စာအုပ်တွင် 'အမရပူရကနေပြီး ရတနာပုံမန္တလေးကို မင်းတုန်းမင်းက မြို့တော်ရွှေ့တဲ့အခါ မန္တလေးဘက်က အမရပူရကို တောင်မြို့လို့ခေါ်ပါတယ်။ မန္တလေးကလူတွေက အခုထက်ထိ အမရပူရကို တောင်မြို့လို့ပဲခေါ်ပါတယ်။ဘတ်စ်ကားသမားတွေက 'တောင်မြို့ကို. . တောင်မြို့ကို' လို့ ခုထိ အော်အော်ခေါ်နေတာကို မန္တလေးလာတဲ့ဧည့်သည်တိုင်းကြားဖူးကြပါလိမ့်မယ်။ တကယ်ကတော့လည်း ထီးပေါင်းကားအရပ်ထဲက တောင်မြို့နဲ့ မြောက်မြို့ပဲမဟုတ်လား' ဟု ရေးသားဖော်ပြခဲ့ပါသည်။

ဆိုင်ကယ်ကယ်ရီသမားကလေး 'လောပန်' လမ်းညွှန်ချက်ဖြင့် အနီးနားမှ တောင်လေးလုံးကျောင်းတိုက်သို့ လေ့လာဖူးမြော်ရန်ရောက်လာခဲ့ပါသည်။ တောင်လေးလုံးဆရာတော် သို့မဟုတ် ကိုပညာ (အမရပူရ) အမည်ခံ ရဟန်းစာဆိုပုံ့လွှန်တော်မူသွားသော်လည်း ဆရာတော်အား ချစ်ခင်ကြည်ညိုကြကုန်သော စာဆိုတော်များ၏ အထိမ်းအမှတ်ကျောက်ထက် အက္ခရာတင်ခဲ့သည့် အလွမ်းပြေသဝဏ်လွှာများကို ဖတ်ရှုနိုင်ပါသေးသည်။ ပမာပြရလျှင် ကွယ်လွန်သူ စာရေးဆရာကြီးများ၊ ကဗျာဆရာများ၊ သမိုင်းပညာရှင်များ၏ အထိမ်းအမှတ်များကို မြင်တွေ့နေရခြင်းပင်။ စေတီတော်တစ်ဆူနံဘေးတွင် ဆရာကြီးဒဂုန်တာရာ၏ ကျောက်ထက်စာပေကိုသော်လည်းကောင်း၊ ဆရာကြီး ဦးညိုမြ၊ သမိုင်းစာရေးဆရာကြီး ဒေါက်တာ


ကျောက်တော်ကြီးဘုရားရှေ့ဟောင်းသက်ရာတံတိုင်း၊


ကြေးဝိသသာချိန် (၁၅၀၀၀) ခေါင်းလောင်းတော် ပုထိုးတော်ကြီးမြတ်စွာဘုရား


တောင်လေးလုံးကျောင်းတိုက် ဦးပညာ (အမရပူရ) အား ရှိခိုးကော်ရော်

သန်းထွန်း၏အရိုးအိုးဂူ၊ ကဗျာဆရာများ၏ အလွမ်းပြေရေးသားမှုအဖုံဖုံကို မှတ်တမ်းတင်ထားပါသည်။ တစ်ချိန်သောအခါက လူထုဒေါ်အမာမွေးနေ့ပွဲများကျင်းပရာဌာနသို့ အနယ်နယ်အရပ်ရပ်မှ စာပေပညာရှင်များ စုရုံးရောက်ရှိကာ တောင်လေးလုံးကျောင်းတိုက်အတွင်း သင့်လျော်ရာဌာန၌ မွေးနေ့ဆုတောင်းပွဲများ၊ ကဗျာရွတ်ဆိုပွဲများ ကျင်းပခဲ့ကြ၏။ ယခုတော့ ကျောင်းထိုင်

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်သာမက ပညာရှင်အသီးသီးတို့ ကွယ်လွန်ခဲ့ပြီး နှောင်းလူတို့ အလွမ်းပြေကြည့်ရှုစရာ ဌာနတုံမြေသာ ဖြစ်ပါတော့သည်။

ကျွန်တော်တို့သည် ကိုပညာ (အမရပူရ) သီတင်းသုံးရာ တိုက်ခန်းရှိ ဆရာတော်၏ ပုံတော်အား ရိုသေစွာ ဂါရဝပြုပြီးသည့်နောက် ကျောင်းနံဘေး ပြင်ဆင်ဆဲ ရုပ်ပွားတော်တစ်ဆူကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။ ဆက်လက်၍ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ကျမ်းပြုဆရာတော်အရှင်ဇနကာဘိဝံသ၏ ကျောင်းတော်ရာသို့ လှေ့လာဖူးမြော်ရန် ဆက်လက် ထွက်ခွာခဲ့ရာ ခရီးမှာ မဝေးလှပါချေ။





ကျောက်တော်ကြီးဘုရားတံတိုင်းအတွင်း ရှေးဟောင်းပန်းချီများ

အရှင်ဇနကာဘိဝံသ၏ 'တစ်ဘဝသံသရာဖြစ်စဉ်'အကြောင်း ရေးသားထားသည့် ကိုယ်တိုင်ရေးထေရုပ္ပတ္တိကို အများသူငါတို့ ဖတ်ရှုဖူးကြပေမည်။

ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် သရိုင်ရွာတွင် အဖ ဦးဇောတိ၊ အမိ ဒေါ်အုန်းလှိုင်တို့မှ ၁၂၆၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သည်။ ၁၂၆၆ ခု၌ (ပထမအကြိမ်) ရှင်သာမဏေပြုသည်။ ၁၂၇၅ ခုနှစ်တွင် (ဒုတိယအကြိမ်) ရှင်သာမဏေပြုသည်။ ၁၂၇၉ခု (၁၈) နှစ်အရွယ်၌ ပထမကြီးတန်းကို အောင်မြင်ခဲ့သည်။ ၁၂၈၀ ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ပထမအကြိမ်၊ ၁၂၈၁ ခုနှစ် နယုန်လပြည့်နေ့၌ (ဒုတိယအကြိမ်)၊ ၁၂၈၁ ခုနှစ် တပေါင်းလပြည့်နေ့၌ (တတိယအကြိမ်) ရဟန်းအဖြစ်ကို ခံယူသည်။ ၁၂၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်နေ့၌ ပခုက္ကူဆရာတော်ကြီးများ၏ 'ပခုက္ကူစာချ' အဖြစ် တင်မြှောက်မှုကို ခံယူရသည်။ ၁၂၈၇ (၁၉၂၆) ခုနှစ်၌ 'ပထမကျော်' အောင်မြင်တော်မူသည်။ ၁၂၈၇ ခုနှစ်၌ 'ပရိယတ္တိသာသနဟိတဓမ္မာစရိယ' ဘွဲ့ရရှိသည်။ ၁၃၁၂ ခုနှစ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ (ရှေးဦးစွာ) 'အဂ္ဂမဟာပဏ္ဍိတ'ဘွဲ့တံဆိပ်ကို ခံယူရသည်။

၁၃၁၅ ခုနှစ်၌ -

က။ ဆဋ္ဌသင်္ဂါယနာ သြဝါဒစရိယ သံဃနာယက



အရှင်ဇနကာဘိဝံသဗိမာန်တော်



ဆရာဇဂုန်တာရာကျောက်တိုင်



တောင်သမန်အင်း ဦးပိန်တံတား



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်၍ လှုပ်ယမ်းခါခြင်းမရှိတော့ဘဲ တောင့်တင်းခိုင်မာသော တံတားတစ်စင်းအဖြစ် ရပ်တည်နေသည်။ အင်းရေမှာ ခပ်ပါးပါးလေးဖြစ်နေဟန်တူ၏။ တံတားပေါ် တည်ခင်းရောင်းချနေသည့်ဈေးသမထံမှ အဖြူရောင်စိပ်ပုတီးတစ်ကုံး ဝယ်ယူအားပေးပြီးနောက် ကိုပညာ (အမရပူရ) ကျောင်းတိုက်တည်ရှိရာ တောင်လေးလုံးကျောင်းတိုက်သို့ ဦးတည်ခြေလှည့်မိပြန်ပါ၏။

အမေလူထုဒေါ်အမာ ရေးသားသော 'မန္တလေးမတိုင်ခင်က မန္တလေး၊ ကျွန်မတို့ငယ်ငယ်တုန်းက မန္တလေး၊ ကျွန်မတို့မန္တလေး' စာအုပ်ကို ဖတ်ဖူးခဲ့သည့်အမျှနည်းတူ ၁၉၉၆ ခုနှစ် အမျိုးသားစာပေဆု စာပဒေသာ (ဝိဇ္ဇာ) ဆုရ ကိုပညာ (အမရပူရ) ၏ 'တောင်သမန်ဝန်းကျင်သမိုင်းဝင်နေရာများ' စာအုပ်ကို အမှတ်ရနေမိသည်။ လူထုဒေါ်အမာ၏ စာအုပ်တွင် 'အမရပူရကနေပြီး ရတနာပုံမန္တလေးကို မင်းတုန်းမင်းက မြို့တော်ရွှေ့တဲ့အခါ မန္တလေးဘက်က အမရပူရကို တောင်မြို့လို့ခေါ်ပါတယ်။ မန္တလေးကလူတွေက အခုထက်ထိ အမရပူရကို တောင်မြို့လို့ပဲခေါ်ပါတယ်။ဘတ်စ်ကားသမားတွေက 'တောင်မြို့ကို. . တောင်မြို့ကို' လို့ ခုထိ အော်အော်ခေါ်နေတာကို မန္တလေးလာတဲ့ဧည့်သည်တိုင်းကြားဖူးကြပါလိမ့်မယ်။ တကယ်ကတော့လည်း ထီးပေါင်းကားအရပ်ထဲက တောင်မြို့နဲ့ မြောက်မြို့ပဲမဟုတ်လား' ဟု ရေးသားဖော်ပြခဲ့ပါသည်။

ဆိုင်ကယ်ကယ်ရီသမားကလေး 'လောပန်' လမ်းညွှန်ချက်ဖြင့် အနီးနားမှ တောင်လေးလုံးကျောင်းတိုက်သို့ လေ့လာဖူးမြော်ရန်ရောက်လာခဲ့ပါသည်။ တောင်လေးလုံးဆရာတော် သို့မဟုတ် ကိုပညာ (အမရပူရ) အမည်ခံ ရဟန်းစာဆိုပျံလွန်တော်မူသွားသော်လည်း ဆရာတော်အား ချစ်ခင်ကြည်ညိုကြကုန်သော စာဆိုတော်များ၏ အထိမ်းအမှတ်ကျောက်ထက်အက္ခရာတင်ခဲ့သည့် အလွမ်းပြေသဝဏ်လွှာများကို ဖတ်ရှုနိုင်ပါသေးသည်။ ပမာပြရလျှင် ကွယ်လွန်သူ စာရေးဆရာကြီးများ၊ ကဗျာဆရာများ၊ သမိုင်းပညာရှင်များ၏ အထိမ်းအမှတ်များကို မြင်တွေ့နေရခြင်းပင်။ စေတီတော်တစ်ဆူနံဘေးတွင် ဆရာကြီးဒဂုန်တာရာ၏ ကျောက်ထက်စာပေကိုသော်လည်းကောင်း၊ ဆရာကြီး ဦးညိုမြ၊ သမိုင်းစာရေးဆရာကြီး ဒေါက်တာ



ကျောက်တော်ကြီးဘုရားရှေးဟောင်းလက်ရာတံတိုင်း



ကြေးပိဿာချိန် (၁၅၀၀၀) ခေါင်းလောင်းတော် ပုထိုးတော်ကြီးမြတ်စွာဘုရား



တောင်လေးလုံးကျောင်းတိုက် ဦးပညာ (အမရပူရ) အား ရှိခိုးကော်ရော်

သန်းထွန်း၏အရိုးအိုးဂူ၊ ကဗျာဆရာများ၏ အလွမ်းပြေရေးသားမှုအဖုံဖုံကို မှတ်တမ်းတင်ထားပါသည်။ တစ်ချိန်သောအခါက လူထုဒေါ်အမာမွေးနေ့ပွဲများကျင်းပရာဌာနသို့ အနယ်နယ်အရပ်ရပ်မှ စာပေပညာရှင်များ စုရုံးရောက်ရှိကာ တောင်လေးလုံးကျောင်းတိုက်အတွင်း သင့်လျော်ရာဌာန၌ မွေးနေ့ဆုတောင်းပွဲများ၊ ကဗျာရွတ်ဆိုပွဲများ ကျင်းပခဲ့ကြ၏။ ယခုတော့ ကျောင်းထိုင်



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်သာမက ပညာရှင်အသီးသီး တို့ ကွယ်လွန်ခဲ့ပြီး နှောင်းလူတို့ အလွမ်းပြေကြည့်ရှုစရာ ဌာနဘုံမြေသာ ဖြစ်ပါတော့သည်။

ကျွန်တော်တို့သည် ကိုပညာ (အမရပူရ) သီတင်းသုံးရာ တိုက်ခန်းရှိ ဆရာတော်၏ ပုံတော်အား ရိုသေစွာ ဂါရဝပြုပြီးသည့်နောက် ကျောင်းနံ့ဘေး ပြင်ဆင်ဆဲ ရုပ်ပွားတော်တစ်ဆူကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။ ဆက်လက်၍ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ကျမ်းပြုဆရာတော်အရှင်ဇနကာဘိဝံသ၏ ကျောင်းတော်ရာသို့ လှေလာဖူးမြော်ရန် ဆက်လက် ထွက်ခွာခဲ့ရာ ခရီးမှာ မဝေးလှပါချေ။


အရှင်ဇနကာဘိဝံသ၏ 'တစ်ဘဝသံသရာဖြစ်စဉ်' အကြောင်း ရေးသားထားသည့် ကိုယ်တိုင်ရေးထေရုပ္ပတ္တိကို အများသူငါတို့ ဖတ်ရှုဖူးကြပေမည်။

ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် သရိုင်ရွာတွင် အဖ ဦးဇောတိ၊ အမိ ဒေါ်အုန်းလှိုင်တို့မှ ၁၂၆၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သည်။ ၁၂၆၆ ခု၌ (ပထမအကြိမ်) ရှင်သာမဏေပြုသည်။ ၁၂၇၅ ခုနှစ်တွင် (ဒုတိယအကြိမ်) ရှင်သာမဏေပြုသည်။ ၁၂၇၉ခု (၁၈) နှစ်အရွယ်၌ ပထမကြီးတန်းကို အောင်မြင်ခဲ့သည်။ ၁၂၈၀ ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ပထမအကြိမ်၊ ၁၂၈၁ ခုနှစ် နယုန်လပြည့်နေ့၌ (ဒုတိယအကြိမ်)၊ ၁၂၈၁ ခုနှစ် တပေါင်းလပြည့်နေ့၌ (တတိယအကြိမ်) ရဟန်းအဖြစ်ကို ခံယူသည်။ ၁၂၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်နေ့၌ ပခုက္ကူဆရာတော်ကြီးများ၏ 'ပခုက္ကူစာချ' အဖြစ် တင်မြှောက်မှုကို ခံယူရသည်။ ၁၂၈၇ (၁၉၂၆) ခုနှစ်၌ 'ပထမကျော်' အောင်မြင်တော်မူသည်။ ၁၂၈၇ ခုနှစ်၌ 'ပရိယတ္တိသာသနဟိတဓမ္မာစရိယ' ဘွဲ့ရရှိသည်။ ၁၃၁၂ ခုနှစ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ (ရွှေဦးစွာ) 'အဂ္ဂမဟာပဏ္ဍိတ'ဘွဲ့တံဆိပ်ကို ခံယူရသည်။


၁၃၁၅ ခုနှစ်၌ -

က။ ဆဋ္ဌသင်္ဂါယနာ ဩဝါဒစရိယ သံဃနာယက





ကျောက်တော်ကြီးဘုရားတံတိုင်းအတွင်း ရှေးဟောင်းပန်းချီများ



အရှင်ဇနကာဘိဝံသဗိမာန်တော်



ဆရာဇဝန်တာရာကျောက်တိုင်



တောင်သမန်အင်း ဦးပိန်တံတားပေါ်



www.burmeseclassic.com

www.burmeseclassic.com

ခ။ ဆဋ္ဌသံဂီတိ ဘာရတ္တရက

ဂ။ ဆဋ္ဌသံဂီတိ ပါဠိဝိသောဓက

ဃ။ ဆဋ္ဌသံဂီတိဩဝါဒါနုသာသနသောဓေယျ ပတ္တပါဌကအဖြစ်တင်မြှောက်ခြင်းကို ခံယူရသည်။

၁၃၃၇ ခုနှစ် ပဲခူးမြို့၌ ကျင်းပအပ်သော ဂိုဏ်းလုံးကျွတ်အစည်းအဝေးကြီးမှ ရွှေကျင်ဂိုဏ်း ဒုတိယသာသနာပိုင်အဖြစ် တင်မြှောက်ခြင်းကို ခံယူရသည်။ ၁၃၃၉ ခုနှစ် သက်တော် (၇၈) နှစ်သို့အရောက် နတ်တော်လပြည့်ကျော် ၂ ရက်၊ (၂၇-၁၂-၇၇) ရက် အင်္ဂါနေ့ ညနေ (၀၄း၃၀) နာရီတွင် တစ်ဘဝအတွက်ငြိမ်းတော်မူသည်။

တစ်ဘဝသံသရာပတ်လုံး သာသနာတော်အတွက် လှုပ်ရှားရုန်းကန်ကြိုးပမ်းခဲ့သည့် အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော် ကျမ်းပြုဆရာတော်ကြီး၏ ကျောင်းဝိုင်းအတွင်းသို့ ရောက်ချေပြီ။ ကျယ်ဝန်းလှသောတောင်သမန်ကမ်းစပ်ရှိ တိုက်တာအဆောက်အအုံများကို ဟိုးလွန်ခဲ့သောနှစ်များစွာကအခြေအနေနှင့် နှိုင်းယှဉ်ကြည့်မိနေပါသည်။ မြဝတီရုပ်သံမှ လွှင့်ထုတ်ခဲ့သော အမရပူရမြို့ ကျမ်းပြုဆရာအကျော် မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ထေရုပ္ပတ္တိနှင့်ဗျာပနမှတ်တမ်းကို ကြည့်ရင်း သတိရဆင်ခြင်မိ၏။ ပိုင်ဆိုင်ခဲ့သမျှ စာအုပ်စာတမ်းများ၊ ကျောင်းပရိဘောဂများ လှည်းငါးစီးတိုက်စာ ရွှေ့ပြောင်းလာပြီး တောင်မြို့တွင် အခြေပြုစာသင်စာချဘဝမှနေ ကြီးမားပြန့်ကျယ်သောဤဌာနေဝင်းကြီးအတွင်း၌ ရဟန်းသာမဏေဘိုးသူတော်ရာပေါင်းများစွာကိုသင်ကြားပေးနေသော ဝိဟာရကျောင်းတော်ကြီးဟုဆိုက မှားအံ့မထင်။

"စိတ်ကြီးဝင်ဆိုလို့ မျက်နှာထားတင်းပြီးတော့ ဟိုလူငေါက်ချဒီလူငေါက်ချလုပ်တယ်။ တချို့ ပိုက်ဆံပေါလို့၊ အာဏာရှိလို့ အဖက်မလုပ်ရင်လည်း စိတ်ကြီးဝင်တယ်လို့ပြောကြတယ်။ အဲဒါစိတ်ကြီးဝင်တာမဟုတ်ဘူး။ ဘဝသံသရာအောက်ကျဖို့ စိတ်ကလေးဝင်တာ။ မင်းတို့လည်း စိတ်ကလေးမဝင်ကြစေနဲ့"

ဟု နံနက်ခင်းတိုင်း ရဟန်းသာမဏေများကို ဆုံးမညွှန်ကြားပေးသည့် 'နံနက်ခင်းဩဝါဒများ' မှစာတစ်ပိုဒ်ပင် ဖြစ်သည်။

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ သံဝေဂလင်္ကာသည် ကျွန်တော်တို့ အမြဲနှလုံးသွင်းရမည့်အရာလည်းဖြစ်ချေ၏။

❑ *ငါတို့နေရာ၊ ဤကမ္ဘာ၊*
*တဏှာအုပ်စိုးသည်။*
*တဏှာစေရာ၊ မနေသာ၊*
*ဖွေရှာဆက်ရသည်။*
*ရသည့်ဥစ္စာ၊ ချစ်သူပါ၊*
*စွန့်ခွာသွားရမည်။*
*တကယ့်အရေး၊ တကယ့်ဘေး၊*
*ဘယ်သွေးဘယ်သားမကယ်ပြီ။*
*ငါနှင့်ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူ*
*သေကြများလှပြီ။*
*ခဏမစဲ၊ အိုစမြဲ၊*
*ကိုယ်လည်းသေဘက်နီးခဲ့ပြီ။*
*ဇရာမီးတောင်၊ ကိုယ်ထည်လောင်၊*
*သေအောင်မြိုက်တော့သည်။*
*မသေရခင်၊ သွားလမ်းစဉ်၊*
*ကြိုတင်ပြင်သင့်သည်။*
*ဒါနသီလာ၊ ဘာဝနာ၊*
*လမ်းသာထွင်လိမ့်မည်။*
*မဂ္ဂင်ယာဉ်ကြီး၊ အမြန်စီး၊*
*ခရီးထွက်တော့မည်။*

ဆရာတော်သီတင်းသုံးရာ၊ ကျမ်းပြုသည့်နေရာနှင့် ရုပ်တုတော်တို့ကို ဖူးမြော်ရင်း အခန်းတွင်းရှိ မှတ်တမ်းဝင်ဓာတ်ပုံများကြည့်မိသည်။ အနီးရှိ ဗိမာန်တော်ကာဆီးနေသည့်အတွက် တောင်သမန်အင်းကိုကျော်ပြီး တောင်သမန်ကျေးရွာရှိ မဟာသကျရံသီ ကျောက်တော်ကြီးဘုရားကို အဝေးမှဖူးမြော်မိသည်။ ကမ္ဘာလှည့်ခရီးသည်များသည် တောင်သမန်အင်းကို ဖြတ်ကျော်ဖောက်လုပ်ထားသည့် ဦးပိန်တံတားသာမက မဟာဂန္ဓာရုံကျောင်းတိုက်ရှိ သံဃာတော်များ၏ ကြွချီကြီးမားစွာ စာသင်စာချမြန်းကြည်ညိုချီနေပုံကိုလည်း တအံ့တဩငေးမောကြည့်သည်မှာ မဆုံးနိုင်တော့ပါ။ အဆောင်ဆောင်အခန်းခန်းကို လှည့်လည်ကြည့်ရှုကြပြီး ပုံနှိပ်ရိုက်ထုတ်ဝေသော ကျမ်းစာအုပ်ငယ်များကို ရွေးချယ်ဝယ်ယူပြီး ခရီးဆက်ထွက်ခွာခဲ့ကြပါသည်။

❑

အမရပူရမြို့၌ ကြီးလေးကြီးဘုရားများ အထင်အရှားရှိခဲ့ပါသည်။ ရွှေဂူကြီး၊ ပုထိုးတော်ကြီး၊ ကျောက်တော်ကြီး၊ တောင်မင်းကြီးဟု အထင်အရှားရှိသည်တွင် မနီးမဝေးမှ 'မဟာဝိဇယရံသီပုထိုးတော်ကြီး မြတ်စွာဘုရား' ထံပါးသို့ ဖူးမြော်ရန် အရောက်သွားခဲ့ပါသည်။ စကားမစပ်ရေးသားပြောရလျှင် ထိုပုထိုးတော်ကြီးသည် ရှေးယခင် ဘုရားပုထိုးများကဲ့သို့ နှစ်ရာထောင်ချီမဟုတ်မူလည်း ဘကြီးတော် စစ်ကိုင်းမင်း တည်ထားကိုးကွယ်သည့် ဘုရားတစ်ဆူဖြစ်သောကြောင့်ပင်တည်း။

ဘုရားကြီးနည်းတူ စိတ်ဝင်စားဖွယ်အကောင်းဆုံးမှာ ဘကြီးတော်စစ်ကိုင်းမင်း၏ ကောင်းမှုဖြစ်သော ကြေးချိန်ပိဿာ(၁၅၀၀၀)ရှိသည့် 'မဟာမေရုမကုဋယက္ခရာဇာ' ဘွဲ့အမည်ရှိ ခေါင်းလောင်းတော်ကြီးပင်ဖြစ်ပါသည်။

နှစ်ပေါင်း ၁၈၅ နှစ်ကျော်ရှိပြီဖြစ်သော ရှေးဟောင်းသမိုင်းဝင် ဤစေတီတော်ကြီးနှင့်ပတ်သက်သည့် သာသနိကအဆောက်အအုံအမွေအနှစ်များ ယနေ့တိုင်အောင် မပျက်မစီးအကောင်းပကတိအတိုင်း မြင်တွေ့ရသည်မှာ ဘိုးဘွားမိဘတို့၏ တာဝန်သိစွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ၍ဖြစ်ပါသည်။ ကုန်းဘောင်ခေတ် မင်းနေပြည်တော်ဟောင်းတစ်ခုဖြစ်ခဲ့သော အမရပူရမြို့ရှိ ပုထိုးတော်ကြီးဟု အများကသမုတ်သော ဘုရားစေတီကြီး၏ပရိဝုဏ်အတွင်း အရှေ့ဘက်မျက်နှာစာတွင် သံဇရပ်၌ အုတ်တိုင်ကြီးနှစ်တိုင် သံဘားတန်းဝယ် ချိတ်ဆွဲထားသော ကြီးမားသော ခေါင်းလောင်းကြီးသာဖြစ်၏။ ယနေ့တိုင်အောင် မူလအခြေအနေမပျက် တည်ရှိနေပြီး . မန္တလေးရှေးဟောင်းသုတေသနရုံးက ထိန်းသိမ်းစောင့်ရှောက်ထားပါသည်။ပါဠိဘွဲ့တော်ကို မြန်မာလို လုံးကောက်အလိုက်အဓိပ္ပာယ်ပြန်ရသော် 'ကြီးမားသောမြင်းမိုရ်တောင်၏ သရဖူဖြစ်သော ခေါင်းလောင်းဘုရင်ကြီး' ဟု ရပါသည်။

မဟာဝိဇယရံသီပုထိုးတော်ကြီးသမိုင်းနှင့် ဘုရားဒါယကာ ဘကြီးတော် (စစ်ကိုင်းမင်း)၊ နန်းမတော်မယ်နုတို့အကြောင်း ပြည့်စုံစွာတင်ပြရန်ရှိသော်လည်း စာလေးမည်စိုးသဖြင့် ချန်လှပ်ခဲ့ပါသည်။ အကျဉ်းချုပ်၍ စေတီတော်ကြီးတည်ဆောက်ပုံမှာ ပုဂံညောင်ဦးရှိ ရွှေစည်းခုံစေတီတော်ကြီးနှင့် ဖွဲ့စည်းပုံတည်ဆောက်ပုံအများအားဖြင့် တူညီလျက်ရှိသည်ကို မျက်မြင်တွေ့ရသည်။ ပုဂံခေတ်နောက်ပိုင်းကာလ ဘုရားပုထိုးစေတီများသည် ဤရွှေစည်းခုံစေတီတော်ကြီးပုံကို အခြေခံရယူပြီး တည်ဆောက်ခဲ့သည်ချည်းဖြစ်သည်ကို တွေ့ရသည်။ ရွှေစည်းခုံစေတီတော်ကြီးမှာ အထက်ပိုင်း တုတ်ခိုင်ပြည့်ဖြိုးပြီး ခံ့ညားထည်ဝါလျက် ပုဂံ၏အားမာန်ကိုဆောင်က ကြည်ညိုဖွယ် ဖူးမြင်ရသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com

ဤပုထိုးတော်ကြီးစေတီမှာလည်း ခေါင်းလောင်းပုံ၊ သပိတ်မှောက်နှင့် ဖောင်းရစ်တို့တွင် တဖြည်းဖြည်းချင်းအထက်ပိုင်းသွယ်လျှတက်သွားသဖြင့် ကုန်းဘောင်ခေတ်၏ ဗိသုကာအနုပညာအလှကို ကြည်ညိုဖွယ်ရာ ဖူးမြင်ရပေသည်။

စေတီတော်ကြီးသည် အမရပူရမြို့၌ ဘုရားပုထိုးစေတီများအနက် အချိုးအစားကျန ပြေပြစ်ဆုံး၊ အထူးခြားဆုံးဖြစ်ပြီး အသပ္ပာယ်ဆုံး၊ ကြည်ညိုဖွယ်ရာအဖြစ်ဆုံးဟုလည်း ဆိုချင်ပါသည်။ နတ်မုခ်လှေကား (၄) စင်း၊ မနုသီဟလှေကားကြီး (၄) စင်းမှ တစ်ဆင့်ချင်းအထက်သို့တက်သွားလျှင် ပထမပစ္စယာ၊ ဒုတိယပစ္စယာ၊ တတိယပစ္စယာသို့ ရောက်နိုင်ပေသည်။ ထိုမှဆက်၍တက်သွားလျှင် ရှစ်ထောင့် ကြာဝန်း၊ ကျည်းဝန်းအထိတက်ရောက်နိုင်သည်။ထိုတွင်ရှိ စကြံပတ်လမ်းတစ်လျှောက်ကိုလျှောက်၍ ပတ်ဝန်းကျင်မြင်ကွင်းကျယ်ကျယ်ကို အာရုံခံစားနိုင်ပါသည်။

တောင်သမန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေပြည်လေညင်းကြောင့် စေတီတော်ကြီးမှ ဆည်းလည်းသံများ ငြိမ့်ညောင်းကြည်လင်ချိုအေးစွာ သာယာကြည်နူးဖွယ်တလွင်လွင်တချင်ချင်ကြားကြရသဖြင့် နှစ်သက်ကြည်နူးမှု၊ ကြည်ညိုလေးစားမှု၊ ကိုးကွယ်လိုမှု၊ သဒ္ဓါစိတ်နှင့် သန္တရသများ တဖွားဖွားအလိုလိုဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

❑

တစ်နေ့တာ သမိုင်းဝင်နေရာများသို့လှည့်လည်ကြည့်ရှုနေရသည့်အတွက် စိတ်အစဉ်မှာ ကြည်လင်ရွှင်လန်းနေဆဲ။ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်အင်းကို ကျော်ဖြတ်၍ တောင်သမန်ကျေးရွာကို မျှော်ကြည့်မိသည်။ ပန်းချီကားဆန်ဆန်လှပနေသော ဦးပိန်တံတားကို မျက်စိတစ်ဆုံး မြင်နေရဆဲ။ ထိုးထိုးထောင်ထောင်သစ်တောအုပ်ထဲမှ 'မဟာသကျရံသီကျောက်တော်ကြီး' ဘုရားကို လှမ်းဖူးတွေ့နေရပေသည်။ ဦးပိန်တံတားပေါ် လျှောက်လှမ်းပြီး တောင်သမန်အင်းမှတစ်ဆင့် ကျောက်တော်ကြီးဘုရားသို့သွားရန် အပူရှိန်မြင့်မားနေသေးသဖြင့်မဖြစ်နိုင်။ ကားလမ်းအတိုင်း ရတနာပုံတက္ကသိုလ်ကိုကျော်ဖြတ်ပြီးမှသာ ဘုရားဖူးသွားရန် လွယ်ကူခြင်းကြောင့် အလျင်အမြန်သွားရောက်ရပေလိမ့်မည်။

ကုန်းဘောင်မင်းဆက် သတ္တမမြောက်ဘုရင် ရတနာပူရ (အင်းဝ) စတုတ္ထမြို့တည်နန်းတည် မှန်နန်းရှင် စစ်ကိုင်း (ဘကြီးတော်) မင်း ဖြစ်သည်။ ပုဂံမင်း၊ မင်းတုန်းမင်းတို့၏ ဘကြီးဖြစ်၍ 'ဘကြီးတော်မင်း' ဟု ခေါ်သည်။ ဘုရားဒါယကာသည် သောကြာသားဖြစ်၍ မိမိမွေးနံအလိုက် ဘွဲ့တော်တပ်လှူထားခြင်း ဖြစ်သည်။ မန္တလေးကျောက်တော်ကြီးနှင့် ကွဲပြားစေရန် 'တောင်သမန်ကျောက်တော်ကြီးဘုရား' ဟု ခေါ်ဝေါ်ကြသည်။ မတ္တရာ စကျင်တောင်မှ ထွက်ရှိသော အရည်အသွေးမြင့် အကောင်းစား စကျင်ကျောက်သားကို ထုဆစ်ပူဇော်ထားသည့်ကျောက်ဆင်းတုအမျိုးအစားဖြစ်ပါသည်။ ဉာဏ်တော်အမြင့် (၁၁)တောင်၊ (၂) မိုက်၊ (၄) သစ်ရှိသည်။ မြန်မာနှစ် ၁၁၉၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်နေ့တွင် စတင်ထုလုပ်ပူဇော်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်တောင်ပေါ်မှ အလျား (၂၂) ပေခွဲ၊ အနံ (၁၁) ပေ (၄) လက်မ၊ ထုထည် (၉) ပေ (၁၀) လက်မရှိ စကျင်ကျောက်တုံးကြီးကို ဧရာဝတီမြစ်ကြောင်းအတိုင်း ဖောင်ဖြင့်သယ်ယူ၍ ထုလုပ်ပူဇော်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ထိုစဉ်က မင်းနေပြည်နန်းတော်အတွင်း ဂန္ဓကုဋီအုတ်ပြာသာဒ်တော်၌ စံမြန်းတော်မူသည်။ မြန်မာနှစ် ၁၁၉၂ ခုနှစ်မှ ၁၁၉၉ ခုနှစ်အထိ ဘကြီးတော်မင်းကိုးကွယ် ပူဇော်သည်။ ၁၁၉၉ ခုနှစ်တွင် ဘကြီးတော်၏ ညီတော် သာယာဝတီ (ရွှေဘို) မင်းက နောင်တော်ကိုနန်းချ၍ ထီးနန်းသိမ်းပိုက်ပြီး အင်းဝမှ မြို့တော်ဟောင်း အမရပူရမြို့သို့ ရွှေ့ပြောင်းနန်းစိုက်လျက် ကုန်းဘောင်မင်းဆက် အဋ္ဌမမြောက်ဘုရင်အဖြစ် နန်းစံသည်။ ဘကြီးတော် နန်းကျဘုရင်လည်း အမရပူရမြို့သို့ လိုက်ပါသွားရသဖြင့် ဘုရားကြီးမှာ ဘုရားဒါယကာနှင့် ကင်းကွာသွားခဲ့သည်။ ထို့ပြင် ၁၂၀၀ ပြည့် စစ်ကိုင်းငလျင်ကြီးကြောင့် ဂန္ဓကုဋီအုတ်ပြာသာဒ်ကြီးမှာ ပြိုပျက်ယိုယွင်းသွားသဖြင့် ဂန္ဓကုဋီပြာသာဒ်ပြိုကြီးအတွင်းမှာပင် စံမြန်းခဲ့ရသည်။

မြန်မာနှစ် ၁၂၀၈ ခုနှစ်တွင် ရွှေဘိုမင်းနတ်ရွာစံသဖြင့် သားတော် ပုဂံမင်းသားက ကုန်းဘောင်မင်းဆက် နဝမမြောက်၊ အမရပူရမြို့ စတုတ္ထမြောက်ဘုရင်အဖြစ် နန်းတက်သည်။ မြန်မာနှစ် ၁၂၁၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်နေ့တွင် ပုဂံမင်းသည် အမရပူရနန်းတော်၏ တောင်ဘက် တောင်သမန်ရွာ၏အရှေ့ဘက်၊ ထန်းတောရွာ၏အနောက်ဘက်ရွာ (၂) ရွာအကြား ယခုနေရာဆီသို့ ကိုယ်တိုင်ကြွရောက်ပြီး ကျောက်တော်ကြီးဘုရား ပင့်ဆောင်ထားရှိမည့်ဂန္ဓကုဋီပြာသာဒ်စေတီတော်တည်ထားရန်နေရာ သတ်မှတ်ပြသ၍ တည်ဆောက်စေခဲ့သည်။ ပြာသာဒ်စေတီတော်တည်ဆောက်၍ ဆင်းတုတော်ကြီးထားရှိရန် အနေအထားသို့ရောက်ရှိသည့် မြန်မာနှစ် ၁၂၁၁ ခု၊ နယုန်လဆန်း ၁၄ရက်နေ့တွင် ဆင်းတုတော်ကြီးကို အင်းဝမှ အမရပူရတောင်သမန်သို့ မီးသင်္ဘောဖြင့် ဖောင်ပေါ်တင်ဆွဲယူပင့်ဆောင်၍ ထားရှိကိုးကွယ်ခဲ့သည်။

ပုဂံ အာနန္ဒာဘုရားပုံစံအတိုင်း တည်ဆောက်ထားသည့်လိုဏ်မုခ်(၄)မုခ်ပါ ဂန္ဓကုဋီအာရုံခံတိုက်ကျောင်းတော်မှ ပစ္စယာ (၃) ဆင့်ခံ လွန်းတောင်ပေါ်တွင် စေတီတော်တည်ထားသည့် အရံစေတီ၊ ပန်းအိုးများဖြင့် မွန်းမံခြယ်သထားသည်။ လိုဏ်မုခ် (၄) ခု၏ မျက်နှာကြက်နှင့် ဘေးနံရံများတွင် ဆေးပန်းချီများရေးခြယ်ထားသည်။ ကုသိုလ်တော်ဘုရားပုံများ၊ ဘုန်းတော်ကြီးကျောင်းပုံများ၊ တောတောင်ကန်ချောင်းပုံများ၊ စုံတွဲပုံများ၊ အတွဲချောင်းကြည့်ပုံများ (ဤသည့်အချက်ကြောင့်ထင်သည်။ ဘုရားပရိဝုဏ်အတွင်း လူငယ်လူရွယ်စုံတွဲများကို မြင်မိခဲ့သေးသည်။) နတ်ဘီလူး၊ ဇော်ဂျီပုံများ၊ နက္ခတ်တာရာပုံများရေးဆွဲထား၏။ ထိုခေတ်ထိုအခါက ယဉ်ကျေးမှုအယူအဆ ယုံကြည်မှုဓလေ့စရိုက်များကို လေ့လာအကဲခတ်ခွင့် ရရှိစေသည်။ ဗုဒ္ဓခြေတော်ရာပုံမှာ ကျမ်းဂန်ဆိုနှင့်အညီရေးဆွဲထားသည်ကို တွေ့ရှိရသည်။ စေတီတော်ပေါ်သို့ တက်ရောက်ရန် အတွင်းလိုဏ်လမ်းများကိုလည်း ဖောက်လုပ်တည်ဆောက်ထားသည်။

ကျောက်တော်ကြီးဘုရားမြောက်ဘက်၌ အမရပူရနန်းတော်တည်ရှိသည်။ ဘုရားနှင့် နန်းတော်အကြား တောင်သမန်အင်းခြားသည်။ မိုးကာလရေတက်ချိန်တွင် ရေပြင်ကြီးဖြစ်လျက် ရေကျချိန်တွင် ချောင်းငယ်ကျန်ရှိသည်။ ပုဂံမင်းသည် အမရပူရနန်းမြို့မှ ရဟန်းရှင်လူပြည်သူများ ကျောက်တော်ကြီးဘုရားသို့ ဘုရားဖူးသွားနိုင်ရန် အမရပူရ



www.burmeseclassic.com

www.burmeseclassic.com

# မနှင်းပွင့်(ပြည်)
# ရွှေဆံတော်ဘုရားတောင်ဘက်စောင်းတန်းမှ
# သိုက်ချုပ်ကျွန်းတိုင်ကြီး

ရွှေဆံတော်ဘုရားသို့ရောက်ဖူးသူတိုင်း သိမည်မထင်ပါ။ ဘာဖြစ်လို့ပါလဲဆိုပါက မြင်လျက်မသိခြင်း ဖြစ်ပါသည်။ ထိုကျွန်းတိုင်ကြီးကြောင့် သူဌေးဖြစ်သူများရှိသလို ကတိကဝတ်ပျက်၍ ဒုက္ခရောက်သူများလည်းရှိပေသည်။ ထိုကျွန်းတိုင်ကြီး၏သက်တမ်းကို မည်သူမျှ အတိအကျ မပြောနိုင်ပါသော်လည်း ဘိုးဘွားဘီဘင် ဟိုးရှေးကတည်းက အစဉ်အလာရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းများရှိခဲ့ပေသည်။ ပြည်မြို့ ရွှေဆံတော်အနောက်ဘက်လှေကားနှင့် တောင်ဘက်စောင်းတန်းနား ရှေ့လမ်းမကြီး၏ တစ်ဖက်ဘေးတွင် ထိုတိုက်ချုပ်ကျွန်းတိုင်ကြီးရှိပါသည်။ အရင်တုန်းက ထိုကျွန်းတိုင်ကြီးသည် ထုံးဖြူဖြူကိုသာ ချထားသော်လည်း ယခုအခါတွင် ရွှေပိန်းချထားသည်ကို တွေ့ရပေမည်။ အရင်က ကျွန်းတိုင်ထီးထီးကြီးဖြစ်နေသော်လည်း ယခုအခါ အဓိဋ္ဌာန်အောင်မြင်သူများမှ လာရောက်ပြီး တိုက်အုပ်မိုးလေးဆောက်ကာ ပန်း၊ ရေချမ်းများဆက်ကပ်ထားပြီး ဖယောင်းတိုင်၊ အမွှေးတိုင်များလည်း ပူဇော်ထားရှိကြောင်း တွေ့ရပေသည်။ အုပ်မိုးလေး၏အောက်တွင် တိုက်ချုပ်ကျွန်းတိုင်ကြီးက ခံ့ခံ့ထည်ထည်ကြီးနှင့် တွေ့ရပေသည်။

ထိုကျွန်းတိုင်ကြီး၏ ရာဇဝင်မှာကား ဤသို့တည်း။

ရွှေဆံတော်ဘုရား၏ရှေ့လမ်းမကြီးဘေးတွင် အလွန်ကြီးမားလှသော ကျွန်းပင်ကြီးတစ်ပင်သည် မိုးသို့မျှော်ကာ သုဒဿနတောင်တော်နှင့်အပြိုင်မြင့်မားခဲ့ပေသည်။ ထိုကျွန်းတိုင်ကြီးသည် ယောက်ျားကြီး (၃) ယောက်လက်နှင့်သိုင်းဖက်ပါက လက်ချင်းပင်မထိချင်ပေ။

ထိုကျွန်းတိုင်ကြီး၏ အောက်ခြေကလိုင်ပေါက်ထည့်တည့်သည် ပြည်မြို့အတွင်းရှိသိုက်သို့ ဆုံစည်းရာဟုပင် ဘိုးဘွားတို့က ပြောကြားခဲ့သည်။ သိုက်ပေါင်းစုံ၏ အဓိကပင်မနေရာတစ်ခုဖြစ်ခဲ့ကြောင်းကို ပြည်သမိုင်းရေးရာကျွမ်းကျင်လှသော သုဒဿနဆရာတော်၏ စာတမ်းပြုစုရေးသားရာ၌ ဖော်ပြခဲ့ဖူးပါသည်။ လပြည့်၊ လကွယ်နေ့ဆိုပါလျှင် ထိုကျွန်းတိုင်ကြီးအနားသို့ ဖြတ်သန်းသွားသူမှန်သမျှ အင်မတန်မှ မွှေးကြိုင်သော ပန်းရနံ့မျိုးစုံ၏ ရနံ့ပေါင်းစုံကို ရရှိခဲ့သည်ဟု ကြုံဖူးသူတို့က ပြောဆိုခဲ့ဖူးပါသည်။

အဘဘိုးဘိုးအောင်ပင် ထိုသိုက်ချုပ်ကျွန်းတိုင်ကြီးနားတွင် အဓိဋ္ဌာန်အောင်မြင်ခဲ့ကြောင်း အဘဘိုးဘိုးအောင်မိန့်မှာခဲ့ဖူးပါသည်။ ပထမကမ္ဘာစစ်ဖြစ်သောအခါ၌ ထိုကျွန်းတိုင်ကြီးသည် ပျက်စီးယိုယွင်းခဲ့သည်။ သို့သော် ပထမကမ္ဘာစစ်အတွင်း ရွှေဆံတော်ဘုရားမြောက်ဘက်၊ တောင်ဘက်စောင်းတန်းများ မီးလောင်ပျက်စီးကာဆုံးရှုံးခဲ့သော်လည်း ထိုကျွန်းတိုင်ကြီးသည် လုံးဝမီးလောင်ပပျောက်မသွားဘဲ ယခုမြင်တွေ့သလို လမ်းဘေးတွင် ထီးထီးမားမားရှိနေဆဲဖြစ်သည်ကိုကပင် အင်မတန်ထူးဆန်းလှပေသည်။ ရွှေဆံတော်ဘုရားဖူးသူများ သွားရောက်ကြည့်နိုင်၊ အဓိဋ္ဌာန်ပြုနိုင်ပါသည်။ ဘုရား၏ တောင်ဘက်နီးနီးလေးမှာရှိပါသည်။

သွားရောက်မည်ဆိုပါက အကြံတစ်ခုပေးချင်ပါသည်။ ကျွန်းတိုင်ကြီးရှေ့တွင် အဓိဋ္ဌာန်တစ်ခုခု (သို့) လိုချင်တာတစ်ခုခု တောင်းဆိုကြည့်ပါ။ မကြာမီထူးခြားမှုရှိလာပါက အဓိဋ္ဌာန်အတိုင်း သွားရောက်ပြီး ရွှေချပါ။ အဓိဋ္ဌာန်အတိုင်းပြုလုပ်ပါရန် အကြံပေးလိုပါသည်။

အဘယ့်ကြောင့်ဆိုသော် စာရေးသူကိုယ်တိုင် ယုံကြည်၍ အဓိဋ္ဌာန်ပြုဆုတောင်းခဲ့ဖူးပါသည်။ ဆုတောင်းစဉ်က ပေ့ါပေ့ါလေးပါပဲ 'လူငယ်သဘာဝငွေများများဝင်ချင်ကြတာပါပဲ' ကျန်တာမဟုတ်ပါ။ ထိုအချိန်က စာရေးသူက ဝန်ထမ်းဘဝ မြဝတီရုပ်မြင်သံကြားတပ်က ဒု-အရာခံဗိုလ်အဆင့်ပါ။ လစာနန်းတော်တောင်ဘက်မျက်နှာ အလယ်ကုန်းမော်(ခာတ်)တံခါးအထွက်မှ ကျောက်တော်ကြီးဘုရားသို့သွားလမ်းဖောက်လုပ်စေခဲ့သည်။ တောင်သမန်အင်းချောင်းကူးအုတ်တံတားကို မြန်မာနှစ် ၁၂၁၃ခု၊ တပို့တွဲလဆန်း ၁၄ ရက်၊ အင်္ဂါနေ့ (၂) ချက်တီးကျော် (၂) နာရီ ပါဒ်ပြည့်အချိန် အုတ်မြစ်ချ၍ တည်ဆောက်ခဲ့၏။ ယခု ဒေသခံလူအများက ထိုအုတ်တံတားကို 'မယ်နုတံတား' ဟု မှားယွင်းခေါ်ဝေါ်ကြသည်။


ကျွန်တော်တို့သည် တစ်နေကုန်ဘုရားကျောင်းကန်တစ်ပိုက်လှည့်လည်လေ့လာဖူးမြော်ရင်း နှစ်သစ်ကို ယခင်နည်းတူ ကြိုဆိုလိုက်ကြပေသည်။ မြန်မာနိုင်ငံအတွင်း လေ့လာ[illegible]ရှုစရာ များ[illegible]ပါဘိတောင်း။ အချို့[illegible]ည်း ပြည်ပခရီးစဉ်များထွက်၍ ကမ္ဘာတစ်လွှား အနှံ့နယ်နယ်အရပ်ရပ် ဗဟုသုတမျိုးစုံကို ရှာဖွေသကဲ့သို့ ပြည်တွင်းခရီးသွားများကလည်း တောရပ်မြိုင်ခွင်ခရီးနှင်သည့်သူများအဖြစ်ရပ်တည်နေကြဆဲဖြစ်သည်။ ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝသည့် မြန်မာနိုင်ငံတော်သို့ ကမ္ဘာ့လှည့်ခရီးသည်များလည်း ဝင်လာမစဲတသဲသဲရောက်ရှိနေပုံကိုကြည့်၍ဂုဏ်ယူမဆုံးပါ။ ရိုးရာအမွေကို ထိန်းသိမ်းစောင့်ရှောက်ရင်း တို့ဘိုးတို့ဘွားတို့ဆောက်တည်ခဲ့သော ရာဇဝင်အမွေအနှစ်ကို လွမ်းဆွတ်စွာ ငေးမောကြည့်ရှုရင်း နှစ်သစ်ဦးကြိုဆိုခဲ့ပါသည်။

**စေးလာနွယ်**

**ကိုးကားစာစောင်များ**

၁။ တစ်ဘဝသံသရာ (အရှင်ဇနကာဘိဝံသ)
၂။ မဟာဝိဇယရံသီပုထိုးတော်ကြီး ညာဏ်မြင့်
၃။ မဟာသကျရံသီကျောက်တော်ကြီးဘုရား

www.burmeseclassic.com



ကတော့ ပြောရင်ယုံနိုင်မည်မထင်ပါ။ (၁၂၅၀) ကျပ် ဒါတောင် အရာရှိစကေး လစာပါ။ ထိုအချိန်က ဆန်တစ်အိတ် (၅၀၀) ကျပ်ပါ။ ဆီတစ်ပိဿာ (၁၀၀)၊ ကြက်သား (၁) ပိဿာ (၁၅၀) ကျပ်ပဲ ရှိပါသေး၏။ ထိုခေတ်တွင် လစာကို ချွေချွေတာတာစား၊ ချွေချွေတာတာ ကြည့်သုံးနေကြရသူများပင် ဖြစ်ပါသည်။

ထို့ကြောင့် လူပြောများလှသော ထိုသိုက်ချုပ်ကျွန်းတိုင်ကြီးဆီသို့ သွားရောက်ပြီး တကယ်ဖြစ်၊ မဖြစ် ငွေကို တောင်းကြည့်ခဲ့ဖူးပါသည်။ မကြာပါ။ ခွင့်နှင့်ပြည်ကိုပြန်လာသောမိမိမှာ အလုပ်ခွင်ရှိရာ မြဝတီရုပ်/သံ မှော်ဘီမြို့သို့ ပြန်သွားရပါသည်။ ရောက်ပြီး (၅) ရက်လောက်အကြာတွင် ယခု ခေတ်စားနေသော အောင်ဘာလေထီကိုထိုးလိုက်ရာ ထီဖွင့်သောအခါ (၅၀၀၀)ကျပ်ဆုပေါက်ခဲ့ပါသည်။ ထိုအချိန်က ငွေ (၅၀၀၀) ကျပ်က နည်းနည်းနောနောမဟုတ်ပေ။ ဒါပေမယ့် ထိုကျွန်းတိုင်ကြီးကို မေ့နေသူကား မိမိပင် ဖြစ်ပါသည်။ ငွေရရှိ၍ လိုချင်လှသော အသုံးအဆောင်ပစ္စည်းများကို မိမိစိတ်ကြိုက်ဝယ်ပစ်လိုက်၏။ ထို့နောက် ရွှေလက်စွပ်တစ်ကွင်းပင် ရရှိခဲ့သည်။ ထိုငွေရရှိပြီး ရက်အနည်းငယ်ကြာသောညတစ်ညတွင်ပင် မိမိသည် အိပ်မက်ဆိုးမက်ခဲ့ပေသည်။ ထိုကျွန်းတိုင်ကြီးကို စောင့်ရှောက်နေသော ဘိုးလူးကြီးတစ်ယောက်မှ မိမိကိုလိုက်လံ၍ထုသောကြောင့် မိမိသည် အသေအလဲ ထွက်ပြေးခဲ့ရပြီး နှုတ်မှလည်း -

"ဘာလို့ ကျွန်မကို ရိုက်တာလဲ၊ ဘာအပြစ်ရှိလို့ရိုက်တာလဲ"

ဟူ၍ မေးလည်းမေးပြီး နှုတ်မှလည်း -

"ကျွန်မတောင်းပန်ပါတယ်"

"ကျွန်မတောင်းပန်ပါတယ်"

ဟု ပြောလိုက်သောအခါမှ ဘိုးလူးကြီးမှ -

"နင် တော်တော်ကတိမတည်တာဘဲ။ နင်ဘာကိုကတိပေးထားလဲပြော"

ဟု မိမိကို စဉ်းစားခိုင်းနေ၏။

မိမိက ဘာမှသတိမရ။

ထိုအခါ ဘိုးလူးကြီးမှ တင်းပုတ်ကိုရွယ်ပြီး -

"အေး - ငါက ကျွန်းတိုင်ကြီးကအစောင့်ပဲ။ နင်လိုချင်တာ ငါတို့ပေးပြီးပြီပဲ။ နင်က ကတိမတည်ဘူး။ နင်ရွှေလာပြီးချမယ်ပြောထားတာမှတ်မိလား။ နင့်ကို သိုက်ချုပ်ဘိုးဘိုးကြီးက ပညာပေးလိုက်ဆိုလို့ ငါလာတာ။ သိပြီလား ကလေးမ သိပြီလား"

ဟူ၍ အသံအောကြီးဖြင့်သူပြောတော့မှ မိမိကတိပေးမိသည်ကို စဉ်းစားမိရင်း -

"အင်း - သိပါပြီ အရှင်ဘိုးလူကြီး။ ကျွန်မတောင်းပန်ပါတယ်။ ပြောထားတဲ့အတိုင်းလည်း ရွှေလာချပ်ပါ့မယ်နော်"

ဟု ပြောလိုက်ရပါသည်။

ဒါတောင် သူက စ,နေသလိုလို တကယ်လိုလိုနှင့် ထုသလိုဟန်ပြင်လိုက်၍ မိမိကယောင်ပြီး 'အား' ဟုအော်လိုက်ပြီး အိပ်ရာမှလန့်၍နိုးသွားပါတော့သည်။ ဒါ စာရေးသူ၏ တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းပါ။ စိတ်ကူးယဉ်ပြီးရေးသားခြင်း မဟုတ်ပါ။ နောက် စနေ၊ တနင်္ဂနွေရက်များတွင် ပြည်သို့သွားရောက်ပြီး ရွှေချပေးမှသာ ဤကဲ့သို့သောအိပ်မက်မျိုးမမက်တော့ပေ။

ပြည်မြို့တွင်ရှိသော သူငယ်ချင်းများကိုလည်းပြောပြရာ သူတို့လည်း သူတို့၏ အဓိဋ္ဌာန်နှင့် သွားရောက်ပြီး ဆုတောင်းအဓိဋ္ဌာန်ပြုခဲ့ကြသည်ဟု မိမိကို ပြောပြခဲ့ပါသည်။ အထူးသဖြင့် ချက်ချင်းလက်ငင်း အကျိုးပေးသည်က ထူးခြားမှုတစ်ခုပင်လော (သို့) တိုက်ဆိုင်မှုပေလော မဆိုတတ်ပေ။ သေချာတာတစ်ခုကတော့ တကယ်အဓိဋ္ဌာန်ပြုပြီး ငွေကြေးကို ဆုတောင်းပါက ချက်ချင်းအကျိုးပေးကြောင်း သေချာလှသည်။

ဒီစာဖတ်ပြီး ငွေအခက်အခဲရှိသောသူများသည် ရွှေဆံတော်ပြည်ဝင်ပြည်ထွက်ရောက်ခဲ့ပါက သွားရောက်ပြီး ကျွန်းတိုင်ကြီးဆီ ဆုမွန်တစ်ခုခုတောင်း၍ အဓိဋ္ဌာန်ပြု ဆုတောင်းနိုင်ကြောင်း တင်ပြအပ်ပါသည်။

မနှင်းနှင့်(ပြည်)

www.burmeseclassic.com

www.burmeseclassic.com

ရန်အောင်မြို့မှ

# ရန်အောင်မြင်ဆုတောင်းပြည့်စေတီနှင့် ဦးဒိပကျောင်းတော်

သစ်ဆုံ-အောင်မြင့်စော


ရေးတော့အမှန် ဖတ်တော့အသံ ဟူသောဆိုစကားနှင့်အညီ စာရေးလျှင် ရန်အောင်မြို့ဟုရေး၍ နှုတ်ဖြင့်ခေါ်လျှင် ရနောင်မြို့ဟုခေါ်သော ရန်အောင်မြို့ဟုခေါ်သော ရန်အောင်မြို့တွင် ရှေးဟောင်းဘုရားစေတီများနှင့် ဘုန်းတော်ကြီးကျောင်းပေါင်းများစွာရှိပါသည်။

□ ကုန်းဘောင်ခေတ်ရနောင်မြို့


သီပေါမင်းနန်းတက်သည့်အရေးနှင့် ရတနာပုံနန်းတွင်းအရေးတော်ပုံများတွင် ထိပ်တန်းမှပါဝင်သူတစ်ဦးဖြစ်သော ရနောင်မင်းသား မောင်မောင်တုတ် အပိုင်စားရသည့် ရနောင်မြို့သည် ယခုအခါတွင်မူ ကျေးရွာခွဲ (၄) ရွာ ပါဝင်သည့်ကျေးရွာအုပ်စုတစ်စုမျှသာဖြစ်နေပါသည်။ သခါိရတရားပေတည်း။

ဗြိတိသျှ သူ့ကျွန်ဘဝတွင် လက်ထောက်မြို့ပိုင် အုပ်ချုပ်သောမြို့နယ်ခွဲတစ်ခုဖြစ်ခဲ့သည်။ ရန်အောင်ရဲစခန်းအရှေ့ဘက်၌ ဗိုလ်တဲအဟောင်းတစ်လုံးရှိခဲ့ဖူးသည်။ စာရေးသူငယ်စဉ်က တွေ့မြင်ခဲ့ဖူးပါသည်။ ယခုမရှိတော့ပါ။ ဗိုလ်တဲမြေနေရာကွက်လပ်သာရှိပါတော့သည်။

မြို့ပိုင်ရုံးစောင့် အိန္ဒိယလူမျိုး ဒရဝမ်ကြီးကိုလည်း တွေ့မြင်ခဲ့ဖူးသည်။ ဒရဝမ်ကြီးက ပင်စင်ယူပြီးနောက်



ဦးဒိပကျောင်းဝင်းအတွင်းရှိ ရန်အောင်မြင်ဆုတောင်းပြည့်စေတီတော်



လေးထပ်ကျောင်း
မူလကျောင်းထိုင်ဆရာတော် ဦးဒိပပုံတော်



ဦးဒိပကျောင်းအတွင်းရှိ သိမ်ကျောက်စာတိုင်




www.burmeseclassic.com

www.burmeseclassic.com



ဦးဒီပသိမ်အတွင်းရှိ ကျန်ရစ်သော ရုပ်တော်ရုပ်ပွားတော် (၅) ဆူ



ဦးဒီပသိမ်အတွင်းမှ ခိုးယူခံရသော ရုပ်ပွားတော်၏ ကျန်ရစ်သောခြေတော်များ



လေးထပ်ကျောင်း ခေါ် ဦးဒီပဘုန်းတော်ကြီးကျောင်းနှင့် လက်ရှိကျောင်းထိုင်ဆရာတော် ဦးအာတရ

ရန်အောင်တွင် လက်ဖက်ရည်ဆိုင်ဖွင့်ခဲ့သည်။ ရန်အောင်တွင်ပင် ကွယ်လွန်သည်အထိ နေထိုင်သွားခဲ့သည်။

ရန်အောင်မြို့သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်တွင် ပါဝင်ပါသည်။ ပျော်ဘွယ်မြို့မှ အနောက်ဘက် (၈) မိုင်အကွာ ပျော်ဘွယ်-နတ်မောက်ကားလမ်းနှင့် ရထားလမ်းပေါ်တွင်တည်ရှိပါသည်။ ရန်အောင်အုပ်စုတွင် (က) ရန်အောင်၊ (ခ) ပင်းစုရွာ၊ (ဂ) ကုက္ကိုခါးလှရွာနှင့် (ဃ) ကိုင်းရွာ ဟူ၍ ရွာခွဲ (၄) ရွာ ပါဝင်သည်။ ကျေးရွာအုပ်စုချုပ်အိမ်ခြေပေါင်း (၁၀၀၀) ကျော်နှင့် လူဦးရေပေါင်း (၆၀၀၀) ခန့်ရှိပါသည်။

□ တန်ခိုးကြီးမားစေတီများ

အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ်ဦးပိုင်းလောက်တွင် မိုးလေဝသမှန်ကန်၍ ရန်အောင်မြို့တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေခဲ့ဟန်ရှိပါသည်။ ရန်အောင်မြို့ အနောက်ဘက် ပျော်ဘွယ်-နတ်မောက်ကားလမ်းဘေးတွင် 'သာခေါင်ကန်'ဟု ခေါ်သော ရေကန်ကြီးရှိပါသည်။ ထိုကန်ကြီးမှ လယ်မြေဧက (၅၀၀) ခန့် စပါးစိုက်ပျိုးနိုင်လောက်အောင် ရေပေးဝေနိုင်ခဲ့ပါတယ်။

ရန်အောင်မြို့၏ အနောက်ဘက်တွင် နတ်မောက်မြို့နယ်နှင့် အရှေ့ဘက်တွင် ပျော်ဘွယ်မြို့ရှိသဖြင့် ကုန်သန်းရောင်းဝယ်ရေးလည်း အသင့်အတင့် အဆင်ပြေခဲ့ဟန်ရှိပါသည်။

ထို့ကြောင့်ပင် ရန်အောင်မြို့၌ စေတီဘုရားများ၊ ဘုန်းတော်ကြီးကျောင်းများ များစွာတည်ထားကိုးကွယ်နိုင်ခဲ့ကြခြင်း ဖြစ်ပါသည်။

□ ရန်အောင်မြို့ရှိဘုရားစေတီများ

ရန်အောင်မြို့ရှိ ဘုရားစေတီများမှာ -

က။ ရန်အောင်မြို့အရှေ့ဘက်ရှိ အရှေ့ကုန်းခေါ် ဇေယျတောင်ဆွယ်ပေါ်မှ ဇိနမာန်အောင်ခေါ် လှုပ်ဘုရား၊
ခ။ ထုထည်ကြီးမားသော မြစေတီဘုရားကြီး၊
ဂ။ ရွှေဥမင်ဘုရား၊
ဃ။ ဖောင်တော်ဦးဘုရား၊
င။ 'ရန်အောင်မြင်စေတီတော်'၊
စ။ ဘုရားနီခေါ် အောင်ဇေယျစေတီတော်၊
ဆ။ ရွှေဘုံသာစေတီ၊
ဇ။ နံ့တော်သင့်စေတီ၊
ဈ။ စနေနံ့သိမ်ကျန်ဘုရား၊
ည။ မိုးကောင်းစေတီတော်နှင့်
ဋ။ ယခု ခေတ်သစ်တွင် တည်ထားသော အောင်စည်သာ မြို့ဦးစေတီတော်တို့ ဖြစ်ကြပါသည်။

မြို့ပျက်လျက်ရှိသော သပိတ်စင်စေတီတော်နှင့် အခြားစေတီငယ်များလည်းရှိနေပါသေးသည်။

□ ရန်အောင်မြင်ဆုတောင်းပြည့်စေတီတော်

ရန်အောင်ရှိ ဘုရားစေတီများအနက် ရန်အောင်မြင်စေတီမှာ ဉာဏ်တော်အငယ်ဆုံး ဖြစ်ပါသည်။ သေးငယ်သော်လည်း တန်ခိုးကြွယ်၍ ဆုတောင်းပြည့်ပါသည်။ မည်သည့်ခေတ်၊ မည်သည့်အချိန်၊ မည်သူများတည်ထားကိုးကွယ်ခဲ့သည်ကို စာရေးသူမသိမီပါ။ သိမီသူ

www.burmeseclassic.com

များ၊ မှတ်တမ်းမှတ်ရာရှိသူများက နောင်လာနောက်သားများ သိရှိနိုင်ကြစေရန် အတွက် ဖော်ထုတ်ရေးသား တင်ပြသင့်ပါသည်။

**□ အာရုံထဲကစေတီငယ်**

၁၉၆၄ ခုနှစ်တွင် စာရေးသူ မူလတန်းပြဆရာအဖြစ်ခန့်ထားခံရပါသည်။ သူငယ်ချင်းဖြစ်သူ ကိုဘဌေး ကျောင်းအုပ်အဖြစ် တာဝန်ကျနေသော ပျော်ဘွယ်မြို့နယ် ချောင်းမကြီးကျေးရွာ မူလတန်းကျောင်းသို့ ရောက်ရှိတာဝန်ထမ်းဆောင်ရပါသည်။ ထိုစဉ်အချိန်က ကိုဘဌေးမှာ အိမ်ထောင်မကျသေးပါ။ မိဘညီအစ်ကိုမောင်နှမများကို လုပ်ကျွေးနေသူဖြစ်ပါသည်။ ကိုဘဌေးမှာ ပုတီးစိပ်၊ တရားထိုင်ခြင်း စသော ဘာသာရေးကို ဦးစားပေးလုပ်ဆောင်နေချိန် ဖြစ်ပါသည်။

တစ်နေ့တွင် ပုတီးစိပ်၊ တရားထိုင်အပြီး ကိုဘဌေးက -

"မင်းတို့ရနောင်မှာ တန်ခိုးကြီးတဲ့ မြေပေါက်စေတီငယ်ကလေးတစ်ဆူကို အာရုံထဲမှာ ဖူးတွေ့နေရတယ်။ ဘယ်စေတီလဲ"

ဟုမေးပါသည်။

ဘုရားစေတီတို့များစွာရှိနေသဖြင့် စာရေးသူမပြောတတ်ပါ။ ကျောင်းပိတ်ရက်တွင် ကိုဘဌေးကို ရနောင်သို့ခေါ်လာပြီးဘုရားရှာပါသည်။ ရန်အောင်မြင်စေတီငယ်ကိုတွေ့မှ အာရုံထဲက စေတီငယ်ဖြစ်ကြောင်း ပြောပြပါသည်။ ထိုစဉ်မှစ၍ စေတီငယ်ကို ဂရုပြုမိပါသည်။

**□ မညှိုးသောပန်းနှင့်စေတီငယ်**

ပျော်ဘွယ်မြို့နယ်တွင် ထင်ရှားသော ဦးဝိဇ္ဇာဗလ (ခေါ်) ရွှေဖျိုင်းနားဆရာတော်ကြီး ပေါ်ထွန်းခဲ့ဖူးပါသည်။ မြန်မာပြည်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြပါသည်။ ရန်အောင်မြို့မှ ဒေါ်ခင်မြင့် ဦးစီးသော ဘုရားဖူးအဖွဲ့လည်း ဆရာတော်ကြီးကို သွားရောက်ဖူးမြော်ကြပါသည်။ ဆရာတော်ကြီးမှ ဒါယိကာမကြီးတို့ ဘယ်ကလာကြသလဲဟု မေးရာ ရန်အောင်မှ လာရောက်ကြကြောင်း လျှောက်ထားပါသည်။

ထိုအခါ ဆရာတော်ကြီးမှ -

"ရန်အောင်မှာ ထူးခြား တန်ခိုးကြီးတဲ့ စေတီငယ်လေးရှိတယ်။ အဲဒီစေတီလေးထဲမှာ မညှိုးပန်း၊ မသိုးတဲ့ ဆွမ်းနဲ့ မခမ်းတဲ့ ဆီမီးတို့ကို ပူဇော်ထားတယ်"

ဟု ထူးခြားစွာ မိန့်ကြားပါသည်။

ထိုစေတီငယ်မှာလည်း ရန်အောင်မြင်စေတီငယ် ဖြစ်ပါသည်။

**□ လေးထပ်ကျောင်းခေါ် ဦးဒီပကျောင်းတော်**

အထက်ဖော်ပြပါ ရန်အောင်မြင်စေတီတော်မှာ လေးထပ်ကျောင်းခေါ် ဦးဒီပကျောင်းတော်ဝင်းအတွင်း ကျောင်း၏အရှေ့မြောက်ထောင့်တွင် တည်ထားပါသည်။ ဆရာတော်ကြီးသည် သက်တော် (၉၆) နှစ်တွင် ပျံလွန်တော်မူပါသည်။ ပျံလွန်ချိန်အထိ သွားမကျိုး၊ ခါးမကိုင်း၊ မနားမထိုင်းပါ။

**□ ဆရာတော်ကြီး၏ ထူးခြားမှုများ**

ဆရာတော်ကြီးသည် နေ့စဉ် နံနက် (၄) နာရီအချိန် ကျိန်းစက်ရာမှထ၍ ကိုယ်လက်သန့်စင်ပြီး ဘုရားရှိခိုး၊ ပုတီးစိပ်၊ တရားထိုင်ပါသည်။ နံနက်(၆)နာရီတွင် ဆွမ်းဘုဉ်းပေးလေ့ရှိပါသည်။ ဆွမ်းဘုဉ်းရာတွင် ကြွေဇလုံထဲတွင် ဆွမ်းများထည့်၍ ကြွေဇလုံအောက်တွင် နှီးခြင်းတောင်းခံ၍ ဆွမ်းစားလေ့ရှိပါသည်။ ဆွမ်းစားပြီး ကျေးငှက်များကို အစာကျွေးပါသည်။ ထူးခြားမှုမှာ ကျီးကန်းများသည် ဆရာတော်ကြီး၏ ကျောင်းပေါ်အထိ အစာလာစားရုံမျှမက ဆရာတော်ကြီး၏လက်ထဲကိုပင် အစာယူစားလေ့ရှိပါသည်။

**□ ဆေးမျက်မှန်**

ဆရာတော်ကြီးသည် ပယောဂများကိုလည်း ကုသပေးလေ့ရှိပါသည်။ အမှောင့်ပယောဂစွဲကပ်နှောင့်ယှက်ခံရသောရောဂါသည်များ လာရောက်ပါက ဆေးမျက်မှန်ကြည့်၍ကုသပေးပါသည်။ ဆေးမျက်မှန်ဆိုသည်မှာ (၄) ပတ်လည်ခန့်အရွယ်ရှိ မှန်ပြားပေါ်တွင် အင်းကွက်များရေးဆွဲထားခြင်းဖြစ်သည်။ စာရေးသူကျောင်းသို့ရောက်ရှိစဉ် ယခုလက်ရှိတွင် ကျောင်းထိုင်နေသော ဆရာတော်ဦးအာဟာရသည် ဆေးမျက်မှန်ကို ရုတ်တရက် ရှာမတွေ့၍ မမြင်ခဲ့ရပါ။ ဆက်လက် သိမ်းဆည်းထားသည်ဟုတော့ မိန့်ကြားပါသည်။

ရောဂါသည် ရောက်လာပါက ဆေးမျက်မှန်ကြည့်သော အမျိုးသမီးကြီးကိုခေါ်၍ မျက်မှန်တပ်ပြီး အပေါ်မှ တဘက်ဖြင့် ခေါင်းကိုအုပ်ပေးထားပါသည်။ ဆေးမျက်မှန်ကြည့်သူမှ ၎င်း၏ စိတ်အာရုံတွင် မြင်တွေ့ရသမျှ ဆရာတော်ကြီးကိုလျှောက်ထားပေးရပါသည်။

ဆေးမျက်မှန်မကြည့်ခင် ဆရာတော်ကြီးမှ ဂါထာမန္တန်များကို ရွတ်ဖတ်သရဇ္ဈာယ်ပါသည်။ ဆေးမျက်မှန်ကြည့်သူကိုလည်း ဘုရားဝတ်ပြုခိုင်းပါသည်။ ဆေးမျက်မှန်ကြည့်သူကလည်း လိပ်ပြာလုံသူမှ ကြည့်၍ရပါသည်။ လူတိုင်းကြည့်၍မရပါ။ ဆေးမျက်မှန်ကြည့်သူသည် သတ္တိရှိသူ၊ ရိုးသားဖြောင့်မတ်သူ နှုတ်လုံသူဖြစ်ရပါသည်။ မိမိမြင်တွေ့သမျှပြော၍မရပါ။ နှုတ်စောင့်စည်းရပါသည်။ ဆေးမျက်မှန်ကြည့်သူသည် ကြောက်ရွံ့ထိတ်လန့်ဖွယ်များကိုလည်း မြင်တွေ့ရတတ်၍ ကြောက်တတ်လျှင် အန္တရာယ်ရှိနိုင်ပါသည်။ ဆေးမျက်မှန်ကြည့်သူမြင်ရသောပုဂ္ဂိုလ်ကို ဆရာတော်ကြီးမှ မေးမြန်းစစ်ဆေး၍ အစွဲပယောဂများကို ချွတ်လွှဲကုသပေးခြင်းဖြစ်ပါသည်။

**□ ရွှေဟောင်းရုပ်တော်မူရုပ်ပွားတော်များ**

ဦးဒီပကျောင်း၏အရှေ့ဘက်တွင် ရွှေဟောင်းသိမ်တော်တစ်ဆောင်တည်ရှိပါသည်။ ၎င်းသိမ်တော်အတွင်းတွင် ရွှေဟောင်း ရုပ်တော်မူ ရုပ်ပွားတော် (၅) ဆူရှိပါသည်။ ယခင်က (၇) ဆူရှိရာမှ (၂) ဆူအခိုးခံရ၍ (၅) ဆူသာ ကျန်ရှိပါသည်။ ရုပ်ပွားတော်များမှာ တစ်ဆူလျှင် လုံးပတ် (၅၀) လက်မ၊ အရပ်တော် (၈) ပေရှိပါသည်။ ကျွန်းသား သို့မဟုတ် သက်န်းနက်သားအဝါဟု မှန်းဆရပါသည်။

ထူးခြားမှုမှာ ရုပ်တော်မူ (၄) ဆူတွင် ဘယ်လက်တော်များပိုက်လျက်ရှိပြီး ကျန်တစ်ဆူမှာမူ ညာလက်ပိုက်လျက်ရှိနေပါသည်။ ဘုရားသူခိုးများ ခိုးယူသွားသော ရုပ်တော်မူ (၂) ဆူ၏ ခြေဖဝါးတော်အပိုင်းများကို သိမ်အတွင်း တွေ့ရှိရပါသည်။ ရုပ်ပွားတော်များ၏ အနေအထားများကိုကြည့်၍ အင်းဝခေတ်လက်ရာများဟု စာရေးသူခန့်မှန်းပါသည်။ ကျွမ်းကျင်ပညာရှင်များသာ အတိအကျသိရှိကြမည် ဖြစ်ပါသည်။

**□ ရုပ်ပွားတော်နှစ်ဆူပြန်လည်ရရှိခြင်း**

၁၉၉၂ ခုနှစ်ခန့်တွင် သိမ်အတွင်းရှိ ရုပ်ပွားတော် (၇) ဆူအနက် (၂)ဆူ အခိုးခံရပါသည်။ များမကြာမီ မန္တလေး အမှတ် (၁) ရဲစခန်းမှ ဘုရားသူခိုးအချို့နှင့် ခိုးယူသွားသော ရုပ်ပွားတော်များ ဖမ်းမိခဲ့ပါသည်။ ဖမ်းမိသောရုပ်ပွားတော်များပြန်လည်ရရှိခဲ့ပါသည်။ ရန်အောင်မှ လိုက်လံ စုံစမ်းဖမ်းဆီးခြင်းမဟုတ်။


www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# မြင့်မြတ်သူတို့၏အလုပ် သို့မဟုတ် ပါရမီကုသိုလ်

(ပါရမီ) **ပရမာနံ** - မြင့်မြတ်သူတို့၏၊ **ကမ္မံ** - အလုပ်သည်၊ **ပါရမီ** - ပါရမီမည်၏။

မြင့်မြတ်သူတို့အလုပ် (တစ်နည်း) မြင့်မြတ်သောအလုပ်ဟုလည်း ပြောနိုင်၏။ ယောကျ်ားကောင်းတို့တွင် အင်္ဂါသုံးရပ်ရှိသည်။

၁။ လောကအပေါ် ကြင်နာတတ်ဖို့လို၏။

၂။ အနစ်နာခံတတ်ဖို့လို၏။

၃။ သူတစ်ပါးအကျိုးကို ဆောင်ရွက်ပေးဖို့လို၏။

ထိုအင်္ဂါသုံးရပ်ကို ပြည့်စုံအောင်ဖြည့်ကျင့်ရ၏။

မြတ်စွာဘုရားရှင်သည် -

၁။ ကြင်နာခြင်းအင်္ဂါရပ်ဖြင့် မဟာကရုဏာတော်ရ၏။

၂။ အနစ်နာခံခြင်းအင်္ဂါရပ်ဖြင့် အရဟတ္တမဂ်ဉာဏ်တော်ရ၏။

၃။ သူတစ်ပါးအကျိုးကိုဆောင်ခြင်းအင်္ဂါရပ်ဖြင့် သဗ္ဗညုတဉာဏ်တော်ရ၏။

မြင့်မြတ်သော အလုပ်ကိုလုပ်မှ မြင့်မြတ်သူ ဖြစ်နိုင်သည်။

ပါရမီမြောက်သောအလုပ်ဖြစ်ရေးတွင် အဇ္ဈတ္တအတွင်းအင်္ဂါတစ်ပါးဖြစ်သော မွန်မြတ်သော ရည်ရွယ်ချက်၊ **မဟိဒ္ဓ** - အပြင်အင်္ဂါတစ်ပါးမှာ အပြစ်ကင်းသောအလုပ်ဖြစ်ခြင်း။

လောကတွင် အတ္တဟိတရှိ၏၊ ပရဟိတလည်းရှိ၏။ အတ္တဟိတကိုလည်း ဆောင်ရွက်ရ၏၊ ပရဟိတကိုလည်း ဆောင်ရွက်ရ၏။ မြတ်စွာဘုရားသခင်သည် အတ္တဟိတ၊ ပရဟိတနှစ်မျိုးစလုံးကို ဆောင်ရွက်သူ ဖြစ်၏။ နှစ်မျိုးလုံးဆောင်ရွက်ပါမှ မဇ္ဈိမပဋိပဒါကျ၏။ ပါရမီရှင်ဖြစ်၏။ ပါရမီဖြည့်ကျင့်ခြင်းသည် ဘုရားဖြစ်ချင်၍ ပါရမီတော်များကို ဖြည့်ကျင့်ခြင်းမဟုတ်။ ဝေနေယျသတ္တဝါတို့အား သံသရာဒုက္ခမှ ကယ်တင်နိုင်ခြင်းငှာ ဘုရားဖြစ်ချင်၍ ပါရမီတော်များကို ဖြည့်ကျင့်ခြင်း ဖြစ်၏။

ပါရမီဖြည့်ကျင့်ခြင်း ဆိုသည်မှာ လောကနှင့် ဆက်ဆံရာတွင် မိမိက အနစ်နာခံခြင်း ဖြစ်၏။ သူ့အကျိုးကို ဆောင်ရွက်ပေးခြင်း ဖြစ်၏။ ထိုသို့အနစ်နာခံခြင်းနှင့်အတူ သူ့အကျိုးဆောင်ရွက်ပေးခြင်းမှာ မိမိနှင့်ဆက်ဆံရသော လောကအပေါ် စေတနာရှိမှုဖြစ်သည်။ မေတ္တာရှိမှုဖြစ်၏။ လောကအပေါ် ကရုဏာရှိမှုဖြစ်ပေမည်။ တကယ်တမ်း စေတနာမေတ္တာရှိလာပြီဆိုလျှင် မိမိကိုယ်ကျိုးကိုမငဲ့ဘဲ အနစ်နာခံနိုင်လာ၏။ သူ့အကျိုးကို ဆောင်ကြဉ်းလာနိုင်၏။

အနစ်နာခံနိုင်ခြင်း ဆိုသည်မှာလည်း မိမိ၌တွယ်တာမက်မောသော လောဘမရှိမှုဖြစ်၏။ အနစ်နာခံနိုင်ခြင်း၊ သူ့အကျိုးကို ဖြည့်ကျင့်ခြင်းအတွက် ရည်ရွယ်ပြီး ပါရမီများကို ဖြည့်ကျင့်ခြင်း ဖြစ်သည်။ အခြားဘာဆန္ဒမှမရှိ၊ ဘာတောင့်တမှုမရှိ။

၁။ ရိုးရိုးကုသိုလ် - ရယူရေးကို ဦးတည်သောကုသိုလ် (အပေါင်း)

၂။ ပါရမီကုသိုလ် - စွန့်လွှတ်ရေးကို ဦးတည်သောကုသိုလ် (အနုတ်)

၁။ ရိုးရိုးကုသိုလ် - လူချမ်းသာ၊ နတ်ချမ်းသာ၊ ရာထူးဂုဏ်သိန်ဥစ္စာတို့ ရရှိရေးကို တပ်မက်ခြင်း ဖြစ်၏။

၂။ ပါရမီကုသိုလ် - ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ၊ လူချမ်းသာ၊ နတ်ချမ်းသာတို့၌ တပ်မက်ခြင်းကို စွန့်လွှတ်၏။

ဓမ္မဝါဒထွန်းကားရေး၊ လူ့အဖွဲ့အစည်းထွန်းကားရေးတို့အတွက်ဆောင်ရွက်ရာ၌ မိမိအသက်၊ မိမိဘဝ၌ပင် တပ်မက်ခြင်းကို စွန့်လွှတ်၏။

- ရိုးရိုးကုသိုလ်ကို ရိုးရိုးလူသားတို့က တန်ဖိုးထားမြတ်နိုး၏။
- ပါရမီကုသိုလ်ကို မြင့်မြတ်သော လူသားတို့က တန်ဖိုးထား မြတ်နိုး၏။

သင်သည် မည်သည့်ကုသိုလ်ကို တန်ဖိုးထားမြတ်နိုးပါသနည်း။

ယနေ့ တိုင်းပြည်၏ သားကောင်း သမီးကောင်းတို့အား မြင့်မြတ်သည့် တိုင်းပြည်၏ အဖိုးတန်ရတနာများ ဖြစ်ကြပါစေဟု ကောင်းမြတ်သောစေတနာ၊ မေတ္တာ၊ ကရုဏာဖြင့် ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

---

အလိုအလျောက် ဖမ်းဆီးရမိခြင်း ဖြစ်ပါသည်။

**□ ဒုတိယအကြိမ်ပြန်လည်အခိုးခံရခြင်း**

၁၉၉၇ ခုနှစ်ခန့်တွင် ဘိမ်အတွင်းမှ ရုပ်ပွားတော်နှစ်ဆူထပ်မံအခိုးခံခဲ့ရပါသည်။ ရန်အောင်ရဲစခန်းမှ တာဝန်ရှိသူများ၏စုံစမ်းချက်အရ ဘုရားသူခိုးဟု ယူဆရသူ၊ သံသယရှိသူအချို့ကို မန္တလေးရဲများနှင့် ပူးပေါင်း၍ ဖမ်းမိခဲ့ပါသည်။ သို့သော် သက်သေခိုင်လုံမှုမရှိခြင်းနှင့် အခြားသောအကြောင်းကြောင်းများကြောင့် ဘုရားခိုးမှုမပေါ်ခဲ့တော့ပါ။ ခိုးယူသွားသော ရုပ်ပွားတော်များကိုလည်း ယနေ့အထိ ပြန်လည်မရရှိတော့ပါ။

**□ သိမ်ကျောက်စာတိုင်**

သိမ်၏အရှေ့ဘက်တွင်ကပ်လျက် သိမ်ကျောက်စာတိုင်တစ်ခု တွေ့ရှိရပါသည်။ ထွင်းထုထားသောကျောက်မှာ စကျင်ကျောက်မဟုတ် ရိုးရိုးသဲကျောက်မျှသာဖြစ်၍ ကျောက်စာများဖတ်၍မရတော့ပါ။ ဝမ်းနည်းစရာဖြစ်ပါသည်။

**□ ဆုတောင်း**

မြန်မာနိုင်ငံအတွင်းမှ အဖိုးတန်ကျောက်မျက်ရတနာများ၊ ကျွန်းသစ်နှင့် ရှေးဟောင်း အမွေအနှစ် ယဉ်ကျေးမှုပစ္စည်းများ၊ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို ပြည်ပသို့ ခိုးထုတ်နေမှုများ အမြန်ပပျောက်သွားပါစေဟု ဆုတောင်းပါသည်။

ဆုတောင်းရုံမျှနှင့်လည်း မရပါ။ စာရေးသူ အပါအဝင် ပြည်သူအားလုံး ဝိုင်းဝန်းတိုက်ဖျက်မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း ယုံကြည်မျှော်လင့်မိပါသည်။

ရန်အောင်မြို့မှ ရုပ်ပွားတော်နှစ်ဆူ ပြန်လည် ကြွရောက်နိုင်ပါရန် သမ္မာဒေဝအပေါင်းအား တိုင်တည်အပ်ပါသည်။

သစ်ဆုံ-အောင်မြင့်စော

www.burmeseclassic.com





ရာမည-သွေးမွှန်

# ဘာသာ သာသနာနှင့် စီးပွားရေး လုံးထွေးသက်ဝင်နေသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်

မြန်မာသာမက ကမ္ဘာပေါ်မှာပင် ထင်ရှားကျော်ကြားသော ကျိုက်ထီးရိုး ဆံတော်ရှင်သည် မိမိတို့ ဗမာ၊ မွန် တိုင်းရင်းသားတို့အတွက် ဂုဏ်ယူဖွယ်ရာ စေတီတော်တစ်ဆူ ဖြစ်သည်။ အံ့ဖွယ် တန်ခိုးတော်အရှိန်အဝါဖြင့် တည်နေဟန် ထူးခြားမှုက လက်ရှိရုပ်တရားလွှမ်းမိုးနေသော အနောက်တိုင်းနိုင်ငံသူနိုင်ငံသားတို့အကြားတွင် သီးခြားထင်ပေါ်နေခြင်း ဖြစ်သည်။

ထို့ကြောင့်လည်း မိမိတို့ကိုးကွယ်သည့်ဘာသာဝင် ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ၊ ပတ်သည်ဖြစ်စေ၊ မပတ်သက်သည်ဖြစ်စေ၊ မျက်မြင်သာဓကများ ပြဆိုစရာဖြစ်နေပေရာ ပွဲတော်ခါချိန်ရောက်က ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ကြသည်သာ ဖြစ်သည်။ ပကတိထူးခြားမှုကို အံ့သြဘနန်း မြင်တွေ့ကြရသည်။ ၎င်းတို့အားထားရာ သိပ္ပံနည်းနာများဖြင့် မည်သို့တိုင်းတာ အဖြေထုတ်မရသောအခြေအနေကို တွေ့ကြရသည်သာ ဖြစ်သည်။ တစ်ကြိမ်တစ်ခါနှင့် ရောင့်ရဲမှုမရနိုင်။ နောင်နှစ်များအတွက်ပါ နှစ်စဉ်ရောက်ရှိဖူးမြော်နိုင်ရပါလို၏ဟူ၍ ဆုတောင်းကြစမြဲ ဖြစ်သည်။



မုဆိုးတောင်စေတီ

□ ဟိုတုန်းကနှင့်မတူကွဲပြား

ဤဘုရားဖူးခရီးသည် ၂၃-၁၁-၁၆ က ဖြစ်သော်လည်း လွန်ခဲ့သော(၁၀)နှစ်ဝန်းကျင်က ရောက်ရှိခဲ့ဖူးသော အခြေအနေနှင့်မူ လွန်စွာကွဲပြားနေပြီဖြစ်၏။




www.burmeseclassic.com

www.burmeseclassic.com




ကျောက်ထပ်ကြီးစေတီတော်နှစ်ဆူ အနီးကပ်ပုံတော်





မဟာဗောဓိဘုရားများ



ကျောက်ထပ်ကြီးစေတီတော်ရှေ့သက်နိုးကာပ် (အဆင်း)

ပြုဝမ်းကျောင်းကြရသူများဖြစ်ပေရာ လူနေမှုဘဝနိမ့်ပါးကြသူက အများစုဖြစ်သည်။ ဘုရားဖူးတို့၏ သဒ္ဓါတရားကို အားကိုးသမှုပြုကြရသူများဟု ဆိုရပါမည်။

ကျိုက်ထီးရိုးခရီးသည် မိမိတို့ မီဒီယာစာမျက်နှာပေါ်တွင် ဖန်တစ်ရာ တေအောင် ရေးသား ဖော်ပြခဲ့ကြပြီးလည်း ဖြစ်သည်။ ယခုခရီးစဉ်အတွက် ယခင်ကလည်းမရောက်၊ ရောက်သော်လည်းပဲ မူလ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်၏ ထင်ပေါ်ကျော်ကြားမှုလောင်းရိပ်ကြောင့် လူသိနည်းနေသေးသော ပတ်ဝန်းကျင်ဘုရားစေတီများသို့ တကူးတကန့် အချိန်ယူကာ သွားရောက်ဖူးမြော်ရန် စိတ်ကူးထားပါသည်။

ယခင်က မိမိတို့ဘုရားဖူးများသည် ကျိုက်ထိုနှင့် ကင်မွန်းစခန်းကြားတွင်သာ ကားစီးနိုင်ပြီး ကင်မွန်းစခန်းမှပင် ခြေကျင်တောင်တက်ခရီးစတင်ရပါသည်။ ထိုခြေကျင်တောင်တက်လမ်းမှာ မြေနီလူသွားလမ်းသာဖြစ်ပြီး လမ်းတစ်လျှောက်တွင် ကျိုးတိုးကျဲတဲဆိုင်တဲများသာရှိသည်။ တောစာများ၊ သစ်ဝါးအခြေခံကလေးကစားစရာ ဓားသေနတ်များ၊ တောင်ဝှေး၊ လမ်းလျှောက်တုတ်များရောင်းချကြလေ့ရှိသည်ကို ပြန်လည်အမှတ်ရနေမိပါသည်။

## □ တိုးတက်လာတယ်ဆိုရမလား


ယခုမူ အကွာခြားကြီးကွာခြားနေပြီ ဖြစ်သည်။ မိမိတို့စီးလာသောကားများကို ကင်မွန်းစခန်းမှာပင် အပ်နှံလာကာ ဂေါပကအဖွဲ့အစီအစဉ်ဖြင့် သီးသန့်တောင်တက်ကားကြီးများနှင့်ဘုရားသို့

ယင်းသို့သော ထူးခြားမှုများအနက် စေတီတော်ကြီးသာသနာ့နယ်မြေတွင် လူနေအိမ်များထူထပ်များပြားလာခြင်းကမူ သိသာထင်ရှားလွန်းပါသည်။ သို့အတွက် အကောင်းဘက်သို့ ဦးတည်

လာလေသလား၊ အဆိုးဘက်သို့ဦးတည်လာလေသလား တွေးမြင်စရာဖြစ်သည်။ လူနေသိပ်သည်းမှုက မြို့ပြအခြေအနေသို့ပင်ရောက်ရှိနေပြီ ဖြစ်ပါသည်။ ဘုရားစေတီ၊ ဘာသာသာသနာအခြေ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ထပ်ကြီးစေတီတော်ရွှေသက်နံ့ကပ် (အတက်)



ကျောက်ထပ်ကြီးစေတီတော်ရွှေသက်နံ့ကပ် (အတက်လှေကား)

အရောက်ပြေးဆွဲပေးပါသည်။ လူဦးရေအကန့်အသတ်အချိန်နာရီသတ်မှတ်ကာ စီးနင်းကြရသည်။ မြန်မာပြည်တစ်နံ့တစ်လျား မိမိသွားဖူးသမျှ အမတ်စောက်ဆုံးဟု ထင်ပါသည်။ မတ်စောက်ရုံမျှမက တံတောင်ဆစ်အချိုးအကွေ့များကလည်း လက်ကိုင်စီရာကိုင်ခွေအပတ်ကုန်အောင် လှည့်ရဟန်တူ၏။တစ်ကွေ့နှင့်တစ်ကွေ့ တလည်း ဝေးလှသည်မဟုတ်။လက်ကိုင်ခွေကို ဖြောင့်ချိန်မရ။ တစ်ဖက်သို့ ပါဝါကုန်လှည့်ရပြန်ပါသည်။ ထို့ကြောင့်လည်း ဂေါပကအဖွဲ့က စီစဉ်သော သီးသန့်တောင်တက်ကားများသုံးကာ လုပ်သက်အတွေ့အကြုံနှင့်ကားသမားများကိုသာ တာဝန်ပေးထားကြောင်းဆိုပါသည်။

စေတီတော်ရင်ပြင်သို့မရောက်မီ မိုင်ဝက်ခန့်တွင် ကားကိုရပ်နားသည်။ ကားခရီးလမ်းဆုံးပါသည်။ ကားပေါ်မှ ဆင်းကြရသည်။ ဤတွင် အထုပ်အပိုး မနိုင်သူများက အထမ်းသမားများကို ငှားကြရသည်။ သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများက ပက်လက်ကုလားထိုင်ကို ဝါးလုံးများကပ်ကာ ထမ်းစင်များဖြင့် ရင်ပြင်သို့အရောက်သွားကြရသည်။ မိမိတို့အဖွဲ့တွင်ပါဝင်သော ကလေးအမေကမူ အထုပ်အပိုများသဖြင့် ဝါးခြင်းကျားကြီးများဖြင့်သယ်ပိုးရသောအထမ်းသမားငှားကြရသည်။ မိမိကမူ သတင်းသမားပီပီ ပြည်ပမှ တောင်တက်စက်သီးကြိုးများဖြင့် ရွေ့လျားသောကားများ၊ ကုလားထိုင်များကို စိတ်ကူးယဉ်နေမိ၏။ ထိုသို့သောအစီအစဉ်ဖြင့် ဘုရားဖူးခရီးသည်များကို ဝန်ဆောင်မှုပေးနိုင်ပါက မည်မျှအဆင်ပြေလိုက်မည်နည်း။ မိမိတို့၏မြန်မာ့ရေမြေသဘာဝတောင်တောင်အလှကို ပြည်ပခရီးသွားသူတို့ အကြိုက်တွေ့လိုက်ကြမည့်ဖြစ်ခြင်းဟု တွေးမိသည်။ မြန်မာတို့အဖို့ ဂုဏ်တက်ဖွယ်သာ ဖြစ်ပါမည်။ သို့မဟုတ်ဘဲ တောင်တက်လမ်းတစ်လျှောက် ဝိသမစီးပွားရေးဆန်သော ဗုဒ္ဓ၏ ကြည်ညိုဖွယ်ရာ သဒ္ဓါတရားကို ခြွေဆုတ်ယုတ်လျော့စေသည့် ပြုမူဆက်ဆံခံရခြင်းမှ ကင်းဝေးနိုင်ကြမည် ဖြစ်သည်။

**▫ ကမ္ဘာ့မြင်ထောင့်စိတ်ကူးဟုးကြည့်**

ထိုသို့သော ကောင်းကင်ရထားကားများပေါ်မှနေ၍ ကျိုက်ထီးရိုးဆံတော်ရှင်၏သာသနာ့နယ်မြေတောင်စဉ်တောင်တန်း၊ လျှိုမြောင်စိမ့်စမ်းပသာဒအလှကို အဝေးမြင်၊ အနီးမြင်ရှုချင့်စဖွယ်သဘာဝကို တဝကြီးကြည့်ရှုခံစားကြရမည် ဖြစ်သည်။ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာမျက်နှာများပေါ်မှာ စွန့်စွန့်စားစား ကောင်းကင်ကြိုးရထား၊ ကားပေါ်မှသဘာဝတောင်တောင်ရေမြေအလှကို တကူးတကန့်ငွေကြေးအကုန်အကျခံသွားရောက်ကြည့်ရှုကြသည်ကို တွေ့မြင်ဖတ်ရှုရပါသည်။ မိမိတို့မှာ လိုအပ်ချက်တစ်ခုအရ ဝန်ဆောင်ကြရမည် ဖြစ်သည်။

မိမိတို့ဘုရားဖူးအဖွဲ့သည် ရင်ပြင်ပေါ်သို့ရောက်ရှိကာ ဘုရားဖူးရန် စိတ်မကူးနိုင်သေး။ လက်တစ်ဆွဲ၊ ပခုံးပေါ်က တစ်နိုင်တစ်ပိုင်ဝန်ထုပ်ဝန်ပိုးများကိုချထားနိုင်ရန်နှင့် လူ့ကိုယ်ခန္ဓာနားနေအပန်းဖြေရန်၊ အိပ်ဆောင်အိပ်ခန်းရှာရန် အားထုတ်ရပေဦးမည်။နေပြည်တော်နေအိမ်တွင် ဖတ်ခဲ့ရသော ကြေးမုံ (၂၂/နိုဝင်ဘာ)သတင်းစာပါ ပြည်ထောင်စုဝန်ကြီး၏ဘုရားဖူးရဟန်းရှင်လူအများပြည်သူအပေါ် ထားသောစေတနာသည် မိမိတို့အဖွဲ့ ရင်ပြင်ပေါ်သို့ ခြေချမိသည့် ၂၄/နိုဝင်ဘာနေ့တိုင်း အကျိုးသက်ရောက်မှုတစ်စုံတစ်ရာဖြစ်မလာသေးပါ။ သတင်းစာတွင် တိသာ၊ သီဟတည်းခိုဆောင်များ အနားမသီနိုင်ပါ။ ပေ (၄၀) တည်းခိုဆောင်မှာပင် တိုးဝှေ့နေကြရပါသည်။ နာရီဝက်၊ တစ်နာရီခန့်လောက် စောင့်ဆိုင်းပါမှ အခန်းရပါသည်။ မိမိတို့ လူအင်အားအရ နှစ်ခန်းယူရမည်ဖြစ်ရာ တစ်ခန်းတစ်ညလျှင် (၄) သောင်းနှင့် (၂)ညအတွက် တစ်သိန်းခြောက်သောင်း ငွေပေးချခဲ့ကြရပါသည်။

**▫ မပြောင်းလဲသောပြောင်းလဲခြင်းများ**

သို့ဖြင့် ရရှိရာအခန်းတွင် ဝန်စည်စလယ်များချကာ ခြေပစ်လက်ပစ်နားနေလိုက်ကြပါသည်။တစ်အောင့်တစ်နားနေပြီးကာမှ မျက်နှာသစ်၊ သွားတိုက်၊ ကိုယ်လက်သန့်စင်လိုက်ကြသည်။ ပေ



www.burmeseclassic.com

www.burmeseclassic.com

(၄၀) တည်းခိုဆောင်အနေအထားမှာ ရင်ပြင်တော်၏ မြောက်ဘက်ခြမ်း မြေအောက်တွင် (၃) ထပ်ဆောင်ဖြစ်သည်။ ရင်ပြင်မှ အဆောင်သို့ဆင်းရန် လမ်းလှေကားပေါက်အတွက် ခန့်မှန်း (၁၅) ပေပတ်လည်အဆောင်လေးတစ်ခုသည်သာ ရင်ပြင်ဧရိယာကိုယူထားသည်။ မိမိတို့တည်းခိုသည့် အပေါ်ဆုံးအထပ်၏ မျက်နှာကြက်သည် ရင်ပြင်တော်၏ အောက်ခြမ်းသာ ဖြစ်သည်။ ရင်ပြင်တော်အကျယ်အဝန်းဧရိယာကို ရနိုင်သမျှ မထိခိုက်အောင် တွေးဆဖန်တီးထားသည့် ဗိသုကာဒီဇိုင်းပညာရှင်ကို လေးစားမိပါသည်။ သုံးထပ်ဆောင်တစ်ခုလုံး ရင်ပြင်ပေါ်တွင်တည်ဆောက်လိုက်ပါက မည်မျှ အကျည်းတန်အရုပ်ဆိုးနေမည်ကိုတွေးကာ နှိုင်းယှဉ်ခံစားကြည့်နေမိပါသည်။ ကျိုက်ထီးရိုးဆံတော်ရှင်တည်ထားရာ ကျောက်တုံးကြီးသည်ပင် ရင်ပြင်တော်နှင့်ရေချိန်ညီအနေမှာ မရှိ။ အနည်းငယ်နိမ့်လျှောရာ ကျောက်ဆွယ်အနောက်စွန်းတွင်တဲတဲလေးတည်နေခြင်း ဖြစ်သည်။ ရင်ပြင်ကျယ်မှကြည့်ပါက ကျောက်တုံးကြီး၏ အပေါ်ပိုင်းသုံးချိုးနှစ်ချိုးကိုသာမြင်ရသည်ကို ရောက်ဖူးသူတိုင်းသတိပြုမိကြမည်ထင်ပါသည်။ ရင်ပြင်အောက်ရှိပေ(၄၀)တည်းခိုဆောင်တစ်ခုလုံး မြောက်ဘက်ခြမ်းသည်သာ မျက်နှာဖွင့်အနေမှာရှိပေရာ ရင်ပြင်တော်မြောက်ဘက်မြင်ကွင်း(မုဆိုးတောင်/ရဟတ်ယာဉ်ကွင်း) ကို မျက်စိတစ်ဆုံးအတားအဆီးမရှိမြင်နေရသည်။

မိမိသည် ဗုဒ္ဓဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ကို စိတ်ကြိုက်ပေ (၄၀/၅၀) အကွာမှာ ဖူးခွင့်ရ၍ ကြည်ကြည်နူးနူးဖြစ်ရပါသည်။ မူလက ရွှေသင်္ကန်းကိုပါကပ်လှူရန် စိတ်ကူးဖြင့်ဝင်မည်ပြုရာ လုံခြုံရေးများက မိမိကိုယ်ပေါ်မှ သတင်းသမားများ၏လက်စွဲ မပါမဖြစ် ဖုန်း/ကင်မရာများကို အကြောင်းပြ



ဘုရားဖူးများ



ထမ်းတစ်နေရာက အလှူခံပုံးများ

ဟန့်တားခံရသဖြင့် အနီးကပ်နဖူးတိုက်ဦးတိုက်လိုသောဆန္ဒကို လက်လျှော့ကိုယ်ရှိန်သတ်ကာ အလူမီနီယံအကာအရံနောက်ကွယ်မှပင်ထိုင်နိုင်သော အကျယ်အဝန်းနေရာလည်းမရှိသဖြင့် မိုးတိုးမတ်တတ်ဖြင့် လက်အုပ်ချီအာရုံပြု ရောင်ရဲကျေနပ်ခဲ့ရပါသည်။

□ လုံခြုံရေးလိုအပ်နေဆဲ

သို့ဖြင့် မရရနိုင်သမျှဖူးမြော်ကြည်ညိုလိုစိတ်ဖြင့် စေတီတော်ကို ဝန်းပတ်ကာ မြင်ထောင့်စုံ ဦးတင်လိုက်၊ ဓာတ်ပုံမှတ်တမ်းရိုက်လိုက်လုပ်နေဖြစ်ပါသည်။ မြန်မာပြည်ဘုရားစေတီအတော်များတွင် သတ်မှတ်ထားသော ဓာတ်ပုံမရိုက်ရ၊ အခွန်ဆောင်ပါမရှိ၍ တော်သေးဟု ဆိုရပါမည်။ မိမိတို့တစ်ဖွဲ့လုံး စေတီတော်ရင်ပြင်မှာပင် မနက်ပိုင်းအချိန်ကုန်ပါသည်။ အဆောင်သို့ပြန်ရောက် ရေမိုးချိုးနံနက်စာစားကြသည်။ ထမင်းထုပ်၊ ဟင်း (အိမ်ကပင် ချက်ပြုတ်ယူလာဟန်တူပါသည်။) ချိုင့်တွင့်ထည့်ကာ အခန်းတွင်းစားခွင့်မရှိသဖြင့် အပြင်ပလတ်စတစ်စားပွဲခုံပုများတွင် ဝိုင်းဖွဲ့စားသောက်ကြသည်။ မနေ့ညကလည်း ကားပေါ်တွင် ကောင်းကောင်းမအိပ်ခဲ့ရသဖြင့် တစ်ရေးအိပ်လိုက်ကြပါသည်။ နိုးခါမှ ရင်ပြင်တော် အနီးအနား ရွှေနန်းကျင်အထိမ်းအမှတ်နေရာ ကျိုးပါးစပ်စေတီများသို့ လူစုခွဲကာသွားကြသည်။

မိမိတစ်ယောက်တည်း ကျိုးပါးစပ်စေတီသွားသည်။စေတီသို့သွားရာလမ်း၊ လျှိုတွင်းသို့ဆင်းရာလမ်းတစ်လျှောက် ဘုရားဈေးလူနေအိမ်များဖြင့် ပြည့်ကျပ်နေသည်။ မြေလွတ်ကွက်လပ်မကျန်အောင်ပင် ဖြစ်သည်။ တစ်ဆိုင်ပြီးတစ်ဆိုင် အဆင်းမတ်စောက်နေရာတွင်ပင် ကတ်ကတ်သတ်သတ်လူနေဖြစ်အောင်ဆောက်ထားကြသည်။ ဘုရားဖူးခရီးသွားများ စိတ်အနှောင့်အယှက်ဖြစ်လေ[illegible]က်အောင် ဆွဲမတတ်တားဆီးဈေးခေါ်ကြသည်။အဆိုးဆုံးမှာ ပရဆေးဆိုင်များ ဖြစ်သည်။ မိမိကဲ့သို့သက်ကြီးရွယ်အိုများကိုတွေ့ပါက ရှေ့မှပိတ်တားဆီးကာ အကြောပြေဆေးလိမ်းသွားရန် လက်ဆွဲလုမတတ်ခေါ်တတ်ကြသည်။ လှေကားထစ်များကို တစ်ထစ်ပြီးတစ်ထစ်အားစိုက်တင်ဆင်းနေရသဖြင့် ခဏတစ်ဖြုတ်ရပ်၍ အသက်ရှူနေမိပါက ခြေသလုံးဆေးလိမ်းပေးရန် ဟန်[illegible]ပြင်ပြင်လုပ်သည်။ မိမိမှာ ယင်းသို့သော

www.burmeseclassic.com

ဆေးဆိုင်တွင် ရပ်၍မနားမိရန် သတိထားနေရသည်။ (အပြန်ခရီးတွင်မှ မိမိတို့အဖွဲ့တွင်လိုက်ပါလာသောအမျိုးသမီးကြီးတစ်ဦးမှာ ယင်းတို့၏ဆင်ကွက်တွင်ဝင်သွားကာ အကြောပြေလိမ်းဆေးငါးထောင်ပေး၀ယ်ခဲ့ရသည်ဟုသိရ၏။)

**□တောင်ပေါ်မြို့ငယ်တစ်မြို့လား**

ကျိုးပါးစပ်ရောက်သည်အထိ လူနေအိမ်ဆိုင်ကမပြတ်ပါ။ အပြန်ကိုဆင်းခဲ့ရာ ပြန်မတက်ဘဲ ရင်ပြင်တော်မြောက်ဘက်ခြမ်းသို့ဝိုက်၍တက်ရသောလမ်းမှပြန်ခဲ့သည်။ လူနေအိမ်များမှာ တစ်အိမ်နှင့်တစ်အိမ်ဆက်နေသည်။တောတောင်ရေမြေအမြင်များလုံး၀ပိတ်လှောင်ကာမှန်းကျပ်စွာ ဆိုင်ခန်းအကြားမှ တိုးဝှေ့သွားရခြင်းဖြစ်ရာ အသက်ရှူပင်၀မချင်။ ယခင်ကလို တောတောင်ရေမြေမှ ပွန်းတီးတိုက်ခတ်လာသော သန့်ရှင်းလတ်ဆတ်သည့်လေကို မရှူရှိုက်ရပါ။ ယင်းကဲ့သို့ပင် ရင်ပြင်တော်၏အနောက်ခြမ်းမှ မြောက်ခြမ်းသို့တိုင် ပြည့်ကျပ်ပွတ်သိပ်စွာ တွေ့မြင်ခဲ့ရသည်။ ဘုရားပရိဝုဏ်သာသနာနယ်မြေဖြစ်၍ ကျူးချင်တိုင်းကျူးကျော်ချင်တိုင်းကျော်နေကြသည်သည်ဟု ထင်ရပါသည်။ မြို့ကြီးပြကြီးများမှ ကျူးကျော်များ ဤနေရာသို့ရောက်ရှိလာသည်ဟုပင် တွေးထင်မိသည်။

သို့ဖြင့် ပင်ပန်းမွမ်းကျပ်စွာ မုဆိုးတောင်ဘက်အဆင့်မြင့်စားသောက်ဆိုင်ကြီးများတွင် လမ်းပေါက်ကာ ရင်ပြင်ပေါ်သို့ ပြန်လည် ရောက်ရှိပါသည်။ ထိုအခါမှ မြစိမ်းတောင်ဘက်မှ သန့်ရှင်းလတ်ဆတ်သော တောတောင်ရနံ့လေကို ရှူရှိုက်ရကာ အပန်းပြေရပါသည်။ ကျိုးပါးစပ်၀န်းကျင်သည် လူ့ကျန်းမာရေးကို အထောက်အကူပြုသောတောတောင်ရေမြေအနံ့အသက်များကင်းပျောက်နေခဲ့ပြီ ဖြစ်သည်။ ဤသည်မှာ မြတ်ဗုဒ္ဓ၏အလိုနှင့် ဆန့်ကျင်နေသည်ဟု မြင်ပါသည်။ မြတ်ဗုဒ္ဓ၏ လမ်းစဉ်အတိုင်းကျင့်ကြံအားထုတ်ကြသည့် သူတော်စင်များသည် လူသူနှင့်အတန်အသင့်ဝေးရာတောတောင်ရေမြေကြည့်၍ သီတင်းသုံးနေထိုင်ကြသည်ကို အများအသိပင်ဖြစ်သည်။

အိပ်ရာတွင် တစ်အောင့်တစ်နားနေပြီးကာမှ အချိန်က မွန်းလွဲတစ်နာရီကျော်ဖြစ်သည်နှင့် တစ်ကြိမ်တစ်ခါမျှမရောက်ဘူးသေးသောကျောက်ထပ်ကြီးသို့သွားရန် စိတ်ကူးရပါသည်။ တည်းခိုရာအခန်းမှထွက်ကာ မြောက်ဘက်ခြမ်းသို့ အဝေးမြင်ကွင်းကျယ်ကိုကြည့်ကာ မုဆိုးတောင်။ ထိုမှတစ်ဆင့် မြောက်ဘက်လူသွားလမ်းအတိုင်းသွားရသည်ဟု သိထားပါသည်။ ပတ်ဝန်းကျင်ဘုရားတောင်များသို့သွားရာလမ်းညွှန်မြေပုံရှိလေသလားအတွေးဖြင့် တည်းခိုဆောင်ဂေါပကရုံးစားပွဲအနီးအနားနံရံများရှာမိသည်။ မတွေ့ရပါ။ ကိစ္စမရှိ။ လမ်းတွေ့သူ မည်သူမဆို မေးမြန်းနိုင်မည်ဟုသာယူဆကာ ထွက်လာသည်။

**□ဘာသာသာသနာနှင့်စီးပွားရေး**

မုဆိုးတောင်ခြေအထိ အဆင့်မြင့်စားသောက်ဆိုင်ကြီးများကိုနေရာချထားပါသည်။ နိုင်ငံခြားဘုရားဖူးများအတွက်ရည်ရွယ်ဟန်တူပါသည်။ ခန်းနားသောအပြင်အဆင်များနှင့် ဖြစ်သည်။ ကျယ်ဝန်းသော် လူသွားလမ်းကို အလယ်တွင်ထားကာ လမ်းဝဲယာတွင် ပုံစံတူဆိုင်ခန်းကြီးများဖြစ်သည်။ ဂေါပကအဖွဲ့အတွက်တောင့်တင်းသောအမာခံအလှူငွေများဟုမြင်ပါသည်။ ဘာသာရေးနှင့် စီးပွားရေးသူတင်ကိုယ်တင်လုံးထွေးသတ်ပုတ်ပွဲကိုစိတ်အာရုံက မြင်ယောင်ကြည့်မိသည်။

မုဆိုးတောင်သို့ ရောက်သည်။ နေစောင်းကျနေအပူပြင်းချိန်ဖြစ်သဖြင့် ရင်ပြင်မြောက်ပိုင်းရှိ အရုဏ်ခံအဆောင်တွင် ပတ်ဝန်းကျင်ကို လှေ့လာရင်းနားနေပါသည်။ ကျိုက်ထီးရိုးစေတီတော်မတည်မီက ဤတောင်တွင် သားငှက်တောကောင်များ ရှာဖွေပစ်ခတ်ကာ ဝမ်းကျောင်းသော မုဆိုးတစ်ဦးနေခဲ့သည်ဟု ဆိုသည်။ ရသေ့ကြီး တိဿနှင့်တွေ့ကြုံရကာ အကျွတ်တရားရသည်။ သားကောင်တို့ကို သတ်ဖြတ်သော ဝမ်းကျောင်းမှုကို အပြီးတိုင်စွန့်လျက်တရားမေ့ဖြင့် တစ်[illegible]ကတ်တာလုံးပျော်မွေ့သွားသည်ဟုသိ[illegible]သည်။

စေတီတော်ကို မှ[illegible]တမ်းတာတ်ပုံရိုက်ကာ တောင်ရှေ့ဘက်ခြမ်းသို့ဆင်းသည်။ ထိုမှမြောက်စူးစူးသို့ ဈေးဆိုင်အချို့မေးတင်ထားသောမြေနီလမ်းကိုတွေ့ရသည်။ လမ်းညွှန်ဆိုင်းဘုတ်များကိုလည်း တွေ့ရသဖြင့် အဖော်မပါတစ်ဦးတည်းလျှောက်လိုက်သည်။ ဈေးဆိုင်လူနေအိမ်များက စိတ်လိုက်ကဲ့လိုက်ဖြင့်ရှိနေသည်ဖြစ်ရာ လမ်းမှားစရာတော့မရှိဟု တွေးပါသည်။ ကျောက်ထပ်ကြီးကိုဘယ်နှမိနစ်စသည်ဖြင့် ဆိုင်းဘုတ်တချို့က ဘုရားဖူးများကိုဆွဲဆောင်ပါသည်။ ဖွဲ့တင်းလျှောက်ကြရန် အားပေးလျက်ရှိသည်။

**□အန္တရာယ်နီးကပ်ကျောက်ထပ်စေတီသို့**

လမ်းကတောင်တက်တောင်ဆင်းမြေနီလူသွားလမ်းကြမ်း ဖြစ်ပါသည်။ စကားပြောဖော်မပါ တစ်ဦးတည်းဖြစ်၍ ဘုရားဖူးအသွားအလာတို့လည်း မရှိသလောက်ကျဲပါးပါသည်။ ရံဖန်ရံခါ သတင်းများတွင် ဖတ်လိုက်ရသော လုယက်မှုဖြစ်စဉ်များ အတွေးဝင်ကာ အန္တရာယ်များတွေ့နိုင်သလားဟူ၍တွေးမိပါသေးသည်။ တစ်လောက နိုင်ငံခြားသူခေတ်ပုံသမားတစ်ယောက်ကို ဗလက္ကာယလုပ်ရန် ဒေသခံလူငယ်တစ်ဦးကကြိုးစားသည်ကို ဖတ်လိုက်ရပါသည်။ နိုင်ငံအတွက် အလွန်သိက္ခာကျစေသောပြစ်မှုမျိုး ဖြစ်သည်။ မိမိကဲ့သို့ တစ်ဦးစနှစ်ဦးစဖြင့်မသွားသင့်သောခရီး ဖြစ်သည်။ အထူးသဖြင့် မိန်းကလေးများဖြစ်သည်။ သာသနာ့နယ်မြေကို ဖျက်လိုဖျက်ဆီးကျူးလွန်မှုဖြစ်သည်။ အသက်ကစကားပြောလာပြီဖြစ်၍ အားလျော့ချချင်ဖြစ်သော်လည်း ရောက်အောင်သွားမည်ဟု ဆုံးဖြတ်ထားသည့်အတိုင်းဖွဲ့တင်းရပါသည်။

တောင်ကြောမှအဆင်း တစ်နေရာအရောက်တွင် ရှေ့ကိုက်တစ်ထောင်ခန့်အဝေးကုန်းမြင့်ပြေပြေတွင် တင်ပျဉ်ခွေဗုဒ္ဓဆင်းတုတော်များအတော်များများအကွက်ချတည်ထားသည်ကို လှမ်းမြင်လိုက်ရသည်။ ပေါင်းမြက်တောတွင်ဖြစ်၍ အပြီးမသတ်နိုင်သေးဘဲ တည်လက်စတည်နေဆဲဖြစ်ဟန်တူပါသည်။ အနားရောက်ကာမှ ရုပ်ပွားတော်များက စကျင်ကျောက်ဖြင့် ထုလုပ်ထားဖြစ်ပြီး ပလ္လင်တော်များကမူ အုတ်အင်္ဂတေဖြင့်တည်ထားရာ လက်ရာအကြမ်းထည်အတိုင်းသာရှိနေပါသေးသည်။ ဘုရားပရိဝုဏ်သည်ပင် သတ်သတ်မှတ်မှတ်တံတိုင်းကာရံထားခြင်းမရှိသေးပါ။ ပလ္လင်မပါဉာဏ်တော်အမြင့်တစ်ထောင့်ထွာခန့်ဟုထင်ပါသည်။ အစီအရီကျားကွက်ချတည်ထားပါသည်။ အဝင်လမ်းမုခ်ဦးလုပ်နေသော အလုပ်သမားနှစ်ယောက်သုံးယောက်တွေ့ရသဖြင့် မေးမြန်းကြည့်ရာ ဗောဓိတစ်ထောင်ဘုရားဟုသိရ၏။ သစ်ရိပ်ဝါးရိပ်မရှိ ပရိဝုဏ်အလယ်လယ်နံဘေးတွင် အရွက်ကျိုးတိုးကဲဖြင့် အဝင်တစ်ပင်သာတွေ့သည်။ ထို[illegible]ပင်ရှေ့

www.burmeseclassic.com

လမ်းညာဘက်ခြမ်းတွင် တဲသာသာ ယာယီဖြစ်ဟန်တူသည့် ကျောင်း တစ်ဆောင်ရှိနေပါသည်။ နှစ်ပေ၊ သုံးပေ ခန့်ဆိုင်းဘုတ်က 'ဗောဓိတစ်ထောင် ကျောင်း' ဟု ဆိုပါသည်။

□ ကိုယ်ရကိုယ်ယူအလှူခံသေတ္တာများ

အလှူရှင် ဘုရားဒကာပေါ်လာ လိုက်၊ ဘုရားတစ်ဆူတည်ထားလိုက်ဖြင့် လုပ်ကိုင်နေရဟန်တူပါသည်။ မေးမြန်း လိုသော်လည်း ကျောင်းတွင် မည်သူမျှ လူရိပ်ခြည်မတွေ့ရသဖြင့် မမေးမိတော့ ပါ။ သို့ဖြင့် ဘုရားပရိဝုဏ်မှဖြတ်ကာ လူသွားလမ်းအတိုင်းဆက်လက်လျှောက် လှမ်းခဲ့ပါသည်။လူနေကျဲပါးလာပါသည်။ ပေါက်ပြား၊ တံမြက်စည်းဖြင့် လမ်းပြု ပြင်နေသူ ရံဖန်ရံခါတွေ့၏။ ထို့ကြောင့် လည်း အလှူခံပုံးများ ခပ်စိတ်စိတ်မြင် လာရသည်။ ကိုယ်ရကိုယ်ယူဖြစ်ဟန်တူ သည်။ တစ်နေရာအရောက်တွင် မိမိ အလှူခံပုံးအနီးမှ ကျော်ဖြတ်လာအပြီး နောက်ပြန်လှည့်အကြည့်တွင် တံမြက် စည်းလှည်းနေသူက ပုံးထဲမှငွေကို နှိုက် ယူလိုက်သည်ကို တွေ့လိုက်ရသည်။ မိမိရောက်မလာမီလေးက ဟန်ပြထည့် ထားသောငွေလည်း ဖြစ်ချင်ဖြစ်ပါလိမ့် မည်။ ပုံးများတွင် သဘော်ဆေးဖြင့် လမ်းပြုပြင်ရန်၊ ချစ်သူတိုင်းပေါင်းရပါ စေ၊ စာမေးပွဲအောင်ပါစေ စသည်ဖြင့် မညီမညာလက်ရေးဖြင့်ရေးထားသည်။ အလှူခံပုံးများမှာလည်း သေသေသပ် သပ်ခိုင်ခိုင်ခံ့ခံ့မဟုတ်၊ ရရာမုန့်သေတ္တာ၊ ဆပ်ပြာတောင့်ထည့်ထင်းရှူးသေတ္တာများ ဖြစ်သည်။ အချို့နေရာတွင် သေတ္တာပင် မချထားနိုင်။ ပုဆိုးနွမ်းတစ်ထည်ကို လေးဖက်လေးတန်ငုတ်ပေါ်တွင်နှီးဖြင့် ချည်ကာ ဖြန့်ကြက်ထားသည်။ အလှူ ခံမှန်းသိနိုင်ရန် ငါးဆယ်တန်၊ တစ်ရာတန် တစ်ရွက်စနှစ်ရွက်စထည့်ပြထားတတ် သည်။ မိမိသိနားလည်ထားသည်မှာ စေတီတော်ဂေါပကအဖွဲ့၏ ခွင့်ပြုချက် ဖြင့်သာ အလှူခံပုံးများထားရှိသင့်သည် ဟု ထင်ပါသည်။

စပီကာသံသဲ့သဲ့မျှကြားရလောက် သောအကွာတွင် စခန်းဟောင်းတစ်ခု တွေ့သည်။ စခန်းဘေးမှ လူသွားလမ်း ဖောက်ထားသည်ဖြစ်ရာ ကျားလန်ခြံ စည်းရိုးနှစ်ထပ်ကို ရှောင်ကွေ့ကာသွားရ သည်။ စခန်းတွင် လူမနေတော့သည်မှာ ကြာလှပြီ ဖြစ်ပါလိမ့်မည်။ ကာရံထား သောဝါးများက ဆွေးမြည့်နေသည်။ ဘုရားမှ အလှူခံနှိုးဆော်သံကို အဝေး ကပင် ကြားနေရသည်။ တောင်ဆင်း အပြီး နောက်တစ်တောင်ပြန်အတက်၊ ဧရာမကျောက်တုံးကြီးများကို ရှောင် ကာကွင်းကာဖြင့် အနည်းငယ်လျှောက် လိုက်သည်နှင့် စားပွဲတစ်လုံးဖြင့် မိုက် ကိုင်ထားသော ဂေါပကဖြစ်ဟန်တူသူ ကို တွေ့လိုက်ရသည်။ ဂေါပကအလှူခံ တွေ့ပြီး ဘုရားပျောက်နေသဖြင့် ဘုရား ဘယ်မှာလဲဟုတွေးတာရှာသည်။ ထိုအခါ မှ စောစောက မိမိရှောင်ကွင်းခဲ့သော ဧရာမကျောက်တုံးကြီးအပေါ်တွင် မြင် လိုက်ရသည်။

□ ဘုရားသမိုင်းသိချင် ရွှေတစ်ဆိုင်းအရင် ဝယ်

စေတီတော်ကနှစ်ဆူ။ ဟိုမှာဘက် တွင် ထီးတော်ကိုသာ မြင်နေရသော နောက်ထပ်တစ်ဆူရှိသေးသည်။ တောင် မြောက်ယှဉ်တန်းလျက်နေသောအနေ အထားဖြစ်သည်။ကြီးမားသောကျောက် တုံးကြီး၏အောက်ခြေကို ဖြတ်ဝင်လာ သော မိမိအဖို့ စေတီတော်များကို မမြင် လိုက်ရခြင်း ဖြစ်ပါသည်။ မြေအောက် တစ်ပိုင်းတစ်စမြုပ်နေသောကျောက်ဖျာ ကြီးပေါ်တွင် ပေ (၂၀) ခန့်အချင်းရှိမည့် ကျောက်လုံးကတင်နေသည်။ ယင်း ကျောက်လုံးပေါ်တွင် ဉာဏ်တော်အမြင့် တူ စေတီတော်နှစ်ဆူအပြိုင်တည်ထား ခြင်း ဖြစ်ပါသည်။

စေတီတော်ကျောက်တုံးကြီးနှင့် ဂေါပကအလှူခံစားပွဲကြားတွင် ခန့်မှန်း ပေ (၂၀) ကျယ် မြေပြန့်တွင် တစ်ဖက် ပွင့်အမိုးပါ အာရုံခံအဆောင်ရှိပါသည်။ ထိုနေရာတွင် ဘုရားဝတ်ပြုနားနေရင်း နံဘေးနံရံတွင် ဗီနိုင်းကြီးဖြင့်စေတီတော် ကို သက်စွန့်ဆံဖျားရွှေသက်န်းကပ်လှူ နေပုံ ပြသထားသည်။ ကြိုးတန်းပေါ်မှ လူမှာဘောင်းဘီနှင့်ဖြစ်၍ မိမိက တွေး ခေါင်ကာ တိုင်းရင်းသား နိုင်ငံခြားသား တစ်ဦးဦးက တစ်မူထူးစွာ စွန့်စွန့်စားစား ရွှေသင်္ကန်းတက်ကပ်နေပုံကို မှတ်တမ်း တင်ဓာတ်ပုံရိုက်ကာ မိမိကဲ့သို့ ဘုရားဖူး သူများ၏ သဒ္ဓါတရားကို ချူဆီအဖြစ် အသုံးချပြသထားသည်ဟု ထင်မြင်ပါ သည်။ ထို့ကြောင့် မိုက်ကိုင်ထားသူကို ဓာတ်ပုံအကြောင်း မေးမြန်းစူးစမ်းဖြစ် သည်။

"ဒီပုံက ဘယ်လိုကဘယ်လိုဖြစ် ဟာလဲဗျ။ ဘုရားသမိုင်းနဲ့ ဘယ်လိုပတ် သက်သလဲ"

ထိုအခါ အဆိုပါ ဂေါပကပုဂ္ဂိုလ် က -

"သိချင်ရင် အခုပဲ ရွှေသင်္ကန်း ကပ်လှူလိုက်ပါ။ ရွှေတစ်ဆိုင်း (၁၆၀၀) သာပါ။ ဟိုမှာရောင်းချပေးနေပါတယ်။ ဘုရားဒကာ၊ ဒကာမများက ကြုံကြိုက် တုန်း အလှူဒါနပြုကြပါ"

စသည်ဖြင့် ရွှေ ဆိုင်းများရောင်း ချနိုင်ရေး အဆက်မပြတ် ပေါက်ပေါက် ဖောက်လျက်ရှိပါသည်။

ဘုရားဂေါပကသည် မိမိသိလို သည်ကို ဖြေကြားရသည်ထက် ရွှေဆိုင်း များအရောင်းသွက်ရေးကိုသာ စိတ်စော နေဟန်တူပါသည်။ စာရေးလို၍ ကုန်ကြမ်းရလေနိုးနှင့်မေးသောမိမိအဖို့ စိတ်ပျက်စရာပါ။ ထိုပုဂ္ဂိုလ်က မိမိအမေး ကို သဘောပေါက်ဟန်မတူ။ စိတ်လည်း မဝင်စား။ မိမိနောက်မှရောက်လာသော ဘုရားဖူးသူတစ်ဖွဲ့ကိုပါ ဆက်တိုက်တိုက် တွန်းနေခြင်း ဖြစ်သည်။ နောက်တစ်ဖွဲ့ က အင်အားတောင့်တင်းသည့် ခုနစ် ယောက်၊ ရှစ်ယောက်လောက်ရှိပါမည်။ တောင်ပေါ်သား ရှမ်းတရုတ်များ ဖြစ် ဟန်တူသည်။ ထင်သည့်အတိုင်းပင် ထို အဖွဲ့က ရွှေဆိုင်းများ (၄၊ ၅) ခုလောက် ဝယ်လိုက်သည်ကို တွေ့ရသည်။ ရွှေ ဆိုင်းများကိုစုကာ ဘုရားတည်ထားရာ ကျောက်တုံးကြီးပေါ်မှ ကြိုးတစ်ချောင်း ဖြင့် အောက်သို့ တန်းလန်းချထားသော အစိမ်းရောင်လွယ်အိတ်တစ်လုံးဆီသွား ထည့်ပေးရပါသည်။

□ ကြိုးတန်းလျှောက်ကျောက်ထပ်သွား

ပြီးကာမှ အလှူရှင်များကိုယ်စား စေတီတော်တွင် ကိုယ်ထိလက်ရောက် ရွှေသင်္ကန်းကပ်လှူပေးမည့်သူက ဘုရား ဂေါပကမိုက်ကိုင်ထားသူက အချက်ပြ လိုက်သည်နှင့် စတင်လှုပ်ရှားပါသည်။ ဘောင်းဘီရှည်၊ ရှပ်အင်္ကျီခပ်နွမ်းနွမ်း များနှင့် ဖြစ်သည်။ မိမိတို့ရပ်ကြည့်နေ သည့်အနားတင် မိုးပေါ်သို့ (၉၀) ဒီဂရီ မတ်မတ်ထောင်ထားသော မြေစိုက်သုံး ပေခန့်ကျယ်သည့် လှေကားဆင်ထား သည်။ အမြင့်က ပေသုံးဆယ်ရှိမည်ထင် သည်။ ထိုလူက လှေကားကို ခြေလက် အားပြုတက်သွားသည်။ လှေကားထိပ် ရောက်သည်နှင့် အဆိုပါလှေကားထိပ် နှင့် ဘုရားစေတီရှိရာ ကျောက်တုံးကြီး ပေါ်သွယ်တန်းထားသောကြိုး (အမှန်က ကြိုးမဟုတ်ပါ။ ကြိမ်လုံး၊ ကျပ်လုံးခန့်ရှိ သော ရမထာကြိမ်လုံးကြီး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အထူးသီးသန့်ဝယ်ယူတပ်ဆင်ထားသည်ဟု သိရသည်) ရှိပါသည်။ ထိုကြိုးမှ စနစ်ကျနစွာ နည်းမှန်စနစ်မှန်ဖြင့် ခြေဖျားချိတ်ကာ မျောက်တစ်ကောင်လို လက်နှစ်ဖက်အားပြုရွေ့လျားကူးသွားပါသည်။ ဘုရားစေတီရောက်ခါနီး ရင်နှင့် ကြိုးအပ်ထားရာမှ ကားရားခွကာ မတ်မတ်ထိုင်ပြလိုက်ပါသေးသည်။ အောက်မှ ကြည့်နေသူများ မိုးကောင်းကင်အလင်းနောက်ခံဖြင့် အသည်းတယားယားမြင်ကွင်း ဖြစ်သည်။ စပီကာမှလည်း ဆပ်ကပ်ကြည့်ပရိသတ်များကဲ့သို့လှုပ်ရှားမှုများကို ပြောပေးနေသည်။

ကြိုးတန်းကူးနည်းကိုမူ စနစ်တကျဖြစ်ရန် စစ်သင်တန်း၊ မီးသတ်သင်တန်းများတွင် တက်ရောက်သင်ကြားဖူးသူများ သိနားလည်ကြမည်ထင်ပါသည်။ ခြေဖျားချိတ်၊ ရင်နှင့်အပ် လက်နှစ်ဖက်အားပြုလျှောကူးသွားသည်မှာ နည်းစနစ်ကျနပါက အန္တရာယ်ကင်းမည်ဖြစ်သည်။ ရွှေသင်္ကန်းကပ်ပေးမည့်သူက ကျောက်တုံးပေါ် ခြေချကာ အောက်မှ လွယ်အိတ်ကိုကြိုးဖြင့်ဆွဲယူသည်။ ရွှေချ စေတီကို ဦးတင် (စေတီ၏ ဉာဏ်တော်မှာ လူတစ်ရပ်သာသာ၊ လက်ခုပ်တစ်ဖောင်ခန့်ဖြစ်ကြောင်း မျက်မြင်ခန့်မှန်းရပါသည်။) ပြီးသည်နှင့် စေတီတော်၏ ညာဘက်ခြမ်းမှ အောက်သို့ဖြောင့်မတ်စွာဆွဲထားသည့် ဒီဂရီပိုနိမ့်သော နောက်ကြိုးတစ်ချောင်းဆင်ထားသည်။ ထိုကြိုးထက်တွင် ရင်နှင့်အပ်ကာ လက်နှစ်ဖက်ဆန့်လွှတ်၍ လုလုပပလျှောဆင်းလာပါသည်။ ဝမ်းကျောင်းမှုအဖြစ်ကျင့်သားရနေပြီဖြစ်ကြောင်း လှုပ်ရှားမှုများကိုကြည့်ကာ မှတ်ယူရပါသည်။ (နောက်မှ မိမိလေ့လာမိသမျှအရ ကြိုးတက်သူမှာ မူလစတင်လုပ်သူက အလုပ်ကိုမနိုင်မနင်းဖြစ်လာသဖြင့် ညီဖြစ်သူကိုပါအကူအဖြစ်ခေါ်ယူကာ သင်ကြားပေးသည်။ ထို့ကြောင့် ယခုအခါ နှစ်ဦး၊ တစ်ယောက်တစ်လှည့်လုပ်ကြသည်ဟုသိရသည်။)

## □ဆပ်ကပ်ကြည့်ခကရွှေသင်္ကန်းနှင့်မဆိုင်

"ဘုရားဒကာ၊ဒကာမများခင်ဗျား။ အခုလို ခက်ခက်ခဲခဲ သက်စွန့်ဆံဖျားအလှူရှင်တို့ကိုယ်စား တက်ရောက်ရွှေသင်္ကန်းကပ်လှူပေးရတဲ့အတွက်ကိုလည်း အလှူရှင်များက စေတနာသဒ္ဓါတရားအရ ချီးမြှင့်သင့်ပါတယ်"

ဟူသောဂေါပကပုဂ္ဂိုလ်ထံမှအသံတိုကြားလိုက်ရသဖြင့် ရွှေသင်္ကန်းအလှူရှင်များက မဆိုင်းမတွဘဲ တစ်ဆင့်လက်၊ လက်ဆင့်ကမ်းကာ ငွေများစုဆောင်းကြသည်။ ကြိုးတက်/ ဆင်းရသူလက်သို့ ကိုယ်တိုင်ကိုယ်ကျပေးပါဟု ဆိုသဖြင့် ဆင်းကြိုးအခြေငုတ်တိုင်တွင် မျှော်လင့်တကြီးရပ်စောင့်နေသူလက်သို့ထည့်ပေးလိုက်ကြပါသည်။ မည်၍မည်မျှတော့ မသိ။အနည်းဆုံး နှစ်ထောင်၊ သုံးထောင်တော့ရှိပါလိမ့်မည်။ တစ်နေ့တစ်ရက် ရွှေသင်္ကန်းကပ်လှူကြမည့်အလှူရှင်များ မည်မျှရှိမည်ကိုမူ ဂေါပကအဖွဲ့ကသာ သိနိုင်မည် ဖြစ်သည်။ သို့မှသာ ကြိုးတက်/ဆင်းရသူ တွက်ခြေကိုက်မည်ဖြစ်သည်။ (နောက်မှ မိမိလေ့လာမှုအရဆိုရပါက ရင်ပြင်တော်ဂေါပကအဖွဲ့က ဤသို့သော အခြေအနေအတွက် ရွှေတစ်ဆိုင်းဈေးနှုန်းကို ကျပ်တစ်ရာတိုးမြှင့်ရောင်းချခွင့်ပြုထားသည်ဟု ဆိုပါသည်။ ဤကား စကားချပ်)

မိမိတို့မြန်မာနိုင်ငံတွင် ကမ္ဘာသိတန်ခိုးကြီးဘုရားများဖြစ်သော ရွှေတိဂုံ၊ ကျိုက်ထီးရိုးစေတီတော်ရှိ ဂေါပကအဖွဲ့များကို အစိုးရသစ်တက်ပြီးနောက်ပိုင်း သုံးလကျော်ခန့်မှာပင် အပြောင်းအလဲပြုကာ ပြင်ဆင်ဖွဲ့စည်းခဲ့သည်ကို အများအသိပင် ဖြစ်ပါသည်။ အထူးသဖြင့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သာသနာ့နယ်မြေတွင် တစ်နှစ်ပတ်လုံး ဘုရားဖူးနှစ်သန်းခန့်ထံမှ အထွေထွေအဆင်မပြေမှုများမှတစ်ဆင့် ဂေါပကအဖွဲ့အဟောင်း၏ စီမံခန့်ခွဲမှုအားနည်းသောသတင်းအနံ့အသက်ထွက်လာ၏။ နောက်ပိုင်း အလှူခံကန်ထရိုက်စနစ်ဖျက်သိမ်းခြင်းသတင်းများ ကြားသိရသည်။ သို့သော်လည်း မိမိတို့ရောက်ရှိခဲ့သောကာလအထိမူ ထူးခြားပြောင်းလဲမှုပွင့်လင်းမြင်သာစွာ မတွေ့မြင်ရသေးသည်ကို အထက်တွင် လက်တွေ့အားဖြင့်ပြောလိုပါသည်။ ဘုရား[illegible]အများဆုံးဟုဆိုရမည့် ဒီဇင်ဘာလ[illegible]င်မူ သိသာထင်ရှားစွာ ကြားသိရမည်ထင်ပါသည်။

## □သဘာဝဂေဟစနစ်ပျက်သုဉ်းမသွားဖို့

မည်သို့ဖြစ်စေ မိမိတို့မြန်မာနိုင်ငံအဖို့ ကမ္ဘာ့အလယ်တွင် မျက်နှာပန်းလှစွာ ဂုဏ်ယူဖွယ်ရာသောအဖြစ်ကို မမေ့မလျော့ သတိပြုကြရမည် ဖြစ်သည်။ သဘာဝအရ ဖြစ်တည်နေသည့် တန်ဖိုးမြင့်ဂေဟစနစ်ကိုပျက်သုဉ်းမသွားစေရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါသည်။ လူ့ပယောဂဝိသမဝမ်းကျောင်းမှုတစ်ခုတည်းဖြင့် သာသနာ့နယ်မြေ၊ သဘာဝအလှတရားများ ညစ်နွမ်းမခံသင့်ကြပါ။ အရှုပ်ဆိုး အကျည်းတန်စေသောလုပ်ဆောင်မှုများကို မိမိတို့အား အပ်နှင်းထားသည့်အခွင့်အာဏာဖြင့် ဖယ်ရှားကာ အနာအဆာကင်းစင်စေရမည်ဖြစ်သည်။ စားသောက်ဆိုင်များတွင် ရှားပါးတောရိုင်းတိရစ္ဆာန်အသားဟင်းလျာများမပြတ်ရရှိနေခြင်းသည်လည်း သစ်တောဥပဒေနှင့် ကင်းလွတ်ခြင်းရှိမရှိစိစစ်ရမည်သာဖြစ်သည်။

သန့်ရှင်းလတ်ဆတ်သောလေနှင့် စိမ်းလန်းစိုပြည်သောတောင်ဆွယ်တောင်တန်းများ၏အလှသည် မီးမထွက်စီးပွားရေးဟု မိမိတို့သိထားကြသော ခရီးသွားလုပ်ငန်းအတွက် အဓိကကျသော ဆွဲဆောင်အားဟူသည်ကို သတိပြုကြရပါမည်။သဘာဝပတ်ဝန်းကျင်ဂေဟစနစ်အခြေအနေတိုးတက်ကောင်းမွန်စေမည့်အစီအမံများ ယခုထက်ပိုမိုလုပ်ဆောင်ကြရန်လိုပါသည်။ တောင်ပေါ်မြို့ငယ်တစ်ခုသဖွယ်ဟုဆိုရမည့်အခြေအနေကို ဖြေလျော့ကာ လူနေသိပ်သည်းမှုမှလျှော့ချရပါမည်။ သို့မှသာ လေထု၊ ရေထု၊ မြေထုအရည်အသွေး တိုးတက်ကောင်းမွန်စေရပါမည်။ ဘာသာသာသနာရေးတွင် စီးပွားရေးဝိသမသမားများကို နေရာမပေးသင့်ပါ။ ဘုရားဖူးများပြားစည်ကားလိုမှုအကြောင်းပြချက်တစ်ခုတည်းဖြင့် ဘာသာသာသနာနယ်မြေကို အရုပ်ဆိုးအကျည်းတန်မဖြစ်စေလိုပါ။

သို့ဖြင့် မိမိ၏ ဗုဒ္ဓသာသနာ၏ အထင်ကရပြယုဂ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ကြည်ညိုသဒ္ဓါလိုစိတ်ရင်မှာအပြည့်ဖြင့် အရောက်လှမ်းခဲ့ဖူးမြော်ဦးတင်ခဲ့ပါသည်။ ရည်ရွယ်သည့်အတိုင်း ထမြောက်အောင်မြင်မှုရှိ မရှိကိုမူ အတွေ့အကြုံမှ အဆိုးမြင်၊ အကောင်းမြင်အတိုင်းအတာ ချိန်ခွင်ညှာကြည့်ကာ မိမိ၏အပြန်ခရီးတစ်လျှောက် အတွေးမီးခိုး မှိုင်းသို့မဆုံး. . .။

ရာမညာ-သွေးမွှန်

**စာကြွင်း -**

*တစ်နေ့က ဂျာနယ်သတင်းတစ်ပုဒ်တွင် မိမိအိပ်မက်နေသော ကျိုက်ထီးရိုးဆံတော်ရှင်အတွက် တောင်တက်ကေဘယ်ကားများ ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်ပြေးဆွဲမည်ဟု ဆိုပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

"ပြောစမ်းပါဦး၊ ဘာကြောင့် အကျွတ်တရားရခဲ့တာလဲ"

နောက်နေ့ ဦးထွန်းလာတော့ ကျွန်တော်က မေးလိုက်ပါသည်။

ထိုအခါ ဦးထွန်းက -

"လူဝင်စားဆိုတာရယ်၊ မေ့မြော ပြီး နတ်ပြည်တို့၊ ငရဲပြည်တို့ရောက်သွား တယ်ဆိုတာရယ်တွေကို ကျွန်တော်က အရင်းရှင်တို့ရဲ့ လုပ်ဇာတ်ပဲလို့ မှတ်ချက် ချခဲ့တယ်။ ဒီနှစ်မတ်လကုန်ခါနီးလောက် မှာ ကျွန်တော် အစာအဆိပ်ဖြစ်ပြီးတော့ သတိလစ်မေ့မြောသွားခဲ့တယ်။ အဲဒီ အခါမှာ ကျွန်တော် ဓာတ်ပုံကိုသာမြင်ဖူး တဲ့ ကျွန်တော့်အဖေ ရောက်လာတယ်။ သူ့ကိုတွေ့တော့ ကျွန်တော်ဝမ်းသာအားရ နဲ့ အဖေလို့ခေါ်လိုက်တယ်။

သူက မျက်နှာမာမာ အသံပြတ် ပြတ်နဲ့ -

# ချောင်းဆုံအုန်းသွင်
## ကံ-ကံ၏အကျိုး



'သူတော်ကောင်းကိုလည်းပြစ်မှား နေတာ၊ သူတော်ကောင်းတရားကို လည်း ပြစ်မှားစော်ကားတဲ့လူမိုက် မင်း တို့လိုကောင်မျိုး သေရင်ရောက်ရမယ့် နေရာကို ငါကြိုတင်ပြီးပြထားမယ်။ ငါနဲ့ လိုက်ခဲ့'

ဆိုပြီး ခေါ်သွားတယ်။ တောအုပ် လိုနေရာမျိုးပဲ။ ဘာမှမမြင်ရသေးခင် မချိမဆံ့နဲ့အော်ဟစ်နေတဲ့အသံတွေကို ကြားရတယ်။ နောက်တော့ လူတွေကိုပါ မြင်ရတယ်။ အဲဒီအထဲမှာ တက္ကသိုလ် တုန်းက ကျွန်တော့်ကို ရုပ်ဝါဒသွတ်သွင်း ခဲ့တဲ့ ကျောင်းသားခေါင်းဆောင် လက်ဦး ဆရာကိုလည်း မြင်ခဲ့ရတယ်။

မြင်ရတဲ့မြင်ကွင်းက လက်ညှိုးလုံး လောက်ရှိတဲ့သံချောင်းကို မီးရဲအောင် ဖုတ်ထားပြီး စအိုကနေ ငယ်ထိပ်ပေါက် ထွက်အောင်တစ်ချောင်းထိုးတယ်။ ရင် ညွန့်ကနေနောက်ကျောပေါက်ထွက်အောင် တစ်ချောင်းထိုးတယ်။ ဘယ်ဘက်နံကြား ကနေ ညာဘက်နံကြားပေါက်ထွက် အောင် တစ်ချောင်းထိုးတယ်။ အဲသလို ထိုးထားပြီး ခေါင်းကို သံချောင်းနဲ့ရိုက် တယ်။ ထိုးတိုင်းရိုက်တိုင်း အသံနက်ကြီး နဲ့အော်တယ်။ တကယ်တော့ တစ်ချောင်း ထိုးရုံနဲ့ သေသွားရမှာ လုံးဝမသေဘူး။

အဖေက -

'မင်းသေရင် ဒီကိုရောက်ပြီး ဒီလို ခံရမှာ။ ဒါပေမယ့် မင်းမှာကုစားဖို့အချိန် (၈)နှစ်လောက်ရှိသေးတယ်။ အစွမ်းကုန် ကုစားမယ်ဆိုရင် ဒီထက်သက်သာတဲ့ခံရ မှုမျိုးနဲ့ သက်တမ်းတိုတဲ့ခံရမှုမျိုးကိုရရှိပြီး အဲဒီကလွတ်တဲ့အခါ ကောင်းရာကိုရောက် နိုင်တယ်။ အဲဒါ မင်းသက်သာချင်ရင် ကုစားပေတော့'

လို့ ပြောပြီး ပျောက်သွားတယ်။

အဲဒီအချိန်မှာ ကျွန်တော်သတိ ပြန်ရလာတာပဲ။ ကြောက်လွန်းလို့ တဆတ်ဆတ်တုန်နေတယ်။ တကယ်ပဲ လို့ပဲ ယုံကြည်တယ်။ ရောဂါပျောက်ကင်း လာတော့ ရဟန်းဖြစ်စေ၊ လူဖြစ်စေ တစ်ဦးဦးထံ ချဉ်းကပ်ပြီး အကျိုးအ ကြောင်းပြောပြီး ကျွန်တော့်ကုသရေး အတွက် အကူအညီပေးဖို့ တောင်းပန် မယ်လို့ စိတ်ဆုံးဖြတ်လိုက်တယ်။ အဲဒီ အချိန်မှာပဲ သမီးက ရန်ကုန်ပြောင်းရလို့ ဒီရောက်လာပြီး ကံကောင်းလို့ ခင်ဗျားနဲ့



www.burmeseclassic.com

www.burmeseclassic.com

ပြန်တွေ့ရတာပဲ။ ကျွန်တော့်ကိုကူညီပါ”

ဟု ပြောပါသည်။

ကျွန်တော်က -

“ခင်ဗျားတို့ ရုပ်ဝါဒသမားတွေက စိတ်ဆိုတာကို လက်မခံဘူး။ စိတ်လို့ ပြောနေကြတဲ့ဟာ ဦးနှောက်ရဲ့လှုပ်ရှားမှုတစ်ရပ်ပဲ။ ဦးနှောက်ကသိတယ်၊ မှတ်တယ်၊ ပြန်ထုတ်ပေးတယ်လို့ ပြောတယ်။ အခုခေတ် ကွန်ပျူတာလိုပေါ့။ ဒါပေမယ့် ပြန်ထုတ်ပေးတဲ့နေရာမှာသိပြီး မှတ်ထားတဲ့အတိုင်းပဲ ပြန်ထုတ်ပေးနိုင်တယ်။ မပို၊ မလို မပြောင်းလဲဘူး။

ဒီနေရာမှာ ခင်ဗျားစဉ်းစားဖို့ကောင်းတာ ခင်ဗျားအဖေကို ခင်ဗျားဦးနှောက်က သေသွားပြီလို့သိပြီး ဓာတ်ပုံကို ဒါ ငါ့အဖေပဲလို့ မှတ်ထားခဲ့တယ်။ သေသွားသူဟာ လုံးဝပြတ်သွားတယ်။ ဘာမှထပ်မဖြစ်တော့ဘူး။ နောက်ဘဝ မရှိတော့ဘူးလို့ လက်ခံထားတဲ့ခင်ဗျားအတွက် အခု ခင်ဗျားမြင်ခဲ့ရတဲ့ ခင်ဗျားရဲ့ အဖေဟာ ဘယ်လိုသဘောလဲ။ ဦးနှောက်က ပြန်ထုတ်ပေးတာတော့ မဟုတ်နိုင်ဘူး။ ဘယ်လိုပြန်မြင်တာလဲ”

“ဟုတ်ပြီ - ခင်ဗျားပြောတာ ကျွန်တော်သဘောပေါက်တယ်။နောက်ဘဝဆိုတာ ရှိတယ်ဆိုတဲ့ အထောက်အထားတစ်ခုဖြစ်နိုင်တယ်”

ဟု ဦးထွန်းက အလေးအနက် ပြန်ပြောပါသည်။

ကျွန်တော်က -

“အရင်းရှင်ရဲ့လုပ်ကြံဖန်တီးချက်လို့ ခင်ဗျားတို့ တထစ်ချယူဆထားတဲ့ လူဝင်စားပြဿနာဟာလည်း မယုံလို့မရလောက်အောင် ခိုင်မာတဲ့အထောက်အထားတွေရှိတယ်။ ခင်ဗျားတို့ လက်ဝဲနိုင်ငံကထုတ်တဲ့စာစောင်ရဲ့ဆောင်းပါးတစ်ပုဒ်မှာ ကျွန်တော်ဖတ်လိုက်ရတယ်။ စာစောင်အမည်ကိုတော့ မမှတ်မိတော့ဘူး။ ရုရှားနိုင်ငံက ကွယ်လွန်သွားတဲ့လူတစ်ယောက်ဟာ အင်္ဂလန်မှာ လူဝင်စားသွားဖြစ်တယ်။ စကားပြောတတ်တဲ့အရွယ်ရောက်တော့ သူ့မိဘအမည်၊ နေရပ်လိပ်စာပြောပြီး သူသွားချင်တယ်၊ တွေ့ချင်တယ်လို့ ပြောတယ်။ ဒီတော့ အင်္ဂလန်က သူ့မိဘတွေဟာ ရုရှားက မိဘတွေကို တရားဝင်ကမ်းလှမ်းတယ်။ ရုရှားကမိဘတွေကလည်း လက်ခံတယ်။ အဲဒါနဲ့သွားတယ်။ ရောက်တော့ သူ့မိဘတွေကို သူခေါ်နေကျအတိုင်းခေါ်ပြီး ညီအစ်ကိုမောင်နှမတွေကို အကုန်နာမည်ခေါ်တယ်။ ပြီးတော့ သူပစ္စည်းတွေကို အမျိုးအမည်အရေအတွက်နဲ့ တကွပြောတယ်။ အားလုံးမှန်နေတယ်။ အဲဒီတုန်းက အဲဒီအကြောင်းဟာ လက်ဝဲသမားတွေလောကမှာ အတော်ကလေး ဂယက်ရိုက်သွားတယ်”

“ကံ၊ ကံရဲ့အကျိုးဆိုတာကိုလည်း ပြောပြပါဦး”

သူက သူမယုံခဲ့သောအကြောင်းအရာတစ်ရပ်ကိုမေးပါသည်။

ကျွန်တော်က -

“ကံဆိုတာ စိတ်ဖြစ်ပြီး စိတ်ကြောင့်လုပ်တဲ့အလုပ်ပဲ။ အခု ခင်ဗျား ကျွန်တော့်ဆီလာတယ်။ လာချင်စိတ်အရင်ဖြစ်တယ်။ စိတ်ဖြစ်ပြီးမှလာတာ စိတ်ကမသိဘဲ ဒီအတိုင်းထလာတာ မဟုတ်ဘူး။ အဲဒီလိုစိတ်ဖြစ်ပြီးလာတဲ့ အလုပ်ဟာ ကံပဲ။ ကျွန်တော့်ဆီရောက်လာတာ လာတဲ့အကြောင်းကြောင့် ရောက်တဲ့အကျိုးကိုဖြစ်ပေါ်စေတယ်။ လက်တွေ့ မျက်တွေ့မြင်ရတဲ့ အမှန်တရားပဲ။ ခင်ဗျားဗုဒ္ဓဘာသာကိုလေ့လာဖူးလား”

လို့ ကျွန်တော်က ကံ၊ကံ၏အကျိုးအကြောင်းကို ပြန်ဖြေပြီးနောက် ဆက်မေးလိုက်ပါသည်။

သူက -

“ဘာသာရေးဟာမှိုင်းပဲ။ လေ့လာရင်စွဲတတ်တယ်။ အထူးသဖြင့် ဗုဒ္ဓဘာသာက ပိုဆိုးတယ်။ ဒါကြောင့် မလေ့လာဘူး”

ဟု ပြန်ဖြေပါသည်။

ကျွန်တော်က -

“ကိုယ့်ဝါဒကို ကိုယ်မှန်တယ်လို့ ယုံကြည်ရင် တခြားဝါဒကို ကြောက်စရာမလိုဘူးပေါ့။ တခြားဝါဒမမှန်ဘူးဆိုတာကို လေ့လာမှ အသေအချာပြောနိုင်မှာပေါ့။ အရင်းရှင်ဝါဒကို ခင်ဗျားတို့ ကျေညက်အောင် လေ့လာပြီး အပြစ်ပြောနိုင်သလိုပြောနိုင်ရမှာပေါ့။ ဘာမှမသိဘဲ အပြစ်ပြောတာက လူညံ့အလုပ်ပဲ။

အဲဒါအသာထား၊ ခင်ဗျားအဖေပြောသွားတဲ့ ကုစားရင် သက်သာနိုင်တယ်ဆိုတဲ့အကြောင်းကို ပမာပေးပြီး ကျွန်တော်ပြောပြမယ်။ ခင်ဗျားတို့လည်း သိကြတဲ့ အဇာတသတ်မင်းဟာ ခင်ဗျားလိုပဲ ရှင်ဒေဝဒတ်ဆိုတဲ့လမ်းမှားကိုညွှန်တဲ့ဆရာကြောင့် အဖေကိုသတ်မိတယ်။ ရှင်ဒေဝဒတ်လည်း သံဃာကိုသင်းခွဲတယ်။ ဘုရားကိုသတ်ဖို့ကြိုးစားတယ်။ အဲဒီကံကြောင့် သေတော့ အခု ခင်ဗျားမြင်ခဲ့ရတယ်ဆိုတဲ့ ငရဲကိုရောက်သွားတယ်။ အဇာတသတ်လည်း မကုစားရင် ကျိန်းသေရောက်မှာပဲ။ ဒါပေမယ့် နောက်မှ ဘုရားနဲ့တွေ့ပြီး သာမညဖလသုတ်ကို နာကြားရပြီး ဘုရားကိုအလွန်ကြည်ညိုသွားတယ်။ ပထမသင်္ဂါယနာကို ရှင်မဟာကဿပနဲ့အတူ ဒကာပြုပြီး တင်ခဲ့တယ်။ သာမညဖလသုတ်ဟောပြီးတော့ မြတ်စွာဘုရားက ‘ဒီမင်းဟာ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သူပဲ။ တကယ်လို့ အဖေကိုသတ်မထားရင် ဒီဘဝမှာ သောတာပန်ဖြစ်နိုင်တယ်’ လို့ ရဟန်းများကိုမိန့်တော်မူတယ်။

ဘုရားကိုကြည်ညိုပြီး သာသနာပြုခြင်းဆိုတဲ့ကုစားမှုကြောင့် သေတော့ ရှင်ဒေဝဒတ်ရောက်တဲ့၊ ခင်ဗျားမြင်ခဲ့တဲ့နေရာမျိုးကိုမရောက်ဘဲ အဲဒီထက်အများကြီးသက်သာပြီး သက်တမ်းတိုတဲ့ ငရဲကိုရောက်ခဲ့တယ်။ ခင်ဗျားလည်း ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သူပဲ။ သေသေချာချာ ပြန်ကုစားမယ်ဆိုရင် သက်သာခွင့်ရမယ့်အပြင် အဲဒီကလွတ်တဲ့အခါ ကောင်းမှုကံကြောင့် ကောင်းတဲ့ဘုံရောက်ပြီး ကောင်းမှုဆက်လုပ်ပြီး ဆက်ကောင်းသွားနိုင်တယ်လို့ ခင်ဗျားအဖေက ပြောခဲ့တာ”

ဟု ရှင်းပြလိုက်ပါသည်။

“လောကမှာ သာမန်ဖြစ်ပျက်နေကျ သဘာဝတရားအတိုင်းပဲ၊ အထူးအဆန်းမဟုတ်ဘူး။ လူတစ်ယောက်ဟာ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်မိရင် ထိုက်သင့်တဲ့အပြစ်ဒဏ်ကိုခံရမယ်၊ ထောင်ကျမယ်။ ဘယ်နှနှစ်စသဖြင့်ပေါ့။ ဒီပြစ်မှုအတွက် နောင်တရပြီး လောလောဆယ်ကုစားတဲ့အနေနဲ့ ထောင်ထဲမှာ ထောင်စည်းကမ်းကို လိုက်နာတယ်။ အရင်တုန်းက မင်္ဂလာစာမေးပွဲပြုလုပ်ပေးလေ့ရှိတယ်။ ခုတော့ မသိတော့ဘူး။ ထောင်စည်းကမ်းကို မချိုးမဖောက်ဘဲ လိုက်နာရင် ရရှိတဲ့အကျိုးအဖြစ် လျှော့ရက်တွေရတယ်။ မင်္ဂလာစာမေးပွဲအောင်ရင်လည်း လျှော့ရက်တွေရတယ်။ အဲဒါဟာလည်း ထောင်စည်းကမ်းလိုက်နာတဲ့၊ မင်္ဂလာစာမေးပွဲဖြေဆိုအောင်မြင်တဲ့အကြောင်းကံကြောင့်ရရှိတဲ့အကျိုးကံ့,ကံရဲ့အကျိုးပဲ။ ထောင်ကျရတာလည်း ရာဇဝတ်မှုကျူးလွန်တဲ့ကံကြောင့် ရရှိတဲ့အကျိုးပဲ။ ထောင်ကထွက်ပြီးနောက် လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားရင် နောက်ထပ် ထောင်မကျတော့ဘူးပေါ့။

တကယ်လို့ ထောင်ထဲမှာလည်း



www.burmeseclassic.com

www.burmeseclassic.com

## ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ကမ္ဘာပေါ်တွင်အကောင်းဆုံးစကားလုံးတော်များ

□ ယံ ဗုဒ္ဓေါ ဘာသတိ ဝါစံ၊
ခေမံ နိဗ္ဗာန ပတ္တိယာ၊
ဒုက္ခဿန္တ ကိရိယာယ၊
သာ ဝေ ဝါစာန ဥတ္တမာ။ ။

**ယံ ဗုဒ္ဓေါ ဘာသတိ ဝါစံ** - ဗုဒ္ဓေါ မြတ်စွာဘုရားရှင်သည်၊ **ခေ** - ကောင်းစွာ၊ **ဒုက္ခဿန္တ ကိရိယာယ** - ဒုက္ခ၏အဆုံးကို ပြုတတ်သော၊ **နိဗ္ဗာနပတ္တိယာ** - နိဗ္ဗာန်သို့ ရောက်ခြင်းငှာ၊ ငြိမ်းအေးခြင်းငှာ၊ **ယာဝါစံ** - ပိဋကတ်သုံးပုံ ဟူသော အကြင် စကားတော်ကို **ဘာသတိ** - မြွက်ဆိုဟော ကြားတော်မူ၏၊ **သာ** - ထိုမြတ်စွာဘုရား မြွက်ဆိုပြောကြားတော်မူသော စကား မှန်သမျှတွင်၊ **ဥတ္တမာ** - အမြတ်ဆုံးပေ တည်း။

*သုတ္တနိပါတ်-သုဘာသိတသုတ်*

□ **ဗုဒ္ဓေါ ဗုဒ္ဓေါ - ဘုရား ဘုရား**

၁။ ဗုဒ္ဓေါတိ ကိတ္တ ယန္တဿ၊ ကာယေ
ဘဝတိ ယာပီတိ
ဝရ မေ ဟိ သာ ပီတိ၊ ကသိဏော
နာပိ ဇမ္ဗုဒီပဿ။

**ဗုဒ္ဓေါတိ** - ဘုရား ဘုရား ဟူ၍၊ **ကိတ္တယန္တဿ** - ရွတ်ဆိုရင့်ကျူးသောသူ၏၊ **ကာယေ** - ခန္ဓာကိုယ်၌၊ **ယာပီတိ** - အကြင်နှစ်သက်ခြင်းပီတိသည်၊ **ဘဝတိ** - ဖြစ်၏။ **သာ** - ထိုပီတိဖြစ်ရခြင်းသည် (ဝါ) ဖြစ်ရသောပီတိသည်၊ **ဟိ** - စင်စစ်အားဖြင့်၊ **ကသိဏောနာပိ ဇမ္ဗုဒီပဿ** - ဇမ္ဗုဒိပ် တစ်ကျွန်းလုံးကိုအစိုးရသော စကြဝတေးမင်းဖြစ်ရခြင်းထက်၊ **ဝရမေဝ** - မနှိုင်းယှဉ်နိုင်သာအောင် မြင့်မြတ်လှပါပေ၏။

၂။ ဓမ္မောတိ ကိတ္တ ယန္တဿ၊ ကာယေ
ဘဝတိ ယာပီတိ၊
ဝရ မေ ဟိ သာ ပီတိ၊ ကသိဏော
နာပိ ဇမ္ဗုဒီပဿ။ ။

**ဓမ္မောတိ** - တရားတော် တရားတော်ဟူ၍၊ **ကိတ္တ ယန္တဿ** - ရွတ်ဆို ရင့်ကျူးသောသူ၏၊ **ကာယေ** - ခန္ဓာကိုယ်၌၊ **ယာပီတိ** - အကြင်နှစ်သက်ခြင်း ပီတိသည်၊ **ဘဝတိ** - ဖြစ်၏။ **သာ** - ထို ပီတိဖြစ်ရခြင်းသည် (ဝါ) ဖြစ်ရသော ပီတိသည်၊ **ဟိ** - စင်စစ်အားဖြင့်၊ **ကသိဏောနာပိ ဇမ္ဗုဒီပဿ** - ဇမ္ဗုဒိပ်တစ်ကျွန်းလုံးကို အစိုးရသော စကြဝတေးမင်း ဖြစ်ရခြင်းထက်၊ **ဝရမေဝ** - မနှိုင်းယှဉ်နိုင်အောင် မြင့်မြတ်လှပါပေ၏။

၃။ သံဃောတိ ကိတ္တ ယန္တဿ၊ ကာယေ
ဘဝတိ ယာပီတိ၊
ဝရ မေ ဟိ သာ ပီတိ၊ ကသိဏော
နာပိ ဇမ္ဗုဒီပဿ။ ။

**သံဃောတိ** - သံဃာတော် သံဃာတော်ဟူ၍၊ **ကိတ္တယန္တဿ** - ရွတ်ဆိုရင့်ကျူးသောသူ၏၊ **ကာယေ** - ခန္ဓာကိုယ်၌ **ယာပီတိ**-အကြင်နှစ်သက်ခြင်းပီတိသည်၊ **ဘဝတိ**- ဖြစ်၏။ **သာ** - ထိုပီတိဖြစ်ရခြင်းသည် (ဝါ) ဖြစ်ရသောပီတိသည်၊ **ဟိ** - စင်စစ်အားဖြင့်၊ **ကသိဏောနာပိ ဇမ္ဗုဒီပဿ** - ဇမ္ဗုဒိပ်တစ်ကျွန်းလုံးကို အစိုးရသော စကြဝတေးမင်းဖြစ်ရခြင်းထက်၊ **ဝရမေဝ** - မနှိုင်းယှဉ်နိုင်အောင် မြင့်မြတ်လှပါပေ၏။

□ **ကမ္ဘာပေါ်တွင် အမြတ်ဆုံး (၄) ပါး**

၁။ **မဂ္ဂါ နဋ္ဌင်္ဂိကော မဂ္ဂေါ** - လမ်းခရီးအပေါင်းတို့တွင် အင်္ဂါရှစ်ပါးရှိသော မဂ်လမ်းခရီးသည် အမြတ်ဆုံး ဖြစ်၏။

၂။ **သစ္စာနံ စတုရော ပဒါ** - သစ္စာအားလုံးတို့တွင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟု ဆိုအပ်သော အရိယာသစ္စာလေးပါးသည် အမြတ်ဆုံးဖြစ်၏။

၃။ **ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ** - တရားအားလုံးတို့တွင် ရာဂကင်းရာ နိဗ္ဗာန်သည် အမြတ်ဆုံး ဖြစ်၏။

၄။ **ဒွိပဒါ နဉ္စ စက္ခုမာ** - အခြေနှစ်ချောင်းရှိသော သတ္တဝါအားလုံးတို့တွင် ၁။ ဗုဒ္ဓစက္ခု ၂။ ဓမ္မစက္ခု ၃။ သမန္တစက္ခု ၄။ ဒိဗ္ဗစက္ခု ၅။ ပညာစက္ခုဟု ဆိုအပ်သော စက္ခု(မျက်စိ)ငါးပါးရှိတော်မူသော မြတ်စွာဘုရားသည် အမြတ်ဆုံး ဖြစ်တော်မူ၏။

(ဓမ္မပဒ မဂ္ဂဝဂ် ဂါထာ-၂၇၃)

*ရတနာမြတ်သုံးပါးအား*
*အမြဲဆည်းကပ်ပူဇော်*
*ကန်တော့နိုင်ကြပါစေ*

**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

---

ဆက်လက် ဆိုးမိုက်နေမယ်ဆိုရင် လျော့ရက်မရတဲ့အပြင် ပြစ်မှုထပ်ကျူးလွန်တဲ့အတွက် နောက်ထပ်နှစ်တိုးတွေပါရဦးမယ်။ ထောင်ကထွက်လာပြီး နောက်တတရားမရဘဲ ထပ်မံဆိုးမိုက်ပြီး ရာဇဝတ်မှုထပ်မံကျူးလွန်လျှင် ထောင်ပြန်ကျဦးမှာပဲ။ ကျူးလွန်မိတဲ့ ပြစ်မှုအတွက်ကတော့ ပြစ်ဒဏ်ခံရမှာပဲ။ ဒါပေမယ့် ကုစားသူက သက်သာပြီး မကုစားသူက ပိုဆင်းရဲမှာပဲ”

“ကျွန်တော့်အဖေ ပြောသွားတဲ့အထဲမှာ မင်းကံကြီးထိုက်တယ်ဆိုတဲ့ စကားပါတယ်။ အဲဒါ ဘာကိုပြောတာလဲ။ အရင်တုန်းက ကံကြီးငါးပါးဆိုတာကိုကြားဖူးတယ်။ အယုံအကြည်မရှိလို့ သိအောင်မလုပ်ခဲ့ဘူး။ အဲဒါကို ပြောတာလား။ အဲဒါတွေကဘာတွေလဲ”

ဟု ဦးထွန်းက မေးပါသည်။

ကျွန်တော်က -

“ကံကြီးငါးပါးဆိုတာ လူတွေအတွက် -

၁။ အမိကိုသတ်ခြင်း၊
၂။ အဖကိုသတ်ခြင်း၊
၃။ ရဟန္တာကိုသတ်ခြင်း
၄။ မြတ်စွာဘုရားကိုဒဏ်ရာရအောင် ပြုလုပ်ခြင်း၊
၅။ သံဃာကိုသင်းခွဲခြင်း

တို့ ဖြစ်တယ်။

လို့ တရားနာရင်း ကြားနာမှတ်သားခဲ့ရတယ်။ ကံကံရဲ့အကျိုးကိုငြင်းပယ်တဲ့လူဟာ မကောင်းမှုမှန်သမျှ အကုန်လုပ်မှာပဲ။ ရဟန်းအစစ်ကတော့ ကံ၊ ကံရဲ့အကျိုးကိုယုံကြည်လို့ ရဟန်းဝတ်လာတာ။ ဒါပေမယ့် အလားတူ အပြစ်ကြီးဖြစ်တဲ့ သံဃာသင်းခွဲအလုပ်ကိုလုပ်နိုင်တယ်။ ဒီအလုပ်ကိုလူတွေလုပ်လို့မရဘူး။ ရဟန်းပဲလုပ်လို့ရတယ်။

ကဲ - ဒီနေ့ဒီလောက်နဲ့နားကြစို့။

**ချောင်းဆုံမှုန်းသွင်**



www.burmeseclassic.com

www.burmeseclassic.com

ဦးစန္ဒိမာ(စလင်း)

# သေခဲလှပွဲတော် သို့မဟုတ် တောဘုရားပွဲ


သည်နှစ်ထဲ ခရီးယာယီတွေက များလှသည်။ ကျန်းမာရေးကိစ္စတွေလည်း ပါသည်။ မကွေးကို တစ်လတစ်ခေါက် ရောက်သည့်အပြင် တော်ကြာ ရန်ကုန်ရောက်လိုက်၊ တော်ကြာ မန္တလေးရောက်လိုက်၊ တော်ကြာ စစ်ကိုင်း သီတဂူဆေးရုံ ရောက်လိုက်။ ဘယ်လောက်အလုပ်တွေ များများ နှင်းတွေဝေတာကြည့်ပြီး ခရီးထွက်ချင်နေသည်။ ဤခရီးကား အခြားမဟုတ်။ ပခန်းငယ်က သေခဲလှဘုရားပွဲတော်ပင်တည်း။ ဘုရားပွဲကား နတ်တော်လဆန်း ၁၀ ရက်မှ ၁၅ ရက်အတွင်းဖြစ်သည်။ ဆောင်းဦးကာလဟုဆိုရမည်။

လူတွေကျိတ်ကျိတ်တိုးမစည်ခင် ခရီးစဉ်လိုက်သည်။ သို့မှသာ လေ့လာချင်တာ၊ မေးမြန်းချင်တာတွေ စိတ်အေးလက်အေးရှိမည်မဟုတ်ပါလား။ ထိုနေ့က နံနက်အစောကြီးနိုးနေသည်။ စိတ်ကလည်း ဘုရားပွဲရောက်နေသည်။ လေ့လာချင်သည့်နေရာတွေကလည်း မနည်း။ နံနက် (၅) နာရီလောက် ဦးအောင်ကြည်ဦး (ကင်မရာမင်း) ရောက်လာသည်။ ထို့နောက် ဒရိုင်ဘာ သန်းထိုက်၊ များမကြာမီ ဆွမ်းချိုင့်ဆွဲလျက် ကိုပိုရောက်လာပြီး သူကပ်သည့်အရုဏ်ဆွမ်း ပူပူနွေးနွေးကိုဘုဉ်းပေးပြီး ခရီးစဉ်လိုက်သည်။

ကားပေါ်တက်လိုက်သည်နှင့် နာရီကြည့်လိုက်သည်။ (၆း၂၀) နာရီ။ ကိုပိုသမီး စိုးစံပယ်ခိုင်ကို မေးလိုက်သည်။ မှတ်စုစာအုပ်နဲ့ ဘောလ်ပင်ပါလားဟူ၍ပင်။ သေခဲလှခရီးသည် ရေလမ်းမှ (၁)နာရီလောက်နှင့်ရောက်သည်။(၇)မိုင်ဝေးသည်။ ဆင်ဖြူကျွန်း၊ ကျွန်းညိုက သွားလျှင် ကားနှင့် (၁၅) မိနစ်တောင်မကြာ။ ဧရာဝတီမြစ် စက်လှေနှင့် နာရီဝက်သာသာဖြတ်၊ ခြေကျင် (၁၅) မိနစ်လောက်နှင့်ရောက်ပြီ။ ယခုခရီးကား ကွေ့ဝိုက်ပြီး အချိန်ကြာသည်။ သို့သော် စလေနှင့် ရှင်ပင်စာကြို့သမိုင်းဝင်တွေ လေ့လာနိုင်သည်။



ရှင်ပင်သေခဲလှဘုရား



ရှင်ပင်သေခဲလှတန်ဆောင်း

ခရီးစဉ်တစ်လျှောက် ချောက်မြို့-စလေမြို့ - ရှင်ပင်စာကြို့ - ပခန်းငယ် - သေခဲလှတစ်နေရာရာရောက်တိုင်း နာရီကြည့်ပြီး ရေးမှတ်ခိုင်းသည်။ မိုင်တိုင်တွေလည်း ရေးမှတ်စေသည်။ ချောက်မှ စလေသို့ (၅) မိုင် (၁) ဖာလုံ၊ စလေမှ ရှင်ပင်စာကြို့သို့ (၄) ဖာလုံရှိသည်။ သေခဲလှသို့ မိုင်တိုင်ရေးမထား။ လမ်းမှာတွေ့သည့် ရွာနာမည်တွေပါမလွတ်စေရ။ (၇း၄၀) နာရီ ချောက်၊ (၉) နာရီ စလေ၊ (၉း၂၄) နာရီ ရှင်ပင်စာကြို့၊ (၁၀း၁၄) နာရီ သေခဲလှဘုရားပွဲရောက်ပါသည်။ စလေကထွက်တော့ လမ်းမှာ ကျွန်းသစ်၊ ချောင်းပိုက်၊ ဥယျာဉ်၊ ရွာငယ်တန်း၊ ပခန်းငယ်ရွာတွေ တွေ့ရသည်။ အချို့ရွာတွေက ရွာနာမည်ဆိုင်းဘုတ်သာတွေ့ရပြီး ရွာကဝေးနေ၍ လေ့လာခွင့်မသာ။စလေရောက်တော့ ရှေးဟောင်းရုပ်စုံကျောင်းဝင်ရောက်လေ့လာသည်။ တော်ပါသေးရဲ့။ ဦးမောင်မောင်လတ် (ရှေးဟောင်းသုတေသန) နှင့်တွေ့ရလို့။

သူက သူကိုယ်တိုင်ရေးသားသည့် စလေရုပ်စုံကျောင်း၊ ရှင်ပင်စာကြို့ စသည့် စာအုပ်များ၊ အမှတ်တရပစ္စည်းများ ရောင်း ချလျက် ရုပ်စုံကျောင်းထဲ အမြဲရှိနေသူပါ။တနင်္လာနေ့ပိတ်ရက်ကလွဲလျှင်ပေါ့လေ။ သူက မေးသမျှ စိတ်ရှည်လက်ရှည်ဖြေဆိုသူ၊ သည်ဘက်မှာတွင် ကျွမ်းကျင်သူ ဖြစ်သည်။ အဲဒီကနေ လာဘမုနိမ်ဘုရားကြီးကို သွားရောက်ဖူးမြော်ရသည်။ စိုးစံပယ်ခိုင်ကို ကျောင်းသမိုင်း၊ ဘုရားသမိုင်းများ ရေးမှတ်စေသည်။ ကိုယ်သိသလောက်လည်းရှင်းပြရသည်။ ဦးအောင်ကြည်ဦးကတော့ ကင်မရာတစ်လုံးဖြင့်အလုပ်ရှုပ်နေသည်။

"စလေမြို့ကို ၂၂၁ ခုနှစ်မှာတည်တယ်။ ပျဉ်ပြားမင်းလက်ထက် မှာတည်ပြီး (၁၀) နှစ်လောက်ရှိမှ စလေက ဖွံ့ဖြိုး



www.burmeseclassic.com

www.burmeseclassic.com




ရှင်ပင်သေခဲလုတန်ဆောင်း



ရှင်ပင်သေခဲလုတန်ဆောင်း





ရှင်ပင်သေခဲလုဘုရားရုပ်ပွားတော်

လာတာ။ ပျူခေတ်ကတည်းက စလေဟာရှိနေတယ်။ အိမ်ခြေအတော်နည်းသေးတယ်။ ဧရာဝတီမြစ်ကမ်းအရှေ့ဘက်ကပ်လျက်ရှိနေတာဆိုတော့ ကူးသန်းရောင်းဝယ်လို့ အဆင်ပြေပြီး အချက်အချာကျတယ်။ ပုဂံခေတ်က ရှင်မဟာရသ အင်းဝခေတ် စာကြိုသူမြတ် သာသနာပိုင်တွေ ပေါ်ထွန်းတယ်။ စလေကပေါ့။ ကုန်းဘောင်ခေတ်မှာတော့ နဘေကဗျာမှာ အထူးဂုဏ်ရတဲ့ စလေဆရာဦးပုည ပေါ်ထွန်းတယ်။ စလေမှာ ပုဂံခေတ် (၁၀၃) ဆူ၊ နှောင်းခေတ်လက်ရာအဆူ (၇၀) ကျော်ရှိပြီး စလေမှာ ဘုန်းကြီးကျောင်းပေါင်း (၁၂၀) ကျော်ရှိတယ်။ စလေက ဘုရားတွေကြည့်၊ ပုဂံခေတ်မှန်းသိသာတယ်။

ရှေးလည်းကျတယ်။ စလေရုပ်စုံကျောင်းတော်ကြီးကို ၁၂၄၄ ခုနှစ်မှာ ကျောင်းဒကာ ဦးဘိုးကြည်၊ ဇနီးဒေါ်ရွှေသက်တို့ ဆောက်လုပ် လှူဒါန်းတယ်။ အိမ်တော်ပုံကျောင်းလို့ ခေါ်တယ်။ တိုင်ပေါင်း (၁၅၄) တိုင်၊ အလျား (၁၅၀) ပေ၊ အနံ (၈၉) ပေ၊ အဆောင် (၇) ဆောင်၊ စလင်းမြို့နယ် တညောင်ရွာက လက်သမားတွေဆောက်ခဲ့တာ။ ဒီကျောင်းကြီးရဲ့ ထူးခြားချက်ကတော့ ဇာတ်တော်ရုပ်တု (၄၅) ရုပ်ရှိတာပဲ။ ပန်းပုဆရာတွေက ပခုက္ကူ ရေစကြိုက ဦးရှမ်း၊ ဦးရွှေပြိုတို့ ဖြစ်ကြတယ်။ အသေးစိတ်သိချင်ရင် ဦးမောင်မောင်လတ်မေးကြည့်ရင်သိနိုင်တယ်"

သူတို့တစ်တွေ စိတ်ဝင်တစားရှိကြသဖြင့် ဝမ်းသာရသည်။ ဒါမှခရီးသွားခြင်းတန်းဖိုးသိမှာပါ။ရှင်ပင်စာကြိုဘုရား



www.burmeseclassic.com

www.burmeseclassic.com

ရောက်တော့ ဝင်ရောက် လေ့လာကြသည်။ ထူးထူးခြားခြား ဘုရားအနီးနားမှာ ဘုဉ်းကြီးကျောင်း (၁၂) ကျောင်း၊ ဇရပ်ပေါင်း (၁၀၀) နီးပါးရှိသည်။ အရှေ့ဘက် သစ်သားတန်ဆောင်းကြီးကို ကနောင်မင်းကလှူပြီး နွယ်တွမယ်ဆရာသိုင်းလက်ရာ ဖြစ်သည်။ တုရင်-လင်းနို့တောင်လက်ရာများ အနုစိတ်ခမ်းနားလှသည်။ စုလစ်မွမ်းချွန်တွေနှင့် အဖိုးတန်လှသည်။ ဇရပ်တိုင်ကြီးတွေက ကျွန်းသစ်လုံးကြီးတွေ၊ ပျဉ်ခင်း၊ ပျဉ်ထောင်တွေနှင့်ဆောက်ထားတာကိုတွေ့ရသည်။ ဘုန်းကြီးကျောင်းကြီးတွေကလည်းဟီးလို့။ သားနားရှေးကျလှသည်။ စေတီပုထိုးတွေက ပုဂံခေတ်လက်ရာတွေ ဖြစ်သည်။ ရှင်ပင်စာကြိုခေါ် စာကြိုလှဘုရားကို အနော်ရထာမင်းနောက် (၇) ဆက်မြောက် နရပတိစည်သူမင်း မြန်မာနှစ် ၅၃၆ ခုနှစ်၊ အေဒီ ၁၁၇၄ခုနှစ် နန်းတက်ပြီး မြန်မာနှစ် ၅၄၅၊ အေဒီ ၁၁၉၂ မှာ တည်သည်။ မြန်မာနှစ် ၄၁၉၊ ခရစ်နှစ် အေဒီ ၁၀၅၇ ခုနှစ်၊ ပုဂံအနော်ရထာမင်း သထုံပြည်မှ ပိဋကတ်(၃)ပုံနှင့် ဓာတ်တော်ဗွေတော်များ ဆင်ဖြူတော် (၃၂) စီးဖြင့် ပင့်ဆောင်လာရာ မြို့သူမြို့သားများဆီးကြိုရာ သိရိဇေယျာကုန်းတော်အုရပ်ကို စာကြိုအုရပ်ဟု ကျောက်စာတိုင်စိုက်ထူခဲ့သည်။ ကတ္တရာလမ်းက ရှင်ပင်စာကြိုမှာတင်ဆုံးသည်။ တဖြည်းဖြည်းနှင့် လမ်းကဆိုးလာသည်။ လမ်းတစ်လျှောက် တမာပင်၊ ထနောင်းပင်၊ ကုက္ကိုပင်တွေကိုသာ အတွေ့ရများသည်။ စိုက်ခင်းတွေမှာတော့ ပဲစင်းငုံ၊ ပြောင်းခင်းတွေချည်းသာ။ ဒါတောင်မိုးကောင်းသည့်အခါတွေသာ အမှီပြုရစိုက်ရရှာပုံပေါ် သည်။ ရွာငယ်တန်းရွာမှာတော့ မြစ်ရေတင်စီမံကိန်းနှင့် စပါးစိုက်ထားတာတွေတွေ့ရသည်။ လမ်းကပိုဆိုးသွားပြီး ကျင်းချိုင့်၊ ကျောက်ခဲ၊ ထိုးထိုးထောင်ထောင်။

ပခန်းငယ်ကလည်း လမ်းနှင့်ဝေးသေးသည်။ စေတီပုထိုးကျောင်းကန်တွေက ရွာနှင့်မမျှအောင်များလှသည်။ ပခန်းငယ်မှာ ရွှေကျောင်းနှင့် ရွှေသာမောင်းဘုရား၊ အုတ်ကျောင်းတွေလေ့လာစရာရှိသည်။ဒါကြောင့် ပခန်းငယ်ကို ပုဂံငယ်ဟု တင်စားခြင်း ဖြစ်မည်။ စလေနှင့်အပြိုင် ပခန်းငယ်တည်ရှိခဲ့သည်။ စေတီပုထိုးကျောင်းများက အင်မတန်ရှေးကျပြီး ခမ်းနားသည်။ ရွှေသာမောင်းနှင့် အုတ်ကျောင်းက အဆင့်မြင့်လှသည်။

စလေမှာ တောင်မရှိ ဘုန်းကြီးကျောင်းတွေလည်းများလှသည်။ အင်းဝခေတ်သံဃာ့ရာဇာသည် ရွှေကျောင်းမှာ သီတင်းသုံးသွားသည်။ ပခန်းငယ်နှင့် သေခဲလှမှာမဝေး။ တစ်မိုင်ခန့်လောက်ရှိမည်ထင်သည်။

ရေမှာ စစ်ကိုင်း၊ လှိုင်းမှာ ပခန်းငယ်၊ လယ်မှာ တောင်တွင်း၊ အင်းမှာ တောင်သမန်၊ ကန်မှာ မိတ္ထီလာဟု အစဉ်အလာကြီးခဲ့သည်။ ဤသည်ကို ထောက်၍ ပခန်းငယ်က ရှေးကျနိုင်သည်။ ပခန်းကြီးက ပခုက္ကူဘက်မှာပါ။ ဆက်လေ့လာစရာကောင်းသည်။ သေခဲလှဘုရားကို ကုန်းမြင့်မှာတည်ထားပြီး ကနဦး ပုဂံမင်း နရပတိစည်သူကတည်သည်။ ၁၂၄၈ ခုနှစ်မှာလည်း ပြုပြင်ခဲ့ကြသလို ၁၂၆၄ ခုတွင် စလေမြို့အုပ်မင်း ဦးကျော်ဇောတည်ပြန်သည်။စောင်းတန်းလှေကားထစ်ပေါင်း (၃၂) ထစ်ရှိသည်။ လှေကား (၃)၊ (၄) ထစ်စီပြီးနောက် (၄)တောင်လောက်အပြန့်အင်္ဂတေဖြင့်ချောထားသည်။ ဘုရားနှင့်အနီးဆုံးရွာမှာ အောက်လယ်ရွာဖြစ်သည်။ အိမ်ခြေ (၁၄၀) ရှိသည်။ ဘုရားအနီး ဘုန်းကြီးကျောင်းနှစ်ကျောင်းရှိသည်။တန်ဆောင်း၊ အုတ်တိုက်တွေမှာ ရှေးလက်ရာတွေဖြစ်ပြီး ပန်းလိပ်ပန်းတွန့်အင်္ဂတေတွေအနုစိတ်လှသည်။

မိမိသဘောအကျဆုံးမှာ ဘုရားအနောက်ဘက် ပွဲတော်ကွင်းကြီးထဲက ညောင်မုတ်ဆိတ်ပင်ကြီး (၇) ပင် ဖြစ်သည်။ ပြန့်ကားစိမ်းစိုညိုမောင်းအရိပ်ကောင်းပေးခြင်းပင် ဖြစ်သည်။ ဘုရားဒကာ စလေမြို့အုပ် ဦးကျော်ဇောစိုက်ခဲ့သည်ဟု ဂေါပကလူကြီး ဦးသံခဲက ခန့်မှန်းပြောပြ၏။ သေခဲလှဈေးဆိုင်ခန်းတစ်ခန်း (၄၅၀၀) ရှိပါသတဲ့။ အမိုးအခင်းမပါ စည်ပင်ခ၊ သန့်ရှင်းရေးခ၊ အိမ်သာခလုံးဝမရှိပါဘူးတဲ့။ မကွေးမြသလွန်ပွဲတော်တွင် ဆိုင်ခန်းတစ်ခန်း (၂၀၀၀၀)၊ အမိုး၊ အခင်းပါပြီး ခေါင်ဖော်က်နှင့်တိုင်ပါဝင်သည်။ စလင်းကုသိနာရုံပွဲတော်ဆိုင်ခန်းတစ်ခန်း (၁၂၀၀၀)၊ ဝါးမပါ၊ စည်ပင်ကြေး၊ သန့်ရှင်းရေးခ၊ အိမ်သာခတွေပါဝင်သည်။ သည်နှစ် သေခဲလှပွဲမှာ ပခုက္ကူ ရွှေသဘင်၊ အဆိုတော် မနော‌နှင့် မင်းရာဇာတို့ ကပြမည်ဖြစ်သည်။

သေခဲလှဘုရားအနောက်မြောက်ကုန်းပေါ် က နာခဲလှသိမ်ကိုလည်းသွားရောက်လေ့လာခဲ့သည်။ ငှက်ပျောသီးဈေးတန်း၊ ကြံရိုးဈေးတန်းတွေကရှည်လျားလှသည်။ ဈေးသည်တွေစုံလင်သော်ငြား ဖျာသင်ဖြူး၊ စကော၊ ဆန်ခါ၊ တောင်း၊ တောကုန်တွေကများပြီးအရောင်းသွက်ကြသည်။ ဆိုင်ခန်းပေါင်း (၁၃၀၀) ကျော်ရှိသည်။ ချောင်းဖိုလာ၊ မင်းကန်၊ ရွာငယ်တန်း၊ ကြပ်စု၊ သစ်ချိုကုန်း၊ စလင်းတောင်၊ ပွင့်လင်း၊ ဝက်ဘာ၊ မြေစွန်း၊ ကန်ရေကြီး၊ ဏန်ရေလေး၊ နဲရွှဲတော၊ သြဇာတော၊ ငွေးပင်၊ ငွေးကုန်း၊ ဇောင်ခြမ်းတောင်၊ ဗူးကျွန်း၊ ရေတွင်း၊ သစ်ညိုကုန်း၊ လက်ပံကျွန်း၊ ရွာမ၊ ညောင်စေ့၊ မန်ကျည်းကန်၊ တောင်သာ၊ ဆူးတော၊ မြေပဒိုး၊ ဝင်လို၊ လေးပင်ကုန်း၊ ကူဖြူ+ဆူးရစ်ကန်၊ သုံးဆင့်၊ မန်မြေအနီးအဝေးရွာတွေက လှည်းတစ်တန်၊ ကားတစ်တန်၊ ဆိုင်ကယ်တစ်တန်နှင့် အားခဲလာကြသည်။ အပျိုမတွေက ရွှေတွေညွတ်နေအောင်ဆင်ပြီး အကျီလုံချည် တစ်နေ့ ငါးခါလဲဝတ်သည်တဲ့။ စလေ၊ ချောက်၊ ပုဂံ၊ ညောင်ဦး၊ ငွေးချိုဆိပ်ဖြူ၊ ကျောက်ပန်းတောင်း၊ ရေနံချောင်းနယ်တွေက အစုံလာကြမှတော့ မစည်ခံနိုင်ရိုးလား။ လှည်းဝိုင်းကြီးတွေကလည်း ပုဂံအာနန္ဒာပွဲနှင့် သေခဲလှပွဲမှာသာ တွေ့ရတော့သည်။ ပွဲတော်မြင်ကွင်းစုံကြည့်ပြီး သေခဲလှပွဲမှာသာ ရှားရှားပါးပါး တောဘုရားပွဲ တောရနံ့တွေ တွေ့ရတော့သည်။ ထိုနေ့က နေ့ဆွမ်း မကြူသိန်း+ကိုသွင်တို့ဆိုင်မှာ စားသည်။

ပွဲတော်လာကြသည့်သူတို့တစ်တွေ တစ်နှစ်မှတစ်ခါ သည်ပွဲကိုနွဲပြီးပျော်ကြပါးကြသည်။ မော်ကြကြွားကြသည်။ အလေးထားကြသည်။ ဆုံရပ်လုပ်ကြသည်။ စကားမဆုံးနိုင်ရှိကြသည်။ နယ်သတင်းတွေစေ့ငုကြသည်။ ကုန်ဈေးနှုန်းလေ့လာကြသည်။ ဈေးဝယ်ကြသည်။ သူ့အသိကိုယ့်အသိ ဖလှယ်ကြသည်။ ပွဲလမ်းသဘင်ကြည့်ရှုကြ၏။ မုန့်သိုင်းခြုံပန်းကိတ်၊ မုန့်ပျားအုံ၊ မုန့်ကြက်အူ၊ ရေခဲမုန့်၊ ခေါက်ဆွဲကြော်၊ ကြာဆံဟင်းခါး၊ ပွဲတော်မုန့်များစားကြသည်။ လူငယ်တွေက ဘုရားဖူးရင်း လိပ်ဥတူးကြသည်။ ပျော်ကြပါစေ၊ မော်ကြပါစေ။ သူတို့တစ်တွေမှာ တစ်နှစ်ပတ်လုံးခါးချိုးပြီး ယာထဲကိုင်းထဲပင်ပင်ပန်းပန်းလုပ်ကြရသည်။ ဒီလိုပွဲတော်မျိုးမှာမှ လွတ်လပ်စွာရင်ခုန်ကြရသည်မဟုတ်ပါလား။

ဦးစန္ဒိမာ (စလင်း)



www.burmeseclassic.com

www.burmeseclassic.com

# မနင်းဆီ
## (ရေဆင်း- ၂ နေပြည်တော်)

# ပဋ္ဌာန်းကျင့်စဉ်နှင့် ဝိပဿနာရိပ်သာဆရာတော်(၂)ပါး

ဟိုတစ်လောက မိတ်ဆွေတစ်ယောက်ရောက်လာပြီး ဗေဒင်မေးရင်းနဲ့ (၄) လတစ်ဖြတ် ပရိတ်ရွတ်ကျင့်စဉ်ကိုပေးတော့ မိတ်ဆွေကပြောပြပါတယ်။ သူ့အသိတစ်ယောက် ပဋ္ဌာန်းအကျယ်ကိုရွတ်တာ ၊ အဲဒီမိသားစုမှာ ကား Accident ဖြစ်ပြီး ကိုယ့်ကားလည်းစုတ်၊ သူများလည်းအလျော်ပေးရတာရော၊ ကားပြန်ပြင်ရတာရောဆိုတော့ သိန်း (၄၀) လောက် ကုန်သွားတယ်။ အဲဒါ ပဋ္ဌာန်းရွတ်ရင်းနဲ့ ဆိုတော့ တချို့ပြောကြတယ်။ ပဋ္ဌာန်းအကျယ်ဆိုတာ လူဝတ်ကြောင်တွေ မရွတ်ကောင်းဘူးတို့လို့ပေါ့။ အဲဒါဟုတ်သလားလို့ မေးပါတယ်။

အဲဒီအရင်လည်း တက္ကသိုလ်ကျောင်းသူတစ်ယောက်ကလည်း ပြောပြပါတယ်။ အန်တီရယ် သမီးအဆောင်မှာမနေခင် ဝန်ထမ်းအိမ်ရာမှာ ဝန်ထမ်းအစ်မတွေနဲ့နေတုန်းက သူတို့ကလည်း နေ့စဉ် ပဋ္ဌာန်းရွတ်တယ်။ သမီးလည်း နေ့တိုင်း ပဋ္ဌာန်းရွတ်တယ်။ အဲဒီမှာတုန်းက အဆင်ပြေတယ်။ အခုအဆောင်ရောက်တော့ နေ့တိုင်းလည်း ပဋ္ဌာန်းရွတ်ပါတယ်။ ဒါပေမယ့် အပေါင်းအသင်းတွေနဲ့လည်း အဆင်မပြေဘူး။ လူမှုရေး အခြေအနေက တော်တော်လေးကို ဆိုးနေတယ်လို့ပြောပြပါတယ်။

အဲဒါနဲ့ စာရေးသူလည်း မိမိရဲ့ ထင်မြင်ယူဆချက်ကို ပြောပြရတော့တာပေါ့။ အဲဒါ ဘာလဲဆိုတော့ ပဋ္ဌာန်းဒေသနာဆိုတာ အင်မတန်မြင့်မြတ်လွန်းလို့ မြတ်စွာဘုရားရှင်တောင်မှ ပဋ္ဌာန်းဒေသနာတော်ကိုဆင်ခြင်သုံးသပ်တော့မှ ရောင်ခြည်တော် (၆) သွယ် ကွန့်မြူးတာလို့ စာပေတွေမှာ ဖတ်ဖူးပါတယ်။

ပဋ္ဌာန်းဒေသနာတော်ရဲ့ ထူးခြားချက်က -

၁။ သိမ်မွေ့မြင့်မြတ်၍နက်နဲကြီးကျယ်သောတရားဖြစ်ခြင်း။

၂။ တန်ခိုးကြီးသည့် နတ်ဗြဟ္မာများရှိသေမြတ်နိုးသည့်တရားဖြစ်ခြင်း။

၃။ သာသနာတော် တည်တံ့ရေးအတွက် ရှေ့တန်းခံတပ်ကြီးသဖွယ်ဖြစ်ခြင်း။

စတဲ့ ထူးခြားချက်တွေကြောင့်၊ တန်ခိုးကြီးသည့်နတ်ဗြဟ္မာများ ရှိသေမြတ်နိုးသည့်တရားဖြစ်ခြင်း ဆိုတော့ ကျန်တဲ့ ဘုံစဉ်နိမ့်တဲ့ဝေမာနိကပုဂ္ဂိုလ်တွေအတွက်တော့ စဉ်းစားမနေနဲ့ပေါ့။

ပဋ္ဌာန်းဒေသနာတော်ရဲ့ အရှိန်အဝါကိုမခံနိုင်တဲ့ပုဂ္ဂိုလ်တွေက အတော်ဒုက္ခရောက်ကြရတယ်လို့ ကြားဖူးတယ်လေ။ သူတို့ရှိနေတဲ့အရပ်မှာသွားရွတ်မိရင် သူတို့ခမျာထွက်ပြေးကြရတာလို့ ကြားဖူးပါတယ်။ ဝေမာနိကပုဂ္ဂိုလ်တွေမှာလည်း တန်ခိုးရှိတဲ့ပုဂ္ဂိုလ်တွေလည်း ရှိတတ်တာပဲလေ။ သူတို့ဒုက္ခရောက်ပြီဆိုရင် တန်ပြန်ဒုက္ခပေးတတ်မှာ အမှန်ဘဲလေ။ ဒါကြောင့် တွေ့ကရာအရပ်မှာ မရွတ်သင့်ဘူးလို့ ယူဆပါတယ်။

အများကြီးမစဉ်းစားပါနဲ့။ ဘုရားတရားတော်တွေထဲက မေတ္တာသုတ်ဖြစ်ပေါ်လာပုံကိုကြည့်ပါ။ မိုးလေကင်းလွတ်တဲ့ကာလမှာ မြတ်စွာဘုရားက ရဟန်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တွေကို သစ်တစ်ပင်ရင်းဝါးတစ်ပင်ရင်းတွေမှာ တရားအားထုတ်ခိုင်းတယ်။ တရားထူးရမှပြန်လာခဲ့လို့မှာလိုက်တယ်။ ဒါပေမယ့် ရဟန်းတော်တွေ တရားထူးမရဘဲ မြတ်စွာဘုရားကျောင်းတော်ကို ပြန်ကြွလာကြတယ်။

အကြောင်းရင်းက တရားအားထုတ်လို့မရအောင် ခြောက်လှန့်ခံနေကြရလို့ပဲလေ။ ရဟန်းတွေရဲ့ဘုန်းကံကြောင့် သစ်ပင်ပေါ်က ရုက္ခစိုးနတ်တွေဆင်းပြေးနေရတော့တာပေါ့။ သူ့တို့ကိုဒုက္ခရောက်အောင်လုပ်သလိုဖြစ်နေတော့ ရဟန်းတွေနေလို့မရအောင် ရုက္ခစိုးနတ်တွေက အသွင်အမျိုးမျိုးနဲ့ ခြောက်လှန့်ကြတဲ့အကြောင်း ဘုရားရှင်ကိုလျှောက်ထားကြတော့မှ ဘုရားရှင်က မေတ္တသုတ်ကို သင်ပေးလိုက်တာ၊ အဲဒီနောက်မှ ရဟန်းတွေလည်း အခြောက်အလှန့်မခံရ၊ ရုက္ခစိုးနတ်တွေလည်း အဆင်ပြေပြေနေရတော့တယ်ဆိုတာကိုပြောပြပြီး လောကမှာ လူတွေက ကိုယ်ကောင်းတာလုပ်နေတာပဲဆိုပြီး ဘာမှမဖြစ်ပါဘူးလို့ တွေးတတ်ကြပါတယ်။

ဒါပေမယ့် နေရာဒေသဆိုတာက ရှိသေးတယ်လေ၊ ပဋ္ဌာန်းရွတ်တဲ့နေရာဒေသက မသန့်ရင် တုံ့ပြန်မှုဆိုတာရှိလာမှာပဲ။ စာရေးသူရဲ့သဘောက နေရာစိမ်းရင် မေတ္တသုတ်ကို အခြေခံပြီး ပရိတ်ရွတ်ပါ အသားကျလာမှ ပဋ္ဌာန်းရွတ်ပါဆိုတာပါပဲ။

ပြီးတော့ အဲဒီမိတ်ဆွေက ပြောပြပါသေးတယ်။ သူ့အဖေကလည်း အရာရှိကြီးပါ။ ဖေဖေလည်း ပဋ္ဌာန်းရွတ်တယ်။ ကျန်တဲ့မိသားစုက ပရိတ်ရွတ်၊ မေ့မစကြာရွတ်နဲ့ တစ်အိမ်လုံး ရွတ်လိုက်ကြတာ မေမေက စီးပွားရေးလုပ်တယ်။ စီးပွားတက်လာဘ်တွေပွင့်နဲ့ ကံကောင်းလိုက်တာလို့ပြောပြပါတယ်။

မိတ်ဆွေက အဲလိုပြောတော့ စာရေးသူက မင်းဘူး မယ်ဘွဲ့ကုန်းက ဝိဇ္ဇာဓိုရ်ဆရာတော် ဦးကောဝိဒ ထိုကူးတာကို သွားပြီးသတိရပါတယ်။ အဲဒီဆရာတော်ကို အပြင်မှာတကယ်ဖူးနေကြရတာပါ။ စာရေးသူတို့မိတ်ဆွေတွေထဲက တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာအေးကောင်းနဲ့ ဇနီး ဒေါ်သင်းသင်းတို့ဆို လက်တွေ့ရောက်ခဲ့ကြ၊ ဖူးခဲ့ကြရတာပါ။ သူတို့ဆီကတစ်ဆင့် အဲဒီဆရာတော်ကြီးရဲ့အကြောင်း (အတ္ထုပ္ပတ္တိ) ကို ရေးထားတဲ့ ခရိုင်သာသနာရေးအရာရှိ ဦးထွန်းကြည်ရဲ့စာအုပ်ကို ဖတ်ရပါတယ်။

ဆရာတော်ကြီး ထိုကူးတော့ အနှောင့်အယှက်မဝင်အောင် အပြင်က တပည့်တွေက 'ဗုဒ္ဓေါ အောင်ပြီ' ဆိုပြီး ဝန်းရံပြီး ပုတီးစိပ်ထိုကူးသွားတာပေါ့။ ဒါတွေကို မယုံလို့မရပါဘူး။ ဆရာတော်ကြီးရဲ့တပည့်တွေ မြန်မာပြည်တစ်နံတလျားမှာအနှံ့ပါ။ ရာထူးကြီးကြီး ပုဂ္ဂိုလ်ကြီးတွေရော အဲဒီပုဂ္ဂိုလ်တွေရဲ့ လိပ်စာတွေ၊ ဓာတ်ပုံတွေနဲ့ စာအုပ်ထဲမှာ သေချာဖော်ပြထားပါတယ်။

ဆရာတော်ကြီးထိုကူးတဲ့အခွေကိုလည်းကြည့်ဖူးပါတယ်။ ဆရာတော်ကြီး ထိုကူးတော့မယ်ဆိုတော့ အပြင်က တပည့်တွေက အပြင်မဏ္ဍပ်ထဲမှာဝန်းရံပြီး ဗုဒ္ဓေါအောင်ပြီဆိုပြီးပုတီးစိပ်ကြတာ ဆရာတော်ကြီးအတွက် တပည့်တွေရဲ့ အားနဲ့အရံအတားလုပ်ကြတာပေါ့။ အဲဒါလည်း လူတွေကိုအရမ်းလက်ခံလို့မရဘူးတဲ့။ တပည့်ကြီးတွေက ဥပမာ တပည့် (၄) ယောက်ရှိတယ်ဆိုပါတော့။ အဲဒီတပည့်တွေကတစ်ယောက်ကို လူ(၁၀၀) စီ တာဝန်ယူပြီးဖိတ်တယ်ဆိုပါတော့။ တာဝန်ယူတဲ့လူက ကိုယ်ဖိတ်တဲ့လူက လွဲပြီးပိုပါလာရင် အဲဒီလူက အပြင်စည်းကလူပေါ့။ အတွင်းစည်းက ကိုယ်ဖိတ်ထားတဲ့ စိတ်ချရတဲ့လူမှ မဏ္ဍပ်ထဲမှာ ဝန်းရံပြီးပုတီးအစိပ်ခံတာပါ။

လူကိုသေချာစစ်ကြရတာ။ အပြင်စည်းကလူတွေကို ဘုရားခန်းထဲမှာ နေရာပေးပါတယ်။ အဲဒါတောင် ထိုကူးတဲ့အချိန်မှာ ဘုရားခန်းက အရိပ်လိုလို၊ လူလိုလိုပုဂ္ဂိုလ်က ရာဟုထောင့်ဘက် ပြေးထွက်လာလို့ စောင့်နေတဲ့တပည့်တွေက ဟန့်တားလိုက်ရတယ်လို့ ဖတ်ရပါတယ်။ အဲဒီစာအုပ်ကိုဖတ်ရတာ နှစ်အတော်ကြာပါသွားပါပြီ။

"ရှေးတုန်းက ဝိဇ္ဇာတွေထိုကူးရင် အပြင်ကစောင့်ရတာ။ ဘာလို့လဲဆိုတော့ သူတို့လောကမှာကလည်း အနှောင့်အယှက်ဆိုတာရှိတယ်တဲ့လေ။ အပြင်က တပည့်ကိုနှောင့်ယှက်ပြီး စည်းပေါက်သွားပြီဆိုတာနဲ့ ထိုကူးတာမအောင်မြင်တော့ဘူး။ မအောင်မြင်တော့ ဇော်ဂျီဖိုဝင်သား (မီးကင်ပြီးသားကလေးယေ အရွယ်) ဖြစ်သွားတာ။ ဒီတော့မှ ဇော်ဂျီဖိုဝင်သားကို ဘီလူးကစားတာတဲ့။

(ပုဂံရာဇဝင်ထဲမှာ ဗျတ်ဝိ၊ ဗျတ္တ ညီအစ်ကို (၂) ယောက်က ဇော်ဂျီဖိုဝင်သားကိုစားပြီး အစွမ်းသတ္တိထူးတွေနဲ့ လူစွမ်းကောင်းတွေဖြစ်သွားကြတာမို့လား) စာအုပ်ထဲမှာ ဖတ်ဖူးတာက ဝိဇ္ဇာတွေထိုကူးရင် အနှောင့်အယှက်က ဘီလူးလို့ပြောကြပါတယ်။

နောက်ထပ်အဖြစ်အပျက်တစ်ခုက ပျဉ်းမနားမြို့နယ်အရှေ့ဘက် ကရင်တောင်ပေါ်က ရွာကလေးက အဖြစ်အပျက်တစ်ခုပါ။ ပြောရရင် စာရေးသူရဲ့ သမီးကြီး မူလတန်းပြဆရာမဖြစ်တော့ အဲဒီတောင်ပေါ်ရွာကလေးက မူလတန်းကျောင်းမှာ တာဝန်ကျပါတယ်။

သမီးကြီးက တောင်ပေါ်မှာ နေမကောင်းဖြစ်လို့ဆိုတော့ စာရေးသူ လိုက်သွားရပါတယ်။ ဝန်ထမ်းတွေမို့ ခွင့်ရက်ကလည်း ကြာကြာမရဆိုတော့ ရောက်တဲ့အချိန်နဲ့ ပြန်မယ့်အချိန်နဲ့က ဒီနေ့ညနေရောက် နောက်တစ်နေ့ နံနက်ခင်း သမီးကိုခေါ်ပြီး ပြန်ဆိုတော့ အချိန်မရတဲ့ကြားက ညနေ (၅) နာရီ မှောင်ရီပျိုးစအချိန်တော့ရောက်နေပြီ။ ဒါပေမယ့် ရောက်တုန်းကို ရွာခံကလေးမကလေးတွေနဲ့ ရွာဦးကျောင်းဆရာတော်ကို သွားပြီး ဂါရဝပြုတာပေါ့။ အမှတ်မထင် အဲဒီ ရွာဦးကျောင်းမှာ တကယ့်သက်ရှိထင်ရှား ဘုန်းကြီးတစ်ပါးထိုင်နေသလိုမျိုး ဆရာတော်တစ်ပါးရဲ့ ရုပ်တုကို ဖူးတွေ့လိုက်ရပါတယ်။

အပြန် မှောင်မှာကြောက်တော့ လက်ရှိသီတင်းသုံးနေတဲ့ ဆရာတော်ကြီးဆီမှာ မေးမြန်းစုံစမ်းဖို့ရာ အချိန်မရခဲ့ပါဘူး။ ဓာတ်ပုံရိုက်စရာဖုန်းလည်းမပါပါဘူး။ နောက်မှ သမီးကိုမေးကြည့်တော့ ထိုကူးတာ မအောင်မြင်တဲ့ ဝိဇ္ဇာလိုင်းက ဆရာတော်တစ်ပါးဖြစ်နေတာကိုး။ စာရေးသူရဲ့သမီးကိုလည်း ရွာက ရှေ့မီနောက်မီ သက်ကြီးရွယ်အိုအဘိုးအဘွားတွေကပြောပြကြတာပေါ့။

ဖြစ်ပုံက အဲဒီဆရာတော်က သူ့တပည့် ကပ္ပိယကြီးကို မှာထားတယ်တဲ့။ ဘယ်နေ့ဘယ်ရက်ကနေ ဘယ်နေ့အထိ (၇) ရက် အခန်းတွင်းမှာ တရားအားထုတ်ဦးမယ်။ ဘယ်သူလာလာ တံခါးမဖွင့်ပေးနဲ့၊ လာမခေါ်နဲ့လို့မှာထားပါတယ်။

(၅) ရက်မြောက်နေ့လောက်မှာ မန္တလေးကဧည့်သည်တွေ ရောက်လာကြတာနဲ့ ဆရာတော်မှာထားတဲ့စကားကို နားမထောင်ဘဲ အခန်းတံခါးကို ရိုက်ဖွင့်လိုက်တော့တာပေါ့။ အဲဒီမှာပဲ ရုပ်နဲ့ နာမ် ခေတ္တခွာထားတဲ့ ဆရာတော်ရဲ့ရုပ်ကလာပ်တော်ကိုတွေ့တော့ ပျံလွန်တော်မူပြီဆိုပြီး အဝေးကတပည့်တွေဖူး



www.burmeseclassic.com

www.burmeseclassic.com

ရအောင် ရုပ်ကလာပ်ကိုကြာကြာထားလို့ရအောင်ဆိုတဲ့သဘောနဲ့ ဗိုက်ခွဲပြီး ကလီစာတွေနုတ်လိုက်ကြတာပေါ့။

အဲဒီမှာတင် ဆရာတော်ဘုရားကြီးက ထုံကူးတာ မအောင်ဘဲနဲ့ (၇)ရက်ပြည့်တော့ ကျောင်းပေါ်မှာ ဝုန်းဒိုင်းကြဲနေအောင်ခြောက်တော့တာပဲလို့ပြောပြပါတယ်။ မိမိရဲ့အရံအတားတပည့်မှ မလိမ္မာလို့ ဒုက္ခရောက်ရတာပေါ့။ ဆိုလိုတာက အရံအတားအဖြစ် စောင့်ရှောက်ကြရမယ့်ပုဂ္ဂိုလ်တွေ လိုအပ်တဲ့အကြောင်းကို ပြောပြကြတာပါ။ အဲဒီရွာမှာ စာရေးသူရောက်သွားတဲ့အချိန်အထိ အဲဒီဆရာတော်ရဲ့ရုပ်တုကို ကိုးကွယ်ထားကြတုန်းပါ။

မကျွတ်မလွတ်တဲ့ပုဂ္ဂိုလ်ရှိနေပါသော်လည်း အရံအတားရှိပါက ပဌာန်းအကျိုးခံစားရပါတယ်။ အရံအတားမရှိပါက အနှောင့်အယှက်ပေးတတ်ပါတယ်။ ပဌာန်းအကျိုးမခံစားရခြင်းတော့ မဟုတ်ပါ။ နေရာကလည်းမသန့်၊ အရံအတားလည်းမရှိဆိုပါက ပဌာန်းရွတ်ရဲ့သားနဲ့ ဘာကြောင့်ဒုက္ခရောက်ရသလဲ၊ လူဝတ်ကြောင်တွေပဌာန်းမရွတ်ကောင်းဘူးဆိုတာဟုတ်သလားလို့မေးတဲ့မေးခွန်းတွေကိုမေးရလောက်အောင် ဝေမာနိကပုဂ္ဂိုလ်များက ဒုက္ခပေးနိုင်ပါတယ်။အဲဒါကို ဆရာတော်ကြီး (၂) ပါး ထုံကူးတာနဲ့ ဥပမာပေးပြီးဖြေချင်ပါတယ်။

မိတ်ဆွေရဲ့မိသားစု ပဌာန်းရွတ်ပြီး အောင်မြင်တာက ကျန်တဲ့မိသားစုက ပရိတ်ရွတ်၊ ဓမ္မစကြာရွတ်နဲ့ဆိုတော့ အဖေပဌာန်းရွတ်ဆိုတာကို အရံအတားသဘောမျိုးလုပ်ပေးသလိုဖြစ်သွားတယ်လေ။ အဲဒီတော့ ပဌာန်းအကျိုးကိုခံစားကြရတာပေါ့။

တက္ကသိုလ်ကျောင်းသူလေး ပဌာန်းရွတ်တာကိုကြည့်ပါ။ ဝန်ထမ်းအိမ်ရာမှာ



သူနဲ့အတူနေတဲ့ ဝန်ထမ်းအစ်မနှစ်ဦးကလည်းရွတ်တယ်။ ဝန်ထမ်းအိမ်ရာကလည်း အရင့်အရင်ဝန်ထမ်းတွေနေသွားကြတာ နေရာကသန့်သင့်သလောက်သန့်ပြီးဖြစ်နေပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ နေသွားကြတဲ့ဝန်ထမ်းအများစုက ဗုဒ္ဓဘာသာဝင်တွေမို့လား။ လူတိုင်းနီးပါး ဘုရားဝတ်တက်၊ ဘုရားရှိခိုးကြမှာပဲလေ။ ဒါကြောင့် အဲဒီမှာ ဘာမှမဖြစ်ဘဲ ပဌာန်းအကျိုးခံစားရတယ်။ အဆင်ပြေကံကောင်းတာပေါ့။

အဆောင်ရောက်တော့ အဆောင်က ဘုံနေရာမျိုးဆိုတော့ စည်းမလုံတာရယ်၊ အရံအတားဖြစ်စေတဲ့ မိတ်ဆွေတွေမရှိတော့တာရယ်ကြောင့် ပဌာန်းရွတ်ရဲ့သားနဲ့ အများနဲ့တစ်ယောက် အဆင်မပြေသလိုဖြစ်နေတာပေါ့။ ဒါဆို အခြားကျောင်းသူတွေရော အဆောင်မှာ ပဌာန်းရွတ်သူတိုင်း ဒီလိုဖြစ်ကြသလားလို့ မေးစရာရှိပါတယ်။ လူတွေရဲ့ကံအနိမ့်အမြင့်ကိုလိုက်ပြီး ဝေမာနိကပုဂ္ဂိုလ်တွေက တုံ့ပြန်ကြတာပါ။

ပရိတ်တို့၊ ဓမ္မစကြာတို့၊ အခြားဝတ်ရွတ်စဉ်တွေကိုရွတ်ပြီး အသားကျလာတဲ့ကာလရောက်တော့မှ ပဌာန်းကိုရွတ်စေချင်ပါတယ်။ စာရေးသူမိတ်ဆွေပြောတဲ့ မတော်တဆထိခိုက်မှုဖြစ်တယ်ဆိုတဲ့မိသားစုကလည်း အရံအတားတို့၊ နေရာမသန့်တာတို့ကြောင့် ဖြစ်တာပါ။ ပဌာန်းမရွတ်ကောင်းလို့ဖြစ်တာမဟုတ်ပါဘူး။

စာရေးသူလည်း တတ်သိနားလည်လွန်းလို့ ဆရာကြီးလုပ်တာမဟုတ်ပါဘူး။ လောကမှာ လူတွေကကိုယ်ကောင်းတာလုပ်နေတာပဲဆိုပြီး ဘာမှမဖြစ်ပါဘူးလို့ တွေးတတ်ကြပါတယ်။ ဒါပေမယ့် နေရာဒေသဆိုတာရှိသေးတယ်လေ။ပဌာန်းရွတ်တဲ့နေရာဒေသကမသန့်ရင် တုံ့ပြန်မှုဆိုတာရှိလာမှာပဲ။

**ပဌာန်းဒေသနာတော်ကို ရွတ်ဖတ်ခြင်းဖြင့် ရရှိနိုင်သောအကျိုးများ**

၁။ ရင်ဆိုင်ကြုံတွေ့နေရသော ဘေးအန္တရာယ်အသွယ်သွယ်တို့မှ လွတ်မြောက်ခြင်း။

၂။ ကျရောက်လတ္တံ့သော ဘေးတို့မှ လွတ်မြောက်နိုင်ခြင်း။

၃။ အပြစ်ကင်း၍ ကောင်းကျိုးပွားများသည့် ဆောင်ရွက်ချက်ကိစ္စအဝဝတို့ကို ပြီးစီးအောင်မြင်နိုင်ခြင်း။

၄။ အပြစ်ရှိ၍ မကောင်းကျိုးဖြစ်စေမည့် ကျူးလွန်ခြင်းတို့မှ ရှောင်လွှဲနိုင်ခြင်း။

၅။ အချုပ်အားဖြင့် ဆောင်ရွက်သမျှကောင်းမြတ်သည့် ကိစ္စခပ်သိမ်းတို့ကို ပြီးစီးအောင်မြင်နိုင်ခြင်း။

၆။ အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း

စသော အကျိုးတရားများ ဖြစ်ပါသည်။

'ပဌာန်းတရားတော်' က ကောင်းကျိုးပေးပြီး ရရှိနိုင်သော အကျိုးကျေးဇူးများ များပြားခြင်းတို့ကြောင့်လည်းကောင်း၊ ဝိဇ္ဇာလိုင်းက ပုဂ္ဂိုလ်တွေပြောစကားအရပြောရရင် ကျင့်စဉ်မြင့်လွန်းနေတော့ အဖျက်ရှိတာပေါ့။ ဒါပါပဲ။ အခက်အခဲကို ကျော်နိုင်အောင်ကျော်ပြီး ရွတ်ဖတ်နိုင်ကြရင် ရရှိမယ့်အကျိုးကျေးဇူးတွေက အများကြီးပါ။

စာရေးသူရဲ့ သဘောကတော့ ဘယ်နေရာပဲရောက်ရောက် မေတ္တာသုတ်ရွတ်တာတို့၊ မေတ္တာပို့တာတို့၊ အမျှဝေတာတို့လုပ်ပြီးမှ ပရိတ်ပဌာန်းရွတ်သင့်ပါတယ်။ ကောင်းမှုကုသိုလ်လုပ်တာမှန်ပေမယ့်လည်း ကိုယ့်အတွက်တစ်ခုတည်းကိုမကြည့်ဘဲ သူများအတွက်ပါကြည့်သင့်ပါတယ်လို့ အကြံပြုလိုပါတယ်။ နေရာစိမ်းရင် မေတ္တာသုတ်ကိုအခြေခံပြီး ပရိတ်ရွတ်ပါ အသားကျလာမှ ပဌာန်းရွတ်ပါဆိုတာပါပဲ။ တိုက်ဆိုင်မှုရှိတဲ့ စာဖတ်ပရိသတ်အတွက် ဗဟုသုတတွေရစေချင်လို့ မိမိလေ့လာထားတဲ့၊ နားလည်ထားတဲ့၊ သိထားတဲ့အတိုင်းအတာကို ဆွေးနွေးဖော်ပြပေးလိုက်ပါတယ်။

(ထုံကူးတာ မအောင်မြင်တဲ့ ဆရာတော်ဘုရားကြီးရုပ်တုရှိတဲ့ အဲဒီကရင်ရွာကလေးကို စာရေးသူလည်း နောက်ထပ် မရောက်ဖြစ်တော့တာရယ်၊ လက်ရှိဆရာတော်ဘုရားကြီးနဲ့ လူကြီးတွေဆီမှာ စာရေးခွင့်မတောင်းခဲ့ရတဲ့အတွက် တကယ့်အဖြစ်အပျက်ဆိုပေမယ့် ရွာရဲ့အမည်ရင်း မဖော်ပြနိုင်တာကို စာဖတ်သူတို့အား တောင်းပန်အပ်ပါသည်။)

လေးစားစွာဖြင့်


မနှင်းဆီ-ကျောင်း

နေပြည်တော်



www.burmeseclassic.com

www.burmeseclassic.com



# လှမြင့် (ရန်ကုန်တက္ကသိုလ်)

## ကိုလိုနီခေတ်တွင် သီဟိုဠ်နိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ ဒေသစာရီကြွချီခဲ့သော သမိုင်းဝင်ခရီးစဉ်

ဂေါတမမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့။ ဘီစီ ၅၉၀၊ ဧပြီလ ၉ ရက်တွင် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူခဲ့၍ ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ (၄၅) နှစ်တာ ကာလပတ်လုံး နတ်၊ လူ၊ ဗြဟ္မာတို့အား တရားဟောပြ ညွှန်ကြားခဲ့ပြီးနောက် မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့။ ဘီစီ ၅၄၅၊ ဧပြီလ ၂၁ ရက်တွင် မလ္လာမင်းတို့၏ ကုသိနာရုံပြည် အင်ကြင်းတော၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ ဗုဒ္ဓ၏ရုပ်ကလာပ်တော်ကို ၅၄၅ ခုနှစ်၊ မေလ ၁၀ ရက်တွင် စန္ဒကူးနှစ်ထင်းပုံထက်၌ တေဇောဓာတ် တောက်လောင်ခဲ့သည်။ မီးမခဘဲ မူလပကတိအတိုင်း ကျန်ရစ်ခဲ့သော သရီရဓာတ်တော်ရုပ်ကြွင်း (၇) ပါးမှာ -

၁။ နဖူးသင်းကျစ်တော်၊
၂။ လက်ယာညှပ်ရိုးတော်၊
၃။ လက်ဝဲညှပ်ရိုးတော်၊
၄။ လက်ယာအထက်စွယ်တော်၊
၅။ လက်ဝဲအထက်စွယ်တော်၊
၆။ လက်ယာအောက်စွယ်တော်၊
၇။ လက်ဝဲအောက်စွယ်တော် တို့ ဖြစ်သည်။

ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောသတင်းနှင့် သရီရဓာတ်တော်များ ကြွင်းကျန်ရစ်သည် ဟူ[illegible] သတင်းကိုကြားသိရသော -

၁။ ရာဇဂြိုဟ်ပြည့်ရှင်အဇာတသတ်မင်း
၂။ ဝေသာလီပြည့်ရှင် လိစ္ဆဝီမင်း
၃။ ကပိလဝတ်ပြည့်ရှင် သကျသာကီဝင်မင်း
၄။ အလ္လကပ္ပပြည်မှ ဗလမင်း
၅။ ရာမပြည်မှ ကောလိယမင်း
၆။ ဝေဠဒီပတိုင်းမှ ဗြဟ္မဏမင်း
၇။ ပါဝါပြည်မှ မလ္လာမင်း

တို့သည် ကုသိနာရုံပြည်သို့ သရီရဓာတ်တော်မွေတော်များတောင်းရန် စစ်သည်အလုံးအရင်းဖြင့် ချီတက်ခဲ့ကြသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ ကြွင်းကျန်ရစ်ခဲ့သော သရီရဓာတ်တော်မွေတော်များရရှိရေးအတွက် ဘုရင်အချင်းချင်းစစ်ခင်းတော့မည့် အခြေအနေသို့ ရောက်ရှိတင်းမာနေသောကြောင့် ပညာရှိ ဒေါဏပုဏ္ဏားကြီး၏ ဗုဒ္ဓသရီရဓာတ်တော်များအတွက် စစ်ခင်းရန်မသင့်တော်ကြောင်းနှင့် အညီအမျှခွဲဝေယူရန် အကြံပြုချက်အရ ဒေါဏပုဏ္ဏားကြီးက ဦးဆောင်ခွဲဝေမှုပြု၍ ဘုရင်အားလုံး၊ သဘောတူညီခဲ့ကြသည်။

ပညာရှိ ဒေါဏပုဏ္ဏားကြီးသည် မင်းအပေါင်းတို့အား သရီရဓာတ်တော်များကို ဦးဆောင်ဝေငှခဲ့ရာတွင် မြတ်စွာဘုရားရှင်၏ လက်ယာအထက်စွယ်တော်ကို သူ၏ဦးရစ်ခေါင်းပေါင်းကြား၌ ဝှက်ထားခဲ့ရာ သိကြားမင်းက ယူဆောင်၍ တာဝတိံသာနတ်ပြည် စူဠာမဏိ



www.burmeseclassic.com


www.burmeseclassic.com

စေတီ၌ ဌာပနာခဲ့သည်။ ဒေါ်ဏာပုဏ္ဏားကြီး၏ ခြေဖျားအောက်တွင်ဝှက်ထားသော လက်ယာအောက်စွယ်တော်ကိုမူ နဂရပူရ (နဂါးပြည်) မှ ဇေယျသေန နဂါးမင်းက ယူဆောင်၍ နဂါးမြို့တော် ရတနာစေတီတွင်ဌာပနာခဲ့သည်။ ဒေါနပုဏ္ဏားကြီး၏ မိမိကိုယ်ဝတ်ကြား၌ဝှက်ထားသော လက်ဝဲအထက်စွယ်တော်ကို ဂန္ဓာရတိုင်းသား ရဟန်းတစ်ပါးက ယူဆောင်သွားပြီး ဂန္ဓာရီတိုင်း (တရုတ်ပြည်) စေတီယတောတွင် စေတီတည်ထားကိုးကွယ်ခဲ့သည်။ မြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်သည် ဗုဒ္ဓ၏ လက်ယာတော်ရံမှုသေနာပတိ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ တပည့်ဖြစ်သော အရှင်ခေမရဟန္တာက ပင့်ဆောင်၍ ကလိင်္ဂတိုင်း ဘုရင်ဗြဟ္မဒတ်ကိုချီးမြှင့်ခဲ့သည့်အတွက် လက်ဝဲအောက်စွယ်တော်မြတ်ကို ကလိင်္ဂတိုင်း မင်းအဆက်ဆက်တို့ ကိုးကွယ်ခဲ့ကြသည်။ ယင်းစွယ်တော်မြတ်သည် ယခုအချိန်တွင် သီဟိုဠ်(သီရိလင်္ကာ) နိုင်ငံတွင် ကိန်းဝပ်စံနေတော်မူသည်။ ဒေါဏပုဏ္ဏားကြီးသည် ကျန်ရှိသော ဗုဒ္ဓ၏ သရီရဓာတ်တော်မွေတော်များကို ရှစ်ပြည်ထောင်မင်းတို့အား အညီအမျှခွဲဝေပေးခဲ့သည်။

ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်၏ စွယ်တော်မြတ်လေးဆူဖြစ်သော သရီရဓာတ်တော်များအနက် သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံ၌ ကိန်းဝပ်စံပယ်တော်မူခဲ့သောလက်ဝဲအောက်စွယ်တော်မြတ်သည် ကိုလိုနီခေတ် ခရစ်နှစ် ၁၉၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်။ မြန်မာနှစ် ၁၂၆၁ ခုနှစ်၊ တပို့တွဲလဆုတ် ၄ ရက်၊ စနေနေ့တွင် မြန်မာပြည် ရန်ကုန်မြို့သို့ စတင် ဒေသစာရီကြွချီတော်မူခဲ့သည်။ ခရစ်နှစ် ၁၉၀၀ ပြည့်နှစ်၊ မေလ ၂၂ရက်၊ မြန်မာနှစ် ၁၂၆၂ ခုနှစ် (ကဆုန်ကဆုတ် ၁၀ ရက်) အင်္ဂါနေ့တွင် ရန်ကုန်မြို့မှ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံသို့ ရေကြောင်းခရီးဖြင့် ပြန်လည်ကြွမြန်းတော်မူခဲ့သည်။ ယင်းသို့ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံတွင် ကိန်းဝပ်စံနေတော်မူသော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ လက်ဝဲအောက်စွယ်တော်မြတ်သည် မြန်မာပြည်သို့ ကိုလိုနီခေတ်တွင် ခရစ်နှစ် ၁၉၀၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်မှသည် မေလ ၂၂ ရက်နေ့အထိ ရက်ပေါင်း (၉၀)ကျော်ကြာမျှ ဒေသစာရီကြွချီတော်မူခဲ့သောသမိုင်းဝင်ခရီးစဉ်ကြီးကို ခရစ်နှစ် ၁၉၀၁ ခုနှစ်တွင် ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်မှ ထုတ်ဝေခဲ့သည်။ ဆရာတော် ဦးဉာဏိန္ဒနှင့် ဦးဘေသရတို့ ရေးသား ပြုစုခဲ့သော စွယ်တော်မြတ်စာတမ်းတွင် ဤကဲ့သို့ ဖော်ထုတ် မှတ်တမ်းတင် ရေးသားခဲ့သည်။

သီဟိုဠ်နိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်သည် ခရစ်နှစ် ၁၉၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်၊ မြန်မာနှစ် ၁၂၆၁ခုနှစ်၊ တပို့တွဲလဆုတ် ၄ ရက်၊ စနေနေ့၌ သီဟိုဠ်ရဟန်းတော်နှစ်ပါးဖြစ်ကြသော ရှင်သီလာရတနာတိဿနှင့် ရှင်ဝိမလမိရတိဿတို့ ဦးစီးနာယကပြုလျက် ဒါဘီရှာလေးပင်တိုင်သင်္ဘောဖြင့် ရန်ကုန်မြို့ဆိပ်ကမ်းသို့ ပထမဦးဆုံးအကြိမ် ဒေသစာရီကြွချိန်ရောက်ရှိတော်မူခဲ့၏။ ရန်ကုန်မြို့ ဆူးလေစေတီကုန်းတော်ပေါ်တွင် ဖေဖော်ဝါရီလ၁၇ရက်နေ့မှ ၂၀ရက်နေ့အထိ ကိန်းဝပ်အပူဇော်ခံခဲ့သည်။ ထို့နောက် ပုဇွန်တောင် မဟာဝိဟာရကျောင်းကြီးဆရာတော်များက ဗုဒ္ဓမြတ်စွယ်တော်ကို မဟာဝိဟာရကျောင်းတော်ကြီးသို့ ပင့်ဆောင် ပူဇော်လိုကြောင်း ခွင့်ပန်လျှောက်တင်ခဲ့သဖြင့် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ပုဇွန်တောင် မဟာဝိဟာရကျောင်းကြီး၏မဏ္ဍာရုံတွင် မြတ်စွယ်တော်ကို မဖုံးအုပ်ဘဲ ညလုံးပေါက်အပူဇော်ခံယူခဲ့သည်။

ဖေဖော်ဝါရီလ ၂၁ ရက် နံနက် (၈) နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်ကို လော်ကယ်မီးရထားဖြင့် ပဲခူးမြို့သို့ပင့်ဆောင်ခဲ့သည်။ လမ်းခရီးတွင် ဒါးပိန်ဘူတာ၌ ခေတ္တရပ်နား၍ အပူဇော်ခံခဲ့သည်။ နေ့လယ် (၁) နာရီအချိန်၌ ပဲခူးဘူတာသို့ရောက်ရှိခဲ့ပြီး ပဲခူးမြို့ ရွှေမော်ဓောစေတီ ဝတ္တကမြေအတွင်းရှိ မဏ္ဍာရုံကြီး၌ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ မတ်လ ၇ ရက်နေ့အထိ (၁၄)ရက်တိတိ



ကိန်းဝပ်အပူဇော်ခံတော်မူသည်။

မတ်လ(၇)ရက်နေ့ သန်းညခေါင်ယံအချိန်တွင် မြတ်စွယ်တော်အား ပဲခူးမြို့ မဟာစေတီဘုန်းတော်ကြီး ဦးဂုဏဓဇမာလ ဦးဆောင်လျက် မီးရထားဖြင့် ကချင်ပြည်နယ် မော်လူးမြို့သို့ ပင့်ဆောင်ခဲ့ရာ မတ်လ ၁၀ ရက်နေ့ နံနက်(၁၀)နာရီအချိန်တွင် မော်လူးမြို့ ဂိုဏ်းအုပ်ဆရာတော် ဦးပညာ၏ ကျောင်းတိုက်သို့ ရောက်ရှိ ကိန်းဝပ်စံပယ်ခဲ့သည်။ ဗုဒ္ဓမြတ်စွယ်တော်သည် မော်လူးမြို့မှ ဂိုဏ်းအုပ်ဆရာတော် ဦးပညာကျောင်းတိုက်ကြီး၌ မတ်လ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိ အပူဇော်ခံခဲ့ပြီးနောက် မတ်လ ၁၃ ရက်နေ့တွင် မီးရထားဖြင့် မော်လူးမြို့မှ မိုးညှင်းမြို့သို့ဆက်လက်ပင့်ဆောင်၍ မိုးညှင်းမြို့ ရွှေဘုံသာဘုရားကြီး၌ မတ်လ ၁၃ ရက်နေ့မှ မတ်လ ၁၄ ရက်နေ့အထိ ပူဇော်ခဲ့သည်။ မတ်လ ၁၅ ရက်နေ့တွင် ရွှေဘုံသာဘုရားကြီးမှ မိုးညှင်းမြို့အတွင်းသို့ လှည့်လည်အပူဇော်ခံယူပြီးနောက် မတ်လ ၁၆ ရက်နေ့တွင်မူ မီးရထားဖြင့်ပင် မိုးကောင်းမြို့သို့ ဆက်လက်ပင့်ဆောင်ကာ နတ်ကြီးရွှေအင် ဦးသုန္ဒရကျောင်းတိုက်ကြီးတွင် မတ်လ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကိန်းဝပ်အပူဇော်ခံယူခဲ့သည်။ မတ်လ ၁၉ ရက်နေ့တွင် မိုးကောင်းမြို့မှ မီးရထားဖြင့် မြစ်ကြီးနားမြို့သို့ ပင့်ဆောင် ပူဇော်ခဲ့သည်။

မတ်လ ၂၂ ရက်တွင် မြစ်ကြီးနားမြို့မှ သင်္ဘောဖြင့် ဧရာဝတီမြစ်ကြောင်းအတိုင်းစုန်ဆင်း၍ စွယ်တော်မြတ်သည် ဆင်ဘို၌ ညအိပ်ရပ်နား အပူဇော်ခံသည်။ မတ်လ ၂၃ ရက်နေ့နံနက်တွင် သင်္ဘောဖြင့် ဗန်းမော်မြို့သို့စုန်ကာ ညနေပိုင်းအချိန်တွင် ဗန်းမော်မြို့သို့ရောက်ရှိတော်မူပြီး ဗန်းမော်မြို့ လေးထပ်ဂိုဏ်းထောက်ဆရာတော်ဦးအာစိဏ္ဏကျောင်းတိုက်ကြီးတွင် မတ်လ၂၃ရက်မှ ၂၉ရက်နေ့အထိ ကိန်းဝပ်အပူဇော်ခံခဲ့သည်။ မတ်လ ၃၀ ရက်နေ့တွင် ဗုဒ္ဓမြတ်စွယ်တော်ကို သင်္ဘောဖြင့် ဗန်းမော်မြို့မှ ကသာမြို့သို့ ဆက်လက် ပင့်ဆောင်ခဲ့ပြီး ကသာမြို့ဘူတာရုံအနီး လေးထပ်ကျောင်းကြီး၌ ကိန်းဝပ် အပူဇော်ခံခဲ့သည်။

မတ်လ ၃၁ ရက်နေ့ ညနေ(၄)နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်သည် ကသာမြို့မှ မီးရထားဖြင့် ပဲခူးမြို့သို့ တိုက်ရိုက်ပြန်လည် ပင့်ဆောင်ခဲ့ရာ ဧပြီလ ၂ ရက်

www.burmeseclassic.com

ညနေပိုင်းတွင် ပဲခူးမြို့ မင်္ဂလာဒီပရေလယ်ကျွန်းသို့ ရောက်ရှိခဲ့ပြီး ဧပြီ ၂ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ အပူဇော်ခံခဲ့သည်။ ဧပြီလ ၁၁ ရက်တွင် မင်္ဂလာဒီပရေလယ်ကုန်းမှ ပဲခူးရွှေမော်ဓောစေတီတော်မြတ်ကြီးဝတ္တကမြေအတွင်း သာလာယံဇရပ်တန်ဆောင်းတော်ကြီးသို့ ပင့်ဆောင်၍ ဧပြီလ ၁၁ ရက်မှ ဧပြီလ ၃၀ ရက်နေ့ အထိ (၁၉) ရက်တိုင်တိုင် ကိန်းဝပ်အပူဇော်ခံခဲ့သည်။

ဧပြီလ ၃၀ ရက်နေ့တွင် ဗုဒ္ဓမြတ်စွယ်တော်ကို ည (၇) နာရီအချိန်၌ ပဲခူးမြို့မှ မန္တလေးမြို့သို့ မီးရထားဖြင့် ပင့်ဆောင်ခဲ့ပြီး မီးရထားလမ်းခရီးတစ်လျှောက် ရပ်နားအပူဇော်ခံခဲ့သည်။ မေလ ၄ ရက်နေ့တွင် မန္တလေးမြို့သို့ ရောက်ရှိတော်မူခဲ့ပြီး မန္တလေးမြို့ အိမ်တော်ရာ မဟာလောကရံသီစေတီတော်ကြီး၌ မေလ ၆ ရက်နေ့အထိ ဗုဒ္ဓမြတ်စွာတော်ကို ကြတ်တော်မှဖွင့်လှစ် အပူဇော်ခံမှုပြုလုပ်ခဲ့သည်။ မေလ၆ရက်နေ့တွင် မန္တလေးမြို့မှ မီးရထားဖြင့် သာစည်မြို့သို့ နေ့လယ်(၂)နာရီအချိန်၌ ပြန်လည်ပင့်ဆောင်၍ တောင်ကြီးတော၊ ကြာကန်ကိုဏ်းထောက် သရက်တောကျောင်းတိုက်ကြီးတွင် မေလ ၇ ရက် မြတ်စွယ်တော်ကို မင်းရှင်မြို့သို့ ရထားဖြင့်ပင့်ဆောင်ရန် မလှိုင်ရွှေမုဋ္ဌောဘုရားအနီး ဘုန်းတော်ကြီးဦးဇာဂရကျောင်းတိုက်တွင် တစ်ညဉ့်နှင့်နှစ်နေ့ ကိန်းဝပ်အပူဇော်ခံယူတော်မူခဲ့၏။ မေလ၁၁ရက်နေ့တွင် ဗုဒ္ဓမြတ်စွယ်တော်ကို မလှိုင်မြို့မှ မီးရထားဖြင့် ဆက်လက်ပင့်ဆောင်ခဲ့ရာ ညအချိန်၌ ညောင်လေးပင်မြို့သို့ရောက်ရှိခဲ့သည်။ ညောင်လေးပင်မြို့တွင် အရညဝါသီ ဘုန်းတော်ကြီး ဦးသောမကျောင်းတိုက်ကြီးတွင် မေလ ၁၂ ရက်နေ့မှ ၂၀ ရက်နေ့အထိ (၉) ရက်တိုင်တိုင် ကိန်းဝပ်အပူဇော်ခံသည်။ မေလ ၂၁ ရက်နေ့တွင် မီးရထားဖြင့် ညောင်လေးပင်မှ ပဲခူးမြို့သို့ ရောက်ရှိခဲ့ပြီး ပဲခူးဘူတာ၌ ခေတ္တမျှရပ်နား၍ ရန်ကုန်မြို့တော်သို့ ဆက်လက် ပင့်ဆောင်ခဲ့ကြသည်။

သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံတွင် ကိန်းဝပ် စံမြန်းနေသော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ လက်ဝဲအောက်စွယ်တော်မြတ်သည် သီဟိုဠ်ရဟန်းတော်များ၏ ကြီးကြပ်ဦးဆောင်မှုဖြင့် ခရစ်နှစ် ၁၉၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှသည် မေလ ၂၂ ရက်နေ့အထိ ရက်ပေါင်း(၉၀)ကျော်ကြာကြာ ရန်ကုန်မြို့မှသည် မြန်မာနိုင်ငံအထက်ပိုင်း မန္တလေး၊ မြစ်ကြီးနား၊ ဗန်းမော် စသောမြို့များသို့ မီးရထားဖြင့် လည်းကောင်း၊ သင်္ဘောဖြင့် လည်းကောင်း ဒေသစာရီကြွချီလျက် ပထမဆုံးအကြိမ်အဖြစ် ပူဇော်ခံကြွချီတော်မူခဲ့သည့်ခရီးစဉ်သည် ကိုလိုနီခေတ်၏မြန်မာပြည်ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားစည်ပင်ရေး၏ ထူးခြားထင်ရှားသောခရီးစဉ်မြတ်ဖြစ်ပေသည်။ ယင်းသို့သောသီဟိုဠ်(သီရိလင်္ကာ) နိုင်ငံမှ ဗုဒ္ဓ၏လက်ဝဲအောက်စွယ်တော်မြတ်၏ မြန်မာနိုင်ငံအထက်ပိုင်းသို့ ရက်ပေါင်း (၉၀)ကျော်ကြာ ဒေသစာရီကြွချီအပူဇော်ခံမှုကြောင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့အတွက် တန်ဖိုးမဖြတ်နိုင်သော ကုသိုလ်ထူးပူဇော်မှုအခွင့်ထူးကို ရရှိခံစားခဲ့ကြရပေသည်။

သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံတွင် ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ လက်ဝဲအောက်စွယ်တော်မြတ်ကြီး၏ လုံးတော်အရွယ်ပမာဏကို ကုန်းဘောင်ခေတ်နှောင်း စာဆိုတော်ကင်းဝန်မင်းကြီးသည် လန်ဒန်မြို့သွားနေ့စဉ်မှတ်တမ်း (ဒုတိယတွဲ) ၌ ဤသို့ ဖော်ထုတ် မှတ်တမ်းတင် ဂါရဝပြုဦးခိုက်ပူဇော်ခဲ့သည်။

□ ဗုဒ္ဓလက်ဝဲအောက်စွယ်တော် (သီဟိုဠ်ကျွန်း၊ ကန္ဒီမြို့ရှိ မြတ်စွယ်တော်) သည် အရှည်ကား လက်သုံးသစ်ဖျားခန့်ရှိ၏။ လုံးပတ်ပမာဏတို့သည်ကား အရင်းမှာ လူ၏လက်ညှိုးခန့်ရှိ၏။ အဖျားကား လက်သန်းခန့်ရှိ၏။ အရင်း အဖျား နီမောင်းရောင်၊ အလယ်တွင် ဖြူရောင်၊ နီရောင်၊ အရင်းထိပ်တိတိဝန်းဝန်း၊ အလယ်တွင် ကညစ်ဖျားရာခန့်အချက်ရာရှိ၊ အဖျားမှာ မောက်မောက်ဝန်းဝန်းရှိ၏။

ထူမြင့် (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -


၁။ စွယ်တော်မြတ်စာတမ်း (ဦးဉာဏနှ၊ ဦးကေသရ) (၁၉၀၁ ခုနှစ်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်)

၂။ စွယ်တော်သမိုင်း ( ခေါ် ) ဒါဌာဓာတုပကာသနီကျမ်း (အသျှင်သီရိနန္ဒမထေရ်) (၁၉၄၀၊ သုဓမ္မာပုံနှိပ်တိုက်၊ ရန်ကုန်)

၃။ ဗုဒ္ဓမြတ်စွယ်တော်လေးဆူသမိုင်း (ကျောင်းဇော်အောင်၊ သမိုင်းသုတေသန)


# ပြည်တည် သွေးစုနာပေါက်သော်

သွေးစုနာ၊ ပြည်တည်နာ၊ အနာအကျိတ်လုံးသည် ခန္ဓာကိုယ်၏အသားစိုင်ထူသော၊ များသောနေရာများတွင် အပေါက်များသည်။ ထိုသို့ သွေးစုနာပေါက်ခြင်း၊ ပြည်တည်နာပေါ် လာခြင်းသည် ခန္ဓာကိုယ်တွင်းမှရှိသော အပူမီး အပုပ်ခိုးနှင့် မသန့်ရှင်းသော သွေးဆိုးသွေးညစ်များစုဝေးပြီး ခန္ဓာကိုယ်ပြင်ပသို့ ထိုးထွက်လာခြင်းဖြစ်သဖြင့် ကောင်းသည်ဟု ယူဆနိုင်ပါသည်။ အကယ်၍ ထိုသို့ ခန္ဓာကိုယ်ပြင်ပအပေါ်ယံသို့ ထိုးထွက်ပေါ်မလာဘဲ ခန္ဓာကိုယ်အတွင်းတစ်နေရာရာတွင် ထိုအနာပေါက်မည်ဆိုပါက ကုသရန် မလွယ်ကူသလို အပ်နှင့်ထွင်းမရဘဲ ပုဆိန်ဖြင့်ထွင်းရမည့်ကိန်းဆိုက်တတ်ပါသည်။ သို့အတွက် သွေးစုနာ၊ ပြည်တည်နာ၊ အနာလုံး၊ အနာကျိတ်တို့ ခန္ဓာကိုယ်ပေါ်တွင် ပေါ်ပေါက်ခြင်းသည် ကောင်းသည်ဟု ဆိုရခြင်းပင်။ ထိုသွေးစုနာ၊ ပြည်တည်နာပျောက်ကင်းသွားလျှင် ရောဂါကင်းသွားပြီး ဖြိုးကြည်လင်လာတတ်ပါသည်။

ရင်းသွေးစုနာ၊ ပြည်တည်နာပေါက်နေလျှင် ဆီညှော်များနှင့် အညှော်နံ့မျိုးစုံမရှူမိစေရန် သတိပြုရပါမည်။ ညှော်နံ့ဆိုးများရှူမိလျှင် အနာဝင်ပြီး (ဝါ) ရောဂါမှာ ခန္ဓာကိုယ်တွင်ပြန်ဝင်သွားပြီး အသက်အန္တရာယ်ထိခိုက်တတ်ပါသည်။

မည်သို့ပင်ဖြစ်စေ သွေးစုနာ၊ ပြည်တည်နာပေါက်ပါက အနာပျောက်ရန် အောက်ပါအတိုင်းပြုလုပ်ပါ။

ဘဲဥတစ်လုံးမှ အဝါနှစ်ခဲကိုဖယ်ပြီး ဘေးမှ အကာရည်အဖြူရည်ကို ကြွေပန်းကန်တွင်ရယူပါ။

ထိုဘဲဥအကာရည်ထဲသို့ မဖောက်ထုံးမှုန့် သင့်အောင်ထည့်မွှေပြီး အနာလုံးပေါ်သို့ ထူထူသုတ်လိမ်းပေးပါ။ တစ်နေ့လေးကြိမ်မှ ငါးကြိမ်လိမ်းပေးပါ။ သုံးရက်အတွင်း နလျှော်ပိန်သွားပြီး ရင့်နေလျှင် ပြည်ပေါက်သွားပါမည်။ ပြည်ပေါက်လျှင် ပျောက်ပြီဖြစ်ပါသည်။ အညှော်နိုင်ရန်အတွက် ပရဆေးဆိုင်မှ ရှိန်းခိုဝယ်ပြီး တစ်ပဲသားမျှဝါးမျိုစားပေးပါ။

နတ်မောက်မင်းမြင့်နော်





www.burmeseclassic.com

www.burmeseclassic.com

ကံ့ဝင်း

## ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ

# ထူးထူးခြားခြား ငါးထပ်ကြီးဘုရား

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြားစေတီဘုရားများကို လစဉ် လှည့်လည် သွားရောက် ဖူးမြော် ကုသိုလ်တော်ယူ၍ ထူးထူးဆန်းဆန်း ဖြစ်ရပ်ဆန်းများနှင့် လေ့လာမိသမျှ ဘုရားသမိုင်းတော်မြတ်များအား မေမ္မ မိတ်ဆွေများထံ လစဉ်စီစဉ်တင်ဆက်နေခဲ့သည်ဖြစ်ရာ ယခုအခါတွင် စေတီတော်(၁၈)ဆူမြောက် ခရီးရောက်ခဲ့ပါပြီ။

ယခုလ ရေးသား တင်ပြတော်မူမည့်ဘုရားကြီးကတော့ -

အမိဋ္ဌာန်အကြံအစည် သစ္စာပြု၊ သစ္စာဆိုကြံတိုင်းအောင် ဆောင်တိုင်းပြီး မြောက်အောင်မြင်ခြင်းသို့ရောက်စေသည့် အောင်မြေမဟာမြတ်ဌာနဖြစ်သောနေရာ၌ တည်တော်မူထားခြင်း။

လောကီဂိုဏ်းဆရာတို့ အင်းအိုင်ခါးလှည့်လက်ဖွဲ့ဓာတ်ဆင်မန်းမှုတ်ပြုလုပ်ကောင်းသော နက္ခတ်မိသောနေရာ၌ တည်တော်မူခြင်း။

လောကီ၊ လောကုတ်နှစ်ဖြာသော ကောင်းကျိုးတို့ ဆုတောင်းပြည့်ဝ အလိုရှိသမျှ ပြီးပြည့်စုံရသည့် ကောင်းမြတ်သောသာသနာ့ကုန်းမြေမဟာတွင်တည်နေတော်မူခြင်း။

ခေတ်အဆက်ဆက်ဘေးအန္တရာယ်ရန်စွယ်ကင်းသောနေရာဖြစ်ခြင်း။

ကျေးငှက်များ နေ့၊ ည တေးသံသာ တွန်ကျူးမြူးထူးနေရာဖြစ်ခြင်း၊

ပိန္နဲ၊ စောင်းလျား၊ ထန်းအသီးအနှံများ (၁၂) ရာသီ သီးပွင့်သောနေရာ၌တည်ခြင်း၊

လူကိုသေစေသော မြွေဆိုးနှင့် အဆိပ်ပြင်းသတ္တဝါများမနေနိုင်ခြင်း၊

မကောင်းကြံစည်သူများဒဏ်သင့်ခံရတတ်ခြင်း။

ဥစ္စာစောင့်များ ပျော်မွေ့နေထိုင်ကြသည်ဟု လောကီဆရာများယုံကြည်ခြင်း။

ဘုန်းသမ္ဘာရှိသူ အကြီးအကဲများကိုသာလက်ခံ၍ ဘုန်းမဲ့သူများဖယ်ရှား၍ ကြာရှည်စွာလက်မခံခြင်း။

စသည်ဖြင့် အံ့သြဖွယ်ရာများစွာတို့ဖြင့် ထူးခြားစွာဖြစ်ပေါ်နေသော လျှိုမြောင်၊ ဂနိုင်၊ စိမ့်စမ်း၊ မွှေးသောပန်းများဝန်းရံပြီး စိတ်နှလုံးရွှင်လန်းချမ်းမြေ့ဖွယ်ကောင်းသောနေရာဌာနကြီးတွင် တည်ထားတော်မူသော ထူးခြားသည့် 'ငါးထပ်ကြီးမြတ်စွာဘုရား' ဖြစ်တော်မူပါသည်။



ငါးထပ်ကြီးဘုရား

### ▫ ငါးထပ်ကြီးဘုရားဘွဲ့တော်

ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း ရွှေဂုံတိုင်ရပ်တွင်တည်ရှိသော ငါးထပ်ကြီးဘုရား၏ ဘွဲ့တော်မှာ 'မဟာသကျအတုလမာရ်အောင်' ဘွဲ့တော်ဟု မှည့်ခေါ်တော်မူပါသည်။

### ▫ ငါးထပ်ကြီးဘုရား၏ထူးခြားမှု

ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်မြတ်ကြီး၏ ဘုရားဒါယကာ သာလွန်မင်းတရားကြီး၏ သားတော်ဖြစ်သော မင်းရဲနန္ဒမိတ် တည်ထားကိုးကွယ်တော်မူခဲ့သော စစ်ကိုင်းမြို့ ငါးထပ်ကြီးဘုရား ရုပ်ပွားတော်ကြီး၏ ရုပ်ပုံတော်အတိုင်း မှီးငြမ်းပြု၍ ရန်ကုန်မြို့ အရှေ့

www.burmeseclassic.com



ငါးထပ်ကြီးမှ ဘုရားတံခွန်




ရွှေဂုံတိုင်လမ်းပေါ်မှ ငါးထပ်ကြီးမြတ်ဘုရားမုခ်ဦး



ငါးထပ်ကြီးမှ ခေါင်းလောင်းကြီး



ငါးထပ်ကြီးဘုရားသို့ ရွှေဂုံတိုင်မှ လှမ်းမြင်ရပုံ



ငါးထပ်ကြီးခြေတော်ရာ

တောရအရပ်တွင် ဘုရားဒါယကာကြီး ဦးဘိုးအောင်မှ ပန်းရန်ဆရာကြီး ဆရာဉာဏ်၏အကူအညီဖြင့် ၁၂၆၂ ခုတွင် တည်တော်မူထားပါသည်။

ရှေးခေတ်အခါက ရုပ်တုတော်ကို ကြီးကြီးမားမားပြုလုပ်ကိုးကွယ်ကြသည်မှာ မန္တလေးမြို့ ကျောက်တော်ကြီးနှင့် စစ်ကိုင်းမြို့ ငါးထပ်ကြီးရုပ်တုတော်တို့သာ ကြီးမားစွာတည်တော်မူခဲ့ပါသည်။

မန္တလေးမြို့ ကျောက်တော်ကြီး ရုပ်တုတော်မှာ သဘာဝကျောက်သားဖြင့်ပြုလုပ်ထား၍ စစ်ကိုင်း ငါးထပ်ကြီး ရုပ်တုတော်မှာ အင်္ဂတေဖြင့်ပြုလုပ်တော်မူခြင်းဖြစ်ပါသည်။

ရန်ကုန်မြို့ ငါးထပ်ကြီးရုပ်တုတော်သည် အင်္ဂတေတို့ဖြင့် ပြုလုပ်တည်တော်မူသောရုပ်တုတော်များတွင် မြန်မာပြည်အောက်ပိုင်း၌ အကြီးဆုံးဖြစ်တော်မူပါသည်။

မြန်မာနိုင်ငံတွင် အင်္ဂတေဖြင့် တည်တော်မူ ရုပ်ပွားတော်ကြီးများတွင် စစ်ကိုင်းငါးထပ်ကြီးဘုရားရုပ်တုတော်မှာ ပထမဖြစ်၍ ရန်ကုန်ငါးထပ်ကြီး ဘုရားရုပ်တုတော်သည် ဒုတိယအကြီးဆုံးဖြစ်တော်မူပါသည်။ စစ်ကိုင်း ငါးထပ်ကြီး ဘုရားပုံတော်အတိုင်း တည်တော်မူခြင်း၊ ထို့အပြင် ဘုရားကြီးသီတင်းသုံးရာ မူလပထမ ဂန္ဓကုဋီကျောင်းတော်ကြီးမှာ ဘုံငါးဆင့်ရှိခြင်းများကြောင့် 'ငါးထပ်ကြီးဘုရား'ဟု ခေါ်တွင်ပါသည်။

### ▫ လှမ်းစေတီ

ငါးထပ်ကြီးဘုရားကြီးတည်တော်မူရာ အရှေ့တောရသာသနာ့ကုန်းမြေ



www.burmeseclassic.com

www.burmeseclassic.com

□ ငါးထပ်ကြီးမြတ်စွာဘုရားကြီး၏ဉာဏ်တော်အတိုင်းအထွာများ

| | | ပေ | လက်မ |
|---|---|---|---|
| ၁။ | ကြာပလ္လင်မှမကိုဋ်တော်ဖျားအထိ (၁၁၈) မိုက် | (၅၉) | - |
| ၂။ | ရောင်တော်လုံးပတ် (၁၃) တောင် | (၁၉) | (၆) |
| ၃။ | မဏိတော်အဝန်း (၂၁) တောင် | (၃၁) | (၆) |
| ၄။ | သင်းကျစ်တော်အရှည် (၁၃) တောင် (၁)မိုက် | (၂၀) | - |
| ၅။ | သင်းကျစ်အကျယ် (၂) တောင် (၄) သစ် | (၁) | (၉) |
| ၆။ | မျက်လုံးတော်အလျား (၂) တောင် (၃) သစ် | (၃) | (၂) |
| ၇။ | မျက်ခုံးတော် (၃) တောင် | (၄) | (၆) |
| ၈။ | နှာသီးတော်မှ နားတော်ထိ (၆) တောင် (၂) မိုက် | (၁၀) | - |
| ၉။ | နားတော်ရှည် (၅) တောင် | (၇) | (၆) |
| ၁၀။ | နှာခေါင်းတော်အရှည် (၅) တောင် | (၃) | (၆)၊ |
| ၁၁။ | ခံတွင်းတော် (၃) တောင် | (၄) | (၆) |
| ၁၂။ | မေးစွန်းမှ သင်းကျစ်တော်ထိ (၆) တောင် (၂)မိုက် | (၁၀) | - |
| ၁၃။ | လည်ပင်းတော် (၁၃) တောင် (၁) မိုက် | (၂၀) | - |
| ၁၄။ | လက်ယာပခုံးတော်မှ လက်ဝဲပခုံးတော်ထိ (၁၆) တောင် | (၂၄) | - |
| ၁၅။ | ပခုံးစွန်းမှလည်တော်အထိ (၅) တောင် (၂) မိုက် | (၈) | (၆) |
| ၁၆။ | ခါးတော်လုံးပတ် (၂၁) တောင် | (၃၁) | (၆) |
| ၁၇။ | လက်မောင်းတော်လုံးပတ် (၁၀) တောင်ထွာ | (၁၅) | (၉) |
| ၁၈။ | ပခုံးမှ တံတောင်ဆစ်ထိ (၁၀) တောင် (၁) မိုက် | (၁၅) | (၉) |
| ၁၉။ | လက်ကောက်ဝတ်မှ တံတောင်ဆစ်ထိ (၈) တောင် (၁) မိုက် | (၁၅) | (၆) |
| ၂၀။ | ဒူးစွန်း (၂) ဖက် (၂၄၅) တောင် | (၁၂) | (၆) |
| ၂၁။ | လက်ဝါးတော်အရှည် (၆) တောင် (၂) မိုက် | (၁၀) | - |
| ၂၂။ | လက်မတော်အရှည် (၃) တောင် | (၄) | (၆) |




မဟာသည် ရှေးယခင်အခါက သားရဲ တိရစ္ဆာန်တို့ ခိုအောင်းပျော်မွေ့ရာတော အုပ်ကြီးဖြစ်ခဲ့၏။ ထိုတောအုပ်မှ ကျား တစ်ကောင်သည် ၁၂၆၄ ခုနှစ်၌ ရွှေတိဂုံ ရင်ပြင်တော်ပေါ်သို့ တက်ခဲ့ကြောင်း မှတ်တမ်းမှတ်ရာများအရ သိရပါသည်။ ထို့အရှေ့တောအုပ်တွင် ငါးထပ်ကြီး မတည်မီကပင် စေတီတော်တစ်ဆူတည် တော်မူထားကြောင်း သိရှိရပါသည်။ ထိုစေတီမှာ 'လွမ်းစေတီ'ဖြစ်တော်မူပါ သည်။


ငါးထပ်ကြီးဘုရားဒါယကာ ဦးဘိုး အောင်၏ဆရာရင်းဖြစ်သောဆရာတော် ကြီးဦးအာသဘ (အရှေ့တောရဆရာ တော်) ထံသို့ မြင်ကွန်းမင်းသားကြီး လာ ရောက်ကန်တော့နှုတ်ဆက်လျက် အင်ဒို ချိုင်းနားသို့ခရီးဆက်သွားကြောင်း ရှေး ဆရာစဉ်ဆက်များက တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ပြောကြားကြောင်းနှင့် ထိုမြင်ကွန်းမင်းသားကြီး၏ အနွယ်တော် များက အမှတ်တရ လွမ်းစေတီတည် ထားတော်မူခဲ့ကြောင်း သိရပါသည်။

လွမ်းစေတီကို ၁၂၈၉ ခုနှစ်၊ တပေါင်းလပြည့်တွင် အဂ္ဂမဟာပဏ္ဍိတ မဟာနာယက ဒုတိယငါးထပ်ကြီးဆရာ တော် ဦးဇဋိလမထေရ် အမှူးထား၍ လတ္တာလမ်း၊ ဇရပ်အမကြီး ဒေါ်သိန်းရင် မိသားစုတို့မှ ထပ်မံ ပြင်ဆင် လှူဒါန်း ခဲ့ကြောင်းလည်း ကြားသိရပါသည်။

**□ဦးဘိုးအောင်ခြံနှင့်ဆတာဘိုးသာခြံခေါ်တွင်ပုံ**

ငါးထပ်ကြီးဘုရားကြီးတည်ရာတွင် ဘုရားဒါယကာကြီး ဦးဘိုးအောင်သည် ကုန်ဈေးတန်းအနီးမှနေ၍ ဘုရားကြီးသို့


ရှင်သီဝလီရဟန္တာမထေရ်


ရှင်ဥပဂုတ္တမထေရ်မြတ်


ငါးထပ်ကြီးသိကြားမင်း



www.burmeseclassic.com

www.burmeseclassic.com




ယက္ကန်းစင်တောင်ဆရာတော်



ငါးထပ်ကြီး အဘပထမဘိုးဘိုးကြီး



ငါးထပ်ကြီး နတ်ပျော်ရှင်



ငါးထပ်ကြီးဘုရားအဝင်အဝမှ မောင်တွတ်ထမ်းပိုး



ငါးထပ်ကြီးဘုရားအဝင်အဝမှ မယ်တစ်ရွက်ပုံ

လာရောက်ရာ အားမရသဖြင့် ဘုရားကြီး အနီး ပတ္တာခြံတစ်ခုကိုဝယ်ယူ၍ အိမ်ဆောက်လုပ်ကာ ဘုရားကြီးအား နေ့ညမပြတ် ဆောက်လုပ်မှုကို ကြည့်ရှုကြည်ညိုလေသည်။ ထိုအခါမှစ၍ ဦးဘိုးအောင်နေသော ပတ္တာခြံကို ဦးဘိုးအောင်ခြံဟု ခေါ်တွင်လေသည်။

ဆာဘိုးသာသည်လည်း အထက်တွင်ဖော်ပြခဲ့သော ဆရာတော်ကြီး ဦးအာသဘ၏ တပည့်ကြီးဖြစ်သည့် အားလျော်စွာ ဆရာတော်ကြီးဦးအာသဘ၏ တပည့်ကြီးဖြစ်သော ဦးဘိုးအောင်က ငါးထပ်ကြီးဘုရားကြီးတည်ထားကိုးကွယ်သကဲ့သို့ ဆာဘိုးသာကလည်း ဘုရားကြီးတစ်ဆူတည်လိုကြောင်း ဆရာဖြစ်သူ ဆရာတော်ကြီးဦးအာသဘအားလျှောက်ထားရာ ယခု ငါးထပ်ကြီးဘုရားဆင်းတုတော်ကြီးတည်ရာ၏အရှေ့ဘက်ငါးထပ်ကြီးဘုရားကြီး၏ ကျောဘက် ချိုင့်ဝှမ်းတွင် ရွှေသာလျောင်းဘုရားကြီးကို တည်ဆောက်လေသည်။ ထိုနေရာမှ တစ်ဆင့် ယခု ခြောက်ထပ်ကြီးဘုရားခေါ်နေရာသို့ ပြောင်းရွှေ့တည်ထားလေသည်။ ဆာဘိုးသာလည် ဘုရားကြီးနှင့် နီးနီးနေလို၍ ငါးထပ်ကြီးဘုရားဒါယကာ ဦးဘိုးအောင်ထံမှ ခြံမြေပတ္တာကိုခွဲဝေဝယ်ယူ၍ တိုက်အိမ်ဆောက်လျက် နေရာမှ ဆာဘိုးသာခြံဟု စတင်ခေါ်တွင်လေသည်။

### ဂန္ဓကုဋိသံစေတီတော်အုတ်မြစ်ချပွဲမှ ထူးဆန်းသောရွှေငါး

ငါးထပ်ကြီးဘုရား သီတင်းသုံးတော်မူမည့် ဂန္ဓကုဋိသံစေတီတော်ကြီးကို သာသနာတော်နှစ် ၂၅၀၇ ခုနှစ်၊ ကောဇာနှစ် ၁၃၂၅ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၁ ရက်၊ တနင်္ဂနွေနေ့၊ ခရစ်နှစ် ၂၇ - ၁၀ - ၁၉၆၃ နေ့ နံနက် (၆)နာရီအချိန်တွင် ဘုရားကြီး၏ အင်္ဂါထောင့်မှစတင်ပြီး အဂ္ဂမဟာပဏ္ဍိတ အလယ်တော်ရဆရာတော်ကြီး အမှူးထား၍ ရန်ကုန်မြို့ပေါ်မှ သက်တော်ရှည်ဆရာတော်ဘုရားကြီးများ အပါး (၁၀၀) ကျော်တို့မှ ရွှေအုတ်၊ ငွေအုတ်တို့ဖြင့် အုတ်မြစ်ချတော်မူခဲ့ကြပါသည်။

အုတ်မြစ်မချမီ ညဉ့်ဦးပိုင်း ညပိုင်းမိုးအနည်းငယ်ရွာသွန်းတော်မူခဲ့ရာ အုတ်မြစ်ချမြေကျင်းအတွင်း မိုးရေတစ်ဖလားသာသာ မိုးရေကျင်းထဲတွင် ထူးဆန်းအံ့ဩဖွယ်ကောင်းသော ရွှေရောင်အဆင်းရှိ ရွှေငါးတစ်ကောင်ရောက်ရှိနေသည်ကို ထူးထူးခြားခြား တွေ့ကြရလေ၏။

ရေတစ်ဖလားအတွင်းမှ ထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com



ဩဝါဒပါတိမောက်ကျောက်စာတော်



ဦးထိပ်ဘုရား



သူရဿတီမယ်တော်



ငါးထပ်ကြီးမှ ကွမ်ရင်မယ်တော်

သောရွှေငါးတွေ့မြင်ရသော အတိတ်ထူးကြောင့် ငါးထပ်ကြီးဘုရား သံစေတီတော်ကြီး အမြန်ပြီးမြောက်ပြီးသာသနာ ပွင့်ထွန်းတော်မူမည်၊ ထင်ရှားကျော်ကြားမည့်ဘုရားဟု နိမိတ်ဖတ်တော်မူခဲ့ကြပါသည်။

ဂန္ဓကုဋီသံစေတီတော်အဆောက်အအုံကြီး၏အကျယ်အဝန်းမှာ အရှေ့၊ အနောက် (၂၂၇) ပေ တောင်၊ မြောက် (၁၇၂) ပေခွဲရှိပါသည်။

**□ ဂန္ဓကုဋီသံစေတီထီးတော်ကြီး**

ရန်ကုန်မြို့ ငါးထပ်ကြီးဘုရား သီတင်းသုံးရာ ဂန္ဓကုဋီသံစေတီတော်ကြီး၏ထီးတော်ကြီးသည် သံ၊ ကြေးတို့ဖြင့် မပြုလုပ်ဘဲ အလူမီနီယမ်ဒန်သတ္တုဖြင့်ပြုလုပ်ပြီး ဓာတုဗေဒဆေးဖြင့် ရွှေရောင်စိမ်ထားပါသည်။ ထီး၏အောက်မျက်နှာဝမှ ငါးပေကျော်မျှရှိ၍ အလှူရှင်မှာ အမေရိကန်ပြည် ဆန်ဖရန်စစ္စကိုမြို့ ဦးကျင်ချိုင်၊ ဒေါ်လီလီမိသားစုတို့က မတည်သောအလှူငွေများနှင့် ပြည်သူပြည်သားတို့က ပူဇော်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

**□ ထီးတော်ငှက်မြတ်နား**

ဂန္ဓကုဋီသံစေတီတော်ငှက်မြတ်နားကို ဟင်္သာရုပ်ငှက်မြတ်နားဖြစ်၍ ငွေသားဖြင့်ပြုလုပ်ရောစပ်လျက် ပုဂံ၊ ပုပ္ပားသာသနာပြုဆရာတော် ဦးပရမဝဏ္ဏသိဒ္ဓိနှင့် ရန်ကုန်မြို့ လမ်းမတော် အမှတ် (၁၃၃) နေ ပန်းထိမ်ဆရာကြီး ရတနာတုန်သည် ဦးကြွယ်-ဒေါ်စိန်ကြည်၊ သားဗိုလ်မှူးတင်ဦး၊ သမီး ဒေါ်ခင်သိန်းတင် မိသားစုနှင့် ပြည်သူပြည်သားများက

www.burmeseclassic.com

ကျောက်မျက်ရတနာများဖြင့် စီခြယ်၍ လှူဒါန်းပူဇော်ကြလေသည်။

**ထီးတော်စိန်ဖူးတော်**

ဂန္ဓကုဋိသံစေတီတော်ကြီး၏ စိန်ဖူးတော်မှာ ငါးထပ်ကြီးဘုရား ဒါယကာ ဦးဘိုးတောင်၊ ဦးဘိုးအောင်၊ ဘုရားအမ ဒေါ်စိမ်းရင်တို့၏သားသမီးများဖြစ်ကြသော ဒေါ်ကြီးကြီး၊ ဦးမောင်မောင်တင်၊ နှမမိသားစုတို့နှင့် ပြည်သူပြည်သားများက လှူဒါန်းကြလေသည်။

**□ ငါးထပ်ကြီးဘုရားတံကဲတော်ကြီး**

ငါးထပ်ကြီးဘုရားတံကဲတော်ကြီးသည် ဘုရားကြီးကြီးမားသည့်နှင့်အမျှ ဘုရားကြီးနှင့် လိုက်ဖက်ညီ ပန်းတင့်စေသည့် တံကဲတော်ကြီးမှာလည်း လွန်စွာကြီးမားခမ်းနားထည်ဝါလှသည်။ မြန်မာပြည်ရှိ ဘုရားဆင်းတုတော်များ၏ တံကဲတော်များထဲတွင် ဤငါးထပ်ကြီးတံကဲတော်ကြီးမှာ အကြီးမားဆုံးဖြစ်ပေသည်။

တံကဲတော်ကြီးတွင် ပါဝင်သော အင်္ဂါရပ်ဆိုင်ရာအပိုင်းကြီးများမှာကား အလင်းပိတ်ပန်းပုံပန်းများ၊ လင်းနို့တောင်ပန်းပုပန်းများ၊ အတွင်းတံကဲတော်ကြီး၊ အပြင်တံကဲတော်ကြီး၊ တံကဲတော်ကြီးဘေးပိတ်ပန်းများ၊ တံကဲတော်ကြီးနောက်ကျော လင်းနို့တောင် သွပ်ပန်းတည်းပန်းများနှင့် တံကဲတော်ကြီးနောက်ကျောထိုင်ခုံ သွပ်ပန်းတည်းပန်းပွင့်များဖြစ်ကြသည်။

**□ အရွယ်ပမာဏ**

ငါးထပ်ကြီးဘုရား တံကဲတော်ကြီးဆိုင်ရာအရွယ်ပမာဏမှာ အောက်ပါအတိုင်းဖြစ်သည်။

အလင်းပိတ်ပန်းအလျား(အကျယ်) (၅၂) ပေ၊ အမြင့် (၁၂၆) ပေ။

လင်းနို့တောင်ပန်းအလျား(အကျယ်) (၄၉) ပေ၊ အမြင့် (၇၀) ပေ။

အတွင်းတံကဲတော်ကြီး အလျား (အကျယ်) (၅၆) ပေ၊ အမြင့် (၆၄) ပေ။

အပြင်တံကဲတော်ကြီး အလျား (အကျယ်) (၄၄) ပေ၊ အမြင့် (၅၀) ပေ။

ဘေးပိတ်ပန်းအလျား(အကျယ်) (၇) ပေ၊ အမြင့် (၁၅) ပေ။

လင်းနို့တောင်သွယ်ပန်း အလျား (အကျယ်) (၄၈) ပေ၊ အမြင့် (၄၀) ပေ။

တိုင်ဖုန်းသွပ်ပန်းပွင့်များ အလျား (အကျယ်) (၈) ပေ၊ အမြင့် (၃) ပေ။

ငါးထပ်ကြီးဘုရားတံကဲတော်ကြီး တည်ဆောက်ရာတွင် အဓိကပါဝင်သော ပစ္စည်းပမာဏကို ဖော်ပြထားပါသည်။

**□ သွားရောက်ဖူးမြော် ကုသိုလ်တော်ယူ ထူးထူးခြားခြား ငါးထပ်ကြီးဘုရား**

ကျေးဇူးကြီးမား ဆရာတော်ကြီး (၃)ပါးမှ ငါးထပ်ကြီးဘုရားကြီးကို စွမ်းဆောင်မှုအမျိုးမျိုးဖြင့် သာသနာဖွံ့ဖြိုးအောင် သာသနာတော်ပြုခဲ့ကြပါသည်။

ဆရာတော်ဦးအာသဘ ခရစ်နှစ် ၁၉၀၀ မှ ၁၉၂၀ အထိ (၂၀) နှစ်။

ဆရာတော်ကြီး ဦးဇဋိလ (ဆရာတော် ဦးအာသဘ၏မြေး) ၁၉၂၀ မှ ၁၉၄၅ ခုနှစ်အထိ (၂၅) နှစ်။

ဆရာတော်ဦးဇာဂရ (ဆရာတော် ဦးဇဋိလ၏တူ) ၁၉၄၅ မှ ၁၉၈၁ အထိ (၃၆) နှစ်။

ဆရာတော်ကြီး ဦးဇာဂရသည် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့ အစည်းကြီးပေါ်ထွန်းလာသောအခါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးမှ တာဝန်ပေးချက်အရ ဆရာတော်သည် ဗဟန်းမြို့နယ် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ တာဝန်ယူခဲ့ရပါသည်။

ထိုအချိန်မှစ၍ သာသနာပိုမိုဖွံ့ဖြိုးရန် ဘုရားကြီးကို ဂေါပကအဖွဲ့နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ လွှဲအပ်လိုကြောင်း ကျောင်းရှိ ရဟန်းသံဃာတော်အရှင်မြတ်များနှင့် တပည့်ဒါယကာဒါယိကာမများ တိုင်ပင်ဆွေးနွေးကြရာ အားလုံးက သဘောတူကြသဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဆရာတော်ဦးဇာဂရအား ဘုရားကြီးဩဝါဒါစရိယဆရာတော်အဖြစ်ပြန်လည်ခန့်အပ်တာဝန်ပေးအပ်ကာ ဗိုလ်မှူးဘသိန်း (ငြိမ်း) ဦးစီးသော (၁၁)ဦးပါဂေါပကအဖွဲ့ဖွဲ့စည်း၍ ဘုရားကြီးကို စောင့်ရှောက်ပါသည်။

ယခုအခါ ဂေါပကအဖွဲ့ အဆက်ဆက်မှ ဘုရားကြီးဖွံ့ဖြိုး သာသနာပိုမိုတိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့ကြပါပြီဖြစ်ပါသည်။ 'ငါးထပ်ကြီးဘုရားကြီး' သည် ဆောင်းပါးအစအဖွင့်၌ဆိုခဲ့သည့်အတိုင်း အလွန်တရာမှ ထူးခြားလှသော သာသနာ့ကုန်းမြေတော် မြတ်မဟာဖြစ်သည်နှင့်အညီ ဆုတောင်းအင်မတန်ပြည့်ဝလှပါသည်။

ငါးထပ်ကြီးဘုရားကြီး၌ အမြဲဒွန်ဝင်သူများများစွာရှိပါသည်။ အမြဲဒွန်အောင်ကြပါသည်။ မှန်သောသစ္စာစကား ဘုရားကြီးရှေ့မှာဆိုပါ။ အသင်အောင်ပါလိမ့်မည်။ စာမေးပွဲ၊ အလုပ်အကိုင်၊ ရာထူးတိုး၊ အမြဲဒွန်ဝင်ကြည့်ပါ။ အသင်ထူးကဲသိသာစွာ ထင်ရှားအောင်မြင်ပါလိမ့်မည်။ ကုမ္ပဏီကိစ္စ၊ စီးပွားရေးကိစ္စ၊ ပွဲလှူပွဲကပ်၊ ပွဲတည်လှူဒါန်းပါက ဧကန်မုချအောင်မြင်မှုရပါလိမ့်မည်။

**□ ကန်တော့ပွဲ**

ငါးဖီးပွဲ၊ ကွမ်း၊ လက်ဖက်၊ အုန်း၊ ငှက်ပျော၊ တံခွန်၊ ကုက္ကား စုံလင်စွာပွဲလှူပါ။

**□ ဆုတောင်းနည်း**

တန်ခိုးတော်ကြီးမား ဆုတောင်းပြည့်ငါးထပ်ကြီးဘုရားသို့ တပည့်တော်/တပည့်တော်မ (xxx) သည် သာသနာပွဲတော်မြတ်ကို ကပ်လှူပါသည်။ ကပ်လှူဒါန်းသောအချိန် ယခုအခါမှစ၍ ငါးထပ်ကြီးဘုရားတွင် ပွဲတည်သကဲ့သို့ တပည့်တော်/ တပည့်တော်မတို့၏ လုပ်ငန်းဆောင်တာ (ဥပမာ ကုမ္ပဏီအလုပ်၊ အရောင်းအဝယ်အလုပ်၊ ဖြန့်ချိရေးအလုပ်၊ အကျိုးဆောင်အလုပ်. . . စသည်) တို့သည် ပွဲကဲ့သို့ စည်ကားသိုက်မြိုက် ရတနာပုံဆိုက်၍ စည်ပင်ဝဖြိုးအောင်ဆုမိုးတို့သည် တိုး၍တိုး၍ ရွာပါစေသတည်း လာဘ်ရွှင် ငွေဝင်လာပါစေသတည်း။

မေတ္တာများစွာဖြင့်

ကံဝင်း

| | သံအမာခံ | ကျွန်းသစ်သား | မြန်မာမှုဧရိယာ |
|---|---|---|---|
| အလင်းပိတ်ပန်း | (၁.၃၂) တန် | (၂.၄၂) တန် | (၆၂၉.၄၈) စတုရန်းပေ |
| လင်းနို့တောင်ပန်း | (၂.၄၄) တန် | (၂.၂၈) တန် | (၁၀၇၅) စတုရန်းပေ |
| အတွင်းတံကဲတော်ကြီး | | (၃.၁၈) တန် | (၁၃) တန် (၁၈၇၄) |

ကျမ်းကိုး -

၁။ ဂေါပကအဖွဲ့ထုတ် ငါးထပ်ကြီးဘုရားသမိုင်းစာအုပ်

၂။ ကိုယ်တိုင်ကွင်းဆင်းလေ့လာမှုများ

www.burmeseclassic.com

တင်အောင်(စက်မှုတက္ကသိုလ်)

# ညောင်လွန့်တောရဆရာတော်ဘုရားကြီး

ဘဝမှတ်တမ်း

ညောင်လွန့်ဆရာတော်ဘုရားကြီးသည် ရဟန္တာအရင်မြတ်ကြီးဖြစ်ကြောင်း မျက်မှောက်ခေတ် သာသနာ့သမိုင်းတွင် မော်ကွန်းထိုးကြပါသည်။

ညောင်လွန့်တောရဆရာတော်ကြီး ဖြစ်လတ္တံ့သော အလောင်းအလျာမြတ်သည် အေဒီ ၁၈၆၈ ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၂၂၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်) ကြာသပတေးနေ့ နံနက်(၄)နာရီအချိန်၌ မိတ္ထီလာမြို့အနောက်ဘက် အိုင့်ရွာတွင် အဘ ဦးမှုတ်၊ အမိ ဒေါ်ဂုံတို့မှ ဖွားမြင်တော်မူသည်။

မယ်တော်၏ဝမ်းမှ မွေးကတည်းက ပင် ဆရာတော်လျောင်း၏ခြေဖဝါးတော်တွင် စက်လက္ခဏာကြီးပါရှိလာလေသည်။

**□ ညောင်လွန့်ဆရာတော်ကြီး၏ အံ့ဖွယ်ကောင်းအောင်အားထုတ်တော်မူခြင်း**

ညောင်လွန့်ဆရာတော်၏ကျေးဇူးရှင်ဆရာမှာ မိုးနံကုန်းဆရာတော်ကြီး ဖြစ်ပါသည်။ ရဟန်းငါးဝါအရတွင် ပျော်ဘွယ်မြို့ အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာ မိုးနံကုန်းရွာကျောင်း ဆရာတော်ကြီးထံ ကြွရောက်သီတင်းသုံးပြီး နေ့ဝါ၊ ညဝါတို့ကို သင်ယူတော်မူသည်။ နေ့ဝါ၊ ညဝါအခြေခံရပြီးသောအခါ ပါဠိတော်တို့နှင့်တကွ ဝိနယအဋ္ဌကထာကြီး (၄) ကျမ်း၊ အဘိဓမ္မာအဋ္ဌကထာကြီး (၇) ကျမ်းတို့ကို ခက်ရာခက်ဆစ်ဋီကာစသည်တို့နှင့်တကွ မေးမြန်းလျှောက်ထားရင်း စာဆိုတော်အဖြစ် သင်ယူတော်မူလေသည်။

ညောင်လွန့်ဆရာတော်ဘုရားကြီး၏ ဘွဲ့တော်မှာ အရှင်မေဓာဝီဖြစ်ပါသည်။

ယင်းသို့ ပရိယတ်ကို လွန်စွာအားထုတ်တော်မူလွန်း၍ တစ်ခါတစ်ခါ၌ ဒူးဆစ်ထိအောင် အေးမြလာလျက် သွေးလေမလျှောက်သလိုဖြစ်လာသောကြောင့် ရေနံချေးကိုသုတ်လိမ်း၍ဒူးဆစ်ကိုနေလှန်းတော်မူရလေသည်။ တစ်ခါတစ်ခါ မသက်သာလှ၍ မိမိဇာတိနေရပ် အိုင့်ရွာကျောင်းသို့ပင် ပြန်ကြွ၍ဆေးကုရလေသည်။

မိမိနေရပ်မှ ကျန်းမာ၍ ပြန်ကြွလာသောအခါ၌ စီရီယကို အလျှော့မပေးဘဲ ရှေးကလိုပင် ပဋိပတ်ကို အားထုတ်တော်မူသည်။

ညဥ့်ဘက်၌လည်း မိုးနံကုန်းဆရာတော်ကြီးအထံတော်၌ အဘိဓမ္မာညဝါများကိုဆိုတော်မူပြီးလျှင် မိမိနေသော ကျောင်းပေါ်သို့မတက်သေးဘဲ ကျောင်းဝိုင်းအတွင်း မြေတလင်းပေါ်၌ စင်္ကြံလျှောက်သွားလျက် ညဥ့် (၁၀) နာရီတိုင်အောင် စာများကိုပြန်လှန်သရဇ္ဈာယ်ပြီးလျှင် တစ်ဖန် မိုးနံကုန်းဆရာတော်ကြီးထံသို့ ဝတ်ပြည့်ရန်သွားပြီးလျှင် ပြန်လာသောအခါ ကျန်သေးသောစာများကို သရဇ္ဈာယ်ပြန်လေသည်။

ထို့နောက် မိမိနေသောကျောင်းပေါ်သို့တက်၍ မိုးနံကုန်းဆရာတော်ဘုရားကြီးထံ၌ စာတက်သောအခါက မိန့်ကြားဆုံးဖြတ်တော်မူအပ်သော ခဲရာခဲဆစ်အဓိပ္ပာယ်များကို ဗလာစာအုပ်ပေါ်၌ မှတ်သားပြီးလျှင် အိပ်ရာဝင်သောအခါ ကောဋ္ဌာသကိုနှလုံးသွင်းပြီးမှ ကုရိယာပုတ်မျှတခုံ (၂) နာရီခန့်သာ ကျိန်းစက်လေသည်။

တစ်ဖန် နံနက် (၃) နာရီမထိုးခင် ထတော်မူ၍ မိုးနံကုန်းဆရာတော်ကြီးထံတော်သို့ တံပူ၊ မျက်နှာသစ်တော်ရေ မျက်နှာသုတ်ပဝါတို့ကို ဆက်ကပ်၍ ဆရာတော်ကြီးမျက်နှာသစ်ခြင်းကိစ္စပြီးအောင် စောင့်ဆိုင်း၍ပြီးသောအခါ ရေခွက်၊ မျက်နှာသုတ်ပဝါတို့ကို ထားမြဲတိုင်းနေရာ၌ထားပြီးလျှင် မိမိကျောင်းသို့ပြန်လာ၍ မအိပ်တော့ဘဲ ဆရာတော်ကြီးစာချ၌ မိန့်ဆိုဆုံးဖြတ်လိုက်သော ဝိနိစ္ဆယခဲရာခဲဆစ်တို့ကို တစ်ဖန်ပြန်၍နှလုံးသွင်းပြီးသည့်အဆုံး၌ ကောဋ္ဌာသကမ္မဋ္ဌာန်းကိုပင် နှလုံးသွင်းအားထုတ်လျက် မိုးလင်းသွားတော့သည်။



**□ ကျမ်းပေါက်ခြင်း**

(၁၅) နှစ်တိုင်တိုင် မိုးနံကုန်းဆရာတော်ကြီး၏ထံတော်၌ ပရိယတ်ကို သင်ယူ အားထုတ်တော်မူလေသည်။ မိုးနံကုန်းဆရာတော်ကြီး၏အထံတော်မှာ အခြေရပြီး စာဝါ နေ့ဝါ၊ညဝါများနှင့်တကွ ပိဋကတ်၊ အဘိဓမ္မာပိဋကတ်တို့ကိုပေါက်ရောက်အောင်မြင်တတ်သိတော်မူလေသည်။

**□ တောထွက်ခြင်း**

ရဟန်းသိက္ခာဝါတော် (၂၀) ရရှိပြီးနောက် ကျေးဇူးတော်ရှင် မိုးနံကုန်းဆရာတော်ကြီးအား ခွင့်ပန်လျှောက်ထားတောင်းပန်တော်မူ၍ အခွင့်ရသောအခါတွင် ပျော်ဘွယ်မြို့မြောက်ဘက် ရှမ်းရွာဘုတာရှေ့လင့်စင်ကုန်းဆရာတော်ကြီးထံတော်သို့ ကြွတော်မူ၍ ရှေးအဖို့ကကထိကဝတ်ဖြင့် တိုင်ပင်တော်မူဖူးသည့်အတိုင်း အဆိုပါလင့်စင့်ကုန်းဆရာတော်ကြီးနှင့်အတူ ရှမ်းရွာအနောက်ဘက်ရှိ

www.burmeseclassic.com

မင်းလိုတောင်ပေါ်သို့ တောထွက်တော်မူကြသည်။

□ ပစ္စည်းများစွန့်ပစ်ခြင်း

လင့်စင်ကုန်းဆရာတော်ကြီးသည် မိမိပိုင်ပစ္စည်းလှည်းအစီး (၃၀) ခန့်ရှိသော သင်္ကန်း၊ သပိတ်၊ သင်ဖျာ၊ ပန်းကန်၊ ခွက်ယောက်၊ ကရား စသည်တို့ကို မိမိကျောင်းရှေ့တလင်းပြင်မှာ ချထားစုပုံပြီး အလိုရှိသူများယူကြစေဟု စွန့်ပစ်ခဲ့သည့်အပြင် ဂေါစရဂံရွာတို့မှ မည်သူ့မျှမပြောကြားဘဲ အရှင်မေဓာဝီမထေရ်နှင့်အတူ တစ်ပါးထည်း မင်းလိုတောင်ပေါ်သို့ တောထွက်တော်မူလေသည်။

များမကြာမီ သနပ်ခါးတောရွာ၊ အရှေ့ဘက်ရွာတို့မှ လင့်စင်ကုန်းဆရာတော်၏ဒကာ၊ ဒကာမတို့သည် တဖြည်းဖြည်းအလာများလာသောကြောင့် တောထွက်ပြီး ရဟန်းတရားကို မရမနေအားထုတ်ဖို့အလုပ်ကောင်းမွန်စွာအောင်မြင်လိမ့်မည်ဟု မထင်တော့သဖြင့် မင်းလိုတောင်ပေါ်၌ တစ်ဝါဆိုပြီး ဝါကျွတ်သောအခါ ပျော်ဘွယ်မြို့ မိုးနံကုန်းရွာရှိ မိုးနံကုန်းဆရာတော်ကြီးထံသို့ တစ်ဖန်ပြန်ကြွတော်မူခဲ့လေသည်။

မိုးနံကုန်းရွာကျောင်းတွင် တစ်ဝါဆိုပြီးနောက် ဝါကျွတ်သောအခါ၌ မိုးနံကုန်းဆရာတော်ကြီးနှင့် အရှင်မေဓာဝီမထေရ်သည် ညောင်လွန့်ဘူတာသို့ ရထားဖြင့်ကြွလာကြသည်။ ညောင်လွန့်ဘူတာမှ အနောက်မြောက်ဘက် တစ်မိုင်ငါးဖာလုံကွာဝေးသော ရွာသာရွာနှင့် ပျော်ရွာအကြားရှိ ဆရာတော်ဦးဇော၏ တောရကျောင်းသို့ ရောက်တော်မူကြလေသည်။

□ ရသေ့ကြီးဦးခန္တီ၏ဇာတိချက်မြှုပ်ရွာ

ဖော်ပြပါ ရွာသာရွာသည် ပျော်ရွာ၏ အနောက်တောင်ဘက် သေနတ်တစ်ပစ်ခန့်သာဝေးကွာပြီး အိမ်ခြေမရှိတော့ဘဲ လယ်နှင့်ခြံတို့သာရှိသောနေရာသည် မန္တလေးမြို့မှ ရသေ့ကြီး ဦးခန္တီ၏ဇာတိချက်မြှုပ်ရွာဖြစ်လေသည်။ သူ၏ မွေးဖွားရာအိမ်နေရာ၌ အိမ်တော်ရာဘုရားစေတီတော်တစ်ဆူနှင့် လေးဖက်လေးတန်မှ သံစောင်းတန်းအရှေ့ဘက်မှာ တင်ပျဉ်ခွေဘုရားကြီးခုနစ်ဆူ၊ မတ်တတ်ရပ်နှစ်ဆူ၊ သုမေဓာဗျာဒိတ်ပေးခန်းတစ်ဆူနှင့် အနောက်ဘက်မှာ လျောင်းတော်မူရုပ်ပွားတော်ကြီးတစ်ဆူ၊ အထက်ခြေတော်ရာ၊ အောက်ခြေတော်ရာနှစ်ဆူတို့ကို တည်ထားရာ ယခုတိုင်အပြီးမသတ်နိုင်ဘဲ ကျန်ရစ်ခဲ့လေသည်။ ရသေ့ကြီးဦးခန္တီကိုမွေးဖွားပြီး လူလားမမြောက်ခင်ကပင် ရမည်းသင်းမြို့၏ အရှေ့သိမ်ကြီးကုန်းရွာသို့ ရွှေ့ပြောင်းသွားကြလေသည်ဟု သိရပါသည်။ ၎င်းနောက် ပျော်ရွာတောရကျောင်းသို့ ရောက်ရှိလာခဲ့ကြသည်။ ထိုနေရာကား ယခုအခါ ညောင်လွန့်တောရကျောင်းဟူသောနေရာပင် ဖြစ်လေသည်။

**ညောင်လွန့်သို့ရောက်ရှိခြင်း**

မိုးနံကုန်းဆရာတော်ဘုရားကြီး၊ ဆရာတော်ဦးဇော၊ အရှင်မေဓာဝီမထေရ်တို့သည် မိုးနံကုန်းမှ တောထွက်၍ ညောင်လွန့်ရွာတောရကျောင်းမှာ ရောက်၍ သီတင်းသုံးနေကြပြီဟု အဝေးအနီးမှ ကြားသိတော်မူကြကုန်သော မိုးနံကုန်းဆရာတော်ကြီး၏ တပည့်ကြီးများဖြစ်တော်မူကြကုန်သော ဝါနှစ်ဆယ်ကျော်ပြီး မထေရ်ကြီး(၅၀)ခန့်သည် ဝါဦးမှာ ကြွရောက်တော်မူကြ၍ ပျော်ရွာတောရကျောင်း(ယခုညောင်လွန့်တောရကျောင်း) ၌ ဝါကပ်တော်မူကြလေသည်။ ဝါကပ်ချိန်မှာ အေဒီ ၁၉၀၉ ခုနှစ် (၁၂၇၁ ခုနှစ်) ဖြစ်လေသည်။

□ ဘယ်တရားကိုအားထုတ်ပါသလဲ

ညောင်လွန့်တောရဆရာတော်ကြီးသည် ဝါတော်ငယ်စဉ်က ကောဋ္ဌာသကို နှလုံးသွင်းကာအားထုတ်တော်မူ၍ ညောင်လွန့်တောရသို့ရောက်ပြီး ဝါတော်ကြီးရင့်တော်မူသောအခါ အာနာပါနကို သာ မူလကမ္မဋ္ဌာန်းပြု၍ အားထုတ်တော်မူလျက် ကောဋ္ဌာသကို ရံဖန်ရံခါမှသာ အရှေ့ချောင်အရိုးဂူတွင် အားထုတ်တော်မူသည်။ ဆရာတော်ကြီးကောဋ္ဌာသကို နှလုံးသွင်း အားထုတ်တော်မူရာ အရိုးလိုဏ်ဂူသည် ယခုအခါ အရှေ့ချောင်က ဇော်မိပင်၏မြောက်ဘက်အနီးမှာပင် တည်ရှိနေပါသေးသည်။

ဆရာတော်ကြီး၏အသက်ထက်ဆုံးကျင့်ဆောင်တော်မူခဲ့သော ကျင့်ဝတ်များနှင့် ကျင့်စဉ်များကို လေ့လာတွေ့ရှိရသည်မှာ နောင်လာနောင်သားတို့ အတုယူဖွယ်ရာဖြစ်ပါသည်။

□ ဆရာကိုရိုသေခြင်း

ညောင်လွန့်ဆရာတော်သည် ဗုဒ္ဓဝေယျာဝစ္စ၊ အာစရိယဝတ်ကိစ္စတို့ကို မိုးနံကုန်းဆရာတော်ကြီး ပျံလွန်တော်မူသည့်တိုင်အောင် လည်းကောင်း၊ ပျံလွန်တော်မူပြီး အရိုးစေတီတော်ကြီး၌လည်း သက်တော်ထင်ရှားရှိစဉ်သကဲ့သို့ပင် ညဉ့်၌လည်းကောင်း နံနက် (၂)နာရီ၌ လည်းကောင်း ကိုယ်တော်တိုင်ပြုစုအားထုတ်တော်မူသည့်အပြင် စေတီတော်ကို ရေ၊ တံပူ၊ မျက်နှာသုတ်ပဝါ၊ မီးတို့ကို အမြဲပင် ဆက်ကပ်လှူဒါန်းတော်မူပြီး စေတီတော်ကြီး၏အရပ်ရှစ်မျက်နှာတို့မှ ထိခြင်းငါးပါးတို့ဖြင့်ကန်တော့ခြင်းကို အသက်ထက်ဆုံး ပြုစုသွားပါသည်။

□ မိုးနံကုန်းဆရာတော်ကြီးဘဝနတ်ထံပျံလွန်တော်မူခြင်း

အေဒီ ၁၉၁၃ ခုနှစ်၊ မတ်လ ၁၄ ရက်၊ သောကြာနေ့ (ကောဇာနှစ် ၁၂၇၄ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်) နေ့လယ် (၁၂) နာရီတွင် သက်တော် (၈၅)၊ ဝါတော် (၆၅) ရပြီးနောက် မိုးနံကုန်းဆရာတော်ကြီးသည် ညောင်လွန့်တောရကျောင်းတိုက်ကြီး၌ ဘဝနတ်ထံပျံလွန်တော်မူလေသည်။

အရိုးဓာတ်တော်တို့ကို တောရတိုက်ကြီး၏အရှေ့ချောင်ကမ္မဋ္ဌာန်းတိုက်အတွင်း၌ စေတီကြီးတည်၍ ဌာပနာပူဇော်ထားကြလေကုန်သည်။

□ သမာဓိအားကောင်းလှသဖြင့် နာနာဘာဝ ဝိနာဘာဝတို့ကိုတွေ့မြင်ရခြင်း

ညောင်လွန့်ဆရာတော်ကြီးသည် သမာဓိအားကောင်းလှသဖြင့် ကြည့်ရှုဆင်ခြင်လိုက်မည်ဆိုလျှင် ပကတိမျက်စိဖြင့် မြင်ရသကဲ့သို့ နာနာဘာဝ၊ ဝိနာဘာဝ၊ ဖုတ်၊ ပြိတ္တာတွေကို တွေ့မြင်ရကြောင်း မကြာမကြာအမိန့်ရှိလေသည်။

တစ်ရံရောအခါ ဆရာတော်ကြီးသည် မိမိဂေါစရဂံဖြစ်သော ဂျိုကျအင်းရွာမှစ၍ ကျွဲအုပ်ကြီးဝင်လာနေသည်ကို မြင်တော်မူ၍ မိမိ၏တပည့်မထေရ်ကြီးများကို သေချာစွာအမိန့်ရှိပြီး ရွာဒကာ၊ ဒကာမတို့အား ပရိတ်အရံအတားတရားများကို နာယူစေရာ ဂျိုကျအင်းရွာမှာ အတန်ငယ်ဝမ်းရောဂါခဲ့ရပြီး ပရိတ်အရံအတားကြောင့် အဆိုပါ ကျွဲအုပ်ကြီးသည် အောက်သို့ စုန်ဆင်းထွက်သွားသည်ကိုမြင်လိုက်ရကြောင်း အမိန့်ရှိလေသည်။ အမိန့်ရှိသည့်အတိုင်းပင် ဂျိုကျအင်းရွာမှာ ဝမ်းရောဂါကင်းပျောက်ပြီး အောက်ဘက်ရွာတွေမှာ ဝမ်းရောဂါဖြစ်ပွားကြောင်း ကြားသိရလေသည်။

မိမိ၏ တောရကျောင်းတိုက်မှာ တစ်ခါတစ်ရံ သံဃာတော်တွေ နေထိုင်မကောင်းဖြစ်လာချင်လျှင် ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

ကြီးက တင်ကြို၍ သိတော်မူသဖြင့် -

"ဦးပဥ္စင်းတို့ တစ်တိုက်လုံးမှာ အသီးသီးအဆိုင်းခွဲ၍ ပရိတ်ကမ္မဝါစာများကို ရွတ်ကြ။ သီလ၊ မေတ္တာကိုပွားများကြ"

ဟု အမိန့်ရှိပြီး -

"ဘာမဟုတ်တဲ့ပြိတ္တာကောင်တွေ ကျောင်းပတ်ဝန်းကျင်မှာရောက်နေကြတယ်။ သူတို့ဟာ ဖျားအောင်နာအောင် ဒုက္ခအမျိုးမျိုးဖြစ်အောင် နှောင့်ယှက်ကြလိမ့်မယ်"

ဟု အမိန့်ရှိသဖြင့် ပရိတ်ကမ္မဝါစာတွေကို သံဃာတော်များက တစ်တိုက်လုံးမွန်သွားအောင်ရွတ်ကြ၊ သီလ၊မေတ္တာကိုပွားများကြရာ ကင်းပျောက်၍ ဘာမှမဖြစ်တော့ဘဲ ကျန်းမာကြလေသည်။

**▫ အာဇာနာဋိယပရိတ်တော်တန်ခိုး**

တစ်စုံရောအခါ ညောင်လေးပင်မြို့နယ် ခင်တန်းရွာသိမ်သမုတ်ရာသို့ ကြွတော်မူစဉ် သုသာန်အနီး ကြမ်းတမ်းလှသောနေရာတစ်ခုတွင်ရှုဆင်ခြင်လျက်ကြည့်တော်မူရာ အနီးပတ်ဝန်းကျင်၌ နာနာဘာဝ၊ ပြိတ္တာတို့များပြားလှစွာတွေ့ပြီး တချို့က ရိုသေစွာရှိခိုးကြသည်။ တချို့က ရှိမခိုးဘဲထိုင်ကြည့်နေကြသည်။ တချို့က ပြောင်လှောင်၍ မရိုမသေပြုနေကြသည်။ ထိုသို့ အမျိုးမျိုးတွေကိုတွေ့မြင်တော်မူရသဖြင့် မေတ္တာသုတ်ကိုရွတ်ရာ ဘာမှအကြောင်းမထူးဘဲ အာဋာနာဋိယပရိတ်တော်ကို ရွတ်လိုက်သောအခါကျမှ အလျှိုလျှိုရှိခိုး အရိုအသေပေးပြီး အားလုံးထပြန်သွားကြသည်ဟု အမိန့်တော်ရှိခဲ့ဖူးသည်။

**▫ ညဥ့်လုံးပေါက်မအိပ်ဘဲ တရားကိုအပြင်းအထန်အားထုတ်ခြင်း**

ညောင်လွန့်ဆရာတော်ကြီးသည် သမာဓိအားကောင်းလျက် အမြင်လမ်းပေါက်ရောက်နေသော်ငြားလည်း ရဟန်းကိစ္စမပြီးသေးသဖြင့် သမာဓိကို အခြေတည်၍ ဝိပဿနာကို ကြိုးစားအားထုတ်သည်။ ဝါတော် (၂၀) ရ၍ တောထွက်မူသည့်အချိန်ကစ၍ ညောင်လွန့်တောရသို့ရောက်ပြီး မိုးနံကုန်းဆရာတော်ကြီးသက်တော်ထင်ရှားရှိစဉ်ကလည်းကောင်း၊ သက်တော်ထင်ရှားမရှိတော့သည့်နောက်တောရကျောင်းတိုက်ကြီးကို နာယကဆရာတော်ပြုလုပ်၍ အုပ်ချုပ်တော်မူရစဉ်က လည်းကောင်း၊ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်သာလျှင် ကိုယ်ပိုင်ထား၍ တိစီဝရိတ်မူတင်၊ ပတ္တပိဏ်မူတင်၊ အရညကင်ခ္ဓူတင်အားဖြင့် ရှစ်ပါးသော မူတင်တို့ကို အမြဲကျင့်ဆောင်တော်မူလျက် ဆွမ်းကိုလည်း ရွာစဉ်အမြဲခံတော်မူလေသည်။ ပရိနိဗ္ဗာန်စံလွန်တော်မူခါနီး ခြောက်နှစ်လောက်ရှိမှသာလျှင် ဇရာဒုဗ္ဗလဖြစ်တော်မူ၍ တပည့်သံဃာအပေါင်းတို့က အတန်တန်တောင်းပန်လျှောက်ထားသောကြောင့် ကိုယ်တော်တိုင် ဆွမ်းခံခြင်းကို ရပ်နားတော်မူလေသည်။

တစ်ရံရောအခါ မိုးနံကုန်းဆရာတော်ကြီး၏ အရိုးအိုးစေတီအနောက်ဘက်တွင် တောင်၊ မြောက်၊ ဇရပ်ကြီးနှစ်ဆောင်ရှိလေရာ မြောက်ဘက်ဇရပ်အပေါ်၌ တစ်ပါတည်း ညဥ့် (၁၁) နာရီမှစ၍ မကျိန်းစက်တော့ဘဲ တရားအားထုတ်နေစဉ် ဇရပ်နံရံအပြင်ဘက်မှ တဝုန်းဝုန်းနှင့် ဆူညံစွာ အသံပေးလျက်နှောင့်ယှက်နေရာ သမာဓိမရတော့ဘဲ ဆင်ခြင်နေသည်။ ကဲ - ငါသည် သူ့ကိုအာရုံမပြုတော့ဘူး။ သူတတ်နိုင်ရင် ငါ့အသက်ကိုပင်သတ်စေ၊ ငါ၏ရဟန်းတရားကိုကား မစွန့်တော့ပြီ။ မရမနေအားထုတ်တော့မည်ဟူ၍ အဓိဋ္ဌာန်ပြု၍ တရားကိုသာအာရုံစိုက်လျက် အားထုတ်တော်မူပြန်သည်။ ထိုအနှောင့်အယှက်ကား မလျှော့ဘဲနှောင့်ယှက်မြဲနှောင့်ယှက်လျက်ပင်နေလေသည်။ နံနက် (၃) နာရီခန့်ရှိသောအခါ အလုပ်အကျွေးတပည့်ရဟန်းတစ်ပါးသည် မျက်နှာသစ်ရေ၊ တံပူ၊ မျက်နှာသုတ်ပဝါတို့ကိုလာ၍တင်သောအခါမှ ဦးပဥ္စင်း နံရံအပြင်ဘက်မှာ ဘာရှိတုံး၊ သွားကြည့်စမ်းဟု အကြည့်ခိုင်းရာ အလျား (၇) တောင်ခန့်ရှည်သော မြွေစိမ်းကြီးကိုတွေ့ရပြီး မကြာမီပျောက်ကွယ်သွားလေသည်။

ဤသို့လျှင် ၁၉၁၃ ခုနှစ်မှစတင်၍ တရားကို ပြင်းပြင်းထန်ထန် အားထုတ်လာရာ ၁၉၁၉ ခုနှစ်ထိ နှစ်နှစ်တိုင်တိုင်ရှိသော်လည်း လောကီသမာဓိမျှကိုသာ ရလျက်၊ ဗဟိဒ္ဓတွေကိုသာအာရုံပြုလျက် သမာပတ် (၈) ပါးကစားမှု၌အားသန်၍ သွတ်နေသဖြင့် မဂ်ဖိုလ်သို့မပေါက်ရောက်နိုင်ဘဲဖြစ်နေလေသည်။

၁၉၁၉ ခုနှစ် (ဝါတွင်း) ၌ စာဝါဝိတ်ပြီ တစ်ဝါတွင်းလုံး ပြင်းပြင်းထန်ထန်တရားအားထုတ်မူတို့ကြောင့် သဒ္ဓါရဖြစ်ပျက်မူတရားကို တွေ့မြင်တော်မူသဖြင့် ဝိပဿနာတရား (၁၀) ပါးကိုလွန်မြောက်တော်မူ၍ ဥဒယဗ္ဗယဉာဏ်အရင့်စားသို့ရောက်တော်မူလေသည်။

သင်္ခါရတရားကိုတွေ့မြင်ရသည့်အချိန်ကစ၍ အပြင်းအထန်တရားအားထုတ်ရာ ခန္ဓာကိုယ်ပိန်ချုံး၍ အရိုးနှင့်အရေပင်ကျန်ရှိသော်လည်း လုံ့လကိုမလျှော့ဘဲ ဆက်လက်၍ အားထုတ်ရာ ဝိပဿနာဉာဏ်ထက်သန်လှသောကြောင့် လောခေတ်တစ်ရပ်လုံးသုဥ္ဉာန်ဆိတ်သုဉ်း၍ ဖြစ်ပျက်သမျှသာ တွေ့နေရသဖြင့် တစ်ခါတစ်ခါ လမ်းသွား၍ပင်မဖြစ်ဘဲ မနည်းသတိထား၍သွားတော်မူနေရပေသည်။

**▫ ပထမမဂ်နှင့်ဖိုလ်**

ညောင်လွန့်တောရဆရာတော်ကြီးသည် ရဟန်းတရားကို မနားမနေ အားထုတ်လာရာ အေဒီ ၁၉၂၀ပြည့်နှစ်၊ မေလ ၂၇ ရက် (၁၂၈၂ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်) ကြာသပတေးနေ့ နံနက် (၃) နာရီအချိန်တွင် ညောင်လွန့်တောရတိုက်ရှိ ဝတ်ရုံကျောင်းကြီးပေါ်အမြဲထိုင်သောကြိမ်ကုလားထိုင်ကြီးပေါ်၌ သင်္ခါရတရားတို့၏ ဆိတ်သုဉ်းရာသန္တိသုခနိဗ္ဗာနခေတ်ကို အာရုံပြုလျက် ပထမမဂ်နှင့်ဖိုလ်ကိုရတော်မူလေသည်။

**▫ ဒုတိယမဂ်နှင့်ဖိုလ်**

မနားမနေ ကြိုးစားအားထုတ်တော်မူပြန်ရာ ပထမမဂ်နှင့်ဖိုလ်ကိုရတော်မူပြီးနောက် ခုနှစ်ရက်မြောက်နေ့ အေဒီ ၁၉၂၀ပြည့်နှစ်၊ ဇွန်လ ၃ ရက် (၁၂၈၂ခု၊ နယုန်လဆုတ် ၃ ရက်၊ ကြာသပတေးနေ့ ညဥ့် (၁၀) နာရီ တုံးခေါက်ပြီး ဝတ်ရုံကျောင်းကြီးပေါ် စာချသောမြောက်ဘက်ခန်းထဲတွင် ညဥ့်(၁၁)နာရီ အချိန်ခန့်တွင် ဒုတိယမဂ်နှင့်ဖိုလ်ကိုရတော်မူသည်။

**▫ တတိယမဂ်နှင့်ဖိုလ်**

တစ်ဖန် အားထုတ်တော်မူပြန်ရာ အရှေ့ဘက် ကမ္မဋ္ဌာန်းချောင်၊ ယခု ရှပ်ပွားတော်ကြီး၏အရှေ့ဘက်ရုံပိုင်ကြီးဆောက်လုပ်လှူဒါန်းသော ဖန်ခါးပင်ကျောင်းပေါ်၌ ညဥ့် (၁၀) နာရီတွင် တုံးခေါက်ပြီးသည့်အချိန်မှစ၍ မထဘဲ အပြင်းအထန် အားထုတ်တော်မူရာ အေဒီ ၁၉၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက် (၁၂၈၂ ခုနှစ်၊ နယုန်လဆုတ် ၅ ရက်) စနေနေ့ နံနက်အရုဏ်တက်ခါနီးအချိန်တွင် တတိယမဂ်နှင့်ဖိုလ်ကိုရတော်မူလေသည်။

**▫ စတုတ္ထမဂ်နှင့်ဖိုလ်**

မနေမနားပင် အပြင်းအထန်

www.burmeseclassic.com

အားထုတ်တော်မူရာ အေဒီ ၁၉၂၀ပြည့်၊ ဇွန်လ ၇ ရက် (၁၂၈၂ ခုနှစ်၊ နယုန်လဆုတ် ၇ ရက်) တနင်္လာနေ့နံနက် (၃) နာရီ တုံးခေါက်၍ စေတီတော်မြတ်ကြီးအား မျက်နှာသစ်တော်ရေနှင့် မီးကို ဆက်ကပ်လှူဒါန်းပြီး ထိုစေတီတော်ကြီး၏အာရုံခံတန်ဆောင်း၌ မြောက်ဘက်သို့ လှည့်ထိုင်၍ တရားအားထုတ်တော်မူစဉ် နံနက် (၄) နာရီတွင် စတုတ္ထမဂ်နှင့် ဖိုလ်ကို မျက်မှောက်ပြုတော်မူ၍ ရဟန်းကိစ္စပြီးလေသည်။

ညောင်လွန့်ဆရာတော်ဘုရားကြီး၏မိန့်တော်မူချက်အရ မိုးနံကုန်းဆရာတော်ဘုရားကြီးသည် သက်တော်ရှည်ရုက္ခစိုးကြီးဖြစ်နေကြောင်း၊ အရိမေတ္တေယျဘုရားသခင်ပွင့်တော်မူသည်အထိ အသက်ရှည်မည်ဖြစ်ကြောင်း၊ လပြည့်လကွယ်၊ ဥပုသ်နေ့များတွင် ပဌာန်းရွတ်ဆိုသံများကြားရကြောင်း သိရှိရပါသည်။

**◻ သိမ်သမုတ်ပွဲ၌ ကျည်မထွက်၊ မီးမကူး ထူးဆန်းသောအဖြစ်အကြောင်း**

ညောင်လွန့်ဆရာတော်ဘုရားကြီးသည် တရားထူးရတော်မူပြီးနောက် ရဟန္တာဖြစ်သွားပြီဟူ၍ ကျော်စောနေသောကာလတွင် သိမ်သမုတ်ပွဲတစ်ခု၌ သေနတ်ပစ်ဖောက်ရာ ကျည်ဆန်မထွက် မီးမကူးဘဲနေကြောင်း ဖတ်ရှုရသည်မှာ အံ့သြကြည်ညိုဖွယ်ရာဖြစ်ပါသည်။

ညောင်လွန့်ဆရာတော်ကြီးအမှူးရှိသော ကံဆောင်သံဃာအပေါင်းတို့ အတူတကွထိုင်နေတော်မူကြလျက် သိမ်အောင်ကြွေးဘာစာအဆုံး၌ သိမ်ဒကာများက အဆိုပါ သမုတ်အပ်သော သိမ်မြတ်အနီးတွင် မိမိတို့၏မိတ်ဆွေကို သိမ်ပေါ်ကျော်၍ သေနတ်ကိုပစ်ဖောက်စေရာ ကျည်ဆန်မထွက်မီးမကူးဘဲနေလေသည်။

မျက်နှာဖြူအင်္ဂလိပ်အရာရှိသည် အဆိုပါ မီးမကူးသောကျည်ဆန်များကိုထုတ်၍ အခြားကျည်ဆန်များဖြင့်လဲလှယ် ပစ်ဖောက်ပြန်ရာ မီးမကူးဘဲနေပြန်၏။ အရာရှိသည် သိမ်ပေါ်ရှိ ညောင်လွန့်ဆရာတော်အပေါ်သို့ ကျော်၍မပစ်ဘဲ အခြားလွတ်သောသိမ်ပေါ်သို့ကျော်၍ ပစ်သောအခါ မီးမကူးသော ကျည်ဆန်များမီးကူးလေ၏။ မိမိသည် တစ်သက်နှင့်တစ်ကိုယ် ဤကဲ့သို့ထူးဆန်းအံ့သြဖွယ် ဘုန်းကြီးကို မတွေ့ဘူးကြောင်း၊ ယုံကြည်လေးစား၍ ကိုးကွယ်ဆည်းကပ်ထိုက်သောပုဂ္ဂိုလ်ထူးဖြစ်ကြောင်း အရာရှိက ချီးကျူးကာ အရှိအသေပြုလေသည်။

**◻ မိုးကြီးရွာသွန်းသဖြင့် မိုးကောင်းကိုယ်တော်ကြီးဟုချီးကျူးရခြင်း**

ရမည်းသင်းမြို့မှ အခွန်တော်ကြီးကြပ်ရသော အင်္ဂလိပ်အစိုးရအရာရှိသည် ညောင်လွန့်တောရနယ်မြေ အတွင်းမှာသာ အခွန်တော်ကောက်ယူ၍ အခြားပတ်ဝန်းကျင်အရပ်တို့မှ မိုးမရွာ၍ အလုပ်မလုပ်ကြရသဖြင့် အခွန်တော်မကောက်ယူရသောကြောင့် ညောင်လွန့်နယ်ဟာ တယ်ထူးခြားပါလား။ မိုးအလွန်ကောင်းလှသည်။ မိုးကောင်းမှာပေါ့၊ အကျင့်အလွန်ကောင်းသောညောင်လွန့်တောရဆရာတော်ကြီးရှိတာကိုး။ ဆရာတော်ကြီးကို မိုးကောင်းကိုယ်တော်ကြီးဟု ချီးကျူးထိုက်ပါပေသည်ဟု ပြောဆိုချီးကျူးကြလေသည်။

**◻ နေမိန္ဒရတောင်ပေါ်၌ တန်ခိုးကြီးသောနတ်များလာ၍ ဖူးမြော်လျှောက်ထားတရားနာကြခြင်း**

ညောင်လွန့်ဆရာတော်ကြီးသည် နေမိန္ဒရတောင်ပေါ်သို့ရောက်သောည့်အချိန်စောစော၌ပင် အဖူးအမြော်တရားနာလာကြသော ဒကာ၊ ဒကာမတို့ကိုပြန်လွှတ်လိုက်ပြီး တပည့်အလုပ်အကျွေးတို့ကိုလည်း ကိစ္စအမြန်ပြီးအောင် ပြုလုပ်စေပြီး တောင်ပေါ်၌ ကိုယ်တော်တစ်ပါးတည်း သီတင်းသုံးနေတော်မူ၍ ရှေးဦးစွာ မြတ်စွာဘုရားအား အာရုံပြု ရှိခိုးကန်တော့ပြီး ပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်၍ အပြီးတွင် တောင်ကိုစောင့်ရှောက်နေကြသောနတ်များ၊ အစောင့်များအား လောကီမေတ္တာ အပ္ပနာမေတ္တာတို့ကိုပွားများ၍ပို့တော်မူလေသည်။

ထိုအခါ အောက်ပါ ဖြစ်ရပ်ဆန်းကိုတွေ့ရပါသည်။ မေတ္တာများကိုအထူးပို့ပြီးနောက် တောင်တစ်ခုလုံး [illegible]ခြံ၍ ဆင်ခြင်သုံးသပ်ကြည့်တော်မူ[illegible] မိမိတောရကျောင်းမှ ကြည့်[illegible]ထက် ထင်လင်းစွာ တောင်ကိုစောင့်လျက်ရှိကြသောနတ်ကြီးများကို အခြံအရံများနှင့်တကွ မိမိ၏အနီး၌ပင် ဆည်းကပ်ခစားကြလျက်ရောက်နေကြသည်ကို တွေ့မြင်ရလေသည်။

ထိုအခါ ဆရာတော်ကြီးသည် အဆိုပါနတ်တို့အား ကရုဏာမေတ္တာ တရားကြီးစွာထားကာ တရားမမွှကို ဟောတော်မူလိုက်သောအခါ အကြီးအကဲနတ်မင်းက လက်အုပ်ရှိခိုးလျက် -

"အရှင်ဘုရားအား တပည့်တော်တို့ ကြည်ညိုလေးစားတာကြာပါပြီ။ ဤတောင်မှာ တပည့်တော်က အကြီးဆုံးပါပဲ။ တပည့်တော်တို့ပြီးလျှင် အားလုံးပြီးနိုင်ကြောင်းပါ။ ဤတောင်၌ အရှင်ဘုရားသဘောတော်ကျသလို သိမ်သမုတ်ခြင်း၊ ကမ္မဋ္ဌာန်းကျောင်းတည်ခြင်းကိုလုပ်နိုင်ကြောင်းပါ။ တပည့်တော်များ အမြဲစောင့်ရှောက်ကူညီနေပါမယ်ဘုရား"

ဆရာတော်သည် တရားထပ်မံဟောပြီး ပြန်ခွင့်ပြုလိုက်သောအခါတွင် အားလုံးပင် ရှေ့တော်မှဖယ်၍ အသီးသီး မိမိတို့နေရာသို့ ပြန်သွားကြလေသည်။ ထို့နောက် မကြာမီပင် အရုဏ်တက်၍ မိုးသောက်လင်းလေတော့သည်။

**◻ ငုတ်တုတ်ထိုင်ရင်း ပုတီးကိုကိုင်ကာ ခန္ဓာဝန်ချ**

ပျော်ဘွယ်မြို့ကျောင်းအမဖြစ်သော ဒေါ်စော ဆောက်လုပ် လှူဒါန်းသည့် ကျောင်းကြီးအောက်ထပ်၌လျောင်းတော်မူရာ ခုတင်တော်မှရွှေ့ပြောင်း၍ စာချတော်မူရာဖြစ်သော ကုလားထိုင်တော်၌ ထိုင်တော်မူလျက် တပည့်သံဃာတော် ပရိသတ်တို့အား တရားရေအေးအမြိုက်ဆေးတိုက်ကျွေးဟောပြောတော်မူပြီး ထိုခဏ၌ ကြွရောက်လာတော်မူသော မိမိထက် သိက္ခာတော်ကြီးတော်မူသည့် လယ်ဝေးမြို့ မြွေရှိုးကြီးကျောင်းဆရာတော်ဦးအာစရ ပထမကျော်တောရဆရာတော် ဦးဇောတိကတို့အား ရှိခိုးကန်တော့ပြီး၍ မကြာမီ အေဒီ ၁၉၃၃ခု၊ ဇွန်လ ၁၀ ရက် (၁၂၉၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်နေ့) စနေနေ့ ည (၁၁) နာရီတွင် ငုတ်တုတ်ထိုင်တော်မူရင်း ပုတီးကိုကိုင်ကာ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ချုပ်ငြိမ်း၍ နိဗ္ဗာန်ရွှေပြည်မြတ်သို့ဝင်စံတော်မူလေသည်။

**◻ ပရိနိဗ္ဗာန်မဝင်စံမီတစ်နှစ်လောက်ကစ၍ နတ်များပြာသာဒ်ကြီးဖြင့် ပူဇော်လျက်လိုက်ခြင်း**

ညောင်လွန့်တောရဆရာတော်ကြီးသည် ပရိနိဗ္ဗာန်မဝင်စံမီတစ်နှစ်လောက်ကပင် မကြာမကြာအမိန့်ရှိတော်မူသည်မှာ -

"ဘုန်းကြီးတို့ ဦးပဉ္စင်းတို့ - ငါတို့တော့ မချကြာကြာမနေရတော့ဘူး။ ငါတို့မှာ နောက်မှာထက်ကြပ်မကွာအမြဲသာလျှင် အလွန်တရာ အရောင်တောက်ပတင့်တယ်လှပကြီးကျယ်လှသောပြာသာဒ်ကြီးသည် လိုက်လျက်သာနေသည်ကို မြင်လျက်သာနေရသည်။ ဤသို့ပြာသာဒ်



www.burmeseclassic.com

www.burmeseclassic.com

ကြီးကို မြင်ရသည်မှာ မကြာလှသေး။ ယခုနှစ်မှသာမြင်လာရသည်။ထို့အတွက် ငါတို့တော့ မုချမနေရဘူး"

ဟူ၍ ပရိနိဗ္ဗာန်ဝင်စံမည့် အေဒီ ၁၉၃၃ (၁၂၉၅ ခုနှစ်) မဆန်းမီ အေဒီ ၁၉၃၂ (၁၂၉၄ ခုနှစ်) ဝါကျွတ်သော အချိန်အခါလောက်ကပင်စ၍ မကြာမကြာ အမိန့်ရှိတော်မူသဖြင့် ထိုစဉ်က တပည့်အားလုံးပင် ကြားသိကြရလေကုန်သည်။

**□ ထူးဆန်းသော အံ့ဩဖွယ်ရာ ပုဗ္ဗနိမိတ်များ ဖြစ်ပေါ်လာခြင်း**

ညောင်လွန့်တောရဆရာတော်ကြီး ပရိနိဗ္ဗာန်စံတော်မူခါနီး နာမကျန်းဖြစ်တော်မူသောအခါ ဆွမ်းစားကျောင်းအနီး စိုက်ထူထားသော ကာလသမ္မာ ခေါ်သော နေနာရီတိုက်ကြီးသည် လေမတိုက်၊ မိုးမရွာ၊ မည်သူမျှ မလှုပ်မကိုင်ဘဲ မြေသို့ အလိုအလျောက် ပြို၍ကျသွားလေသည်။

ကျောင်းတိုက်ကြီး၏အရှေ့မြောက်တနင်္ဂနွေထောင့်အရပ်မှ ကြက်ဖကြီးပမာဏရှိသောငှက်ကျားကြီးတစ်ကောင်သည် ကျောင်းထောင့်ပေါ်မှ ဝဲပျံကာ ကြောက်မက်ဖွယ်အသံကြီးကို အကြိမ်များစွာ အော်ဟစ်မြည်တမ်းလျက် ဖြတ်သန်းသွားလေသည်။

ကျောင်းတိုက်ကြီး၏ပတ်ဝန်းကျင်အရပ်လေးမျက်နှာတို့မှာ လူသူမရှိဘဲ အလိုအလျောက် အုတ်အုတ်ကျက်ကျက် စိုးရိမ်ပူဆွေးသံများ ဆူညံလျက် မြည်ဟည်းလာကြကုန်သည်။

**□ ထူးဆန်းသော တေဇောဓာတ်လောင်ကျွမ်းပုံ**

ညောင်လွန့်ဆရာတော်ဘုရားကြီး ပရိနိဗ္ဗာန်ပြုသောအခါ တေဇောဓာတ်လောင်ကျွမ်းပုံမှာလည်း ဆန်းကြယ်အံ့ဩကြည်ညိုဖွယ် ဖြစ်ပါသည်။

တေဇောဓာတ် တုဒဟနကိစ္စပြုသည့်နေရာမှာလည်း တိုင်လေးဖက်စိုက်ထူ၍ ရာဇမတ်ကာပြီးလျှင် အပေါ်မှ ငှက်ချေးခံပိတ်ဖြူခါသာမိုးကြက်ထားလျက် ပြုပြင်စီမံထားရာ တစ်စုံတစ်ယောက်သောသူမှ ထင်းတို့ကို မစုပုံစေဘဲ အလိုအလျောက်ပင် အလျား (၄) တောင်ခန့်၊ အနံ (၃) တောင်ခန့်သာသာ ကျယ်ပြန့်လျက် အမြင့်(၃)တောင် (လူကြီးတစ်ရပ်) ခန့်ပမာဏရှိသော အကျော်၊ စံပယ်၊ ကရမက်၊ နံ့သာဖြူ၊ နံ့သာနီ၊ သနပ်ခါး စသော အဖိုးတန်နံ့သာတုံးတို့ဖြင့်သာစုပုံကာ ညီညာစွာထားပြီးသားဖြစ်ပေါ်၍ လာလေသည်။

နံ့သာဆီ၊ ရေမွှေးနံ့သာပျောင်း စသည်တို့ဖြင့်လည်း ပတ်ဝန်းကျင်မှာ စုပုံလျက်ပူဇော်ကြလေကုန်သတည်း။ အဆိုပါ အလိုအလျောက်စုပုံကာ ပေါ်ပေါက်လာသော နံ့သာထင်းပုံကြီးပေါ်မှာပင် အလောင်းတော်ကို ခေါင်းပါတင်၍ အားလုံးသော လူရှင်ရဟန်းတို့သည် အတိုင်းမသိ နှမြောပူဆွေးစိုးရိမ်ငိုကြွေးကျလျက် နောက်ဆုံးပိတ် အရိုအသေ အလေးအမြတ် ပူဇော်ကန်တော့ခြင်းကို ပြုကုန်ကြစဉ်မှာပင် နေ့လယ် (၁၂) နာရီ၌ တေဇောဓာတ်တို့ အလိုအလျောက်လောင်ကျွမ်း၍လာလေတော့သတည်း။

**□ ဓာတ်တော်ဆေးမိုးကြီးသည်းထန်စွာရွာသွန်းခြင်း**

အလောင်းတော်ကို တေဇောဓာတ်လောင်၍ဆုံးခါနီး ညနေ (၄)နာရီ အချိန်တွင် ရှေးကာလက မိုးသားတက်၍ မိုးအုံ့ခြင်း၊ လေတိုက်ခြင်းစသည်တစ်စုံတစ်ရာမရှိဘဲ ရုတ်တရက် ဖြုန်းခနဲ မိုးတိမ်တက်ပြီး အရိုးဓာတ်တော်ဆေးမိုးကြီးသည် မကြုံဘူးအောင် သည်းထန်စွာရွာသွန်းချလေတော့သည်။

ယင်းသို့ အရိုးဓာတ်တော်ဆေးမိုးကြီးရွာသွန်းချသဖြင့် အရိုးဓာတ်တော်တို့ကို လွယ်ကူစွာ ကောက်ယူနိုင်ကြလေသည်။ အားလုံးသော လူ၊ ရှင်ရဟန်း ပရိတ်သတ်ကြီးသည် မိုးသည်းထန်စွာရွာသွန်းချသော်လည်း တေဇောဓာတ်လောင်ရာဌာနမခွာကြသေးဘဲ ပူဇော်ဖူးမြော်လျက်သာနေကြ၍ အရိုးဓာတ်တော်တို့ကို ဝိုင်း၍လုယူကြမည်ပြုရာ အစိုးရမင်းများနှင့် သံဃာတော်တို့က တားမြစ်ကြပ်မတ်၍ မည်သူမျှမကောက်ယူစေဘဲ တလုံးတစည်းတည်း သံဃာတော်များသာကောက်ယူကြရလေ၏။ ထိုသို့ သည်းထန်စွာရွာသွန်းချသော အရိုးဓာတ်တော်ဆေးမိုးကြီးကြောင့် တစ်တောလုံးနှင့် တောရကျောင်းတိုက်ကြီးမှာ သန့်ရှင်းစင်ကြယ်သွားလေတော့သည်။

နတ်များစောင့်မပေးခြင်းကြောင့် ညောင်လွန့်ဆရာတော်ဘုရား၏ ဂုဏ်သတင်းသည် အမြို့မြို့ အနယ်နယ်သို့ ပျံ့နှံ့ကျော်ကြားသွားပြီးလျှင် အနယ်နယ်အရပ်ရပ်မှ ဆန်အိတ်၊ ဆီပုံး၊ ငါးပိ၊ ငါးခြောက်၊ သကြား စသော ပစ္စည်းလေးပါးတို့သည် ညောင်လွန့်တောရသို့ မီးရထား၊ ကားတို့ဖြင့် အဆက်မပြတ်ရောက်လာကြကုန်၏ဟူ၍ အံ့ဩကြည်ညိုဖွယ်ရာသိရှိခဲ့ရပါသည်။

ညောင်လွန့်ဆရာတော်ဘုရားကြီး၏အဘွဲ့တော်မှာ ဦးမေဓာဝီ(ကြာသပတေးသား)ဆရာတော်ကြီး၏ဇာတိညောင်လွန့်အရပ်၌ မိုးကောင်းသဖြင့် မိုးကောင်းဆရာတော်ကြီးဟု ခေါ်ဝေါ်ကြခြင်း၊ ဆရာတော်ကြီး၏ဆရာတော်မှာ မိုးနံကုန်းဆရာတော်ကြီး၊ ခန္ဓာဝန်တေဇောဓာတ်လောင်ပြီး အရိုးဓာတ်တော်ဆေးမိုးကြီးရွာသွန်းခြင်း စသည်ဖြင့် ကြာသပတေးနံ'မိုး'များထပ်နေသည်ကို တွေ့ရှိရပါသည်။

**□ အရိုးဓာတ်တော်တို့ကို ကိုးကွယ်ထားကြခြင်း**

ဂုဏ်နေ့ဝက် ဆရာတော်ဘုရားကြီး၏တပည့်ဒါယကာ၊ ဒါယကာမတို့၏ ကောင်းမှုကြောင့် ရဟန္တာအရှင်မြတ်ကြီး၏ ဓာတ်တော်ကို ယနေ့တိုင် ကိုးကွယ်ထားလေသည်။

ပထမမိုးနံကုန်းဆရာတော်ကြီး၏ အရိုးအိုးစေတီတော်ကြီးမြောက်ဘက်အနီးတွင် ယှဉ်ကပ်လျက် ပလ္လင်နှင့် ရုပ်ပွားတော်ကြီးတည်ထား၍ အရိုးဓာတ်တော်များကို မြတ်စွာဘုရားဓာတ်တော်၊ ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်တို့နှင့်တကွ ကောင်းမွန်စွာ ဌာပနာပြီးလျှင် သစ်သားအာရုံခံတန်ဆောင်းတော်ကြီးဖြင့် ကိုးကွယ်တည်ထားရာ ညောင်လွန့်တောရအနီး၌ ယနေ့တိုင်အောင် အထင်အရှားရှိလေသတည်း။

(ဤဆောင်းပါးဖြင့် ညောင်လွန့်တောရဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်တို့အား ဦးခိုက်လျက်)

တင်အောင်(စက်မှုတက္ကသိုလ်)

**ကျမ်းကိုး**

၁။ ညောင်လွန့်တောရဆရာတော်ကြီး၏ထေရုပ္ပတ္တိ
(ပြုစုသူ အရှင်နာယက)
၂။ မြန်မာနိုင်ငံရဟန္တာနှင့်ရဟန်းထူးများပထမတွဲ
(မောင်ပန်းမွေး ပြုစုသည်)
၃။ သာသနာ့တန်ဆောင်ဆရာတော်ကြီးနှင့် အုံမခန်းဖြစ်ရပ်ဆန်းများ (တင်အောင်သွင်) တိုးတက်စာပေ၌ ရန်အောင်စာပေမှ ထုတ်ဝေသည်။



www.burmeseclassic.com

www.burmeseclassic.com

# တွန်းအားရှင်
# ခန္တီစေတီပုတီးစိပ်ခြင်းအစွမ်း
# ခုနစ်ဂဏာန်းဖြစ်ရပ်ဆန်း

စာရေးသူ တင်ပြမည့် ဤအဖြစ်အပျက်သည်ကား ၁၉၉၆ ခုနှစ်က ဖြစ်သည်။ ထိုအချိန်က စာရေးသူမှာ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ရန်ကုန်မြို့ ဗိုလ်တထောင်အမှတ် (၃) သစ်စက်တွင် တာဝန်ထမ်းဆောင်နေချိန်ဖြစ်သည်။ အလုပ်အားချိန်နှင့်အလုပ်နားရက်တွင် ဗိုလ်တထောင်ဘုရားကြီးနှင့် ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်ဘုရားသို့ သွားရောက်ကာ အလှူဒါနကောင်းမှုကုသိုလ်များကို အခါအားလျော်စွာ ပြုလုပ်လေ့ရှိပါသည်။

တစ်ခုသောနေ့ရက်၌ ရွှေဘုန်းပွင့်ဘုရားတွင် ဘုရားဖူးနေရင်း ဒုလ္လဘရဟန်းစတ်ချင်စိတ်များပေါ် လာခဲ့သည်။ ထို့ကြောင့် စာရေးသူ၏ (၄၇) နှစ်ပြည့် မွေးနေ့ကျရောက်သော ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ခန္တီစေတီပုတီးစိပ်နည်းဖြင့် ဒုလ္လဘရဟန်းအမြန်ဆုံးဝတ်ပါရစေဟု ဆုတောင်းပြီးအဓိဋ္ဌာန်ပြုခဲ့သည်။

ခန္တီစေတီပုတီးစိပ်နည်းတွင် -

သရဏဂုံ(၃)ပါး၊ ဂုဏ်တော်(၉)ပါး၊ လက္ခဏာရေး (၃) ပါးနှင့် ဘုရားရှင်၏ ဉာဏ်တော်စဉ် (၃) ပါးပါရှိသည်။ စေတီတစ်ဆူတွင် အဆင့် (၁၆) ဆင့်ရှိသည်။ တစ်ဆူလျှင် တစ်ရာ့ရှစ်လုံးရှိသောပုတီးဖြင့် ပုတီး (၁၀) ပတ်စီ စိပ်ရသည်။ စာရေးသူ တစ်နေ့လျှင် ပုတီး (၁၀) ပတ်စီမှန်မှန်စိပ်သည်။ (၁၆) ရက်ပြည့်သောအခါ စေတီတစ်ဆူပြည့်သည်။ ထိုသို့ဆက်တိုက်စိပ်ခဲ့ရာ (၃)လကျော်ခန့်တွင် စေတီ (၅) ဆူပြည့်လေသည်။

တစ်ခုသောနေ့တစ်နေ့တွင် မိမိနေထိုင်ရာ အမှတ်(၃)သစ်စက်ရှိ အရာရှိရိပ်သာဝင်းမှ ရွှေဘုန်းပွင့်ဘုရားသို့ ခန္တီစေတီ (၆) ဆူမြောက် ပုတီးစိပ်ရန်သွားစဉ် သစ်စက်အဝင်ဂိတ်နားတွင် တောင်ဥက္ကလာပမြို့နယ်၌နေထိုင်သူဦးစန်းမောင်ဆိုသော မိတ်ဆွေတစ်ဦးနှင့်တွေ့သည်။ ထိုသူက မိမိအား ဖောင်ကြီး ဝေဘူတောင်ရှိ မဟာမြိုင်ဘုန်းကြီးကျောင်းအတွက် အလှူခံသဖြင့် အလှူငွေ (၂၅) ကျပ် လှူလိုက်သည်။ ထို့နောက် စာရေးသူမှာ ရွှေဘုန်းပွင့်ဘုရားတွင် ခန္တီစေတီပုတီးစိပ်ပြီး ဒုလ္လဘရဟန်းအမြန်ဆုံးဝတ်ပါရစေဟု အဓိဋ္ဌာန်ပြုဆုတောင်းသည်။

တစ်ပတ်ခန့်အကြာ စာရေးသူနေထိုင်ရာ ဗိုလ်တထောင်အမှတ် (၃) သစ်စက်အရာရှိရိပ်သာဝင်းနေအိမ်သို့ အမည်မသိ တစ်ခါမှမမြင်ဘူးသောလူတစ်ဦးရောက်ရှိလာသည်။

"ဆရာဦးစံလင်းရှိပါလားခင်ဗျား။ ကျွန်တော် ရှပ်ရှင်က စိန်သန်းပါ"

ဟု သူ့ကိုယ်သူ မိတ်ဆက်လာသည်။

မိမိမှာမူ ရုပ်ရှင်လောကသားနှင့် တစ်စုံတစ်ရာကိစ္စရှိဖူးခြင်းမရှိ။ လူများမှားနေသလားဟုတောင် စိတ်ထဲက ထင်မှတ်နေမိသည်။ ထို့နောက် စာရေးသူက ဦးစိန်သန်းအား အိမ်ပေါ်သို့ ဖိတ်ခေါ်လိုက်သည်။ ထိုအခါ သူ့ထံမှ မမျှော်လင့်သောစကားတစ်ခွန်းကို အံ့ဩစွာကြားလိုက်ရသည်မှာ မယုံနိုင်စရာ။

"ဆရာဦးစံလင်း ဒုလ္လဘမဲပေါက်တယ်။ ကျွန်တော်လည်း ဒုလ္လဘမဲပေါက်တယ်။ ဟိုတစ်ပတ်ကျော်လောက်တုန်းက ကျွန်တော့်မိတ်ဆွေ ဦးစန်းမောင်ဆီမှာ ဖောင်ကြီး ဝေဘူတောင် မဟာမြိုင်ဘုန်းကြီးကျောင်းအတွက် ဆရာလှူလိုက်တဲ့ ငွေ (၂၅) ကျပ်က ဒုလ္လဘမဲပေါက်တာပါ။ ဦးစန်းမောင်က နယ်ကိုသစ်ဝယ်ဖို့အတွက် ခရီးထွက်သွားလို့ ဆရာ့ဆီလည်း ဖုန်းဆက်မရတာကြောင့် ကျွန်တော့်ကို ဆရာ့ဆီသွားပြောပြီး အကူအညီပေးဖို့ပြောထားလို့ လာခဲ့တာပါ။ ဆရာကျွန်တော်နဲ့အတူတူသွားမယ်ဆိုရင် ဧပြီလ ၁၅ ရက်နေ့ညနေပိုင်း ဖောင်ကြီးသွားဖို့ကျွန်တော်လာခေါ်ပါမယ်။ ဆရာအိမ်ကပဲစောင့်နေပါ"

ဟု ပြောသည်။

"ကျွန်တော်က ဒုလ္လဘမဲဖောက်မယ်ထင်လို့ လှူလိုက်တာမဟုတ်ပါဘူး ဦးစိန်သန်းရယ်။ ဘုန်းကြီးကျောင်းဘက်စုံအတွက်လှူလိုက်တာပါ။ အခုလို မမျှော်လင့်တဲ့စကားကို ကြားလိုက်ရတာ ဝမ်းသာမဆုံးပါဘူး။ ကျွန်တော်က ဒုလ္လဘဝတ်ချင်လွန်းလို့ ရွှေဘုန်းပွင့်ဘုရားမှာ ခန္တီစေတီပုတီးစိပ်ပြီးအဓိဋ္ဌာန်ဝင်နေတာပါ။ အခုတော့ ဆုတောင်းပြည့်သွားပါပြီ"


စာရေးသူက ဦးစိန်သန်းအား မိမိ၏ ရင်ထဲခံစားချက်ကို ဝမ်းသာအားရပြန်ပြောလိုက်သည်။ ထို့နောက် ဦးစိန်သန်းအား ရခိုင်မုန့်တီဖြင့် ဧည့်ခံလိုက်လေသည်။

ဧပြီလ ၁၅ ရက် ညနေပိုင်းတွင် ဦးစိန်သန်းမှာ ၎င်း၏ဇနီးနှင့်အတူ ကားလေးတစ်စီးဖြင့် စာရေးသူအား အိမ်မှာလာခေါ်ခဲ့သည်။ ထို့နောက် လှည်းကူးမြို့နယ် ဖောင်ကြီး ဝေဘူတောင် မဟာမြိုင်ကျောင်းသို့ ခရီးဆက်ခဲ့ကြသည်။ ဧပြီလ ၁၆ ရက်နေ့တွင် ဒုလ္လဘရဟန်းဝတ်ကြသည်။ ဒုလ္လဘရဟန်းအရေအတွက်မှာ (၁၆) ပါး ဖြစ်သည်။

ထိုစဉ် စာရေးသူ၏ခေါင်းထဲသို့ အသိတစ်ခု ရုတ်တရက် ထိုးဖောက်ဝင်ရောက်လာသည်။ ထိုအသိကိုသတိထားပြီး တွေးကြည့်လိုက်သောအခါ ဒုလ္လဘရဟန်းဝတ်ရသော (၇) ဂဏန်းဖြစ်ရပ်



www.burmeseclassic.com




ဆန်းများကို အောက်ပါအတိုင်း အံ့သြစဖွယ် တွေ့ရှိလိုက်လေသည်။

စာရေးသူအမည်စံလင်း၏
နံသင့်ဂဏန်း ၃ + ၄ = ၇
ဒုလ္လဘ၏နံသင့်ဂဏန်း
၇ + ၄ + ၅ = ၁၆ = (၁ + ၆) = ၇
ဒုလ္လဘဝတ်သည့်နှစ် ၁၉၉၆
၁ + ၉ + ၉ + ၆ = ၂၅ = (၂+၅) = ၇
အလှူထည့်ဝင်ငွေ = ၂၅ ကျပ်
၂ + ၅ = ၇
ဖောင်ကြီး ၅ + ၂ = ၇
ဝေဘူတောင်
၄ + ၅ + ၇ = ၁၆ = (၁ + ၆) = ၇
မဟာမြိုင် ၅ + ၆ + ၅ = ၁၆
(၁ + ၆) = ၇
ဒုလ္လဘဝတ်သည့်နေ့
ဧပြီ ၁၆ ရက် (၁ + ၆) = ၇
ဒုလ္လဘအရေအတွက် (၁၆) ပါး
၁ + ၆ = ၇
ဒုလ္လဘဝတ်သည့်ရက်ပေါင်း
(၇) ရက် = ၇

စာရေးသူ၏ဘဝတွင် မကြုံစဖူး လုပ်ယူဖန်တီး၍တောင် မလွယ်ကူနိုင်သော (၇) ဂဏန်းဖြစ်ရပ်ဆန်းသည်ကား အလွန်ပင် အံ့သြစရာကောင်းလှသည်။ ထိုသို့ ဒုလ္လဘဝတ်ဖြစ်ခြင်းမှာ ခန္တီစေတီပုတီးစိပ်ခြင်း၏ အကျိုးရလဒ်ပင် ဖြစ်သည်ကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ရခြင်းပင် ဖြစ်သည်။

ခန္တီစေတီပုတီစိပ်နည်းမှာ ဖော်ပြပါ စေတီပုံအတိုင်း ဖြစ်သည်။ စေတီတော်အဆင့် (၁၆) ဆင့်ရှိ၍ တစ်ဆင့်လျှင် ပုတီး (၁၀) ပတ်စီစိပ်ရသည်။ (၁၆) ဆင့်ပြည့်အောင် အပတ်ပေါင်း (၁၆၀) စိပ်ရသည်။ အပတ်ပေါင်း (၁၆၀) ပြည့်က စေတီတစ်ဆူတည်ပြီး ဖြစ်သည်။ ပလ္လင်တော်ခြေ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိမှစ၍ စိပ်ရသည်။ အကယ်၍ တစ်ဆင့်သော်လည်းကောင်း၊ နှစ်ဆင့်သော်လည်းကောင်း စိပ်ပြီး၍ မအားလျှင်ရပ်ထား၍ရသည်။ နောက်မှတစ်ဖန် ရောက်သောနေရာမှ စစိပ်ရသည်။ အလုပ်များသူများအတွက် အလွန်သင့်လျော်သော ပုတီးစိပ်နည်း ဖြစ်သည်။

ဤပုတီးစိပ်နည်းသည် -

သရဏဂုံသုံးပါး၊ ဂုဏ်တော်ကိုးပါး၊ လက္ခဏာရေးသုံးပါး (အနိစ္စ၊ ဒုက္ခ၊ အနတ္တ)၊ ဉာဏ်တော်စဉ်သုံးပါး ပု - ပုဗ္ဗေနိဝါသဉာဏ်၊ ဒိ - ဒိဗ္ဗစက္ခုဉာဏ်၊ အာ - အာသဝက္ခယဉာဏ် (ပု-ဒိ-အာ) စသော သမထ၊ ဝိပဿနာ နှစ်ဖြာတို့ကိုပေါင်း၍ ပွားများစိပ်ရခြင်း ဖြစ်သဖြင့် အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ သွေးသားစင်ကြယ်ခြင်း၊ စိတ်ထားဖြူစင်ခြင်း၊ စီးပွားဥစ္စာတိုးတက်ခြင်း၊ လိုအင်ဆန္ဒပြည့်ဝစေခြင်း စသည့်အကျိုးများကို ရရှိနိုင်ပါသည်။ မိမိလိုအပ်သော ကိစ္စတစ်ခုအတွက်အဓိဋ္ဌာန်ပြုဆုတောင်း၍ ပုတီးစိပ်ပါက အောင်မြင်ကြောင်း စာရေးသူ လက်တွေ့ ကြုံဖူးသည်ကို ဤဆောင်းပါးဖြင့် ရေးသား တင်ပြလိုက်ပါသည်။

(ပု-ဒိ-အာ၊ အာ-ဒိ-ပု ဟု အရှုလုံး ပဋိလုံတစ်ကြိမ်ရွတ်ဆိုပြီးမှ ပုတီးတစ်လုံးချရန် ဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

# အဏ္ဏဝါလှိုင်း

## ဒေးစွန့်ပါတောင်ခြေက ဓမ္မစေတီထီးတင်လှူပွဲသို့ အဘအောင်မင်းခေါင် ကြွရောက်ချီးမြှင့်ခြင်း



တစ်နေ့တစ်၌ ကျွန်ုပ်ထံသို့ မိတ်ဆွေတစ်ယောက်ရောက်လာသည်။ ဒေးစွန့်ပါတောင်ခြေရှိ ဓမ္မစေတီလေး ၁၈-၁-၂၀၁၅ ရက်နေ့တွင် ထီးတော်တင်မင်္ဂလာပြုလုပ်မည်ဖြစ်သည်။ တစ်ဆက်တည်း မင်းခေါင်ကျောင်းဆောင်အား ရေစက်ချမင်္ဂလာ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားခြင်းဖြစ်သည်။ ဖိတ်စာတွင် ဘုရားဒါယကာ၊ ဒါယိကာမများ၏ အမည်မပါရှိပါ။ ပဋ္ဌာန်းဆက်၊ သွေးဆက်၊ ပါရမီဆက်တို့မှ ဝိုင်းဝန်း၍ တည်ထားခဲ့ကြသဖြင့် အလှူရှင်၏အမည်မှာ (၇)ရက်သားသမီးများကောင်းမှုဟု ပါရှိလေသည်။

ကျွန်ုပ်သည် အဘအောင်မင်းခေါင်၏ သားသမီးဖြစ်၏။ အဘဦးစီး၍ ကုသိုလ်ကောင်းမှုပြုလုပ်သော ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းအမှုတို့တွင် အဘမှ ဦးစီး၍ ဘုရားတည်၏။ ကျောင်းဆောက်လေသည်။ အဘတည်သော ဘုရားထီးတင်ပွဲသို့ အဘ၏သားသမီးများ စုဝေးရောက်ရှိလာကြပြီး ထီးတင်ပွဲကို ဆင်နွှဲကြ၏။ စုပေါင်းအလှူအတွက် ရေစက်ချအမျှပေးကြလေ၏။ ထို့ကြောင့်လည်း ယခုဖိတ်စာလေးမှာ ထူးခြားနေခြင်း ဖြစ်ပါသည်။

ဖိတ်စာမှာ -

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ၊
ဇိန ရတနတ္တယံ အဟံဝန္ဒာမိ သိဟာသဿံ တောမိရေ

*ကြာပိမ့်သူမြတ်၊ မြမှတ်[illegible]လော့၊ ဘဒ္ဒကမ္ဘာပေါ် ဦးစွာက၊ ဇိန[illegible]ာသနေ ဗုဒ္ဓဟောတု ဘုရားငါးဆူပွင့်တော်မူရာ မဟာဒီပ၊ ကျွန်းမချက်ဌေ၊ လေးတွေသစ္စာ၊ သမ္မိဒါနှင့် ရောင်ဝါထွန်းပ ဇိန ဘုရား၊ ကကုသံ ကောဏဂုဏ် ကဿဖ ဂုဏ် အတုမရှိ ဂေါတမနှင့် နောင်ပွင့်မည့် ဘုရား အရိမေတ္တာယျမြတ်စွာ မိန့်မှာထားသည့် ပိုင်းခြားသာသနာတွင်း၌ သာလျှင် တေဇတန်ခိုး၊ မင်းခေါင်မင်းမျိုးဟု အင်းဝမျိုးဝင် မင်းသခင်တို့၊ ဝေနေယျအများ၊ ကိုးကွယ်ထားရာ စေတီဘုရားတည်ကာထားသည် အများပူဇော် ကုသိုလ်တော်ယူ တတ်ကြကုန်လိမ့်။*

*အမည်ဖော်ပြ ပဲခူးရိုးမသည်ကား တောင်မြောက်တည်ရှိ မိုးယွန်းကြီးနှင့် ဝမ်းဘဲအင်းတလီမည်ကာရှိသည်။ တစ်ဖန်တက်လှမ်းထူးဆန်းတင့်ဖွယ် တော့င်ကိုးသွယ်တို့ ဝန်းရံခ လျက်တည်ကာရှိသည်။*

*ထိုမှတဖန် ဂေါတမမြတ်စွာ ဘဂဝါသည် ဝါတော်ရှစ်သွယ်ရပြီးချိန်ဝယ် ရည်မှန်းကြွလာ၍နေရာသို့ စကားဝါတောင်ပေါ် ရပ်တော်မူ၍ ဗျာဒိတ်ပေးရာ ဒေးစွန့်ပါ ဟုခေါ်တွင်ခဲ့သည်။*

*ဒေးစွန့်ပါတောင်ခြေ ဘုမ္မိမြေဝယ် ဘူမိနက်သန် နေရာမှန်ပြီး ရွှာ[illegible] ကြီးကျောင်း ကိန်းအောင်းရှေ့ဆောင်*



www.burmeseclassic.com

www.burmeseclassic.com

ဘမင်းခေါင်က ဦးဆောင်ညွှန်ကြား မေတ္တာများဖြင့် -

၁။ ကောဇာသက္ကရာဇ် ၁၃၇၆-ခုနှစ်၊ ဝါဆိုလပြည့် (သောကြာနေ့) (၁၁-၇-၂၀၁၄) ရက်နေ့ မွန်းလွဲ (၁း၀၀) ချိန် ပန္နက်တင်မင်္ဂလာ။

၂။ ကောဇာသက္ကရာဇ် ၁၃၇၆-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁) ရက်နေ့ (၁၁-၈-၂၀၁၄) ရက် နံနက် (၁၁း၄၅) ချိန် အုတ်မြစ်ချမင်္ဂလာ၊ အောက်ဌာပနာသွင်းမင်္ဂလာတို့ ဆောင်ရွက်ခဲ့ပြီး။

၃။ ကောဇာသက္ကရာဇ် ၁၃၇၆-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၄) ရက်နေ့ (တနင်္ဂနွေနေ့) (၁၇-၁-၂၀၁၅) ရက် မွန်းလွဲ (၁း၀၀) နာရီတွင် ရွှေထီးတော်တင်လှူခြင်း ဗုဒ္ဓဘိသေကအနေကဇာတင်မင်္ဂလာဆောင်ရွက်ခြင်း။

၄။ မင်းခေါင်ကျောင်းဆောင် ပုဂ္ဂလိကဆောက်လုပ်လှူဒါန်း ရေစက်ချမင်္ဂလာတို့ကိုဆောင်ရွက်ခြင်း ပြုလုပ်မည်ဖြစ်ပါ၍ အစီအစဉ်အတိုင်း ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(အဘအောင်မင်းခေါင်နှင့် (၇) ရက်သားသမီးများ)

ကျွန်ုပ်တို့မိသားစုလည်း နေပြည်တော် ရောက်နေသည်။ နေပြည်တော်တွင် အလုပ်လုပ်နေသဖြင့် ပျဉ်းမနားမှ သူငယ်ချင်း ဇော်မင်းမှ ဖိတ်စာလေးလာပေးခြင်း ဖြစ်သည်။ ပျဉ်းမနားတွင် ကိုဇော်မင်း+မနီနီအောင်မိသားစု (ငြိမ်းသဇင်ပရိဘောဂမိသားစု) တို့ရှိပါသည်။ ၎င်းတို့နှင့်အတူ ပဲခူးတိုင်းဒေသကြီး ဒေးစွန်ပါထီးတင်ပွဲသို့ (၁) ရက်ကြိုတင်ထွက်လာခဲ့ပါသည်။

လမ်းတွင် ကားမောင်းရင်း ကျွန်ုပ်၏ အမျိုးသမီးကို ဒေးစွန်ပါဘုရား၏ ထူးခြားပုံကို ပြောပြနေမိ၏။

"မိန်းမရေ ဒီဘုရားက ထူးခြားတယ်ကွ"

"ဘယ်လိုထူးခြားတာလဲ"





www.burmeseclassic.com

www.burmeseclassic.com





"အခု ဒေးစွန်းပါက ရွာသာကြီး ကျောင်းတိုက်ဆိုတာ တစ်ခေါက်မှ မရောက်ဖူးဘူး"

"ဘုရားတည်တာကျောင်းဆောက် တာကိုကြားနေပေမယ့် အလုပ်ရှုပ်နေလို့ မရောက်တာသိသားဘဲ"

"ငါမရောက်ဖူးဘူးဆိုတာ မင်းသိ တာဘဲ။ ဒါပေမယ့် ငါဒီနေရာကို ခဏ ခဏရောက်ဖူးတယ်။ ငါအိပ်မက်မက် သလိုနဲ့ ခဏခဏရောက်ဖူးတယ်"

"ဟုတ်မှလည်းပြောပါ"

"ငါလည်း မင်းကိုသေချာအောင် မပြောတတ်ဘူး။ အခု ဘုရားတည်မယ့် နေရာကို ဘယ်သူ့မှမမေးဘဲ ငါရောက် အောင်မောင်းပေးမယ်"

"ရှင်ပြောတာတော်တော်ထူးနေ တာဘဲ"

"ငါပြန်မပြောတတ်ဘူးကွ။ ဒါပေ မယ့် ငါမျက်စေ့ထဲမှာ မြင်ယောင်နေ တယ်။ ဟုတ်မဟုတ်စမ်းကြည့်မယ်ကွာ"

ကျွန်ုပ်သည် ဒေးစွန်ပါကိုကွေ့ဝင် ပြီး ရထားလမ်းကိုကျော်လိုက်၏။ ကတ္တ ရာလမ်းအတိုင်း ဒေးစွန်းပါတောင်ခြေ သို့ မောင်းလာပါသည်။

"မိန်းမရေ၊ ဒီတောင်ခြေကနေ ညာဘက်ကို မောင်းရမှာကွ။ ညာဘက် ကိုကွေ့ပြီး တောင်ခြေဘက်ကို ဆင်းရ မှာ။ လမ်းဆုံလမ်းခွတစ်ခုတွေ့လိမ့်မယ်။ ညာဘက်လမ်းကိုမလိုက်ဘဲ ဘယ်ဘက် လမ်းအတိုင်း တောင်ခြေကိုဆင်းရမှာ။ ဝါးပင်တွေပေါက်တဲ့နေရာ၊ ညောင်ပင် ရှိတဲ့နေရာ လမ်းဘက်က ကျောင်းပဲ"

"ဟုတ်မှလည်းလုပ်ပါ။ ပါးစပ်က မေးရတာက အကြောင်းမဟုတ်ဘူး။ လမ်းလွဲနေရင် နောက်ကျပဲ့မယ်"

"စမ်းကြည့်တာပေါ့ကွာ"

ကျွန်ုပ်သည် အိပ်မက်ထဲတွင် ခဏခဏရောက်ဖူးသော ဘုန်းကြီး ကျောင်းကို အလွတ်ရနေလေ၏။ အပြင် တွင်လည်း အိပ်မက်ထဲကအတိုင်း အထင်သားတွေ့ရှိရလေသည်။ မိမိတွေ့ ရသော လမ်းကြောင်းအတိုင်း မောင်းနှင် လာရာ လမ်းအတော်ကျဉ်းနေရာသို့ ရောက်ပြီး မကြာမီ ဆိုင်းသံဗုံသံတွေ ကြားနေရ၏။ လမ်းအကွေ့ကို ကျော် လိုက်သောအခါ လမ်း၏ညာဘက်တွင် ထီးတင်မည့်ဘုရားအားလည်းကောင်း၊ ဘယ်ဘက်တွင် ရွှေဘဦးဆောင်သော ဆိုင်းအဖွဲ့အားလည်းကောင်း တွေ့လိုက် ရလေသည်။

"ရှင့်အိပ်မက်က မှန်သားပဲ ကွက်တိပဲ"

"ကိုရွှေဘ၊ နေကောင်းလား"

"စာရေးဆရာ အဏ္ဏဝါလှိုင်းလာ တယ်ဟေ့"

"နေကောင်းတယ် ဆရာ၊ ရှေ့ကို ဆက်မောင်း။ ကျောင်းဝိုင်းထဲမှာ ကား သွားထားလိုက် အဘစောင့်နေတယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ကျွန်ုပ်သည် ကားကိုဆက်မောင်း ပြီး ရှေ့ကျောင်းဝိုင်းထဲတွင် ကားများအစီ အရီရပ်ထားသည်ကို တွေ့လိုက်၏။ လွတ်သောတစ်နေရာရှာ၍ ကားရပ်ပြီး အဘကိုလှူရန် ဝတ္ထုပစ္စည်းများကိုယူပြီး ထီးတင်ပွဲကျင်းပရာသို့အရောက်သွား ကြလေသည်။ သစ်ပင်ရိပ်တွင်ပက်လက် ကုလားထိုင်ဖြင့် ထိုင်နေသောအဘကို တွေ့ရ၏။ လူတွေကလည်း အတော် များပါသည်။ အဘသားသမီးများအပြင် အဘအောင်မင်းခေါင်ကိုယ်တော်တိုင်ကြွ ရောက်ထီးတင်မည်ဟု ကြိုတင်သတင်းရ သောသူတို့ လာရောက်ဖူးမြော်ကြလေ ၏။ ကျွန်ုပ်တွေ့ရသောအဖွဲ့မှာ မင်းသိခ်၏တပည့်များဖြစ်သည်။ ဆရာမင်းသိခ် ဓာတ်ပုံကိုယူကြပြီး အဘကိုသိလိုသမျှ မေးမြန်းနေကြသည်။ ကျွန်ုပ်လည်း အခွင့်မသာသဖြင့် စောင့်နေရ၏။ ဘေး နားက ကိုသန်းထွန်းတို့လင်မယားကို တွေ့ရ၏။

"စာရေးဆရာ၊ နေကောင်း သလား"

"ဟုတ်ကဲ့ - ကောင်းပါတယ်"

"ကျွန်မအဖေက ဆရာ့ကို သိပ် ကျေးဇူးတင်နေတာ။ ဆရာရေးတဲ့ သူ့ အကြောင်းကို ခဏခဏဖတ်ပြီးသဘော ကျနေတာ။ သူ့မြေးတွေလည်း ဖတ်စေ တယ်"

"ဦးကျော်ဇောလား၊ ခုလိုပြော တာဝမ်းသာပါတယ်။ တချို့က သူတို့ အကြောင်းရေးတာမကြိုက်ကြဘူး"

"ကျွန်မလည်းမကြိုက်ဘူး"

"ဘာလို့လဲ"

"ဒီအကြောင်းအရာထဲမှာ ကျွန်မ အမည်ကို မှန်အောင်မရေးဘူး"

"ကိုသန်းထွန်းကတော့ မှတ်မိ တယ်။ မဇင်ဇင်စိုးဆိုတာက သိပ်မှတ် မိဘူး။ နားထဲမှာကြားတဲ့အတိုင်း မရင်စိုး

www.burmeseclassic.com

www.burmeseclassic.com





လို့ရေးလိုက်တာ"

ရေနံရှာဖွေရေးအရာရှိတစ်ဦးဖြစ်တဲ့ဦးကျော်ဇောအား အဘစောင့်ရှောက်ပုံခေါင်းစဉ်ဖြင့် သူရဇ္ဈမဂ္ဂဇင်းမှ ဖော်ပြခဲ့၏။ ဦးကျော်ဇောမှာ မဇင်ဇင်စိုး၏ဖခင်ဖြစ်ပါသည်။ ထိုအကြောင်းအရာထဲတွင် မဇင်ဇင်စိုးအစား မရင်စိုးဟုရေးသားထားခြင်းအပေါ် မကျေမနပ်ဖြစ်နေလေသည်။

မကြာမီ မင်းသိင်္ခ၏တပည့်များ အဘနှင့်စကားပြောပြီး ပြန်ထွက်သွားကြ၏။ ကျွန်ုပ်လည်း နေရာရပြီဖြစ်၍ အဘကို ရှိခိုးကန်တော့ပြီး ရောက်ရှိကြောင်း သတင်းစကားပါးလိုက်ရလေသည်။

"အဘ၊ သား ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြစ်မှားမိရင် ခွင့်လွှတ်ပါ အဘ"

"အေးအေးအေး- အဏ္ဏဝါရေနစ်လား"

"အဏ္ဏဝါလှိုင်းပါ အဘ"

"မင်း ငါ့အကြောင်းတွေရေးလို့ ငါ့ဆီကိုလာတဲ့လူတွေအတော်များတယ်။ မင်းသိပ်မဖွနဲ့"

"ဟုတ်ကဲ့ အဘ။ ခုလာတဲ့အဖွဲ့က ဆရာမင်းသိင်္ခတပည့်တွေလား"

"ဟုတ်တယ်၊ မင်းကောင်းမှုကြောင့် ငါ့ဆီရောက်လာတာပဲ"

"သားကတော့ ဟုတ်တာရေးရမှာပဲ"

"အေးအေး - ကျောင်းပေါ်မှာ ဦးပဉ္စင်းသံချောင်းရှိတယ်။သွားကန်တော့လိုက်ဦး"

"ဟုတ်ကဲ့ အဘ"

ကျွန်ုပ်သည် အဘအား ကန်တော့ပြီး မင်းကျောင်းသို့ထွက်ခွာလာခဲ့သည်။ လမ်းတွင် ဦးရွှေဘနှင့်တွေ့ပြီး ကျွန်ုပ်လက်ကိုဆွဲကာ ကျောင်းပေါ်သို့ခေါ်သွားလေသည်။ 'ဘုံမသိ ဘုံမသိ' ဦးရွှေဘခေါ်ရာသို့လိုက်သွားပြီး ဆရာတော်ဖတ်ပါးအား ဦးချပြီး မိတ်ဆက်ပေးပါသည်။

"အရှင်ဘုရား၊ ဒါ စာရေးဆရာ အဏ္ဏဝါလှိုင်းပါ။ ဆရာ ဒါ ဦးပဉ္စင်းသံချောင်းပဲ"

"အရှင်ဘုရားအား တပည့်တော် ကန်တော့ပါတယ်။ ကျန်းမာရေးကောင်းရဲ့လားဘုရား"

"အေး- ကောင်းပါတယ်ဒကာကြီး၊ ဒကာကြီးအကြောင်းကို ဦးပဉ္စင်းသိနေတာကြာပြီ။ အခုမှ လူမြင်ဖူးတော့တယ်"

"တပည့်တော်လည်း ဦးပဉ္စင်းသံချောင်းဆိုတာ ကြားဖူးတယ်။ အဘတို့နဲ့ ဆက်စပ်ပြီး စာထဲမှာထည့်ရေးတယ်။ ဒါပေမယ့် မဆုံစည်းဖူးဘူး"

"ဟုတ်တယ် ဒကာကြီး"

"တပည့်တော်စာထဲမှာ ဦးပဉ္စင်းသံချောင်းဆိုတာပါတယ်။ အဘရန်ကုန်ကြွလာပြီး ရွာသာကြီးကျောင်းကို ဆရာတော်ပင့်လာလို့သိရတယ်။ အရှင်ဘုရား အဘနဲ့တွေ့ပုံလေး အမိန့်ရှိပါဦးဘုရား"

"ဦးပဉ္စင်းက ရွာသာကြီးကျောင်းမှာ ခန်းနေနဲ့နေရတာ။ ဆွမ်းခံတော့ လေး ဒေါင့်ကန်ရွာဘက်တွေရောက်တယ်။ ဦးပဉ္စင်းကလည်း ဂမ္ဘီရဝါသနာပါတယ်။ လေးဒေါင့်ကန်မှာ အရှုံတွေကို ကုနေတဲ့ ရှမ်းဆရာကြီးဆို နာမည်ကြီးပဲ"

"ရှမ်းဆရာကြီးဆိုတာ ဘယ်သူလဲ"

"မလောနဲ့လေ လာမယ်။ ဇာတ်လမ်းကို အခုမှစတာ"

"တင်ပါ့ဘုရား"

"ဦးပဉ္စင်းနဲ့ ဒကာကြီးက ပဋ္ဌာန်းဆက်ရှိတယ်နဲ့တူတယ်။ ဦးပဉ္စင်း လေးဒေါင့်ကန်ရွာကိုသွားရင်း သိစ်ပင်အောက်မှာထိုင်နေတဲ့ ဒကာကြီးကိုတွေ့ တွေ့နေရ တယ်"

"အရှင်ဘုရားနဲ့ စကားပြောဖြစ်သလား"

"အာလာပသလ္လာပ ပဋိသန္ထာရစကားတော့ပြောဖြစ်တယ်။ ဒကာကြီးက ဘယ်မှာနေတာလဲ။ အခုဘယ်သွားမှာလဲ။ ဦးပဉ္စင်းက ရွာသာကြီးကျောင်းမှာနေတယ်။ ဘွဲ့အမည်က 'ဦးသာသန' လို့ခေါ်တယ်။ ဒီလောက်တော့ ပြောဖြစ်တယ်"

"အဘကဘာများပြန်ပြောသလဲဘုရား"

"အဘက ရှမ်းပြည်ကလာတယ်။ အခု အရှုံကုဖို့ပင့်လို့ လေးဒေါင့်ကန်ရောက်နေတာလို့ သိရတယ်။ ဆေးကုတဲ့ ဆေးဆရာကြီးလို့ ဦးပဉ္စင်းသိလိုက်တယ်"

"နောက်တော့ ဘာပြောဖြစ်သေးလဲ ဘုရား"

"နှစ်ခါ၊ သုံးခါလောက်တွေ့လို့



www.burmeseclassic.com

www.burmeseclassic.com

အတော်ရင်းနှီးတယ်။ ရွာသာကြီးက ဦးထွန်းရှိန်၊ ဒေါ်သောင်းရှင်ဆိုတာ ဦးပဥ္စင်းရဲ့ ဆွမ်းဒကာ၊ ဒကာမတွေပဲ။ ဒေါ်သောင်းရှင် ပြုစားခံရလို့ ဆရာပေါင်းစုံနေပြီ။ ငွေသာကုန်တယ်။ ရောဂါမသက်သာဘူး။ ဒါနဲ့အရှူကုတဲ့ရှမ်းဆရာကြီးကို ဦးပဥ္စင်းကသတိရတယ်။ ဆွမ်းဒါယကာ၊ ဒါယိကာမတို့ကို ပြောပြတော့ သူတို့ကလည်း ပင့်ပေးပါလို့လျှောက်တယ်"

"အရှင်ဘုရားက အဘကိုအဘအောင်မင်းခေါင်လို့မသိဘူးလား ဘုရား"

"ဒီတုန်းကတော့ ရှမ်းဆရာကြီးလို့ပဲသိတာ၊ အဘအောင်မင်းခေါင်လို့ဆိုပြီး မသိဘူး"

"အဘကို ဦးပဥ္စင်းက ပင့်လာတာပေါ့"

"အဘက ပင့်မယ်ဆိုတာ ကြိုသိနေတယ်ထင်တယ်။ ဆရာတော်ကြွရာလမ်းက အမြဲတွေ့နေကျ သစ်ပင်အောက်မှာ ထိုင်နေတာ။ ဦးပဥ္စင်းနဲ့ စကားပြောပြီး ဦးထွန်းရှိန်အမျိုးသမီး ပြုစားခံရလို့ဒကာကြီးကုပေးပါ၊ သတ္တဝါတွေကယ်တင်ပေးဦးလို့ ဦးပဥ္စင်းက မေတ္တာရပ် ခံတာ"

"အဘက ချက်ချင်း ကြွလာတာပေါ့"

"အိမ်ရှင်က ပင့်တာလားလို့မေးတယ်"

"လူနာရှင်ကိုယ်တိုင်ပင့်ခိုင်းတာပါလို့ပြောမှ အဘကကြွလာတာ။ နောက်တော့ ဦးထွန်းရှိန်မိသားစုက အဘကို ကြည်ညိုပြီး ဘယ်မှမသွားစေချင်ဘူး။ ရွာသာကြီးမှာပဲနေစေချင်တယ်။ ဦးပဥ္စင်းနဲ့တိုင်ပင်ပြီး ရွာသာကြီးကျောင်းမှာနေဖို့ အဘကိုပြောတာ"

"အဘက ရွာသာကြီးကျောင်းမှာ နေတာပေါ့"

"အဘက ရွာသာကြီးမှာနေတော့ ဦးပဥ္စင်းနဲ့နီးနီးကပ်ကပ်နေရတော့ ရင်းနှီးမှုပိုရလာတာ"

"ဒီရင်းနှီးမှုတွေကို၊ ဦးပဥ္စင်းနဲ့ ထိတွေ့မှုတွေကိုသိပါရစေ ဘုရား"

"ဦးပဥ္စင်းက ခန်းနေဆရာတော်ပါ။ ကျောင်းထိုင်ဆရာတော်ကြီးက ဦးပဥ္စင်း ဦးကေသရဖြစ်တယ်"

"လက်ရှိကျောင်းထိုင်ဆရာတော်လားဘုရား"

"မဟုတ်သေးဘူး။ လက်ရှိဆရာတော်က ကျည်စုရွာမှာ သီတင်းသုံးတယ်"

"တင်ပါ့ဘုရား"

"ဦးပဥ္စင်းက ခန်းနေနဲ့ဒကာကြီးကို ရင်းနှီးမှုပိုရသလိုဖြစ်ချင်တာကိုလည်း ဒကာကြီးက လမ်းညွှန်မှုပေးနိုင်တာပေါ့"

"တင်ပါ့ဘုရား။ လမ်းညွှန်မှုကိုလည်း သိပါရစေဘုရား"

"ဦးပဥ္စင်းက ဂမ္ဘီရဝါသနာပါတယ်။ ဦးပဥ္စင်းလည်း ဝိဇ္ဇာဘုန်းကြီးဖြစ်ချင်တာပေါ့။ ဒကာကြီးက ပထမမေတ္တာဘာဝနာကျင့်စဉ်ကိုခိုင်းတယ်"

"မေတ္တာဘာဝနာဆိုတာ ဘယ်လိုလဲ ဘုရား"

"လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတွေကို မေတ္တာပို့ရတာပေါ့။ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး ဦးဥတ္တမသာရလည်း မေတ္တာဘာဝနာအောင်တဲ့ ဆရာတော်ပေါ့ကွယ်"

"ပြီးတော့ အဓိဋ္ဌာန်ပါရမီဖြည့်ကျင့်ရတယ်။ ကိုယ်လုပ်နိုင်တဲ့ ပုတီးစိပ်နည်းကို အဓိဋ္ဌာန်မပျက်စိပ်ရတယ်"

"အဘက ဘာစိပ်ခိုင်းတာလဲ ဘုရား"

"ဘုရားဂုဏ်တော်ကိုပွားခိုင်းတာပါ"

"တင်ပါ့ဘုရား"

"ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တွေကို အဆင့်ဆင့်အဓိဋ္ဌာန် ပုတီးစိပ်ရတယ်"

"အခုလို ပုတီးစိပ်တော့ ဘာထူးခြားလဲဘုရား"

"ဦးပဥ္စင်းက အကြားဓာတ်တွေ၊ အမြင်ဓာတ်တွေရလာတယ်။ နတ်မြတ်နတ်ကောင်းတွေနဲ့ဆုံစည်းရတယ်။ အဓိဋ္ဌာန်အောင်တဲ့နေ့ဆိုရင် သူတို့လာပြီး သာဓုခေါ်တယ်"

"ဆက်ပြီး အမိန့်ရှိပါဦးဘုရား"

"အဘက ဒေးစွန်ပါကိုကြွခိုင်းတယ်။ ဒေးစွန်းပါတောင်မှာ တရားကျင့်ဖို့ပြောတယ်"

"အဘက ရှေ့အနာဂတ်ကို ကြိုသိတယ်နဲ့တူတယ်"

"ဦးပဥ္စင်းကလည်း သာမိစခန်းကျင့်ချင်တာနဲ့ အဘကပြောတာနဲ့ကိုက်နေတယ်။ ဦးပဥ္စင်း ဒေးစွန်းပါတောင်ကို ကြွပြီး တောင်ထိပ်မှာတရားကျင့်တယ်။ ဆွမ်းခံစားပြီး တောင်ထိပ်မှာတရားကျင့်တယ်။ ဆွမ်းခံစားပြီး တောင်ထိပ်မှာပဲ တရားကျင့်ရင်းအချိန်ကုန်တယ်။ နောက် ဒီကျောင်းမှာပဲနေရင်းတရားကျင့်တယ်"

"တင်ပါ့ဘုရား"

"တစ်ခါထလေ တရားထိုင်ရင်း ဆွမ်းခံချိန်ကျော်သွားလို့ ဆွမ်းမစားရတဲ့ ရက်နေ့ရှိတယ်"

"တင်ပါ့ဘုရား၊ ကြားမိပါတယ် ဘုရား"

"နောက်တော့ တောင်ပိုင်တွေ၊ တောင်စောင့်တွေ၊ နတ်ကောင်းနတ်မြတ်တွေနဲ့ရင်းနှီးလာတော့ နေရတာ အဆင်ပြေလာတယ်။ စိတ်ထဲမှာ လိုချင်တာ 'တ' လိုက်တာနဲ့ သူတို့ရအောင် ဖန်တီးပေးကြတယ်"

"တပည့်တော်တော့ အရှင်ဘုရားကို ကြည်ညိုလို့ကိုမဆုံးပါဘူးဘုရား"

"ဦးပဥ္စင်းကတော့ ဦးပဥ္စင်းအလုပ်ကို လုပ်တယ်၊ ဘယ်လောက်ခရီးပေါက်တယ်ဆိုတာပြောလို့မဖြစ်ဘူး။ ဒကာကြီးကလည်း စောင့်ရှောက်ပေးပါတယ်"

"အဘက ရွာသာကြီးမှာနေပြီး ဦးပဥ္စင်းက ဒေးစွန်ပါမှာ သီတင်းသုံးနေတာ ဘယ်လိုလုပ်စောင့်ရှောက်ဖြစ်တာလဲ ဘုရား"

"ဦးပဥ္စင်းက ဓာတ်လုံးထိုးတယ်။ ဓာတ်လုံးက မအောင်မြင်ဘူး။ အဘက ဘယ်လိုထိုးရမယ်၊ ဘာလိုနေတယ်ဆိုတာ လာလာပြောတယ်"

"ဩော် - ဆရာတော်နဲ့ အဘက လူချင်းသာဝေးနေတာ ဓာတ်ချင်းကနီးနေတာပေါ့ ဘုရား"

"ရုပ်ကိုမသုံး၊ နာမ်ကိုသုံးဆိုတာ ကြားဖူးတယ်မဟုတ်လား"

"တင်ပါ့ဘုရား။ လူလိုမြင်ရင်တော့ တစ်မျိုးပေါ့။ ပုဂ္ဂိုလ်လိုမြင်မှ အဘအောင်မင်းခေါင်ကို ပိုပိုကြည်ညိုမိပါတယ်"

"အခု ရွာသာကြီးကျောင်းနေရာ၊ ဘုရားတည်တာ၊ ကျောင်းဆောက်တာတွေ အဘကကိုယ်နဲ့မကွာစောင့်ရှောက်လို့ပေါ့ကွယ်"

"တင်ပါ့ဘုရား။ အရှင်ဘုရားပြောမှ အဘက ဘာလို့ ဒေးစွန်ပါမှာ ဘုရားတည်တယ်၊ ဘာလို့ကျောင်းဆောက်တယ်ဆိုတာ သိလိုက်ရတယ် ဘုရား။ မသိသေးတဲ့မြုပ်ကွက်တစ်ခုကို သိလိုက်ရတယ်။ ဒါနဲ့ အရှင်ဘုရားပြောတဲ့ထဲမှာ ဖိုထိုးတယ်၊ဓာတ်လုံးထိုးတယ်လို့ပါတယ်။ အခု အရှင်ဘုရားထိုးထားတဲ့ ဓာတ်လုံးလေးများရှိရင် တပည့်တော်ကို အဆောင်အနေနဲ့ တစ်လုံးချီးမြှင့်ပါဘုရား"

"ရှိတယ် ဒကာကြီး ခဏစောင့်ပါ"

"တင်ပါ့ဘုရား"

ကျွန်ုပ်သည် ဦးပဥ္စင်းသံချောင်းကို သိလိုသမျှမေးပြီး ဓာတ်လုံးလက်ဆောင်တောင်းနေမိသည်။ တစ်ဖက်ကလည်း ဆရာတော်၏ အစွမ်းအစ၊ ခရီးရောက်မှု ပေါက်နေသည်ကိုသိလိုသဖြင့် တောင်းခံ

www.burmeseclassic.com

ခြင်းဖြစ်သည်။ မကြာမီ သံဘူးလေး တစ်လုံးကိုယူလာပြီး အဖုံးကိုဖွင့်ပေးသည်။ သံဘူးထဲတွင် ခေါက်ဆုံးများ အပြည့်ရှိလေသည်။ အပေါ်ဆုံးမှ ရွှေရောင်ဝင်းနေသော ခေါက်ဆုံးတစ်လုံးကို ဆရာတော်မှ ချီးမြှင့်ပါသည်။ ကျွန်ုပ်လည်း အားရဝမ်းသာဖြင့် ပိုက်ဆံအိတ်ထဲသို့ထည့်ပြီး ကျေးဇူးတင်စကားပြောပါသည်။

ဦးပဉ္ဇင်းသံချောင်းနှင့် ကျွန်ုပ်တို့ စကားပြောနေပုံ၊ လှုပ်ရှားနေပုံကို အကဲခတ်နေသော အဘအောင်မင်းခေါင်၏ သားသမီးများက အလျှင်အမြန် သူ့ထက်ငါရောက်လာပြီး ခေါက်ဆုံးလက်ဆောင်တောင်းကြလေသည်။ ဆရာတော်လည်း အနှစ်နှစ်အလလကြီးစား၍ ထိုးလာပြီး စုဆောင်းထားသောခေါက်ဆုံးများကို နှမြောနေ၏။ တစ်ဖက်မှလည်း ကျွန်ုပ်ကိုပေးပြီး ကျန်သူများကို မပေးပါက မျက်နှာလိုက်ရာကျပြီး အကြည်ညိုပျက်မှာ စိုးရိမ်ရသည်။ အခုမှတော့ မထူးတော့ပါဘူးဆိုပြီး လာသမျှတောင်းသမျှလူတွေကို ခေါက်ဆုံးတစ်လုံးစီပေးလိုက်ရလေသည်။ ဘူးထဲတွင် မရှိတော့မှဘဲ အဆုံးသတ်သွားလေသည်။ လူကြားထဲ ကွမ်းအစ်ဖြေမိသော မိမိအမှားလား၊ စာရေးဆရာ အဏ္ဏဝါလှိုင်းကဖွတာလားဆိုတာဝေခွဲမရဖြစ်ပါတော့သည်။

ကျွန်ုပ်သည် ကိုရွှေဘကျောင်းပေါ်မှဆင်းလာပြီး ဘုရားပေါ်သို့တက်လာပါသည်။ ဘုရားပေါ်တွင် ဌာပနာသွင်းမည့်အဖွဲ့၊ ထီးတင်မည့်အဖွဲ့ တာဝန်ကိုယ်စီထမ်းဆောင်ရန်စောင့်နေကြသည်။ အဘသားသမီးများသည် အဘနှင့်အတူတကွ ဆောင်ရွက်နေကျဖြစ်သဖြင့် စိုးရိမ်စိတ်မရှိတော့ပါ။ အားလုံး အပေါ်ဖြူအောက်ဖြူဝတ်ဆင်ပြီး မင်္ဂလာအချိန်ကို စောင့်နေကြခြင်း ဖြစ်ပါသည်။

"စာရေးဆရာ ဒီကိုလာပါဦး"

ကိုကျော်ထိုက်နှင့် ဟိန္ဒူကုလားအဖွဲ့သည် ကျွန်ုပ်ကိုနှုတ်ဆက်နေကြသည်။ ကိုကျော်ထိုက်၊ ကိုလှဦးနှင့် ကုလား (၁၀) ယောက်လောက်ရှိသည်။ အားလုံး ဝတ်ဖြူစင်ကြယ် ဝတ်ထားကြလေသည်။

"အားလုံး နေကောင်းကြလား"

"ဟုတ်ကဲ့ - ကောင်းပါတယ်"

"အခုလို အဘရဲ့ထီးတင်ပွဲမှာ အဘသားသမီးတွေပြန်ဆုံရတာဝမ်းသာရတယ်"

"ဟုတ်တယ်၊ ကျွန်တော်တို့လည်း အဘထီးတင်ပွဲဆိုရင် မဖြစ်ဖြစ်အောင်လာတာပဲ။ ဒါမှ အပေါင်းအသင်းတွေနဲ့ ပြန်ဆုံရမှာ"

"ဒါနဲ့ ကိုကျော်ထိုက်ကိုမေးရဦးမယ်။ ဒီကျောင်းဆောက်တာ၊ ဘုရားတည်တာက ခင်ဗျားနဲ့ ကိုထွန်းလင်းတို့ အမှာခံဒကာတွေမဟုတ်လား။ ဖိတ်စာမှာ ခင်ဗျားတို့နာမည်မပါဘဲ အဘနာမည်တပ်ပြီး (၇) ရက် သားသမီးများလို့ပါတယ်"

"ကိုထွန်းလင်းကလည်း တစ်ယောက်တည်းလှူတာမဟုတ်ဘူး။ ကျွန်တော်ကလည်း တစ်ယောက်တည်းလှူတာမဟုတ်ဘူး။ နောက် ကျွန်တော်တို့ အမည်တပ်မည့်အစား အဘအမည်တပ်တာ ကောင်းတယ်။ အားလုံးစုပေါင်းပါဝင်တာမို့ (၇) ရက်သားသမီးလို့အမည်တပ်ရတာ။ စုပေါင်းခြင်း၊ ညီညွတ်ခြင်းလို့ သဘောပေါ့ဗျာ"

"ကောင်းပါပြီဗျာ၊ အဘသားသမီးတွေ အစဉ်အမြဲညီညွတ်ကြပါစေလို့ ဆုတောင်းပါတယ်"

"ကောင်းပါပြီဗျာ၊ ဒါနဲ့ အောက်သောင်ဘုရား၊ ရွှေလှေစုဘုရား ထီးတင်တာတွေကောစာရေးပြီးပြီလား"

"ဟုတ်ကဲ့ - ရေးပြီးပါပြီ"

"ဒါဆို ကိုလှဦးအကြောင်းရေးပါဦး"

"ကျွန်တော်မသိလို့ မေးပါဦးမယ်။ ကိုလှဦးက ဘုရားဒကာရုပ်မှမပေါက်တာ ဘယ်လိုလုပ်စာတစ်စောင်ပေတစ်ဖွဲ့ရေးလို့ရမှာလဲ"

"စာရေးဆရာ၊ ပေါက်ကရတွေ မပြောနဲ့နော်"

"စာရေးဆရာ ကိုလှဦးအကြောင်း မသိသေးဘူးနဲ့တူတယ်။ သိချင်ရင် အဘကိုမေးကြည့်ပါလား"

"ဟော့လူတွေ ဘာတွေ ပေါက်ကရ ပြောနေတာလဲ"

ဤသို့ဖြင့် အဘသားသမီးများ ရယ်စရာပြောကာ စကြ၊ ပြောင်ကြ၊ နောက်ကြနှင့် ရင်းနှီးမှု၊ ချစ်ခင်မှုကို ပြသနေကြလေသည်။ ကျွန်ုပ်၏ဇနီး မချောဒွေးလည်း ရုပ်ရှင်မင်းသမီးဖူးစုံနှင့် စကားပြောနေ၏။ ဖူးစုံမှာ အဘ၏သားသမီးဖြစ်သဖြင့် အဘထီးတင်သောနေရာသို့ရောက်ရှိလာခြင်း ဖြစ်ပါသည်။ နံနက်ပိုင်းတွင် ဘုရားဌာပနာသွင်း မင်္ဂလာကျင်းပကြ၏။ ထီးတော်ဘုံအဆင့်ဆင့်ကို ဘုရားလက်ယာရစ် (၃) ပတ်လှည့်ပြီး ဘုရားကိုပူဇော်ကြသည်။ ထို့သို့ ပူဇော်ရာတွင် မောင်းတီးပြီး ကြွေးကြော်ကြလေသည်။

"ယနေ့ကျင်းပသော မင်္ဂလာအခမ်းအနားသည် အဘအောင်မင်းရှင်နှင့် သားသမီးများက စုပေါင်း၍ ဓမ္မစေတီအား တည်ထား ကိုးကွယ်ကြပြီး ရွှေထီးတော်မင်္ဂလာကျင်းပကြမည်ဖြစ်ပါသည်။ ဝိဇ္ဇာရှစ်သောင်းဆရာပေါင်းတို့ အဘနှင့်အတူတကွ ထီးတော်တင်ရန် ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာရှိကြသော မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်အပေါင်း၊ သိုက်နန်းရှင်အပေါင်း၊ အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်းနတ်အပေါင်း၊ အမနုဿပေဒသရဲ၊ တစ္ဆေမြေဘုတ် ဘီလူးမှမကျန် တောပိုင်တောင်ပိုင် အပေါင်းတို့ အဘနှင့်အတူတကွ ထီးတော်တင်ရန် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်"

သာသနာ့အလံတွေကိုင်ဆောင်ပြီး သာသနာ့ကိစ္စများကို ဆောင်ရွက်နေကြသော အဘအောင်မင်းခေါင်နှင့် သားသမီးများကို သိကြားမင်းနှင့်နတ်ဒေဝါအပေါင်းတို့ ကောင်းချီးပေးကြလေသည်။ ချစ်ချစ်တောက်ပူနေသော နေမင်းကြီးမှာ မိုးရိပ်မိုးတိမ်များတက်လာပြီး အေးမြအောင်ကွက်၍တားဆီးပေးကြလေသည်။

အဘအောင်မင်းခေါင်နှင့် သားသမီးတစ်စုတို့သည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဒေးစွန်ပါတောင်ခြေရှိ ဓမ္မစေတီအား အသစ်တည်ထား ကိုးကွယ်ကြပြီး ရွှေထီးတော်ဘုံအဆင့်ဆင့်ကို စုပေါင်းတင်လှူကြပါသည်။ လူနတ်ဗြဟ္မာသတ္တဝါတွေဆည်းကပ်ကိုးကွယ်ကြရန်ရည်စူး၍တည်ထားကိုးကွယ်ကြခြင်း၊ စုပေါင်းရေစက်ချအမျှဝေခြင်းများ ပြုလုပ်ကြပါသည်။ သူတော်ကောင်းနှင့်ပေါင်းဖော်မိသဖြင့် သူတော်ကောင်းအလုပ်တွေလုပ်ကြရလေသည်။ လူသာခုခေါ်၊ နတ်သာခုခေါ် ဘဝင်သို့ကျော်နေလေပြီ။ မိမိလည်း အဘသားသမီးဖြစ်ရတာ လူဖြစ်ရကျိုးနပ်ပြီးဟု ဝမ်းသာပီတိဖြင့် ရေစက်သွန်းချအမျှပေးဝေလိုက်ပေသည်။

"အမျှ အမျှ အမျှယူတော်မူကြပါခင်ဗျာ"

"သာခု သာခု သာခု"

အဏ္ဏဝါလှိုင်း



www.burmeseclassic.com

www.burmeseclassic.com


သစ္စာဝါဒီ-ဦးမြင့်အောင်

[illegible]

# မဟိတာရုံဆရာတော်ဘုရားကြီး၏သက်တော်နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ထေရုပ္ပတ္တိအကျဉ်းနှင့်ဩဝါဒအမြုတေ

ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ထင်ရှားသောသံဃဂိုဏ်းကြီး (၉)ဂိုဏ်းရှိသည့်အနက် သာသနာ့တံတိုင်း မဟာဒွါရနိကာယဂိုဏ်းကြီး၏ ဓမ္မနုဓမ္မ မဟာဒွါရနိကာယတေရသမသာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဟင်္သာတမြို့ မဟိတာရုံကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဘဒ္ဒန္တကုမ္ဘိယာသဘဆရာတော်ဘုရားကြီး၏ သက်တော်နှစ် (၁၀၀)ပြည့် ဒီဃာယုကဝိဇ္ဇာတပူဇာမင်္ဂလာအခမ်းအနားကို ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ (၄-၁၂-၂၀၁၆) တနင်္ဂနွေနေ့ နံနက် (၈) နာရီအချိန်တွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ဆယ်ထပ်ကြီးဘုရားခန်းအတွင်းရှိ သာသနာ့ဗိမာန်တော်ကြီး၌ စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ဦးထိပ်ပန်ဆင်လျက် ဗုဒ္ဓဘာသာဝင်သူတော်စင်များ ကြည်ညို သဒ္ဓါပွားများနိုင်စေရန် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် လေးစားနာယူ လိုက်နာကျင့်သုံးဖွယ်ရာ ဩဝါဒအမြုတေတို့ကို ပူဇော်တင်ပြလိုပါသည်။




ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ တေရသမ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမ္ဘိယာသဘ သက်တော်နှစ်(၁၀၀)ပြည့်

## □ ဓမ္မာနုဓမ္မမဟာဒွါရနိကာယ တေရသမသာသနာပိုင် ဟင်္သာတမြို့ မဟိတာရုံ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း

မဟိတာရုံဆရာတော်လောင်းလျာကို ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ခြင်ဘို့ကျေးရွာအုပ်စု ကျောက်ရဲကျေးရွာ ခမည်းတော် ဦးကျော်ဖုံ မယ်တော် ဒေါ်နှင်းခက်တို့မှ မြန်မာနှစ် ၁၂၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ နံနက် (၉) နာရီအချိန်တွင် မီးရှူး သန့်စင်ဖွားမြင်တော်မူခဲ့ပါသည်။ မွေးချင်း ရှစ်ယောက်တို့တွင် ပဉ္စမမြောက်သားရတနာ ဖြစ်ပါသည်။

### ဆရာတော်ဘုရားကြီး၏ ဇာတာတော်




ဆရာတော်ဘုရားကြီး၏ ဇာတာတော် ဓနုလဂ်၊ ကုံစန်းရှိသော ဇာတာ

www.burmeseclassic.com

တော် ဖြစ်သည်။ ထို့ကြောင့် သက်တော် (၄၂) နှစ်မှစ၍ ကျောင်းသစ်ကန်သစ်ရရှိခြင်း၊ နာမည်ဂုဏ်သတင်းကျော်စောခြင်း၊ အကြီးအကဲဖြစ်ခြင်း၊ ကြည်ညိုလေးစားမှုခံရခြင်း အစရှိသော ကောင်းကျိုးများ ဖြစ်ပေါ်လာမည့်ဇာတာဖြစ်ကြောင်း ဝေဒပညာရှင်တို့ ဟောစာတမ်းအရ သိရပါ၏။ အထူးအားဖြင့် သက်တော် (၆၂)နှစ် နောက်ပိုင်း၌ ဆိုခဲ့သောကောင်းကျိုးများ ထင်ရှားပေါ်လွင်လာမည် ဖြစ်ကြောင်း ကြိုတင်ဟောကိန်းထုတ်ထားသည်။

ဇာတာတော်တေးထပ်
မဟာထေရ်မြတ်ကဝိဇာတာ၏စက်ပုံ

□ *လဂ်မနေ့ ကုမ်စန်းလှံ့သည် ဂုဏ်လွှမ်းခြုံကျော်ကြား။*
*နတ်ရဝိ တူရာသီမှာ သူသာကြည်မြခညွှတ်တွား။*
*ပြိဿာ၌ ခြသေ့်မှီသည် ရှင်မွေ့ပြီတရား။*
*ပြိုင်လာလျှင် ဘေးရန်ရှားအောင်ပ ရဝိနားဗုဒ္ဓေ။*
*ဂုရုကြိုဟ်မိဿဖြစ်သမို့ ကျောင်းကန်သစ်ရမည့်အခြေ။*
*ပူးမင်းလှ ကန်မှာနေပြီ မှန်မသွေဓိမှူး။*
*ကရကဋ် တည်စနေ လာဘ်ကမိုးရွာ။*
*ဟိုင်းရာဟု မကာရေမှာ ပညာတွေမောက်ဦးလိမ့်လေး။*
*တိုင်းသာစု ခေါ်သံတွေမှာ ကမ္ဘာ မြေဖောရှာဦးလိမ့်လေး*

□ ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော်အလောင်းလျာသည် ၁၂၉၁ ခုနှစ်၊ တန်ခူးလပြည့်နေ့၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ဟင်္သာတမြို့နယ် ခြင်ဘို့အုပ်စု ကျောက်ရဲကျောင်း ဘဒ္ဒန္တသုန္ဒရဆရာတော်ဘုရားကြီး ဥပဇ္ဈာယ်ပြု၍ သက်တော်(၁၃)နှစ်အရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ ဘွဲ့အမည်ကို အစိုးရမည့် စိုးမိုးအုပ်ချုပ်ရမည့်သဘော အဓိပ္ပာယ်ကိုဆောင်၍ ရှင်ဣန္ဒိယဟု ဥပဇ္ဈာယ်ဆရာတော်ကြီးကပေးခဲ့သည်။

ဆရာတော်အလောင်းလျာသည် ၁၂၉၈ ခုနှစ်၊ နယုန်လဆန်း ၉ ရက်နေ့ နံနက် (၈) နာရီအချိန်တွင် ဟင်္သာတမြို့ ဘုရားကြီးကျောင်းတိုက် အဂ္ဂမဟာ အဘိဓဇ မဟာရဋ္ဌဂုရု ပဌမမဟာဒွါရနိကာယသာသနာပိုင် ဘဒ္ဒန္တစာရိန္ဒာသဘ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုတော်မူ၍ ဘုရားကြီးကျောင်းတိုက် အရုဏဝတီ ခဏ္ဍသိမ်တော်၌ ခမည်းတော်ဖြစ်သူ ဦးကျော်ဇံနှင့် မယ်တော် ဒေါ်နှင်းခက်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူတော်မူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ရှိတော်မူခဲ့ပါသည်။

□ စာပေပရိယတ်သင်ကြားတော်မူခြင်း

ဆရာတော်အလောင်းလျာသည် ဟင်္သာတမြို့နယ် ခြင်ဘို့အုပ်စု ကျောက်ရဲကျောင်းဆရာတော်ဘဒ္ဒန္တသုန္ဒရထံတော်တွင် လောကီ၊ လောကုတ္တရာ အခြေခံကျမ်းဂန်စာပေများကို (၁၆) နှစ်အရွယ်အထိ သင်ယူခဲ့ပါသည်။ ၁၂၉၄ ခုနှစ်မှစ၍ ဟင်္သာတမြို့ ဘုရားကြီးကျောင်းတိုက် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တစာရိန္ဒာသဘ သာသနာပိုင်ဆရာတော်ဘုရားကြီးနှင့် ဘုရားကြီးကျောင်းတိုက် တိုက်အုပ်ဆရာတော်ဘဒ္ဒန္တနေမိန္ဒရ စာချဘုန်းတော်ကြီး ဘဒ္ဒန္တမဟ္မောဝါဒ၊ နောင်တော်စာချဘုန်းတော်ကြီး ဘဒ္ဒန္တဇနိန္ဒဆရာတော်များထံတွင် အစိုးရပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများကို အောင်မြင်တော်မူသည်အထိ လည်းကောင်း၊ ညောင်တုန်းမြို့ သုံးထပ်ကျောင်း၊ ဒေါ်အုန်းဘောကျောင်းတိုက် ဘဒ္ဒန္တသူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတအဘိဓဇမဟာရဋ္ဌဂုရု) မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဘဒ္ဒန္တကုဏ္ဍလ၊ မန္တလေးမြို့ ဒ[illegible]ကာရာမ ဘုရားကြီးကျောင်းတိုက် [illegible]ဒ္ဒန္တနာရဒါဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) အစရှိသော ဆရာတော်ကြီးများထံတော်တွင် လည်းကောင်း ပိဋကတ်ကျမ်းစာအဖြာဖြာတို့ကို သင်ယူပြီး ၁၃၁၁ ခုနှစ်တွင် ဟင်္သာတမြို့ ဘုရားကြီးကျောင်းတိုက်၏ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ဘုရားကြီး၏ထံတော်ရင်း၌ပင် ကျမ်းရင်းသုံးကျမ်းနှင့်တကွ ဂုဏ်ထူးခြောက်ကျမ်းပါ အောင်မြင်တော်မူသဖြင့် (သာသနဓဇ သီရိပဝရဓမ္မာစရိယ) ဘွဲ့ကို ရရှိတော်မူသည်အထိ ပညာသင်ကြားဆည်းပူးတော်မူခဲ့ပါသည်။

□ စာသင်သားဘဝ စာသင်နေထိုင်စားသောက်မှုပုံရိပ်

ဟင်္သာတမြို့ ဘုရားကြီးကျောင်းတိုက်တွင် သောတုဇနစာသင်သားဘဝ စာကြိုးစားခဲ့ရပုံကို ဆရာတော်ဘုရားကြီးက ဤသို့မိန့်ဆိုတော်မူခဲ့သည်။

"တို့စာကျက်တယ်။ စာကျက်တော့ စာလုံးကိုမမြင်ရတော့မှ စာအုပ်ကိုချလိုက်တာ။ စာအုပ်ကိုချပြီးတော့ အဲဒီစာအုပ်ပေါ်မှာ ရေလဲသင်းပိုင်ကို ဖြန့်ခင်းထားလိုက်တယ်။ အဲဒါအိပ်ရာပဲ။ ညမှောင်ရင် မီးတိုင်မထွန်းရဘူး။ မီးတိုင်ထွန်းတာတွေ့ရင် ဆရာတော်ကြီးက သံဃိကကျောင်းတွေမှိုင်းစွဲဆိုပြီး မီးတိုင်မထွန်းဖို့ တားမြစ်ဆုံးမတယ်။ စာလုံးမမြင်ရတဲ့ ညအချိန်ရောက်တော့ စာပြန်ကြရတယ်။ကိုယ်နေတဲ့ကျောင်းမှာ ကိုယ့်ဘာသာကိုယ်စာပြန်ကြတာ ဘယ်သူကမှ စောင့်ပေးနေရတာမဟုတ်ဘူး။ (ထိုစဉ်အချိန်က လျှပ်စစ်မီးမရှိ) ညဘက်စာပြန်သံမကြားရင် ဘယ်ကျောင်းကတော့ အသညသတ်ဘုံကျနေတာပဲပြောတယ်"

ဟူ၍ မိန့်ကြားသဖြင့် ဆရာတော်ကြီးများ စာပေပညာမိမိကိုယ်တိုင်သိလိုတတ်လိုစိတ်ဖြင့် ပရိယတ်အားထုတ်ကြိုးစားပုံကို သိနိုင်ပါသည်။

(အသညသတ်ဘုံ ဆိုသည်မှာ နာမ်တရားမရှိ ရုပ်တရားသက်သက်ရှိသောဘုံ ဖြစ်သည်။ လှုပ်ရှားမှုမရှိ၊ ငုပ်တုတ်သေသွားလျှင် ငုတ်တုတ်အတိုင်း၊ တုံးလုံးသေသွားလျှင် တုံးလုံးစာတိုင်း သက်တမ်းပြည့်သည်အထိ နေသွားကြသော ဗြဟ္မာသတ္တဝါများ၏နေရာဖြစ်သဖြင့် တိတ်ဆိတ်နေသည်ဟုပြောခြင်းဖြစ်သည်။)

စာဝါတက်သောအခါတွင်လည်း ပုံမှန်သင်ကြားပို့ချပေးသော စာဝါများကိုသာတက်ကြသည်မဟုတ်။ ကိုယ်တက်လိုသောစာဝါများကို စာချဘုန်းကြီးများထံသွားရောက်ပြီး ဘယ်စာဝါတက်လိုပါသည် ပို့ချပေးပါဟု လျှောက်ထားသည်။ စာဝါတက်ကြသည်။ စာဝါတက်ကြပုံမှာလည်း သဒ္ဓါတရားအပြည့်အဝဖြစ်သည်။

ကျောင်းတိုက်အတွင်း နေထိုင်သည်မှာလည်း စည်းကမ်းသေဝပ်စွာနေထိုင်ကြသည်။ ဆရာတော်ကြီး၏ အဃယ်တိုက်ကြီးမှာ သီတင်းသုံးတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com

ကုဋီသို့သွားချင်လျှင် ဆရာတော်ကြီးဘယ်မှာရှိနေလဲ။ ဒါကိုအရင်ကြည့်ရသည်။ ဖြတ်သွားတာ ဆရာတော်ကြီးမြင်လျှင် 'ဟိုမောင်ပဉ္စင်း တယ်ခြေရှုပ်နေပါလား။ ဖနောင့်နဲ့လှမ်းပေါက်လိုက်ရဲ့'ဟု ကြိမ်းတော်မူမည်ကို လေးစားကြောက်ရွံ့ကြ၏။ ဟိုကျောင်းသွားလိုက်၊ ဒီကျောင်းသွားလိုက်မလုပ်ရဲကြပေ။

ဆွမ်းစားမှုနှင့်ပတ်သက်၍လည်း ဆရာများနည်းတူရှောင့်ရဲတော်မူသည်။

"တို့ဘုရားကြီးတိုက်မှာ သုံးပန်လှထမင်းနဲ့ ကြက်မောက်ရွက်ပြုတ်၊ ငါးပိရည်ကလော်အဖျော် အဲဒါနဲ့စားကြရတာ။ အခုသံဃာတွေ အလွန်ချမ်းသာပါတယ်။ သုံးပန်လှထမင်းဆိုတာ တူးမနပ်ဗျက်ပြ၊ ဆွမ်းစားကျောင်းအနားရောက်သွားရင်အလိုလိုဝသွားတယ်။ တူးစော်က အဲဒီကတည်းကနံတာ။ လူငယ်ဆိုတော့ စားကြတာပဲ။ လည်ချောင်းတစ်ဖက်ရောက်သွားရင်ပြီးတာပဲ"

ဟု မိန့်တော်မူသည်။

ဆရာများနည်းတူဟု ဆိုရာတွင် ဘုရားကြီးကျောင်းတိုက်ဆရာတော်ကြီးသည် တူးစော်နံနေသော ဆွမ်းစားကျောင်းမှဆွမ်းကိုဘုဉ်းပေးသည်။ ဘယ်သောအခါမှတူးစော်နံသည်ဟုမပြော။

"တူးစော်အလွန်နံနေရင် ဘေးကရေနဲ့ ဆွမ်းကိုဆေးစားတယ်။ တစ်ခါက ဆရာတော်ကြီးထံ ဒကာတစ်ယောက်ဆွမ်းလာပို့တယ်။ တိုက်အုပ်ဆရာတော်ကို ဆွမ်းလာစားရန် ဆရာတော်ကြီးကခေါ်တော့ တိုက်အုပ်ဆရာတော်ဆွမ်းသာစားတယ်။ ဟင်းတစ်ခုကပေါ့နေတယ်ထင်တယ်။ တိုက်အုပ်ဆရာတော်ကဆားနည်းနည်းတောင်းတယ်။တောင်းတဲ့အချိန်မှာ ဆရာတော်ကြီးက မျက်လုံးလှန်ကြည့်တယ်။ ဘာမှမပြောဘူး။ ဆားယူလာတဲ့ကျောင်းသားအနားရောက်တော့ ဆရာတော်ကြီးက လက်ဝါးဖြန့်တော့ ဆရာတော်ကြီး လက်ထဲပဲထည့်လိုက်ရတယ်။ ဆရာတော်ကြီးက အဲဒီဆားကို ထွေးခံထဲထည့်လိုက်တယ်။ နှုတ်က ဘာမှမပြောပေမယ့် ဒကာ၊ ဒကာမလှူတာကို ပေါ့သလေး၊ ငန်သလေးလုပ်မနေနဲ့လို့ ပြောတာပဲ"

ဟု မိမိဆရာသမား၏ အစားအသောက်၌ရှောင့်ရဲပုံကိုလည်း ချီးမွမ်းတော်မူလေ့ရှိသည်။

အဝတ်သင်္ကန်းနှင့် ပတ်သက်၍လည်း-

"တစ်နှစ်မှတစ်ထည်ရတာ။ စုံမရဘူး။ သင်းပိုင်ဖြစ်ဖြစ်၊ ဧကသီဖြစ်ဖြစ် တစ်ထည်ပဲရတယ်။ အဲဒီအချိန်တုန်းက ပေါ်ပလင်သင်္ကန်းတစ်စုံမှလေးကျပ်ငွေပေးရတာ။ အဲဒါနဲ့ပဲ မျှတအောင်ဝတ်ကြရတာ။ သင်္ကန်းဆိုတာ ရှိသေရတယ်။ တန်းပေါ်တင်ရင် ဒီနေ့ ဒီနေရာမှာတင်ရင် နောက်နေ့ နေရာလေးလွှဲတင်ရတယ်။ ခေါက်ရိုးကျိုးပြီးမြဲမှာစိုးလို့"

ဟု ဆုံးမတော်မူသည်။

ဆရာသမားတို့ပြောဆိုဆုံးမသည်ကိုလည်းနာလွယ်သော သောဝစဿတာဂုဏ်နှင့်ပြည့်စုံတော်မူသည်။

ပြည့်စုံပုံမှာ -

"တစ်နေ့ စာကျက်ပြီး မမှောင့်တမှောင့်အချိန် စာအုပ်ကိုချပြီး လမ်းလျှောက်ဦးမယ်ဆိုပြီး တာကြီးဘက်အပေါက်ကထွက်ပြီး ငါးမျက်နှာဘုရားဘက်အပေါက်ကပြန်လာတယ်။ ဒါကိုနောင်တော်တုန်းကြီးဘဒ္ဒန္တဇနိန္ဒ(ဒေါင့်ကြီးဘုန်းကြီး)ကကြည့်နေတယ်။ ကျောင်းထဲလည်းဝင်လာရော လက်ညှိုးထိုးပြီး မင်းတော်တော်ခြေရှည်တယ်လို့ပြောဆိုဆုံးမတယ်။ အဲဒီအချိန်ကတည်းကစပြီး ဘယ်တော့မှ အပြင်မထွက်တော့ဘူး။ တစ်ခါ ညနေဘက် ရေချိုးနေရာ ဆရာတော်ကြီးနဲ့တွေ့တော့ ဆရာတော်ကြီးက ရေဆိုတာ မနက်ဘက်ချိုးရတာလို့ ဆုံးမတော်မူပါတယ်"

ဆုံးမတော်မူသည်ကို ယနေ့တိုင် လိုက်နာတော်မူသည်။

စာချဘုန်းကြီးဘဝ ဆရာသမား၏ အရိပ်အောက်တွင် နေထိုင်သောအခါတွင်လည်း ဆရာသမားများ၏ယုံကြည်မှုကိုရသည်။ ဆရာတော်ကြီးခရီးသွားလျှင် သေတ္တာလေးတစ်လုံးကို သိမ်းခိုင်းသည်။ ဘာမှန်းတော့မသိ၊ ခုတင်အောက်သို့ထိုးထားလိုက်သည်။ နောက်သိတော့ ကျောက်တော်ကြီးဘုရားတွင်တပ်ဆင်ပူဇော်သောသ[illegible]ကျစ်တော်စသည်များဖြစ်နေသည်။ [illegible]ပစ္စည်းများကား စိန်များစီခြယ်ထ[illegible]သဖြင့် တန်ဖိုးကြီးသောပစ္စည်းများ ဖြစ်သည်။ ထိုပစ္စည်းများ အပ်နှံသည်ကိုကြည့်၍ ဆရာသမားများ၏ တပည့်တစ်ယောက်အပေါ် ပစ္စုပ္ပန်ယုံကြည်မှုသည် အနာဂတ်အတွက်ပါပါဝင်ပြီးဖြစ်သည်။ ထို့ကြောင့် ဆရာသမား၏ ယုံကြည်မှုသည်လည်း အရေးကြီးပေသည်။

မဟိတာရုံဆရာတော်ဘုရားကြီးသည် မိမိ၏ ဥပဇ္ဈာယ်ဆရာတော်ကြီးအပေါ်တွင် ရှိသေလေးစားကြည်ညိုမှုများသည်။ မိမိဆရာတော်သည် ဗိုဟရုပ်ရှိကြောင်း၊ မန္တလေးသွားစာသင်ရာတွင် တိုက်အုပ်ဆရာတော်လိုက်နေရကြောင်း၊ ကျောင်းမှာဆိုလျှင် မာတုဂါမများလာလျှင် မပြန်မချင်း တိုက်အုပ်ဆရာတော်က ဖိနပ်ချွတ်မှာသွားထိုင်နေရကြောင်း၊ စာချပေးပုံများကောင်းကြောင်းများကို မကြာမကြာဂုဏ်တင်၍ပြောလေ့ရှိသည်။ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ၍ ပူဇော်ပွဲပြုလုပ်ဩဝါဒပေးရာတွင် -

"အခုပူဇော်နေတာကို ဘုန်းကြီးကို ပူဇော်နေတယ်လို့မထင်ဘူး။ ဆရာသမားတွေကိုပူဇော်နေတယ်လို့ပဲ မှတ်ယူတယ်။ ဘာကြောင့်လဲဆိုတော့ ဆရာသမားများက သင်ကြားဆုံးမခဲ့လို့ ဒီလိုဘဝမျိုးရောက်တာ"

ဟု ဆရာသမားကိုသာ ရှေ့တန်းတင်တော်မူသည်။

ထိုသို့ ဆရာသမားများကို ရှိသေလေးစားသဖြင့် မိမိ၏ ဆရာသမားမိန့်ကြားထားသောဆန္ဒမှာ -

"ငါမန္တလေးက ပြန်လာပြီး (၇) ဝါကတည်းကစာချလာခဲ့တာ။ ဘယ်နေရာမှာတော့ ငါ့တပည့်တစ်ယောက် စာသင်တိုက်ထောင်ပြီး စာချနေတယ်လို့ ပြစရာမရှိဘူး"

ဟူသော ဆရာသမား၏ဆန္ဒကို ပြည့်တော်မူရန် ရည်ရွယ်ချက်ဖြင့် တစ်နေရာသို့ထွက်မည်လုပ်ရာ သပြေပင်ဆရာတော်ကြီး ဘဒ္ဒန္တသောဘနက-

"ဆရာသမားဆန္ဒကတော့ပြည့်ရမှာပဲ။ ဒါပေမယ့် တခြားတော့မသွားပါနဲ့။ ဆရာသမားများရဲ့ မျက်စိအောက်မှာပဲနေပါ"

ပြောကြားပြီး ငွေကျပ်သုံးသောင်းဖြင့် ကျောင်းမြေဝယ်ယူကာ ဟင်္သာတမြို့ ကနောင်စုရပ်ကွက် ပြည်တော်သာလမ်း၌ ဝါးကျောင်းကလေးဆောက်ကာ 'မဟိတာရုံ' ဟူသောအမည်ဖြင့် စတင်တည်ထောင် သီတင်းသုံး နေထိုင်တော်မူသည်။ သပြေပင်ဆရာတော်ကြီး၏ အစီအမံဖြင့် တည်ထောင်ခဲ့သောကြောင့် သပြေပင်ကျောင်းခွဲဟုခေါ်ဝေါ်ကြသည်။ ကျောင်းတိုက်စတင်တည်ထောင်သည်မှစ၍ ဂရုတစိုက်လှူလေ့ရှိသော ဒါယိကာမကြီး ဒေါ်စိန်ပုကို အကြောင်းပြု၍ ဒေါ်စိန်ပုကျောင်းဟုလည်းခေါ်ကြသည်။ ဆရာသမားတို့ကိုလေးစားရိုသေကြောင်း နှုတ်ကပြောရုံနှင့်မပြီးကြောင်း သက်သေပြခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**□ စာပေကျမ်းဂန်ပို့ချသင်ကြားရေးသားခြင်း**

မဟိတာရုံဆရာတော်ကြီးသည် ၁၂၉၈ ခုနှစ်၊ ရဖွန်း (၁) ဝါရသည်မှစ၍ ၁၃၂၀ ပြည့်နှစ်အထိ ဟင်္သာတမြို့ ဘုရားကြီးကျောင်းတိုက်တွင် နာယကစာချဆရာတော်အဖြစ်ဖြင့် စာသင်သားသံဃာတော်တို့အား စာပေသင်ကြားပို့ချတော်မူခဲ့ပါသည်။ ၁၃၂၀ ပြည့်နှစ်မှစ၍ ယနေ့အထိ မဟိတာရုံကျောင်းတိုက်အမည်ဖြင့် ပရိယတ္တိစာသင်တိုက်ကို တည်ထောင်ပြီး တပည့်သံဃာတော်တို့အား ပထမလတ်၊ ပထမကြီး၊ ဓမ္မာစရိယတန်းများအောင်မြင်တော်မူသည်အထိ သင်ကြားပို့ချလျက်ရှိပါသည်။

ဆရာတော်ကြီးသည် ဟင်္သာတမြို့ ဘုရားကြီးကျောင်းတိုက် ပဋ္ဌမမဟာဒွါရနိကာယသာသနာပိုင်ဆရာတော်ဘုရားကြီး၏ ဩဝါဒထူးများ၊ ဝိနိစ္ဆယများ၊ ထေရုပ္ပတ္တိအကျဉ်းများ စသော ကျမ်းဂန်များကို ရေးသား ပြုစုတော်မူခဲ့ပါသည်။

**□ တည်ထောင်ခဲ့သောစာသင်တိုက်များ**

ဆရာတော်သည် ၁၃၂၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်၊ စနေနေ့တွင် ဟင်္သာတမြို့ အနောင်စုရပ်ကွက်၌ မဟိတာရုံကျောင်းတိုက်ကို စတင်တည်ထောင်တော်မူခဲ့ရာ ယနေ့အထိ သာသနိကအဆောက်အအုံ(၆)ကျောင်းနှင့်တကွ ရေတွင်းရေကန်၊ နတ်လမ်း၊ စောင်းတန်းသွယ်များနှင့် ရေ မီးအပြည့်အစုံ ကြည်ညိုဖွယ်ရာ ခံ့ညားထည်ဝါသော ကျောင်းတိုက်ကြီးတစ်ခုအဖြစ်သို့ ရောက်ရှိအောင် တည်ထောင်တော်မူခဲ့ပါသည်။

**□ သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်ကြီးသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တာဝန်ကိုရွက်ဆောင်မူခဲ့ရာ -

၁။ နိုင်ငံတော်သံဃာ့အဖွဲ့အစည်းစတင် ဖွဲ့စည်းချိန်မှစ၍ ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် နိုင်ငံတော်သမ္မုတိဝန်ဆောင်ဆရာတော်အဖြစ် လည်းကောင်း။

၂။ ဟင်္သာတမြို့ ပထမပြန်စာမေးပွဲတွင် ကြီးကြပ်ရေး၊ စာစစ်၊ ဩဝါဒါစရိယဆရာတော်အဖြစ်အဆင့်ဆင့်သောတာဝန်များကို လည်းကောင်း။

၃။ ၁၃၃၅ ခုနှစ်မှစ၍ ၁၃၆၆ ခုနှစ်အထိ ဧရာဝတီတိုင်းဒေသကြီး သံဃာ့နာယကအဖွဲ့ (မဟာဒွါရ) ဥက္ကဋ္ဌဆရာတော်အဖြစ် လည်းကောင်း။

၄။ ဟင်္သာတမြို့ ပဋ္ဌမုခ မာရဇိန်ငါးမျက်နှာစေတီတော်ကြီးနှင့် ကျောက်တော်ကြီးဘုရား၏ ဩဝါဒါစရိယဆရာအဖြစ် လည်းကောင်း။

၅။ ၁၃၁၄ ခုနှစ်မှစ၍ ၁၃၅၁ ခုနှစ်အထိ မဟာဒွါရဂိုဏ်း၏ဗဟိုအနုရက္ခိတအဖွဲ့ဆရာတော်အဖြစ် လည်းကောင်း။

၆။ ၁၃၅၁ ခုနှစ်မှ ၁၃၆၃ ခုနှစ်အထိ မဟာဒွါရဂိုဏ်း၏ ဂဏရက္ခိတဆရာတော်အဖြစ် လည်းကောင်း။

၇။ ၁၃၆၃ ခုနှစ်မှ ၁၃၆၄ ခုနှစ်အထိ မဟာဒွါရဂိုဏ်း၏ ဒုတိယသာသနာပိုင်အဖြစ် လည်းကောင်း။

၈။ ၁၃၆၄ ခုနှစ်မှစ၍ ယနေ့တိုင်အောင် မဟာဒွါရဂိုဏ်း၏ (၁၃) ပါးမြောက် ဂဏာဓိပတိမဟာနာယကဆရာတော်ကြီးအဖြစ် လည်းကောင်း သာသနာ့တာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်တော်မူလျက်ရှိပါသည်။

**□ ကြည်ညိုဖွယ်ရာထူးခြားသောဂုဏ်ရည်များ**

ဆရာတော်ဘုရားကြီးသည် တပည့်သံဃာတော်များ၏ ကျန်းမာရေးနှင့် စည်းကမ်းသေသပ်စွာနေထိုင်ရေးတို့ကို အခါမလပ်ဆုံးမဩဝါဒပေးခြင်း၊ တပည့်သံဃာတော်များအားလုံး၏ စားဝတ်နေရေးပြေလည်စေရန် အပင်ပန်းခံ၍ ပြည့်နိုင်သမျှ ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်တော်မူခြင်း၊ သီတင်းဥပုသ်နေ့များတွင် ရောက်ရှိလာကြသော ဒါယကာ၊ ဒါယိကာမများတို့အား ယဉ်ကျေးသိမ်မွေ့အောင် သာသနာရေး၊ ဘာသာရေး၊ အခြေခံတရားတော်များကို ဟောပြောပြသဆုံးမလေ့ရှိခြင်း၊ သည်းခံခြင်းတရားကိုလက်သုံးပြုလေ့ရှိခြင်း၊ ရရှိသောလာဘ်လာဘများကို အခွင့်ကြုံတိုင်းလွတ်လွတ်စွန့်ကြဲပေးကမ်းလေ့ရှိခြင်းစသည်တို့မှာ ဆရာတော်ဘုရားကြီး၏ ထူးခြားသော ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များ ဖြစ်ပါသည်။

**မြန်မာနိုင်ငံမဟာဒွါရနိကာယ**
**တေရသမသာသနာပိုင်**
**အဘိဓဇ မဟာရဋ္ဌဂုရု**
**အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက**
**ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ**
**သက်တော် နှစ် (၁၀၀) ပြည့်**
**အထိမ်းအမှတ်**
**(ဩဝါဒတော်အနှစ်ချုပ်)**

□ အသိပညာဆိုတာ ငယ်တုန်းသင်
ကြရတာ။
အဲဒီတော့ ငယ်သူလေးတွေကို
မွေးပါ။ သင်ပေးပါ။
သာသနာမှာမွေးပြီးမဆုံးမဘဲထား
လျှင်
သာသနာကို အမှိုက်ရှုပ်အောင်
လုပ်တာနဲ့အတူတူပဲ။
မွေးလည်းမွေး၊ သင်လည်းသင်။
ဆယ်ခါမွေး တစ်ပါးတင်လျှင်
အမြတ်ပဲ။ တစ်ပါးမှမတင်လျှင်
အရင်းပဲ။
သာသနာတော်မှာ ကောင်းကောင်း
နေပြီး အလုပ်လုပ်လျှင် အရှုံးဆို
တာမရှိဘူး။

□ မိရိုးဖလာဆိုတာသက်တော်ရှည်ဆရာတော်ကြီးတွေကိုလည်း သီးခြားစာရင်းလုပ်ထားကြလို့ ဒါတွေဟာ တို့နောက် တို့ရဲ့ခေါင်းဆောင်တွေပဲ။ တို့မရှိတဲ့အခါ တပည့်တော်တို့က အသက်ကြီးပြီ။ သစ်ပင်များလို အဝါရောင်သန်းနေပြီ။ ကြွေကျဖို့ပဲရှိတော့တယ်။ ကြွေကျသွားတဲ့နေရာမှာ သစ်ပင်များလို အသစ်ထွက်အစားလိုက်လာတယ်။ အစားလိုက်လာဖို့လိုတယ်။ ပေသလသပြဟွစာရီသီလရှိတဲ့ ချစ်မြတ်နိုးအပ်တဲ့ သီတင်းသုံးဖော်ကောင်းတစ်ပါး ဒွါရဂိုဏ်းထဲမှာနေရာဝင်ပြီးတော့ တစ်ပါးကြွေသွားလျှင် တစ်ပါးတက် ဒါလုပ်ရမယ့်ခေါင်းဆောင်။ အဲဒါ အမြဲတမ်းသတိထားကြပါ။

ဤကား ကျေးဇူးတော်ရှင် သက်တော်ရှည် မြန်မာနိုင်ငံမဟာဒွါရနိကာယတေရသမသာသနာပိုင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဟင်္သာတမြို့ မဟိတာရုံ ဆရာတော်ဘုရားကြီး၏ ကြည်ညိုလေးမြတ်ဖွယ်ရာထေရုပ္ပတ္တိအကျဉ်းနှင့်သက်တော်နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် ဩဝါဒအမြုတေဖြစ်ပါသည်။ ကြည်ညိုသဒ္ဓါပွားများလိုက်နာကျင့်ဆောင်နိုင်ကြပါစေသော်။ ။

သစ္စာဝါဒီ-ဦးမြင့်အောင်

**ကိုးကား**

ဘဒ္ဒန္တကုဏ္ဍလာဘိဝံသမဟာထေရ်မြတ်၏ထေရုပ္ပတ္တိအကျဉ်းချုပ်



www.burmeseclassic.com

www.burmeseclassic.com

(မြတ်စမ္မ)

# ဒေါက်တာအရှင်လာဘသာမိ

## ဘယ်ရင်ခွင်မှာပျော်မှာလဲ

(၁)

မိဘရင်ခွင်ထဲတိုးဝင်ဖူးသူတိုင်း ဘယ်လောက် အေးချမ်းတယ်ဆိုတာ ကိုယ်တွေ့ဖြစ်မှာပါ။ ဘယ်လောက်ပူပန်သောကရောက်နေနေ မိဘရင်ခွင်ထဲ ရောက်လိုက်တာနဲ့ အေးချမ်းပေျပါး သွားတာပါ။ မိဘက သားသမီးအပေါ် အန္တရာယ်မရောက်အောင် ကာကွယ်စောင့်ရှောက်ပေးတယ်။ ကျွေးမွေးပြုစုပေးတယ်။ လောကရဲ့အကောင်း၊ အဆိုးကို ညွှန်ပြပေးတယ်။ မိဘရင်ခွင်က မေတ္တာ၊ ကရုဏာ စတဲ့ အအေးဓာတ်တွေ အမြဲတစေ ပက်ဖျန်းပေးတယ်။ ဒါကြောင့်လည်း အဖေ၊ အမေရင်ခွင်ထဲ ပြေးဝင်လိုက်တာနဲ့ အေးချမ်းသွားတာပါ။ နွေးထွေးသွားတာပါ။

တစ်ခုတော့ရှိပါတယ်။ အမေ့ရင်ခွင်၊ အဖေ့ရင်ခွင်ဆိုတာ အမြဲခိုလှုံခွင့်မရနိုင်ပါဘူး။ ကိုယ်က တစ်နယ်တစ်ကျေးမှာနေတယ်။ မိဘတွေလည်း တစ်နယ်တစ်ကျေးမှာနေတယ်ဆိုရင် သူတို့ရင်ခွင်ထဲ လွယ်လွယ်ပြေးဝင်လို့မရနိုင်ပါဘူး။ နိုင်ငံရပ်ခြားနေသူတွေဆိုရင် မိဘရင်ခွင်ထဲ တိုးဝင်ဖို့နေသာသာ တွေ့ဆုံဖို့တောင်မလွယ်ပါဘူး။ မိဘတွေဆုံးပါးသွားရင် နားခိုခွင့်တွေ လုံးဝမရတော့ပါဘူး။ တချို့ဆို အသက်အရွယ်ငယ်ငယ်မှာ မိဘတွေဆုံးပါးသွားလို့ အမေ၊ အဖေရင်ခွင်မှာ ခိုလှုံခွင့်မရသူတွေ အများကြီးပါ။

လွန်ခဲ့တဲ့ ဆယ်နှစ်ဝန်းကျင်က အသက် (၆၆) နှစ်အရွယ်မှာ စာရေးသူရဲ့မိခင်ကြီး ကွယ်လွန်ခဲ့ပါတယ်။ အဲဒီအချိန် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့မှာ ပညာသင်နေချိန်ပါ။ အမေကွယ်လွန်တဲ့ သတင်း (၅)လတင်းတင်းကြာမှသိခွင့်ရခဲ့ပါတယ်။ အဲဒီခေတ်ဆက်သွယ်ရေးစနစ်တွေက နှေးကွေးချိန်လည်းဖြစ်ပါတယ်။ သင်တန်းတက်နေစဉ်အတွင်းမို့ ခွင့်ယူဖို့မလွယ်ကူပါဘူး။ ပြန်ခွင့်ရလည်း လမ်းစရိတ်ကမနည်းလှပါဘူး။ အဝေးတစ်မြေမှာ အခြေအနေမပေးခဲ့လို့ ဒီတစ်ခါပြန်ရင် အမေ့ရင်ခွင်ထဲ ပြေးဝင်ခွင့်မရတော့ဘူးလို့တွေးပြီး စိတ်သောကတွေဖြစ်နေမိတာ အမှန်ပါ။ အမှန်တကယ်လည်း အမေ့ရင်ခွင်နဲ့ဝေးသွားခဲ့ရတာပါပဲ။ ဒါကြောင့် မိဘရင်ခွင်ဆိုတာ အချိန်တိုင်းမှာ တိုးဝင်ခွင့်မရနိုင်သလို ပျော်ရွှင်ခွင့်လည်းမရနိုင်ပါဘူး။

ရဟန်းတစ်ပါးအတွက် အမေ့ရင်ခွင်ကိုသာ တမ်းတမိတာပါ။ ကျန်ရှိသော ဝတ်ကြောင်လူသားတွေဆိုရင် မိဘရင်ခွင်ပျောက်ကွယ်သွားလည်းပဲ ကိုယ့်ချစ်သူရင်ခွင်မှာ ပျော်ရွှင်နေမှာပါ။ အမေ့ရင်ခွင်ထက်သာမယ်လို့ထင်ရတဲ့ ရင်ခွင်တွေမှာ ခံစားမှုအမျိုးမျိုးတွေနဲ့ ပျော်ရွှင်နေမှာပါ။ ရုပ်ရှင်ကြည့်ပြီး ပျော်ရွှင်နေမှာပါ။ ကမ်းခြေသွားပြီးတော့ ပျော်စရာရှာနေမှာပါ။ ဆေးလိပ်သောက်ပြီး ပျော်ရွှင်နေမှာပါ။ ကွမ်းစား၊ အရက်သောက်ရင်း ပျော်ရွှင်နေမှာပါ။ အားမရတော့ မူးယစ်ဆေးဝါးတွေနဲ့ ပျော်ပါးနေမှာပါ။ အိမ်ထောင်ပြုပြီး ပျော်ရွှင်နေမှာပါ။ တစ်ပင်လဲတစ်ပင်ထူပြီး ရင်ခွင်သစ်မှာ ပျော်ရွှင်နေမှာပါ။ အဲဒီရင်ခွင်တွေကကော အမြဲခိုလှုံခွင့်၊ ပျော်ရွှင်ခွင့်တွေပေးနိုင်မှာတဲ့လား။

(၂)

နန္ဒမင်းသားကို လူတိုင်း ကြားဖူးကြမှာပါ။ မြတ်ဗုဒ္ဓနဲ့ အဖေတူအမေကွဲ ဖြစ်ပါတယ် ခမည်းတော်က ဘုရင်သုဒ္ဓေါဒနမင်းပါ။ မြတ်ဘု[illegible]ရဲ့ မယ်တော်က မဟာမာယာ[illegible]ဝီပါ။နန္ဒမင်းသားရဲ့မယ်တော်က မဟာပဇာပတိဂေါတမီပါ။ အဲဒီတော့ မြတ်ဗုဒ္ဓနဲ့ နန္ဒမင်းသားက အဖေတူအမေကွဲညီအစ်ကိုဖြစ်ပါတယ်။

ဘုရားရှင်နန်းတော်အတွင်း ဆွမ်းခံပြီးပြန်ကြွတဲ့အခါ နန္ဒမင်းသားရဲ့လက်ထဲ သပိတ်ထည့်ပေးလိုက်ပါတယ်။ နန္ဒမင်းသားလည်း နောင်တော်ဘုရားရှင်ရဲ့သပိတ်ကို လက်ဝယ်ပိုက်လျက် ဘုရားရှင်နောက်တော်ပါးက သပိတ်ပြန်ယူနိုးနိုးဖြင့် လိုက်ပါသွားရပါတယ်။ အဲဒီအခါ လက်ထပ်ထိမ်းမြားမင်္ဂလာပြုဖို့စီစဉ်ထားတဲ့ ဇနပဒကလျာဏီမင်းသမီးလေးက ပြတင်းပေါက်တံခါးဝရပ်လျက် အဆောင်လမ်းမပေါ် ရောက်နေပြီဖြစ်သော နန္ဒမင်းသားအား -

"မောင်တော်၊ အမြန်ဆုံး ပြန်ခဲ့ပါနော်"

ဆိုပြီး ဆံပင်ဖားလျားနဲ့ လှမ်းမှာလိုက်ပါတယ်။

ဇနပဒကလျာဏီရဲ့ အမှာစကားကို နန္ဒမင်းသား နှလုံးသားမှာဖျောက်ဖျက်ပစ်လို့မတတ်နိုင်ဘဲရှိနေပါတယ်။ ဇနပဒကလျာဏီအသံကို နန္ဒမင်းသားနားထဲကြားယောင်နေပါတယ်။ ပြတင်းတံခါးဝမှ သူမအသံ၊ အသွင်ဟန်ပန်အမူအရာကို နန္ဒမင်းသား ဘယ်လိုမှဖျောက်ဖျက်မရဘဲရှိနေပါတယ်။ သူ့အနေနဲ့ ဘယ်လိုမှလည်း မတတ်နိုင်ပါဘူး။ ဘုရားရှင်နောက်ပါးကနေ သပိတ်ပြန်ယူနိုးနိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါသွားတာ နိဂြောဓရုံကျောင်း ရောက်သွားပါတယ်။

ကျောင်းတော် ပြန်ရောက်တော့ ဘုရားရှင်က -

"ညီတော်နန္ဒ၊ ရဟန်းပြုမလား"

မေးတော်မူပါတယ်။

အဲဒီအခါ သူ့စိတ်ထဲ 'နောင်တော်ဘုရား မေးမှမေးရက်လေခြင်း' ဆိုပြီး စိတ်နှလုံးယူကျုံးမရခံစားရရှာပါတယ်။

ဟုတ်ပါတယ်။ မင်္ဂလာဆောင်ခါနီး ချစ်သူနဲ့ဝေးနေရတာ အရမ်းခံစားရမှာပါ။ ကိုယ်ခင်မင်သူတွေနဲ့ တစ်နယ်တစ်ကျေးဝေးကွာနေချိန်မှာ အခုလိုမျိုး ခံစားဖူးမှာပါ။ ဒါပေမယ့် သူ့နှလုံးသားတွေကြေမွစေကာမူ ကြိတ်မှိတ်ခံစားရင်း အမှန်အတိုင်း မလျှောက်ဝံ့တော့ 'ရဟန်းပြုပါမည်ဘုရား' လျှောက်ထားခဲ့ပါတယ်။ နန္ဒမင်းသား ရဟန်းပြုသွားပါပြီ။ အဲဒါ မြတ်ဘုရားရှင်က မညှာမတာခွဲထားရက်တာ မဟုတ်ပါဘူး။ မှားယွင်းသောရင်ခွင်မှာ ကိလေသာဆူးတွေနဲ့ မူးယစ်နေမှာစိုးရိမ်လို့ပါ။ ကရုဏာလက်ဖြင့် ဆင်းရဲတွင်းမှဆွဲတင်ခဲ့တာပါ။

နန္ဒမင်းသား ရဟန်းဘဝမှာ လုံးဝမပျော်ပါဘူး။ တစ်ချိန်လုံး သူ့စိတ်ထဲမှာ ဇနပဒကလျာဏီသာရှိနေတာပါ။ သူ့နှလုံးသားထဲ နေရာအပြည့်စိုးမိုးထားတာက ချစ်သူဇနပဒကလျာဏီပါ။ သူ့နှလုံးသားမှာ ရဟန်းတရားဆိုတာ ပေးစရာနေရာမရှိပါဘူး။ သူကိုယ်တိုင်လည်း နေရာမပေးပါဘူး။ ပေးချင်စိတ်လည်း လုံးဝမရှိခဲ့ပါဘူး။ သူလိုချင်တာက ဇနပဒကလျာဏီရဲ့ ရင်ခွင်နုနုလေးပါ။ သူပျော်ချင်တာ ဓမ္မရင်ခွင်မဟုတ်ပါဘူး။ ဓမ္မရင်ခွင်မှာ လုံးဝမပျော်ပိုက်ပါဘူး။

(၃)

နန္ဒရဟန်း ဓမ္မရင်ခွင်မှာ မပျော်ရွှင်တာကို ဘုရားရှင် သိတော်မူပါတယ်။ ဘဝဆိုတာ ကြောင်လိမ်လှေကားရဲ့ အလယ်နေရာလို့ဆိုရမှာပါ။ အထက်တက်လည်းရနိုင်ပါတယ်။ အောက်ဘက်ဆင်းလည်း ရနိုင်တာပဲ။ ကြောင်လိမ်လှေကားစက်ဝန်းမှ ခုန်ထွက်ရင်လည်းရနိုင်တာပါပဲ။ အထက်တက်ရင် လူ၊ နတ်၊ ဗြဟ္မာဖြစ်မှာပါ။ အောက်ဘက်ဆင်းရင် အပါယ်လေးဘုံရောက်ရမှာပါ။ လှေကားစက်ဝန်းမှလွတ်အောင်ခုန်ထွက်ရင် သန္တိသုခကိုရောက်မှာပါ။ အဲဒါဆိုရင် ချစ်သူရင်ခွင်မှာ ပျော်နေရင်တော့ အောက်ဘက်ဆင်းရမှာပါ။ ဓမ္မရင်ခွင်ပျော်မွေ့ရင်တော့ အထက်တက်ရမှာပါ။ ဒါဖြင့် ချစ်သူရင်ခွင်မှာပျော်ရွှင်နေမှာလား။ ဓမ္မရင်ခွင်မှာပျော်မှာလား။ ဘယ်ရင်ခွင်ထဲပျော်မှာလဲ။

ရွေးချယ်မှုမှားယွင်းနေတဲ့ နန္ဒရဟန်းရဲ့ စွဲလမ်းမှုသံယောဇဉ်ကြီးကို အနိစ္စဖြစ်ကြောင်း လက်တွေ့ပြဖြတ်တောက်နိုင်ရန် နန္ဒရဟန်းကို တာဝတိံသာနတ်ပြည်ကို ခေါ်သွားပါတယ်။ နတ်ပြည်သွားရာလမ်းခုလတ်မှ မီးလောင်ပြင်သစ်ငုတ်တိုပေါ် ထိုင်နေတဲ့ မျောက်အိုမကိုပြခဲ့ပါတယ်။ နန္ဒမထေရ်သည် ဇနပဒကလျာဏီရဲ့အလှနဲ့ မျောက်အိုမဘဝကို နှိုင်းယှဉ်ကြည့်ရင်း တာဝတိံသာနတ်ပြည်ရောက်သွားပါတယ်။

တာဝတိံသာရောက်တယ်ဆိုရင်ပဲ ဘုရားရှင်ကို လာရောက် ဖူးမြော်ကြတဲ့ နတ်သမီးတွေကို နန္ဒမထေရ်တွေ့မြင်ပါတယ်။ နတ်သမီးတွေရဲ့အလှအပများက နန္ဒရဟန်းရဲ့နှလုံးသားအတွင်း ချက်ချင်းဆိုသလို တိုးဝင်သွားပြန်ပါတယ်။ 'တစ်ချိုကွယ် တစ်နွယ်မေ့တယ်' ပြောရမလား၊ ဒါမှမဟုတ် အားလုံးသောလောကရဲ့ အသိတရားက အနိစ္စဆိုရမလား။ အခုလည်း နန္ဒရဟန်းရဲ့ နှလုံးသားက ထပ်ဆင့်ကြေမွပြန်ပကော။

အမှန်အတိုင်းပြောရင် နတ်သမီးတွေကို သူစွဲလမ်းသွားပါပြီ။ အလှအပမက်မောတဲ့ နန္ဒရဟန်းရဲ့ သန္တာန်မှာ ရာဂစရိုက် စိုက်ဝင်နေတာပါ။ အဲဒီဝင်ပေါက်မှ ကိလေသာတွေ သို့မဟုတ် အချစ်မိုးတွေ ဝင်ရောက်လာတာပါ။ ရာဂ ဆိုတာ နာမ်တရားဖြစ်ပါတယ်။ နာမ်တရားဖြစ်တာနှင့်တစ်ပြိုင်နက်တည်း တခြားယှဉ်ဘက် နာမက္ခန္ဓာလေးပါး၊ အာရုံနဲ့ ဒွါရတွေ ဝင်ရောက်လာမှာပါ။ အာရုံနဲ့ ဒွါရဆိုတာ ရုပ်တရားဖြစ်ပါတယ်။ စုပေါင်းလိုက်တော့ ဥပါဒါနက္ခန္ဓာငါးပါးဖြစ်သွားတာပါ။ အဲဒီဥပါဒါနက္ခန္ဓာငါးပါးမှာ ရာဂတရားက ပြဋ္ဌာန်းနေတာပါ။ နန္ဒရဟန်းက အဲဒီရာဂကို 'နိစ္စ' ထင်နေတာပါ။

(၄)

ဘုရားရှင်က 'နတ်သမီးတွေလိုချင်ရင် တရားအားထုတ်၊ နတ်သမီးတွေရရန် ငါဘုရားတာဝန်ခံတယ်' ဆိုစကားဖြင့် အစပထမ နတ်သမီးတွေလိုချင်တာကြောင့် တရားအားထုတ်ခဲ့တာပါ။ ဟန်ဆောင်ပန်ဆောင်အားထုတ်သဖြင့် အတူနေမိတ်ဆွေရဟန်းများရဲ့ လှောင်ပြောင်ခံရပါတယ်။ ဟန်ဆောင်အားထုတ်ရာမှ မှန်ကန်သောအားထုတ်ခြင်းအဖြစ်ရောက်ရှိပြီး နောက်ဆုံး အာသဝေါကုန်ခန်း ရဟန္တာမထေရ်ရှင်ဖြစ်သွားတာပါ။ အဲဒါ မှန်ကန်သောရင်ခွင်ထဲတိုးဝင်ခဲ့တာကြောင့်ပါ။ ဓမ္မရင်ခွင်ထဲပျော်ရွှင်ခဲ့တာကြောင့်ပါ။

အစပထမ ဓမ္မရင်ခွင်မှာ မပျော်ရွှင်ခဲ့ပါဘူး။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ အာယတနခြောက်ပါးကို စွဲလမ်းနေတာပါ။ အဲဒီတရားကိုပဲစွဲလမ်းပြီးပင်ပန်းဆင်းရဲနေတာပါ။ ကိုယ်ကြိုက်တာမြင်ရင်လောဘဝင်မယ်။ မကြိုက်ပြန်ရင် ဒေါသဝင်မယ်။ အဲတော့ ကိလေသာတွေ တစ်စတစ်စဝင်ရောက်လာတာပါ။ မြင်တာလည်းငါ၊ ကြားတာလည်းငါ၊ နံတာလည်းငါ၊ ခံစားတာလည်းငါ၊ မှတ်သားတာလည်းငါ စသဖြင့် အမှားမြင်နေတာပါ။ အမြင်မှားတော့ အခင်မှား၊ အစွဲမှား၊ အတွယ်မှား၊ အပြုမှားတွေ အဆင့်ဆင့်မှားယွင်းလာတာပါ။ အဲဒါဆိုရင် ဒုက္ခရင်ခွင်ထဲ မိုက်ပွဲဆင်နေတာပါ။

အဲဒီအမှားမြင်နေတာကို အမှန်ပြင်ရမှာပါ။ ဆင်းရဲခြင်းဒုက္ခကို အမှန်ကပ်ကြည့်ရမှာပါ။ မြင်သိ၊ ကြားသိ၊ နံသိ စသည်ဖြင့် သတိထားကြည့်တော့ အကြောင်းကြောင့်ဖြစ်လာတဲ့ အကျိုးတရားဆိုတာ နားလည်လာတာပါ။ အဲဒါတွေက သင်္ခါရတရားတွေသာဖြစ်ပါတယ်။ ဖြစ်ပြီးရင် ပျက်စီးတဲ့တရားတွေဖြစ်ပါတယ်။ အဲတော့ မိမိစိတ်ကို သတိဝီရိယဉာဏ်ပညာဖြင့်ထိန်းသိမ်းရမှာပါ။ ရာဂမိုးတွေ မထိုးဖောက်နိုင်အောင် စောင့်ရှောက်ရမှာပါ။

(၅)

သင်နဲ့ ကျွန်ုပ်တို့က နန္ဒမထေရ်လို ပါရမီရင့်သူတွေမဟုတ်သော်လည်း လက်ရှိဘဝရပ်တည်ရာစက်ဝန်းအတွင်းမှ ခုန်ထွက်နိုင်ရန် ကြိုးစားရမှာပါ။ ကြောင်လိမ်လှေကားရဲ့အထက်တက်ရာဒါနလှေကား၊ သီလလှေကား၊ ဘာဝနာလှေကားတွေ နေ့စဉ်တပ်ဆင်ရမှာပါ။ အသိဉာဏ်ဦးစီးပြီး ရာဂအသစ်တွေထပ်မလာအောင် ဓမ္မရင်ခွင်မှာ အမြဲပျော်ရွှင်ရမှာပါ။

ကာမရင်ခွင်မှာပျော်မှာလား၊
ဓမ္မရင်ခွင်မှာပျော်မှာလား၊
ဘယ်ရင်ခွင်မှာပျော်မှာလဲ. . . ။

ဒေါက်တာအရှင်လာဘသာမိ
(မြတ်ဓမ္မ)




www.burmeseclassic.com

www.burmeseclassic.com


# ကသာသင်းမွှေး
# ကပ်ကာစေတီတော်နှင့် ဘိုးတော်ဘုရား

တစ်နေ့တွင် စာရေးသူသည် (ဦး)ညိုကိုနိုင်(ကသာ)နှင့်အတူ သူ၏ လက်ဖက်ရည်ဆိုင် 'ဖုံ' တွင် ရောက်တတ်ရာရာစကားများပြောကြရင်း ဘိုးတော်ဘိုးမင်းခေါင် ကသာသို့ရောက်ခဲ့သည်ကို သိမီသူများပြောပြသည်ကို ပြန်လည်ပြောပြပါသည်။ စာရေးသူ၏မိဘများမှာ ထီးချိုင့်မြို့ကဖြစ်သဖြင့် ဘိုးမင်းခေါင် ကသာရောက်ခဲ့သည်ကို မသိမမီကြပါ။ (ဦး)ညိုကိုနိုင်(ကသာ)ကလည်း သူ၏ အဘိုးအဘွားများမှတစ်ဆင့် မိဘများက ပြန်ပြောသဖြင့်သိနေခြင်း ဖြစ်ပါသည်။ ဘိုးတော် ဘိုးမင်းခေါင် ကသာတွင်ရှိစဉ် ဖြစ်ပျက်ခဲ့သည်များကို နောက်မှရေးသားပါဦးမည်။

ဘိုးတော် ဘိုးမင်းခေါင်ဟူ၍ လူသိများပြီး ကသာ ကပ်ကာရွာတွင်လည်းကောင်း၊ ကသာမြို့ ဇေယျာချောင်ရပ်ကွက်တွင်ရှိ တောင်ပေါ်တွင်လည်းကောင်း ဘုရားတည်ခဲ့ပါသည်။ ထို့အတူ ကသာမြို့နှင့် ဝဲကြီး (အောက်) ရွာကြားတွင် ခေတ်ပန္နက်စိုက်ခဲ့သည်တို့ကို (ဦး) ညိုကိုနိုင်(ကသာ) က ပြောပြပြီး ပထမံတရားမဂ္ဂဇင်းတွင် တွေ့သဖြင့်



ထီးတော်အသစ်တင်ပြီးသော ကပ်ကျော်စေတီ (ကပ်ကာစေတီ) တော်ကြီး



ကျိုက်ထီးရိုးစေတီတော်



ကပ်ကျော်စေတီအနီးတွင်ရှိ ကမ္ဘာ့စေတီပုံ

www.burmeseclassic.com


www.burmeseclassic.com

ပေါမမြိုင်ဆရာတော် ဦးဝါယမက စာသင်သားဘဝနှင့် မန္တလေးတွင်ရှိစဉ် (၁၂-၁၁-၁၉၈၈)တွင် ကူးယူထားသည်ကို ဖိုတိုစကက်ကူးထားသည့်စာရွက်အားပြပါသည်။ ထို့နောက် ၎င်းဆောင်းပါးပါသော ပထမံတရားမဂ္ဂဇင်းကိုလည်းထုတ်ပြပါသည်။ စာရေးသူလည်း ရေငတ်သူရေသောက်ရသည့်အလား ဝမ်းသာသွားသလို ရေးသားဖော်ပြရန် ဆန္ဒဖြစ်လာပါသည်။ (ဦး)ညိုကိုနိုင်(ကသာ)ကလည်း ကိုယ်တိုင်ကိုယ်ကျ ကပ်ကာရွာသို့သွားခဲ့ပါသည်။ အသစ်တစ်ဖန်ပြန်လည်တည်ထားသည်ကိုတွေ့ခဲ့ရပါသည်။ လက်ရှိ ကပ်ကာရွာကျောင်းဆရာတော် ဦးကေသရမောလိက ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်က ကပ်ကျော်စေတီတော်မြတ်ကြီးအား ပြုပြင်ခြင်း၊ ထီးတော်အသစ်တင်လှူခြင်းပြီးစီးကြောင်း မိန့်ကြားပါသည်။

ဘုရားဌာပနာစဉ်က ထည့်ရန်ပြုလုပ်ထားသော အနံ (၁) ပေ၊ အလျား (၉) လက်မခန့်ရှိ ငွေပြားအလိပ်ကိုလည်း ထုတ်ပြပါသည်။ မေ့ပြီးမထည့်လိုက်ရကြောင်းကိုပြောပြ၏။ ငွေပြားတစ်ဖက်စီတွင် '၁၃၀၃ ခု၊ တပို့တွဲလဆန်း ၁၅ ရက်နေ့ ထီးတော်အပြီးတိုင်ရောက်သည့် ကပ်ကျော်စေတီတော်မြတ်စာတမ်းတော်' ဟု လည်းကောင်း၊ '၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက် ကပ်ကျော်စေတီတော်မြတ်ကြီးအား ပြုပြင်ခြင်း၊ ထီးတော်အသစ်တင်လှူခြင်းပြီးစီးသည်' ဟု လည်းကောင်း ကညစ်နှင့်ရေးသားသည်ကိုဖတ်ရပါသည်။

စာရေးသူတို့ ကပ်ကာရွာသို့ရောက်ပြီး ကပ်ကျော်စေတီရှိရာ တောင်ပေါ်တက်၍ ဖူးတွေ့ခဲ့ရသည်များကို မဖော်ပြမီ ၁၃၁၁ ခု၊ သီတင်းကျွတ်လဆန်း ၁၅ ရက်နေ့ထုတ် ပထမံတရားမဂ္ဂဇင်း၊ ပထမတွဲအမှတ်(၈)၊ စာမျက်နှာ (၂၅) တွင် ဖော်ပြထားသော 'အောက်ဗမာပြည် အောင်မင်းခေါင် ခေတ်ခွဲဌာန' က ပြုစုရေးသားထားသည့် ကပ်ကာစေတီတော်နှင့်ဘိုးတော်ဘုရားဆောင်းပါး' ကို ပြန်လည်ကူးယူဖော်ပြပါမည်။အပြည့်အစုံကူးယူဖော်ပြမှသာလျှင် ကပ်ကာဘုရားဖြစ်ပေါ်လာပုံ ဓမ္မစစ်အမှန်ကိုသိရပါလိမ့်မည်။ ဘိုးတော်အောင်မင်းခေါင်ကိုယ်တိုင်စပ်ထားသောကဗျာနှင့် စတင်ဖော်ပြထားပါသည်။

*(၁) ညို့ညို့ရယ်ဆီး၊ တောင်ကြီးရယ်ဖီလာ၊ နိမ့်ခြေမြင့်ခြေသွားနဲ့ သွားခက်လှပါ၊ ကျောက်နဂါးကျောက်ပြားနှင့် ကျောက်ရွှေဖါး၊ ကျောက်ပရမေ၊ ဘဂဝါရယ်က*




ဘုရားဝင်းအပြင်တွင်ရှိသောတံခွန်ကုက္ကားတိုင်



ကပ်ကျော်စေတီ၊ ကမ္ဘာစေတီ၊ ငြိုဟ်ရှစ်ခွင်စေတီတို့ကို အဝေးမှ လှမ်းမြင်ဖူးတွေ့ရပုံ



စေတီရံတစ်ဆူမှ ၂၂-၁-၂၀၁၇ ရက်
နေ့လယ်တွင် ရောင်ခြည်တော်ကွန့်မြူးနေပုံ




ဗောဓိညောင်ပင်ဇရပ်တွင်ရှိ ရုပ်ပွားတော်



ဗုဒ္ဓခြေတော်ရာ

www.burmeseclassic.com


www.burmeseclassic.com



ကပ်ကာကျောင်းဆရာတော်ဦးကေသရမောလိ



စေတီတော်အောက်ခံရှိကမ္ပည်းကျောက်စာချပ်




ပြိုကျထားသော တောင်ကမ်းပါး



စာရေးသူအား လိုက်ပါပို့ဆောင်ပေးသော
ဦးသာထွေး (သာဂဒူး-ကသာ)



ကပ်ကျော်စေတီတော်ကြီးအနီးရှိ
ပြိုပျက်ရစ်ခွင်စေတီနှင့် ဘုရားဖူးနှစ်ဦး



တောင်တစ်ဝက်၌ လိုက်ပါပြောပြသူ
ကဗ္ဗိယကြီး ဦးအုန်းမောင်နှင့် စာရေးသူ

*အုံ့မဆုံး။ ပမ်းပါနဲ့မေ၊ စမ်းပြာသီတာရေ သည်ခါနွေ လေချိုသွေးရင်ဖြင့် တို့နှစ်ကိုသားတွေကြွေးရန်ဘို့ ကပ်ကာမှာ ဓာတ်ပြာကလေးကိုကွယ်၊ (ကိုရင်အောင်ရယ်) ပြေးယူလိုက်အုံး။*

*(၂) ခြံခြံတဲ့ရုံရုံ၊ ရွှေပလ္လင်တဲ့ပွဲဟာ သဲချိမ့်ချိမ့်ညံ၊ ဗေါဓိပင်ဓာတ်သားမို့ မြတ်ဘုရားက အခြေမှန်၊ အနေကန်ဇာတိအတိတ်ဆောင်၊ ထိပ်ခေါင် (ပန်း)နှင့် (မိုး)ရယ်က တန်ခိုးတော် သမ္မာဂုဏ်နှင့် ဓမ္မာရုံအောင်စည်ကြားရခါမှ၊ ပဏ္ဏာစုံ ရောင်ခြည်မြူးလိမ့်မယ်။ (အိမ်ကြီးသူရယ်) ဖူးလိုက်ပါဘာ။*

အထက်ပါ ကဗျာနှစ်ပိုဒ်သည် အောင်မင်းခေါင် ဘိုးတော်ဘုရားကြီး

ကိုယ်တိုင် ကပ်ကာစေတီတော်တည်စိုက်၍ ရေးစပ်ထားသောကဗျာများဖြစ်ပါကြောင်း။

ယခုအခါတွင် ကပ်ကာစေတီတော်၏အကြောင်းအရာကို ထုတ်ဖော်ရန်အချိန်သို့ ဆိုက်ရောက်ပြီဖြစ်သောကြောင့် မြန်မာပြည်အောက်ပိုင်းရှိ အောင်မင်းခေါင်ခေတ်ခွဲဌာနမှပါရမီရှင်များ သိရှိကြရန် ဝေဖန်ရေးသား ဖော်ပြပေအံ့။

ကပ်ကာတောင်ဆိုသည်မှာ မြန်မာပြည်အထက်ပိုင်း ကသာခရိုင်တွင်တည်ရှိသော တောင်ထွတ်တောင်မြတ်ဖြစ်ပေသည်။ ထိုတောင်ကုန်းသည် မိုးတားရွာ [illegible]

တောင်တန်း၊ တောင်နှာမောင်း၊ တောင်ဥတလုံးအမျိုးမျိုးတို့ဖြင့် ခြံရံပိတ်ဆီး

လျက် တင့်တယ်စွာ ကာဆီးပြီးလျှင် နိမ့်မြင့်မြင့် ခြေနှင့်အသွားခက်လှသော တောင်မြတ်ဖြစ်လေသည်။

ထိုတောင်နှင့် အနီးမဝေးတွင် ရွာငယ်လေးတစ်ရွာလည်းရှိပေသည်။ ထိုရွာ၏အမည်မှာ ကပ်ကာတောင်ကို အစွဲပြုပြီးလျှင် ကပ်ကာရွာဟုခေါ်ဝေါ်သမုတ်ထားသည်။

ကပ်ရွာ ဟူသော သဘာဝ(အတ္ထုပ္ပတ္တိအတိုင်း ကျက်သရေမင်္ဂလာရှိသော တောင်အမျိုးမျိုးတို့သည် အနီးကပ်၍ ကာကွယ်ထားသည့်အလား သဘာဝအားဖြင့် ဥတုဇလောကကြီး၏ ဖန်ဆင်းတည်ထားပုံသည် အလွန်ဆန်းပြားတန်ခိုး [illegible]

တောင်ကို ရှေးပညတ်တွင် [illegible] တောင်ဟုခေါ်ဝေါ် အစွဲပြု[illegible]




www.burmeseclassic.com


www.burmeseclassic.com




ဇောတိညောင်ပင်နှင့်
ဗြိုဟ်ရှစ်ခွင်စေတီပေါင်းမှ သိကြား၊ ဗိဿ၊
ဇော်ဂျီ သူတော်စင်တို့၏ရုပ်တုအပျက်များ



ဘုရားဝင်း၏အဝင်ဝတွင်ရှိသော နတ်စင်
(၎င်းနတ်စင်တွင် မြီးရှည်၊ မြီးတိုဟုခေါ်သော ကျားရုပ်နှစ်ကောင်ကို မြင်တွေ့ရပါသည်)



၁၃၀၂ ခုနှစ်တွင် ကပ်ကျော်စေတီကို
တည်ထားခဲ့ပြီး ၁၃၇၇ ခုနှစ်၊ ဒုတိယအကြိမ်
ပြန်လည်ပြုပြင် ထီးတော်အသစ်တင်ကြောင်း
မှတ်တမ်းရေးသည့် ငွေပြားလိပ်
(၎င်းကို ဘုရားဗှာပနာစဉ်က မေ့ပြီးမထည့်
ထိုက်ရသဖြင့် သိမ်းထားခြင်း ဖြစ်ပါသည်)



ကပ်ကာတောင်၏ အောက်ခြေစောင်းတန်း

ထိုတောင်၌ အဂ္ဂိရတ်ဓာတ်ဝိဇ္ဇာလမ်းတွင် အသုံးဝင်သည့် သယံဇာတပစ္စည်းအမျိုးမျိုးတို့လည်းထွက်ပေါ် လျက်ရှိသောကြောင့် ဓာတ်ဝိဇ္ဇာဆရာကြီးတို့သည် ထိုတောင်သို့ ကြွရောက်ကြပြီးလျှင် အဂ္ဂိရတ်ဘက်တွင် အသုံးဝင်သည့် ပစ္စည်းအမျိုးမျိုးတို့ကို ယူဆောင်ကြလေသည်။

သိုက်သမိုင်းဝင်ဆေးဓာတ်အမျိုးမျိုး၊ ကျောက်ဓာတ်အမျိုးမျိုးတို့ကိုအုပ်စိုးတော်မူကြသော ဩသဓိဒေဝနတ်ဝိဇ္ဇာဘုမ္မစိုးနတ်မင်းကြီးတို့သည်လည်း ဤကပ်ကာတောင်ကြီး၌ အမြဲမပြတ်စောင့်ရှောက်လျက်ရှိနေသောကြောင့် ပထမံဂိုဏ်းတော်ဆရာကြီးများသည် ထိုတောင်၌ ရှေ့လာမည့်သာသနာပွဲအတွက် ပါရမီရှင်တို့အားတိုက်ကျွေးနိုင်ရန် ရသာရတနဘေသဇ္ဇဓာတ်ပြာကိုလည်း စီမံ၍မြှုပ်နှံထားလေသည်။

ဝိဇ္ဇာလမ်းသဘောနှင့် ဝေဖန်လျှင် ဤကပ်ကာတောင်ကြီးသည် ထွက်ရပ်ပေါက်ဓာတ်ပစ္စည်းတို့၏စုဝေးထွက်ရာ၊ ဓာတ်ရတနာတို့မြှုပ်နှံသိုမှီးရာအမြုတေရတနာအိုးကြီးတစ်ခုဖြစ်သောကြောင့် အောင်မင်းခေါင် ဘိုးတော်ဘုရားသည် နိုင်ငံဓာတ်ကိုဖွင့်နိုးရန် ဝိဇ္ဇာဂိုဏ်းပေါင်းစုံတို့၏ သဘောတူညီ ဆုံးဖြတ်ချက်အရ ဓာတ်ကြီးတိုင်လုပ်ငန်းစဉ်ကို ရှေးဦးစွာ ဤကပ်ကာတောင်၌ ၁၃၀၀ ပြည့်နှစ်၊ သီတင်းကျွတ်လတွင် ကပ်ကာစေတီတော်တည်စိုက်၍ ဓာတ်ဖွင့်တော်မူလေသည်။

ထိုကပ်ကာကိုဓာတ်ဖွင့်ရခြင်းမှာလည်း သဘာဝဟိတ်သုံးချက်ကို အစွဲပြု၍ဖွင့်နိုင်ခြင်းပင် ဖြစ်သည်။ (၁)ကပ်ကာတောင်ဟူသော သဘာဝတစ်ချက်၊ (၂) ကပ်ကာရွာဟူသော သဘာဝတစ်ချက်၊ (၃) ကပ်ကာစေတီ ဟူသော သဘာဝတစ်ချက်၊ ဤသုံးချက်အခြေခံအုတ်မြစ်ချ၍ နိုင်ငံတော်ဓာတ်ကိုဖွင့်နိုး လသည်။

မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာကြီးတစ်ခုလုံး မီးဟုန်းဟုန်းတောက်လောင်၍ ကပ်ဆေးပွဲအမျိုးမျိုးဆိုက်ရောက်တော့မည်ကို ဝိဇ္ဇာဉာဏ်ဖြင့်သိတော်မူသောကြောင့် ရှေ့လာမည့်သာသနာပြုပွဲတွင် ပါဝင်ဆင်နွှဲကြမည့် ပါရမီရှင်တို့အား ကယ်ဆေးပွဲမှ လွတ်မြောက်၍ ဓာတ်အရသာတို့ကို ခံစားနိုင်ကြစေရန် ကပ်ကာစေတီတော်ကို တည်စိုက်ခြင်း




www.burmeseclassic.com

www.burmeseclassic.com



၁၃၀၀ ပြည့်နှစ်က ဘိုးတော် ဘိုးမင်းခေါင်ကိုယ်တိုင် ကျောက်ကိုးလုံးဖြင့် တည်ထားခဲ့သော ကပ်ကျော်စေတီ (စေတီ၏ထိပ်တွင် ဓာတ်ပြာပုလင်းအား စွပ်ထားသည်ကို တွေ့ရပါသည်)



၁၃၁၁ခုသီတင်းကျွတ်လဆန်း(၁၅)ရက်ထုတ် ပဉ္စမတွဲ အမှတ် (၈) ပထမ်တရားမဂ္ဂဇင်း၏မာတိကာဖြစ်၍ စဉ် (၈) တွင် ဤဆောင်းပါးပါသည်ကို ဖော်ပြထားသည်



၁၃၁၁ခု၊ သီတင်းကျွတ်လဆန်း (၁၅) ရက် ထုတ် ပထမ်တရားမဂ္ဂဇင်း၏ စာမျက်နှာ (၂၅) တွင် ဖော်ပြထားသော ကပ်ကာစေတီတော်နှင့် ဘိုးတော်ဘုရားဆောင်းပါးအစပိုင်း



ကျောက်ကိုးလုံးစေတီပုံ၏ကျောဘက်တွင် ခေါင်ချုပ် ရေးထားသောစာ



၁၃၁၁ ခု၊ သီတင်းကျွတ်လဆန်း (၁၅) ရက် ထုတ် ပထမ်တရားမဂ္ဂဇင်း၏ မျက်နှာဖုံးပုံ



သစ်ရွက်ချုံနွယ်များ ဖိတ်ဖုံးနေသော နတ်ရေကန်

ဖြစ်လေသည်။

တည်စိုက်ပုံမှာ ရှေးဦးစွာ ထိုတပ်တာဘောင်၌ ကျောက် (၉) လုံး တို့ ယူဆောင်၍ တစ်လုံးစီတစ်လုံးစီ အဓိဋ္ဌာန်ပြု၍ချတော်မူသည်။ ကျောက် ကိုးလုံးတို့ အစ္စိယာတ်သမ်းတွင်မှည့် ခေါ်သောအစည်ဖြင့် တစ်လုံးစီအမည် မှည့်ခေါ်လျက် ကိုးလုံးမြောက်တွင် ကျောက်ပရမေတ္တု ဓာတ်ဆောင်ပြီးလျှင် ကျောက်လုံးချင်းထိလျက်ချထားလေပြီး နောက် အလယ်တွင်တိုင်ထူ၍ ဓာတ်ပြာ ပုလင်းငယ်လေးကို တိုင်များ၌စွပ်လျက် ကပ်ကာစေတီတည်စိုက်လေ၏။ (ကပ်ကျော်စေတီဟုလည်းခေါ်သည်။)

လောကမျက်စိအမြင်ဖြင့် ကြည့်ရှုလျှင် ဘိုးတော်ဘုရားစေတီတည်ထားပုံမှာ ကလေးများကစားသလိုထင်ရသော်လည်း ထိုစေတီကို နွားကျောင်းသားများနှင့် ရွာသားများက တွေ့ရှိကြသောအခါ ကျောက်လုံးများကို တစ်ခုစီယူဖြစ်ကြလေသည်။ စိုက်ထားသောတိုင်ကိုလည်း နုတ်ပစ်ကြလေ၏။ သို့ရာတွင် ဘိုးတော်ဘုရား၏ အဓိဋ္ဌာန်တန်ခိုးတော်ကြောင့် ကျောက်လုံးကိုလည်း မဖျက်ဆီးနိုင်ကြချေ။ စိုက်ယူထားသောတိုင်ကိုလည်း မည်သူမျှမနုတ်နိုင်ကြချေပေ။

ကပ်ကာရွာသားများနှင့် နွားကျောင်းသားတို့မှာ အံ့အားသင့်စွာဖြင့် အုတ်အုတ်ကျက်ကျက်ဖြစ်ကြလျက် သူ့ထက်ငါသွားရောက်၍ ဖူးမြော်ကြည်ညိုကန်တော့ကြလေသည်။

အောင်မင်းခေါင်ဘိုးတော်ဘုရားသည် ကပ်ကာစေတီတော်ကိုတည်စိုက်ပြီးနောက် ကျိုက်ထီးရိုးတောင်ဝိဇ္ဇာဆရာကြီးများ၏အစည်းအဝေးသို့ ကြွရောက်တော်မူလေသည်။ ထိုမှတစ်ဆင့် ကမ္ဘာ့ဓာတ်ကြီးနှင့် သာသနာ့ဓာတ်ကြီးတို့ကို ဖွင့်နှိုးတော်မူရန် ပုပ္ပားတောင်ကလပ်သို့ ၁၃၀၀ပြည့်၊ တပေါင်းလအခါမိကြွတော်



www.burmeseclassic.com

www.burmeseclassic.com

မှူပြီးလျှင် လုပ်ငန်းစဉ်အရပ်ရပ်တို့ကို ဖွင့်နိုးဆော်မူလေသည်။

သက္ကရာဇ် ၁၃၀၂ ခုနှစ်တွင် ပထမံ ဂိုဏ်းတော်ကြီးမှ သာသနာပြုဆရာတော် တစ်ပါးအား စေလွှတ်၍ ၎င်းကပ်ကာ စေတီကို အုတ်အင်္ဂတေတို့ဖြင့် တစ်ဖန် မွမ်းမံတည်ဆောက်ပြန်လေရာ ယခုဖော်ပြ ထားသောစေတီပုံသည် ဘိုးဘုရားတည် စိုက်ခဲ့သော ကျောက်ကိုးလုံးစေတီတော် ကိုငုံ၍တည်ထားတော်မူသောစေတီတော် ဖြစ်လေသည်။

ဤသို့အားဖြင့် ဘိုးတော်ဘုရား သည် ကပ်ကာတောင်နှင့် ကပ်ကာရွာကို အစွဲပြုပြီးလျှင် ကပ်ကာစေတီတော်တည် စိုက်ခြင်း၏သဘောရင်းကို သာမန်ဝေဖန် ဖြစ်လေသည်။

သာသနာလုပ်ငန်းစဉ် သဘော တရားနှင့်ဝေဖန်လျှင် အောက်ပါသဘော တရားသုံးချက်ကို ဝေဖန်နိုင်သည်။

၁။ နိုင်ငံတော်အတွက်ကား အန္တရာယ် အမျိုးမျိုးမှ ကာကွယ်နိုင်ရန်။

၂။ ပါရမီရှင်အပေါင်းတို့သည် နိုင်ငံတော် ဓာတ်ကို ဆောင်ရွက်နိုင်ရန်။

၃။ တရားသိဒ္ဓိပေါက်ရောက်ကြသော ပါရမီရှင်တို့သည် ရသာယတနအာယု သိဒ္ဓိဓာတ်ကို သောက်စို့နိုင်ရန်။

အထက်ပါသဘော (၃) ချက်ကို ပဓာနထား၍ ကပ်ကာစေတီတော်ကို တည်စိုက်ခြင်း ဖြစ်သည်။

ဘိုးတော်ဘုရားစပ်ဆိုသောစာမှာ ပင်(ကပ်ကာမှာဓာတ်ပြာ)ဆိုသောကြောင့် ရသာယတန အာယုသိဒ္ဓိပေါက်သော ဓာတ်ပြာအိုးများ မြှုပ်နှံ၍ ပါရမီရှင်တို့ အား လိုက်ကျွေးရန်စီမံသောစေတီတော် ဖြစ်ကြောင်း ထင်ရှားလေသည်။

(ကိုရင်အောင်ရယ် ပြေးယူလိုက် ဦး) မိန့်မှာထားချက်အရ ဝေဖန်ပြန်သော် ဘိုးတော်ဘုရားသည် ဓာတ်ကြီးကိုင်သာ သနာပြုလုပ်ငန်းစဉ်ကို ဆောင်ရွက်တော် မူရာ၌ ပထမံဘိုးတော်အောင်နှင့်ဓာတ် တွဲ၍အမြဲဆောင်ရွက်တော်မူလေသည်။

ဝိဇ္ဇာဂိုဏ်းပေါင်းစုံအစည်းအဝေး တွင်လည်း ရှေ့လာမည့်သာသနာပြုပွဲ အတွက် ဘိုးတော်ဘုရားနှင့် ပထမံ ဘိုးတော်အောင်တို့အား လုပ်ငန်းစဉ် အရပ်ရပ်တို့ကို သဘောတူအပ်နှံကြ တော်မူလေသည်။

ထို့ကြောင့် ဘိုးတော်အောင်မင်း ခေါင်ဟူသော အမည်ပညတ်သည် ဘိုးတော်အောင်နှင့် ဘိုးတော်မင်းခေါင် တို့ကို မှည့်ခေါ် သမုတ်အပ်သောအမည် ပင် ဖြစ်လေသည်။

ကပ်ကာတောင်တွင် မြှုပ်နှံထား သော ရသာယတနဓာတ်ပြာမှာကား ပထမံသာသနာပြုအဖွဲ့ကြီးမှ ရွေးဦးစွာ ပါရမီရှင်များအား တိုက်ကျွေးရန်ဖြစ်လေ သည်။

ဘိုးဘုရားများသည် ပါရမီရှင်များ အား တိုက်ကျွေးရန်အတွက် ရသာယ တနဓာတ်ပြာအိုးကို ကပ်ကာတောင် တစ်ခုတည်းမှာသာ မြှုပ်နှံထားသည် မဟုတ်သေးပေ။ အခြားနေရာပေါင်း များစွာမှာလည်း မြှုပ်နှံ၍ ထားသည်မှာ အချိန်မရောက်၍ မထုတ်ဖော်လိုက် သော်လည်း ပညာနှင့်ဝေဖန်ကြည့်က သိနိုင်ပါလိမ့်မည်။

ဤယခုဖော်ပြအပ်သော စကား အစဉ်ဖြင့် ပါရမီရှင်တို့အား ကပ်ကာ တောင်စေတီတော်အကြောင်းတို့ကိုသိရှိ ရန် ပထမံတရားမဂ္ဂဇင်းမှ တင်ဆက် လိုက်ပါပြီ။

"ရသာယတနဘေသဇ္ဇဓာတ်ပြာကို သုံးဆောင်နိုင်ကြစေရန် ကြိုးစား၍ တရားသိဒ္ဓိ၊ ဓာတ်သိဒ္ဓိပေါက်အောင် ဆောင်ရွက် အားထုတ်နိုင်ကြပါစေ သတည်း။

အထက်ဖော်ပြပါတို့သည် ပထမံ တရားမဂ္ဂဇင်းကြီးမှ မူရင်းမပျက်တိုက် ရိုက်ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ ဆက်လက်၍ စာရေးသူတို့ကပ်ကာရွာ ကပ်ကာတောင်သို့ အရောက်သွား၍ ကပ်ကာစေတီကို ဖူးမြော်ခဲ့ရသည်များ ကို ရေးသားပါဦးမည်။ ကပ်ကာရွာသို့ သွားလိုသော စာရေးသူအား မငြိုဖြင်ပင် ဦးသာထွေး(ခေါ်) သာကဒူး (ကသာ) က ဆိုင်ကယ်ဖြင့်လိုက်ပို့ပေးပါသည်။ ဦးသာထွေးသည် သာကဒူး (ကသာ) ကလောင်အမည်ဖြင့် ဆေးဆောင်းပါး များရေးနေသူလည်း ဖြစ်၏ ကိုယ်တိုင် ဆေးပင်ဆေးမြစ်ဆေးရွက်တို့ကို ရှာဖွေ ၍ ဆေးဖော်ကာ ဆေးကုသပေးနေသူ လည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤ ဆောင်းပါးဖြင့် ဦးသာထွေး (ခေါ်) သာကဒူး (ကသာ)အား ဦးစွာမှတ်တမ်း တင်ဂုဏ်ပြုအပ်ပါသည်။

စာရေးသူတို့(၂)ဦး ကပ်ကာရွာသို့ သွားကြစဉ် အရင်ပေါ်မမြိုင်ရွာကျောင်း သို့ဝင်ပါသည်။ ကပ်ကာစေတီတော် သမိုင်းကြောင်းရေးသားထားသော ပထမံ တရားမဂ္ဂဇင်းကိုတွေ့၍ ကူးယူထားခဲ့ သည်။ (ဦး) ညိုကိုနိုင်(ကသာ)က ပေါ်မ မြိုင်ကျောင်းဆရာတော် ဦးဝါယမထံမှ သိရှိပြီး စာရေးသူအားတစ်ဆင့်အသိပေး ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဆရာတော်ထံ မှ နောက်ထပ် သိစရာရှိလျှင်သိရန် ဆရာတော်အား လျှောက်လိုခြင်း ဖြစ်ပါ သည်။ ဆရာတော်သည် ရွှေပြည်သစ်ရွာ ကျောင်းသို့ကြွသွားသည်ဟု သိရသဖြင့် ရွှေပြည်သစ်ရွာသို့လိုက်သွားရာ ဆရာ တော်ဦးဝါယမနှင့်တွေ့ပြီး ကပ်ကာရွာ သို့သွားမည့်အကြောင်း လျှောက်ထား ပါသည်။ ဆရာတော်က ပထမံတရား မဂ္ဂဇင်းထဲမှာတွေ့၍ ကူးယူထားခြင်းသာ ဖြစ်ပါသည်။ နောက်ထပ်ဘာမှပြောစရာ မရှိဟုဆိုသဖြင့် စာရေးသူတို့လည်းပြန် လှည့်ကာ ကပ်ကာရွာသို့သွားကြရပါ သည်။

ကပ်ကာရွာသည် တစ်ချိန်က တောကြီးမျက်မည်းထဲရှိ၍ အလွန်ခေါင် သောရွာ ဖြစ်ပါသည်။ စာရေးသူသည် မိုးတားကြီးအလယ်တန်းကျောင်းအုပ် လုပ်ခဲ့စဉ်က ရောက်ဖူးအောင် မိုးတားကြီး မှ မန်လွဲရွာသို့သွားခဲ့ပြီး မန်လွဲရွာမှ ကသာသို့အပြန် ကပ်ကာရွာကိုဖြတ်သွား ခဲ့ရသည်။ ထိုရွာတွင် ခေတ္တနား၊ လက်ဖက်ရည်သောက်ပြီးထွက်ခဲ့ရာ မံစီ ရွာကိုဖြတ်ရပြီး အင်းတော် - ကသာ ကားလမ်းသို့ပေါက်သွားပါသည်။ ထို ကားလမ်းကသာသို့ပြန်ရပါသည်။ ယခုမူ ထိုသို့မဟုတ်ပါချေ။ ကသာမှ မိုးတား ကြီး-ချောင်းဝသွား ကတ္တရာလမ်းမကြီး အတိုင်း ကသာမြို့အထက်ပိုင်းသို့သွားရ သည်။ ကသာ - မိုးတားကြီးလမ်းခွဲမှ (၉) မိုင်တွင် ညာဘက်က မင်းလယ်သို့ လည်းကောင်း၊ ဘယ်ဘက်က ကပ်ကာ သို့ လည်းကောင်း သွားသောလမ်းခွဲရှိ သည်။ ၎င်းလမ်းခွဲအတိုင်း အနောက် ဘက်သို့ (၆)မိုင်ခန့်ဝင်လိုက်လျှင် ကပ်ကာ ရွာကိုရောက်ပါသည်။ မြေညီလမ်းဖြစ် ၍ ဆိုင်ကယ်စီးလို့ကောင်းနေပါပြီ။

ကပ်ကာရွာထဲဝင်တော့ ကပ်ကာ ရွာ မူလတန်းကျောင်းတွင် စုံညီပွဲတော် နှင့်ဆုပေးပွဲကျင်းပနေပါသည်။ စာရေး သူတို့ ကပ်ကာရွာဘုန်းကြီးကျောင်းသို့ ရောက်သောအခါတွင် ဆရာတော်နှင့် ဦးပဥ္စင်းများဆွမ်းစားနေကြသဖြင့် ခေတ္တ ထိုင်စောင့်နေရပါသေးသည်။ ဆရာ တော်ဆွမ်းစားဆောင်မှကြွလာပြီးနောက် စာရေးသူတို့ကလာရင်း အကြောင်းကို လျှောက်ထားပါသည်။

ဆရာတော်ဘုရားက -

"ကျုပ်လည်း ဒီရွာသားမဟုတ် ဘူး။ စစ်ကိုင်းမြောင်နယ်ထဲကဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ရောက်တာ ဆယ်နှစ်တောင်မပြည့်သေးဘူး။ လူပြောသူပြောအရသာ သိထားတာပဲရှိတယ်။ ဒကာကြီးတို့ပထမံမဂ္ဂဇင်းဖတ်ရတယ်ဆိုတော့ ကျုပ်သိတာထက်တောင် ပိုသိဦးမယ်"

ဟု မိန့်ပါသည်။

"ဟုတ်ပါတယ် အရှင်ဘုရား၊ ဒီရွာက သက်ကြီးရွယ်အိုတွေရဲ့ပြောစကားရှိရင်သိချင်လို့ပါ ဘုရား"

"ကြာပြီဖြစ်လို့ အဘိုးအဘွားတွေတောင်မီလိုက်မယ်မထင်ဘူး။ ဒါပေမယ့် ပြောထားခဲ့တဲ့စကားတွေတော့ နောက်လူတွေသိကြပါလိမ့်မယ်။ ဟောဒီက ကပ္ပိယကြီးတွေလည်း အသက်(၆၀)ကျော်တွေဖြစ်လို့ အဘိုးအဘွားတွေပြောခဲ့တဲ့စကားများရှိရင်သိကြမှာပဲ။ သူတို့ကိုမေးပါ"

ဟု မိန့်ပြန်ပါသည်။

ကပ္ပိယလူကြီး (၉) ဦးကိုတွေ့ရပါသည်။ ဘုန်းကြီးအား ဝတ်ပြုနေကြခြင်းဖြစ်၏။ တစ်ဦးက ဦးသန်းအောင်။ နောက်တစ်ဦးက ဦးပြန့်၊ ကျန်တစ်ဦးက ဦးအုန်းမောင်တို့ ဖြစ်ကြပါသည်။

ဆရာတော်က နောက်ထပ်အသစ်ပြုပြင် ပြန်တည်သောဘုရားစေတီတွင် မထည့်လိုက်ရသောငွေပြားလိပ်ကို အခန်းတွင်းမှယူပြပြီး (ဆောင်းပါးအစတွင်ဖော်ပြပြီး) ၁၃၀၃ ခုနှစ်က တည်ခဲ့သော ကပ်ကျော်စေတီပုံကို မှန်ပေါင်နှင့်သွင်းထားသည်ကို လက်ညှိုးထိုးပြသဖြင့်သွားကြည့်ရာ ပထမံတရားမဂ္ဂဇင်းတွင်ပါသည့် စေတီပုံဖြစ်၍ ဓာတ်ပုံမရိုက်တော့ပါ။ ထို့နောက် ဘိုးတော်အောင်မင်းခေါင်ကျောက်ခဲကိုးလုံးဖြင့် စေတီတည်ပြီး ဓာတ်ပြာပုလင်းကို ဝါးလုံးတွင်စွပ်လျက်ထားသောပုံကို ပန်းချီဆွဲထားပြီး ပလတ်စတစ်လောင်းထားသည်ကိုဖြုတ်ယူကြည့်၍ ဓာတ်ပုံရိုက်ပါသည်။

"ဒီပုံကဟိုတုန်းကတည်းကဆွဲထားတဲ့ပုံလို့ထင်တယ်။ မှန်ပေါင်ပျက်နေလို့ ခုနောက်ပိုင်းမှ ပလတ်စတစ်လောင်းထားလိုက်တာ။ နောက်ကျောဘက်ကိုလည်းကြည့်လိုက်ဦး"

ဟု မိန့်ပါသည်။

သို့ဖြစ်၍ ထိုကျောက်ကိုးလုံးနှင့်တည်ထားသောစေတီပုံ၏နောက်ကျောသို့လှန်ကြည့်ရာ ဓာတ်ပုံတွင်မြင်ရသည့်အတိုင်း ကပ်ကာတောင်တော်ပေါ်ဗုဒ္ဓဘုရား စတ္တြာမင်းဟူသော ဖတ်လို့ရပြီး ကျန်စာများဖတ်လို့မရပါ။ ဒူဂဏန်းကျေးဂဏန်းနည်းဖြင့်ရေးထားသည်လား

ဟု ထင်ရပါသည်။

ကျောက်ကိုးလုံးပုံပန်းချီတွင် 'သက္ကရာဇ်နှစ် ၁၃၀၀ ခုနှစ်၊ 'ကသာမြို့နယ် ကကာရွာ ကမ်းပြိုတောင်ထိပ် ပေါ်တော်မူ ကပ်ကျော်စေတီ' ဟု ရေးထားသည်ကို သိရပြီး ယခုစာအရ ကမ်းပြိုတောင်ထိပ်တွင်လို့ ရေးထားတာကိုတွေ့ရတော့ ကွဲလွဲနေသလိုမဖြစ်ဘူးလားဟု စာရေးသူက ကပ္ပိယကြီးများကိုပြောရာ ကပ္ပိယကြီးတစ်ဦးက -

"ကပ်ကာရွာ ကပ်ကာတောင် ဆိုတာမှန်ပါတယ်။ ယခုတော့ အလွယ်နဲ့ ကကာရွာလို့ပဲခေါ်နေကြတာပါ။ ပြီးတော့ ကမ်းပြိုတောင်ဆိုတာက တောင်ကြီးရဲ့တစ်ဖက်အောက်မှာ ချောင်းရှိတယ်။ ဟိုတုန်းက ချောင်းရေက ရေစီးသန်တယ်။ ဒါကြောင့် ကမ်းပါးပြိုပြီး ကမ်းပါးစောက်နီနီကြီးဖြစ်နေတာရှိတယ်။ ဒါကြောင့် ကမ်းပြိုတောင်လို့လည်း အလွယ်ခေါ်ကြတာဖြစ်မှာပါ"

ဟု ရှင်းပြပါသည်။

ဆောင်းပါးတွင်ဖတ်ရသည့်အတိုင်းဆိုလျှင် ၁၃၀၀ ပြည့်နှစ် သီတင်းကျွတ်လတွင် ကပ်ကာတောင်ပေါ်၌ ကျောက်ကိုးလုံးကိုယူ၍ တစ်လုံးစီကို အမိဋ္ဌာန်ပြုချပြီး ဓာတ်ပြာပုလင်းလေးကို တိုင်ဖျား၌စွပ်လျက်ကပ်ကာစေတီတည်စိုက်လေသည်ဟုပါရှိရာ ထိုကျောက်ကိုးလုံးပုံပါအတိုင်း ဓာတ်တိုင်စိုက်ခြင်း ဖြစ်ပေမည်။ ထို့နောက် ၁၃၀၂ ခုနှစ်တွင် ပထမံကိုဏ်းတော်ကြီးမှ သာသနာပြုဆရာတော်တစ်ပါးအားစေလွှတ်၍ ၎င်းကပ်ကာစေတီတော်ကို ပြန်လည်တည်ဆောက်စေသည်ဟုပါသဖြင့် စေတီတော်တည်တုန်းကကြွလာတဲ့ဆရာတော်ကိုသိပါသလားဟု စာရေးသူက မေးရာ-

"ကျုပ်တို့ကတော့ မမီလိုက်ဘူး။ အဘိုးအဘွားတွေပြောစကားအရ ဆရာတော်ဦးပဏ္ဍာဝကြွလာတယ်။ဘုရားတည်မယ်လို့ပြောပြီး အဲဒီဆရာတော်ကိုယ်တိုင်ကမကထလုပ်ပြီးတည်တာပဲ။ ဘယ်ကငွေကြေးနဲ့တည်သလဲတော့မသိရဘူး။ နောက်ပိုင်းလှူကြတာတွေလည်းရှိတယ်။ အဲဒီဆရာတော်ကို ဘယ်ကကြွလာသလဲဆိုတာမသိကြဘူး။မမေးဖြစ်ကြတာလား၊ မေးရမှာကြောက်လို့လား၊ ဝိဇ္ဇာထွက်ရပ်ပေါက်တွေဖြစ်မှာပဲလို့ အောက်မေ့ကြပြီး မေးမြန်းစူးစမ်းတာလည်းမလုပ်ကြတာဖြစ်မှာပါ"

ဟု ကပ္ပိယကြီးတစ်ဦးကပြောပါသည်။

ထို့နောက် စာရေးသူတို့အား ထမင်းစားရန်ပြောသော်လည်း စာရေးသူတို့က -

"တောင်ပေါ်ကိုအရင်တက်ကြည့်ချင်သေးတယ်။ အပြန်မှစားတော့မယ်။ ပြောပြနိုင်အောင်လိုက်ခဲ့ကြပါဦး"

ဟုပြောရာ ဦးအုန်းမောင်ဆိုသူအား ထည့်လိုက်ပါသည်။ စာရေးသူတို့လည်း တောင်ပေါ်သို့စတက်ကြပါသည်။

စောင်းတန်းသည် လုပ်လက်စအသစ်သာရှိသေးပြီး တောင်တစ်ဝက်ခန့်သာလုပ်ထားနိုင်သေးသည်။ အထက်ဘက်တွင် တောက်လျှောက်မတက်ဘဲ တစ်ဆစ်ချိုးပြန်တက်သွား၏ထိုတစ်ဆစ်ချိုးအတက်လမ်းမှာ မြေနီလမ်းဖြစ်သည်။ တောင်ပေါ်ရောက်သောအခါ ဘုရားဝင်းအား ခြံခတ်ထားပါသည်။ ခြံအပြင်ဘက်တွင် ကျောက်တိုင်မြင့်မြင့်ကိုတွေ့ရသည်။ အပေါ်တွင် ဟင်္သာရုပ်ထားသဖြင့် တံခွန်ကုက္ကားတိုင်ဟု ယူဆရပါသည်။ ခြံတံခါးကို ဝါးလုံးတန်းများနှင့်ပိတ်ထား၍ ဆွဲပြီးဝင်ရာ ဘယ်ဘက်တွင် နတ်စင်ကိုတွေ့ရပါသည်။ ထိုနတ်စင်တွင် ကျားရုပ်နှစ်ကောင်ရှိသည်။ ငှက်ပျောဖီး၊ မုန့်များတင်လှူထားသည်ကို တွေ့ရပါသည်။ တစ်ကောင်၏ရှေ့တွင် ကျားဖြူဟုရေးထားသော်လည်း အခြားတစ်ကောင်၏ရှေ့တွင် ဘာမှရေးမထားပါ။

လိုက်ပြသူ ဦးအုန်းမောင်က -

"ကျားဖြူလို့သာ ရေးထားပေမယ့် ကျွန်တော်တို့က မြီးရှည်၊ မြီးတိုလို့ခေါ်ကြတယ်။ ဟိုယခင် ပါလီမန်ခေတ်၊ မဆလခေတ်တွေတုန်းက ကသာသွားချင်ရင် တောလမ်းခရီးကသွားရတာမို့ ဘက်ထုတ်၊ အမတော်ကြေးထုတ်၊ သမငွေသွင်းသွားကြတဲ့အခါ မနက်စောစောဒီနတ်စင်ကိုလာပြီးတော့နတ်တင်တယ်။ ပြီးတော့ မြီးတို၊ မြီးရှည်တို့ လိုက်ပါစောင့်ရှောက်ပေးပါလို့ပြောရင် သွားနေတဲ့လူတွေ ခပ်လှမ်းလှမ်းက ကျားသံတွေ လိုက်ကြားရတယ်။ လိုက်ပါစောင့်ရှောက်တာပေါ့။ ပြောတဲ့သူကလည်း ကသာမှာ ညအိပ်မယ်၊ မအိပ်ဘူး ပြန်လာတဲ့အထိ စောင့်ပေးပါဆိုရင် စောင့်ပေးတယ်လို့ ယုံကြည်ကြတယ်။ အခုတော့ လမ်းတွေကလည်းကောင်းပြီ။ ဆိုင်ကယ်နဲ့သွားလို့ရပြီ။ တောလမ်းတောင်လမ်းကမဟုတ်တော့လို့ မြီးတို၊ မြီးရှည်တို့ကိုလည်း အကူအညီမခေါ်ကြတော့ပါဘူး။ ဒါပေမယ့် ရွာကိုစောင့်ရှောက်ပေးဖို့ ဝါဝင်ဝါထွက်နတ်တင်တယ်။ အချို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အခက်အခဲရှိတာကို စောင့်ရှောက်စေချင်လို့လာတင်ကြတာလည်းရှိတယ်" ဟု ပြောပြပါသည်။

ဓမ္မာရုံနှင့်ကပ်လျက်တွင် စေတီကြီးတစ်ဆူကို တွေ့ရပါသည်။ ၎င်းစေတီကြီးမှာ ၁၃၈၀ ပြည့်နှစ်က ကျောက်ကိုးလုံးဖြင့် အဘအောင်မင်းခေါင်တည်ခဲ့သော ကပ်ကျော်စေတီကို ၁၃၀၃ ခုနှစ်တွင်ငုံပြီးလျှင် ကပ်ကျော်စေတီကြီးတည်ထားခဲ့သည်။ ၁၃၇၇ ခုနှစ်တွင် ပြန်လည်ပြုပြင်ခြင်း၊ ထီးတော်အသစ်တင်လှူခြင်းတို့ပြုလုပ်ထားပါသည်။ ထိုစေတီကြီး၏ ဖိနပ်ခုံတွင် စေတီကြီးတည်ထားကိုးကွယ်ခဲ့ခြင်းနှင့် ပြန်လည်ပြုပြင်၍ ထီးတော်တင်ခြင်းအကြောင်းရေးသားထားသော စကျင်ကျောက်စာချပ်ကြီးကိုကပ်ထားပါသည်။ စာရေးသူတို့အား လိုက်ပို့သော ဦးအုန်းမောင်၏အမည်ကိုလည်း တွေ့ရပါသည်။

ထီးတင်စဉ်က အသုံးပြုခဲ့ပြီး မပျက်သေးဘဲထားသောမဏ္ဍပ်တဲကိုတွေ့ရသည်။ ရှေ့ဆက်သွားသောအခါ ဗောဓိညောင်ပင်နှင့် ရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့ရသည်။ ဗောဓိညောင်သည် မကြီးသေးပါ။ ညောင်ပင်ရင်းတွင် ရုပ်တုအဟောင်းများစုမုံထားသည်။ ၎င်းကို ဦးအုန်းမောင်ကပြောသည်မှာ ထိုအရုပ်များသည် ကြိုဟ်ရှစ်ခွင်စေတီတော်အဟောင်းမှအရုပ်များဖြစ်သည်။ အသစ်ပြန်တည်သော ဂြိုဟ်ရှစ်ခွင်စေတီတွင် သစ်သားများထွင်းသောရုပ်တုများကို မထားတော့ဘဲ အင်္ဂတေဖြင့် အရုပ်များထွင်းထားခြင်းဖြစ်သည်။ သစ်သားရုပ်တုများမှာပျက်လွယ်သည်။

ဆက်လက်၍ သွားသောအခါ ခြေတော်ရာပုံစံကို လည်းကောင်း၊ ကျိုက်ထီးရိုးပုံစံကို လည်းကောင်း တည်ထားသည်တို့ကို တွေ့ခဲ့ရပါသည်။ ဦးသာထွေး (ခေါ်) သာကဒူး (ကသော) သည် ဆေးဆရာပီပီ တွေ့သမျှအပင်များကို ဦးအုန်းမောင်အား မေးပါသည်။ ဦးအုန်းမောင်ကလည်း သူသိသောအမည်များကိုပြောပြသည်။ တချို့မှာ ဦးသာထွေးသိသောအမည်နှင့်ကွဲလွဲနေသည်။ မည်သို့ဆေးဖက်ဝင်ကြောင်းမေးလျှင်လည်း ဦးအုန်းမောင်က မေးသမျှကို မဖြေနိုင်ပါ။ ဤသို့ဖြင့် တောင်ပေါ်ရှိ တည်ထားသည်တို့ကိုကြည့်၍ ကုန်ပြီဖြစ်ပါသည်။ တောင်၏တစ်ဖက်ခြမ်းကိုဆင်းသွားလျှင် ကမ်းပါးနီကို တွေ့ရမည်။ ၁၃၉၀ မတိုင်ခင်က ရဟန်းတစ်ပါးဝါးကျောင်းကလေးဖြင့် သီတင်းသုံး တရားကျင့်ခဲ့သောနေရာလည်းရှိသည်ဟု ဦးအုန်းမောင်ကပြောသဖြင့် တောင်ဆင်ခြေလျှောအတိုင်းဆင်းခဲ့ကြသည်။ ထိုသို့ဖြင့် လဲကျလျှောကျမသွားအောင် ဆင်းနေရင်းဖြင့် ဘာပင်ခေါ်သလဲ၊ ဘာဆေးအတွက်အသုံးဝင်သလဲစသည် မေးနေသည်။ စာရေးသူကတော့ လျှောမသွားအောင် ကိုယ်ကိုထိန်း၍ဆင်းနေရသည်။ တောင်အောက်ရောက်ခါနီး ကုန်းကမူလေးကို ဦးအုန်းမောင်ကပြပြီး ဒီနေရာမှာ ၁၃၀၀ ပြည့်မတိုင်ခင်က ရဟန်းတစ်ပါး တရားအားထုတ်သွားတဲ့နေရာဟုပြပါသည်။ သူ၏အိုးဘွားများပြောစကားအရ ထိုရဟန်းတော်အား နတ်သိကြားများက တရားဟောခိုင်းသဖြင့် တရားဟောခဲ့ရဟု သိခဲ့ရပါသည်။

မည်သည့်ရေကိုသောက်သုံးသလဲဟုမေးရာ ချောင်းနှင့်ကပ်လျက်ရှိသော တောင်ခြေတွင် နတ်ရေတွင်းရှိကြောင်း၊ ယခုတော့ မသုံးတော့ကြောင်း ပြောပြပါသည်။ စာရေးသူတို့အဖွဲ့သည် တောင်ခြေချောင်းစပ်သို့ ရောက်သွားသည်။ စာရေးသူက ဟိုယခင်တမံလွှဲမှလာသောလမ်းမဟုတ်လားမေးရာ ဟုတ်မှန်ကြောင်း၊ ယခုတော့ အသုံးမပြုတော့ဟု ပြန်ဖြေပါသည်။ ချောင်းအမည်ကို မေးမြန်းပြန်ရာ ကပ်ကာချောင်းဟုသာခေါ်ပြီး ရေဝေကုန်းတန်းမှာရှိသော ပင်းတင်ချောင်းဖျားမှခွဲပြီးစီးဆင်းလာသည်ဟု ပြောပါသည်။

ထို့နောက် နတ်ရေကန်ကို သစ်ခက်သစ်ရွက်များ ဖုံးအုပ်လျက်တွေ့ရပါသည်။ ရှာနှင့်လည်းဝေးသည်ဖြစ်၍ အသုံးမပြုတော့ပါ။ ကပ်ကာချောင်းသည် ယခင်က ရေစီးသန်ပြီး တောင်ကိုဦးတိုက်ထားသဖြင့် ကမ်းပါးပြိုရခြင်းဖြစ်သည်။ယခု ချောင်းရေမှာ ခြေမျက်စိမြုပ်ရုံသာသာရှိတော့သည်။ ရေစီးလည်း မသန်တော့သဖြင့် ကမ်းပါးပြိုသည်မှာ ကြာပြီ ဖြစ်သည်။ ထို့ကြောင့် ယခင်က ကမ်းပါးပြိုသဖြင့် မြေနီကမ်းပါးယံပေါ်နေသော်လည်း ယခုမူ ချုံနွယ်တို့ဖုံးအုပ်နေသဖြင့် ကမ်းပါးယံကို ပီပီပြင်ပြင် မမြင်ရတော့ပါ။

စာရေးသူတို့သည် စကားတပြောပြောဖြင့်ပြန်လာကြရာ ဘုန်းကြီးကျောင်းဝင်းသို့ ပြန်ရောက်လာပါသည်။ ကျောင်းပေါ်ရောက်သောအခါ စာရေးသူတို့သုံးယောက်အား ထမင်းစားရန် စောင့်နေကြပါသည်။ ထို့ကြောင့် ကျန်ရစ်ခဲ့သူ ကပ္ပိယနှစ်ဦးနှင့်အတူ ထမင်းလက်ဆုံစားကြပြီးလျှင် ဆရာတော်ကြီးအား နှုတ်ဆက်ဦးချကန်တော့ကာ ပြန်ခဲ့ကြပါသည်။

ကပ်ကာရွာမှ ဆရာတော် ဦးကေသရမောလိအား လည်းကောင်း၊ ပြောပြ၍လိုက်ပို့သော ကပ္ပိယကြီး ဦးအုန်းမောင်နှင့် အခြားပုဂ္ဂိုလ်နှစ်ဦးတို့အား လည်းကောင်း ဤဆောင်းပါးရေး ဖြစ်လာအောင် အစဖော်ပေးသော (ဦး)ညိုကိုနိုင်(ကသော)အားလည်းကောင်း၊ ပထမမဂ္ဂဇင်းမှာတွေ့သဖြင့် သမိုင်းဝင်သတ်မှတ်ပြီး ကူးယူထားသော ပေါမြိုင်ဆရာတော်ဦးဝါယမအားလည်းကောင်း၊ လိုက်ပို့ပေးသော ဦးသာထွေး (သာကဒူး-ကသော)အားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုအပ်ပါသည်။

ကပ်ဆေးပွဲမှလွန်မြောက်၍ ပါရမီရင့်သန်ကြပြီးလျှင် ဗုဒ္ဓသာသနာတော်ကို ထိန်းသိမ်း စောင့်ရှောက်နိုင်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များဖြစ်ကြပါစေ။

ကသောသင်းမွှေး

**စာကြွင်း**

ဤဆောင်းပါးကို ရေးသားပြီးသည့်ညနေပိုင်းတွင် (ဦး)ညိုကိုနိုင်(ကသော)နှင့်တွေ့ရာ မနက်ဖြန်တွင် ကသောမြို့နယ် ရပ်ကွက် (၈)စေတီကုန်းဘုန်းတော်ကြီး ပေါမြိုင်ဆရာတော် ဦးဝါယမနှင့် ကပ်ကာကျောင်းဆရာတော် ဦးကေသရမောလိတို့ နေ့ဆွမ်းစားအမီ ကြွရောက်လာကြမည်ဟု သတင်းပေးပါသည်။ ထို့ကြောင့် ဆရာတော်နှစ်ပါးနှင့်တွေ့ရန် စေတီကုန်းဘုန်းတော်ကြီးကျောင်းသို့ သွားခဲ့ပါသည်။စေတီကုန်းရွာမှဆွမ်းကပ်ဝေယျာဝစ္စများဆောင်ရွက်နေကြသော ဦးသာထွေး(သာကဒူး-ကသော) ဦးညွန့်သောင်း၊ ဦးဖေတင်တို့အား တွေ့ရပြီး ဆရာတော်နှစ်ပါးတို့အား ကပ်ကာစေတီတော်နှင့်ပတ်သက်၍ လိုအပ်သည်တို့ရှိလျှင် သိလိုပါကြောင်း လျှောက်ထားပါသည်။

၁။ ကပ်ကာစေတီတော်ကြီးသည် နှစ်စဉ် ရောင်ခြည်တော်ကွန့်မြူးခဲ့သည်။ လပြည့်၊ လကွယ်ရှစ်ရက်သီတင်းဥပုသ်နေ့များတွင် ညသော်လည်းကောင်း၊ နေ့သော်လည်းကောင်း ကွန့်မြူးသည်ကို



www.burmeseclassic.com

www.burmeseclassic.com

သူရိန်ထွန်း(ဝိဇ္ဇာစရဏ)ပြည်

# ပညတ်သွားရာ ဓာတ်သက်ပါ

သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟု ခေါ်ဆိုအပ်သော လောကသုံးပါးတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုသော အကြောင်းတရား၏ ထောက်ပံ့မှုကြောင့် သက်ရှိ သတ္တဝါများ ဖြစ်ပေါ်ရပါသည်။ ထို (၄)ပါးသောအကြောင်းတရားတို့ကြောင့် ပင် မျက်စီးကုန်ဆုံးခြင်းသို့ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဆိုသည့် လောကဓမ္မတာ နိယာမဖြစ်စဉ်အတိုင်း ဖြစ်ပျက်နေကြရပါသည်။ ဩကာသလောကဟုခေါ်ဆိုထိုက်သော သာယာချမ်းမြေ့ဖွယ် အလှအပသုခတို့သည်လည်း ဤလောကတွင် ရှိပါသည်။ မနှစ်မြို့စရာ ကြောက်လန့်ဖွယ်ရာဒုက္ခတို့နှင့် ရောပြွမ်းနေခြင်းကြောင့် ပုထုဇဉ်ပီပီ ချမ်းသာသုခကို အပြည့်အဝမခံစားနိုင်ကြပါ။ သို့သော် ဥတုနိယာမကြောင့် ဗီဇအာဟာရမှ ဖြစ်တည်လာသော သက်မဲ့တို့တွင် သက်ရှိများကဲ့သို့ ကံစိတ်အကြောင်းတရားများ မပါရှိပါ။ ဗီဇ၏သဟဇာတဖြစ်သော အာဟာရပေါ်တွင်တည်၍ ဥတု၏ အထောက်အပံ့ကြောင့် ဖြစ်တည်လာသည့်အရာများသာ ဖြစ်ကြပါသည်။ ထို့ကြောင့် မျှတသည့် အာဟာရနှင့် ဥတုတည်ရှိနေသရွေ့ ဗျာဓိနှင့် မရဏတရားများ မဝင်ရောက်နိုင်ပါ။ သက်တမ်းဟူသည့် နှစ်အကန့်အသတ် သတ်မှတ်၍မရပါ။ နှစ်ပေါင်းရာထောင်ချီ၍တည်ရှိနေသော ပတ္တမြား၊ ကျောက်စိမ်းတို့မှာ ထိုသဘာဝတရား၏ အဓိကပြယုဂ်များ ဖြစ်ကြပါသည်။ ထို့အပြင် သဘာဝတရားတို့၏ နိယာမဖြစ်စဉ်ကို ဆန့်ကျင်သော လောကတွင် တစ်ခုတည်းသော ပြဒါးဓာတ်၏ ဗီဇမျိုးကိန်းဝပ်ဖြစ်ပေါ်ရသော သက်မဲ့အရာဝတ္ထုဖြစ်ခြင်းကြောင့် ဗျာဓိ၊ မရဏ ဟူသည့် သဘာဝကိုတွန်းလှန်၍ အိုမင်းရင့်ရော်ခြင်းမှ နုပျိုသန်စွမ်းခြင်းဟူသော ပဋိလောမအစဉ်အားဖြင့် ဖြစ်ပေါ်လည်ပတ်စေခြင်း (ယောဗ္ဗနသိဒ္ဓိ) ရရှိနိုင်သောစွမ်းအားမှာ ပြဒါးဓာတ်တွင်ရှိကြောင်း ဘုရားဟောဒေသနာနှင့် ဝေဒကျမ်းများတွင် အခိုင်အမာ ပြဆိုထားပါသည်။

ဤဘဒ္ဒကမ္ဘာဦးမှ စတင်၍ ဖြဟ္မာပြည်ရောက်ကြောင်း အလွန်မြင့်မြတ်သောကျင့်စဉ်တို့ဖြင့် ကျင့်ကြံ၍ ဈာန်အဘိညာဏ်ရ ရသေ့မြတ်များက လူပုဂ္ဂိုလ်များအတွက် ဖော်ထုတ်ကျမ်းပြု၍ ထားရစ်ခဲ့သော သက်ရှိ၊ သက်မဲ့တို့၏ နိယာမဖြစ်စဉ်များကို သိမှတ်သင်ကြားရန် ဝေဒကျမ်းများအဖြစ် ထင်ရှားရှိနေခြင်း ဖြစ်ပါသည်။

အဝိညာဏကဖြစ်သော ကမ္ဘာတည်ပုံကို ကျမ်းဂန်၌ ပြဆိုသည်ကား ထက်အောက် . အဇ္ဈာကာသအခိုးကောင်းကင်ကြီးသည် တေဇောဓာတ်လည်းကောင်း၊ အတက္ကဝါယုမဏ္ဍလ လေလုံးလေခဲကြီးသည် ဝါယောဓာတ်လည်းကောင်း၊ အတဇလမဏ္ဍလရေလုံး

---

ကပ်ကာရွာသားဖြစ်သော ပေါမမြိုင် ဆရာတော်ငယ်စဉ်က ကိုယ်တိုင်ဖူးခဲ့ရကြောင်း၊ ယခုဓာတ်တော်မကွန့်မြူးသည်မှာ နှစ်ပေါင်း (၃၀) ခန့်ကြာခဲ့ပြီဖြစ်ကြောင်း မိန့်ကြားပါသည်။

၂။ စေတီကြီးနားရှိ ဓမ္မာရုံနှင့် ကပ်လျက်တွင် သရက်ချိုပင်ရှိခဲ့သည်။ တောသရက်ဖြစ်သော်လည်း အရွက်ကိုသော် လည်းကောင်း၊ အခေါက်ကိုသော်လည်းကောင်း ဝါးကြည့်လျှင် ချိုသော အရသာကိုတွေ့ရသည်။ ထိုသရက်ပင်ကို ဆရာတော်ဦးဝါယမက မသိမဓိ လိုက်ပါ။ အသက် (၈၂) နှစ်ရှိ ဦးညွန့်သောင်းက ပြောသည်မှာ သူဆယ့်လေးငါးနှစ်ကျောင်းသားအရွယ်တုန်းက ဆရာတော်တစ်ပါးက ဓမ္မာရုံနှင့်မလွတ်သဖြင့် ခုတ်ခိုင်းသောကြောင့်ခုတ်လိုက်ရကြောင်း၊ ခုတ်ခိုင်းသော ဆရာတော်သည် လပိုင်းအတွင်း လူထွက်သွားပြီး (၃)နှစ်ခန့်ကြာသော် သေဆုံးသွားကြောင်း ပြောပြပါသည်။ စေတီတော်ကြီး၏ဘေးနားရှိ ရေကန်နားတွင် ဆီးချိုပင်လည်းရှိခဲ့ကြောင်း ပြောပြပါသည်။ ဆီးချိုပင်မှာ သူ့အလိုလိုသေသွားပါသည်။

၃။ ဂျပန်ခေတ်တွင် ဂျပန်တပ်ဖွဲ့တစ်ဖွဲ့သည် ကပ်ကာတောင်ပေါ်တွင် စအည်းချစဉ် ဆင်းတုတော်ခေါင်းများကို ဖိုခုံလောက်လုပ်၍ ထမင်းဟင်းချက်ခဲ့ကြသည်။ ထိုဂျပန်တပ်ဖွဲ့သည် တောင်ပေါ်၌ကြာကြာမနေ။ နှစ်ရက်၊သုံးရက်သာနေပြီး တောင်ပေါ်မှဆင်းသွားခဲ့သည်။ ဦးဖေတင်ပြောသည်မှာ သူ့အသက် (၃၀) ခန့်က ထိုတောင်ပေါ်တွင် ကိုရင်ဝတ်ဖြင့် အဓိဋ္ဌာန်ဝင်ခဲ့ကြောင်း၊ တရားနှင့်နေသူဖြစ်၍ ဘာမှအကြောက်အလန့်မရှိခဲ့ကြောင်း၊ မတရားလုပ်သူတို့သာ တောင်ပေါ်တွင် ကြာကြာမနေနိုင်ကြောင်းပြောပါသည်။

စာရေးသူသည် နာရေးကိစ္စတစ်ခုဖြင့် ထီးချိုင့်သို့ ၂၁-၁-၂၀၁၇ ရက်နေ့ကသွားခဲ့ရပါသည်။ ပေါမမြိုင်ဆရာတော်ထံမှ လည်းကောင်း၊ ဦးသာထွေး (သာကဒူး-ကသာ) မှ လည်းကောင်း၊ ကပ်ကာတောင်စေတီတွင် ၂၁-၁-၂၀၁၇ ညနှင့် ၂၂-၁-၂၀၁၇ ရက်နေ့ နံနက် (၄) နာရီ၊ နံနက် (၈) နာရီ၊ နေ့လယ် (၁၂) နာရီ၊ မွန်းလွဲ(၂) နာရီတို့တွင် ရောင်ခြည်တော်များကွန့်မြူးခဲ့ကြောင်း ဖုန်းဆက်ပြောလာ၏။ ၂၃-၁-၂၀၁၇ ဆွမ်းတရားနာစဉ် မိတ်ဆွေတစ်ဦးမှ ညက အင်တာနက်တွင် ကသာမြို့ ကပ်ကာစေတီတွင် ရောင်ခြည်တော် ကွန့်မြူးနေသည်ကိုတွေ့လိုက်ရကြောင်း ပြောပါသည်။ နောက်မှ (ဦး)အေးလွင် (ကသာ) အား ရောင်ခြည်တော်ကွန့်မြူးနေပုံကို ဓာတ်ပုံကူးယူ၍ ရေးလက်စဆောင်းပါးတွင်ထည့်မည်ဟုခွင့်တောင်းပြီး ဤဆောင်းပါးနှင့်အတူပို့လိုက်ပါသည်။ ရောင်ခြည်တော်မကွန့်မြူးသည်မှာကြာခဲ့ပြီဖြစ်၍ ယခုမှ ထူးထူးခြားခြား ကွန့်မြူးခြင်းဖြစ်ပါသည်။ ၅-၁-၂၀၁၇ ရက်ကလည်း ကွန့်မြူးခဲ့သည်ဟု သိရပါသည်။ ညတွင် ကွန့်မြူးသော စေတီကြီး၏ပုံမှာမည်းနေသဖြင့် နေ့လယ် စေတီရဲ့တစ်ဆူမှ ရောင်ခြည်တော်ကွန့်မြူးပုံကိုသာထည့်လိုက်ရပါသည်။

www.burmeseclassic.com

ရေခဲကြီးမှာ အာပေါဓာတ်လည်းကောင်း၊ အတက္ကဘူမဏ္ဍလ မြေစိုင်ကျောက်ခဲကြီးသည် ပထဝီဓာတ်ဟူ၍ အစဉ်မလွဲဖြစ်ပေါ်လာရသည်ကို အဘိဓမ္မာလင်္ကာရကျမ်း၌ မီးနှင့်ကား လေ၊ ရေနှင့်မြေ၊ မိတ်ဆွေတော်၊ တော်ကြ သဟာယဟုပြဆို၍ မြေရေလေမီးဓာတ်ကြီးလေးပါးတို့အစဉ်မှဖောက်ပြန်လျှင် ရန်ဖြစ်ပျက်စီးရသောကြောင့် မီးနှင့်ကားရေ၊ လေနှင့်မြေ၊ မိတ်ဆွေမစပ် ပဋိယာတ်ဟု ဆိုလေသည်။အဝိညာဏကဖြစ်သော လောကဓာတ်ကြီးတစ်ခုလုံး ဓာတ်ကြီးလေးပါးအစဉ်အတိုင်းတည်ရသည်မဟုတ် သဝိညာဏကဖြစ်သော လူတို့တွင်လည်း ဓာတ်လေးပါးအစဉ်အတိုင်းတည်ရလေသည်။ အမိဝမ်းတွင် ပဋိသန္ဓေတည်နေသောအခါ ကလလသတ္တာဟ၌ တေဇောဓာတ်အစပြု၍ နောက်အမြှုပ်ဖြစ်သော အဗ္ဗုဒသတ္တာဟ၌ ဝါယောဓာတ်သည်လည်းကောင်း၊ ထို့နောက် သွေးဖြစ်သော ဃနသတ္တာဟ၌ အာပေါဓာတ်သည်လည်းကောင်း၊ ထို့နောက် သားတစ်ဖြစ်သောသတ္တာဟ၌ ပထဝီဓာတ်တို့ စသည်ဖြင့် အစဉ်အတိုင်း ဖြစ်တည်ရသဖြင့် ဒွါဒသိမ်ကျမ်း၌ (မြချိန်ကာလလံ ပဋိသံမှာ၊ ဂမ္ဘတွင်ညီ၊ ဆယ်လချီ၍၊ ဇေယျတွင်၊ ဆီကြည်စဉ်၍၊ သွေးမျှင်မွေးဖျား၊ တစက်လားသို့၊ ရှေးဖျားအစ၊ ကလလမှ၊ ပဉ္စမသတ္တာ၊ ရက်တို့မှာပင်၊ ဆောင်လာပါတ်ချုပ်၊ တေဇောအုပ်သော်၊ သတ္တကျော်က၊ ဒုတိယမှာ၊ အမြှုတ်သာတည့်၊ ဝင်ခါဝါယော၊ စိုးသောသတ္တ၊ မာသေပြ၏၊ တတိယမှာ အာပေါလာ၍၊ သွေးသားအခဲ၊ သတ္တစွဲလို့၊ ခေါ်မြဲသတ္တ၊ စတုတ္ထမှာ သားတစ်လာ၏၊ စိုးကာပထဝီ၊ သတ္တမှီလို့၊ အညီတွက်ဆ၊ ကိန်းအရလည်း၊ သတ္တာပဉ္စ၊ ခက်ငါးဖြာနှင့်၊ စွန်းလာတစ်ဆယ်၊ လဝယ်ကြာသား) ဟူ၍ စပ်ဆိုကျမ်းပြုသည်ကိုထောက်၍ သူနာဆေးကုလုပ်ရပ်မှု စသည်တို့၌ပင် မြေ၊ ရေ၊ လေ၊ မီး ဓာတ် ကြီး (၄) ပါးအရင်းထား၍ ဓာတ် (၄) ပါးအလွန်အယုတ်ကို ဉာဏ်ဖြင့်ဆင်ခြင်၍ ပဋိသန္ဓေတည်နေသည်ကို မှန်ကန်စွာသိ ဉာဏ်သတိဖြင့် ဖန်ဖန်ကြိုးကုတ် မဆုတ်မနစ်ဝီရိယရှင်ဖြစ်မှ ထိုပြင် ရှေးပညာရှင်များကျမ်းပြုထားခဲ့သော အကောက်အယူဓာတ်ပညတ်များကိုလည်း ဆိုင်ရာအကောက်အယူဖြောင့်မှန်စွာ ကောက်ယူနိုင်ကြစေရန်။

ပထမရွှေငွေကိုဖြစ်စေသော မနသိဒ္ဓိပညာကို မဇ္ဈိမဒေသမှ တတ်မြောက်ခဲ့သော သာကီဝင်မင်းသား ကံရာဇာကြီးမင်းသည် တကောင်းပြည်ကြီးကိုတည်ထောင်တော်မူသောအချိန်မှစ၍ ဇရာဝတီမြစ်၏ ဝဲယာတို့၌ ထိုလုပ်ရပ်အင်္ဂါရတ်ပညာသည် ရှေးဦးအစပထမဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ထိုမှစ၍နောင်လာနောက်သားပညာရှိသူအပေါင်းတို့ကိုတတ်မြောက်စေခြင်းငှာ ဓာတ်ကြီး (၉) ပါးနှင့် အက္ခရာဓာတ် (၁၂) ပါးတို့ ဂဠုန်၊ ကြောင်၊ ကျား စသည်ဖြင့် အမည်အမျိုးမျိုးပေး၍ တကောင်းပညတ်ဟူ၍ ဖြစ်ပေါ်လာရပါသည်။ ထိုပညတ်အက္ခရာကောက်ယူပုံကို ဂဠုန်ကားက၊ ကျားကာခ၊ ဂကားခြင်္သေ့စသည်ဖြင့် ဗျည်းဆွဲတိုင်အောင် (၉) လုံးရေးပြီးမှ၊ ညကစ၍ ဒထွေးအထိ (၉) လုံးတစ်တန်း၊ ဓအောက်ခြိုက်ကစ၍၊ ရကောက်အထိ (၉) လုံးတန်း၊ လကစ၍၊ ဤအထိ (၉) လုံးတန်း ဥကစ၍ (၉) လုံးမပြည့် တစ်လုံးလျော့သည်ကို ကြက်ခြေထား၍တစ်တန်း ဤသို့ပြထားသော ကောက်ယူမှုကို တကောင်းပညတ်ကောက်ယူပုံခေါ်သည်။

ကျမ်းများတွင်ဆိုခဲ့ခြင်း ဖြစ်သည်။ ဓာတ်သေ တရွေး တိုင်းပြည်ကျွေးဆိုခြင်းတွင် သေခြင်း (၃) မျိုးပြဆိုပါသည်။ ခဏိကမရဏ၊ စုတိမရဏ၊ သမုစ္ဆေဒမရဏဟူ၍ (၃)မျိုးရှိသည်တွင် ထွက်သက်၊ ဝင်သက်ချုပ်ခြင်းသည် ခဏိကမရဏ မည်၏။ ဤဘဝမှ ဘဝတစ်ပါး ကူးပြောင်း စုတိသေလွန်ခြင်းသည် စုတိမရဏဖြစ်၍ နိဗ္ဗာန်ဝင်ခြင်းသည် သမုစ္ဆေဒမရဏဖြစ်သောကြောင့် ဦးအောင်ရကန်တွင်ဆိုသော ဒန်စင်အသေရုပ်ကာရေကို ဆယ့်နှစ်ထွေပြန်၊ ဓာတ်သွားမှန်က၊ ရွှေသံပြာရောက်၊ အာယုပေါက်လိမ့် ဆိုသောသေခြင်းမှာ သမုစ္ဆေဒမရဏသေခြင်းကို ဆိုလိုပါသည်။ ဓာတ်မသေလျှင် ရွှေငွေမဖြစ်ပါ။

သုဝဏ္ဏဘူမိ အမည်ရှိသော သထုံပြည် ကောင်းစား စည်ပင်စဉ်အခါက သထုံမြို့သား ဝိဇ္ဇာပညာပေါက်မြောက်အောင်မြင်၍ သထုံဝိဇ္ဇာစိုရ်ကျမ်းဟု လုပ်ရတ်ကျမ်းကိုရေးသားစီရင်ပြီး ဓာတ်ကောက်ပုံပညတ်ကို ရေးသားခဲ့၍ သထုံပညတ်ဟု အမည်တွင်စေ၏။ နောင်ကာလရှည်ကြာမှ သထုံမြို့စား ယွန်းရှုံး

**တကောင်းပညတ်**

| ဂဠုန် | ကျား | ခြင်္သေ့ | ဆင် | ကြွက် | မွေး | နဂါး | ဟိုင်း | ကိတ် |
|---|---|---|---|---|---|---|---|---|
| က | ခ | ဂ | ဃ | င | စ | ဆ | ဇ | ဈ |
| ည | ဋ | ဌ | ဍ | ဎ | ဏ | တ | ထ | ဒ |
| ဓ | န | ပ | ဖ | ဗ | ဘ | မ | ယ | ရ |
| လ | ဝ | သ | ဟ | ဠ | အ | အာ | ဣ | ဤ |
| ဥ | ဦ | ဧ | အဲ | ဩ | ဪ | အံ | အား | × |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |

ကိတ်ဓာတ်ဟုခေါ်ဆိုသော ရွှေသည် မူလဓာတ်ရင်း ကိုးနဝင်းဖြစ်သည်။ အသက်ကိုတည်၍ (၉) ခုဖြင့်စား သုဉ်းလျှင်မကောင်း၊ အိမ်ခြေပြောင်းပြန်၊ ပူပန်သောက၊ တွင်းဆုံးကျတတ်သည်။ အဘယ်ကြောင့်ဆိုသော် မူလကိတ်နာမ်ဓာတ်ကွင်းသောကြောင့် ဖြစ်သည်။ ထိုကိတ်နံ့သုဉ်းမှုအသက်ရှိသောသတ္တဝါတို့တွင် မကောင်းပြဒါးဆိုသောဓာတ်တို့တွင်မူ အသေဟုဗေဒင်ကြောင်းတွင်ဆို၏။ ထို့ကြောင့် ကောင်းစမတိုင် မကြံနိုင်သော် ခရိုင် (၉) နှင့်ပေါင်းဟု ဓာတ်ပညာရှိတို့ တစ်ကားဂဠုန် ယူတုံနာယမ်း စသည်ဖြင့် လက်ာဖွဲ့စီကုန်းပြီးလျှင် သဘော်ပုံနှင့်တကွ (သဘော်ပုံ သထုံပညတ်) ဟု ပေါ်ပေါက်လာခြင်း ဖြစ်သောကြောင့် လက်ာနှင့်တကွ ဖော်ပြလိုက်ပါသည်။

□ မှတ်လော့အဟုတ်၊ သဘော်ထုပ်အုံ၊ သမုတ်နေနတ်၊ စီစဉ်လပ်၍ ကိတ်ဓာတ်ပွဲများ၊ ရေးပြငြားမှ၊ တစ်ကားဂဠုန်၊ ယူတုံနာယမ်း၊ ကြမ်းသည့်ကျားရဲ၊ ဖွတ်လဲကျောက်ချဉ်၊ ဟောင်လျှင်ခွေးမောင်း၊ ရွှေဂူအောင်းထ၊ ကြောင်းသံ



www.burmeseclassic.com

www.burmeseclassic.com

လက္ခဏာ ဆင်မင်းဘားမှု ခေါ်ကြားအင်သား၊ မြင်းသိကာတည့် ရာဇကြွတ်ခင်းသုတသွင်း၍၊ တင်းသဝေါဒါ ရှိုင်းစော်ကားတည်၏ ကြီးမားမှုတွင်၊ သွတ်လျှင်တမူ စိန်ဖြူတန့်ပေ၊ ယူဘတ်လေလေ့၊ မြွေတည်းဆိပ်ထဲ၊ ဒါန်နှင့် ဒုတ္တာ၊ ဟိုင်းမှာနီလာ၊ သာစွလွှလွှ၊ သာမဏေအရွှေဝါ၊ ကိတ်မင်းမှာလည်း၊ ယူရာရွှေဆား၊ မှန်းထားတုံဘိ၊ မရှိမနေ၊ အလယ်ဗွေကို၊ မြွေနှင့်သတ်သည်၊ ကြွတ်နတ်မခြား၊ တိုင်ဝယ်ထား၍၊ ဝကားထိပ်ပြင်၊ သဘော်သွင်သို့၊ ဟန်ဆင်ပြီးသော်၊ ၉-လီဌာန၊ ၉-လုံးဝတို ခေတ်မခေတ်များ နှစ်ပါးစဉ်စီ၊ သွင်းအညီလျှင်၊ ငနီးမှာအပ်၊ ထွေးကြလတ်၍၊ ၉-ခေတ်အနက် ကြွက်ကိုသာချန်၊ လုံးရှစ်တန်တွင်၊ တဘန်ရောရာ၊ နဝါဇော၊ စမွှာ၊ အဋ္ဌ၊ သတ္တ၊ တြိန်း ဆင်တိန်းနှင့်သော၊ နှောလေတူကွ၊ သည်သို့ကျသော် ကရဏီယသုတ်၊ ထုပ်၍လည်းရှာ၊ ပြည်ဝေသာသို့၊ ရောက်ခါတိုင်မှ၊ လေးလုံးဝကို၊ သရအနေ၊ ဂဏန်းခြေနှင့်၊ အသေမှတ်ပိုက်၊ ခဲကြလိုက်လေ့၊ တိုက်လည်းလုံစေ၊ မီးနေချင့်သိ၊ ကုန်စုတိမှ၊ ရှိလသောခါ၊ ဆယ်သပြာတွင်၊ အန္တာထွတ်ထွတ်၊ တမူးလွှတ်က၊ စားရပါစေ၊ မီးနေပင့်မ၊ အရာကြရှင့် သည်မှတတန်၊ တက်လိုပြန်သော်၊ ရှင်ကျော်တပသီ၊ ဇော်ဂျီတို့ငြိမ်း၊ ဉာဏ်စွမ်းရှာနှော၊ အလောသုံးဆယ်၊ ပွဲပြင်ကျယ်သည်၊ ပျောက်ကွယ်ထီးနှင့်အရှင်တည်း။

အရိမဒ္ဒ နာမည်ရသော ပုဂံပြည်ကြီးကို ယုန်လွှတ်ကျွန်းအရပ်၌ ရှာသူကြီးတစ်ကျိပ်ကိုးယောက်တို့ကို အုပ်ချုပ်၍ ပထမအစ တည်ထောင်တော်မူသော သမုတိရာဇာသမတမင်း၊ သမုဒ္ဒရာဇ်မင်းသည် သက္ကရာဇ် ၂၉ တွင် သမတမင်းဖြစ်တော်မူ၍ လုပ်ရတ်ပညာ၌ ပထမသိဒ္ဓိပေါက်အောင် တတ်မြောက်တော်မူပြီးလျှင်(ပုဂံသမုဒ္ဒရာဇ်မင်းကျမ်း)ဟုလုပ်ရတ်ကျမ်းကို ရေးသားထားတော်မူခဲ့သည်။ အကောက်အယူကို သိလွယ်စေခြင်းငှာ ပုဂံပညတ်ဟု ကောက်ယူပုံကိုလည်း စီရင်ရေးသားတော်မူခဲ့သည်။ ထိုပုဂံပညတ်မှာ (ကတိခဇော၊ ဂီယောပဥ္စ၊ ဤသို့စသည်ဖြင့်၊ ကကြီးက ထဆင်ထူးတိုင်အောင် တစ်ကြောင်းရေး၍ အောက်တဒွေးက အတိုင်အောင်ကွက်လပ်မှာ ကြက်ခြေခတ်၍ တစ်ကြောင်းရေးပြီးလျှင် (ကတိ) ဆိုသောကြောင့် ကအထက် မှာ တိ (၃) ဂဏန်းရေး(ခဇော) ဆိုသောကြောင့် ခအထက်တွင် ဇော(၄)

**ပိဋကတ်သချ်ာပညတ်**

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | |
|---|---|---|---|---|---|---|---|---|---|
| က | ခ | ဂ | ဃ | င | စ | ဆ | ဇ | ဈ | ၉-ခုသချ်ာ |
| ဍ | ဌ | ဍ | ဎ | ဏ | တ | ထ | ဒ | ဓ | ၉-ခုသချ်ာ |
| ယ | ရ | လ | ဝ | ၐ | ၑ | သ | ဟ | ဠ | ၅-ခုသချ်ာ |
| ပ | ဖ | ဗ | ဘ | မ | | | | | ၅-ခုသချ်ာ |
| အ | အာ | ဣ | ဤ | ဥ | ဦ | ဧ | ဩ | ဉန | ဝ-သုည-သချ်ာ |

ဂဏန်းရေး (ဂယောပဥ္စ)ဆိုသောကြောင့် ဂငယ်အထက်က ပဥ္စ- ၅ဂဏန်းရေးစသည်ဖြင့် တစ်ခုစီတိုး၍ ပုံရေးထားသော ပညတ်ကို ပုဂံပညတ်ဟု အမည်တွင်လေသည်။

ပိဋကတ်ပညတ်မှာ၊ ကာဒိ ဋ္ဌာဒိ၊ ယ-ကာရာဒိ၊ နဝသချ်ာ ပကာသိတာ ပဥ္စသချ်ာ ပ-ကာရာဒိ၊ သုညာနာမ-သရညနာ ဟူသော ဂါထာကို ပညာရှိများ စီကုံး၍ထားကြ၏။ မြန်မာပြန်အဓိပ္ပာယ်ကား ကာဒိဋ္ဌာဒိ-ယ-ကာရာဒိ က-အစ၊ ဋ အစ၊ ယ အစရှိသော အက္ခရာတို့ကို နဝသချ်ာ၊ ၉-ခုသချ်ာဟူ၍ ပကာသိတာ၊ ပြအပ်ကုန်၏။ ပ-ကာရာဒိ၊ ပ အစရှိသော အက္ခရာတို့ကို ပဥ္စသချ်ာ ၅-ခုသချ်ာဟူ၍ ပကာသိတာ၊ ပြအပ်ကုန်၏။ သရညာနာ၊ သရရှစ်လုံး ညအက္ခရာ၊ နအက္ခရာတို့ကို၊ သုညာနာမ သုညအမည်ရှိကုန်၏ဟူ၍ ပကာသိတာ၊ ပြအပ်ကုန်၏ဆိုသောကြောင့်၊ ကကြီးကစ၍ ဈမျဉ်းဆွဲအဆုံးရှိသော ၉-လုံးသောအက္ခရာ၊ ဋသန်လျင်းချိတ်တစ၍ ဓအောက်ခြိုက်အဆုံးရှိသော ၉-လုံးသောအက္ခရာ၊ ယပက်လက်ကစ၍၊ ရ-လ-ဝ အက္ခရာနောက်မှ သ[illegible]-ဋ အက္ခရာ၊ ဂ-ငယ်ဝစ္စပေါက်၊ ပ-[illegible]ာက် ဝစ္စပေါက်နှစ်လုံးကိုရေး ဠ-ကြီးအဆုံးရှိသော ၉-လုံးသောအက္ခရာတို့ကို ၉-ခုသချ်ာဟု ခေါ်ဆိုအပ်ကုန်၏။ အ အာ ဣ ဤ-ဥ ဦ-ဧ ဩ-သရ (၈) လုံး၊ ညအက္ခရာ၊ နငယ်အက္ခရာတို့ကို သုညဟု ခေါ်ဆိုအပ်ကုန်၏။ ထို့ကြောင့် တစ်ကို ကကြီး၊ နှစ်ကို ခခွေး၊ သုံးကို ဂငယ်၊ လေးကို ဃကြီး၊ ငါးကို င၊ ခြောက်ကို စလုံး၊ ခုနစ်ကို ဆလိမ်၊ ရှစ်ကို ဇကွဲ၊ ကိုးကို ဈမျဉ်းဆွဲဟု၊ ဤနည်းအတိုင်း ၉-ခုသချ်ာကိုမှတ်သား၍ (၅) ခုသချ်ာမှာ (၁) ကို ပစောက် (၂) ကို ဖဦးထုပ် (၃)ကို ဗထက်ခြိုက် (၄) ကို ဘကုန်း (၅) ကိုမ၊ ဤသို့မှတ်သား၍ သရ(၈)လုံး ညအက္ခရာ နအက္ခရာတို့ကို သုညဟု မှတ်သားပြီး (ကလိယုဂ္ဂေ-ခက္ခတေ) ဟူသော ပါဌ်ကို အနက်ပြန်လျှင်၊ ခက္ခတေ(၆၂၉) ခုဖြစ်သော ကလိယုဂ္ဂေ၊ သာသနာသက္ကရာဇ်၌ဟု အနက်ပြန်ရသည်။ ခက္ခတေမှာ - ခအောက်ခြိုက်က ၉-ဂဏန်း၊ ခခွေးက ၂ - ဂဏန်း၊ တဝမ်းပူက ၆ - ဂဏန်း နောက်ပြန်ချသော် ခြောက်ရာနှစ်ဆယ့်ကိုးခု ဖြစ်၏။ ဤကဲ့သို့နည်းကိုမှီ၍ ပိဋကတ်သချ်ာကို ကောက်ယူရမည် ဖြစ်ပါသည်။


တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းရှိနေသော ပညတ်များကို စာရေးသူသိရှိသ၍ တင်ပြခဲ့သော်လည်း ဉာဏ်ပွားရုံ ဆင်ခြင်ရန်သာဖြစ်ပါသည်။ 'ကျောက်နဂါး ကျားနှင့်အတူ ပေါင်းဘိမူကား၊ ဂဠုန်ကုတ်သတ်နဂါးရပ်၏ မှတ်လော့ရှင်လူ၊ ပါပကျမ်းမှာ နှစ်၍ယူ၊ ပုံတူရာမှာ လိုက်၍ဘက်၊ သက်သေရှေးမှတ်နာမ်ရုပ်ပြီးမှ ပြီးစေတတ်၏။ ကျမ်းမြတ်ဘွေရှာ မဏိဆိုသည့်၊ ရတနာကို သချ်ာပါတ်လုံး၊ ခေတ်ကိုရှုန်း၍၊ လေးလုံးပုံစု၊ အက္ခရာကိုညီစွာပြု၊ ရုပ်ထုပြီးမှ သဘောကြမည်၊ မှန့်လှအက္ခရာ၊ ပိဋကတ်မှာ နှောက်၍ရှာ၊ ဗေဒင်ကြောင်းနှင့်ပေါင်းလိုက်ပါ၊ ရွှေလည်းသည်မှာ၊ ငွေလည်းသည်မှာ၊ အင်းသာမုက္ခ၊ ဝဍ္ဍကာ၊ မိတေးရှင်လှတွေ့မည်ပ' ဟု ညွှန်းဆိုခဲ့သော ဆရာတော် ခင်ကြီးပျော်ခေတ်ကျမ်းကို အထူးအားဖြင့် နှလုံးသွင်းကြပါရန် . . . ။

သုရိန်ထွန်း(ဝိဇ္ဇာစရဏ)ပြည်



www.burmeseclassic.com


www.burmeseclassic.com



ကျောက်တော်တောင်ပေါ်က
ကျောက်တော်စေတီသို့



ကြာပွင့်ပုံအောက်ခြေဇီသုကာထက်ရာဆန်းတဲ့
သကျမာရ်အောင်စေတီ




မင်းပြားရေဘေးသင့်ရွာတွေက
ရခိုင်ယဉ်ကျေးမှုအမွေအနှစ်တွေ

# ရခိုင်ညွှန့်ဖူး မြောက်ဦးရွှေနန်း ပျာလ်တို့မြေသို့ အကြင်နာလက်တစ်ကမ်း

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

ရေဘေးကယ်ဆယ်ရေးအတွက် မန်း-ရတနာပုံလေကြောင်းလိုင်းလေယာဉ်နဲ့ ၁၂ - ၈ - ၁၅ (ဗုဒ္ဓဟူးနေ့) မနက် (၁၀) နာရီခွဲမှာ စစ်တွေကိုသွားခဲ့တယ်။ သံတွဲလေယာဉ်ကွင်းမှာ လေယာဉ်ခေတ္တဆင်းပြီး စစ်တွေလေဆိပ်ကို မွန်းလွဲ (၁၂) နာရီခွဲမှာ ရောက်သွားတယ်။ (၂) နာရီခွဲမှာ မြန်မာ့လေကြောင်းနဲ့ အိန္ဒိယမှာ ဘာသာရေးမဟာတန်းတက်နေတဲ့ ရခိုင်သား ဦးပဥ္စင်း ဥတ္တမသီရိ ဦးဆောင်လို့ အလှူရှင် မသီတို့ရောက်လာပေါ့။

လေယာဉ်ကွင်းကနေ စစ်တွေကို အဝင်လမ်းမှာ ဗုဒ္ဓပြတိုက်ကို လမ်းဘေးမှာတွေ့လိုက်ရတယ်။ ဒီပြတိုက်ထဲမှာ ဝေသာလီ၊ လေးမြို့နဲ့ မြောက်ဦးခေတ်များက ထွန်းကားခဲ့တဲ့ ရခိုင်ဗုဒ္ဓဘာသာယဉ်ကျေးမှုရဲ့ပြယုဂ် ရှေးဟောင်းဆင်းတုတော်၊ ဓာတ်တော်မွေတော်၊ ဗုဒ္ဓစာပေဆိုင်ရာပေပုရပိုက်တွေ၊ ရှေးဟောင်းဒင်္ဂါးနဲ့ငွေစက္ကူတွေ ပြသထားပါတယ်။ ဘီစီ ၆ ရာစု စန္ဒသူရိယမင်းလက်ထက် မဟာမုနိဘုရားကြီးသွန်းလုပ်ခဲ့စဉ်အခါက ပိုလျှံတဲ့ ဓာတ်သားတွေနဲ့ ပြုလုပ်ထားတဲ့ မဟာကျန်ဘုရားကြီး (နန်းစဉ်ဘုရား) နဲ့ ဝေသာလီခေတ် ကြေးခေါင်းလောင်းကြီး





သျှစ်သောင်းပုထိုးတော်ကြီးရဲ့ အနီးလက်ရာများနဲ့ အလှအပများ




မြောက်ဦးမြို့က လေးမျက်နှာဂူဘုရားကြီး



www.burmeseclassic.com


www.burmeseclassic.com




မင်းပြားမြို့ ကျိန်းတောင်တော်က ဒီဝါဓာတ်စေတီတော်သို့




ကျောက်ဆစ်လက်ရာများနဲ့ ထုပ္ပါန်သိမ်ပုထိုးတော်



သျှစ်သောင်းပုထိုးတော်ကြီးရဲ့ အနုလက်ရာများနဲ့ အလှအပများ



မင်းပြားမြို့ ကျိန်းတောင်တော်က ဒီဝါဓာတ်စေတီတော်သို့



သျှစ်သောင်းပုထိုးတော်ကြီးရဲ့ အနုလက်ရာများနဲ့ အလှအပများ

လည်း ပြသထားတယ်။ ဒီလို ပြည့်ပြည့်စုံစုံပြသနိုင်ဖို့ စတင်စုဆောင်းခဲ့သူကတော့ မဟာကုသလကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝဏ္ဏိပါ။

ရှုခင်းသာဘက်ကို ခဏဝင်ခဲ့တယ်။ ဝင်းဦးရဲ့ 'တိမ်လွှာမို့မို့လွင်'ထဲက ဇာတ်ဝင်ခန်းနေရာ။ ဒီသောင်ပြင်မှာ သဲပုံစေတီပွဲနဲ့ သဲပန်းပုတွေလည်းလုပ်ခဲ့ဖူးတယ်။ ခုတော့ ရှုခင်းသိပ်မသာလှဘဲ သောင်စပ်မှာ ကျွတ်ကျွတ်အိတ်၊ ရေသန့်ဘူး၊ ဘီယာဘူးခွံအမှိုက်တွေစုပုံနေရဲ့။ သောင်ပြင်တစ်လျှောက် လူငယ်တွေ ဘောလီဘောပုတ်ကြ၊ ဘောလုံးကန်နေကြတယ်။ ထီးကြီးတွေစိုက်ပြီး စားပွဲတွေချကာ ငါးကင်၊ ပုစွန်ကင်၊ အသုပ်စုံတွေ၊ အုန်းသီးခွဲပြီး အုန်းစိမ်းရည်တွေ ရောင်းနေကြလို့ ငါးကင်နဲ့ အုန်းရည်သောက်ခဲ့ကြတယ်။ ညနေ အကျနေနဲ့ ဓာတ်ပုံတွေရိုက်တယ်။ မီးပြတိုက်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com




မင်းပြားမြို့ ကျိန်းတောင်တော်က
ဗီပါတ်စေတီတော်သို့




မြောက်ဦးမြို့က နာမည်ကျော်
မဟာမုနိစေတီတော်မှရုပ်ပွားတော်




ကျောက်တော်
မဟာမုနိဘုရားကြီး




မင်းပြားမြို့လယ်က
ပြည်ထုံးချမ်းသာဘုရားကြီးဓမ္မာရုံထဲမှာ



မင်းပြားရေဘေးသင့်ရွာတွေက
ရခိုင်ယဉ်ကျေးမှုအမွေအနှစ်တွေ



မင်းပြားရေဘေးသင့်ရွာတွေက
ရခိုင်ယဉ်ကျေးမှုအမွေအနှစ်တွေ




မြောက်ဦးမြို့ဟောင်းက ကျောက်စေတီတစ်ဆူ

ပင်လယ်ထဲမှာလှမ်းမြင်ရတယ်။ နွေရာသီမှာ စက်လှေတွေနဲ့ သွားလည်ပတ်နိုင်ကြသတဲ့။

မြို့ထဲဘက် ပြန်လာကြတယ်။ စစ်တွေရဲ့အမှတ်သင်္ကေတတစ်ခုဖြစ်တဲ့ ကိုလိုနီခေတ်လက်ကျန်နာရီစင်ကိုလှမ်းမြင်ရခိုက်မှာ တည်းခိုခန်းကို ရောက်တယ်။ မာစီဒီးတည်းခိုခန်းရဲ့(၅)ထပ်မှာ တည်းရတယ်။ လှေကားတွေကစောက်လို့ တက်ရတာ မောလိုက်တာ။ မျက်နှာကြက်မှာ ပန်ကာတပ်ထားတဲ့ ခပ်ကျဉ်းကျဉ်းအခန်းလေးပါ။ ပြတင်းပေါက်ကနေ လှမ်းမြင်နေရတဲ့ နာရီစင်ထိပ်မှာ '၁၈၈၇' ခုနှစ်သက္ကရာဇ်အမှတ်အသားနဲ့တောင်၊ မြောက်ပြမြားတံကိုလည်း တွေ့ရပါတယ်။ (၁၂၈) နှစ်ကြာသက်တမ်းရှိတဲ့ အဆောက်အအုံပါ။



www.burmeseclassic.com

www.burmeseclassic.com

ပြတင်းကနေ မိုးပက်ပေမယ့် တံခါးမပိတ်တော့ဘူး၊ အခန်းကမွန်းကျပ်လို့။ ညစာကို ရခိုင်မုန့်တီစားကြတော့ ဝက်သားကင်ရဲရဲကြီးတွေကိုညှပ်ပြီး မုန့်တီသုပ်ထဲထည့်စားကြရဲ့။ ထူးခြားတဲ့ဓလေ့ပဲ။ အိပ်ရာဝင်တော့ ညလယ်မှာ ပူအိုက်ပြီးနိုးလာတယ်၊ ဩော် - မီးတွေပျက်နေပြီကိုး။ (၄) လှာက မသီလည်း မှောင်မည်းမည်းကြီးထဲမှာ သန့်စင်ခန်းသွားဖို့အတွက် မိန်းကလေးတစ်ယောက်တည်းမို့ အောင့်အည်းနေခဲ့ရသတဲ့။ ရေဘေးသင့်ပြီး ဒုက္ခရောက်နေတဲ့တိုင်းရင်းသားတွေဆီ အရဲစွန့်လာခဲ့ရသူတွေရဲ့ စွန့်စားခန်းဒုက္ခပေပဲ။


၁၃- ၈- ၁၅ (ကြာသပတေးနေ့) မှာတော့ မနက်စာစားရင်း စစ်တွေကို လေ့လာဖို့ ဈေးဘက်ကိုသွားတယ်။ ကမ်းနားလမ်း ငါးဈေးရဲ့ကြမ်းပြင်မှာ ပင်လယ်ငါးမျိုးစုံကိုပုံပြီး ဈေးဖြတ်သူက ဒီလေလံတင်ဈေးခေါ်တဲ့ဓလေ့က စိတ်ဝင်




စစ်တွေမြို့က အရိုးအိုးစေတီငယ်များ




မြောက်ဦးမြို့က နာမည်ကျော် ဗန္ဓုလကျောင်းမှ ရုပ်ပွားတော်များ





မင်းပြားရေဘေးသင့်ရွာတွေက
ရခိုင်ယဉ်ကျေးမှုအမွေအနှစ်တွေ



မြောက်ဦးမြို့ရဲ့ အထင်ကရ ကိုးသောင်းဘုရား



www.burmeseclassic.com


www.burmeseclassic.com



ကျောက်ဆစ်ထက်ရာများနဲ့ ထုက္ကန်သိမ်ပုထိုးတော်



သျှစ်သောင်းပုထိုးတော်ကြီးရဲ့ အနုလက်ရာများနဲ့ အလှအပများ



မြောက်ဦးက ဗိနမာရ်အောင်ဘုရား



မင်းပြားမြို့နယ်က စေတီတစ်ဆူ



ရခိုင်ယဉ်ကျေးမှုအမွေအနှစ်တွေ



ရခိုင်ရိုးရာပန်း ဆင်းတုတော်များ



ရခိုင်ရိုးရာပန်း ဆင်းတုတော်များ



ရခိုင်လူမျိုးများဆောင်ထတ်တဲ့ ဗျာလ်ရုပ်

စားစရာ။ ဆိပ်ကမ်းကနေ ကျော်ကြည့်လိုက်တဲ့ခါ ပင်လယ်ထဲမှာ တံငါလှေစက်လှေအများကြီးဟာ စက္ကူလှေလေးတွေလို လွင့်မျောနေပေါ့။ ဒေသထွက် သပြေသီး၊ တညင်းသီး၊ ဘူး၊ ဖရုံ၊ သခွား သီးနှံမျိုးစုံနဲ့ လှော်စာ၊ ကောက်ညှင်းထုပ်တွေ ရောင်းနေလို့ ကောက်ညှင်းထုပ်၊ အုန်းသီးခြစ်ဝယ်ပြီး လမ်းဘေးလက်ဖက်ရည်ဆိုင်လေးမှာထိုင်တယ်။

### ▫ ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်နဲ့ ဗျာလ်-ဗျလ္လရုပ်

သူဇာဇံကိုတွေ့ဖို့ ကျေးပင်ကြီးရပ်၊ လမ်းမကြီးပေါ်က ပြတိုက်ကြီးကို လမ်းလျှောက်သွားပြီး ဝင်းအနောက်ဘက်က ဝန်ထမ်းအိမ်ရာကိုသွားတယ်။ ပြတိုက်ရှေ့တံတိုင်းပေါ်မှာတော့ ရခိုင်ဗျာလ် (ဗျလ္လ) ရုပ်ကြီးနှစ်ရုပ်ရှိတယ်။ ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ ကုန်းနေ၊ ရေနေသတ္တဝါကိုးကောင်ရဲ့ ထူးခြားပြီး အစွမ်းထက်မြက်တဲ့ အင်္ဂါအစိတ်အပိုင်းတွေကို သင်္ကေတယူပြီး သရုပ်ဖော်ထားတဲ့ ရခိုင့်ရိုးရာအရုပ်ဖြစ်တာ 'နဝရူပ' လို့လည်းခေါ်ရပါသတ်




www.burmeseclassic.com

www.burmeseclassic.com

လာဘကောင်းတယ်ဆိုတဲ့ ငြိမ်းချမ်းရေးသားကောင် ဗျာလ်မှာ နဂါးအဘောက် (သို့) ဆင်နှာမောင်း၊ ကြံ့ချိုတစ်ချောင်း၊ ကြက်တူရွေးလျှာ၊ ငါးအမြီး၊ ခြူး-တိုးကိုယ်လုံး (သို့) ငါးကြင်းကွက်၊ သမင်မျက်လုံး၊ စာမရီအမြီး၊ ဆင်နားရွက် (သို့) မြင်းနားရွက်၊ ခြင်္သေ့လည်ဆံ၊ ကရဝိက်ငှက်လည်ဆံ၊ ခြင်္သေ့လက်နဲ့ကျားစွယ်တွေပါရှိတယ်။ ဗျာလ်ဟာ အံ့မြဲလိုပြုံးရွှင်နေပြီး ကြ္တသာမစ္စရိယဒေါသ မာန်မာနကင်းခြင်း၊ စေတနာသဒ္ဓါတရားရှိခြင်း၊ မေတ္တာတရားထွန်းကားခြင်း၊ အေးငြိမ်းသာယာခြင်း၊ ငြိမ်းချမ်းခြင်းသရုပ်တွေကိုလည်း ဖော်ပြနေပါရဲ့။ ပါးစပ်ကိုအမြဲဟထားပြီး လျှာလေးတစ်လစ်ထွက်ကာ ပြုံးရယ်နေတတ်မြဲမို့ 'လျှာထုတ်ကေ' လို့လည်း ခေါ်ကြသေးတယ်။ အဲဒါကြောင့် ဗျာလ်ရုပ်ကိုဆောင်ထားရင် လာဘ်ရွှင် စီးပွားတက်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်း \အေးငြိမ်းချမ်းသာခြင်း အကျိုးကျေးဇူးတွေရနိုင်တယ်ဆိုပြီး ရခိုင်တွေက အမြတ်တနိုးထားတတ်ကြတယ်။ ဗျာလ်ရုပ်ကို ဝေသာလီခေတ်သာသနိကအဆောက်အအုံ ပုထိုးတော်ကြီးတွေရဲ့လိုဏ်ဂူနံရံ၊ မုခ်ဝတံခါးနဲ့ ဘုရားပလ္လင်များမှာ စတင်တွေ့ခဲ့ရတယ်။ သျှစ်သောင်းပုထိုး၊ အံ့တော်သိမ်ပုထိုး၊ ညီတော်ဘုရား၊ ရှမ်းတောင်ဘုရားနဲ့ သာရပဗ္ဗတစေတီတွေမှာ ရှေးကတည်းက ပုံစံအမျိုးမျိုးနဲ့ တန်ဖိုးထားထုလုပ်ထားကြတာပါ။

ပြတိုက်ကြီးဟာ ခံ့ခံ့ညားညား (၃)ထပ်အဆောက်အအုံကြီးပါ။ ပြတိုက်ရှေ့မြက်ခင်းမှာ ရခိုင်လောင်းလှေကြီးတစ်စင်း လဲလျောင်းနေရဲ့။ သူဇာဇံရဲ့အမျိုးသား ကိုဇော်ကြီးက ဆံထုံးနောက်သျှောင်ပါ။ စစ်တွေမှာအနေကြာလို့ဒေသခံဖြစ်နေပြီမို့ BMG သောက်ရေသန့်နဲ့ Sweet မုန့်ဖုတ်တဲ့စက်ရုံကိုလိုက်ပို့ပေးတယ်။ ရေဘေးသင့်ဒေသကကလေးတွေကိုဝေဖို့ ဘုန်းကြီးလှူဖို့ ကိတ်မုန့်၊ ကိတ်ခြောက်၊ အစာသွတ်ပေါင်မုန့်ထုပ်ကလေးတွေဝယ်ကြတယ်။ ခပ်လှမ်းလှမ်းမှာ လောကနန္ဒာစေတီသစ်ကို မိုးရေစက်စက်တွေထဲ လှမ်းမြင်လိုက်ရတယ်။

တည်းခိုခန်းပြန်ပြီး ကယ်ဆယ်ကူညီရေး ခရီးဆက်ဖို့ပြင်ဆင်ကြတယ်။ ရေတစ်တန်၊ ကုန်းတစ်တန်သွားရမယ့်ခရီးမို့ ရေမကူးတတ်တဲ့မသီက အသက်ကယ်အင်္ကျီလိုချင်နေတယ်။ မကြာမီမှာ တည်းခိုခန်းကို ကယ်ဆယ်ရေးတွေ ဆောင်ရွက်ပြီးလို့ ရန်ကုန်ကိုပြန်မယ့် ကိုကျော်သူတို့နာရေးအဖွဲ့က လူငယ်တွေရောက်လာတယ်။ သူတို့မှာအသက်ကယ်အင်္ကျီလိမ္မော်ရောင်တွေတွေ့လို့ဝယ်ဖို့မေးမြန်းကြည့်တယ်။ စကားမဆုံးခင်မှာ ဒါတွေပဲယူလိုက်ပါလို့ပေးခဲ့တယ်။ ပရဟိတစိတ်အပြည့်နဲ့လုပ်နေကြသူတွေမို့ ကူညီဖို့အသင့်ဖြစ်နေလို့ ကျေးဇူးတင်


သျှစ်သောင်းပုထိုးတော်ကြီးရဲ့ အနုလက်ရာများနဲ့ အလှအပများ


မင်းပြားရေဘေးသင့်ရွာတွေက ရခိုင်ယဉ်ကျေးမှုအမွေအနှစ်တွေ


ကျောက်ဆစ်လက်ရာများနဲ့ ထုက္ကန်သိမ်ပုထိုးတော်


ကျောက်တော်တောင်ပေါ်ကကျောက်တော်စေတီသို့


မြောက်ဦးက ဇိနမာရ်အောင်ဘုရား


မြောက်ဦးမြို့ရဲ့ အထင်ကရ ကိုးသောင်းဘုရား



www.burmeseclassic.com


www.burmeseclassic.com

ရရဲ့။ အင်း - ကိုယ်ပြန်တော့လည်း သူများကိုပေးခဲ့ပေါ့။

ဦးပဥ္စင်းဥတ္တမနဲ့ စစ်တွေ အဝေးပြေးကားဂိတ်အနီး အာကျိုးတော်ကုန်းကကျောင်းကိုသွားကြတယ်။ ကုန်းလျှောလေးရဲ့ကျောက်သားပြင်ပေါ်မှာဆောက်ထားတဲ့ ဝါးကျောင်းလေးပါ။ ကျောင်းအဝင်လမ်းထိပ်မှာ ထူးဆန်းတဲ့ပုံသဏ္ဌာန်အမျိုးမျိုးနဲ့စေတီငယ်လေးတွေအစုလိုက်တွေ့ရတယ်။ အနီးအပါးမှာလည်း ဘုန်းကြီးဘွဲ့အမည်တွေရေးထိုးထားတဲ့ အုတ်ဂူတွေနဲ့မို့ အရိုးအိုးစေတီတွေလို့ သိလိုက်ရဲ့။ ကြာပွင့်ပုံအဆင့်ဆင့်အောက်ခံမှာ နဂါး၊ ဆင်၊ ခြင်္သေ့၊ ကျား၊ ပူး စတဲ့ နေ့သင့်နံသင့်သတ္တဝါအစုံဝန်းပတ်ရံထားကာ သိကြားမင်းနှစ်ပါးပူဇော်နေပုံတည်ထားတဲ့စေတီမှာတော့ ဘောက်သီးစုရပ် 'အရှင်ဦးတိက္ခိန္ဒြိယ' ရဲ့ ဖွားသက္ကရာဇ်၊ ပျံတော်မူနေ့စွဲတွေရေးထိုးထားရဲ့။ ကြွေပြားတွေကပ်ထားတဲ့ ခေတ်လက်ရာစေတီငယ်ကတော့ ဦးဓမ္မပီယရဲ့ အုတ်ဂူပါ။

ခနော်နီခနော်နဲ့ ဝါးကြမ်းခင်းနဲ့ ခပ်နိမ့်နိမ့်တဲကျောင်းလေးမှာ မနက်စာစားခဲ့ရတယ်။ သပြုသီးဟင်းချို၊ ပုစွန်သေးသေးလေးတွေခပ်စပ်စပ်ကြော်ထားတဲ့ရခိုင်ဟင်းတွေနဲ့ ထမင်းမြိန်လှပေါ့။ ကိုယ်က ရခိုင်ချက်တွေကြိုက်တယ်လေ။ ဘုရားဆောင်မှာတော့ ရခိုင်ဟန်အပြည့်နဲ့-တစ်ပေခွဲလောက် ကြေးဆင်းတုတော်လေးကို ဖူးတွေ့ရတယ်။ အတွန့်အတက်မပါတဲ့ အသွားကပ် ကိုယ်လုံးပေါ်ရေစိုသင်္ကန်းတော်၊ ပခုံးမထိပေမယ့် ရှည်ကျ


မင်းပြားမြို့ ကျိန်းတောင်တော်က ဇီဂုံဓာတ်စေတီတော်သို့


မင်းပြားမြို့ ကျိန်းတောင်တော်က ဇီဂုံဓာတ်စေတီတော်သို့


မင်းပြားရေဘေးသင့်ရွာတွေက ရခိုင်ယဉ်ကျေးမှုအမွေအနှစ်တွေ


မင်းပြားရေဘေးသင့်ရွာတွေက ရခိုင်ယဉ်ကျေးမှုအမွေအနှစ်တွေ


မင်းပြားရေဘေးသင့်ရွာတွေက ရခိုင်ယဉ်ကျေးမှုအမွေအနှစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



သျှစ်သောင်းပုထိုးတော်ကြီးရဲ့
အနုလက်ရာများနဲ့ အလှအပများ



မြောက်ဦးမြို့က နာမည်ကျော်
ဗုဒ္ဓယကျောင်းနဲ့ မဟာမုနိစေတီတော်



မြောက်ဦးမြို့က နာမည်ကျော်
ဗုဒ္ဓယကျောင်းနဲ့ မဟာမုနိစေတီတော်



သျှစ်သောင်းပုထိုးတော်ကြီးရဲ့
အနုလက်ရာများနဲ့ အလှအပများ



သျှစ်သောင်းပုထိုးတော်ကြီးရဲ့
အနုလက်ရာများနဲ့ အလှအပများ



မင်းပြားရေဘေးသင့်ရွာတွေက
ရခိုင်ယဉ်ကျေးမှုအမွေအနှစ်တွေ

နေတဲ့နားပေါက်ကျယ်နဲ့ နားရွက်တော်၊ နှာတံပေါ်ပေါ်၊ ပြတ်သားထင်ရှားတဲ့ မျက်နှာတော်နဲ့ ဘူမိဖဿမုဒြာဟန် ဆင်းတုတော်ပါ။

မြို့ထဲပြန်ပြီး ရေကြီးတဲ့ရွာတွေမှာ သောက်စရာရေမရှိရင် ရှိတဲ့ရေကိုသန့်ပေးလို့ရအောင် ယာယီရေကန်တွေ ဖန်တီးဖို့ တာလပတ်အပြာစကြီးတွေ လိုက်ဝယ်ကြတယ်။ နောက်တွဲယာဉ် ဆိုင်ကယ်တက္ကစီငှားပြီး တည်းခိုခန်းကို ပြန်ကာ ပစ္စည်းတွေယူပြီး ဆတ်ရိုးကျ ချောင်းဆိပ်ကမ်းကိုသွားကြတယ်။ 'ရွှေပြည်တန်'ရှပ်ပြေးယာဉ်နဲ့ စစ်တွေကနေ ရေပြင်ကျယ်ကြီးကိုကျော်၊ ကုလားတန်မြစ်၊ လေးမြို့မြစ်တွေကိုဖြတ်ပြီး မင်းပြားကို ရေကြောင်းခရီးဆက်နှင်ခဲ့ပါတယ်။ လေအေးပေးစက်တပ်ဆင်ထားပြီး ထိုင်ခုံတွေကလည်းကောင်းလို့ စီးရတာ သက်သောင့်သက်သာရှိလှရဲ့။ ရှပ်ပြေးယာဉ်ထွက်စမှာတော့ ရုပ်မြင်သံကြားက ရခိုင်တေးသံရှင်တွေရဲ့သီချင်းဘွေလွှင့်ပေးတယ်။ သိပ်နားမလည်ပေမယ့် ဒေသအငွေ့အသက်ပါလို့ကြိုက်မိရဲ့။ ကိုမောင်ဆိမ်းဆိုတဲ့ ရခိုင်တေးသံရှင်ကိုသတိထားမိတယ်။ ရေယာဉ်မှန်ပြတင်းတွေမှာ ခန်းဆီးတွေတပ်ထားပြီး ယာဉ်အကူက ချထားခိုင်းလို့ ပတ်ဝန်းကျင်အလှအပရှုခင်းတွေတော့ မကြည့်သာခဲ့ပါဘူး။ ပေါက်တောကိုဖြတ်ကာ မြေပုံမြို့မှာခဏရပ်နားပြီး မင်းပြားဆိပ်ကမ်းကိုရောက်ရှိသွားပါတော့တယ်။ ဆိပ်ခံတံတားစတဲ့ ဘာကြီးကြီးမားမားအဆောက်အအုံမှမရှိဘဲ ကမ်းပြိုနေတဲ့ ကမ်းပါးမှာထိုးရပ်ပြီး သစ်သားပြားကြီးပေါ် လျှောက်တက်သွားရတာပါ။

ကမ်းပါးက လက်ဖက်ရည်ဆိုင်လေးမှာထိုင်စောင့်နေတုန်း ဆိုင်ရဲ့သစ်လုံးတိုင်လေးတွေက လူတစ်ရပ်မရှိတာရှိရင်ခေါင်းလောက်ထိရေကြီးခဲ့တဲ့ အရိပ်အယောင်ရွှံ့နှစ်တွေ အရစ်လိုက်တင်ကျန်နေသေးတာတွေ့ရတယ်။ ဒီမြစ်ပြင်ကျယ်ကြီးက ရေတွေတလိမ့်လိမ့်တက်လာပြီး မြို့ထဲကိုစီးဝင်ကာ ရေတွေလွှမ်းခဲ့ပေါ့။ ရေမကြီးတဲ့ သာမန်ချိန်တွေမှာဆိုရင် ဒီကုလားတန်မြစ်မှာ ချောင်းဖျားကကျလာတဲ့ အညာရေဟာ ရေချိုဖြစ်ပြီး ပင်လယ်ကနေတက်လာတဲ့ဒီရေ အဝရေဟာ ရေငန်ပါ။ ရေကြီးစရက်တွေတုန်းက အလှူရှင်တွေဟာ ရွှေပြည်တန်ကိုငှားပြီး လှူမယ့်ပစ္စည်းတွေတင်ကာ မြစ်ရိုးတစ်လျှောက် ကူညီပေးခဲ့ကြတယ်လို့ ဒေသခံတစ်ဦးက အားရကျေနပ်စွာပြောပြတယ်။

ဦးပဥ္စင်းဥတ္တမတည်းခိုတဲ့ကျောင်းမှာပဲ ဖြစ်သလိုလိုက်တည်းမယ်လို့ဆုံးဖြတ်ခဲ့တယ်။ လမ်းတစ်နေရာမှာ 'ရခိုင်ရိုးရာ ရထားဆွဲပွဲ'ကြော်ငြာကိုမြင်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com




မြောက်ဦးမြို့က နာမည်ကျော် ဗန္ဓုလကျောင်းနဲ့ မဟာမုနိစေတီတော်



မင်းပြားမြို့ ကျိန်းတောင်တော်က စီဂုံခေတ်စေတီတော်သို့



မင်းပြားရေသောသင့် ရှာတွေက ရခိုင်ယဉ်ကျေးမှုအမွေအနှစ်တွေ



မင်းပြားရေသောသင့် ရှာတွေက ရခိုင်ယဉ်ကျေးမှုအမွေအနှစ်တွေ



ကျောက်ဆစ်လက်ရာများနဲ့ ထုတ္တန်သိမ်ပုထိုးတော်




သ[illegible]သောင်းပုထိုးတော်ကြီးရဲ့ အနုလက်ရာများနဲ့ အလှအပများ

မင်းပြားမှာ ရထားဆွဲပွဲကို သုံးနှစ်တစ်ကြိမ် တပို့တွဲလတိုင်း ကျင်းပသတဲ့။ ဟည်းခိုတဲ့ သုခိတာရုံကျောင်းဟာ သစ်သားတစ်ထပ်ကျောင်းလေးမို့ ဘုရားဆောင်ရှေ့မှာပဲ တန်းစီအိပ်ကြရတယ်။ မီးတွေငြိမ်းသွားတဲ့ခါ ရေကျသံတွေ တစ်ညလုံးကြားနေရလို့ အပြင်မှာ မိုးရွာနေတယ်ပဲထင်နေမိရဲ့။ မနက်လင်းမှ ကျောင်းခြေရင်းမှာ သဘာဝရေတံခွန်ကြီးကို တွေ့လိုက်ရတယ်။

၁၄ - ၈ - ၁၅ (သောကြာနေ့)

အိပ်ရာနိုးတာနဲ့ မင်းပြားဈေးကို လမ်းလျှောက်သွားကြတယ်။ ဈေးမရောက်ခင်မှာ 'လောကမုနိ - ပြည်လုံးချမ်းသာဘုရားကြီး'ရဲ့ 'မြို့ရောနယ်ပါ ဓမ္မာရုံကြီး' ကိုတွေ့လို့ ခဏဝင်ကြည့်လိုက်သေးတယ်။ ဓမ္မာရုံထဲမှာတော့ 'အကြမ်းမဖက်သောနည်းလုံး ရည်တိုက်ပွဲဖော်ဆောင်ခဲ့သူ အသျှင်-ဦးဥတ္တမ'ရဲ့ ခဲဆွဲပန်းချီပုံရှိတယ်။ အောက်မှာလည်း (Dr. Oatama, 1879-1939)လို့ရေးထားရဲ့။

သူ့ကျွန်ဘဝကနေ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့တဲ့ ဦးဥတ္တမဟာ ရခိုင်အမျိုးသားတွေရဲ့ မီးရှူးတန်ဆောင်ပါ။ စစ်တွေမြို့ လယ်လမ်းမကြီးပေါ် မှာလည်း ကြေးရုပ်နဲ့တကွ အထိမ်းအမှတ် ပန်းခြံရှိတယ်။ ရန်ကုန်-ရွှေတိဂုံတောင်ဘက်ခြေရင်းက ကန်တော်မင်ပန်းခြံကိုလည်း ဆရာတော်ကိုဂုဏ်ပြုပြီး ဦးဥတ္တမပန်းခြံအမည်ပေးခဲ့ပါရဲ့။ လွတ်လပ်ရေးစိတ်ဓာတ်နိုးကြားလာဖို့ နိုင်ငံရေးမျက်[illegible]ကို ပထမဆုံးဖွင့်ပေးခဲ့တဲ့ ပုဂ္ဂိုလ်[illegible]ဒါ့ပြင် အရှေ့တောင်အာရှတ[illegible]သွားမှာ



www.burmeseclassic.com


www.burmeseclassic.com



မင်းပြားရေဘေးသင့်ရွာတွေက
ရှိုင်ထည့်ကျေးမှုအမွေအနှစ်တွေ



သျှစ်သောင်းပုထိုးတော်ကြီးရဲ့
အနုလက်ရာများနဲ့ အလှအပများ



မင်းပြားမြို့ထဲက
ပြည်ထုံးချမ်းသာဘုရားကြီးဈေးရုံထဲမှာ





မြောက်ဦးမြို့က နာမည်ကျော် ဗျူဟာကျောင်းနဲ့ မဟာမုနိစေတီတော်

လည်း နိုင်ငံရေး၊ လူမှုရေးစာပေတွေ ရေးသားပြီး စတင်နှိုးဆွပေးခဲ့ပါတယ်။

ဆရာတော်ကို ၁၈၇၉ ခု ဒီဇင်ဘာ ၂၈ ရက်၊ တနင်္ဂနွေနေ့မှာ စစ်တွေ- ရှုပမြောက်ရပ်ကွက်မှာ ဦးမြနဲ့ ဒေါ်အောင်ကြွဖြူတို့မှ မွေးဖွားခဲ့တယ်။ ရဟန်းဘဝနဲ့ပဲ အိန္ဒိယ၊ ပြင်သစ်နဲ့ ဂျပန်တွေကိုကြွရောက်ခဲ့ပြီး ဂျပန်မှာ ပါမောက္ခအဖြစ် ပါဠိနဲ့ သသ်ကရိုက်ဘာသာတွေပို့ချခဲ့တယ်။ ဂျပန်ကအပြန်မှာတော့ ကိုရီးယား၊ မန်ချူးရီးယားနဲ့ တရုတ်နိုင်ငံတွေကို ဝင်ရောက်ခဲ့ပါသေးတယ်။

သူရိယမဂ္ဂဇင်းမှာ ခေါင်းကြီးနဲ့ ဆောင်းပါးတွေရေးသားပြီး မျိုးချစ်စိတ်ဓာတ်၊ ဝံသာနုရက္ခိတတရားနဲ့ လွတ်လပ်ရေးစိတ်ဓာတ်တွေ ရှင်သန်လာဖို့လည်း မျိုးစေ့ချပေးခဲ့တယ်။ ဘုရင်ခံ ဆာရယ်ဂျီကရက်ဒေါက်ကို 'မြန်မာပြည်ကထွက်သွား' လို့ရဲရဲဝံ့ဝံ့ရေးသားခဲ့ပြီး နိုင်ငံရေးတရားတွေဟောကြားခဲ့လို့ ထောင်အကြိမ်ကြိမ်ကျပြီး ဆင်းရဲဒုက္ခအမျိုးမျိုးကိုကြုံကြုံခံရင်း ၁၃၀၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်မှာ ပျံလွန်တော်မူခဲ့တယ်။

ဘုရားကြီးအုတ်ရိုးကိုလွန်[illegible]ာနဲ့ ရေမြောင်းကြီးက လမ်းကို ကန့်[illegible]န့်ဖြတ်နေရဲ့။ ရွံ့နှစ်ရောင်ညှိုညှိုညစ်ညစ် ရေထဲမှာတော့ အိတ်တွေနဲ့ အမှိုက်သရိုက်မျိုးစုံလွင့်မျောနေရဲ့။ ဈေးအတွင်း လှည့်လည်လေ့လာတဲ့ခါမှာတော့ ပိုလို့ဆိုးနေပြန်ရဲ့။ ဈေးလှေဆိပ်က မျှစ်ဖတ်နဲ့အမှိုက်တွေဟာ ဟီးလို့ပါ။ ဈေးဘေးပတ်လည်နဲ့ လမ်းမကြီးပေါ်က ရွှေဆိုင်တွေရဲ့ရှေ့ပိုးတွေမှာ ရေကြီးခဲ့တဲ့လက်ကျန်ရွံ့နှစ်တွေကိုလည်း အရစ်လိုက်မြင်နေရဆဲပါ။လမ်းကိုရေလွှမ်းပြီး အဲဒီဆိုင်တွေထိရေတက်ခဲ့တာပဲ။


ဈေးထဲမှာ ဒေသထွက်ရာသီစာ မျှစ်စို့ပေါက်ကြီးတွေ၊ ကဒတ်ဥတွေ၊ သပြေသီးတွေကတော့ ပေါမှပေါပါ။ ငါးဈေးရုံမှာ ငါး၊ ပုစွန်တွေအလွန်ဈေးချိုလှလို့ ပျော်ပျော်ပါးပါးဝယ်ကြတယ်။ ငါးရွှေ ငါးပြေမ၊ ငါးဒိုက်၊ ငါးသရွှေ၊ ငါးဖောင်ရိုး တွေစုံလို့ပါပဲ။ ငါးစင်ရိုင်းအကောင်လတ်လတ်တွေ တစ်ပုံကြီးမှ (၁၀၀၀) ကျပ်ပါ။ ဈေးကပြန်အလာ မိုးတွေသည်းလာလို့ ရွံ့နေပေမယ့် လမ်းလျှောက်ရတာ ကြည်နူးစရာ။ ဒါပေမယ့် ဒီမိုးတွေကြောင့် ရေတွေထပ်ကြီးလာဦးမလားလို့လည်း စိုးရိမ်သွားမိပြန်ရဲ့။ တောင်ခြေနောက်ခံနဲ့ လေးထောင့်စပ်စပ်ကန်ကြီးတစ်ကန်တွေ့ရတယ်၊ ကြက်ခြေနီအသင်းမှပံ့ပိုးမှုနဲ့ကန်ထိန်းသိမ်းရေးတွေလုပ်နေရဲ့။ ဘုန်းကြီးကျောင်းများစွာ ကျိန်းတောင်ခြေ တစ်လျှောက်မှာရှိနေလို့ တံတိုင်းတွေမှာ



www.burmeseclassic.com

www.burmeseclassic.com





ကိုးဆောင်းဘုရားမှ ကျောက်ဆစ်လက်ရာ



မြောက်ဦးမြို့ရဲ့ အထင်ကရ ကိုးဆောင်းဘုရား



မင်းပြားကိုသွားခဲ့တဲ့ ရှပ်မပြေဆောင်



စစ်တွေကမ်းခြေနဲ့ ကိုလိုနီခေတ်က နာရီစင်

ရေးထိုးထားတဲ့အလှူရှင်အမည်တွေဖတ်နေမိတယ်။ ရခိုင်နာမည်အချို့က ထူးဆန်းပြီး အတော်လေးလှတယ်။ ဦးငမဲကြီး၊ အောင်သာနိုး၊ မြတ်ထွန်းအောင်၊ ဦးမောင်ရွှေထွီး၊ ဦးနွားလှအောင်၊ ဒေါ်မယဉ်လှ၊ အိမ်စိုးဖြူ၊ အိမ်မိုးသာ၊ အေးကြော့သာ၊ အေးကြော့ညွန့်၊ ပန်းမြနု၊ ကြိုင်နုဖြူ၊ ကြိုင်ညိုဖြူ၊ သာမဖြူ၊ ကြာဇံဖြူ၊ လှသာဖြူ၊ လှမြသူ၊ ဒေါ်မိသန္တာဖြူ၊ မြဒါဦး၊ ဒေါ်ဦးခိုင်စော။ ကိုယ်တို့အထကကျောင်းတုန်းက သင်္ချာဆရာသစ် ဦးခင်လှရောက်လာတယ်ဆိုလို့ သွားချောင်းကြတော့ အသားညိုညို မျက်လုံးပြူးပြူးနဲ့ အမျိုးသမီးကြီးဖြစ်နေလို့ ဇဝေဇဝါဖြစ်ခဲ့ဖူးတယ်။ နောက်တော့ စာသင်အလွန်ကောင်းပြီး ဝတ္ထုကဗျာတွေလည်းအရမ်းဖတ်ကာ ဗဟုသုတနဲ့စပ်လှတဲ့ ဒေါ်ဦးခင်လှဟာ ကိုယ့်ရဲ့စံပြပုဂ္ဂိုလ်ဖြစ်လာခဲ့တယ်။

ကျောင်းရောက်တော့ မသီတို့က ငါးဖောင်ရိုးကြော်ပြီး ငါးစင်ရိုင်းဟင်း၊



www.burmeseclassic.com

www.burmeseclassic.com

သပြူသီးနဲ့ ရခိုင်ဟင်းရည်သောက်တွေ ချက်နေကြရဲ့။ ကျောင်းဘေးရေတံ့ခွန်မှာ လူတွေအများကြီးရေလာချိုးနေကြတယ်။ ဘောလုံးကန်ပြီးအပြန် ကလေးတစ်သိုက်ကတော့ အော်ဟစ်ဆူညံလို့။ အဝတ်လျှော်သူတွေကလည်း ရေပေါပေါနဲ့ လျှော်ဖွပ်နေကြရဲ့။ ဒီလိုရေတံခွန်မျိုး ကျိုန်းတောင်ရဲ့အခြားနေရာတွေမှာလည်း ရှိပြီး နွေရာသီတောင် ရေမခန်းဘူးတဲ့။ ရေငင်ချိုင်မှာတော့ ရှုခင်းပိုလှပြီး ချစ်သူစုံတွဲတွေပါလာကြလို့ ပိုစည်ကားသတဲ့။ ကျောက်တောင်ကမ်းပါးယံမှာ ကျောက်တုံးတွေဟာ သဘာဝအတိုင်းမဟုတ်ဘဲ လူတွေခုတ်ဖြတ်ထားပုံရတယ်။ ကျောက်ထုတ်လုပ်ရေးတွေလုပ်နေကြတာတဲ့။ သဘာဝအလှတရားတွေ ပျက်စီးမှာကို ထည့်တွက်ကြဟန်မရှိပါဘူး။ သဘာဝကျောက်တောင်တွေ မထိခိုက်ရအောင် တူးဖော်သင့်ရဲ့။ တစ်နေကုန်မိုးရွာနေလို့ ကျောင်းလေးမှာပဲနေရတယ်။ ဦးဥတ္တမက လှူဒါန်းမယ့်ရွာတွေကို စနည်းနာသွားနေလို့ ပြန်လာမှပဲ နက်ဖြန်ဆက်ရမယ့် အစီအစဉ်တွေသိမယ်လေ။

၁၅- ၈- ၁၅ (စနေနေ့) မနက်စာစားပြီးတာနဲ့ ဦးပဋ္ဌင်းအစီအစဉ်နဲ့ ကားငှားပြီး လှူဒါန်းဖို့စထွက်တယ်။ ဥပုသ်နေ့မို့ လမ်းတစ်လျှောက် ဥပုသ်သည်တွေနဲ့ စည်ကားနေရဲ့။ မင်းပြားကစထွက်ပြီး အကွက်ချကာ အသီးသီးနေရာတွေယူထားတဲ့ မြို့သစ်တိုးချဲ့ရပ်ကွက်တွေကိုလွန်တော့ လယ်ကွင်းတွေမှာ ရေဘေးသင့်အနိဋ္ဌာရုံတွေကိုစတင်တွေ့တာပါပဲ။ လမ်းဘေးမှာ သစ်တုံးအတိုအစတွေ အများကြီး၊ ရေမျောကမ်းတင်ပေါ့။ တချို့ရွာတွေမှာ သစ်တုံးတွေကို ကားလမ်းဘေးမှာ လေဝင်လေထွက်ကောင်းအောင် အပြန်အလှန်ထပ်ပြီး ထင်းလုပ်ဖို့ပုံထားကြရဲ့။ တချို့မှာတော့ ခုချိန်ထိ ပရမ်းပတာအလဲလဲအပြိုပြို၊ အတုံးအရုံးရှိနေဆဲပါ။ မိန်းမသားတွေနဲ့ရွာသားအချို့လည်း ရေမျောသစ်တိုသစ်စတွေကြားမှာ ရှင်းလင်းခုတ်ထစ်နေဆဲ။ လယ်ကွင်းတွေထဲမှာလည်း ပြိုလဲနေတဲ့ သစ်ပင်တွေက အတုံးအရုံးပါ။ ရွာသူတွေကတော့ တစ်ဖက်နိုင်ငံကလာတဲ့ လည်သိမ်ဒန်ရေအိုးလုံးတွေ ခါးထစ်ခွင်ပြီး အချို့က ခေါင်းမှာလည်းရွက်၊ ခါးမှာလည်းတင်လို့ ရေသယ်နေကြရဲ့။ ရေကန်အတော်များများက ရေဆိုးတွေဝင်ထားလို့ ပျက်စီးသွားပေါ့။

ကားလမ်းတစ်လျှောက် တစ်ရွာဝင်တစ်ရွာထွက်လှူခဲ့ကြတယ်။ ဆန်နဲ့ဆီတွေကိုတော့ မနေ့ကပဲ ဦးပဋ္ဌင်းက ပို့ထားနှင့်ပြီတဲ့။ ဒီနေ့တော့ စစ်တွေကဝယ်လာတဲ့ ယာယီရေကန်လုပ်ပြီး ရေသန့်မယ့် တာလပတ်ပြာကြီးတွေပဲဝင်ပေးကြရတာပါ။ ဒီအလှူခရီးစဉ်မှာ ဦးဖဋ္ဌင်းက ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေပဲ အဓိကထားလှူသွားတာ သတိပြုမိရဲ့။ ပထမဦးဆုံး လမ်းရဲ့လက်ယာဘက်က 'စိန္တာမယကျောင်းတိုက်' ရှေ့မှာကားရပ်ပြီး လှူခဲ့တယ်။ ကျောင်းဝင်လမ်းမှာ ခုထိ ရွှံ့ညွန်တွေ ထူထူပျစ်ပျစ်ရှိနေတုန်းပါ။ အဝင်မုခ်ဦးမှာ ဗျာလ်ရုပ်နှစ်ရုပ်ရံပြီး အခံ့အညားလုပ်ထားရဲ့။နောက်ကျောင်းကတော့ 'ဓမ္မရောင်ခြည်ပဋိပတ္တိကျောင်း' ပါတဲ့။ 'သာသနတံခွန်ကျောင်း' မှာလည်း ဝင်လှူခဲ့တယ်။ဘုန်းကြီးကျောင်းအတော်များများဟာ ကျောင်းအောက်ကို လူဝင်ရပ်လို့ရအောင်မြင့်တဲ့ သစ်သားထည်ကျောင်းချည်းမို့ ရွာမှာရေတက်လာတဲ့အခါ တစ်ရွာလုံး လာရောက် ခိုနားရာ (Shelter) တွေအလိုလိုဖြစ်သွားပေါ့။ ကောင်းလေစွ။ ကျေးလက်ကလေးတွေအတွက် ပညာရေးမှာစာသင်ကြားရာ (ဘ-က)ကျောင်းတွေဖြစ်ခဲ့သလို ခုနေခါများမှာလည်း နားခိုရာတွေဖြစ်နေပြန်ရဲ့။

ကျောင်းရဲ့ ဘုရားခန်းတွေမှာ ကြိုတင်ပို့ထားတဲ့ဆန်အိတ်နဲ့ ရေသန့်ဘူးတွေကို အသင့်ထပ်ထားပါတယ်။ ရခိုင်ကျေးလက်ဘုန်းကြီးကျောင်းဘုရားခန်းကတိုင်တွေမှာ ထူးခြားတဲ့ ပရိဘောဂဒီဇိုင်းတစ်ခုကို သတိထားမိတယ်။ တိုင်ရင်းကိုပတ်ပြီး ပြဒါးသုတ်ကြည့်မှန်ရှည်တွေတပ်ကာ (၆) မြောင့်ပုံဗီရိုရှည်တွေလုပ်ထားတာပါ။ အချို့ကို ရိုးရိုးပဲဘောင်ခွေကာ ပေါ်လစ်တင်၊ ဆေးရောင်စုံသုတ်ထားပေမယ့် တချို့မှာတော့ မှန်စီရွှေချထားရဲ့။ မူလရိုးရိုးတိုင်လုံးပျောက်အောင် အလှအပဆင်ယင်ထားသလိုမို့ လှပခံ့ညားသွားကာ ကြည့်မှန်အနေနဲ့လည်း သုံးနိုင်တာပေါ့။

ချင်းမကြီးစတင်တည်ခဲ့တယ်ဆိုတဲ့ ရွာကိုလည်းရောက်ခဲ့တယ်။ ဘုန်းကြီးကျောင်းအဝင် မုခ်ဦးဘေးမှာတော့ အနက်ရောင်သင်တိုင်းဝတ်ပြီး ပလိုင်းကြီးကို နဖူးမှာချိတ်လွယ်ထားတဲ့ချင်းမနဲ့ နဖူးမှာ သျှောင်ထုံးပြီး ဓားမကြီးထမ်းကာ ခါးတောင်းကျိုက်ထားတဲ့အမျိုးသားပုံရှိတယ်။ ဒီကျောင်းမှာ သူများတွေလှူထားတဲ့ တာလပတ်ပြာကြီးနဲ့လုပ်ထားတဲ့ရေကန်ကို စတင်တွေ့ဖူးတယ်။ ပါလာတဲ့ရေသန့်ဆေးတွေ ထပ်လှူခဲ့တယ်။ မကောင်းတဲ့ရွှံ့နှစ်ရေတွေဝင်ရောက်နေတဲ့ သောက်သုံးရေကန်ကို ရေစုပ်စက်နဲ့ စုပ်ထုတ်နေကြတယ်။ ဥပုသ်ဇရပ်မှာတော့ ရခိုင်မကြီးတွေ ဥပုသ်ဆောက်တည်နေကြရဲ့။ ကားလမ်းမပေါက် ရွှံ့ထူတဲ့ လူသွားလမ်းပဲရှိတဲ့ ဝင်းဇား၊ နားတင်ရွာတွေဆီကိုတော့ စက်လှေတွေ၊ တက်ကိုင်ပြီး လက်နဲ့လှော်တဲ့လှေလေးတွေနဲ့လည်း ချောင်းရိုးတစ်လျှောက်သွားလှူတယ်။ ရှေးကျတဲ့ရွာအတော်များများမှာ မြောက်ဦးခေတ်ဘုရားစေတီတွေတွေ့ခဲ့ရတယ်။ ဦးပဋ္ဌင်းနဲ့ပတ်သက်ရာရွာတွေကိုရောက်ခဲ့ကာ တစ်အိမ် ဆန်ရှစ်ပြည်၊ ဆီတစ်ပုံးနှုန်းတွက်ပြီးလှူဒါန်းနိုင်ခဲ့တယ်။ ကလေးတွေကို မုန့်တွေဝေပြီး မန္တလေးကအလှူရှင်တွေလှူလိုက်တဲ့ တီရှပ်တွေလည်းဝေနိုင်ခဲ့ကာ စစ်တွေကဝယ်လာတဲ့ရေသန့်ဘူးတွေလည်း ပေးလှူခဲ့ရတယ်။

နောက်တစ်ရွာကို ချောင်းရိုးလေးအတိုင်း စက်လှေနဲ့ကူးတော့ ချောင်းဝဲယာမှာ ကွမ်းသီးခြံနဲ့ အုန်းခြံတွေအများကြီးရှိရဲ့။ ချောင်းစပ်မှာ လမုပင်၊ သပြူပင်၊ လတာပြင်တွေနဲ့မို့ မြစ်ဝကျွန်းပေါ်ဧရာဝတီတိုင်းက ကိုယ်တို့ရွာချောင်းလေးနဲ့ အမေ့ကွမ်းသီးခြံကို သတိရမိရဲ့။ ချောင်းကမ်းပါးတစ်လျှောက်မှာ အိမ်သာတွေအစီအရီနဲ့မို့ မစင်တွေစီးမျောပြီး ရောဂါပျံ့နှံ့မှာတော့ ပညာပေးဖို့ကောင်းလှတယ်။ ရိုးရာဓလေ့အတိုင်းသစ်ခွဲတဲ့လွှစင်နဲ့လှေစပ်နေတာလည်းတွေ့ရတယ်။ ချွဲကျိကျိရွှံ့တွေနဲ့လူးပေနေတဲ့ရွာလမ်းကလျှောက်တက်သွားပြီး ဘုန်းကြီးကျောင်းကိုဝင်တယ်။ အဝင်မုခ်ဦးမှာ ဆီမီးခွက်ကိုင်ရပ်နေတဲ့ ရှေးရခိုင်အဆင်အယင်နဲ့ အရုပ်တွေ၊ ခရုသင်းပုံပါတဲ့ ရခိုင်ဒင်္ဂါးသင်္ကေတတွေကို အင်္ဂတေနဲ့ထုလုပ်သရုပ်ဖော်ထားတယ်။ ရွက်လှပန်းမျိုးစုံကိုစိုက်ပျိုးထားတာလည်း အတော်ဝေဆာလှပရဲ့။ ရှေးသစ်သားကျောင်းကြီးက အခိုင်အခံ့နဲ့ထည်ထည်ဝါဝါပါ။

အုတ်လှေကားရင်းမှာ ခြေဆေးပြီး ကျောင်းပေါ်တက်ခဲ့ကြတော့ လှူထားတဲ့ဆန်အိတ်တွေအသင့်ရောက်နေလို့လှူခဲ့ရုံပါပဲ။ ဘုရားခန်းမှာတော့ ရခိုင်ဟန် ကြေးဆင်းတုတော်ကြီးတွေရှိတယ်။ ရခိုင်တွေက စကျင်ကျောက်ကိုထုလုပ်တာထက် ကြေးကိုသုံးပြီးသွန်းလေ့ရှိတာ သတိပြုမိရဲ့။ ကျက်သရေခန်း ဗီရိုတွေပေါ်မှာ ရခိုင်ဓလေ့ ပွဲလမ်းသဘင်သုံး



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်းတွေကို စိတ်ဝင်စားဖွယ် တွေ့လိုက်ရတယ်။ အဝိုင်းပုံအခွေသုံးခုကို ဆင့်ထားပြီး ထိပ်ဆုံးမှာ ကတော့ပုံ အချွန်လေးတပ်ထားတာမို့ စေတီငယ်လေးနဲ့တူရဲ့။ သွေ့အရပ်နဲ့သွေ့ဇာတ်ပေါ့။ စက္ကူချိုးပြီးအသင့်လုပ်ထားတဲ့ ပဒေသာပင်တိုင်တွေလည်းရှိတယ်။ ဘုရားခန်းတိုင်ထိပ်မှာ တိုင်ကိုမှီပြီးရပ်ရင်း လက်မြှောက်နှုတ်ဆက်နေတဲ့ ဇော်ဂျီရုပ်တွေကိုလည်း သဘောကျမိရဲ့။ တကယ့်ကျေးလက်အနုပညာလက်ရာပါ။ တိုင်းရင်းသားတိုင်းမှာ ကိုယ်ပိုင်ယဉ်ကျေးမှု အသီးသီးနဲ့ပါ။

မနက်စာကို အိမ်အောက်ထပ်မှာ လျှော်စပ်တဲ့လုပ်ငန်းနဲ့ အိမ်ဆိုင်လေးပါရှိတဲ့ ခြေတံရှည်ရခိုင်အိမ်မှာစားခဲ့တယ်။ ရွာလယ်ချောင်းတံတားထိပ်မှာတော့ ယောက်သွားခွံအပုံကြီး၊ ဒါတွေကို တစ်ခုခုအသုံးချရင်ရမယ်ထင်ရဲ့။ ကြိတ်ပြီးကြက်စာလုပ်တာ၊ လက်မှုပစ္စည်းထုတ်လုပ်တာမျိုးပေါ့။ ခုလို အလကားပုံထားလို့ လမ်းလည်းညစ်ပတ်ပြီး အကျိုးမဲ့နေရဲ့။

ငပုကွရွာကတော့ ဦးပဥ္စင်းမယ်တော်နေထိုင်တဲ့ရွာပါ။ ရွာဦးမှာ ယခင်က စာသင်တိုက်ပါရှိခဲ့တဲ့ဘုန်းကြီးကျောင်းကြီးကိုသွားရတယ်။ ကျောင်းအဝင်မှာ ဗျာလ်ရုပ်ကြီးတွေရှိရဲ့။ မုခ်ဦးအင်္ဂတေအုတ်ခုံမှာ ရေးထိုးထားတဲ့ အလှူကမ္ပည်းစာက စိတ်ဝင်စားစရာ။ '၁၃၇၄ ခု၊ လူပျိုအပျိုနှင့် လူငယ်ရိုးရာစည်တော်အဖွဲ့မှလုပ်သည်'တဲ့။

ကျောင်းအတက်ဆေးကားအုတ်ခုံထိ ရေတက်ခဲ့တာတွေ့နေရတယ်။ သိမ်နဲ့ စေတီရင်ပြင်တွေမှာတော့ တစ်ပေကျော်တဲ့နုန်းနဲ့ရွှံ့ညွန်တွေထူထပ်စွာတင်ကျန်နေဆဲပါ။ သိမ်ထဲက မြောက်ဦးခေတ် ဆင်းတုတော်တွေ သွားဖူးတော့ ခြေထောက်တွေ နွံထဲကိုကျွံဝင်သွားလို့ ခက်ခဲစွာသွားခဲ့ရတယ်။ ကျောင်းပေါ်က ဘုရားခန်းမျက်နှာကြက်ကို သစ်သားပြားကြီးတွေဆက်ပြီး ကနုတ်ပန်းခက်တွေထွင်းထုထားတာ လှလိုက်တာ။ ဗုဒ္ဓဝင်ပန်းချီကားကြီးတွေလည်း မျက်နှာကြက်အနားတစ်လျှောက် ချိတ်ဆွဲထားရဲ့။ ကျောင်းတိုင်တွေပတ်လည်က (၆)ထောင့်မှန်ကပ်ဇီရိုတွေကို မှန်စီရွှေချထားလို့ ဝင်းဝါခံ့ညားနေရဲ့။ ဆင်းတုတော်နဲ့ပန်းပုရုပ်တွေလည်း ဘုရားခန်းမှာ အများကြီးပါ။ ကိုယ့်ကို ရှေးဟောင်းသုတေသနသမားမို့ ဘုန်းကြီးက ဗီရိုထဲကဘုရားတွေလည်း ထုတ်ပြတယ်။ တစ်ထွာလောက်အမြင့်နဲ့ အုတ်ခွက်ဘုရားလို ခပ်ပြားပြားသွန်းလုပ်ထားတဲ့ ဘုရားလေးဟာ အတော်ရှေးကျမှန်းသိပေမယ့် ခေတ်ကိုမခန့်မှန်းနိုင်ခဲ့ပါဘူး။ ပုံသွင်းသွန်းလုပ်ထားတာပဲသိပါတယ်။ အလွန်သေးတဲ့ဌာပနာစေတီ၊ ကျောင်းဆောင်နဲ့ဆင်းတုလေးတွေ၊ ဝူဘုရားပုံလေးတွေလည်း အများကြီးပါ။ လန်ဒန်ကထုတ်လုပ်တဲ့ ရှေးခေတ် ကြွေရေစစ်အိုးကိုလည်းမြင်ခဲ့ရတယ်။

တန်ဆောင်းမှာ ဆန်တွေပုံပြီး ရွာသားတွေကိုလှူခဲ့ကြတယ်။ ကလေးတွေကိုလည်း စိစိတွေကဝယ်လာတဲ့မုန့်တွေကို အိတ်သွန်ဖာမှောက်ဝေလိုက်တယ်။ ဘုရားတွေနောက်ကျောနံရံမှာ တစ်ဖက်ကြွ အိန္ဒိယဆန်ချိုပုံစေတီလေးတွေ အများကြီးပါ။ 'သာသနာ့ဟိတကာရိငါးကျပ်စု ဒါယိကာမများကောင်းမှု' တဲ့။ ဒီရွာမှာ ဘာသာရေးလုပ်တဲ့ အသင်းအဖွဲ့တွေအများကြီးရှိခဲ့ပုံပဲ။ တန်ဆောင်းနောက်မှာ ရွာချောင်းလေးက မနီပင်ကမ်းပါးနှစ်ခုကြားမှာ တငြိမ့်ငြိမ့်စီးဆင်းလို့။ ဩော် - ရေကြီးစဉ်မှာတော့ ဒီချောင်းရေဟာ နဂါးလိုလူးလွန့်ပြီး ကမ်းပေါ်ထက်လာခဲ့ပေါ့။ မလှမ်းမကမ်းက သောက်ရေကန်ဟာ ငရဆိုးတွေဝင်ပြီး ပျက်စီးသွားပြီတဲ့။ တန်ဆောင်းမှာ ရခိုင်မလေးတစ်ဦး စပါးပုံနေလှန်းနေရဲ့။ စပါးတွေကို နေနဲ့ထိတွေ့မှန်သွားအောင် ပျက်စီးမယ့်ထဲက ရနိုင်သမျှပြန်ရအောင် နေပူပူမှာ မမောနိုင်မပန်းနိုင်၊ ခြေနဲ့ယက်ယက်ပြီးလှန်ပေးနေတယ်။ ရေစိုသွားတဲ့ မျိုးစပါးလား၊ စားဖို့လှောင်ထားတဲ့စပါးလား၊ ဒီတစ်မိုးစာ မိသားစုဝမ်းစာကျန်ပါလေစ။

တစ်နေကုန် ရွာစဉ်လျှောက် လှူဒါန်းခဲ့ကာ နောက်ဆုံး ကားလမ်းနဲ့ အတော်ဝေးတဲ့ ပြားချောင်းရွာဘုန်းကြီးကျောင်းမှာခရီးဆုံးပါတယ်။ လက်လက်စစိမ်းနုနုလယ်ကွင်းတွေကိုဖြတ် ရွှံ့ဗွက်တွေ ခြေသလုံးမြုပ်နဲ့ ခြေကျင်လျှောက်ပြီး အဝေးကြီးသွားခဲ့ရတယ်။ စပါးပင်တွေပြန်စိုက်ထားနိုင်တာတွေ့ရလို့လည်း ရေဘေးသင့်ခဲ့ပေမယ့် ဒီနေရာမှာတော့ သိပ်မဆိုးလှဘူးရယ်လို့ စိတ်သက်သာရာတော့ရခဲ့ပါရဲ့။ ဒါပေမယ့် ရွာတိုင်းတညီတညာတည်းပြောကြတာကတော့ သက်ဆိုင်ရာက ခုထိဘာအကူအညီမှ ရောက်မလာသေးဘူးဆိုတာပါပဲ။

ကပ္ပိယကြီးက အသံချဲ့စက်နဲ့ ရွာထဲကိုလှမ်းပြီး လှူဒါန်းဖွာတွေလာယူဖို့ ရခိုင်သံနဲ့ဗျိုးဟစ်တယ်။ မကြာခင်ပဲ တစ်ရွာလုံးပြုဆင်းလာကြပေါ့။ 'လပြည့်ကျော်တစ်ရက်နေ့မှာတော့ ကျောင်းတိုင်တွေပါမြုပ်သွားလို့ ကျောင်းပေါ်မှာပဲ လူတွေစုပြီးနေလိုက်ကြရတယ်။ ဆန်၊ ဆား၊ ထင်းအားလုံး အကုန်ပါသွားပြီ။ ဘာမှမကျန်တော့ဘူး။ တစ်ပတ်နီးပါးလောက်က ကျောင်းမှာရှိတာလေးတွေ မျှတစားနေကြရတယ်' လို့ ကျောင်းထိုင်ကမိန့်ပါတယ်။ ကားလမ်းနဲ့လည်းမနီး၊ ချောင်းရိုးလည်းမရှိတာမို့ မနေ့ကပို့လိုက်တဲ့ဆန်တွေကိုလည်း ရွာသားတွေ ခေါင်းနဲ့ရွက်ပြီး ဒီမှာလာပုံထားကြရတာပါ။

ဘုန်းကြီးက ကျောင်းဝင်းထဲက အုန်းပင်ကိုတက်ခိုင်းပြီး လတ်လတ်ဆတ်ဆတ် အုန်းရည်ချိုချိုနဲ့ ဧည့်ခံလိုက်လို့ အမောပြေပါရဲ့။ အုန်းသီးတက်ခူးပေးတဲ့ လူငယ်လေးကို ဝတ်လာတဲ့ မိုးရေခံဂျာကင်ချွတ်ပေးလိုက်မိတယ်။ ရွာထဲက ဖြတ်အပြန်မှာ အုန်းပင်လှဲနေတာတွေ့တော့ ထိပ်ဖျားကအုန်းဖူးနုနုဖြူဖြူကြီးကို တောင်းလာခဲ့တယ်။ ဆင်စွယ်နှစ်ရောင် မျှစ်စို့ပေါက်ကြီးလိုကြီးမြီး ဒီတိုင်းလည်း ကိုက်စားလို့ရတယ်။ မသီက သူတို့ ရှမ်းပြည်မှာတော့ 'ဦးနှောက်' လို့ ခေါ်သတဲ့။

မင်းပြားပြန်အဝင်မှာတော့ ရာသီဥတုက သာယာနေရဲ့။ မြို့ဝင်နားမှာ လူငယ်တွေက ဥပုသ်ပြန်တွေကို အအေးလှူပြီး ကုသိုလ်ယူနေကြရဲ့။ ငရင်ချိုင်ဘေးကဖြတ်ခဲ့ရပြီး လူငယ်တွေဘောလုံးတန်နေတဲ့ မြေအပြန့်မြက်ခင်းစိမ်းတွေလည်း တွေ့ရတယ်။ ဩော် - ခုတော့လည်း ရေဘေးသင့်တဲ့အရပ်လို့မပြောနိုင်အောင်ဘဲ ပုံမှန်သွားလာနေကြပေါ့။ မုန်တိုင်းနောက်က လေပြည်ညင်းလေ။ ညစာမှာ အုန်းဖူးကိုချက်ထားတဲ့ဟင်းတစ်ခွက်ပါတယ်။ တစ်ခါမှမစားဖူး၊ စားရကောင်းမှန်းလည်းမသိတဲ့ဟင်းပေါ့။ အုန်းနို့နဲ့ချက်ထားတဲ့မျှစ်ဟင်းလိုအရသာဆင်ဆင်တူပေမယ့် အုန်းစိမ်းနံ့ဖေးသင်းပြီး ပိုလည်းချိုရဲ့။ ရခိုင်စာတွေကောင်းကောင်းစားပြီး မိုးသဲသဲမဲမဲရွာသံ၊ ရေတံခွန်ကရေစီးသံတွေနဲ့အိပ်လိုက်ရလို့ အားအင်တွေပြန်ပြည့်ပြီး မောတယ်လို့ မထင်ရပါဘူး။

၁၆ - ၈ - ၁၅ (တနင်္ဂနွေနေ့) နေ့လယ်မှာ ကျိန်းတောင်ခြေကရေသန့်ကိစ္စတွေလုပ်နေတဲ့ကျောင်းကိုသွားကြတယ်။ ဉာဏကာနန္ဒသင်္ဃာဖော်အေးရှင်း



www.burmeseclassic.com

www.burmeseclassic.com

သံဃာတော်များ'နဲ့ မြို့နယ်ကျန်းမာရေးဌာနတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုပါ။ ရေသန့်ရဖို့ ရေကို ဘယ်လိုကလိုရင်းခပ်ရမယ်ဆိုတာ စနစ်တကျပြသရင်းကိုယ်တိုင်လည်း လိုက်လုပ်ပေးတဲ့အဖွဲ့မို့ ပါလာတဲ့ ရေသန့်ဆေးထုပ်တွေလှူခဲ့ကြတယ်။ ဦးပဉ္စင်းတို့က ရွှံ့နှစ်တွေနဲ့ရေ၊ အရောင်ချွတ်ဆေးပေါင်ဒါ၊ ကျောက်ချဉ်နဲ့ ကလိုရင်းခတ်လိုက်လို့ပြောင်းလဲကာ သန့်စင်အနည်ကျသွားတဲ့ရေတွေကို မြင်သာအောင် ပုလင်းနမူနာလေးတွေနဲ့ အဆင့်ဆင့်ပြတယ်။ ကျောင်းအောက်လှေကားရင်းက တာလပတ်ယာယီရေကန်ထဲမှာလည်း ဆေးခတ်ပြထားရဲ့။ အချိုးကျကလိုရင်းခတ်ပုံလက်ကမ်းစာစောင်တွေလည်း ဝေငှကြတယ်။ သံတွဲကကားကြီးတွေနဲ့ရောက်လာပြီး ဆန်လှူကြတယ်။ နယ်အသီးသီးက ပေပေတူးတူးနဲ့ရောက်လာကြတဲ့ အလှူရှင်တွေဟာ ရေတံခွန်မှာ ရေလာချိုးကြလို့ စည်ကားနေပေ့ါ။

တောင်ခြေကမှ တောင်ပေါ်ကို ဆိုင်ကယ်တက္ကစီနဲ့တက်ကြတယ်။ တောင်တက်လမ်းတစ်ကွေ့တက်လိုက်တာနဲ့ မြို့ကို အဲပေါ်စီးကနေ ပိုပိုမြင်လာရတယ်။ တောင်ကုန်းထိပ်မှာ ဘုရားရှင်ရဲ့ လျှာရင်းတော်ဓာတ်ဌာပနာထားတဲ့ 'ကျိန်းတောင် ဇိဝှာဓာတ်စေတီတော်'ရှိတယ်။ ရင်ပြင်ပေါ် အတက်လှေကားဘေးမှာ စက်လက္ခဏာအစုံနဲ့ ခြေတော်ရာရှိရဲ့။ ရင်ပြင်အပြည့် ကြွေပြားတွေခင်းထားလို့ မိုးရေတွေနဲ့ချော်လဲမှာစိုးပြီး သတိထားလျှောက်ရလို့ ဘုရားကို စိတ်အေးလက်အေးမော့မဖူးရဲဘူး။ ရင်ပြင်ထောင့်မှာတော့ စံကားပင်ကြီးဟာ အပွင့်ကားကားတွေ တဝေဝေနဲ့ပါ။

တောင်ထိပ်မှာ မင်းပြားတစ်မြို့လုံးနဲ့ ပတ်ဝန်းကျင်တစ်ခွင်လုံးကို စီးမြင်နေရတယ်။ မြို့အဆောက်အအုံတွေရဲ့ အမိုးနီနီတွေ၊ ရာမောင်မြစ်၊ လေးမြို့မြစ်နဲ့ လယ်ကွင်းတွေ၊ မြို့ရေကန်တွေမှာ ရေကြီးတုန်းက ရေဆိုးတွေဝင်ပြီးပျက်စီးသွားတဲ့ ရေနောက်ကန်တွေနဲ့ မူလသန့်စင်မြဲစိမ်းမြမြကန်တွေလို့ အရောင်နှစ်မျိုးဖြစ်နေတာမြင်ရတယ်။

စေတီတော်က ဉာဏ်တော်သိပ်မမြင့်ဘဲ စတ်ုဝိုင်းပုံပန္နက်ပေါ်မှာ ခပ်ရိုးရိုးတည်ထားပေမယ့် အောက်ခံဖိနပ်ခုံကို ရှစ်ထောင့်ချိုးထားပြီး ထောင့်တိုင်းမှာ ကလသာအိုးကြီးတွေရှိတယ်။ ပစ္စယံဆင့်တွေမှာ အရံစေတီငယ်နဲ့ဘီလူးပန်းဆွဲတွေမပါပါဘူး။ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်ပြီး ရင်ပြင်ပတ်လည်ကိုတံတိုင်းခတ်ထားလို့ မြို့ကိုပတ်လည်လှည့်ကြည့်နိုင်ရဲ့။ ရင်ပြင်မှာတော့ အသောကစက်ဝန်းကို ထိပ်မှာတင်ထားတဲ့ တံခွန်တိုင်ရှိတယ်။ စေတီဘေးမှာ တန်ဆောင်းနဲ့ဘုရားကျောင်းဆောင်တွေဝန်းရံနေပြီး ခြေစုံချထိုင်တော်မူနေတဲ့ ဆင်းတုကြီးလည်း စေတီနဲ့ကပ်လျက်မှာဖူးရတယ်။ တန်ဆောင်းရှည်ထဲမှာ လျောင်းတော်မူဆင်းတုကြီးရှိနေပြီး ရှေးကျတဲ့လက်ရာမကိုဋ်ဆောင်းမင်းဝတ်ဆင်းတုတော်တွေဖူးခဲ့တယ်။ ဦးပဉ္စင်းလေးတွေက မီးစက်နှိုးကာ အသံချဲ့စက်ဖွင့်ပြီး ပဋ္ဌာန်းကိုအလှည့်ကျရွတ်ဖတ်နေကြရဲ့။

ဘုရားကုန်းမှာတော့ ဗျာဒိတ်ပေးမတ်ရပ်ဆင်းတုတော်ကြီး၊ တည်ဆောက်ဆဲအဆောက်အအုံတွေနဲ့ စေတီရဲ့ထီးတော်ဟောင်းတွေထားတဲ့ ရှေးလက်ရာသစ်သားဇရပ်အိုကြီးကို သစ်သားတိုင်လုံးကြီးတွေနဲ့ မပျက်မစီး တွေ့လိုက်ရတယ်။ မြန်မာပြည်တစ်ဝန်း ဘယ်မှာမှ မရှိနိုင်တဲ့ထူးခြားသောအဆောင်ရှည်ကြီးတစ်ခုလည်းရှိနေပေ့ါ။အလယ်မှာ အုတ်ခုံရှည်ခပ်မြင့်မြင့်ကြီးလုပ်ပြီး လက်ရန်းကာကာဗုဒ္ဓဝင်ဖြစ်စဉ်တွေနဲ့ဆိုင်တဲ့ဆင်းတုရုပ်တုမျိုးစုံကို တစ်ဆက်တည်းရောထွေးပြထားတာပါ။ နံရံမှာတော့ သက်ဆိုင်ရာအညွှန်းစာမျိုးစုံရေးထိုးထားရဲ့။ ညီတော်မင်းနန္ဒအား နတ်သမီးကိုပြ၍ချွတ်ခန်း၊ သင်္ကဿနဂိုရ်ပြည်မှဆင်းကြွခန်းနှင့် တာဝတိံသာနတ်ပြည်တွင် တရားဟောခန်း၊ တောထွက်တော်မူခန်း၊ ဘုရားအဖြစ်သို့ ရောက်တော်မူခန်း စသဖြင့်ပေ့ါ။ ကျိန်းတောင်ခြေကားလမ်းဘေးက ဘုန်းကြီးကျောင်းအုတ်တံတိုင်းမှာတော့ မင်းဗာကြီးနဲ့ ရှင်မြဝါပုံတွေကို ထွင်းထုထားတာတွေ့ရလို့ စိတ်ဝင်စားမိတယ်။

ရခိုင်ပြည်နယ်ကို ချရောက်ဖူးတဲ့ မသီကို လှူဒါန်းတဲ့ကိစ္စပြီးတဲ့ ၁၇-၈-၁၅ (တနင်္လာ)နေ့မှာ မြို့ဟောင်းနဲ့ ကျောက်တော်ကို ဘုရားဖူးပို့ဖို့ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ စစ်တွေကားလမ်းအတိုင်းလာခဲ့ကြတယ်။ မြောက်ဦးဘက်ကိုသွားတဲ့ ပေ (၇၀၀) ရှည်'မြောင်းဘွေ'တံတားကိုဖြတ်ရတယ်။ လမ်းဘေးမှာဈေးခင်းရောင်းနေတဲ့ ရွာဈေးလေးတွေကိုဖြတ်ခဲ့ရတော့ ဒေသထွက်သီးနှံ၊ သားငါးတွေရောင်းဝယ်နေတာ တွေ့နိုင်တယ်။

မြောက်ဦးမှာ ပထမဆုံးကားရပ်နားခဲ့တာကတော့ မြို့ကိုရေပေးဝေနေတဲ့ လက်ဆည်(လက်ဆီးကန်)မှာပါ။ (၉၁) ဧက ကျယ်ပြီး (၂၈) ပေမြင့်တဲ့ ရေကန်ပေါင်နဲ့ အကျအနရှိနေရဲ့။ တောင်နှစ်တောင်ကိုဆက်ထားတဲ့ မြို့ရိုးမှာ အရှေ့ ရွှေပေါက်ပင်တံခါးနဲ့ အနောက်လက်ဆည်ကန်တံခါးတို့ရှိပြီး မြောက်ဦးနန်းတော်ကိုဝင်လာတဲ့ ရန်သူတွေကို ရေတံခါးကရေလွှတ်ပြီး မြေနိမ့်ကျူးများကိုရေဖြည့်ကာ စစ်ရေးကာကွယ်မှုတွေ လုပ်ခဲ့သတဲ့။ 'သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း'လို့ စာချိုးရတဲ့ ရခိုင်စေတီပုထိုးတွေစုရှိနေတဲ့ မြောက်ဦးကိုရောက်တုန်း ဘုရားဖူးဖို့ဆက်လက်သွားကြတယ်။

မြောက်ဦးမာရ်ငါးပါး (သကျမာရ်အောင်၊ ရတနာမာရ်အောင်၊ လောကမာရ်အောင်၊ မင်္ဂလာမာရ်အောင်)စေတီတွေထဲမှာ ထင်ရှားတဲ့ 'ဇိနမာရ်အောင်'ကိုသွားဖူးတယ်။ နန်းတော်ကုန်းတောင်ဘက် ပန်းတိမ်တောင်ကုန်းပေါ်မှာ စန္ဒသုဓမ္မရာဇာမင်း ၁၆၅၈ ခုမှာ တည်ခဲ့တဲ့ဘုရားပေ့ါ။ ဘုရားရှင်ရဲ့ဇိနအားပူဇော်လိုတဲ့ မနောဆန္ဒနဲ့ ရည်မှန်းတည်ထားခဲ့ပါတယ်။ အောက်ခြေဖိနပ်ခုံ ရှစ်မြောင့်ပုံဖြစ်ပြီး လုံးပတ် (၃၂၀) ပေ၊ ဉာဏ်တော်(၁၂၀)ပေမြင့်ကာ ဂန္ဓကုဋိတိုက်လည်းရှိတယ်။ အရှေ့ဘက်မုခ်လိုဏ်ဂူမှာ အရင်က ကြေးဆင်းတုကြီးရှိခဲ့ပြီး နယ်ချဲ့တွေယူသွားလို့ ခုတော့ အုတ်ဆင်းတုအစားထိုးထားရဲ့။ စေတီအောက်ခံပစ္စယာထောင့်တွေမှာ ခန္ဓာကိုယ်နှစ်ခုပါ ပူးတစ်ကောင်စီနဲ့ အထက်ပစ္စယာထောင့်တွေမှာတော့ ရိုးရိုးပူးတွေ ရှိနေတယ်။ ဘုရားတန်ဆောင်းထဲမှာ အခုထက်ထိ ရေဘေးဒုက္ခသည်တွေ အများကြီးခိုနားနေဆဲပါ။

ကိုအေးမြင့်
(မဟာဝိဇ္ဇာ၊ ရှေး-သု)

စာကိုး -

မျှားအောင်ရဲသမိုင်းထဲမှ မြောက်ဦးဘုရားစေတီပုထိုးများနှင့် ဧည့်လမ်းညွှန်

မင်းပြား - မင်းသိင်္ဂြီးထွက်ခဲ့ ပစ္စက္ခရက္ခိတပုံရိပ်များ

www.burmeseclassic.com

# မြောက်ဦးခေတ်လယ် (၁၀) ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု

ဖန်းချီထူးလှ(ရှေးဟောင်းသုတေသန)



ပုံ (၄၆)



ပုံ (၄၇)

ပုံ (၄၆) ပုံဆွဲဒီဇိုင်းလက်ရာသည် ထုက္ကန်သိမ်ပုထိုးတော်ကြီး၏ ဝင်ဝလိုဏ်ပတ်လမ်း လက်ယာဘက် ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၁၁၄)မှကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာကို ဘုရားမုခ်ငယ် (၆၇) လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၅၀) စင်တီမီတာခန့်၊ အကျယ် (၂၈) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၀) စင်တီမီတာခန့်ရှိပါသည်။ ကျောက်ဆစ်ရုပ်ကြွ၏ အဆင်တန်ဆာများနှင့် မျက်နှာမှာ ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ၌ နို့အောက်ကျောက်ဆက်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ပုံဆွဲ (၄၆) ဒီဇိုင်းလက်ရာ၏ ဆံထုံးဖွဲ့စည်းပုံမှာ အဆင့်သုံးဆင့်ဖြင့် ဖွဲ့စည်းထုံးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။ အပေါ်ဆုံးဘယ်ဘက်တွင် ဆံခေါက်တစ်ခေါက် ဘေးသို့ထုတ်ထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာတွင် လုံးသွယ်ပြီး နားနှစ်ဖက်ကားကာ နားတောင်းကြီးများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားပါသည်။ ပခုံးနှစ်ဖက်တွင် တဘက်စကို တင်ထားပြီး တဘက်စ အစွန်းတစ်ဖက်ကို ညာဘက်ဘေးတွင်ဖြန့်၍ ထုတ်ထား၏။ တဘက်စ အဖျားကို အစင်းကြောင်းလေးများဖြင့် အလှဆင်ထားပါ၏။ လက်နှစ်ဖက်ကို အောက်သို့အနည်းငယ်ချ၍ တံတောင်ဆစ်မှကွေးပြီး လက်ဖျားနှစ်ဖက်ကိုပူး၍ ဘယ်ဘက်သို့ထုတ်ကာ မြှောက်ထားပါသည်။ လက်ဖျားတွင်ပန်းဖူးတစ်ဖူး ကိုင်၍ ဘုရားကန်တော့နေသည်ကို တွေ့ရှိရ၏။ လက်နှစ်ဖက်စလုံးတွင် လက်ကောက် တစ်ဖက် လေးကွင်းစီ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

အင်္ကျီကို အပေါ်ပိုင်းတွင်နို့အထက်၌ အရစ်ဖော်ထားသည်ကို တွေ့ရှိရပြီး အောက်ပိုင်းတွင် တင်ပါးဖုံးအောင်ထိ ဝတ်ဆင်ထားသည်ကို တွေ့ရှိ ရပါသည်။ အင်္ကျီအောက်ပိုင်းမှ ခါးကြိုးစနှစ်စကို ပေါင်ပေါ်တွင်တင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးကြိုးစအဖျားကို ပန်းဖူးသဏ္ဌာန် အလှဆင်ထားပါသည်။ ထဘီအခေါက်ကို ဒူးအောက်ထိဖော်ထားပါ၏။ ထဘီအောက်နားကို ခြေချင်းဝတ်လောက်တွင် အရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖနောင့်နှစ်ဖက်ကို တင်ပါးတွင်ကပ်ပြီး ခြေဖျားထုတ်ကာ ဒူးနှစ်ဖက်ကို ဘယ်ဘက်သို့လှည့်ထိုင်နေသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးဆံထုံးဖွဲ့စည်းပုံအရ မြိတ်ခေါက်ဆံထုံးထုံးပုံ ဟူ၍ သိရှိရပါသည်။ ဤအမျိုးသမီး၏ ဝတ်ဆင်ထုံးဖွဲ့မှုမှာ ရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။

ပုံ (၄၇) ပုံဆွဲဒီဇိုင်းလက်ရာသည်လည်း ထုက္ကန်သိမ်ပုထိုးတော်ကြီးဝင်ဝ လိုဏ်ပတ်လမ်းလက်ယာဘက်ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၁၁၆)မှ ကူးယူရေးဆွဲထားသောဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွကို အထက်ဘုရားလိုဏ်ဂူတော်ဝင်ဝ လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၄၇) စင်တီမီတာခန့်၊ အကျယ် (၂၇) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၈) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် လက်ရှိအခြေအနေ၌ ဆံထုံးပဲ့နေပြီး မျက်နှာလည်းချောနေသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်လက်ဖျားလည်းမရှိတော့ပေ။ ခါးအထက်ကျောက်ဆက်အက်ကွဲနေသည်ကိုတွေ့ရှိရပါသည်။ အဆင်တန်ဆာများလည်း ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။

ပုံ (၄၇) ပုံဆွဲဒီဇိုင်းလက်ရာ၏ ဆံထုံးဖွဲ့စည်းပုံမှာ အဆင့်သုံးဆင့်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ အထက်ဆုံးအဆင့်မှာငယ်ပြီး ဒုတိယ

www.burmeseclassic.com

အဆင့်မှာ အထက်ဆုံးအဆင့်ထက် ပိုကျယ်သည်ကိုတွေ့ရှိရသည်။ တတိယအဆင့်သည်လည်း ဒုတိယအဆင့်ထက် ပိုကျယ်သည်ကို တွေ့ရှိရပါသည်။ ဤဆံထုံးထုံးပုံမျိုးကို ခရုပက်ဆံထုံးထုံးပုံဟု ခေါ်ဆိုကြသည်ကို တွေ့ရှိရပါသည်။ မျက်နှာမှာလုံးသွယ်ပြီး နားနှစ်ဖက်တွင် နားတောင်းဝန်းပန်ဆင်ထားသည်ကိုတွေ့ရှိရပါသည်။ လည်မျိုးတွင် လည်ရစ်သုံးရစ်ဖော်ထားပါ၏။ ညာဘက်လက်ကို အောက်သို့ချ၍ တဘက်အစွန်းတွင်ကပ်ထားပါသည်။ ဘယ်ဘက်လက်ကို တံတောင်ဆစ်မှကွေး၍ လက်ဖျားမြှောက်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီကို တင်ပါးဖုံးအောင် ဝတ်ဆင်ထားသည်ကိုတွေ့ရှိရပါသည်။ အင်္ကျီအောက်စရှေ့တွင် ခါးကြိုးစနှစ်စကိုချထားပါသည်။ ခါးကြိုးစနှစ်ဖက်အဖျားကို ပန်းဖူးသဏ္ဌာန်ဖန်ဆင်းထားသည်ကို တွေ့ရှိရပါသည်။ ထဘီကို ခြေချင်းဝတ်အထိဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ထဘီအခေါက်ကိုလည်း ခါးကြိုးများအောက်တွင်အစင်လိုက်ချထားသည်ကို တွေ့ရှိရပါသည်။ ခြေဖျားနှစ်ဖက်ကို ဘယ်ဘက်သို့လှည့်၍ ရပ်နေသည်ကို တွေ့ရှိရပါသည်။ ဤအမျိုးသမီးဝတ်ဆင်ထုံးဖွဲ့မှုသည်လည်း ရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။

ပုံ (၄၈) ပုံဆွဲဒီဇိုင်းလက်ရာသည် ထုက္ကန့်သိမ်ပုထိုးတော်ကြီးလိုဏ်ပတ်လမ်းအထွက် လက်ယာဘက် ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၁၁၇)လက်ရာကိုကူးယူရေးဆွဲထားသောဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ဘုရားမှန်ငယ်လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆၀) စင်တီမီတာခန့်၊ အကျယ် (၃၀) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၃) စင်တီမီတာခန့်ရှိသည်ကို တွေ့ရှိရပါသည်။ မျက်နှာချောမွတ်၍အဆင်တန်ဆာများပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ကျောက်ဆစ်ရုပ်ကြွ ခါးလောက်မှ ကျောက်ဆစ်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်လက်လည်းပဲ့နေသည်ကိုတွေ့ရှိရပါသည်။

ဤပုံ (၄၈) ၏ ဆံထုံးဖွဲ့စည်းပုံမှာ ညာဘက်နောက်ဘေးတွင် စောင်းထုတ်၍ထုံးထားသည်ကို တွေ့ရှိရပါသည်။ ဆံထုံးကို အဆင့်နှစ်ဆင့်ဖြင့်ထုံးထားပါ၏။ ဆံထုံးအဖျားဆင့်မှာကြီးပြီး အရင်းအဆင့်တွင်ငယ်သည်ကို တွေ့ရှိရပါသည်။ နောက်ဆွဲဆံထုံးဖွဲ့စည်းပုံဖြစ်သည်ဟု ခေါ်ဆိုကြသည်ဟု သိရှိရပါသည်။ မျက်နှာဝန်းပြီး မေးစေ့ချွန်းပါသည်။ နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပခုံးနှစ်ဖက်တွင် တဘက်ခြုံထားပါ၏။ လက်နှစ်ဖက်တွင် ညာဘက်ကို အောက်သို့ချပြီး ပန်းဖူးတစ်ဖူးကိုင်ထားပါ၏။ ဘယ်ဘက်လက်ကို တံတောင်ဆစ်အောက်ချပြီး ဘေးထုတ်ကာ လက်ဖျားမြှောက်၍ ပန်းဖူးတစ်ဖူးကိုင်ထားပါသည်။ လက်နှစ်ဖက်စလုံးတွင် လက်ကောက်လေးကွင်းစီဝတ်ဆင်ထားပါ၏။ တဘက်စတစ်ဖက်ကို ဘယ်ဘက်အောက်တွင်ဖြန့်၍ ချထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးကြိုးပတ်ပတ်ထားပါ၏။ ခါးကြိုးစနှစ်စကို ရှေ့တွင် ချိုင်ပြီး အစနှစ်စကိုအောက်တွင်ချထားပါသည်။ ခါးကြိုးစနှစ်စစလုံးအဖျားကို ပန်းဖူးသဏ္ဌာန်အလှဆင်ထားပါသည်။ အင်္ကျီကို အပေါ်တွင် နို့အထက်၌အရစ်ဖော်ထားပြီး အောက်တွင် တင်ပါးဖုံးအောင်အထိ ဝတ်ဆင်ထားပါသည်။ ထဘီကို ခြေချင်းဝတ်လောက်ရောက်အောင်ထိ ချဝတ်ထားပါသည်။ ထဘီအခေါက်ကို ဘယ်ဘက်သို့စောင်း၍ အစင်းလိုက်ဖော်ထားပါသည်။ ခြေဖျားနှစ်ဖက်ကို ဘယ်ဘက်သို့လှည့်၍ ရပ်နေပါသည်။

ဤပုံ (၄၈) အမျိုးသမီး၏ ဆံထုံးထုံးပုံမှာ နောက်ဆွဲဆံထုံးထုံးပုံဖြစ်သည်ဟု သိရှိရပြီး ဝတ်ဆင်ထုံးဖွဲ့မှုမှာ ရိုးရှင်းလှပါသည်။

ပုံ (၄၉) ပုံဆွဲဒီဇိုင်းလက်ရာသည်လည်း ထုက္ကန့်သိမ်ပုထိုးတော်ကြီး၏ လိုဏ်ပတ်လမ်းအထွက် လက်ယာဘက် ကျောက်နံရံကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၁၈) မှ ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်း ကျောက်ဆစ်ရုပ်ကြွလက်ရာကို ဘုရားမှန်ငယ်(၆၉) လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၅၀) စင်တီမီတာခန့်၊ အကျယ် (၃၀) စင်တီမီတာခန့်၊ ရုပ်ကြွအထု (၁၄) စင်တီမီတာခန့် ရှိပါသည်။ ဘယ်ဘက်လက်တွင် ကိုင်ထားသောပန်းခက်မှာ အရိုးသာကျန်ရှိပါတော့သည်။ အပွင့်ကျိုးနေသည်ကို တွေ့ရှိရပါသည်။ ခါးလောက်တွင် ကျောက်ဆစ်အက်ကွဲ၍ ဆံပင်ကို

ပုံ (၄၉)



ပုံ (၄၈)





www.burmeseclassic.com

www.burmeseclassic.com

နောက်တွင်ချထားသည့်အနေအထားမျိုး တွေ့ရှိရပါသည်။

ပုံ (၄၉) ၏ ဗောင်းတော်မှာ အချောသာတွေ့ရှိရပြီး ဗောင်းတော် အောက်ခြေတွင် ဖောင်းလုံးတစ်လုံးခံထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာမှာ လုံးဝန်းပြီး မျက်ခုံး၊ မျက်နှာ၊ နှာခေါင်း၊ ပါးစပ်ပီပြင်စွာတွေ့ရှိရပါသည်။ ပါးရေတွန့်လည်းပေါ်လွင်ပါ၏။ နားနှစ်ဖက်တွင် နားပေါက်ဖောက်ထားသည်ကိုတွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ပေါ်လွင်လှပါ၏။ ညာဘက်လက်ကိုကုပ် ရင်ဘတ်အထက်တွင်ကပ်ကာ လက်ဝါးပြင်တွင် ကြိုက်တစ်ခုပုံသဏ္ဌာန်ဖော်တွေ့ရှိရပါသည်။ ဘယ်ဘက်လက်ကိုလည်းကုပ်ကာ ရင်ဘတ်အထက်တွင်ကပ်၍ ပန်းရိုးတစ်ရိုးကိုင်ထားသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်လက်မောင်းရင်းတွင် လက်မောင်းပတ်လေးပတ်ပတ်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင်လည်း ခါးပတ်ပတ်ထားပြီး ခါးပတ်ရှေ့တွင် ခါးပုံစနှင့်ကွန္ဓြေကာပြားနှစ်ပြားကို ဖြန့်၍ချထားပါသည်။ ကွန္ဓြေကာပြားများကို အစင်းကြောင်းဖြင့်အလှဆင်ထားပါ၏။ ပုဆိုးကို ခြေချင်းဝတ်အထက်ထိ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖျားနှစ်ဖက်ကို ညာဘက်သို့လှည့်၍ ရပ်နေသည်ကို တွေ့ရှိရပါသည်။ ဗောင်းတော်ပေါင်းထားသည့် ဗောင်းတော်အဆင့်အတန်းအရ ပုံ (၄၉) ပုံဆွဲလက်ရာကို ခွင်ဆရာ ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာ ဖြစ်သည်ဟု သိရှိရပါသည်။ ဤဒီဇိုင်းလက်ရာ၏ ဝတ်ဆင်ထုံးဖွဲ့မှုများ ရိုးရှင်းလှပါသည်။

ပုံ (၅၀) ပုံဆွဲဒီဇိုင်းလက်ရာသည် ထုတ္တန့်သိမ်ပုထိုးတော်ကြီးလိုဏ်ပတ်လမ်းအထွက် လက်ယာဘက် ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၁၁၉)လက်ရာကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာကို ဘုရားမုခ်ငယ် (၆၉) ညာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာအမြင့် (၅၆)စင်တီမီတာခန့်၊ အကျယ်(၃၂)စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁၉) စင်တီမီတာခန့်ရှိပါသည်။ အဆင်တန်ဆာများ ချောမွတ်နေပေပြီ။ ခါးဆစ်ကျောက်ဆက်အက်ကွဲနေပေသည်။

ဤဒီဇိုင်းလက်ရာ၏ ဆံထုံးတော်ဖွဲ့စည်းပုံမှာ ဆံထုံးနှစ်ဆင့်ဖြင့်ဖွဲ့စည်းထားပါ၏။ အထက်ဆင့်အလုံးကြီးပြီး အောက်ဆင့်ငယ်သည်ကို တွေ့ရှိရပါသည်။ ဆံထုံး၏ ဘယ်ဘက်ဘေးတွင် ဆံခွေတစ်ခွေအထုံးလိုက်ချထားပါသည်။ မျက်နှာမှာလုံးသွယ်၍ မေးစေ့ခွက်နေပါသည်။ နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများဖြင့် ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်အားကောင်းလှပါ၏။ နှုတ်ခမ်းမှာ တည်ငြိမ်စွာပြုံးပြီး နှုတ်ခမ်းအထက်တွင် နှာရည်ခံခွက်ကလည်း ပေါ်လွင်လှပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားပါ၏။ ဘယ်ဘက်ပခုံးတွင် တဘက်တင်ထားသည့် အနေအထားမျိုး တွေ့ရှိရပါသည်။ တဘက်စတစ်စကို ညာဘက်တင်ပါးဘေးတွင် အပြားလိုက်ဖြန့်ချထားပါသည်။ ညာဘက်လက်တိုလည်းအောက်သို့ချ၍ ဘေးသို့ အနည်းငယ်ထုတ်ကာ ပန်းဖူးတစ်ဖူးကိုင်ထားပါ၏။ ဘေးဘက်လက်ကိုလည်း တံတောင်ဆစ်မှကွေးကာ လက်ဖျားတွင်လည်း ပန်းဖူးတစ်ဖူးကိုင်၍ မြှောက်ထားပါသည်။ ရင်သားမှာ တောင့်တင်းနေပါ၏။ အင်္ကျီကို ပေါင်တစ်ဝက်လောက်ရောက်အောင်ထိ ဝတ်ဆင်ထားပါသည်။ ထဘီအခေါက်ကို ဒူးဖျားရောက်အောင်ထိဖော်ထားပါ၏။ ထဘီကိုခြေချင်းဝတ်လောက်ရောက်အောင်ထိဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖနောင့်ကို တင်ပါးတွင်ကပ်၍ ဒူးကို ဘယ်ဘက်သို့လှည့်ကာ ထိုင်နေသည်ကို တွေ့ရှိရပါသည်။ ဤအမျိုးသမီး၏ ဆံထုံးထုံးပုံမှာ မြိတ်လွှဆံထုံးအမျိုးအစားဖြစ်ပြီး ဝတ်ဆင်ထုံးဖွဲ့မှုမှာ ရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ ပုံဆွဲဒီဇိုင်းလက်ရာများသည် ထုတ္တန့်သိမ်ပုထိုးတော်မှမြောက်ဦးခေတ်လယ်၏ဝတ်ဆင်ထုံးဖွဲ့မှုကို စံနမူနာယူထိုက်သောပုံဆွဲဒီဇိုင်းလက်ရာများပင် ဖြစ်ပါသည်။

*အနန္တော အနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်ကန်တော့လျက်*

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

ပုံ (၅၀)



www.burmeseclassic.com

# မင်းနန္ဒိရှိန်
## လူသူမနီး ဂူကြီးခရီးစဉ်



အချိန်က ၁၉၇၅ ခုနှစ် ဆောင်းဦး ပေါက်ကာလတွင် အပျော်တမ်းအမဲပစ် မုဆိုးမောင်ရန်နောင်သည် ဟသ်ာတမြို့ မှမိတ်ဆွေကြီးရှားတော်၏ဖိတ်ကြားချက် ကြောင့် နာမည်ကြီး ကန့်သူဂူကြီးခရီးစဉ် တွင် အမဲပစ်ရန်အတွက် ဟသ်ာတမြို့ သို့ရောက်ရှိလာရာ သာရဝေါဘက်ကမ်း မှ ဟသ်ာတဆိပ်ကမ်းဘို့အရောက်တွင် မိတ်ဆွေကြီးရှားတော်ကလာကြိုနှင့်ပြီး မရမ်းမြိုင်ရပ်ရှိ သူ၏အိမ်သို့ခေါ်ဆောင် သွားသည်။

ရှားတော်၏ဇနီး မောလီက သူ၏ ဝဝဖိုင့်ဖိုင့်ကိုယ်ခန္ဓာနှင့်မလိုက်အောင်ပင် ဖော်ရွေလှပြီး မော်လီအကြိုက်တောပန်း သဇင်ဥတွေကိုလက်ဆောင်ပေးလိုက်ပါ သည်။

"ရှားတော်၊ ဒါက မင်းအတွက် အသားခြောက်"

"ဘာသားခြောက်လဲ ရန်နောင်"

"တောစပါးကြီးမြွေသားကျပ်တိုက် တွေ ငါ့မိတ်ဆွေ မုဆိုးကြီး စောထူးရဲ့ အစီအမံနဲ့ မင်းအတွက်ယူလာတာ"

မြွေသားအလွန်ကြိုက်သော ရှား တော်မှာ ဝမ်းသာအားရ -

"ဒါပလူ ဒါပလူ"

(ကျေးဇူးတင်တယ်)

ဟု ကရင်လိုပြောပြီး စားစရာများ တစ်ခုပြီးတစ်ခုဧည့်ခံရှာပါသည်။

ကရင်တိုင်း ရင်းသားတို့၏ ရိုးသားသော စေတနာ၏နောက်တွင် မည်သည့် အရောင်ပကာသနမပါ ရိုးစင်းလှ၏။

"ရန်နောင်ရေ မင်းတို့သွား ရမယ့် ဂူကြီးက သားကောင် အင်မတန်ပေါတယ်။ စမ်းချောင်း နဲ့ လျှိုမြောင်သစ်တောတွေဖုံးနေ တဲ့ အမြဲစိမ်းဧရိယာကွ။ ဂူကြီး ကိုသွားမယ်ဆိုရင် အရင်ဆုံး ဒီကနေ မယ်ဇလီကျင်းကျွမှ လမ်း ပြတစ်ယောက် ငှားပြီး ရေထွက်ခုံမှာ တောင်ယာစိုက်နေတဲ့ ငါ့သူငယ်ချင်း မနားရှင်ဆိုတာကို အကူအညီတောင်း မယ်။ သူလည်း တစ်ခါတစ်ရံ တူမီးနဲ့ လင့်ထိုးပြီး, တောဝက်တွေကို အမဲပစ် လေ့ရှိတယ်။

တစ်ခါတစ်ခါ ဟသ်ာတတက်လာ ပြီးငါ့ကိုအသားခြောက်လက်ဆောင်ပေး တယ်။ ပျားရည်စစ်စစ်ရတယ်။ မနားရှင် က နာဂသွေးစပ်တော့ သူနဲ့တွေ့လို့က



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

နာဂခေါင်ရည်ကောင်းကောင်းသောက်ရပြီမှတ်။ ရွာခံမုဆိုးတစ်ယောက်နဲ့ လမ်းပြရရင် အဆင်ပြေတာပေါ့။ လမ်းပြကို ကြိုက်ဈေးပေးမယ်။ အသားခြောက်မှု မယ် ရှားတော်"

ဂူကြီးခရီးစဉ်မှာ အမြင်ပန်းတွင် မိုင်သုံးဆယ်ခန့်ရှိမည်ထင်ရသော်လည်း တကယ်တမ်း ဤမျှ ကြမ်းတမ်းဝေးလံသောဒေသဖြစ်သဖြင့် မုဆိုးဘဝတွင်တော့ တစ်ကြိမ်တစ်ကြိမ်ဆိုသလောက် အမှတ်တရဖြစ်စေခဲ့၏။

ထိုသို့ဖြင့် ဂူကြီးခရီးစဉ်ကို နောက်နေ့မနက်တွင် ဟသ်ာတမြို့မှထွက်ခွာခဲ့ပြီး မယ်ဇလီကျင်းရွာမှလမ်းပြထွန်းသိုက်ကိုငှား၍ နွားလှည်းဖြင့်ထွက်ခဲ့ရာ ညနေပိုင်းတွင် အစဦးဆုံးစခန်းဖြစ်သည့် ရေထွက်ခုံသို့ရောက်ရှိပြီး တောင်ယာမုဆိုး မနားရှင်တည်ခင်းသော ခေါင်ရည်နှင့်ညစာစားသောက်ကြ၏။ တောဝက်သား၊ ဆက်သားခြောက်ကင်၊ ဝဥကြော် များဖြင့် ငွေသောင်တို့အဖွဲ့မှာ ခေါင်းမဖော်နိုင်တော့။

"ကိုရန်နောင်တို့ စားကြနော်။ ဘာမှအားမနာနဲ့"

ဟု ပြောပြီး ခေါင်ရည်အိုးထဲသို့ ပွက်ပွက်ဆူနေသော ရေနွေးအဖြူကို လောင်းထည့်လိုက်၏။

"ကိုမနားရှင်၊ အဲဒါဘာလုပ်တာတုန်း"

မနားရှင်က ပြုံးပြီး -

"ခေါင်ကဖောက်ထားတာ တစ်လလောက်ရှိပြီဆိုတော့ နည်းနည်းထိုင်းမှာမို့လို့ ခေါင်ကိုအသက်ပြန်သွင်းတာလေ"

"ရေနွေးဖြူရောတော့ပေါ့မသွားဘူးလား"

"မပေါ့ပါဘူး။ အရက်ကိုရေရောရင် ပေါ့ပေမယ့် ကျုပ်တို့ရိုးရာခေါင်က ရေနွေးအပူနဲ့ရောတာမို့ လတ်ဆတ်ပေါ့ပါးပြီး သောက်သူလျှာငြိတယ်ဗျို့"

ထိုည ခေါင်ရည်တန်ခိုးဖြင့် သူတို့ အိပ်ပျော်သွားကြလေသည်။ နောက်နေ့မနက်စောစော မောင်ရန်နောင်တို့အဖွဲ့ ရေထွက်ခုံမှ တောင်ယာမုဆိုး မနားရှင်တို့နှင့် တောတွင်းဖြတ်သန်းလာခဲ့ကြရာ တစ်သက်နှင့်တစ်ကိုယ် သာယာလှသည့် တောတောင်လျှိုမြောင်စမ်းချောင်းအသွယ်သွယ်ကိုမြင်တွေ့ဖြတ်သန်းရသောအခါ-

တောမျောက်ကကြိုးခွေ၊ စိမ့်ကြီးမြိုင်ချောင်မှာ၊ ရွှေဖိုးခေါင်သံချိုသောင်း၊ ဒေါင်းကအိုးဝေ၊ တောင်တန့်ပြက်၊ ကျောက်စက်စမ်းရေ၊ တွေတွေစိမ့်ကြည်အေး၊ အိုနောင့်ထဲမှာမို့၊ ရွှေသဲမှာကြွေကြွေဆူလှတယ်၊ နန်းသူကြောင့်လေး. . .

ဦးကြင်ဥ၏ လေးချိုးသဖြန့်လေးကို သတိရလိုက်၏။

သဲသောင်တောင်နံရံကမ်းပါးများက သက်ရင့်ကျောက်အင်ကြင်းကျောက်များနှင့်ဖွဲ့တည်ထားသည့်အတွက် အဖိုးမဖြတ်နိုင်အောင်ရှိမည်ဟု တွေးဆလိုက်၏။ သို့နှင့် တောတိုးလာခဲ့ကြရာ တောကြီးမျက်မည်းထဲသို့ ဝင်ရောက်လာမှန်းတောင် မသိတော့ချေ။

မျက်စိအောက်က တောကောင်ငယ်လေးလှစ်ခနဲဖြတ်ပြေးသွားကြသည်။ ခရီးက ကြမ်းသထက်ကြမ်းလာသည်။ သို့သော် လည်ရှည်တောစီးဖိနပ်၊ အကျႌအထူ လက်ရှည်များဝတ်ထား၍ ဆူးချုံနှင့်ဝါးပွေးများဒဏ်က ကာကွယ်နိုင်ခြင်းဖြစ်၏။ ဝါးပွေးမျှဉ်မျှဉ်လေးများသည် မျက်စိထိဝင်ခြင်း၊ ကိုယ်ရေပြားနှင့်ထိတွေ့ပါက လွန်စွာယားယံတတ်ပါသည်။ ဝါးပွေးများကပ်ငြိတွယ်ပါက ဆံပင်ဖြင့် ပွတ်သပ်ရ၏။

သူတို့အဖွဲ့ ရေထွက်ခုံမှ လှည်းမှောက်စခန်း၊ အရိုးဒါးစခန်း၊ မိုးကောင်းစခန်း၊ ဂျုံးဂျုံးစခန်း၊ ကြက်ပေါင်ရွာမှတစ်ဆင့် နွားလပို့တောင်ကြီးဆီသို့ ရောက်ရှိလာကြသည်။ နွားလပို့တောင်ကြီးသည် မိန်းမပျိုတစ်ယောက်ဝက်လက်လှန်အိပ်နေသလိုရှိပြီး လမ်းပြထွန်းသိုက်နှင့် မနားရှင်တို့က အမျိုးသမီးရင်သားကဲ့သို့ဖြစ်နေသော တောင်ပူစာမြေကမူကို သူတို့၏မျက်နှာပါးပြင်ဖြင့်ပွတ်တိုက်ပြီး ဆုတောင်းကြသည်။ နွားလပို့အရှင်ကြီးမှ အမဲပေးဖို့၊ သားကောင်များများရဖို့နှင့် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ဖို့၊ အရှင်ကြီးမှ သိသိသာသာ အမဲပေးဖို့ရန်ဆုတောင်းလျက် ထမင်းဦးပေါင်း၊ အရက်၊ ကြက်ဥများနှင့်တင်မြှောက်ပြီး ဆက်လက်၍ တောတိုးခဲ့ကြပါသည်။

တောတွင်းပေမယ့် လူစည်းဘီလူးစည်း အူအရပ်နှင့်သူ့ခလေ့ကို ပစ်ပယ်မကောင်းမှန်းသိ၍ တောခလေ့ထုံးစံကို လိုက်နာကြရသည်မှာမဆန်းပေ။ ညို့ညို့ဆိုင်းဆိုင်း အုံ့အုံ့မှိုင်းမှိုင်း တောတောင်ရှုခင်းများက ဘယ်နေရာကြည့်ကြည့် ဝေသီစွာတွေ့နေရလေ၏။

ကျွဲတက်စခန်းနားအရောက်တွင် တောင်ဆိတ်တစ်ကောင်နှင့်ရစ်တစ်ကောင်ကို မုဆိုးစောထူးက ဒူးလေးဖြင့်လက်စွမ်းပြလိုက်ရာ ထိုနေ့ညစာအတွက် တောင်ဆိတ်ကလီစာ၊ ရစ်သားကြော်နှင့်လွေးကြရပေတော့မည်မို့ ဒီတစ်ညကို ဒီမှာ ပင်စခန်းချကြလေသည်။ ချမ်းချမ်းနှင့် မီးပုံကြီးဖိုလျက် တောတွင်းတစ်ညတာကို ကျော်ဖြတ်ပြီးနောက် တစ်နေ့မနက်စောစောထွက်လာခဲ့ရာ လမ်းပြဖြစ်သူ ထွန်းသိုက်မှ -

"ဆရာလေးရေ၊ ရှေ့မှာ ကြောင်လွှတ်ကလေး၊ ကြောင်လွှတ်ကြီးနဲ့ နွယ်ခွေစခန်းတွေရှိတယ်။ အဲဒီမှ မျှဉ်ဝါးတောင်၊ ဝါးပိုးတော၊ ရှားတော၊ ဇီးဖြူတောတွေရှိတယ်။ တောဝက်၊ စိုင်၊ ဖြောင်၊ ဒရယ်၊ ဂျီ၊ ဆတ်ဖားတွေအကြိုက် မျှစ်စို့ကြီးတွေဆိုတာ နုတ်လို့မနိုင်ဘူး။ ဝါးမှိုတွေလည်း ပေါတယ်။ ဒါပေမယ့် တောရဲ့မာယာများတယ်။ ဆန်းလှသဗျို့"

"ဟုတ်မယ် ထွန်းသိုက်။ မွန်မင်းသုရှင်တကာရွတ်ပိ တပင်ရွှေထီးကို စစ်ရှုံးတော့ အင်္ဂပူအရပ်မှာ ဗိုလ်ဝင်ခံနေတုန်း နံကသူမုဆိုးက ဆင်ဖြူတော်ပေါ်တယ်လို့ ဆင်ကြော့ဖမ်းရာ ဆင်ဖြူတော်နောက်လိုက်ရင်း တောထဲက ရေကန်ကြီးနားမှာ ဆင်ကြီးပျောက်သွားပြီး အဖော်တွေနဲ့ကွဲသွားတယ်။ ရေကန်တွေ့တော့ ရေဆင်းသောက်တုန်း သူယောင်မယ်နဲ့တွေ့ပြီး ပျော်ပါးမယ်အပြု ရင်ခွင်ထက်က မိန်းမလှလေးပျောက်သွားပြီး အဖော်တွေနဲ့ပြန်တွေ့ပြီး မင်းကြီးလည်း လွမ်းဆွတ်ပြီး ပြန်လာတယ်။ အဲဒီစိတ်နဲ့ အင်္ဂပူရောက်ရော မစားနိုင်မအိပ်နိုင်ဖြစ်တဲ့ရောဂါစွဲကပ်လာပြီး နောက်တော့ မင်းကြီးနတ်ရွာစံတယ်လို့ ရာဇဝင်မှာရှိခဲ့တဲ့တောကြီးပဲ"

"ဟုတ်တယ် ဆရာလေး။ ဒီတောကြီးက သားရဲပွမ်းတယ်။ အုံ့မခန်းတဲ့ရှုခင်းတွေ အရမ်းလှသလို ဆန်းကြယ်မှုလျို့ဝှက်ချက်ဂမ္ဘီရဆန်တာတွေအများကြီးရှိတာမို့ ထူးခြားလှတယ်"

ကိုရန်နောင်ရေ၊ ထွန်းသိုက်ပြောသလိုပဲ ဒီတောဒီတောင်ဟာ ဘယ်ကိုပဲကြည့်ကြည့် ညို့မှိုင်းနေတဲ့တောင်ကိုးလုံးကိုတွေ့နေရတယ်"

"တောင်ကိုးလုံးဟုတ်လား မနားရှင်"

"ဟုတ်တယ်ဗျ၊ ဟိုမှာကြည့်ပါလား။ အရှေ့ဘက်က ပုထိုးတောင်၊ အနောက်မှာက အင်ကြင်းတောင်၊ တောင်ဘက်မှာ ဆိတ်တစ်ကောင်ဝပ်နေတာနဲ့တူလို့ ဆိတ်တောင်၊ ရှင်ပြန်တောင်၊ ကန့်ကူတောင်၊ နန္ဒင်းတောင်၊ မြောက်ဘက်မှာ နတ်ပုတီးတောင်၊ အရှေ့


[illegible]မဂ္ဂဇင်း၊
၂၀၁၇ခုနှစ် ဧပြီလ အတွဲ(၁၇)အမှတ်(၄)

www.burmeseclassic.com

www.burmeseclassic.com

တောင်ဘက်က စိုင်တောင်၊ အနောက်မြောက်ကမိုးထိတောင်ကြီး ဝန်းရံနေတဲ့ ဂူကြီးနံ့ကသူဆိုတာ ဒီနယ်ဘက်မှာ တောအရမ်းကြီးလွန်းတဲ့ ဂမ္ဘီရနယ်မြေကြီးပေါ့"

"ကိုမနားရှင်က ဒီတောအကြောင်းလည်း သိနေတာပဲ။ အစက ပြည်မမှာ ကျန်းမာရေးဝန်ထမ်းလုပ်ခဲ့တယ်ဆို"

"ဟုတ်တယ် ကိုရန်နောင်ရေ။ ဝန်ထမ်းဘဝအနားယူပြီး တောင်ယာလုပ်ကိုင်စားနေတာ။ တောကောင်တွေလာအနှောင့်အယှက်ပေးတာ ရှင်းရင်း တောင်ယာမုဆိုးတစ်ပိုင်းဆိုပါတော့"

ထိုသို့တစ်တောင်ဆင်းတစ်တောင်တက် တစ်တောတိုးဝင်ခဲ့ရာ တစ်နေရာတွင် လမ်းပြထွန်းသိုက်က ရှေ့ကသွားရင်း ဝါးပိုးတောထဲမှ ငှက်တစ်ကောင်ဖျတ်ခနဲပျံပြေးသွားသည်ကို တွေ့သဖြင့်-

"ရှူးတိုးတိုး - ရှေ့မှာ သားကောင်တစ်ကောင်ကောင်ရှိနေပုံရတယ်"

ဟု မုဆိုးသင်္ကေတပြလိုက်သဖြင့် စမ်းချောင်းနှင့် ချုံအကွယ်ရှိ မျောက်ငိုပင်ကြီးကို အကာအကွယ်ယူ၍ လက်နက်များကို အသင့်ပြင်လိုက်ကြသည်။ သားကောင်ကိုပစ်ခတ်ရန် မြင်ကွင်းအနေအထားကို စောင့်ကြည့်နေကြစဉ် ကွမ်းတစ်ယာညက်ခန့်အကြာ သားကောင်တစ်ကောင်တောတိုးလာသံကို ကြားရလေသည်။ မြင်ကွင်းထဲတွင် ချေပေါက်တစ်ကောင်ကို လည်ကုပ်မှအသေခဲ၍ စွပ်ကြောင်းအတိုင်းဆွဲယူလာနေသော ဟင်းမျိုးကြီး တစ်နည်း တောကောင်ကြီးသည် နှာခေါင်းက အစင်းကြား အမြီးက တဘုတ်ဘုတ်ယမ်းလျက် မြေကြီးကိုပုတ်ရင်း ဝါးပိုးတောစပ်တွင် ကလီစာများကို စိတ်တိုင်းကျဖောက်ယူစားပြီး စမ်းချောင်းရေကိုနှောက်ရေဆင်းသောက်လိုက်လုပ်နေ၏။ ဟင်းမျိုးကြီးသည် စမ်းရေသောက်ပြီး ချေပေါက်ကို ချုံတစ်ခုတွင် ဝှက်ရန်ပြုလုပ်နေစဉ် မောင်ရန်နောင်၏ သေနတ်မှဒိန်းခနဲမြည်ဟည်း၍ ဟင်းမျိုး၏လက်ပြင်သေကွင်းသေကွက်အောက်ဘက်သို့ထိမှန်ပြီး လူ့တစ်ရပ်ခန့် မြောက်တက်သွားပြီးနောက် လွင့်စဉ်သွား၏။

"ဝေါင်း. . . ဝေါင်း. . . ဂရောင်း"

မာန်ဖီရင်း မောင်ရန်နောင်တို့ဘက်သို့ ဒေါသတကြီးခုန်အုပ်၍ ညာဘက်လက်ဖြင့်ပုတ်ရန်ပြုစဉ် မုဆိုးစောထူးက မျက်လုံးနှစ်ခုကြား နှာသီးထောင့်တည့်တည့်သို့ ဒူးလေးမောင်းခလုတ်ကိုနှိပ်ချလိုက်၏။ မောင်ရန်နောင်ကလည်း ဟင်းမျိုးကြီး၏ လက်ပြင်အောက်သို့ ထပ်မံ၍သေနတ်ဖြင့်ပစ်ရင်း သစ်ပင်ဘေးသို့ ကိုယ်ကိုလှည့်ပတ်လိုက်၏။

"ဝှီး. . . ဝှစ်. . . ဒုတ်"

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

ပစ်မှတ်က ထိရောက်လှသည်။ ဟင်းမျိုးကြီးမှာ ဒီတစ်ချီတော့ လေထဲတွင်တွန့်လိမ်ရင်း ဗုန်းခနဲမြေပစ်လက်ပစ်မြေပြင်ပေါ်ကျပြီး ဇီဝိန်ချုပ်ငြိမ်းသွားလေတော့သည်။

ဝန်းကျင်မှာ ယမ်းခိုးများဖြင့် ဝေဆာမည်းမှောင်သွားလေ၏။ ဆူညံသံများကြောင့် တောကျီးကန်းများ၊ တောငှက်များ အုပ်လိုက်ထပျံပြေးကြ၏။ အနီးအနားမှ တောကောင်အသေးလေးများကအစ ခြေရာဖျောက်သွားကြ၏။

ကျားဆိုသော ဟင်းမျိုးကို လက်စွမ်းပြချင်သော်လည်း ဒဏ်ရာများလျှင် အရေခွံမလှမည်စိုး၍ တူမီးလိုသေနတ်မျိုးက ဖွာလန်ကြ၍ကျည်ဖွာတတ်သဖြင့် မနားရှင်တို့ကို မသုံးခိုင်းချေ။

ထွန်းသိုက်နှင့်အမဲပစ်မုဆိုးတစ်ချို့မှာ ဟင်းမျိုးကြီးနှင့် တစ်ပိုင်းတစ်စ ချေပေါက်ကို ရရှိလိုက်သဖြင့် ဖက်ရွက်တစ်ရွက်ဖြင့် ကလီစာများကို သေချာစွာထည့်လျက် နွားလပို့အရှင်ကြီးကို တင်မြောက်လိုက်ပြီး မုဆိုးစောထူးက ဒူးလေးကြီးမှ သွေးများနှင့်ပွတ်လိမ်းလိုက်ပြီး ဆုတောင်းလိုက်၏။

တော၏သဘာဝက စောစောကငရဲပွက်သလို ဆူညံနေငြား ယခုအခါတွင် လေပြေလေညင်းနှင့် တောပန်းရနံ့ကလေးများ သင်းတမြမြရှိလာပြန်လေသည်။

တောင်ယာမုဆိုး မနားရှင်ကတော့ မုဆိုးကြီးစောထူးလုပ်ပုံကိုင်ပုံကို ကြည့်လျက် နောက်အော်နာဂတို့ထုံးစံအတိုင်း ကြက်ဥ၊ အရက်များကို နွားလပို့အရှင်ကြီးအတွက် ဆက်သလိုက်ပါသည်။

ငွေသောင်တို့အဖွဲ့ကတော့ ဟင်းမျိုးကြီး တစ်ပိုင်းတစ်စစားထားသော ချေပေါက်ကိုဖျက်၍ ချက်ပြုတ်ကြရန် စီစဉ်နေပါသည်။ မြူခိုးများဝေ့ဝဲနေသော အဝေးရှုခင်းကိုကညင်ပင်ကြီးအားမှီလျက် မောင်ရန်နောင်တစ်ယောက် လက်စွဲတော် အချမ်းပြေခံ ရမ်အပြားလေးကို တစ်ချက်ငုံရင်း နံ့ကသူခေါ် ဂူကြီးနယ်မြေ၏သာယာလှပပုံ ရှုခင်းရှုကွက်ကြားတွင် မိန့်မူးနေရင်းက အတွေးလွင့်နေ၏။

"ထွန်းသိုက်ရေ၊ ရှေ့ကဘာစခန်းတုံး"

မုဆိုးစောထူးကမေးလိုက်၏။

"ဆင်ချိုးစခန်းလေမုဆိုးကြီးရယ်။ အဲဒါပြီးရင်တော့ ဆင်လူး၊ မုဆိုးလမ်းခွဲပြီးတာနဲ့ ထူးထူးခြားခြား ဂူကြီးစခန်းကိုရောက်ပြီလေ"

"အဲဂူကြီးစခန်းကတော့ တကယ်ခေါင်ပြီးတောနက်တယ်။ မုဆိုးကြီး အဲဒီကျမှ သားကောင်တွေ စိတ်တိုင်းကျပစ်ပေရော့။ တကယ်လည်း သားရဲတဲ့တောကြီးဗျ"

သားရဲတိရစ္ဆာန်တွေပေါ်မြူးသည့်တောဆို၍ အမဲပစ်အဖွဲ့သားများ ခေါင်းထောင်လာကြပြီး စိတ်ဝင်စားလာ၏။


"ဒါပေမယ့်လည်း တစ်ခါတစ်ရံ ဒီတောထဲမှာ ကုသိုလ်ထူးရင် လူသူတော်ပုဂ္ဂိုလ်ထူးတွေနဲ့တွေ့ရတတ်ပြီး ရွှေစေတီ၊ ငွေစေတီတွေကို ဖူးရတတ်တယ်လို့ ကျွန်တော့်အဘိုးပြောတာကြားဖူးတယ်။ ဝိဇ္ဇာဇော်ဂျီတွေဆေးကြိတ်တဲ့ ဂူချောင်တွေရှိပြီး ဂမ္ဘီရဆန်တဲ့နယ်မြေမို့ လူသူအရောက်အပေါက်နည်းလွန်းတဲ့အတွက် လူသူမနီးဂူကြီးခရီးစဉ်ပဲ"

လို့ တောမုဆိုးတွေက အမည်ပေးထားတယ်ဗျို့တဲ့။

မင်းနန္ဒိုရိန်

*လွန်ခဲ့သောနှစ် (၄၀) ၁၉၇၅ခုနှစ် နံ့ကသူဆည်မတည်ဆောက်မီရောက်ရှိခဲ့သောခရီးစဉ်ကို အမှတ်တရရေးဖွဲ့သည်။*

*စာရေးဆရာမောင်သုန်(ဘလက်) အဖေခေသီမဟုတ်နှင့်အခြားဝတ္ထုတိုများ (အမျိုးသားစာပေဆု-စာပေဗိမာန်စာမူ) နှင့် သွားခဲ့သော ခရီးစဉ်အမှတ်တရ။*





www.burmeseclassic.com

www.burmeseclassic.com



# ထွန်းတောက်

## ရိုးမပေါ်က ရှက်ပုန်းသီး

အသက်နှစ်ဆယ့်တစ်နှစ်အရွယ် ငမဲညြသည် နာမည်နှင့်လိုက်ဖက်သည်အထိ အသားမည်းသည်။ လူကောင်ခပ်သေးသေးနှင့် အသံကျယ်သည်။ ခန္ဓာကိုယ်ကျစ်လျစ်သည်။ အရပ်က ငါးပေနှစ်လက်မမျှသာရှိသည်။

လူကောင်သေးပြီး အရပ်ပုသော်လည်း ကျစ်လျစ်သောကြောင့် ဖုထစ်ကြွက်သားများ အမြှောင်းမြှောင်းထနေသည်။ ထို့ကြောင့် လူနှင့်မလိုက်လောက်အောင်ထိ အားကောင်းမောင်းသန်လေး ဖြစ်နေသည်။ နွားမတာမ်းမကို ဦးချိုကိုင်ပြီးဆွဲလှည့်ကာ မြေပြင်သို့ ဗိုင်းခနဲလှဲချပစ်နိုင်သည်။

မူလကပင် လူသန်လူမာလေးဖြစ်သည့်အလျောက် သူ့အသက် (၁၆) နှစ်အရွယ်ကပင် ဆန်နှစ်အိတ်ကို ဘယ်တစ်အိတ်ညာတစ်အိတ် ခါးပေါ် ပွေ့ဖက်ကာ သယ်ယူနိုင်သောတကယ်အံ့လောက်သည့် အားရှင်လေး ဖြစ်သည်။

ငမဲညြလေးမှာ မိဘတဆိုးလေးဖြစ်သည်။ သူငယ်စဉ်ဘဝမှာပင် မိဘနှစ်ယောက်စလုံး ဆုံးပါးသွားကြသည်။ ထို့နောက် အဘိုးဖြစ်သူ ဦးမူးထေး၏ ကျွေးမွေးစောင့်ရှောက်ခြင်းဖြင့် ကြီးပြင်းလာခဲ့ရသည်။ သူတို့မြေးအဘိုးမှာ ပဲခူးရိုးမကြီး၏ တောင်ခြေဖြစ်သော လက်ပန်ရွာမှ ဆယ်မိုင်ကျော်လှမ်းသည့် ရိုးမအတွင်းပိုင်းလည်းကျသည့် ခပေါင်းချောင်းဖျား၏ တောနက်ထဲတွင်နေထိုင်ကြသည်။

တောပြုန်းတောင်ယာခုတ်လုပ်ပြီး စပါး၊ ပြောင်း၊ နှမ်း၊ ငရုတ်စသည်များကို စိုက်ပျိုးကာ ဝမ်းကျောင်း[illegible]သည်။ တောင်ယာလုပ်ငန်းများပါး[illegible]ည့်အချိန်တွင် မြေးအဘိုးနှစ်ယောက် အမဲလိုက်ကြသည်။ သူတို့နေရာသည် ရွာနေလူစုများနှင့်အလှမ်းဝေးပြီး ရိုးမအတွင်းကျ၍ သားငါးအမဲလည်းပေါသည်။

တစ်ခါတစ်ရံ ငမဲညြသည် တောင်ခြေရွာများသို့ သားငါးအမဲများလာရောင်းလေ့ရှိသည်။ တောင်ယာပေါ်ချိန်၌ တောင်ယာထွက်သီးနှံများကိုလည်း ထိုနည်းလည်းကောင်း တောင်ခြေရွာများသို့ လာပြီးရောင်းချလေ့ရှိပါသည်။ တောထဲက သစ်ဝါးများကိုခုတ်၍ ဖောင်ဖွဲ့ကာ ခပေါင်းချောင်းအတိုင်း စုန်ဆင်းပြီး တောင်ငူမြို့သို့လည်း သွားရောင်းလေ့ရှိသည်။

တောတွင်းသားလေး ငမဲညြကို ဈေးလာရောင်းခြင်းနှင့် ပတ်သက်ပြီး တောင်ငူမြို့သားအချို့နှင့် ခပေါင်းချောင်းရိုးတစ်လျှောက်တွင်ရှိကြသော ရေလယ်ခုံ၊ တဘက်ကွေ့၊ ပဲကြီးခုံ စသောရွာရှိလူကုန်အားလုံးတို့သိကြသည်။

မုဆိုးနှင့်တောင်ယာနှစ်မျိုးလုံးကို အလျဉ်းသင့်သလိုလုပ်လေ့ရှိ၍ မကြာခဏပင် အမဲသားငါးနှင့် တောင်ယာထွက်သစ်သီးဝလံများကို ငမဲညြထံမှ ဝယ်ယူရရှိကြသည်။ တောတွင်းသားလေးငမဲညြမှာ သိပ်ပြီး လူရည်မလည်သော်လည်း စကားကြွယ်ပြီး စိတ်ရင်းကောင်းသည်။

တောထွက်သားငါးသီးနှံများကို ရောင်းချရာတွင် ဝယ်လျှင်ရောင်းသည်။ တောင်းလျှင်လည်းပေးသည်။ သူ၏ရောင်းကုန်များမှာ ငွေကြေးနှင့်ဝယ်လာရသည်မဟုတ်ပေ။ တောထွက်[illegible]လက်ဖြစ်များချည်းသာဖြစ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောလောက်အောင် အရင်းမစိုက်ရ။ ထို့ကြောင့် အလကားတောင်းလျှင်လည်း ပေးနိုင်သည်ဟူ၍သာ ငမဲညြ သဘောထားသည်။

ထိုသို့ ငမဲညြ၏စိတ်ရင်းဖြူစင်ခြင်းကြောင့် ခပေါင်းချောင်းရိုးတစ်လျှောက်တွင်ရှိကြသော ရွာသူရွာသားအားလုံးတို့ပင် ချစ်ခင်ကြသည်။ ငမဲညြနှင့်တွေ့လျှင် မကြာမီပင် ချစ်ခင်ရင်းနှီးသွားကြသည်။ ငမဲညြလည်း အနည်းဆုံး တစ်လတစ်ခေါက်တော့ ရွာများသို့ ဈေးရောင်းဈေးဝယ်ရန်ရောက်လေ့ရှိသည်။

ငမဲညြ ဟင်းသီးဟင်းရွက်၊ အမဲသားငါး စသည်များကိုဖြစ်စေ၊ သစ်ဝါးများကိုဖြစ်စေ သွားရောင်းတိုင်း အဘိုးဖြစ်သူ ဦးမူးထေးလိုက်ပါလာခြင်းမရှိပေ။ ငမဲညြတစ်ယောက်တည်းသာသွားရောင်းလေ့ရှိသည်။

ဦးမူးထေးသည် ယခု အသက်ခုနစ်ဆယ်ကျော်ရှိပြီ ဖြစ်သော်လည်း တောတွင်းသားကြီးဖြစ်သည့်အလျောက်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်းမာရေးကောင်းသော လူသန်မာကြီးဖြစ်သည်။ ခရီးရှည်လည်းသွားနိုင်သည်။ မြေအဘိုးနှစ်ယောက် စားသောက်ပြီး ခေါင်ထည့်လောက်သည်အထိ လေးဧကကျော်ကျယ်သော တောင်ယာကိုလည်းခုတ်လုပ်နိုင်သေးသည်။

တောင်ယာကိုခုတ်လှဲမီးရှို့ပြီးသည်မှ စူးထိုး (မျိုးချ) ပေါင်းသင်၊ ရိတ်သိမ်း အကုန်လုပ်နိုင်သေးသည်။ ထို့နောက် တောင်ယာဖျက်ကောင်များဖြစ်ကြသော တောဝက်၊ ဆတ်၊ ဆင်များကိုလည်း ခြိမ်းခြောက်မောင်းထုတ်သတ်ဖြတ်နိုင်သေးသည်။

တောင်ယာခင်း၏ ပတ်ဝန်းကျင်များတွင်လည်း သုတ်ကိုင်း၊ ဆူးတွင်း၊ တုံးဖိ၊ ကပ်ဘိစသော အမျိုးမျိုးသောထောင်ချောက်များကို ထောင်လုပ်တပ်ဆင်ထား၍ တောင်ယာနားသို့ကပ်လာကြသော သားရဲအမဲများမှာ သိပ်ပြီး တောင်ယာထဲသို့ မဝင်ရောက်နိုင်ကြဘဲ ဦးမူးထေးတို့မြေအဘိုး၏ထောင်ချောက်များမှာမိလျက်ပင် အသက်ပျောက်ကြရ၏။

တောဆင်အုပ်ကြီးများရောက်လာတတ်သောအခါတွင် မြို့ကရွာများမှာ ထုတ်လုပ်သည့် ဖြောက်အိုး၊ ပေထုပ်များ မရှိ၍ ဝါးဆစ်ပိတ်များကိုသာ ရေထည့်၊ အလုံပိတ်မီးဖုတ်ကာ ပစ်ပေါက်ပြီး မောင်းထုတ်ကြရသည်။

ဝါးဆစ်ပိတ်များကို ရေထည့်၊ ပြန်ပိတ်ကာ မီးဖုတ်ပြီး ပေါက်ကွဲလုလု တဖြိုဖြိုမြည်သည့်အချိန်တွင် ပစ်ပေါက်လိုက်လျှင် ကျရောက်သောနေရာ၌ ဗုံးလက်နက်များကဲ့သို့ပင် ကျယ်လောင်စွာဖြင့် ပေါက်ကွဲတတ်လေသည်။

တောဆင်များမှာ မီးရောင်နှင့် ပေါက်ကွဲသံ၊ သူတို့နားမလည်နိုင်သည့် ကျယ်လောင်သောအသံ စသည်များကို အလွန်အမင်းကြောက်လန့်တတ်ကြ၏။ ဦးတည်ရာမဲ့တောတိုးပြီးအော်ဟစ်ကာ တသောသောတဖြောဖြောဖြင့်လည်း ထွက်ပြေးတတ်ကြသည်။

တောဆင်များလန့်ဖျပ်လျှင် မည်သည့်သားရဲသားကောင်များနှင့်မျှမတူဘဲ ခရီးရှည်ထွက်ပြေးတတ်ကြလေသည်။ နောင်တွင်လည်း ထိုနေရာကို မည်သည့်အခါမျှ မလာရဲတော့ပေ။

တောင်ယာဖျက်ကောင်များထဲတွင် မျောက်အုပ်များသည်လည်း အဆိုးဆုံးထဲကပါဝင်သည်။ မျောက်တစ်အုပ်ဝင်လျှင် တောင်ယာတစ်ခင်းကုန်သည်။ စား၍ကုန်သည်ဟု မပြောလောက်ဘဲ ဖျက်၍ကုန်ခြင်းသာ ဖြစ်သည်။

မျောက်များ၏သဘောမှာ အသီးများကို တစ်လုံးခူးပြီး တဝစားခြင်းမရှိပေ။ တစ်လုံးကိုတစ်ကိုက်ကိုက်ပြီးပစ်ချကာ နောက်တစ်လုံးဆက်ခူးသည်။ ထိုအလုံးကိုလည်း တစ်ကိုက်ကိုက်ပြီး ပစ်ချသည်။ ထို့နောက် တစ်လုံးပြီးတစ်လုံး ဆက်ခူးပစ်နေသဖြင့် တောင်ယာတစ်ခင်းလုံး ပြောင်စင်သွားတတ်သည်။

ထိုမျောက်များကိုလည်း ဦးမူးထေးနိုင်သည်။ ဒူးလေး၊ လင်းလေး စသည်များဖြင့် ပစ်ခတ်ဖမ်းဆီးသတ်ဖြတ်သည်။ တောင်ယာထဲသို့မဝင်နိုင်အောင်လည်း နည်းအမျိုးမျိုးဖြင့် ခြောက်လှန့် ဟန့်တားထားနိုင်စွမ်းရှိသည်။

ထို့ကြောင့် အသက်ခုနစ်ဆယ်ကျော်နေပြီဖြစ်သော်လည်း ဦးမူးထေးကို အသက်ကြီးသည့်တိုင်အောင် မပျက်စီးသေးဟုဆိုရပေမည်။ ဖြစ်ချင်သည့်အရာများကိုဖြစ်လာသည်အထိ ဖန်တီးနိုင်စွမ်းရှိသေးသည်ဟုလည်း ဆိုနိုင်လေသည်။

ဦးမူးထေးသည်ကား အကြောက်အလန့်လည်းကင်းသည်။ ကျား၊ ဆင်၊ ဝက်ဝံစသောသားရဲများနှင့်ရင်ဆိုင်ရရာတွင်လည်း ဖြစ်သည့်နည်းဖြင့်တွန်းလှန်တိုက်ခိုက်သည်။ အရှုံးပေးလေ့မရှိပေ။ တစ်နည်းမဟုတ်တစ်နည်းဖြင့် တိုက်ခိုက်သတ်ဖြတ်မြဲသာဖြစ်သည်။

ဦးမူးထေးမှာ တောသားအရိုင်းကြီးဖြစ်သော်လည်း တိုက်ခိုက်ရေးပညာအတော်များများကို လေ့ကျင့်၊ တတ်မြောက်ထားသည်။ တုတ်၊ ဓား၊ လေး၊ လှံ၊ ခြေ၊ လက် ခြောက်မျိုးလုံးဖြင့် လျင်မြန်သွက်လက်စွာ တိုက်ခိုက်သတ်ဖြတ်နိုင်စွမ်းရှိသည်။

တောနက်ထဲ၌ မြေအကြီးနှစ်ဦးတည်းသာနေထိုင်သောကြောင့် အလျဉ်းမသင့်သောအခါမျိုးတွင် ရင်ဆိုင်တိုက်ရခိုက်မည့်အကြောင်းအရာများပေါ်ပေါက်လာနိုင်သည်ဟု ကြိုတင်တွက်ဆထား၍လည်း မြေးဖြစ်သူ ငမဲညိုကိုပါ တိုက်ခိုက်ရေးပညာများကို သင်ကြားလေ့ကျင့်ပေးထားသည်။

ဦးမူးထေးသည် မြေပြန့်သို့သွားလေ့မရှိ၍ မြေပြန့်သားများမမြင်ဘူးကြသလို ဦးမူးထေး၏အကြောင်းကိုလည်း မသိကြပေ။ ဦးမူးထေး ဤကဲ့သို့ တောထဲတွင် ဆိတ်ငြိမ်စွာဖြင့်နေထိုင်ခြင်းမှာ သူ၏ပင်ကိုသဘောပေလား သို့တည်းမဟုတ် တစ်ပြည်တစ်နယ်မှ ပြစ်မှုကြီးတစ်ခုခုကိုကျူးလွန်လာ၍ပင် လူအားလုံးတို့နှင့် ကင်းရှင်းစွာနေထိုင်လေသလား။

ထို့ကြောင့်ပင် သူ၏ဇာတိဟုယူဆရမည့် အရပ်ဒေသကပင် ကိုယ်ခံပညာများကို သင်ယူတတ်မြောက်လာခဲ့လေသလား။ သို့တည်းမဟုတ် သူ့ဘာသာပင် ကိုယ်ခံပညာများကို လေ့ကျင့်၍ တတ်မြောက်ထားလေသလား အတိအကျ တစ်ယောက်မျှမသိနိုင်ကြပေ။

ကိုယ်ခံပညာကို မိမိတို့ဘာသာ လိုသလိုလေ့ကျင့်ထားလျှင်လည်း ရမြဲသာဖြစ်သည်။ သိုင်း၊ လက်ဝှေ့ စသည်များကဲ့သို့ အမျိုးမျိုးသော တိုက်ရေးခိုက်ရေများမစုံလင်လျှင်သာနေမည်။ ထိုက်သင့်သော တိုက်ရေးခိုက်ရေးပညာများကိုမူ လေ့ကျင့်ထား၍ ရရှိနေကြသောလူများမြောက်မြားစွာပင်ရှိကြလေသည်။

❑

ညနေ တောင်ဆွယ်ကို နေကွယ်လေပြီ။ တောထဲသို့ ငါးရှာ၊ ဟင်းခူးသွားသောဦးမူးထေးကြီး ပြန်မရောက်သေးပေ။

မြေးဖြစ်သူ ငမဲညိုမှာလည်း တောင်ယာစပါးများဝင်းမှည့်ချိန်ဖြစ်သောကြောင့် ကြက်တူရွေးများအုပ်လိုက်ကျနေ၍ ဒူးလေး၊ လင်းလေးများဖြင့်ပစ်ခတ်၍ပင်မနိုင်တော့ဘဲ တောင်ယာတဲထဲက တောင်ယာ၏ လေးဖက်လေးတန်သို့ ကြိုးတန်းဖြင့်ဆွဲပြီးတပ်ဆင်ထားကာ ဝါးလက်ခုပ်ကြီးများကိုသာ တစ်လှည့်စီဆွဲပြီး တဘောင်းဘောင်းတဖြောင်းဖြောင်းဖြင့် ရိုက်ခတ်ခြောက်လှန့်နေရလေသည်။

တောင်ယာစပါးသည် အဦးအစပေါ်သောကြောင့် ကြက်တူရွေးများကလည်း အုံခဲ၍ရောက်လာကြပြီး အလုအယက် စားသောက်ကြသည်။ ကောင်ရေလေးငါးရာမက များပြားသော ကြက်တူရွေးများမှာလည်း တစ်ရက်ထက်တစ်ရက် တစ်အုပ်ပြီးတစ်အုပ်တိုး၍လာနေကြလေသည်။

ထို့ကြောင့် ကြက်တူရွေးများကိုချည်း မောင်းနေကြရ၍ မြေအဘိုးနှစ်ယောက်တို့မှာ ဟင်းငတ်သောကြောင့်သည် နေ့လယ်ချိန်ကပင် အဘိုးဖြစ်သူ ဦးမူးထေး တောထဲသို့ ဟင်းရှာရန် ထွက်သွားသည်။ ယခုပင် နေဝင်တော့မည်။ တောင်ဆွယ်ကို နေကွယ်လေပြီဖြစ်၍ နေရောင်ကို သစ်ပင်ရှည်ကြီးများက ဆီးပိတ်



www.burmeseclassic.com

www.burmeseclassic.com

ဖျားမှာသာမြင်ရတော့သည်။ အဘိုးဖြစ်သူ ဦးမူးထေးကြီး ရောက်မလာသေးပေ။

ငမဲညိုမျှော်သည်။ ကြက်တူရွေးများသောင်းကျန်းနေ၍ ညနေစာထမင်းလည်း မချက်ရသေးပေ။ မိုးချုပ်ခါနီးမှ ကြက်တူရွေးများလည်း အိပ်တန်းရှိရာကို ပြန်သွားကြ၍ ငမဲညို ထမင်းချက်ရလေသည်။

အဘိုးဖြစ်သူ ဦးမူးထေးသည်ကား ယခုအချိန်ထိ ရောက်မလာသေးပေ။ အဘိုး တစ်နေရာကိုများ ငါးရှာဟင်းခူးသွားရင်းဖြင့်ပင် အခြားတစ်ရွာကိုများ ထွက်သွားလေသလားဟု ငမဲညိုတွေးမိသည်။ ငမဲညိုကိုလည်း ဘာမှတော့ပြောမထားခဲ့ပေ။

ထို့ကြောင့် မိုးချုပ်ပြီးမှ ဝါးမီးရှူးရောင်ဖြင့် ငမဲညိုတစ်ယောက်တည်း ထမင်းစားသည်။ ထမင်းစားရင်း အဘိုးဖြစ်သူကိုမျှော်သော်လည်း ပေါ်မလာပေ။ အတော်ညနက်သည်အထိ စောင့်နေသော်လည်း ရောက်မလာသဖြင့် ငမဲညိုအိပ်ပျော်သွားလေသည်။

❑

မနက်လင်းသည်နှင့် ကြက်တူရွေးအုပ်များ တစ်အုပ်ပြီးတစ်အုပ်ရောက်လာကြပြန်သည်။ ထို့ကြောင့် ငမဲညိုမှာ ဝါးလက်ခုပ်ကြီးများကိုသာ တစ်ကြိမ်ပြီးတစ်ကြိမ် တဘောင်းဘောင်းတဖြောင်းဖြောင်းဖြင့်ဆွဲခြောက်ပြီး မောင်းနှင်နေရပြန်သည်။

မနက် ဆယ်နာရီခန့်အချိန်တွင် ကြက်တူရွေးများ တိတ်ဆိတ်စပြုလာသည်။ ထို့နောက် တစ်အုပ်ပြီးတစ်အုပ် သစ်တောကြီးထဲသို့ ဝင်သွားကြလေသည်။ သို့မှ ငမဲညိုလည်း နေ့လယ်စာ ချက်စားရလေသည်။ ယခုအချိန်ထိလည်း အဘိုးဖြစ်သူ ဦးမူးထေးကြီး ရောက်မလာသေးပေ။ ညအိပ်ညနေ အခြားတစ်ရွာသို့ ထွက်သွားမည်ဆိုလျှင်လည်း ငမဲညိုအား ပြောထားခဲ့သင့်သည်။ ငမဲညိုကို တောထဲသို့ ငါးရှာဟင်းခူးသွားမည်ဟုသာ ပြောထားခဲ့သည်။

ထို့ကြောင့် စဉ်းစားရပြီ။ အဘိုးသည် မည်သည့်အခါ မည်သည့်ရွာကိုမျှ သွားလေ့မရှိပေ။ ယခု တောထဲသို့ ငါးရှာဟင်းခူးသွားသည်ဟုပြောထားခဲ့ပြီး သုံးရက်တိုင်ရှိလာခဲ့ပြီ။ ထို့ကြောင့် အခြားတစ်ရွာသို့ ထွက်သွားခြင်းလည်း ဖြစ်နိုင်ဖွယ်မရှိပေ။ တွေးရင်းဖြင့် အလွန်အမင်း စိတ်ပူလာသည်။ ယခုဆိုလျှင် သုံးရက်မြောက်ရှိသွားပြီ။

ထို့ကြောင့် အဘိုးဖြစ်သူ တောထဲ ဟင်းရှာသွားရင်းဖြင့်ပင် တစ်စုံတစ်ခု ဖြစ်နေလေသလား။ အဘိုးဖြစ်သူမှာ တိုက်ခိုက်ရေးကိုယ်ခံပညာကျွမ်းကျင်၍ ကျား၊ ဆင်စသောသားရဲများနှင့်ရင်ဆိုင်ပြီး သတ်ပုတ်ရမည်ကို စိုးရိမ်စရာမလိုဟု ဆိုကောင်း ဆိုနိုင်သော်လည်း အဘိုးက လူအိုရာအိုကြီးဖြစ်နေပြီ။ ထို့ကြောင့် အရာရာကို စိတ်ချ၍ လျှော့တွက်ရန် မသင့်တော့ပေ။

ထိုသို့ စဉ်းစားမိပြီးနောက် ငမဲညို အဘိုးရှာပုံတော်ထွက်ရန် ဆုံးဖြတ်လိုက်သည်။ နေ့လယ် ကြက်တူရွေးများ သစ်ရိပ်ခိုနေခိုက်တွင်ထွက်မှဖြစ်ပေမည်။ သို့မဟုတ်ပါက ငမဲညိုမရှိခိုက်တွင် ကြက်တူရွေးများ တောင်ယာထဲတွင် အုံခဲသွားနိုင်သည်။ တောင်ယာတစ်ခင်းလုံး တစ်ရက်တည်းပြောင်စင်သွားနိုင်၏။

ငမဲညိုသည် နေ့ခင်း နေပူတုန်းအချိန်မှာပင် လက်သုံးတော်ဓားတစ်ချောင်းအပြင် လေးတစ်လက်၊ လုံတစ်ချောင်းကိုပါ ပခုံးမှာထမ်းပြီး အဘိုးရှာပုံတော်ဖွင့်ရန် ထွက်လာခဲ့သည်။

အဘိုး တောင်ယာထဲမှ စတင်ထွက်ခွာသွားသောခြေရာအတိုင်းလိုက်သည်။ သည်တောနက်ထဲတွင် အဘိုးနှင့်ငမဲညိုမှတစ်ပါး အခြားတစ်ဦးတစ်ယောက်မှ လာရောက်ကြခြင်းမရှိ၍ ခြေရာချင်းလွဲမှားရန်လည်း အကြောင်းမရှိပေ။

အဘိုး၏ ခြေရာညွှန်းသည် ကျောက်ချဉ်တောင်ဘက်ကို ဦးတည်နေသည်။ ငမဲညိုသွက်သွက်လိုက်သည်။ သိပ်ပြီး အချိန်ကြာနေ၍ မရပေ။ နေမွန်းစောင်းလျှင် ကြက်တူရွေးအုပ်ကြီးများက



တောင်ယာထဲသို့ တစ်သုတ်ပြီးတစ်သုတ် တစ်အုပ်ပြီးတစ်အုပ်ကျလာနိုင်သည်။

ငမဲညို အဘိုး၏ခြေရာများအတိုင်း သွက်သွက်လိုက်ရင်း ကျောက်ချဉ်တောင်ထိပ်သို့ ရောက်လာခဲ့သည်။ ကျောက်ချဉ်တောင်သည် ကျောက်စရစ်ဆန်ပြီး တောင်ထိပ်တွင် ကျောက်တုံး၊ ကျောက်ဆောင်ကြီးများလည်းရှိသည်။

ထို့ကြောင့် ကျောက်မြေဆန်သောတောင်ဖြစ်၍ တောမြောက်ဥ၊ သင်းနဥ၊ ဝက်ပဲဥများပေါသဖြင့် ထိုထိုသစ်ဥသစ်ဖုများကို ကြိုက်တတ်သော တွင်းကြွက်ကြီးများနှင့် ပွေးများလည်း ကျက်စားကြ၍ သွားရှာလျှင် သုံးလေးကောင်ကို တစ်အောင့်လေးဖြင့် ရနိုင်သည်။

ငမဲညိုသည် အဘိုး၏ ခြေရာများ ကိုစိုက်ပြီးလိုက်ရင်း တစ်ခုသော ကျောက်တုံးကြီးများအကြားတွင် အဘိုး သေဆုံးနေသည်ကိုသာတွေ့လိုက်ရလေသည်။ ထို့ကြောင့် ငမဲညိုမှာ အမှတ်မထင် အဘိုး၏အလောင်းကိုမြင်လိုက်ရသောကြောင့် ငေးမောသွားရလေသည်။ ရင်တစ်ခုလုံးဖြောင်းဆန်ကာ သက်မကိုလည်း အကြိမ်ကြိမ်ချလိုက်မိသည်။

အဘိုး၏အလောင်းမှာ ယင်ကောင်များပင် အုံ၍နေလေပြီ။ ငမဲညိုတစ်အောင့်ကြာအောင်ပင် ငေးမောပြီး ရပ်တွေကြည့်နေမိသည်။

"ဘယ်လိုများဖြစ်သွားရတာလဲ အဘိုးရယ်"

ဝမ်းနည်းပက်လက်ဖြင့် ငမဲညို ပြောလိုက်မိသည်။ ငမဲညိုအတွက် ဘဝမြင်းမိုရ်တောင်ကြီးပြိုလဲသွားခဲ့ရပြီ။ မြေးအဘိုးနှစ်ယောက်တည်း ကမ္ဘာလေးတစ်ခုသဖွယ် တည်ထောင်ပြီးနေကြသကဲ့သို့ ချမ်းမြေ့ပျော်ရွှင်စွာဖြင့်နေလာကြရာ ယခု အဘိုးသေလေပြီ။ ငမဲညိုကို စွန့်ခွာသွားလေပြီ။

ဝမ်းနည်းစိတ်ကို အောင့်အည်းသည်းခံပြီး အဘိုးဘာဘယ်အကြောင်းကြောင့် သေဆုံးသွားရသည်ကိုသိလို၍ နှာခေါင်းကို လက်နှင့်ပိတ်ကာ အဘိုး၏အလောင်းနားသို့ကပ်သွား၏။ ယင်ရိုင်းမဲများကို သစ်ခက်နှင့်ဝှေ့ယမ်းပြီး မောင်းထုတ်လိုက်သည်။ ထို့နောက် အသေချာစစ်ကြည့်လိုက်မှ အဘိုး၏တစ်ကိုယ်လုံးမှာ ကုတ်ရာခြစ်ရာများဗရပွဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ကုတ်ခြစ်ခံထားရသောလက်သည်းဒဏ်ရာများကို စစ်ကြည့်ခြင်းဖြင့်ပင်

www.burmeseclassic.com

ဝက်ဝံကြီးတစ်ကောင်၏ လက်ချက်ဟု မှုဆိုးဖြစ်သော ငမဲညြ နားလည်လိုက်သည်။ အဘိုးနှင့် ဝက်ဝံကြီးတို့ သည် ကျောက်ဆောင်ကြီးများ၏အကြားတွင် အမှန်ထင်ဘွားခနဲရင်ဆိုင်တွေ့ကြရ၍ပင် ရှောင်တိမ်းရန်အချိန်မရဘဲ အဘိုး အသက်ပေးသွားရခြင်းဖြစ်ပေလိမ့်မည်။

ငမဲညြ မှတ်တတ်ထရပ်လိုက်သည်။ အသက်မကိုလည်း အကြိမ်ကြိမ်ချသည်။ ထို့နောက် အကြောင်းမဲ့ အဝေးဆီကိုငေးကြည့်နေမိသည်။ ထို့နောက် အံကိုကြိတ်ကာ မျက်ရည်ကိုသုတ်လိုက်သည်။

"တောက်"

ငမဲညြ လက်နှစ်ဖက်ကိုကျစ်ကျစ်ဆုပ်ကာ တက်တစ်ချက်ကိုကျယ်လောင်စွာခေါက်လိုက်၏။ ဒေါသသည်လည်း အမြင့်ဆုံးသို့ ရောက်သွားလေသည်။ ထို့နောက် လည်ချောင်းသံကြီးဖြင့် -

"ဒီဝက်ဝံကြီးကို ငါကိုယ်တိုင်သတ်မယ်။ အဘိုးအတွက် ငါကိုယ်တိုင် သွေးကြွေးဆပ်မယ်ဟေ့"

ငမဲညြ၏အသံသည် ကျောက်ချဉ်တောင်တစ်ခုလုံး ပဲ့တင်ထပ်သွားလေသည်။ ငမဲညြသည် အဘိုးအတွက် သွေးကြွေးပေးဆပ်ရန် သစ္စာအဓိဋ္ဌာန်ပြုဘိသကဲ့သို့ ကျယ်လောင်စွာဖြင့်အော်ဟစ်လိုက်ပြီးနောက် အဘိုးအား မြေမြှုပ်သင်္ဂြိုဟ်ရန် ပြင်ဆင်ရလေ၏။သစ်သားချွန်ဖြင့် ခါးလောက်နက်အောင်မြေတွင်းကြီးကိုတူးသည်။

ထို့နောက် သစ်သားတုတ်သုံးချောင်းကို မြေတွင်းပေါ်မှာ ကန့်လန့်ချထားလိုက်ပြီး အဘိုး၏ အလောင်းကို အသာမယူလာကာ ကန့်လန့်ချထားသည့် တုတ်ချောင်းများပေါ်မှာတင်၍ အဘိုးအား ဦးချကန်တော့လိုက်သည်။ လွန်မိသည်များရှိခဲ့ပါမူ ခွင့်လွှတ်ရန် တောင်းပန်လိုက်သည်။

ထို့နောက်မှ အဘိုး၏အလောင်းကို မြေတွင်းထဲသို့ချကာ သင်္ဂြိုဟ်လိုက်လေသည်။ ထို့နောက် တစ်အောင့်ကြာအောင် အဘိုး၏မြေပုံလေးကို တွေဝေကြည့်နေမိပြီး ချာခနဲလှည့်ကာထိုအနားမှ လှည့်ထွက်လာခဲ့သည်။

ငမဲညြ၏အနာဂတ်သည် ယခင်ကပင် တောနက်ထဲ၌ မြေးအဘိုးနှစ်ယောက်တည်း ဘဝကိုထူထောင်လာကြရာ ယခုအခါ အဘိုးဖြစ်သူ ဖယ်ခွာသွားလေပြီ။ တစ်ယောက်တည်း တစ်ဘဝ၊ တစ်ကမ္ဘာဆိုဘိသို့သာ ဖြစ်သွားရရှာလေပြီ။

ကိုယ်မှတစ်ပါး အခြားသော အားကိုးမှီခိုဖွယ်ရာ တစ်စုံတစ်ခု၊ တစ်ဦးတစ်ယောက်မျှ မရှိတော့ပေ။ ထင်မှတ်မထားသော အဖြစ်ဆိုးကြီးတစ်ခုသည် အဘိုး၏ဘဝကို ဖြတ်တောက်လိုက်၍ တစ်ဆက်တည်းပင် ငမဲညြ၏လောကကိုလည်း ခန်းခြောက်စေလေသည်။ ထို့ကြောင့် ငမဲညြမှာ အနာဂတ်မဲ့သော လူတစ်ယောက်နှင့်မခြားတူနေလေသည်။

ဤသို့တွေးမိလေ ဝက်ဝံကြီးကို ဒေါသထွက်လေဖြစ်နေမိသည်။ သို့သော်လည်း လက်ရှိအခြေအနေတွင် ဘာမှမတတ်နိုင်သေးပေ။ ယခုလက်ရှိအခြေအနေတွင် မတတ်နိုင်သေးသော်လည်း အလျှော့ပေးရန် အကြောင်းမရှိ။ အသက် (အဘိုး၏အသက်) နှင့်ရင်းလိုက်ရသည်အထိ ကြေကွဲရင်နာဖွယ်ကောင်းသော အဖြစ်ဆိုးကြီးဖြစ်နေသောကြောင့် ငမဲညြမှာ ရာဇဝင်ကြွေးသစ်ကြီးလည်းဖြစ်နေလေသည်။

"တောက်"

ငမဲညြခဏခဏတက်နေမိသည်။ လက်များကိုလည်း ကျစ်ကျစ်ဆုပ်သည်။

"နေနှင့်ဦးပေါ့ ဝက်ဝံကြီးရာ။ သင်းနောက်ဘယ်လောက်အထိအသက်ရှင်ပြီးနေနိုင်မလဲဆိုတာကိုပေါ့။ သင်းတငါ့အဘိုးကိုသတ်လိုက်သလို ငါကလည်း အဘိုးပေးထားခဲ့တဲ့ ကိုယ်ခံပညာနဲ့ သင်းကိုပြန်သတ်ရပေမပေါ့။ အလှည့်ကျလာရင် ငမဲညြ မနွဲ့တတ်ပါဘူးကွာ"

-ထိုနေ့မှစ၍ ငမဲညြသည် အချိန်ရတိုင်း အဘိုးသင်ပေးခဲ့သော ကိုယ်ခံပညာများကိုသာလေ့ကျင့်နေလေသည်။ တုတ်ထိုး၊ တုတ်ရှည်၊ လက်၊ ခြေထောက်စသည်ဖြင့် ခေါင်းတိုက်ခြင်းမှစ၍ အဘိုး၏ကိုယ်ခံပညာသည်ကား အတော်လေးပင်စုံလင်သည်။

ထိုထိုပညာရပ်များကို ငမဲညြ အသုံးချခွင့်ရပေတော့မည်။ အဘိုးသင်ပေးခဲ့သောပညာရပ်များဖြင့်ပင် အဘိုးအတွက် သွေးကြွေးဆပ်ခွင့်ရရှိလာ၍ တစ်နည်းတစ်ဖုံအားဖြင့် ဝမ်းမြောက်ဝမ်းသာလည်းဖြစ်မိသည်။ အချိန်ရတိုင်းလည်း လေ့ကျင့်သည်။

မိုးသောက် အရုဏ်တက်မှပင် အိပ်ရာမှ နိုးထပြီး မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ကာ ကိုယ်ခံပညာများကို လေ့ကျင့်သည်။ မိုးစင်စင်လင်း၍ ကြက်တူရွေးအုပ်များရောက်လာကြလျှင် ဝါးလက်ခုပ်ဆွဲသည်။

နေ့ခင်းတွင် ထမင်းချက်ပြုတ်စား-သောက်ပြီးနောက် စပါးရိတ်သည်။ ညနေပိုင်းတွင်လည်း ကြက်တူရွေးမောင်းရင်းဖြင့် စပါးရိတ်ရသည်။ စပါးမရိတ်၍လည်း မဖြစ်တော့ပေ။ တောင်ယာစပါးများက မျိုးကျအလျှောက် တစ်ကုန်းပြီးတစ်ကုန်း ဝင်းမှည့်လာကုန်ကြပြီ။

ညနေဘက် နေတစ်ဝင်စပါးရိတ်ပြီးနောက် ထမင်းချက်ပြုတ်စားသောက်ကာ ညနက်ပိုင်းတွင် ကိုယ်ခံပညာများကို အတော်ညနက်သည်အထိ လေ့ကျင့်ပြန်သည်။

မူလကပင် ပြည့်စုံလုံလောက်စွာ တတ်မြောက်ထား၍ များများလေ့ကျင့်ရန်ပင်မလိုပေ။ ရက်ပိုင်းအတွင်းမှာပင် အတော်ရှလေးကျင့်သားရလာလေသည်။ ခန္ဓာကိုယ်လက်များလည်း ပေါ့ပါးလာလေသည်။

သို့သော် ယခု ဝက်ဝံကြီးတစ်ကောင်နှင့်သာ သတ်ဖြတ်ရမည်ဖြစ်၍ သီးသန့်ဆိုသလိုပင် ဝက်ဝံကြီးနှင့် သတ်ဖြတ်ရမည့်နည်းကိုကျင့်ယူရလေသည်။ ကိုယ်ခံပညာအားလုံးမှာပင် ယှဉ်ဖော်ယှဉ်ဖက်တို့၏အကြောင်းကို သိထားမှအဆင်ပြေလေသည်။ သို့မဟုတ်ပါက ခံသွားရနိုင်သည့်အကြောင်းကို အဘိုးပြောပြခဲ့ဖူးသည်။

သည်ရက်များအတွင်းမှာလည်း အဘိုးက တောသားအနိုင်းကြီးဖြစ်သည့်တိုင်အောင် ဗုဒ္ဓဘာသာဝင်ဖြစ်သောကြောင့် တစ်ရက်အချိန်ပေးပြီး ရှင်ပင်ကျောင်းဆောင်ဘုရားကြီး၏ ရင်ပြင်တော်တွင် သီတင်းသုံး (တော်ရဆောက်တည်တော်မူသော) ဆရာတော်ဘုရား၏ အထံကိုသွား၍ အဘိုး၏ဖြစ်စဉ်ကို ပြောပြပြီး ကုသိုလ်ကောင်းမှုများပြုလုပ်ကာ အဘိုးအား အမျှဝေပေးလိုက်သည်။

ထို့နောက် ကြက်တူရွေးမောင်းလိုက်၊ စပါးရိတ်ရင်း ကိုယ်ခံပညာလေ့ကျင့်လိုက်နှင့် နှစ်လကျော်လောက်ကို ရောက်လာချိန်တွင် အတော်လေးပင် ပြည့်စုံသွားလေသည်။ တိုက်ပွဲဝင်ရန် အသင့်အနေအထားကိုလည်း ရရှိနေလေပြီ။

ထို့ကြောင့် တစ်ရက်တွင် ကျောက်ချဉ်တောင်ထိပ်၌ မနီးသော အိပ်စက်ခြင်းဖြင့် ထာဝစဉ်အနားယူအိပ်စက်လျက်ရှိသော အဘိုး၏မြေပုံဆီသွားသည်။ အဘိုးကြိုက်တတ်သော



www.burmeseclassic.com

www.burmeseclassic.com

အရက်ဖြူတစ်ပုလင်းနှင့် တောကြက်တစ်ကောင်ကိုလည်း ကြော်ထည့်သွားသည်။

မြေပုံနားသို့ရောက်လျှင် အဘိုး၏မြေပုံကိုငေးစိုက်ကြည့်ရင်း ခေတ္တမျှရပ်နေမိသည်။ ထို့နောက် ရှင်ပင်ကျောက်ဆောင်ဆရာတော်ထံ၌ အဘိုးအတွက် ရည်စူးပြီး ကုသိုလ်လုပ်ခဲ့ဖူးသည်ကို အဘိုးအား အမျှဝေပေးလိုက်သည်။

ပြီးမှ အဘိုး၏မြေပုံပေါ်တွင် ရစ်ပတ်လျက်ရှိနေသောနွယ်ပင်ငယ်အချို့ကိုရှင်းလင်းပြီး သစ်ရွက်ခြောက်စသော အမှိုက်သရိုက်များကို လှည်းကျင်းကာ ကြက်ကြော်နှင့် အရက်ဖြူပုလင်းကို တင်မြှောက်လိုက်သည်။

"အဘိုးရေ ဒီနေ့ပင် ကျွန်တော် အဘိုးသွေးကြွေး ဝက်ဝံကြီးကို အပြတ်ချေမှုန်းပါတော့မယ်။ အဘိုးအတွက် မြေး သွေးမအေးပါဘူး။ အဘိုးလည်း တတ်နိုင်တဲ့ဘက်က ကူညီပေးပါဗျာ"

ထိုကဲ့သို့ ဝမ်းနည်းကြေကွဲဒေါသဖြင့် ပေါက်ကွဲသံပါသော စကားများကို အော်ပြောလိုက်ပြီး အဘိုး၏မြေပုံကို ဦးသုံးကြိမ်ချ၍ ရှိခိုးကာ မြေပုံနားမှ ခွာလာခဲ့သည်။ ကျောက်ဆောင်ကြီးပေါ်ကိုတက်ပြီး ဝက်ဝံကြီးရှိနေလောက်မည့်နေရာများကိုမှန်းဆကာကြည့်သည်။

တောထဲ၌ ခြေ၊ ဝက်ဝံ စသော သားရဲသားကောင်များသည် ပတ်ဝန်းကျင်နေရာဒေသ သတ်မှတ်ပြီးသာ ကျက်စားလေ့ရှိတတ်ကြသည်ကို အဘိုးသင်ပြထားခဲ့၍ ငမဲညို နားလည်နေသည်။

ချေများသည် ကျား၊ ကျားသစ်၊ ဝက်ဝံ စသော သားရဲများ၏လိုက်လံချောင်းမြောင်းခြင်းကိုခံရသောအခါ၊ မိတ်လိုက်ကြသောအခါ ဦးတည်ရာမဲ့ (အတန့်အသတ်မရှိ) ဦးတည်ရာ တောတိုးပြေးလွှားနေကြသော်လည်း ပုံသေအားဖြင့် တောင်တစ်လုံးတည်းမှာသာ အမြဲနေလေ့ရှိကြသည်။

ထိုနည်းအတိုင်း ဝက်ဝံများမှာလည်း အစာထွက်ရှာခြင်း၊ မိတ်လိုက်ခြင်း၊ အခြားအကြောင်းကြောင်းများရှိသောအခါ ပတ်ဝန်းကျင် သုံး၊ လေးမိုင်မျှအထိပင် သွားလာကျက်စားလေ့ရှိကြသော်လည်း ပုံသေအားဖြင့်တွင် တောင်တစ်လုံးတည်းမှာသာနေလေ့ရှိကြသည်။

ထို့နောက် ဝက်ဝံများသည် အစာရှာဖွေသောအခါ နေ့၊ ညသတ်မှတ်လေ့မရှိကြပေ။ ကျား၊ ကျားသစ် စသော အခြားသားရဲများမှာ အများအားဖြင့် ညကိုသာ ဦးစားပေးပြီး အစာရှာထွက်ကြသည်။ဝက်ဝံများမှာမူ အလျဉ်းသင့်သလို နေ့၊ ညမရွေးအစာထွက်လေ့ရှိကြသည်။

ထိုသို့သဘောရှိ၍ ယခုအခါသည် နွေခင်းဖြစ်သောကြောင့် ဝက်ဝံကြီးအစာထွက်လျှင် အများအားဖြင့် ပျားအုံများရှိလောက်သည့် သစ်တောကြီးများမှာ ရှိနေနိုင်ပေသည်။ ထို့ကြောင့် ငမဲညိုသည် တစ်ဖက်တောင်ဆွယ်ထိပ်ဆီက ကညင်ပင်ကြီးများဆီသို့ ထွက်လာခဲ့သည်။

မှန်သည်။ တိုင်းရက်တဲ့ပက္ကလာ မိုးရွာတာနှင့် အဆင်သင့်ဆိုဘိသို့ပင် ချောက်ထက်ဘက်သို့ထိုးထွက်နေသော ကညင်ပင်ကြီး၏ကိုင်းခွဆုံတွင် ကျကျနန ထိုင်လျက် ပျားအုံသုံးအုံကို လူများ၏လက်နှင့်ဖဲ့၍စားသကဲ့သို့ မိန်မိန်ကြီးစားနေသည်ကို တွေ့လိုက်ရသည်။ ဝက်ဝံများ၏ လက်သည်လည်း လူလက်နည်းပါးကိုင်တွယ်၍ ရလေသည်။

နည်းနည်းနောနော ဝက်ဝံကြီး မဟုတ်ပေ။ အညိုရောင်မှသည် အမည်းသက်လျက် ကိုးဆုပ်ကျော်မျှအထိရှိနိုင်သည်ကို တွေ့နေရသည်။ အလွန်အမင်းကြီးမားကျယ်ပြန့်သည့် ရင်အုပ်ကြီးကိုကြည့်ရသည်မှာလည်း ရန်သူအားတိုက်ခိုက်ရာတွင် ယှဉ်ဘက်တင်းလျက်အောင်ပွဲခံမည့်သဘောကို ဆောင်နေလေသည်။

ပျားအုံက တစ်အုံတည်းမဟုတ်ပေ။ သုံးအုံဖြစ်နေ၍ ဤပျားမျိုးကို (ရခိုင်လို စိုင်ပျားဟုခေါ်သည်) နတ်စိမ်းများပိုင်သည်။ တစ်ပင်လုံးရှိကိုင်းခက်များမှာ ပြည့်နင့်သွားအောင်ထိအုံလေ့ရှိသည်။ ငှက်သတ်ခြင်း၊ ဝက်ဝံများတက်စားခြင်း၊ လူဖွပ်ခြင်းရှိသွားလျှင် စည်းပေါက်သည်ဟု ဆိုကြသည်။

ငှက်သတ်ခြင်း၊ ဝက်ဝံများတက်စားခြင်း၏အကြောင်းအရာများကို တိတိကျကျမသိရသော်လည်း လူများက စိုင်ပျားအုံများကိုတက်ဖွပ်ကြရာ၌ စည်းကမ်းရှိရသည်။ စည်းကမ်းမရှိလျှင် အသက်ဆုံးရှုံးတတ်သည်။

ဖျာဝိုင်းခန့်၊ အိမ်ထရံခန့် ထိုထက်ကြီးသော ပျားအုံကြီးများကိုဖွပ်မည်ဆိုလျှင် ကတိတည်စွာဖြင့် ကြိုတင်ပြီး တိတိကျကျ စာနှင့်ပေနှင့် စာရင်းရေးမှတ်ရသည်။ အရှေ့ဘက်ကိုင်းက ပျားအုံ ဘယ်နှအုံ၊ အနောက်ဘက်ကိုင်းက ပျားအုံဘယ်နှအုံ စသည်ဖြင့် သက်ဆိုင်ရာတို့ဆီမှာ ကတိပေးပြီး ခွင့်တောင်းပြီးမှ ဖွပ်ကြရသည်။

ထိုကဲ့သို့ တိတိကျကျ ကတိတောင်းပြီး ရေးမှတ်ထားပါလျက် လောဘတက်ပြီး အပိုဖွပ်မိလျှင်ဖြစ်စေ၊ ရေးမှတ်ထားသော ပျားအုံများကို ကုန်စင်အောင်မဖွပ်နိုင်လျှင်ဖြစ်စေ စည်းပေါက်ပြီး သစ်ပင်ပေါ်မှတွန်းချခံရတတ်သည်။ အောက်သို့ကျလာသောအခါ အသားမပါဘဲ အရိုးစုချည်းသက်သက် ပြုတ်ကျလာတတ်သည်ဟု ဆိုကြသည်။

စည်းမကျိုးပေါက်ဘဲ အနှောင့်အယှက်ကင်းလျက်ဖွပ်နေတုန်းချိန်မှာပင် ထိုစိုင်ပျားပင်အောက်တွင် မီးခိုးငွေ့များသဖွယ်ရစ်သန်းလျက် မကောင်းမိစ္ဆာသရဲ၊ နတ်စိမ်းကြီးများ ပျားစားနေကြသံကို တရှမ်းရှမ်းတပြမ်းပြမ်းဖြင့် ကြားနေကြရသည်ဟုလည်း ကြားဖူးသည်။

ငမဲညို ငေးစိုက်ကြည့်နေရင်း ဝက်ဝံကြီး၏နောက်နားဘက်တွင် သားပေါက်ဝက်ဝံလေးတစ်ကောင်ကိုလည်း တွေ့လိုက်ရပြန်သည်။ ဝက်ဝံကြီး၏ခါးကို တို့၍တို့၍ ပျားသလက်များကို တောင်းစားနေလေသည်။

ငမဲညိုသည် ဝက်ဝံကြီးနှင့် ဝက်ဝံကလေးတို့အဖြစ်ကြည့်ရင်း သက်မချလိုက်မိသည်။ သူတို့မှာလည်း လူများလိုပါပဲလား။ အစာရှာကျွေးခြင်း၊ အစာရှာဖွေတတ်အောင် သင်ကြားပေးခြင်း စသည်ဖြင့်။

ဤသို့ဆိုလျှင် ဝက်ဝံကြီးအား သတ်ဖြတ်လိုက်ပါက ဝက်ဝံကလေးဒုက္ခရောက်ပေရော့မည်။ ခိုကိုးရာမဲ့ဖြစ်ကာ ငတ်ပြတ်ပြီး သေဆုံးရပေတော့မည်။

တွေးရင်းက ငမဲညို ခေါင်းငိုက်ဆိုက်ကျသွားလေသည်။ ငမဲညိုမှာ တောသားအရိုင်းလေးဖြစ်သော်လည်း စာနာစိတ်ရှိသည်။ သနားတတ်သည်။ ကိုယ်တိုင် မိဘမဲ့ခဲ့ရသည်ကိုလည်း သတိအမှတ်ရလာမိသည်။

ထို့ကြောင့် ငမဲညိုသည် ဝက်ဝံကြီးအား သတ်ဖြတ်ရန်တာစူလာခဲ့သော ဒေါသစိတ်ကိုဖြေလျှော့ပြီးစိတ်မကောင်းစွာဖြင့် ထိုအနားမှထွက်လာခဲ့သည်။ တောင်ယာတဲသို့ပြန်ရောက်လာသည်အထိလည်း ဝက်ဝံကြီးနှင့်ဝက်ဝံကလေးတို့၏အဖြစ်ကို တရေးရေးမြင်ယောင်နေမိသည်။

ထိုညက အတော်ညနက်သည့်အထိ ငမဲညို အိပ်၍မပျော်ပေ။ အမှိုက်လိုက်၊ ပြန်လိုက် ဝက်ဝံကြီးနှင့်ဝက်ဝံလေး



www.burmeseclassic.com

www.burmeseclassic.com

တို့ ပျားစားနေကြသည်ကို မြင်ယောင်လိုက်နှင့် အိပ်၍မပျော်နိုင်ဖြစ်နေခဲ့သည်။

တစ်နည်းအားဖြင့်လည်း အဘိုး၏အသက်ကိုသတ်ဖြတ်ထားဖူးသောဝက်ဝံကြီးဖြစ်နေ၍ သွေးကြွေးဆပ်သတ်ဖြတ်ရန်ကိုရုပ်သိမ်းရန်မသင့်ပေ။ အဘိုး၏အထံ(မြေပုံသို့)သွားပြီးလည်း လက်စားချေပေးပါမည့်အကြောင်းကို ကတိစကားပြောကြားထားခဲ့ပြီ။ ထို့ကြောင့်မတတ်နိုင်တော့။ ဝက်ဝံလေးကို သနား၍ ဝက်ဝံကြီးကို ခွင့်လွှတ်ပေးရန်လည်း မဖြစ်နိုင်တော့။ ဝက်ဝံလေးမှာ သူ့ထိုက်နှင့်သူ့ကံ ငါကဲ့သို့ တစ်ကောင်ကြွက်အဖြစ်ဖြင့် ကျင်လည်ပါစေတော့။ သတ္တဝါတစ်ကောင် ကံတစ်မျိုးပါပဲ။

ထိုသို့ဆုံးဖြတ်ကာ တစ်ညတာကို ကုန်လွန်စေလိုက်သည်။ မထူးဇာတ်ခင်းရန်လည်း တာစူနေလေပြီ။

ငမဲညြ မနက်စောစောထသည်။ စောလွန်းနေသေးသည်။ နှင်းအုပ်နေ၍ မိုးကောင်းကောင်းမလင်းသေး။ ငမဲညြ တောင်ယာတဲ၏ ကပြင်သို့ထွက်ပြီး အကြောင်းမဲ့ ငေးမောရင်း စပါးများကို ရိတ်သိမ်းပြီး၍ အပင်ကျကာ ဖြူဖပ်ဖြူရော်ဖြစ်နေကြသော တောင်ယာခင်းကြီးကိုကြည့်သည်။

တောင်ယာခင်းထဲတွင် ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ သခွားသီးများ ကွဲအုပ်နွားအုပ်ကိုလွှတ်ထားသကဲ့သို့ ပြွတ်ပြွတ်စီနေကြသည်။ ချဉ်ပေါင်ပင်ကြီးများ အသီးဖြင့်ရဲရဲနီနေကြသည်။

မိုးစင်စင်လင်းသည်နှင့် ငမဲညြသည် ဓား၊ တုတ်တို၊ တုတ်ရှည် စသော လက်နက်ကိရိယာများကို ယူဆောင်ပြီး ကျောက်ချဉ်တောင်ဘက်သို့ဦးတည်ကာ ထွက်လာခဲ့သည်။

ဝက်ဝံကြီးကို အခြားနေရာများမှာ သွားရှာရန်လိုမည်ဟုမထင်ပေ။ မနေ့က ပျားအုံကြီးများကို တစ်နေ့တည်းစားသောက်၍ ကုန်နိုင်မည်မဟုတ်သောကြောင့် ထိုထိုစားကွင်း၏အနီးအနားမှာပင်ရှိနေပေလိမ့်မည်။

ဟုတ်သည်။ ခပ်လှမ်းလှမ်းကပင် ကညင်ပင်ကြီးဆီက ဝက်ဝံကြီးဟောက်နေသံကို ကြားနေရသည်။ ငမဲညြ ခြေထောက်ကိုဖော့ဖော့နင်းပြီး အနီးသို့ရောက်အောင်သွားသည်။ ဝက်ဝံကြီးသည် ကညင်ပင်ကြီးကို ကျောမှီပြီး စားပိုးနင့်ကာ အိပ်မောကျသည်။ ခေါင်းကြီးတစ်ဖက်ကို တစ်ဖက်သို့စောင်းလျက် လက်နှစ်ဖက်ကိုလည်း ရင်ခွင်ထဲထားသည်။

သားပေါက်လေးကိုမူ အနီးအနားတွင် မတွေ့ရပေ။ မနေ့က သည်ဝက်ဝံဆီမှ ပျားသလက်များကိုတောင်းစားနေသော ဝက်ဝံပေါက်ကလေးသည် သည်ဝက်ဝံကြီး၏ သားပေါက်မဟုတ်ဘဲ အခြားဝက်ဝံမတစ်ကောင်၏သားပေါက်ပင်ဖြစ်လေသလား။ သို့တည်းမဟုတ် သည်ဝက်ဝံကြီး၏မယား ဝက်ဝံမကြီး၏ သားပေါက်ကလေးပင်ဖြစ်လေသလား။

မည်သို့ပင်ဆိုစေကာမူ စာနာစိတ်ဖြင့် သနားခဲ့မိသောဝက်ဝံလေးကိုမတွေ့ရသဖြင့် ငမဲညြစိတ်ချမ်းသာသွားရ၏။ လုပ်ငန်းစ၍ရပြီဟုလည်း နားလည်လိုက်သည်။ သို့သော်လည်း သည်အတိုင်းဝင်၍ မဖြစ်သေးပေ။

အဘိုးသင်ပေးခဲ့မှုသာ ကိုယ်ခံပညာရပ်ကို ဝက်ဝံကြီးနှင့်တိုက်ပွဲဝင်ရန် စနစ်တကျ လေ့ကျင့်ထားသော်လည်း တိုက်ပွဲမဝင်မီ သွေးပူအောင်လုပ်ရဦးမည်။ သို့မှခြေလက်များလန်းဆန်းပေါ့ပါးသွားပေမည်။ ထိုသို့ဆုံးဖြတ်ကာ ငမဲညြ နောက်ပြန်ဆုတ်လာပြီး ဝက်ဝံကြီးနှင့် တစ်မိုင်ခန့်ကွာသောမြေပြင်တွင် နာရီဝက်ခန့်သွေးပူလေ့ကျင့်ခန်းပြုလုပ်သည်။

ဝက်ဝံများကိုသတ်ဖြတ်ရာ၌ နှာဖျားနှင့်ရင်ဘတ်တည့်တည့်က အဖြူကွက် (လကွက်) ထိုနှစ်နေရာသည်သာ အဓိကကျသည်။ နှာနုသည် အလွန်နုခြင်းနှင့် အဖြူလကွက်နေရာသည်လည်း အမွေးနုလေးများဖုံးလွှမ်းလျက် အလွန်နုသောအသားစိုင်နေရာများသာဖြစ်သောကြောင့် ခုပ်နာနာတိုက်ခိုက်ခြင်းကိုခံရလျှင်ပင် ဝက်ဝံကြီးများ သေနိုင်လေသည်။

ထို့ကြောင့် ဝက်ဝံကြီးများသည် ရန်သူများနှင့် တိုက်ခိုက်သတ်ပုတ်ကြရာ၌ ထိုအားနည်းချက်နှစ်နေရာကို အဓိကထား ကာကွယ်ပြီးသာ တိုက်[illegible]င်တတ်ကြလေသည်။

အခြားကိုယ်အနှံ့တွင် မာတုတ်သည့်အမွေးထူများဖုံးလွှမ်းထား၍ တုတ်၊ ဓား၊ လှံတံများ ထင်သလောက်မတိုးနိုင်ပေ။ သတ်ပုတ်ထိုးခုတ်၍ ထိရောက်မှုမရှိလျှင် သူ၏အားသာချက်ကို နားလည်ထားသောဝက်ဝံကြီးက ထိုနှာနုနှင့်လဖြူကွက်ဖြစ်သော အားနည်းချက်နှစ်ချက်၊ နှစ်နေရာမျှကိုသာ ကာကွယ်ထားပြီး ယှဉ်ဘက် ရန်သူအား သန်မာစွာဖြင့် ကျားကုတ်ကျားခဲတိုက်ခိုက်ပြီးသတ်ဖြတ်ကာ အနိုင်ယူလေသည်။

သားရဲများထဲတွင် ဝက်ဝံများသည် လျင်မြန်ဖျတ်လတ်ခြင်း၊ ရဲရင့်ခြင်းများဖြင့်ပြည့်စုံပြီး အင်အားလည်း အကြီးမားဆုံးဖြစ်သည်။ သူ၏ သန်မာထွားကျိုင်းပြီး ထိခိုက်နာကျင်ခြင်းနည်းပါးသောကြောင့်လည်း ယှဉ်ဘက်ရန်သူအား သန်မာစွာဖြင့် အနိုင်ခံလေ့ရှိသည်။ ထို့ကြောင့် ဝက်ဝံများနှင့်ယှဉ်တိုက်ရဲသောသားရဲများ မရှိသလောက်ရှားလေသည်။

(ထို့ကြောင့် ခြင်္သေ့ကြီးနှစ်ကောင်သည်ပင် ဝက်ဝံကြီးတစ်ကောင်ကို တိုက်ခိုက်ရဲခြင်းမရှိကြသည်ကို ဒစ်(စ်)ကာဗာရီမှာ မြင်ဖူးသည်။)

ငမဲညြသည် နာရီဝက်ခန့် အပြင်းအထန်လေ့ကျင့်လိုက်၍ မူလကပင်လေ့ကျင့်ရေးပြည့်စုံနေသည်တွင် ယခုသွေးများပူကာ အကြောများပါထောင်ထလာလေသည်။ လေကဲ့သို့ နည်းပါးပေါ့ပါး၍နေလေသည်။ တိုက်ပွဲဝင်ရန် အသင့်အနေအထားသို့လည်း ရောက်ရှိနေလေပြီ။

ငမဲညြ ဝက်ဝံကြီးအားတိုက်ပွဲဝင်သတ်ဖြတ်ရန်မှာ လက်ခြေ (လက်သိုင်း) ကိုယ်ခံပညာနှင့်ဖြစ်သည်။ တောထဲမှာ သစ်ပင်ပေါင်းချုံများရှုပ်ထွေးမှုရှိနေ၍ တုတ်၊ ဓား၊ ကိုယ်ခံပညာဖြင့် ဝက်ဝံကြီးကို အနိုင်တိုက်ခိုက်ပြီး သတ်ဖြတ်ရန် လွယ်မည်မဟုတ်ဟု ထင်သည်။

ထို့ကြောင့် ငမဲညြသည် တုတ်ဓားနှင့်လှံတံများကို သတ်ကွင်း၏အနီးအနားက သစ်ပင်များမှာ လိုရမည်ရထောင်ထားခဲ့ပြီး ပေါက်တန်ကောင်း လက်သီးဆုပ်သာသာခန့် ကျောက်ခဲကြီးတစ်လုံးကိုကောက်ကာ ဝက်ဝံကြီးနှင့်ငါးလံခန့် အနီးအနားသို့ထိကပ်သွားသည်။ ဝက်ဝံ





www.burmeseclassic.com

www.burmeseclassic.com

ကြီးသည်ကား တခူးဆူးဖြင့် အိပ်ကောင်းတုန်းဖြစ်သည်။

ငမဲညြသည် ပေါက်တန်ကော်င်း ကျောက်ခဲကြီးဖြင့် ဝက်ဝံကြီး၏လဖြူကွက်နေရာကိုချိန်ရွယ်ပြီး တအားပေါက်ချလိုက်လေသည်။ အင့်ဟူသောညည်းသံကြီးနှင့်အတူ ဝက်ဝံကြီး တစ်ဖက်သို့ ယိုင်ကျသွားလေသည်။ ငမဲညြလည်း ဘာမှဆက်မလုပ်ဘဲရပ်ကြည့်နေသည်။

လက်ခြေတိုက်ကွက်ကိုသာအသုံးချရမည်ဖြစ်၍ သည်အတိုင်းပြေးဝင်၍မရပေ။ ဝက်ဝံကြီး၏ ကိုယ်အနံ့ကိုထိုးကြိတ်ကန်ကျောက်၍လည်း နာကျင်မည်မဟုတ်။ လက်ခြေတိုက်ကွက်၌ ဝက်ဝံကြီး၏နှာနုကို လက်သီးနှင့်ဆောင့်ထိုးရန် တစ်မျိုးတည်းသာ အဓိကကျသည်။ ဤသတ်ကွက်တစ်မျိုးတည်းဖြင့်လည်း ဝက်ဝံကြီးအားအနိုင်ယူရန် ဆုံးဖြတ်ထားသည်။

တုတ်ခိုင်သန်မာသောဝက်ဝံကြီးလည်း ခဲတစ်ချက်ထိရုံဖြင့် ဖြုံဟန်မရှိဘဲ ချက်ချင်းပင် ဂရားဟု ကျယ်လောင်စွာ အသံပြုကြီးဖြင့်အော်ဟောက်ပြီး ခုန်ထလာလေသည်။ ငမဲညြလည်း လက်နှစ်ဖက်ကို ရှုပ်ယှက်ခတ်အောင်လုပ်ထားပြီး ခြေနှစ်ဖက်ကိုလည်း အငြိမ်မထားဘဲ ဘယ်ဘက်ရွှေ့လိုက်၊ ညာဘက်ရွှေ့လိုက်နှင့် ဝက်ဝံကြီးမျက်စိရှုပ်အောင်လုပ်ထားလေသည်။

ဝက်ဝံကြီးသည် ဝါးလုံးထိုးပြေးဝင်လာပြီး အနားသို့ရောက်သည်နှင့် မတ်တတ်ရပ်ကာ ငမဲညြအား ထိုးအုပ်လေသည်။ ဝက်ဝံကြီးများ ဤကဲ့သို့လုပ်တတ်သည်ကို ငမဲညြ ကြိုသိထားသည်။ ထို့ကြောင့် ဝက်ဝံကြီး၏ ညာဘက်လက်ကိုဖမ်းတွန်းပြီး ယိုင်အသွားတွင် နှာနုကို လက်သီးဖြင့် တအားဝင့်ထိုးချလိုက်သည်။

သို့သော် နှာနုကိုမထိုးမိဘဲ အောက်မေးရိုးကိုသာ ထိုးလိုက်မိသဖြင့် ဝက်ဝံကြီး ဘာမှမဖြစ်ဘဲ ငမဲညြ၏လက်သီးထိပ်သာနာသွားသည်။လူအချင်းချင်းထိုးကြလျှင်ပင် ရှေ့တည့်တည့်မှမေးဖျားကိုထိုးမိမှ ထိရောက်မှုရှိပြီး သတိမေ့မြော သည်အထိ ဖြစ်သွားတတ်သည်။

ယခု ဝက်ဝံကြီး၏အောက်မေးရိုးကို ပင့်ထိုးလိုက်ရာတွင် ဘာမှပင်ဖြစ်ဟန်မတူဘဲ တစ်ပတ်လည်လာကာ ငမဲညြ၏ခြေသလုံးကိုပင် ဖမ်းဆွဲခြင်းကိုခံလိုက်ရသေးသည်။ ငမဲညြ လျင်မြန်စွာ ခုန်ရှောင်ပြီး နံဘေးကိုဆောင့်ကန်ချလိုက်သည်။ ဤထိချက်မျိုးသည်ကား ဝက်ဝံကြီးအဖို့ ဖြုံဖွယ်မရှိပေ။

နောက်ကျွမ်းပစ်သွားပြီးခုန်ထကာ ငမဲညြအား လက်နှစ်ဖက်ဖြင့် ဖမ်းအုပ်ပြန်သည်။ ဤတွင်လည်း ငမဲညြသည် ယခင်အတိုင်း ဝက်ဝံကြီး၏ညာဘက်လက်ကို ဘယ်ဘက်လက်ဖြင့်သိမ်းတွန်းပြီး မေးရိုးကိုဆောင့်ထိုးလိုက်ပြန်သည်။

ယခုအကြိမ်တွင်လည်း ယခင်အတိုင်းသာ ငမဲညြ၏လက်သီးထိပ်သာ နာကျင်သွားပြီး ဝက်ဝံကြီးသည်ကား တစ်ပတ်လည်ကာ ကျယ်လောင်စွာ ဟိန်းဟောက်ပြီး ငမဲညြအား ဖမ်းအုပ်ပြန်လေသည်။

ထို့ကြောင့် ငမဲညြသိလိုက်ပြီ။ ဤသတ်ကွက်မျှဖြင့် ဝက်ဝံကြီးမတိုးပေ။ တုတ်တိုသတ်ကွက်ကိုသာသုံးရပေတော့မည်။ တုတ်တိုသတ်ကွက်ဖြင့်ရှင်းလိုက်လျှင် တစ်ကြိမ်တည်း၊ တစ်ချက်တည်းဖြင့်ပင် ဝက်ဝံကြီးကိစ္စပြတ်သွားနိုင်လေသည်။

ထို့ကြောင့် ငမဲညြသည် ဝက်ဝံကြီးပြေးဝင်လာတိုင်း ဆောင့်ကန်လိုက်၊ လက်ကြီးနှစ်ဖက်ကိုပုတ်ချပြီး လှန်တွန်းလိုက်နှင့် သတိကိုမြဲစွာထားကာ တုတ်တစ်ချောင်းကိုထောင်ထားခဲ့သောကညင်ပင်ကြီးဘက်သို့ မျှားခေါ် လာခဲ့သည်။

ကညင်ပင်ကြီးနားကိုရောက်လျှင် ဝက်ဝံကြီးဝင်အလာကို စောင့်ကြည့်ပြီး တစ်ချက်ဆောင့်တွန်းကာ ဆတ်ခနဲ တုတ်တိုကို ပြေးကောက်ကိုင်ထားလိုက်သည်။ဝက်ဝံကြီးမှာလည်း ယခင်အတိုင်း ပြေးဝင်လာပြီး အနားသို့ရောက်သည်နှင့် မတ်တတ်ရပ်ကာ ငမဲညြအား ပြေးအုပ်ပြန်သည်။

ထို့ကြောင့် ငမဲညြက ဇော်ကဲကသလိုမျိုး တုတ်တို၏ အရင်းအဖျားနှစ်ဖက်ကို မြဲမြဲစွာဆုပ်ကိုင်ထားပြီး ဝက်ဝံကြီး၏လက်နှစ်ဖက် တုတ်တိုကို တင်ဖိမိသည်နှင့် ညာဘက်သို့ဆောင့်တွန်းကာ ဝက်ဝံကြီး၏နှာနုကို တအားရိုက်ချလိုက်လေသည်။

ဝက်ဝံကြီးလည်း ဂူးဟူသော ခွေးသံပါသည့်အသံကြီးကို ခပ်အုပ်အုပ်တစ်ချက်အော်ပြီး တစ်ဖက်သို့ယိုင်ကျသွားလေသည်။ ထို့နောက် နှာခေါင်းကို ငွေ့ယမ်းခါလူးပ်ရင်းဝပ်ကျသွားလေသည်။

ငမဲညြလည်း ဘာမှဆက်မလုပ်ဘဲ ရပ်ကြည့်နေသည်။ သူ့လက်နှင့်ရိုက်ချက်ကို ငမဲညြယုံသည်။ ဆက်လုပ်စရာလည်းမလိုတော့ပေ။ ချက်ကောင်းမိမိကြီးထိထားလေပြီ။

ဝက်ဝံကြီးလည်း ဆန့်ငင်ဆန့်ငင်ဖြစ်ကာ ကမ်းပါးယံဘက်သို့ နည်းငယ်ချောကျသွားပြီး အကြောဆွဲနေလေသည်။ သုံး၊ လေးချက်မျှ အကြောဆွဲပြီးနောက် ဝက်ဝံကြီးငြိမ်ကျသွားလေတော့သည်။

သို့မှ ငမဲညြလည်း တုတ်တိုကိုပစ်ချကာ ဝက်ဝံကြီး၏အနားသို့ကပ်သွားပြီး ကြည့်သည်။ နည်းနည်းနောနော ဝက်ဝံကြီးမဟုတ်ပေ။ တစ်စောင်းလဲပြီး သေဆုံးနေသည်မှပင် ပေါင်လယ်ခန့်မြင့်နေလေသည်။

ငမဲညြ ဝက်ဝံသေကြီးကိုတစ်ချက်ဆောင့်ကန်ကြည့်သည်။လုံးဝမလှုပ်တော့ပေ။ နှာခေါင်းမှသွေးများအခဲလိုက်ယိုထွက်ကာ ငြိမ်သက်နေလေပြီ။

ငမဲညြ အလွန်အမင်း ကျေနပ်သွားသည်။ အဘိုးအတွက် သွေးကြွေးကို ဤတွင်ပေးဆပ်၍ကျေလေပြီ။ ထိုက်တန်သောပေးဆပ်ခြင်းဖြင့် အသက်လုပွဲကိုဖန်တီးကာ ရဲရဲကြီးအနိုင်ယူလိုက်ပြီ။

ထို့နောက် ငမဲညြသည် ဝက်ဝံသေကြီး၏ကိုယ်ပေါ်သို့ ခုန်တက်ကာ တက်တစ်ချက်ကို ကျယ်လောင်စွာဖြင့် ခေါက်လိုက်ပြီး လက်နှစ်ဖက်ကို မိုးပေါ်သို့မြှောက်၍

"အဘိုးရေ အဘိုးကိုတိုက်ခိုက်သတ်ဖြတ်တဲ့ ဝက်ဝံကြီးကို ကျွန်တော်သတ်ဖြတ်လိုက်ပြီဗျ။ အဘိုးသင်ကြားပေးခဲ့တဲ့ကိုယ်ခံပညာနဲ့ အဘိုးသွေးကြွေးကို ပေးဆပ်လိုက်ပါပြီ။ ကျွန်တော်တာဝန်ကျေပါတယ်နော်။ တမလွန်ဘဝက အဘိုးကျေနပ်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်နိုင်ပါစေလို့"

ငမဲညြ၏အသံသည် အောင်မြင်ခြင်းအထိမ်းအမှတ် ကျောက်ချဉ်တောင်တန်းကြီး၏ လေးဖက်လေးတန်သို့တိုင်အောင် ကျယ်လောင်စွာဖြင့် ပျံ့လွင့်သွားလေသည်။

**စာကြွင်း**

လွန်ခဲ့သော (၅၂)နှစ်ခန့်လောက်က ကြမ်းတမ်းခက်ထန်သည့် ဝက်ဝံကြီးတစ်ကောင်ကို ကိုယ်တိုင် လက်တွေ့တိုက်ခိုက်သတ်ဖြတ်ပြီး အနိုင်ယူခဲ့ဖူးသော တောတွင်းသားလေး ငမဲညြအား ဤဇာတ်လမ်းဖြင့်ပင် ဂုဏ်ပြုမှတ်တမ်းတင်လိုက်ရပါကြောင်း။

**ထွန်းဒေါက်**



www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာသည်သာ

မောင်မောင်ညွန့် (သရက်)

အခန်း (၁)

"ရွာမြောက်ပိုင်း ဘကြီးထွန်းက ရွာထိပ်ကားလမ်းဘေးနားက သူ့ရဲ့ ယာကွက်ကို တစ်နှစ်သီးစားခမယူဘူး။ လုပ်စားလို့ပြောတယ် အမေ"

ညိုမောင့်စကားကြောင့် ယောက္ခမဖြစ်သူ ဒေါ်တင်မြ ပျာပျာသလဲဖြစ်သွားသည်။

"ဖြစ်ရလေ ညိုမောင်ရယ်၊ မင်းက ဒီရွာကိုရောက်တာ (၃)လတောင်မပြည့်သေးဘူး။ အဲဒီယာကွက်အကြောင်း ဘာသိလို့လဲ"

ဒေါ်တင်မြ၏ အမေးစကားကို ညိုမောင် ဘာပြန်ဖြေရမှန်းမသိဖြစ်နေသည်။

သူ့ဇနီး မထားခင်က -

"အမေကလည်း၊ ဘကြီးထွန်းက မိုးကျရင် နှမ်းမျိုးလည်းပေးမယ်တဲ့။ ပြီးတော့ ဆောင်းတွင်း မြေပဲစိုက်ဖို့လည်း မြေပဲမျိုးပါ အရင်းအနှီးထုတ်ပေးမယ်တဲ့"

ညိုမောင့်ဆီကျရောက်နေသော ဒေါ်တင်မြမျက်စောင်းက သမီးဖြစ်သူ ထားခင်ဆီရောက်သွားသည်။

"ဟဲ့-မိထားခင်၊ ညည်းက ဒီရွာသူဖြစ်ပြီး နမော်နမဲ့နေနိုင်လွန်းတယ်။ သူ့ယာကွက်ကို လွန်ခဲ့တဲ့(၁၀)နှစ်လောက်ကတည်းက တစ်နှစ်သီးစားခမယူဘဲ လုပ်စားဖို့ပေးတာ။ အဲဒီယာကွက်ကို ထွန်ယက်စိုက်ပျိုးစားတဲ့သူမှန်သမျှဟာ တစ်နည်းနည်းနဲ့ ဒုက္ခရောက်ကြတာချည်းပဲ ညည်းမသိဘူးလား"

ဒေါ်တင်မြ လေသံမာမာဖြင့်ပြောရင်း ဆေးပေါ့လိပ်ကို မီးခိုးထောင်းထောင်းထအောင်ဖွာနေလိုက်သည်။

မထားခင်က -

"လွန်ခဲ့တဲ့ (၁၀) နှစ်ကျော်တုန်းက သမီးက ကလေးပဲရှိသေးတော့ ဒီအကြောင်းတွေဘယ်သိမှာလဲ။ အမေက စိုးရိမ်စရာမရှိုစိုးရိမ်နေတယ်။ သူများတွေဖြစ်တိုင်းကိုယ်ဖြစ်ချင်မှဖြစ်တာပါ။ ပြီးတော့ ကိုညိုမောင်က ဘုရားတရားမြဲတာ"



"ဟင်းဟင်း - မိထားခင် ညည်းက ညည်းယောကျ်ားကို တော်တော်အထင်ကြီးတာပဲ။ ပြောပါပေရဲ့၊ အဲဒီယာကွက်ကိုလုပ်ရင် တို့မိသားစုကတော့ လုံးဝသဘောမတူဘူး။ ညည်းတို့လည်း မထည့်နိုင်ဘူး"

မထားခင် သူ့အမေ၏ပြောဆိုဆက်ဆံပုံကြောင့် ချစ်သူမျက်နှာတစ်ရွာထင်လိုက်လာသော ညိုမောင်ကို ပိုလို့သနားမိသည်။ ထိုခဏ၌ ဒေါ်တင်မြယောကျ်ား ဦးဖိုးအေး တောထဲမှပြန်ရောက်လာပြီး အကြောင်းစုံမေးကြည့်သည်။

"ဟုတ်တယ် ညိုမောင်၊ တိုက်ဆိုင်မှုတွေပါလို့ပြောရအောင်ကလည်း အဲဒီယာကွက်ကိုလုပ်စားတဲ့သူတိုင်း ဘေးဒုက္ခကြုံရထားကွ"

အခန်း (၂)

တကယ်တော့ ညိုမောင့်ဇာတိက ခရေတန်းရွာနှင့် (၅) မိုင်ခန့်ဝေးသော ကျွန်းလှရွာဇာတိဖြစ်သည်။ ခရေတန်းရွာနှင့်ကျွန်းလှရွာကြားတွင် သိုက်တွင်းကုန်းဆိုသည့်ရွာကြီးတစ်ရွာရှိသည်။ တစ်နှစ်တစ်ခါကျင်းပသော ထိုသိုက်တွင်းကုန်းရွာ ရန်ပယ်ရှင်းဆုတောင်းပြည့်ဘုရားပွဲတော်တွင် ညိုမောင်နှင့်ထားခင်ဆုံစည်းကြသည်။ လူငယ်တို့သဘာဝသံယောဇဉ်ကြီးသွယ်တန်းမိကြသည်။ ရပ်ရွာဓလေ့အရ ညိုမောင်က ရပ်ရွာလူကြီးများနှင့် မိသားဖသားပီပီ ထားခင်မိဘနှစ်ပါးထံ နားဖောက်တောင်းရမ်းသည်။ ထားခင်မိဘက စာရင်းငှား ညိုမောင်နှင့် လုံးဝသဘောမတူ ဟူသော အဖြေကြောင့် ညိုမောင် ရင်တွေပူရသည်။ ရင်သာမက တစ်ကိုယ်လုံးပူရသည်ဟုပင် ပြောရမလိုဖြစ်သွားသည်။

"ဒီလောက် တစ်ဖက်သားကို ချိုးချိုးဖဲ့ဖဲ့ပြောတာ သူတို့ကကော ဘယ်လောက်ချမ်းသာလို့လဲ။ ကောင်မလေးဘက်ကကြိမ်းသေရင် ရအောင်ခိုးကွာ"

ချစ်ဦးသူနှင့် အလွဲမခံနိုင်သော ညိုမောင်တစ်ယောက် သူငယ်ချင်းများ



www.burmeseclassic.com

www.burmeseclassic.com

၏ အားပေးကူညီမှုကြောင့် ထားခင်ကို ခက်ခက်ခဲခဲခိုးပြေးသည်။ ထားခင်မိဘ နှစ်ပါးက ယမ်းပုံမီးကျဖြစ်၍ အမွေပြတ် ဟုပင် ပြောလာသည်။ နောက်တော့ တစ်ရွာတစ်ကျေးတွင် ဆင်းဆင်းရဲရဲ လုပ်ကိုင်စားနေရသော သမီးဖြစ်သူ၏ သတင်းကိုကြားရ၏။ မိဘတို့၏စုန်ရေ မေတ္တာအတိုင်း သမီးကိုပြန်လည်လက်ခံ လိုက်သောကြောင့် ညိုမောင်လည်း ဆံထုံးနောက်သျှောင်ပါခဲ့ရသည်။

ခုလည်း ဘကြီးထွန်း၏ယာကွက် ကို ညိုမောင်က ခုတ်ထွင်ရှင်းလင်းပြီး ထွန်ယက်လုပ်ကိုင်မည်ဆိုတော့ ထားခင် ၏ မိဘဆွေမျိုးများက ပိုင်းဝန်းတားမြစ် ကြသည်။

ထားခင်၏မောင်ဝမ်းကွဲ ဒေါ်ငွေ ကြီးက -

"ဟဲ့ - မိထားခင်၊ နင့်ယောက်ျား ညိုမောင်က လူ့ပြည်မှာ ကြာကြာမနေ ချင်ဘူးထင်တယ်"

ညိုမောင်ကြားအောင်ပြောသွား သည်။ ညိုမောင်ကတော့ အပြုံးမပျက် ရှာ။

ရွာအရှေ့ပိုင်းက အသက် (၈၀) ကျော် ဘိုးစံလှကို ယာကွက်အကြောင်း မေးကြည့်တော့ -

"လွန်ခဲ့တဲ့ (၁၅) နှစ်လောက်က မော်လမြိုင်ဘက်ကမိသားစု ကိုယ်ပိုင် ကားနဲ့ ပုဂံကိုဘုရားဖူးလာတာ ဦးထွန်း ယာကွက်နားမှာ ကားမှောက်ပြီးသေ ကုန်ကြတာ။ ယာကွက်လုပ်တဲ့လူတွေ တစ်ခုခုဖြစ်တော့ ယာကွက်ကခိုက်တယ် ဘာညာပြောကြတာပေါ့ကွာ။ ဒီယာ ကွက်ကို ဘယ်သူမှမလုပ်ကြတာ နှစ် အတော်ကြာပြီကွယ့်"

အခန်း (၃)

ဘကြီးထွန်းယာကွက်ကို ညိုမောင် ယာလုပ်တော့မည်ဟူသော သတင်းက တစ်ရွာလုံးပြန့်သွားသလို အားလုံးက အံ့သြကြသည်။

"ညိုမောင်ကတော့ ဒုက္ခတွေ့ တော့မှာပဲ"

"ဟုတ်ပါ့တော်၊ အဲဒီယာကွက်က အရမ်းမြေဆိုးတာ"

"ဩော် - ဒီကောင်လေးက တစ်ရွာသားဆိုတော့ ဒီယာကွက် အကြောင်းမသိလို့ဖြစ်မှာပေါ့"

"ထားခင်မိဘတွေကလည်း ဒီယာ ကွက်အကြောင်းပြောမပြလို့များလား"

ရပ်ရွာသဘာဝ ပတ်ဝန်းကျင်က အမျိုးမျိုး ဝေဖန်ပြောဆိုကြသော်လည်း ညိုမောင်ကတော့ ရွာဦးဘုန်းတော်ကြီး ဦးဝိမလဆုံးမစကားကိုသာ လိုက်နာယုံ ကြည်ထားသူ ဖြစ်သည်။

"မေတ္တာတရားက အရာရာကို အောင်နိုင်တယ်ကွယ့်။ အဲဒါမြဲမြဲမှတ် ထား"





www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်၏စကားကို ပြန်လည်ကြားယောင်ရင်း ပီတိအားဖြစ်ရသလို ယာကွက်ပိုင်ရှင် ဘကြီးထွန်းက သူ့ကို နှမ်းမျိုးနှင့် မြေပဲမျိုး ထောက်ပံ့ကူညီသည့်အပြင် တစ်နှစ်တာခိုင်းရန်အတွက် ခြံပေါက်နွားတစ်ရှဉ်းကို မွေးဘက်သဘောမျိုးပေးသည့်အတွက် ညိုမောင်အတိုင်းထက်အလွန် ဝမ်းသာအားတက်မိသည်။ ဘကြီးထွန်းကိုလည်း ကျေးဇူးအထူးတင်နေမိ၏။ ညိုမောင့်ယောက္ခမ ဒေါ်တင်မြကမူ ပြစ်တင်ရှုတ်ချသောလေသံဖြင့် -

"မြေပဲမျိုး၊ နှမ်းမျိုးတွေပေး၊ နွားမွေးဘက်ပေးပြီး လူမိုက်နှင်းတောတိုးခိုင်းတာကို ညည်းယောက်ျားက အဟုတ်ကြီးထင်နေတာ။ ဈေးကောင်းရတဲ့တစ်နေ့ကျ ရောင်းစားပစ်မှာ အဲဒါညည်းတို့သိရဲ့လား"

ယာမြေရှင်းရန ဓားသွေးနေသောညိုမောင်ကတော့ သည်းခံစိတ်ကိုရှေ့တန်းတိုက်စစ်မှူးအဖြစ် အသုံးပြုထားလိုက်သည်။

ထားခင်က -

"ဩော် - ဒါကတော့ အမေရယ်၊ သူ့ယာကွက်ပဲ သူရောင်းချင်တဲ့အခါရောင်းမှာပေါ့။ လောလောဆယ် သမီးတို့ကို ခုလိုကူညီပေးတော့ ဘကြီးထွန်းက သမီးတို့ရဲ့ကျေးဇူးရှင်ထမင်းရှင်ဟင်းရှင်ဖြစ်သွားပြီ။ ကျေးဇူးရှင်ကို မပြစ်မှားကောင်းဘူး အမေရဲ့"

"ဟဲ့ - မိထားခင်၊ ညည်းက ငါ့ကိုဆုံးမရအောင် ညည်းက အမေလား ငါကအမေလား"

ဒေါ်တင်မြ လေသံမာမာဖြင့် ပြောလိုက်သောကြောင့် ထားခင် ဖက်ပုပြီးငြိမ်သွားသည်။ ညိုမောင် အခြေအနေကိုကြည့်၍ ဆုံးဖြတ်ချက်ကို ခိုင်မာစွာချလိုက်သည်။

## အခန်း (၄)

ယာကွက်စတင်ရှင်းမည့်နေ့ နံနက်စောစော ယာကွက်အရှေ့ဘက်စပ် အုန်းနှဲပင်အောက်တွင် ငှက်ပျောဖက်ခင်း၍ အသင့်ယူဆောင်လာသော ထမင်းဟင်းများပုံကာ ယာမြေကိုစောင့်ကြပ်သော မြင်အပ်မမြင်အပ်ပုဂ္ဂိုလ်တို့ကို အစထား၍ တောစောင့်နတ်၊ ရေစောင့်နတ်၊ မြေစောင့်နတ်၊ ဖျောက်ဆိပ်ပင်တွဲ့ မှီခိုနေကြသော ပရလောကသားတို့အား သူ၏ကုသိုလ်ကောင်းမှုကို အမျှပေးဝေ၊ မေတ္တာပို့ပြီးမှ ယာကွက်ကို တဖြည်းဖြည်းခုတ်ထွင်ရှင်းလင်းရင်း မေတ္တာသုတ်ကို နှုတ်မှတီးတိုးရွတ်သည်။ ရွာဦးကျောင်းမှ (၁၁) နာရီ ဆွမ်းစား အုန်းမောင်းခေါက်မှသာ အလုပ်နား မေတ္တာပို့ပြီး အိမ်ပြန်သည်။

တစ်ပတ်ကြာတော့ ညိုမောင်တို့လင်မယားကို ခရေတန်းတစ်ရွာလုံးက စူးစမ်းသည့်အကြည့်များစောင့်ကြည့်နေကြသည်။ ညိုမောင်ကတော့ မေတ္တာစိတ်ဖြင့် ပျော်မွေ့နေသည့်သူဖြစ်သည့်အားလျော်စွာ ပတ်ဝန်းကျင်၏ ကျယ်ချဲ့တစ်မျိုး၊ တိုးတိုးတစ်ဖုံ ပြောဆိုဝေဖန်မှုများကို ဥပေက္ခာပြု၍ ကိုယ့်အလုပ်ကိုယ်မှန်မှန်လုပ်ကိုင်နေသည်။

ထားခင်မိဘများက ယာကွက်လုပ်လို့ခိုက်လျှင် သူတို့ပါရောပြီးအခိုက်မခံနိုင်ကြောင်း အိမ်ခွဲနေခိုင်းသောကြောင့် ညိုမောင် စိတ်မကောင်းခြင်းကြီးစွာဖြစ်ရသည်။ ထိုအကြောင်းကို ဘကြီးထွန်းသိတော့ သူ့အိမ်ခြေရင်းဘက် ဘူးစင်ကိုဖျက်၍ သုံးပင်မြေစိုက်ထရံကာ သက်ငယ်မိုးအိမ်လေးဆောက်ပေးသည်။

"ကျုပ်တို့အပေါ်မှာ ဘကြီးထွန်းကျေးဇူးတွေဆပ်လို့မကုန်နိုင်တော့ပါဘူး။ ဘကြီးထွန်းတို့ မိသားစုအတွက်ဆိုရင် ကျုပ်ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကူညီဆောင်ရွက်ပေးပါ့မယ်"

"ငါကလည်း အလုပ်ကို ရိုးရိုးသားသားနဲ့ကြိုးစားလုပ်တဲ့မင်းကို သနားတဲ့စိတ်နဲ့ အကူအညီပေးတာ။ ငါလည်း ငယ်ငယ်တုန်းက မင်းဘဝလိုပဲဆင်းရဲခဲ့တယ်။ ဒါပေမယ့် ဘဝကိုအရှုံးမပေးဘူး။ ရိုးရိုးသားသားနဲ့ ဖွဲဝီရိယထားပြီး အလုပ်ကို ကြိုးစားလုပ်လို့ အခုလိုနေနိုင်တာကွ။ ငါအသက်ကြီးလို့ သမက်ကိုခိုင်းပြန်တော့လည်း မြေကြမ်းတယ်၊ ဒိတ်တယ် မလုပ်ရဲဘူးလို့ အကြောင်းပြတယ်။ နောက်ဆုံးတော့ကွာ ဒီယာကွက်ကို အလကားလုပ်စားဖို့ပေးတာတောင်မှ တစ်ရွာလုံးမလုပ်ချင်ကြဘူး"

"ကျုပ် အစွမ်းကုန် ကြိုးစားလုပ်ပါ့မယ်။ တောရမ်းဖို့ကတော့သုံးရက်လောက်ဆိုရင်ပြီးပါပြီ"

"မအားကွာ၊ ဘကြီးကိုအားမနာနဲ့။ လိုအပ်တာပြော မောင်ညိုမောင်"

## အခန်း (၅)

နယုန်မိုးသေး မြက်သားမွေးဆိုသည့်အတိုင်း အနောက်တောင်မုတ်သုံလေနှင့်အတူ ရွာသူရွာသားအားလုံး ယာထဲကိုင်းထဲဆင်းကြသည်။

ညိုမောင်လည်း နွေရာသီကတည်းက ကြိုတင်ရှင်းလင်းထားသော ဘကြီးထွန်း၏ယာမြေကွက်တွင် နှမ်းကြဲရန်ထွန်ရေးငင်သည်။ ရွာနှင့်တစ်ခေါ်သာသာလောက်ဝေးသော်လည်း ယာမြေမြောက်ဘက်စပ်တွင်နွားခိုရန် တဲတစ်လုံးကို ကြိုတင်ဆောက်ထားသည်။ ဇနီးဖြစ်သူ ထားခင်က နေ့လယ်စာ ထမင်းလာပို့သည်။ တဲပေါ်တွင်နား၍ တစ်ဦးမျက်နှာတစ်ဦးကြည့်ရင်း ထမင်းလက်ဆုံစားရသည်မှာလည်း ကြည်နူးစရာပင်။

"ရွာတောင်ပိုင်း မိကျေးတို့ကမြောတယ်။ ဘကြီးထွန်းယာကွက်ကိုလုပ်တဲ့သူတွေထဲမှာ ညည်းတို့လင်မယားကျတော့ ဘာမှမဖြစ်ပါလားလို့ မေးတယ်။ ထားခင်လည်း ပြန်ပြောလိုက်တယ်။ ဘာလဲ ညည်းတို့က တို့လင်မယားကို တစ်ခုခုဒုက္ခရောက်စေချင်လို့လားလို့ပြန်မေးတော့မှ မဟုတ်ပါဘူး ထားခင်ရယ် ဘာညာနဲ့ စကားကိုလျှောချသွားတယ်"

"တချို့သူတွေကသူတစ်ပါးပျက်စီးတာကိုပဲမြင်ချင်နေကြတာ။ ဘယ်သူတွေမနာလိုစိတ်တွေမွေးမွေး စိတ်ကောင်းနှလုံးကောင်းနဲ့ မေတ္တာသာထားပါ။ မြတ်စွာဘုရားကလည်း မေတ္တာသတ္တောအနန္တောလို့ဟောခဲ့တာပဲ။ ဒီတော့ သတ္တဝါတိုင်းကို မေတ္တာထားပါ"

ယာကွက်ကမြေလွတ်မြေရိုင်းဖြစ်သည့်အတွက် နှမ်းခင်းကလည်း ကောင်းလိုက်သည့်ဖြစ်ခြင်း။ မြင်ရသူတိုင်းအံ့ဩရသည်။ ညိုမောင့်ယောက္ခမဒေါ်တင်မြက ယခုမှ တစ်ရွာလုံးကိုလျှောက်ကြွားလိုက်ရတာ မမောနိုင်မပန်းနိုင်။ နှမ်းခင်းကိုကြည့်၍ ညိုမောင် ပီတိဖြစ်ရသလို ဘကြီးထွန်းကိုလည်းကျေးဇူးအထပ်ထပ်တင်မဆုံးတော့ပေ။

နှမ်းရိတ်ပြီး နှမ်းထောင်စောင့်တော့ ညိုမောင်တစ်ယောက်တည်း စိတ်မချ၍ ထားခင်ပါလိုက်စောင့်သည်။ ယာကွက်က ရန်ကုန် -မန္တလေး အဝေးပြေးကားလမ်းမကြီးဘေးတွင်ရှိသောကြောင့် ကားသံခဏခဏကြားနေရ၏။ ညိုမောင် မေတ္တာသုတ်ကိုရွတ်၍ မေတ္တာပို့ အမျှဝေပြီး အိပ်မည်အပြု ယာကွက်အစပ် ဥနှဲပင်ဆီမှ ကလေးငိုသံကြားရသည်။ ပထမတော့ သူ့နားကြားလွဲသလားဟု သေသေချာချာနားထောင်တော့ ဟုတ်ပါသည်။ ဥနှဲပင်ဆီက ကလေးငိုသံက လေးနှစ်ငါးနှစ်အရွယ်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုညိုမောင် ကလေးငိုသံကြားတယ်။ ဥနဲ့ပင်ဆီကနဲ့တူတယ်"

ထားခင် ညိုမောင့်လက်မောင်းတစ်ဖက်ကို အားကိုးတကြီးဆုပ်ကိုင်ထားသည်။

"မကြောက်ပါနဲ့ ထားခင်ရယ်၊ အားလုံးကို မေတ္တာပို့ထားပါတယ်"

**အခန်း (၆)**

တစ်ည ညိုမောင် အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် အဝတ်အစား သားသားနားနား ဝတ်ဆင်ထားသော အသက်လေးဆယ်ကျော် လူလတ်ပိုင်းတစ်ယောက် တဲရှေ့ရောက်လာသည်။ ညှိုးငယ်သောမျက်လုံးဖြင့် ညိုမောင်ကို ကြည့်ရင်း -

"တို့မိသားစုတွေအစာမစားရတာ နှစ်ပေါင်းတော်တော်ကြာပြီကွ။ ခု မင်းရောက်လာမှ အစာစားရတာ။ဒါကြောင့် မင်းယာခုတ်တဲ့နေ့ကစပြီး ဘေးအန္တရာယ်ကင်းရှင်းအောင် တို့က တစ်လှည့်ကူညီတာကွ"

ညိုမောင် အိပ်ရာကနိုးတော့ အိပ်မက်အကြောင်းပြန်စဉ်းစားရင်း ယာခုတ်စဉ်တစ်ရက်တုန်းက လူကိုမြင်လျှင် အလွန်လိုက်သော ငန်းသံကွင်းစွပ်မြွေ တစ်ကောင်ကို ယာထဲတွင်ရုတ်တရက် တွေ့လိုက်ရသောကြောင့် ညိုမောင် ထိတ်လန့်သွားသည်။ မြွေက ပါးပျဉ်း ထောင်၍ ညိုမောင်ဆီ တန်းတန်းမတ်မတ်လာနေရာမှ တဖြည်းဖြည်းပါးပျဉ်းချပြီး ယာကွက်တောင်ဘက် ဝါးရုံတောထဲသို့ဝင်သွားသည်ကို အမှတ်ရနေသေးသည်။

တစ်နေ့ ယာထွန်မှအပြန် ဒီးဒုပင် ကိုင်းခြောက်ကျိုးကျရာ လူရောနွားပါ သီသီကလေးလွတ်သွားသည်ကလည်း အမှတ်ရစရာဖြစ်သည်။

"နှမ်းထောင်က မနက်ဖြန်ခါမှာဆိုတော့ ဒီတစ်ညပဲစောင့်ရတော့မယ်။ ထားခင်နေခဲ့ပါလား။ ကိုယ်ဦးလေး ဖိုးတင်သား သံခဲကို အဖော်ခေါ်သွားမယ်"

"သံခဲက ညနေစောင်းရင် အရက်သောက်ပြီးမူးနေတာ ဘာအားကိုးလို့ရမှာလဲ။ တော့်ကိုစိတ်မချဘူး။ ထားခင်ပဲ လိုက်ခဲ့ပါ့မယ်"

ယာတဲကိုရောက်တော့ မှောင်စပျိုးနေပေပြီ။ ညိုမောင် ယူဆောင်လာသော ထမင်းဟင်းများကို ငှက်ပျောဖက် ထဲထည့်ပြီး ယာကွက်အရှေ့ဘက်စပ်



ဥနဲ့ပင်အောက်သို့သွားထားမည်ပြုရာ မထားခင်က -

"ကိုညိုမောင်ကလည်း မှောင်နေပြီ။ ဥနဲ့ပင်အောက်သွားမထားပါနဲ့တော့။ ယာကွက်အလယ်ကောင်ထောင်ထားတဲ့ နှမ်းထောင်ဘေးနားချထားလိုက်ပေါ့"

မထားခင်က ခြေခင်းလက်ခင်း စိတ်မချ၍ မသွားခိုင်းတာဘဲဟုတွေးပြီး နှမ်းထောင်ဘေးနားချထားလိုက်ပြီး နှုတ်မှလည်း -

"ဤယာခင်းပတ်ဝန်းကျင်မှာ မှီတင်းနေထိုင်ကြတဲ့ ပရလောကသား အားလုံးကို ဒါနပြုပါတယ်ဗျား"

ညိုမောင် တဲပေါ်အရောက်ခဏ အကြာ ထားခင်က ပျာပျာသလဲလေသံ ဖြင့် -

"ကိုညိုမောင် ဟို. . . ဟို ဟိုမှာ"

ညိုမောင် ထားခင်ညွှန်ပြရာ နှမ်းထောင်ဆီသို့ကြည့်လိုက်ရာ လရောင်အောက်တွင် မည်းမည်းသဏ္ဌာန် အကောင် (၅) ကောင် နှမ်းထောင်ဘေး ငုတ်တုတ်ထိုင်၍ ညိုမောင်ချထားသော ထမင်းဟင်းများကို စားနေကြသည်။ ထားခင် ညိုမောင့်အနားတိုး၍ ဖက်ထား လိုက်သည်။

"ထားခင် ကြောက်. . . ကြောက်တယ်"

"မကြောက်ပါနဲ့ ထားခင်၊ တို့ကို ရန်မူတာမှမဟုတ်တာ"

ခဏအကြာ ထိုမည်းမည်း အကောင်များ ဥနဲ့ပင်ဆီပြန်သွားသည်ကို လင်မယားနှစ်ယောက်လုံးမြင်ကြရ သည်။

ထားခင်က -

"အဲဒီအကောင်တွေကသရဲတစ္ဆေ တွေလားဟင်။ ကျုပ်တစ်သက်တစ်ခါမှ ဒီလိုမကြုံဖူးဘူး။ အမယ်လေး-ကြောက် စရာကောင်းလိုက်တာ။ တစ်ယောက် တည်းသာဆိုရင် လိပ်ပြာစဉ်သွားမယ်။ ထားခင်တို့ ရွာထဲအိမ်မှာ ပြန်အိပ်ကြရအောင်"

"ဒီတစ်ညပဲစောင့်ရတော့မှာ ပြန်မနေပါနဲ့တော့။ ကိုယ်မေတ္တာသုတ်ရွတ် ထားတယ်"

"ကိုညိုမောင်ကလည်း ထားခင်တို့အိပ်ပျော်နေတုန်း အဲဒီအကောင်တွေ တဲပေါ်တက်လာရင်တော့ ထားခင် ကြောက်တာနဲ့သေမှာ"

"မကြောက်ပါနဲ့၊ သူတို့အားလုံးကို မေတ္တာပို့ထားတယ်။ စိတ်ချအိပ်"

ထားခင်ကတော့ ညိုမောင် ဘာပြောပြော မိန်းမသားပီပီကြောက် သည့်စိတ်ကကြီးစိုးလွှမ်း၍ ညိုမောင့်ကို တင်းကျပ်စွာဖက်တွယ်၍ ရင်ခွင်တွင် ခေါင်းဝှက်ထားလိုက်သည်။

ညိုမောင် မေတ္တာသုတ်ကို တီးတိုး ရွတ်ဆိုရင်းမှေးခနဲအိပ်ပျော်သွားသည်။ အိပ်မက်ထဲတွင် လွန်ခဲ့သောလပိုင်းက အိပ်မက်ထဲမှာတွေ့ရသည့်လူပင် ဖြစ် သည်။သို့သော် မျက်နှာတွင်ဒဏ်ရာများ ဖြင့် သွေးအလိမ်းလိမ်းဖြစ်နေသည်။

ထိုသူက -

"တို့မိသားစုအတွက် ဘုန်းကြီးကို ဆွမ်း၊ ရေချမ်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်လှူ ပြီး အမျှဝေပါ။ ဒါပေမယ့် တို့က ရွာထဲ ကို လာလို့မရဘူး။ ယာကွက်စပ်က ဥနဲ့ ပင်နားကိုလာပြီး အမျှဝေပေးပါကွာ"

ညိုမောင် ရုတ်တရက်နိုးလာ တော့ ပူပူနွေးနွေးအိပ်မက်ကိုစဉ်းစား ရင်း နောက်တစ်နေ့ ဘကြီးထွန်းကို အကျိုးအကြောင်းပြောပြပြီး ဆွမ်း၊ ရေချမ်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်တို့ဖြင့် ရွာဦးကျောင်း ဘုန်းတော်ကြီးအား ဆက်ကပ်လှူဒါန်း၍ ညိုမောင်ကိုယ်တိုင် ယာကွက်စပ် ဥနဲ့ပင်နားသို့ လာရောက် အမျှဝေသည်။

"ကျုပ်တို့ပြုတဲ့ကုသိုလ်ကောင်းမှု အစုစုကို ဖျောက်ဆိပ်ပင်မှာနေကြတဲ့ ပရလောကသားများအတွက် အမျှပေး ဝေပါတယ်။ အားလုံး အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့"

ညိုမောင် အမျှဝေပြီးသည်နှင့် တစ်ပြိုင်နက် လေတိုက်ခတ်မှုမရှိဘဲ ဖျောက်ဆိပ်ပင်တစ်ပင်လုံးလှုပ်ယမ်းသွား သည်ကို အံ့သြဖွယ်တွေ့ရ၏။ ညိုမောင် ရင်ထဲမှာတော့ မေတ္တာတရားသည်သာ အေးချမ်းသည်ဟူသော အတွေးများ ဖြင့်. . .။

မောင်မောင်ညွှန့် (သရက်)

www.burmeseclassic.com

www.burmeseclassic.com



"အမြရယ်၊ စိတ်ကိုလည်းထိန်းဦးမှပေါ့။ နင်က အဲလို ချည်းငိုငိုနေတော့ ငါလည်း ငိုချင်လာတယ်"

ဦးထွန်းကြည်ကပြောလိုက်သဖြင့် ဒေါ်နှင်းမြ မျက်ရည်သုတ်သည်။ ထို့နောက် အသံထွက်အောင် မငိုတော့ဘဲ ရှိုက်၍သာနေလေသည်။

"ပြီးတော့ သင်္ချိုင်းကုန်းကို ချည်းလည်းမသွားပါနဲ့။ အမြ သင်္ချိုင်းကုန်းကိုသွားလည်း ကိုယ့်သမီးလေးကို ပြန်တွေ့ရမှာမှမဟုတ်တာ။ သက်ပျောက်၊ မြေကျ ကုသိုလ်ကောင်းမှုတွေကိုပြုပြီး ကောင်းကောင်းမွန်မွန်လည်း သင်္ဂြိုဟ်လိုက်ကြပြီးပဲ။ ခုလောက်ဆို တို့သမီးလေး ဘဝတစ်ခုမှာပျော်နေလောက်ပါပြီကွယ်။ ပြီးတော့ ရက်လည်တို့၊ လပတ်တို့၊ နှစ်ပတ်လည်တို့စတဲ့ကုသိုလ်တွေလည်း ဆက်ပြီးပြုလုပ်လှူဒါန်းကြဦးမယ်လေ"

ဒေါ်နှင်းမြ ဘာမှမပြောပေ။

"တို့သမီးလေးက သင်္ချိုင်းကုန်းမှာလည်း မရှိလောက်တော့ပါဘူး။ အရမ်းစိတ်ကောင်းရှိပြီး ဘုရားနဲ့တရားနဲ့နေသူလေးပါ။ ခုလောက်ဆို နတ်ပြည်ကို တောင်ရောက်သွားပြီး နတ်သမီးလေး ဖြစ်နေလောက်ပါပြီ။ တို့သာ သမီးလေးလို နတ်ပြည်ကိုရောက်အောင် ကြိုးစားကြရမှာပါ။ သင်္ချိုင်းကုန်းမှာက မကျွတ်မလွတ်တဲ့ဟာတွေဘဲရှိကြလိမ့်မယ်။ လူ့ပြည်တုန်းက မကောင်းတဲ့အလုပ်တွေကို လျှောက်လုပ်သွားကြတဲ့လူမျိုးတွေပေါ့။ ဒါကြောင့် သူတို့က အမြကိုခြောက်လှန့်ကြရင် မခက်ဘူးလား"

ဒေါ်နှင်းမြ ကြမ်းပြင်ကိုသာ စိုက်ကြည့်နေသည်။

"ငါလည်း သမီးလေးအတွက် ရင်တစ်ခုလုံးလောင်ကျွမ်းလုမတတ်ခံစားရတာပဲ။ ဒါပေမယ့် အတတ်နိုင်ဆုံး စိတ်ကိုထိန်းပါတယ်။ အမြလည်းတရားနဲ့ဖြေလေ"

"တစ်သက်မှာတစ်ယောက်တည်းသာရှိတဲ့သမီးလေးဆုံးသွားတာကို တရားနဲ့ဖြေနိုင်ရော့လား ကိုထွန်းရယ်"

ဟု ပြောပြီး ဒေါ်နှင်းမြအသံထွက်အောင်ငိုလိုက်၍ ဦးထွန်းကြည်လည်း ငိုလေသည်။

❑

ဒေါ်နှင်းမြမှာ အပျိုကြီးဖြစ်ပြီး ရုပ်ရည်သန့်ပြန့်ချောမောသည်။ လယ်ယာကိုင်းကျွန်းနှင့်အတွင်းပစ္စည်းများလည်းရှိသောကြောင့် တောအနေဖြင့် ရွာသူဌေးမတစ်ယောက်ဟုဆိုနိုင်သည်။

ညီအစ်ကိုမောင်နှမသုံးယောက်တွင် ဒေါ်နှင်းမြက အငယ်ဆုံးဖြစ်သည်။ မိခင်ဆုံးသွားပြီးနောက် ဖခင်မုဆိုးဖိုကြီးကိုပြုစုရင်းက အိမ်ထောင်မပြုဖြစ်ဘဲ အပျိုကြီးဖြစ်လာခဲ့သည်။ ဖခင်မုဆိုးဖိုကြီးကွယ်လွန်ချိန်တွင် ဒေါ်နှင်းမြ၏အသက် သုံးဆယ့်ငါးနှစ်ရှိနေလေပြီ။

ထို့နောက် အပျိုကြီးဖြစ်သဖြင့် တစ်ကိုယ်တည်းနေရန် အဆင်မပြေ၍ ပတ်ဝန်းကျင်နှင့်ဆွေမျိုးများကနားချကြ၍ ကျန်းမာရေးမှူး ဦးထွန်းကြည်နှင့် အိမ်ထောင်ကျသည်။ ကျန်းမာရေးမှူး ဦးထွန်းကြည်ကလည်း လူရိုးလူကောင်း လူပျိုကြီးပင်ဖြစ်သည်။

အိမ်ထောင်ကျပြီး နေ[illegible]ငါးနှစ်အကြာတွင် သမီးလေး ခင်မြကြည် (မရေ)ကို မွေးကြသည်။ ခင်မြကြည်မှာ မောင်အေးချမ်း (စာရေးသူ) တို့နှင့် ရွယ်တူဖြစ်သည်။

ရုပ်ရည်ဖြူဖွေးချောမောပြီး စိတ်ထားကောင်းသည်။ သိမ်မွေ့သည်။ စ၍လည်း စိတ်မဆိုးတတ်ပေ။ သူငယ်ချင်းများနှင့် စိတ်ဆိုးလောက်သည်အထိရှိလာလျှင်လည်း တုံ့ပြန်၊ ရန်တွေ့၊ ပြောဆိုခြင်းမရှိဘဲ ငို၍သာနေသည်။ ယဉ်ကျေးသောလက္ခဏာအပြည့်ရှိသည်။

ထို့ကြောင့် တစ်ရွာလုံးက ခင်မြကြည်ကို ချစ်ကြသည်။ သို့သော်လည်း ခင်မြကြည်သည် အသက်မရှည်ခဲ့ပေ။ (၇) တန်းကျောင်းသူလေးအရွယ်မှာပင် ရေချိုးမှားသည်ဟုဆိုရမည်လောမသိ။ ငွေ့ငွေ့လေးမှုဖျားပြီး ဆေးကုပင်မခံလိုက်ဘဲ ဆုံးသွားလေသည်။

ထို့ကြောင့် တစ်မျိုးလုံးတစ်ဆွေလုံး တစ်ရွာလုံး ယူကျုံးမရဖြစ်ကြရသည်။

ထိုအချိန်၌ မိခင်ဖြစ်သူ ဒေါ်နှင်းမြ အိမ်မှာမရှိပေ။ ဥပုသ်ကျောင်းကိုရောက်နေသည်။ ဖခင်ဖြစ်သူလည်း ဆေးကုရန်သွားနေသည်။ ထို့ကြောင့် သူ၏ ကျောင်းတက်ဖက်သူငယ်ချင်းများက ခင်မြကြည်မူးလဲသွားသည့်အကြောင်းကို အော်ငိုပြောကြမှ အိမ်နီးအိမ်နားက လူများရောက်လာကြသည်။

ဆွေမျိုးများကို ပြေးခေါ်သူက ခေါ်ကြသည်။ ဥပုသ်ကျောင်းကိုပြေးပြီး မိခင်ဖြစ်သူ ဒေါ်နှင်းမြကိုပြေးခေါ်သူက ခေါ်ကြသည်။ ခင်မြကြည်ကို လူချစ်လူခင်ပေါသောကြောင့် တစ်ရွာလုံးပင် အုန်းအုန်းကျွက်ကျွက်ဖြစ်သွားကြသည်။

မိခင်ဖြစ်သူ ဒေါ်နှင်းမြ ဥပုသ်ကျောင်းမှပြန်ရောက်လာရာ သမီးဖြစ်သူ

www.burmeseclassic.com

# မင်းဟိန်းထိုက်

## သချိုင်းကုန်းကသရဲများနှင့် ဒေါ်နှင်းမြ



တစ်ဦးတစ်ယောက်မျှ တရားချ၍မရ။ ရွာဦးကျောင်းဆရာတော်က ဟောပြောဆုံးမသည်ကိုလည်း နားမဝင်နိုင်ရှာ။ တရှုပ်ရှုပ်ဖြင့် ငိုရှိုက်၍ သာနေလေသည်။

စား၍စားရမှန်းမသိ၊ သောက်၍ သောက်ရမှန်းမသိ။ မနက်နှင့် ညနေကိုပင် ခွဲခြား၍ မသိနိုင်တော့။

သမီးအိပ်ခဲ့သောအခန်းကိုကြည့်ပြီးငိုသည်။ သမီး၏အဝတ်အထည် အသုံးအဆောင်များကို ကြည့်ပြီး ငိုလေသည်။ ထို့နောက် ငင်ဘတ်ကို လက်နှင့်ထုပြီး-

"ငါသေပါ၊ ငါသေပါ၊ ငါသေပါတော့"

ဟုအော်ပြီး ငိုသည်။

ထို့နောက် သချိုင်းကုန်းဘက်ကို ကြည့်ပြီး -

"သမီး ပြန်လာပါ၊ အမေ့ကို လာခေါ်ပါတော့"

ဟု ပြောပြီး ငိုသည်။

လယ်ကွင်းကြီးတစ်ကွင်းမျှသာခြားသောကြောင့် သချိုင်းကုန်းကိုလည်း သူတို့အိမ်ကကြည့်လျှင်မြင်နေရသည်။

အဆုံးဆုံးမှာ နေ့နေ့ညည သချိုင်းကုန်းကိုသွားနေခြင်းပင်ဖြစ်သည်။ ဘယ်သူမှ ပြောဆိုတားမြစ်၍လည်းမရ။ဦးထွန်းကြည်ကလည်း မပြတ်ဆိုသလိုပင် ဆေးကုထွက်နေရသည်။

"ကြောက်စရာမလို၊ အဲဒီမှာ ငါ့သမီးရှိတယ်"

ဟုသာ ပြန်ပြောသည်။

နွေရာသီဖြစ်၍ သွားရလာရလွယ်သည်။ သူတို့ခြံ၏နောက်ဘေးပေါက်မှ ထွက်ပြီး မိနစ်(၂၀)နီးပါး လျှောက်သွားလျှင်ပင် သချိုင်းကုန်းကိုရောက်သည်။

သချိုင်းကုန်းမှာ တောင်တန်းငယ်များ၏အကြားမှ ဖြာထွက်လာသောတောင်ဆွယ်ပုဝိုင်းကလေး ဖြစ်သည်။ မြောက်နှင့် အရှေ့နောက်နှစ်မျက်နှာတွင် တောင်တန်းငယ်များပတ်လည်ဝိုင်း၍ရှိနေပြီး အရှေ့တောင်၊ အနောက်တောင်နှင့် တောင်ဘက်အရပ်များတွင် ခပ်ဝိုင်းဝိုင်းသဏ္ဌာန်ဆယ်ဇကမျှကျယ်သောလယ်ကွင်းကြီးရှိသည်။

သချိုင်းကုန်းက ဆင်ဦးကင်းကဲ့သို့ ခပ်ဝိုင်းဝိုင်းတောင်ဆွယ်၊ တောင်မော့်တောင်ဝိုင်းလေးဖြစ်သည်။ ချုံနွယ်ပိတ်ပေါင်းနှင့် သစ်ပင်ကြီးအချို့လည်းရှိ

၏အလောင်းကိုကြည့်ပြီး တက်သွားလေသည်။ ဆွေမျိုးများလည်း တရှုပ်ရှုပ်နှင့် ငိုကြလေသည်။

ရွာသူ့အချစ်တော်၊ အချောအလှ၊ အယဉ်၊ အနု ခင်မြကြည်ကို တစ်ဦးတစ်ယောက်မျှ ပြုစုခွင့်မရလိုက်ကြပေ။ ပူအိုက်၍ ရေချိုးပြီးနောက် 'ခေါင်းထဲက ကိုက်တယ်' ဟုဆိုကာ အိပ်ရာထဲထိုး အိပ်ရင်းဆုံးသွားရှာသည်။

ဖခင်ဖြစ်သူမှာ ယောကျာ်းကြီးဖြစ်၍ အထိုက်အလျောက် စိတ်ကိုထိန်းနိုင်သော်လည်း မိခင်ဖြစ်သူမှာကား ဆောက်တည်ရာမရဖြစ်ကာ သမီးသောကကြောင့် အရူးတစ်ပိုင်းဖြစ်ရရှာသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

သည်။ သို့သော်လည်း သိပ်ပြီးမရှုပ်ထွေးပေ။ နွေရာသီတွင် သချိုင်းကုန်းတစ်ခုလုံး၏ ဟိုဘက်သည်ဘက်တိုင်အောင် ကြည့်၍မြင်နေရသည်။

သချိုင်းကုန်းမှ လယ်ကွင်းကြီးကို ဖြတ်ပြီးသွားလျှင် ဂါရာတောင်အမည်ရှိသော ရွာပျက်တောင်ကုန်းငယ်တစ်ခုကို ကွေ့ပတ်ပြီး ဆယ်ကွင်းကြီးကိုဆက်လျှောက်လျှင် ရွာကိုရောက်သည်။ ဒေါ်နှင်းမြတို့အိမ်ခြံနောက်ဘက်ပေါက်မှလည်း တန်းဝင်၍ရသည်။ သချိုင်းကုန်းကိုလာလိုလျှင်လည်း ထိုအတိုင်းပင်လာ၍ရသည်။

ထို့ကြောင့်လည်း ဒေါ်နှင်းမြသည် ကြောက်စိတ်လန့်စိတ်ကင်းလျက် သချိုင်းကုန်းကို အချိန်မရွေး (နေ့နေ့ညည) သွားလာနေလေသည်။ ဒေါ်နှင်းမြအိမ်မှာရှိမနေလျှင် သချိုင်းကုန်းရောက်ပြီး သမီးဖြစ်သူ ခင်မြကြည်၏မြေပုံနားမှာထိုင်၍ငိုနေသည်ကို အိမ်ကကြည့်လျှင်ပင် မြင်နိုင်လေသည်။

❑

ညနေ ငါးနာရီခန့်တွင်ဖြစ်သည်။ ညနေတိုင်း သည်အချိန်တွင် ဒေါ်နှင်းမြသူ့သမီးလေး၏မြေပုံဆီသို့လာနေကျဖြစ်သည်။

"သမီးလေး၊ အမေတစ်ခေါက်ရောက်လာပြန်ပြီကွယ့်။ အမေ့သမီးလေး ထမကြည့်ဘူးလား။ တစ်ကြိမ်တစ်ခါသော်လည်း အမေ့ကိုနှုတ်ဆက်ပါတော့ သမီးလေးရယ်"

ဟုဆိုကာ ဒေါ်နှင်းမြသည် သမီး၏မြေပုံမှာ မျက်နှာဟပ်ပြီး တရှုပ်ရှုပ်နှင့် ငိုနေလေသည်။

တစ်အောင့်လေးငိုလိုက်ပြီးနောက် 'ဝူးဝါးဝူးဝါး' ဟူသော လည်ချောင်းသံပါသည့်မတိုးမကျယ်အသံများကို ဒေါ်နှင်းမြ ကြားလာရလေသည်။

သမီးကိုသင်္ဂြိုဟ်ထားသောနေရာသည် အနည်းငယ်မျှနိမ့်ပြီး အမြင့်ဘက်ကို ကြည့်လိုက်ရာ မျက်နှာများကို ပြတ်ပြတ်သားသားမမြင်ရဘဲ လူသေများကို ထောင်ထားသည့် ရုပ်လက္ခဏာများဖြင့် နာနာဘာဝအကောင် လေး၊ ငါးဆယ်ခန့်သည် ကဏန်းကောင်များ လက်သန်း၊ လက်မများကိုလှုပ်ရှားသကဲ့သို့ (လက်ယပ်ခေါ်သကဲ့သို့) လှုပ်ရှားကာ ဒေါ်နှင်းမြဘက်သို့ ရွေ့လျားလာနေကြလေသည်။

တော်ရုံလူများသွေးပျက်လောက်သည်။ သချိုင်းကုန်းဟူသော အမှတ်သညာသည်ပင် လူတို့စိတ်ကို ချောက်ချားတတ်လေရာ ယခုလို နာနာဘာဝများကို မျက်ဝါးထင်ထင်မြင်လည်းမြင်ထိတ်လန့်ဖွယ်ရာအသံများကိုလည်း ကြားလိုက်ရပါမူ ဆိုဖွယ်ရာပင်မရှိတော့ပေ။

အဘယ်ကြောင့်မသိ ဒေါ်နှင်းမြ ကြောက်စိတ်မရှိပေ။ မူလက ဒေါ်နှင်းမြ ကြောက်တတ်သော်လည်း ယခုဒေါ်နှင်းမြ ကြောက်စိတ်မရှိပေ။ သူ့ဆီသို့တရွေ့ရွေ့ဖြင့် ကြောက်မက်ဖွယ်ရာ နားမလည်နိုင်သောလည်ချောင်းသံများဖြင့်အော်လျက် တိုးလာနေကြသည်ကို စိုက်ကြည့်နေရင်းက ပြောလိုက်သည်။

"ဒါ ငါ့သမီးလေးရဲ့မိတ်ဆွေတွေများလား။ လာကြပါ လာကြပါ။ ငါ့ထက်ကြီးတဲ့သူတွေလည်းပါကြမယ်။ ငယ်တဲ့သူတွေလည်းပါကြမယ်။ ကြီးတဲ့သူတွေက ပိုများမှာပေါ့။လာလာ-ငါမကြောက်ပါဘူး။ လာကြ"

ဟု ဖိတ်ခေါ်လိုက်သည်။

သချိုင်းစောင့်မိစ္ဆာကောင်များလည်း တိုးမြတိုးလာကြလေသည်။ မြင်စထက်လည်း ပိုများလာလေသည်။ မြင်စက လေး၊ ငါးဆယ်လောက်ဟုထင်ရသော်လည်း ယခုအခါ ထိုထက်ပိုများလာပြီး ရှေ့ဆုံးကမိစ္ဆာကောင်များ၏နောက်ဘက်ကို တစ်သီတစ်တန်း တစ်အုပ်တစ်မကြီးများပြားနေသည်ကိုပင်မြင်နေရလေသည်။

မိစ္ဆာကောင်များသည် အနီးသို့ရောက်လာကြသောအခါ ဒေါ်နှင်းမြအား လခြမ်းသဏ္ဌာန် ဝိုင်းကြလေသည်။ ဒေါ်နှင်းမြကလည်း-

"လာ - အေး၊ ထိုင်ကြပါ။ ငါ့သမီးလေးကောမပါဘူးလား။ ဘယ်မှာလဲ နောက်မှာများကျန်နေခဲ့သလား"

မိစ္ဆာကောင်ကြီးများသည် ဒေါ်နှင်းမြနှင့် လေးငါးလံခန့်အနီးသို့အထိရောက်လာကြသော်လည်း ဒေါ်နှင်းမြအား မူလထက် တစ်စုံတစ်ရာ ခြောက်လှန့်ဖမ်းစားခြင်းမလုပ်ကြပေ။ လခြမ်းသဏ္ဌာန် ဝန်းရံပြီးသော မျက်နှာများကို ကွယ်လျက် လက်များကိုသာ ကဏန်းကောင်များသဖွယ် လှုပ်ရှားနေကြလေသည်။

ဒေါ်နှင်းမြ အသေချာကြည့်သည်။ တချို့အကောင်ကြီးများမှာ မှိန်းများ၊ တင်းပုတ်ကြီးများ၊ ဧရာမဓားမကြီးများပါလာကြသည်ကိုလည်း တွေ့နေရ၏။ မှိန်းများဖြင့်ထိုးဟန်ပြုပြီး တင်းပုတ်ကြီးများဖြင့်ထုဟန်ပြုပြီး၊ ဓားမကြီးများဖြင့်ခုတ်ဟန်ပြုပြီး ခြိမ်းခြောက်နေကြသော်လည်း ဒေါ်နှင်းမြ အဘယ်ကြောင့်ရယ်မသိ လုံးဝကြောက်စိတ်မရှိပေ။

ကြောက်စိတ်မရှိသည့်အပြင် ဤမိစ္ဆာကောင်များမှာ သူ့သမီးလေး၏မိတ်ဆွေများသာဖြစ်ကြသည်ဟူသော အသိအမှတ်ဖြင့် ယခုလိုတွေ့ခွင့်ရသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်၍ပင်နေလေသည်။ သဘောကျစွာဖြင့်လည်း ပြောလိုက်သည်။

"ထိုင်ကြပါလေ။ မတ်တတ်ကြီးဆို ညောင်းညာနေပါ့မယ်။ ငါ့ကို ရန်လုပ်ကြမလို့လား။ ငါက သမီးလေးရဲ့အမေလေ။ ဒီတော့ မိတ်ဆွေပဲမဟုတ်လား။ ရန်သူမှမဟုတ်တာ။ ဘယ်မှာလဲ ငါ့သမီးလေးပါမလာပါလား။ သူ့မှာ သူငယ်ချင်းအသစ်တွေရနေလို့ ဆော့ကစားကျန်နေခဲ့သလား"

ထိုအခိုက်တွင် ဒေါ်နှင်းမြအဖေ၏ ဝမ်းကွဲညီအစ်ကိုဖြစ်သော ဦးကြာအောင်သည် ဆိုင်းထမ်းကြီးဖြင့် ရှေ့တောင်း၊ နောက်တောင်းများတွင် နွားချေးခြောက်များကို လိုက်ကောက်ထည့်ရင်း သချိုင်းကုန်းတောင်ခြေသို့ရောက်လာလေသည်။

ဦးကြာအောင်မှာ မိုးရာသီ လယ်ထွန်ရာ၌ ဖြုတ်၊ ခြင်များ အကိုက်သက်သာစေရန်အတွက် နွားချေးခြောက်ကို မီးရှို့ပြီး ထမ်းပိုးမှာချိတ်ဆွဲထားလေ့ရှိသည်။ ထိုကဲ့သို့လုပ်ထားလျှင် နွားချေးခြောက်၏အညှော်မီးခိုးနံ့ကြောင့် ဖြုတ်၊ ခြင်များ အနားသို့မကပ်နိုင်ကြပေ။

ဦးကြာအောင်သည် ဒေါ်နှင်းမြ၏ အဖြစ်ကိုကြည့်ပြီး ခေါင်းပုတ်လောက်ကြီးသကဲ့သို့ဖြစ်ကာ ငေးမောသွားလေသည်။ ဘာလုပ်ရမှန်းမသိ တစ်အောင့်လေးငေးကြည့်နေမိပြီးနောက်မှ အသံကိုပင် ကျယ်ကျယ်မအော်ရဲလောက်ဖြစ်သွားရပြီး-

"ဟေးဟေး နှင်းမြ၊ မြန်မြန်ဆင်းလာခဲ့။ နှင်းမြ မြန်မြန်ဆင်းလာခဲ့ပါ"

ဦးကြာအောင် အော်ခေါ်သော်လည်း ဒေါ်နှင်းမြ လှည့်၍ပင်မကြည့်ဘဲ မိစ္ဆာကောင်များနှင့်သာ စကားပြောနေလေသည်။

"ဟေး နှင်းမြ၊ နှင်းမြ၊ မြန်မြန်ဆင်းလာခဲ့"

ဦးကြာအောင်က နှစ်ကြိမ်တိုင် အော်ခေါ်သော်လည်း ဒေါ်နှင်းမြ လှည့်မကြည့်ပေ။



www.burmeseclassic.com

www.burmeseclassic.com

ဦးကြာအောင် ကြံရာမရဖြစ်ပြီး ဟိုဟိုသည်သည်ကြည့်သည်။ တောထဲမှ သစ်ခုတ်၊ လွှတိုက်အပြန် လူလေးငါးယောက်နှင့် သချိုင်းနှင့်မနီးမဝေး နွေလမ်းမတွင် ဟိုဘက်ရွာသည်ဘက်ရွာများကို ဖြတ်သွားနေကြသည့် လူသုံးလေးယောက်တို့ကိုအားမြင်သည်။

နွေလမ်းကိုဖြတ်သွားလေကြသော လူများကို ကိုယ့်ရွာသားများမဟုတ်၍ ဦးကြာအောင် မသိပေ။ ထို့ကြောင့် သစ်ခုတ်၊ လွှတိုက်မှပြန်လာနေကြသောလူများကိုသာ လက်ခုပ်ကိုတဖြောင်းဖြောင်းရိုက်ကာ ဒေါ်နှင်းမြအဖြစ်ကို လက်ညှိုးထိုးပြပြီး လက်ယပ်ခေါ်လိုက်လေသည်။

ရွာသားများက အရွက်ခါနေသည့် ချုံပင်လေးများအကြားမှ ဒေါ်နှင်းမြကို မြင်ကြသော်လည်း သချိုင်းစောင့် နာနာဘာဝမိစ္ဆာများကိုမူ တစ်ယောက်မျှမမြင်ကြပေ။ သို့သော်လည်း ဒေါ်နှင်းမြ သချိုင်းကုန်းကို မပြတ်သွားလာနေသည့် အကြောင်းကို တစ်ရွာလုံး သိနေကြ၍ အရေးကြီးအကြောင်းထူးတစ်စုံတစ်ခုရှိလိမ့် မည်ဟုထင်ကြသောကြောင့် ဓား၊ လွှများကိုပစ်ချပြီးပြေးလိုက်လာကြလေသည်။

လမ်းခရီးသွားများလည်း သချိုင်းကုန်းထဲသို့ လူတစ်စုပြေးလိုက်သွားကြသည်ကိုမြင်လျှင် အထူးအဆန်း အထိတ်အလန့်ဖြစ်ကာ ရပ်တန့်သွားကြပြီးနောက် ဦးကြာအောင်အား လှမ်းမေးကြသည်။

"ဟေး အစ်ကိုကြီး၊ ဘာများဖြစ်ကြတာလဲ"

"ဒီမှာ ကျုပ်တူမလေးကို သရဲတွေဝိုင်းနေကြလို့ လာကူကြပါဦးဗျ။ ကျေးဇူးပြုပြီး ခဏလောက်လာကူကြပါ၊ လာကူကြပါ"

ဟု ဦးကြာအောင်က အော်ပြောလိုက်၍ ထိုလူများလည်း ပြေးလိုက်လာကြလေသည်။

ရွာသား သစ်ခုတ်သမား၊ ဝါးခုတ်သမားများ ပြေးလာနေကြသည့်အချိန်ထိ ဒေါ်နှင်းမြအား သရဲများဝိုင်းအုံနေကြသည်ကို ဦးကြာအောင် မြင်နေရသေးသည်။ ယခု ခရီးသွားများဘက်ကို လှည့်ပြီး အော်ဟစ်အကူအညီတောင်းပြီး၍ ပြန်ကြည့်လိုက်ချိန်တွင် သရဲများကို တစ်ကောင်မျှမတွေ့ရတော့ပေ။

ထို့ကြောင့် ဦးကြာအောင်လည်း အထိုက်အလျောက် ‥ အံ့ကြောက်ပြေသွား၍ ရွာသားများနောက်မှ ပြေးလိုက်သွားလေသည်။ ထို့နောက် အနားသို့ရောက်လျှင် -

"နှင်းမြ၊ နှင်းမြ"

ဟုအော်ခေါ်ကာ ဒေါ်နှင်းမြအား ဆွဲထူလိုက်သည်။ ဒေါ်နှင်းမြ ကြောင်တောင်တောင်ဖြစ်နေလေ၏။ ထို့ကြောင့် ဦးကြာအောင်လည်း ဒေါ်နှင်းမြသည် ပုံမှန်မဟုတ်ဟုသိလိုက်၍ -

"နှင်းမြ၊ နှင်းမြ"

ဟု ဆက်ခေါ်သော်လည်း မထူးတတ်တော့ပေ။ ဒေါ်နှင်းမြဟိုဟိုသည်သည်ကြည့်နေလေသည်။ စကားပြောတော့မည့် အမူအရာများဖြစ်လာပြီးနောက် လက်ညှိုးပင်ထိုးတော့မလိုလိုဖြစ်နေရင်းက မျက်လုံးနှစ်ဖက်မှေးကျသွားပြီး ငှက်ပျောပင်တစ်ပင်လဲလာသကဲ့သို့ယိုင်လဲလာနေ၍ ဦးကြာအောင် လှမ်းဖက်ထိန်းထားလိုက်ရသည်။

ခရီးသွားများ သချိုင်းကုန်းထဲသို့ ရောက်လာကြချိန်တွင် ဒေါ်နှင်းမြ သတိမရတော့ပေ။ ထို့ကြောင့် ဦးကြာအောင်မှာ အလွန်အမင်းစိတ်ပူသွားပြီး ဒေါ်နှင်းမြအားပွေ့ဖက်ထားကာ မေးဖျားကို လက်နှင့်ဖိညှပ်ကိုင်လှုပ်ပြီး -

"နှင်းမြ၊ နှင်းမြ"

ဟု ခေါ်သော်လည်း ဒေါ်နှင်းမြ မထူးတော့ပေ။ ငယ်ထိပ်ကို တဖူးဖူးမှုတ်ခေါ်သော်လည်းမရတော့။ ဒေါ်နှင်းမြမှာ လူသေတစ်ယောက်ကဲ့သို့ ပျော့ခွေနေလေသည်။

ထို့ကြောင့် ရွာသား (သစ်ခုတ်၊ လွှတိုက်သမား) များလည်း နားမလည်နိုင်ဖြစ်နေကြလေသည်။ ဒေါ်နှင်းမြ သူ့သမီးသေဆုံးသွားပြီးနောက် နေ့နေ့ညညဆိုဘိသို့ပင် တစ်ယောက်မျှတားမရဘဲ သချိုင်းကုန်းသွားနေသည်ကို တစ်ရွာလုံး သိနေကြသည်။

ယခု ဦးကြာအောင် သချိုင်းကုန်းထဲက ဒေါ်နှင်းမြကို လက်ညှိုးထိုးပြပြီး ခေါ်သည်။ ဒေါ်နှင်းမြကိုတွေ့လိုက်ရာတွင်လည်း အကောင်းပကတိအသွင်မှ သတိလစ်သွားသည်ဟု နားမလည်နိုင်ဖြစ်ကာ ဦးကြာအောင်အား ဝိုင်းမေးကြသည်။

"ကိုကြာအောင်၊ နှင်းမြကိုဘယ်လိုမြင်လို့ ကျွန်တော်ကိုလှမ်းခေါ်တာလဲ"

"သရဲတွေအများကြီးပဲကွ နှင်းမြကိုဝိုင်းနေကြတာ။ အဲဒါကြောင့် ငါ ကြောက်လန့်သွားပြီး မင်းတို့ကိုလှမ်းခေါ်တာပေါ့"

"ဒါဆို ဘယ်မှာလဲ၊ ကျွန်တော်တို့ ဘာသရဲမှမမြင်လိုက်ပါလား"

"ဟာ - ခင်းတို့ တစ်ယောက်မှ သရဲတွေကိုမမြင်လိုက်ကြဘူးလား"

"ဟုတ်ပါတယ်၊ ဘာသရဲမှမမြင်လိုက်ကြပါဘူး"

ဦးကြာအောင် နားမလည်နိုင်ဖြစ်သွားရသည်။

"ခရီးသွားတွေ၊ မင်းတို့လည်း နှင်းမြအနားမှာ သရဲတွေအုံနေတာကို မမြင်လိုက်ကြဘူးလား"

ခရီးသွားများလည်း ကြောင်စီစီဖြစ်ကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြပြီးမှ အကြီးဆုံးလူက -

"မမြင်လိုက်ဘူး၊ ဒီအစ်မ (ဒေါ်နှင်းမြ) ထိုင်နေတာကိုပဲမြင်တာပါ"

ဦးကြာအောင်ဘာလုပ်၍ဘာကိုင်ရမှန်းမသိနိုင်တော့။

"ကိုင်းကိုင်း - သရဲတွေကို မင်းတို့ မြင်တာ၊ မမြင်တာက အရေးမကြီးဘူး။ ဒီကောင်မလေးကို ရွာထမ်းသယ်သွားမှ ဖြစ်မယ်"

ဦးကြာအောင်က ပခုံးပေါ်ထမ်းသယ်ရာတွင်လည်း ဒေါ်နှင်းမြမှာ လူသေတစ်ယောက်ကဲ့သို့သာ ပါလာလေသည်။ ဦးကြာအောင်က သူ့ရသမျှ ဂုဏ်တော်၊ ဂါထာတော် ပရိတ်ကြီး စသည်များကို တစ်လမ်းလုံးရွတ်လာလေသည်။

ရွာသားများလည်း တစ်ယောက်ပြီးတစ်ယောက်ထွက်ကြည့်ကြရင်း ပြေးလိုက်လာကြလေသည်။ ထို့နောက် ဒေါ်နှင်းမြကိုဝိုင်းကူပြီး သယ်ယူကြသည်။ အိမ်ပေါ်ကိုရောက်မှ ဒေါ်နှင်းမြ သတိရသည်။ သတိရသော်လည်း လူကောင်းအတိုင်း ပြန်ဖြစ်မလာတော့ပေ။

ဟိုဟိုသည်သည်ကြည့်ကာ သမီးနှင့်ပတ်သက်သောစကား၊ သမီး၏မိတ်ဆွေ (သချိုင်းထဲက သရဲများနှင့်ပတ်သက်သော) စကားများကိုသာပြောနေလေသည်။

ထို့ကြောင့် ဆရာပင့်ပြီး လခွဲခန့်ကုသ၊ ပြုကြမှ ဒေါ်နှင်းမြ အကောင်းပကတိဖြစ်လာလေသည်။ သချိုင်းကုန်းကိုလည်း သွားခွင့်မပြုကြတော့ပေ။

**စာကြွင်း**

ဒေါ်နှင်းမြ သတိရလာ၍ မေးကြည့်ကြရာ အဘယ်ကြောင့်မှန်းမသိ ထိုအချိန်က သူ့စိတ်ထဲတွင် သချိုင်းကုန်းထဲကသရဲများကို လုံးဝကြောက်စိတ်မရှိဟုဆိုသည်။ ထိုသရဲများထဲတွင်လည်း သူ့သမီးပါမလာဟုပြောပြသည်။

**မင်းသိန်းထိုက်**



www.burmeseclassic.com

www.burmeseclassic.com

ပညာကျော်

# သင်၏စီးပွားရေးလုပ်ငန်းတွင်ပူဇော်သင့်သော ဟိမဝန္တာတောစောင့်နတ်မင်းကြီး

တစ်နေ့သ၌ -

ကျွန်ုပ်ထံသို့ လူရွယ်တစ်ယောက်ရောက်ရှိလာပါသည်။ရောက်ရှိလာသော လူရွယ်၏အမည်သည် အောင်မြင့်မြတ်ဟုခေါ်ပါသည်။ အောင်မြင့်မြတ်သည် မိဘများ၏လက်ငုတ်စီးပွားရေးလုပ်ငန်းဖြစ်သော တွင်းထွက်ရတနာပစ္စည်းနှင့် ရတနာမဟုတ်သောတွင်းထွက်ပစ္စည်း လုပ်ကိုင်နေကြသူမျိုးရိုးမှ ပေါက်ဖွားလာသော်လည်း ထိုလုပ်ငန်းကို စိတ်မဝင်စားပါ။ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စဉ်က (၄) ဘာသာဂုဏ်ထူးရပြီး အမှတ်ကောင်းသဖြင့် ဆေးတက္ကသိုလ်၊ အင်ဂျင်နီယာစသည်တို့ကို တက်ရောက်နိုင်လေသည်။ မိဘများက ဘူမိဗေဒဘာသာကို သင်ကြားရန် ဆန္ဒရှိသော်လည်း အောင်မြင့်မြတ်ကတော့ စိုက်ပျိုးရေးကိုပင်ရွေးချယ်ခဲ့သူလည်း ဖြစ်ပါသည်။

အရာရာမှာ မိဘကိုကြီးအားကိုးမနေဘဲ စိုက်ပျိုးရေးမှဘွဲ့ရပြီးသည်နှင့် အရှေ့ဂျပန်၊ အနောက်အမေရိကန်စသည့် နာမည်ကြီးတက္ကသိုလ်များသို့ အလုပ်လုပ်ရင်း ပညာရှာခဲ့သူဖြစ်လေသည်။ သူလိုလားနှစ်သက်သော စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အဆင့်မြင့်နည်းပညာတို့ကို လေ့လာသင်ယူပြီးသည်နှင့် မိမိနိုင်ငံကို ပြန်လည်ရောက်ရှိပြီးဖြစ်လေသည်။

အောင်မြင့်မြတ်၏ဆန္ဒသည် ယနေ့သိပ္ပံခေတ်ကြီးထဲတွင် အစားအစာများမှ တစ်ဆင့် ဘေးထွက်ဆိုးကျိုးများမည်ကဲ့သို့ဖြစ်ပေါ်စေသည်ဆိုသည့် အကြောင်းဇာစ်မြစ်ကို သုတေသနပြုလုပ်ခြင်းနှင့် သဘာဝမြေသြဇာဖြင့် စနစ်တကျစိုက်ပျိုးခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်းစသည့် ပတ်ဝန်းကျင်သဘာဝဂေဟစနစ်ကိုလည်း အထူးသုတေသနပြုနေသူဖြစ်လေသည်။

နိုင်ငံရပ်ခြားကို (၁၀) နှစ်လောက်ကြာမြင့်အောင်ပညာရှာနေခဲ့သော်လည်း မြန်မာတို့၏ကိုးကွယ်ယုံကြည်မှုယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်နေသူလည်း ဖြစ်ပါသည်။

ပြည်ပနိုင်ငံများတွင်ပညာသင်စဉ်အခါကတွေ့ကြုံခဲ့ရသောဂမ္ဘီရပညာနယ်မှ ဂန္ဓာရီကြီးများစီမံပေးခဲ့သောအဆောင်များကိုလည်း လေ့လာခဲ့သူ ဖြစ်သည်။

တစ်ယူသန်တာတော့မဟုတ်ပါ။ ကိုယ့်နိုင်ငံမှာလည်း ရှေးနှစ်ပေါင်းများစွာကပင်ရှိခဲ့သော ဒုခမပညာတစ်ရပ်ဖြစ်သည့် ဂန္ဓာရီပညာ (တစ်နည်း) ဝိဇ္ဇာမရဂမ္ဘီရပညာသည် ယနေ့တိုင် မပျောက်မကွယ်ဘဲရှိနေသည်ဖြစ်၍ ကိုယ့်သွေးကိုယ့်သားကိုယ့်ပညာကိုပင် တန်ဖိုးထား


သေသပ်စွာဖြီးသင်ထားလေသည်။

အကျီမှာ အဖြူရောင်လည်ကတုံးကိုဝတ်ထားသဖြင့် ယနေ့ခေတ်တွင် ရှားပါးသောပစ္စည်းတစ်ခုသဖွယ် မြန်မာပီသလွန်းသဖြင့် ဝမ်းသာပီတိဖြစ်ရပါတော့သည်။ ကျွန်ုပ်သည် စိတ်ထဲရင်ထဲမှ 'ဒါမှ ငါ့တပည့်ကွ၊ ငါ့မြေးကွ' ဟုပင် ကြုံးဝါးလိုက်မိပါတော့သည်။

"သား၊ မင်းရောက်စကတွေ့ရပြီး မတွေ့ရတာတောင် အတော်ကြာနေပြီနော်။ ဘာဘာ ဘာအကူအညီပေးရမှာလဲ"

ဟုပင် စကားလမ်းကြောင်းလိုက်ပါသည်။

အောင်မြင့်မြတ်သည် သစ်တောနှင့်စပ်သမျှ ကျေးရွာပြည်သူများအကျိုးရှိမည့်လုပ်ငန်း၊ နိုင်အတွက် ငွေကြေးဝင်ငွေကောင်းမည့်လုပ်ငန်းစုံကို လုပ်ကိုင်




ဟိမဝန္တာတောကိုအစိုးရသော နတ်ဘီလူးစမ

မည်ဟု ဆုံးဖြတ်နိုင်သူလည်း ဖြစ်လေသည်။

"ဆရာနေကောင်းပါတယ်နော်"

ဟု ပြုံးရွှင်စွာနှုတ်ဆက်စကားဆိုရင်း ကျွန်ုပ်၏အလုပ်စားပွဲမျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်လေတော့သည်။

ကျွန်ုပ်သည် အမြင်အာရုံညှဲ့နေချိန်ဖြစ်၍ ရုတ်တရက် အောင်မြင့်မြတ်ကို ကောင်းစွာမမှတ်မိနိုင်ပါ။ ပြည်ပနိုင်ငံရပ်ခြားမှာ နှစ်ရှည်အောင်နေလာသော်လည်း ယခု ကျွန်ုပ်မျက်စိရှေ့ရောက်နေချိန်တွင် ဆံပင်ကို မတိုမရှည်ညှပ်ထားပြီး

ရန်ရှိကြောင်း အများကြီးပြောပြလေတော့သည်။ ကျွန်ုပ်လည်း ဘာကိုအကူအညီပေးသင့်ကြောင်း နည်းလမ်းကောင်းစဉ်းစားရပါတော့သည်။

သစ်တောနှင့်စပ်ဆိုင်သမျှ သစ်မျိုးကောင်းများကို နိုင်ငံတော်အစိုးရထံ မြေကွက်များလျှောက်ထားပြီးစိုက်ပျိုးခြင်း၊ နောက် သစ်မွှေးအစရှိသောအပင်များ၊ ရော်ဘာကဲ့သို့အပင်များအပြင် စားပင်သီးပင်များဖြစ်သော ပန်းသီး၊ သစ်တော်၊ မက်မွန်၊ လိုက်ချီး စသည့်အပင်များစိုက်ပျိုးခြင်း၊ အနံ့ကောင်းသောပန်းပင်များစိုက်ပျိုးပြီး လူသုံးကုန်ပစ္စည်းဖြစ်ပျိုးနိုင်

www.burmeseclassic.com

ရန် စသည်တို့လုပ်ကိုင်ရာတွင် အခြေခံကြပြီး လုပ်ငန်းခွင်တွင် ဦးစီးဦးဆောင် လုပ်ကိုင်ကြသောလူကြီးများ၊ အလုပ်သမားများစွာတို့၏ လူမှုဘဝလုံခြုံရေး၊ ကျန်းမာရေး၊ သားသမီးများ၏ ပညာရေးစသည့် အရေးအရာအားလုံးတို့တွင် အသီးတစ်ရာအညှာတစ်ခုဆိုသလို ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်မှ ဂမ္ဘီရအဆောင်ဖြစ်သော 'ဟိမဝန္တာတောကို အစိုးရသော နတ်ဘီလူးစမ'ကို စီမံပေးမည်ဟုဆုံးဖြတ်လိုက်ပါသည်။

ဝိဇ္ဇာဓရဂမ္ဘီရပညာတွင် အထက်က ပြောခဲ့သော ဟိမဝန္တာတောကို အစိုးရသော နတ်ဘီလူး အစရှိသည့် ကမ္ဘာ၏ အလယ်ဗဟိုဖြစ်သော ဟိမဝန္တာတောင်ရာဇာ၏အရှေ့အရပ်၊ အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ်တို့စိုးသော မဟာမြိုင်တောကြီးသည် ဝန်းရံနေလေသည်။

ထိုမဟာမြိုင်တောကြီး၏အရပ်ဌာန (၄)ခုလေးမျက်နှာတွင် အောက်ပါတောများသည် အထပ်ထပ်စိုးကြလေကုန်၏။ ဝါးမျိုးစုံသောတော၊ သစ်စုံဝါးစုံစိုးသောတော၊ သစ်မျိုးသစ်သန့်များစုံသောတော၊ ရတနာတန်းဝင်သောသစ်ကြီးများပေါက်သောတော၊ စန္ဒကူးတော၊ လျှို့မြောင်များစွာထူသောတော၊ မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့ယှက်နေသောတော၊ ကုန်းနေရေနေသတ္တဝါများပေါသောစုံသောတော၊ သားရဲနှင့်ဘီလူးရက္ခိုက်ပေါသောတော စသည်စသည်တို့ဖြင့် သူ့နေရာနှင့်သူ တည်ရှိကုန်၏။ ထိုတောအားလုံးကို ဟိမဝန္တာတောကိုအစိုးရသောနတ်ဘီလူး စောင့်ကုန်၏ဟု ဆိုပါသည်။

သို့နှင့် ဟိမဝန္တာတောကို အစိုးရသော နတ်ဘီလူးစမစီမံပုံနှင့် ပြုဖွယ်များကို ရှင်းလင်းပြောပြလိုက်ရလေသည်။ ဟိမဝန္တာတောကိုအစိုးရသောနတ်ဘီလူးစမပုံကိုလည်းဖော်ပြပေးထားပါသည်။

ယခုစီမံသော ဟိမဝန္တာတောကို အစိုးရသော နတ်ဘီလူးသည် တာဝတိံသာနတ်ပြည်တွင် ကျင်းပပြုလုပ်သော နတ်သဘင်အစည်းအဝေးတွင် အမြဲတက်ရောက်ရသောနတ်ဘီလူး (နတ်မင်းကြီး) ဖြစ်သည်ဟု ဖော်ပြထားပြန်ပါသည်။ အရိယာနွယ်ဝင် နတ်မင်းကြီးလည်းဖြစ်သည်ဟု ကျမ်းလာစကားရှိပါသည်။ (လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က လက်ရေးမူ အင်းစမကျမ်းစာအုပ်တွင် ဖတ်ရမှတ်ရဖူးပါသည်။)



| | |
|---|---|
| သ | မ |
| နိ | ဘ |

ထိုကျမ်းစာအုပ်တွင် ကျမ်းပြုသူ၏ အမည်နာမကို မတွေ့ရတော့ပါ။ စာအုပ်မှာ ဟောင်းနွမ်းပြီး အတော်ကိုပျက်စီးနေပြီ ဖြစ်ပါသည်။ စာအုပ်တစ်နေရာတွင် ဦးနန္ဒိယဟု အမည်ကိုတော့ဖတ်လိုက်ရပါသည်။ ထိုအမည်ရှင်ဆရာတော်ဦးနန္ဒိယသည် မူလလက်ရေးဖြင့် ပြုစုသူ ပိုင်ရှင်ဟုတ်သည်မဟုတ်သည်ကို မသိနိုင်ပါ။ ကျွန်ုပ်တွေ့သိခဲ့သမျှကိုသာ ရိုးသားစွာ ရေးသားဖော်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။

ထိုနတ်ဘီလူးစမကိုဆောင်ရာတွင် မိမိတို့၏လုပ်ငန်းခွင်တွင်ရှိသော အဓိက အဆောက်အအုံတွင် ဘုရားသခင်၏ အောက်နိမ့်သောနေရာတစ်နေရာတွင် နေရာသတ်မှတ်ထားရမည်ဖြစ်ပါသည်။ ထင်သာမြင်သာအောင်ပုံကြီးစီမံ၍ဘောင်နှင့် ချိတ်ဆွဲထားရမည်ဖြစ်ပါသည်။

ထိုဟိမဝန္တာတောကိုအစိုးရသော နတ်ဘီလူးစမကို အခါအားလျော်စွာ လွန်စွာနှစ်လိုဖွယ်ဖြစ်သော (အကောင်းစား) နံ့သာတိုင်ဖြင့် ပူဇော်ရန် ဖြစ်ပါသည်။ တိတိကျကျ ဆောင်ရွက်လိုပါလျှင် တစ်လလျှင် (၂) ကြိမ်ပူဇော်ကြရပါမည်။ မြန်မာတို့၏ဝေါဟာရမာသဖြစ်သောလတိုင်း၏ လပြည့်နေ့တစ်ရက်၊ လကွယ်နေ့တစ်ရက်တို့၌ ပူဇော်ရန်ဖြစ်ပါသည်။

အဆင်ပြေမည်လျှင် ထိုရက်များတွင် ရရာသစ်သီးတို့ဖြင့်လည်း အထူးတလည် ပူဇော်သင့်ကြပါသည်။

နေ့စဉ်ဆောင်ရွက်ရမည့်အချက်မှာ ထူးထူးဆန်းဆန်းဂါထာမန္တန်မဟုတ်ပါ။ မြတ်စွာဘုရားရှင်၏ အသရေတော်ကို တုနှိုင်းမဲ့ပူဇော်ထားသောဂါထာတော်ကိုပူဇော်ရမည်ဖြစ်ပါသည်။

ထိုဂါထာတော်မှာ ဒိဝါတပတိဂါထာတော်ပင်ဖြစ်ပါသည်။ အနည်းဆုံး တစ်နေ့ (၁၀) ခေါက်တော့ ရွတ်ဆိုပူဇော်ရမည်ဖြစ်ပါသည်။ သဒ္ဓါအားကြီးသူများ၊ အချိန်ပေးနိုင်သူများအနေဖြင့် ဂါထာတစ်ပုဒ်လုံးဆုံးမှ ပုတီးတစ်လုံးချသည့်စနစ်ဖြင့် (၁၀၈)လုံးဂုဏ်တော်ပုတီး တစ်ပတ်စိပ်ရန်ပင် ဖြစ်ပါသည်။

အဓိကပြုဖွယ်တစ်ခုမှာ -

မိမိပြုဆဲကုသိုလ်နှင့် ပြုခဲ့ပြီးသော ကုသိုလ်အဖို့ကို သစ္စာပြုပါ။

မိမိလိုသောဆုကိုတောင်းဆိုပါ။

ခပ်သိမ်းကုန်သော သတ္တဝါများအားလုံးကို မေတ္တာပေးဝေပါ။

မေတ္တာပေးဝေရာတွင် ဟိမဝန္တာတောကိုအစိုးရသော နတ်မင်းကြီးနှင့် ပါရမီဖြည့်ဖက်များ၊ အမြဲတမ်း လိုက်လံကူညီစောင့်ကြသောပုဂ္ဂိုလ်များကို အဦးအစထားပါ။

ဘဝများစွာကပ်ကမ္ဘာမှပတ်သက်ခဲ့ကြသော ပုဂ္ဂိုလ်ဆက်အားလုံးတို့ အပါအဝင် (၃၁) ဘုံသားတို့အားလုံးကို ကုသိုလ်အမျှပေးဝေရန် ဖြစ်ပါသည်။

ကျွန်ုပ်၏ မြေးတပည့်ဖြစ်သူ အောင်မြင့်မြတ်အား ချီးမြှင့်ပေးခဲ့သော ဟိမဝန္တာတောကိုအစိုးရသောနတ်ဘီလူးစမ (နတ်မင်းကြီးစမ) ကို နှစ်သက်၍ သုံးစွဲလိုသူများအတွက် လယ်ယာသစ်တောကဏ္ဍစုံမှ စီးပွားရေးလုပ်ငန်းရှင်များအတွက် ရေးသားပေးလိုက်ပါသည်။

စာချစ်သူ မိတ်ဆွေများအတွက် စကားလက်ဆောင်ပါးလိုက်ပါသည်။ ကျွန်ုပ်၏စကားမဟုတ်၊ ပဋ္ဌာန်းဒေသနာတော်လာစကားဖြစ်ပါသည်။ အောင်မြင်လိုသူသည်-

ဆန္ဒအားကြီးရမည်။

ဝီရိယအားကြီးရမည်။

စိတ်ခွန်အားကြီးရမည်။ (ယုံကြည်မှုအားကြီးရမည်။)

ထောင့်သုံးထောင့်အခိုင်အမာ ထောက်ပါက မုချဧကန်အောင်မြင်မည် ဖြစ်ပါသည်။

ပညာတိုးပွား၍အကျိုးများကြပါစေ

ပညာကျော်

မှီငြမ်း -

လက်ရေးမူအင်းစမကျမ်းဟောင်း

ကိုယ်တိုင်လေ့လာချက်များ



www.burmeseclassic.com

www.burmeseclassic.com



# ထွန်းကျော်လှု

## ကာမဂုဏ်ရမ္မက်ဆိုးကို ဖျက်ချိုးဖို့ခက်လှသည်

"ယောကျ်ား။ ရှင့်လက်ထဲက စာအုပ်ခဏချထားစမ်းပါ။ မေးစရာရှိလို့"

"ဘာလဲကွာ လာ့ရှုပ်ပြန်ပြီ။ အတော်ခက်တဲ့မိန်းမပဲ"

စာဖတ်နေတုန်းမှာ ကျုပ်ကို စကားလာပြောရင် ဘဝင်မကျပေမယ့် သူ့ဆန္ဒကိုတော့ မငြင်းပယ်ရက်ဘူးဗျ။ အိမ်မှာ ဒီလင်ဒီမယားနှစ်ယောက်ပဲရှိကြတာလေ။ သားသီးတွေက ရပ်ဝေးမှာ အလုပ်လုပ်ရင်း မိဘကိုပြည့်စုံအောင် ထောက်ပံ့ပေးနေတာပါ။ ဒါကြောင့်သာ ကျုပ်ဝါသနာပါရာ စာဖတ်တဲ့အလုပ်နဲ့ အေးအေးချမ်းချမ်းနေလို့ရတာပေါ့ဗျာ။

ကျုပ်မိန်းမက နေ့စဉ်နဲ့အမျှ ကျုပ်စားချင်တဲ့ဟင်းကို ခံတွင်းတွေ့အောင်ချက်ပေးတယ်။ အိမ်မှုကိစ္စတွေကိုလည်း ကျုပ်လှည့်ကြည့်စရာမလိုအောင် အလိုက်သိသိပါရမီဖြည့်ပေးနေတဲ့ဇနီးပါ။ ဒါကြောင့် ဘာမေးမှာလဲဆိုတဲ့သဘောနဲ့ မျက်ခုံးအစုံကိုပင့်ပြလိုက်တယ်။

"မိုးလင်းပြီးစက အိမ်ကို မိအေးလာသွားတယ် ယောကျ်ားရဲ့"

"မြင်သားပဲ၊ သူ့လင် ညကပစ်လို့ ရလာတဲ့တောကြက်သားလာရောင်းတာမဟုတ်လား"

"ဟုတ်တယ်၊ ကြက်(၆)ကောင်ပါလာတာ (၁) ကောင်ဝယ်လိုက်တယ်"

"ဒါများ ငါ့လာပြောနေတယ်။ ခါတိုင်းလည်း မင်းဝယ်နေကျပဲ မိန်းမရယ်"

"ခါတိုင်းလိုမဟုတ်လို့ပါတော်။ ညတုန်းက သူ့လင်နဲ့ကြက်ပစ်လိုက်ရင်း ကြုံခဲ့ရတာတွေပြောသွားတယ်။ ဒီမိအေးစကား ယုတ္တိရှိမရှိ ယောကျ်ားကိုမေးချင်လို့"

"မေးမေး မင့်ကို မိအေးကဘာတွေပြောသွားလို့လဲ"

"ဒီကောင်မလေးပြောသွားတာမျိုးကို ကျွန်မဖြင့် အသက်(၆၀)ကျော်လာခဲ့ပြီ တစ်ခါမှမကြုံဖူး။ မကြားဖူးတာတွေပါ။ ရှင်ကတော့ စာအုပ်မျိုးစုံလည်းဖတ်တယ်။ အရွယ်ကောင်းတုန်းက အနီးအနားတောတောင်တွေသာမကဘူး။ အလယ်ရိုးမပေါ်အထိ ညအိပ်ညနေတက်ပြီး သားကောင်မျိုးစုံရအောင်ပစ်လွန်းလို့ အပျော်တမ်းမုဆိုးကြီးဘွဲ့ရခဲ့သူပဲ။ ကျွန်မသိချင်တာတွေဖြေနိုင်မှာပါ"

ကျုပ်မိန်းမစကားက ဗာရာဏသီချဲ့နေပြီ။ ဘာများမေးချင်လို့လဲ။ မိအေးတို့လင်မယားက ကျုပ်မျက်စိအောက်မှာပဲလူဖြစ်၊ အရွယ်ရောက်လာတော့ လင်မယားဖြစ်လာတာပါ။ မိအေးယောကျ်ား ကျော်တင့်က လက်သမားအလုပ်နဲ့ အသက်မွေးတယ်။ အခုလို မိုးရာသီမှာ အလုပ်ပါးတော့ တောသားပီပီ ရွာဝန်းကျင်မှာ ဂါးတော်တိုးပြီး မျှစ်ချိုး၊ မှိုကျင်းရှာ၊ ဖုလ်တောင်ဝှေးရသမျှစု၊ ဖွတ်ဥ၊ လိပ်ဥရလာရင် ရွာထဲလှည့်ရောင်း၊ တောရွာသဘာဝ ဒီလိုပဲရှာစားနေကြတာပါ။

တောသားချင်းအတူတူ ကျော်တင့်က ပိုကံကောင်းနေတာဒီလိုဗျ။ အသက်(၃၀) နီးပါးရှိပြီဖြစ်တဲ့ ကျော်တင့်မှာ မယားချောတစ်ယောက်နဲ့ ခွေးကောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ပိုင်ဆိုင်ထားတယ်။ သူမယား မီးအေးက အသက်(၂၀)ကျော်စ၊ တစ်တစ်ရစ်ရစ်ငါးရဲ့ကိုယ်ညီချောမနောကောင်း သဘောကောင်းနဲ့ လိမ္မာရေးခြားရှိတယ်လို့ ရပ်ရွာကသတ်မှတ်ထားသလို သူမွေးထားတဲ့ ခွေးနာမည်က ညီအေးတဲ့။ ရှုပ်ရှုပ်မင်းသားရွှေဘနဲ့ဇာတ်ကားထဲမှာ ထိုးသတ်ဖက်လူကြမ်းကြီးညီအေးလိုပဲ သူ့ခွေးကြမ်းရမယ်ပေါ့ဗျာ။ ကြမ်းတာမကြမ်းတာထား ညီအေးက အလွန်တောကောင်းတဲ့ခွေးဖြစ်နေတယ်။ တောကောင်းတယ်ဆိုတာ သခင်နဲ့ တောထဲလှည့်တဲ့အခါ တောကြောင်တွေ့ရင် သစ်ပင်ပေါ်တင်ထားပြီး သခင်မလာမချင်းဟောင်သံပေး၊ လိပ်တို့၊ ဖွတ်တို့တွေ့ရင်လည်း ဟောင်သံပေးရင်း ထိန်းထားတယ်။ သူ့ခွေးအသံကြားရင် ကျော်တင့်က အထာပေါက်ပြီ။ ကြောင်ဆိုရင် လေးခွနဲ့ပစ်ချ၊ လိပ်၊ ဖွတ်ဆိုရင် ပလိုင်းထဲကောက်ထည့်၊ သင်းခွေချပ်နဲ့ဖြူတွေ့လည်း မလွတ်စေရဘူး။ ရွာမှာ အသားဈေးနဲ့ ပြန်ရောင်းစားတာပေါ့။

ရွာဝန်းကျင်မှာ တောတောင်လျှိုမြောင်းကောင်းတော့ တစ်နေ့တစ်နေ့ ညီအေးရှာဖွေကျွေးတာ မနည်းပါဘူး။ စားတန်စားရောင်းတန်ရောင်းနဲ့ စီးပွားရေးအဆင်ပြေတယ်။ အတွင်းပိုင်းကျတဲ့ ရိုးမကြီးခြေရင်းက ရွာသားတချို့လာပြီး ကျော်တင့်ရဲ့ခွေးကို နွားနဲ့လဲတာကို ကျော်တင့်ကငြင်းလိုက်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com

ပိုပြီးအဆင်ပြေနေတာက ဒီလိုပါ။ တောတောင်စရိုက်သဘာဝအလျောက် နွေနဲ့ဆောင်းကာလမှာတော့ အိပ်တန်းတက်၊ အိပ်တန်းဆင်းတိုင်း တောကြက်များ ပုံမှန်တွန်ကြပါတယ်။ ကြက်တွန်သံ ကြားတဲ့ဘက်မှန်းပြီးတော့ ဘယ်ဝါးရုံ၊ ဘယ်သစ်ပင်မှာ ဒီကြက်အုပ်စုအိပ်တန်းတက်ပြီဆိုတာ ဒေသခံကြက်မုဆိုးများက မှန်းဆနိုင်ပါတယ်။ ညဥ့်နက်လမိုက်ချိန်မှာ ခြေသံမကြားအောင် သစ်ပင်အောက်ချဉ်းကပ်ပြီး သစ်ပင်ပေါ်အိပ်နေတဲ့ တောကြက်ကို လေးခွနဲ့ တချို့က လည်း မှုတ်ပြောင်းနဲ့ပစ်ချနိုင်ပါတယ်။ ကျုပ်လည်း ငယ်ငယ်က သားကောင်ကြီးပစ်တဲ့မုဆိုးပေမယ့် တစ်ခါတစ်ရံမှာ တောကြက်ကိုဟင်းစားရဖို့ရှာတာပါပဲ။

ဒါပေမယ့် တောကြက်များဟာ ဝါတွင်းကာလမှာ လုံးဝ (လုံးဝ) တွန်သံမပြုပါဘူး။ သစ်တောဝါးတောကြီးထဲ လှည့်ပတ်အစားရှာစားနေရင်း မိုးသဲသဲမဲမဲရွာလာတဲ့အခါ နီးရာသစ်ပင်နဲ့ ဝါးရုံမှာပဲ အိပ်တန်းတက်လိုက်ကြတယ်။ အိပ်တန်းမမှန်တော့ တောနက်လေ ကြက်ကိုရှာဖို့ ခက်လေပါပဲ။

ညိုအေးလို တောကောင်းတဲ့ခွေးကြောင့် ကျော်တင့်ကတော့ အဆင်ပြေပါတယ်။ ဝါးခမောက်ဆောင်း၊ မိုးကာခြုံ၊ လုံ့ရှိုးတပ်ထားတဲ့ဝါးလုံးကို တစ်ဖက်ကကိုင်၊ လက်တစ်ဖက်မှာဆွဲထားတဲ့ ကျားမီးခွက်ကားရှဲ့ကို ခြေလှမ်းသုံး၊ လေးလှမ်းစာမြင်နေရတဲ့ အလင်းရောင်လေးနဲ့ တောလမ်းအတိုင်း လျှောက်လှမ်းနေချိန်မှာ -

ညိုအေးက သူ့သခင်ရဲ့ရှေ့နောက်ဝဲယာတစ်တောလုံး လှည့်ပတ်ပြေးလွှားပြီး မြေကြီးပေါ် အနံ့ခံတယ်။သစ်ပင်ပေါ် ဝါးရုံပေါ်မှာ ကြက်ကအိပ်နေပေမယ့် ကြက်ရဲ့ဖင်ကမအိပ်ဘူး။ တစ်နေ့လုံးစားထားသမျှကို(ချေးအဖြစ်)ခဏခဏပါချနေရတာ။ လတ်လတ်ဆတ်ဆတ် ကြက်ချေးအနံ့ရတာနဲ့ သစ်ပင်ပေါ် အိပ်နေတဲ့ကြက်ကို ဟောင်တော့တာပဲ။ ထူးဆန်းတာက မြေပြင်ကခွေးဘယ်လောက်ပဲ ဟောင်ဟောင် ကြက်က မျက်လုံးတောင် ဖွင့်မကြည့်ဘူး။ လူသံမကြားသမျှပျံထွက်သွားတာမျိုး မရှိဘူး။ ဒါသူတို့သဘာဝပဲ။

သူ ခွေးဟောင်သံကြားတာနဲ့ လူသွားလမ်းအတိုင်း အေးအေးဆေးဆေး လာနေတဲ့ ကျော်တင့်က ခွေးရှိရာကိုအမြန်ဆုံးရောက်လာတယ်။ လွယ်ထားတဲ့ ပလိုင်းထဲက လက်နှိပ်မီးထုတ်ပြီး အိပ်တန်းတက်နေတဲ့ကြက်ဘယ်ကိုင်းမှာရှိနေသလဲရှာတယ်။ တွေ့ပြီဆိုရင် အသင့်ပါလာတဲ့ ဝါးအရင်းက လှံ့သွားကို မြေကြီးထဲစိုက်သွင်းပြီး ဝါးအဖျားမှာ ဓားနဲ့ခွဲထားလို့ ဟနေတဲ့ကြားထဲ လက်နှိပ်မီးကိုညှပ်ထည့်ထားရင်း အလင်းရောင်ကို တောကြက်တည့်တည့်မှာချိန်ထားလိုက်တယ်။ ပလိုင်းထဲကလေးခွနဲ့ လေးသီးထုတ်ပြီး တောင်ပံကြား ခေါင်းသွင်းအိပ်နေလို့ အထင်းသားပေါ် နေတဲ့ကြက်ရဲ့ လည်တိုင်နဲ့ စလုတ်ကို ပစ်ချလိုက်တာပါပဲ။အောက်ကျလာတဲ့ကြက်ကို သူ့ခွေးညိုအေးက မလွတ်စေရပါဘူး။

တစ်ခါတလေများ တောကြက်သာမက ရစ်ငှက်ကြီးတွေ၊ တောကြောင်တွေပါရလာတတ်ပါတယ်။ ဝါသနာပါပြီး အပင်ပန်းခံနိုင်ရင် လမိုက်ညတွေမှာ တောကြက်လေးငါးကောင်ရဖို့သိပ်မခက်ပါဘူး။ အရွယ်ကောင်းစဉ်က ကျုပ်ပစ်ကျွေးခဲ့တဲ့တောကြက်သားကိုမှန်းအောင်စားလာခဲ့ရတဲ့မိန်းမကိုမိအေးကဘာတွေပြောသွားလို့လဲ မေးကြည့်တော့ -

"မိအေးစကားခဏထားဦး၊ ကျွန်မသိချင်တာအရင်မေးမယ်။ ယောကျ်ားတစ်သက်မှာ လူနဲ့တစ္ဆေ၊ သရဲ၊ နတ်စိမ်းဆိုတာတွေနဲ့ ကြုံကြုံကြိုက်ကြတာကြုံခဲ့ဖူးသလား"

"ဟာကွာ ဒါမျိုးအများကြီးကြုံဖူးတယ်။ တောင်ပြုံးပွဲ၊ ပခန်းပွဲရက်တွေ သွားကြည့်၊နတ်နဲ့ညားနေပါတယ်လို့ဝန်ခံထားတဲ့လူတွေ အများကြီးပဲ။ ဒါ ဆန်းသလားဟ"

ဆိုတော့ -

"မဟုတ်ဘူး။ အဲဒါက နတ်ဝင်သည်၊ နတ်ကတော်တွေ။ ကျွန်မပြောတဲ့နတ်ဆိုတာ ဟိုသီချင်းထဲမှာပါတဲ့နတ်မျိုးလေ။ ဝိဇ္ဇာ၊ ဇော်ဂျီ၊ နတ်ဘီလူးတွေပါတယ်။ တန်ခိုးလည်းရှိတယ်။ အဲသည်သီချင်းလေး အသံချဲ့စက်တွေ[illegible]တိုင်းကြားနေရတာပါ။

အချစ်မှာ စုံထားလောက်အောင် ×××ဇာတ်လမ်းကလေးတွေရှိခဲ့ဖူးသည်× သမုဒ္ဒသိဂီကို×××ရွှေကြုပ်ထဲထည့်ကာ လေအတည်×××မျိုထားလောက်အောင် သူ့အချစ်ထူး×××တာနေ့ယက္ခဘီလူးတဲ့ အတည်×××"

မျက်စိကိုစုံမှိတ်ပြီး စာသားကိုစဉ်းစားရင်း သီချင်းကို ခပ်နေ့နေ့ဆိုပြနေတဲ့ကျုပ်မိန်းမကိုမြင်ရတော့ စောစောကဘဝင်မကျဖြစ်ရတဲ့ဒေါသတွေပျောက်သွားတယ်ဗျာ။ သူသိချင်လို့မေးနေတာကို စိတ်ရှည်ရှည်နဲ့ ရှင်းပြပေးလိုက်ပါတော့မယ်။

"မင့်သီချင်းထဲကလိုပဲ ဘီလူးနဲ့လူသား၊ ဇော်ဂျီနဲ့လူသား၊ ရုက္ခစိုး၊ နတ်နဲ့လူသားတွေချစ်ကြညားကြတဲ့ဇာတ်လမ်းကို ဘုရားဟော ပိဋကတ်နှင့်ဇာတ်တော်လာကျမ်းစာထဲမှာတော့ ဖတ်ခဲ့ဖူးတာပေါ့ကွ"

"ကျွန်မကို တစ်ပုဒ်လောက်ပြောပြ"

တဲ့ဗျာ။

အကြောင်းတိုက်ဆိုင်တိုင်း ကျုပ်မိန်းမကိုသာမက ရပ်ရွာထဲမှာလူအများကို ဗဟုသုတဖြစ်စေဖို့ ငါးရာငါးဆယ်နိပါတ်တော်၊ ဇာတ်ကြီးဆယ်ဘွဲ့နဲ့ ဗုဒ္ဓဝင်ဇာတ်လမ်းတွေကို ကျုပ်မကြာခဏပြောနေကျပါ။ အခုလည်း ကျုပ်အဘွားကြီးသိချင်တဲ့ဇာတ်လမ်းမျိုးစဉ်းစားရတယ်။ ကျမ်းပြုဆရာတော်ဦးပညာဇောတရေးသားတဲ့ ပုံတော်စုံခေတ်မှီ ပေတာဝတ္ထုဘာသာပြန်ကျမ်းမှာ အရှင်လတ်လတ် ရုက္ခစိုးနတ်ဘုံရောက်သွားတဲ့ မိန်းမအကြောင်းကိုရေးထားတဲ့ ခေတ္တုပမပေတာဝတ္ထုကို ပြန်သတိရလိုက်တယ်။ ဘုရားသခင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာရှိစဉ်က သူဌေးသားငမိုက်သားတစ်ဦးကို အကြောင်းပြုဟောကြားတော်မူခဲ့တာလို့ ဆိုထားတာပဲ။

ဇာတ်လမ်း ဒီလိုပါ။ ရာဇဂြိုဟ်ပြည်က သူဌေးကြီးမဟာနေမှာ သားတစ်ဦးရှိခဲ့တယ်။ သားကိုချစ်လွန်းတော့ ပင်ပန်းမှာစိုးလို့ ငယ်စဉ်က ပညာသင်မပေးခဲ့ဘူး။ သူဌေးသားကလည်း ကုသိုလ်ကောင်းမှုဆိုတာမသိ သောက်စားပျော်ပါး ကာမဂုဏ်ကြားမှာပဲ အချိန်တွေကုန် ပညာမျက်စိကန်းလေတော့ အကြောင်းအကျိုးစဉ်းစားဉာဏ်မရှိဘူး။ မိဘတွေကွယ်လွန်သွားပြီးနောက်လည်း ဥစ္စာပစ္စည်းတွေဖြုန်းတီးနေသတဲ့။

အဲဒီအချိန်က ရာဇဂြိုဟ်ပြည်မှာ အချော်အလှနဲ့ ပြုစုယုယမှုပေးတဲ့ဘက်မှာ နာမည်ကြီး သုလသာ ဆိုတဲ့ ပြည့်တန်ဆာကို စွဲလမ်းပြီး မကြာခဏသွားရောက်ပျော်ပါးလို့ ငွေကြေးအများကြီးကုန်ရတယ်။ သုံးရင်ဖြုန်းရင်း ကာလကြာတော့ ဥစ္စာကုန်ခန်း၊ အကြွေးတွေတင်၊ ကြွေးကိုပြန်မဆပ်နိုင်လို့ အိုးအိမ်လယ်ယာတွေအသိမ်းခံရတယ်။နေစရာမရှိလို့ ဇရပ်မှာနေပြီး တောင်းရမ်းစားရတဲ့ဘဝရောက်ပါလေရော။

ငယ်ရွယ်ကျန်းမာတဲ့ သူဌေးသား



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖြစ်လဲ သူတောင်းစားကို သူခိုးများက အာဖော်ညှိပြီး တစ်ညမှာ အိမ်တစ်အိမ်ကို ဝင်ခိုးကြတယ်။ အိမ်ရှင်နိုးလာတော့ သူခိုးတွေက ဥစ္စာထုပ်ဆွဲပြီး လွတ်အောင်ပြေးနိုင်ပေမယ့် သူဗေ့ဒသား သူတောင်းစားမှာ ထွက်မပြေးတတ်လို့ အဖမ်းခံရတယ်။ လူအများက ရိုက်နှက်ပြီး မင်းထံပို့တော့ သူခိုးဖြစ်လို့ သေဒဏ်ပေးခံရတယ်။

သူခိုးကို လက်ပြန်ကြိုးတုပ်၊လမ်းမကြီးအတိုင်း သုသာန်ကိုခေါ်လာရင်း လူအများသိစေဖို့ မောင်းတဒူဒူတီးတဲ့ အသံကြောင့် သုလသာပြည့်တန်ဆာမလေးက သူ့အိမ်ပေါ်ပြတင်းပေါက်ကနေ သူဗေ့ဒသားကိုမြင်တဲ့အခါ တစ်ချိန်က သူ့ကိုအကြိမ်ပေါင်းများစွာပေါင်းသင်းပြီး အခကြေးငွေအများကြီးပေးခဲ့သူကို သနားကြင်နာစိတ်ပေါ်လို့ ကတွတ်မုန့်နဲ့ရေပို့ပေးသတဲ့။ ဒီမုန့်နဲ့ ရေကို စားသောက်ပြီးမှသတ်ပါလို့ လူသတ်သမားများကို မှာလိုက်သတဲ့။

ဒီအချိန်မှာ အရှင်မောဂ္ဂလာန်မထေရ်မြတ်က ဒိဗ္ဗစက္ခုဉာဏ်နဲ့ကြည့်ရင်း သူဗေ့ဒသားရဲ့ ပျက်စီးမှုကိုမြင်တယ်။ ဤသူသည် တစ်စုံတစ်ရာပြုခဲ့သော ကောင်းမှုလည်းမရှိ။ မကောင်းမှုများစွာ ပြုခဲ့သူဖြစ်၍ ငရဲသို့လားရပေမည်။ အကယ်၍ ငါကြွသွားခဲ့လျှင် မုန့်နှင့်ရေကို ငါ့အားလှူသဖြင့် ဘုမ္မစိုးနတ်မျိုး၌ ဖြစ်လတ္တံ့။ ငါသည် ထိုသူ၏ကိုးကွယ်ရာဖြစ်ပါစေလို့ ကရုဏာတော်ထားပြီး သူခိုးရှေ့သို့ ကြွပြီးရပ်တယ်။ သူခိုးလည်း အရှင်မောဂ္ဂလာန်ကို ကြည်ညိုစိတ်ဝင်ပြီး ယခုပင် ငါသေရတော့မည်။ ဤမုန့်နှင့်ရေကို သောက်သုံးသဖြင့် ငါ့အား အကျိုးမရှိ။ ဤမုန့်နှင့်ရေသည် ငါ၏ တမလွန်ဘဝရိက္ခာဖြစ်စေအံ့လို့စဉ်းစားပြီး အရှင်မောဂ္ဂလာန်ကို လောင်းလှူလိုက်တယ်။ မထေရ်မြတ်ကလည်း သူခိုးရှေ့မှာပဲဘုဉ်းပေးပြတယ်။

အသတ်ခံရခါနီးမှာ ငါသည် သုလသာပြည့်တန်ဆာမ ပေးလာ၍ ဤလှူဖွယ်ဝတ္ထုကိုရသည်။ သုလသာသည် အလွန်ချစ်ဖွယ်ကောင်းလေစွလို့ တဏှာပေမနဲ့ စွဲလမ်းမိတယ်။ ရဟန္တာအရှင်မြတ်ကို မုန့်နဲ့ရေလှူတဲ့ကုသိုလ်မျိုးစေ့ကြောင့် ဥယျာဉ်တစ်ခုအနီးကညောင်ပင်ကြီးမှာ ရုက္ခစိုးနတ်ဖြစ်သွားတယ်။

တစ်နေ့မှာ ဥယျာဉ်ကိုလာတဲ့ သုလသာကိုမြင်တော့ ရုက္ခစိုးနတ်ဟာ တဏှာပေမစိတ်ကြွလို့ အမိုက်အမှောင်ကို ဖန်ဆင်းကာ သုလသာကို သူ့ရဲ့နတ်ဗိမာန်ကို ခေါ်ယူသွားပြီး မယားအဖြစ်ပေါင်းသင်းနေသတဲ့။ သမီးပျောက်သွားလို့ ပူဆွေးသောကရောက်နေမယ့် မိခင်ကြီးကိုသနားပါလို့ သုလသာကတောင်းပန်မှ (၇)ရက်ကြာတဲ့အခါ ဝေဠုဝန်ကျောင်းတော် ဘုရားရှင် တရားဟောတာကို နာကြားနေတဲ့ ပရိသတ်အစွန်အဖျားနားမှ ပြန်ပို့ထားခဲ့သတဲ့ဗျာ။ အဲဒီဇာတ်လမ်း (ခေတ္တပေမပေတဝတ္ထု) ကိုပြောပြတော့ ကျုပ်မိန်းမက -

"ရဟန္တာပုဂ္ဂိုလ်ကိုလှူခွင့်ရပြီး နတ်ပြည်ရောက်ဖို့ ဆုမတောင်းဘူးလား။ အတူနေခဲ့ရတဲ့မိန်းမကိုစွဲလမ်းပြီးသေလို့ တဏှာရှူးရုက္ခစိုးဖြစ်တာ။ ဘုရားရှင်လက်ထက်မှာလည်း ဒါမျိုးတွေရှိတာပဲလား ယောက်ျားရယ်"

"ရှိပါ့ဗျာ၊ ဘုရားဟောဇာတ်နိပါတ်တော်တွေ အများကြီးပါ။ ပါဠိလိ ပုတ္တပေတဝတ္ထုမှာဆိုရင် ကုန်သည်တစ်ဦးဟာ ကုန်ကူးသန်းရောင်းဝယ်ဖို့ သွားရင်း သမုဒ္ဒရာခရီးလမ်းမှာ ရောဂါဖြစ်ပြီးသေဆုံးလို့ သမုဒ္ဒရာအလယ်ကျွန်းတစ်ကျွန်းမှာ ဝေမာနိကပြိတ္တာ (မူကွဲ-နတ်ဗိမာန်ရှင်ရုက္ခစိုး) ဖြစ်နေရသတဲ့။ တစ်နေ့မှာ လူ့ပြည်ကျန်ခဲ့တဲ့ သူ့ဇနီးက သူ့ယောကျ်ားရဲ့ လက်ငုတ်လက်ရင်းလုပ်ငန်းကိုဆက်လုပ်တဲ့အနေနဲ့ မိတ်ဆွေကုန်သည်တွေနဲ့ ကုန်ကူးထွက်လာတာမှာ ဗိမာန်ရှင် ရုက္ခစိုးနတ်က ကုန်လှေတွေ သူ့ကျွန်းနားကဖြတ်သွားချိန် သူ့မယားဟောင်းပါလာတာမြင်တော့ လှေရှေ့ဆက်မသွားအောင် သူ့တန်ခိုးနဲ့ရပ်ထား သတဲ့။ ကုန်သည်တွေက လှေပေါ်လူယုတ်မာပါလို့ဖြစ်တယ်ထင်ပြီး ကာလကဏ္ဏိသလာကခေါ်တဲ့ သူယုတ်မာရွေးသောမဲစနစ်လုပ်တော့ သူ့မယားဟောင်းကိုပဲ သုံးကြိမ်တိုင်တိုင် မဲ[illegible]စေသတဲ့။ မဲကျတဲ့မိန်းမကို ဝါးဖော[illegible]ပေါ်တင်ပြီး သမုဒ္ဒရာအလယ်မှာချထား[illegible]တာကို နတ်တို့တန်ခိုးနဲ့ သူ့ဗိမာန်ပေါ်ခေါ်ထားပြီး ပျော်ပျော်ကြီး အကြင်လင်မယားအဖြစ် ပေါင်းနေတာ တစ်နှစ်တိတိကြာသတဲ့ဗျား"

"ရှင်ပြောသလိုသာ လူအရှင်လတ်လတ်ကြီးကို ရုက္ခစိုးတွေ၊ ပြိတ္တာတွေက သူတို့တန်ခိုးနဲ့ဖမ်းပြီးပေါင်းနိုင်တယ်ဆိုရင် မိအေးပြောသွားတာဟုတ်နိုင်တာပေါ့တော်။ ဘုရား. . . ဘုရားကြောက်စရာလန့်စရာတွေပါလား"

"ကဲ - မိန်းမ၊ ဘုရားတလို့ပြီးရင် မင်းကို မိအေးကပြောခဲ့တာတွေ ငါ့ကိုပြန်ပြောလေ"

"ပြောပါ့မယ် ယောက်ျားရယ်၊ ပြောမှာပါ။ ဒီလိုရှင့်"

❑

ဟိုအရင်ကတော့ အခုလို လမိုက်တဲ့ညတွေမှာ ကြက်ပစ်ဖို့ ကိုကျော်ထင့်တောထဲသွားနေကျပါပဲ။ သူ့အဖော် ညိုအေးမရှိတော့လို့ ဒီလမိုက်ရက်မှာ မသွားဖြစ်ဘူး။ ညိုအေးက သေသွားတာလေ။ (၁၀) ရက်လောက်ရှိပြီ။ မသေခင် နှစ်ရက်၊ သုံးရက် အစာလုံးဝမစားဘူး။ ရေတောင်မသောက်နိုင်ဘူး။ တတ်သမျှမှတ်သမျှ ဆေးတွေကျွေးပါသေးတယ်။ ကျွန်မတို့အဆင်ပြေနေတာကို မနာလိုဝန်တိုတဲ့လူက ပြုစားလိုက်တယ် ပြောကြတာပဲ။

ညိုအေးသေတာ ကျွန်မတို့လင်မယားမှာ ဆွေမျိုးအရင်းသေသလိုပါပဲ။ နှစ်ရက်၊ သုံးရက် မျက်ရည်မဆည်နိုင်ဘူး။ ကိုကျော်တင့်ဓာပိုဆိုးတယ်။ အစားအသောက်လည်း ဟုတ်တိပက်တိမစား၊ ညဘက်ဆိုရင်မအိပ်ဘဲငုတ်တုတ်ထိုင်ပြီး မှိုင်နေတာပဲ။ သူဒီလိုဖြစ်နေတာ ကျွန်မက မကြည့်ရက်ဘူး။ ဒါကြောင့် ပြီးခဲ့တဲ့ညက သူ့ကိုပြောမိတယ်။

'မအိပ်ဘဲထိုင်နေမယ့်အစား စိတ်ပြေလက်ပျောက်ဖြစ်အောင် ရွာဘေးနားက ဝါးတောတွေလှည့်ပြီး ကြက်ရှာကြမယ်။ အစ်ကိုနဲ့အဖော်ရအောင် ကျွန်မပါလိုက်ခဲ့မယ်လေ။ ညိုအေးမပါလည်း အနီးအနားက ကြက်အိပ်ကျင်းတွေ အစ်ကိုမှန်းပြီးရှာနိုင်တာပဲ'

သူက သဘောတူတယ်။ ကျွန်မတို့ သန်းခေါင်ကျော်မိုးလင်းပိုင်းမှာ ထွက်မယ့်လရဲ့အလင်းရောင်နဲ့ အိမ်ပြန်လာမယ်ဆိုပြီး (၈) နာရီလောက်ကထွက်လာတာ သက်ကြီးခေါင်းချအချိန်မှာ တောကြက် (၂) ကောင်ရနေပြီ။ မိုးရာသီမှာ တောကြက်များက သစ်ပင်ဝါးပင်ရဲ့ အောက်ဆုံးကိုင်းမှာ အိပ်လို့ရှာရလွယ်တယ်။ ဆောင်းရာသီမှာတော့ သစ်ပင်ရဲ့ အလယ်အကိုင်းအရွက်ထူထူကြားအိပ်လို့ရှာရခက်သတဲ့။ နွေမှာတော့ ကိုင်းဖျားကိုင်းနားအစွန်မှာ လေတိုက်ခံအိပ်လေ့ရှိတယ်လို့ သူက ကျွန်မကို သင်ပေးသေးတယ်။

နံနက်ပိုင်း (၃) နာရီလောက်မ[illegible] လင်းပိုင်းမှထွက်လာတဲ့လရောင်က သစ်ခက်တွေကြား မှုန်ဝါးဝါးစ[illegible]လာပြီး



www.burmeseclassic.com

www.burmeseclassic.com

## ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# လောကီပညာပဒေသာ

□ အသက်ရှည်အောင်

အသက်ရှည်ကြောင်း၊ ယတြာကောင်း၊ ထုံးဟောင်းဖော်ထုတ်ပြ၊ မွေးနံ့သစ်သား၊ ကိုယ်တော်စား၊ ဘုရားထုပြီးမှ၊ မြင့်မြတ်ရာမှာထားပြီးကာ၊ ကောင်းစွာပူဇော်ကြ။

တနင်္ဂနွေသားသမီး - အင်သား ဘုရားထု။

တနင်္လာသားသမီး - ကံ့ကော်။

အင်္ဂါသားသမီး - ညောင်သား။

ဗုဒ္ဓဟူးသားသမီး - လွန်သား၊ လင်းလွန်းသား။

ကြာသပတေးသားသမီး-ပေါက်သား၊ ပျဉ်းမ။

သောကြာသားသမီး - သီးသား၊ သီဟိုဠ်သား။

စနေသားသမီး - ထိမ်သား။

မိမိတို့မွေးနံ့နှင့်သင့်သောအသားကို ဘုရားထုကိုးကွယ်ပူဇော်ကြပါလျှင် အသက်ရှည်၏။ သားငယ်၊ သမီးငယ် အသေအပျောက်များသူတို့မှာ ၎င်းတို့၏ နံ့သင့်သစ်သားကို ဘုရားထုကိုးကွယ်ပူဇော်ပါက အသက်ရှည်ကြရာ၏။

မှောင်မိုက်နေမှ ကြက်အိပ်တန်းအောက်ဝင်လို့ရတာဆိုတော့ ရွာဘက်ပြန်လှည့်ရတယ်။ ဝါးတောတွေထဲလှည့်ရှာခဲ့တာလည်း ရွာတစ်ပတ်ပတ်မိတော့မယ်။ ကြက် (၅) ကောင်ရထားပြီးပြီဆိုတော့ ရွာနဲ့နီးမယ့် ဖြတ်လမ်းအတိုင်း တောတိုးလာကြတာပေါ့။

စမ်းကြီးဇတောအလွန်မှာ လျှိုထိပ်က ညောင်ပင်ကြီးနားရောက်တော့ သူကပြောတယ်။

"ညီမ ဒီညောင်ပင်အောက်မှာ ခဏနားရင်းစောင့်ပေး။ အစ်ကိုလျှိုထဲဆင်းမယ်။ လျှိုစောင်းကအပင်တွေမှာ တောကြက်သာမကဘူး၊ ရစ်ငှက်တွေလည်းအိပ်တတ်တယ်။ လရောင်က အတွင်းပိုင်းထိမဝင်ဘူး။ မှောင်နေမှာဆိုတော့ အစ်ကိုတစ်ယောက်တည်း ခြေသံလုံလုံနဲ့ဝင်ရှာလိုက်မယ်"

သူဆင်းသွားတယ်။ လျှိုစောင်းမှာပေါက်နေတဲ့ သစ်ကြီးဝါးကြီးအကိုင်းအလက်တွေက လျှိုကိုဖုံးထားတယ်။ လျှိုကအရှည်ကြီးဆိုတော့ အချိန်ကြာဦးမှာပဲဆိုပြီး အညောင်းဖြေရင်းစောင့်ဖို့ ညောင်ပင်ကြီးအောက်ကိုဝင်ထိုင်တယ်။ သက်တမ်းရင့်တဲ့ ညောင်ပင်အိုကြီးမို့ ညောင်မြစ်ကြီးတွေက အပင်ရင်းမှာ ပျဉ်ပြားကြီးတွေခင်းထားသလိုပဲ။ ကျောခင်းအိပ်လို့ရနိုင်တယ်။

ပင်စည်ကိုမှီပြီး ခြေဆန့်ထိုင်နေရင်းက မေ့ခနဲအိပ်ပျော်သွားတယ်။ တစ်ယောက်ယောက်ကနှိုးလိုက်သလိုပဲ။ လန့်ပြီးနိုးလာတော့ ကျွန်မကို အစ်ကိုကျော်တင့်က ပွေ့ဖက်ထားရင်း လက်တွေက အငြိမ်နေတာမဟုတ်ဘူး။ မရှိမသေပြောမိရင် ခွင့်လွှတ်ပါ အဘွားလေးရယ်။ ကိုယ့်ယောကျ်ားဆိုတော့ စိတ်ဆိုးလို့လည်းမှဖြစ်ဘူးလေ။ လင်နဲ့မယားညားလာခဲ့တာပဲ သုံးနှစ်နီးပါးရှိပြီ။ ဘယ့်နှယ် ငယ်မူပြန်နေတာလဲ။ ညီအေးမရှိတော့လို့ ငါ့ကိုပုံပြီးချစ်လာသလားလို့ စဉ်းစားမိလိုက်သေးရဲ့။ ခဏကြာတော့ သူက ကျွန်မကို ပျဉ်ခင်းထားသလိုဖြစ်နေတဲ့ ညောင်မြစ်ကြီးပေါ် လှဲချထားပြီး လက်နဲ့ဖိထားရင်း ကျွန်မမျက်နှာကို ငုံ့အကြည့်မှာ လျှိုစောင်းထိပ်က 'ဟေ့ ညီမ' လို့ ခေါ်သံကြားလိုက်ရတယ်။ ခေါ်လိုက်တဲ့အသံက အစ်ကိုကျော်တင့်အသံပီပီသသကြီးမို့ ဘယ်လိုလဲဟဲ့လို့ တွေးမိစမှာပဲ ဘေးနားမှာကပ်ထိုင်ရင်း ကျွန်မမျက်နှာကိုငုံ့ကြည့်နေတဲ့ အစ်ကိုကျော်တင့်က ရုတ်တရက်ထ[illegible]းတာလား၊ ဘယ်လိုလဲမသိလိုက်ရဘဲ ကျွန်မအနားက ပျောက်သွားတာပဲ အဘွားလေးရဲ့။ ညောင်ပင်ကြီးအောက်မှာဆိုတော့ လရဲ့အရောင်က မှုန်ဝါးဝါးကိုး။ လျှိုဘက်လာနေတဲ့အစ်ကိုကျော်တင့်ကို လရောင်အောက်မှာ မြင်နေရတယ်။

'ကြက်တစ်ကောင်ပဲ ရခဲ့တယ်။ ညီမအားငယ်နေမှာစိုးလို့ လျှိုဝက်လောက်တပဲလှည့်ပြန်ခဲ့တာ။ ဟဲ- ထထ၊ မင်းအိပ်ပျော်နေသလား' တဲ့။ အိမ်ပြန်ရောက်တော့ ဘုန်းကြီးကျောင်းက အရုဏ်တက်တုံးမောင်းခေါက်သံကြားရတာပဲ။ သူကတော့ 'အိမ်ရောက်တာနဲ့ တန်းအိပ်တာပဲ။ ဘာမှမသိရှာဘဲကိုး။ ကျွန်မတော့တစ်ခေါင်းလုံးထူပူနေတာပဲ အဘွားလေးရယ်။ ဒီကိစ္စမှာ ကျွန်မ လော်လီလို့ဖြစ်တာမှမဟုတ်ဘဲ။ ခရီးလည်းမဆိုးပါဘူး။ အဲဒါ အဲဒါ ကျွန်မမှာ အပြစ်မရှိပါဘူးနော်။ ဟုတ်တယ်နော် အဘွားလေး"

□

"အဲဒါပဲ ယောကျ်ား၊ ကောင်မလေးခမျာ သရဲလား၊ ကျတ်လား၊ ရှင်ပြောတဲ့ရုက္ခစိုးမျိုးလား ဘယ်လိုဟာနဲ့ ကြုံရှာသလဲ မသိဘူး။ ကြက်တွေရောင်းစရာကျန်သေးလို့သာပြန်သွားတာ၊ နေ့ခင်းလာပြီးပြောဦးမယ်တဲ့။ အေးလေ၊ သူတို့ခမျာ ကလေးကတည်းက ကျွန်မတို့ကို မိဘအရင်းလိုတွယ်တာခဲ့တာဆိုတော့ အားကိုးပြီး တိုင်ပင်ချင်မှာပေါ့။ ဟင်၊ ယောကျ်ား ယောကျ်ား၊ ကျွန်မပြောနေတာကြားရဲ့လား။ ရှင်က ဘာလို့ ငူငူကြီးဖြစ်နေတာလဲ"

"နေစမ်းပါကွာ၊ ငါငယ်ငယ်က တောပစ်သွားရင်း မင်းကိုဘယ်တောများခေါ်သွားမိခဲ့ဖူးသလဲပြန်စဉ်းစားနေတာဟ"

ထွန်းကျော်ရှိ


၂၀၁၅ခုနှစ် ဇူလိုင် အတွဲ(၁၅)အမှတ်(၄)

www.burmeseclassic.com

www.burmeseclassic.com

### ❑ စီးပွားများအောင်

ကိုယ့်မွေးနံ့မှရေတွက်ဆသော် သုံးကျလေညား နံအသားကို ဘုရားရှင် ကိုယ်တော်ထု၊ ဝန္ဒနာ မာန သတ္တာယ၊ နိစ္စအမြဲပြု၊ စီးပွားဥစ္စာရတနာများစွာ တောင်နှယ်စု.

| | | | |
|---|---|---|---|
| တနင်္ဂနွေသား | မွေးနံမှသုံးကျသော် | အင်္ဂါနံအသား | ညောင်သား |
| တနင်္လာသား | မွေးနံမှသုံးကျသော် | ဗုဒ္ဓဟူးနံအသား | လင်းလွန်းသား၊ လွန်သား |
| အင်္ဂါသား | မွေးနံမှသုံးကျသော် | ကြာသပတေးနံအသား | ပေါက်သား၊ ပျဉ်းမသား |
| ဗုဒ္ဓဟူးသား | မွေးနံမှသုံးကျသော် | သောကြာနံအသား | သီးသား၊ သီဟိုဠ်သား |
| ကြာသပတေးသား | မွေးနံမှသုံးကျသော် | စနေနံအသား | ထိန်သား၊ ထန်းသား |
| သောကြာသား | မွေးနံမှသုံးကျသော် | တနင်္ဂနွေနံအသား | အင်သား |
| စနေသား | မွေးနံမှသုံးကျသော် | တနင်္လာအသား | ကံ့ကော်သား၊ ကျွန်းသား |

### ❑ မြဲမြံတည်တံ့အောင်

မိမိနေလိုသောအရပ်၊ လုပ်လိုသောဌာန၊ လုပ်နေသောရာထူးဌာနနှင့်ရှည် မြဲမြံတည်တံ့ခိုင်မာအောင်၊ ကိုယ့်မွေးနံမှရှေ့နောက်ကျသည့်နှစ်ဝနံများ၊ ထိုသစ်သားကို ဘုရားထုလေသင့်၊ တည်ကြည်မြဲမြံ များသုခံ ဝင်းလျှံစန်းနှယ်ပွင့်။

| **အမြစ်နံ** | **နေ့သား** | **အညွန့်နံ** | **ဘုရားထုရန်အမြစ်+အညွန့်နံသစ်များ** |
|---|---|---|---|
| စနေ | တနင်္ဂနွေသား | တနင်္လာနံ | ထန်းကျင့်သား၊ ဒန်းကြီးသား |
| တနင်္ဂနွေ | တနင်္လာသား | အင်္ဂါနံ | သြဇာသား |
| တနင်္လာ | အင်္ဂါသား | ဗုဒ္ဓဟူးနံ | ခရေသား၊ ကလိန်သား |
| အင်္ဂါ | ဗုဒ္ဓဟူးသား | ကြာသပတေးနံ | စိန်ပန်းသား |
| ဗုဒ္ဓဟူး | ကြာသပတေးသား | သောကြာနံ | လောက်သေသား |
| ကြာသပတေး | သောကြာသား | စနေနံ | ပိတောက်သား |
| သောကြာ | စနေသား | တနင်္ဂနွေနံ | သစ်အယ်သား |

### ❑ ဘုန်းတန်ခိုးကျက်သရေတက်နေအောင်

ဘုန်းကျက်သရေတိုးရန်၊ ခွန်းမိန့်ပြန်၊ မြဲမြံမှတ်၍ထား၊ သိရီရပ်မှာ၊ နေ့လိုက်သာ၊ ပြုရန်ကုသိုလ်များ၊ မိမိနံက- လက်ယာပြ၊ ရေကြ-ရှစ်မျက်နှာ။

| **နေ့သားသမီး** | **သိရီအရပ်** | **ပြုလုပ်ရမည့်ကုသိုလ်** |
|---|---|---|
| တနင်္ဂနွေ | မြောက်အရပ် | ဘုရားစေတီတည်ခြင်း၊ ပြုပြင်မွမ်းမံကုသိုလ်လုပ်ပါ။ |
| တနင်္လာ | အရှေ့မြောက်အရပ် | အလှူကနားပြုလုပ်ပါ။ |
| အင်္ဂါ | အရှေ့အရပ် | တံခွန်တိုင်စိုက်၊ တံခွန်တိုင်လှူပါ။ |
| ဗုဒ္ဓဟူး | အရှေ့တောင်အရပ် | ကျောင်းဇရပ်ဂူပုထိုးများတွင် ကုသိုလ်လုပ်ပါ။ |
| ကြာသပတေး | အနောက်တောင်အရပ် | ရေတွင်းတူး၊ တံတားခင်း၊ တန်ဆောင်းဆောက်။ |
| သောကြာ | အနောက်မြောက်အရပ် | တန်ဆောင်းဆောက်လှူပါ။ |
| စနေ | တောင်အရပ် | ဘုရားတံခွန်ကြီးများ ကပ်ထူလှူပါလေ။ |

*❑ ဖွားတနင်္ဂနွေဖြစ်ခဲ့ပေ၊*
*ပြုလေစေတီများ။*
*နေ့တနင်္လာ ထိုသူမှာ၊*
*ပြုရာလှူကနား။*
*အင်္ဂါသားမှာ တံခွန်သာ၊*
*စိုက်ပါ မှန်-မမှား။*
*ဗုဒ္ဓဟူးလတ် ကျောင်းဇရပ်ပြုအပ်*
*လိုဏ်ဂူများ။*
*တန်ဆောင်း၊ ဇရပ်*
*ပြုလုပ်ရေတွင်း တံတားခင်း*

*ဖွားခြင်းဂရုသား။*
*သောကြာတန်ဆောင်*
*စိုက်တည်ထောင် ထွန်းပြောင်*
*သိရီဖွား။*
*တံခွန်ကြီးစွာစိုက်သင့်ပါ*
*နေ့မှာ စနေသား။*
*ထွန်းကျက်သရေ ရွှန်းလက်ဝေ*
*တက်နေပုံအလား။*
*ခုနစ်နေ့သားကောင်းမှုများ*
*သိရီအရပ်မှာလှူလို့ထား။*

*ဘုန်းတန်ခိုး ကျက်သရေ*
*တက်စေသား။*

သူရဋ္ဌစာဖတ်ပရိသတ်များနှင့်ခုနစ်နေ့သားသမီးများအားလုံးတို့သည် ယခု ဤဆောင်းပါးမှ အောင်လေးအောင်နှင့် အောင်မြင်ကြပါစေဟု မေတ္တာစေတနာများနှင့် ဆုမွန်ကောင်းတောင်းလိုက်ပါ၏။

**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျွန်မ၏ ချစ်လှစွာသောခင်ပွန်းသည်မှာ ကျွန်မလက်ပေါ်တွင် ကွယ်လွန်ခဲ့ရှာသည်။

ခင်ပွန်းသည်မှာ ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်လေတပ်စခန်းဌာနချုပ်ရှိ ဗုံးကြဲလေယာဉ်အုပ် (A-5) တွင် လေယာဉ်ဖစ်တာအင်ဂျင်၊ဆာဂျင်အဖြစ် တာဝန်ထမ်းဆောင်သည့်ဆာဂျင်ဌေးဝင်း ဖြစ်သည်။

တာဝန်ထမ်းဆောင်ရင်း ဦးနှောက်သွေးကြောပြတ်၍ဆုံးခဲ့ရခြင်း ဖြစ်လေသည်။

နမ့်စန် ခုတင် (၁၀၀) စစ်ဆေးရုံမှ အောင်ပန်းခုတင် (၅၀၀) စစ်ဆေးရုံသို့ ကားဖြင့်ပြောင်းရွှေ့ရာ လမ်းမှာပင်ဆုံးခဲ့သည်။

နမ့်စန် ခုတင် (၁၀၀) စစ်ဆေးရုံမှ စထွက်ကတည်းက သူ၏ဦးခေါင်းအား ကျွန်မ၏ညာလက်ဖြင့် ပွေ့ထားကာ လက်တစ်ဖက်က သူ့နှာခေါင်းဝအား မကြာခဏ လက်ညှိုးလေးနှင့် ကပ်ကြည့်ရသည်။ အသက်ရှူရပ်ရပ်သွားတတ်သောကြောင့် ဖြစ်သည်။

အောင်ပန်းခုတင် (၅၀၀) ဆေးရုံအား လှမ်းမြင်နေရသည့်အချိန်ခဏအတွင်း ညကအိပ်ရေးပျက်ဒဏ်ကြောင့် ကျွန်မ ငိုက်ခနဲတစ်ချက်ဖြစ်သွားရာမှ ချက်ချင်း သူ့နှာခေါင်းဝအား လက်ညှိုးလေးနှင့်တော့ကြည့်ရာ အသက်မရှူတော့ပေ။

ကျွန်မက အစ်ကို၊ အစ်ကိုဟု ခင်ပွန်းဖြစ်သူအားခေါ်ရင်း -

"ဆရာ၊ ဆရာ အသက်မရှူတော့ဘူး၊ လုပ်ပါဦး"

ဟု အလန့်တကြားအော်ရာ ကားအား လမ်းဘေးထိုးရပ်ခိုင်းပြီး ခုတင် (၁၀၀) ဆေးရုံမှ လိုက်ပါလာသည့် ဆရာကြီးများမှ သူ့နှလုံးအားခုန်အောင်လုပ်ကြ၏။ သူ့နှလုံးကား ပြန်လည်လှုပ်ရှားလာခြင်းမရှိတော့ပေ။

ကျွန်မ ခင်ပွန်းသည်၏မျက်နှာအား စိုက်ကြည့်ရင်း အစ်ကို၊ အစ်ကိုဟု ခေါ်နေမိသည်။ ခင်ပွန်းဖြစ်သူ၏မျက်လုံးသူငယ်အိမ်နှစ်ခုမှာ ချာချာလည်ထွက်သွားပြီးမှ ငြိမ်ကျသွားလေသည်။


သူ၏ နောက်ဆုံးထွက်သက်၊ နောက်ဆုံးမရဏဇောသည် ကျွန်မ၏'အစ်ကို၊အစ်ကို' ဟု ခေါ်သံတွင် အဆုံးသတ်သွားလေပြီ။ ငယ်ရွယ်ခြင်း၊ တရားအသိမရှိခြင်းတို့ကြောင့် ခင်ပွန်းသည်၏ နောက်ဆုံးခရီးအား အကူအညီပေး၍ ကျေးဇူးမပြုလိုက်ရပေ။

အောင်ပန်းခုတင်(၅၀၀) စစ်ဆေးရုံရေခဲတိုက်တွင် အလောင်းကိုထား၍ ဗိုလ်သင်တန်းဖြေရန် ရန်ကုန်သို့ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



# မေ (တာချီလိတ်)

# တမလွန်ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com

နေသည့်သားအား လှမ်းခေါ်ရသည်။

အဲသည်တုန်းက ဗုံးကြဲလေယာဉ်အုပ် (A-5) မှ ဗိုလ်ကြီးဝင်းနိုင်မှ အစစအရာရာ လိုက်လံဆောင်ရွက်ပေးသည်။ ဗိုလ်ကြီးဝင်းနိုင်မှာလည်း ကျွန်မခင်ပွန်းသည်ဆုံးပါးပြီး နှစ်အတန်ကြာတွင် ငယ်ငယ်ရွယ်ရွယ် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့လေသည်။

သင်္ဂြိုဟ်မည့်နေ့ အောင်ပန်းသင်္ချိုင်းဇရပ်တွင် သံဃာတော်များပင့်ဖိတ်၍ တရားနာ၊ အမျှအတန်းဝေရန် ဗိုလ်ကြီးဝင်းနိုင်မှ စီစဉ်ထားပြီးပြီဖြစ်သည်။

အသုဘပို့သူများမှာ ကျွန်မခင်ပွန်း၏အစ်မနှင့် သူ့ဆွေမျိုးများ၊ ကျွန်မတို့သားအမိလေးယောက်၊ လေတပ်မှဗိုလ်ကြီးဝင်းနိုင်နှင့် ဆရာကြီးများ၊ အောင်ပန်းစစ်ဆေးရုံမှ သေနတ်ဖောက်အလေးပြုမည့် ရဲဘော်များသာ ဖြစ်သည်။

အလောင်းအား နိုင်ငံတော်အလံအုပ်၍ စစ်အခမ်းအနားဖြင့် သင်္ဂြိုဟ်နိုင်အောင် အောင်ပန်းခုတင် (၅၀၀) မှ ရဲဘော်များနှင့် အပူတပြင်းစီစဉ်သူမှာ ဗိုလ်ကြီးဝင်းနိုင်ဖြစ်သည်။

များသောအားဖြင့် ယခုလို အဝေးတပ်များမှ လာရောက်သေဆုံးကြလျှင် ဖြစ်သလိုသာ သင်္ဂြိုဟ်လိုက်ကြရသည်က များသည်။

ဇရပ်တွင် တရားနာရာ တစ်ခုထူးခြားသည်မှာ ခေါင်းအား ဆရာတော်များရှေ့တွင်မချဘဲ မြေမြှုပ်မည့်နေရာသို့ ကားပေါ်မှသယ်ဆောင်သွားပြီး လွမ်းသူ့ပန်းခွေမှ မေမြို့ပန်းခက်ကလေးအား ချိုးယူ၍ ဆရာတော်၏ရှေ့တွင် ချထားခဲ့ခြင်းဖြစ်သည်။

ရေစက်ချမည့် ကျွန်မ၏ရှေ့တည့်တည့်တွင် အဲသည် မေမြို့ပန်းခက်လေး ရှိနေခဲ့သည်။

အမျှအတန်းဝေရင်း ကျွန်မမျက်လုံးအောက်မှ လန်းလန်းဆန်းဆန်း မေမြို့ပန်းခက်လေးမှာ တွန့်လိမ်ကောက်ကွေး၍ လှုပ်နေသည်ကိုတွေ့ရသည်။

အမျှအတန်းဝေပြီး၍ ဆရာတော်များပြန်ကြွရန် ထလိုက်ကြပြီး ဆရာတော်တစ်ပါးမှ မေမြို့ပန်းခက်လေးအား ကောက်ယူ၍သွားသည်ကိုသာ ဖျတ်ခနဲမြင်လိုက်ရသည်။

သင်္ဂြိုဟ်ခြင်းပြီးစီး၍ အောင်ပန်းသင်္ချိုင်းမှ နမ့်စန်လေတပ်စခန်းဌာနချုပ်သို့ တိုက်ရိုက်ပြန်ကြမည်ဖြစ်ရာ အားလုံးကားပေါ်တက်ကြ၍ ကားထွက်ခါနီးတွင် အမျိုးများထဲမှ အူယားဖားယားနှင့် 'ဟဲ့- ဒွေးဝင်းကို ခေါ်သွားကြဦးလေ' ဟုဆိုကာ သစ်ခက်တစ်ခက်ချိုး၍ ကျွန်မခင်ပွန်း၏ မြေပုံအားပုတ်ကာခေါ်၍ ကျွန်မလက်ထဲသို့ထည့်လိုက်လေသည်။ ပြောသေးသည်မှာ 'နင်တစ်လမ်းလုံးစကားမပြောရဘူးနော်' တဲ့။

ဤသစ်ခက်ကလေးတွင် ကျွန်မအစ်ကို၏ဝိညာဉ်သည် ပါလာလေသလော၊ မပါလာခဲ့လေသလော မသိပေမယ့် ဆရာတော်ကောက်ယူသွားသည့် မေမြို့ပန်းခက်လေးကိုသာ ကျွန်မမြင်ယောင်နေမိသည်။

လန်းလန်းဆန်းဆန်းပင်ရှိနေသေးသည့် မေမြို့ပန်းခက်လေးသည် ဘာကြောင့်များ တွန့်လိမ်လှုပ်ရှားရပါသလဲလို့ ကျွန်မတွေးနေမိသည်။ အစ်ကိုသည် ကျွန်မကို ဤပန်းခက်လေးအား ယူဆောင်သွားစေချင်သည့်သဘောများပေလား။

လျှပ်တစ်ပြက်မျှ တွေဝေတုံ့ဆိုင်းနေသည့်တစ်ခဏ ဆရာတော်မှကောက်ယူသွားခြင်းပါပေ။

နမ့်စန်လေတပ်စခန်းသို့ပြန်ရောက်လျှင် မိသားစုများ ဝိုင်းဝန်း၍ ကျွန်မအခန်းရှေ့တွင် မဏ္ဍပ်ကနားထိုး၊ စားပွဲကုလားထိုင်များချ၊ ဖဲများ ဆော့ကစားနေကြပြီ ဖြစ်သည်။

ရက်လည်တွင် မုန့်ဟင်းခါးကျွေးမည်ဖြစ်၍ ဗုံးကြဲလေယာဉ်အုပ် (A-5) မှ မိသားစုများ ဝိုင်းဝန်းချက်ပြုတ်နေကြရင်း မဏ္ဍပ်ကနားထိုးစဉ်က ဆရာကြီးဦးမြင့်ဆွေ၏အဖြစ်အား ပြောနေကြလေသည်။

ကနားဖျင်းထိုးပြီးလျှင် အမိုးအပေါ်မှ သေသူ၏စွပ်ကျယ်အားလွှားထားရသည်တဲ့။ မိုး၊ လေငြိမ်အောင်လားဘာလားတော့မသိပေ။ကျွန်မတို့မိသားစုကလည်းမရှိလေတော့ စွပ်ကျယ်ရှာ၍မတွေ့သောအခါ ဆရာကြီးမြင့်ဆွေမှ-

"ငါ့စွပ်ကျယ်လွှားလိုက်"

ဆိုပြီး ချွတ်ပေးသတဲ့။

"ဟဟ - မလုပ်နဲ့လေ။ သေတဲ့သူရဲ့စွပ်ကျယ်ကိုလွှားရတာ"

ဟု ဝိုင်းပြောရသတဲ့။

ဆရာကြီးက ကရင်တိုင်းရင်းသားဖြစ်သဖြင့် ဤအလေ့အထတွေကို အကျွမ်းမဝင်လှသောကြောင့် ဖြစ်သည်။

အုပ်မှူးမှာ အဲသည်တုန်းက ဗိုလ်မှူးအေးကိုကိုဖြစ်သည်။ အုပ်မှူးကောင်းမှုကြောင့် အသုဘအစအဆုံး ကျွန်မဘာမှလုပ်စရာမလိုပါ။ အုပ်မှူးဗိုလ်မှူးအေးကိုကိုမှ ညွှန်ကြား၍ ဗိုလ်ကြီးဝင်းနိုင်၊ အုပ်မှဆရာကြီးများ၊ မိသားစုဝင်များ အားလုံးဝိုင်းဝန်းစီမံသွားကြပါသည်။

အုပ်မှူးမှ -

"ရက်လည်နေ့မှာ အစ်မဘယ်သူ့ဖိတ်ချင်သေးလဲ"

ဟု မေးခိုင်းပါသည်။ တစ်တပ်လုံးကိုတော့ ထုံးစံအတိုင်း အခန်းပေါက်စေ့ဖိတ်စာဝေထားပြီးဖြစ်သည်။

"အသုဘမှာဖိတ်နေစရာလိုသေးလို့လား။ သူ့ဘာသာခင်ရင်မင်ရင်လာလိမ့်မယ်"

ဆိုပြီး ကျွန်မအနေနှင့် မြို့ထဲဈေးထဲ အခြားတပ်များသို့ မဖိတ်ကြားခဲ့ပါ။ ဒါကတော့ဖြင့် ကျွန်မ၏တစ်ယူသန်အတွေးလို့ပဲ ဆိုချင်ဆိုနိုင်ပါသည်။ သူများ၏နာရေးတွင်လည်း ကျွန်မကို ဖိတ်စာပို့သည်၊ မပို့သည် အာရုံမထားပါ။ ကျွန်မသွားပို့ချင်လျှင်ပို့လိုက်သည်သာ။

ဤသို့ဖြင့် ရက်လည်ပြီးသော် ကျွန်မနှင့် သမီးနှစ်ယောက်မှာ လက်ရှိအခန်းမှာပင် ဆက်၍နေရသေးသည်။ သမီးအလတ်မှာ ဆယ်တန်းဖြစ်သဖြင့် (၁၀) တန်းဖြေပြီးမှ တပ်ပြင်သို့ထွက်ပေးရမှာဖြစ်သည်။ အငယ်ဆုံးမလေးမှာ လေးတန်းမျှသာရှိသေးသည်။

ဗိုလ်သင်တန်းဖြေနေသည့်သားကတော့ ရက်လည်ပြီးသည်နှင့် ရန်ကုန်သို့ပြန်သွားလေသည်။

တစ်နေ့ -

စနေ၊ တနင်္ဂနွေကျောင်း ပိတ်ရက်သမီးနှစ်ယောက်က အခန်းချင်းကပ်လျက်မှ ဦးကိုကိုမောင်တို့အခန်းတွင် သွားလည်၍ ဇာတ်ကားကြည့်နေကြလေသည်။

ကျွန်မတစ်ယောက်တည်း အခန်းမှာရှိရာ တီဗွီကြည့်နေရာမှ နေ့ခင်းနေ့လယ် တစ်ရေးတစ်မောအိပ်ရန်အတွက် အိပ်ခန်းထဲသို့ တီဗွီပိတ်၍ ထလာခဲ့သည်။

အိပ်ခန်းခုတင်ပေါ်တွင် အသာလဲလျောင်းရင်း မလှုပ်မယှက်အိပ်ခန်းနံရံအား စိုက်ကြည့်၍ တွေးငေးနေမိသည်။ ထိုစဉ် ခုတင်ပေါ်သို့ လူတက်လိုက်သလို ကျွန်မဘေးမှ အသံထွက်လာသဖြင့် ကျွန်မအသာငဲ့ကြည့်ရင်း အင်္ကျီအိတ်ကပ်ထဲတွင်ထည့်ထားသည့် အစ်ကို၏ ပတ်စပို့ဓာတ်ပုံလေးအားထုတ်ကြည့်ကာ အသံတိတ်ငိုယိုနေမိသည်။

ကျွန်မက လူရှေ့သူရှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com

ငိုယိုတတ်သူမဟုတ်ဘဲ ကျိတ်ဆွေးတတ်သူတစ်ယောက်သာဖြစ်လေသည်ကြောင့် ကျွန်မတစ်ယောက်တည်းရှိနေသည့်အချိန်တွင် ခုတင်ပေါ်တွင်သူရှိကြောင်းပြသည့် အနေဖြင့် အသံပေးခြင်းပေလား။

သူ့ဘဝ ကျွတ်ဖို့လွတ်ဖို့အတွက် အမျှအတန်းတောင်းဆိုခြင်းရယ်လို့တော့ နည်းနည်းမျှအတွေးမဝင်မိပေ။

ဓလေ့ထုံးစံအရ သချိုင်းမှာ သရဏဂုံတင်စဉ်တစ်ခါနှင့် ရက်လည်စဉ်ကတော့ အမျှအတန်းဝေခဲ့ပါပြီ။

သူသေဆုံးပြီးစရက်များမှာတော့ ကျွန်မအဖို့ အတော်လေး ကယောင်ချောက်ချားနိုင်လှပါသည်။

ညနေအလုပ်ဆင်းချိန်မှာ စက်ဘီးကိုယ်စီနှင့်ပြန်လာကြသည့် ယူနီဖောင်းဝတ် လေတပ်သားများကို မြင်တွေ့ရလေတော့ ကျွန်မလည်း အစ်ကို့ကို ရောယောင်မျှော်နေမိသည်။

တစ်ခါကများ အိမ်ရှေ့အခန်းမှ ဒေါ်တင့်ကိုလှမ်း၍-

"ဒေါ်တင့်ရေ အစ်ကိုပြန်လာတာ မြင်မိလား"

လို့ မေးလှမတတ်ဖြစ်ခဲ့ရသည်။

"ဘုရား ဘုရား၊ ငါရူးနေတယ်လို့ သူများတွေထင်တော့မှာပဲ"

လို့ ကိုယ့်ကိုယ်ကိုယ်ပြန်ဆုံးမ၍ ထိန်းသိမ်းခဲ့ရသည်။

တစ်နေ့တွင် ဘော်ဒါမှာနေသည့် (၁၀) တန်းကျောင်းသူသမီး ဖူးကေခိုင်နှင့် သူ့ငယ်ချင်းတွေ အိမ်မှာလာအိပ်ကြရာ တီဗီရှေ့ ကျွန်းဖလိုးပေါ်မှာစု၍ အိပ်ခဲ့ကြသည်။

မနက် (၄) နာရီလောက်တွင် ကျွန်မအိပ်ပျော်နေရာမှ ကြက်သီးမွေးညင်းတွေဟာ ခြေဖျားမှနေ ခေါင်းအထိ တဖျဉ်းဖျဉ်းထလာကာ ခေါင်းပေါ်မှ ဆံပင်များထောင်ထနေသလားတောင် အောက်မေ့ရပါသည်။

ကျွန်မ ကြောက်စိတ်ဖြင့် မျက်လုံးလည်းမဖွင့်ရဲဘဲ -

"သမီးရေ ဖူးကေခိုင်၊ အမလေး- အမေခြေထောက်တွေကိုက်လိုက်တာ ထပါဦး"

ဟု ဉာဏ်ဆင်၍နှိုးရသည်။

သမီးကထ၍နင်းပေးမှ ကျွန်မ မျက်လုံးဖွင့်ရဲသည်။ ကျွန်မဆက်၍ ဟန်ဆောင်ကာ 'အမလေး အင်း အား' လုပ်တာ အော်ညည်းနေ၍ သမီးသူငယ်ချင်းများလည်း ငုတ်တုတ်ထထိုင်နေကြပါသည်။

ဒီလိုနှင့် မိုးလင်းအောင်လုပ်ခဲ့ရသည်။

ကျွန်မအနေနှင့်ကတော့ နမ့်စန်လေတပ်စခန်းဌာနချုပ် လိုင်းခန်းတွင်နေစဉ် ခုတင်ပေါ်တွင် အသံပေးစဉ်တစ်ခါနှင့် ဤကြက်သီးထခြင်းတစ်ခါပဲ ကြုံတွေ့ခဲ့ရသည်။

ကျွန်မ တခြားလိုင်းခန်းသို့သွားလည်စဉ် မလှတ်ဆိုသည့် ဆရာကြီးကတော်တစ်ယောက်မှ -

"ညီမ၊ ညီမတို့လိုင်းခန်းဘက်မှာ ဟိုတစ်လောက ရုတ်ရုတ်သဲသဲနဲ့ပြောနေကြတာ ညီမသိလား"

လို့ မေးလာတဲ့အခါ -

"ဟင့်အင်း - ကျွန်မ မသိပါဘူး။ ဘာဖြစ်လို့လဲ အစ်မ"

ပြန်မေးကြည့်မိပါသည်။

"ညီမစိတ်မကောင်းဖြစ်မှာစိုးလို့ မပြောကြတာဖြစ်မယ်။ ညီမအခန်းနဲ့ တစ်ခန်းကျော်က ဆရာမင်းဇော်လေ ညတစ်ရေးနိုးထတော့ ညီမတိုက်ခန်းနောက်မှာ လူတစ်ယောက်ထိုင်ပြီး မီးတရဲရဲနဲ့ ဆေးလိပ်သောက်နေတာတွေ့လို့ ဘယ်သူတုံးဆိုပြီး သွားကြည့်တာ အမလေး ဆရာဒွေးဝင်းကြီးဆိုပြီး ပြန်ပြေးလာသတဲ့။ ညီမ မသိဘူးလား"

"ဟင့်အင်း - ကျွန်မ မသိပါဘူး။ ဒါပေမယ့် အစ်ကိုမှ ဆေးလိပ်မသောက်တတ်တာ။ ဟုတ်မှာမဟုတ်ပါဘူး"

လို့ ကျွန်မ ငြင်းခဲ့ပါသည်။

ဟိုအစ်မကတော့ -

"ဪ - အေးအေး၊ ဟုတ်မှာပါ"

လို့ လျှော့ချသွားပါသည်။

ကျွန်မတွေးတာကလည်း ရိုးရိုးကလေးပါ။ လူ့ဘဝက အစ်ကိုဆေးလိပ်



မသောက်တတ်သည့်အတွက် ဆေးလိပ်သောက်နေသည့်သရဲသည် အစ်ကိုမဟုတ်နိုင်လို့ တွေးမိခြင်းပါ။

ဒါပေမယ့် တိုက်ဆိုင်တာတစ်ခုကဖြင့် အစ်ကိုမသေခင်တစ်ပတ်၊ ဆယ်ရက်လောက်က ကျွန်မတို့ သရဲအကြောင်းပြောခဲ့ကြရာ အစ်ကိုပြောပြသည့် သူကိုယ်တွေ့သရဲအကြောင်းတွေထဲမှာ အဲဒီဆေးလိပ်မီးတရဲရဲနှင့်သရဲအကြောင်းပါပါသည်။

အစ်ကို လူပျိုဘဝတုန်းက သူတို့ သူငယ်ချင်းတစ်သိုက် ညကြီးသန်းခေါင် လည်ပတ်ရာမှ ပြန်လာကြစဉ် ဈေးဆိုင်တစ်ဆိုင်၏ ခုံပေါ် အမှောင်ထဲတွင် လူတစ်ယောက်ထိုင်၍ ဆေးလိပ်မီးတရဲရဲနှင့်တွေ့ရကြောင်း၊ အနားသို့သွားကြည့်ရာတွင် အဲဒီလူမှာ ပျောက်ခြင်းမလှ ပျောက်သွား၍မရှိတော့ကြောင်း ပြောပြခဲ့သည်။

ကျွန်မကိုယ်တိုင် တွေ့တာလည်း မဟုတ်သဖြင့် မစဉ်းစားတတ်တော့ပါပြီ။

အဲဒီအကြောင်းတွေကြောင့်ရော အစ်ကို့အားရည်စူး၍ တပ်ဦးကျောင်းတွင် သင်္ကန်းလှူ၊ ဆွမ်းပို့မည်ဟု ကျွန်မ ရည်ရွယ်ထားခဲ့သည်။

ထိုအချိန်မှာပင် ရန်ကုန် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်ရှိ ခင်မင်ရပါသော မိတ်ဆွေ အစ်မလွင်နှင့် အစ်မစန်းဦးတို့ လေချွန်နှုတ်သွားမေးကြသတဲ့။

နမ့်စန်လေတပ်ရှိ ကျွန်မထံသို့ ဖုန်းဆက်၍ အစ်မလွင်၏ ပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"ဟေ့ကောင်မ ကိုဒွေးဝင်းကြီးက ပြောတယ်ဟဲ့။ ညည်းကို အထုပ်အထည်နဲ့မထားခဲ့ရလို့ စိတ်မကောင်းဘူးတဲ့။ သူ့အတွက် သင်္ကန်းလှူ၊ ဆွမ်းလှူမလုပ်ပါနဲ့တဲ့။ သူ့ဘဝမှာခေါ်နိုင်သေးဘူးတဲ့။ ဘုန်းကြီးကျောင်းမှာ (၁) နှစ်နေရမယ်လို့ ပြောတယ် ကောင်မရဲ့။ နောက် အိမ်ထောင်လည်း မပြုနေနဲ့တဲ့။ ဒါပဲ တိုတိုတုတ်တုတ်ပြောပြီး ထွက်သွားတယ်တဲ့။ နောက်ပြီး ပြောခဲ့သေးတယ်။ သူ့ကို ခဏခဏမခေါ်ပါနဲ့တဲ့။ လာရတာ ဒုက္ခရောက်သတဲ့ ဟဲ့ကောင်မရဲ့"

ကျွန်မ နည်းနည်းတော့ အံ့ဩမိခဲ့ပါသည်။ တိုက်ဆိုင်မှုလား။ ကျွန်မ သင်္ကန်းလှူ၊ ဆွမ်းလှူမှာ သူသိနေခဲ့သလား။

ကျွန်မလည်း သမီးဖူးကေခိုင် (၁၀) တန်းဖြေပြီးသည်နှင့် အမျိုးများရှိရာ တာချီလိတ်သို့သွားကြမှာဖြစ်


www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ပစ္စည်းများရောင်းချ၊ ထုပ်ပိုးနှင့် အလုပ်ရှုပ်နေခဲ့ပါသည်။

လမ်းခရီးအတွက် ထောက်ခံစာ အပြည့်အစုံယူရသလို ပုံစံ (၁၀) အပြောင်းအရွှေ့၊ ပင်စင်ကိစ္စနှင့် အိမ်ကပ်ရသည်မရှိပါ။

လမ်းခရီးနယ်မြေမှာ မအေးချမ်းသဖြင့် စစ်ယာဉ်တန်းများနှင့် လိုက်ကြမှာမို့ တပ်ကိုလည်းတင်ပြ အကြောင်းကြားထားပြီးဖြစ်သည်။

သမီး (၁၀) တန်းဖြေပြီး မကြာပါ၊ ယာဉ်တန်းများ နမ့်စန်အထက ကျောင်းဘေးရှိ ယာဉ်ရပ်နားစခန်းတွင် ရောက်ရှိနေကြောင်း၊ အဲဒီနားတွင် နေထိုင်သည့် မစုကလာခေါ်သဖြင့် ကသော့ကမျောလိုက်သွားခဲ့ကြပါသည်။ တပ်နှင့် (A-5) အုပ်မှ အကြောင်းကြားခြင်းကို မစောင့်ခဲ့ပေ။ ထို့ကြောင့် ယာဉ်တန်းများထွက်မည့်ရက်ကိုမသိဘဲ မစုအိမ်တွင် အိပ်၍စောင့်ခဲ့ကြသည်။

အဲဒီနေ့ ယာဉ်တန်းများထွက်ခွာမည့်နေ့ မနက်မှာတော့ ကျွန်မနှင့် သမီးဖူးကေခိုင်၊ နှင်းကေခိုင်တို့ အိပ်မောကျနေသလို မစုတို့ မိသားစုလည်းမနိုးပေ။

ကျွန်မနားထဲတွင် ကျွန်မနာမည်အား အော်ခေါ်နေသံအား ရုတ်တရက်ကြားလိုက်မိပြီး နိုးလာသည်နှင့် ငေါက်ခနဲထထိုင်ကာ သမီးနှစ်ယောက်အားနှိုးအိတ်တွေဆွဲကာ ထွက်လာခဲ့ကြပါသည်။

"ထ-ထ ယာဉ်တန်းတွေထွက်နေပြီ။ အော်ခေါ်နေတယ် မစုရေ သွားပြီ"

အိမ်ရှင်မစုလည်း အိပ်မှုန်စုံမွှားနှင့် နောက်ကလိုက်လာပါသည်။ ကားစက်နှိုးသံများလည်း ဆူညံနေပါသည်။ အိတ်တွေဆွဲ၍ အပြေးအလွှားသွားကြသည့်အခါ အော်ခေါ်နေသံအား မကြားရတော့ပေ။

စစ်ကားများရှေ့မှ ရဲဘော်များအား 'ကျွန်မနာမည်ခေါ်သလား' လို့မေးသည် 'မခေါ်ပါဘူး' ဟု ပြောကြသည်။ ယောင်တောင်တောင်နှင့် စစ်ကားတွေကြားထဲမှာ သားအမိသုံးယောက်ရပ်နေခဲ့ကြသည်။

ကျိုင်းတုံထောက်/ပို့တပ်မှ ရဲထွန်းဆိုသည့်ရဲဘော်မှ-

"ဘယ်သွားမှာလဲ"

ဟု မေးပြီး သူ့ကားတွင် ဆန်အိတ်များသာပါပြီး လူပိုတစ်ယောက်မှမပါသဖြင့် လိုက်လို့ရကြောင်း ပြောသဖြင့် အဆင်ပြေသွားသည်။

ရဲဘော်ရဲထွန်းမှာ ပိန်ပိန်ပါးပါး၊ ကုလားဆင်နှင့် ရိုးသားသဘောကောင်းလှသည်။ ညအိပ်ခရီးရှည်ကြီးဖြစ်သဖြင့် ကျွန်မတို့အား တစ်လမ်းလုံး ရိုးသားစွာကူညီစောင့်ရှောက်ခဲ့၍ ကျေးဇူးအထူးတင်ရပါသည်။

ကျိုင်းတုံသို့ရောက်လျှင် တာချီလိတ်သို့သွားမည့်ကားဂိတ်တွင်ချပေးခဲ့ရာ ရဲဘော်ရဲထွန်းအား နှုတ်ဆက်ခဲ့ရပါသည်။ သူတော်ကောင်းနှင့် ဤခရီးရှည်ကြီးအားသွားခဲ့ရသဖြင့် ရဲဘော်ရဲထွန်းအား ကျေးဇူးအခါခါတင်မိရပေသည်။

ဤသူတော်ကောင်းကားနှင့်လိုက်ပါနိုင်အောင်ဖန်တီးခဲ့သည့်တစ်စုံတစ်ရာကိုလည်း ကျေးဇူးတင်ရပါသည်။

ကျိုင်းတုံတွင်တာချီလိတ်သွားမည့် ကားလက်မှတ်ဖြတ်ရာ သမီးဖူးကေခိုင်မှာ အသက် (၁၆) နှစ်သာရှိသေးသဖြင့် မြို့နယ်ဦးစီးမှူး၏လက်မှတ်ထောက်ခံစာပါမှသာရမည်ဟုကားဂိတ်မှပြောသည်။

ဓာည်းခိုခန်း၌တည်း၍ ထောက်ခံစာသွားယူကြသည်။

ကျိုင်းတုံရုံးရောက်တော့ ဆိုင်ရာဖြူဖြူဖုဖုဝဝနှင့်လူအားပြောပြရာ ကျွန်မတို့သားအမိအားအော်ဟစ်ငေါက်ငမ်းနေပါသည်။ 'နောက်ရက်မှလာခဲ့' ဟု ဆို၍ ပြန်လွှတ်လိုက်ရာ နောက်ရက်သွားရာတွင် ထိုလူအားမတွေ့ရသဖြင့်စောင့်ရင်းစောင့်ရင်း ရုံးတွင် လူလည်းမရှိတော့ပေ။

သားအမိသုံးယောက် ရုံးရှေ့ခုံတန်းရှည်ပေါ်တွင်ထိုင်၍ ကျွန်မတို့အနားတွင် ပိန်ပိန်ပါးပါးနှင့်ကောင်လေးတစ်ယောက် အမှိုက်လှည်းနေ၍ မေးကြည့်ရာ အဲဒီလူမလာကြောင်းပြောသဖြင့် စိတ်ဓာတ်ကျသွားကြပါသည်။

သမီးဖူးကေခိုင်မှ -

"အမေဘယ်လိုလုပ်မလဲ၊ ဒုက္ခပါပဲနော်။ တည်းခိုခန်းခကလည်း ဘယ်လောက်လဲမသိဘူး"

ဟု မေးရာ ကျွန်မလည်း စိတ်ညစ်ညစ်နှင့်-

"မသိပါဘူးဟယ်"

ပြောမိသည်။

အနားတွင် စောစောကကောင်လေးမှ-

"လာ အစ်မတို့ ကျွန်တော့်နောက်လိုက်ခဲ့။ ဦးစီးမှူးပြန်တော့မယ်"

ဆိုပြီး ခေါ်သွား၍ ဦးစီးမှူးအား ကျွန်မတို့အကြောင်းပြောပြသည်။ ဦးစီးမှူးမှ တပ်မိသားစုများဟုသိပြီး ချက်ချင်းလက်မှတ်ထိုးပေးပြီး ပြန်သွားပါသည်။

ကောင်လေးအား ကျေးဇူးတင်လွန်း၍-

"ဘယ်လောက်ပေးရမလဲဟင်"

ဟု မေးရာ -

"ဟာ - မလိုဘူး မလိုဘူး"

ဟု အတင်းငြင်းပါသည်။ ဖွတ်ပေးသော်လည်း မရပေ။ အဲဒီအမည်မသိတဲ့ကောင်လေးကိုလည်း ကျေးဇူးတင်ရသည်မှာ ပြောမပြတတ်အောင်ပါဘဲ။

တာချီလိတ်သို့ရောက်ပြီး အစ်မအိမ်ဘေးတွင် သားအမိသုံးယောက် အိမ်လေးဆောက်နေခဲ့ကြသည်။ ကျွန်မက ဝမ်ကောင်းဈေးထဲတွင် ဈေးရောင်း၍ သမီးအငယ်ဆုံးလေး နှင်းကေခိုင်အား ပုန်းထွန်ကျောင်းတွင် ကျောင်းဆက်နေစေသည်။ သမီးလတ် ဖူးကေခိုင်မှာ (၁၀) တန်းကို ဂုဏ်ထူးတစ်ဘာသာဖြင့်အောင်မြင်၍ တောင်ကြီးသို့ကျောင်းသွားတက်ရန် စောင့်နေစဉ် ကျွန်မအားဈေးကူရောင်းနေခဲ့သည်။

အဲသည် အိမ်လေးထဲမှာ (၂) နှစ်လောက်အတွင်း တစ်ည မနက် (၄)နာရီတွင် သမီးနှစ်ယောက်ဘက်လှည့်အိပ်နေသော ကျွန်မအား နောက်ကျောဘက်မှနေ၍ ပွေ့ဖက်လာခဲ့သူ၏ရုပ်အား မမြင်ရသော်လည်း 'အစ်ကို' ဟု သိနေပြီး 'အစ်ကိုဟာသေသွားပြီ' ဟုလည်း ကျွန်မသိနေခဲ့သည်။

အစ်ကို၏မျက်နှာကား မကြည့်ရဲဘဲ ကြောက်နေခဲ့သလို အစ်ကိုကလည်း သူ့ပုံသဏ္ဌာန်အား လုံးဝမပြပေ။

ခဏဆိုမှ ခဏလေးပါပဲ။ ကျွန်မဖျတ်ခနဲ နိုးလာခဲ့သည်။ အိပ်မက်လိုလိုပေမယ့် ကျွန်မခံစားမှုက အပြင်မှာလက်တွေ့ပွေ့ဖက်ထိတွေ့နေရသလိုမျိုး ရှိနေခဲ့သည်။ အစ်ကို ကျွန်မဆီလာတွေ့တာရယ်လို့ ခံစားသိရှိနေခဲ့သည်။ သို့ပေမယ့် သေသူအစ်ကို၏ ရုပ်ရည်ကိုမြင်တွေ့ရမှာ ကျွန်မကြောက်နေခဲ့သလို အစ်ကိုကလည်း သူ့ရုပ်ရည်၊ ပုံသဏ္ဌာန်အား ကျွန်မမြင်တွေ့မှာ ကြောက်နေခြင်းအား ခံစားသိရှိရသည်။

နောက်တစ်ခါ ဤသို့ပုံသဏ္ဌာန်မပါဘဲနှင့် ပွေ့ဖက်လာခဲ့ပြီး ကျွန်မ၏ရင်သားနေရာတွင် မီးလင်းသလိုမျိုး ကွက်လင်းနေခဲ့ခြင်းအား ထူးထူးခြားခြား ခံစားသိရှိရသဖြင့် နောက်တစ်နေ့တွင် သုံးလုံးထီထိုးရာ ထီပေါက်ခဲ့လေသည်။

နောက် (၃) နှစ်အကြာလောက်တွင်လည်း မနက် (၄) နာရီထိုးတွင် ပုံသဏ္ဌာန်မပြဘဲ လာရောက် ပွေ့ဖက်



www.burmeseclassic.com

www.burmeseclassic.com

ခြင်းကို နှစ်ကြိမ်တိုင်ပြုလုပ်ခဲ့ပေသည်။

သူလာသည်နှင့် ကြက်သီးထသလို ဖျဉ်းခနဲဖြစ်သွားပြီး ကျွန်မကို ပွေ့ဖက်သူသည် အသံနှင့်ရုပ်မပါသော်ငြားလည်း အစ်ကိုဟုသည့်အသိတော့ရှိနေခဲ့သည်။

ထိုနှစ်ကြိမ်လာပြီး (၃) လအကြာတွင် ကျွန်မခရီးထွက်ခဲ့သည်။ ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့တွင် တာဝန်ထမ်းဆောင်နေပြီဖြစ်သော သမီးလတ်ဖူးကောခိုင်နောက်သို့အလည်အပတ်သွားခဲ့ခြင်း ဖြစ်သည်။

သမီးဖူးကောခိုင်၏ အစိုးရမှပေးသောဆေးခန်းနှင့်တွဲလျက်အိမ်၌ ကျွန်မ (၃) လမျှ နေထိုင်စဉ်အတွင်း တစ်ညမနက် (၄) နာရီတွင် အစ်ကိုလာခဲ့လေသည်။

မနက် (၃) နာရီခွဲလောက်တွင် ကျွန်မနိုးလာသဖြင့် စောသေး၍ ဖုန်းဖွင့် ဖေ့စ်ဘွတ်ကြည့်ရင်း ငိုက်လာသလိုလိုဖြစ်လာကာ ဖုန်းကို ခေါင်းအုံးဘေးသို့ချလိုက်လျှင်ပင် လက်နှစ်ဖက်နှင့်ရစ်သိုင်း၍ ကျွန်မလည်တိုင်အား ယုယစွာပွေ့ဖက်လာသူအားမော့ကြည့်ရာ အစ်ကိုဖြစ်နေလေသည်။

အစ်ကို့မျက်နှာအား ကြည်လင်စွာတွေ့ရပြီး ကျွန်မကလည်း သေချာစိုက်ကြည့်၍ ကြောက်စိတ်များကင်းနေခဲ့သည်။

အစ်ကိုသည် သူ့မျက်နှာအား ကျွန်မပါးနားကပ်၍ -

"ခိုင်လေး"

ဟု တိုးတိုးလေးခေါ်လေသည်။

ကျွန်မလည်း အစ်ကို့မျက်နှာအား သေသေချာချာစိုက်ကြည့်မိရာ လူ့ဘဝက အစ်ကိုနှင့်မခြားနားစွာရှိလေသည်။

အစ်ကိုက ကျွန်မ၏ပါးပြင်အား ယုယစွာနမ်းလေသည်။ ကျွန်မ၏ခံစားမှုမှာလည်း နှစ်ပေါင်းများစွာ ကွဲကွာနေသည့် ချစ်သူအား ပြန်လည် ဆုံတွေ့ရသလိုမျိုး၊ ခရီးဝေးထွက်သွားသည့်ချစ်သူခင်ပွန်းသည်အား လွမ်းဆွတ်တမ်းတစွာကြိုဆိုမှုမျိုးဖြင့် ပြန်လည်ပွေ့ဖက်ထားမိခြင်းအပြင် နှစ်နှစ်ကာကာပြန်လည်နမ်းမိလေသည်။

ကျွန်မက -

"အစ်ကိုမလာတာကြာပြီနော်"

ဟု ဆိုသောအခါ -

"ခဏခဏလာရင် ခိုင်လေး ကြောက်နေမှာစိုးလို့"

ဟု ပြောသည်။

"အစ်ကို မိန်းမရနေပြီလားဟင်"

"လျှောက်ပြောနေပြန်ပြီ"

ကျွန်မလည်း မေးစရာအပြေးအလွှားစဉ်းစား၍ -

"အစ်ကို ဘာအလုပ်လုပ်နေရလဲဟင်"

ဟု မေးမိရာ အစ်ကိုပြောသည်မှာ သူလူ့ဘဝတုန်းကအလုပ်နှင့်စပ်ဆိုင်သည့်ဌာနဆိုင်ရာတွင်လုပ်ကြောင်းပြောလိုက်သည်ဟု ကျွန်မသဘောပေါက်မိသည်။

ပြီးတော့ -

"နှစ်မိနစ်ပဲ အချိန်ရမယ်"

ဟု ပြောပြီး ကျွန်မကို ပွေ့ဖက်အနမ်းပေးနေစဉ်မှာပဲ ဖျတ်ခနဲ ကျွန်မနိုးလာခဲ့ပါသည်။

ကျွန်မ၏နားနားကိုကပ်၍ 'ခိုင်လေး' ဟု တိုးတိုးလေးခေါ်လိုက်သည့် အစ်ကို့အသံမှာ နားထဲတွင်စွဲ၍ ကျန်နေခဲ့သည်။ ပါးနှင့်နဖူးအားနမ်းသည့်အနမ်းများ အစ်ကိုမှအစ်ကိုအစစ်ပါပဲ။ အစ်ကိုဟာ သူ့မျက်နှာကိုထင်ရှားစွာပြ၍ ရဲတင်းစွာရှိခဲ့ပြီ။

ကျွန်မ ရင်ခုန်ခြင်း၊ အံ့ဩခြင်းများဖြင့် အတွေးများကချာချာလည်နေခဲ့သည်။

ဘုရား၊ ဘုရား ဆင်ကြီးတွေ့မှ ဆင်ခြေရာခံနေဖို့လိုသေးလား။ သေသွားပြီးမှ ငါ့ကိုစွဲလမ်းနေခြင်း၊ လာလာတွေ့နေခြင်းဟာ ကောင်းသောအကြောင်းတရားတော့မဟုတ်ပေဘူး။ ငါ့စာစီခုခုတော့ လုပ်သင့်ပြီလို့ထင်တယ်။

သူ့အကူအညီတောင်းတဲ့ အထိ ကျွန်မစောင့်နေခြင်းလား။ ဒီတစ်ခါလာရင် ကျွန်မ အလှူပြုလုပ်၍ အမျှအတန်းဝေမယ်၊ အစ်ကို သာဓုခေါ်ပါလို့ပြောရမှာလား။

အကြာကြီးနေမှ တစ်ခါလာနိုင်တဲ့ အစ်ကို့ဘဝအခြေအနေ အခက်အခဲကိုလည်း ကျွန်မ မှန်းဆမိပါပြီ။

အစ်ကိုဟာ မသေခင်က ဘုရားမှန်း၊ တရားမှန်းမသိခဲ့။ သောက်စားပျော်ပါးနေခဲ့ပြီး သေခါနီး နောက်ဆုံးအချိန်တွင်လည်း မယားသည်၏ 'အစ်ကို အစ်ကို' ဟု ခေါ်သံအား သူကြားခဲ့ကာ ဤသို့ စွဲလမ်းခြင်းဖြင့်လာနေရှာသလား။ 'ကျွန်မကို ခွင့်လွှတ်ပါ အစ်ကိုရယ်' ဟု ညည်းတွားမိတော့သည်။

ကျွန်မ သူ့ကိုချစ်ခဲ့ပါသည်။ ယခုလည်း ချစ်နေဆဲပါ။ ဒါပေမယ့် 'ကျွန်မအနားကို သူ့အားမလာစေချင်တော့ပါ။



သူ့ကိုချစ်လျှင် သူမလာအောင် လုပ်ရမှာပေါ့ဟု ဆုံးဖြတ်မိသည်။

သားသမီးတွေနှင့်အတူ ဘဝကို ရုန်းကန်လှုပ်ရှားရင်း နေသားတကျရှိခဲ့ပါပြီ။ အဖော်မဲ့ဘဝကို အထီးကျန်လှချည့်ရဲ့လို့လည်း မညည်းတွားခဲ့ပါဘူး။

အစ်ကိုဆုံးတဲ့နေ့က အောင်ပန်းခုတင် (၅၀၀) ဆေးရုံကြီးရဲ့ရှေ့မှာ ကျွန်မပြောခဲ့ပါသေးသည်။ အစ်ကိုရဲ့ အလောင်းကိုပွေ့လို့ပေါ့။

'ကိုယ့်ဘဝကို လွတ်အောင်ရုန်းပါ အစ်ကို။ ကျွန်မတို့သားအမိတွေအတွက် မပူပါနဲ့။ ကျွန်မအတွက်လည်း မပူပါနဲ့' လို့။

ယခုလည်း ပြုပြုသမျှ ကုသိုလ်အဝဝတို့ကို အမျှပေးဝေပါတယ် အစ်ကို။ ကောင်းရာဘုံဘဝကို ကူးပြောင်းနိုင်အောင် သာဓုခေါ်နိုင်ပါစေ။

ကျွန်မအနေနှင့်လည်း သေခြင်း၏အဆုံး၌ ဘဝကူးကောင်းဖို့အတွက် ဝိပဿနာအားထုတ်ထားပါပြီ။ ဆက်၍လည်း အားထုတ်ပါဦးမည်။

ကျွန်မရဲ့ဘဝကို ဒီဘဝမှာ ဘဝမပြတ်နိုင်သော်ငြားလည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံပိတ်သွားနိုင်တယ်ဆိုလျှင်ဖြင့် လာခြင်းကောင်းခဲ့တဲ့ ကျွန်မရဲ့ဘဝလို့ဆိုချင်ပါရဲ့ အစ်ကို။

ကျွန်မအားထုတ်ခဲ့သမျှ ဝိပဿနာတရား၊ ကုသိုလ်အားတို့အား အစ်ကို့ကို အမျှပေးဝေပါ၏။ သာဓုခေါ်ဆိုပြီး ယခု ခင်တွယ်နေသော ဇနီးသည်အား စွန့်လွှတ်နိုင်ပါစေလို့ ဆန္ဒပြုပါသည်။

ချစ်၍နိုင်သည်လို့မှတ်ပါ အစ်ကို။

အမျှ အမျှ အမျှပါ အစ်ကိုရေ။

မေ (တာချီလိတ်)



www.burmeseclassic.com

www.burmeseclassic.com



# မိုဟန်ကို
## ပီတောက်ပင်ကြီးသိသမျှ

မြန်မာနိုင်ငံတော်ကြီး၏ အောက်ပြည်အောက်ရွာတွင် အေးချမ်းသာယာလှသောရွာကြီးတစ်ရွာရှိ၏။

အထက်မြန်မာနိုင်ငံတော်ကြီးတွင် မြန်မာနိုင်ငံတော်ကြီး၏ နောက်ဆုံးရှင်ဘုရင် သီပေါမင်းနှင့် မိဖုရားကို ဗြိတိသျှ အင်္ဂလိပ်စစ်တပ်က ဖမ်းဆီး၍ အိန္ဒိယနိုင်ငံသို့ ခေါ်ဆောင်သွားခဲ့၏။

ဗမာဘုရင်မင်းမြတ်၏ စစ်သည်တော်များသည် တတ်နိုင်သမျှ အင်္ဂလိပ်စစ်တိုက်အားခုခံကာကွယ်တိုက်ခိုက်ကြပါသေး၏။

သို့သော်လည်း လက်နက်ချင်း မယှဉ်ပြိုင်နိုင်ပါသဖြင့် ရွှေဘိုနယ်သားတပ်မှူးလေးတစ်ဦးသည် အောက်မြန်မာနိုင်ငံဘက်သို့ စစ်သည်အင်အား(၁၀)မျှလောက်ဖြင့် တိမ်းရှောင်ခဲ့ရ၏။

မြန်မာနိုင်ငံတော်ကြီးအား ဗြိတိသျှ အင်္ဂလိပ်အစိုးရက အပြီးအပိုင်သိမ်းပိုက်လိုက်ပါသဖြင့် ထီးသုဉ်းနန်းသုဉ်း ဘုရင်မျိုးနွယ်ပါ ပျောက်သုဉ်းခဲ့ရတော့၏။

ရွှေဘိုနယ်သားတပ်မှူးလေးသည် မိမိတွင်ပါလာသောစစ်သည်တော်များနှင့် စစ်တောင်းမြစ်ကမ်းနဖူးပေါ်တွင် ရွာတစ်ရွာကို တည်ထောင်ကြ၏။

ရွာပတ်ပတ်လည်တွင် ရှေးဦးစွာ ထန်းပင်များကို စိုက်ပျိုး၏။ ယင်းကြောင့်လည်း နောင်အခါ ထန်းတောရွာကြီးဟု အမည်တွင်၏။

စစ်တောင်းမြစ်ကမ်းနဖူးပေါ်တွင် တည်ထားသော ရွာလေးသည် နုန်းတင်မြေနုများနှစ်စဉ်တက်သဖြင့် မြေဩဇာ အလွန်ကောင်းမွန်၏။

ထိုခေတ်ထိုကာလက ခေတ်စားသောဗာဂျီနီးယားခေါ် ဆေးရွက်ပင်များကို စိုက်ပျိုးကြရာ စီးပွားရေးကောင်းမွန်ကြ၏။

ရွာလေးတည်ခါစက အိမ်ခြေအလုံး (၅၀) ခန့်သာရှိပြီး နောင်သောအခါ မြန်မာနိုင်ငံတော်ကြီး သူ့ကျွန်ဘဝမှလွတ်၍ လွတ်လပ်ရေးရသောအခါ အိမ်ခြေတစ်ထောင်နီးပါးရှိလာလေ၏။

စိုက်ပျိုးရေး၊ စီးပွားရေးကောင်းမွန်ပါသဖြင့် အိုးအိမ်တိုက်တာအဆောက်အအုံများမှာလည်း ခိုင်ခိုင်ခံ့ခံ့ တင့်တင့်တယ်တယ်ရှိလှ၏။

ရွှေဘိုနယ်တပ်မှူးလေး၏မျိုးဆက်သစ်များသည် တပ်မှူးလေး ကွယ်လွန်သွားသောအခါ ကျေးရွာသူကြီးအဖြစ် အုပ်ချုပ်ခဲ့ကြ၏။

ရွှေဘိုနယ်သားများပီပီ ဖြတ်ထိုးဉာဏ်ကောင်း၏။ ထူးထူးချွန်ချွန် ထက်ထက်မြက်မြက်ရှိကြ၏။ သတ္တိဗျတ္တိကောင်းကြ၏။ ကျေးရွာကြီးကိုလည်း အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ် အုပ်ချုပ်နိုင်ကြ၏။

ထန်းတောရွာကြီးအရှေ့ဘက်ပိုင်းတွင် ခြံကျယ်ကြီးတစ်ခြံရှိ၏။ ထိုခြံကျယ်ကျယ်ကြီးထဲတွင် အရိပ်အာဝါသကောင်းလှပြီး စိမ်းလန်းစိုပြည်နေသော ပိတောက်ပင်ကြီးတစ်ပင်က ထီးထီးမတ်မတ်။

ခြံကြီး၏ပိုင်ရှင်မှာ ဦးအေးဖြစ်၏။ ဦးအေးသည် ထန်းတောရွာသူ ပျိုဖြူချော ဒေါ်ခင်မြိုင်နှင့်အိမ်ထောင်ကျ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြံကျယ်ကျယ်ကြီးထဲတွင် ဦးအေးသည် စားပင်သီးပင်များကို စိုက်ပျိုးထား၏။ မချစ်စုသရက်ပင်များ၊ မနွယ်နွယ်သရက်ပင်များ၊ အုန်းပင်များ၊ ပိန္နဲပင်များ၊ ငှက်ပျောပင်များ၊ မာလကာပင်များနှင့် ရာသီပင် ဘူးပင်၊ ချဉ်ပေါင်ပင်၊ သခွားပင်နှင့် မန်ကျည်းပင်ကြီးတွေကလည်း အုပ်အုပ်ဆိုင်းဆိုင်း။

ဦးအေး၏ ခြံထွက်အသီးအနှံများကို ရောင်းချသည့်ငွေများဖြင့် အသက်မွေးဝမ်းကျောင်းပြု၏။ ဦးအေးနှင့် ဒေါ်ခင်မြိုင်တို့တွင် တစ်ဦးသောသားလေးတစ်ဦးထွန်းကား၏။ သားအမည်ကို 'အေးမောင်မောင်' ဟု အမည်ကင်ပွန်းတပ်ကြ၏။

ထန်းတောရွာမှာ အစိုးရအလယ်တန်းကျောင်းအဆင့်သာရှိ၏။ အေးမောင်မောင်သည် ငယ်ရွယ်စဉ်ကတည်းက ဉာဏ်ပညာထက်မြက်လှ၏။ တစ်နှစ်တစ်တန်းအဆင့်မြင့်မြင့်စာမေးပွဲတွေအောင်ခဲ့၏။

ယခု အေးမောင်မောင် မြို့ကျောင်းမှာ တက္ကသိုလ်ဝင်တန်းဖြေဆိုထားပြီးဖြစ်၏။

ရွှန်လဆန်းမို့ မိုးကတဖွဲဖွဲလေးရွာသွန်းနေ၏။ ထန်းတောကြီးရွာမှ အစိုးရမူလတန်းကျောင်းများနှင့် အစိုးရအလယ်တန်းကျောင်းတွေပင်ပြန်ဖွင့်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

မိုးကာအကျႌအနီရောင်လေးဝတ်လျက် အမျိုးသမီးလေးတစ်ဦး ဦးအေး၏ ခြံကျယ်ကြီးထဲသို့ စက်ဘီးလေးစီးပြီး ဝင်လာ၏။

"အမေမြိုင်၊ အမေမြိုင်"

မိန်းကလေးက ခပ်ကျယ်ကျယ်လေးအော်ခေါ်နေ၏။ နှစ်ထပ်အိမ်ကြီးအပေါ်ထပ်မှ ဒေါ်ခင်မြိုင်အိမ်ရှေ့သို့ လှမ်းကြည့်လိုက်၏။

"ဟဲ့ - သမီး အေးဝါဝါ၊ မိုးထဲရေထဲမှာ ရေတွေသည်းရွဲရွဲစိုလို့၊ လာလာ- အိမ်ပေါ်တက်ခဲ့ကွယ့်"

မိန်းကလေးသည် စက်ဘီးကို ထိုးရပ်ပြီး အိမ်ပေါ်ထပ်သို့ အပြေးတက်လာ၏။

"အမေမြိုင်၊ အေးမောင်မောင် (၁၀) တန်းစာမေးပွဲအောင်တယ်၊ အမေမြိုင်"

"ဟုတ်လား သမီးရဲ့၊ ငါ့သားသိရင်တော့ သိပ်ဝမ်းသာမှာပဲကွယ့်"

"အေးမောင်မောင်ဘယ်သွားလဲ အမေမြိုင်"

"ငါ့သမီးမသိသေးဘူးထင်တယ်ကွယ့်။ ကိုအေးနေထိုင်မကောင်းလို့ မြို့ဆေးရုံကြီးမှာတင်ထားရတယ်ကွယ့်။ အဲဒါသူ့အဖေကိုသွားစောင့်နေရတာပေါ့ သမီးရယ်"

"အမေမြိုင်၊ အဖေအေးကဘာဖြစ်တာလဲ"

"အဖောရောဂါပါပဲကွယ်။ သူ့ဗိုက်ကြီးက ဖောင်းလာလိုက်၊ ပိန်သွားလိုက်နဲ့ကွယ့်။ ရေဖျဉ်းကြီးရောဂါလို့ပြောတာပါပဲ"

"သက်သာရဲ့လား အမေမြိုင်"

ထိုအချိန်ဝယ် အိမ်ရှေ့မှ စက်ဘီးတစ်စီးစီးဝင်လာ၏။ မိုးကဖွဲဖွဲလေးရွာနေ၏။

"အမေ၊ အမေ"

အမေ၊ အမေခေါ်ပြီး သားဖြစ်သူ အေးမောင်မောင်အိမ်ပေါ်သို့ပြေးတက်လာ၏။

"အမေ၊ အဖေဆုံးသွားပြီ"

သားဖြစ်သူ၏စကားကြားလိုက်ရသဖြင့် ဒေါ်ခင်မြိုင် စိတ်ထိခိုက်သွားရလေ၏။

ထိုနေ့က မှတ်မှတ်ရရ ဇွန်လ ၁၄ ရက်။ အေးမောင်မောင်တက္ကသိုလ်ဝင်တန်းအောင်သောနေ့၊ အေးမောင်မောင်၏ဖခင်ကြီးဦးအေး ကွယ်လွန်သောနေ့။

ဝမ်းသာမှု၊ ဝမ်းနည်းမှု တစ်ပြိုင်တည်းကျရောက်သောနေ့။

❑

ဦးအေးအသုဘကို ကောင်းမွန်စွာပဲ သဂြိုဟ်ခဲ့၏။

ခင်ပွန်းသည် အသုဘပြီးစီးတော့ သားဖြစ်သူ၏ ပညာရေးကိစ္စကို စဉ်းစားရတော့၏။

"ငါ့သားမင်းတက္ကသိုလ်ကျောင်းကြီးမှာ ပညာဆက်သင်ပါ။ အမေ့မှာ စုဆောင်းထားတဲ့ငွေတွေရှိပါတယ်ကွယ့်"

"သားလေမြို့ကသူငယ်ချင်းတွေနဲ့ တိုင်ပင်ထားတယ် အမေ။ သားဗိုလ်သင်တန်းတက်မယ် အမေ"

"သားလေးရယ် စစ်တိုက်တယ်ဆိုတာ သူများတွေရဲ့အသက်တွေကို သတ်ရတာ ငရဲကြီးပါတယ်ကွယ်"

"အမေ၊ အဖေက ပြောပြထားတယ်။ ငါ့သား တို့အမျိုးက တိုင်းပြည်နဲ့ လူမျိုးကိုချစ်တဲ့အမျိုးတဲ့။ ငါ့သားကြီးလာရင် ယောကျ်ားကောင်း အာဇာနည်ဗိုလ်ချုပ်ဗိုလ်ဗိုသိုနဲ့ စစ်ထဲဝင်ပါတဲ့ အမေ"

"ကိုအေးက ဒီလိုပဲပြောလား ငါ့သားရဲ့"

"ဟုတ်ပါတယ် အမေ"

"ဒါဆိုလည်းသားသဘောပဲလေ"

❑

ထန်းတောရွာကြီး၏ ရွာလယ်ပိုင်းသည် ဈေးပိုင်းဖြစ်၏။ တိုက်တာအဆောက်အအုံတွေများပြားလှ၏။

ထိုထန်းတောရွာကြီး၏ ဈေးပိုင်းတွင် ဦးအေး၊ ဒေါ်တင်တင်မိသားစုကြီး တစ်စုနေထိုင်ကြ၏။

ကုန်မျိုးစုံရောင်းချသည့်ဆိုင်ကြီး၊ အထည်မျိုးစုံရောင်းသည့်ဆိုင်ကြီး၊ ပြီးတော့ အပေါင်ဆိုင်ကြီးကတစ်ဆိုင်။

ထန်းတောကြီးရွာမှာ ဦးအေး၊ ဒေါ်တင်တင်တို့မိသားစုက အလွန်ချမ်းသာကြ၏။ တိုက်ပိုင်၊ ကားပိုင်၊ မော်တော်ပိုင်ရှင်များ ဖြစ်ကြ၏။

သားသမီး (၅) ယောက်ထွန်းကား၏။ အငယ်ဆုံးသမီးလေး၏အမည်က အေးဝါဝါဖြစ်၏။ အေးမောင်မောင်နှင့် သတ္တမတန်းအောင်သည်အထိ ကျောင်းနေဖက်သူငယ်ချင်း။

အေးဝါဝါသတ္တမတန်းအောင်မြင်တော့ မြို့ကျောင်းကြီးကို ဆက်မတက်တော့ပါ။ အိမ်မှာ မိခင်ကြီးနားမှာပဲနေထိုင်ပြီး မိခင်ကြီး၏ ကျန်းမာရေးကို အနီးကပ်ပြုစုရ၏။

မကြာမကြာ အေးမောင်မောင်တို့ခြံထဲသို့ စက်ဘီးလေးစီးပြီးလာလာလည်တတ်၏။ ဒေါ်ခင်မြိုင်ကိုလည်း ရင်းရင်းနှီးနှီး အမေမြိုင်ဟုပဲ ခေါ်၏။

ထိုနေ့က ရာသီဥတုက သာသာယာယာ။ ပိတောက်ပင်ကြီးအောက်ရှိ ကွပ်ပျစ်ပေါ်တွင် အေးမောင်မောင်နှင့် အေးဝါဝါ အတူထိုင်လျက် စကားတွေပြောနေကြ၏။

"နင်ဗိုလ်သင်တန်းတက်မလို့ဆို"

"အေး - ငါလျှောက်လွှာတင်ပြီးပြီ"

"ဗိုလ်သင်တန်းက ဘယ်လောက်ကြာကြာတက်ရလဲ"

"(၄) နှစ်လို့ ပြောတယ်"

"ဘယ်မြို့မှာတက်ရမှာလဲ"

"မေမြို့မှာပေါ့"

နှစ်ဦးသားစကားတွေရပ်သွားကြ၏။ စကားဆက်ပြောစရာမလိုသလို ကိုယ့်စိတ်ကူး၊ ကိုယ့်အတွေးတွေနှင့် တိတ်ဆိတ်နေကြ၏။

"ငါပြန်ဦးမယ် အေးမောင်မောင်"

စကားသံတွေတိတ်ဆိတ်နေရာမှ အေးဝါဝါက စပြောပြီး ချက်ချင်းပင် စက်ဘီးလေးကိုစီးလျက် ထွက်သွားပါတော့၏။

❑

အေးမောင်မောင် ဗိုလ်သင်တန်းစာမေးပွဲအောင်မြင်သည်။ မေမြို့သို့ ဗိုလ်သင်တန်းတက်ရန် ထွက်ခွာသွားလေပြီ။

အေးမောင်မောင် ဗိုလ်သင်တန်းဆင်းပြီးတော့ တစ်ပတ်ခန့်ကြာတော့ ခွင့်ရပါသဖြင့် မိခင်ကြီးပြန်လည်ရောက်ရှိလာ၏။

စစ်ယူနီဖောင်းဖြင့်ရိုက်ထားသော ဓာတ်ပုံတွေကလည်း အမြောက်အမြား။

ညနေဘက်တွင် အေးဝါဝါ အမေမြိုင်တို့ခြံကြီးထဲသို့ စက်ဘီးလေးဖြင့် ရောက်လာ၏။

ပိတောက်ပင်ကြီး၏ အောက်မှာ ထိုင်ကြ၏။

"အေးဝါဝါ၊ ငါပေးတဲ့စာ ဘယ်နှစောင်ရလဲ"

"(၅) စောင်ပါ"

"နောက်ဆုံးစာရဲ့အဖြေကို ဘယ်တော့ပေးမှာလဲ"

အေးဝါဝါက အသင့်ပါလာသော ဘူးလေးထဲမှ ရွှေဆွဲကြိုးလေးတစ်ကုံးကို ထုတ်၏။ ပြီးတော့ အေးမောင်မောင်၏ လည်ပင်းမှာ သူကိုယ်တိုင်ဆွဲပေးလိုက်၏။

ရွှေဆွဲကြိုးလေး၏ အဖျားမှာ



www.burmeseclassic.com

www.burmeseclassic.com

အသည်းပုံလော့ကတ်သီးလေးပါ၏။

"မောင်မောင်၊ ဒီလော့ကတ်သီးလေးကအရှင်လေး။သူ့ကိုဖွင့်ကြည့်လိုက်ပါ"

အေးမောင်မောင် မြန်မြန်ပဲဖွင့်ကြည့်လိုက်၏။ လော့ကတ်သီးလေးထဲမှာ အေးဝါဝါ၏ခေါင်းပိုင်းဓာတ်ပုံလေး။ စာတန်းလေးပါ၏။ နှစ်လုံးတည်းပါ။ 'ချစ်တယ်' တဲ့။

ထိုနေ့မှစ၍ သူတို့နှစ်ဦး ချစ်သူများဖြစ်သွားကြ၏။

ဗိုလ်အေးမောင်မောင်ခွင့်တစ်ပတ်ရပါသဖြင့် နေ့တိုင်းပင် အေးဝါဝါလည်း ရောက်ရှိလာ၏။

လိမ္မာသောသားအေးမောင်မောင်နှင့် အေးဝါဝါတို့က မိခင်ကြီးဒေါ်ခင်မြိုင်ကို ကန်တော့ကြပြီး သူတို့နှစ်ဦး သူငယ်ချင်းဘဝမှ ချစ်သူဘဝရောက်ရှိသွားကြောင်းပြောပြပြီး ကန်တော့ကြ၏။

အမေမြိုင်ကလည်း -

"ငါ့သားနဲ့ ငါ့သမီးတို့ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင်နဲ့ အိုမင်းအောင် ပေါင်းနိုင်ကြပါစေ"

လို့ ဆုပေး၏။

❑

ဗိုလ်အေးမောင်မောင်ခွင့်စေ့သဖြင့် မေမြို့သို့ပြန်ရ၏။

ဗိုလ်သင်တန်းကျောင်းတွင် စံပြဆုငွေဓားလွယ်ဆုရှိသော စစ်သူရဲကောင်းကြီး ဖြစ်၏။

ကာကွယ်ရေးဦးစီးချုပ်ရုံးတွင် အမိန့်စာအရ သင်တန်းတွေဆက်တက်ရ၏။ နေရာအနှံ့အပြားတွင်ရှိသော တိုင်းဗဟိုစစ်ရုံးတွေမှာ သင်တန်းမျိုးစုံတက်ရ၏။

မည်သည့်အရပ်ဒေသကိုပဲရောက်ရောက် ထန်းတောရွာကြီးမှ မိခင်ကြီးဒေါ်ခင်မြိုင်နှင့် ချစ်သူအေးဝါဝါထံသို့ စာများကိုတော့ အဆက်မပြတ်ရေးပို့ပါ၏။

ချစ်သူ အေးဝါဝါကလည်း သူ့ချစ်ဦးသူအတွက် သပြေပန်းနှင့် ညောင်ရေအိုးထိုးပြီး ဆုတောင်းရသည်မှာလည်း နေ့စဉ်ရက်ဆက်ပါပဲ။

မိခင်ကြီး အမေမြိုင်ဟာတော့ ခြံထွက်သီးနှံများကိုရောင်းချပြီး အသက်မွေးဝမ်းကျောင်းပြုရပါသဖြင့် မပူမပင်ရပါ။

သားအတွက် မြတ်စွာဘုရားထံမှာ ပန်းသပြေနှင့် ဆုတောင်းရသည်မှာလည်း အချိန်ပြည့်ပါပဲ။

ဗိုလ်အေးမောင်မောင် တစ်နှစ်တစ်ခါတော့ ထန်းတောရွာကို လာလေ့ရှိ၏။

တန်ခူးလပြည့်နေ့ည ကောင်းကင်ထက်တွင် လကြီးက ထိန်ထိန်သာလျှက်။

ချစ်သူနှစ်ဦးတို့ ပိတောက်ပင်ကြီးအောက်မှာထိုင်နေကြ၏။

"မောင်မောင်၊ လူကြီးတွေက ပြောပြဖူးတယ်။ ဒီလိုသစ်ပင်ကြီးတွေမှာ သူတော်ကောင်းရုက္ခစိုးနတ်မင်းကြီးတွေရှိတယ်တဲ့"

"အဲဒါဘာဖြစ်လဲဝါဝါ"

"ဒီမှာ ဝါဝါ့မှာ အမွှေးတိုင်ထုပ်နဲ့ ဖယောင်းတိုင်ထုပ်ပါလာတယ်။ အဲဒါ ရုက္ခစိုးနတ်မင်းကြီးကို လှူဒါန်းကြမယ်။ ပြီးတော့ ဆုတောင်းကြမယ်လေ"

ချစ်သူနှစ်ဦး တန်ခူးလပြည့်နေ့ညမှာ ပိတောက်ပင်ကြီးပတ်ပတ်လည်တွင် ဖယောင်းတိုင်များ၊ အမွှေးတိုင်များထွန်း၏။

ပြီးတော့မှ -

"ဤပိတောက်ပင်ကြီးကို စောင့်ရှောက်နေသော ရုက္ခစိုးနတ်မင်းကြီး၊ ကျွန်တော်ကျွန်မတို့ ချစ်သူနှစ်ဦးက ဤအလင်းတိုင်နဲ့ အမွှေးတိုင်တို့ကို လှူဒါန်းပါတယ်"

"ကျွန်တော် ကျွန်မတို့ ဘေးမသီရန်မခဘဲ အတူတူပေါင်းသင်းရပါစေ ရုက္ခစိုးနတ်မင်းကြီး"

နှစ်ဦးသား ပြိုင်တူဆုတောင်းကြ၏။

သိပ်မကြာလိုက်ပါ။လေတွေတိုက်လာ၏။ ပိတောက်ပင်ကြီးမှ သစ်ရွက်ခြောက်တွေ မြေသို့ခ၏။

ရွာလယ်ပိုင်း အလှူမဏ္ဍပ်ဆီမှ အသံချဲ့စက်ဆီမှ သီချင်းသံက ပျံ့လွင့်နေ၏။

ချစ်သူနှစ်ဦးတို့ ကြ[illegible]ကြည်နူးနူး ပျော်ပျော်ရွှင်ရွှင်ဖြင့် ပီတိ[illegible]တွေဖြာလျှက် တစ်ဦးကိုတစ်ဦးဖက်ထားကြ၏။



စစ်သားကြီးက သစ္စာရှိ၏။ ချစ်သူကို ဖက်ရုံသာဖက်၏။ နမ်းရုံသာ နမ်း၏။ နမ်းတော့လည်း ယဉ်ယဉ်ကျေးကျေး နဖူးလေး၊ ပါးပြင်လေးခပ်ဖွဖွ လေးပါပဲ။

❑

ဖဆပလအစိုးရခေတ်ကာလကြီး မြန်မာနိုင်ငံတော်ကြီးလွတ်လပ်ရေးရသော်လည်း ပြည်တွင်းက မငြိမ်မသက်။

တိုင်းပြည်ကနုနုလေး၊ မုန်တိုင်းတွေကခပ်ပြင်းပြင်း၊ လူမျိုးတစ်မျိုးသူပုန်တစ်မျိုးထကြ၏။ ပြည်တွင်းစစ်မီးကြီးက ဟိုမှာလောင်လိုက်ဒီမှာလောင်လိုက် မငြိမ်မသက်။

ကွန်မြူနစ်သူပုန်တဲ့။ အလံဖြူတဲ့၊ အလံနီတဲ့။ကော်သူလေးကရင်သူပုန်တဲ့။

တောရွာတွေမှာ မငြိမ်မသက် အခြေအနေတွေက တစ်နေ့တခြား ရှုပ်ထွေးလာနေလေပြီ။

ရခိုင်ပြည်ဘက်မှာလည်းသူပုန်ထ၏။ ရှမ်းပြည်နယ်ဘက်တို့မှာလည်း သောင်းကျန်းသူတွေပေါ်လာ၏။

မြန်မာတစ်ပြည်လုံး နေရာအနှံ့အပြားမှာ သေနတ်သံတွေကဆူဆူညံညံ ရွာလုံးကျွတ်မီးရှို့သည့် ကော်သူလေး၏ ရန်ကတစ်မျိုး။

အခြေအနေတွေကဆိုးသည်ထက်ဆိုးလာ၏။

ဗိုလ်လေးအေးမောင်မောင်သည် ဗိုလ်ကြီးအေးမောင်မောင်ရာထူးကိုရနေလေပြီ။ ချစ်ရေးထက် ပြည်တွင်းရေးကို ဦးစားပေးနေရ၏။

အထက်မြန်မာပြည်၏ တပ်ရင်းတစ်ရင်းမှာ တာဝန်ထမ်းဆောင်နေရ၏။ ရွှေတန်းစစ်မြေပြင်သို့လည်း မကြာမကြာထွက်ရ၏။

မြန်မာပြည်နယ်စပ်ဒေသတစ်နေရာတွင် ရန်သူများနှင့်စစ်ခင်းနေသော ဗိုလ်ကြီးအေးမောင်မောင် ချစ်သူထံသို့ စာမရေးနိုင်။ မိခင်ကြီးထံသို့ စာမရေးနိုင်။

❑

သာယာအေးချမ်းလှသော ထန်းတောရွာကြီးမှာ ရဲမရှိ စစ်သားမရှိ။ ဓားပြနှင့်ပြန်ပေးဆွဲသမားများသောင်းကျန်းလာ၏။

ထန်းတောရွာကြီးသို့ ညတစ်ညတွင် လက်နက်ကိုင်လူတစ်စု ဝင်ရောက်လာကြ၏။ အင်အား (၃၀) ခန့်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

ဖြူးမြို့ဘက်မှလာသောကွန်မြူနစ်တပ်များဖြစ်သည်ဟု နောက်မှသိကြရ၏။

ကွန်မြူနစ်ရဲဘော်များရောက်လာတော့ စားပြတိုက်မှု၊ ပြန်ပေးဆွဲမှုများ ပပျောက်သွား၏။ သို့သော်လည်း ကွန်မြူနစ်ပိုလ်လုပ်သူက ဆင်းရဲသား 'တောင်သူလယ်သမားများနှင့် အလုပ်သမားများ' အုပ်ချုပ်သော အစိုးရတပ်ကြီးထူထောင်မည်။ ရွာသားများ ကွန်မြူနစ်တပ်ထဲသို့ဝင်ရန် စည်းရုံး၏။

စစ်အောင်နိုင်ရေးအတွက်ဆိုပြီး ထန်းတောရွာကြီးမှာ ဆက်ကြေးငွေများ ကောက်ခံ၏။ မှဆိုးမကလွဲ၍ အိမ်တိုင်း ဆက်ကြေးငွေများထည့်ဝင်ကြရ၏။

ကွန်မြူနစ်များ အုပ်စိုးပြီး (၆) လ ခန့်ကြာတော့ စစ်တောင်းမြစ်တစ်ဖက်ကမ်းရှိ ရွှေကျင်မြို့နယ်ဘက်မှ ကရင်သူပုန်များက ထန်းတောရွာကြီးကို ဝင်တိုက်ပါတော့၏။ သောင်းကျန်းသူတပ်က စစ်သားအင်အား (၁၀၀) ကျော်ရှိပါသဖြင့် ကွန်မြူနစ်တပ်များ ထွက်ပြေးကြရ၏။

ထန်းတောရွာကြီးကိုသောင်းကျန်းသူ ကရင်တပ်က အုပ်ချုပ်ပြန်၏။

ထန်းတောရွာသို့ ဝင်ဝင်ချင်း ကရင်သောင်းကျန်းသူတပ်များက မီးရှို့ပါသဖြင့် ထန်းတောရွာမှာ အိမ်ခြေတစ်ရာမှာ မီးထဲပါသွားရ၏။

ကော်သူလေးခေါ် ကရင်သောင်းကျန်းသူတပ်ကလည်း စစ်အောင်နိုင်ရေးအတွက်ဆိုပြီး အိမ်တိုင်းကို ဆက်ကြေးငွေကောက်ခံပြန်၏။

ထန်းတောရွာကြီးနှင့် မြို့သည် (၅) မိုင်မျှသာ ကွာဝေး၏။ မြို့မှာ ကချင်သေနတ်ကိုင်တပ်များရှိ၏။ အစိုးရတပ်ဖြစ်၏။

မြို့၏လုံခြုံရေးကိုစောင့်နေရသဖြင့် ထန်းတောရွာမှ ကရင်သူပုန်များကို ဝင်မတိုက်ပေးနိုင်ပါ။

လှည်းကူးမြို့နယ် ကရင်အမျိုးသားများနေထိုင်ကြသည့် စဘူးတောင်းရွာမှာ ကရင်စစ်တပ်က အင်အားအလုံးအရင်းရှိနေ၏။

ရန်ကုန်မြို့ကြီးရှိ အင်းစိန်မြို့ထဲသို့ပင် ကရင်စစ်တပ်တချို့က ဝင်ရောက်နေရာယူထားကြပြီး ဖြစ်၏။

သောင်းကျန်းသူ သူပုန်များက ရန်ကုန်မြို့ကြီးကိုပင် ဝင်စီးတော့မည်ဟု သတင်းတွေကထွက်နေ၏။

သခင်နုအစိုးရကို 'ကရင်နုအစိုးရ' ဟုပင် အစည်တွေတပ်နေကြ၏။



မြန်မာနိုင်ငံအနှံ့အပြား ရောင်စုံသူပုန်တွေက သောင်းကျန်းနေလျက်။

တောရွာမှ ပြည်သူများပင်မက မြို့ကြီးပြကြီးများမှ ပြည်သူလူထုများပင် ထိတ်ထိတ်လန့်လန့်ဖြစ်နေကြရ၏။ ကျီးလန့်စာစားသလို ယောက်ယက်ခတ်နေရသောအချိန်။

❑

ထိုကာလဝယ် ထန်းတောရွာကြီးသို့ သတင်းဆိုးကြီးတစ်ခုက ရောက်ရှိ၏။ နယ်စပ်ဒေသတိုက်ပွဲတစ်နေရာတွင် ဗိုလ်ကြီးအေးမောင်မောင် ကျဆုံးသွားရပြီတဲ့။

ဤသတင်းက မြို့မှလာသော သတင်းဖြစ်၏။

ထန်းတောရွာမှာ တပ်မတော်တွင် အမှုထမ်းဆောင်နေသော ဗိုလ်ကြီးအေးမောင်မောင်တစ်ယောက်သာရှိ၏။

သားဖြစ်သူ ရှေ့တန်းတစ်နေရာတွင် ကျဆုံးသွားရပြီဆိုသောသတင်းကို ကြားလိုက်ရသော မိခင်ကြီး ဒေါ်ခင်မြိုင်သည် ပူဆွေးဝမ်းနည်းမှုကို ရင်မှာပိုက်လျက် အစ်ကိုတော်သူ ဘုန်းတော်ကြီးကျောင်းသို့ ပြေးတော့၏။

ထန်းတောရွာကြီးမှ ကျောင်းထိုင်ဆရာတော်ကြီးသည် ဒေါ်ခင်မြိုင်၏ အစ်ကိုကြီးအရင်းဖြစ်၏။

ကျောင်းထိုင်ဆရာတော်ကြီးက သူ့ညီမ ဒေါ်ခင်မြိုင်ကို တရားဟောကြားပြီး သီလရှင်ဝတ်ပေးလိုက်ပါတော့၏။

အမေမြိုင်သည် သူပိုင်ခြံကြီးနှင့် အိမ်ကို အလုံပိတ်ထားလျက် ဘုန်းတော်ကြီးကျောင်းမှာပင် တရားမေ့ဖြင့် စိတ်ကို တည်ငြိမ်အောင် အားထုတ်နေပါတော့၏။

ဗိုလ်ကြီးအေးမောင်မောင်၏ချစ်သူ အေးဝါဝါကတော့ ဤသတင်းကို ကြားကြားချင်း မစားနိုင်မသောက်နိုင်ခဲ့။

အေးမောင်မောင်တို့၏ ခြံထဲရှိ ပိတောက်ပင်ကြီးရှိ ရုက္ခစိုးနတ်မင်းထံ ဖယောင်းတိုင်၊ အမွှေးတိုင်တွေထွန်း၍ ချစ်သူကောင်းရာမွန်ရာဘဝရောက်ပါစေဟု ဆုတောင်းပါ၏။

အမေမြိုင်က ဘုန်းတော်ကြီးကျောင်းမှာ နေထိုင်ပြီဖြစ်ပါသဖြင့် သူ၏အိမ်ခြံသော့များကို အေးဝါဝါထံ အပ်ထားလိုက်၏။

အေးဝါဝါက ချစ်သူကိုသတိရတိုင်း အမေမြိုင်တို့ခြံကျယ်ကြီးထဲမှ ပိတောက်ပင်ကြီးအောက်သို့ တစ်ယောက်တည်းလာနေတတ်၏။

❑

တောင်ငူမြို့နယ်အတွင်းရှိသံတောင်ကြီး၊ သံတောင်လေးဘက်မှာလည်း ကော်သူလေးကရင်သောင်းကျန်းသူများက အင်အားတောင့်တင်းနေ၏။

တောင်ငူမြို့ကိုပင်ဝင်စီးတော့မည်လိုလို သတင်းတွေကထွက်နေ၏။

တစ်နံနက်ခင်း ပဲခူးမြို့ဘက်မှ အစိုးရစစ်တပ်က သံချပ်ကာကားကြီးများ တောင်ငူဘက်သို့ဆူညံစွာမောင်း၍ ချီတက်သွားကြ၏။

ထန်းတောရွာကြီးတွင်ရှိနေသော ကရင်ကော်သူလေးတပ်သည် မြို့ပေါ်မှ သံချပ်ကာကားများ ထန်းတောရွာဘက်သို့ဆင်းလာပြီဟုထင်ပြီး ကရင်သူပုန်များ စစ်တောင်းမြစ်ကိုဖြတ်ကူး၍ ရွှေကျင်နယ်ဘက်သို့ ကူးသွားကြတော့၏။

ထန်းတောရွာကြီးမှာ ကရင်သူပုန်များမရှိပါတော့သဖြင့် မြို့မှ ကချင်သေနတ်ကိုင် တပ်ခွဲတစ်ခွဲသည် ထန်းတောရွာသို့ဆင်းလာပြီး ရွာကြီးကို သိမ်းပိုက်လိုက်ပါတော့၏။

ထိုအချိန်မှစ၍ ထန်းတောရွာကြီးသည် တပ်မတော်အစိုးရအုပ်ချုပ်သော ရွာကြီးဖြစ်သွားရပါတော့၏။

ကရင်သောင်းကျန်းသူများ ထန်းတောရွာမှ ထွက်ခွာသွားသောအခါတွင် ရွာ[illegible]ယ်ပိုင်းမှ ကုန်မျိုးစုံဆိုင်ကြီးရောင်းချသော ဦးအေးမိသားစုကိုပါ ရွှေကျင်နယ်ဘက်သို့ ခေါ်ဆောင်သွားပါသွား၏။

အေးဝါဝါပါ ကရင်သောင်းကျန်းသူများ၏ ဖမ်းဆီးခေါ်ဆောင်ရာသို့ ပါသွားရပါတော့၏။

အေးဝါဝါ၏မိခင်ကြီးဒေါ်တင်တင်သည် နှလုံးရောဂါအခံရှိပါသဖြင့် ကရင်သောင်းကျန်းသူများ ကြီးစိုးနေသော မဘီးကြီးရွာတွင် ဆုံးပါးသွားရပါ၏။

နောက်(၁)လခန့်ကြာတော့ ကရင်



www.burmeseclassic.com

www.burmeseclassic.com

သူပုန်ဗိုလ်က အေးဝါဝါ၏ ဖခင်ကြီး ဦးအေးကို ပြန်လွှတ်ပေးလိုက်၏။

သူ၏မိသားစုကို ငွေသိန်း(၅၀)ဖြင့် လာရောက်ရွေးယူရန်ဖြစ်ပါတော့၏။

ဦးအေးသည် ထန်းပင်ကြီးရွာသို့ ပြန်လည်ရောက်ရှိလာပြီး ငွေသိန်း (၅၀) ရအောင် စုဆောင်းထားသော ရွှေထည်ပစ္စည်းများ ရောင်းချရတော့၏။

ကရင်သူပုန်များက အေးဝါဝါတို့ မိသားစုကို ကောင်းကောင်းမွန်မွန်ပြုစု ကျွေးမွေးထားပါ၏။

ဖခင်ကြီးဦးအေး ပြန်လာပြီး ငွေနှင့်ရွေးယူပါက ပြန်လွှတ်ပေးမည်ဖြစ်ပါ၏။

ဖခင်ကြီး ဦးအေးသည် ငွေများ ရရှိသောအခါ မအီးကြီးရွာသို့သွား၍ ပို့ဆောင်ပေးပါ၏။ ကရင်သူပုန်များက ဦးအေးမိသားစုကို ညောင်ပင်ကြီးရွာအထိ ပြန်လည်ပို့ပေးပါတော့၏။

အေးဝါဝါသည် မအီးကြီးရွာတွင် နေထိုင်စဉ်က သူ့ကိုအလွန်ချစ်ခင်လှသော (၅) နှစ်သားအရွယ် ကရင်လေးတစ်ဦးကိုခေါ်ခဲ့၏။ ထိုကလေးသည် အလွန်ချစ်စရာကောင်းလှပြီး မိဘများလည်းမရှိတော့ပါ။ ကရင်လေး၏အမည်က စောဖိုးသဒါးတဲ့။ အေးဝါဝါကို 'မိုးမိုး' ဟု ခေါ်ဆို၏။ အေးဝါဝါကလည်း ဖိုးခွား၊ ဖိုးခွားဟုပင် ခေါ်ဆိုပါ၏။ သားအရင်းမဟုတ်သော်လည်း အမျိုးကြီး အေးဝါဝါက သားအရင်းကဲ့သို့ ချစ်ခင်ပါ၏။

❑

ထန်းတောရွာကြီးသည် တပ်မတော်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ယခင်ကကဲ့သို့ ပြန်လည်စည်ကားလာပါ၏။ ကရင်သောင်းကျန်းသူများလက်ထက်က ပိတ်ထားခဲ့ရသောအစိုးရစာသင်ကျောင်းများလည်း ပြန်လည်ဖွင့်လှစ်နိုင်ပါလေပြီ။

❑

ထိုနေ့က မှတ်မှတ်ရရ တန်ခူးလပြည့်နေ့။

အေးဝါဝါသည် တန်ခူးလပြည့်နေ့ရောက်တိုင်း အမေမြိုင်၏ ခြံကြီးထဲသို့ သွားရောက်၍ -

ပိတောက်ပင်ကြီးအောက်မှာထိုင်၏။ ချစ်သူနှစ်ဦးကြည်နူးခဲ့ရသော တန်ခူးလပြည့်နေ့ကို သတိရနေခဲ့၏။

ပိတောက်ပင်ကြီးတွင် ရနံ့ထိုင်သော ရက္ခစိုးနတ်မင်းကြီးအား အမွှေးတိုင်၊ ဖယောင်းတိုင်မှာထွန်းလျက် ပူဇော်ပသ၏။

ချစ်ဦးသူ အေးမောင်မောင် ကောင်းရာမွန်ရာဘဝသို့ရောက်ပါစေဟု ဆုတောင်းသည်က ထာဝရ၊ နေ့စဉ် မပြတ်။

အေးဝါဝါ၏ ချစ်လှစွာသော မွေးစားသားလေး စောဖိုးသဒါးက ဘောလုံးတစ်လုံးကိုကန်လျက်ပျော်မြူးနေပါ၏။

အေးဝါဝါသည် ခြံကျယ်ကြီး နောက်ဘက်မှ ခွေးဟောင်သံများကြားရသဖြင့် ပိတောက်ပင်ကြီးအောက်မှ ခြံကျယ်ကြီး၏ နောက်ဖေးခြံစည်းရိုးဘက်သို့ သွားကြည့်၏။

ခြံကြီးကို ကာရံထားသော ခြံစည်းရိုးတစ်ခု ပြုတ်ထွက်နေပါသဖြင့် နွားများတိုးဝင်နေသည်ကို တွေ့ရ၏။

ခြံကြီးထဲသို့ဝင်နေသည့် နွားများကို တုတ်တစ်ချောင်းကိုင်လျက် မောင်းထုတ်နေ၏။

ထိုအချိန်ဝယ် ခြံကြီးထဲသို့ စစ်အစိမ်းရောင်စစ်ဂျစ်ကားလေးတစ်စီး မောင်းဝင်လာ၏။

ကားပေါ်မှ ဖြည်းဖြည်းချင်းဆင်းလာသူက စစ်ယူနီဖောင်းဝတ်ထားသည့် ဗိုလ်မှူးအေးမောင်မောင်ပင်တည်း။ ရှေ့တန်းတိုက်ပွဲကြီးတစ်ခုမှာ ဗိုလ်ကြီးအေးမောင်မောင်သည် မိုင်းနင်းမိ၍ သတိမေ့မြောသွားရ၏။

စစ်ဆေးရုံကြီးတွင် ခြေထောက်တစ်ဖက်ဖြတ်လိုက်ရ၏။

ယခုတော့ ဗိုလ်မှူးရာထူးဖြင့် စစ်ရုံးချုပ်တွင် တာဝန်ထမ်းဆောင်နေ၏။

ဗိုလ်မှူးအေးမောင်မောင်သည် ချိုင်းထောက်ကို အားပြုပြီး ပိတောက်ပင်ကြီးဆီသို့ ဖြည်းဖြည်းချင်း လျှောက်လာပါ၏။

ကရင်လေးစောဖိုးသ[ဒါး]ကန်လိုက်သော ဘောလုံးလေးသည် ဗိုလ်မှူး၏ ချိုင်းထောက်ကိုလာထိပါ၏။ အရှိန်ကမပြင်းပါ။

ဗိုလ်မှူးအေးမောင်မောင်သည် ရုတ်တရက် မထင်မှတ်ဘဲ ကရင်လေးတစ်ဦးကို မြင်လိုက်ရသဖြင့် -

"ကလေး ဒါမင်းဘောလုံးလား ကွယ့်"

"ဟုတ်တယ်ဗျ၊ ခင်ဗျားဘယ်သူလဲ။ ဘာဖြစ်လို့ ဒီခြံထဲကိုဝင်လာရတာလဲ။ ခင်ဗျားကစစ်သားကြီးလား"

ကလေးက ဗိုလ်မှူးအေးမောင်မောင်ကို စူးစူးစိုက်စိုက်ကြည့်ပြီး မကြောက်မရွံ့ဘဲ မေးနေပါတော့၏။

ဗိုလ်မှူး အေးမောင်မောင်က ဘောလုံးကိုကောက်ယူပြီး ကလေးထံသို့ ပစ်ပေးလိုက်၏။

ကလေးက ဘောလုံးကောက်မယူတော့။ ခြံနောက်ဖေးမှ သူ့အမိုး အေးဝါဝါထံသို့ပြေးပါတော့၏။

"အမိုး၊ အမိုး ခြံထဲမှာ စစ်သားကြီး တစ်ယောက်ရောက်နေတယ် အမိုး"

ကလေးက သူ့အမိုး အေးဝါဝါကို ပြေးပြီးပြော၏။

အေးဝါဝါသည် စစ်သားကြီးဆိုသဖြင့် သူ့ချစ်သူ အေးမောင်မောင်များ ကိုယ်ထင်လာပြတာပါလို့တွေးပြီး ကလေးနှင့်အတူတူ ပိတောက်ပင်ကြီးဆီသို့လာခဲ့တော့၏။

တွေ့ရပါပြီ။ သူ့ချစ်ဦးသူ အေးမောင်မောင်မှ အေးမောင်မောင် အစစ်။ ပိတောက်ပင်ကြီးအောက်မှာ ထိုင်နေ၏။

အေးဝါဝါသည် ပိတောက်ပင်ကြီးနားသို့ရောက်သွား၏။ စစ်ယူနီဖောင်းဝတ်ထားသည့် ချစ်သူဗိုလ်မှူးအေးမောင်မောင်ကို မထင်မှတ်ဘဲတွေ့လိုက်ရ၏။

"မောင်မောင်၊ မောင်မောင် မသေဘူးနော်"

အေးမောင်မောင် ချစ်ဦးသူ အေးဝါဝါအသံကိုကြားလိုက်ရ၏။

နှစ်ဦးသား ပြေးဖက်ထားလိုက်ကြ၏။

"အမိုး၊ ဒီစစ်သားကြီးက ဘယ်သူလဲ"

"အဲဒါ နင့်အဖေပေါ့။ နင့်အဖေ စစ်သားကြီးလေ"

အေးဝါဝါက ကလေးအမေးကို ချက်ချင်းပင်ဖြေလိုက်ပါ၏။

"ပါးပါးစစ်သားကြီး၊ သားသားတို့ မိုးမိုးတို့နဲ့အတူနေဖို့ပြန်လာတာလား"

ကလေးကမေး၏။

"ဟုတ်တယ်ကွ။ ပါးပါး မင်းမိုးမိုးနဲ့ အတူနေဖို့ပြန်လာတာကွ"

"ဝါဝါ၊ ဒီနေ့ တန်ခူးလပြည့်နေ့ နော်"

"ဟုတ်တယ် မောင်မောင်၊ ပိတောက်ပင်ကြီးအောက်မှာ တို့တွေ ဆုတောင်းခဲ့တဲ့နေ့ပဲ မောင်မောင်"

ချစ်သူနှစ်ဦး ပွေ့ဖက်ထားကြပါတော့သတည်း။

မိုးနတ်ကို



www.burmeseclassic.com

www.burmeseclassic.com

ဤလောကကြီး၌ရှိနေကြသည့် သက်ရှိသတ္တဝါအားလုံး မွေးဖွားလာပြီးကတည်းက သေဖို့ကလည်း အတူပါလာခဲ့ပြီး ဖြစ်ပါသည်။ ဘယ်အသက်၊ ဘယ်အရွယ်၊ ဘယ်အချိန်၊ ဘယ်နေရာ၌ ဘာရောဂါဖြင့်သေမည်ကိုသာ ကြိုတင်

(ဒဿနိက)

# မောင်မောင်အောင်မြင့်

## သေရန်ကြိုတင်ပြင်ဆင်နေသူ တစ်ယောက်အကြောင်း

မသိနိုင်ခြင်း ဖြစ်ပါသည်။ အရွယ်ရောက်လာကြသူတိုင်း တစ်နေ့သေကြရမှာကိုတော့ သိနေကြပါသည်။ တချို့ကတော့ စားဝတ်နေရေးအတွက် လောဘနှင့်ရှာဖွေ ရုန်းကန်နေကြသောကြောင့် သေဖို့ကိုပင်မေ့နေတတ်ကြပါသည်။ အသက်အရွယ်ရလာကြသည့် လူကြီးပိုင်းများမှသာ မိမိအိုလာသည်ကို သိနေသည်။ မိမိနာလာသည်ကို သိနေသည်။ မိမိမကြာမီ [illegible] ပါသည်။

ဝိပဿနာဘာဝနာတရားအလုပ်ကို တစိုက်မတ်မတ်ပြုလုပ် အားထုတ်နေသည့် အငြိမ်းစား ဦးသက်ဝေတစ်ယောက် တစ်နေ့သောရက်တစ်ရက်၌ ယခင်ဝန်ထမ်းဘဝက လုပ်ဖော်ကိုင်ဖက်ဖြစ်သော အငြိမ်းစား ဦးအောင်စိုးတင့်အိမ်သို့ အလည်အပတ်ရောက်သွားခဲ့ပါသည်။ ဦးသက်ဝေတစ်ယောက် နေအိမ်ခြံဝင်းအတွင်းသို့ ဝင်လာသည်ကို ဦးအောင်စိုးတင့်မှ အိမ်ထဲကလှမ်းမြင်လိုက်သဖြင့် -

"ဦးသက်ဝေ လာဗျာ၊ ဘယ်လိုများ မျက်စီလည်ရောက်လာတာလဲ"

"ဒီလိုပါပဲဗျာ။ အိမ်ထဲအောင်းနေရတာကြာတော့ အပြင်ကိုထွက်လာရင်း ခင်ဗျားနဲ့လည်း မတွေ့ရ၊ စကားမပြောရတာကြာလို့ ဝင်လာခဲ့တာ။ ဒါနဲ့ ခင်ဗျားဇနီး ဒေါ်စန်းကော မမြင်ပါလား"

"အခုနတော့ အိမ်ရှေ့တွေ့လိုက်တယ်။ စားသောက်ပြီးလို့ အိပ်ရာထဲ ပုတီးစိပ်ရင်း အိပ်ပျော်နေသလားမသိဘူး"

"အေးပေါ့ဗျာ၊ အသက်အရွယ်တွေကရလာကြတော့ ကုသိုလ်အလုပ်တစ်ခုခုကတော့လုပ်နေရမှာပဲ ဦးအောင်စိုးတင့်ရေး အဲဒီအလုပ်က ကိုယ့်နောက်ပါမှာမဟုတ်လား"

"မှန်တာပေါ့ဗျာ။ ဒါနဲ့ ဦးသက်ဝေခင်ဗျားကတော့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းကို နေ့စဉ်အာစိဏ္ဏကံရောက်တယ်လို့သိရတယ်။ဝမ်းသာတယ်ဗျာ။ ကျွန်တော်က ကျောင်းနဲ့ နည်းနည်းလှမ်းတော့ နေ့တိုင်းတော့မရောက်ဖြစ်ခဲ့ဘူးဗျ"

"ဘုန်းကြီးကျောင်းမရောက်ပေမယ့် အိမ်မှာလုပ်နိုင်တော့လုပ်ပေါ့ဗျာ။ ကျုပ်ကတော့ မိုးမရွာတဲ့နေ့ဆို ဆိုင်ကယ်လေးနဲ့ မပျက်ရောက်ပါတယ်"





www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့ ခင်ဗျားတို့အရွယ်က ဒါန၊ သီလ၊ ဘာဝနာအလုပ်ကို တတ်နိုင်ရင် နေ့တိုင်းလုပ်နေရမှာ ဦးသက်ဝေ။ အဲဒါက ကိုယ်သေရင် ကိုယ့်နောက်ပါမှာမဟုတ်လား။ ဝိပဿနာဘာဝနာအလုပ်ကို အဓိကထားလုပ်ရမှာဗျ"

"အမှန်ပေါ့ ဦးအောင်စိုးတင့်ရေ။ ခင်ဗျားတို့ ကျုပ်တို့က နေဝင်ချိန်ရောက်နေကြပြီ။ အသက် (၇၀) ကျော်အရွယ်ဆိုတာ သစ်ပင်ပေါ်မှာရှိနေတဲ့ အမှည့်လွန်သစ်သီးလိုပဲ (၉၆) ပါးနဲ့တူတဲ့ လေပြေလေညင်းကလေးတိုက်ခတ်လာရင်တောင် အချိန်မရွေး ကြွေကျနိုင်တယ် မဟုတ်လား။ လေပြင်းတိုက်လိုက်လို့ကတော့ မြေကြီးပေါ်ကြွေကျပြီး အရိုးတခြား အသားတခြားဖြစ်သွားနိုင်တယ်"

"ဟုတ်တယ် ဦးသက်ဝေ။ ခန္ဓာကြီးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တရှုပါများတော့ လက်ရှိဘဝခန္ဓာကြီးကို တကယ်ငြီးငွေ့မိတယ်ဗျာ။ နောက်ဘဝရမှာကိုတောင် ကြောက်နေမိတယ်"

"ဝိပဿနာဘာဝနာအလုပ်က ခန္ဓာကြီးကို ငြီးငွေ့အောင်၊ မုန်းအောင်၊ ဆုံးအောင် ရှုမှတ်ဖို့ မိုးကုတ်ဆရာတော်ဘုရားကြီးဟောခဲ့တာ ခင်ဗျားလည်း အသိပဲ ဦးအောင်စိုးတင့်။ ဗုဒ္ဓက ဒုက္ခသစ္စာပါလို့ ခန္ဓာကိုယ်ကြီးကိုဟောခဲ့တာ တချို့က ခန္ဓာကိုယ်ကြီးကို ချမ်းသာတယ်ထင်နေကြတယ်။ ရုပ်နာမ်မမြင်တော့ အယူမှားတွေလို့ပဲဆိုရမှာပေါ့"

"ဝိပဿနာတရားမလုပ်တော့ သစ္စာတရားလည်းမသိလို့ အဲဒီလို အယူမှားတွေရှိနေတာပဲ ဦးသက်ဝေ"

"ကျွန်တော်တော့ ရုပ်ထွေးများပြားလွန်းတဲ့ လူ့ဘဝကို အတော်ကို စိတ်ကုန်နေပြီ။ နိဗ္ဗာန်ချမ်းသာကိုပဲရောက်ချင်လို့ အခုဆို တရားအလုပ်ကို လုပ်နေတာ။ (၁၀) နှစ်ဝန်းကျင်ရောက်နေပြီ။ ဘဝမှာလောကဓံလှိုင်းရိုက်ပုတ်မှုတွေလည်း ခံစားခဲ့ရပြီးပြီ။ အခုဆို အိုလာနေပြီ၊ နာလာနေပြီ။ မကြာမီ သေဖို့ကလည်း အချိန်ပိုင်းလောက်သာလိုတော့တယ် ဦးအောင်စိုးတင့်ရေ။ သံဝေဂတရားတွေလည်း ရသင့်သလောက်ရခဲ့ပြီ။ ဒါကြောင့် အခု ကျွန်တော်သေဖို့ပြင်ဆင်နေပြီ"

"ဘယ်လိုလဲ ဦးသက်ဝေ။ ခင်ဗျားရဲ့စကားကလည်း အဆန်းပါလား။ သေဖို့တောင် ပြင်ဆင်နေပြီဆိုတော့ ကျုပ်ကို နားလည်အောင် ပြောပြပါဦးဗျာ"

"ကျုပ်တို့ ခင်ဗျားတို့ဘဝတွေက အတိတ်ဘဝပေါင်းများစွာမှာ သေခဲ့ရပေါင်းများခဲ့ပြီ။ ခင်ဗျားအဲဒါကိုလက်ခံတယ် မဟုတ်လား"

"လက်ခံရမှာပေါ့ ဦးသက်ဝေ။ ဘုရားကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင် ဟောခဲ့တာပဲ"

"အဲဒီ အတိတ်ဘဝမှာ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝတွေလည်း ရောက်ခဲ့ကြပြီးပြီဆိုတာကော လက်ခံသလား"

"ဒါလည်း ဘုရားကိုယ်တော်မြတ်ကြီး ဟောကြားခဲ့တာပဲ လက်ခံရမှာပေါ့ ဦးသက်ဝေ"

"ခု ကျုပ်တို့က ဘုရားသာသနာနဲ့ ကြုံနေကြလို့ သစ္စာလေးပါးတရားကို သိနေကြပြီလေ။ ဒီတော့ ဗုဒ္ဓက မဂ္ဂင်လမ်းကြောင်းကသွားရင် အသေလွတ်တဲ့ နိဗ္ဗာန်ချမ်းသာကိုလည်း ဟောပြလမ်းညွှန်ထားခဲ့ပြီ။ အသေလွတ်တဲ့ မဂ္ဂင်လမ်းကမသွားဘဲ သမုဒယနယ်မှာကိုလေသာတွေ တောထ,အောင်နေကြဦးမယ်ဆိုရင် ကျုပ်တို့ရဲ့ လူ့ပြည်ကအပြန်လမ်းက သုဂတိဘုံလား၊ ဒုဂ္ဂတိဘုံလားဆိုတာတောင်မသိတဲ့အဖြစ်ဆိုးကြီးနဲ့ မတွေ့ပေဦးလားဗျာ။ ဦးအောင်စိုးတင့် သေသေချာချာစဉ်းစားကြည့်နော်"

"အပြန်လမ်းကောင်းဖို့ကိုတော့ မဂ္ဂင်လမ်းကြောင်းက ဝီရိယ၊ သတိ၊ သမာဓိနဲ့သွားဖို့ အဲ့ရေးကြီးတယ်လို့ပဲဆိုရမှာပေါ့ ဦးသက်ဝေ"

"အမှန်ပဲ ဦးအောင်စိုးတင့်။ အပြန်လမ်းတော့ကောင်းအောင်ကြိုးစားလုပ်ရမှာပဲလေ။ မကြာမီ ကျုပ်တို့က သေခြင်းတရားကို ပိုင်ဆိုင်ရတော့မှာ။ ပြင်ဆင်ချိန်တောင် သိပ်မရှိတော့ဘူး။ အနိစ္စတရားကလည်း အချိန်တိုင်း ကျွန်တော်တို့ရဲ့ ခန္ဓာကြီးမှာ အမြဲရှိနေတာ မဟုတ်လား။ ဒါကြောင့် နေ့စဉ်အာစိဏ္ဏကံတရားအလုပ်ကို ဆက်လုပ်နေရတယ်။ အိမ်မှာလည်းလုပ်၊ ဘုန်းကြီးကျောင်းမှာလည်းလုပ်၊ တရားစခန်းလည်း ဝင်ပေါ့ဗျာ။ နောက်ပြီး ကျွန်တော်လွန်ခဲ့တဲ့ လေးငါးနှစ်လောက်ကတည်းက ကိုယ်လျှခဲ့တဲ့ ကုသိုလ်မှတ်တမ်းလေးကို မှတ်မိသလောက် စာအုပ်ထဲမှာ မှတ်သားထားတယ်။ မိုးကုတ်ဆရာတော်ဘုရားကြီးဟောခဲ့တဲ့တရားစာအုပ်ပေါင်း (၃၀) ကျော်ကိုလည်း ဖတ်ခဲ့မှတ်ခဲ့တယ်။ အရေးကြီးတဲ့အချက်အလက်တွေ မှတ်စုစာအုပ်ထဲ မှတ်သားထားတယ်။ အခု မိုးကုတ်တရားရိပ်သာက ရေဒီယိုလေးလည်းဝယ်ထားတယ်။ ဆရာတော်ကြီးရဲ့တရားအပုဒ်ပေါင်း (၉၀၀)ကျော်ပါတယ်လေ။ မိမိုရီကတ်လေးနဲ့သွင်းထားတာ။ ခန္ဓာဉာဏ်ရောက်တရားတွေချည်းပဲ။ မသွားနိုင်မလာနိုင်ဖြစ်လာတဲ့အချိန်မှာ ကုသိုလ်မှတ်တမ်းလေးကို အိပ်ရာဘေးထားပြီးဖတ်မယ်။ ဆရာတော်ကြီးတရားစာအုပ်ထဲက ထုတ်နုတ်မှတ်သားထားတဲ့ တရားစာသားကလေးတွေဖတ်မယ်။ ရေဒီယိုလေးထဲမှာသွင်းထားတဲ့ တရားတွေကို အိပ်ရာဘေးထားဖွင့်ပြီး တရားနာမယ်ပေါ့ဗျာ"

"သိပ်ကောင်းတာပဲ ဦးသက်ဝေ။ ခင်ဗျားရဲ့ ဧသရွာသွားဖို့ ကြိုတင်ပြင်ဆင်ချက်ကတော့ အတုခိုးချင်စရာပဲဗျာ"

"မသေလို့မှမရဘဲ ဦးအောင်စိုးတင့်ရာ။ တကယ်သေရမှာဆိုတော့ အပြန်လမ်းကောင်းအောင်တော့ အဲဒီလိုပဲ ကြိုတင်ပြင်ဆင်ထားတာက 'သေမင်းမင်းဘယ်အချိန်ခေါ်ခေါ် ငါအားလုံးပြင်ဆင်ထားပြီးပြီ' လို့ ပြုံးပြုံးလေးလိုက်သွားရုံပဲမဟုတ်လား"

"ဟုတ်တယ်ဗျ ဦးသက်ဝေ။ သေမင်းလာခေါ်မှ ကျုပ်တို့မှဲ့သေရရင်တော့ လူ့ပြည်မှာ အပြန်လမ်းက ဘယ်လိုမှ မကောင်းနိုင်ဘူးနော်"

"နောက်ပြီး ကျုပ်မှာ သမီးမရှိဘူး ဦးအောင်စိုးတင့်။ သားနှစ်ယောက်ပဲရှိတယ်။ အဖေ၊ အမေမရှိတော့တဲ့ မြေးယောက်ျားလေးတစ်ယောက်အတူနေရှိတယ်။ သားအကြီးဆုံးက ရန်ကုန်မှာနေတယ်။ ကျွန်တော် ရောဂါဝေဒနာခံစားနေရချိန်မှာ ဩော် - ငါ့မယ့်သမီးမရှိလို့ အခု ဝမ်းသာနေတယ်။ ကျုပ်ဇနီးကိုတော့ မငိုဖို့မြောထားပြီးပြီ။ ယောက်ျားလေးကတော့ ငိုလည်းငိုမှာမဟုတ်ပါဘူး။ သေပြီးမှမျက်ရည်ကျချင်ကျမှာပေါ့ဗျာ။ အဝေးမှာနေတဲ့သားကိုလည်း ငါသေပြီးသုသာန်ပို့ပြီးမှသာ အကြောင်းကြားဖို့နဲ့ ဇာတိရပ်ရွာကိုလည်း ဘယ်နေ့ဘယ်ရက်က ကွယ်လွန်သွားလို့ မသေမီကမှာကြားခဲ့လို့ ခုမှ အသိပေးအကြောင်းကြားရတာပါလို့ပဲ ဖုန်းဆက်အကြောင်းကြားဖို့ အားလုံးမှာပြီးသား"

"အေးဗျာ - သံယောဇဉ်ဆိုတာ မထားနိုင်ရင် အကောင်းဆုံးပါပဲ ဦးသက်ဝေ။ သံယောဇဉ်ဆိုတာက ခင်ရာမင်ရာကလာတာဆိုတော့ အဲဒီတဏှာကို ဖြတ်နိုင်ဖို့ အရေးကြီးပါတယ်ဗျာ"

"ကျွန်တော်ပြောခဲ့ပါပြီဗျာ။လူ့ဘဝက အလွန်ရှုပ်ထွေးများပြားလွန်းတယ်



www.burmeseclassic.com

www.burmeseclassic.com

လို့။ အခုန ကျွန်တော်ပြောခဲ့တာကို ဆက်ပြောရဦးမယ်။ ကျွန်တော်သေလို့ အချိန်ရှိနေရင် ချက်ချင်းနေ့ချင်း သင်္ဂြိုဟ်ဖို့မှာထားပြီးပြီ။ ဒီရုပ်အလောင်းကြီးက အသက်ပြန်ရှင်လာမှာမှမဟုတ်ဘဲဗျာ။ ဟိုလူနှာခေါင်းရှုံ့မျက်နှာလွှဲဒီလူနှာခေါင်းရှုံ့ မျက်နှာလွှဲရမယ့် ရုပ်အလောင်းကြီး။ လူမှုရေးအရ အိမ်နီးနားချင်းမကောင်းတတ်လို့ မလွှဲသာလို့လာမေးကြတာပါ။ ကျွန်တော်ကတော့ကိုယ့်ခန္ဓာဒွါရပေါက်ကထွက်တဲ့ အရည်၊အဖတ်တွေကိုကြည့်ပြီး နေ့စဉ် ကိုယ့်ရဲ့ခန္ဓာကိုယ်ကြီးကို ရွံရှာမသတီစရာဖြစ်အောင် ဉာဏ်နဲ့ကြည့်ပြီး ရုပ်နာမ်ဓမ္မ သင်္ခါရကို တရားသဘောနဲ့ ရှုမှတ်နေတာ။ အနှစ်မရှိတဲ့ ခန္ဓာကြီးလို့ပဲ ရှုမှတ်နေမိတယ်"

"အေးဗျာ၊ လူတွေကမသေမီတော့ တန်ဖိုးရှိနေတယ်လို့ မိမိကိုယ်မိမိထင်နေမိတာ။ သေသွားရင်တော့ ဘာမှတန်ဖိုးမရှိတော့ဘူးလို့ ယူဆနေကြတာ။ တကယ်တော့ ရုပ်နာမ်ဓမ္မကို မမြင်ကြလို့ အဲဒီလိုထင်နေကြတာပါ။ ရုပ်နာမ်ဓမ္မလို့မြင်ရင်တော့ မသေမီရော သေပြီးနောက်ပါ ဘာမှတန်ဖိုးရှိတာ မဟုတ်ပါဘူး ဦးသက်ဝေ"

"ဟုတ်တယ် ဦးအောင်စိုးတင့်။ သူသူကိုယ်ကိုယ် ရုပ်နာမ်မြင်ဖို့တော့ မလွယ်ဘူးဗျ။ ဝိပဿနာတရားအလုပ်ကို အချိန်ကြာမြင့်စွာလုပ်လာခဲ့သူတွေသာ ကိုယ့်သားသမီး၊ ကိုယ့်မြေး၊ ကိုယ့်ခင်ပွန်း၊ ကိုယ့်ဇနီးကို ရုပ်နာမ်လို့မြင်ပြီး တရားနှလုံးသွင်းကြတာ။ သာမန်လူပုဂ္ဂိုလ်အဖို့ တော့ ငါ့သား၊ ငါ့သမီး၊ ငါ့မြေး၊ ငါ့ဇနီး၊ ငါ့ခင်ပွန်းလို့ပဲ မြင်တတ်ကြတာ။ခင်ဗျားတို့ကျုပ်တို့လည်း ဝိပဿနာတရားမလုပ်မီက အဲဒီလိုပဲထင်ခဲ့ကြတာ မဟုတ်လား။ အခု တရားအလုပ်လုပ်ပါများလာမှသာ အယူမှား၊ အမှတ်မှားတွေပါလားလို့ ယထာဘူတအမြင်ကိုရခဲ့တာ။ ဒါတောင် ဒိဋ္ဌိကိုခွာနေဆဲဖြုတ်နေဆဲပဲ မဟုတ်လား"

"အေးပေါ့ဗျာ၊ ကိလေသာဆိုတာ တဖြည်းဖြည်းပါးအောင် ကြိုးစားအားထုတ်ရတာပဲ ဦးသက်ဝေ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို တကယ်မြင်ရင် သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိစင်တယ်လို့ ဆိုတယ်မဟုတ်လား"

"အမှန်ပေါ့ဗျာ။ တဖြည်းဖြည်းချင်းကြိုးစားအားထုတ်သွားရင် ဝိပဿနာဉာဏ်အမြင်တွေ ရင့်ကျက်လာတဲ့အခါ အဲဒီဒိဋ္ဌိတွေကစင်သွားမှာပါ"

"မဂ္ဂင်လမ်းကြောင်းပေါ်ရောက်နေပြီဆိုတော့ တရားအလုပ်ကို ဇီရိယစိုက်ပြီး အားမလျှော့တမ်းလုပ်သွားဖို့လိုတာပေါ့ဗျာ။ကျုပ်တို့ခင်ဗျားတို့က အခုနိဗ္ဗာန်ကို မြင်နေမိလို့ နေ့စဉ်မပျက်တရားရှုမှတ်နေတာပဲ မဟုတ်လား။ ဒီဘဝခန္ဓာကြီးကို မလိုချင်ရင် မုန်းအောင်ရှု ရွံစရာ၊ စက်ဆုပ်စရာ၊ မသတီစရာမြင်အောင်ရှုဖို့ပဲလိုတယ် ဦးသက်ဝေ"

"ကဲ - ဦးအောင်စိုးတင့်၊ ကျုပ်လည်းရောက်နေတာကြာပြီ။ ရောက်ကတည်းက တရားအကြောင်းဆွေးနွေးပြီး ရေနွေးကြမ်းသောက်ခဲ့တာ တရားတစ်လုံးလည်းကုန်ပြီ။ လက်ဖက်တစ်ပွဲလည်း ကုန်သလောက်ရှိသွားပြီ။ ပြန်တော့မယ်ဗျာ။ ခင်ဗျားအမျိုးသမီး ဒေါ်စန်းနိုးလာရင်လည်း ကျုပ်လာသွားတဲ့အကြောင်း ပြောလိုက်ဦး၊ သွားပြီဗျို့"

ဒါကတော့ ယခုငိုခြင်းကို ပိုင်ဆိုင်ထားသူ၊ နာခြင်းကို ပိုင်ဆိုင်ထားသူ၊ မကြာမီကာလအတွင်း သေခြင်းကိုလည်း ပိုင်ဆိုင်ရတော့မှာပါလားဆိုပြီး သေဖို့ရန် ကြိုတင်ပြင်ဆင်နေသူ ဦးသက်ဝေအကြောင်းပဲ ဖြစ်ပါသည်။ သေခြင်းတရားကို ပထမကြောက်ရမည်။ နောင်တွင် သံဝေဂတရားများရလာသည့်အခါ သေခြင်းကို မကြောက်တော့သည့်ပုဂ္ဂိုလ်များတွင် ဦးသက်ဝေတစ်ယောက်လည်း အပါအဝင်ဖြစ်သည်ဟု ဆိုရပေမည်။

တကယ်တော့ ကျွန်ုပ်တို့အားလုံး လက်ရှိဘဝ ခန္ဓာကြီးရှိလာခြင်းက တစ်နေ့နေ့ သေဖို့ရရှိလာခြင်းပဲမဟုတ်ပါလား။ မဂ္ဂင်လမ်းကြောင်းမှန်ပေါ်ရောက်ပြီး မငိုရာ၊ မနာရာ၊ မသေရာကို ရှာဖွေဖို့က သူတော်ကောင်းများရဲ့တန်ဖိုးရှိသည့်အလုပ်ပဲဖြစ်ပါသည်။ ထို[illegible]င် ဗုဒ္ဓကို အပ္ပမာဒထဲတွင် တရားရှု[illegible]တ်မှုဖြင့် ပူဇော်မှသာလျှင် ဗုဒ္ဓ၏ အဆုံးအမကို လိုက်နာနိုင်ကြပြီး သူယုတ်မာများကတော့ ဗုဒ္ဓ၏ အဆုံးအမကို မလိုက်နာနိုင်ကြပါ။ ထိုသူယုတ်မာတို့သည် ယခုလက်ရှိသာသနာတွင်းနှင့် ကြုံတွေ့နေရပါသော်လည်း သူတို့အတွက်တော့ သာသနာပပဲဖြစ်လို့နေပါတော့မည်။

(သေရန် ကြိုတင် ပြင်ဆင်နေသူ ဦးသက်ဝေဆိုသူမှာ အခြားသူမဟုတ်ပါ။ ယခု စာရေးသူပင် ဖြစ်ပါသည်။)

မောင်မောင်အောင်မင်း(ဒဿနိက)

# ရင်ကျပ် အသက်ရှူမဝသော်

ရင်ကျပ်၍ အသက်ရှူမဝခြင်းကို လူတိုင်းကြုံဖူးပါမည်။ ဖုန်ထူ၍ လေမသန့်သောအခါတွင် ရင်ကျပ်အသက်ရှူမဝဖြစ်တတ်ပါသည်။ ထို့ပြင် ကာဗွန်မီးခိုးငွေ့များစွာရှူရလျှင်လည်း အသက်ရှူမဝရင်ကျပ်တတ်ပါသည်။ ထို့အပြင် အချို၊ အချွဲအစာများ များစွာစားမိလျှင်လည်းကောင်း၊ ချွဲသလိပ်များ အသက်ရှူလမ်းကြောင်းတွင် ပိတ်ဆို့ပြီး အသက်ရှူကျပ်တတ်ပါသည်။ သို့အတွက် လေကောင်းလေသန့်၊ လတ်ဆတ်သောလေများပြင်းပြင်းရှူ ဖြည်းဖြည်းထုတ် လေ့ကျင့်ပေးရပါမည်။

ခန္ဓာအတွင်းမှ အဆုတ်အားနည်းလျှင်၊ အဆုတ်မကောင်းလျှင်လည်း ရင်ကျပ်အသက်ရှူမဝဖြစ်ရတတ်သဖြင့် ဆေးလိပ်သောက်ခြင်းရှောင်ကြဉ်သင့်ပါသည်။ မိမိကိုယ်တိုင် ဆေးလိပ်သောက်ခြင်း မရှိသော်လည်း အခြားဆေးလိပ်သောက်သူထုတ်လွှတ်သော ဆေးလိပ်မီးခိုးငွေ့များရှူမိလျှင်လည်း အဆုတ်မသန့်မရှင်းဖြစ်ကာ ရင်ကျပ် အသက်ရှူမဝဖြစ်တတ်သဖြင့် သတိပြုသင့်ပါသည်။

မည်သို့ပင်ဖြစ်စေ မည်သည့်အကြောင်းကြောင့်ပဲဖြစ်စေ ရင်ကျပ်အသက်ရှူမဝပါက 'ရဲယိုသီးယိုထိုး' စားရန် တိုက်တွန်းလိုပါသည်။

ရဲယိုသီးမှည့် (၁၀) လုံးခန့်ကို ရေစင်စွာဆေးပြီး အနှစ်တိုက်ယူပါ။ ထို့နောက် ပျားရည် (၂၀) ကျပ်သားနှင့် ရောမွှေပြီး မီးကျိုးခဲရဲရဲနှင့် မတူးမခြစ်အောင် စိတ်ရှည်စွာချက်ပါ။ ရေခါတ်ကုန်သွားလျှင် အအေးခံပြီး ဖန်ဘူးတွင် ထည့်ထားပါ။ နေ့စဉ် ဟင်းသောက်ဇွန်း တစ်ဇွန်း ပုံမှန်စားပေးသွားပါ။ အဆုတ်အားကောင်းလာပြီး နှလုံးသွေးလည်ပတ်မှုပါ မှန်ကန်သွားပြီး ကောင်းစွာအသက်ရှူဝပြီး ရင်ကျပ်ခြင်းကင်းရှင်းသွားပါလိမ့်မည်။

ရဲယိုသီးနံ့မှာနံသည်၊အနံ့ဆိုးသည်ဟု မအောက်မေ့ပါနှင့်။ ရောဂါပျောက်ရေးရှေးရှု၍ ကြိတ်မှိတ်စားပေးပါ။ မုချရောဂါပျောက်ကျန်းမာစေပါသည်။

နတ်မောက်မင်း[illegible]နော်



www.burmeseclassic.com

www.burmeseclassic.com

# ရှေးရှေးကမြန်မာကြီးများ လက်ဆင့်ကမ်းသယ်ယူလာသောဆေးမြီးတိုများ

သုဒ္ဓ(နဝင်းမြို့)

ပြီးခဲ့သောသီတင်းကျွတ်လပြည့်နေ့က ဖြစ်သည်။ ကျွန်ုပ်ကို လာရောက်ကန်တော့ကြသည်။ အမေ့ဘက်မှ ဝမ်းကွဲညီနှင့်ဇနီးတို့ ရောက်လာကြပါသည်။ တောင်သူထွက်ပစ္စည်းဖြစ်သော မြေပဲဆန်၊ ဆီနှင့် ကျေးရွာတို့၏ဓလေ့ထုံးစံအတိုင်း ထမင်းချိုင့်လည်း ပါဝင်လေသည်။

ကျွန်ုပ်တို့၏ မြေလတ်ဒေသ ဧရာဝတီမြစ်ကြီး၏အနောက်ဘက်ကမ်းတွင် တည်ရှိသောမြို့နယ်တွင် တပေါင်းလတွင်းသာ အခါမုန့်ကိုကြော်ကြသည် မဟုတ်မူဘဲ သီတင်းကျွတ်အခါမှာလည်း မုန့်ဆီကြော်ကြော်ကြလေသည်။ ရိုးရာမပျက် တင်ကြမြှောက်ကြလေသည်။ မုန့်ဆီကြော်ကိုကျွန်ုပ်ကြိုက်တာသိသောညီမှ တင်မြှောက်ထားခြင်းမရှိသော သန့်ရှင်းသည်မုန့်တို့ကိုပါ ကန်တော့ဖွယ်ပစ္စည်းတမယ်အဖြစ် ပါဝင်လေသည်။

ကျွန်ုပ်၏ညီနှင့် ခယ်မဖြစ်သူတို့ (၂) ယောက်စလုံးမှာ ဒီတစ်ခေါက် ကျွန်ုပ်ဆီရောက်လာချိန်တွင် ကြည်ကြည်လင်လင်နှင့်တက်ကြွပြီး သွက်လက်နေကြပါသည်။ ယခင်အခါများကဆိုလျှင် ခယ်မဖြစ်သူက လိပ်ခေါင်းရောဂါသည် ဖြစ်ပြီး ညီဖြစ်သူက သွေးတိုးရောဂါရှိနေသဖြင့် တိုင်းရင်းဆေးဆရာများနှင့် ဆရာဝန်တို့ထံ တစ်လှည့်စီသွားရောက်နေကြရသူများဖြစ်လေသည်။

ယခုတစ်မူထူးခြားနေသည့်အတွက် ကျွန်ုပ်မှာမမေးဘဲ မနေနိုင်အောင်ဖြစ်နေပါတော့သည်။ သို့ဖြစ်၍ အောက်ပါအတိုင်း ကျွန်ုပ်မှ မေးမြန်းလိုက်ရလေတော့သည်။

"ညီလေး၊ မင်းတို့လင်မယား ဒီတစ်ခေါက် အတော့်ကိုထူးခြားနေတယ်။ မျက်နှာတွေကလည်း ကြည်လင်လို့၊ ဘာတွေဖြစ်ခဲ့ကြတာလဲ။ အစ်ကိုကြီးလည်း ပြောပြပါဦး"

ဟု မေးလိုက်မိလေသည်။

"အစ်ကိုကြီးမမေးလည်း ကျွန်တော်တို့က ပြောပြမှာပါ။ ပြောလည်းပြောပြချင်နေတာလေ၊ ကျွန်တော်က သွေးတိုးရောဂါသည်၊ အစ်ကိုကြီးခယ်မက လိပ်ခေါင်းရောဂါနဲ့မို့ မြန်မာဆရာနဲ့ ဆရာဝန်တွေကို တစ်လှည့်စီ ကန်တော့နေကြရတာ အခုမလိုတော့ဘူးဗျ။

နဂိုကတော့ ကျွန်တော်တို့အနေနဲ့ မယုံကြည်ခဲ့တာလည်း ပါတာပေါ့ဗျာ။ မြန်မာဆေးမြီးတို တချို့ကမြစ်ချင်းပြီး ဆေးနည်း ပြောကြတာပါ။ ငွေတွေကုန် ရောဂါက ဆေးစားကုန် တစ်ခဏသက်သာပြီး ပြန်ပြန်ထနေတော့ စိတ်ကလည်း အတော့်ကိုညစ်နေပြီလေ။ နောက်ဆုံး ဇကားပြောရရင် စိန်စားရင်ပျောက်တယ်ဆိုရင်တောင် စားချင်စိတ်ပေါ် နေပြီဗျ။

ဆေးနည်းများပေမယ့် ကျွန်တော့်ကို လက်တွေ့ပျောက်တဲ့ဆေးနည်းကတော့ လွယ်မှလွယ်ကူပါတယ်။ အချိန်အခါမရွေး တစ်နှစ်ပတ်လုံး လွယ်လင့်တကူရတဲ့ ဘယဆေးပင်ဆေးရွက်တွေပါ။ ကျွန်တော်တစ်မည်ချင်း ပြောပြပါမယ်။

ကျွန်တော့်လို သွေးတိုးရောဂါသည်များအတွက်ဆိုရင်လေ သဘော်သဖန်းရွက်(၃)ရွက်ကို နုပ်နုပ်ပါအောင် ကိုက်လိုက်ပါ။ ရေကိုလည်း လက်ဖက်ရည်အကြမ်းပန်းကန်(၃)ခွက်ချင်းထည့်လိုက်ပါ။ မီးမှန်မှန်နဲ့တစ်ခွက်စာကျန်အောင် ကြိုပစ်လိုက်ပေါ့။ သုံးခွက်တစ်ခွက်တင်လေး အဲဒါကိုသာ တစ်နေ့တစ်ခွက်မှန်မှန်သောက်။(၇)ရက်သောက်ရင် ယူပစ်လိုက်သလို ဒိဋ္ဌပျောက်ပါတယ်။

အဲ - ရောဂါကြီးရင်တော့ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့ (၂) ခွက်သောက်ပေါ့ဗျာ၊ ကျွန်တော့်မှာတော့ ဒိဋ္ဌပျောက်တဲ့ဆေးမို့ ဘုရားဆေး၊ သိကြားဆေးပါဘဲ အစ်ကိုကြီး"

ဟု အားပါတရပြောပြပါတော့သည်။

"အစ်ကိုကြီးခယ်မဖြစ်တော့လိပ်ခေါင်းရောဂါပျောက်တဲ့ဆေးကတော့ လွယ်မှလွယ်ပဲ အစ်ကိုကြီးရေ။ အိမ်ထဲတွင်ရှိနေတဲ့ဆေးပင်လေဗျာ၊ ခြံစည်းရိုးမှာ တောထအောင်ပွားနေကြတဲ့ ရှားစောင်းလက်ပပ်တွေက အစွမ်းထက်တဲ့ ဆေးပင်ပါပဲဗျာ။

အစ်ကိုကြီးခယ်မကသွေးဆုံးချိန်စနေတော့ သွေးဆုံးရောဂါမကိုင်အောင်ဆိုပြီး ရှားစောင်းလက်ပပ်တွေကိုမီးအုံ့ပြီး အားရပါးရစားတော့တာဗျ။ ရှားစောင်းလက်ပပ်ကို မီးအုံ၊ အနှစ်ကိုခြစ်ယူပြီး သကြားနဲ့ခေါက်စားလိုက်၊ ထန်းလျက်နဲ့ခေါက်စားလိုက်၊ တစ်ခါတလေကျတော့ ဆားလေးနည်းနည်းထည့်ပြီးစားတာပါပဲ။

အခုတော့ လိပ်ခေါင်းရောဂါကလည်း ရှင်းရှင်းပျောက်သလို၊ သွေးဆုံးလည်းမကိုင်ဘဲလှလို့ဝလို့နေတာဗျာ"

ဟု အားပါးတရ ပြောပြနေပါတော့သည်။

ကျွန်ုပ်အနေဖြင့် ညီနှင့်ခယ်မတို့ပြန်သွားကြတော့ အတွေးတွေတန်းစီးပြီးဝင်လာနေပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင် အဖိုးမဖြတ်နိုင်သော သဘာဝကပေးထားသည့် ဆေးပင်များစွာတို့ ပေါက်ရောက်ရာ နေရာဌာနကြီးဖြစ်နေသည့်ကပင် ကျွန်ုပ်တို့နိုင်ငံသူနိုင်ငံသားများနှင့် လူသားအားလုံးအတွက် သက်ရှည်ကျန်းမာစေရန် အခွင့်အလမ်းကောင်းကြီးပင်ဖြစ်နေပါတော့သည်။

သစ္စာလေးနက်၊ ပေါ် ဆီတက်က၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏။

ဆိုစကားကို ကျွန်ုပ်အနေဖြင့် အောက်ပါစာနှင့် အကြောင်းအချက်ကို ဖြည့်စွက်ချင်ပါသည်။

ရောဂါရှင်အနေဖြင့် -

၁။ စနစ်တကျ ညွှန်းပြသည့်အတိုင်း လိုက်နာပြီး စားသုံးရခြင်း။
၂။ သတ်မှတ်ကာလကုန်ဆုံးအောင် စားသုံးရခြင်း။
၃။ မိမိစားသုံးသော ဆေးဝါးမှတ်စာသည် မိမိတွင်စွဲကပ်နေသော ရောဂါဝေဒနာကို မုချပျောက်ကင်းမည်ဟု ယုံကြည်ခြင်း။

စသည်တို့ ဖြစ်ပါသည်။

ယခု ကျွန်ုပ်တင်ပြခဲ့သည့် ဆေးနည်းများမှာ တိုင်းရင်းဆေးပညာမှ ဆေးမြီးတိုများဖြစ်သလို အမှန်တကယ် ကျွန်ုပ်၏ညီဇနီးမောင်နှံတို့ လက်တွေ့ပျောက်ကင်းခဲ့ကြသောဆေးဖြစ်နေ၍ ဝါသနာတူ၍ ရယူကုစားလိုလျှင် စားသုံးနိုင်ကြစေရန် စေတနာဖြင့် တင်ပြလိုက်ရပါတော့သည်။

ရောဂါကင်းကွာ၍
ကျန်းမာချမ်းသာကြပါစေ

သုဒ္ဓ (နဝင်းမြို့)



www.burmeseclassic.com

www.burmeseclassic.com

ရပ်ကွက်အစွန်တွင် တည်ရှိသော ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်သည် သက်တော် (၈၀) နှစ်ကျော်ပါပြီ။ သို့သော် သန်သန်မာမာ သွားနိုင်လာနိုင်သည်။ ဆွမ်းစားကွမ်းစားလည်း သံဃာပျိုများနှင့်အတူ ကြွနိုင်သည်။

ဝိပဿနာတရားအားထုတ်ရာတွင်လည်း အချိန်ကို တိတိကျကျသတ်မှတ်ထားသည်။ ဆရာတော်သီတင်းသုံးသော ကျောင်းဆောင်ဝင်ပေါက်တွင် အချိန်ဇယားရေးဆွဲ၍ကပ်ထားသည်။ တရားအားထုတ်ချိန်၊ ဆွမ်းစားချိန်၊ ဧည့်တွေ့ချိန် စသည်အားဖြင့် တစ်ရက်စာ(၂၄)နာရီအပြည့် အချိန်ဇယားဆွဲထားသည်။

ဆရာတော်သည် ကျောင်းကြီးပေါ်တွင် သီတင်းမသုံးပါ။ ကျောင်းကြီး၏ ခေါင်းရင်းဘက်တွင် စေတီတစ်ဆူရှိသည်။ ထိုစေတီ၏ဘေးတွင် သီးသန့်အဆောင်တစ်ခုရှိသည်။ ထိုအဆောင်လေးတွင် သီတင်းသုံးနေထိုင်သည်။ ဆရာတော်နေသော အဆောင်၏ဘေးကပ်လျက်တွင် သချိုင်းကုန်းရှိသည်။ ဆိုလိုသည်မှာ စေတီနှင့် သချိုင်းကုန်းကြားတွင် ဆရာတော်သီတင်းသုံးသော



# ကိုချို (မြကိုင်း)

# မမြင်အပ်သော ခရီးသည်

အဆောင်ဖြစ်သည်။

သချိုင်းကုန်းနှင့်ကပ်လျက်ရှိသော ကျောင်းဖြစ်သည့်အတွက် ထိုကျောင်းကို သုသာန်ကျောင်းဟု အမည်သီးခြားပေးစရာမလိုဘဲ အလိုလိုခေါ်ဝေါ်ကြသည်မှာ ရှေးဆရာတော်အဆက်ဆက်ကတည်းကပင်ဖြစ်သည်။

ထိုသချိုင်းသည် ရပ်ကွက်ပေါင်း (၅) ကွက်၊ (၆) ကွက်လောက်မှအသုံးပြုနေသော သချိုင်းဖြစ်သည်။ သချိုင်းမြေသည် မကျယ်ဝန်းလှပါ။ သချိုင်းအလယ်တွင် ဇရပ်တစ်ဆောင်ရှိပြီး အုတ်ဂူများလည်းရှိသဖြင့် မြေမြှုပ်သင်္ဂြိုဟ်ရန်အမှန်တကယ်အသုံးပြုရမည့်မြေမှာ အနည်းငယ်သာရှိသည်။

တစ်နေ့တွင် -

မြို့နယ်အုပ်ချုပ်ရေးအဖွဲ့မှ ဤသချိုင်းအား အသုံးပြုခွင့်ပိတ်လိုက်ကြောင်း၊ မြောက်ဥက္ကလာအစွန်ရှိ ရေဝေးသုသာန်သို့သာ သွားရောက်သင်္ဂြိုဟ်ရမည်ဖြစ်ကြောင်း အမိန့်ထုတ်လိုက်သဖြင့် ထိုသချိုင်းကို မည်သူမျှအသုံးမပြုတော့ဘဲထားလိုက်သည်မှာ ယခုဆိုလျှင် (၂) နှစ်ကျော်သွားပါပြီ။ ချုံနွယ်ပင်များသည်ပင် လူတစ်ရပ်ကျော်ကျော်ဖြစ်နေသည်။

❑

ကျွန်တော်သည် သုသာန်ကျောင်းဆရာတော်ထံတွင်ကပ္ပိယအဖြစ်နေလာသည်မှာ (၄) နှစ်ကျော်ခန့်ပင် ရှိပါတော့သည်။

ဆရာတော်သည် အသက်လည်းကြီးခြင်း၊ သီးသန့်အဆောင်တွင် တစ်ပါးတည်းနေထိုင်သီတင်းသုံးခြင်း၊ ကျောင်းရှိသံဃာမှာလည်း (၃) ပါးသာရှိသဖြင့် ဆရာတော်အတွက် အနီးကပ်ပြုစုစောင့်ရှောက်ရန်အားနည်းခြင်း ထိုအကြောင်းကြောင်းတွေကြောင့် ဆရာတော်နားတွင် လိုအပ်သောဝေယျာဝစ္စပြုလုပ်ပေး၍ ညရေးညတာ ဆရာတော်အတွက် အဖော်အဖြစ်နေထိုင်ပြီး ဆရာတော်နှင့်အတူ ဝိပဿနာတရားများကို အချိန်ရသည့်အခါတိုင်း အားထုတ်နေခဲ့သည်။

တစ်နေ့တွင် ကျွန်တော်တရားထိုင်ရန် စေတီရှေ့သို့ သွားနေစဉ် ကျောင်းဝင်းအတွင်းသို့ စစ်ဝတ်စုံဖြင့် အရာရှိတစ်ဦးနှင့် အခြားအဆင့် (၂) ဦး ဖိနပ်ချွတ်ကာ ဝင်လာပြီး ဆရာတော်သီတင်းသုံးရာ အဆောင်ဆီသို့တည့်တည့်မတ်မတ်လာနေသည်ကို မြင်လိုက်ရသဖြင့် တရားမထိုင်သေးဘဲ သူတို့ကိုစောင့်ကြည့်နေလိုက်သည်။ ကျွန်တော့်အနားသို့ရောက်သော် -

"ဆရာတော်ရှိလား"

"ရှိပါတယ် တရားထိုင်နေတယ်၊ အထဲကိုလာကြပါ ထိုင်ကြပါဦး"

"ဆရာတော်ကြီးတရားထိုင်တာ ဘယ်အချိန်ပြီးမလဲ"

"ဟိုမှာ အချိန်ဇယားကပ်ထားတယ်။ ဗိုလ်ကြီးတို့ကြည့်လို့ရပါတယ်"

အချိန်ဇယားကို ကြည့်ပြီးသော အခါ -

"ဪ - မကြာတော့ပါဘူး၊ နောက် (၁၅) မိနစ်လောက်ဆိုပြီးတော့မှာပဲ"

"ဟုတ်ပါတယ်၊ ခဏလေး စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com

သောက်ရင်းစောင့်လိုက်ကြပါ ခင်ဗျာ"

သို့ဖြင့် ဆရာတော်တရားထိုင်ပြီး သောအခါ -

"တပည့်တော်တို့လျှောက်စရာရှိလို့ပါ ဘုရား"

"အေး - လျှောက်ပေါ့"

"တပည့်တော်တို့က (xxx) တပ်ကပါ ဘုရား။ ဆရာတော်ကျောင်းဘေးက သင်္ချိုင်းမြေကို အသုံးမပြုတာ (၂)နှစ်ကျော်ပါပြီဘုရား။ အဲဒါချုံနွယ်တွေကလည်း များလာပြီဆိုတော့ မကောင်းမှုဒုစရိုက်သမားများ ခိုကပ်နိုင်ပါတယ်ဘုရား။ အဲဒါ တပည့်တော်တို့ ခုတ်ထွင်ရှင်းလင်းပြီး သန့်ရှင်းရေးလုပ်ချင်ပါတယ်ဘုရား။ အဲဒါလာလျှောက်တာပါဘုရား"

"ကောင်းတာပေါ့ ဒကာကြီးရယ်"

"တစ်ခုတော့ရှိတယ်ဘုရား။တပည့်တော်တို့ ချုံနွယ်ပင်တွေကို သန့်ရှင်းရေးမလုပ်ခင် အရင်ဆုံးလုပ်ချင်တာက ဒီသင်္ချိုင်းမြေအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ နာနာဘာဝများ၊ မကျွတ်မလွတ်သူများကို အရင်ဆုံးရှင်းလင်းချင်ပါတယ်ဘုရား။ အဲဒါ အရှင်ဘုရားတို့ကကောဘယ်လိုသဘောရှိတယ်ဆိုတာသိချင်ပါတယ်ဘုရား"

"သင်္ချိုင်းမြေမှာတော့ မှီတင်းနေထိုင်ကြတာတွေရှိကောင်းရှိကြမှာပေါ့လေ။ မင်းအာဏာစက်နဲ့တော့နှင်လို့ရပါတယ်။ ဒါပေမယ့် ပိုကောင်းတာကနှင်ထုတ်တာနဲ့စာရင် နေရာသစ်သတ်မှတ်ပြီး ပြောင်းရွှေ့ပေးလိုက်တာကပိုကောင်းမယ်ထင်တယ်"

"ဒါဆို အခု တပည့်တော်တို့ အသုံးပြုနေတဲ့ ရေဝေးသုသာန်မှာနေရာပေးပြီး ပြောင်းရွှေ့ပေးလိုက်တာက ပိုကောင်းမယ်ထင်တယ်"

"ဒါဆို အခု တပည့်တော်တို့ အသုံးပြုနေတဲ့ရေဝေးသုသာန်မှာ နေရာပေးပြီးပြောင်းရွှေ့လိုက်ရင်ကောင်းမလားဘုရား"

"ကောင်းပါတယ်၊ သူတို့လည်း အသိုက်အမြုံမပျက် အဆင်ပြေတာပေါ့"

"တင်ပါ့ဘုရား၊ ဒါဆို တပည့်တော်အထက်ကိုတင်ပြပြီး အထက်က အမိန့်ရတဲ့အခါ တပည့်တော်ဆောင်ရွက်ပါ့မယ် ဘုရား။ အရှင်ဘုရားမှလည်း သူတို့တွေအပေါ်မှာရော တပည့်တော်တို့လုပ်ငန်းအပေါ်မှာပါ အနှောင့်အယှက်အခက်အခဲမရှိအောင် ဆုတောင်းမေတ္တာပို့ပေးပါဘုရား။ အထူးသဖြင့် သူတို့အတွက် အမျှအတန်းပေးဝေပေးပါဘုရား"

"ဘုန်းကြီးကတော့ သတ္တဝါဝေနေယျတွေအပေါ်မှာ အမြဲတမ်း မေတ္တာပို့၊ အမျှဝေလျက်ပါ ဒကာကြီးရဲ့"

"မှန်ပါ့ဘုရား၊ တပည့်တော်တို့ကို ပြန်ခွင့်ပြုပါဦးဘုရား"

❑

(၂) လကျော်ကြာပြီး တစ်နေ့ညနေပိုင်း (၄) နာရီကျော်ကျော်ခန့်တွင် စစ်တပ်မှ ကားနှစ်စီးသည် သင်္ချိုင်းကုန်းအဝင်လမ်းထိပ်တွင် ရှေ့ဆင့်နောက်ဆင့် ရပ်ထားလိုက်သည်။

ကားပေါ်မှ စစ်ဝတ်စုံနှင့် (၆) ဦး ဆင်းလာပြီး သင်္ချိုင်းကုန်းအတွင်း ချုံစပ်နားသို့သွားကာ တန်းစီသကဲ့သို့ မတ်တပ်ရပ်၍ အကြီးအကဲဟုထင်ရသောပုဂ္ဂိုလ်သည် အကျႌအိတ်ကပ်တွင်းမှ စာရွက်ခေါက်ကိုထုတ်ပြီးဖြန့်ကာ စစ်တပ်တွင် အမိန့်ပေးသည့်အသံမျိုးဖြင့် ဟန်ပါမာန်ပါကြွာ ဖတ်နေသံကို သဲ့သဲ့လေးကြားနေရသည်။ သဲသဲကွဲကွဲတော့ မကြားရပါ။

ထိုသို့ပြုလုပ်ပြီးနောက် သူတို့ပြုလုပ်ရန် ကိစ္စပြီးသဖြင့် ပြန်လှည့်ကာ





www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကြီးကျောင်းဝင်းဘက်သို့ ဦးတည်လာပါသည်။

ကျောင်းဝင်းသို့ရောက်ခါနီးတွင် ဖိနပ်များချွတ်နေသည်ကို တွေ့ရသဖြင့် ဆရာတော်ဆီကိုလာတော့မည်ဟုခန့်မှန်းမိ၍ ဆရာတော်ထံပြေးကာ ဦးစွာလျှောက်ထားလိုက်သည်။

သို့ဖြင့် -

"ဆရာတော်ရှိလား ကပ္ပိယကြီး"

"ရှိပါတယ်ခင်ဗျာ အထဲကိုကြွပါ"

ထို့နောက်-

"အရှင်ဘုရား တပည့်တော်တို့က (xxx) တပ်ကပါဘုရား။ ယခင်တစ်ခါက သချိုင်းကုန်းသန့်ရှင်းရေးလုပ်ဖို့လာလျှောက်တဲ့ ဗိုလ်ကြီးနဲ့တပည့်တော်လာခဲ့ဖူးပါတယ်ဘုရား။ အခု သချိုင်းမှာမှီခိုနေတဲ့ နာနာဘာဝတို့ မကျွတ်မလွတ်သူတို့ကို ပြောင်းရွှေ့ပေးဖို့ တပည့်တော်တို့ကို တာဝန်ပေးလို့လာပြီး ပြောင်းရွှေ့ပေးတာပါဘုရား"

"အေးအေး - ဒကာတို့ဘယ်လိုပြောင်းရွှေ့ပေးမှာလဲ"

"အခု တပည့်တော်တို့ အမိန့်ပြန်တမ်းဖတ်ခဲ့ပြီးပါပြီဘုရား။ ညနေ(၆)နာရီတိတိမှာ ကားနဲ့တင်ပြီး ရေဝေးသုသာန်ကို ပို့မှာပါဘုရား"

"အေးအေး - အားလုံးအဆင်ပြေမှာပါ။ အခုမှ (၅) နာရီကျော်ကျော်ပဲရှိသေးတယ်။ ဒီမှာ နားကြဦးပေါ့ ကပ္ပိယကြီး ဒကာကြီးတို့အတွက် ရေနွေးနဲ့ ထန်းလျက်ခဲချပေး။ ကဲ - ဒကာကြီးတို့ လုပ်ငန်းအောင်မြင်ပါစေ၊ ဘုန်းကြီးလည်း တရားထိုင်ချိန်နီးပြီမို့ တရားထိုင်လိုက်ဦးမယ်"

"တင့်ပါဘုရား"

❑

စစ်သားများ ဘုန်းကြီးကျောင်းမှ ထွက်သွားသောအခါ ကျွန်တော်လည်း နောက်မှလိုက်သွားပါသည်။

စစ်သားများသည် ကျောင်းခြံစည်းရိုးထိပ်တွင် ဖိနပ်များပြန်စီးပြီး သချိုင်းကုန်းအဝင်လမ်းဘက်သို့ဆက်လက်သွားကြသည်။

ကျွန်တော်သည် ကျောင်းခြံစည်းရိုးထိပ်တွင် ဖိနပ်များပြန်စီးပြီး သချိုင်းကုန်းအဝင်လမ်းဘက်သို့ ဆက်လက်သွားကြသည်။

ကျွန်တော်သည် ကျောင်းခြံစည်းရိုးအတွင်းမှာပင်နေခဲ့သည်။ အပြင်သို့ ထွက်၍မလိုက်ရဲပါ။

ဘာကြောင့်မှန်းမသိ စိတ်ထဲတွင် တစ်ခါမှ မခံစားခဲ့ဘူးသော ကြောက်သလိုလို၊ ထိတ်သလိုလိုဖြစ်နေသည်။

နာနာဘာဝများကိုကားနှင့်တင်၍ ပြောင်းရွှေ့ခြင်းကို ကျွန်တော့်အသက် (၅၀) ကျော်နေပြီ။ တခါမှမမြင်ဘူး၊ မတွေ့ဘူးသဖြင့် ကြည့်ချင်၍လိုက်လာခဲ့ခြင်းဖြစ်သည်။

သို့သော် ရင်ထဲတွင် ကြောက်စိတ်ရွံ့စိတ်များ ဖြစ်ပေါ်နေသဖြင့် ခြံစည်းရိုးအတွင်းမှသာကြည့်နေမိသည်။

ရှေ့ဆင့်နောက်ဆင့်ရပ်ထားသော ကားနှစ်စီးသည် ကျွန်တော်နှင့် ပေ (၃၀) သာသာလောက်ကွာဝေးမည်ထင်သည်။ ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား မြင်နေရသည်။

ကျွန်တော့်စိတ်ထဲ နာနာဘာဝများကို ကားပေါ်သို့ ဘယ်လိုတင်ခေါ်မှာလဲ၊ ဘယ်လိုလုပ်ကြမှာလဲ၊ ခေါ်တင်လို့မရလျှင်ကော ဘယ်လိုလုပ်ကြမှာလဲ၊ အကယ်၍ နာနာဘာဝတွေက ခြောက်တာလှန့်တာတို့ပြန်လုပ်နေလျှင် ဘယ်လိုလုပ်မှာလဲ၊ အော်သံဟစ်သံတွေကော ကြားရမှာလား စသည်ဖြင့် အတွေးရေလျှဉ်ကြောမျောနေစဉ် -

"ရှိ . . ."

မမျှော်လင့်ဘဲ ကျယ်လောင်သော စစ်ခရာမှုတ်သံကို အနီးကပ်ကြားလိုက်ရသဖြင့် ထိတ်လန့်ကာ ဒူးများပင် တုန်ယင်သွားမိသည်။ ရင်ထဲမှလည်း တဒိန်းဒိန်းခုန်လာကာ ချွေးများပင်ပြန်လာသည်။ ကျွန်တော်တွေးနေသော အတွေးများလည်း ဘယ်ရောက်သွားသည် မသိတော့။

သချိုင်းကုန်းအဝင်လမ်းထိပ်တွင် စစ်သားများ တန်းစီရပ်ကာ ပထမအမိန့်ပြန်သောပုဂ္ဂိုလ်မှ စစ်ခရာမှုတ်လိုက်ခြင်း ဖြစ်သည်။

စစ်ခရာမှုတ်အပြီးတွင် ထိုပုဂ္ဂိုလ်မှ -

"အမိန့်နာခံ အားလုံးတန်းစီ။ အားလုံး သတိ။ ဆစ်ယောက်မှ ကျန်စေနဲ့။ ဒါအမိန့်ပဲ။ အခု (၆) နာရီထိုးပြီ။ တစ်ယောက်ချင်းတန်းစီထွက်၊ ကားနှစ်စီးပေါ် အမြန်တက် (၁၀) မိနစ်အချိန်ပေးမယ် ဒါပဲ"

စစ်ကားနှစ်စီး၏ အနောက်ဘက်တံခါးတွင် သံလှေကားလေးများချိတ်ထား၏။ ကားဘီးများသည် ရှေ့ဘယ်၊ ညာတစ်ဘီးစီရှိပြီး နောက်ဘယ်ညာတွင် နှစ်ဘီးစီရှိသည်။

ကား၏ နောက်ဘက်တံခါးတွင် ချိတ်ထားသော သံလှေကားလေးသည် လူတက်လိုက်လျှင် အနည်းငယ်လှုပ်ရှားသွားပြီး တံခါးနှင့်လှေကားထိမိသော အသံထွက်လေ့ရှိသည်။

ယခုလည်း ထိုတံခါးသံပြားနှင့် လှေကားသံချောင်းတို့ထိသောအသံကို ကျွန်တော် အဆက်မပြတ်ကြားနေရသည်။

ကျွန်တော်သည် ကြည့်နေရင်း အံ့ဩခြင်း၊ ကြောက်ရွံ့ခြင်းများဖြစ်လာ၏။ သို့သော်လည်း ကြည့်ချင်နေသဖြင့် ကြောက်ကြောက်နှင့်ဆက်ပြီးကြည့်နေမိသည်။

ကားပေါ်သို့ တကယ့်လူများ တက်နေဘိသကဲ့သို့ သံလှေကားလှုပ်ရှားသံအဆက်မပြတ်ကြားနေရသည်။

ကား၏နောက်ဘီးများသည် ကားပေါ်တွင်တင်သော ပစ္စည်းအလေးချိန်များလေလေ ကားဘီးအပေါ်ဘက်တွင်ရှိသော လေးသံများဆန့်တန်းလာလေ နောက်ဘီးများအိလာလေလေဖြစ်သည်မှာ ပုံမှန်သဘာဝဖြစ်သည်။

ယခုလည်း ကား၏ဘီးများ အပေါ်ရှိလေးသံများ လှုပ်လှုပ်ရှားရှား ဆန့်တန်းလာပြီး ကားနောက်ဘီးများသည်လည်း တဖြည်းဖြည်းအိအိလာပါသည်။

ကား၏ ကိုယ်ထည်မှာလည်း အနည်းငယ်လှုပ်ယမ်းနေသည်။ ကား၏ အမိုးကိုင်းများလည်း လှုပ်ခါနေသည်။

ကား၏ကိုယ်ထည်ထဲသို့ကြည့်လိုက်သောအခါ နဂိုအတိုင်း ဘာမှမရှိသလိုသာမြင်ရသည်။ ကား၏ကိုယ်ထည်ထဲတွင် ထူးခြားမှုမရှိပါ။ သို့သော် ကား၏လေးသံများနှင့် ကားဘီးများကတော့ ဝန်များများတင်ထားရသကဲ့သို့ တဖြည်းဖြည်းအိအိနေသည်။

"ကဲ - (၁၀) မိနစ်ပြည့်ပြီ အားလုံးစုံပြီနော်။ တစ်ယောက်မှမကျန်စေနဲ့။ ကားထွက်မယ်"

ဟု ပြောလိုက်သဖြင့် ရှေ့မှရပ်ထားသော ကားခေါင်းထဲသို့ စစ်ဝတ်စုံဝတ်ကားမောင်းသမားတက်လိုက်ပါသည်။ ထို့နောက် စစ်သား (၂) ယောက်သည် တစ်ဖက်မှ ကားရှေ့တံခါးကိုဖွင့်ကာ ဝင်ထိုင်လိုက်ပါသည်။ ကားမောင်းသမားသည် စက်နှိုးလိုက်၏။

ထို့အတူ နောက်မှ ကားခေါင်းထဲသို့ စစ်ဝတ်စုံဝတ်ကားမောင်းသမားတက်လိုက်သည်။ ကျန် - စစ်သားတစ်ယောက်နှင့် အမိန့်ပြန်သော စစ်ဝတ်စုံနှင့်ပုဂ္ဂိုလ်တို့သည် တစ်ဖက်မှကားရှေ့တံခါးကိုဖွင့်ကာ ဝင်ထိုင်လိုက်သည်။

ရှေ့မှကားသည် စထွက်ပါပြီ။





www.burmeseclassic.com

www.burmeseclassic.com

# ဆီးချိုရောဂါသမားတို့အတွက် ထိခိုက်ရှနာပျောက်ကင်းစေသောဆေးနည်းတစ်လက်

ရောင်မြဲကျော်ဝေ

စာရေးသူ ဝန်ထမ်းဘဝတွင် စက်ခေါင်းမောင်း၊ စက်ခေါင်းမှူး ဦးအောင်မြင့်နှင့်အတူ စက်ခေါင်းတွင် တာဝန်ကျခဲ့ဝါသည်။ ဦးအောင်မြင့်ကို ဘိုးတော်အောင်မြင့်ဟု အများကခေါ်ကြပါသည်။

ဘိုးတော်အောင်မြင့်က -

"ငါ့မှာ ဆီးချိုရောဂါရှိလို့ အစားအသောက်တွေရှောင်ရတာမလွယ်ပါဘူးကွာ။ မင်းမြင်တဲ့အတိုင်းပဲလေ။ ကြက်သားဟင်းဆိုလည်း ခပ်ပေါ့ပေါ့လေးချက်စားရတယ်ကွ။ အချိုအငန်အဆိမ့်တွေလည်း ရှောင်ရတာနဲ့ လူလည်းမျောက်ခေါင်းဖြစ်တော့မယ်။ ခြေတွေလက်တွေကိုလည်း ထိခိုက်မှုမဖြစ်ရအောင် သတိထားရတယ်ကွ။ ဆီးချိုရောဂါသမားဆိုတာ အနာဖြစ်ရင်မကျက်ဘူးလို့ဆိုကြတယ်။ ကုန်းဗေဒါရွက်ကောင်းတယ်ဆိုလို့ အရည်ညှစ်သောက်တယ်။ ဒါပေမယ့် သက်သာရုံတော့ရှိပါတယ်။ ရောဂါက မပျောက်ဘူးကွ"

စာရေးသူက -

"ကုန်းဗေဒါရွက်ဆိုတာ ဘာကိုခေါ်တာလဲ ကိုအောင်မြင့်"

လို့မေးတော့ -

"မင်းကလည်းကွာ တို့ရထားသွားနေတဲ့လမ်းဘေးဝဲယာတွေမှာပြာပြာအပွင့်လေးတွေပွင့်တဲ့အပင်လေကွာ"

ရထားသွားရင်း ကိုအောင်မြင့်က လက်ညှိုးထိုးပြသောအခါ စာရေးသူ သေချာစွာကြည့်မိသဖြင့် -

"အဲဒါ ရှမ်းမြေးရွက်တွေဗျ။ အနာဖြစ်တဲ့သူတွေအတွက် အရည်ညှစ်ပြီး အနာပေါ်ကို အဖတ်အုံထားပေး၊ အနာအမြန်ကျက်တယ်ဗျ။ ကျွန်တော် ဆေးတစ်နည်းပြောပြဦးမယ်။ ကျွန်တော့်ကို ဘုန်းကြီးတစ်ပါးက ပြောပြတာဗျ။ ဆီးချိုသမားဆိုတာ အခါးအမျိုးမျိုးစားပေးရတယ်တဲ့။ ကြက်ဟင်းခါးသီးတို့၊ ခွေးတောက်ရွက်တို့၊ ကညွတ်တို့ကြော်ချက်ဟင်းချိုစသည်ပေါ့ဗျာ။ အသားဆိုရင် ကြက်သားနဲ့ငါးပဲ စားသင့်တယ်။ ပဲအမျိုးမျိုးရှောင်ရတယ်တဲ့။ အကယ်၍များ မလွဲမရှောင်နိုင်လို့ ထိခိုက်ပြီး အနာဖြစ်ခဲ့ရင် ချင်း(ဂျင်း)တက်ကို ရေဆေးပြီး ထောင်း၊ ထောင်းပြီးသား ချင်းကို အနာပေါ်တင်ပြီးအုံပေး၊ ပတ်တီးစည်းထား၊ နေ့စဉ်လုပ်ပေးရင် ဆီးချိုသမားမှာဖြစ်တဲ့အနာပျောက်ပါတယ်တဲ့။ ခင်ဗျားလည်း မှတ်ထားပေါ့ဗျာ။ ကျွန်တော်လည်း တစ်ဆင့်စကား တစ်ဆင့်နားကြားရတာကို ပြောပြရတာပါ"

ဘိုးတော်အောင်မြင့်သည် စာရေးသူပြောပြသည်ကို သဘောကျစွာမှတ်သားပြီး -

"အေး-ဟုတ်ပြီ။ မောင်ကျော်ဝေ မင်းက စာရေးဆရာဆိုတော့ ဗဟုသုတလည်းရှိမှာပေါ့။ ငါတို့လို ဆီးချိုသမားတွေအနာဖြစ်ခဲ့ရင် ငါမင်းပေးတဲ့ဆေးနည်းလေးကို ဖြန့်ဝေလိုက်မယ်ကွာ"

"ဒီဆေးနည်းက ကျွန်တော်ပေးတဲ့ဆေးနည်းမဟုတ်ပါဘူးဗျာ။ ခရီးသွားရင်း သင်္ဘောပေါ်မှာကြုံခဲ့လို့ ဘုန်းကြီးတစ်ပါးကပြောတဲ့ဆေးနည်းပါ။ ခင်ဗျားကမှတစ်ဆင့် ဘဝတူရောဂါသမားတွေကို ဖောက်သည်ချလိုက်ပေါ့ဗျာ။ဆင်တုံးမနွယ်ဆူးပေါက်ပြာကိုလည်း ရေစိမ်ပြီးသောက်ပေါ့ဗျာ။ သုံးခွက်တစ်ခွက်တင်ပြုတ်သောက်ရင်လည်း ဆီးချိုရောဂါသက်သာပါတယ်။ စွဲသောက်ရင်တော့ပျောက်မှာပေါ့ဗျာ။ ခင်ဗျားလည်းသိပါတယ်။ ကျွန်တော်အိမ်ဘေးက အခန်းမှာနေသွားတဲ့ ဟန်ထွန်းတစ်ယောက် အရက်ကိုဘယ်လောက်သောက်သောက် ရထားကအပြန်မှာ သူစိမ်ထားတဲ့ဆင်တုံးမနွယ်ကို မတ်ခွက်တစ်ခွက်အပြည့်သောက်တာ ဆီးချိုရောဂါမဖြစ်ဘူးဗျ။ သူ့ကိုယ်တွေ့ပဲ။ မူးလာလို့ သူ့မိန်းမတွဲပြီးခေါ်လာလည်း သူကသာသာပဲ။ သူ့မှာ သွေးတိုးတော့ရှိတယ်။ ဒါပေမယ့် ဆီးချိုတော့မရှိဘူး။ သူပြောတာက ဆင်တုံးမနွယ်ဆူးပေါက်ကို အနေတော်ထုပြီး ရေအိုးအသေးလေးနဲ့စိမ်ထားပြီး သောက်တာ။ သူကပြောသေးတယ်။ အသက်မကြီးခင် ကြိုတင်ပြီး ဆင်စီးထားမှတဲ့။ ခင်ဗျားလည်း ပင်စင်မထိုင်ခင် ဆင်စီးထားပေါ့ဗျာ" -

ကိုအောင်မြင့်သည် စာရေးသူကို ပြုံးဖြီးဖြီးဖြင့် ရထားကို သတ်မှတ်ထားသည့်မိုင်နှုန်းအတိုင်းသာမောင်းနှင်ပြီး ဟသ်ာတအဝင်တွင် စက်ခေါင်းဥသြကို နှစ်ချက်ဆွဲပြီး စက်ခေါင်းဖြုတ်၍ စက်ရုံအတွင်းသို့ ဝင်ခဲ့လေတော့သည်။ ထိုဆေးနည်းဖြင့် ရောဂါပျောက်ကင်းသက်သာသူများရှိကြသဖြင့် သင်္ဘောပေါ်တွင် ခဲတွေ့ခဲ့ရသော ဘွဲ့အမည်မသိသော ဦးပဉ္စင်းကြီးကို ဤစာစုဖြင့် အတူကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်လိုက်ပါသည်။

(၂၀၀၅ ခုနှစ် လွန်ခဲ့သော (၁၀)နှစ်ကျော်အတွင်းက အမှတ်တရလေးကွေပါ။)

အာရောဂျံပရမံလာဘာ

ရောင်မြဲကျော်ဝေ

---

ကားလမ်းသည် မြေကြီးလမ်းဖြစ်သော်လည်း နွေရာသီဖြစ်သဖြင့် လမ်းကောင်းပါသည်။

ရှေ့မှကားသည် စထွက်သော်လည်း ကားသည်မရွေ့ပါ။ ကားမောင်းသမားသည် တဖြည်းဖြည်းအရှိန်မြှင့်၍ မောင်းနေရာ ကားသည်အနည်းငယ်ရွေ့လာပါသည်။ ကားစက်သံသည်လည်း တဂီးဂီးဖြင့် ငယ်သံပါသလိုဖြစ်နေသည်။

ဝန်များများတင်ထားသော နွားလှည်းများကုန်းအတက်တွင် နွားများခါးကုန်းအောင် ရုန်းကန်ဆွဲနေရပြီး လှည်းဘီးမှလည်း တအီအီမြည်ကာ တဖြည်းဖြည်းသွားနေသကဲ့သို့။

ကုန်ပစ္စည်းအပြည့်တင်ထားသော ကုန်တင်ကားကြီးသည် ကုန်းအတက်တစ်ခု၌ ဝန်နှင့်အားမမျှသဖြင့် စက်ကုန်ဖွင့်ကာ တအီအီဖြည်းဖြည်းချင်းတက်နေရသကဲ့သို့။

ယခု ကျွန်တော်ကြည့်နေသော ကားနှစ်စီးသည်လည်း ကား၏ကိုယ်ထည်တွင်း၌ ဘာပစ္စည်းမှမပါဘဲနှင့် စက်ကုန်ဖွင့်ကာ တဂီးဂီးဖြင့် လေးတိလေးကန်တရွေ့ရွေ့သွားနေသည်မှာ ကျွန်တော်နှင့် တဖြည်းဖြည်းဝေးရာ . . . ဝေးရာသို့ . . .။

ကိုချို (မြကိုင်း)

www.burmeseclassic.com

ကိုလူလှတစ်ယောက် သူ၏လယ်ထဲမှပြန်လာခဲ့သည်။ မိုးအခါက ကြိုးကြိုးပမ်းပမ်း စိုက်ပျိုးလုပ်ကိုင်ခဲ့သောလယ်ထဲမှစပါးများကို ရိတ်ယူ၍ရ မရ လာကြည့်ခြင်း ဖြစ်သည်။

"ငါ့လယ်ကစပါးတွေတော်တော်မှည့်ဝင်းလာကြပြီပဲ။ ကောက်ရိတ်သုတ်ချိန်းပြီးရိတ်ရတော့မှာပဲ"

သူ၏လယ်မြေမှာ ရွာ၏တောင်ဘက်နှစ်ခေါ် လောက်တွင်ရှိနေသည်။ ကိုလူလှ လယ်ထဲမှ စပါးများ၏ အခြေအနေကိုကြည့်ပြီး ပြန်လာရင်း စဉ်းစားလာလေသည်။

"ငါအိမ်ပြန်ရောက်ရင် မနက်ဖြန်မနက်နံနက်မှာ လယ်နတ်တင်နိုင်အောင် ငှက်ပျောသီးတို့၊ လက်ဖက်တို့ ဝယ်ယူထားရမှာပဲ"

နတ်တင်လျှင် ငှက်ပျောက ရခိုင်ငှက်ပျောလိုလေသည်။ ကောက်ညှင်းပေါင်း၊ ထန်းလျက်ကတော့ အလွယ်တကူ ဝယ်ယူနိုင်၏။ ကောက်ညှင်းဆန်ကလည်း အိမ်တွင်အဆင်သင့်ရှိနေသည်။ ခက်သည်က ရခိုင်ငှက်ပျောမှည့်ပင်ဖြစ်သည်။ ရွာထဲမှရှာမရလျှင် ဈေးသို့သွားပြီး ဝယ်ယူရမည်ပင်။

"အို- ရွာအနောက်ပိုင်းက ဦးဖိုးမြခြံထဲမှာ ငှက်ပျောတွေစိုက်ထားတာပဲ။ အဲဒီခြံမှာ ခုတ်ပြီးအုပ်ထားတာရှိရင်တော့ လွယ်လွယ်ကူကူပဲဝယ်ရနိုင်မှာပဲ"

တကယ်တော့ လယ်လုပ်ကိုင်ကြသူတို့မှာ လယ်ထဲစပြီးဆင်းသည့်အချိန်နှင့် လယ်ထဲမှ စပါးများရိတ်သိမ်းကြတော့မည်ဆိုလျှင် ကြိုတင်၍ လယ်နတ်တင်ပေးကြရသည်။ ထိုသို့ လယ်စောင့်နတ်ကိုတင်ပြီးမှ လယ်ဆင်းခြင်း၊ ရိတ်သိမ်းခြင်းများလုပ်လေ့ရှိသည်။ ဆိုင်ရာလယ်စောင့်နတ်ကို ပသတင်မြှောက်ခဲ့လျှင် လယ်ဆင်းရာတွင် အန္တရာယ်တစ်စုံတစ်ရာမတွေ့နိုင်ဟု ယုံကြည်ကြသည်။ ထိုသို့မတင်မြှောက်ဘဲ လယ်ထဲဆင်းကြလျှင် ကျွဲနွားများထယ်စူးမိခြင်း၊ ပိုးထိခြင်း၊ စပါးများအခိုးခံရခြင်း စသည့် အန္တရာယ်များနှင့် ကြုံကြရလေသည်။ တချို့က လယ်နတ်တင်ခြင်းကို အပိုအလုပ်ဟု ပေါ့တန်တန်တွေးကာ မတင်မမြှောက်ကြပေ။

ကိုလူလှတို့ရွာထဲ၌ ကိုပေါက်စဆိုသော လယ်သမားတစ်ယောက်ရှိ၏။ ထိုသူက လူရွှတ်တစ်ယောက်ဖြစ်၏။ သူများကဖြူလျှင် သူကမည်းတတ်သည်။ စကားပြောလျှင်လည်း အမြဲတမ်း



# တင့်ထူး (ဇေယျဝတီ)

# ကျေးဇူးသိသော လက်ပံပင်စောင့်



www.burmeseclassic.com



ကိုတ်ဖွဲ့ဖွဲ့ပြောဆိုတတ်၏။

"ဟော့ - ပေါက်စ၊ မင်းရဲ့လယ်နက်ဖြန့်ရိတ်တော့မယ်ဆို"

"ဟုတ်တယ်ဗျ၊ ကောက်ရိတ်သုတ်ချိန်းထားပြီးပြီလေ"

"မင်းလယ်ထဲမှာ အန္တရာယ်ကင်းရှင်းအောင် လယ်နတ်လေးဘာလေးတင်ပေးပြီးပလားကွ"

"အိုဗျာ - ကျုပ်အဲဒီအလေ့ကိုမလုပ်ခဲ့ပါဘူး။ နှစ်တိုင်းလည်း ဒီလိုပဲ

www.burmeseclassic.com

လုပ်ကိုင်လာခဲ့တာ ဘာအန္တရာယ်မှမရှိခဲ့ပါဘူးဗျ"

"တကယ်တော့ လယ်ကိုစောင့်ရှောက်ပေးနေတဲ့လယ်စောင့်နတ်ဆိုတာရှိတယ်ကွ။ အများနည်းတူ တင်မြှောက်ပေးသင့်တယ်။ ဘာမှမကုန်ကျပါဘူးကွာ"

"အိုဗျာ - ငှက်ပျောရာရာ ကောက်ညှင်းပေါင်းရ လယ်ထဲသယ်သွားပြီးပသရန် အလုပ်ရှုပ်လှသဗျာ။ ခါတိုင်းလုပ်သလိုပဲ လုပ်သွားပါ့မယ်ဗျာ"

အကြံပေးသတိပေးသူက ပြောပြပေမယ့် ကိုပေါက်စက လွှခွစာတစ်ယောက်ဖြစ်၍ ဆက်မပြောခဲ့တော့ပေ။

နောက်နေ့တွင် ကိုပေါက်စ၏ လယ်မှစပါးများကို ကောက်ရိတ်သုတ်တစ်ကိုပ်ငါးယောက်နှင့်ရိတ်နေလေပြီ။

"ဟာ- ငါ့ခြေထောက်အောက်မှာ ပျော့ပျော့အပုံကြီးတစ်ပုံတက်နင်းမိထားပါလား"

နင်းမိထားသူက သူ့ခြေဖဝါးအောက်မှအပုံက လှုပ်ရွရွရှိနေသည်ကို ထိတွေ့ခံစားရသဖြင့် မြွေအခွေပုံကို တက်နင်းမိထားသည်ကို သိလိုက်တော့သည်။

"အမယ်လေး - မြွေပွေးကြီးကို တက်နင်းမိထားတယ်ဗျ၊ လုပ်ကြပါဦး"

"ဟင် - ဒါဆိုရင် ဖိနင်းမြဲနင်းထားပေ့ါ၊ ခြေထောက်မရှုတ်လိုက်လေနဲ့"

ထိုလူမြွေနင်းမိထားကြောင်းအော်သဖြင့် ငန်းဖွဲ့ကာစီတန်းရိတ်နေကြသောအခြားကောက်ရိတ်သူတို့မှာ ဆက်မရိတ်ရဲကြတော့ဘဲ လယ်ကွက်ထဲမှပြေးထွက်၍ကန်သင်းပေါ် တက်သွားကြလေသည်။

ကိုပေါက်စလည်း မြွေနင်းမိထားကြောင်းကြားလျှင် ရိုက်နိုင်ရန် လယ်တဲထဲမှ ဝါးပိုင်းတစ်ပိုင်းကို ယူလာလေသည်။ နင်းထားသူ၏ခြေဖဝါးအောက်မှ မြွေပုံကို စပါးပင်များဖယ်၍ကြည့်လေသည်။ မြွေကိုနင်းမိထားသူမှာ ချွေးများပြန်နေလေပြီ။ ချွေးမပြန်၍မဖြစ်။ ထိုမြွေပွေးအကိုက်ခံရလျှင် သေသည်ကများခြင်းကြောင့် ဖြစ်သည်။

"ဟာ-မင်းမြွေပုံကိုနင်းမိထားတာက မြွေရဲ့ဇက်နောက်နားကနင်းမိထားလို့ မြွေပါးစပ်ပြဲပြီးမကိုက်နိုင်တာဘဲကွ"

"နင်းမြဲနင်းထားပေ့ါ၊ ငါဝါးခွလုပ်လာပြီး ဇက်ကိုခွထောက်ပေးမယ်။ မကြောက်ပါနဲ့ကွာ။ မင်းမြွေက ပါးစပ်ပြဲနေလို့ မကိုက်နိုင်ပါဘူးကွ"

ကိုပေါက်စက ဝါးပိုင်းကိုတဲဆီသို့ ယူသွားကာ ထိပ်ဘက်တွင် ခွကလေးဖြစ်အောင် ခုတ်ယူသည်။ ပြီးမှ ပြန်လာခဲ့၍ မြွေ၏ဇက်နောက်နားမှ ဝါးခွဖြင့်ထောက်ပြီး ဖိထားပေးလိုက်ကာ နင်းမိထားသူကို ခြေထောက်ရှုတ်ခိုင်းလိုက်သည်။ ဇက်ကို ဝါးခွဖြင့်ထောက်ထား၍ မြွေမှာ ကိုက်လည်းမကိုက်နိုင်၊ ပြေးလည်းမပြေးနိုင်မှ ရိုက်ယူခဲ့ရလေသည်။

"ဟာ- နည်းတဲ့မြွေပွေးကြီးမဟုတ်ဘူး။ ပုတိုတိုနဲ့ လက်မောင်းလုံးလောက်ကိုကြီးတာပဲ"

"အင်း - တော်ပေသေးတယ်။ ကိုက်များကိုက်ခဲ့ရင် ဆေးတောင်မီမှာမဟုတ်ဘူး။ ကံကြီးပေလို့ပဲ"

"ဟဲ့ပေါက်စ၊ နင့်လယ်မရိတ်မီက လယ်နတ်မတင်ဘူးလားဟဲ့"

"အိုဗျာ - ကျုပ် ဘယ်တုံးက နတ်တင်ဖူးလို့လဲဗျ။ ခါတိုင်းနှစ်တွေကလည်း ဒီလိုပဲရိတ်နေကျပဲဟာဗျာ"

"လယ်ဆိုတာ လယ်စောင့်နတ်ရှိတယ်လေ။ လယ်မဆင်းမီ နတ်တင်ပေးရတာထုံးစံပဲ။ နင်က ထုံးစံကိုလျစ်လျူရှုထားတော့ နောက်နေ့မှာ ငါတို့လာမရိတ်ကြတော့ဘူး"

ကိုပေါက်စမှာ သူ့လယ်ရိတ်လက်စတန်းလန်းနှင့် ကောက်ရိတ်သုတ်ချိန်းသော်လည်း ဘယ်ကောက်ရိတ်သုတ်ကမှ လယ်ထဲဆင်းမရိတ်ဝံ့၍မလာကြသဖြင့် အခက်တွေ့ရတော့သည်။ ထိုအခါပင် ကိုပေါက်စမှာ သူ၏လယ်နတ်အား ပသတင်မြှောက်၍ ဘေးဘယာကင်းဝေးရကြောင်း ဆုတောင်းခဲ့သဖြင့် ကောက်ရိတ်သူတို့ လာရောက်ရိတ်ကြတော့သည်။

ကိုလူလှက လယ်ဝင်လယ်ထွက်တွင် သူ့လယ်စောင့်နတ်အပြင် သူ့လယ်ထဲတွင်ပေါက်နေသော လက်ပံပင်စောင့်ကိုလည်း ကျွေးမွေးပေးလေသည်။

ထိုလက်ပံပင်ကြီးမှာ နွေဘက်တွင် လက်ပံပွင့်ချိန်ရောက်လျှင် အပွင့်များနီရဲနေပြီး အောက်သို့တဘုတ်ဘုတ်ကြွေကျလေသည်။ လက်ပံပွင့်က မြုတ်ပြီးငါးပိရည်နှင့်တို့မြုပ်စားနိုင်သည်။ တချို့က လက်ပံပွင့်ခြောက်များကောက်ကာ နေဖြင့်အခြောက်လှန်းပြီး သိမ်းဆည်းသိုလှောင်ထားတတ်ကြသည်။ မိုးနှင့်ဆောင်းအခါမျိုးတွင် ထိုလက်ပံပွင့်အခြောက်များကို ပြန်ပြုတ်၍စားနိုင်လေသည်။ တကယ်တော့ လက်ပံပင်က နေရာတိုင်း လယ်ကွက်တိုင်းတွင်မရှိပေ။ ကိုလူလှသည်ပင် သူ၏လယ်နံဘေး ရိုးချောင်းဘေးတွင် လယ်နှင့်လွတ်လွတ်ကင်းကင်း ပေါက်ရောက်နေ၍သာ အပင်ကိုမလှဲသဖြင့်ဆက်လက်ရှင်သန်နေရခြင်း ဖြစ်သည်။ လက်ပံပွင့်များ အပင်အောက်တွင် ကြွေကျနေသည်ကိုသိကြသော်လည်း ထိုလက်ပံပင်တွင် အစောင့်ရှိသည်ဟုသိကြသဖြင့် လာမကောက်ရဲကြပေ။ အခြားသူများလာမကောက်သဖြင့် ကိုလူလှမှာ သူ့အိမ်အတွက်ကောက်ယူသွားနိုင်လေသည်။

"ကဲ - လက်ပံပင်စောင့်ရေ၊ သင့်အတွက်ပြုပေးနေကျအတိုင်းကျွေးပါမွေးပါတယ်။ မြိန်မြိန်ရှက်ရှက်စားသုံးပြီး ကျွန်ုပ်၏လယ်များကိုလည်း စပါးထွက်ကောင်းအောင်၊ မြွေဆိုး၊ သူခိုးတို့ရန်အပေါင်းမှလည်းကင်းဝေးရအောင်ကူညီစောင့်ရှောက်ပေးပါ"

ကိုလူလှသည် ထိုလက်ပံပင်စောင့်အား ထိုကဲ့သို့ ကျွေးမွေးပေးလေတိုင်း အန္တရာယ်အပေါင်းမှ ကင်းဝေးရအောင် ဖယ်ရှားပေးဖို့ ဆုတောင်းခဲ့လေသည်။ ထိုသို့ဆုတောင်းခဲ့၍လည်း သူ့လယ်ထဲတွင် စပါး၊ မြေပဲ၊ အသင်းပဲ၊ ကုလားပဲများ၊ ပဲနောက်များ စိုက်ပျိုးခဲ့သော်လည်း လူခိုးခံရခြင်း၊ ပဲခိုးနှုတ်ခြင်း၊ ကောက်လှိုင်းထုံးများပျောက်ရခြင်းမရှိဘဲ နှစ်စဉ်ပင် လယ်ထွက်သီးနှံများကို အိတ်ဝင်သပိတ်ဝင် ရိတ်သိမ်းနိုင်ခဲ့လေသည်။

❑

ကိုလူလှမှာ သူ့လယ်ကျင်းအား ကိုယ်တိုင်ဦးဆောင်၍ လုပ်ကိုင်ခဲ့သည်မှာ နှစ်အတန်ပင်ကြာလာခဲ့ပြီဖြစ်သည်။ သူကိုယ်တိုင်ဦးစီး၍လုပ်နိုင်ခဲ့သောကြောင့် နှစ်စဉ် ကောက်ပဲသီးနှံများ အထွက်ကောင်းခဲ့သည်။ မိသားစုချောင်ချောင်လည်လည်နေနိုင်ခဲ့ကြသည်။ ကိုလူလှတွင် သားသမီးငါးယောက်ရှိသည်။ အကြီးလေးယောက်က သမီးကလေးများသာဖြစ်ကြပြီး အငယ်ဆုံးတစ်ယောက်ကတော့ သားယောက်ျားလေးမွေးလာခဲ့သည်။

"ဟာ- သားယောက်ျားလေးဆိုပါလား။ ဒါမှ ငါ့အတွက် လက်ရုံးကွ။ သားလေးကြီးလာခဲ့ရင် ဖအေအတွက် ကူဖော်လောင်ဖက်ရပြီပေ့ါကွာ"

"ဟာ- လူလှ၊ မင်းမိန်းမ သားယောက်ျားလေးမွေးလာလို့ပျော်နေတယ်ထင်တယ်"

"အို- မပျော်ဘဲနေမလဲဗျ။ ဒီသားကမှ ကျုပ်အတွက် အထောက်



www.burmeseclassic.com

www.burmeseclassic.com

အကူရလာမှာလေဗျာ”

“ဟုတ်တယ်ပေါ့၊ မင်းအတွက် အထောက်အကူရနိုင်သလို ဒီသားလေးကို မင်းတို့မိဘတွေက ရှင်ပြုပေးနိုင်ဦးမှာဆိုတော့ သံသရာအတွက် ကောင်းကျိုးတွေပါရနိုင်ကြဦးမှာလေကွာ”

လယ်နီးချင်း ကိုစံလှက ကိုလူလှ ပျော်နေသည်ကိုမြင်ရသဖြင့် သားယောကျ်ားလေးမွေးရကျိုးနပ်ကြောင်း၊ သံသရာကောင်းကျိုးပါခံစားနိုင်ကြောင်း ပြောပြနေလေသည်။ ကိုလူလှမှာလည်း သားကလေးကြီးပြင်းလာလျှင် အားကိုးရလာနိုင်မည့်အပြင် ကိုးနှစ်၊ ဆယ်နှစ်သားခန့် သက်န်းနိုင်လောက်သည့်အရွယ်တွင် သားရှင်ပြုပွဲကျင်းပပေးနိုင်ရန် ယခုအချိန်ကတည်းက အလုပ်ကြိုးစားလုပ်ကိုင်ရှာဖွေကာ စုစုဆောင်းဆောင်းလုပ်ထားကြရမည်ဟုတွေးမိခဲ့လေသည်။

“မအေကြီးရေ၊ ငါတို့သားလေး အရွယ်ရောက်လာရင် သားရှင်ပြုပေးကြရမယ်နော်”

“ဟုတ်တယ်လေတော်၊ ဒါမှ ကျုပ်တို့နောင်ဘဝအတွက် ကောင်းကျိုးပါနိုင်ကြမှာမဟုတ်လားတော့်”

“ဟုတ်ပြီလေ၊ သားလေး သက်န်းနိုင်တဲ့အရွယ်ရောက်လာရင် ရှင်ပြုပေးနိုင်ရအောင် ငါတို့အခုချိန်ကတည်းက မြိုးမြဲချွေတာကြရမယ်ကွ”

“ဟုတ်ပါပြီ၊ ရှင်လည်းအလုပ်တွေပိုကြိုးစားပြီးလုပ်ဦး။ ဒါမှဝင်ငွေပိုလာပြီး စုနိုင်ဆောင်းနိုင်ကြမှာလေ”

ကိုလူလှတို့မိဘတွေကတော့ သားသမီးငါးယောက်မွေးကြသည့်အနက်တွင် အငယ်ဆုံး သားကလေးမွေးလာခဲ့ကာ အပျော်ကြီးပျော်ကြ၊ ရည်မှန်းချက်ကိုလည်း မြင့်မြင့်မားမား မျှော်မှန်းခဲ့ကြလေသည်။

ကိုလူလှ လယ်ထဲသို့ ခါတိုင်းသွားနေကျအချိန်ထက် စောစောသွားခဲ့၏။ လယ်ထဲစောစောရောက်ပါက စောစောအလုပ်စနိုင်မည်ပင်။ ယခင်အခါက မိုးစင်စင်လင်းမှ အိပ်ရာမှထခဲ့ပြီး မျက်နှာသစ်၊ ရေနွေးကြမ်းနှင့် ထမင်းကြမ်း၊ ငါးပိဖုတ်တို့နှင့် စားသောက်ပြီးမှ လယ်ထဲဆင်းခဲ့သူ ဖြစ်သည်။

‘ဟာ - နံနက်ကြက်ဦးတွန်ပြီဆိုတော့ နံနက် (၄) နာရီထိုးသွားပြီပဲ။ ငါ စောစောထတော့မှပဲ။

လယ်ထဲစောစောရောက်ရင် နှစ်ရက်ကြာ ထယ်ထိုးရမယ့်လယ်ကွက်ဟာ တစ်ရက်တည်းနဲ့ ထယ်ကျွတ်နိုင်မယ်လေ’

ကိုလူလှ အိပ်ရာမှထကာ မျက်နှာသစ်သည်။ အပေါ့အပါးသွားသည်။ သူ၏ဇနီးသည် ပြင်ဆင်ပေးထားသော ထမင်းကြမ်း၊ ငါးခြောက်ကြော်၊ ရေနွေးကြမ်းတို့ကို စားသောက်ပြီးသည်နှင့် လယ်ထဲ နွားကောက်၍ ထွက်လာခဲ့တော့သည်။ သူလယ်တဲစောစောဆင်းပြီးပဲ ထယ်ရေးထိုးနိုင်ခဲ့ခြင်းကြောင့် မြေပဲကို အချိန်စောစွာစိုက်နိုင်ခဲ့လျှင် အပင်မြန်မြန်ဖြစ်၍ ပဲများလည်း များများစုနိုင်မည်ကိုတွေး၍ ဝမ်းသာနေသည်။

“ဟဲ့-သမီး၊ ညည်းအဖေအိပ်ရာက မထသေးဘူးလား။ ခါတိုင်းဆို နံနက်ကြက်တွန်တာနဲ့ နိုးနေကျပါကွယ်။ အိပ်မောကျနေသလားပဲ။ သွားနှိုးကြစမ်းပါဦးကွယ်”

“အဖေ၊ အဖေ ထတော့လေ”

“အဖေ၊ အဖေ ဟင်-ခြေထောက်ကို လှုပ်နှိုးတာတောင်မနိုးပါလား”

“အဖေ အဖေ အဖေ”

“ဟင် -.မနိုးပါလား၊ အဖေ ဘာများဖြစ်လဲမသိဘူး”

“အမေ အမေ၊ အဖေ့ကို လှုပ်နှိုးတာတောင်မနိုးဘူး။ ဘာဖြစ်လဲမသိဘူး”

“ဟဲ့ဟဲ့ - ညည်းတို့အဖေ သတိလစ်နေတာပဲ။ ဒီအတိုင်းနေကြလို့မဖြစ်ဘူး။ ဆေးရုံကိုအမြန်ပို့ကြမှဖြစ်မယ်။ အိုင်ပါတူကို လှည်းအမြန်ကောက်ခိုင်းကြစမ်းအေ့”

ကိုလူလှအား မြို့ဆေးရုံသို့ ပို့ခဲ့ကြသော်လည်း သတိသာရလာခဲ့သည်။ လူကတော့ ကိုယ်တစ်ခြမ်းလေဖြတ်သွားခဲ့၍ ဘယ်လက်တစ်ဖက်နှင့် ဘယ်ခြေတစ်ဖက်မှာ လှုပ်ရှားမရတော့ဘဲ ဒုက္ခိတဘဝရောက်ခဲ့ရတော့သည်။

ကိုလူလှ ဒုက္ခိတဖြစ်ခဲ့သဖြင့် လယ်များကို မိမိကိုယ်တိုင်မလုပ်ကိုင်နိုင်တော့ဘဲ လူငှား၍လုပ်ခိုင်းခဲ့ရလေသည်။ မိမိကိုယ်တိုင် စိတ်တိုင်းကျလုပ်ခဲ့စဉ်အခါက လယ်များမှကောက်ပဲသီးနှံများအထွက်ကောင်းသဖြင့် ဝမ်းစာဖူလုံသည့်အပြင် အပိုအလျှံကိုရောင်းနိုင်သဖြင့် ငွေပိုငွေလျှံကို စုဆောင်းနိုင်ခဲ့သည်။

“အင်း - ငါ့လယ်တွေကို လူငှားနဲ့လုပ်နေရတာဟာ လူငှားခကုန်ခဲ့ပေမယ့် အလုပ်ကို ဖြစ်ကတတ်ဆန်း ပြီးလျှင်ပြီးရော သဘောထားပြီး စေတနာမပါကြဘဲလုပ်ခဲ့ကြလို့ သီးနှံအထွက်တွေလည်း ဆုတ်ခဲ့တယ်။ အပိုအလျှံလည်း သိပ်မရခဲ့လို့ ငါ့မိသားစုဝင်ငွေတွေ လျော့နည်းလာခဲ့ပါလား။ ဒီလိုအခြေအနေမျိုးနဲ့ဆိုရင် ငါတို့သားလေး သက်န်းနိုင်လာမယ့်အချိန်မှာ ရှင်မှပြုပေးနိုင်ပါတော့မလားပဲ”

ကိုလူလှတစ်ယောက် သူမသန်မစွမ်းဖြစ်ခဲ့ရသည့်အတွက် အိမ်၏စီးပွားရေးကို ကိုယ်တိုင်မလုပ်နိုင်တော့၍ အားငယ်ကာ ရှေ့ရေးကိုတွေးပူနေလေသည်။ လယ်များကို မိမိကိုယ်တိုင်မဆင်းနိုင်သော်လည်း လယ်ဝင်ခါနီးလျှင်တော့ လယ်နတ်ကို မပျက်မကွက်တင်မြှောက်ပေးခဲ့၏။

“မောင်ထွန်းရေ လာဟော့၊ နင်နဲ့ငါ လယ်ထဲသွားကြပြီ။ လက်ပံပင်စောင့်ကိုနှစ်စဉ် လယ်မဝင်မီမှာ ကျွေးနေကျအတိုင်း ငါတို့သွားကျွေးပေးကြရအောင်ဟော့”

လူငှား မောင်ထွန်းက ထမင်းတောင်းကိုထမ်းလာခဲ့သည်။

“ကဲ - လက်ပံပင်က အစောင့်ရေ ဒီတစ်ခါတော့ ကျွေးပေးနေကျလယ်ရှင်က ဒုက္ခိတဘဝရောက်နေလို့ ကိုယ်တိုင်လာရောက်မကျွေးပေးနိုင်ပေမယ့် ဇနီးဖြစ်သူ ကျွန်မနဲ့ လူငှားမောင်ထွန်းတို့ မမေ့မလျော့ လာရောက် ကျွေးမွေးပေးပါတယ်။ ပျော်ပျော်ကြီး အားပါးတရသုံးဆောင်ပါ။လယ်များကိုလည်း အန္တရာယ်ကင်းအောင် စောင့်ရှောက်ကူညီပေးပါနော်”

ကိုလူလှမှာ လယ်များကို ကိုယ်တိုင်မလုပ်နိုင်ဘဲ လူငှားနှင့်လုပ်နေရ၍ အားမလိုအားမရဖြစ်ခဲ့ရသည်။ အားမရသော်လည်း မိမိကိုယ်တိုင်မှမလုပ်နိုင်သဖြင့် ငှားရမ်း၍သာလုပ်ခဲ့ရတော့၏။

“ငါ့လယ်က ကောက်ပဲသီးနှံအထွက်တွေလျော့လာခဲ့လို့ ငွေပိုငွေလျှံမရလို့ သားရှင်ပြုနိုင်ရေးကို မစုဆောင်းနိုင်ခဲ့ပါလား။-ဒီလိုသာဆိုရင် သားလေးကို ရှင်မှပြုပေးနိုင်ပါတော့မလား”

“ဖေဖေ သားကိုရှင်ပြုရင် မြင်းကြီးစီးပြီး ပြုပေးရမယ်နော်။ ရွာအရှေ့ပိုင်းက သားသူငယ်ချင်းတွေရှင်ပြုတုန်းက မြင်းကြီးတွေစီးပြီးပြုခဲ့ကြတာဗျ။ သားကိုလည်း မြင်းကြီးတွေနဲ့ပြုပေးပါနော်”

“အေးပါကွ၊ သားမြင်းကြီးစီးပြီး ရှင်ပြုပေးနိုင်အောင် အဖေတို့ကြိုးစားပါ့မယ်ကွာ”

“ဟာ - ဒါမှ တို့ဖေဖေကွ”

သားဖြစ်သူက မြင်းကြီးနှင့်ရှင်ပြုပေးမည်ပြော၍ ဝမ်းသာသွားခဲ့လေသည်။ ရွာထဲတွင်လည်းကောင်း၊ ကျောင်းတွင်



www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း သူ့သူငယ်ချင်း အဲပေါင်းအဖော်များကို သူ့အား မြင်းကြီးနှင့်ရှင်ပြုပေးမည့်အကြောင်း အားရဝမ်းသာပြောပြနေရှာလေသည်။

"အင်း - သားလေးက ကလေးဆိုတော့ မိဘတွေမှာ ဘယ်လိုအခြေအနေရောက်နေကြတယ်ဆိုတာ မသိနိုင်ပါလား။ သူဖြစ်ချင်ရာကိုသာ တောင်းဆိုနေတာပါလား"

ကိုလူလှ စိတ်မသက်သာစွာ ညည်းညူနေမိလေသည်။ သားကို သူ၏ဆန္ဒအတိုင်း ရှင်ပြုပေးနိုင်အောင်တော့ တစ်နည်းတစ်ဖုံကြံကြမှဖြစ်တော့မှာပဲ။

ကိုလူလှလည်း သားရှင်ပြုမည့်အချိန်ရောက်လာလျှင် သူ လုပ်ကိုင်နေရသောလယ်မြေဧကတွေထဲမှ လယ် (၃) ဧကလောက်ကို ပေါက်စျေးနှင့်ဖွဲ့ရောင်းချရန် စိတ်ကူးမိလေသည်။ ထိုလယ်ရောင်းခဲ့လျှင်တော့ သားကလေးရဲ့ဆန္ဒအတိုင်း ရှင်ပြုပေးနိုင်မည်ပင်။ သို့သော်လည်း သူ့လယ်မြေများက မြေကောင်းများဖြစ်ကြ၍ ဘာပဲစိုက်စိုက် ဖြစ်ထွန်းသဖြင့် ရောင်းရမည်ကို နှမြောမိလေသည်။

"အင်းလေ - မတတ်နိုင်ဘူး။ အခက်အခဲနဲ့ ကြုံလာခဲ့တော့လည်း နှမြောနေလို့မှ မဖြစ်ဘဲ။ ရောင်းပြီး သားရှင်ပြုပွဲလုပ်ပေးရတော့မှာပဲ"

လက်ပံပင်စောင့်မှာ သူထိုလက်ပံပင်ကြီးတွင် မှီကပ်နေခဲ့ရသည်မှာ နှစ်တွေကြာခဲ့ပြီဖြစ်သည်။ ထိုဘဝမှကျွတ်ချင်လိုလှလေပြီ။ လယ်ရှင်များမှ အမြဲတမ်းကျွေးမွေးပေးနေ၍သာ စားရမဲ့မဲ့ဘဝမရောက်ခဲ့ရခြင်းဖြစ်သည်။ သူ့တွင် လယ်ရှင် ကိုလူလှတို့ကျေးဇူးရှိနေပေသည်။ အကယ်၍ လယ်ရှင်သည် ထိုလယ်ပွဲကိုရောင်းချလိုက်ပါက နောက်ဝယ်လုပ်သူက သူ့အား မကျွေးမွေးခဲ့ပါလျှင် အငတ်ငတ်အပြတ်ပြတ်ပင် ပြန်ဖြစ်ရပေမည်။

"လယ်ရှင် ကိုလူလှတို့ သူ့လယ်ကိုမရောင်းရဘဲ သားရှင်ပြုပေးနိုင်အောင် ဘယ်လိုများအကူအညီပေးရပါ့မလဲဟုလက်ပံပင်စောင့်က ကိုလူလှတို့မိသားစုအခက်အခဲနှင့်ကြုံနေကြရသည်ကိုသိမြင်ကာ ကူညီပေးနိုင်ရန် စဉ်းစားနေလေသည်။

'ဒီလက်ပံပင်ခြေရင်းမှာ ကိုလူလှရဲ့အဘိုးအဘွားတွေ လူဆိုးဓားပြတွေရန်က ကင်းဝေးလေအောင် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးပြားတွေထည့်မြှုပ်ခဲ့တဲ့ ရတနာအိုးတစ်လုံးရှိနေတာပဲ။ ဒီရတနာအိုးမြှုပ်ခဲ့တာကို ကိုလူလှတို့သားသမီးတွေကို အသိမပေးခဲ့နိုင်ဘဲ ကွယ်လွန်သွားခဲ့ကြလို့ ငါ့အပင်ခြေရင်းက မြေကြီးထဲမှာ တန်ဖိုးမဲ့ဖြစ်နေကြတာပဲ။ ဒီအကြောင်းကို အခက်တွေ့နေတဲ့ ကိုလူလှတို့ကို အသိပေးလိုက်ရင် သိပ်ပြီးဝမ်းသာသွားကြမှာပဲ။ ဒီရတနာတွေကို ထုခွဲရောင်းချပြီး သူတို့သားလေးကို ရှင်ပြုပေးခဲ့ရင် ငါ့အတွက်ပါရည်စူးပြီး အမျှအတန်းပေးဝေပေးဖို့ ငါအိပ်မက်ပေးပြီး အသိပေးရတော့မှာပဲ။ ဒီလိုဆိုရင် ကိုလူလှတို့မှာ သူတို့သားလေးကိုလည်း ရှင်ပြုပေးနိုင်ပြီ။ ငါ့အတွက်လည်း အမျှအတန်းပေးဝေလို့ ငါသာဓုခေါ်နိုင်ခဲ့ရင် ငါလည်း လက်ပံပင်စောင့်ဘဝကနေ ကျွတ်လွတ်တော့မှာပဲလေ'

လက်ပံပင်စောင့်လည်း ကိုလူလှတို့အား အိပ်မက်ပေး၍ အသိပေးရန် ဆုံးဖြတ်ခဲ့လေသည်။

"ကိုလူလှ၊ သင်ဟာ သင့်လယ်ထဲက လက်ပံပင်စောင့်ကို ကျွေးမွေးပေးခဲ့လို့ သင့်လယ်ကိုလည်း အန္တရာယ်ကင်းရှင်းအောင် တစ်ပြန်တစ်လှည့်ပြန်ပြီး စောင့်ရှောက်ပေးခဲ့ရတယ်လေ။ အခုသင့်မှာ သားရှင်ပြုပေးဖို့ ငွေစုဆောင်းနေရင်းက လေဖြတ်ခံရလို့ မလုပ်နိုင်မကိုင်နိုင်ဖြစ်ရပြီး ငွေမစုဆောင်းနိုင်လို့ ရှင်ပြုပွဲအတွက် စိတ်သောကရောက်နေရတယ်ဆိုတာ သိခဲ့တယ်လေ။ သင့်ရဲ့ကျေးဇူးဟာ ကျုပ်အပေါ်မှာရှိနေတဲ့အတွက် သင့်ရဲ့အခက်အခဲကိုလည်း ကူညီဖြေရှင်းပေးနိုင်အောင်စဉ်းစားကြည့်တဲ့အခါမှာ သင့်ရဲ့ဘိုးဘွားတွေပိုင်ဆိုင်တဲ့ ရတနာပစ္စည်းအိုးတစ်လုံးဟာ ကျုပ်မှီကပ်နေတဲ့ လက်ပံပင်ခြေရင်းက မြေကြီးထဲမှာရှိနေတယ်လေ။ ဒီရတနာအိုးအကြောင်းကို သင့်ရဲ့အဘိုးအဘွားတွေက အသိမပေးသွားနိုင်ဘဲ ကွယ်လွန်သွားခဲ့ကြလို့ မြေကြီးထဲမှာ အလဟဿဖြစ်နေရတယ်လေ။ ဒါကြောင့် အဲဒီရတနာအိုးကို တူးဖော်ယူကြပြီး သင်တို့ရဲ့သားလေးကို ရှင်ပြုပေးကြပါ။ ကျုပ်လက်ပံပင်စောင့်ကိုလည်း အဲဒီကောင်းမှုကုသိုလ်ရဲ့အမျှအတန်းကို ပေးဝေပေးပါ။ ကျုပ် ကုသိုလ်အမျှအတွက် သာဓုခေါ်ပြီး ဒီလက်ပံပင်စောင့်ဘဝမှ ကျွတ်လွတ်ပါရစေ"

"ဟင်"

"ဒါဟာ လက်ပံပင်စောင့်က ငါ့ကိုပေးလာတဲ့အိပ်မက်ပါလား။ လက်ပံပင်ခြေရင်းမှာ ဘိုးဘွားတွေမြှုပ်နှံသွားတဲ့ ရတနာအိုးတစ်လုံးရှိနေတယ်တဲ့။ သွားတူးယူပြီး သားလေးကိုလည်း ရှင်ပြုပေး၊ သူ့ကိုလည်း ကုသိုလ်အမျှကို သာဓုခေါ်နိုင်အောင် အမျှဝေပေးပါတဲ့"

ကိုလူလှလည်း ထိုအိပ်မက်ကို သူ့ဇနီးသည်အား ပြောပြခဲ့သည်။ နောက်နေ့တွင် သူ့ဇနီးနှင့် တူတစ်ယောက်တို့ လက်ပံပင်ခြေရင်းတွင် လာရောက်တူးဖော်ကြလေသည်။

"အိပ်မက်ပေးလို့ တူးသာတူးနေရတယ်။ ဟုတ်မှဟုတ်ပါ့မလားပဲဗျာ"

"ငါ့တူကလည်း တူးမှာသာတူးစမ်းပါကွယ်။ တကယ်မရှိဘဲနဲ့တော့ အိပ်မက်ပေးလာပါ့မလားကွယ့်"

တူဖြစ်သူလည်း လက်ပံပင်ခြေရင်းတွင် ခါးလောက်နက်အောင်တူးခဲ့လေသည်။

"ဒုတ်. . ."

"ဟော - မာမာတစ်ခုကိုတူးမိပြီ"

"အေး- မြန်မြန်ဆက်တူးပြီးဖော်ပါဟယ်"

"ဟုတ်တယ် အဒေါ်ရဲ့ စဉ့်အိုးလေးတစ်လုံးကိုတွေ့ပြီဗျ"

ဝမ်းသာအားရ အဖုံးကိုလှပ်၍ကြည့်ကြရာ ရွှေဒင်္ဂါး၊ငွေဒင်္ဂါးပြားများကို အိုးတစ်လုံးအပြည့် တွေ့ကြလေသည်။ ကိုလူလှဇနီးက ထိုရတနာအိုးကို ပုဆိုးနှင့်ထည့်ပတ်၍ ရွက်လာခဲ့ကြသည်။

ရက်မကြာမီမှာပင် သားရှင်ပြုပွဲကို မြင်းများဖြင့်လှည့်ကာ စည်ကားစွာကျင်းပခဲ့ကြ၏။ တရားနာလာကြသည့် ပရိသတ်ကို ဝက်သားဟင်း၊ ချဉ်ရည်ဟင်း၊ ဘာလချောင်ကြော်၊ အတို့အမြှုပ်စုံနှင့် ဧည့်ခံကျွေးမွေးကြသည်။ နေ့လယ်တစ်နာရီအချိန်တွင် အလှူမဏ္ဍပ်ထဲ၌ အလှူတရား အတူတကွနာယူကြလေသည်။ တရားနာယူပြီးလျှင် ပြုသမျှကုသိုလ် အစုစုအတွက် ရေစက်သွန်းချ၍ အမျှအတန်းပေးဝေကြလေသည်။ အမျှအတန်းပေးဝေရာတွင် လက်ပံပင်စောင့်ကိုပါ အသိပေး၍ အမျှပေးဝေခဲ့လေသည်။

အလှူပွဲပြီးသည့်ညမှာပင် လက်ပံပင်စောင့်လည်း ကျွတ်လွတ်သွားခဲ့၍ တစ်ဆင့်မြင့်သောဘုံဘဝသို့ ရောက်ရှိခံစားခဲ့ရကြောင်းအိပ်မက်ပေးလာသဖြင့် ကိုလူလှတို့မိသားစုလည်း ဝမ်းသာကျေနပ်ခဲ့ကြလေတော့သည်။

တင့်ထူး (ဇေယျဝတီ)



www.burmeseclassic.com

www.burmeseclassic.com



# ကိုဇော်ဝင်း (လှတော)

## မီးကျိုးမီးတောက်မီးလျှံကြား ကြာဖူးကြာပွင့်ကြီးအလယ်က မောင်ရင်ချာန်ရ

ဟန်လင်းမြို့။

လွန်စွာတင့်တယ်စည်ကားသာယာလှပါသောမြို့။ ထိုမြို့က ဟိုးအနောက်မှာနေခဲ့ပြီ။ ချစ်သောမြို့ကိုထားခဲ့ရပြီ။ ဩော် - ထားခဲ့ရပါလေပြီ။

ဟန်လင်းမြို့၏အနောက်မြောက်စူးစူးကိုပြေးခဲ့ရ၏။

ချိုင့်ဝှမ်းများ၊ ဆူးငြောင့်ခလုတ်တန်သင်းပေါင်းများစွာ ဖြတ်သန်းခဲ့ရ၏။ ပင်ပန်းလိုက်သည်ကဆိုဖွယ်မရှိ။

သို့သော် ဆက်၍ဆက်၍ပြေးခဲ့ကြရပါ၏။ အမှောင်ထုကိုဖောက်ထွက်ခဲ့ရ၏။ အရှေ့မှနေသည် ထွက်ပြူလာ၏။

ပူပြင်းသောနေ၊ လမ်းခရီးတစ်လျှောက် ကြီးကြီးမားမားသစ်ပင်မရှိမတွေ့။ ချွေးများက တောင်ကျရေစီးသည်သို့ လူတစ်ကိုယ်လုံးရွှဲရွှဲနစ်ခဲ့ပြီ၊ နစ်ခဲ့ကြပြီ။

ညီတော် ဒိဗ္ဗရာဇာ။

ရက်စက်လိုက်ပါဘိညီတော်ရယ်။ အစ်ကိုတော် စိတ္တရာဇာကို တော်လှန်ပုန်ကန်လိမ့်မည်ဟု ထင်မထားခဲ့။

မိဖုရားကြီးပဒုမဒေဝီ။ မင်းမိဖုရားနှစ်ပါးကိုယ်လွတ်ပြေးခဲ့ကြရ၏။ ပြန့်ပြန့်ပြူးပြူးမြေပြင်သည် ဆားတောင်ရှာမကျိ ရောက်သော်ဆုံး၏။ လွန်သော် ကုန်းမြင့်ကိုတက်ရ၏။ ချိုင့်ဝှမ်းကိုဆင်းရ၏။

ဆူးပွင့်မြမ်းသောကန္တာရပင်ကြီးများက ကြိုဆိုနေခဲ့ကြသည်။

ကြင်ရာတော်ကို ပွေ့ချီသယ်ဆောင်လာရ၏။ ခြေတော်များက ဖူးဖူးရောင်လျက်။ သွေးများဖြင့် ရဲရဲနီလျှက် ပေါက်ပေါက်ပြဲပြဲ။



www.burmeseclassic.com

www.burmeseclassic.com

အသက်ဘေးမှ လွတ်မြောက်ရန် အားထည့်ပြေးခဲ့ရ၏။

အုန်းတောကိုလွန်ခဲ့၏။

ကျောက်စရစ်မြေ၊ ကျောက်တောင်ကုန်းများ၊ ချိုင့်ဝှမ်းများကြားက ချောင်းကလေးက ရေတသွင်သွင်စီးနေလျက်။

ကမ်းစပ်သဲစိုစိုမှာ ကြင်ရာတော်ကိုချ၏။ လက်ခုပ်တော်ဖြင့် ချောင်းရေအေးအေးကို သောက်စေခဲ့ရ၏။

မြင်းမူမြို့ကိုမရောက်သေး။ လှမ်းသေး၏။

မြင်းမူမြို့နှင့် အုန်းတောရွာကြားတောင်ရိုးတစ်ခုကိုရောက်လာခဲ့ကြ၏။ လိုဏ်ဂူဟောင်းတစ်လုံးကိုတွေ့ကြရ၏။ ထိုလိုဏ်ဂူဟောင်းအတွင်းက အုံ့သြဖွယ်သန့်သန့်ရှင်းရှင်းရှိ၏။ ဆန်နှင့် ရိက္ခာအချို့၊ ထင်းအချို့နှင့် မီးဖိုတစ်ခုရှိ၏။

ဝါးသုံးချောင်းထောက်ရေအိုးစင်နှင့် ရေအိုးတစ်လုံးရှိ၏။ စင်မှရေအိုးက ရေမရှိ။ စင်နှင့်မလှမ်းမကမ်းမှာ ရေအိုးတစ်လုံးကိုတွေ့ရ၏။

လိုဏ်ဂူဟောင်းရှေ့မျက်နှာစာတွင် လွန်စွာကြီးမားသော သရက်ပင်ကြီးနှစ်ပင်က, ပြွတ်ပြွတ်ခဲခဲအသီးများဖြင့်ရှိ၏။

သရက်သီးအချို့က စိမ်းစိမ်း၊ အချို့က ရွှေရောင်သန်းလျက် ကောင်းစွာမှည့်နေပြီ။ မှည့်သောအသီးများကို ဆွတ်ခူးပြီးစားကြည့်၏။

အေးမြ၍ အသားညက်လျက် ချိုလှပါဘိခြင်း။

ကိုယ်တိုင်လည်းစား၏။ မိဖုရားကိုလည်းကျွေး၏။

လိုဏ်ဂူဟောင်းသည် ပုန်းအောင်းနေထိုင်ရန် အကောင်းဆုံးဖြစ်ကြောင်း ဆုံးဖြတ်ချက်ချ၏။

ဂူနံရံကိုမှီလျက် ကြင်ရာတော်မိဖုရားက အိပ်ပျော်နေပြီ။

အချိန်က နွားရိုင်းသွင်းချိန်။

အနောက်မှာ နေလုံးက ထန်းတစ်ဖျားအမြင့်မှာရှိနေ၏။

ဂူ၏နောက်တောင်တည့်တည့်ကို လှောက်ကြည့်၏။ မြင့်မြင့်မားမားထန်းပင်များကိုတွေ့ရသည်။

မိုင်ဝက်နီးပါးအကွာမှာ အရှေ့အနောက်စီးဆင်းနေသော သဲချောင်းလေးတစ်ချောင်းကိုတွေ့ရ၏။

ဝါးရေအိုးစင်မှ ရေအပြည့်ဖြည့်ပြီးပြီ။-အိုးတစ်လုံးအပြည့် ရေလည်းရှိနေပြီ။

ထင်းမီးဖိုက ကောင်းစွာတောက်လောင်နေပြီ။

နေလုံးက မရှိတော့။ ဂူအပြင်ဘက်မှာ အမှောင်ထုက ကြီးစိုးနေပါပြီ။ ကြင်ရာတော်မိဖုရားက အိပ်မောကျနေဆဲ။

❑

တောင်ရိုးခင်ငူလိုဏ်ဂူအဟောင်းအတွင်းမှာ သားတော်ကိုမွေးဖွားခဲ့၏။

သားအမိသားအဖသုံးယောက်တို့ သစ်ခေါက်ဆိုးအဝတ်ကိုဝတ်ခဲ့ကြရ၏။ သစ်သီးသစ်ဖုကိုစားခဲ့ကြရ၏။

အေးချမ်းစွာ တရားကျင့်ကြံအားထုတ်နေထိုင်ခဲ့ကြသည်။

ဟန်လင်းနေပြည်တော်ကိုလွမ်း၏။ သားတော်ကို သာယာ တင့်တယ် လှပခြင်းအစုံစုံကို ပြောပြခဲ့ကြ၏။

နေ့ရက်အချိန်ကား ကုန်မှန်းမသိကုန်ခဲ့၏။

ဟန်လင်းနေပြည်တော်မှ တောလိုက်မုဆိုးတစ်ဦးက လိုဏ်ဂူဟောင်းကိုရောက်လာ၏။

ထိုမုဆိုးသည် တောလိုက်ရင်းလိုဏ်ဂူဟောင်းမှာ နားခိုနေကြလည်းဖြစ်သည်ဆို၏။ မုဆိုး၏ဂူလည်းဖြစ်၏။ ဆိုနိုင်၏။

မင်း၊ မိဖုရား၊ သားတော်ကို မုဆိုးတွေ့သွားခဲ့၏။

ကောင်းစွာ ဝတ်ချလျက် အရိုအသေပေးပါ၏။ စားနပ်ရိက္ခာအပြည့်အစုံ မုဆိုးကဖြည့်ဆည်းပေးသည်။

မိဖုရားက လက်စွပ်တံချည်ကို မုဆိုးအား နှုတ်ပိတ်ခအဖြစ်ပေးလိုက်၏။

မိမိတို့နေထိုင်ရာအရပ်ကို မည်သူ့မျှ မပြောပါရန် မိဖုရားကကောင်းစွာမှာကြားသည်။



မုဆိုးကိုလည်းယုံကြည်၏။

သို့သော် -

ဟန်လင်းနေပြည်တော်မှာ မုဆိုးသည် လက်စွပ်ကို တိတ်တဆိတ်ရောင်းချ၏။ ကျစ်ကျစ်လျစ်လျစ်သုံးစွဲသည်။ မှန်၏။

သို့စင်လျက် -

ညီတော်ဒိဗ္ဗရာဇာမင်းထံ သတင်းပေါက်ကြားသွားခဲ့ပါလေသည်။

မုဆိုးကို ရှေ့မှော်ခစားလျက်စစ်မေးသည်။ စစဦး မုဆိုးက ငြင်းဆိုလှောက်ထားပါ၏၊ နောက်ပိုင်း ပြင်းပြင်းထန်ထန်ရိုက်နှက်ခဲ့ပြီး အသက်ကိုပင်စိုးရိမ်ရသောအခြေအနေကြောင့် အမှန်ဝန်ခံလိုက်ရပါသည်။

မုဆိုးက လမ်းပြပေးရပြီ။

စစ်တပ်ကိုလွှတ်ပြီး နောင်တော်ကို ဖမ်းဆီးစေခဲ့သည်။

တစ်ညနေလုံး မျက်ခုံးတော်များအကြိမ်ကြိမ်လှုပ်နေ၏။ သွားလေရာခဏခဏခလုတ်လည်းတိုက်၏။ စိုးရိမ်စိတ်ကထိပ်ကိုရောက်၏။

ကြင်ရာတော်မိဖုရားက အိပ်မက်ရာမက်မကောင်းကြောင်း၊ သုံးရက်ဆက်တိုက် ပြောကြားလာသည်လည်းရှိ၏။

သစ်ဥသစ်ဖုရှာရသည်ပင် စိတ်ကမဖြောင့်။

သားတော်ကို လိုဏ်ဂူအပြင်မထွက်ရန် အကြိမ်ကြိမ်မှာသည်။

အရှေ့တက်မှာ တောင်စူးစူးမှထန်းပင်များပေါ် ကကျီးအုပ်များပြိုသည်ကိုလည်း မင်းနှင့် မိဖုရား ကြားသိထား၏။

နှစ်ဦးစလုံး စိတ်လည်းလေး၏။

နေအလင်းရောင်က မြေပြင်ပေါ် ကောင်းစွာကျလာချိန်။

ဒိဗ္ဗရာဇာမင်း၏စစ်တပ်တော်က ဂူကိုဝိုင်းမိသွားပြီ။ မိဖုရားက ဂူအတွင်းရှုတ်တရက်ပြေးဝင်မိလျက် သားတော်လက်ဆွဲထွက်လာပြီး ဂူတောင်ဆက်ချိုင့်ဝှမ်းဆီတိုင်းပြေးဆင်းသွားသည်။

နောင်တော်က ကြင်ရာတော်မိဖုရားနှင့်သားတော်ကိုအကာအကွယ်ပေးလျက် နောက်မှလိုက်ပါထွက်ပြေးရန်ပြင်ဆင်နေချိန် -

ဒိဗ္ဗရာဇာမင်း၏ တပ်မှူးကြီးကနောင်တော်ကိုဖမ်းမိသွားသည်။

မိဖုရားနှင့် သားတော် သားအမိနှစ်ဦး ခြေဦးတည့်ရာထွက်ပြေးကြရ၏။ သဲချောင်းလေးကိုဖြတ်လျက် ချိုင့်ဝှမ်းကြီးတစ်ခုအတွင်းကို ရောက်ရှိခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

လိုဏ်ဂူနှင့်ကား ခရီးတစ်တိုင် (နှစ်မိုင်) နီးပါးရှိမည်။

ချိုင့်ဝှမ်းကြီးအထက် အလယ်တည့်တည့်မှာ တောရကျောင်းတစ်ကျောင်းရှိ၏။ ကျောင်းရှေ့ စကြံလျှောက်နေသော ဆရာတော်ကြီးရှေ့မှာ မိဖုရားကြီး လဲကျသတိလစ်သွားပါလေသည်။

ဆရာတော်ကြီးက သားအမိနှစ်ဦးကို စောင့်ရှောက်ထားပါသည်။ တောရကျောင်းတွင် ကမ္မဋ္ဌာန်းတရားအားထုတ်နေထိုင်ခဲ့ကြရ၏။

သားတော်ကို ရှင်သာမဏေပြုပေးပါသည်။

ဆရာတော်ကြီး၏မေတ္တာရိပ်တွင် အေးချမ်းစွာ သားအမိနှစ်ဦး နေထိုင်ရပါပြီး မိဖုရားကြီးသည် မောင်တော့်အတွက် စိတ်မအေးရပါလေ။

မြင်းမူနယ်မှ ဒကာ၊ ဒကာမများက ဆရာတော်ကြီးကို ပစ္စည်းအစုံဖြင့် ဆက်ကပ်လှူဒါန်းရန် ရောက်ရှိခဲ့ကြ၏။

ထိုဒကာ၊ ဒကာမများထံမှ 'စိတ္တရာဇာမင်းကို ညီတော်မင်းက ကွပ်မျက်ရန် စီစဉ်နေပြီ' ဟူသော သတင်းစကားကြားခဲ့ကြရ၏။

သားအမိနှစ်ဦးက 'ဟန်လင်းနေပြည်တော်သို့ပြန်ခွင့်ပြုရန်' ဆရာတော်ကြီး မေတ္တာခံယူရင်း ခွင့်ပြုချက်တောင်းခံခဲ့ကြသည်။

ဆရာတော်ကြီးက 'ကောင်းသောခရီးပါပဲဗျာ၊ စိတ်နှလုံးအေးချမ်းသာယာရှိကြမှာ အမှန်ပါဗျာ' ဟု မိန့်ကြားပါသောကြောင့်-

သားအမိနှစ်ဦး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ခဲ့ကြမိ၏။

ဟန်လင်းနေပြည်တော်သို့ရောက်ရှိခဲ့ကြ၏။

သားအမိနှစ်ဦး နန်းတော်သို့ဝင်သည်။

ရှင်သာမဏေက 'ခမည်းတော်ကိုယ်စား မိမိကိုသတ်ရန်' ဒိဗ္ဗရာဇာမင်းကို လျှောက်ထား တောင်းဆိုပါသည်။

ရန်သူမင်း၏သားဖြစ်၍ ကွပ်မျက်သင့်ပါကြောင်း အမတ်တစ်ဦး၏ လျှောက်ထားချက်ကြောင့် ဒိဗ္ဗရာဇာမင်းမြတ် မျက်နှာတော်လွှဲသည်။

အာဏာပါးကွက်သားတို့သည် ရှင်သာမဏေကိုခေါ်၍ မီးကျီးတွင်းဖုတ်၍သတ်ကြသည်။

မီးတောက်မီးလျှံများသည်ကားအားကောင်းမောင်းသန် ကောင်းကင်ယံအထိ အလျှံတညီးညီးထိုးတက်လာ၏။



အောက်မီးကျီးတွင်းတစ်ခုလုံး ရဲရဲတောက်၏။

ပတ်ပတ်လည် ဆယ်တောင်ကွာမျှအထိ အပူရှိန်ကြီး၏။ အပူရှိန်ပြင်းပါ၏။ မည်သူတစ်ဦးတစ်ယောက်မျှ မချဉ်းနိုင်မကပ်နိုင်။

သာမဏေသည် ဦးစွာ ဦးရီးတော် ဒိဗ္ဗရာဇာမင်းမြတ်အား မေတ္တာပို့၏။ ကမ္မဋ္ဌာန်းတရားပွားများအားထုတ်ရင်း မီးကျီးတွင်းကိုဆင်း၏။

သာမဏေသည် ရဟန္တာဖြစ်ခဲ့၏။

ကောင်းကင်ကြီးတစ်ခုလုံး အုံ့မှိုင်းသွားသည်။ နေမင်း၏အရောင်သည် ပျောက်ကွယ်သွားပါလေပြီ။ မိုးကြီးက အုံ့အုံ့ခြိမ့်ခြိမ့်အသံပေးလျက် အရပ်ရှစ်မျက်နှာအားလုံး လျှပ်စီးတဝင်းဝင်းဖြင့် မိုးသီးမိုးပေါက်ကြီးများရွာချလာသည်။

မီးကျီးများငြိမ်း၍သွား၏။

ဟင်ခနဲ၊ ဟာခနဲအသံများထွက်လာသည်။

စစဦး လွန်စွာကြီးမားသောကြာဖူးကြီးသည် မီးကျီးတွင်းမှ ထိုးထွက်ပေါ်လာသည်။ ထိုကြာဖူးကြီးသည် တဖြည်းဖြည်းပွင့်အာလာသည်။

ကြာပွင့်ကြီးအလယ်၌ ရှင်သာမဏေသည် ပရိက္ခရာရှစ်ပါးလွယ်လျက် ကောင်းကင်သို့ ကြာပွင့်ကြာပန်းပလ္လင်နှင့်အတူ ပျံတက်တော်မူပြီး -

ဦးရီးတော် မင်းကြီး ဒိဗ္ဗရာဇာကို တရားမြွက်ဟောကြားပါသည်။

ဒိဗ္ဗရာဇာမင်းမြတ်သည် အပြစ်ကို ဝန်ချတောင်းပန်တော်မူပါသည်။ နောင်တော်စိတ္တရာဇာမင်းမြတ်ကို ထီးနန်းလွှဲအပ်သည်။

သို့ဖြစ်ပြီး -

နောင်တော် စိတ္တရာဇာ မင်းမြတ်က ထီးနန်းကို လက်ခံတော်မမူပါ။ ညီတော်ဒိဗ္ဗရာဇာမင်းမြတ်ကို ကြည်ဖြူစွာပြန်လည် လွှဲအပ်တော်မူခဲ့၏။

သားအဖသုံးဦး မူလနေရာဟောင်းသို့ ပြန်ခဲ့ကြ၏။

တောရကျောင်းဆရာတော်ကြီး၏ ဆုံးမဩဝါဒကိုခံယူသည်။

တောင်ရိုးခင်ငူလိုဏ်ဂူကြီးမှာ သီတင်းသုံးသည်။

ဦးရီးတော် ဒိဗ္ဗရာဇာမင်းမြတ်က တူတော်မောင်ရဟန်းကို ပစ္စည်းလေးပါးဖြင့်ဖိတ်မာန်၍ ဆုံးမသမျှ နာခံပါမည်ဟု ကတိပြုလိုက်ပါသဖြင့် -

ရှင်သာမဏေသည် ဈာန်အဘိညာဉ်ရ ရဟန္တာဖြစ်တော်မူပါသောကြောင့် ကောင်းကင်မှ ဟန်လင်းနေပြည်တော်သို့ဆွမ်းခံကြွ၍ မိဘနှစ်ပါးအား တရားပစ္စည်း ဤနှစ်နည်းဖြင့် ချီးမြှောက်တော်မူပါသည်။

မန်းစက်တော်ရာမှ မြတ်စွာဘုရား၏ခြေတော်ရာကို မိဘနှစ်ပါး ထာဝရဖူးမြော်နိုင်ရန် သလင်းကျောက်ဖြင့် ပုံတူကူးလျက် ကောင်းကင်မှပင့်ဆောင်၍ ထားတော်မူသည်။ ၎င်းခြေရာတော်သည် ယနေ့တိုင် မြင်းမူနယ်မှာရှိနေပါ၏။

ရဟန်းသာမဏေတည်ထားသော လေးကျွန်းမြေစေတီတော်မြတ်သည် ဝက်လက်မြို့နယ် သရိုင်ရွာ၌ ရဟန္တာသိမ်တော်အနီးရှိနေပါ၏။

ဒေသခံများက 'မောင်ရင်ဈာန်ရဘုရား' ဟု သိကြသည်။

ရွှေညောင်ရွာဘုရားဝိုင်းအတွင်း မောင်ရင်ဈာန်ရ ဈာန်ပျံကြွသောအခါ ဈာန်ဝင်စား၍တက်ကြွရာအထိမ်းအမှတ်အုတ်ပလ္လင်တော်ကို ယနေ့တိုင် ဖူးတွေ့နိုင်ကြပါကြောင်း။

မေတ္တာရည်၍

ကိုဇော်ဝင်း (လှတော)

စာကိုး -

ဝက်လက်မြို့ ရတနာပုံ မင်္ဂလာအုဋ်တိုက်ကျောင်း စိန်ရတုအထိမ်းအမှတ်စာစောင်၊ ဈာန်အဘိညာဉ်ရ ရဟန္တာသာမဏေစာစု၊ စာမျက်နှာ (၂၅၄၊ ၂၅၅)။



www.burmeseclassic.com

www.burmeseclassic.com

ယနေ့ခေတ်ကာလလူငယ်တို့သည် အဘက်ဘက်မှ သစ်ဆန်းတိုးတက်ပြောင်းလဲလာသော ရုပ်ဝတ္ထုပစ္စည်းတို့ကြောင့် စိတ်ဓာတ်အတွေးအခေါ်အယူအဆတို့ပါ ပြောင်းလဲခဲ့ပြီ ဖြစ်၏။ အစိမ်းသရဲ၊ တစ္ဆေမှင်စာ၊ သဘက်၊ ဖုတ်၊ ကျတ်စသည်တို့ဆိုလျှင် ယုံတမ်းစကားလား၊ ဒဏ္ဍာရီလားဟုပင် ဆိုကြမည်ထင်၏။ လက်တွေ့မမြင်ရသဖြင့် မယုံကြခြင်းဖြစ်၏။

တစ်နေ့ထက်တစ်နေ့ တိုးတက်ပွားများလာသောလူဦးရေကြောင့် လူတို့နေထိုင်လုပ်ကိုင်စားသောက်ရန်နေရာများ တိုးချဲ့လာသဖြင့် ပရလောကသားတို့၏ နေရာများ ရှားပါးလာ၏။ တောတောင်လျှိုမြောင်ထဲတွင် ကျက်စားနေထိုင်ကြသော တောဆင်ရိုင်းများလည်း ထို့အတူ နေရာကျဉ်းမြောင်းလာသဖြင့် လူအများနေထိုင်ရာ တောနှင့်နီးသည့် ကျေးရွာများသို့ ဝင်ရောက် နှောင့်ယှက်ဖျက်ဆီးသည့်သတင်းများ နေ့စဉ်သတင်းစာတို့တွင် ဖတ်ရ၏။

ဆင်များ၏ ဘေးအန္တရာယ်မှ ကာကွယ်ရန် လျှပ်စစ်ဓာတ်အားလွှတ်ထားသောခြံစည်းရိုးများလုပ်ခြင်း၊ခြောက်လှန့်မောင်းထုတ်ရန် ပြောက်အိုး၊ မီးရှူးများဆောင်ထားရခြင်းအထိပင် ဆောင်ရွက်နေရ၏။ ထို့အတူပင် ပရလောကသားတို့၏နယ်မြေအား လူတို့ကကျူးကျော်ဝင်ရောက်၍ စိုက်ပျိုးမြေများခုတ်ထွင်ရှင်းလင်း ဖော်ထုတ်သောကြောင့် ပရလောကသားကလည်း သူ့နည်းသူ့ဟန်ဖြင့် တန်ပြန်မောင်းထုတ်ခဲ့ဖူး၏။

ပရလောကသားဖြစ်သောကျတ်တို့က သူတို့ပိုင်နက်နယ်မြေအားကျူးကျော်ဝင်ရောက်လာသူများကို ခြောက်လှန့်မောင်းထုတ်ခြင်းများပြုသည့်ဖြစ်ရပ်သည် ကျွန်တော်၏ ဇာတိနယ်မြေဘက်တွင်

# တက်ပုံ-မောင်မောင်အေး

## ကိုးသိမ်ဝင်အစ်နှင့် ကျတ်ကပေးသောလယ်တစ်ပွဲ





www.burmeseclassic.com

www.burmeseclassic.com

တကယ်ပင်ဖြစ်ခဲ့ဖူးပါသည်။ ကျွန်တော်၏ ဇာတိနယ်မြေသည် ပဲခူးရိုးမကြီး၏ နောက်ဘက် လက်ပံတန်းမြို့နယ် ရေငန် ဆိုသောရွာကြီး ဖြစ်ပါသည်။

ကျွန်တော်၏ဇာတိဆိုသည်ထက် ကျွန်တော်အဖေ ဦးအောင်ဒွေး၏ ဇာတိ ဆိုလျှင် ပို၍မှန်ပါမည်။ ဖြစ်ရပ်သည် လွန်ခဲ့သော နှစ်တစ်ရာကျော်ကပါ။ လွန်ခဲ့သော နှစ်တစ်ရာကျော်ဆိုသဖြင့်-

'ဟင် - ကြာလှပါပကော' ဟု မထင်ပါနှင့်ဦး။ ဤစာရေးသူ ကျွန်တော်သည်ပင် ဤစာစုကို ရေးသားနေချိန်၌ အသက်(၈၂)နှစ်ရှိပြီး သက်ကြီးစာပေ ပညာရှင်ကြီးများ နိုင်ငံတော်အဆင့် ကန်တော့ခံထဲပါသည်မှာ နှစ်ကြိမ်ရှိပါပြီ။ သို့အတွက် လွန်ခဲ့သော နှစ်ပေါင်း(၁၀၀) ကျော်ဆိုသည်မှာ ကျွန်တော့်အတွက် မဝေးသေးသောအချိန်ပင် ဖြစ်ပါသည်။

ခရစ်နှစ် ၁၉၀၀ ပြည့်နှစ်ခန့်တွင် ကျွန်တော်၏အဘိုးဖြစ်သူ ဦးမောင်စံနှင့် ဒေါ်ရွှေပွင့်တို့ဇနီးမောင်နှံသည် လက်ပံတန်းမြို့၏ အရှေ့မြောက်ယွန်းယွန်းတွင် ရှိသော ရေငန်ကျေးရွာကြီးတွင် နေထိုင်ကြပါသည်။ အဘွားအမည် ဒေါ်ရွှေပွင့် ဆိုတော်လည်း နားတွင် နားကပ်ကလေးသော်မျှ မပန်ဆင်နိုင်သည့် ဆင်းရဲသူ လက်လုပ်လက်စားဘဝ ဖြစ်ပါသည်။ အဘိုး ဦးမောင်စံက လယ်ရှင်ယာရှင်ကြီးများ၏အိမ်တွင် လယ်ထွန်ပျိုးနုတ်ဆိုသော စာရင်းငှား (သူရင်းငှား) လုပ်ရသည်။

လူကဆင်းရဲသော်လည်း အချစ်က မဆင်းရဲသဖြင့် (၄) နှစ်အတွင်း သားရတနာ သုံးယောက် တိုးပွားလာခဲ့သည်။ သားအကြီးဆုံးက မောင်တက်ပြား၊ အလတ် အောင်ကျော်ဇံ၊ အငယ်ဆုံးက အောင်ဒွေး ဖြစ်သည်။ အငယ်ဆုံး မောင်အောင်ဒွေးက ကျွန်တော် ခတ်ပုံ မောင်မောင်အေး၏အဖေ ဖြစ်၏။

ဘီးလင်းချောင်း၏ အရှေ့ဘက်ကမ်းတွင် ရေငန်ရွာ၊ အနောက်ဘက်ကမ်းတွင် အုတ်ဖိုစုရွာရှိ၏။ ရေငန်ရွာသည် ချောင်းကမ်းအလျားအတိုင်း ရွာတန်းရှည်ကြီးဖြစ်၍ မြောက်ဖျားတွင် ချင်းကုန်း၊ တောင်ဖျားတွင် တောင်ပေါ်စုတို့ဖြစ်၏။ ဆရာတော် ဦးပဏ္ဍိတ၏ ကျောင်းသည် ရွာလယ်တည့်တည့်၏





www.burmeseclassic.com

www.burmeseclassic.com

အရှေ့ဘက် လယ်သုံးကွက်ခြားလောက်တွင်ရှိသည်။

အဘိုးဦးစံသည် တစ်ညတွင် အိပ်ရာထဲ၌ လှဲလျောင်းရင်း သားသုံးယောက်၏ရှေ့ရေးကို တွေးတောကာ အိပ်မပျော်နိုင်ဖြစ်ရသည်။

'တို့လင်မယား ဒီစာရင်းငှားဘဝနဲ့တော့ စားရရုံကလွဲပြီး သား(၃)ယောက်ကို ရှင်ပြုနိုင်ဖို့ရာ လမ်းမမြင်။ ငါဘာလုပ်ရင်ကောင်းမလဲ'

ဆိုသောအတွေးဖြင့် အိပ်မပျော်နိုင်ဘဲ ဘယ်ညာလူးလှိမ့်ရင်း အကြံထုတ်နေမိသည်။

"ဟာ - ဟုတ်ပြီကွ၊ ငါဒါကိုမတွေးခဲ့မိဘူး။ ဟုတ်ပြီ - ဒါကိုလုပ်ရမယ်"

ဟု နှုတ်က ဖွင့်ဟရေရွတ်လိုက်သောကြောင့် ဘေးတစ်ဖက်တွင် ထိုင်၍ပြောင်းဖူးဖက်ဆေးလိပ်ကိုဖွာနေသော အဘွားရွှေပွင့်လန့်သွားသဖြင့် -

"အလိုတော် - ကိုစံ၊ အိပ်မပျော်သေးဘဲနဲ့ ဘာတွေယောင်ယမ်းပြောနေတာလဲ"

ဟု အဘိုးအားငေါက်လိုက်ရာ -

"ဒီလိုကွ မယ်ပွင့်ရဲ့"

ဆိုကာ သူ့အတွေးများကို ဖွင့်အံ့လိုက်၏။

ရေငန်ရွာ၏အရှေ့ဘက် (၁) မိုင်ခန့်အကွာ ရိုးမတောင်ခြေတွင် ကျောက်တောင်ဆိုသောရွာကြီးရှိ၏။ ကျောက်တောင်ရွာထိပ်တောင်ကုန်းလေးပေါ်တွင် ဆင်းတုတော်တစ်ဆူလည်းရှိလေသည်။ ကျောက်တောင်ရွာသည် ရိုးမအခြေတွင်ရှိသဖြင့် သရက်၊ ပိန္နဲ၊ တညင်းစသော စားပင်သီးပင်ကြီးများဖြင့်သာယာဝပြောသောရွာကြီးဖြစ်၏။ ကျောက်တောင်ရွာ၏မြောက်ဘက်တွင် မြေအမျိုးအစားကောင်းသောဖုန်းဆိုးတောမြေတစ်ကွက်ရှိ၏။ လယ်တစ်ပွဲစာ (ခြောက်ဧကခန့်) ကျယ်၏။ ထိုနေရာကို ဂုံမင်းကွင်းဟုခေါ်ကြသည်။

ထိုဂုံမင်းကွင်းဖုန်းဆိုးတောတွင် ယခင်က ခုတ်ထွင်ရှင်းလင်း၍ လယ်ယာမြေဖော်ထုတ်လုပ်ကိုင်ခဲ့ဖူးကြ၏။ ဖြစ်ထွန်းပါသော်လည်း ပရလောကသားတို့အခြောက်အလှန့်များလှသဖြင့် လယ်လုပ်သူနှစ်ဦး သေဆုံးပြီးနောက်ပိုင်းမည်သူမျှမလုပ်ရဲတော့သဖြင့် ဖုန်းဆိုးမြေအဖြစ် ရောက်ရှိသွားခြင်း ဖြစ်၏။ အဘိုးဖြစ်သူဦးမောင်စံသည် ထိုဖုန်းဆိုးမြေကိုပြန်လည် ဖော်ထုတ်မည်ဖြစ်ကြောင်းပြောပြ၏။

"ဖြစ်ပါ့မလား ကိုစံရယ်၊ အဲဒီလယ်ကိုလုပ်တဲ့သူသုံးဦးတောင်သေတယ်လို့ ကျုပ်ကြားဖူးတယ်"

ဟု အဘွားက စိုးရိမ်ထိတ်လန့်စိတ်ဖြင့် ဆိုပါသည်။

"ဟော့-မယ်ပွင့်ရဲ့၊ ငါက တစ္ဆေတို့၊ သရဲတို့၊ ကျတ်တို့ကို ကြောက်တဲ့လူမဟုတ်ဘူးကွ"

"ဒီလိုပြောလို့ ဘယ်ဖြစ်မလဲ ကိုစံရဲ့။ သူတို့က ပရလောကသားတွေ ကမ္ဘာဇိဒ္ဓိတန်ခိုးရှိတယ်"

"တော် တကယ်လုပ်မယ်ဆိုရင်လည်း ရွာဦးကျောင်းဆရာတော်ထံက ပရိတ်ချည်လေး၊ လက်ဖွဲ့လေးတောင်းပြီးမှလုပ်ပါတော်"

လို့ အဘွားအကြံပေးတဲ့အတိုင်း နောက်တစ်နေ့မှာ ရေငန်ကျောင်းဆရာတော်ဦးပဏ္ဍိတထံရောက်ခဲ့ပါသည်။

ဆရာတော်အားအကျိုးအကြောင်းလျှောက်ထားသဖြင့် ဆရာတော်က ပရိတ်ချည်လက်ဖွဲ့တို့သာမကဘဲ ကိုးသိမ်ဝင်အပ်နပင်း (နားပင်း) ကိုပါ ချီးမြှင့်ပေးအပ်ရင်း အသုံးပြုပုံပါသင်ပေးလိုက်၏။

ကိုးသိမ်ဝင်အပ်နပင်းဟူသည်မှာ သာမန်သိမ်ဝင်အပ်သည် ရဟန်းခံသိမ်ဝင်ရာ၌ ပါလေ့ရှိသော ပရိက္ခရာရှစ်ပါးမှအပ်နှင့် အပ်ချည်လုံးတို့မှ သမားရိုးကျအပ်ဖြစ်၏။ အပ်နံပင်းကား ရိုးရိုးအဝတ်ချုပ်သော အပေါက်ပါသည့်အပ်မဟုတ်ပဲ စာရွက်များတွဲရာ၌ထိုးရသော ပင်အပ်ကဲ့သို့ နာဖားပေါက်မပါသော အပ်အမျိုးအစားဖြစ်၏။ ကိုးသိမ်ဝင်ဆိုရာ၌လည်း ပထမဆုံးရဟန်းခံသော ရဟန်းသစ်၏ ရဟန်းခံသိမ်ဝင်ခြင်းဖြစ်ရမည်။ သိက္ခာထပ်သိမ်ဝင်ခြင်းမဟုတ်စေရဟု ဆိုပါကြောင်း ၂၀၁၆ ခု၊ ဒီဇင်ဘာလထုတ် (၁၆)နှစ်မြောက် သူရဿမဂ္ဂဇင်းကြီးတွင်ပါရှိသော သပိတ်ကျင်း-ကျော်ကျော်ထွန်း၏ ကြက်ဆောင်းတောင်သိုက်နန်းရှင်မလေး စန္ဒီဝင်းနှင့် ကိုးသိမ်ဝင်အပ်သည်ဤအပ်အမျိုးအစားပင်ဖြစ်ပါကြောင်း။

ဖုန်းဆိုးလယ်ဆိုသော်လည်း တောချုံများပိတ်နေအောင် ပေါက်ရောက်နေသောနေရာမဟုတ်ချေ။ ဝက်လာမြက်တောများ၊ သမန်းမြက်တောများနှင့် ညံပင်များသာ ပေါက်ရောက်နေသေးသဖြင့် မိုးမကျမီ တောခုတ်ရှင်းလင်းမီးရှို့ခြင်းဖြင့် ကိစ္စပြတ်၏။ ကန်သင်းဖော်သင့်သည့်နေရာဖော်၏။ အကြီးဆုံးသားဖြစ်သူမောင်တက်ပြားကလည်း နိုင်သမျှဝိုင်းကူ၏။ ရင်းနှီးသော သူငယ်ချင်းများပါလုပ်အားပေးကြသဖြင့် မိုးကျသောအခါအများနည်းတူ ထွန်ထယ်နိုင်၏။

ထွန်ထယ် နွားတို့ကို စပါးပေါ်လျှင်ပေးပါမည်ဟူသော ကတိဝန်ခံချက်ဖြင့်ငှားရ၏။ လယ်စပ်ရှိ ဖျဉ်းမပင်ကြီးနားတွင် တဲလေးဆောက်ကာ မိသားစုပါပြောင်းရွှေ့နေကြ၏။ဆရာတော်မှာကြားလိုက်သည့်အတိုင်း ညစဉ် ငါးပါးသီလခံယူ၍ ရသမျှ ပရိတ်တော်များရွတ်ဆိုခြင်း၊ သဗ္ဗေပုဒ္ဓါဖြင့် စည်းချခြင်း၊ မေတ္တာပို့၊ အမျှဝေခြင်းပါလုပ်၏။ မည်သည့်အနှောင့်အယှက်မျှမတွေ့ရသေးချေ။

ပျိုးခင်းတွင်ပျိုးကြဲပြီးသည့်ညတွင် အဘိုးအိမ်မက်၏။ ထိုးကွင်းမင်ကြောင်သျှောင်တစ်စောင်းနှင့်လူကြီးတစ်ယောက်ပေါ်လာပြီး -

"ဒါ ကျုပ်ပိုင်တဲ့လယ်ပဲ။ ခင်ဗျားတို့သားအဖ ဒီလယ်ကို မလုပ်ပါနဲ့"

ဟု ဒေါသဖြင့်ပြော၍ ပြန်ထွက်သွား၏။ အဘိုးလည်း အိပ်မက်ကိုအလေးမထားဘဲ လုပ်စရာရှိသည်တို့ကိုသာဆက်လုပ်၏။ ထိုအိပ်မက်အား (၃) ညဆက်မက်၏။

နက်ဖြန်တွင် ကောက်စိုက်ရမည့်ရက်ဖြစ်သောကြောင့် မနက် ကောက်စိုက်သမများ ရောက်လာလျှင် ကျွေးမွေးရန်အတွက် ညဦးကပင် အဘွားသည် ချက်ပြုတ်စရာများ ပြင်ဆင်စီစဉ်နေ၏။ မောင်တက်ပြားနှင့်အောင်ကျော်ဇံတို့လည်း ဝိုင်းကူလုပ်ကိုင်ပေးနေ၏။ အဘိုးဦးမောင်စံက နွားများခြင်ကိုက်သက်သာစေရန် နွားမီးဖိုပေးနေ၏။

နွားမီးဖိုခြင်းဆိုသည်မှာ ညဘက်တွင် နွားများခြင်ကိုက်ခြင်းမှ သက်သာစေရန် နွားထားသောနေရာမနီးမဝေးတွင် ထင်းတို့ဖြင့်အုံထားသောအခါ မီးခိုးများအူ၍ထွက်လာ၏။ မီးခိုးငွေ့များအူ၍ထွက်နေလျှင် ခြင်များ၊ မှက်များမလာနိုင်တော့ပေ။ နွားမီးဖိုထားလျှင် နွားသာမက လူများပါ ခြင်ကိုက်သက်သာပါသည်။

အဘိုးနွားမီးဖိုပေးနေချိန်မှာ မိုးကလည်း သဲသဲမဲမဲရွာနေ၏။ ထိုအချိန်မှာပဲ မိုးရေထဲက လူကြီးတစ်ယောက် ပြေးဝင်လာတာကို ရေနံဆီမီးခွက်အလင်းရောင်နှင့်မြင်လိုက်ရပါသည်။ တစ်ကိုယ်လုံးလည်း မိုးရေတွေရွှဲရွှဲစိုနေ၏။ အဲဒီလူကြီးဟာ နွားမီးဖို၏ တစ်ဖက်မှာဝင်ထိုင်လိုက်တော့ အဘိုးကလည်း လူသားစင်စစ်တော့ မဟုတ်နိုင်ဘူးဟုတွေးရင်း လူကြီး၏မျက်နှာကို စိုက်ကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နေနေနိုင်ရည်(တိုင်းရင်းဆေးပညာ)

# အစားမတော်တစ်လုတ်




ဝါလကင်းလွတ် သီတင်းကျွတ်၍ မြောက်လေဖျန်းစ ခြေခင်းလက်ခင်း သာယာလှသော တန်ဆောင်မုန်းလမှ စ၍ တောင်လေသုတ်ဖြူး တပေါင်း၊ တန်ခူးလများအထိ ဘာသာရေးပွဲ၊ မင်္ဂလာပွဲ၊ ကင်ပွန်းတပ်ပွဲ၊ ကထိန်ပွဲ စသဖြင့် အလှူပွဲတော်တို့မှာ မြန်မာတို့၏ ယဉ်ကျေးမှုပွဲလေးများ ဖြစ်ကြသည်။ ယင်းသို့ ဘာသာရေးပွဲ၊ မင်္ဂလာပွဲစသည်များတွင် ကျွေးမွေးဧည့်ခံရန်အတွက် အရပ်ဒေသအလိုက် စီမံချက်ပြုတ်ကြသည့်အခါများတွင်လည်းကောင်း၊ အချို့မြို့ကြီးများရှိ ခန်းမကြီးများ၊ ဟိုတယ်ကြီးများ၌ ဧည့်ခံကြသည့်အခါများတွင်လည်းကောင်း ချက်ပြုတ်စီမံဧည့်ခံကြသည့် အစားအသောက်များကြောင့် တစ်ခါတစ်ခါ ချစ်စရာယဉ်ကျေးမှုပွဲ တလေးများမှာ စားရင်းသောက်ရင်းပင် အော့နှလုံးနာစရာပွဲများအဖြစ်သို့ မကြာခဏရောက်ခါသွားရသည့်သတင်းများကို သတင်းစာများ၌ ဖတ်ရှုရသည်ကို သတိပြုမိပေသည်။

ယင်းသတင်းများမှာ မည်သည့်အလှူတွင် မည်သည့်အစားအသောက်များကြောင့် အော့အန်မူးဝေ၍ သတိမေ့ကုန်ခြင်း၊ မည်သည့်ဟိုတယ်တွင်ပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲတွင် ရေခဲမုန့်၊ ဖာလူဒါ၊ ဒံပေါက် စသည်တို့ကြောင့် ဝမ်းလျှောခြင်း၊ အော့အန်၍ (အထက်လှန်အောက်လျှောဖြစ်ခြင်းများ) ဖြစ်၍ တစ်ပြုံကြီးဆေးရုံသို့ပို့လိုက်ရခြင်းဟူသော သတင်းများပင်ဖြစ်ပေသည်။ မည်သည့်အစားအစာမဆို အပြစ်ကင်း၍ သန့်ရှင်းလတ်ဆတ်ခြင်း၊ အတွဲအစပ်မှန်ကန်ညီမျှခြင်းဖြစ်လျှင် ခန္ဓာကိုယ်အတွက် အာဟာရဓာတ်ဖြစ်စေသော်လည်း အစားတစ်ခုနှင့်တစ်ခု တွဲစပ်မှုမမှန်ကန်ခြင်း၊ မူလစားသောအစာနှင့် နောက်ထပ်စားသောအစာတည့်မတည့်မသိခြင်း စသောအကြောင်းများကြောင့် အရသာဩဇာမည်မျှပင်ရှိစေကာမူ ခန္ဓာကိုယ်အတွက် အကျိုးမရှိဘဲ ချက်ချင်းအဆိပ်ဖြစ်စေတတ်သည်။

ထို့ကြောင့် အစားမတော်တစ်လုတ်ဟူသောစကားသည် နေ့စဉ်စားသောက်သော အစာအာဟာရများတွင် ရသာခြောက်ပါးတွင် တစ်မျိုးမျိုးလွန်ကဲစွာစားသောက်မိခြင်းကြောင့် လည်းကောင်း၊ ဆန့်ကျင်ဘက်ဖြစ်သည့် အရသာချင်းပေါင်းစပ်စားမိခြင်းကြောင့်လည်းကောင်း၊ သဘာဝအလျောက် မတည့်သည့် အစာချင်း ရောစပ်စားမိခြင်းကြောင့် လည်းကောင်း အနည်းငယ်မျှစားမိစေကာမူ ခန္ဓာကိုယ်အတွက် အကျိုးယုတ်စေသည်။

ဤနေရာ၌ တိုင်းရင်းမြန်မာဆေးကျမ်းများ၏အဆိုအရ တစ်ဖက်သတ်လွန်ကဲသောအစာနှင့် တွဲဖက်၍စားသင့်သောအစာများ ဖော်ပြလိုသည်။

အပူတစ်ဖက်သတ်လွန်ကဲသောအစာ၊ အအေးတစ်ဖက်သတ်လွန်ကဲသောအစာ၊ အပူနှင့် အအေးတွဲစပ်ထားသည့် ဆန့်ကျင်ဘက်ဖြစ်သောအစားအစာများအပြင် အချို၊ အချဉ်၊ အစပ်၊ အဖန်၊ အခါး၊ အငန် တည်းဟူသော အရသာခြောက်ပါးကိုလည်း တစ်ဖက်သတ်လွန်ကဲစွာစားသောက်ခြင်း၊ အချို့

---

အိပ်မက်ထဲက ပုဂ္ဂိုလ်ကြီးဆိုတာ နားလည်လိုက်၏။ သို့အတွက် ကိုယ်နှင့်မကွာဆောင်ထားသည့် ကိုးသိမ်ဝင်အပ်တို လက်နှင့်အသင့်ထိထားလိုက်ပါသည်။

မိုးရေစိုရွှဲနေသော ပုဂ္ဂိုလ်ကြီးကလည်း ဝင်းဝင်းတောက်နေသည့်မျက်လုံးများဖြင့် အဘိုးအားကြည့်နေသလို အဘိုးကလည်း သတိလက်မလွတ်စေဘဲ စိုက်ကြည့်နေစဉ်မှာပင် ပုဂ္ဂိုလ်ကြီး၏မျက်လုံးနှစ်လုံးတို့သည် ပြူးထွက်လာရာမှ ရုတ်တရက် မြေပေါ်သို့ ဘုတ်. . . ဘုတ် မြည်ကာကျသွားသဖြင့် ပုဂ္ဂိုလ်ကြီး၏ မျက်နှာသည် အရိုးခေါင်းခြောက်ကဲ့သို့ မျက်လုံးဟောက်ပက်ကြီးဖြစ်ကာ ထိတ်လန့်တုန်လှုပ်စရာကောင်းလှ၏။

အဘိုးသည် ကြောက်လန့်တတ်သူမဟုတ်သလို ကိုးသိမ်ဝင်အပ်လည်း အသင့်ကိုင်ထားသူဖြစ်ရကား မျက်လုံးဟောက်ပက်ဖြစ်နေသည့် ပုဂ္ဂိုလ်ကြီး၏ ငယ်ထိပ်နေရာသို့ ကိုးသိမ်ဝင်အပ်နဝင်းဖြင့် ထိုးစိုက်လိုက်ရာ -

"အား. . ."

ဟူသော အော်သံကြီးနှင့်အတူ တဲပြင်သို့ထွက်ပြေးပျောက်ကွယ်သွားတော့၏။

ထိုညမှစ၍ ယုံးဝခြောက်လှန့်ခြင်း မရှိတော့ချေ။ သို့သော် (၅) ရက်မြောက်ညတွင် အိပ်မက်လာပေး၏။ ဂိုဏ်မင်းတွင်းလယ်တစ်ပွဲသည် သူကိုတိုင်ခုတ်ထွင်ရှင်းလင်းဖော်ထုတ်ခဲ့ရသောလယ်ဖြစ်ပါသည်။ သူလည်း ကျုတ်ပြိတ္တာဘဝမှ ကျွတ်လွတ်ချင်ပြီဖြစ်၍ ဤလယ်ပွဲ (ခြောက်ဧကခန့်) မှ စပါးပေါ်လျှင် သူ့အတွက် ကောင်းမှုလုပ်ကာ အမျှပေးဝေစေလိုပါကြောင်း၊ ဤလယ်တစ်ပွဲကိုလည်း ဦးမောင်စံသို့ အပြီးအပိုင်ပင်လွှဲပြောင်းပေးပါကြောင်း အိပ်မက်ဖြင့်ပြောကြားသွားပါသည်။

စတင်၍လုပ်ကိုင်သောနှစ်မှာပင် စပါးအထွက်ကောင်းလှ၍ ပေးရန်ရှိသော ထွန်ထယ်ခ၊ ငှားရမ်းခများ ပေးဆပ်ခဲ့ပြီး ပိုလျှံသောစပါးရောင်းရငွေဖြင့် သား (၃) ယောက်ကို ရှင်ပြုကာ လယ်ရှင်ကျုတ်ပြိတ္တာကြီးအား အမျှပေးဝေခဲ့ပါသတည်း။

အဘိုးကြီး၏ အကြီးဆုံးသားကိုတက်ပြားသည်. ရိုးမအတွင်းမှ ငှက်ပျောတုံးရွာတွင် ကွယ်လွန်ခဲ့၍ သားလတ် ကိုအောင်ကျော်ဇံသည် ရေငန်ရွာ၌ပင် ကွယ်လွန်ကာ သားမြေးနှင့် မြေးတို့ကျန်ရစ်ခဲ့ပါသည်။ အငယ်ဆုံး ကိုအောင်ဒွေးသည် ကွမ်းခြံရွာသူနှင့် အိမ်ထောင်ကျကာ သားသမီးလေးယောက်ထွန်းကားပြီး ယခုအခါ အငယ်ဆုံးသားဖြစ်သူ ကျွန်တော်ဓာတ်ပုံ မောင်မောင်အေးတစ်ယောက်သာလျှင် သက်ရှိထင်ရှား (အသက် ၈၂နှစ်) ကျန်တော့ပါကြောင်း ဖြစ်ရပ်မှန်အား တင်ပြရင်း။

ဇေ-ဘ်ပုံမောင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com




တွဲဖက်၍ စားသောက်ခြင်းများကို ရှောင်ကြဉ်သင့်ကြပေသည်။

ဥတုဘောဇနသင်္ဂဟကျမ်းတွင် အချင်းချင်း ဖက်စပ်၍ မစားသင့်သော အစာများကို အောက်ပါအတိုင်း ဖော်ပြထားပေသည်။

အသားခြောက်၊ဟင်းရွက်ခြောက်၊ မုန်လာဥ ၎င်းသုံးပါး မစပ်ကောင်း။ မတ်ပဲနှင့်တင်လည်း၊ နို့အမျိုးမျိုး အချဉ်နှင့်ဝက်သား၊ ပေရည်နှင့်ဝက်သား၊ ပဲဒလက်စေ့နှင့်ဆိတ်သား၊ ကြာဥနှင့်ကျွဲသား၊ နို့မျိုးချဉ်နှင့်ဒေါင်းသား၊ ပီလောပီနံဥနှင့်ဒေါင်းသား၊ နို့မျိုးနှင့်အချဉ်မျိုး၊ နို့မျိုးနှင့်အရက်အမျိုးမျိုး၊ ပျားရည်နှင့်ကင်ပိမ့်ရွက်၊ နို့မျိုးနှင့်မှို၊ နို့မျိုးနှင့်ငါး၊ နို့အမျိုးမျိုးအချဉ်နှင့်ကြက်သား၊ သေရည်အရက်မျိုးနှင့် သကြားတို့သည် ပေါင်းစပ်၍ မစားသင့်သောအစာများဖြစ်သဖြင့် သတိပြုရန်လိုအပ်ပေသည်။

ထို့ပြင် အချင်းချင်းဖက်စပ်၍ ချက်ပြုတ်မစားသင့်သောအစာများမှာ-

နှမ်းဖတ်၊ နှမ်းမှုန့်နှင့် ကင်ပိမ့်ရွက်၊ ဖျင်းအောက်သားနှင့် ဝက်ဆီ၊ ခိုသားနှင့် မုန်ညင်းဆီ၊ ငါးနှင့်နို့အမျိုးမျိုး၊ ငှက်သားနှင့် ကြက်ဆူဆီ၊ ဆိတ်သားနှင့် ဆူးပန်းရွက်၊ မုန်လာဥနှင့်မတ်ပဲ၊ အသားအချင်းချင်း၊ ငှက်ပျောသီးမျိုးစုံနှင့် နို့အမျိုးမျိုး၊ နို့ချဉ်နှင့် ထန်းသီး စသော အစာအာဟာရများကိုလည်း အချင်းချင်း ရောနှောကာ ချက်ပြုတ်စားသောက်ခြင်းများကို ရှောင်ကြဉ်သင့်ပေသည်။

ဒြဗျဂုဏပကာသနီဆေးကျမ်းတွင်လည်း ရောနှော ယှဉ်ဖက်၍ မစားသင့်သောအရသာများ၊ အရွက်၊ အသီး၊ အပွင့်၊ သားငါးများ၊ အဆီနှင့် နို့အမျိုးမျိုးစသည်များကိုလည်း အကျယ်တဝင့်ဖော်ပြထားပေရာ ယင်းတို့အနက်မှ အနည်းငယ် တင်ပြလိုပေသည်။

ပဲလွန်းနှင့်တင်လည်း၊ ပျက်သောနို့ခဲ နှင့် ပဲဒလက်၊ ကြာစွယ်နှင့်ဝက်သား၊ ဆိတ်သားနှင့် ကျွဲသား၊ နို့ရည်စိမ်းနှင့် နို့ခဲတို့ ဖြစ်ပေသည်။

ထို့ပြင် အများသိပြီးဖြစ်နေကြသည့် ရောနှောတွဲစပ်၍ မစားအပ်သောအစာများကို သတိပြုဆင်ခြင်နိုင်ကြရန် ဖော်ပြလိုပေသေးသည်။

ကိုင်းဥနှင့်ပုစွန်ချဉ်၊ ကော်ဖီ(?)ညင်းပေါင်းနှင့် ရေငန်းသီး၊ ကျွဲနို့နှင့် ဖရုံသီး၊ ကြက်ဟင်းခါးသီးနှင့်မှို၊ ကြက်ဟင်းခါးသီးနှင့်ကြက်သား၊ ကြောင်လျှာသီးနှင့် ငါးသေတ္တာ၊ ချိုချဉ်သကြားလုံးနှင့်ပဲစိမ်းစားဥ၊ ချောကလက်နှင့်ပဲမြစ်၊ ပဲစိမ်းစားဥနှင့် ရေခဲချောင်း၊ ဘဲဥနှင့် ဖရဲသီး၊ မင်းကွတ်သီးနှင့် သကြားတို့ ဖြစ်လေသည်။

အထက်ပါ အစားအစာများကို အမှုအမှတ်မဲ့စားသောက်မိကြသည့်အခါများတွင် အဆိပ်အတောက်များလတ်တလောဖြစ်ပေါ်နိုင်သဖြင့် နေ့စဉ် သတိပြုကြဖို့ လိုပေသည်။

အထူးသဖြင့် ယခုလို ရာသီပွဲတော်များနှင့် မြန်မာ့ယဉ်ကျေးမှုပွဲများပြုလုပ်ကြသည့်အခါများတွင် မိမိတို့ကိုယ်တိုင် စီမံချက်ပြုတ်ကြသည့်အခါများတွင် လည်းကောင်း၊ ဆိုင်ရာဟိုတယ်စသည်များ၌ ဘာဝန်ပေးကြသည့်အခါများတွင်လည်းကောင်း၊ အစားတစ်လုတ်ကြောင့် ဒုက္ခမရောက်ကြစေရန် အထူးပင် သတိပြု၍ ကာယကံရှင်များက စီမံသင့်ပေသည်။

အစားမတော်တစ်လုတ်ကြောင့် အဆိပ်အတောက်ဖြစ်၍ အော့အန်ခြင်း၊ ဝမ်းသွားခြင်းများဖြစ်ကြသည့်အခါတွင် ကျန်းမာရေးဌာန ဆေးရုံကြီးများနှင့်နီးသည့် အရပ်ဒေသများအဖို့ ဆေးရုံများသို့ ချက်ချင်းတင်ပို့နိုင်ခဲ့ကြသော်လည်း အချို့ ဆေးရုံနှင့်ဝေးကွာသည့် အရပ်ဒေသများတွင် ရက်တာရှည်စွာ အလူးအလဲခံစားကြရသည်ကိုလည်း မကြာခဏကြားခဲ့ရပေသည်။

ဤကဲ့သို့ အခက်အခဲတွေ့ကြုံရ၍ အစားမတော်တစ်လုတ်ကြောင့် ဖြစ်ကြရသည့်ရောဂါများအတွက် ရှေးဦးစွာပြုလုပ်ရမည့်အချက်များကို သတိပြုကြရန်လိုပေသည်။

၁။ မသင့်သောအစာကိုစားမိလျှင် အစာသစ်အိမ်အတွင်း၌အစာများရှိခိုက် အန်ဆေးကိုတိုက်ရမည်။

၂။ အူအတွင်း၊အစာဟောင်းအိမ်အတွင်းသို့ အစာများရောက်သွားသည့်အချိန်တွင် ဝမ်းနုတ်၍ လည်းကောင်း၊ ဝမ်းချ၍ လည်းကောင်းပေးရမည်။

၃။ အဆိပ်အတောက်ကိုပြေစေတတ်သော ကန်စွန်းရွက်သတ္တုရည်များကို ဆားထည့်၍တိုက်ပေးရမည်။

၄။ မြေပုံခရမ်းမြစ်ပြုတ်ရည်ကိုလည်းကောင်း၊ ခရမ်းကစော့ခါးသီးအရည်ကိုလည်းကောင်းတိုက်ရမည်။

အဆိပ်အတောက်များဖြစ်သည့် အစာများအန်ခြင်း၊ ဝမ်းသွားခြင်းဖြစ်ပြီးလျှင် နွားနို့ကျက်ကျက်တွင် ကြက်ဥစိမ်းဖောက်ထည့်၍တိုက်ပေးခြင်း၊ သကြား၊ သာဂူနှင့်အခြားအားရှိစေသောအစာများကိုကျွေးခြင်းဖြင့် အစားမတော်တစ်လုတ်ကြောင့်ဖြစ်ရသည့်ရောဂါများပျောက်ကင်းနိုင်ကြောင်း မြန်မာ့ယဉ်ကျေးမှုပွဲကလေးများ မယဉ်ကျေးမှုအဖြစ်ဆိုးသို့ မရောက်ကြစေရန် ဆန္ဒပြုလိုက်ရပေသတည်း။

ဒေါ်နေနေနိုင်ဖေ
(တိုင်းရင်းဆေးပညာ)




www.burmeseclassic.com

www.burmeseclassic.com



(မြစ်သား) ငှ

# စနေထွန်း

## အရက်သမားတို့တွင်ဖြစ်တတ်သော ရေဖျင်းရောဂါအတွက် ဆေးနည်းကောင်းတစ်လက်

စာရေးသူသည် သုရဿမဂ္ဂဇင်းကြီး၏ တိုင်းရင်းဆေးကဏ္ဍတွင် မြန်မာ့ဆေးမြီးတိုများအကြောင်းကို အလျဉ်းသင့်သလို ရေးသား ပေးပို့ခဲ့ပါသည်။ စာရေးသူအနေနှင့် ဆေးမြီးတိုများ ရေးသားရာတွင် အကြားနှင့်မဟုတ်ဘဲ တကယ် လက်တွေ့မျက်မြင်များကိုသာ ရေးသား တင်ပြခြင်းသာ ဖြစ်ပါသည်။

အထူးသဖြင့် စာရေးသူ၏လူနေမှုပတ်ဝန်းကျင်မှ လူအများတွင်ဖြစ်ပွားနေသော ရောဂါဝေဒနာနှင့် ၎င်းရောဂါဝေဒနာကိုပျောက်ကင်းစေခဲ့သော ဆေးနည်းများကိုသာ တိုက်ဆိုင်သူများအနေဖြင့် ကြုံကြိုက်လျှင် အသုံးပြုနိုင်ရန် ရည်ရွယ်၍ရေးသားခဲ့ပါသည်။

ယခုတစ်ပတ်တွင် စာရေးသူ၏အိမ်သို့ ဝင်ထွက်သွားလာမှုရှိနေသော တီးတီးဆိုသူ မိန်းကလေးငယ်၏ ဖခင်ဖြစ်သူတွင်စွဲကပ်နေသောရောဂါဝေဒနာနှင့် ၎င်းရောဂါဝေဒနာသည် စာရေးသူ၏ မျက်မှောက်ရှေ့မှာပင် ထင်ထင်ရှားရှား ပျောက်ကင်းသွားသည်ကို အကြောင်းပြု၍ သုရဿမဂ္ဂဇင်း၏ စာဖတ်သူများထံသို့ စေတနာဖြင့် မျှဝေပေးလိုက်ရပြန်ပါသည်။

တီးတီး၏ ဖခင်ဖြစ်သူမှာ ဦးကျော်မြ ဖြစ်သည်။ ရခိုင်တိုင်းရင်းသားဖြစ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အငြိမ်းစားရယူထားသူ ဖြစ်သည်။ သူရရှိသော အငြိမ်းစားမှာ ဆေးပင်စင်အငြိမ်းစားဖြစ်သည်။ ရောဂါမှာ အရက်နှင့်ပတ်သက်၍ဖြစ်သောရောဂါဖြစ်သည်။

၎င်းဦးကျော်မြတွင် အရက်ကို နှစ်ရှည်စွာ သောက်သုံးထားသူတို့၏ ထုံးစံအတိုင်း ရေဖျဉ်းရောဂါစွဲကပ်နေခြင်း ဖြစ်သည်။ ရေဖျဉ်းရောဂါဖြစ်သူ၏ ဝမ်းဗိုက်သည် ရေအိုးတစ်လုံးမှောက်၍ တင်ထားသလို ပြောင်း[illegible]င်းနေပြီး ရောဂါဖြစ်နေသူမှာ ထိုင်မရထမရနှင့် အိပ်ရာထက်တွင် အမြဲတုံးတုံးလုံးနေရသည့် အနေအထားဖြစ်သည်။

ဒါတွင်မကသေးပါ။ ဝမ်းဗိုက်အတွင်းမှ ပြည့်တင်းလာသောရေများကို ထုတ်ရန် ဆေးရုံဆို သုံးရက်တစ်ခါနီးပါး သွားပြီး ရေဖောက်ထုတ်ရသည့်ဒုက္ခကိုလည်း ခံစားကြရပါသည်။

ဦးကျော်မြတစ်ယောက် စာရေးသူ၏အိမ်ရှေ့သို့ ရောက်လာစဉ်က မြင်ကွင်းမှာ ဆိုက်ကားပေါ်တွင် ခေါင်းငိုက်စိုက်ချကာ လိုက်ပါလာခြင်း ဖြစ်သည်။ ဆေးရုံတွင် ၎င်း၏ဝမ်းဗိုက်အတွင်းမှ ရေထုတ်ပြီး၍ပြန်လာတာဖြစ်ကြောင်း၊ ၎င်းနှင့်အတူပါလာသူ တီးတီးကပြောပြ၍ သိရသည်။

ဦးကျော်မြကြည့်ရသည်မှာ အခြေအနေအတော်ဆိုးနေပုံရပါသည်။ ခေါင်းမထူနိုင်လောက်အောင်ပင် သူ့ရောဂါဝေဒနာက သူ့ကိုနှိပ်စက်ထားပုံရပါသည်။ သမီးဖြစ်သူ တီးတီး၏ ပြောပြချက်အရ သူ့အဖေရောဂါမှာ မသက်သာ၍ ကျောက်ဆည်ဆေးရုံသို့ ပြောင်းတက်မည်ဟု သိလိုက်ရသည်။

အဲဒီနောက်ပိုင်း တီးတီးနှင့်စာရေးသူတို့ မတွေ့ဖြစ်ကြတော့ပါ။ တီးတီးပြောခဲ့သလို သူ့အဖေကို ကျောက်ဆည်ဆေးရုံသို့လိုက်ပို့ပြီး ဆေးရုံတက်နေသူ သူ့အဖေကို ကိုယ်နှင့်မကွာလိုက်ပါစောင့်ရှောက်နေရဟန်တူ၏။ ရက်ပေါင်းများစွာကြာသည့်တိုင် တီးတီးတစ်ယောက် စာရေးသူ၏အိမ်သို့ရောက်မလာသဖြင့် သူ့အဖေ ဦးကျော်မြ၏ ရောဂါဝေဒနာနှင့်ပတ်သက်၍ စာရေးသူ၏ စိတ်ထဲတွင်မေ့မေ့ပျောက်ပျောက်ဖြစ်နေခဲ့ပြီးဖြစ်သည်။

သည်လိုနှင့်ပင် စာရေးသူနှင့် တီးတီးတို့သားအဖမှာ အဆက်အသွယ်ပြတ်သလိုဖြစ်နေခဲ့ရာမှ မမျှော်လင့်ဘဲ မြို့လယ်လမ်းမကြီး၏လမ်းဘေးပလက်ဖောင်းပေါ်တွင် ဦးကျော်မြကို ရုတ်တရက် တွေ့မြင်လိုက်ရသည်။

"အစောပိုင်း အချိန်ကာလများက ဆိုက်ကားနှင့်သာ အဖော်ပြု၍သွားလာ



www.burmeseclassic.com

www.burmeseclassic.com

နေရသော ဦးကျော်မြတစ်ယောက်က ခုတော့ မြို့လယ်လမ်းမ၏ပလက်ဖောင်းထက်တွင် ရှင်ရှင်လန်းလန်းနှင့် လမ်းလျှောက်လာသည်ကို မြင်လိုက်ရသော စာရေးသူမှာ ကိုယ့်မျက်စိကိုယ်တောင် မယုံချင်သလိုဖြစ်လိုက်မိသည်။

သို့သော် မယုံချင်၍လည်းမရပါ။ စာရေးသူ၏မျက်စိရှေ့မှောက်မှာ တွေ့မြင်နေရသူက ဦးကျော်မြမှဦးကျော်မြ အစစ်ဖြစ်နေ၍ ဖြစ်သည်။ ပို၍ထူးခြားသောမြင်ကွင်းမှာ အစေါပိုင်းက ရေအိုးတစ်လုံးမှောက်ထားသလို တင်းပြောင်ဖောင်းကားနေသော ဦးကျော်မြ၏ ဝမ်းဗိုက်မှာ ခုတော့ သာမန်လူကောင်းတစ်ယောက်၏ ဝမ်းဗိုက်လို ပြားချပ်ချပ်အသွင် တွေ့မြင်လိုက်ရ၍ဖြစ်သည်။

အမှန်တိုင်းဝန်ခံရလျှင် ဦးကျော်မြတစ်ယောက် သူ့ရောဂါကြောင့် ကြာရှည်သက်ဆိုးရှည်ဖွယ်ရာမမြင်ဟု စာရေးသူတွေးထင်ထားခြင်း ဖြစ်သည်။ အကြောင်းမှာ စာရေးသူ၏ ညီအရင်းဖြစ်သူတစ်ဦးမှာ အရက်စွဲရောဂါကြောင့် ရေဖျဉ်းဖြစ်လာရာမှ (၂) လ၊ (၃) လ အကြာတွင် လူ့လောကမှ ထွက်ခွာသွားသည်မှာ မကြာသေး၍ဖြစ်သည်။

ခုတော့ ဦးကျော်မြတစ်ယောက် ဒီတောင်ကကျော်လာနိုင်ဟန်တူပါသည်။ သေကံမရောက်သေး၍ သက်မပျောက်သေးဘဲ ဆေးကောင်းတွေ့သွားသည်ဟု ထင်ပါသည်။ ဖြစ်နိုင်လျှင်တော့ ဦးကျော်မြ ဘာဆေးတွေသောက်ရလို့ ဘယ်လိုရောဂါပျောက်ခဲ့သည်ကို စာရေးသူအနေနှင့် သိချင်နေမိသည်။

စာရေးသူ၏ဝန်းကျင်တွင် အရက်စွဲသူ လူကြီးလူငယ်များစွာ ရှိနေပါသည်။ ၎င်းတို့အထဲတွင် အရက်ကြောင့် ရေဖျဉ်းရောဂါစွဲကပ်နေသူအချို့ကိုတွေ့မြင်နေရသည်။ ထိုသို့ ရေဖျဉ်းစွဲသူများမှာ ဆေးရုံဆေးခန်းသို့သွား၍ ဝမ်းဗိုက်အတွင်းမှ ရေများကိုထုတ်ရင်းနှင့်ပင် မကြာခင်အချိန်အတွင်းမှာ သေမင်းခေါ် ရာနောက်သို့ ကောက်ကောက်ပါအောင်လိုက်သွားရသည်ချည်း ဖြစ်သည်။

အရက်ကြောင့်ဖြစ်စေ ရေဖျဉ်းရောဂါမှာ ဝမ်းဗိုက်အတွင်းမှ ရေကို မကြာမကြာ ဖောက်ထုတ်ပေးရုံမှလွဲ၍ တကယ်တမ်း ရောဂါပျောက်ကင်းစေသည့်ဆေးဝါးမှာ ရှားပါးခက်ခဲပုံရှိဟန်တူပါသည်။ စာရေးသူ၏ညီမှာ မြန်မာဆေး၊ အင်္ဂလိပ်ဆေးကိုလက်လှမ်းမီရာ ရှာဖွေသောက်သုံးခဲ့သော်လည်း၊ အနာနှင့်ဆေး တည့်အောင်မပေးနိုင်ခဲ့သဖြင့် သေဆုံးခဲ့ရသည်ဟု ထင်ပါသည်။ ဖြစ်နိုင်လျှင်တော့ ဦးကျော်မြတစ်ယောက် ဘာဆေးတွေသောက်ရလို့ ဘယ်လိုရောဂါပျောက်ခဲ့သည်ကို စာရေးသူအနေနှင့်သိချင်နေမိသည်။

ယခု ဦးကျော်မြကတော့ အနာနှင့်ဆေးတည့်အောင်ပေး ပျောက်ရေးမခက်ပါဆိုသည့်အတိုင်း သူ့ရောဂါဝေဒနာမှာ လုံးဝပျောက်ကင်းကာ လူပမာရုပ်မဟုတ်တော့ဘဲ သာမန်လူကောင်းဘဝသို့ ရုတ်ခြည်းပြောင်းလဲလာခဲ့သည်မှာ အံ့ဩဖွယ်ရာဖြစ်နေသည်။ ဘာပဲပြောပြော သူ့ရောဂါအတွက် အမှန်တကယ်ပျောက်ကင်းအောင် စွမ်းဆောင်နိုင်သည့် ဆေးကောင်းတစ်လက်ကို ဦးကျော်မြတစ်ယောက် ရရှိခဲ့သည်မှာ အသေအချာဖြစ်နိုင်ပါသည်။

စာရေးသူအနေနှင့် ကံကောင်းသည်ဟုဆိုရမည်ဖြစ်ပါသည်။ ကံနှင့်လူ မပူနှင့်ဆိုသည့်အတိုင်း တီးတီးတစ်ယောက် စာရေးသူထံသို့ မမျှော်လင့်ဘဲ ရောက်လာခဲ့သည်။ သည်တော့ စာရေးသူမှာ အချိန်ဆိုင်းနေမအားဘဲ တီးတီး၏လာရင်းကိစ္စကို အသာထား၍ စာရေးသူသိချင်သော အကြောင်းအရာကိုသာ ဦးစားပေး၍မေးရတော့သည်။

"ဒါနဲ့ တီးတီးရေ၊ ညည်းအဖေ ဦးကျော်မြကို ဟိုတစ်လောက မြို့လယ်လမ်းမကြီးမှာ တွေ့လိုက်ရတယ်။ သူ့ကျန်းမာရေးအခြေအနေက ကောင်းသွားပုံပဲကွ"

"ဘာဘကလည်း အဖေ့ကျန်းမာရေးကကောင်းဆို အရင်လိုအိပ်ရာထဲလဲနေရတဲ့ဘဝက လုံးဝလွတ်သွားပြီမို့ အဖေ့အနေနဲ့သွားချင်ရာသွား၊ စားချင်ရာစားဖြစ်နေပြီလေ။ ဒါပေမယ့် သောက်ချင်ရာတော့ မသောက်ဖို့ပြောထားရတာပေါ့။ ပြောသာပြောရတာပါ။ အဖေလည်း သူ့အနေနဲ့ရက်ရှည်လများခံစားရခဲ့တဲ့ ရောဂါဝေဒနာကို တွေးမိတိုင်း ကြောက်နေတာဆိုတော့ သောက်ဖို့ဆိုတာ အဖေ့စိတ်ကူးထဲမှာရှိပုံမရတော့ပါဘူး ဘာဘရယ်"

"အေး - ကြားရတာဝမ်းသာပါတယ်ကွာ။ ညည်းလိုပဲ ဘာဘလည်း ညည်းအဖေအတွက် စိတ်ချမ်းသာမိတာ အမှန်ပဲ။ ဒါနဲ့ ညည်းအဖေက ကျောက်ဆည်ဆေးရုံတက်ရာကနေ ဆရာဝန်ပေးတဲ့ ဆေးစားရင်းနဲ့ သူ့ရောဂါက ပျောက်ကင်းသွားတာလား"

စာရေးသူ၏အမေးကို တီးတီးက ခေါင်းခါခါလက်ခါခါလုပ်ရင်း ပြန်ပြောသည်။

"ဘာဘထင်သလိုမဟုတ်ဘူး ဘာဘရေ။ ကျောက်ဆည်ဆေးရုံမှာ တစ်လနီးပါးကြာတက်ရင်းက အဖေ့ရောဂါကို မထင်တော့လို့ ဆရာဝန်တွေက သမီးအဖေကို ဆေးရုံကဆင်းလို့ရပြီပြောတယ်လေ။ အမှန်တော့ အဖေ့ကို အိမ်ပြန်သယ်ခိုင်းတဲ့သဘောပါပဲ။ ဆေးရုံပေါ်မှာ တစ်ခုခုဖြစ်သွားရင် သမီးဒုက္ခရောက်မယ်ဆိုတာသိလို့ ဆရာဝန်တွေကစေတနာနဲ့ပြောတာ သမီးသိတာပေါ့။ အဖေ့အခြေအနေကိုသိလိုက်ရတဲ့အချိန်တစပြီး သမီးမှာ ခြေမကိုင်မိလက်မကိုင်မိနဲ့ မျက်ရည်နဲ့မျက်ခွက်ဖြစ်နေခဲ့တယ်ဆိုပါတော့ ဘာဘရယ်"

ငယ်ရွယ်သူ မိန်းကလေးတစ်ယောက်အနေနှင့် ကိုယ်ရပ်ကိုယ့်ရွာနှင့် ဝေးကွာသောဆေးရုံမှာ လူမမာအဖေကြီးကိုပြုစုရရှာသောဒုက္ခက သူ့အတွက် ဘယ်လောက်ကြီးရှာနေမယ်ဆိုတာကို စာရေးသူအနေနှင့် တွေးကြည့်ရုံနှင့် သိနေမိပါသည်။ ဒီကြားထဲ သူ့အဖေ၏ နောက်ဆုံးအခြေအနေကိုသိလိုက်ရသည့်အတွက် သူ့ခမျာ ဘယ်လောက်များ စိတ်ဆင်းရဲသွားရှာမလဲဆိုတာကိုလည်း တွေးပြီး ကိုယ်ချင်းစာလိုက်မိသည်။ တီးတီးက သူ့စကားကို ဆက်ပြောသည်။

ဖြစ်ချင်တော့ ဘာဘရေ၊ အဲဒီနေ့က အဖေနဲ့ ခုတင်ချင်းကပ်ရက်မှာ ကျောက်ဆည်က လူနာဘကြီးတစ်ယောက်တက်နေတာရှိတယ်လေ။ သူ့လူနာစောင့်က အိမ်ကိုခဏပြန်သွားတာနဲ့ အဲဒီလူနာဘကြီးရဲ့ ဝေယျာဝစ္စကို သမီးကပဲ တာဝန်ယူလုပ်ပေးရတာပေါ့။ သမီးက လူနာဘကြီးရဲ့ ဝေယျာဝစ္စတွေလုပ်ရင်း သမီးအဖေနဲ့ပတ်သက်ပြီး မျက်ရည်တွေကတားမရအောင်စီးကျနေတာကိုး ဘာဘရဲ့။ ဒါကို လူနာဘကြီးက မြင်တော့ ဘာကြောင့် မျက်ရည်ကျနေတာလဲလို့မေးတာနဲ့ သမီးက သမီးရဲ့အဖေရောဂါမသက်သာလို့အိမ်ပြန်သယ်ရတော့မယ်လို့ပြောရင်း ငိုလိုက်တာပေါ့ ဘာဘရယ်။

"ဒီမှာတင် အဲဒီလူနာဘကြီးကပဲ ကဲ ငါ့သမီး ဆေးရုံကတောင်လက်လွှတ်လိုက်ပြီဆိုမှတော့ သမီးအဖေရောဂါက ကောင်းလာဖို့ဆိုတာ ဘယ်လိုမှမျှော်လင့်လို့မရနိုင်တော့ဘူး။ ဒါပေမယ့် သတ္တဝါတစ်ခုကံတစ်ခုလို့ဆိုထားသောပဲ



www.burmeseclassic.com

www.burmeseclassic.com

ကွယ်။ သမီးအဖေကို ဆေးရုံကလက်လွှတ်လိုက်ပြီဆိုပေမယ့် သူ့အတွက် သေကံမရောက်သေးရင်တော့ သက်ပျောက်နိုင်စရာအကြောင်း မရှိသေးပါဘူးကွယ်။ ဒီတော့ သမီးအဖေအတွက် တို့များမျိုးရိုးစဉ်ဆက်အသုံးပြုလာခဲ့တဲ့ ဆေးနည်းကို ပေးလိုက်မယ်။ သမီးအိမ်ပြန်ရောက်ရင် သမီးအဖေကို အဘပေးလိုက်တဲ့ဆေးနည်းအတိုင်း ကုသပေးလိုက်ပါ။ တို့များဆေးနဲ့ကံစပ်ရင်တော့ သမီးအဖေ အသက်ရှင်ဦးမှာပါဆိုပြီး သမီးကို ဆေးနည်းပြောပြလိုက်တယ်ဆိုပါတော့ ဘဘရယ်။

ဪ - အဲဒီဆေးနည်းပေးတဲ့ လူနာ့ဘဘကြီးက တရုတ်လူမျိုးဘဘရဲ့။ ဒီတော့ သူပြောတဲ့တရုတ်ဆေးနည်းနဲ့ အဖေ့ကို ကုပေးလိုက်တာပါ။ အခု ဘဘမြင်တဲ့အတိုင်း အဖေ့ရဲ့ရောဂါက နင်လားငါသွားဆိုသလိုပဲ ရှင်းရှင်းပျောက်သွားကာဆိုပါတော့ဘဘရယ်။ အံ့သြစရာကောင်းတာက အဲဒီတရုတ်ကြီးပေးတဲ့ဆေးနည်းက အဖေ့ရောဂါကို တစ်ပတ်အတွင်း သိသိသာသာကြီးကို ပြောင်းလဲသွားအောင် စွမ်းဆောင်နိုင်ခဲ့တာပဲ ဘဘရဲ့"

တီးတီးက သူ့အဖေရောဂါကို ပျောက်အောင်စွမ်းဆောင်နိုင်တဲ့ တရုတ်ကြီးရဲ့ဆေးအကြောင်းကို မမောနိုင်မပန်းနိုင် အာပေါင်အာရင်းသန်သန်နှင့် ပြောပြပါသည်။ ဒါပေမယ့် သူပြောတဲ့အထဲမှာ ဘာဆေးကိုအသုံးပြုတယ်ဆိုတာ တစ်လုံးတစ်ပါးမှမပါသေးတာမို့ စာရေးသူအနေနှင့် သူ့အပြောကိုမစောင့်နိုင်တော့ဘဲ စာရေးသူသိချင်တာကိုပဲ တဲ့တိုးမေးလိုက်ရပါသည်။

"ကဲကဲ - ဟုတ်ပါပြီ တီးတီးရယ်။ တရုတ်ကြီးဆေးစွမ်းတယ်ဆိုတာ အပြောမဟုတ်ဘဲ ဘဘကိုယ်တိုင်မြင်ရမှတော့ အထူးညွှန်းနေဖို့မလိုတော့ပါဘူး။ တီးတီးပြောတဲ့ဆေးက အသီးလား၊ အရွက်လား၊ အရည်လား၊ အခဲအလား၊ အမှုန့်လားဆိုတာ ကွဲကွဲပြားပြားသိရအောင် ဘဘကိုပြောစမ်းပါဦး"

"ဘာပြောသလို တရုတ်ကြီးဆေးက အသီးလည်းမဟုတ်သလို အရွက်လည်းမဟုတ်ဘူး။ အရည်လည်းမဟုတ်သလို၊ အခဲတို့၊ အမှုန့်တို့လည်း မဟုတ်ဘူး ဘဘရဲ့"

"ဒါဖြင့် တီးတီးရဲ့တရုတ်ကြီးဆေးက"

"တရုတ်ကြီးဆေးကတော့ သမီးတို့မနက်တိုင်း အဆာပြေစားတဲ့ ကောက်ညှင်းငချိပ်နက်ပေါင်းရယ်၊ ပုလဲခေတ်မြေသြဇာရယ် ဘဘရေ"

"ဟေ"

စာရေးသူအနေနှင့် အထင်နှင့်အမြင် ပါစင်အောင်လွဲသွားသဖြင့် ဟေဟူသာ အာမေဋိတ်သံပြုလိုက်ရတော့သည်။ စာရေးသူမှာ ကြာရှည်မဟောနိုင်ပါ။ သိချင်စိတ်က ပြင်းပြနေသည်မို့ ချက်ချင်းဘဲ ကောက်ကာငင်ကာမေးရတော့သည်။

"ကဲကဲ-ဆိုစမ်းပါဦး ကောက်ညှင်းငချိပ်ပေါင်းနဲ့ ပုလဲခေတ်မြေသြဇာက ဘယ်လိုအသုံးပြုရတာယ်ဆိုတာကိုပေါ့"

"ဒီလို ဘဘရယ်။ မနက်မိုးလင်းတာနဲ့ ရပ်ကွက်ထဲလည်ပြီးရောင်းတဲ့ ငချိပ်ပေါင်းသည်ဆီက ငချိပ်ပေါင်းတိုက်ပန်းကန်ပြားနဲ့တစ်ချပ်စာအပြည့်အမောက်ဝယ်လိုက်တာပဲ။ အလွန်ကုန် မှ (၅၀၀) ဖိုးလောက်ပေါ့။ ပြီးတော့ ခေတ်မြေသြဇာဆိုင်မှာရောင်းတဲ့ပုလဲ ခေတ်မြေသြဇာ (၁) ပြည်ဝယ်ပေါ့။ သူကလည်း အလွန်ဆုံးပေးရမှ (၂၀၀၀) လောက်ပဲရှိတာပေါ့"

"အဲဒီ ငချိပ်ပေါင်းနဲ့ ခေတ်မြေသြဇာက ရေဖျဉ်းရောဂါကုရာမှ လိုအပ်တဲ့ဆေးအမယ်တွေပါပဲ။ အဲဒီဆေးအမယ်နှစ်မျိုးစုံပြီဆိုတာနဲ့ အိပ်ရာခုတင်ပေါ်မှာလှဲနေတဲ့ အဖေရဲ့ဝမ်းဗိုက်တစ်ပြင်လုံးပေါ်ကို စောစောကဝယ်ထားတဲ့ ငချိပ်ပေါင်းတွေနဲ့အပြည့်ဖုံးပြီးကပ်သွားအောင်ဖိပြီးတော့ တင်ပေးလိုက်တယ်။ ပြီးတာနဲ့ အဲဒီငချိပ်ပေါင်းတွေပေါ်ကနေ အဖေ့ရဲ့ဗိုက်တစ်ပြင်လုံးအထက်အောက်ပုဆိုးအစုတ်သန့်သန့်နဲ့ပတ်ပြီးချည်ပေးထားလိုက်ရုံပဲ။ ငချိပ်ပေါင်းကပ်ပြီးပြီဆိုတာနဲ့ စောစောကဝယ်ထားတဲ့ပုလဲခေတ်မြေသြဇာ (၁) ပြည်ကို အဖေရဲ့ ခုတင်အောက်က ကြမ်းပြင်ပေါ် [illegible]ဖြန်းပြီးခင်းပေးထားလိုက်ရုံပဲ။ ဒါဆို[illegible] တစ်နေ့တာ လုပ်ရမယ့်အလုပ်ကို နာရီပိုင်းအတွင်း ပြီးသွားတာပဲဆိုပါတော့ ဘဘရာ။

အဲ-တစ်ခုတော့ရှိတယ်။ နေ့ခင်း (၁၂) နာရီလောက်ဆိုရင် အဖေဗိုက်ထဲကပူလာလို့ဆိုတာနဲ့ အဖေ့ဗိုက်ပေါ်မှာ အုံထားတဲ့ ငချိပ်ပေါင်းတွေကိုဖယ်ပေးရတယ်။ နောက်နေ့မနက်ကျမှ တစ်ခါ ငချိပ်ပေါင်းအသစ်ထပ်ဝယ်ပြီးပြန်အုံ။ ပုလဲခေတ်မြေသြဇာကတော့ စထားတဲ့နေ့ကစပြီး ရောဂါပျောက်တဲ့နေ့အထိ ဖယ်စရာ၊ အသစ်လဲပေးစရာမလိုဘူး။ ပြောသာပြောတာ အဖေ့ခုတင်အောက်က ပုလဲခေတ်မြေသြဇာတွေကို ခုထိကို သမီးမဖယ်ရသေးဘူး။

ဒီလိုနဲ့ပဲ ပြောပါတော့ဘဘရယ်၊ တစ်ပတ်ကျော်လာတာနဲ့ အဖေ့ဗိုက်က ပုံမှန်အတိုင်း ပြားချပ်လာတာပါပဲ။ နှစ်ပတ်အတွင်းရောက်တော့ အဖေ့ရောဂါက လုံးလုံးကြီးကိုပျောက်သွားတာပဲ။ အဖေလည်း သူ့ရောဂါပျောက်ပြီဆိုကတည်းက သွားလိုက်လာလိုက်နဲ့ လုပ်နေတာ အိမ်ကိုကပ်တယ်မရှိဘူး။ အခုလည်း မရောက်တာကြာလို့ဆိုပြီး ရခိုင်ကိုပြန်သွားတာကြာပေါ့။ သူ့ကျန်းမာရေးကောင်းကြောင်း ရခိုင်ကနေလှမ်းပြီး ဖုန်းဆက်လို့ဝမ်းသာနေရသေးတယ်။ ဘာပဲပြောပြော အဖေ့ရောဂါပျောက်တာ တရုတ်ကြီးက ဆေးနည်းပေးလိုက်လို့ ပျောက်တာဆိုတော့ သမီးတော့ ညအိပ်ရာဝင်ဘုရားရှိခိုးတိုင်း ကျေးဇူးရှင်တရုတ်ကြီးကို အမြဲဦးသုံးကြိမ်ချပြီးမှ အိပ်တယ် ဘဘရေ"

"ကောင်းတာပေါ့ကွာ၊ တို့ဗုဒ္ဓဘာသာမှာ တစ်လုတ်ကျွေးဖူးသူ့ကျေးဇူး အထူးသိရမယ်လို့ ဆိုထားတာပဲဟာ။ သမီးအနေနဲ့က တစ်လုတ်ကျေးဇူးတင်မကဘူး။ သမီးတို့သားအဖနှစ်ယောက်စလုံးရဲ့ ဘဝတစ်ခုလုံးကို စိတ်ချမ်းသာအောင် ကူညီစောင့်မပေးခဲ့တဲ့ ကျေးဇူးဆိုတော့ သမီးဘက်က ကျေးဇူးသိတတ်တယ်ဆိုတော့ တကယ်တော့ ဗုဒ္ဓဟောကြားခဲ့တဲ့ မင်္ဂလာတရားတော်နဲ့ညီပေတာပေါ့ကွာ။ အဘကလည်း သမီးရဲ့ ကျေးဇူးသိတတ်မှုအတွက် ဝမ်းမြောက်ဝမ်းသာသာဓုခေါ်ပါတယ်ဗျာ"

"သာဓု သာဓု သာဓု"

စာရေးသူအနေနှင့် တကယ်ကို ဝမ်းမြောက်စွာနှင့် သာဓုခေါ်လိုက်ခြင်းဖြစ်ပါသည်။ ဘာပဲပြောပြော မေးပါများစကားရဆိုသည့်အတိုင်း စာရေးသူအတွက်တော့ ဆေးနည်းကောင်းတစ်လက်တော့ ရလိုက်ပြီ ဖြစ်ပါသည်။ သည်တော့ ထုံးစံအတိုင်း အရက်သမားတို့တွင် ဖြစ်တတ်သော ရေဖျဉ်းရောဂါအတွက် ဆေးနည်းတစ်လက်ကို သူရဇ္ဇမဂ္ဂဇင်းကြီး၏ စာမျက်နှာထက်တွင် အမြန်ဆုံးတင်နိုင်အောင် ကြိုးစား၍ ရေးသားပေးပို့ရမည် ဖြစ်ပါတော့သည်။

(ဆေးနည်းကို ပြန်ပြောပြသော တီးဘီးအား ကျေးဇူးတင်လျက်)

**စနေတွန်း (ပြည်သား)**



www.burmeseclassic.com

www.burmeseclassic.com



# အေးချမ်းအောင်

(ရုမှဉ်းသင်း)

ဒေါက်သစ် ရှင်ဒေဝဒတ်

ကာသာထူးနှင့်နန်းစောမှုန်တို့နှစ်ဦးသည် ရွှေထွက်ရှိရာ ရွှေတောင်တွင် တွေ့ဆုံခဲ့ကြသည်။ နန်းစောမှုန်က ထမင်းဆိုင်တွင် စားပွဲထိုးအလုပ်သမအဖြစ်လုပ်ကိုင်သည်။ ကာသာထူးတို့အဖွဲ့က နန်းစောမှုန်တို့ထမင်းဆိုင်တွင် အမြဲထမင်းစားနေကျဆိုတော့ တစ်ဦးနှင့်တစ်ဦး ရင်းနှီးခဲ့ကြသည်။

ကာသာထူးက ရွှေတွင်းမှထွက်သည့် ဖြုန်း (ရွှေပါသည့်ကျောက်) သယ်ပေးသည့် ခေါက်စားအလုပ်သမားဖြစ်သည်။ ခရီးအကွာအဝေးအလိုက် ငွေရသည်။ တစ်နေ့ဝင်ငွေ လေး၊ ငါးသောင်း။

နှစ်အတော်ကြာ လုပ်ကိုင်လာသည့် ကာသာထူးတို့အဖွဲ့မှာ ရွှေလုပ်ငန်းနှင့်ပက်သက်တာဟူသမျှ အားလုံးကျွမ်းကျင်စွာ လုပ်ကိုင်လာနိုင်သလို တစ်နှစ်ထက်တစ်နှစ် နေ့စဉ်ဝင်ငွေတွေက သောက်သောက်လဲဝင်နေသူများဖြစ်လာကြသည်။

နေ့စဉ်နေ့တိုင်း နန်းစောမှုန်တို့ထမင်းဆိုင်တွင် လာရောက်စားသောက်ခဲ့ကြသည်မှာလည်း သူတို့ရွှေတောင်ရောက်ကတည်းက။ ထမင်းဆိုင်ဆိုပေမယ့် လက်ဖက်ရည်၊ အအေး၊ ယမကာပါမကျန် ရောင်းချပေးသည့်ဆိုင်ဖြစ်လေတော့ မနက် လက်ဖက်ရည်၊ ထမင်းကြော်စားသောက်ပြီးအလုပ်သွားသည်။ နေ့လယ်စာကိုတော့ အချိန်မမှန်တတ်။ အလုပ်အရေးကြီးလျှင် ညနေ (၃)နာရီ၊ (၄)နာရီမှလာစားလေ့ရှိသည်။ ညစာကိုတော့ ည(၈)နာရီဝန်းကျင်တွင်စားသောက်လေ့ရှိ၏။သူ့လုပ်ဖော်ကိုင်ဖက်များနှင့် အေးအေးဆေးဆေး ယမကာမှီဝဲပြီး ည(၁၁)နာရီလောက်မှ ထမင်းစားသောက်ကာ ပြန်သွားလေ့ရှိသည်။ သူတို့အဖွဲ့ စားသောက်ပြီးလျှင် ဆိုင်သိမ်း။

ကာသာထူးတို့အဖွဲ့ မူးလာလျှင် သွေးဆိုးသူမှာ ကာသာထူးပဲဖြစ်လေသည်။ အချင်းချင်းအလုအငြင်းဖြစ်စကားများနေလျှင် စားပွဲထိုးမလေး နန်းစောမှုန်က ကာသာထူးကို ချော့မော့ဖျောင်းဖျလေ့ရှိ၏။နန်းစောမှုန်ဝင်ရောက်ဖျန်ဖြေပေးလာလျှင် ကာသာထူး နန်းစောမှုန်စကား နားထောင်လေ့ရှိသည်။ အခြားဘယ်သူပြောပြော နားဝင်လေ့မရှိ။

ရွှေထွက်ရှိရာ ရတနာနယ်မြေတွင် လုပ်ကိုင်ကြသူများအဖို့ ငွေကြေးကို အလျှံပယ်သုံးစွဲနိုင်ကြသည်။ မည်မျှပင်ဈေးကြီးသည့်ပစ္စည်းဖြစ်နေပါစေ ငွေကြေးက အဓိကမဟုတ်ပါ။ သူတို့လိုချင်တဲ့ပစ္စည်းရှိနေဖို့သာလိုလေသည်။

ရွှေလုပ်သားများအားလုံးထဲတွင် ကာသာထူးတို့အဖွဲ့က အစွာဆုံး။ အများဆုံး ငွေရှာဖွေနိုင်ကြသူများဖြစ်ကြတော့ အခြားသူတွေထက် ပိုသုံးစွဲနိုင်ကြသည်။ အရက်သောက်တာတောင် ပြည်တွင်းဖြစ်ကိုမကိုင်ချင်ကြ။ နိုင်ငံခြားအရက်သာသောက်လေ့ရှိကြသည်။

ကာသာထူးတို့အဖွဲ့က (၅)ယောက်ဖြစ်သည်။ ငွေရှာကောင်းသူများဖြစ်သော်လည်း စုစုဆောင်းဆောင်းမရှိကြ။ ရ၊ စား၊ သုံး၊ ဖြုန်း ခြေသလုံးအိမ်တိုင်ဘဝဖြင့် နန်းစောမှုန်တို့ထမင်းဆိုင်တွင် အပုံလိုက်အခဲလိုက်သုံးပစ်လိုက်ကြသည်။

တကယ်တော့ သူတို့ဘဝ၏ တစ်နေ့တာပန်းတိုင်သည် နန်းစောမှုန်တို့ စားသောက်ဆိုင်ဆိုလျှင် ပြောလို့ရနိုင်လေသည်။

❑

နေ့စဉ် ငွေကို ရေလိုသုံးနိုင်ကြသော ကာသာထူးတို့ကို နန်းစောမှုန်အားကျမိသည်။ နေ့စဉ် သိန်းချီသုံးနိုင်သောသူတို့ကို နန်းစောမှုန် အထင်မကြီးဘဲမနေနိုင်။ သူ့အနေနှင့် စားသောက်ဆိုင်မှာ မိုးလင်းကတည်းက ည(၁၂)နာရီအထိလုပ်နေရတဲ့နန်းစောမှုန် တစ်လမှ တစ်သိန်းနှစ်သောင်းပဲရသည်။


ကာသာထူးတို့ဆိုင်ရောက်လာချိန်ကို နန်းစောမှုန် အမြဲမျှော်မိသလို ရောက်လာကြပြီဆိုလျှင် သူ့မှာ ပျော်ရွှင်လာလေ့ရှိသည်။

ကာသာထူးတို့ဝိုင်းမှ အလုအငြင်းပြောဆိုနေသံ၊ ရယ်မောသံတို့သည် နန်းစောမှုန်အတွက် ဂီတသံစဉ်တွေအလားထင်မိနေလေ့ရှိသည်။ ဘာပဲဖြစ်ဖြစ် နန်း စောမှုန်ကတော့ ကာသာထူးကို စိတ်ဝင်စားနေတာ ကာသာထူးလည်း သိနေလေသည်။

တစ်ရက်တွင်တော့ ကာသာထူးက နန်းစောမှုန်ကို ချစ်ရေးဆိုလာလေသည်။ နန်းစောမှုန် အရမ်းမျှော်လင့်ထားသော မျှော်လင့်ထားချက်တွေ အိပ်မက်တွေမို့ အလွယ်တကူပင် လက်ခံလိုက်သလို မကြာခင်မှာပဲ သူတို့လက်ထပ်လိုက်ကြသည်။

စားသောက်ဆိုင်အလုပ်သမားဝ

www.burmeseclassic.com



ကလည်း နန်းစောမှုန်လွတ်ခဲ့ပြီ။ ရွှေတောင်မှာပင် အများသူငါတွေလို တောင်စောင်းတစ်နေရာမှာ မြေညှိပြီး ဝါးအိမ်ကလေးဆောက်ကာ ဘဝကို ထူထောင်လိုက်ကြသည်။

အိမ်ထောင်ရှင်ဘဝရောက်ခဲ့သည့် နန်းစောမှုန်မှာ သူ့အမှားသူတဖြည်းဖြည်းသိလာခဲ့လေသည်။ ကသာထူးက ငွေရှာကောင်းသူဖြစ်ပေမယ့် ငွေကို တန်ဖိုးထားသူမဟုတ်သလို နန်းစောမှုန်၏ အချစ်ကို တန်ဖိုးမထားဘဲ အခြားမိန်းမများနှင့်ရှုပ်တာကိုလည်းသိရလေသည်။

ကသာထူးက သူရှာလို့ရတဲ့ငွေကို ပေးချင်မှပေးသည်။ ယခင်ပုံစံအတိုင်း စားသောက်ဆိုင်တွင် သောက်စားမူးရူးနေမြဲပင်။

ကသာထူး၏ တာဝန်မဲ့မှုကို နန်းစောမှုန် ကြာလာတော့ သည်းမခံနိုင်တော့။ နည်းမျိုးစုံနှင့်တားမြစ်သည်။ အကြင်နာမဲ့လွန်းသော ကသာထူး၏ ကိုယ်ထိလက်ရောက် ရိုက်နှက်နှိပ်စက်မှုတွေကို အမြဲခံလာရလေသည်။

နန်းစောမှုန် နောင်တကြီးစွာရမိသည်။ ဘယ်အရပ်ဘယ်ဒေသကမှန်း မသိတဲ့လူတစ်ယောက်ကို ငွေကို ရေလို သုံးနိုင်တာမြင့်တာနှင့် အထင်ကြီးပြီး သူ့ဘဝကို အလွယ်တကူထိုးအပ်ခဲ့မိတာ သူ့အမှားကိုသူ နေ့စဉ် မျက်ရည်နှင့် စံတေးနေရရှာလေသည်။

ရက်စက်သည့် ကသာထူးကို နန်းစောမှုန် ကျောခိုင်းပစ်ချင်ပေမယ့် သူတို့နှစ်ဦးကြားမှာ သားလေး၏ သံယောဇဉ်ကြိုးက ရစ်ချည်ထားနေပြီမို့ ရုန်းထွက်ရန်ခက်နေသည့် နန်းစောမှုန် ကသာထူးနှင့် ပတ်သက်သမျှ အရာရာတိုင်း အရှုံးပေးနေရသည်။

မိန်းကလေးတစ်ယောက်အနေနှင့် ကိုယ့်ဘဝအတွက် လက်တွဲဖို့ကြင်ဖော်ရွေးရာမှာ အပေါ်ယံအမြင်နှင့် အထင်ကြီးပြီး ဘဝကိုပုံအပ်လိုက်တဲ့မိမိအမှား။

ဘယ်အရပ် ဘယ်ဒေသဆိုတာတောင် မေးမြန်းလေ့လာခြင်းမရှိခဲ့ရုံမက သူ့စရိုက်၊ သူ့အမူအကျင့်ကိုတောင်မသိခဲ့ဘဲ ငွေသုံးနိုင်တာမြင်တာတစ်ခုတည်းနှင့်၊ သိချင်ရကောင်းမှန်း၊ သိချင်စိတ်မဖြစ်ခဲ့ရတဲ့သူ့အဖြစ်တွေက သူကိုယ်တိုင်သူ့ဘဝကို ရေစုန်မျှောလိုက်ခြင်းပါလားလို့ နန်းစောမှုန် ယူကျုံးမရဖြစ်နေရတာလည်း နေ့စဉ်ပင်။

ငွေနှင့်ပတ်သက်လာလျှင် အဆင်ခြင်မဲ့တတ်တာ သူတစ်ယောက်တည်းလားလို့ နန်းစောမှုန်သူ့ကိုယ်သူမေးမိတာတွေကလည်း အကြိမ်ကြိမ်။ ငွေကြောင့် ဒုက္ခရောက်ရတာတွေ တစ်လောကလုံးသိအောင် ရင်ထဲကအမြဲပြောနေမိတာကလည်း ကြိမ်ဖန်များနေပါပြီ။

နောက်ဆုံးမှာတော့ နန်းစောမှုန် ကသာထူးကိုသည်းခံပြီး ဘယ်လိုမှပေါင်းသင်းလို့မရနိုင်တဲ့ အခြေအနေမှာတော့ နန်းစောမှုန်တစ်ယောက် မွေးရပ်ဇာတိရွာလေးကို သားလေးနှင့်အတူ ပြန်လာခဲ့ရတော့သည်။

စိတ်သစ်၊ လူသစ်၊ ဘဝသစ်တစ်ခုကို သားလေးနှင့် အေးချမ်းစွာတည်ဆောက်တော့မည်ဟု နန်းစောမှုန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။ မအေးချမ်းတဲ့ ကသာထူးရဲ့အရိပ်အောက်က အပြီးတိုင်ထွက်လာပြီး ဇာတိရွာရောက်သည်နှင့် ခံစားရသော သောကတွေပြေပျောက်ရန် အိမ်နှင့်မလှမ်းမကမ်းတွင်ရှိနေသော ဘုရားတွင် ညနေတိုင်း ပန်း၊ ရေချမ်း၊ အလင်းတိုင်များ ကပ်လှူပူဇော်၍ ဘဝဆက်တိုင်း ယခုဘဝလို သောကဒုက္ခများနှင့် ကင်းဝေးရပါလို၏။ ဝဋ်ကြွေးရှိက ပြေပါ၊ ကြေပါဟု ဆုတောင်းလေသည်။

တစ်လလောက်ရှိတော့ နန်းစောမှုန်တို့ရွာကို ကသာထူးလိုက်လာပြီး သူနှင့်ပြန်လိုက်ရန်ခေါ်လေ၏။ နန်းစောမှုန်က လုံးဝပြန်မလိုက်နိုင်ကြောင်း ခါးခါးသီးသီး ငြင်းလွှတ်လေသည်။

ရွာအရက်ဆိုင်တွင် ကသာထူး တစ်နေကုန် အရက်သောက်ကာ အရက်ဆိုင်လာသူတိုင်းကို ရန်လုပ်သည်။ ညနေစောင်းတော့ နန်းစောမှုန် အမြဲလာလေ့ရှိသည့်ဘုရားတွင် ကိုယ်ယောင်ဖျောက်ကာ စောင့်နေလေသည်။

မှောင်ရီပျိုးစအချိန် နန်းစောမှုန်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားပန်းလဲလာချိန်တွင် အသင့်စောင့်နေတဲ့ကသာထူးက သူ့နှင့်ပြန်လိုက်ခဲ့ရန် ဖွတ်ဆွဲခေါ်လေသည်။

လုံးဝမလိုက်နိုင်တဲ့အကြောင်းကို ပြတ်ပြတ်သားသားငြင်းနေတဲ့နန်းစောမှုန်ကို ကသာထူးက ထုံးစံအတိုင်း ရက်ရက်စက်စက် ရိုက်နှက်ပါတော့သည်။ ပတ်ဝန်းကျင်က အမြင်မတော်၍ ဝင်ရောက်ဟန့်တားပြောချင်ကြပေမယ့် လင်မယားကိစ္စဖြစ်နေ၍ အခြေအနေကိုသာ စောင့်ကြည့်နေကြလေသည်။

နန်းစောမှုန်ကို ကသာထူးက လင်ငယ်နေသည်ဟု ရှူးရှူးမူးမူးနှင့်စွပ်စွဲပြန်သည်။ လင်ငယ်အားကိုးရှိလို့ ပြန်မလိုက်တာဟုတွင်တွင်ပြောနေတဲ့ ကသာထူးကို နန်းစောမှုန်က သက်သေပြတဲ့အနေနဲ့ ဘုရားမှာ လင်ငယ်မနေကြောင်းသစ္စာဆိုပြလေသည်။ ကသာထူး နောက်ကိုတော့ လုံးဝပြန်မလိုက်နိုင်ကြောင်း သတ်ရင်အသေခံမည်၊ ဘယ်လိုမှပြန်မပေါင်းနိုင်ကြောင်းပြောလေသည်။

ကသာထူးက နန်းစောမှုန်ကို ရက်စက်စွာ ရိုက်နှက်ပြန်ပါတော့သည်။ 'မလိုက်နိုင်တဲ့နင့်ကိုသတ်မယ်' ဟုပြောရင်း ခပ်လှမ်းလှမ်းတွင်ရှိနေသော ပေါင်းရှင်းသည့်ပေါက်ပြားကိုပြေးယူစဉ်-

'နန်းစောမှုန် ပြေးပြေး' ဟု လူတွေက ဝိုင်းအော်ပြောကြတော့ သတိဝင်လာကာ နန်းစောမှုန် အမှောင်ထဲပြေးဝင်ပျောက်ကွယ်သွားလေသည်။

နန်းစောမှုန်ကို မတွေ့ရတော့ ကသာထူးမှာ ဘယ်သူ့ရန်လုပ်ရမည်မသိဖြစ်နေဟန်တူသည်။ အမှောင်ထဲကနေ အခြေအနေကြည့်နေသူများကိုလည်း မမြင်တွေ့ရတော့ အတန်ကြာဝိုင်နေပြီးနောက် လက်ထဲကပေါက်ပြားနှင့် ဘုရားပန်းအိုးများရိုက်ခွဲပြီးနောက် ဉာဏ်တော် (၃) ပေခန့်ရှိ ဗုဒ္ဓဆင်းတုတော်ကို ဆဲဆိုရိုက်ချိုးပစ်လေသည်။

အမှောင်ထဲမှကြည့်နေကြသူတွေ ဟာခန်ဖြစ်သွားကြကာ ဤမျှမိုက်မဲတဲ့လူမိုက်ကို ဘယ်သူမှမကူချင်ကြ။ လူစိတ်ပျောက်နေပြီဖြစ်သည့် ကသာထူးကို သက်ဆိုင်ရာတိုင်ကြားရန်သာရှိသည်ဟု အားလုံးနားလည်လိုက်ကြသည်။

သွေးဆူနေသည့် ကသာထူးကို နန်းစောမှုန်မတွေ့နိုင်ရန် ရွာသူရွာသားတွေက စီစဉ်လိုက်ကြသည်။

❑

ရွာသူရွာသားတွေ၏တိုင်ကြားချက်အရ ရဲတပ်ဖွဲ့ဝင်များသည် ကသာထူးကို ညတွင်းချင်းဖမ်းဆီးရမိနိုင်ရေးအတွက် အပူတပြင်းရှာဖွေကြသော်လည်း မိုးသာလင်းသွားသည်၊ ကသာထူးတစ်ယောက် ပျောက်ခြင်းမလှ ပျောက်နေလေသည်။

မနက် (၉) နာရီခန့်လောက်တွင် ကသာထူး ဘယ်မှာရှိနေတယ်ဆိုတဲ့ သတင်းရရှိလေသည်။ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ရွာသူရွာသားတွေပါ လိုက်ပါလာကြသည်။

လင်မယားချင်းရန်ဖြစ်တဲ့ကိစ္စမှာ တစ်နယ်လုံးကိုးကွယ်နေကြသည့် ဘုရားဆင်းတုတော်ကို အကြောင်းမဲ့မဆီမဆိုင် ရိုက်ချိုးဖျက်ဆီးသွားခြင်းကြောင့် ရွာသားများမှာ ဒေါသဖြစ်နေကြပြီး အမြန်ဆုံးဖမ်းဆီးရမိရေးကိုကူညီပေးရန် လိုက်ပါလာကြ ခြင်းဖြစ်လေသည်။

ကသာထူးရှိနေသည်ဟုဆိုသော တောအုပ်ကြီးဖြစ်နေသည့် သဲချောင်းရိုးကြီးကို ဝိုင်းလိုက်ကြသည်။ ကသာထူးရှိနေသောနေရာဆီကို တဖြည်းဖြည်းချင်းတိုးလာကြသည်။

(၁၂) ရာသီ စမ်းရေထွက်၍စီးဆင်းနေသောသဲချောင်းရိုးကြီးဖြစ်သလို ချောင်းဘေးတစ်ဖက်တစ်ချက်မှ သစ်တောကြီးကလည်း အံတော်ပင်ကြီးမားနေခြင်းကြောင့် ခရီးကမတွင်။

တောကြီးတွင်းမှ တဖြည်းဖြည်းရွေ့တိုးလာခဲ့ရာ ချောင်းရိုးကြီးအလယ် ရေအိုင်ထဲတွင် လူတစ်ယောက် တအီအီ တအင်းအင်းနှင့် ငိုညည်းနေသံကိုပါကြားလိုက်ရသည်။

ရေအိုင်ထဲတွင်တစ်ယောက်တည်း ရေတွေနှင့် အလုပ်ရှုပ်နေသည့်သူမှာ အခြားသူမဟုတ်ပါ။ ကသာထူးဖြစ်လေသည်။

ရဲတွေနှင့် ရွာသားတွေ ရေအိုင်ဘေးမှာဝိုင်းထားသည်ကို သူဂ[illegible]စိုက်နိုင်[illegible]ဒူးလောက်သာသာရှိသော[illegible]ရေတွေထဲ သူတစ်ကိုယ်လုံးရေမြုပ်စေ[illegible]ပြုလုပ်ရင်း ပါးစပ်မှလည်းကြီးမားသောဝေဒနာခံစားနေရသည့်အလား အော်ဟစ်ညည်းတွားနေသည်။

ရေထဲကတက်လာခဲ့ရန် ခေါ်ပေမယ့် ကသာထူးမှာ သူ့ကိုမပြောသလိုနေသည်။ အကြိမ်ကြိမ် ရေထဲမှတက်လာခဲ့ဖို့ခေါ်နေသော်လည်း မည်သူ့မျက်နှာမှ မကြည့်ဘဲ ရေထဲမှာခေါင်းဖော်လူးလှိမ့်နေလေသည်။

ရေထဲကတက်လာဖို့ခေါ် မရတော့ စိတ်မရှည်တော့သည့် ရွာသားတွေက ကသာထူးကို ကုန်းပေါ် ဆွဲတင်ကြတော့ ကသာထူး၏ခန္ဓာကိုယ်တွင်ဖြစ်ပျက်နေတာတွေ မြင်တွေ့လိုက်ရတာကြောင့် အားလုံးပါးစပ်အဟောင်းသားဖြင့် မှင်တက်မိ ငေးကြည့်နေမိကြသည်။

ကသာထူးမှာ ရေထဲမှဆွဲတင်ခံရသော်လည်း မည်သူ့ကိုမျှရန်မမူနိုင်။ ရေအိုင်ထဲကိုသာပြေးဆင်းဖို့ကြိုးစားနေလေသည်။ ပါးစပ်ကလည်း ရေထဲပြန်ဆင်းခွင့်ပြုဖို့သာ တဖွဖွတောင်းပန်စကားပြောရင်း ညည်းတွားနေလေသည်။

ကသာထူးကို ဒေါသတွေထား၊ အမုန်းကြီးမုန်းနေကြသောရွာသားများမှာ ကိုယ်ချင်းစာစိတ်နှင့် သနားသွားကြသည်။ မြင်ရသူတိုင်းစိတ်မသက်သာကြ။

အကြောင်းမူ ကသာထူးမှာ မျက်နှာမှအပ တစ်ကိုယ်လုံးညိုမည်းနေသည့်အဖုကြီးများက လက်သီးဆုပ်ခန့် မီးလောင်ဖုကြီးတွေ တစ်ကိုယ်လုံးမှာ အဖုချင်းထိနေသည်။ ပေါက်သွားသောအဖုတွေက အဆီကဝင်းဝင်း။ ပူလှချည်ရဲ့၊ လောင်လှချည်ရဲ့ဟု တစာစာအော်ဟစ်ငိုညည်းရင်း ရေထဲဆင်းရရေးကိုသာ အပြင်းအထန် ကြိုးစားနေသော ကသာထူးကို ရဲတွေနှင့် ရွာသူရွာသားတွေဘာဆက်လုပ်ရမည်ကို မသိနိုင်အောင် ဖြစ်နေကြရလေသည်။

ဘာဝဲဖြစ်ဖြစ် ကသာထူးအနေနှင့် ယခု ခံစားနေရသောဝေဒနာနှင့် သူ အသက်ရှင်နိုင်ရန်မဖြစ်နိုင်တော့သည်ကို မြင်နေကြသူတိုင်းသိနေသလို. . .

မြတ်စွာဘုရားရှင်ကို ပြစ်မှား၍ ရှင်ဒေဝဒတ် မြေမြိုခဲ့သလို ကသာထူးသည်လည်း လွန်စွာတန်ခိုးကြီးသော တစ်နယ်လုံးမှ ကိုးကွယ်နေသည့် ဗုဒ္ဓဆင်းတုတော်အား ရိုက်ချိုးဖျက်ဆီးခဲ့သော အကုသိုလ်အပြစ်ကြောင့် နာရီပိုင်းအတွင်းမှာပင် ဝေဒနာတွေဖြစ်ပေါ်လာပြီး မချိမဆံ့ခံစားနေရရှာတော့သည်။ ခေတ်သစ် ရှင်ဒေဝဒတ်တစ်ဦးအဖြစ် အားလုံးကရှုမြင်ကြလေသည်။

(စာကြွင်း - မီးလောင်ဖုလို အဖုကြီးများပေါက်လာခြင်းမှာ ရဲတွေကိုရှောင်ပုန်းပြေးလွှားရင်း အလိုလိုပေါက်လာသောအဖုကြီးများ ဖြစ်ပါသည်။

ဤအဖြစ်အပျက်သည် ယခုလပိုင်းအတွင်း အမှန်တကယ် ဖြစ်ပျက်ခဲ့သောဖြစ်ရပ်မှန်အဖြစ်အပျက်ကိုရေးသားတင်ပြထားခြင်း ဖြစ်ပါသည်။)

အေးချမ်းအောင် (ရမည်းသင်း)




www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ ဧပြီလ

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက် အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်-ဝင်-ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သော နက္ခတ်များအား အစင်အကြယ် ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏အလိုရှိရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်၍ ဤ အထွက်- အဝင်- ခပါဒ် နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

| ရက် | စန်းယှဉ်နက္ခတ် | နက္ခတ်ပြောင်းချိန် | စတ်ဥပါဒ် | ဝင်-ထွက်ခပါဒ် | အကာန်းအမြင် |
|---|---|---|---|---|---|
| ၁ | ကြတ္တိကာ | ၀၉း၄၅း၀၀ | သိဒ္ဓိ | ဝင် | ၂ ကန်း |
| | ရောဟဏီ | | ဝရ | ခပါဒ် | ၂ မြင် |
| ၂ | ရောဟဏီ | ၀၈း၀၇း၂၃ | ကာဏ | ထွက် | ၂ မြင် |
| | မိဂသီ | | ဝရ | ခပါဒ် | ၁ ကန်း |
| ၃ | မိဂသီ | ၀၆း၂၂း၃၀ | ဝရ | ခပါဒ် | ၁ ကန်း |
| | အဒြ | | ဥပါဒ် | ထွက် | ၂ မြင် |
| ၄ | အဒြ | ၀၄း၅၇း၀၉ | အမြိတ္တ | ဝင် | ၂ မြင် |
| | ပုနဖုသျှ | | လာဘ | ဝင် | ၂ ကန်း |
| ၅ | ပုနဖုသျှ | ၀၃း၄၈း၃၄ | ဥပါဒ် | ထွက် | ၂ ကန်း |
| | ဖုသျှ | | မိတ္တု | ထွက် | ၂ ကန်း |
| ၆ | ဖုသျှ | ၀၂း၄၅း၁၅ | လာဘ | ဝင် | ၂ ကန်း |
| | အသလိဿ | | သိဒ္ဓိ | ဝင် | ၁ ကန်း |
| ၇ | အသလိဿ | ၀၂း၂၄း၀၀ | မိတ္တု | ထွက် | ၁ ကန်း |
| | မာဃ | | ကာဏ | ထွက် | ၁ ကန်း |
| ၈ | မာဃ | ၀၂း၂၄း၀၀ | သိဒ္ဓိ | ဝင် | ၁ ကန်း |
| | ပြုဗ္ဗဖလဂုနီ | | ဝရ | ခပါဒ် | ၂ မြင် |
| ၉ | ပြုဗ္ဗဖလဂုနီ | ၀၂း၂၈း၅၈ | ကာဏ | ထွက် | ၂ မြင် |
| | ဥတ္တရဖလဂုနီ | | အမြိတ္တ | ဝင် | ၂ ကန်း |
| ၁၀ | ဥတ္တရဖလဂုနီ | ၀၃း၂၂း၀၆ | ဝရ | ခပါဒ် | ၂ ကန်း |
| | ဟဿတ | | ဥပါဒ် | ထွက် | ၂ မြင် |
| ၁၁ | ဟဿတ | ၀၄း၄၂း၅၁ | အမြိတ္တ | ဝင် | ၂ မြင် |
| | စိတြ | | လာဘ | ဝင် | ၁ ကန်း |
| ၁၂ | စိတြ | ၀၆း၃၂း၄၄ | ဥပါဒ် | ထွက် | ၁ ကန်း |
| | သွာတိ | | မိတ္တု | ထွက် | ၂ မြင် |
| ၁၃ | သွာတိ | ၀၈း၄၃း၃၈ | လာဘ | ဝင် | ၂ မြင် |
| | ဝိသာခါ | | သိဒ္ဓိ | ဝင် | ၂ ကန်း |
| ၁၄ | ဝိသာခါ | ၁၁း၀၆း၄၀ | မိတ္တု | ထွက် | ၂ ကန်း |
| | အနုရာဓ | | ကာဏ | ထွက် | ၂ ကန်း |
| ၁၅ | အနုရာဓ | ၁၃း၄၆း၄၀ | သိဒ္ဓိ | ဝင် | ၂ ကန်း |
| | ဇေဋ္ဌ | | ဝရ | ခပါဒ် | ၁ ကန်း |
| ၁၆ | ဇေဋ္ဌ | ၁၆း၂၆း၄၀ | ကာဏ | ထွက် | ၁ ကန်း |
| | မူလ | | အမြိတ္တ | ဝင် | ၁ ကန်း |
| ၁၇ | မူလ | ၁၈း၄၅း၄၉ | ဝရ | ခပါဒ် | ၁ ကန်း |
| | ပြုဗ္ဗာသဠ် | | ဥပါဒ် | ထွက် | ၂ မြင် |
| ၁၈ | ပြုဗ္ဗာသဠ် | ၁၄း၂၄း၀၀ | အမြိတ္တ | ဝင် | ၂ မြင် |
| | အဘိဇိ | | လာဘ | ဝင် | × |
| ၁၉ | အဘိဇိ | ၀၃း၂၃း၄၃ | ဥပါဒ် | ထွက် | × |
| | ဥတ္တရာသဠ် | ၂၂း၄၁း၅၁ | မိတ္တု | ထွက် | ၂ ကန်း |
| | သရဝဏ် | | ကာဏ | ထွက် | ၂ မြင် |
| ၂၀ | သရဝဏ် | ၂၃း၃၅း၁၀ | သိဒ္ဓိ | | ၂ မြင် |
| | ဓနသိဒ္ဓ | | ဝရ | ခပါဒ် | ၁ ကန်း |
| ၂၁ | ဓနသိဒ္ဓ | မပြောင်း | ကာဏ | ထွက် | ၁ ကန်း |
| ၂၂ | ဓနသိဒ္ဓ | ၀၀း၂၄း၀၀ | သိဒ္ဓိ | ဝင် | ၁ ကန်း |
| | သတဘိသျှ | | ဝရ | ခပါဒ် | ၂ မြင် |
| ၂၃ | သတဘိသျှ | ၀၀း၂၃း၃၆ | ကာဏ | ထွက် | ၂ မြင် |
| | ပြုဗ္ဗဘဒြပိုဒ် | | အမြိတ္တ | ဝင် | ၂ ကန်း |
| ၂၄ | ဥတ္တရာဘဒြပိုဒ် | ၂၃း၁၃း၃၃ | ဥပါဒ် | ထွက် | ၂ ကန်း |
| | ရေဝတီ | | မိတ္တု | ထွက် | ၁ ကန်း |
| ၂၅ | ရေဝတီ | ၂၂း၂၇း၀၆ | လာဘ | ဝင် | ၁ ကန်း |
| | အာသဝနီ | | သိဒ္ဓိ | ဝင် | ၁ ကန်း |
| ၂၆ | အာသဝနီ | ၂၁း၀၀း၀၀ | မိတ္တု | ထွက် | ၁ ကန်း |
| | ဘရဏီ | | ကာဏ | ထွက် | ၂ မြင် |
| ၂၇ | ဘရဏီ | ၁၉း၃၀း၀၀ | သိဒ္ဓိ | ဝင် | ၂ မြင် |
| | ကြတ္တိကာ | | ဝရ | ခပါဒ် | ၂ ကန်း |
| ၂၈ | ကြတ္တိကာ | ၁၈း၀၀း၀၀ | ကာဏ | ထွက် | ၂ ကန်း |
| | ရောဟဏီ | | အမြိတ္တ | ဝင် | ၂ မြင် |
| ၂၉ | ရောဟဏီ | ၁၆း၁၄း၄၆ | ဝရ | ခပါဒ် | ၂ မြင် |
| | မိဂသီ | | ဥပါဒ် | ထွက် | ၁ ကန်း |
| ၃၀ | မိဂသီ | ၁၄း၃၇း၃၀ | အမြိတ္တ | ဝင် | ၁ ကန်း |
| | အဒြ | | လာဘ | ဝင် | ၂ မြင် |

ဤဇယားတွင်-

ပြုဗ္ဗာသဠ်နက္ခတ် နောက်ဆုံး (၁)ပါဒ်နှင့် ဥတ္တရာသဠ်နက္ခတ် အစဆုံး (၁)ပါဒ်တို့ကို အဘိဇိနက္ခတ်ဟု ယူကာ တွက်ထားပါသည်။

၁၁-၄-၂၀၁၇၊ အင်္ဂါနေ့ နေ့ ၁၂း၃၇း၅၄ နာရီတွင်လပြည့်သည်။

-၄-၂၀၁၇၊ စနေနေ့ နံနက် ၀၉း၄၉း၁၆ နာရီတွင် လကွယ်သည်။

*အသုံးတည့်နိုင်ကြပါစေ*

ဦးအောင်စောလှိုင် (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com





စာဖတ်သူများထဲမှ သိုက်နန်းများနှင့် ပတ်သက်ခဲ့ဖူးသူအတော်များများပါ ကောင်းပါနိုင်ပါသည်။ ထိုသို့ဆက်နွယ်ဖူးသူများအနေဖြင့် မိမိတို့၏အခက်အခဲများကို ဘယ်ပုံဘယ်နည်းဖြေရှင်းကြပါသနည်းဟု အမေးရှိခဲ့ပါလျှင် မည်သို့ဖြေမည်နည်း။

အမေးရှိလျှင် အဖြေရှိပါမည်။ အဆင်ပြေသူများရှိကြသလို အဆင်မပြေသူက ဒုနှင့်ဒေးဟုထင်မိပါသည်။ ထို့ကြောင့် အဆင်မပြေသူများအတွက် အကြံပြုရင်း ဤစာစုလေးဖတ်ပြီးသောအခါ မှန်ကန်သောနည်းလည်းရှာဖွေနိုင်ကြမည်ဟု မေတ္တာစကားဖြင့် နှုတ်ခွန်းခြွေလိုက်ရပါသည်။

ဤစာစုတွင် အမှန်တကယ်လက်တွေ့ခံစားခဲ့ရသော၊ လက်တွေ့ခံစားနေရသော ကျွန်တော့်မိတ်ဆွေကိုသိန်းမင်း၊ ကျွန်တော်နှင့်ကျွန်တော်၏ဇနီးသည်သုံးဦးတို့အကြောင်း ပြောပြပါမည်။

ကျွန်တော့်မိတ်ဆွေ ကိုသိန်းမင်း၏ လက်ရှိခံစားနေရပုံအား ပြောပြပါမည်။ ကိုသိန်းမင်းသည် ကလေးမြို့တွင်နေ၍ ကျွန်တော်ရှိသောရွာသို့ တစ်လခြားတစ်လခြားလာ၍ သူတတ်သောလက်မှုပညာဖြင့်အသက်မွေးဝမ်းကျောင်းပြုနေသူ ဖြစ်ပါသည်။ သူလာတိုင်းကျွန်တော့်ထံသို့ လာတွေ့တတ်သလိုဘာသာရေးဆွေးနွေးဖက်လည်း ဖြစ်ပါသည်။

ယခု သူမလာတာ (၂) နှစ်ခန့်ပင်ရှိလေပြီ။ ထိုစဉ်က သူ့အသက် (၅၅)နှစ်တမ်း၊ ကျွန်တော်က (၅၀) တမ်း၊ သူ့ကိုကျွန်တော်က ကိုသိန်းမင်းဟုခေါ်သလို သူက ကျွန်တော့်ကို ဆရာစိုးဟု ချစ်စနိုးခေါ်ပါသည်။

သူ့တွင် ဇနီးနှင့်သားတစ်ယောက်၊ သမီးတစ်ယောက်ရှိ၏။ သားသမီးနှစ်ယောက်စလုံး ကျောင်းပြီး၍ အလုပ်ကိုယ်စီရှိသည်အထိ ကျွန်တော်အကြမ်းစားသိထား၏။ လွန်ခဲ့သော (၂) နှစ်ခန့်က ကိုသိန်းမင်းသည် ကျွန်တော့်ရွာသို့ မနက်ပိုင်း ရထားဖြင့် ရောက်လာ၏။ ဒီနေ့တော့ ထူးထူးခြားခြား သူက ကျော်ရွာလက်ဖက်ရည်ဆိုင်သွားမယ်တဲ့။ ခါတိုင်းဘူတာနားကဆိုင်သောက်နေကျ။ သူ့သဘောလိုက်၍ နှစ်ဦးသား ကျော်ရွာဆိုင်သွားကြ၏။ ဆိုင်ရောက်တော့ သူက ဦးစွာစကားသန်း၏။

"ဒီကိုလာတာအကြောင်းရှိတယ် ဆရာစိုးရဲ့။ ဘူတာဆိုင်က လူပေါတယ်။ ဒီမှာလွတ်လွတ်လပ်လပ်ပြောချင်လို့တမင်လာခဲ့တာ"

ပြောမယ့်စကားကို နားစွင့်ရင်း ခေါင်းညိတ်လိုက်၏။

"ဒီလိုဗျ ဆရာစိုးရဲ့။ အခုကျွန်တော်ပြောတာကို ဆရာစိုးကအကြံပေးစေချင်တာဗျ"

သူ့စကားက အရင်းအဖျားမရှိဘာအကြံပေးရမည်မသိပေ။

"ကဲပါဗျာ - ပြောချင်တာပြော၊ သိသလောက်တော့ အကြံပေးပါမယ်"

"အခု ကျွန်တော့်မှာ ဒုက္ခရောက်နေတယ်ဗျ။ ကျွန်တော် မယားငယ်ကို မပေါင်းချင်တော့ဘူး။ အဲဒါဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ဗုဒ္ဓေါရေ"

ကျွန်တော် ဘုရား,တမိ၏။ သူဘယ်အချိန်က မယားငယ်ရပါလိမ့်။ စပ်စု၍မေးလိုက်၏။

"ခင်ဗျားက ဘယ်တုံးက မယားငယ်ရလိုက်တာလဲဗျာ။ မယားကြီးရှိရဲ့သားနဲ့"

"အေးဗျာ၊ အပြစ်တင်ရင်လည်း ခံရမှာပဲ။ ဆေးမိပြီးယူလိုက်ရတာဗျာ"

သူ့စကားကြောင့် ကျွန်တော်ပင်ကြောင်သွားပါသည်။

"ကိုယ့်လူ၊ ဆေးတွေမိလို့ယူရတာဆိုတော့ ခင်ဗျားကဘယ်လိုလုပ်သိတာလဲဗျ။ ကြည့်ပြောဗျာ"

"တကယ်ပြောတာ ဆရာစိုးရဲ့"

စကားအပေါ် ဘဝင်မကျပေ။ တစ်ဖက်သတ်ဆန်လှ၏။

"ကဲ - ဒါဖြင့် ကျွန်တော်မေးမယ်။ ခင်ဗျားဆေးမိတာ ဘယ်လိုသိတာလဲ ပြောပါဦး"

"သိတာတော့ မကြာသေးဘူးဗျ။ ကျွန်တော်မယားငယ်ရတာ (၃) နှစ်ပြည့်တော့မယ်"

ပိုလို့အံ့သြသူက ကျွန်တော်ပင်ဖြစ်၏။

"ဟောဗျာ၊ လျင်လိုက်တာဗျာ။ ဒီသတင်းခုမှသိတယ်။ ခင်ဗျားမယားကြီးကောသိရဲ့လား"

"သိတာပေါ့။ သူ့ခွင့်ပြုလို့ မယားငယ်နဲ့ပေါင်းနေတဲ့ဟာ"

"ဒါဆို ခင်ဗျားက အကြီးဆီမပြန်ဘူးပေါ့"

"ပြန်တာပေါ့ဗျာ၊ နှစ်အိမ်ထောင်စာရှာ၊ နှစ်ယောက်ပေါင်းပေါ့"

"တစ်အိမ်ထဲ နှစ်ယောက်ပေါင်းတာလားဗျ"

"ဘယ်ဟုတ်မလဲ၊ အငယ်က ရွာမှာ။ အကြီးက ဘာမှမပြောဘူး။ နဂိုကတည်းက အေးတယ်။ သူ့သားနဲ့သမီးနဲ့အတူနေတာ"

"ဒါကို ခင်ဗျားက အခွင့်ကောင်းယူတာပေါ့"

"ပြောရင်လည်းခံပါ့မယ်ဗျာ၊ အခုခံစားနေရတာ တော်တော်ဆိုးတယ်ဗျ ဆရာစိုးရဲ့။ ဘေးရွာတွေ အလုပ်သွားရင်ရက်ကြာကြာနေလို့မရဘူး။ ကျွန်တော့်



www.burmeseclassic.com

အလုပ်က ခရီးတစ်ခါထွက်ရင် တစ်လလောက်ကြာမှအဆင်ပြေတာ။ အခုဟာက ဒီလိုမဟုတ်တော့ဘူး။ အငယ်ခေါ်ရင် ချက်ချင်းပြန်ရတာဗျ။ အဲဒါဆိုးနေတာ"

သူစကားက စိတ်ဝင်စားဖို့တော့ အကောင်းသားဗျ။ ကဲ-သူက ဘယ်လိုခေါ်တာလဲ ပြောပါဦး"

ရတာ မယားငယ်က စုန်းမကြီးဗျ"

ပွင့်ပွင့်လင်းလင်းသူစကားကြောင့် ကျွန်တော်ပင် အံ့ဩမိ၏။ သူဘယ်လိုသိပါလိမ့်။ သိချင်၍မေးလိုက်ရ၏။

"သူက စုန်းမလို့ပြောရအောင် ခင်ဗျားက ဘယ်လိုလုပ်သိတာလဲ။ ပြောစမ်းပါဦး"

"ဒီလို ဆရာစိုးရဲ့။ ဇာတ်လမ်းက အစကပြောမှရမယ်။ ရွာတွေမှာ အလုပ်သွားလုပ်ရင် တစ်လလောက်ကြာတတ်တာ ဆရာစိုးသိတာပဲ။ တည်းအိမ်ကလည်း အကြာကြီးမကောင်းဘူး။ ဒါကြောင့် အိမ်ငှားရှိမှ အဆင်ပြေမှာလေ။ သူတို့ရွာရောက်တော့ ဘေးကအိမ်တွေက အဲဒီမုဆိုးမအိမ်ငှားခိုင်းတာနဲ့ တစ်လ

အိမ်ထောင်ကျသွားပြီ။ အသက်က ကျွန်တော့်ထက် (၁၀) နှစ်လောက်ငယ်တယ်။ ရုပ်ရည်လည်းရှိတယ်။ လယ်ယာချောင်းမြောင်းရှိတယ်။ အငှားချစားတာပေါ့။ ဒီအိမ်ရောက်လို့ တစ်လလောက်ကြာတော့ ဒီမိန်းမနဲ့ ညားတော့တာပဲဗျာ"

သဘောကျစွာအသံထွက်၍ရယ်မိပါသေး၏။ ပြုံးစိစိဖြင့်မေးရသေး၏။

"ခင်ဗျားဟာကလည်း စကားဖြတ်လွန်းတယ်ဗျာ။ ကြားထဲကဟာတွေပြောဦးမှပေါ့ဗျ။ ဒါမှကွင်းဆက်မိမှာပေါ့"

"ဟုတ်ကဲ့ဗျာ၊ ကြားထဲမှာက ထမင်းကိုဘယ်မှမစားနဲ့တဲ့။ သူချက်တာစား၊ ထမင်းလစာပေးပေါ့။ အဲဒီနောက်ပိုင်း ဒီမိန်းမကို တမ်းတမ်းစွဲဖြစ်တော့တာပဲဗျာ။ မမြင်ရရင် မနေနိုင်တော့ဘူး။ မယားကြီးနဲ့ ကလေးတွေ သတိမရတော့ဘူး အဲဒါ"

"ဟား ဟား ဟား ဟား"

ကျွန်တော် သဘောကျလွန်း၍



## စိုးမင်း
### (မြောက်စည်း-ရွာသစ်)

**ဘဝဟောင်းက သိုက်နှင့်ဆက်မှ ဒီဘဝအထိ နှောင့်ယှက်ခံနေရသော ကျွန်တော့်မိတ်ဆွေနှင့်ကျွန်တော်၊ ကျွန်တော့်ဇနီးသည်**

"ညည တရားထိုင်ရင် ကျွန်တော့်ရှေ့မှာ ဘွားခနဲဘွားခနဲပေါ်လာတာဗျ။ အခုပြန်ဆို ပြန်ရတာ ကြောက်တော့ပြန်

ငှားမိတာက ဇာတ်လမ်းစတာပဲဗျာ"

"အင်း - ဆက်ပြောပါဦး"

"သူက မုဆိုးမ။ သားကြီးသမီးကြီး (၃)၊ (၄) ယောက်ရှိတယ်။ အကုန်

အသံထွက်ပင်ရယ်ရပါသည်။ ကြီးမှဝက်သက်ပေါက်သူပါလားပေါ့။

"သူကျွေးတဲ့ ထမင်းစားမိတာနဲ့ တမ်းတမ်းစွဲဖြစ်သွားတာ ဒီလိုလား"

"ဟုတ်ပါတယ်ဗျာ"

"ခင်ဗျားစိတ်က အရွယ်တင်နေတဲ့သူ၊ ရုပ်ရည်ရှိတဲ့မိန်းမတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com

အတူနေလာတော့ မတိမ်းညွတ်ဖူးလားဗျာ။ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှမြည်တာဗျ။တစ်ဖက်သားရဲ့ကိုယ်ကျင့်သိက္ခာရှိသေးတယ်လေဗျာ။ တစ်ဖက်သတ် မပြောနဲ့လေ"

"ကျွန်တော် ဆရာစိုးကို ဆင်ခြင်မပေးတော့ဘူး။ အမှန်အတိုင်းပြောပြမယ်။ စောစောကပြောသလို ကျွန်တော်တရားထိုင်တဲ့အခါ သူ့မျက်နှာက ဘွင်းဘွင်းပေါ်လာဗျ"

စကားက စိတ်ဝင်စားဖို့ကောင်းသည်မို့ဖွင့်ပေးလိုက်ရ၏။

"ကဲ-သူဘာတွေလုပ်တာလဲပြောဗျာ"

"ကျွန်တော့်ရှေ့တည့်တည့် ဆံပင်ဖားလျားချနဲ့ ဒီမိန်းမကို မြင်နေရတာဗျ။ နောက်ပြီး ကျွန်တော့်ဗိုက်ထဲမှာ အနီရောင်လိုလို လုံးချည်စတစ်ခု၊ ကြိုးစလိုလိုခွေနေတယ်ဗျ။ ဒါလည်း ခဏခဏမြင်နေတာ။ ဒါတွေ သူလုပ်ထားတာ။ ကျွန်တော့်ကို သူပြုစားထားတာဗျ"

ဇာတ်လမ်းက နားထောင်၍ကောင်းလာ၏။ ရှေ့ဆက်တိုးလိုက်၏။

"သူပြုစားတာဟုတ်ပြီ၊ ခဏထား။ ခင်ဗျားမှာ အခုဘာတွေခံစားရသလဲ"

ဟိုကြည့်ဒီကြည့်ဖြင့်တွေးကာ ဖြေလေ၏။

"ဗိုက်အောင့်တဲ့ဝေဒနာကိုခံစားရတယ်။ ဒီကြီးဆီ ပြန်ဖို့ပြင်ရင် သတိမေ့သွားတယ်။ မပြန်ဖြစ်ဘူး။ သတိမေ့တယ်ဆိုတာက မူးလဲမေ့တာမဟုတ်ဘူးဗျ။ သိသိကြီးနဲ့မေ့သွားတာ။ ဒါတွေ ဒီမိန်းမကြောင့်ပဲဗျ"

"ညည ဒီမိန်းမနဲ့အတူ အိပ်ရာကိုကြောက်နေရတာ။ ကျွန်တော့်ကို နည်းပေးပါဦးဗျာ"

သူက လိုလိုလားလား ပွင့်ပွင့်လင်းလင်းပြောတော့ ကျွန်တော်က အကောင်းဘက်မှတွေးမိ၏။ သူ့မိသားစုကိုလည်း ချမ်းချမ်းသာသာမြင်စေချင်၍ အကြံပေးလိုက်မိ၏။

"အငယ်ကို မပေါင်းချင်ဘူးဆိုရင် ဒီအတိုင်းဒိုးပစ်စွက်ပစ်လုပ်လို့မကောင်းဘူးဗျ။ သူ့အတွက်နစ်နာကြေးတော့ပေးရမှာ"

ဒီစကားကို သူက သဘောကျပုံပေါ်၏။

"အာ. . . ဒါလည်းပေးမှာ၊ ဒီတစ်ခေါက် သားကြီးကိုအကျိုးအကြောင်းပြောတော့ သူငွေစုထားတယ်တဲ့။ သားကလည်း သူ့အမေနဲ့လာနေဖို့ ငွေပေးမယ်ဗျ"

"ဒါဆို ကျွန်တော်ကူနိုင်တာပြောမယ်။ အခု ခင်ဗျားမိထားတယ်ဆိုတဲ့ အစား၊ ဆေးတွေကို ကျွန်တော်ဖျက်ပေးမယ် ဘယ့်နှယ်လဲ"

သူ သဘောကျစွာ ပြုံးပါသည်။ ကျွန်တော်ဆေးကုတတ်တာသူဘယ်လိုသိပါလိမ့်။ အခုလည်း လူရင်းမိတ်ဆွေမို့ ကူညီရတော့မည်။

"ဟုတ်ကဲ့ ဆရာစိုး"

"ကဲ - ဒါဆိုကျွန်တော့်အိမ်ပြန်မယ်။ ခင်ဗျားကိစ္စလုပ်ပေးမယ်"

"ဆရာစိုးသဘောအတိုင်းပါဗျာ"

နှစ်ဦးသား ဆိုင်မှအိမ်သို့ပြန်ခဲ့ကြ၏။ ကျွန်တော့်ဘုရားခန်းတွင် သူ့ဂနာမငြိမ်ပေ။ ရိုးတိုးရွတဖြစ်နေ၏။ သူ့ပုံစံကကြောက်နေမှန်းထင်ရှား၏။ ပယောဂစစ်ဆေးအပြီး အသင့်ချထားသောအင်းတစ်ချပ်တိုက်လိုက်၏။ ထိုနေ့ညနေစောင်းတွင် ကလေးသို့ ရထားဖြင့်ပြန်ကာ သုံး၊ လေးလမပေါ်လာတော့ချေ။

ဒီနေ့မနက်ပိုင်း ရထားဆိုက်သံကြားပြီး ခဏအကြာတွင် အိမ်ရှေ့သို့ ကိုသိန်းမင်း ဘွားခနဲပေါ်လာတော့၏။

"ဆရာစိုး၊ နေကောင်းတယ်နော်"

"အားပါး-ကိုသိန်းမင်းကြီးပါလား။ လာ - အိမ်ပေါ်တက်ဗျာ"

ခေါင်ယမ်းလျက် အော်ပြောလေ၏။

"မတက်တော့ဘူး ဆရာစိုး။ အလုပ်ကိစ္စနဲ့လာတာမဟုတ်ဘူး။ ဆရာစိုးဆီသက်သက်လာတာ။ လက်ဖက်ရည်တိုက်ချင်လို့။ လာဗျာ - ကျော်ရွာသွားရအောင်"

"ခုမှ ခရီးရောက်တာဗျာ၊ တက်ပါဦးဗျ"

"တော်ပြီ၊ တော်ပြီ ခင်ဗျားဘုရားခန်း ကျွန်တော်ကြောက်တယ်"

ဗုဒ္ဓေါရေ ကျွန်တော့်ဘုရား,တမိ၏။ သူ့စကားက အဆန်းသား။ ဒီလူဘာဖြစ်လို့ကြောင့်ဒီလိုစကားပြောမိပါလိမ့်တွေးရင်းမှ အဖြေသိချင်လာ၏။

"ကိုယ့်လူ၊ ကျွန်တော့်ဘုရားခန်းက ဘာမှမလုပ်ပါဘူးဗျ။ လာပါဦး"

ကျွန်တော်ခေါ်သော်လည်း သူက ရှေ့မတိုးပေ။ သို့ဖြင့် အဝတ်အစားလဲ၍ နှစ်ဦးသား လက်ဖက်ရည်ဆိုင်ထွက်ခဲ့ကြ၏။ လမ်းတွင် သူ့ကိုအမေးရှိလိုက်၏။

"ကိုယ့်လူ၊ စောစောက ခင်ဗျားစကားထဲမှာသိချင်တာရှိတယ်။ ခင်ဗျားမှန်မှန်တော့ဖြေဗျာ။ ကျွန်တော့်ဘုရားခန်းကို ကြောက်တယ်ဆိုတဲ့စကား၊ ဘာကြောက်တာလဲဗျ"

သူ့ပုံစံကမဖြေချင့်ဖြေချင်ဖြေလေ၏။

"တိတိကျကျတော့ မသိဘူးဗျ။ ခင်ဗျားဘုရားခန်းရောက်ဖူးတာ (၃)ကြိမ်ရှိပြီ။ ဒီထဲရောက်တာနဲ့ ကြက်သီးတွေထ၊ ဆံပင်တွေထောင်ထောင်တယ်။ ပြီးတော့ တစ်ကိုယ်လုံးတုန်နေတယ်ဗျ။အဲဒါကြောင့် မလာရဲတာ"

သူ့အဖြေကြောင့် ကျွန်တော် ကျေနပ်စွာပြုံးမိပါသည်။ ဒီအကြောင်း ပြောပြချင်ပေမယ့် မပြောသင့်ပေ။ ကျွန်တော်၏မြှုပ်ကွက်တစ်ခုဖြစ်ပေသည်။ ကျွန်တော့်မှာ အကျင့်တစ်ခုရှိ၏။ ဘယ်အရပ်ရောက်ရောက်၊ ဘယ်အိမ်တည်းတည်း အဲဒီအိမ်က ဘုရားခန်းတစ်ခန်းပတ်လည်အား ဓာတ်ခန်းအဖြစ် အမိန့်ပေးထားလေ့ရှိပါသည်။ ထိုဓာတ်ခန်းအတွင်းဝင်လာသော သူတို့အား မစစ်ဆေးဘဲနှင့် အဖြေလိုလိုပေါ်စေသည့် နည်းအားသုံးထားခြင်း ဖြစ်ပါသည်။

ပယောဂဆိုသောအညီတစ်ခုခုပါလာလျှင်တန်းမိလေတော့၏။နောက်ဆုံးအဆင့် နတ်ကတော် နတ်ထိန်းပင်လျှင် ခွဲခြားသိနိုင်လေ၏။

"ကဲ - မလာရဲလည်း မလာနဲ့ဗျာ။ ဘေးလူတွေတော့ လျှောက်မပြောနဲ့ဦး"

"ဘာဖြစ်လို့လဲ ဆရာစိုးရဲ့"

"ဟောဗျာ - ခုတောင် ခင်ဗျားသဘောမပေါက်သေးဘူး။ ဘေးအမြင်မှာ ကျွန်တော်သရဲမွေးစားတယ်ထင်မှာပေါ့ဗျ။ ခင်ဗျားဟာကလဲ"

"အေးဗျာ၊ ဒါလည်းဟုတ်တာပဲ။ လူတွေက နည်းနည်းဆို ကဲကဲ"

"တစ်ယောက်စ တစ်ယောက်စနဲ့ ကြာတော့ သရဲမွေးစားတဲ့အောက်လမ်းအထင်ခံရမယ် ကိုယ့်လူရ"

"အဲပါဗျာ၊ ကျွန်တော်မပြောမိစေရပါဘူး"

နှစ်ဦးသား စကားပြောရင်း လက်ဖက်ရည်ဆိုင်ထဲရောက်ကြ၏။

"ဒီနေ့ ကျွန်တော်ဒကာ။ ဆရာစိုးကို ဧည့်ပြုချင်လို့ ဆေးလိပ်တစ်ဘူးလက်ဆောင်ဗျာ"

ကျွန်တော်ကြိုက်သောဒူးယားစိမ်းအားယူလိုက်၏။ နှစ်ဦးသား လက်ဖက်ရည်မှာသောက်ရင်း သူက စကားစ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာစိုးနဲ့ စကားပြောချင်လို့ ကလေးကနေ သက်သက်လာတာ။ ဘာအလုပ်မှမရှိဘူး။ ညနေရထားနဲ့ပြန်မယ်၊ အချိန်ရတယ် မဟုတ်လား"

"ရပါတယ်ဗျ၊ တစ်နေကုန်အားပါတယ်"

"ကြိုက်ပြီဗျာ"

"ဒါနဲ့ ခင်ဗျားမလာတာ အတော်ကြာသွားပြီ။ ဘာတွေလုပ်နေတာလဲ"

"မလာဆို မအားလို့ဗျ။ ညီနေမကောင်းလို့ သူ့ဆိုင်မှာကူပေးနေရတာ"

"ခင်ဗျားဟိုကိစ္စအဆင်ပြေသွားပြီလား"

"ပြေတယ်ဗျ၊ ဆရာစိုးကို ကျေးဇူးအထူးတင်တယ်၊ ဒီကပြန်တာနဲ့အားချင်းဖြတ်လိုက်တာ ပြီးသွားပြီ"

အငယ်ကို သားစုထားတဲ့ငွေနဲ့ အလျော်ပေးလိုက်တယ်။ သူလည်း ကျေးနပ်ရှာပါတယ်။ အခု အကြီးနဲ့ပဲနေတော့တာ"

"ကောင်းတယ်ဗျာ၊ ဒီလိုပဲဖြစ်သင့်ပါတယ်"

"အခု ဒီလာတာ အကြောင်းရှိတယ် ဆရာစိုးရဲ့။ ကျွန်တော့်အကြောင်း ပြောပြချင်လို့။ ဆရာစိုးဆီလည်း အကြံတောင်းရင်းပေါ့"

လာပြန်ပြီ၊ အရင်တစ်ခေါက်က မယားကိစ္စ။ ခုလည်း ဒူယားလေးတစ်ဘူး မျက်နှာနဲ့ဘာခိုင်းဦးမှာပါလိမ့်။ ကြိုမြင်နေပြီ။

"ကိုယ့်လူ၊ အကြံဉာဏ်တော့ သိသလောက်ပေးမယ်။ ငွေကိစ္စတော့ မတောင်းနဲ့။ ဒီက အလုပ်ရှိတာမဟုတ်ဘူး။ မယားလုပ်စာထိုင်စားနေတဲ့သူ"

"အဲပါဗျာ၊ ကျွန်တော့်အကြောင်းကို ပြောပြရုံသက်သက်ပါ။ ဒါကိုဆရာစိုးက ဘယ်လိုလုပ်သင့်သလဲ အကြံပေးပေါ့။ ဒါပြောတာပါ"

"ကဲ - ဒါဆို ပြောပြဗျာ။ နားထောင်မယ်"

"ကျွန်တော်အရင်နှစ်တွေကတည်းက ရိပ်သာမှာ တရားစခန်းတွေဝင်ဖြစ်တယ်။ (၇) ရက်စခန်း တစ်လစခန်းတွေပေါ့။ အဲဒီလိုစခန်းဝင်ပြီးတော့ နေ့စဉ်လိုလို တစ်နိုင်တရားထိုင်ဖြစ်တယ်။ ဒီလိုတရားထိုင်ရင်းက စိတ်တွေအေးချမ်းတယ်။ ကျန်းမာရေးအတော်ကောင်းလာတယ်ဗျ"

"ဒီနှစ်ထဲမှာ တရားထိုင်တဲ့အခါ ကြောက်စိတ်တွေဝင်လာတယ်ဗျ။ နားထဲမှာ အသံတွေလည်းကြားနေရတယ်။ ယောက်ျားသံ၊ မိန်းမသံနှစ်မျိုးပဲ။ အသံတွေက မသာယာဘူး။ ငေါက်သံတွေနဲ့ အော်ခံနေရတာ၊ ဒီအော်သံတွေကြားရင် တရားမထိုင်ရဲတော့ဘူး။ ချက်ချင်းတရားဖြုတ်လိုက်ရတယ်။

အဲပိုဆိုးတာက ခုရက်ပိုင်းပဲ အသံတင်မဟုတ်တော့ဘူး။ တရားထိုင်တဲ့ရှေ့တည့်တည့်မှာ ကိုယ်ထင်ပြပြီးလာအော်ခံနေရတာ ဆရာစိုးရဲ့။ သူတို့ကို တအားကြောက်တော့ တရားတောင်မထိုင်ရဲတော့ဘူး။အဲဒါ ဆရာစိုးဆီကအကြံလာတောင်းတာ"

စိတ်ဝင်စားစရာကောင်း၍ ဂရုတစိုက်နားထောင်ပေးရင်း စဉ်းစားခန်းဝင်ရပါသည်။ အကြောင်းကတော့ရှိနေပြီ။ ဘယ်ပုံဘယ်နည်းပတ်သက်ကြမည်နည်း။

"စောစောကစကားထဲမှာ အော်ငေါက်သံက ဘယ်လိုအော်တာလဲဗျ"

"ဟေ့ကောင်ပြန်ခဲ့တော့၊ အချိန်စေ့ပြီ။ မင်းအလှည့်ရောက်ပြီလို့အော်တာဗျ"

"မိန်းမသံလည်းပါသေးတယ်။ သူတို့က ဘယ်လိုအော်တာလဲ"

"သူတို့ကတော့ မငေါက်ဘူးဗျ၊ ချိုချိုသာသာပဲ။ မောင်ကြီးရေ ပြန်ခဲ့ပါတော့။ နှမလေးတို့လွမ်းလှပြီ။ မြန်မြန်အာပြန်ခဲ့ပါတော့လို့ အော်တာဗျ"

အဖြေက တော်တော်ပေါ်နေပြီ။ စကားထဲက ဇာတိပြသည့်အလားပင်။ တည့်တည့်ပဲ အဖြေပေးလိုက်ရ၏။

"ဒါဆို ခင်ဗျား သိုက်ကလာတာပဲဗျ"

သူမငြင်းပါ။ ဟုတ်ကြောင်းဝန်ခံပါ၏။

"ဟုတ်ပါတယ် ဆရာစိုး။ ကျွန်တော် ဘီလူးသိုက်ကလာတာပါ"

သူ့အဖြေကြောင့် ကျွန်တော်ပီတိဖြစ်မိသေး၏။ ကျွန်တော်ကိုယ်၌မှုပင် သူဟာ ဘီလူးသိုက်ကလာတာဟုအတပ်သိနေ၍ တူညီ၍ ဖြစ်ပါသည်။

"ကောင်းပြီ၊ အဖြေကို ခင်ဗျားကိုယ်တိုင် သိပြီနော်။ အခုတရားမထိုင်တာကြာပြီလား"

"သိပ်တော့ မကြာသေးဘူးဗျ။ အခုဟာက တရားထိုင်ရင်း သူတို့လာမှာကို အရင်တွေကြောက်နေရတာ။ အစ်ကိုကြီးက တအားကြမ်းတယ်ဗျ။ ညီမငယ်နှစ်ယောက်ကတော့အေးတယ်။ အဲဒါကျွန်တော်ဘယ်လိုလုပ်ရင်ကောင်းမလဲဗျာ။ အကြံပေးပါဦး"

ကိုသိန်းမင်းသည် ဘီလူးသိုက်ကလာကြောင်း သူကိုယ်တိုင်သိနေပါသည်။ သိနေသောသူတစ်ယောက်ကို ဘယ်လိုအကြံပေးရမည်နည်း။ စဉ်းစားပေးရပါ၏။

"တရားထိုင်တဲ့တစ်ချိန်တည်းမှာ ခင်ဗျားကိုလာအော်တာလား"

"ဟုတ်တယ်ဗျ"

"ဒါဆို ခင်ဗျားက ညီမနှစ်ယောက် အစ်ကိုတစ်ယောက် လေးယောက်အုပ်စုပေါ့။ ဒီအတိုင်းဆိုရင် ခင်ဗျားကို သူတို့အကုန်ပြပေးလောက်ပြီ။ ဆိုလိုတာက ခင်ဗျားတို့ မောင်နှမ (၄) ယောက် အတူနေထိုင်ခဲ့ကြတဲ့ ဇာတ်ကြောင်းတွေပေါ့။ ပြပေးတယ်မဟုတ်လား"

သူမငြင်းသာပေ။ ဝန်ခံ၏။

"ဟုတ်တယ် ဆရာစိုး၊ ကျွန်တော်အကုန်သိပြီးပြီ။ ဒါကြောင့် ဆရာစိုးဆီ အကြံလာတောင်းတာပေါ့ဗျာ"

သူ့ကို အကြံမပေးခင် သူ့လိုသိုက်နန်းဆက်ရှိခဲ့သော ကျွန်တော့်ဇနီးသည် နန်းခင်မြလှိုင်(သိုက်နန်းအမည်)အကြောင်းနှင့် ကျွန်တော့်အကြောင်းများပါ တစ်ခါတည်းပြောပြလိုက်လျှင်အဖြေပေါ်မည်။ သူကိုယ်တိုင်ဆုံးဖြတ်နိုင်သည်မို့ စကားသန်းလိုက်ရ၏။

"ခင်ဗျားလို သိုက်နန်းကလာတဲ့ ကျွန်တော့်မိန်းမ မရှမ်းအကြောင်း ကျွန်တော့်အကြောင်းပါ ကွင်းဆက်မိအောင်ပြောပြမယ်။ ဒီအခါ ခင်ဗျားဆုံးဖြတ်လို့ရပြီ။ ဟုတ်ပြီလား"

"အရင်ဆုံး မေးရဦးမယ်။ ဒီလိုသိုက်နန်းကနေလာတဲ့သူတွေအကြောင်း ဘယ်နှခါကြုံဖူးသလဲ၊ ဒါမျိုးတွေရှိနိုင်သလား။ ဟုတ်နိုင်ပါ့မလား။ မယုံရဘူးလား။ ယုံရမလား။ စိတ်အထင်ဉာဏ်မီသလောက်ဖြေဗျာ"

ဆိုတော့ သူက ဟိုလိုလိုဒီလိုလို မပြောင်မကျဖြစ်လေ၏။

"အဲဒါ ကျွန်တော် တိတိကျကျ မသိဘူးဗျ"

"ခင်ဗျားအဖြေက မမိုက်ဘူး ကိုယ့်လူရဲ့။ စောစောကပဲ ခင်ဗျားဘီလူးသိုက်ကလာတဲ့အကြောင်း ခင်ဗျားကိုယ်တိုင်သိလို့ ပြောပြနေတာလေ။ တစ်ယောက်တည်းကာဝမရှုပ်နဲ့ဗျာ"

"အဲဒါကတော့ ဟုတ်ပါတယ်။ တကယ်ဟုတ်၊ မဟုတ်ဆိုတာက



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဉာဏ်မမီဘူးလေ"

"ကဲ - ဒါဆိုရင် ကျွန်တော်တို့ လင်မယားအကြောင်းပြောပြမယ်။ နားထောင်မှာလား"

"ထောင်ပါ့မယ်ဗျာ"

"ကျွန်တော့်မိန်းမ ရှမ်းမလည်း သိုက်ကလာတာ။ ကျွန်တော်လည်း သိုက်ကလာတာ။ ပုံပြင်မဟုတ်ဘူး။ သိုက်ဆိုတာ တကယ်အဟုတ်ရှိတာ ကိုယ့်လူရဲ့။ ပြောကြတာက သိုက်ပေါင်း (၉၉၉၉၉၉) ရှိတယ်တဲ့"

"အကြမ်းစားပြောရရင် ရှမ်းသိုက်၊ ဗမာသိုက်၊ ဘီလူးသိုက်၊ ဟိန္ဒူဂေါ်ရခါးသိုက်၊ နဂါးသိုက် အား. . . အများကြီးပဲဗျ။ ဒါတောင် ကျွန်တော်ဉာဏ်မမီတဲ့ သိုက်တွေဒုနဲ့ဒေးရှိဦးမယ်"

"အခု ခင်ဗျားကိုယ်တိုင် သိုက်ကလာတယ်သိလို့ပြောနိုင်တာ။ ရှမ်းမလည်း သိုက်ကလာတာ။ သိတယ်။ အကုန်ပြောနိုင်တယ်။ ကျွန်တော်လည်း ဒီလိုပဲ။ အကုန်သိတယ်။ ဒါတွေဟာ တကယ်ဟုတ်လို့ သိနေတာပေါ့ဗျာ။ ရှင်းနေတာပဲ"

"ကျွန်တော့်မိန်းမသိုက်ကလာတဲ့ အကြောင်းပြောမယ်။ နားထောင်ပြီးရင် ဆုံးဖြတ်ပေါ့ဗျာ"

ဆုံးဖြတ်ဖို့ခက်နေသော အလိုမကျတဲ့မျက်နှာက စိတ်ဝင်စားမှုပြလာလေ၏။

"ဩော် - ဆရာစိုးမိန်းမလည်း သိုက်ကလာတာကိုး"

"ဟုတ်တာမှ သိပ်ဟုတ်ပေါ့ဗျာ။ ကျွန်တော်နဲ့ရလို့သားတစ်ယောက်ရတာနဲ့ ဇာတ်လမ်းစတာပဲ။ ပြောတော့မယ်နော်။ နားထောင်မှာမို့လား"

"ထောင်မှာပါဗျ၊ ပြောပါ။ တစ်နေကုန် အချိန်ရပါတယ်"

"ကဲ - ဒါဆိုပြောမယ်။ သူနဲ့ ကျွန်တော်ရစက ဘာမှမသိသေးဘူး။ အဲ - သားအကြီးနှစ်လလောက်ရတာနဲ့ ဒုက္ခစတွေ့တော့တာပဲ။ ဒီတုန်းက မြင်းကသာမှာ ဂျမဒါလမ်းခွဲကိုင်ပေါ့။ အရက်သမားဘာပုတီးမှမစိပ်တတ်သေးဘူး"

"ဒါနဲ့ နေပါဦး၊ ဆရာစိုးက အရက်သောက်ခဲ့ဖူးတယ်ပေါ့"

"သောက်ခဲ့ဖူးရုံတင်ဘယ်ကမလဲ။ အရက်သမားလုံးလုံးဖြစ်ခဲ့တာ။ သားအကြီးအခါလည်ပြီးမှ အရက်ပြတ်တာ။ အခုဆိုရင် အရက်မသောက်တာ (၂၈) နှစ်တောင်ရှိပြီ"

"အဲဒီအရက်သမားဘဝအကြောင်း သိသလောက်ပြောပါဦးဗျ"

"တော်တော်ဆိုးပါတယ်ဗျာ။တော ချုံအုံကြားဆင်းဆင်းရဲရဲဘူတာသာနေရတာကြည့်အဖြေပေါ်တယ်။ဘယ်ဘူတာကမှ ကျွန်တော့်ကို မသုံးဘူး။ အရက်သမားမို့ပေါ့ဗျာ။ ဒီဘူတာ (၅) နှစ်နီးပါး နေခဲ့ရတယ်၊ စိတ်နာစရာပါ"

"အရက်ဖြတ်တော့ ဘယ်လိုဖြတ်ခဲ့တာလဲဗျ"

"တွေးကြည့်ရင် စိတ်ပဲဗျ။ စိတ်ကို အလိုလိုက်တာ။ မူးကြောင်ကြောင်ရူးကြောင်ကြောင်ဖြစ်နေတဲ့ အရသာကို ကောင်းတယ်ထင်ပြီး ခံစားတာ။ ပိုက်ဆံတွေကုန်တာလည်းသိနေတယ်။ သတိမေ့တာလည်းသိတယ်။ အလေးအပင်မနိုင်တာလည်းသိတယ်။ အမောအပန်းမခံနိုင်တာသိတယ်။ ခန္ဓာကိုယ်ဒယိမ်းဒယိုင်ဖြစ်နေတာ။ လဲသွားတာ ဒါလည်းသိတယ်။ ကိုယ်မူးလာရင် ခင်မင်တဲ့သူတွေတောင်ရှောင်ထွက်သွားတာသိနေတယ်။ နောက်ဆုံးဗျာ ပက်လက်မှောက်ဖြစ်သွားရင်တောင်သိသေးတယ်။ အသိစိတ်ကမှန်နေသေးတယ်။ ငါဒီလိုနဲ့သေရမှာလား။ အရက်သမားဘဝနဲ့ ဇာတ်သိမ်းရမှာလား။ ငါက ဒီလိုကောင်စားမဟုတ်ဘူး။ အလကားလူမဟုတ်ဘူး။ အသိရှိနေတဲ့လူ။ အရက်၊ အရက် ဒီအရက်သောက်လို့ ဒီလိုဖြစ်နေတာ။ အလွန်အကျွံမူးနေတာတောင် စိတ်က ကောင်းစိတ်၊ မကောင်းစိတ်သိနေတယ်။ တကယ်ဗျ ကိုယ့်လူရ။

ကျွန်တော် အရက်ပြတ်တော့ တစ်ရွာလုံး အံ့ဩတယ်။ ဒီလောက်သောက်တဲ့သူက ရုတ်တရက်အလွယ်ကလေး ဘယ်လိုဖြတ်လိုက်တာလဲပေါ့။ စိတ်ကိုထိန်းမသောက်ဘူးဆို[illegible]စ်စိတ်ကလေးနဲ့ပဲပြတ်သွားတာ။ အရက်အကြောင်းပြောရာက သိုက်က ဘယ်တောင်ရောက်သွားပါလိမ့်"

ကိုသိန်းမင်းက အလိုက်သင့်ထောက်ပေး၏။

"ဆရာစိုးသားနှစ်လသားအရောက်မှာလေ"

"ဟုတ်တယ်၊ သားအကြီး နှစ်လသားမှာ မိန်းမစဖောက်တာ။ အိမ်ခန်းထဲမှာ သူတစ်ယောက်တည်းမကြားဘူးတဲ့ စကားတွေတတွတ်တွတ်စပြောနေတာ။ ဒီစကားတွေပြောရင် ကျွန်တော့်မျက်နှာတောင်မကြည့်ဘူး။ မေးရင်လည်းမဖြေဘူး။ သူ့ဟာသူ အစိုးမရဘူး"

မိန်းမက ရှမ်းဆိုတော့ ရှမ်းစကားကျွမ်းတယ်။ ကချင်စကားလည်းတတ်တယ်။ ကျွန်တော်က ဘာမှမတတ်ပေမယ့် တစ်လုံးနှစ်လုံးတော့သိတာပေါ့။ သူပြောတဲ့အခါ ဂရုတစိုက်နားထောင်ကြည့်တယ်။ ရှမ်းသံတော့ပါတယ်။ ရှမ်းစကားမဟုတ်ဘူး။ ကလေးနို့တိုက်ရင်းလည်း တစ်ယောက်တည်းပြောတယ်။ သူ့မျက်နှာမျက်ရည်တွေ တွင်တွင်စီးကျနေတယ်။ ကျွန်တော်က မိန်းမ၊ မိန်းမ ခေါ်လို့သတိပေးရင်လည်း မသိသလိုနေတယ်။ မျက်တောင်မခတ်ဘဲ ကြောင်တောင်ကြည့်နေရှာတယ်။ ဒီလိုဖြစ်တာ တစ်လကျော်တော့ ဒုက္ခရောက်သူက ကျွန်တော်ပဲ။

မိန်းမက ရူးကြောင်ကြောင်ဖြစ်နေတော့ ကလေးကို စိတ်မချတော့ဘူး။ ကျွန်တော်က ကျော့ပိုးထားရတာ။ မသကာ သူသတိလစ်ပြီးညစ်သတ်လိုက်မှာစိုးလို့။ ကလေးကျောပိုးနဲ့ ထမင်းချက်၊ ပွိုင့်သွား၊ ရထားသွင်း၊ အဝတ်လျှော်၊ ရေခပ်နဲ့မနားရဘူးဗျာ။ အတော်ဒုက္ခရောက်တာ"

"အဲဒီလိုဖြစ်နေတာ ဆရာစိုးက ဆေးမကုပေးဘူးလား"

"ရွာက ဆေးခန်းပြတော့ ဆေးတွေပေးလိုက်တယ်ဗျာ။ ဘေးကပြောလို့ အနောက်ကတော်တင်တယ်ဗျာ။ တောမှဆိုတော့ ဒါလောက်ပဲလုပ်ပေးနိုင်တာပေါ့"

"အဲဒီလိုလုပ်တော့ သက်သာသွားရောလား"

"ဘယ်ကလာ ပိုတောင်ဆိုးလာတာ။ နေ့ရောညပါဖောက်တော့တာဗျ။ နေ့ခင်း အိမ်ကထွက်သွားတယ်။ ဘုမသိဘမသိထွက်သွားတာ။ ရွာအနောက်သုသာန်ဆီသွားတာ ခဏခဏပဲ။ ဆိုးတာက ညပိုင်းဗျ။ သန်းခေါင်ကျော်ရင် ကောက်ခနဲထသွားတာ။ မှောင်မှောင်မည်းမည်းဘယ်သွားလို့သွားမှန်းမသိဘူး။ ကျွန်တော်ကလည်း နေ့စဉ်အလုပ်လုပ်ရတာနဲ့ အိမ်မှုကိစ္စနဲ့မနားရဘူး။ ကျောခင်းလိုက်ရင် အိပ်ပျော်ပြီ။

အမှတ်မထင် အိပ်ရာနိုးတဲ့အခါ၊ တစ်ရေးနိုးတဲ့အခါ နံဘေးက မိန်းမက မရှိတော့ဘူး။ ကလေးပဲကျန်ခဲ့တယ်။ သူ့ကိုရှာရတယ်။ ကလေးကိုလည်း တစ်ယောက်တည်းထားခဲ့လို့မဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com

အိမ်နီးချင်း သားသည်မအေအိမ်ခဏ ထား၊ ဘေးလူတွေနဲ့လူခွဲရှာရတော့တာပဲဗျာ”

ကျွန်တော့်စကားနားထောင်ပေးတဲ့ ကိုသိန်းမင်းက ခေါင်းတညိတ်ညိတ်နှင့် ကရုဏာသက်နေရှာပေ၏။

“တချို့က ရွာတောင်ပိုင်း၊ တချို့က မြောက်ပိုင်း အရှေ့ပိုင်းနဲ့အောင်ရှာမတွေ့ဘူး။ အဲ-ရွာအနောက်ကသုသာန်မှောင်မည်းမည်းမှာတော့ ဟိုစမ်းစမ်းဒီစမ်းစမ်းနဲ့ တွေ့ရတော့တာပဲ။ အဲဒီကျမှ ချော့ခေါ်ခဲ့ရတယ်။ ဒီလိုရှာခဲ့တဲ့ရက်တွေ ဘယ်နည်းမလဲဗျာ။ ဒုက္ခတော်တော်ခံခဲ့ရတယ်ဗျာ ကိုယ့်လူရဲ့။ ဒီလိုဒုက္ခမျိုး ခင်ဗျားမခံစားရဖူးသေးဘူး။

သူကောင်းတာက တစ်ရက်တလေပဲ။ ကျန်တဲ့အချိန်တွေက ယဉ်ယဉ်ကလေးနဲ့ရူးနေတော့တာ။ ထူးခြားတာက သူ့အခုလိုဖြစ်နေတာ ဘယ်လောက်ပဲ ပြင်းထန်ထန် ကြွမ်းကြွမ်းတမ်းတမ်း အော်ဟစ် ကြိမ်းမောင်းတာ တစ်ခါမှမရှိဘူး။ သူ့သားကိုလည်း အော်တာ ငေါက်တာ ရိုက်တာ တစ်ခါမှလုပ်တာမတွေ့ဘူး။

တစ်ခါတလေကျတော့ တကယ့်သနားစရာပါဗျာ။ ညသန်းခေါင် သူထွက်သွားတယ်။ ကျွန်တော် မသိလိုက်ပေမယ့် သူဟာသူတစ်ယောက်တည်း အိမ်ရောက်အောင်ပြန်လာရှာတယ်။ သူ့မှာ မိခင်မေတ္တာအပြည့်ရှိနေမှန်းပေါ်လွင်နေတယ်။ သူ့ရင်ဘတ်မှာ နို့ရည်တွေရွှဲနစ်နေပြီ။ သူ့သားလေး အိမ်မှာကျန်နေတယ်။ နို့ဆာလို့ငိုနေရှာပြီ။ သူ့နို့တွေ တက်ပြီး မအောင့်နိုင်တော့ဘူး။ အဲဒီ မိခင်စိတ်နဲ့ စိတ်လည်ပြီး အိမ်ပြန်လာတာလည်း ခဏခဏပဲ။ သူ့သားကို နို့တိုက်ရင်း မျက်ရည်တွေရွှဲလို့ တရှုတ်ရှုတ်နဲ့ ငိုနေရှာတာများ အခုထိ ကျွန်တော့်မျက်စိထဲကမထွက်သေးဘူး”

စကားရပ်၍ ဆေးလိပ်မီးကို ဖွာလိုက်၏။ မိတ်ဆွေ၏ ဆင်ခြေပေးမှုကို နားစွင့်နေမိသေး၏။ သူ့ဘက်က စကားပြန်မလာပေ။

“ကျွန်တော်လည်း သူတို့သားအမိကို သနားရုံကလွဲလို့ ဘာမှလုပ်မပေးနိုင်သေးဘူး။ ကိုယ်ကြိုက်တဲ့အရက်ကလေး တမြမြနဲ့ပေါ့ဗျာ။ တကယ်ဆိုတော့ ရွာမှာ လင်ကိုယ်မယားနှစ်ယောက်တည်း၊ ကိုယ်ခွဲမရှိဘူး။ ဆွေမျိုးအသိုင်းအဝိုင်းကလည်း တစ်ယောက်မှမနီး။

သူ့ဖြစ်နေတာသိရက်သားနဲ့ ကျွန်တော်က ပစ်ပယ်ထားသလို တာဝန်မကျေတဲ့ယောကျ်ားတစ်ယောက်လို့အပြစ်ရှိတာပေါ့။

ခက်တာက ရွာမှာ ဆေးခန်းဆရာမတစ်ယောက်ကလွဲလို့ တခြားဘယ်ဆေးဆရာမှမရှိဘူး။ ဘေးနားက ရွာဗိန္ဒောဆရာကြီးတစ်ယောက်ပဲရှိတယ်။ သူကလည်း ဗမာဆေးပဲ ရိုးရိုးကုတာ။ ပယောဂမကုဘူး။

ဒီလိုနဲ့ သားလေး (၆) လပြည့်တော့ မိန်းမရောဂါပိုတိုးလာတယ်။ တစ်ယောက်တည်း စကားတွေပြောရင်း ကော့တက်တွန့်လိမ်ကောက်ကွေးလာတယ်။ ပြီးရင် သတိပါမေ့သွားတော့တာပဲ”

ကိုသိန်းမင်းသည် နားသာထောင်နေသည်။ စကားမပြန် ခေါင်းတညိတ်နှင့် ဒူးယားစီးကရက်သာ ဆက်တိုက်သောက်နေလေ၏။ ရုတ်တရက် စကားဖြတ်၍ စိတ်မကောင်းစွာမေးပြန်လေ၏။

“အေးပါဗျာ၊ တကယ်ပြင်းပြင်းထန်ထန် ထိခိုက်ခဲ့ရှာတာ ဒေါ်ရှမ်း ဒီလောက်ဖြစ်တာ ဆရာစိုးအနေနဲ့ ထိထိရောက်ရောက်လုပ်ပေးသင့်တာပေါ့”

သူ့စကားကို ကျွန်တော်ထောက်ခံမိပါသည်။

“ခင်ဗျားပြောသလို ဆရာကောင်းရှာနေတုန်းပဲဗျ။ ဘာမှကိုလုပ်မပေးနိုင်သေးတာ။ ထူခြားတာရှိတယ်။ သူသတိကောင်းကောင်းလည်တဲ့အခါ မျက်နှာငယ်လေးနဲ့ မျက်ရည်တွေကျလို့ အသနားခံပြောတာက ငါက သိုက်ကလာတာ။ ငါတို့မှာ မောင်နှမ (၄) ယောက်ရှိတယ်။ အစ်ကိုကြီးနဲ့ညီအစ်မသုံးယောက်။ ငါက အစ်မအကြီးဆုံး။ ငါလူ့ပြည်သွားချင်တယ်။ သွားခွင့်ပေးပါပြောတော့ ဘယ်သူမှခွင့်မပေးဘူး။ ခွင့်မပေးတော့ ငါက စိတ်ကောက်တယ်လေ။ သူ[...]နဲ့ စကားမပြောတော့ဘူး။ ကြာတော့[...]အစ်ကိုကြီးက သနားလာလို့ ငါ့ကို ကတိတစ်ခုတောင်းတယ်။ အေး - နင်လူ့ပြည်သွားရင် ချစ်သူတွေ့ အိမ်ထောင်ပြုမှာပဲ။ သားတစ်ယောက်ရရင် ပြန်ခဲ့မယ်ဆိုခွင့်ပြုမယ် နင်စဉ်းစားလို့ အစ်ကိုကြီးက ကတိတောင်းလို့ အလွယ်လေးပေးလိုက်မိတယ်။ ခု ငါ့မှာ သားလေးတစ်ယောက်ရပြီ။ ငါ့သားလေးက ငယ်ငယ်လေးပဲရှိသေးတယ်။ ငါ့သားကို စိတ်မချဘူး။ ငါ့သားကို ရှင်ပြုပေးချင်သေးတယ်။ ငါ့

သားလေးရှင်ပြုပြီးမှ ပြန်ခဲ့ပါရစေလို့ တောင်းပန်နေတာ တစ်ယောက်မှ လက်မခံဘူး။ စက်ကြိုးသံပေးပြီး ငါ့ကို တစ်ယောက်ပြီးတစ်ယောက်လာခေါ်နေတာ နေ့စဉ်လိုလိုပဲ။ ငါမပြန်ချင်သေးဘူး။ ငါ့ကိုကယ်ပေးပါ။ ညဉ့်နက်သန်းခေါင် ငါထွက်သွားတာသူတို့ခေါ်ရာလိုက်သွားနေရတာ။ သူတို့ခေါ်ရင် ငါ့စိတ်တွေ သတိမရတော့ဘူး။ အဲဒီလို အတိအကျပြောပြတာဗျ ကိုယ့်လူရဲ့”

ကိုသိန်းမင်းထံမှ စကားပြန်စောင့်ရင်း ဆေးလိပ်ဖွာ အကဲခတ်နေမိ၏။ တွေဝေနေသည့်သူ့ဟန်ပန်က ကျွန်တော့်ထံသာ အပြစ်တင်မည့်ပုံ ဖြစ်လေ၏။

“ဒေါ်ရှမ်းက ဒီလောက်အထိပြောနေမှတော့ စိုးရိမ်စရာတောင်ကောင်းနေပြီ။ ဒေါ်ရှမ်းသိုက်ပြန်သွားရင် ခင်ဗျားကလေးတစ်ယောက်နဲ့ဒုက္ခဝေမှာသိသင့်တယ်ဗျ”

ထင်သည့်အတိုင်း အပြစ်တင်ခံရလေ၏။ သူ့ကို အပြစ်မတင်သလို ကျွန်တော့်မျက်နှာအပြုံးမပျက်မိပေ။

“ခင်ဗျားဖြစ်စေချင်တာကရောက်လာမှာပါ။ ကွင်းဆက်မိအောင်လို့ ပြောပြပေးနေတာပါ။ အိမ်နီးချင်းဘေးက မိတ်ဆွေတွေက ကျွန်တော့်မိန်းမကို ဒီလိုထားလို့မဖြစ်တော့ဘူး။ ရွှေဘိုကိုသွား၊ ပယောဂဆရာကောင်းကောင်းရှိတယ်။ နာမည်နဲ့လိပ်စာပါပေးတော့ ရွှေဘိုကိုသွားရတာပေါ့ဗျာ။

“ရွှေဘိုမှာ သူငယ်ချင်းလင်မယား အိမ်မှာတည်း၊ သူတို့ကို လိပ်စာပေးတော့ အဲဒီပယောဂဆရာအိမ် သူတို့လင်မယားလိုက်ပို့အပြီး အိမ်ပြန်သွားကြတယ်။ ဆေးဆရာအိမ်မှာ ဧည့်သည်သုံးယောက် ကြိုတင်ရှိလို့ စောင့်ပေးရတယ်။

သူ့ဘုရားခန်းကို လှေလာကြည့်တော့စုံနေတာပဲဗျ။ ဘုရားတစ်ဆူအပြင် သာသနာပွဲက ငါးပွဲထက်မနည်းဘူး။ ဘိလပ်ရည်၊ အရက်ပုလင်းတွေလည်း စားပွဲတစ်ချပ်အပြည့်။ ပွဲထဲမှာ ငှက်ကြီးတောင်မားနှစ်လက်ကိုတင်ထားတယ်။ အရုပ်တွေလည်းတွေ့တယ်။ ဉာဏ်မမီလို့မသိဘူး။

ဆေးဆရာရဲ့အသက်က (၄၅)နှစ်တမ်းလောက်ပဲ။ အသားညိုညို၊ အရပ်ငါးပေခွဲလောက်၊ ရုပ်ရည်ကပါးချောင်ကျနဲ့ မလှမပဘဲ။ အဝတ်အစားကတော့ သပ်သပ်ရပ်ရပ်မရှိဘူး။ နံဘေးမှာကုလား



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့ အသားညိုညို ပိန်ပိန်ပါးပါး မိန်းမလတ်တစ်ယောက်ကထိုင်လို့။ ဘေးလူတွေအပြောက သူ့မိန်းမပေါ့။ ကလေးတွေတစ်ယောက်မှမတွေ့ဘူး။ ထားတော့။

ရှမ်းမအလှည့်ရောက်လို့ခေါ်တော့ သူ့ဘုရားခန်း ကျွန်တော်ကတွဲပို့။ ရှမ်းမက ကျုံ့ကျုံ့လေးထိုင်။ ဘုရားခန်းကိုသာ ငူငူကြီးကြည့်နေတာ။

ကျွန်တော်က ဆေးဆရာကို ရှမ်းမဖြစ်နေတဲ့ပုံစံပြောခါရှိသေးတယ်။ တန်းငေါက်တော့တာပဲ။ မင်းမပြောနဲ့ ငါသိတယ်။ ငါ့ဆီရောက်ရင် ငါ့တာဝန်တဲ့။

သူနာကို အပ်ဆိုတာနဲ့ သူ့ကို အပ်ရတယ်။ ကျွန်တော်လည်း ကြောက်ကြောက်နဲ့ကြည့်နေနေတုန်း ပမာမခန့်နဲ့ ငါ့ကိုမှတ်သလဲ၊ ခုချက်ချင်း ဘုရားဦးတိုက်စမ်း။ အဲဒီလို အသံပြကြီးနဲ့ အမိန့်ပေးတော့ ဇနီးသည်က မသိသလိုဘဲ ရှိခိုးဖို့နေနေသာသာ ရူးကြောင်ကြောင် ပုံစံအတိုင်းပဲ။ အဲဒီမယ် သူဒေါသထွက်သွားတယ်။ ပွဲထွဲက ဓားတစ်လက်ယူ၊ ဟိုဝင့်ဒီဝင့်ကြိမ်းမောင်းတယ်။ ပါးစပ်ကလည်း တပွတ်ပွတ်ရွတ်တယ်။ ဒီလိုလုပ်နေလည်း ရှမ်းမကနေမြဲပဲ။ ဘာမှမသိဘူး။

ကြာတော့ သူ့ဟာသူ ဟန်ချက်ပြန်ထိန်းတယ်ထင်ပါရဲ့ဗျာ။ ကဲ-ရပြီရပြီ အေး-ဒီလိုမှပေါ့။ နောက်ဒါမျိုးလာမလုပ်နဲ့ကြားလား။ အေး - ကဲ - ပျောက်ပြီး ဆရာနဲ့တွေ့တာ ကံကောင်းတယ်မှတ်ဆိုပြီး ရေတစ်ခွက်တိုက်တယ်။ အပ်ချည်လက်ဖွဲ့ကြိုးတစ်ခုဝတ်ပေးတယ်။ ပြီးတော့ သူက ဆေးကုခမယူဘူးတဲ့။ လက်ဖွဲ့ကြိုးဖိုး (၄၅) ကျပ်သာပေးခဲ့တဲ့။

မျက်လုံးပြူးသူက ကျွန်တော်ပဲ။ အိတ်ကပ်ထဲမှာ အစိတ်တန်နှစ်ရွက်ငွေငါးဆယ်ပဲပါတယ်။ အပိုမရှိတော့ဘူး။ သူ့ကိုပေးလိုက်ရင် ငွေငါးကျပ်ပဲကျန်တော့မှာ။ မသကာ မြို့ထဲက ဆေးရုံဆေးခန်းပြမယ်ဆိုရင် ပိုက်ဆံကမလောက်တော့ဘူး။ ဒါနဲ့ အစိတ်ပဲပါတယ် ဆရာဆိုပြီး တောင်းပန်ပေးတော့ ဘာပြောတယ်မှတ်သလဲ ကိုယ့်လူရဲ့။ ကျန်တဲ့ပိုက်ဆံမှတ်မှတ်ရရလာပေးတဲ့။ ကဲ - ခင်ဗျားဖြစ်စေချင်တဲ့အတိုင်း နာမည်ကြီးပယောဂဆရာဆီ ရှမ်းမသွားကုခဲ့တာပါပဲ ကိုယ့်လူရဲ့"

စကားဖြတ်၍ ဆေးလိပ်အသစ်မီးတို့ဖွာနေမိ၏။ ရှေ့ဆက်မည့်စကားအတွက် မိမိကိုယ်မိမိ ကျိတ်ပြုံးနေမိသေး၏။ ကိုသိန်းမင်း၏ စောဒကအားသိချင်သေး၏။ ထင်သည့်အတိုင်းပင် တန်းဝင်လာ၏။

"အဲဒီမယ်ဒေါ် ရှမ်းရောဂါပျောက်တာမို့လား"

အသံထွက်အောင်ပင် ကျွန်တော် ရယ်မိသေး၏။

"ဘယ်ကလာ၊ ဆေးဆရာအိမ်ကပြန်လို့ ဘူတာလည်းရောက်ရော ဒေါ်ရှမ်းကတစ်ယောက်ယောက်ဝင်ပူးတော့တာဗျာ။ ခန္ဓာကိုယ်ကြီးဟိုယိုင်ဒီယိုင်နဲ့ ဗမာစကားတစ်လုံးမှမပြောဘူး။ ရှမ်းစကားဆန်ဆန်တွေတတွတ်တွတ်ပြောနေတော့တာ။

ဒါနဲ့ ဘူတာပေါ်မှာ လူတွေများတော့ သူငယ်ချင်းအိမ်ပြန်သယ်၊ ပူးတုန်းသူ့စကားလည်းဘယ်သူမှနားမလည်ဘူး။ နောက်ဆုံး သူငယ်ချင်းက ကျွန်တော့်ကို အကြံပေးတယ်။ မင်းမိန်းမက မီးယပ်သွေးကြောင်တာလည်းဖြစ်နိုင်တယ်တဲ့။ သူ့ကိုအရက်ကောင်းကောင်းနှစ်ပက်တိုက်ချင်တယ်ပြောတော့ ကျွန်တော်သဘောတူလိုက်တယ်။

သူငယ်ချင်းက ဘူတာပေါ်တက် အိုးဒဘာရမ်ဒီတစ်ပြားဝယ်၊ ဇနီးသည်ကို နှစ်ပက်လောက်တိုက်ပြီးအိပ်ပျော်သွားရှာတယ်။ ရထားနဲ့ ရွာပြန်တော့ ဇနီးသည်က မနိုးသေးဘူး။ တွဲပေါ်တွဲတင်ခဲ့ရတယ်။ အဲဒါ လက်တွေ့ဆေးကုပေးခဲ့တာပဲဗျ"

"အေးဗျာ၊ စိတ်မကောင်းစရာ။ ဆရာကောင်းမတွေ့တာဘဲဗျ ဆရာစိုးရဲ့"

သူက ဒီလိုပြောတော့ ကျွန်တော့်ဆရာရဲ့အကြောင်းလေး အရိပ်အမြွက်ပြောရပေတော့မည်။

"ဇနီးသည်က သေကံ[illegible]ရောက်သေးလို့ဘဲမှတ်ရမှာပဲ။ အဲဒီ[illegible]ချိန်မှာ ကျွန်တော့်သားလေးတစ်နှစ်[illegible]လာပြီ။ ရောဂါကတော့ ထုံးစံအတိုင်းပဲ မပြောင်းလဲဘူး။ ကယ်တင်ရှင်ကပေါ်လာပြီ။ မိုးကုတ်ကအလည်လာတာ။ ရွာစပ်မှာ တည်းတာ။ နာမည်က မောင်မောင်သန်းတဲ့။ သူရောက်တာနဲ့ ရွာထဲက စုန်းပူး၊ နတ်ပူးတွေကို ဆက်တိုက်ကုပေးရတာ။ သတင်းကြားပေမယ့် ကျွန်တော်မသွားသေးဘူး၊ အကဲခတ်တုန်းပဲ။ ဒီလိုနဲ့ နှစ်လလောက်ကြာတော့ ဘေးကရွာကလူတွေကတောင် သတင်းအရ ပယောဂလာကုကြတာ မနည်းဘူး။ နာမည်ထွက်လာပြီ။ ဆေးကုခမတောင်းဘူး။ သူ့ပညာနဲ့ ပါရမီယူတာပေါ့။ ပွဲထဲမှာ စေတနာကြေးပဲလှူခိုင်းတာ တောသူတောင်သားများတော့ ငါးကျပ်၊ တစ်ဆယ်ပဲ ကန်တော့ကြတယ်ပေါ့။

အဲဒီမှာ ကျွန်တော့် ဒီဆရာကို သွားတွေ့လိုက်တယ်။ မိတ်ဆက်လိုက်တာပေါ့ဗျာ။ သူက ကျွန်တော့်မိန်းမဖြစ်နေတာတွေ အကုန်သိပြီးသား။ တည်းခိုတဲ့အိမ်ကို အကုန်ပြောပြထားတာ။ ကျွန်တော်ကတော့ ဘာမှမသိသေးဘူး။ တစ်ရက်ပြီးတစ်ရက် သူ့ဆီသွားလည်၊ သူဆေးကုတာအကဲခတ်ပေါ့။ ထူးခြားတာတွေ့လာတယ်။ သူဆေးကုတာ သန့်ရှင်းနေတာတွေ့တယ်။

သူနာကို ပယောဂစစ်တဲ့အခါ သူလက်နဲ့မထိ မတို့ဘူး။ သူ့လက်ထဲမှာ ကြားခံတစ်ခုပါတယ်။ ဥပမာ မီးခြစ်၊ ဆေးလိပ်ဘူး၊ ခဲတံ၊ ဘောလ်ပင်၊ ဖောင်တိန်တစ်ခုခုနဲ့ သူနာကိုတို့ထိတာနဲ့ သူ့ဟာသူသိတယ်။ ပြီးရင် ဘာတွေတိုက်ထားတယ်စသည်ဖြင့်ပေါ့။ ကုမယ်ဆိုရင် အုပ်ထိန်းသူခေါ်ခဲ့ပါ။ အိမ်ထောင်ရှင်မိန်းကလေးဆိုရင် လင်ယောကျ်ားအုပ်ထိန်းသူခေါ်ခဲ့ပါ။ စည်းကမ်းတကျပြောကုတာတွေ့တယ်။ တစ်ယောက်တည်းလာကုတဲ့သူကို ပယောဂတောင်စစ်မပေးဘူး သူက ဒီလို ဆရာဗျ။

ကျွန်တော်ကလည်းတစ်ခါအလိမ်ခံထားရတော့ ပစ်မယုံဘူး။ အသေးစိတ်အကဲခတ်နေသေးတာ။ အဲ - အကဲခတ်ရင်း ကြာလေတော်လေပဲဗျာ။ ဒီတုန်းက ဒီဆရာရဲ့အသက် (၂၇) နှစ်။ ကျွန်တော်က (၂၄) နှစ်။ အသက်ငယ်သလောက်တော်နေတာ။ ညည ပုတီးစိပ်တာ (၁၂) နာရီနောက်ပိုင်းမှသိမ်းတာ။ အဲဒါ နေ့တိုင်းပဲဗျာ။ ပြောချင်[illegible]အားကြီးတာနဲ့ စကားကျန်သွားပြီ။ကျွန်တော့်အကြောင်း နည်းနည်းကျန်သွားလို့။ သားလေး တစ်နှစ်နဲ့တစ်လရောက်တော့ ကျွန်တော် အရက်မသောက်တော့ဘူး။ ရွှေဘိုက ဆရာတစ်ဦးဆီမှာ လောကီပညာသင်လိုက်ပြီ။ ဘာမှတော့ရေရေရာရာမသိဘူး။ ဆေးမင်ကြောင်အရုပ်ကလေးတွေ လှတာနဲ့ အဲဒီပညာယူလိုက်တာ။ ပုတီးကောင်းကောင်းမစိပ်ရဲဘူး၊ ကြောက်လို့။ ယူထားတဲ့ပညာလည်းမညံ့ဘူး။ ကောင်းတယ်။ ဇနီးသည်ဖောက်ရင် ကျွန်တော့်အလုပ်က ရေတစ်ခွက်၊ ပန်း၊ ဂါထာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တိုက်လိုက်တယ်။ သက်သာတယ်။ အိပ်ပျော်သွားတယ်။ အရှင်းတော့ လုံးလုံးမပျောက်ဘူး။

ဒီအချိန် မိုးကုတ်က ဆရာနဲ့တွေ့တာပဲ။ ကြာတော့ သူ့ပညာ ကျွန်တော်လိုချင်လာပြီ။ ပညာပေးရင် ယူပါ့မယ်ပြောတော့ သူက ပြောတယ်။ အရင်ပညာရှိနေပြီပဲတဲ့။ လိုသေးလို့လားပေါ့။ ကျွန်တော်ကလည်း လိုတယ်ပြောတော့ သူကသတိပေးတယ်"

မိတ်ဆွေကြီးသည် စကားပြောင်းသွား၍ စပ်စုမေးပြန်၏။

"ဆရာစိုးက နေ့ချင်းညချင်းကို ပြောင်းလဲသွားတာ ဟုတ်ကဲ့လားဗျာ။ အရက်ဖြတ်ပြီးတာနဲ့ တစ်ခါတည်း လောကီပညာသင်လိုက်တာပေါ့ ဒီလိုလား"

"ဟုတ်တယ်ဗျ။ ဆေးမင်ကြောင်လေးတွေ လှတာနဲ့ သဘောကျသွားတာ"

"ဖြစ်ရလေ ဆရာစိုးရယ်၊ အသားနာမှာမကြောက်ဘူးလားဗျ"

"မနာဘူးထင်လို့သင်လိုက်တာ။ တကယ်ဆေးထိုးတော့ အီစလန်ဝေတာပေါ့"

တဟားဟားရယ်သူက မိတ်ဆွေကြီးဖြစ်လေ၏။

"ဆက်ပြောမယ်။ သူ့ဆီက ပညာယူရင် အရင်ဆရာကိုခွင့်တောင်းရမယ်။ သူ့ခွင့်ပြုချက်ယူရမယ်ပြောလာတော့ ကျွန်တော်က အရင်ဆရာကို ခွင့်မတောင်းရဲဘူးပြောတာပေါ့။ ဒါဆို အထက်ပုဂ္ဂိုလ်တွေဆီ အကြောင်းပြုပေးမယ်။ ခွင့်ပြုရင်သင်ပေးမယ်ပြောတော့ ကျွန်တော်ဝမ်းသာသွားတယ်။

နောက်တစ်နေ့မှာ ပုဂ္ဂိုလ်တွေက ခွင့်ပြုတယ်တဲ့။ သူ့ဆီမှာ တတ်သင့်၊ မတတ်သင့်၊ ဆရာကောင်းဟုတ်၊မဟုတ် အရင်စိစစ်ခိုင်းပြန်တယ်။ ကိုယ့်သမာဓိနဲ့ကိုယ်အဖြေရှာဦးတဲ့။

မှတ်မှတ်ရရ ကိုးရက်သက်သက်လွတ် ဥပုသ်ဝင်တယ်။ နောက်ဆုံးနေ့မှာ ထူးခြားတယ်။ ညဘက်အိပ်ပျော်တော့ မန္တလေး မဟာမြတ်မုနိလိုဘုရားကြီးက တည့်တည့်မတ်မတ်၊ သင်ပေးမယ့် ဆရာ့ပုံစံကလည်း တည့်တည့်မတ်မတ် ကျွန်တော့်အနီးရောက်လာတဲ့ပုံတွေ့ရတယ်။ မနက်လင်းတော့ ကျွန်တော်ဝမ်းသာသွားပြီ။ အခိဋ္ဌာန်ပြုထားတာက ဆရာစစ်ဆရာမှန်မဟုတ်ဘူးဆိုရင် ဘုရားနှင့်အတူ ဖောက်ထိုးကြွပါစေသားလို့ သစ္စာဆိုထားလို့ဗျ။ အဲဒီမယ် ဆရာက လိုလိုလားလား ပညာပေးတော့ ဆရာနှစ်ဦးဆီက လောကီပညာသင်ပြီးချိန်ရောက်ပြီ"

ထိုအချိန် မိတ်ဆွေကြီးမှ သိချင်ဇောနှင့်မေးပြန်ပါ၏။

"အဲဒီအချိန် ဒေါ်ရှမ်းကို ဆေးကုပေးလိုက်ပြီလား။ လုပ်စမ်းပါဦးဗျ"

"မကုရသေးဘူး။ ဆရာက ကျွန်တော့်ကို ဘယ်လိုကုမလဲဆိုတာ သိချင်လို့တမင်လွှတ်ပေးထားတာ။ ရှမ်းမဟာ ဘာစွဲညာစွဲရှိတယ်လို့လည်း စကားတောင်မဟဘူး။ ကျွန်တော့်ကိုအကဲစမ်းထားတာ။

ဒီက ပညာတာသင်ထားတာ ဘာမှတိတိကျကျ သိတာမရှိဘူး။ ရှမ်းမက ဟိုတုန်းကလို မကြမ်းတော့ဘူး။ ဆိုလိုတာက ဟိုဟိုဒီဒီတစ်ယောက်တည်း ထွက်မသွားတော့ဘူး။ တစ်ခါတလေ ရှူးကြောင်ကြောင်လောက်ပဲ ဖြစ်တော့တာ။

ကြာတော့ ဘေးက မိတ်ဆွေတွေက ကျွန်တော့်ကိုအားမရတော့ဘူး။ ဆရာ့ဆီအရောက်ပို့တော့တာ။ ဒီကျမှ ဆရာက တဟားဟားရယ်ပြီးတော့ ကိုယ့်မိန်းမ သိုက်ကြီးမဖြတ်တတ်ရမလားရယ်ပေါ့။ တော်တော်အတွဲကောင်လို့ အပြောခံရတယ်။ ဆရာကုပေးလိုက်တော့ အလွယ်ကလေး။ နာရီပိုင်းလေးပဲကြာတယ်။ ဒီကျမှ ကိုယ့်ကိုယ်ကိုယ်သေလိုက်ပါတော့ စိုးမင်းရယ်ပေါ့ဗျာ"

တဟားဟားနှင့်မိတ်ဆွေကြီးရယ်နေတော့၏။ အရယ်ရပ်တာနှင့်မေးပြန်၏။

"ဆရာစိုး၊ စကားစပ်လို့ စာစောကသိချင်တာရှိသေးတယ်။ စက်ကြိုးသံဆိုတာဘယ်လိုဟာမျိုးလဲ[illegible]ပြပါဦး"

"ဒီအသံက ညလူခြေ[illegible]တ်မှအသံပေးတာ။ စက်ကြိုးသံဇနီး[illegible]ည်ကြားရင် အရင်ဦးဆုံး ကျွန်တော့်လက်မောင်းကို တွဲခိုပြီးခေါင်းဝှက်ထားရှာတာ။ အသံကြားတယ်၊ သူတို့လာကြတော့မယ် အစ်ကိုရေ လုပ်ပါဦး၊ ကယ်ပါဦးတဲ့ကြော်ကြော်အော်ရှာတာ။

အစ်ကိုသေချာနားထောင်၊ မကြားဘူးလား ဒါလောက်အကျယ်ကြီး နားတွေပူလှပြီ။ သူကတာတွတ်တွတ်ပြော၊ ကျွန်တော်က နားထောင်၊ အစပိုင်းမှာ ဘာသံမှမကြားရဘူး။ နောက်ပိုင်းမှကြားလာရတာ။ ပုတီးအားလေးကောင်းလာမှသိလာတာဗျ။

စက်ကြိုးသံဆိုတာ ခင်ဗျားတို့ ကျွန်တော်တို့အိမ်က ရေတွင်းရေငင်တဲ့ အခါ မြည်တဲ့အသံမဟုတ်ဘူး။ ချားတွေ၊ ရဟတ်တွေလည်တဲ့အခါမြည်တဲ့အသံ။ တရွဲ့ရွဲ့တရှုပ်ရှုပ်တုန်ခါသံတစ်မျိုးပါပဲ။ သိုက်နန်းကလာတဲ့သူကအသံကျယ်ကျယ်ကြားမှာပဲ။ သူ့ကို သတိပေးတာကိုး"

"အေးဗျာ၊ သူတို့တန်ခိုးကလည်း မသေးဘူးနော်"

"ဘယ်သေးမလဲဗျာ။ သိုက်အဖွဲ့တွေကဆင့်ကဲဆင့်ကဲတန်ခိုးကြီးကြတာ။ အထက်နတ်တွေလို တန်ခိုးထက်တဲ့သူတွေ တစ်ပုံကြီးရှိသေးတယ်"

"ဩော် - အဲဒီလိုတောင်ရှိတာလား"

မိတ်ဆွေကြီးမှာ အံ့ဩမှုပင်ပါလာ၏။

"ရှိတာပေါ့ဗျ။ နောက်ပိုင်း သိုက်ကလာတဲ့သူတွေအတော်များများထိတွေ့ပြီးမှ ကျွန်တော်လည်း အံ့ဩရဖူးတယ်။ သိုက်ချုပ်ဘိုးဘိုးကြီးဆိုရင် အသက်ဘယ်လောက်ကြီးမလဲ။ တန်ခိုးဘယ်လောက်ကြီးမလဲ ဒါသာစဉ်းစားကြည့်။ ကျွန်တော်တောင်ဉာဏ်မမီဘူး"

"ဒါနဲ့ စကားဖြတ်လို့ စောစောက ဒေါ်ရှမ်းကို ခင်ဗျားဆရာကုပုံလေးပြောပြပါဦး။ သိချင်လို့"

မိတ်ဆွေကြီးမေးမည်ကို ကြိုသိသော်လည်း ပြောစရာကျန်မည်စိုး၍ ဆက်ပြောရ၏။

"အဲဒါလည်း နောက်ပိုင်းပြောမယ်။ အခု ဒေါ်ရှမ်းမှာကျန်နေသေးတဲ့ အစောင့်တွေအကြောင်း ပြောချင်သေးတယ်။ နားထောင်မှာမို့လား"

မျက်လုံးပြူး၍ ကြည့်နေပြန်၏။ သူ့အံ့ဩနေသည့်ပုံဖြစ်၏။

"ဘယ်ကအစောင့်တွေပါလာပြန်တာတုန်း ဆရာစိုးရဲ့၊ ရှုပ်လှချေလား"

ကျွန်တော် မပြုံးဘဲမနေနိုင်ပေ။ အပြုံးနှင့်ပြောပြလိုက်၏။

"ဆရာကောင်းနဲ့ ထပ်တွေ့တော့ ပညာပိုတိုးတာပေါ့ဗျာ။ ဒီလိုဗျ ရှမ်းမက သိုက်ကြိုးပြတ်သွားပြီ။ အဲဒီသိုက်က အသံတောင်မပေါ်နိုင်ဘူး။ လူလည်း ကိုယ်ထင်မပြနိုင်တော့ဘူး။ အရှင်းပြတ်တယ်။ သိုက်ကိစ္စမပါဘူး။ ကျွန်တော့်မိန်းမကရှမ်းလေ။ သိုက်ကနာမည်ကြနန်းခင်မြလှိုင် (အမည်မှန်)။ သူက



www.burmeseclassic.com

www.burmeseclassic.com

စော်ဘွားမျိုးမင်းမျိုးမင်းနွယ်တွေဆိုတော့ သူတို့ရိုးရာအလိုက် မွေးတာနဲ့အစောင့်တွေပါလာတယ်။ မွေးရာပါအစောင့်တွေပေါ့။

မိတ်ဆွေကြီးသည် သိချင်ဇောဖြင့် မေးပြန်လေ၏။

"အဲဒီအစောင့်တွေ ခုထိရှိတုန်းပဲလား"

"ရှိတာပေါ့"

"တစ်ယောက်တည်းလား"

"ဘယ်ဟုတ်မလဲ၊ ယောကျ်ားနှစ်ယောက်နဲ့ တိရစ္ဆာန်တစ်ကောင်"

"အဲဒါ ဆရာစိုးသိတာလား"

"ဟင့်အင်း - ဆရာသိတာ"

"ဆရာစိုးက ဘာလို့မသိသေးတာလဲ"

"မသိဆို ပုတီးတောင်စိပ်ခါစပဲရှိသေးတယ်လေ"

"ဪ - ဒါလည်းဟုတ်တာပဲ။ ဆက်ပြောပါဦး ဆရာစိုး"

"ကျွန်တော်စသိတာက ဇနီးသည်ဘုရားရှိခိုးရင် သူ့ခန္ဓာကိုယ်က စကောဝိုင်းလိုယိမ်းနွဲ့နေတာ။ ဘုရားစာရွတ်နေရင်လည်း ဝိုင်းနေတာပဲ။ ဒါကို ဆရာ့ကိုပြောပြလိုက်တာ။

ဆရာက ကိုယ့်ဟာကိုယ်နှင်လိုက်ပေါ့။ အလွယ်လေးပြောလိုက်တာ။ ဒါနဲ့ ကျွန်တော်လည်း တတ်သလောက်နဲ့နှင်တာပေါ့။ (၃) ရက်ကြာတော့လည်း ဒီတိုင်းပဲ မထွက်ဘူး။ ဒါနဲ့ ဆရာ့ဆီသွားမေးတော့ အဖြေကရှင်းသွားတယ်။ မထုတ်တော့နဲ့တဲ့။ နေပလေ့စေတဲ့။ ဒီအတိုင်းသာထားလိုက်တော့။အသေခံမယ့်ဟာတွေတဲ့။ ဘယ်လိုနှင်နှင်ဘယ်လိုရိုက်ရိုက် မသွားနိုင်ဘူးလို့ ဆရာ့ကိုပြောတယ်တဲ့။ ဒါနဲ့ ခုချိန်အထိ ရှမ်းမမှာ အဲဒီအစောင့်တွေရှိတယ်။

ယောကျ်ားနှစ်ယောက်က အသားဖြူဖြူ အရပ်ကတော့သာမန်ပဲ။ အနက်ရောင်ဝမ်းဆက်၊ ရှမ်းဘောင်းဘီ၊ အင်္ကျီခေါင်းပေါင်းဆင်တူပဲ။ နောက်ကျောမှာ ဓားလွယ်နှစ်ချောင်းဆီ ကြက်ခြေခတ်စလွယ်သိုင်းထားတာ။ တိရစ္ဆာန်တစ်ကောင်က သူတို့နံဘေးမှာဝပ်နေတာ။ သေချာကြည့်တော့ ခြသေ့်လိုလိုတိုးနရားခေါင်းလိုလို ကျွန်တော့်အထင် တိုးနရားခြသေ့်ကြီးပဲထင်တာ။ သူမတ်ရပ်ထရင် ကျွဲသာသာအရပ်ရှိတယ်။ စကားဖြတ်လို့ပြောရရင် ရှမ်းမကို သိုက်ကတွင်တွင်ခေါ်တော့ သူ့ရဲ့အစောင့်တွေကလည်း ကူပေးပုံပဲ။ ဒါဆရာပြောပြတာ"

"ဒါဆို အဲဒီအချိန်ထိ ဆရာစိုးက အစောင့်တွေအကြောင်းမသိဘူးပေါ့"

"ဟုတ်တယ် မသိဘူး။ တစ်နှစ်ကျော်မှသိလာတာ"

"ဪ - ဒီလိုကိုး။ စောစောက သိုက်ကြိုးဖြတ်တာပြောဦးလေ ဆရာစိုး"

"ဟုတ်ကဲ့-ပြောမှာပါ။ ကျွန်တော့်အကြောင်းပြောရတော့မှာ။ အချိန်ရတယ်မို့လား"

"ရပါတယ်၊ ညနေစောင်း ရထားနဲ့ပြန်မှာလေ ပြောပါ"

"ကျွန်တော် သိုက်ကလာတဲ့အကြောင်းရယ်၊ ဘဝဟောင်းက သိုက်နန်းရှင် မငွေတောင်အကြောင်းရယ်။ မှတ်မိသလောက်ပြောတော့မယ်"

"ဒါနဲ့ ဆရာစိုးက ဒီဘက်ဇာတိ-မဟုတ်ဘူးနော်"

"ဟုတ်ပါ့ဗျာ၊ ရွှေဘိုသားပေါ့"

"ဒါကြောင့် စကားပြောရင် သတိထားနေတာ ငါးပိသံမပါလို့"

သူ့စကားကြောင့် ကျွန်တော်အံ့ဩသလို ပြုံးမိပါ၏။ ငါးပိသံတဲ့။ မသိလို့မေးရသေး၏။

"ကိုယ့်လူ ငါးပိသံဆိုတာ ဘာကိုပြောတာလဲဗျ။ လုပ်စမ်းပါဦး"

"ဪ -ဒီလိုဗျ၊ ကျွန်တော်တို့ယောသားတွေက စကားပြောရင် လေးလေးပင်ပင်ပြောတတ်တယ်လေ။ မင်းကို မန်း၊ ထမင်းကိုထမန်း၊ ဟင်းကိုဟမ်း ဒီလိုပြောကြလို့ပါ"

ဒီကျမှ အသံထွက်ရယ်ရပါတော့၏။

"ကျွန်တော် သဘောပေါက်ပြီ။ ဒီတစ်နယ်လုံးဒီလိုပဲပြောကြတာ။ ငါးပိသံဆိုတာဒါမျိုးကိုး"

"ကဲ - ဆရာစိုး၊ စကားဆက်ပါဦးဗျ"

"ဟုတ်ကဲ့-ကျွန်တော်အလ[illegible]ပြုတ်လို့ ဒီအရပ်ကခွာတာ (၃) [illegible]မ်ရှိပြီ။ ရွှေဘို၊ ကန့်ဘလူ၊ အင်းတော်၊ မဲဇာ၊ ဗန်းမော်မှာနေသေးတယ်။ တစ်နေရာ နှစ်လ၊ သုံးလပဲ ကြာကြာမနေရဘူး။ သိုက်အဖွဲ့တွေ အံ့လိုက်လိုက်လာတာ မျက်ခြည်အပြတ်မခံဘူး။ ဒါကြောင့် ဒီနေရာပြန်ပြန်ရောက်လာတာ"

ကျွန်တော့်မျက်နှာကို ကြည့်၍ မိတ်ဆွေကြီးအံ့ဩနေပြန်၏။

"ဟား - ဆရာစိုးသိုက်က အဲဒီလိုကြီးလား။ ဆန်းလိုက်တာ"

"ဟုတ်တယ်ဗျ၊ ကျွန်တော်နဲ့ ခင်ဗျားက လာတာချင်းမတူဘူး။ မိန်းမက ရှမ်းသိုက်၊ ခင်ဗျားက ဘီလူးသိုက်၊ ကျွန်တော်ကနဂါးသိုက်။ ကဲ - မဆန်းဘူးလား။ ဒါ (၃) ယောက်ပဲရှိသေးတယ်။ ကျန်တဲ့ သိုက်ကလာတဲ့သူတွေ အများကြီး။ သိုက်ပေါင်းစုံကလာတာပဲဗျ"

မိတ်ဆွေကြီးသည် အံ့ဩရင်းဖြင့် မှင်တက်နေသေး၏။

"ကျွန်တော်နဂါးသိုက်ကလာတာ။ မောင်နှမ (၇) ယောက်ရှိတယ်။ အထက်မှာသုံးယောက်၊ အောက်မှာသုံးယောက်၊ ကျွန်တော်က အလယ်လူ၊ အထက်က အစ်ကို၊ အစ်မတွေလည်းမကြောက်ဘူး။ အောက်က ညီ၊ ညီမတွေလည်းမခန့်ဘူး။ ဂျစ်ကန်ကန်လူစားပေါ့"

မိတ်ဆွေကြီးမှသိချင်တာ ကြားဖြတ်မေးပြန်၏။

"ဆရာစိုး၊ ဒါတွေသိတာဘယ်လောက်ကြာပြီလဲဗျ"

"ရွှေဘိုနယ် အလုပ်ရှိစဉ်က ဘာမှမသိဘူး။ ယောနယ်ရောက်တော့ ၁၉၉၆ ခုမှ စသိလာတာ နှစ် (၂၀)ကျော်ရှိပြီ။

ဒီဘက်ရောက်တော့ အဓိဋ္ဌာန်ဝင် ပုတီးစိပ်မှန်လာတော့ ညညမှာ ထူးဆန်းတာမြင်လာတယ်။ အထူးသဖြင့် အိပ်မက်ထဲမှာပြတာပေါ့။

အရင်ဆုံး စတွေ့တာက ကလေးမြို့မှာ အဓိဋ္ဌာန်ဆက်တိုက်ဝင်နေတော့ တိတိကျကျသိခဲ့ရတာ၊ ကျွန်တော့်အခန်းထဲကို မြွေလေးတစ်ကောင်ဝင်ဝင်လာတယ်။ အဲဒီမြွေက အစိမ်းရောင်၊ ခြေမလောက်အရွယ်ကနေ တဖြည်းဖြည်း ပါးပျဉ်းထောင်လိုက်တာနဲ့ မိန်းကလေး လှလှလေးတန်းဖြစ်သွားတယ်

မင်းသမီးလေးလို အစိမ်းရောင်အဝတ်အစားနဲ့ခေါင်းပေါ်မှာနဂါးဦးသျှောင်ဆောင်းလို့။ မျက်နှာကလည်း လှလှပပ။ ကျွန်တော့်ကို ပြုံးပြုံးကြီးကြည့်ပြီး ဘာစကားမှတော့မပြောဘူး။လစ်ခနဲပျောက်သွားတယ်။ သူ့အရွယ်က အပျိုပေါက်အရွယ်ပဲ။ အဲဒီလို ဝင်လာလိုက်၊ ထွက်သွားလိုက်နဲ့ခဏခဏပြနေတယ်။ သူတို့နဂါးမတွေဆိုတာ ကျွန်တော်သတိထားမိတယ်။ ဒီကတစ်ဆင့် သူတို့တစ်ယောက်ပြီးတစ်ယောက်လာကြတယ်။ အကြီး၊ အငယ်တောင် သူတို့ပြောမှသိရတာ။ (၇) ယောက်အဖွဲ့မှာက နှစ်ယောက်က လူပြည်မှာ။ အစ်ကိုအကြီးဆုံးက



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကြီးဝတ်နဲ့ သာသနာပြုနေတာ။ တစ်ယောက်ကကျွန်တော်ပေါ့။ သိုက်မှာ ကိုလတ်၊ အစ်မတွေ ညီမတွေ၊ မိန်းမသား (၅) ယောက်ပဲကျန်တယ်။ အဲဒါ သူတို့ ပြောပြတာ"

ပါးစပ်အဟောင်းသားနှင့်မိတ်ဆွေကြီး မှင်တက်နေပြန်၏။ စကားတွေဆန်းနေ၍လား သူ့စိတ်ထဲတွင် ဇဝေဇဝါဖြစ်နေပြန်၏။

"ဆရာစိုး ခင်ဗျားစကားတွေက ဆန်းဆန်းလာတယ်။ ဒီလိုပြောနိုင်တဲ့သူ ခပ်ရှားရှားဗျ။ စကားထဲမှာ အစ်ကိုကြီးက ဘုန်းကြီးဝတ်၊ ကြားထဲက ခင်ဗျားက အိမ်ထောင်သည်။ ဟိုမှာလက်ကျန် (၅) ယောက်။ အဲဒီအစ်ကိုကြီးဆိုတဲ့သူကို ဆရာစိုးသိလား"

"ဟုတ်-သိပါတယ်။ သိုက်ကပြောလို့။ အခု အရှေ့ရွာတောင်က ဘုန်းကြီးက အစ်ကိုအကြီးဆုံးပေါ့။ လူအမည်ကတော့ ဦးသန်းညွန့်၊ ဝန်းသိုသား။ အဲဒီမှာ ဆေးဆရာကြီးဘဝနဲ့ အိမ်ထောင်ကျ သားသမီး (၃) ယောက်နဲ့ သူ့အသက် (၅၀) နားမှာ သင်္ကန်းဝတ်၊ ဒီတောင်မှာ သာသနာပြုနေတာ"

သူ့ခမျာ အံ့ဩမှုနှင့်သာငေးနေပါသည်။ အံ့ဩလွန်း၍မေးပြန်သေး၏။

"ဒါဆို ဆရာတော်က သူ့တောင်မှာပဲ သာသနာပြုရတာပေါ့ ဟုတ်တယ်နော်"

"ဟုတ်တယ်ဗျ၊ ဆရာတော်က ကျွန်တော့်ကို ပြောပြတာရှိသေးတယ်။ သူ ကောလင်း ဝန်းသိုနယ်မှာ ဆေးဆရာကြီးလုပ်နေတော့ ဒီကသိုက်ကအဖွဲ့တွေ သူ့ထံရောက်လာတယ်။အိပ်မက်ပေးတယ်။ အဲဒီအထဲက ယခုလက်ရှိ တောင်ပိုင်တောင်စောင့်လုပ်နေတဲ့ ဦးထိန်နီနဲ့ မစိမ်းမြက အဆိုးဆုံးတဲ့။ ညတိုင်းလာနေကြတာတဲ့။ အိပ်မက်လိုတစ်မျိုး၊ ကိုယ်ထင်ပြတာတစ်မျိုးနဲ့ပေါ့"

စီးကရက်ဖွာရင်း၊ လက်ဖက်ရည်သောက်ရင်း စကားရပ်ထားရသည်။ ဆိုင်ထဲသောက်နေကျမိတ်ဆွေတွေသာ အလျှိုလျှိုပြန်သွားသည်။ ကျွန်တော်တို့နှစ်ယောက်နေမြဲ။ ဆိုင်ရှင်လင်မယားနဲ့ ကလေးနှစ်ယောက်က တစေ့တစောင်းနားထောင်နေသေး၏။ ကြားဝင်လာသူမရှိ၍ တော်သေး၏။

"ဆရာစိုး၊ ဆရာတော်က အဲဒီလိုတွေးတော့ ဘာဆက်လုပ်လဲ"

"ဆရာတော်ပြောတာက (၃)ကြိမ်အိပ်မက်ပေးပြီး သူတို့မလာကြတော့ဘူး။ အိပ်မက်ထဲမှာ သူတို့နေတဲ့တောင်ကို ပြပေးတယ်။ ဒီတောင်မှာ သာသနာပြုပေးဖို့ တောင်းဆိုတာ ဒီတောင်ဘယ်နားမှာလဲမေးတော့ ယောချောင်မှာပေါ့။ အိပ်မက်ထဲမှာ တောင်တွေအထပ်ထပ်နဲ့ဆိုတော့ ဒီနေရာဘယ်မှာရှိတာလဲ ဆရာတော်မသိဘူး။ ဆရာတော်ခန့်မှန်းတာက အိန္ဒိယနယ်စပ်ပဲထင်တာပေါ့။ ကောလင်း ဝန်းသိုနယ်နဲ့ ဒီနေရာက အဝေးကြီး။ ဆရာတော် တစ်ခါမှမရောက်ဖူးဘူး၊ မယုံရဲဖူးပေါ့ဗျာ"

"အေးဗျာ - ဒါလည်းဟုတ်တာပဲ။ အဲဒီတော့ ဆရာတော့်အသက်က ဘယ်လောက်လဲ"

"(၄၅) နှစ်ပြည့်ခါနီးရှိသေးတယ်။ မိသားစုနဲ့ ဆေးဆရာလုပ်နေချိန်ပေါ့"

"အဲဒီနောက်ပိုင်း သိုက်က ဆရာတော်ဆီမလာတော့ဘူးပေါ့"

"အိပ်မက် (၃) ခါပေးပြီးတော့ တစ်နှစ်ကျော်ကျော်ကြာမှ အိပ်မက်ပြန်ပေးတာလို့ပြောတယ်။ ဆရာတော်(၄၇) နှစ်ထဲမှာပေါ့။ သူတို့ဆီ မလာမချင်းခေါ်နေတဲ့အချိန်ဖြစ်လာတယ်။ နောက်ဆုံး ဆရာတော်ကြီးဟာ သူတို့ကိုလာမယ့်အကြောင်း ကတိပေးလိုက်ရတယ်။ အဲဒီနှစ်ထဲမှာ ဘိုးသူတော်အဝတ်အစားနဲ့ ဒီတောင်လာခဲ့တာ။ သင်္ကန်းမဝတ်သေးဘူး။ စုံစမ်းတဲ့သဘောပဲရှိသေးတယ်။

ဒီနယ်ရောက်တော့ ပထမဆုံးမှားတာက တောင်ပဲ။ နတ်ချောင်ရွာအရှေ့က ထန်တောင်ကိုအရင်ဆုံးရောက်သွားတာ။ အဲဒီည ထန်ထောင်စောင့်တဲ့ဘီလူးက သူ့တောင်လာရမလားဆိုပြီးကြိမ်းတယ်တဲ့။ တောင်မှားတယ်၊ သွားလို့နှင်ထုတ်တယ်တဲ့။ ထန်တောင်မှာ ဆရာတော်ဟာတစ်ပတ်နေခဲ့သေးတယ်။ အဲဒီကမှ ရွာတောင်ရောက်တာ။ တောင်ပေါ်မှာ လာခေါ်တဲ့သူတွေနဲ့တွေ့ပြီး ဆရာတော် ဝန်းသိုပြန်သွားတယ်။ အသက် (၅၀) ထဲမှာ သင်္ကန်းဝတ်နဲ့ရွာတောင်မှာ သာသနာပြုခဲ့ရှာတာ"

"ရှင်းတယ်ဗျာ၊ ဆရာတော်အကြောင်း ကျွန်တော်ဘာမှကိုမသိတာဗျ။ ဆရာစိုးပြောမှသိရတာ"

"ဒါတောင် ဆရာတော်ဟာ သူ့မိသားစုနဲ့ အတိုက်အခံမနည်းလုပ်ခဲ့ရရှာတာ။ ကိုယ့်လူ သိုက်တလာတာ ကျွန်တော့်ဆရာတော်တောင်ပါလာပြီနော်"

"ဟုတ်ကဲ့ပါဗျာ - ပြောပြတာကျေးဇူးတင်ပါတယ်။ ဒါနဲ့ ဆရာတော်ကြီးလည်းတော်တော်ထက်တယ်နော်"

"ဟုတ်ကဲ့ - ထက်တယ်ဗျ၊ အင်းတွေကိုင်တာ သုံ့ခါတ်ဖြည့်ရင် အင်းနဲ့မဲဖြည့်တာ။ ခဏခဏပြောဖူးတယ်"

"ဒါဆို ဆရာတော့်ဆီက အင်းပညာ ဆရာစိုးရသေးတာပေါ့နော်"

"မရဘူးဗျ။ ပညာညီအစ်ကိုဖြစ်တဲ့ ကလေးက ကိုရွှေခဲတစ်ယောက်ပဲရတာ"

"ဘယ်လိုကြောင့် မရလိုက်တာလဲဗျ"

"မရဆို ဒီတုန်းက ဆရာတော်က သူ့တောင်ပေါ်ခေါ်တာ။ အနည်းဆုံး တစ်လကျော်နေရမယ်။ ကျွန်တော်က အမှုထမ်း၊ ဘယ်လိုမှမလွယ်ဘူး။ ဒါကြောင့်မရလိုက်တာ"

"ဩော်-ဒီလိုကိုး၊ တောင်အောက်ဆင်းတဲ့အခါ အင်းပညာမတောင်းဘူးလား"

"ဘယ်ရမလဲ၊ ဆရာတော့်အနားပရိသတ်တွေနဲ့ စကားတောင်မဟာရဲဘူး"

"အေးဗျာ - ဒါလည်းဟုတ်တာပဲ"

"အင်းပညာမရပေမယ့် ဆရာတော့်ဆီက ပေါက်ဆေးပညာကုန်ရတယ်လေ ကိုယ့်လူရဲ့"

"ဩော်-ဒီလိုလား၊ ဘာပညာတွေလဲ ဆရာစိုးရဲ့။ လုပ်စမ်းပါဦး"

"ဒီဘဝ လူဆရာနှစ်ဦး၊ ရဟန်းဆရာတစ်ဦး ပေါက်ဆေးပညာသင်ခဲ့ရတယ်။ ဆရာ (၃) ဦးစလုံးက ပညာကုန်သင်ပေးလိုက်တာ။ အဲဒီပညာ (၃) ရပ်စလုံး မဟာဂန္ဓာရီပညာစစ်စစ်ပဲ။ အတုအယောင်ထင်ယောင်ထင်မှားမပါဘူး။ သိဒ္ဓိရှင်ဆရာတော်ကြီး သိဒ္ဓိရှင်ဘိုးတော်တွေစောင့်ပေးတယ်။ကူတယ်။သာသနာစောင့် အထက်နတ်ဘိုးသကြားမှအစ နတ်မင်းကြီးတွေ၊ နတ်သမီးကြီးတွေ စောင့်တယ်ကူတယ် အထက်လမ်းပညာစစ်စစ်ပဲ။ ဆရာတော်ဆီက ပညာယူပြီးတာနဲ့ ပေါက်ဆေးပညာကုန်ပြီတဲ့။ လုံလောက်ပြီတဲ့။ ဒါကတော့ ပုဂ္ဂိုလ်တွေ သတိပေးတာ။ ကဲ - ရှင်းရဲ့လား"

မိတ်ဆွေကြီးလည်း ခေါင်းတညိတ်ညိတ်နှင့် ကျွန်တော့်အား အကဲခတ်နေပြန်၏။

(ဆက်ရန်)

စိုးမင်း(မြောက်စည်း-ရွာသစ်)

www.burmeseclassic.com



## ချစ်ဖို့(မော်ကျွန်း)

# ဘဝအဆင့်အတန်း နိမ့်ရာမှမြင့်ရာသို့

လူ့ဘဝသို့ကျွန်ုပ်ရောက်လာသည်မှာ နှစ်ပေါင်း (၆၅) နှစ်တိုင်ရှိခဲ့ပါပြီ။ ကုန်လွန်ခဲ့သည့်နှစ်များအတွင်း 'ငါဘာတွေလုပ်ခဲ့သလဲ၊ ဘယ်သူ့အတွက်လုပ်ခဲ့သလဲ' ဆိုသည်ကို ပြန်လည် သုံးသပ်ကြည့်မိ၏။ ကျွန်ုပ်လုပ်ခဲ့သမျှအတော်များများသည် ကျွန်ုပ်အတွက်မဟုတ်ဘဲ သူများအတွက်လုပ်ခဲ့ရတာတွေကများခဲ့၏။ သူများအတွက်ဆိုသည်မှာ အများသူငါအကျိုးများစေမည့်အလုပ်များကို လုပ်ခဲ့ရသည်ထက် အများက မိမိကို အထင်ကြီးစေဖို့ ကိုယ့်ဘဝကိုနေပေးခဲ့ရသည်ကများခဲ့၏။ လူချင်းယှဉ်လျှင် သူများထက်သာလွန်သော စား၊ ဝတ်၊ နေရေးပြည့်ဝစေဖို့ လူနေမှုအဆင့်အတန်းမြင့်မားစေဖို့ကြိုးစားရင်း နှစ်ပေါင်း (၅၀) လောက်ကုန်လွန်ခဲ့ပြီး နောက်မှ မြတ်ဗုဒ္ဓ၏အဆုံးအမဒေသနာတော်များကို ဆရာသမားများထံမှတစ်ဆင့် နာကြားခွင့်ရခဲ့သည့်အတွက် လူနေမှုအဆင့်အတန်းမြင့်ဖို့ထက် ဘဝအဆင့်အတန်းမြင့်အောင်ကြိုးစားအားထုတ်ရန် ပို၍အရေးကြီးကြောင်း သဘောပေါက်ခဲ့ပါသည်။

လူနေမှုအဆင့်အတန်းမြင့်မားဖို့ အထူးတလည်သင်ယူရန်မလိုဘဲ လူ့မှန်းသိတတ်သည့်အရွယ်မှစ၍ လူမှုပတ်ဝန်းကျင်ထံကနေ့အလိုလိုသင်ယူမိပြီးဖြစ်နေ၏။ ဘဝအဆင့်မြင့်ဖို့ရန်မှာ ဆရာကောင်းထံနည်းနာခံပြီး ဦးနှောက်နှင့်သာမက နှလုံးသားနှင့်ပါ ကြိုးစားသင်ယူမှသာ တတ်မြောက်မည်ဖြစ်ပါသည်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ ဟူသော အာရုံငါးပါးအပေါ် မည်သည့်အတိုင်းအတာအထိ ခံစားရယူနိုင်သလဲ ဆိုသော ပေတံဖြင့် လူနေမှုအဆင့်အတန်းကို တိုင်းတာနိုင်ပါသည်။ များများခံစားနိုင်လေ လူနေမှုအဆင့်မြင့်မားလေဟု သတ်မှတ်ကြ၏။ ဘဝအဆင့်အတန်းကိုမူ သီလ ဟူသော အကျင့်စာရိတ္တ၊ သမာဓိ ဟူသော စိတ်နေစိတ်ထား၊ ပညာ ဟူသော အသိဉာဏ်ဖြင့် တိုင်းတာရမည် ဖြစ်ပါသည်။

လူ့အချင်းချင်း ဆက်ဆံရာတွင် လူနေမှုအဆင့်အတန်းကိုကြည့်ပြီးတော့ ဆက်ဆံသည်ကများကြ၏။ အဓိကအရေးကြီးသော ဘဝအဆင့်အတန်းကိုမူ မျက်ကွယ်ပြုနေကြ၏။ လူနေမှုအဆင့်အတန်းသည် ထင်သာမြင်သာရှိပြီး ကြိုးစားရသည်မှာ မခက်ခဲသော်လည်း ဘဝအဆင့်အတန်းဖြစ်သည့် သီလ၊ သမာဓိ ပညာမြင့်မားဖို့ ကြိုးစားရသည်မှာ ထင်သလောက်မလွယ်ကူပေ။ သီလ၊ သမာဓိ၊ ပညာ မြင့်မားလာလေ သဘောထားကြီးလာလေ ဖြစ်၏။ သဘောထားကြီးလာသည်နှင့်အမျှ မိမိနှင့်မတူ အယူအဆကွဲပြားသော်လည်း လေးစားစွာ ဆက်ဆံနိုင်သည့်အတွက် ဆက်ဆံရေးချောမွေ့လာ၏။ ခွင့်လွှတ်နိုင်၊ သည်းခံနိုင်၊ နားလည်နိုင်သည့် အရည်အချင်းများမြင့်တက်လာသဖြင့်လည်း ဘဝအဆင့်မြင့်တက်လာခြင်း ဖြစ်၏။ လက်ရှိဘဝသည် ကြာလေမြင့်လေဖြစ်ပြီး သံသရာခရီးလျှောက်လှမ်းရာမှာလည်း ဘဝအဆင့်မြင့်သူတစ်ဦးအဖြစ်လျှောက်လှမ်းရမည်ဖြစ်ပေသည်။

'ဘဝဆိုသည်မှာ စိတ်နေစိတ်ထားနှင့်တန်သလိုဖြစ်ကြရသည်' ဟူသော ဆိုရိုးစကားရှိရာ စိတ်နေစိတ်ထားဟူသည် အသိဉာဏ်ပညာကို အဓိကဆိုလိုရင်း ဖြစ်၏။ လောကတွင်ရှိကြသော သတ္တဝါအမျိုးမျိုးသည် ပုံပန်းသဏ္ဌာန်မတူညီကြသကဲ့သို့ စိတ်နေစိတ်ထားလည်း မတူညီကြပေ။ ပုံသဏ္ဌာန်တူညီကြသည့်တိုင် စိတ်နေစိတ်ထားကွဲပြားသည့်အလျောက် ဘဝအခြေအနေ၊ အဆင့်အတန်းလည်း ခြားနားကြရ၏။ အတိတ်ကံအစွမ်းသတ္တိကြောင့် လူပုံသဏ္ဌာန်ခန္ဓာကိုယ်ကို ရရှိလာကြသော်လည်း ဥတုနှင့်အာဟာရအထောက်အပံ့ကွာခြားသည်နှင့်အမျှ ဟန်ပန်အမူအရာ၊ ကြန်အင်လက္ခဏာများကွာခြားကြရ၏။ ဥတုနှင့်အာဟာရသည် ပြင်ပအထောက်အပံ့များဖြစ်ကြ၏။ အတွင်းအထောက်အပံ့ဖြစ်သော စိတ်ဓာတ်နှင့်တကွ အသိပညာ၊ အကျင့်စာရိတ္တ၊ မေတ္တာ၊ ကရုဏာ



www.burmeseclassic.com

www.burmeseclassic.com

စသည့် စိတ်ခွန်အားမြင့်မားလာမှသာ ဘဝတန်ဖိုးမြင့်တက်လာမှာဖြစ်ပေသည်။ မြင့်မြတ်သောစိတ်ဓာတ်နှင့် အသိဉာဏ် ပညာချို့တဲ့နေလျှင် နိမ့်ကျသည့်ဘဝ၊ မအေးချမ်းသည့်ဘဝမျိုးကိုသာ ပိုင်ဆိုင်နိုင်မှာဖြစ်၏။ လူတစ်ယောက်တွင် ရှုပ်ပိုင်းဆိုင်ရာလိုအပ်ချက်ထိုက်သင့်သမျှရှိကြရမည်ဖြစ်သော်လည်း သင့်တင့်လျောက်ပတ်စွာ ပြည့်စုံပြီဆိုလျှင် စိတ်ဓာတ်နှင့် အသိဉာဏ်ကိုမြင့်တင်ဖို့ ကြိုးစားကြရပေမည်။ စိတ်ဓာတ်နှင့် အသိဉာဏ်ကိုမြင့်တက်လာလေ အဓိပ္ပာယ်ရှိသောဘဝ၊ အနှစ်သာရပြည့်ဝသောဘဝ၊ နက်နဲသောဘဝကို ရရှိပိုင်ဆိုင်လေ ဖြစ်ပေသည်။

အာရုံငါးပါးဖြင့် ခံစားသိမြင်ရသော ပြင်ပလောကအကြောင်းအရာများကို မြင်သိနိုင်ဖို့ မခဲယဉ်းသော်လည်း အတွင်းလောကဖြစ်သော မိမိစိတ်အစဉ်ကို မြင်သိနိုင်ဖို့က ပို၍ခဲယဉ်း၏။ မိမိစိတ်အစဉ်ကိုစောင့်ကြည့်ခြင်းဖြင့် သိမြင်လိုက်ရသည့် အသိအမြင်က ဆန်းကြယ်သကဲ့သို့ ပိုပြီးနက်နဲသိမ်မွေ့၏။ တစ်စုံတစ်ဦးက ပြော၍မြင်သည်မဟုတ်ဘဲ မိမိကိုယ်တိုင် ကြည့်မြင်နိုင်သော အလေ့အကျင့်ပေါ် မူတည်ပြီးမြင်သိခြင်း ဖြစ်၏။ ကြည့်ပုံကြည့်နည်းများကို ဗုဒ္ဓဘုရားရှင်မှတစ်ဆင့် တပည့်သာဝကများတို့က နည်းလမ်းအဖုံဖုံဖြင့် ဟောပြောပြသဆုံးမထားပြီး ဖြစ်ပါသည်။ မိမိတို့၏ စိတ်အခြေအနေအဆင့်ပေါ် မူတည်ပြီး လက်ခံနိုင်သမျှ၊ ထိုက်တန်သမျှကိုသာ နားလည်နိုင်မှာဖြစ်ပေသည်။ စိတ်ဓာတ်နှင့် အသိဉာဏ်မြင့်မားလာသည်နှင့်အမျှ ပိုမိုပြီးနက်နဲသိမ်မွေ့လာသလို ဘဝအဆင့်အတန်းလည်း ကွာခြားကြရ၏။

အကြောင်းအရာတစ်ခုအပေါ်၌ အာရုံငါးပါးဖြင့် ခံစားသိမြင်ပြီးတော့ ကောက်ချက်ချခြင်းသည် ရာခိုင်နှုန်းပြည့်မမှန်နိုင်ပေ။ ဉာဏစက္ခုဖြစ်သော အသိဉာဏ်ဖြင့် အဓိပ္ပာယ်ကိုဖော်ထုတ်ပြီး ဆုံးဖြတ်နိုင်မှသာ အမှန်တရားကို ရရှိနိုင်မှာ ဖြစ်၏။ အမှန်ကို အမှန်အတိုင်း၊ အမှားကိုအမှားအတိုင်း ဉာဏ်ဖြင့်သိမြင်နိုင်ရန် သီလ၊ သမာဓိ၊ ပညာအားကောင်းလာအောင် ကြိုးစားကြရပါမည်။ ယင်းကုသိုလ်တရားများအားကောင်းလာသည်နှင့်အမျှ လောဘ၊ ဒေါသ၊ မောဟ၊ မာန အစရှိသော ကိလေသာအညစ်အကြေးများလျော့နည်းလာမည်ဖြစ်၏။ အဆင့်တစ်ခုသို့ရောက်ရှိလျှင် ထိုအညစ်အကြေးများ လုံးဝကင်းစင်သွားမည် ဖြစ်ပါသည်။

ဤကဲ့သို့သော အခြေအနေသို့ ရောက်ရှိသွားသော စိတ်အစဉ်သည် အလွန်တရာ မြင့်မြတ်ပြီး ချမ်းသာနေသဖြင့် အဆင့်မြင့်သောဘဝကို ပိုင်ဆိုင်သူဟု သတ်မှတ်နိုင်ပေသည်။ လောကတွင် ဘဝအဆင့်အတန်းအမြင့်မားဆုံး၊ အမြတ်ဆုံး၊ အသာဆုံးပုဂ္ဂိုလ်ဆိုသည်မှာ မြတ်ဗုဒ္ဓပင် ဖြစ်ပေ၏။ တစ်ဆင့်နိမ့်ပုဂ္ဂိုလ်များမှာ ရဟန္တာအရှင်သူမြတ်များ၊ အနာဂါမ်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်နှင့် သောတာပန်ပုဂ္ဂိုလ်များပင် ဖြစ်ကြ၏။ ဤပုဂ္ဂိုလ်များကို အရိယာအရှင်သူမြတ်များဟု လည်းကောင်း၊ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များဟူ၍လည်းကောင်း ခေါ်ဆိုကြ၏။ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်စာရင်းဝင်စေရန် ဝိဇ္ဇာဆိုသော အသိဉာဏ်နှင့် စရဏဆိုသောအကျင့်ကို ပြည့်စုံအောင်ဖြည့်ကျင့်ရမည် ဖြစ်၏။ ဝိဇ္ဇာနှင့် စရဏကို ဗုဒ္ဓကျေနပ်တော်မူသောအဆင့်အထိ အောင်မြင်အောင်ဖြည့်ကျင့်ပြီးသောသူသည် သာသနာတော်၌ ထောက်တည်ရာရသွားပြီဖြစ်၍ ဘဝအဆင့်အတန်းမြင့်သော ပုဂ္ဂိုလ်စာရင်းတွင် မှတ်တမ်းဝင်သွားပြီး မိမိနှင့်တကွ လောကကြီးအားများစွာသောအကျိုးကိုပြုလိုက်ပြီးဖြစ်ပေတော့သည်။

ဤကဲ့သို့ အရည်အချင်းများနှင့် ပြည့်စုံစေရန် မိမိစိတ်ကိုမိမိသိနိုင်အောင် ဦးစွာပထမကြိုးစားရမည် ဖြစ်၏။ မိမိစိတ်ကိုမိမိသိမြင်နိုင်ခြင်းဟူသောစွမ်းရည်သည် လူသား၌ရှိသော ထူးခြားသည့် ဂုဏ်ထူးဝိသေသ ဖြစ်၏။ အခြားသော အဆင့်နိမ့်သတ္တဝါများတွင် ဤအရည်အချင်းမျိုးမရှိကြပေ။ မိမိစိတ်ကို မိမိမသိမြင်နိုင်လျှင် ထိုထက်ပို၍ အဆင့်မြင့်မြင့် သိနိုင်ဖို့ရန်မဖြစ်နိုင်တော့ပေ။ သို့အတွက် သတိအားကောင်းအောင်လေ့ကျင့်ကြရပါမည်။ သတိဆိုသည်မှာ အကု[illegible]အသတ်မရှိသောစွမ်းရည်သတ္တိဖြစ်၏။ [illegible]ပုဂ္ဂိုလ်ထူးဆိုသည်မှာ တရားထူးကိုရထားသူများ ဖြစ်၏။ တရားထူးဆိုသည်မှာ အသိထူးဖြင့်သိမြင်ခြင်းဖြစ်၏။ မည်သည့်အပေါ်တွင်သိနေသနည်းဆိုသော် ခန္ဓာအပေါ်တွင် သတိ၊ သမာဓိ၊ ပညာအားကောင်းစွာဖြင့်ကြည့်၍သိမြင်လာသောအသိထူး ဖြစ်ပါ၏။ သို့အတွက် မိမိစိတ်ကိုတည်ငြိမ်အောင်၊ အေးချမ်းအောင် သတိ၊ သမာဓိဖြင့် စတင်လေ့ကျင့်ရပါမည်။ သီလလည်းပါရမည်ဖြစ်ပါသည်။ သီလကို အခြေခံမှသာ မလုပ်သင့်သည်ကို မလုပ်မိအောင်ထိန်းသိမ်းထားပြီး ဖြစ်၏။ သတိ၊ သမာဓိ၊ ပညာအားကောင်းလာသူသည် အခြေအနေနှင့် အချိန်အခါ မည်သို့ပင် ပြောင်းလဲသည်ဖြစ်စေ လိုက်ပါပြောင်းလဲခြင်းမရှိတော့ပေ။ ခိုင်မာသော၊ ပြတ်သားသော ဦးတည်ချက် ပန်းတိုင်ရှိနေသဖြင့် ပြင်ပမှ အင်အားတစ်စုံတစ်ရာ၏လွှမ်းမိုးချုပ်ချယ်မှုကိုမခံရတော့သဖြင့် လောကမှလွတ်မြောက်သောသူ ဖြစ်နေ၏။

သာမန်လူများ၏စိတ်တွင် အာရုံအမျိုးမျိုးဖြင့် ရှုပ်ထွေးပြည့်ကျပ်နေတတ်၏။ သတိ၊ သမာဓိရှိသူ၏ စိတ်သည် ရှင်းလင်းနေ၏၊ လင်းနေ၏၊ ကြည်နေ၏။ တစ်စုံတစ်ရာသော အပြောင်းအလဲ နှောင့်ယှက်မှုကြုံတွေ့သည့်အခါ ပူလောင်လာလျှင် ပူလောင်မှန်းသိလိုက်၏။ ယင်းအပူဒဏ်ကို မခံလို၊ မခံနိုင်သည့်အတွက် အမှတ်သတိဖြင့် ရှုမှတ်ပြီးရှင်းလိုက်၏။ အလေ့အကျင့်များလာပါက ကြာရှည်စွာ မရှုမှတ်ရဘဲ ရှင်းသွားအောင်၊ အေးသွားအောင်ကြိုးစားနိုင်ပါသည်။ ဖော်ပြပါအချက်များကို မသိနားမလည်ပါက ပူသည်ကိုပင် ပူမှန်းမသိဘဲ ပူလာသောအပူကို တိုးသည်ထက်တိုးအောင်လုပ်မိသည့်အတွက် မိမိနှင့်တကွ ပတ်ဝန်းကျင်ကို လောင်မြိုက်စေပါသည်။ သို့အတွက် တစ်လောကလုံး ငြိမ်းအေးစေဖို့ချမ်းသာစေဖို့ မိမိကိုယ်တိုင် ငြိမ်းအေးအောင် ဦးစွာကြိုးစားရမည် ဖြစ်ပါသည်။

ပြင်ပမှအပူထက် အတွင်းမှအပူကို ငြိမ်းအေးအောင် ကြိုးစားနိုင်လေ ဘဝအဆင့်မြင့်လေ ဖြစ်ပါသည်။ ပြင်ပဆိုသည်မှာ မိမိနှင့်များစွာမသက်ဆိုင်ပါ။ မိမိနှင့်အနီးကပ်ဆုံး သွားလေရာ အမြဲပါသည်မှာ မိမိ၏ အတွင်းသန္တာန်တွင်ရှိနေသော စိတ်ဓာတ်နှင့် အသိဉာဏ်ဖြစ်ပါသည်။ သို့အတွက် ကျွန်ုပ်တို့၏ ဘဝအဆင့်မြင့်တက်စေဖို့၊ စိတ်ဓာတ်နှင့် အသိဉာဏ်ကောင်းများ ပိုင်ဆိုင်စေဖို့ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော သီလ၊ သမာဓိ၊ ပညာဟူသည့် သိက္ခာ (၃) ရပ် အကျင့်မြတ်ကို မြတ်သည်ထက်မြတ်၊ မြင့်သည်ထက်မြင့်အောင်ကြိုးစားကြပါစို့ဟု ဆန္ဒပြုလိုက်ရပေသည်။

*ဘဝအဆင့်မြင့်တက်ကြပါစေ*

**ချစ်ဗို (မော်ကျွန်း)**



www.burmeseclassic.com

www.burmeseclassic.com



# ရွှေနှယ်ရိုး

## သနပ်ခါးဘုန်းကြီး

ပုံတောင်၏ အရှေ့ဘက် မလှမ်းမကမ်း ပုလဲ - ဂန့်ဂေါလမ်းဘေးတွင် ပိတောက်မြိုင်ခေါ် ထင်ရှားကျော်ကြားသောရွာကြီးတစ်ရွာရှိသည်။ ထိုရွာ၏ အဓိကထွက်ကုန်မှာ သနပ်ခါးဖြစ်သည်။ ပုံတောင်သနပ်ခါးဟု လူသိများသည်။

သို့ရာတွင် ပိတောက်မြိုင်ရွာမှာ ပုံတောင်သနပ်ခါးကြောင့် ထင်ပေါ်ကျော်ကြားခြင်း မဟုတ်။ ပိတောက်မြိုင်ရွာ ရွာဦးကျောင်းဆရာတော်ဖြစ်သော ဦးဓမ္မသာမိကိုအကြောင်းပြု၍ လူသိများကျော်ကြားနေခြင်းဖြစ်၏။ ဆရာတော်မှာ သိက္ခာတော် (ဝါတော်) မကြီးမားလှသေးသော်လည်း ဆရာတော်၏ ပဋိပတ္တိဂုဏ်သတင်းမှာမူ ပုံတောင်တစ်ဝိုက်တွင် သင်းပျံ့မွှေးကြိုင်နေသည်။ အထူးသဖြင့် မေတ္တာဘာဝနာတွင် ပေါက်မြောက်အောင်မြင်သည်ဟု ကျော်ကြားသည်။ ဆရာတော်၏ မေတ္တာဘာဝနာစွမ်းအားကြောင့် ပိတောက်မြိုင်နှင့်ရွာဦးချုပ်စပ်ရွာများမှာ ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများနှင့် အခြားကူးစက်ရောဂါများ၊ ရောဂါဆိုးများမဖြစ်ပွားဘဲ ကျန်းမာရေးကောင်းမွန်ကြသည်ဟု အများက ယုံကြည်ကြသည်။

ရွာဦးကျောင်းဆရာတော်ကြီးမှာ လက်ထောက်ဦးပဉ္စင်း၊ ကိုရင်၊ ကျောင်းသား ဟူ၍မရှိ။ ကပ္ပိယအဘိုးအိုတစ်ဦးသာရှိသည်။ ထို့ကြောင့် ရွာဦးကျောင်းမှာ များသောအားဖြင့် တိတ်ဆိတ်ငြိမ်သက်နေလေ့ရှိသည်။ သို့ရာတွင် ဥပုသ်နေ့များ၊ အခါကြီးရက်ကြီးနေ့များတွင်မူ ရွာဦးချုပ်စပ်မှ ဥပုသ်သည်များဖြင့် စည်ကားနေတတ်သည်။ ဥပုသ်သည်များကို ပိတောက်မြိုင်ရွာသားများက ဆေး၊ ကွမ်း၊ လက်ဖက်၊ မုန့်ပဲသရေစာ၊ ရေနွေးကြမ်းတို့ဖြင့် ဧည့်ခံကျွေးမွေးလေ့ရှိကြသည်။ ဧည့်ခံကျွေးမွေးရင်း၊ ရွာဦးကျောင်းဆရာတော်၏ မေတ္တာဘာဝနာစွမ်းအားကြီးမားပုံကို ပြောဆိုဂုဏ်ယူလေ့ရှိကြသည်။

ယခုလည်း ရွာသားကြီးတစ်ဦးက ရွာဦးကျောင်းဆရာတော်၏ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာဂုဏ်တို့ကို ထုတ်ဖော် ပြောပြ ဧည့်ခံနေသည်။

ဥပုသ်စောင့်လာသော ပေတောရွာသား ကိုတက်တူမှာ နားရှိ၍သာ ကြားနေရသော်လည်း စိတ်မဝင်စား။ ရွာဦးကျောင်းခေါင်းရင်းရှိ သနပ်ခါးခင်းဆီသို့သာစိတ်ရောက်နေ၏။ ပြတင်းပေါက်မှနေ၍ သနပ်ခါးခင်းဆီသို့ မကြာခဏ လှမ်းကြည့်မိသည်။

သနပ်ခါးများမှာ ပုံတောင်သနပ်ခါးမျိုးကောင်းမျိုးသန့်များဖြစ်ပြီး အနည်းဆုံး အပင်ရေ ငါးရာခန့်ရှိမည်ဟု ခန့်မှန်းမိသည်။ လုံးပတ်မှာ အတုတ်ကြီးမဟုတ်ပြားသော်လည်း အရောင်ကောင်း၊ အပွေးကောင်းသုံးထပ်ပွေးများဖြစ်သည်။ သနပ်ခါးခင်းကိုကာရံထားသောဝင်းထရံမှာလည်းဟောင်းနွမ်းနေပြီး အချို့နေရာများတွင် ခွေးဝင်ပေါက်များဖြစ်နေသည်ကိုပင် လှမ်းမြင်နေရသည်။ သနပ်ခါးခင်းကိုကြည့်ကာ ကိုတက်တူစိတ်ထဲတွင် သွားရည်ကျနေသည်။

ကိုတက်တူကား ပိတောက်မြိုင်ရွာသားမဟုတ်။ ပိတောက်မြိုင်နှင့် သုံးမိုင်ခန့်ဝေးသော ပေတောရွာသားကလေးနှစ်ယောက်ဖခင် အားကောင်းမောင်းသန်အရွယ် ဖြစ်သည်။ ပုံတောင်တစ်ဝိုက်မှ သနပ်ခါးခင်းများကို လှည့်လည်ဝယ်ယူကာ မြန်မာပြည်အနှံ့ အုပ်စုလိုက် လှည့်ပတ်ရောင်းချနေသော သနပ်ခါးသည်တစ်ယောက် ဖြစ်သည်။

ကိုတက်တူ နယ်လှည့်ဝယ်ယူလာသော သနပ်ခါးချောင်းများကိုကြည့်ကာ ဘဝတူသူငယ်ချင်းများက အားကျနေကြသည်။ သနပ်ခါးချောင်းများမှာ လှူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်နီးပါးရှည်လျားပြီး ပင်စည်မှာ အတုတ်ကြီးမဟုတ်ငြားပေမယ့် ကိုင်ကောင်းရုံသွေးကောင်းရုံ လက်တစ်ဆုပ်သာသာမျှသာရှိသော်လည်း သုံးထပ်မွေး အရောင်ကောင်းအကျစ်သားများဖြစ်သည်။ စင်ကြယ်သန့်ရှင်းသွားအောင်ရေဆေးပြီး၊ ဘရစ်ခ်ျ (Brush) နုနုဖြင့်ပွတ်လိုက်၊ သွားပွတ်တံချောချောလေးဖြင့် မြေဝါရောင်ဆေးမှုန့်ရည်လေးခပ်ပါးပါးလိမ်းခြယ်၊ သနပ်ခါးရေကျဲလေးပက်ဖျန်း စသဖြင့် အဆင့်ဆင့်ပြုပြင်မွမ်းမံခြယ်သလိုက်မည်ဆိုပါက စသဖြင့် တွေးတောကာ အားကျနေကြလေသည်။

သို့ရာတွင် နောက်တစ်နေ့နံနက်စောစော သူငယ်ချင်းတစ်စု သနပ်ခါးအရောင်းထွက်ကြသောအခါတွင်ကား ကိုတက်တူမှာ ရုတ်တရက် နေထိုင်မကောင်းဖြစ်၍ လိုက်ပါနိုင်ခြင်းမရှိတော့။ သနပ်ခါးပင်များကို မွမ်းမံခြယ်သပြီး ညအိပ်ချိန်အရောက်တွင် ကိုတက်တူမှာ ကောင်းစွာမအိပ်နိုင်တော့ဘဲ 'ကြောက်တယ်၊ ကြောက်တယ်' ဟုအော်ကာ မကြာခဏလန့်၍လန့်၍နိုးလာပြီး စိတ်ကယောင်ချောက်ချားဖြစ်လျက် အိပ်ခန်းထဲတွင် ဟိုထောင့်ပြေးကပ်လိုက်၊ သည်ထောင့်ပြေးကပ်လိုက်၊ ခုတင်အောက်ဝင်ပုန်းလိုက်၊ ထုပ်တန်းပေါ်တက်လိုက်၊ ဆင်းလိုက်၊ အိပ်ခန်းထဲမှ အလန့်တကြားပြေးထွက်ကာ အိမ်သာထဲဝင်ပုန်းလိုက်၊ မီးဖိုချောင်ထဲကပ်နေလိုက်နှင့် ဂနာမငြိမ်ဖြစ်နေသည်။ မျက်စိကြည့်ပုံမှာလည်း ကြွန့်မရတော့ဘဲ ကလိန်းကလက်ဖြစ်နေသည်။ တစ်စုံတစ်ရာကို ကြောက်လန့်တကြားဖြစ်နေပုံရသည်။

ဖခင်ကြီးဦးညိုတုတ်မှာ သားဖြစ်သူကိုကြည့်ကာ စိတ်လက်မသာဖြစ်နေသည်။ နယ်လှည့်သနပ်ခါးဝယ်ရင်းပြုစားခံရခြင်းပေလော။ တစ်စုံတစ်ခု မတော်တရော်ပြုမိ၍ တောပိုင်၊ တောင်ပိုင်များ၊ ဘုမ္မစိုး၊ ရုက္ခစိုးများက ဖမ်းစားခြင်းပေ



www.burmeseclassic.com

www.burmeseclassic.com

လော စသည်ဖြင့် လောပေါင်းများစွာ ရောက်တတ်ရာရာ တွေးတောပြီး ပူပန်နေသည်။ ဤသို့ဖြင့် တစ်ပတ်ခန့်ကြာအောင် သားဖြစ်သူကို အရိပ်အခြည်ကြည့်၍ စောင့်ရှောက်နေရသဖြင့် အအိပ်ပျက်အစားပျက်ဖြစ်နေရှာသည်။

တစ်နေ့ နေလယ်ပိုင်းတွင် မေးခန်အိပ်ပျော်သွားခိုက် မြေးအကြီးက လှုပ်နှိုးသဖြင့် ဦးညိုတုတ် တသမ်းသမ်း တဝေဝေနှင့် အိပ်ရေးမဝဘဲထလိုက်ရသည်။ ရွာဦးကျောင်းဆရာတော်က ကျောင်းသို့အမြန်လာခဲ့ရန် ခေါ်သည်ဟု ဆိုပါသည်။ သို့ဖြင့် ဦးညိုတုတ်တစ်ယောက် ပေတောရွာ ရွာဦးကျောင်းဆရာတော် ဦးသီရိန္ဒရှေ့မှောက်ရောက်ရှိလာခဲ့ရပါသည်။ ဆရာတော်က သူ၏အိပ်မက်ကိုပြောပြပါသည်။

အိပ်မက်ထဲတွင် သန်မာထွားကျိုင်းသော ငရဲသားကြီးတစ်ယောက်က ကိုတက်တူကို အပြေးအလွှားလိုက်ဖမ်းနေသည်။ ကိုတက်တူက သနပ်ခါးစည်းကြီးကိုထမ်းကာ လှည့်ပတ်ပြေးလွှားနေသည်။ ကိုတက်တူမှာ လွန်စွာကြောက်လန့်နေပုံရပြီး အလွန်မောပန်းနေဟန်တူသည်။ အတန်ကြာလျှင် ခြေကုန်လက်ပန်းကျကာ ငရဲသားကြီးလက်တွင်း သက်ဆင်းကျရောက်ရပေတော့မည်။

ဤတွင် ဆရာတော်က အမြန်ပြေးသွားပြီး လက်နှစ်ဖက်ကို ဆန့်တန်းကာ ငရဲသားကြီးကို တားဆီးထားလိုက်သည်။ ထို့နောက် အကျိုးအကြောင်းကို မေးမြန်းကြည့်ရာ ပိတောက်မြိုင်ရွာ ရွာဦးကျောင်းသနပ်ခါးခင်းမှ သနပ်ခါးများကို ခိုးယူသွားသော ကိုတက်တူကို အမိဖမ်းလျက် အရှင်လတ်လတ်ငရဲပြည်သို့ ခေါ်ဆောင်ခဲ့ရန် ငရဲမင်းကြီးကစေခိုင်းလိုက်သောကြောင့် လိုက်လံဖမ်းဆီးနေခြင်းဖြစ်ကြောင်း လျှောက်ထားပြီး ငရဲသားကြီးလည်း ပျောက်ကွယ်သွားကာ ဆရာတော်လည်း ကျိန်းစက်ရာမှ လန့်နိုးလာရသည်။

ဆရာတော်၏အိပ်မက်ကိုကြားနာရပြီးနောက် ကိုတက်တူမှာ ဝမ်းနည်းပူဆွေးနေပြီး ဘာမှမလုပ်တတ်မကိုင်တတ်ဖြစ်ကာ တွေဝေငေးငိုင်နေသည်။ ထိုအခါ ဆရာတော်က အကြံပေးသဖြင့် ဆရာတော်စီမံရာနာခံပါမည်ပါဆိုကာ အိမ်သို့ပြန်လာခဲ့ပါတော့သည်။

အင်ကြင်းမြိုင်ဆရာတော်၊ ပေတောရွာဆရာတော်နှင့် အာဂန္တုဆရာတော်တစ်ပါးတို့သည် ပေတောရွာရွာဦးကျောင်းမှ ရွာလယ်ပိုင်း ကိုတက်တူအိမ်ဆီသို့ ရှေးရှုကြွလာနေကြသည်။ သင်္ကန်းကို သပွာယ်စွာဝတ်ရုံလျက် စင်္ကြန္တြေကိုချကာ မေတ္တာဘာဝနာပွားများရင်း ကြွရောက်လာကြပုံကို ဖူးမြင်ရသည်မှာ ကြည်ညိုဖွယ်ကောင်းလှပါသည်။

ကိုတက်တူ၏အိမ်ဝသို့ရောက်သည်နှင့် ရှေ့ဆောင်ဒကာက–

"မျိုး–ကိုတက်တူ၊ ဆရာတော်တွေ ကြွလာတယ်ဗျို့"

ဟု အော်ဟစ် အသိပေးလိုက်သည်။

လူသံသူသံကြားလျှင် အခါတိုင်းပုန်းကွယ်နေလေ့ရှိသော ကိုတက်တူမှာ ဆရာတော်တို့၏မေတ္တာစွမ်းအားကြောင့်ထင့် ယခုမူ ဘယ်ချောင်ဘယ်ကြားမှ ပုန်းကွယ်မနေတော့ဘဲ အိပ်ခန်းထဲမှ မကြောက်မရွံ့ ရုတ်တရက်ပြေးထွက်လာပြီး အင်ကြင်းမြို့ဆရာတော်၏ ခြေတော်အစုံကို ပုဆစ်တုပ်ကာ ဦးတိုက်နေသည်။

"တပည့်တော်ကို ခွင့်လွှတ်ပါဘုရား၊ တပည့်တော်ခိုးမိပါတယ်ဘုရား၊ တမည့်တော်မှားပါတယ်ဘုရား"

စသဖြင့် အကြိမ်ကြိမ်တောင်းပန်လျှောက်ထားနေသည်။

ထိုအခါ ဆရာတော်က ငါးပါးသီလပဥ္စသီခါးဝတ်ချည်ကဲ့သို့မြဲမည်ဆိုပါက ခွင့်လွှတ်မည်ပါဆိုရာ ကိုတက်တူက အကြိမ်ကြိမ် အာမဘန္တေခံပါသည်။ ထို့နောက် ဆရာတော်ကြီးက ကိုတက်တူကို ငါးပါးသီလပေးသနားပြီး ဆရာတော်များအားလုံးက. အန္တရာယ်ကင်းပရိတ်တော်များရွတ်ဖတ်၊ ကမ္မဝါစာများရွတ်ဖတ်တော်မူကြပါသည်။

ထိုအခါမှစ၍ ကိုတက်တူမှာ လူကောင်းပကတိဖြစ်သွားပါတော့သည်။ အကျွတ်တရားရကာ ဥပုသ်စောင့်ခြင်း၊ တရားနာခြင်း၊ ရွာဦးကျောင်းရိပ်သာတွင် စခန်းဝင်ကာ တရားအားထုတ်ခြင်းစသဖြင့် တရားနှင့်သာ ပျော်မွေ့နေရာမှ တစ်နှစ်ခန့်အကြာတွင် ပိတောက်မြိုင်ဆရာတော်၏ဥပဇ္ဈာယ်ဖြင့် ဘုန်းကြီးဝတ်ကာ ပေတောရွာ ရွာဦးကျောင်းတွင် သီတင်းသုံးပြီး တရားဘာဝနာများပွားများအားထုတ်နေပါတော့သည်။

ဘွဲ့တော်မှာ ဦးတိလောကဖြစ်သော်လည်း အရပ်ထဲတွင်မူ 'သနပ်ခါးဘုန်းကြီး' ဟုသာ တွင်နေပါတော့သည်။

ရွှေနှင်းယံရှိန်

# အမျိုးသမီးများအတွက် ဆေးတစ်လက်

အမျိုးသမီးများတွင် အရွယ်ရောက် အပျိုဖော်ဝင်သည့်အချိန်မှစ၍ တစ်လတစ်ခါ ရာသီမမှတာသွေးဆင်းပြီး သွေးဟောင်းသွေးသစ်ပြောင်းလဲကြပါသည်။ ရာသီပန်းပွင့်သည့်အာဝေဏိကာ ဒုက္ခတစ်ပါးပင် ဖြစ်ပါသည်။ ထိုရာသီပန်း တစ်လတစ်ခါမှန်မှန်မလာဘဲ မပွင့်ဘဲနေသော် သွေးထိမ်ခြင်း၊ သွေးကျန်ခြင်းဖြစ်လာပါက မီးယပ်ကွက်ထခြင်း၊ ယားယံခြင်း၊ တင်းတိပ်ကွက်များဖြစ်ပေါ်ခြင်း၊ အသားအရေမမှန်ခြင်းစသော မီးယပ်ရောဂါများ ဖြစ်ပေါ်ပါသည်။ ထိုအပြင် ပုံမှန်ရာသီသွေးမဆင်းဘဲ ရိဖြူရိနီ (အဖြူဆင်းခြင်း၊ အနီဆင်းခြင်း) များဖြစ်လာပါက ခန္ဓာတစ်ကိုယ်လုံး ကိုက်ခဲနာကျင်ပြီး အင်အားများယုတ်လျော့ကာ ကျန်းမာရေးလွန်စွာထိခိုက်တတ်ပါသည်။

ထိုကဲ့သို့ အဖြူ အနီ ပုံမှန်မဟုတ်ဘဲဆင်းနေပါက အောက်ပါဆေးနည်းဖြင့် လက်တွေ့ ပျောက်ကင်းပါသည်။

အညာဒေသ တပေါင်းလ နွေအခါတွင် ရဲရဲနီအောင်ပွင့်သည် လက်ပံပင်(လဲပင်ဟုလည်းခေါ်သည်)မှ လက်ပံပွင့် ပွင့်ဖတ်နီနီများကို အခြောက်လှန်းပြီး အမှုန့်ထောင်း ဆောင်ယူထားရပါသည်။ မီးယပ်အဖြူ(ရိဖြူ)ဆင်းခြင်းအတွက် ဆေးအသုံးလိုသည့်အခါတွင် ထောပတ်ကို ကြေးဇွန်းတစ်ဇွန်းတွင် ဖယောင်းတိုင်မီးဖြင့် အပူပေးပြီး လက်ပံခြောက်အမှုန့်နှင့် ဆတူရောမွှေကာ သုံးကြိမ်ခွဲစားပေးပါ။ သုံးရက်ဆက်တိုက် ထိုသို့ပြုလုပ်စားပေးပါ။

ရောဂါပျောက်ကင်းသည့်အပြင် ကုန်ခန်းသွားသောအားအင်များပါ ပြန်လည်ပြည့်ဖြိုးလာစေပါသည်။

ရောဂါမပျောက်မချင်း လက်ပံပွင့်ခြောက်အမှုန့်နှင့် ထောပတ်ကို ဆတူမွှေရော၍ နေ့စဉ် လက်ဖက်စားတစ်ဇွန်းခန့် စားပေးသွားနိုင်ပါသည်။ မုချပျောက်ကင်းပြီး မည်သည့်ဘေးထွက်ဆိုးကျိုးမျှမရှိသော အမျိုးသမီးဆေးတစ်လက်ဖြစ်ပါ၍ တင်ပြ ရေးသားအပ်ပါသည်။

ကျန်းမာချမ်းသာကြပါစေ

အောင်လံထူ(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်မင်း

# နေ့စဉ်သုံး လက္ခဏာပညာ

**X (အိတ်စ်) ပုံစံအမှတ်အသား**

တနင်္လာဂြိုဟ်ခုံပေါ်တွင် ဂရစ်လိုင်းပုံစံလမ်းကြောင်းတစ်ခုတည်ရှိနေပါက စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာ အခြေအနေများ၌ ရှင်းပျမှုမရှိနိုင်ကြောင်း ဖော်ပြနေပြီး အသက်လမ်းကြောင်းပေါ်တွင် အလားတူ ဂရစ်လိုင်းတစ်ခုပေါ်နေခဲ့ပါက ကိုယ်ခန္ဓာကိုယ်ထိခိုက်မှုအမျိုးမျိုး၊ နာမကျန်းမှုအမျိုးမျိုး ဖြစ်ပေါ်ခံစားရတတ်သည်။

**ညစဉ်ညတိုင်း လက္ခဏာဆိုင်ရာ စဉ်းစားဆင်ခြင်သုံးသပ်မှုများပြုလုပ်ပေးခြင်း**

တစ်နေ့တာလုပ်ငန်းစဉ်များပြီးဆုံးပြီး ညအချိန်ရောက်သည်နှင့် အိပ်ရာမဝင်မီ လက္ခဏာဆိုင်ရာ စဉ်းစားဆင်ခြင်သုံးသပ်မှုများ ပြုလုပ်ပေးသင့်သည်။ လက္ခဏာဆိုင်ရာသုံးသပ်မှုများလုပ်ရာ၌ အဓိကလမ်းကြောင်းများ တည်ဆောက်ပုံအတွင်းနက်ဝင်နေခြင်း (သို့) အပေါ်ယံမျှသာ တိမ်နေခြင်းရှိ မရှိအား အဓိက စစ်ဆေးပေးသင့်သည်။ အတွင်းနက်ဝင်နေသော လမ်းကြောင်းများသည် သင့်ဘဝတစ်သက်တာအတွင်း ထူးခြားသော ပြောင်းလဲမှုဖြစ်စဉ်များ၊ အားထုတ်ကြိုးပမ်းမှုများ မည်သို့ရှိသည်ကို ရည်ညွှန်းသည်။

လက်ဝါးပြင်ပါလမ်းကြောင်းများအား မြစ်ငယ်ကလေးများအဖြစ် ဥပမာတင်၍ လေ့လာသင့်သည်။ မြစ်တို့သည် လွန်စွာနက်ရှိုင်းနေပါက လျင်မြန်သော အဟုန်ဖြင့် ရေများကိုစီးဆင်းစေနိုင်ခြင်းကြောင့် ကြောက်မက်ဖွယ်ကောင်းသော ရေစီးလျင်မြန်မှုအား ဖော်ပြသည်။

အကယ်၍ မြစ်သည် တိမ်လွန်းနေပါက ရေစီးဆင်းမှုနှေးကွေးသွားပြီး ထိုမှတစ်ဆင့် မြစ်ကြောင်းတစ်လျှောက် ကောလာပြီး ခန်းခြောက်သွားနိုင်မည်ဖြစ်သည်။

ထို့နောက် ကြာသပတေးဂြိုဟ်ခုံ ကိုယ်စားပြုလက်ချောင်း (လက်ညှိုး)၊ လက်မ၊ သောကြာဂြိုဟ်ခုံ၊ အင်္ဂါဂြိုဟ်ခုံ၊ ပလူတိုဂြိုဟ်ခုံ . . . . တို့၏ အနေအထားအား ဆက်လက် လေ့လာပေးပါ။

ထို့နောက် လက်ချောင်းတစ်ချောင်းချင်းစီအား ဆက်လက်လေ့လာပေးပါ။ သင့်လက်ချောင်းများသည် သင်၏ခေါင်းဆောင်နိုင်မှု အရည်အသွေး၊ သင်၏ပြောဆိုဆက်ဆံရေး အခြေအနေများအား ကိုယ်စားပြု ဖော်ပြသည်။


လက်ညှိုးနှင့် လက်မအကြား တွယ်ဆက်နေသော အရေပြားသည် သင်၏ အခိုင်အမာပြောဆိုတတ်သည့်သဘော၊ သင်၏စိတ်နေစိတ်ထားတို့အား ရည်ညွှန်းဖော်ပြသည်။

တစ်ဖန် လက်မအောက်ခြေရှိ ထူထဲ၍တင်းမာနေသောအသားရှိရာနေရာသည် သင်၏အချစ်ရေးကို ဖော်ပြသည့်နေရာပင် ဖြစ်သည်။ ထို့နောက် လက်ဝါးပြင်အောက်ခြေအားဆက်လက်လေ့လာပါက လက်ကောက်ဝတ်နေရာအနီးတွင် ပလူတိုဂြိုဟ်ခုံတည်ရှိနေသည်ကိုတွေ့ရမည် ဖြစ်သည်။

ပလူတိုဂြိုဟ်ခုံသည် ဘဝ၌အသွင်သဏ္ဌာန်ပြောင်းလဲခြင်း၊ မိသားစုဆိုင်ရာအခြေအနေ၊ အထူးသဖြင့် မောင်နှမရင်းချာတို့၏ဆက်ဆံရေးအား ရည်ညွှန်းသည်။

ပြီးနောက် အဓိကလမ်းကြောင်းများဖြစ်သော ဦးခေါင်းလမ်းကြောင်း၊ နှလုံးလမ်းကြောင်း၊ အသက်လမ်းကြောင်းတို့ တည်ဆောက်ပုံများ တစ်ခုနှင့်တစ်ခု ညီမျှမှုရှိ မရှိ စစ်ဆေးပါ။

ထို့နောက် စနေဂြိုဟ်ခုံကိုယ်စား




လက္ခဏာဆိုင်ရာ ဆင်ခြင်သုံးသပ်မှုများပြုလုပ်ရမည့် လက္ခဏာအရေးအကြောင်းများ



www.burmeseclassic.com

www.burmeseclassic.com

ပြု လက်ချောင်း လက်ခလယ်နှင့် လက်ဝါးပြင်အလယ်ပိုင်းနေရာတို့ ညီညွတ်မျှတမှုရှိ၊ မရှိစစ်ဆေးပါ။

စနေဂြိုဟ်ခုံကိုယ်စားပြုလက်ချောင်း (လက်ခလယ်နှင့် ၎င်းလက်ချောင်းမှ အောက်သို့ဆင်းလာသောလမ်းကြောင်းများ)သည် သင်၏အလုပ်အကိုင် အခြေအနေ၊ တာဝန်ဝတ္တရားများ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့် ဆက်ဆံပြောဆိုရသည့် အခြေအနေများအား ရည်ညွှန်းသည်။

အဓိကလမ်းကြောင်းများအား ဆက်လက်လေ့လာရာတွင် နှလုံးလမ်းကြောင်းသည် အချစ်ရေး၊ အိမ်ထောင်ရေး၊ ဦးခေါင်းလမ်းကြောင်းသည် စဉ်းစားတွေးခေါ်နိုင်စွမ်း၊ စနေဂြိုဟ်ခုံနှင့် ကြာသပတေးဂြိုဟ်ခုံတို့အောက်ရှိ လက်ဝါးပြင်အလယ်ပိုင်းတွင် တည်ရှိနေသော အင်္ဂါဂြိုဟ်ခုံသည် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းအကြားတွင်ရှိနေခြင်းကြောင့် အဆိုပါအဓိကလမ်းကြောင်းနှစ်ခုအကြား လှုပ်ရှားဆောင်ရွက်မှုများအား ညွှန်ပြသည်။

တစ်ဖန် တနင်္လာဂြိုဟ်ခုံနှင့်ကပ်လျက်တွင်ရှိနေသော နက်ပ်ကျွန်းဂြိုဟ်ခုံသည် သင်၏အလိုဆန္ဒများ၊ ခရီးသွားလာခြင်းဆိုင်ရာကိစ္စနှင့် ဘဝ၌ကြီးကြီးမားမား ဖြစ်ပျက်ကြုံတွေ့ရသည့် အကြောင်းအရာများအား ကိုယ်စားပြုထားသည်။

ဆက်လက်လေ့လာရာ၌ လက်သူကြွယ်နှင့် လက်သန်းအပြင် ၎င်းတို့အား ကိုယ်စားပြုထားသည့် တနင်္ဂနွေဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံတို့သည် ဘဝတစ်သက်တာအတွင်း လူအများနှင့်ဆက်သွယ်ပြောဆိုရသောကိစ္စများအား ကိုယ်စားပြုထားသည်။

ကြာသပတေးဂြိုဟ်ခုံ ကိုယ်စားပြုလက်ညှိုး၊ အင်္ဂါဂြိုဟ်ခုံ၊ သောကြာဂြိုဟ်ခုံတို့သည် ဩဇာအာဏာပိုင်ဆိုင်မှုကိစ္စများအား ရည်ညွှန်းသည်။

တစ်ဖန် စနေဂြိုဟ်ခုံကိုယ်စားပြုလက်ချောင်း လက်ခလယ်နှင့် လက်သူကြွယ်လက်ချောင်းသည် အနုပညာဆိုင်ရာ အရည်အသွေးများအား ကိုယ်စားပြုထားသည်။ ဗုဒ္ဓဟူးဂြိုဟ်ခုံကိုယ်စားပြုလက်သန်းလက်ချောင်းသည် စီးပွားရေးဆိုင်ရာကိစ္စများ၊ တယ်လီဖုန်း၊ အင်တာနက်ကဲ့သို့သော ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများအား ကိုယ်စားပြုထားသည်။

၎င်းပြင် တနင်္ဂနွေဂြိုဟ်ခုံကိုယ်စားပြု အပိုလိုလက်ချောင်း (လက်သူကြွယ်)သည် သက်ဆိုင်ရာလက္ခဏာရှင်၏ဖန်တီးနိုင်မှုစွမ်းရည်များ တိုးတက်အောင်မြင်မှုများကို ရည်ညွှန်းဖော်ပြသည်။

အကယ်၍ လက်သန်းလက်ချောင်း၏အောက်ခြေတွင် ကောင်းသော အမှတ်သင်္ကေတအဖြစ် သတ်မှတ်ထားသည့် အစက်အပြောက်တစ်ခုပါရှိပါက သင့်မိသားစုအရေး၊ အိမ်ထောင်ဖက်ဇနီး-ခင်ပွန်းတို့ဆက်ဆံရေးနှင့် သားသမီးရရှိရေးကိစ္စများအား ရည်ညွှန်း ဖော်ပြသည်။

လက်ဝါးပြင်အစွန်းဘက် ယူရေးနပ်စ်ဂြိုဟ်ခုံအနီးရှိ လက်ဝါးစောင်းနေရာနှင့် နက်ပ်ကျွန်းဂြိုဟ်ခုံတို့၏အနီးတွင် တနင်္လာဂြိုဟ်ခုံတည်ရှိသည်။ တနင်္လာဂြိုဟ်ခုံသည် မသိစိတ်အတွင်းရှိနေသော ကိစ္စများ၊ စိတ်ဝိညာဉ်ရေးရာကိစ္စများအား ကိုယ်စားပြုထားသည်။ တစ်နည်းအားဖြင့် စိတ်ဝိညာဉ်ရေးရာကိစ္စများတွင် စိတ်ကူးအိပ်မက်အားအကောင်အထည်ဖော်ခြင်း၊ တွေးခေါ် စိတ်ကူးခြင်းများလည်း ပါဝင်နေကြသည်။

ယူရေးနပ်စ်ဂြိုဟ်ခုံသည် တီထွင်ဖန်တီးနိုင်စွမ်းများအား ရည်ညွှန်းသည်။

## အပိုင်း(၂)
## အပြောင်းအလဲများအားစောင့်ကြည့်ခြင်း

လက်ဝါးပြင်အား လေ့လာရာ၌ လက်ဝါးပြင်ပါ အရေးအကြောင်းများ၊ အဓိကလမ်းကြောင်းများ မည်သို့ပြောင်းလဲသွားသည်၊ ပြောင်းလဲခြင်းအား မည်သို့စတင်သတိထားမိသည်ကအစ အပြောင်းအလဲများအား စောင့်ကြည့်လေ့လာပေးရန် လိုအပ်သည်။

ပြောင်းလဲမှုများတွင် လက်၏ အရောင်၊ အရေပြား (အသား) အနုအကြမ်း၊ လက်ဝါးပြင်ပါအသားထူထဲခြင်း၊ မာတင်းခြင်း၊ ပျော့ပျောင်းခြင်း၊ အစိုဓာတ်ရှိခြင်း၊ ခြောက်သွေ့ခြင်း၊ လက်ဝါးပြင်၌ အမာရွတ်နှင့် အစက်အပြောက် အမှတ်သင်္ကေတများအား ခွဲခြားနားလည်ခြင်း. . . တို့ ပါဝင်ကြသည်။

လက်ဝါးပြင်ပါ လက္ခဏာအရေးအကြောင်းများအား စောင့်ကြည့်လေ့လာရာ၌ ပိုမိုထိရောက်မှုရှိစေရန် အပတ်စဉ်၊ လစဉ် ထုတ်ဝေသော လက္ခဏာဆိုင်ရာ ဂျာနယ်စာစောင်များအား ဝယ်ယူလေ့လာပေးပါ။ လက္ခဏာဆိုင်ရာ အမေးအဖြေကဏ္ဍများ၌ ပါဝင်မေးမြန်းပေးပါ။ ယင်းမှာ သင့်အတွက် များစွာ အထောက်အကူရစေပါသည်။

လက္ခဏာပညာဆိုင်ရာ စာသားများအား ဖတ်ရှုခြင်းအပြင် ပြောင်းလဲမှုအမျိုးမျိုးကိုဖော်ပြသော လက္ခဏာနမူနာပုံစံများကိုလည်း လေ့လာပေးသင့်သည်။ လက္ခဏာပညာဆိုင်ရာ ဂျာနယ်များဖတ်ရှုခြင်းသည် လက္ခဏာဆိုင်ရာ အပြောင်းအလဲများအား လေ့လာရန်အတွက် ပထမဆုံးသောနည်းလမ်းပင်ဖြစ်သည်။ ဒုတိယနည်းလမ်းမှာ သင့်လက္ခဏာနမူနာပုံများအား ကာလအပိုင်းအခြားအလိုက် ဓာတ်ပုံရိုက်၍ မှတ်တမ်းအဖြစ် သိမ်းဆည်းထားပေးပါ။ ထိုသို့ ကာလအပိုင်းအခြားအလိုက် ကွဲပြားပြောင်းလဲနေသော လက္ခဏာများအား သေချာစွာ စစ်ဆေးပေးပါ။

လက္ခဏာများအား အချိန်နီးကပ်စွာဖြင့် ဓာတ်ပုံရိုက်ပေးပါက အချိန်နှင့်အမျှ အမျိုးမျိုးပြောင်းလဲနေတတ်သည့် သဘာဝကိုပါ ရိပ်စားမိလာမည် ဖြစ်သည်။ ထို့ကြောင့် မိမိလက္ခဏာပုံစံများအား အချိန်ခြား၍ဖြစ်စေ၊ အချိန်နီးကပ်စွာဖြင့်ဖြစ်စေ ဓာတ်ပုံရိုက်၍ မှတ်တမ်းတင်ကာ အချိန်မရွေး နှိုင်းယှဉ်လေ့လာနိုင်မည် ဖြစ်သည်။

**ကွဲပြားခြားနားမှုများအား**
**သတိထားမိလာခြင်း**

မိမိလက္ခဏာပုံစံအား ဓာတ်ပုံရိုက်၍ လေ့လာရာ၌ ဓာတ်ပုံတစ်ပုံနှင့်တစ်ပုံ တစ်လစီခြား၍ရိုက်ခြင်းဖြင့် နှိုင်းယှဉ်ပေးပါ။ ထို့နောက် တစ်လအတွင်း ကွဲပြားခြားနားမှုများအား လေ့လာမှတ်သားပေးပါ။

အကယ်၍ သင်ရိုက်သောဓာတ်ပုံတစ်ပုံနှင့်တစ်ပုံ ကွဲပြားခြားနားမှုမရှိဆိုပါက အကောင်းစား 'ဒစ်ဂျစ်တယ်' ကင်မရာအသစ်ဖြင့် ရိုက်ယူပေးပါ။

တစ်လစီခြားသော ဓာတ်ပုံနှစ်ပုံအား နှိုင်းယှဉ်ကြည့်ရှုရာတွင် ထူးထူးခြားခြားပြောင်းလဲမှုမရှိပါက နောက်ထပ်တစ်လခြားသောဓာတ်ပုံနှစ်ပုံဆက်လက်ရိုက်ပေးထားပါ။

အကယ်၍ လက်မပေါ်တွင် အနီရောင်အစက်အပြောက်တစ်ခုရှိနေသည်ကို တွေ့ရပါက အချိန်မရွေးဓျော်လဲကျနိုင်ပြီး ထိခိုက်ဒဏ်ရာရရှိတတ်ကြောင်း ကြိုတင်အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရပါသည်။

**အထပ်ထပ်ပုံစံရှိနေသော**
**လမ်းကြောင်းခွဲများ**



www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ သင့်အတွက် ဘယ်သန် (သို့) ညာသန်ဖြစ်သောလက် (Active hand) တွင် အသက်လမ်းကြောင်းသည် အပြတ်အတောက်ပုံစံဖြစ်နေပြီး လမ်းကြောင်းခွဲများစွာပုံစံဖြင့် အပေါ်ဘက်တက်နေပါက သင်သည် ခရီးစဉ်များစွာသွားရန် အစီအစဉ်ရှိကြောင်း ဖော်ပြသည်။ ထိုအခြေအနေအား ပို၍ ပီပြင်စေပါက ဗုဒ္ဓဟူးဂြိုဟ်ခုံကိုယ်စားပြု လက်ချောင်း (လက်သန်း) အောက်၌ ကောင်းသော အကျိုးသက်ရောက်မှုဖြစ်စေသည့် ကြက်ခြေခတ်များ ပါရှိမည်ဖြစ်သည်။ လမ်းကြောင်းခွဲများအား လေ့လာရာ၌ ဘယ်သန် (သို့) ညာသန်ဖြစ်သောလက်နှင့် ကျန်လက်တစ်ဖက်တို့အား နှိုင်းယှဉ်လေ့လာရန် လိုအပ်သည်။ အများအားဖြင့် အထပ်ထပ်ပုံစံရှိနေသော လမ်းကြောင်းခွဲများသည် စိတ်ပိုင်းဆိုင်ရာ အခြေအနေအရပ်ရပ်အား ကိုယ်စားပြုဖော်ပြသည်။

အချို့သောလူများတွင် ကတော့ပုံစံလက်ချောင်းများရှည်လျားစွာပါရှိပြီး ဦးခေါင်းလမ်းကြောင်းမှ လမ်းကြောင်းခွဲများစွာဖြစ်ပေါ်နေသည်ကို တွေ့ရှိရသည်။ ယင်းမှာထူးခြားသော စိတ်ပိုင်းဆိုင်ရာအခြေအနေအရပ်ရပ်အားဖော်ပြသည်။

## အပိုင်း(၃)

## သင့်ကံကြမ္မာအားကောင်းသော အပြောင်းအလဲဖြစ်စေရန် အရေးယူဆောင်ရွက်ခြင်း

သင်၏လက်ဝါးပြင်တွင် မကောင်းသော အမှတ်သင်္ကေတအမှတ်အသားများပါရှိနေပါက ၎င်းအား မဖြစ်မနေပြောင်းလဲနိုင်စေရန် လက်ဝါးပိုင်ရှင်မှ ကြိုးစား ဆောင်ရွက်ရမည် ဖြစ်သည်။

ထို့ကြောင့် လက်ဝါးပြင်အနေအထားပြောင်းလဲသည်နှင့် လက်ဝါးပိုင်ရှင်၏ကံကြမ္မာလည်း အမှန်တကယ်ပြောင်းလဲသွားနိုင်သည်ဟု မှတ်ယူနိုင်ပါသည်။ ဥပမာအားဖြင့် လက်ဝါးပြင်ပေါ်ရှိ ကြာသပတေးဂြိုဟ်ခုံပေါ်တွင် အနီရောင်အစက်အပြောက်တစ်ခုရှိနေပါက (သို့) လက်ညှိုးအောက်ခြေတွင် အနီရောင်အစက်အပြောက်တစ်ခုရှိနေပါက လက်ဝါးပိုင်ရှင်သည် အမြဲတစေခေါင်းကိုက်နေမည် ဖြစ်သည်။

သိသာသော အပြောင်းအလဲများလုပ်သည်ဆိုသည်မှာ အဘယ်နည်း။ လက္ခဏာပါ မကောင်းသောအခြေအနေများအား ပြုပြင်ပြောင်းလဲပေးသည်ဆိုရာ၌ မိမိ၏မကောင်းသော လက္ခဏာပါ အကျိုးသက်ရောက်မှုများအား ချေဖျက်ပေးနိုင်မည့် လက္ခဏာရှင်အား ရှာတွေ့ရန် အထူးလိုအပ်သည်။


ဥပမာအားဖြင့် တနင်္ဂနွေဂြိုဟ်ခုံ (သို့) လက်သူကြွယ်သည် အိမ်ထောင်ရေးဆိုင်ရာ အခြေအနေများအား တိုက်ရိုက်ကိုယ်စားပြုထားသည်။ အကယ်၍ တနင်္ဂနွေဂြိုဟ်ခုံအောက်၌ ကြက်ခြေခတ်အမှတ်အသားပါရှိသူ အမျိုးသမီးသည် ယောကျ်ားကလေးသူငယ်ချင်းတစ်ဦး၏ ချစ်ရေးဆိုခြင်းခံရသည်ဆိုပါက ၎င်းအမျိုးသမီးအနေဖြင့် ချစ်သူအမျိုးသားပေါ်တွင်ရှိနေသော သံသယများအား (ကြက်ခြေခတ်) ၏ အကျိုးသက်ရောက်မှု ချေဖျက်ပေးသွားမည်ဖြစ်သည်။ အကယ်၍ တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် ကြက်ခြေခတ်အမှတ်အသားပါရှိနေပါက သင်ရွေးချယ်လိုက်သော လမ်းကြောင်းအားလုံး၌ မှန်ကန်အောင်မြင်မှုရှိနေပါမည်။

**လက်တွေ့-အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန် သိသာထင်ရှားစွာ ပြသနေသော လက္ခဏာအရေးအကြောင်း အမှတ်သင်္ကေတများ**

အောက်ပါလက္ခဏာတည်ဆောက်ပုံများသည် ဘဝတစ်သက်တာအတွင်း အောင်မြင်အောင် လက်တွေ့အကောင်အထည်ဖော်နိုင်မည့် (သို့) လက်တွေ့ရင်ဆိုင်ကြုံတွေ့ရမည့်အခြေအနေများအား ဖော်ပြသည်။

**Camera's eyes (ကင်မရာမျက်လုံး)**

တနင်္ဂနွေဂြိုဟ်ခုံပေါ်သို့ (သို့) အပိုလိုလက်ချောင်း လက်သူကြွယ်ပေါ်




လက်တွေ့အကောင်အထည်ဖော်နိုင်မည့်/ လက်တွေ့ရင်ဆိုင်ကြုံတွေ့ရမည့် အခြေအနေများအား ဖော်ပြသော လက္ခဏာတည်ဆောက်ပုံများ



www.burmeseclassic.com

www.burmeseclassic.com

သို့တက်နေသော လမ်းကြောင်းငယ် အကွေးပုံစံအား ကင်မရာမျက်လုံးဟု ခေါ်ဆိုသည်။

အဆိုပါ အမှတ်သင်္ကေတပါရှိပါက အနုပညာရပ်၌ စိတ်အားထက်သန်ခြင်းကို ဖော်ပြသည်။

**Girdle of Venus (သောကြာခါးပတ်)**

အပိုလိုလက်ချောင်းနှင့် စနေလက်ချောင်းတို့အောက်မှ ကွေ့ဝိုက်နေသော ရှေပြင်ညီလမ်းကြောင်းအား ခေါ်ဆိုသည်။ သောကြာခါးပတ်သည် အလှအပ၊ အနုပညာရပ်နှင့် မေတ္တာရေးဆိုင်ရာကိစ္စများအား ကိုယ်စားပြုဖော်ပြသည်။

**Hourglass on your mount of Jupiter (ကြာသပတေးဂြိုဟ်ခုံပေါ်မှ သဲနာရီအမှတ်သင်္ကေတ)**

ကြာသပတေးဂြိုဟ်ခုံပေါ် သဲနာရီအမှတ်သင်္ကေတရှိနေပါက အကျိုးရှိသော အပြန်အလှန်ဆက်ဆံရေး၊ မျှတသောအပေးအယူတို့အား ဖော်ပြသည်။

**Imtuition Line**
**(စိတ်အတွင်းခံစားသိရှိနိုင်ခြင်းအားဖော်ပြသောလမ်းကြောင်း)**

လက်ဝါးပြင်အောက်ခြေပိုင်းနှင့် ကပ်လျက် လက်ဝါးစောင်းနေရာမှ စတင်သောလမ်းကြောင်း ဖြစ်သည်။ အဆိုပါလမ်းကြောင်းသည် ရှည်လျားတတ်ပြီး တနင်္လာဂြိုဟ်ခုံအား ကွေ့ဝိုက်၍ ၊ အပေါ်သို့ထောင်တက်နေတတ်သည်။ ထိုသို့ ရှည်လျားသော Intuition Line သည် ဦးခေါင်းလမ်းကြောင်းဆီသို့ တိုက်ရိုက် ဦးတည်နေပါက အလုပ်အကိုင်ဆိုင်ရာကိစ္စများ အဆင်ပြေချောမွေ့ပြီး ၎င်းလမ်းကြောင်းသည် ကံလမ်းကြောင်းဆီသို့ ဦးတည်နေပါက စိတ်ရောဂါကုဆရာဝန် (သို့) အကြားအမြင်ရသူများအဖြစ် ဘဝ၌အောင်မြင်မှုရရှိတတ်ကြောင်း ဖော်ပြသည်။

**Loop of music**
**(ဂီတဆိုင်ရာကိစ္စများအားဖော်ပြသည့်ကြိုးကွင်းပုံစံအမှတ်သင်္ကေတ)**

လက်မအောက်ခြေပိုင်း လက်ကောက်ဝတ်နေရာ၏အထက်သောကြာဂြိုဟ်ခုံပေါ်သို့ ဦးတည်နေသော ဝဲကတော့ပုံစံ (သို့) ကြိုးကွင်းပုံစံအမှတ်အသားအား ဆိုလိုသည်။

သင့်လက်ဝါးပြင်တွင် ကြိုးကွင်း/ဝဲကတော့ပုံစံ အမှတ်သင်္ကေတတစ်ခုပါရှိနေခဲ့ပါက ဂီတပညာရှင်အဖြစ် အသက်မွေးနိုင်သူ၊ ဂီတပညာရပ်၌ အထုံပါရမီကြီးသူဖြစ်ကြောင်း ဖော်ပြသည်။

အဆိုပါ ကြိုးကွင်းပုံစံအမှတ်သင်္ကေတသည် ဂီတပညာရပ်နှင့်တိုက်ရိုက်အကျိုးပေးခဲ့ခြင်းမရှိခဲ့ပါက ဂီတနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများ၌ အကျိုးပေးကောင်းသူဖြစ်လာမည်ဟု ရည်ညွှန်းသည်။

**Magic bracelet**
**(အံ့ဖွယ်-ဆွဲဆောင်မှုအားကောင်းသောလက်ကောက်)**

လက်ကောက်ဝတ်နေရာမှအပေါ်သို့ ထောင်တက်နေသောလမ်းကြောင်း (၃) ခုကို ဆိုလိုသည်။ အဆိုပါလမ်းကြောင်းများပါရှိပါက အံ့ဩဖွယ်ရာဆွဲဆောင်မှုအားကောင်းသည့် Magic bracelet ဟု တင်စားခေါ်ဝေါ်ရသည်။ အဆိုပါလမ်းကြောင်း (၃) ခုသည် ခရီးသွားနေစဉ်အချိန်အတွင်း ဘေးကင်းလုံခြုံမှုရှိခြင်း၊ ချမ်းသာ-သုခနှင့်ပြည့်စုံခြင်း၊ မိမိအားကူညီစောင်မသူများပြားခြင်းတို့အား ရည်ညွှန်းဖော်ပြသည်။

အကယ်၍ အဆိုပါလမ်းကြောင်း (၃) ခုအနက် တစ်ခုသောလမ်းကြောင်းသည် လက်ညှိုး (သို့) လက်သူကြွယ်ဆီသို့ ဦးတည်နေပါက ကံကောင်းခြင်း၊ အောင်မြင်စွာ ထင်ပေါ်ကျော်ကြားခြင်းကိုဖြစ်စေပြီး လမ်းကြောင်းတစ်ခုက တနင်္လာဂြိုဟ်ခုံဆီသို့ ဦးတည်နေပါက သွားသောခရီးတစ်ခု၌ အချစ်ရေးအဆင်ပြေစေမည့်နိမိတ်ကို ဖော်ပြသည်။

**Mark of the teacher**
**(ဆရာတစ်ဆူဖြစ်လာမည့်အခြေအနေကိုဖော်ပြသော အမှတ်သင်္ကေတ)**

လက်သန်းအောက်ခြေမှ အစပြုပြီး ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်သို့ ဦးတည်နေသော လမ်းကြောင်းငယ်များ ဖြစ်သည်။

အကယ်၍ ကြာသပတေးဂြိုဟ်ခုံအောက်တွင် လေးထောင့်ကွက်တစ်ခုရှိနေပါက ကျောင်းဆရာအလုပ်ဖြင့် အသက်မွေးခြင်းက အကောင်းဆုံးဖြစ်ကြောင်း ဖော်ပြသည်။ ဆရာတစ်ဆူဖြစ်လာမည့်အခြေအနေများကို Mark of teacher လမ်းကြောင်းငယ်များက ဖော်ပြသည်။

**Medical Stigmata**
**(ရောဂါဝေဒနာသက်သာပျောက်ကင်းခြင်းကိုဖော်ပြသော လမ်းကြောင်းတိုများ)**

ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်၌ မျဉ်းပြိုင် (၅) ကြောင်းပုံစံရှိနေသည့်လမ်းကြောင်းတိုများကို ခေါ်ဆိုသည်။

လက်သန်းအောက်ခြေတွင်ရှိနေသော အဆိုပါ လမ်းကြောင်းများသည် မည်သည့်ရောဂါပုံစံ၊ အမျိုးအစားကိုမဆို သက်သာပျောက်ကင်းအောင် ကုသနိုင်စွမ်းရှိသူဖြစ်ကြောင်း တိုက်ရိုက်ရည်ညွှန်းသည်။

**Mystic cross or cross of mystery**
**(အစိပ္ပာယ်ထိမ်ဝှက်သော သို့မဟုတ် နားလည်ရခက်သောကြက်ခြေခတ်)**

စနေဂြိုဟ်ခုံ (လက်ခလယ်) ၏ အောက်ဘက် အပိုလိုဂြိုဟ်ခုံ (လက်သူကြွယ်) ၏ အောက်ဘက်တည့်တည့် ရောက်လုနီးပါးနေရာ၌ တည်ရှိသည့် ကြက်ခြေခတ်ကို ဆိုလိုသည်။ ၎င်းကြက်ခြေခတ်သည် နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့၏အကြားတွင် တည်ရှိနေခြင်းကြောင့် စိတ်ဖြင့်အလိုလိုသိသောအကြောင်းအရာများ လက်တွေ့၌ အမှန်တကယ် ဖြစ်ပျက်ကြုံတွေ့ရမည်ဖြစ်ကြောင်း ရည်ညွှန်းသည်။

**Nurse's Lines**
**(သူနာပြုဖြစ်မည့်သူအားကိုယ်စားပြုဖော်ပြသည့်လမ်းကြောင်းငယ်များ)**

နှလုံးလမ်းကြောင်း၏ အထက် လက်ခလယ်လက်ချောင်း၏အောက်ခြေ စနေဂြိုဟ်ခုံပေါ်၌ ဒေါင်လိုက်ပုံစံပြေးနေသော လမ်းကြောင်းငယ်များအား ခေါ်ဆိုသည်။

လက်ဝါးပြင်တွင် အထက်ဖော်ပြပါနေရာ၌ Nurse's Lines များပါရှိနေပါက ရောဂါဝေဒနာများအား သက်သာပျောက်ကင်းစေသောလက်အဖြစ်ကို ဖော်ပြနေပါသည်။ အဆိုပါလက်ပိုင်ရှင်အများစုသည် သူနာပြု၊ ဆေးဆရာစသော အသက်မွေးဝမ်းကျောင်းအလုပ်များနှင့် အဆင်ပြေတတ်သည်။ Nurse's Lines များဟု ရှိနေသည်။ လက်အားကောင်းသောလက္ခဏာပါလက်အဖြစ် သတ်မှတ်ပေးနိုင်သည်။

ဦးအောင်မင်း



www.burmeseclassic.com

www.burmeseclassic.com

# ဓာတုအဆိပ်လွတ် ပန်းကန်ဆေးနည်း

## နေပြည်တော်ကျော်ကျော်စိုး

ဆပ်ပြာ ဆိုတာ ကိုယ်တိုက်ဆပ်ပြာနဲ့ အဝတ်လျှော်ဆပ်ပြာကြမ်း ဆိုပြီး ရှေးကပေါ်ခဲ့ပါတယ်။ အဲဒီတုန်းက ခေါင်းလျှော်ရင် တရော်ကင်ပွန်းနဲ့ လျှော်ကြတာ။

နောက်ကျတော့ ဆပ်ပြာမှုန့်ပေါ်လာတယ်။ ကိုယ်တိုက်ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်တွေပေါ်လာပါတယ်။ တစ်ခေတ်ပြီးတစ်ခေတ် ပြောင်းလဲတိုးတက်လာတာကတော့ ဝမ်းမြောက်စရာကြီးပါ။ ဒါက အဝတ်က ကြေးညှော်တွေ၊ ခန္ဓာကိုယ်ကကြေးညှော်တွေကို ပွတ်သပ်၊ ဆေးကြော၊ လျှော်ဖွပ်တာမို့ အန္တရာယ်မရှိဘူးလို့ ဆိုနိုင်ပါတယ်။

ခုနောက်ပိုင်းမှာ ပန်းကန်ဆေးဆပ်ပြာရည်တွေပါ ပေါ်ထွက်လာတော့ အိမ်ရှင်မတွေ အိုးဆေး၊ ခွက်ဆေး၊ ပန်းကန်ဆေးရာမှာ အလွန်လွယ်ကူသက်သာစွာ ဆောင်ရွက်နိုင်ကြပါတယ်။ ပန်းကန်ဆေးဆပ်ပြာရည်တွေကို ဈေးပေါပေါနဲ့ ဝယ်ယူအသုံးပြုနေနိုင်ကြပါပြီ။ အဲဒါကြောင့် ပန်းကန်ဆေးဆပ်ပြာရည်တွေဟာ မီးဖိုဆောင်တိုင်းမှာ နေရာယူထားကြပါပြီ။

သို့သော်လည်း အလှူမင်္ဂလာစတဲ့ သာရေးနာရေးတွေမှာကျတော့ ပန်းကန်ဆေးဆပ်ပြာရည်ကိုမသုံးဘဲ အဝတ်လျှော်ဆပ်ပြာမှုန့်တွေကိုသာ သုံးနေကြတာ အစဉ်အမြဲတွေ့ရပါတယ်။ ရေအင်တုံကြီးထဲ ဆပ်ပြာမှုန့်တစ်ထုပ်ဖောက်ထည့်ပြီး စားပြီးပန်းကန်တွေနှစ်ကာ တစ်ချက်လောက်ပွတ်လိုက်တာနဲ့ ဆီကင်းစင်သွားတယ်။ အဲဒီကဆယ်ပြီး ရေကြည်အင်တုံထဲထည့်ပေးလိုက်တာပဲ။ ရေကြည်ထဲနှစ်ပြီးတစ်ချက်နှစ်ချက်ပွတ်ကာ ဆယ်ပေးလိုက်တာနဲ့ ဆီကင်းစင်တဲ့ပန်းကန်ဖြစ်သွားပြီး နောက်တစ်ခါ ထမင်းခူးဖို့အသင့်ဖြစ်သွားခဲ့ပါပြီ။

အမြင်မှာ သန့်နေပေမယ့် အဲဒီပန်းကန်မှာ လူတွေမမြင်နိုင်တဲ့ ဓာတုပစ္စည်းတွေ ကပ်ငြိနေတယ်လို့ဆိုကြတယ်။ ဒီအခါမှာ စားသုံးသူတွေရဲ့ ကိုယ်ထဲကို အစားအစာနဲ့အတူ ဓာတုပစ္စည်းတွေစိမ့်ဝင်နေတယ်လို့ ဆိုနိုင်ပါတယ်။ တကယ်ဆို ဒီဆပ်ပြာမှုန့်မှာပါဝင်တဲ့ ဓာတုပစ္စည်းတွေဟာ စားသုံးရန်မသင့်တဲ့ ဓာတုပစ္စည်းတွေဖြစ်နိုင်ပါတယ်။ အဲဒီအဆိပ်ရဲ့ သက်ရောက်နိုင်တဲ့ ဆိုးကျိုးတွေကလည်း မနည်းမနောနေမှာပါ။

ကျွန်တော်တို့ငယ်ငယ်က ဒါတွေ မရှိခဲ့ပါဘူး။ သာရေးနာရေးရဲ့ ကျွေးမွေးမှုတွေမှာ ပန်းကန်တွေကို ကုလားပဲမှုန့်နဲ့ဆေးကြလေ့ရှိတယ်။ အလှူရှင်တွေက ပန်းကန်ဆေးဖို့ ကြိုကြိုတင်တင် ကုလားပဲမှုန့်တွေထည့်ပြီးဖျော်ထားလိုက်တယ်။ စားပြီးသားပန်းကန်တွေကို အဲဒီထဲထည့်ပြီး ပွတ်လိုက်တာနဲ့ ဆီတွေကျွတ်ကျန်ရစ်တယ်။ နောက်ရေကြည်ထဲထည့်လိုက်တာနဲ့ သန့်သွားတော့တာပါပဲ။ ဒါဟာ တကယ့်မြန်မာ့ရိုးရာ ဓာတုအဆိပ်လွတ်ပန်းကန်ဆေးနည်းစစ်စစ်ပါ။

ကျွန်တော်ငယ်စဉ် ရှင်သာမဏေဘဝ မြင်းခြံကိုးဆောင်တိုက်မှာ စာသင်ရတော့ ဆွမ်းခံတဲ့အခါ ပဲနီ၊ ကုလားပဲ စတဲ့ ပဲဟင်းတွေပဲရတာပါ။ မြင်းခြံဟာ အညာဆိုတော့ ပဲလည်းအတော်ထွက်ပါတယ်။ စားလည်း အတော်စားကြပါတယ်။ ကျွန်တော်တို့လည်း ပဲမကြိုက်လို့မရတဲ့ ပဲကြိုက်ကိုရင်တွေဖြစ်ကုန်တော့တာပေ့ါ။

စားပြီးတဲ့အခါမှာတော့ ကျန်တဲ့ ပဲဟင်းတွေနဲ့ သပိတ်ရယ်၊ ဆွမ်းဟင်းခွက်တွေရယ် ပွတ်တိုက်ဆေးကြောကြရပါတယ်။ ဘယ်ပဲမဆို နူးအိနေရင် ဆီစင်ပါတယ်။ ပွတ်တိုက်လို့လည်းကောင်းပါတယ်။ ဒါက ကျွန်တော်တို့ငယ်စဉ် စာသင်သား သာမဏေဘဝက ပဲနဲ့ ပန်းကန်ဆေးခြင်းပါ။ အားလုံးလည်း ဒီလိုပဲ ကိုယ့်သပိတ်ဆွမ်းဟင်းခွက်တွေ စင်ကြယ်အောင် ဆေးကြောကြတာပါ။ ပဲမှုန့်ဟာ ဆီစင်အောင်ချွတ်နိုင်စွမ်းရှိကြောင်း ကလေးဘဝကတည်းက ဘဝပေးအသိနဲ့သိခဲ့ရတာပါ။

တစ်နေ့ ပဲဟင်းအကြွင်းအကျန်လေးတွေနဲ့ ဝတ်ခွက်တွေပွတ်တိုက်နေတုန်း ဘေးနားမှာဆေးနေတဲ့ ဘုလေးလို့ ကျွန်တော်တို့က ချစ်စနိုးခေါ်ကြတဲ့ ဦးပဉ္စင်းက ဝတ်ခွက်လေးတွေ ပဲနဲ့တိုက်ရင်း -

"ကေလာရ၊ ငါတို့စားတဲ့အခါမှာသာ ဆီကမပါဘူးထင်ရတာ။ ဆေးမယ်လည်းဆိုရော ဝတ်ခွက်တွေမှာ ဆီကတဝေ့ဝေ့နဲ့ကွ။ ဘယ်ကဘယ်လိုဆီတွေ ရောက်ရောက်လာတယ် မသိပါဘူးကွာ"

လို့ ရယ်ရယ်မောမောပြောပြဖူးပါတယ်။ မှတ်မှတ်ရရပါပဲ။ ဒီတော့ အလှူတွေ၊ မင်္ဂလာတွေ၊ သာရေးနာရေးတွေမှာ အလွယ်တကူ ဆပ်ပြာမှုန့်တွေနဲ့ ဆေးနေကြတာတွေမြင်ရတိုင်း ကုလားပဲမှုန့်နဲ့ ဆေးကြောခဲ့ကြတဲ့ခေတ်ကို ပြေးသတိရမိပါတယ်။ တကယ့်ကို ဘယ်လိုဆိုးကျိုးမှမပေးနိုင်တဲ့နည်းပါ။

ခုခေတ်မှာ ခေတ်ကြီးတိုးတက်လာတာနဲ့အမျှ ရောဂါဘယတွေကလည်း ထူပြောလိုက်ကြတာ အများအပြားပါပဲ။ ကမ္ဘာမှာ ကင်ဆာအများဆုံးဖြစ်တဲ့နိုင်ငံထဲမှာ မြန်မာပါပါတယ်။ နောင် ပထမနေရာကို ရောက်သွားမှာ တောင်ကြောက်ရပါတယ်။ ဒါကြောင့် ဓာတုအဆိပ်လွတ်ပန်းကန်ဆေးနည်းနဲ့ ဆေးကြရင်ဖြင့် သင့်တော်မည်ထင်ကြောင်း တင်ပြလိုက်ပါတယ်။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com



နတ်ကန်ရွာကို လက်သမားလုပ်ရန်သွားရမည်ဖြစ်သော ဦးမောင်ချောသည် နံနက်(၄)နာရီကျော်တွင် အိပ်ရာကထ၏။ သူအိပ်ရာကထထချင်း ခွေးနှစ်ကောင်၊ သုံးကောင်ဟောင်နေကြသံကို ကြားလိုက်ရသည်။ ခွေးဟောင်သံကြားနေရသောနေရာမှာ သူတို့ကျီပြင်ရွာနှင့်နတ်ကန်ကြားရွာနှစ်ရွာရှိ တောတန်းတံတားနားဘက်ကဖြစ်သည်။

ကျေးလက်တောရွာများ၌ ခွေးဟောင်သံကြားရသည်မှာ အဆန်းတကြယ်ကိစ္စမဟုတ်။ ထို့ကြောင့် ကိုယ်လက်သန့်စင်ပြီး ဓားတစ်စင်းကို ပခုံးထမ်းကာ ဦးမောင်ချော လက်သမားလုပ်ရန် နတ်ကန်ရွာဘက်ထွက်လာသည်။

တောတန်းတံတားနှင့် လှေပြိုင်ချောင်းနားရောက်လာသောအခါ ခွေးဟောင်သံတွေက ပိုကျယ်လာ၏။ ခွေးများသည် သားကောင်တစ်ကောင်ကောင်ကို လိုက်ဝိုင်းကိုက်ခဲရန် ကြိုးစားနေကြပုံရသည်။ ထို့ကြောင့် ဦးမောင်ချော တောတန်းတံတားအနားရောက်သွား၏။ အချိန်မှာ ဝေလီဝေလင်းအချိန်။ ခွေးများဟောင်နေရာဘက်သို့ လှမ်းကြည့်လိုက်သည်။ သူထင်သည့်အတိုင်းပင် ခွေးသုံးကောင်သည် သားကောင်တစ်ကောင်ကို လိုက်ကိုက်နေကြ၏။

ဝေလီဝေလင်းအချိန်သာရှိသေး၍ ဂျီ(ချေ)လား၊ ဝက်လား ကွဲကွဲပြားပြားတော့ ခွဲခြားမမြင်ရသေး။ ခွေးတွေနှင့် သားကောင်ကို ဗိုးတိုဝါးတားသာမြင်၏။ ခွေးသုံးကောင်မှာ တောလိုက်နေကျခွေးများဖြစ်ပုံရသည်။ တစ်ကောင်သည် နောက်ဘက်ကသားကောင်၏တင်ပါးကို ထိုးကိုက်၍ သားကောင်ကလိုက်လျှင် ထိုအကောင်ကပြေး၏။ ထိုအခါ နောက်နှစ်ကောင်က သားကောင်၏တင်ပါးနှင့် တံကောက်ခွက်(ကွေး)ကို ခုန်ကိုက်ကြပြန်သည်။

သားကောင်က ခွေးနှစ်ကောင်ကို တိုက်ခိုက်ရန် ခွေးနှစ်ကောင်ဘက် ခေါင်းလှည့်လိုက်သည်နှင့် စောစောက သားကောင်လိုက်ကိုက်၍ထွက်ပြေးသွားသောခွေးက သားကောင်၏တင်ပါးကို နောက်ကဝင်ကိုက်ပြန်သည်။ သည်လိုနှင့် သားကောင်တစ်ပြန် ခွေးသုံးကောင်တစ်ပြန် တိုက်ခိုက်နေကြသည်။

ထိုအခါ ဦးမောင်ချောမှာ မမျှော်လင့်ဘဲ ဝက်လား၊ ချေလား၊ သားကောင် တစ်ကောင်ကောင်တော့ ရတော့မည်ဟူသော လောဘဇောနှင့် ခွေးသုံးကောင်ကို နှုတ်က အဆက်မပြတ် ရှူးတိုက်ရင်း သားကောင်ရှိရာသို့ ပြေးချ လာသည်။ သားကောင်နားအရောက် သူ့ခြေလှမ်းက တုံ့ခနဲရပ်သွား၏။

အကြောင်းမှာ ခွေးသုံးကောင်က ဝိုင်းကိုက်လိုက်၊ သားကောင်ကကိုက်ရန်လိုက်၍ ထွက်ပြေးလိုက်၊ ပြန်ပြေးလာလိုက်၊ ပြန်ကိုက်လိုက်ဖြစ်နေကြသော သားကောင်မှာ 'ကျားဆိုတာများလား' ဟု ရုတ်တရက် အတွေးပေါက်သွား၍ ဖြစ်၏။

ကျားဖြစ်ရမည်ဟု ဦးမောင်ချောက အတွေးပေါက်သွားသော်လည်း သူကား ကျားအရှင်ကို တစ်ခါမှမြင်ဖူးသူမဟုတ်။ ထိုစဉ်က ဦးမောင်ချောသာမက သူတို့တစ်ရွာလုံး၊ တစ်ကျွန်းလုံး၊ ပန်းထော်တစ်ကျွန်းလုံးရှိရွာများမှ ယောကျာ်း၊ မိန်းမ ကျားအရှင်ကို မည်သူမျှမမြင်ဘူးကြ။ ထိုနည်းလည်းကောင်း သူတို့ကျွန်းတွင် ကျားမရှိသဖြင့် ခွေးတွေကလည်း ကျားမှန်းသိပုံမရကြ။ ထို့ကြောင့်သာ သားကောင်အမှတ်နှင့် လိုက်နေကြပုံရ၏။

သူတို့ပန်းထော်ကျွန်းသူကျွန်းသားများ ကျားအရှင်ကို မမြင်ဘူးကြသည်မှာ သူတို့ကျွန်းပေါ်တွင် ကျားမရှိသဖြင့် ဖြစ်၏။ သူတို့ကျွန်းမှာ တောင်ကုတ်ချောင်းဝနှင့် စကုကျွန်းကြား ပင်လယ်ထဲတွင် ထီးထီးတည်နေသောကျွန်း။ တောင်ကုတ်ဘက်ကမ်းနှင့်ပန်းထော်ကျွန်း ရေလက်ကြားမှာ သုံး၊ လေးမိုင်ခန့်ရှိ၏။ လှိုင်းတဝုန်းဝုန်းထနေသောရေလက်ကြားကိုဖြတ်ကာ ဘယ်ကျားမှ ကူးမလာတတ်ကြ။ အကယ်၍ ဤရေလက်ကြားကို ကျားကူးလာပါကလည်း ပန်းထော်ကျွန်းကမ်းစပ်ကိုရောက်သည်နှင့် ထိုကျားသည် ခြေကုန်လက်ပန်းကျကာ အမောဆို့ ဟောဟဲဆိုက်နေမည်သာ။

ထို့ကြောင့် သူတို့ပန်းထော်ကျွန်းရှိ ကျီပြင်၊ နတ်ကန်ပြင်ကြီး၊ ညောင်ပင်ဆိပ်၊ တောင်ရင်း၊ ကျီဝ၊ ပြည်ဇောပြင်စသည့် ဘယ်ရွာသူရွာသားများကမှ ကျားကိုမမြင်ဘူးကြ။ သို့သော် ကျားဆိုသည်ကို လူပြောသူပြော အရုပ်ကားချပ်များ၌သာမြင်ဖူးထားသောဦးမောင်ချောသည် ယခု ခွေးသုံးကောင်နှင့်တစ်ညလုံး ခွေးတစ်ပြန်သူတစ်ပြန်ဖြစ်နေကြသော အကောင်မှာ ဂျီ(ချေ)မဟုတ်၊ ဝက်မဟုတ်သဖြင့် ကျားသာဖြစ်ရမည်ဟု သူက မှတ်ယူလိုက်သည်။

ထို့ကြောင့် ဦးမောင်ချောက -

"ကျားဗျို့ ကျား ကျား၊ ကျုပ်တို့ကျွန်းကို ကျားရောက်နေပြီ"

ဟု အသံကုန်အော်လိုက်သည်။

ကျား ဟူသော ဦးမောင်ချော အော်နေသံကိုကြားသည်နှင့် ရွာသားကြီး




www.burmeseclassic.com

www.burmeseclassic.com

# ဖိုးကျော့

## ကျားမရှိကျွန်းက ကျားမသိခွေး



တွေမှာ ရ ရာ လက်နက် ဆွဲ၍ ပြေးထွက်လာကြ၏။

ထိုအချိန် ကျားနှင့်ခွေးသုံးကောင်မှာလည်း တစ်ညလုံး ကျားတစ်ပြန်ခွေးတစ်ပြန် တိုက်ခိုက်ထားကြ၍ ခွေးရော ကျားပါ မောနေကြလေပြီ။ သို့သော် ဦးမောင်ချော ရှူးတိုက်လိုက်သံနှင့် လူလိုက်လာသံတွေကို ကြားသောအခါတွင် ခွေးသုံးကောင်မှာအားတက်သွားပြီး ကျားကြီးကို အတင်းဝင်ကိုက်ကြတော့သည်။ လူအုပ်နှင့် ခွေးသုံးကောင်ကို ကြောက်သောကျားက ချက်ချင်းထွက်ပြေးသွား၏။

ခွေးတွေမှာ နောက်ကပြေးလိုက်သွားကြသော်လည်း ကျားကိုမမီလိုက်တော့။ ကျားသည် တံတားအောက်သဲသောင်ကိုဖြတ်ပြီး ပြူးတောထဲဝင်ပြေးသွားသည်။ ခွေးသုံးကောင်မှာ မောပန်းနေကြသဖြင့် ကျားပြေးရာနောက်ကို ထက်ကြပ်မကွာ မလိုက်နိုင်ကြတော့ဘဲ လျှာထွက်ပြီး ဆောင့်ကြောင့်ထိုင်ကာ ကျားကြီးပြေးသွားရာဘက်ကို သာငေးငေးကြည့်ပြီးဟောင်နေကြသည်။ သည်လိုနှင့် ကျားလိုက်ရန် ရွာကထွက်လာကြသူ



www.burmeseclassic.com

www.burmeseclassic.com

တွေမှာ တချို့က ငှက်ဆင်တောင်ဘက်၊ တချို့က ချောင်းလေးတစ်ဖက်ပြေးလိုက်ကြရင်း စောစောကပင် ကျားကိုမြင်လိုက်ရသော ဦးမောင်ချောကတော့ သဲသောင်ပေါ်ကကျားခြေရာကိုကြည့်ပြီး ဦးစွာပြေးလိုက်လာရာ ကျားကိုမီလာသည်။

သူက ကျားကို ဓားနှင့်ခုတ်ရန် ရွယ်ရုံရှိသေး ကျားက သူ့ကိုခုန်အုပ်လိုက်ရာ ပခုံးတစ်ဖက်နှင့်ခေါင်းမှာ ကျားကုတ်ခံရပြီး သွေးတွေထွက်လာသည်။ ထိုအခါ ဆက်မလိုက်ရဲတော့။

"ဒီမှာဟေ့ ငါ့ကိုကျားကုတ်တယ်ဟ၊ ကျားကုတ်လိုက်ပြီ။ ကျားက ဒီ. . . ဒီမှာ၊ ဒီမှာ"

ဟု အော်ကာ ပြန်ပြေးလာ၏။

ဦးမောင်ချောအော်ပြေးလာသံကို ကြားသောအခါ မှိန်းညိုကြီးဦးဆောင်သောနောက်တစ်ဖွဲ့က ကျားကိုဆက်လိုက်လာကြ၏။ တွေ့ပါပြီ။ဦးမောင်ချောအားကုတ်ရုံမက ကိုက်ရန်ပင်ကြိုးစားသော်လည်း သူ့ကိုယ်ကိုပင်ကောင်းစွာမရပ်နိုင်သောကျားသည် ပြေးလည်းမပြေးနိုင်တော့သဖြင့် ပြူးတောအစကချုံပုတ်တစ်ပုတ်ထဲဝင်ကာ ဟောဟဲဆိုက်၍ ခွေးထိုင်ထိုင်နေသည်။

ရွာကထွက်ပြီး ကျားလိုက်ရန်ပြေးလာကြစဉ်က ကျားကို အရှင်ရအောင်ဖမ်းမည်။ ကျားကိုအရှင်ရအောင်ဖမ်းပြီး တစ်ကျွန်းလုံးရှိလူတွေမြင်ဖူးသွားအောင် ရွာစဉ်လည်ပြမည်။ ဘယ့်နှယ်ညာနှယ့် အော်ဟစ်လာကြသော အာကျယ်သူရဲကောင်းများမှာ ခွေးထိုင်ထိုင်ပြီး သူတို့ကို စူးစူးစိုက်စိုက်ကြည့်ပြီး ကျားကြီးက မာန်ဖီလိုက်သောအခါ အလိုလို ခြေလှမ်းတုံ့သွားကြလေသည်။ ကျားကြီးမှာ ဇရာမ ကျွန်းပတ်ကျားကြီး၊ ကိုးတောင်ကျားကြီး၊ နီလာစင်းရိုးမကျားကြီး။

ထိုအခါ မှိန်းညိုကြီးသည် လက်ထဲရှိဓားကိုချပြီး ခါးတောင်း(ပုဆိုး)ကိုမြှောင်အောင်ကျိုက်လိုက်၏။ နောက်ကနေ ရပ်ကြည့်နေကြသော လူဆယ်ယောက်လောက်ကိုလည်း -

"ကဲ - ငါကျားကိုဝင်ဖမ်းမယ်။ ကျားလည်ပင်းကို ငါ့လက်နဲ့ညှစ်ပြီးကိုဖမ်းမယ်။ ဒါမှဒီကောင့်ကိုအရှင်ရမှာ။ အခုဒီကောင့်ကိုကြည့်ရတာယဲ့ယဲ့ပဲကျန်တော့တယ်။ မြစ်ကိုဖြတ်ကူးလာရတာရယ်၊ တစ်ညလုံး ခွေးသုံးကောင်နဲ့ သူပြန်ကိုယ်ပြန်ကိုက်ထားကြလို့ သေမလောက်မောနေပြီ။ ငါဝင်ဖမ်းလို့ ငါ့ကိုကျားကိုက်ရင် မင်းတို့ကူဖို့အသင့်ပြင်ထားကြ"

ဟု ပြောလိုက်ရာ လှံတစ်ချောင်းပါလာသူ အေးချမ်းကြီးက -

"စိတ်ချဗျို့ စိတ်ချ စိတ်ချ၊ ခင်ဗျားအခြေအနေမဟန်ရင် ကျုပ်ကလှံနဲ့ထိုးပြီး ကျားမလှုပ်နိုင်အောင် မြေမှာလှံစိုက်ပြီးဖမ်းပြမယ်"

ဟု ကြိမ်းဝါးလိုက်သလို ဓားတစ်စင်းပါလာသူ လူလှကြီးကလည်း -

"စိတ်ချဗျာ စိတ်ချ စိတ်ချ၊ ခင်ဗျားကျားဝင်ဖမ်းလို့မဟန်ရင် ကျုပ်က ချက်ချင်းကျားလည်ပင်းကို ဒီဓားမနဲ့တစ်ချက်တည်းအပြတ်ဖြတ်ပေးလိုက်မယ်"

ဟု သူရဲကောင်းလုပ်နေပြန်သည်။

နောက် လက်ထဲတွင် ရမိရရာကျောက်ခဲကောက်လာသူတွေကတော့ ကျားကြီးကို ခဲနှင့်လှမ်းပေါက်နေကြသည်။

"ဟေ့ကောင်တွေ၊ မင်းတို့ခဲနဲ့လှမ်းပေါက်လို့ ကျားကြီးတောထဲဝင်ပြေးသွားရင် အရှာရ၊ အဖမ်းရ ပိုခက်ကုန်မယ်။ ဘယ်လူမှခဲနဲ့မပစ်ကြနဲ့။ ဒီကျားကိုငါအရှင်ရအောင်ကိုဖမ်းမယ်"

မှိန်းညိုကြီးမှာ ဗလကောင်းသလို ရွာ၌ ရဲစွမ်းသတ္တိလည်းအရှိဆုံးဖြစ်ရာ မှိန်းညိုကြီး၏ စကားဆိုလျှင် အားလုံးယုံကြည်ကြသဖြင့် ခဲပေါက်သူများရပ်သွားသည်။

လူတွေက ကျားကြီးကိုရပ်ကြည့်နေကြသလို ကျားကြီးကလည်း လူတွေကိုစိုက်ကြည့်ကာ ခြိမ်းခြောက်အသံပေးနေသည်။ လူတွေနှင့် ကျားကြီးမှာ လေး၊ ငါးလံအကွာအဝေး၌ပင် ရင်ဆိုင်နေကြခြင်းဖြစ်သည်။

"ကဲ - မင်းတို့အခြေအနေကြည့်ပြီး ငါ့နောက်လိုက်ခဲ့ကြ"

ပြောရင်းက မှိန်းညိုကြီးသည် ကျားကြီးရှေ့တိုးသွားသည်။ လှံ၊ ဓားပါကြသော လူလှကြီးနှင့်အေးချမ်းတို့က မှိန်းညိုကြီးအခြေအနေမဟန်လျှင် ကူညီရန် အနီးကပ်လိုက်ပါလာကြ၏။ ကျန်လူများကလည်း ဟေးဟေးငြာသံပေးကာ နောက်ကတစ်လှမ်းချင်းလိုက်လာကြ၏။

မှိန်းညိုကြီး သူ့အနားရောက်လာသည်နှင့် ကျားကြီးက မှိန်းညိုကြီးကိုခုန်အုပ်လိုက်သည်။ မှိန်းညိုကြီးကလည်း ဗလအားကိုး ရခိုင်ကျင်သိုင်းကွက်နှင့် ကျားကြီး၏ချိုင်းနှစ်ဖက်အောက် လက်လျှိုသွင်းကာ မြန်လိုက်သည့်ဖြစ်ခြင်း ကျားကြီးကို ခါးစောင်းတင် ဗိုင်းခနဲပစ်ချလှဲလိုက်သည်။ မြေပြင်ပေါ် ပစ်ကျသွားသောကျားကြီးကို မှိန်းညိုကြီးက လည်ပင်းညှစ်ဖမ်းရန်ဝင်လုံးရာ မှိန်းညိုကြီးနှင့် ကျားကြီးတို့ လုံးထွေးနေကြစဉ် လှံနှင့်ဝင်ထိုးသော အေးချမ်းကြီး၏လှံက ကျားကြီးကိုမထိဘဲ ဘာကိုသွားထိုးမိသည်မသိ၊ လှံရိုးကျိုးသွား၏။ လူလှကြီးက ဓားနှင့်ဝင်ခုတ်သော်လည်း ရင်တုန်ပန်းတုန်ဖြစ်သွားသည့်အပြင် သူ့ဓားမတုံးကလည်း ကျားရေပျော့ပျော့လေးကို မထိမရှနိုင်။ သူတို့နှစ်ယောက်မှာ ကျားကျားဆို၍သာ ရမိရရာဆွဲချလာကြရာ တစ်ခါမှမသုံးဖြစ်သောလှံရိုးက အဆွေး၊ ဓားမကြီးကလည်း ဓားမတုံး။ ထိုအခါ ကျားနှင့်လုံးထွေးနေသော မှိန်းညိုကြီး၏ လက်တစ်ဖက်က ကျားကြီးပါးစပ်ထဲဝင်ပါသွားသည်။ သူ့လက်တစ်ဖက် ကျားဝါးခံလိုက်ရမှ သူရဲကောင်းကြီးက အော်ငိုပြီး ထပြေးလာသည်။ ထိုအခါမှာတော့ ကျားကြီးလည်းပြေး၊ လူတွေလည်းပြေးကြပြန်သည်။ သို့သော် ကျားကြီးပျောက်သွားမှာစိုးသော ဦးဗလန်းနှင့်ဖိုးရွှေတို့က ကျားကြီးနောက်လိုက်သွားကြသည်။

ကျားကိုက်ခံလိုက်ရသောဦးမောင်ချော၊ မှိန်းညိုကြီးတို့နှင့် ကျားလိုက်သွားကြသူများပြန်ပြေးလာကြတော့မှ ဤကျားကြီးကို အရှင်ဖမ်း၍မရနိုင်ဆိုသည်ကိုသိသွားကြ၏။ ထိုအခါ နတ်ကန်ညောင်ပင်ဆိပ်ရွာဘက်ရှိ လုံခြုံရေးတပ်ဖွဲ့သို့ အကူအညီသွားတောင်းကြသည်။ ဖဲဝိုင်းကကောင်းနေရာ သူတို့ကကျားကိုစိတ်မဝင်စား။ ကျားပစ်ရန်မှာ ကျားကို တောထဲတောင်ထဲလိုက်ရှာကြရဦးမည်။ မည်မျှကြာမည်မသိ။ အကူအညီမပေးနိုင်လျှင်လည်းမကောင်း။လူနှစ်ယောက်ကိုလည်း ကိုက်လွှတ်လိုက်ပြီးဆိုသောအခါ မကြုံစဖူး။ တစ်ခါမှ ဤကျွန်းကို ကျားရောက်လာသည်ဟုလည်းမကြားဘူး။ နတ်ကျားများလားဟူသော အတွေးကြောင့်လားမသိ၊ သူကြီးကို အားနာပါးနာနှင့် သူတို့တွင်ရှိသော မီးပျက်မောင်းကျိုးရိုင်ဖယ်တစ်လက်ကိုပေးလိုက်သည်။ သူတို့ကားလိုက်မလာ။

သူကြီးကလည်း ကျားကိုရမှရစိတစ်ရွာရွာက တစ်ယောက်ယောက်တော့ သေနတ်ပစ်တတ်မှာပဲဟုယူချလာ၏။ သို့သော် မည်သူတစ်ဦးတစ်ယောက်မှ သေနတ်မကိုင်ဘူး၊ မပစ်ဘူးကြ။ ကျွန်းကိုပတ်ရှာလျှင်လည်း သေနတ်ပစ်တတ်သူ၊ သေနတ်ကိုင်ဖူးသူကိုရှာ၍ရမည်မဟုတ်။

ထိုကဲ့သို့ အကျပ်ရိုက်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com

ရွာဖျားနေ ဦးကျော်လှက သူတို့အိမ်တွင် ဖိုးစုနှင့် ရွှေစုဆိုသော တောင်စဉ်ဘက်က မုဆိုးညီအစ်ကိုနှစ်ယောက် ငါးပိငါးခြောက်ဝယ်ရန်ရောက်နေကြကြောင်း၊ ထိုမုဆိုးညီအစ်ကိုနှစ်ယောက်ကို အကူအညီတောင်းလျှင် ရနိုင်ကြောင်းပြောသဖြင့် တောင်စဉ်မုဆိုးနှစ်ယောက်ဆီ ပြေးပြီး အကူအညီတောင်းကြသည်။

ဖိုးစုနှင့် ရွှေစုတို့မှာ ရိုးမတောင်ပေါ်သားမုဆိုးတွေဖြစ်ကြသဖြင့် သေနတ်ပစ်တတ်ကြသည်။ ချေ၊ ဝက်၊ ပြောင်၊ ဆတ်တို့ကိုလည်း အကောင်ပေါင်းများစွာပစ်ဖူးသည်။သို့သော် ကျားကိုမူ သူတို့လည်း မပစ်ဘူး။ ကျားနှင့်လူမှာ လူမုဆိုးနှင့်တောမုဆိုးဖြစ်ကြသဖြင့် တစ်ဦးကိုတစ်ဦးမသတ်ကောင်း။ မိမိတို့လူသားတွေကစ၍ သစ္စာမဖောက်ကောင်းဟုပြောင်းနေကြပြန်ရာ ရွာသူကြီးမှာ ပရိယာယ်ဆင်ရတော့သည်။

"မင်းတို့နှစ်ယောက် ငါ့ကျွန်းပေါ်ရောက်လာကြတာ အိမ်ရှင်လုပ်တဲ့လူကလည်း ငါ့ကိုအသိမပေး။ မင်းတို့ဒီကျွန်းကို ဘာကိစ္စလာကြတာလဲ"

"ကျွန်တော်မျိုးတို့ ငါးပိငါးခြောက်ဝယ်ဖို့လာကြတာပါ သူကြီးမင်း"

ချင်းမုဆိုးလေး ညီအစ်ကိုနှစ်ယောက်က အမှန်တိုင်းပြောရှာသည်။

"မင်းတို့ပြောတိုင်း ငါတို့ကယုံရမှာလားကွ။ ခေတ်ကာလအကြောင်း မင်းတို့သိတယ်မှတ်လား။ ငါးပိငါးခြောက်ဝယ် ရိုးရိုးသားသားလာရင် ရောက်တဲ့နေ့ကပင် ဘာလို့အကြောင်းမကြားလဲ။ ဟော့ကောင်- ကျော်လှ၊ မင်းကပါ အကြံအစည်. . ."

သူကြီးက မင်းနှင့်မောင်းနှင့် သူ့ရွာသားကိုပါ ဒေါသတကြီးဟန်နှင့် ပြောလိုက်ရာ ဦးကျော်လှက-

"ဘာအကြံအစည်မှမဟုတ်ရပါဘူး သူကြီးရာ။ ကျွန်တော့်မိတ်ဆွေတွေက တောင်ပေါ်သားမုဆိုးစစ်စစ်တွေပါ။ မနေ့က မိုးချုပ်မှရောက်ကြတော့ ကျွန်တော်လည်း ဒီကနေ့မနက်မှ သူကြီးကိုလာအကြောင်းကြားမလို့ပါ။ ကျားကိစ္စနဲ့ မိုးမလင်းခင်ကပင် ဆူညံနေကြတော့ ခွင့်လွှတ်ပါ"

ဦးကျော်လှကလည်း သူကြီးအထာကိုသိသဖြင့် တမင်တောင်းတောင်းပန်ပန်လုပ်ပြောနေ၏။

မုဆိုးလေးညီအစ်ကိုနှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မျက်နှာငယ်လေးနှင့် ငြိမ်ကုပ်နေကြသည်။

ဤကျွန်းလို ပင်လယ်ထဲက ထီးထီးကျွန်းတွင် ဧည့်သည် အာဂန္တုတစ်ယောက်ယောက်ကို ယုံမှားသံသယ တစ်စုံခုကြောင့် သတ်ပြီး ပင်လယ်ထဲလွှင့်ပစ်လိုက်ကြလျှင်လည်း မည်သူတစ်ဦးတစ်ယောက်မျှလာရောက်စစ်ဆေးမေးမြန်းကြမည့်ကာလမဟုတ်။ ထို့ကြောင့် ရိုးသားသော မုဆိုးညီအစ်ကိုနှစ်ယောက်မှာ ဝိုင်းကြည့်နေကြသောကျွန်းပြင်ရွာသားများကို အကြောက်ကြီးကြောက်ကာ ဒူးတုန်နေကြသည်။

"မင်းတို့ အမှန်တကယ် ငါးပိငါးခြောက်ဝယ်ဖို့လာကြတာ အမှန်ပဲနော်"

"အမှန်ပါခင်ဗျား"

"အေး - ဒါဆို ကောင်းပြီ။ မင်းတို့လိုချင်တဲ့ငါးပိငါးခြောက်ကို ပိုက်ဆံပေးဝယ်စရာမလိုဘူး။ ငါတို့တစ်ရွာလုံးက စုကောက်ပေးလိုက်မယ်။ ငါတို့ရွာကိုဒုက္ခလာပေးနေတဲ့ကျားဆိုးကြီးကိုပစ်ပေးဖို့တော့ မင်းတို့နှစ်ယောက်တာဝန်ပဲ။ ငါပြောတာ မင်းတို့သဘောပေါက်ပါတယ်နော်"

မုဆိုးညီအစ်ကိုနှစ်ယောက်အား ဤသို့ ကျားပစ်ပေးဖို့ အတင်းအကျပ်ပြောဆိုနေရချိန်တွင် ကျားမျှောက်သွားမှာစိုး၍ ကျားနောက်လိုက်သွားကြသော ဦးဗလန်းနှင့် ဖိုးရွှေတို့ကမူ ကျားနှင့်ရင်ဆိုင်တွေ့နေကြပြီ။

တစ်မနက်လုံး ခွေးတွေ၊ လူတွေနှင့် လုံးထွေးသတ်ပုတ်ထားသောကျားကြီးမှာ သူ့နောက်ကို လူနှစ်ယောက်လိုက်လာကြသေးသည်ကို မြင်သောအခါ ပြူးတောထဲဆက်မပြေးတော့ဘဲ လူနှစ်ယောက်ကို နောက်ပြန်လှည့်ကြည့်ကာ မောမောနှင့် ကမ်းပါးယံတွင်မှီပြီး ခွေးထိုင်ထိုင်ကာ လူနှစ်ယောက်ကို ဝမ်းခေါင်းသံကြီးနှင့် ခြိမ်းခြောက်ဟိန်းဟောက်လိုက်သည်။

ထိုအခါ လူနှစ်ယောက်ကို ကိုက်လာသောကျားကြီးကိုကြောက်ကာ ဝင်မလုံးရဲကြတော့ဘဲ ကျားကြီးဟိန်းလိုက်သည်ကို ခုန်အုပ်တော့မည်အထင်နှင့် တစ်ယောက်က စကြမ်းပင်ပေါ်တက်ပြေးသည်။ တစ်ယောက်ကမူ ဒူးတုန်နေသဖြင့် သစ်ပင်ပေါ်မတက်နိုင်ရာ သစ်ပင်ကြီးသုံးပင် ခြေရင်းကြားကိုဝင်ပုန်း၏။

ထိုအချိန်တွင် မုဆိုးညီအစ်ကိုနှစ်ယောက်နှင့် ကျားပစ်ရန်လိုက်လာကြသောလူများကလည်း ဟေးတိုက်လိုက်လာကြသလို စောစောက ငှက်ဆင်တောင်ဘက် ကျားရှာရန် လူစုခွဲလိုက်သွားကြသောလူအုပ်ကလည်း လေ့ပြိုင်ချောင်းဘက်မှ လူသံတွေကြားသဖြင့် ကျားတွေ့ပြီဟု လူသံကြားရာဘက် ပြေးလိုက်လာကြသည်။

ထိုအခါ စကြမ်းပင်ပေါ်တက်ပုန်းနေသော ဦးဗလန်းက -

"ကျားကြီးက ဒီမှာဗျို့၊ ကျားကြီးက ဒီမှာ. . . ဒီမှာ"

ဟု အော်ပြောနေ၏။

လူအုပ်ကြီးကိုဦးဆောင်လာသော မုဆိုးညီအစ်ကိုနှစ်ယောက်က ကျားကြီးကိုမြင်သောအခါ ပစ်ရန်အနေအထားကို အကဲခတ်လိုက်ကြစဉ် ကျားကြီးကလည်း မုဆိုးနံ့ရ၍လားမသိ၊ ချက်ချင်းခွေးထိုင်ထိုင်ပြီး ဟောဟဲဆိုက်နေရာမှ အနေအထားပြောင်းလိုက်သည်။ သူ့ရှေ့ကို ရိုင်ဖယ်သေနတ်ချိန်ပြီး တစ်လှမ်းချင်း အနားကပ်လာသောဖိုးစုကို ကျားကြီးက ချက်ချင်းခုန်အုပ်လိုက်သည်။ နောက်ကပါလာသူများသည် အထိတ်တလန့်နှင့် ဟေးဟု လန့်အော်လိုက်ကြ၏။ သူတို့အော်လိုက်သံနှင့်အတူ ဖိုးစု၏သေနတ်သံကလည်း ပတ်ဝန်းကျင်ကို ဟိန်းထွက်သွားသည်။ ကျားကြီးသည် လေထဲမှ ကုပ်ကျိုးကျကာ မြေပြင်တွင်လူးလိမ့်ပြီး ဆန့်ငင်ဆန့်ငင်ဖြစ်နေ၏။

ကျားကြီးသည် မကြာမီသေတော့မည်ကိုသိသော မုဆိုးဖိုးစုကမူ ကျည်ကုန်ခံ၍ နောက်ထပ်ပင် ဆက်မပစ်တော့။ ထိုအခါမှ ရွာသူရဲကောင်းကြီးများသည် ဆန့်ငင်ဆန့်ငင်ဖြစ်နေသော ကျားကြီးကို ဝိုင်းပြီး လှံနှင့်ထိုး၊ ဓားနှင့်ဝင်ခုတ်ကာ သူရဲကောင်းကြီးများလုပ်နေကြပြန်သည်။

❑

စာရေးသူအား လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်ကပြောပြသွားသူမှာ ပန်းထော်ဇာတိသား ဆရာတော်ဦးဣန္ဒာဘာသဖြစ်သည်။ ဆရာတော်က သူတို့ငယ်ငယ်တုန်းကဟုဆိုသည်။ ထိုစဉ်က ဆရာတော်မှာ သက်တော် (၆၀) ကျော်ပြီ။ ထို့ကြောင့် ယခုဆိုလျှင် ဤအဖြစ်အပျက်မှာ နှစ်ပေါင်း (၇၀)ကျော်ပြီးဟု ယူဆရတော့သည်။

ဝိုးကျော



www.burmeseclassic.com

www.burmeseclassic.com

# ကလေးငယ်များနှင့် အဆိပ်သင့်အစားအစာများ

နေပြည်တော်ကျော်ကျော်စိုး



၂၀၁၄၊ ဩဂုတ်လထုတ် အတွဲ (၁၄)၊ အမှတ် (၈) သူရဇ္ဇမဂ္ဂဇင်းမှာ ကျွန်တော်ပို့ထားတဲ့ 'အရိုးပျော့နဲ့ ဥသျှစ်ခွံ' ဆိုတဲ့ ဆောင်းပါးတိုလေးပါလာပါတယ်။

ဒီဆောင်းပါးက အကျိုးကိုမပြောဘဲ အပြစ်ကိုပြတဲ့ ဆောင်းပါးပါ။ ဘာလို့ အပြစ်ကိုပြသလဲဆိုတော့ အဲဒီအပြစ်ကို ကြိုတင်ကာကွယ်နိုင်အောင်လို့ပါပဲ။

မြို့ပြတွေမှာမဆိုလိုပေမယ့် ဖွံ့ဖြိုးမှုအားနည်းနေသေးတဲ့ ကျေးလက်အများအပြားမှာ ဗိန္ဒောဆေးဆရာတွေ ရှိနေကြပါသေးတယ်။ ဗိန္ဒောဆရာတွေဆိုတာ တိုင်းရင်းဆေးပညာလက်မှတ်ရတာတွေရှိမယ်၊ မရတာတွေလည်းရှိကြပါတယ်။ သို့သော်လည်း အတွေ့အကြုံအရ သမားကျွမ်းကြမယ်လို့လည်း ယုံကြည်ပါတယ်။ ဆေးပညာဆိုတာ ကျယ်ပြန့်တာမို့ လေ့လာလို့ကုန်နိုင်ဖွယ်မရှိပါဘူး။ ကျွန်တော်တို့ မိုးကုတ်ကျောက်ဖျာရွာက ဗိန္ဒောဆရာလို အရိုးပျော့ဝေဒနာရှိတဲ့ကလေးဟာ ဥသျှစ်နဲ့ လုံးဝမတည့်ဘဲ ဥသျှစ်ခွံသွေးတိုက်မိရင် အဆိပ်ဖြစ်ပြီး ခဏအတွင်းမှာ သေဆုံးသွားနိုင်တယ်ဆိုတာ လုံးဝမသိတဲ့အတွက် တိုက်မိတဲ့အခါ ခဏအတွင်းမှာပဲ ကလေးဟာ အဆိပ်သင့်ပြီး သေဆုံးရပါတယ်။ ဗိန္ဒောဆရာ နောင်တရသလို မိဘတွေလည်း ပဋ္ဌာမြေလူးမျှ ခံစားခဲ့ကြရပါတယ်။

ဒါပေမယ့် ဒါဟာ ဘယ်လိုပြုပြင်လို့မှ မရတော့တဲ့အမှားပါ။ ဒီအမှားမျိုးတွေ မဖြစ်ကြစေလိုလို့ တင်ပြပေးထားတဲ့ ဆောင်းပါးလေး ဖြစ်ပါတယ်။ ဗိန္ဒောဆရာတွေကို မီကျောင်းမင်း ရေကင်းပြတဲ့သဘောမျိုးမဟုတ်ကြောင်း ဦးစွာတောင်းပန်လိုပါတယ်။

အခုတင်ပြချင်တာက ကလေးငယ်များနဲ့ လုံးဝမတည့်တဲ့ အဆိပ်သင့်အစားအစာများ ဖြစ်ပါတယ်။ ဒါတွေက ကျွန်တော့်မျက်စိနဲ့မြင်ခဲ့ရတဲ့ တကယ့်ဖြစ်ရပ်တွေပါ။

ဦးစွာ သန္ဓေဆောင်စဉ်ကာလ မိခင်များရှောင်ကြဉ်ရန် အစားအစာကို တင်ပြချင်ပါတယ်။ ပဒူလို့ လူတွေခေါ်ကြတဲ့အကောင်ကို လူတိုင်းသိကြပါတယ်။ ပဒူဆိုတာ လူတွေအလွယ်ခေါ်တာပါ။ ပျားတူပါ။ ဒီအကောင်တွေက အင်းဆက်ပိုးမျိုးမှာပါဝင်ပြီး ပုံစံက ပျားနဲ့တူပါတယ်။ အဲဒါကြောင့် ပျားတူကို ပဒူလို့ အလွယ်ခေါ်ခြင်းပါ။

ပျားနဲ့တူသော်လည်း အကောင်သာတူတာပါ၊ စရိုက်ကျတော့ အလွန်ကွာပါတယ်။ ပျားတွေက နူးညံ့တဲ့ပန်းဝတ်ရည်ကို စားသုံးကြတယ်။ ပဒူကျတော့ အသားစားသတ္တဝါပါ။ အသားစားအလွန်ကြမ်းကြတယ်။ အပုပ်အစပ်အလွန်ကြိုက်တဲ့သတ္တဝါပါ။

ပြီးတော့ အကောင်ချင်းလည်း ပျားနဲ့အတော်ကွာပါတယ်။ ပဒူက ပျားထက် အများကြီးကြီးတယ်။ မြေအောင်းပဒူဆိုရင် လူကြီးလက်သန်းလောက်အထိကြီးတယ်။ သူတို့မှာ အလွန်ထက်မြက်ပြီး ကိုက်အားအလွန်သန်တဲ့ပါးစပ်ပါတယ်။ အဆိပ်အလွန်ပြင်းတဲ့ အဆိပ်ဆူးအမြီးမှာ ပျားလိုပဲပါဘယ်။

လူတစ်ယောက်ဆိုရင်မြေအောင်းပဒူ (၃) ကောင်လောက် အကိုက်ခံရရင်ကိုပဲ ဆေးမမီလို့ကတော့ သေဆုံးသွားနိုင်ပါတယ်။ အလွန်ပူပြီး [illegible]မရပ်နိုင်အောင် အော်ဟစ်နေရအောင် နာကျင်စေတဲ့အဆိပ်ပါ။

ပဒူမှာ မြေပဒူ၊ ကုန်းပဒူဆိုပြီး (၂) မျိုးရှိတယ်။ ကုန်းပဒူကတော့ သစ်ပင်တွေပေါ်မှာအုံကြီးဖွဲ့ပြီးနေတယ်။ ပုံသဏ္ဌာန်က တင်းတောင်းလို လုံးလုံးကြီးပါ။ ပျားကျတော့ အလုံးမဟုတ်ဘူး။ အပြားလိုက်ကြီးအုံဖွဲ့တာပါ။ ပဒူဟာ တောထဲမှာတင်မဟုတ်ဘဲ လူတွေနေတဲ့ အိမ်တံစက်မြိတ်တွေမှာလည်း အုံဖွဲ့ပါတယ်။ ဒါပေမယ့် ကုန်းပဒူတွေက အကောင်သေးတယ်။ မြေပဒူလောက် အဆိပ်မပြင်းပါဘူး။ အိမ်ပဒူနဲ့ တောပဒူတောင် မတူပါဘူး။ တောပဒူက ပိုပြီး အဆိပ်ပြင်းတာ တွေ့ရတယ်။

မိုးကုတ်အနောက်ပိုင်း သစ်ဆိမ့်ကုန်းရွာက ကောင်လေး (၂) နှစ်ဦး ရွာအနောက်ဘက်က ဓာတ်တော်ကုန်းအောက်စောင်းသစ်ပင်ကြီးက ပဒူအုံကို မိုးချုပ်စမှာ ဝင်ဖွပ်ပါတယ်။ မိုးချုပ်ရင် သူတို့ပဒူတွေ ပျံဝဲမကိုက်နိုင်ကြပါဘူး။ ဒီအခါ သူတို့သစ်ပင်ရဲ့ ပင်စည်နဲ့သစ်ကိုင်းတွေမှာ ကင်းကျတဲ့ ပဒူက နားပြီး စောင့်နေတာပါ။ အဲဒီမှာ တက်သွားတဲ့ ကောင်ကို ကင်းကျတဲ့ပဒူက စကိုက်တာပါ။ နောက်ထပ်ပဒူတွေထွက်လာပြီး ကိုက်တဲ့အခါ တက်တဲ့အကောင် အမြန်ဆင်းလာပါတယ်။ ပြီးတော့ အမြန်ပြေးကြရတယ်။

ဘယ်လောက်အဆိပ်ပြင်းလဲဆိုရင် အဲဒီအကိုက်ခံရတဲ့အကောင်က တွဲခေါ်နေတဲ့ကောင်ကို -

"ဟေ့ကောင် နာလိုက်တာ၊ ငါ့ခါးတောင်ပြတ်ထွက်သွားမလားအောက်မေ့ရတယ်။ ငါမလိုက်နိုင်တော့ဘူး။ ဒီနားသားခဲ့ကွာ"

လို့ ဓာတ်တော်ကုန်းအဆင်းကတ္တရာလမ်းပေါ်မှာ ပြောနေတာကို ကျွန်တော်ကြုံတာနဲ့ မေးကြည့်တော့ ပဒူဖွပ်လို့ အကိုက်ခံရကြောင်း သိရပါတယ်။ သို့သော်လည်း အတန်ငယ်ဝေးတဲ့ သစ်ဆိမ့်ကုန်းရွာကို အဲဒီအကိုက်ခံရတဲ့ကောင်လေးကို အပါခေါ်သွားနိုင်ခဲ့ပါတယ်။ အဲဒီညမှာပဲ အဲဒီအကိုက်ခံရတဲ့ကောင်လေးဆုံးသွားပါတယ်။ အဆိပ်ဘယ်လောက်ပြင်းသလဲဆိုရင် အဲဒီကောင်လေးရဲ့အလောင်းဟာဖူးရောင်ပြီး အကြီးကြီးဖြစ်လာလို့ ခေါင်းတောင်ကွဲထွက်ရတယ်လို့ သိရပါတယ်။ ဆေးမမီလိုက်တဲ့ဖြစ်ရပ်ပါ။ ကိုက်ချက်လည်းများသွားဟန်တူပါတယ်။

ကျွန်တော်နေတဲ့ ကျောက်ဖျာရွာအောက်ပိုင်းက ဦးလှဖေရဲ့နောက်စေ့မှာ



www.burmeseclassic.com

www.burmeseclassic.com

ဆံပင်ဒိုးလုံးလောက် ကွက်ဖြူနေတာ တွေ့ရတော့ မေးကြည့်တဲ့အခါ သူ့ခေါင်းနောက်စေ့ကို ပဒူတစ်ချက်အတုပ်ခံရကြောင်း ပဒူတုပ်တဲ့အခါ တစ်ခေါင်းလုံးနာကျင်ကိုက်ခဲသွားကြောင်း ရက်အတန်ကြာခံရကြောင်း ဝေဒနာပျောက်အပြီးမှာတော့ အခုလို ဆံပင်ဖြူသွားကြောင်း ပြောပြပါတယ်။ အတော်ကြောက်စရာကောင်းတဲ့အဆိပ်ပါ။

ကျွန်တော် ကျောက်ဖျာမှာ အရှယ်ကောင်းစဉ် ကျောက်တွင်းလုပ်နေတဲ့ကာလမှာ ကိုဘစိုး၊ မတင်ကြည်တို့ရဲ့ သမီးအငယ်ဆုံး အဲငိုင်း အိမ်မှာ ပဒူအဲတုပ်ခံရပါတယ်။ ဖြစ်ပုံက အိမ်အပေါ်ထပ်ကို ပဒူတစ်ကောင်ဝင်နေတုန်း မှန်တံခါးတွေပိတ်မိတဲ့အခါ အဲဒီပဒူဟာ မှန်ပြတင်းကနေ အပြင်ကိုတိုးထွက်နေပုံရှိပါတယ်။ အလင်းပေါက်ကို ကြိမ်ဖန်များစွာတိုးတဲ့အခါ အတောင်ညောင်းပြီး အောက်မှာကျနေတာပါ။ မပျံနိုင်တော့ပါဘူး။ အသေကောင်လိုဖြစ်နေပါပြီ။ ဒါပေမယ့် သူ့ကိုထိတာနဲ့ ဖင်မြီးက အဆိပ်အပ်ထွက်လာပြီး လျှပ်တစ်ပြက်ထိုးလေ့ရှိတာ ထုံးစံပါ။ ကလေးတွေဟာ အဲဒီလိုအကောင်တွေ့ရင် ရှေ့ပိုင်းဖြတ်ပစ်ပြီး အဆိပ်အပ်ပါတဲ့နောက်မြီးကို တုတ်နဲ့ ဆော့ကစားလေ့ရှိကြတယ်။အဲဒီအဆိပ်အပ်ပါတဲ့နောက်မြီးမှာ ရှေ့ပိုင်းခန္ဓာကိုယ်မရှိတော့ပေမယ့် သူ့ကိုထိတာနဲ့ အဆိပ်အပ်နဲ့ ဆတ်ခနဲထိုးတတ်တာ ခမ္မတာပါ။ ကာလအတန်ကြာမှ အဲဒီ နောက်မြီးသေဆုံးလေ့ရှိတယ်။ ဒါက တောနေကလေးတွေ ပဒူအောက်ကျနေတာတွေ့ရင် ရှေ့ပိုင်းဖြတ်ပြီး နောက်မြီးကိုဆော့ကစားကြတာ ထုံးစံပါ။ အကြိမ်ကြိမ်မြင်ဖူးပါတယ်။

ခုလည်း အဲငိုင်းဆိုတဲ့ကလေးဟာ ပြတင်းနားသွားအရပ်မှာ အောက်မှာရှိနေတဲ့ပဒူကို မမြင်ဘဲနင်းမိလိုက်တာပါ။ ပဒူအထိုးခံလိုက်ရတော့ ငိုလိုက်တာလူတွေတော်ာင်လန့်ပါတယ်။ ပြေးကြည့်မှ မလှုပ်နိုင်တဲ့ပဒူဖြစ်နေပါတယ်။ လူကြီးလက်သန်းလောက်မရှိတရှိ အညိုရောင်အကောင်ပါ။ ဒါနဲ့ ကားနဲ့ ချက်ချင်းကျပ်ပြင်ဆေးခန်းကိုပြေးကြရပါတယ်။ ခုတော့ အဲငိုင်းဟာ အိမ်ထောင်တောင်ကျနေပါပြီ။ မန္တလေးရတနာပုံတက္ကသိုလ်က ဘွဲ့ရပါတယ်။

မြေအောင်းပဒူကျ အကောင်လည်း အရမ်းကြီးတယ်၊ အဆိပ်လည်း အရမ်းပြင်းပါတယ်။ အဲဒီ မြေအောင်းပဒူတွေဟာ လူနဲ့နီးရာမှာမနေပါဘူး။ တောနက်တောင်နက်လူသူဝေးတဲ့နေရာတွေမှာ နေတာပါ။ အလွန်လျှို့ဝှက်ကြပါတယ်။

သို့သော်လည်း အောင်းလိုက်မုဆိုးတွေရဲ့လက်ကလွတ်ခဲကြပါတယ်။ ဘာလို့လဲဆိုတော့ အောင်းမုဆိုးတွေက တောထဲမှာ မြေပဒူလို့ခေါ်တဲ့ အောင်းကောင်တစ်ကောင်လောက်ကိုတွေ့ခဲ့ရင် အဲဒီတွေ့တဲ့ဝန်းကျင်မှာ အောင်းတွေအလွန်ကြိုက်တဲ့ အမဲသား စတဲ့ အသားဖတ်ကို အပ်ချည်နဲ့ဝါးမြှေးပါးဆွဲပြီး အမြင့်တစ်နေရာမှာ တင်ထားပေးတာပါ။ အသားဖတ်ကိုချီပြီး ပျံသွားတာနဲ့ ဖြူဖွေးတဲ့ ဝါးမြှေးပါ ကောင်းကင်မှာ တလွင့်လွင့်နဲ့ပါသွားတာပါ။ အဲဒီ ဝါးမြှေးပါးကိုကြည့်ပြီး အဲဒီအောင်းကောင်ပျံသွားရာနောက်လိုက်ကြည့်ရပါတယ်။ ပြီးတော့ နောက်တစ်ခါ ထပ်ထောင်ရပြန်ပါတယ်။ ထပ်လိုက်ကြရပြန်ပါတယ်။

မြေအောင်းပဒူ အုံနီးပြီဆိုရင်တော့ မြေအောက်ထဲက အောင်းတွေရဲ့ လှုပ်ရှားမှုတုန်ခါသံကို မုဆိုးတွေကြားကြရတာပါပဲ။ အုံကြီးရင် မြေကြီးဟည်းထွက်နေတယ်လို့ဆိုပါတယ်။ တွေ့တာနဲ့ ညအခါမှာ ဖွပ်ကြရခြင်းပါ။

အဲဒီအောင်းတွင်းထဲကို အလွန်လျှင်တဲ့သမင်တို့ အလွန်ကြီးတဲ့ပြောင်တို့ ခြေထောက်ကျွံကျသွားရင် အလွန်လျှင်မြန်စွာ ပြန်နုတ်ရင်တောင်မှ အရိုးပဲကျန်ရလေ့ရှိတယ်လို့ ဆိုစမှတ်ပြုကြပါတယ်။ အဲဒီလောက် ထက်မြက်တဲ့ပါးစပ်နဲ့ သားစားကြူးမှုရှိတဲ့အကောင်မျိုးပါ။ အဆိပ်ဘယ်လောက်ပြင်းလိုက်မလဲဆိုတာတော့ စဉ်းစားကြည့်ကြပါ။

ဖွပ်တာကျတော့ သူတို့ရဲ့ ကုယ်ပေါက်တွေကို အရင်ဆုံးလိုက်ပိတ်ရပါတယ်။ သေချာပြီဆိုမှ ဆေးရွက်ကြီးမှိုင်းငွေ့မှုတ်ထည့်ကြခြင်းပါ။ အောက်ဆီဂျင်ပြတ်ပြီး ပြင်းထန်တဲ့ဆေးရွက်ကြီးအငွေ့ဟာ လက်သန်းလောက်ရှိတဲ့ အောင်းကောင်မဆိုထားနဲ့ လူတောင်သေစေနိုင်တဲ့ နီကိုတင်းအဆိပ်ငွေ့ပါ။ အဆိပ်မှိုင်းမိပြီး အသံတွေငြိမ်သွားမှ အောင်းတွင်းကိုဖော်ကြရပါတယ်။

အဲဒီအောင်းကွင်းထဲမှာ အကောင်နုလေးတွေရှိနေတဲ့ ပျားသလက်ချပ်တွေ အစီအရီရှိကြပါတယ်။ အဲဒီ အကောင်နုပျားသလက်ချပ်တွေကိုသယ်ကြရတာပါ။ တွင်းကြီးရင် ကြီးသလောက်ရကြပြီး အောင်းမုဆိုးတွေ ဘွက်ခြေကိုက်ကြပါတယ်။ သူက ဈေးကြီးအစားအစာပါ။ သူဌေးတွေမှ ဝယ်စားနိုင်ကြပါတယ်။ ပိုက်ဆံတန်ဖိုးရှိတဲ့ခေတ်တုန်းကကိုပဲ တစ်ပိဿာသောင်းချီဝယ်ကြရတာပါ။ အဲဒါက အကောင်ချည့်မဟုတ်ပါဘူး။ ပျားအိမ်ပါထည့်ချိန်တာပါ။ ပြီးမှ အကောင်လေးတွေနှိုက်ပြီးကြော်စားရတာပါ။ အကောင်နုရင် လောက်နဲ့တူပြီး အကောင်နည်းနည်းရင့်ရင် အကောင်ပုံစံဖြစ်နေပါတယ်။ အတော်ရင့်ရင်တော့ နည်းနည်းညိုပါတယ်။ နည်းနည်းလှုပ်ပါတယ်။ သို့သော်လည်း အကုန်ကြော်စားတာပါ။ အလွန်ဆိမ့်ပြီး အရသာရှိလှပါတယ်။ တစ်ပိဿာဝယ်ကြော်မှ နည်းနည်းရတာပါ။ ပြီးတော့ ဒါမျိုးက အမြဲမရှိပါဘူး။ ကြုံတောင့်ကြုံခဲ အစားအစာမျိုးပါ။ အဲဒါကြောင့် ပိုက်ဆံချမ်းသာသူတွေက အမြတ်တနိုးစားကြခြင်းပါ။ ကျွန်တော် တစ်ခါမှ ကိုယ်တိုင်ဝယ်မစားဖူးပါဘူး။ ကိုဘစိုး၊ မတင်ကြည်တို့က သူဌေးတွေဆိုတော့ လာရောင်းတဲ့အခါ မလွတ်တမ်းဝယ်စားတတ်လို့စားဖူးနေခြင်းပါ။

အောင်းခေါ်တဲ့ ပဒူနဲ့ပတ်သက်လို့ ကျွန်တော်တို့ သက်ကယ်ကျင်းရပ်ကွက်မှာ ကျောက်တွင်းလုပ်ကြတဲ့အခါ ကိုဘစိုးရဲ့တွင်းသား တောင်ဘက်သား ခနု မောင်ကြည်က သူ့ရဲ့အောင်းလိုက်အတွေ့အကြုံနဲ့ မြေပေါ်ပဒူမွေးနည်းပါ အသေအချာပြောပြလေ့ရှိပါတယ်။

မြေပေါ်ပဒူတွေက သစ်ပင်ကြီးတွေပေါ်မှာ အုံဖွဲ့တာပါ။ ဖွဲ့စဆိုရင် သေးသေးလေးပါ။ အဲဒီအုံကို ကိုယ့်ခြံထဲရွှေ့ချင်ရင် ရွှံ့ပျော့နည်းနည်းယူပြီး သစ်ပင်ပေါ် ပဒူအုံဖွဲ့ထားတဲ့နေရာကို သွားရပါတယ်။ သစ်ပင်တုန်ခါတာနဲ့ ရန်သူလာပြီဆိုတာ ကင်းကျတဲ့ပဒူက သိတယ်။ အဲဒီအခါ ကိုက်ဖို့ တရွေ့ရွေ့လာတာပါ။ ဒါဆို သူလာတဲ့ကိုင်းကို ရွှံ့ပျော့နဲ့ပတ်ပြီးသုတ်ရပါတယ်။ ရွှံ့ပျော့နဲ့တွေ့တာနဲ့ ဒါဟာ မြေကြီးပေါ်ရောက်ပြီဆိုပြီး ပြန်ဆုတ်သွားပါတယ်။ ဒါက ပဒူတို့ရဲ့ဓလေ့ပါ။ ဒီဓလေ့ကို သိနေတာကလည်း မုဆိုးတွေ ချီးကျူးဖို့ကောင်းတဲ့ပါတယ်။ လူတွေက တိရစ္ဆာန်တွေထက် ဉာဏ်အရာသာတယ်ဆိုတာ ဒါမျိုးတွေပါ။

ပြီးရင် ကိုင်းရဲ့အနေအထား အရှေ့၊ အနောက်၊ တောင်၊ မြောက် အသေအချာမှတ်သားပြီး ကိုင်းကို ဓား ထက်ထက်နဲ့ အသေအချာဖြတ်ရပါတယ်။ ပြီးရင် အသေအချာယူလာပြီး

www.burmeseclassic.com

မိမိတို့ခြံထဲကသစ်ပင်မှာ နဂိုအနေအထားအတိုင်း ကပ်ချည်ထားလိုက်တာပါပဲ။ ညဆိုရင် သူတို့မမြင်ကြလို့ လုပ်လို့ရတာပါ။

မိုးလင်းရင် ပဒူတွေမြင်ရပါပြီ။ ဒါဆိုရင် ကိုယ့်အသိုက်အအုံနေရာမရွှေ့ဘူးဆိုပြီး အုံကြီးဖွဲ့ကာ မျိုးဆက်ပွားအောင် ကြိုးစားကြတာပါပဲ။ အုံကြီးဖြစ်ပြီဆိုမှ ဖွပ်ယူကြတာပါ။ ခုခေတ်မှာတော့ တရုတ်ကလာတဲ့ ဆေးလောက်စာလုံး မျှော့ရေခွနဲ့ ပစ်သွင်းပြီးဖွပ်ကြလေ့ရှိပါတယ်။ လောက်စာလုံးအုံထဲဝင်သွားတာနဲ့ အဆိပ်သင့်ပြီး မူးမေ့ကုန်ကြတာပါ။ အဲဒီမှာ အလွယ်တကူတက်ဖြုတ်ယူကြခြင်းပါ။ မြေပဒူနဲ့ အကောင်အတော်လေးကွာပါတယ်။ ကုန်းပဒူက အကောင်သေးပါတယ်။ ပျားကြီးထက်နည်းနည်းပဲကြီးတယ်။

အဲဒီလို ပဒူအုံ တောထဲကရွှေ့လာပြီး မွေးကြရာမှာ အုံတိုင်းမအောင်ပါဘူး။ သူတို့နေရာ အပြောင်းခံရတယ်လို့ သိတဲ့ ပဒူတွေကျတော့ အုံဟာ လက်သီးဆုပ်လောက်က မတက်တော့တဲ့အပြင် အခြားဒေသကို အပြီးပြောင်းရွှေ့သွားတဲ့ ပဒူတွေရှိကြောင်းလည်း ရပါတယ်။ ပြောင်းရွှေ့သူဟာ အလွန်ပါးနပ်ပြီး ကျွမ်းကျင်မှုရပါတယ်။

အဲဒီ မြေပဒူနဲ့ ကုန်းပဒူတွေမှာ ဇီဇသတ္တိရှိတယ်။ အဲဒါက အလွန်ပြင်းထန်တဲ့အဆိပ်ပါ။ ပဒူအိမ်ထဲကို မိခင်က ဥကလေးတွေ ဥပြီဆိုကတည်းက သူ့ရဲ့ ဇီဇအဆိပ်ပါပါတယ်။ တဖြည်းဖြည်းနဲ့ ဥကနေ လောက်လိုအကောင်ဖြစ်တယ်။ နောက် အကောင်ပုံဖြစ်လာတယ်။ သူ့ရဲ့ အဆိပ်ကလည်း တဖြည်းဖြည်းအားကောင်းလာတာပါ။ အဓိကပြောပြချင်တာက ဒါပါ။ အဲဒီအောင်းလို့ခေါ်တဲ့ မြေပဒူနဲ့ ကုန်းပဒူမှာ လူတွေအမြတ်တနိုးစားကြတဲ့ အကောင်နုနုလေးတွေမှာ သူ့ပမာဏနဲ့သူ အဆိပ်ပါပါတယ်။

အဲဒီအဆိပ်ကို ကျွန်တော်တို့လို ခံနိုင်ရည်ရှိတဲ့ လူကြီးတွေစားရင် ဘာမှမသိသာပါဘူး။ တညင်းသီးစားကြသလိုပေါ့ဗျာ။ တညင်းသီးဟာ အဆိပ်သီးပါ။ ရောဂါရှိသူတွေ၊ ကလေးငယ်လေးတွေအတွက်တော့ အန္တရာယ်ပါ။ လူကြီးတွေကျတော့ ခံနိုင်ရည်ရှိတော့ကာ ဘာမှမဖြစ်သလိုပါဘဲ။

အဲဒီအောင်းတို့ ပဒူတို့၊ ပျားနုတို့ကို ကိုယ်ဝန်ဆောင်မိခင်တွေ လုံးဝမစားရပါဘူး။များများမဟုတ်ဘူး၊ တစ်ကောင်စားမိရင်တောင် ရင်ထဲလွယ်ထားတဲ့ သန္ဓေသား ပျက်စီးပြီး မိခင်ပါ အသက်ဆုံးရှုံးနိုင်တဲ့ အစားအစာပါ။

ဒါကို ကျွန်တော်တို့ တောနေလူတန်းစားတွေ အကုန်သိနေကြပါတယ်။ ဘာလို့သိလဲဆိုတော့ သက်ကြီးစကား သက်ငယ်ကြားပြီး သိနေကြခြင်းပါ။ ဒီရဲ့အတွေ့အကြုံတွေဆိုတာ မသိခင်က ဘဝနဲ့ရင်းကြရပြီး သိခဲ့ကြရတဲ့ အတွေ့အကြုံတွေ ဖြစ်ပါတယ်။ ဒါစားရင် ဒီလိုဖြစ်တတ်တယ်ဆိုတာ ဘဝပေးအသိတွေပါ။ စိတ်ကူးနဲ့ တွေးခေါ်ပြီး သိခဲ့ကြခြင်း မဟုတ်ပါဘူး။ လက်တွေ့မို့ သိခဲ့ကြခြင်းပါ။ ကြောင်လျှာသီးနဲ့ ငါးသေတ္တာ ရောချက်စားရင် သေမှန်းသိကြသလိုပေါ့။

ဒီအတွေ့အကြုံကို ကျွန်တော်တို့ ခေတ်မှာ မျက်စိနဲ့ မြင်ခဲ့ဖူးပါတယ်။ အဲဒါက မခင်သောင်းမြင့်ပါ။ မခင်သောင်းမြင့်ဆိုတာ ကျောက်ပြဿဒ်မှာ ကျောက်ပြာကြော၊ ကျောက်နီကြောတွေ ပေါက်ပြီး သူဌေးဖြစ်ကာ ကျပ်ပြင်ဈေးရပ်ကို ရွှေ့ပြောင်းသွားကြတဲ့ ဦးဖိုးစိန်၊ ဒေါ်အေးတို့ရဲ့ သမီးကြီးပါ။ သူတို့မှာ ခင်သောင်းမြင့်၊ ခင်မေလွင်၊ ခင်မောင်လွင်ဆိုပြီး မောင်နှမ (၃) ဦး ရှိပါတယ်။ မခင်သောင်းမြင့်က ရန်ကုန်သားဖြစ်တဲ့ ကိုခင်မောင်အေးနဲ့ အိမ်ထောင်ကျပါတယ်။

ဒီလိုနဲ့ ခင်သောင်းမြင့် ကိုယ်ဝန်အရမှာ လောင်းစင်ဘက်က အောင်းမုဆိုးတွေက အောင်းလာရောင်းတာနဲ့ ဦးဖိုးစိန်တို့က တစ်ပိဿာဝယ်ပြီး ကြော်ပါတယ်။ အဲဒီတုန်းက သူတို့တွေ မိဘတွေနဲ့ နေတာပါ။ နောက်မှာ ကျောက်ပြဿဒ်ပြောင်းနေပါတယ်။

ကြော်ပြီးတော့ အောင်းကြော်ကို မခင်သောင်းမြင့်က အရမ်းစား[illegible]တာပါ။ ဒေါ်အေးက ကျောက်ဖျာ[illegible] ဦးဖိုးစိန်က ကျောက်ပြဿဒ်သား[illegible]ဆိုတော့ ကိုယ်ဝန်ဆောင်နဲ့ လုံးဝမတည့်တာသိကြတယ်။ သိလို့လည်း အကြိမ်ကြိမ်တားပါတယ်။

တားတဲ့ကြားကနေ ရသတဏှာကို မပယ်သတ်နိုင်တဲ့ မခင်သောင်းမြင့်ဟာ အောင်းကြော်တစ်ကောင်နှိုက်စားလိုက်ပါတယ်။ တစ်ကောင်တည်းနဲ့တော့ ဘာမှမဖြစ်လောက်ပါဘူးလို့လည်း ပြောလိုက်ပါသေးတယ်။ ကိုယ်စားချင်ရာ စားလိုက်ရတော့ ကျေနပ်သွားတာ အမှန်ပါ။

ဒါပေမယ့် မကြာလိုက်ပါဘူး။ သွေးတွေသွန်လာတာနဲ့ ကသည်းရပ်ထဲက မိသားစုဆရာဝန်ရှိရာ ဒေါက်တာခင်မောင်ဇော်ဆေးခန်းကို ပြေးပါတယ်။ ဆရာဝန်ကြီးကဘာစားမိသလဲမေးတော့ အောင်းကြော်တစ်ကောင်စားမိကြောင်း ပြောတဲ့အခါ ကလေးပျက်ကျတာဖြစ်ကြောင်း မိုးကုတ်ဆေးရုံကြီးကို အမြန်ဆုံးသွားဖို့ ညွှန်းတာနဲ့ ချက်ချင်းပဲ ကားနဲ့ မိုးကုတ်ဆေးရုံကို ဆင်းခဲ့ကြရတယ်။ မိုးကုတ်မြို့ဆိုတာ တောင်ချိုင့်ဝှမ်းချောက်ထဲမှာပါ။ မိုးကုတ်ဆေးရုံကြီးမှာ မိခင်မဆုံးရှုံးအောင် ဆရာဝန်ကြီးတွေက မနည်းကို အသက်လုယူကြရပါတယ်။ ပိုက်ဆံအတော်အတန်မရှိလို့ကတော့ အသက်တောင်ဆုံးရှုံးသွားနိုင်တဲ့အနေအထားပါ။ ကံကောင်းစွာမခင်သောင်းမြင့် အသက်ပြန်ရှင်ခွင့်ရခဲ့ပါတယ်။ သူ့ဘဝမှာ နောင်တအကြီးအကျယ်ရစေခဲ့တဲ့ အောင်းပါ။ အစားမတော်တစ်လုတ်ဆိုတာ ဒါပါပဲ။ ခုဟာက တစ်လုတ်တောင်မရှိတဲ့ အစားအစာပါ။ အောင်းဆိပ်ဟာ အလွန်နုနယ်တဲ့ သန္ဓေသားကို တစ်ကောင်စားရုံမျှနဲ့ ဖျက်ဆီးနိုင်စွမ်းရှိတယ်ဆိုတာ ကျွန်တော်တို့အားလုံး မျက်မြင်ကိုယ်တွေ့မို့ သန္ဓေဆောင်မိခင်များ အဆိပ်ပြင်းတဲ့ မြေပဒူခေါ် အောင်းနဲ့ ကုန်းပဒူ၊ ပြီးတော့ ပျားသလက်က ပျားနုတို့ကို အတတ်နိုင်ဆုံးရှောင်ကြပါလို့ တိုက်တွန်းလိုပါတယ်။

ပြီးတော့ အောင်းနဲ့ ပဒူဆိုတာ တောထူထပ်ရာ ဒေသတွေမှာသာရှိနိုင်ပြီး ပျားနုကျတော့ တောမရှိတဲ့ အညာဒေသတွေမှာ ရှိနိုင်တဲ့အတွက် သန္ဓေဆောင်မိခင်များ ပျားနုကို အတတ်နိုင်ဆုံးရှောင်နိုင်ရင် ကောင်းပါတယ်။ ပျားမှာလည်း ပျားဆိပ်ဇီဇပါပါတယ်။ အဲဒါကြောင့်ပါ။ ပျားရည်နဲ့ လုံးဝမဆိုင်ပါဘူး။

သန္ဓေဆောင်မိခင်များနဲ့ ကလေးငယ်များ လုံးဝမတည့်တဲ့ တောထွက်အစားအစာရှိပါသေးတယ်။ အဲဒါက ချေသားပါ။

စာရေးတော့ ချေ၊ အသံထွက်တော့ ဂျီပါ။ လူတွေက ချေကို ဂျီလို့ အသံထွက်ခေါ်ကြပါတယ်။ သမင်၊ ဒရယ်၊ ချေ၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပုတတ်စတဲ့ တောထွက်အစားအစာတွေမှာ အများဆုံးထွက်တာက ချေသားပါ။ ကျွန်တော်တို့ မိုးကုတ်မှာ တောဆိုက်တဲ့ လီရှောတွေက ချေသားမပြတ်ခဏလာ



www.burmeseclassic.com

www.burmeseclassic.com

ရောင်းလေ့ရှိတယ်။ ဈေးပေါတော့ကာ ကျွန်တော်တို့ ဝယ်စားလေ့ရှိတယ်။ ချေသားက နီရဲနေပြီး နည်းနည်းနံတယ်၊ စားရင် ချွဲပါတယ်။ အသားကတော့ မကြမ်းဘူး၊ နူတယ်။ အချို့ အယူသီးတဲ့ အိမ်တွေကျတော့ ဂျီစား လာဘ်ပိတ်တယ်ဆိုပြီး မစားကြတာတွေလည်းရှိတယ်။ ရတနာအလုပ်လုပ်ကြတာဆိုတော့ လာဘ်ပိတ်မှာ ကြောက်ကြတာကိုး။ ကျွန်တော်တို့အုပ်စုကတော့ အယူမရှိဘူး။ ကိုယ်သတ်တာမှမဟုတ်တာ ပုံသကူသားပဲဆိုပြီး ဝယ်စားကြတာပါပဲ။

အချို့အိမ်တွေကျတော့ များများဝယ်ပြီး ချေသားချဉ်တောင်လုပ်စားကြပါသေးတယ် ။ ကျွန်တော်ကျတော့ ဈေးပေါလို့ လာတိုင်းဝယ်စားပါတယ်။ ဝက်သားထက် ဈေးချိုတယ်လေ။ အဲဒါကြောင့်ပါ။ ပြီးတော့ အလေးလည်းပြည့်တော့ကာ စားရတာတန်ပါတယ်။

အဆိုရှိတယ်။ အသီးပေါင်းစုံ ချေ(ဂျီ)၊ အမြစ်ပေါင်းစုံ ပွေး၊ ပန်းပေါင်းစုံ ပျား၊ ဆေးဖက်အလွန်ဝင်တယ်လို့ ဆိုကြတာကိုး။ အဲဒီ (၃) မျိုးမှာ ကလေးငယ်တွေနဲ့ လုံးဝမတည့်တာက ချေသားပါ။ ချေသားဟာ ကလေးကို သေစေနိုင်တဲ့အထိ အန္တရာယ်ပေးတဲ့အဆိပ်ပါ။ ဒါကလည်း ကျွန်တော့်မျက်မြင်ကိုယ်တွေ့တွေရှိနေပါတယ်။

တောတွေမှာ ချေသားကို ကလေးကို လုံးဝမကျွေးကြပါဘူး။ ကျွေးရင် အဆိပ်ဖြစ်တယ်ဆိုတာ အာလုံးသိနေကြပါတယ်။ တစ်နေ့မှာ ကိုဘစိုး၊ မတင်ကြည်တို့ ချေသားဝယ်ချက်ပါထယ်။ အဲဒီတုန်းက မတင်ကြည်က အကြီးဆုံး ကျော်မင်းရယ်၊ ဒုတိယ ဖိုးဇော်ရယ် နှစ်ယောက်ပဲ မွေးသေးတာပါ။ ဖိုးဇော်က ပြေးနိုင်လွှားနိုင်အရွယ်ပါ။ ဆော့လည်းအလွန်ဆော့ပါတယ်။

ထမင်းစားကြတော့ ဖိုးဇော်က တုံးတုံးဆိုပြီး ချေသားတောင်းပါတယ်။ မတင်ကြည်က မကျွေးပါဘူး။ ကိုဘစိုးက တစ်တုံးခွံ့မယ်လုပ်တော့ မတင်ကြည်က -

"ကိုမင်း၊ သွားမကျွေးနဲ့လေ၊ ကလေးဒုက္ခရောက်မှာပေါ့"

လို့ တားမြစ်ပေမယ့် -

"အဲဒါ ဟုတ်၊ မဟုတ် ငါစမ်းကြည့်ချင်တာ"

ဆိုပြီး ခွံ့ပေးလိုက်ပါတယ်။

မိုးကုတ်က ကလေးတွေက အသားဟင်းကို တုံးတုံးလို့ခေါ်လေ့ရှိကြတယ်။

သိပ်ကြာကြာမစောင့်လိုက်ရဘူး။ ကလေးဟာ ဝမ်းတွေဒလဟောလျှောပြီး ဖျားတော့တာပါ။ ဒါနဲ့ ဒေါက်တာခင်မောင်ဇော်ဆေးခန်းမှာတင်ပြီး မနည်းကုယူလိုက်ရပါတယ်။ မတင်ကြည်ဆိုရင် တဖျစ်တောက်တောက်မျက်ရည်တတွေတွေနဲ့ပါ။ ကိုဘစိုးလည်း မစမ်းအပ်တဲ့အရာကို စမ်းကြည့်မိလို့ နောင်တရမဆုံးခဲ့ပါဘူး။ မကြာမကြာလည်း အဲ့ဒီအတွေ့အကြုံကို ပြောပြလေ့ရှိတယ်။ နုနယ်တဲ့ကလေးတွေဆိုရင် တောထွက်အသားတွေမကျွေးတာ အကောင်းဆုံးပါ။

ပြီးတော့ ကျွန်တော့်ခယ်မအငယ်ဆုံး မဂျမ်းဘုံက မိုးကုတ်နဲ့ မိုင် (၂၀) ဝေးတဲ့ မိုင်းလုံမှာ အိမ်ထောင်ကျတာပါ။ မိုင်းလုံဆိုတာ ရှမ်းလို မိန်းလုံလို့ အသံထွက်ပြီး မြန်မာလို မြို့ကြီးလို့ အဓိပ္ပာယ်ရပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မမြို့နယ်ထဲမှာ ပါပါတယ်။ တကယ်တော့ တိုက်နယ်တောရွာကြီးပါ။ အဲဒီမှာလည်း လီရှောတွေရှိတော့ တောထွက်သားတွေ လာရောင်းနေကျပါ။

တစ်နေ့မှာ သူ့ယောက္ခမက ဂျီသားတစ်ပိဿာဝယ်လာတော့ မဂျမ်းဘုံက မီးဖိုချောင်တာဝန်ယူရတာဆိုတော့ လွဲမရှောင်သာတဲ ဆေးကြောချက်ပြုတ်ရပါတယ်။ မဂျမ်းဘုံမှာ တွတ်တီးဆိုတဲ့ ကောင်လေးမွေးပြီး မိန်းကလေးတစ်ဦး ထပ်မွေးထားခြင်းပါ။ (၆) လသမီးလောက်ပဲရှိပါသေးတယ်။

သူသိထားတာက စားလို့မရတာပါပဲ။ ချေသားကို နို့တိုက်မိခင် လုံးဝမစားရပါဘူး။ ချက်ပေးတာပဲ စားတာမှ မဟုတ်တာဆိုပြီး ချက်ရုံချက်တာပါ။ ဒါပေမယ့် ချေသားရဲ့အနံ့က ဆေးကြောရာမှာ၊ ချက်ရာမှာ မိခင်ရဲ့ကိုယ်မှာစွဲနေတော့ ဒီအနံ့ဟာ ကလေးနို့ကိုအဆိပ်သင့်စေပြီး ကလေးငယ်ဟာ အဲဒီနေ့မှာပဲ ဆုံးပါးသွားခဲ့ရပါတယ်။ အကောင်းပကတိကနေ မိခင်ရဲ့ရင်ခွင်မှာ ဆုံးပါးသွားတော့မှ ချေသားကို မိခင်စားဖို့မဆိုထားနဲ့ ကိုင်တာနဲ့တောင် ကလေးငယ်အဆိပ်သင့်သေဆုံးရတာပါလားလို့သိရပြီး အားလုံးယူကျုံးမရ တသသဖြစ်နေကြရတာပါ။ ဒါဟာ ကလေးငယ်ရဲ့ အသက်တစ်ချောင်းပေးဆပ်ပြီးမှ ရလိုက်တဲ့အသိပါ။ အရင်ကသိခဲ့တာ မစားရဘူးဆိုတာပဲ သိတာပါ။ တကယ်တော့ ကလေးငယ်မိခင်ဟာ ချေသားအနံ့ကို တောင်ခံလို့မရပါဘူး။ အဲဒါကြောင့် ကိုယ်ဝန်ရှိရင်၊ ကလေးငယ်ရှိရင် ချေသားဝယ်မစားတာ အန္တရာယ်အကင်းဆုံးဖြစ်ပါတယ်။ အကောင်းဆုံးကတော့ တောထွက်အသားတွေကို ကလေးတွေကို မကျွေးတာ အကောင်းဆုံးပါပဲ။

ဆက်စပ်မိလို့ အောင်းပဒူ အကြောင်းကို ဆက်ပြောချင်ပါသေးတယ်။ မြေအောင်းပဒူတစ်ကောင်ကို တွေ့ခဲ့ရင် အဲဒီပဒူအုံကို လူတွေဖွပ်ပြီး မဖွပ်ပြီ၊ အဲဒီပဒူကိုကြည့်ပြီး သိနိုင်တယ်လို့ ဆို တယ်။

အောင်းမုဆိုးတွေဟာ ဦးစွာ ထောင်ထားတဲ့အသားကို လာစားနေချိန်မှာ အောင်းကိုကြည့်ရတာပါ။ အဲဒီအောင်းဟာ ရှေ့လက်နှစ်ဖက်နဲ့မျက်ရည်သုတ်သုတ်နေတာတွေ့ရင် သူတို့အသိုက်အအုံကို မုဆိုးတွေဖွပ်ပြီးသွားပါပြီ။ သူတို့ရဲ့ ပျောက်ဆုံးကုန်တဲ့ သားသမီးတွေအတွက် မျက်ရည်ကျခြင်းပါ။ အဲဒီမျိုး အောင်းကိုတွေ့ရင် မလိုက်ကြတော့ပါဘူး။ မျက်ရည်မသုတ်တဲစားတဲ့ အောင်းနောက်ကိုသာ လိုက်ကြတယ်လို့ဆိုပါတယ်။ ဒါက ရွှင်ရပ်စောက်ဘက်က မနေမောင်ကြည်ပြောပြလို့ သိရခြင်းပါ။

ပြီးတော့ ကလေးငယ်တွေကိုချစ်တော့ ကျီစယ်တဲ့အနေနဲ့ အချို့က အရက်တိုက်ကြတယ်။ အရက်ဆိုတာ သေရက်လို့ ခေါ်ကြတာပါ။ သေတတ်တဲ့အရည်ပါ။ အနိမ့်ဆုံးဒီဂရီရှိတာက ဘီယာပါ။ အဲဒီဘီယာ ကျွန်တော့်သားကြီးသောက်နေချိန် သူ့တူမလမ်းလျှောက်တတ်စ အာကာစိုးရဲ့သမီး သွန်းနေခြည်သာကတောင်းတော့ တစ်ကွတ်လောက်တိုက်လိုက်ပါတယ်။ ချစ်လို့ ကျီစယ်တာပါ။ ဒါပေမယ့် အဲဒီဘီယာကြောင့် ကလေးအကြီးအကျယ်ဝေဒနာခံစားရပြီး ဆေးခန်းပြေးရပါတယ်။ တော်သေးတယ်၊ မသေကောင်းမပျောက်ကောင်း။

တစ်ခါ တညင်းသီးခွံ့မိလို့ ခံစားရပြန်ပါတယ်။ ဒါတောင် စားတာမဟုတ်ပါဘူး။ တညင်းသီးလည်း အဆိပ်သီးပါ။ အဲဒါကြောင့် ကလေးငယ်များ အစားမမှားရလေအောင် တင်ပြလိုက်ခြင်းပါ။

မိုးကုတ်သို့သတိရခြင်းများစွာဖြင့်

ချမ်းမြေ့ကြပါစေ

နေပြည်တော်ချော်ကျော်စိုး



www.burmeseclassic.com


www.burmeseclassic.com

(တကူမှုလင်း)

# လမင်းငယ်

ခေတ္တလူ့ပြည်တော်ရ

## ဝိဇ္ဇာအစစ်နဲ့ ထူးဆန်းတဲ့လူတစ်ယောက်



စာရေးသူသည် ၄ ရက်၊ ၁၁ လ၊ ဗုဒ္ဓဟူးနေ့၊ သီတင်းကျွတ်လဆန်း ၇ ရက်နေ့တွင် ပရစ်ဖာနိုင်းဆရာတော်ထံသို့ ကန်တော့ပွဲသွားရန် ရောက်ရှိသွားခဲ့၏။ စာရေးသူ ဆရာတော်ထံရောက်တော့ နံနက် (၉) နာရီခွဲနေပြီ။ ဆရာတော်ကျောင်းရောက်တော့ ပထမဦးဆုံး အနေနှင့် ဘုရားကို ရှိသေစွာ ရှိခိုးဦးချကန်တော့ပါသည်။ ပြီးမှ ဆရာတော်ဆီသွားပြီး ရှိသေစွာ ရှိခိုးဦးချကန်တော့ပါသည်။ တစ်ပါးနှင့်တစ်ပါး အာလာပသလ္လာပဓမ္မစကားတွေပြောကြဆိုကြရင်းနှင့် နောင်တော်ကြီးထံမှ မထင်မှတ်ထားသည့်စကားတစ်ခွန်းကို ကြားလိုက်ရ၏။ ဒီနေရာမှာ ပရစ်ဖာနိုင်းဆရာတော်ကို ဆရာတော်ဟု သုံးနှုန်းမခေါ်တော့ဘဲ ညီတော်၊ နောင်တော်တွေလို့ပဲ သုံးနှုန်းပြီးတော့ ခေါ်ဆိုပါမည်။ နောင်တော်ကြီးကလည်း စာရေးသူ၏ဓမ္မဆောင်းပါးအတွေးတွေပါတဲ့ ဂျာနယ်နှင့် မဂ္ဂဇင်းစာစောင်တွေကိုလည်း အမြဲဖတ်ရှုလေ့ရှိ၏။ စာရေးသူနှင့် ပရစ်ဖာနိုင်းဆရာတော်ဖြစ်သည့် နောင်တော်ကြီး ဦးဇဋိလနှင့် ရင်းနှီးကျွမ်းဝင်ခင်မင်ခဲ့ကြတာလည်း စာရေးသူ မုတ္တလိကျေးတောရွာလေးမှ သာသနာပြုစရောက်ကတည်းကဆိုလျှင် လေးနှစ်လောက်ရှိပါပြီ။ နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်တဲ့အချိန်၊ သကြန်အချိန်အခါရောက်ပြီဆိုရင် အပြန်အလှန်သွားပြီး ကန်တော့နေကြစမြဲပါ။ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဆိုတဲ့ ဆိုရိုးစကားအတိုင်း ကိုယ့်ထက် အသက်၊ သိက္ခာ၊ ဂုဏ်တွေနဲ့ကြီးတဲ့သူတွေကို အသက်သိက္ခာငယ်တဲ့သူတွေက ရှိသေလေးစားတန်ဖိုးထားပြီး ပူဇော်ကန်တော့ကြခြင်းဟာ ဗုဒ္ဓဘာသာဝင်တွေရဲ့ ထုံးတမ်းအစဉ်အလာမပျက်တဲ့ သဘာဝတရားပါပဲ။ပြောချင်တဲ့အကြောင်းလေးကို ဆက်ပြီးပြောကြပါစို့။

နောင်တော်ကြီးထံမှ မထင်မှတ်ဘဲ ကြားလိုက်ရတဲ့ စကားတစ်ခွန်းဟာ တခြားမဟုတ်။ ဝိဇ္ဇာအစစ်နှင့်ထူးဆန်းတဲ့ လူတစ်ယောက်တွေ့ဖူးခဲ့သည်ဆိုသည့် အကြောင်းပါ။

“ညီတော်က စာရေးတာဆိုတော့ နောင်တော်ကြီး စာသင်တဲ့အချိန်တုန်းက ကျောင်းတွေပိတ်လို့ ရွာအပြန်မှာ သင်္ဘောပေါ်ကနေ ဝိဇ္ဇာအစစ်နဲ့ တူတဲ့ ထူးဆန်းတဲ့လူတစ်ယောက်ကို တွေ့ဖူးခဲ့တယ်ဆိုတဲ့အကြောင်းပြောပြချင်သေးတယ်”

“ဟုတ်ကဲ့ပါ နောင်တော်ကြီးဘုရား။ ညီတော်လည်း စာဖတ်ပရိသတ်တွေသိခွင့်ရအောင် စာမူဆောင်းပါးလေးရေးပြီးတော့ ဂျာနယ်နဲ့ မဂ္ဂဇင်းစာစောင်တွေဆီပို့ပေးလိုက်ပါ့မယ် အရှင်ဘုရား”

နောင်တော်ကြီးက သူ့ရဲ့ကိုယ်တွေ့ကြုံဖူးခဲ့တဲ့ ဖြစ်ရပ်လေးကို ထိုင်နေရင်းနှင့်ပြောပြနေသည်။

နောင်တော်ကြီးသည် ၁၃၅၅ ခု၊ နွေရာသီ တပေါင်းလတွင် ပထမလတ်တန်းဖြေဆိုပြီးမှ ရွာသို့အလည်တစ်ခေါက်ပြန်လာခဲ့၏။ ကြုံရာသင်္ဘောဖြင့် စီးနင်းလိုက်ပါလာခဲ့ပါသည်။ အဲဒီအချိန်တုန်းက နောင်တော်ကြီးက ကိုရင်ငယ်အရွယ် ကလေးပဲရှိပါသေးသည်။ သင်္ဘောပေါ်က သံဃာစင်၌ စီးနင်းလိုက်ပါလာခဲ့ရာ ရုတ်တရက် မထင်မှတ်ဘဲ ထူးဆန်းတဲ့လူတစ်ယောက်ကို သင်္ဘောပေါ်ကနေ တွေ့လိုက်ရ၏။ အသက် (၈၀) ကျော် အဘိုးကြီးပါပဲ။ သူ့ကိုယ်သူ မျက်မမြင်ပုဂ္ဂိုလ်ဦးလိုလည်း ဟန်ဆောင်ထားဟန်တူ၏။ ခေါင်းကလည်း မော့မထားဘဲ ငုံ့ထား၍နေ၏။ ခန္ဓာကိုယ်ရောလက်တွေပါ တုဝပ်လို့နေလေ၏။ အဝေးကနေကြည့်သောအခါ အဲဒီအဘိုးကြီးဟာ ဦးခေါင်းသုံးလုံးရှိသူဟုထင်ရ၏။ သူနှင့်အတူတူ သင်္ဘောပေါ်မှ သံဃာစင်၌ စီးနင်းလိုက်ပါလာခဲ့ကြ၏။ နောင်တော်ကြီးလည်း လက်ထဲမှာပါလာတဲ့ပိုက်ဆံရှိသလောက်လေး အဲဒီအဘိုးကြီးကို (၁၀) ကျပ်လောက် ပေးလှူလိုက်သေး၏။ ကိုယ်တော်ပိုက်ဆံ ဆယ်ကျပ်လောက် တတ်နိုင်သမျှပေးလှူလိုက်သောအခါ အဘိုးကြီးထံမှ ဩဝါဒစကားတစ်ခွန်းကို မထင်မှတ်ဘဲ ကြားလိုက်ရပါသည်။

‘သုံးတတ်လျှင် ပစ္စည်းများ၊ မသုံးတတ်လျှင်အလကား’

ဆိုတဲ့ ဩဝါဒစကားကို ပြောဆိုဆုံးမရင်းနှင့် လက်ဖွဲ့လက်ဆောင်အထုပ်တစ်ခုပေးလိုက်သေးသည်။

နောင်တော်က အဘိုးကြီးကို ဘယ်ကိုသွားပြီး- ဘယ်ကနေပြန်လာခဲ့တာလဲလို့မေးတော့ ရွှေလီကနေ ဘုရားတည်ပြီးတော့ ပြန်လာခဲ့တာပါတဲ့။ ထပ်ပြီးပြောပြန်သေးသည်။

“အဘိုးကလေး မိုးမဲ့ခူးမြို့ဘက်ကို ဝိဇ္ဇာဆေးဖော်ပွဲသွားမလို့လေ။ အဲဒါ ကိုရင်လေးကို အဘိုးခေါ်သွားချင်တယ်ကွယ်။ ကိုရင်လေးလိုက်ဦးမလား”

မေးတော့ ရွာပြန်ရဦးမှာမို့ မလိုက်တော့ဘူးဟု ဖြေဆိုလိုက်၏။ အဘိုး၏



www.burmeseclassic.com

www.burmeseclassic.com

နာမည်က ဘယ်လိုခေါ်သလဲလို့မေး လိုက်တော့ ဂီလာနရှေသေ့ဟုသာ ပြန်လည် ဖြေကြားလေ၏။ အဘိုးကြီးကို သေသေချာချာ ကြည့်လိုက်သောအခါ အသက်က (၈၀) ကျော်၍ ခါးကုန်းနေပါပြီ။ ဒီကြားထဲ မျက်စိကလည်း မမြင်တော့ပါဘူး။ သူ့ကိုယ်သူ မျက်စိမမြင်တဲ့ သူတစ်ယောက်လို့ပင် ဟန်ဆောင်ထားသလိုလိုထင်လိုက်မိ၏။ အဘိုးဝတ်ထားသည့်အရောင်က အပေါ်ပိုင်း ပန်းရောင် အကျီဖြစ်ပြီး အောက်ပိုင်းပုဆိုးက အညိုရောင်ဖြစ်နေ၏။ နောင်တော်မှာ အဲဒီအချိန်တုန်းက ကိုရင်အရွယ်ပဲရှိသေး၏။ ပထမလတ်တန်းဖြေဆိုပြီးတော့မှ ရွာကို အလည်တစ်ခေါက်ပြန်လာခဲ့ခြင်းဖြစ်၏။ မထင်မှတ်ဘဲ သင်္ဘောပေါ်မှာ ဂီလာနရှေသေ့အဘိုးကြီးနှင့် တွေ့ဆုံမိခဲ့ကြ၏။ အဘိုးကြီးနှင့် နောင်တော် သံယောစင်၌ အတူတူစီးနင်းလိုက်ပါလာခဲ့ကြလေ၏။ အဘိုးကြီးမှာ ပစ္စည်းတွေလည်း အများကြီးပါလာ၏။ ဘာပစ္စည်းတွေလဲဆိုတာတော့ နောင်တော်လည်း သေသေချာချာ မကြည့်မိပါ။ အဘိုးကြီးကိုယ်၌ တစ်ပါတည်းလွယ်ထားသော ပလိုင်းအိတ်ရယ်၊ ဘေးနားမှာချထားသော အထုပ်အိတ်ပစ္စည်းသုံးအိတ်ကိုတော့ တွေ့လိုက်ရ၏။ သုံးရက်သုံးညတိတိ အဘိုးကြီးနှင့် နောင်တော်တို့ သင်္ဘောပေါ်စီးနင်းလိုက်ပါအိပ်စက်ခဲ့ကြ၏။ သုံးရက်နေ့ရောက်တော့ မနက်ပိုင်း (၉) နာရီအချိန်တွင် မန္တလေး ဂေါဝိန်ဆိပ်ကမ်းသို့ သင်္ဘောဆိုက်၏။ မန္တလေး ဂေါဝိန်ဆိပ်ကမ်းသို့ရောက်တော့ နောင်တော်လည်း သင်္ဘောပေါ်ကနေဆင်း၍ မန္တလေးရထားဘူတာသို့လာခဲ့၏။ သင်္ဘောပေါ်ကဆင်းတော့-

"ကိုရင်လေးရယ်၊ အဘိုးကို ဟိုမန္တလေးဘူတာအထိတော့ လိုက်ပို့ပေးပါဦးကွယ်"

ဟု အကူအညီတောင်းရှာ၏။

ကိုယ်တော်လည်း ခရီးဆက်ရဦးမှာမို့ အဘိုးကြီးကို ဘာမှမကူညီတော့ဘဲ သင်္ဘောပေါ်ကဆင်းသွားတော့၏။

အဘိုးကို ကူညီချင်ပါသည်။ ဒါပေမယ့် အဘိုးရဲ့ပစ္စည်းရိက္ခာတွေကိုတော့ နောင်တော်လည်းထမ်းပြီး မသယ်နိုင်ရှာဘူးလေ။ အဲဒီအချိန်တုန်းက နောင်တော်ဟာ ကိုရင်အရွယ်ပဲရှိသေးပြီး မျက်စိကလည်းမမြင်၊ ခါးကလည်း



www.burmeseclassic.com

www.burmeseclassic.com

ကုန်းနေကာ အသက်ကလည်း (၈၀) ကျော်နေသည့်အဘိုးအိုကြီးက ဘယ်လိုလုပ်ပြီး သဘောပေါ်တက်လာခဲ့တာပါလိမ့်ဟုစဉ်းစားတွေးရင်းနှင့် အဘိုးကြီးကို အထင်သေးလိုက်မိ၏။

အဲဒီအချိန်တုန်းက အဘိုးအိုကြီးဟာ တကယ်ဝိဇ္ဇာအစစ်ဖြစ်မှန်းလည်း နောင်တော် အသေအချာမတွေးမိခဲ့ပါ။ အဘိုးကြီးနှင့် နောင်တော်ဟာ ဂေါဝိန်ဆိပ်ကမ်းကနေ သဘောဆိုက်ကတည်းက လမ်းခွဲခဲ့ကြ၏။

အသက်အရွယ်နည်းနည်းရလာတော့မှ နောင်တော်တွေ့ဖူးခဲ့တဲ့ အဘိုးကြီးဟာ တကယ့်ဝိဇ္ဇာအစစ်မှန်းသိလာခဲ့၏။

"ထူးခြားတာတွေပြောပြရဦးမယ်။ အဘိုးကြီးနဲ့ နောင်တော် သဘောပေါ်ကနေ စပြီးဆုံတွေ့လာကတည်းက အဘိုးကြီးဟာ သုံးရက်၊ သုံးညလုံးလုံး ထမင်းလည်းမစားဘူး။ ကျင်ကြီးကျင်ငယ်စွန့်တာလည်းမမြင်ဘူး။ ဘယ်အချိန်ကြည့်ကြည့် အဘိုးကြီးဟာ အိပ်စက်ခြင်းမရှိဘူး။ အမြဲတမ်းတင်ပျဉ်ခွေထိုင်ပြီး ပုတီးစိပ်ကာနေလေ့ရှိတယ်။ အဘိုးကြီးနဲ့ နောင်တော်သဘောပေါ်ကနေစပြီးဆုံကတည်းက ရေလည်းတစ်ခါမှမချိုးဘူး။ စကားလည်းသိပ်မပြောဘူး။တစ်ယောက်တည်း ငုတ်တုတ်ထိုင်ပြီးပုတီးစိပ်လေ့ရှိတယ်။ နောင်ဖော်ကမေးမှပဲ အဘိုးကြီးကပြောတယ်။ အစားအသောက်ဆိုလည်း သိပ်ပြီးများများစားတာလည်းမရှိဘူး။ နောက်တစ်ခုထူးခြားတာရှိသေးတယ်။ အဘိုးကြီးရဲ့ အမြဲတမ်းသောက်နေကျ ခေါတ်ပုအဝိုင်းအသေးလေးဟာ သူဘယ်အချိန်သောက်သောက် ခေါတ်ပုအတွင်းထဲကရေနွေးလေးတွေဟာ ကုန်သွားတယ်ရယ်လို့မရှိဘူး။ တော်တော်ထူးခြားတယ်။ ဒီရေနွေးရဖို့အတွက် ဘယ်ကိုသွားပြီးတော့ခပ်တာလည်း မတွေ့သလို ရေနွေးအိုးတည်တာလည်း မတွေ့ပါဘူး။ အဲဒါတစ်ရက်တည်းမဟုတ်ဘူးနော်။သုံးရက်သုံးညတိတိပဲဗျ။ သူ့အလုပ်က အမြဲတမ်းပုတီးစိပ်တယ်။ ပြီးရင်တစ်ခါတလေ ခေါတ်ပုထဲကရေနွေးကြမ်းလေးငှဲ့သောက်တယ်။ အဲဒါတကယ့်ဝိဇ္ဇာအစစ်ပဲဗျ။ ဝိဇ္ဇာအစစ်အောင်ထားတဲ့ ဂိလာနရသေ့အဘိုးကြီးပါပဲ။ ရိုးရိုးလူသာမန်တစ်ယောက်အနေနဲ့ တစ်ရက်ကလေးတောင်မှ ကျင်ကြီးကျင်ငယ်မစွန့်ဘဲမနေနိုင်ကြပါဘူး။ စားပြီးရင်တော့ စွန့်ပစ်ကြရတာချည်းပါပဲ။ ထမင်းဟင်းဆိုရင်လည်း မနက်တစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ်တော့ မစားမဖြစ်စားနေကြရတာပါပဲ။ ဒါပေမယ့် အဲဒီအဘိုးကြီးဟာ ဘယ်လိုသိဒ္ဓိအစွမ်း၊ ဘယ်လိုဝိဇ္ဇာအစွမ်းတွေနဲ့ ကျင့်ကြံအားထုတ်ပြီးအောင်ထားတာလဲဆိုတာတော့ သေချာမတွေးမိ၊ မေးလည်းမမေးမိပါ။ အခု တပည့်တော် သဘောပေါ်မှာ တွေ့ခဲ့ရတဲ့ ဂိလာနရသေ့အဘိုးကြီးဟာ ရိုးရိုးသာမန်လူတစ်ယောက်နဲ့ လုံးဝမတူဘူးဆိုတာတော့ သေချာတယ်။ သုံးရက်၊ သုံးညတိတိ ရေလည်းမချိုး၊ ကျင်ကြီးကျင်ငယ်လည်းမစွန့်၊ ထမင်းလည်းလုံးဝမစားဘဲ ကျင့်ကြံအားထုတ်ပြီးနေနိုင်တာဆိုတော့ ဒီအဘိုးကြီးက သိဒ္ဓိတစ်ခုခုကိုအောင်ထားပုံရပါတယ်။ ရေနွေးအိုးတည်တာလည်းမတွေ့ရ၊ ရေနွေးခေါတ်ပုထဲမှာဖြည့်တာလည်းမမြင်ရဆိုတော့ ဘယ်လိုလုပ်ပြီး ရေနွေးကြမ်းတွေက အဘိုးကြီးသောက်နေကျ ခေါတ်ပုထဲမှာ အလိုလိုပြည့်နေတာပါလိမ့်။ ငှဲ့သောက်နေကျခေါတ်ပုကလည်း သေးသေးလေးပါ။ ဘာမှသိပ်ပြီးတော့မကြီးပါဘူး။ ရိုးရိုးသာမန်လူတစ်ယောက်အနေနဲ့ ရေဆာလွန်းလို့ ခေါတ်ပုထဲကနေ ငှဲ့သောက်မယ်ဆိုရင် ဖန်ခွက်အလတ်ဝိုင်းလေးနဲ့ထည့်ပြီးသောက်ရင် သုံးခွက်လောက်နဲ့ဆိုကုန်သွားနိုင်ပါတယ်။ အခုတော့ ဒီလိုမဟုတ်ဘူး။ ဂိလာနရသေ့အဘိုးကြီးဟာ သူဘယ်လောက်ငှဲ့ငှဲ့ပြီးသောက်သောက် ခေါတ်ပုထဲက ရေနွေးကြမ်းလေးတွေဟာ ကုန်သွားတယ်ရယ်လို့မရှိဘူး။ သိပ်ပြီးအံ့သြစရာကောင်းသလို၊ လူထူးဆန်းတဲ့အဘိုးကြီးပါပဲလေ။ မသုံးတတ်၊ တန်ဖိုးမထားတတ်၊ မသိမ်းဆည်းတတ်တော့ အဘိုးကြီးကိုပေးလိုက်တဲ့ လက်ဆောင်လက်ဖွဲ့လေးဟာလည်း အခုမရှိတော့ပါဘူး။ ပျောက်သွားပါပြီ။ အဘိုးကြီးပေးလိုက်တဲ့ဆေးဟာ အလကား...စ်သွားတာပေါ့။ သုံးတတ်ရင် ပတ္တ...း၊ မသုံးတတ်ရင် အလကား ဆိုတဲ့ အဘိုးကြီးရဲ့ အံ့ဩစရာစကားတစ်ခွန်းလေးဟာ သိပ်တန်ဖိုးရှိတဲ့စကားလေးပါပဲ။ အမှားနဲ့အမှန်ကို ပိုင်းပိုင်းခြားခြားမခွဲခြားတတ်သေးတဲ့ ကိုရင်အရွယ်စာသင်သားဘဝတုန်းကတော့ ပစ္စည်းတစ်ခုကို ဘယ်လိုတန်ဖိုးထားရမှန်းမသိ၊ ဘယ်လိုအကျိုးရှိရှိသုံးစွဲတတ်ရမှန်းမသိခဲ့တဲ့ဘဲ ခုအသက်အရွယ်နည်းနည်းကြီးပြင်းလာလို့ အသိဉာဏ်တွေရင့်ကျက်လာတဲ့အခါ သဘောပေါ်ကနေပြောလိုက်တဲ့ အဘိုးကြီးရဲ့ အံ့ဩဖွယ်စကားတစ်ခွန်းလေးဟာ ဘယ်လောက်တန်ဖိုးရှိသလဲဆိုတာ သဘောပေါက် နားလည်လာပါတော့တယ်။ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်ဒေသမှာပဲဖြစ်ဖြစ်၊ ခရီးထွက်တဲ့အချိန်မှာပဲဖြစ်ဖြစ် အင်မတန်ထူးဆန်းတဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေနဲ့တွေ့ခဲ့မယ်၊ ဆုံစည်းခဲ့မယ်ဆိုရင် အမြဲတမ်းကူညီပါ။ ရိုသေဆည်းကပ်ပါ။ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေပေးတဲ့လက်ဆောင်တွေလည်း မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး သိမ်းဆည်းပါ။ သူတို့ပြောတဲ့အတိုင်း လိုအပ်တဲ့အခါ ထုတ်ယူသုံးစွဲပါ။ လောကကြီးမှာ ဝိဇ္ဇာသိဒ္ဓိအောင်ထားတဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေနဲ့ တွေ့ဖို့ဆုံဖို့ဆိုတာလည်း မလွယ်ကူပါ။ ကုသိုလ်ကံပါရမီထူးလို့သာ တွေ့ဆုံခွင့်ရခဲ့ကြတာပါ"

ဝိဇ္ဇာအစစ် လူထူးဆန်းတဲ့ အဘိုးကြီးကိုတွေ့ခဲ့သူဟာ စာရေးသူတော့ မဟုတ်ပါ။ စာရေးသူရဲ့နောင်တော်ကြီးဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ပရစ်ဖာနိုင်းဆရာတော် ဦးဇဋိလပဲ ဖြစ်ပါတယ်။ ဒီနှစ် သီတင်းကျွတ်ကန်တော့ပွဲသွားရင်းနှင့် နောင်တော်ကြီးက ထိုအကြောင်း ရင်ဖွင့်ကာ ပြောပြကော့မှ စာရေးသူလည်း သိခွင့်ရသလောက် စာဖတ်ချစ်သူပရိသတ်များလည်း သိခွင့်ရအောင် ပြန်လည်ရေးသားတင်ပြ လိုက်ရတာပါ။

စာရေးသူက အခုချိန်မှာ ဓမ္မဆောင်းပါး အတွေးရသလေးများကိုဂျာနယ်နှင့် မဂ္ဂဇင်းစာစောင်တွေမှာ ရေးသားဖြစ်တာများပြီး ဝိဇ္ဇာအကြောင်းနှင့်ပတ်သက်၍ သိပ်များများရေးတာတော့ မရှိခဲ့။ စာရေးသူ ဝိဇ္ဇာအကြောင်းနှင့်ပတ်သက်လို့ရေးတာ ဒါပထမဆုံးပါပဲ။ အခုတော့ မျှော်လင့် ထင်မှတ်မထားဘဲ နောင်တော်ကြီးထံမှ ဝိဇ္ဇာအစစ်တကယ်လက်တွေ့ဆုံဖြစ်ခဲ့တယ်ဆိုတဲ့အကြောင်း ကြားရသိရတော့ စာဖတ်သူများလည်း သိခွင့်ရပါစေခြင်းအကျိုးငှာ နောင်တော်ကြီးထံမှ တစ်ဆင့်စကားအသိဖြင့် အသိပညာပေးလက်ဆင့်ကမ်းမျှဝေရင်း ဝိဇ္ဇာအစစ်နှင့်ဆုံတွေ့ဖူးခဲ့သည့် ဖြစ်ရပ်မှန်လေးကို ရေးသား တင်ပြပေးလိုက်ရပါသည်။

လမင်းငွေယ်(ဟုမ္မလင်း)
ခေတ္တလှူပြည်ဇေ...ရ



www.burmeseclassic.com

www.burmeseclassic.com

(ဓာတု)
မောင်ပွင့်ဉာဏ်

# လူတိုင်းအတွက် အင်္ဂလိပ်စာဗဟုသုတ




*► Philospher's stone ဆိုတဲ့အသုံးအနှုန်းမှာ philosopher က အတွေးအခေါ်ပညာရှင်၊ stone က ကျောက်တုံး။ တိုက်ရိုက်ဘာသာပြန်ရင်တော့ 'အတွေးအခေါ်ပညာရှင်ရဲ့ကျောက်တုံး' ပေါ့။ အဓိပ္ပာယ်အမှန်က 'ဓာတ်လုံး' ဖြစ်တယ်။ အနောက်တိုင်းက အထက်လမ်းပညာ၊ အောက်လမ်းပညာရပ်တွေကို နောက်ခံထားပြီးရေးထားတဲ့ဝတ္ထုကောင်းကောင်းဖတ်ချင်ရင်. . .*

❑

ခေတ်ကိုက အင်္ဂလိပ်စာတတ်တတ်၊ မတတ်တတ် နေရာတကာမှာ အင်္ဂလိပ်စာသုံးနေတဲ့ခေတ်။ အင်တာနက်၊ မိုဘိုင်းဖုန်း၊ ဖေ့စ်ဘွတ်ခ်၊ တီဗီ၊ ရီမုတ်ကွန်ထရိုး၊ ကလေးတွေကအစ ပြောနေကြတဲ့စကားလုံးတွေ။ အဓိပ္ပာယ်သေချာသိသလားဆိုတော့ လူ (၁၀၀) မှာ (၉၉) လောက်ကမသိ။ ဘာကြောင့်။ ရှင်းရှင်းလေးရယ်ပါ၊ မလေ့လာကြလို့။ လေ့လာရကောင်းမှန်းမသိလို့။

ပါးစပ်ပြောနဲ့မဟုတ်ဘဲ တကယ်တတ်ချင်သူတွေအတွက် အထိရောက်ဆုံးအကြံပေးချင်တာကတော့ အင်္ဂလိပ်စာကို မုန့်ထုပ်၊ အချိုရည်ဘူးကအစ တွေ့တဲ့နေရာမှာဖတ်ပါ။ အဘိဓာန်တစ်အုပ်ကို လက်တစ်ကမ်းမှာထားပြီး အဓိပ္ပာယ်မသိတဲ့စကားလုံးတွေတွေ့တိုင်းလှန်ဖတ်ပါ။ အင်္ဂလိပ်စာသေချာပေါက်တိုးပါတယ်။

ဆရာကြီး ဒေါက်တာလှဘေလို အင်္ဂလန်မှာ အနှစ် (၃၀) ကျော်နေပြီး လန်ဒန်တက္ကသိုလ်မှာ ပါမောက္ခလုပ်ခဲ့သူကတောင် ဧည့်ခန်းက အဘိဓာန်တစ်အုပ်ထားပြီး စကားပြောနေရင်း တန်းလန်း လှန်ကြည့်လေ့ရှိပါတယ်။ ဆရာကြီးဟာ အဘိဓာန်အဟောင်းတွေ အများကြီးရှိတာတောင် နောက်ဆုံးထုတ် (Latest edition) အဘိဓာန်ကို ထွက်တိုင်းဝယ်ပါတယ်။ ဆရာကြီး အဘိဓာန်လှန်တာဟာ အဓိပ္ပာယ်မသိလို့ မဟုတ်ပါ။ သေချာအောင်တိုက်ဆိုင်စစ်ဆေးတာသာ ဖြစ်တယ်။

လက်ကိုင်ဖုန်းတွေမှာ အင်္ဂလိပ်အဘိဓာန်၊ မြန်မာအဘိဓာန်၊ ပါဠိအဘိဓာန်၊ ဆိုရိုးစကားအဘိဓာန် (Dictionary of Quotation) အကုန်ထည့်ထားလို့ရပါတယ်။အသံပါထွက်ပြတဲ့အဘိဓာန် (Talking Dictionary) တွေတောင်ရှိသေး။

## ၁။ တိုက်ရိုက်ဘာသာပြန်လို့မရတဲ့ စကားလုံးတွေ

အင်္ဂလိပ်ကဗျာကို ဘာသာပြန်ထားပုံရတဲ့ ကဗျာတစ်ပုဒ်မှာ 'အာလူးချို' ဆိုတာ တွေ့ဖူးတယ်။

sweet - ချိုသော၊ potato-အာလူး၊ sweet potato က 'ကန်စွန်းဥ' ကိုပြောတာဖြစ်တယ်။

နောက် ကဗျာတစ်ပုဒ်မှာလည်း ငှါးဦးနှောက်ကို 'ပုရွက်ဆိတ်ဖြူ' တွေက စားသွားပြီးလို့ ရေးထားတယ်။

white - ဖြူသော၊ ant - ပုရွက်ဆိတ်။ white ant က 'ခြ' ဖြစ်တယ်။

အမေရိကန် ရုပ်ရှင်တစ်ကားမှာ 'ငါ့ကား ဓာတ်ငွေ့ကုန်သွားပြီ' လို့ စာတန်းထိုးတယ်။ ဓာတ်ဆီကို အမေရိကန်က Gasoline လို့ ခေါ်ပြီး အတိုကောက် Gas လို့ ရေးတယ်။ ဓာတ်ဆီဆိုင်ကို gas station လို့ ခေါ်တယ်။ အင်္ဂလိပ်တွေက ဓာတ်ဆီကို petrol လို့ ခေါ်ပါတယ်။ ရေနံစိမ်း (Petroleum) ရဲ့ စကားလုံးရင်းမြစ်ကလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်။

ဂရိဝေါဟာရ petros က ကျောက် +လက်တင်ဝေါဟာရ oleum က ဆီ၊ တိုက်ရိုက်ဘာသာပြန်ရင်တော့ ကျောက်ထဲကရတဲ့ဆီပေါ့။ တကယ်လည်း ရေနံစိမ်းဟာ ကျောက်ဖြစ်ရုပ်ကြွင်းတွေကနေ ရရှိတာဖြစ်တယ်။

drum - ဗုံ၊ stick - တုတ်၊ drumstick = ဒန့်သလွန်သီး (ဗုံတီးတဲ့တုတ်နဲ့တူလို့)

lady - အမျိုးသမီး၊ finger - လက်ချောင်း၊ ladyfinger = ရုံးပတီသီး။

star-ကြယ်၊ flower-ပန်း၊ starflower= ခရေပန်း။

(flower ၏ အသံထွက်သည် flour (ဂျုံ) နှင့် အသံထွက်တူပြီး 'Fလား' ဟု ဖတ်၊ 'ဝါး' မပါ။ အများစုက 'ဝါး'တာအကျင့်ပါနေတယ်)

snake - မြွေ၊ head - ဦးခေါင်း၊ snakehead-fish = ငါးရံ့။

butter- ထောပတ်၊ fish - ငါး၊ butter-fish = ငါးတန် (ငါးတန်အသားဟာ ထောပတ်လို ဆီအိမ့်နေလို့ထင်တယ်)

mango - သရက်သီး၊ fish - ငါး၊ mango-fish = ငါးပုဏ္ဏား (ငါးပုဏ္ဏားကို သရက်သီးနဲ့ချက်စားရင် အင်မတန်ကောင်းတယ်)

mother - အမေ၊ tongue- လျှာ၊ mother tounge = မိခင်ဘာသာစကား။

after- နောက်မှာ၊ birth- မွေးဖွားခြင်း၊ afterbirth = (ကလေး) အချင်း။



www.burmeseclassic.com

www.burmeseclassic.com

birth-mark = မွေးရာပါအမှတ်။

over - အပေါ်မှာ၊ all - အားလုံး၊ overall = (စက်ပြင်ဆရာဝတ်) အပေါ်အောက် တစ်ဆက်တည်းဝတ်စုံ (အိုဗာရောလ်-ဟုဖတ်)

crocodile- မိကျောင်း၊ tear - မျက်ရည်၊ crocodile's tear = ဟန်ဆောင်သနားခြင်း။

book - စာအုပ်၊ worm - တီကောင်၊ book-worm - စာဂျပိုး။

**၂။ အတိုကောက်စကားလုံးတွေ**

နေရာတိုင်းမှာ တွေ့နေရတဲ့ အတိုကောက်စကားလုံး (Acronymn) တွေရဲ့အဓိပ္ပာယ်ကို လိုက်မှတ်ရတာဟာလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ အင်္ဂလိပ်စာအများကြီးတိုးပါတယ်။

အလုပ်အတွက် အင်တာဗျူးမှာ WHO ဟာ ဘာလဲလို့ မေးတာကို Who လို့ ပြန်ဖြေရင် သေချာပါတယ်၊ အလုပ်မရမှာ။

WHO - World Health Organisation = ကမ္ဘာ့ကုလသမဂ္ဂကျန်းမာရေးအဖွဲ့။

အများသိတဲ့ ဆရာဝန်ဘွဲ့ M.B.,B.S. ဆိုတာ ဘွဲ့နှစ်ဘွဲ့ပေါင်းထားတာ ဖြစ်တယ်။ ဒါကြောင့် M.B. နဲ့ B.S. ကြားမှာ ကော်မာ( , )ခံပြီး ရေးရတယ်။

M.B.,B.S. - Bachelor of medicine and Bachelor of Surgery = ဆေးပညာဘွဲ့နှင့် ခွဲစိတ်ပညာဘွဲ့။

(ကျွန်တော်တို့ ခပ်ငယ်ငယ်က ရုပ်ရှင်ထဲမှာ မြန်မာဆေးဆရာအဖြစ် သရုပ်ဆောင်တဲ့ လူရွှင်တော်ကြယ်နီက သူ့အိမ်ရှေ့မှာ M.B.B.S. လို့ ဆိုင်းဘုတ်တင်ပြီး အဓိပ္ပာယ်ကို 'မြန်မာ၊ ဗုဒ္ဓဘာသာ၊ ဗိန္ဓော ဆရာ' လို့ ဆိုတယ်)

အခမ်းအနားတစ်ခုမှာ MC က အရေးကြီးတယ်။

MC - Master of Ceremony = အခမ်းအနားမှူး။

ဟိုတုန်းက MC ကို အခု IM လို့ ပြောင်းခေါ်တယ်။

MC - Medical College = ဆေးကောလိပ်။

IM - Institute of Medicine = ဆေးတက္ကသိုလ်။

နေမကောင်းလို့ ဆေးထိုးတဲ့အခါ ထိုးဆေးနှစ်မျိုးရှိတယ်။

IM - Intramuscular - အသားထိုးဆေး။

IV - Intravenous = အကြောထိုးဆေး။

ဆေးရုံအဝင်ဝတွေမှာ OPD ဌာနရှိတယ်။ အရေးကြီးတဲ့လူနာတွေကို ICU မှာ ထားတယ်။

OPD - Out Patient Department = ပြင်ပလူနာဌာန။

ICU - Intensive Care Unit = ကြပ်မတ်လူနာအဆောင်။

VIP တွေဟာ PA တွေအနားမှာထားပြီး အလုပ်လုပ်ကြရတယ်။

VIP - Very Important Person = အရေးကြီးပုဂ္ဂိုလ်။

(VIP ဆိုတာရှိသွားလို့နဲ့တူတယ်၊ ကားတစ်စီးမှာ VVIP လို့ ရေးထားတာတွေ့ဖူးတယ်)

PA - Personal Assistant = ကိုယ်ရေးအရာရှိ။

မပုတို၊ မပုပ်သိုးလို့ အမျိုးမျိုးခေါ်နေကြတဲ့ ဌာနတစ်ခုက -

MPT - Myanma Post and Telecommunication = မြန်မာ့စာတိုက်နှင့်ဆက်သွယ်ရေးဌာန။

ရဲစခန်းမှာ အမှုသွားဖွင့်ရင် အရင်ဆုံးရေးရတာက -

FIR - First Information Report= ပထမသတင်းပေးတိုင်ချက် (ရဲစခန်းသုံး)

လက်မောင်းလက်ပတ်မှာ MP လို့ ရေးထားတဲ့ စစ်သားတွေ တွေ့ဖူးမှာပါ။

MP - Military Police = စစ်ရဲ (တပ်ထိန်း)

MI ဆိုတာ တစ်ခေတ်တစ်ခါက တန်ခိုးထွားခဲ့တဲ့ဌာနတစ်ခု ဖြစ်ပါတယ်။

MI - Military Intelligence = တပ်မတော်ထောက်လှမ်းရေး။

မြန်မာလို 'စသုံးလုံး' ရဲ့ အင်္ဂလိပ်လို အတိုကောက်က -

BSI - Bureau of Special Investigation = အထူးစုံစမ်းစစ်ဆေးရေးဌာန။

မူးယစ်ဆေးသုံး၊ မသုံး ဆီးစစ်တဲ့အခါ၊ လက်ရေး/လက်မှတ် အတုအစစ်ခွဲခြားတဲ့အခါ အင်းစိန်က ဒီဌာနကို ပို့ရတယ်။

CID - Criminal Investigation Department = ရာဇဝတ်မှုခင်း စုံစမ်းထောက်လှမ်းရေးဌာန။

နိုင်ငံကူးလက်မှတ်ထုတ်ပေးတာကိုပါဆောင်ရွက်တဲ့ ရဲသတင်းတပ်ဖွဲ့က-

SB - Special Branch = အထူးတပ်ဖွဲ့။

သင်္ဘောတွေ၊ လေယာဉ်ပျံတွေ ပျက်တဲ့အခါ အချက်ပြတဲ့သင်္ကေတက-

SOS - Save Our Soul = ကျွန်ုပ်တို့အသက်ကိုကယ်ပါ။

အစိုးရဆီက ခွင့်ပြုချက်ယူပြီး နှစ်ရှည်လုပ်ကိုင်တဲ့ လုပ်ငန်းကြီးတွေမှာ ဒီစနစ်ကို သုံးလေ့ရှိတယ်။

BOT - Build, Operate and Transfer = တည်ဆောက်၊ လည်ပတ်၊ လွှဲအပ်။

(ဥပမာ - ဟိုတယ်တစ်ခုကို တည်ဆောက်လုပ်ကိုင်ပြီး အနှစ် (၃၀) ကြာရင်အစိုးရကိုလွှဲအပ်ပေးရတာမျိုး)

အာမခံသက်တမ်း (warranty period) အတွင်း စက်ပျက်လို့သွားပြင်တဲ့အခါ ဘောက်ချာမှာ အခုလိုရေးပေးလေ့ရှိတယ်။

FOC- Free Of Charge = လက်ခမယူ။

ပန်းကန်ပြားပျံ (flying saucer) ကို 'ယူဖို' လို့လည်း ခေါ်တယ်။

UFO - Unidentified Flying Object = အမျိုးအမည်ခွဲခြားမသိသော ပျံသန်းယာဉ်။

ပြည်တွင်းမှာ NGO အဖွဲ့တွေ အများကြီး လှုပ်ရှားနေကြတယ်။

NGO - Non-Goverment Organisation = အစိုးရမဟုတ်သော အဖွဲ့အစည်း။

EPC လို့ အခုထိ နှုတ်ကျိုးနေတဲ့ ဌာနနာမည်ဟာ အခုလို ပြောင်းသွားပါ




www.burmeseclassic.com

www.burmeseclassic.com



ပြီ။

MEP - Myanma Electricity Enterprise = မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း။

ကမ္ဘာ့ရေနံလောကမှာ ဩဇာကြီးတဲ့ အဖွဲ့အစည်းနာမည်က -

OPEC (အိုပက်) - Oil Producing and Exporting Countries = ရေနံထုတ်လုပ်တင်ပို့ရောင်းချသောနိုင်ငံများ။

MIA တချို့ဟာ POW ဘဝရောက်နေကြတယ်။

MIA - Missing In Action = စစ်ပွဲအတွင်းပျောက်ဆုံးနေသူ။

POW - Prinsoner of War = စစ်သုံ့ပန်း။

အခုနောက်ပိုင်း မီတာစားသက်သာတဲ့ ဒီမီးလုံးတွေသုံးလာကြတယ်။

LED - Light Emitting Diode = အလင်းထုတ်လွှတ်သောဒိုင်အုတ်။

**၃။ ပေါင်းစပ်စကားလုံး (compound word) တွေ**

ဒီစကားလုံးတွေကို လေ့လာတာများလာရင် ဆင်တူစကားလုံးတွေ တွေ့လိုက်တာနဲ့ အဓိပ္ပာယ်ကို အလိုလိုမှန်းဆသိလာနိုင်တယ်။

Adam's apple (အာဒမ်ရဲ့ပန်းသီး= လည်စေ့ (ယောက်ျားမှာသာရှိ၊ ဝေကစပြီး မိန်းမတွေမှာမရှိ)

Phablet - Phone + Tablet = မြင်ကွင်း ၅-လက်မထက်ကြီးသောဖုန်း (တက်ဘလက်နဲ့တူသွားလို့ ဖက်ဘလက်လို့ခေါ်)

TV (အနီးစပ်ဆုံးအသံထွက်မှန်-ထိဗီး)

television (tele-အဝေး+vision-အမြင်) အဝေးကအရုပ်ကို မြင်စေနိုင်တယ် (ရုပ်မြင်သံကြား)

telegraph (tele-အဝေး+graph-ရေးသည်) အဝေးက စာလှမ်းရေးတယ် (ကြေးနန်း)

(telegram-ကြေးနန်းစာ)

telephone (tele-အဝေး+phono-အသံ) အဝေးကအသံကို ကြားစေနိုင်တယ် (တယ်လီဖုန်း)

telescope (tele-အဝေး+scope-ကြည့်သည်) အဝေးကို လှမ်းကြည့်တယ် (အဝေးကြည့်မှန်ပြောင်း)

teleprinter (tele-အဝေး+print-ပုံနှိပ်သည်) အဝေးကပို့တဲ့ သတင်းကို (အလိုအလျောက်) ပုံနှိပ်ပေးတယ်။

(တယ်လီပရင်တာကို သတင်းစာတိုက်တွေမှာသုံးတယ်)

teleconference - အဝေးရှိလူများ မိမိတို့ ကွန်ပျူတာရှေ့မှာထိုင်ပြီး အစည်းအဝေးပြုလုပ်ခြင်း။

(အစည်းအဝေးလာတက်ဖို့မလို၊ ပြောဆိုနေတာအားလုံး မြင်တွေ့ကြားသိနေတယ်)

telesales, telemarketing - တယ်လီဖုန်းဖြင့်အမှာစာများခေါ်၍ အရောင်းအဝယ်ပြုလုပ်ခြင်း။

telecast - ရုပ်မြင်သံကြားလွှင့်ထုတ်သည်။

(broadcast - ရေဒီယိုအသံလွှင့်သည်)

teleworking - အိမ်မှာနေပြီး (ဖုန်း/ကွန်ပျူတာဖြင့် ဆက်သွယ်၍) အလုပ်လုပ်ခြင်း။

(ဒီနည်းနဲ့ အိန္ဒိယက ကွန်ပျူတာပရိုဂရမ်မာတွေ အမေရိကန်က ကုမ္ပဏီတွေနဲ့ ချိတ်ဆက်အလုပ်လုပ်ရင်း သန်းကြွယ်သူဌေးတွေဖြစ်ကုန်ကြတယ်။)

**Self- ကိုယ်တိုင်**

self နဲ့ ပတ်သက်တဲ့ စကားလုံးတွေ အားလုံးလိုလိုဟာ မှတ်သားထားဖို့ကောင်းပါတယ်။

self-help - ကိုယ့်အားကိုယ်ကိုး။

selfish - ကိုယ်ကျိုးသာကြည့်သော (တစ်ကိုယ်ကောင်းဆန်သော)

selfless - ကိုယ်ကျိုးမငဲ့ကွက်သော။

self-defence - မိမိကိုယ်ကိုကာကွယ်ခြင်း။

self-service - ကိုယ်တိုင်ယူစနစ် (စားသောက်ဆိုင်တွင် ငွေချေပြီး စားစရာကိုယ်တိုင်ယူစနစ်မျိုး)

self-control - မိမိကိုယ်ကိုထိန်းသိမ်းနိုင်ခြင်း။

self-centred - ကိုယ့်အတွက်သာကြည့်ခြင်း (အတ္တဗဟိုပြုစဉ်းစားခြင်း)

self-access -(စာအုပ်စာတမ်းများနှင့် သင်ထောက်ကူပစ္စည်းများဖြင့်) ကိုယ်တိုင်လေ့လာသင်ယူခြင်းစနစ်။

self-awareness - မိမိအကြောင်း (အားသာချက်၊ အားနည်းချက်များ) မိမိသိခြင်း။

self-confidence - မိမိကိုယ်မိမိယုံကြည်စိတ်ချခြင်း။

self-criticism - မိမိကိုယ်မိမိဝေဖန်ရေး။

self-educated - (ကျောင်းပြင်ပတွင်) စာအုပ်စာတမ်းများဖတ်ရှုလေ့လာ၍ ပညာတတ်မြောက်ခြင်း။

(ဆယ်တန်းမအောင်ဘဲ ပါဠိ၊ အင်္ဂလိပ်စာ ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ပြီး ပညာရပ်ဆိုင်ရာဆောင်းပါးတွေရေးနေတဲ့ စာရေးဆရာ တွေ့ဖူးတယ်)

self-made man - သူများအကူအညီမပါဘဲ ကိုယ့်အားကိုယ်ကိုးပြီး အောင်မြင်ကြီးပွားလာသူ။

self-image - စိတ်ထဲတွင် မိမိကိုယ်ကိုမိမိမြင်သောပုံရိပ်။

self-portrait - ကိုယ်တိုင်ရေး မိမိပုံတူ။

self-supporting - သူတစ်ပါးအကူအညီအမပါဘဲ မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်သော။

**Sub - အောက်မှာ**

sub-committee - (ဝင်ငင်္က အောက်က) ဆပ်ကော်မတီ (committee စကားလုံး

www.burmeseclassic.com

www.burmeseclassic.com

ပေါင်းကိုသေချာကြည့်ပါ)

(EC - Executive Committee - အလုပ်အမှုဆောင်အဖွဲ့)

sub-marine - (ရေအောက်က သွားသော) ရေငုပ်သင်္ဘော (အတိုကောက် - Sub)

subconscious - (conscious mind - သိစိတ်အောက်က) မသိစိတ်။

sub-standard - သာမန်အောက် အဆင့်နိမ့်သော၊ လက်မခံနိုင်သော။

sub-title - (ခေါင်းစဉ်ကြီး အောက်က) ခေါင်းစဉ်ကလေး။

sub-zero - အပူချိန် သုညဒီဂရီ အောက်ဖြစ်သော။

subway(BE) - မြေအောက်လူကူးလမ်း။

(AE) - မြေအောက်မီးရထား။

**Entertainment - ပျော်ရွှင်မှု**

(Eduction + Entertainment) Edutainment - ကစားရင်းပညာသင်။

(Information+ Entertainment) Infortainment - စိတ်လည်းပျော်ရွှင် ဗဟုသုတလည်းရ။

**Alcoholic - အရက်စွဲရောဂါ**

(Work+ Alcoholic) Workaholic - အလုပ်စွဲရောဂါ (ဂျပန်လူမျိုးတွေဟာ နားရက်မယူဘဲ အလုပ်လုပ်လွန်းတဲ့ Workaholic တွေဖြစ်လို့ နားရက်မယူ မနေရ အမိန့်ထုတ်ပြီး နားခိုင်းရတယ်)

(Shop+ Alcoholic) Shopaholic - ရှော့ပင်ရောဂါ (အားနေရင် ဈေးဝယ်ထွက်ချင်နေတဲ့ရောဂါ)

**Marathon - မာရသွန် (တာဝေးအပြေးပြိုင်ပွဲ)**

(Talk+ Marathon) Talkathon- မရပ်မနားစကားအကြာကြီးပြောသူ။

**၄။ ဗြိတိသျှအင်္ဂလိပ်စကားနဲ့ အမေရိကန်အင်္ဂလိပ်စကား**

BE (British English) and AE (American English)

အင်္ဂလိပ်နဲ့ အမေရိကန်ဟာ အင်္ဂလိပ်စကားပြောတာချင်းအတူတူကို အသုံးအနှုန်းနဲ့ လေယူလေသိမ်းကွာခြားတာတွေရှိပါတယ်။ ပြောရရင် BE ဟာ ရှေးရိုးဆန်ပြီး AE ကတော့ ခပ်လွယ်လွယ်ပြောတာ၊ ရေးတာ ဖြစ်တယ်။ လူချင်းတွေ့လို့ နှုတ်ဆက်တဲ့အခါ BE မှာ အချိန်ကိုလိုက်ပြီး Good morning, Good afternoon, Good evening, လို့ နှုတ်ဆက်တတ်ကြပေမယ့် AE ကတော့ Hi! (ဟိုင်း) တစ်လုံးတည်းနဲ့ ကိစ္စပြီးပါတယ်။

အခုအခါ ကမ္ဘာပေါ်မှာ AE ကို ပိုပြီးသုံးလာကြတယ်။ သို့ပေမယ့် အင်္ဂလိပ်စကား/စာ ပီပီသသ ပြောမယ် ရေးမယ်ဆိုရင် BE ကိုပဲသုံးသင့်တယ်လို့ ဆရာအများက ယူဆကြတယ်။ ကုမ္ပဏီတွေမှာ အလုပ်လျှောက်ရင် မပါမဖြစ်တဲ့ ကိုယ်ရေးအကျဉ်းကို BE က CV လို့သုံးပြီး AE က Résumé လို့သုံးတယ်။ အလုပ်လျှောက်သူ အများစုဟာလည်း CV ရဲ့အရှည်ကို မသိကြပါ။

CV - Curriculum Vitae (ကာရင့်ကျုလမ်း-ဗိုက်ထီ) (လက်တင်ဘာသာ) = ကိုယ်ရေးအကျဉ်း။

résumé (ရက်ဇ်ဇမေ)(ပြင်သစ်) = ကိုယ်ရေးအကျဉ်း။

ဘာမဟုတ်တဲ့ ကျောက်တုံးကိုတောင် BE နဲ့ AE ခေါ်တာချင်းမတူ။

stone (BE), rock (AE) = ကျောက်တုံး။

'အရောင်'ကို BE က colour လို့ရေးပြီး AE က color လို့ရေးတယ်။

'အလယ်'ကို BE က centre လို့ရေးပြီး AE က center လို့ရေးတယ်။

biscuit (BE) - cookie (AE) - မုန့်ခြောက်ကြွပ် (ဘီစကစ်/ကွတ်ကီး)

aerial (BE), antenna (AE) = ကောင်းကင်ကြိုး (အင်တီနာ)

aeroplane (BE), airplane (AE)= လေယာဉ်ပျံ။

aluminium (BE) , aluminum (AE) = အလူမီနီယမ်။

autumn (BE), fall (AE) = ဆောင်းဦး ။

(ဆောင်းဦးတွင် သစ်ရွက်များ ကြွေ၍ AE က fall ဟု ခေါ်သည်။)

bill (BE), check (AE) = ပြေစာ

bonnet (BE), hood (AE) = ကားစက်ခေါင်းဖုံး (ဘောနက်)

boot (BE), shoe (AE) = ဘွတ်/ရှူးဖိနပ်။

Certainly! (BE), Sure! (AE) = သေချာပါတယ်။

film (BE), movie (AE) =ရုပ်ရှင်။

cinema (BE), movie theatre (AE) = ရုပ်ရှင်ရုံ။

cooker (BE), oven (AE) = မီးဖို (oven ကို 'အဝ်ဗင်'ဟုဖတ်ရန်)

cupboard (BE), closet (AE) = ဗီရို။

dustbin (BE), garbage can (AE) = အမှိုက်ပုံး။

flat (BE), apartment (AE) = တိုက်ခန်း။

gallery (BE), museum (AE) = ပြတိုက်။

holiday (BE), vacation (AE) = အားလပ်ရက်။

lift (BE), elevator (AE) = ဓာတ်လှေကား။

lorry (BE), truck (AE) = ကုန်တင်ကား။

luggage (BE), baggage (AE) = ဝန်စည်စလယ်။

mum (BE), mom (AE) = အမေ။

pavement (BE), sidewalk (AE) = လူသွားလမ်း (ပလက်ဖောင်း)

post (BE), mail (AE) = စာပို့သည်။

postman (BE), mailman (AE)= စာပို့လုလင်။

potato chip (BE), French fry (AE) = အာလူးကြော်။

(ပြင်သစ်လူမျိုးတွေ အာလူးကြော်အတော်ကြိုက်ပုံရတယ်)

single ticket (BE), one-way ticket (AE) = အသွားလက်မှတ်။

return ticket (BE), round-trip ticket (AE) = အသွားအပြန်လက်မှတ်။

football (BE), soccer (AE) = ဘောလုံးအားကစား။

sweet (BE), dessert (AE) = အချိုပွဲ။

(dessert ကို 'ဒစ်ဇတ်' ဟု ဖတ်)

sweets (BE), candy (AE) = သကြားလုံး။

trousers (BE), pants (AE) = ဘောင်းဘီရှည်။

vest (BE), undershirt (AE) = စွပ်ကျယ်။

veranda (BE), porch (AE) = ဝရန်တာ၊ ဆင်ဝင်။

(အသုံးများတဲ့ စကားလုံးတွေကိုပဲ ရွေးပြီးဖော်ပြထားပါတယ်)

**၅။ မွေးစားစကားလုံးတွေ**

ဘာသာစကားတိုင်းမှာလိုလိုပင်



www.burmeseclassic.com

www.burmeseclassic.com

တခြားဘာသာက စကားလုံးတွေကို ကိုယ့်ဘာသာစကားထဲကို ဆွဲသွင်းပြီး မွေးစားယူကြတာတွေ ရှိတယ်။ ဥပမာ ရေဒီယို၊ တက္ကစီ၊ မိုဘိုင်းဖုန်း၊ ကျူရှင် စသဖြင့်။ တချို့ မွေးစားစကားလုံးတွေ ကျတော့ အသံထွက်ပြောင်းသွားတာ၊ မူရင်းအဓိပ္ပာယ်ငုပ်သွားတာတွေရှိတယ်။

စက်ဘီး/ဆိုင်ကယ်တွေမှာ ဘီးကိုဖုံးထားတဲ့ ဘီးဖုံးကို မားဂတ်လို့ခေါ်တယ်။

mud guard (မဒ်ဂတ်) - ရွှံ့ကာ။

sidecar (ဆိုဒ်ကား) - ဘေးတွဲယာဉ် (ဆိုက္ကား)

coolie (ကူးလီး) - အထမ်းသမား (ကူလီ) (ဟင်ဒီစကား)

sadhu (ဆားဒူး) - သူတော်ကောင်း၊ ဟိန္ဒူဘုန်းကြီး (ဆာဒူး) (သက္ကတ၊ ဆာဒု-ဖြောင့်မှန်သော)

batik (ဘာတိခ်) - ပါတိတ် (မလေးစကား)

sampan (စမ်းဖန်) - သမ္ဗန် (တရုတ်စကား)

acharya (အာချရိယ) (သက္ကတ၊ အာစရိယ) - ဆရာ။

bonsai (ဘွန်ဆိုင်း) - သစ်ပင်ပုကလေး (ဂျပန်)

'အာဏာသိမ်းတယ်' ဆိုတဲ့စကားဟာ အင်္ဂလိပ်မှာမရှိလို့ ပြင်သစ်ဆီကနေ ယူသုံးတယ်။

coup d'etat (ကူးဒေတာ)-အာဏာသိမ်းသည်။

ပြင်သစ်ဘာသာဟာ ဝေါဟာရကြွယ်လို့ အင်္ဂလိပ်စာမှာ ပြင်သစ်စကားလုံးတွေအတော်များများ မွေးစားယူထားတယ်။

ပြင်သစ်စကားလုံးတွေကို အင်္ဂလိပ်စာလုံးပေါင်းအတိုင်း အသံထွက်လို့မရပါ။

buffet (ဘူဖေး) - စားသောက်ဖွယ်ရာကိုယ်တိုင်ယူစနစ်။

ballet (ဘယ်လေး) - ဘဲလေးအက။

banquet (ဘဲန်းကွစ်) - ဧည့်ခံစားသောက်ပွဲ။

bouquet (ဘူခေး) - ပန်းစည်း။

(ဆရာမောင်သော်က၊ က ကဗျာ ဗူကေးနာမည်နဲ့ စာတစ်အုပ်ရေးဖူးတယ်)

chef (ရှက်ဖ်) - စားဖိုမှူး။

chauffer (ရှိုဖာ) - သီးသန့်ယာဉ်မောင်း။

champagne (ရှန်ပိန်း) - ရှန်ပိန်အရက်။

rendezvous (ရော်န်ဒီဗူး)- တွေ့ဆုံရန်ချိန်းထားသည့်နေရာ။

မြန်မာတွေဟာ ဘာသာခြားစကားလုံးကို မွေးစားတဲ့ဆီမှာ မြန်မာ့အာနဲ့ကိုက်အောင် ပေးတတ်လွန်းလို့ တချို့စကားလုံးတွေရဲ့ရင်းမြစ်ကို မနည်းပြန်စဉ်းစားယူရတယ်။

surveillance (ဆာဗေးလဲန့်) (ပြင်သစ်) - လူဆိုးမှတ်တမ်းထိန်း (ဆားပုလင်း)

အင်္ဂလိပ်ခေတ်က သပြုသီးမြို့အုပ် ဆိုတာရှိတယ်။ သပြုသီးဆိုတာ တာဝန်ခံဆောင်ရွက်ရသူလို့ အဓိပ္ပာယ်ရတဲ့ deputy ကို မြန်မာမှုပြုထားတာ ဖြစ်တယ်။ လက်ထောက်မြို့ပိုင်ကို ဆိုလိုတယ်။ အခုခေတ် ဒု-ဝန်ကြီးကို Deputy Minister လို့ခေါ်တယ်။ အရင်ခေတ်အခေါ်နဲ့ခေါ်ရင်တော့ သပြုသီးဝန်ကြီးလို့ ခေါ်ရပါမယ်။

**ဂမ္ဘီရ (Mystic Science) စကားလုံးတွေ**

philospher's stone ဆိုတဲ့ အသုံးအနှုန်းမှာ philosopher က အတွေးအခေါ်ပညာရှင်၊ stone က ကျောက်တုံး၊ တိုက်ရိုက်ဘာသာပြန်ရင်တော့ 'အတွေးအခေါ်ပညာရှင်ရဲ့ ကျောက်တုံး' ပေါ့။ အဓိပ္ပာယ်အမှန်က 'ဓာတ်လုံး' ဖြစ်တယ်။ စကားစပ်လို့ ဓာတ်လုံးနဲ့ပတ်သက်တဲ့စာချိုးလေးတစ်ခု ရှိတယ်။

ဓာတ်လုံးဆိုတာ ပွတ်ရင်ပြောင်၊ ဆောင်ရင်လေး၊ ရေစိမ်သောက်ရင် ရှုရှူးပေါက်တယ်ဆိုပဲ။

အနောက်တိုင်းမှာလည်း ဂမ္ဘီရနဲ့ ပတ်သက်တဲ့ စကားလုံးတွေရှိတယ်။

White magic - အထက်လမ်းပညာ၊

Black magic - အောက်လမ်းပညာ၊



(ဒီပညာရပ်တွေကို နောက်ခံထားပြီးရေးထားတဲ့ ဝတ္ထုကောင်းကောင်း ဖတ်ချင်ရင် Denis Wheatley ရေးတဲ့ Strange Conflict ကို ဆရာမကြီး ဒေါ်ခင်မျိုးချစ် ဘာသာပြန်ထားတဲ့ 'နှစ်လောကတိုက်ပွဲ' စာအုပ်ရှိတယ်)

Telepathy- (တယ်လီ-လက်ပသီ) အများစုက 'တယ်လီပသီ' လို့ မှားဖတ်ကြတယ်။

(အဝေးမှနေ၍ တစ်ဦးနဲ့တစ်ဦး စိတ်ဖြင့်ဆက်သွယ်ခြင်း)

Telekinesis - အရာဝတ္ထုများကို ထိတွေ့ခြင်းမရှိဘဲ (စိတ်တန်ခိုးဖြင့်) ရွေ့လျားစေခြင်း။

(အစ္စရေးနိုင်ငံက ကမ္ဘာကျော် ယူရီဂယ်လာ်းဟာ ရုပ်မြင်သံကြားကနေ အမိန့်ပေးလိုက်တာနဲ့ တီဗီကြည့်နေသူတွေကိုင်ထားတဲ့ ဇွန်းတွေ၊ ခက်ရင်းတွေ ကွေးညွတ်ကုန်တယ်)

Clairvoyance - အကြားအမြင်ရခြင်း။

Reincarnation - လူဝင်စားခြင်း။

Tarot - ရုပ်ပုံကားချပ်ဗေဒင် (တားရော့ဟု ဖတ်နေကြသည်၊ အသံထွက်အမှန်က 'တဲရိုး')

Poltergeist - ပုဏ္ဏကတိုက်ခြင်း။

Magic square- အင်းကွက်။

Numerology - ဂဏန်းဗေဒင်။

ဒီဆောင်းပါးကို အပြန်ပြန်အလှန်လှန်ဖတ်ပြီး ဆောင်းပါးမှာပါတဲ့ စကားလုံးတွေအားလုံးကိုမှတ်မိသွားရင်ပဲ အင်္ဂလိပ်စာအတော်တိုးသွားပြီလို့ဆိုနိုင်ပါတယ်။ ဆက်ပြီးတော့ လေ့လာမှတ်သားချင်စိတ်ပေါက်လာအောင်လို့ အသုံးများတဲ့စကားလုံးတချို့ကိုပဲ ရွေးပြီး ဖော်ပြထားတယ်။

ဒီဆောင်းပါးကိုရေးဖို့ ဒီစာအုပ်တွေကို ကိုးကားပါတယ်။


၁။ တက်တိုး အင်္ဂလိပ်- မြန်မာ အဘိဓာန်။ တတိယနှိပ်ခြင်း-၁၉၇၇။

၂။ Times English Companion; M.K.Sharma, Federal Publication, Singapore. First published 1990.

၃။ Oxford Advanced Learner's Dictionary of Current English: Sixth Edition, Oxford University Press 2000.


မောင်ပွင့်ဉာဏ် (မေဓ)

www.burmeseclassic.com

သင်္ကြန်ရောက်တိုင်း စာရေးသူ ဒုလ္လဘရဟန်းဝတ်ခဲ့သည်မှာ ယခုနှစ် ၁၃၇၆/၇၇ ခုနှစ်ဆိုလျှင် (၆) ကြိမ် (၆)နှစ်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

ယခုနှစ်တွင် သင်္ကြန်မကြိုမီ ၁၂ - ၄ - ၂၀၁၅၊ တနင်္ဂနွေနေ့တွင် စဝတ်ပြီး သင်္ကြန်အကြို ၁၃-၄-၂၀၁၅ နေ့မှစ၍ ဆရာတော် အရှင်ဥဇ္ဇယနှင့်အတူ (ပတ္တပိုက်ဆွမ်းကို) သပိတ်တစ်လုံးနှင့် ဆွမ်းခံပြီးဘုဉ်းပေးခဲ့ပါသည်။

၁၂-၄-၂၀၁၅ ရက်နေ့ သင်္ကြန်အကြိုနေ့မှာပင် ဆရာဦးကျော်ဌေးဦးသည် အဖော်ဓမ္မမိတ်ဆွေဦးစိန်ဝင်းနှင့်အတူ 'စည်သာရွာ အင်ပင်ကျောင်း' သို့ သီလယူ၊ ဥပုသ်စောင့်ရောက်လာပြီး ကျောင်းရိပ်မှာပင် တစ်နေကုန်နေခိုပြီး တရားဘာဝနာပွားများ၊ဝိပဿနာတရားမှတ်ယူနေပါသည်။

ဤနေရာတွင် ဆရာဦးကျော်ဌေးဦးကို ပြန်လည် မိတ်ဆက် ဖော်ပြလိုပါသည်။ ဆရာ၏အကျင့်စရဏဝိဇ္ဇာလမ်းလိုက်နေမှုကို သူရဇ္ဇမဂ္ဂဇင်း (၂၀၁၄ခုနှစ် သူရဇ္ဇ) တွင် ဝိဇ္ဇာများမှပေးသော အင်းစမများ (သိသူများမှဖော်ပြပေးပါရန်) ဟူ၍ ဓာတ်ပုံနှင့်တကွ ရေးသားဖော်ပြဖူးခဲ့ပြီးဖြစ်သည်။ ဆရာဦးကျော်ဌေးဦးမှာ နတ်မောက်မြို့ ဈေးရပ်ကွက်မှဖြစ်ပြီး ဒသမတန်း ကျောင်းသား/ကျောင်းသူများကို ဓာတု + ရူပဗေဒဘာသာ ရပ်သင်ကြားနေသူ ဘော်ဒါသင်တန်းနည်းပြဆရာတစ်ဦးဖြစ်ပြီး အကျင့်သီလစရဏမြင့်မားစွာနှင့် ဝိဇ္ဇာထွက်ရပ်လမ်းလိုက်စားခဲ့သည်မှာ (၁၀) နှစ်ကျော်ခဲ့ပြီဖြစ်ပါသည်။

၁၃-၄-၂၀၁၅ ရက်နေ့ ညနေ (၅) နာရီခန့် နေအေးချိန်တွင် စာရေးသူနှင့် ဆရာဦးကျော်ဌေးဦးတို့ 'အင်ပင်တောကျောင်း' မဟာဗောဓိရွှေညောင်ပင်တန်ဆောင်းအတွင်းတရားဓမ္မဖြစ်ပျက်အဖွဲ့အကြုံများကို ဆွေးနွေးရင်း



# နတ်မောက်မင်းသန့်နိုင်

## ဝိဇ္ဇာပေးတဲ့ ဆေးနည်းမဟာ



www.burmeseclassic.com

www.burmeseclassic.com

အာလာပသလ္လာပစကားစပ်ပြောဖြစ်ခဲ့သည်။ 'ဝိဇ္ဇာပေးဆေးနည်းမဟာ' ကို စာစီရေးခြယ်တင်ပြအပ်ပါသည်။

ဆရာဦးကျော်ဌေးဦးမှာ ပြီးခဲ့သည့်နှစ်က စမတောင်တော်သို့လည်းကောင်း၊ သာဝတ္ထိ တောင်သုံးလုံးဆရာတော်ဦးဝေပုလ္လကျောင်းသို့ လည်းကောင်း၊ အာရုံရဓာတ်ကျသဖြင့် အဓိဋ္ဌာန်ပုတီးသွားစိပ်ကာ အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။ ထိုအဓိဋ္ဌာန်ခရီးမှ ယခုတင်ပြမည့် 'ဝိဇ္ဇာပေးဆေးမဟာ' ကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။

စမတောင်တွင် အဓိဋ္ဌာန်ဝင်စဉ်က လည်းကောင်း၊ သာဝတ္ထိတောင်သုံးလုံးတွင် အဓိဋ္ဌာန်ဝင်စဉ်ကလည်းကောင်း ထူးခြားစွာတွေ့ကြုံခဲ့ရသည်။ ဆရာ၏ အကျင့်၊ သီလ၊ စရဏအားဟု စာရေးသူ အကြွင်းမဲ့ ယုံကြည်ပါသည်။ ဆရာ အဓိဋ္ဌာန်ဝင်စားနေစဉ် ထူးခြားသောစကားသံပေါ်လာပါသည်။

"ယူမလား"

"......."

(ဆရာကဘာမှမဖြေပါ။ ဘာပေးမည်လည်း မသိပါ။ ရွှေပဲပေးပေး၊ ငွေပဲပေးပေး၊ ဘာကိုပဲပေးပေး ဆရာ့တွင်သူတစ်ပါးပေးသောပစ္စည်းကို မိမိနှင့်မထိုက်တန်ဘူး၊ မတန်ဘူးထင်လျှင် မယူပါ။ ဘာကိုမှ အလကားမရလို၊ မယူလိုသော အကျင့်သီလစရဏဆရာ့ရင်ဝယ် အမြဲရှိပါသည်။)

နောက်တစ်ခါ စကားသံလာပြန်သည်။

"မယူဘူးလား"

"........"

ဆရာကဘာမှမဖြေပါ။ မတုံ့ပြန်ပါ။ဘာပေးချင်လို့မေးတာလဲ။သူကျင့်ကြံအားထုတ်နေသောလမ်းအတွက် ညွှန်ကြားမှုပေး လမ်းညွှန်ပေးမလို့လား၊ လမ်းမှန်ကိုညွှန်ပြပေးလို့လား၊ သို့မှမဟုတ်ဘဲ ဘေးပယောဂအဖျက်အဆီးလမ်းများကို ညွှန်မလို့လား မကွဲပြားမခွဲခြားနိုင်။ သို့သော် ဘာပဲဖြစ်စေ မသိတာကို လက်မခံတာဘဲကောင်း၏။ မိမိလျှောက်လှမ်းနေသော ယခုအကျင့်လမ်းသည်လည်း ဆရာသခင်တို့ညွှန်ထားသောလမ်းပေပဲဟု မှတ်ယူပြီး ဘာမှမတုံ့ပြန်လိုက်ပါ။)

ကွမ်းတစ်ယာညက်ခန့်အကြာတွင် ထပ်မံစကားသံထွက်လာပြန်သည်။

"ပေးရင်ကောယူမလား"

ဤတတိယစကားသံကြားလိုက်ရ



သောအခါ ဆရာဦးကျော်ဌေးဦးမှာ ဆရာသခင်တစ်ဦးမိန့်မှာဖူးသောစကားကို အမှတ်ရသွားသည်။ 'ပေးရင်ယူထား၊ ကြေးမများနဲ့။ သုံးစား၊ မသုံးစား သင့်သဘောထား' ဟူသော စကားပင်။

တစ်ဦးတစ်ယောက်ကမှ ဖွတ်လာပေးလျှင် ယူလိုက်ပါ။ သုံးသင့်၊ မသုံးသင့်ကို သင်ကိုယ်တိုင် အကျင့်သီလစရဏအားနှင့် ဆုံးဖြတ်သွားရန်ဟူသော အဓိပ္ပာယ်ပင်။

ဆရာဦးကျော်ဌေးဦးမှာ ဆရာသခင်မိန့်မှာသည့်စကားအရပင် ဤအကြိမ်တွင် -

"ပေးရင်တော့ယူမှာပေါ့"

ဟု ပြန်ကြားလိုက်ပါသည်။

စာရှုသူတို့ ဖတ်ရှုအဆင်ပြေသဘောပေါက် နားလည်လွယ်စေရန် တင်ပြရေးသားခြင်း ဖြစ်ပါသည်။ တကယ့်ဖြစ်ရပ်မှန်မှာ မနောစိတ်ဆက်သွယ်(တယ်လီပသီ)ခြင်း မေးခြင်း၊ ဖြေခြင်းသာ ဖြစ်ပါသည်။

ထိုသို့ ဆရာဦးကျော်ဌေးဦးမှ 'ပေးရင်တော့ယူမှာပေါ့' ဟုပြန်ဖြေလိုက်သောအခါ ယခုဆေးနည်းမဟာကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။

❏

ဆရာဦးကျော်ဌေးဦး၏ ဘော်ဒါဆောင် ဒသမတန်းကျောင်းသားတစ်ဦး၏ဖခင်တွင် စွဲကပ်နေသော အနာဆွေးတစ်ခုရှိသည်။ ထိုသူတွင် အပူနာဟုဆိုနိုင်သော သွေးဆိုးသွေးညစ်သွေးပုပ်နှင့် အပူအပုပ်အခိုးတို့စုဖွဲ့ပြီး ခြေထောက်တွင် လက်သည်းခွံမျှ အနာစိမ်းတစ်လုံးလွန်ခဲ့သည့် (၃) နှစ်ခန့် က ပေါ်ပေါက်ခဲ့သည်။ ကန်ထရိုက်တိုက်ဆောက်လုပ်ရေးပိုင်ရှင်ဖြစ်ပြီး အဆောက်အအုံများ၏ အလုပ်ခွင်အတွင်း လှည့်ပတ်ကြည့်ရှုရင်း ထိုအနာပေါက်ထဲသို့ ဘိလပ်မြေ၊ ထုံးနှင့် အခြားအင်းဆက်ပိုးအမှုန်များ ဝင်ရောက်ခံရသည်ဟု ယူဆရပြီး အနာမှာ မပျောက်နိုင်ဖြစ်ခဲ့သည်။ ဆေးထိုး၊ ဆေးစား၊ ခွဲကုဖြင့် အနာအိုအနာဆွေးဖြစ်ကာ အနာတွင်းဝပင်ကျယ်လာနက်လာခဲ့ပြီး လူတောမတိုးရဲမသွားရဲအောင်ပင် ဆိုးရွားခဲ့သည်။

ထိုအကြောင်းကို သူ၏ သင်တန်းကျောင်းသားထံမှတစ်ဆင့် ဆရာဦးကျော်ဌေးဦးသိထားရပြီး မည်သို့ကူညီရမည်ကို နေ့စဉ်လိုစဉ်းစားရင်း မေ့ပျောက်မလိုလိုဖြစ်နေချိန်မှာပင် -

"သားတော်ကြီးရဲ့ စေတနာမှန်၊ မေတ္တာမှန်ကြောင့် ဒီဆေးနည်းပေးလိုက်တယ်။ သားတော်ကြီးရဲ့မိတ်ဆွေမှာဖြစ်နေတဲ့ အနာဆွေးဟာ ရိုးရိုးသာမန်အနာမဟုတ်ဘူး။ ဝဋ်ကြွေးဆပ်ရတဲ့ဝဋ်နာပဲ။ ဒီဆေးနည်းနဲ့ကုပေးလိုက်"

ဟု ပေးသွားခဲ့ပါသည်။

ထိုပဋ္ဌာန်းဆက်ဝိဇ္ဇာပေးသည့်ဆေးနည်းနှင့် ဆရာဦးကျော်ဌေးဦးမှာ ကုသပေးခဲ့ရာ တစ်နေ့ (၃) ကြိမ်လိမ်း (၇)ရက်စေ့သောအခါ အနာဆွေးမှာအဖေးဖတ်များကွာကျပြီး မူလအသားအရေအတိုင်း ပျောက်ကင်းသွားခဲ့ပါလေသည်။ ဆရာဦးကျော်ဌေးဦးမှာ ပီတိဖြစ်မဆုံး၊ ဝမ်းမြောက်မဆုံးသကဲ့သို့ ကာယကံရှင်မှာလည်း နှစ်ရှည်လများစွဲကပ်နေသော အနာဆွေးတွင်းနက်ကြီးအသားပြန်ပြည့်ကာ ပကတိကောင်းမွန်ပျောက်ကင်းခဲ့သဖြင့် ဝမ်းသာကြည်နူးကျေးဇူးတင်မဆုံးပင် ဖြစ်ပါတော့သည်။

ဝိဇ္ဇာပေးသောဆေးမဟာမှာ -

အနာအို၊ အနာဆွေး၊ နှစ်ရှည်လများ ဝဋ်နာအတွက် ဇန်ဒါသီး (ဇာဒ်သီးဟုလည်း ဆိုသည်) ကို ရွှေဆိုင်းအမှုန့်၊ ရေတို့နှင့် ပျစ်ပျစ်သွေးပြီး လိမ်းရန်ပင် ဖြစ်ပါတော့သည်။

(ဆရာ ဦးကျော်ဌေးဦးမှ အတွေ့အကြုံ၊ လက်တွေ့ဖြစ်ရပ်မှန်ကို အခြေခံပြီး မှုရင်းမပျက်အောင်သစ္စာပြုရေးသား တင်ဆက်ခြင်း ဖြစ်ပါသည်။)


*ကျန်းမာချမ်းသာလန်းဖြာကြပါစေ*

နတ်မောက်ပေးသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com



# တိုက်ကြည့် (စဉ့်ကိုင်)

## လယ်တွင်း(၁၁)ခရိုင်နှင့် (၉)ခရိုင်

**တောင်ဘက်ကိုးခရိုင်လေးချိုးကြီး**

❑ *ရောက်စဖူးပါဖူး၊ မြောက်ဦးလေ ခတဲ့၊ ဟေမာန်ချိန်ကို၊ ကိုးမျက် ကာယ်ကိုးတန်၊ ကိုးဂူရုံသည် ကိုးတန် ဆည်မြောင်း၊ ကိုးရက်ချောင်းနှင့် တောင်အထပ်ထပ်၊ တောင်ထိပ် လပ်က၊ နတ်ကိုးသိန်းရှင်၊ စံရွှင်ပေး တဲ့သဘင်ကိုးခိုင်၊ ကိုးခရိုင်မှာ၊ စိုင်း သုံးမော်တည်ထောင်ဦးက ထူးပေ တစ်သိန်း၊ သာလျောင်းဝယ်မြေခေါင်၊ တောင်ရွှေတောင်ဝယ်၊ တောင်သံ တော်မြတ်၊ ဗျာဒိတ်ခတ်နှင့်၊ ပြကွ ရွှေထိသက်သေညီလို့၊ တိုင်းကြီးမြစ် ခြေ၊ ဆိုလောက်ပေတဲ့ မြေရန်နှိမ်မှာ၊ သံမှိန်နွယ်ကြိုး၊ ကိုးရစ်နှောင်ဘိ၊ လျှံပျံ့ရပာတ်၊ စကြာပတ်သည့် ရိမဒ် ကာယ်ပုဂံ၊ ရွှေဘုံစံတို့ ဉာဏ်တော် လိမ့်တွေ့၊ ဆည်သရွှေကို၊ မန္တလေ့ စက်၊ မဏ္ဍိုင်ဘက်က၊ ရွှေသက် ကာယ်နှစ်ဆူ၊ နံ့မည့်သူလ[illegible]၊ တူမဖူး သာ၊ ယူဇနာကို၊ စုစရာ[illegible]၊ အလွှမ်း ဘဲ ကြိုက်မိတယ်၊ ဗဟိုရိုနန်းရိပ်မြို့ မှာ၊ ရွှေဘုံရွှေဘုံတိုင်းငယ်နှင့် လှိုင်း တောယောင်မိ။*

❑

သမိုင်းဟူသည် မထိမ်းတော့ယိုင် မခိုင်တော့လဲ့ည်း မမြဲတော့ရွှေ့ဆိုသကဲ့သို့ အချို့သော သမိုင်းသုတေသီများ၏ လွဲမှားရေးသားချက်များကြောင့် သမိုင်း အမှန်များ ပျောက်ကွယ်ရလေသည်။ သို့ဖြစ်၍ သမိုင်းကြောင်းများနှင့်ဆက်နွယ် နေသည့်စာများတွင် တိတိကျကျရေးသား ရန် အထူးလိုအပ်လှပါသည်။ သမိုင်း လေ့လာရာတွင် ရာဇဝင် (၃) ပါးအပေါ် အခြေခံ၍ လေ့လာရေးသားရမည်ဖြစ် ကြောင်း ပညာရှင်များမှ လမ်းညွှန်မှတ် ချက်ပြုထားကြခြင်းဖြစ်ပါသည်။

ရာဇဝင် (၃) ပါးဆိုသည်မှာ-

၁။ ပါးစပ်ရာဇဝင်

၂။ စာ(ကျမ်း)ရာဇဝင်

၃။ ကျောက်စာရာဇဝင်

တို့ ဖြစ်ကြပါသည်။

ယင်းရာဇဝင် (၃) ပါး၏ အနေအထား အရာရောက်ပုံများနှင့်ပတ်သက်၍ အရပ် (ပါးစပ်) ရာဇဝင်များထက် ကျမ်းဂန် (စာ)ရာဇဝင်များသည် ပိုမိုခိုင်မာကြောင်း၊

www.burmeseclassic.com

ကျမ်းရာဇဝင်များထက် ကျောက်စာများသည် ပိုမို၍ တိကျကာ ခိုင်မာသည်ဟု ပညာရှင်များမှ လက်ခံထားကြပါသည်။

ပုဂံပြည့်ရှင်အနော်ရထာမင်းစော၏အကြောင်းများကို ရေးသားမည်ဆိုလျှင် အပိုင်း (၇) ပိုင်းခွဲခြား၍ရေးသားနိုင်မည်ဖြစ်ပါသည်။ ပထမမြန်မာနိုင်ငံတော်ကြီးအား တည်ထောင်မှုပြုခဲ့သည့် အနော်ရထာမင်း၏ဆောင်ရွက်ချက်များနှင့် သမိုင်းကြောင်းများကိုရေးသားမည်ဆိုပါက ကျောက်ဆည်နယ်သည် ချန်လှပ်၍မရပေ။ ကျောက်ဆည်နယ်နှင့် အနော်ရထာမင်းသည် ဒွန်တွဲနေပါသည်။ ပုဂံခေတ် ကျောက်ဆည်နယ်ဟု ဆိုလိုက်သည်နှင့် မြစ်သာ (၁၁) ရွာ (လယ်တွင်း ၁၁ ခရိုန်) အကြောင်း ချန်လှပ်၍မရချေ။ လယ်တွင်း (၁၁) ရွာအား လယ်တွင်း (၁၁) ခရိုန်ဟုလည်း ခေါ်ဝေါ်ကြလေသည်။

သို့သော် အချို့သောသူများသည် လယ်တွင်း (၁၁) ခရိုန်အား လယ်တွင်း (၉) ခရိုန်နှင့် လွဲမှားစွာမှတ်သား၍ရေးဖွဲ့ကြသည်များကိုတွေ့မြင်ဖတ်ရှုရပါသည်။

လယ်တွင်း (၁၁) ခရိုန်ဟူသည်-

ခရိုန် ဟူသော အမျိုးအစားတွင် ယခုကဲ့သို့ ခရိုန်ဟု ရေးသားခြင်းမရှိဘဲ 'နအသတ်' ဖြင့် ရေးသားကြပါသည်။ ရှေးခေတ် ခရိုန်ဟူသော အမည်နာမသည် အနိမ့်ဆုံးအဆင့်ရွာကို ဆိုလိုခြင်းဖြစ်ပါသည်။

ဦးဝန်၏ တက္ကသိုလ်မြန်မာစာအဘိဓာန်တွင် -

'ထီးတွင် ထီးကိုင်းကို ထောက်ကန်ထားသော ထီးလက်များစုဝေးရာ လှည်းပုံတောင်းသဏ္ဍာန် အဆောက်အဦး မြို့သို့မဟုတ် ရွာနှင့် မင်းတို့အုပ်ချုပ်သော လက်အောက်ခံနယ်မြေ အပိုင်းအခြားရွာအများမြို့အများကို စုပေါင်း၍ ဝန်တစ်ဦးအုပ်ချုပ်ရသော နယ်မြေအပိုင်းအခြား'

ဟူ၍ ခရိုန်၏ အဓိပ္ပာယ်အား ပြဆိုထားလေသည်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက် လယ်တွင်း(၁၁)ရွာအားပြုစုကြောင်း သမိုင်းမှတ်တမ်းများရှိသည်။ လယ်တွင်း (၁၁) ရွာအား လယ်တွင်း (၁၁) ခရိုန် (မြစ် ၁၁ ရွာ) ဟု ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်ပါသည်။

ဒေါက်တာသန်းထွန်း၏ပုဂံခေတ်မြန်ပြည်တွင် -

'ခရိုန်ဒေသည် စမုံ ပန်းလောင် ဇော်ဂျီနှင့် မြစ်ငယ်ခေါ် တဆုံနှစ်ရာသီ ရေမပြတ်သောမြစ်တို့၏ ရေကိုသောက်သုံးလျက် သျှမ်းတောင်များ၏ ခြေရင်းတွင် တည်ရှိ၏'

ဟု ကျောက်ဆည်နယ်ရှိ လယ်တွင်း (၁၁) ခရိုန်၏ တည်နေရာအား ပြဆိုထားပါသည်။ ပုဂံခေတ် ခရိုန်ဟူသော အရေးအသားအား (၃)နေရာသာ တွေ့ ရှိရပါသည်။ ၎င်းတို့မှာ မြစ်သာ (၁၁)၊ မင်းဘူး (၆) ခရိုန်နှင့် တောင့်ပျွန်း ခရိုန်တို့ပင် ဖြစ်ပါသည်။ ပုဂံခေတ် လယ်တွင်းခရိုန် (၁၁ရွာ) အား လယ်တွင်း (၉) ခရိုန်ဟူ၍ ခေါ်ဝေါ်သုံးစွဲခြင်း မရှိသေးချေ။

အချို့သော လေ့လာသူများ၊ သုတေသီများနှင့် စာရေးသူများသည် လယ်တွင်း (၁၁) ခရိုန်နှင့် (၉) ခရိုန်အား ရောနှောနေသည်များလည်း ရှိပါသည်။ လယ်တွင်း (၁၁) ရွာဟူသည် လယ်တွင်း (၉) ခရိုင်ပင်ဖြစ်သည်ဟု ရေးသားသုံးနှုန်းနေခြင်းများရှိနေပါသည်။ ယင်းသို့ဆိုလျှင် နောင်လာနောက်သားများ မှတ်သားမှု လွဲချော်ရန်နှင့် မှားယွင်းရန်သာ ရှိနိုင်ပါသည်။ မြစ်သာ(၁၁)ရွာနှင့်ပတ်သက်၍ ဦးကုလားမဟာရာဇဝင်၊ မှန်နန်းရာဇဝင်၊ ဇာတာတော်ပုံ၊ တွင်းသင်း၊ ဇမ္ဗူဒီပဥဆောင်ကျမ်းတို့တွင် လယ်တွင်း(၁၁)ရွာဟု ဖော်ပြထားသည်။ ၎င်းပုဂံခေတ်(၁၁) ရွာမှာ -

ပင်လယ်၊ ပြည်မနား၊ မြစ်သာ၊ ရွာမုံကြီး (ရင်နံ)၊ မြင်းခုံတိုင်၊ ပနံ၊ တမုတ်၊ သင်တောင်း၊ မက္ခရာတပြတ်သာနှင့် ခံလူးတို့ ဖြစ်ကြပါသည်။

မြောင်လှတို့ မြင်းခုံတိုင်၊ ပနန်(ပနံ)၊ မြင်စိုင်းမြို့၊ မက္ခရာမြို့၊ စောလုမြို့၊ ပင်လယ်မြို့၊ မြစ်သာမြို့နှင့် ပွှည်မနား (ပြည်မနား) တို့ ဖြစ်ကြပါသည်။

မြောင်လှမြို့၊ မြင်းခုံတိုင်မြို့၊ ပနံမြို့၊ မြင်စိုင်းမြို့နှင့် မက္ခရာမြို့တို့သည် ဇော်ဂျီ (၅) ခရိုင်တွင် ပါဝင်ပြီး စောလုမြို့၊ ပင်လယ်မြို့၊ မြစ်သာမြို့နှင့် ပွှည်မနား (ပြည်မနား) မြို့တို့သည် ပန်းလောင် (၄) ခရိုင်တွင်ပါဝင်သော နယ်မြေများဖြစ်ပြီး ယင်းမြို့ (၉) မြို့အားစုပေါင်း၍ (၉)ခရိုင်ဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။ မူလ ပုဂံခေတ် လယ်တွင်း(၁၁)ခရိုန်တွင် မြင်စိုင်းနှင့် မြောင်လှတို့ မပါဝင်ချေ။ လယ်တွင်း (၉) ခရိုင်အဖြစ် တည်ထောင်မှု ပါရှိလာခြင်းဖြစ်ပါသည်။ ထို့အတူ ပုဂံခေတ် လယ်တွင်း (၁၁) ရွာ တွင် ပါဝင်သော တမုတ်၊ တပြတ်သာ၊ ခံလူးနှင့် သင်တောင်းတို့သည်လည်း ကုန်းဘောင်ခေတ် (၉) ခရိုင်တွင် မပါဝင်ချေ။

ထို့ကြောင့် ကျောက်ဆည်နယ်ရှိ လယ်တွင်းရွာများနှင့်ပတ်သက်၍ သမိုင်းစာပေများ ရေးသားမည်ဆိုပါက လယ်တွင်း (၁၁) ခရိုန်နှင့် လယ်တွင်း(၉)ခရိုင်အား ကွဲပြားစွာ ရေးသားရန် လိုအပ်ပါသည်။ ပုဂံခေတ်လယ်တွင်းခရိုန်များအား ရေးသားမည်ဆိုပါက မြစ်သာ (၁၁) ရွာ (လယ်တွင်း ၁၁ ခရိုန်)ဟုရေးသားရမည်ဖြစ်ပြီး ကုန်းဘောင်ခေတ် လယ်တွင်းနယ်အား ရေးသားမည်ဆိုပါက လယ်တွင်း (၉) ခရိုင်ဟု ရေးသားရမည် ဖြစ်ပါသည်။

တိုက်ကြည် (စဥ့်ကိုင်)

စိုးထွန်း(ဥပဒေ)

# အတက်ရောဂါ ကာကွယ်ရန်

ဇက်ကြောတက်၊ ကြွက်တက်တဲ့ ရောဂါတွေနဲ့မဆိုင်ပါဘူး။အတက်ရောဂါသီးသီးကိုပြောတာပါ။တချို့အတက်လွန်ပြီး မေ့မြောသွားတာတွေ၊ ပြန်မကျဘဲ အသက်ပါ ဆုံးပါးတာတွေဖြစ်တတ်တဲ့ အတက်ရောဂါကိုပြောတာပါ။ တချို့က ထုံးနဲ့လျက်ဆားကို လက်ဝါးမှာပွတ်ပြီး တက်နေသူရဲ့ နှာခေါင်းနားမှာတေ့ပြီး ရှူခိုင်းတာမျိုးတွေ၊ ခြေချင်းဝတ်က ဖနောင့်ကြောကို အဝတ်နဲ့အုပ်ပြီး ပလာယာနဲ့ဆွဲတာမျိုးတွေ၊ လက်တွေခြေတွေကို ကွေးပေးလိုက်၊ဆန့်ပေးလိုက်လုပ်တာတွေကို ရှေးဦးသူနာပြုလိုလုပ်တတ်ကြပါတယ်။

အခုဖော်ပြမယ့်နည်းကတော့ ငွေမကုန် ဆေးဝါးမကူ ခြေချိုးလက်ချိုးတွေမလုပ်ရဘဲ သတိရတဲ့နည်းကိုပြောမှာပါ။

ဒီနည်းကတော့ -

တက်နေသူရဲ့ နားပေါက်ထဲကို မိမိအားရှိသလောက်လေတွေမှုတ်သွင်းလိုက်ပါ။ တက်နေသူဟာ ချက်ချင်းသတိပြန်ပြီးရလာပါလိမ့်မယ်။

စိုးထွန်း (ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

(၁)

ကံငါးပါး၌ မုသာဝါဒါ ဆိုသော ကံသည် လွန်စွာထိတ်လန့်ကြောက်မက်ဖွယ်ကောင်းသော ကံကြီးတစ်ပါးဖြစ်ပေသည်။

မဟုတ်မမှန် လိမ်လည်ပြောဆိုခြင်းကို မုသာဝါဒဟုဆိုသည်။ အမှန်သစ္စာပေါ် မှာစိုး၍ လိမ်လည်၍ ကျိန်စာဆိုလျှင်ကား ပို၍ပင် အပြစ်ကြီး၍ ပို၍လည်း ထိတ်လန့်ကာ ကြောက်မက်ဖွယ်ကောင်းကြောင်း ကဿပဘုရားရှင်လက်ထက်တော်က အဖြစ်အပျက်တစ်ခု ရှိခဲ့ဖူးလေ၏။

ထိုအဖြစ်ကား မိမိမှားယွင်းဖောက်ပြန်ခဲ့သောအပြစ်ကို မိမိလင်သားအပေါ် လိမ်လည်လှည့်စား၍ မိမိမကျူးလွန်မပြစ်မှားခဲ့ကြောင်း ကျိန်ဆိုပြောဆိုခဲ့သည့် ကျိန်စာသင့်မိန်းမတစ်ယောက်၏ အကြောင်းအတ္တုပ္ပတ်ဖြစ်လေ၏။

အဆိုပါ မိန်းမတစ်ယောက်၏ အကြောင်းအတ္တုပ္ပတ်ကို ကျွန်ုပ်သည် ဝတ္ထုဆန်ဆန်တန်ဆာဆင်၍ အောက်ပါအတိုင်း ရေးသား ဖော်ပြလိုက်ပေသတည်း။

(၂)

ကိလိလမြို့ကား စည်ပင်စွာတကား။ မြို့ပြတည်ဆောက်ပုံမှာလည်း ခေတ်မီသပ်ရပ်လှလေ၏။ မြို့သူမြို့သားတို့သည်လည်း မြို့ကြီးသူမြို့ကြီးသားပီသလှပေ၏။ မင်းကောင်းတော့ ပြည်သာ၊ ပြည်သာတော့ စည်ကားဆိုသကဲ့သို့ အပြစ်ပြောစရာမရှိလောက်အောင်ကို ငြိမ်းချမ်းသာယာလှဘိတော့သည်။

ဗာရာဏသီမင်းကြီးသည် လက်နုံရည်၊ နှလုံးရည်နှင့်ပြည့်ဝကုံလုံသောမင်းတစ်ပါးဖြစ်ရုံတင်မက သာသနာပြုမင်းတစ်ပါးလည်းဖြစ်လေ၏။

အဆိုပါ ဗာရာဏသီမင်းလက်ထက်တွင် ဘုရားကျောင်းကန်အပျက်အစီးဟူ၍မရှိ၊ ဘုရားအို၊ ကျောင်းအို၊ တံတားအိုများရှိလျှင် ချက်ချင်းပြင်၊ ချက်ချင်းတည်ဆောက်၊ ရေတွင်းရေကန်အသစ်တူးဖော်ခြင်း၊ ဆည်မြောင်းတာတမံများ ဆည်ဖို့ခြင်း စသည့်အမှုတို့၌လည်း လက်နှေးသူမဟုတ်ချေ။ လမ်းဘေး ဝဲ၊ ယာတို့၌လည်း သစ်ပင်ပန်းမန်စိုက်ပျိုးခြင်းဖြင့် အစဉ်သဖြင့် စိမ်းလန်းစိုပြည်လျက် လှပတင့်တယ်စွာ စီစဉ်ဆောင်ရွက်ပေးတော်မူလေ့ရှိသောကြောင့် တိုးတက်ဖွံ့ဖြိုးသော မြို့ပြနိုင်ငံတစ်ခုဖြစ်သည်။

ကျောင်းကန် မရှိသေးသော အရပ်ဒေသတို့၌လည်း သာသနာတော်တည်တံ့ခိုင်မြဲရေးအတွက် အသစ်တည်ဆောက်ပေးကာ ထိုကျောင်းတော်တို့၌ ရဟန်းသံဃာတော်များကို ပင့်ဆောင်ပြီး ကိုးကွယ်စေ၏။ သီတင်းသုံးစေတော်မူ၏။

'မင်းပင်ကောင်းလျက် မင်းမြှောင်းဖျက်' ဆိုသော ကိစ္စပြဿနာမကြုံဘူးမကြားဘူးခဲ့။ လွန်စွာမှ သန့်စင်မွန်မြတ်သော မင်းတစ်ပါးဟု ဆိုရသော်မှန်၏။



(၃)

ထိုမြို့မှာပင် တရားပြည့်ဝသော (သောတာပန်အဆင့်သို့ ရောက်နေသော) ဥပါသကာ သူဌေးတစ်ဦးလည်းရှိလေ၏။ အကျင့်သီလအာစာရဂုဏ်နှင့် ပြည့်စုံသကဲ့သို့ သူ၏ မယားသည်လည်းလင်သားအပေါ်၌ မယား ဝတ်တာဝန်ကျေပွန်သူဖြစ်၏။ လှလည်း လှ၏။ ချောလည်း ချော၏။ အရွယ် ကလည်းငယ် တင့် လည်းတင့်တယ်၏။ နေ့ စဉ် သူမသည် သဒ္ဓါ သီလတူမျှသော မိန်းမ ဖော်တစ်သိုက်နှင့် ဘုရား ကျောင်းတော်သို့ သွားကာ ဘုရားပန်းကပ်လှူခြင်း၊ သန့် ရှင်းရေး၊ ဝေယျာဝစ္စများဆောင်ရွက်ပြီး အပြန်လမ်းတွင် အရိပ်အာဝါသကောင်းသောညောင်ညိုပင်အောက်တို့၌ နားခို



www.burmeseclassic.com

www.burmeseclassic.com

အပန်းဖြေခြင်းပြုတတ်ကြလေ၏။

တစ်နေ့တွင် သူမတို့သည် ဘုရားမှအပြန်တွင် အရိပ်အာဝါသကောင်းသော ညောင်ညိုပင်ရိပ်၌ အပန်းဖြေခိုနားကြလေရာ၌ ခပ်လှမ်းလှမ်း တစ်နေရာမှ သေသောက်ကြူး၍ မူးရူးနေကြသော အမျိုးသားတချို့သည် အမျိုးသမီး

# အောင်မြင့်မြတ်

(ပြည်ရွှေတို)

မှသားကျိန်စာ





www.burmeseclassic.com

www.burmeseclassic.com

များကို မုန်ယိုသောဆင်များကဲ့သို့ကြည့်၍ အကဲခတ်၍နေကြလေ၏။ ထိုအမျိုးသားများထဲမှ တစ်ယောက်သော အမျိုးသားက -

"ဟော့ - မင်းတို့ငါတို့ထဲက ဘယ်ကောင်စွံမလဲဆိုတာ စမ်းကြည့်ရအောင်"

ဟု ဆိုလေ၏။

"ဘယ်လိုစမ်းမှာလဲ"

ဟု တစ်ယောက်က မေးလေ၏။

ထိုအခါ ပထမဆုံးလူက -

"ဟိုမိန်းမတွေကိုကွာ ဘယ်ကောင်ချဉ်းကပ်နိုင်မလဲ၊ ဘယ်ကောင်ဖျက်ဆီးနိုင်မယ်ဆိုတာပြိုင်ပွဲလေးတစ်ခုလုပ်လိုက်ကြရအောင်လို့ပြောတာ"

ဟု ဆိုလိုက်ရာ ဒုတိယလူကပင်-

"ရှူး . . . တိုးတိုး ကြားသွားဦးမယ်။ သူတော်ကောင်း အမျိုးကောင်းသမီးတွေကွ မလုပ်ကောင်းပါဘူး"

ဟု တားမြစ်လေ၏။

ထိုအခါ ပထမလူက -

"သူတော်ကောင်းဆိုလို့ ပိုပြီးစမ်းသပ်ချင်တယ်။ အကျင့်သီလခိုင်၊ မခိုင်သိရတာပေါ့"

ဟု ဆိုပြန်လေ၏။

"အဲဒီအမျိုးကောင်းသမီးတွေကို သီလပျက်အောင် ဘယ်လိုဖျက်ဖျက် မပျက်ဘူးကွ"

ဟု ဆိုပြန်လေ၏။

ကျန်လူများကမူ သေအရက်၌ မူးယစ်နေကြသဖြင့် ဝင်ရောက်ပြောဆိုဝေဖန်ခြင်းမရှိကြပေ။

ပထမလူက -

"ပျက်ရစေမယ်"

ဟု ဆိုလျှင် -

"မပျက်စေရဘူး"

ဒုတိယလူက ငြင်းဆိုပြောလေ၏။

"ဒါဖြင့်လောင်းမလား"

ဟု ပထမလူက စိန်ခေါ်လေ၏။

"လောင်းမယ်။ ပျက်ရင် ငါတစ်ထောင်ပေးမယ်၊ မပျက်ရင် မင်းက ငါ့ကိုတစ်ထောင်ပေး"

ဒုတိယလူကပြောကာ လောင်းကြေးထပ်လိုက်လေတော့၏။

ပထမလူကား အနုပညာ စောင်းသမားတစ်ယောက်ဖြစ်သကဲ့သို့ အဆိုကောင်း၊ အတီးကောင်းလည်းကျွမ်းသူတော်သူတစ်ယောက်ဖြစ်၏။ သို့သော် အကျင့်ကားကောင်းသူမဟုတ်ချေ။

ဤသို့ လောင်းကြေးထပ်၍ နောက်တစ်နေ့၌ဖြစ်လေ၏။ ထိုအမျိုးသမီးတို့သည် စုဝေးနေကျ ညောင်ညို ပင်ရင်း၌ပင် အရိပ်လာရောက်ခိုကာ အပန်းဖြေကြလေ၏။

စောင်းခတ်သမားများ စောင်းကို ငြိမ့်ညောင်းစွာတီးခတ်၍ တေးသီချင်းကို သာယာနာပျော်ဖွယ်ရာကောင်းအောင် သီဆိုလေ၏။ အမျိုးသမီးတို့သည် ထိုစောင်းသံနှင့်တေးသံကို မနှစ်မြို့ရာကားနားမခံသာသဖြင့် ရှောင်တိမ်းထွက်ခွာသွားကြလေ၏။

ဥပါသကာ၏ ဇနီးချော (သူဌေးကတော်) ကမူ ရှောင်တိမ်းထွက်ခွာသွားခြင်းမပြုဘဲ ထိုစောင်းခတ်သံနှင့် တေးသီချင်းအပေါ် သာယာတပ်မက်နှစ်သက်မိကာ ထိုစောင်းသမားနှင့်ငြိစွန်းမိလေတော့သည်။

ထိုသို့ငြိ၍ သူမသီလပျက်သွားသောအခါ သီလဖျက်သူ ထိုစောင်းသမားသည် အတွေ့ကိုလည်းရ၊ ငွေတစ်ထောင်လည်းရကာ အပျော်ကြီးပျော်ကာသွားတော့၏။

(၄)

"မိတ်ဆွေပြောတာ မဖြစ်နိုင်ဘူးထင်တယ်။ ကျွန်တော့်မိန်းမက အဲဒီလိုအစားထဲက မဟုတ်ပါဘူးဗျာ။ မိတ်ဆွေကို တစ်ယောက်ယောက်ကချွန်လိုက်တယ်နဲ့တူတယ်"

"ခင်ဗျားကသာ အိမ်တွင်းအောင်းပြီး ခင်ဗျားမိန်းမကိုအထင်ကြီးနေ။ ကျုပ်က ခင်ဗျားဇနီးအကျင့်စာရိတ္တကောင်းကြောင်းအလောင်းအစားပြုခဲ့တဲ့အတွက် လက်ငင်း အသပြာတစ်ထောင်ရှုံးခဲ့ပြီ အဲဒါ ခင်ဗျားသိလား"

ဟုစောင်းခတ်သမားနှင့်အလောင်းအစားပြုခဲ့သောလူကပြောရာ ဥပါသကာ ပုဂ္ဂိုလ်သည် -

"ကျွန်တော့်မိန်းမကို ကျွန်တော်မေးကြည့်ပါဦးမယ်။ အဲဒီလိုတော့ မဖြစ်တန်ကောင်းဘူးလို့ထင်တာဘဲ"

"ခင်ဗျားဗျာ ဒီလိုကိစ္စမျိုးက အမှန်ပြောလို့ကောင်းတဲ့အရာမျိုးမှမဟုတ်ဘဲ။ ခင်ဗျား ဘယ်လောက်ပြောပြော ဘယ်လောက်မေးမေး ခင်ဗျားလျှာသာတိုသွားပြတ်သွားမယ်၊ ခင်ဗျားအာသာပေါက်သွားမယ်၊ ဖောက်ပြန်ခဲ့တဲ့ခင်ဗျားမိန်းမက အမှန်ပြောမှာမဟုတ်ဘူး။ တော်ပြီ၊ ခင်ဗျားနဲ့ဆက်ပြောနေလို့လည်း အကြောင်းထူးမှာမဟုတ်ဘူး။ ဓာတ်မသိ ဟတ္ထိယုန်ထင်ဆိုတဲ့လူစားထဲမှာ ခင်ဗျားလည်းပါတယ်။ ဆင်မှန်းယုန်မှန်းမသိတဲ့လူနဲ့စကားဆက်မပြောချင်ဘူး ပြန်မယ်"

ဟု ဆိုကာ အသပြာတစ်ထောင်ရှုံးသွားသောသူသည် ဒေါသထွက်ကာ မကျေမနပ်ဖြင့် နှုတ်ပင်မဆက်တော့ဘဲ ထွက်ခွာ၍သွားလေတော့သတည်း။

(၅)

အထက်ပါ အကြောင်းအရာကိစ္စရပ်များကို သိရှိခဲ့ပြီးနောက်၌ ဥပါသကာသူဌေးလေးသည် သူ၏ဇနီးနှင့်တွေ့ဆုံကာ စစ်ဆေးမေးမြန်းကြည့်သောအခါ သူမက -

"ကြံကြီးစည်ရာ သူများပြောတိုင်းယုံစရာလား"

ဟု မှင်နှင့်မောင်းနှင့် ငြင်းဆန်ပြောဆိုပြီးလျှင် ပို၍ မိမိအပေါ် ယုံကြည်သက်ဝင်လာအောင် ကြံစည်ကာ -

"ကျွန်မ ရှင်ကလွဲပြီး ဘယ်သူနဲ့မှ မဖောက်ပြန်ဘူး။ ကျွန်မဘဝမှာ လင်သားဆိုလို့ ရှင်တစ်ယောက်ပဲရှိတယ်။ သခင်ဆိုလည်း ဟုတ်တယ်၊ ဘုရားဆိုလည်း ဟုတ်တယ်၊ ကျွန်မ အခြားယောကျ်ားတစ်ပါးပါးနဲ့ ကျူးလွန်ခဲ့သည်ရှိသော် ဟော့ဒီခွေးနက်ကြီး ကိုက်ဝါးလို့စားပါစေ။ ကဲ - ကျွန်မကျိန်တယ်ယုံပြီလား"

ဟု မကြောက်မလန့် ကျိန်စာတိုက်၍ဆိုလေ၏။ အနား၌ရှိသော နားရွက်တစ်ဖက်ပြတ်နေသော ခွေးနက်ကြီးပါ သက်သေထူပြီး ကျိန်ပြလေ၏။

ဤကိစ္စပြီးသောအခါ သူမနှင့်တကွ သွားအတူလာအတူအမျိုးသမီးများကိုလည်း ဥပါသကာလေးက စုံစမ်းစစ်ဆေးမေးမြန်းပြန်လေ၏။ ထိုအခါ အမျိုးသမီးတို့ကလည်း သူဌေးကတော်ငြိငြင်မှာစိုးသဖြင့် သူဌေးကတော်အားကာကွယ်၍ မုသားသုံးကာ -

"မဟုတ်ပါဘူး၊ မလိုလို့ပြောတာနေမှာပါ"

ဟု ထပ်ပြီး လိမ်ကြပြန်လေ၏။

ဤသို့ဖြင့် ဥပါသကာလေး ပို၍ အယုံအကြည်ဖြစ်အောင် -

"တကယ်လို့ သိရက်မြင်ရက်နဲ့ ကျွန်မတို့လိမ်ပြောခဲ့ရင် ဘဝဆက်တိုင်းဆက်တိုင်း သခင်မရဲ့ကျွန်ချည်းဖြစ်ရပါစေသား"

ဟု ရဲ့ဝံ့စွာ ကျိန်ဆိုကြလေ၏။

ကျူးလွန်ဖောက်ပြားမိသောသူဌေးကတော်လည်း စိတ်နှလုံးမချမ်းမသာဖြင့် နေ့စဉ်နှင့်အမျှဆိုသလို သောကမီးများလောင်ကျွမ်းကာ မကြာမီ ထိုရောဂါလောင်မြိုက်၍ ကွယ်လွန်အနိစ္စရောက်



www.burmeseclassic.com

www.burmeseclassic.com

သော် ဟိမဝန္တာတောင် ကဏ္ဍမုဏ္ဍအိုင်ကြီး၏အနီးအပါး၌ ဗိမာန်ပြိတ္တာမ (တစ္ဆေမ) ဖြစ်ခဲ့လေရာ ကြွင်းသောထိုမိန်းမ၏အပေါင်းအသင်းရောင်းရင်းတို့သည်လည်း ကွယ်လွန်ကြသောအခါ၌ ကျိန်စာသင့်ကာ ထိုမိန်းမ၏ကျွန်မများ ဖြစ်ကြလေကုန်သတည်း။

(၆)

ကုသိုလ်၊ အကုသိုလ်ဆိုသည်ကား ပြုသူ၏ ကံအကြောင်းတရားကြောင့် ကောင်းခြင်း၊ ဆိုးခြင်းတို့ကိုရှိစေ၊ ဖြစ်စေတတ်သော သဘောရှိရာကား ထိုမိန်းမသည် ရှေးကပြုခဲ့ဖူးသောကုသိုလ်အဟုန်တို့ကြောင့် နေ့အခါတွင် နတ်ဘုံ၌ ခံစားရသကဲ့သို့ နတ်စည်းစိမ်ကိုခံစားရလေ၏။

ညအခါ၌မူ အမှန်တရားကို ဖုံးကွယ်ကျိန်ဆိုခဲ့သော ကျိန်စာကြောင့် အကုသိုလ်ကံကို ခံစားရလေ၏။ ယင်းအကုသိုလ်ကံကား တစ်ခုသော ရေကန်အနားသို့ ညတိုင်းသွား၍ ခွေးနက်ကြီး၏ စားခြင်းကိုခံစားရလေတော့၏။ စားပြီးသောအခါ ခွေးနက်ကြီးသည် အရိုးအထွင်းများကို ရေကန်သို့ပစ်ချလိုက်ရာ ကွယ်ပျောက်သွားသောဟူ၏။ ရေကန်သို့ပစ်ချလိုက်သောအရိုးများသည် ရေကန်ထဲရောက်သည်နှင့်တစ်ပြိုက်နက် မူလရုပ်သွင်အတိုင်း အသစ်ပြန်၍ဖြစ်ကာ ဗိမာန်သို့သွား၍ အိပ်လေ၏။

နေ့မှာစံ၍ ညမှာခံရသောပြိတ္တာမ (တစ္ဆေမ) တို့၏ ဘဝပေတကား။ အပေါင်းအသင်း ငါးရာတို့သည်လည်း မိမိတို့၏ကျိန်စာအတိုင်း ထိုမိန်းမအပါးတွင် ကျွန်အဖြစ်ရလျက်ဖြစ်ကြရလေသည်။

(၇)

သတ္တဝါတို့သည်ကား အချစ်၌ မွေ့လျော်တတ်သောသဘောရှိကြသည်ချည်းဖြစ်လေရကား ထိုမိန်းမတို့သည်လည်း ကာလကြာလတ်သည်ရှိသော် အချစ်ငတ်လာကြကုန်လေ၏။ ယင်းတို့သည် အချစ်မဲ့ရပ်ဝန်း၌ငြီးငွေ့စွာနေထိုင်လာခဲ့ကြရသဖြင့် အချစ်ကိုမျှော်လင့်ရင်းစောင့်ကြိုနေကြရလေတော့၏။

စင်စစ် မိန်းမတို့သည် ယောကျာ်းတို့နှင့် မွေ့လျော်ချင်သောဆန္ဒများ ရင်၌တဖွားဖွားပေါ်ပေါက်လာကြသောအခါ ညဏ်နီညဏ်နက်များသုံးလာကြလေ၏။

ကုဏ္ဍမုဏ္ဍရေအိုင်ကြီးအနား၌ နတ်သရက်ပင်ကြီးတစ်ပင်ရှိ၏။ လွန်စွာဝင်းဝါလှပလျက် အရသာလည်းလွန်စွာမှ ကောင်းလေ၏။ ထိုကုဏ္ဍမုဏ္ဍရေအိုင်ကြီးမှဂင်္ဂါမြစ်သို့တောက်လျှောက်စီးဆင်းသောမြစ်တစ်ခုလည်းရှိလေ၏။ ထိုအမျိုးသမီးတို့သည် နတ်သရက်သီးများကို ခူးဆွတ်၍ ဂင်္ဂါမြစ်၌မျှောကြလေ၏။

ယင်းသို့မျှောကြခြင်း၏ရည်ရွယ်ချက်မှာ လူယောကျာ်းသားတို့ ဆယ်ယူစားသုံးမိကြလျှင် စွဲမက်ငြိတွယ်၍ ထိုအပင်ရှိရာသို့ စူးစမ်းရှာဖွေကာ လာကြမည်။ ထိုအခါ မိမိတို့နှင့်တွေ့ကာ မွေ့လျော်ကြ၊ ပျော်ကြမည်။ ပြီးလျှင် အတူတကွနေထိုင်ကြမည်ဟူသည့် ရည်ရွယ်သောသဘောမျိုးဖြစ်လေ၏။

နတ်သရက်သီးတို့သည် မြစ်ကြောင်းအတိုင်း မျှောပါလာကြရာ တချို့သော နတ်သရက်သီးကို ရသေ့တို့ ရကုန်၍ တချို့ကား မုဆိုးတို့ရကုန်၏။ တစ်လုံးသော နတ်သရက်သီးမှာကား ဂင်္ဂါမြစ်၌ ရေချိုးနေသော ဗာရာဏသီမင်းကြီးရရှိလေ၏။

မင်းကြီးသည် အရသာထူးကဲသော ထိုနတ်သရက်သီးကို လွန်စွာကြိုက်နှစ်သက်ခြင်းဖြစ်ကာ စွဲလမ်းတပ်မက်၍ သွားလေတော့၏။

တောတောင်၌ကျင်လည်ကျွမ်းဝင်သောမုဆိုးတို့အားခေါ်၍ မေးမြန်းစုံစမ်းရာ မုဆိုးတို့က -

"အထက်မြစ်ညာ ဟိမဝန္တာတောင်မင်းအရပ်၌ရှိတော်မူပါသည်ဘုရား"

ဟု လျှောက်ကြားကြလေ၏။

မင်းကြီးလည်း ထိုမုဆိုးတို့အား အသပြာတစ်ထောင်ပေး၍ နတ်သရက်သီးကိုယူဆောင်ရန် ဟိမဝန္တာသို့စေလွှတ်တော် မူလေ၏။

(၈)

"ငါတို့မျှောလိုက်တဲ့သရက်သီးတွေတော့ အလကားဖြစ်ကုန်ပြီနဲ့တူတယ်"

ဟု တစ်ယောက်သောမိန်းမကဆိုလျှင် နောက်တစ်ယောက်သောမိန်းမက -

"ဟုတ်ပါ့၊ ဘယ်ယောကျာ်းတစ်ယောက်မှာလည်းပေါ်မလာပါလား"

ဟု ညည်း၍ဆိုလေ၏။

"မလာတာဘဲကောင်းပါတယ်"

ဟု တတိယမြောက်မိန်းမကဆိုလျှင် ထိုအခါ ဒုတိယမိန်းမက -

"ဘာဖြစ်လို့လဲဟဲ့"

ဟု ဆိုလေ၏။

"ဘာဖြစ်ရမှာလဲအေ၊ လာရင်အဝေလည်းတည့်မှာမဟုတ်ဘူး။ လေး၊ ငါးယောက်လောက်ရောက်လို့ကတော့ ငါတို့အများကြီးနဲ့အဝေတည့်မှာမဟုတ်ဘူး။ လင်လုပွဲတွေဖြစ်ပြီးသတ်ကုန်ကြလိမ့်မယ်"

ဟု ပြောကာ ရယ်မောကြလေ၏။

ထိုအချိန်၌ ရှားရှားပါးပါးကံထူးရှင်တစ်ဦးသည် ထိုကဏ္ဍမုဏ္ဍအိုင်သို့ ရောက်လာလေ၏။ ၎င်းကံထူးရှင်ကား ဗာရာဏသီမင်းကြီးစေလွှတ်လိုက်သော မုဆိုးကြီးဖြစ်လေ၏။ ထိုမုဆိုးသည် နတ်သရက်သီးပင်ကို တွေ့မြင်လိုက်ရသောအခါ ဝမ်းသာ၍သွားလေ၏။

ထိုအချိန်မှာပင် ဟေးဟေး. . . ဟူသော ဗြဲသံပေး၍ ဝိုင်းအုံကာ ပြေးလာကြသော မိန်းမများကိုမြင်သဖြင့် မုဆိုးကြီးထိတ်လန့်ကာ နောက်ကြောင်းပြန်လှည့်၍ ပြေးရလေတော့၏။

နန်းတော်သို့ပြန်ရောက်လျှင် မင်းကြီးနှင့်တွေ့သောအခါ မုဆိုးကြီးကဖြစ်ကြောင်းအမှန်ကို ကုန်စင်အောင်ပြောပြလိုက်ရာ မင်းကြီးသည် ထိုမုဆိုးအား လမ်းပြအဖြစ်ခေါ်ဆောင်၍ နတ်သရက်ပင်ရှိရာအရပ်သို့သွားလေသည်။ မုဆိုးလည်း မင်းအမိန့်ကြောင့် ကြောက်ကြောက်လန့်လန့်ဖြင့်လိုက်ခဲ့ရလေ၏။

ထိုအရပ်သို့ ရောက်သောအခါ ခပ်သိမ်းတို့သည် ထူးထွေတည့်အံ့ရာသော်ဖြစ်၍နေတော့၏။ သာယာပုံဆန်း၍ နတ်ဘုံနတ်နန်းသို့ ရောက်ရှိနေသကဲ့သို့ ခံစားထိတွေ့ရလေ၏။

နတ်သရက်ပင်အနားသို့ရောက်သောအခါ မွှေးကြိုင်သော သရက်သီးရနံ့ကြောင့် မင်းကြီးသည် ခေတ္တမျှတွေဝေသွားကာ ငေးငိုင်သွားလေတော့၏။ မုဆိုးလည်း မင်းကြီးလစ်သည်နှင့် နောက်ကြောင်းပြန်လစ်ပြေးခဲ့ရလေတော့၏။ မင်းကြီးလည်း မုဆိုးကို သတိမမူပင်မရတော့။ အဘယ်ကြောင့်ဆိုသော် လူလော၊ နတ်လောမသိသော လွန်စွာမှချောမောလှပသည့်မိန်းမတစ်ယောက် အနားရောက်လာပြီး အံ့မခန်းလှပဆန်းကြယ်သော ဗိမာန်ကြီးတစ်ခုဆီသို့ ပင့်ဖိတ်ခေါ်ဆောင်သွားသောကြောင့် ဖြစ်လေသည်။

(၉)

မိမိ၏ နန်းတော်နှင့်ယှဉ်လျှင် ယခုရောက်ရှိနေသော ဗိမာန်ကြီးကား



www.burmeseclassic.com

www.burmeseclassic.com

နေနှင့်သီးပွင့် လနှင့်ပိုးစုန်းကြူးကဲ့သို့ လွန်စွာမှပင် ခြားနားလျက်ရှိပေတော့သည်။ မင်းကြီးသည် ထိုမိန်းမအားလည်းကောင်း၊ ထိုဗိမာန်ကြီးအားလည်းကောင်း ချီးကျူးမကုန်ဖြစ်၍ နေတော့၏။ ဗိမာန်ရှင်ဗိမာနကလည်း ဗာရာဏသီမင်းအား လိုလေသေးမရှိ ပျော်ရွှင်အောင်ထားလေ၏။ပြုစုကျွေးမွေးလေ၏။ နေ့အခါများတွင် နတ်၌ဖြစ်သောအစားအစာများကို ခံစားစံစားစေ၏။ နတ်၌ဖြစ်သော ကချေသည်၊ နတ်၌ဖြစ်သော တူရိယာများဖြင့် ဖျော်ဖြေလေရာ မင်းကြီး၏စိတ်တွင် 'ငါ နတ်ပြည်ကို ရောက်နေပါလား' ဟူ၍ ထင်မှတ်၍ နေလေ၏။ 'ပြိတ္တာမ (တစ္ဆေမ)တွေကြား ငါရောက်နေပါလား' ဟူ၍ကား သူမသိရှာသေးပါတကား။

(၁၀)

ဤသို့ဖြင့် ထိုမိန်းမနှင့်ကာလ အတန်ကြာနေလာမိသောအခါ မင်းကြီးသည် မိမိ၏နန်းတော်သို့ပင် ပြန်ချင်စိတ်မရှိတော့ပေ။ လွန်စွာမှ အပြုကောင်း၊ အနေကောင်း၊ အနွဲ့ကောင်းသော ထိုမိန်းမနှင့်အတူ ဗိမာန်ကြီးအတွင်း၌ ပျော်ပါးလျက်သာနေတော့၏။

တစ်ညသ၌ မင်းကြီးသည် အိပ်ရာမှ ဖျတ်ခနဲလန့်၍နိုးလေ၏။ လက်ဝဲဘက်သို့ လက်ဖြင့်စမ်းကြည့်လိုက်သောအခါ ထိုမိန်းမသည် အနား၌မရှိတော့။ ခုတင်ပေါ်တွင် မိမိတစ်ဦးတည်းရှိနေသဖြင့် ထိုမိန်းမဘယ်ကိုသွားပါလိမ့်ဟု စဉ်းစားလေ၏။ သူမပြန်လာတာမြင်၍ မင်းကြီးသည် သွားခြင်းလာခြင်းကိစ္စကိုမမေးဘဲ အိပ်ချင်ယောင်ဆောင်၍နေလိုက်လေ၏။ ဤသို့ဖြင့် ညစဉ်ညတိုင်း ပျောက်ပျောက်သွားသောကြောင့် မင်းကြီးသည် သူမအပေါ် သင်္ကာမကင်းဖြစ်လာသဖြင့် တစ်ည၌ အိပ်ချင်ယောင်ဆောင်၍ သူမ၏လှုပ်ရှားမှုကို အကဲခတ်စောင့်ကြည့်လေ၏။ သူမလည်း ထုံးစံအတိုင်း အချိန်ရောက်သော် ထွက်သွားလေ၏။ မင်းကြီးလည်း လေးနှင့် မြားကိုယူ၍ နောက်ကလိုက်၍ချောင်းလေ၏။

ညသည် ချောက်ချားဖွယ်ကောင်းစွာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေ၏။ ရေကန်စောင်းတွင် ခွေးနက်ကြီးတစ်ကောင်ကို တွေ့ရလေ၏။ ဆာလောင်သောအာသီသဖြင့် လျှာကြီးကိုထုတ်ကာထုတ်ကာဖြင့်ရှိနေလေ၏။

ဗာရာဏသီမင်းသည် ပန်းချုံတစ်ခု၌ပုန်းလျက် အခြေအနေကိုအကဲခတ်၍ ချောင်းနေလေ၏။ ဗိမာနသည် ခွေးနက်ကြီးအနားရောက်သော် ခွေးနက်ကြီးသည် အာသာဆန္ဒပြင်းထန်စွာဖြင့် ဗိမာနအား ကျွတ်ကျွတ်ဝါး၍စားလေတော့သည်။ ဗာရာဏသီမင်းသည် ထိုမြင်ကွင်းကြောင့် လန့်၍သွားလေ၏။ ခွေးနက်ကြီးစားပြီးသောအခါ အရိုးများကို ရေကန်သို့ပစ်ချလေ၏။ ထိုအခါ အရိုးမှတစ်ဖန် ဗိမာနအသွင်ဖြင့် အသက်ပြန်ဖြစ်၍ ဗိမာန်သို့ပြန်သွားလေ၏။

"အလို - ဘယ်လိုဖြစ်တာပါလိမ့်"

ဟု အံ့ဩတနန်း မင်းကြီးတွေး၍ ရေရွတ်မိလေ၏။ ဤသို့ဖြင့် ဒုတိယည၊ တတိယည မင်းကြီးလိုက်ချောင်းရာ ပထမညကကဲ့သို့ပင် ခွေးနက်ကြီးကိုက်စားလေ၏။

စတုတ္ထညသို့ရောက်သောအခါ မင်းကြီးသည် လေးနှင့်မြားကိုယူ၍ ထိုရေကန်သို့ ဦးစွာ သွားရောက်ပြီး ပန်းချုံအတွင်း၌ ပုန်း၍နေလေ၏။

ဗိမာနအား ခွေးနက်ကြီးကျွတ်ကျွတ်ဝါး၍စားနေစဉ် မင်းကြီးသည် ခွေးနက်ကြီးအား လေးနှင့်ခွင်းလေ၏။ ချက်ကောင်းမိ၍ ခွေးနက်ကြီးစူးရှစွာ အော်၍ ဗိမာနနှင့်အတူ ရေကန်ထဲကျရောက်သွားလေ၏။ ဗိမာနသည် ရေကန်မှ အသက်ပြန်ရှင်လျက် တက်လာနိုင်ခဲ့သော်လည်း ခွေးနက်ကြီးမှာမူကား ပြင်းထန်သောဒဏ်ရာကြောင့်ပြန်မတက်လာနိုင်ဘဲ ကန်အတွင်း၌ပင် သေဆုံး၍သွားလေတော့၏။

ဗိမာနသည် မင်းကြီးအား တအံ့တဩဖြင့် ကြည့်ရှု၍နေလေ၏။ မင်းကြီးလည်း လေးနှင့်မြားကို လက်၌ဆွဲလျက် သူမကိုစိုက်၍ ကြည့်နေလေ၏။ အတန်ကြာမှ သူမက -

"အရှင်မင်းကြီး၊ အရှင့်ကျေးဇူးကြီးမားလှပါပေတယ်။ အနှစ်နှစ်အလလ ညအခါရောက်တိုင်း ခွေးစားခံရသောဝဋ်မှ ကျွန်မလွတ်မြောက်ရပါပြီ"

ဟု လျှောက်ကြားလေ၏။

မင်းကြီးလည်း အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်းဟူ၍ မေးမြန်းရာ ဗိမာနက ရှေးကဖြစ်ခဲ့ပျက်ခဲ့သော ကာမေသုကံနှင့် မုသာဝါဒကံအကြောင်းကို လုံးစေ့ပတ်စေ့ အကုန်အစင်ပင် မင်းကြီးအားပြန်လည်၍ပြောပြလေ၏။ မင်းကြီးလည်း ဤသို့ ကြားနာသိရှိခဲ့ပြီးနောက် -

"ငါသည် ဤနေရာ၌ မနေသင့်တော့ပြီ"

ဟူ၍ ဆင်ခြင်သုံးသပ်မိလေ၏။ ထို့နောက် တစ်ဖန် -

"ငါကား ယောက်ျားဖြစ်ပါလျက် မနေအပ်သောအရပ်၌ မပြုအပ်သောအမှုကို အဘယ်ကြောင့် ဆက်၍ပြုမည်နည်း။ ငါတစ်ဦးတစ်ယောက်အတွက်နှင့် ယောက်ျားမြတ်တို့၏ ဂုဏ်သိက္ခာကို မထိပါးစေသင့်။ လူသားတစ်ဦးအနေဖြင့်နေခြင်းငှာ မသင့်လျော်သောဤအရပ်မှ ငါခွာအံ့။ ဗိမာနအပေါ်၌ အသက်နှင့်ထပ်တူ မေတ္တာရှိသည်ကား မှန်သည်။ သို့သော် အမျိုးဇာတ်ချင်း ခြားနားသည်တကား"

မင်းကြီးသည် ဤသို့အလင်းတန်းသဖွယ် အသိဉာဏ်များဝင်လာသောအခါ နေပြည်တော်သို့ ပြန်ချင်စိတ်တဖွားဖွားပေါ်လေ၏။ ထို့ကြောင့် မင်းကြီးသည် ယတိပြတ်ဆုံးဖြတ်ကာ ဗိမာနထံခွင့်တောင်း၍ ဗာရာဏသီသို့ ပြန်တော့မည့်အကြောင်းပြောရာ ဗိမာနသည် လွန်စွာမှထိခိုက်ဝမ်းနည်းကာ မျက်ရည်မခိုင်နိုင်အောင်ဖြစ်ရလေ၏။

"အရှင်မင်းကြီး၊ ဆန္ဒရှိသလိုပြုပါလော့။ အကျွန်မျိုးမနှင့် အရှင်မင်းကြီးကား မျိုးမတူဇာတ်ခြား၍ ပေါင်းသင်းရန်ကား မအပ်မရာမသင့်တော်ပါ။ ဤဘဝ၌မှုသာဖြင့် အကျွန်မျိုးမ ကျေနပ်လှပါပြီ အရှင်မင်းကြီး"

ဟု မျက်ရည်စက်ဖြင့်လျှောက်ကြားလေ၏။

မင်းကြီးလည်း ထိုရှုနာကျင်စွာဖြင့် ဗိမာနအား မတတ်သာ၍ ခပ်ခွာခွာ ကျောခိုင်းခဲ့ရသော်လည်း စိတ်ထဲ၌မူ ဆွေးဆွေးမြေ့မြေ့ကြေကွဲလျက်ပင်ရှိနေရှာတော့၏။

ဤ၌ မုသားကျိန်စာဝတ္ထုကား နိဂုံးကမ္ပတ်ပြီးဆုံးခဲ့ပြီဖြစ်၏။ ဤဝတ္ထုမှာ အဋ္ဌကထာ ဥပ္ပရိဝဂ် ကဏ္ဍမုဏ္ဍပေတဝတ္ထုကို တန်ဆာဆင် ပြန်ဆိုရေးသားခြင်း ဖြစ်ပါသည်။

ကျိန်တွယ်ပြောဆိုမှုမုသားစကားကြောင့် ပြိတ္တာဖြစ်ရခြင်း၊ ပြိတ္တာဘဝ၌ ညစဉ်ညတိုင်းခွေးစားခံရခြင်းသည် ဤဝတ္ထု၏ရည်ရွယ်ဦးတည်ချက်ဖြစ်ပါသည်။

မိမိဂုဏ်ရောင် ကုသိုလ်ဆောင်၍ ကောင်းအောင်ကြိုးလော့ ကောင်းကျိုး ခပ်သိမ်းတည်စေပုံ။

အောင်မြင့်မြတ် (မြေနီရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com

"မနေ့က ငါ အိန္ဒိယနိုင်ငံ အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုအကြောင်းနည်းနည်း ပြောခဲ့တယ်။ ဒီနေ့နည်းနည်းထပ်ဖြည့် ပြောမယ်။ ပြောတဲ့အခါမှာ ပြောပြီးသားတွေပြန်ပါလိမ့်မယ်။ ပြည့်စုံအောင်ထပ်ပြောရတာပဲ"

နောက်နေ့ ကျွန်တော်တို့စကားဝိုင်း စလျှင်စချင်း ဦးအုန်းစိန်က အထက်ပါအတိုင်း စကားပလ္လင်ခံလိုက်ပါသည်။ ပြီးတော့ ဆက်ပြီး -

ဦးအုန်းစိန် ။ ။ အိန္ဒုမြစ်ဝှမ်းမှာ မူလတိုင်းရင်းသားများဖြစ်တဲ့ ဒရဗ်ဗီဒီယန်လူမျိုးတွေနေကြတယ်။ အသားညိုပြီး အရပ်ပုတယ်။ နောက်အာရိယန်လူမျိုးတွေဝင်ရောက်လာကြတယ်။ အသားဖြူပြီး အရပ်မြင့်တယ်။ သူတို့က အစစအရာရာသာတဲ့အတွက် မူလတိုင်းရင်းသားတွေကို လွှမ်းမိုးသွားပြီး အုပ်စိုးသူတွေဖြစ်လာကြတယ်။

အိန္ဒုမြစ်ဝှမ်းကို မရောက်ခင်မှာ အာရိယန်လူမျိုးတွေဟာ အခြားတစ်နေရာမှာ အတော်ကြာကြာနေခဲ့ကြတယ်။ အဲဒီမှာ ယဉ်ကျေးမှုတွေတော်တော်တိုးတက်ခဲ့ကြတယ်။ အိန္ဒုမြစ်ဝှမ်းကို ရောက်လာတော့ အဲဒီယဉ်ကျေးမှုတွေပါလာခဲ့တယ်။ ထင်ရှားတဲ့ယဉ်ကျေးမှုကတော့ ဝေဒကျမ်းလို့ပဲ ဝေဒကျမ်း (၄) ကျမ်းရှိတယ်။ အဲဒါတွေက-

၁။ သာမ နေ၊ လတို့၏သွားရာလမ်းကို (၁၂) ရာသီခွင်ပြု၍ မည်သည့်ရာသီခွင်၌ မည်သည့်ဂြိုဟ် ရပ်တန့်နေသည်ကိုကြည့်ပြီးလျှင် အသီး၊ လိတ္တာ၊ တြင်း၊ နဝင်း စသည်တို့ဖြင့် ဝေဖန်လျက် ကောင်း-မကောင်းကိုဟောသောဗေဒင်ကျမ်း။ (၂) ယဇု-မိမိတို့အပေါ်၌ရောက်ဆဲရောက်လတ္တံ့ဖြစ်သော ဘေးရန်

# ချောင်းဆုံအုန်းသွင်

## သဘာဝဝေဒမှ

## ရသေ့များနှင့်ဝေဒကျမ်းများ



www.burmeseclassic.com

အပေါင်းတို့မှ လွတ်ကင်းပပျောက်ရန် ဂြိုဟ်နက္ခတ် စသည်တို့အား ပူဇော်ပ,သ သောနည်း၊ ယတြာပြုသောနည်းတို့ကိုပြ သော ဗေဒင်ကျမ်း။ (၃) ဣသျှု - နေ၊ လကြတ်ခြင်း၊ နက္ခတ်၊ တာရာတို့အသွား မမှန်ခြင်းကြောင့် ဘေးဥပဒ်ဖြစ်တတ်၊ ပျက်တတ်ခြင်းကိုပြသော ဗေဒင်ကျမ်း။ (၄) အတပ္ပန - သတ္တဝါတို့အား သေကျေ ပျက်စီး ပူပန်အောင် မီးလောင် လေတိုက် မိုးခေါင် ရေကြီးအောင်နှင့် ဆင်းရဲမှု အမျိုးမျိုးပြုလုပ်စီရင်နည်းတို့ကိုပြသော ဗေဒင်ကျမ်း။ ဇင်းနံပါတ်(၄)ကို အာထဗ္ဗဏ ရသေ့စုဆောင်းကာစီရင်သောကြောင့် 'အာထဗ္ဗဏ' ခေါ်ကြောင်းနှင့် သက္ကတ ကျမ်းဟောင်းတို့၌ ဆိုကြတယ်။

အဲဒီဗေဒင် (၄) ကျမ်းအနက် အမှတ်စဉ် (၄) ဖြစ်တဲ့ ဗေဒင်ကျမ်းကို အာထဗ္ဗဏရသေ့က စီရင်တာဖြစ်ပြီး ကျန်တဲ့(၃)ကျမ်းကို အဋ္ဌကရသေ့၊ ဝါမက ရသေ့၊ ယမဒဂ္ဂရသေ့၊ ဝါမဒေဝရသေ့၊ ဝေဿမိတ္တရသေ့၊ အင်္ဂီရသရသေ့၊ ဘာရ ဒွါဇရသေ့၊ ဝါသေဋ္ဌရသေ့၊ ကဿပ ရသေ့၊ ဘဂုရသေ့တို့က စီရင်ကြတာ။

အဲဒီမှာ ရသေ့ဆိုတဲ့အခေါ်အဝေါ် ကို သတိပြုရမယ်။ ရသေ့ဆိုတာတွေက တော့ မြန်မာအသံထွက်ဖြစ်လိမ့်မယ်။ ဒီဗေဒင်ကျမ်းတွေဟာ အိန္ဒိယနိုင်ငံထဲကို အာရီယန်လူမျိုးတွေယူလာတာ။ ရသေ့ တွေပြုစုစီရင်တာဆိုတော့ ရသေ့ဆိုတဲ့ အခေါ်အဝေါ် အာရီယန်တွေ အိန္ဒိယ နိုင်ငံထဲကို ရောက်မလာခင်ကတည်းက ရှိနေလိမ့်မယ်လို့ ယူဆရမယ်။ မြတ်စွာ ဘုရားပွင့်တော်မမူခင် အလွန်ရှေးကျတဲ့ အချိန်ကတည်းက အိန္ဒိယနိုင်ငံဟာ မျက်မှောက်ဘဝချမ်းသာရေး၊ တမလွန် ဘဝချမ်းသာရေးနဲ့ဘဝတို့မှလွတ်မြောက် ရေးဆိုတဲ့ချမ်းသာရေးတရားကို အမျိုးမျိုး တွေးတောပြီး အများကိုလည်းဟောပြော ကြတယ်။ ကိုယ်တိုင်လည်း ကျင့်ကြံအား ထုတ်ကြတယ်။ အထူးသဖြင့်တော့ ဘဝ အပေါင်းမှ လွတ်မြောက်ရေး၊ သံသရာမှ လွတ်မြောက်ရေး၊ ထာဝရချမ်းသာရေး ကို အလေးပေး စဉ်းစားလာကြတယ်။ ဒီချမ်းသာကိုရှာဖို့အတွက် လောကီ လူ့ဘောင်မှာ အိမ်ထောင်သားမွေးဘဝနဲ့ ရှာနေလို့တော့ မရနိုင်ဘူး။ လူသူမနီး တောကြီးမြိုင်ရပ်ကိုသွားပြီး အဖော်မမှီး တစ်ကိုယ်တည်း ကျင့်ကြံအားထုတ်မှ ရနိုင်မယ်ဆိုတဲ့အတွေးတွေဝင်လာတယ်။ အဲဒီမှာတင် တောထွက်သူများပြားပြီး တောထွက်တဲ့ဓလေ့က ခေတ်စားလာ တယ်။

တောထွက်ပြီး တရားရှာကြသူ အားလုံးကို သံမဏလို့ခေါ်တယ်။ နောက် အခေါ်အမျိုးမျိုးရှိသေးတယ်။ ဗြာဟ္မဏ၊ တာပသာ၊ ပရိဗိုဇ် ရသေ့ဆိုပြီးတော့ ခွဲခြားပြီးခေါ်ကြတယ်။ တချို့က အားလုံး ကို ရသေ့လို့ ခေါ်တယ်။ တချို့ကလည်း ရသေ့ပရိဗိုဇ်ဆိုပြီးတော့ တွဲခေါ်တယ်။ ရသေ့နဲ့ပတ်သက်ပြီး စာပေကျမ်းစာများ မှာ -

ရသေ့ ဆိုတာ မာဂဓဘာသာ ဣသိ၊ သက္ကတဘာသာ ရိသိမှဆင်းသက် လာပြီး ရိသိက ရသေ့ဖြစ်လာတယ်။ သီလအစရှိတဲ့ဂုဏ်ကျေးဇူးကို ဆည်းပူး ရှာမှီးတော့ ပုဂ္ဂိုလ်လို့ အဓိပ္ပာယ်တွေပဲ။ ရသေ့ (၈) မျိုးရှိကြောင်း ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တွေမှာဖော်ပြထားတယ်။

အဲဒီ (၈) မျိုးက -

(၁) သပုတ္တအရိယရသေ့ - စည်းစိမ် ဥစ္စာစုဆောင်းကာ သားမယားနှင့်နေ သောရသေ့မျိုးဖြစ်၏။ စီးပွားရေးသမား ဖြစ်၏။ ဥစ္စာထွန်းကားရန်နှင့် ဥစ္စာခိုင်မြဲ ရန် ရည်ရွယ်၍ ရသေ့လုပ်နေခြင်း ဖြစ် ၏။ နေ့အခါ ရသေ့ပရိက္ခရာနှင့်နေပြီး ညအခါ သားမယားနှင့်နေ၏။

(၂) ဥဉ္ဆာစရိယရသေ့ - ဥစ္စာ ပစ္စည်းကိုလည်း မစုဆောင်း၊ သားမယား လည်းမယူ၊ ကောက်ရိတ်ရာအနယ်နယ် အရပ်ရပ်သို့ လှည့်လည်အလှူခံပြီး ကိုယ် ကိုယ်တိုင် ချက်ပြုတ်စားသောက်သည်။ ကောက်ပဲစုဆောင်းသောအကျင့်ကျင့်သူ ဟု အဓိပ္ပာယ်ရသည်။

(၃) အနဂ္ဂိပက္ကိကရသေ့ - တလင်း တစ်ခုမှတ်ခုသို့ လှည့်လည်ပြီး ကောက် စပါးများကို အလှူခံကာ ကိုယ်တိုင် ချက်ပြုတ် စားသောက်ခြင်းသည်မသင့် ဟုကြံ၍ ရွာများသို့ဝင်ကာ ဆွမ်းဆန်စိမ်း စသည်များကို အလှူခံပြီး ချက်ပြုတ် စားသောက်ရသောရသေ့မျိုး ဖြစ်၏။ မီးဖြင့်မချက်ရသေးသည့်ဆွမ်းဆန်စိမ်းဖြင့် အသက်မွေးသူဟု အဓိပ္ပာယ်ရသည်။

(၄) အသာမပါကရသေ့ - ဤ ရသေ့များသည် ကောက်စပါး၊ ဆွမ်းဆန် စိမ်းစသည်များကို လှည့်လည်အလှူခံ ပြီး ကိုယ်တိုင်ချက်ပြုတ်စားသောက်ခြင်း သည် မသင့်ဟုယူဆပြီး ရွာတွင်းသို့ဝင် ကာ ချက်ပြီးသားဆွမ်းကိုအလှူခံသော ရသေ့မျိုး ဖြစ်၏။

(၅) အာယမုဋ္ဌိကရသေ့ - ဤ ရသေ့များသည် နေ့စဉ်ဆွမ်းခံစားသောက် ရသည်မှာ ဆင်းရဲ၏ဟုအကြံဖြစ်ပြီး စားကောင်းသည့် သစ်ခွံများကို တူ၊ ကျောက်ခဲတို့ဖြင့် ထုချုတ်ခွာစားရသော ရသေ့မျိုး ဖြစ်၏။

(၆) ဒန္တခတ္တလိကရသေ့ - စား ကောင်းသောသစ်ခွံ၊ သစ်ခေါက်များကို တူ၊ ကျောက်ခဲတို့ဖြင့် ထုချုတ်ခွာစားရ ခြင်းသည် ရသေ့များအဖို့ ဆင်းရဲ၏ဟု အကြံဖြစ်ပြီး အဆင်းရဲအပင်ပန်းခံကာ ထုချုတ်ခွာစားခြင်းမပြုဘဲ သွားဖြင့်တိုက် ရိုက်ခွာစားသောရသေ့မျိုး ဖြစ်၏။

(၇) ပဝတ္တဖလဘောဇနရသေ့ - ရသေ့များသည် သစ်ခွံ၊သစ်ခေါက်များကို သွားဖြင့် ကိုက်ချုတ်ခွာစားရခြင်းသည် ဆင်းရဲ၏ဟု အကြံဖြစ်ပြီး တွေ့ရာသစ် သီးများကို သစ်ပင်အနီး အလွယ်တကူ မြင်ရာ ခဲ၊ တုတ်များဖြင့် ပစ်ခတ်စား သောက်သောရသေ့မျိုး ဖြစ်၏။

(၈) ပဏ္ဍုပလာသိကရသေ့ - ရသေ့များသည် သစ်သီးများကို ခဲ၊ တုတ် စသည်များဖြင့် ပစ်ခတ်စားသောက်ရ ခြင်းသည် ဆင်းရဲ၏ဟု အကြံဖြစ်ပြီး အလိုလို ကြွေကျသော သစ်သီးများကို ကောက်စားရသောရသေ့မျိုး ဖြစ်၏။ ဤတွင် သုံးမျိုးသုံးစားကွဲ၏။

(က) သစ်ပင်တကာလှည့်လည် ပြီး ကြွေကျနေသော သစ်သီးများကို ဖွေ ရှာစားသောက်သောရသေ့။

(ခ) သစ်ပင်တစ်ပင်၏အရင်းတွင် သာထိုင်နေပြီး ယင်းသစ်ပင်မှ ကြွေကျ သောအသီးကိုသာ ကောက်ယူစားသုံး သောရသေ့။

(ဂ) သစ်ပင်တစ်ပင်ရင်းတွင် ထိုင် နေရာ၌ထိုင်ရာမှမထဘဲ လက်တစ်ကမ်း မီရာအရပ်သို့ ကြွေကျလာသောသစ်သီး များကိုသာ ကောက်ယူစားသောက် သောရသေ့ဟူ၍ ဖြစ်လေသည်။

နောက်မှုကွဲတစ်မျိုးကတော့ -

(၁) သပုတ္တဘရိယရသေ့ -သား မယားနှင့်တကွ ကုန်သွယ်လယ်လုပ်ခြင်း စသည်ဖြင့်အသက်မွေးသောရသေ့မျိုး။

(၂) ဥဉ္ဆာစရိယရသေ့ - မြို့တံခါးဝ တွင် ကျောင်းဆောက်ပြီး မင်းပုဏ္ဏားတို့ ၏သားသမီးများကို အတတ်ပညာများ ကို သင်ပေးသည်။ ရွှေ ငွေကို အလှူမခံ၊ နှမ်း၊ ဆန်စသည်တို့ကိုသာ အလှူခံသည့် ရသေ့မျိုး။

(၃) သမ္မတ္တိကာလိကရသေ့ -မီး ဖြင့်ချက်သော အသီးအရွက်တို့ကိုသာ စားသုံးသောရသေ့မျိုး။

(၄) အနဂ္ဂိပက္ကိရသေ့ - မီးဖြင့် မချက်သောအသီး၊ အရွက်တို့ကိုသာ



www.burmeseclassic.com

www.burmeseclassic.com

စားသုံးသောရသေ့မျိုး။

(၅) အာယမုဋ္ဌိကရသေ့ - ပဲကွပ်၊ ခေါ၊ တူ၊ ကျောက်ခဲစသည်များကို ကိုင်ဆောင်ပြီး လှည့်လည်လျက် ဆာသောအခါ စားကောင်းသော သစ်ခေါက်များကို ခွာစားသော ဖြုဟ္မစိုရ်တရားပွားများသော ရသေ့မျိုး။

(၆) ဒန္တဝက္ကလိကရသေ့ - ပဲကွပ်၊ ခေါ၊ တူ၊ ကျောက်ခဲ စသည်များကို ကိုင်ဆောင်ပြီး လှည့်လည်လျက် ဆာသောအခါ သစ်ခေါက်၊ သစ်ခွံများကို သွားဖြင့်ကိုက်ဖဲ့စားသုံးသော ဗြဟ္မစိုရ်တရားပွားများသောရသေ့မျိုး။

(၇) ပဝတ္တဖလဘောဇနရသေ့ - အလိုလိုဖြစ်သော ရေအိုင်၊ တောအုပ်ကို မှီ၍ ကြာရိုး၊ ကြာစွယ်၊ အသီး၊ အပွင့်များကိုယူစားပြီး ဗြဟ္မစိုရ်တရားပွားများသော ရသေ့မျိုး။

(၈) ဝဏ္ဍမုတ္တိကရသေ့ - အညာမှ ထွက်သော၊ မြေပြင်သို့ အလိုလိုကြွေနေသော အသီး၊ အပွင့်၊ အရွက်တို့ကိုသာ ကောက်ယူစားသုံးပြီး ဗြဟ္မစိုရ်တရားပွားများသောရသေ့မျိုးတို့ပဲ။

သပုတ္တဘရိယရသေ့မျိုးကလွဲရင် ကျန်တာတွေက တရားရှာမှီးသူတွေပဲ။

ရသေ့များဟာ တရားဘာဝနာများကို ကျင့်ကြံအားထုတ်ရာမှာ မှန်တဲ့လူတွေလည်းရှိတယ်။ မှားတဲ့လူတွေလည်းရှိတယ်။ မှားတဲ့သူတွေကတော့ အဝီစိရောက်တဲ့အထိ အပါယ်လားကြပြီး မှန်တဲ့လူတွေကတော့ အထက်ဆုံးဗြဟ္မာဘုံရောက်တဲ့အထိ ကောင်းရာသုဂတိဘုံတွေကိုရောက်ကြတယ်။ ဘုရားလောင်းတောထွက်တော့ အာဠာရဆိုတဲ့ရသေ့ထံမှာ ပထမတပည့်ခံတယ်။ ပညာအကုန်သိတော့ ဒီပညာဟာ သံသရာက လွတ်မြောက်ကြောင်းမဟုတ်သေးဘူးဆိုပြီး နောက်တစ်ဦးထံသွားတယ်။ နောက်တစ်ဦးက ဥဒကရသေ့ဆိုသူပဲ။ အဲဒီအကျင့်လည်းမဟုတ်သေးဘူးဆိုပြီးထွက်လာခဲ့တယ်။ အာဠာရသရရသေ့ဟာ ကျင့်စဉ်အောင်မြင်ပြီးတဲ့နောက် သေတော့ ဗြဟ္မာ့ဘုံနဲ့ (၃၁) ဘုံမှာ ဒုတိယအမြင့်ဆုံးဖြစ်တဲ့ အာကိဉ္စာယတနဘုံကိုရောက်ပြီး ဥဒကရသေ့လည်း ကျင့်စဉ်အောင်မြင်ပြီးနောက် သေတော့(၃၁)ဘုံနဲ့ ဗြဟ္မာ့ဘုံမှာ အမြင့်ဆုံးဖြစ်တဲ့ နေဝသညာနာသညာယတနဘုံကိုရောက်ပြီး မဟာကပ်ကမ္ဘာပေါင်းရှစ်သောင်းလေးထောင်နေရတယ်။ အသက်အရှည်ဆုံးပေါ့။ ပြီးရင်သေပြီး သုံးဆယ့်တစ်ဘုံမှာ



ပြန်ကျင်လည်ရဦးမှာပဲ။ အပါယ်လည်းကျဦးမှာပဲ။

ရွှေ ॥ ॥ မဟာကပ်ကမ္ဘာဆိုတာ ဒီကမ္ဘာနဲ့ မတူဘူးလား။

စိန် ॥ ॥ ကမ္ဘာနှစ်မျိုးရှိတယ်။ တစ်မျိုးက အခုတို့နေတဲ့ အသင်္ချေယျကမ္ဘာ။ အဲဒီကမ္ဘာမှာ အပိုင်း (၄) ပိုင်းရှိတယ်။ (၁) ကမ္ဘာကြီးပျက်နေတဲ့အပိုင်း၊ (၂) ပျက်ပြီးနောက် အပျက်တိုင်းတည်ရှိနေတဲ့အပိုင်း၊ (၃) ပြန်လည်ပြုပြင်နေတဲ့အပိုင်း၊ (၄) ကောင်းပြီး သတ္တဝါတွေနေကြတဲ့အပိုင်းပဲ။ အဲဒီနောက်ဆုံးအပိုင်းမှာ လူတွေရဲ့အသက်တမ်းနဲ့ ကာလပိုင်းခြားတယ်။ အသက် (၁၀) နှစ်ကနေ တစ်ဆတစ်ဆတိုးပြီးတက်သွားတာ ရေတွက်စရာသင်္ချာမရှိတော့လောက်အောင်ကြာတယ်။ အဲဒီလိုသင်္ချာမရှိလို့ အသင်္ချေယျလို့ခေါ်တယ်။ အဲဒီကနေ တိုးတုန်းကလိုပြန်လျော့လာပြန်ရာ (၁၀)နှစ်သက်တမ်းကို ပြန်ရောက်တဲ့အခါ အန္တရကပ်တစ်ကပ်လို့ခေါ်တယ်။ အဲဒီကပ်ပေါင်း (၆၄) ကပ်ပြီးရင် ကမ္ဘာပျက်တယ်။ အဲဒီတော့ တစ်ကမ္ဘာရဲ့အသက်တမ်းဟာ အန္တရ(၆၄)ကပ် လေးဆရှိတယ်။ မဟာကပ်ကမ္ဘာဆိုတာ ဗြဟ္မာတွေရဲ့ကမ္ဘာလို့ဆိုပါတော့။ အဲဒီကမ္ဘာရဲ့သက်တမ်းဟာ အသင်္ချေယျကမ္ဘာရဲ့လေးဆရှိတယ်။

ရသေ့တွေရဲ့အကျင့်အကြောင်းကို ဆက်ပြောရအောင်။ မှန်တာတွေက နည်းပြီး မှားတာတွေကများတယ်။ မှားတဲ့အထဲမှာ ထင်ရှားတာနှစ်မျိုးရှိတယ်။ တစ်မျိုးက ဒိဋ္ဌဓမ္မနိဗ္ဗနဝါဒ၊ ကာမသုခလ္လိကာနုယောဂဆိုတဲ့ လက်တွေ့နိဗ္ဗာန်ဝါဒ၊ ဒီဘဝမှာ ကာမဂုဏ်စည်းစိမ်ချမ်းသာကို အစွမ်းကုန်ခံစားပြီး ပျော်ပျော်နေမယ်။ အဲဒါ နိဗ္ဗာန်ဆိုပြီး ကာမဂုဏ်ခံစားတဲ့အကျင့်၊ နောက်တစ်ခုက အတ္တကိလမထာနုယောဂဆိုတဲ့ ကိုယ့်ကိုအစွမ်းကုန် ညှဉ်းပန်းနှိပ်စက်ပြီး ကိလေသာတွေကုန်ခန်းအောင်လုပ်မယ်ဆိုတဲ့အကျင့်၊ ညှဉ်းပန်းပုံတွေကတော့ နည်းမျိုးစုံပဲ။ အင်မတန်ပူပြင်းတဲ့ရာသီ၊ နေမွန်းတည့်အချိန်မှာ မီး(၄)ပုံဖိုပြီး အလယ်မှာဝင်ထိုင်နေတာမျိုး၊ အင်မတန်အေးတဲ့ရာသီမှာ မြစ်ထဲဆင်းပြီး ရေစိမ်တာမျိုး စတာတွေပေါ့။

တောထွက်သွားတဲ့ရသေ့တွေထဲမှာ သပုတ္တဘရိယရသေ့နဲ့ ဥစ္စာစရိယရသေ့နှစ်မျိုးဟာ တောထဲမှာမနေနိုင်လို့ မြို့ရွာကိုပြန်ဝင်လာကြတယ်။ သပုတ္တအရိယတွေကတော့ အရပ်ထဲကိုဝင်ပြီး အိမ်ထောင်သားမွေးနဲ့ စီးပွားရေးလုပ်ကြတယ်။ဗေဒင်ဟောစားတယ်။ ဥဉ္စာစရိယတွေကတော့ မြို့ပြင်မှာကျောင်းဆောက်ပြီး မင်းညီမင်းသားများနဲ့ သူဌေးသူကြွယ်သားများကို အဋ္ဌာရသအတတ် (၁၈) ရပ်ကို သင်ပေးတယ်။ သူတို့နှစ်မျိုးလုံးဟာ ဗြာဟ္မဏဆိုတဲ့အမည်ကိုခံကြတယ်။ မကောင်းမှုကိုအပပြုပြီးတဲ့ သူတော်စင်လို့အဓိပ္ပာယ်ရတယ်။ လူတွေကလည်း ဒါကိုလက်ခံယုံကြည်ကြတယ်။

အဲဒီမတိုင်ခင် အိန္ဒိယမှာ ခတ္တိယဆိုတဲ့မြေပိုင်ရှင်ကြီးတွေ၊ ဝဿဆိုတဲ့ ကုန်သည်လက်မှုအတတ်ပညာရှင်များ၊ သုဒ္ဒဆိုတဲ့ ကျန်တဲ့လူများ၊ အလုပ်သမား၊ ကျေးကျွန် သူတောင်းစား ဇတဲ့ အောက်တန်းစားတွေအားလုံးပါတယ်။ ခတ္တိယ အုပ်စိုးသူတွေလည်းဖြစ်တယ်။ ဆွေမျိုးတစ်သိုက်က အလှည့်ကျဘုရင်လုပ်ပြီး အုပ်စိုးတဲ့စနစ်နဲ့ တစ်ဦးတည်း ဘုရင်လုပ်အဖေသေ သားနန်းစံဆိုတဲ့စနစ်နဲ့ စနစ်နှစ်မျိုးရှိတယ်။ ဗြာဟ္မဏတွေဝင်လာတော့ ဗြာဟ္မဏ၊ ခတ္တိယ၊ ဝဿ၊ သုဒ္ဒဆိုပြီး လူတန်းစား (၄) မျိုးကွဲသွားတယ်။ ဗြာဟ္မဏကအမြတ်ဆုံး၊ သုဒ္ဒက အနိမ့်ဆုံးဆိုပြီး ဇာတ်(၄)မျိုး၊ အမျိုး(၄)ပါးကွဲသွားတယ်။ နောက်ပိုင်းကျတော့ ဇာတ်တွေထပ်ကွဲကြတာ (၅) သိန်းကျော်သွားတယ်ဆိုတယ်။

ကဲ - ဒီနေ့ ဒီလောက်ပဲနားကြစို့။

ချောင်းဆုံအုန်းဆွင်



www.burmeseclassic.com

www.burmeseclassic.com

ကားမောင်းသမားလောကကို သေချာပြန်စဉ်းစားကြည့်လျှင် အတော်ကျယ်ပြောသည်ကို တွေ့ရပေလိမ့်မည်။ ချမ်းသာသူ သူဌေးကလည်း ကားမောင်းသည်။ ပစ္စည်းမဲ့ဆင်းရဲသားကလည်း ကားမောင်းသည်။ ဆင်းရဲသူမောင်းတာက လိုင်းဘတ်(စ်)ကား၊ ဌာနဆိုင်ရာကား၊ တက္ကစီအငှားကား၊ ကုန်တင်ကား ဟူ၍ အမျိုးမျိုးရှိကြရာ ကိုသောင်းကြည်က ကုန်တင်ကားမောင်းသမား (ဒရိုင်ဘာ) တစ်ယောက်ဖြစ်သည်။

ကိုသောင်းကြည်မောင်းသောကားက လွန်ခဲ့သော နှစ်ပေါင်း (၂၀) ခန့်ကာလ ကုန်တင်ကားဟုဆိုသော်လည်း (၁၀) ဘီးကား၊ (၁၂) ဘီးကားကြီးမျိုး မဟုတ်။ (၁၄) ပေ ဒိုင်နာကုန်တင်ကားသာ ဖြစ်သည်။ ရန်ကုန်မှာနေထိုင်သူ ကိုသောင်းကြည် အများဆုံးသွားလာမောင်းနှင်ရသည်က နယ်မြို့များသို့ဖြစ်ရာ ယခုနှစ်ပိုင်းအတွင်း ခရီးရှည်မောင်းနှင်ရမည့်နယ်မြို့များကို လက်ရှောင်နေမိပြီး တစ်နေ့သွားတစ်နေ့ပြန်၍ရနိုင်မည့် ခရီးတိုများကိုသာအားပြုပြီး ကားမောင်းနေမိသည်။

ဤသို့ခရီးတို့ကို ရွေးချယ်ရခြင်းကား ကိုသောင်းကြည်၏ဇနီး ဒေါ်နွဲ့တွင် သားသမီး (၆) ယောက်နှင့် တစ်ပိုက်ဖြစ်နေသဖြင့် မီးဖွားချိန်တွင် နီးနီးနားနားပြန်လာ၍ အဆင်ပြေအောင် ကြိုတင်စဉ်းစားထားခြင်း ဖြစ်၏။ ဤသို့ မစဉ်းစားခဲ့၍ (၅) ယောက်မြောက်သမီးဖြစ်သူမြတ်ကို မွေးဖွားစဉ်က သမီးငယ်နှစ်လအရွယ်ရောက်မှ အိမ်ကိုပြန်ရောက်ခဲ့ဖူး၏။ ထိုကဲ့သို့မဖြစ်ရအောင် ဒေါ်နွဲ့ကလည်း အကြိမ်ကြိမ်သတိပေးနေခဲ့သည်။

ယခုလည်း ဖျာလိပ်များတစ်ဝက်၊ ကွမ်းသီးခြင်းများတစ်ဝက်ကို တင်ဆောင်ပြီး ပဲခူးမြို့ကိုလာပို့ခြင်းဖြစ်ရာ ယနေ့ဆိုလျှင် နေအိမ်မှထွက်လာခဲ့သည်မှာ (၃) ရက်ရှိခဲ့ပြီ။ ကံကောင်းမစွာ ခါလီ (အပြန်ကုန်မပါဘဲ) ပြန်ရမည့်ဘဝကလွတ်ကင်းသွား၏။ ရက်မကြာဘဲပြန်ရသဖြင့် ကားမောင်းသမားအတွက် ပိုတွက်ခြေကိုက်လေ၏။ ရက်ကြာက စားစရိတ်ထောင်းလေသည်။ ကိုယ့်အတွက်ငွေအကျန်နည်းသွား၏။

အပြန်ကုန်အဖြစ် ဆေးပေါ့လိပ်တစ်မျိုးတည်းတင်ရမည်။မိုးရာသီကာလတွင် မြန်မာပြည်အောက်ပိုင်းက မိုးရွာသွန်းချိန်များပြားသဖြင့် ရေစိုမခံနိုင်သော ကုန်ပစ္စည်းများ မိုးရေမစိုရအောင်ကားသမား၏တာဝန်သာ ဖြစ်သည်။ ကုန်များရေစို၍ ပျက်စီးက တန်ဖိုးကိုပေးလျော်ရတတ်လေသည်။

ရာသီဥတုကလည်း အနောက်တောင်မုတ်သုံလေဝင်ရောက်လာပြီဆိုကတည်းက နေလုံးကြီးကို မြင်တွေ့ရမှု




www.burmeseclassic.com

www.burmeseclassic.com

အလွန်နည်းပါးသွားသောဒေသဖြစ်သည်။ ယခုလည်း မိုးစက်ကလေးများတဖြောက်ဖြောက်ကျဆင်းနေကြောင်း ကားရှေ့လေကာမှန်ကိုလာထိနေသည့်မိုးစက်ကလေးများကိုကြည့်၍သိနိုင်၏။

မိုးရွာသွန်းစအချိန် ကတ္တရာလမ်းပေါ်ရှိ ဖုန်မှုန့်တို့က ရွံ့အဖြစ် ပြောင်းလဲသွား၏။ မိမိမောင်းနှင်နေသောကား၏တာယာပန်းကတုံး(ပြောင်ချော)ဖြစ်နေတာကို သတိမရဘဲ ပုံမှန်လိုအရှိန်ဖြင့်မောင်းနှင်မိက ကားစလစ်ဖြစ်တတ်၏။ စလစ်ဖြစ်နေမှ ကားမောင်းသမား ဘာမှမတတ်နိုင်တော့ပေ။ ကားမောင်းနေစဉ်မယ်လမုဘုရားအနီးမှာ ကိုသောင်းကြည်ကားစလစ်ဖြစ်ဖူးလေသည်။ ကံကောင်းထောက်မစွာ အနီးမှာ တခြားကားမရှိ၍တော်ပေသေး၏။


ကိုသောင်းကြည်၏ ကားစလစ်ဖြစ်နေပုံကို နောက်ကလိုက်သောမီးသွေးတင်ကားကြီးက ကောင်းစွာမြင်တွေ့သွားပြီးနောက် ကိုသောင်းကြည် ဖြည်းဖြည်းလေး ကားရှေ့လျှားရုံမျှ မောင်းနှင်နေတာကိုပင် လုံးဝကျော်မတက်ရဲတော့ပေ။ ဤဖြစ်ရပ်မျိုးကို ကားမောင်းသမားတိုင်း ကြောက်ရွံ့တတ်ကြ၏။ ကားမောင်းထွက်နေရင်း အက်ဆီးဒင့်တစ်စုံတစ်ရာမကြုံရအောင် ဒရိုင်ဘာမှာ လုံးဝတာဝန်ရှိ၏။ ကားမောင်းသမားဖြစ်နေသော်လည်း ဤဘေးအန္တရာယ်မျိုးကိုကား ကိုသောင်းကြည် အလွန်ကြောက်လှသဖြင့် ဘုရားတရားမြဲအောင်နေသည်။ ဘုရားတရားမြဲအောင် (၅) ပါးသီလကိုအစဉ်စောင့်ထိန်းဖို့လည်း တာဝန်ရှိလာလေသည်။

ကားမောင်းရင်း တစ်ခါက မိမိကားရှေ့မီးကြီးအလင်းရောင်အောက်တွင် ကားလမ်းကို ကန့်လန့်ဖြတ်၍ မြွေကြီးများဖြတ်သွားသည်ကို တစ်ညတာတည်းသုံးကြိမ်ကြုံရသည်မှာ ထူးဆန်းလှ၏။ မြွေကိုတွေ့ကြုံရခြင်းနိမိတ်က မည်သည့်သဘောဆောင်ကြောင်းမသိ။ ကားဘီးနှင့် မကြိတ်မိအောင် ရှောင်ကွေ့မောင်းရင်း မြွေကြီးများကို မေတ္တာပို့ပေးပြီးကားဘေးမှန်များကို အမြန်တင်၍ ပိတ်လိုက်ရသည်။

မြွေတိုင်းမဟုတ်သော်လည်း တချို့မြွေက ကိုယ်ပျောက်အောင်လုပ်တတ်တာတို့၊ မြေပြင်ကို အမြီးနှင့်ထောက်ပြီးလေထဲကို ပျံသန်းသွားနိုင်တာတို့ကိုကြားဖူးနားဝရှိထားလေရာ အဆိပ်ပြင်းသောမြွေကြီး ကားခေါင်းထဲကို ဖြုန်းစားကျရောက်လာပါက ကိုယ်ကျိုးနည်းသွားနိုင်ပေသည်။ မန်လည်ဆရာတော်ဘုရားကြီးမှ ပမာမခန့်မပြုအပ်သောအရာ (၄)ပါးထဲတွင် အဆိပ်ရှိသောမြွေဟုပါရှိလေရာ သတိဟူသည် ပိုသည်မရှိ။

ညမှောင်မှောင်မှာ ကားမောင်းသွားရင်း ထူးဆန်းသော အတွေ့အကြုံတစ်ခုလည်း ကြုံခဲ့ရဖူးတာကို မှတ်မိနေသည်။ တစ်ခါက မော်လမြိုင်လမ်းကို မောင်းသွားရင်း သားအမိနှစ်ယောက်သားကို လက်မှ အမေကဆွဲကိုင်ကာ ကားမောင်းလာရာဘက်ကို ကျော်ပေးပြီးသွားနေတာကို ကားမီးရောင်အောက်မှာထင်ထင်ရှားရှားတွေ့မြင်ရသည်။

မြင်ကွင်းက နေ့ခင်းနေ့လယ်မှာတွေ့မြင်ရပါက ဘာမှထူးဆန်းတာမဟုတ်





www.burmeseclassic.com

www.burmeseclassic.com

ပေ။ ယခုတော့ ညဥ့်နက်သန်းခေါင်အချိန်ကာလမှာ သူတို့ဝန်းကျင်မှာ သက်ရှိသတ္တဝါဟူ၍ ခွေးတစ်ကောင်ပင်မရှိ။ နေရာကလည်း မြို့ရွာမနီးသော ဝန်းကျင်မှာ သစ်ပင်ကြီးများသာရှိသည့် မှောင်မည်းနေသောနေရာ။ မီးခွက်မီးရောင် သူတို့ဆီမှာမရှိသဖြင့် ဆက်စပ်စဉ်းစားမိသွားသူ ကိုသောင်းကြည်အတွက် သတိထားမိစရာဖြစ်နေလေသည်။

ကိုသောင်းကြည်က မြင်ကွင်းကို သဘာဝမကျစွာ မြင်တွေ့နေရပုံအား ထုတ်ဖော်ပြောကြားရန် စပယ်ယာ့ကလည်း နံဘေးမှာ အိပ်ပျော်နေသဖြင့် နိုးမနေတော့ပေ။ မကြာမီ ထိုသားအမိ နံဘေးသို့ မော်တော်ကားရောက်မိသွားသောအခါ သားအမိနှစ်ယောက် ရုတ်ခြည်းပျောက်ကွယ်သွား၏။ ကိုသောင်းကြည်လည်း ဦးခေါင်းပုတ်လောက်ကြီးသွားသလားထင်ရသည်။ ကြက်သီးမွေးညင်းများလည်းထသွားမိလေသည်။

❑

ဒိုင်နာကား၏ လေကာမှန်တွေ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ပုံတော်ကို ကားဒရိုင်ဘာထိုင်ခုံ၏ ရှေ့တည့်တည့်တွင် ကပ်လှူထား၏။ ကားမထွက်ခွာမီ ဒရိုင်ဘာထိုင်ခုံတွင်တက်ထိုင်လိုက်သည်နှင့် ရွှေတိဂုံစေတီပုံတော်ကို ဦးတင်ရှိခိုးလိုက်ပြီးနောက် ကိုသောင်းကြည်သည် မိမိကားစောင့်နတ်၊ လမ်းစောင့်နတ်၊ မြို့ရွာစောင့်နတ်များကို အမျှပေးဝေ၊ မေတ္တာပို့လိုက်သည်။

ပဲခူးနှင့် ရန်ကုန် မိုင် (၅၀)ကျော်မျှ သာကွာဝေးသောခရီးတာကို ကားလမ်းချောမွေ့ကောင်းမွန်သဖြင့် နေ့ညမဟူ မည်သည့်အချိန်မှာ ကားကိုမောင်းနှင်ရသည်ဖြစ်စေ အခက်အခဲမရှိလှပါ။ သို့သော် ကိုသောင်းကြည်၏သဘောဆန္ဒကတော့ ညဥ့်ဦးပိုင်းအချိန်ကာလမှာ မောင်းနှင်ရခြင်းကို နှစ်သက်သဘောကျသည်။

ညဥ့်နက်ပိုင်းကာလက ကောင်းမွန်သော်လည်း လူသားတို့သဘာဝ အိပ်စက်အနားယူလေ့ရှိတတ်သောအချိန်ဖြစ်ရာ ကားမောင်းနေသော ဒရိုင်ဘာတစ်ယောက်အတွက် အိပ်ငိုက်မိက အန္တရာယ်ကြီးလှပေသည်။

ညဘက်တွင် လမ်းပေါ်မှာ ယာဉ်အသွားအလာနည်းပါးခြင်း၊ နေပူဒဏ်သက်သာ၍ အေးမြခြင်းကတော့ အားသာချက်ရှိလေ၏။ ညဘက်ကို ကားမောင်းတော့မည်ဆိုလျှင် ကားကောင်းမွန်ဖို့လို၏။ ကားမကောင်းက လမ်းခုလတ်တွင် ကားပျက်ခြင်း၊ ကားဘီးပေါက်ခြင်းဖြစ်လျှင်ပင် နေ့ခင်းနေလယ်ကဲ့သို့ မြင်မြင်ထင်ထင်မရှိလှ၍ ဒုက္ခပိုမိုကြီးလေသည်။

ညဟူသည်၏နောက်တွင် အလင်းရောင်မရှိ၊ မှောင်မိုက်ခြင်းက တစ်ဆက်တည်းပါလာရာ မိမိမောင်းနှင်နေသော ကား၏ကားမီးများစုံလင်ခြင်း၊ ရှေ့မီးကြီးနှစ်လုံးကောင်းမွန်ခြင်းရှိဖို့က အရေးကြီးလှ၏။ ကားမီးများချို့ယွင်းအားနည်းနေလျှင် ညပိုင်းလုံးဝကားမထွက်သင့်ပေ။

ကိုလေသာအပျော်အပါးကို စိတ်ပါဝင်စားပြီး လိုက်စားတတ်သူတို့အတွက် ကား ညဥ့်အမှောင်ထုကိုအကာအကွယ်ယူရင်း ဝင်ငွေရှာတတ်သူ မချောလေးများနှင့် ချိန်းဆိုမထားဘဲ အလွယ်တကူ ကြုံတွေ့ရတတ်လေသည်။ ကိုသောင်းကြည်မှာ သားသမီးများပြားပြီး မိသားစုစားဝတ်နေရေးအတွက် သူတစ်ဦးတည်း၏ဝင်ငွေအပေါ်မှာသာ အားလုံးက မှီခိုနေရလေရာ ဤကဲ့သို့ ငွေလည်းကုန်၊ ရောဂါလည်းရနိုင်သောအန္တရာယ်မကင်းသည့် တဒင်္ဂသာယာမှုမျိုးကို ဝေးဝေးက ရှောင်လေသည်။ မိမိ၏ကားစပယ်ယာကိုလည်း ဤကိစ္စမျိုးခွင့်မပြုပေ။

ယခုလက်ရှိကားစပယ်ယာဖြစ်သူ သန်းမြင့်က ဤကိစ္စမျိုးတော့ ကင်းရှင်းသည်။ ကိုသောင်းကြည်က အသောက်အစားပါကင်းသော်လည်း သန်းမြင့်က အစဉ်အမြဲမဟုတ်သော်ငြား တစ်ခါတစ်ရံ အရက်ကို သောက်တတ်လေ့ရှိသည်။ ယနေ့ ရန်ကုန်သို့အပြန်ခရီးတွင် ကားပေါ်မှ နောက်ထပ်အပိုပါလာသူတစ်ဦးကတော့ ကုန်ပစ္စည်းပိုင်ရှင်၏ လူယုံ သိန်းကျော်ဆိုသူ ဖြစ်သည်။

ညနေ (၄) နာရီခွဲလောက်တွင် ကားပေါ်သို့ကုန်တင်၍ ပြီးစီးသွားသော်လည်း ပဲခူးနှင့် ရန်ကုန်ခရီးကုန်အပြည့်နှင့် ကားမောင်းသွားချိန် (၂) နာရီမျှသာ ကြာမည်ဖြစ်ရာ ညဦးပိုင်းရောက်မှထွက်မည်ဟုဆုံးဖြတ်ထား၏။ ကိုသောင်းကြည်ရေချိုးနေစဉ်မှာ စပယ်ယာသန်းမြင့်နှင့် ကုန်ပိုင်ရှင် သိန်းကျော်တို့နှစ်ယောက် ခဏတာလောက်ကြာအောင်ပျောက်နေလေသည်။ သူတို့နှစ်ယောက်လုံး အသက်က (၃၀)လောက်စီရှိကြမည်။ ကိုသောင်းကြည်ထက် အသက် (၁၀) နှစ်လောက်ငယ်ရွယ်ကြလေသည်။

ညနေစာထမင်းအတူစားကြသောအခါ သူတို့နှစ်ယောက်အနက် ကုန်ပိုင်ရှင်သိန်းကျော် စကားအတော်ပြောနေခြင်းက အနည်းအကျဉ်း အရက်သောက်ထားခဲ့ကြောင်း သိသာစေလေသည်။ အခြေအနေကို ခန့်မှန်းသိရှိသော်လည်း အလုပ်ကို မထိခိုက်လျှင်ရှိစေတော့ဟု ကိုသောင်းကြည်က မသိယောင်ပြုနေလေသည်။

ပဲခူးမြို့မှကားစတင်ထွက်ခွာလာချိန်တွင် အနောက်ဘက်ကောင်းကင်မှာ နေလုံးနီကငုပ်လျှိုးဝင်သွားပြီ။ ဝေယံထက်တွင် အိပ်တန်းပြန်လာချိန် နောက်ကျနေသော ဗျိုင်းတစ်အုပ်က ခပ်သုတ်သုတ်ပျံသန်းနေသည်ကို တွေ့မြင်နေရသည်။

အမှောင်လွှမ်းလာချိန်တွင် ဖူလိုင်မိုးက တစ်ပေါက်တလေကျသည်ဆိုရုံရှိနေ၏။ လွန်ခဲ့သည့်နှစ်ရက်ကလို မိုးကြီးသည်းထန်စွာမရွာသည့်အတွက်သာ မိုးနတ်သားကို ကျေးဇူးတင်နေရသည်။

ကားနောက်ပိုင်းကို စောင်ခေါင်းမြီးခြုံသလို မိုးကာဖြင့်လုံခြုံစိတ်ချရအောင် ချည်နှောင်ထားပြီး ဖြစ်၏။ ဒရိုင်ဘာ၊ စပယ်ယာနှင့် ကုန်ပိုင်ရှင် (၃)ဦးစလုံး ကားခေါင်းထဲမှာသာရှိနေကြ၏။ ကိုသောင်းကြည်သည် မနှေးမမြန်မောင်းနှင်နေရင်း လေကာမှန်ကြီးပေါ်က မိုးရေစက်များကို ဝိုက်ပါဖြင့် မကြာမကြာသုတ်ပေးနေရ၏။

မည်းနက်နေသော ကတ္တရာလမ်းထက်တွင် ကားအသွားအလာနည်းပါးချိန် ဖြစ်သည်။ ရန်ကုန်ကို အဝင်နောက်ကျနေသော အဝေးပြေးခရီးသည်တစ်စီးတလေသည် မီးနှင့်အချက်ပြပြီး နောက်မှလမ်းတောင်းလျှင် မကြာမကြာ မိမိကားကို လမ်းနံဘေးချပေးနေရ၏။ ဂိတ်ဝင်နောက်မကျအောင်အချိန်ကိုလုပြီး ကားမောင်းနှင်နေရသောသူတို့ဘဝကို စာနာနားလည်မိသည်။

လှည်းကူးမြို့တွင် ခဏတာရပ်နားပြီး လက်ဖက်ရည်သောက်ကြသည်။ ယခုထက်ပိုပြီး မိုးကသည်းထန်မလာသော်လည်း ယခင်ရက်များက ရွာထားသောမိုးကြောင့် လမ်းနံဘေးတွင် ရွှံ့ဗွက်များထနေလေသည်။

ကားဆက်လက်မောင်းလာခဲ့ရာ မကြာမီ ထောက်ကြန့်တိုးဂိတ်ကိုဝင်ရတော့မည်ဖြစ်ကြောင်း ဘားလားတံတားကိုဖြတ်သန်းလိုက်ရခြင်းဖြင့် သိနေကြသည်။ အဝေးမှ လှမ်းမမြင်ရသော်လည်း မဝေးလှသောနေရာတွင် ဘားလားရွာ



www.burmeseclassic.com

www.burmeseclassic.com

တည်ရှိနေသည်။ ဤတံတားကလည်း ဘားလားချောင်းကို ဖြတ်ကူးထား၍ ဘားလားတံတားဟု ခေါ်ကြသည်။ ဘားလားချောင်းကား ငမိုးရိပ်ချောင်းထဲကို စီးဝင်အဆုံးသတ်သည်။

ကားရှေ့မီးကြီးအလင်းရောင်သာ သိပ်သည်းလှသော အမှောင်ထုကို ဖြိုခွဲနေရသည်။ ကားလမ်း၏ ဝဲ၊ ယာတွင် ကျေးရွာနှင့် လူနေအိမ်အဆက်မပြတ်နေသောနေရာကို ဖြတ်သန်းနေရသည်။ စပယ်ယာနှင့် ကုန်ပိုင်ရှင်က ငိုက်မျဉ်းနေသော်လည်း ကိုသောင်းကြည်က မအိပ်ငိုက်ရအောင် ကွမ်းဝါးနေရလေသည်။ ကားလမ်းနံဘေးတွင် မိုးရေတဖွေးဖွေးရှိနေ၍ ကန်ရေပြင်ကျယ်ထဲကို ကားလမ်းဖောက်ထားသလို မြင်တွေ့ရလေသည်။

အရှိန်ဖြင့်မောင်းနှင်နေရသော ကားရှေ့မှ ရုတ်တရက် မိန်းကလေးတစ်ယောက် လမ်းကိုဖြတ်ကူးသွားတာနှင့်ကြုံ၍ ကိုသောင်းကြည်ကား ဘရိတ်နင်းလိုက်ပြီး လူကိုမတိုက်မိအောင်လုပ်လိုက်သည်။ ကားက တုံ့ခနဲဖြစ်သွား၍ အိပ်ငိုက်နေသူတွေလည်း နိုးသွားပြီး လမ်းဖြတ်ကူးသောမိန်းမကို အားလုံးတွေ့မြင်ကြသည်။ အစတော့ သူတို့အားလုံး ထိုမိန်းမကို ဒေါသထွက်မိသည်။

ထိုမိန်းမကား အသက် (၃၀) နှစ်ထက် မကြီးလောက်သေးပေ။ မျက်နှာပိုင်းကို ကောင်းစွာမမြင်လိုက်ကြရဘဲ ဘေးတစောင်းသာမြင်ရသည်။ အစိမ်းရောင်ဝမ်းဆက်နှင့် ဆံပင်ရှည်ကြီးကို ကျောမှာဖြန့်ထားပြီး လမ်းမကို ခပ်သွက်သွက်ဖြတ်ကူးသွားခြင်း ဖြစ်သည်။ ဆံပင်ရှည်အဖျားက အပြင်ကိုကော့နေသည်။ ဆင်မယဉ်သာမဟုတ်ဘဲ လမ်းကို သွက်သွက်လှမ်းသွားသည်ကိုပင် ကျေးဇူးတင်ရမလိုရှိ၏။ ပတ်ဝန်းကျင်အခြေအနေကို လေ့လာသုံးသပ်ထားပြီးဖြစ်၍ ကိုသောင်းကြည်က -

"ဟေ့ - ဒီမိန်းမလူမဟုတ်ဘူးကွ။ အဲဒါ သေချာတယ်"

ဟုဆိုသည်။

ကုန်ပိုင်ရှင် သိန်းကျော်လည်း အိပ်ငိုက်ရာမှ မျက်လုံးကျယ်လာပြီး -

"အစ်ကိုကြီးကလည်းဗျာ၊ ဘာတွေအတွေးခေါင်နေတာလဲမသိဘူး။ လူတစ်ယောက်ဖြတ်သွားတာကို မြင်လိုက်ကြရဲ့သားနဲ့ လူမဟုတ်ရင် ဘာဖြစ်မလဲ။ ကျွန်တော်တို့တော့ သဘောမပေါက်ဘူး။ ကဲ - ဟုတ်မလား၊ မဟုတ်ဘူးလား သေချာသွားရအောင် ကားရပ်ပေးလေဗျာ။ အဲ-လူသားတစ်ယောက်ဟုတ်နေရင် ကောင်မလေးကို ကျွန်တော်ခေါ်ခဲ့မယ်လေ။ မဟုတ်ရင် အစ်ကိုကြီးကြိုက်တာပြောဗျာ စိမ်လိုက်"

အဖြေကို ရှင်းရှင်းသိသာအောင် ကားရပ်ပေးလိုက်ရာ တံခါးဖွင့်ပြီး ကားအောက်သို့ သိန်းကျော်ဆင်းသွားသည်။ ကားပေါ်မှ ဆင်းလာသူ သိန်းကျော်ကို ထိုမိန်းမပျိုလေးကလည်းရပ်လျက်စောင့်ကြိုနေပါသည်။ သိန်းကျော်၏လက်ထဲမှ နှစ်ခဲထိုးဓာတ်မီးဖြင့် မီးထိုးကြည့်လိုက်ချိန်တွင် ထိုမိန်းမပျိုသည် အမှုန်အမွှားလေးများအဖြစ် ရုတ်တရက်ပြောင်းလဲသွားပြီးနောက် အခိုးအငွေ့များသဏ္ဌာန်ဖြစ်သွားကာ ပျောက်ကွယ်သွားလေသည်။ ဖြစ်ရပ်သည် အလွန်ဆန်းကြယ်နေသဖြင့် သိန်းကျော်သည် ကြက်သီးမွေးညင်းများထလျက် ကြက်သေသေကာ ခဏတာငေးငိုင်နေမိသည်။ ထို့နောက် သတိရကာ ချက်ချင်းနောက်ပြန်လှည့်ပြေးသွားလေ၏။ ခဏတာအတွင်း ကားဆီပြန်ရောက်ရှိလာသည့် သိန်းကျော်ကို ကိုသောင်းကြည်ကဆီး၍ -

"ဘယ်မှာလဲကွ မင်းခေါ်လာခဲ့မယ်ဆိုတဲ့ မချောလေး။ ကားခေါင်းထဲမှာ တို့လူလေးယောက်ကျပ်ကျပ်တည်းတည်းလေးစီးသွားလိုက်ရရင် မိုးအေးအေးနဲ့မို့လို့ အတော်လေး ဇိမ်ကျတော့မလားလို့ကွာ ဟား ဟား ဟား"

"အေးဗျာ - အစ်ကိုပြောခဲ့တာ မှန်နေတာပဲ။ ကျွန်တော် သူ့အနားရောက်သွားပြီး ဓာတ်မီးနဲ့ထိုးကြည့်လိုက်မှ ရုတ်ခြည်းပျောက်ကွယ်သွားတယ်။ တို့အစ်ကိုကြီးကိုပဲ ချီးကျူးပါတယ်ဗျာ။ မြင်လိုက်တာနဲ့ ဒါ လူစစ်စစ်မဖြစ်နိုင်ဘူးလို့ အတပ်ပြောလိုက်နိုင်တယ်။ အံ့ဩဖို့ကောင်းလိုက်တာ။ ဘယ်လိုလု[illegible]သိတာလဲပြောပါဦး"

"အခြေအနေကို ဆက်စပ်စဉ်းစားလိုက်ရင် လူမဟုတ်နိုင်လောက်တာကိုအဖြေထုတ်လို့ရလောက်ပါတယ်ကွာ၊ ဘာမှသိပ်ပြီးမခက်ခဲဘူး။ ဒီနားတစ်ဝိုက်မှာ စက်ပျက်လို့ ရပ်နေတဲ့ကားလည်း မတွေ့ရဘူး။ ရွာဆက်ပြတ်နေလို့ လူအရိပ်အယောင် လုံးဝမရှိတာ မင်းတို့မျက်မြင်ပဲလေ။ မိုးတွင်းကာလဖြစ်နေလို့ ကားလမ်းဘေးနှစ်ဖက်မှာ ရေပြင်လိုဖြစ်နေတယ်။ ဒီအခြေအနေမှာ မချောလေးက ဘယ်ကဘယ်လိုရောက်လာပြီး ကားရှေ့ကဖြတ်ပြေးရတာလဲ။ လူမဟုတ်လို့သာ ရောက်လာနိုင်တာပေါ့ကွာ။ ရှင်းပြီလား"

"ဟုတ်လိုက်လေဗျာ၊ အစ်ကိုကြီးပြောမှပဲသိရတော့တယ်"

စပယ်ယာသန်းမြင့်ကတော့ သရဲတစ္ဆေကိုကြောက်တတ်သူဖြစ်ရာ ဘာမှမပြောဘဲ ငြိမ်သက်နေ၏။ သိန်းကျော်ကပင် ဆက်လက်၍ -

"ဒီမိန်းကလေးက ဥစ္စာစောင့်လား၊ ပရလောကသားသရဲတစ္ဆေလား အစ်ကိုကြီးဘယ်လိုထင်သလဲ"

"ငါလည်း တပ်အပ်ဘယ်ပြောနိုင်ပါ့မလဲ။ သေချာတာကတော့ သူတို့ဟာ ပြိတ္တာဘုံသားတွေချည်းပဲ။ သူတို့လောကထဲမှာလည်း အဆင့်အမျိုးမျိုး၊တန်ခိုးပါဝါ အမျိုးမျိုး ပိုင်ဆိုင်ထားကြတတ်ကြတယ်။ ဒါကြောင့် သူတို့ရဲ့ကမ္မဇိဒ္ဓိတန်ခိုးနဲ့ အခိုက်အတန့်လောက်ပဲဖြစ်ဖြစ် မိန်းမချောလေးတစ်ယောက်ပုံသဏ္ဌာန်ကို ဖန်ဆင်းထားနိုင်စရာရှိတယ်။ ဒါကိုတို့တွေ့လိုက်ကြရတာပဲ ဖြစ်မှာပေါ့ကွာ။ ကဲ-ဒီတစ်ပွဲ ငါနိုင်သွားပြီလေ ငါနိုင်လို့ ဘာရမလဲ"

"ဟုတ်ပါတယ် အစ်ကိုကြီးနိုင်ပါတယ်ဗျာ။ အစ်ကိုကြီးက ကျွန်တော်တို့လို (အရက်) မသောက်တာဆိုတော့ ရန်ကုန်ကိုရောက်ရင် လက်ဖက်ရည်တိုက်ပါ့မယ်ဗျာ"

ည (၉) နာရီခန့်တွင် ရန်ကုန်ကိုဝင်ခဲ့ပြီ။ စဉ့်အိုးတန်းလမ်းရှိ ကုန်သည်၏ဂိုဒေါင်သို့ရောက်ရှိသွားပြီး ကုန်များချပြီးချိန်တွင် ညဉ့်နက်လေပြီ။ ကုန်သည်သိန်းကျော်လည်းအဖျားတက်နေကြောင်းသိရပြီး သူတိုက်မည့်လက်ဖက်ရည်ကို မသောက်တော့ဘဲ ကိုသောင်းကြည်တို့ကားပြန်ထွက်လာခဲ့လေသည်။

"အလကားပါ အစ်ကိုကြီးရာ၊ သိန်းကျော်က သတ္တိမရှိဘဲနဲ့ သရဲမကိုသွားပြီး အကဲစမ်းလိုက်တာ။ ခုတော့ ဒီကျွှောင်လန့်ဖျားဖျားသွားပြီလေ"

အိမ်အပြန်ခရီးတွင် ကားခေါင်းထဲ၌ စကားနည်းသော စပယ်ယာသန်းမြင့်က ပြောလိုက်ခြင်း ဖြစ်လေသည်။

*(စာရေးသားနိုင်အောင် မိမိဘဝအတွေ့အကြုံဖြစ်ရပ်ကိုပြောပြပေးသော ဦးသောင်းကြည်၊ နွယ်နီ (၁၃) လမ်း၊ မြောက်ဥက္ကလာ (ရန်ကုန်)ကို ကျေးဇူးတင်စွာဖြင့်)*

အောင်ဆန်းလင်း (ဘီ-အေ)



www.burmeseclassic.com

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး

## ပြကျောက် ၁၃



**□ သရက်ပင်ပြန့်ကျောက်တွင်းလုပ်ကွက်**

ထိုကျောက်တွင်းလုပ်ကွက်အား ထိုလုပ်ကွက်၏အလယ်တွင်တည်ရှိနေသော တောသရက်ပင်ကြီးအား အစွဲပြုလျက် သရက်ပင်ပြန့်လုပ်ကွက်ဟုခေါ်တွင်ပါသည်။ သရက်ပင်ကြီးကား လူကြီးနှစ်ဖက်ခန့်ရှိရာ ထိုအပင်ကြီး၌ ပတ္တမြားတို့ကို ပိုင်သစိုးမိုးတော်မူသော အရှင်သခင်ရပ်ကွက်စောင့်နတ်ရှိလောက်သည်ဟု အယူရှိကြကာ ထိုအပင်ကြီးနှင့်ကပ်၍ အရှေ့သို့မျက်နှာမူသော နတ်ကွန်းဆောက်လုပ်ထားလေ၏။

တွင်းလုပ်သူတို့သည် အန္တရာယ်ကင်းဝေးစေခြင်း၊ ကျောက်ကြီးကျောက်ကောင်းရပါစေခြင်းငှာ သရက်ပင်ပြန့်သို့ရောက်သည်နှင့် ဆီမီးဖယောင်းတိုင်၊ အမွှေးတိုင်၊ ကွမ်းယာ၊ ဆေးပြင်းလိပ်၊ သပြေပန်း စသည်တို့နှင့် ပူဇော်ပသကာ ဆုမွန်ကောင်းများတောင်းလေ့ရှိကြပါသည်။

သရက်ပင်ကြီးကား နိမ့်နိမ့်မဟုတ်ပေ။ ပင်စည်သည် အထက်သို့ဖြောင့်တန်းစွာတက်ပြီးမှ အမြင့်တွင်အကိုင်းအခက်တို့ ဝေစည်နေလေ၏။ ဆိုရသော် ထီးကြီးတစ်လက်နှင့်ဆင်ဆင်တူလေ၏။ ထိုအပင်ကြီး၏ကိုင်းများတွင် သစ်ခွပန်းမျိုးစုံတို့ စွဲကပ်ပေါက်ရောက်နေရာ သစ်ခွပန်းပွင့်ချိန်တွင် လွန်စွာလှပလေ၏။ သာမန်အပင်ဆိုသော် လူတို့သည် ထိုသစ်ခွပန်းရောင်စုံတို့အား ဝါးလှေကားဆင်ကာ မရရအောင်ယူကြမည်ဖြစ်သော်လည်း ထိုအပင်ကြီးတွင်မူ မည်သူမျှ မယူရဲကြပေ။ သို့ကြောင့် သစ်ခွပန်းများပွင့်ချိန်တွင် ထိုအပင်ကြီးပေါ်ရှိ သစ်ခွပန်းလှလှများအား မကြည့်ဘဲမနေနိုင်အောင်ရှိကြလေ၏။

ထိုသရက်ပင်ပြန့်လုပ်ကွက်ထဲသို့ ရောက်အောင် အချိန်တစ်နာရီခွဲခန့် သွားကြရပါသည်။ အများအားဖြင့် ကျောက်တွင်းလုပ်သူတို့မှာ ကျောက်ဖျာရွာမှသာများပါသည်။ မျှောတိုက်ရန် ရေအား ငွေးပင်ရွာအောက်ရှိ ငွေးပင်ချောင်းမှ ခက်ခဲစွာမြောင်းဖောက်သွယ်ယူထားရပါသည်။ တောင်စောင်းအတိုင်းပတ်၍တူးကာ သွယ်ယူထားသောရေမြောင်းကြီးသည် မျှောလေး၊ငါးမျှောစာတိုက်၍ရလေ၏။ မြောင်း၏အလျားသည် လေး၊ငါးမိုင်ခန့်ရှိပါသည်။

နာမည်ကြီးမျှောကြီးများမှာကား အနောက်ဘက်ဆုံးမှ သူကြီးဦးထွန်းညိုမျှော၊ အလယ်မှ ဦးဖိုးရန်မျှော၊ အရှေ့ဘက်ဆုံးမှ ကိုအုန်းခိုင်မျှောဟူ၍ မျှောသုံးမျှောယှဉ်၍တက်ကာတို[illegible]နေခြင်းဖြစ်သည်။ ပါလီမန်ဒီမိုက[illegible]ခေတ်ဖြစ်ရာ လိုင်စင်ခံ၍တွင်းလုပ်[illegible]ကြခြင်းဖြစ်သည်။ ထိုမျှောများအား အောက်ခြေချောင်းပြန့်တွင်အခြေခံကာ တဖြည်းဖြည်းတောင်တို့အားဖြိုကာ မျှောတိုက်၍တက်လာခြင်း ဖြစ်ပေ၏။

ထိုသရက်ပင်ပြန့်လုပ်ကွက်သည် သူရိန်တောင်တန်းကြီး၏ အနောက်တောင်ဘက် အောက်ခြေပြန့်ဖြစ်ပြီး ထိုဝန်းကျင်၌ စကျင်ကျောက်ဆောင်တို့ဖြင့် အတိပြီးလေ၏။ အပေါ်ယံရှိ မြေနီများ၌ ကြီးမားသောကျောက်စိုင်ကျောက်ခဲကြီးများဖြင့် ခက်ခဲစွာလုပ်ကိုင်ရသော်လည်း ကျောက်နီပတ္တမြားတို့ လွန်စွာပေါများလှပေ၏။

သို့သော် ကျောက်အများစုသည် ကိုင်းပိုးသားခေါ် အစင်းများပါတတ်သဖြင့် ဈေးကောင်းရသော ကျောက်နီများ မဟုတ်ပေ။ ကိုင်းပိုးသား ဟူသည် ဆင်သားရေကဲ့သို့ အစင်းများပါ၍ ဆင်နှင့်တင်စားခေါ်ခြင်းဖြစ်ကာ တွင်းတော၌ ဆင်ကို ဆင်ဟုမခေါ်ရဘဲ ကိုင်းပိုး ဟူ၍ခေါ်ရခြင်းဖြစ်၍ ကိုင်းပိုးသားဟုခေါ်ကြခြင်းဖြစ်သည်။ မျှောတိုက်၍ တစ်မုံဆေးသော် ကျောက်အကောင်း၊ အဆိုးပုတ်တောတစ်ချပ်စာမျှရကြလေ၏။

မိုးရာသီအပေါ်ယံမြေနီကြောများ မျှောတိုက်ပြီးသော် ဆောင်းရာသီနှင့် နွေရာသီတို့၌ ချောင်းရေနည်းသွားလေ့ရှိရာ အောက်ခြေစကျင်ကျောက်လက်ကြားတို့မှ ဖြုန်းတို့ကိုတင်၍ ရေမုန်ခွက်နှင့်ဆေးရသော ဖောက်တွင်းခေတ်သို့ ရောက်သွားလေ၏။ ဖောက်တွင်းကား ရေနည်းနည်းနှင့်ဆေး၍ရလေ၏။

မျှောတိုက်ခြင်းကား ရေကိုအင်တိုက်အားတိုက်သုံးစွဲကာ မြေမှန်များအားရေဖြင့်မျှောလွှတ်သောအလုပ်ဖြစ်ရာ ရေနည်းသောရာသီတို့၌ မျှောတိုက်၍မရပေ။ ထိုအခါ ကိုယ်စီဖောက်တွင်းလုပ်ကာ အောက်ခြေဖြုန်းစစ်ဖြုန်းမှန်တို့ကိုတူးဖော်၍ ဆေးခွင့်ရကြလေ၏။ ဤသည်မှာ တွင်းလုပ်ငန်း[illegible]ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပျိုဖြူ ဖြစ်လေ၏။ တစ်ဦးတည်းသောညီမလေးမယ်ခအား အစ်ကိုဖြစ်သူ ဖိုးရန်သည် လွန်စွာချစ်ရာ ရွှေများညွှတ်နေအောင် ဆင်ထားပေးလေ၏။ တွင်းပညာတော်သော အစ်ကိုကြီးဦးကြာဥ၏ ဦးဆောင်မှုဖြင့် လိုင်စင်ခံကာ တွင်းလုပ်ကြရာ အောင်မြင်မှုရရှိ၍ အထိုက်အလျောက် ချမ်းသာသဖြင့် ညီမဖြစ်သူအား အလိုလိုက်ကာ ရွှေလက်ကောက်ချည်းပင် တံတောင်ရောက်အောင် ဆင်ထားပေးလေ၏။

လူကလည်းပြောစရာမလိုအောင် လှပသလို ရွှေများလည်းသီးနေအောင် ဆင်ထားပေးရာ မယ်ခသည် ကျောက်ပြဿဒ်၊ ဆင်ခွာ၊ ရေအေး၊ ငွေးပင် စသောရွာများတိုင် သူ၏အလှသတင်း ကျော်စောလှပေ၏။

ထိုအခါ ပန်းသတင်း လေညင်းဆောင်ကာ မယ်ခအား ချဉ်းကပ်ပိုးပန်းသူတို့ များလှပေ၏။ မယ်ခကို လွန်စွာချစ်သော ဖိုးရန်သည် ချဉ်းကပ်သမျှသောကာလသားတို့အား ရန်အမြဲပြုလေ့ရှိ၏။ ဖိုးရန်သည် လူချင်းမယှဉ်သာနိုင်လောက်အောင်လည်း ဗလကောင်းကာ တောင့်တင်းသန်မာလှပေ၏။ ထို့ကြောင့် လာသမျှသောကာလသားတို့မှာ ဖိုးရန်၏ရန်ပြုခြင်းကိုအမြဲခံရသဖြင့် ဖိုးရန်ဟုသာ အမြဲခေါ်ကြပါသည်။ သို့နှင့်ပင် ငယ်မည်ပျောက်ကာ ဖိုးရန်ဟူသောအမည်တွင်ခဲ့ခြင်းဖြစ်၏။

ရှေ့မှ အစ်ကိုဖြစ်သူ ကိုဖိုးရန်မှကာဆီးထားရာ မယ်ခသည် ချစ်သူဟူ၍ တစ်ဦးမျှပင် မထားရသေးပေ။ ထိုသို့ရှိစဉ် ကံဆိုးမိုးမှောင်သည် မယ်ခပေါ်သို့ကျခဲ့လေ၏။ ထိုသည်မှာ ကျောက်ကြီးရောဂါဖြစ်သည်။ မယ်ခတွင် ကျောက်ကြီးရောဂါဖြစ်ရာ အလှူအလိမ့်ခံစားရပြီး နားလုံးဝမကြားရတော့ပေ။ ထို့ပြင် လွန်စွာလှပသောမယ်ခသည် ကျောက်ပေါက်မာကြီးများဖြင့် မလှမပသောဘဝသို့ ရောက်ရှိသွားခဲ့လေ၏။ ထို့ပြင် စကားကို ပီပြင်စွာမပြောနိုင်တော့ပေ။

ထိုအခါတွင် ယခင်က ပိုးကြပန်းကြသော လူပျိုကာလသားတို့သည် မယ်ခထံကပ်သူ တစ်ဦးတစ်ယောက်မျှပင် မရှိတော့ပေ။ သို့နှင့် မယ်ခ အပျိုကြီးဖြစ်လာရလေ၏။ ဤသည်မှာ ဖိုးရန်

□ ဦးဖိုးရန်

ဦးဖိုးရန်၏ ငယ်နာမည်မှာ ဦးဖိုးရန် မဟုတ်ပေ။ ဦးဖိုးရန်တို့တွင် မောင်နှမသုံးဦးရှိလေ၏။ အစ်ကိုကြီးမှာ ဦးကြာဥဖြစ်ပြီး ဒုတိယ ဦးဖိုးရန်ဖြစ်ကာ ညီမဖြစ်သူကား ဖွားခဖြစ်လေ၏။ ဦးကြာဥနှင့်ဖွားခမှာ လူပျိုကြီး၊ အပျိုကြီးများဖြစ်သည်။

ဖိုးရန်ဟုအမည်တွင်ရခြင်းမှာ အကြောင်းမဲ့မဟုတ်။ အင်္ဂလိပ်အုပ်ချုပ်စဉ်ကာလ၌ ညီမဖြစ်သူ မယ်ခသည် မြင်သူငေးလောက်အောင် ချောမောလှပသော ကွမ်းတောင်

www.burmeseclassic.com

၏ ပယောဂမကင်းခဲ့ပေ။

□ **ကိုဖိုးရန်အိမ်ထောင်ကျခြင်း**

ကိုဖိုးရန်ကား သူများအပေါ် ရန်လိုတတ်ခြင်း၊ အများနှင့်တည့်အောင်မနေတတ်ခြင်း၊ ကျပ်မပြည့်သောစိတ်ရှိခြင်းတို့ကြောင့် ကျောက်ဖျာရွာနှင့် ရွာနီးချုပ်စပ်မှ ပျိုဖြူတို့သည် ကိုဖိုးရန်ကို စိတ်မဝင်စားကြပေ။ သို့ကြောင့် လူပျိုကြီးဖြစ်လာရလေ၏။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်၍ ယူနန်ပြည်နယ်မှ တရုတ်များသည် ဂျပန်ဘေးမှလွတ်စေရန် အိမ်နီးချင်း မြန်မာနိုင်ငံဘက်သို့ အများအပြား ခိုလှုံဝင်ရောက်ကြလေ၏။ ထိုသို့ခိုလှုံကြရာ မိုင်းသာခေါ် ရှမ်းတရုတ်လူမျိုးများလည်း အများအပြားပါဝင်လေ၏။

ထိုသို့ခိုလှုံရာ ထိုမိုင်းသာတရုတ်တို့သည် မိုးကုတ်ပတ္တမြားမြေသို့လည်း ရောက်ရှိလာကြကာ မိသားစုတစ်စုသည် ကျောက်ဖျာရွာသို့တိုင် လာရောက် ခိုလှုံလေ၏။

ကျောက်ဖျာရွာတွင် ခိုလှုံသော မိသားစုထဲမှ မိုင်းသာခေါ် ရှမ်းတရုတ်မလေးတစ်ဦးနှင့် ကိုဖိုးရန်မှာ အိမ်ထောင်ကျလေ၏။ ကျန်မိသားစုများမှာ စစ်ကြီးပြီးသော် ယူနန်ပြည်နယ်သို့ ပြန်သွားလေ၏။ ရှမ်းတရုတ်မလေးမှာ ကျောက်ဖျာတွင် အိမ်ထောင်ကျကာ ကျန်ရစ်ခဲ့ပါသည်။

ရှမ်းတရုတ်မလေးသည် အတန်ပင်ချောမောလှပရာ စိတ်မပြည့်သော ကိုဖိုးရန်သည် စိတ်မချနိုင်အောင်ရှိရလေ၏။ သို့ကြောင့် သွားလေရာခေါ်သွားလေ့ရှိပြီး မျက်စိအောက်က အပျောက်မခံပေ။ သူ့မိန်းမအား စကားပြောဖို့တင်ထား ယောကျ်ားမှန်လျှင် ကြည့်၍ပင်မရပေ။ သူ့မျက်စိရှေ့၌ ကြည့်မိသော် ထိုလူအား ရန်စကားပြောလေ့ရှိလေ၏။ နာမည်နှင့်လိုက်လျောစွာပင် ရန်ပြုလေ့ရှိရာ ကိုဖိုးရန်ကား လူတွေ၏ချဉ်ဖတ်ဖြစ်လာလေ၏။ သို့သော် တောင့်တင်းသန်မာ၍ ကျပ်မပြည့်သောသူ့အား မည်သူကမျှ တုဖက်၍ရန်မပြုကြပါ။ ကွယ်ရာ၌ အရူးဖိုးရန်ဟုပင်ခေါ်လာကြပါသည်။

စစ်ကြီးဖြစ်နေစဉ်အတွင်းဝယ် အင်္ဂလိပ်တို့ဆုတ်ခွာပြေးသဖြင့် ကျောက်နီပတ္တမြားများဝယ်ယူသောအင်္ဂလိပ်ကုန်သည်များမရှိတော့ရာ ကျောက်များဝယ်ယူသူမရှိတော့သဖြင့် ကျောက်တွင်းတူးသူဟူသမျှအားလုံးနားကြရပါသည်။

ထိုဂျပန်ခေတ်ကား ထာပွဲကွယ်ပျောက်လျက် (ထာပွဲ-ကျောက်ဈေး) ချောင်းမြောင်းရေတို့ ကြည်လင်ကုန်ပါသည်။ ထိုချောင်းရေကြည်ခြင်းသည် တွင်းသမားတို့ ကျောက်တွင်းမလုပ်၍ဖြစ်သည်။ ကျောက်တွင်းများလုပ်သော် ချောင်းရေသည် အစဉ်အမြဲနောက်၍နေလေ၏။ ထိုသို့ချောင်းမြောင်းများရေနောက်ကာနီနေပါမှ မိုးကုတ်မှာ ကျက်သရေရှိလေ၏။ ရေကြည်ခဲ့သော် မိုးကုတ်ပတ္တမြားမြေဒုက္ခတွေ့ချိန်ပင်ဖြစ်သည်။ ထိုသို့ရေကြည်ကာ ထာပွဲကွယ်ပျောက်နေသော ဂျပန်ခေတ်ဝယ် ကိုဖိုးရန်တို့မောင်နှံများသည် မယ်ခ၏ များပြားသောလက်ဝတ်ရတနာတို့ကို ရောင်းချသုံးစွဲလျက် ဘဝကိုတည်ဆောက်ရပါသည်။ ထိုစဉ်အထိ ကိုဖိုးရန်တွင် သားသမီးရတနာမထွန်းကားသေးပါ။

မြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီးသောအခါဝယ် ဦးကြာဥ ဦးဆောင်သော တွင်းအဖွဲ့သည် သရက်ပင်ပြန့်တွင် လုပ်ကိုင်ကြပါသည်။ ထိုစဉ်ကာလဝယ် သရက်ပင်ပြန့်ဝန်းကျင်သည် တောနက်ကြီးအဖြစ်သာရှိနေပါသေးသည်။ အရှေ့ဘက်တောင်ခြေအလယ်ရှိ သစ်တောအုပ်ကြီးသည် စိမ်းစိုညို့မှောင်နေလေ၏။ မျောက်ပြာများ၊ မျောက်ဖင်နီများ အုပ်စုလိုက်ကျက်စားနေကြလေ၏။

မိန်းမအား မျက်စိအောက်က အပျောက်မခံသော ကိုဖိုးရန်သည် သူ့မိန်းမအား သရက်ပင်ပြန့်သို့ နေ့စဉ်ခေါ်ခဲ့ကာ တွင်းအနီးရှိ စင်ပြွမ်းပင်ကြီးတွင် နွယ်ဒန်းကြီးပြုလုပ်ကာ ထိုနွယ်ဒန်းပေါ်၌တင်၍ထားလေ၏။ လှပသောရှမ်းတရုတ်မလေးသည် ကိုဖိုးရန်တွင်းဆင်းချိန်များ၌ နွယ်ဒန်းကြီးစီးကာနေရရှာလေ၏။ တွင်းနားချိန် ထမင်းစားချိန်တို့သာ ဒန်းပေါ်မှဆင်းခွင့်ရရှာ၏။

ထိုအချိန်ဝယ် သူတို့သည် ရှမ်းပြည်နယ်တောင်ပိုင်းမှ တွင်းသား (၃) ယောက်အားခေါ်၍ထားရာ မျှောတွင်လူ (၅)ယောက်ဖြစ်သည်။ ထို တစိမ်း တွင်းသား (၃) ယောက်အား စိတ်မချသဖြင့် ထိုသို့ နွယ်ဒန်းပေါ်တင်ထားခြင်းဖြစ်သည်။

အစ်ကိုဖြစ်သူ ဦးကြာဥသည် သူ့ညီ ရူးသွပ်စွာပြုမူမှုများအားကြည့်၍ စိတ်မကောင်းခြင်းကြီးစွာဖြစ်ရလေ၏။ အရူးကို လင်လုပ်ရသောဝဋ်ဒုက္ခသည် မသေးလှပေ။ တစ်ပြည်တစ်ရွာမှ စစ်ဘေးရှောင်ရင်းရောက်လာရသော ရှမ်းတရုတ်မလေးသည် အားကိုးလိုစိတ်ဖြင့် ယူမိခြင်းဖြစ်သည်။ သို့သော် ရူးကြောင်ကြောင်နိုင်လှသော လင်ဖြစ်သူ၏ အကျင့်များအား သိလာရသောအခါ စိတ်မကောင်းခြင်းကြီးစွာခံစားရလေ၏။

ထိုသည်တို့ကိုမြင်ရသော နူးညံ့သည့်နှလုံးစိတ်ဝမ်းရှိသော ဦးကြာဥသည် ညီဖြစ်သူကို ပြောဆိုဆုံးမ၏။ အစ်ကိုကြီး၏စကားအား မဖယ်ရှားဝံ့သော ကိုဖိုးရန်သည် သူ့ဇနီးအား ဒါန်းပေါ်မထားတော့ဘဲ တွင်းတဲ၌သာနေစေလေ၏။ သို့သော် တွင်းသားများအား စကားပြောခွင့်မရှိပေ။ မိန်းကလေးအလုပ်ဖြစ်သော ကနဲဆေးခြင်း(ကနယ်)အလုပ်ကိုမလုပ်စေပါ။ တွင်းဆေးသောနေ့၌ ရွေးပြီးသား သဲဖတ်များသာ နောက်တစ်ကြိမ်ရွေးရန်ပေးလေ့ရှိ၏။ ရှမ်းတရုတ်မလေးသည် ဦးဖိုးရန်သွားရာနောက် အရိပ်လို တကောက်ကောက်လိုက်နေရသောဝဋ်သည်မသေးလှပေ။

ညီမဖြစ်သူ မယ်ခ အပျိုဘဝ၌လည်း အမြဲကာဆီးကာဆီးလုပ်သလို ဇနီးဖြစ်သူအပေါ်၌လည်း အမြဲပင်ကာဆီးနေရာ သူ၏စိတ်မချနိုင်သောအစွန်းရောက်စိတ်ကား အံ့ဩဖွယ်ကောင်းလှပေ၏။

□ **ပြကျောက်ကိုရာကြပြီ**

ရေပန်းကို ဖြတ်လိုက်သည်နှင့် ကျောက်ဖြုန်းပုံကြီးအား ရှင်းလင်းရန်အသင့်ဖြစ်ပြီ ဖြစ်သည်။ ရေတို့ တဝေါဝေါစီးဆင်းနေ၏။ ထိုရေစီးနှင့်အတူ ဦးဖိုးရန်သည် ကျောက်တုံးကျောက်ဖြုန်းများအား မျှောခွက်ထဲသို့ ဆွဲချပေးနေလေ၏။

ဆိုင်းဖြင့်မနိုင်သော ကျောက်တုံးကြီးများအား ဦးဖိုးရန်မှ (၁၈) ပေါင်တူကြီးဖြင့် ရိုက်ခွဲပေးရ၏။ အားကောင်းမောင်းသန်ဖြစ်သော ဦးဖိုးရန်၏တူကြီး ဆွဲချက်မှာ ဗြိုခနဲဗြိုခနဲနေကာ ဆန်အိတ်လောက်ရှိသောကျောက်တုံးတို့ အစိတ်စိတ်အမြွှာမြွှာကွဲရလေ၏။ တွင်းသားတစ်ယောက်က ကျောက်ဖြုန်းများ တောကူထဲသို့ ကောက်ထည့်ပေးရ၏။ တစ်ဦးကမျှောခွက်အပေါ်သို့မြှောက်တင်ပေးရ၏။ အပေါ်မှတစ်ယောက်က ဆိုင်းထမ်းခိုတ်ထမ်းပိုးဖြင့်ထမ်း၍ အဝေးသို့သွားသွန်ရ၏။ ဦးကြာဥကား တွင်းတစ်နေရာမှထိုင်ကာ စီစဉ်ညွှန်ကြား၍နေလေ၏။

ဦးဖိုးရန်သည် သတိကြီးစွာထား၍ မျှောထိပ်မှခဲများအားဆွဲချနေစဉ် ဒိုးလုံးခန့်ရှိသော ပတ္တမြားနီရဲရဲကြီး



www.burmeseclassic.com

www.burmeseclassic.com

ဘွားခနဲပေါ်လာကာ ကျောက်ဖြုန်းတို့ဖြင့် ချက်ချင်းပင် ပြန်လည်ဖုံးအုပ်သွားလေ၏။ ရေစီးကြောင်းဖြစ်ရာ ချက်ချင်းပြန်ပျောက်သွား၏။

"ဟော့ ဖိုးရန် နေဦး၊ မင်းဆွဲချနေတုန်း ဒိုးလုံးလောက်ကျောက်ကြီးပေါ်တာ မြင်လိုက်တယ်"

"အေး - ငါလည်းမြင်လိုက်တယ်။ ဟောဒီနားမှာခဲတွေပြန်ဖုံးသွားတာ"

ဟုပြောကာ ဆွဲချခြင်းကိုရပ်၍ ထိုကျောက်နီကြီးဖုံးသွားသောနေရာအား ကျောက်ဖြုန်းတို့ဖယ်၍ လက်ဖြင့်ယက်ရှာနေ၏။ ဦးကြာဥလည်း ချက်ချင်းမျှောခွက်ထဲခုန်ဆင်းကာ ပေါက်ပြားဖြင့်အသာရှပ်၍ ဖုံးအုပ်သွားသောကျောက်နီကြီးကို ရှာဖွေနေလေ၏။ ထိုနေရာအားစိတ်တိုင်းကျလှန်လှောမွှေနှောက်ရှာဖွေပါသော်လည်း ဒိုးလုံးခန့်ရှိပတ္တမြားပြားပြားကြီးကား လုံးဝရှာမရတော့ပေ။

"ဒီလောက်ကြီးတဲ့ကျောက် ရေထဲမျောပါမသွားနိုင်ပါဘူးကွာ။ဘယ်ရောက်တာပါလိမ့်"

ဟု ဦးဖိုးရန်က ညည်းသော် ဦးကြာဥသည် ချက်ချင်းပင်-

"ဖိုးရန်ရ အဲဒီကျောက်ကြီးဟာ ပြကျောက်ဖြစ်မယ်ကွ။ လျှပ်တစ်ပြက် မြင်လိုက်ရပေမယ့် အရည်အသားအရွယ်ဘာမှပြောစရာမလိုဘူးကွာ။နှမြောလိုက်တာကွာ"

ဟု ဆိုလေ၏။

"ဒါဆို အစ်ကိုကြီးရာ ဒီကျောက်ဖြုန်းတွေ အကုန်ကောက်ပြီးရင် ဆေးပြီးရှာကြည့်ကြစို့လား"

"လုပ်လေ၊ မင်းသဘောပါပဲ။ ဆေးရင်လည်းဆေးပေါ့။ သဲကနည်းသေးတော့ကာ သိပ်တော့မဆေးရပါဘူး"

ဟု ဆိုသဖြင့် ကျောက်ဖြုန်းများမျှောခွက်ထဲမှ ကုန်အောင်ကောက်ကာ စတင်ဆေးကြပါသည်။ ဆေး၍ပြီးသွားသည် ညီအစ်ကိုနှစ်ဦးစလုံး ပီပီပြင်ပြင်မြင်လိုက်ရသောပတ္တမြားကြီးကား လုံးဝမတွေ့ကြပေ။ မကျေနပ်သဖြင့် ခေါင်မှရေကိုလွှဲကာ ရေကင်းစင်သောမျှောခွက်ထဲ၌ ထပ်မံရှာကြပြန်၏။ သဲပြောင်စင်အောင်ဆွဲချထားသဖြင့် ကျောက်နှင့်တူတာပင်မတွေ့ရချေ။ အခြားသောကျောက်များမှာ များစွာရကြပါသည်။

"ဖိုးရန်ရေ၊ မင်းတို့ငါတို့မထိုက်တော့ မြင်ရုံမြင်လိုက်ရတာကွ။ ဘိုးတော်ကြီးက ဒါမျိုးကျောက်ရှိတယ်ဆိုတာ ပြရုံပြတာကွ။ ငါ့အထင် ဒီကျောက်ဟာ နှစ်ဗုလီကျော်ကျော်တောင်ရှိမယ်ထင်တယ်။ အနေအထားရော၊ အရည်ရော၊ အရွယ်ရောပါပြောစရာမလိုတဲ့ကျောက်ဘဲကွာ။ လျှပ်တစ်ပြက်မြင်လိုက်တာနဲ့ကို မျက်စိထဲကမထွက်အောင်လှတဲ့ကျောက်ပဲကွ။ ပြကျောက်ဖြစ်သွားတာ နာတယ်ကွာ။ ငါတို့သာတကယ်ရရင်ချမ်းသာပြီကွာ"

ဟု ဦးကြာဥက ဆိုပါသည်။

ထိုပြကျောက်ကြီးသည် သူတို့တစ်သက် မျက်စိထဲကမထွက်ခဲ့ပေ။ အမှန်တကယ် မြင်လိုက်ရသော်လည်း နတ်များပြန်သိမ်းသွားသည့် ကျောက်စစ်ပတ္တမြားကြီးအကြောင်းအား စကားစပ်မိတိုင်း သူတို့ညီအစ်ကိုက ပြောပြတတ်လေ၏။ ပြကျောက်ဟူသည် ပုံပြင်ဆန်လွန်းလှပေ၏။

အချို့သည် လောဘစိတ်ကြောင့် မျက်စိမှုဖြစ်သည်လည်းရှိ၏။ ယခုပတ္တမြားကြီးကား ညီအစ်ကိုနှစ်ဦးစလုံး မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသဖြင့် မျက်စိမှုဖြစ်ခြင်းမဟုတ်ဘဲ နတ်တို့ကပြလိုက်သောပြကျောက်စစ်စစ်သာဖြစ်ချေ၏။ ပြသာပြ၍မရလိုက်ကြပေ။

**□ ရေနောက်ထမ်း၍ပြန်ရသောပတ္တမြားကြီး**

ဦးဖိုးရန်တို့အိမ်တွင် နေကြသော တောင်ဘက်သားသုံးဦးသည် ရှမ်းတိုင်းရင်းသားများ ဖြစ်ကြပါသည်။ နာမည်လည်း အလွန်ရိုးကြပါသည်။ အိုက်ငါ၊ အိုက်လှ၊ အိုက်ပ ဟူ၍ခေါ်ကြလေ၏။ ထိုကာလ၌ ကျောက်ဖျာရွာလေးတွင် ဗမာတိုင်းရင်းသားဟူ၍ မရှိသေးပါ။ ရွှေဘို-မုံရွာဘက်မှ တွင်းသားလာစပ်သော် ဗမာများဖြစ်၍ ခေါ်လေ့မရှိပါ။ တောင်ဘက်ခေါ် ရှမ်းပြည်တောင်ပိုင်းသား ရှမ်းနှင့် ဓနုတို့ကိုသာ တွင်းသားမွေးကြပါသည်။

မိုးရာသီ၏တစ်နေ့ ဖြစ်သည်။ သရက်ပင်ပြန့်သို့ရောက်သည်နှင့် တွင်းဆင်းရန် တွင်းဝတ်များလဲကြလေ၏။ တွင်းဝတ်များလဲပြီးသော် [illegible]စ်အတိုင်း ညကရိုက်ခဲ့သောရေပန်းအား ရေလွှဲရမည်ဖြစ်၍ အိုက်ငသည် မျှောဦးရှိရေပန်းအား တက်၍လွှဲလေ၏။

အိုက်ပနှင့်အိုက်လှတို့သည် မနေ့ညနေက ချုံထဲထိုးထည့်ခဲ့သော တွင်းပစ္စည်းများဖြစ်သည့် သံချောင်းရှည်များနှင့် ပေါက်ပြားတို့ကို ခပ်လှမ်းလှမ်းရှိချုံစပ်သို့ သွားရောက် ထုတ်ယူနေပါသည်။ တူကြီးနှင့်တူသေးမှာမူ ဦးဖိုးရန်ကိုယ်တိုင် ပေါင်းကူးမြောင်းမြီးထဲတွင် ဖွက်ခဲ့ခြင်းဖြစ်ပြီး လိုအပ်မှဝင်ယူမည်ဖြစ်သည်။ တွင်းတိုင်း၌ တူကြီးနှင့်သံချောင်းရှည်ကောင်းရန် လွန်စွာလိုအပ်ပါသည်။ တူဆိုလျှင် အင်္ဂလန်တူမှကိုင်ကြပါသည်။ အင်္ဂလန်တူကား မည်မျှရိုက်ပါစေ ထိပ်သားဖွာမထွက်ဘဲ သံသားအလွန်ကောင်းလေ၏။

ဦးကြာဥသည် ဦးစွာ ရေပန်းဖြုတ်အပြီးကိုစောင့်ကာ မျှောခွက်ထဲ၌ ကျောက်ပေါ်၊ မပေါ်ကြည့်လေ့ရှိကြရာ အံ့ဩစွာပင် ငှက်ပျောဖူးခန့်ရှိ ပတ္တမြားကြီးတစ်ပွင့်သည် ကျောက်ဖြုန်းပုံပေါ်၌ ထင်းထင်းကြီးပေါ်လျက်ရှိလေ၏။

ထို့ကြောင့် မျှောခွက်ထဲခုန်ဆင်းကာ ကြီးမားသော ပတ္တမြားကြီးကို ကောက်ယူလိုက်ပါသည်။ ထို့နောက် အသေအချာလှည့်ပတ်၍ကြည့်လိုက်၏။ အလေးချိန်သည် နှစ်ပိဿာခန့်ရှိမည်ဖြစ်ပြီး စင်းလုံးချောကာကောင်းမွန်သော ကျောက်မဟုတ်ချေ။ ဘေးမျက်နှာပြင်၌ ဖြုန်းခေါ် မြေနီများစိုက်ဝင်နေခြင်းဖြင့် ဤကျောက်ကြီးသည် ၊အပေါက်များပါသော ကျောက်ပိုးထိုးကြီးဖြစ်နိုင်ကြောင်း သဘောပေါက်ရလေ၏။

ထိုကျောက်ကြီးအား မျှောတွင်းအပေါ်ယူလာကာ မျက်နှာစုံညီကြည့်စေ၏။ တစ်သက်နှင့်တစ်ကိုယ် ထိုမျှကြီးမားသောပတ္တမြားကြီးကို မမြင်ဘူးကြပေ။ ဘယ်တွင်းကမှလည်းထွက်သည်ဟုမကြားခဲ့ဖူး။ သို့သော် ကျောက်စစ်ကျောက်ကောင်းကား မဟုတ်ပါ။ ကျောက်ကားစလူပေါက်များပါသော လုံးချောသားကျောက်ကြီးသာဖြစ်ပါသည်။ ကြီးသော်လည်း မကောင်းချေ။ ကောင်းသော် မကြီး၊ ကြီးသော် မကောင်း ဟူသောစကားနှင့် လိုက်လျောညီထွေသောကျောက်ဖြစ်ပေ၏။ ထို့ကြောင့်လည်း ပတ္တမြားတို့ကို စောင့်ရှောက်သော အရှင်သခင်တို့ထံ ကျောက်တောင်းရာဝယ် ကျောက်ကြီးကျောက်ကောင်းများလည်း ပေးသနားတော်မူပါဟူ၍ တောင်းကြမြဲဖြစ်သည်။

ဦးဖိုးရန်သည် ကျောက်ကြီးရပါသော်လည်း ကျောက်ကောင်းမဟုတ်ရာ မကျေမနပ်နှင့် ပွစိပွစိလုပ်နေလေ၏။

"ကျောက်ကြီးကျောက်ကောင်းပေးပါလို့ ဘိုးတော်တွေဆီတောင်းပေမယ့် ကျောက်ကြီးတော့ပေးပါရဲ့။ ကျောက်ကောင်းမဟုတ်တာ နာတယ်ကွာ။ ပေးမယ့်ပေးရင် အရင်တစ်ခါပြတဲ့ပြကျောက်မျိုးပေးလိုက်စမ်းပါ။ ဖိုးရန်တို့က စိတ်မဆိုးပါဘူး။ ငါ့မိန်းမမွေးတော့မှ မီးနေစရိတ်လေးတော့ရချင်တယ်။ ဒီကျောက်လောက်နဲ့တော့အစေ်မနံပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ကဲကဲ - တွင်းဆင်းကြမယ် လုပ်ကြ"

*ဟု ဦးကြာဉက သတိပေးမှ ပွစိ*ရပ်ကာ တွင်းထဲဆင်းသွားရလေတော့၏။ ဦးကြာဉသည် ကျောက်ကြီးအား ရေဖြင့်ထပ်မံဆေးကာ ကပ်နေသော်ဖြုန်းမြေတို့ကို တုတ်တစ်ချောင်းဖြင့်ထွင်၍ထုတ်လေ၏။ ပိုးထိုးသကဲ့သို့သော အပေါက်တို့သည် ကျောက်ကြီးအခွံတွင် များစွာပါလေ၏။ နှီးထိုး၍ရသောအပေါက်တို့လည်းပါရာ ဦးကြာဉသည် နှီးကြောဖြင့်ထိုး၍ ဆွဲယူ၍ရအောင် ပြုလုပ်ထားလိုက်ပါသည်။ အရည်အသားကောင်းသော်လည်း အပြစ်တို့များစွာပါရာ လုံးချောကျောက်ကြီးဖြစ်၍နေလေ၏။

တွင်းပြန်ချိန်ရောက်သော် ဦးဖိုးရန်သည် အနီးရှိ ဝါးရုံမှဝါးတစ်လုံးခုတ်ကာ ကျောက်ကြီး၏နှီးကွင်း၌စွပ်၍ ရှေ့နောက်ထမ်းရန်ပြုလုပ်၏။

"ကဲ - အစ်ကိုကြီးကနောက်ကထမ်း၊ ကျုပ်ကရှေ့ကထမ်းမယ်"

"ဟေ့ကောင် ဖိုးရန်၊ မင်းရူးနေသလား"

"အိုဗျာ - အစ်ကိုကြီးကလည်း၊ ဖိုးရန်တို့ညီအစ်ကို ကျောက်ကြီးကို ဝါးလုံးနဲ့လျှိုထမ်းလာတယ်ဆိုတာ ကျောက်ဖျာရွာမှာရာဇဝင်စာတွင်အောင်လို့ပါအစ်ကိုကြီးရယ်။ ထမ်းမှာထမ်းစမ်းပါ၊ ဒီအခွင့်အရေးမျိုး နောက်တစ်ခါရဖို့မလွယ်ဘူး အစ်ကိုကြီးရဲ့။ဒါမျိုးကျောက်တွေ့တောင် နှီးထိုးဖို့ အပေါက်ကပါချင်မှပါမှာ။ ခုဟာက အတော်အဆင်ပြေတာ။ ကဲ - ထမ်းစမ်းပါ အစ်ကိုကြီးရာ"

"ဖိုးရန်ရာ မင်းရူးတာနဲ့ငါပါရောပြီး ရူးရတော့မယ်ထင်ပါရဲ့။ ကဲကဲ - ထမ်းပါ့မယ်ကွာ"

ဟု ပြောရာ အားလုံးဝိုင်းရယ်ကြလေ၏။ ကျောက်ကြီးတစ်ပွင့်အား ရှေ့နောက်ဝါးထမ်းပိုးဖြင့်ထမ်းကာ ပျော်ရွှင်စွာပြန်ခဲ့ကြလေ၏။ ရွာရောက်သော် မှောင်ရီပင်ပျိုးစပြုပြီ ဖြစ်သည်။

"ဟေး-လာကြည့်ကြဟေ့၊ ဖိုးရန်တို့ညီအစ်ကို ကျောက်ကြီးကို ဝါးလုံးနဲ့ရှေ့နောက်လျှိုထမ်းလာပြီဟေ့။ကျောက်ကြီးမမြင်ဖူးသူတွေလာကြည့်ကြ၊ လာကြည့်ကြဟေ့"

ဟု အော်ပြီး ရွာထဲဝင်လာရာ အထူးအဆန်းမို့ လူများထွက်၍ ကြည့်ကြလေ၏။ ရွာလယ်၌ အတန်ကြာရပ်ကာ လူတို့ကိုပြသဖြင့် ကြီးမားသော ထိုပတ္တမြားကြီးကို လူတို့မြင်ခွင့်ရလိုက်ကြလေ၏။

အချို့လူကြီးသူမတို့သည် -

"ဖိုးရန်ရူးပုံကတော့ ကမ်းကုန်တယ်"

ဟု ပြောစမှတ်ပြုကြကုန်၏။

အမှန်လည်း ထိုအဖြစ်မျိုး နောက်နောင်တွင် မကြုံကြတော့ပေ။ ဦးဖိုးရန်ပြောသကဲ့သို့ ကျောက်ဖျာရာဇဝင်တွင် စာတင်ရသောအဖြစ်တစ်ခုဖြစ်ကာ ယခုထိတိုင် ပြောစမှတ်ကျန်ရစ်ခဲ့လေ၏။ အချို့လည်း ထိုမျှကြီးသော ပတ္တမြားမမြင်ဘူး၍ အိမ်ထိတိုင်လိုက်ကြည့်ကြလေ၏။

အသိဗဟုသုတ မကြွယ်ဝသော ဦးဖိုးရန်သည် ထိုကျောက်ကြီးအားခွဲရမှန်း၊ ဖြတ်တောက်ရမှန်းမသိဘဲ သာမန်အမြင်ဖြင့်သာ ဈေးပေါပေါဖြင့်ကုန်သည်အား ရောင်းချပေးလိုက်၏။ အထဲတွင် အနှစ်ရှိ၊ မရှိ ကြည့်ခြင်းသိခြင်းမရှိပေ။

ဝယ်သွားသော ကုန်သည်သည် ကျောက်ဖျာရွာသို့လာတိုင်း ဦးဖိုးရန်တို့အိမ်အတွက် စားဖွယ်သောက်ဖွယ်များ ဝယ်လာကာ နောင်ထိုကျောက်မျိုးတွေ့ပါက သူ့သာရောင်းပေးပါရန် အကြိမ်ကြိမ်တောင်းဆိုလေသည်။ ထိုအခါဝယ်ထိုကုန်သည် မည်မျှမြတ်သွားသည်ကို ရိပ်မိရပါသည်။

ထိုဆိုင်းထမ်းကျောက်ကြီးကား သူတို့အတွက် အပြသာရှိပြီး အရမရှိကြပေ။ ထို့ကြောင့် ကုန်သည်အတွက် ထွက်ပေးသော ပြကျောက်ကြီးသာဖြစ်ပါသည်။ သူတို့ကား ပွဲခမျှသာရကြလေ၏။

ထိုကျောက်ကြီးရပြီး မကြာမီပင် ရှမ်းတရုတ်မလေးမှ သမီးလေးမွေးဖွားရာ ရတနာအမည်ဖြစ်သော မြနှင့် စိန်တို့ကို အစွဲပြု၍ မမြစိန်ဟူ၍ အမည်ပေးလိုက်လေ၏။ ရိုးရှင်းသော တောအမည်သာဖြစ်ပါသည်။ မမြစိန်မှာ လွန်စွာလှပ၍ ရဲတွက်နေလေ၏။ မိခင်နှင့်တူသောသမီးဖြစ်သည်။

## ❑ စုကျောက်များ

တွင်းပိုင်ရှင်အား ပေါလံဟုခေါ်ကာ တွင်းပိုင်ရှင်ကတော်ကို မဲလံဟုခေါ်ကြလေ၏ ကျေးလက်များ၌လည်းကောင်း၊ မြို့ပြများ၌လည်းကောင်း တွင်းသားတို့ကို မှန်မှန်ကန်ကန်ရှင်းပေးသော ပေါလံဟူသည် လွန်စွာရှားပါးလေ၏။

တွင်းသားသည် မိမိရပိုင်ခွင့်မှ (၃၀) ရာခိုင်နှုန်းသာရရှိပြီး တွင်းဆရာဆိုပါမူ ထက်ဝက်စားခေါ် (၅၀)ရာခိုင်နှုန်းရရှိ၏။ အများအားဖြင့် ဤသည်မှာ အမည်သာဖြစ်ပြီး ပေါလံအများစုတို့သည် မိမိတို့ပေးချင်သလောက်သာပေးတတ်ကြပါသည်။ ကျောက်ဖျာဟူသောရွာ၌ မှန်ကန်သောပေါလံဟူ၍ ရှေးကသူကြီးဦးထွန်းညို၊ မတင်ကြည်၏ဖခင်ဦးကံတို့သာရှိခဲ့ပြီး ကျွန်ုပ်ရောက်ပြီးနောက်၌ ဦးထွန်းညို၊ ဦးကံတို့အပြင် ဦးကျော်တင်၊ ဦးဘစိုးတို့ တိုးလာခဲ့ပါသည်။ ဤသည်မှာ ကျွန်ုပ်၏အမြင်ဖြစ်သည်။ ဦးဖိုးရန်တို့ခေတ်အား မမီလိုက်ပါ။

ဦးဖိုးရန်သည် အစ်ကိုကြီးဦးကြာဉ၏ခွင့်ပြုချက်ကိုရယူကာ ဆေး၍ရလာသမျှသောကျောက်တိုင်း၌ အကောင်းဆုံးသောကျောက်တို့ကိုရွေးယူကာ စုဘူးပုလင်းထဲသို့ထည့်ပြီး ကျန်သောကျောက်များကိုသာရောင်းချလေ့ရှိပါသည်။

တွင်းသားတို့ကို တစ်လတစ်ကြိမ်ရှင်းပေးလေ့ရှိကာ ထမင်းဖိုးကိုလည်း တစ်လတစ်ရာ အမြဲနုတ်လေသည်။ ထို့ကြောင့် ဆေးတိုင်း ကျောက်တို့များစွာရနေပါသော်လည်း တွင်းသားတို့မှာ ခံစားခွင့်ပြည့်ပြည့်ဝဝမရကြပေ။

သို့သော် တွင်းစအလွန်မြိုင်သောတွင်းဖြစ်သဖြင့် တွင်းသားတို့သည် သည်းခံကာ လုပ်ကိုင်ကြလေ၏။ တောင်ဘက်သားတွင်းသား (၃) ဦးသည် လွန်စွာမြဲမြံလှပေ၏။

ကြာကြာတစ်ခါ ဦးဖိုးရန်သည် အိုစာမင်းစာဟူ၍ စုထားသောကျောက်တို့အား ကြေးထာဗန်းကြီးထဲသွန်ထည့်ကာ ကြည့်တတ်လေ၏။ တွင်းသားတို့တက်လာသော် မြင်မည်စိုး၍ ကျောက်ဗန်းကြီးမ,ကာ အခန်းထဲဝင်သွားတတ်သည်။ မလုပ်နိုင်မကိုင်နိုင်သောအရွယ်၌ ကျောက်များတစ်ပွင့်ပြီးတစ်ပွင့်ထုတ်ရောင်းကာ မပူမပင်မကြောင့်မကြမတောင့်မတနေနိုင်ရန်စုထားသောကျောက်တို့ဖြစ်သည်။

ကျောက်တို့မှာ နှစ်ကာရက်၊ သုံးကာရက်မှသည် တစ်ဆယ်ကာရက်အထိ အရွယ်အသီးသီးရှိကြသော ကျောက်စစ်ကျောက်ကောင်း စံကျောက်များဖြစ်ကြပါသည်။ ဤသို့ ကျောက်စစ်ကျောက်ကောင်းများနုတ်ယူနေကြောင်းကိုလည်း တွင်းသားတို့သိကြပါသည်။ သို့သော် ပညာရှိအမျက် အပြင်မထွက် ဟူဘိသို့ မသိဟန်ဆောင်၍နေကြလေ၏။

သရက်ပင်ပြန့်လုပ်ကွက်သည် မကောင်းသော ကျောက်များကြား၌ ကျောက်စစ်ကျောက်ကောင်းများလည်း မကြာခဏညှပ်၍ပါတတ်ပါသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com

ကျောက်စစ်ကျောက်ကောင်းတို့သည် ရောင်းရာ၌မပါဘဲ အစဉ်အမြဲ စုဘူးထဲ ဝင်နေကြောင်း တွင်းသားတို့သိကြပါသည်။

တွင်းစတွင်းနအလွန်မှန်သောတွင်းတိုင်းသည် လကုန်သည်နှင့် အနည်းနှင့်အများ တွင်းသားတို့သုံးကြရပါသည်။ ကံစားဟူသောအမည်နှင့် ခံစားခွင့်မစို့မပို့ရတတ်ကြလေ၏။ သို့သော် ကျောက်ထွက်နည်းသောတွင်းတို့နှင့်ယှဉ်ပါက မိမိတို့မှာ လစဉ်လက်ဖျားငွေသီးနေတတ်ပါသည်။ အချို့သောတွင်းများမှာ ကံပါးသဖြင့် ထမင်းစရိတ်ပင်မကျေသောတွင်းတို့ရှိတတ်လေ၏။

ဦးဖိုးရန်မှာမူ ရသည့်အခွင့်အရေးကို လက်မနှေးဘဲ လုပ်ဆောင်တတ်မှုကြောင့် လေးဆယ်ဝင်ပုလင်းကြီးတစ်ဝက်ကျော်ကျော်ပင်ရနေပြီ ဖြစ်သည်။ နည်းနည်းနောနောကျောက်တို့မဟုတ်ပေ။

ထိုသို့ရှိစဉ် ဦးဖိုးရန်၏ဇနီးသည် မီးယပ်ရောဂါဖြင့် ဆုံးပါးသွားရာ အရွယ်မရောက်သေးသော မမြစိန်လေးအား ဖွားခမှ သမီးရင်းနှင့်မခြား ပြုစုစောင့်ရှောက်ပါသည်။ မမြစိန်ကား တစ်အိမ်လုံး၏အသည်းလေးဖြစ်ပါသည်။

□ **ဓားပြရန်ကြောက်ရသောခေတ်**

ပါလီမန်ဒီမိုကရေစီခေတ်ခေါ် ဦးနုအစိုးရခေတ်၌ ဥပဒေလက်တံသည် ကျေးလက်များအထိတိုင်မမီသေးရာ မိုးကုတ်ကျေးလက်ဒေသများ၌ ဓားပြရန်ကြောက်ရပါသည်။ ကျောက်ကြီးကျောက်ကောင်းရပါက သိုသိုသိပ်သိပ်ရောင်းကာ နှုတ်လုံပါမှ တော်ရုံကျလေ၏။ ကျောက်ကြီး ကျောက်ကောင်းများရောင်းရသည်ဟူသောသတင်းထွက်ပါက မကြာမီ ဓားပြတို့ရောက်လာကာ ပစ္စည်းယူလူပါ ထောင်းထုသွားတတ် လေ၏။

ဓားပြတို့သည် လက်လုပ်သေနတ်ခေါ် တူမီးသေနတ်တို့ဖြင့် လာ၍တိုက်လေ့ရှိ၏။ ဓားပြတိုက်နေသည်ဟုကြားပါက လူတို့သည် ရှိသမျှပစ္စည်းလေးဆွဲကာ ရွာပြင် တောထဲချုံထဲသို့ပြေး၍ ပုန်းအောင်းကြလေ့ရှိသည်။ ဓားပြတို့အား မည်သူကမျှ ပြန်လည်အံတုရဲခြင်းမရှိကြပေ။ အုပ်စုဖွဲ့ကာ တူမီးသေနတ်ကိုယ်စီနှင့်ဝင်လာပြီး အေးအေးဆေးဆေးပင် တိုက်လေ့ရှိကြသည်။ အချို့အဖွဲ့မှာ ကလေးအဝတ်များပင်မချန်ဘဲ သယ်သွားသည်လည်းရှိ၏။

ထိုသို့သောခေတ်ဝယ် ဦးဖိုးရန်ကား ကျောက်ကြီးကျောက်ကောင်းရသမျှကို စုဘူးထဲထည့်နေသဖြင့် ကျောက်ကြီးကျောက်ကောင်းရောင်းသောသတင်း မထွက်ပေ။ ထို့ကြောင့် ဓားပြရန်မှ ကင်းဝေးရလေ၏။

□ **ပြကျောက်များ**

တော်လှန်ရေးအစိုးရတက်လာပြီး မကြာမီနှစ်အတွင်းဝယ် မိုးကုတ်ပတ္တမြားမြေအား ပြည်သူပိုင်သိမ်းသဖြင့် လိုင်စင်တွင်းများ လုံးဝရပ်နားလိုက်ရလေ၏။ ထိုအခါ မိုးကုတ်တစ်နယ်လုံး ကသောင်းကနင်းဖြစ်၍သွားလေ၏။

ဦးဖိုးရန်တို့ သရက်ပင်ပြန့်မှတွင်းလည်း လုံးဝရပ်နားလိုက်ရပါတော့သည်။ ထိုအခါ တွင်းသမား(၃)ဦးသည် အလုပ်လုံးဝမရှိတော့ရာ တောင်ဘက်ခေါ် ရှမ်းပြည်တောင်ပိုင်းသို့ပြန်ရလေ၏။

ထိုတွင်းသားများ ပြန်ကုန်သောညမှာပင် ဦးဖိုးရန်တို့အိမ်သို့ ဓားရှည်ကိုင်၍ ပုဆိုးများနှာခေါင်းအထိစည်းထားသော ဓားပြသုံးယောက်သည် အိမ်ပေါ်သို့ လျှင်မြန်စွာတက်လာကာ မမြစိန်အား လျှင်မြန်စွာ ဖမ်းချုပ်၍ လည်ပင်းအား ဓားနှင့်တေ့ကာ စုထားသောကျောက်ပုလင်းထုတ်ပေးရန် တောင်းဆိုလေ၏။

စုထားသော ကျောက်များမရှိပါကြောင်း မည်မျှပြောသော်လည်း သတင်းအတိအကျရထားသဖြင့် မပေးပါက တစ်အိမ်လုံးကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ရာ ရိုးသား၍ ကြောက်တတ်သော ဦးကြာဥက ပေးလိုက်ပါဟုဆိုသဖြင့် သေတ္တာသော့ဖွင့်ကာ ကျောက်ပုလင်းအားပေးလိုက်ရလေ၏။ ကျောက်နီပတ္တမြားတို့သည် ပုလင်းအပြည့်ပင်စုမိဆောင်းမိရှိနေလေ၏။

ကျောက်ပုလင်းကို ရသွားသော် ဓားပြသုံးဦးသည် အိမ်ပေါ်မှ လျှင်မြန်စွာ ဆင်းသွားပြီး အမှောင်ထု၌ ပျောက်ကွယ်သွားတော့၏။ ထိုအခါကျမှ ဦးဖိုးရန်က ဓားပြဗျို့ဟု အော်နိုင်၏။ ဦးဖိုးရန်အိမ် ဓားပြတက်တိုက်သွားသည်ကို မည်သူမျှ မသိလိုက်ကြပေ။

တစ်သက်စာဟူ၍ စုထားသော ကျောက်ဘူးကား ဓားပြများလက်ထဲသို့ ပါသွားရာ မိသားစုသည် မချိတင်ကဲဖြစ်ရရှာလေ၏။ ရွှေတိုငွေစအနည်းငယ်မှ အပ ဘာမှမကျန်ရစ်တော့ပေ။ အကြိမ်ကြိမ်ထုတ်ကြည့်တိုင်း ကြည့်မဝခဲ့သော ပတ္တမြားရတနာတို့သည် ဓားပြတို့လက်ထဲသို့ ပါသွားခဲ့ပေပြီ။

ဤကျောက်ဘူးရှိသည်ကိုသိသည်မှာ တွင်းသားသုံးဦးသာရှိရာ အချို့က တွင်းသားများမှ ညစ်ပတ်သောပေါလံထံမှ ကျောက်များအား အရပြန်လည်ရယူသွားသည်ဟု ထင်ကြေးပေးကြလေ၏။ သို့သော် လက်ဆုပ်လက်ကိုင်မိသည် မဟုတ်၍ ဟုတ်ချင်မှလည်းဟုတ်ပေမည်။

အမှန်သော် ထိုစုံကျောက်ပတ္တမြားရတနာတို့သည် ဦးဖိုးရန်တို့မိသားစုအတွက် ပြရုံသာပြသွားသောကျောက်များဖြစ်ကြပါသည်။ ရသွားသည်မှာ ဓားပြသုံးဦးသာဖြစ်ချေ၏။

ဤသည်ကိုသိသွားကြသောရွာကလူတို့သည် ဒါဟာ မတရားကျားမားဆိုတာလို တွင်းသားတွေအပေါ် မတရားလုပ်တော့ မတရားကျားစားဖြစ်သွားတာပေါ့ဟုဆိုကြ၏။ အကယ်၍သာ မှန်မှန်ကန်ကန်လုပ်ခဲ့သော် အကျိုးအမြတ်ခံစားရမည်ဖြစ်သည်။ ယခုသော် ထိုကျောက်မျက်ရတနာတို့အပေါ် တစ်သက်စာမဆိုထားဘဲ တစ်ရက်စာမျှပင်ခံစားခွင့်မရခဲ့ကြပေ။ အမြတ်မှာ ဦးဖိုးရန်လူညစ်ပတ်ဟူသောစကားသာ အဖတ်တင်ရလေ၏။

ထိုမှစ၍ စိတ်ဓာတ်အကြီးအကျယ်ကျသွားသော ဦးဖိုးရန်သည် ဘာမှမလုပ်တော့ပေ။ အများတွေ မှောင်ခိုတွင်းတွေတူးနေကြသော်လည်း ဦးဖိုးရန် စိတ်မဝင်စားတော့ပေ။ ထိုအခါ ဖွားခနှင့် မမြစိန်တို့မှာ မနေသာတော့ဘဲ ကနဲဆေးကာ ရှာဖွေကျွေးရပါတော့သည်။

ကျွန်ုပ် ကျောက်ဖျာရွာရောက်ပြီး မကြာမီမှာ မမြစိန် မိုးကုတ်မှ မောင်လှဝင်းနှင့် အိမ်ထောင်ကျ၏။ မကြာမီမှာပင် ဦးကြာဥဆုံးပါးပါသည်။ ဖွားခမှာမူ အသက်ပင်ကြီးသော်လည်း ပုတ်တောတစ်ချပ်ဖြင့် တွင်းတောများလှည့်လည်ကာ ကနဲဆေး၍ မိသားစုတာဝန်ကိုယူရရှာလေတော့၏။

ဦးဖိုးရန်ကား ပြသာပြ၍မရလိုက်သော မျှော်ခွက်ထဲမှ ကျောက်ကြီးအားလည်းကောင်း၊ ရသာရ၍ ခံစားခွင့်မရလိုက်သော ကျောက်ပုလင်းအားလည်းကောင်း အစဉ်လွမ်းဆွတ်လျက်ရှိချေ၏။

ချမ်းမြေ့ကြပါစေ

**နေပြည်တော်ကျော်ကျော်စိုး**



www.burmeseclassic.com

www.burmeseclassic.com

"ဟေး. . . ဟေး. . . ဟေး. . ."

"ရှေး. . . ရှေး. . . ရှေး. . ."

"တုံး. . . တုံး. . . တုံး. . . တုံး. . . တုံး. . ."

မန်းထီးလှိုင်က ပါးစပ်မှအော်ဟစ်နေရင်း လက်မှလည်း သံပုံးကို တရစပ်တီးနေလေသည်။ သူ၏ခြောက်လှန့်မှုကြောင့် ဝေါခနဲထိုးကျလာသောစာအုပ်တစ်အုပ်က ချက်ချင်းပင် ဝုန်းခနဲ ထပျံသွားကြသည်။

ရွှေရောင်သန်းနေသော စပါးခင်းက အချို့စပါးပင်များမှာမူ ခေါင်းငိုက်လျက်ပင်ရှိကြလေပြီ။ မကြာမီ ရိတ်သိမ်းရတော့မည်။ သည်နှစ်တွင် စပါးတွေထူးထူးကဲကဲကောင်းလှသည်။ အပင်တွေက ကြီးထွားလှသလို အနှံတွေကလည်း ဆုပ်ဆုပ်ခဲခဲရှိလှသည်။ ပြီးတော့ အနှံတိုင်းမှာလိုလို အစေ့တွေစုံကာ အစေ့တိုင်း၌လည်း အဆန်တွေအောင်တာ တွေ့ရပြန်သည်။

မန်းထီးလှိုင်က စပါးခင်းကိုကြည့်မိတိုင်း ပီတိဖြစ်ရသည်။ သည်နှစ် စပါးအထွက်တိုးမည်ကို ကြိုသိနေရပြီမို့ စိတ်ကူးထဲက စီမံကိန်းတွေကိုလည်း တစ်ခုပြီးတစ်ခုချနေမိရသည်။ ထိုစီမံကိန်းများအနက် အဓိကဦးစားပေးစီမံကိန်းကိုပြပါဟုဆိုလျှင် သည်နှစ်အတွင်း သူ့မြေးနှစ်ယောက်ကို ရှင်ပြုပေးရေး စီမံကိန်းပင် ဖြစ်သည်။ သည်နှစ်လောက်တွင် တစ်ယောက်က ကိုးနှစ်ဖြစ်ပြီး ကျန်တစ်ယောက်က ဆယ့်တစ်နှစ်သို့ပင် ရောက်ခဲ့လေပြီ။ ခုထိရှင်မပြုကြရသေး။ သမီးနှင့်သမက်က အလုပ်တော့ ကြိုးစားကြရှာပါသည်။ သို့သော် ဘာလုပ်လုပ် အကျိုးပေးကညီလှသည်မို့ ကလေးတွေသာတစ်ယောက်ပြီးတစ်ယောက်တိုးလာသည်။ ခုထိ ရရစားစားဘဝ၊ နုံနုံချာချာဘဝကမတက်နိုင်ကြ။ သူတို့အစွမ်းအစနှင့်ကတော့ ဘယ်နည်းနှင့်မျှ ရှင်ပြုပေးနိုင်ဖို့မမြင်။ သည်ကလေးနှစ်ယောက်က မိမိတာဝန်လိုပင်ဖြစ်နေသည်။

စပါးပေါ်ချိန်၌ ရှင်လောင်းလှည့်ပွဲကြီးကျင်းပနေမည့်အဖြစ်ကို မျက်စိထဲမှာ မြင်ယောင်ရင်း မန်းထီးလှိုင်က စိတ်ပုတီးကို အသာကောက်ကိုင်လိုက်သည်။ သို့သော် သူပုတီးတစ်လုံးမျှမချနိုင်သေးမီမှာပင် သူ့စီမံကိန်းကို ဖျက်ဆီးမည့် အဖျက်သမားစာတစ်အုပ်က စပါးခင်းထဲသို့ ဝေါခနဲထိုးကျလာပြန်လေသည်။

"ဟေး. . . ဟေး. . . ဟေး. . . ဟေး. . ."

"ရှေး. . . ရှေး. . . ရှေး. . . ရှေး. . ."


"တုံး တုံး. . . တုံး တုံး. . . တုံး တုံး. . ."

စာခြောက်ရပြန်သည်။ ဗိုးခနဲထပျံသွားသော စာအုပ်ကိုကြည့်ကာ တော်တော်ဆိုးတဲ့ကောင်တွေဟု စိတ်တွင်းမှ ရေရွတ်လိုက်မိသည်။ စာတွေက အတင့်ရဲလှသည်။ ခုလို လယ်စောင့်တဲပေါ်က လူတစ်ယောက်လုံးထိုင်ခြောက်နေတာတောင် တစ်ခါတစ်ရံ၌ ဂရုမစိုက်သလိုလို၊ မထီလေးစားသလိုလိုလုပ်တတ်ကြသည်။ ထိုအခါမျိုး၌ ပါးစပ်မှအော်ဟစ်ခြောက်လှန့်ရုံနှင့်မရတော့ဘဲ လောက်စာလုံးစာပါကျွေးလိုက်တော့မှ ကိုယ်တော်များက ကြွတော်မူတတ်ကြသည်။ သင်းတို့ကိုတော့ မန်းထီးလှိုင်မေတ္တာပို့လို့မရတာအမှန်။ သူတို့ကိုအညှာပေးလိုက်လို့ကတော့ ရှိသမျှစပါးတွေအကုန်ပြောင်သွားမည့်အပြင် သူ့စိတ်ကူးထဲက မဟာစီမံကိန်းကြီးတစ်ခုလုံးပျက်စီးသွားတော့မှာ မုချပင်။

မန်းထီးလှိုင်က စိတ်ပုတီးကိုလက်လှမ်းလိုက်ပြန်သည်။ ထိုအချိန်မှာပင် စပါးခင်းအစပ်ရှိ မြရာတောထဲမှ ကျွဲမည်းမည်းကြီးတစ်ကောင်ကထွက်လာပြီးလျှင် ခြံစည်းရိုးကိုတိုးတော့မည့်ကဲ့သို့ လုပ်နေသည်ကို တွေ့လိုက်ရပြန်သည်မို့ သူ့မျက်လုံးများ ပြူးကျယ်သွားရသည်။ သို့သော် ကျွဲကျောင်းသား၏လှမ်းအော်သံနှင့်အတူ ကျွဲကြီးက တစ်မုဟုတ်ချင်း နောက်ပြန်လှည့်သွားသည့်အတွက် သူ စိတ်ပြန်အေးသွားရသည်။

# ရဲမြတ်တင်
(အမျိုးသားစာပေဆုရ)

# သပွေ့သတ္တာ ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက်မှာပင် သူက ထိုကျွဲထွက်လာသည့်နေရာမှာပင် မနှစ်တုန်းကဖြစ်ပျက်ခဲ့လေသည့် အဖြစ်အပျက်တစ်ခုအား ဖျတ်ခနဲပြန်သတိရလိုက်မိသည်။ ထိုအခါ သူ့ကျောထဲကစိမ့်ခနဲဖြစ်သွားရသလို စိတ်ထဲတွင်လည်း အတော်လေး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ မဖြစ်ဘဲရှိပါ့မလား။ ထိုအဖြစ်အပျက် ထိုအတွေ့အကြုံက သာမန်အဖြစ်အပျက်၊ သာမန်အတွေ့အကြုံမှ မဟုတ်လေသည်ဘဲ။ သွေးပျက်စရာ၊ ချောက်ချားစရာအလွန်ကောင်းလှသော ထိုအကြောင်းအရာကို ပြန်တွေးမိတိုင်း သူ့စိတ်ထဲ၌ မနေ့တစ်နေ့ကမှ ဖြစ်ပျက်သခဲ့သလိုပင် အမြဲတစေထင်မှတ်ခံစားခဲ့ရလေသည်ပဲ။

မနှစ်က သည်လိုအချိန်။ ခုလိုပင် စံပါးခင်းကိုစောင့်နေတုန်း စောစောက ကျွဲထွက်လာသည့်နေရာကပင် တရှဲရှဲနှင့် တောတိုးလာသံများကို သူကြားလိုက်ရသည်။ အသံလာရာကိုစူးစိုက်ကြည့်နေရင်း ကျွဲလား၊ နွားလားဟု ထင်မှတ်နေမိရာမှ တကယ်တမ်းသူတွေ့မြင်လိုက်ရသည်က -

❑

ထိုနေ့က နောင်ဘိုစခန်းမှ တပ်စုတစ်စု အင်အား(၁၈)ဦးခန့်က ပုံမှန်လှည့်ကင်းပြုလုပ်ရန် စခန်းမှထွက်လာသည်။ ကော့ကျေးဂျူးရွာဝင်ခါနီး လှည်းလမ်းဆုံ ရောက်တော့ အသင့်ကျင်းတူးပြီးစောင့်နေသော ရန်သူအင်အား (၄၀)ခန့်၏ နှစ်ဖက်ညှပ်တိုက်ခိုက်မှုကိုခံလိုက်ရသည်။





www.burmeseclassic.com

www.burmeseclassic.com

အင်အားချင်းမမျှသဖြင့် တပ်မှအကျအဆုံးများလှသည်။ ခံပစ်ပစ်ရင်း တဖြည်းဖြည်းဆုတ်ခွာပေးရလေသည်။

မန်းထီးလှိုင်ကတိုက်ပွဲဖြစ်နေသံကို နားထောင်ကာ သူ့စပါးခင်းနှင့်မဝေးလှဟုတွက်နေမိ၏။ သူ့ဇနီး ဒေါ်အောင်မေကမူ တိုက်ပွဲသံကြားသည်နှင့် ချက်လက်စထမင်းအိုးကိုပစ်ထားခဲ့သော အိမ်အောက်က ပုန်းကျင်းထဲတန်းဝင်တော့သည်။ လင်ဖြစ်သူကိုလည်း အသံပြာမတတ် လှမ်းအော်ခေါ်လေသည်။

"ရှင် ဘာလုပ်နေတာလဲ ကျင်းထဲဝင်ပါလား။ တိုက်ပွဲကနီးနီးလေးရယ်"

"ကိစ္စမရှိပါဘူးဟ ခေါင်းပေါ်ကို ကျည်မဖြတ်ပါဘူး"


မန်းထီးလှိုင်က ပြန်အော်သည်။ အတွေ့အကြုံကများလှပြီမို့ ကျည်သွားလမ်း၌မကျရောက်သရွေ့ မတ်တတ်ရပ်ကြည့်တောင် ဘာမှအန္တရာယ်မရှိတာ သူသိပြီးဖြစ်သည်။ ထို့ကြောင့် လယ်စောင့်တဲ၏ စင်ပေါ်မှခုန်ဆင်းကာ မြေပေါ်တွင် ဆောင့်ဆောင့်ထိုင်ရင်း အသံကိုသာနားစွင့်နေမိသည်။

တိုက်ပွဲက သိပ်မကြာလိုက်။ ဆယ့်ငါးမိနစ်ခန့်သာကြာပြီး ပစ်သံခတ်သံများရပ်စဲသွားလေသည်။ ထိုအခါ မန်းထီးလှိုင် မတ်တတ်ရပ်ကာ တောင်မြောက်လေးပါးကို ကြည့်ရှုနေမိလေသည်။ ထိုအချိန်မှာပင် စပါးခင်းအစပ်က မြရာတောထဲက တောတိုးလာသံတရှဲရှဲကို သူကြားလိုက်ရသည်။ ကျွဲ သို့မဟုတ် နွားတစ်ခုခုဖြစ်ရမည်ဟု သူထင်လိုက်သည်။ သို့သော် တကယ်ထွက်လာတာက ကျွဲလည်းမဟုတ်၊ နွားလည်းမဟုတ်ဘဲ လူတစ်ယောက်ဖြစ်နေတာကို သူတွေ့လိုက်ရသည်။ ပို၍ရှင်းအောင်ဆိုရလျှင် ယူနီဖောင်းဝတ်ရဲဘော်တစ်ဦးပင်ဖြစ်သည်။

သူအံ့အားသင့်နေစဉ် ရဲဘော်က သူ့ကိုတွေ့သွားကာ လက်ကိုဝှေ့ယမ်းပြီး လှမ်းခေါ်နေလေသည်။ ထိုသို့လှမ်းခေါ်နေလျက်ကပင် ခွေခံနဲလဲကျသွားသည်ကို သူတွေ့လိုက်ရသည်။

သူကပျာကယာပြေးသွားကာ ရဲဘော်ကိုပွေ့ထူပေးလိုက်သည်။ ရဲဘော်က ဒဏ်ရာမှသွေးတို့ဖြင့် တစ်ကိုယ်လုံးရွှဲရွှဲစိုနေလေသည်။ အားကိုးသောမျက်နှာဖြင့်လည်း မန်းထီးလှိုင်၏လက်ကို တင်းတင်းဆုပ်ထားသည်။

"မအောင်မေ. . . မအောင်မေ ဒီကိုမြန်မြန်လာစမ်းပါဟ"



ဇနီးဖြစ်သူကိုလှမ်းခေါ်လိုက်သည်။ ဒေါ်အောင်မေက အပြေးအလွှားပင်ရောက်လာသည်။ ထို့နောက် သူတို့နှစ်ယောက်က ရဲဘော်ကိုတွဲကာ အိမ်သို့ခေါ်လာခဲ့ကြသည်။ စပါးခင်းနှင့်သူတို့အိမ်က ကိုက်နှစ်ရာသာသာခန့်ဝေးသည်။ သူတို့က ရွာထဲမှာမနေဘဲ လယ်တောမှာပင် အိမ်ဆောက်နေကြခြင်းဖြစ်သည်။

အိမ်သို့ရောက်သည်နှင့် ရဲဘော်ကို အခန်းထဲသွင်းကာ တံခါးကိုလုံအောင်ပိတ်ထားလိုက်ကြသည်။ ရဲဘော်က တစ်ချက်မျှညည်းလိုက်သည်။

"အား. . . ကျွတ်. . . ကျွတ်။ ကျေးဇူးကြီးလှပါပြီ ဖထီးရယ်။ ဒီကောင်တွေအပိုင်လုပ်သွားတာဗျ။ ကျွန်တော်တို့လူတွေ တော်တော်ထိကုန်ကြပြီထင်တာပဲ"

သူတို့ လင်မယားနှစ်ယောက်က တတ်သလောက်မှတ်သလောက် ပြုစုပေးနေကြသည်။ ပုဆိုးဟောင်းတွေကို ဆုတ်ဖြဲကာ ဒဏ်ရာကိုပတ်တီးစည်းပေးကြသည်။

"ကျွတ်ကျွတ် ဖြစ်နိုင်ရင် ဟောဒီအစကြီးကို ဖထီးဆွဲနုတ်ပေးပါလားဗျာ"

ရဲဘော်က သူ့ပေါင်မှဒဏ်ရာကို ညွှန်ပြနေလေသည်။

မန်းထီးလှိုင်က လက်ညှိုးဖြင့်နှိုက်စမ်းကြည့်လိုက်ရာ သံစမာမာကြီးတစ်ခုအား အတိုင်းသားစမ်းမိလေသည်။ ထို့ကြောင့် ထရံတွင်ညှပ်ထားသော ဇာဂနာကို လှမ်းဖြုတ်ယူလိုက်သော ဒဏ်ရာကိုဖြဲလိုက်ပြီး အထဲမှသံစကို ဇာဂနာဖြင့် မိမိရရညှပ်လိုက်ပြီးနောက် အားဖြင့်ဆွဲနုတ်လိုက်လေသည်။

"အား"

နာလွန်းသောကြောင့် ရဲဘော်က အသံထွက်ပြီးအော်လိုက်လေသည်။

ထိုအချိန်တွင် ဒေါ်အောင်မေက အပြင်ဘက်သို့နားစွင့်လိုက်ကာ -

"ရှူး. . . တိုးတိုး။ အပြင်က လူသံကြားတယ်"

ဟုပြော၍ ထိုင်ရာမှထပြီး အိမ်အောက်သို့ဆင်းသွားလေသည်။ မန်းထီးလှိုင်ကိုယ်တိုင် ယောက်ျားသံတွေလိုလိုကြားလိုက်မိသည်မို့ ရဲဘော်ကိုငြိမ်ငြိမ်နေဖို့ ခြေဟန်လက်ဟန်ပြကာ အိမ်ထရံဘေးသို့ ခပ်ဖွဖွနင်းသွားပြီး အပြင်သို့ အသာချောင်းကြည့်လိုက်လေသည်။

"ဘုရား ဘုရား - ဒုက္ခတော့များတော့မယ်ထင်တယ်"

စိတ်ထဲမှ ရေရွတ်လိုက်မိခြင်းဖြစ်သည်။ နှလုံးသွေးများကလည်း ချက်ချင်းပင် တဒိန်းဒိန်းဆောင့်ခုန်သွားသည်။ သူတွေ့လိုက်ရသည့်က လက်နက်ကိုင်လူသုံးယောက်ပင်ဖြစ်သည်။ အိမ်ရှေ့တွင်ရောက်နေသော ထိုသုံးယောက်တွင် ရှေ့ဆုံးမှလူက မုတ်ဆိတ်ပါးသိုင်းမွေးထူလပျစ်နှင့်ဖြစ်ကာ လက်ထဲမှသေနတ်ကို အသင့်အနေအထားဖြင့်ကိုင်ထားလေသည်။ သူ့နောက်တွင်ရပ်နေသော ကျန်နှစ်ဦးကမူ တစ်ယောက်ကခပ်ဝဝ၊ တစ်ယောက်က ခပ်ပုပုဖြစ်ကြပြီး သေနတ်များကို ဇော်ထမ်းထမ်းထားကြလေသည်။ ဒေါ်အောင်မေကမူ ထိုလူသုံးယောက်နှင့် မျက်နှာချင်းဆိုင်အနေအထားတွင်ရှိနေကာ မျက်စိမျက်နှာများ အကြီးအကျယ်ပျက်လျက်ရှိလေသည်။

မုတ်ဆိတ်ပါးသိုင်းနှင့်လူက-

"ဒီမယ် အဒေါ်ကြီး၊ ဒီဘက်ကို ရဲဘော်တစ်ယောက်ပြေးလာတာ မမြင်ဘူးလား"

"မ. . . . မ. . . . မမြင်မိပါဘူး မောင်တို့ရယ် မမြင်မိပါဘူး"

"ဟုတ်ရဲ့လား အဒေါ်ကြီး။ ဒီဘက်ကိုဖြတ်ပြေးသွားတာ ကျုပ်တို့ သေသေချာချာမြင်လိုက်တယ်"

"အဒေါ်တော့ မ. . . မမြင်လိုက်ပါဘူးကွယ်။ တကယ်ပြောတာပါ"

ဒေါ်အောင်မေ၏ အသံများက သိသိသာသာပင် တုန်ယင်လျက်ရှိလေသည်။ သူ့ခန္ဓာကိုယ်ကပါ ကြောက်စိတ်ကြောင့် တဆတ်ဆတ်တုန်နေတာတွေ့ရသည်။ မန်းထီးလှိုင်ကိုယ်တိုင် ထရံပေါက်မှချောင်းကြည့်နေရင်း ဒူးတွေက တဆတ်ဆတ်တုန်လာသည်။

မုတ်ဆိတ်ပါးသိုင်းနှင့်လူကပင် အိမ်ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ်လှည့်ပတ်ပြီးကြည့်နေလေသည်။ မကြာပါ။ ထိုလူက အိမ်အတက်ခြေနင်းခုံပေါ်မှ သွေးကွက်တစ်ကွက်ကို တွေ့မိအောင် တွေ့သွားခဲ့လေပြီ။

"ဟောဒီမှာ သွေးကွက်ပါလား။ အဘွားကြီး ခင်ဗျားအိမ်မှ ရဲဘော်ကိုဝှက်



www.burmeseclassic.com

www.burmeseclassic.com

ထားတယ်မဟုတ်လား။ မှန်မှန်ပြောစမ်း"

ပါးသိုင်းက အသံခပ်မာမာဖြင့် မေးလိုက်သည်။ သေနတ်ပြောင်းကိုလည်း ဒေါ်အောင်မေ၏ဗိုက်ကို လှမ်းထောက်ထားလိုက်၏။ ဒေါ်အောင်မေကား စကားမပြောနိုင်တော့ပေ။ ခေါင်းတခါခါလက်တခါခါနှင့် သာလုပ်ပြနေလေသည်။ သူတစ်ကိုယ်လုံးလည်း နတ်ကျသလို တဆတ်ဆတ်တုန်နေရှာသည်။

"ကြာတယ်ကွာ၊အိမ်ပေါ်တက်ရှာရအောင်"

"အေး- ဟုတ်တယ်၊ တွေ့လို့ကတော့ ခင်ဗျားသေပြီသာမှတ် အဘွားကြီး"

မန်းထီးလှိုင် မျက်လုံးတွေပြာကုန်သည်။ ရဲဘော်ထံလှမ်းကြည့်လိုက်မိသည်။ ရဲဘော့်က လဲလျောင်းနေရာမှ ငုတ်တုတ်ထထိုင်လိုက်ပြီး မန်းထီးလှိုင်ကို မျက်လုံးပြူးကြီးတွေနှင့် လှမ်းကြည့်နေသည်။ သူ့ခမျာလည်း အတော်ပင်ကြောက်သန့်နေရှာသည်။

ထိုခဏတွင် မန်းထီးလှိုင်မျက်လုံးတို့က ခြင်းကြားကြီးထဲမှာ ဝပ်ကျင်းဝပ်နေသည့် ကြက်မကြီးကို လှမ်းမြင်လိုက်မိသည်။ ရုတ်တရက် အကြံတစ်ခုကိုရလိုက်တာ လျင်မြန်စွာလှုပ်ရှားလိုက်သည်။ ထရံမှ ကြက်သွန်လှီးဓားကိုဆွဲဖြုတ်လိုက်ပြီး ကြက်မကြီးနားသို့တိုးကပ်သွားလိုက်သည်။ ပြီးလျှင် ကြက်မကြီး၏ကိုယ်လုံးကို ပေါင်ကြားတွင်သွင်းကာ ညှပ်ထားလိုက်သည်။ ထို့နောက် လက်တစ်ဖက်ဖြင့် ကြက်မကြီး၏လည်ပင်းကို နာနာညှစ်လျက် ကြက်သွန်လှီးဓားဖြင့် တစ်ချက်တည်း လှီးဖြတ်လိုက်တော့သည်။ ကြက်မကြီးမှာ ချက်ချင်းပင် ခေါင်းနှင့်ကိုယ်မှာအိုးစားကွဲသွားသည်။ မည်သည့်အသံမျှ မထွက်လိုက်နိုင်ဘဲ တစ်ချက်၊ နှစ်ချက်မျှသာ တွန့်လိုက်ပြီး နောက် ငြိမ်ကျသွားလေသည်။



ကြက်လည်ပြတ်ကြီးကိုလက်တွင်ဆွဲကာ အိမ်အပြင်သို့လျင်မြန်စွာထွက်လိုက်သည်။ ကြက်လည်ချောင်းမှ သွေးတို့က လမ်းတစ်လျှောက်တတောက်တောက်ကျလာလေသည်။

"အဲ. . . အဲဒီသွေးတွေက ကြက်သွေးတွေပါမောင်ရာ။ ကျုပ် ခုပဲ ဟင်းလုပ်ဖို့ကြက်သတ်ထားတာပါ။ ဒီမှာ မောင်တို့စားချင်ရင် ယူသွားကြလေ။ ယူသွားပါဗျု ယူပါ။ ရော့. . . ရော့"

မန်းထီးလှိုင်က ပါးစပ်မှပြောရင်း လက်ထဲမှကြက်သေကိုပါပြလျက် သူတို့ကို အတင်းထိုးပေးနေလေသည်။

အိမ်ပေါ်တက်အုံ့ဆဲဆဲ ပါးသိုင်းမွေးနှင့်လူက သူ့နောက်မှလူကို လှမ်းကြည့်လိုက်သည်။ ထိုလူက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။ ထိုအခါ ပါးသိုင်း၏မျက်နှာတဲ တဖြည်းဖြည်းပြုံးရောင်သန်းလာခဲ့ပြီးနောက် မန်းထီးလှိုင်လက်ထဲမှကြက်ကို ဆတ်ခနဲဆွဲယူလိုက်လေသည်။

"ဒါဖြင့်လည်းပေးဗျာ၊ ကျုပ်တို့ညစာရတာပေ့ါ။ သွားကြမယ်ဟေ့။ ဟိုဘက်တောစပ်ကနေပတ်ပြီးရှင်းရအောင်"

ကြက်ကို လက်တစ်ဖက်ဖြင့် ဇောက်ထိုးဆွဲပြီး အခြားလက်တစ်ဖက်ဖြင့် သေနတ်ကိုကိုင်ကာ ပါးသိုင်းကရှေ့မှထွက်လေသည်။ သူ့လူနှစ်ယောက်က နောက်မှ ငိုက်စိုက်ငိုက်စိုက်နှင့်လိုက်ပါသွားလေသည်။

မန်းထီးလှိုင် ထိုအချိန်ထိ မျက်လုံးကြီးပြူးကာ အသက်ရှူဖို့မေ့နေသည်။ ဒေါ်အောင်မေကတော့ ရင်ဘတ်ကိုလက်ဖြင့်ဖိရင်း ရင်တုန်ပန်းတုန်ဖြစ်နေဆဲ။

နေဝင်ပြီး မှောင်စပျိုးချိန်ရောက်သည်နှင့် ရဲဘော်ကို လှည်း[illegible]တင်ဖြီး အပေါ်မှနေ နွားစာမြက်ထုံး[illegible]းတင်ကာ သူတို့လင်မယား နော[illegible]ကိုစခန်းသို့ လှည်းမောင်းထွက်လာခဲ့ကြသည်။ စခန်းရောက်သော် အကျိုးအကြောင်းပြောပြကာ ရဲဘော်ကိုအပ်သည်။ စခန်းမှူးက အံ့အားလည်းသင့်၊ ကျေးဇူးလည်းတင်မဆုံးဖြစ်ကာ ပြီးခဲ့သောတိုက်ပွဲအကြောင်းကို သူတို့အား ရှင်းပြလိုက်လေသည်။ ကာယကံရှင် ရဲဘော်ကမူ သူ့အသက်သခင် ကျေးဇူးရှင်များကို အကြိမ်ကြိမ်ကျေးဇူးစကားဆိုရုံမျှမက ထိုင်၍ပင်ကန်တော့ရှာလေသည်။

❑

အတွေးစဆုံးသွားသည်နှင့် မန်းထီးလှိုင်က သက်ပြင်းရှည်ကြီးတစ်ချက်ကိုချလိုက်မိသည်။ မနှစ်က ထိုအဖြစ်အပျက်အကြောင်းကို တွေးမိလေတိုင်း ထိုရဲဘော်ကတော့ မည်သို့နေလေမည်မသိ။ မိမိကတော့ ယခုတိုင်အသည်းတလှုပ်လှုပ်ရင်တဖိုဖိုဖြစ်နေရဆဲပါပေ။ ထိုစဉ်က မိမိကပဲ အကြံကောင်းသွား၍လား၊ ရဲဘော်ကပင် သေကံမရောက်သေး၍လားမသိ မိမိအိမ်ပေါ်တွင်သွေးသံရဲရဲနှင့် လူသတ်ပွဲကြီးဖြစ်ပွားတော့မည့်အခြေအနေမှ လက်မတင်လေးကပ်လွဲသွားခဲ့ရသည်။ ထိုအဖြစ်ကို မန်းထီးလှိုင် တောင်တော်နှင့်မေ့မရနိုင်ခဲ့ပါပေ။

တစ်ခုတော့ ထူးဆန်းလှပါသည်။ ပါဏာတိပါတကံကို ဘဝတစ်လျှောက်လုံး တတ်အားသရွေ့ ထိန်းသိမ်းခဲ့လေသော မိမိက ကြက်မကြီးတစ်ကောင်၏လည်ပင်းကို လက်ရဲရဲဖြင့် လှီးဖြတ်ရက်ခဲ့သည်။ ဤသည်မှာ လူသားတစ်ယောက်အသက်ရှင်ရေးအတွက် ကြက်မကြီးက သူ့အသက်ကိုအချိန်ကိုက်စတေးလိုက်ရခြင်းပေလော။ သို့တည်းမဟုတ် ဘဝအဆက်ဆက်ကဝဋ်ကြွေးတို့ကြောင့်ပင် မိမိ၊ ကြက်မကြီးနှင့် ထိုရဲဘော်တို့က တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာ တွေ့ဆုံ ကြုံကြိုက်မိကြပြီးသကာလ ထိုကဲ့သို့ ဆန်းကြယ်လှစွာဖန်တီးဖြစ်ပျက်သွားခဲ့ရခြင်းပေလော။ သတ္တဝါတစ်ခု၊ ကံတစ်ခုဟု ဘုရားဟောခဲ့သည်မှာ သွေးထွက်အောင် မှန်လှပေသည်တကားဟု မန်းထီးလှိုင်က ဘဝင်ကျနေမိလေသည်။

ထိုအချိန်၌ သူအတွေးလွန်နေစဉ် ဘယ်အချိန်ကတည်းက စပါးခင်းထဲရောက်နေမှန်းမသိသော စာတစ်အုပ်က ကျလိကျလိနှင့်အသံပြုကာ တစ်ပင်မှ တစ်ပင်ကူးလျက် ကောင်းကောင်းကြီး ပွဲတော်တည်နေကြသည်ကို မြင်လိုက်ရသည်တွင် မန်းထီးလှိုင်တစ်ယောက် မျက်လုံးပြူးသွားရပြီး သူ့လက်က သံပုံးကို အလိုလိုကောက်ကိုင်မိလျက်သားဖြစ်သွားလေသည်။

"ဟေး. . . ဟေး. . . ဟေး. . . ဟေး"

"ရှေး. . . ရှေး. . . ရှေး. . . ရှေး"

"တုံး. . . တုံး. . . တုံး. . . တုံး. . . တုံး. . . . တုံး"

ရဲမြတ်တင်(အမျိုးသား[illegible]ပေဆုရ)



www.burmeseclassic.com

www.burmeseclassic.com

# ကြွက်သန်းတွေတအားကိုက်နေပါသလား ကြမ်းပိုးတအားကိုက်နေသလား

## စိုးမင်း(မြောက်ဝည်း-ရွာသစ်)

ကျွန်တော့်ကိုယ်တွေ့အား ဦးစွာဖောက်သည်ချလိုက်ပါသည်။ကျွန်တော့်အိမ်ကနှစ်ခန်းသုံးခန်းမြေစိုက်။ အမြင့်ကလူတစ်ထိုင်အလွတ်သာရှိပါ၏။ ဘုရားခန်းအောက်မြေပြင်မှာ ထုံးခံပျဉ်ကြမ်းခင်းထားတဲ့အိပ်ရာက ကျွန်တော့်ဘိပေါ့။

ဒီအိပ်ရာကလေးက အေးတော့တစ်ယောက်စတစ်ယောက်ဝင်အိပ်ကြသည်။ အဲ - တစ်ခါအိပ်ပြီးလျှင်တော့နောက်တစ်ခါ မအိပ်ကြတော့ပေ။ တစိစိနဲ့ဘာကောင်ကိုက်မှန်းမသိဘူးတဲ့။ ယားလို့သေနိုင်တယ်တဲ့။ ဇနီးသည်နှင့်ကလေးတွေအကုန်လုံး ဒအိပ်ရာဝေးဝေးကရှောင်ကြသည်။

ဒီနေရာအိပ်တဲ့သူက ကျွန်တော်တစ်ယောက်တည်း။ သူတို့ပြောသလိုအိပ်ရာထလည်းယားတယ်။အိပ်နေတုန်းလည်းယားတယ်။ ကုတ်ရလွန်းလို့ အဖုအပိမ့်တွေတောင်ထတယ်ခင်ဗျ။ ပိုဆိုးလာတာက ခေါင်းထဲ၊ ဆံပင်ထဲ၊နားကြားထဲအထိကိုက်လာတာ (၃) လပင်ကျော်လာပြီ။

နောက်တစ်ခုက ဇနီးသည်မွေးထားသည့်အိမ်ကြက်တွေအကောင်(၆၀)လောက်ပွားနေပြီ။ ဥနေတဲ့အကောင်၊ ပေါက်နေတဲ့အကောင်တွေနှင့် ရှုပ်ယှက်ခတ်လို့။ မိုးတွင်းကဖြစ်ပြန်၊ ကြွက်သန်းတွေကိုက်လို့ ကျွန်တော်လှိမ့်ခံနေရချိန်ပေါ့ခင်ဗျာ။

အဲ - တစ်နေ့တော့ သာလိကာဇင်မာဌေးက အိမ်အလည်လာရင်း ကျွန်တော့်အိပ်ရာဝင်လှဲတယ်ထင်ပါရဲ့။ သူကယားလို့မအိပ်နိုင်တဲ့အချိန် ကျွန်တော်က ရွာထဲကအပြန်ဆုံပါလေရော။ အိပ်ရာမှာ ကြမ်းပိုးတွေရဲလို့တဲ့။ ကြက်လှေး(ကြွက်သန်း)တွေကလည်း ထွေးလို့တဲ့ဗျာ။ သူက မျက်လုံးကောင်းတော့တစ်ကောင်ချင်းဖမ်းပြတော့ ဟုတ်တယ်ဗျာ။ စုမှ အဖြေသိရတော့၏။

ဒီကြမ်းပိုးနှင့် ကြွက်သန်းကို ဘယ်လိုလုပ်ရမလဲစဉ်းစားခန်းဝင်တော့ သတ်ရမလား၊ နှင်ရမလား အဖြေနှစ်ခု။ သတ်ပြန်လျှင်လည်း ငရဲကြီးမည်။ ဒီတော့ နှင်တာအကောင်းဆုံးပေါ့။ နှင်မည်ဆိုတော့အဗျည်းဆရာတော်၏နည်းလေးသတိရလာ၏။ ကြမ်းပိုးကို ကြောင်ပန်းနှင့်ကက်ကင်းခာတ်နှင့်နှင်ဖို့ ဆုံးဖြတ်လိုက်သည်။

ကြောင်ပန်းပင်သည် အပင်လတ်အမျိုး၊ ချုံပုတ်သဏ္ဌာန်ရှိပါသည်။ ဝါဆို၊ ဝါခေါင်လတွင် အပွင့်များဝေ၍တော်သလင်းတွင် အသီးစုံပါသည်။ အပွင့်ပွင့်ချိန် သူ့အနီး လေး၊ ငါးတောင်မှပင် နန္ဒင်းနံ့သင်းသင်းရနေပါသည်။ အရွက်သေး၍သုံးမွှာရှိပါသည်။ အရွက်မှာ ပြာလဲ့လဲ့နေပါသည်။ ကြောင်ပန်းရွက်အား အခြောက်လှန်းသည့်အခါအရွက်၏အပေါ်ဘက်မှာ အနက်ရောင်၊ အတွင်းဘက်သည် ခဲရောင်ပုံစံရှိပါသည်။ အရွက်စိမ်းအားစားကြည့်လျှင် ခါးသက်သက်စပ်ရှားရှားအရသာရှိ၏။

ကိုစိုးတို့ရွာမှာ ကြောင်ပန်းပင်စိုက်ထားသူ အတော်များများရှိပါသည်။ အကြီးဆုံးအပင်မှာလက်ခုပ်တစ်ဖောင်သာသာ ချုံရုံကြီးသဖွယ်ရှိပါသည်။ တချို့က ဆေးအသုံးလိုလျှင် ရွာအနီးအနား ချောင်းစပ်နံဘေးမှ အလေ့ကျပေါက်ပင်မှ ခူးယူအသုံးပြုကြပါသည်။ ဤနယ်တွင် အလေ့ကျပေါက်သောကြောင်ပန်းပင်များအလွန်ပေါပါသည်။ မဏိပူရမြစ်နံဘေးမှလည်းကောင်း ရွာနီးချုပ်စပ်ချောင်းနံဘေးများမှလည်းကောင်း၊ ရွာထဲနီးစပ်ရာအိမ်များမှလည်းကောင်း အလွယ်တကူ အသုံးပြုနိုင်ပေ၏။

ကိုစိုးက ဘေးလူတွေပါ အသုံးပြုစေလိုသဖြင့် လက်ညှိုး၊ လက်မအရွယ် (၄) ပင်စိုက်ထားရာ ယခု အရွက်များဝေနေပါသည်။ ကြောင်ပန်းကို ကိုင်းချိုးစိုက်လျှင် ပိုကောင်းပါသည်။ လက်ညှိုး၊ လက်မအဆစ်ကိုင်းပွားနေရာအား အနက်တစ်ပေခန့်တူး၊ မြေကျစ်ကျစ်သိပ်ကာရေလောင်းပေးလျှင် ဘယ်အချိန်စိုက်စိုက်ရှင်ပါသည်။

ကိုင်းချိုးစိုက်ခြင်းသည် အစေ့စိုက်သည်ထက် အပင်အဖြစ်မြန်ပါသည်။ လပိုင်းအတွင်း အရွက်ခူး၍အသုံးပြုနိုင်ပါသည်။ စာဖတ်သူများထဲမှ ကြောင်ပန်းကိုင်းစိုက်ရန် (သို့) ဆေးသုံးလိုလျှင်စာရေးသူထံသို့ ရောက်အောင်လာပါ။ မေတ္တာဖြင့်ပေးလိုက်ပါမည်။ နောက်တစ်ခုက ဆေးခါးကြီး (ခေါ်) ငရုတ်ခါးမျိုးအပင်လိုတဲ့သူများ ကိုစိုးထံရောက်အောင်လာပါ။ အပင် (၅၀)လောက်ပွားနေပါပြီ။ ကိုစိုးက မေတ္တာဖြင့် အလကားပေးချင်၍ ဖြစ်ပါသည်။ ငရုတ်ခါးသည် ငရုတ်ရွက်အတိုင်း ငရုတ်ပင်ကဲ့သို့ပုံသဏ္ဌာန်ရှိပါသည်။ အလွန်ခါးပါသည်။ သွေးတိုး၊ ဆီးချို၊ သွေးချိုသမားများအတွက် အသုံးဝင်လှပါသည်။ လိုတဲ့အချိန်လာယူပါခင်ဗျား။

စောစောက ကြမ်းပိုးအကြောင်းဆက်ပါမည်။

ခုတင်၊ ကြမ်းပြင်ပေါ် ဖျာခင်းထားပါ။ ဖျာပေါ်တွင် ကြောင်ပန်းရွက် (အစို) လက်သုံးလေးဆုပ်ခန့်အနှံ့ဖြန့်ခင်းထားပါ။ အပေါ်မှ ဖျာတစ်ချပ်ဖြင့် ပြန်ဖုံးထားပါ။ ကြမ်းပိုးများ ဘယ်နေရာသို့ပြေးသွားသည် မသိတော့ပါ။ ကြမ်းပိုးပြေးသော်လည်း ကြောင်ပန်းရွက်ခြောက်အားဖယ်မပစ်ဘဲ ရက်ကြာကြာထားပေးပါ။ ကြမ်းပိုးအပြင် အခြားပိုးမွှားကောင်များပင် ပြေးပါသည်။

ကြမ်းပိုးနှင့်အတူ ကြွက်သန်းအားနှင်ရပါသည်။ ကြက်ခြံအတွင်း ပတ်ဝန်းကျင်အမှောင်ရှိသောနေရာ၊ ကြောင်ပန်းရွက် (အစို) ဟိုစပ်စပ်ဒီစပ်စပ်ဖြန့်ကြထားပါ။ ကြက်မြုံ၊ ဥနေသော၊ ဝပ်နေသောကြက်မမြုံအတွင်း ကြောင်ပန်းရွက်အား ဘေးပတ်ပတ်လည် အောက်ပိုင်းတို့တွင် လက်တစ်ဆုပ်နှစ်ဆုပ်ထည့်ပေးပါ။ သို့ဆိုလျှင် ကြွက်သန်းခေါ် ကြက်လှေးများပြေးပါသည်။

အသုံးပြုရာ၌ ကြောင်ပန်းရွက်အစိုမရလျှင် အခြောက်ကိုအသုံးပြုရပါမည်။ ကြောင်ပန်းရွက်သည် ဘယဆေးဆိုင်တွင် အလွယ်တကူဝယ်၍ရသော်လည်း လတ်ဆတ်ဖို့လို၏။ ဆန္ဒင်းနံ့ပျောက်သော ကြောင်ပန်းရွက်သည် အာနိသင်မစွမ်းသာပါ။ ဆန္ဒင်းနံ့သင်းသင်းရသော ကြောင်ပန်းရွက်အား အသုံးပြုသင့်ပါသည်။

စိုးမင်း (မြောက်ဝည်း-ရွာသစ်)



www.burmeseclassic.com

www.burmeseclassic.com

## ဘိုဘို(ရွှေကံကူ)

# ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏ ၂၀၁၆ ခုနှစ် မော်လမြိုင်-ဘားအံ-ကျိုက္ကမော့လေး-ကော့ကရိတ် ဒေသစာရီခရီးစဉ်ထူးခြားမှုများနှင့်ကရဝိက်ဟောင်စကြာ

၂၀၁၅၊ ဒီဇင်ဘာ ၁၅ ရက်မှ စတင်၍ ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်သည် နေပြည်တော်၊ မကွေး၊ ရန်ကုန်၊ ထားဝယ်၊ မြောင်းမြ၊ အစရှိသောမြို့များနှင့် စင်ကာပူနိုင်ငံတွင် တစ်လကြာ ဒေသစာရီကြွမြန်းတော်မူခဲ့ပြီး ၂၉ - ၅ -၂၀၁၆ ရက်နေ့တွင် စဉ့်ကိုင်မြို့သို့ ပြန်လည်ကြွမြန်းရောက်ရှိတော်မူခဲ့ပါသည်။ ယခင်နှစ်များတွင် ရုပ်ရှင်တော်မြတ်သည် ၁၂ လပိုင်း၊ ၃ ရက်နေ့ခန့်တွင် မြန်မာပြည်အောက်ပိုင်းခရီးစဉ်ကို စ,တင်မြဲဖြစ်ပြီး ၇ လပိုင်း၊ ၂၀ ရက်ခန့်မှ အောင်မြေသို့ ပြန်လည်ကြွမြန်းတော်မူမြဲဖြစ်သော်လည်း ယခုနှစ်တွင် မြန်မာပြည်အောက်ပိုင်းခရီးစဉ်သို့ အထွက်နောက်ကျခဲ့ရုံသာမက အပြန်ရက်လည်းစောခဲ့သဖြင့် ခါတိုင်းနှစ်များထက် ယခုနှစ် မြန်မာပြည်အောက်ပိုင်းခရီးစဉ်မှာ တစ်လခန့် လျော့နည်းသွားရခြင်း ဖြစ်ပါသည်။

ထိုသို့ဖြစ်ရခြင်းမှာ ရုပ်ရှင်တော်မြတ်သည် စာရေးသူ ရွှေကြက်ယက်တောင်တော်ပေါ်တွင်တည်ထားကိုးကွယ်မည့် ရွှေကံကူတြိဖလစေတီတော်ပန္နက်တော်မင်္ဂလာပြုလုပ်မည့် ၃-၁၂-၂၀၁၅ နေ့ကို စောင့်ဆိုင်းပေးတော်မူရသကဲ့သို့ ၈-၆- ၂၀၁၆ နေ့ ရွှေကံကူတြိ ဖလစေတီတော်ထီးတော်တင်ပွဲအမီ ပြန်လည်ကြွမြန်းတော်မူလာရသောကြောင့်ဖြစ်သည်။


ရွှေကံကူတြိဖလစေတီတော်ထီးတင်ပွဲကြီးမှာလည်း စည်ကားသိုက်မြိုက်စွာ ပြီးစီးသွားခဲ့ပါသည်။ မယ်တော်ကြီးတို့သည် (၉) ရက်နေ့တွင် စေတီတော်အနေကဇာတင်မင်္ဂလာနှင့် သံဃာတော် (၄) ပါးကို ကံထပ်၊ တစ်ပါးကို ရဟန်းခံမင်္ဂလာပြုလုပ်ပြီး ၁၀ ရက်၊ ၁၁ ရက် နှစ်ရက်တိတိ အောင်မြေတွင်နေနားပြီး ၁၂-၆- ၂၀၁၆ ရက်နေ့တွင် ရုပ်ရှင်တော်



www.burmeseclassic.com

www.burmeseclassic.com







မော်လမြိုင်မြို့သင်းရန့် ပရိဘောဂပိသာစုနေအိမ်မှ ရုပ်ရှင်တော်မြတ်အား အပူဇော်ခံထားရှိစဉ်



ရုပ်ရှင်တော်မြတ်အား ကျိုက္ကမော့လေးဆရာတော်မှ ဆီးကြိုပင့်ဆောင်စဉ်




သထိတ်ကျင်းမြို့နယ် အုန်းတကူး အစ်မတော်တောင်ပေါ်တွင် တည်ထားကိုးကွယ်မည့်
စေတီတော်၏ တစ်ဦးတည်းအလှူရှင်
ရန်ကုန်မြို့မှ ဘုရားဒါယကာ ဦးမျိုးမင်း + ဘုရားအမ်ယိကာမ ဒေါ်ခိုင်ခိုင်ဝင်း မိသားစု




မြတ်သည် ရန်ကုန်မြို့သို့ပြန်လည်ကြွမြန်းတော်မူပါသည်။

ယခုတစ်ခေါက်တွင် မော်တော်ယာဉ်များနှင့် ကြွမြန်းတော်မူခြင်းဖြစ်သည်။ မောင်ရဲလေးသည် ရွှေကံကူတြိဖလစေတီပန္နက်တင်ပွဲတွင်လည်းလာရက် ပြန်ရက်မပါ (၉)ရက်တိတိလုပ်အားဒါနပြုသကဲ့သို့ ထီးတော်တင်လှူပွဲတွင်လည်း ၂-၆-၂၀၁၆ ရက်နေ့ကတည်းက ကြိုတင်ရောက်ရှိပြီး လုပ်အားဒါနပြုခဲ့ပါသည်။ ထို့အတူ ရန်ကုန်မြို့မှပင် ခိုင်ခိုင်နှင့် ဒေါ်ထုရော်တို့သည်လည်း ၆-၆-၂၀၁၆ ရက်ကတည်းက ရောက်ရှိလာကြပြီး ရုပ်ရှင်သရုပ်ဆောင် ဂွမ်းပုံကြီးနှင့် အေးအေးခိုင်တို့လည်း လိုက်ပါလာကြကာ ကိုမျိုးမင်းနှင့် မခိုင်တို့လည်း ပါရှိလာကြသည်။ ဂွမ်းပုံကြီး၊ အေးအေးခိုင်နှင့် ကိုမျိုးမင်း၊ မခိုင်တို့မှာ ၈ ရက်နေ့ ထီးတော်တင်ပြီးသောညမှာပင် ပြန်သွားကြပြီး ခိုင်ခိုင်နှင့် ဒေါ်ထုရော်တို့ကတော့ (၁၂) ရက်နေ့အထိ မယ်တော်ကြီးတို့ကို

www.burmeseclassic.com



ဘားအံမြို့ ဘားအံသီရိပဗ္ဗတယ်နောက်ကျောမှ ဇွဲကပင်တောင်ကြီးအား မြင်တွေ့ရပုံ



ညအခါတွင် ဇွဲကပင်တောင်ခါးပန်း၌ ရုပ်ရှင်တော်မြတ်၏မျက်နှာတော်ပေါ်ပေါက်နေပုံ



ရုပ်ရှင်တော်မြတ်အား ကျိုက္ကမော့လေး သာသနာပြုနယ်မြေမှ ကော့ကရိတ်မြို့သို့ ပင့်ဆောင်စဉ်




ဘားအံမြို့ ဘားအံ သီရိပဗ္ဗတယ် မိသားစုနှင့် အန်တီအေး မယ်တော်ကြီးတို့ အမှတ်တရ



ဘားအံမြို့ ဘားအံသီရိပဗ္ဗတယ်မှ ကျိုက္ကမော့လေးသို့ ရွှေရည်ပွင့်မိသားစု ပင့်ဆောင်စဉ်

စောင့်ဆိုင်းပြီးမှ ရုပ်ရှင်တော်မြတ်ကို ရန်ကုန်မြို့သို့ပင့်ဆောင်သွားကြခြင်းဖြစ်သည်။

ရုပ်ရှင်တော်မြတ်သည် ၁၂-၆-၁၆ ညနေပိုင်းမှ ၁၅-၆-၂၀၁၆ နေ့လယ်ပိုင်းအထိ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ သုနန္ဒာလမ်း အမှတ် (၈၉) ရှိ ဦးထက်ရွှေမော်၊ ဒေါ်ထုရော်၊ သမီးမဝတ်ရည်ခိုင်၊ သားမောင်မင်းမဟာ တို့၏ နေအိမ်တွင် (၃) နှစ်တာအတွင်း (၈) ကြိမ်မြောက်အဖြစ် ပင့်ဆောင်ပူဇော်မှုကိုခံယူပါသည်။ဤမိသားစုသည် (၃) နှစ်တာအတွင်း အကြိမ်ရေဤမျှများပြားစွာ ပင့်ဆောင်ပူဇော်ခွင့်ရရှိခြင်းမှာ ရန်ကုန်ကို ဗဟိုပြုသော ရုပ်ရှင်တော်မြတ်၏ ဒေသစာရီခရီးစဉ်များတွင် ရန်ကုန်မှာ ပြည်ပနိုင်ငံများသို့ ကြွမြန်းတော်မူခြင်း၊ ရန်ကုန်မှ အခြားသောတိုင်းနှင့် ပြည်နယ်များသို့ ဒေသစာရီခရီးများကြွမြန်းတော်မူသောအခါ ရုပ်ရှင်တော်မြတ်အားကြိုဆိုခြင်း၊ ပို့ဆောင်ခြင်းတို့ကို ကုသိုလ်ယူပါရမီဖြည့်ကြသည်ဖြစ်သောကြောင့်၊ ရုပ်ရှင်တော်မြတ်၏ ခရီးထောက်နေအိမ်သဖွယ်ဖြစ်နေသောကြောင့်ဖြစ်ပါသည်။

တကယ်တော့ ထိုတာဝန်ကိုယူနိုင်ရန်မှာလည်း တော်ရုံသဒ္ဓါတရားနှင့် ဆောင်ရွက်နိုင်မည်မဟုတ်သကဲ့သို့ပင် ငွေကြေးပြည့်စုံရမည်။ နေအိမ်ကျယ်ဝန်းရမည်။ ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စများနှင့် မယ်တော်ကြီးနှင့်အန်တီအေးတို့ သွားလိုရာရာသို့ အချိန်မရွေးလိုက်ပါပို့ဆောင်နိုင်ရမည်ဖြစ်၍ သဒ္ဓါတရားမည်မျှပင် ကောင်းသည်ဖြစ်စေကာမူ အထက်ပါအကြောင်းအချက်များပြည့်စုံနိုင်ရန်မှာ လွယ်ကူမည်မဟုတ်ပါ။

မိမိတို့နေအိမ်သို့ ဆွေမျိုးသားချင်းဖြစ်စေ၊ မိတ်ဆွေအပေါင်းအသင်းဖြစ်စေ၊ သူစိမ်းရိတ်နှင့်သူလာ၊ သူစိမ်းရိတ်နှင့်သူပြန်သော ဧည့်သည်တစ်ယောက်ရောက်ရှိနေလျှင်ပင် အိမ်ရှင်တို့မှာ အနေအထိုင်မလွတ်လပ်ဘဲ စိတ်ပင်ပန်းကြရသည်။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခြင်းမှာမူ သာမန်ဧည့်သည်တစ်ဦးလာ

www.burmeseclassic.com



မြတ်သီရိအစ်ချုပ်ဆိုင်မိသားစုမှ ရုပ်ရှင်တော်မြတ်အား
ဘားအံမြို့ဘားအံသီရိဟိုတယ်သို့ ပင့်ဆောင်စဉ်




ရုပ်ရှင်တော်မြတ်အား ဘားအံမြို့ဘားအံသီရိဟိုတယ်တွင် ပင့်ဆောင်ပူဇော်ထားရှိစဉ်



ရန်ကုန်မြို့သုမင်္ဂလာအိမ်ရာ ဦးထက်ရွှေမော် + ဒေါ်ထုရော် တို့၏နေအိမ်တွင် ကြွမြန်းတော်မူစဉ်



ရန်ကုန်မြို့သုမင်္ဂလာအိမ်ရာ ဦးထက်ရွှေမော် + ဒေါ်ထုရော် တို့၏နေအိမ်တွင်
နေ့ဆွမ်းဆက်ကပ်စဉ်

ရောက်သည်ထက် အဆပေါင်းများစွာ တာဝန်ကြီးမားလှပါသည်။ ထို့ကြောင့် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ကြသော သာဝကများ၏ သဒ္ဓါတရားကို လေးစားချီးကျူးမဆုံးဖြစ်ရပါသည်။ ယခုမှု ဦးထက်ရွှေမော်နှင့် ဒေါ်ထုရော်တို့သည် ၎င်းတို့အိမ်မှ ရုပ်ရှင်တော်မြတ်အား ခရီးထောက် ပင့်ဆောင်ပူဇော်ခွင့်ရရှိသည်ကိုပင် ဝမ်းသာမဆုံးဖြစ်နေကြပြီး မယ်တော်ကြီးနှင့် အန်တီအေးတို့ကို ကျေးဇူးတင်လျက်ရှိနေကြပါသည်။

ယခင်က ထိုတာဝန်ကို ယခု ဒုတိယညွှန်ကြားရေးမှူးချုပ် ပြည်သူ့ဆောက်လုပ်ရေးလမ်း/တံတား ဦးခင်မောင်ကျော်-ဇနီးဒေါ်ဝေဝေမာ ၇၆/၈ ယင်းမာမြိုင်လမ်း သုဝဏ္ဏာစုပေါင်းအိမ်ရာ ရန်ကုန်မြို့မှ ထမ်းဆောင်ခဲ့ကြခြင်းဖြစ်သော်လည်း ယခုနောက်ပိုင်းနှစ်များတွင် ဦးခင်မောင်ကျော်သည် ရာထူးကြီးမြင့်သွား၍ နေပြည်တော်တွင် အမြဲနေထိုင်ရခြင်း၊ ဦးခင်မောင်ကျော်၏သားကလေးမှာလည်း ပြည်ပသို့ ပညာတော်သင်သွားရောက်ရခြင်းတို့ကြောင့် ယခင်ကလိုအကြောင်းမညီညွတ်ခြင်းမရှိတော့ပါ။ သို့သော် ဒေါ်ဝေဝေမာသည် မဖြစ်ဖြစ်အောင် ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စများကို ဆောင်ရွက်လိုသော်လည်း မယ်တော်ကြီးမှ -

"မဝေ၊ ညည်းမှာ တစ်ယောက်တည်းပင်ပန်းလှပါတယ်အေ။ နှစ်စဉ်ပုံမှန်ပင့်တာကတော့ပင့်ပါ။ ငါတို့ခရီးထောက်ကိုတော့ မောင်ထက်ရွှေမော်နဲ့ ထုထုတို့ကိုပဲ တာဝန်ယူပါစေတော့"

ဟု ပြောရာ မဝေက -

"မယ်တော်ကြီး၊ မဝေကဖြစ်ပါတယ်၊ မပင်ပန်းပါဘူး"

ဟု ပြောပါသေး၏။

သို့သော် မယ်တော်ကြီးနှင့် အန်တီအေးတို့က ဦးထက်ရွှေမော်တို့နေအိမ်ကိုသာ ရွေးချယ်လိုက်သဖြင့် ဦးထက်ရွှေမော်တို့သည် ယခုကဲ့သို့ အကြိမ်များစွာ ပင့်ဆောင်ပူဇော်ခွင့်ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ယခုတစ်ကြိမ် ဦးထက်ရွှေမော်-ဒေါ်ထုရော်တို့ ပင့်ဆောင်ပူဇော်ခွင့်ရရှိခြင်းမှာလည်း သီးသန့်ပူဇော်ခွင့်ရခြင်းတော့မဟုတ်ပါ။ မော်လမြိုင်ခရီးစဉ်သို့ ကြွမြန်းတော်မူရန် ခရီးထောက်ပူဇော်ခွင့်ရရှိခြင်းသာ ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ၁၅-၆-၂၀၁၆ ရက်နေ့တွင် ရုပ်ရှင်တော်မြတ်အား ဦးမောင်စိန် -

www.burmeseclassic.com

ဒေါ်ငွေကြည်၊ ဦးပု - ဒေါ်မာပုတို့ကို အမှူးထားပြီး ဦးရွှေပွား-ဒေါ်စောမြနွယ် သင်းရန့်ပရိဘောဂမိသားစုမှ မော်ဃမြိုင်မြို့ ဈေးကြိုရပ်ရှိ ၎င်းတို့၏နေအိမ်သို့ ပင့်ဆောင်ပူဇော်ပါသည်။

ဤမိသားစု ယခုအကြိမ်ပင့်ဆောင်ပူဇော်ခြင်းမှာ စတုတ္ထအကြိမ်မြောက် ပင့်ဆောင်ပူဇော်ခြင်း ဖြစ်ပါသည်။ ဤမိသားစုသည် သူရဇ္ဇမဂ္ဂဇင်းကြီး၏ စာဖတ်ပရိသတ်များဖြစ်ကြပြီး သူရဇ္ဇမဂ္ဂဇင်းကြီး၏ ကျေးဇူးကြောင့်ပင် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို သိရှိကြည်ညိုရခြင်း ဖြစ်ပါသည်။ ဦးရွှေပွား-ဒေါ်စောမြနွယ်တို့သည် ရုပ်ရှင်တော်မြတ်သတင်းစကားကို ကြားသိပြီးနောက် စဥ့်ကိုင်မြို့အောင်မြေသို့ ရောက်ရှိလာကြပါသည်။ ရုပ်ရှင်တော်မြတ်သည် ရန်ကုန်တွင် ကြွမြန်းရောက်ရှိတော်မူနေ၍ စာရေးသူနှင့်သာ တွေ့ဆုံကြရပါသည်။ စာရေးသူနှင့် ဤတစ်ကြိမ်သာ တွေ့ဆုံ သိကျွမ်းကြရသေးခြင်းရှိသော်လည်း စာရေးသူအား အနှစ်နှစ်အလလက ကွဲကွာနေသော ညီအစ်ကိုမောင်နှမများနှင့် ပြန်လည် ဆုံတွေ့ကြရသကဲ့သို့ ဦးရွှေပွားနှင့် ဒေါ်စောမြနွယ်တို့သည် စာရေးသူအား တစ်ခဏအတွင်းမှာပင် ခင်မင်ရင်းနှီးသွားပြီး စကားများပြောမတုန့်အောင်ဖြစ်နေကြပါသည်။

အတန်ကြာ စကားများပြောပြီးမှ ဒေသစာရီလက်ခံစာရင်းစာအုပ်တွင် ၎င်းတို့၏ အမည်၊ လိပ်စာတို့ကို ရေးသွင်းပါသည်။ စာရေးသူကိုလည်း ရုပ်ရှင်တော်မြတ်အား ၎င်းတို့၏နေအိမ်သို့ ပင့်ဆောင် ပူဇော်ခွင့်ရသောအခါ လိုက်ပါပေးပါရန် ပြောကြားပြီး ၎င်းတို့ပြန်သွားကြသည်။ နောက်နှစ်တွင်လည်း တစ်ခေါက်ရောက်ရှိလာကြပြန်သေး၏။ ကြားထဲတွင်လည်း မကြာမကြာဖုန်းဆက်ပြီး -

"ဆရာ၊ အစ်မတို့အိမ်ရက်ရအောင် ဖယ်တော်ကြီးတို့ကိုပြောပေးဦး"

ဟု ပူဆာပါသည်။

ထို့ကြောင့် ၂၀၁၃ ခုနှစ်တွင် သင်းရန့်မိသားစုမှ ရုပ်ရှင်တော်မြတ်အား ပထမဆုံးအကြိမ် ပင့်ဆောင်ပူဇော်ခွင့် ရရှိခဲ့ပါသည်။

ထိုအခါ -

"ဆရာ၊ အစ်မတို့က မယ်တော်ကြီးတို့နဲ့တွေ့ဖူးသေးတာမဟုတ်ဘူး။ ဆရာလာခဲ့ပါဦး။ဆရာနဲ့ပတ်သက်ပြီးပင့်ရတာမို့"



ရန်ကုန်မြို့ သုမင်္ဂလာအိမ်ရာ ဦးထက်ရွှေမော် + ဒေါ်သုရော် တို့၏နေအိမ်မှ မော်လမြိုင်မြို့သို့ ပင့်ဆောင်ပူဇော်စဉ်




ဘားအံမြို့ ဘားအံသီရိဟိုတယ်မှ ကျိုက္ကမော့ဝေးသို့ ရွှေရည်ပွင့်မိသားစု ပင့်ဆောင်စဉ်



ရုပ်ရှင်တော်မြတ်အား ကျိုက္ကမော့ဝေးဆရာတော်၏ကျောင်းတွင် နေ့ဆွမ်းဆက်ကပ်စဉ်

ဟု တောင်းဆိုပြန်သဖြင့် ထိုစဉ်က စာရေးသူ မော်လမြိုင်သို့လိုက်ပါသွားခဲ့ရပါသေးသည်။

ဦးရွှေပွားနှင့်ဒေါ်စောမြနွယ်တို့က စာရေးသူနှင့် တပည့်လေး မင်းမင်းထွန်းတို့ကို အသွားအပြန်ကားလက်မှတ်စီစဉ်ပေးရုံမျှမက လိုလေသေးမရှိအောင် ကျွေးမွေးပြုစုပြီး မော်လမြိုင်တစ်ခွင် တန်ခိုးကြီးဘုရားစုံကို လိုက်လံပို့ဆောင်ပါသည်။ အပြန်တွင်လည်း လက်ဆောင်ပစ္စည်းများဝယ်ပေးလိုက်ပါသေးသည်။ နောင်လည်းသီးသန့်အလည်သက်သက် လာရောက်ပါရန် ဖိတ်ခေါ်ပါသည်။ ပထမအခေါက် သင်းရန့်မိသားစုမှ ပင့်ဆောင်ပူဇော်စဉ်က ထူးခြားမှုတို့များစွာဖြစ်ပေါ်ခဲ့ပါသည်။ ထိုအကြောင်းအရာတို့ကိုလည်း သူရဇ္ဇမဂ္ဂဇင်းကြီးတွင် ဖော်ပြတင်ဆက်ထားရှိခဲ့ပြီးဖြစ်ပါသည်။ ဦးရွှေပွားနှင့် ဒေါ်စောမြနွယ်တို့သည်လည်း ပထမဆုံးအကြိမ် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရရှိသောအချိန်မှာပင် မယ်တော်ကြီး၊ အန်တီအေးတို့နှင့် ရင်းနှီးသွားပြီဖြစ်၍ နောက်နှစ်များတွင် စာရေးသူ မော်လမြိုင်သို့ မလိုက်ဖြစ်တော့ပါ။

ယခုနှစ် ခရီးစဉ်တွင်လည်း ဒေါ်စောမြနွယ်မှ စာရေးသူအား ဖုန်းဆက်ပြီးဖိတ်ခေါ်ပါသည်။ စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com

လည်း မယ်တော်ကြီး၏ စီမံမှုဖြင့်သာ သွားလာနေထိုင်ရသည်ဖြစ်၍ မယ်တော်ကြီးကိုသာ ဖုန်းဆက်ပါ။ မယ်တော်ကြီး၏ ခွင့်ပြုချက်ရလျှင် လာခဲ့ပါမည်ဟု အကြောင်းပြန်ကြားလိုက်ပါသည်။ သို့သော် မယ်တော်ကြီးမှ ခွင့်မပြုပါ။ ခွင့်မပြုရသော အကြောင်းအရင်းမှာ စာရေးသူသည် ကျောင်းတော်ကြီးမှ ညအိပ်ညနေ ခွာ၍မဖြစ်ပါ။ နေ့စဉ် အောင်မြေသို့ ဘုရားဖူးဇည့်ပရိသတ်တို့ လာရောက်လျက်ရှိပြီး စာရေးသူ၏သီးသန့်ဧည့်သည်များ (ဆေးကုရန်၊ စီးပွားရေး၊ လူမှုရေး၊ ရောင်းရေးဝယ်ရေး၊ အိမ်ထောင်ရေး အစရှိသည်တို့အတွက်) လည်းရှိပြီး ကျောင်းတော်ကြီး၏ လုံခြုံရေးအတွက်ပါ လိုအပ်သည်ဖြစ်၍ ယခုနောက်ပိုင်းနှစ်များတွင် စာရေးသူသည် ညအိပ်ညနေ ခရီးမထွက်နိုင်တော့ခြင်း ဖြစ်ပါသည်။

ဦးရွှေပွား - ဒေါ်စောမြနွယ်တို့သည် ရုပ်ရှင်တော်မြတ်အား စတုတ္ထအကြိမ်မြောက်အဖြစ် ပင့်ဆောင်ခြင်းဖြစ်သော်လည်း တစ်နှစ်ထက်တစ်နှစ် ပြည့်စုံကောင်းမွန်သည်ထက် ပြည့်စုံကောင်းမွန်အောင်စီစဉ်၍ အထူးအလေးအမြတ်ထားကာ ပူဇော်ကြပါသည်။ မော်လမြိုင်မှ ပရိသတ်တို့သည်လည်း နှစ်စဉ် ဤနေအိမ်မှ ပင့်ဆောင်ပူဇော်မြဖြစ်ပေရာ စောင့်မျှော်အားခဲပြီး လာရောက်ဖူးမြော်ကြ၏။ ထို့ကြောင့် ဘုရားဖူးပရိသတ်တို့ နေ့စဉ်စည်ကားလျက်ရှိနေပြီး ရုပ်ရှင်တော်မြတ်အား ဤအိမ်ဤမိသားစုမှလည်း ပွဲများ၊ ပန်းများ၊ သစ်သီးများ အလှူပယ်လှူဒါန်းပူဇော်ထားရှိသည့်အပြင် ဘုရားဖူးပရိသတ်တို့မှလည်း သစ်သီးများ၊ ပန်းများလှူဒါန်းကြပြန်ရာ လှူဖွယ်ပစ္စည်းတို့ ပြည့်စုံမြိုင်ဆိုင်လျက်ရှိပါ၏။ ရုပ်ရှင်တော်မြတ်အား ဆွမ်းကပ်သောအခါတွင်လည်း ဆွမ်းဟင်းများ လာရောက်ကပ်လှူကြပါ၏။

ရုပ်ရှင်တော်မြတ်သည် ပြုံးတော်မူသည်ဖြစ်၍ ဦးရွှေပွား-ဒေါ်စောမြနွယ် မိသားစုတို့မှာ ဝမ်းသာလျက် ကြည်ညိုမဆုံးဖြစ်ကြရပါသည်။ ၁၈-၉-၂၀၁၆ ရက်နေ့တွင်တော့ ရုပ်ရှင်တော်မြတ်အား မိခင်၊ ဖခင်တို့ဖြစ်ကြသော ဦးငွေသိန်း-ဒေါ်မြင့်မြင့်တို့အား အမှူးထား၍ သားဦးကျော်စွာထွန်း-ဒေါ်ချိုဇင်ဦး၊ ဒုတိယ ဗိုလ်မှူးကြီးအောင်အောင် - ဒေါ်အေးအေးမျိုး၊ သမီးမချိုရည်လွင်၊ မနန်းထက်






သပိတ်ကျင်းမြို့နယ် ခုနဲ့တကူး အစ်မတော်တောင်ပေါ်တွင် တည်ထားကိုးကွယ်မည့် စေတီတော်၏ ဖာစ်ဦးတည်းအလှူရှင် ရန်ကုန်မြို့မှ ဘုရားဒါယကာ ဦးမျိုးမင်း + ဘုရားဒါယိကာမ ဒေါ်နိုင်နိုင်ဝင်း မိသားစု



သပိတ်ကျင်းမြို့နယ် ခုနဲ့တကူး အစ်မတော်တောင်ပေါ်တွင် တည်ထားကိုးကွယ်မည့် စေတီတော်၏ တစ်ဦးတည်းအလှူရှင် ရန်ကုန်မြို့မှ ဘုရားဒါယကာ ဦးမျိုးမင်း + ဘုရားဒါယိကာမ ဒေါ်နိုင်နိုင်ဝင်း မိသားစု



ရုပ်ရှင်တော်မြတ်အား အိပ်မက်ထဲတွင် ဖူးတွေ့ရသော ကိုစောအားဦး၊ ထက်ရှင်ပျံ့မြိန်းစဉ်

www.burmeseclassic.com



မော်လမြိုင် သင်းရန့်ပရိဘောဂမိသားစုနှင့် မယ်တော်ကြီးတို့
ကျိုက္ကမီရေလယ်ဘုရားတွင် နဂါးအာဟာရဒါနပြုစဉ်



သင်းရန့် ပရိဘောဂမိသားစုမှ ရုပ်ရှင်တော်မြတ်အား
(၈)မိုင်မှူကြီး၊ အောင်ဆောင် + ဒေါ်အေးအေးမျိုးမိသားစုနေအိမ်သို့ ပင့်ဆောင်စဉ်



မော်လမြိုင်မြို့ သင်းရန့် ပရိဘောဂမိသားစုမှ ရုပ်ရှင်တော်မြတ်အား နံ့သာရေ[illegible]စဉ်



မော်လမြိုင်မြို့ သင်းရန့် ပရိဘောဂမိသားစုနေအိမ်မှ ရုပ်ရှင်တော်မြတ်အား အပူဇော်ခံထားရှိစဉ်

မွန်၊ မောင်ဝင့်ထဲည်၊ မြေး မောင်လင်း ဝဏ္ဏဟိန်းမိသားစု အမှတ်(၃-A)ဆန်တန်းလမ်း စက်ကွင်းရပ် ရွှေမြိုင်သီရိနယ်မြေ 'မြတ်သီရိအပ်ချုပ်ဆိုင်' မှ ပင့်ဆောင်ပူဇော်ပါသည်။ ဤမိသားစုသည်လည်း ယခင်နှစ်ကတည်းက ကြိုတင်လျှောက်ထားခဲ့ကြပြီး ယခုနှစ်တွင်မှ ပင့်ဆောင်ပူဇော်ခွင့်ရရှိကြခြင်း ဖြစ်ပါသည်။ မော်လမြိုင်မြို့တွင် ရုပ်ရှင်တော်မြတ်အား သိရှိကြည်ညိုကြသူတို့ပေါ်များခြင်း၊ ပင့်ဆောင်ပူဇော်သည့်မိသားစုသည်လည်း မိတ်ဆွေသင်္ဂဟတို့ပေါ်များခြင်းကြောင့် ဤမိသားစုနေအိမ်တွင်လည်း ဘုရားဖူးပရိသတ်တို့ အထူးပင် စည်ကားလှပါသည်။ ထိုနေအိမ်တွင် (၂) ရက်တာ သီတင်းသုံး စံပယ်တော်မူပြီး ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့သို့ဆက်လက်ကြွမြန်းတော်မူပါသည်။

ဘားအံမြို့သို့ ရုပ်ရှင်တော်မြတ် ယခု ကြွရောက်တော်မူခြင်းမှာ ဒုတိယအကြိမ်မြောက် ကြွရောက်တော်မူခြင်း ဖြစ်ပါသည်။ ၂၀၀၃ ခုနှစ်က သင်းရန့်ပရိဘောဂနေအိမ်မှ ဆက်လက်ကြွမြန်းတော်မူခဲ့ခြင်း ဖြစ်ပါသည်။ နောင်နှစ်များတွင်တော့ အကြောင်းမညီညွတ်သဖြင့် ဘားအံမြို့မှ ထပ်မံပင့်ဆောင်နိုင်ခြင်းမရှိတော့ဘဲ ယခုနှစ်မှ ဒါယကာအသစ်တို့ ပေါ်ပေါက်လာပြီး ကြွမြန်းတော်မူရခြင်း ဖြစ်ပါသည်။

ပင့်ဆောင် ပူဇော်ကြသူတို့မှာ ဦးဆန်းညွှန့်ဦး၊ ဒေါ်ခင်ဝင်းမြင့်၊ ဦးအိုက်ဝါ၊ ဒေါ်အဲဆိုင်တို့ကို အမှူးထားပြီး ကိုကျော်ဝင်းမင်း - မမိမိဦး၊ သားအောင်ကောင်းထက်၊ မောင်ရဲရင့်အောင် မိသားစုတို့ ဖြစ်ကြပါသည်။ ဤမိသားစုကို စာရေးသူတို့ မသိပါ။ အောင်မြေသို့ လာရောက် ဖူးမြော်ခဲ့ဖူးခြင်းရှိသလော၊ သို့မဟုတ် အခြားပင့်ဆောင်ပူဇော်ရာ ဌာနတို့တွင် သွားရောက် ဖူးမြော်ခဲ့ကြဖူးသလော၊ သို့မဟုတ် တစ်ဆင့်စကားကြားသိခဲ့ခြင်းလော၊ မဂ္ဂဇင်း၊ စာအုပ်၊ VCD ရုပ်မြင်သံကြားတို့မှ သိရှိခဲ့ကြလေသလော မသိပါ။ ၎င်းတို့သည် ရုပ်ရှင်တော်မြတ်အားသိရှိနေကြသည်ကတော့ အမှန်ပင်ဖြစ်ပါ၏။ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ကြီးမားမှုတို့ကိုသာမကပါ။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ရန် ခက်ခဲလှသည်တို့ကိုပါ သိရှိထားရှိပြီးဖြစ်၍ စာရေးသူတို့နှင့် ဆရာရင်းဒါယကာရင်းဖြစ်သော စဥ့်ကိုင်မြို့ ရန်အောင်မြင်ရပ်ကွက် (စာရေးသူတို့၏ ရပ်ကွက်)



www.burmeseclassic.com

www.burmeseclassic.com

ရွှေကျောင်းကျောင်းတိုက်မှ ဆရာတော် ဦးအာဒိစ္စထံ အကူအညီတောင်းခံခဲ့ကြပါသည်။

ရုပ်ရှင်တော်မြတ်ကြီးသည်လည်း ပြည်တွင်း၊ ပြည်ပ မနားတမ်း ဒေသစာရီကြွချီတော်မူနေသကဲ့သို့ ဆရာတော် ဦးအာဒိစ္စမှာလည်း ပြည်တွင်း၊ ပြည်ပ မနားတမ်း ဒေသစာရီကြွမြန်းတော်မူနေပြီး စာရေးသူသည်လည်း အောင်မြေတွင် အမြဲရှိနေပါသည်ဟု ဆိုစေကာမူ ရွှေကြက်ယက်တောင်ပေါ်တွင် ဘုရားတည်နေခြင်း၊ အခြားသောသာသနာပြုကိစ္စများနှင့် သွားလာနေရခြင်း၊ တပည့်များ၏အရေးကိစ္စနှင့် သွားလာနေရခြင်းတို့ကြောင့် အောင်မြေတွင် နေ့ခင်းဘက်၌ မရှိသည်ကများပါသည်။ ထိုအခါ ဆရာတော် ဦးအာဒိစ္စသည် အောင်မြေသို့လည်း (၃) ကြိမ်တိုင် ကြွမြန်းတော်မူ၏။ စာရေးသူအပြင်သွားလျှင် မကိုင်တော့ဖြစ်သော အခန်းထဲတွင်သာထားရစ်သည့် ၀၉-၅၁၆၁၈၆၆ ဖုန်းကိုလည်း အကြိမ်ကြိမ်ခေါ်၏။ လူကြုံလည်းစေလွှတ်ပြီး စာရေးသူအား ကျောင်းသို့လာရောက်လှည့်ပါဟုအကြိမ်ကြိမ်မှာကြား၏။ သို့သော် စာရေးသူသည် ဆရာတော် ဦးအာဒိစ္စနှင့် မချိတ်ဆက်မိဘဲဖြစ်နေ၏။

ထိုသို့ဖြင့် ၂၉-၅-၂၀၁၆ ရက်နေ့တွင် ရုပ်ရှင်တော်မြတ်သည် ရွှေကံကူတြိဖလစေတီတော်ထီးတင်ပွဲအတွက် အောင်မြေသို့ ခေတ္တပြန်လည်ကြွမြန်းရောက်ရှိတော်မူလာ၏။ ၃-၆-၂၀၁၆ ရက်နေ့တွင် စာရေးသူတို့ သာဝကများ အောင်မြေတွင် ဆွမ်းကပ်နေကြစဉ် ဆရာတော်ဦးအာဒိစ္စမှ ဆရာတော်၏ ကပ္ပိယကြီးမောင်ခင်မောင်စိန်ကိုစေလွှတ်ပြီး စာရေးသူအား ကျောင်းသို့လိုက်ခဲ့ပါ၊ ဆရာတော်စောင့်နေသည်ဟုပြောခိုင်းလိုက်ပါသည်။ စာရေးသူလည်း ဆွမ်းကပ်ပြီးသည်နှင့် ထီးတင်ပွဲအတွက် ဆောင်ရွက်စရာများရှိ၍ မန္တလေးသို့ ထွက်လာခဲ့ရာ ဆရာတော်ကျောင်းသို့ ဝင်ရန် မေ့လျော့သွားပါသည်။

စာရေးသူသည် ထီးတင်ပွဲအတွက် ရန်ကုန်မှရောက်ရှိနေသော မောင်ရဲလေး၏ကားဖြင့်ထွက်လာခဲ့ရာ စဉ့်ကိုင်တိုးဂိတ်ကိုကျော်လွန်သွားချိန်တွင် မယ်တော်ကြီးမှ ဖုန်းဆက်ပါသည်။ ဆရာတော်က စောင့်နေတယ်တဲ့။ အမြန်သွားလိုက်ဟု ဆိုသဖြင့် စာရေးသူလည်း နောက်ပြန်လှည့်ပြီး ဆရာတော်ကျောင်းသို့သွားလိုက်ပါသည်။ ဆရာတော်သည် စာရေးသူကို စောင့်နေလျက်ရှိပြီး -

"ဖုန်းဆက်တော့လည်းမကိုင်၊အိမ်လာတော့လည်းမတွေ့၊ လူကြုံလွှတ်တော့လည်းမလာ"

ဟု စိတ်မရှည်သလိုပြောပြီးမှ -

"ဘုန်းဘုန်းရဲ့ တပည့်ရင်း၊ ဒါယကာရင်းတွေ ဘားအံမြို့မှာ ဘားအံသီရိဟိုတယ်အသစ်ကြီးဖွင့်ထားတယ်။ ဘုရားပင့်ပြီးပူဇော်ချင်တာ ကြာလှပြီ။ ဘုန်းဘုန်းလည်း ဆရာဘိုဘိုကို ဆက်သွယ်နေတာကြာလှပြီ။ အဲဒါ မယ်တော်ကြီးကိုပြောပြီး ဖြစ်အောင်လုပ်ပေးပေတော့။ ကျန်တာ ဘာမှမပြောနဲ့တော့။ ဘယ်နေ့ပင့်ရမယ်ဆိုတာပဲကြားချင်တယ်"

ဟု တစ်ချက်လွှတ်မိန့်ကြားတော်မူပါသည်။

စာရေးသူလည်း -

"တင်ပါ့ဘုရား"

ဟု ဝန်ခံပြီး ဆရာတော်ကိုနှုတ်ဆက်ပြီး မန္တလေးသို့ဆက်၍ထွက်ခွာခဲ့ပါသည်။

အိမ်ပြန်ရောက်သောအခါတွင်မှ ထိုအကြောင်းကို မယ်တော်ကြီးနှင့် အန်တီအေးကို ပြောပြလိုက်ပါသည်။ ထိုအခါ မယ်တော်ကြီးက မော်လမြိုင်ခရီးစဉ်ကျန်ရှိနေသေး၍ ထိုခရီးစဉ်တွင် ထည့်သွင်းပေးမည်ဟုဆိုကာ ရက်ကိုပင် အတည်ပြု သတ်မှတ်ပေးလိုက်ပါသည်။



ရုပ်ရှင်တော်မြတ်အားပင့်ဆောင်သည့် မိသားစုကို မယ်တော်ကြီးမှ ဂုဏ်ပြုလွှာပေးအပ်စဉ်



ရုပ်ရှင်တော်မြတ်အား ဘားအံမြို့ ဘားအံသီရိဟိုတယ်တွင် ပင့်ဆောင်ပူဇော်ထားရှိစဉ် ဝန်ထမ်းမိသားစုများ ဖူးမြော်ကြစဉ်




ဘားအံမြို့ ဘားအံ သီရိဟိုတယ်၏ ညအလှမြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



ကော့ကရိတ်မြို့ကောင်းထက် ကလေးမိသားစုအား ဂုဏ်ပြုမှတ်တမ်း ပေးအပ်စဉ်



ကော့ကရိတ်မြို့ဒေါ်ခင်မေညီနှင့် မောင်နမ မိသားစုများအား ဂုဏ်ပြုမှတ်တမ်းပေးအပ်စဉ်



ကော့ကရိတ်မြို့မှ မော်လမြိုင်သို့ ပင့်ဆောင်စဉ်

ထိုအခါ စာရေးသူက ဆရာတော်ထံ သွားရောက် လျှောက်ထားသောအခါ ဆရာတော်က စာရေးသူ၏ရှေ့မှာပင် ဘားအံမှဒါယကာများထံ ဖုန်းဆက်ရာ ဒါယကာတို့လည်း ဝမ်းသာလျက်ရှိကြပါသည်။ ဤအကြောင်းအရာတို့က အသေးစိတ်ဖော်ပြရခြင်းမှာ ရုပ်ရှင်တော်မြတ်အား တစ်ကြိမ်တစ်ခါမျှ ပင့်ဆောင်ပူဇော်ခွင့်ရရှိရန် မလွယ်ကူကြောင်း သိရှိနိုင်ကြစေရန်ဖြစ်ပါ၏။

ထိုသို့ဖြင့် ဘားအံမြို့ ဘားအံသီရိဟိုတယ်မိသားစု ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ခွင့်ရရှိကြခြင်း ဖြစ်ပါသည်။ ဘားအံသီရိဟိုတယ်ကြီးမှာ ဘားအံမြို့ အဝင်ဝ ဇွဲကပင်တောင်ခြေတွင်တည်ရှိပြီး ခြံဝင်းကျယ်ကြီးအတွင်း၌ သစ်ပင်ပန်းမန်များကို စနစ်တကျစိုက်ပျိုးထား၏။ ခေတ်မီဆန်းသစ်လှပခမ်းနားထည်ဝါသော အဆောက်အအုံတို့ဖြင့် တည်းခိုနားနေချင့်စဖွယ်ပင် ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်အား ဟိုတယ်အစည်းအဝေးခန်းမဆောင်ကြီးထဲတွင် ခမ်းခမ်းနားနား ပူဇော်ထားရှိပါသည်။ ဆရာတော်ဦးအာဒိစ္စသည် ဘားအံသို့ (၃) ရက်ခန့် ကြိုတင်ကြွရောက်တော်မူနေပြီး မော်လမြိုင်သို့ ရုပ်ရှင်တော်မြတ်ကို လာရောက်ပင့်ဆောင်သောအခါ၌ ဆရာတော်ကိုယ်တိုင် ကြွရောက်တော်မူပြီး ပင့်ဆောင်တော်မူခြင်း ဖြစ်ပါသည်။

ရုပ်ရှင်တော်မြတ်၏ ဂုဏ်သတင်းမှာ ဘားအံမြို့တွင်လည်း ပျံ့နှံ့လျက်ရှိနေပြီးဖြစ်ရာ ဘုရားဖူးပရိသတ်တို့ နေ့ညမပြတ် လာရောက်ဖူးမြော်လျက်ရှိနေကြပါသည်။ ရုပ်ရှင်တော်မြတ် ဘားအံသီရိဟိုတယ်သို့ ကြွရောက်တော်မူသောနေ့မှာပင် ထူးခြားမှုစတင်ဖြစ်ပေါ်သည်။ ဟိုတယ်မှ နောက်ကျောဘက်တွင် ဇွဲကပင်တောင်ခါးပန်းကို ကောင်းမွန်စွာမြင်တွေ့ရပါသည်။ ဟိုတယ်မှာ ဇွဲကပင်တောင်ခြေတွင် တည်ထားသည်ဟုပင် ဆိုနိုင်ပါ၏။ ထိုတောင်ခါးပန်းတွင် နေ့အခါ၌ မသိသာသော်လည်း ညရောက်လျှင်တော့ ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်၏မျက်နှာတော်သဏ္ဍာန် အဖြူရောင်အလင်းရောင်များမှဖြစ်ပေါ်လျက်ရှိပါသည်။ ရုပ်ရှင်တော်မြတ် ဘားအံသီရိဟိုတယ်တွင် သီတင်းသုံးတော်မူသည့် (၃) ညလုံး တောင်နံရံတွင် ရုပ်ရှင်တော်မြတ်၏ မျက်နှာတော် ပေါ်ပေါက်တော်မူခြင်း ဖြစ်ပါသည်။

ဘားအံသီရိဟိုတယ်မိသားစုတို့မှ ရုပ်ရှင်တော်မြတ်အား- အကောင်းဆုံး၊ အခမ်းနားဆုံး ပူဇော်ထားရှိသကဲ့သို့ အန်တီအေးနှင့်မယ်တော်ကြီးတို့ကိုလည်း သီးခြားအသစ်စက်စက်ဘန်ဂလိုတစ်လုံးတွင် အသုံးအဆောင်ပစ္စည်းများအသစ်စက်စက်၊ စောင်၊ ခြင်ထောင်အသစ်စက်စက်တို့ဖြင့် ဝန်ဆောင်မှုမှအစစလိုလေသေးမရှိပြည့်စုံထောင့်စေ့အောင်ဆောင်ရွက်ထားရှိပေးကြ၍ အန်တီအေးနှင့် မယ်တော်ကြီးတို့ သက်သောင့်သက်သာ လွတ်လွတ်လပ်လပ် ချမ်းသာစွာနေကြရပါသည်။

ရုပ်ရှင်တော်မြတ် ဟိုတယ်သို့ကြွမြန်းရောက်ရှိတော်မူသည်နှင့် ပွဲများ၊ ပန်းများကပ်လှူပေးသည်။ ထို့နောက် ဆရာတော် ဦးအာဒိစ္စမှ အိမ်ရှင်များနှင့် မိတ်ဆက်ပေးသည်။ ထို့နောက် အခန်းသို့ သွားရောက်နားနေသည်။ ညဦးပိုင်းတွင် ရုပ်ရှင်တော်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်ရှိကြပြီး တရားဓမ္မတို့နှင့် ပူဇော်ကြသည်။ ပူဇော်မှုတို့ပြီးဆုံးသောအခါ ဘန်ဂလိုသို့ ပြန်ကြသည်။ ထို့ကြောင့် ဤကဲ့သို့ ကျယ်ဝန်းသောနေရာဌာနတို့တွင် ကြွရောက်တော်မူသောအခါ မယ်တော်ကြီးနှင့်အန်တီအေးတို့လည်း သက်သောင့်သက်သာနေကြရပါသည်။ ပထမဆုံးနေ့က်စညက မယ်တော်ကြီးနှင့် အန်တီအေးတို့သည်

www.burmeseclassic.com



ရွှေကူသာသနာပြုမယ်တော်ကြီး ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် အမှတ်တရ



ရွှေကူသာသနာပြုမယ်တော်ကြီး ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် အမှတ်တရ



ရွှေကူသာသနာပြု အန်တီအေး ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် အမှတ်တရ

ဟိုတယ်ခန်းမဆောင်မှဘန်ဂလိုသို့အပြန်တွင် ကောင်းကင်သို့မော့ကြည့်ရာ အချို့သောခရီးစဉ်များတွင် လည်းကောင်း၊ ရွှေကူအောင်မြေတွင် ရုပ်ရှင်တော်မြတ်ပြန်လည်ရောက်ရှိနေတော်မူသောအခါများတွင် လည်းကောင်း၊ ရံဖန်ရံခါနေ့ဖြစ်စေ ညဖြစ်စေ ကောင်းကင်တွင် တိမ်များမှ ရွှေကူရုပ်ရှင်တော်မြတ်၏ မျက်နှာတော်ပေါ်ပေါက်လေ့ရှိ၍ မယ်တော်ကြီးသည် အမြဲတစေ အမှတ်တမဲ့မနေဘဲ ကောင်းကင်ကိုမော့ကြည့်တတ်ခြင်း ဖြစ်ပါသည်။ သို့သော် ရုပ်ရှင်တော်မြတ်၏ မျက်နှာတော်သည် ကောင်းကင်သို့ မပေါ်ပေါက်ပါ။ ထိုအခါ မယ်တော်ကြီးသည် ဖွဲ့ကပင်တောင်ကြီးဆီသို့ မျက်စိရောက်သွားရာ တောင်ကမ်းပါးယံတွင် ရွှေကူရုပ်ရှင်တော်မြတ်၏ မျက်နှာတော်ကြီးပေါ်ပေါက်တော်မူနေသည်ကို ဖူးတွေ့ရခြင်းဖြစ်ပါသည်။

သေသေချာချာ ဖူးတွေ့ကြည့်သောအခါ မည်သည့်အလင်းရောင်မှုမရှိဘဲ အဖြူရောင်များဖြင့် ထင်ထင်ရှားရှားထွက်ပေါ်နေသည်မှာ အံ့ဩမဆုံးနိုင်ပင်ရှိပါသည်။ မယ်တော်ကြီးက ပြောပြသောအခါတွင်မှ ပင့်ဆောင်ပူဇော်သူမိသားစုတို့လည်း သိရှိကြည်ညိုကြရပါသည်။ ရုပ်ရှင်တော်မြတ်ကြီးသည်ကားကြွရောက်တော်မူရာနေရာဌာနများတွင် ထူးခြားသောတန်ခိုးတော်တို့ တစ်ခုမဟုတ်တစ်ခု ချီးမြှင့်တော်မူမြဲသာ ဖြစ်ပါ၏။ ထိုအခါ ပင့်ဆောင်ပူဇော်ကြသူတို့လည်း ရွှင်လန်းဝမ်းမြောက်ကြရပေသည်ဟုတွေးကာ မယ်တော်ကြီးတို့လည်း အိပ်ရာဝင်ခဲ့ကြ၏။

ရုပ်ရှင်တော်မြတ်သည် ၂၃-၆-၀၆ ရက်နေ့တွင် ဘားအံမြို့မှ ပြန်လည်ကြွမြန်းတော်မူမည် ဖြစ်သည်။ ဘားအံသီရိဟိုတယ်တည်ရှိရာဟိုတယ်ဇုန်သည် မြို့နှင့်အလှမ်းကွာသဖြင့် ဟိုတယ်မိသားစုတို့မှ မြို့သူမြို့သားများ သိရှိဖူး[illegible]နိုင်ကြရန် နေ့စဉ် ဘားအံမြို့အတွင်းလှည့်လည်၍ အသံချဲ့စက်နှင့် ကြေညာပေးပါသည်။ သို့သော် ထည်ဝါခံ့ညားလှသောဟိုတယ်ကြီးဖြစ်၍ အတော်အသင့်လူများ ဝင်ရောက်ဖူးမြော်ရန်မဝံ့ရဲကြသဖြင့် အထက်တန်းလွှာလူနည်းစုမျှသာ လာရောက် ဖူးမြော်ကြပါသည်။

၂၃ ရက်နေ့ နံနက်တွင် ဇနီးမောင်နှံနှစ်ဦး ရောက်ရှိလာပါသည်။ ထိုဇနီးမောင်နှံမှ အမျိုးသားသည် မယ်တော်ကြီးကို မြင်တွေ့လိုက်သောအခါ အံ့ဩတုန်လှုပ်သွားသည်ကို မယ်တော်ကြီးမှ သတိပြုမိလိုက်၍ -

"ဘားအံမြို့ထဲကလား၊ ကြေညာသံကြားလို့ လာဖူးတာလား"

ဟု နှုတ်ဆက်သည့်သဘောမျိုး မေးမြန်းလိုက်ရာ အမျိုးသားက ၎င်းသည် ဤဘုရားကိုသိလည်းမသိ၊ ကြားလည်းမကြားဖူးပါ။ ဤဟိုတယ်တွင် ကြွရောက်တော်မူနေသည်ကိုလည်းမသိပါ။ မြို့ထဲလှည့်ပြီး ကြေညာသည်ကိုလည်း မကြားသိလိုက်ပါ။ ထို့အပြင် မိမိသည် ဘားအံမြို့တွင် မွေးဖွားခဲ့သော်လည်း အရွယ်ရောက်ချိန်မှစ၍ ဦးလေးတို့၊ အဒေါ်တို့နှင့် တောင်ပေါ် (ယိုးဒယား) တွင် သွားရောက်နေထိုင်သည်ဖြစ်၍ မိမိ၏ဇာတိ ဘားအံမြို့ကို (၅) နှစ်တစ်ကြိမ်ပင် မရောက်ဖြစ်ကြောင်း၊ မိမိ၏ ဦးလေးနှင့် အဒေါ်တို့သည် ယိုးဒယားဘုရင်မင်းမြတ်အထံတွင် ဆံပင်ညှပ်ရသော၊ ဆံပင်ပြုပြင်ရသောအမှုတော်ကိုထမ်းရွက်ကြရသူများဖြစ်၍ ယိုးဒယားနန်းတွင်းမှာပင် နေထိုင်ရကြောင်း၊ မိမိ၏ အမည်မှာ ကိုစောအားဦးဖြစ်ကြောင်းတို့ကို ပြောပြပါသည်။

ထိုအခါ မယ်တော်ကြီးက -

"ဒါဆို ကိုစောအားဦးက ဘယ်လိုကဘယ်လိုရောက်လာတာလဲ။လမ်းဖြတ်သွားရင်း ဆိုင်းဘုတ်ထောင်ထားတာကို တွေ့လိုက်လို့လား၊ ဒါမှမဟုတ် အသိမိတ်ဆွေတစ်ယောက်ယောက်ကပြောလိုက်လို့လား"

ဟု မေးမြန်းလိုက်ပါသည်။

ထိုအခါ ကိုစောအားဦးက -

"အဲဒီလိုလည်း မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဆိုကာ ၎င်းယခုကဲ့သို့လာရောက်ဖူးမြော်ရသည့်အကြောင်းကို ဤသို့ရှင်းပြပါသည်။

ယမန်နေ့ညက ကရင်အမျိုးသားဖြစ်သော ကိုစောအားဦးတွင် ထူးဆန်းသောအိပ်မက်မြင်မက်ပါသည်။အိပ်မက်ထဲတွင် ကိုစောအားဦးသည် သံလွင်မြစ်ကမ်းစပ်တစ်နေရာတွင်ရောက်ရှိနေပါသည်။ ထိုစဉ် လှေကြီးတစ်စီးဆိုက်ရောက်လာ၏။ လှေပေါ်တွင် သက်တော်ဝင်လျက်ရှိသော ရွှေအဆင်းရုပ်ရှင်တော်တစ်ဆူ သီတင်းသုံးပါရှိလာပြီး တစ်ဖက်တွင် သက်တော် (၆၀) ကျော်(၇၀)နီးပါးရှိသည့်ရဟန်းတော်တစ်ပါး၊ ရုပ်ပွားတော်ရုပ်ရှင်တော်၏ တစ်ဖက်တွင် အသက်(၅၀)ကျော်ခန့်အမျိုးသမီးယောဂီတစ်ဦးလည်းပါရှိသည်။ ရုပ်ရှင်တော်မြတ်၏အသရေတော်သည် ဖူးမြော်ကြည်ညို၍မဝနိုင်အောင် သပ္ပာယ်တော်မူလှသကဲ့သို့ ရဟန်းတော်နှင့် ယောဂီတို့မှာလည်း အသားအရေကြည်လင်ဝင်းပလျက် ကျက်သရေရှိလှပါ၏။

၎င်းရှေ့သို့ရောက်ရှိသောအခါ လှေကြီးသည် ကမ်းသို့ကပ်လာပြီး ရပ်တန့်သွားသည်။ လှေကြီး၏ ထူးခြားမှုမှာ လှေကြီးတွင် လှော်ခတ်သူမပါရှိ၊ စက်လည်းတပ်မထား၊ ရွက်လည်းမပါရှိ ပဲ့ကိုင်ထိန်းကျောင်းသူလည်းမပါရှိဘဲ ရေစီးသန်လှသော သံလွင်မြစ်ကြောင်းအတွင်း၌ မနှေးလွန်း၊ မမြန်လွန်းသောအရှိန်ဖြင့်ရောက်ရှိလာခြင်းဖြစ်ပါသည်။ လှေကြီးကို အနီးကပ်မြင်တွေ့ရသောအခါ နံ့သာဖြူသားကို ထွင်းထားသောလှေကြီးဖြစ်နေပါသည်။ ကိုစောအားဦးသည် ရွှေအဆင်းသက်တော်ဝင်လျက်ရှိသော ရုပ်ရှင်တော်မြတ်ကြီးအား ရိုသေစွာ ရှိခိုးကန်တော့လိုက်ရာ -

“ငါသည် ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်ဖြစ်သည်။ ယခုဘားအံသီရိဟိုတယ်တွင် ကြွရောက်တော်မူလျက်ရှိသည့် ငါကိုယ်တော်သည်နောင် (၁၅) နှစ်ကြာသောအခါမှ ဘားအံမြို့သို့ ကြွမြန်းတော်မူလာတော့မည်”

ဟု မိန့်ကြားတော်မူပြီး -

ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ၊ အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ ဟူသော မင်္ဂလသုတ်တော်မှ နောက်ဆုံးအပိုဒ်ကို ရွတ်ဖတ်တော်မူသည်။ ထို့နောက် နံ့သာဖြူထွင်းလှေကြီးသည် သံလွင်မြစ်ကြောင်းအတိုင်း ဆန်တက်သွားသည်။

ရုပ်ရှင်တော်မြတ်သည် ‘ဖုဋ္ဌဿ’ ဂါထာတော်စာပိုဒ်ကို ဆက်လက်ရွတ်ပွားတော်မူသွားသည်။ လှေဦးမှ သစ်လွင်သော ပိုးသားသာသနာ့အောင်လံတော်မှာလည်း တလွင့်လွင့်နှင့်ကျက်သရေမင်္ဂလာ ရှိလှပါ၏။ ကိုစောအားဦးသည် နံ့သာဖြူလှေတော်ဖြင့်ကြွမြန်းသွားတော်မူသော ရုပ်ရှင်တော်မြတ်ကို မျက်စိတစ်ဆုံးဖူးမြော်ပြီး မြစ်ကွေ့တွင် ပျောက်ကွယ်သွားသောအခါမှ အိပ်မက်မှနိုးလာခဲ့သည်။

နံနက်လင်းသောအခါ မိတ်ဆွေတစ်ဦးရောက်ရှိလာပြီး -

“တို့မြန်မာပြည်မှာ တန်ခိုးကြီးမားတဲ့ဘုရား၊ မင်းတို့နိုင်ငံတွေကိုလည်း ကြွတဲ့ဘုရား ဘွဲ့တော်က ရွှေကံကူတဲ့။ အခုဘားအံသီရိဟိုတယ်မှာကြွနေတယ်”

ဟု မမေးရသေးမီ ထိုသို့ပြောလိုက်သောအခါ ကိုစောအားဦးမှာ အံ့ဩဝမ်းသာမဆုံးဖြစ်သွားရပါသည်။

ထို့ကြောင့် ကိုစောအားဦးတို့ဇနီးမောင်နှံသည် ဘားအံသီရိဟိုတယ်သို့ထွက်လာခဲ့ကြသည်။ ဟိုတယ်သို့ရောက်ရှိသောအခါ ‘အိပ်မက်ထဲမှ ယောဂီသည်ယခု မယ်တော်ကြီးဖြစ်နေ၍ အံ့ဩမဆုံးဖြစ်ရပြန်ပြီး ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့လိုက်ရသောအခါ အိပ်မက်ထဲမှ ရုပ်ရှင်တော်မြတ်ဖြစ်နေပြန်သဖြင့် ပို၍အံ့ဩဝမ်းသာမဆုံးဖြစ်ရပါသည်ဟုဆိုပါသည်။

ထိုအခါ မယ်တော်ကြီးက ဒါဆိုရင် အိပ်မက်ထဲမှာတွေ့တဲ့ဆရာတော်ကဘယ်လိုပုံစံတုန်းဟုမေးရာ မျက်နှာဝိုင်းဝိုင်းနှင့် ခပ်ဝဝ။ မျက်မှန်လည်းပါသည်ဟုပြောပါသည်။ မယ်တော်ကြီးက ဒီဆရာတော်လားဟု ဖုန်းကင်မရာအတွင်းမှ ဆရာတော်ဦးအာဒိစ္စ၏ပုံကိုပြလိုက်လျှင်ဟုတ်မှန်ကြောင်းဆိုပြီး ပို၍အံ့ဩလျက်၎င်း၏တစ်သက်တာတွင် ဤမျှထူးခြားသောအိပ်မက်မျိုးကိုလည်း တစ်ကြိမ်မှမမက်ဖူးပါ။ ဤမျှထူးခြားသည့်အဖြစ်ကိုလည်း တစ်ကြိမ်မှမကြုံဘူးပါ။ ကြည်ညိုမဆုံးဖြစ်ရသည်ဟုဆိုပါသည်။ ထို့နောက်၎င်းတို့နှစ်ဦးသည် (ဇနီးမောင်နှံ) ကိုယ်စီ၎င်းတို့လက်တွင် ဝတ်ဆင်ထားရှိသောလက်စွပ်တစ်ကွင်းစီကိုချွတ်၍ ရုပ်ရှင်တော်မြတ်အား လေးမြတ်စွာ လှူဒါန်းကြပါသည်။ ထိုသို့လှူဒါန်းပြီးလျှင် ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်များ၊ ဘုရားသမိုင်းစာအုပ်၊ ဘုရားသမိုင်းအမွေတို့ဝယ်ယူပူဇော်သွားပြီး ထိုင်းဘုရင်မင်းမြတ်ထံဆက်သမည်။ ၎င်းကိုယ်တိုင်ကြုံတွေ့ရသောအိပ်မက်နှင့်တကွ ထူးခြားမှုများကို တင်ပြလျှောက်ထားမည်ဟုပြောကြားကာ ဝမ်းမြောက်ရွှင်လန်းစွာ ထွက်ခွာသွားကြပါသည်။

၂၃-၆-၂၀၁၆ ရက်နေ့တွင်တော့ ရုပ်ရှင်တော်မြတ်အား မွန်ပြည်နယ် မုဒုံမြို့နယ် ကျိုက္ကမော့လေးတောင် သာသနာပြုစခန်းမှ ဆရာတော်ဘုရားကြီး ဦးဓမ္မသီဟသိဒ္ဓိကျောင်းတော်သို့ ဆက်လက်ပင့်ဆောင်ပါသည်။ ပင့်ဆောင် ပူဇော်မှုကို ဆောင်ရွက်ကြသူများမှာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် ကမ္ဘာ့ဇလမ်း အမှတ်(၅၉)နေ ရွှေရည်ပွင့်စိန်ရွှေရတနာရောင်းဝယ်ရေး၊ရွှေရည်ပွင့်ဟိုတယ်၊ ရှိုင်ရယ်ထိုင်းစားသောက်ဆိုင်၊ ဦးသိန်းအောင် - ဒေါ်ခင်မေစန်းမိသားစုတို့ ဖြစ်သည်။

ရွှေရည်ပွင့်မိသားစုသည် ရုပ်ရှင်တော်မြတ်အား ရန်ကုန်မြို့နေအိမ်တွင်လည်းကောင်း၊ ပုဂံမြို့ဟိုတယ်သို့လည်းကောင်း နှစ်စဉ်ပင့်ဆောင်ပူဇော်ခဲ့ကြသူများဖြစ်ပြီး ရုပ်ရှင်တော်မြတ်အားစိန်မကိုဋ်တော်နှင့် စိန်စလွယ်တော်တို့ကိုလှူဒါန်းခဲ့ကြသူများဖြစ်ပါသည်။ စာရေးသူနှင့်လည်း ၎င်းတို့မိသားစုမှာ ခင်မင်ရင်းနှီးပြီး မယ်တော်ကြီးနှင့်အန်တီအေးတို့မှာမူ မိသားစုသဖွယ်ပင်ဖြစ်နေကြသူများ ဖြစ်ကြပါသည်။ ကျိုက္ကမော့လေးဆရာတော်မှာ အန်တီစန်း၏ဘကြီးတော်စပ်ပြီး ပစ္စည်းလေးပါးဒါယကာများလည်းဖြစ်ကြပါသည်။ ဆရာတော်သည် ရုပ်ရှင်တော်မြတ်၏တန်ခိုးတော်များကိုအန်တီစန်းတို့ထံမှ သိရှိထားရာမှကြည်ညိုလျက်ရှိနေကာ ရုပ်ရှင်တော်မြတ်ကိုလည်း ဆရာတော်၏ သာသနာပြုနယ်မြေသို့ ပင့်ဆောင်ပူဇော်လိုသောဆန္ဒတို့ ပြင်းပြစွာဖြစ်ပေါ်နေခဲ့ပါသည်။ ထိုအကြောင်းကို ဆရာတော်မှ အန်တီစန်းတို့ကိုမိန့်ကြားသဖြင့် အန်တီစန်းတို့က ရန်ကုန်မှ လာရောက်ပြီး ယခုကဲ့သို့ ပင့်ဆောင်ပူဇော်ပေးကြခြင်းဖြစ်ပါသည်။

ဆရာတော်သည်လည်း ရုပ်ရှင်တော်မြတ်အား အထူးကြည်ညိုလှပြီး ပင့်ဆောင် ပူဇော်ပေးကြသော ဦးသိန်းအောင် - ဒေါ်ခင်မေစန်းတို့မှာလည်း ရုပ်ရှင်တော်မြတ်အား အထူးကြည်ညိုသူများဖြစ်ကြရာ ဆရာတော်၏သာသနာပြုစခန်းဓမ္မာရုံတွင် ခမ်းနားစွာပူဇော်ကြပါသည်။စခန်းရှိယောဂီများ၊အနီးအနားကျေးရွာများမှလူများ ရဟန်းရှင်လူညီ



www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်တို့ စုံလင်စွာ လာရောက်ဖူးမြော်ကြပါသည်။

ထိုသို့လာရောက်ဖူးမြော်ကြသူတို့တွင် အများစုမှာ ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကန်တော့ပြီးသည်နှင့် အချို့က ဝတ္ထုငွေများလှူဒါန်းကြသည်။ အချို့က ပုံတော်စာအုပ်၊ စီဒီခွေဝယ်ယူပူဇော်ကြသည်။ ထို့နောက် ပြန်သွားကြသည်။ နည်းပါးသော အရေအတွက်မျှသာ မယ်တော်ကြီးတို့အား လာရောက်မိတ်ဆက်၍ နှုတ်ဆက်ကြလေ့ရှိပါသည်။ အန်တီအေးနှင့် မယ်တော်ကြီးတို့သည် နားနေချိန်မရောက်သောသရွေ့ ရုပ်ရှင်တော်မြတ်၏ရှေ့တော်မှောက်မှာပင် တရားဓမ္မများပူဇော်၍လည်းကောင်း၊ ပရိတ်ကြိုးများပြုလုပ်၍လည်းကောင်း၊ ဧည့်သည်တို့ကို ဧည့်ခံစကားပြော၍လည်းကောင်း ရှိနေမြဲသာ ဖြစ်ပါ၏။

ယခုလည်း ကျိုက္ကမော့လေးတောင်သာသနာပြုစခန်းတွင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ထားရှိသောအခါတွင်လည်း မယ်တော်ကြီးတို့သည် နေ့ဆွမ်းမကပ်မီ တရားဓမ္မများနှင့်ပူဇော်ရင်း ဘုရားခန်းတွင်ရှိနေစဉ် လူရွယ်ဇနီးမောင်နှံနှစ်ဦး ရုပ်ရှင်တော်မြတ်အား လာရောက်ဖူးမြော်ကြသည်။ ရုပ်ရှင့်တော်မြတ်အား ဖူးမြော်ပြီးသောအခါ မယ်တော်ကြီးနှင့်အန်တီအေးထံသို့ ရိုကျိုးစွာလာရောက်ကြပြီးလျှင် ၎င်းတို့သည် မော်လမြိုင် ချောင်းဆုံတံတားစီမံကိန်းတွင် လာရောက်ကာ တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ အငယ်တန်းအင်ဂျင်နီယာများဖြစ်ကာ ၎င်း၏အမည်မှာ မောင်ကျော်ဆွေဖြစ်ပြီး ဇနီးမှာ မကျော့ကျော့လှိုင်ဖြစ်ပါသည်ဟု မိတ်ဆက်ပြီးလျှင် ရွှေကံကူရုပ်ရှင်တော်မြတ်အား သူရဋ္ဌမဂ္ဂဇင်းကြီးမှတစ်ဆင့် သိရှိကြည်ညိုနေကြရသည်မှာ ကြာမြင့်ပြီဖြစ်ကြောင်း၊ ရုပ်ရှင်တော်မြတ်အား ဖူးတွေ့လိုသောဆန္ဒတို့မှာလည်း ပြင်းပြနေခဲ့ကြကြောင်း၊ သို့သော် မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်၍ အောင်မြေသို့လည်း မလာရောက်နိုင်။ ထို့ကြောင့် ဖူးတွေ့ခွင့်ရရှိရန် မလွယ်ကူကြပါ။ ယခု မိမိတို့တာဝန်ကျသောဒေသသို့ ရုပ်ရှင်တော်မြတ်ကြီး ကြွရောက်တော်မူလာ၍ ယခုကဲ့သို့ ဖူးမြော်ခွင့်ရရှိသဖြင့် ဝမ်းသာမဆုံးဖြစ်ကြရပါသည်ဟု ပြောကြားပါသည်။

ဆက်၍ ခဏကြာလျှင် မိမိတို့၏ အထက်လူကြီးများ ဘုရားလာဖူးကြမည်ဟုဆိုသောအခါ မယ်တော်ကြီးက -

"မင်းတို့ လမ်းတံတားညွှန်ကြားရေးမှူးချုပ်က တို့ဘုရားသာဝကပဲ။ ဒါကြောင့် လမ်း/တံတားကလူကြီးတွေ တော်တော်များများမသိသူမရှိသလောက်ပါပဲ"

ဟု မယ်တော်ကြီးကပြောလိုက်ပါသည်။ ထိုသို့ မယ်တော်ကြီးတို့နှင့်စကားပြောလျက်ရှိနေစဉ်မှာပင် ၎င်းတို့၏ အထက်လူကြီးများ ရောက်ရှိလာကြပါသည်။ ၎င်းတို့သည် ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ကြည်ညိုပြီးသောအခါ ရွှေကံကူရုပ်ရှင်တော်မြတ်ကြီးကိုလည်းသိတယ်၊ ဖူးဘူးတယ်။ မယ်တော်ကြီးကိုလည်းသိပါတယ်ဟုပြောရာ မယ်တော်ကြီးက ထိုအရာရှိကြီးကို သေသေချာချာ တစ်ချက်လှမ်းကြည့်လိုက်ပြီး ဦးကျော်သူကြီးပါလားဟု နှုတ်ဆက်လိုက်သောအခါ ဦးကျော်သူ (အင်ဂျင်နီယာမှူးကြီး၊ အင်ဂျင်နီယာချုပ်လားတော့ မပြောတတ်ပါ) သည် ၎င်း၏နာမည်ကို ခေါ်၍ မယ်တော်ကြီးနှုတ်ဆက်လိုက်သောအခါ ဝမ်းလည်းသာပြီး မယ်တော်ကြီး၏ မှတ်ဉာဏ်ကိုလည်း အံ့သြမိရပါတော့သည်။ မယ်တော်ကြီးသည် ဦးကျော်သူအား လွန်ခဲ့သော (၅) နှစ်ခန့်က ပုသိမ်မြို့သို့ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူစဉ်က တစ်ကြိမ်သာ တွေ့ဆုံဖူးပြီး ကြားကာလတွင် နောက်ထပ်တစ်ကြိမ်မှလည်း မတွေ့တော့ပါ။ ဖုန်းအဆက်အသွယ်လည်းမရှိဘူးပါဘဲ မှတ်မိနေခြင်းဖြစ်ပါသည်။

ဦးကျော်သူသည် ယခု ချောင်းဆုံတံတားဆောက်လုပ်ရာတွင် တံတား၏ တစ်ဖက်ခြမ်းကိုတာဝန်ယူရပြီး တစ်ဖက်ခြမ်းကို ဦးသိန်းမြင့်မော်မှ တာဝန်ယူဆောက်လုပ်လျက်ရှိရာ ဦးကျော်သူတာဝန်ယူရသောအပိုင်းတွင် အဆင်ပြေချောမောနေသော်လည်း ဦးသိန်းမြင့်မော်တာဝန်ယူဆောက်လုပ်ရသောဘက်တွင် A-3 တိုင်စိုက်ထူ၍မရနိုင်ဘဲရှိသည်မှာ (၃) လခန့် ကြာမြင့်နေပြီဖြစ်ကြောင်း၊ သာမန်အားဖြင့်ဆိုလျှင် တိုင်တစ်တိုင်စိုက်ထူလျှင် တစ်ပတ်ခန့်သာကြာမြင့်ကြောင်း၊ မိမိတို့သည် ဤတံတားကို ၂၀၁၇၊ ၃လပိုင်းအမီအပ်နှံရမည်ဖြစ်၍ အချိန်မီပြီးစီးရန်လိုအပ်ကြောင်း၊ ယခုကဲ့သို့ ဖင့်နွှေးနေသဖြင့် စိုးရိမ်စိတ်ပူမိကြောင်းတို့ကို ပြောပြပါသည်။

ထိုအခါ မယ်တော်ကြီးက -

"ဒါဆို အတော်ပါပဲ။ မနက်ဖြန် ဒီကျိုက္ကမော့လေးတောင်ပေါ်မှာနဂါးစာကျွေးမယ်။ နဂါးတွေကို မေတ္တာပို့မယ်၊ အမျှဝေမယ်၊ ဦးကျော်သူလာခဲ့ပါ"

ဟု ပြောလိုက်ပါသည်။

နောက်တစ်နေ့ မယ်တော်ကြီးတို့ နဂါးစာကျွေးသောအခါ ဦးကျော်သူတို့အဖွဲ့ ရောက်ရှိလာပါသည်။ မယ်တော်ကြီးသည် သာသနာစောင့်နတ်မင်းကြီး (၄)ပါးတွင် တစ်ပါးပါဝင်သော နဂါးမင်းကြီးမှအစပြု၍ ဓာတ်နဂါး၊ နတ်နဂါး၊ သိုက်နဂါး၊ ပဋ္ဌာန်းဆက်နဂါးများ၊ မြေနဂါး၊ ရေနဂါး၊ အာကာသနဂါး၊ နဂါးအပေါင်းတို့နှင့် ကျိုက္ကမော့လေးတောင်၊ မော်လမြိုင်၊ မုဒုံ၊ ကျိုက္ခမီရေလယ်ဘုရား၊ ပင်လယ်ကမ်းစပ်၊ ပင်လယ်ဝ၊ သံလွင်မြစ်အတွင်းနေထိုင်သောနဂါးများ၊ ယခု ချောင်းဆုံစီမံကိန်းနေရာရှိနဂါးများအားလုံးကိုဖိတ်ခေါ်၍ နဂါးစာများကို ကျွေးမွေးလှူဒါန်းသည်။ မေတ္တာများပို့သသည်။ ထို့နောက် ပဋ္ဌာန်းနဂါး စမပူဇော်နည်းဖြင့် ခန္ဓသုတ်၊ ပဋ္ဌာန်းဒေသနာတို့ဖြင့် ပူဇော်ပေးပါသည်။

ထိုသို့ နဂါးစာများကျွေးပြီးသောအခါ ဦးကျော်သူတို့အား နဂါးစာများကို ယူသွား၍ တိုင်စိုက်ရန်ခက်ခဲနေသော မြစ်ရေအတွင်းသို့လောင်းချပြီးဆုတောင်းရန် မှာကြားလိုက်ပါသည်။ ထို့နောက် ဦးကျော်သူသည် တနင်္လာသားဖြစ်၍ ကံ့ကော်သားပုတီးဖြင့် ပဋ္ဌာန်းအကျဉ်း (၁၀၈)ခေါက် (၂)ပတ်စိပ်ပါ။ ဦးသိန်းမြင့်မော်သည် သောကြာသားဖြစ်၍ သီးသားပုတီးဖြင့် ပဋ္ဌာန်းအကျဉ်း (၁၀၈) ခေါက်၊ (၆)ပတ်စိပ်ပါ။ ထိုသို့ ပုတီးများစိပ်ပြီးလျှင် ထိုပုတီးတို့ကို တံတားတိုင်စိုက်ရန် ခက်ခဲသောနေရာတွင် သွားရောက်ပြီး ကျွန်ုပ်တို့ပဋ္ဌာန်းဒေသနာပူဇော်ခဲ့သော ကုသိုလ်တို့ကို အသင်တို့အား အမျှပေးဝေပါသည်။ ဤပုတီးများတွင် ပဋ္ဌာန်းဒေသနာတော်များ ကိန်းအောင်းလျက်ရှိပါသည်။ ဤနေရာတွင် ပဋ္ဌာန်းဒေသနာတို့ရောက်ရှိပြီဖြစ်ပါ၍ အသင်တို့လည်း ဆက်လက်ပူဇော်ကြပါ။ ကျွန်ုပ်တို့သည် နိုင်ငံတော်မင်းအစိုးရ၏ခိုင်းစေချက်အရ ဤတံတားကို ဆောက်လုပ်ရခြင်း ဖြစ်ပါသည်။ ဤတံတားဆောက်လုပ်ပြီးစီးလျှင် ဤတံတားပေါ်မှ ရဟန်းရှင်လူပြည်သူများ မပင်မပန်း ချမ်းသာစွာ ဖြတ်သန်းသွားလာနိုင်ကြမည်ဖြစ်သည်။ ထို့အတွက် အသင်တို့လည်း ကုသိုလ်ပါဝင်ကြရန်၊ ဤတံတားကြီး အောင်မြင်ပြီးစီးရန် ဝိုင်းဝန်းကူညီကြပါဟု ပြောကြားပြီး



www.burmeseclassic.com

www.burmeseclassic.com

စိပ်ပုတီးများကို ရေထဲသို့ပစ်ချပါဟု မှာကြားလိုက်ပါသည်။ ဦးကျော်သူတို့လည်း မယ်တော်ကြီးတို့မှာကြားသည့်အတိုင်း ဆောင်ရွက်ပါမည်ဟုဆိုကာ နဂါးစာများကို ယူဆောင်ပြီး ထွက်ခွာသွားပါသည်။

ဦးကျော်သူတို့ထွက်ခွာသွားသောအခါ ကျိုက္ကမော့လေးတောင်ဆရာတော်ဘုရားကြီးက -

"မယ်တော်ကြီးတို့ရောက်လာတာ ဝမ်းသာတယ်ဗျာ။ ဦးကျော်သူတို့က ဘုန်းကြီးရဲ့သာဝကတွေပဲ။ ဘုန်းကြီးဆီကို အမြဲလာနေကြတာ။ ဘုန်းကြီးကိုလည်းလာပင့်လို့ အဲဒီနေရာသွားပြီး မေတ္တာပို့ရသေးတယ်၊ မရသေးဘူး။ မယ်တော်ကြီးရဲ့စရဏအားရော၊ ရွှေကူဘုရားကြီးနဲ့တန်ခိုးတော်ရောဆိုတော့ ဒီတစ်ခါတော့ရပါပြီ"

ဟု မိန့်ကြားပါသည်။ မှန်ပါသည်။ (တစ်ပတ်ခန့်အကြာ ထိုတံတားတိုင် အောင်မြင်စွာ စိုက်ထူပြီးစီးကြောင်းသတင်းကောင်းကြားရပါသည်။)

၂၈- ၆- ၂၀၁၆ နေ့တွင် ရုပ်ရှင်တော်မြတ်ကြီးအား ကော့ကရိတ်မြို့ အောင်မင်္ဂလာလမ်း ကောင်းထက်ကဖေး၊ ဦးရဲညွှန့် - ဒေါ်အေးစိန်၊ သားမောင်ထွန်းဝင်းအောင်၊ သမီးမအိအိသန့်မိသားစုတို့က ဖခင်ကြီး ဦးဘသောင်း၊ မိခင်ကြီး ဒေါ်ယဉ်ဟုန်နှင့် အစ်ကိုကြီး ဦးရဲညွှန့်-ဒေါ်ယုံ၊ဦးအောင်ဒွန်း-ဒေါ်နှင်းမှုံတို့ကိုအမှူးထားပြီး ပင့်ဆောင်ပူဇော်ကြခြင်း ဖြစ်ပါသည်။ ဤမိသားစုမှလည်း ရွှေရည်ပွင့်စိန်တိုက်မိသားစု၏ ဆွေမျိုးများပင် ဖြစ်ကြပါသည်။ ဦးရဲညွှန့်သည် အန်တီစန်း (ဒေါ်ခင်မေစန်း) ၏အစ်ကိုကြီး ဖြစ်ပါသည်။ ယခုပင့်ဆောင်ခြင်းမှာ ဒုတိယအကြိမ်မြောက် ပင့်ဆောင်ပူဇော်ခြင်းဖြစ်ပြီး မနှစ်ကလည်း တစ်ကြိမ်ပင့်ဆောင်ပူဇော်ခဲ့ပြီဖြစ်ပါသည်။ မနှစ်က ပင့်ဆောင် ပူဇော်စဉ်အခါကလည်း မျက်လုံးတော်များဖွင့်တော်မူ၍ ယခုနှစ်ပင့်ဆောင်ပူဇော်သောအခါတွင်လည်း မျက်လုံးတော်ဖွင့်တော်မူပါသည်။

မနှစ်က ပင့်ဆောင်ပူဇော်စဉ်က လာရောက် ဖူးမြော်ကြသူများလည်း ဝမ်းမြောက်စွာ လာရောက် ဖူးမြော်ကြပြီး မနှစ်ကမဖူးလိုက်ကြရသော၊ မသိရှိလိုက်ကြရသောသူတို့လည်း လာရောက်ဖူးမြော်ကြ၍ နေ့ညဥ့်သည်မပြတ်ဘဲရှိပါသည်။ ဦးရဲညွှန့်တို့မိသားစုလည်း ဝမ်းသာနေကြပါ၏။ ဦးသိန်းအောင်နှင့် ဒေါ်ခင်မေစန်းတို့ကတော့ ရန်ကုန်သို့ပြန်သွားကြပြီဖြစ်ပါသည်။မယ်တော်ကြီးတို့သည်လည်း ဤအိမ်၊ ဤမိသားစုမှာ အန်တီစန်းတို့၏ အစ်ကိုကြီးဖြစ်နေ၍ မိသားစုအရင်းအချာသဖွယ်ဖြစ်နေသောကြောင့် နေထိုင်ရသည်မှာ ပေ့ါပါးလွတ်လပ်ပြီး ဝန်ဆောင်မှုမှာလည်း ပြည့်စုံပါသည်။ ထိုအခါ မယ်တော်ကြီးသည်လည်း တရားဘာဝနာများ၊ ကျင့်စဉ်များကို စိတ်အေးချမ်းသာစွာ ဆောင်ရွက်နိုင်၍ အိမ်ရှင်မိသားစုအား သာဓုခေါ်ဆိုပါသည်။

ရုပ်ရှင်တော်မြတ်သည် ၂၉-၆-၁၆ နေ့တွင် ရုပ်ရှင်တော်မြတ်အား ကော့ကရိတ်မြို့ အောင်မင်္ဂလာလမ်း အမှတ်(၁၂၀) နေ ဒေါ်ခင်မေညိုမှ ဆက်လက် ပင့်ဆောင်ပါသည်။ ဒေါ်ခင်မေညိုသည် အန်တီစန်း၏ ညီမအရင်း အပျိုကြီးဖြစ်ပြီး ရွှေရည်ပွင့်စိန်တိုက်မိသားစုမှ ရုပ်ရှင်တော်မြတ်အား ပထမဆုံးအကြိမ်ပင့်ဆောင်စဉ်ကပင် ဦးရဲညွှန့်မိသားစုနှင့် ဒေါ်ခင်မေညိုတို့သည် ရန်ကုန်မြို့ထိတိုင် လာရောက် ဖူးမြော်ခဲ့ကြသူများဖြစ်ပြီး ရုပ်ရှင်တော်မြတ်ကိုလည်း သက်တော်ထင်ရှားကဲ့သို့ ကိုးကွယ်ယုံကြည်သကဲ့သို့ အန်တီအေးနှင့် မယ်တော်ကြီးကိုလည်း ဆွေမျိုးရင်းချာပမာ လေးစားချစ်ခင်ကြပါသည်။ ဤနေအိမ်တွင်လည်း ရုပ်ရှင်တော်မြတ်သည် မျက်လုံးတော်ဖွင့်တော်မူခြင်း၊ ပြုံးတော်မူခြင်း စသော တန်ခိုးတော်များလည်း ချီးမြှင့်တော်မူ၍ ပင့်ဆောင်ပူဇော်သူ မိသားစုတို့မှာလည်း ဝမ်းသာပျော်ရွှင်လျက်ရှိကာ ကြည်ညိုမဆုံးနိုင်အောင်ဖြစ်ကြရပါသည်။

ထို့နောက် ရုပ်ရှင်တော်မြတ်သည် ကော့ကရိတ်မြို့မှ အန်တီစန်း၏ မောင် ဦးအောင်မြင့်၏နေအိမ်သို့ ဆက်လက်၍ ကြွမြန်းတော်မူရန်ဖြစ်သော်လည်း ဦးအောင်မြင့်၏ဇနီးသည်မှာ ကျန်းမာရေးမကောင်းဖြစ်သဖြင့် ပင့်ဆောင်ပူဇော်ခြင်းမရှိနိုင်တော့ပါ။ (ဤနေရာတွင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ဖြစ်ရန် မလွယ်ကူကြောင်း သိနိုင်ပါသည်။ မည်မျှပင် ပင့်ဆောင်စေလိုကာမူ ရက်ချိန်းခက်ခက်ခဲခဲတောင်းခံရရှိထားပြီးဖြစ်စေကာမူ အကြောင်းအားလုံးညီညွတ်မှသာ ပင့်ဆောင်ပူဇော်ခွင့်ရရှိကြမည်ဖြစ်ပါ၏။) ဦးအောင်မြင့်လည်း ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခြင်းမပြုနိုင်၍ စိတ်မကောင်းဖြစ်ရသည့်အပြင် အစ်မဖြစ်သူဒေါ်ခင်မေစန်းတို့၏ အဆက်အသွယ်ကြောင့်သာ ပင့်ဆောင်ပူဇော်ခွင့်ရရှိသည်ကို မိမိတို့ဘက်မှပျက်ကွက်ခဲ့ရသဖြင့်လည်း မယ်တော်ကြီးတို့ကို အားနာမျက်နှာပူလျက်ရှိနေပါသည်။

မယ်တော်ကြီးတို့သည် ကော့ကရိတ်မှ တစ်ဦးပျက်ကွက်သွားသောအခါ ထိုရက်ကို မော်လမြိုင် သင်းရန့်ပရိဘောဂသို့ ပြန်လည်ကြွမြန်းတော်မူရန် ဆုံးဖြတ်လိုက်ပါသည်။ သို့ဖြင့် ရုပ်ရှင်တော်မြတ်အား သင်းရန့်ပရိဘောဂ ဦးရွှေပွား - ဒေါ်စောမြနွယ်တို့အား လာရောက်ပင့်ဆောင်စေပါသည်။ သို့သော် ထိုအကြောင်းကိုကြားသိကြသော မော်လမြိုင်မြို့မှ ကိုလွင်မြင့်ဟန် - မလေးညွှန့်ညွှန့်ထွေးတို့က ထိုလစ်လပ်သွားသော (၂) ရက်ကို ၎င်းတို့အား ပင့်ဆောင်ခွင့်ပေးပါဟု တောင်းဆိုကြပါသည်။ မလေးညွှန့်ညွှန့်ထွေး (မလေး) တို့သည် ရုပ်ရှင်တော်မြတ်၏သတင်းစကားတို့ကိုသိရှိနေကြသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယခုတစ်ခေါက် သင်းရန့်ပရိဘောဂသို့ ရုပ်ရှင်တော်မြတ် ကြွမြန်းတော်မူသောအခါမှသာဖူးမြော်ခွင့်ရရှိပြီး နေ့နေ့ညည မပြတ်တမ်း လာရောက် ဖူးမြော်ကြပြီး ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စများ၊ မယ်တော်ကြီးနှင့် အန်တီအေးတို့၏ ဝေယျာဝစ္စများကိုပါ ဆောင်ရွက်ပေးကြပါသည်။

ရုပ်ရှင်တော်မြတ် ဘားအံသို့ကြွရောက်တော်မူသောအခါတွင်လည်း ၎င်းတို့ဇနီးမောင်နှံသည် လာရောက်ပြီး ဝေယျာဝစ္စများဆောင်ရွက်ပေးကြသည်။ ကျိုက္ကမော့လေး - ကော့ကရိတ်ထိတိုင်လိုက်ပါပြီး ဝေယျာဝစ္စများဆောင်ရွက်ကြသည်။ မော်လမြိုင်သင်းရန့်ပရိဘောဂသို့ကြွရောက်စဉ် ၎င်းတို့နေအိမ်သို့လည်း ပင့်ဆောင်ပူဇော်ခွင့် ရရှိလိုပါကြောင်းလျှောက်ထားခဲ့ကြရာ လာမည့်နှစ် မော်လမြိုင်ခရီးစဉ်ရောက်ရှိသောအခါတွင် ပင့်ဆောင်ပူဇော်ခွင့်ပေးမည်ဟု အန်တီအေးက ပြောထားခဲ့ပြီးဖြစ်ခဲ့ပါသည်။ ယခုမူ ၎င်းတို့တွင် ယခုနှစ် ပင့်ဆောင်ပူဇော်ခွင့်ရရှိရန် ကံအကြောင်းပါ၍ လစ်လပ်သွားသောရက်ကို ၎င်းတို့အား ပေးအပ်လိုက်ပါသည်။

၎င်းတို့လည်း မမျှော်လင့်ဘဲ ပင့်ဆောင်ပူဇော်ခွင့်ရရှိလိုက်၍ ဝမ်းသာပျော်ရွှင်မဆုံးဖြစ်နေကြပါသည်။

(ဆက်ရန်)

ဘိုဘို (ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com

"ခိုင် ကိုယ့်ကိုခွဲသွားတာ ဒီနေ့ (၆) လပြည့်တဲ့နေ့။ ဒီဝတ်စုံလေးဟာ ခိုင်နောက်ဆုံးဝတ်ခဲ့တဲ့ဝတ်စုံပဲနော်။ကိုယ် အမှတ်တရသိမ်းထားခဲ့တာ။ကိုယ့်အလွမ်း ပြေပါ ခိုင်။ ခိုင့်ကိုသတိရတိုင်း ဒီဝတ်စုံ လေးထုတ်ကြည့်နေခဲ့တာ။ ခိုင်ဘယ်ဘဝ ရောက်နေလဲ။ ခိုင်ကိုတွေ့ချင်လိုက်တာ"

တစ်ဖက်ခန်းမှ ကျွန်တော့်သူငယ် ချင်းမင်းမောင်၏အသံကို ကြားလိုက်ရ ၏။မင်းမောင်၏အသံကြောင့် ကျွန်တော် သူ့အခန်းဝသို့ရောက်ခဲ့သည်။ မင်းမောင် နှင့်ကျွန်တော်မှာ အခန်းချင်းကပ်လျက် ဖြစ်သည်။

"မင်းမောင်ရယ် သေတဲ့သူကသေ ခဲ့ပြီ။ အဲဒီသက်ပျောက်ဝတ်စုံ နေ့တိုင်း ထုတ်ထုတ်ကြည့်ပြီး အလွမ်းသယ်နေ တာ မဖြစ်သင့်တော့ဘူးကွာ။ ဒီသက် ပျောက်ဝတ်စုံမျိုးဟာ ယူပြီးသိမ်းထားဖို့ မသင့်ဘူးလို့ပြောကြတယ်။ လွမ်းတာ လည်းလွမ်းတာပေါ့ကွာ။ စိတ်ကိုဖြေပါ ကွာ။ ကြာရင်မင်းရူးသွားနိုင်တယ်"

"ငါတို့အကြောင်း မင်းအသိဆုံးပါ သူငယ်ချင်းရယ်။ မိသားစုဘဝနဲ့နေရ တော့မယ့်ဆဲဆဲမှာ ခိုင်ကငါ့တစ်ယောက် တည်းထားရစ်ပြီးထွက်သွားခဲ့တယ်။ ငါ ဘယ်လိုဖြေရမလဲကွာ"

"ခိုင့်ကို စွဲလမ်းစိတ်နဲ့ မင်းဒုက္ခ ရောက်မှာစိုးလို့သတိပေးနေတာ။ မင်း ကိုယ်မင်းလည်းပြန်ကြည့်ပါဦး။ ပိန်ကျ သွားလိုက်တာ။ ပြီးတော့ ဆိုဒ်ထဲမှာ လည်း ငေးငေးငိုင်ငိုင်နဲ့ သတိထားပါဦး သူငယ်ချင်းရယ်"

မင်းမောင်နှင့် ကျွန်တော့်မှာ အချစ်ဆုံးသူငယ်ချင်းများ ဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက်စလုံး အင်ဂျင် နီယာဘွဲ့ရပြီးသူများ ဖြစ်သည်။ ဆောက် လုပ်ရေးကုမ္ပဏီတစ်ခုတွင် အလုပ်အတူ တူဝင်ခဲ့ကြသည်။ မွန်ပြည်နယ်ရှိ တံတား စီမံကိန်းတစ်ခုတွင် တာဝန်ထမ်းဆောင် နေစဉ် မင်းမောင်မှာ မော်လမြိုင်သူ ဝေဝေခိုင်နှင့် သမီးရည်းစားဖြစ်ခဲ့သည်။ တံတားစီမံကိန်းမှာ (၄) နှစ်ခန့်ကြာခဲ့ သည်။ စီမံကိန်းကာလမပြည့်မီမှာပင် မင်းမောင် နှင့်ဝေဝေခိုင်တို့ လက်ထပ် ခဲ့ကြသည်။ မင်းမောင်မှာ လက်ထပ်ပြီး မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ်ကွက်ရှိ ယောက္ခမများနေအိမ်လိုက်နေခဲ့သည်။ ကျွန်တော်သာ လူပျိုလူလွတ်ဘဝဖြင့် ကုမ္ပဏီကစီစဉ်ပေးသောအဆောင်တွင် ကျန်ရစ်ခဲ့သည်။

မင်းမောင် အိမ်ထောင်သည်ဘဝ ရောက်ခဲ့ပြီး တစ်နှစ်ကျော်ခန့်အကြာ တွင် ဖခင်လောင်းဖြစ်ခဲ့ပြီဟု သိရသည်။ ဝေဝေခိုင်ကိုယ်ဝန်ရင့်မာလာချိန်တွင် သမီးလေးဟုသိရသည်။ မင်းမောင်တို့ လင်မယား၊ ယောက္ခမများပါအပျော်ကြီး ပျော်ခဲ့ကြသည်။ သူတို့မိသားစု၏အပျော် အပြုံးများက ကျွန်တော့်ထံသို့ပင်ကူးစက် လာသလိုခံစားခဲ့ရသည်။ ဒိုင်းဝန်ကွင်း ရပ်ကွက်မှ မင်းမောင်ယောက္ခမများ၏ နေအိမ်သည်လည်း ကျွန်တော့်စားအိမ် သောက်အိမ်ဖြစ်ခဲ့သည်။ မင်းမောင်နှင့် ပတ်သက်၍ သူ့ယောက္ခမ၊ မိသားစုနှင့် လည်း ခင်မင်ရင်းနှီးခဲ့ရသည်။ မင်းမောင် နှင့် ဝေဝေခိုင်တို့ သမီးရည်းစားဘဝတွင် လည်း သူတို့စုံတွဲသွားလေရာ ကျွန်တော် ပါသွားလေ့ရှိသည်။ မော်လမြိုင်မြို့လယ် ကောင်တောင်ရိုးတန်းပေါ်ရှိဘုရားစေတီ များသို့လည်း မကြာခဏ ရောက်ခဲ့ကြ သည်။ ဦးခန္တီစေတီအနီးရှိ ကုန်းထိပ် ရှုခင်းသာမှ သံလွင်မြစ်၊ ဘီလူးကျွန်းရှုခင်း အလှများကို အထက်စီးမှ ကြည့်ရှုခဲ့ဖူး သည်။ ယခု မင်းမောင်မှာ ဖခင်လောင်း ဖြစ်နေပြီး မကြာမီ သမီးလေးဖခင်ဖြစ် တော့မည်ဟုသိရ၏။





www.burmeseclassic.com

www.burmeseclassic.com

သို့သော် ကံကြမ္မာက မင်းမောင်ကို မျက်နှာသာမပေးခဲ့ပါ။ မင်းမောင် မျှော်လင့်တောင့်တခဲ့သော မိသားစုဘဝလေးပျက်စီးခဲ့ရသည်။ နေ့စေ့လစေ့နှင့် ဝေဝေခိုင်မှာ ကလေးမမွေးနိုင်ဘဲမီးတွင်းထဲမှာပင် မိခင်ရောကလေးပါ အသက်ဆုံးရှုံးခဲ့ရသည်။ ထိုနေ့က ဝေဝေခိုင် ဝတ်ဆင်ထားသောအစိမ်းရောင်ဝမ်းဆက်ဝတ်စုံကို ကျွန်တော်မှတ်မိနေသေးသည်။ မင်းမောင်က သူ့ဇနီးအမှတ်တရဆိုကာ ထိုအစိမ်းရောင်ဝတ်စုံကို ချွတ်ယူသိမ်းဆည်းထားခဲ့သည်။ ဇနီးကွယ်လွန်ပြီး မကြာမီ မင်းမောင်ရော ကျွန်တော်ပါ ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့ကြသည်။ မော်လမြိုင်မှ တံတားစီမံကိန်းလည်း



# မောင်မောင်မိုးအောင်

(တပေဗိမာန်စာမူဆုရ)

## အစိမ်းရောင်သက်ပျော့ဝတ်စုံတစ်စုံ



www.burmeseclassic.com

www.burmeseclassic.com

ပြီးဆုံးခဲ့ပြီဖြစ်သည်။ တောင်ဒဂုံစက်မှုဇုန်တွင် အတူတာဝန်ထမ်းဆောင်နေခဲ့ကြသည်။ တောင်ဒဂုံရှိ အလုပ်နှင့်နီးသော ရပ်ကွက်တွင် ဘော်ဒါဆောင်၌ ငှားရမ်းနေထိုင်ခဲ့ကြသည်။ ကျွန်တော်တို့နေထိုင်သော ဘော်ဒါဆောင်တွင် လူ(၂၀)ခန့်ရှိသည်။ အားလုံးလူပျိုလူလွတ်များသာဖြစ်သည်။

မင်းမောင်တွင် မိဘများမရှိတော့ပေ။ မကွေးဘက်တွင် အဒေါ်တစ်ဦးသာရှိသည်ဟုသိရသည်။ အရက်သမားဘဝဖြင့် တေပေလေလွင့်နေမည်စိုး၍ အဆောင်တွင် အတူနေရန် မင်းမောင်ကို ကျွန်တော်ခေါ်လာသည်။မင်းမောင်အခန်းမှာ ကျွန်တော့်အခန်းနှင့်ကပ်လျက်ဖြစ်သည်။ တစ်ယောက်ခန်းများဖြင့် ဖွဲ့စည်းထားသည်။ မင်းမောင်က ကျွန်တော့်စကားကို အထိုက်အလျောက်နားထောင်ခဲ့သည်။

ကွယ်လွန်သွားပြီးသည့်ဇနီးဖြစ်သူသတိရတိုင်း မင်းမောင်မှာ သူသိမ်းဆည်းထားသည့် ဝေဝေခိုင် နောက်ဆုံးဝတ်ဆင်ခဲ့သောဝတ်စုံကို ထုတ်ထုတ်ပြီးကြည့်ကာ နှုတ်မှလည်းတတွတ်တွတ်နှင့်ပြောနေတတ်သည်။ မင်းမောင်အသံကြား၍ ချောင်းကြည့်လိုက်တိုင်း သူ့ဇနီးဝတ်စုံကို ကိုင်လျက်သားတွေ့ရသည်။ စိတ်ကြိုက်အလွမ်းပြေပြောဆိုပြီးတော့မှ ဝတ်စုံကိုပြန်သိမ်းထားလိုက်သည်။

ယနေ့ နံနက်စောစော ကျွန်တော်အိပ်ရာမှမထသေးမီတွင် မင်းမောင် ကျွန်တော့်အခန်းထဲရောက်လာသည်။

"အောင်လွင်၊ အောင်လွင် သူငယ်ချင်း ထပါဦး"

"အစောကြီးရှိသေးတယ်၊ဘာလုပ်ဖို့ ငါ့ကိုနှိုးရတာလဲ"

"ငါအိပ်မက်အကြောင်း မင်းကို ပြောပြချင်လို့ပါကွာ"

အိပ်ရာမှ ထမချင်ထချင်ဖြင့် ကျွန်တော်ထလိုက်သည်။ မင်းမောင်က ကျွန်တော့်ခုတင်ပေါ်မှာပင် ထိုင်သည်။

"ငါ ခိုင့်ကိုစွဲလမ်းပြီး မမေ့နိုင်ဘဲ သတိရနေတာ ခိုင်က ခုမှသိသွားတယ် ထင်တယ်။ ငါ့ကိုအိပ်မက်ပေးတယ်။ တစ်ခါမှမမက်ဘူးတဲ့အိပ်မက်ပါ"

"ခိုင်က မင်းကို ဘယ်လိုအိပ်မက်ပေးတာလဲ၊ ပြောစမ်းပါဦး"

"အိပ်မက်ထဲမှာ ခိုင်က သူနောက်ဆုံးဝတ်ခဲ့တဲ့ အစိမ်းရောင်ဝတ်စုံလေးနဲ့ပဲကွာ။ ငါ သူ့ကိုသတိရပြီးလွမ်းနေတာ သူသိပါတယ်တဲ့။ ငါက သူ့ကို သိပ်တွေ့ချင်နေတော့ သူ ငါ့ဆီလာခဲ့ရမလားလို့ ငါ့ကိုမေးတယ်"

"ဒီတော့ မင်းကဘာပြန်ပြောလိုက်လဲ"

"ဟာ-သိပ်ဝမ်းသာတယ်။ လာခဲ့ပါလို့ ပြောလိုက်တာပေါ့"

"မင်းတော့ ရူးနေပြီထင်တယ်။ မင်းစိတ်ထဲစွဲပြီးမက်တဲ့အိပ်မက်ပါကွာ"

"မဟုတ်ဘူး၊ ခိုင်က ငါ့ကိုညာမှာမဟုတ်ဘူး။ ငါခွင့်ပြုရင်သူအသေအချာလာခဲ့မယ်တဲ့"

"တော်ပါတော့ မင်းမောင်ရယ်။ မင်းလည်း ဒီဝတ်စုံကြောင့် ဒုက္ခတွေ့တော့မယ်ထင်တယ်။ သိပ်လွန်ကဲတာတော့မကောင်းဘူးပေါ့ကွာ။ ကဲကဲ - ငါ အိပ်လိုက်ဦးမယ်။ မင်းလည်း မင်းအခန်းပြန်ပြီးအိပ်လိုက်ဦး"

"ဒါဆိုလည်းသွားပြီ၊ ခိုင်လာမှာမို့ ငါတော့သိပ်ပျော်နေပြီကွာ"

"ဒီကောင်တော့ ပြောလေကဲလေပါပဲလား"

မင်းမောင်ကို ကျွန်တော်သနားမိသော်လည်း သူ့အဖြစ်ကလွန်ကဲလွန်းလှသည်ဟုထင်မိသည်။ မည်သို့ပြောပြော မင်းမောင်က မှုမပျက်ခဲ့ပါ။ အစိမ်းရောင်ဝတ်စုံကို ထုတ်ကြည့်နေကျပင်။ ယနေ့ နံနက်အလုပ်မသွားမီ မင်းမောင်အခန်းထဲမှ အသံများကြားနေရသည်။

"ခိုင်ဘယ်တော့လာမှာလဲ၊ ကိုယ်မျှော်နေပါတယ်။ လာမယ်လို့အိပ်မက်ပေးပြီး ခုထက်ထိဘာလို့မလာသေးတာလဲ။ ကိုယ်အရမ်းတွေ့ချင်လှပြီ။ မြန်မြန်လာပါတော့"

ကျွန်တော် မနေသာတော့ဘဲ မင်းမောင်အခန်းထဲဝင်သွားခဲ့သည်။

"မင်းအဖြစ်က လွန်လွန်းနေပြီ။ မင်းကိုင်ထားတဲ့အဲဒီဝတ်စုံကို တစ်နေရာရာသွားပြီး လွှင့်ပစ်လိုက်ကွာ။ မဟုတ်မရှိနွမ်းပါးသူကိုလှူချင်လှူလိုက်ကွာ"

"မလုပ်ပါနဲ့ သူငယ်ချင်းရယ်၊ ခိုင့်အလွမ်းပြေ ဒါပဲရှိတာ။ ခိုင်လာတော့မှ သက်သေပြရမှာ"

"ကဲ - တော်ပါတော့၊ အခန်းတံခါးပိတ်၊ သော့ခတ်တော့။ နောက်ကျနေဦးမယ်။ သွားကြစို့"

မင်းမောင်နှင့် ကျွန်တော်မှာ ဘွဲ့ရအလုပ်ဝင်သည်မှ ယနေ့အထိ တပူးတွဲတွဲရှိနေခဲ၏။ အချို့သူများက ညီအစ်ကိုတော်စပ်သည်ဟုပင် ထင်ကြသည်။ မင်းမောင် ယခုဘော်ဒါနေခွင့်ရရန် ကျွန်တော်ကပင် လျှောက်လွှာတင်ပေးခဲ့သည်။ အဆောင်စည်းကမ်းအရ တာဝန်ခံနေရာတွင် ကျွန်တော်ကပင် တာဝန်ယူလက်မှတ်ရေးထိုးပေးခဲ့သည်။ ဇနီးသည်ကို တမ်းတလွမ်းဆွတ်နေသည်မှအပ မင်းမောင်မှာ လုပ်ငန်းခွင်တွင် အားထားရသူ ဖြစ်သည်။ အထက်လူကြီးများက သဘောကျနှစ်သက်သူလည်းဖြစ်သည်။ မင်းမောင်၏လုပ်ရည်ကိုင်ရည်ကို မကြာခဏချီးမွမ်းကြသည်။

တစ်ည လူခြေတိတ်ချိန် သန်းခေါင်ယံအချိန်ခန့်ဖြစ်မည်ထင်သည်။ တစ်ဆောင်လုံး အိပ်မောကျနေချိန်ဖြစ်သည်။ မင်းမောင်အခန်းမှ စကားပြောသံများကြားရသဖြင့် ကျွန်တော် နားစွင့်လိုက်မိသည်။ မင်းမောင် တစ်ယောက်ယောက်နှင့် စကားပြောနေပုံရသည်။ သို့သော် မင်းမောင်၏အသံကိုသာကြားနေရသည်။

"ဟင်- ခိုင်. . . ခိုင်ပါလား။ ခိုင်ကိုယ့်ဆီတကယ်လာတယ်နော်"

"ဝမ်းသာလိုက်တာခိုင်ရယ်။ မျှော်နေတာကြာလှပြီ။ ခုမှပဲလာတော့တယ်နော်"

"စိတ်ချပါ၊ ခိုင်လာတာကို ဘယ်သူ့မှမပြောပါဘူး။ ခိုင်ဘယ်ရောက်နေလဲဟင်"

"ဘာ - ခိုင်က အဲဒီမှာရှိနေတယ်ဟုတ်လား။ ဒါဆို အဝေးကြီးကလာခဲ့တာပေါ့"

ကြားရသော အသံများကြောင့် ကျွန်တော် ခေါင်းနားပန်းကြီးသွားသည်။ ရင်ထဲတွင်လည်းထိတ်ခနဲဖြစ်သွားသည်။ မင်းမောင် တစ်စုံတစ်ယောက်နှင့် စကားပြောနေခြင်းဖြစ်သည်။ မင်းမောင်စကားပြောနေသူမှာ ခိုင်များဖြစ်နေပြီလား။ သူ့စကားပြောပုံက ခိုင်နှင့်စကားပြောနေဟန်ဖြစ်သည်။ သို့သော် မင်းမောင် တစ်ယောက်တည်း၏အသံကိုသာကြားရသည်။ သိချင်စိတ်ကို တားဆီးနိုင်စွမ်းမရှိတော့ပါ။ မင်းမောင်အခန်းဘက်သို့ အသာတိုးကပ်သွားလိုက်သည်။ အခန်းအတွင်းသို့ ချောင်းကြည့်လိုက်သည်။ တံခါးပိတ်ထားသော်လည်း မှောင်မည်းနေ၍ သဲသဲကွဲကွဲမမြင်ရပေ။ မီးခလုတ်ရှိရာစမ်းပြီး ကျွန်တော်မီးဖွင့်လိုက်သည်။ မီးလင်းသွားသည်နှင့် မင်းမောင်အခန်းအတွင်းမှ လူရိပ်လိုလိုသဏ္ဍာန်တစ်ခု ရိပ်ခနဲတွေ့ရလိုက်ပြီး လှစ်ခနဲပျောက်သွားသည်ကို မယုံနိုင်ဖွယ်တွေ့လိုက်ရသည်။

"ဟင် - အောင်လွင် မီးဖွင့်လိုက်

www.burmeseclassic.com

တာ မင်းလား"

"ဟုတ်တယ်၊ မင်းတစ်ယောက်ယောက်နဲ့စကားပြောနေတဲ့အသံကြားမိလို့ ငါလာခဲ့တာ။ ဘယ်သူနဲ့စကားပြောနေတာလဲ။ ဘယ်သူမှလဲမတွေ့ပါလား"

"ဘယ်သူရှိရမှာလဲ၊ ခိုင်ပဲပေါ့။ ဘယ်သူမှမပြောပါနဲ့ သူငယ်ချင်းရယ်။ ခိုင်ကသူလာတာဘယ်သူမှမသိစေနဲ့တဲ့။ ခုတော့ မင်းကြောင့် ခိုင်ထွက်သွားရပြီ"

"ငါတော့မယုံနိုင်အောင်ဖြစ်နေပြီ။ ဘာမှသဲသဲကွဲကွဲမတွေ့လိုက်ရပါဘူး"

"ဒီအကြောင်းတွေ ဘယ်သူမှမပြောပါနဲ့။ ဒီဘော်ဒါဆောင်ကလူတွေသိသွားလို့မဖြစ်ဘူး"

"မင်းရဲ့စွဲလမ်းမှုနဲ့ မင်းသိမ်းထားတဲ့သက်ပျောက်ဝတ်စုံက မင်းကိုဒုက္ခပေးတော့မယ်။ ကဲကဲ - မီးပိတ်လိုက်တော့မယ် အိပ်တော့။ တခြားသူတွေရိပ်မိသွားရင် မကောင်းဘူး"

မီးပိတ်ပြီး ကျွန်တော်အခန်းသို့ပြန်လာခဲ့သည်။ခုတင်ပေါ် လှဲနေသော်လည်း အိပ်၍မပျော်တော့။သူငယ်ချင်းမင်းမောင်နှင့် ဝေဝေခိုင်အကြောင်းအတွေးထဲပေါ်လာသည်။ သူ့ကိုအိပ်မက်ပေးသည့်အတိုင်း တမလွန်မှ ဝေဝေခိုင်၏ဝိညာဉ် မင်းမောင်ဆီသို့ အမှန်တကယ်ရောက်လာသည်လား။ မင်းမောင်စကားပြောနေသူမှာ ဝေဝေခိုင်များလား၊ မင်းမောင်က ဝေဝေခိုင်ရောက်လာကြောင်းပြောသည်။ မင်းမောင် စွဲလမ်းစိတ်နှင့်ပြောခဲ့သည်လား၊ ကျွန်တော်ကပင် အိပ်ချင်မူးတူးနှင့် ထင်ယောင်ထင်မှားမြင်ခဲ့သည်လား မဝေခွဲတတ်တော့ပါ။

နောက်တစ်နေ့နံနက် လုပ်ငန်းခွင်ထဲအရောက်တွင် အဆောင်နေသူငယ်ချင်းများထဲမှ မင်းမောင်နှင့်ပတ်သက်သောစကားများကြားလာရသည်။

"ညတုန်းက လူခြေတိတ်ချိန်မှာ ကိုမင်းမောင်အခန်းထဲက စကားပြောသံတွေကြားရတယ်။ မိန်းမတစ်ယောက်နဲ့စကားပြောနေသလိုပဲ"

"ဒီမှာ ကိုအောင်လွင်၊ ခင်ဗျားအခန်းက ကိုမင်းမောင်အခန်းနဲ့ကပ်ရက်ပဲ။ ညကစကားပြောသံတွေမကြားမိဘူးလား။ ခိုင်ဆိုတဲ့နာမည်ခဏခဏကြားရတယ်။ ခိုင်ဆိုတာဘယ်သူလဲ"

သူတို့အချင်းချင်း တီးတိုးပြောနေကြရုံသာမက ကျွန်တော့်ကိုပင်မေးလာကြပြီ။ မင်းမောင်နှင့်ရင်းနှီးနေမှန်းသိ၍ မေးလာကြခြင်းဖြစ်သည်။ အမှန်အတိုင်းပြော၍မဖြစ်ပေ။ ကျွန်တော့်သူငယ်ချင်းကို အကာအကွယ်ပေးရမည်။ အဖြစ်မှန်ကိုပြောပြလည်း မည်သူမျှယုံကြည်ကြမည်မဟုတ်ပေ။ ဝေဝေခိုင် နောက်ဆုံးဝတ်ဆင်ခဲ့သည့် သက်ပျောက်ဝတ်စုံ မင်းမောင်ထံတွင်ရှိနေသည်ကို မည်သူမျှမသိကြပေ။

"ခင်ဗျားတို့စိတ်ထဲထင်လို့ဖြစ်မှာပါ။ ကျွန်တော်ဘာမှမကြားမိပါလား။ ကျွန်တော် - အပေ့ါအပါးထသွားတော့ မီးတောင်ဖွင့်လိုက်သေးတယ်။ ဘာမှထူးခြားတာမတွေ့ပါဘူး"

ညနေအလုပ်သိမ်း၍ အဆောင်သို့ပြန်ရောက်လျှင်ရောက်ချင်း မနက်ကအကြောင်း မင်းမောင်ကိုပြောပြလိုက်သည်။

"ဘာ - ငါနဲ့ခိုင်နဲ့စကားပြောတာ မင်းအပြင် တခြားသိတဲ့သူတွေရှိနေပြီလား"

"ဟုတ်တယ်၊ တို့နဲ့အနီးဆုံးအခန်းတွေကသူတွေမေးနေကြတာ။ အချိန်မတော် မင်းအခန်းကစကားပြောသံကြားလို့မေးကြတာ။ ပြီးတော့ ခိုင်ဆိုတာဘယ်သူလဲလို့မေးကြသေးတယ်"

"ဒီတော့ မင်းကဘယ်လိုပြန်ဖြေလိုက်လဲ"

"ဘာဖြေရမှာလဲ မကြားမိဘူး၊ မသိဘူးလို့ ပြန်ဖြေလိုက်ရတာပေါ့"

"တခြားသူတွေသိသွားလို့မဖြစ်ဘူး။ သိသွားရင် ခိုင် ငါ့ဆီလာတော့မှာမဟုတ်ဘူး"

"ပြဿနာတွေရှုပ်လာနိုင်တယ်။ မင်းသိမ်းထားတဲ့ခိုင်ရဲ့ဝတ်စုံကိုဖျောက်ဖျက်ပစ်လိုက်ပါတော့ကွာ"

"တောင်းပန်ပါတယ် သူငယ်ချင်းရယ်၊ ငါ့ဘဝမှာ ခိုင့်အလွမ်းပြေ ဒါပဲရှိတာ"

မင်းမောင်ကို မည်သို့မျှပြော၍ရမည်မဟုတ်မှန်း ကျွန်တော်သိသည်။ စာနာစိတ်ဖြင့် မင်းမောင်ကို အကာအကွယ်ပေးခဲ့သော်လည်း ထိုဝတ်စုံကြောင့် ပြဿနာတစ်ခုခုဖြစ်လာမည်ကို ကျွန်တော်စိုးရိမ်နေမိသည်။ အဆောင်တွင် အမျိုးသားများသာနေခွင့်ရှိသည်။ အဆောင်တွင်းသို့ အမျိုးသမီးများခေါ်လာခွင့်မရှိပေ။ စည်းကမ်းတင်းကျပ်ထားသည်။ ယခု အချိန်မတော် အခန်းတွင်းမှ မိန်းမတစ်ယောက်နှင့်စကားပြောနေသည်ဆိုသော မင်းမောင်သတင်းက ပျံ့နှံ့နေသည်။ မင်းမောင်အကြောင်း စပ်စုမေးမြန်းသည်အထိဖြစ်လာသည်။

ထိုသို့ဖြစ်ပြီး သုံး၊လေးရက်အကြာတွင်ဖြစ်သည်။ နေ့ခင်းဘက် လုပ်ငန်းခွင်ထဲ ပင်ပန်းခဲ့သဖြင့် ညဘက်တွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားခဲ့သည်။ သန်းခေါင်ယံအချိန်ခန့်ရှိမည်ထင်သည်။ ရုတ်တရက်ဆူညံသောအသံများကြောင့် ကျွန်တော် အိပ်ရာမှလန့်နိုးလာသည်။

"ကိုမင်းမောင်ရဲ့ အခန်းထဲမှာ ဥစ္စာစောင့်လိုလို၊ ဝိညာဉ်လိုလို မိန်းမတစ်ယောက်တွေ့လို့တဲ့"

"ကိုမင်းမောင်နဲ့စကားပြောသံကြားလို့သွားကြည့်တော့ ဘာမှမတွေ့ရဘူး"

"ဟိုတစ်လောကလည်း ညဘက်ဒီအချိန်ပဲ မိန်းမတစ်ယောက်နဲ့စကားပြောသံကြားခဲ့ရသေးတယ်"

တစ်ယောက်တစ်ပေါက် ဆူညံစွာပြောဆိုနေပြီး တစ်ဆောင်လုံး မီးများထိန်လင်းနေသည်။ မင်းမောင်အခန်းဝတွင် လူအများစုရုံးစုရုံးဖြစ်နေသည်။ ကျွန်တော့်ရင်ထဲထိတ်ခနဲဖြစ်သွားသည်။ အခြေအနေအဖြစ်အပျက်ကို ကျွန်တော် ရိပ်မိလိုက်သည်။

"ကဲပါဗျာ၊ ပြန်အိပ်ကြပါတော့။ မင်းမောင်ကို ကျွန်တော်မေးကြည့်ပါဦးမယ်"

တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာပြောဆိုရင်း ကောက်ချက်ချလိုက်ကြည့်မှာ ဘော်ဒါဆောင်သို့ တစ္ဆေမလိုလို၊ ဝိညာဉ်လိုလို မကြာခဏလာနေသည်။ ထိုတစ္ဆေမှာလည်း မင်းမောင်နှင့် ပတ်သက်နေသည်ဟူ၍ဖြစ်သည်။ ထိုနေ့ညက မိုးစင်စင်လင်းသည်အထိ မအိပ်ဖြစ်တော့။ ထိုညကအဖြစ်အပျက်ကို နောက်တစ်နေ့တွင် ဘော်ဒါဆောင်ပိုင်ရှင်ထံသို့ သတင်းရောက်ရှိသွားပါတော့သည်။ နောက်တစ်ရက်၊ နှစ်ရက် ညနေဘက်လူစုံချိန်တွင် ဘော်ဒါဆောင်ပိုင်ရှင်ဦးတင်လှအဆောင်သို့ရောက်လာပါသည်။

"ဟိုတစ်နေ့ကသတင်း ကျုပ်ကြားပြီးပြီ။ ကျုပ်ဘော်ဒါဆောင်စည်းကမ်းရှိလို့ ကျယ်ဝန်းလို့လာငှားနေကြတာ။ အဆောင်ငှားပြီးစီးပွားရေးလုပ်နေတာ၊ ဒီဘော်ဒါဆောင်တစ္ဆေခြောက်တယ်ဆိုတဲ့သတင်း ပျံ့နှံ့သွားရင် ဘယ်သူမှလာငှားကြတော့မှာမဟုတ်ဘူး။ ကျုပ်စီးပွားပျက်ပြီပေါ့။ အဓိကကျတာက မင်းမောင်ပဲ။ သူ့အခန်းထဲကစတဲ့ပြဿနာပဲ၊ တစ်ကြိမ်မကတော့ဘူးတဲ့"

ဦးတင်လှစကားပြောနေစဉ်အားလုံးငြိမ်နေကြသည်။ မည်သူမျှပြန်မပြောကြပါ။

www.burmeseclassic.com

"အစိမ်းရောင်ဝမ်းဆက်ဝတ်ထားတဲ့မိန်းကလေးတွေ့ရတယ်တဲ့။ ပြီးတော့ ချက်ချင်းပျောက်သွားတယ်တဲ့။ ဘယ်လိုလဲ မင်းမောင်၊ ကျုပ်ကြားခဲ့တာ အမှန်ပဲလား၊ ဘယ်လိုဖြစ်တာလဲ"

မင်းမောင်မည်သည့်စကားမျှပြန်မပြောပါ။ တစ်ဆောင်လုံးငြိမ်သက်နေသည်။ တိတ်ဆိတ်နေသည်။

"ဒီတော့ ကျုပ်ဆုံးဖြတ်ပြီးပြီ။ ဒီလကုန်ရင် မင်းမောင် တခြားကိုပြောင်းပေးပါ။ ဒါမှတခြားလူတွေလည်းစိတ်သန့်သွားမယ်။ ဘယ်လိုလဲ၊ ဖြစ်တယ်မဟုတ်လား မင်းမောင်"

မင်းမောင်အဖြေကို အားလုံးစိတ်ဝင်တစား နားစွင့်နေကြသည်။မင်းမောင်ထံမှ မည်သည့်စကားမျှထွက်မလာပါ။ ကျွန်တော့်မျက်နှာကိုသာ အားကိုးတကြီးလှမ်းကြည့်နေသည်။ ကျွန်တော်မနေသာတော့ပါ။

"ကျွန်တော် တစ်ခုပြောပါရစေ၊ မင်းမောင်အခန်းထဲက တစ္ဆေခြောက်တယ်ဆိုတာ ချဲ့ကားပြီးပြောကြတာဖြစ်မယ်။ ဘယ်သူမှအခြောက်မခံရသေးပါဘူး။ ပြီးတော့ အစိမ်းရောင်ဝမ်းဆက်နဲ့ မိန်းကလေးကိုတွေ့တယ်ဆိုတာလည်း ဘယ်သူမှတိတိကျကျမတွေ့ပါဘူး"

"ဒီတော့ မောင်အောင်လွင် ဘယ်လိုဖြစ်စေချင်လဲ။ ဘာလုပ်ရင်ကောင်းမလဲပြောပါ"

"မင်းမောင်ကို ဒီဘော်ဒါဆောင်နေဖို့ ကျွန်တော် တာဝန်ခံလက်မှတ်ထိုးခဲ့တာပါ။ ခုနက ဦးလေးပြောသလို အားလုံးစိတ်ထဲသန့်သွားအောင် သံဃာတော်တွေပင့်ဖိတ်ပြီး ဆွမ်းကျွေးမယ်။ ပြီးတော့ အန္တရာယ်ကင်းပရိတ်တရားတော်တွေ ရွတ်ဖတ်တာလုပ်ချင်တယ်။ အဲဒီလိုလုပ်ပြီးလို့မှ မဟုတ်တာတွေဆက်ကြားနေရသေးရင် ဦးလေးသဘောအတိုင်းဆက်သာလုပ်ပါတော့"

ကျွန်တော်၏ စကားအဆုံးတွင် ဦးတင်လှက အားလုံးမျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ ကျွန်တော့်ခြေရင်းခန်းမှ ကိုထွေးက -

"ဒီအစီအစဉ်ကောင်းပါတယ်။ အားလုံး ဗုဒ္ဓဘာသာဝင်တွေချည်းပါပဲ။ စိတ်သန့်သွားတာပေါ့။ ကိုအောင်လွင်ပြောသလိုလုပ်ဖို့ သဘောတူပါတယ်"

"အားလုံးသဘောတူရင်တော့လုပ်ပါ။ ကောင်းအောင်လုပ်တာပဲ။ မဟုတ်တဲ့သတင်းတွေထပ်ပြီးမကြားချင်ပါဘူး"

ကျွန်တော်၏ အကြံပြုချက်ကို ဘော်ဒါဆောင်ပိုင်ရှင်နှင့် အဆောင်နေသူများ လက်ခံကြသဖြင့် ကျွန်တော် ကျေနပ်သွားမိသည်။ ကျေးဇူးတင်သည့်မျက်နှာဖြင့် ကိုထွေးမျက်နှာကိုလှမ်းကြည့်လိုက်သည်။ ကိုထွေးက ကျွန်တော့်ကို လက်မထောင်ပြပြီး ပြုံးနေသည်။

နောက်တစ်ပတ် အလုပ်နားရက် တနင်္ဂနွေနေ့တွင် ကျွန်တော်နှင့်ကိုထွေးတို့ဦးဆောင်ကာ အလှူငွေကောက်ခံသည်။ သံဃာတော်(၅)ပါး ပင့်ဖိတ်ပြီး အဆောင်တွင် ဆွမ်းကျွေးဒါနပြုသည်။ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ပူဇော်ပေးခဲ့ကြသည်။ အလှူပြီးဆုံး၍ ရေစက်ချအမျှဝေပြီး ပရိတ်ဆန်၊ ပရိတ်ရေများဖြင့် အဆောင်ကိုပက်ဖျန်းကြ၏။ မင်းမောင်အခန်းကို ပို၍ပင် ပရိတ်ရေဖြင့်ပက်ဖျန်းပေးကြသည်။ ထို့နောက်တွင် ကိုထွေးဦးဆောင်ကာ ပရိတ်ကြိုးဖြင့် အဆောင်ပတ်ပတ်လည် ဝိုင်းပတ်ချည်နှောင်ကြ၏။ ထိုရက်နောက်ပိုင်းမှစ၍ မင်းမောင်အခန်းမှမည်သည့်အသံမျှမကြားရတော့ပေ။ ညဥ့်နက်သန်းခေါင် အချိန်မတော်စကားပြောသံလည်း မကြားရတော့ပေ။ အစိမ်းရောင်ဝမ်းဆက်နှင့်အမျိုးသမီးကိုလည်း မတွေ့ရတော့ပေ။ ထိုဖြစ်ရပ်ကြောင့် အခြားသူများ ဝမ်းသာနေကြသော်လည်း မင်းမောင်တစ်ယောက်သာ မရွှင်မလန်းဖြစ်နေသည်။ငေးငေးငိုင်ငိုင်နှင့်သာတွေ့ရလေ့ရှိသည်။ တစ်နေ့နံနက်စောစော အိပ်ကောင်းနေဆဲအချိန်တွင် မင်းမောင် ကျွန်တော့်အခန်းဝရောက်လာသည်။ ကျွန်တော်ထပြီး အခန်းတံခါးဖွင့်ပေးလိုက်သည်။

"အစောကြီးရှိသေးတယ်။ အိပ်ကောင်းတုန်းကွာ၊ အလုပ်နားရက် ဇိမ်နဲ့အိပ်နေတာ"

"ထတော့ကွာ၊ မင်းကိုပြောစရာရှိလို့၊ လက်ဖက်ရည်ဆိုင်သွားရအောင်မယ်။ ငါတိုက်ပါ့မယ်"

"အဆန်းပါလား၊ ဘာစကားပြောမှာမို့လဲ"

"ဒီမှာမပြောချင်ဘူး၊ တခြားသူတွေမကြားစေချင်ဘူး။ ခိုင်ငါ့ကိုအိပ်မက်ပေးတယ်။ အဲဒီအိပ်မက် မင်းကိုပြောပြချင်လို့ လိုက်ခဲ့ပါကွာ"

ကျွန်တော် မငြင်းသာတော့ပါ။ စောစောစီးစီး ကျွန်တော်တို့နှစ်ဦး လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြသည်။ ဘော်ဒါဆောင်အနီးရှိ သောက်နေကျလက်ဖက်ရည်ဆိုင်တွင် အတူထိုင်ဖြစ်ကြသည်။

"ဆိုစမ်းပါဦး၊ ဝေဝေခိုင်က ဘယ်လိုအိပ်မက်ပေးပြန်တာလဲ"

"မင်းတို့က အန္တရာယ်ကင်းပရိတ်တွေရွတ်ဖတ်၊ ပရိတ်ကြိုးတွေနဲ့တားထားတော့ သူ ငါ့ဆီလာလို့မရတော့ဘူးတဲ့။ သူကိုတွေ့ချင်ရင် ဒါမှမဟုတ် သူနဲ့အတူတူနေချင်ရင် သူရှိတဲ့နေရာကိုလာဖို့ ငါ့ကိုခေါ်တယ်"

"အိပ်မက်ထဲမှာ မင်းကိုခေါ်တယ်ဟုတ်လား။ ဝေဝေခိုင်က ဘယ်မှာရှိနေလို့လဲ"

"ရည်းစားဘဝမှာရော လင်မယားဘဝမှာရော ပြီးတော့ သူမမွေးဖွားမီကာလတွေမှာပါ သူနဲ့ငါနဲ့မကြာခဏသွားသွားဖူးနေကြတဲ့ ဦးခန္တီဘုရားနားကတောအုပ်ထဲမှာသူရှိနေတယ်တဲ့"

"မော်လမြိုင်မြို့လယ်ကောင်တောင်မေါ်ဖျုံပွိုင့်အနီးက ဦးခန္တီဘုရားဟုတ်လား"

"အေး - ဟုတ်တယ်။ မင်းလည်းတို့နဲ့အတူ မကြာခဏရောက်ဖူးနေတာပဲ။ မင်းသိပါတယ်ကွာ"

"ဖြစ်နိုင်ပါ့မလား သူငယ်ချင်းရယ်၊ မင်းရဲ့အစွဲအလမ်းကြောင့်ဖြစ်မယ်ထင်တယ်"

"ငါတော့ယုံတယ်၊ ခိုင်မသေခင်ကိုယ်လေးလက်ဝန်ကြီးနဲ့ ဦးခန္တီဘုရားဖူးချင်တယ်ဆိုလို့ ငါလိုက်ပို့ခဲ့ရသေးတယ်။ သူသေတော့ စိတ်ထဲစွဲပြီး သူ့ဝိညာဉ်အဲဒီတောထဲရောက်နေတာဖြစ်မယ်။ သူငါ့ဆီလာလို့မရတော့ဘူးလေ။ ငါသွားတွေ့ချင်တယ်၊ မင်းကို အသိပေးတာပါ"

"မင်းက ဝေဝေခိုင်ကို ဒီလောက်စွဲလမ်းနေမှတော့ ငါတားလည်းရမှာမဟုတ်ပါဘူး။ သေသေချာချာစဉ်းစားပါဦး သူငယ်ချင်းရယ်၊ မဖြစ်နိုင်ဘူးထင်တယ်"

ကျွန်တော်ထင်ထားသည့်အတိုင်းပင် ဖြစ်လာခဲ့သည်။ ကျွန်တော် အတန်တန်တားနေသည့်ကြားမှပင် မင်းမောင်ခွင့် (၁၀) ရက်ယူကာ မော်လမြိုင်သို့ ထွက်သွားပါတော့သည်။ မင်းမောင်အခန်းမှ မည်သည့်အသံမျှကြားရတော့ဘဲ လောလောဆယ် မင်းမောင်လည်း ခရီးသွားနေသဖြင့် မင်းမောင်ကိစ္စအားလုံး မေ့မေ့ပျောက်ပျောက်ပင်ဖြစ်နေခဲ့သည်။သို့သော် မင်းမောင်ခရီးထွက်သွားပြီး တစ်ပတ်ခန့်အကြာတွင် မမျှော်လင့်သောကြေးနန်းစာတစ်စောင် ကျွန်တော့်ထံရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်အောင်လွင်

*မင်းသူငယ်ချင်းမင်းမောင်ဆုံးပြီ၊ အမြန်လာ။*

*ဒေါ်တင့်ဝေ၊ မော်လမြိုင်*

မင်းမောင်ယောက္ခမ ဒေါ်တင့်ဝေ ပို့လိုက်သော ကြေးနန်းစာ ဖြစ်သည်။ မည်သို့မျှမယုံကြည်နိုင်အောင်ဖြစ်ခဲ့ရ၏။ အံ့ဩစိတ်ဖြင့် ကျွန်တော်ထိတ်လန့်တုန်လှုပ်ခဲ့ရသည်။ မင်းမောင်တွင် မိဘများ မရှိတော့၍ အရင်းနှီးဆုံးသူငယ်ချင်းဖြစ်သူ ကျွန်တော့်ထံသို့သာ ဒေါ်တင့်ဝေ ကြေးနန်းစာပို့လိုက်ခြင်းဖြစ်မည်ထင်၏။ မင်းမောင် ယခုကဲ့သို့ရုတ်တရက်သေဆုံးသွားရခြင်းသည် ဝေဝေခိုင်နှင့်ပတ်သက်ခဲ့၍လား သို့မဟုတ်ပါက အဘယ်ကြောင့် ရုတ်တရက် သေဆုံးသွားရပါသနည်း။ သိချင်စိတ်တား၍မရတော့။ ကျွန်တော့်တွင်လည်း တာဝန်ရှိသည်ဟု ခံစားမိ၏။ မော်လမြိုင်လိုက်သွားရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။ နာရေးဖြစ်နေသဖြင့် ကုမ္ပဏီက အလွယ်တကူပင်ခွင့်ပေးခဲ့သည်။ သက်ဆိုင်ရာပုဂ္ဂိုလ်များကလည်း မင်းမောင်မည်သို့သေဆုံးကြောင်း သိချင်နေကြသည်။ တရားဝင်ခွင့်ရပြီးသည်နှင့် ကြံ့ရာ မော်တော်ယာဉ်နှင့်ပင် ကျွန်တော် မော်လမြိုင်သို့ လိုက်သွားခဲ့သည်။ မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ်ကွက်ရှိ မင်းမောင်ယောက္ခမများ နေအိမ်သို့ ကျွန်တော်ရောက်ရှိသွားချိန်တွင် ဒေါ်တင့်ဝေ၏ လက်ဝဲဘက်လက်မှာ ကျောက်ပတ်တီးစည်းထားပြီး ပခုံးစလွယ်သိုင်းထားလျက် တွေ့လိုက်ရသည်။

"ဟော - မောင်အောင်လွင် ရောက်လာပြီလား။ မင်းသူငယ်ချင်း အဖြစ်ကဆိုးလှပါတယ်ကွယ်။ မင်းလာ၊ မလာမသေချာတော့ သင်္ဂြိုဟ်လိုက်ပြီကွယ့်။ သုံးရက်ပဲထားနိုင်တယ်။ ဧည့်သည်အသုဘဖြစ်နေတာလည်း တစ်ကြောင်းပေါ့ကွယ်"

"ကြေးနန်းစာရရချင်း မလာနိုင်ခဲ့ဘူး။ ဝန်ထမ်းဆိုတော့ တရားဝင်ခွင့်ယူရသေးတယ်။ ကြေးနန်းရပြီး နောက်တစ်နေ့မှထွက်လာခဲ့ရတာ။ ကျန်းကျန်းမာမာကြီးကနေ ဘယ်လိုဖြစ်ပြီး ရုတ်တရက်ဆုံးသွားရတာလဲ"

"ပြောပါ့မယ်ကွယ်၊ မင်းတို့နှစ်ယောက်က ညီအစ်ကိုလိုချစ်ကြတာလေ။ ပြီးတော့ သူ့မှာမိဘတွေလည်းမရှိတော့ဘူးမဟုတ်လား။ မင်းကိုပဲပြောပြရတော့မှာ။ ဒါတွေပြောပြချင်လွန်းလို့ ကြေးနန်းရိုက်လိုက်ရတာကွယ့်"

"မသိလို့မေးပါရစေ၊ မင်းမောင်သေခဲ့ရတာဟာ ဝေဝေခိုင်နဲ့များပတ်သက်မှုရှိနေလား ဒေါ်ဒေါ်"

"မင်းမောင်နဲ့ ဝေဝေခိုင်တို့ အကြောင်း မင်းအသိဆုံးပါကွယ်။ မောင်မင်းမောင် သေခဲ့ရတာဟာ မင်းမေးခဲ့သလို သမီးဝေဝေခိုင်နဲ့ တိုက်ရိုက်ကိုပတ်သက်နေတာကွယ့်။ မယုံနိုင်စရာအဖြစ်တွေပေါ့ကွယ်။ အဖြစ်က ဒီလိုကွယ့်"

ဒေါ်တင့်ဝေက သူ့သမက်ဖြစ်သူ သေဆုံးခဲ့ရပုံကို ထိခိုက်ကြေကွဲမျက်ရည်ဝဲလျက်နှင့် ကျွန်တော့်ကိုပြောပြသည်။

❑

"မေမေရေ၊မေမေ ဒီမှာ အစ်ကိုမင်းမောင်ရောက်နေတယ်"

"ဟင် - မောင်မင်းမောင်ပါလား။ အလုပ်ကိစ္စနဲ့လား။ အလည်လာတာလား"

"ခွင့်ယူပြီးလာခဲ့တာပါ။ ပြီးတော့ ခိုင့်ကိုလည်းသတိရလို့ပါ"

"မင်းကိုတွေ့လိုက်ရတော့ သမီးဝေဝေခိုင်ကို ပိုပြီးသတိရဖို့ဖြစ်လာတယ်ကွယ်"

"ဒေါ်ဒေါ်တို့ သတိရတာထက် ကျွန်တော်ကပိုမယ်ထင်တယ်။ ဒီကိုမလာခင် ကျွန်တော် ခိုင်နဲ့တွေ့ခဲ့သေးတယ်။ ခု ဒီကိုလာတာလည်း ခိုင်နဲ့တွေ့ရအောင်လို့ လာခဲ့တာပါ"

"ဘယ်လို မောင်မင်းမောင် ဘာတွေပြောနေတာလဲကွယ့်။ သေသွားပြီးတဲ့သူနဲ့ ဘယ်လိုလုပ်ပြီးတွေ့နိုင်တော့မှာလဲ။ သတိထားပြီးပြောစမ်းပါကွယ်"

"ခိုင် ကျွန်တော့်ကို အိပ်မက်ပေးခဲ့တယ်။ သူနဲ့တွေ့ချင်လို့လာခဲ့တာပါ"

"ဒါဆို သမီးဝေဝေခိုင် ဘယ်မှာရှိနေလို့လဲ။ ဒေါ်ဒေါ်တို့လည်း တွေ့ချင်တာပေါ့"

"တောင်ပေါ်မှာရှိတဲ့ ဦးခန္တီဘုရားနားကတောထဲမှာ သူရှိနေတယ်။ အဲဒီဘုရားက သူနဲ့ ကျွန်တော် မကြာခဏသွားနေကျဘုရားပါ"

"မဖြစ်နိုင်တာကွယ်၊ မင်းက သမီးဝေဝေခိုင်ကိုစွဲလမ်းပြီး အိပ်မက်မက်တာဖြစ်မှာပါကွယ်။ အမေဖြစ်တဲ့ဒေါ်ဒေါ်တို့ကိုတော့ အိပ်မက်မပေးဖူးပါဘူး"

"ကျွန်တော် ဘုရားသွားချင်တယ်၊ ဒေါ်ဒေါ်တို့ပါလိုက်ခဲ့ပါလား။ ခိုင်နဲ့တွေ့ချင်တွေ့ရမှာပေါ့"

"အေးလေ - မောင်မင်းမောင် စိတ်ပြေလက်ပျောက်ဖြစ်အောင် ဘုရားလိုက်ပို့ပေးမယ်။ သမီးဆုံးပြီးကတည်းက တို့မိသားစုတွေလည်း ဘုရားဖူးမသွားဖြစ်ခဲ့ဘူး။ အတော်ပါပဲ"

မင်းမောင်ရောက်ပြီး နောက်တစ်ရက်တွင် ဒေါ်တင့်ဝေတို့၏ ကိုယ်ပိုင်ဒတ်ဆန်းကားဖြင့် ဘုရားဖူးခရီးထွက်လာသည်။ ဒေါ်တင့်ဝေတို့မိသားစုသာမက အိမ်နီးနားချင်း ခင်မင်ရင်းနှီးသူများလည်းပါလာသည်။ လူ(၁၀)ဦးခန့် ကားပေါ်ပါလာသည်။ ဒတ်ဆန်းကားဦးခန်းတွင် ဒေါ်တင့်ဝေနှင့်မင်းမောင်တို့နှစ်ဦး အတူစီးလာကြသည်။ ဒေါ်တင့်ဝေက တံခါးအနီး မင်းမောင်က ယာဉ်မောင်းသူနှင့်ကပ်လျက်ဘေးတွင်ထိုင်ပြီး လိုက်ပါလာသည်။ မော်လမြိုင်တော်ပေါ် ဘုရားစုံဖူးကြသူတို့ထုံးစံအတိုင်း ပထမဆုံး မဟာမြတ်မုနိဘုရားကို ဦးစွာဖူးကြသည်။ ပြီးမှ ကျိုက်သလွံဘုရားဖူးကြသည်။ ထိုမှဆက်၍ နီးဘုရား၊ သာသနာနှစ်ထောင့်ငါးရာဘုရား အစဉ်အဆက်အတိုင်းဖူးကြသည်။ ပြီးမှ ဦးခန္တီဘုရားဘက်သို့ထွက်လာကြသည်။ ဦးခန္တီဘုရားပြီးလျှင် ဦးဇိနဘုရားဖူးကြမည်ဖြစ်သည်။ ဦးခန္တီဘုရားသို့ အသွားခရီးသည် ကုန်းတက်ခရီးဖြစ်သည်။ ကုန်းထိပ်ဗျူးပွိုင့်သို့ရောက်စဉ် ခေတ္တနားကြသည်။ အပေါ်စီးမှ မော်လမြိုင်ပတ်ဝန်းကျင်ကို ကြည့်ရှုကြသည်။ သံလွင်မြစ်၊ သံလွင်တံတား၊ ဘီလူးကျွန်း၊ မုတ္တမတို့ကို လှပစွာတွေ့ရသည်။ ပြီးမှ ဗျူးပွိုင့်အနီးရှိ ဦးခန္တီဘုရားသို့ ရောက်ရှိဖူးမြော်ကြသည်။

"ကဲ-မောင်မင်းမောင်၊ မင်းဖူးချင်လှတဲ့ ဦးခန္တီဘုရားရောက်ပြီ။ ဒါပေမယ့်"

ဒေါ်တင့်ဝေ စကားမဆက်ဘဲရပ်ထားလိုက်သည်။ ကားပေါ်မှလူအားလုံးဆင်းပြီး ဘုရားဖူးကြသည်။ အားလုံးအေးအေးဆေးဆေးဘုရားဝတ်ပြုနေစဉ် မင်းမောင်မှာ ရုတ်တရက် စေတီရင်ပြင်ပေါ်မှ တောစပ်ဘက်သို့ ပြေးထွက်သွားသည်။ မည်သူမျှတားဆီးချိန်မရလိုက်ပါ။

"ခိုင်ရေ ကိုယ်ရောက်လာပြီ။ ခိုင်ဒီအနားမှာရှိနေတယ်ဆို။ ကိုယ့်ကိုလာတွေ့ပါဦး။ ခိုင်ဒီမှာရှိနေတာ ဒေါ်ဒေါ်တို့မယုံဘူး။ သက်သေပြချင်လို့ ခိုင့်ထွက်လာခဲ့ပါ"

မင်းမောင်မှာ တအားအော်ပြီး ဝေဝေခိုင်ကို လှမ်းခေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

မင်းမောင်အပြုအမူကြောင့် အားလုံး ထိတ်လန့်သွားကြသည်။

"ဟာ - ကိုမင်းမောင် စိတ်မမှန်တော့ဘူးထင်တယ် ဒေါ်တင့်ဝေ။ ကိုယ့်သမက်ကိုပြောပါဦး။ ဘယ့်နှယ် - သေသွားပြီးတဲ့သူကို အော်ခေါ်နေရတာလဲ"

"ဟုတ်ပါရဲ့ ဒီကလေးဘယ်လို ဖြစ်သွားလဲမသိဘူး။ မိန်းမသေပြီး စိတ္တဇဖြစ်နေပြီထင်တယ်။ ကဲ - သား၊ မင်းယောက်ဖကို သွားခေါ် လိုက်ပါဦး"

ဒေါ်တင့်ဝေက အတူပါလာသူ သူ့သားငယ်ကို လှမ်းပြောလိုက်သည်။ ပြောရုံသာမက ဒေါ်တင့်ဝေပါ တောစပ်သို့လိုက်သွားကြသည်။ တောစပ်တွင် မင်းမောင်က ဝေဝေခိုင်ကို လှမ်းခေါ်နေဆဲဖြစ်သည်။

"ခိုင်ရေ ကိုယ်ရောက်လာပြီလေ။ ခိုင်ဒီမှာရှိတယ်ဆို ထွက်လာခဲ့ပါဦး။ ခိုင်မလာနိုင်လို့ ကိုယ်အဝေးကြီးကလာခဲ့ရတာ"

"လာပါ အစ်ကိုမင်းမောင်ရယ်၊ စိတ်ထိန်းပါဦး၊ ဘယ်လိုမှမဖြစ်နိုင်တာ"

"သူနဲ့တွေ့ချင်တယ်။ ဒီနေရာကို လာဖို့သူမှာထားတာ၊ သူ ဒီနားမှာရှိနေတာ"

"တော်ပါတော့ အစ်ကိုမင်းမောင်၊ မမဝေဝေခိုင်ဟာ ကျွန်တော့်အစ်မပါ။ ကျွန်တော်တို့လည်း သတိရတာပေါ့၊ တွေ့ချင်တာပေါ့။ ဒါပေမယ့် မမက သေခဲ့ပြီလေ။ ဘယ်လိုလုပ်ပြီးတွေ့နိုင်တော့မှာလဲ။ လာပါ၊ သွားကြပါစို့"

ဒေါ်တင့်ဝေနှင့် သားငယ်တို့ဆွဲခေါ်တော့မှ မင်းမောင် မလိုက်ချင်လိုက်ချင်နှင့် လိုက်ပါလာသည်။ တောစပ်ဘက်သို့ လှည့်ကြည့်လှည့်ကြည့်ဖြစ်နေသေးသည်။ မင်းမောင်နှင့် ဝေဝေခိုင်အကြောင်းသိထားသူများအားလုံး စိတ်မကောင်းဖြစ်ကြရသည်။ မင်းမောင်အဖြစ်ကြောင့် အားလုံးမျက်ရည်ဝဲနေကြသည်။

"ဒီ ဦးခန္တီဘုရားမှာ အေးအေးဆေးဆေးနားမယ်လို့စိတ်ကူးထားတာ။ ခုတော့ မင်းမောင်ကြောင့် အားလုံးစိတ်မကောင်းဖြစ်ကြရပြီ။ မဖြစ်တော့ဘူး၊ ဦးဇိနဘုရားဘက် ဆက်သွားကြမယ်။ သွားကြစို့၊ မောင်မင်းမောင် ကားပေါ်တက်လေ"

ဒေါ်တင့်ဝေစကားကြောင့် အားလုံး ကားပေါ်ပြန်တက်ကြသည်။

"ဦးခန္တီတော့ဖူးပြီးသွားပြီ။ ဟိုကုန်းထိပ်က ဦးဇိနဘုရားသွားဖူးကြမယ်။ ပြီးတော့မှ တောင်ဝိုင်းဘုရားသွားဖူးကြမယ်။ တောင်ဝိုင်းကြမှ နားကြတာပေါ့"

ဦးခန္တီဘုရားမှ ဦးဇိနဘုရားသို့ အသွားခရီးသည် ကုန်းဆင်းခရီးဖြစ်သည်။ ကားရှေ့ခန်းတွင် ဒေါ်တင့်ဝေနှင့် မင်းမောင်တို့စီးလာကြသည်။ ကုန်းဆင်းခရီးတွင် ဒတ်ဆန်းကားက အရှိန်ဖြင့် ပြေးနေသည်။

ထိုစဉ် မင်းမောင်က -

"ဟိုးဟိုး - ရပ်ပါဦး။ ဟိုမှာ အမျိုးသမီးတစ်ယောက် လက်ပြပြီးတားနေတယ်"

မင်းမောင်၏ စကားကြောင့် ဒေါ်တင့်ဝေနှင့် ဒရိုင်ဘာတို့ ရှေ့ဘက် ဝဲ၊ ယာသို့ သတိထားပြီးကြည့်လိုက်ကြသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ကားတားနေသည်ကို မတွေ့ရပေ။ လမ်းရှင်းနေသည်ကို တွေ့ရသည်။

"ဘယ်မှာလဲ၊ ကားတားတဲ့ မိန်းကလေး မတွေ့ပါဘူး"

"ဟိုမှာကားတားနေတာမတွေ့ဘူးလား။ ကျွန်တော်တွေ့နေရတယ်။ အစိမ်းရောင်ဝမ်းဆက်နဲ့။ ဟင် - ခိုင်. . ခိုင်ပါလား။ ဟိုမှာ ခိုင်က ကားရပ်ဖို့ လက်ပြနေတယ်"

"ဟဲ့ - မောင်မင်းမောင် ဘာတွေပြောနေတာလဲ။ ဘယ်သူမှမတွေ့ဘူး။ မရပ်နဲ့ ဆက်သာမောင်းကွယ်။ ဒီကလေး စိတ်မမှန်တော့ဘူးထင်တယ်"

ကုန်းဆင်းခရီးတွင် ကားမှာ အရှိန်ကောင်းကောင်းဖြင့်ပြေးနေသည်။ ဒေါ်တင့်ဝေစကားကြောင့် ဒရိုင်ဘာက အရှိန်မလျှော့ခဲ့ပေ။

"ဟိုမှာ အစိမ်းရောင်ဝတ်စုံနဲ့ခိုင် ကားကိုတားနေတာမတွေ့ဘူးလား။ ရပ်ပေးဗျာ၊ မရပ်ဘူးလား ကဲဗျာ"

ပြောပြောဆိုဆို မင်းမောင်က ဒရိုင်ဘာကိုင်ထားသော ကားလက်ကိုင်ခွေကိုလုပြီးကိုင်လိုက်သည်။ ကားရပ်ရန် ဘရိတ်ကိုလည်းလုပြီးနင်းသည်။

"ကားအရှိန်များနေတယ်၊ မလုပ်နဲ့ မလုပ်နဲ့ ဟာ. . ."

ကားရပ်တန့်သွားစေရန် ကားဘရိတ်လုပြီးနင်းနေသည်။ မင်းမောင်ဟန်ပန်မှာ အသိမဲ့သည့်ပုံစံဖြစ်နေသည်။ သို့သော် မင်းမောင်လုပြီး နင်းလိုက်သည်မှာ ဘရိတ်မဟုတ် လီဗာဖြစ်နေသည်။ ကုန်းအဆင်းတွင် ကားကို မထိန်းနိုင်တော့ပါ။ ကားမှာ မူလလမ်းကြောင်းမှ လမ်းဘေးသို့ဖွဲဆင်းသွားပြီး လမ်းဘေးမှသစ်ပင်ကို အရှိန်ပြင်းစွာဝင်တိုက်လိုက်သည်။ ဝုန်း. . ဒုန်း ဟူသည့် ကျယ်လောင်သည့်အသံကိုသာ ဒေါ်တင့်ဝေ နောက်ဆုံးကြားလိုက်ရသည်။

❑

ဒေါ်တင့်ဝေက ထိခိုက်ကြေကွဲ မျက်ရည်စို့လျက်နှင့်ပင် ပြောလက်စစကားကိုရပ်ပြီး မျက်ရည်သုတ်လိုက်သည်။

"ဒါဆို ဒေါ်ဒေါ့်လက်ကဒဏ်ရာဟာ ကားမှောက်တုန်းကရခဲ့တဲ့ဒဏ်ရာလား"

"ဟုတ်တယ်၊ မသေကောင်း မပျောက်ကောင်းပေါ့လေ။ မောင်မင်းမောင်ဟာ စိတ်ဖောက်ပြန်နေတဲ့ပုံစံနဲ့ ကားရပ်ပေးဖို့လုပ်ခဲ့တယ်။ သူ့အားက ဒေါ်ဒေါ့်ကိုကျော်ပြီး တံခါးဖွင့်ဖို့လုပ်ခဲ့သေးတယ်။ ကားမှောက်တော့ တံခါးပွင့်ထွက်သွားတယ်။ ဒုန်းဆိုတဲ့အသံကြားရပြီး အပြင်ဘက်လွင့်စဉ်ထွက်ကျသွားတာကိုပဲ နောက်ဆုံးသိလိုက်ရတယ်။ ဘယ်လောက်ကြာအောင်ဒေါ်ဒေါ်မေ့နေတယ်မသိတော့ဘူး။ သတိရလာတော့ လူတွေဝိုင်းအုံနေတာ တွေ့ရတယ်။ မြင်တဲ့အတိုင်းပဲဒေါ်ဒေါ်လက်ကျိုးခဲ့ရတယ်။ နောက်ခန်းကစီးလာတဲ့သူတွေလည်း ဒဏ်ရာတွေရခဲ့ကြတယ်။မင်းသူငယ်ချင်း မောင်မင်းမောင်တစ်ယောက်ပဲ ပွဲချင်းပြီးဆုံးခဲ့တာပါကွယ်"

"ဗျာ - မင်းမောင်တစ်ယောက်တည်းဆုံးခဲ့တယ်ဟုတ်လား ဒေါ်ဒေါ်"

"ဟုတ်ပါတယ်၊ သူသေသွားလို့ အမှုက ခုထက်ထိမပြီးသေးဘူးကွယ့်။ ထူးဆန်းလိုက်တာလည်းမပြောပါနဲ့တော့။ မယုံနိုင်စရာပဲ။ ကားမမှောက်ခင် ကားကိုတားတဲ့မိန်းကလေးကို သူတစ်ယောက်ပဲတွေ့ခဲ့တာ။ သူက သမီးဝေဝေခိုင် ကားတားနေတယ်လို့ပြောခဲ့တယ်။ကားတားတဲ့ သမီးက အစိမ်းရောင်ဝတ်စုံနဲ့တဲ့။ သမီးမသေခင် နောက်ဆုံးဝတ်ထားတာဟာ"

ဒေါ်တင့်ဝေစကားမဆက်နိုင်တော့ပါ။ မျက်ရည်သာတွင်တွင်သုတ်နေသည်။ ပြီးမှ စကားဆက်ပြောနိုင်တော့သည်။

"မင်းသူငယ်ချင်းက သေတဲ့အထိ သမီးကိုစွဲလမ်းနေခဲ့တာ။ အဲဒီစွဲလမ်းစိတ်ကြောင့်သေရတာ"

"သူ ဒီကိုမလာခင် သူ့အိပ်မက်အကြောင်း ကျွန်တော့်ကိုပြောခဲ့သေးတယ်။ ဝေဝေခိုင်ကိုတွေ့ချင်ရင် ဒါမှ



www.burmeseclassic.com

www.burmeseclassic.com

(အစာလည်းဆေး၊ ဆေးလည်းအစာ)

## ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနဝင်း(ပုသိမ်) ၂၅

နာနတ်သီးသည် အပင်ပုံသဏ္ဍာန် ထူးခြားသလို အသီးကလည်း သစ်သီး ဟုသာ ခေါ်ဆိုနေကြပေမယ့် တကယ် တော့ နာနတ်သီးဟာ သစ်သီးမဟုတ် ပေ။ နာနတ်ပင်မှ ထွက်လာသည့်အညွှာ တံမှ အသားထူ၍ အသီးသဏ္ဍာန်ထွက် ပေါ်လာသည့် အညွှာတံကြီးမျှသာ ဖြစ်ပါသည်ဟု ရုက္ခဗေဒပညာရှင် များက သတ်မှတ်ပေးကြပါသည်။

ထိုသို့ အသီးယောင်အညွှာယောင် ဖြစ်နေပါသော်လည်း လူအများကို ဆွဲဆောင်နိုင်သည့် အနံ့အရသာကိုပေး စွမ်းနိုင်ခဲ့သလို လူသားတို့၏ ခန္ဓာကိုယ် ကျန်းမာရေးအတွက်လည်း လွန်စွာ အရေးပါသည့် ဆေးဖက်ဝင်ဓြပ်ပေါင်း များကိုလည်း ပါဝင်ဖွဲ့စည်းထားသည့် လူသားအကျိုးပြုသီးနှံဖြစ်ပါတော့သည်။

ဆေးသိပ္ပံသုတေသန၏ လေ့လာ တွေ့ ရှိချက်များအရ နာနတ်သီး (၁၀၀) ဂရမ်တွင် ပါဝင်ဖွဲ့စည်းထားသော ဆေးဖက်ဝင်သဘာဝဓြပ်ပေါင်းများမှာ-

ရေဓာတ် ၉၀ ရာနှုန်း
ကယ်လိုရီဓာတ် ၃၅ ယူနစ်
ပရိုတင်းဓာတ် ၀. ၆၃ ဂရမ်
ကာဗိုဟိုက်ဒြိတ် ၇. ၄၂ ဂရမ်
သတ္တုဓာတ် ၀. ၀၆ ဂရမ်
ကယ်လဆီယမ် ၆.၀ ဂရမ်
ဖော့စဖရပ်စ် ၂၃. ၀ မီလီဂရမ်
သံဓာတ် ၁. ၃ မီလီဂရမ်
ဗီတာမင်စီဓာတ်(Vit-c) ၄၀ ယူနစ်

စသည့်ဓြပ်ပေါင်းများ ပါဝင်နေ သည်ကို တွေ့ရပါသည်။

နာနတ်သီးတွင် ရေဓာတ် (၉၀) ရာနှုန်းပါဝင်နေပြီး (Vit-c) ဓာတ် (၄၀) ယူနစ်ပါဝင်နေခြင်းကြောင့် ပင်ပန်း နွမ်းနယ်နေသည့်အချိန် အပူရှိန်ကြောင့် ချွေးထွက်များပြီး ရေဓာတ်ခန်းခြောက် နေချိန်နှင့် နာလန်ထအားအင်နည်းပါး၍ ခံတွင်းပျက်နေသည့်အချိန်၌ နာနတ်သီး ၏အင်တီအောက်ဆီးဒင့်ဓာတ်အပြည့် အဝပါဝင်နေမှုကြောင့် လွန်စွာစားသုံးရန် သင့်တော်သည့်သီးနှံ ဖြစ်ပါသည်။

နေ့စဉ်နှင့်အမျှ တိုးတက်ခေတ်မီ နေသည့် ဆေးသိပ္ပံသုတေသနများ၏ နောက်ဆုံးတွေ့ရှိချက်များအရ နာနတ် သီးတွင် ဗီတာမင် $B_1$, $B_6$ ကော့ပါးဓာတ် နှင့် မဂ္ဂနီးစ်ဓာတ်များပါဝင်နေပြီး မဂ္ဂနီးစ် မှာ (၁၂၈)ရာခိုင်နှုန်းခန့်ပမာဏများပြား စွာ ပါဝင်နေတာကြောင့် အရိုးအဆစ်နှင့် အရွတ်ကြောတို့ကို အကျိုးပြုသန်စွမ်း ကျန်းမာစေသည်။

ဒါ့ပြင် ဘီတာကယ်ရိုတင်း (Beta Corotene) ကလည်း ပါဝင်မှုများသည့် အတွက် အသက်ကြီးချိန်မှာ အဖြစ်များ သည့် မက်ကူလာယိုယွင်းပျက်စီးမှုကို ကာကွယ်တွန်းလှန်ပေးနိုင်စွမ်းရှိပါသည်။

U.S.A ဆေးဘက်ဆိုင်ရာ သုတေ

---

မဟုတ် ဝေဝေခိုင်နဲ့အတူတူနေချင်ရင် အဲဒီ ဦးခန္တီဘုရားနားကတောအုပ်ထဲလာ ခဲ့ဖို့ သူ့ကိုအိပ်မက်ပေးခဲ့တယ်တဲ့။ ခု သူ သေတာလည်း အဲဒီဘုရားအနားမှာဆို တော့"

"ဘာ - သမီးနဲ့အတူတူနေချင်ရင် ဦးခန္တီဘုရားနားကတောအုပ်ထဲလာခဲ့ဖို့ သမီးဝေဝေခိုင်က အိပ်မက်ပေးခဲ့တယ် ဟုတ်လား။ ဘုရား ဘုရား တိုက်ဆိုင်မှု ပဲဖြစ်ပါစေလို့ ဆုတောင်းပါတယ်ကွယ်။ မင်းပြန်သွားရင် မင်းတို့ဘော်ဒါဆောင် မှာ အလှူအတန်းလုပ်ပြီး မင်းသူငယ် ချင်းကို အမျှဝေပေးပါကွယ်"

"စိတ်ချပါ ဒေါ်ဒေါ်၊ ကျွန်တော် လုပ်ပါ့မယ်။ ခု ကျွန်တော်ထွက်လာတုန်း ကလည်း အဆောင်ကသူငယ်ချင်းတွေ မင်းမောင်ဆုံးတာ မယုံဘူးဖြစ်နေကြ တယ်"

"ဘယ်လိုပြောရမှန်းတောင်မသိ တော့ပါဘူးကွယ်။ မောင်မင်းမောင် အဖြစ်ကဆန်းကြယ်လိုက်တာ"

မင်းမောင် အသုဘရက်လည်ပြီး သည်အထိ ကျွန်တော်နေခဲ့သည်။ ရက် လည်ပြီးနောက်တစ်နေ့ ရန်ကုန်ပြန်ရန် ပြင်ဆင်ရတော့သည်။ အဝေးပြေးကား ဂိတ်မှ မော်တော်ယာဉ်လက်မှတ်ကိုသာ ဝယ်ခဲ့သည်။ ကျွန်တော့်တွင် အဝတ် အစားနှစ်စုံ၊ သုံးစုံထည့်သည့် အိတ်ငယ် တစ်လုံးသာပါသည်။ ပြန်မည့်ရက်တွင် အားလုံးကိုနှုတ်ဆက်ပြီး ဒေါ်တင့်ဝေတို့ အိမ်မှအထွက်တွင် ဒေါ်တင့်ဝေက ကျွန်တော့်ကိုလှမ်းခေါ်သည်။

"ဩော် - ခဏနေပါဦး။ မင်းကို ပေးစရာရှိလို့ပါ။ ရော့-ဒီမှာ၊ မင်းသူငယ် ချင်းလွယ်အိတ်။ သူမော်လမြိုင်ရောက် လာကတည်းက သွားလေရာ ကိုယ်နဲ့ မကွာလွယ်ထားတဲ့လွယ်အိတ်ကွယ့်။ သူ သေတော့လည်း ဒီလွယ်အိတ်လွယ်ထား ရက်နဲ့သေခဲ့တာ။ အထဲမှာ အထုပ် တစ်ထုပ်ပါတယ်။ မဆိုင်ဘူးထင်လို့ဖွင့် မကြည့်ခဲ့ပါဘူး။ ရော့ - မင်းပဲယူသွား လိုက်ပါတော့"

ဒေါ်တင့်ဝေကမ်းပေးသောလွယ် အိတ်မှာ မင်းမောင်လွယ်နေကျလွယ် အိတ် ဖြစ်သည်။ လွယ်အိတ်ထဲတွင် ပလတ်စတစ်ဖြင့်ပတ်၍ထုပ်ထားသော အထုပ်တစ်ထုပ်တွေ့ရသည်။ အသေ အချာကြိုးဖြင့်ချည်နှောင်ထားသည်ကို တွေ့ရသည်။ စိတ်ဝင်စားစွာဖြင့် ကျွန် တော် အထုပ်ကိုဖြေကြည့်လိုက်သည်။

"ဟင်"

ဟုဆိုကာ ကျွန်တော် အံ့ဩထိတ် လန့်သွားမိသည်။ ကျွန်တော်တွေ့လိုက် ရသောအထုပ်တွင်းမှပစ္စည်းမှာ အမျိုး သမီးဝတ်အစိမ်းရောင်ဝတ်စုံတစ်စုံဖြစ် နေပါတော့သည်။

မောင်မောင်မိုးအောင်
(စာပေဗိမာန်စာမူဆုရ)

www.burmeseclassic.com



သနတွေ့ရှိချက်များအရ နာနတ်သီးတွင် အင်တီအောက်ဆီးဒင့်ဓာတ်တိုးဆန့်ကျင်သတ္တိအစွမ်းမြင့်မားပြီး အမျှင်ဓာတ်များစွာ ပါဝင်ဖွဲ့စည်းနေခြင်းကြောင့် ကိုလက်စထရောများကို သန့်စင်သန့်ရှင်းပေးရာတွင် အစွမ်းထက်ပြီး နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါတို့ကို ကာကွယ်ပေးနိုင်စွမ်းရှိပြီး အသည်းအဆီဖုံးခြင်းကိုလျှော့ချစေနိုင်ခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာကိစ္စများကို စွမ်းအားဖြည့်ပေးပြီး သွေးရောဂါနှင့် အစာအိမ်ရောဂါတို့ကို ကာကွယ်မှုပေးခြင်း၊ အူမကြီးကင်ဆာကဲ့သို့သောရောဂါကြီးများကို တားဆီးပေးနိုင်သည်ဟု တွေ့ရှိရပါသည်။

အာဟာရဆိုင်ရာဆေးသိပ္ပံပါရဂူများ၏ လေ့လာတွေ့ရှိချက်အရ နာနတ်သီးမှည့်တွင် ရောင်ရမ်းမှုကို လျှော့ချပေးနိုင်သည့် Anti-Inflammatory ဂုဏ်သတ္တိအာနိသင်များစွာ ပါဝင်နေခြင်းကြောင့် ခန္ဓာကိုယ်တွင်း ရေဓာတ်စုဝေးမှုကိုကာကွယ်ပေးစေပြီး ခန္ဓာကိုယ်တွင်းပျက်စီးယိုယွင်းနေသည့် ကော်လာဂျင်အမျှင်များကို ပြန်လည် အားဖြည့်ကောင်းမွန်စေနိုင်သည့်အတွက် အသားအရေလှပမှုကိုထိန်းသိမ်းရာတွင် (Skin Care) ပြုလုပ်ရာတွင် အလွန်အသုံးဝင်သည့် ဆေးဖက်ဝင်သီးနှံ ဖြစ်ပါသည်။

နာနတ်သီးအရည်၊ ပျားရည်ဆတူစပ်၍ မျက်နှာနှင့် အသားအရေကို လိမ်းပေးစေခြင်းဖြင့် ဆား၊ ဝက်ခြံဆိုသော အသားအရေပျက်စီးသည့်ရန်မှကာကွယ်ပေးပြီး အသားအရေကို စိုပြည်ဝင်းပစေပါသည်။

ဩစတြေးလျသိပ္ပံပညာသူတေသီများ ရှာဖွေတွေ့ရှိချက်အရ နာနတ်သီးတွင် ပါဝင်နေသော CCZ မော်လီကျူးသည် ကိုယ်ခန္ဓာခုခံမှုစနစ်ကို မြှင့်တင်ပေးနိုင်ပြီး အခြားကင်ဆာရောဂါဖြစ်ပွားမှု (၃၀) ရာခိုင်နှုန်းတွင် ပါဝင်နေသော ပရိုတင်းကို ပိတ်ဆို့တန့်တားပြီး ရင်သားကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ မျိုးဥပြွန်ကင်ဆာနှင့် အရေပြားကင်ဆာများကို တားဆီးပိတ်ဆို့နိုင်သည်ဟု သိရပါသည်။

နာနတ်သီးတွင်အစွမ်းထက်သော နောက်ဒြပ်ပေါင်းတစ်မျိုးမှာ ဘရိုမဲလိန်း (Bromelain) ခေါ်သည့် အင်ဇိုင်းဓာတ်တစ်မျိုးလည်း ပေါများစွာပါဝင်နေပေရာ ယင်းအင်ဇိုင်းဓာတ်သည် ခန္ဓာကိုယ်မှတုံ့ပြန်မှုကြောင့် ဖြစ်ပေါ်လာသော ယင်းအင်ဇိုင်းဓာတ်သည် ခန္ဓာကိုယ်မှတုံ့ပြန်မှုကြောင့်ဖြစ်ပေါ်လာသော ရောင်ရမ်းမှုကို လျှော့ချပေးစေနိုင်သည့် (Anti Inflammatory) သတ္တိကြောင့် အဆစ်ရောင်လေးဖက်နာရောဂါများ၊ ကြွက်သားနှင့် အရွတ်ကြောများ ရောင်ရမ်းကိုက်ခဲနာကျင်မှုကို ပျောက်ကင်းစေနိုင်ပါသည်။

၎င်းရောဂါများအတွက် နာနတ်သီးကို ဝက်နံရိုး၊ အမဲနံရိုး၊ ဆိတ်နံရိုး စသည်တို့နှင့်တွဲဖက်၍ ချက်စားပေးလျှင် ခြင်ဆီဓာတ်နှင့် ဘရိုမဲလိန်းသတ္တိတို့ကြောင့် သက်သာ ပျောက်ကင်းစေပါသည်။

တစ်ဖန် ဆီးနှင့် ကျောက်ကပ်လမ်းကြောင်းရောဂါရပ်များတွင် နာနတ်သီးကို ငါးကြင်းခေါင်းသားနှင့် ချက်စားပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။

### ❑ ကြက်သားနာနတ်သီးအုပ်ချက်ဟင်း စီမံချက်ပြုတ်နည်း

ကြက်သားကို အနေတော်အရွယ်တုံးတစ်သန့်စင်ရေဆေးပြီး ဆား နနွင်း



မှုန့်၊ ငံပြာရည်အချိုရည်၊ ဗီနီကာစားပွဲဇွန်း (၁) ဇွန်းထည့်၍ သေချာစွာနယ်၍ နာရီဝက်ခန့်နှပ်ထားပါ။

နာနတ်သီးမှည့်အနေတော်(၁)လုံးကို အခွံသင်ပြီး အသားတစ်ခြမ်းကိုသစ်သီးကြိတ်စက်နဲ့ ကြိတ်ထားပြီး ကျန်တစ်ပိုင်းကို အနေတော်အစိတ်လေးများ စိတ်ထားပါ။

ငရုတ်သီး၊ ကြက်သွန်ဖြူ၊ နီ၊ ချင်း၊ စပါးလင်တို့ကို ဟင်းတစ်အိုးစာညက်အောင်ထောင်းပြီး ပဲဆီသန့်ဖြင့် ဆီသတ်ပါ။ ကြက်သွန်ဖြူ၊ နီများလိမ့်၍လာပြီဆိုလျှင် ယခင်နှပ်ထားသော ကြက်သားများကိုထည့်၍ မွှေပေးပြီး လုံးရည်ခန်းလာပြီဆိုလျှင် နာနတ်သီးကြိတ်ထားသည်တို့ကိုထည့်၍ မွှေပေးပြီး (၅) မိနစ်ခန့်ကြာလျှင် ကျန်နာနတ်သီးစိတ်များကိုပါ။ တစ်ခါတည်းထည့်၍မွှေပါ။

နာနတ်သီးထဲမှ အရည်များထွက်လာပြီး ကြက်သားကို နူးနပ်အောင်ဆက်၍ မီးအေးအေးနှင့် နှပ်ချက်ပေးပါ။ အကယ်၍ နာနတ်သီးအရည်များခန်းသွား၍ ကြက်သားအနူးလိုသေးလျှင် ရေနွေးဆူဆူအနည်းငယ်ခန့်ထည့်ပေးပြီး (၁၀) မိနစ်ခန့်ထပ်၍ ဟင်းအိုးကိုမီးဆက်ပေးလိုက်လျှင် ကောင်းစွာနူးနပ်မွှေးကြိုင်နေသော ဆေးဖက်ဝင် စားဖွယ်ရာဟင်းလျာတစ်ခွက်ကိုအဆင်သင့်စားသုံးနိုင်ပါပြီ။

*သတ္တဝါအများ စားသမျှအားဖြစ်၍ ကျန်းမာကြပါစေ*

ရွှေနဝင်း (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

ခြော် - မောင်တို့အညာမှာ ××× တမာပင်တမာတန်းတွေနဲ့ ×××× ထန်းပင်ထန်းတော လွမ်းမောစရာပဲ×××

တစ်ချိန်က စတီရီယို အဆိုကျော် မင်းယာဇ၏ အညာဒေသတစ်ခွင် ရေပန်းစား နာမည်ကြီးခဲ့သည့် သီချင်းတစ်ပုဒ်ဖြစ်ပါသည်။

အညာမြေလတ်ဒေသ ပေါပေါများများတွေ့ရတတ်သည်က ထန်းပင်၊ တမာပင်၊ ထနောင်းပင်၊ မန်ကျည်းပင်၊ ဆီးပင်၊ သရက်ပင်တို့ ဖြစ်သည်။ ဆီး၊ ထန်း၊ သရက်၊ မန်ကျည်းပင်တို့ကား အညာဒေသတွင် အဓိကဝင်ငွေရသည့် သီးပင်စားပင်နှစ်ရှည်ခံပင်တို့ဖြစ်သည်။ စလေဆီးသီး၊ ကျောက်ပန်းတောင်း ထန်းလျက်၊ မန်ကျည်းထွက်ကုန်တို့မှာ အညာဒေသ အဓိကထွက်ကုန်တို့လည်း ဖြစ်သည်။

ရှေးလူကြီးသူမတို့က စကားပုံတစ်ခုထားရစ်ခဲ့သည်။ 'ခုနစ်ရက်ပျော်ချင် အရက်သောက်၊ တစ်လပျော်ချင် မိန်းမရှာ၊ တစ်သက်လုံးပျော်ချင် ဥယျာဉ်စိုက်' ဟု စကားပုံထားရစ်ခဲ့သည်။ ထိုစကားပုံအား ရှေးလူကြီးသူမတို့က လက်ဆင့်ကမ်းအမွေတစ်ခုလို ထိန်းသိမ်းလာခဲ့ကြသည်။ တစ်သက်ပျော်ချင် ဥယျာဉ်စိုက်ဟူသည့်စကားပင် ဖြစ်သည်။ ဘိုးဘွားအစဉ်အဆက်ဆက်ကပင် သီးပင်စားပင်တို့ဖြစ်သည့် ဆီးပင်၊ ထန်းပင်၊ သရက်ပင်၊ မန်ကျည်းပင်တို့အား မိမိတို့ကိုယ်ကျိုးအတွက် သက်သက်ရည်ရွယ်စိုက်ခဲ့ခြင်းမျိုးမဟုတ်ဘဲ နောင်လာနောက်သားတို့ ထိုက်သူစားကြပါစေဟု စိတ်ကောင်း၊ စေတနာကောင်းထားကာ စိုက်ပျိုးခဲ့ကြခြင်း ဖြစ်သည်။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားခိုရသလို လူနှင့်အခြားသတ္တဝါတို့လည်း ထိုသစ်ပင်တို့အားမှီ၍ အရိပ်အာဝါသနားခိုနိုင်သည်။ သီးပင်စားပင်တို့ဆိုလျှင်လည်း အသီးအားမှီဝဲစားသုံးနိုင်သည်။ ရှေးက လူကြီးသူမတို့က အသက်အရွယ်ရလာတာနှင့်အတူ စားပင်သီးပင်ဖြစ်စေ၊ အရိပ်အာဝါသကောင်းမွန်သည့် ပင်သစ်ကြီးတို့အား စိုက်လေ့ရှိကြသည်။ ဇရပ်တစ်ဆောင်ဆောက်ဖို့ကမလွယ်။ အရိပ်ရသစ်ပင်တစ်ပင်၊ သီးပင်စားပင်တစ်ပင်စိုက်ပျိုးဖို့က မခဲယဉ်းဟုဆိုကာ သစ်ပင်တို့အား စိုက်လေ့စိုက်ထရှိတတ်ကြ၏။ ဝါသနာ၊ စေတနာအရင်းခံသာ အဓိကဖြစ်သည်။

သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းနားစိုရတယ်ဟူသည့် စိတ်ကောင်းစေတနာမှန်ရှိဖို့ပင် လိုအပ်ပါသည်။ သီးပင်စားပင်တို့အား စိုက်ပျိုးသည့်အခါတွင်လည်း ဒီသစ်ပင်စိုက်နေလို့ ငါ့အသက်အရွယ်နဲ့ ငါလည်းမီမှာမဟုတ်၊ စားရမှာမဟုတ်ဘူးဆိုကာ မစိုက်ဘဲနေလျှင်တော့ ယခုလက်ရှိ ပစ္စုပ္ပန်ကျွန်တော်တို့ လူလားမြောက်အရွယ်ရောက်လာခဲ့ချိန်မှာ အသီးအရွက်အပွင့်တွေနှင့်ဝေဆာနေသည့် သီးပင်စားပင်ဖြစ်သည့် ထန်းပင်၊ ဆီးပင်၊ မန်ကျည်းပင်၊ သရက်ပင်တို့မှာ ကျွန်တော်တို့လိုနှောင်းလူတွေခံစားရဖို့မရှိပါ။ ရှေးလူကြီးသူမတို့က စိတ်ကောင်းစေတနာကောင်းကောင်းနှင့် နောင်လူနောက်သားတွေကြုံတဲ့ထိုက်တဲ့သူတွေစားကြပါစေဆိုတဲ့ ရည်ရွယ်ချက်နှင့်စိုက်ခဲ့၍ဖြစ်ပါသည်။

ထိုကဲ့သို့ လူကြီးသူမတို့ အမျှော်မြင်ကြီးကြီးနှင့်စိုက်ခဲ့သဖြင့် မျက်မှောက်ကာလမှာ လက်တွေ့အကျိုးခံစားနေရတဲ့ ဒေသတစ်ခုပြပါဆိုလျှင် စလေနယ် အရှေ့ဘက်တစ်လွှားမှကျေးရွာများဖြစ်သည့် ထိန်ကန်ကြီး၊ ကုန်းကြီး၊ အုန်းပင်တွင်း၊ သရက်ကုန်း၊ တောင်တဲကြီး၊ ဆင်က၊ ငွေးပင် စတဲ့ကျေးရွာအချို့တွင် လွန်ခဲ့သည့်နှစ်ပေါင်း (၁၀၀) နီးပါး ကာလဆီက ထိုဒေသဝန်းကျင်တို့တွင်

(စလေ)

# နေအောင်လင်း

## သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနား



www.burmeseclassic.com

www.burmeseclassic.com

ထန်းပင်၊ ထန်းတောများမရှိခဲ့။ စလေမြို့တွင် မြို့အုပ်ဖြစ်လာသည့် မြို့အုပ် ဦးကျော်စော (၁၂၄၈ - ၂၆၉ ခုနှစ်ကွယ်လွန်) မှာ ၎င်းကျေးရွာတွင် ထန်းစေ့တို့အား အခြားတစ်နယ်တစ်ကျေးက ကားများဖြင့် တိုက်ယူလာချပေးပြီး ထန်းပင်တို့အား မစိုက်မနေရ စိုက်ခိုင်းခဲ့သောကြောင့် ယနေ့ကာလ ထိုကျေးရွာများရှိ တောင်သူယာသမားများ၊ လက်လုပ်လက်စားများပါမကျန် အကျိုးခံစားခွင့်ရနေကြပြီ ဖြစ်သည်။ ဆောင်းအကုန်ကာလ ယာမြေတို့ရိတ်သိမ်းပြီးချိန်တွင်လည်း ထန်းတက်ခြင်းလုပ်ငန်းအား တစ်နွေလုံး လုပ်ကိုင်လျက် မိုးကျယာဝင်မှပင် ထန်းလုပ်ငန်းသိမ်းကြရသည်။ ယာမြေတို့သိမ်းဆည်းပြီးချိန် ထန်းလျက်ချက်လုပ်ငန်းတစ်ခုကိုးလာ၍ ယာမြေလုပ်သီးကိုင်စာတို့ပိုလျှံကာ စီးပွားဖြစ်ဝင်ငွေကောင်းလျက်ရှိသည်။ ယနေ့ကာလတွင် ထိုဒေသရှိ တောင်သူအများက -

"စလေမြို့အုပ်မင်း ဦးကျော်ဇောက တို့ဒေသမှာ ထန်းပင်တွေမစိုက်မနေရစိုက်ခိုင်းခဲ့လို့သာ ငါတို့နောင်လာနောက်သားတွေ အခုလို ကောင်းကျိုးတွေ ခံစားနေရတာ"

ဟု မြို့အုပ်မင်း၏ ကျေးဇူးအားယနေ့တိုင် အောက်မေ့ သတိရကာ စလေနယ် ပခန်းငယ် ကျောက်ရဲဒေသတွင် မြို့အုပ်မင်း ဦးကျော်ဇော တည်ထားခဲ့သည့် မဟာသေခဲလှဘုရားကြီးပွဲတော်ရက်တွင် နှစ်စဉ်နတ်တော်လပြည့်နေ့နံနက်အရုဏ်ဆွမ်းလောင်းလှူပွဲအား မပျက်မကွက် လောင်းလှူဒါနပြုလေ့ရှိကြသည်။ ထိုဒေသရှိလူအများက ဘုရားကြီးရောက်လျှင် ဆွမ်းကြီးလောင်းလှူပြီးမှ ပြန်လေ့ရှိတာတွေ့ရသည်။

ထိုဖြစ်ရပ်ကား ယနေ့ကာလ မျက်မြင်ကိုယ်တွေ့မြင်တွေ့ရသည့်ဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။ ကျွန်တော်တို့ငယ်ငယ် ကျောင်းသုံးမြန်မာဖတ်စာတွင် သင်ယူခဲ့ရသည့်ပုံပြင်တစ်ခုတွင်လည်း ဤသို့ တွေ့ရှိမှတ်သားရပါသည်။

ခေါင်းစဉ်က စေတနာ။ အသက်အရွယ်အားဖြင့် (၈၀) ကျော်ပြီဖြစ်သည့် အဘိုးအိုတစ်ဦးသည် သရက်ပင်တို့အား စိုက်ပျိုး၍နေသည်။ ထိုအချိန် အိမ်ရှေ့မင်းသားတစ်ပါးက မြင်းစီး၍ အဘိုးအိုအနားသို့ရောက်လာသည်။

"အဘိုး၊ မည်သည့်အပင်တို့အား စိုက်ပျိုး၍နေသနည်း"

"သရက်ပင်တို့အား စိုက်ပျိုး၍နေပါသည်အရှင်သား"

ဟု အဘိုးအိုကဖြေလေသည်။

ထိုအခါ မင်းသားက -

"အဘိုးအသက်ဘယ်လောက်ရှိပြီလဲ"

"အသက် (၈၀) ကျော်ပါပြီ အရှင်သား"

မင်းသားက -

"အဘိုး ဒီအသက်အရွယ်နဲ့ သရက်ပင်စိုက်နေတော့ ဒီသရက်ပင် အဘိုးစားသွားရဦးမယ်ကိုထင်ပါသလား"

ဟု မင်းသားကမေးရာ -

"ဒီသရက်ပင်စိုက်ရတာကလည်း အဘိုးစားဖို့ရည်ရွယ်ပြီးစိုက်တာမဟုတ်ပါ။ အဘိုးအသက်က သေဖို့နဲ့နေဖို့မှာ သေဖို့ကနီးနေပါပြီ။ သရက်ပင်ကသီးလာတဲ့ အသီးအပွင့်တွေ အဘိုးခံစားချင်လို့ စိုက်တာမဟုတ်။ အဘိုးရဲ့နောက်နောင်လာနောက်သားတွေ ထိုက်တဲ့သူခံစားရစေလိုတဲ့ စိတ်ကောင်းစေတနာနဲ့ စိုက်နေတာဖြစ်ပါတယ် အရှင်သား"

ထိုအခါ မင်းသားလည်း အဘိုးအို၏ စိတ်ကောင်းစေတနာကောင်းဖြင့် နောင်လာနောက်သားတို့အတွက်ရည်၍ စိုက်ပျိုးတာ၊ စိတ်ကောင်းထားစိုက်ပျိုးတာ သိရှိရလျှင် မင်းသားလည်း မိမိ၏ လက်တွင် ဝတ်ဆင်ထားသည့် ပတ္တမြားလက်စွပ်အားချွတ်၍ 'အဘိုးအလိုရှိရာသုံးလေ' ဟု ပေးခဲ့လေသည်။ အဘိုးအိုလည်း 'ငါ၏စေတနာသည် လာမည့်တမလွန်ကာလမှာပင်မဟုတ်၊ယခုပစ္စုပ္ပန်ကာလမှာပင် စေတနာ၏ အကျိုးကားပေးလေသည်' ဟု ဝမ်းမြောက်ဝမ်းသာဖြစ်လေ၏။

ဤကား စေတနာ၏ လက်တွေ့အကျိုးပုံပြင်တစ်ခုပင်။

ကျွန်တော်မျက်မြင် သ[illegible]ပင်စိုက်၍ လက်တွေ့အကျိုးခံစား[illegible]တို့အားလည်း ဖော်ပြလိုပါသည်။

အမည် ဦးအောင်သိန်း။ အသက်က (၆၀) ကျော်ပြီဖြစ်သည်။ ထိုအချိန်မှာပင်စိတ်ကူးကပေါ်လာသည်။ နေထိုင်သည်က ဧရာဝတီမြစ်ကမ်းနံဘေး မြစ်အရှေ့ဘက်ကမ်းပါးမြေကျောက်ကမ်းပါးယံဖြစ်၏။ သရက်ပင်တို့က ရေသောက်ရလျှင် အပင် သက် (၃) နှစ်၊ (၄) နှစ်တွင် အသီးသီးကာ စားရသည်။ သရက်ပင်စိုက်ဖို့ မြစ်ကမ်းစပ်မှာပျိုးပြီး သရက်ပင်တွေ မြေကျိုမြေကျင်းတူးပြီး စနစ်တကျ ရေလောင်းပြီးစိုက်သည်။ စိုက်ပြီးဝါဆို၊ ဝါခေါင်မြစ် ရေတက်တော့ အပင်တွေ မြစ်ရေသောက်ရသည်။ နှစ်စဉ်မြစ်ရေတက်မြစ်ရေသောက်ရသလို မြစ်ကမ်းစပ်ဖြစ်၍ မြစ်ရေကျသည့် နွေရေပင် မြစ်စပ်နှင့် ကိုက် (၁၀၀) သာဝေး၍ အပင်တွေမြစ်ရေသောက်ရသည်။ ကျွန်းမြေကမ်းယံဖို့လျှင် အပေါ်ယံဖို့မြေဖြစ်၍ အပင်ဖြစ်မြန်တာ တွေ့ရသည်။ သရက်ပင်က ရေကြိုက်သည်။ မြစ်စပ် ချောင်းစပ်ရေတွင်းရေကန်တို့အနီး ကျွန်းကိုင်းမြေမြစ်ရေမြုပ်သည့်နေရာတို့တွင် အပင်ဖြစ်မြန်တာ တွေ့ရသည်။ (၃) နှစ်(၄)နှစ်ဆိုလျှင် အသီးစားရသည်။

ဦးအောင်သိန်း သရက်ပင်စိုက်တော့ အခြားလူတွေကမပြော။ သူ၏သမီးဖြစ်သူတို့ကပင် ကဲ့ရဲ့မေးငေါ့ကာ ပြောကြသည်။ ဒီအသက်အရွယ်ရောက်မှ သရက်ပင်စိုက်နေတာ သူစားရမယ်ထင်နေသလားမသိဘူးဟု ဖြစ်သည်။ ပြောတာကမှ ကြာဦးမည်။ (၁၀) စုနှစ်တစ်ခုနီးပါးအချိန် ဦးအောင်သိန်းလည်း ဤစာရေးနေ့ချိန်အထိ သက်ရှိထင်ရှားကျန်းမာရေးလည်းကောင်းနေသည်။ သူစိုက်ခဲ့သည့် သရက်ပင်တို့သီးတာ လေးငါးနှစ်ပင်ရှိပြီ ဖြစ်သည်။ သီးပင်စားပင်ဖြစ်လို့ အရိပ်လည်းရ၊ စားလည်းစား၊ ရောင်းလည်းရောင်း၊ လှူလည်းလှူရသည်ကို မျက်မြင်တွေ့ရပါသည်။ သရက်ပင် သီးပင်စားပင်တို့အား ငါလည်း မစားရ၊ မီလည်းမီမှာမဟုတ်မယ့်အတူတူဆိုပြီး မစိုက်ဘဲနေလျှင် ယခုလို ကိုယ်လည်းစားရမည်မဟုတ်သလို သားသမီး၊ မြေး၊ မြစ်တို့လည်း စားရမည်မဟုတ်။ ယခုတော့ နောင်လာနောက်သားတို့လည်း စားသုံးရ၊ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝကာ စေတနာအကျိုးကား ပစ္စုပ္ပန်ကာလမှာပင် လက်တွေ့ခံစားနေရပြီဖြစ်သည်။

နောက် သစ်ပင်စိုက်သူနှစ်ဦးမှာ ထန်းပင်စိုက်ကြသူနှစ်ဦး ဖြစ်သည်။ ကျွန်တော်တို့ဒေသ ကြပ်စုကျေးရွာက ဦးစိန်၊ ဆူးပန်းချောင်းရွာက ဦးပေါ်တို့နှစ်ယောက် ထန်းမင်တို့အား ဦးဦးဖျားဖျားစိုက်ကြသည်။ ယခင်က ထိုကျေးရွာတစ်ဝိုက် သီးပင်စားပင်ဆို၍ မန်ကျည်းပင်၊ ဆီးပင်ကလွဲလျှင် သရက်ပင်တို့ အနည်းအကျဉ်းတွေ့ရသည်။ ကျန်သည့်သစ်ပင်နှစ်ရှည်ခံပင်တို့ကား ထနောင်းပင်၊ တမာပင်၊ ဇောင်ချမ်း၊ ကုက္ကို၊ သဲ[illegible]ညို၊ ဇောင်ပင်၊ မှရိုးပင်၊ ချုံနွယ်ပင်တို့သာ ပေါပေါများတွေ့ရသည်။ [illegible]အပင်ကိုကား ယာကန်သင်းကွပ်ပြင်အနှံ့တွင်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရသည်။ ထန်းပင်ဆို၍ ထန်းလျှော်ခွာ ပျက်စီးဖို့ပင်မရှိအောင် မစိုက်ပျိုး၍ မရှိသည့်နေရာ၊ ထန်းပင်စိုက်ခြင်းမလေ့လုံးဝမရှိသည့်ဒေသများ ဖြစ်သည်။

ထိုအချိန် ကြပ်စုရွာက ဦးစိန်အစပျိုး၍ ထန်းစေ့တွေ တခြားတစ်နယ်က တကူးတကသယ်ယူလာပြီးစိုက်ခဲ့သည်။ ဆူးပန်းချောင်းက ဦးပေါလည်း သူ့နည်းတူ တစ်နှစ်တည်းလိုစိုက်ခဲ့သည်။ ဒီလိုထန်းပင်တွေစိုက်တော့ ရပ်ထဲရွာထဲလူတွေနှင့် သူတို့သားသမီးကအစပြောကြသည်။ ဒီအသက်ရွယ်ရောက်မှ ထန်းပင်စိုက်တာအပြစ်ပဲပြောချင်ကြသလို သူတို့လည်း စားရမှာမဟုတ်၊ မီကောမီမှာတဲ့လားဟု အသက်ရွယ်ကြီးတာနှင့်သစ်ပင်စိုက်တာ အပြစ်ဖို့ကာ ကဲ့ရဲ့ပြောဆိုကြသည်။ ဘယ်သူတွေဘာတွေပြောပြော ဦးစိန်ကတော့မမှု။ 'ငါမသေခင် ငါ့ထန်းပင်တွေက ငါတို့ကိုကျွေးသွားမှာ' ဟုဆိုသည်။ တကယ်လည်း ဦးစိန်တို့မသေမီ၊ ဦးပေါတို့မသေမီ ထန်းပင်တွေ ပင်သက်(၁၅) နှစ်အရွယ်လောက်မှာ အရွက်အလက်တွေ သက်ကယ်ပျစ်လိုရောင်းလို့ရသည်။ အပင်သက် လေးငါးနှစ်သားမှာပင် အရွက်၊ အလက်၊ ထန်းလျှော်တို့သုံးရသည်။ သူတို့မသေမီကပင် ထန်းပင်စိုက်ရတဲ့အကျိုး ခံစားရသည်။

ယနေ့ကာလ ဦးပေါတို့၊ ဦးစိန်တို့စိုက်ခဲ့သည့် ထန်းပင်တို့က အပင်သက်(၁၅) နှစ်၊ (၂၀) ကျော်ကတော့ ထန်းနို့ ထန်းခိုင်အသီးနှင့် ဝေဝေဆာဆာ ထန်းတောကြီးများအဖြစ် မြင်တွေ့လာရသည်။ ထန်းတက်၊ ထန်းလျက်ချက်လို့ရပြီဖြစ်၊ ထိုထန်းပင် ထန်းသီးသီးစအချိန်မှာပင် ထန်းသီးနုတို့အား အဆာပြေသရေစာအဖြစ် ကလေး၊ လူကြီးခုတ်ပြီးစားကြသည့်မြင်ကွင်းကပင် ကိုယ်တိုင်စိုက်ပျိုးသူတို့ အသီးအားသူတို့မစားလိုက်ရသော်လည်း နောင်သားသမီးတို့စားကြရသည်ကပင် အလွန် အကျိုးများတုသိုလ်တွေရမည့်အဖြစ်အား မုဒိတာပွားရပါတော့သည်။ ထိုမှ ထန်းသီးတွေရင့်မှည့်လာပြန်တော့လည်း အချို့ဒေသနွားစာမြက်ရှားသည့်အချိန်တွင် ထန်းသီးအခွံအား နွားစာအဖြစ်စဉ်းကာကျွေးကြသည်။ ထိုထန်းစေ့မှည့်တို့အား ထပ်ဆင့်စိုက်ပျိုးကြသည့်အခါ နောင်အနှစ် (၁၅) နှစ် (၂၀) ဝန်းကျင်တွင် ထန်းတောကြီးများအဖြစ် မြင်တွေ့လာကြတော့မည်ဖြစ်သည်။

သီးပင်စားပင်တို့အားစိုက်ကြရာတွင် မန်ကျည်းပင်တို့မှာ နှစ်ပေါင်း (၇၀)၊ (၈၀) ကြာမှ အသီးအပွင့်တို့အား လူတို့ခံစားကြရသလို ဆီးပင်၊ သရက်ပင်တို့မှာ လေးငါးခြောက်နှစ်ကြာလျှင် လူတို့စားသုံးနိုင်ကြပြီ ဖြစ်သည်။ ထန်းပင်တို့မှာ (၁၅) နှစ်၊ နှစ် (၂၀) ကြာလျှင် ထန်းလျှီး ထန်းလျက်ချက်၍ ရနိုင်သည်။ ထန်းတစ်ပင်လုံး ဘာတစ်ခုမှ လွှင့်ပစ်စရာမရှိ အသုံးတည့်သည့် သီးပင်စားပင်လည်း ဖြစ် သည်။

ထန်းပင်ထန်းတောတို့မှာ ယခုမှသာ ထန်းပင်ထန်းတောများစိုက်ပျိုးစဖြစ်ထွန်းစရှိသော်လည်း ထန်းပင်တို့အား စလေနယ်ဝန်းကျင် ဒေသတစ်ဝိုက်ကျေးရွာတို့တွင် ရှေးနှစ်ပေါင်း (၉၀၀) (၁၀၀၀) နီးပါးကာလ ပုဂံခေတ်ကပင် အစဉ်အလာနှင့် စိုက်ပျိုးလာခဲ့ပြီး ထန်းပင်ထန်းတောမှထွက်သည့် အခွန်ငွေနှင့် ဘုရားများအား ဝတ္တကမြေလှူဒါန်းရာတွင်သော် လည်းကောင်း၊ ဆီမီး သင်ပုတ်ဆွမ်း အာရာမ် သယ်ာတို့အားလှူဒါန်းရာတွင် လည်းကောင်း တွေ့ရှိရသည်။

ပုဂံခေတ်ရေးထိုးသောကျောက်စာ ရှင်ပင်စာကြီးဘုရားလှမြောက်ဘက်လိုဏ်မုခ်အတွင်း ဘာသာပြန် ကျောက်တိုင်အမှတ် (၃) နှစ်မျက်နှာ ကျောဘက်ကျောက်စာတွင် နရပတိစည်သူမင်းကြီး၏ အလှူကျိန်စာတွင် ဤသို့ တွေ့ရှိရသည်။

'အသည် အစုတ်ကို ပူဇော်သကားပေး၏။ ပေးပြီး၍ စားသောက်ပြီးသော စာချီကြမဖတ်ကို ကြိမ်စာတိုက်စေ၏။ သာသနာငါးထောင်ကိုရည်၍ ဘုရားလှအား ငါလှူသောမြေကို ထိန်သောဖျက်သော နောင်လာသောမင်းကြီးသည် လည်းကောင်း၊ မင်းငယ် လည်းကောင်း၊ အမတ်လည်းကောင်း၊ ပြည်စိုးလည်းကောင်း၊ စာချီလည်းကောင်း၊ အသည်လည်းကောင်း ငါ့ကောင်းမှုကို ဖျက်သောသူကား အပါယ်လေး၊ အပြစ်ရှစ်ပါး၊ ဒဏ်ဆယ်ပါး၊ ဝါဂွမ်းတစ်လှည်း ဖုတ်ကိုဖုတ်၍ အကြွင်းမရသကဲ့သို့ အစောက်နှစ်သိန်းနှစ်သောင်းလေးထောင်သော မြေအထိန္ဒိုက်၊ အမွှေးတထောင် အမွှေးတထွာသောပြိတ္တာလျှင် ဖြစ်စေသတေး။ မြေပုံလုံးမျှ ကြုံး၍ချလည်း ဘုရားတကာ လာ၍ချက်လည်း မကျွတ်တတ်သောကိုယ်လည်း ဖြစ်စေသတေး။

ငါ့ကောင်းမှု ချီးပင်သော သူကား ငါနှင့်ထပ်တူရပါစေသော်။ ငါ့ကောင်းမှုကိုဖျက်သောသူတို့ကား ငါကျိမ်တိုင်းရောက်စေသတည်း။ စည်သူမင်းကြီး စာကြီးဘုရားအားလှူ တော်မူသော မြေခြောက်ကား အထက်ကား သံဖိုအောက်အုတ်ဖို၊ သံဖိုထန်းနှင့် ရွာတကွလှူတော်မူ၏။ (အရှေ့ကား•မြေယာကျောဲသရာအစ ရွာစားချောင်းဝန်းတိုင်ပေးစေ၏) တုံရွာထန်းနှင့်တကွ တရာ့ငါးကျိတ်သော အရာသယ်ာအား ထန်းတထောင်လှူတော်မူ၏။ မြေဉ္စုတုံရွာနှင့်တကွ ထန်းသုံးရာပုထိုးအား အလုပ်အကျွေးလှူတော်မူ၏။ ဝန်ကို ထန်းတရာ့ငါးဆယ်။

အရာသယ်ာအား ဥပုသ်စောင့်ထန်းလှူတော်မူ၏။ မြေခြောက်ကား အရှေ့ကားတောင်သာ မြောက်ကားချောင်း တောင်ကား တောင်သတိကန်အစ ဥတ်ဖိုင်ပိကွင်း အတွဲတရာ့ငါးကျိတ်ကို ငါးပိနှင့် ငါးဟင်းခတ်ဖြစ်စိမ့်'

ဟူ၍ စည်သူမင်းကြီးလှူတော်မူသည်ကား လေ့လေးစင်းနှင့် နေ့တိုင်းနေ့တိုင်းပို့ရ၏။ စလင်းကျည်ရမ်း အရာမ်ဝဲသိမ်ဘုရားအား သင်ပုတ်ဆီမီးဝတ်ဖြစ်စိမ့်ဟူ၍ စာချီကြဲမဖတ်လှူပါသောမြေကား တစ်ဆယ့်ငါးပယ်လှူပါ၏ဟူ၍ တွေ့ရှိရာ ပုဂံခေတ်ကာလပင် ထန်းပင်ထန်းတောများရှိကာနှစ်ပဋိစ္ဆေဒကြာမြင့်လာသည်နှင့် သဘာဝရာသီဉတုအခြေအနေအရပ်ရပ် အဆက်ပြတ်သွားခဲ့ရခြင်း ဖြစ်ပါသည်။

ရှေးနှစ်ပေါင်းများစွာ ပုဂံခေတ်ကာလကပင် ဘုရားများတည်ထားရာတွင် အင်္ဂတေအစား ထန်းရည်ချိုနှင့် အင်္ဂတေပြုကြောင်း အုံတုံသတ္တနဝကျွဲကော်စာနှင့်အညီ သကာရည်၊ တင်လဲရည်တို့အား အသုံးပြုလေ့ရှိကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။ ပုဂံခေတ်ကာလကပင် ထန်းပင် ထန်းလျက်ချက်ခြင်းလုပ်ငန်းလည်း ရှိနေခဲ့ပြီး ဘုရားဝတ္တကမြေများ၊ ဆီမီးသင်ပုတ်ဝတ်သယ်ာတော်တို့အား ဝတ်မိုးဝတ်မြေတို့အဖြစ်လည်း ထည့်သွင်းလှူတော်မူကြောင်း တွေ့ရှိရပါသည်။

သီးပင်စားပင်တို့ဖြစ်သည့် ဆီးပင်၊ သရက်ပင်၊ မန်ကျည်းပင်၊ ထန်းပင်တို့အား သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားခို စကားကဲ့သို့ပင် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝသည့် တစ်သက်ပျော်ချင်လျှင် ဥယျာဉ်စိုက်ကြပါဟု ရှာကြံပြုလိုက်ရပါသည်။

နေအောင်လင်း(စလေ)

www.burmeseclassic.com

www.burmeseclassic.com



အောင်ကြည်သန်း
(ဖောင်တော်သီ)

# စုန်းမဒေါ်မာယာချစ်ကံကြမ္မာ

"နင်အဆင်မပြေရင် ပြန်လာခဲ့ပါ။ နင်ဘယ်လိုအခြေအနေပဲရောက်နေပါစေ ငါ့နှလုံးသားက ခွင့်လွှတ်နေမယ်။ ငါ့အသည်းတံခါး အမြဲဖွင့်ထားမယ်။ နွေးထွေးတဲ့ ငါ့ရင်ခွင်က အမြဲကြိုဆိုနေမယ်။ မပြယ်တဲ့မေတ္တာနဲ့ ကြင်နာယုယပြီး သက်ဆုံးတိုင် ချစ်ခင်ပေါင်းသင်းပါ့မယ်"

မတင်ဥတစ်ယောက် တဒုန်းဒုန်း မြည်ပြီးတငြိမ့်ငြိမ့်ပြေးနေသော ရထားပေါ်စီးနင်းလိုက်ပါလာရင်း ပြတင်းပေါက်မှ တောတောင်၊ သစ်ပင်စိမ်းစိမ်း၊ လယ်ကွင်းပြင်၊ ရွာလေးတွေနှင့် မြင်မြင်သမျှ ရှုခင်းတွေကိုငေးကြည့်နေသည်။ ငေးရင်းတွေးရင်း ရင်ထဲတွင် လွမ်းသလိုလိုဆွေးသလိုလို တအုံနွေးနွေးခံစားလာရပြီး ငယ်ချစ်ဦး ကိုလှမောင်ပြောခဲ့သည့်စကားသံတို့ကို ကြားယောင်နေမိလေသည်။

သူ့ဘဝက အချစ်ကံမကောင်းဘူးလို့ ပြောရမည်လား။ အိမ်ထောင်ကံမကောင်းဘူးလို့ ပြောရမည်လား မသိတော့ပါ။ သူက ဖောင်တော်သီသူ။ ရွာမလမ်းက ဒေါ်လှရွှေ၏သမီး။ မောင်နှမဝမ်းကွဲတော်သူ ရေနီမြို့က ကိုကြည်နှင့် မိဘတွေက လက်ထပ်ပေးခဲ့သည်။ လက်ထပ်ပြီး သျှောင်နောက်ဆံထုံးပါ ဆိုသကဲ့သို့ ရေနီမြို့တွင်လိုက်နေခဲ့ရ၏။ ခြောက်လလောက်နေပြီး ကိုကြည်နှင့် ဆက်လက် မပေါင်းသင်းနိုင်တော့သဖြင့် တစ်ယောက်တည်း ရထားစီး၍ ရွာသို့ပြန်လာခဲ့သည်။

ဖောင်တော်သီဘူတာသို့ ရထားဆိုက်လိုက်သည်နှင့် ရင်ခုန်လာပြီး နွမ်းနယ်နေသည့်စိတ်တွေ ပျောက်ပြယ်သွားသည်။ အမေ့အိမ်သို့ တဖြည်းဖြည်းလှမ်းလာခဲ့သည်။

အိမ်ပေါ်ရောက်သည်နှင့် -

"ဟဲ့ - တင်ဥ၊ အကြောင်းမကြားဘာမကြားနဲ့နင်တစ်ယောက်တည်းလား။ မောင်ကြည်ကောမပါဘူးလား"

"ဟုတ်တယ် အမေ၊ သမီးတစ်ယောက်တည်းပဲ။ သူနဲ့မပေါင်းနိုင်တော့လို့ ပြန်လာခဲ့တာ"

"ဟဲ့ - အိမ်ထောင်ပြုပြီးကာမှ ကလေးကစားသလို လုပ်လို့မရဘူးလေ နင်သေချာစဉ်းစားပါဦး"

"သမီး သေချာစဉ်းစားပြီးမှ ပြန်လာခဲ့တာပါ။ သူ့ကို အစ်ကိုတစ်ယောက်လိုပဲခင်တယ်၊ ယောကျ်ားတစ်ယောက်လိုချစ်လို့မရဘူး။ သူတို့အညာမှာလည်း သမီး မနေနိုင်ဘူး အမေ"

"ကဲကဲ နင်ခရီးပန်းလာတယ် နားလိုက်ဦး"

ဒေါ်လှရွှေ သမီးကိုပြောမရသဖြင့် စိတ်မောသွားသည်။ လင်နဲ့မယား လျှာနဲ့သွား စိတ်ဆိုးတုန်း ခဏပဲလေဟုသာ တွေးထင်လိုက်သည်။

မိခင်က သမီးအိမ်ထောင်ရေးကို တည်တည်တံ့တံ့ ကောင်းကောင်းမွန်မွန် ပြည့်ပြည့်စုံစုံနှင့်ဖြစ်စေချင်သည်။ သမီးက ငွေကြေးစည်းစိမ်ဥစ္စာကို မမက်မော။ အချစ်မပါသည့်အိမ်ထောင်ရေးခရီးကို ဆက်မလျှောက်လိုတော့ပါ။ မိဘစကား



www.burmeseclassic.com

www.burmeseclassic.com



တို မငြင်းပယ်လိုသဖြင့် ကြိုးစားကာ နေကြည့်ခဲ့သည်။ မည်သို့မျှမနေနိုင်၊ ခံစားနိုင်ဖြစ်လာခဲ့သည်။ ကြာလေလေ ငရဲကျနေသလို စိတ်ထဲမှာ တနုံ့နုံ့ခံစားနေခဲ့ရသည်။

နောက်တစ်နေ့တွင် ကိုကြည် ဖော်တော်သီသို့ ရောက်ချလာသည်။ ဇနီးသည်ကို ချော့မော့ပြီးပြန်ခေါ်သည်။

"ညီမ၊ အစ်ကိုနဲ့ပြန်လိုက်ခဲ့ပါကွာ။ အားလုံး ညီမစိတ်တိုင်းကျဖြစ်စေရပါ့မယ်"

"ကျွန်မပြန်မလိုက်တော့ဘူး၊ ဆက်မပေါင်းနိုင်တော့ဘူးလို့ ပြောခဲ့ပြီးပြီပဲ"

ကိုကြည် (၂) ရက်၊ (၃) ရက် အမျိုးမျိုးဖျောင်းဖျချော့မော့ပြီး ပြန်ခေါ်သော်လည်း မရသဖြင့် လက်လျှော့ကာ ရေနံမြို့သို့ပြန်သွားလေသည်။ အပြက်ပြက်နှင့်စလယ်ဝင်အိုးလေးဖင်မည်းပြီးကာမှ လင်မယားကွဲခဲ့ကြရလေသည်။

ကိုလှမောင်က ဖော်တော်သီ ရွာသစ်ပိုင်းမှာနေသည်။ မတင်ဥ၏သတင်းကိုကြားပြီးတွေ့ဖို့ကြိုးစားသည်။ တစ်နေ့နံနက် မတင်ဥဈေးသွားစဉ် ကိုလှမောင်နောက်ကနေကပ်လိုက်လာသည်။

"တင်ဥ၊ နင်တို့သတင်းတွေ ငါကြားပါတယ်။ နင့်အတွက်စိတ်မကောင်းပါဘူးဟာ။ ဖြစ်နိုင်ရင်နင့်ကိုငါလက်ထပ်ပါရစေ"

"နင့်ကို ငါထပ်ပြီးဒုက္ခမပေးချင်တော့ပါဘူးဟာ။ အခုငါ့မှာကိုယ်ဝန်ရှိနေပြီ"

"နင်ဘယ်လိုအခြေအနေနဲ့ရောက်ရောက် ငါ့အချစ်က မပြောင်းလဲပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

နင်သာ ခေါင်းညိတ်ရင် ငါလက်ထပ်မယ်၊ နင့်ကို သက်ဆုံးတိုင်ပေါင်းသွားပါ့မယ်။ ငါ့အချစ်ကို အခုထိမယုံသေးဘူးလား"

"နင့်အချစ်ကို ယုံပါတယ်။ ငါ့ရဲ့တစ်ခုလပ်ဘဝ နင့်ကိုမပေးရက်ပါဘူး။ ငါ့ဘဝနဲ့ငါပဲရှိပါစေတော့။ ဒီအတိုင်းပဲနေသွားတော့မယ်။ ဒီတစ်သက် အိမ်ထောင်ထပ်မပြုချင်တော့ပါဘူးဟာ၊ နင်ပြန်ပါတော့ ဈေးအနားရောက်လို့ လူတွေများလာပြီ။ သူများတကာကဲ့ရဲ့တာ ခံနေရပါဦးမယ်"

ကိုလှမောင် အချစ်ရှုံးသမားတစ်ယောက် ခေါင်းငိုက်စိုက်ချကာ လမ်းကြားမှရထားသံလမ်းကိုဖြတ်ကာ ရွာသစ်ပိုင်းသို့ပြန်သွားပါတော့သည်။

တစ်နေ့ဝင်တစ်နေ့ထွက်နှင့် ရက်လရာသီတွေပြောင်းလာခဲ့သည်။မတင်ဥ၏ သားလေးပင် (၉) လအရွယ်သို့ ရောက်လာခဲ့ပြီ။ မောင်ကြည်ဝင်းဟု အမည်ပေးထားသည်။ ဖခင်နာမည်လေး ပါအောင် ပေးထားပုံရသည်။ မောင်နှမ သံယောဇဉ်ကြောင့်ပဲလား၊ ဘွားအေကပဲ ဒီနာမည်လေးပေးလိုက်သလားမသိ။

ဖောင်တော်သီရွာတောင်ဘက် အစွန်းမီးရထားလမ်းသံတံတားအနီးတွင် ဘုရားကျောင်းဟုခေါ်သော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိလေသည်။ ကျောင်းဝင်းထဲတွင် ကိုးတောင်ပြည့် တန်ခိုးကြီးစေတီတစ်ဆူရှိသည်။ တန်ခိုးကြီးသည်ဟုပြောရသည်မှာ ဂျပန်ခေတ်တွင် မဟာမိတ်ဗုံးကြဲလေယာဉ်များက ရထားလမ်းသံတံတားကို ဗုံးကြဲချသည်။ ကြဲချသောဗုံးများမှာ ဘုရားဘေးဘက်တွင် ကျရောက်ပြီး ဘုရားကို တစ်စုံတစ်ရာထိခိုက်ခြင်းမရှိခဲ့။ တစ်ဖန် ကရင်အရေးအခင်းတွင်လည်း ဖောင်တော်သီနှင့်အနီးအကပ်မှကျေးရွာတချို့ကို ကရင်တပ်တွေကမီးရှို့ကြ၏။ ဖောင်တော်သီရွာကို ကရင်တပ်တွေဝင်စဉ် ဘုရားမှရောင်ခြည်တော်တန်းများ ကောင်းကင်အထက်တိုင်အောင် ထိန်ဝင်းနေသည်ကို ကရင်ဗိုလ်မှူးကတွေ့ရှိပြီး -

"ဒါ ဘုရားရွာ၊ ဒီရွာကို မီးမရှို့ကြနဲ့"

ဟု အမိန့်ပေးသဖြင့် တစ်ရွာလုံး မီးဘေးမှလွတ်ခဲ့ရသည်။

ဘုရားကျောင်း ကိုးတောင်ပြည့် ဘုရားပွဲတွင် လူအများစည်ကားလှသည်။ ဖောင်တော်သီရွာကမ်းနားတန်း၊ ခနာစုအရှေ့ပိုင်း၊ အနောက်ပိုင်း၊ ဈေးပိုင်း၊ ရွာသစ်ပိုင်း၊ အုတ်ဖို့စု၊ ပေါက်တပင်စသည်တို့မှ ကာလသားကာလသမီးတို့လည်းလာကြသည်။

ဘုရားပွဲသို့လာကြရာ မတင်ဥ တစ်ယောက် ခနာစုအရှေ့ပိုင်းအဖွဲ့နှင့် ပါလာသည်။ မတင်ဥက တစ်သားမွေးတစ်သွေးလှဆိုသကဲ့သို့ လှပကြော့ရှင်းဆဲ။ အသက်က (၁၉)၊ (၂၀) ခန့်ရှိမည်။ မျက်ခုံးက သုံးရက်လ၊ မျက်လုံးက သမင်မငယ်လေး၏ မျက်လုံးကဲ့သို့ ကြည်လင်လှပသည်။ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းနှစ်လွှာက ပန်းနုရောင်ပြေးနေသည်။ မျက်နှာက ဝင်းပပ၊ အသားက ဖြူဖြူ၊ အရပ်က မနိမ့်မမြင့်၊ ကိုယ်နေဟန်က အမို့အမောက် အချိုးအဆစ်ပြေပြစ်သဖြင့် မြင်သူတကာ ငေးရလောက်အောင် လှပလို့နေဆဲပင်။

မတင်ဥ ကောက်ညှင်းပေါင်းနှင့် ငါးကြော်ဝယ်စားပြီး ကျောင်းဘက်သို့ အသွားတွင် မူးလဲသွားသည်။ အနီးရှိသူများက ကျောင်းအောက်ထပ်သို့ ပွေ့ခေါ်သွားကြသည်။ ခဏအကြာတွင် ကျောင်းထိုင်ဆရာတော်ကြီးကြွလာပြီး -

"ဒကာတွေ ဝိုင်းအုံမနေကြနဲ့ ဘေးကိုဖယ်ကြ"

ဟုပြောရင်း ဆရာတော်က ဒကာတစ်ယောက်ယောက်ကို သောက်ရေတစ်ခွက်ခပ်ခိုင်းပြီး လက်ဖြင့်မွှေကာ မျက်နှာသို့ရေစက်များတောက်လိုက်ရာ မတင်ဥ မူးမေ့နေရာမှ သတိရလာပြီး မျက်စိဖွင့်ကြည့်ကာ ထထိုင်လာသည်။ မျက်လုံးလေးပြူးတူးကြောင်တောင်နှင့် မူမမှန်ဟိုကြည့်ဒီကြည့်လိုက်ကြည့်နေ၏။

ဆရာတော်က -

"ဒါ ခနစုအရှေ့ပိုင်းက ဒကာမကြီးလှရွှေရဲ့သမီးပဲ၊ သူ့ရောဂါက သွေးရိုးသားရိုးမဟုတ်ဘူး။ သူ့အိမ်ကို မြန်မြန်လိုက်ပို့လိုက်ကြ"

ဟု ဒကာ၊ ဒကာမများကိုမိန့်ကြားလိုက်သည်။ ခနာစုအဖွဲ့မှလူများက အိမ်တိုင်ရာရောက်လိုက်ပို့ပေးကြသည်။

ဒေါ်လှရွှေက ဆရာဝန်အိမ်ပင့်ပြီး သမီးကို ဆေးကုသပေးသည်။ တစ်လကျော်ခဲ့သော်လည်း ရောဂါက မသက်သာလှသေးပါ။ စိတ်ဝေဒနာသည်တစ်ယောက်ကဲ့သို့ ဟိုပြောဒီပြောပြောနေသည်။ ပိုဆိုးတာ ရှက်စရာကောင်းတာက -

"အမေ ကိုလှမောင်ကို ခေါ်ပေးပါ။ ကိုလှမောင်ကို ချစ်တယ်။ သမီးသူနဲ့ လက်ထပ်မယ်"

ဟု လူကြားမကောင်းအောင် အော်ဟစ်နေသည်။ လူနာလာကြည့်ကြသူ တချို့မိန်းမတွေက -

"တင်ဥတော့ အချစ်ရူး လင်တရူးရူးသွားပြီ"

ဟု လက်တို့ကာ တီးတိုးအတင်းပြောနေကြသည်။

ဒေါ်လှရွှေတစ်ယောက် သမီးအတွက် နေ့မအိပ်ညမအိပ်ရနှင့်အတော်ဒုက္ခများနေသည်။ ခြေရင်းဘက် ခြံစည်းရိုးချင်းကပ်လျက်အိမ်က ကိုကျော်စိန်နှင့် မအေးချစ် လူနာလာကြည့်စဉ် -

"အေးချစ်ရယ် ဆရာဝန်နဲ့ကုတာလည်း မသက်သာဘူး။ ရိုးရိုးမဟုတ်ဘဲ စုန်းတွေဘာတွေများပြုစားထားသလား မသိဘူး။ ဘယ်လိုလုပ်ရရင်ကောင်းမလဲ"

"အစ်မ၊ အောင်မင်္ဂလာပိုင်းက ကိုမင်းအိမ်က ပယောဂပါကုတဲ့ ဗိန္ဓောဆရာ(တိုင်းရင်းဆေးဆရာ)တစ်ယောက် ရောက်နေတယ်လို့ကြားတယ်။ အဲဒါ ပင့်ပြီးပြကြည့်ပါလား"

"အေးဟယ်၊ အခုတော့ ညမိုးချုပ်နေပြီ မနက်ကျရင် သွားပင့်ရအောင် ညည်းပါလိုက်ခဲ့အေ"

"အင်းပါ၊ လိုက်ခဲ့ပေးပါ့မယ်"

ဟု ပြောလိုက်ရာ သမီးအတွက် စိတ်သက်သာရာရသွားသည်။

နံနက်ရောက်သည်နှင့် ဒေါ်လှရွှေနှင့်မအေးချစ်တို့ ဆရာသွားပင့်ကြသည်။ ဆရာနှင့်အတူ အိမ်ရှင်ကိုမင်းပါလိုက်လာခဲ့သည်။ ဆရာက အရပ်ထောင်ထောင်မောင်းမောင်း၊ အသားလတ်၊ ဥပမိရုပ်ကောင်းသည်။ ရှပ်အင်္ကျီအဖြူအပေါ်မှ ပင်နီတိုက်ပုံဝတ်ထားသည်။ လုံချည်အပြာကွက်ဝတ်ထားပြီး ခေါင်းတုံးပြောင်ပြောင်တွင် ယောဂီတဘက်ပေါင်းထားသဖြင့် တည်ကြည်ခံ့ညားလို့နေသည်။

အိမ်ပေါ်သို့ရောက်သည့်အခါတွင် ဒေါ်လှရွှေက-

"ဆရာ၊ ကျွန်မရဲ့ သမီးလေး နေမကောင်းတာ ကြည့်ပေးပါဦး"

ဆရာက ဆေးပြင်းလိပ်ကိုဖွာရင်း အကဲခတ်ကြည့်ကာ -

"ခင်ဗျားသမီးကို စုန်းပြုစားထားတာပဲ။ စုန်းတွေက ကိုယ်စုန်း၊ ခေါင်းစုန်း၊

www.burmeseclassic.com

www.burmeseclassic.com

မောက်လုံး၊ မောက်ပြား၊ အိမ့်တလိမ့်စုန်း၊ ကဝေမြောက်စုန်းဆိုပြီးအမျိုးမျိုးရှိတယ်။ ခင်ဗျားသမီးကို ကဝေမြောက်စုန်းက ပြုစား၊ ဖမ်းစားထားတာ။ အဲဒီစုန်းက တော်တော်ဆိုးတယ်။ ဝိညာဉ်စိတ်ကို ကိုယ်ကကွာနေအောင်၊ အော်ဟစ်အောင်၊ ရူးသွပ်အောင်၊ ခြေလက်အင်္ဂါတွေသေအောင် ဆရာနဲ့ကုချင်သလား"

"ဟုတ်ကဲ့ - ကုချင်ပါတယ်၊ သမီးရောဂါပျောက်အောင်ကုပေးပါဆရာ"

"ဒါဆို ခင်ဗျားသမီးကို ဆရာ့အပ်ပါ"

"အပ်ပါတယ် ဆရာ"

"ကလေးမနာမည်က"

"မတင်ဥပါ"

"ဘာနေ့သမီးလဲ"

"စနေသမီးပါ ဆရာ"

"ဒီနေ့ ဒီအချိန်ကစပြီး စနေသမီး မတင်ဥသည် ငါ့ရဲ့လူနာ၊ ငါ့ရဲ့သမီးဖြစ်သွားပြီ။ အသင်စုန်းကစေတို့ပြုလုပ်ထားတဲ့ရောဂါတွေ ပြန်နုတ်သိမ်းပြီးသွားကြပါရန် ဆရာမေတ္တာရပ်ခံပါတယ်"

"ဘာဆရာလဲ အမေ"

"သမီးရောဂါတွေပျောက်အောင် ကုပေးမယ့်ဆရာလေ"

မတင်ဥက မျက်လုံးပြူးပြီး မျက်တောင်မခတ်ဘဲ ဆရာကိုစိုက်ကြည့်နေသည်။

"ဟားဟားဟား - ပယောဂဆရာတွေကိုး။ နင်တို့နိုင်မလား၊ ပြေးရမလား၊ ကုကြည့်ပေ့ါ။ နင်တို့ကိုကြောက်မယ်များထင်သလား ဟဲ ဟဲ ဟဲ"

"နင်တို့ ဒီလိုသာ သူတစ်ပါးသားသမီးကို ပြုစားဖမ်းစားတဲ့အကုသိုလ်အလုပ်တွေကို လုပ်နေရင် ကာမဒုဂ္ဂတိဘုံဆိုတဲ့ အပါယ်ဘုံကိုရောက်မှာ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်အပါယ်လေးဘုံထဲက အဆိုးဆုံးဖြစ်တဲ့ငရဲဘုံကို တန်းကျမှာ။ အခု နင်တို့အကုသိုလ်အလုပ်တွေရပ်ပြီး ကုသိုလ်အလုပ်တွေလုပ်ရင် အချိန်မီသေးတယ်။ ဒီတော့ ကလေးမကိုပြုစားထားတာတွေနုတ်သိမ်းပြီး သွားကြပေတော့"

"ဘုရားဖြစ်မယ့်အုတ်နီခဲကြီး ငါတို့ တရားတွေလာဟောမနေနဲ့. အပိုပဲ မောနေမယ် အဟီအဟီပတ်ပတ်ဗေတိုးဖလိုးဂျိ"

မတင်ဥကစိတ်မနှံ့သူတစ်ယောက်ကဲ့သို့ပြောချင်ရာတွေပြောနေလေသည်။

ဆရာက မတင်ဥ၏ ကိုယ်ခန္ဓာတွင် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာကာသဓာတ်တွေညီညွတ်လာစေရန် သွေးဆေး၊ သည်းခြေဆေး စသည့်ဆေးတို့ကို တိုက်ကျွေးသည်။

"ကဲ - ဒေါ်လှရွှေ၊ ခင်ဗျားသမီးအတွက် ဘာမှမပူနဲ့။ ကျုပ်ပျောက်အောင်ကုပေးမယ်။ ဒီဆေးတွေကို အချိန်မှန်မှန်တိုက်။ တိုက်ရမယ့် နံနက်၊ နေ့လယ်၊ ညအချိန်တွေ တစ်ခွက်စာ အလိုက်ရေးထားတယ်။ မနက်ဖြန်ညနေ ပြန်လာခဲ့မယ်"

"ဟုတ် - ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာ"

ဆရာပြန်သွားသည်နှင့် မတင်ဥက -

"အမေရယ်၊ ဒီဆရာတွေနဲ့မကုပါနဲ့တော့ ရောဂါတခြားဆေးတခြားပါ ပျောက်မယ်မထင်ပါဘူး"

"ဆရာဝန်နဲ့ကုလာတာ တစ်လကျော်နေပြီကော၊ ထူးမှမထူးလာတာ၊ ပျောက်လိုပျောက်ငြား ဒီဆရာနဲ့ကုကြည့်တာပေ့ါ သမီးရယ်"

ဟု ချော့မော့ကာ ပြောလိုက်ရသည်။ ပြောသာပြောလိုက်ရသော်လည်း ဒီစုန်းမ မူရာမာယာများနေတယ်ဟု စိတ်ထဲကတွေးနေမိသည်။

ဆရာ့နာမည် ဦးအောင်နိုင်၊ ထောက်ကြံ့မြို့မှာနေကြောင်း ကိုမင်းပြောပြလို့သိရသည်။ ကိုယ့်ရွာသားကိုမင်းကိုယ်တိုင်တပည့်ခံပြီး ပညာသင်နေသဖြင့် ဆရာ့ကို ယုံကြည်ပါသည်။ ဒေါ်လှရွှေတစ်ယောက် သမီးရောဂါပျောက်ရန်အတွက် မျှော်လင့်ချက်ရှိလာကာ အားတက်လာခဲ့သည်။

ဆရာတပည့်နှစ်ယောက် ညနေနေဝင်ရိုးရီအချိန်တိုင်း မတင်ဥဆီရောက်လာပြီး တရားဟောလိုက်၊ ဆေးတိုက်လိုက်နှင့် ခုနစ်ရက်ရှိသွားခဲ့ပြီ။ ရှစ်ရက်မြောက်နေ့လယ်တွင် -

"ဟေ့ - လှရွှေ၊ ညည်းဆရာတွေ ကုနိုင်မယ်ထင်နေသလား ဒီမှာကြည့်"

ဟု ပြောကာ သလိပ်ဟက်ပြီး အိမ်နံရံအကာကိုပစ်ထည့်လိုက်သည်။ သလိပ်မှသွေးစိမ်းများ နံရံအောက်ဆီသို့ တစ်စက်တစ်စက်စီးကျလာသည်ကို ဒေါ်လှရွှေ အံ့ဩစွာကြည့်နေမိသည်။

"နင့်စည်းစိမ်ဥစ္စာ၊ နင့်ကျွဲတစ်အုပ်ကုန်မှငါသွားမယ်။ နင့်သမီးလည်း ရှင်မယ်ထင်မနေနဲ့"

ဒေါ်လှရွှေတစ်ယောက်ပြူးတူးတူးကြောင်တောင်တောင်နှင့် အသံမာမာကျယ်ကျယ်အော်ပြောနေသောသမီးကို ကြည့်ပြီး -

"ဘုရား၊ ဘုရား ငါ့သမီးတော့ ဒုက္ခပါပဲ"

ဟု ရေရွတ်လိုက်သည်။

"ဘယ်ဝိပါကဝဋ်ကြွေးတွေများလဲ။ အဖြစ်ဆိုးလိုက်တာ ဝဋ်ကြွေးရှိကမြန်မြန်ကျေပါစေတော့"

ဟု စိတ်ထဲက ဆုတောင်းနေမိသည်။

ညဉ့်မိုးချုပ်တွင် ဆရာတပည့်နှစ်ယောက် အိမ်ပေါ်သို့တက်လာသည်နှင့် -

"နင်တို့ကတော့ ဘဲသားဟင်းနဲ့ ထမင်းစားလာခဲ့ကြပြီး ငါ့ကိုတော့မကျွေးဘူး"

"ဟုတ်တယ် ဘဲသားဆီပြန်ဟင်းနဲ့စားခဲ့တယ်၊ နင်စားချင်ရင် မနက်ဖြန် ချက်ကျွေးပါ့မယ်"

"မရဘူး အခုချက်ကျွေး၊ (xxx) ဆရာတွေ၊ သင်းတို့တော့ မျိုဆို့လာကြပြီး ငါ့ကျတော့ အငတ်ထားထားကြတယ်"

စသည်ဖြင့် မကြားဝံ့မနာသာများ အဆက်မပြတ်အော်ပြောနေသည်။

ဆရာဦးအောင်နိုင်လည်း ဒေါသထွက်ပြီး မတင်ဥ၏ဆံပင်ကို တပတ်လျှိုထုံးလိုက်ပြီးဆောင့်ဆွဲလိုက်ရာ ပက်လက်ကုလားထိုင်ပေါ်မှ ကြမ်းပြင်သို့ဝုန်းခနဲ ပြုတ်ကျလာသည်။ ကုလားထိုင်ကို ခြေထောက်ဖြင့် ခတ်ထုတ်လိုက်ပြီး မတင်ဥ၏လည်ပင်းပေါ်သို့ ညာလက်ဝါးစောင်းတင်ထားလိုက်သည်။

ဝုန်းဒိုင်းကြသွားသည့် မြင်ကွင်းကြောင့် ဒေါ်လှရွှေတစ်ယောက် -

"ငါ့သမီးလေးတော့ သေပါပြီ"

ဟု ရေရွတ်ရင်း လူတစ်ရပ်အမြင့်ရှိ အိမ်အဆင့်မှခုန်ချပြီး ခြေရင်းခြံက ကိုကျော်စိန်နှင့် မအေးချစ်ကို ပြေးခေါ်သည်။ ကိုကျော်စိန်တို့ အိမ်ပေါ်သို့ရောက်လာချိန်တွင် မတင်ဥ အော်ဟစ်ဆဲရေးတိုင်းထွာသံတွေမထွက်နိုင်တော့ဘဲငြိမ်နေသည်။ မျက်နှာက မကျေနပ်သည့်အသွင်ဖြင့် ဆရာ့ကိုစိုက်ကြည့်နေသည်။

"ခင်ဗျားသမီးကို ဘာမှမထိခိုက်ဘူး။ စုန်းမကိုနည်းနည်းဆုံးမပေးလိုက်တာ။ ပက်လက်ကုလားထိုင်မှာ မပေးမထိုင်နဲ့တော့။ အောက်မှာပဲထိုင်ထား၊

www.burmeseclassic.com

မနက်ဖြန်ညနေကျရင် သမီးကို မောင်မင်း အိမ်ခေါ်ခဲ့။ ခင်ဗျားပါလိုက်နေ။ ဟိုမှာ ဓာတ်ခန်းရှိနေလို့ ကုလို့မြန်မြန်ပျောက်မယ်၊ ဘာမှစိတ်ပူမနေနဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

ဟု ဒေါ်လှရွှေ ရင်တုန်တုန်ဖြင့် ခေါင်းညိတ်ရင်းပြောလိုက်သည်။

ဆရာသည် တံခါးထောင့်တွင် ထောင်ထားသော လှံရှည်တစ်ချောင်းကို တွေ့ရှိသဖြင့် ဆွဲယူကာ -

"နင်တို့အိမ်တွင်းနတ်တွေလည်း စုန်းတွေကျွေးတာစားပြီး မသိသလိုနေ တယ်၊ အလိုတူအလိုပါတွေပဲ ဒဏ်ခတ် ရမယ်"

ဟုပြောပြီး လှံဖြင့် ဥရုတိုင် (နတ် တိုင်)ကို ပစ်ထည့်လိုက်တယ်။ လှံသွား တိုင်တွင်စိုက်ဝင်ပြီး လှံရိုးထိပ်ဖျားတုန် ခါသွားသည်။

"စုန်းမတွေ၊ ငါ့ကိုလျှော့မတွက် ထားနဲ့။ နင်တို့တစ်ယောက်တစ်လှည့်ဝင် စီးနေတာသိတယ်။ နင်တို့မိသားစုတွေ ဘယ်မှာနေကြတယ်ဆိုတာ ငါအကုန်သိ နေတယ်။ ကလေးမတစ်ခုခုဖြစ်လို့က တော့ နင်တို့စုန်းမျိုးပြုတ်အောင် ငါလာ ရှင်းပစ်မှာ၊ ဒီလှံကို နမူနာကြည့်ထားကြ"

ဟု မပြယ်ဒေါသဖြင့် ကြိမ်းဝါးနေ လေသည်။

တိုင်တွင် စိုက်ဝင်နေသောလှံကို မည်သူမျှသွားမနုတ်ရဲကြပေ။ ဒေါ်လှရွှေ ၏မောင် သိုက်ချုပ်ဝိဇ္ဇာ ဦးဖိုးနော်အိမ် ရောက်လာသည့်အခါမှပင် တိုင်တွင် တန်းလန်းဖြစ်နေသောလှံကို နုတ်ပေး သွားသည်။ ထိုအခါမှပင် အိမ်တွင်းနတ် တွေ ဒဏ်ခတ်ခံထားရမှာ လွတ်မြောက် သွားသည်ထင့်။

နံနက်မိုးသောက်အလင်းရောက်ပြီး အရှေ့ရိုးမတောင်တန်းကြီးကို နေဝန်းနီ ကြီးမေးတင်ထွက်လာကာ ရောင်ခြည် ဖြာထွက်လာသည့်နံနက်ဆည်းဆာအချိန် လေးတွင် မမြ(နာမည်လွှဲ)တစ်ယောက် ဒေါ်လှရွှေ၏အိမ်နောက်ဘက်ခြံစည်းရိုး အနီးသို့ရောက်ချလာသည်။ ခြံစည်းရိုး အပြင်ဘက်က န -

"လှရွှေ နင် ဒီဆရာတွေနဲ့မကုနဲ့။ နင့်သမီးသေသွားလိမ့်မယ်"

ဟု ထပ်တလဲလဲအော်ပြောနေ သည်။

ကိုကျော်စိန်က အိမ်နောက်ဘက် ပြတင်းပေါက်ကလှမ်းကြည့်ပြီး -

"အေးချစ်ရေဟိုမှလာကြည့်ပါဦး။ စုန်းမကိုယ်တိုင်လာအော်ပြောနေတယ်။ ညက သူ့လည်ပင်းမှာ ဆရာ့လက်ဝါး စောင်းစာမိသွားလို့ အသံကြောင်နာနာ ဖြစ်နေတယ်၊ ကြားလား"

"အင်း-ဟုတ်ပါရဲ့၊ သူတို့မနိုင်မှန်း သိလို့ ဆက်မကုရအောင်လာတားနေ တာ။ အစ်မလှရွှေကလည်း အကင်းပါး ပါတယ်၊ သိမှာပါတော်"

ဟုပြောရင်း အခြေအနေကိုစောင့် ကြည့်နေကြသည်။ မမြတစ်ယောက် အချိန်အတော်လေးကြာအောင်အော် ပြောပြီးနောက် ပြန်သွားလေသည်။

ညနေဘက်တွင် မတင်ဥကို ကိုမင်း ၏အိမ်သို့ ပြောင်းရွှေ့လာခဲ့သည်။ ည အိပ်ရာဝင်ခါနီးတွင် ဆရာက စက်ဖြတ် ဆေးတိုက်သည်။ဆေးအာနိသင်ကြောင့် မတင်ဥ မကြာမကြာ အိမ်သာသို့သွားရ သည်။ ဒေါ်လှရွှေက တွဲပို့ရသည်။

တစ်ခါတွင် -

"အမေရယ် ဒီမှာဆေးကုနေရရင် သမီးသေမှာ။ မနက်ကျရင် အိမ်ပြန်ကြရ အောင်နော်"

"နင်ကလီကမာမူရာမှာယာတော် တော်များတာပဲ"

ဟု ပြောပြီး ဒေါ်ပွကာ အိမ်သာ တွင် တစ်ယောက်တည်းပစ်ထားခဲ့သည်။ မတင်ဥ တွဲသူမပါဘဲအိပ်ရာသို့လျှောက် ပြန်လာသည်။

နံနက်ချိန်ခါတွင် ဆရာက -

"ကဲ - သမီးထိုင်ပြီး လက်အုပ်ချီ ဘုရားကိုအာရုံပြုနေ"

ဟုပြောပြီး ကတ္တီပါအိတ်အတွင်း မှ အနော်ရထာဆေးကြိမ်လုံးကို ထုတ်



ယူလိုက်သည်။ ဆေးကြိမ်လုံးဖြင့် မတင်ဥ ၏နောက်ကျောဘက်သို့ လူကိုမထိစေ ဘဲ လေထဲတွင်ဝေ့ကာ ဘယ်ပြန်ညာပြန် ကြက်ခြေခတ်ဖြတ်ရိုက်လိုက်သည်။ ရိုက် လိုက်တိုင်း -

"အား. . . ကြောက်ပါပြီဆရာ"

ဟု အော်နေသည်။

"ကဲ - နင်တို့ အပင်းထည့်ထား တာတွေကို နုတ်သိမ်းပြီးပြန်မလား"

"ပြန်ပါ့မယ် ဆရာ"

"ဒီလိုဆိုရင် သစ္စာရေတိုက်မယ် သောက်ရေခွက်ကိုကိုင်ပြီးလိုက်ဆို"

"ဟုတ်ကဲ့ - လိုက်ဆိုပါ့မယ်"

"ဗုဒ္ဓါဒီပါ သချ်ာပတ်ကုန်း ကျွန်း လုံးအမျှ အနန္တစောင့်ကြကုန်သော နတ် များအပေါင်း ရွှေတော်မှောက်တွင် သက်သေခံထား၍ ယခုဝေဒနာရှင် စနေသမီး မတင်ဥ၏ ကိုယ်တွင်းကိုယ်ပ အပင်းအကျိတ်အလုံးအစာရောဂါဟူသမျှ တို့ကို နုတ်သိမ်းပြီး အကျွန်ုပ်သွားပါ တော့မည်။ အကယ်၍ နုတ်သိမ်းခြင်း မပြုခဲ့ပါလျှင် မြေပထဝီမျိုပါစေသား။စန္ဒီ၊ ပရမီသွာ၊ မဟာပိန္နဲ၊ ဂေါဒမန္တနတ်များ စွာတို့က ကြိုးနှင့်တုပ်လှဲ ကြိမ်နှင့်အမြဲ ရိုက်ပါစေသား. . . မမှားရ။ အမှန်နုတ် သိမ်းခြင်းမပြုခဲ့ပါလျှင် နတ်မိုးကြိုးလောင် မီးစက်နှင့် အကျွန်ုပ်အသက်သေရပါစေ သား"

မတင်ဥလည်း တိုင်ပေးသည့် အတိုင်း လိုက်ဆိုသည်။

ပြီးသည်နှင့် ဆရာက -

"ကဲ-သစ္စာရေသောက်လိုက်၊ ကုန် အောင်သောက်တစ်စက်မှမကျန်စေနဲ့"

ဟု ပြောလိုက်သည်နှင့် ရေကုန် အောင်မော့သောက်လိုက်သည်။ ဆရာ ဆေးကုရတာ မောသွားပုံရသည်။ ဆေး ပြင်းလိပ်ကိုရှိုက်ဖွာရင်း အိမ်ကိုသတိရ ကာ လွမ်းဆွေးနေပြီထင့်။

"မောင်မင်းရေ"

"ဗျာ - ဆရာ"

"ငါအိမ်ပြန်ဦးမယ်။ သန်ဘက်ခါမှ ပြန်လာခဲ့မယ်၊ တင်ဥကို အပင်းကျဆေး တိုက်ထားတယ်။ နောက်နေ့တိုက်ရမယ့် ဆေးတွေ ဒီမှာအဆင်သင့်ထားခဲ့တယ်။ ဒီည ဂရုစိုက်ကြည့်။ စုန်းမတွေ သူတို့လုပ် ထားတဲ့အပင်းတွေနုတ်သိမ်းပြီး ပြန်ကြ လိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ၊ စိတ်ချပြီးသာ သွားပါ"

ဆရာလည်း မျှားမကြာမီ ခရီး



www.burmeseclassic.com

www.burmeseclassic.com

ဆောင်အိတ်ကိုဆွဲကာ ထောက်ကြံ့မြို့သို့ပြန်သွားလေသည်။

ညဘက်တွင် မတင်ဥဝမ်းလေးငါးခါလောက်ထသွားရသည်။ ခါတိုင်းနှင့်မတူ ဝမ်းကပုပ်စော်နံ့နံ့လွန်းအားကြီးသည်။ အနံ့မခံနိုင်လောက်အောင်နံ့စော်နေသည်။ မတင်ဥတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။ နံနက်(၁၀) နာရီလောက်မှ အိပ်ချင်မူးတူးနှင့်နိုးလာသည်။ဟိုကြည့်ဒီကြည့်လိုက်ကြည့်ပြီး -

"အမေ၊ သမီးတို့ဘယ်ကိုရောက်နေတာလဲဟင်။ သားလေးကောအမေ"

"အမေပြောပြပါ့မယ်၊ အားရှိသွားအောင် ဆန်ပြုတ်နွေးနွေးလေး အရင်သောက်လိုက်ဦး"

ဆန်ပြုတ်သောက်ရင်း အတွေးနယ်ချဲ့နေသည်။

"သားလေးက အိမ်မှာပဲနေကောင်းပါတယ် သမီးရယ်"

ဟု အစချီကာ ဘုရားပွဲမှာ မူးလဲလာရာကစပြီး ဆေးလာကုနေရပုံများကို တဖြည်းဖြည်းချင်းဖြစ်ကြောင်း ကုန်စင်အောင်ပြောပြလိုက်သည်။

"သမီးဘုရားပွဲမှာ ကောက်ညှင်းပေါင်းနဲ့ ငါးကြော်ဝယ်စားပြီး ကျောင်းဘက်အသွားမှာ ခေါင်းထဲမိုက်ခနဲဖြစ်ပြီး လဲကျသွားတာပဲမှတ်မိတယ်။ နောက်ပိုင်းအမေပြောပြတဲ့ဆေးကုခဲ့ရတာတွေ သမီးဘာဆိုဘာမှကို မသိတော့ဘူး။ ဩော်-ညက အိပ်မက်ထဲမှာ ဆံပင်ရှည်ရှည်ကျောဘက်ကိုဖြန့်ချထားတဲ့ အစ်မတစ်ယောက်က ညီမလေးနေကောင်းသွားအောင် အစ်မခေါင်းလျှော်ပေးမယ်လို့ပြောပြီး သမီးကိုခေါင်းလျှော်ပေးသွားတယ်"

"ဟုတ်လား - အဲဒါစုန်းမတွေ၊ သူတို့ပြုစားထားတာတွေကိုပြန်ရှင်းပေးသွားတာဖြစ်မယ်။ အမေက သမီးကိုမရတော့ဘူးလို့တောင်ထင်ခဲ့တာ၊ အခုလိုပြန်ကောင်းလာတာကိုပဲ အမေဝမ်းသာလှပါပြီ"

ဟု ပြောကာ ဝမ်းသာမျက်ရည်အေးအေးလေးတွေ ပါးပြင်နှစ်ဖက်တွင်စီးကျလာသည်။

နောက်တစ်နေ့တွင် ဆရာဦးအောင်နိုင် ပြန်ရောက်လာသည်။

"အဘကိုသမီးကန်တော့ပါတယ်။ သမီးအဘကို မြင်လည်းမမြင်ဖူးဘူး။ သိလည်းမသိပါဘူး။အမေတို့ပြောပြလို့သာသိခဲ့ရတာ။ သမီးမှာ အဘပေးတဲ့အသက်ပဲရှိပါတော့တယ်"

ဟုပြောကာ မတင်ဥ မျက်ရည်လေးဝဲပြီး ကန်တော့ရှာသည်။

"သမီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပါစေ"

ဟု ဆုပေးလိုက်သည်။

"နောက်ဆို သမီးကို ဘယ်စုန်းကဝေမမှ မနှောင့်ယှက်နိုင်တော့ပါဘူး"

ဟု ပြောပြီးနောက် ဂိုဏ်းဆေးတော်နီနီလေးတွေ မတင်ဥ၏ဦးခေါင်း၊ နဖူး၊ ရင်ဘတ်၊ လက်တို့တွင် ကြေးစုတ်တော်ဖြင့်သိုးပေးလေသည်။

မတင်ဥနေလို့သက်သာလာသဖြင့် အမေ့အိမ်သို့ ပြန်ပြောင်းလာခဲ့သည်။ တစ်ပတ်ကျော်လောက်တွင် မတင်ဥဆီ ကိုလှမောင်တစ်ယောက် ရောက်ချလာသည်။

"နင့်ဆီလာချင်နေတာ ကြာပြီ။ လူကြီးတွေစိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ အဝေးကပဲသတင်းမေးမေးနေခဲ့ရတယ်။ နင်သက်သာရဲ့လား"

ဟု မေးကာ လက်ဖဝါးနုလေးကို ဆုပ်နယ်ပေးနေသည်။

"သက်သာပါတယ် နေလို့ကောင်းလာပါပြီ၊ နင်လာတာငါဝမ်းသာပါတယ်"

"နင် နေမကောင်းတုန်းက ငါ့ကိုချစ်တယ်၊ လက်ထပ်မယ် ခေါ်ပေးပါလို့အော်နေတယ်ဆို"

"သွား-ရှက်စရာကြီး ဘာတွေလာမေးနေတာလဲ၊ အဲဒါက စုန်းမတွေဝင်ပူးပြီး ပြောနေတာပါ။ ငါဘာမှမသိဘူး"

"နင့်စိတ်ထဲရှိနေလို့ ပြောနေတာဖြစ်မှာပေါ့ဟာ။ နင်ပြောသလို တို့လက်ထပ်ကြရအောင်။ ဒီတစ်ခါတော့နင်မငြင်းပါနဲ့တော့ဟာ"

မတင်ဥတစ်ယောက် နှလုံးသားတွေ တဒုတ်ဒုတ်တုန်နေပြီး ရှန်းလဲ့တောက်ပသော သမင်မျက်ဝန်းလေးနှင့် ကိုလှမောင်၏မျက်နှာကို စိုက်ကြည့်နေသည်။ မျက်လုံးမှတဆင့် နှလုံးသားဆီသို့ မေတ္တာဓာတ်တွေတသွင်သွင်စီးဝင်သွားလေသည်။ သူတို့နှစ်ဦး၏ မေတ္တာလှိုင်းများတုန်ခါပြီး ရောယှက်နေပေလိမ့်မည်။

ကိုလှမောင်တစ်ယောက် နေထိုင်မကောင်းသူကိုသတင်းမေးရန်အကြောင်းပြပြီး မတင်ဥဆီ ချောင်းပေါက်အောင်လာလာနေသည်။ အချိန်တွေကြာလာသောအခါ လူကြီးတွေလည်း သူတို့နှစ်ဦးကို ကိုယ်ချင်းစာ နားလည်လာကာသဘောတူကြည်ဖြူလာကြသည်။ ကိုလှမောင်နှင့် မတင်ဥတို့ လူကြီးစုံရာဖြင့် လက်ထပ်လိုက်ကြသည်။ လက်ထပ်ပြီးဒေါ်လှရွှေ၏အိမ်ခြံရင်းဘက် မြေလွတ်တွင် အိမ်တစ်လုံးဆောက်ပြီးနေထိုင်ကြသည်။ သားလေးတစ်ယောက်မွေးဖွားခဲ့သည်။ မောင်အောင်မြင့်ဦးဟု နာမည်ပေးထားသည်။ သားနှစ်ယောက်စလုံးကို ညီတူညီမျှချစ်ကြပါသည်။ ကိုလှမောင်က ဇနီးအပေါ် မပြယ်သောမေတ္တာဖြင့် နွေးထွေးယုယကြင်နာစွာသက်ဆုံးတိုင် ပေါင်းသင်းသွားခဲ့လေသည်။

ကိုလှမောင်ဆုံးပြီးနောက် ဘဝကို အဆင်ပြေသလို ရင်ဆိုင်ရှုန်းကန်ခဲ့လေသည်။ အသက်လေးကြီးလာအခါ ဒေါ်တင်ဥတစ်ယောက် ဖောင်တော်သီခနာစုအရှေ့ပိုင်းမှအိမ်ကို ရောင်းချပြီး ရွာသစ်ပိုင်းသို့ ပြောင်းရွှေ့ကာ သားအကြီးမောင်ကြည်ဝင်း၏ သမီးဖြစ်သူမြေမလေးနှင့်အတူနေထိုင်လေသည်။ မြစ်တွေကို ဝိုင်းဝန်းထိန်းကျောင်းရင်း တရားဘာဝနာများပွားများကာ နေဝင်ဆည်းဆာဘဝကို ကောင်းကောင်းမွန်မွန်ဖြတ်သန်းလာခဲ့သည်။

ဇာတိရလာသောအခါ ဇရာ၊ မရဏကို မလွန်ဆန်နိုင်သော သဘာဝတရားသဘောအရ ဒေါ်တင်ဥတစ်ယောက် အသက် (၈၀) ကျော်အရွယ် ၂၄-၁၀-၂၀၁၃နေ့ ညနေ (၃) နာရီတွင် နေအိမ်၌ပင် ဘဝသစ်သို့ပြောင်းရွှေ့သွားခဲ့လေသည်။

စာရေးသူ ရွာသို့ရောက်တိုင်း ဒေါ်တင်ဥထံအရောက်သွားပြီးကန်တော့နေကျ ဖြစ်သည်။ ရွာအထကမြတ်ဆရာပူဇော်ပွဲကိုသွားသည့်နှစ်တိုင်းပင် ဒေါ်တင်ဥကိုလည်းသွားကန်တော့သည်။ ဒေါ်တင်ဥသည် စာရေးသူငယ်စဉ်က အစ်မအရင်းကဲ့သို့ အားထားရသူဖြစ်လေသည်။ ယခုတိုင် ရွာရောက်တိုင်း သတိရနေဆဲပါပဲလေ။

မွေးဇာတိရွာလေးကိုသတိရလျက်

ချမ်းမြေ့ကြပါစေ

အောင်ကြည်သန့်
(ဖောင်တော်သီ)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အဖြစ်အပျက်ကိုပြောပြသူကတော့ မောင်လေးအငယ်ဆုံး ဆောက်လုပ်ရေးက ကိုထွေးမော် ဖြစ်ပါသည်။

မောင်လေးက ကျော့်စွာခတ်မြေဩဇာစက်ရုံစီမံကိန်းမှာ သူ့ဆရာတွေနဲ့အတူ မကွေးမြို့ဆောက်လုပ်ရေးလုပ်ငန်းမှ ကျော့်စွာသို့ပြောင်းခဲ့ရသူဖြစ်ပါတယ်။ မောင်လေးက သူ့အတွေ့အကြုံ ထူးထူးဆန်းဆန်းတွေကို အစ်မကြီးဖြစ်သူကျွန်မကိုပြောပြောပြတတ်ပါသည်။

"မမရယ်၊ ကျော့်စွာရောက်တော့ အင်းတောကြီးထဲမှာ အင်ပင်တွေကို အလုပ်သမားအဖွဲ့တွေက ရှင်းလင်းခုတ်ထွင်ပြီး စက်ရုံတည်ဆောက်ရတာတဲ့။ စက်ရုံမဆောက်ခင်မှာ လူတွေနေဖို့အတွက် ယာယီအဆောက်အအုံတွေ၊ ယာယီရုံးနေရာတွေ အမြန်ဆောက်ကြပြီး စက်ရုံတည်မည့်မြေနေရာ၊ အရာရှိအိမ်တွေ၊ အဆောက်အအုံတွေ၊ ဝန်ထမ်းအိမ်ရာတွေရာထားပြီး စတင်ဆောက်လုပ်ခဲ့ရတယ်လို့ သိရပါတယ်။

ကျော့်စွာခတ်မြေဩဇာစက်ရုံမြေနေရာကိုရောက်ဖို့ မကွေးကလာရင် အောင်ညီသာရွာမှာဆင်းပြီး တောထဲကိုမြေလျှောက်လမ်းလျှောက်ဝင်လာရတာပါ။ စက်ရုံက ငါးမြို့နှင့်ဟိုဘက်ကမ်းဒီဘက်ကမ်း ဧရာဝတီမြစ်ကြီးခြားနေပါသည်။ မောင်လေးတို့ ရေချိုးချင်လျှင် မြစ်ဆိပ်သွားချိုးကြရပါသည်။ ဝါးရုံပင်တွေကလည်း အရမ်းပေါပါသည်။

ရောက်ရောက်ချင်း မောင်လေးတို့ကာလသားလူငယ်တစ်သိုက် အင်းတောထဲလျှောက်သွားကြသည်ဟုပြောပါသည်။ ဘုရားစေတီပုထိုးတွေလည်း တွေ့သည်ဟု ပြောပါသည်။ မိုးချုပ်ပြီးလျှင် ညနေစောင်းမှာ သူငယ်ချင်းတစ်တွေဖားရှိုက်ထွက်ကြပါသည်။

ရှိုက်လို့ရသည့်ဖားအကောင်တွေကို ပလိုင်းထဲထည့်ပြီး သူငယ်ချင်းတစ်ယောက်က ကျောပိုးလွယ်ပြီးပြန်လာကြပါသည်။ ညနေစောင်းမှ ပလိုင်းအပြည့်ပါလာတဲ့ ဖားအကောင်တွေကို ယာယီစခန်းထဲရောက်တော့ ကြော်စားလိုက်မယ်ဟဲ့လို့ အားတင်းထားမိတာ စခန်းထဲရောက်လို့ ပလိုင်းထဲကြည့်လိုက်တော့ နှစ်ကောင် သုံးကောင်ပဲကျန်တော့တယ်။

ကျွန်တော်တို့က ပလိုင်းဖွင့်ပြီး ကျောပိုးလာခဲ့တာ။ နောက်ကမမြင်ရတဲ့သရဲက ကျွန်တော်တို့နောက်မှာတောက်လျှောက်နိုက်စားလာတာ။ ကျွန်တော်တို့အဖွဲ့ကြော်စားဖို့ ကြံစည်ခဲ့တာ အခန်းမှာ အားလုံးပက်လက်လန်နေကြရပါတော့တယ်တဲ့။

❑

ကျော့်စွာ ခတ်မြေဩဇာစက်ရုံစီမံကိန်းစတင်စဉ်က တောကြီးပြီး မြေရိုင်းတွေလေဖြစ်တော့ မကောင်းဆိုးဝါးတွေပေါများတယ်လို့ထင်ပါတယ်။ ကျွန်တော်တို့ သတိထားပြီးသွားလာကြရပါတယ်။ မယုံကြည်ဘဲ ပြောချင်ရာပြောတဲ့သူကိုချက်ချင်းအကြောင်းပြတယ်။ နယ်မြေကြမ်းတဲ့သဘောပါပဲ။ အင်တောကြီးဆိုတော့ သူတို့နေထိုင်ရာပဲမို့လား။

အဖေက ကျွန်တော့်ကို မြေကြမ်းတောကြမ်းတဲ့နေရာမို့ သက်ဆိုင်ရာတွေကို ကြည့်ရှုဆောင့်ရှောက်ဖို့ အပ်နှံပြောကြားပေးပါတယ်။ တစ်နေ့မှာ ကျွန်တော့်သူငယ်ချင်းတွေဆီက အမြန်မှာ သဘက်ကြီးကဖြူဖြူကြီး၊ နားရွက်ကြီးခင်းအိပ်ပြီးလမ်းမှာ ကန့်လန့်ကြီးလုပ်နေတဲ့အတွက် ကျွန်တော်က ဖယ်ပေးဖို့ပြောပြီး နှစ်နှစ်နာနာဆဲလိုက်မိပါတယ်။ ကျွန်တော့်ကိုတော့ အန္တရာယ်မပေးပါ။ အဖေ့ကိုတော့ တခြားလူကိုပူးဝင်ပြီးကျွန်တော်က သူ့ကိုနှစ်နှစ်နာနာဆဲရေးကြောင်း၊ စက်ရုံဆောက်မယ့်အုတ်ခဲပုံကို တာ်နားအုတ်ခဲပုံမှတစ်ဆင့် သယ်ခိုင်းခဲ့ရာမှာ အဲဒီအုတ်ပုံပေါ်မှာလာအိပ်တဲ့ တံငါသည်သဘက်ကြီးသားအဖက သူတို့မှာနေစရာမရှိကြောင်း ဆရာကြီးသားက သူတို့အိမ်တွေ၊ နေတဲ့အုတ်ခဲပုံကြီးကိုရွှေ့တယ်ဆိုတဲ့အကြောင်း မအေမရှိတဲ့ လေးနှစ်သားကလေးငယ်ကို တံငါလေ့လုတွင် အမြဲခေါ်သွားခဲ့ရာမှ တင်နေ့တွင် လေမုန်တိုင်းမိ၍လှေမှောက်



www.burmeseclassic.com

ပြီး သားအဖနှစ်ယောက်စလုံးသေသွားခဲ့ရာ မကျွတ်မလွတ်ဘဝနဲ့ ကမ်းနားက အုတ်ခဲပုံကြီးပေါ်မှာ နေထိုင်ရကြောင်း ဖေဖေ့ကိုပြောပြခဲ့ရာ ဖေဖေက သားကို အနှောင့်မယှက်မပေးဖို့နဲ့ သားက တာဝန်အရ အဆောက်အအုံဆောက်ဖို့ အုတ်ခဲပုံကိုရွှေ့ရတာမို့ ဗွေမယူဖို့ပြောကြားပြီး ကျော်စွာနား ဇွယ်တောင်ပေါ်က ဘုရားတစ်ဆူမှာ နတ်မင်းကြီးများက နေစရာပေးလို့နေထိုင်စရာရပြီဆိုတဲ့အကြောင်းကို တံငါသည်သားအဖက ပြောကြားသွားခဲ့ပါသည်။ တောကြီးပြီး ခြံစည်းရိုးမရှိသေးသောနယ်မြေမှာ မကျွတ်မလွတ်သေးသူများနေထိုင်သွားလာနေကြတာ မထူးဆန်းလှပါ။

မောင်လေးက ကျော်စွာရောက်ပြီး တောထဲမှာ လုပ်ငန်းတူကောဝ်မလေးနဲ့ ရည်းစားဖြစ်ပြီး ချိန်းတွေ့ကြရာ ည (၁၂) နာရီလောက်မှ လူချင်းခွဲပြီးအိမ်ပြန်လာလေ့ရှိသည်။ ကောင်မလေးက တောင်ကုန်းအနောက်ဘက်မှာနေပြီး မောင်လေးက တောင်ကုန်းအရှေ့ဘက်မှာ နေထိုင်ကြပါသည်။ကားလမ်းမြေညီကကွေ့ပတ်သွားရင် အဝေးကြီးမို့ နှစ်ယောက်သား တောင်ကုန်းပေါ်မှာ စုရပ်အဖြစ်ချိန်းတွေ့ စကားပြောကြရပါသည်။ အိပ်ချိန်ညဥ့်မနက်ခင်ပြန်လာတဲ့အခါမှာ မောင်လေးကို ဝါးရုံပင်နားကသရဲက ဆေးလိပ်သောက်လိုကြောင်း ဟန်ပန်အမူအရာလုပ်ပြပြီး ဆေးလိပ်တောင်းပါသည်။ မောင်လေးက ဆေးလိပ်ကိုမီးညှိပြီး ဝါးရုံပင်ခွကြားမှာညှပ်ခဲ့ပြီး -

"ဟော့ကောင်၊ ဒီမှာဆေးလိပ်"

ပြောပြီးထားခဲ့ရာမှာ နောက်ပြန်လှည့်ကြည့်လိုက်တော့ ဆေးလိပ်မီးလေးကဖွာနေတာကို မီးရဲခနဲရဲခနဲမြင်တွေ့ရသည်တဲ့။ မောင်လေးက နာမ်လောကသားတွေကို မကြောက်တတ်ပါဘူး။ သူပဲမြင်ဖူးတွေ့ဖူးတာများပါသည်။ သူကိုယ်တိုင်လည်း ဝက်လက်မှာနေစဉ်က ဒီပဲရင်းလမ်းကိုလမ်းခင်းနေစဉ် ကျောက်ခဲပုံပေါ်က မကျွတ်မလွတ်တဲ့ ကားတိုက်ပြီးသေသွားတဲ့ကောင်မလေးက ဗိုလ်ကြီးကျွန်မကိုကူညီပါဆိုပြီး သူ့အဖေ၊ အမေတွေက နာမည်ဘယ်သူဘယ်ဝါပါ။ သူထားခဲ့တဲ့ ပိုက်ဆံ(၂)သောင်းနဲ့ ကုသိုလ်လုပ်ပြီး ဘုန်းကြီးငါးပါးဆွမ်းကပ်ပြီး သူ့ကို အမျှဝေပေးဖို့ သူမရဲ့မိဘတွေရွာကိုသွားပြီးပြောပေးဖို့ အကူအညီတောင်းခံခဲ့ဖူးတဲ့အကြောင်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာရေးသားတာ ချက်ချင်း ဖော်ပြခံရပါတယ်။ စိတ်ဝင်စားစရာကောင်းလို့တဲ့။ ယခုတော့ သူမအားလို့ သူ့ကိုယ်စားကျွန်မရေးသားဖော်ပြရခြင်းဖြစ်၏။

မောင်လေးက သရဲမကြောက်တတ်တဲ့အကြောင်းသိလို့ ကျော်စွာနားကရွာတစ်ရွာက တံငါသည်တစ်ယောက်က သရဲနဲ့ငါးဖမ်းနေကျမို့ မောင်လေးကို လာခေါ်တယ်တဲ့။ တခြားသူငယ်ချင်းတွေကို အဖော်ခေါ်သွားရင် သရဲမြင်တော့ထိတ်လန့်ပြီး ဘုရားစာတွေရွတ်တာမို့ သရဲက ငါးဖမ်းမပေးဘဲပြန်သွားတယ်တဲ့။

"ကိုထွေးမော်၊ ခင်ဗျား သရဲမကြောက်တတ်ဘူးမို့လား။ ကျွန်တော်နဲ့ ငါးဖမ်းလိုက်ခဲ့ပါဗျ"

လို့ အဖော်ခေါ်သတဲ့။

"ခင်ဗျားသရဲမြင်ရင်မကြောက်နဲ့။ ဘုရားစာလည်းမရွတ်နဲ့နော်။ ငြိမ်ငြိမ်သာထိုင်ပြီးကြည့်နေ"

တံငါသည်က အဲဒီလိုပြောတော့ မောင်လေးက -

"ဟုတ်ပါပြီ၊ ကျွန်တော်လိုက်ခဲ့မယ်"

ဆိုပြီး ရုံးအားတဲ့တစ်နေ့မှာ တံငါသည်နှင့် ဧရာဝတီမြစ်ထဲငါးဖမ်းလိုက်သွားခဲ့ပါသည်။ မြစ်လယ်တစ်နေရာရောက်တော့ တံငါသည်အစ်ကိုကြီးက သရဲကို ပါးစပ်ကတတွတ်တွတ်ရွတ်ပြီး ခေါ်လိုက်ရာ အဲဒီအချိန်မှာ မြစ်ထဲသွားနေတဲ့ တံငါလှေကလေးက သိမ့်ခနဲဖြစ်သွားပြီးလှေစောင်းသွားပါသည်။ စောင်းနေတဲ့လှေပေါ်ကို အမွေးမည်းမည်းရှည်ရှည်နှင့် သာမန်လူ၏ကိုယ်ထည်(၃)ဆလောက်ကြီးမားတဲ့ သရဲကြီး မြစ်လယ်က လှေဦးမှာတက်လာပါတယ်။ လှေပေါ်တက်လာတဲ့သရဲက ကျွန်တော့်ကို စေ့စေ့စပ်စပ်စိုက်ကြည့်နေ၏။ ကျွန်တော် သရဲကြီးကိုကြည့်ပြီး လိပ်ပြာလွင့်သွားမတတ် ထိတ်လန့်သွားပါသည်။ သူငယ်ချင်းတံငါသည်က ဘုရားစာမရွတ်နှင့်။ မကြောက်ဖို့ မှာကြားထားသဖြင့် မနည်းဘဲ စိတ်တင်းထားပြီး ကြည့်နေရသည်။

ကြောက်လိုက်တာဗျာ။ သရဲကြီးက အမွေးမည်းမည်းရှည်ရှည်နဲ့ ကျွန်တော့်ထက် (၃) ဆလောက်ကို ကြီးတာကိုး။ တစ်နေရာရောက်တော့ သရဲက တံငါသည်ကို သူ့မြစ်ထဲကဒီနေရာကိုဆင်းတော့မယ်လို့ လက်ဟန်ခြေဟန်နဲ့ပြပါတယ်။ နောက်ပြီး ရေထဲကိုခုန်ဆင်းလိုက်တယ်။ တံငါသည်အစ်ကိုကြီးက လှေဦးကို ကွန်ပစ်ဖို့သွားရမှာမို့ ကျွန်တော့်ကို လှေပဲ့ပိုင်းကိုလာစေပြီး ပဲ့ကိုကိုင်ခိုင်းထားလို့ ကျွန်တော် လှေပဲ့ပိုင်းအစွန်ဆုံးကို ရောက်နေပါတယ်။ ပဲ့ကိုကိုင်ထားတော့ လှေက တငြိမ့်ငြိမ့်ဖြစ်နေပါတယ်။ တံငါသည်အစ်ကိုကြီးက လှေဦးပိုင်းက ရေထဲကိုငုံ့ကြည့်ပြီး သရဲဆင်းသွားတဲ့နေရာကို ကွန်ပစ်ပြီးပြန်ဆယ်ပါတယ်။ ပါလာတဲ့ ငါးတွေကို လှေဝမ်းထဲမှာ စုပုံလိုက်ပါတယ်။ သရဲကြီးက ရေအောက်ထဲမှာငါးတွေကိုခြောက်လှန့်နေပါတယ်။ တစုတဝေးပြေးနေတဲ့ငါးတွေကို တံငါသည်အစ်ကိုကြီးက ကွန်ပစ်ပြီး (၄)၊ (၅) ခါလောက်ဖမ်းပါတယ်။ ငါးတွေလှေဝမ်းထဲမှာ (၃၀) ပိဿာခန့်ရှိမယ်လို့ထင်ပါတယ်။ ခဏလေးနဲ့ လှေဝမ်းထဲမှာ ငါးတွေ တောင်ပုံရာပုံစုပုံနေပါတော့တယ်။ ငါးတွေ(၁၀)ပိဿာလောက်ရပြီမို့ သရဲကြီးက လှေပေါ်ပြန်တက်လာပြီး လှေပဲ့ပိုင်း ကျွန်တော့်ရှေ့ကိုလာထိုင်ပြီး ငါးပုံကြီးကိုခွထိုင်ကာ လက်နှစ်ဖက်နဲ့ ဘယ်ပြန်ညာပြန် အားရပါးရ ငါးတွေကိုထိုင်စားလိုက် ငါးခေါင်းတွေကို ဖွီးခနဲထွေးထုတ်လိုက်နဲ့ ငါး(၆)ပိဿာလောက်ကုန်သွားပါတော့တယ်။ သရဲက သူဝပြီမို့ တံငါသည်ကို လက်ဟန်ခြေဟန်ပြပြီး ပြန်တော့မယ်ဆိုကာ ရေထဲခုန်ဆင်းသွားတယ်။

ကျွန်တော်လည်း အဲဒီတော့မှ အသက်ဝဝရှူရပါတော့တယ်။မကြောက်ဖူးဆိုပေမယ့်လည်း ကြောက်စရာတော့အကောင်းသားဗျာ။ သရဲကြီးက အမွေးမည်းမည်းရှည်ရှည်၊ ပုံဆိုးပန်းဆိုးနဲ့ကိုယ်ခန္ဓာအကြီးကြီးဗျ။

တံငါသည်အစ်ကိုကြီးက သရဲစားလို့ ကျန်တဲ့ ငါး၊ လေးပိဿာလောက်ကို ငါးခေါင်းတွေရွေးပြီးလွှင့်ပစ်နေပါတယ်။

"ကိုထွေးမော်နှယ် ကျွန်တော့်ဘာသာငါးမျှားကြည့်ရင် တစ်နေကုန်မှ ပိုက်ကွန်ကို သုံး၊ လေးကောင်ပဲလာတိုးတာ တစ်ပိဿာရဖို့မလွယ်ဘူးဗျ။ အခုသူနဲ့ငါးဖမ်းတော့ (၁၀)ပိဿာလောက်ရပြီး သူစားလို့ကျန်တာတင် လေးပိဿာလောက်ကျန်သေးတယ်လေ။ ဆန်ဖိုး၊ ဆီဖိုးရတာပေါ့ဗျာ"

ဆိုပြီး ငါးလေးပိဿာကို ဈေးမှာရောင်းပြီး အိမ်စားဖို့ ဆန်၊ ဆီ၊ ဆားလိုအပ်တာတွေ ဝယ်ရပါတော့သည်။

ဤတွင် သရဲနှင့်ငါးဖမ်းခြင်းအကြောင်းစွ နိဋ္ဌိတံပါပြီ ခင်ဗျား။

ဈေးသာ-ခင်လေး



www.burmeseclassic.com

www.burmeseclassic.com

# ကိုရွှေမြသန်း

## ရာဇဝင်ထဲက ကျွန်များ



ကျေးကျွန်များ၏ လုပ်အားသည် ရှေးခေတ်က နိုင်ငံကြီးများ၏စီးပွားတိုးတက်မှုကို များစွာအထောက်အပံ့ပေးခဲ့ပြီး ထိုတိုင်းပြည်များမှ ကြီးကျယ်ခမ်းနားသောအဆောက်အဒုံများကို ယခုခေတ်၌တွေ့ကြရပါလျှင် ထိုအဆောက်အအုံလက်ရာကြီးများမှာ ကျွန်တို့လုပ်အားချွေးသွေးအသက်တို့သုံး၍တည်ဆောက်ခဲ့ကြောင်းကို နားလည်ရန်လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာရာဇဝင်သမိုင်းကြောင်းထဲ၌ရှိခဲ့ဖူးသည့် ကျွန်များ၏အကြောင်းကို ဖတ်မှတ်သိမိသည်တို့မှ မြန်လည် ကောက်နုတ် ရေးသားတင်ပြလိုက်ပါ၏။

❑

ယခုခေတ်တွင် တွေ့ရှိရသော အနောက်နိုင်ငံ၊ အရှေ့နိုင်ငံတို့မှ သမိုင်းစာအုပ်စာတမ်းများတွင် ရှေးကာလက ကျွန်စနစ်များ၊ ကျွန်များအကြောင်းကို ရေးသားလေ့ လွန်စွာပင်နည်းပါးသည်။ အဘယ်ကြောင့်ဆိုသော် ထိုခေတ်များက အောက်တန်းနောက်တန်းကျလှသောသူများအဖြစ် သတ်မှတ်အရေးမထားဘဲ သူတို့အကြောင်း မှတ်တမ်းတင်ရန်မလိုဟု သဘောထားကြသည်။ အောက်တန်းနောက်တန်းကျလှသောသူတို့အကြောင်း မှတ်တမ်းများလွန်စွာရှားပါး၍ဖြစ်သည်။ ကျွန်တော်လှန်ရေးလုပ်သော ရောမအင်ပါယာမှ 'စပါတေးကပ်' အကြောင်းလောက်သာ ထင်ရှားခဲ့ပြီး ရုပ်ရှင်များကြောင့် လူသိများလာခဲ့ကြသည်။

ရှေးမြန်မာရာဇဝင်များဖြစ်ကြသော ဦးကုလား၏ မဟာရာဇဝင်ကြီးနှင့် မှန်နန်းရာဇဝင်တို့၌ ကျွန်အကြောင်း မပါသလောက်ဖြစ်သည်။ သို့သော် ပုဂံသမိုင်းဦး၌ ရှင်ဘုရင်များဖြစ်ခဲ့ကြသည့် မင်းစဉ်အမှတ် (၂၅) မြင်းကျေးမင်းနှင့် အမှတ် (၃၆) စလေငခွေးမင်းတို့သည် မူလကသူဌေးများဝယ်ယူထားသောကျွန်များဖြစ်၍ နောက်ပိုင်း ဘုရင်များကို လုပ်ကြံသတ်ဖြတ်နန်းတက်လာသူများဟု ရဲရဲဝံ့ဝံ့ရေးခဲ့ကြသည်။ ကျွန်များအကြောင်းကို ပုဂံဝန်ထောက်ဦးတင်က သူ၏ မြန်မာမင်းများအုပ်ချုပ်ပုံစာတမ်း ဒုတိယပိုင်း၌ ဖော်ပြ၍ မြန်မာနိုင်ငံတွင် ကျွန်ဖြစ်ရသောအကြောင်းများကို ရှင်းပြခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကျွန်ဖြစ်ရသော အကြောင်းများမှာ -

❑ **သုံ့ကျွန်၊ လက်ရကျွန်၊ ဖမ်းရကျွန်**

ဤအမျိုးအစားမှာ စစ်ပွဲများနှင့် သက်ဆိုင်၍ ရင်ဆိုင်တိုက်ခိုက်စဉ် လက်နက်ချ အရှုံးပေးသူများ၊ ရန်သူနယ်မြေမြို့ရွာတို့မှဖမ်းဆီးကျွန်ပြုခြင်းခံရသူအားလုံးပါဝင်သည်။

❑ **ငွေဝယ်ကျွန်**

မြို့ကြီးများ၊ မြို့တော်များတွင် ကျွန်များလာရောက်ရောင်းချခြင်း၊ တစ်ဦးဦးက လာရောက်ဆက်သွယ်ရောင်းချခြင်းကို ဝယ်ယူထားသောကျွန်များ။

❑ **မိဘမှလာသောအမွေကျွန်**

မိဘသေဆုံးပြီး သားသမီးများ ဆက်ခံရရှိသောကျွန်အမျိုးအစား။

❑ **လက်ဆောင်ရကျွန်**

ရှင်ဘုရင်ကဖြစ်စေ၊ မင်းညီမင်းသား၊ မှူးမတ်၊ သူဌေးများကဖြစ်စေ မေတ္တာလက်ဆောင်ပေးခြင်းခံရသော ကျွန်များ။

❑ **သားပေါက်ကျွန်**

မိမိပိုင်ဆိုင်သောကျွန်အ[illegible]စုအတွင်းမှအိမ်ထောင်သည်ကျွန်များ[illegible]ပေါက်ဖွားလာသူများ။

❑ **တရားနိုင်ကျွန်**

အမှုအခင်းဖြစ်၍ တရားရှုံးကပေးရသောကျွန်၊ ဒဏ်မဆောင်နိုင်၍ ကျွန်ခံရသောကျွန် စသည်များ။

❑ **ထမင်းစားကျွန်ခံ**

အလွန်ဆင်းရဲ၍ စီးပွားပျက်ပြီး မိမိဘာသာ မရပ်တည်နိုင်သဖြင့် အသိအကျွမ်းထံတွင်ကျွန်ခံသောအမျိုးအစား။ ၎င်း၏ဝမ်းစာကို ကျွန်ပိုင်ဆိုင်သူ အရှင်သခင်က တာဝန်ယူ ကျွေးမွေးရသည်။

❑ **အကြွေးကျွန်**

ငွေအသပြာများ ချေးငှား၍ နှစ်ရှည်လများ အတိုးအရင်းမပေးဆပ်နိုင်သဖြင့် ကျွန်ခံရသူ။

❑ **လွတ်လပ်မှုရပြီးမှကျွန်ခံလာသည့်ကျွန်**

ကျွန်ပိုင်ရှင်က လွတ်လပ်မှုပေးသော်လည်း မိမိဘာသာမရပ်တည်နိုင်၍ ကျွန်ဘဝတွင်ဆက်နေသူများ။ ကျွန်အိုများနှင့် ရဟန်းဝတ်ပြီး မပျော်ပိုက်၍ လူထွက်လာသူ ကျွန်ဟောင်းများ ပါဝင်သည်။

ကျွန်များကို ပိုင်ရှင်က လုပ်အားခ မပေးဘဲ ခိုင်းစေနိုင်သော်လည်း ၎င်းတို့စားဝတ်နေရေး တာဝန်ယူပေးရသည်။ အထက်ပါတို့မှာ ကျွန်ဖြစ်ရခြင်းအကြောင်းအရင်းပေါ်တွင် မူတည်၍သာ ခွဲခြားမှုဖြစ်ပြီး ပုဂံခေတ်တွင် အလွန်အရေးကြီးသော ကျွန်အမျိုးအစားများ၊ အဆင့်များကို အောက်ပါအတိုင်း သိသိသာသာ ခွဲခြားရေးမှတ်လေ့ရှိသည်။

**(က) ပုဂံကျွန်**

ပုဂံကျွန်ဆိုသည်မှာ နေပြည်တော်ပုဂံတွင် အရှင်နှင့်အတူနေရသော ကျွန်များ ဖြစ်သည်။ ၎င်းတို့တွင် မင်းညီမင်းသား၊ မင်း၊ မိဖုရား၊ မှူးမတ်၊ အလွန်ကြွယ်ဝသောသူဌေးကြီးများ၏ 'ထီးမိုးယာဉ်ခံ' ကျွန်များ၊ ထီးမိုးပေးရသူ၊ ဒေါ်ယာဉ်ထမ်းရသူ၊ ဆင်မြင်းများကြည့်ရသူ၊ အဆောင်အယောင်ရေတကောင်း၊ ကွမ်းခွက်၊ လက်ဖက်ခွက်၊ ဖိနပ် စသည်များ



www.burmeseclassic.com

www.burmeseclassic.com

သယ်ပေးရသူ တင်းတိမ်ကာရံမှုနှင့် အိမ်ဝေယျာဝစ္စဆောင်ရွက်ရသူ၊ ထမင်းချက်၊ ခဝါသည်နှင့် ပန်တျာအတီးအမှုတ်များ ၊ ပြုလုပ်ရသော အနုပညာသည်ကျွန်များပါဝင်ပါသည်။ ကုလားကျွန်များကို ဤအမျိုးအစားကျွန်များ၌တွေ့ရပါသည်။

ထိုပုဂံကျွန်မျိုးအပြင် သီးသန့်ပညာသည်များဦးဆောင်သော အတတ်ပညာရှင်ကျွန်အစုလည်းရှိသေးသည်။ ၎င်းတို့မှာ ပန်းပဲ၊ ပန်းရန်၊ အုတ်ဖုတ်၊ အုတ်ရွေ၊ ပန်းတော့၊ ပန်းတမော့၊ ပန်းချီ၊ လက်သမားတို့နှင့်တွဲထားသည်။ လက်မှုပညာကျွမ်းကျင်သူများဖြစ်၍ အထူးတန်ဖိုးရှိသောကျွန်စု ဖြစ်သည်။

**(ခ) လယ်ယာကျွန်**

အဓိကအားဖြင့် ပုဂံမြို့တော်၏ အပြင်ပနယ်ဒေသရပ်ရွာများတွင် ဓားစဦးချ ထွန်ယက်စိုက်ပျိုးကြသော မြေကွက်များနှင့် ဒွန်တွဲ၍နေထိုင်ခဲ့ကြသူများကို ကျွန်အဖြစ်သို့ သွတ်သွင်းခံရသူများ ဖြစ်သည်။ ဤကျွန်များမှာ မိဘဘိုးဘွား မြေကွက်များပေါ်တွင်နေထိုင်၍ ထွန်ယက်စိုက်ပျိုးသူများဖြစ်ပြီး ၎င်းတို့ကို မြေယာနှင့်တွဲဖက်၍ ဖော်ပြလေ့ရှိကြသည်။ ကျောက်စာများတွင် အမည်ဖော်လေ့မရှိပါ။ ဤအစုသည် ကျွန်ဦးရေ၏ အများဆုံးပါဝင်နေသူများ ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်အားရှင်များဖြစ်ပါသည်။

**(ဂ)သာသနာကျွန်များ**

ပုဂံသည် ဗုဒ္ဓဘာသာသာသနာ ထွန်းကားရာဖြစ်၍ မင်းနှင့်တကွ သူဌေးသူကြွယ်များကပါ မိမိတို့တည်ဆောက်လှူဒါန်းသော ဘုရား၊ ကျောင်း၊ ဂူများ၊ စေတီပုထိုးများ၊ ပိဋကတ်တိုက်များနှင့် သံဃာတော်နေစရာ ဝိဟာရကျောင်းပေါင်းများစွာ၌ ဝေယျာဝစ္စများလုပ်ဆောင်ရန် ကျွန်များလှူလေ့ရှိရာ ပုဂံကျွန်များနှင့် လယ်ယာကျွန်များကိုလှူခြင်းဖြစ်၍ ကျွန်အများ သာသနာကျွန်ဖြစ်ရသည်။ သာသနာကျွန်တွင် ဘုရားကျွန်များက အဆင့်အတန်းမြင့်သည်။ တစ်ခါတစ်ရံတွင် အလှူရှင်ကိုယ်တိုင် သာသနာကျွန် ဘုရားကျွန်ဟု အမည်ခံသည်။

**□ ပိဋကတ်ကျွန်**

ဤကျွန်များမှာ ဒုတိယအမျိုးအစားအဆင့်၌ရှိ၍ ဦးရေနည်းသည်။

**□ ကျောင်းကျွန်**

ကျောင်းရှိသံဃာများကိုလုပ်ကျွေးရန်လှူသော သာသနာကျွန် တတိယအဆင့်ဖြစ်၍ တစ်ခါတစ်ရံ ကျောင်းထိုင်ဘုန်းကြီးကို အမည်တပ်၍ လှူသည်လည်းရှိသည်။

ယခုဖော်ပြပြီးသောကျွန်အကြောင်းအရာအားလုံးသည် ပုဂံခေတ် ကျန်စစ်မင်းကြီးနတ်ရွာမစံမီကာလမှ ပုဂံပျက်ပြီး ဒုတိယမွန်ဂိုစစ်ရောက်သော ကောဇာနှစ် ၆၆၂(အေဒီ၁၃၀၀)အတွင်း ကျောက်စာတိုင်းလိုလို၌ တွေ့ရမည်ဖြစ်သည်။ ထို့ပြင် ကျွန်များကို အသက်အရွယ်ဖြင့်လည်း သတ်မှတ်ဖော်ပြလေ့ရှိရာ အမည်ရှေ့ရှိ နာမဝိသေသနများကို အောက်ပါအတိုင်း သိရှိနိုင်ပါသည်။

**ဖုတ်** - အလုပ်လုပ်နိုင်သော ကျွန်ယောကျ်ား။

**င** - သာမန်အမည်၏ရှေ့တွင်သုံးသော ယခုခေတ် ဦး၊ ကို၊ မောင်၊ ငတို့နှင့်တူသော အသုံးအနှုန်း၊ ထိုခေတ်က 'င'သည် ယခုခေတ်ကဲ့သို့ နှိမ်ချသော အသုံးမဟုတ်ပါ။

**အိုဝ်၊ အိဝ်** - သာမန်အမျိုးသမီးအမည်ရှေ့ကတပ်သော ဒေါ်၊ မ၊ မိတို့နှင့် အလားတူ အသုံးအနှုန်း။

**အိမ်ထောင်ဝ်** - အိမ်ထောင်ဦးစီး။

**ငြီ၊ ငြီမ** - ညီ၊ ညီမ။

**များ၊ များငယ်** - မယား၊ မယားငယ်။

**ဖထိုဝ်** - ဖထွေး။

**နို့စိုဝ်၊ ပုစ** - နို့စို့နေသောကလေးငယ်။

**စာတတ်** - စားတတ်စ ကလေး (၁ နှစ်မှ ၄ နှစ်)

**အိုဖုခိ** - အိုးပုတ်ဖြင့် ကစားသော အရွယ် (၅ နှစ်မှ ၇ နှစ်)

**အမှုရ** - လက်တိုလက်စောင်းခိုင်းရသော (၈ နှစ်မှ ၁၂ နှစ်) အရွယ်။

**မျက်ရ**-မြက်ရိတ်နိုင်သောအရွယ် (၁၃ နှစ်မှ ၁၆ နှစ်) စသည်တို့ဖြစ်ပါသည်။

□

ဖော်ပြခဲ့ပြီးသော (က) လယ်မြေနှင့် ကျွန်မိသားစုတို့ တစ်ပေါင်းတည်းဖြစ်ခြင်း၊ (ခ) မြေဝယ်ယူရောင်းချလျှင်လျှလျှင် မြေပေါ်တွင်လုပ်ကိုင်သူမိသားစုပါ ကျွန်များအဖြစ်ပါဝင်သွားခြင်း၊ (ဂ) မြေပိုင်ရှင်'သင်ကြီး'များသည် မြေ (တစ်ပါတည်းလယ်ကျွန်းများကိုပါ) ဝယ်ယူ၍ လယ်ယာကုန်ထုတ်လုပ်မှုကို ကွပ်ကဲစီမံနေသော အရင်းရှင်ကြီးများဖြစ်နေခြင်းကို ကမ္ပည်းကျောက်စာအလှူမှတ်တမ်းများဖြင့် ဖော်ပြပါမည်။

**□ မြစေတီ/ဂူပြောက်ကြီးကျောက်စာ**

မြန်မာဘာသာ၊ ပျူဘာသာ၊ မွန်ဘာသာနှင့် ပါဠိဘာသာတို့ဖြင့် ကောဇာနှစ် ၄၇၄ ခု (အေဒီ ၁၁၀၂ ခုနှစ်) ၌ ရေးထိုးသော ရာဇကုမာရမင်းသား၏ ကျောင်းစာမှာ မြန်မာစာ၏မှတ်တိုင်ဟု ပင် ခေါ်ဆိုရပါမည်။ ဤကျောက်စာပါ အပိုဒ်အချို့ကို ယခုခေတ် စကားပြေဖြင့် ဖော်ပြရလျှင်-

□ *ဤအရိမဒ္ဒနာပုရ်မည်သောပြည်နိုက်၊ ဗြိတြိဘုဝနာဒိကျမ္မမှရာဇ်မည်သူမင်း ဖြစ်၏။ ထိုမင်း ပယ်မယား တစ်ယောက်သော်ကား တြိလောကဝဋံသကာဒေဝီမည်၏။ ထိုပယ်မယား၏သားတမူလည်း ရာဇကုမာရ်မည်၏။ ထိုမင်း ကျွန်သုံးရွာတည်း ပယ်မယားပေး၏။ ထိုပယ်မယားသေခဲ့ရကား ထိုပယ်မယား၏ တန်ဆာနှင့် ကျွန်သုံးရွာကို ပယ်မယားသားအား ရာဇကုမာရ်ကိုပေးပေ၏။*

ဟု အစချီ၍ ကျန်စစ်သားမင်းကြီးသူ၏ချစ်လှစွာသောမိဖုရား သုံးလောကဦးဆောက်ပန်း (သမ္ဘူလ) နှင့် သားတော် ရာဇကုမာရ်တို့၏ကြည်နူးဖွယ်ရာမေတ္တာဇာတ်လမ်းကိုရေးထိုးခဲ့သည်။ ရှင်ဘုရင်ကြီးက မိဖုရားသေဆုံးသောအခါ ကျွန်သုံးရွာဖြစ်ကြသည့် ရပယ်ရွာ၊ ဟန်ဖို ရွာနှင့် သက်တို့နေသော မုနလောန်ရွာကြီးသုံးရွာ မင်းသားအား အမွေဆက်ခံစေပုံ၊ ရှင်ဘုရင်ကြီးအသက်အရွယ်ကြီးရင့်၍ သေလုနီးပါးနာနေချိန်၌ မင်းသားက မိမိရထားသော မိခင်၏တန်ဆာရတနာများကိုထုခွဲရောင်းချ၍ ရွှေဘုရားဆင်းတုတော်တစ်ဆူကို ထုလုပ်ပြီး ရှင်ဘုရင်ကြီးလက်တော်နှင့်ရေစက်ချကူသိုလ်ကောင်းမှုပြုလေသည်။ ထိုဆင်းတုတော်အား ဂူပြောက်ကြီး ဂူဘုရားကျောင်းတော်၌ ဌာပနာ၍ မိမိရထားသော ကျွန်သုံးရွာကို ဘုရားကြီးကာလရှည်စွာတည်တံ့စေရေးကို ရည်ရွယ်၍ အလုပ်အကျွေးပြုစေရန် ကျွန်သုံးရွာအား လှူလိုက်ကြောင်းကို ကမ္ပည်းထိုး ဖော်ပြရေးသားထားသည်။

**□ နရသိင်္ခဥစ္စနာမင်း၏ တောင်နန်းမိဖုရားကြီး အစောကျောက်စာ**

မိဖုရားကြီးသည် မြေ၊ ကျွန်၊ ဂူနီဘုရားရှင်ကိုတည်ခဲ့ရာတွင် ကုသိုလ်ကောင်းမှု



www.burmeseclassic.com

www.burmeseclassic.com

ကို ၆၀၃ ခု (အေဒီ ၁၂၄၂) ထိုးကျောက်စာတွင် လယ် ၂၆၀၊ ဥယျာဉ် ၂ ခု၊ ရွာ လယ်ကျွန် ၁၇၈ ဦးကို ဖော်ပြပြီး ပုဂံကျွန်များကိုမူ အမည်တပ်၍ ၎င်းတို့ ကျွမ်းကျင်သော နရည်းတြာသည်၊ စည်သည်ပညာသည်၊ ပန်တျာ စသည်ဖြင့် အမည်နာမနှင့်တွဲ၍ ဖော်ပြသည်ကို တွေ့ရသည်။ သီခြားထပ်၍ လှူသော အလှူစာရင်း၌လည်း ရွာကျွန်များကို လယ်နှင့်တွဲ၍ ဖော်ပြပြန်ပြီး ပုဂံကျွန်များကို အမည်နာမနှင့်တကွ ဖော်ပြသည်ကိုတွေ့ရှိရပါသည်။

❑ ကျစွာမင်းမိထွေးကျောက်စာ

မွေးဖွားစဉ် မိခင်မိဖုရားသေဆုံး၍ ကျစွာကလေးငယ်ကို မြောက်နန်းမိဖုရားက နို့တိုက်ကျွေးမွေးလာခဲ့ရာ ကျစွာမင်းဘုရင်ဖြစ်သောအခါ ထိုမိထွေးအား သီးသန့်လယ်မြေများပေးခဲ့ရုံသာမက မင်းသားကြီးသယ်ဗိလည်း ကွယ်လွန်သောအခါ အမွေစုများ၊ ဘွားတော်မိဖုရားကြီး အစောမြကန်၏ အမွေများကိုပါ မိထွေးတော်မိဖုရားကြီးအားလွှဲပေးခဲ့သည်။ ၆၀၁ ခုတွင် မိထွေးကြီးက ဘုရားကျောင်းများ ဆောက်လုပ်လှူဒါန်းရာ၌ မိမိ၏ဆင်လွှတ်ရွာလယ်မြေပယ် ၉၀၀ နှင့်အတူ ကျွန်မိန်းမ ၆၉၊ ကျွန်ယောကျ်ား ၃၇ ဦးတို့အား ဘုရားသို့ လှူရာတွင် အမည်များဖော်ထုတ်ရေးသားခဲ့သော်လည်း အမွေရသောလယ်မြေများကို ဖော်ပြရာ၌ ၎င်းလယ်ကျွန်ဦးရေများကိုသာ သာမန်ဖော်ပြ၍ မြေကွက်ပေါ်ရှိ ကျွန်များဟု သဘောသက်ရောက်စေပါသည်။

❑ သံပျင်အလောဇိရစ်ဒါနပတိမောင်နှံကျောက်စာ

သက္ကရာဇ် ၆၀၄ ခုတွင် ကူမဲတောင်တောကျောင်းအလှူတွင် အချို့သောမြေကွက်များကို ဖော်ပြရာ၌ လယ်များကို ဖော်ပြပြီး ကျွန်အကုန်ဟုရေးသည်မျိုးလည်းတွေ့ရသည်။

❑ ညောင်ရမ်းကြီးသမီး၏ အလှူကျောက်စာများ

ညောင်ရမ်းကြီးသမီး၊ မင်းသားကြီး ကက်သူ၏မယားသည် အိမ်ရာကျောင်းဘုရား၊ တောကျောင်းဘုရားနှင့် မိခင်၊ မိကြီးအိုထက်ပြည့်သင်အိမ်ရာကျောင်းဘုရားများ၌ အလှူပေးရာတွင်မူ ပုဂံကျွန်များသာမက လယ်ယာကျွန်များအမည်နှင့် လယ်ယာများကို သေချာစွာ ဖော်ပြထားသည်။

❑ မင်းသမီးအစောကြွမ်းကျောက်စာ

ဥစ္စနာမင်းနှင့် သမ္ဘူလ (သုံးလူတြိလောကစန္ဒာ) မိဖုရားတို့ သမီးတော်ကြီး အစောကြွမ်း သက္ကရာဇ် ၆၂၀ (၆၁၀ မဟုတ်ပါ) တွင် မိမိပိုင် ပုဂံကျွန် ၁၁၆ ဦးအပါအဝင် ကျွန်စုစုပေါင်း ၁၂၅၀၊ လယ်ပယ်ပေါင်း ၃၇၇၉ တို့ကို မိမိပြုသောဘုရား၊ ပိဋကတ်တိုက်နှင့် သယ်အုတ်ကျောင်းကြီးတို့အတွက် လှူခဲ့ပါသည်။

ဤအလှူအတွက် ရေးထိုးသောကျောက်စာ၌ လယ်ယာများရှိရာဒေသ၊ လယ်ဝယ်အကျယ်အဝန်းနှင့် ၎င်းတို့အပေါ်၌ ထွန်ယက်စိုက်ပျိုးရသော လယ်ယာကျွန်ဦးရေများကို အသေးစိတ်ခွဲခြားဖော်ပြခဲ့ပါသည်။ ပုဂံ၌ ကျွန်များကိုမူ အမည်နာမပါတပ်၍ဖော်ပြခဲ့သည်။ မိမိ၏အနီးအပါးခိုင်းစေသော ပုဂံကျွန် (အိမ်ကျွန်) မိန်းမ ၂၂ ဦး၊ ယောကျ်ား ၂၄ ဦးကိုလည်း ကျွန်ဘဝမှ လွှတ်ပေး၍ ၎င်းတို့အား မိမိကောင်းမှုကို ထောက်ပံ့ကြရန် တိုက်တွန်းထားခဲ့ပါသည်။ ဤကျောက်စာတွင် ကျွန်များနှင့် မြေယာများ ဒွန်တွဲနေမှုကို ပေါ်လွင်ဆုံးဖော်ပြရာ . . .

၎င်းကျောက်စာ၌ -

ကျောက်ဆုကြီးလယ် ပယ်၈၀ - ကျွန် ၁၆၈။

ကျောက်ဆည်ငယ်လယ်ပယ်၃၃၀- ကျွန် ၁၉၅။

ကျောက်တံခါးလယ် ပယ်၈၀-ကျွန် ၅၁။

တောင်ပြုန်းလယ် ပယ် ၅၀- ကျွန် ၅။

ထနောင်းရွာသစ် ပယ် ၁၀၀ - ကျွန် ၅၀။

ပင်းတလဲလယ် ပယ် [illegible] - ကျွန် ၁၇။

ကန်တိလိလယ် ပယ် ၃၈၄- ကျွန် ၇၄။

မြင်းမူလယ် ပယ် ၅၀၀ - ကျွန် (၁၀၀) နှင့် ထေရ် (၅၀)။

ကူခန်းလယ် ပယ် ၂၀- ကျွန် ၁၃။

မပြင်းမြေ ပယ် ၁၀၀၀ - ကျွန်၅၀

စသည်ဖြင့် လယ်မြေနှင့်ကျွန်များတွဲ၍ပြသထားသည်မှာ မြေကွက်နှင့်ကျွန်တို့ ဒွန်တွဲလျက်ရှိသည်ကို ဖော်ပြသည်။

သက္ကရာဇ် ၆၅၀ ထိုး ဓမ္မရာဇကဘုရားကျောက်စာတွင်မူ မြေကွက်များနှင့်တွဲလျက် လယ်ကျွန်များအပြင် ခိုင်းနွားကောင်ရေပါ ဖော်ပြသည်ကို တွေ့ရပါသည်။

❑ ရဟန်းသံဃာတော်များနှင့်ပတ်သက်သောကျွန်များ

နယ်ပယ်ဒေသများ၌ လယ်ယာလုပ်ကွက်များနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ရသောကျွန်များဒွန်တွဲရှိနေမှုကိုတွေ့ရှိရပြီးနောက် ထိုလယ်ယာစိုက်ပျိုးရေးကျွန်ဦးရေတွင် ရဟန်းထေရ်များစာရင်းကိုပါထည့်ဝင်ပြသထားသည်ကို ကျောက်စာအချို့၌တွေ့ရ၍ နယ်တွင်ရှိသော လယ်ကျွန်များ၊ ရဟန်းခံခွင့်ရသည် သို့မဟုတ် လွတ်လပ်နေချိန်၌ မြေကွက်ပေါ်တွင် လုပ်ကိုင်စားသောက်သောသူများမှ ရဟန်းဖြစ်နေသူများကို မြေကွက်များ ဆုပေး၊ လက်ဆောင်ပေးခဲ့ရသောအခါ ကျွန်ဖြစ်သွားသူစာရင်း၌ ထည့်သွင်းခံရသည်ကိုမူ ကွဲပြားခြင်းမရှိပါ။ သို့သော် ကျွန်စာရင်းတွင် ရဟန်းများပါဝင်နေသည်ကိုတွေ့ရှိရပါသည်။

ဤသို့ ရဟန်းကို ကျွန်စာရင်းသွင်းခံရသလို တစ်ဖက်မှလည်း ထင်ရှားသောထေရ်ကြီးများ၌ ကျွန်အမြောက်အမြားပိုင်ဆိုင်နေသည်ကို ၅၁၂ ခုတွင် ရေးထိုးသော (မန္တလေးနန်းတွင်းရောက်ကျောက်စာအမှတ်-၁၄) တွင် မဟာထေရ်နာဂသမိန်သည် ကျွန် (၃၄) ယောက်နှင့် လယ်လှူကြောင်း ကမ္ပည်းရေးထိုးခဲ့ပါသည်။ အလားတူပင် ၅၄၇ ခုနှစ်တွင် နန်းတောင်းများမင်း၏မင်းဆရာသင်ကြီး ဓမ္မပါလ်ကို စနေသွန်ဘုရားကျောင်းများ အလှူလုပ်ပြီး ကုလားကျွန်(၂၄)ယောက်ကို လှူ၍ ရှင်ဘုရင်ကျန်းမာစေကြောင်း၊ အသက်ရှည်စေကြောင်းဆုတောင်းသောကျောက်စာတိုင်ရေးထိုးခဲ့ပါသည်။

ဤသည်တို့ကား မြန်မာ့ရာဇဝင်သမိုင်းကြောင်းထဲ၌ ရှိခဲ့ဖူးသည့် ကျွန်များအကြောင်း အရိပ်အမြွက်မျှသာဖြစ်ပါကြောင်းဟု ဆိုစကားပြုဆိုရင်းဖြင့်သာ။

ကိုရွှေမြသန်း

မှီငြမ်း -

ပုဂံဝန်ထောက်ဦးတင်၏
မြန်မာမင်းများအုပ်ချုပ်ပုံစာတမ်း

မောင်မောင်မြင့်၏
ပုဂံ အင်ပါယာမှ မင်းသုံးပါးနှင့် မင်းမိဖုရားခေတ်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ဉာဏ်ကြီး တစ်ယောက်တည်းခေါင်းကုတ်နေခဲ့သည်။ အကြောင်းရင်းက ခေါကြီးနှင့် ဇင်ကြီးမှာ သူပြောသည့်ကိစ္စကို မယုံရေချမယုံဟူ၍ ဆိုလိုက်ခြင်းပင်။ သူက တော့ ယုံကြည်သည်။ အဘိုးတေဇမှာ လိမ်ညာမည့်သူမဖြစ်နိုင်။ နောက်ပြီး အသက်အရွယ်အားဖြင့် လူကြီးပိုင်းဖြစ်၍ ငါးပါးသီလကို အထူးစောင့်ထိန်းမည် ဆိုတာကို သူသိသည်။

"ဉာဏ်ကြီး၊ ကိုဉာဏ်ကြီး ဘုန်းဘုန်း ဦးဉာဏခေါ်နေတယ်"

"မှန်ပါ့ဘုရား"

သူလည်း တွေးလက်စ အာရုံကို ဖြတ်၍ ဆွမ်းစားကျောင်းပေါ်မှဆင်းကာ ဆရာတော်ဘုရားကြီး သီတင်းသုံးရာ သိမ်ကျောင်းပေါ်သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့ရသည်။ ဆရာတော် ဘုရားမှာ သိမ်ကျောင်းအတွင်း၌ စင်္ကြံ လျှောက်နေသည်။

"တပည့်တော်ရောက်ပါပြီဘုရား"

ဆရာတော်ဘုရားကို ရှိခိုးပြီး နောက် လျှောက်ထားလိုက်သည်။

"တခြားတော့ အထွေအထူးမရှိ ပါဘူးကွယ်။ ဒါနဲ့ မင်းတို့ကြီးသုံးကြီး ပေါင်းပြီး မန်ကျည်းပင်ကြီးလှဲမလို့ဆို"

ဆရာတော်ဘုရား ဦးဉာဏထံမှ သူထင်မှတ်မထားသည့်စကားမို့ သူဘာ ပြန်လျှောက်၍ လျှောက်တင်ရမည်မသိ ဖြစ်သွားသည်။ ဒီသတင်းက တစ်ခဏ အတွင်းမှာ ဒီလောက်တောင်ပျံ့နှံ့သွားရ သည်တဲ့လား။ ထိုကိစ္စကို ဇင်ကြီးနှင့် ခေါကြီးတို့နှင့် သူအပါအဝင် သုံးယောက် သားတိုင်ပင်၍ စောနကလေးကပင် သူ ဆွမ်းစားကျောင်းပေါ်သို့တက်သွားရ တုန်းသာရှိသေး၏။ ယခုတော့ ဆရာ တော်ဘုရားကပါ သိ၍နေတော့သည်။

"ဘာလဲ၊ မင်းကအံ့ဩနေတာ လား။ အံ့ဩမနေနဲ့၊ ဘုန်းဘုန်းမှာကြား စရာလေးတွေရှိလို့ခေါ် လိုက်တာကွယ့်။ ဒါမျိုးဆိုတာ ဂရုစိုက်ရာယ်ကွယ့်။ ကိုယ် က သစ်ပင်လိုမြင်တွေ့ပေမယ့် အဲဒီ သစ်ပင်က အခြားတစ်စုံတစ်ဦးအတွက် မှီခိုအားထားရာနေရာအိမ်လည်းဖြစ်နေ နိုင်တာပဲ။ ဒီတော့ အကောင်းဆုံးက ဘာလုပ်လုပ် သတိနဲ့လုပ်ပေါ့ကွယ်။ ဘုန်းကြီးကျောင်းကိစ္စအတွက် ကုသိုလ် ရတာမှန်ပေမယ့် တစ်ဖက်က မမြင်အပ် တဲ့ ပုဂ္ဂိုလ်တွေကျေနပ်ဖို့ကလည်း လို သေးတယ် ကြားလားကွယ့်"

"မှန်ပါဘုရား"

"အေးအေး - ဒီလောက်ဆို ရပါပြီ။ ကိုင်း- သွားသွား၊ ဘုန်းဘုန်း ပြောတာ မမေ့နဲ့"

"မှန်ပါ့ဘုရား"

သူ ဆရာတော်ကြီးအား ရှိခိုးဦးချ ပြီး သိမ်ကျောင်းမှထွက်လာခဲ့သည်။ ကပ္ပိယကြီး အဘိုးတေဇမှာ ကြိုးကျစ် နေရာကနေ သူ့အားလှမ်းအသံပြုသည်။

"ဟေ့-မောင်ဉာဏ်ကြီး လာပါဦး ကွယ့်"

သူလည်း ကပ္ပိယကြီးအဘိုးတေဇ အနီးသို့ဝင်ထိုင်လိုက်ပြီး -

"အဘ ဆရာတော်ဘုရားကြီးက မန်ကျည်းပင်ကိစ္စ ဘယ်လိုသိ သွားရတာတုံး"

"အေးအေး- အဲဒီကိစ္စကို အဘိုး ပြောချင်လို့ခေါ် လိုက်တာပေါ့ကွယ့်။ စောန ကတုန်းကပဲ ဆရာတော်က အဘိုးကို ခေါ်ပြီးပြောပြီးသွားပြီ။ဆရာတော်ဘုရား ကို တစ်စုံတစ်ယောက်ကလာပြီးမခုတ်ဖို့ မေတ္တာရပ်ခံတယ်တဲ့"

"ဗျာ"

သူအံ့ဩသွားသည်။

"ဒါ. . . ဒါဆို အဘိုးပြောနေကျ ဝတ်ဖြူစင်ကြယ်ဘိုးတော်ကြီးပဲနေမှာ ပေါ့"

သူ့စကားကို ကပ္ပိယကြီးဘိုးတေဇ မှာပြုံးလျက် ခေါင်းညိတ်ပြသည်။

သူဘာမှမစဉ်းစားတတ်တော့ပေ။ ထိုကိစ္စက ဤမျှလောက် ရှုပ်ထွေးသွားရ သည်ကို သူမသိ။ သူသိသည်က ဘုန်း ကြီးကျောင်းအုတ်တံတိုင်းခတ်ရန်မလွတ် သော နှစ်ချို့မန်ကျည်းပင်ကြီးကိုခုတ်ရှင်း ဖယ်ရှားရမည်ဆိုတာကိုပင်။ သို့သော် ဘုန်းကြီးနှင့် ခေါကြီးတို့ထက် သူပိုသိရသည်က အဘိုးတေဇ ပြောနေကျ ပုံပြင်တစ်ပုဒ်အကြောင်း ပင်။

ပုံပြင်မှာ -

□

"ဆရာတော်ဘုရား တရားထိုင် တာ အဆင်ပြေရဲ့လားဘုရား"

အသံမှာ ကြည်လင်ပြတ်သားပြီး ထက်မြက်သည့်လူပုဂ္ဂိုလ်တစ်ဦး၏အသံ ဖြစ်သည်။ သိမ်ကျောင်းဆောင်အတွင်း သီတင်းသုံး တရားထိုင်နေသော ဆရာ တော်ဦးဉာဏမှာ ပြင်ပအနှောင့်အယှက် အသံကြောင့် တင်ပျဉ်ခွေထိုင်ခြင်း ပလ္လင်္ကရီယာပုထ်ကိုဖျက်၍ တရားသိမ်းကာ မျက်စိဖွင့်ကြည့်လိုက်သည်။

သိမ်ကျောင်းဆောင်၏တံခါးဝ၌ လူပုဂ္ဂိုလ်တစ်ဦး အသက်အရွယ်အားဖြင့် (၇၀)ခန့်ရှိပြီး တစ်ကိုယ်လုံး အဖြူရောင် ဝင်းထိန်နေသည့်ဝတ်ရုံဖြူမုတ်ဆိတ်ဖြူ ဆံပင်ဖြူနှင့် -

"ဒကာကြီးက ဘယ်အရပ်ဌာနေ ကလဲ"

ဆရာတော်ဦးဉာဏ၏မေးခွန်းကို ဝတ်ရုံအဖြူနှင့်ဘိုးတော်မှာ လက်အုပ်ချီ



www.burmeseclassic.com

www.burmeseclassic.com



မှန်ပေသည်။

ဆရာတော်ဦးဉာဏထံသို့ မနေ့တစ်နေ့ကတင် သရဲခြောက်သည်ဟူသောသတင်းကနား၀သို့ရောက်ခဲ့သည်။

"ဒကာကြီး နေထိုင်ရတာ အဆင်ပြေရဲ့လား"

"မှန်ပါ့၊ ဆရာတော်ဘုရား ဘုန်းတန်ခိုးကြောင့် အစစအဆင်ပြေလာပါတယ်ဘုရား။ သို့ပေတည့် ကိစ္စတစ်ခုတော့ရှိနေပါတယ်"

ဆရာတော်ဘုရားကြီးဦးဉာဏမှာ ပတီးကိုအာရုံပြုစိပ်လျက် မျက်စိမှိတ်လိုက်ပြီး-

"အေးအေး-လျှောက်ထားကွယ့်။ ဒါမျိုးအခြေအနေဆိုတာတွေ့ခွင့်ဆုံတုန်း ပြောရတာကွယ့်"

"မှန်လှပါ၊ တပည့်တော်တူကို တပည့်တော်မနိုင်ပါဘူး ဘုရား။ ထိန်းရခက်ပါတယ်။ တပည့်တော်က ဆရာတော်ဘုရား တရားထိုင်ချိန်ဆို နေ့စဉ်အစောင့်အဖြစ်လာရောက်ရပါတယ်။ ဒီလိုအချိန်ဆို တပည့်တော်တူဖြစ်သူက အထိန်းအကွပ်မဲ့ပါတယ်။ သူထင်ရာစိတ်ပေါက်ရာလုပ်တော့တာပဲ ဘုရား"

"အင်း - ခက်တယ်ကွယ့်။ လူ့ဘောင်လောကီအရေးတွေရှုပ်ထွေးတာ ဘုန်ဘုန်းသိပါတယ်ကွယ်။ ဒါပေမယ့် မထိန်းသိမ်းနိုင်ပေမယ့် ဆုံးမဖို့တော့ လိုအပ်တာပေါ့ကွယ်"

"မှန်ပါဘုရား၊ တပည့်တော်တာ၀န်ပြုပါမယ်ဘုရား။ တပည့်တော်အသိပေးလျှောက်ထားတာကလည်း တူလေးမှာမေတ္တာဓာတ်လိုအပ်နေပါတယ်ဘုရား"

ဝတ်ရုံဖြူဘိုးတော်၏လျှောက်ထားချက်ကို ဆရာတော်ဦးဉာဏ ခေါင်းညိတ်ရုံသာလက်ခံတော်မူပြီး -

"အင်း- သတ္တ၀ါဟူသမျှ မေတ္တာရကြဖို့ အမျှပို့ဝေရမှာပေါ့။ ကိုင်းကိုင်း- ဘုန်းဘုန်းလည်း တရားကိစ္စမပြီးသေးဘူးကွယ့်"

# ချင်းတွင်းရေလှိုင်း

## ရကွပ်ုင်းကြီး၏ မန်ကျည်းတစ်ပင်ရဲ့မြေနေရာ

လျက် -

"မှန်ပါဘုရား၊ ကျွန်တော်မျိုးကတော့ ဆရာတော်ဘုရားရဲ့ ကျောင်းအနောက်ထောင့်မန်ကျည်းပင်ကြီးမှာ နေပါတယ်ဘုရား"

"ဟေ"

ဝတ်ရုံဖြူဘိုးတော်၏ လျှောက်ထားချက်ကြောင့် ဆရာတော်ဦးဉာဏမှာ အာမေဋိတ်သံထွက်သွားသည်။ပြီးမှ-

"ဟုတ်ရဲ့လားကွယ့်"

ဆရာတော့်မေးခွန်းမှာ သံသယသံပါနေပြီး တစ်ခုခုသိရှိထားသလို -

"မှန်ပါ၊ ဟုတ်ပါတယ် ဘုရား။ တပည့်တော်တစ်ဦးတည်းတော့မဟုတ်ပါဘူး။ တူအရင်းမကျွတ်မလွတ်သူတစ်ယောက်လည်းရှိပါသေးတယ် ဘုရား"

"ဪ အေးအေး - အဲဒီလိုလုပ်ပါကွယ့်"

"မှန်ပါ့၊ ခွင့်ပြုပါဦး ဘုရား"

ဝတ်ရုံဖြူဘိုးတော်မှာ ပြန်ခွင့်လျှောက်ထားပြီး တဒင်္ဂတွင် ဆရာတော်ဘုရားကြီး၏ မြင်ကွင်းမှ ပျောက်သွား၏။ အထက်ပါအကြောင်းအရာဖြစ်ပြီး နေ့စဉ်ညဆက် သိမ်ကျောင်းအတွင်း၌ ညသန်းခေါင်ယံဆို လင်း၍ထိန်နေတတ်သည်။ တစ်ခါတစ်ခါ သိမ်ကျောင်းဆောင်ဆရာတော်ဘုရားကြီး၏ဩ၀ါဒစကားသံတချို့ကြားနေရတတ်ပေသည်။ ထိုသည်ကားရန်မျိုးအောင် ဘုန်းကြီးကျောင်းတိုက်ထူးခြားသည့်ဖြစ်ရပ်ဆန်းတစ်ခု အဖြိုလိုက်ခြင်း ဖြစ်ပေသည်။ ကပိုယ်ကြီးအဘိုးတေဇမှာတော့ ဆရာတော်ဘုရားကြီး၏ အနီးနေတပည့်ဖြစ်သည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com

အကုန်လုံးကြားသိနေပေသည်။ ရန်မျိုးအောင်ဘုန်းတော်ကြီးကျောင်းအတွင်း၌ ဒုလ္လဘရဟန်းနှစ်ပါးနှင့် နေမြကိုရင်ကြီးနှစ်ပါး၊ ကိုရင်ငယ်လေးတစ်ပါး၊ ကပ္ပိယကြီးအဘိုးတေဇအပါအဝင် ကျောင်းဝင်းအတွင်းသီတင်းသုံးနေထိုင်သူမှာ ခုနစ်ဦးမျှသာရှိ၏။ ယခုဖြစ်ပျက်နေသောအဖြစ်အပျက်ကို အတွင်းကျကျသိရှိသူဟူ၍ ကပ္ပိယကြီးဘိုးတေဇတစ်ဦးသာလျှင်ရှိခဲ့သည်။

ယခုတော့ ထိုကိစ္စများကို ကပ္ပိယကြီးဘိုးတေဇမှာ ပုံတိုပတ်စသဖွယ် ဆရာတော်ဦးဉာဏ၏ မြေးအရင်းဖြစ်သူ ဉာဏ်ကြီးကို တစ်နေ့တစ်မျိုးမရိုးနိုင်အောင်ပြောနေခဲ့သည်။

❑

ယနေ့တော့ -

ဉာဏ်ကြီးကပေါက်ပြားနှင့်တောင်းကိုကိုင်လျက် ဇင်ကြီးနှင့်ခေကြီးမှာ ဓားမကြီးခွေနှင့် ဒုလ္လဘဦးပဥ္စင်းကလေးဦးတေဇိန်ခေါ် ဦးပေါက်စီမှာ မန်ကျည်းပင် အထက်သို့တက်၍ မလိုအပ်သည့်သစ်ကိုင်းငယ်များကိုခုတ်ဖြတ်၍ ပင်စည်ကို လိုရာခုတ်လှဲနိုင်ရန် အကိုင်းအခက်များသို့ ကြိုးသွယ်လျက်ရှိတော့သည်။

"ဘယ်လိုလဲ ဉာဏ်ကြီး၊ မင့်ကောင် ဘိုးတော်ဖြူကြီး တုတ်တုတ်မျှမလှုပ်ပါလားကွ ဟဲဟဲ"

"အေးလေ - ဘယ်လုပ်နိုင်မလဲ ဇင်ကြီးရာ၊ နေ့ခင်းကြောင်တောင်ကြီး ဘယ်နာနာဘာဝမှ ဘာမှမလုပ်နိုင်ပါဘူးကွာ"

ဇင်ကြီးနှင့်ခေကြီးကတော့ လက်ကလုပ်၊ ပါးစပ်ကလည်း ဉာဏ်ကြီး၏ပြောစကားများကို လှောင်ပြောင်နေသေးသည်။ ထိုသည်ကို ဉာဏ်ကြီးမမှုပါ။ စိတ်ထဲ၌ ဆရာတော်ဘုရားကြီးပြောပြသည့် စကားတစ်ခွန်းကိုသတိရပြီး နှုတ်မှလည်း-

"ကျောင်းအတွက် သစ်ပင်ကိုခုတ်လှဲတယ်ဆိုပေမယ့် အခြားသတ္တဝါတွေအတွက် အမှီသဟဲပြုရာ တည်ခိုရာဘုံဗိမာန်ကြီး ခုတ်လှဲဖျက်ဆီးခံရတာပဲ ကျွန်တော် စိတ်မကောင်းပါဘူး ဝတ်ဖြူစင်ကြယ်ဘိုးဘိုးရယ်"

ထိုအခိုက်တန့်လေးတွင် သူတူးနေသော သစ်မြစ်ခြေမှ မြွေတစ်ကောင်လျှော၍ပြေးထွက်သွား၏။ သူ့နှုတ်မှ လွတ်ခနဲ -

"ဟာ - မြွေကြီး၊ မြွေကြီး"

"ဘယ်မှာလဲ ဘယ်မှာလဲ၊ ဖယ် ဖယ် ကြည့်ရအောင်"

ခေကြီးမှာ လူးလူးလဲလဲ သစ်ပင်ပေါ်မှဆင်းလာပြီး မြွေပြေးသွားနေရာကို လိုက်ကြည့်သည်။

"ငန်းတော်ကျားမြွေဖြစ်မယ်ကွ ခေကြီး၊ အဝါရောင်အကွင်းအကွင်းနဲ့ကွ"

"ဘယ်ကလာ သံကွင်းစွပ်ထင်တယ်"

"ဘယ်မှာတုံးငါလည်းကြည့်မယ်"

ဉာဏ်ကြီးနှင့်ခေကြီးပြောနေတုန်း သန့်ဇင်က အားမလိုအားမရ သစ်ပင်ပေါ်မှဆင်းလာပြီး ခေကြီးအနီးသို့ ပြေးကြည့်သည်။

ကျောင်းတွင်ရှိ ဒုလ္လဘဦးပဥ္စင်းမှရောက်လာပြီး -

"ဟေ့ - ဒကာတို့ မလုပ်နဲ့မလုပ်နဲ့၊ မသတ်ကြနဲ့၊ ပါဏာတိပါတကျူးလွန်ရာကျမယ်"

မြွေကတော့ ငန်းတော်ကျားမြွေဖြစ်သော်လည်း မျက်စိရှေ့တွင်းအတွင်းဝင်သွားသည်။ မြေကျင်းက မြေစာပုံဖြစ်နေသည်မို့ ဇင်ကြီးက ဉာဏ်ကြီးလက်ထဲမှပေါက်ပြားကို အတင်းဆွဲယူလျက်-

"ဖယ်ကွာ ရှုပ်တယ်။ အရှင်ထားရင် အန္တရာယ်များတယ်။ ဟေ့ကောင်ဉာဏ်ကြီး နောက်ဆုတ်ကွာ"

"ဟာ - ဇင်ကြီး မလုပ်နဲ့"

"ချကွာ၊ ပြီးကင်စားမယ်"

"ဒကာလေးဇင်ကြီး မလုပ်ပါနဲ့။ သူ့ဘာသာသူနေနေတဲ့ဟာကို"

ဦးပဥ္စင်းလေးတေဇိန်က တားမြစ်လိုက်သော်လည်းမရ။ ဇင်ကြီးလက်က သွက်သည်။ ပေါက်ပြားနှင့်မြွေကြီးက မိတ်ဆက်လျက်သား။ ဇင်ကြီး၏ပေါက်များအားချက်ကပြင်းသည်။ ပေါက်ပြားမှာ မြွေကြီးအတွင်းသို့နစ်ဝင်လျက်သား။ ထိုအခိုက် -

"ရှူး . . . . ရှူး"

မြွေကြီးမှာ မြေစာတွင်းအောက်မှ တိုးထွက်လာပြီး ခေါင်းထောင်ပြီး မာန်ဖီကာ ဘယ်ညာယိမ်းသည်။

"ရိုက်ရိုက် - ဇင်ကြီးရိုက်၊ အဲဒီအကောင်ပေါက်လိမ့်မယ်"

ခေကြီးမှာ အလန့်တကြားနှင့် တံမြက်စည်းတံအရိုးကိုကိုင်ကာ ဇင်ကြီးနံဘေးဝင်ရပ်ပြီး မြွေကို တုတ်နှင့်ကာထိုးသည်။

"ရှူး . . . ရှူး . . . ရှူး"

မြွေကြီးမှာ နှာမှုတ်လျက် အတော်ပင် မာန်ဖီသည်။

ထိုအခိုက် -

"ဂျွက် . . . . ဂွတ် . . . ဝုန်း"

ထင်မှတ်မထားသောအဖြစ်တစ်ခုကဖြစ်လေပြီ။ မန်ကျည်းပင်၏ညာဘက်အစွန်း စောနက ဇင်ကြီးနှင့်ခေကြီးတက်နေသောပေါင်လုံးလောက်ခန့်ရှိ မန်ကျည်းကိုင်းမှာကျိုးကျသည်။

"ဟာ - ရှောင် . . . ရှောင်"

"ဘုရား . . . ဘုရား"

"ဟာ - ကံသီလို့ နည်းနည်းလေးပဲကွာတယ်"

ဇင်ကြီး၊ ခေကြီး၊ ဉာဏ်ကြီးတို့သုံးယောက်စလုံးသည် အပေါ်မှကျိုးကျလာသော မန်ကျည်းပင်အကိုင်းကို အာရုံရောက်သွားခိုက်တွင် မြွေကြီးမှာ ဘယ်ရောက်သွားသည်မသိ။ ဉာဏ်ကြီးပြန်လှည့်ကြည့်တော့မရှိတော့။ အားလုံးမှာ အံ့ဩသွား၏။ ဇင်ကြီးနှင့် ခေကြီးမှာတော့ ကံသီ၍သာ။ မြွေကိုမြင်လျှင် သစ်ပင်ပေါ်မှဆင်းခဲ့ခြင်းနှင့် မြွေ၏အနီးသို့ ရောက်ရှိနေခြင်းက အတော်ပင်ကံကောင်းသွားခဲ့သည်။ ယခင်အနေအထားအတိုင်းဆိုလျှင် သစ်ကိုင်းကျိုးကျရာနေရာ၌ ဇင်ကြီးနှင့်ခေကြီးတို့ ပြုတ်ကျလာမည်မှာမလွဲ။ ယခုတော့ အတော်ပင် ကံကောင်းသွားသည်။ ဦးပဥ္စင်းလေးတေဇိန်နှင့်အတူ ကပ္ပိယကြီးဘိုးတေဇရောက်လာပြီး ကျိုးကျလာသောသစ်ကိုင်းကိုသာ ရှင်းလင်းခုတ်ထွင်းရန်ပြောဆိုပြီး အလုပ်လက်စသိမ်းလိုက်သည်။ ထိုနေ့က ဘုန်းကြီးကျောင်းမှအပြန် ဇင်ကြီးနှင့် ခေကြီးမှာ ဘာအသံမှထွက်မလာ။ သူကတော့ ထုံးစံအတိုင်း ဆွမ်းစားကျောင်းပေါ်သို့သာတက်၍ အနားယူရပေတော့သည်။

❑

"ဆရာတော်ဘုရား၊ တပည့်တော်ကို လျှောက်ခွင့်ပြုတော်မူပါဘုရား"

ဆရာတော်ဦးဉာဏသည် သိမ်ကျောင်းအတွင်းရှိ ခုတင်ညောင်စောင်းပေါ်၌ သီတင်းသုံးနေရာမှ အသံကြားရာဆီသို့ စောင်းငဲ့ရင်း -

"အိမ်း . . . ဒကာကြီးက ဘယ်အကြောင်းအရာကိုလျှောက်ချင်တာတုံး"

"မှန်ပါဘုရား၊ မနေ့က မန်ကျည်းကိုင်းကျိုးကျတဲ့အကြောင်းရင်းပါဘုရား။ ခွင့်လွှတ်သနားဖို့ တပည့်တော်အဘိုးကြီးကပဲ မေတ္တာရပ်ခံလျှောက်ထားပါတယ်ဘုရား။ သည်းခံပေးတော်မူပါ"

ဘိုးတော်ဖြူမှာ ကိုယ်ယောင်ကိုယ်ဝါထွန်းလင်းလို့ သိမ်ကျောင်းဆောင်၏အခန်းထောင့်မှာ ဒူးတုပ်ခစားလျက် အနေထားနှင့်၊ ဆရာတော်ဦးဉာဏမှာ

www.burmeseclassic.com

အသာအယာခေါင်းညိတ်လျက် -

"အိမ်း - သတ္တဝါတစ်ခု ကံတစ်ခု ပဲကွယ့်။ ဦးပဥ္ဇင်းအနေနဲ့ ခွင့်လွှတ်ပါတယ်။ ဒါပေမယ့် သူပြုသည့်ကံကတော့ ဦးပဥ္ဇင်းလည်းမတားဆီးနိုင်ပေဘူး"

"မှန်ပါဘုရား၊ ဘုရားကျွန်တော်မျိုးလည်း ယခုဆိုလျှင် နှစ်ပေါင်း (၇၀၀) တိုင်ရှိပါပြီဘုရား။ တပည့်တော်ပြောင်းရတော့ပါမယ်ဘုရား။ တပည့်တော်နဲ့ ဆရာတော်ဘုရားဟာ လွန်ခဲ့တဲ့သုံးဘဝက ဆရာတပည့်တွေပါ ဘုရား။ ပညာပါရမီဉာဏ်အရာမှာ ဆရာဖြစ်သူ ဆရာတော်ဘုရားက ရင့်ကျက်သည်မို့ ယခုဘဝမှာ မျိုးစေ့မှန်ခဲ့ပါပြီဘုရား။ ဘုရားတပည့်တော်အနေနဲ့ ဘဝစဉ်ဆက် ဆွေမျိုးတော်စပ်ဖူးသည့် သံယောဇဉ်ကို ထောက်ရှု၍ တူမိုက်အတွက် အရိပ်ရ မန်ကျည်းပင်ကြီးကိုစွန့်တော်မူပါ ဘုရား"

ဝတ်ရုံဖြူဘိုးတော်၏ လျှောက်ထားချက်ကို ဆရာတော်ဦးဉာဏမှာ ညင်သာစွာ ဦးခေါင်းညိတ်လျက် -

"အင်း - ဒကာကြီးရဲ့မေတ္တာရပ်ခံချက်ကို ဦးပဥ္ဇင်း လက်ခံပေးပါမယ်။ ကံစီမံရာတော့ သူ့အတိုင်းရှိပါစေတော့"

"မှန်လှပါ ဘုရား၊ တပည့်တော် နောက်ဆုံးအကြိမ်အနေနဲ့ ရှိခိုးခဲ့ပါရစေဘုရား"

ထိုလျှောက်ထားသောအသံသည် ကပ္ပိယကြီးဘိုးတေဇနောက်ဆုံးကြားသိလိုက်ရသောအသံဖြစ်ပြီး သိမ်ကျောင်းအတွင်း၌ လုံးဝတိတ်ဆိတ်သွားသည့် အပြင် အလင်းရောင်သည် လျော့ကျသွား၏။ ကပ္ပိယကြီးဘိုးတေဇသည် ခေါင်းမြီးခြုံထားသောစောင်ကိုဖွင့်လျက် သိမ်ကျောင်းအတွင်းသို့ အသေအချာလိုက်ကြည့်လိုက်မိပြီး နှုတ်မှ မှတ်ချက်တစ်ခုချလိုက်သည်။

"အင်း - ဝတ်ရုံဖြူဘိုးတော်ကြီး တကယ်ပြန်သွားပြီပဲ"

❑

နံနက်ခင်း အလင်းရောက်တော့ ဇင်ကြီးနှင့် ခေကြီးတို့မှာ ပန်းရန်အလုပ်သမားများနှင့်ကျောင်းသို့ရောက်လာပြီး ကပ္ပိယကြီးဘိုးတေဇရှိရာ သိမ်ကျောင်းဆောင်အနီးသို့ တန်းတန်းမတ်မတ်လှမ်းလာကြသည်။ ထိုအချိန်၌ သူ့အနေနှင့် နံနက်ခင်း စောစောစီးစီး ဆရာတော်ဘုရားကြီးဦးဉာဏကျိန်းနေရာမှနိုးလာလျှင် မျက်နှာသစ်ရေဆက်ကပ်ရန် လိုအပ်သည်များကို ပြင်ဆင်နေရချိန်ဖြစ်သည်။

"ဉာဏ်ကြီး၊ ကပ္ပိယကြီးဘိုးတေဇ မရှိဘူးလား"

သူလည်း ရုတ်တရက် ထင်မှတ်မထားသည့် ဇင်ကြီး၏အသံမို့ အံ့သြစွာလှည့်ငေးရင်း -

"ဟာ - အစောကြီးပါလား။ အံမယ် ပန်းရန်ဆရာတွေရောပဲ။ ရှိပါတယ် အဘိုးကပ္ပိယကြီး ဟင်းပေါင်းအိုးသွားနွှေးနေတယ်"

"ဟုတ်လား - ဒါဆို မီးဖိုဆောင်မှာပေါ့"

"အေးလေ - ဒါနဲ့ စောစောစီးစီး ဘာကိစ္စရှိလို့တုံး"

"ကျောင်းအုတ်တံတိုင်းခတ်မလို့"

"ဟင်"

ဇင်ကြီး၏အဖြေကြောင့် သူအံ့အားသင့်သွားသည်။ ဇင်ကြီးကတော့ ဘာမှမဖြစ်သလို ကပ္ပိယကြီးဘိုးတေဇရှိရာ ဆွမ်းချက်ဆောင်သို့ထွက်သွားလေတော့သည်။

သူမှာ နံနက်ပြုဖွယ်ကိစ္စမှန်သမျှကို အလျင်အမြန်ပြုလုပ်ပြီး ကျောင်းဆောင့်ရှိ မန်ကျည်းပင်ကြီးရှိရာသို့ အပြေးတစ်ပိုင်းလှမ်းထွက်လာမိသည်။ ကျောင်းဆောင့်သို့ရောက်တော့ သူမြင်လိုက်ရသည့်မြင်ကွင်းမှာ -

ကပ္ပိယကြီးဘိုးတေဇမှာ လက်ညှိုးညွှန်၍ ဟိုထိုးဒီထိုးနှင့်စေခိုင်းနေသည်။ ဇင်ကြီးနှင့်ခေကြီးမှာ ဂေါ်ပြားတစ်ကိုင် ပေါက်တူးတစ်နိုင်နှင့် မြေကျင်းတူး၍ လိုင်းကျွန်းအခြေခံအုတ်မြစ်ချဖို့ရန်အတွက် လုံးပမ်းနေကြသည်။ ပန်းရန်ဆရာနှင့် နောက်လိုက်အဖွဲ့ဖြစ်သော ရာသိန်းတို့ အုပ်စုမှာအင်္ဂတေစပ်နေကြသည်။ အုတ်များမှာ မန်ကျည်းပင်အနီးပုံလို့။ ကပ္ပိယကြီးဘိုးတေဇမှာ ပြောဆိုနေရာမှ သူ့ကို လှမ်းမြင်သွားပြီး -

"အေးအေး - မောင်ဉာဏ်ကြီး လာပော့၊ မင့်လုပ်အားလည်းလိုတယ်"

"ဗျာ"

သူ အံ့သြသွားသည်။ မန်ကျည်းပင်မခုတ်ဖို့ သူ့ကို ကပ္ပိယကြီးမှတားမြစ်ခဲ့သည်။ ယခုတော့ သူ့အား လုပ်အားအလိုရှိနေသည်တဲ့။

"အဟဲ - မင့်ကဘာတွေးပြီးလန့်ဖျပ်သွားတာလဲ ဉာဏ်ကြီးရဲ့။ မဗျာပါနဲ့ကွ ဟဲဟဲ"

"ဟုတ်တယ်ဟေ့ ဉာဏ်ကြီးရေ၊ မင့်ဘာမှစိတ်ပူမနေနဲ့။ ငါတို့က မင့်ထင်သလိုမဟုတ်ဘူး၊ ဟိုမှာကြည့်"

သူလည်း ဇင်ကြီးလက်ညှိုးထိုးပြသည့်နေရာကြည့်လိုက်တော့မှ အံ့သြသွားသည်။ မြေလိုင်းကျွန်းမှာ မန်ကျည်းပင်ကြီးကို ကွေ့ပတ်တူးဖော်လို့။

"တဲ - တွေ့ပြီဆိုလာကွာ ဉာဏ်ကြီး၊ မင့်လုပ်အားနဲ့ကူသိလ်ပြုဦးကွာ"

ဟူ၍ ခေကြီး အသံပြုလိုက်မှ သူလည်း ဝမ်းသာအားရနှင့် ခါးတောင်းကို မြှောင်နေအောင်ကျိုက်၍ ပျော်ရွှင်စွာနှင့်ပင် မြေကြီးကျွန်းတူးလိုက်တော့၏။ ကပ္ပိယကြီးဘိုးတေဇမှာတော့ တဟဲဟဲနှင့် ဆေးတံရှိုးခဲရန် မီးညှိနေတော့သည်။

❑

ယနေ့သည် ဝါဆိုလပြည့်ညဖြစ်သည့်အလျောက် လမင်းကြီးသည် ညဉ့်ကောင်းကင်ယံ၌ ဝင်းထိန်နေအောင် သာယာတွန်းလင်းလှပေသည်။ ရန်မျိုးအောင်အရှေ့ကျောင်းတိုက်ရှိသိမ်ကျောင်းခမ္မာရုံအတွင်း၌ကား -

"ဒကာလေး အခုရက်ပိုင်းအခြေအနေဘာထူးသေးလဲကွယ့်"

"မှန်လှပါ ဘုရား၊ တပည့်တော်စိတ်တွေ အရင်ကနဲ့မတူတော့တာကို သိခွင့်ရပါတယ်ဘုရား"

"ဩော် အေးအေး - ညစဉ်ညတိုင်း အဘဘုန်းပေးတဲ့ သမ္ဗုဒ္ဓေဂါထာတော်ကြီးငါးပုဒ်ကိုကော ရွတ်ဖြစ်ရဲ့လား"

"မှန်ပါ၊ ထိုဂါထာအကျိုးကျေးဇူးကြောင့် ဘုရားတပည့်တော် ယခု ဘုံဗိမာန်အပိုင်စားရနေပါပြီဘုရား"

"အေးကွယ်၊ ဒီလိုဖြစ်ရမှာပေါ့။ ဘုရားကျေးဇူး၊ တရားကျေးဇူး၊ သံဃာကျေးဇူးတွေကမမေ့ကောင်းဘူး။ အကျိုးပေးကြီးတယ်"

"မှန်လှပါဘုရား၊ တပည့်တော် ဒီနေ့တရားအဆင့်တိုးခွင့်ပြုပါဘုရား"

ထိုလျှောက်ထားအသံအပြီး သိမ်ကျောင်းတစ်ခုလုံး အုပ်ကျသံပင်ကြားလောက်အောင်ပင် ငြိမ်သက်တိတ်ဆိတ်သွားသည်။ ကပ္ပိယကြီးဘိုးတေဇနှင့် ကြီးသုံးကြီးစလုံးမှာ တစ်ဦးမျက်နှာတစ်ဦးကြည့်ပြီး အတွေးကိုယ်စီနှင့် အမြုံးတွေဝေလို့။

လောက၌ မည်မျှအတ္တကြီးစိုးသူဖြစ်ပါစေ၊ မည်မျှဆိုးသွမ်း မိုက်မဲသူဖြစ်ပါစေ တစ်နေ့နေ့တစ်ချိန်ချိန်၌ နောင်တဟူသော အတွေးအသိများနှင့် မြတ်ဗုဒ္ဓ၏တရားအဆုံးအမ၌ တည်ခဲ့ပါမူ . . .

"သာဓု သာဓု သာဓု"

ဆရာတော်ဘုရားကြီးဦးဉာဏ၏ သာဓုသုံးကြိမ်ခေါ်သံသည် သိမ်ကျောင်းတစ်ခုလုံးသာမက အထက်ညဉ့်တစ်ခုလုံးညံလို့။

ချမ်းတွင်းရေဝှိုင်း

www.burmeseclassic.com

ဆွေခုနစ်ဆက် ဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ ဘဲ၊ ဘော။ မျိုးခုနစ်ဆက် သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ဆက် ဟူ၍ ရှေးလူကြီးများ အခေါ် အဝေါ်ရှိခဲ့၏။ စာရေးသူ၏ ဆွေခုနစ်ဆက်မျိုးခုနစ်ဆက်တို့သည် ဗြိတိသျှ အစိုးရ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အုပ်ချုပ်ခဲ့ကြစဉ်က သူကြီးမျိုးရိုးများ ဖြစ်ကြ၏။

အလွန် အေးချမ်းသာယာလှ၍ အရိပ်အာဝါသကောင်း၊ စိုက်ပျိုး၍ ကောင်းလှသော ရွာကြီးတစ်ရွာရှိ၏။ ထိုရွာကြီးအမည်ကား ညောင်ပင်ကြီးရွာ ဟုတွင်၏။

အောက်မြန်မာနိုင်ငံတော်ကြီးရှိ ပဲခူးတိုင်းဒေသကြီးတစ်ခုတွင်တည်ရှိ၏။ စစ်တောင်းမြစ်ကြီး၏ မြေဩဇာကောင်းမွန်လှသော ကမ်းနဖူးပေါ်တွင် တည်ရှိသည့် ရွာကြီးတစ်ရွာလည်း ဖြစ်၏။ ထိုညောင်ပင်ကြီးရွာကြီးကို အင်္ဂလိပ်တို့က VILLAGE ဟု ခေါ်၏။

ညောင်ပင်ကြီးရွာကြီး၏ ဘေးပတ်ဝန်းကျင်တွင်ရှိကြသော ညောင်ပင်လေးရွာ၊ လေးအိမ်စုရွာ၊ ကျွဲတစ်ထောင်ရွာ၊ နွားဝှေ့ရွာ၊ သရက်ပင်စုရွာ၊ သက်ကယ်ကုန်းရွာ၊ မြစ်ဆိပ်ရွာ၊ ငှက်ပျောပင်စုရွာ၊ ကုရင်စုရွာ၊ စံဖဲရွာ၊ သိုက်တူးကုန်းရွာ စသည့် စသည့်ရွာလေးများကိုတော့ အင်္ဂလိပ်တို့က VILLAGE TRACKS ဟု ခေါ်ဝေါ်၏။

ဗြိတိသျှအစိုးရလက်ထက်တွင် ညောင်ပင်ကြီးရွာကြီးကို အုပ်ချုပ်သော ရွာသူကြီးသည် စာရေးသူ၏အဘိုးဖြစ်၏။ အဘိုးတို့မျိုးရိုးသည် ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် သူကြီးမျိုးရိုးများဖြစ်ကြ၏။

ရွာသူကြီးအဘိုး၏ အမည်ကား ဦးဘမင်းဖြစ်၏။ ဆယ်ရွာအုပ်သူကြီးဟုလည်းခေါ် ဆိုကြ၏။ အဘိုးတွင် အင်္ဂလိပ်အစိုးရကပေးထားသော နှစ်လုံးပြူး သေနတ်တစ်လက်လည်းရှိ၏။

အဘိုး၏အဖေသူကြီးလက်ထက်က ဆုရရှိထားသော ငွေစလွယ်ဓားကြီးတစ်ချောင်းနှင့်နာမည်ကောင်းလက်မှတ်များလည်း အမြောက်အမြားရှိ၏။

စာရေးသူငယ်ငယ်က အဘိုးကို မြင်ဖူးလိုက်၏။ အဘိုးသူကြီးဦးဘမင်းသည် ကာယဗလထွားကျိုင်းလှ၏။ အရပ်မြင့်မြင့်၊ ဥပဓိရုပ်ကောင်းကောင်း၊ အသားဖြူဖြူ၊ နှုတ်ခမ်းမွေးကကားကားရှိ၏။

ညောင်ပင်ကြီးတစ်ရွာလုံးက အဘိုးကို ကြောက်ချစ်ရိုသေကြ၏။

အဘိုးသည် ရွာသူရွာသားများကို ကျောသားရင်သားမခွဲဘဲ သူ၏ဆွေမျိုးသားချင်းများသဖွယ် သဘောထား၍ အုပ်ချုပ်၏။ မရှိသူကို ပေးကမ်းစွန့်ကြဲ၏။ တော်သူကို မြှောက်စား၏။

# မင်းမြတ်သိဟ

## သေနတ်မိုးမကူးတဲ့ အဆောင်လေး



www.burmeseclassic.com

အဘိုးအုပ်ချုပ်သော ရွာကြီးမှာ အရက်မချက်ရ၊ အရက်မရောင်းရ၊ ကြက်မတိုက်ရ၊ ရန်မဖြစ်ကြရဟု အမိန့်ထုတ်ပြန်ထား၏။ ရွာသူရွာသားများကလည်း အဘိုးစကားကို မြေဝယ်မကျ နားထောင်ကြ၏။

အဘိုးတွင် လူစွမ်းကောင်း တပည့်ကျော် (၃) ယောက်ရှိ၏။ ထိုသုံးယောက်တို့သည် အဘိုးဘယ်သွားသွား လိုက်ပါကြရ၏။ အဘိုး၏သက်တော်စောင့်များဖြစ်ကြသည်ဟု ဆို၏။

အဘိုး သူကြီး ဦးဘမင်းတွင် အဆောင်ကောင်းတစ်ခုရှိသည်ဟုလည်း လူကြီးများကပြောကြ၏။

တချို့ကပြောပြသည်မှာ ဝက်စွယ်အခေါင်းပိတ်အဆောင်၊ တချို့ကပြောသည်မှာတော့ ချိုးအမတော၊ တချို့ကတော့ လက်ဖွဲ့ကောင်းတစ်ခုဟုအမျိုးမျိုးပြောကြ၏။ ထိုအဆောင်သည် သေနတ်မီးမကူးပါတဲ့။ သေနတ်နှင့်ပစ်၍ သေနတ်ကျည်ဆန်မထွက်ပါတဲ့။

စာရေးသူ၏ဖခင်ကြီး (အဘိုး၏သားကြီး) ပြောပြသည်မှာကတော့ အဘိုး၏ သေနတ်ပြီးအဆောင်သည် ထိုသူများပြောနေသောအဆောင်မဟုတ်ပါတဲ့။

အဘိုး၏အဆောင်က ပိတုန်းကောင်ရုပ်ဟုဆိုပါ၏။

ထိုအဆောင်ကို ရွာဦးဘုန်းတော်ကျောင်းမှ ဆရာတော်တစ်ပါးကပြုလုပ်ပေးထားသည်ဟု စာရေးသူ၏ဖခင်ကြီးကပြောပြဖူးပါ၏။

ကျေးလက်နေတောင်သူလယ်သားများလှည်းလုပ်သော လှည်းပန်းတောင်းသားသည် ပိတောက်သား ဖြစ်၏။

လှည်း - ပဒေါင်း၊
ပိဒေါက်သား၊
ပိတုန်းရုပ်၊
ပြဒါးတဲ့၊
ပြိုင်းရှိုးနဲ့ပိတ်။

ပ-ကြာသပတေး၊ ဒေါင်း-စနေ၊ ကြာသပတေးနှင့်စနေနံများကို ကက်ကင်းခတ်ယူထားသည်ဆိုပါ၏။

လှည်းပန်းတောင်းပိတောက်သားတို့ လက်မအရွယ်ပိတုန်းကောင်ရုပ်လေးထုပါ။ ပိတုန်းကောင်မှာ အပေါက်အခေါင်းလေးလုပ်ပါ။ ပြီးတော့ ပြဒါးကိုထည့်ပါ။ နောက် အပေါက်ကို ပြိုင်းရှိုးနဲ့ပိတ်ပါ။

ယင်းပိတုန်းကောင်ရုပ်ကလေးကို ထန်းလက်ဖြင့်ပြုလုပ်ထားသော ရှေးအခါက (ထန်းဖာ)လေးများရှိ၏။ ထို (ထန်းဖာ) လေးထဲမှာ ထည့်ထားပါ။

ထန်း - စနေ၊ ဖာ - ကြာသပတေး။

ပြီးလျှင် ဘုန်းတော်ကြီးများ ပဌာန်းတရားပူဇော်ပွဲနေရာမှာသွားထားပါ။

မိမိကိုယ်တိုင်လည်း ပဌာန်းရွတ်ဖတ်ပူဇော်ပါ။ အကြိမ်ကြိမ်အထပ်ထပ်ပူဇော်ပါ။ (ပ - ကြာသပတေး၊ ဌာန်း - စနေ)

အဆောင်ကိုင်မည့် ပုဂ္ဂိုလ်သည် ငါးပါးသီလခံယူပါ။ သက်လွတ် (၄၉)ရက်စားပြီး အဓိဋ္ဌာန်ဝင်ပါ။ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို တစ်နေ့လျှင် အကြိမ်တစ်ထောင်ခန့် (၄၉) ရက်တိတိရွတ်ဖတ်ပါ။

အားလုံးပြီးလျှင် ထိုပိတုန်းရုပ်လေးကို ငွေကြုတ်လေးထဲထည့်ပြီး လည်ပင်းမှာဆွဲထားပါ။ သေနတ်နှင့်ပစ်လျှင် မီးမကူးတော့ပါဟု ဖခင်ဖြစ်သူက စာရေးသူကိုပြောပြဖူးပါ၏။

ဤစီရင်ပြီးသောအဆောင်ပိတုန်းရုပ်လေးကို အဘိုးသူကြီးဦးဘမင်းနှင့် သူ့တပည့်များတို့သည် နှစ်လုံးပြူးသေနတ်နှင့်ပစ်၍စမ်းသပ်၏။ သေနတ်ကျည်မထွက်ပါ။

အင်္ဂလိပ်စစ်တပ်မှ ရိုင်ဖယ်သေနတ်နှင့်ပစ်ကြည့်ရာ မီးမကူးပါ။

တစ်နေ့သ၌ အဘိုးသူကြီး ဦးဘမင်းနှင့် သူ့တပည့်(၃)ယောက်တို့သည် မြင်းကိုယ်စီစီးလျက် ကုရင်စုရွာလေးသို့ထွက်ခဲ့ကြ၏။

လမ်းခရီးတွင် ရှမ်းဓားပြများ အုပ်စုနှင့်တိုးပါတော့၏။ ရှမ်းဓားပြအုပ်စုက လူအင်အားကောင်း၏။ (၁၅)ယောက်ခန့်ရှိသည်ဟု ဆိုပါ၏။

ထိုအဖွဲ့ကလည်း မြင်းတွေကိုယ်စီပါကြ၏။ ထိုအဖွဲ့မှာ လက်နက်ပုန်းသေနတ်တွေလည်းပါ၏။ ငှက်ကြီးတောင်ဓားတွေလည်းပါ၏။

အဘိုးနှင့်သူ၏တပည့်(၃)ယောက်တို့ကို ရှမ်းဓားပြများကဝိုင်းထားကြပြီး သေနတ်များဖြင့်ချိန်ရွယ်ထား၏။

အဘိုး၏တပည့် ကျွဲပေါက်ကိုင်ထားသော နှစ်လုံးပြူးသေနတ်ကို တောင်း၏။ ကျွဲပေါက်က လုံးဝမပေးပါ။

ထိုအခါ ဓားပြဗိုလ်လုပ်သူက ကျွဲပေါက်ကို သေနတ်ဖြင့်ပစ်ခိုင်း၏။

အဘိုးသူကြီးလုပ်သူကကြားဝင်ပြီး လက်ကာလိုက်သဖြင့် ဓားပြများ၏ သေနတ်ကမထွက်ပါ။

ထိုအချိန်ဝယ် အဘိုး၏တပည့်ကျော်များက ရှမ်းဓားပြများကို သူတို့တွင်ပါလာသောငှက်ကြီးတောင်ဓားများဖြင့် ဝင်ခုတ်ပါတော့၏။ ကျွဲပေါက်က နှစ်လုံးပြူးသေနတ်ဖြင့်ပစ်၏။ ရှမ်းဓားပြခေါင်းဆောင်ကျည်သင့်၍ကျဆုံးရတော့၏။ ရှမ်းဓားပြ (၃) ယောက် ကျဆုံး၍ ထွက်ပြေးကြပါတော့၏။

ဤကား အဘိုးသူကြီးဦးဘမင်းတို့၏ အောင်ပွဲပင်ဖြစ်၏။ ရှမ်းဓားပြများ၏ အလောင်းများကို နွားလှည်းပေါ်တင်ပြီး မြို့ဆေးရုံသို့ ပို့ကြရ၏။

နောက်တစ်ပတ်ခန့်ကြာတော့ မြို့မှ အရေးပိုင် (အင်္ဂလိပ်လူမျိုး) ရွာသို့ ဆင်းလာပြီး အဘိုးသူကြီးဦးဘမင်းကို ဂုဏ်ပြုမှတ်တမ်းတွေပေး၏။

ငွေစလွယ်ဓားတစ်လက်ကိုလည်း ပေး၏။

အဘိုးသူကြီး ဦးဘမင်းသည် သူအုပ်ချုပ်နေသောဆယ်ရွာပင်မက မြို့နယ်တစ်မြို့နယ်လုံး နာမည်ကြီးသွားပါတော့၏။

အင်္ဂလိပ်အုပ်ချုပ်နေစဉ်အခါက မြို့ပေါ်တွင် အန်းပုလိပ်များရှိ၏။ ထိုပုလိပ်အဖွဲ့သည် ကရင်အမျိုးသားများများကြ၏။ ပုလိပ်အဖွဲ့ကြီးကိုအုပ်ချုပ်နေသူမှာ ကရင်တိုင်းရင်းသား စောဘကျား ဖြစ်ပါ၏။

ပုလိပ်အဖွဲ့ကြီးသည် ထိုနယ်တွင် ဗိုလ်စံဖဲဓားပြခေါင်းဆောင်ကိုလိုက်ရှာဖွေရာမတွေ့ဘဲ အခက်တွေ့နေကြရ၏။

ထိုဗိုလ်စံဖဲဓားပြအဖွဲ့သည်လည်း နာမည်ကြီးလှ၏။ မြို့ကိုပါတက်ပြီး ဓားပြတိုက်ကြ၏။ တောရွာကိုမတိုက်ပါ။

ထိုအခါ အင်္ဂလိပ်လူမျိုး အရေးပိုင်ကြီးသည် သူကြီးဦးဘမင်းကို အကူအညီတောင်း၏။

သူကြီးဦးဘမင်းသည် ဓားပြဗိုလ်ကြီး ဗိုလ်စံဖဲ နေထိုင်တတ်သည့်နေရာများကို စုံစမ်းခိုင်းထား၏။ ရွာသူရွာသားများကိုလည်း အကြောင်းကြားထား၏။

အင်္ဂလိပ်အရေးပိုင်ပေးထားသည့် ဗိုလ်စံဖဲ၏ရုပ်ပုံများကိုလည်း ရွာထဲရှိ သစ်ပင်ကြီးများတွင် ကပ်ထား၏။

ဓားပြဗိုလ်ဗိုလ်စံဖဲကိုဖမ်းရမည်မှာ လွယ်သည့်အလုပ်မဟုတ်ပါ။ ဗိုလ်စံဖဲသည် လူအုပ်စုများ၏။ သတ္တိလည်းရှိ၏။ မရှိဆင်းရဲသားများကို ဓားပြမတိုက်ပါ။ မြို့ပေါ်ရှိ သူဌေးသူကြွယ်အိမ်များကိုသာ ဓားပြတိုက်ပါ၏။

ပုလိပ်ဌာနာအုပ် စောဘကျား



www.burmeseclassic.com

www.burmeseclassic.com

မင်းချမ်းမြေ့(ပုသိမ်)

# ရုပနိကာယ် သဒ္ဒနိကာယ် ပညာသဘောတရားများနှင့် ပျို့မေတို့ သတိပြုဆင်ခြင်ဖွယ်ရာများ

ကမ္ဘာဦး အာဒံနှင့် ဧဝကစလို့ လူမှန်လျှင် အချစ်နှင့်မကင်းနိုင်ကြသူများ ဖြစ်ကြ၍ အချစ်နှင့်စပြီး နှစ်ယောက်တစ်ဘဝ တည်ဆောက်ကြသည့်အခါ တစ်သက်တာခိုင်မြဲ ရှေ့လက်တွဲနိုင်ဖို့ရာ စိတ်တူကိုယ်တူဖြစ်ကြရန် လွန်စွာလိုအပ်လှပါသည်။

ဤသို့ တစ်ဦးနှင့်တစ်ဦး စိတ်တူကိုယ်တူဖြစ်စေဖို့ စကနဦးတည်းက တစ်ဦး၏အတွင်းစိတ်နေစိတ်ထားသဘာဝများကို အပြန်အလှန် ချစ်သူနှစ်ဦးသိထားကြမည်ဆိုလျှင် ဆင်ခြင်စဉ်းစားနိုင်ခွင့်ရှိကြပြီး သဘောကျရွေးချယ်ခွင့်ရကြနိုင်မည် ဖြစ်သည်။

ထိုသို့ ချစ်သူနှစ်ဦးအဖြစ်သို့ မရောက်မီ သာမန်ခင်မင်မှုအဆင့်မှာပင် လူတစ်ဖက်သားအတွင်းစိတ်နေသဘာဝကို အကဲခတ်လေ့လာနိုင်သည့်ပညာရပ်မှာ ရှေးပညာရှင်ကြီးများ လက်တွေ့သုတေသနပေါင်း မြောက်မြားစွာဖြင့် မှတ်ကျောက်တင်မှတ်တမ်းပြုခဲ့ကြသည်။

ရုပနိကာယ်၊ သဒ္ဒနိကာယ်ဟုခေါ်ဆိုတင်ပွန်းတပ်ခဲ့သည့် လူတွေ၏ စရိုက်သဘာဝနှင့် အတွင်းစိတ်နေစိတ်ထားတို့ကို Scan ဖတ်သကဲ့သို့ တိကျသေချာစွာ 'သဒ္ဒ' အသံသဘာဝတရားများနှင့် 'ရူပ'ရုပ်လက္ခဏာသဘောသဘာဝတို့ကို သတိပြု၍ ဖတ်ရှုကြည့်မည်ဆိုလျှင် ထင်လင်းစွာလက်တွေ့သိနိုင်သည့်ရှေးပညာရပ်တစ်ခုဖြစ်ပါသည်။

ရူပနိကာယ်၊သဒ္ဒနိကာယ်ပညာရပ်ကြီးသည် ကျယ်ဝန်းနက်နဲလှပါသော်လည်း ယခု ဤဆောင်းပါးတွင် ပျို့မေတို့ သိလွယ်၊ မြင်လွယ်၊ နားလည်သဘောပေါက်လွယ်စေမည့်ပညာရပ်၏သဘောသဘာဝအချို့ကို ပျို့မေများ အချစ်ရေးမှာ အဝင်အေးရလေအောင် စေတနာအရင်းခံဖြင့် တင်ပြပေးပါမည်။

ဤနေရာတွင် ပျို့မေတို့အတွက် လွန်စွာ အရေးပါလှသည့် သဒ္ဒနိကာယ်သဘောဝတစ်ခုကို အရင်ဦးစွာဖော်ပြပါမည်။

၁။ ကြက်တွံယံခေါ် မိန်းမတို့သည် မုန့်သာ့ဝေစားနိုင်သည်၊ အချစ်ကိုတော့ဝေမျှမစားနိုင်ကြပါဟူသည့် အဆိုသည် မိန်းမသားတိုင်း၏ ရင်တွင်းဆန္ဒအမှန်တရားပင်ဖြစ်ပါသော်လည်း မိမိတို့၏ ကံအကြောင်းတရားမလှပါသောကြောင့် လက်ဝေခံအချစ်မျိုးနှင့် နှစ်သိမ့်ကျေနပ်ခဲ့ကြရသူများလည်းရှိတတ်ကြပေသည်။

ထိုသို့ လက်ဝေခံအချစ်မျိုး တစ်နည်းအားဖြင့် 'ဒုတိယအငယ်အနှောင်း' ဟု ဆိုသောဘဝမျိုးကို မရည်ရွယ် မမျှော်မှန်းဘဲ ရောက်သွားတတ်ကြသည်။

သဒ္ဒနိကာယ်ပညာပိုင်းနှင့်အကျုံးဝင်သက်ဆိုင်နေသော အသံပိုင်းဆိုင်ရာလက္ခဏာတစ်ရပ်ကို ပျို့မေတို့မဖြစ်မနေ သိထားမည်ဆိုလျှင် အန္တရာယ်ကိုတတ်နိုင်သမျှ ရှောင်ရှားနိုင်မည်ဟု ထင်ပါသည်။

ထိုအသံလက္ခဏာမှာ မိန်းမပျိုလေးများတွင် စကားပြောသည့်အခါ 'နှာခေါင်းသံ' တစ်နည်းအားဖြင့် တမင်လုပ်ပြီးပြောတာမျိုးမဟုတ်ဘဲ သဘာဝအတိုင်းပြောနေဆိုနေ၍ ပင်ကိုစကားသံတွင် နှာသံဟုခေါ်သည့် ညှုတုတုအသံမျိုးပါနေလျှင် ထိုမိန်းမပျိုလေးများ အထူးသတိထားကြရန်လိုအပ်ပါသည်။

ထိုပင်ကိုစကားသံတွင် နှာသံပါနေသောမိန်းမပျိုလေးများသည် သဒ္ဒနိကာယ်ပညာရပ်အရ တစ်ပါးသူ၏ အငယ်အနှောင်းဘဝမျိုး မမျှော်လင့် မရည်ရွယ်ဘဲ ရောက်တတ်ကြသည်မှာ (၈၀% ခန့်) လက်တွေ့အားဖြင့် တွေ့မြင်

လည်း အရေးပိုင်က ဆူပူသဖြင့် အလွန်စိတ်ပျက်နေရတော့၏။

ဗိုလ်စံဖဲကိုမှ ဖမ်းမမိခဲ့ပါလျှင် စောဘကျား ရပ်ဝေးသို့ပြောင်းရွှေ့ရမည်။ သို့မဟုတ် အလုပ်ပင်ပြုတ်ပါမည်။ ယင်းကြောင့် ဌာနာအုပ် စောဘကျားသည် သူကြီးဦးဘမင်းနေထိုင်သည့် ညောင်ပင်ကြီးရွာသို့လာ၍ အကူအညီတောင်းရပါတော့၏။

ရွာသူကြီး ဦးဘမင်းသည် ကူညီပေးပါမည်ဟုပြောကြားပါ၏။

သူပုန် ခားပြဗိုလ်ကြီးစံဖဲတို့အဖွဲ့သည် တောင်ခြေရွာလေးတစ်ရွာတွင်ရှိနေကြ၏။

သူပုန်ဗိုလ်ကြီးစံဖဲသည် ဗမာတိုင်းရင်းသား ဖြစ်၏။ သတ္တိရှိ၏။ မျိုးချစ်ပုဂ္ဂိုလ်ကြီးဟုလည်း နာမည်ကြီး၏။ သူတို့အဖွဲ့တိုက်ခိုက်၍ ရလာသောပစ္စည်းပစ္စည်းများကို မရှိဆင်းရဲသားများအား ဝေငှပေး၏။

သူကြီးဦးဘမင်းသည် သူ၏ တပည့်ကျော်များကို ဗိုလ်စံဖဲရှိရာ တောင်ခြေရွာလေးသို့ လူလွှတ်ပြီး မြော ခိုင်း၏။

မျိုးချစ်ပုဂ္ဂိုလ်ကြီး ဗိုလ်စံဖဲအား ဤနယ်မှ အထက်ရှမ်းပြည်ဘက်သို့ တိမ်းရှောင်သွားရန် ပြောပြခိုင်းသည်။ ဗိုလ်စံဖဲသည် လူသူစုဝေး၍ အင်္ဂလိပ်အစိုးရကို ခံတိုက်နေသော ဗမာ့မျိုးချစ်ပုဂ္ဂိုလ်ကြီး ဖြစ်ပါ၏။

ထိုနေ့မှစ၍ ဗိုလ်စံဖဲသည် ဤနယ်မြေတွင်မနေတော့ဘဲ အထက်မြန်မာနိုင်ငံဘက်သို့ ရှောင်ထွက်သွားပါတော့၏။

မျိုးချစ်ပုဂ္ဂိုလ်ကြီး ဗိုလ်စံဖဲ အမြဲအသုံးပြုဆောင်ထားရန် အဘိုးသူကြီးဦးဘမင်းက သူ၏ဓိတုန်းကောင်ရုပ်လေးကိုပါ လက်ဆောင်ပေးလိုက်ပါတော့သတည်း။

(ဤအဖြစ်အပျက်များကို ပြောပြသူမှာ စာရေးသူ၏ ဖခင်ကြီးပင် ဖြစ်ပါသည်။)

...င်းမြတ်သီဟ



www.burmeseclassic.com

www.burmeseclassic.com

နေရပါသည်။

ထို့ကြောင့် ပျိုမေလေးများ ထိုကဲ့သို့ မိမိတို့၏ ပင်ကိုစကားသံတွင် ညှုတုတုနဲ့ တဲ့တဲ့နှာသံလေးများရောနှော ပါဝင်နေကြပြီဆိုလျှင် ထိုနှာသံကိုကြိုးစား သတိပြု၍ ပျောက်အောင်ဖျောက်ပစ်ပါ။ ထိုနှာသံသည် မိမိတို့အတွက် ကြန်အင်လက္ခဏာကောင်းမဟုတ်ဘဲ ဗွေဆိုးကဲ့သို့ဖြစ်နေသည်ဟု မြဲစွာမှတ်ထားကြပါ။

စာရေးသူ ယခုတင်ပြခဲ့သည့် သဘောသဘာဝကို ပျိုမေများ မိမိတို့ ပတ်ဝန်းကျင်၌လည်းကောင်း၊ အနုပညာလောက (Cerebrety) အသိုင်းအဝိုင်းတွင် လည်းကောင်း သတိပြုပြီး လေ့လာကြည့်မည်ဆိုလျှင် ထင်ရှားစွာ တွေ့မြင်လာပါလိမ့်မည်။

မည်သူမည်ဝါရယ်လို့တော့မပြောလိုပါ။သို့သော် အထက်ပါလက္ခဏာနှင့် ကိုက်ညီနေသူများ၏ အချစ်ရေး၊ အိမ်ထောင်ရေးကို ဘယ်လိုပုံသဏ္ဌာန်ဖြစ်ပေါ်နေကြသည်ကို လက်တွေ့ဆန်းစစ်ကြည့်လျှင် သိမြင်နိုင်ကြပေမည်။

ထို့အတူ ယောက်ျားလေးများတွင်လည်း ပင်ကိုစကားသံအသံတိမ်ပြီး ဘဲသတ္တဝါများ အော်သံကဲ့သို့ ရှတတကွဲအက်အက်အသံမျိုးရှိကြသူများသည် ဘုန်းကံနည်း၍ အိမ်ထောင်တစ်ခုကို ဦးဆောင်ဦးရွက်မပြုနိုင်ကြဘဲ ထင်းအနားခို၍ ယောက်ျားပျိုတို့ ဂုဏ်မငြိမ် မြာပွေဇာတ်ခင်းတတ်ကြလေသည်တဲ့ ခင်ဗျာ။

ဤသည်ကိုလည်း ပျိုမေတို့အရွေးမမှားရန် လေးစားစွာ လိုက်နာပါဟု တိုက်တွန်းလိုပါသည်။

၂။ မိန်းမပျိုလေးများ နှုတ်ပွခြင်း (သို့) နှုတ်ဗွေဆိုးခြင်းရှိသည့် မိန်းကလေးများသည် ဘယ်သောအခါမှ သာယာသောအိမ်ထောင်ရေးမျိုး မရတတ်ပေဟု ပညာရှင်များဆိုထားခဲ့လေသည်။

(ဘာမဟုတ်သည့်အကြောင်းအရာလေးများဖြင့် နှုတ်ပွ၍ အာပွလျှာပွတိုက်ခြင်း၊ နှုတ်ကြမ်းအာကြမ်းပြောဆိုတတ်သူများကို ဆိုလိုပါသည်။)

ထိုလက္ခဏာများ မိမိတို့တွင်ပါရှိနေလျှင် ထိုအကျင့်ကိုပျောက်အောင် သတိပြု၍ ဆင်ခြင်စေလိုပါသည်။

၃။ ရူပနိကာယ်ပညာအရ ထိုကဲ့သို့ နှုတ်ပွနှုတ်ဗွေဆိုးသော ယောက်ျား၊ မိန်းမတို့သည် ပီရိသေသပ်လှပသော နှုတ်ခမ်းမရှိတတ်ပေ။ မီးပြောင်းမှုတ်နှုတ်ခမ်းဟု ဆိုအပ်သော နှုတ်ခမ်းသည့်စူ၍လန်နေတတ်ခြင်း၊ ညီညာဖြောင့်တန်းသောသွားမရှိတတ်ကြ။ သွားကျဲ၊ သွားခေါ၊ သွားမညီမညာပေါက်တတ်ကြသည်။ (၈၀%) သည် ထိုလက္ခဏာမျိုးရှိတတ်ကြပေသည်ဟု အဆိုရှိပါသည်။

အထူးသဖြင့် ရှေ့သွားသိသာထင်ရှားစွာ အပေါ်အောက်သွားများကျဲနေလျှင် အိမ်ထောင်ရေးကိုထိခိုက်စေသည့် လက္ခဏာဟုဆိုပါသည်။

ထို့ကြောင့် ကျား၊ မ မဟူ အပေါ်အောက်ရှေ့သွားများသိသာစွာကျဲနေလျှင် ယခုခေတ်တွင် ကောင်းစွာပြုပြင်၍ ရနေပြီဖြစ်၍ လျှင်မြန်စွာပြုပြင်သင့်ပါသည်။

၄။ မိန်းမပျို၊ ယောက်ျားပျိုနှစ်ဦးစလုံးတွင် ဘယ်ခြေ (သို့) ညာခြေနှင့် ဘယ်၊ ညာခြေထောက်နှစ်ဖက်စလုံးတွင် ခြေသူကြွယ်ခြေချောင်းကလေးများသည် ခြေချနင်းသည့်အခါ မြေသို့မထဘဲ ခြေသူကြွယ်မြင့်ကြွ၍နေသောသူများသည် ရူပနိကာယ်ပညာအရ အချစ်ရေး၊ အိမ်ထောင်ရေးမတည်ငြိမ်တတ်၊ စိတ်အပြောင်းအလဲမြန်တတ်သည်။

ဆွဲဆောင်ရာနောက်သို့ အလွယ်တကူပါတတ်သည့် စိတ်နေသဘောထားရှိကြသည်ဟု ဆိုပါသည်။ ထိုသို့ ခြေသူကြွယ်ဖြင့်ကြွနေသူ ကျား၊ မ မရွေး သတိပြု၍ ရွေးချယ်ဆင်ခြင်နိုင်စေရန် အသိပေးလိုက်ပါသည်။

၅။ ရူပနိကာယ်ပညာအရ မိန်းမပျိုလေးများ မိမိတို့၏ကြင်ဖက်ချစ်သူရွေးကြမည်ဆိုလျှင် ထိုယောက်ျားပျိုသည် ခါးကျောရှည်၍တင်ပါးနှင့်ခါးတစ်ဖြောင့်တည်းနေပြီး လက်ပြင်ကုန်းနေသည့် ယောက်ျားပျိုကို အထူးရှောင်စေလိုပါသည်။ထိုသူမျိုးသည် လက်ကြေးမတင်း၊ ဝမ်းမဝ၊ ခါးမလှအဖြစ်မျိုးနှင့်တိုးပြီး ပျိုမေတို့ ဒူးနှင့်မျက်ရည်နှစ်ပါးသွားနေရမည့်ကိန်း ကျိန်းသေဆိုက်စေမည့် လင်ဖြစ်စေသည်ဟုဆိုပါသည်။

ပေါ့ပေါ့နေပေါ့ပေါ့စားမှန်လေပွေ ယောက်ျားများဖြစ်ကြပေသည်။ အထူးသတိပြု၍ ရှောင်ရန် သတိပေးလိုက်ပါသည်။

၆။ ရူပနိကာယ်ပညာအရ ခန္ဓာကိုယ်အချိုးအဆစ်မပြေသည့် 'ခြေတိုကိုယ်ကြီး' ဟု ဆိုအပ်သော ယောက်ျား၊ မိန်းမအထူးရှောင်အပ်လှ၏ဟု အဆိုရှိပါသည်။

ထိုလက္ခဏာပါသူတို့သည် စိတ်နေစိတ်ထားမှန်းဆရခက်ပြီး အစွန်းရောက်စိတ်ဓာတ်ရှိတတ်ကြပေသည်။

၇။ ရူပနိကာယ်ပညာရပ်အရ နှာခေါင်းပုံသဏ္ဌာန်မကျ၊ နှာဖျားပွကြီး၍ ဆင်ကြည့်ကြည့်တတ်သည့်ယောက်ျားပျိုကို သတိပြုဟုဆိုပါသည်။

(အရပ်ထဲတွင်ခေါ်ကြသည့်နှာဘူးနှာခေါင်းမျိုး)ထိုသူမျိုးသည် ကာမဂုဏ်စိတ်အားကြီးတတ်သူများဟု စာဆိုရှိပေသည်။ ကာမဂုဏ်တွင် အားရကျေနပ်ခြင်းမရှိတတ်ကြဘဲ တစ်ယောက်ပြီးတစ်ယောက် ဖောက်ပြန်နေတတ်သည့် သဘောရှိသည်ဟုဆိုပါသည်။

၈။ ရူပနိကာယ်ပညာရပ်အရ ယောက်ျားပျိုသည် ခြေဖဝါးကြီး ခြေပြားကြီး၍ ခြေမလွန်စွာကြီးနေသူကို မိန်းမပျိုများ အထူးရှောင်ဟုဆိုပါသည်။(မရိုသေစကား ထိုသူမျိုးတို့သည် ယောက်ျားလိင်အင်္ဂါမတရားကြီးထွားတတ်ကြသည်ဟု အဆိုရှိပေသည်။)

၉။ ရူပနိကာယ်ပညာအရ ကျား-မ မဟူ မျက်လုံးကစား၊ အကြည့်ဂနာမငြိမ်၊ တိမ်းမူးဖွေ့တတ်၊ ရှောင်ရှားအပ်ဟုဆိုပါသည်။

ယောက်ျားပျို၊ မိန်းမပျိုတို့သည် ထိုသို့ မျက်လုံးအကြည့်ဂနာမငြိမ်၊ မျက်လုံးကစားတတ်သူများကို အထူးရှောင်သင့်ပေသည်။

ရူပနိကာယ်၊ သဒ္ဒနိကာယ်ပညာရပ်မှ အခြေခံသဘောလက္ခဏာများဖြစ်သော အထက်ဖော်ပြပါအချက်(၉)ချက်သည် မည်သူမဆို သတိထား၍ ကြည့်ရှုဆင်ခြင်ကြမည်ဆိုလျှင် သိလွယ်၊ မြင်လွယ်၊ သဘောပေါက်လွယ်စေမည့် အချက်များဖြစ်ပါသည်။

အချစ်နှင့် မကင်းနိုင်ကြသည့် လူ့လောကကြီးထဲမှာ 'ပုစွန်ဆိတ်ကလေး ဘယ်လိုငယ်ငယ် ပင်လယ်ကူးတတ်တယ်'လို့ဆိုကြပေမယ့် ပျိုမေများ အချစ်ရေးမှာ ရွှေဘဝင်အေးကြစေရန် သတိပြု၍ ဆင်ခြင်ကြည့်ရှုနိုင်စေရန် စာရေးသူ၏ စေတနာအရင်းခံစိတ်ဖြင့် တင်ပြလိုက်ပါသည်။

မိခင်ကိုယ်စားပြုကြမည့် ပျိုမေအများ သာယာပျော်ရွှင်သော အိမ်ထောင်ရှင်ဘဝကို ပိုင်ဆိုင်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

မင်းဆုံးမြေ(ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com

(သန်လျင်မြို့)

# ဒေါ်မြသန်းကြည်

## အတိတ်ဆီသို့သမင်လည်ပြန်



၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလပိုင်းမှာ တော်တော်လေးနေထိုင်မကောင်းဖြစ်တာ နှစ်လပိုင်းမှာ သက်သာနေကောင်းလာတာနဲ့ လေးလပိုင်း (၂) ရက်နေ့မှာ တူမဖြစ်သူနဲ့အတူ မင်းဘူးမြို့ကိုခရီးထွက်ခဲ့ပါတယ်။

မင်းဘူးမြို့ဆိုတာက ကိုယ်နဲ့လုံးဝမစိမ်းတဲ့မြို့ပါ။ ယခုအသက် (၆၀)ကျော်မှ တူ၊ တူမတွေဆီသွားပြီး အဲဒီမှာဝါတွင်းတရားစခန်းဝင်မလို့ တူမနဲ့အတူလိုက်သွားတာပါ။

မင်းဘူးမြို့ကိုရောက်တော့ တူမကမွေးတဲ့ မြေးမလေး ဝေဇင်ဦးကလည်း နည်းပညာတက္ကသိုလ်က နွေကျောင်းပိတ်လို့ အိမ်ပြန်ရောက်နေချိန်ဆိုတော့ အတော်ဟန်ကျသွားတယ်။ အဲဒီမြေးလေးကလည်း စာရေး၊ စာဖတ်တအားဝါသနာပါတယ်။ စာတိုပေစလေးတွေလည်းရေးတယ်။ သူ့စာမူပါတဲ့စာအုပ်တွေထုတ်ပြီးဖတ်ဖို့ပေးတယ်။ မြေးအဘွားနှစ်ယောက် ဝါသနာတူဆိုတော့ တွဲမိသွားတော့တာပေါ့။

သကြင်္ကန်တွင်းတစ်တွင်းလုံး ဥပုသ်ရက်ရှည်စောင့်တယ်။ တရားစခန်းဝင်ပြီး တရားမှတ်နေရတာ စိတ်ထဲမှာ အေးချမ်းပြီး လူလည်းငြိမ်းချမ်းနေတယ်။

တရားစခန်းကထွက်လာပြီးမှ မြေးလေးကို မင်းဘူးမြို့ရဲ့ ကျက်သရေဆောင် စက္ကိတ္တဲဘုရားမှာ ပုတီးစိပ်ချင်လို့ လိုက်ပို့ပါပြောတော့ မြေးလေးက သူလည်းစိပ်မယ်ဆိုပြီး တစ်ညနေ စက္ကိတ္တဲဘုရားရှိတဲ့ တောင်လှည်းကောက်ဘက်ကို ငကယ်နဲ့ထွက်ခဲ့ပါတယ်။

မြေးလေးရဲ့နောက်ကလိုက်ပါစီးရင်း ကျွန်မနေခဲ့တဲ့ (၁၉၆၇ မှ ၁၉၇၅) ခုနှစ်တုန်းကနဲ့ ဘာမှမဆိုင်တော့ဘူး စည်ကားလိုက်တာ။ အဲဒီနှစ်တွေတုန်းကဆို တောင်လှည်းကောက်နဲ့ တပင်ရွာကြားမှာရှိတဲ့ ချောင်းကူးတံတားဟာ မြို့တောင်ဘက်အထွက် မြို့ပြင်ပဲ။ အခုဆိုရင် တောင်လှည်းကောက်၊ တပင်ရွာ၊ ထောက်ရှာပင်ဟာ တစ်ဆက်တည်းဖြစ်ပြီး တစ်လမ်းလုံး တိုက်တွေ အိမ်တွေနဲ့ အဆက်မပြတ် စည်ကားလိုက်တာ။ ကျွန်မနေခဲ့တဲ့ တောင်လှည်းကောက်က အိမ်ဆိုရှာလို့တောင်မတွေ့တော့ဘူး။

ဘုရားပေါ် ရောက်တော့ ပါလာတဲ့ ပန်း၊ ဆီမီး၊ အမွှေးတိုင်နဲ့ ရေချမ်းကပ်ပြီး ရတနာသုံးပါးကို အာရုံပြုဘုရားရှိခိုးပြီး ပုတီးပတ်ရေနဲ့မဟုတ်ဘဲ နာရီနဲ့တစ်နာရီတိတိ ပုတီးစိပ်မယ်လို့ စိတ်ပိုင်းဖြတ်ပြီး မြေးအဘွားနှစ်ယောက် ပုတီးစိပ်ကြပါတော့တယ် ။ ပုတီးစိပ်နေလို့ ခန့်မှန်း (၄၅) မိနစ်လောက်မှာ စံပယ်ပန်းရနံ့ဟာ မွှေးကြိုင်နေတော့တယ်။ စိတ်ကို အာရုံပျက်မခံဘဲဆက်ပြီးစိပ်နေတုန်း မြေးလေးက -



www.burmeseclassic.com

www.burmeseclassic.com

"ဘွားဘွား၊ စံပယ်ပန်းနဲ့လေးမွှေးလိုက်တာ။ ဘွားဘွားကောမမွှေးဘူးလား"

နဲ့ လှမ်းမေးတယ်။

သူမေးတာကို အာရုံပျက်မှာစိုးလို့ ခေါင်းပဲညိတ်ပြပြီး ဆက်ပြီးစိပ်နေလိုက်တော့တယ်။ မြေးလေးလည်း ဆက်မပြောတော့ဘဲ သူလည်း ဆက်စိပ်နေတော့တယ်။ ပုတီးစိပ်တာ တစ်နာရီသာသာရှိမှ ပုတီးစိပ်တာရပ်ပြီး မေတ္တာပို့၊ အမျှအတန်းပေးဝေပြီး ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်ကမ်း မကွေးမြို့သလွန်ဘက်လှမ်းမျှော်ကြည့်နေတုန်း မြေးလေးက အနားလာရစ်ပြီး -

"ဘွားဘွား ခုနတုန်းက စံပယ်ပန်းနံ့မရဘူးလား။ သမီးဖြင့် မွှေးလိုက်တာကြက်သီးတောင်ထတယ်"

ပြောတော့ -

"ဘွားဘွားလည်းမွှေးတယ်။ အဲဒါဒီတောင်၊ ဒီဘုရားမှာရှိတဲ့ အစောင့်အရှောက်သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေက ကောင်းချီးပေးတာ။ ကိုယ်ကကိုယ့်အာရုံ အဓိဋ္ဌာန်မပျက်တော့ ကိုယ့်အလုပ်ကိုယ်ဆက်လုပ်ရတယ်။ ပြီးတော့မေတ္တာပို့၊ အမျှအတန်းပေးဝေရတယ်။ ဒါဘာဟုတ်သေးလဲ။ ဘွားဘွားအရွယ်ကောင်းတုန်း ဒီမင်းဘူးမှာနေတုန်းကတစ်ခါကြုံဖူးတယ်။ ဘွားဘွားက ပရလောကသားတွေအကြောင်းကိုလည်းစာတွေဖတ်ထားလို့ သိထားတယ်။ ကြောက်ကလည်းမကြောက်တတ်တော့ကိုယ်ရွတ်ဖတ်နေကျ ဗဓာန်းရွတ်၊ ပရိတ်တော်တွေရွတ်ဖတ်ပြီး အမျှအတန်းပေးဝေလိုက်တာ ဘာမှမဖြစ်ဘူး"

လို့ ပြောပြတော့ မြေးလေးက -

"ဟာ - ဒါဆိုရင်ဘွားဘွားအတွေ့အကြုံ သမီးကိုပြောပြပါလား။ သမီးလည်း ဗဟုသုတရတာပေါ့"

လို့ ဆိုတော့ -

"အေး - ပြောပြမယ်။ ဒါပေမယ့်ခုတော့မဟုတ်သေးဘူး။ မိုးချုပ်နေပြီ။ နောက်တစ်ပတ်မကွေးမြို့သလွန်သွားခါမှ ဘုရားပေါ်မှာ အေးအေးဆေးဆေးပြောပြမယ်"

ဆိုပြီး ဘုရားပေါ်မှဆင်းလာပြီး အိမ်ပြန်လာခဲ့ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

အပြန်မှာ လမ်းအရှေ့ဘက်က ရုံးပေါင်းစုံပန်းခြံလမ်း၊ နောက်ဘက်က အရင်က အလယ်တန်းကျောင်း။ အခုတော့ အထက်တန်းကျောင်း အမှတ် (၂) ဖြစ်နေပြီ။ အဲဒီက လွန်တော့ သနားခါးတောရပ်ကွက်အကွေ့ဆင်းပြီး ပြန်အတက်မှာ လမ်းရဲ့အရှေ့ဘက်ခြမ်းက လမ်းစုံလေး၊ အနောက်ဘက်ခြမ်းကတော့ မြတ်စွာဘုရားသင်္ကန်းလိပ်တဲ့တောင်မို့ အခုအခေါ် လိတ်တောင်တန်းကြီးရှိတယ်။

အဲဒီလမ်းစုံလေးရဲ့ အလယ်မှာ ဘုရားတစ်ဆူရယ်၊ ဘေးမှာ အာရုံခံတန်ဆောင်းဇရပ်တစ်ခုရှိတယ်။ အဲဒီဘုရားဝိုင်းကိုသံဆူးကြိုးနဲ့ဝိုင်းထားတယ်။ ဘုရားရဲ့ရှေ့တည့်တည့်က လမ်းကြီးက ဧရာဝတီမြစ်ကမ်းနားအထိရောက်တယ်။ ဘုရားရဲ့ဘေးနှစ်ဖက်ကနေ ခွဲထွက်ပြီး ဘုရားရဲ့ညာဘက်ကဆေးရုံကြီး၊ ဘယ်ဘက်က သ/မ အသင်း ဂိုဒေါင်ရှိတယ်။ (၂)လမ်းလုံးက ညာဘက် ဆေးရုံရှေ့က လမ်းက စကုမြို့ဘက်ကိုထွက်တဲ့မြောက်လှည်းကောက်သွားတဲ့လမ်း ဘယ်ဘက်ကလမ်းက မကွေးဘက်ကိုသွားမယ့် တောင်လှည်းကောက်ဘက်သွားတဲ့လမ်းပေါ် ရောက်တယ်။ အဲဒီလမ်းကြီးက မင်းဘူးမြို့ရဲ့မိန်းလမ်းမကြီးပဲ။ မင်းဘူးမြို့ ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ကမ်းမှာဆိုတော့ မြို့အကျယ်က အရှေ့ အနောက်က တိုတိုလေး၊ တောင်နဲ့ မြောက်က အရှည်ကြီး။

"ဒါတွေက မြေးလေးကိုအပြန်ဆိုင်ကယ်ပေါ်မှာ ပြောပြလာခဲ့တာ။ ခုဘွားဘွားတို့ပြန်လာတဲ့လမ်းက အဲဒီမိန်းလမ်းကြီးကပြန်လာတာ။ ဘွားဘွားတို့အရင်နေလာခဲ့တဲ့အိမ်က တောင်လှည်းကောက်မှာ အိမ်ငှားပေးနေရတာ။ မြေးလေးရဲ့ဘဘက မင်းဘူးမြို့နယ် လျှပ်စစ်အင်/ယာဆိုတော့ အဲဒီအချိန်က မြောက်လှည်းကောက်မှာတဲ့ မီးစက်ဝိုင်းထဲကို မနက်တစ်ခေါက်၊ ညနေတစ်ခေါက်လာရတယ်။ လျှပ်စစ်ရုံးက တောင်လှည်းကောက်ထဲမှာ။ ဘွားဘွားတို့က ရုံးနဲ့နီးတဲ့နေရာမှာပဲ အိမ်ငှားနေလိုက်တာ။ အဲဒီအချိန်တုန်းက လျှပ်စစ်မီးက စက်ရုံကြီးထဲမှာ စက်တွေမောင်းပြီး မင်းဘူးတစ်မြို့လုံးကို လျှပ်စစ်မီးပေးရတာ။

ဘွားဘွားတို့နေခဲ့တဲ့ ၁၉၇၀အထိ မင်းဘူးက ဒီဇယ်ဆီနဲ့ စက်တွေကိုမောင်းပြီး မီးပေးရတာ။ မြေးလေးရဲ့ ဘဘက နေတာက တောင်လှည်းကောက်မှာနေပေမယ့် စက်ရုံကအရေးကြီးရင်ကြီးသလို အချိန်မရွေးထသွားရတယ်။ တစ်ခါတလေ စက်ပျက်နေရင် ညဦးနက်သန်းခေါင်အထိနေရတယ်။ အဲဒီအခါကျ ဌာနကပေးထားတဲ့ ကားပြာလေးနဲ့ ပြန်လာတယ်"

အဲလိုပြောလာရင်း အိမ်ဝိုင်းထဲ ဆိုင်ကယ်ဝင်ကာမှစကားပြတ်သွားတော့တယ်။

နောက်နေ့ကျတော့ -

မြေးလေးက -

"ဘွားဘွားပြောပြမယ့် စံပယ်ပန်းနဲ့နဲ့ အစောင့်အရှောက်တွေက ဘယ်တော့ပြောမှာလဲ ဘွားဘွားရဲ့"

နဲ့ မေးတော့ -

"ခုပြောမှာ အဲဒါပဲ ငါ့မြေးရဲ့။ မနေ့က ဘွားဘွားပြခဲ့တဲ့ လမ်းစုံကဘုရားနဲ့ ဇရပ်ကလေးကထွက်လာတာ"

လို့ ပြောလိုက်တော့ -

"ဟာ - ခုပြော ခုပြော"

နဲ့ ပူဆာတော့တာပဲ။

"အေးအေး - ပြောမယ်။ ဒီနေ့တော့ ဘွားဘွားမအားသေးဘူး။နက်ဖြန်ညနေ မကွေးဘက်သွားမယ်။ မြို့သလွန်ဘုရားပေါ်မှကျမှ အနောက်ဘက် မင်းဘူးဘက်ကိုလှမ်းကြည့်ရင်း ဖြည်းဖြည်းပြောပြမယ်"

လို့ ပြောလိုက်မှ မြေးလေးလည်း ငြိမ်သွားတယ်။

နောက်တစ်နေ့ မြေးလေးရေ မြို့သလွန်ဘုရားသွားရအောင်လို့ ခေါ်လိုက်တော့ ဘယ်အချိန်ကအခေါ် စောင့်နေသလဲမသိဘူး။ ချက်ချင်းပဲ ဆိုင်ကယ်ထုတ်ပြီးလိုက်ပို့တယ်။

ညနေ (၄) နာရီလောက်မှာ အိမ်ကထွက်ခဲ့ကြတယ်။ အိမ်ကတစ်ခါတည်း စိပ်ပုတီး၊ ယောဂီတဘက်၊ ဘုရားလှူဖို့ပန်း၊ ဆီမီးအမွှေးတိုင်အားလုံးယူခဲ့တယ်။ မကွေး-မင်းဘူး ဧရာဝတီမြစ်ကူးတံတားကြီးပေါ် ရောက်လို့ မြစ်လယ်လောက်ကျတော့ ခဏရပ်ပြီး မြစ်အတွင်းဖြတ်တိုက်လာတဲ့လေကိုရှူရတာ စိတ်လန်းဆန်းပြီး ဦးနှောက်လည်းကြည်လင်တယ်။ အားအင်တွေလည်း ပိုရှိလာသလိုခံစားရတယ်။ မြေးလေးကိုလည်း ပြောပြရတယ်။

"ခု- ငါ့မြေးတို့က ကံကောင်းတာလို့။ ဘွားဘွားတို့တုန်းကဆို မင်းဘူးဘက်ကနေ မကွေးကိုသွားချင်ရင် မော်တော်တွေနဲ့သွားရတာ။ မော်တော်က သုံးစင်းရှိတယ်။ အောင်ဝင်းသိန်း၊ အောင်ဝင်းသန်း၊ အောင်သိဒ္ဓိတဲ့။ နွေကျရင် မြစ်လယ်ကပေါ်လာတဲ့သောင်ကြီးကိုဖြတ်ရတာ တအားကြာတာပဲ။ အခုတော့ ခဏလေးနဲ့မကွေးဘက်ကိုရောက်တယ်"

ဘုရားကိုရောက်တော့လည်း အရင်ကလို စောင်းတန်းကတက်စရာမလိုဘဲ ဆိုင်ကယ်နဲ့ ဘုရားရင်ပြင်ပေါ် အထိရောက်တယ်။ မြေးအဘွားနှစ်ယောက် ဘုရားကို တစ်ပတ်ပတ်ပြီး ပါလာတဲ့ပန်း၊ ဆီမီး၊ အမွှေးတိုင်နဲ့ ရေချမ်းကပ်ပြီး ကိုယ့်ရဲ့မွေးနံ့ဂြိုဟ်ဘုရားတွေရှေ့မှာ ဘုရားကို အာရုံပြုပြီး ဘုရားရှိခိုး အမျှအတန်းဝေ၊ မေတ္တာပို့ပြီး ဂုဏ်တော်ကွန်ချာကို (၉) ခေါက်စိပ်ပါမည်လို့ အဓိဋ္ဌာန်ပြီး စိပ်ပါတယ်။

အားလုံးပြီးစီးလို့ မျက်စိဖွင့်ပြီး ဝဲ၊ ယာကိုကြည့်လိုက်တော့ မြေးလေးက နောက်ကဘုရားတံတိုင်းမှာရပ်ပြီး မြစ်ဘက်လှမ်းကြည့်နေလေရဲ့။ သူနားသွားရပ်ပြီး -

"မြေးလေးရေ လွန်ခဲ့တဲ့ နှစ် (၃၀) ကျော်တုန်းကလည်း ခုလိုပဲ ဧရာဝတီမြစ်ကြီးက စီးမြဲစီးနေတာပဲ။ မြစ်အနောက်ဘက်က စက္ကိတ္တဲ့ဘုရားရယ်၊ လိတ်တောင် (သင်္ကန်းလိပ်) တောင်ရယ်၊ မင်းဘူးဘုရားရယ် အားလုံးဟာ ဒီအတိုင်းပဲ။ ပြောင်းလဲသွားတာကတော့ ဘွားဘွားတို့ရဲ့ လူ့ဘဝကြီးပဲ။ အခုဆိုကြည့်စမ်း၊ ဘွားဘွားဆိုရင် ဟိုနှစ် (၃၀) ကျော်တုန်းက ခု မြေးလေးရပ်ကြည့်နေသလို မြေးလေးအရွယ် နုပျိုခြင်းက ခုအဘွားကြီး မျက်စိကမှိုင်း၊ ခါးကကိုင်းနဲ့ ပြောင်းလဲသွားလိုက်တာ ဝိပဿနာတရားအလုပ်လုပ်ချိန် ဘွားဘွားမှာသိပ်နည်းနေပြီလို့။

ဘွားဘွားအသက် (၃၀) ဝန်းကျင်မှာ မင်းဘူး-တောင်လှည်းကောက်မှာနေတုန်းက မြေးလေးရဲ့ဘဘက စက်ရုံကို မနက်တစ်ခေါက်၊ ညနေတစ်ခေါက် သွားရတယ်လို့ ပြောခဲ့တယ်မဟုတ်လား။ တစ်ခါကျတော့ ညည်းဘဘက မှန်မှန်တော့ဘူး။ ည (၂) နာရီ (၃) နာရီမှပြန်ပြန်လာတယ်။ ဒါနဲ့ဘွားဘွားစိတ်ထဲမှာ မသက်သာလို့မေးကြည့်လည်း ငါစက်ရုံမှာနေတာပဲ ဘယ်မှမသွားဘူး။ မင်းမယုံရင် လိုက်ကြည့်ပေါ့နဲ့ သူကဒါပဲပြောတယ်။

အမှန်က ညည်းဘဘက ညကြီးအချိန်မတော် ဒီလမ်းကို မလာရဲလောက်ဘူးထင်ပြီးပြောတာလေ။ သွားရဲမှာလည်းမရှိဘူးလေ။ သနားခါးတောအဆင်းအလိမ့်ကွေ့ကလည်း အိမ်ခြေ

www.burmeseclassic.com



ပြတ်တယ်။ လူပြတ်တယ်။ အဲဒီက အတက်လမ်းစုံဘုရားနဲ့ တန်ဆောင်းကလည်း နာမည်ကြီး။ အဲဒီကအရှေ့ဘက်ထွက်တဲ့လမ်းအတိုင်းက စက်ရုံနားရောက်ခါနီးတော့ လမ်းအနောက်ဘက်မှာ ကပ်ပေါက်နေတဲ့သစ်ဆိမ့်ပင်ကြီးက မိုးကြိုးပစ်ချထားပြီး သစ်ပင်တစ်ခြမ်းမည်းကြီးနဲ့ တစ္ဆေတောင်မဟုတ်ဘူး၊ သရဲအကြီးစားတဲ့။ စက်ရုံဂျူတီဆင်းတဲ့ ဝန်ထမ်းတွေ ည (၉) နာရီ ဂျူတီလည်းပြီး မြို့ထဲပြန်ကြရင် ခဏခဏအခြောက်ခံကြရတယ်။ အဲ့တော့ ဘွားဘွားကို ညတော့ လိုက်ရဲမှာမဟုတ်ဘူးဆိုပြီး တည်တည်လိမ်တာပေါ့။

တစ်ညမှာ ဘွားဘွား တစ်ရေးနိုးနာရီကြည့်လိုက်တော့ (၁၂) နာရီထိုးပြီးနေပြီ။ ဘွားဘွားလည်းစိတ်ပေါက်ပေါက်နဲ့ လိုက်ကိုချောင်းမယ်ဆိုပြီး ထဘီတိုတိုပြန်ဝတ်၊ လက်နှိပ်ဓာတ်မီးကို တင်းတင်းပါအောင်ကိုင်ပြီး တောင်လှည်းကောက်အိမ်ကနေထွက်တော့တာပဲ။ မြေးလေးသိတဲ့အတိုင်းပဲ တောင်လှည်းကောက်ကနေ မင်းဘူးတစ်မြို့လုံးကိုဖြတ်မှ မြောက်လှည်းကောက်ကိုရောက်တာ။

ဘွားဘွားလည်း သနားခါးတောအဆင်းလည်းရောက်ရော မျက်စိရှင်ရှင်နားရှင်ရှင်ထားပြီးသုတ်သုတ်နဲ့သွားတာ ဟိုဘက်အတက်ဘုရားနားလည်းရောက်ခါနီးရော စံပယ်ပန်းနံ့ရောပြီး အမွှေးနံ့တထောင်းထောင်းထနေတာပဲ။ဘွားဘွားလည်း ဒါတော့မရိုးဘူး။ ငါတော့ သွေးစမ်းနေပြီဆိုပြီး ဘုရားဂုဏ်တော်ကိုးပါးနဲ့ သရဏဂုံ (၃) ပါးကို အပြန်ပြန်အလှန်လှန်ဆိုပြီး မပြေးရုံတမည်သွားတော့ ဘုရားရှေ့ ဇရပ်နားလည်းရောက် ဇရပ်ထဲက အမျိုးသမီးသုံးယောက် လှမှလှ။ တစ်ယောက်က ရှေ့နားကရပ်ပြီး နှစ်ယောက်က နောက်နားလေးကရပ်နေကြတာ ကာထားတဲ့သံဇကာအတွင်းကနေပြီး အစ်မကြီး၊ အစ်မကြီးနဲ့လက်ယပ်ခေါ်နေပြီး စာအုပ်တွေထဲ ငါဖတ်ဖူးတာ ငယ်ငယ်က ဥစ္စာစောင့်သိုက်ကားတွေကြည့်ဖူးတာ သူတို့က သိုက်နန်းထဲခေါ်သွားပြီး လိပ်ပြာနှုတ်ယူထားလိုက်ပြီး လူချင်းလဲတာလို့ ငါကြည့်လို့မဖြစ်ဘူး။ သွားလို့မဖြစ်ဘူးဆိုပြီး ဘွားဘွားလည်း ဘုရားစာတွေဘယ်ရောက်မှန်းမသိတော့ဘူး။ သုတ်ခြေတင်ပြီးပြေးတော့တာပဲ။ စိတ်ထဲမှာလည်း ခြေထောက်က ဇရပ်နားကကိုမလွှတ်နိုင်သေးဘူးထင်ပြီးပြေးတာ။ သစ်ဆိမ့်ပင်လည်း ဘယ်လိုကျော်သွားမှန်းမသိဘူး။ ရဲစခန်းရှေ့လည်း ဘယ်လိုဖြတ်မှန်းမသိဘူး။ အဆင်းဆိုတော့လည်း ဒုန်းစိုင်းပြီးပြေးတာ စက်ရုံရှေ့ရောက်ခါမှ လိုင်းသမားတွေက ဆရာကတော် သတိထား သတိထားနဲ့ ဖမ်းဆွဲလိုက်မှ အသိဝင်ပြီး ဟင်းချလိုက်ပြီး ပစ်ထိုင်ချလိုက်တော့တယ်။

ညည်းတို့ဘဘဆို မျက်လုံးပြူးပြီး ဘွားဘွားဆူမှာကြောက်နေတာ ။ ပြီးတော့ သူတို့တစ်တွေက ဂျူတီစောင့်တဲ့ လိုင်းတဲထဲမှာ ဖဲရိုက်နေကြတာ။ ညည်းဘဘက လိုင်းသမားတွေ၊ စက်သမားတပည့်တွေနဲ့လည်း ဖဲရိုက်တာ။ လူကလည်းငယ်သေးတော့ ဆရာဆိုပြီးကျွေနဲ့မနေဘူး။ ဘွားဘွားအသက်ရှူမှန်ပြီးတည်ငြိမ်သွားမှ ဘာဖြစ်လာတာလဲလို့ ဝိုင်းမေးကြတော့ ဖြစ်ကြောင်းကုန်စင်ပြောပြတာပေါ့။ အဲဒီကျမှ သူတို့လည်း ဟင်းချနိုင်ပြီး စက်သမားအေးကျော်ဆိုဟာ - ငါများခေါ်ရောပေါ့။ ငါဆိုရင် သွားလိုက်မှာပဲ။ သူတို့သဘောကျရင် ရွှေမန်ကျည်းတောင့်ပေးချင်ပေးလိုက်ဦးမှာ။ ဆရာကတော်ကိုလည်း ရွှေမန်ကျည်းတောင့်ပေးချင်လို့ခေါ် သလားမှမသိတာလို့ ပြောတော့ ကျန်တဲ့လိုင်းမင်းတွေသူ့ကို ဝိုင်းထိုးဝိုင်းဆဲကြတာပေါ့။ မင်းရွှေမန်ကျည်းတောင့်တော့ရမှာမဟုတ်ဘူး။ မင်းအသက်နှုတ်ယူထားလိုက်မှာ ဖြင့်မမြင်ဘဲနဲ့ပြောကြတာပေါ့။

အဲဒီကျမှ ညည်းဘဘလည်း ငါ မိန်းမသတ္တိကတော့ကောင်း[illegible]ကွာ။ ငါမလာရဲလောက်ဘူးဆိုပြီး [illegible]ပြောတာ။ နောက် မင်းအဲလိုအရဲမတိုးနဲ့။ အချိန်မတော် အမျိုးသမီးတစ်ယောက်တည်း မသူတော်တွေနဲ့တွေ့ရင်မင်းဘယ်လိုလုပ်မလဲနဲ့ ဘွားဘွားကိုပြောတာ။ ဘွားဘွားကလည်း အို - ဘာကြောက်ရမှာလဲ။ အနားကပ်လာရင် ဟောဒီမှာတွေ့လား။ လက်နှိပ်ဓာတ်မီးလို့၊ လက်နှိပ်ဓာတ်မီးနဲ့ အသေခေါင်းကိုရိုက်မှာပေါ့လို့၊ နောက်မင်းလည်း ငါ့ကိုမလိမ်နဲ့ပေါ့လို့ ပြန်ပြောလိုက်တယ်။

ဘွားဘွားလည်း မနက်လင်းမှကားနဲ့ပြန်လာခဲ့ကြတယ်။ အိမ်ရောက်လို့ တစ်ဝိုင်းတည်းနေတဲ့အိမ်ရှင်ဒေါ် ဒေါ်တို့ကိုပြောပြတော့ ဒေါ်ဒေါ်တို့မိသားစုမှာအံ့အားတွေသင့်ပြီး အမလေး သူမို့လို့ မကြောက်မရွံ့သွားရဲတယ်။ တကယ်ဆို ဒေါ်ဒေါ်သမီး သန်းသန်းကိုခေါ်သွားပေါ့နဲ့ပြောတာ မြေးလေးရေ။ အဖြစ်အပျက်ကတော့ အဲဒါပဲ ငါ့မြေးရေ"

လို့ ပြောတော့ မြေးမလေးက -

"အမလေး ဘွားဘွားရယ်၊ သမီးသာဆိုရင် အဲဒီနေရာမှာတင် လိပ်ပြာလွင့်သေမှာပဲ။ တစ်ယောက်တည်းလည်း ဘွားဘွားလိုတော့ မသွားရဲပေါင်။ ဘွားဘွားကတော့ သိပ်သတ္တိကောင်းတာပဲ။ ခုတောင် ဘွားဘွားကဒီအသက်အရွယ်ရောက်ပေမယ့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့်နဲ့ရဲဝံ့တာ။ ငယ်ငယ်တုန်းကဆို ပိုဆိုးမှာပေါ့"

လို့ ပြောတယ်။

"အေးလို့၊ ဘွားဘွားက ခုနစ်နှစ်သမီးအရွယ်ကတည်းက ဘွားဘွားရဲ့အမေနဲ့ ဥပုသ်ကျောင်းလိုက်ဥပုသ်စောင့်၊ ပုတီးစိပ်တယ်။ ညစာတော့မလွတ်ဘူးစားတယ်။ ကလေးအရွယ်ဆိုတော့ မနေနိုင်ဘူး။ အနန္တောအနန္တငါးပါးကိုလည်း အမြဲတမ်း ဦးထိပ်မှာထားပြီးရှိခိုးတယ်။ ဘယ်တော့မှ ဘယ်သူ့ကိုမှ လိမ်ညာပြီးမုသားမပြောဘူးလို့။ မြေးလေးလည်းမှတ်ထားနော်။ ကဲ-တို့မြေးအဘွားလည်းစကားကောင်းနေတာ တော်တော်မှောင်နေပြီ။ ပြန်ကြရအောင်။

အသက် (၆၀) ကျော်မှ မင်းဘူးကိုတစ်ခေါက်ပြန်လာလို့ ဝါသနာတူမြေးမလေးနဲ့ သွားအတူစားအတူဖြစ်နေတော့ ဘွားဘွားအရွယ်ကောင်းတုန်းကဒီမင်းဘူးမှာ ကြုံတွေ့ရတဲ့အဖြစ်ကလေးတွေကိုသတိရလာပြီး ငါ့မြေးကိုပြန်ပြောရတာ။ နောက်တစ်ခါကျမှ ဘွားဘွားတို့နေတဲ့ တောင်လှည်းကောက်ကအိမ်ရှေ့လမ်းလယ်ကောင်မှာ ဘွားဘွားတို့လူငယ်တစ်စုစုပြီး မကြာခင်က သူများသတ်လို့ သေသွားတဲ့ သူငယ်ချင်းကိုဝိညာဉ်ခေါ်ပြီး လျှောက်မေးတာ။ ပြန်မထုတ်တတ်လို့ ဒုက္ခရောက်တာတွေကို ပြောပြမယ်။ ရယ်လည်းရယ်ရတယ်။ ခုတော့ ပြန်ကြဦးစို့"

ဆိုပြီး မြေးအဘွားနှစ်ယောက် မကွေးမြသလွန်ဘုရားပေါ်ကဆင်း[illegible]ကြပါတော့တယ်။

ဒေါ်မြသန်းကြည် (သန့်လျှင်မြို့)




www.burmeseclassic.com

www.burmeseclassic.com

(၁)

သစ်ကုန်သည်ဘဝကိုစွန့်လွှတ်၊ စတိုးဆိုင်လေးဖွင့်၊ အရောင်းအဝယ်တစ်ဖက်ဖြင့် ဝါသနာပါသော ကာတွန်းဆရာဘဝကို မြတ်မြတ်နိုးနိုးခံယူထားသူ ကိုအောင်။ သစ်ကုန်သည်ဘဝဖြင့် ကျင်လည်ကျက်စားခဲ့ရာ ပဲခူးအရှေ့ရိုးမနယ်တစ်ခွင် ဆင်ပေါင်ဝဲမြို့နယ်၊ တောင်တွင်းကြီးမြို့နယ်၊ အောင်လံမြို့နယ်တို့ဆက်စပ်သောရွာများဖြစ်သည့် ဘန်းကုန်း၊ မွန်းစ၊ ထောမရွာများသို့ မရောက်ခဲ့တာနှစ်အတော်ကြာခဲ့ပြီ။ အောင်လံမြို့မှာ အခြေချနေထိုင်ခဲ့ပေမယ့် ဒီနယ်တွေကို တမင်မသွားဘဲရှောင်ကွင်းနေခဲ့သည်။ ဒီနယ်က ထောမရွာမှာ နှမအရင်းတော်စပ်သူနှင့် မိတ်ဆွေများရှိခဲ့သည်။ ဒီနယ်တွေကိုရောက်သွားလျှင် အဟောင်းကအသစ်ဖြစ်ပြီး ရင်တွေနာကျင်စွာခံစားရလွန်းလို့ တမင်မသွားခဲ့ခြင်း ဖြစ်သည်။

သစ်ကုန်သည်ဘဝဖြင့် ဒီနယ်တွေဝယ်ယူရသည်။ အဖမ်းအဆီးခံရမည့်ဘေးကြုံရသဖြင့် မနည်းကိုယ်လွတ်ရုန်းထွက်ခဲ့ရတာလည်းရှိခဲ့သည်။ တစ်ခါတစ်ရံ အရှေ့ရိုးမတစ်ခွင် တောလမ်းခရီးသစ်ရရှိရေးအတွက် ခရီးထွက်ရင်း တောဆင်များနှင့်ပက်ပင်းတွေ့ပြီး ပြေးခဲ့ရတာလည်းရှိသည်။ ခုတစ်လော ဆင်စခန်းမှလွတ်မြောက်ပြီး အရိုင်းစိတ်ဝင်နေသောဟိုင်းဆင်ကြီး မျိုးအောင်ရန်ကိုလည်းကြောက်ရသေးသည်။ တောလမ်းခရီးသွားလျှင် ဆင်ချေးပုံကို သတိထားကြည့်ရသည်။ ဆင်ချေးပုံလတ်ဆတ်ပြီး ဆင်ချေးများပျော့မနေဘဲ အဖတ်လိုက်တွေ့လျှင် ဒီဆင် မကျန်းမာ အနီးအနားမှာရှိနိုင်သည်။ တောဆင်များ ဟိုင်းဆင်ကြီးမျိုးအောင်နဲ့တွေ့ရင် အစွယ်အချိုးမခံရအောင် အစွယ်ကို မြေကြီးထဲထိုးစိုက်

တော့မည်။ ဆွေမျိုးသားချင်းများကမရောက်တာကြာပြီဖြစ်တဲ့ ကိုအောင့်ကိုအလွမ်းပြေအလည်လာရန်ဖိတ်ခေါ်နေသည်။ ကိုအောင် မရောက်တာကြာပြီဖြစ်လို့ သွားရန်ဆုံးဖြတ်လိုက်သည်။ ဒီလိုဆုံးဖြတ်လိုက်တော့မှ အတိတ်ကကြုံဆုံခဲ့ရသည့် ဝမ်းနည်းကြေကွဲဖွယ် ညီမအရင်းတော်စပ်သူ ဝါဝါရဲ့ပုံရိပ်လေးတွေတစစအစီအရီပြန်ပေါ်လာတော့သည်။

ကိုအောင့်ဖခင်က အောက်ခြေအစိုးရဝန်ထမ်း အငြိမ်းစားတစ်ဦး။ အိမ်ထောင်သက်တမ်းတစ်လျှောက် သားတစ်ယောက်၊ သမီးတစ်ယောက်သာထွန်းကားသည်။ လူပျိုကြီးကိုအောင်ကလည်း တစ်ဦးတည်းသော ညီမလေးဝါဝါကို အစစအလိုလိုက်အကြိုက်ဆောင်အချစ်တွေပိုခဲ့သည်။ တစ်အိမ်လုံးရဲ့အချစ်တော်ဝါဝါက မိသားစုအပေါ်နွဲ့



(ရွှေမိုးညို) မောင်စိန်ဝင်း

# နှောင်ကြိုးလေးတစ်မျှင်

ကို ခြေရာချင်းထပ်အောင် သစ်ကိစ္စဖြင့် ကိုအောင်သွားခဲ့ဖူးသည်။ ဒီနယ်များကနိုင်ငံတော်က စီမံဖောက်လုပ်ထားသောပြည် - အောင်လံ - မကွေးသွား အဝေးပြေးလမ်းမကြီးဘေးက ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင်နှင့်သာဂရသွားလမ်းမကြီးများ၊ သရက်ခရိုင် အောင်လံမြို့နယ်မန်းမြောင်၊ သမ္ဗူလနဲ့ မကွေးခရိုင်-ဆပ်သွားတို့ခရိုင်ချင်းဆက် လမ်းများရဲ့အရှေ့မြောက်ဘက်ဆက်စပ်ရာ၌တည်ရှိသည်။ ဆင်ပေါင်ဝဲမြို့မှ မိုင် (၄၀)ခန့်ကွာဝေးသည်။ ဒီနယ်များမှာ သစ်မျိုးစုံကို နည်းမျိုးစုံနှင့်ရတတ်သည်။

ကိုအောင်တို့လို သစ်ကုန်သည်အငယ်စားလေးတွေ သစ်ရရှိရေးနည်းမျိုးစုံ စွန့်စားရသည်။ နိုင်ငံတော်အစိုးရထံမှာ ပုံစံ(၈)ဖြင့် သက်တမ်း (၃)လရှိသော သစ်လေလံဝယ်ယူရသည်။ သက်တမ်းကုန်လျှင် သက်တမ်းတိုးရသည်။ လေလံသစ်မရလျှင် ဘေးက ခိုးသစ်ကို

ထားတတ်သည်။ ဒါပေမယ့် ဟိုင်းဆင်ကြီးမျိုးအောင်ရန်ကမလွတ်။ အစွယ်တစ်ဖက်အချိုးခံကြရသည်။ အစွယ်တစ်ဖက်အချိုးခံထားရတဲ့ တောဆင်နဲ့တွေ့ရ င
လွတ်အောင်ပြေးဖို့သာပြင်ပေတော့။

(၂)

ဒီလိုဘဝနဲ့ အသက်ကိုရင်းပြီးလုပ်ရတဲ့ သစ်ကုန်သည်ဘဝကို စိတ်ကုန်လွန်းလို့ စွန့်လွှတ်ခဲ့တာကြာခဲ့ပြီ။ မွန်းစရွာကြီးမှ ခွဲထွက်လာသော ထောမရွာလေးသည် အိမ်ခြေရာကျော်သာရှိသည့် ရွာငယ်လေး၊ ဆင်ပေါင်ဝဲမြို့နယ်၊ လဲဇင်ရဲကင်းနဲ့ (၁၄) မိုင်ခန့်ကွာဝေးသည်။ ယခု ဒီနယ်တွေကိုဖြတ်ပြီး အရှေ့ရိုးမပတ် လမ်းဖောက်လုပ်ရန် နိုင်ငံတော်ကစီစဉ် နေသည်။ ဒီလိုဆိုဆက်သွယ်ရေးတွေ ကောင်းပြီး ဒီနယ်တွေ ဖွံ့ဖြိုးတိုးတက်လာ

ဆိုးဆိုးတတ်သည်။ ဝါဝါက လိုချင်တာမရရင် ဘယ်သူ့မှစကားမပြော၊ အကြာကြီးစိတ်ကောက်နေတတ်သည်။ ဝါဝါက အမည်နဲ့လိုက်အောင်ပင် အဝါရောင်ဝတ်စုံများကို အမြတ်တနိုးဝတ်ဆင်လေ့ရှိသည်။ အထက်တန်းကျောင်းသူဘဝမှာပင် ထောမရွာမှ ကျောင်းလာတက်နေသော မောင်ဇော်နဲ့လိုက်ပြေးသွားခဲ့သည်။ လောကဓမ္မတာပေမယ့် အတောင်အလက်မစုံခင် မိဘနဲ့အစ်ကိုဖြစ်သူရဲ့ရင်ခွင်ကို စွန့်ခွာထွက်ပြေးသွားသော ညီမအတွက် ကိုအောင် ရင်ထုမနာဖြစ်ရသည်။

သဘောမတူပေမယ့် မောင်ဇော်နဲ့ဝါဝါကို ခွဲ၍မရသည့်အဆုံး အရှက်မရစေရန် နှစ်ဖက်မိဘများ တိုင်ပင်ပြီး အကျဉ်းချုံး လက်ထပ်ပေးလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ သျှောင်နောက်ဆံထုံးပါဆိုသလို ဝါဝါ မောင်ဇော်ရှိရာ ထောမရွာကလေးသို့ လိုက်ပါသွားခဲ့သည်။ ကိုအောင့်မိဘများက သမီးကို စိတ်ချပြီး အဆက်အသွယ်သိပ်မလုပ်ပေမယ့် ကိုအောင်ကတော့ တစ်ဦးတည်းသော ညီမလေးကို သံယောဇဉ်မပြတ်နိုင်။ ဘန်းကုန်းရွာ၊ ထောမရွာများသို့ ယခင်ကထက် အရောက်အပေါက်များလာသည်။သစ်ကိုစ္စနဲ့သွားတာလည်းရှိ၊ ညီမလေးဝါဝါကို သတိရ၍သွားတာလည်းရှိ၏။မောင်ဇော်ရဲ့မိဘ လက်ငုတ်လက်ရင်းယာအလုပ်မှာ မတက်တတက်နဲ့ ဝင်ရောက်ကူညီလုပ်ကိုင်ပေးနေတဲ့ဝါဝါကိုမြင်ပြီး သနားမဆုံးရှိနေသည်။ ဒါကြောင့်လည်း ဒီနယ်ကိုသွားရင် ဝါဝါကြိုက်နှစ်သက်တဲ့ အဝါရောင်အထည်စကလေးတွေဝယ်သွားပြီး ညီမလေးကို လက်ဆောင်ပေးလေ့ရှိသည်။ ကြာတော့ အတိတ်ကအဖြစ်တွေမေ့ပျောက်ပြီး မောင်ဇော်ရဲ့မိဘတွေနဲ့ပါ ခင်မင်သံယောဇဉ်ရှိလာရသည်။

(၃)

သရက်မြို့ သတ္တဋ္ဌာနဘုရားပွဲက နှစ်စဉ် ပြာသိုလ၌ ကျင်းပမြဲဖြစ်သည်။ ဒီနှစ် စွယ်တော်ထုတ်၍ မြို့ထဲလှည့်လည်အပူဇော်ခံမည့်နှစ်မို့ ဘုရားပွဲက ပိုမိုစည်ကားနေသည်။ အနယ်နယ်အရပ်ရပ်မှ အလှကုန်၊ လူသုံးကုန်၊ စားသောက်ကုန်၊ အဝတ်အထည် လာရောက်ရောင်းချသောဈေးသည်များ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ဆပ်ကပ်ပွဲ၊ မျက်လှည့်ပွဲ၊ ဘုရားဖူးလာကြသည့်လူများနဲ့ ကြက်ပျံမကျ ကြိတ်ကြိတ်တိုး စည်ကားနေသည်။ အနယ်နယ်အရပ် [illegible] ဘုရားဖူးလာကြသူများ



www.burmeseclassic.com

တွင် အထူးသဖြင့် သရက်ခရိုင်ထဲကမြို့များဖြစ်သည့် အောင်လံ၊ ဆင်ပေါင်ဝဲ၊ ကံမ၊ မင်းလှ၊ မင်းတုံးမြို့နယ်များက ပိုများသည်။

ပဲစိုက်တောင်သူများ ယာခင်းများရိတ်သိမ်းပြီးစ ငွေရွှင်သောအချိန်လည်းဖြစ်သည်။ ဘန်းကုန်း၊ မွန်းစ၊ ထောမရွာများမှ ရွာသူရွာသားများလည်း ဘုရားပွဲရောက်ရှိနေကြသည်။ ထောမရွာမှ ကိုဇော်နဲ့ဝါဝါတို့လည်း ဘယ်နေလိမ့်မလဲ။ အများနည်းတူ ဘုရားပွဲခင်းထဲလှည့်ပတ်ကြည့်ရှုနေကြသည်။ ပွဲခင်းထဲက အဝတ်အထည်ဆိုင်အရှေ့အရောက်ဝါဝါ ကိုဇော့်လက်ကိုဖမ်းဆွဲလိုက်ပြီး-

"ကိုဇော် ဝါဝါ အဝတ်အထည်လေးတွေကြည့်ချင်တယ် ခဏနော်"

ဆိုင်ရှေ့အရောက် ဈေးသည်က-

"မောင်လေးနဲ့ညီမလေး ဘာလိုချင်လို့လဲ။ အဝတ်အထည်မျိုးစုံရှိတယ်"

"အထည်စလေးတွေကြည့်ချင်လို့ပါ"

ဈေးသည်က အထည်မျိုးစုံထုတ်ပြရင်း ဈေးနှုန်းကိုပါပြောလိုက်သည်။ ဝါဝါ ရှုံသားအဝါရောင်အထည်စလေးတွေရွေးထုတ်ပြီး ဈေးဆစ်ရင်း (၂)ကိုက်ဖိုးငွေချေရန် ပြင်လိုက်သည်။

ကိုဇော် မနေသာတော့ -

"ဝါမှာ အင်္ကျီအဝါရောင်တွေများနေပြီ။ ဒီပြင်အရောင်ခွဲလေးတွေဝယ်ပါလား"

"ဟင့်အင်း-ဝါအဝါရောင်ပဲကြိုက်တယ်၊ အဝါရောင်ပဲချစ်တယ်"

"အေးပါကွာ၊ ဝါ့သဘောပဲပေါ့"

ကိုဇော်ကလည်း ဝါဝါနဲ့အတိုက်အခံဘာမှမလုပ်တတ်။ ဝါဝါ့အကြိုက်လိုက်လျောတတ်သူဖြစ်သည်။ ကိုဇော်နဲ့ဝါဝါတို့ ဘုရားပွဲမှာ ဘုရားတွေဖူး၊ အလှူဒါနတွေပြုလုပ်၊ ဇာတ်ပွဲတွေကြည့်၊ ယာတောထဲမှာပင်ပန်းခဲ့သမျှ ပင်ပန်းနွမ်းနယ်မှုတွေပြေပျောက်သွားသလိုရှိသည်။ ဘုရားပွဲမှ ထောမရွာသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

(၄)

ရာသီစက်ဝန်းတို့ကုန်ဆုံးသွားခဲ့တာ ဘာလိုလိုနဲ့ (၂)နှစ်ရှိခဲ့ပြီ။ ဝါဝါမှာလည်း ကိုယ်ဝန်ရှိလာခဲ့သည်။

ဝါဝါသားလေးမွေးရင် ကောင်းမှာပဲ။ သားလေးကို ဘယ်လိုနာမည်ပေးရင်ကောင်းမလဲ။ အဖေနဲ့အမေနာမည်နှစ်မျိုးစလုံးပါရမယ်။ မာတာမိခင်ရဲ့ ကျေးဇူးက ပိုကြီးမားလို့ အမေ့နာမည်ထိပ်ကထားပြီး ဝါဇော်လို့ပေးရင်ကောင်းမယ်။ သားသမီးများကို တရားနှင့်အညီ ချစ်မြတ်နိုးတတ်လို့ မာတာ (မိခင်) အနက်အဓိပ္ပာယ်ရသည့် မိခင်တွေထဲမှာ ဝါဝါလည်း မိခင်တစ်ယောက်ပဲလေ။ သားလေးဝါဇော်ကို ရှင်ပြုချိန်ရောက်လာရင် ရွာဦးဘုန်းတော်ကြီးကျောင်းမှာပဲ ရှင်ပြုပေးရမယ်။ သားလေးကို အဝါရောင်သင်္ကန်းလေးနဲ့ ဆင်မြန်းထားတာ မြင်ချင်လိုက်တာ။

ဝါဝါအဆင့်တွေကျော်ပြီးစိတ်ကူးအယဉ်ကြီးယဉ်နေသည်။ ကိုဇော် ဘယ်အချိန် အနားရောက်လာသလဲ သတိမထားလိုက်မိ။

"ဟိတ် - ဝါ ဘာတွေစိတ်ကူးယဉ်နေတာလဲ"

"ကိုဇော် ဝါတို့သားလေးမွေးလာရင် ကောင်းမှာပဲလို့တွေးနေတာ။ သားလေးကို ကိုဇော်နဲ့ဝါ့နာမည်ပါပါအောင် ဝါဇော်လို့ အမည်ပေးရင်မကောင်းဘူးလား။ သားလေးရှင်ပြုချိန်ရောက်လာရင် ရွာဦးဘုန်းတော်ကြီးကျောင်းမှာ ရှင်ပြုပေးမယ်။ သားလေးကို အဝါရောင်သင်္ကန်းလေးနဲ့မြင်ချင်လိုက်တာ ကိုဇော်ရယ်"

မုန့်ဆီကြော်ဘယ်နားမသိ၊ နှုတ်ခမ်းနားနဲ့တည့်ပါ့မလား။ အဆင့်တွေကျော်ပြီးတွေးနေတဲ့ဝါဝါရဲ့အဖြစ်ကိုမြင်ပြီး ဝါဝါကို ကရုဏာသက်စွာကြည့်ရင်း ကိုဇော် ပြုံးစိစိနဲ့ -

"ဝါဝါဖြစ်ချင်တဲ့အတိုင်းဖြစ်မှာပါကွယ်။ ဝါစိတ်ချမ်းသာအောင်သာနေ၊ အားလုံးဖြစ်စေရမယ်"

ဝါဝါ့မျက်နှာလေး ကြည်နူးဝမ်းမြောက်မှုနှင့်အတူ ကြည်လင်ဝင်းပသွားသည်။အစစအလိုလိုက်အကြိုက်ဆောင်ပြောတတ်လွန်းတဲ့ ကိုဇော့်ကို တစ်ချက်ကြည့်လိုက်ပြီး-

"ဝါလေ ကိုဇော့်ကို ကျေးဇူးတင်ပါတယ်။ အားလည်းကိုးပါတယ် ကိုဇော်ရယ်"

နှလုံးသားတစ်ခုထဲရှိရာက နှစ်ခုရှိလာတော့မယ့်ဝါဝါ တစ်ခါမှမတပ်မက်ခဲ့ဖူးသော မိခင်တစ်ယောက်ရဲ့ချစ်ခြင်းတပ်မက်မှု ထူးထူးဆန်းဆန်းပေါ်လာသည်။ တစ်လပြီးတစ်လ သန္ဓေကကြီးမားလာသည်။ နဂိုက အရောင်အဝါစိုသည်၊ ယခု သွေ့လာသည်။ နဂိုက အရောင်ဝင်းသည်။ ယခု ညှိုလာသည်။ နဂိုကသွက်သည်၊ ယခုထိုင်းလာသည်။ နဂိုက စိတ်ဓာတ်ကြွသည်၊ ယခု အားငယ်စိတ်တွေဝင်လာသည်။ တစ်လပြီးတစ်လ ဝါဝါ ညှိုးနွမ်းလာသည်။ နဂိုက ပေါ့ပါးသွက်လက်သည်။ ယခု ကိုယ်လက်များ လေးလံစပြုလာသည်။မာတာမိခင်တိုင်း ကြုံတွေ့ရမြဲမွေးတာမှ ခင်ပွန်းဖြစ်သူ ကိုဇော်၊ တစ်ခါတစ်ရံရောက်လာတတ်တဲ့ အစ်ကိုဖြစ်သူ ကိုအောင်တို့ရဲ့အားပေးမှုနဲ့ မိခင်ဘဝကို ကြံ့ကြံ့ခံရင်ဆိုင်ရန် ဝါဝါ စိတ်ဆုံးဖြတ်လိုက်သည်။

(၅)

"အူဝဲ. . . အူဝဲ. . . အူဝဲ. . . ဝါး . . . . ဝါး"

ဒီနေ့မနက် (၁၀) နာရီလောက် ထောမရွာလေးရဲ့ ဦးငြိမ်း-ဒေါ်မြင့်၊ ကိုဇော်-ဝါဝါတို့အိမ်လေးမှာ ဆည်းလည်းသံလေး လွှင့်ခတ်သွားခဲ့ပြီ။ ဝါဝါ မကျန်းမာသည့်ကြားက အရပ်လက်သည်နဲ့ ခက်ခက်ခဲခဲလေးမွေးဖွားလိုက်ရသည်။ လမ်းပန်းဆက်သွယ်ရေးကမကောင်း၊ ဖေးလံသောဒေသမို့ ကျန်းမာရေးဝန်ထမ်းမပြည့်စုံသဖြင့် အရပ်လက်သည်ကိုသာ အားကိုးနေရသည်။ အရပ်လက်သည် ဒေါ်ကောက် ကလေးကို အနှီးလေးနဲ့ ပွေ့ပြီး မီးနေခန်းထဲကထွက်လာရင်း-

"မောင်ဇော်ရေ မင်းတို့ဆုတောင်းပြည့်တယ်ဟေ့။ ယောကျ်ားလေးတော့ ဖြူဖြူဖွေးဖွေးချစ်စရာလေး"

မီးနေခန်းထဲမှာမှိန်နေတဲ့ဝါဝါ၊ ဒီအသံကြားရပြီး အလိုလိုအားအင်တွေပြည့်လာသလို ဆုတောင်းခဲ့တဲ့အတိုင်း သားလေးမွေးလာလို့ ဝမ်းသာမဆုံး။ သားငယ်ရဲ့ အော်ငိုသံကြားရပြီး သားငယ်ကို နို့ချိုတိုက်ကျွေးရန် နို့ရည်များ စိမ့်ထွက်လာသည်။ လူတို့၏ကိုယ်တွင် (၃၂)ကောဋ္ဌာသ၌ နို့ရည်သီးခြားမရှိ။ အမိ၏မေတ္တာကြောင့် ဓာတ်သဘောအရ အဆင်းအရသာပြောင်းလဲသွားသောသွေးဖြစ်ကြောင်း မြတ်ဗုဒ္ဓကဟောကြားတော်မူခဲ့၏။ အမိသည် မိမိရင်မှ သွေးကို ကျွေးမွေးခဲ့သည့်အတွက် ရင်သွေးဟု ခေါ်ကြခြင်း ဖြစ်၏။ မာတာ (မိခင်) ၏မေတ္တာသည် ကြီးမားလွန်းလေစွ။ ဝါဝါ ရင်ခွင်ထဲရောက်လာသည့် သားငယ်ကို နို့ချိုတိုက်ကျွေးရင်း သားသမီးများမွေးဖွားရသောမိခင်တစ်ယောက်ရဲ့ဒုက္ခကို ကောင်းစွာနားလည်ရသည်။ သားငယ်လေးကတော့ မထွက်တထွက်နို့ရည်ကို အငမ်းမရစို့ယူသောက်သုံးခြင်း အလိုမကျသည့်အခါ တဝါးဝါးအော်ငိုပြန်သည်။ ဝါဝါအဖို့တော့ ဒီအသံက ဂီတသံဆည်းလည်းသံလေးအလားပင်။



www.burmeseclassic.com

www.burmeseclassic.com

ဝါဝါ့ကျန်းမာရေးအခြေအနေက အားရစရာမရှိ၊ စိတ်ခွန်အားတွေပြည့်နေပေမယ့် ခန္ဓာခွန်အားတွေလျော့နေသလို မတျန်းမာသည့်ကြားကပင် သားငယ်ကို နို့ချိုအတင်းတိုက်ကျွေးနေသည်။ ဝါဝါ ရီဝေသောမျက်လုံးများနှင့် ချစ်လင်ကိုဇော်ကိုကြည့်လိုက်ရင်း -

"ကိုဇော်၊ ဝါဝါမနေရတော့ဘူး ထင်တယ်။ ဝါ့ကိုချစ်ရင် ကတိတစ်ခုပေးပါလား"

"ဝါဘာတွေလျှောက်ပြောနေတာလဲ။ ဝါဘာမှမဖြစ်စေရဘူး။ ကိုဇော် အစွမ်းကုန်ပြုစုပေးမယ်"

"မဟုတ်ဘူး ကိုဇော်၊ ဝါ့အခြေအနေ ဝါသိပါတယ်။ ကတိပေးမယ်သာပြောပါ"

"ဝါဖြစ်ချင်တာဖြစ်စေရမယ်၊ ကတိပေးပါတယ်"

"သားလေးကို ဝါဇော်လို့အမည်ပေးပါ။ သားလေးကို ရှင်ပြုချိန်ရောက်ရင် ရွာဦးကျောင်းမှာပဲရှင်ပြုပေးပါ။ အဲဒီအခါကျရင် သားလေးကို အဝါရောင်သင်္ကန်းလေးနဲ့မြင်ချင်တယ်။ ဝါ့ကိုဆက်ဆက်ခေါ်ပေးပါနော်"

ကိုဇော် ချစ်ဇနီးဝါ စိတ်ချမ်းသာစေရန် ကတိပေးလိုက်သည်။ ဝါဝါကတော့ ချစ်လင် ကိုဇော်နဲ့သားလေးထားခဲ့ပြီး လောကကြီးထဲက အပြီးအပိုင်နှုတ်ဆက်ထွက်ခွာသွားခဲ့သည်။

(၆)

ကိုဇော်တို့အိမ်မှာ ဝါဝါ့အတွက် သက်ပျောက်ဆွမ်း ကပ်လှူကြသည်။ အသုဘချရန်အတွက် လိုအပ်သည်များတို ရွာသားအားလုံး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေကြသည်။ အသက်ပီညာဉ်ကင်းမဲ့သွားပြီဖြစ်သော ဝါဝါရဲ့ အလောင်းက ခေါင်းထဲမှာအိပ်ပျော်နေသည့်အလား မျက်နှာလေးက နဂိုအတိုင်းဝင်းဝါလျက်။ ကိုဇော့်ကို တစ်စုံတစ်ရာမှာချင်နေသည့်အလား နှုတ်ခမ်းလေး အနည်းငယ်ဖွင့်ဟလျက် ခေါင်းဘေးမှာ -

'ဝါဝါ အသက် (၂၁)နှစ်၊ ×××နေ့ ကွယ်လွန်သည်' ဟု အဝါရောင်စာတန်းလေး။

ထူးခြားတာက ဝါဝါရဲ့အလောင်းမှာ ဝါဝါချစ်ခင်မြတ်နိုးတဲ့ အဝါရောင်ဝတ်စုံလေးဝတ်ဆင်ထားသည်။ ခေါင်းထဲမှာလည်း ဝါဝါပိုင်ဆိုင်ခဲ့သော အဝါရောင်ဝတ်စုံအားလုံးကိုထည့်ထားသည်။ ခေါင်းဘေးမှာတရှုပ်ရှုပ်ငိုနေသောကိုဇော်ကိုကြည့်ပြီး ရွာသားအားလုံး ကြေကွဲဝမ်းနည်း စိတ်မကောင်းကြ။

ကိုဇော်က -

"ဝါရေ ကိုဇော့်ကို သားလေးနဲ့ ထားခဲ့ပြီလား။ ဝါချစ်ခင်မြတ်နိုးတဲ့အဝါရောင်ဝတ်စုံလေးတွေအားလုံးထည့်ပေးလိုက်ပါတယ်ကွယ်။ ကိုဇော့်ရင်တွေကွဲရပါပြီ"

ကိုဇော် တရှိုက်ရှိုက်ငိုနေရာက တစ်စုံတစ်ခုကိုသတိရသွားသည့်အလား အိပ်ခန်းထဲသို့ပြေးဝင်သွားသည်။ အခန်းထဲကပြန်အထွက် ကိုဇော့်လက်ထဲမှ သတ္တဋ္ဌာနဘုရားပွဲတုန်းက ဝယ်ယူပြီး ဝါဝါတစ်ခါမှမဝတ်ရသေးသည့် ရှုံသားအဝါရောင်အကျီလေးနှစ်ထည်၊ ကိုဇော်ကိုယ်တိုင် ခေါင်းထဲထပ်မံထည့်ပေးလိုက်ရင်း-

"ဝါ သံသရာမှာ ဒီလိုအဖြစ်ဆိုးတွေကာ တွေ့ကွင်းနိုင်ပါစေ။ ဝါနဲ့သံသရာခရီးမှာလည်း ပေါင်းဖက်ဆုံတွေ့ပါရစေ။ ဝါ့ကိုပေးခဲ့တဲ့ကတိတွေအားလုံးတည်စေရပါ့မယ်"

လှိုက်လှဲသည်းထန်စွာငိုကြွေးနေတဲ့ ကိုဇော်ကို အနားမှာအတူငိုနေတဲ့ ယောက်ဖဖြစ်သူ ကိုအောင်က အားပေးနှစ်သိမ့်ရင်း အိမ်အပြင်သို့တွဲ၍ခေါ်ထုတ်လာခဲ့သည်။

(၇)

တားဆီး၍ မရသောအချိန်တို့ တဖြည်းဖြည်း ကုန်ဆုံးလာခဲ့တာ သားလေး ဝါဇော်ပင် (၅)နှစ်သားရောက်ရှိခဲ့ပြီ။ ကိုဇော် ဝါဝါ့ကိုပေးခဲ့တဲ့ ကတိတည်စေရန် သားလေးကို ထောမရွာဦးကျောင်း၌ ရှင်ပြုရန် စီစဉ်သည်။ ရှင်ပြုပွဲမတိုင်မီ သုံး၊ လေးရက်ခန့်ကပင် ကိုဇော့်အိမ်မှာ အလှူမဏ္ဍပ်ထိုး၊ လိုအပ်သည်များကို ရွာသားအားလုံး ဝိုင်းဝန်းကူညီဆောင်ရွက်ပြင်ဆင်နေကြသည်။ ရပ်ဝေးရပ်နီး ဆွေမျိုးသားချင်း၊ မိတ်ဆွေများ ရောက်ရှိနေကြသည်။ နက်ဖြန်ရှင်လောင်းလှည့်ပြီးလျှင် ထောမရွာဦးကျောင်းမှာ သားလေးဝါဇော်ကို ဆံချအပြီး အဝါရောင်သင်္ကန်းကိုရင်ဝတ်လေးနဲ့ မြင်ရတော့မည်။ ကိုဇော် ဝမ်းသာသလိုလို ဝမ်းနည်းသလိုလို စိတ်တွေပျံ့လွင့်နေရာက ဝါဝါကို အထူးသတိရနေမိသည်။

အလှူပွဲအတွက် မဏ္ဍပ်ထဲမှာ ညဉ့်နက်သည်အထိ ဧည့်ပရိသတ်များနဲ့ ချက်ပြုတ်ကြသည့်အဖွဲ့များမပြတ်ပေ။ ကိုဇော် မောမောနဲ့ မဏ္ဍပ်နောက်ဘက်နေအိမ်လေးပြန်သွား၊ အိပ်ခန်းလေးထဲဝင်ရောက် တစ်မှေးလောက်အိပ်အပျော် ဝါဝါ အိပ်မက်ထဲဝင်ရောက်လာသည်။ ဝါဝါက ဝတ်ဆင်မြဲ အဝါရောင်ဝတ်စုံလေးနဲ့ လေပြေလေးအနှော့မှာ ဆံနွယ်စလေးများ လေထဲမှာတလွင့်လွင့်။

"ကိုဇော် ဝါ့ကိုပေးခဲ့တဲ့ ကတိတွေ မေ့နေပြီလား။ ဝါ့ကိုဘာလို့ခုထိမခေါ်သေးတာလဲ"

"မဟုတ်ပါဘူး ဝါရယ်။ သားလေးကို ဆံချတဲ့နေ့မှာခေါ်မလို့ စီစဉ်ထားပါတယ်။ ကိုဇော် မောမောနဲ့အိပ်ပျော်သွားလို့ပါ"

"ကိုဇော် ဝါဝါ့ကိုခေါ်ဖြစ်အောင်ခေါ်နော်၊ မမေ့ပါနဲ့။ သားလေးကို အဝါရောင်သင်္ကန်းလေးနဲ့ မြင်ရရင် ဝါဘဝကူးကောင်းပါပြီ"

"စိတ်ချပါ ဝါရယ်၊ မမေ့စေရပါဘူး"

"ဒေါက် . . . ဒေါက် . . . ဒေါက်"

နေအိမ်တံခါးခေါက်သံအဆက်မပြတ်ကြားရပြီး ကိုဇော်လန့်နိုးလာသည်။ နေအိမ်အပြင်ဘက်သို့ထွက်ကြည့်လိုက်တော့ ညဉ့်အမှောင်ထုများကြီးစိုးနေတဲ့ မှုန်ပျပျလရောင်အောက်မှာ အဝါရောင်ဝတ်စုံလေးနှင့် ဝါဝါရွာသချိုင်းဆီဦးတည်ပြေးထွက်သွားသည်။ ကိုဇော်ပြေးလိုက်ရင်းတကြော်ကြော်အော်ခေါ်လိုက်သည်။

"ဝါရေ နေပါဦး၊ ကိုဇော့်ကိုစောင့်ပါဦး"

ဝါဝါ မြင်တွင်းက ပျောက်ကွယ်သွားသည်။ စွဲလမ်းသောစိတ်များကြောင့် အထင်အမြင်တွေ လွဲမှားနေတာလား၊ ကိုဇော်အတွေးများဖြင့် ရင်မောကျန်နေခဲ့သည်။ မနက်မိုးလင်းတော့ ဒီအဖြစ်ကို ယောက်ဖဖြစ်သူ ကိုအောင်အား ပြောပြလိုက်သည်။ ကိုအောင်သည် ကိုဇော့်ကို အထိတ်တလန့်နဲ့ကြည့်လိုက်ပြီး -

"တိုက်ဆိုင်လိုက်တာ ကိုဇော်ရာ၊ ငါလည်း ညကအိပ်မက်ထဲမှာ ညီမလေးကိုတွေ့လိုက်ရတယ်။ သူ့ကို ရှင်ပြုပွဲမှာ လာခေါ်ပါတဲ့။ သားလေးကို အဝါရောင်သင်္ကန်းဝတ်ကလေးနဲ့ မြင်ချင်လို့တဲ့"

"တို့တစ်တွေ အကောင်းဆုံးဖြစ်အောင်စီစဉ်ကြတာပေါ့"

ကိုဇော်နဲ့ ကိုအောင် သားလေး ဝါဇော်ကို ရှင်လောင်းလှည့်အပြီးမှာ ဆံမချခင် ဝါဝါကိုဖိတ်ခေါ်ရန် တိုင်ပင်လိုက်ကြသည်။

(၈)

ရှင်ပြုပွဲနေ့ ကိုဇော် သင်္ကန်းပရိက္ခ



www.burmeseclassic.com

www.burmeseclassic.com

ရာများကိုကိုင်ရင်း အလိုလိုစီးကျလာသည့်မျက်ရည်စများကို မကြာခဏသုတ်နေရသည်။ ရှင်လောင်းလှည့်အပြီး ရှင်လောင်းနဲ့ ရှင်လောင်းလှည့်ပွဲမှာ ပါဝင်ဆင်နွှဲကြသော ရွာသူရွာသားများ ဒိုးပတ်အိုးစည်အက၊ အကအလှအဖွဲ့များစုံညီစွာ ထောမရွာဘုန်းကြီးကျောင်းထဲဝင်လာကြသည်။ ရှင်လောင်းသားလေး ဝါဇော်ကို ဆံမချခင် ဝါဝါကို ဖိတ်ခေါ်ရန် ကိုဇော်သတိရပြီး -

"ဝါရေ၊ သားလေးကို ဆံချတော့မယ်။ မကြာခင် သားလေးကို အဝါရောင်သင်္ကန်းလေးနဲ့မြင်ရတော့မယ်။ ဝါဝါလာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"

အစ်ကိုဖြစ်သူကိုအောင်ကလည်း-

"ညီမလေးဝါဝါရေ၊ ညီမလေးမြင်ချင်လှတဲ့ဆန္ဒအတိုင်း သားလေးကို မကြာခင် အဝါရောင်သင်္ကန်းလေးနဲ့မြင်ရတော့မယ်။ ဝါဝါကိုလာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"

သားလေးဝါဇော်ကို ဆံချအပြီး ဗုဒ္ဓဘာသာထုံးထမ်းအစဉ်အလာအတိုင်း သံဃာတော်များက ရွတ်ဖတ်ကြသည်။ သာလေးဝါဇော် သင်္ကန်းဝတ်လေးနဲ့ဖြစ်သွားပြီ။ ဘွဲ့အမည်က ရှင်စန္ဒိမာတဲ့။

ဝါဝါသာရှိနေမယ်ဆိုရင် ဘယ်လောက် ဝမ်းသာကြည်နူးလိုက်မလဲလို့ တွေးရင်းက ကိုဇော့်ရင်ထဲဆို့တက်လာသည်။ ရေစက်ချရန်ပြင်ဆင်ရင်း မျက်ရည်ပေါက်အချို့ ရေစက်ခွက်ထဲကျသွားသည်။ ကိုဇော် စိတ်ကိုအားတင်းထားရင်း ဧည့်ပရိသတ်နှင့်အတူ-

"ယခုပြုရသောကုသိုလ်ကောင်းမှုအစုစုကို ကွယ်လွန်ပြီးဖြစ်တဲ့ အလှူ့ရှင်ဒါယိကာမကြီး မဝါဝါနဲ့ ကြားကြားသမျှ (၃၁)ဘုံကို ကျင်လည်ကုန်သောသတ္တဝါဝေနေယျတို့အား-အမျှပေးဝေပါတယ်။ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့"

"သာဓု သာဓု သာဓု"

သာဓုခေါ်သံအဆုံးမှာ ဧည့်ပရိသတ်ထဲမှာရှိနေသော ဝါဇော့်ကိုမွေးဖွားပေးခဲ့တဲ့ အရပ်လက်သည် ဒေါ်ကောက်ဗုန်းခနဲလဲကျသွားသည်။ တစ်ကိုယ်လုံးတုန်တုန်ယင်ယင်ဖြင့် ကိုရင်လေးကိုလှမ်းကြည့်လိုက်ပြီး -

"ကိုရင်လေး၊ ကိုရင်လေး မေမေ့ကို ဒါယိကာမကြီးလို့ တစ်ခွန်းလောက်ခေါ် စမ်းပါကွယ်"

ဧည့်ပရိသတ်အပေါင်းတို့ ရိပ်စားမိသွားကြသည်။ ဧည့်ပရိသတ်အပေါင်းက ကိုရင်လေးကို ဒေါ်ကောက်ရှေ့သို့တွဲခေါ်လာပြီး ဒါယိကာမကြီးလို့ခေါ်ရန် တိုက်တွန်းကြသည်။

"ကိုရင်လေး ဒါယိကာမကြီးလို့ ခေါ်လိုက်လေ"

ကိုရင်စန္ဒိမာ ဒေါ်ကောက်ကို တစ်ချက်ကြည့်လိုက်ပြီး -

"ဒါယိကာမကြီး၊ ဒါယိကာမကြီး"

"ဘုရား၊ ဘုရား"

ဒေါ်ကောက် တုန်ယင်စွာ လက်အုပ်ကလေးချီ၍ ထူးလိုက်သည်။ တစ်ဆက်တည်းမှာပဲ ကိုရင်လေးကိုပြန်ခေါ်လိုက်သည်။

"ကိုရင်လေး၊ ကိုရင်လေး"

"ဒါယိကာမကြီး၊ ဒါယိကာမကြီး"

မျက်ရည်များ တသွင်သွင်စီးကျနေတဲ့ဒေါ်ကောက်ရဲ့မျက်နှာမှာ ကြည်နူးရွှင်မြူးသောအသွင်သို့ပြောင်းသွားပြီး သမ်းဝေနေရာက ပကတိအတိုင်းပြန်ဖြစ်သွားသည်။ ကိုဇော်၊ ကိုအောင်နဲ့ ဧည့်ပရိသတ်အပေါင်း ဒီမြင်ကွင်းလေးကို ကြည့်ပြီး ဝမ်းသာ၊ ဝမ်းနည်းဖြစ်နေကြသည်။ ဝါဝါကောင်းသောဘုံဘဝတစ်ခုသို့ ကောန်ရောက်ရှိသွားပြီလို့ ယုံကြည်ကြ၏။ ကိုဇော့်မျက်လုံးအိမ်ထဲမှမျက်ရည်စများ ပါးပြင်ပေါ်သို့ တလိမ့်လိမ့်စီးကျလာပြန်သည်။ ဝမ်းသာလို့ကျတဲ့ မျက်ရည်လား၊ ဝမ်းနည်းလို့ကျတဲ့မျက်ရည်လားဝေခွဲမရ။ နှစ်ခုစလုံးလည်း ဖြစ်နိုင်သည်။ ရွှေမိုးငွေမိုးရွာသွန်းအပြီး ရှင်ပြုပွဲကြီးက အောင်မြင်စွာ ပြောခေါက်၍ ပြီးဆုံးသွားခဲ့ပါပြီ။

"တုတ် . . . တုတ် . . . . တုတ် ဗျန်း . . . ဗျန်း . . . ဗျန်း"

ကိုအောင်နှင့် ကိုဇော်တို့ အလှူမဏ္ဍပ်ထဲက တစ်ဦးကိုတစ်ဦးဖေးမလက်တွဲရင်းထွက်ခဲ့ကြသည်။ နှစ်ဦးစလုံးရဲ့ မျက်နှာမှာ မျက်ရည်စတွေကိုယ်စီနဲ့။

(၉)

ကိုအောင် ရှင်ပြုပွဲအပြီးမပြန်သေးဘဲ ထောမရွာလေးမှာ ခေတ္တအနားယူရင်း ယောက်ဖဖြစ်သူ ကိုဇော်ကို အားပေးနှစ်သိမ့်နေရသည်။ အသက်အရွယ်အတန်အသင့်ရလာပြီမို့ တရားသဘောလေးတွေသိလာရသည်။

လူတို့သည် အာရုံ (၆)ပါးနဲ့ကင်းပြီးမနေနိုင်။ အာရုံနဲ့ကင်းနေရင်လည်း ဘဝဟာ သေသွားနိုင်တယ်။ ဒီတော့ ဘဝကို ဓမ္မအာရုံတွေနဲ့ ရှင်သန်နိုင်အောင် ကြိုးစားကြရမယ်။ အာရုံ (၆) ပါးက နှစ်သက်စွဲလမ်းရာတစ်ခုခုကို တွယ်တာတတ်သောသဘောရှိလို့ အာရုံနဲ့ ဒွါရပေါင်းဆုံမှု ဖဿကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ဝေဒနာပေါ်မှာ ရှေ့တန်းမတင်ဘဲ ရင်ထဲမှာ သတိ၊ ပညာတွေနဲ့ ထိန်းချုပ်ကြရမယ်။ တွယ်တာတပ်မက်မှုကြောင့် ရလာတဲ့ဘဝခန္ဓာအားလုံးဟာ ဘယ်ဘဝခန္ဓာပဲရရခဏဖြစ်၊ ခဏပျက်၊ ဆင်းရဲမှုတွေချည်းပဲ။ ဘာမှခိုင်တာမြဲတာချမ်းသာတာမရှိ။ ဖြစ်ပျက်ကို ထပ်တလဲလဲ ဆင်ခြင်ပေးမှ သတိ၊ ပညာ၊ ဉာဏ်အဆင့်တွေတက်လာမယ်။ ရုပ်နာမ်အားလုံးတို့ရဲ့ ဖြစ်ပျက်မှုနောက်မှာ မင်္ဂလို့ သတိ၊ ပညာလေးနဲ့အမြဲကပ်ပြီး ရှုမှတ်ပွားများနေရင် အမှန်ကိုသိမြင်မှု၊ သစ္စာဉာဏ်ရင့်သန်လာမယ်။ ဘဝခန္ဓာတွေကြောင့် ရလာတဲ့ ဆင်းရဲဒုက္ခတွေ၊ အရှုပ်တွေရှင်းပြီး သီလ၊ သမာဓိ၊ ပညာတွေနဲ့ကိန်းတဲ့ဘဝ၊ အေးငြိမ်းတဲ့ချမ်းသာ၊ ကိလေသာများကင်းတဲ့ချမ်းသာ၊ ဘဝချမ်းသာအစစ်ကိုရမယ်။

**ချမ်းသာအစစ်**

□ ခြောက်ဖြာဒွါရ၊ ကာမဂုဏ်မှာ၊ နှောင်ကြိုးတစ်မျှင်၊ ရစ်ပတ်ဆင်သော် ဘဝများမှာ၊ ဆင်းရဲပါလိမ့်။

□ ဒိဋ္ဌိတဏှာ၊ အရင်းခံထား၊ ခန္ဓာများသည်၊ အိုနာသေမြဲ၊ ဖြစ်ပျက်ပဲဟု၊ ဖန်ဖန်သာရှု၊ ဖြစ်ပျက်မှုမှာ၊ မင်္ဂလိုက်ပါသော် -

□ ချမ်းသာအစစ်၊ ဧကန်ဖြစ်မည်၊ ဆင်းရဲခြင်းမှလွတ်ရာတည်း။ ။

မျက်စိ၊ အဆင်းဆိုတဲ့ ရုပ်နှစ်ခုတိုက်မိရာက မြင်သိစိတ်ဆိုတဲ့နာမ်တစ်ခုဖြစ်လာရသည်။ သားလေးကိုတွယ်တာစွဲလမ်းစိတ်နဲ့အတူ အာရုံ (၆)ပါးထဲက မြင်မှုဆိုတဲ့အာရုံမှာ အဝါရောင်ဆိုတဲ့ သဘောလေးကို တွယ်တာစွဲလမ်းလွန်းတဲ့ ညီမလေးဝါဝါ။ တွယ်တာမှုတဏှာ၊ ဒိဋ္ဌိတွေကို သတိ၊ ပညာနဲ့ ပယ်သတ်နိုင်ပြီး ဆင်းရဲခြင်းမှ လွတ်မြောက်ရာ၊ အေးငြိမ်းချမ်းသာရာအစစ်ဖြစ်တဲ့ ခန္ဓာတွေမရတော့တဲ့ နိဗ္ဗာန်ရွှေပြည်ကို အမြန်ရောက်ရှိပါစေ။

ကိုအောင် မြူနှင်းများနဲ့ အုံ့ဆိုင်းနေတဲ့ အရှေ့ရိုးမတောင်တန်းကြီးကို လှမ်းမော့ကြည့်ရှုရင်း အဝါရောင်ကိုနှစ်သက်လွန်းတဲ့ ချစ်ညီမလေး ဝါဝါကိုသတိရလျက်။


ရှင်လန်းချမ်းမြေ့ကြပါစေ

မောင်စိန်ဝင်း (ရွှေမိုးညို)




www.burmeseclassic.com


www.burmeseclassic.com




၁-၄-၂၀၁၇ နေ့ သာယနဇာတာခွင်




၁၁-၄-၂၀၁၇ နေ့ သာယနဇာတာခွင်




၂၁-၄-၂၀၁၇ နေ့ သာယနဇာတာခွင်

# ၂၀၁၇ ခုနှစ်၊ ဧပြီလအတွက်
# စီးပွားရေးဗေဒင်ဟောကိန်း

မင်းရှိန်အောင်

ဤလ၏ ပထမဆယ်ရက်ကာလတွင် ရွှေဈေးကွက်တက်လိုက်၊ ကျလိုက် ရှုပ်ယှက်ခတ်နေမည်။ ငွေကြေးဈေးကွက် တက်ရိပ်ထက် ကျရိပ်ကိုပိုမြင်ရမည်။ ကျောက်မျက်ဈေးကွက် ဖောက်ပြန်နေမည်။စတော့ရှယ်ယာဈေးကွက်ကပြောင်းတပြန်ဖြစ်နေမည်။သစ်နှင့်ဆက်စပ်ပစ္စည်း ဆေးနှင့်ဆက်စပ်ပစ္စည်းကမောက်ကမဖြစ်နေမည်။ ဖုန်းနှင့်ဆက်သွယ်မှုဆိုင်ရာ၊ မီဒီယာနှင့်စာနယ်ဇင်းဆိုင်ရာဈေးကွက် ထုံထိုင်းနေမည်။ အီလက်ထရွန်ဆိုင်ရာ ပစ္စည်းများ ဈေးကွက်မတည်မငြိမ်မှန်းဆရမလွယ်ဖြစ်နေမည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ သယ်ယူပို့ဆောင်ရေးဆိုင်ရာဈေးကွက်ကထားကယားဖြစ်နေမည်။ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဆိုင်ရာဈေးကွက်ထိုင်းမှိုင်းနေမည်။အိမ်ခြံမြေဈေးကွက်ပုံမှန်မဟုတ်ဖြစ်နေမည်။ သတ္တုလုပ်ငန်းဆိုင်ရာ၊ စိုက်ပျိုး မွေးမြူရေးဆိုင်ရာ အတက်အကျမှန်းဆမလွယ်ဖြစ်နေမည်။ ရေထွက်ပစ္စည်းဆိုင်ရာကျဈေးမီနေမည်။

ဒုတိယဆယ်ရက်ကာလတွင် ရွှေဈေးကွက်ကမောက်ကမဖြစ်နေဦးမည်။ ငွေကြေးဈေးကွက်၊ စတော့ရှယ်ယာဈေးကွက် တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ကျောက်မျက်ဈေးကွက်ပုံမှန်မဟုတ်ဖြစ်နေမည်။ ဆေးနှင့်ဆက်စပ်ပစ္စည်းသစ်နှင့်ဆက်စပ်ပစ္စည်းဆိုင်ရာဈေးကွက်ဖောက်ပြန်နေမည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာသယ်ယူပို့ဆောင်ရေးဆိုင်ရာဈေးကွက်တို့တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ဖုန်းနှင့်ဆက်စပ်လုပ်ငန်းဆိုင်ရာ၊ မီဒီယာနှင့်စာနယ်ဇင်းဆိုင်ရာဈေးကွက်ထုံထိုင်းနေမည်။ ဆောက်လုပ်ရေးနှင့် ဆောက်လုပ်ငန်းဆိုင်ရာပစ္စည်းများဈေးကွက်ငြိမ်နေမည်။အိမ်ခြံမြေဈေးကွက်ပုံမှန်မဟုတ်ဖြစ်နေမည်။ ရေထွက်ပစ္စည်းနှင့် စိုက်ပျိုးမွေးမြူရေးဈေးကွက်ကမောက်ကမဖြစ်နေမည်။သတ္တုလုပ်ငန်းဈေးကွက်လှုပ်ခတ်နေမည်။

တတိယ ဆယ်ရက်ကာလတွင် ရွှေဈေးကွက်ထိုင်းမှိုင်းနေမည်။ ငွေကြေးဈေးကွက်တက်ရိပ်တက်ကျရိပ်ပိုကဲမည်။ စတော့ရှယ်ယာဈေးကွက်လှုပ်ရှားသော်လည်း တက်ရိပ်ရှိမည်။ ကျောက်မျက်ဈေးကွက်မကောင်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းသစ်နှင့် ဆက်စပ်ပစ္စည်းဈေးကွက်တည်ငြိမ်နေမည်။ အလှအပနှင့် ဖက်ရှင်ဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာကျဈေးပိုကဲနေမည်။ ဆောက်လုပ်ရေးနှင့်အိမ်ခြံမြေဈေးကွက်အကျဘက်ပိုကဲမည်။ ဆောက်လုပ်ရေးပစ္စည်းဆိုင်ရာဈေးကွက်မကောင်း။ ဖုန်းနှင့်ဆက်သွယ်ဆိုင်ရာဈေးကွက်၊ မီဒီယာနှင့်စာနယ်ဇင်းဈေးကွက်ငြိမ်သက်နေမည်။ ရေထွက်ပစ္စည်းလုပ်ငန်းတက်ရိပ်ရှိသော်လည်း ဈေးကွက်မာနေမည်။ စိုက်ပျိုးမွေးမြူရေးဆိုင်ရာဈေးကွက်တို့အပြောင်းအလဲမြန်ဆန်မည်။ သတ္တုဈေးကွက်လှုပ်ခတ်နေမည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com



# မဟာသျှံ

## အပါယ်ဘုံသားချစ်သူ

ညောင်တုန်းမြို့နယ်၏ မြောက်ပိုင်းတွင် ဧရာဝတီမြစ်မှ ခွဲထွက်လာသော မြစ်လက်တက်တစ်ခု အတွင်းသို့ စီးဝင်နေသော ချောင်းငယ်တစ်ခု ရှိပါသည်။ ယင်းချောင်းဟု ခေါ်သည်။ အဆိုပါ ယင်းချောင်း၏ကမ်းပါးတွင် လက်ပံနီ ဟုခေါ်သောရွာတစ်ရွာ ရှိသည်။ ရွာနှင့်ဧရာဝတီမြစ်လက်တက်မှာတစ်မိုင်သာသာဝေးသည်။ ရွာမှာရေပတ်လည် ဝိုင်းနေသောကြောင့် လှေမော်တော်ငယ်များဖြင့် သာသွားလာနိုင်ပြီး ကုန်းလမ်းခရီးဖြင့်သွားလာနိုင်ခြင်းမရှိချေ။ ရွာနှင့်နီးနေသော ညောင်တုန်းမြို့သို့ သွားမည်ဆိုလျှင်လည်း လှေနှင့်ပထမ သွားပြီး ဧရာဝတီမြစ်လက်တက်ထဲ အရင်ဝင်ရသည်။ ထိုမှတစ်ဆင့် ညောင်တုန်းသို့ သွားရသည်။ ညောင်တုန်းရောက်မှ လိုရာခရီးသို့ ကားဖြင့်သွားလာနိုင်လေသည်။

ထိုရွာတွင် ဦးဖိုးမောင်ဟုသူ လယ်သမားတစ်ယောက်ရှိသည်။ လယ်ဧက (၃၀) ခန့်ပိုင်သည်။ အိမ်မှာဆိုင်ကလေးတစ်ဆိုင်တည်ထားသောကြောင့် အတော်အတန်ချောင်လည်သည်။ သားသမီး (၄) ဦးရှိသည်။ အကြီးနှစ်ယောက်မှာ ယောကျ်ားကလေးများဖြစ်ပြီး ဖခင်နှင့်အတူ လယ်ကိုဝိုင်းလုပ်ကြသည်။ သမီးနှစ်ယောက်ရှိပြီး အကြီးမက ရွာမှာပင် ကျောင်းဆရာမလုပ်သည်။ မူလတန်းပြဆရာမဖြစ်ပြီး အငယ်ကတော့ (၁၀)တန်းနှစ်ခါကျပြီးနောက် ကျောင်းမနေတော့ဘဲ အမေ၏ကုန်စုံဆိုင်တွင်ကူညီရောင်းနေသည်။

အမေ၏ကုန်စုံဆိုင်တွင်ဝင်ရောင်းပေးနေသော ဝါဝါဟုခေါ်သည့် ကလေးမလေးသည် အရွယ်အားဖြင့် (၁၇) နှစ်၊ (၁၈) နှစ်ခန့်ရှိပြီ ဖြစ်သည်။ အငယ်ဆုံးသမီးကလေးဖြစ်သောကြောင့် အားလုံးက အလိုလိုက်ထားရာ အလွန်ဆိုးသည်။ သူလိုချင်တာကို မရလျှင်ဖြစ်စေ၊ စိတ်သဘောချင်း မတိုက်ဆိုင်လျှင်ဖြစ်စေ စိတ်ကောက်ပြီး အိမ်ရှေ့မန်ကျည်းပင်ငုတ်တိုရင်းတွင်သွားထိုင်နေတတ်သည်။ ထမင်းမစားရေမသောက်ဘဲ သွားထိုင်နေခြင်း ဖြစ်သည်။ အိမ်ထဲလည်းမဝင်တော့ပေ။ အိမ်ထဲကလူတွေက အပြင်ထွက်ပေးရသည်။ ထိုအခါကျမှ ပြန်ဝင်ပြီး စားစရာရှိတာစား၊ သောက်စရာရှိတာသောက်ပြီးလျှင် အိမ်ရှေ့ပြန်ထွက်ပြီး ထိုင်နေပြန်သည်။ နောက်ဆုံး အမေကသွားချော့မှပြန်ဝင်လာသည်။အတော်ဆိုးသောကလေးမ ဖြစ်သည်။

သို့သော် သူမသည် သည်နှစ်တွင် စိတ်ကောက်နေသည့်အချိန်မှလွဲ၍ အိမ်နောက်တွင်ဖြစ်စေ၊ အိမ်ဘေးတွင်ဖြစ်စေ တစ်ယောက်တည်း မနေတော့ပေ။ သူ့ကို လူတစ်ယောက်က အမြဲတမ်းစောင့်ကြည့်နေသည်ဟု ပြောသည်။ လူတစ်ယောက်က ရပ်ပြီးကြည့်နေသည်ဟု ဆိုသည်။ မလှမ်းမကမ်းမှကြည့်၍သာနေသည်။ အနီးအနားတော့မလာတတ်ပေ။ စောင့်ကြည့်နေသည့်သဘောဖြစ်သည်။ သို့သော် သူမက အိမ်တွင်အငယ်ဆုံး၊ အဆိုးဆုံးဖြစ်ရာ ပြောချင်ရာကိုပြောလုပ်ချင်ရာကိုလုပ်တတ်သဖြင့် သူမပြောသည်ကို မည်သူကမျှ အလေးမထားပေ။

"အမေတို့က သမီးပြောတာကို မယုံဘူး။ ကြည့်၊ အိမ်ရှေ့က သစ်တိုပင်

www.burmeseclassic.com



ကြီးအောက်မှာ ဟိုလူကြီးရပ်နေတယ် တွေ့လား"

"တယ်ခက်တာပဲ။ မှန်းစမ်း၊ ဘယ်သူမှလဲမတွေ့ပါလား။ ညည်းကလည်း တစ်မျှောင့်ကွယ်"

သမီးပြောသောကြောင့် မိခင်ကြီး ထွက်ကြည့်သည်။ အိမ်ဝိုင်းအပြင်သို့ပင် ထွက်ကြည့်လိုက်သေးသည်။ ဘယ်သူ့ကိုမျှမမြင်ရသောကြောင့် ပြန်ဝင်လာပြီး ပြောခြင်း ဖြစ်သည်။ အမေက မတွေ့ပါဘူးဟု ပြောနေသော်လည်း သမီးကတော့ လူတစ်ယောက်ရပ်ပြီး သူမကို ကြည့်နေသည်ဟုချည်းပြောနေသည်။

သူတို့မိသားစုသည် ထိုကိစ္စကို သူမကွယ်ရာတွင် တိုင်ပင်ကြသည်။ မကြာခဏဆိုသလိုပင် သမီးကလေးက သူ့ကို လူတစ်ယောက်က ရပ်ကြည့်နေသည်ဟုပြောနေခြင်းအား စဉ်းစားကြ၏။ ကျန်လူများမမြင်ဘဲ သူတစ်ယောက်တည်း ကွက်မြင်နေခြင်းမှာလည်းစဉ်းစားစရာပင်။

နောက်ဆုံးတွင် ရွာဦးကျောင်းက ဘုန်းတော်ကြီးများ ဖြေရှင်းနိုင်မည်လား ဆိုပြီး ရွာဦးကျောင်းသို့သွားကြသည်။ ဘုန်းကြီးမှာ သက်တော် (၈၀) ကျော်နေပြီဖြစ်ပြီး သမထဝိပဿနာကိုအားထုတ်နေသောကြောင့် သမာဓိအားကောင်းသည်။ ထို့ကြောင့်လည်း ထူးခြားသော ထိုအကြောင်းအရာကို မေးလျှောက်ကြည့်ကြသည်။

ဘုန်းတော်ကြီးက ခေတ္တမျှစဉ်းစားပြီးပြောသည်။

"ဘာမှတော့ အနှောင့်အယှက်မပေးဘူး မဟုတ်လား"

"အနှောင့်အယှက်တွေဘာတွေတော့မပေးပါဘူး။ ကျနော်တို့တစ်အိမ်သားလုံးကမမြင်ဘဲ သူကသာမြင်ပြီးရပ်ကြည့်နေတယ်ချည်းပြောပြီးကြောက်နေတော့ တပည့်တော်တို့က စိုးရိမ်လို့ပါ"

"အရင်ကကောဒီလိုဖြစ်ဖူးသလား"

"အရင်တုန်းက ဒီလိုမဟုတ်ပါဘူး။ သွားလာနေတာပဲ။ အခုတစ်လောကျမှ ဒါကိုပြောနေတာပါပဲ"

"အင်း- ကလေးကို မေတ္တာသုတ်တို့ အာဋာနာဋိယသုတ်တို့ သင်ပေးထား၊ အမြဲရွတ်ဖတ်ပါစေ"

အန္တရာယ်မရှိဟုဆိုသောကြောင့် စိတ်အေးရသည်။ သူ့ကိုတော့ ပရိတ်ကြီးစာအုပ်ဝယ်ပေးထားပြီး အမြဲရွတ်ဖတ်နေစေပါသည်။ သူကလည်း ကြောက်နေသဖြင့် အချိန်နှင့်အမျှ ပရိတ်ကြီးစာအုပ်ကိုသာဖတ်နေရာ မကြာမီအလွတ်ရနေပြီး အချိန်ရတိုင်း ရွတ်ဖတ်နေတော့သည်။

❑

သည်လိုနှင့် နွေရောက်လာသည်။ ကျောင်းများပိတ်သဖြင့် ကျောင်းမှာ ဆရာမလုပ်နေသောသမီးအလတ်သည် မြို့မှာသွားပြီး နွေရာသီ မွန်းမံ[illegible]င်တန်းတက်ရန် ဖြစ်လာသည်။ [illegible]တို့ရွာမှာ ကားလမ်းမရှိဘဲ လှေလမ်းသာရှိသဖြင့် မြို့သို့သွားမည်ဆိုလျှင် ခရီးသည်တင်လှေကိုစီးရသည်။ စက်လှေဖြင့် တစ်နာရီသာသာစီးသွားမှ ညောင်တုန်းမြို့ကို ရောက်သည်။ ရေတက်၊ ရေကျရှိသောကြောင့် ခရီးသည်တင်လှေများမှာ မနက်စောစောကြီးသွားကြသည်။ လှေတွင် ညောင်တုန်းဈေး၌ ဈေးရောင်းမည့် ဈေးသည်များ၊ ရန်ကုန် စသည့်မြို့များသို့သွားမည့်ခရီးသည်များ၊ အလုပ်ကိစ္စဖြင့် ညောင်တုန်းသို့သွားမည့်ခရီးသည်များ စသည်ဖြင့်ပြည့်နေသည်။

မလှစီးရာတွင် ဂိတ်မရှိဘဲ မိမိတို့နှင့်နီးသောရေဆင်းတံတားမှာရပ်စောင့်နေရုံပဲ ဖြစ်သည်။ ချောင်းထဲတွင်မောင်းလာသော စက်တပ်လှေက တံတားမှာ ကပ်ပြီးတင်သွားသည်။ အလတ်မသည် ညနေကတည်းက မနက်စောစောကြီး ထွက်မည့်လှေသမားကိုသွားပြောထားခြင်းကြောင့် ညောင်တုန်းသွားမည့်နေ့တွင် သူမတို့အိမ်ရှေ့ရှိရေဆင်းတံတားမှာ စောင့်နေရုံပဲဖြစ်သည်။

လှေစီးမည့်နေ့နံနက်စောစောကြီး ငါးနာရီလောက်တွင် အိမ်မှထွက်သည်။ အနည်းငယ်စောနေသေးသောကြောင့် ပတ်ဝန်းကျင်တွင် အမှောင်ရိပ်ကမပြယ်သေးဘဲရှိရာ လင်းလင်းချင်းချင်းရှိအောင် ဆိုပြီး အမေက မီးခွက်ကြီးကိုကိုင်ကာ လိုက်လာသည်။ ဝါဝါကလည်း အစ်မဖြစ်သူ ခရီးသွားမည်ဖြစ်သောကြောင့် လိုက်ပို့သည်။ သူတို့သုံးယောက်သည် အရှေ့နောက်တန်းစီကာ အိမ်ရှေ့ကလမ်းကိုကျော်ပြီး လမ်းတစ်ဖက်တွင်ရှိသော ရေဆင်းတံတားဆီသို့ဆင်းလာကြသည်။ သည်တံတားမှာ သူတို့နေ့တိုင်းရေဆင်းနေကျဖြစ်သည်။

တံတားထိပ်တွင် ခေတ္တရပ်စောင့်နေစဉ် စက်လှေကပ်လာသောကြောင့် အလတ်မက လှေပေါ်တက်သွားသည်။ ဝါဝါသည် အစ်မဖြစ်သူကို လက်ပြနှုတ်ဆက်ပြီး နောက်သို့ပြန်လှည့်လိုက်ချိန်တွင် သူမနောက် မလှမ်းမကမ်း[illegible] လူသုံးယောက်ရပ်နေသည်ကို [illegible]လိုက်ရသဖြင့်ကြောင်သွားသည်။ [illegible]မတို့ဆင်း

www.burmeseclassic.com

လာသောအချိန်တွင် နောက်မှာ မည်သူမျှမရှိပေ။ သူမ၏အစ်ကိုများ၊ အဖေများလည်းမဟုတ်ပေ။ အမေ့ကိုလည်းမတွေ့ရတော့ပေ။ ထိုသူများကို အသေအချာကြည့်လိုက်သောအခါ ဝိုးတဝါးမှောင်ရိပ်ထဲတွင် ရပ်နေသော်လည်း အရှေ့ဘက်မှရောင်နီဖြင့် မျက်နှာတွင်ဘာမှမရှိသောလူများဖြစ်နေသည်ကိုတွေ့လိုက်ရတော့သည်။ သူမလည်း ကြောက်ပြီးနောက်လှည့်ပြေးရန်ပြင်သည်။

သူမရပ်နေသည့်နေရာမှာ တံတားထိပ်နားတွင်ဖြစ်ရာ ပြေးစရာနေရာကမရှိပေ။ သူတွေ့နေသူများမှာလည်း မျက်စိမပါ၊ ပါးစပ်မပါ၊ နှာခေါင်းမပါနှင့် မျက်နှာပြောင်တလင်းကြီးဖြစ်နေသောလူများဖြစ်နေသည်။ ထိုသူများသည် နောက်နားတွင် ရပ်ကြည့်နေကြရာမှ တဖြည်းဖြည်း ရှေ့တိုးပြီး သူမဆီသို့ ချဉ်းကပ်လာနေကြသည်။

ဝါဝါသည် ကြောက်လွန်အားကြီးသောကြောင့် အသံကုန်အော်ဟစ်ကာ နောက်ကြောင်းသို့ ပြန်လည်ပြေးပြီး ဆက်သွယ်စရာမရှိတော့သဖြင့် ရေထဲသို့ ခုန်ချလိုက်တော့သည်။ ရေထဲသို့ရောက်သော် ကြောက်အားလန့်အားနှင့်ရေလယ်ဘက်သို့ကူးနေသည်။ သူမတို့မှာ ရေနားချောင်းနားတွင် နေထိုင်ကြသူများဖြစ်သဖြင့် ရေကူးတတ်၍ တော်ပေသေးသည်။

ဝါဝါ၏ကြောက်လန့်တကြားအော်လိုက်သံ၊ ရေထဲသို့ခုန်းခနဲပြုတ်ကျသံများကြားလိုက်သောအခါ လှေပေါ်ပါလာသူများက ဝိုင်းအော်ကြသဖြင့် စက်နှိုးပြီးထွက်စပြုနေသောလှေသည် နောက်ကြောင်းပြန်ဆုတ်လာသည်။ ရေလယ်သို့ ကြောက်အားလန့်အားနှင့် ကူးနေသော ဝါဝါအနားသို့ရောက်သော် လှေပေါ်ပါလာသူများက ဆွဲတင်လိုက်ရသည်။ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲဟုမေးသော်လည်း စကားပြန်မပြောနိုင်တော့ဘဲ သတိလစ်သွားတော့သည်။

သူမနောက်မှ မီးခွက်ကြီးကိုင်ကာ လိုက်လာသော အမေကတော့ ဘာဖြစ်မှန်းမသိ။ သမီးဖြစ်သူ ကြောက်လန့်တကြားအော်ဟစ်ပြီး နောက်ပြန်လှည့်ပြေးကာ ရေထဲသို့ခုန်ချပြီး ရေလယ်သို့ကူးနေသည်ကိုတွေ့သောကြောင့် အော်ဟစ်ပြီး အိမ်ထဲမှာကျန်ရစ်ခဲ့သူများကို ခေါ်နေသည်။ အိမ်ထဲမှာရှိနေသောအဖေနှင့် အစ်ကိုများလည်း အော်သံဟစ်သံများ ကြားရသောကြောင့် တံတားဆီသို့ပြေးလာကြသည်။

စက်လှေက တံတားသို့ပြန်ကပ်ပြီး ဝါဝါကို ပွေ့တင်သည်။ တံတားပေါ်မှ အဖေနှင့် အစ်ကိုများကဆီးကြိုပွေ့ယူပြီး အိမ်သို့ခေါ်လာကြသည်။ ဝါဝါလည်း အိမ်ရောက်မှသတိရသည်။

"သမီး၊ သမီး ဘာဖြစ်တာလဲ"

"သမီးလေး ဘာဖြစ်တာလဲကွယ်၊ အမေဖြင့်ရင်တောင်တုန်တယ်"

"သမီးအနားကို လူသုံးယောက် ကပ်လာတယ်"

"ဘယ်မှာတုံး၊ အမေညည်းနောက်မှာရှိနေတာမမြင်ပါလားကွယ်"

"အမေမမြင်ပေမယ့် သမီးမြင်တယ်။ သုံးယောက်တောင်။ နောက်က လိုက်လာတာ။ သူ. . . သူတို့မှာမျက်နှာမပါဘူး။ ပြောင်တလင်းကြီးတွေနဲ့ သမီးကြောက်တယ်"

သူမကိုအဝတ်အစားလဲပေးသည်။ ကျေးရွာကကျန်းမာရေးအတွက်အားကိုးရသော သူနာပြုအကူဆရာမလေးကို သွားခေါ်ရသည်။ ရေအနည်းငယ်မွန်းသွားသည်ကလွဲ၍ ဘာမှမဖြစ်သည်ကို တွေ့ရမှ စိတ်အေးရတော့သည်။ မကြာမီ နံနက်မိုးသောက် အလင်းရောက်လာသဖြင့် ရွာဦးကျောင်းက ဆရာတော်ကို သွားပင့်ကြသည်။ ဆရာတော်ရောက်လာသည့်အချိန်အထိ ဝါဝါမှာ ရင်တုန်ပန်းတုန်ဖြစ်နေဆဲ ဖြစ်သည်။

ဆရာတော်က ခေတ္တမျှအာရုံပြုကြည့်သည်။ ပြီးမှပြောသည်။

"တလေးမကို ဘဝဟောင်းကဒါမှမဟုတ် ရှေးရေစက်ရှိတဲ့ဘဝလူတွေက ဆယ်သွယ်နေပုံပဲ။ အပါယ်ဘုံသားတွေပေါ့။ သူတို့က ဘာမှတော့အနှောင့်အယှက်ပေးမယ့်ပုံမပေါ်ဘူး။ အခွင့်သင့်ရင် တွေ့ဆုံဆက်ဆံချင်ပုံပဲ။ ဘဝချင်းမတူတော့တာကို သူတို့သိပုံမပေါ်ဘူး။ ဒီလိုပဲမကြာမကြာလာတွေ့နေမှာပဲ"

"အရှင်ဘုရား၊ ဘဝချင်းမတူတော့တာကိုဆက်သွယ်နေမယ်ဆိုရင် ကြာရင်ခက်မယ်။ သူတို့ကို ဒီအနီးအနားမနေနိုင်အောင်၊ နှောင်မဆက်ဆံအောင် ဘယ်လိုလုပ်ရမလဲဘုရား။ အမိန့်ရှိပါဦး"

"အင်း - ပရိတ်ရွတ်၊ ကမ္မဝါစာဖတ်၊ မေတ္တာပို့တာတွေလုပ်ရမှာပေါ့။ ဘုရားနည်းတော့ရှိပါတယ်"

သို့နှင့် ပရိတ်ရွတ်ခြင်း၊ ကမ္မဝါဖတ်ခြင်း ချက်ချင်းဆောင်ရွက်ပေးကြပါသည်။ ဆရာတော်ကြီးက ကမ္မဝါဖတ်ပြီး လာရောက် တွေ့ဆုံနေကြသူများကို မေတ္တာပို့သည်။ ဘဝချင်းမတူသူများ ဖြစ်၍လာရောက်တွေ့ဆုံခြင်းမပြုရန်မေတ္တာရပ်ခံပေးပါသည်။

"သင်တို့နှင့်ဘဝချင်းခြားနေသည့်အတွက် လာရောက်ဆက်သွယ်ခြင်းမပြုရန် မေတ္တာရပ်ခံပါသည်။ သင်တို့လည်း လွတ်ရာကျွတ်ရာသို့သွားကြပါ။ သူမီးကလေးကိုလည်း ရောက်ရာဘဝတွင် မိသားစုနှင့်အတူ ပျော်ရွှင်စွာ နေထိုင်နိုင်ခွင့်ပေးကြရန်လည်း ဘုန်းကြီးက မေတ္တာရပ်ခံပါတယ်"

ဘုန်းကြီးရဟန်းများနှင့် ထိုကဲ့သို့ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ဝါဝါကိုလည်း ပရိတ်ကြိုးများချည်ပေးလိုက်ပါသည်။ ထိုကဲ့သို့ ဘုရားကုကုပေးလိုက်သော်လည်း ဝါဝါက အကြောက်မပြေပါ။ အိမ်ဆဲကအိမ်ပြင်မထွက်ရဲ၊ အနီးအနားတွင် တစ်ယောက်ယောက်မရှိလျှင် မနေရဲဖြစ်နေသည်။ သို့နှင့် သူမကို ရန်ကုန်ပို့လိုက်ရသည်။

ရန်ကုန်သို့ရောက်သောအခါတွင် အဖော်ကောင်းသောကြောင့် ဝါးတန်းလမ်းတွင်ရှိသည့်ဗဟိုစည်ဆေးရုံကြီးတွင် ဖွင့်လှစ်သော အကူသူနာပြုသင်တန်းကို တက်ဖြစ်သည်။ ထိုသင်တန်းမှာ အစိုးရခန့်သူနာပြုသင်တန်းကိုမတက်နိုင်သော လူငယ်များတက်ကြသောအကူသူနာပြုသင်တန်း ဖြစ်လေသည်။ သင်တန်းတွင် လူနာပြုစုနည်းများ၊ ခန္ဓာဗေဒ၊ ရူပဗေဒ၊ ထိုးဆေး၊ စားဆေး၊ ဓာတ်စာ စသည့်အကြောင်းအရာများကို သင်ကြားပေးသည်။ သင်တန်းဆင်းသောအခါ ဆေးရုံလာတတ်သောလူနာများကို သင့်တင့်သောနှုန်းထားဖြင့် စောင့်ရှောက်ပေးနိုင်ကြသည်။

❑

"သမီးအဖြစ်ကတော့ အဲဒါပါပဲ။ သမီးခုထက်ထိလည်း ကြောက်နေလို့ အိမ်မပြန်ဘဲ ဒီမှာပဲနေပြီးအလုပ်လုပ်နေတာ။ ငွေစုပြီး အိမ်ကိုတော့ လတိုင်းပို့ပါတယ်"

ကျွန်တော်က လက်ထောက်ဆရာဝန်အဖြစ် ဤဆေးရုံတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ရာ လူနာစောင့်အဖြစ် တာဝန်ထမ်းဆောင်နေသော သူနာပြုအကူများနှင့်နေ့စဉ်တွေ့နေရ၏။ လူနာစောင့်သည်ဆိုရာတွင် လူနာအနီးတွင် အချိန်ပြည့်စောင့်ရန်မလိုပါပေ။ အညောင်းပြေအညာပြေအပြင်ထွက်လာခိုက်တွင် စကားစမြည်ပြောကြရင်းမှ



www.burmeseclassic.com

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး
## ဆင်ပွေးနဲ့ပွေးသား



၂၀၁၆၊ ဇွန်လမှာ ကျွန်တော် မိုးကုတ်ကိုရောက်နေခဲ့ပါတယ်။ မိုးကုတ်ကိုမရောက်တာ (၃) နှစ်လောက်ရှိပြီဆိုတော့ ဆွေမျိုးတွေ၊ အပေါင်းအသင်းတွေနဲ့ စကားလက်ဆုံပြောလို့ မကုန်အောင်ပါဘဲ။ သုံးနှစ်တာကာလ မိုးကုတ်ရဲ့ ပြောင်းလဲတိုးတက်မှုတွေကလည်း အများအပြားရှိနေခဲ့ပါတယ်။ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဆိုပါတော့။

လူတွေဆိုတာက စရိုက်စုံတော့ ထူးခြားသောသူမ၏ ဘဝဇာတ်ကြောင်းကိုပြောပြနေခြင်း ဖြစ်သည်။

"အေးဟ - စိတ်ဝင်စားစရာပဲ။ မျက်နှာပြောင်ကြီးနဲ့ဆိုတော့ သူတို့ဘယ်လိုမြင်မလဲမသိဘူးနော်"

"သူတို့မျက်နှာမှာ မျက်စိမပါပေမယ့် ဒီလိုပဲသွားလာနေတာပဲ။ တစ်ခါတလေ သမီးဆိုင်မှာထိုင်ပြီးဈေးရောင်းနေတုန်း အိမ်ရှေ့ကိုလှမ်းကြည့်လိုက်ရင် သစ်တိုပင်ကြီးအောက်မှာရပ်ပြီး ဒီဘက်မျက်နှာလှည့်နေတာကိုတွေ့ရတယ်။ ဒါပေမယ့် နည်းနည်းဝေးနေတော့မသိသာဘူး။ ဟိုနေ့က ရေဆင်းတံတားပေါ်မှာဆုံတဲ့အခါကျမှ သူတို့မှာမျက်နှာပဲရှိပြီးပြောင်ကြီးဖြစ်နေတာကို တွေ့ရတာ။ သမီးဖြင့်ကြောက်လိုက်တာဆိုတာမပြောပါနဲ့တော့"

"သူတို့ဝတ်စားထားတာတွေကကော ဘယ်လိုလဲ"

"သူလိုကိုယ်လိုပါပဲ။ အရပ်ထဲမှာသွားလာနေတဲ့လူတွေအတိုင်း အင်္ကျီတွေ၊ ပုဆိုးတွေနဲ့ပဲ"

"သူတို့ပုံပန်းသဏ္ဌာန်ကော"

"ဒါလည်းမထူးဘူး၊ လူတွေလိုပဲ။ ဖြူန်းခနဲပျောက်သွားတာ။ ဖြူန်းခနဲပေါ်လာတာကလွဲရင်ပေါ့။

"ညည်းရန်ကုန်ရောက်လာတော့ သူတို့လိုက်လာသေးလား"

"ဟင့်အင်း၊ ရန်ကုန်အထိတော့ လိုက်မလာတော့ဘူး။ သမီးလည်း ရန်ကုန်ရောက်ခါစတုန်းကတော့ တွေ့ဦးမလားဆိုပြီး တွေးပူနေသေးတယ်။ တွေ့မှာစိုးတာနဲ့ သမီးက လူတွေနဲ့ရောနေတယ်။ တွေ့တော့မတွေ့တော့ပါဘူး"

"ညည်းဒီလိုချည်းဒီမှာလူနာစောင့်လုပ်နေရရင် ဘယ်ဟုတ်မလဲ [illegible]နေ့စောင့်ရ ညစောင့်ရနဲ့ ပင်ပန်းတာ[illegible]ပါ"

"သမီးပိုက်ဆံစုနေတာ။ ဒီမှာလူနာစောင့်ရင်း ဆီးချိုတိုင်းတာ၊ သွေးတိုင်းတာ၊ သွေးစစ်တာ၊ ဆေးပေးတာ၊ ဘာရောဂါဖြစ်ရင် ဘာဆေးတွေပေးတယ်ဆိုတာတွေကြည့်ထားတယ်။ နောက်နှစ်လောက်ဆိုရင် ရပ်ကွက်ထဲမှာ ဆေးဆိုင်ကလေးဖွင့်မယ်။ ဆေးရောင်းမယ်။ အမေ့ကိုလည်းခေါ်ထားမယ်"

သူငယ်မမှာစိတ်ကူးကောင်းသည်။ ဆေးဆိုင်ကလေးဖွင့်ပြီး ရောင်းလျှင်ကန္တြေရှိပြီးလူသက်သာသည်။ သူ့သဘောနှင့်သူ ဆေးစပ်ပြီးမရောင်းဖို့တော့မှာထားရမည်။ သူမမှာ ရွာတွင်နေစဉ်က အမေ့ဆိုင်တွင် ဈေးကူရောင်းဖူးသောကြောင့် ကိုယ်ပိုင်ဆေးဆိုင်ကလေးဖွင့်ပြီး အိမ်သုံးဆေး၊ စားဆေးများရောင်းလျှင်လည်း အဆင်ပြေနိုင်ပေသည်။

"ဒါနဲ့ ညည်း ရန်ကုန်လာနေတော့ အိမ်မှာကျန်ခဲ့တဲ့လူတွေနဲ့ အဲဒီမျက်နှာပြောင်ကြီးတွေနဲ့တွေ့သေးလား"

"ဟင့်အင်း၊ တွေ့တယ်လို့ပြောသံမကြားဘူး။ သူတို့ကသမီးနဲ့သာ တွေ့ချင်နေတာလား။ ဒါမှမဟုတ် ဆရာတော်ကြီးရွတ်ဖတ်ပေးလို့ပဲ လွတ်ကျွတ်ကုန်ပြီလား မပြောတတ်တော့ပါဘူး"

ကျွန်တော့်မှာ သူပြောနေသည်ကို နားထောင်ပြီး မျက်နှာပြောင်ကြီးနှင့်လူများမှာဘယ်ဘဝကလဲ။ ဆရာတော်ကြီးပြောသလို ပြိတ္တာအသူရကာယ်တွေလား။ ဘာကြောင့်များသည် ကလေးမလေးကိုမှရှေ့ပြီးဆက်သွယ်နေတာလဲဆိုသည့်အကြောင်းများကို အတွေးနယ်ချဲ့နေမိပါတော့သည်။

**မဟာသျှံ**



www.burmeseclassic.com

www.burmeseclassic.com

ကာ ကိုယ်သန်ရာသန်ရာကို ပြောဆိုကြလေ့ရှိတယ်။ တရားဝါသနာပါသူက တရားစကားပြောတယ်။ စီးပွားရေးကို ဝါသနာပါသူက စီးပွားရေးစကားပြောတယ်။ စာပေကို ဝါသနာပါသူက စာပေစကားပြောတယ်။ ကျန်းမာရေးဝါသနာပါသူက ကျန်းမာရေးစကားပြောတယ်။ အပျော်အပြက်ဝါသနာပါသူက အပျော်အပြက်စကားပြောတယ် စသည်စသည်ဖြင့်ပေါ့လေ အတော်စုံတယ်။ အဲဒီအခါမှာ ပုဂ္ဂိုလ်အလိုက် စရိုက်ကိုကြည့်ကာ သင့်တော်သလို ပြန်ပြောရတာက လူမှုတာဝန်တစ်ခုပါ။

အဲဒီအထဲမှာ ဗူမ မီမီအောင်ရဲ့ ခင်ပွန်း ဗေဒ္ယာလှိုင်ကျတော့ တစ်မျိုးတစ်ဘာသာပါ။ သူက မြန်မာ့ဆေးမြီးတိုတွေမေးတာပါ။ ကျွန်တော်က ပြည်သူထဲက ဆေးမြီးတိုလေးတွေအမြဲဆိုတာကို ရေးပြနေတာကိုး။ သူကလည်း သူရဲ့ဖတ်တော့ကာ သိနေပါတယ်။ အဲဒါကြောင့် မေးလာခြင်းပါပဲ။

"လေးကျော်စိုး၊ ပွေးဖြစ်ရင် ဘာနဲ့ကုသလဲ"

ဆိုတော့ ပွေးကိုကုတဲ့ဆေးမြီးတိုနည်းတွေက အများကြီးရှိတော့ကာ အတော်လေးရှင်းပြပါတယ်။ ဆေးမြီးတိုဆိုတာ အလျဉ်းသင့်ရင် အလွယ်တကူ ပျောက်တတ်ပေမယ့် အလျဉ်းမသင့်ရင် မပျောက်ကြောင်း၊ ဟိုလူပျောက်ပေမယ့် ဒီလူကျရင် ပျောက်ချင်မှပျောက်ကြောင်းလည်း ခြွင်းချက်အနေနဲ့ပြောပြရတယ်။

အဲဒီမှာ သူက သူ့ဆန္ဒကိုပြောပြတယ်။

"လေးကျော်စိုး၊ ကျွန်တော်သိထားတဲ့ဆေးမြီးတိုက တစ်မျိုးဗျ။ အဲဒါလေးကို သိစေချင်လို့မေးတာပါ။ ကျွန်တော်ကိုယ်တိုင်ပွေးပျောက်တဲ့ ဆေးနည်းလေး ကျော်စိုးထဲမှာများပါမလားလို့ပါ။ လေးကျော်စိုးပြောတဲ့အထဲမှာ မပါဘူး။ အဲဒီဆေးနည်းလေးကို သူ့ရဲ့မှာတင်ပြခိုင်းချင်လို့ပါ"

"အေးကွာ တင်ပြတာပေါ့။ ပြောပါဦး မင်းရဲ့ ပွေးပျောက်တဲ့ဆေးနည်းက"

"ပြောပါ့မယ်ဗျာ၊ ကျွန်တော်တို့ငယ်ငယ်က ကျွန်တော်တို့ညီအစ်ကိုတစ်တွေဟာအလွန်ဆော့တာပါ။ ဦးကြီးဝင်းရဲ့ခြံဆိုတာ ကျွန်တော်တို့ကစားစရာခြံကြီးပေါ့။ ပြေးလို့ဆော့လို့၊ သစ်ပင်တက်လို့မောရင် ကျွန်တော်တို့တွေအင်းထဲဆင်းပြီး ရေကူးကြတယ်လေ။ ရေကူးလို့ဝရင် ခြံထဲမှာပြန်ဆော့ကြတာပဲ။ ကလေးဆိုတော့ကာ ရေကူးပြီးရင် ရေကိုစင်အောင်မသုတ်ပဲ ဒီအတိုင်းကောက်ဝတ်လိုက်ကြတာလေ။

အဲဒီမှာ ကျွန်တော့်ကိုယ်မှာ ပွေးတွေပေါက်လာတော့တာပဲဗျို့။ ပွေးမှ ရိုးရိုးပွေးမဟုတ်ဘူး။ ကုရအလွန်ခက်တဲ့ ဆင်ပွေးဗျ။ မပျော်သုံးနှစ်ပျော်တစ်သက်ဆိုတဲ့ပွေးမျိုးပေါ့ဗျာ။ ယားချက်ကကမ်းကုန်တယ်။ ကုတ်ရခက်တဲ့ ကုပ်နဲ့ကျောမှာပေါက်နေတာ အနှံ့ပါပဲဗျာ။ ကုလိုက်တဲ့ဆေးနည်းတွေအစုံပဲ။ ဒါပေမယ့် အဲဒီဆင်ပွေးကို မတွန်းလှန်နိုင်ဘူးဗျ။ အဲဒါအလွန်စုတ်ပဲ့တဲ့အင်းထဲ ရေဆင်းကူးတဲ့အကျိုးပေါ့ဗျာ။

ကျွန်တော့်ဒုက္ခကို ကျောက်သွေးဆရာလေးညွန့်ရွှေမြင်တော့ သနားသွားပုံရတယ်။ မင်းရဲ့ပွေးကို ငါကုပေးမယ်။ ဒါပေမယ့် အခုမဟုတ်ဘူး။ ပွေးဝယ်လို့ရတဲ့နေ့လို့ ပြောပါတယ်။

လေးကျော်စိုးကလည်း သိတာပဲ။ ရွှေဘိုသာထဲက ထာပွဲကြီးဆိုတာ ကျောက်ဈေးဆိုတော့ကာ ကျောက်ရောင်းဝယ်သူတွေနဲ့ ပြည့်ညပ်ပြီး အရမ်းစည်ကားတာကိုး။ အဲဒီမှာ တောနေ လူတန်းစားတွေက တောထဲက မြွေတို့၊ သင်းခွေချပ်တို့၊ ဖွတ်တို့၊ ပွေးတို့ဆိုတဲ့ အကောင် မျိုးတွေ အရှင်ဖမ်းဖမ်းလာပြီး လာရောင်း လေ့ရှိတယ်လေ။

ရှမ်း၊ ပလောင်တွေ၊ ဗမာတွေအနေနဲ့ သူများအသက်ကိုသတ်ရမှာကြောက်တာကြောင့် မဝယ်ကြပေမယ့် တရုတ်တွေနဲ့ အခြား ဘာသာခြားတွေကျတော့ ဝယ်ကြတယ်။ မြတ်မြတ်နိုးနိုးနဲ့ ဟန်ဖိုး ထားပြီးစားကြတယ်။ အဲဒီတော့ တော ထဲက အကောင်တွေ ထာပွဲမှာ တစ်မျိုး မဟုတ် တစ်မျိုးတော့ ရှိတာများတယ်။ ပွေးဆိုရင် ဈေးအလွန်ကြီးတာပါ။

တစ်နေ့ လေးညွန့်ရွှေက ပွေးကြီး



တစ်ကောင်ဝယ်လာပါတယ်။ ကျွန်တော့်အတွက်ဝယ်လာတာမို့ ဝယ်လာပြီးပြီချင်း ကျွန်တော့်ကိုအကြောင်းကြားတယ်။ ပွေးက ဖွေးဖွေးကြီးဗျာ။ မြေအောက်ထဲကနေပြီး လှချင်တိုင်းလှ၊ ဝချင်တိုင်းဝနေတာပါပဲ။ ပွေးက အကြီးကြီးဆိုတော့ကာ ဒယ်တစ်လုံး ရပါတယ်။

အဲဒီနေ့မှာ ကျွန်တော့်ကိုပွေးသားအဝကျွေးတော့တာပါ။ လေးကျော်စိုးရေ အံ့ဩဖို့ကောင်းပုံများ ပွေးသားစားပြီးတဲ့နေ့ကစပြီးလုံးဝမယားတော့ဘဲ လပေါင်းအတော်ကြာ ကျွန်တော့်ကိုနှိပ်စက်ခဲ့တဲ့ ပွေးတွေ အကုန်ကျွတ်ကျကုန်တော့တာပါပဲဗျာ။ ဆင်ပွေးကို ပွေးသားနဲ့ကုလို့ပျောက်တာ ကျွန်တော့်လက်တွေ့ပါ။ အဲဒီနောက်တော့ အင်းထဲရေလုံးဝဆင်းမကူးရဲတော့ပါဘူး။ လေးညွန့်ရွှေလည်း ဆုံးသွားတာ ကြာပါပြီ။ ဒါပေမယ့် ကျွန်တော့်ပွေးကို ပွေးသားနဲ့ကုပေးတာကိုတော့ ခုထိမမေ့ပါဘူးဗျာ"

လို့ ပြောပြပါတယ်။

သူ့နည်းက ပွေးကိုပွေးနဲ့ ဓာတ်တူနံ့တူသတ်ပြီးကုခြင်းပါ။ ပွေးကိုပွေးနဲ့ ပြန်တိုက်တာပါ။ ဓာတ်တူနံ့တူ ဆေးဖက်ယူ၊ နံ့တူသတ်က အသေရ ဆိုတဲ့အတိုင်း ဓာတ်တူနံ့တူတင်မကပါဘူး။ အမည်ပါ တူနေတော့ကာ ဆင်ပွေးတောင်ခံနိုင်ပုံမရှိပါဘူး။

ပြီးတော့ ပွေးဆိုတာ ဆေးဖက်ဝင်အကောင်ပါ။ 'ပန်းပေါင်းစုံပျား၊ အသီးပေါင်းစုံ ချေ (ဂျီ)၊ အမြစ်ပေါင်းစုံပွေး' လို့ ဆိုထားတယ် မဟုတ်လား။ ပွေးဆိုတာ အမြစ်ပေါင်းစုံစားပြီး ရှင်သန်ရန်တည်တာမို့ ဆေးဖက်ဝင်အကောင်ဖြစ်ပါတယ်။ အတော်အတန် ရောဂါပျောက်ကင်းနိုင်ပါတယ်။

ပွေးနဲ့ အရေပြားရောဂါအမျိုးမျိုးက ခန္ဓာကိုယ်ကို ရေချိုးပြီးလို့ ရေစင်အောင်မသုတ်ရင် ဖြစ်တတ်ပါတယ်။ စိုစွတ်နေတဲ့အရေပြားဟာ မှိုပိုးကပ်ငြိလွယ်ပါတယ်။ ပွေး၊ ညှင်း၊ တင်းတိပ်၊ ကြွပ်၊ ဒက်၊ ဘောက်၊ နှင်းခူ၊ ဝဲစို၊ ဝဲခြောက်၊ သဲဝဲ၊ ဆင်ဖနပ် စကာတွေဟာ မှိုပိုးတွေပါပဲ။ အဲဒီအထဲမှာ အရိုးဆုံးက ဆင်ပွေးနဲ့ နှင်းခူအစို၊ အခြောက် ဖြစ်ပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းမှုမြှတိုင်း ခန္ဓာကိုယ်ကို ရေစင်အောင်သုတ်ရင်တော့ မှိုပိုးဘေးက ကင်းဝေးနိုင်ပါတယ်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်လေးကျော်စိုး

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ ဧပြီလအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိလင်္ဂဖြတ်ကျော်ချိန်၊ ဓနသိဒ္ဓိမွန်းတည့်မျဉ်းဖြတ်ချိန်၊ ၎င်းအခါသုံးပါးထပ်ချိန်တို့၌ အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာ မန္တန် ရွတ်ဖတ်ပူဇော်ခြင်း၊ အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်ကြီး အပါအဝင် ဓနံလာဘ်ဆိုင်ရာဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများပါလျှင် ကောင်းကျိုးချမ်းသာခံစားရမည်မှာ ဧကန်ဖြစ်ပါသည်။ ၂၀- ၄- ၂၀၁၇ နေ့၊ နေ့လယ် (၁း ၁၂) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်သို့ ဝင်ရောက်မည်ဖြစ်ပြီး ၂၁-၄-၂၀၁၇ နေ့၊ နံနက် (၁း၁၁း၄၃) နာရီမှာ စန်းသည် ဓနသိဒ္ဓိနက္ခတ်ဖြင့်ယှဉ်ဖက်နေမည်ဖြစ်ပြီး (၂၁-၄-၂၀၁၇) နေ့ နေ့လယ် (၁း၁၂) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်မှထွက်ခွာမည် ဖြစ်သည်။

၂၁-၄-၂၀၁၇ နေ့ နံနက် (၁း၅၇း၁၉) နာရီမှ (၃း၅၆း၄၇) နာရီအတွင်းမှာ ဓနိသိဒ္ဓိနက္ခတ်ကို လင်္ဂဖြတ်ကျော်မည်ဖြစ်ပြီး ၎င်းနေ့နံနက် (၈း၁၉း၀၃) မှ (၈း ၂၆း ၂၀) နာရီအတွင်းဝယ် မွန်းတည့်မျဉ်းသည် ဓနသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည် ဖြစ်သည်။

| လင်္ဂဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | စထွက်ချိန် | ရက် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၃း ၁၅း ၅၉ | ၅း ၁၄း ၂၇ | ၁ | ၉း ၃၈း ၅၃ | ၉း ၄၅း ၀၇ |
| ၂ | ၃း ၁၂း ၀၃ | ၅း ၁၀း ၃၁ | ၂ | ၉း ၃၄း ၅၇ | ၉း ၄၁း ၁၁ |
| ၃ | ၃း ၀၈း ၀၇ | ၅း ၀၆း ၃၅ | ၃ | ၉း ၃၁း ၀၁ | ၉း ၃၇း ၁၅ |
| ၄ | ၃း ၀၄း ၁၁ | ၅း ၀၂း ၃၉ | ၄ | ၉း ၂၇း ၀၅ | ၉း ၃၃း ၁၉ |
| ၅ | ၃း ၀၀း ၁၅ | ၄း ၅၈း ၄၃ | ၅ | ၉း ၂၃း ၀၉ | ၉း ၂၉း ၂၃ |
| ၆ | ၂း ၅၆း ၁၉ | ၄း ၅၄း ၄၇ | ၆ | ၉း ၁၉း ၁၃ | ၉း ၂၅း ၂၇ |
| ၇ | ၂း ၅၂း ၂၃ | ၄း ၅၀း ၅၁ | ၇ | ၉း ၁၅း ၁၇ | ၉း ၂၁း ၃၁ |
| ၈ | ၂း ၄၈း ၂၇ | ၄း ၄၆း ၅၅ | ၈ | ၉း ၁၁း ၂၁ | ၉း ၁၇း ၃၅ |
| ၉ | ၂း ၄၄း ၃၁ | ၄း ၄၃း ၅၉ | ၉ | ၉း ၀၇း ၂၅ | ၉း ၁၃း ၄၀ |
| ၁၀ | ၂း ၄၀း ၃၅ | ၄း ၄၀း ၀၃ | ၁၀ | ၉း ၀၃း ၂၉ | ၉း ၀၉း ၄၅ |
| ၁၁ | ၂း ၃၆း ၃၉ | ၄း ၃၆း ၀၇ | ၁၁ | ၉း ၅၉း ၃၃ | ၉း ၀၅း ၄၉ |
| ၁၂ | ၂း ၃၂း ၄၃ | ၄း ၃၂း ၁၁ | ၁၂ | ၈း ၅၅း ၃၇ | ၉း ၀၁း ၅၃ |
| ၁၃ | ၂း ၂၈း ၄၇ | ၄း ၂၈း ၁၅ | ၁၃ | ၈း ၅၁း ၄၁ | ၈း ၅၇း ၅၇ |
| ၁၄ | ၂း ၂၄း ၅၁ | ၄း ၂၄း ၁၉ | ၁၄ | ၈း ၄၇း ၄၅ | ၈း ၅၄း ၀၁ |
| ၁၅ | ၂း ၂၀း ၅၅ | ၄း ၂၀း ၂၃ | ၁၅ | ၈း ၄၃း ၄၉ | ၈း ၅၀း ၀၅ |
| ၁၆ | ၂း ၁၆း ၅၉ | ၄း ၁၆း ၂၇ | ၁၆ | ၈း ၃၉း ၅၃ | ၈း ၄၆း ၀၉ |
| ၁၇ | ၂း ၁၃း ၀၃ | ၄း ၁၂း ၃၁ | ၁၇ | ၈း ၃၅း ၅၇ | ၈း ၄၂း ၁၃ |
| ၁၈ | ၂း ၀၉း ၀၇ | ၄း ၀၈း ၃၅ | ၁၈ | ၈း ၃၁း ၅၁ | ၈း ၃၈း ၁၇ |
| ၁၉ | ၂း ၀၅း ၁၁ | ၄း ၀၄း ၃၉ | ၁၉ | ၈း ၂၇း ၅၅ | ၈း ၃၄း ၂၁ |
| ၂၀ | ၂း ၀၁း ၁၅ | ၄း ၀၀း ၄၃ | ၂၀ | ၈း ၂၃း ၅၉ | ၈း ၃၀း ၂၅ |
| ၂၁ | ၁း ၅၇း ၁၉ | ၃း ၅၆း ၄၇ | ၂၁ | ၈း ၁၉း ၀၃ | ၈း ၂၆း ၂၉ |
| ၂၂ | ၁း ၅၃း ၂၃ | ၃း ၅၂း ၅၁ | ၂၂ | ၈း ၁၅း ၀၇ | ၈း ၂၂း ၃၃ |
| ၂၃ | ၁း ၄၉း ၂၇ | ၃း ၄၈း ၅၅ | ၂၃ | ၈း ၁၁း ၁၁ | ၈း ၁၈း ၃၇ |
| ၂၄ | ၁း ၄၅း ၃၁ | ၃း ၄၄း ၅၉ | ၂၄ | ၈း ၀၇း ၁၅ | ၈း ၁၄း ၄၁ |
| ၂၅ | ၁း ၄၁း ၃၅ | ၃း ၄၁း ၀၃ | ၂၅ | ၈း ၀၃း ၁၉ | ၈း ၁၀း ၄၅ |
| ၂၆ | ၁း ၃၇း ၃၉ | ၃း ၃၇း ၀၇ | ၂၆ | ၇း ၅၉း ၂၃ | ၈း ၀၆း ၄၉ |
| ၂၇ | ၁း ၃၃း ၄၃ | ၃း ၃၃း ၁၁ | ၂၇ | ၇း ၅၅း ၂၇ | ၈း ၀၂း ၅၃ |
| ၂၈ | ၁း ၂၉း ၄၇ | ၃း ၂၉း ၁၅ | ၂၈ | ၇း ၅၁း ၃၁ | ၈း ၅၈း ၅၇ |
| ၂၉ | ၁း ၂၅း ၅၁ | ၃း ၂၅း ၁၉ | ၂၉ | ၇း ၄၇း ၃၅ | ၇း ၅၅း ၀၁ |
| ၃၀ | ၁း ၂၁း ၅၅ | ၃း ၂၁း ၂၃ | ၃၀ | ၇း ၄၃း ၃၉ | ၇း ၅၁း ၀၅ |



www.burmeseclassic.com

www.burmeseclassic.com



တနင်္သာရီရိုးမ တောင်တန်းကြီး၏ တောနက်တစ်နေရာတွင် လွှန်ခဲ့သော နှစ်ပေါင်းများစွာက အလောင်းဘုရားဦးအောင်ဇေယျနှင့်စစ်သည်ဗိုလ်ပါများ ယိုးဒယားသို့ ချီတက်စဉ် စားနပ်ရိက္ခာအတွက် လယ်ယာစိုက်ပျိုးပြီး စခန်းချတပ်စွဲခဲ့သော ကျောက်ဂူကြီးတစ်လုံးရှိနေကြောင်းသိရသောအခါ ကျွန်တော် အလွန်စိတ်ဝင်စားသွားပါသည်။

အလောင်းဘုရားဦးအောင်ဇေယျသည် ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်သူ၊ တတိယမြန်မာနိုင်ငံကို စုစည်းတည်ထောင်သူ။

သမိုင်းမှတ်တမ်းများအရဆိုရသော် ဦးအောင်ဇေယျသည် မြန်မာနှစ်၁၁၁၃ခုတွင် တနင်္သာရီကမ်းမြောင်ဒေသမှတစ်ဆင့် ယိုးဒယားသို့ စစ်ချီခဲ့ကြောင်း ဖတ်ရှုမှတ်သားဖူးပါသည်။ ကျွန်တော်ယခု ရောက်ရှိနေသည့်နေရာကလည်း တနင်္သာရီရိုးမတောင်တန်းကြီးတစ်နေရာတွင်မို့ သူစခန်းချခဲ့သည်ဟု သိရသောကျောက်ဂူကြီးကိုသွားကြည့်ချင်စိတ်များ တဖွားဖွားဖြစ်ပေါ်လာမိပါသည်။

ထိုကျောက်ဂူကြီး၏အမည်ကား-ဘုရားထန်။

❑

"သေချာရဲ့လား ဦးသစ်ရဲ့။ အထောက်အထား ခိုင်ခိုင်မာမာရှိလို့လား"

"ကျုပ်တို့တစ်ရွာလုံး သားစဉ်မြေးဆက် ပြောခဲ့ကြတာပဲ။ ရွာကလူတော်တော်များများလည်း ရောက်ဖူးတယ်။ အဲဒီဂူကြီးထဲမှာ ဆင်းတုတော်တစ်ဆူတောင် လှူထားကြသေးတယ်။ စာရွက်စာတမ်းအထောက်အထားမရှိဘူးပေါ့။ ဒါပေမယ့် ကျုပ်တို့ရွာကိုလာကြတဲ့ ယိုးဒယားတွေကလည်း ဒီလိုပဲယုံကြည်ကြတယ်။ သူတို့က ဦးအောင်ဇေယျရဲ့ သမိုင်းကြောင်းကို သိကြတယ်လေ။ ဘုရားထန်ကို သူတို့က ထန်ဖရားလို့ ခေါ်ကြတယ်။

ဦးသစ်က မြန်မာ-ယိုးဒယားနယ်စပ်မျဉ်းပေါ်ရှိ ရတနာပုံသတ္တုသမိုင်းတည်ရှိရာ ရတနာပုံရွာလေးမှ ရွာလူကြီးဖြစ်ပါသည်။

ကျွန်တော်တို့ စစ်ကြောင်းက နယ်မြေရှင်းလင်းရင်း သူတို့ရွာသို့ခေတ္တရောက်ရှိနေခြင်း ဖြစ်ပါသည်။

ရတနာပုံသတ္တုမိုင်းမှာ ယခုအခါ ဖျက်သိမ်းလိုက်ပြီးဖြစ်သဖြင့် မရှိတော့ပါ။ ရတနာပုံရွာကလေးကတော့ရှိနေပါသေးသည်။ မန္တလေးရတနာပုံနှင့် အဘယ်ကြောင့် အမည်တူနေရသလဲ မသိပါ။

ထိုရွာကလေးမှာ နယ်စပ်တောင်တန်းကြီးပေါ်တွင်တည်ရှိသည့်အလျောက် ရွာအနီးရှိ တောင်ထိပ်ပေါ်မှကြည့်လျှင် အရှေ့ဘက်တွင် ယိုးဒယားနိုင်ငံ၊ အနောက်ဘက်တွင် မြန်မာနိုင်ငံကို အပေါ်စီးရှုခင်းမှ တွေ့မြင်နေရပါသည်။

ဦးအောင်ဇေယျလက်ထက်က ချီတက်တိုက်ခိုက်ခဲ့သော ယိုးဒယားမြေပေါ်မှ အယုဒ္ဓယ၊ ရပ်ဗူရီ၊ ဆူပန်ဗူရီ၊ ပန်ချာပူရီစသောမြို့များကို တောင်ထိပ်ပေါ်မှနေ၍ ကျွန်တော်မှန်းဆကြည့်ရှုမိပါသည်။

အနောက်ဘက်သို့လှည့်လိုက်သောအခါ တိမ်သားမိုးသားကင်းစင်နေသော ကောင်းကင်ပြာအောက်က တောင်စဉ်တောင်တန်းအထပ်ထပ်ဖြင့် ညို့မှိုင်းနေသော လွမ်းမောဖွယ်ရာ အမိမြန်မာပြည်ကိုတွေ့လိုက်ရသဖြင့် ကိုယ့်ပြည်ကိုယ့်မြေဟူသောအသိကြောင့် ရင်ထဲလှုပ်ခတ်သွားပါသည်။ ထားဝယ်၊ မြိတ်၊ တနင်္သာရီ၊ ဘုတ်ပြင်း စသော မြို့များကိုလည်း မှန်းဆကြည့်ရှုမိပါသည်။

ရတနာပုံရွာကလေးမှာ နယ်စပ်တွင်တည်ရှိနေသောကြောင့် ယိုးဒယားဘက်ခြမ်းရှိရွာများနှင့် အပြန်အလှန်ကူးလူးဆက်ဆံမှုရှိကြပါသည်။

"ဘုရားထန်ကို ဦးသစ်ရောက်ဖူးလား"

"ရောက်ဖူးတာပေါ့။ ကျုပ်က ရတနာပုံမှာမွေးတဲ့ ရွာသားစစ်စစ်ပဲ။ ကျုပ်တောလည်ထွက်ရင်းရောက်ဖူးတာ။ နေ့တစ်ဝက်ခရီးလောက်ပဲသွားရတယ်။ ဗိုလ်မှူးတို့သွားချင်ရင် ကျုပ်လိုက်ပို့ပေးပါ့မယ်"

ကျွန်တော်စစ်သုံးမြေပုံကိုဖြန့်ပြီး မြေပုံဖတ်လိုက်ပါသည်။ ကျွန်တော် ရှင်းလင်းရမည့် နယ်မြေတစ်နေရာတွင် 'ဘုရားထန်' ဟူသောစာလုံးကို အင်္ဂလိပ်ဘာသာဖြင့် ထင်ထင်ရှားရှားရေးထား

www.burmeseclassic.com

www.burmeseclassic.com

သည်ကို တွေ့ရသဖြင့် ကျေနပ်သွားပါသည်။

ဤဘုရားထန်လိုဏ်ဂူကြီးတွင် ဦးအောင်ဇေယျတပ်စွဲခဲ့သည်ဆိုခြင်းမှာ မသေချာပါ။ ခိုင်မာသော မည်သည့် အထောက်အထားမျှ မရှိသောကြောင့် ယုံကြည်ရန်လည်းမဖြစ်နိုင်ပါ။ သို့သော်လည်း နယ်မြေရှင်းလင်းရမည့်အတူတူ ရောက်အောင်သွားကြည့်ရန် ကျွန်တော်ဆုံးဖြတ်လိုက်ပါသည်။

"ကောင်းပြီ၊ သွားမယ် ခင်ဗျား လမ်းပြပေး"

❑

နွေရာသီမို့ နေကချစ်ချစ်တောက် ပူနေပါသည်။ တောင်တန်းကြီးပေါ်မှ ဆင်းလာကတည်းက သစ်ရွက်ခြောက်များကို နင်းနေကြရသဖြင့် ပွိုင့်တပ်စိတ်က မိုင်းရှင်းနေရသောကြောင့် ခရီးမတွင်လှပါ။ လမ်းပြပါရှိသော်လည်း စစ်သုံးမြေပုံနှင့် သံလိုက်အိမ်မြှောင်ကိုအသုံးပြုပြီးချီတက်ခဲ့ပါသည်။

လမ်းတစ်လျှောက်တွင် မိုးထိအောင်မြင့်မားပြီး တစ်ပင်နှင့်တစ်ပင် ထိစပ်စွာပေါက်နေသောနေပြောက်မထိုးနိုင်သည့် တောအုပ်ကြီးကို ဖြတ်သန်းခဲ့ကြပါသည်။ အရိပ်ကောင်းသဖြင့် နေပူဒဏ်ကို မခံကြရသော်လည်း အောက်ခြေရှုပ်ပြီး နွယ်ပင်များပေါများသောကြောင့် ရှင်းလင်းခုတ်ထွင်ပြီး ချီတက်ကြရပါသည်။အချို့နေရာတွင် ကျောက်တောင်ကြီးများကို ကုပ်တွယ်တက်ရသဖြင့် ပင်ပန်းလှပါသည်။ သို့သော် ရောင်စုံသစ်ခွပန်းများ၊ ရောမပျားအုံကြီးများ၊ မျောက်အုပ်များ စသည့်ထူးခြားသော သဘာဝမြင်ကွင်းများကို တွေ့ရသောအခါ လူတိုင်းမရောက်နိုင်သော



# မျိုးညွန့်ဦး

## ဘုရားထန်

မြန်မာနိုင်ငံနယ်စပ် တောတောင်ရေမြေအနှံ့ကို ခြေချခွင့်ရသော တပ်မတော်သားဘဝကို ကျေနပ်မိပါသည်။

အဆင်းအတက်၊အကျဉ်းအကျယ်၊ အနိမ့်အမြင့်မညီညာသော ဆူးပြောင့်ခလုတ်များဖြင့်ပြည့်နေသည့် တောလမ်းကလေးအတိုင်း ချီတက်ခဲ့ကြရာ အလွန်ကျယ်ပြောသော ဝါးတောကြီးအလယ်သို့ရောက်ရှိခဲ့ပါသည်။

ဝါးတောကြီးမှာ တစ်တောလုံးခြောက်သွေ့နေပြီး ဝါးရွက်ခြောက်များက မြေပြင်တစ်ခုလုံးဖုံးလွှမ်းထားသဖြင့် မြင်မြင်သမျှ အဝါရောင်များသာဖြစ်နေပါသည်။

အားလုံးက မောပန်းနွမ်းနယ်နေ



www.burmeseclassic.com

www.burmeseclassic.com

ပြီး နားချင်ကြသော်လည်း ဦးသစ်က ရောက်ခါနီးပါပြီဟု ပြောသောကြောင့် ဘုရားထန်ရောက်မှာပဲ နားတော့မည်ဟု ဆုံးဖြတ်ကာ ရည်မှန်းချက်ရောက်အောင် ချီတက်ခဲ့ကြပါသည်။

❑

ရောက်ပါပြီ၊ ရည်မှန်းချက်။

ဘုရားထန်ဂူကြီးမှာ တွေ့ဖူးသမျှ ဂူများကဲ့သို့ တောင်ကမ်းပါးယံတွင်တည်ရှိနေသောဂူမျိုးမဟုတ်ဘဲ မြေပြန့်ပေါ်တွင် ပေါင်မုန့်ကြီးတစ်လုံးချထားသကဲ့သို့ ထီးထီးကြီးတည်ရှိနေသောဂူကြီး ဖြစ်ပါသည်။ ၎င်းပေါင်မုန့်ကြီးကိုအောက်ဘက်မှ လက်ဖြင့်နှိုက်စားထားသောကြောင့် အောက်ခြေချိုင့်ဝင်နေသောသဏ္ဌာန်ဖြစ်နေပါသည်။

ဂူကြီး၏ခေါင်မိုးပေါ်တွင် တပ်စုတစ်စုကို လုံခြုံရေးယူစေပြီး ကျန်တပ်ခွဲများကို ဝါးတောကြီး၏အပြင်ဘက်တွင် ပတ်လည်ခံစစ်ယူရန် တပ်ဖြန့်ထားကာ ကျွန်တော်နှင့် စစ်ကြောင်းရုံးမှာ ဂူကြီး၏ ရှေ့ဝါးတောထဲတွင်နေရာယူထားကြပါသည်။

ကျွန်တော်ဂူအတွင်းသို့ဝင်ရောက်လေ့လာရာ ဂူအတွင်းရှိ ကျောက်ဆောင်တစ်ခုပေါ်တွင် ရတနာပုံရွှာသားများ တည်ထားကိုးကွယ်ထားသည့်ဉာဏ်တော်နှစ်ပေခန့်ရှိ ကျောက်ဆင်းတုတစ်ဆူကို ဖူးတွေ့ရသဖြင့် လက်အုပ်ချီပြီး ကြည်ညိုစွာရှိခိုးလိုက်ပါသည်။

ဂူမျက်နှာကြက်မှ ကျောက်စက်ပန်းဆွဲများကျမနေသလို ဂူကြမ်းပေါ်တွင် ကျောက်စက်မိုးမျှော်များလည်းရှိမနေပါ။ ဂူကြမ်းပြင်မှာ တင်းနစ်ကွင်းတစ်ခု၏ ကြမ်းပြင်ကဲ့သို့ညီညာသောမြေအနေအထားဖြစ်နေပါသည်။ ဂူကြီး၏ ရှေ့မျက်နှာစာတွင်လည်း မည်သည့်မြက်ပင်သစ်ပင်မျှပေါက်မနေဘဲ ညီညာသော တလင်းပြင်ကျယ်ဖြစ်နေပါသည်။ ထို့ကြောင့် ဦးအောင်ဇေယျနှင့် သူ၏စစ်သည်များစခန်းချခဲ့ကြဟန်တူပါသည်။ သို့သော ယခုအခါတွင်မူ ဂူအတွင်းကြမ်းပြင်ပေါ်တွင် ဆင်ချေးအစို၊ အခြောက်များတွေ့ရသဖြင့် တောဆင်ရိုင်းများ ခိုအောင်းလေ့ရှိနိုင်ကြောင်း တွက်ဆမိပါသည်။

ဂူ၏ အကျယ်အဝန်းမှာ တင်းနစ်ကွင်းနှစ်ကွင်းစာခန့်သာရှိသဖြင့် လူ မြောက်မြားစွာနေထိုင်ရန်မကျယ်ဝန်းပါ။ ဆင်ချေးနံ့နှင့် လင်းနို့ချေးနံ့များကြောင့် ယခုအခါ လူနေရန်လည်းမဖြစ်နိုင်ပါ။

❑

သမိုင်းဝင်ဘုရင်တစ်ပါးဖြစ်သည့် ဦးအောင်ဇေယျ၏ အငွေ့အသက်များ ကျန်ရှိနေသောဘုရားထန်ဂူကြီးသို့ရောက်နေသဖြင့် စိတ်လှုပ်ရှားပြီး ကျွန်တော် အိပ်မပျော်ပါ။ ကျွန်တော်စိတ်အာရုံထဲတွင် ရှေးခေတ်စစ်ဝတ်စုံများဝတ်ဆင်ပြီး ဓား၊ လှံ၊ လေးမြားစသည့်လက်နက်များ ကိုင်ဆောင်ကာ ဂူကြီးရှေ့တွင်သွားလာလှုပ်ရှားနေကြသော ရှေးခေတ်စစ်သည်များကို မြင်ယောင်နေမိပါသည်။ စစ်သုံးမြင်းများကိုလည်း အာရုံထဲတွင် မြင်တွေ့ရသလို မြင်းဟီသံ၊ ခွာရှပ်သံများကိုလည်း ကြားယောင်နေမိပါ သည်။

"ဟာ - မီးတွေ၊ မီးတွေ ဗိုလ်မှူး တောမီးလောင်နေပြီ"

နံနက်အရုဏ်တက်ခါနီးအချိန်ဖြစ်ပါသည်။

ဝါးရုံအောက်တွင် ပလတ်စတစ်စခင်းကာ စောင်ကျားခြုံပြီးအိပ်နေသော ကျွန်တော်နားထဲသို့ ကင်းသမားနှစ်ယောက်၏ သတင်းပို့အော်ဟစ်သံများ ဆူညံစွာဝင်ရောက်လာသဖြင့် အိပ်နေရာမှ လျင်မြန်စွာထလိုက်ပြီး ပတ်ဝန်းကျင်ကိုကြည့်လိုက်ပါသည်။

ကျွန်တော်တို့ရောက်နေသည့် ဝါးတောကြီးကို တောမီးလောင်နေပါပြီ။ ဘယ်အချိန်ကစလောင်ပြီး ဘယ်နေရာကစလောင်သည်ကို မခန့်မှန်းနိုင်ပါ။ မီးစွယ်မီးညွန့်များ၏အရောင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ထိန်လင်းနေပါသည်။ ဝါးရွက်ခြောက်များကို မီးလောင်နေသဖြင့် မြေပြင်တစ်ခုလုံး မီးပင်လယ်ကြီးဖြစ်နေပါသည်။ တဖြောင်းဖြောင်း ဝါးပေါက်သံများ၊ ဝါးပင်ကျိုးကျသံများ၊ ကျေးငှက်များ၏အလန့်တကြားပျံသန်းသံများကြောင့် တောတစ်လုံးမှ[illegible]ည်နေပါသည်။ လေကလည်း[illegible]က်နေသောကြောင့် မီးအရှိန်မှာ ပိုမိုပြ[illegible]ထန်လာပြီး ဂူကြီးကို မီးများဝိုင်းလာပါတော့သည်။ ခြောက်သွေ့နေသော ဝါးတောကြီးမို့ မီးလောင်အားပြင်းလှပါသည်။

ဂူကြီး၏ခေါင်မိုးပေါ်မှ တပ်စုနှင့် အပြင်စည်းမှတပ်ခွဲများကို မီးလွတ်ရာသို့ ရှောင်နေရန် ဆက်သွယ်ရေးစက်ဖြင့် ညွှန်ကြားလိုက်ပြီး ကျွန်တော်တို့ စစ်ကြောင်းရုံးမှ စစ်သည်အားလုံး သေနတ်ကိုယ်စီဖြင့် ကျောပိုးအိတ်လွယ်ပြီး မီးလွတ်ရာဖြစ်သည့် ဂူကြီးအတွင်းသို့ ပြေးဝင်လိုက်ကြပါသည်။

ဂူကြီး၏ရှေ့ရှိ မြေတလင်းပြင်က သဘာဝမီးတားဖြစ်နေသည့်အတွက် ဂူအတွင်းသို့ မီးများရောက်မလာနိုင်ပါ။ ဂူကြီးထဲတွင် လောင်စာလည်းမရှိပါ။

ကျွန်တော်တို့အားလုံး ဂူအတွင်းသို့ရောက်ရှိနေသည့်တိုင် အပူရှိန်ကပြင်းထန်နေပြီး ပြာမှုန့်များက လွင့်စဉ်ဝင်ရောက်နေပါသည်။ အပြင်ကမီးတောက်မီးလျှံများ၏အရောင်ကြောင့် ဂူအတွင်းတွင် သဲသဲကွဲကွဲမြင်နေရပါသည်။

ထိုစဉ် မမျှော်လင့်ဘဲ ရုတ်တရက် ဂူအတွင်းသို့ ဆင်ရိုင်းကြီးတစ်အုပ်အော်ဟစ်ဆူညံစွာ ဝုန်းဒိုင်းကြပြီး ဝင်ရောက်လာပါတော့သည်။

ကြီးမားသော ကိုယ်ခန္ဓာကြီးများနှင့်မလိုက်အောင် အပြေးအလွှား ကမူးရှူးထိုးဝင်ရောက်လာသော ဆင်ကြီးများကြောင့် ကျွန်တော်တို့အားလုံး မျက်လုံးပြူးကုန်ပါသည်။

ဂူထဲတွင် မထင်မှတ်ဘဲ လက်နက်ကိုင်လူသားများရောက်နေသဖြင့် သူတို့လည်း အံ့အားသင့်ပြီး ကြောက်လန့်သွားပုံရပါသည်။ ဂူအပြင်ဘက်တွင်ရှိ မီးတောက်မီးလျှံများကြောင့် သူတို့အပြင်ပြန်ထွက်၍လည်းမရတော့ပါ။နှာမောင်းကြီးများမြှောက်၍ တဝူးဝူးအော်ပြီး ဆောက်တည်ရာမရဖြစ်နေကြပါသည်။ ၎င်းဆင်အုပ်စုထဲတွင် စွယ်စုံဆင်ကြီးတစ်ကောင်က ခေါင်းဆောင်ဖြစ်ဟန်တူပါသည်။ စုစုပေါင်း ဆင်ခြောက်ကောင်ပါဝင်ပြီး ဆင်ပေါက်ကလေးနှစ်ကောင်ပါဝင်ပါသည်။

ကျွန်တော်တို့ စစ်ကြောင်းရုံးတွင်လည်း ကျွန်တော် အပါအဝင် စစ်သည်ဆယ့်တစ်ယောက်ရှိပြီး လမ်းပြဦးသစ်ကိုပါထည့်တွက်ပါက စုစုပေါင်းဆယ့်နှစ်ယောက်ဖြစ်ပါသည်။ ဂျီသရီး၊ ဂျီဖိုး၊ စက်လတ်စသော မောင်းပြန်သေနတ်များနှင့် လက်ပစ်ဗုံးများပါသောကြောင့် ထိုဆင်ရိုင်းအုပ်ကို အသေပစ်သတ်နိုင်ပါသည်။

သို့သော် ကျွန်တော်တို့၏လက်နက်များမှာ တိုင်းပြည်၏ ဆူးပြောင့်ခလုတ်များကို ရှင်းလင်းရန်သာဖြစ်ပြီး အပြစ်မဲ့သော တောဆင်ရိုင်းများကို ပစ်ခတ်ရန်မဟုတ်ပါ။ ထို့ပြင် ဆင်ဆိုသည်မှာ ရှားပါးသတ္တဝါဖြစ်ပြီး လူသားများကို အကျိုးပြုနေသည့် တိရစ္ဆာန်ဖြစ်သည့်အပြင် ကျွန်တော်တို့အသက်ကိုလည်း ရန်ရှာနေတာမဟုတ်သောကြောင့်လည်း ပစ်မသတ်ရက်ပါ။ ဆင်များမျိုးတုံးမှာကို



www.burmeseclassic.com

www.burmeseclassic.com

လည်း မလိုလားပါ။

လက်ရှိအခြေအနေမှာ သူတို့က လည်း ကိုယ့်ကိုကြောက်၊ ကိုယ်ကလည်း သူတို့ကိုကြောက်နေသော အခြေအနေ ဖြစ်ပါသည်။ ထို့ကြောင့် ဆင်ကြီးများကို ကြည့်ရင်း စိတ်ထဲမှနေ၍ ဆင်ကြီးတို့ရေ မင်းတို့လည်း မီးဘေးဒုက္ခသည်၊ ငါတို့ လည်း မီးဘေးဒုက္ခသည်ချင်း ဘဝတူတွေ ပါပဲ။ အဲဒါကြောင့် တစ်ယောက်ကို တစ်ယောက် ရန်မရှာဘဲနေကြရအောင် ဟုပြောလိုက်ပါသည်။

ဆင်ကြီးများကလည်း ကျွန်တော် တို့ကို မျက်တောင်မခတ်ကြည့်နေကြပါ သည်။ ကျွန်တော်တို့အဖွဲ့မှာ တောမီး ဘေးသာမက တောဆင်ရိုင်းဘေးကိုပါ တစ်ပြိုင်တည်းရင်ဆိုင်နေရသဖြင့် သတိ ကြီးစွာထားနေရပါသည်။ တောမီးများ ဝိုင်းနေသည့်ဂူကြီးထဲတွင် ဆင်ကြီး ခြောက်ကောင်နှင့် ကျွန်တော်တို့မှာ မီး အပူကိုခံစားရင်း ရင်ပူစွာဖြင့် တစ်ဖွဲ့နှင့် တစ်ဖွဲ့ အကဲခတ်နေကြပါသည်။

ကျွန်တော့်အမိန့်မရဘဲ ဆင်များ ကိုသေနတ်ဖြင့်မပစ်ရန် တပည့်များကို ကျွန်တော်ညွှန်ကြားထားပါသည်။ အား လုံးက သေနတ်အသင့်အနေအထားဖြင့် ဆင်များကိုချိန်ထားကြပါသည်။

တောဆင်ရိုင်းဟုဆိုသော်လည်း အသိဉာဏ်ရှိကြပုံရပါသည်။ သူတို့က ကျွန်တော်တို့ကို စူးစူးစိုက်စိုက်ကြည့်ပြီး ခပ်ခွာခွာနေနေကြပါသည်။ ကျွန်တော် တို့တွင် သူတို့ကို တုံးခနဲသေစေနိုင်သော ပြင်းထန်သည့်လက်နက်များပါရှိကြောင်း သိကြပုံရပါသည်။

သို့သော် ကျွန်တော်တို့ကတော့ သတိလစ်၍မဖြစ်ပါ။ ဆင်တို့၏အသိ ဉာဏ်၊ ခွန်အားနှင့် လျင်မြန်မှုတို့ကိုသိ ထားသောကြောင့် သတိကြီးစွာထားနေ ရပါသည်။ ကျွန်တော်တို့တစ်ကိုယ်လုံး ဇောချွေးများရွှဲနစ်နေပြီး ပြာမှုန့်များ၊ ဖုန်များဖြင့်လူးနေပါသည်။ တောတွင်း တိုက်ပွဲ၊ တောင်ပေါ်တိုက်ပွဲ၊ ချုံခိုတိုက်ပွဲ စသော တိုက်ပွဲများတွင် အတွေ့အကြုံရှိ ပြီးဖြစ်သဖြင့် ရင်ဆိုင်နိုင်ခဲ့သော်လည်း သဘာဝအန္တရာယ်ဖြစ်သော တောမီးနှင့် တောရိုင်းသတ္တဝါ ဆင်ရိုင်းများနှင့်မူ ရင်ဆိုင်ခဲ့ဖူးခြင်းမရှိ၍ ရင်တထိတ်ထိတ် ခုန်မိပါသည်။

ထို့ကြောင့် အန္တရာယ်နှင့်တွေ့ကြုံ ရတိုင်း လူသားတို့ထုံးစံအတိုင်း ဘုရားကို သတိရမိပါသည်။ မျက်စိရှေ့တွင်လည်း ကျောက်ဆောင်ပေါ်မှ မြတ်စွာဘုရား ဆင်းတုတော်ကို ဖူးတွေ့နေရသဖြင့် သတိဝင်လာပြီး အခက်အခဲအကျပ် အတည်းကြုံတွေ့ရတိုင်း ထွက်ပေါက် အဖြစ် ကျွန်တော် ယုံယုံကြည်ကြည်ရွတ် ဆိုနေကျဖြစ်သော နမောတေဂါထာ တော်ကို စိတ်ထဲမှ လေးလေးနက်နက် ရွတ်ဆိုလိုက်ပါသည်။

□ နမောတေ ဗုဒ္ဓဝီရတ္ထု၊
ဝိပ္ပမုတ္တော သိသဗ္ဗဓိ၊
သမ္မာမပဋိပန္နောသို၊
တဿမေသရဏံဘဝ၊
တထာဂတံ အရဟန္တံ၊
စန္ဒိမာ သရဏံ ဂတော
ရာဟုစန္ဒံ ပမုဉ္စသု၊
ဗုဒ္ဓါလောကာနု ဿမ္ပကာ။ ။

အထက်ပါ ဂါထာတော်တွင် (စန္ဒိမာ) (စန္ဒံ) ဆိုသောနေရာများတွင် မိမိအမည်ကိုထည့်၍ရွတ်ဆိုခြင်းဖြင့် မိမိ အတွက်အကျပ်အတည်းမှလွတ်မြောက် နိုင်ပါသည်။

ရွတ်ဆိုနေကျဖြစ်သဖြင့် အထက် ပါနေရာများတွင် ကျွန်တော့်နာမည်ကို အစားထိုးကာ ရွတ်ဆိုလိုက်ပါသည်။ ငါးခေါက်ခန့်ရွတ်ဆိုအပြီးတွင် စိတ်နည်း နည်းတည်ငြိမ်လာသဖြင့် တိုင်တည်မှု တစ်ခုပြုလုပ်ရန် ဆုံးဖြတ်လိုက်ပါသည်။

ထို့ကြောင့် စိတ်တွင်းမှပင် အောက်ပါအတိုင်း တိုင်တည်လိုက်ပါ သည်။

'သမ္မာဒေဝနတ်ကောင်းနတ်မြတ် များနှင့် ဤတောဤတောင်ကိုစောင့် ရှောက်ကြကုန်သော တောစောင့်နတ်၊ တောင်စောင့်နတ်များအား တပည့်တော် တိုင်တည်အပ်ပါသည်။ ဤဘုရားထန် လိုဏ်ဂူကြီးသည် ရှေးနှစ်ပေါင်းများစွာက အလောင်းဘုရား ဦးအောင်ဇေယျနှင့် သူ၏တပ်များ တပ်စွဲခဲ့သော လိုဏ်ဂူကြီး မှန်ပါက တပည့်တော်တို့ ရင်ဆိုင်နေရ သော တောမီးနှင့် တောဆင်ရိုင်းများ၏ ဘေးအန္တရာယ်မှ လွတ်မြောက်ရပါစေ သတည်း။ မမှန်ကန်ပါက တောမီးနှင့် တော ဆင်ရိုင်းများ၏ အန္တရာယ်ကို ဆက်လက် ရင်ဆိုင်ရပါစေသတည်း'

ကျွန်တော် အထက်ပါအတိုင်း တိုင်တည်မှုပြုပြီးသည့်နောက် ခဏ အကြာတွင် -

"ဗိုလ်မှူး၊ ဗိုလ်မှူး ဂူပေါက်ဝကို ကြည့်လိုက်ပါဦး။ မိုးရေတွေကျနေသလို ပဲ"

တပည့်တစ်ယောက်၏အော်ပြော သံကြောင့် ဂူပေါက်ဝကိုကြည့်လိုက်ရာ ဂူတံစက်မြိတ်တွင် မိုးရေမိုးပေါက်များ တပေါက်ပေါက်စီးကျနေသည်ကို အံ့ဩ ဖွယ်ရာတွေ့လိုက်ရပါသည်။ တောမီး လောင်သံ တဖျိုးဖျိုးတဖျစ်ဖျစ်များကို လွှမ်းမိုး၍ ကောင်းကင်ပေါ်မှ မိုးခြိမ်းသံ ဂျိုးဂျိုးဂျိမ်းဂျိမ်းကိုလည်း မမျှော်လင့်ဘဲ ကြားလိုက်ရပါသည်။

မိုးရွာလာပါပြီ။

မြေပြင်ပေါ်မှ မီးတောက်မီးလျှံ များပေါ်သို့ ကောင်းကင်ပေါ်မှ မိုးရေ စက်များ တဖြောဖြောကျဆင်းလာရာ ရေနှင့်မီးတွေ့ကြသည့်အတွက်မီးတောက် များတရှဲရှဲနှင့်ငြိမ်းကုန်ပြီး ပြာမှုန့်များ တဖွားဖွားလွင့်တက်လာပါသည်။

ထူးဆန်းအံ့ဩဖွယ်ရာမိုးရွာမှုဖြစ် ပါသည်။

ကျွန်တော်တို့အားလုံး ဝမ်းသာစွာ ဖြင့် ဂူရှေ့တလင်းပြင်သို့ထွက်ပြီး မိုးရေ ၏အေးမြသောအရသာကို ခံယူကြပါ သည်။ မျက်နှာကိုထိမှန်သော မိုးရေစက် များကြောင့် အေးမြလန်းဆန်းသွားသလို အပူအပင်များလည်း ကင်းစင်သွားပါ သည်။

မိုးလင်းလာပါပြီ။

အလင်းရောင်ကြောင့်သဲသဲကွဲကွဲ မြင်ရပါပြီ။

သတိရ၍ ဆင်ကြီးများကိုကြည့် လိုက်တော့ မိုးရေထဲတွင် လှူပ်လှူပ်လှူပ် လှူပ်နှင့် ထွက်သွားနေကြသည်ကို တွေ့ ရပါသည်။ ခပ်လှမ်းလှမ်းရောက်တော့ စွယ်စုံဆင်ကြီးက ခဏရပ်၍နောက်ပြန် လှည့်ကြည့်ပြီး နှာမောင်းကြီးကိုမြှောက် ၍ ဝူးခနဲ ကျယ်လောင်စွာအော်ကာ ကျွန်တော်တို့ကိုနှုတ်ဆက်လိုက်ပါသည်။ ကျွန်တော်တို့ကလည်း လက်နှစ်ဖက်ဝှေ့ ယမ်းပြီး ဟေး . . . ဟု ပြိုင်တူအော်ကာ သူ့ကို နှုတ်ဆက်လိုက်ကြပါသည်။

မိုးလည်းတိတ်သွားပါပြီ။

တောမီးလည်းငြိမ်းသွားပါပြီ။

ဆင်ရိုင်းကြီးများလည်းထွက်သွား ပါပြီ။

နမောတေဂါထာတော်၏တန်ခိုး ကြောင့် ကျွန်တော်တို့အကျပ်အတည်း မှ လွတ်မြောက်ခဲ့ပါသလား။ ဦးအောင် ဇေယျတပ်စွဲခဲ့သောလိုဏ်ဂူကြီးအမှန်ဖြစ် သောကြောင့် ကျွန်တော်၏ တိုင်တည်မှု အောင်မြင်ခဲ့သလားမသိပါ။ ဘုရားထန် လိုဏ်ဂူကြီးကတော့ တနင်္သာရီတောင်တန်း ကြီးတစ်နေရာတွင် အမှန်တကယ်ရှိနေ ပါတော့သည်။

မျိုးညွန့်ဦး



www.burmeseclassic.com

www.burmeseclassic.com

**□ စစ်ကွင်းဆရာတော်ကြီး၏ ဥျခံသော အကာတော်ကြီးကိုချီးမြှင့်ခံရခြင်း**

ဆရာဝန်ကြီးသည် ဝေးလံလှသော မင်းကင်းဒေသသို့ နိုင်ငံတော်တာဝန်ဖြင့် သွားရမည်ဖြစ်သဖြင့် အိမ်သို့ပြန်လာပြီး ခရီးထွက်ရန်အတွက် လိုအပ်သည်များကို ပြင်ဆင်လေ၏။ ထိုသို့ ခရီးထွက်ရာတွင် တစ်ပါးတည်းလိုက်ပါခဲ့ရန် ဇနီးဖြစ်သူအား ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်၏။

ထိုအခါ ဇနီးဖြစ်သူက -

"ဟင် - ဒီလိုဆိုရင် မဖြစ်ချေဘူး။ စစ်ကွင်းဆရာတော်ကြီးကိုသွားလျှောက်ပြီးမေးမှဖြစ်မယ်"

ဟု ဆိုပြီးနောက် ဆရာဝန်ကြီးဇနီးမောင်နှံသည် စစ်ကွင်းဆရာတော်ကြီး သီတင်းသုံးတော်မူရာ ရွှေတိဂုံဘုရားတနင်္ဂနွေထောင့်ရှိ မာဃတန်ဆောင်းသို့ ညဦးပိုင်းတွင်ထွက်ခဲ့ကြ၏။

စစ်ကွင်းဆရာတော်ဘုရားကြီးသည် ဆရာဝန်ကြီးကတော်၏မိဘများနေထိုင်ရာ လမ်းမတော် (၁၂) လမ်းသို့ ၁၉၃၈ ခုနှစ်ကတည်းက ပင့်ဆွမ်းခံကြွရောက်ခဲ့သဖြင့် ဆရာရင်းဒကာရင်းများဖြစ်ခဲ့ကြ၏။ ရွှေတိဂုံဘုရားသို့ရောက်ရှိသောအခါ မှောင်ရီပျိုးစ ညချမ်းအခါပင် ဖြစ်၏။ ဆရာတော်ကြီး၏ ဘုရားဝတ်တက်ပြီးသောအခါ ဆရာဝန်ကြီးဇနီးမောင်နှံအား တွေ့လိုက်ရသဖြင့် -

"ဟင်- မထားယဉ်တို့ဇနီးမောင်နှံပါလား။ ဘယ်လိုအကြောင်းများရှိလို့လဲကွယ့်။ ဒီအချိန်ကြီးလာရတဲ့အကြောင်းကို ဆိုစမ်းပါဦး"

ဟု မေးမြန်းလိုက်ရာ မထားယဉ်က အကြောင်းစုံကိုပြောပြလျှောက်တင်လိုက်၏။

ထိုအခါ ဆရာတော်ကြီးသည် တစ်ချက်မျှငြိမ်နေလိုက်ပြီး ခေတ္တမျှကြာသောအခါတွင်မှ -

"ကောင်းတယ်၊ ကောင်းတယ်။ စိတ်အေးအေးထားပြီးသွားကြ။ ဘယ်လိုဘေးအန္တရာယ်ပဲဖြစ်ဖြစ်၊ဘာပြဿနာမျိုးပဲကြုံကြုံ သိပ်ပြီးစိုးရိမ်မနေကြနဲ့။ အခုငါရေးပေးလိုက်မယ့် အကာတော်ကြီးဂါထာကို နေ့တိုင်း မပျက်မကွက်ရွတ်၊ ယုံယုံကြည်ကြည်နဲ့ရွတ်။ အားလုံးအဆင်ပြေသွားလိမ့်မယ် ဟုတ်ပြီလား"

ဟု မိန့်ဆိုပြီး စာရွက်စာတမ်းကိုလည်း ရေးပြီးပေးလေ၏။

ထို့နောက် ဆရာတော်ကြီးက -

"ကဲကဲ - အချိန်သိပ်မရှိတော့ဘူး။ ပြန်ပြီးပြင်ဆင်စရာရှိတာတွေကို မြန်မြန်ပြင်ဆင်ကြ"

ဟု မိန့်ကြားလိုက်ရာ ဆရာဝန်ကြီးဇနီးမောင်နှံလည်း စစ်ကွင်းဆရာတော်အား ရှိခိုးကန်တော့၍ ပြန်ခဲ့ကြ၏။

ထို့ကြောင့်လည်း နောက်(၃)ရက်ခန့်အကြာတွင် ဆရာဝန်ကြီးတို့မိသားစုသည် မင်းကင်းမြို့သို့ထွက်ခွာခဲ့ကြ၏။ မကြာမီတွင်ပင် မင်းကင်းမြို့သို့ ရောက်ခဲ့ကြ၏။ မင်းကင်းမြို့သည် စတင်ရောက်ရှိစဉ်ပင် စိတ်မချမ်းသာစရာမြင်ကွင်းများက ဆီးကြိုနေ၏။ ငိုယိုပြီး အသုဘချသွားသောသူများကို တွေ့လိုက်ရ၏။ အခြေအနေကိုမေးကြည့်လိုက်သောအခါ ကာလဝမ်းကြောင့် ပျက်စီးသွားကြောင်းသိရ၏။ မရှေးမနှောင်းတွင် နောက်ထပ်အသုဘတစ်လောင်းချသွားသည်ကိုတွေ့လိုက်ရ၏။ မြို့တစ်ခုလုံးမှာ ခြောက်ကပ်နေပြီး ဈေးဆိုင်များလည်း ပိတ်ထားကြသဖြင့် စည်ကားမှုကင်းဆိတ်နေတော့၏။ လမ်းတွင်လူသူအနည်းငယ်ကိုတွေ့ရသည်။ တွေ့ရသောထိုသူများကလည်း

ဝိဇ္ဇာဓရမြန်မာ့အဂ္ဂိရတ်ပညာ (၇၃)

# ဆရာဦးဆက်ထွန်းလင်း

(အာယုဗ္ဗေဒ)

## ဝိဇ္ဇာဓရလောကပေါ်ဟာရများ





www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးများက ဂနာမငြိမ်ဘဲ ကျီးကန်းတောင်းမှောက်ကြည့်ပြီးသွားနေကြ၏။

ထို့နောက် ဆရာဝန်ကြီးမိသားစုသည် နေထိုင်ရမည့်အိမ်သို့ရောက်ရှိကြသောအခါ ဝန်စည်စလယ်တို့ကိုချပြီး နေထိုင်ရန်ပြင်ဆင်ကြ၏။ ထို့သို့ပြင်ဆင်နေချိန်တွင် ဆရာဝန်ကြီးသည် ဆေးရုံသို့အမြန်ထွက်ခဲ့၏။ ဆေးရုံသို့ရောက်သောအခါ အခြေအနေကား ပို၍ဆိုးနေတော့ ဆေးရုံတစ်ခုလုံး လူနာများဖြင့်ပြည့်နေ၏။ ဆေးရုံ၏အတွင်းရောအပြင်ပါ မြင်မကောင်းအောင်ဖြစ်နေသဖြင့် ဆရာဝန်ကြီးသည် နားနေခြင်းပင်မပြုတော့ဘဲ လူနာများကို အားကြိုးမာန်တက်အထူးကြိုးစားကုသပေးလေ၏။ ထို့ပြင် ဆရာဝန်ကြီးသည် သူ့မိသားစုကိုပါ ကာလဝမ်းကပ်ရောဂါမကျရောက်စေရန် ကြိုတင်ကာကွယ်ခြင်းများကိုပြုရလေ၏။ အထူးသဖြင့် သူ၏သမီးငယ်လေးဦးအား ရောဂါကူးစက်မည်ကို အထူးပင် စိုးရိမ်ကြောင့်ကြနေရတော့၏။ ထိုသို့သော စိုးရိမ်ကြောင့်ကြစိတ်များဖြစ်ပေါ်လာတိုင်း ဆရာဝန်ကြီးနှင့် ဆရာဝန်ကြီးကတော်တို့သည် စစ်ကွင်းဆရာတော်ကြီး ချီးမြှင့်လိုက်သော ဥုံအစချီ အကာတော်ကြီးဂါထာကို နေ့ညမပြတ်ရွတ်ဖတ်ပူဇော်ကြ၏။

ထို့အပြင် ဆရာဝန်ကြီးသည် တစ်စုံတစ်ခုကိုသွား၍ သတိရသဖြင့် ရေကြည်ရေသန့်တစ်ခွက်ကိုခပ်ယူကာ ဘုရားခန်းရှေ့တွင် စစ်ကွင်းဆရာတော်ကြီး ညွှန်ကြားလိုက်သော အကာကြီးဂါထာကို အကြိမ်ပေါင်း(၁၀၈)ခေါက်တိုင်နန်က်စောစောတွင် ရွတ်ဖတ်ပူဇော်လိုက်ပြီး ထိုရေကိုယူဆောင်ကာ သူ၏ ဆေးရုံနှင့်မြို့ထဲနေရာတို့တွင် အနှံ့အပြားလိုက်၍ ပက်ဖျန်းလေ၏။ ထိုသို့ ပက်ဖျန်းပြီးနောက် အကြောင်းတိုက်ဆိုင်စွာပင် နောက်တစ်နေ့မှစပြီး ကာလဝမ်းကပ်ရောဂါဖြစ်မှုသည် ရုတ်ခြည်းပင် ကျဆင်းသွားလေတော့၏။ ထိုအခါတွင်မှ ဆရာဝန်ကြီးလည်း စိတ်အေးသွားပြီး မြို့အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတို့ကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူအနည်းငယ်ကို စုစည်းကာ ပူးပေါင်းဆောင်ရွက်လေ၏။

ထို့နောက် မကြာမီတွင်ပင် ဒုတိယကမ္ဘာစစ်မီးကြီးသည် မြန်မာပြည်သို့ ကူးစက်လာလေတော့၏။ ရန်ကုန်မြို့ကြီးလည်း ဂျပန်လေယာဉ်တို့၏ ဗုံးကြဲတိုက်ခိုက်ခြင်းကို အတော်ပင်ခံရသည်ဟူသည့်သတင်းကို ဆရာဝန်ကြီးကြားရလေ၏။

များမကြာမီပင် မြန်မာပြည်အားအုပ်စိုးထားသော အင်္ဂလိပ်အစိုးရသည် မြန်မာပြည် အရှေ့မြောက်ပိုင်းမှနေပြီး အိန္ဒိယသို့ဆုတ်ခွာရန် ပြင်ဆင်ကြ၏။ တကယ်တမ်း ဆုတ်ခွာသောအခါတွင် အင်္ဂလိပ်တို့သည် မြေလှန်စနစ်ကို ကျင့်သုံးသဖြင့် လမ်းများ၊ တံတားများအပါအဝင် အရေးပါသော အရင်းအမြစ်များကို ဖျက်ဆီးခဲ့သဖြင့် မြန်မာပြည်တစ်နံတစ်လျားတို့သို့ သွားရေးလာရေး၊ ဆက်သွယ်ရေးများအားလုံးပြတ်တောက်ကုန်တော့၏။

များမကြာမီတွင်ပင် ဆရာဝန်ကြီးတာဝန်ထမ်းဆောင်နေသော မင်းကင်းမြို့၏အင်္ဂလိပ်အုပ်ချုပ်ရေးယန္တရားလည်း ဆုတ်ခွာတော့မည် ဖြစ်သည်။ ထိုအခါ မြို့အာဏာပိုင်က ဆရာဝန်ကြီးအား နောက်ပိုင်းတွင် ဆက်လက်တာဝန်ယူထိန်းသိမ်းပေးပါရန်နှင့် ဝန်ထမ်းများအားပေးရန် လစာတို့ကိုပါ လွှဲအပ်ပေးလေ၏။ ထိုသို့ တာဝန်လွှဲပြီးနောက် အင်္ဂလိပ်တို့လည်း အိန္ဒိယသို့ဆုတ်ခွာသွားကြတော့၏။

ထို့နောက် ဆရာဝန်ကြီးလည်း များမကြာမီတွင် ဂျပန်တို့ဝင်လာတော့မည်ဖြစ်သဖြင့် ဝန်ထမ်းတို့အား ရသင့်ရထိုက်သည့်လစာများ ခွဲဝေထုတ်ပေးလိုက်၏။

များမကြာမီတွင်ပင် ဆရာဝန်ကြီး စိုးရိမ်သည့်အတိုင်းပင် ထိုမြို့သို့ ဂျပန်တပ်များ ဝင်ရောက်လာတော့သည်။ ထို့နောက် ထိုမြို့ကိုအုပ်ချုပ်ခဲ့သည့် ယခင် အစိုးရလက်ကျန်ရှိ မရှိ စုံစမ်းရာ ဆရာဝန်ကြီးရှိကြောင်းကို ကြားသိရလေသည်။ ဆရာဝန်ကြီးလည်း ဂျပန်များဝင်ရောက်လာပြီး နောက်ပိုင်းတွင် အိမ်တွင်ပင်နေလေ၏။ အားလပ်သော အချိန်ပိုလာသဖြင့် စစ်ကွင်းဆရာတော်ကြီး၏ အကာတော်ကြီးဂါထာကိုပင် ပို၍ ဖိဖိစီးစီးရွတ်ဖတ်ပူဇော်လေ၏။

တစ်နေ့တွင် နွေခေါင်ခေါင်ကာလလည်းဖြစ်ပြန်၊ ပူပြင်းလွန်းလှသဖြင့် ဆရာဝန်ကြီးသည် နေ့လယ်စာထမင်းစားပြီးသည်နှင့် ဘုရားခန်းမှစိတ်ပုတီးကို ဖြုတ်ယူကာ အိမ်၏အနောက်ဘက်သို့ ဆင်းသွားခဲ့လေ၏။ အိမ်၏နောက်ဖေးဘက်တွင် သစ်ရိပ်ဝါးရိပ်ကောင်းမည့် နေရာကိုရှာလေ၏။ ထိုအချိန်တွင် နှီညာသမီးလေးသည် ဆရာဝန်ကြီးနောက်သို့ လိုက်လာပြီး -

"အဖေ ဘယ်သွားမလို့လဲဟင်၊ ဘာလုပ်မလို့လဲ"

ဟု မေးခွန်းများမေးလေ၏။

ထိုအခါ ဆရာဝန်ကြီးက -

"ဪ - ဖေဖေ ပုတီးစိပ်မလို့ နေရာရှာနေတာ"

"ဟင် - ဖေဖေကလည်း ပုတီးစိပ်မယ်ဆိုပြီး ဘာလို့နောက်ဖေးကိုလာရတာလဲ။ ဘုရားခန်းရှေ့မှာသွားစိပ်ပါလား"

"မဟုတ်ဘူး သမီးရဲ့။ ဒီအချိန်ဟာ ပူလွန်းတော့ ဘုရားခန်းရှေ့မှာမစိပ်နိုင်ဘူး။ အခု နောက်ဖေးသစ်ပင်ရိပ်ကောင်းကောင်းမှာ ပုတီးထိုင်စိပ်ရင်ကောင်းမလားလို့ပါ သမီးရယ်"

ဟု ပြောလိုက်သောအခါ နှီညာသမီးလေးက -

"ဒါဆိုရင် ဟိုငှက်ပျောပင်ရိပ်လေးမှာထိုင်ပြီး ပုတီးစိပ်ရင် မကောင်းဘူးလား"

ဟု ဆိုပြီး လက်ညှိုးထိုးပြသဖြင့် ဆရာဝန်ကြီးလည်း လှမ်းကြည့်လိုက်ရာ ငှက်ပျောပင်လေးငါးပင်စုပေါက်နေသည့် ငှက်ပျောတစ်မြုံကို တွေ့လိုက်ရလေ၏။ ငှက်ပျောရွက်ကြီးများဖားဖားမြင့်အပင်အောက်ခြေတွင် အရိပ်ကောင်းသဖြင့်-

"အင်း - ဟုတ်ပြီ သမီး၊ ဖေဖေ အဲဒီအပင်အောက်မှာပုတီးသွားစိပ်မယ် သမီးလည်းသွားကစားလေ"

"ဟုတ်ကဲ့"

ဟု ပြန်ဖြေပြီး သမီးဖြစ်သူလည်း မလှမ်းမကမ်းတွင် ကစားနေ၏။ ထိုသို့ သမီးဖြစ်သူလည်း ကစားနေရင်း သူ့အဖေကို တစ်ချက်တစ်ချက်လှမ်းကြည့်ရာ ငှက်ပျောပင်အောက်တွင် ပုတီးစိပ်နေသည်ကိုတွေ့ရ၏။ အတန်ကြာသောအခါ သမီးဖြစ်သူလည်း နောက်ဖေးတွင် ကစားရသည်ကို ငြီးငွေ့လာသဖြင့် အိမ်ရှေ့ခြံပေါက်ဝအနီးသို့ သွားကာကစားနေပြန်၏။

မကြာမီတွင် ဆရာဝန်ကြီးအိမ်ရှေ့သို့ စစ်ထရပ်ကားကြီးတစ်စီးဆိုက်လာပြီး ကားပေါ်မှ ဂျပန်စစ်သားများ ခုန်ဆင်းလာကြကာ ဆရာဝန်ကြီးအိမ်ကို ဝိုင်းလိုက်ကြ၏။ ထို့နောက် ဂျပန်စစ်သားအချို့သည် ဆရာဝန်ကြီး၏အိမ်ထဲသို့ဝင်သွားပြီး ဆရာဝန်ကြီးကိုရှာလေ၏။ ဆရာဝန်ကြီးကို ပိုက်စိပ်တိုက်ရှာဖွေကြ၏။ မတွေ့ရသဖြင့် အိမ်ရှေ့သို့ပြန်ထွက်လာပြီးနောက် စကားပြန်ဖြစ်သူက အိမ်ရှေ့တွင် ဆော့နေသောသမီးအား -

www.burmeseclassic.com

"သမီး၊ သမီးဖေဖေ အိမ်မှာရှိလား"

ဟု မေးလိုက်၏။

"ဟုတ်ကဲ့ - ရှိပါတယ်"

ဟု ဖြေလိုက်၏။ သမီးငယ်လေးသည် ငယ်လွန်းသဖြင့် အခြေအနေမှန်ကို မရိပ်စားမိဘဲ အမှန်အတိုင်းဖြေလိုက်မိ၏။

"ဘယ်နေရာမှာလဲကွယ့်"

ဟု ထပ်မံမေးလိုက်ရာ -

"နောက်ဖေးခြံထဲမှာလေ"

ဟု ဖြေလိုက်သဖြင့် ဂျပန်များလည်း နောက်ဖေးသို့ တစ်ဖန်ပြန်သွားကာ ရှာကြပြန်၏။ သို့သော် ဘာမှမတွေ့သဖြင့် ပြန်ထွက်လာပြီး စကားပြန်က-

"သမီးခဏလောက်လိုက်လာပြီး ပြပေးပါလား"

ဟု ပြောသဖြင့် သမီးငယ်လည်း ခြံနောက်ဖေးသို့ဝင်ရောက်ပြီး သူ့အဖေဖြစ်သူထိုင်ပြီးတော့ပုတီးစိပ်နေသည့် ငှက်ပျောပင်အုပ်အောက်သို့ ကြည့်လိုက်သောအခါ မည်သူတစ်စုံတယောက်ကိုမျှ မတွေ့ရသဖြင့် -

"ဟင် စောစောက အဲဒီမှာထိုင်နေတာ။ အခုဘယ်ထွက်သွားလဲမသွားဘူး"

ဟု ဖြေလိုက်သဖြင့် ဂျပန်များလည်း စိတ်ညစ်သွားကြကာ ခြံအသို့ ထွက်ပြီး တစ်ယောက်တစ်ပေါက်တိုင်ပင်ပြောဆိုနေကြ၏။ ထိုစဉ်တွင်ပင် ဆရာဝန်ကြီး၏ခြံရှေ့၌ လူတစ်စုသည် ဖြတ်လျှောက်သွားကြ၏။ ထိုလူစုထဲမှ လူတစ်ယောက်က ဂျပန်စကားပြန်အားလှမ်းတွေ့လိုက်ပြီး -

"ခင်ဗျားတို့ ဒီမှာဘာလုပ်နေကြတာလဲဗျ"

ဟု မေးလိုက်၏။

ထိုအခါ စကားပြန်က -

"ကျုပ်တို့ ဒီအိမ်မှာနေတဲ့ဆရာဝန်ကြီးကိုရှာနေတာ မတွေ့ရလို့"

ဟု ဖြေသဖြင့် လူအုပ်ထဲမှ အခြားတစ်ယောက်က -

"ဩော် - ခင်ဗျားတို့က ဆရာကြီးကို ရှာနေတယ်ဟုတ်လား။ ဆရာကြီးကဖြင့် ခုလောက်ဆို အတော်ဝေးဝေးတောင် ရောက်နေလောက်ပြီ၊ စောစောက မြစ်ဆိပ်ကို ကျွန်တော်တို့ရောက်တော့ ဆရာကြီးကိုတွေ့လိုက်တယ်။ ဆရာကြီးက သင်္ဘောဦးမှာမတ်တတ်ရပ်ပြီး စီးသွားတာတွေ့လိုက်တယ်။ မမှားနိုင်ပါဘူး။ ဆရာကြီးမှဆရာကြီးအစစ်ပါ"

ဟု ဖြေလိုက်၏။

ထိုအခါ လူအုပ်ထဲမှ ကျန်သောလူများကလည်း ဟုတ်မှန်ကြောင်း ထောက်ခံကြသဖြင့် ဂျပန်များလည်း စိတ်ပျက်ပြီးကားပေါ်ပြန်တက်လာကာ ထွက်ခွာသွားကြလေ၏။ ထိုအခါ အနားတွင်ရှိသော ဆရာဝန်ကြီး၏ သမီးငယ်လေးလည်း နားမလည်နိုင်အောင်ဖြစ်ကာ အိမ်နောက်ဖေးခြံထဲသို့ ပြန်ဝင်ပြီး ငှက်ပျောပင်အောက်အနားသို့သွား၍ တစ်ဖန်ကြည့်ပြန်သောအခါတွင် သူ၏ဖခင်ဖြစ်သူ ဆရာဝန်ကြီးသည် ပထမတွေ့ခဲ့စဉ်ကအတိုင်း ပုတီးစိပ်နေသည်ကို တွေ့ရသဖြင့် ဝမ်းသာအားရဖြင့် ပြေးသွားပြီး -

"ဖေဖေ၊ စောစောက ဘယ်ထသွားနေတာလဲဟင်။ ခုနတုန်းက ဂျပန်တွေတောင် ဖေဖေကို လာရှာသွားကြသေးတယ်။ အဲဒီတုန်းက ဖေဖေ့ကို ဒီမှာ မတွေ့ပါဘူး"

"ဟာ - သမီးကလည်း၊ ဖေဖေက ဘယ်မှမသွားပါဘူး၊ ဒီမှာပဲရှိနေတာပါ"

"နောက်ပြီး ဟိုလမ်းမပေါ်ကဖြတ်သွားတဲ့လူကြီးတွေကလည်း ဖေဖေ့ကို မော်တော်စီးသွားတာ တွေ့တယ်လို့ ပြောတယ်"

"အဲဒါ သူတို့လူမှားပြီး ပြောတာနေမှာ။ ခုန ဒီငှက်ပျောပင်အောက်ကို ဂျပန်တွေလာရှာတုန်းကရော သမီးလာရှာတုန်းကပါ ဖေဖေအကုန်တွေ့၊ အကုန်ကြားပါတယ်။ သူတို့က ဖေဖေကို မတွေ့ကြဘူး"

ဟု ပြောပြီး သမီးလက်ကိုဆွဲကာ ဆရာဝန်ကြီးသည် သူ့အိမ်သို့နောက်ဖေးပေါက်မှတက်လာရာ ဇနီးဖြစ်သူရော ရောက်ရှိနေကြသော အိမ်နီးချင်းများမှာ အထူးပင်အံ့သြတကြီးဖြစ်သွားကြတော့၏။ ထို့နောက် ဆရာဝန်ကြီးအား မေးမြန်းကြရာ ဆရာကြီး[illegible]လည်း ဖြစ်ကြောင်းကုန်စင်ကို ပြန်[illegible]ပြလိုက်သောအခါ ပို၍ပင်အံ့သြကြတော့၏။

ဆရာဝန်ကြီး အမြဲဝတ်ထား၍ ရွတ်ဖတ်ပူဇော်သောအကာတော်ကြီးဂါထာတော်ကို အောက်တွင် ဖော်ပြအပ်ပါသည်။ အဆိုပါဂါထာတွင် ထူးခြားသည်မှာ ဦးသည်ဂါထာ၏ထိပ်တွင်သာခံထားသည် မဟုတ်ဘဲ ဂါထာတစ်ပုဒ်လုံးတွင် ပါဝင်နေကြောင်း တွေ့ရမည် ဖြစ်၏။

**အကာတော်ကြီးဂါထာ**

*ဦး မိုးက ငါ့အမိ၊ မြေက ငါ့အဖ၊*
*ငါ၏အဘိုးကား သဟံသတိဗြဟ္မာကြီး၊*
*ငါ၏ဆရာကား မြတ်စွာဘုရား၊*
*ငါကိုးကွယ်သည်က ဂုဏ်တော်ကိုးပါး၊*
*ငါ့ကောင်းရာကောင်းကျိုးဆောင်သည်*
*နတ်အများ၊*
*ဦးအရှေ့မျက်နှာက နေမင်းကာ၊*
*ဦးအနောက်မျက်နှာက လမင်းကာ၊*
*ဦးတောင်မျက်နှာက နတ်များကာ၊*
*ဦးမြောက်မျက်နှာက ဇော်ဂနီကာ၊*
*ဦး အထက်ကိုပိုင်သစိုးနင်း သိကြားမင်းက လက်ဝါးအုပ်၍ကာစေသတည်း။*
*ဦး မြေကိုပိုင်သစိုးနင်း နဂါးမင်းက ပါးပျဉ်းမိုးအုပ်၍ကာစေသတည်း။*
*ဦး ဟိမဝန္တာ တောသာယာမှ ခြင်္သေ့မင်းက လေးခွန်းဟောက်၍ ကာစေသတည်း။*
*ဦးကျောက်ဖျာမိုး၍ကာစေသတည်း။*
*ဦးကျောက်ကြီးသံတိုင်ခိုင်စေသတည်း။*
*ဦးကျောက်ကြီးထရုံရုံစေသတည်း၊*
*ဦး ဟိလိ ဟုလုသွား ဟုံ. . . ဟုံ. . . ဟုံ*

□ **တောင်တွင်းကြီးတောရဆရာတော်ကြီး ဦးနန္ဒဝံသ ချီးမြှင့်သည့် အကာတော်ကြီး ဂါထာ**

ဤဇာတ်လမ်း၏ အစမှာလည်း ဒုတိယကမ္ဘာစစ်ကြီး စစ်မီးတောက်ခါနီး အချိန်တွင်ပင် ဖြစ်၏။ ဘီအိုစီချောက်ရေနံမြေသို့ အင်္ဂလိပ်အစိုးရထံမှ ညွှန်ကြားချက်တစ်ခုရောက်ရှိလာ၏။ ထိုညွှန်ကြားချက်တွင် အင်္ဂလိပ်တို့သည် မြန်မာပြည်မှ ဆုတ်ခွာသွားတော့မည်ဖြစ်သဖြင့် ရေနံမြေရှိ ရေနံတွင်းများကို မြေလှန်စနစ်ကျင့်သုံးမည်ဖြစ်ကြောင်းပင် ဖြစ်သည်။ မြေလှန်စနစ်ကျင့်သုံးမည်ဖြစ်ကြောင်းပင် ဖြစ်၏။ မြေလှန်စနစ်ကျင့်သုံးမည်ဆိုခြင်းမှာ ရေနံတွင်းများကို မီးရှို့ပစ်ရမည် ဟူသည့်သဘောပင် ဖြစ်၏။

ထို့ကြောင့် ဘီအိုစီရှိ မြန်မာလူမျိုးအရာရှိများသည် အထူးပင် စိတ်မချမ်းမသာဖြစ်ကြရ၏။ ထို့ကြောင့် စစ်ကြီးဖြစ်လာလျှင် မည်သည့်နေရာသို့စစ်ဘေးရှောင်ကြမည်ကို ရွေးချယ်ကြ၏။ ထိုအခါ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျောက်ရဲရွာအား အာရုံကျကြ၏။ အဘယ်ကြောင့်ဆိုသော် ဆန်ရေစပါးနှင့် အစားအသောက်ပေါများပြီး အေးချမ်းသာယာသောနေရာဖြစ်သည့်အပြင် သက်တော်ရှည် မြတ်စွာဘုရားလည်းတည်ရှိသောကြောင့် ဖြစ်၏။ ထို့ပြင် မက ကျောက်ရဲရွာတွင် သူတို့နှင့်ဆွေမျိုးရင်းချာပမာ ခင်မင်ရင်းနှီးသည့်[illegible]ဆွေ

www.burmeseclassic.com

များရှိခြင်းကလည်း သူတို့၏ရွေးချယ်မှုကို ပိုမိုပြီး ခိုင်မာစေပါသည်။ ဘီအိုစီ မြန်မာအရာရှိများလည်း စစ်ဘေးရှောင်ရမည့်နေရာကို ရွေးချယ်၍ရသဖြင့် တစ်ဖက်တစ်လမ်းမှ စိတ်အေးသွား၏။

သို့သော် ထိုစစ်ဘေးရှောင်မည့်ကျေးရွာသည် စစ်အတွင်းဖြစ်သဖြင့် အုပ်ချုပ်ရေးပျက်ပြားကာ တောကြောင်တို့၏ လက်ခမောင်းခတ်နိုင်သည့်အရေးကိုလည်းတွေးမိပြီး ပူပန်ကြောင့်ကြရပြန်သေး၏။ ထို့အပြင် နောက်စိုးရိမ်ပူပန်ရသည့်အချက်မှာ ဝေးလံချောင်ကျသောနေရာဖြစ်သဖြင့် ကျန်းမာရေးဆိုင်ရာအရေးပေါ် တစ်စုံတစ်ရာဖြစ်ပါက အခက်ကြုံရနိုင်ရခြေလည်းရှိပြန်ပါသည်။

ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေကို စဉ်းစားရသည်မှာ စစ်ရှောင်ကြမည့် သူတို့၏မိသားစုများတွင် သက်ကြီးရွယ်အိုများပါရှိမည် ဖြစ်သောကြောင့်ပင် ဖြစ်၏။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး စစ်ဘေးရှောင်ကြမည့်သူများ စိုးရိမ်ပူပန်နေကြစဉ် မမျှော်လင့်ဘဲ သူတို့ကိုးကွယ်သည့် တောင်တွင်းကြီးတောရဆရာတော်ကြီး ကြွလာခဲ့သည်။ ဆရာတော်ကြီးသည် ဝိဇ္ဇာဓရပညာရပ်များကိုလည်း တတ်ကျွမ်း၏။ အကြားအမြင်လည်းရသည့်ပုဂ္ဂိုလ်ဖြစ်၏။ သွားလေရာတွင် တောင်ဝှေးနက်ကြီးကိုကိုင်ဆောင်လေ့ရှိ၏။ ယခုလည်း သူ၏တပည့်ဒကာဒကာမအရင်းများ ဘေးဒုက္ခကြုံတွေ့မည့်အရေးကြောင့်လည်း ကြွရောက်လာရခြင်း၏ အကြောင်းအရင်းဖြစ်နိုင်၏ ကြိုတင်သိမြင်ပုံလည်းရ၏။

ဆရာတော်ကြီးကြွရောက်လာရာတွင် ထူးခြားသောအချက်မှာ ဆရာတော်ကြီးသည် ကြေးပြားတစ်ချပ်ကိုယူဆောင်လာခြင်းပင် ဖြစ်၏။ ထိုကြေးပြားတွင် စာများကို ရေးသားထား၏။ ဆရာတော်ကြီးက ခရီးရောက်မဆိုက်ပင် သူယူဆောင်လာသည့်ကြေးပြားကိုမြှောက်ပြပြီး -

"ကဲ- မင်းတို့ ဒီကြေးပြားပေါ်မှာရေးထားတဲ့ဂါထာကို အသေအချာရေးကူးထားကြ။ ဒီဂါထာကြီးက အကာတော်ကြီးဂါထာခေါ်တယ်။ရအောင်ကျက်ထားကြ။ အမြဲတမ်းလည်း ရွတ်ဖတ်ပွားများထားကြ ဒါမှလည်း ကပ်သုံးပါးတနေ့လွတ်လိမ့်မယ်။ ကပ်သုံးပါးကတော့ မလွဲမသွေဆိုက်ရောက်လာလိမ့်မယ်။ နောက်ပြီး အရေးကြီးတာမှာရဦးမယ်။ ဒီအကာတော်ကြီးဂါထာကို အသေအချာရေးပြီးတော့ အိမ်ကဘုရားကျောင်းဆောင်မှာချိတ်ဆွဲထားကြ"

ဟု မိန့်ကြားခဲ့၏။

စစ်ဘေးရှောင်ကြမည့် တပည့်ဒကာ၊ ဒကာမများလည်း ဆရာတော်ကြီးကြွရောက်လာသဖြင့် အတော်ပင်စိတ်အေးသက်သာမှုကို ရသွားခဲ့ကြ၏။ သူတို့သည် ဆရာတော်ကြီး မိန့်ကြားခဲ့သလိုပင် အကာတော်ကြီးအလွတ်ကျက်မှတ်ကြပြီး ရွတ်ဖတ်ပူဇော်ကြ၏။

များမကြာမီပင် ကမ္ဘာစစ်မီးတောက်လောင်လာသဖြင့် ထိုသူတို့သည် မြစ်ကြောင်းအတိုင်းပင် လှေကြီးများငှားပြီး ကျောက်ရဲရွာသို့ စစ်ရှောင်လာခဲ့ကြ၏။ ထိုသို့ စစ်ရှောင်လာကြသူများသဖြင့် ယခင်က တိတ်ဆိတ်ငြိမ်းချမ်းနေသော ရွာကလေးသည် အထူးပင်လူများပြားပြီးစည်ကားနေလေ၏။ ထိုသူတို့သည် ကျောက်ရဲရွာသို့ရောက်ရှိပြီး (၂) နှစ် (၃) နှစ်ခန့် အတော်အသင့်အဆင်ပြေစွာနေကြရသဖြင့် ဝမ်းသာခဲ့ကြ၏။ သို့သော် ထိုဝမ်းသာမှုသည် ရေရှည်မခံခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် အဆိုပါကျောက်ရဲရွာနှင့်ဝန်းကျင်တစ်ဝိုက်တွင် ပြင်းထန်သောကျောက်ရောဂါ ကပ်ဘေးကျရောက်လာသောကြောင့်ဖြစ်၏။ အဆိုပါ ကျောက်ရောဂါကပ်ဘေးကြောင့် စစ်ရှောင်ဒုက္ခသည်အချို့တို့သည် အပျက်အစီး အသေအပျောက်များကြုံတွေ့ကြရ၏။သို့သော် ထိုအပျက်အစီးအသေအပျောက်များထဲတွင် အကာတော်ကြီးဂါထာတော်ကို အမြဲမပြတ် ဝတ်ထားပြီး ရွတ်ဖတ်နေကြသူများ မပါဝင်မှုကလည်း ရောဂါကပ်ဘေးမှ ထူးခြားသောလွတ်မြောက်မှုပင်ဖြစ်၏။

ဤသို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီးလည်း ၁၉၄၂ခုနှစ်မှစတင်ခဲ့ပြီး ၁၉၄၅ ခုနှစ်တွင် ပြီးဆုံးခဲ့သည်။ ထို့အတွက် တစ်မျိုးစိတ်ချမ်းသာရပါသည်။ သို့သော် ကမ္ဘာစစ်ကြီး ပြီးဆုံးသွားသော်လည်း အုပ်ချုပ်ရေး၊ လုံခြုံရေးခိုင်မာမှုမရှိသေးသည့်အတွက်ကား ပူပန်ရသေး၏။ ထိုအချိန်က စစ်တပ်အင်အားရောရဲအင်အားရောပါ အလွန်ပင်နည်းလှသေးသဖြင့် နိုင်နင်းအောင် ကိုင်တွယ်နိုင်သည့် အချိန်ကာလလည်းမဟုတ်သဖြင့် တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုတိုသကဲ့သို့လူဆိုး၊ လူမိုက်၊ သူခိုး၊ ဓားပြတို့ကလည်း တစ်စခန်းထလျက်ရှိ၏။

အချိန်ကာလကား နွေရာသီ၏ ပူအိုက်သော လတစ်လဖြစ်သည့် မေလဆန်းပိုင်းတွင် ဖြစ်၏။ လွန်စွာပူအိုက်သောကြောင့်လည်း ညဘက်တွင် တော်တော်နှင့်အိပ်မရနိုင်သဖြင့် လေအေးတိုက်သည့် အိမ်ရှေ့ကပြင်တွင်ထိုင်ပြီး စကားစမြည်ပြောရင်း ရေနွေးကြမ်းသောက်နေလေ့ရှိ၏။ အချင်းဖြစ်သည့်နေ့က လူကြီးအများစုပါသော စစ်ရှောင်သူများပါဝင်သော ဘီအိုစီမှသူများသည် စကားကောင်းနေကြသည်မှာ သန်းခေါင်ယံအချိန်သို့ပင်တိုင်ခဲ့ပြီဖြစ်၏။ သန်းခေါင်ကြက်နှစ်ကြိမ်သုံးကြိမ်တွန်ပြီးနောက် အချို့လည်း အိပ်ရာဝင်ရန်ပြင်ဆင်ကြလေ၏။

ထိုအချိန်တွင် ည၌၏တိတ်ဆိတ်ငြိမ်သက်မှုကို ဖြိုခွင်းဖျက်ဆီးလိုက်သော သေနတ်သံများ ဆူညံစွာထွက်ပေါ်လာလေတော့၏။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

"ဒက်. . . ဒက်. . . ဒက်"

ဟူသည့် သေနတ်သံများသည် မရပ်မနားခေါ်သံ၊ ငရဲပွက်သံများသဖွယ် ကျယ်လောင်စွာ ထွက်ပေါ်နေပါသည်။ သေနတ်သံများ တရစပ်ထွက်ပေါ်နေသည့်နေရာများအား ခန့်မှန်းကြည့်ရသည်မှာ ရွာ၏ တောင်ဘက်တံခါးနှင့် မြောက်ဘက်တံခါးတို့မှ တစ်ပြိုင်နက်ထွက်ပေါ်လာခြင်းဖြစ်နိုင်ကြောင်းသုံးသပ်မိကြ၏။ ထိုသို့ စဉ်းစားနေစဉ် မရှေးမနှောင်း အမိန့်ပေးသံများကိုပါ အတိုင်းသားကြားကြရ၏။

"ဟေ့ရွာသားတွေကြိုပြီးပြောထားမယ်နော်။ မင်းတို့ရဲမီးကျိုးမောင်းပျက်သေနတ်စုတ်လေးတွေနဲ့ထွက်မလာနဲ့။ တို့မှာ လက်နက်တွေအပြည့်အစုံပါတယ် နားလည်လား"

ဟု ကြိမ်ဝါးပြီး သေနတ်တို့ကို မိုးပေါ်ထောင်ပစ်ပြန်၏။ ထိုကြိမ်းမောင်းသံများကြောင့် ရွာသူကြီးအပါအဝင် ရွာသားအားလုံးတို့သည် တုတ်တုတ်မျှမလှုပ်ဝံ့ဘဲ မြေပြင်ပေါ်တွင် ဝမ်းလျားမှောက်လှဲကာ ပြားပြားဝပ်နေကြလေ၏။ မရှေးမနှောင်းတွင်ပင် နောက်ထပ်အမိန့်ပေးသံတစ်ခုပေါ်ထွက်လာပြန်၏။

"ဟေ့ - မင်းတို့လူအင်အား(၂၀)က် ရွာလယ်က တွင်းစားကြီးအိမ်ကိုဝင်၊ နောက်လူအင်အား (၂၀)က ပွဲစားကြီးအိမ်ကိုဝင်"

ဟု အမိန့်ပေးသံများကြားနေရ၏။ ထိုအသံသည် ဓားပြအဖွဲ့ခေါင်းဆောင်၏အသံဖြစ်နိုင်၏။ အလွန်ပင် တင်းမာ



www.burmeseclassic.com

www.burmeseclassic.com

ပြတ်သားလှသည့် အသံမျိုးဖြစ်သလို တကယ်တမ်း ရက်စက်နိုင်သည့်အသံမျိုးလည်း ဖြစ်၏။

ထိုသူသည် အတိအကျအမိန့်ပေးနေသည်ကို ကြည့်ရသည်မှာ သူတို့သည် ရွာ၏အခြေအနေအရပ်ရပ်ကို အသေးစိတ်လေ့လာထားပြီးပုံရ၏။ ဤကျောက်ရဲရွာတွင် တွင်းစားကြီးနှင့်ပွဲစားကြီးတို့သည် အချမ်းသာဆုံးသူများပင် ဖြစ်၏။ ဤရွာနှင့်ဝန်းကျင်တစ်ဝိုက်တွင် သူတို့၏ အမည်နာမများကိုပင် ခေါ်ဝေါ်သုံးစွဲခြင်းမပြုကြပဲ။ သူတို့၏လုပ်ကိုင်သော လုပ်ငန်းများကိုသာ ဂုဏ်ပုဒ်အဖြစ်ခေါ်ဝေါ်လေ့ရှိကြ၏။ တွင်းစားကြီးဆိုသည်မှာ ရေနံတွင်းများများစွာပိုင်သူဖြစ်ပြီး ရွာလယ်တွင်ခြံကြီးတိုက်ကြီးနှင့်စိန်ရွှေ ရတနာအပြည့်အစုံဖြင့် ကြွယ်ဝချမ်းသာသူဖြစ်၏။ ထို့အတူ ပွဲစားကြီးဆိုသူကလည်း အတော်ပင် ချမ်းသာကြွယ်ဝသူဖြစ်သည်။

ဤနှစ်ဦးတွင် ပွဲစားကြီးဆိုသူ၏ အိမ်တွင်နေထိုင်နေကြသူများမှာ ဘိုအိုစီမှ စစ်ရှောင်လာကြသူများပင် ဖြစ်၏။ ဤကိစ္စနှင့်ပတ်သက်၍ သူတို့အိမ်သို့ ဓားပြများဝင်ရောက်မည်ဟု ကြားလိုက်ရသောအခါ အထူးပင် ထိတ်လန့်တုန်လှုပ်ကြ၏။ သူတို့အုပ်စုထဲတွင် အသက်ကြီးဆုံးလူကြီးတစ်ဦးလည်း ပါ၏။ သူသည် ကျန်းမာရေးမကောင်းသဖြင့် လမ်းကောင်းကောင်းမလျှောက်နိုင်ပေ။ ပွဲစားကြီးအိမ်၏ အပေါ်ထပ် ဘုရားခန်းထဲတွင်နေ၏။ ထိုသူသည် မိသားစု၏ အကြီးအကဲလည်းဖြစ်၏။ ပွဲစားကြီး၏ ကြည်ညိုလေးစားခံရသူလည်းဖြစ်သဖြင့် ပွဲစားကြီးအပါအဝင်အားလုံးက သူတို့၏ ပိုင်ဆိုင်သမျှသော ရွှေငွေရတနာအားလုံးကို သူ့အားအပ်ထားသဖြင့် သူ၏ ခေါင်းရင်းမှသေတ္တာထဲတွင်စုထည့်ထား၏။ သို့သော် ထိုသေတ္တာကြီးကိုလည်း မပြီးထွက်သွားရန် မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် ထိုလူကြီးကိုမ,တွဲပြီး အိမ်အောက်ထပ်သို့ ကမန်းကတန်းဆင်းကြရာမရပဲဖြစ်နေသဖြင့် လူကြီးက -

"ကဲ - မင်းတို့အားလုံး အမြန်ဒီကထွက်သွားကြ။ ပွဲစားကြီးပါလိုက်သွား။ ငါတစ်ယောက်တည်း ဒီမှာကျန်ခဲ့မယ် သွား သွား သွားကြ"

ဟု ဆိုရာ ကျန်သူများက -

"ဟာ - ကျွန်တော်တို့ချည်းပဲ ထွက်သွားလို့ဘယ်ဖြစ်မလဲ။ အဘိုးပါ ပါမှဖြစ်မှာပေါ့"

"တယ်စကားရှည်တဲ့ကောင်တွေပဲ။ ငါခိုင်းတဲ့အတိုင်းလုပ်ပါ။ ငါ့စကားနားထောင်မလား၊ မထောင်ဘူးလား ဒါပဲပြော"

ထိုသို့ အချီအချပြောနေစဉ် ဓားပြများသည် ပွဲစားကြီးအိမ်မလှမ်းမကမ်းရှိ ကျောက်လှေကားမှတက်လာကြပြီ ဖြစ်၏။ သူတို့လက်ထဲတွင် လက်နှိပ်ဓာတ်မီးနှင့် သေနတ်များ တကားကားကိုင်ကာလာနေကြကြောင်း အတိုင်းသားမြင်နေကြရ၏။ ထို့ကြောင့် ကျန်းမာရေးမကောင်းသောလူကြီးက -

"ကဲ - ဘာလုပ်နေကြတာလဲ။ မြန်မြန်သွားကြတော့လေ"

ဟု နှိုးဆော်လိုက်သောအခါတွင်မှ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အိမ်အောက်သို့ဆင်းပြေးကြပြီး အိမ်နောက်ဖေးမှပတ်ထွက်ကာ မနီးမဝေးရှိ တဲစုတ်လေးထဲတွင် သွားပုန်းနေကြ၏။ ထိုအချိန်တွင် ကျန်ရစ်ခဲ့သောလူကြီးမှာ ဘုရားခန်းတွင် ဖယောင်းတိုင်လေး တစ်တိုင်အား မီးပူဇော်လိုက်ပြီး နှုတ်မှလည်း ဆရာတော်ကြီးချီးမြှင့်လိုက်သည့် အကာတော်ကြီးဂါထာတော်ကို ရွတ်ဆိုပူဇော်နေလေတော့၏။

ထိုလူကြီး၏ အကာတော်ကြီး ဂါထာတော် ရွတ်ဖတ်ပူဇော်နေသံကို မလှမ်းမကမ်းရှိ တဲစုတ်လေးထဲရှိ လူများပင်လျှင် ခပ်သဲ့သဲ့ကြားနေရ၏။ ထိုတဲစုတ်လေးထဲရှိလူများကလည်း ကျန်ရစ်ခဲ့သော လူကြီးအတွက် စိုးရိမ်ပူပန်နေလေ၏။ ထို့ကြောင့်လည်း သူတို့သည် အကာတော်ကြီးဂါထာကိုရွတ်ဆိုကြ၏။ သို့သော်လည်း သူတို့၏စိတ်က စိုးရိမ်ကြောက်လန့်မှုများနေသဖြင့် ယခင်က အလွတ်ကျက်မှတ်ရရှိခဲ့သည့်အကာတော်ကြီးဂါထာကိုပင် ဖြောင့်အောင်မရွတ်နိုင်ပဲ ကပေါက်တိကပေါက်ချာဖြစ်နေတော့၏။

ပွဲစားကြီး၏အိမ်မှာ ရွာထဲတွင် အကြီးဆုံးထဲ၌ပါ၏။ နှစ်ထပ်ပျဉ်ထောင် အိမ်ကြီးဖြစ်၏။ ထို့အပြင် မြေတိုက်ခန်း ပါတူးထား၏။ ထိုမြေတိုက်ထဲတွင်လည်း ပစ္စည်းများအပြည့်အသိပ်သိုလှောင်ထား၏။

မကြာမီပင် ဓားပြများသည် ပွဲစားကြီး အိမ်ရှေ့သို့ရောက်လာကြ၏။ သူတို့အုပ်စုတွင် လက်နှိပ်ဓာတ်မီးသုံးလက်ပါလာ၏။ သူတို့လူ (၂၀) စလုံး၏လက်ထဲတွင် လက်နက်ကိုယ်စီပါ၏။ အချို့က သေနတ်များကိုင်ထားပြီး အချို့ကလည်း ဓားမြှောင်ကိုကိုင်ထားကြ၏။ သူတို့၏ မျက်နှာသွင်ပြင်များက တင်းမာခက်ထန်နေသယောင်ရှိ၏။ သူတို့ထဲမှ အများစုမှာ မျက်နှာကိုအဝတ်စည်းထားကြ၏။ ထိုစဉ် အိမ်ရှေ့သို့ပထမဆုံးရောက်လာသည့် ခေါင်းဆောင်ဟု ယူဆရသူသည် ပွဲစားကြီး၏ခြံအားလှည့်ပတ်ကြည့်ရှုနေ၏။ သူ့ပုံစံကား တစ်စုံတစ်ခုကို ရှာဖွေနေသည့်ပုံမျိုး ဖြစ်နေ၏။ အတန်ကြာသောအခါတွင်မှ သူသည် အိမ်ကြီးဆီသို့လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ပြီး -

"ဟေ့ကောင်တွေ ဒီကိုလာကြပါဦးကွ။ ဒီဝိုင်းက ပွဲစားကြီးရဲ့ဝိုင်းဆိုတာ တော့သေချာတယ်။ အိမ်က ဘယ်ရောက်သွားတာလဲ။ မမှောင်ခင်လေး တင်ကပဲ အသေအချာလာပြီး မှတ်သွားသေးတာပဲ မှားစရာမရှိဘူး။ ဘယ်လိုဖြစ်တာလဲကွ"

ဟု ပြောဆိုညည်းညူလိုက်၏။

ထိုအခါ အခြားတစ်ယောက်က-

"ဟုတ်ပါတယ် ဆရာ၊ သေချာပါတယ်။ ပွဲစားကြီးရဲ့ဝိုင်းက ဒီဝိုင်းမှဒီဝိုင်းပါပဲ။ ဘယ့်နှယ်ပါလိမ့် တော်တော်မခံချင်စရာကောင်းတာဘဲ"

ဟု မချိတင်ကဲဖြစ်နေ၏။ တဲစုတ်လေးအတွင်း ပုန်းနေသူများကမူ ဓားပြများရော ပွဲစားကြီးအိမ်ကိုပါ အရှင်းအတိုင်းမြင်နေရ၏။ ပုန်းနေသောသူများထဲမှ အချို့သောအမျိုးသမီးကြီးငယ်တို့သည် ကြောက်ရွံ့ခြင်း၊ စိုးရိမ်ပူပန်ခြင်းများကြောင့် တရှုပ်ရှုပ်နှင့်ငိုကြွေးနေကြ၏။ ထိုစဉ် ရွာလယ်ရှိတွင်းစားကြီး အိမ်ဘက်မှ သေနတ်သံများ၊ အော်ဟစ်သံများ၊ ဝေါက်ဖမ်းသံများ၊ ငိုယိုတောင်းပန်သံများ စီခနဲထွက်ပေါ်လာလေတော့၏။

ထိုအခါတွင် ပွဲစားကြီးဝိုင်းရှေ့မှ ဓားပြခေါင်းဆောင်လည်း -

"ကဲ - အချိန်မရှိတော့ဘူး။ အိမ်လည်း ဘယ်လိုမှရှာမတွေ့တော့ဘူး။ အဲမြန်ပြန်ထွက်မှဖြစ်မယ်"

ဟု ပြောဆိုပြီး ဓားပြများလည်း အမိုးမျိုးမြည်တွန်တောက်တီးဆဲရေးကာ ကျောက်လှေကားမှပြေးဆင်းသွားကြ၏။ နံနက်လင်းသောအခါတွင်ကား သတင်းများကြားရတော့၏။ ရွာလယ်ရှိ တွင်းစားကြီးအိမ်မှ ရွှေ၊ ငွေ၊ လက်ဝတ်ကျောက်မျက်ရတနာတို့အတော်များများပါသွားကြောင်းသိရလေတော့၏။ ထိုအခါတွင် ပွဲစားကြီးအိမ်မှ လူအားလုံးတို့သည် အကာတော်ကြီးဂါထာတော်၏အစွမ်းကို



www.burmeseclassic.com

www.burmeseclassic.com

မျက်ဝါးထင်ထင်ကိုယ်တွေ့ကြုံတွေ့လိုက်ကြရသဖြင့် ဘုရားခန်းတွင်ချိတ်ထားသော ဂါထာတော်ကြီးကို အိမ်သားအားလုံးတို့သည် တိုင်ပင်ထားခြင်းမရှိဘဲ တစ်ပြိုင်တည်းဝိုင်းပြီးရှိခိုးကြလေတော့သတည်း။

□ အကာတော်ကြီးဂါထာ

ဥုံ တကျက်ရာအစ၊ ဂေါတမအဆုံး၊
ပတ်ကုံးကြေညာ၊ စိန္တေယျာယျှင်၊
ငါ့ဂျှင်ရှိခိုး၊ ကိုးကွယ်ရာလျှင်သတည်း။
ဥုံ မဟာသမုဒ္ဒရာတစ်သီး၊ မြစ်ကြီးငါးသွယ်၊
မြစ်ငယ်ငါးရာ၊ သီတာခုနစ်တန်၊ ငါ့ကိုရံလော့၊
တောင်စဉ်ခုနစ်ထပ်၊ ငါ့ကိုပတ်လော့။
နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီ ဤမြေကြီးသည် ဖျာလိပ်ကာ ဖုံးပိတ်ကာလော့။
တစ်ရာ့ရှစ်လုံး ကြိုဟ်ကြီးဖုံးလော့၊
ရသေ့ရှစ်သောင်း။ ကာတုံရှောင်းလော့။
ဥုံ ငါ၏ဆရာသည်ကား သဗ္ဗညုတ မြတ်စွာဘုရားသခင်တည်း။
လက်ယာဘက်က အရှင်သာရိပုတ္တရာကို ကိုးကွယ်ပါ၏။
လက်ဝဲဘက်က အရှင်မောဂ္ဂလာန်ကို ကိုးကွယ်ပါ၏။
ရှေ့က ပိဋကတ်သုံးပုံကိုကိုးကွယ်ပါ၏၊
နောက်က ညီတော်အာနန္ဒာကို ကိုးကွယ်ပါ၏။
ပတ်လည် ရဟန္တာကို ကိုးကွယ်ပါ၏၊
ကြမ္မာမကောင်း ပယ်တုံရှောင်းလော့။
ဒသာမကောင်း ခေးတုံရှောင်းလော့။
ဥုံ ဗုဒ္ဓ စကြဝဠာ ဟု ရုံ ဝါ၊
ဥုံ ဓမ္မ စကြဝဠာ ဟု ရုံ ဝါ၊
ဥုံ သံဃ စကြဝဠာ ဟု ရုံ ဝါ၊
ဥုံ ဘုရား ဟူက မောဂ္ဂလု ၂၄၊
ဥုံ တရား ဟူက ပါဠိကွေး ၄၅၊
ဥုံ သံဃာ ဟူက သံချပ်ဝတ် ၆၇၊
ခုတင်ဓေရသ မဟာတဿပကိန်းဝပ်တော်မူသည် မကောင်းဘေးဒဏ်၊ ရန်မာန်ခပ်သိမ်းအပေါင်းတို့သည် ဖယ်လေ၊ ရှားလေ၊ ဆုတ်လေ၊ ခွာလေ၊ ဝေးလေ၊ ရှဲလေ၊ စေးလေစေ။ ။

ယှ၍ ဖြစ်ပါသည်။

ထိုအကာတော်ကြီးဂါထာတွင် ဘုရားဟူက မောဂ္ဂလု ၂၄၊ တရားဟူက ပါဠိကွေး ၄၅၊ သံဃာဟူက သံချပ်ဝတ် ၆၇ တို့၏အဓိပ္ပာယ်သည် မြန်မာဝိဇ္ဇာရေပညာရပ်များတွင် အသုံးတွင်ကျယ်သော်လည်း သိရှိနားလည်သူနည်းသည့် ဝိဇ္ဇာဓရလောကသုံး ဝေါဟာရဖြစ်သဖြင့် ဆက်လက်ဖော်ပြလိုပါသည်။

□ ဘုရားဟူက မောဂ္ဂလု - ၂၄

ဂေါတမဘုရားအလောင်းတော်သည် နိယတဗျာဒိတ်ဟု ဆိုအပ်သော တိကျသေချာသည့် ဗျာဒိတ်တော်ကို ဒီပင်္ကရာဘုရားရှင်မှအစပြု၍ ကဿပဘုရားရှင်တိုင်အောင် (၂၄)ဆူကုန်သော ဘုရားရှင်အပေါင်းတို့၏အထံတော်၌ (၂၄) ကြိမ်တိုင်တိုင် ခံယူတော်မူခဲ့ခြင်းအား အကြောင်းပြုပြီး ဘုရားဟူက 'မောဂ္ဂလု ၂၄' ဟု ရည်ရွယ်သတ်မှတ်ချက်ကို ဆိုလိုခြင်း ဖြစ်၏။

□ တရားဟူက ပါဠိကွေး ၄၅

ဂေါတမဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှစ၍ (၄၅) ဝါပတ်လုံး၊ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်တို့ကို မနေမနား ဟောဖော်မြွက်ကြားခဲ့ခြင်းကို ရည်ရွယ်သတ်မှတ်ဆိုလိုခြင်း ဖြစ်ပါသည်။

□ သံဃာဟူက သံချပ်ဝတ် ၆၇

သံဃာဟူသည်တွင် မဂ္ဂဋ္ဌာန်(၄)ပါး၊ ဖလဋ္ဌာန်(၄)ပါး စုစုပေါင်း အရိယာသံဃာ (၈) ပါးရှိ၏။ ထို့အပြင် သံဃာတွင် သဒ္ဓါစရ(၁)ပါးနှင့် ပညာစရ(၁)ပါး ပေါင်း စရသံဃာ (၂) မျိုးရှိ၏။ ထိုစရသံဃာ (၂) ပါးနှင့် အရိယာသံဃာ (၈) ခါးမြှောက်လျှင် သံဃာ (၁၆) ပါးရ၏။ ထိုသံဃာ (၁၆) ပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာဉ် (၃) ပါးနှင့် ထပ်မံမြှောက်ပါက (၄၈) ပါး ရ၏။ ထို(၄၈)ပါးကို သံဃာ့ဂုဏ်တော် (၉) ပါးနှင့် ပေါင်းပါက အရိယာသံဃာပေါင်း (၅၇) ပါးရ၏။

ထို့နောက် ပုထုဇဉ်သံဃာ (၁)ပါးနှင့် သံဃာ့ဂုဏ်တော် (၉) ပါးပေါင်းပါက ပုထုဇဉ်သံဃာ (၁၀) ပါးရ၏။ ထို့ကြောင့် အရိယာသံဃာ (၅၇) ပါးနှင့် ပုထုဇဉ်သံဃာ (၁၀) ပါးရ၏။ ထို့ကြောင့် အရိယာသံဃာ (၅၇) ပါးနှင့် ပုထုဇဉ် သံဃာ (၁၀) ပါးပေါင်းပါက စုစုပေါင်း သံဃာတော် သံချပ်ဝတ် (၆၇)-ပါး ဖြစ်၏။

□ ခုတင်ဓေရသ ၁၃

ဗုဒ္ဓ၏ ဝိနည်းတော်တွင် ခုတင် (၁၃) ပါး ရှိ၏။ ရုက္ခမူခုတင်၊ အဗ္ဘောကာသိခုတင်၊ သုသာန်ခုတင် စသည့် ခုတင် (၁၃) ပါးကို ရည်ရွယ်၍ သတ်မှတ်ခြင်း ဖြစ်၏။

အထက်ပါ ဘုရားဟူက မောဂ္ဂလု ၂၄၊ တရားဟူက ပါဠိကွေး ၄၅၊ သံဃာဟူက သံချပ်ဝတ် ၆၇၊ ခုတင်ဓေရသ ၁၃ စသည်တို့သည် မြန်မာ့ရိုးရာအင်းစမဝိဇ္ဇာရေပညာနှင့်ပတ်သက်ပြီး မသိမဖြစ် အရေးပါသော ဝိဇ္ဇာဓရလောက၏ဝေါဟာရများဖြစ်၏။ ဥုံသည်လည်း ဝိဇ္ဇာဓရလောက၏ အရေးပါသော ဝေါဟာရဖြစ်၏။

ဤအချက်တို့သည် 'အ' အက္ခရာသေသောဝိဇ္ဇာလမ်းစဉ်သို့သွားရာလမ်းတွင် ပြည့်စုံအောင် ထည့်သွင်းစဉ်းစားသင့်သော သိထားရမည့်အချက်များဖြစ်ပါသည်။

ထို့ကြောင့်လည်း ဤဆောင်းပါးအချို့တွင် ဥုံနှင့်ပတ်သက်သည့်အကြောင်းခြင်းရာကို မဖြစ်မနေ ရှင်းလင်းရခြင်း ဖြစ်ပါသည်။ ဥုံကို အချို့သော ပုဂ္ဂိုလ်များက ဗုဒ္ဓဝါဒနှင့်မဆိုင်ကြောင်း ဆိုပြီး ဖယ်ထုတ်ရန် သဘောရှိသော ကြောင့်ဖြစ်ပါသည်။ ဥုံကိုဖယ်ထုတ်လျှင် သမားရိုးကျဗုဒ္ဓဘာသာနှင့်ပတ်သက်၍ အဆွေးပြောရန်မရှိသော်လည်း ဝိဇ္ဇာဓရ ဗုဒ္ဓဝါဒဆိုင်ရာ ပါရမီလမ်းစဉ်၊ သိဒ္ဓိမဟိဒ္ဓိဆိုင်ရာ ထွက်ရပ်ပေါက်လမ်းစဉ်သို့ လိုက်ပါလိုသည့် ပုဂ္ဂိုလ်များအဖို့အား အရေးကြီးပါသည်။ ဥုံသည် ဟိန္ဒူဝါဒနှင့်သာ လုံးဝသက်ဆိုင်သည့်ဝေါဟာရမဟုတ်ပေ။ စကြဝဠာဆိုင်ရာ ဝိဇ္ဇာဓရ ဝေါဟာရသာလျှင်ဖြစ်၏။ ထို့ကြောင့်လည်း ယခုခေတ် ဗုဒ္ဓဝါဒတွင်သာမက ရှေးခေတ် ဗုဒ္ဓဘာသာများတွင်လည်း ဥုံကို ကျယ်ပြန့်စွာ အသုံးပြုခဲ့ကြောင်း အထောက်အထားပြလိုသဖြင့် အထက်ပါ ဥုံများစွာပါသော အကာတော်ကြီး ဂါထာတော်ကြီးများကို ဖော်ပြရခြင်းဖြစ်ပါသည်။ ဆောင်းပါးတွင်ပါသော ဆရာတော်ကြီးများက ဤဂါထာများကို ရေးဖွဲ့ခဲ့သည်ဟုမယူဆအပ်ပေ။ ဝိဇ္ဇာဓရပညာသည် အာစရိယဆရာရှင်ဝါဒကို အဓိကထားသဖြင့် ရှေးဆရာစဉ်ဆက် သမားစဉ်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ခြင်းဖြစ်သည်ဟု ယူဆခြင်းကသာ သင့်လျော်မည် ဖြစ်ပါသည်။

ရှေ့လဆက်ဖတ်ပါရန်

ဆရာဦးဆက်ငြိမ်းသင်း
(ဒဿသုဓမ္မ)

www.burmeseclassic.com


စာရေးသူ အသက် (၆)နှစ်၊(၇)နှစ် အရွယ်လောက်က ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့တွင် နေဖူးပါသည်။ မိခင်က လက်ပံတန်းသူ ဖြစ်သောကြောင့် ဖြစ်၏။ ထိုအရွယ်တွင် အစ်မဝမ်းကွဲများနှင့်လက်ပံတန်းအထက် တန်းကျောင်းသို့ အပျော်လိုက်သွားပါ သည်။ ထိုစဉ်က တစ်ကျောင်းတည်းသာ ရှိသည့်လက်ပံတန်းအထက်တန်းကျောင်း မှာ မြို့၏မြောက်ဘက်အစွန်တွင်တည်ရှိ ပါသည်။ ထိုအထက်တန်းကျောင်း၏ အနောက်ဘက် မီးရထားသံလမ်းရှိရာ ဘက်တွင် ဘိုးပိုက်ဆံကျောင်းကြီးရှိသည်။ သစ်သားနှစ်ထပ် ရောမကျောင်းကြီးဖြစ် ၏။ ကျောင်းဆိုသော်လည်း ဘုန်းကြီး ကျောင်းလည်းမဟုတ်၊ စာသင်ကျောင်း လည်း မဟုတ်ပါ။ ကျောင်းအလွတ်ကြီး ဖြစ်သည်။ ရေတွင်းကြီးတစ်တွင်းလည်း ရှိ၏။ ဘိုးပိုက်ဆံခေါ် သော ကရင်ကြီး တစ်ဦးလှူထားသောကျောင်းဖြစ်သဖြင့် ဘိုးပိုက်ဆံကျောင်းဟုခေါ်ခြင်းဖြစ်သည် ဟုသာသိရပါသည်။ဘိုးပိုက်ဆံအကြောင်း ကို ဂဃနဏမသိရပါ။

ယခု ကရင်တိုင်းရင်းသား စံစီဖိုး ဆိုသူရေးထားသည့် Burma and the Karens စာအုပ်ကိုဖတ်ရမှ ဘိုးပိုက်ဆံ ဆိုသူ၏အကြောင်းကို သိရပါသည်။

ဘိုးပိုက်ဆံ၏ အခြားအမည်မှာ

# မောင်သန်းဆွေ (ထားဝယ်)

## ကရင်သိဒ္ဓိရှင်ဘိုးပိုက်ဆံ



www.burmeseclassic.com

ဘိုးစံရည်ဖြစ်သည်။ သူ၏ဘဝအစကို ရှင်းရှင်းလင်းလင်းမသိရဘဲ ဘဝအဆုံးကိုလည်း ယနေ့အထိ သေသေချာချာ မသိရပါ။ သူသည် ရိုးရိုးကွယ်လွန်သွားသည်လော၊ မတော်တဆကွယ်လွန်သွားသည်လောဆိုသည်ကိုလည်း ယနေ့အထိ မသိရသေးပေ။ ရေတွင်းထဲသို့ ကျ၍သေသည်ဆိုရာ၌ မတော်တဆကျသွားသည်လော။ တစ်ဦးတစ်ယောက်က တွန်းချ၍ကျသွားသည်လောဆိုသည်ကိုလည်း မသိကြရပါ။

သူ၏နောက်လိုက်နှင့်တပည့်သားမြေးများတို့ကမူ သူသည် ယနေ့အထိ အသက်ရှင်လျက်ရှိသေးသည်ဟုသာ ယုံကြည်လျက်ရှိကြသည်။ ထိုယုံကြည်ချက်ကြောင့် ဘိုးပိုက်ဆံဟန်ဆောင်သူများ ပေါ်ပေါက်ပြီး မသိနားမလည်သူများထံမှ ငွေများအလှူခံသွားကြသည်ဆို၏။

ဘိုးပိုက်ဆံ၏ဘဝအကြောင်းနှင့် ပတ်သက်၍သိရသည်မှာ ရှေးသရောအခါက ဘိုးပိုက်ဆံသည် ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်သည် ဆိုပါသည်။ သူ့ဘဝရည်ရွယ်ချက်မှာ ဇော်ဂျီဖြစ်ရန် အဓိကဖြစ်သည်ဆိုပါသည်။ (ဤသို့ဆို၍ ဘိုးပိုက်ဆံဖိုထိုးဟန်ရှိသည်။)

ဘိုးပိုက်ဆံသည် ဇော်ဂျီဖြစ်ရန် သူ့ဘဝကို အမျိုးမျိုးရုန်းကန်ကြိုးစားခဲ့ရသည်။ ရွှေကျင်တောင်တန်းရှိ သက်ကယ်တောင်တွင်နေထိုင်၍ ကြိုးစားသည်။ နှစ်ပေါင်းများစွာ သူကိုယ်တိုင်တည်ထားခဲ့သောစေတီ (ထုံးသင်္ကန်းကပ်ထား၍ အဖြူရောင်ဖြစ်သည်။) ၏ခြေတော်ရင်းတွင်နေထိုင်ပြီး ငါးပါးသီလကိုစောင့်ထိန်းကာ သူတော်စင်ဘဝရောက်ခဲ့သည်။ မြန်မာ၊ ကရင်၊ ရှမ်းနှင့် အခြားမျိုးနွယ်စုများက သူကိုယုံကြည်ကိုးကွယ်ခဲ့ကြသည်။

သို့သော် ထိုသို့ သူတော်စင်ဘဝနှင့်နေထိုင်စဉ် ထူးခြားသည်မှာ သူက မယ်တော်ဟုခေါ်သော အမျိုးသမီးအဖော်တစ်ဦး သူနှင့်အတူနေထိုင်ခြင်းဖြစ်သည်။ ထိုမယ်တော်ဆိုသူကလည်း သူနည်းတူ ဘဝကိုရုန်းကန်ကြိုးစားခဲ့ရသည်။ နှစ်များကြာလာသောအခါ ဘိုးပိုက်ဆံသည် သက်ကယ်တောင်မှ ဆင်းလာပြီး တောင်ခြေရင်းတွင် ရွာကြီးတစ်ရွာတည်ကာ သူ၏သားသမီးများဟုခေါ်သောတပည့်များနှင့်အခြေချနေထိုင်လေသည်။

ထိုသို့နေစဉ် အင်္ဂလိပ်သာသနာပြုအဖွဲ့တစ်ဖွဲ့ရောက်လာပြီး ဘိုးပိုက်ဆံနှင့် သူ၏တပည့်သားမြေးများအားလုံး



**Dr. Vinton နှင့် ဘိုးပိုက်ဆံ**

ကို ခရစ်ယာန်ဘာသာသို့ သွတ်သွင်းလိုက်လေသည်။ ထိုဖြစ်ရပ်ကို အချို့က အံ့သြနေကြသည်။အချို့ကမူ ဘိုးပိုက်ဆံသည် အမှန်တရားကိုရှာဖွေနေသူဖြစ်ရာ ထိုသို့ရှာဖွေရင်း ဖြစ်ရပ်အမှန်တရားကို တွေ့သွားသည်ဟုပြောကြသည်။ မည်သို့ပင်ဆိုစေကာမူ ထူးဆန်းသည့်ပုဂ္ဂိုလ်ကြီးသည် သူ့ဘဝဖြစ်စဉ်ကို ရှင်းရှင်းလင်းလင်း ဖွင့်မပြောခဲ့ချေ။ တစ်ချိန်က ဗုဒ္ဓဘာသာဝင်သူတော်စင်ဖြစ်ခဲ့သော်လည်း အမှားမရှိခဲ့သောကြောင့် အမှားမရှိခဲ့သောကြောင့် ဖြစ်သည်။

ထိုအချိန်တွင် ဘိုးပိုက်ဆံတွင် ငွေအမြောက်အမြားစုမိနေပြီးဖြစ်ပြီး သူနေထိုင်ခဲ့သည့်တောင်ပေါ်တွင် မြှုပ်နှံထားသည် ဆို၏။ မည်သို့ပင်ဖြစ်စေကာမူ ကရင်ခရစ်ယာန်တို့၏ Vinton Memorial Hall တည်ဆောက်ရာတွင် ငွေအမြောက်အမြားလှူဒါန်းခြင်းဖြစ်သည်။ သူသည် အဆောက်အအုံများစွာတည်ဆောက်ခဲ့သည်။ ဒါဇင်ဝက်ခန့်ရှိသော အဆောက်အအုံကြီးများကို ပြည်မြို့ရှိထားလမ်းတစ်လျှောက်တည်ဆောက်ခဲ့သည်ဟု ဆို၏။ (လက်ပံတန်းမှ ဘိုးပိုက်ဆံကျောင်းကြီးအပါအဝင် ဖြစ်ပုံရသည်။)

ထိုအဆောက်အအုံများသည် ခရီးသွားများအတွက် နားနေတည်းခိုနိုင်ရန်ဖြစ်သကဲ့သို့ ကရင်တိုင်းရင်းသားတို့၏ အစည်းအဝေးပွဲများ ကျင်းပရန်နေရာလည်းဖြစ်ခဲ့သည်။ခရစ်ယာန်ကရင်အမျိုးသားများ၏ နှစ်ပတ်လည်စည်းဝေးပွဲကြီးများအတွက်လည်းအသုံးဝင်ခဲ့သည်။ ဘိုးပိုက်ဆံအသက်ရှင်လျက်ရှိစဉ်က သူလှူခဲ့သော ထိုအဆောက်အအုံကြီးများသည် အသုံးဝင်ခဲ့သော်လည်း သူမရှိသောအခါတွင် ပြုပြင်မယ့်သူမရှိဘဲ ငွေချေးစားသူများလက်ထဲသို့ကျရောက်ခဲ့သည်။

ဘိုးပိုက်ဆံ၏အစွမ်းသည် ကရင်တိုင်းရင်းသားအချို့အတွက် အံ့သြဖွယ်ရာဖြစ်ခဲ့သည်။ သူသည် သူတို့အတွက် ထူးဆန်းသည့်သိဒ္ဓိရှင်လည်းဖြစ်သည်။ ထိုကရင်များအတွက် သူ့ကိုတွေ့ခဲ့ရ၊ သူနှင့်လက်ဆွဲနှုတ်ဆက်ခဲ့ရမှ သူတို့ဘဝကို ကျေနပ်ကြသည်။ ယူပီငွေ (၁၀၀) လျှင် မြောက်မြားစွာရသည့်လက်ဖွဲ့ကလေးများကို တစ်ခု(၁)ယူပီနှင့်ရောင်းခဲ့၍ယုံကြည်သက်ဝင်သူများက ဝယ်ယူခြင်းဖြင့် ငွေအမြောက်အမြားရခဲ့သည်။ သူ၏အလှူခံခြင်းဖြင့် သူ့ကိုသက်သက်ထောင်ချီ၍လှူဒါန်းသူများလည်းရှိသည်။ တစ်ပြားသာလှူဒါန်းသူထံမှလည်း ကြည်သာစွာလက်ခံခဲ့သည်။ သူက လှူဒါန်းသည့်ငွေများကို ငွေဖလား၊ ကြေးဖလားတို့ထဲတွင် ရေထည့်၍လက်ခံသည်။

သူက -

"ငွေသည်ပူသည်။ ထို့ကြောင့် ရေထဲတွင်ထည့်လိုက်က အေးသွားပြီး ကောင်းစွာ အသုံးပြုနိုင်သည်"

ဟု ပြောသည်။

ထိုသို့သောအပြုအမူကလေးများကို သူ့အား သက်ဝင်ယုံကြည်သူများက နှစ်သက်ကြသည်။

သူ့အပေါ် ထူးဆန်းစွာယုံကြည်၍ စိတ်ဝင်စားသူများမှာ သူ၏အဓိပ္ပာယ်နှစ်ခွယူဆ၍ရသော စကားလေးများကြောင့် ဖြစ်သည်။ သို့သော် ဗြိတိသျှအရာရှိတို့က သူ့ကိုမျက်စိဒေါက်ထောက်၍ကြည့်နေကြသည်။ သူ့ကို အယောင်ဆောင်နေသူတစ်ဦးဖြစ်၍ ရိုးသား၍ဆင်းရဲသောသူများအတွက် အန္တရာယ်ရှိသည်ဟုဆိုသည်။ သို့သော် အချို့က သူ့အပေါ် အလေးမမူဂရုမစိုက်ကြပါ။ အန္တရာယ်မရှိသောသူ၊ ကျပ်မပြည့်သောသူဟုသာ ပေါ့ပေါ့တန်တန်ယူဆလိုက်ကြသည်။

ယခုအခါ မြန်မာပြည်အရပ်ရပ်ရှိ ဘိုးပိုက်ဆံ ဆောက်လှူဒါန်းခဲ့သည့် ကျောင်းကြီးများသည် ရှိမှရှိသေးသည်လောဟု တွေးမိသည်။ အဘယ်ကြောင့်ဆိုသော် စာရေးသူတွေ့ခဲ့သည့် ကျောင်းကြီးမှာ ယခုအခါ တွေ့ခဲ့သည့်အချိန်ပင် နှစ်ပေါင်း (၇၀) ရှိသွားပြီဖြစ်သောကြောင့်တည်း။

မောင်သန်းဆွေ(ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com



# သကျွတုန်းနွယ်

(မဒေါက်)

## ဿူတော်ချေ်

ကျွန်တော် ရွာမရောက်သည်မှာ (၁၀) နှစ်ခန့်ရှိပြီမို့ ရွာရောက်တော့ ရွာအခြေအနေတော်တော်ပြောင်းလဲနေပြီ။ သစ်ပင်ကြီးများအုပ်အုပ်ဆိုင်းဆိုင်း ညို့ညို့မှိုင်းမှိုင်းနှင့် တောကျေးငှက်တို့က ညံစာနေသည်။ ကျွန်တော်ရွာမှထွက်ခဲ့သည့် ၁၉၇၁ ခုနှစ်ဆီက ကျွန်တော်တို့အိမ်ခြံထဲမှ အုန်းပင်ပေါက်က ကျွန်တော့်တစ်ရပ်မျှသာ။ ခုများတော့ အသီးများဖြင့် မြင့်မြင့်မားမားကြီးတွေ ဖြစ်နေပေပြီ။

ကျွန်တော် ရွာရောက်သွားသည့်အချိန်မှာ တန်ခူးလဖြစ်၍ နွေဦးပေါက်ချိန် သစ်ရွက်အချို့တို့ လမ်းမမြေတလင်းပြင်တွင် လေရူးသယ်ဆောင်ရာနောက် တဖြောက်ဖြောက်တဖျတ်ဖျတ်လွင့်ပါနေကြသည်။ တစ်ခါတစ်ရံ ဝေးသောအရပ်ဆီမှ ချိုးကူသံတို့ ကြားနေရသည်။ သာယာလိုက်ပါဘိခြင်း။

ရွာရောက်ပြီဆိုတော့ မိမိကိုငယ်စဉ်က သွန်သင်ဆုံးမစာသင်ပေးခဲ့သော ရွာဦးကျောင်းဆရာတော်ကို ဦးစွာသတိရသည်။ ဆရာတော်ကိုလှူဖို့ ရန်ကုန်မှ ကိတ်၊ ဘာလီရည်၊ သကြားဝယ်ခဲ့သည်မို့ ဆရာတော်ကျောင်းသွားဖို့ ပြင်ရသည်။ ဆရာတော်က ကျွန်တော့်အကြောင်းကိုခဏခဏမေးတဲ့အကြောင်း အမေပြောတော့ဆရာတော်ကျောင်းသွားဖို့ စိတ်ကပိုပြင်းပြသည်။

ဆရာတော့်ကျောင်းရောက်တော့ ပို၍ကြည်နူးရသည်။ ကျောင်းဝင်းထဲမှာ ဆီးပင်၊ သရက်ပင်၊ ကုက္ကိုပင်များဖြင့် ပိုသာယာသည်။ ဆီးသီးမှည့်များကလည်း မြေတလင်းပြောင်တွင် ကြွေကျနေသည်မှာ ဟိုတစ်လုံးသည်တစ်လုံး ပြန့်ကျဲနေသည်။ သည်ဆီးသီးမျိုးတွေက သကြားမျိုး။ ကျွန်တော်ငယ်စဉ်က စိုက်ပျိုး၊ ရေလောင်းပေါင်းသင်ပြုစုခဲ့သောအပင်များပင် ဖြစ်သည်။ ဆီးသီးကိုမြင်တော့ မနေနိုင်။ အနီးဆုံး ဆီးသီးတစ်လုံးကို ကောက်ယူမြည်းစမ်းလိုက်သည်။ချိုလိုက်သည်ဖြစ်ခြင်း၊ အရည်ကလည်းရွှမ်းပေ့။ သွားရည်များပင် ထိန်းမရသိမ်းမရဖြစ်သည်။

ဆီးသီးအရသာကိုခံရင်း ဆရာတော်ကျိန်းစက်ရာ ကျောင်းမကြီးဆီသို့ လှမ်းမျှော်ကြည့်မိသည်။ ဆရာတော်ကို မမြင်။ ကုက္ကိုပင်ကြီးအောက်၌ ထင်းခွဲနေသော ဘိုးသူတော်ကြီးကိုသာ တွေ့ရသည်။ ကျွန်တော်လည်း ဘိုးသူတော်ရှိရာသို့ စိုက်စိုက်မတ်မတ်သွားရင်း ဆရာတော်ကိုမေးသည်။ ဘိုးသူတော်ကို ကျွန်တော်သေသေချာချာကြည့်မိတော့ စိတ်ထဲတွင် မြင်ဖူးသလိုခံစားမိသည်။ ဘိုးသူတော်က အထွေအထူး ဘာစကားမှမဆို ဆရာတော်ရှိရာ ကျောင်းမကြီးအောက်သို့ လက်ညှိုးထိုးညွှန်ပြလေသည်။

ကျွန်တော်လည်း ဘိုးသူတော် ဘယ်သူဘယ်ဝါဖြစ်သည်ကို ကြာရှည်မစဉ်းစားအား။ ဆရာတော်ရှိရာသို့သာ ဆက်သွားမိတော့သည်။

ဆရာတော်ထံရောက်တော့ ဆရာတော်က ကျွန်တော့်ကိုကြည့်ပြီး ဝမ်းသာအားရစကားဆိုနေသည်။ ရန်ကုန်အကြောင်းတွေမေးသည်။ ကျွန်တော်ကလည်း ဆရာတော်မေးသမျှကို ဖြေကြားရင်း မိမိသိချင်သော ကျောင်း၏ဆွမ်းကိစ္စ၊ ရပ်ရေးရွာရေးအစုံမေးလျှောက်သည်။ ဤသို့ဖြင့် ထင်းခွဲနေသော ဘိုးသူတော်ကြီးအကြောင်းကို မေးတော့ ဆရာတော်က ကျွန်တော့်ကိုအံ့တသြကြည့်၍ ဖြေသည်။

www.burmeseclassic.com



"ချေစ်လေကွာ၊ ချေစ် မင်းမသိဘူးလား"

ဒီတော့မှ ကျွန်တော့်စိတ်ထဲတွင် ရေးရေးထင်လာသည်။ ချေစ်ဆိုသည့် ကိုချစ်။ ကျွန်တော်တို့ ငယ်ရွယ်သူများက ကိုချစ်ဟုခေါ်သော်လည်း ကြီးသူလူကြီးပိုင်းရွယ်တူများက ချေစ်ဟုသာ ခေါ်ကြသည်။

"ဘယ်လိုဖြစ်သွားတာလဲ ဘုရား"

"ဟ - အကျွတ်တရားရသွားတာလေကွာ။ သူ့အကြောင်း ငါ့တပည့်မသိသေးဘူးကိုး။ ပြောရမှာပေါ့၊ သိပ်သံဝေဂယူဖို့ကောင်းတာ။ ငါ့တပည့်က စာလေးပေလေးလည်းရေးနေတာဆိုတော့ကာ အကြောင်းအရာလေးလည်းရတာပေါ့ကွာ"

ကျွန်တော် ဆရာတော့်ထံမှ မမျှော်လင့်သောစကားကို ကြားရ၍ ဝမ်းသာသွားသည်။ ငယ်စဉ်က ကိုချစ်ဘဝအကြောင်းကို သိသင့်သလောက် သိပြီးဖြစ်သော်လည်း ယခု ဘိုးသူတော် ချေစ်အကြောင်းကား ကျွန်တော်နှင့် အလှမ်းကွာနေခဲ့ပြီမဟုတ်ပါလား။

❏

သူ့နာမည်က ချေစ်။ ချေစ်နေတာက ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်အတွင်းက ဧရာဝတီနှင့် ချင်းတွင်းမြစ်ဆုံမှာရှိတဲ့ ဆင်မရဲကျေးရွာလေးပေါ့။

ကျေးရွာဆိုပေမယ့် အထင်တော့ မသေးနဲ့။ 'အထက်မှာ အုတ်နဲ၊ အောက်မှာ ဆင်မရဲ' စာဆိုနဲ့အညီ လူချမ်းသာတွေပေါတယ်။

အဲဒီလူချမ်းသာတွေထဲမှာ ချေစ်မိဘများလည်း အပါအဝင်ပေါ့။ ချေစ်အဖေအမည်က ဦးစိန်၊ အမေအမည်က ဒေါ်စိန်ညိုတဲ့ ။ ချေစ်က တစ်ဦးတည်းသောသား။ ရှားရှားပါးပါး ဒီသားတစ်ယောက်သာထွန်းကားတော့ မိဘများက ချစ်လိုက်တာတုန်လို့ပေါ့။ ကြည့်ပါလား၊ သူတို့သားအမည်ကို ရွေးတာတောင်

www.burmeseclassic.com

'ချစ်' တဲ့။ မောင်ချစ်ပေါ့လေ။ ဒါပေမယ့် ရွာသူရွာသားတွေကတော့ ငချစ်လို့ပဲ ခေါ်ကြတယ်။ မိဘများကလည်း တတ်နိုင်ကြတော့ အလိုလိုက်ကြတာလည်း ကမ်းကုန်ရောဆိုပါတော့။ ဒီတော့လည်း ငချစ်က ကိုယ်ထင်ရာကိုယ်စိုင်းတယ်၊ ထင်သလို ကဲချင်တိုင်းကဲပြီး ဆိုးလိုက်တာလည်း တာတေလန်ရော။

ငချစ် အရွယ်ရောက်လာတော့ မိဘတွေ ထိန်းမနိုင်သိမ်းမနိုင်ဖြစ်လာကြတယ်။ ငချစ်က မိဘလက်ငုတ်လက်ရင်းဖြစ်တဲ့ တောင်သူလုပ်ငန်းကို စိတ်မဝင်စားဘူး။ သူစိတ်ဝင်စားတာက အရက်သောက်မယ်၊ ဖဲရိုက်မယ်၊ လေးကောင်ဂျင်ထိုးမယ်၊ ကြက်တိုက်မယ် ဒါပဲ။ ဒီအလုပ်တွေထဲမှာ ငချစ်စိတ်အဝင်စားဆုံးနဲ့ ဝါသနာအပါဆုံးက ကြက်တိုက်တဲ့အလုပ်ပဲ။ ကြက်တိုက်တဲ့နေရာမှာတော့ကျွမ်းတယ်။ကြက်အကြောင်းလည်း တော်တော်နားလည်တယ်။ ကြက်ကို ကိုယ်တိုင်မွေးတယ်။ ကုတယ်။ ကြက်တစ်ဝိုင်းလောင်းကြေးကလည်းမသေးဘူး။တစ်ပွဲလောင်းကြေးလေးငါးသောင်းအထိကြေးရှိတယ်။

ငချစ်မိဘများခမျာ သားမိုက်ကိုဖျောင်းဖျမရ ဆုံးမမရလို့ သားကြောင့်စီးပွားရေးအခြေအနေတွေ ယိမ်းယိုင်လာတယ်။ စိတ်ထောင်းတော့ ကိုယ်ကြေဆိုသလို ငချစ်အမေ ဒေါ်စိန်ညိုခမျာ နှလုံးသားရောဂါစွဲကပ်လာတယ်။

အဖေဖြစ်တဲ့ ဦးစိန်က ကြံရာမရတဲ့အဆုံး သားဖြစ်သူ ခြေငြိမ်ပါစေတော့ရယ်လို့ မိန်းမပေးစားလိုက်တယ်။ ငချစ်က မိန်းမရတော့ ကံကောင်းသား။ အသားဖြူဖြူ ရုပ်ရည်ချောချောလေး။ ပြီးတော့ ရွာရဲ့ကွမ်းတောင်ကိုင် မအေးမိနဲ့ အကြောင်းပါတယ်။ ဒါလည်း ငချစ်အစွမ်းတော့မဟုတ်ဘူး။ မိဘတွေအစွမ်းပါ။ မအေးမိက ငချစ်ဆို အော့ကြောလန်မို့ ဝေးဝေးကရှောင်တာတဲ့။ ခုဟာက လူကြီးချင်းပြီးကြတဲ့ကိစ္စ။ မအေးမိမတတ်သာလို့သာ ခေါင်းညိတ်ရတာတဲ့။ မအေးမိပဲ ငချစ်ကိုရှောင်တာမဟုတ်ဘူး။ တစ်ရွာလုံးမှာရှိတဲ့ မိန်းကလေးတွေအားလုံးကနှာခေါင်းရှုံ့ကြတယ်။ဘာပဲဖြစ်ဖြစ် ငချစ်ကတော့ မအေးမိကို ပိုင်သွားတာအမှန်ပဲ။ ငချစ်နဲ့ မအေးမိက လုံးလုံးမှမလိုက်ဖက်ဘူး။ ဟို - မင်းကုသနဲ့ ပဘာဝတီပုံခိုင်းနဲ့ နှိုင်းရသလို ရုပ်ရည်ကကွာတယ်။

❑

ငချစ် အိမ်ထောင်ကျသွားပြီဆိုတော့လည်း ခြေငြိမ်သွားသလိုပဲ ငချစ်ရဲ့ဆိုးသွမ်းမှုသတင်းတွေ ရွာထဲမှာ မကြားရသလောက်ပါဘဲ။ ဟိုတုန်းကများ ထစ်ခနဲစီခနဲဆို ဘာဖြစ်တာတုံး၊ ဘယ်သူနဲ့တုံးလို့မမေးနဲ့။ မေးစရာမလိုဘဲသိတယ်။ ငချစ်နဲ့ ဖဲဝိုင်းမှာ၊ အရက်ဝိုင်းမှာ၊ ဂျင်ဝိုင်းမှာ ရန်ဖြစ်ကြတာတဲ့လို့ ကြားရတော့တာပဲ။

ခုတော့ ငချစ်တော်တော်ငြိမ်သွားတယ်။ တစ်ရွာလုံးကလည်း ငချစ်ကို အထိန်းကောင်းတဲ့မအေးမိကိုချီးကျူးကြတယ်။ ဒါပေမယ့် ငချစ်ဝါသနာကြီးလွန်းတဲ့ တိုက်ကြက်မွေးတဲ့အလုပ်ကတော့ မရပ်သေးဘူး။ ကြက်မွေးတယ်။ ကြက်တော့မတိုက်တော့ဘူး။ မအေးမိကလည်း မွေးတာလောက်ကတော့ ခွင့်ပြုတယ်။

တစ်နေ့ပေါ့။ ငချစ် ငယ်ရောဂါပြန်ထလာတယ်။ ငချစ် ငယ်ရောဂါပြန်ထလာရတဲ့အကြောင်းက သူ့အိမ်နဲ့ ပဲခင်း၊ နှမ်းခင်း (ပေ-၂၀၀) လောက်ခြားတဲ့ ကိုလှမောင်ရဲ့ တိုက်ကြက် မြစိမ်းကို ငချစ်မွေးထားတဲ့ တိုက်ကြက်က နယ်ကျော်ပြီး သွားခွပ်လိုက်တာ မြစိမ်းရဲ့ ဘယ်ဘက်မျက်လုံးထွက်သွားတယ်။ ကိုလှမောင်ဆိုတဲ့လူကလည်း နှယ်နှယ်ရရမဟုတ်ဘူး။ သူတို့ရဲ့လောင်းကစားသမားလောကမှာတော့မြွေပွေးလှမောင်လို့ အမည်ရထားတဲ့ လူမိုက်လူတေ၊ ငချစ်လည်း သူ့တိုက်ကြက်ရဲ့ အစွမ်းကို အံ့သြမဆုံးပေါ့။

တစ်ရွာလုံးက ကြက်သမားတွေကလည်း ငချစ်ရဲ့တိုက်ကြက်ကို စိတ်ဝင်စားလာကြတယ်။ ဒီမှာတင် ငချစ်ရဲ့ တိုက်ကြက်ဟာ အလိုလိုနေရင်း 'ပဲခင်းကျော်' ဆိုတဲ့ ဘွဲ့ထူးအမည်နာမကြီးကို ဆွတ်ခူးရရှိသွားတယ်။ ငချစ်ကြက်နှိပ်ထည့်လိုက်တဲ့ မြစိမ်းကလည်း နှယ်နှယ်ရရကြက်မှမဟုတ်တာ။ ဒီနယ်မှာတော့ ငါးပွဲလောက်စားပြီးပြီ။ မြစိမ်းဆိုရင် လေးရှာပြည့်၊ ခွေးထောင့်ငါးလံ၊ ငါးမြာလေး၊ ပြီးတော့ အနောက်ကုန်းတစ်ကြောက ကြက်သမားတွေ ဖိမ့်ဖိမ့်တုန်အောင်ကြောက်ကြတာ။ အဲဒီအချိန်မှာ မြစိမ်းကိုယှဉ်ပြိုင်တိုက်ဝံ့တဲ့ကြက်ကရော ဧရာဝတီမြစ်တောင်ဘက်ကမ်းက သဲဖြူဝ၊ လေးအိမ်တန်း၊ ခြောက်ဦးသားနယ်ဘက်တွေကသာယှဉ်ဝံ့တာ။ တစ်ဝိုင်းလောင်းကြေးကသိန်းဂဏန်းမှာ။ မြစိမ်းက ငါးဝိုင်းလောက် ငွေတွေသိမ်းပိုက်ပြီးသား။ ဒီတော့လည်း မြစိမ်းနာမည်ထင်ပေါ်သင့်တာပေါ့။

ခုတော့ ငချစ်ရဲ့ ဘာမဟုတ်တဲ့ ခွပ်လက်မရသေးတဲ့ ပဲခင်းကျော်နဲ့ကျမှ မြစိမ်း မရှုမလှခံသွားရတာ။ စည်းဝိုင်းအပြင်ဘက်မှာ မြစိမ်းကို အနိုင်ပိုင်းလိုက်တဲ့ ငချစ်ရဲ့ ပဲခင်းကျော်ဟာ တန်ဖိုးတွေတက်လာလိုက်တာ ယခုလက်ငင်း တစ်သောင်းပေးပြီး ဝယ်မယ့်သူက အသင့်။ ဒီတော့လည်း မအေးမိက ကြက်တစ်ကောင်ရောင်းတာ ငွေတစ်သောင်းတောင်ရမယ်ဆိုတော့မက်သည်ပေါ့။

ငချစ်ကို တွင်တွင်ကြီးရောင်းဖို့ တိုက်တွန်းပေမယ့် -

"ငါ့မိန်းမက တယ်အ,တာပဲ။ ငါ့ကောင်ကြီးက ငွေတစ်သောင်းမက တန်ဖိုးရှိတယ်ကွ။ မတော် သိန်းဂဏန်းတော့ အသာလေးပဲရမှာ"

လို့ ချွေးသိပ်တယ်။

ဒီလိုနဲ့ ငချစ်ဟာ သူ့ကြက်ကြီး တပွေ့ပွေ့တပိုက်ပိုက်နဲ့ ကြက်သမားကြီးဘဝ ရောက်လာပြန်တယ်။

ငချစ်ငယ်ရောဂါပြန်ထလာပြီဆိုတော့ မအေးမိလည်း ထိန်းမရတော့ဘူး။ မိဘပြောတော့ တစ်လ၊ မယားပြောတော့ တစ်ည ဆိုတဲ့ ဆိုထုံး မအေးမိလက်မခံချင်တော့ဘူး။ ပြောရသောညပေါင်းကများပြီ။ ကြာတော့ လင်မယားရန်ဖြစ်ပြီး လူကြားတာသာ အဖတ်တင်တယ်။ ဒီတော့ မအေးမိလည်း ဖြစ်ချင်တာဖြစ်တော့အနေနဲ့ လွှတ်ထားရတော့တယ်။ ဒီတော့ ငချစ်က ပိုဆိုးတယ်။ အရက်ကို မိုးမလင်းခင်က ထသောက်တယ်။ တစ်နေ့လုံးမူးတယ်။ ကြာတော့ ဦးလေး၊ အဒေါ်များက -

"ငချစ်ရာ မင်းသောက်တာလွန်လွန်းတယ် လျှော့ဦး။ ကြာရင် မင်းဒုက္ခရောက်လိမ့်မယ်"

လို့ အကြိမ်ကြိမ်ဆုံးမပြောဆိုတယ်။ ငချစ်ကတော့ ဖုတ်လေတဲ့ငါးပိ ရှိလေတောင်မထင်။ သူ့ကျင့်စဉ်အတိုင်းသာဆက်ပြီးစခန်းသွားတယ်။

ကြာတော့ ငချစ်ကို အရက်က ဆုံးမပြီ။ မသောက်ရမနေနိုင်၊ သောက်တော့လည်း အသည်းကလက်မခံ၊ ပြန်အန်တယ်။ အန်တဲ့အခါတိုင်း သွေးတွေပါလာတယ်။ ငချစ်သွေးကိုမြင်တော့ အလန့်ကြီးလန့်တယ်။ ဆရာဝန်က အရက်ဖြတ်ဖို့ အကြိမ်ကြိမ်ပြောတယ်။ ဒါပေမယ့် ငချစ်အရက်ဖြတ်လို့မရဘူး။



www.burmeseclassic.com

www.burmeseclassic.com

အရက်ရဲ့ ကျေးကျွန်ဖြစ်နေပြီ။ ငချစ်သေရမှာတော့ ကြောက်တယ်။ အရက်ကိုမဖြတ်ရင် ငါသေရတော့မယ်ဆိုတာလည်း ငချစ်ကြိုသိနေတယ်။ အခုတော့ အကြံအိုက်ပြီး အမှန်လမ်းကိုလိုက်ဖို့ သတိဝင်လာသလိုတော့ရှိတယ်။ အရက်ဒုက္ခဖိစီးလေတိုင်း အမေကိုတ,တယ်။ ဘုရားသတိရတယ်။ သတိဝင်တဲ့အတိုင်း ကြိုးစားကြည့်တယ်။ ဒါပေမယ့် မိမိစိတ်ကိုမနိုင်တော့ မအောင်မြင်ပြန်ဘူး။

ဒီအချိန် ရွာထဲက တရားသမားကြီး ဦးလေးမြိုင်က အကြံပေးတယ်။

"ငချစ်ရာ၊ မင်းတကယ်အရက်ဖြတ်မယ်ဆိုရင် ရွှေပေါ်ကျွန်းကိုသွား။ ရွှေပေါ်ကျွန်းဆရာတော်ထံမှာ မင်းလိုအရက်ဖြတ်တဲ့သူတွေ အများကြီးပဲ။ တချို့လည်း အရက်ဖြတ်ပြီး လူကောင်းသူကောင်းတွေဖြစ်နေပြီ"

လို့ ဆိုတယ်။

ငချစ်စဉ်းစားကြည့်တယ်။ရွှေပေါ်ကျွန်းကို ငချစ်သိတယ်။ကြားလည်းကြားဖူးတယ်။ မြင်းခြံ၊ ပခုက္ကူ၊ မုံရွာ၊ ရေစကြိုစသော်နယ်တွေက သောက်စားမူးရူးဆိုးပေနေသူတွေ ရွှေပေါ်ကျွန်းဆရာတော်ထံရောက်ရင် လူကောင်းသူကောင်းတွေ ဖြစ်သွားကြတာများတယ်။ ဒီတော့ ငချစ် ရွှေပေါ်ကျွန်းဆရာတော်ထံသွားဖို့ စိတ်ကူးမိတယ်။ ခက်သည်က ငချစ်စိတ်။ ငချစ်စိတ်က မဝံ့မရဲ။ မိမိရဲ့ဘဝအကုသိုလ်အစွန်းအထင်းများကို ရွှေပေါ်ကျွန်းဆရာတော်ထံမှာ ချွတ်ပါသော်မှ ကျွတ်ပါမည်လားပေ့။ အတွေးနစ်နေတယ်။

အဲဒီနေ့ အဲဒီနေ့က ငချစ်ဘဝကို အပြောင်းအလဲကြီးပြောင်းလဲတဲ့နေ့ပေါ့။ အဲဒီနေ့မှာ ငချစ်အရက်ရဲ့ဒဏ်ခတ်မှုကို အပြင်းအထန်ခံရတဲ့နေ့။ တစ်ရွာလုံးကလည်း ငချစ်တစ်ယောက်တော့ ဝဋ်ကျွတ်သွားပြီ၊ ဘဝပြောင်းသွားပြီလို့ မှတ်ယူထားကြတယ်။ငချစ်ရဲ့ဇနီးသားသမီးတွေကလည်း ကမ္ဘာပျက်သလိုမျိုး ငိုယိုကြတယ်။ ကျေးရွာဆိုတာကလည်း သာရေးနာရေးတဲ့ဆိုတစ်ယောက်မှ ဦးမလေးကြဘူး။ ကူညီကြဖို့ အဆင်သင့်ပဲ။ အဲဒီအချိန်က ညနေ (၄) နာရီခန့်လောက်။ နေထန်းတစ်ဖျားအချိန်လောက်မှာ ငချစ်သေပြီဆိုတော့ ရွာထဲကလူတွေအချို့က မအေးမိတော့ ဝဋ်ကျွတ်တာပေါ့လို့ ပြောတဲ့သူကပြောကြတာ။ ဟုတ်တော့လည်း ဟုတ်ပါရဲ့။ ပေါက်တူးပေါက်၊ ထွန်ယက်၊ ဆေးစိုက်၊ ပဲနုတ်ဆိုလည်း



မအေးမိပဲ။ ငချစ်ကတော့ ဒီအလုပ် တွေ မလုပ်ဘူး။ သူ့အလုပ်မဟုတ်ဘူးလို့ တောင်မှတ်ထားတယ်ထင်ရဲ့။ နည်းနည်းလေးမှမကူဘူး၊ ဂရုမစိုက်ဘူး။

လူတစ်ယောက်ရဲ့ ပေါင်းသင်းဆက်ဆံရေးကောင်း၊ မကောင်းသိချင်ရင် အဲသည်လူရဲ့ သာရေးနာရေးကိစ္စကို ကြည့်တဲ့။ ငချစ်က အပေါင်းအသင်းတော့ပြည့်တယ်လို့ ဆိုရမှာပဲ။ ငချစ်အသုဘက စည်ကားတာပဲ။ ငချစ်သေပြီဆိုတော့ လာလိုက်ကြတဲ့ အပေါင်းအသင်းတွေ။ အိမ်ဦးနဲ့ကြမ်းပြင်ခြေချစရာမရှိဘူး။ ငချစ်အပေါင်းအသင်းတွေက ကောင်းတဲ့သူမှမရှိတာ။ ဖဲသမား၊ ကြက်သမား၊ လောင်းကစားသမားတွေပဲဟာ။ လောင်းတစားဆိုတာ သည်လိုနေရာမျိုးမှာ သူတို့အတွက် အံကိုက်ပဲ။ အသုဘကို အကြောင်းပြုပြီး ဖဲရိုက်ကြမယ်။ သည်အစဉ်အလာက အညာဘက်က အလေ့အထတစ်ခုလိုဖြစ်နေပါပြီ။

ည (၈) နာရီရှိနေပြီ။ ဖဲဝိုင်းကလည်းကောင်းလိုက်တာ။ ပိုကာဝိုင်း၊ ကိုးမီးဝိုင်း၊ တစ်ချပ်မှောက်သုံးလေးဝိုင်းလောက်ရှိတယ်။ ဆေးလိပ်ကလည်းချမလောက်။ ရေနွေးအိုးဆိုတာကလည်း ဆန်လေးပြည်ခြင်ဒန်အိုးနဲ့ထည့်ထားရတယ်။ ဖဲဝိုင်းကအကောက်တွေကလည်း သောက်သောက်လဲရတယ်။ အဲအချိန်မှာတော့ ငချစ်ရဲ့ ရုပ်အလောင်းကြီးက အိမ်ဦးကြမ်းပြင်မှာပက်လက်၊ ဇာခြင်ထောင်ပါးပါးလေးချထားတယ်။ ဇာခြင်ထောင်ကိုဖောက်ပြီး ငချစ်အလောင်းကို အထင်းသားမြင်နေရတယ်။ ဒါပေမယ့် ဘယ်သူတစ်ဦးတစ်ယောက်မျှ ဂရုမစိုက်အားဘူး။ ဖဲပွင့်နဲ့ ဂျိုကာရုပ်၊ ကုလားရုပ်တွေနဲ့ ဆွဲဆောင်အားက ပိုကောင်းနေတယ်။

သည်အချိန်မှာ ငချစ်အလောင်းကြီး အားခနဲအော်ပြီး ဇာခြင်ထောင်ထဲမှာ ငချစ်ကို ငုတ်တုတ်တွေ့ရတယ်။ သည်အသံကြားတော့ လူတွေအားလုံးက ညှိမထားဘဲ တစ်ပြိုင်တည်း ငချစ်အလောင်းရှိရာကို မျက်စိရောက်သွားကြတယ်။ ငချစ်ကို ခြင်ထောင်ထဲမှာ ထိုင်လျက်သားတွေ့တော့ ဖဲဝိုင်းကလူတွေရော အိမ်သားတွေပါ လန့်အော်ပြီး ထွက်ပြေးကြတယ်။ တစ်ရွာလုံးလည်း ပွက်လောရိုက်သွားတော့တယ်။ အတန်ကြာတော့မှ ရွာဦးကျောင်းက ဆရာတော်နဲ့ လူကြီးတွေ ငချစ်အိမ်ကို အံရဲစွန့်တက်ခဲ့ကြတယ်။ အိမ်ပေါ်ရောက်တော့ မျက်နှာတစ်ခုလုံးခြင်းခြင်းနီတဲ့သွေးတွေနဲ့ မျက်နှာကို လက်ဝါးနဲ့ အုပ်ပြီးထိုင်နေတဲ့ ငချစ်ကိုတွေ့ရတယ်။

ငချစ်ကလည်း -

"ကယ်ကြပါဦးဗျာ၊ ကျွန်တော်နောက်ကြက်မတိုက်တော့ပါဘူး"

လို့ တစာစာအော်နေတယ်။

သည်တော့မှ ငချစ်တစ္ဆေခြောက်တာ မဟုတ်ဘူး။ သေရွာပြန်တာပဲလို့ လူတွေတွက်မိကြတယ်။ ရွာဦးကျောင်းဆရာတော်က ငချစ်အနားသွားတော့ ဆရာတော်သင်္ကန်းစကိုဆွဲပြီး -

"ဘုန်းဘုန်းဘုရား၊ တပည့်တော်ကို ကယ်ပါဦးဘုရား"

အကြိမ်ကြိမ်ပြောဆိုပြီး ဦးချတန်တော့တယ်။

ဆရာတော်က ငချစ်ဦးခေါင်းကို ကိုင်ပြီး -

"ကျန်းမာပါစေ၊ ချမ်းသာပါစေ"

ဆိုပြီး ငချစ်ကို မေတ္တာပို့ပေးနေတယ်။

ငချစ်ကိုလည်း ဘုရားသောက်တော်ရေစွန့်ပြီးတိုက်တယ်။ ခဏကြာတော့ ငချစ်စိတ်တည်ငြိမ်မှုရလာတယ်။ ငချစ်အသံတွေက တုန်ယင်မှုကင်းပြီး စိုးရိမ်ကြောင့်ကြသံတွေကြားနေရတယ်။

"ဘုန်းကြီးဘုရား၊ တပည့်တော်နောက်မမိုက်တော့ပါဘူး။ တပည့်တော်ကိုကယ်ပါ"

ဟု ဆရာတော်ကို အထပ်ထပ်တောင်းပန်တိုးလျှိုးနေတယ်။

သူ့ကို ဆရာတော်ကျောင်းခေါ်ဖို့ သူသည်မှာမနေချင်ကြောင်းတွေကိုသာပြောတယ်။ နောက်တော့ ဆရာတော်လည်း ငချစ်ကို ကျောင်းခေါ်သွားရတော့တာပေါ့။ မိုးလင်းလို့ အရုဏ်တက်တဲ့အချိန်မှာ ငချစ်ကို ထူးထူးဆန်းဆန်း သိမ်ကျောင်းထဲကဘုရားရှေ့မှာတွေ့ရတယ်။ ဘုရားဝတ်ပြုနေပုံရတယ်။ ဆရာတော်လည်း ငချစ်ကို အသာကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းတညိတ်ညိတ်လုပ်ရင်းက သာခု (၃) ကြိမ်ခေါ်လိုက်တယ်။

သည်တော့မှ ငချစ်က သူ့နောက်မှာ ဆရာတော်ရောက်နေတာကို သတိပြုမိတယ်။ ငချစ်လည်း ဆရာတော်ကို မြင်မြင်ချင်းဝတ်ပြုတယ်။ ဘာစကားမှ တော့မပြောဘူး။ ဒါပေမယ့် ငချစ်မျက်နှာက ကြည်လင်နေတာကို တွေ့ရတယ်။

ဆရာတော်က ငချစ်ကို စကားစတယ်။

"ငချစ်၊ မင်းကတော့ သေရွာပြန်ပဲကွ။ မင်းကို တစ်ရွာလုံးကသေပြီလို့တွက်ထားကြတာ"

ငချစ်တွေတွေလေးစဉ်းစားနေတယ်။ ခဏကြာတော့မှ -

"တပည့်တော် သေရွာပြန်မဟုတ်ဘူးဘုရား။ ယမမင်းဆီကပြန်လာတာပါ"

လို့ပြောတယ်။

သည်တော့ ဆရာတော်က -

"ဟေ"

လို့ အာမေဋိတ်ထွက်မိပြီး အံ့သြနေတယ်။

ငချစ်ကတော့ ခေါင်းငုံ့ထားတယ်။ ဆရာတော်က ငချစ်ကို အတန်ကြာသည်အထိစူးစိုက်ပြီး ငချစ်ကိုလေ့လာဟန်ရှိရဲ့။ ပြီးမှ ဆရာတော်က-

"မင်းက ဘယ်လို ယမမင်းဆီရောက်သွားတာလဲ"

လို့ မေးတယ်။

သည်တော့မှ ငချစ်က သူပြောမယ့်စကားစ,ဖို့ တံတွေးတစ်ချက်မျိုချပြီး ဆရာတော်ကို လက်အုပ်ချီလိုက်တယ်။ ဆရာတော်လည်း ငချစ်ပြောမည့်စကားကို အကျအနနားထောင်ဖို့ အနီးအနားမှာရှိတဲ့ ကုလားထိုင်တစ်လုံးပေါ် ထိုင်တယ်။ ငချစ်လည်း ဆရာတော်ရှေ့တိုးပြီး သူနဲ့ ယမမင်းနဲ့ တွေ့ရတဲ့အကြောင်းကို စတင်ပြောပါတော့တယ်။

❑

"ညနေစောင်းကြီးမှာ တပည့်တော်ကို လူနှစ်ယောက် လာခေါ်ကြတယ်ဘုရား။ တပည့်တော် ဒီလူတွေကိုတစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးဘူး။ သူတို့က လူတွေဆိုပေမယ့် လူနဲ့မတူကြပါဘူးဘုရား။ အရပ်ကမြင့်မြင့်၊ အသားကမည်းမည်း၊ မျက်လုံးကပြူးပြူး၊ နှုတ်ခမ်းကတွဲတွဲ၊ ဗိုက်ကြီးတွေကပူပူ၊ ဦးခေါင်းမှာလည်း နွားတွေလို ဦးချိုတွေပါတယ်။ အကျီမပါဘူး။ ပုဆိုးအနီကွက်ထောက်ကြီးတွေကို ခါးတောင်းမြှောင်အောင်ကျိုက်ထားကြတယ်။ တပည့်တော်လည်း သူတို့ကို မြင်မြင်ချင်း တော်တော်ကြောက်မိတယ်။ သူတို့က မင်း ငါတို့ကို မကြောက်နဲ့လို့ပြောတယ်။ တပည့်တော်လည်း ကြောက်ကြောက်နဲ့လိုက်သွားတယ်။ ဟိုရောက်တော့ သူတို့လိုလူတွေရှိတဲ့ ကျောက်ဂူကြီးတစ်ခုထဲရောက်နေတာကို တပည့်တော် သတိပြုမိတယ်။ ကျောက်ဂူထဲကို တော်တော်လေးဝင်ရတယ်။ လှေကားသုံးဆင့်လောက်တက်ပြီးတော့မှ သူတို့ရဲ့အကြီးအကဲယမမင်းဆိုသူကို တွေ့ရတယ်။

ယမမင်းဆိုသူက သလွန်ပေါ်မှာ ထိုင်နေတယ်။ အခြွေအရံတွေကလည်း များတယ်။ ကျောက်သလွန်အနက်ပေါ်မှာ စီခြယ်ထားတဲ့ရတနာတွေကလည်း အရောင်စုံအသွေးစုံနဲ့လက်နေတယ်။ ယမမင်းရဲ့ဦးကင်းပေါ်က ကရောင်းလို့ခေါ်မလား၊ အဲဒီကရောင်းထိပ်တည့်တည့်မှာရှိတဲ့ ကြက်သွေးရောင်ပတ္တမြားနီနီရဲရဲကြီးကတော့ လက်သီးဆုပ်လောက်ရှိလိမ့်မယ်။ အဲဒီပတ္တမြားကြီးက ကြက်သွေးရောင်တွေဖြာနေတယ်။

ရောက်ရောက်ချင်းပဲ တပည့်တော်ကို ယမမင်းကြီးက သူ့ရဲ့အလွန်ပြပြီးတွဲကျနေတဲ့နှုတ်ခမ်းကြီးဖြဲပြီးအပြုံးနဲ့ဆီးကြိုတယ်။

အဲဒီမှာ -

လွန်ခဲ့တဲ့ (၃) နှစ်လောက်ကဆုံးသွားတဲ့ တပည့်တော်အဘိုးဦးပန်း၊ ရွာအနောက်က အရက်ရောင်းတဲ့ ကိုအောင်ခင်၊ ကလေးမမွေးနိုင်လို့သေသွားတဲ့ ငါးသည် မဝက်မ၊ အမဲသတ်သမား လူရှင်။ တပည့်တော်နဲ့သိတဲ့လူလေးငါးဆယ်ဦးကို တွေ့ရတယ်။ သူတို့လည်း ကယ်ပါယူပါတစာစာနဲ့အော်ပြီး ဆင်းဆင်းရဲရဲနေရတယ်။ တပည့်တော်မျက်လုံးအစုံကိုပိတ်ထားမိတ[...]။ ဒီတော့ ယမမင်းကြီးက မင်းလည်း [...]ဒီတစ်ခါ လူ့ပြည်ရောက်ရင် ကောင်းအောင်နေရင်နေ၊ မနေရင်တော့ ဒီလိုပဲဒုက္ခခံရမှာပဲလို့ပြောတယ်ဘုရား။ တပည့်တော်ကို ကယ်ပါဦး"

ငချစ်က ပြောပြောဆိုဆိုနဲ့ သူ့ပြောလက်စစကားကိုရပ်ပြီးတော့ ဆရာတော် ခြေအစုံကိုဦးခိုက်တယ်။

ဆရာတော်က ငချစ်ကိုဖျောင်းဖျတယ်။

"ငချစ် မစိုးရိမ်ပါနဲ့ကွာ။ လူဆိုတာမှားတတ်ကြသူတွေချည်းပါပဲ။ မင်းတစ်ယောက်တည်းမှာကွက်ပြီးတော့အကုသိုလ်ဒုစရိုက်မှုကိုပြုတာ၊ ကျူးလွန်တာမဟုတ်ပါဘူး။ ဒါပေမယ့် ငါ့လုပ်ရပ်မှားတယ်။ ငါလုပ်တာ အကုသိုလ်ဒုစရိုက်မှုပဲလို့သိတဲ့အချိန်ကစပြီး ပြုပြင်မယ်ဆိုရင် အချိန်နှောင်းတယ်ဆိုတာ မရှိပါဘူး၊ ပြုပြင်လို့ရပါတယ်"

ငချစ် ဘာစကားမှမဆို။ ဆရာတော်ရဲ့ ခြေအစုံကိုသာ မျက်နှာအပ်ထားတယ်။ ငချစ်ရဲ့မျက်ဝန်းအိမ်မှစီးကျလာသောမျက်ရည်များက ဆရာတော်ရဲ့ခြေဖမိုးမှာ နွေးထွေးသွားတယ်။

နောက်တော့ ငချစ်ဆန္ဒကို ဆရာတော်ကဖြည့်လိုက်တယ်။ ငချစ်ကို ရွှေပေါ်ကျွန်းဆရာတော်ထံသွားပို့လိုက်တယ်။ ငချစ်ဟာ ဒီလိုနဲ့ ရွှေပေါ်ကျွန်းမှာ (၂)နှစ်လောက်ကြာတဲ့အထိ ရွှေပေါ်ကျွန်းဆရာတော်ရဲ့ အဆုံးအမကို ခံယူတယ်။ လူဝတ်ကြောင်ကိုစွန့်ပြီး ပိတ်ဖြူဝတ်နဲ့ သူတော်ငချစ်ဖြစ်လာရတော့တာပဲ။

ခုတော့ ရွာကျောင်းဆရာတော်ရဲ့ ကျေးဇူးတရားတွေစောင့်သိပြီး ကျေးဇူးဆပ်တဲ့အနေအထားနဲ့ ကျောင်းရဲ့ ဝေယျာဝစ္စတွေကိုလုပ်ရင်း ဘဝရဲ့ အမြတ်ကိုရှာနေပြီပေါ့။ ရနေပြီပေါ့လေ။

❑

ကျွန်တော်လည်း သူတော်ငချစ်၏ ဘဝဇာတ်လမ်းဆုံးသည်အထိ ဆရာတော်အမိန့်ရှိသမျှကို စိတ်ဝင်တစားနားထောင်နေမိသည်။ အညာနွေ၏ အပူရှိန်က အမြင့်ဆုံးအမှတ်သို့ ရောက်ပြီထင့်။ ကျွန်တော့်ကိုယ်တွင် ချွေးကလေးများစို့လာသည်။ ဆရာတော်ချပေးသော ထန်းလက်ယပ်တောင်ကလေးကို လေခတ်ရင်းမှ ကျွန်တော် သူတော်ငချစ်ရှိရာသို့ ကြည့်မိသည်။

သူတော်ငချစ်မှာ အလွန်ကြီးမားသော ထင်းမြစ်ဆုံကြီးမှထင်းတစ်ချောင်းရဖို့ သဲသဲမဲမဲကြိုးစားနေသည်ကို တွေ့ရတော့သည်။

(၁၉၉၇၊ ဖေဖော်ဝါရီလ ပထမအကြိမ်ထုတ် မင်းဘူး-မျိုးသက်အောင်၏ 'တမလွန်ခရီးသို့' စာအုပ်မှ ကူးယူတင်ပြပါသည်။)

ရှင်လန်းချမ်းမြေ့ကြပါစေ

သကျဘုန်းနွယ်(မဒေါက်)


www.burmeseclassic.com

ဘသုန်

# ယနေ့ခေတ်သုံး လက္ခဏာကွန်ရက်

**Diagram-21**

**Tternal student and free spirit**




ချက်ပြုလမ်းကြောင်း'(Ambition lines) များပါရှိခြင်းကြောင့် - ပညာရေး၌ထူးချွန်အောင်မြင်မှုရရှိပါမည်။

လက်သန်းအောက်ဘက် 'ခရီးသွားလမ်းကြောင်း' (Trarel limes) များပါရှိခြင်းကြောင့် - မနားမနေစတမ်း ခရီးရှည်သွားရတတ်ခြင်းကို ဖော်ပြသည်။

ကံလမ်းကြောင်းစတင်မှုနောက်ကျခြင်းကြောင့်- ဘဝတစ်သက်တာအတွင်း အသက်အပိုင်းအခြားအလိုက် ရှိသင့်သည့်လုပ်ငန်းစဉ်များ နောက်ကျတတ်ပါသည်။ ကံလမ်းကြောင်းတိုက နှလုံးလမ်းကြောင်းနှင့်ဖြောင့်တန်းသော ဦးခေါင်းလမ်းကြောင်းကို ဒေါင်လိုက်ဖြတ်သန်းနေသည်။

အသက်လမ်းကြောင်းမှခွဲဖြာဆင်းသက်လာသည့်များစွာသောလမ်းကြောင်းခွဲများက မနားမနေစတမ်း ခရီးဆက်တိုက်သွားနေရခြင်းရှိကြောင်း ဖော်ပြသည်။

အောင်မြင်မှုများကို ပိုင်ဆိုင်ခွင့်ရသော

**Palm Print-50**



တတ်ကြီး(၄)ပါးကိုယ်စားပြု လက်အမျိုးအစားတစ်ခုချင်းစီအလိုက်အရည်အသွေးများ

မြေဓာတ်ကိုယ်စားပြုလက် - ဖြတ်လမ်းမှ သူဌေးဖြစ်အောင်လုပ်နိုင်စွမ်းရှိသည်။

မီးဓာတ်ကိုယ်စားပြုလက် - အလုပ်တစ်ခုအား လက်စသတ်ပြီးမြောက်အောင်မလုပ်တတ်သူများဖြစ်တတ်သည်။

လေဓာတ်ကိုယ်စားပြုလက် - မျှော်လင့်ချက်ကောင်းကောင်းထားရှိတတ်သည်။ အခွင့်အရေးဟူသမျှအား လက်လွှတ်မခံတတ်ဘဲ 'ရေကြည်ရာမြက်နုရာ' ရှာဖွေတတ်သည်။

ရေဓာတ်ကိုယ်စားပြုလက် - သူရဲကောင်းဆန်ဆန် စွန့်စားလုပ်ကိုင်တတ်သည်။

စိတ်ပိုင်းဆိုင်ရာနှင့်ဘဝအခြေအနေများကို ကိုယ်စားပြုသောလက္ခဏာများ

လက်ချောင်းထိပ်များများ ကားနေခြင်းကြောင့် - အသက်ရှူဝရန်၊စိတ်မွန်းကျပ်မှုသက်သာရန် အပြင်သို့ထွက်၍ သန့်ရှင်း လတ်ဆတ်သောလေကို ရှူသွင်းပေးပါ။

လက်ညှိုးထိပ်များလက်ဗွေ၌ ရွက်ဖျင်တဲပုံစံရှိလက်ဗွေပါခြင်းကြောင့်- စိတ်အားထက်သန်တတ်ကြွခြင်းရှိတတ်သည်။

လက်ညှိုး ရှည်လျားခြင်းကြောင့် - မိမိကိုယ်မိမိဆုံးဖြတ်နိုင်ရန်လိုပါသည်။


အသက်လမ်းကြောင်းပေါ်၌ရှည်မှန်း



www.burmeseclassic.com

www.burmeseclassic.com

**Diagram-22**
**Signs of success**




**ထူးခြားသည့်လက္ခဏာများ**

နမူနာလက်ဝါးပြင်ကို လေ့လာပါက -

လက်သန်းရှည်လျားခြင်းကြောင့် (အထူးသဖြင့်) လက်သန်းထိပ်ဖျားရှည်၍ချွန်နေပါက လိမ္မာပါးနပ်စွာပြောဆိုနေထိုင်တတ်ခြင်းနှင့် အလေ့အကျင့်အစား လုပ်ရခြင်းကို ပျော်မွေ့ခြင်းရှိသူဖြစ်ပါသည်။

လက်သူကြွယ်၌ အလိပ်လိုက်ဗွေ (whorl) ပါရှိခြင်းကြောင့် အထုံပါရမီအားကောင်း၍ အများကြား၌ ထင်ပေါ်သူဖြစ်ပါမည်။

လက်ညှိုးထိပ်ဖျား၌ ရွက်ဖျင်တဲပုံစံလက်ဗွေ (Temted arches) ပါရှိခြင်းကြောင့် စိတ်အားတက်ကြွထက်သန်ခြင်းရှိကြောင်း ဖော်ပြပါသည်။

လက်ခလယ်နှင့် လက်သူကြွယ်ကြား ကြိုးကွင်းသဏ္ဌာန်လက်ဗွေပါရှိခြင်းကြောင့် အရာရာအလေးအနက်ထားတတ်သူ၊ အကျင့်စာရိတ္တအားကောင်းသူ၊ ကျင့်ဝတ်နှင့်အညီနေထိုင်တတ်သူဖြစ်ပါမည်။

လက်မတည့်ဆောက်ပုံအားကောင်းခြင်းကြောင့် မိမိကိုယ်ပိုင်အရည်အချင်းအား လက်တွေ့အသုံးချနိုင်သူ ဖြစ်ပါသည်။

**ကံလမ်းကြောင်းမှ လက်ချောင်းများဆီသို့ ခွဲဖြာတက်သွားသောလမ်းကြောင်းခွဲများ**

လက်ညှိုးဆီသို့ ခွဲဖြာသွားသောလမ်းကြောင်းခွဲသည် ဦးဆောင်မှုပေးနိုင်ခြင်း၊ ဩဇာအာဏာထက်မြက်ခြင်းရှိကြောင်း ဖော်ပြသည်။

လက်သူကြွယ်ဆီသို့ ခွဲဖြာတက်သွားသောလမ်းကြောင်းသည် အောင်မြင်ကျော်ကြားခြင်း၊ ပရိသတ်များ၏ အားပေးထောက်ခံမှုရတတ်ခြင်းသဘောကို ကိုယ်စားပြုသည်။

လက်သန်းဆီသို့ ခွဲဖြာတက်သွားသောလမ်းကြောင်းသည် ဘဏ္ဍာရေး (စီးပွားရေး) နှင့်ပတ်သက်၍ အခြေအနေကောင်းမွန်ကြောင်းဖော်ပြပါသည်။

လက်သန်းအောက်တည့်တည့် (လက်ဝါးပြင်အဆုံးနေရာအနီး) ၌ S ပုံစံ အလိပ်လိုက်ဗွေ (whorl) ပါရှိခြင်းကြောင့် အသံကိုအသုံးပြုရသောအလုပ်များဖြင့်အကျိုးပေးခြင်း၊ တေးသံရှင်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းနိုင်ခြင်းကို ဖော်ပြသည်။

မှတ်ဉာဏ်အားကောင်းခြင်းကို ကိုယ်စားပြုသော ကြိုးကွင်းပုံစံရှိဗွေ (loop) က ဦးခေါင်းလမ်းကြောင်းအောက်ပိုင်းတွင် ချိတ်ဆက်ပါရှိနေခြင်းကြောင့် ဖန်တီးနိုင်စွမ်းရှိသည့်အထုံပါရမီအားကောင်းသူ၊ စွမ်းရည်ထက်မြက်သူဖြစ်ကြောင်း ဖော်ပြပါသည်။

ဦးခေါင်းလမ်းကြောင်းမှလက်သန်းဆီသို့ ခွဲထွက်သွားသော လမ်းကြောင်းခွဲသည် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ၌ အကျိုးပေးကြောင်း ဖော်ပြပါသည်။

**Apollo လမ်းကြောင်းနှင့်အခြားအောင်မြင်ရေးလမ်းကြောင်းများ**


နမူနာလက်ဝါးပြင်အား လေ့လာပါက -

ဦးခေါင်းလမ်းကြောင်း(သို့)အာသာလမ်းကြောင်းသည် လက်ညှိုးအောက်ခြေမှစတင်နေခြင်းကြောင့် ငယ်စဉ်ကတည်းကပင် မိမိကိုယ်မိမိ ယုံကြည်

www.burmeseclassic.com

**Diagram-23**

**The Apollo line and other signs of success**




မှုအားကောင်းပြီး မည်သူနှင့်မဆို ယှဉ်ပြိုင်ရဲသည့်သဘာဝပါရှိပြီးဖြစ်ကြောင်း ဖော်ပြသည်။

ဦးခေါင်းလမ်းကြောင်း(သို့)အသက်လမ်းကြောင်းမှခွဲထွက်သော ရှည်လျားအညှို့လမ်းကြောင်းခွဲက ရှင်းလင်းထင်ရှားစွာ လက်ညှိုးဆီသို့တက်သွားခြင်းကြောင့် လုပ်ငန်းကြီးများစွာအား အောင်မြင်အောင် စီမံကိုင်တွယ်နိုင်စွမ်းရှိကြောင်း ဖော်ပြသည်။

ကံလမ်းကြောင်း (၂) ခုသည် တစ်ချိန်တည်းမှာပင် အသက်လမ်းကြောင်းမှ ခွဲ၍တက်နေခြင်းကြောင့် အကောင်းဆုံး၊ အမြင့်မြတ်ဆုံးသော အောင်မြင်မှုကို ရယူနိုင်ကြောင်း ဖော်ပြသည်။

လက်ဝါးပြင်အစွန်းမှလက်သူကြွယ်ဆီသို့ထောင်တက်လာသောလမ်းကြောင်း (Apollo) လမ်းကြောင်းက အောင်မြင်မှုအပေါင်း ရယူနိုင်ခြင်းကို ကိုယ်စားပြုသည်။

**ကြယ်ပွင့်သင်္ကေတန်နှင့်ကြိုက်ပုံအမှတ်အသားများ**

လက်ဝါးပြင်အောက်ခြေ၌ ကြယ်ပွင့်တစ်ခုပါရှိနေခြင်းသည် စိတ်ကူးအတွေးအခေါ်များဆန်းသစ်သည့်သဘော၊ ဖန်တီးနိုင်မှုစွမ်းအားမြင့်မားသည့်သဘောကိုဖော်ပြပါသည်။

လက်ညှိုးအောက်ခြေ အသားဆူဖြိုးသည့်နေရာပေါ်၌ ကြယ်ပွင့်ပါရှိခြင်းသည် ကျော်ကြားမှုနှင့်အောင်မြင်ခြင်းနှစ်ခုရောထွေးအကျိုးပြုနေသည့်သဘောကိုဖော်ပြပါသည်။

လက်သူကြွယ်အောက်၌ ကြယ်ပွင့်ပါရှိခြင်းသည် ဘဝ၏အောင်မြင်မှုများ နောက်ကျစွာအကျိုးပေးတတ်ခြင်းကိုဖော်ပြသည်။

**အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်နှင့် ပတ်သက်သော လက်ချောင်းအတိုရှည် လက်ချောင်းလက်ဗွေများ**

**လက်ညှိုး** - ရန်ပုံငွေကောက်ခံမှုဆိုင်ရာလုပ်ငန်းများ၊ အကြံပေး၊ အတိုင်ပင်ခံ၊ အမှုဆောင်အရာရှိ စသည့်အလုပ်များဖြင့် အကျိုးပေးသည်။

**လက်ခလယ်** - မြို့ပြ (အစိုးရ) ဝန်ထမ်း၊ စာရင်းကိုင်အလုပ်များ အကျိုးပေးသည်။

**လက်သူကြွယ်** - အားကစား၊ *အနု ပညာ၊ ဂီတ၊ ပန်းချီ၊ သရုပ်ဆောင်၊* ဒီဇိုင်နာ၊ မီဒီယာ (သတင်းထောက်) အလုပ်များ၌ အောင်မြင်သည်။

**ရှည်လျားသောလက်သန်း** - ဆရာအလုပ်၊ မီဒီယာ၊ ကြော်ငြာလုပ်ငန်းတို့၌ အောင်မြင်တတ်သည်။

**ရှည်သောလက်ချောင်းများ**-ပန်းချီ၊ ဂီတ၊ အယ်ဒီတာ၊ တည်းဖြတ်လုပ်ငန်းများဖြင့်အကျိုးပေးသည်။

**တိုသောလက်ချောင်းများ** - ကုန်သွယ်ရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးနှင့် အရောင်းအဝယ်တို့၌ အောင်မြင်တတ်သည်။

**လက်ဗွေနှင့်အလုပ်အကိုင်**

**မှန်ဝအခုံးပုံစံ (Arch) လက်ဗွေ** - မြေထည်၊ မြေအိုး၊ ချက်လုပ်ငန်းများ၊ အဆောက်အအုံဆောက်ခြင်းလုပ်ငန်း၊ အလှပြင်ဆင်ခြင်းလုပ်ငန်း စသည့် မိမိကျွမ်းကျင်ရာ ကိုယ်ပိုင်လုပ်ငန်းများဖြင့် အကျိုးပေးသည်။

**ရွက်ဖျင်တဲပုံစံ (Temted arch)** - ဂီတနှင့်ပတ်သက်သောလုပ်ငန်း၊ ရန်ပုံငွေ ကောက်ခံခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့်ပတ် သက်သော ခွဲခြမ်းစိတ်ဖြာအဖြေရှာခြင်းနှင့်ပတ်သက်သောအလုပ်များဖြင့်အကျိုးပေးသည်။

**ကြိုးကွင်းသဏ္ဌာန်လက်ဗွေ**-လူထုဆက်သွယ်ရေး၊ မီဒီယာ၊ ဈေးအရောင်းဝယ်၊ သုတေသနလုပ်ငန်း စသည်တို့ဖြင့် အကျိုးပေးသည်။

**အလိပ်လိုက်ဗွေ (whorl)** - သရုပ်ဆောင်အလုပ်၊ ဒီဇိုင်နာ၊ သိပ္ပံ စသည်တို့နှင့်ပတ်သက်၍ အောင်မြင်တတ်သည်။

**ပေါင်းစပ်လက်ဗွေ (composite)**- ဥပဒေ၊ အတိုင်ပင်ခံ၊ အကြံပေးမီဒီယာ၊ လူမှုရေးလုပ်ငန်းစသည့်လုပ်ငန်းနယ်ပယ်တို့၌ အကျိုးပေးသည်။

**ဥခေါင်းမျက်လုံးပုံစံလက်ဗွေ**- စွန့်စားမှုပါသောလုပ်ငန်းမျိုးစုံဖြင့် အကျိုးပေးတတ်သည်။

**လက်အမျိုးအစားနှင့်အလုပ်အကိုင်**

**မီးကိုယ်စားပြုလက်**-သရုပ်ဆောင်အလုပ် (ရုပ်ရှင်မင်းသား၊ မင်းသမီး) အရောင်းအဝယ်၊ နိုင်ငံရေးသမား၊ စီမံ



www.burmeseclassic.com

www.burmeseclassic.com

ခန့်ခွဲရသောအလုပ်၊ ဂျာနယ်လစ်၊ အားကစား စသည့် အလုပ်များဖြင့် အကျိုးပေးသည်။

**မြေကိုယ်စားပြုလက်**-အဆောက်အအုံတည်ဆောက်ခြင်း၊ ဥယျာဉ်လုပ်ငန်း၊ ယာလုပ်ငန်း၊ အားကစား၊ ကိုယ်ပိုင်လုပ်ငန်းစသည်တို့ဖြင့်အကျိုးပေးသည်။

**လေကိုယ်စားပြုလက်** - ကွန်ပျူတာနှင့်ပတ်သက်သောအလုပ်၊ ဒီဇိုင်း၊ ဂျာနယ်၊ စာရေးခြင်း၊ မီဒီယာ၊ စာသင်ခြင်း၊ နိုင်ငံရေးသမား စသည့် လောကနယ်ပယ်များ၌ အောင်မြင်တတ်သည်။

**ရေကိုယ်စားပြုလက်** - သူနာပြု၊ ဖက်ရှင်၊ ပန်းချီ၊ အတိုင်ပင်ခံ စသည့် အလုပ်များဖြင့် အကျိုးပေးသည်။

**ဦးခေါင်းလမ်းကြောင်းက လက်ညှိုးအောက်ခြေမှစတင်နေခြင်း**

ဂျာနယ်လစ်လုပ်ငန်းဖြင့်အကျိုးပေးမည့်အလားအလာရှိသည်။ မိမိ၏ရည်မှန်းချက်နှင့်ယုံကြည်မှုတို့ပိုမိုခိုင်မာခြင်းအပေါ်မူတည်၍ မိမိကျင်လည်ကျက်စားရာလုပ်ငန်းများ ပိုမိုတိုးတက်နေပါမည်။

**ဦးခေါင်းလမ်းကြောင်းနှင့် (နှလုံး) လမ်းကြောင်းတို့နီးကပ်စွာရှိနေခြင်း**

ထိုအနေအထားသည် ထိုးထွင်းဆင်ခြင်နိုင်ခြင်း၊ အမြော်အမြင်ကြီးခြင်း၊ တစ်ခါတစ်ရံ ရက်စက်တတ်ခြင်း စသည့် အရည်အသွေးများဖြင့် အောင်မြင်နေတတ်သည့်သဘောကို ဖော်ပြပါသည်။

**ဦးခေါင်းလမ်းကြောင်းပေါ်၌ ခက်ရင်းခွ ငယ်ပုံစံရှိနေခြင်း**

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားခြင်း၊ အထုံပါရမီအားကောင်းခြင်းတို့ကို ဦးခေါင်းလမ်းကြောင်းပေါ်ရှိ ခက်ရင်းခွငယ်ပုံစံက ကိုယ်စားပြုသည်။

**ဦးခေါင်းလမ်းကြောင်းပေါ်၌ ခက်ရင်းခွကြီးပုံစံရှိနေခြင်း**

ဦးခေါင်းလမ်းကြောင်းပေါ်တွင်ရှိ ခက်ရင်းခွပုံစံကြီးမားပါက အဆုံးစွန်သော ပျက်စီးမှု(သေဆုံး)မှုနှင့် ရင်ဆိုင်ရတတ်ကြောင်း ဖော်ပြပါသည်။

ဗြိတိန်ဘုရင်မကြီး အဲလစ်ဇဘက်၏ ခွေးမတော် မင်းသမီးဒိုင်ယာနာ၏ ယာဘက်လက်တွင်ပါရှိသော ဦးခေါင်းလမ်းကြောင်းက ခက်ရင်းခွပုံစံ(အကြီး) အဖြစ် လက်ဝါးပြင်အလယ်တည့်တည့် နေရာအား ကျော်လွန်၍ရှိနေခြင်းကြောင့်

Palm Print-51





ငယ်ငယ်ရွယ်ရွယ်ဖြင့် (အသက် ၃၀ နှစ်ကျော်၌) ကွယ်လွန်ခဲ့ရသည်။

**ဦးခေါင်းလမ်းကြောင်းခွဲပါရှိခြင်း**

နမူနာပုံပါ လက်ဝါးပြင်အား လေ့လာပါက ဦးခေါင်းလမ်းကြောင်းခွဲပါရှိပြီး အသက်(၃၁)နှစ်အရွယ်မှစတင်၍ စီးပွားရေးအခြေချလုပ်ကိုင်သူ အမျိုးသမီး၏ အဆိုပါအသက်အပိုင်းအခြားအတွင်း ကံလမ်းကြောင်းအသစ်ပေါ်နေသောလက္ခဏာအား တွေ့ရပါမည်။

**ဦးခေါင်းလမ်းကြောင်း (၂)ထပ်ပါရှိခြင်း**

Palm Print-52




နမူနာလက်ဝါးပြင်အား လေ့လာပါက ဦးခေါင်းလမ်းကြောင်း (၂) ထပ်တွင် အပေါ်ဘက်ဦးခေါင်းလမ်းကြောင်းက လိမ္မာပါးနပ်ခြင်းသဘောကို ဖော်ပြပြီး ဒုတိယလမ်းကြောင်းသည် အင်္ဂါအောက်ဂြိုဟ်ခုံပေါ်ရှိ အသက်လမ်းကြောင်းအတွင်းမှ စတင်နေခြင်းကြောင့် ရန်များတတ်သည့်သဘာဝနှင့် မိမိကိုယ်မိမိဖျက်ဆီးတတ်သည့်သဘာဝများပါရှိကြောင်း ဖော်ပြပါသည်။

**ဦးခေါင်းလမ်းကြောင်းက ဖော်ပြသော အထုံပါရမီများ**

စာရေးဆရာအတော်များများ၏ လက်ဝါးပြင်အား လေ့လာခဲ့ရာ ဦးခေါင်းလမ်းကြောင်းရှည်လျားပြီး လက်သန်းထင်ရှားစွာပါရှိကြောင်း တွေ့ရပါမည်။

ဦးခေါင်းလမ်းကြောင်းဖြောင့်တန်းသော စာရေးဆရာအနေဖြင့် မိမိအတွေ့အကြုံအမျိုးမျိုးနှင့်ပတ်သက်၍ စာပေဖြင့် ရေးသား တင်ပြတတ်ပြီး ဦးခေါင်းလမ်းကြောင်းကွေးညွတ်သည့် စာရေးဆရာအနေဖြင့် စိတ်ကူးအတွေးအမြင်များအား ပုံဖော်ရေးသားတတ်သူ ဖြစ်ပါသည်။ ဦးခေါင်းလမ်းကြောင်းကွေးညွတ်ခြင်း ထင်ရှားလွန်းပါက သိပ္ပံဝတ္ထုဆောင်းပါး၊ စိတ်ကူးယဉ်ဒရမ်မာဇာတ်လမ်းတို့အား ကျွမ်းကျင်စွာရေးသားနိုင်သူဖြစ်ပါသည်။

လက်ဝါးပြင်၌ ဆော်လမွန်လက်စွပ်ပါရှိသူဖြစ်လျှင် စိတ်ပိုင်းဆိုင်ရာ(သို့) စိတ်ပညာအားအခြေခံသောဇာတ်လမ်းဝတ္ထုများရေးသားသူဖြစ်ပြီး ကြိုးကွင်းလက်ဗွေ (Loop)ပါရှိပါက ဟာသစာပေ၊ သရော်လှောင်ပြောင်သည့် ဇာတ်တွန်း-ဇာတ်လမ်းများရေးသားသူ ဖြစ်ပါမည်။

ဦးခေါင်းလမ်းကြောင်းခွဲက လက်သန်းဆီသို့ခွဲသွားပါက စာရေးခြင်းအလုပ်ဖြင့်စီးပွားဖြစ်သူ စာရေးဆရာဖြစ်ပြီး လက်ညှိုးအောက်ခြေမှလမ်းကြောင်းတစ်ခုက ဦးခေါင်းလမ်းကြောင်းဆီသို့ ထိုးဆင်းသွားပါက မိမိရေးသားသော စာအုပ်အားထုတ်ဝေရာ၌ အောင်မြင်သူဖြစ်ပါမည်။

ကံလမ်းကြောင်းပေါ်၌ Apollo လမ်းကြောင်း ပေါ်လာခြင်းဖြင့်လည်း အထက်ပါအကျိုးပေးများကောင်းမွန်နေပါမည်။

**လက္ခဏာ စတင်ဖတ်ကြား ဟောကိန်းထုတ်ခြင်းမပြုမီ ကြိုတင်လိုက်နာရမည့် လမ်းညွှန်ချက်များ**

1. လက်ဝါးပြင်ပါ လမ်းကြောင်းများ၏အရွယ်အစား၊ အတို၊ အရှည်အား စစ်ဆေးခြင်းအပြင် လက်မနှင့်အခြား လက်ချောင်း (၄) ချောင်း၏နူးညံ့မှု (သို့) မာကျောတောင့်တင်းမှုအခြေအနေကို လေ့လာပါက လက်ချောင်းများ တစ်ချောင်းနှင့်တစ်ချောင်းနီးကပ်ခြင်း(သို့) ဝေးကွာခြင်းအပြင် လက်ညှိုးနှင့်လက်မကြား အကွာအဝေးအနေအထားကိုပါ လေ့လာပါ။

2. လက်ဝါးပြင်၏ အရွယ်အစားအကြီး၊ အသေးကိုစစ်ဆေးပါ။ လက်ဝါးပြင်နှင့်လက်ချောင်းများ၏အရှည်တို့ကို တိုင်းတာပါ။ ပြီးနောက် မည်သည့်လက်ဝါးအမျိုးအစားက ဓာတ်ကြီး(၄)ပါးအနက်



www.burmeseclassic.com

www.burmeseclassic.com

မည်သည့်ဓာတ်ကို ကိုယ်စားပြုကြောင်း ဖော်ပြပါ။

3. လက်ဝါးပြင်ရှိ နှလုံး-ဦးခေါင်း-အသက် (အဓိကလမ်းကြောင်း) များကို စစ်ဆေးပါ။ ၎င်းလမ်းကြောင်းတို့၏ ကွေးညွတ်ခြင်း၊ ဖြောင့်တန်းခြင်းအခြေအနေကိုလေ့လာပါ။

4. မိမိကိုယ်မိမိ တန်ဖိုးထားတတ်ခြင်းကို ကိုယ်စားပြုသောလက်မနှင့် လက်ညှိုးအား (ကျန်လက်ချောင်းများအနက်) အဓိကစစ်ဆေးပါ။

5. လက်ချောင်း(၁၀)ချောင်းထိပ်ဖျားတစ်ခုချင်းစီရှိ လက်ဗွေများကို စစ်ဆေးပါ။ အထူးသဖြင့် လက်ညှိုးနှင့် လက်မထိပ်ဖျားရှိ လက်ဗွေများကို အဓိကစစ်ဆေးပါ။

6. လက်ဝါးပြင်တည်ဆောက်ပုံလေးထောင့် (စတုရန်း) ကျခြင်း (သို့) ထောင့်မှန်စတုဂံပုံရှိခြင်းတို့ကို လေ့လာပါ။

7. လက်ဝါးပြင်ပါ လမ်းကြောင်းများ၏ စောက်နက်ထင်ရှားခြင်း၊ မှုန်ဝါးခြင်းစသည့် (အားကောင်းခြင်း၊ အားနည်းခြင်း) အနေအထားကိုခွဲခြားပါ။

8. အဓိကလမ်းကြောင်းများ၏ အစပြုရာနေရာနှင့် ဦးတည်ရာအရပ်တို့ကိုစစ်ဆေးပါ။ ၎င်းလမ်းကြောင်းများ၏ ရှည်လျားခြင်း၊ ပြတ်တောက်ခြင်း၊ တစ်ခုပေါ် တစ်ခုထပ်နေခြင်း၊ ကျွန်းခံနေခြင်းနှင့်ခက်ရင်းခွပုံစံဖြင့် အဆုံးသတ်နေခြင်းများကိုလေ့လာပါ။

9. အဓိကလမ်းကြောင်းများပေါ်ရှိ အထုံပါရမီအားကောင်းခြင်းပြအမှတ်လက္ခဏာတို့အား သာမညလမ်းကြောင်းတို့က မည်သို့ပံ့ပိုးပေးထားသည်ကို စစ်ဆေးပါ။

10. လက္ခဏာရှင်မှ လက်စွပ်ဝတ်ဆင်ခြင်းရှိ မရှိလေ့လာပြီး ရှိခဲ့ပါက မည်သည့်လက်ချောင်းတွင်ဝတ်ဆင်ထားခြင်းကြောင့် အကျိုးသက်ရောက်မှုမည်သို့ရှိမည်နှင့် လက်ချောင်းထိပ်ဖျားကားခြင်း၊ ချွန်ခြင်း၊ လက်သည်းခွံများ အတိုအရှည်တို့မှအစ ကွာခြားမှုများကိုလေ့လာပါ။

11. လက်ဝါးပြင်အားစစ်ဆေး၍ လက်ရှိအခြေအနေနှင့်အနာဂတ်အလားအလာတို့အား လက္ခဏာတည်ဆောက်ပုံအလိုက် အဖြေထုတ်ပေးပါ။

12.အခြေအနေတစ်ရပ် (အကောင်း - အဆိုး)ကို လွန်မြောက်ပြီး နောက်ပိုင်း တိုးတက်မှု (သို့) ဆုတ်ယုတ်မှုအခြေအနေများကို လေ့လာပါ။

13. လက်ဝါးပြင်ပါ အခြားအမှတ်အသားတိုင်းသည် လက္ခဏာရှင်၏ ပင်ကိုစရိုက်လက္ခဏာနှင့် အတွေ့အကြုံများအား ဖော်ပြပေးခြင်းကြောင့် စိတ်ပိုင်း-ရုပ်ပိုင်းဆိုင်ရာ အနေအထားအားလုံးအား ဆက်စပ်ဖော်ပြပေးပါ။

**ဘရုစ်၏လက်ဝါးပြင်(နမူနာ)အားလေ့လာခြင်း**

a. မြေဓာတ်ကိုယ်စားပြုလက်ဝါးပြင် ဖြစ်သည်။

b. အသက်လမ်းကြောင်းက လက်ဝါးပြင်အားလွှမ်းမိုးထားပြီး လက်ဝါးပြင်အလယ်ကောင်အတွင်းမှဖြတ်သွားလျက်ရှိသည်။

c. ဦးခေါင်းလမ်းကြောင်းသည် အသက်လမ်းကြောင်းအရှည်၏ထက်ဝက်နီးပါးခန့်အထိ နီးကပ်စွာချိတ်ဆက်နေပါသည်။

d. ဦးခေါင်းလမ်းကြောင်းနှင့်နှလုံးလမ်းကြောင်းတို့ ဖြောင့်တန်းပြီး သိသိသာသာတိုနေပါသည်။

e. ကံလမ်းကြောင်းသည် အသက်လမ်းကြောင်းမှဖြာတက်လာသော်လည်း မှေးမှိန်(အားပျော့)နေသည်။

f. လက်ညှိုးအနေအထားသိသာစွာတိုတောင်းနေပါသည်။

နမူနာလက်ဝါးပြင်အရ ဘရုစ်သည် ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး လက်ရှိကာလ၌ အသက် (၄၀) နီးပါး (၃၈-၃၉နှစ်ကြား) အရွယ်ရောက်နေပြီဖြစ်သည်။ သူသည် ရိုးသားပွင့်လင်းသော်လည်း စိတ်ပိုင်းဆိုင်ရာနူးညံ့၍ ဆတ်ဆတ်ထိမခံတတ်သူဖြစ်သည်။ သူ၏ငယ်စဉ်ဘဝများတစ်လျှောက် အခက်အခဲမျိုးစုံအား ကြံ့ကြံ့ခံရင်ဆိုင်နိုင်ခဲ့သူဖြစ်သည်။ ပထမအကြိမ် အိမ်ထောင်ကျခဲ့ဖူးပြီး လွန်ခဲ့သည့် (၃) နှစ်က နောက်ထပ် အမျိုးသမီးတစ်ဦးနှင့် တွေ့ဆုံ၍ စေ့စပ်ထားခဲ့သူဖြစ်သည်။ သူ၏မိခင်မကွယ်လွန်မီ (၈) သားအရွယ်ကပင် ယစ်ထုပ်ဖြစ်သူဖခင်ကြောင့် စိတ်ပိုင်း-ရုပ်ပိုင်း (၂) ရပ်စလုံး ထိခိုက်ခဲ့ရသည်။ ဘရုစ်၏အသက်လမ်းကြောင်းအစပိုင်း၌ ကြက်ခြေခတ်သဏ္ဌာန်အမှတ်အသားများနှင့် ကျွန်းများခံနေသည်ကိုတွေ့ရပါမည်။ မိခင်ဖြစ်သူကွယ်လွန်ပြီးနောက်ပိုင်း ဖခင်က ဘရုစ်အား ဆွေမျိုးသားချင်းများထံ (ကြည့်ရှုစောင့်ရှောက်ရန်) စွန့်ပစ်ထားခဲ့သည်။ ဘရုစ်အနေဖြင့် အေးချမ်းသောဘဝဖြင့်ရပ်တည်ရန် ကြိုးစားခဲ့ကြောင်း (c) ကိုယ်စားပြုလက္ခဏာကဖော်ပြသည်။ ဘရုစ်သည် အလုပ်ကြိုးစားသူတစ်ဦးဖြစ်ကြောင်း (a)နှင့် (b)က ဖော်ပြသည်။ ဘရုစ်၏ဘဝအောင်မြင်ရေးအနေအထားအား (e)က ကိုယ်စားပြုသည်။ ဘရုစ်၏လက်ချောင်းများတိုတုတ်-သန်မာ၍ 'မြေဓာတ်ကိုယ်စားပြုလက်'ဖြစ်နေခြင်းနှင့် ဦးခေါင်းလမ်းကြောင်းပြတ်တောက်နေခြင်းတို့က အပြုအမူအပြောအဆိုများ တုံးတိတိနိုင်တတ်ကြောင်း ဖော်ပြသည်။ အရှက်အကြောက်ကြီးတတ်ခြင်း၊ စကားနည်းခြင်း၊ စိတ်လှုပ်ရှားလွယ်ခြင်းတို့အား (c)နှင့် (f) က ကိုယ်စားပြုသည်။

ဘရုစ်၏ကိုယ်ခန္ဓာကြံ့ခံတောင့်တင်း-သန်မာခြင်းသဘောအား (b) က ဖော်ပြထားသည်။ ကျန်းမာရေးကိုယ်စားပြုလက်ကြောင်းများက အသက်လမ်းကြောင်းအား ထောင့်ဖြတ်ပုံစံဖြတ်အသန်းနေခြင်းကြောင့် ဝိုးရိမ်ပူပန်မှု လွန်ကဲပြီး အာရုံကြောဆိုင်ရာရောဂါဝေဒနာများ ဝင်ရောက်နိုင်ကြောင်း ဖော်ပြနေပါသည်။



**Bruce ထင်ရှားသောလက္ခဏာများ**

www.burmeseclassic.com

www.burmeseclassic.com

**"Cleo Laine"၏**
**လက်ဝါးပြင်နမူနာအား လေ့လာခြင်း**



**cleo laine ၏ လက်ဝါးပြင်နမူနာအား လေ့လာခြင်း**

cleo အား ၁၉၂၇၊ အောက်တိုဘာလ ၂၈ ရက် နံနက်အစောပိုင်းအချိန် Southall မြို့၌ မွေးဖွားခဲ့သည်။ သူမ၏ လက်ဝါးပြင်ကိုလေ့လာရာ၌ အောက်ပါ ကြန်အင်လက္ခဏာများကိုတွေ့ရှိရသည်။

**လက်သူကြွယ်က လက်ဝါးပြင်အား လွှမ်းမိုးထားပြီး လက်ညှိုးက သင့်တင့်သောအရွယ်အစားရှိခြင်း** - လက်သူကြွယ်၏ထူးခြားချက်က သူမအား အဆိုတော်ဖြစ်အောင် ဖန်တီးပေးနိုင်ခဲ့သည်။ လက်သန်းသည် သာမန်ထက်သေးငယ်သောကြောင့် သူမရည်မှန်းချက်များ ပိုမိုအဆင်ပြေခဲ့သည်။

**သောကြာဂြိုဟ်ခုံကြီးမားပြီး လက်ချောင်းရိုး(အောက်ပိုင်း)ကလည်းကြီးထွားခြင်း**- မြေဓာတ်ကိုယ်စားပြုလက်ဝါးပြင်ဖြစ်ပြီး ထူးခြားသောအသံအား ပိုင်ဆိုင်ထားသူလည်းဖြစ်သည်။ လက်ချောင်းထိပ်ဖျား၌ အလိပ်လိုက်ဗွေ (whorl)ပါရှိပြီး ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းက နီးကပ်စွာရှိနေပါသည်။

**ထင်ရှားသောအင်္ဂြိုဟ်လမ်းကြောင်းပါရှိခြင်း** - ထိုအနေအထားသည် စွမ်းဆောင်ရည်အားကောင်းခြင်းသဘောကို ကိုယ်စားပြုသည်။

**လက်မနှင့်လက်ချောင်းများ နီးကပ်စွာရှိနေခြင်းနှင့် လက်သန်းက လက်ဝါးပြင်မှဝေးကွာနေခြင်း** တို့က ဘဝတစ်သက်တာအတွင်း ထူးဆန်းသောဖြစ်ရပ်များနှင့် တွေ့ကြုံခဲ့ရကြောင်း ဖော်ပြနေပါသည်။

**Matthew Manning၏ နမူနာ လက်ဝါးပြင်အား လေ့လာခြင်း**

Matthew အား ၁၉၅၅ ခုနှစ်၊ဩဂုတ်လ ၁၇ ရက်၊ ညနေ(၄)နာရီ (၁၅) မိနစ်တွင် အင်္ဂလန်နိုင်ငံ Redruth ၌ ဖွားမြင်ခဲ့သည်။ အထုံပါရမီအားကောင်းသူဖြစ်သောကြောင့် စာရေးခြင်းနှင့် မီဒီယာလုပ်ငန်းများ၌ အလိုလိုစိတ်ပါဝင်စားခဲ့၏။ Matthew သည် စုပါမင်းကဲ့သို့ စွမ်းအင်ထူးများမရှိသော်လည်း သူတကာထက်သာလွန်သော အထုံပါရမီနှင့် စွမ်းဆောင်ရည်ကောင်းများအား ပိုင်ဆိုင်ထားသူဖြစ်သည်။

Matthew ၏ လက်ဝါးပြင်အား လေ့လာ၍ အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

1."Matthew" ၏ လက်ဝါးတည်ဆောက်ပုံအနေအထားက မည်သည့် လက်အမျိုးအစားတွင်ပါဝင်သနည်း။

**အဖြေ**- လက်ဝါးပြင်လေးထောင့် (စတုရန်း) ကျ၍ လက်ချောင်းများရှည်လျားပြီးကွေးညွှတ်နိုင်ခြင်းရှိသောကြောင့် လေဓာတ်ကိုယ်စားပြုလက်အမျိုးအစားတွင် ပါဝင်သည်။

2. အလုပ်ခွင်အတွင်းအာရုံစူးစိုက်မှုရှိလွန်း၍ ဇီဇာကြောင်သူအဖြစ်သတ်မှတ်ခံရခြင်းအား မည်သည့်လက္ခဏာများက ဖော်ပြသနည်း။

**အဖြေ** - ရွက်ဖျင်တဲသဏ္ဌာန်ဗွေအား လက်ညှိုးထိပ်ဖျားတွင် တွေ့ရခြင်းကြောင့် အလုပ်၌အာရုံစူးစိုက်၍ အကောင်းဆုံးဖြစ်အောင်လုပ်တတ်သူဖြစ်ကြောင်းသိရှိနိုင်ပြီး ဦးခေါင်းလမ်းကြောင်းနှင့် လက်ချောင်းများရှည်လျားခြင်းက ဇီဇာကြောင်သူဖြစ်ကြောင်း ဖော်ပြနေပါသည်။

3. ကျောင်းနေစဉ်အရွယ် အရှက်အကြောက်ကြီးတတ်ခြင်း၊အရွယ်ရောက်လာသည့်တိုင် ဒေါသတကြီးနှင့် ရန်ဖြစ်ရခြင်းများအပေါ် မုန်းတီးတတ်ခြင်းတို့အား မည်သည့်ကဖော်ပြ နည်း။

**အဖြေ** - အသက်လမ်းကြောင်းအစပိုင်း၌ ချိန်းကြိုးသဏ္ဌာန်ဖြစ်နေခြင်း၊ ဦးခေါင်းလမ်းကြောင်း လက်ဝါး၏အမြင့်နေရာမှစ၍ တနင်္လာဂြိုဟ်ခုံဆီသို့ဆင်းသွားခြင်းတို့က အရှက်အကြောက်ကြီး၍ ရန်ရှောင်တတ်သူအဖြစ်ဖော်ပြပါသည်။

၄. အသက်(၂၃)နှစ်၌ သူ၏ စွမ်းဆောင်ရည်များ တိုးတက်လာခဲ့ပြီး သူ၏ အေးဂျင့်နှင့်လုပ်ငန်းကိစ္စများအား လုံးဖြတ်တောက်၍ လွတ်လပ်စွာနေခဲ့ခြင်းကို မည်သည့်က ဖော်ပြသနည်း။



**"Matthew Manning"၏ နမူနာလက်ဝါးပြင်အား လေ့လာခြင်း**



www.burmeseclassic.com

www.burmeseclassic.com

**အဖြေ** - အသက်လမ်းကြောင်းမှ အပေါ်တက်သွားသောလမ်းကြောင်းများကိုကြည့်ခြင်းဖြင့် သိရှိနိုင်သည်။

5. Mattew ကိုယ်တိုင်က မိမိသဘောထားအမြင်များ အသစ်ပြောင်းလဲရန်လိုကြောင်း၊ သူတစ်ပါးက ထောက်ပြသင်ကြားစရာမလိုဘဲ နားလည်မှုရှိကြောင်းတို့ကို မည်သည့်လက္ခဏာက ဖော်ပြသနည်း။

**အဖြေ**- အသက်လမ်းကြောင်းနှင့် လွတ်လပ်စွာစတင်ခဲ့သည့် ဦးခေါင်းလမ်းကြောင်းက ကိုယ်စားပြုဖော်ပြပါသည်။

6. Mattew က သူ၏စီးပွားရေးအောင်မြင်ခြင်းမရှိခဲ့ဟု ယုံကြည်နေခြင်းက အဘယ်ကြောင့်နည်း။

**အဖြေ** - လေဓာတ်ကိုယ်စားပြုလက်ဝါးပြင်နှင့်ကွေးညွတ်သောဦးခေါင်းလမ်းကြောင်းအား ပိုင်ဆိုင်ထားခြင်း၊ ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာကျဉ်းမြောင်းနေခြင်းတို့က ကိုယ်စားပြုဖော်ပြပါသည်။

**Simom Callow ၏ လက်ဝါး ပြင်အားလေ့လာခြင်း**

1. "Simom" ၏ ထက်မြက်သောဉာဏ်စွမ်းနှင့် ထိရောက်သောဖန်တီးနိုင်မှုစွမ်းရည်များအား မည်သည့်လက္ခဏာက ကိုယ်စားပြုသနည်း။

**အဖြေ**- ဦးခေါင်းလမ်းကြောင်းနှင့် လက်ချောင်းများရှည်လျားနေခြင်းကဖော်ပြပါသည်။

2. Simom သည် ရုပ်ရှင်သရုပ်ဆောင်၊ စာရေးဆရာ၊ ဒါရိုက်တာတစ်ဦးဖြစ်ပြီး သူ့ဘဝတစ်သက်တာအတွင်း ပရိသတ်၏ချီးကျူးဂုဏ်ပြုမှုများရရှိခြင်းအပေါ် မည်သည်တို့က ဖော်ပြသနည်း။

**အဖြေ**- ကံလမ်းကြောင်း (၂)လိုင်းက လက်ဝါးပြင်အတွင်းဝင်ရောက်လျက်ရှိသည်။ ကံလမ်းကြောင်း(၁)လိုင်းသည် အသက်လမ်းကြောင်းမှစတင်ခဲ့ပြီး မိမိ၏ကိုယ်ပိုင်အရည်အသွေးနှင့် ကြိုးစားအားထုတ်မှုကို ကိုယ်စားပြုသည်။ တခြားကံလမ်းကြောင်းတစ်ခုက လက်ဝါးပြင်အစွန်းမှစတင်ခဲ့ခြင်းကြောင့် လူထုပရိသတ်၏အားပေးမှုခံရခြင်းအပေါ် ကိုယ်စားပြုသည်။

3. Simom သည် စာမျက်နှာ (700) ရှိသော Orsom welles ၏ ငယ်ဘဝအတ္ထုပ္ပတ္တိအား ဖွဲ့နွဲ့ပြကြီးစွာ အသေးစိတ်ရေးသားပြုစုနိုင်စွမ်းရှိခဲ့ခြင်းနှင့်ပတ်သက်၍ မည်သည့်လက္ခဏာက ကိုယ်စားပြုသနည်း။

**အဖြေ** - ရှည်လျားသောလက်ချောင်းများ၊ တင့်တယ်စွာပြေးနေသောလမ်းကြောင်းများက ဦးခေါင်းလမ်းကြောင်းထိတိုင်ရောက်ရှိခြင်းကြောင်း ဉာဏ်ရည်ထက်မြက်သူ (ဖွဲ့ကောင်းသူ) ဖြစ်ကြောင်း ဖော်ပြသည်။

4. Simom ၏ စာဖတ်ဝါသနာပါရှိခြင်းကို မည်သို့အဖြေထုတ်နိုင်သနည်း။

**အဖြေ** - သူ၏လက်ညှိုးအောက်ခြေမှ ရှည်လျားသောလမ်းကြောင်းများက လက်မအထိတိုင်ရောက်နေခြင်းက အဖြေထုတ်ပေးပါသည်။


5. Simom သည် ၁၉၉၄ ခုနှစ် (အသက်-45)နှစ်အရွယ်၌ "four weddings and a funeral" ဇာတ်ကားတွင် သရုပ်ဆောင်အဖြစ်ပါဝင်ခဲ့ကြောင်း မည်သည့်လက္ခဏာကဖော်ပြသနည်း။

**အဖြေ**- Simon အသက်(၄၅)နှစ်နီးပါးရောက်ချိန်၌ ကံလမ်းကြောင်းတွင် ဒုတိယကံလမ်းကြောင်းတစ်ခုပေါ်လာခဲ့ပြီး တစ်ချိန်တည်းမှာပင် ပင်မကံလမ်းကြောင်းက ဦးခေါင်းလမ်းကြောင်းအပေါ်ဘက်၌မှေးမှိန်ပျောက်ကွယ်သွားခဲ့သည်။ ထို့နောက် နှလုံးလမ်းကြောင်းအပေါ်ဘက်အား "Apollo Line" က မျဉ်းပြိုင်သဖွယ်ဝင်ရောက်လာခဲ့သည်။ ထိုအချက်များက"Simon"မှသရုပ်ဆောင်လောကတွင် အောင်မြင်မှုရကြောင်း ဖော်ပြပါသည်။

6. Simon ၏ လက်ဝါးပြင်အားလေ့လာ၍မိဘများ၏သြဇာသက်ရောက်မှုအား မည်သို့သိရှိနိုင်သနည်း။

**အဖြေ**- လက်ဝါးပြင်၌ မိခင်အားကိုယ်စားပြုသည့် Matriarch Line ထင်ရှားစွာလွှမ်းမိုးထားသည်။ Simom က တစ်ဦးတည်းသောသားဖြစ်ပြီး မိသားစု (အိမ်သားအားလုံး) က Simom မှလွဲ၍ အမျိုးသမီးများသာဖြစ်ကြောင်း အထက်ပါလမ်းကြောင်းကဖော်ပြသည်။

ရဲရင့်မှု (သတ္တိ)+အထုံပါရမီ+အားထုတ်မှု (လုံ့လ)= ဘဝ၏အောင်မြင်မှုများ



**"Simom Callow" ၏**
**လက်ဝါးပြင်အားလေ့လာခြင်း**

(ပြီးပါပြီ)

ဘသုန်



www.burmeseclassic.com

www.burmeseclassic.com

၁ ထူးခြားသောအဘိဇနက္ခတ်

"အဘိဇိနက္ခတ်ကို အမိကရွေးချယ်ရတဲ့အကြောင်းကို ကိုထွန်းမြိုင်က သိချင်တာလား။ အဘိဇိနက္ခတ်ဟာ မူလနက္ခတ် (၂၇) လုံးထဲမှာ မပါဘူး။ အထူးပြုနက္ခတ်တစ်လုံး ဖြစ်တယ်။ အမိတာကတော့ အဘိဇိနက္ခတ်ဟာ ဘုရားပွင့်တဲ့နက္ခတ်ဖြစ်တယ်။ အခုဟာက ဘာသာရေး၊ သာသနာရေးကိစ္စဖြစ်တော့ အတိတ်ကောင်း နိမိတ်ကောင်း ဟိတ်ကောင်းစေဖို့ ရွေးချယ်တာပဲ"



ကျေးဇူးရှင်စစ်ကိုင်းဆရာတော်ကြီး၏တပည့်

## မဟာပထမံပညာ၏မြေပြင်ဂိုဏ်းချုပ်

၂၅

# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

ပထ ဆရာဦးအေးရွှေ

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်ရာ မောင်ထွန်းမြိုင်က-

"ဘုရားပွင့်တော်မူတဲ့အချိန်ကာလ နက္ခတ်တွေနဲ့ပတ်သက်ပြီး ကြားဖူးတာကတော့ ဝိသာခါနက္ခတ်လို့ကြားဖူးတယ် ဘယ်လိုကွာတာလဲ"

"ဒီလို ကိုထွန်းမြိုင်ရဲ့၊ ဘုရားပွင့်တဲ့ နက္ခတ်ဆိုတဲ့နေရာမှာ ဝိသာခါနက္ခတ်လည်း ဟုတ်တယ်၊ အဘိဇိနက္ခတ်လည်း ဟုတ်တယ်။ ကွာခြားတာက ဝိသာခါဆိုရင် စန်းယှဉ်တဲ့နက္ခတ်ကို ယူတယ်။ အဘိဇိနက္ခတ်ဆိုရင် မွန်းတည့်နက္ခတ်ကိုယူတယ်။ ခုကိစ္စက မွန်းတည့်နက္ခတ်နဲ့ ဆိုင်တယ်။ ဒါကြောင့်သုံးတာဗျ"

ဟု ပြောဆိုပြီးနောက် ကိုယ်ပွားသည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်ပြီးနောက် -

"ကိုထွန်းမြိုင်ရေ၊ အခုအချိန်ဟာ အဘိဇိနက္ခတ်မွန်းတည့်တဲ့အချိန် အတိအကျပဲ ရောက်ပြီဗျ"

ဟု ပြောပြီး စကားဆုံးသည်နှင့် တစ်ပြိုင်နက် တစ်ခဲနက်သောအသံကြီး တစ်သံ နှစ်ဦးသား ပြိုင်တူကြားလိုက်ကြရလေတော့၏။

ထိုအခါ မောင်ထွန်းမြိုင်က -

"ကိုယ်ပွား၊ ဘာသံကြီးလဲမသိဘူး။ ဟိန်းထွက်သွားတာပဲ"

"သေသေချာချာနားထောင်ကြည့်ပါဦး ကိုထွန်းမြိုင်ရဲ့။ အသံက ဟိုဂူကြီးထဲကလာတာပါ"

ဟု ပြောလိုက်သောအခါတွင်မှ မောင်ထွန်းမြိုင်လည်း အသေအချာနားစိုက်ပြီး ထောင်လိုက်၏။ ထို့နောက်တွင်မှ-

"ဘုရားရှိခိုးကန်တော့တဲ့အသံမျိုးပဲ။ နမောတဿလားတော့မသိဘူး"

"ဟုတ်တယ်။ အသံက အခမ်းအနားအစီအစဉ်စတင်ဖွင့်လှစ်တဲ့ နမောတဿသုံးကြိမ်ရွတ်ဖတ်ပူဇော်တဲ့ အသံပါပဲဗျ။ လိုဏ်ခေါင်းထဲ၊ ဂူထဲမှာဆိုတော့ အသံကဟိန်းထွက်လာတာပေါ့ဗျ"

"ဟင်-ဒါဆိုအစည်းအဝေးကျင်းပတဲ့နေရာကိုရောက်ပြီပေါ့ ဟုတ်လား"

"ဟုတ်တယ် - ရှေ့ကဂူပဲ။ အထဲဝင်ကြရအောင်"

❏ ဝိဇ္ဇာမိုရ်ာဘဝနှင့်သာသနာ့တာဝန်

မောင်ထွန်းမြိုင်တို့ ဂူကြီးထဲသို့ဝင်လိုက်ကြ၏။ ဂူကြီးထဲသို့ရောက်သောအခါ မောင်ထွန်းမြိုင်သည် ဂူကြီးတစ်ခုလုံးကို လှေ့လာအကဲခတ်လိုက်သောအခါ အလွန်ပင်ခမ်းနားထည်ဝါလှကြောင်းတွေ့ရ၏။ ရှင်လူရဟန်းသီလရှင် စသည့် ဝိဇ္ဇာမိုရ်ပရိသတ်ကြီးကို မထင်မှတ်ဘဲတွေ့လိုက်ရသဖြင့် အလွန်ပင် အံ့သြခြင်း ဖြစ်ရလေ၏။

ထိုအချိန်တွင် အခမ်းအနားမှူးလုပ်သည့်ပုဂ္ဂိုလ်က အခမ်းအနားသို့ တက်ရောက်လာသည့် အနယ်နယ်အရပ်ရပ်မှပုဂ္ဂိုလ်များ၏အမည်နာမများကို ဖတ်ကြားနေ၏။

'အသျှင်ခန္တီသာရဆရာတော်ဘုရားကြီး၊ ရွှေသာဝတီ ရွှေမြင်တင် ပျဉ်းမနားမြို့ ဆင်ဖြူတောင်'

'အသျှင်ကောသလ္လ ဆရာတော်ဘုရားကြီး၊ မုတ္တမတောင်တန်း မွန်ပြည်နယ်'

'အသျှင်တိက္ခဉာဏ ဆရာတော်ဘုရားကြီး၊ မီးဆိုင်းတောင် ကရင်ပြည်နယ်'

'အသျှင် ဥတ္တမရံသီ ဆရာတော်ဘုရားကြီး ဘုန်းတော်ပြည့်ကျောက်စာတောင်၊ ပင်လယ်ကမ်းခြေ မော်တင်'

စသည်ဖြင့် အမည်နာမဘွဲ့တော်များကို နားထောင်ရင်း မောင်ထွန်းမြိုင်က ကိုယ်ပွားအား -

"ကိုယ်ပွား၊ အခုကြေညာနေတဲ့ ဝိဇ္ဇာမိုရ်တွေရဲ့အမည်တွေကို တစ်ခါမှတောင် မကြားဖူးဘူး။ ဘယ်လိုပုဂ္ဂိုလ်တွေလဲမသိဘူးနော်"

ဟု မေးလိုက်ရာ ကိုယ်ပွားက -

"အင်းလေ - ကိုထွန်းမြိုင်မကြားဘူးတဲ့အမည်နာမတွေများတာကတော့ ဖြစ်မယ်လေ။ ပုဂ္ဂိုလ်အများစုကတော့ သိပ်ပြီးလူသိခံကြတာမဟုတ်ဘူး။ ဒါပေမယ့် ကိုထွန်းမြိုင်သိတဲ့၊ ကြားဖူးတဲ့ပုဂ္ဂိုလ်တွေလည်းပါမှာပါ။ ဥပမာဆိုပါတော့၊ အသျှင်ခန္တီသာရဆရာတော်ဘုရားကြီး



ဆိုပါတော့။ သူ့ကိုအများက ရသေ့ကြီးဦးခန္တီလို့ပဲသိထားကြကလား ရသေ့ကြီးဦးခန္တီဆို ကိုထွန်းမြိုင်လည်းသိတယ်မဟုတ်လား။ ဒီလိုပဲသူ့နေရာနဲ့သူအခေါ်အဝေါ်အသုံးအနှုန်းတွေကပြောင်းတတ်ကြပါတယ်"

ဟု ပြောဆိုရှင်းပြလေ၏။ ဆက်လက်ပြီး မောင်ထွန်းမြိုင်က ကြေညာသည့် ပုဂ္ဂိုလ်အမည်စာရင်းကို နားစိုက်လိုက်ရာ -

"မင်္ဂဒေဝဆရာတော်ဘုရားကြီး"

"ဒိဗ္ဗစက္ခုရှင်ရသေ့ကြီး"

"အသျှင်ဥတ္တမသီရိဆရာတော်ဘုရားကြီး"

"အသျှင်သြဘာသမထေရ်"

"မြစိမ်းရှင်ရသေ့ကြီး ဦးအောင်ပြည့်"

စသည်ဖြင့် အမည်များကို ဆက်လက် ဖတ်ကြားသည်ကို ကြားလိုက်ရသောအခါ ထိုအမည်များကိုကား အတော်အသင့် ကြားဖူးနားဝရှိလေ၏။ ထို့ကြောင့် ကိုယ်ပွားအား -

"မြစိမ်းရှင်ရသေ့ကြီး ဦးအောင်ပြည့်တဲ့ဗျာ။ အရင်က ကြားဖူးတာကတော့ ဦးအောင်ပြည့်အနေနဲ့ပဲကြားဖူးတယ်။ အတူတူပဲလားတော့မသိဘူး။ နောက်ပြီး သူက ဘယ်လိုဝိဇ္ဇာအမျိုးအစားမျိုးလဲဗျ"

"ခင်ဗျားကြားဖူးတဲ့ဦးအောင်ပြည့်နဲ့ ဒီမြစိမ်းရှင်ရသေ့ကြီး ဦးအောင်ပြည့်ဆိုတာ အတူတူပဲနေမှာပါ။ ကျွန်တော်ကြားဖူးသလောက် ဝိဇ္ဇာဓရလောကမှာ ဦးအောင်ပြည့်ဆိုတာ နာမည်တူမရှိလောက်ဘူးထင်တယ်။ သူက မန္တန်ဝိဇ္ဇာပဲဗျ။ သူကတော့ ဝိဇ္ဇာဓရလောကမှာ ထူးခြားတယ်"

"ဘယ်လိုထူးခြားတာလဲဗျ"

"ထူးခြားဆို ဘယ်လိုပြောမလဲ။ ကျွန်တော်တို့ ဝိဇ္ဇာလောကမှာလည်း ဝိဇ္ဇာသာဖြစ်တယ်၊ မဟုတ်တရုတ်လုပ်တဲ့လူတွေလည်းရှိတယ်။ တကယ့်ဝိဇ္ဇာအဆင့်မရောက်ဘဲရောက်နေသယောင်ယောင် အယောင်ဆောင်တာမျိုးတွေလည်းရှိတယ်။ နောက်ပြီး စည်းဖောက်တဲ့ဝိဇ္ဇာတွေလည်းရှိတယ်။ ဦးအောင်ပြည့်က အဲဒီလိုမျိုးတွေကို လိုက်လံရှင်းလင်းသုတ်သင်တဲ့ဝိဇ္ဇာပဲဗျ။ တစ်နည်းပြောရရင် ဝိဇ္ဇာလောကရဲ့စည်းကမ်းထိန်းသိမ်းရေးပုဂ္ဂိုလ်လို့ ပြောလည်းရတယ်။ အစောင့်အရှောက်ပုဂ္ဂိုလ်လို့လည်းပြောရတယ်။ ဒါကြောင့် တော်ရုံ

www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်တွေ၊ မဟုတ်တာလုပ်ထားတဲ့ပုဂ္ဂိုလ်တွေက သူ့ကို ဝေးဝေးကနေရှောင်ကြတယ်ဗျ။ ရှောင်ဆို သူ့ရဲ့မန္တန်ကလည်း အရမ်းစွမ်းဆိုပဲဗျ"

ဟု ရှင်းပြလေ၏။

ထို့နောက် မောင်ထွန်းမြိုင်က -

"နောက်ပြီး မဂ္ဂဒေဝဆရာတော်ဘုရားကြီးဆိုတာလည်း ကြားဖူးတယ်။ သူကကော ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဗျ"

"သူကလည်း အရမ်းကိုအစွမ်းသတ္တိကြီးတဲ့ပုဂ္ဂိုလ်ပါပဲ။ မဂ္ဂဒေဝဆရာတော်လို့ခေါ်ရတာက သူ့ရဲ့အစွမ်းထက်တဲ့မဂ္ဂဒေဝစက်ကြောင့်ပဲ။ အင်းစမပညာတစ်မျိုးပဲပေါ့။ အဲဒီမဂ္ဂဒေဝစက်ကို နေစက်၊ လစက်လည်းခေါ်တယ်။ နဂါးနိုင်စက်လည်းခေါ်တယ်။ ဆရာတော်ရဲ့ သက်တော်ကလည်းမနည်းဘူးဗျ"

"အဲဒီပုဂ္ဂိုလ်ရဲ့အသက်က ဘယ်လောက်တောင်များရှိလို့လဲ"

"ခုဆို အသက်က နှစ်ခြောက်ထောင်ကျော်နေပြီ"

"ဟုတ်လား - ကောင်းလိုက်တာဗျာ။ ဒီလိုအသက်ရှည်မှလည်း ကိုယ်လေ့လာချင်တဲ့ပညာတွေ၊ ကိုယ်အားထုတ်ချင်တဲ့တရားတွေကို ကောင်းကောင်းလုပ်နိုင်တာပေါ့။ ဒါနဲ့ အဲဒီမဂ္ဂဒေဝစက်ပညာဆိုတာ ထွက်ရပ်ကိစ္စမှာပဲသုံးတာလား။ တခြားကိစ္စတွေမှာကော သုံးသေးလား"

"သုံးတာပေါ့ ကိုထွန်းမြိုင်ရဲ့။ ထွက်ရပ်တင်မဟုတ်ဘူး၊ အမျိုးဘာသာသာသနာနဲ့ဆိုင်တဲ့ လောကီကိစ္စတွေမှာလည်းသုံးတဲ့အစဉ်အလာတော့ရှိတယ်ဗျ"

"ဘယ်လိုအမျိုးဘာသာသာသနာဆိုင်ရာကိစ္စမှာသုံးတာလဲ။ အထောက်အထားလေးဘာလေးရှိရင်ပြောပါဦး"

"အဲ-အထောက်အထားနဲ့ထင်ရှားတာကိုပြောရရင် ဒီမဂ္ဂဒေဝဆရာတော်တော့မဟုတ်ဘူး။ သူ့ရဲ့တပည့်အရှင်ပညာလင်္ကာရ ဒီပင်္ကမထေရ်ဆိုတာရှိတယ်။ သူက အနုရုဒ္ဓါလို့ခေါ်တဲ့ အနော်ရထာမင်းကြီးရဲ့ဖခင် ကွမ်းဆော်ကြောင်ဖြူမင်းရဲ့ဆရာပဲ။ ဆရာဆိုတော့ ကွမ်းဆော်ကြောင်ဖြူမင်းကိုစောင့်ရှောက်တဲ့အနေနဲ့ မဂ္ဂဒေဝစက်ကို လုံအဖြစ် စီရင်ပြီးပေးခဲ့တယ်။ အဲဒီလုံကိုတော့ အရိန္ဒမာလုံလို့ခေါ်တယ်။ ကိုထွန်းမြိုင်လည်း ကြားဖူးမှာပေါ့"

"ဟုတ်ကဲ့ - ကြားဖူးပါတယ်။ အနော်ရထာမင်းတို့၊ ကျန်စစ်သားမင်းတို့ ကိုင်ဆောင်ခဲ့တဲ့အရိန္ဒမာလုံကို ပြောတာလား"

"ဟုတ်တာပေါ့၊ ကွမ်းဆော်ကြောင်ဖြူမင်းကနေ အနော်ရထာဆီရောက်ခဲ့တယ်။ အနော်ရထာကနေပြီး ကျန်စစ်သားဆီရောက်ခဲ့တဲ့လုံပဲ။ အရမ်းကိုအစွမ်းထက်တာ။ ဒီလုံနဲ့ ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ဖို့ ဗုဒ္ဓသာသနာတော်ကို ကာကွယ်ထိန်းသိမ်းဖို့နဲ့ မြန်မာလူမျိုးတွေကို စောင့်ရှောက်ဖို့အတွက်ရည်ရွယ်ပြီး အရိန္ဒမာလုံကို စီရင်ခဲ့တာပဲဗျ"

"မဂ္ဂဒေဝစက်နဲ့ အရိန္ဒမာလုံဖြစ်အောင် ဘယ်လိုစီရင်တာလဲဗျ။ ခင်ဗျားသိရင်နည်းနည်းလောက်ပြောပြပေးလို့ရနိုင်မလား"

"အသေးစိတ်တော့မပြောတော့ဘူးဗျာ။ ခင်ဗျားသိအောင်တော့ ပြောလိုက်ပါ့မယ်။ စီရင်ပုံက ဒီလိုဗျ။ လုံသွားပေါ်မှာ မဂ္ဂဒေဝစက်ကိုချတယ်။ ပြီးရင် အဲဒီလုံသွားကို လုံထဲထည့်၊ အင်္ဂါရတ်ဖိုနဲ့ထိုးတယ်။ ထိုးပြီးပြန်သွန်းတယ်။ အပြားပုံလောင်းတယ်။ မဂ္ဂဒေဝစက်ချတယ်။ ပြီးရင် ဖိုနဲ့ထိုးတယ်။ အဲဒီလိုနဲ့ ကိုးဆယ့်ကိုးကြိမ်စက်ချပြီး ဖိုထိုးတယ်။ ပြီးတော့မှ လုံသွားလုပ်တာ ဘယ်မစွမ်းရှိမလဲ။ ဒါကြောင့် ဒီလုံနဲ့တွေ့ရင် ဘယ်လောက်အစွမ်းထက်တဲ့ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ ကာယသိဒ္ဓိပြီးတာမျိုးပဲဖြစ်ဖြစ် မခံနိုင်ဘူး။ ကျဆုံးရတာချည်းပဲ။ တော်ရုံတန်ရုံသတ္တိရှိသူလည်းမရဘူး"

"ဒါကြောင့်ထင်တယ်။ ပုဂံရာဇဝင်ထဲမှာ ဖတ်ဖူးတာက အနော်ရထာနဲ့ သူ့အစ်ကို စုက္ကတေးမင်းတို့ မြင်းကဗာ အရပ်မှာ စီးချင်းထိုးကြတာ။ စုက္ကတေးမင်းလို ဘုန်းကံရှိတဲ့မင်းတောင် အနော်ရထာပစ်လိုက်တဲ့ အရိန္ဒမာလုံကြောင့် ဘယ်လိုမှမတတ်နိုင်ဘဲ ထွ[illegible]ချင်းခတ်ပေါက်ထွက်သွားပြီး နတ်ရွာ[illegible]ခဲ့တာ။ ဒါကြောင့်ဖြစ်မှာပဲနော်"

"အများကြီးသက်ဆိုင်တာပေါ့ဗျာ။ ဒါကြောင့် အရိန္ဒမာလုံဟာ သာမန်လုံမဟုတ်ဘူးဆိုတာသဘောပေါက်ရမယ်။ သမိုင်းစာပေတွေမှာတော့ စစ်ရေးစစ်ရာမှာသုံးတဲ့လုံလောက်သာ မှတ်ချက်ရှိမှာပေါ့။ နောက်ပြီးတော့ အရိန္ဒမာလုံကို သိကြားမင်းဆက်တဲ့လုံဆိုပြီးတော့လည်း ဆိုကြသေးတယ်။ အဲဒါက လုံရဲ့ အစွမ်းကထက်လွန်းလို့ တင်စားပြီးပြောတာ။ အမှန်က ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်က စီရင်ပေးတဲ့လုံပါပဲ"

"နောက်ပြီး ကိုယ်ပွား ဒိဗ္ဗစက္ခုရှင်ရသေ့ကြီးဆိုတဲ့ပုဂ္ဂိုလ်ကိုတော့ နည်းနည်းပါးပါးကြားဖူးတယ်"

"ကြားဖူးမှာပေါ့၊ သူက ကပ္ပာလင်္ကာရကျမ်းကြီးကို ပြုစုခဲ့တဲ့ ပုဂ္ဂိုလ်ပဲဟာကို"

"ဟင်- ကျုပ်ကြားဖူးတာကတော့ ကပ္ပာလင်္ကာရအင်းစမကျမ်းကြီးကို ပြုစုခဲ့တဲ့ပုဂ္ဂိုလ်က ရှင်ဥတ္တမသီရိမထေရ်ဆို။ အဲဒီလိုမဟုတ်ဘူးလား"

"ဒီလိုဗျ ကိုထွန်းမြိုင်ရဲ့။ အဲဒီရှင်ဥတ္တမသီရိဆိုတဲ့ပုဂ္ဂိုလ်က ဒိဗ္ဗစက္ခုရသေ့ကြီးရဲ့တပည့်ပဲဟာကို။ ဆရာတပည့်အစဉ်အဆက်ဆင်းသက်လာတဲ့ပညာပါပဲ။တကယ့်ပညာကောင်းပါ။ တချို့စာပေတွေ၊ သမိုင်းတွေမှာတော့ ရှင်ဥတ္တမသီရိဟာ အင်းပုရပိုက်ကျမ်းကြီးရတာတို့၊ နောက် မိုးတွေချိန်း လျှပ်စီးတွေလက်ပြီး ကျမ်းကြီးပျောက်သွားတို့ ရေးထားတာမျိုးတွေလည်းရှိပါတယ်။ အမှန်ကတော့ ဆရာတပည့်စဉ်ဆက်ဆင်းလာတဲ့ပညာပါပဲဗျ"

"ဒီကပ္ပာလင်္ကာရပညာက ကနေ့ထိအောင် ကျမ်းတွေတွေ့နေရတယ်။ အဲဒီကျမ်းတွေကကော အစစ်အမှန်တွေလို့ပြောလို့ရမလား။ ခုနပြောသလို ဆရာတပည့်အစဉ်အဆက်နဲ့ပညာစတင်တဲ့ပုဂ္ဂိုလ်တွေလွဲသလိုလွဲနေတာမျိုးဖြစ်မှာစိုးလို့ပါ"

"ကိုထွန်းမြိုင်ရေ၊ ဒီပညာရပ်ဟာ ပြင်ပလောကမှာတော့ ဆရာစဉ်ဆက်ပြတ်တာကြာပြီဗျ။ ဒီပညာဟာ ဓမ္မစေတီတို့၊ ဓမ္မပါလတို့ရဲ့ နောက်ပိုင်းမှာ တပည့်တို့ ပညာဆက်ခံတဲ့ပုဂ္ဂိုလ်တို့ဆိုတာမျိုးတွေထားတာ မတွေ့ရတော့ဘူး။ ဒါကြောင့် ဒီပညာရပ်တွေအမှန်ဆိုတာ ကျမ်းတွေစာပေတွေနဲ့လောက်နဲ့ဆုံးဖြတ်လို့မရနိုင်ဘူး။ သက်ဆိုင်တဲ့ပုဂ္ဂိုလ် တွေနဲ့ တိုက်ရိုက်တွေ့မှဖြစ်မှာဗျ"

"ဒါဆို ဓမ္မစေတီတို့၊ ဓမ္မပါလတို့ရဲ့ဆရာပုဂ္ဂိုလ်ကကော ဘယ်သူလဲဗျ"

"သူတို့ရဲ့ဆရာကတော့ ဗားမဲ့ဆရာတော်ပဲဗျ"

"ဒါဆို တကယ့်ပုဂ္ဂိုလ်တွေပဲနော်။ အဲဒီလိုဖြစ်လျက်နဲ့ ပညာရပ်က နောက်ပိုင်းမှာ ဘာလို့များအတိအကျမဖြစ်ရတာလဲ"

"ဒီကိစ္စမျိုးတွေကလည်းခက်သား ကလား ကိုထွန်းမြိုင်ရယ်။ နောက်ပိုင်းဆက်ခံတဲ့ပုဂ္ဂိုလ်တွေထဲမှာ ပညာရပ်ကိုဗုံးပေါလအောလုပ်တာတို့ အလွဲသုံးစား



www.burmeseclassic.com

www.burmeseclassic.com

လုပ်တာတို့၊ ကိုယ်ကျိုးရှာတာတို့တွေ ဖြစ်လာခဲ့ရင်လည်း သက်ဆိုင်တဲ့ပုဂ္ဂိုလ်တွေအနေနဲ့ ပညာရပ်ကိုတားမြစ်တာတို့၊ တစ်မျိုးတစ်မည် တစ်နည်းနည်းနဲ့ စီမံဆောင်ရွက်တာတို့ပြုတတ်လေ့ရှိတယ်ဗျ"

ထို့နောက် မောင်ထွန်းမြိုင်သည် ကြေညာနေသော တက်ရောက်လာသည့် ပုဂ္ဂိုလ်များစာရင်းကို ပြန်ပြီး နားထောင်ပြန်ရာ -

"အရှင်ဣန္ဒစရိယ ဆရာတော်ဘုရားကြီး"

"အသျှင်ပညာဆရာတော်ဘုရားကြီး"

"အသျှင်ယသဆရာတော်ဘုရားကြီး"

"အရှင်မထီးဆရာတော်ဘုရားကြီး"

"ပုံတောင်ပုံညာအသျှင်ကဝိန္ဒဆရာတော်ဘုရားကြီး"

ဟု ကြေညာလေ၏။ ထိုအမည်နာမများထဲမှ နာမည်အချို့ကိုကား ပုဂ္ဂိုလ်ရေးအရပင် ရင်းရင်းနှီးနှီးသိခဲ့သူများပါ၏။ သို့သော် အချို့သောပုဂ္ဂိုလ်များကိုကား လုံးဝသိလည်းမသိ၊ ကြားဖူးခဲ့ခြင်းပင်မရှိပေ။ ထို့ကြောင့် မသိသေးသောဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်များနှင့်ပတ်သက်ပြီး မေးမြန်းဦးမည်ဟု စိတ်ကူးလိုက်ချိန်တွင်မှာပင် အခမ်းအနား ဦးဆောင်ကျင်းပသည့်နာယကပုဂ္ဂိုလ်ကြီးကအဖွင့်မိန့်ခွန်းကို ပြောနေသဖြင့် နားထောင်ကာနေလိုက်တော့၏။

နာယကပုဂ္ဂိုလ်ကြီးက ပြောကြားရာတွင် ယနေ့ကျင်းပသောအခမ်းအနားသည် ဘာသာ၊ သာသနာ၊ တိုင်းပြည်၊ လူမျိုးတို့နှင့်ပတ်သက်လျှင် အလွန်အရေးကြီးကြောင်း။ ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာသည် အခြားသောဘာသာတို့၏နည်းမျိုးစုံဖြင့် တစ်စထက်တစ်စ ဝါးမျိုခြင်းကိုခံနေရကြောင်း၊ အချို့ဆိုလျှင် တိုင်းပြည်လုံးနှင့်ချီပြီးပင် ဘာသာသာသနာပျောက်ကွယ်သွားသည်ကိုတွေ့ရကြောင်း၊ ဝါးမျိုခြင်းဆိုရာတွင် ငွေကြေးဖြင့်ဝါးမျိုခြင်း၊ ရုပ်ဝတ္ထုပစ္စည်းများဖြင့်ဝါးမျိုခြင်း၊ လူလူချင်း စည်းရုံးလှုံ့ဆော်ပြီးဝါးမျိုခြင်း၊ အိမ်ထောင်ပြု၍ဝါးမျိုခြင်း၊ ခြိမ်းခြောက်အကြပ်ကိုင်၍ဝါးမျိုခြင်း၊ အကြမ်းဖက်၍ဝါးမျိုခြင်း၊ ခြောက်လှန့်၍ဝါးမျိုခြင်း၊ သိပ္ပံနှင့်နည်းသုံး၍ဝါးမျိုခြင်း စသည့်ဝါးမျိုနည်းမျိုးစုံဖြင့် ဝါးမျိုခံရကြောင်း၊ ထို့အတွက် လက်ရှိကမ္ဘာ့လူဦးရေ အချိုးအဆအရ တည်ရှိနေသော ဗုဒ္ဓဘာသာ



အရေးအတွက်ကို ထပ်မံမလျော့နည်းသွားအောင်စွမ်းဆောင်ရမည်ဖြစ်ကြောင်း အခြားဘာသာတို့၏ နည်းအမျိုးမျိုးဖြင့်လွှမ်းမိုးလာမှုကို နည်းမျိုးစုံသုံး၍ ပြန်လည်ကာခုခံတွန်းလှန်ရမည်ဖြစ်ကြောင်း ထိုသို့ ခုခံတွန်းလှန်ရာတွင် အနုနည်းကျင့်သုံး၍မရပါက အခြားနည်းကျင့်သုံးသင့်က ကျင့်သုံးရမည်ဖြစ်ကြောင်း၊ ဖြည့်ကျင့်ထားသော ပါရမီလက်နက်များကို အားပြုကြရမည်ဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဗုဒ္ဓသာသနာပြန့်ပွားအောင် အထူးစွမ်းဆောင်ကြရမည်ဖြစ်ကြောင်း လူပုဂ္ဂိုလ်သာသနာပြုများ၊ ရဟန်းပုဂ္ဂိုလ်သာသနာပြုအား အထူးကူညီကြရမည်ဖြစ်ကြောင်း။

ဆက်လက်ပြီး ပြောကြားရာတွင်လည်း ကမ္ဘာ့တစ်ဝန်းလုံးတွင်ဗုဒ္ဓဘာသာကို ပို၍လွှမ်းခြုံမှုပြုနိုင်လေ ပို၍ ငြိမ်းချမ်းသာယာသောကမ္ဘာသို့ ပို၍ချဉ်းကပ်လာနိုင်လေဖြစ်ကြောင်း။ ထို့ကြောင့် ဗုဒ္ဓဘာသာအား သာသနာပြုခြင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးရအောင်ပြုခြင်းမည်ကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဤနည်းလမ်းမှလွဲပြီး အခြားအခြားသောနည်းလမ်းများဖြင့် ဟိုနည်းကောင်းနိုးနိုး၊ ဒီနည်းကောင်းနိုးနိုးဖြင့် စမ်းသပ်လုပ်ကိုင်နေခြင်းဖြင့် ဇာတ်နိုင်နှင့်ဝေးကွာပြီးရင်းဝေးကွာနေမည်သာဖြစ်ကြောင်းကို နည်းလမ်းသာ အတိအကျနှင့်အသေအချာဆုံးဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

တစ်ဖန် ဆက်လက်ပြောကြားရာတွင် ကမ္ဘာကြီး၏ အနာဂတ်ကလည်း ကမ္ဘာပေါ်ရှိ လူသားများ၏ကံကြမ္မာပေါ်တွင်သာ တည်မှီနေကြောင်း၊ အကုသလကမ္မပထအားကောင်းနေလျှင် အကုသိုလ်အကျိုးပေးက ဖိစီးနေမှာဖြစ်ကြောင်း၊ လူသားအများစု၏အခြေအနေကလည်း လောဘ၊ ဒေါသ၊ မောဟ ဟူသောဟိတ်အကြောင်းတရားများကသာ အလေးသာနေသဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးအလားအလာကား ဝေးကွာနေဦးမည်မှာဖြစ်ကြောင်း၊ ယခင် ရာစုနှစ်အတန်ကြာက ဖြစ်ပွားခဲ့သော ဘာသာရေးစစ်ပွဲမျိုး နောင်အနာဂတ်ကာလတွင်လည်း ဖြစ်ပွားလာနိုင်ကြောင်း၊ ဘာသာရေးအစွန်းရောက်မှုများလည်း ပိုပြီးဖြစ်ပေါ်လာနိုင်ကြောင်း၊ သို့သော်လည်း ဝိဇ္ဇာရေလောကအနေဖြင့် တတ်နိုင်သမျှ အစွမ်းကုန် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် နောက်ဆုံးနိဂုံးချုပ်အနေဖြင့်ပြောကြားရာတွင် ဗုဒ္ဓသာသနာကို အရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်အတွက်လည်းကောင်း၊ ဗုဒ္ဓသာသနာတော်ကို ပိုမို ကျယ်ပြန့်စွာ ပျံ့နှံ့စေရန်အတွက်လည်းကောင်း၊ ကမ္ဘာ့ငြိမ်းချမ်းသာယာရေးနှင့် ကမ္ဘာကြီး၏အနာဂတ်ဘဝပိုမိုကောင်းမွန်လာစေရန် အစီအမံများချမှတ်လုပ်ဆောင်ရန်အတွက် သူ့နယ်ပယ်၊ သူ့ဒေသအလိုက် သက်ဆိုင်ရာဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်အသီးသီးကို ကမ္ဘာ့နိုင်ငံအနှံ့အပြားသို့ သွားရောက် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားပါသည်။ ထို့ပြင် အထူးမှာကြားသည်မှာ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူရာ မဇ္ဈိမဒေသတွင် ဗုဒ္ဓသာသနာ ကွယ်ပျောက်သွားခြင်းသည် အထူးပင်စိတ်မကောင်းစရာအရေးကိစ္စကြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မဇ္ဈိမဒေသတွင် သာသနာတော်ကြီး ပြန်ပြီးစည်ပင်ဖွံ့ဖြိုးလာစေရန် ပဓာနထားပြီး ပြန်အားထုတ်ရမည်ဖြစ်ကြောင်း ဗုဒ္ဓဂယာဒေသကို ဗုဒ္ဓဘာသာဝင်တို့၏လက်ထဲသို့ ပြန်ရောက်ရှိရေး အရေးကြီးဆုံးဖြစ်ကြောင်း၊ ထိုကိစ္စအတွက် အားထုတ်ကြိုးပမ်းနေသောအဖွဲ့အစည်းများကိုလည်း ကူညီဝိုင်းဝန်းရမည်ဖြစ်ကြောင်း၊ ယခုအခါတွင် ကုသိနာရုံဒေသ၌ သာသနာပြုမြန်မာရဟန်းတော်များစတင်အခြေချနေပြီဖြစ်သဖြင့် ကူညီအားပေးပြီး အင်အားကြီးမားအောင် ဝိုင်းဝန်းစွမ်းဆောင်ပေးကြပါရန် ပြောကြားပြီး မိန့်ခွန်းကိုနိဂုံးချုပ်လိုက်ပါသည်။

နာယကပုဂ္ဂိုလ်၏မိန့်ခွန်းဆုံးသွားသောအခါ မောင်ထွန်းမြိုင်၏ခေါင်းထဲတွင် တွေးစရာ အတွေးပေါင်းများစွာဖြစ်ပေါ်လာစေခဲ့ပါသည်။


ထို့ကြောင့် ကိုယ်တော်အား -

www.burmeseclassic.com

www.burmeseclassic.com

# ထပ်တရာ

# ဝဲ-ယားနာအကြောင်းသိစေချင်



လောကကြီး(၃)ပါးအနက်တစ်ခု ဖြစ်သည့် သတ္တလောကသား ကျွန်ုပ်တို့ စာရေးသူ အပါအဝင်တွင် အနာအမျိုး (၉၆) ပါးရှိကြောင်း ရှေးလူကြီးသူမများ ပြောကြားချက်အရ ထိုအနာ (၉၆) မျိုး အနက် အနည်းဆုံး (၁) မျိုး သို့မဟုတ် တစ်မျိုးမက ခံစားနေကြရသည်ဖြစ်ရာ ရောဂါတစ်မျိုးဖြစ်သော ဝဲယားနာလည်း တစ်ခုအပါအဝင်ဖြစ်၏။

ထိုဝဲရောဂါသည် ကပ်ရောက်ခံရသူ၌ လူမြင်ကွင်းတွင်ဖြစ်စေ၊ မမြင်ကွယ်ရာ၌ဖြစ်စေ၊ ယားယံခြင်းကိုခံစားရသည်ဖြစ်၍ ဝဲဟုအသံကြားသည်နှင့် စိတ်သန္တာန်တွင် ယားယံလာတတ်၏။ အဆိုပါ ဝဲရောဂါသည် ကလေးသူငယ်၊ လူကြီးသူမမရွေး စားသုံးသည့်အစားအစာ၊ သုံးစွဲသည့်ရေ၊ ဝတ်ဆင်သည့်အဝတ်အစား စသည်ဖြင့် သန့်ရှင်းမှုဂရုမပြုကြသူများ ဖြစ်ပွားလေ့ရှိတတ်၏။

ထိုရောဂါတွင် အမျိုးအစား(၄)မျိုး ရှိ၏။

၁။ ဝဲခြောက်
၂။ ဝဲစို
၃။ သဲဝဲ
၄။ ဝဲကြီး
ဟူ၍ဖြစ်၏။

**ဝဲခြောက်**

အမည်နှင့်လိုက်စွာ အနာခြောက်၏။ သို့ရာတွင် အစားမှားလျှင်သော်လည်းကောင်း၊ အနာပျောက်စေရန် ဆေးဝါးသုံးစွဲမှု လစ်ဟင်းလျှင်သော်လည်းကောင်း၊ အနာတစ်ခါ ယားယံတတ်၏။

ထိုသည်တွင် တဖြင်းဖြင်းနှင့်ကုတ်ဖဲ့နေရတတ်၏။ ကုတ်ဖဲ့ရန် မသင့်လျော်သည့်အချိန်မျိုးနှင့် ကြုံကြိုက်သဖြင့် အောင့်အည်း(ငြိမ်)နိုးချုပ်နေရလျှင် ပါးစပ်မှသွားရည်များပင် ယားလွန်း၍ထွက်ကျတတ်၏။

**ဝဲစို**

ယင်းကား လက်၊ ခြေ၊ တင်ပါးဆုံနှင့် လိင်အင်္ဂါတို့၌ ဖြစ်တတ်၏။ အနာဖုတွင် ပြည်တည်၍ အပုပ်ချိန်ဟုခေါ်ဆိုသည့် ညဥ့်အချိန်များ၌ တစစ်စစ်နှင့် ကိုက်ခဲ၏။ အချို့သည် အပ်မီးကင်၍ အနာဖုမှပြည်ကိုထိုးဖောက်တတ်ကြ၏။

---

"ကိုယ်ပွား၊ ခုန မိန့်ခွန်းပြောသွားတဲ့နာယကပုဂ္ဂိုလ်ရဲ့အမည်နာမကိုသိခွင့်ရှိမလားဗျ"

"အဲဒီပုဂ္ဂိုလ်ကြီးရဲ့အမည်နာမလို ခင်ဗျားအနေနဲ့တော့ သိခွင့်ရှိပါတယ်။ ဒါပေမယ့် ခင်ဗျားအနေနဲ့ ဒီပုဂ္ဂိုလ်ရဲ့အမည်ကို ထုတ်ဖော်ပြီးပြောခွင့်မရှိဘူး။ ပြောလည်းမပြောသင့်ဘူး။ အဲဒါအစဉ်အလာထုံးစံလိုဖြစ်ခဲ့တာပဲဗျ"

ဟု ပြောကြားပြီး ကိုယ်ပွားသည် မောင်ထွန်းမြင့်၏နားဆီသို့ ကပ်နိုင်သမျှကပ်ပြီး တိုးညင်းသောလေသံဖြင့် တစ်စုံတစ်ခုကိုပြောလိုက်၏။ မောင်ထွန်းမြင့်ကလည်း ကောင်းစွာကြားသိရကြောင်း ဖော်ပြသည့်အနေဖြင့် ခေါင်းညိတ်ပြလေ၏။

ထို့နောက် မောင်ထွန်းမြင့်က

"ဒီလိုလုပ်တာကောင်းတယ်လို့ဆိုရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပုဂ္ဂိုလ်ရေးရာရော ပညာပိုင်းဆိုင်ရာအားကြီးမှုကိုလည်း ဖော်ကျူးရာရောက်ပါတယ်။ နောက်ပြီး လေးစားမှုပြုရာလည်းရောက်ပါတယ်။ ဒါကြောင့် မလိုက်နာနိုင်စရာအကြောင်းမရှိပါဘူး။ ဒါနဲ့ ကျုပ်မသိလို့ တစ်ခုမေးချင်ပါတယ်။ ဒီလိုအစဉ်အလာမျိုး ကမ္ဘာတခြားဝိဇ္ဇာဓရဂိုဏ်းတွေပုဂ္ဂိုလ်တွေမှာကော ကျင့်သုံးတဲ့အစဉ်အလာရှိကြသလားဗျ"

"ရှိတာပေါ့ ကိုထွန်းမြင့်ရဲ့။ ဥပမာပေါ့ဗျာ အိန္ဒိယနိုင်ငံက ဝိဇ္ဇာဓိုရ်တစ်ပါးကို သူ့ရဲ့ဂိုဏ်းဝင်တွေက သူ့ရဲ့နာမည်ကို မခေါ်ဘဲ မာစတာအမ်လို့ အတိုကောက်သင်္ကေတနဲ့ပဲခေါ်ဝေါ်သုံးနှုန်းကြတယ်။ သူ့ရဲ့နာမည်က မာစတာမောရိယပဲဖြစ်တယ်။ မောရိယဆိုတဲ့အင်္ဂလိပ်စာလုံးပေါင်းမှာထိပ်ဆုံးစာလုံးအမ်ကိုယူပြီးသုံးတာပဲဗျ။ အိန္ဒိယမှာပဲ နောက်တစ်ဦးက မာစတာကေပဲ။ သူ့ရဲ့အမည်အရှည်က မာစတာကူသူမီးပဲ။ အဲဒီအမည်ရဲ့ရှေ့ဆုံးစာလုံးကေကို အတိုကောက်သင်္ကေတပြုထားတာပဲ။ နောက်ပုဂ္ဂိုလ်တစ်ပါးက တိဗက်လူမျိုးပဲ။ သူ့နာမည်က မာစတာဒွါကူးတဲ့။ သူ့ကိုလည်း မာစတာဒီလို့ တိုကောက်ခေါ်ကြတယ်ဗျ။ ဒီပုဂ္ဂိုလ်တွေအားလုံးကလည်း ကမ္ဘာ့ ပါ မှာ ဗုဒ္ဓဘာသာပြန့်ပွားထွန်းကားရေးကို အလွန်အင်မတန်မှကိုပဲ လိုလားကြတာကလား။ အခုအစည်းအဝေးကိုလည်း သူတို့လာတက်နေကြတယ်"

ဟု ပြောကြားလိုက်၏။

"ကြားရတာ အားရှိစရာပါပဲ ကိုယ်ပွားရယ်။ ဒါနဲ့ နောက်တစ်ခုမေးရဦးမယ်"

ဟု ပြောပြီး ခပ်ဆဆဖြစ်နေသဖြင့် ကိုယ်ပွားက -

"ဘာမေးမလို့လဲ ကိုထွန်းမြင့်ရဲ့။ ဘာတွေချိန်ဆနေတာလဲ"

"ဩော်-ကျုပ်မေးမယ့်မေးခွန်းကို မေးသင့်၊ မမေးသင့်ချိန်နေလို့ပါ"

"ခင်ဗျားနဲ့ ကျွန်တော့်ကြားမှာ ဘာကန့်သတ်ချက်မှမရှိပါဘူးဗျာ။ မေးစရာရှိတာမေးပါ"

"ဒီလိုဗျ။ ခုန နာယကပုဂ္ဂိုလ်ကြီး ပြောကြားခဲ့တဲ့မိန့်ခွန်းထဲမှာ မဇ္ဈိမဒေသဟာ ဘုရားပွင့်တော်မူခဲ့တဲ့ဒေသဖြစ်လို့ အရေးကြီးတဲ့ဒေသဖြစ်တယ်။ အဲဒီမှာ ဗုဒ္ဓသာသနာပြန်ပြီးစည်ပင်ဖွံ့ဖြိုးဖို့လုပ်ရမယ့် အရေးကြီးဆုံးဒေသပါလို့ ပြောသွားတယ်။ အဲဒီကိုတော့ တာဝန်ထမ်းဆောင်ဖို့ ရတ်ရှိပုဂ္ဂိုလ်ကိုပို့မယ်မထင်ဘူး။ အဲဒီကိုသွားပြီးတာဝန်ယူမယ့် ဝိဇ္ဇာဓိုရ် ပုဂ္ဂိုလ်ကိုခင်ဗျား ခန့်မှန်းလို့သိနိုင်မလား။ ကျုပ်စိတ်ဝင်စားလို့ပါ"

"အတိအကျကတော့ ခဏနေ အကျိုးဆောင်ဆောင်ချုပ်ပုဂ္ဂိုလ်ကနေပြီး ကြေညာပေးရင်သိပါလိမ့်မယ်။ သူကလည်းပြောဦးမှာပါ။ ကျွန်တော့်အထင် အဲဒီလိုနေရာအတွက် ပုဂ္ဂိုလ်ကတော့ ပထမံဘိုးဘိုးအောင်ပဲ ဖြစ်လိမ့်မယ်ထင်တယ်"

ရှေ့လဆက်ဖတ်ပါ

ပထမံဆရာဦးအေးရွှေ



www.burmeseclassic.com

www.burmeseclassic.com



အနာမှာ တစ်ဖု၊ နှစ်ဖုမဟုတ် ပြင်လိုက်ဖြစ်ရာ ခံရသူတွင် အမလေး၊ ဘလေးတ, ကာအော်ဟစ်ကြရ၏။


**သဲဝဲ**

ယင်းမှာ ခြေချောင်းနှင့် လက်ချောင်းများအကြားဖြစ်တတ်၏။ မသန့်ရှင်းသည့်ရေတို့အား ထိတွေ့မိ၍လျှင်လည်းကောင်း၊ ထိုရောဂါရှိသူ၏ဖိနပ်စသည်အား စီးနင်းမိလျှင်လည်းကောင်း၊ ထိုအနာမှထွက်ရှိသည့်အရည်နှင့်ထိတွေ့ကာ ကူးစက်၏။ ကြည့်လျှင် ခြေချောင်းများအကြား ထမင်းရည်ကဲ့သို့ စေးကပ်သည့်အရည်ရှိကာ အသားမှာ နီရဲနေတတ်၏။ ပူလည်းပူကာ ဝဲစိုကဲ့သို့ကိုက်ခဲတတ်၏။

**ဝဲကြီး**

အနူးဆယ်ပါးတစ်ပါးပါဝင်ဟူသည့် ရှေးစကားသည် ထိုဝဲကြီးရောဂါအားရည်ညွှန်းဟန်ရှိ၏။ အမှတ်တမဲ့ဖြစ်လျှင် ကိုယ်ရေပြားရောဂါရှင်ဟု ထင်မှတ်မှားရတတ်၏။ မျက်နှာနှင့်နှာခေါင်း၊ နားရွက်အပါအဝင် ထူအမ်းနီရဲကာ အနာ၏အဖုပြင်များကြောင့် သင်းခွေချပ်၏အသားအတိုင်းဖြစ်နေ၏။ ပွစိပွရောင်းနှင့် အသားအရေမကောင်းဖြစ်နေရ၏။

ထိုရောဂါများအတွက် နိုင်ငံရပ်ခြားမှ ငှင်းမိရိုးဖလာတိုင်းရင်းဓလေ့များအရ ငှင်းဆေးကောင်းများစွာရှိကြ၏။ ထိုဝဲကြီးရောဂါရှင်များသည်လည်းကောင်း၊ ဝဲအမျိုးစားအားလုံးသည်လည်းကောင်း၊ မည်သည့်ဆပ်ပြာနှင့်မျှ မသင့်လျော်ပါ။ သန့်ရှင်းရေစရန် ရေစိမ်ကြာပြီး ဆပ်ပြာနိုင်နိုင်တိုက်လေ ပိုမိုပြန့်ပွားလေဖြစ်ပါသည်။ သို့ဖြစ်ရာ ကျန်းမာရေးဆိုင်ရာ အရေပြားကုသမှုဆေးရုံဆေးခန်းများသို့ ပြသမှုပြုအပ်၏။ ထိုသို့ကုသရန် ရှက်ရွံ့၍သော် လည်းကောင်း၊ ကုသရန်အခြေအနေမပေးလျှင်သော် လည်းကောင်း၊ ငွေကြေးမပြည့်စုံလျှင်သော်လည်းကောင်း အောက်ပါဆေးနည်းများဖြင့် ကုသကြည့်သင့်သည်။



ယင်းကား -

၁။ ဝဲစို၊ ဝဲခြောက်နှစ်မျိုးအတွက် အိမ်သုတ်သည့်ရေနံချေးစစ်စစ်အား နို့ဆီခွက်ခွံတစ်ခုအတွင်းထည့်၍အပူပေးပါ။ ရေနံချေးဆူပွက်လျှင် ဖိုမှချ၍ လူနာခံနိုင်သည့်အနေတွင် ကြက်တောင်သန့်ဖြင့် သုတ်လိမ်းပါ။ မကြာခနပြုကာ ယားယံချိန်တွင် နေထိုင်ရသက်သာသွားပါမည်။

၂။ ငါးကလေးများဖြစ်ကြသည့် ငါးဇီပနက်၊ ပုံးငါး၊ ငါးဖျင်းဖုတို့အား ဆေးကြောသန့်စင်ထားရေကိုသုတ်လိမ်းပေးရန်ဖြစ်သည်။ ဤတွင် စောဒကတက်ရန်ရှိပါ၏။ ယားနာအား အညှီရည်ထပ်ပက်လျှင် ပိုမဆိုးလားဟု။ ဤကား စောဒကရှင်၏အမြင်ဖြစ်သာသည်။ လက်တွေ့ကား ပြုလုပ်ရန်ဖြစ်သည်။အညှီနှင့်ထိတွေ့ပြီး ဝဲများတဖြည်းဖြည်းချုပ်ကာပျောက်ပါမည်။ လူသာမက ခွေးများ၊ ကြောင်များ ဤသို့ဝဲစွဲလျှင်ပြုလုပ်က ပျောက်ပါသည်။

သဲဝဲအတွက် ဆေးမှာ အုန်းပင်မှ ကြွေကျသည့်လက်သီးဆုပ်ခန့် အုန်းသီးအား အခြောက်ခံကာ သွေး[illegible]လိမ်းရန်ဖြစ်သည်။ ခြောက်သွားတိုင်း[illegible]မ်းပေးပါ။ ပူလောင်စပ်ဖျဉ်းနေသည်မှ[illegible] လတ်တလောပင် အေးမြသွားပါသည်။

**ဝဲကြီး**

ယင်းရောဂါအတွက် အနာကြီးရောဂါဆေး (သို့) ကိုယ်ရေပြားရောဂါရှင်များ စားသုံးသည့်ဆေးအား မှားယွင်း၍ အသုံးမပြုရပါ။ အထူးသတိပြုရပါမည်။ ဆေးနည်းမှာ ရခိုင်ငှက်ပျောပင်၏ ပင်ခြေငှက်ပျောခေါင်းပုပ်အတွင်းရှိသည့် ငှက်ပျောတီကောင်အားရယူရမည်။ ယင်းမှာ ပြဒါးစာတတ်ပါရှိပြီးဖြစ်၍ သာမန်မြင်တွေ့နေကျ တီကောင်များနှင့် ဓာတ်သဘာဝ ကွာခြားပါသည်။ ယင်းတီကိုအစိမ်းသက်သက်စားသုံးရန်ဖြစ်သည်။

ကာယကံရှင်သိရှိက လက်ခံကျင့်သုံးမှုပြုနိုင်မည်မဟုတ်ပါ။ မိသားစုမှ ပြုလုပ်ပေးရပါမည်။ လုပ်ဆောင်ရန်မှာ ရခိုင်ငှက်ပျောသီးတစ်လုံးအား လူနာမျိုချနိုင်ရန် (၃) ပိုင်းပိုင်းပြီး အပိုင်းအတွင်း အဆိုပါတီအား ထည့်သွင်းရန်ဖြစ်သည်။ သေသပ်စွာ လုပ်ဆောင်ရန် လိုအပ်ပါသည်။ ဤသို့ပြုလုပ်မှုသည် တစ်နေ့ငှက်ပျောသီးတစ်လုံးဖြစ်၍ ရက်သတ္တပတ်တစ်ခုတွင် သိနိုင်လာမည်ဖြစ်သည်။ ပွရောင်းနီမြန်းမှုလျော့ပါးလာခြင်း ဖြစ်သည်။ ပြုလုပ်မှုက စိတ်ရှည်၍ စားသုံးမှုရက်ကြာလာလျှင် မြွေအရေခွံလဲသည်သို့ ရေချိုးသည့်အခါ နှာခေါင်း၊ နားရွက်ရာအတိုင်း အချပ်လိုက်ကျွတ်သွားမည်ဖြစ်သည်။ ဤတွင် ဆေးသုံးစွဲမှု ရပ်တန့်နိုင်ပါသည်။

ဤသည်တို့မှာ စာရေးသူ၏မိကြီး၊ ဘကြီးများမှ လက်ဆင့်ကမ်းပြောကြားခဲ့ချက်များ ဖြစ်ပါသည်။ စာရေးသူကိုယ်တိုင်မှ သဲဝဲပေါက်ဖူးပါသည်။ အုန်းသီးခြောက်သွေးလိမ်းခြင်းဖြင့် (ရက်၊ လ၊ နှစ်ကြာ) ပေါ်လိုက်ပျောက်လိုက်နှင့် ခံစားခဲ့ရသည့် သဲဝဲရောဂါပျောက်ကင်းခဲ့ပါသည်။

စာရေးသူ၏စေတနာစိတ်ရင်းမှန်နှင့် ရေးသားချက်သည် အဆိုပါရောဂါဖြစ်ပွားနေသူများနှင့် ကံအကြောင်းတိုက်ဆိုင်၍ ပျောက်ကင်းနိုင်ကြရန် ဆုမွန်လည်းတောင်းအပ်ပါသည်။

ကံနာဝဋ်နာဖြစ်သည်မှလွဲ၍
ချမ်းသာကြပါစေ

**သပ်တာရော**



www.burmeseclassic.com

www.burmeseclassic.com

▫လုပေါ့ရပ်ကွက်

လုပေါ့ရပ်ကွက်ဆိုတာ မိုင်းရှူးရတနာမြေမှာ အထင်ကရရပ်ကွက်တစ်ခုပါ။ လုပေါ့လမ်းမမှာ ကျောက်ကုန်သည်ကြီးတွေ တန်းစီလို့နေပါတယ်။ ပြီးတော့ လမ်းချင်းဆက်နွယ်နေတဲ့ ကျောက်ကုန်သည်ကြီးတွေနေထိုင်ရာ ရဲကုန်းဆိုတာကလည်းကပ်လျက်ပါ။ တိုက်တွေတန်းစီနေတာပါပဲ၊

ဒီဇတော့ ဘယ်လောက်တန်တဲ့ကျောက်လဲ၊ သိန်းပေါင်းရာလား၊ ထောင်လား၊ သောင်းလား ဒီကကုန်သည်ကြီးတွေက ဝယ်နိုင်ကြတယ်။ သူများတွေလို ထာပွဲထဲကျောက်ရှာပြီးမဝယ်ဘူး။ ကွန္ဒြေရရ စမတ်ကျကျ ဆုံလည်ကုလားထိုင်ကြီးတွေပေါ်ထိုင်ပြီး မိန့်မိန့်ကြီးတွေနေကြတာ။

ဒီအခါမှာ ကျောက်ကြီးတွေရပြီဆိုရင် တကယ်ကြေးကြီးပေးဝယ်နိုင်တဲ့ အဲဒီကုန်သည်ကြီးတွေဆီ မလွဲမသွေရောက်လာရတာပါပဲ။ အောက်ကျောက်ဝယ်တဲ့ကုန်သည်တွေဆိုတာက ကြေးကြီးကျောက်မှမဝယ်နိုင်ကြတာ။ မတော်လို့ အောက်ကျောက်ဝယ်တဲ့လူဆီသွားပြမိရင် သူကသူတတ်နိုင်တဲ့အောက်ကြေးပဲပေးမှာလေ။ မိုင်းရှူးရတနာမြေမှာ နေကြတဲ့လူတွေ ဒီလောက်တော့ ဘယ်အ,ပါ့မလဲ။

စတိုင်လ်နဲ့ထိုင်ပြီးစောင့်နေကြတဲ့ ကျောက်ကုန်သည်ကြီးတွေဟာ ဘာနဲ့တူသလဲဆိုတော့ ဆည်ဝမှာစောင့်နေတဲ့ ဗျိုင်းတွေနဲ့တူလှပါတယ်။ ဆည်ဝမှာစောင့်နေတဲ့ဗျိုင်းဟာ ကွန္ဒြေရရစောင့်နေတာပါ။ ဆည်ဝမှာ ငါးတစ်ကောင်ပါလာပြီဆိုလို့ကတော့ အပီအပြင်ကောက်စားပစ်လိုက်တာပါပဲ။ ခုလည်း ကျောက်ကောင်းတစ်ပွင့်ရယ်လို့ ရောက်လာပြီဆိုလို့ကတော့ အလွတ်မပေးဘဲ ဝယ်ယူလိုက်တာများပါတယ်။

ဘာလို့လဲဆိုတော့ အဲဒီတစ်ပွင့်ကောက်ဝယ်လိုက်ရရင် တစ်နှစ်တာအတွက် ကိုက်တယ်ဆိုတာကိုး။ ကြီးကြီးရင်းတော့ ကြီးကြီးစားရတဲ့သဘောပါပဲ။ တစ်ရက်မဝယ်ရရင်နေ၊ တစ်လမဝယ်ရရင်နေ ဂရုမစိုက်ဘူး။ တစ်နှစ်မှာ တစ်ပွင့်လောက်သာဝယ်ရရင် အဲဒီကုန်သည်ကြီးတွေ အဆင်ပြေပြီဆိုတာကိုး။

သူတို့က ပွဲစားတွေဆီကထက် တွင်းသမားတွေဆီကကျောက်ကို ပိုမက်တာပါ။ တွင်းသမားဆိုတာက ကျောက်ကို သောင်းကျော်၊ သိန်းကျော်လောက်သာသိတာကိုး။ ဘယ်နှသောင်း၊ ဘယ်နှသိန်းတန်တယ်ဆိုတာသိမှမသိကြတာ။ ပွဲစားဆိုတာကတော့ ကျောက်ကုန်သည်တစ်ပိုင်းဆိုတော့ နားလည်ကြတယ်။ ဒီတော့ ပွဲစားဆီကဝယ်ရရင် တွင်းသမားလောက် မချောင်ဘူးပေါ့။

ကျောက်ကုန်သည်ကြီးတွေဆိုလို့ ယောကျ်ားရင့်မာကြီးတွေချည်းမထင်ပါ

## (မိုးကုတ်) ရွှေပြည်စိုး

## ထူးခြားတဲ့ဝက်




www.burmeseclassic.com

နဲ့။ မိန်းမကျောက်ကုန်သည်ကြီးတွေ၊ ကောင်မလေးအရွယ်ကျောက်ကုန်သည်ကြီးတွေလည်းရှိတယ်။ အဲဒီမိန်းမအုပ်စုမှာ 'ကတုံးမ' ဆိုတဲ့ မိုးကုတ်က ကျောက်ကုန်သည်မကလည်းနာမည်ကြီးပါတယ်။ သူက ညီညို၊ တောင့်တောင့်ပေမယ့် ကတုံးနဲ့နေတာကြောင့် နာမည်ကြီးတာပါ။

အဲဒီကျောက်ဝယ်တဲ့ဆိုင်ကြီးတွေမှာ လှလှပပ ခမ်းခမ်းနားနားပြင်ဆင်ထားပြီး ဆုံလည်ကုလားထိုင်ရဲ့ရှေ့က စားပွဲမှာ ကျောက်ကြည့်ဓာတ်မီးရယ်၊ ထာရယ်၊ တံဆိပ်စည်းဖို့ တိပ်ခွေရယ် အသင့်ပြထားတယ်။ ထာကျတော့ မိုးကုတ်လို ကြေးနဲ့လုပ်တဲ့ထာမဟုတ်ဘူး။ ပလတ်စတစ်အဖြူသားနဲ့လုပ်တဲ့ထာပါ။ ကျောက်က မည်းမည်းတွေဆိုတော့ ထာဖြူဖြူနဲ့မှ အဆင်ပြေပါတယ်။ မန်ကျည်းစေ့ရောင်ကျောက်တွေဆိုတော့ ဓာတ်မီးနဲ့ထိုးကြည့်မှ သူ့အရည်သူ့အပြစ်ကိုမြင်ရတာပါ။

ပြီးတော့ လုပေ့ါရပ်ကွက်ဆိုတာ တကယ့်ကို ပျော်စရာပါးစရာအစုံရှိတဲ့ သီးခြားကမ္ဘာလေးတစ်ခုပါ။ စားသောက်ဆိုင်တွေအစုံရှိတယ်။ ဘယ်လိုစားချင်လဲ၊ ဘယ်လိုပျော်ချင်လဲရတယ်။ ပိုက်ဆံပဲလိုတာပါ။

ကျွန်တော် မန်နေဂျာတာဝန်ယူထားတဲ့ ခဲတောင်ပေါ်ကဆိုရင် လုပေ့ါက ခဲတောင်အောက်ခြေမြန့်ထဲမှာဆိုတော့ အတော်ကလေးဝေးပါတယ်။ သို့သော်လည်း ကျွန်တော်နဲ့အားယုံကတော့ ဆိုင်ကယ်တစ်စီးနဲ့ မိုးချုပ်ပိုင်းဆိုရောက်ကြလေ့ရှိတယ်။ အားယုံရဲ့ကောင်မလေးမိသားစုက စားသောက်ဆိုင်ကြီးဖွင့်ထားတာကိုး။ အားယုံက လောပန်ရဲ့ယောက်ဖတော်စပ်ပြီး လက်ထောက်မန်နေဂျာတာဝန်ယူထားသူပါ။ သူနဲ့ကျွန်တော်က အတွဲညီတယ်ခေါ်ရမှာပါပဲ။ ဘယ်သွားသွား သူ့ဒီတီဆိုင်ကယ်ကြီးနဲ့ပါ။ စိတ်သွားတိုင်းကိုယ်ပါကြတာပေါ့။





www.burmeseclassic.com

www.burmeseclassic.com

အားယုံက သူ့ရည်းစားဆီသွား ကျွန်တော်က လိုင်သဇင်ဆိုတဲ့အနှိပ်ခန်းမှာ မသီတာနှိပ်ပေးတာကို သာယာတပ်မက်ပြီး ဘဝအမောဖြေရတယ်ဆိုရမှာပေါ့။ ဒီလိုနဲ့ ကာလအတန်ကြာခဲ့ပါတယ်။

□ လုပေါ့ကိုရောက်ပြီ

ပျော်စရာစုံတဲ့ လောကီဘုံလုပေါ့ ရပ်ကွက်ကို အဝေးကြီးကနေ တကူးတကလာနေရာက လုပေါ့ရပ်ကွက်ထိပ် ခဲတောင်ခြေအစပ်က ဖက်စပ်ခဲတွင်းကို ပြောင်းရမယ်လို့ လောပန်ကအကြောင်းကြားလာပါတယ်။ အဲဒါနဲ့ပဲ လုပေါ့နဲ့ တစ်ဆက်တည်းနေတဲ့ လုပ်ကွက်မှာ ကျွန်တော် အလုပ်သမားတွေခေါ်ပြီး အဆောက်အအုံတွေဆောက်ဖို့ မြေနေရာတွေဖြန့်ကာ ကျင်းသားဆောင်၊ အင်ချုတ်မဆောင်၊ ကျင်းဆောင်၊ မီးဖိုဆောင်၊ ထမင်းစားဆောင်၊ လောပန်မန်နေဂျာဆောင်၊ ဂိုဒေါင်၊ ကျင်းသားအိမ်သာ၊ အင်ချုတ်မ၊ စားဖိုမအိမ်သာ စသည်ဖြင့် တစ်လကျော် နှစ်လနီးပါး စီစဉ်ဆောက်လုပ်ရပါတယ်။ လူကိုဖတ်ဖတ်မောနေတာပါ။ အားလုံးအသင့်ဖြစ်မှ လူတွေလက်ခံကာ ဖက်စပ်လုပ်ငန်းတွေ စတင်လည်ပတ်ရတာပါ။

လောလောဆယ် ဖောက်ထွင်းဖောက်နေရာမှာ ခဲကြောမရောက်သေးတာကြောင့် အင်ချုတ်မတွေ၊ ခဲရွေးမတွေ မခေါ်သေးပါဘူး။ ဒါပေမယ့် ခဲရွေးဆောင်နဲ့ ခဲရွေးခုံတွေ၊ ကြိတ်စရာစက်တွေတော့ ကြိုတင်လုပ်ဆောင်နေရပါတယ်။ မန်နေဂျာချုပ်တာဝန်ယူရတဲ့ ကျွန်တော်တစ်ဦးသာ ငွေကိုင်သုံးခွင့်ပြုထားတာမို့ လိုအပ်သမျှ ကျွန်တော်ပဲ တာဝန်ယူလုပ်ဆောင်ရတာပါ။ အဲဒီတော့ အတော်မောပါတယ်။

တစ်လကျော်ကျော်အကြာမှာ ခဲကြောစပေါက်ပြီး ခဲတွေကြိတ်နိုင်၊ ရွေးနိုင်ခဲ့ပါတယ်။ အဲဒါကြောင့် အင်ချုတ်မတွေ၊ ခဲရွေးမတွေနဲ့ စည်ကားလာပါတော့တယ်။

လုပေါ့ ဆိုတဲ့ အလွန်စည်ကားတဲ့ ရပ်ကွက်ကို ခဲတောင်ပေါ်မှာနေစဉ်က အားယုံရဲ့ဆိုင်ကယ်နဲ့လာရပေမယ့် အခုခါမှာတော့ ကိစ္စတွေများတာကြောင့် ရပ်ကွက်ထဲ အကြိမ်များစွာဖြတ်သန်းသွားလာနေရတာပါ။ လုပေါ့ဆိုတာ အဆန်းမဟုတ်တော့ပါဘူး။ သို့သော်လည်း စိတ်မောကိုယ်မောရှိတဲ့အခါ



ဖက်စပ်ကနေ အောက်ကိုခြေလှမ်းအနည်းငယ်ဆင်းရုံတဲ့ရောက်တဲ့ လုပေါ့ရပ်ကွက်ထဲက လိုင်သဇင်ကိုတော့ မကြာမကြာဆိုတာလို အနှိပ်ခံရောက်လေ့ရှိပါတယ်။

□ ဝက်မွေးကြတဲ့ခလေ့

ဖက်စပ်တွေတိုင်းမှာ အသားဟင်းကျွေးတယ်ဆိုရင် အဓိကအကျဆုံးက ဝက်သားပါ။ ကြက်သား၊ ငါး၊ ငါးခြောက်ဘာကိုပဲကျွေးကျွေး ဝက်သားဟင်းမှ မဟုတ်ရင် သူတို့စိတ်ထဲ တင်းတိမ်နိုင်မှု မရှိကြပါဘူး။ ဝက်သားဟင်းစားလိုက်ရမှ ထိထိမိမိရှိပြီး အာသာပြေကြတာပါ။ ဝက်သားမစားဘူးဆိုတာ အနည်းအကျဉ်းရှိတတ်တယ်။ သူတို့ကိုတော့ အကောင်းကျွေးလို့မှ မစားချင်ဘူးဆိုပြီး အဲဒီနေ့မှာ သူတို့အတွက် အလွယ်ဆုံး ကြက်ဥကြော်ကျွေးလိုက်ကြတာပါပဲ။ယုယုယယ လုပ်မနေကြပါဘူး။ ဝက်သားဟင်းဆိုတာ တစ်လမှ နှစ်ခါလောက်စားရတာ။ တစ်ခါတစ်ရံ တစ်လမှာ တစ်ခါသာကျွေးဖြစ်ပါတယ်။

အများဆုံးကျွေးဖြစ်ကြတာက ငါးပါ။ ငါးကျတော့ အကောင်လိုက်တွေ ကတ္တားပေါ်မှာချိန်တွယ်ပြီးဝယ်ရတာပါ။ လူတွေကများတော့ကာ အချိန်အများကြီးဝယ်ရတာပါ။ အကွင်းလိုက်ကြော်ပြီး တစ်ယောက်ကို နှစ်ကွင်းကျကျွေးပါတယ်။ ငါးခေါင်းတွေကိုချဉ်ရည်ချက်တယ်။ ဗိုက်ထဲက ကလီစာ[illegible]တွေကိုကြော်ပြီး ငါးချေးခါးဟင်းအဖြစ် ဇလုံကြီးနဲ့ ချထားပေးတယ်။ ကြိုက်[illegible]သူ ကြိုက်သလောက်စားစနစ်ပါ။ ငါးအူတွေဟာ အဆီအလွန်ထွက်တာကြောင့် ဆီတွေအိုင်ထွန်းနေပြီး မသိုးနိုင်တဲ့ဟင်းတစ်ခွက်ပါ။ ဘယ်လောက်များများဘယ်လောက်ခါးခါး ကြာတော့လည်း ကုန်သွားတာပါပဲ။ ငါးဟင်းနေ့ဆိုရင် ငါးကြော်၊ ငါးခေါင်းချဉ်ရည်၊ ငရုတ်သီးမှုန့်ကြော်နဲ့ ဟင်းစပ်တည့်ကာ ထမင်းမြိန်ကြပါတယ်။

ငါးလေးခြောက်နဲ့ ငရုတ်သီးမှုန့်ကြော်ကျတော့ အရံဟင်းအနေနဲ့ အမြဲလိုလိုရှိနေတတ်တဲ့ ဖက်စပ်တိုင်းရဲ့ ပင်တိုင်ဟင်းတစ်ခွက်ပါ။ မိုင်းရှူးတောင်ပေါ် မဏိရတနာဈေးကြီးထဲက ငွေစန္ဒာငါးပိငါးခြောက်အရောင်းဆိုင်ဆိုရင်ဖြင့် ကျွန်တော်တို့လို မန်နေဂျာအဝယ်တော်တွေတန်းစီနေတာပါ။ ငွေစန္ဒာရောင်းကောင်းသလောက် ကျွန်တော်တို့လို အဝယ်တော်တွေကို အလုပ်သမားတွေက အမနာပစိတ်နဲ့ မေတ္တာအမြဲပို့တာပါ။ ကြာတော့လည်း ငါးခြောက်စော်ကြီးကို မုန်းနေကြမှာကိုး။

ဝက်သားကျွေးတယ်ဆိုရာမှာ လူနည်းတဲ့ဖက်စပ်လေးတွေကသာ ဈေးထဲမှာဝယ်တာပါ။ အချို့ဖက်စပ်ဆိုရင် လူထောင်ချီနီးပါးရှိကြတော့ ဝက်အကောင်လိုက်အရှင်ဝယ်ပြီး နတ်တင်ပြီးမှ စားလေ့ရှိကြပါတယ်။ ကျွန်တော်တို့ဆိုရင် အလုပ်သမားတွေကို အကောင်လိုက်သာဝယ်ကျွေးတာထုံးစံပါ။ ဈေးထဲက တစ်ခါမှဝယ်မကျွေးပါဘူး။ ဒါပေမယ့် မန်နေဂျာစာအနေနဲ့ကတော့ တစ်နေ့ကို တစ် ပိဿာလောက်တော့ ပုံမှန်ဝယ်ရပါတယ်။ ဒါကလည်း အလေးပြဿနာ ခဏခဏတက်ရပါတယ်။ ကြက်ဝယ်ဝယ်၊ ဝက်ဝယ်ဝယ် အလေးပြည့်ဖို့ အလွန်ခဲယဉ်းလှပါတယ်။

အဲဒီတော့ကာ ဝယ်အဝယ်ရ အနည်းငယ်သက်သာအောင်ဆိုပြီးတော့ ဖက်စပ်တွေတိုင်းဟာ ဝက်တွေဝယ်မွေးကြတော့တာပါပဲ။ ဝက်ငယ်ငယ်လေးတွေ ပလောင်ရွာတွေဆီမှာသွားဝယ်ရတယ်။ အဲဒီဝက်ငယ်တွေကို ဝက်ရုံထဲလှောင်ပြီးတော့ မွေးထားတော့တာပါပဲ။ စားဖိုမတွေဟာ ဝက်တွေလည်းကျွေးရပါတယ်။ ဝက်ရုံကို သန့်ရှင်းရေးလည်း လုပ်ရပါတယ်။

ဝက်စာဆိုတာကတော့ ဖက်စပ်တွေမှာ အလျှံပယ်ပေါများလှပါတယ်။ တစ်နေ့တစ်နေ့ အလုပ်သမားတွေရဲ့စားကြွင်းစားကျန်တွေဟာ ဇလားကြီးတွေအပြည့်ပါ။ ဝက်မရှိတဲ့ဖက်စပ်တွေအနေနဲ့ကတော့ ပြင်ပကဝက်စာလာသယ်တဲ့ လူတွေရှိတယ်။ သူတို့က စားဖိုမတွေကို ဝက်စာဖိုးလစာငွေအနည်းငယ်ပေးကြရတယ်။ စားဖိုမတွေအပိုဝင်ငွေရတာပေါ့လေ။ ဝက်မွေးပြီဆိုရင်တော့ ဝက်စာဖိုးလည်းမရ၊ ဝက်လည်းကျွေးရနဲ့ သူတို့အတွက်မကိုက်ကြပါဘူး။

ကျွန်တော်တို့လည်း ဖက်စပ်တည်ပြီး မကြာမီမှာပဲ ဝက်ရုံဆောက်ကာ ဝက်တွေမွေးပါတော့တယ်။ တစ်လနှစ်ခါလောက် ဝက်သားကျွေးဖို့အရေး ဝက်



www.burmeseclassic.com

www.burmeseclassic.com

ရှာရတဲ့အလုပ်ကလည်း တယ်မလွယ်ပါဘူး။ ဝက်ရှာတဲ့အလုပ်ကို လက်ထောက်မန်နေဂျာ တန့်ယန်းသား တရုတ်ထွန်းနိုင်က ဒိုင်ခံရှာလေ့ရှိတယ်။ ဝက်သတ်ရင်လည်း အဲဒီတရုတ်ကပဲသတ်လေ့ရှိတာပါ။ သူတို့က အဲဒီအလုပ်အလွန်ကျွမ်းပါတယ်။ သူ့ဓားမြှောင်သွေးနေပြီဆိုရင် ကျွန်တော်ကတော့ မျက်စိကွယ်ရာနားကွယ်ရာ မြို့ထဲထွက်သွားတော့တာပါပဲ။ ကိုယ့်ပယောဂမကင်းပေမယ့် မမြင်ချင်မကြားချင်ပါဘူးဗျာ။ ကျွန်တော်က တိရစ္ဆာန်လေးတွေကို ချစ်တတ်လို့ပါ။ သနားလည်း သနားပါတယ်။ သို့သော်လည်း ဘာမှမတတ်နိုင်ပါဘူး။ သဗ္ဗေသတ္တာ ကမ္မဿကာလို့ သဘောထားရတော့တာပါ။

## ◻ မေတ္တာချင်းဆက်နွယ်မှု

လုပေါ့မှာ ဖက်စပ်တည်ပြီးပြီဆိုကတည်းက ဘဲငန်းတွေ၊ ကြက်တွေ၊ ခွေးတွေ၊ ကြောင်တွေ ဦးစွာမွေးပြီးမှ ဝက်ခြံဆောက်ကာဝက်မွေးတာပါ။ တိရစ္ဆာန်ချစ်တဲ့ကျွန်တော်ကတော့ ခွေးတွေ၊ ဝက်တွေ၊ ကြောင်တွေနဲ့ ကစားနေတတ်ပါတယ်။ ဝက်ကလည်း လူကိုအင်မတန်ချစ်တတ်တဲ့သတ္တဝါပါ။

စားဖိုမှူးတွေထဲမှာ ကျောက်မဲသူ အဲနောင့်က ဝက်မွေးအတော်ဆုံးပါ။ သူက မေတ္တာဓာတ်ပါပါတယ်။ ကျွေးတဲ့အခါ စကားတပြောပြောနဲ့ ရင်းရင်းနှီးနှီးကျွေးလေ့ရှိတော့ ဝက်တွေပျော်ပါတယ်။ စားလည်းအရမ်းစားကြပါတယ်။ ဒီတော့ ဝက်တွေဟာ လေထိုးလိုက်သလားတောင် အောက်မေ့ရတယ်။ ခဏနဲ့ အကြီးကြီးတွေဖြစ်လာလေ့ရှိတယ်။ အဲဒါကြောင့် ဝက်မွေးအလွန်တော်တဲ့ မနောင့်ကို လူတိုင်းက ချီးကျူးကြတယ်။ စားဖိုမအမြဲတမ်း လေးယောက်ထားတာပါ။ နှစ်ယောက်ကိုတစ်ဆိုင်းပါ။ နံနက်စာ၊ နေ့လယ်စာ၊ ညနေစာ၊ ညဆိုင်းဆင်းတဲ့လူတွေအတွက် ညစာဆိုပြီးတော့ တစ်နေ့ကို (၄)ကြိမ်ချက်ရတော့ မချောင်လှပါဘူး။

ကိုယ့်ရဲ့ဝက်ခြံမှာ အရွယ်ရောက်ဝက်ရှိနေရင် အပြင်ကမဝယ်ပါဘူး။ ဝက်အရွယ်မရောက်ပေးရင်တော့ ပြင်ပကရှာဝယ်ရပါတယ်။ ဝက်တစ်ကောင်မှာဝမ်းတွင်းကလီစာတွေနဲ့ ခြေ၊ လက်၊ ခေါင်းတွေဟာ မန်နေဂျာလော်ပန်အတွက်ပါ။ မနောင့်ဟာ သူကျွေးမွေးထားတဲ့ ဝက်သတ်ပြီဆိုတဲ့နေ့ကတော့ စိတ်မကောင်းဆုံးနေပါပဲ။ သို့သော်လည်း ဖက်စပ်တွေရဲ့လုပ်ထုံးလုပ်နည်းတွေဆိုတော့ ဘာမှမတတ်နိုင်ပါဘူး။ သဗ္ဗေသတ္တာကမ္မဿကာလို့ သဘောထားရတော့တာပါပဲ။

နောက်ပိုင်း မနောင့် အလုပ်ကထွက်သွားတော့ မိုးကုတ်သူသက်မာဝင်းက စားဖိုကိုဦးစီးပါတယ်။ သူကဝက်တွေကို မချစ်တတ်ပါဘူး။ ကျွေးချိန်တန့်ရင် စားကျင်းထဲဝက်စာတွေထည့်ပေးလိုက်တာပါပဲ။ စကားလည်းပြောမနေဘူး။ ယုယမှုလည်းမပြုပါဘူး။ ဒီတော့ ဝက်တွေက အစာကောင်းကောင်းမစားကြပါဘူး။ အစာကို မသေရုံတစ်မည်စားနေတော့ကာ ဝက်တွေက မသေပေမယ့် အကောင်ကကြီးထွားလာခြင်းမရှိပါဘူး။ ဒါက မေတ္တာချင်းဆက်နွယ်မှုမရှိလို့ပါ။

တစ်လနေလည်း ဒီအတိုင်း၊ နှစ်လနေလည်း ဒီအတိုင်းဆိုတော့ လူတွေတိုင်းဝက်တွေကိုကြည့်ပြီး အံ့သြကြတယ်။ ဝက်တစ်ကောင်ဆိုရင် ရောက်လာတုန်းကထက်တောင် သေးသွားတာတွေ့ရတယ်။ ဒီအခါ အထဲကဝက်ကိုအားမကိုးရဘဲ ပြင်ပကဝက်ကိုအားကိုးကြရတယ်။ ဒီလိုနဲ့ သုံးလလောက်ကြာသွားတယ်။ ဝက်က တစ်ကောင်မှဖြစ်မလာပါဘူး။

တစ်နေ့မှာ ဝက်တစ်ကောင် လျော့နေတာတွေ့လို့ မေးကြည့်တော့ အသေးဆုံးကောင်ကလေးသေသွားလို့ တွင်းသားတွေ ကင်စားပစ်လိုက်ကြပြီလို့ သိရတယ်။ နောက်သိပ်မကြာလိုက်ပါဘူး။ ကြီးမှာမဟုတ်တော့ဘူးဆိုပြီး အဲဒီဝက်သေးသေးလေးတွေကို တစ်ကောင်ပြီးတစ်ကောင် ချက်စားကြပါတယ်။ အပြင်ကဝယ်တဲ့ဝက်ကြီးတွေလိုမဟုတ်ဘဲ အသေးလေးတွေဆိုတော့ အလုပ်သမားတွေဟာ အဝမဟုတ်ဘဲ အငသာစားကြရတာပါ။ ဒါနဲ့ ဝက် (၄) ကောင်ကုန်ပါရော။

အဲဒီနောက်မှာတော့ ဝက်မွေးရတာ စိတ်ပျက်သွားတာနဲ့ မမွေးဖြစ်တော့ဘဲ အချိန်တန်ရင် တရုတ်ထွန်းနိုင်ကို အပြင်ကနေ ရှာဝယ်ခိုင်းရတာပါပဲ။ ဖက်စပ်တွေအလွန်များတော့ ဝက်စာအလွန်ပေါတာကြောင့် မြင်ပမှာ ဝက်မွေးကြသူတွေအများအပြားရှိသလို အောက်ပြည်အောက်ရွာကလည်းဝက်တွေရောက်ပါတယ်။ အဲဒါကြောင့် ဝယ်လို့ရနေခြင်းပါ။

## ◻ အဆော့သန်တဲ့ဝက်

"ဟော့ - ချစ်လေး၊ ဝက်စာလာကျွေးတာလား။ ချစ်လေး စားဖိုမလုပ်နေတာ ကိုယ်မကြည့်ရက်ဘူးကွာ။ တကယ်ပြောတာနော်။ အဖိတ်နေ့ ညနေကျရင် အပြင်မှာတွေ့ကြရအောင်နော်"

"ဩော်-မိန်းမရယ်၊ ဒီဝက်စာကျွေးရတဲ့အလုပ်ကြီးကိုမလုပ်ပါနဲ့။ မတော် တဆချော်ကျရင် ဘယ်လိုလုပ်မလဲ။ အစ်ကိုရင်ကျိုးရချေရဲ့။ အစ်ကိုတို့ဆီမှာ အင်ချတ်မလာလုပ်ပါနော်။ အဲဒီကျမှ အစ်ကိုတို့ကဲကြရအောင်နော်"

"အချစ်ရယ် အဲဒီအပေါ်ကနေ ခုန်ချလိုက် အစ်ကိုဖမ်းမယ်"

"ဟော့ကောင် မင်း ငါ့မိန်းမကို ဘာတွေသွားပြောနေတာလဲ။ မိန်းမရေ ခွင့်လွှတ်နော်၊ ဒီကောင်က အရူးကွ"

စသည်ဖြင့် တစ်ယောက်တစ်မျိုး မရိုးရအောင် မြောက်ဘက်ကုန်းအမြင့်ပေါ် ကမ်းပါးစွန်းမှာဆောက်ထားတဲ့ ဝက်ခြံကဝက်တွေကိုအစာလာကျွေးတဲ့ စားဖိုမလေးတွေကို ကျွန်တော်တို့ဆီက ကောင်လေးတွေက အောက်ကနေလှမ်းစနေခြင်းပါ။ အပေါ်ကုန်းထိပ်ပေါ်မှာ ဝက်စာကျွေးနေတဲ့ကောင်မလေးဖွေးဖွေးလေးတွေကတော့ သူတို့ကိုငဲ့လို့တောင် ကြည့်ဖော်မရပါဘူး။ ဒါကို ထမင်းစားဆောင်မှာထိုင်တတ်တဲ့ ကျွန်တော်က မကြာမကြာမြင်နေကြားနေရတာပါ။

ဖက်စပ်တိုင်းဟာ သွပ်တွေနဲ့အလုံကာရပေမယ့် မြောက်ဘက်ကတော့ ကာစရာမလိုပါဘူး။ ဘာလို့လဲဆိုတော့ ပေ (၁၀၀) ကျော်ကျော်မြင့်တဲ့ စကျင်ကျောက်တောင်နံရံကြီးက ကာဆီးထားလို့ပါပဲ။ အဲဒီကျောက်တောင်ကြီးပေါ်မှာ ဖက်စပ်တစ်ခုရှိပါတယ်။ သူတို့က ဝက်ခြံကို ကျောက်ကမ်းပါးစွန်းမှာ ဆောက်ထားတာပါ။ တောင်ဘက်ကဖက်စပ်ကတော့ အောက်ချိုင့်ထဲမှာဖြစ်ပြီးတော့ အနောက်ဘက်က ဖက်စပ်တွေလည်း ချိုင့်ထဲမှာပါပဲ။ တောင်ဘက်က ဖက်စပ်လွန်ရင် လုပေါ့ရပ်ကွက်ထဲရောက်တာမို့ ရပ်ကွက်နဲ့ အတော်နီးပါတယ်။ ခုသွား ခုရောက်ပါပဲ။

အားနေချိန် နားနေချိန်လေးမှာ လွတ်လပ်တဲ့ထမင်းစားဆောင်မှာထိုင်ပြီး အမှတ်မဲ့ မြောက်ဘက် ကျောက်နံရံဆီ ငေးမောနေတတ်ပါတယ်။ အဲဒီမှာ အပေါ်ထိပ်က ဝက်ခြံကိုလည်း မြင်နေရတာပါ။ ဝက်ခြံမှာ ထူးခြားမှုတစ်ခုကို မြင်ရပါတယ်။ အဲဒါက ဝက်တစ်ကောင်ဟာ အတော်အဆော့သန်ပြီး နိုရိကာထားတဲ့ဝါးလုံးတွေကို တွန်းလှိုးနေတတ်



www.burmeseclassic.com

www.burmeseclassic.com

တာပါ။ ထူးခြားတဲ့ဝက်ပါပဲ။

ကျွန်တော်တို့ရဲ့ ဝက်ခြံမှာလည်း အဲဒီလိုဆော့တဲ့ဝက်တစ်ကောင်ပါဖူးတယ်။ နံရံတွေကိုတွန်းတယ်။ မိုးထားတဲ့မိုးကာတွေ၊ ကာထားတဲ့မိုးကာတွေကို ပါးစပ်နဲ့ ကိုက်ဆုတ်တယ်။ မိုးတွင်းမှာ မိုးမပက်အောင်ကာထားပေးရတာပါ။ ဒါပေမယ့် အဲဒီဝက်ကြောင့် အကုန်စုတ်ကုန်တာပါ။ တော်သေးတယ်။ ပြန့်မှာဆောက်ထားပေလို့။ အမြင့်မှာဆို မလွယ်ဘူး။

အဲဒီဝက်လုပ်လိုက်တာကြောင့် ဝက်တွေ ဝက်ခြံထဲကအကုန်လွတ်ကုန်ဖူးတယ်။ အဲဒီအခါမှာ ကျောင်းသားတွေ အင်အားနဲ့ဝိုင်းဖမ်းပြီး ခြံထဲပြန်ထည့်ရပါတယ်။ အတော်အလုပ်ရှုပ်အောင်လုပ်တဲ့ဝက်ပါ။ အဲဒီတော့ အဲဒီဝက်သက်တမ်း မရှည်ရှာပါဘူး။ မကြာမီမှာပဲ အဲဒီဝက် ဟင်းဖြစ်သွားခဲ့ပါတယ်။

ခုလည်း တောင်ထိပ်ပေါ်ကဝက်ဟာ ကာထားတဲ့ ဝါးလုံးတန်းတွေကို တွန်းထိုးပြီးဖြုတ်နေတာပါ။ အိပ်တဲ့အခါမှာလည်း နောက်ခြေထောက်နှစ်ချောင်းကို အပြင်ထုတ်အိပ်တော့ကာ သူ့ခြေထောက်နှစ်ချောင်းက အမြဲလိုလိုလေထဲရောက်နေတတ်တယ်။ အတော်လေးကို အဆော့သန်တဲ့ဝက်ပါပဲ။ အဲဒီတော့မှ တိရစ္ဆာန်တွေမှာလည်း ဒီလိုဉာဉ်ဆိုးရှိတတ်ကြောင်းသိလာရတာပါ။

အဲဒါကြောင့် ကျောင်းသားတွေကိုပြပြီး အဲဒီဝက်ဟာ တစ်နေ့မှာ နံရံပြုတ်ထွက်ပြီး တောင်အောက်ကိုပြုတ်ကျလာနိုင်ကြောင်း ပြောပြဖြစ်ပါတယ်။

အဲဒီမှာ ကျောင်းသားတွေက -

"တောင်အောက်ပြုတ်ကျပြီး သေသွားတော့လည်း ကောက်ချက်စားလိုက်ကြတာပေါ့ဗျာ"

လို့ ခပ်နောက်နောက်ဆိုကြပါတယ်။ ပေတစ်ရာကျော်အမြင့်ကနေ ပြုတ်ကျလာမယ်ဆိုရင်တော့ အဲဒီဝက် ရှင်ဖွယ်မမြင်ပါဘူး။ ကျိုးကြေပြီး သေသွားနိုင်တဲ့အခြေအနေပါ။ သူတို့ဖက်စပ်ကလူတွေကတော့ ကမ်းပါးစွန်မှာဆိုတော့ သတိထားမိကြမယ်မထင်ပါဘူး။ ကျွန်တော်ကသာမြင်နေရလို့ပါ။

▫ ပြုတ်ကျပြီ

မှတ်မှတ်ရရ ၂၃-၆-၂၀၀၄ ခုနှစ် ညမှာ ကျွန်တော်နဲ့ ညဆိုင်းတာဝန်မကျတဲ့ ကျောင်းသားအနည်းငယ်ဟာ စကားစမြည်ထိုင်ပြောနေကြပါတယ်။ စကားဝိုင်းက ကောင်းပါတယ်။ ဘာလို့လဲဆို



တော့ ကျောင်းဆရာ၊ ကျောင်းသားအများစုဟာ ကျွန်တော့်ထက် တောင်ပေါ်မှာ အနေကြာတဲ့ မှော်ကြာတွေဖြစ်တော့ကာ သူတို့ရဲ့ အတွေ့အကြုံတွေက ကျွန်တော် ဒိုင်ခံရေးသားပေးနေတဲ့ မြတ်ကြေးမုံမဂ္ဂဇင်းအတွက် သတင်းဆောင်းပါးကောင်းတွေဖြစ်လာတာပါ။ အဲဒါကြောင့် ကျွန်တော်ဟာ အားလုံးနဲ့ လိုက်လျောညီထွေနေကာ သတင်းဆောင်းပါးတွေရယူနေခြင်းပါပဲ။ အချို့ ဖက်စပ်တွေက မန်နေဂျာတွေဆိုရင် မန်နေဂျာပါဝါနဲ့ စတိုင်လ်ကြီးတွေနဲ့နေကြလေ့ရှိပါတယ်။ အဲဒီအခါ သူတို့ကို ကျောင်းသားတွေက စကားမပြောရဲကြပါဘူး။

ကျွန်တော်ကျတော့ လူမှုရေး လိုက်လျောပေမယ့် စည်းကမ်းပိုင်းနဲ့ ပတ်သက်လာရင်တော့ နည်းနည်းလေးမှ အလျှော့မပေးဘဲ အရေးယူတတ်ပါတယ်။ မန်နေဂျာ၊ လက်ထောက်မန်နေဂျာ၊ အင်ချုပ်၊ ကျောင်းဆရာတွေက အစုစားပါ။ ဂိုဒေါင်မှူးကိုလည်း အစုစားပေးပါတယ်။ ကျန်တာတွေက လခစားပါ။ လခစားတွေက (၃) လပြည့်အောင်လုပ်မှ လခရပါတယ်။ သုံးလမပြည့်ဘဲထွက်ရင် တစ်ရက်ပဲလိုလို လခမပေးပါဘူး။ ဒါက တောင်ပေါ်ထုံးစံပါ။ စာချုပ်ချုပ်ပြီဆိုကတည်းက အဲဒီကတိနဲ့ချုပ်တာပါ။

ဖျားနာလို့မဆင်းတဲ့ရက် လခမရပါဘူး။ ဒါက အမှန်တကယ် ဖျားနာမှပါ။ ဆေးကုပေးပါတယ်။ ခေါင်းကိုက်၊ ဗိုက်နာရှာမရတဲ့ရောဂါနဲ့ အပျင်းထူရင် အဲဒီလူကို နှစ်ရက်စာဖြတ်ပါတယ်။ ဆေးမှူးရဲ့မှတ်တမ်းနဲ့ စာရင်းပြုစုတာပါ။ တွင်းထိခိုက်မိလို့ အနာတရဖြစ်ရင် ဆေးကုတာ ဘယ်လောက်ကြာကြာ ခံစားခွင့် အပြည့်အဝပေးပါတယ်။ ဒါက လခစားရော အစုစားရော အတူတူပါပဲ။ လခစားမဟုတ်တဲ့ အစုစားတွေကိုလည်း ရတဲ့အစုငွေကို ရက်နဲ့ပြန်တွက်ပြီး ဖြတ်တာပါပဲ။ ဒါမှ အလုပ်ကိုလေးစားတာပါ။ လူဆိုတာ အားလုံးနီးနီး ယောကျ်ား၊ မိန်းမတွေဟာ မှော်ကြာတွေဆိုတော့ မာယာပရိယာယ်တွေက အလွန်ကြွယ်ကြတာကလား။ မိုင်းရှူးတောင်ပေါ်မှာ နှစ်ပေါင်းဆယ်စုတစ်ခုကို ကျော်ဖြတ်ခဲ့တဲ့လူတွေဆိုတော့ ဘယ်သူ့မှလျှော့တွက်လို့မရပါဘူး။ ဖက်စပ်ဆိုတာ အဓိကကျတာကအလုပ်ပါ။ အလုပ်ကိုလေးစားမှ တိုးတက်အောင်မြင်တာပါ။

ကျွန်တော်နဲ့ ကျောင်းသားတွေ ထမင်းစားခုံတွေပေါ် ထိုင်ပြီး စကားပြောနေလိုက်ကြတာ ည (၁၂) နာရီတောင် ထိုးခါနီးနေပါပြီ။ စကားကကောင်းတုန်းပါ။ အဲဒီမှာ ဝရော ဝေါ ဗုန်း ဆိုတဲ့အသံကြီးကို ကြားလိုက်ရကာ ပေအနည်းငယ်သာဝေးတဲ့ ကျောက်နံရံကြီးရဲ့အခြေမှာ ဝက်ကြီးရောက်နေတာပါပဲ။ ဝက်ကြီးက မသေသေးဘဲ တအိအိနဲ့မြည်နေဆဲပါ။

ကျွန်တော်တို့တွေပြေးကြည့်ကြပါတယ်။ ဝက်ကမလှုပ်နိုင်ပေမယ့် တအိအိ ညည်းနိုင်ပါသေးတယ်။ ဒါနဲ့ ကျွန်တော်က တာဝန်ရှိသူဆိုတော့ အထက်ဘက်က ဖက်စပ်မန်နေဂျာတွေဆီ စကားပြောစက်နဲ့ အကြောင်းကြားလိုက်ပါတယ်။ အနီးနားဖက်စပ်တွေဆီက စက်နံပါတ်တွေယူထားတော့ အဆင်ပြေပါတယ်။ အရေးကြုံရင် ဆက်သွယ်နိုင်အောင်လို့ပါ။

ခဏအကြာမှာ မန်နေဂျာတစ်ဦးနဲ့ ကျောင်းသားတွေဆင်းလာကာ ဝက်ကြီးကို သယ်သွားကြပါတယ်။ ညသာဆိုတာပါ။ မီးတွေထိန်နေအောင်ထွန်းထားတော့ နေ့လိုလင်းနေတာပါ။

အဆော့သန်တဲ့ ဝက်ကြီးဟာ အမြင့်ပေတစ်ရာကျော်က ပြုတ်ကျတဲ့ ဒဏ်ကြောင့် ကျိုးကြေကုန်မှာသေချာပါတယ်။ သူ့ဟာသူပဲ သေသလား၊ သတ်လို့သေသလား မပြောတတ်ပေမယ့် နောက်နေ့မှာ ဝက်ကြီးက ဟင်းဖြစ်သွားရတော့မှာပါ။ ကျွန်တော်တို့လည်း စိတ်မကောင်းစွာနဲ့ အိပ်ရာဝင်ပါတော့တယ်။

ချမ်းမြေ့ကြပါစေ

ရွှေပြည်ဖိုး(မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲ-နွားများ ဖျားနာသည့်အခါ

နေပြည်တော်ကျော်ကျော်စိုး

ကျွန်တော်တို့မြန်မာနိုင်ငံ မှာ သူ့နေရာနဲ့သူ ကျွဲ၊ နွားတွေဆိုတာ လည်း လိုအပ်နေမှာ အမှန်ပါပဲ။ အလွန် တိုးတက်တဲ့နိုင်ငံကြီးတွေမှာတော့ ကျွဲ၊ နွားတွေကို အသားစားဖို့လောက်သာ သဘောထားပြီး မွေးမြူကြပေမယ့် ကျွန်တော်တို့ဆီမှာ အဲဒီခေတ်ရောက်ဖို့ အဝေးကြီးလိုနေပါသေးတယ်။ ဒီတော့ လယ်ယာတွေ ထွန်ယက်ဖို့ ကျွဲ၊ နွားတွေ လိုအပ်နေဆဲပါ။

ကျွဲ၊ နွားတွေရှိနေရုံနဲ့ မပြီးပါဘူး။ အဲဒီကျွဲ၊ နွားတွေ ကျန်းမာသန်စွမ်းပါမှ အလုပ်လုပ်နိုင်ကြမှာပါ။ ကျွဲတွေ၊ နွား တွေဆိုတာလည်း သွေးနဲ့ကိုယ်သားနဲ့ ကိုယ်မို့ သူတို့လည်း လူတွေလိုပဲ ဖျားနာ တတ်ပါတယ်။ နှာစေးမယ်၊ ချောင်းဆိုး မယ်၊ ကျွဲနွားတွေမှာဖြစ်တတ်တဲ့ရောဂါ တွေကျမယ် သို့မဟုတ် ကူးစက်မယ်ဆို ရင် ကျွဲ၊ နွားတွေ အစားအစာမစားနိုင် တော့သလို လုပ်ငန်းခွင်လည်းမဝင်နိုင် ကြတော့ပါဘူး။

တိ/ကုလို့ခေါ်တဲ့ တိရစ္ဆာန်ကု ဆရာဝန်တွေရှိတယ်။ သို့သော်လည်း အဲဒီတိ/ကုဆရာဝန်တွေဆိုတာ တောင် သူလယ်သမားတွေရှိရာ ကျေးလက်တွေ မှာ ထောင့်စေ့အောင် မရှိနိုင်ပါဘူး။ အများအားဖြင့် မရှိတာများတယ်။ ဒီတော့ကာ ကျေးလက်တောင်သူလယ် သမားတွေနဲ့ တိ/ကုဆရာဝန်ဆိုတာ လက်လှမ်းမမီကြတာများပါတယ်။

ဒီတော့ တိရစ္ဆာန်ဖြစ်တဲ့ ကျွဲ၊ နွား တွေနေမကောင်းရင် ကိုယ့်ဟာကိုယ်ကု ကြတာများပါတယ်။ ဒီကုနည်းတွေက လည်း မိဘဘိုးဘွားအစဉ်အဆက်ကုခဲ့ ကြတဲ့ မြန်မာ့ရိုးရာနည်းတွေပါ။ သိပ္ပံ ဆေးမပါဘူး။ သိပ္ပံနည်းမပါဘူး။ တကယ့် မြန်မာဆေးစစ်စစ်ပါ။

ကျွန်တော်တို့ငယ်ငယ်က အဖေ့ မှာ ကျွဲအုပ်ကြီးရှိတယ်။ အဲဒါကြောင့် နှစ်ဆောင်ပြိုင်က ကျွဲဦးတုတ်လှလို့ ကျွန်တော်တို့အဖေနာမည်တွင်တာပါ။ ကျွဲနေမကောင်းဘူးဆိုလို့ကတော့ အဖေ က သူ့ဟာသူကုပေးလေ့ရှိတယ်။ ကျွဲ နေမကောင်းရင် နှာရည်တယိုယိုဖြစ်လာ တယ်။ မှိုင်တွေသွားတယ်။ အစာမစား တော့ဘူး။ ကျွဲတွေနဲ့အတူတူနေနေကျ ဆိုတော့ အဖေက သူ့ကျွဲနေမကောင်း ရင် ချက်ချင်းသိတယ်။

ဒါဆို အဖေက ကုလားအော် ငရုတ်ပင်က ငရုတ်သီးတွေခူးပြီး သနပ်ခါး ကျောက်ပျဉ်ရဲ့ကျောဘက်ပေါ် တင်ပြီး ငရုတ်ကျည်ပွေ့နဲ့ညက်နေအောင်ကြိတ် တော့တာပဲ။ တစ်ခါတစ်ရံ ကျောက်ခဲ လုံးလုံးနဲ့လည်းကြိတ်တယ်။ အဲဒီညက် နေတဲ့ငရုတ်သီးကို ကျွဲမျက်စိထဲဖြုပြီးခတ် သလို လျှာကိုလည်းပွတ်ပေးပါတယ်။ ကျွဲဟာ ဆတ်ဆတ်ခါပြီး ဆွေ့ဆွေ့ခုန် အောင်ခံစားရပါတယ်။ မျက်စိထဲ ငရုတ် သီးတွေခတ်မှတော့ မစပ်ရှိမလားဗျာ စဉ်းစားကြည့်ပေါ့။ မျက်ရည်တွေ၊နှာရည် တွေတတွေတွေကျပြီး မကြာဘူး၊ အဲဒီကျွဲ ဟာ အမြီးတဖျတ်ဖျတ်ခတ်လာတယ်။ နားရွက်တွေကစားလာတယ်။ခွာတမြောက် မြောက်ဖြစ်လာပြီး ခြံကလွှတ်လိုက်တာ နဲ့ အစားအစာကို အငမ်းမရစားတော့ တာပါ။ သူ့နည်းသူ့ဟန်နဲ့ကျတော့လည်း ဟုတ်လို့ပါပဲ။ ဒါက ကျွန်တော်ငယ်စဉ် က မြင်နေကျမြင်ကွင်းပါ။

၂၀၁၆၊ စက်တင်ဘာလဆန်းစမှာ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက် အင်ကြင်းပန်းစာပေရှေ့မှာရှိတဲ့ သစ်ဆိမ့် ပင်ရိပ်အဝိုင်းမှာ ကျွန်တော်ရယ်၊ ဦးသီဟ ခေါ် ဦးမွတ်တားရယ်၊ ဦးသီဟရဲ့ဦးလေး အငယ်ဆုံး အသက် (၈၁) နှစ်ရှိပြီဖြစ်တဲ့ ဦးအောင်မြင့်ရယ်ထိုင်မိကြတော့ ကတ္တရာ လမ်းပေါ် ကျွဲလှည်းတစ်စင်းဖြတ်မောင်း သွားတယ်။ ကျွန်တော်တို့ဆီမှာ ခေတ်နဲ့ မလျော်ညီတော့ပေမယ့် ကျွဲလှည်းတွေ ရှိနေပါသေးတယ်။ ဆယ်စုနှစ်လောက် တော့ ကျန်မယ်ထင်ပါရဲ့။ ကတ္တရာလမ်း ပေါ် လှည်းမမောင်းရဆိုတာကို သူတို့ မသိကြလို့နေမှာပါ။ သိရင်တောင်မှ ကတ္တရာလမ်းဘေးချမောင်းလို့မရနိုင်ပါ ဘူး။ အဲဒါလည်းပါမှာပေါ့လေ၊ ဆိုင်တွေ နဲ့မို့ပါ။

တစ်သက်ပတ်လုံး တောင်သူကြီး တွေဘဝနဲ့နေခဲ့ကြတဲ့ဦးသီဟနဲ့ဦးအောင် မြင့်တို့ကတော့ ကျွဲတွေမြင်ရတဲ့အခါ ကျွဲ တွေ၊ နွားတွေအကြောင်းရောက်သွားပါ တော့တယ်။ ဟုတ်တယ်လေ သူတို့ တစ်သက်လုံး ကျွဲ၊ နွားတွေနဲ့ ဖက်ရှန်းပြီး ကြီးပြင်းခဲ့ရတာမဟုတ်လား။ ဒီတော့ ကျွဲ၊နွားတွေအပေါ် သံယောဇဉ်ရှိသပေါ့ ဗျာ။ လူတွေက အသီးစား၊ ကျွဲနွားတွေ က အပင်စားနဲ့ ဒိုးတူပေါင်ဖက်နေခဲ့ကြရ တာကိုး။ (အသီး + စပါးအပင် + ကောက်ရိုး) အဲဒီမှာ ဦးသီဟက ကျွဲ၊ နွား တွေဖျားနာရင် ကုသပုံကို ပြောပြတယ်။ ကျွန်တော့်အဖေကုတဲ့ ကုလားအော် ငရုတ်သီးနဲ့ကုတဲ့အကြောင်းပါ။ကျွန်တော့် အနေနဲ့သိပြီးသားမို့ မဆန်းပါဘူး။

ဦးသီဟပြောပြီးတော့ ဦးအောင်မြင့် က ပြောပြပြန်ပါတယ်။

"မောင်သီဟ၊ မောင်ရင် ထိမ်ပင် သိတယ်မဟုတ်လား"

"ဩော် - သိတာပေါ့ ဦးလေးရာ"

"အေးကွ၊ မြန်မာရာဇဝင်မှာ အနော်ရထာမင်းကို ထိမ်ပင်စောင့်နတ် က ကျွဲဖြူယောင်ဆောင်ပြီး ခတ်သတ် တယ်ဆိုတာ ကြားဖူးမှာပေါ့"

"ကြားဖူးတာပေါ့ဗျာ"

"အေး-အဲဒီထိမ်ပင်ပဲကွ။ ငါတို့ရဲ့ လုပ်ကွက်အနီးမှာ ထိမ်ပင်တစ်ပင်ရှိ တယ်။ ငါ့ရဲ့နွားတွေနေမကောင်းရင် ထိမ် ရွက်အသင့်အတင့်ခူးပြီးဝါးရတယ်။ သူ့ အရသာက ပူခါးခါးကွ။ ညက်အောင် ဝါးပြီး အဲဒီထိမ်ရွက်ရည်နဲ့ မျက်စိဖြုပြီး ထွေးထည့်ရတယ်။ ပြီးတော့ ပါးစပ်ဖြုပြီး ထွေးထည့်ပေါ့ကွာ။ ဒါဆို အဲဒီနွားအမြီး ထောင်သွားတော့တာပဲ။ မကြာပါဘူး ဗျာ။ အကောင်းပကတိပြန်ဖြစ်သွားလေ့ ရှိတယ်။ တောထဲတောင်ထဲဆိုတော့ ငရုတ်သီးတို့၊ ကျောက်ပျဉ်တို့ခက်တယ် လေ။ ငါကတော့ အဲဒီထိမ်ပင်ကိုအား ကိုးတာကွ။ အဲဒီထိမ်ပင်နဲ့ပဲ ငါ့နွားတွေ နေမကောင်းရင်ကုခဲ့တာ အများအပြား ပဲ"

လို့ ပြောပြပြန်ပါတေယ်။

ဗဟုသုတရယူလိုတဲ့ကျွန်တော်က တော့ အမှတ်တမဲ့မနေဘဲ စိတ်ထဲထည့် ထားလိုက်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံဟာ ကျွဲ၊ နွားတွေနဲ့ မကင်းနိုင်သေးတော့ကာ တောင်သူ လယ်သမားတွေအတွက် အသုံးဝင်နိုင် သေးလို့ပါပဲ။

ခေတ်နောက်မှာ နှစ်ပေါင်း (၂၀၀) လောက်ကျန်နေတဲ့ကျွန်တော်တို့နိုင်ငံမှာ မြန်မာ့ရိုးရာ တိရစ္ဆာန်ကုနည်းလေးတွေ အသုံးပြုနိုင်အောင် တင်ပြလိုက်ခြင်းပါ။


*ဦးသီဟနှင့်ဦးအောင်မြင့်တို့*
*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com



လှော်ကားသဘာဝ ဥယျာဉ်မှာ မျောက်စပ်တွေ ဒုက္ခပေးနေပုံသတင်းအား နေ့စဉ်ထုတ်သတင်းစာတစ်စောင်မှာ ဖတ်ရှုခဲ့ရသည်။ ဥယျာဉ်ခြံစည်းရိုးအား ခွထိုင်ပြီး အစာကျွေးမည့်သူတွေကို မျှော်နေသည့် မျောက်များ၊ လှော်ကားဥယျာဉ်အတွင်း နေထိုင်ကျက်စားကြသည့်အခြားသတ္တဝါများအဖို့ ထိုမျောက်များကြောင့် ဂေဟစနစ်ယိုယွင်းပြီး ပြဿနာတွေဖြစ်လာပုံကို စုံစုံစေ့စေ့သိလိုက်ရသည်။ ထိုမျောက်တွေကို အကြောင်းပြု၍ ကျွန်ုပ်ငယ်စဉ်က မျောက်နှင့်ပတ်သက်ခဲ့သည့် အဖြစ်အပျက်တစ်ခုအား သတိရမိ၍ ပြုံးမိလိုက်ပါသည်။ ထိုအကြောင်းအား သတိရတိုင်း မပြုံးဘဲမနေနိုင်ပါ။

ရန်ကုန်တိရစ္ဆာန်ရုံသို့ သမီးငယ်အား လိုက်ပို့၍ မျောက်ရှာသို့ရောက်တိုင်း သတိရမိပြီးပြုံးမိသည်။ သမီးငယ်က-

"ဘာလို့ပြုံးတာလဲ အဖေ"

ဟု မေးပါသည်။

"မျောက်တွေကရယ်ရလို့"

ဟု ဖြေတော့ စကားတောင်းစားသမီးငယ်သည် မကျေနပ်။ သမီးငယ်တို့အရွယ်သည် ပြင်ပဗဟုသုတများအား လေ့လာချင်သော၊ ဒေသန္တရဝေါဟာရ၊ စာပေဝေါဟာရများအားစူးစမ်းနေသော အရွယ်ဖြစ်၍ ဆရာကြီးသိပ္ပံမောင်ဝ၏ မြို့ပိုင်မောင်လူအေးနှင့်သားမောင်လူမွေးတို့ကဲ့သို့ ကျွန်ုပ်တို့သားအဖသည်လည်း ပေါက်တတ်ကရမေးသော ကလေးနှင့် အဖြေရကျပ်သောဖခင်ကဲ့သို့ဖြစ်ခဲ့ရပါသည်။ သမီးငယ်ကျေနပ်အောင် ကျွန်ုပ်ငယ်စဉ်ကကြုံတွေ့ခဲ့ရသော မြေလတ်ဒေသမှ မျောက်တွေအကြောင်းအား ပြောပြသောအခါမှ သမီးငယ်သည် အူတက်မတတ်ရယ်ပါတော့သည်။

အဖြစ်အပျက်မှာ ဤသို့တည်း။

□

ကျွန်ုပ် ရန်ကုန်တက္ကသိုလ်၌ ကျောင်းတက်ခဲ့စဉ်က အတန်းဖော် သူငယ်ချင်းတစ်ယောက်ရှိခဲ့သည်။ သူ့နာမည်က မြင့်အောင်။ နယ်ကျောင်းသား၊ ပင်းယဆောင်မှာအခန်းရသည်။ ကျွန်ုပ်နှင့် တော်တော်ခင်သည်။ ၁၉၈၀ ပြည့်နှစ်ခန့်က ဖြစ်ပါသည်။ တစ်နှစ် နွေရာသီ ကျောင်းပိတ်ရက်မှာ သူ ကျွန်ုပ်ကို သူနေထိုင်ရာရွာသို့အလည်ခေါ်ပါသည်။ ကျွန်ုပ်လည်း ငြင်းဆန်ခြင်းမပြုဘဲ မြင့်အောင်၏ရွာသို့ အလည်လိုက်သွားခဲ့သည်။ ထိုစဉ်က ယခုအခါကဲ့သို့ မှန်လုံအဲယားကွန်းဇိမ်ခံကားကြီးများ မရှိပါ။ ကုန်တွေလူတွေ ပြည့်ကျပ်အောင်တင်သည့် ဟီးနိုးကားကြီးများဖြင့် ကတ်သတ်လိုက်ရခြင်း ဖြစ်ပါသည်။ သူ့ရွာက ပြည်နှင့် အောင်လံကားလမ်းအကြား ဧရာဝတီမြစ်ကမ်းနံဘေး ကိုးထပ်ကွေ့ဟုခေါ်သောနေရာ ဘွတ်ကြီးချောင်းအနီး ပြုလို့ရွာ (ဒေသအခေါ် ပလို့ရွာ) ဖြစ်ပါသည်။ ထိုနေရာသည် ကားလမ်းက ဧရာဝတီမြစ်အရှေ့ဘက်ကမ်းပါးအတိုင်းဖောက်လုပ်ထားသဖြင့် မြစ်ကြီးအား အလျားလိုက်မြင်တွေ့နေရသည်။ တောတောင်တွေက စိမ်းမှောင်ညို့၍ကော[illegible]ုန်းပင်တည်း။ အရှေ့မှာကလည်း [illegible]ပဲခူးရိုးမအနောက်ခြမ်း၊ မြစ်အနောက်ဘက်မှာကလည်း ရခိုင်ရိုးမတောင်ခြေတောများဖြင့် တောကောင်းလွန်းလှပေသည်။ မြင့်အောင်တို့ရွာသည် ရန်ကုန်မြို့မှာ နာမည်ကြီးသည့် ပလို့ပြောင်းဟုခေါ်သည့် ပြောင်းဖူးထွက်သည့်ရွာ ဖြစ်ပါသည်။ ပလို့ပြောင်းမှာ တခြားပြောင်းဖူးများနှင့်မတူပါ။ စေးပိုင်၍ချိုပြီး စားလို့ကောင်းသည်။ မိန်းကလေးတွေလွန်စွာနှစ်သက်ကြသည်။

မြင့်အောင်မိဘတွေက ကိုင်းစိုက်ကြသည့် တောင်သူကိုင်းသမားများ ဖြစ်ကြသည်။ မိသားစုထဲမှာ မြင့်အောင်တစ်ယောက်ပဲ ထူးချွန်စွာ ဆယ်တန်းအောင်ခဲ့၍ရန်ကုန်တက္ကသိုလ်သို့ပို့ခဲ့ကြ၏။ အစ်ကိုတွေ၊ အစ်မတွေက မြင့်အောင်အား ပညာတတ်ညီလေး၊မောင်လေးဟု ဆိုပြီး လွန်စွာချစ်ကြသလို ကျွန်ုပ်အားလည်း ရန်ကုန်သား တက္ကသိုလ်ကျောင်းသား မြင့်အောင်သူငယ်ချင်းဆိုပြီး လွန်စွာချစ်ခင်ကြသည်။ သူတို့ရွာရောက်ပြီးနောက် မြင့်အောင်က ရွာပတ်ဝန်းကျင်အား လိုက်ပြသည်။ ကျွန်ုပ်က ဧရာဝတီမြစ်ကြီးအား မမြင်ဘူး၍ မြစ်ကမ်းပါးဘက်သွားသွားပြီး မြစ်အနောက်ဘက် နေဝင်ချိန် ရှည်လျားကျယ်ဝန်းလှသော သဲသောင်ပြန့်များ၊ အနောက်ဘက် အဝေးမှ ရခိုင်ရိုးမ၏ မှိုင်းညို့ညို့တောင်တန်းကြီးများအား ငေးမောတတ်သည်။ မြစ်ကြီးဧရာဝတီသည် နွေကာလဖြစ်၍ ပျင်းရိစွာဖြင့် မြောက်မှ တောင်သို့ စီးဆင်းနေပါသည်။

အိမ်မှာ ကျောင်းပိတ်ရက်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



# သန့်ဇင်

# မျောက်နှင့်လူ

နေမြင့်အောင်အိပ်တတ်သောကျွန်ုပ်သည် မြင့်အောင်တို့ရွာသို့ရောက်သော် နံနက်စောစောနိုးနေတတ်ပါသည်။မြင့်အောင်တို့အိမ်ခြံဝိုင်းကြီးထဲတွင် တမာပင်ကြီးများရှိရာ နံနက်စောစောတွင် ထိုတမာပင်ကြီးများပေါ်မှ ဆက်ရက်၊ သပိတ်လွယ်ငှက်လေးများမြည်ကြွေးတတ်သည်။ ထိုငှက်လေးများအော်သံသည် အလွန်သာယာသည်။ တောသဘာဝ နံနက်စောစော သဘာဝတေးဂီတက ကျွန်ုပ်အား အိပ်ရာထဲမှာကွေးမနေဖို့ လှုံ့ဆော်နေပါသည်။ မျက်နှာသစ်ပြီးသည်နှင့် ရွာနောက်မြစ်ကမ်းပါးဘက်လမ်းလျှောက်ထွက်ခဲ့၏။ ကမ်းပါးအောက် ပေတစ်ရာခန့်အနက်တွင် ချုံများထူထပ်စွာပေါက်နေကြ၏။ ထိုချုံပုတ်များတွင် လှပသောသပိတ်လွယ်၊ မြစ်တွေး၊ လင်းမြီးဆွဲငှက်လေးများ နံနက်စောစောမှာ မြူးထူးနေကြ၏။ လင်းမြီးဆွဲငှက်ကလေးတွေက မြို့မှာတွေ့နေကျ ဆက်ရက်ငှက်အရွယ်ခန့်ရှိပြီး တစ်ကိုယ်လုံးအနက်ရောင်နှင့် အမြီးနှစ်ခွရှိသည်။ မြင့်အောင်တို့ရွာက လွတ်ကျောင်းနေသောကျွဲ၊ နွားများပေါ်တွင်လာနားတတ်ပြီး ကျွဲ၊ နွားတွေ၏ သန်း၊ မွှားများကို စားနေတတ်သည်။ သူတို့အသိုက်တွေက မြစ်ကမ်းပါးချုံပုတ်များတွင်ရှိတတ်သည်။ သူတို့အိမ်နီးချင်းတွေက မြစ်တွေးငှက်များ၊ သပိတ်



www.burmeseclassic.com

www.burmeseclassic.com

လွယ်ငှက်များ ဖြစ်သည်။ သပိတ်လွယ်ငှက်က စာကလေးထက် အနည်းငယ်ကြီးသည်။အဖြူနှင့်အနက်ကျားရင်ဘတ်မှာ သပိတ်လိုအနက်ကွက်လေးရှိသည်။ သူတို့လည်း မြစ်ကမ်းပါး ချုံတောများမှာ အသိုက်လုပ်၍နေကြသည်။

နေ့ခင်းဘက်မှာ မြင့်အောင်တို့ ရွာပြင်ဘက်မှ ဘုတ်ငှက်အသံကိုကြားရတတ်သည်။ ကျွန်ုပ်က ကျီးဘုတ်ရှိသေ၊ ဘုတ်ကျီးရှိသေ ဟူသောစကားပုံကိုသာ ကြားဖူးပြီး ဘုတ်ငှက်ကိုမမြင်ဘူးသဖြင့် မြင့်အောင်ကို လိုက်ပြခိုင်းရလေသည်။ ဘုတ်ငှက်သည် ကျီးကန်းထက်ကြီးပြီး ခန္ဓာကိုယ်က အညိုရောင်ဖြစ်သည်။ အမြီးက အနက်ရောင်ဖြစ်ပြီး ဝေးဝေးသိပ်မပျံနိုင်။

❑

တစ်နေ့ မြင့်အောင်၏ အဖေနှင့် အစ်ကို၊ အစ်မတွေက မြစ်ဟိုဘက်ကမ်းသွားမည်လိုက်မလားဟုခေါ်သည်။ ဘာကိစ္စလဲမေးတော့ ဟိုဘက်ကမ်းမှာ သူတို့ယာခင်းတွေရှိသည်။ ပြောင်းခင်းတွေမှာ အလုပ်သွားလုပ်မလို့ဟုဆိုသည်။ သူတို့ရွာသားတွေမှာ ရွာပြင်ဘက်မှာ ယာခင်းများရှိသလို မြစ်ကမ်းသဲသောင်ပြင်ကြီးတွေမှာလည်း ဆေးရွက်ကြီး၊ ပဲခင်း၊ ငရုတ်၊ ကြက်သွန်စိုက်ကြသလို ဟိုဘက်ကမ်းကမြေလွတ်တွေကိုလည်း ခုတ်ထွင်ပြီး ပြောင်းခင်းများစိုက်ကြသည်တဲ့။

မြစ်၏ အနောက်ဘက်ကမ်းက အရှေ့ဘက်ကမ်းလို လူနေအိမ်ခြေရွာသိပ်မရှိပါ။ ရိုးမနှင့်လည်းသိပ်မဝေး။ တောကလည်းကောင်းလှသည်။ (ယခုခေတ်ကဲ့သို့ လူနေအိမ်ခြေတိုးပွားလာခြင်းမရှိသေးပါ။) မြစ်အရှေ့ဘက်ကမ်းကလူတွေက အနောက်ဘက်ကူးပြီး မြေယာချဲ့ထွင်၍ ပဲ၊ နှမ်း၊ ပြောင်းစိုက်ကြသည်။ ကိုယ့်ယာခင်းနှင့်ကိုယ်အစောင့်တဲလေးများရှိကြသည်။ ထိုတဲများတွင် အမြဲတစေတော့လူမနေကြ။

မြင့်အောင်၏ အစ်ကိုကြီးဖြစ်သူ ကိုမြင့်ဆောင်က -

"ငါ့ညီသူငယ်ချင်း ရန်ကုန်သားကို မျောက်ချေးခါးဟင်းချက်ကျွေးမယ်"

ဆိုသည်။

"မျောက်ချေးကို ဟင်းချက်စားတယ်၊ အစ်ကိုကြီးရာ ရွံ့ဖို့ကောင်းလိုက်တာ။ မျောက်သားဆိုတော်သေးတယ်။ ဒါနဲ့နေပါဦး၊ ဟိုဘက်ကမ်းမှာ မျောက်တွေရှိလို့လား"

"ရှိတာပေါ့ကွ၊ မျောက်ညိုတွေ ပေါလွန်းလို့။ သိန်းခိုကျွန်းကိုမီးနဲ့ရှို့တဲ့ မျောက်တွေထက်ဆိုးတယ် လိုက်မလား"

"လိုက်မယ်ဗျာ၊ ကျွန်တော်လည်း အိမ်မှာပျင်းနေတာ"

လှေနှင့် ဟိုဘက်ကမ်းသို့ကူးကြသည်။ ကျွန်ုပ်တို့လို မြစ်အနောက်ဘက် ယာခင်းများသို့သွားမည့် လှေလေး ငါးစီးတွေ့ရသည်။ ပြောင်းဖူးခူးမည့်ရွာသူတွေလည်းပါသည်။ ကောင်မလေးတွေက တက္ကသိုလ်ကျောင်းသားဖြစ်သောကျွန်ုပ်တို့နှစ်ယောက်အားစကြ၏။မြင့်အောင်က ရွာမှာ သူတစ်ယောက်တည်း တက္ကသိုလ်ကျောင်းသားဟုဘဝင်ကိုင်ပြီးအထာကြီးနှင့်နေသည်။ ကောင်မလေးတွေက ရန်ကုန်သား ဆံပင်အရှည်ကြီးနှင့် တက္ကသိုလ်ကျောင်းသား ဂစ်တာတီး အဆိုကောင်းဟုဆိုပြီး မျက်နှာသာအလွန်ပေးသည်။ ညဘက်ဆိုလျှင် ကျွန်ုပ်က မြင့်အောင်တို့ခြံဝိုင်းထဲကွပ်ပျစ်ပေါ်တွင် ဂစ်တားတီးပြီး ထိုစဉ်က နာမည်အလွန်ကြီးနေသော မင်းအောင်၊ အနိုင်စသည့် အဆိုတော်များ၏သီချင်းကို ဆိုတီးပြရသည်။ ဒီတော့ ရွာကာလသားတွေက ခြံဝိုင်းထဲမှာအပြည့်။ရွာသူကောင်မလေးတွေက အိမ်ပေါ်ကနေပြီး မြင့်အောင် အစ်မတွေနှင့်အတူ နားထောင်ကြသည်။ သူတို့နားထောင်ချင်သည့်သီချင်းပေါင်းစုံကို ဆိုတီးပြတော့ ညညဆိုရင် စားစရာမုန့်တွေပေါင်းလျှံနေသည်။

မြင့်အောင်က -

"ငါ့သူငယ်ချင်းက ရန်ကုန်တက္ကသိုလ်မှာ ညဘက်ဆိုရင် ကောင်မလေးတွေအဆောင် အင်းလျား၊ မာလာ၊ သီရိ၊ ရတနာဆောင်တွေမှာဂီတာတီးပြီး သီချင်းဆိုတာ နာမည်ကြီး"

ဟု ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြောသည်။ ဒါပေသည့် မြင့်အောင်သည် ချိုမိုင်မိုင်ကိုပင်စည်းကျဝါး[illegible]ဆိုတတ်သူမဟုတ်။

ကျွန်ုပ် ထိုရွာသို့သွားလည်စဉ် ရွာရှိကာလသားတွေ၊ ရွာသူအပျိုမတွေနှင့် အလွန်ခင်မင်ခဲ့သည်မှာ အဆိုကောင်း၊ ဂစ်တာအတီးကောင်း၍ဖြစ်သည်။ ထိုရွာမှာနေစဉ် တစ်လကျော်ကျော်အတွင်း ကာလသားငါးယောက်အား သီချင်းအပုဒ်နှစ်ဆယ်ခန့်တီးတတ်အောင် ဂစ်တာတီးအမြန်သင်ပေးခဲ့ရဖူးသည်။ မြစ်လယ်လှေပေါ်မှာ ကောင်မလေးတွေကအော်ပြောသည်။

"ရန်ကုန်က တက္ကသိုလ်ကျောင်းသားအစ်ကို၊ ဟိုဘက်ကမ်းရောက်ရင် မျောက်မင်းအူသံကို နားထောင်ပြီး ညကျရင် ကျွန်မတို့ကိုပြန်ဆိုပြရမယ်နော်"

"ဟဲ့ကောင်မတွေ၊ ငါ့သူငယ်ချင်းကိုမစကြနဲ့။ ဟိုဘက်ကမ်းရောက်မှ နင်တို့လင်တွေကို မျောက်မင်းအူသံဆိုခိုင်း"

ကောင်မလေးတွေက ဟားတိုက်ရယ်ကြသည်။ မြစ်ပြင်မှာ လှေပေါ်မှ ရယ်သံများသည် လှိုင်းကြက်ခွပ်သံများနှင့်အတူ ပျံ့လွင့်သွားသည်။ လှိုင်းအိလေးများသည် နေရောင်ခြည်ကြောင့် တဖျတ်ဖျတ်တောက်ပလျက်။ အနောက်ဘက်သောင်ကွေ့ပြင်ပေါ်မှာ ဟသ်ာ၊ ရေဘဲ၊ ခရုစုတ်ငှက်များ အုပ်လိုက်အစာကောက်နေကြပါသည်။

❑

ပြောင်းခင်းတွေက နှစ်ဧက၊ သုံးဧကစသည်ဖြင့် အကွက်လိုက် ကြဲပြန့်၍ရှိနေကြပါသည်။ မြေအစိုဓာတ်ရှိမည့်နေရာကိုသာထွင်၍လုပ်ကိုင်ကြခြင်းဖြစ်သည်။ ယာခင်းများပတ်ဝန်းကျင်တွင် မည်သည့်ရွာမျှမရှိပေ။ သစ်ပင်ကြီးတွေ အုပ်လိုက် စုစုဝေးဝေးပေါက်ရောက်နေကြသည်။

"ငါတို့တော့ တစ်နေ့တစ်မိုးစာ ထင်းလိုရင် အနောက်ဘက်တောင်ရိုးတက်သွားတာပဲကွ"

"ရိုးမကနီးလား အစ်ကို"

"မင်းမြင်တဲ့အတိုင်းပဲ။ ယာခင်းတွေကြားမှာ သစ်ပင်အုပ်တွေလည်းရှိတယ်။ အနောက်ဘက်သွားလေ တောထူသွားပြီး ရိုးမနဲ့ဆက်သွားတာ"

အစ်ကိုကြီးမြင့်ဆောင်က ရှင်းပြပါသည်။ ယာခင်းစောင့်တဲများသည် မြေစိုက်တဲများဖြစ်ပြီး တဲတစ်ခြမ်းအား လူနားနေရန်၊ ညဘက်အိပ်စောင့်ရန် ဝါးကြမ်းခင်းထား၏။ တချို့ရွာသူရွာသားများမှာ ပြောင်းဖူးများရင့်မှည့်လာလျှင် ယာခင်းစောင့်ဖို့ အနောက်ဘက်ကမ်းမှာ [illegible]အိပ်စောင့်ကြလေ၏။ အစ်ကိုကြီးမြင့်ဆောင်မှာ ဒူးလေးကြီးတစ်လက်ပါလာသည်။ ကျွန်ုပ်အား မျောက်ပစ်၍ မျောက်သားဟင်းကျွေးမလို့ဆိုသည်။

ကျွန်ုပ် မြင့်အောင်အစ်မတွေနှင့် ပြောင်းခင်းထဲလိုက်သွားသည်။ ပြောင်းခင်းသည် လူတစ်ရပ်မကရှိပြီး ပြောင်းဖူးများသီးနေသည်မှာ အမွေးဆံတဖားဖား နှင့် ကြည့်ကောင်းလှသည်။ မြင့်အောင် အစ်မတွေက ရင့်မှည့်သည့် ပြောင်း[illegible] တွေကိုဆွတ်နေကြသည်။ ကျွန်ုပ်[illegible]




www.burmeseclassic.com

www.burmeseclassic.com

တောင်းတွေကို တဲသို့မ,သ,ယ်ပေးသည်။

"မလုပ်ပါနဲ့ ငါ့မောင်လေးရယ်။ နေလောင်ပြီးအသားတွေမည်းနေပါ့မယ်၊ တဲမှာသွားထိုင်နေပါ။ မျောက်တွေဝင်လာရင်သာ တုတ်ကိုင်ပြီးခြောက်"

"ဘာ - မျောက်တွေကတဲကိုလာတယ်။ ဘာလာလုပ်တာလဲ အစ်မ"

"အမလေး- သင်းတို့က ငါတို့လုပ်တာကို လာပြီးချောင်းကြည့်နေကြတာ၊ ဟိုယာခင်းစပ်ကသစ်ပင်ပေါ်ကိုကြည့်ပါလား"

ကျွန်ုပ် ယာခင်းစပ်က ပျဉ်းမပင်သုံးလေးပင်ပေါက်နေသည့်သစ်ပင်အုပ်ကို လှမ်းကြည့်လိုက်၏။ သေသေချာချာကြည့်လိုက်သောအခါ မျောက်သုံးလေးကောင်သည် သစ်ကိုင်းများကိုတွဲလွဲခိုပြီး ဟိုဘက်ကိုင်းဒီဘက်ကိုင်းများအား ခုန်ကူးနေကြသည်။ တချို့မျောက်တွေက သစ်ရွက်များအကြားပုန်းပြီး ယာခင်းထဲမှာ လူတွေအလုပ်လုပ်သည်ကိုကြည့်နေကြသည်။

"အစ်မ၊ ဒီမျောက်တွေ ဘယ်ကလာတာလဲ"

"အနောက်ဘက်တောအုပ်ထဲမှာ မျောက်ညိုတွေအများကြီးပဲ။ ပြောင်းဖူးပေါ်ရင် မျောက်တွေဒုက္ခပေးလို့ တစ်ခါတစ်လေ ပြောင်းခင်းတစ်ခင်းလုံးကုန်ပါရောလား"

"အစ်မတို့က မျောက်တွေကို တုတ်နဲ့မရိုက်ဘူးလား"

"မနိုင်ပါဘူးငါ့မောင်ရယ်၊ သင်းတို့က ပြောင်းခင်းကိုဝင်စားရင် ရာနဲ့ချီပြီး အုပ်လိုက်လာကြတာ"

ကျွန်ုပ်လည်း တဲဘက်သို့ထွက်လာခဲ့သည်။ ကျွန်ုပ်နှင့် မြင့်အောင်တို့ တဲအောက်ရှိ မလှပင်ကြီးအောက်မှာ စကားပြောနေကြ၏။

"ဒုန်း. . . ဂလုံး. . . ဂလွမ်း"

"ဟာ - မျောက်တွေထမင်းအိုးတွေကိုဝင်ဆွဲနေကြပြီ ဟေး. . . ရှူး . . . ရှူး"

မြင့်အောင် တုတ်ကိုင်၍ တဲနောက်သို့ပြေးဝင်သွားသည်။ ကျွန်ုပ်လည်း သူ့နောက်ပြေးလိုက်သွား၏။ မျောက်နှစ်ကောင်သည် တောင်းထဲမှ ထမင်းအိုးအား ဆွဲလှန်နေခြင်းဖြစ်၏။ ပန်းကန်တွေက ဘေးမှာပြန့်ကျဲနေ၏။ မျောက်တစ်ကောင်က ထမင်းအိုးထဲ လက်နှိုက်ပြီး ပလုတ်ပလောင်းစားနေ၏။

"ဟဲ့မျောက် ရှူး. . . ရှူး သွား"

မြင့်အောင်က တုတ်ကိုင်ပြီး ပြေးရိုက်မည်ပြုသောအခါတွင် မျောက်နှစ်ကောင်သည် ခုန်ဆွခုန်ဆွလုပ်၍ ခပ်လှမ်းလှမ်းရှိ သစ်ပင်တွေဘက်သို့ပြေးသွားပါသည်။ ဒါတောင် မျောက်တစ်ကောင်သည် လက်မှာထမင်းခဲတစ်ခဲအား အမိအရနှိုက်သွားသေး၏။ အသံတွေကြားရ၍ အစ်ကိုကြီးမြင့်ဆောင်သည် တဲတက်သို့ရောက်လာသည်။

"မျောက်တွေလား ညီလေး"

"ဟုတ်တယ် အစ်ကိုကြီး၊ ထမင်းအိုးလာလှန်တာ တော်တော်ဆိုးတာပဲ"

"ထားလိုက်ပါ၊ ဒီမျောက်ကို ငါဆုံးမလိုက်မယ်။ မင်းတို့ ခပ်လှမ်းလှမ်းမှာသွားနေကြ"

ကျွန်ုပ်တို့ မနီးမဝေးရှိ လက်ပံပင်ကြီးအောက်မှာသွားထိုင်ပြီး တဲကိုကြည့်နေကြသည်။ အစ်ကိုကြီးသည် တဲအပြင်ဘက် မျောက်များမြင်နိုင်သည့်နေရာတွင်ထိုင်၍ ထမင်းအိုးနှင့်ပန်းကန်များကို ချသည်။ ထမင်းအိုးကိုဖွင့်၍ပန်းကန်များထဲသို့ ထမင်းခူးထည့်သည်။ ထို့နောက် ထမင်းများကို အိုးထဲသို့ပြန်ထည့်ပြီး ပန်းကန်များကို ဒီအတိုင်းထားခဲ့၏။ သူတဲထဲပြန်ဝင်သွားပြီးထွက်မလာတော့ပါ။

တစ်အောင့်လောက်ကြာသော် တဲသည် ပြန်လည်တိတ်ဆိတ်သွား၏။ မနီးမဝေး ယာခင်းထဲမှ ပြောင်းဖူးဆွတ်နေကြသော မိန်းကလေးများ၏ သီချင်းသံသဲ့သဲ့အား ကြားနေရသည်။ ကျွန်ုပ်သည် မျောက်များအား စိတ်ဝင်စားသဖြင့် ယာခင်းတဲအားအလွတ်မပေးဘဲ စောင့်ကြည့်နေမိသည်။ မြင့်အောင်ကတော့ ရှုမဝမဂ္ဂဇင်းအား ဖတ်နေသည်။

"ဟော့ကောင် မြင့်အောင်၊ ဟိုမှာ မျောက်တွေ မင်းတို့တဲကိုလာနေပြီ။ လေး၊ ငါးကောင်တော့ရှိမယ်"

"လာပါစေ အသာကြည့်နေ။ အစ်ကိုကြီးလက်ချက်မိသွားလိမ့်မယ်"

မြင့်အောင်က ခပ်အေးအေးပင် စာဖတ်မပျက်။ ကျွန်ုပ်သည် ယာတဲနားသို့လာနေသော မျောက်အုပ်အားစိုက်ကြည့်နေမိသည်။ မျောက်အုပ်သည် တဲနားရောက်သောအခါ ဟိုကြည့်သည်ကြည့်လုပ်ပြီး တဲထဲမှာလူအရိပ်အယောင်မတွေ့ရ၍ ထမင်းအိုးအနားမှာ ဆောင့်ကြောင့်ထိုင်လိုက်ကြသည်။ မျောက်ကြီးကြီးတစ်ကောင်က ထမင်းစားပန်းကန်များအား အတူပါလာသော မျောက်ငယ်များအား ပန်းကန်တစ်ချပ်တစ်ကောင်စီခွဲပေးသည်။ ပြီးနောက် ထမင်းအိုးအဖုံးအားလှန်ပြီး ထမင်းတွေနှိုက်၍ ပန်းကန်ကလေးတွေကိုင်ထားကြသော မျောက်များအား ထမင်းထည့်ပေးနေပါသည်။ လူတွေထမင်းစားသည့်အတိုင်း ဝိုင်းထိုင်၍ထမင်းစားမည့်ကဲ့သို့လုပ်နေကြခြင်းဖြစ်သည်။ မျောက်တစ်ကောင်က ထမင်းပန်းကန်ချ၍ ထမင်းအိုးတင်ထားသော မီးဖိုအောက်သို့ အနီးမှ မီးပြောင်းယူ၍ ကုန်းမှုတ်နေပါသည်။ မီးဖိုထဲမှာ မီးမရှိဘဲ ပြာတွေသာလွင့်တက်လာပါ၏။ မီးပြောင်းမှုတ်နေသော မျောက်က မီးပြောင်းကိုချပြီး အနီးရှိ ထင်းပုံမှ ထင်းတစ်ချောင်းယူ၍ မီးဖိုထဲထိုးထည့်သည်။ လူတွေလုပ်သည့်အတိုင်း လုပ်နေကြခြင်း ဖြစ်သည်။

"ဒေါင်. . . ဒိုး. . . ဒုတ်. ."

"ကွိ . . . ကွိ . . . ကွိ"

ထမင်းနှိုက်ဝေနေသောမျောက်ကြီးအား တဲထဲမှာပုန်းနေသောအစ်ကိုကြီးက ဒူးလေးဖြင့်ပစ်လိုက်၍ မြားတံသည် မျောက်ကြီးအားထုတ်ချင်းပေါက်ဝင်စိုက်သွားပါသည်။ ကျန်သည့်မျောက်တွေမှာ အလန့်တကြားဖြစ်ပြီး ထမင်းပန်းကန်တွေချ၍ သစ်ပင်အုပ်ရှိရာသို့ ပြေးကြတော့၏။ အစ်ကိုကြီးက ဒူးလေးကြီးကိုင်ပြီး တဲထဲမှထွက်လာ၏။ ပန်းကန်ထဲမှထမင်းများအား အိုးထဲပြန်ထည့်၍ ထမင်းအိုးနှင့်ပန်းကန်များအား ပြန်သိမ်းလိုက်သည်။ မျောက်ကြီးကတော့ မြားတန်းလန်းဖြင့် သေနေပြီဖြစ်သည်။ အစ်ကိုကြီးက တဲအနီးရေတွင်းနားမှာ မျောက်ကြီးအား အရေခွံဆုတ်နေသည်။ ဗိုက်ခွဲ၍ အူများဆွဲထုတ်ပြီး အူသေးသေးလေးတွေထဲမှ ခပ်စိမ်းစိမ်းအနှစ်အခဲများအားထုတ်၍ ပန်းကန်ထဲထည့်နေ၏။

"ဘာတွေလဲဗျ အစ်ကိုကြီး"

"မျောက်ချေးခါးလေ၊ သူက ဆေးဖက်ဝင်တယ်ကွ။ မျောက်ဆိုတာ အသီးအရွက်မျိုးစုံအောင်စားတော့ အစာခြေပြီးသား။ အသီးအရွက်အဆီအနှစ်တွေဟာ ဒီအူနုတွေထဲမှာလာပြီးစုနေတယ်။ ခါးသက်သက်နဲ့ လက်ဖက်လိုပဲစားလို့ကောင်းတယ်ကွ။ ငါတို့ကတော့ မျောက်ချေးခါးလို့ခေါ်တာပေါ့ကွ"

"အစ်ကိုကြီးကလည်း၊ မျောက်ချေးဆိုတော့ ရွံ့စရာကြီးဗျာ"

"မင်းကလည်း မျောက်ချေးဆိုတာ စအိုကိုသွားတဲ့ဒီအူမကြီးကွ။ ဒါကိုလည်း ရေစင်စင်ဆေးပြီး ချက်စားရင် ဝက်အူလိုပါပဲ။ မျောက်ချေးခါးနဲ့မဆိုင်ဘူး။ ည



www.burmeseclassic.com

www.burmeseclassic.com

နေကျမှ ငါချက်ပေးမယ်။ စားကြည့်ပြီးမှ လျှာလည်သွားမယ်"

အစ်ကိုကြီးက မျောက်ချေးခါးများအား ဝါးဆစ်ဘူးတစ်ခုတွင်ထည့်သည်။ မျောက်သားများအား ခုတ်ထစ်ပြီး ဒန်အိုးထဲမှာထည့်ပြုတ်နေသည်။ မျောက်ခေါင်းထဲမှဦးနှောက်များကိုတော့ ပန်းကန်လုံးထဲထည့်သွားပြီး ချက်အရက်ပုလင်းဖွင့်၍ ‚ တစ်ခွက်သောက်လိုက်၊ တစ်ဇွန်းမြည်းလိုက်နှင့် ဇိမ်ကျနေ၏။ ကျွန်ုပ်လည်း ဦးနှောက်တွေအစိမ်းစားနေသဖြင့် အန်ချင်လာသောကြောင့် တဲပြင်ထွက်လာခဲ့သည်။

❑

ထိုညနေက ကြက်သွန်ဖြူ ချင်း နိုင်နိုင်ဖြင့် ဆီသတ်၍ချက်ထားသော မျောက်ချေးခါးဟင်းသည် အလွန်စားကောင်း၏။ မျောက်သားဟင်းသည်လည်း စားကောင်းလှသည်။ မနက်စောစောမှာ ဝမ်းနှစ်ခါခန့်သွားသည်။ ခန္ဓာကိုယ်မှာ တော်တော်ပေါ့ပါးသွား၏။ အစ်ကိုကြီးက မျောက်ချေးခါးအစွမ်းကြောင့်ဟုဆိုသည်။ ရွာထဲကလူကြီးတွေက ယာခင်းစပ်တောထဲကမျောက်တွေ အလွန်ဆိုးကြောင်း ပြောကြသည်။ ယာခင်းမှာ လူစောင့်အိပ်လျှင်အိပ်၊ မအိပ်လျှင် ယာတဲမှာရှိသမျှပစ္စည်းတွေအကုန်သိမ်းပြီး ဆိတ်ကမ်းသို့ပြန်ရသည့်အကြောင်းပြောကြသည်။

"ဘာဖြစ်လို့လဲ ဦးလေးရ"

"ဟာ - မြို့သားရဲ့ ဒီကောင်တွေ အလွန်ဆိုး ကမ်းကိုကုန်ရော။ ကိုင်းခုတ်ဓားတွေထားခဲ့ရင် နောက်နေ့မနက်သွားကြည့် ပြောင်းပင်တွေကိုခုတ်ထားလိုက်ကြတာ ထက်ပိုင်းတွေကျိုးကုန်ရော။ မီးခြစ်တွေဘာတွေမထားရဲဘူး။ လူတွေမီးမွေးသလိုမီးမွေးလိုက်၊ ပြီးတော့ မီးစတွေယူပြီး တဲကိုရှို့လို့ရှို့၊ ပြောင်းခင်းထဲမီးစသွားထားလို့သွားထားနဲ့ မီးလောင်ပါလေရောလား။ ပြောင်းဖူးဖက်ကလည်း ခြောက်လာလျှင် မီးလောင်လွယ်တယ်မဟုတ်လား"

ဦးသာအေးက ရှင်းပြပါသည်။ နောက်တစ်ယောက်က ဝင်ပြောပြန်၏။

"တစ်ခါတုန်းက ရွာလယ်က မအေးလေး၊ သူ့သားလေးကို တဲကပုခက်ထဲမှာသိပ်ထားပြီး ပြောင်းခင်းထဲမှာ အလုပ်လုပ်နေတာ ကလေးငိုသံကြားလို့ ကြည့်လိုက်တော့ မျောက်မကြီးတစ်ကောင်က ကလေးပုခက်ကိုလွှဲနေတာ အရမ်းတွေလွှဲတော့ ကလေးကလန့်နိုးပြီး ငိုတော့တာပဲ။ ကလေးငိုလေ မျောက်မကြီးကပိုလွှဲလေနဲ့ ကျွက်ကျွက်ကိုညံရော။ တော်သေးတာပေါ့၊ မအေးအပြေးမြန်လို့ ကလေးပုခက်ထဲကပြုတ်မကျတာ"

"အဲဒါဘာဖြစ်လို့လဲ ဦးလေး"

"ဟ - ဒီမျောက်တွေက လူတွေဘာလုပ်သလဲဆိုတာ သစ်ပင်တွေပေါ်ကနေချောင်းကြည့်နေကြတာ။ လူတွေမရှိတော့ဘူးဆိုရင် လူတွေလုပ်တဲ့အတိုင်း လျှောက်လုပ်ကုန်ကြရောလား။ တဲတွေက နှီးကြိုးတွေကိုဖြုတ်တယ်။ အမိုးမိုးထားတဲ့သက်ကယ်ပျစ်တွေ၊ အကာတွေကိုဖြုတ်တယ်။ တစ်ခါတလေ ဝါးကြမ်းခင်းတွေတစ်ချောင်းမှမရှိဘူး။ တစ်ခါကများ ရေတွင်းကမောင်းတက်ကို မျောက်တစ်ကောင်က လူတွေရေခပ်သလိုခပ်ရင်း ရေတွင်းထဲပြုတ်ကျတာ ပြန်မတက်နိုင်လို့ ရေတွင်းနံရံမှာ ကုပ်တက်နေတာ။ နောက်နေ့ရွာသားတွေ အခင်းထဲသွားမှတွေ့လို့ ရိုက်ချက်စားပလိုက်တယ်"

"ဦးလေးတို့တွေ ကိုကြီးမြဆောင်လို ဒူးလေးနဲ့ပစ်ကြပါလား"

"ဟားဟားဟား - မင်းမျောက်အုပ်တွေက တစ်ခါတစ်ခါလာရင် ကောင်ရေရာနဲ့ချီပြီးလာတာကွ။ ဘယ်လိုလုပ်ပစ်နိုင်မှာလဲ"

ရွာသားတစ်ယောက်က ဝင်ပြောပြန်သည်။

"တစ်ခါက အောင်လံမြို့စစ်တပ်က တပ်ကြပ်ကြီးတစ်ယောက်ကို မျောက်တွေ ယာခင်းထဲ ပြောင်းပင်တွေ ဖျက်ဆီးတဲ့အကြောင်းပြောပြတော့ တစ်နေ့မှာ ဆရာကြီးနဲ့ စစ်သားနှစ်ယောက် ဂျီသရီး သေနတ်တွေလွယ်ပြီးရောက်လာကြတယ်။ ငါတို့လည်း ဟိုဘက်ကမ်းပို့ပေးကြတာပေါ့။ စစ်သားတွေနဲ့ ငါတို့လည်းပုန်းပြီးစောင့်နေတာ။ မျောက်အုပ်ကြီးလည်း ဆင်းလာရော သေနတ်[illegible]တဖောင်းဖောင်းပစ်ထည့်လိုက်တာ[illegible] မျောက်သုံးလေးကောင်လည်းထိသွားရော ပြေးလိုက်ကြတာကွာ၊ တောထဲကို ဖင်သနီလန်ရော။ ဒီနောက်ပိုင်း တစ်လလောက် ဒီကောင်တွေမလာရဲဘူး။ သေနတ်သံကိုတော်တော်ကြောက်သွားတယ်။ နောက်ပိုင်းတစ်ကောင်စနှစ်ကောင်စပြန်ရောက်လာပြီးလာလာချောင်းကြည့်တယ်။ ငါတို့တွေက အစ်သားကို သေနတ်ပုံလုပ်ပြီး ပစ်မယ်လို့ ခြောက်ရင် ပြန်ပြေးကြတယ်။ ဒါပေမယ့် တကယ့်အစစ်မှမဟုတ်တာ၊ ဒီကောင်တွေ သေနတ်အတုတွေမှန်းလည်းသိသွားရော မျောက်တွေမကြောက်ကြတော့ဘူး။ ပိုများလာပြန်ရော။ စစ်သားတွေကလည်း ခဏခဏဘယ်လာမလဲ။ သူတို့တွေ မျောက်သားစားချင်မှလာတာ။ ငါတို့လည်း မျောက်နဲ့လူစစ်ပွဲတွေကိုဖြစ်လို့"

ရွာမှလူကြီးများ၏ပြောပြမှုကြောင့် မျောက်တွေ အလွန်လည်မှန်း ကျွန်ုပ်သိခဲ့ရသည်။

❑

မြစ်အနောက်ခြမ်းမှ ယာခင်းထဲရှိ ပြောင်းခင်းများလည်း ရင့်မှည့်၍လာပါချေပြီ။ မျောက်တွေကလည်း အုပ်လိုက်ချီ၍လာရောက်ကြပြီး ပြောင်းဖူးများအား ဝင်ရောက်စားသောက်ကြ၏။ ခူးစားသည့်အပြင် ပြောင်းပင်များအားချိုးဖွဲ့၍ဖျက်ဆီးသွားကြသေးသည်။

တစ်နေ့ည မြင့်အောင်တို့အိမ်တွင် ရွာမှလူကြီးတွေဝိုင်းဖွဲ့စကားပြောနေရင်း မျောက်တွေ ပြောင်းခင်းများဖျက်ဆီးနေပုံအကြောင်းရောက်သွားသည်။ မျောက်တွေသောင်းကျန်းနေတာ ဘယ်လိုနှိမ်နင်းမလဲဟု တစ်ယောက်ကပြောသည်။ တစ်ယောက်က ရွာလုံးကျွတ်သွားစောင့်ပြီး ဒူးလေး၊ လောက်လေးခွများဖြင့်ပစ်မည်ဟုပြောသည်။ တစ်ရွာလုံးကျွတ်သွားစောင့်ဖို့တလည်းမဖြစ်နိုင်။ အစ်ကိုကြီးမြင့်ဆောင်က ချက်အရက်လေးခပ်ထွေထွေဖြင့်အကြံထုတ်နေသည်။

"ကျွန်တော် အကြံတစ်ခုတော့ရှိတယ်၊ ဝိုင်းလုပ်ကြမလား"

"ဘာလဲကွ မြင့်ဆောင်ရဲ့ ပြောပါဦး"

"တစ်ရက်လောက် ယာခင်းတဲတွေမှာ ကျွန်တော်တို့ စဉ့်အိုးလေးတွေထဲမှာ မီးတောက်အရက်ဦးရေပြင်းပြင်းကိုထည့်ပြီးချထားမယ်။ တဲလေးငါးလုံးဆိုရပါပြီ။ ဒီကောင်တွေမြင်သာတဲ့နေရာမှာ ကျုပ်တို့ဝိုင်းသောက်နေပုံလုပ်ပြမယ်"

"ဟားဟားဟား - မြင့်ဆောင်က မျောက်တွေကိုအကြောင်းပြုပြီး အရက်မူးအောင်သောက်တော့မယ်နဲ့တူတယ်"

ရွာလူကြီးတစ်ယောက်က ရယ်ရင်းပြောသည်။

"မဟုတ်ပါဘူး ဘကြီးထွေး၊ ကျွန်တော်သောက်ချင်ရင် ကိုယ့်အိမ်မှာကိုယ်သောက်မှာပေါ့။ အခုဟာက သူတို့တွေ အရက်တွေကိုလာသောက်အောင်ဟန်ပြမှာ။ ပြီးတော့ မူးချင်ယောင်ဆောင်ပြီး တစ်ယောက်နဲ့တစ်ယောက် တုတ်

www.burmeseclassic.com

တွေနဲ့ရိုက်၊ တင်းပုတ်တွေနဲ့ထုတဲ့ဟန် လုပ်ပြကြမယ်။ ပြီးရင် အရက်အိုးတွေ တုတ်တွေ၊ တင်းပုတ်တွေကို ဒီတိုင်းထား ခဲ့။ နောက်နေ့မနက်ကျရင် အသာလေး သွားချောင်းကြည့်၊ ကဲ - ဘယ်လိုလဲ လုပ်မလား။ ဒီကောင်တွေဟာ ကျုပ်တို့ လူတွေလုပ်တဲ့အတိုင်း လိုက်လိုက်လုပ် နေတာကြာပြီ။ ဒီတစ်ခါလည်း ဒီကောင် တွေလုပ်မယ်ထင်တယ်"

ရွာလူကြီးတွေ စဉ်းစားကုန်ကြ၏။

"ဟုတ်တယ်ကွ၊ မြင့်ဆောင်ပြော တာဖြစ်နိုင်တယ်။ ဒီကောင်တွေ လူတွေ အရက်သောက်သလိုလိုက်သောက်ပြီး မူးမူးနဲ့တစ်ကောင်နဲ့တစ်ကောင်ဆော်ကြ ရင် ငါတို့တွေလုပ်စရာတောင်မလိုတော့ ဘူး။ ကောင်းလိုက်တဲ့အကြံကွာ၊ လုပ် မယ်ဟေ့"

တစ်ယောက်က စလိုက်သဖြင့် လုပ်မည်ဟု ဝိုင်းပြောကြသည်။ ကျွန်ုပ် သည်လည်း ကျောင်းနှင့် အိမ်မပြန်ခင် မှာ ထိုမျောက်နှိမ်နင်းရေးစီမံချက်အား ကိုယ်တွေ့ကြည့်ရမည်ဖြစ်သောကြောင့် စိတ်ဝင်စားနေပါသည်။

*

ပြောင်းခင်းများအစပ် သစ်ပင်ကြီး များအောက်တွင် ကိုမြင့်ဆောင်နှင့် ရွာ သားများ အရက်စဉ့်အိုးငယ်များလိုက်ချ သည်။ စဉ့်အိုးမှာ အဖုံးနှင့် သောက်ရေ ခွက်များတင်ထားသည်။ အရက်အိုးမှာ စုစုပေါင်းငါးလုံးဖြစ်သည်။ သစ်တစ်ပင် အောက် အရက်အိုးတစ်အိုးမှာ ရွာသား ငါးယောက်ဝိုင်းလိုက်ကြသည်။ ဖန်ခွက် ငါးလုံးရှေ့ချပြီး တစ်ယောက်က အရက် အိုးထဲမှအရက်ကိုငှဲ့ထည့်ဟန်ပြုသည်။ ပြီးတော့ ပြိုင်တူမော့သောက်ဟန်ပြုကြ သည်။ တခြားသစ်ပင်အောက်တွေမှာ လည်း ရွာသားတွေစုဖွဲ့ပြီးတော့ အရက် သောက်ဟန်ပြုနေကြ၏။ ကိုကြီးမြင့်ဆောင် တို့ဝိုင်းမှာ အစ်ကိုကြီးက အရက်ငှဲ့ထည့် ဟန်ဆောင်သည်။ သူ့ခွက်ထဲကျတော့ ဖန်ခွက်တစ်ဝက်ခန့်ထည့်လိုက်သည်။

"ဟေ့ကောင် မြင့်ဆောင်၊ ဘာလို့ ထည့်တာလဲ။ ဟန်ဆောင်လေကွာ"

"ထန်းလျက်အရက်ဘယ်လောက် ပြင်းမပြင်း မြည်းမလို့ပါကွာ။ မင်းတို့က လည်း"

"ဒါဆို ငါတို့လည်းနည်းနည်းစီ မြည်းမယ်လေကွာ"

ဒီကောင်တွေကိုမမြည်းခိုင်းလျှင် ပြဿနာရှာတော့မည်မို့ တစ်ယောက် တစ်ခွက်စီမြည်းခိုင်းလိုက်ရသည်။

"အား. . . ဟူး. . . ကောင်းလိုက် တဲ့အရက်ကွာ ဦးရည်မို့လို့လားမသိဘူး၊ ရင်ထဲကိုပူဆင်းသွားတာပဲ။ မျောက်တွေ ကိုမတိုက်ဘဲ အကုန်ချလိုက်ရလို့ကတော့ အားလုံးအမှောက်ပဲ"

ရွာသားတစ်ယောက်က နှမြော တသစွာဖြင့်ပြောသည်။ ခပ်လှမ်းလှမ်း သစ်ပင်များပေါ်မှာတော့ မျောက်များ သည် သစ်ကိုင်းသစ်ရွက်များအားကွယ် ၍ ရွာသားတွေအရက်ဝိုင်းဖွဲ့သောက် ဟန်ပြုနေကြသည်ကို စူးစိုက်ချောင်း ကြည့်နေကြသည်။ ရွာသားတွေလေး၊ ငါးခွက်ခန့်သောက်ဟန်ပြုပြီးသော် ဇာတ် တိုက်ထားသည့်အတိုင်း ဒယီးဒယိုင်ပြု၍ ထကြသည်။ ထို့နောက် တစ်ယောက်နှင့် တစ်ယောက် အနီးမှာချထားသောဝါး တုတ်များ၊ တင်းပုတ်များဖြင့် ရိုက်ဟန်ပြု ကြသည်။ တစ်ယောက်က တုတ်နှင့်ရိုက် ဟန်ပြုလျှင် ထစ်ယောက်က လဲကျဟန် ပြု၍ပြန်ထပြီး တင်းပုတ်ဖြင့်ထုသည်။ ကိုကြီးမြင့်ဆောင်တို့အရက်ဝိုင်းမှာတော့ ဖြင့်-

"မြင့်ဆောင်၊ အရက်က အရမ်း ကောင်းတယ်ကွာ၊ ဦးရည်စစ်စစ်၊ ရေက လည်းရောမထားဘူး။ နောက်တစ်ခွက် လောက်ထပ်ချလိုက်ရင် မှန်သွားပြီကွ။ အရက်ကတစ်အိုးကြီးရှိတာပါကွာ။ ဒီပြင် အရက်အိုးတွေမှာလည်း အရက်တွေက အပြည့်ရှိတော့ မျောက်တွေအတွက် လောက်ပါတယ်ကွာ။ တစ်ခွက်လောက် ထပ်ချရအောင်နော်"

နဂိုကမှ အရက်တစ်ခွက်နှင့် အာသီသမပြေဖြစ်နေသော အစ်ကိုကြီး မြင့်ဆောင်မှာ နှစ်ခါမစည်းရုံးလိုက်ရပါ။ ထပ်သောက်ကြရင်းဖြင့် အရက်ဦးရည် ဖြစ်နေ၍ နှစ်ခွက်နှင့်မူးနေကြလေပြီ။ ထို့နောက် တုတ်တွေ တင်းပုတ်[illegible]ဖြင့် ဟန်ဆောင်ရိုက်ကြရင်း -

"ဟေ့ကောင် ငခွေး [illegible]ဟာက ဟန်ဆောင်ရိုက်ပါဆိုကာမှ တကယ်လာ ထိတယ်ကွ"

"ငါ နည်းနည်းမူးသွားလို့ပါ မြင့် ဆောင်ရာ ကန်တော့ ကန်တော့"

"အောင်မလေးဗျ အောင်ကြီး တကယ်ထုတယ်ဗျ"

"ဖိုးကွက်ရာ၊ ဖြည်းဖြည်းလေးထိ မိတာပါကွာ"

"မင်းကသာဖြည်းဖြည်းလေးပြော တာ၊ တင်းပုတ်အရှိန်ကမသေးဘူးကွ။ ငါ့ခေါင်းမှာဘုလုံးထွက်လာပြီ။ မင်း တကယ်လုပ်တာလား အောင်ကြီး"

"ဟေ့ကောင်တွေဘာဖြစ်နေတာ လဲ။ အောင်မာ - မျောက်တွေသောက် မယ့်အရက်တွေကို ခိုးသောက်ကြပြီး တစ်ယောက်နဲ့တစ်ယောက် တကယ်ထု နေကြပြီ။ မင်းတို့ကွာ၊ မျောက်တွေမကွဲ ဘဲ မင်းတို့ကွဲကုန်ကြဦးမယ် တော်တော့"

တောစပ်သစ်ပင်ထက်မှမျောက် များကား လူအုပ်စု၏ရှုတ်ရှုတ်သဲသဲလုပ် နေပုံများအား စူးစမ်းကြည့်နေကြလေ သည်။လူများပြန်သွားကြပြီး တစ်အောင့် လောက်ကြာသောအခါ သစ်ပင်ပေါ်မှာ မျောက်များဆင်းလာကြပြီး ယာတဲများ အနီးသို့ ချဉ်းကပ်လာကြသည်။ လူရိပ် လူခြည်မတွေ့ရသောအခါ မျောက်များ သည် ကွိကွိကွကွဖြင့်ဆူညံစွာအော်ဟစ် ကြပြီးနောက် အရက်အိုးများရှိရာသို့ သွား၍ အိုးအဖုံးအားဖွင့်ကြည့်ကြသည်။

ထို့နောက် လူတွေကဲ့သို့ အိုးအား ဝိုင်းထိုင်ကြပြီး ဖန်ခွက်ကိုယ်စီကိုင်လိုက် ကြသည်။ မျောက်ကြီးတစ်ကောင်က အရက်အိုးထဲမှ အရက်များအား ဖန်ခွက် ကိုင်ထားသောမျောက်များသို့ တစ်ခွက် ပြီးတစ်ခွက်ငှဲ့ထည့်ပေးသည်။ မျောက် အုပ်ကြီးသည် အရက်အိုးအသီးသီးမှာ တရှုန်းရှုန်းဖြစ်နေကြလေပြီတည်း။ လူ တွေသောက်သကဲ့သို့ သူတို့မော့သောက် ကြသည်။ ပါးစပ်ထဲရောက်ပြီးမှ တခွီးခွီး ဖြစ်ပြီး ထွေးထုတ်သူကထွေးထုတ်သည်။ လူတွေမော့သောက်သကဲ့သို့ မော့သောက် သူကမော့သောက်၏။ လူပင်လျှင် အရက် ဦးရည်အား နှစ်ခွက်လောက်သောက်ပြီး မူးသေးရာ မျောက်များမှာ တစ်ခွက် လောက်သောက်ပြီး ယိုင်တိယိုင်တိုင်ဖြစ် ကုန်ကြတော့သည်။ အမူးသမားကဲ့သို့ ယိုင်တိုင်တိုင်ဖြစ်နေသော မျောက်ကြီး တစ်ကောင်က တင်းပုတ်ကြီးအားဆွဲကိုင် ၍ယမ်းပါလေတော့သည်။ နောက်တစ် ကောင်က တုတ်ကြီးကိုင်ပြီး မျောက်ကြီး အားပြေးရိုက်၏။ မျောက်များသည် ရွာသားများပြုမူသကဲ့သို့ တုတ်များ၊ တင်းပုတ်များကိုင်ပြီး တစ်ကောင်နှင့် တစ်ကောင် မူးမူးနှင့်ရိုက်ကြသဖြင့် မျောက်ရွာပျက်သကဲ့သို့ဖြစ်နေပါတော့ သည်။ သွေးသံရဲရဲဖြင့်ကွဲသူကကွဲ၊ လဲသူ ကလဲဖြင့်ရိုက်ကြပြီး အတန်ကြာသော် မျောက်အချို့ တောစပ်သို့ပြေးဝင်သွား ကြတော့သည်။ မျောက်ဆယ့်လေးငါး ကောင်မှာ ယာတဲအနီး သစ်ပင်ကြီးများ အောက်တွင် ဒဏ်ရာများဖြင့်လဲနေကြ တော့၏။

❑



www.burmeseclassic.com

www.burmeseclassic.com

အောင်လံထူ(နတ်မောက်)

# ဆီးကျောက်တည်ခြင်းနှင့်ပတ်သက်၍ ဆေးဝါး၊ ဓာတ်စာဟင်း

ဆီးလမ်းကြောင်းကျောက်တည်ခြင်းသည် ထုံးဓာတ်များသောရေကို နေ့စဉ်သောက်သုံးရခြင်း၊ ကွမ်းစားသောအခါ ထုံးများစွာထည့်ဝါးပြီး ကွမ်းရည်ကို မျိုချသူများတွင် အများဆုံးအဖြစ်များသည်ကို တွေ့ကြုံသိရှိရ၏။ သို့အတွက် ရေကိုကျိုချက်ပြီး ထုံးဓာတ်ခေါ်ကယ်လဆီယမ်ကာဗွန်နိတ်ပျက်အောင်ပြုလုပ်ပြီး ရေကျက်အေးကို သောက်သုံးခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ ကွမ်းစားသူများ ထုံးလျှော့ထည့်စားပြီး ကွမ်းရည်ကို ထွေးထုတ်သင့်ပါသည်။ စည်းကမ်းတကျထွေးထုတ်ဖို့တော့ အထူးမပြောလိုတော့ပါ။ အကောင်းဆုံးမှာ ကွမ်းလုံးဝမစားခြင်းပင် ဖြစ်ပါသည်။ ဆီးကျောက်တည်ရခြင်းအခြားအကြောင်းများလည်းရှိနိုင်ပါသေးသည်။

ဆီးကျောက်မတည်မီ ရှေးပြေးနိမိတ်ရောဂါလက္ခဏာများပြသလေ့ရှိပါသည်။ ဆီးသွားသောအခါ အနယ်အမှုန့်များပါလာတတ်ခြင်း၊ ဆီးအရောင်ပြောင်းလာခြင်း၊ ဆီးခဏခဏသွားချင်ပြီး ဆီးသွားအားမရဖြစ်လာခြင်း၊ ဆီးတစ်စက်စက်သွားခြင်း စသည်ဖြင့် ရောဂါလက္ခဏာရှေ့ပြေးပြလေ့ရှိပါသည်။ ဤသည်ကို အရေးမထား အလေးမမူဂရုမစိုက်ဘဲနေပါက တဖြည်းဖြည်း ဆီးလမ်းကြောင်းတွင် ကျောက်တည်ခြင်းဖြစ်ကာ ဆီးမသွားနိုင်ဘဲအော်ဟစ်လူးလဲဝေဒနာခံစားရကာ ခွဲစိတ်ထုတ်ရသည်အထိဖြစ်တတ်ပါသည်။

ရောဂါတစ်ခုသည် ဖြစ်လာမှကုသခြင်းထက် မဖြစ်မီတင်ကြိုကာကွယ်ခြင်းက ပိုမိုထိရောက်ကောင်းမွန်သည်ကို လူတိုင်းသိပါသည်။ သို့အတွက် ရေကို ကျိုချက်အအေးခံပြီး ရေကျက်အေးသောက်သုံးခြင်း၊ ထုံးပါသောကွမ်းယာစားခြင်း၊ ထုံးဓာတ်များစွာပါဝင်သောအစားအစာများရှောင်ကြဉ်ခြင်းသို့မဟုတ် လျှော့စားခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။

အကယ်၍ ဆီးကျောက်တည်ရန်ရှေ့ပြေးရောဂါလက္ခဏာများ တွေ့လာရပါက အောက်ပါအတိုင်း ဆောင်ရွက်ပါ။

အညာဒေသနှင့် မြေလတ်ပိုင်းကုန်းခြောက်များတွင် လည်းကောင်း၊ ချောင်းမြောင်းကမ်းနံဘေးများတို့တွင်လည်းကောင်း အလေ့ကျပေါက်လေ့ရှိသော သံမနိုင်ကျောက်မနိုင်ပင်များရှိပါသည်။ ယခုအခါ အချို့သောပရဆေးဆိုင်များတွင် အသင့်ဝယ်ယူရရှိနေပြီဖြစ်ပါသည်။ ထိုသံမနိုင်ကျောက်မနိုင်တစ်ပင်လုံး ပဉ္စငါးပါးကို နုပ်နုပ်စဉ်းပြီး ရေမက်ခွက်သုံးခွက်ထည့်ကာ တစ်ခွက်ကျန်သည်အထိ ကျိုချက်၍ အရည်စစ်ယူကာသောက်ပေးပါ။ တစ်နေ့နှစ်ကြိမ် တစ်ပတ်ခန့်သောက်ပေးပါ။

ဓာတ်စာဆေးအဖြစ် ကျောက်ဖရုံသီးကို ဆိတ်ရိုး၊ ကြက်ရိုးတို့ဖြင့် နေ့စဉ်အရည်သောက်ချက်သောက်စားပေးပါ။

ထိုကဲ့သို့ ကြိုတင်ကာကွယ်လိုက်ပါက ဆီးကျောက်တည်ခြင်းမဖြစ်တော့ဘဲ ရှေ့ပြေးရောဂါလက္ခဏာများပျောက်သွားပြီး ကျန်းမာသွားပါမည်။ မည်သည့်ဘေးထွက်ဆိုးကျိုးမှမရှိပါ။

အကယ်၍ ကျောက်တည်စကျောက်နုလျှင် တစ်လမှ နှစ်လအထိ အထက်ပါအတိုင်း သောက်ပေး၊စားပေးပါ။ ကျောက်နုများ ကြေပျက်ပြီး ဆီးနှင့်အတူ အနယ်များကျထွက်လာပါမည်။ မစိုးရိမ်ပါနှင့်။ ဆီးပုံမှန်အရောင်ဖြစ်သည်အထိ ပြုလုပ်သောက်သုံးပေးပါ။ မုချပျောက်ပါသည်။

*ကျန်းမာချမ်းသာလန်းဖြာကြပါစေ*

အောင်လံထူ(နတ်မောက်)

---

နောက်နေ့နံနက်တွင် ရွာမှရွာသားတွေစုပြီး အနောက်ဘက်ကမ်းသို့ လှေဖြင့်ကူးကြသည်။ ကျွန်ုပ်လည်း ဘာတွေဖြစ်မည်လဲဟုသိချင်ဇောဖြင့်လိုက်သွားပါသည်။ အနောက်ဘက်ကမ်းသဲသောင်စပ်သို့ လှေဆိုက်မည်ရှိတုန်း ကျီးတွေတအားအား အုပ်လိုက်အော်နေကြသဖြင့် လှမ်းကြည့်လိုက်ရာ မျောက်ကြီးတစ်ကောင်မှာ ဒဏ်ရာတွေဖြင့်ထလျှောက်လိုက်ပစ်လဲလိုက်ဖြစ်နေသည်။ ကျန်သည့်မျောက်တွေကတော့ အတုံးအရုံးလဲနေ၏။

"ဟားဟားဟား - မျောက်တွေ မျောက်တွေ၊ နောက်ဆုံးတော့ မင်းတို့လူတွေရဲ့ဦးနှောက်ကို နိုင်ပါဘူးကွာ။ မျောက်သားတော့ ဝမ်းအောင်စားရနတော့မယ်။ ရန်ကုန်သားညီလေးရေ မင်းကြိုက်တဲ့မျောက်ချေးခါးကို ဝါးဆစ်ဘူးကြီးနဲ့အပြည့်ထည့်ပေးလိုက်မယ်"

ကိုကြီးမြင့်ဆောင်က အောင်မြင်စွာဖြင့် ကြွေးကြော်နေပါသည်။ ရွာသားတစ်ဦးက ယိုင်တိုင်တိုင်ဖြစ်နေသောမျောက်ကြီးအား ဝါးရင်းတုတ်ဖြင့် ပွဲသိမ်းလိုက်ပါသည်။

ကျွန်ုပ်၏ ယာခင်းအနောက်ဘက်တောအုပ်ကို လှမ်းကြည့်လိုက်တော့ ယခင်နေ့များကလို မျောက်များ သစ်ပင်တွေပေါ် မှာမရှိကြတော့။ ဘယ်ရောက်ကုန်သည်မသိပါ။ မျောက်တွေ တောထဲပြေးကြပြီထင်သည်။ ထိုနေ့မှစ၍ ကျွန်ုပ်နှင့် မြင့်ဆောင် ရန်ကုန်ပြန်မည့်အချိန်ထိ မျောက်များပြောင်းခင်းထဲသို့ဆင်းလာသည့်သတင်းကို မကြားရတော့ပါ။ ကျွန်ုပ်လည်း မျောက်ချေးခါးဟင်း၊ မျောက်သားဟင်းအား မုန်းလောက်အောင်စားခဲ့ရပါတော့သည်။

*ပလို့ရွာသား...ကိုညီအားအစော်တရဖြင့်*

သန့်ဇင်

www.burmeseclassic.com

# မင်းရှိန်အောင်

# ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ဇာတာနှင့် နိုင်ငံတော်ဇာတာ

ကောဇာနှစ် ၁၃၇၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်၊ သောကြာနေ့ (အေဒီ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၄) ရက်၊ နံနက် (၄) နာရီ (၅၆) မိနစ်၊ (၂၉) စက္ကန့်အချိန်အတွက် (မြန်မာနှစ် ၁၃၇၉ ခုနှစ်အဖို့) မဟာသင်္ကြန်ကျရောက် (ဝါ) ဝင်ရောက်သည်။ ထိုကဲ့သို့ မဟာသင်္ကြန်ကျရောက်ခြင်း (ဝင်ရောက်ခြင်း) သည် ဘာဏုရာဇာဟုခေါ် ဆိုအပ်သော တနင်္ဂနွေဂြိုဟ်မင်းသည် မိန်ရာသီမှ မိဿရာသီသို့ စတင်ချင်းနင်းဝင်ရောက်ချိန်ဖြစ်သည်။

သင်္ကြန်မင်းကြီးဟုလည်းခေါ် ဆိုကြသေးသည်။ တနင်္ဂနွေဂြိုဟ်မင်းသည် သောကြာနေ့တွင် ဝင်ရောက်ရသည်ဖြစ်သောကြောင့် ခရုသင်းအဆင်းနှင့်တူသောအဝတ်တန်ဆာကို ဝတ်ဆင်လျက် နွားလားဥသဘကိုစီးမှုကာ လက်တစ်ဖက်တွင်ပုဆိန်၊ တခြားလက်ဖက်မှာ တံစဉ်ကို ကိုင်ဆောင်၍ အရှေ့တောင်ထောင့်အရပ်မှသည် အနောက်မြောက်ထောင့်အရပ်သို့ ဝင်ရောက်လေ၏။ ပြောက္ကာဒေဝီနတ်သမီး၏အလှည့်စေ့ရောက်၍ ဗြဟ္မာမင်းဦးခေါင်းကို ကမ်းလင့်သည်ရှိသော် ရသကာဒေဝီနတ်သမီးက ဆောင့်ကြောင့်ထိုင်၍လှမ်းလင့်၏။ နန္ဒာဒေဝီနတ်သမီးက ငါးပါးသော အရောင်အဆင်းနှင့်ပြည့်စုံသော အဝတ်တန်ဆာကို ဆင်မြန်းလျက် သင်္ကြန်မင်းကိုစောင့်လင့်၏။


သို့အတွက်ကြောင့် မိုးဦးမိုးလယ်တန့်အံ့။ မိုးနှောင်းကောင်းအံ့။ လူတို့ဘုရားပုထိုးကျောင်းကန်ကုသိုလ်ကောင်းမှုပြုသူများအံ့။ ယုတ်သောထဘီဝတ်ကြောင့် မြတ်သောထဘီဝတ်များပျက်စီးအံ့။ သူကြီးဟူသမျှ ဥပဒ်သင့်အံ့။ ကျွဲနွား စသော ခြေလေးချောင်းတို့ ဥပဒ်သင့်အံ့။ ပြည်ကြီးပြည်ငယ်ချောက်ချားအံ့။ ကမ္ဘောဇတို့ထိခိုက်အံ့။ ဤကား မဟာသင်္ကြန်တွက်ရိုးအလိုတည်း။

ကာဝိလမိုင်းသင်္ကြန်တွက်ရိုးအလိုကား ၁၃၇၉ ခုနှစ်သည် မိဂသီနှစ်ဖြစ်




www.burmeseclassic.com

www.burmeseclassic.com




၁၃၇၉ခုနှစ်
မဟာသင်္ကြန်ဇာတာ




နိုင်ငံတော်ဇာတာ

သဖြင့် နှစ်ကို ကြွက်စောင့်၏။ ရက်ကို သိကြားစောင့်၏။ မြေကို ကုမ္ဘဏ်စောင့်၏။ ကောင်းကင်ကို ဝဿဝရောဘီလူးစောင့်၏။ ရေကိုနဂါးစောင့်၏။ မိုးကိုရွှားစောင့်၏။ တောကို ကရဝိက်ငှက်စောင့်၏။ လူတို့အဓိပတိကား ပုဏ္ဏား၊ ခြေလေးချောင်းအဓိပတိကား မျောက်၊ ငှက်တို့အဓိပတိကား ရစ်၊ သစ်ပင်တို့အဓိကား သမင်စာ၊ ဝါးတို့အဓိပတိကား ကြခတ်၊ မြက်တို့အဓိပတိကား သက်ကယ်။ နက္ခတ် (၁၁) လုံး ငုတ်၍ (၁၂) လုံးပေါ်၏။

မြေညြဇာထက်၏။ မိုးဦးမိုးလယ်ကောင်း၏။ မိုးနှောင်းတန့်၏။ ကောက်ပဲ၊ ဘူး၊ ခရမ်း၊ ဖရုံကား ချိုင့်ဝှမ်းရှာကောင်း၏။ အသီးအနှံအပွင့်ပျောက်အံ့။ အခွံအနှစ်နေအံ့။ ကြွက်ဖျက်အံ့။ ကဆုန်၊ သီတင်းကျွတ်၊ နတ်တော်၊ တပို့တွဲ၊ တပေါင်း ဤကားလကား ပြည်ရွာသာယာဝပြောအံ့၊ မိုးမရွာမိသောအရပ်ကား တစ်ပေါက်မျှမရွာ ခေါင်အံ့။ မီးလောင်ဖန်များအံ့။ မင်းလည်းအမျက်ထွက်ဖန်များအံ့။ ဆင်ယာဉ်မြင်းယာဉ်တို့ဖြင့်စီးသွားရ၏။ ဗိုလ်ပါထိတ်လန့်၏။ လူတို့စိတ်နှလုံးမသာ။ ဇနပုဒ်တိုင်းကားမြို့ပြပြည်ရွာသောင်းကျန်း၏။ ပုန်ကန်၏။ ဘေးများ၏။ လူတို့စည်းစိမ်ပျက်စီး၏။ ကဆုန်မိုးသံကြား၏။ နယုန်လမှာ ရွာ၏သတ္တဝါတို့ဥပဒ်ကင်း၏။ ထိုနှစ်ဖွားသောသားကား ပညာရှိ၏။ အခြေလေးခုသခင်ဖြစ်၏။ စိတ်နှလုံးကောက်ကျစ်၏။ ဆင်မြင်းစီး၍သွားရ၏။ အသက် (၅၀) နေရ၏ဟုဆိုထားသည်ကိုတွေ့ရှိရသည်။

မဟာဗုဒ္ဓစကြာအလိုအရ အစွန်းကိုးခုအဖြစ် ကုသမင်းက ပဘာဝတီမင်းကို ရရှိကိန်းဖြစ်သောကြောင့် ပြည့်ရှင်မင်းထံ သမီးကညာရောက်အံ့။ သမသောအလိုအရ ဟိမဝန္တာတော၌နေသောခင်ပုပ်ငှက်ငယ်ကို ဂဠုန်ငှက်ကြီးက သုတ်ချီကိန်းဖြစ်သဖြင့် နိုးသူဒုက္ခရောက်ပေါ်အံ့။ လူတို့စိုးရိမ်သောကဖြစ်အံ့၏ဟုဆိုထားသည်။

ထို့ပြင်တဝ နက္ခတ်ဗေဒဆိုင်ရာ ဟတိတာ တွက်ချက်ချိုးအလိုအရ ကောဇာနှစ် ၁၃၇၈ခု တပေါင်းလကွယ်နေ့ အမြာဝသီတိထိ သည် အင်္ဂါနေ့ဓက်နာရီ (၉) နာရီ (၂၃) မိနစ်၊ (၂၂) စက္ကန့်တွင်တိထိပြည့်သည်။ အမြာဝသီတိထိကုန်ဆုံး၍ တန်ခူးလဆန်း ၁ ရက်နေ့ ရာတိပဒ်(ပထမတိထိ)စတင်ချိန်သည် အင်္ဂါနေ့ပင်ဖြစ်၍ ဤ ၁၃၇၉ခု ဝဿပတိဂြိုဟ်သည် အင်္ဂါဂြိုဟ်ဖြစ်လာသည်။

ယင်းသို့ပင် ၁၃၇၉ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်၊ သောကြာနေ့တွင် ကောဇာ တနင်္ဂနွေဂြိုဟ်သည် မိဿရာသီအတွင်းသို့ ပြောင်းရွှေ့ဝင်ရောက်လာသဖြင့် ၁၃၇၉ ခုနှစ် ဂဏာဓိပတိဂြိုဟ်သည် သောကြာဂြိုဟ်ပင် ဖြစ်သည်။ ၁၃၇၉ ခု၊ နယုန်လပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့တွင် ကောဇာတနင်္ဂနွေဂြိုဟ်သည် မေထုန်ရာသီအတွင်းသို့ ပြောင်းရွှေ့ ဝင်ရောက်ခြင်းကြောင့် ကြာသပတေးဂြိုဟ်သည် အာကာသဓိပတိဂြိုဟ်ဖြစ်လာသည်။ ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့တွင် မေထုန်ရာသီ ခြနက္ခတ်ပေါ်သို့ ကောဇာတနင်္ဂနွေဂြိုဟ်ဝင်ရောက်စီးနင်းခြင်းကြောင့် မေဃဓိပတိဂြိုဟ်အဖြစ် ကြာသပတေးဂြိုဟ်ရောက်ရှိလာခဲ့ရသည်။ ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော်၈ရက် တနင်္ဂနွေနေ့တွင် ကောဇာတနင်္ဂနွေဂြိုဟ်သည် ကရကဋ်ရာသီသို့ ဝင်ရောက်စီးနင်းခြင်းကြောင့် တနင်္ဂနွေဂြိုဟ်သည် သဿပတိဂြိုဟ်ဖြစ်လာခဲ့သည်။

၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့တွင် ကောဇာတနင်္ဂနွေဂြိုဟ်သည် သိဟ်ရာသီအတွင်းသို့စတင်ဝင်ရောက်ခြင်းကြောင့် ကြာသပတေးဂြိုဟ်သည် သေနာပတိဓိပတိဂြိုဟ်ဖြစ်လာခဲ့သည်။ ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၂) ရက် စနေနေ့တွင် ကောဇာတနင်္ဂနွေဂြိုဟ်သည် တူရာသီသို့ချင်းနင်းဝင်ရောက်ခြင်းကြောင့် ရသပတိဂြိုဟ်အဖြစ် စနေဂြိုဟ်သည် ရရှိခဲ၏။ ၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ စနေနေ့တွင် ကောဇာတနင်္ဂနွေဂြိုဟ်သည် ဓနုရာသီအတွင်းသို့ စတင်ဝင်ရောက်ခြင်းကြောင့် တနင်္ဂနွေဂြိုဟ်သည် နီရသပတိဂြိုဟ်ဖြစ်လာခဲ့သည်။

အထက်ပါတို့ကို လိုရင်းချုပ်လိုက်လျှင် ၁၃၇၉ ခုနှစ်အတွက် အဓိပတိဂြိုဟ်ကက်ဘိနက်အဖွဲ့အစည်းကို အောက်ပါအတိုင်းရရှိခဲ့သည်။

ဝဿပတိဂြိုဟ် - အင်္ဂါဂြိုဟ်

ဝဿပတိဂြိုဟ်သည် မင်း၊ ရာဇာ၊ သမ္မတ၊ ဥက္ကဋ္ဌဆိုင်ရာကို ရည်ညွှန်းသည်။

ဂဏာပတိဂြိုဟ် - သောကြာဂြိုဟ်

ဂဏာတိဂြိုဟ်သည် ဝန်ကြီးချုပ်ဂြိုဟ် ဖြစ်သည်။ ယခုနှစ် အဓိပတိဂြိုဟ်ကက်ဘိနက်အဖွဲ့ကအစည်းအပါအဝင်ဂြိုဟ်များကို ဝန်ကြီးများဟု မှတ်ယူလျှင် ဤဂဏာပတိဂြိုဟ်သည် ဝန်ကြီးချုပ် ဖြစ်သည်။

သေနာပတိဓိပတိဂြိုဟ် - ကြာသပတေးဂြိုဟ်

သေနာပတိဓိပတိဂြိုဟ်သည်ကာကွယ်ရေးဝန်ကြီးဂြိုဟ်ပင် ဖြစ်သည်။

အာဏာသဓိပတိဂြိုဟ် - ကြာသပတေးဂြိုဟ်။

အာကာသဓိပတိဂြိုဟ်မှာ အစေ့အဆန်တို့၏အရှင်သခင် (ဝါ) သစ်စေ့မျိုးစေ့တို့၏အရှင်သခင် ဖြစ်သည်။

မေဃပတိဂြိုဟ် - ကြာသပတေးဂြိုဟ်

မေဃပတိဂြိုဟ်သည် မိုးလေဝသနှင့် ဇလဗေဒဝန်ကြီးဂြိုဟ် ဖြစ်သည်။ တစ်နည်းပြောရလျှင် မိုးတိမ်များ၏အရှင်သခင်ဂြိုဟ်ပင် ဖြစ်သည်။

သဿပတိဂြိုဟ်-တနင်္ဂနွေဂြိုဟ်

သဿပတိဂြိုဟ်သည် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဂြိုဟ်ပင် ဖြစ်သည်။ တစ်နည်းပြောရလျှင် ကောက်စပါးအသီးအရွက်တို့အရှင်သခင်သည် ဂြိုဟ် ဖြစ်သည်။

ရသပတိဂြိုဟ် - အင်္ဂါဂြိုဟ်

ရသပတိဂြိုဟ်သည် ကုန်သွယ်

www.burmeseclassic.com

ရေးဝန်ကြီးဂြိုဟ်ပင် ဖြစ်သည် အရည်တို့၏အရှင်သခင် ဖြစ်သည်။

ခညပတိဂြိုဟ် - စနေဂြိုဟ်

ခညပတိဂြိုဟ်သည် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဂြိုဟ်ပင် ဖြစ်သည်။ ကောက်ပဲသီးနှံတို့၏ အရှင်သခင်ပင် ဖြစ်သည်။

နီရသပတိဂြိုဟ် - တနင်္ဂနွေဂြိုဟ်

နီရသပတိဂြိုဟ်သည် ဓာတ်သတ္တုဝန်ကြီးဂြိုဟ်ပင် ဖြစ်သည်။

အဆိုပါ ၁၃၇၉ ခုနှစ်အတွက် အမိပတိဂြိုဟ်များသည် ဤ ၁၃၇၉-၈၀ ပြည့်နှစ် (၁၄-၄-၂၀၁၇) မှ (၁၃-၄-၂၀၁၈) နေ့ထိ ကာလတစ်ခုလုံးကို စိုးမိုးခြယ်လှယ်နေကြသောဂြိုဟ်များ ဖြစ်သည်။ ထူးခြားချက်က ဤနှစ်အဖို့၌ တနင်္လာဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့ လုံးဝမပါရှိဘဲ တနင်္ဂနွေဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ သောကြာဂြိုဟ်၊ စနေဂြိုဟ်တို့ကသာ ကြီးစိုးနေကြသည်။ မှတ်သားစရာက ကြာသပတေးဂြိုဟ်က ဝန်ကြီးဌာန (၃) ခု၊ အင်္ဂါဂြိုဟ်က ဝန်ကြီးဌာန (၂) ခု၊ တနင်္ဂနွေဂြိုဟ်က ဝန်ကြီးဌာန (၂) ခု၊ သောကြာဂြိုဟ်နှင့် စနေဂြိုဟ်တို့က ဝန်ကြီးဌာနတစ်ခုစီကို ချုပ်ကိုင်ထားကြသည်ကို တွေ့ရှိရပါသည်။

ထိုကက်ဘိနက်အဖွဲ့ဝင် အမိပတိဂြိုဟ်များ (ဝါ) စိုးမိုးဂြိုဟ်များကို နာရဒသံဟိတကျမ်း၊ မြို့ဟာဇ်သံဟိတကျမ်းများကိုးကားလျက် ကောက်ချက်ထုတ်ရလျှင် ခိုးသားဓားပြ၊ မီးဘေးအန္တရာယ်၊ မိုးခေါင်မိုးနည်းအန္တရာယ်၊ ရှားပါးခေါင်းပါးအန္တရာယ်တို့ကို ကြုံရတတ်မည်။ ရေကြီးခြင်း၊ လေထန်ခြင်းကိုလည်း ကြုံရတတ်မည်။ မူးယစ်စေတတ်သောအဖျော်ယမကာများ၊ ဆေးဝါးများပေါတတ်မည်။ ကုန်သွယ်ရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများပေါကြွယ်တတ်မည်။ သတ္တုရောင်းဝယ်ရေးကောင်းမည်။ တိုင်းပြည်ဦးဆောင်သူများကြားထဲ၌စစ်ရေးအမြင်မတူညီမှုများရှိမည်။ သို့သော် တချို့နေရာ၌ သဘောထားချင်းထပ်တူကျမည်။ ခက်ထန်တင်းမာသောသဘောရှိသောတိုင်းပြည်ဦးဆောင်သူများ ရှိလာမည်။ အခြေခံလူတန်းစားများအခွင့်အရေးပိုရလာမည်။ လတ်နက်ကိုင်ပဋိပက္ခများမငြိမ်သေး။ ဘာသာသာသနာတိုးတက်မှုရှိမည်။

နောက်စိတ်ဝင်စားစရာတစ်ခုက အဆိုပါ မဟာသင်္ကြန်ဇာတာ ၁၃၇၉ ခုနှစ်၊ မဟာသင်္ကြန်ဇာတာနှင့် မြန်မာနိုင်ငံ၏ နိုင်ငံတော်ဇာတာတို့ကို တိုက်ဆိုင်ညှိနှိုင်းလျက် ဟောချက်ထုတ်ယူမှုပင် ဖြစ်၏။ နိုင်ငံတော်ဇာတာအား မူလဇာတာခွင်အဖြစ်ထားရှိလျက် ဂြိုဟ်မြင်ဂြိုဟ်ယှဉ်ဖြင့် ဟောချက်ထုတ်ယူကြည့်ခြင်းပင် ဖြစ်သည်။


၎င်းတို့မှာ ဤသို့ဖြစ်၏။ ဂဏပတိဝန်ကြီးချုပ်ဂြိုဟ် သောကြာဂြိုဟ်သည် ဥစ်အိမ်တွင် ရပ်တည်ခြင်းကြောင့် တိုင်းသူပြည်သားကို ကျေနပ်ရောင့်ရဲအပြည့်အဝမရနိုင်သေးသော်လည်း တိုင်းပြည်စည်ပင်ဝပြောမှုတစ်စုံတစ်ရာရရှိနေမည်။ သေနာပတိဂြိုဟ်လည်းဖြစ်၊ အာကာသပတိဂြိုဟ်လည်းဖြစ်၊ မေဃပတိဂြိုဟ်လည်းဖြစ်သော ကောဇာကြာသပတေးဂြိုဟ်သည် မူလတနင်္လာဂြိုဟ်ကို စီးနင်းပြီး ကောဇာဥစ်အိမ်မှာရပ်တည်လျက် ယူရေနပ်ဂြိုဟ်နှင့်ပူးထပ်လျက်နေသော တနင်္ဂနွေဂြိုဟ်ကို ၁၈၀ ဒီဂရီ အမြင်ဖြင့် မြင်နေ၏။ ပြောစရာတစ်ခုက သဿပတိဂြိုဟ်ဖြစ်နေခြင်း ဖြစ်သည်။

အကျိုးဆက်မှာ ကောက်ပဲသီးနှံများရလဒ်ကောင်းသော်လည်း ရလဒ်ကောင်းမည်မဟုတ်။ ပညာရေးဆိုင်ရာ၊ ဖြေဖျော်ရေးဆိုင်ရာ၊ ဈေးရောင်းဝယ်ရေးဆိုင်ရာနေရာများ၌ မတော်တဆထိခိုက်မှုများ ဖြစ်ပေါ်တတ်မည်။ ကျောင်းသားလူငယ်တို့နှင့်နီးနွယ်နေသောအစုအသင်းကို ပြဿနာတိုရှည်နှင့်ကြုံတတ်မည်။ အမျိုးသမီး၊ ကလေးသူငယ်တို့နှင့်နီးနွယ်နေသော ရာဇဝတ်မှုခင်းများရှိနေဦးမည်။ နိုင်ငံရေးဆိုင်ရာတို့နှင့်မလွတ်ကင်းသော ရာဇဝတ်မှုခင်းများ ဖြစ်ပေါ်တတ်မည်။

ထို့ပြင်တဝ မိုးသုံးပါးညီညွတ်မည်မဟုတ်။ မိုးလေဝသမကောင်းသောဘက်သို့ယိုင်တတ်မည်။ စိုက်ပျိုးရေး၊ မွေးမြူရေးတို့ ကောင်းသင့်သလောက်မကောင်း၊ စစ်ဘက်ကာကွယ်ရေးဘက်ဆိုင်ရာနှင့် ပြည်သူတို့ နီးစပ်မှုပိုရှိလာမည်။ စစ်ဘက်ကာကွယ်ရေးဘက်တို့သည် စေ့စပ်ရေး၊ ပြေငြိမ်းရေး၊ ငြိမ်းချမ်းရေးကို ပိုတိုးဝင်လာမည်။

တစ်ခါ အင်္ဂါဂြိုဟ် ဝဿပတိမင်းသမ္မဂြိုဟ်ဖြစ်ရကား ကောဇာအင်္ဂါဂြိုဟ်၊ ကောဇာ တနင်္လာဂြိုဟ်တို့ ဝိသမမြင်ကြသလို ကောဇာနက်ပက္ခန်ဂြိုဟ်က မူလအင်္ဂါဂြိုဟ်ကို ဝိသမမြင်ခြင်းကြောင့် အစိုးရဆိုင်ရာသည် အနည်းငယ်တင်းမာသယောင်ရှိလာမည်။ အစိုးရဆိုင်ရာဆိပ်သီးတချို့ပြောင်းလဲမှုအနည်းငယ်ရှိမည်။ အစိုးရဘက်ဆိုင်ရာနှင့် ကာကွယ်ရေးဆိုင်ရာတို့သည် ဝိရောဓိအနည်းငယ်ရှိသည့်တိုင် အများအားဖြင့် သဘောထားချင်းတိုက်ဆိုင်နေမည်။ တိုင်းရင်းသားဆိုင်ရာ၊ နယ်စပ်လုံခြုံရေးဆိုင်ရာတို့၌ လက်စမသတ်နိုင်သေး။ ရှုပ်လေဖြစ်မည်။ တက်ကြွလှုပ်ရှားသူများ အတိုက်အခံများ ပိုမိုအားကောင်းလာမည်။ ငွေရေးကြေးရေးဆိုင်ရာ၊ ကုန်သွယ်ရေးဆိုင်ရာတို့၌ မရိုးဖြောင့်မှုများတွေ့လာမည်။ ခညပတိဂြိုဟ်သည် စနေဂြိုဟ်ဖြစ်သောကြောင့် အခြေခံလူတန်းစားဆိုင်ရာအရေးကိစ္စတချို့အောင်မြင်မည်။

ကျော်ရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

ဦးကိုကိုကြီး(စပ်ဆေးရေး)

ကဓ၀၀(၁၂)၊ ထုံးတို

# မှက္ခရုကုသနည်းအစီအရင်



စာရေးသူသည် လွန်ခဲ့သော (၁၃) နှစ်လောက်က ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် တုံးကင်းအုပ်စု ရွာထောင်ဗမာရွာရှိ မြနန်းရတနာပုံ ကျောင်းတွင် (၇) ရက်တာမျှ ရဟန်းဝတ် ခဲ့ပါသည်။

ရဟန်းဝတ်ခဲ့စဉ်အချိန်တုန်းက ရွာထောင်ရွာသား ဦးတင်ငွေ (အသက် ၇၀) နှစ်သည် သူ၏တူတော်မောင်များ အား သာမဏေဘောင်သွတ်သွင်းရန် မြနန်းရတနာပုံကျောင်းသို့ ရောက်လာ သဖြင့် စာရေးသူ ဘုန်းကြီးဘဝဖြင့် သိကျွမ်းရင်းနှီးမှုရရှိခဲ့ပါသည်။

ဦးတင်ငွေနှင့်ဘုန်းကြီးကျောင်းတွင် သိကျွမ်းရင်းနှီးခွင့်ရသဖြင့် သူ့အကြောင်း အား မေးမြန်းစုံစမ်းမိပါသည်။

ဦးကင်ငွေမှာ ရွာထောင်ဗမာရွာ တွင် သာမန်လယ်သမားတစ်ဦးဖြစ်ပြီး ရိုးသားစွာစီးပွားရှာစားပြီးဘဝကိုရပ်တည် နေသောလူပျိုကြီးဖြစ်ပါသည်။ဘာသာ တရားကိုင်းရှိုင်းသူလည်း ဖြစ်၏။

ဦးတင်ငွေအား လေးစားကြည်ညို ထိုက်စရာတစ်ခုကတော့ အခကြေးငွေ မယူဘဲ မှက္ခရုနာကုသပေးခြင်းဖြစ် ပါသည်။

မှက္ခရုနာနှင့်ပတ်သက်၍ကတော့ ကုသရာတွင် နာမည်ကြီးလှပါသည်။ သို့ဖြစ်၍ စာရေးသူလည်း ထိုပညာရပ် အား သိရှိလိုသဖြင့် ဦးတင်ငွေအား ချဉ်းကပ်မေးမြန်းသောအခါ ဦးတင်ငွေ သည် ရိုးသားသော လယ်သမားတစ်ဦး ပီပီ စာရေးသူအား သေချာအကျအန ရှင်းပြပြောဆိုသင်ကြားသဖြင့် မှက္ခရုကု နည်းပညာရပ်အား ဆည်းပူးသင်ကြား တတ်မြောက်ခဲ့ရပါသည်။

မှက္ခရုရောဂါဆိုသည်မှာ တချို့ လည်း ဒီရောဂါမျိုးမကြားဘူးကြပါ။ ဒီ ရောဂါဖြစ်ပုံမှာ ပါးစပ်တစ်ဝိုက်တွင် အရည်ကြည်ဖုအနာကလေးများတန်းစီ ပေါက်ပြီးရင့်လာပါက အနာကြီးပြီး ပေါက်ပြလာကာ လျှာများပါဖြူလာပြီး ပါးစပ်ဟမရနိုင်ဖြစ်၍ အစာပါမစားနိုင် သောရောဂါမျိုးဖြစ်ပါသည်။

ဒီလိုရောဂါမျိုးဖြစ်ပေါ်လာပါက ဦးတင်ငွေထံသွားရောက်ပြီး နာမည်နှင့် မိမိ၏ မွေးနေ့ကို ပြောပြလိုက်ပါက နောက်တစ်နေ့တွင် အရေကြည်ဖုများ တိုးပွားလာခြင်းမရှိတော့ဘဲ သက်သာ လာပြီး တစ်ပတ်အတွင်း ဆေးလိမ်းစရာ မလိုဘဲ အနာများပျောက်ကင်းသွားလေ သည်။ (မကုသဘဲထားပါက အနာရင်း ပြီးအဖျားဝင်ငန်းလျှံသေနိုင်ပါသည်။)

ဦးတင်ငွေသည် ရောဂါပျောက်၍ လာရောက်ကန်တော့လျှင်တော့ လက်ခံပြီး မကန်တော့နိုင်သူများကိုလည်း မေတ္တာ၊ စေတနာအပြည့်ဖြင့် ကုသပေးပါသည်။

ဤပညာရပ်သည် ဦးတင်ငွေ၏ ဘိုး၊ ဘွား၊ ဘ၊ ဘင်များလက်ထက်က တည်းက အသုံးပြုခဲ့ကြသောကုထုံးဖြစ် ပါသည်။

နှစ်ပေါင်းရာချီကြာခဲ့ပြီဖြစ်သော် လည်း ယနေ့ထက်တိုင် အဖိုးမဖြတ်နိုင် သည့် အင်မတန်အစွမ်းထက်မြတ်သည့် ကုထုံးကုကွက်ကောင်းတစ်ခုဖြစ်ပါသည်။

ယနေ့ခေတ်လို သိပ္ပံပညာရပ်များ တိုးတက်ထွန်းကားနေသောအချိန်ကာလ တွင် ဆေးထိုး၊ ဆေးသောက်၊ ဆေးလိမ်း စရာမလိုပါဘဲ မှက္ခရုရောဂါပျောက်ကင်း နိုင်သည့် ရှေးမြန်မာကြီးများထားခဲ့ သော မြန်မာတို့၏ပညာရပ်ကို နောင် အနာဂတ်တွင်လည်း နောင်လာနောင် သားများ လက်ဆင့်ကမ်းအသုံးပြုနိုင်ရန် သူရဋ္ဌမဂ္ဂဇင်းကြီးသို့ ပေးပို့လိုကြောင်း ဦးတင်ငွေအား ထပ်လောင်းကာ ခွင့်ပန် ရပြန်ပါသည်။

လယ်သမားကြီးဦးတင်ငွေမှ လိုလို ချင်ချင်ပင် ခွင့်ပြုပါသဖြင့် ဤရောဂါမျိုး ဖြစ်ပေါ်လာပါက ငွေကုန်ကြေးကျမရှိ ပျောက်ကင်းပါသဖြင့် စာရေးသူမှစာရှု သူများထံသို့ လျှို့ဝှက်ပညာရပ်တစ်ခုကို သူရဋ္ဌမဂ္ဂဇင်းကြီးမှ တစ်ဆင့်ဖော်ထုတ် တင်ပြလိုက်ရပါသည်။

လုပ်ဆောင်ရမည့်ပုံမှာ တနင်္ဂနွေ သားသမီး မှက္ခရုပေါက်လျှင် ရောဂါဖြစ် သူ၏နာမည်၊ နေ့နံနှင့်အင်းကွက်တို့ကို ရေနွေးအိုး (ဒန်အိုး) ဖင်တွင် အုန်းသား နှင့်ရေးရမည် ဖြစ်ပါသည်။

အမည်နှင့်နေ့နံရေးရာတွင်မခက် သော်လည်း အင်းကွက်ချရာတွင် အရေး ကြီးလှပါသည်။

မိမိဘက်သို့မှားယွင်းစွာမျဉ်းဆွဲမိ ပါက မိမိမှာ မှက္ခရုရောဂါဖြစ်လာတတ် သည့်အတွက်ပုံတွင်ပြထားသည့်အတိုင်း ဆွဲရန်လိုအပ်ပါသည်။

အင်းကွက်ချ မျဉ်းဆွဲရာတွင် ထောင်လျက်မျဉ်းနှင့် ကန့်လန့်မျဉ်းဆိုပြီး မျဉ်း (၂) မျိုးဖြင့် အင်းကွက်ချရပါသည်။

ထောင်လျက် မျဉ်းဆွဲမည်ဆိုပါက အောက်ခြေမှစ၍ အပေါ်သို့ထောင်၍ ဆွဲရမည်ဖြစ်ပါသည်။

ပုံစံ







www.burmeseclassic.com

www.burmeseclassic.com

ကန့်လန့်မျဉ်းဆွဲရာတွင် လက်ဝဲဘက်မှ လက်ယာဘက်သို့ ဆွဲရမည်ဖြစ်ပါသည်။


ပုံစံ




မျဉ်း (၂) မျိုးကို နားလည်သွားပြီဆိုပါက အင်းကွက်ချ၍ ရပြီဖြစ်ပါသည်။

အင်းကွက်ချရမည့်ပုံမှာ အောက်ဖော်ပြပါပုံစံအတိုင်း စနစ်တကျအင်းကွက်ချရပါမည်။

ပုံစံ




ဒေါင်လိုက်မျဉ်းနှင့်ကန့်လန့်မျဉ်းတို့နှင့် အင်းကွက်ချဆွဲရာတွင် အတိုင်းအတာ အတိအကျမလိုအပ်ဘဲ မိမိထည့်သွင်းရမည့် ကိန်းဂဏန်းထည့်သွင်းသာရုံလောက် ခန့်မှန်းရေးဆွဲရမည် ဖြစ်ပါသည်။

**တနင်္ဂနွေသားသမီးများအတွက် အင်းကွက်နှင့်ဂဏန်းထည့်ထားပုံ**

| | | |
|---|---|---|
| ၁ → | ၂ → | ၁ |
| ၂ → | ၁ → | ၂ |
| ၁ → | ၂ → | ၁ |

အင်းကွက်ထဲသို့ ဂဏန်းထည့်သွင်းရာတွင် မြားပြထားသည့်ပုံစံအတိုင်း ဂဏန်းတို့ကို တစ်ခုပြီးတစ်ခုရေးသွင်းပေးရမည် ဖြစ်ပါသည်။

တနင်္ဂနွေသားသမီးအတွက် ရေနွေးအိုးဖင်တွင် အမည်၊ မွေးနေ့နှင့်အင်းကွက်တို့ကို အုန်းသားဖြင့်ရေးရပါမည်။

ထင်ရှားစွာရေးပြီးပြီဆိုပါက ရေနွေးအိုးထဲသို့ ရေတစ်စက်ထည့်ပြီး မီးဖိုပေါ်သို့ မီးရှိန်ခပ်သင့်သင့်ဖြင့် တည်လိုက်ရပါမည်။

ရေနွေးအိုးဆူလာပြီဆိုလျှင် ရေနွေးအိုး၏ဖင်ကို၊ ရေနွေးအိုးကိုမ၍ အိုးဖင်ကို ငုံ့ကြည့်လိုက်ပါ။

ရေနွေးအိုးဖင်တွင် မိမိရေးထားသော နေ့နံ၊ အမည်၊ အင်းကွက်တို့မမြင်၊ မတွေ့ရတော့ပါက ရောဂါပျောက်သွားမည်ဖြစ်သည်။

ရေနွေးအိုးဖင်တွင် မိမိရေးသားထားသော နေ့နံ၊ အမည်နှင့်အင်းကွက်တို့တွေ့ရှိနေရသေးပါက ရေနွေးအိုးအား ရေအနည်းငယ်ထပ်ဖြည့်၍ မီးဖိုပေါ်ပြန်တင်ပေးရမည်ဖြစ်ပါသည်။

ရေနွေးပြန်ဆူလာပြီဆိုလျှင် ရေနွေးအိုးဖင်ကို ငုံ့ကြည့်ရပေမည်။ (၂) ကြိမ်မြောက်တည်ရာတွင်မတော့ ရေးသားသည့်အရာအားလုံးမရှိတော့သည်ကို တွေ့ရမည်ဖြစ်ပေသည်။

များသောအားဖြင့် (၁) ကြိမ်တည်ရုံမျှနှင့် ရတာများပါသည်။

ကျန်နေ့သားသမီးများမှာလည်း တနင်္ဂနွေသားသမီးများ ပြုလုပ်သည့်ပုံစံအတိုင်းလုပ်ရမှာဖြစ်သော်လည်း အင်းကွက်ထဲထည့်ရမည့်ဂဏန်းနှင့်ရေးရမည့် အသားများကတော့ ကွဲလွဲမှာဖြစ်သည့်အတွက် အင်းကွက်နှင့်ဂဏန်းတို့ကို ရေးရမည့်အသားများ၏ အမည်များကို ပုံနှင့်တကွ ဖော်ပြအပ်ပါသည်။

အောက်တွင် ဖော်ပြထားသည့် အင်းကွက်များသည် နေ့သားသမီးများအလိုက် **အင်းကွက်နှင့်အင်းကွက်ထဲမှာ ထည့်ထားသည့်ဂဏန်းတို့ကို ရေးသားရမည့်အသားတို့မှာ ပုံသေဖြစ်ပါ၍** ပုံသေမှတ်သားထားရမည်ဖြစ်ပါသည်။

**တနင်္လာသားသမီးများအတွက်**

| | | |
|---|---|---|
| ၂ → | ၃ → | ၂ |
| ၃ → | ၂ → | ၃ |
| ၂ → | ၃ → | ၂ |

**ရေးရမည့်အသား 'ကုံ့ကြော်'**

ကျန်သောနေ့များကိုလည်း မြားပြထားသည့် ပုံစံအတိုင်း ဂဏန်းကိုရေးထည့်ပါ။

**အင်္ဂါသားသမီးများအတွက်**

| | | |
|---|---|---|
| ၃ | ၄ | ၃ |
| ၄ | ၃ | ၄ |
| ၃ | ၄ | ၃ |

**ရေးရမည့်အသား 'ညောင်'**

**ဗုဒ္ဓဟူးသားသမီးများအတွက်**

| | | |
|---|---|---|
| ၄ | ၅ | ၄ |
| ၅ | ၄ | ၅ |
| ၄ | ၅ | ၄ |

**ရေးရမည့်အသား 'ဝါး'**

**ကြာသပတေးသားသမီးများအတွက်**

| | | |
|---|---|---|
| ၅ | ၆ | ၅ |
| ၆ | ၅ | ၆ |
| ၅ | ၆ | ၅ |

**ရေးရမည့်အသား 'ပေါက်'**

**သောကြာသားသမီးများအတွက်**

| | | |
|---|---|---|
| ၆ | ၇ | ၆ |
| ၇ | ၆ | ၇ |
| ၆ | ၇ | ၆ |

**ရေးရမည့်အသား 'သီး'**

**စနေသားသမီးများအတွက်**

| | | |
|---|---|---|
| ၇ | ၈ | ၇ |
| ၈ | ၇ | ၈ |
| ၇ | ၈ | ၇ |

**ရေးရမည့်အသား 'ထန်း'**

အထက်ဖော်ပြပါ မှက္ခရုနာကုသနည်းသည် ရေယုန်ကိုလည်း ဤနည်းအတိုင်းကုသပါက ပျောက်ကင်းနိုင်ပါကြောင်း ဦးတင်ငွေမှပြောပြပါသည်။

အခြားသောအနာရောဂါများကိုလည်း မိမိတို့ဉာဏ်ရှိသလိုသုံး၍ ကုသနိုင်ပါကြောင်းကိုလည်း ထပ်ဆင့်ပြောပြခဲ့ပါသည်။

ပြည်ခရိုင် ပန်းတောင်းမြို့နယ် တုံးကင်းအုပ်စု ရွာထောင် (ဗမာရွာ) မှ ဦးတင်ငွေအား ဤစာစုဖြင့် ဂါရဝပြုပါသည်။

**ဦးကိုကိုကြီး(စစ်ဆေးရေး)**
**ကစစ(၁၂)၊ ထုံးဘို**

www.burmeseclassic.com

အလွန်မှမင်္ဂလာရှိလှသော -
နှစ်ဦးသို့ရောက်ရှိပါတော့မည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အထွတ်အမြတ်ထားရာ မင်္ဂလာ အပေါင်းနှင့်ပြည့်စုံသော နှစ်ဦးနှစ်ဆန်းသို့ ကူးပြောင်းတော့မည့် ကာလသမယ ဖြစ်ပါသည်။

နှစ်ဟောင်းနှင့်အတူ အတွေးအခေါ်ဟောင်း အယူအဆဟောင်းတို့ကို ဖြတ်ကျော်ကြပေတော့မည်။

အမြင်ဟောင်း အတွေးဟောင်း အယူအဆဟောင်းတို့နှင့် ပတ်သက်၍ ကိုယ့်ကိုယ်ကိုယ်ဝေဖန်ရင်း၊ သုံးသပ်ရင်း မလိုအပ်သည်များကို ထားရစ်ခဲ့ရပေတော့မည်။

သိလျက်နှင့် ကောင်းမှု မကောင်းမှုပြုခဲ့သည်ဖြစ်စေ၊ မသိခဲ့၍ ကောင်းမှု မကောင်းမှုပြုခဲ့သည်ဖြစ်စေ၊ သိခြင်းနှင့် မသိခြင်း၏ စပ်ကူးမပ်ကူးကာလတွင် အကြောင်းမညီညွတ်ခဲ့သည်ဖြစ်စေ နှစ်ဟောင်းတွင် ကျန်ရစ်ခဲ့ရတော့မည်ဖြစ်၏။

မင်္ဂလာ ဟူသည် မကောင်းမှုကို ပယ်ဖျက်၍ ကောင်းမှုကို တည်ဆောက်ခြင်းပင်ဖြစ်ရာ မကောင်းမှုကို ပယ်ဖျက်တတ်သောသဘောသည် မင်္ဂလာမည်သကဲ့သို့ ကြီးပွားချမ်းသာခြင်း၏ အကြောင်းကိုဖြစ်စေသောသဘောသည်လည်း မင်္ဂလာမည်ပါပေ၏။

မင်္ဂလာရှိရှိ ကြုံတွေ့ရတော့မည့် အနာဂတ်ဘဝခရီးအတွက် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဒေသနာတော်နှင့်အညီ ကာယကံမကောင်းမှု၊ ဝစီကံမကောင်းမှု၊ မနောကံမကောင်းမှုမှန်သမျှတို့ကိုပယ်ရှားပြီး ကာယကံကောင်းမှု၊ ဝစီကံကောင်းမှု၊ မနောကံကောင်းမှုတို့ကို တည်ဆောက်ကျင့်ကြံပွားများအားထုတ်ကြရပေတော့မည်။

ရှောင်သင့်တာကို ရှောင်ရင်း ဆောင်သင့်တာကို ဆောင်ကြရပေတော့မည်။

မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ တရားတို့ကို ပွားထုံကြရပေတော့မည်။

ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူခဲ့သော မင်္ဂလာတရားတော်တွင် 'ပူဇာစ ပူဇနေယျာနံ' တည်းဟူသော ပူဇော်ထိုက်သူကို ပူဇော်ခြင်းနှင့် 'ဂါရဝေါစ နိဝါတောစ' တည်းဟူသော ရိုသေထိုက်သူကို ရိုသေခြင်းမင်္ဂလာတို့ရှိ၏။

ထိုမင်္ဂလာတရားတော်များနှင့် အညီ -

ကျွန်ုပ်တို့ သူရဇ္ဇမိသားစုသည်လည်း မည်သူ့ကိုမဆို ဆန့်ကျင်မှုကင်းစွာဖြင့် ဓမ္မမိတ်ဆွေအပေါင်း သူတို့ကောင်းတို့အား ကံဆိုး၊ ကြမ္မာဆိုး၊ ဂြိုဟ်စီးဂြိုဟ်နင်းဆိုးတို့မှ လွတ်မြောက်ပြီးသင်္ကာလ-

တစ်နှစ်တွင်တစ်ကြိမ် တစ်ကြိမ်တွင် တစ်နာရီခွဲသာ စီရင်ခွင့်ရသည့် အောင်ကြောင်းမင်္ဂလာ အောင်ကြောင်းဝေဖြာ အောင်ရာအတိတ် အောင်နိမိတ် အောင်ဟိတ်တို့နှင့်ပြည့်စုံလာစေနိုင်သော နှစ်ဦးမင်္ဂလာယတြာကြီးများဖြင့် ဂါရဝပြုလိုက်ရပေတော့အံ့။

"မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၅ ရက်၊ ခရစ်နှစ် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၆ ရက်၊ တနင်္ဂနွေနေ့ မြန်မာစံတော်ချိန် နံနက် စက် (၉) နာရီ (၁) မိနစ် (၁၀) စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်၍ ၁၃၇၉ ခုနှစ်သို့ပြောင်း၏"

"၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ ခရစ်နှစ် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၇ ရက် တနင်္လာနေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်ပါသည်"

'နှစ်ဆန်းတစ်ရက်နေ့'

နံနက် (၆)နာရီမှ (၇) နာရီခွဲကြားတွင် -

သောကြာသားသမီး သောကြာနာမည်ရှင်တို့သည် -

မိမိတို့၏ နဝင်းဟုခေါ်တွင်သော ပဉ္စပွတ်အရပ်ဖြစ်သည့် အရှေ့တောင်ထောင့်(အဂ္ဂိထောင့်)ဘက်သို့မျက်နှာမူ၍ ခြေထောက်အောက်တွင် ဖျဉ်းမ (၅) ရွက်ကို ခြေစုံရပ်နင်းထားပြီးရပ်ပါ။ အရွက်အဖျားပိုင်းများသည် မျက်နှာမူရာဘက်ဆီသို့ လှည့်နေပါစေ။ မှောက်သည်ဖြစ်စေ၊ လှန်သည်ဖြစ်စေ ခင်းပါ။ ရပါသည်။

အနီး အနား လက်တစ်ကမ်းတွင်၊ အမြင့်တစ်နေရာ (သို့) ခုံတစ်လုံးပေါ်တွင် ပန်းကန်ပြားတစ်ချပ်တင်၍ ၎င်းပန်းကန်ပြားထဲတွင် ဒန်း (၇) ညွန့် (သို့) ထန်းရွက်အဖျားပိုင်း (၇) ညွန့် ထည့်ထားပါ။ ၎င်းဆောင်ပန်းအညွန့်များနှင့် တရော်ကင်ပွန်းရော၍






www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)

## အောင်ကြောင်းဝေဖြာ
## နှစ်ဦးမင်္ဂလာယတြာ





www.burmeseclassic.com

www.burmeseclassic.com

ဦးခေါင်းကို ပွတ်သပ်ဆေးလျှော်ပါ။ အညွှန့်များကို ခေါင်းပွတ်ပြီး ပန်းကန်ထဲ ပြန်ထည့်ထားပါ။ ခေါင်းလျှော်နေစဉ် သမ္ဗုဒ္ဓေဂါထာတော်ကြီး (၁၀) ခေါက် ပြည့်အောင် အာရုံစူးစိုက်ပြီးရွတ်၍လျှော်ပါ။

ဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ကိုယ်ဟာ ယခုအချိန် မှစပြီး မကောင်းသောကံ၊ မကောင်း သော ဖြိုဟ်စီးဖြိုဟ်နင်းများ ကင်းစင် လွင့်ပျောက်ကုန်ပြီ။ ယခုမှစ၍ ဘုန်းကံ များ ပွင့်ပြီးရင်းပွင့်ရင်းဖြစ်နေပြီကို အာရုံ စူးစိုက်ထားပါ။

ပြီးရင် ခေါင်းလျှော်ပါ။ ခေါင်းပေါ် မှ ခေါင်းဆေးရေသန့်ကို အနီးရှိ စနေနံ ဆောင်ပန်းထည့်ထားသော ပန်းကန်ပြား ကိုယူ၍ ထိုပန်းကန်ပြားထဲသို့ခေါင်းဆေး ရေများသပ်ချလိုက်ပါ။

ခေါင်းထပ်မလျှော်ပါနှင့်တော့။

ထိုခေါင်းဆေးရေများရှိနေသော ဆောင်ပန်းများကို မျက်နှာမူရာ ခပ်လှမ်း လှမ်းသို့ သွားစွန့်လိုက်ပါ။

ထိုသို့သွားစွန့်စဉ် ခြေနင်းထား၍ ကျန်ခဲ့သော နင်းကြမ်းရွက်များကို ဗုဒ္ဓဟူး နာမည်ရှင်တစ်ယောက်ယောက်ကယူ၍ အနောက်အရပ်ဘက်ဆီသို့ယူသွားပြီးစွန့် ပေးရပါမည်။

ဗုဒ္ဓဟူးမရှိလျှင် အခြားတစ်ဦးဦး ယူစွန့်ပေး၍ရသော်လည်း ကိုယ်နှင့်နံတူ သောကြာမဖြစ်ရပါ။ သူသည် ရေသောက် ပြီးမှ ယူပစ်၍ရပါမည်။ မိဘများယူစွန့် ပေး၍ လုံးဝမရပါ။

ဤနေရာတွင် -

အကြံတစ်ခုပြုချင်ပါသည်။

ကျွန်ုပ် နှစ်စဉ်ပေးသော ဤနှစ်ဦး မင်္ဂလာခေါင်းလျှော်ခေါင်းဆေးအား များစွာပြုလုပ်ကြအောင်မြင်ကြသည်ကို သိရှိနေရ၍ အလွန်မှဝမ်းမြောက်ဝမ်းသာ မုဒိတာပွားခဲ့ရသည်မှာ ကြာခဲ့ပါပြီ။

သို့သော် -

ယခုနောက်ပိုင်းတွင် အခက်အခဲ လေးများရှိလာကြသည်ကို ဝိုင်းဝန်း အကြံပြုလာကြပါသည်။

ဤအခက်အခဲမှာ အခြားမဟုတ်၊ ရေချိုးခန်းအတွင်း ပြုလုပ်ရသော ခေါင်းလျှော်ခေါင်းဆေးတွင် ဆောင်ပန်း စွန့်ခြင်းကိစ္စဖြစ်ပါသည်။ ခြေနှစ်လှမ်းမျှ လှမ်းရုံနှင့် နံရံဆီရောက်နေပြီဖြစ်ခြင်း၊ အချို့ မတ်တတ်ရပ်လျက်နှင့်ပင်ဆက် သွားစရာနေရာမကျန်ခြင်းများရှိနေကြပါ သည်။

စိတ်ညစ်စရာမလိုပါ။

မျက်နှာမူရာရှေ့တွင် ရေပုံးအလွတ် တစ်ပုံးထားပါ။ ခေါင်းဆေးရေသန့်ပြီး၍ ဆောင်ပန်းများသွန်လျှင် ၎င်းရေပုံးထဲသို့ ထည့်၍စွန့်လိုက်ပါ။ အားလုံးပြီးမှ ၎င်း ရေပုံးထဲမှ ဆောင်ပန်းများကို အရှေ့ တောင်ထောင့်အရပ်မှ သန့်ပြန့်သော နေရာလေးတစ်ခုမှာသွားစွန့်လိုက်ပါ။

နင်းကြမ်းသည် မိမိတစ်ဦးတည်း ဖြစ်နေ၍ လူခေါ်ရန် အခက်အခဲရှိနေ ပြန်ပါလျှင် တုတ်တစ်ခုခု (သို့) ညှပ်တစ် ခုခုနှင့်ယူ၍ ပလတ်စတစ်အိတ်ပေါင်း တစ်ခုထဲကိုထည့်လိုက်ပါ။

အားလုံးပြီးရင် နင်းကြမ်းထည့် ထားသောအိတ်ကို အနောက်အရပ် ဘက်မှာ သွားစွန့်ပစ်ရပါမည်။

ဆောင်ပန်းများကို အရင်စွန့်ပြီးမှ နင်းကြမ်းကိုစွန့်ပါ။

ပုံမှန်အတိုင်းသည်ပင်လျှင် ဆောင် ပန်းများအရင်သွားစွန့်ချိန်မှ နင်းကြမ်းစွန့် ရခြင်း ဖြစ်၏။

ပြီးရင် ရေချိုးပါ။

ခေါင်းထပ်လျှော်စရာမလိုတော့ပါ။

အားလုံးအောင်အောင်မြင်မြင်ပြီး သည်နှင့် အဝတ်သစ်များဝတ်ဆင်ပါ။ လျှော်ဖွပ်ပြီးသားအဝတ်များဖြစ်ပါသည်။

ပြီးရင် ဘုရားရှင်ကို စနေနံပန်း များ၊ ဆွမ်းများနှင့် ပူဇော်ပါ။ ဥပမာ ထောပတ်သီး၊ ထန်းလျက်ဆွမ်း၊ နှင်းဆီ ပန်းများ၊ အခက်အခဲရှိလျှင် ဒန်းညွှန့်များ နှင့် ပူဇော်ပါ။

အခြား ကိုယ်တိုင် နေ့စဉ် ပူဇော် နေကျ ဆွမ်းများ၊ လှူဖွယ်များနှင့် ပူဇော် ၍လည်းရပါသည်။

'ဒိဝါတပတိ' ဂါထာတော်ကြီးကို ပုတီးတစ်ပတ် (၁၀၈) လုံးပုတီးနှင့်စိပ် လိုက်ပါ။

ပြီးသည်နှင့် ကိုယ်စောင့်နတ်မှစ၍ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ၊ မမြင့်ရမြင်ရပုဂ္ဂိုလ်များ (၃၁) ဘုံလုံးကို စိတ်အာရုံစူးစိုက်၍ အမျှပေးဝေ၊ မေတ္တာ ပို့ပေးပါ။

ခင်ပွန်းကြီး (၁၀) ပါးကို ပြစ်မှားမိ ခဲ့သမျှ ဝန်ချတောင်းပန်ကန်တော့ပါ။

မိဘနှစ်ပါးကို ကာယကံ၊ ဝစီကံ၊ မနောကံတို့နှင့် ပြစ်မှားမိခဲ့သမျှ ရှိသေစွာ ဝန်ချတောင်းပန်ကန်တော့ပါ။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ၊ အာစရိယ ဆရာသခင် ကျေးဇူးရှင်များ ကို ကာယကံ၊ ဝစီကံ၊ မနောကံတို့နှင့် ပြစ်မှားမိခဲ့သမျှ ရှိသေစွာ ဝန်ချတောင်းပန် ကန်တော့ပါ။

ဤအချိန်မှစ၍ နှစ်ဦးမင်္ဂလာ ယတြာကြီး အောင်မြင်စွာ ပြီးစီးသွားပြီ ဖြစ်ပါသည်။

အလွန်မှ ထူးခြားအောင်မြင်လှ သော နှစ်ဦးမင်္ဂလာယတြာကြီးများ ဖြစ် ၏။

အချို့ဆိုလျှင် -

ဟုတ်ရဲ့လား၊ ပိုပြောတာများလား ဟုပင်ပြန်မေးခဲ့မိသည့်ထိ သူတို့အောင် မြင်မှုများကို အံ့ဩဝမ်းသာပီတိဖြစ်ခဲ့ရ ပါသည်။

ပြောမယုံ ကြုံမှသိ ဟူသည် ဤ နှစ်ဦးမင်္ဂလာယတြာကြီးများကိုညွှန်းလေ ရော့သလားဟုပင်ထင်မိပါသည်။

ထင်မထားသောအောင်မြင်မှုများ ကြောင့် နှစ်ဦးမင်္ဂလာခေါင်းလျှော်ခေါင်း ဆေးပြုလုပ်ကြသူများ အလွန်များပြားလှ ပါသည်။

မခဲယဉ်းပါ။

သို့သော် တစ်နှစ်တွင် တစ်လ တစ်လတွင်တစ်ရက် တစ်ရက်တွင် တစ်နာရီခွဲသာအချိန်ရသည်မို့ အထူး ဂရုစိုက်ဖို့တော့လိုပါသည်။

တစ်နာရီခွဲအတွင်း အားလုံးအပြီး ပုတီးစိပ်အပြီးမဟုတ်ပါ။

သတ်မှတ်ချိန်အတွင်း စတင်၍ ခေါင်းလျှော်ခေါင်းဆေးပြုလျှင် ရပါပြီ။ ဥပမာ မနက် (၆) နာရီမှ စတင်ပြုလုပ် ရသူသည် ဟိုလုပ်ဒီလုပ်ဟိုပြင်ဆင် ဒီပြင်ဆင်နှင့် (၇)နာရီထိုးမှ ပြုလုပ်သည် ဆိုပါစို့။ ရပါသည်။ ပုတီးစိပ်ခြင်း၊ ဘုရား ဝတ်ပြုခြင်း ဝန်ချတောင်းပန်ကန်တော့ ခြင်းကိုပြုရင်း (၈) နာရီထိုးသွားလည်း ရပါသည်။ အစပြုချိန်သာ အရေးကြီးပါ သည်။ အစပြုချိန် နာရီလွဲ၍လုံးဝမရပါ။

အထက်၊ အောက် ဆောင်ပန်း၊ နင်းကြမ်းများ၍မရပါ။

မှားသွားလျှင် အလွန်အန္တရာယ် များသွားနိုင်ပါသည်။

တိတိကျကျပြုလုပ်လျှင် အလွန်မှ ကောင်းကျိုးချမ်းသာမင်္ဂလာပွားစီးသော နှစ်ဦးမင်္ဂလာယတြာကြီးများဖြစ်ပါသည်။

ထို့ကြောင့် ၁၉၈၈ ခုနှစ်မှသည် ယနေ့ထိတိုင် နှစ်စဉ်မပျက် ဧပြီလ ရောက်တိုင်း နှစ်ဦးမင်္ဂလာယတြာမြင်းမိုး ကြသူများအား ဂါရဝပြု ကန်တော့ ပန်းဆင်နေခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

အရေးကြီးသည်မှာ နင်းကြမ်းပြုရန် အရွက်အခက်များသည် မိဘနံများ ဖြစ်နေပါက ဤခေါင်းလျှော်ခေါင်းဆေး မင်္ဂလာကြီးကို လုံးဝမပြုလုပ်သင့်ပါ။

နှစ်ဦးမင်္ဂလာယတြာဖြစ်သည့် ခေါင်းလျှော်ခေါင်းဆေးမင်္ဂလာကြီးကိုပြုပြီးသည်နှင့် -

မိမိတို့ နှစ်စဉ်ပြုနေကျအတိုင်း သတ်အံ့ဆဲဆဲသတ္တဝါများ၏အသက်ကို ဘေးမဲ့လွှတ်ပေးခြင်း၊ အသက်အရွယ်ကြီးသူများကိုလှူခြင်း၊ ဝေယျာဝစ္စ ကုသိုလ်ပြုပေးခြင်း၊ ဘုရားစေတီပုထိုး ကျောင်းများတွင် တံမြက်လှည်း၊ အမှိုက်ရှင်း၊ သန့်ရှင်းခြင်း၊ လိုအပ်သူများကို ဆေးလှူခြင်း၊ အာဟာရဒါနပြုခြင်း၊ ငွေလှူခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ မိဘမဲ့ကလေးများအတွက် လှူဒါန်းပေးခြင်း၊ ရှင်ပြုပေးခြင်း စသည့် ကောင်းခြင်း မင်္ဂလာကုသိုလ်ထူးကြီးများကို တစ်ပိုင်တစ်နိုင်ပြုရင်း မင်္ဂလာနှစ်ဦးကို စတင်လိုက်ပါလေ။

အလွန်မှ မင်္ဂလာရှိလှစွာသော အချိန်ကာလများကို စတင်နေပြီ ဖြစ်ပါသည်။

နံနက် (၇) နာရီခွဲမှ (၉) နာရီအတွင်း -

ဗုဒ္ဓဟူးသားသမီး ဗုဒ္ဓဟူးနာမည်ရှင်တို့သည် -

**မျက်နှာမူရာ** - အရှေ့မြောက်အရပ်
**ဆောင်ပန်း** - ပျဉ်းမ (၅) ညွှန့်
**နင်းကြမ်း** - ဆီး (၃) ညွှန့် (ဆူးများဖယ်ထားပါ)
**ဆောင်ပန်းစွန့်ရန်** - အရှေ့မြောက်
**နင်းကြမ်းစွန့်ရန်** - အရှေ့တောင်အရပ်
**စွန့်ပေးရန်** - တနင်္လာနာမည်ရှင်
**ဘုရားပူဇော်ရန်** - မေမြို့ပန်း (သို့) အခြားကြာသပတေးနံပန်းများ

နံနက် (၉) နာရီခွဲမှ (၁၀) နာရီခွဲအတွင်း -

တနင်္လာသားသမီးများ တနင်္လာနာမည်ရှင်တို့သည် -

**မျက်နှာမူရာ** - မြောက်အရပ်
**ဆောင်ပန်း** - ဆီး (၃) ညွှန့် (သို့) နွှန် (၃) ညွှန့်
**နင်းကြမ်း** - အုန်း တစ်ထွာခန့် (၁) ရွက်
**ဆောင်ပန်းစွန့်ရန်** - မြောက်အရပ်
**နင်းကြမ်းစွန့်ရန်** - အရှေ့မြောက်အရပ်
**နင်းကြမ်းစွန့်ရန်** - စနေနာမည်ရှင်
**ဘုရားပူဇော်ရန်** - ငှန်ပန်း(သို့) အင်္ဂါနံပန်းများ

နံနက် (၁၀)နာရီခွဲမှ (၁၂) နာရီအတွင်း -

စနေသားသမီး စနေနာမည်ရှင်တို့သည် -

**မျက်နှာမူရာ** - တောင်အရပ်
**ဆောင်ပန်း** - အုန်း(၁) ညွှန့် (တစ်ထွာခန့်)
**နင်းကြမ်း** - သီဟိုဠ် (၆) ရွက်
**ဆောင်ပန်းစွန့်ရန်** - တောင်အရပ်
**နင်းကြမ်းစွန့်ရန်** - မြောက်အရပ်
**နင်းကြမ်းစွန့်ရန်** - ကြာသပတေးနာမည်ရှင်
**ဘုရားပူဇော်ရန်** - အုန်းပန်း၊ အုန်းဖူး၊ အုန်းညွှန့်များ

မွန်းတည့်(၁၂)နာရီမှ (၁) နာရီခွဲအတွင်း -

ကြာသပတေးသားသမီး ကြာသပတေးနာမည်ရှင်တို့သည် -

**မျက်နှာမူရာ** - အရှေ့အရပ်
**ဆောင်ပန်း** - သပြေ (၆) ညွှန့်
**နင်းကြမ်း** - ရွက်လှ (၄) ရွက်
**ဆောင်ပန်းစွန့်ရန်** - အရှေ့အရပ်
**နင်းကြမ်းစွန့်ရန်** - တောင်အရပ်
**နင်းကြမ်းစွန့်ပေးရန်** - အင်္ဂါနာမည်ရှင်
**ဘုရားပူဇော်ရန်** - သပြေညွှန့် (သို့) သစ္စာပန်းများ

မွန်းလွဲ (၁) နာရီခွဲမှ (၃) နာရီအတွင်း -

အင်္ဂါသားသမီး အင်္ဂါနာမည်ရှင်တို့သည် -

**မျက်နှာမူရာ** - အနောက်တောင်အရပ်
**ဆောင်ပန်း** - ရွက်လှ (၄) ညွှန့်
**နင်းကြမ်း** - ကြံတစ်ထွာခန့် (၂) ရွက်
**ဆောင်ပန်းစွန့်ရန်** - အနောက်တောင်အရပ်
**နင်းကြမ်းစွန့်ရန်** - အရှေ့အရပ်
**နင်းကြမ်းစွန့်ပေးရန်** - တနင်္ဂနွေနာမည်ရှင်
**ဘုရားပူဇော်ရန်** - ရွက်လှညွှန့်များ

(၃) နာရီမှ (၄) နာရီခွဲအတွင်း -

တနင်္ဂနွေသားသမီး တနင်္ဂနွေနာမည်ရှင်တို့သည် -

**မျက်နှာမူရာ** - အနောက်အရပ်
**ဆောင်ပန်း** - ကံ့ကော် (၂) ညွှန့်
**နင်းကြမ်း** - ဒန်းတစ်ထွာခန့် (၇) ခက် (သို့) ထန်းတစ်ထွာခန့် (၇) ရွက်
**ဆောင်ပန်းစွန့်ရန်** - အနောက်အရပ်
**နင်းကြမ်းစွန့်ရန်** - အနောက်တောင်အရပ်
**နင်းကြမ်းစွန့်ပေးရန်** - သောကြာနာမည်ရှင်
**ဘုရားပူဇော်ရန်** - ကံ့ကော်ညွှန့်များ။

နှစ်ဦးမင်္ဂလာယတြာကြီးများသည်-

အောင်မြင်ပြီးချိန်မှစ၍ အတိတ်နိမိတ်ထူးများနှင့်ကြုံကြရလေ့ရှိ၏။ အလွန်မှ ထူးခြားလှပါသည်။

သို့သော် -

ကိုယ်ချင်းစာတရားကင်းမဲ့ခြင်း -

သောက်စားမူးယစ် ပျော်ပါးနေလေ့ရှိခြင်း -

မိဘများအား စိတ်သောကအမျိုးမျိုးရောက်အောင် ပုံစံအမျိုးမျိုးနှင့် ပြောဆိုပြုမူဖန်တီးခြင်း -

စသည်တို့နှင့် ပြည့်စုံနေလျှင် ဤခေါင်းလျှော်ခေါင်းဆေးမင်္ဂလာယတြာကြီးကို မပြုသင့်ပါ။

နှစ်ဦးနှစ်ဖျားတွင် ကုသိုလ်ပြုကြရင်း မင်္ဂလာယူကြသည်ဖြစ်ရာ နိမိတ်ဆိုးများဖန်တီးခြင်း၊ ခံယူခြင်း၊ စကားဆိုးများပြောဆိုခြင်း၊ အာရုံဝင်စားနေထောင်ခြင်းများကို အတတ်နိုင်ဆုံး ရှောင်ရှားသင့်ကြပါသည်။

မင်္ဂလာရှိရှိ နေထိုင်ပြုမူပြောဆိုခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။

ဟု မေတ္တာစကားပြောကြားရင်း-

ကောင်းသောအကြံပြုရင်း -

အောင်ကြောင်းဝေဖြာ နှစ်ဦးမင်္ဂလာယတြာကြီးများဖြင့် -

ကျန်းမာပြီးရင်းကျန်းမာကြပါစေ၊ ချမ်းသာပြီးရင်း ချမ်းသာကြပါစေ၊ ရှိပြီးရင်းရှိကြပါစေ၊ ပြည့်ပြီးရင်းပြည့်ကြပါစေကြောင်း မေတ္တာလောင်း၍ ဂါရဝပြုလိုက်ရပါသတည်း။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)



www.burmeseclassic.com

www.burmeseclassic.com

ဤအကြောင်းကိုရေးချင်သည်မှာ ကြာမြင့်ပြီဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့်မရေးဖြစ်ခဲ့ပေ။ ယခုမှာမူကား ဤအကြောင်းနှင့် တိုက်ဆိုင်မှုရှိလာသဖြင့်ရေးဖြစ်ခြင်း ဖြစ်ပါသည်။

စာရေးသူသည် ဘုရားဖူးခရီးသွားခြင်းကိုနှစ်သက်သူ ဖြစ်သည်။ ကျိုက်ထီးရိုးဘုရားသို့ ငယ်စဉ်ကတည်းကပင် မိသားစုနှင့် အခေါက်ခေါက်အခါခါ ရောက်ခဲ့သည်။ ကျိုက်ထီးရိုးဘုရားအား ဖူးမြော်ပြီးနောက် မုဆိုးတောင်၊ ကျီးကန်းပါးစပ်၊ နဂါးဘုရား၊ ဖားဘုရား၊ ကျောက်ထပ်ကြီးဘုရား စသည့်နေရာအသီးသီးရှိ ဘုရားများကို ဆက်လက်ဖူးမြော်ခဲ့သည်။ ထို့ကြောင့် ကျိုက်ထီးရိုးသို့ရောက်လျှင် အနည်းဆုံး (၃)၊ (၄) ရက်ခန့် တည်းခိုနေထိုင်ခဲ့သည်။

ထိုသို့ နှစ်စဉ်နှစ်တိုင်း တစ်နှစ်လျှင် နှစ်ခေါက်၊ သုံးခေါက်သွားခဲ့ရာ ယခုအသက် (၅၀) အရွယ်တွင် မည်သည့်အခေါက်မှန်းပင် မရေတွက်နိုင်ပေ။ ထိုသို့အခေါက်ခေါက်အခါခါသွားခဲ့သော်လည်း ရသေ့တောင်သို့မတက်ရောက်ခဲ့ဘူးပေ။ သည်တစ်ခေါက်သွားလျှင် ရသေ့တောင်သို့ ရောက်အောင်သွားမည်။ ထိုတောင်မှဆက်၍ မြစိမ်းတောင်၊ ရှမ်းအိပ်တောင် စသည့် တောင်များသို့ဆက်၍ သွားမည်ဟု ကြံစည်စိတ်ကူးမိသည်။

ထိုစိတ်ကူးနှင့်အတူ ကျိုက်ထီးရိုးဘုရားသို့ တစ်ခေါက်ထပ်မံရောက်ခဲ့ပါသည်။ ဆောင်းတွင်းကာလဖြစ်၍ ရန်ကုန်မှာ မချမ်းသမျှ ဤတောင်တန်း၌ ခိုက်ခိုက်တုန်မျှ ချမ်းလွန်းလှသည်။ ကျိုက်ထီးရိုးတောင်ပေါ်တွင် တစ်ညတာဘုရားဖူးပြီးနောက် ရသေ့တောင်သို့ ဆက်လက် ထွက်ခွာခဲ့သည်။ ရသေ့တောင်ပေါ်သို့ ရောက်ရှိရန်အတွက် လှေကားထစ် ငါးရာကျော်ခန့်တက်ရသည်။ မောသမျှကိုပြောရလျှင် အောချလောက်ပါရဲ့ဟုပင် ပြောလိုက်ချင်သည်။

တောင်ဝှေးတစ်ချောင်းကို အသုံးပြု၍ မောမောပန်းပန်းဖြင့် တက်လာခဲ့ရာ နောက်ဆုံးတွင် ရသေ့တောင်ပေါ်သို့ ရောက်ရှိလာခဲ့သည်။ ရသေ့တောင်ပေါ်ရှိဘုရားအား ဖူးမြော်ပြီးနောက် ဣန္ဒာသယဘိုးဘိုးကြီးအဆောင်သို့သွားရောက်ခဲ့သည်။ ထိုမှဆက်၍ မြစိမ်းတောင်သို့ အသွားတွင် 'ဘီလူးကျောင်း' ကို တွေ့လိုက်ရသည်။

ထိုစဉ် ဘီလူးကျောင်းမှဘုန်းတော်ကြီးတစ်ပါးထွက်လာပြီး -

"ဒကာမလေးတို့ ပင်ပန်းရင် ဒီကျောင်းမှာ ခဏဝင်နားပါလား"

"ရပါတယ် ဘုန်းဘုန်း၊ တပည့်တော်တို့မနားတော့ပါဘူး။ မြစိမ်းတောင်ဘက်ဆက်သွားမလို့ပါဘုရား"

ထိုသို့ပြောရင်း ခရီးဆက်လာခဲ့သည်။ ဘီလူးကျောင်းဟု ရေးထားသည့် မုခ်ဦးတွင် ဘီလူးနှစ်ကောင်ရုပ်တုထုထားပြီး ထိုရုပ်တုများမှာ လွန်စွာအသက်ဝင်လှသည်။ စာရေးသူသည် ဤဘီလူးရုပ်တုကြီးကို စိတ်ဝင်စားမိသည်။ သို့သော် စပ်စုရန် မည်သူတစ်ယောက်မျှ မတွေ့ရသည့်အတွက် ခရီးဆက်ခဲ့သည်။

မကြာမီ အရိပ်ကောင်းသည့် ကုက္ကိုပင်ကြီးဆီသို့ရောက်ရှိသွား သည်။ ထိုအပင်ကြီး၏ပတ်ပတ်လည်တွင် လူအများထိုင်ရန် သစ်သားခင်းများပြုလုပ်ထားသဖြင့် ထိုနေရာ၌ဝင်ထိုင်ခဲ့သည်။

ထိုစဉ် -

စာရေးသူတို့၏ ရှေ့တူရူမှ ရသေ့ကြီးတစ်ပါးလှမ်းလျှောက်လာခဲ့သည်။

"အရှင်ရသေ့ကြီး ရပ်တော်မူပါဦး ဘုရား"

ရှင်ရသေ့ကြီးကို ကြည့်ရသည်မှာ အလွန်အိုမင်းနေသည့်အတွက် စာရေးသူတွင်ပါလာသော မုန့်အချို့နှင့် ရေသန့်ဘူးလှူရန်အတွက် ဤသို့ ပြောလိုက်သည်။

ရှင်ရသေ့ကြီးသည် စာရေးသူ၏ ရှေ့တွင်ရပ်တန့်လိုက်သည်။ ထိုအခါ စာရေးသူသည် ပါလာသည့် မုန့်အချို့၊ ရေသန့်ဘူးတစ်ဘူးနှင့်အတူ ငွေအချို့ လှူဒါန်းလိုက်သည်။

"သာဓု . . . သာဓု . . . သာဓု လိုအပ်ဆန္ဒမှန်သမျှ ပြည့်စုံပါစေ"

ဟု ဆုတောင်းပြီးနောက် ထိုသစ်ပင်ရှိ ထိုင်ခုံတွင်ဝင်ထိုင်လိုက်သည်။

ထိုစဉ် စာရေးသူက -


"အရှင်ဘုရား၊ ဘယ်ကကြွလာတာလဲဘုရား"

ဟု လျှောက်တင်ရာ -

"ကျုပ်ကတော့ ဒီတောင်တွေမှာ ဂန္ဓာရီလှည့်နေတာပါ"

"သြော် - ဒါနဲ့ ဟိုနားမှာ ဘီလူးကျောင်းလို့ ရေးထားတာတွေ့လိုက်တယ်။ အဲဒါ ဘယ်လိုရာဇဝင်များရှိပါသလဲဘုရား"

စာရေးသူမှာ ဘီလူးကျောင်း အကြောင်း သိချင်သဖြင့် ဤသို့မေးမြန်း



www.burmeseclassic.com

www.burmeseclassic.com



# ရီရီငွေး
## မျက်နှာနှစ်ဖက်နဲ့ ဘီလူးကြီး

ရာ-

"အဲဒီ ဘီလူးကျောင်းအကြောင်း တော့မသိဘူး။ ဟိုးတောနက်ထဲမှာရှိတဲ့ 'မျက်နှာနှစ်ဖက်နဲ့ဘီလူးကြီး' အကြောင်း တော့သိတယ်"

"ဟင် - မျက်နှာနှစ်ဖက်နဲ့ ဘီလူး ကြီး ဟုတ်လားဘုရား"

စာရေးသူက အံ့သြစွာမေးလိုက် သည်။

"ဟုတ်တယ်၊ မျက်နှာနှစ်ဖက်နဲ့ ဘီလူးကြီးကွယ့်"

"ထူးထူးဆန်းဆန်း အဲဒီဘီလူးကြီး အကြောင်းပြောပြပေးပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"အိမ်း - ကောင်းပြီ"

သို့ဖြင့် ထူးဆန်းအံ့သြဖွယ်ကောင်းသည့်မျက်နှာနှစ်ခုနှင့်ဘီလူးကြီးအကြောင်း ကြားသိခဲ့ပါသည်။

❑

လွန်ခဲ့သော နှစ်ပေါင်း(၆၀)ကျော်ခန့်။

ကျွန်ုပ်၏အမည်မှာ နာရဒ။

အများကတော့ ရသေ့နာဟုခေါ်သည်။

မည်သို့ပင်ဆိုစေကာမူ ရသေ့နာဖြစ်ဖြစ်၊ ရသေ့မနာဖြစ်ဖြစ် ခေါ်လိုကခေါ်ပါစေတော့။ အမည်နာမဆိုသည်မှာ သတ်မှတ်ချက်တစ်ခုသာ ဖြစ်သည်။ ကျွန်ုပ်သည် ရေဘုရား၊ ကုန်းဘုရားများတွင် အဓိဋ္ဌာန်ဝင်လေ့ရှိသည်။ ရေဘုရားဆိုသည်မှာ ကျောက်တန်းရေလယ်ဘုရား၊ ကျိုက္ခမီရေလယ်ဘုရား၊ အင်းတော်ကြီးရွှေမဥ္ဇူဘုရား၊ အင်းလေးဖောင်တော်ဦးဘုရား စသည့်ဘုရားများဖြစ်ပြီး ထိုဘုရားများတွင် ကျွန်ုပ်အဓိဋ္ဌာန်ဝင်ခဲ့သည်။ ရေဘုရားများတွင် အဓိဋ္ဌာန်ဝင်ပြီးနောက် ကုန်းဘုရားများတွင် အဓိဋ္ဌာန်ဝင်ရန် ကျွန်ုပ်စတင်ခဲ့သည်။

ကျွန်ုပ်သည် အဓိဋ္ဌာန်ဝင်ရန် ကျိုက်ထီးရိုးဘုရားသို့ သွားရောက်ခဲ့သည်။ ကျိုက်ထီးရိုးဘုရားတွင် အဓိဋ္ဌာန် (၉) ရက်ဝင်ခဲ့သည်။ ထို့နောက် နဂါးဘုရား၊ ဖားဘုရားတို့တွင် (၉) ရက်စီ အဓိဋ္ဌာန်ဝင်ပြီးနောက် ရသေ့တောင်ဘက်သို့ ခရီးဆက်ခဲ့သည်။ ရသေ့တောင်ရှိဘုရား၌ (၉) ရက် အဓိဋ္ဌာန်ဝင်ပြန်သည်။

ထို့နောက် မြစိမ်းတောင်၊ ရှမ်းအိပ်တောင် အစရှိသော တောင်များတွင် လှည့်လည်ကြည့်ရှုရင်း ကျွန်ုပ်သည် တောနက်ကြီးထဲသို့ ရောက်သွားခဲ့သည်။ ထိုတောနက်ကြီးထဲသို့ တစ်ခါမျှမရောက်ဘူးသဖြင့် ဟိုကြည့်သည်ကြည့်ကြည့်ရင်းပင် လမ်းစပျောက်ခဲ့သည်။

"တဖြည်းဖြည်းနဲ့ နေတောင်ဝင်တော့မယ်။ ငါဒီတောကြီးထဲကထွက်ဖို့ လမ်းမတွေ့သေးဘူး"

ထိုသို့တွေးတောပြီး ထိုတောကြီးအတွင်းမှ မိုးမချုပ်မီပြန်ထွက်နိုင်ရန်အတွက် ရှေ့သို့တူရူလမ်းလျှောက်ခဲ့သည်။ သို့သော် လာလမ်းကိုမတွေ့ဘဲ ထိုနေရာ၌သာ တဝဲလည်လည်ဖြစ်နေသည်။

"အင်း-ငါတော့ထွက်လမ်းမတွေ့ဘဲ တဝဲလည်လည်ဖြစ်နေပြီ။ ဒါဟာကောင်းတဲ့လက္ခဏာမဟုတ်ဘူး။ တောမှောက်နေပြီနဲ့တူတယ်"

ထိုသို့တွေးတောကာ -

"ငါတော့ သွားလေမောလေဖြစ်မှာပဲ။ အမောခံပြီးရှေ့ဆက်မသွားတော့ဘူး။ ဒီသစ်ပင်အောက်မှာပဲ ခဏနားနေဦးမယ်"

ကျွန်ုပ်သည် မောမောနှင့်ပါလာသည့် ဘူးသီးခြောက်ရေဘူးထဲမှ ရေကိုသောက်ရင်း ဟိုကြည့်သည်ကြည့်ကြည့်ကာ ဘယ်လမ်းကပြန်သင့်သည့်လမ်းဖြစ်မည်လဲဟူ၍ တွေးတောနေမိသည်။

တဖြည်းဖြည်းနှင့် မိုးချုပ်လာရာ ညီအစ်ကိုမသိတသိအချိန်သို့ ရောက်ရှိလာခဲ့သည်။

"အင်း-ငါလည်း လမ်းပျောက်နေပြီ။ တဖြည်းဖြည်းနဲ့ ညဉ့်နက်လာပြီ။ တောကောင်ကြီးတွေ ရောက်လာရင် ဘယ်လိုလုပ်ရပါ့"

ဤသို့တွေးမိပြီးနောက် -

"ကိုင်း-တောကောင်ကြီးကိုက်လို့ သေချင်သေပါလေ့စေ ငါတော့ ဂုဏ်တော်ကိုးပါးနဲ့ ပဌာန်းရွတ်မှပဲ"

ကျွန်ုပ်သည် သီလခံယူပြီးနောက် ဂုဏ်တော်ကိုးပါးစိပ်ပုတီးစိပ်ပြီးနောက် ပဌာန်းတရားတော်ကို ရွတ်ဆိုခဲ့သည်။ ထို့နောက် တောစောင့်နတ်တောင်စောင့်နတ်အပါအဝင် (၃၁)ဘုံရှိသုခိတ၊ဒုက္ခိတဝေနေယျများအားလုံးကို အမျှအတန်းပေးဝေခဲ့သည်။

အချိန်ကား -

ညဉ့် (၁၀) နာရီကျော်ခန့်ဖြစ်ပြီး တစ်တောလုံးအမှောင်ပိတ်ဖုံးနေသည်။ သို့ဖြင့် ဤသစ်ပင်ကြီးအောက်တွင် အိပ်ရန်စိတ်ကူးနေစဉ် -

"ဒူဝေဝေ. . . ဒူဝေဝေ. . . ဒူဝေဝေ"

ဟူသော ကြေးစည်သံများကို ကြားလိုက်ရသည်။

"ဩော်-ကြေးစည်သံကြားတယ်။ ကြေးစည်ဆိုတာ သူတော်ကောင်းတွေရဲ့ ပစ္စည်းပဲ"

ကျွန်ုပ်သည် ဤသို့တွေးတောနေစဉ် အလင်းရောင်တစ်ခုကို တွေ့လိုက်ရသဖြင့် ကျွန်ုပ် အားတက်သွားခဲ့သည်။ ကျွန်ုပ်လည်း အားစိုက်ကြည့်လိုက်ရာ ဘယ်ဘက်လက်တွင် မီးတုတ်ကိုကိုင်ဆောင်ထားပြီး ထိုဘယ်ဘက်လက်ဖျံ၌ ကြေးစည်တစ်ခုချိတ်ဆွဲထားသည်။ ညာဘက်လက်တွင် ကြေးစည်ဘုကိုကိုင်ဆောင်ထားသည့် ရသေ့အိုကြီးတစ်ပါးကို တွေ့လိုက်ရသည်။

ထိုစဉ် ရသေ့အိုကြီးမှ -

"ရသေ့လေးတစ်ပါးပါလား။ ဘာဖြစ်လို့မြေကြီးမှာအိပ်နေတာလဲ"

"တပည့်တော်၊ ဒီတောကြီးထဲမှာ လမ်းပျောက်နေလို့ပါဘုရား"

"ဩော် - ဒါကြောင့်ကိုး။ ဒါဆိုရင် ကျုပ်နဲ့လိုက်ခဲ့ပါ။ ကျုပ်ရဲ့ကျောင်းသင်္ခမ်းက ဒီနားမှာပဲ"

"တင်ပါ့ဘုရား"

ကျွန်ုပ်မှာ ကယ်တင်ရှင်တွေ့သည့်အလား ဝမ်းသာအားရဖြစ်ကာ ရသေ့အိုကြီးနောက်သို့လိုက်လာခဲ့သည်။

မကြာမီ လက်ဆွဲမီးအိမ်ကလေးထွန်းညှိထားသော ကျောင်းသင်္ခမ်းသို့ ရောက်ရှိခဲ့သည်။

"ရသေ့လေး၊ ဟိုမှာ သောက်ရေအိုးရှိတယ်။ ရေသောက်လိုက်ပါဦး"

ရသေ့အိုကြီးသည် ရေဖြည့်ဧည့်ဝတ်ပြုလိုက်သည်။

ကျွန်ုပ်လည်း စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေသဖြင့် သောက်ရေအိုးထဲမှ ရေကိုသောက်လိုက်ရာ အကြောပေါင်းတစ်ထောင်အထိစိမ့်သွားအောင်အေးသွားသည်။ ထို့နောက် တစ်ခဏအတွင်း အားအင်များပြည့်ဝကာ လန်းဆန်းသွားသည်။

"ရသေ့လေး၊ ဘယ်အရပ်ကကြွလာသလဲ"

"တပည့်တော်က ရန်ကုန်ကပါဘုရား။ ကိုးထပ်ကြီးဘုရားမှာနေပါတယ်။ ဒါပေမယ့် အခုအခါမှာ ဂန္ဓာရီလှည့်ပြီးအဓိဋ္ဌာန်ဝင်နေတာပါဘုရား"

"အိမ်း-ကောင်းပါတယ်။ ကျုပ်ကတော့ အဂ္ဂိရတ်ထိုးတယ်။ ဟိုမှာဖိုရုံရှိတယ်"

"တင်ပါ့ဘုရား"

"ဖိုရုံကိုလိုက်ကြည့်ပါဦး"

"တင်ပါ့ဘုရား"

ရသေ့အိုကြီးသည် လက်ဆွဲမှန်အိမ်ကလေးကိုကိုင်ကာ ဖိုရုံသို့သွားခဲ့သည်။

ဖိုရုံထဲတွင် -

လုံကွဲများ၊ လုံအကောင်းများနှင့် ဖားဖိုတစ်ခုကို တွေ့မြင်ရသည်။

"ကျုပ်ဓာတ်လုံးထိုးနေတာ အောင်မြင်ခါနီးပြီ"

"တင်ပါ့ဘုရား"

"ရသေ့လေးကတော့ ဂန္ဓာရီကျင့်နေတဲ့သူဆိုတော့ ဓာတ်လုံးကို သိပ်စိတ်

www.burmeseclassic.com

www.burmeseclassic.com

ဝင်စားမှာမဟုတ်ဘူး"

"ဒီလိုလည်းမဟုတ်ပါဘူး။ ဒါမေမယ့် ဓာတ်လုံးသဘောတရားကို မသိလို့ပါဘုရား"

"အိမ်း-ဟုတ်တာပေါ့ကွယ်။ မသိတော့လည်းပြရတာပေါ့"

ရသေ့အိုကြီးသည် ပြောပြောဆိုဆို သူ၏ခါးကြားထဲမှ အညိုရောင်အိတ်တစ်လုံးကိုထုတ်လိုက်သည်။ ထိုအိတ်ထဲမှ ပစ္စည်းတစ်ခုကို ယူလိုက်ရာ -

"ရွှေရောင်ဓာတ်လုံးပါလား"

မီးရောင်၌ တဝင်းဝင်းတောက်နေသည့်ဓာတ်လုံးတစ်လုံးကို တွေ့ရှိရသည်။

"ဟုတ်တယ်၊ ဒီဓာတ်လုံးက အောင်မြင်ခါနီးပြီ။ ဒီည (၁၂) နာရီမှာ ဒီဓာတ်လုံးကို ဖိုထိုးရမယ်။ ဒီဓာတ်လုံးကို အစာကျွေးဖို့က ရွက်လှရွက်လိုတယ်"

"တင်ပါ့ဘုရား"

"အဲဒီရွက်လှရွက်ဟာ ကျုပ်ဆီမှာမရှိဘူး"

"ဟင် - ဒါဆိုရင် ဒီဓာတ်လုံးကို ဘယ်လိုအစာကျွေးမလဲ"

"အဲဒါ ရသေ့လေးက ကျုပ်ကို ကူညီရမယ်"

"တပည့်တော် ဘယ်လိုကူညီရပါ့မလဲဘုရား"

"အခုလှမ်းမြင်နေရတဲ့တောင်ထိပ်မှာ ရွက်လှပင်တစ်ပင်ရှိတယ်။ အဲဒါကို နုတ်ပြီးပြန်လာခဲ့ပါ"

"တစ်ခုတော့မေးပါရစေဘုရား"

"မေးပါ"

"ဒီလောက်အရေးကြီးတဲ့ ရွက်လှပင်ကို ညနေထဲကနုတ်မထားဘူးလားဘုရား"

"ရသေ့လေးပြောတာမှန်ပါတယ်။ ဒီရွက်လှပင်ဟာ ရိုးရိုးရွက်လှပင်မဟုတ်ဘူး။ ရွက်လှအရှင်ဖြစ်တယ်"

"ရွက်လှအရှင်ဆိုတာ ဘာလဲဘုရား"

"အိမ်း - ရိုးရိုးလူတွေကတော့ ယုံမှာမဟုတ်ဘူး။ ရွက်လှအရှင်ဆိုတာ ဒီတောင်ကနေဟိုတောင်ကိုရွှေ့ပြီးပေါက်လို့ ရွက်လှအရှင်လို့ပြောတာ။ ဒီည (၁၂) နာရီမှာ ရွက်လှပင်ဟာ အခြားတောင်ကနေ ဒီတောင်ကိုရွှေ့လာလိမ့်မယ်။ ကျုပ်ကလည်း (၁၂) နာရီမှာ ဒီဓာတ်လုံးကိုဖိုထိုးရမယ်။ ကျုပ်တစ်ယောက်တည်း တစ်ချိန်တည်းမှာ အလုပ်နှစ်ခုမလုပ်နိုင်ဘူး။ ဒါကြောင့် ရသေ့လေးကို အကူအညီတောင်းရတာ"

ဤတွင် ကျွန်ုပ်ချက်ချင်းအတွေးပေါက်သွားခဲ့သည်။ ကျွန်ုပ်မျက်စိလည်ခြင်းသည် ဤရွက်လှအရှင်ကို နုတ်ဖို့လော။ ထိုသို့တွေးတောပြီးနောက် -

"ဒါဆိုရင် တပည့်တော် အဲဒီရွက်လှအရှင်ကိုသွားနုတ်ပေးပါမယ်"

ပြောပြောဆိုဆို မီးတုတ်ကိုကိုင်ဆွဲကာ ရှေ့တွင်မြင်နေရသောတောင်သို့ တက်လာခဲ့သည်။ ထိုသို့သွားနေစဉ် ကျွန်ုပ်၏ဆရာရှင်ရသေ့ကြီး၏စကားကို ကြားယောင်မိသည်။

'လောကမှာ လူတွေမသိသေးတဲ့ ထူးခြားဆန်းကြယ်တဲ့အရာတွေရှိတယ်။ ဥပမာ သစ်ခွပျံဆိုရင် ဒီသစ်ပင်ကနေဟိုသစ်ပင်ကို ခုန်ကူးသွားတယ်။ ဝါးပျံဆိုရင်လည်း သစ်ပင်အမြင့်ကြီးမှာပေါက်တယ်။ ဒီနေ့ ဒီသစ်ပင်ကြီးမှာရှိပေမယ့် နောက်နေ့မှာ နောက်သစ်ပင်ပေါ်မှာရှိနေတတ်တယ်'

ဆရာအရှင်ရသေ့ကြီး၏စကားကို ကြားယောင်ရင်း ရွက်လှအရှင် ဆိုတာကလည်း ဒီလိုပဲအစွမ်းထက်တဲ့အပင်နေမှာတွေးရင်းတွေးရင်း ထိုတောင်ပေါ်သို့ ရောက်လာခဲ့သည်။

တောင်မှာ များစွာမမြင့်လှသည့်အတွက် မကြာမီ တောင်ထိပ်သို့ ရောက်လုနီးလာခဲ့သည်။ ကျွန်ုပ်သည် လက်ထဲမှ မီးတုတ်အလင်းရောင်ဖြင့် တောင်ထိပ်သို့လှမ်းကြည့်လိုက်ရာ -

"ဟာ - ရွက်လှပင်ကိုတွေ့ပြီ"

တောင်ထိပ်ပေါ်တွင် တစ်ပင်တည်းပေါက်နေသော အရွက်ဖားဖားနှင့် ရွက်လှပင်ကိုတွေ့လိုက်ရာ လွန်စွာမှ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး တောင်ထိပ်သို့ အပြေးတက်လာခဲ့သည်။ ထိုသို့ဖြင့် ရွက်လှပင့်ရှေ့သို့အရောက် ကျွန်ုပ်သည် ရွက်လှပင်အား နုတ်ရန်လက်လှမ်းစဉ်-



"ဂျုန်း . . . ဂျုန်း . . . ဂျုန်း"

ဟူသော ကြောက်မက်ဖွယ်အသံကြီးနှင့်အတူ တော်လည်းသံများ၊ လေပြင်းတိုက်သံများပေါ် ထွက်လာခဲ့သည်။ ကျွန်ုပ်လည်း ညအချိန်မတော် ဤကဲ့သို့ ကြောက်မက်ဖွယ်အသံဆိုးကြီးကြောင့် ကြောက်လန့်ကာ တုန်လှုပ်သွားခဲ့သည်။ ထိုစဉ် အလွန်ကြီးမားသော ခန္ဓာကိုယ်ပိုင်ရှင်သည် ကျွန်ုပ်ဆီသို့ တရွေ့ရွေ့ လျှောက်လှမ်းလာခဲ့သည်။ ကျွန်ုပ်သည် ဤမျှကြီးမားလှသည့်ခန္ဓာကိုယ်ပိုင်ရှင်ကို မတွေ့ဘူးသဖြင့် မှင်တက်မိကာကြည့်နေမိသည်။ ထွက်ပြေးရမည်ကိုပင်မသိချေ။ တဖြည်းဖြည်းနှင့် ထိုလူကြီးသည် ကျွန်ုပ်၏အနီးသို့ ရောက်ရှိလာခဲ့သည်။ သူသည် ကျွန်ုပ်၏ရှေ့တွင် ထိုင်ချလိုက်သည်။ သူထိုင်ချသည့်အမြင့်သည်ပင် ကျွန်ုပ်အရပ်ထက်မြင့်နေသေးသည်။

ထို့နောက် အလွန်အော်သော အသံကြီးဖြင့် -

"အသင်ဘယ်သူလဲ"

"ကျွန်ုပ် ရသေ့လေးနာရဒ ဖြစ်ပါတယ်"

"ဒီနေရာကို ဘာကြောင့်ရောက်လာတာလဲ"

"ကျွန်ုပ်ကို ရသေ့အိုကြီးတစ်ပါးက ဒီရွက်လှအရှင်ပင်ကိုနုတ်ခိုင်းလို့လာနုတ်တာပါ"

"ရွက်လှအရှင်ဟာ သိဒ္ဓိရှိတဲ့အပင်ပဲ။ ဒီအပင်ကိုကျုပ်စောင့်ကြပ်နေတာ"

"ကျွန်ုပ်က ဒီအပင်ကိုလိုချင်ရင် ဘယ်လိုလုပ်ရမလဲ"

"ဒါဆိုရင် ကျုပ်ရဲ့မျက်နှာကို သေသေချာချာကြည့်လော့"

ဤသို့ပြောသဖြင့် ကျွန်ုပ်လည်း သေသေချာချာကြည့်လိုက်ရာ -

"ဟာ - ဘီလူးကြီးတစ်ကောင်ပဲ"

အစွယ်ပြူးပြူးနှင့် ဘီလူးကြီးတစ်ကောင်ဖြစ်နေသည်။ သူ၏မျက်နှာမှာ လွန်စွာကြောက်မက်ဖွယ်ကောင်းအောင် မဲ့နေသည်။ ဤသို့ သူ၏မျက်နှာမှာမဲ့နေသဖြင့် လွန်စွာအကြည့်ရဆိုးသည်။

"အသင် ကျုပ်ရဲ့မျက်နှာကိုကြည့်ပြီးပြီ။ ကျွန်ုပ်ရဲ့ မည်းနေတဲ့မျက်နှာကို ပြုံးအောင်လုပ်နိုင်ရင် ဒီရွက်လှအရှင်ကို နုတ်ခွင့်ပြုမယ်"

ထိုဘီလူးကြီးက အသံအောကြီးဖြင့် တစ်လုံးချင်းပြောလိုက်သည်။

ထိုအခါ ကျွန်ုပ်မှာ -

"အသင်ရဲ့မျက်နှာကို ကျုပ်ပြုံးအောင်ဘယ်လိုလုပ်ရမယ်။ နည်းလမ်း



www.burmeseclassic.com

www.burmeseclassic.com

ပေးပါ"

"ဒီမှာကြည့်"

ဤသို့ပြောဆိုပြီး ခေါင်းကိုလှည့်လိုက်ရာ -

"ဟာ- ဒီမှာမျက်နှာတစ်ခုပါလား"

"ဟုတ်တယ်၊ ကျုပ်ဟာ မျက်နှာနှစ်ဖက်နဲ့ဘီလူးပဲ။ ဒီဘက်မျက်နှာကို သေသေချာချာကြည့်ပါ"

ထိုသို့ပြောသဖြင့် ထိုမျက်နှာကို ကြည့်လိုက်ရာ -

"ဟာ - ဒီမျက်နှာဟာ ပြုံးနေပါလား"

ဟု ကျွန်ုပ်လည်း ယောင်ယမ်း၍ ပြောဆိုလိုက်သည်။

"ဟုတ်တယ် - ကျုပ်ရဲ့မျက်နှာကို ပြုံးအောင်လုပ်ပါ"

ဤသို့ပြောဆိုပြီး မျက်နှာကိုပြန်လှည့်လိုက်ရာ မဲ့နေသောမျက်နှာဖြစ်သွားသည်။

"အသင်ရဲ့မျက်နှာကို ကျွန်ုပ်မှာ ပြောင်းနိုင်စွမ်းမရှိပါ။ အသင်ပြောချင်တဲ့ စကားရဲ့အဓိပ္ပာယ်ဟာဘာလဲ"

"ကျုပ်ပြောမယ်။ အသင်တို့ လူသားတွေမှာ ပြုံးတဲ့မျက်နှာနဲ့ မဲ့တဲ့ မျက်နှာဆိုပြီး မျက်နှာနှစ်ခုရှိတယ် မဟုတ်လား။ ကုသိုလ်လုပ်တဲ့လူကို ကျုပ်က ပြုံးတဲ့မျက်နှာပိုင်ရှင်လို့ သတ်မှတ်တယ်။ အကုသိုလ်လုပ်တဲ့သူကို မဲ့တဲ့မျက်နှာပိုင်ရှင်လို့ သတ်မှတ်တယ်။ ကုသိုလ်လုပ်တဲ့သူတွေကို ပိုပြီးကုသိုလ် လုပ်နိုင်အောင် အသင်ပံ့ပိုးပေးရမယ်။ အကုသိုလ်လုပ်တဲ့သူတွေကို အကုသိုလ် နည်းပါးပြီး ကုသိုလ်လုပ်ဆောင်နိုင်ဖို့ အသင်လမ်းပြပေးရမယ်။ ဒီလောကကြီးမှာ လူသားများကုသိုလ်များရင် ကျုပ်ရဲ့ မျက်နှာနှစ်ခုစလုံးက ပြုံးနေလိမ့်မယ်။ အဲဒီအခါမှာ လောကကြီးသာယာအေးငြိမ်းချမ်းသာမယ်။ အကယ်၍ လူသားတွေဟာ အကုသိုလ်တရားများလာရင် ကျုပ်ရဲ့မျက်နှာနှစ်ခုစလုံးဟာမဲ့သွားလိမ့်မယ်။ အဲဒီအခါ ကပ်ဆိုးကြီးတွေဆိုက်လိမ့်မယ်။ ဒါကြောင့် လူသားတွေ ကုသိုလ်တရားများများလုပ်ဆောင်နိုင်အောင် အသင်ပံ့ပိုးကူညီရမယ်။ အဲဒါကို အသင်လုပ်ဆောင်နိုင်သလား။ လုပ်ဆောင်နိုင်ရင် ကတိပေးပါ"

ကျွန်ုပ်လည်း စဉ်းစားပြီးနောက်-

"လူသားတွေကို ကုသိုလ်တရားများများလုပ်နိုင်အောင် ကျွန်ုပ်ပံ့ပိုးကူညီပါ့မယ်"

"ကောင်းလှပြီ။ ဒါဆိုရင် ရွှက်လှ



အရှင်ပင်ကို ကျုပ်နုတ်ခွင့်ပြုတယ်"

"ဟုတ်ကဲ့ - ကျေးဇူးအထူးတင်ပါတယ်"

ဤသို့ပြောဆိုပြီးနောက် ရွှက်လှအရှင်ပင်ကို နုတ်လိုက်ရာ အလွယ်တကူ ပါလာခဲ့သည်။ ထိုအပင်ကိုနုတ်ပြီးလျှင်ပြီးချင်း မျက်နှာနှစ်ဖက်နှင့်ဘီလူးကြီး၏ ရုပ်သဏ္ဍာန်မှာ တဖြည်းဖြည်းမှေးမှိန်လာပြီးပျောက်ကွယ်သွားခဲ့သည်။ ကျွန်ုပ်လည်း ထိုအပင်ကိုယူဆောင်ပြီးနောက် တောင်ခြေသို့ ခြေလှမ်းကျဲကြီးများဖြင့် အမြန်ဆုံးဆင်းလာခဲ့သည်။ ကျွန်ုပ်သည် ရောက်ချင်သည့်ဇော မည်မျှပြင်းပြနေသနည်းဆိုမူ ရသေ့အိုကြီးဆီသို့ မည်သို့မည်ပုံရောက်လာခဲ့သည်မသိပေ။

"ဩော် - ရသေ့လေး အချိန်မီ ရောက်လာတာကိုး"

"အရှင်ရသေ့ကြီးကို ရွှက်လှအပင် ဆက်ကပ်ပါတယ်"

"အိမ်း - ကောင်းလှပြီ"

ဤသို့ပြောပြီး ရွှက်လှအရှင်ပင်ကို လှမ်းယူလိုက်သည်။ ထို့နောက် လုံထဲရှိ ဓာတ်လုံးကို မီးဖြင့်အပူ[illegible]းလိုက်သည်။ ဖားဖိုကြီးမှလေကြော[illegible] မီးဖိုတွင် မီးများရဲနေသည်။ ထိုဓာတ်လုံးထည့်ထားသည့် လုံထဲသို့ ရွှက်လှရွက်များကို တစ်ရွက်ချင်းထည့်လိုက်သည်။

"ဝီ. . . ဝီ. . . ဝီ"

မကြာမီ ဓာတ်လုံးသည် တဝီဝီ မြည်ပြီး လုံထဲတွင်လည်ပတ်နေသည်။ ထို့နောက် ရသေ့အိုကြီးမှ -

"အသင်ရသေ့လေး ဒီဓာတ်လုံးကို အောင်မြင်အောင်ထိုးရမှာဖြစ်လို့ အချိန်ကြာဦးမယ်။ အသင်သွားအိပ်နိုင်ပါပြီ"

"တင်ပါ့ဘုရား"

ကျွန်ုပ်လည်း ကျောင်းသင်္ခမ်းရှိရာသို့ သွားရောက် အိပ်စက်ခဲ့သည်။ ကျွန်ုပ်သည် အိပ်ရေးပျက်နေသည့်အတွက် ခေါင်းချရုံနှင့် အိပ်ပျော်သွားခဲ့သည်။ ကျွန်ုပ်အိပ်ရာမှနိုးသောအခါ မိုးစင်စင်လင်းနေသည်။

ကျွန်ုပ်သည် မျက်နှာသစ်ပြီးနောက် ရသေ့အိုကြီးထံသို့ သွားရောက်ခဲ့သည်။ သို့သော် ရသေ့အိုကြီးကို ကျောင်းသင်္ခမ်း၌ မတွေ့ပေ။ ထို့နောက် ဖိုရုံ၌ ရှာသော်လည်း မတွေ့ပေ။

"ဘယ်များသွားနေပါလိမ့်"

ထိုသို့အတွေးဖြင့် အနီးအနားတစ်ဝိုက်တွင်ရှာသော်လည်းမတွေ့တော့ပေ။ ကျွန်ုပ်လည်း ကျွန်ုပ်တာဝန်ကျေပွန်ပြီဖြစ်၍ ထိုကျောင်းသင်္ခမ်းမှထွက်ခွာလာခဲ့သည်။ ကျွန်ုပ်သည် လမ်းမသိသူဖြစ်၍ ညကတက်ခဲ့သောတောင်ပေါ်သို့ တက်ကာ တောင်ထိပ်မှ လှမ်းကြည့်ရာ ကျွန်ုပ်လာရာလမ်းကိုတွေ့ရှိခဲ့သည်။

ကျွန်ုပ်သည် ထိုတောင်ထိပ်မှ ဆင်းကာ လာရာလမ်းအတိုင်း ပြန်ခဲ့သည်။ အပြန်လမ်းတွင် ကျွန်ုပ်စဉ်းစားမိသည်။

'မျက်နှာနှစ်ဖက်နဲ့ဘီလူးကြီးပြောတဲ့စကားဟာ လူသားတွေ ကုသိုလ်တရားများများပွားအောင်ပြောတဲ့စကားပဲ။ သူ့စကားကိုနားထောင်ပြီး ကုသိုလ်တရားပွားများအောင် ငါဟာ လမ်းပြရမယ်။ ပံ့ပိုးရမယ်။ ရသေ့အိုကြီးလည်း ဘယ်ရောက်သွားသလဲ။ မျက်နှာနှစ်ဖက်နဲ့ဘီလူးကြီးနဲ့တွေ့အောင်တမင်ညွှန်ပြတာများလား'

ကျွန်ုပ်သည် လားပေါင်းများစွာ အတွေးဖြင့်ပြန်ခဲ့ရာ လမ်းမှန်သို့ရောက်ရှိခဲ့သည်။ ဤသို့ဖြင့် ရသေ့လေးနာရဒသည် လူသားများအား ကုသိုလ်တရားပွားများအောင် ဆောင်ရွက်လျက်ရှိနေပါတော့သည်။

❑

စာရေးသူနှင့်တွေ့ချိန်တွင် အသက် (၉၀) အရွယ်ရသေ့အိုကြီးဖြစ်နေသည်။ ရသေ့အိုကြီးပြောပြသည့်မျက်နှာနှစ်ဖက်နှင့်ဘီလူးကြီးအကြောင်းကို ကြားသိရပြီးနောက် ရသေ့အိုကြီး၏ စကားမှာ 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်' ဆိုသည့် စကားရပ်ကို ရည်ညွှန်းသည်ဟု ထင်မြင်မိပါတော့သည်။

မီမီခြေ




www.burmeseclassic.com

www.burmeseclassic.com

လှမိုး(ပညာရေး)

# နိုင်းမြစ်ကမ်းမှလွမ်းရိပ်သာ

(အခန်းဆက်ဇာတ်ပေါင်း)



၁၉၈၀ ပြည့်နှစ်၊ ဧပြီလ။

ဗြိတိသျှအမျိုးသမီး အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုဌာနအကြံပေး ဒေါ်ရော်သီအယ်ဒီသည် တစ်နေ့လုံးနီးပါး ဗြိတိသျှအမျိုးသား စာရေးဆရာဂျွန်နသန်ကော့နှင့် အီဂျစ်အမျိုးသား ဟန်နီအယ်(လ်)ဇိုင်နီတို့၏ ဆွေးနွေးမေးမြန်းခြင်း၊ အသံဖမ်းတိပ်ခွေများဖြင့် အကြိမ်ကြိမ်အသံဖမ်းယူခဲ့ခြင်းတို့ကြောင့် မောပန်းငြီးငွေ့လာခဲ့သည်။

သို့ဖြစ်၍ ထိုနေ့ညတွင် တစ်ရေးတစ်မောအိပ်လိုက်မည်ဟု အောက်မေ့ကာ အိပ်ရာသို့စောစောဝင်ခဲ့သည်။ သို့သော် သူ၏မျက်စိနှစ်လုံးတို့ကိုသာ ကြိုးစားမှိတ်ထားရသည်၊ သူ့ဦးနှောက်ကမူ အတိတ်သို့ တစ်ကျော့ပြန်လိုက်၊ ပစ္စုပ္ပန်တွင် ခေတ္တနားလိုက်၊ အနာဂတ်သို့ပြေးလိုက်ဖြင့် အိပ်စက်၍မရဖြစ်ခဲ့ရသည်။ သူ့အသက် (၇၆) နှစ်အတွင်း ရောက်ခဲ့ပြီဖြစ်၍လည်း ရုတ်တရက်အိပ်မပျော်နိုင်။ ဘယ်လူ့ညာလိုမှဖြင့် အချိန်ကုန်ခဲ့ရသည်။

နိုင်းမြစ်ကမ်းဘေးတွင်ရှိ သူ၏ လွမ်းရိပ်သာဟု အမည်ပေးထားသော အိမ်ကလေးမှာ ကျောချမ်းဖွယ်ကောင်းလောက်အောင် ငြိမ်သက်လျက်ရှိ၏။ ထိုအတွင်း မှေးခနဲအိပ်ပျော်သလိုရှိလာကာမှ သူ့လွမ်းရိပ်သာအိမ်ကလေးပေါ် တစ်နေရာမှ သူ့အချစ်တော် ကြောင်ကြီး၏ ကြမ်းပြင်ကို ကုတ်ခြစ်သည့်အသံကြောင့် ဆတ်ခနဲနိုးလာခဲ့ပြန်သည်။ ဤတွင် စိတ်တို့သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့သို့ တစ်ဖန်ပြန်သွားကြပြန်သည်။

သူ့အိမ်အနီးရှိ အိုက်ဆစ်မယ်တော်ကြီး၏ နတ်ဘုရားကျောင်းပျက်မှ ညဉ့်ငှက်တစ်ကောင်၏ ဥုဥုဝါးဝါးအော်သံကြားရပြန်သည်။ ငြိမ်သက်လှသည့် တိတ်ဆိတ်မှုတွင် ထိုအသံသည် ကျယ်လောင်လှသည်။ ထို့နောက်တစ်ဖန် မှေးမှေးကလေးရှိလာပြန်သည်။ ဤတွင် အဘိုက်ဒိုးမြို့တော်ဟောင်းကြီးအနီးရှိ အာရဘတ်ကျေးရွာကလေးမှ ကလေးငို သံ၊ ခွေးဟောင်သံများကြားရသဖြင့် သူမ အဖို့မျက်လုံးများကြောင်ခဲ့ရပြန်သည်။

သို့ဖြင့် ကြက်ဦးလည်းတွန်ခဲ့တော့၏။ လွမ်းဆွတ်ကြေကွဲဖွယ်ဆွဲဆွဲငင်ငင် တွန်လိုက်သောကြက်တစ်ကောင်၏အသံသည် အိုက်ဆစ်မယ်တော်ကြီးနတ်ဘုရားကျောင်းဘက်မှ ထွက်လာပြန်သည်။ ထိုအသံကိုတည်ပြီး အာရဘတ်ကျေးရွာမှကြက်များကလည်း 'အောက်အီးအီးအွတ်' တွန်ကြပြန်သည်။ အချို့ကြက်တွန်သံများက ကျယ်လောင်လှပြီး အချို့အသံများကမူ ဆွဲဆွဲငင်ငင်ရှိလှသည်။ ထိုအသံနှင့်အတူ နိုင်းမြစ်ကြီး၏ အရှေ့ဘက် မိုးကုပ်စက်ဝိုင်းမှ ရောင်နီသည် မျှမျှကလေးပျိုး၍လာခဲ့ပြီး မှေးမှိန်သော အလင်းရောင်သည် လွမ်းရိပ်သာ၏အိမ်ကလေး၏ မှန်ပြတင်းမှ စိမ့်ဝင်လာခဲ့၏။ ထစ်မိုးသောက်ခဲ့လေပြီရော လူဝင်စား ဒေါ်ရော်သီ၏ဘဝလည်း တစ်ဖန်သစ်ခဲ့ရပြန်သည်။

ဒေါ်ရော်သီအယ်ဒီသည် အိပ်ရာမှထကာ အိပ်ခန်းမှန်ပြတင်းရှိ ခန်းဆီးအားဖယ်၍ နိုင်းမြစ်ကမ်းရှိ အဘိုက်ဒိုးမြို့တော်ဟောင်းဘက်သို့ ကြည့်မိသည်။ နိုင်းမြစ်ပြင်၏ကောင်းကင်အထက်ပိုင်းတွင် အနီရောင်များယှက်သန်းခဲ့ပြီဖြစ်ရာ နိုင်းမြစ်ရေပြင်သည် ဝင်းလက်ရွှန်းမနေသောနေရောင်ခြည်ကြောင့် ရွှေရည်မှုန် များ ဖုံးအုပ်ထားသကဲ့သို့ဖြစ်နေသည်။ နိုင်းမြစ်ကိုဖြတ်သန်းတိုက်ခတ်လာသော လေပြည်ကြောင့် နိုင်းမြစ်ကမ်းရှိ ပပိုင်းရပ်(စ်) ကျူပင်များသည် တနွဲ့နွဲ့ယိမ်းအိနေကြသည်။ ခရုစုတ်ငှက်အုပ်တို့သည် အဘိုက်ဒိုးမြို့တော်ဟောင်း၏အဆောက်အအုံပျက်များပေါ်တွင်ဖွဲ့ဝဲလျက်ရှိသည်။

နိုင်းမြစ်အတွင်းဆန်သွားလာနေသော ရေလုပ်သားများသီဆိုသော လွမ်းမောတသဖွယ်ကောင်းသည့်တေးသီချင်းသံနှင့်၊ နိုင်းမြစ်ကမ်းမှရေအားရောင်ဘီးများဖြင့် ရေတင်သည့်အသံများသည် ဒေါ်ရော်သီအယ်ဒီအား အတိတ်သို့ပြန်ရောက်သွားစေသည်။

ဘဝဆက်သံသရာကြီးတွင် လွန်ခဲ့သော နှစ်ပေါင်း (၂၀၀၀) ကျော်ခန့်က ဒေါ်ရော်သီအယ်ဒီမှာ အဘိုက်ဒိုးမြို့တော်ဟောင်းတွင်ရှိ အိုက်ဆစ်မယ်တော်ကြီး၏ နတ်ဘုရားကျောင်းတွင် ရသေ့မဘင်တာရီရှက်အမည်ဖြင့် တာဝန်ယူခဲ့ရသည်။ ဘင်တာရီရှက် ဟူသောအမည်မှာ အီဂျစ်ဘာသာဖြင့် စောင်းနတ်မယ်ဟု အဓိပ္ပာယ်ရ၏။ ဤဘဝကပင် လွမ်းမောတသဖွယ်ကောင်းသည့် နိုင်းမြစ်ကြီးကို ဒေါ်ရော်သီအယ်ဒီသည် တသသဖြစ်ခဲ့ရသည်။

ရာစုနှစ်ပေါင်းရာပေါင်းများစွာတို့ ကြာမြင့်ခဲ့ပြီး ခေတ်စနစ်တွေပြောင်းခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် အီဂျစ်လယ်ယာသမားများနှင့် ရေလုပ်သားများသည် ပြောင်းလဲခြင်းမရှိ ရှေးယခင်အတိုင်း လယ်ထွန်ခြင်း၊ ရေသွင်းခြင်းများပြုလုပ်ဆဲဖြစ်နေသည်။ အီဂျစ်အစိုးရ၏ စက်မှုလယ်ယာစနစ်ကို ဂရုမပြုကြ။ မိရိုးဖလာဘိုးစဉ်ဘောင်ဆက် စိုက်ပျိုးခြင်းစနစ်ကို ကျွဲ၊ နွားများဖြင့်သာ ဆောင်ရွက်ဆဲ ဖြစ်၏။

ဒေါ်ရော်သီအယ်ဒီသည် ပန်းနုရောင်ဇာပဝါလွှမ်းထားသောခပ်လှမ်းလှမ်းရှိ နိုင်းမြစ်ပြင်ကို ရီဝေသောမျက်လုံးများဖြင့်ကြည့်မိပြန်သည်။ အတိတ်သို့ ခေတ္တပြန်ရောက်သွားပြန်သည်။ မှန်ပါသည်။ နိုင်းမြစ်ကြီးသည် စကားပြောနိုင်မည်ဖြစ်ပါက သူ့မြစ်ရိုးတစ်လျှောက်နှင့် သူ့မြစ်ဝှမ်းတစ်လျှောက်တွင်ကြုံရသည့် လွမ်းမောတသဖွယ် ဇာတ်လမ်းများကို ခရေစေ့တွင်းကျ ပြောပြနိုင်မည်ဖြစ်ပါသည်။

နိုင်းမြစ်သည် အီဂျစ်လူမျိုးတို့ဘဝတွင် ဘာသာရေးအမြင်ဖြင့်ကြည့်ကြည့်၊ ယဉ်ကျေးမှုအမြင်ဖြင့်ကြည့်ကြည့်၊ စီးပွားရေးအမြင်ဖြင့်ကြည့်ကြည့် အခြားမည်သည့်အရာနှင့်မျှယှဉ်မရအောင် ဩဇာလွှမ်းမိုးမှုရှိသည့် အီဂျစ်ဘာသာရေးနှင့် သမိုင်းဖြစ်စဉ်များကို မှတ်တမ်းတင်ထားသော ကျူရိုးပုရပိုက်များ၊ နတ်ဘုရားကျောင်းနှင့် ပိရမစ်နံရံများတွင် ရေးထိုးထားသောစာများတွင်နိုင်းမြစ်၏ကြီးမြတ်ပုံသည် တခမ်းတနားပါဝင်နေပေသည်။ နိုင်းမြစ်ကိုဖွဲ့ဆိုကြသောကဗျာဆရာများနှင့် နိုင်းမြစ်အကြောင်းစာတစ်စောင်ပေတစ်ဖွဲ့ရေးသားခဲ့ကြသောစာရေးဆရာများသည် လက်ဆစ်ချိုး၍ ရေတွက်မရအောင်ပေါများလှ၏။ ပြည်တွင်းပြည်ပမှ ကဗျာဆရာများ၊ စာရေးဆရာများက နိုင်းမြစ်ကြီးဖြစ်ပေါ်လာပုံ၊ ကြီးမြတ်ပုံ၊ တင့်တယ်သာယာလှပုံ မြင်ရသူတို့၏ အသည်းနှလုံးကို ဆွဲကိုင်လှုပ်ကိုင်ရေးကြဖွဲ့ဆိုခဲ့ကြသည်။

သာဓကအားဖြင့် မြင်သစ်သမိုင်းဝတ္ထုရေးဆရာကြီး အီမယ်(လ်)လုဒ်ဝတ်(ဂ်)သည် နိုင်းမြစ်ကြီးအကြောင်းကို The Nile အမည်ဖြင့် ရေးသားထုတ်ဝေခဲ့သည်။ ယနေ့အထိ အီဂျစ်သမိုင်းသုတေသီများ ထာဝစဉ်လက်ကိုင်ထားရသော လက်စွဲစာအုပ်ဖြစ်ခဲ့သည်။ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် လျှမ်းလျှမ်းတောက်ပိုးပိုးကျော်ခဲ့သောစစ်သတင်းထောက် အလင်မိုအာဟတ်ကလည်း (The Blue Nile) နိုင်းမြစ်ပြာနှင့် (The White Nile) နိုင်းမြစ်ဖြူ အမည်ဖြင့် နိုင်းမြစ်အစက မြစ်နှစ်သွယ်အကြောင်း စာအုပ်နှစ်အုပ် ရေးသား ထုတ်ဝေခဲ့ရာ သောက်သောက်လဲရောင်းချရသောစံချိန်တင်စာအုပ်များဖြစ်ခဲ့၏။ ယင်းစာအုပ်များတွင် နိုင်းမြစ်တစ်နံတစ်လျားဖြစ်ပွားခဲ့သည့် သမိုင်းဝင်ထူးခြားဖြစ်စဉ်များကို မှတ်တမ်းတင်ဖော်ပြခဲ့ပါသည်။ အထက်ဖော်ပြပါစာအုပ်များသည် နိုင်းမြစ်ကြီး၏ ကြီးကျယ်ထင်ရှားပုံကို ဖော်ပြထားသောစာအုပ်အချို့သာ ဖြစ်ပါသည်။

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဗြိတိသျှပြတိုက်ကြီးရှိ အီဂျစ်ရှေးဟောင်းပြခန်းတွင်ပြသထားသော အီဂျစ်ရှေးဟောင်းအာနစ်တာစီကျူရိုးပုရပိုက်တွင် နိုင်းမြစ်ကြီး၏ဂုဏ်ကြီးမားပုံကို အလွန်အကျူး ရေးသား ဖော်ပြခဲ့သည်ဟုဆို သည်။

ခရစ်တော်မပေါ်မီ ဘီစီ ၄၅၀ က ကမ္ဘာ့သမိုင်း၏ ဖခင်ကြီးဟု ပညာရှင်အများက တင်ပွန်းတပ်ခံရသော ဂရိသမိုင်းပညာရှင် ဟီရိုဒိုးတတ်(စ်)ကလည်း အီဂျစ်ပြည်ကြီး အံ့မခန်း ကြီးကျယ်ခဲ့ရခြင်းသည် နိုင်းမြစ်ကြီးကြောင့်ဖြစ်သည်ဟု အလွန်အကျူး အမွှမ်းတင်ခဲ့သည်။ နိုင်းမြစ်ကြီးစတင်စီးဆင်းသောဒေသမှာ အီကွေတာမျဉ်းတောင်ဘက် အာဖရိကတိုက် ယူဂန္ဓာနိုင်ငံ တောင်တန်းဒေသရှိ ဝိတိုရိယရေအိုင်ကြီးမှ မြစ်ဖျားခံခဲ့သည်။ ထိုရေအိုင်ကြီးမှာ နေ့စဉ်ရက်ဆက်ရွာသွန်းခဲ့သော အီကွေတာမိုးကြောင့် နှစ်စဉ် ရေလျှံခဲ့ရသည်။ ထိုရေအိုင်မှ စတင်စီးဆင်းလာသော နိုင်းမြစ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၂၀၀၀)ကျော်မြင့်သော ကီအိုဂါရေအိုင်နှင့် အယ်(လ်)ဘတ်ရေအိုင်များကို ဖြတ်သန်းစီးဆင်းလာသောအခါ အခြားအမည်မထင်ရှားသော ချောင်းကလေးများကလည်း လာရောက် ပူးပေါင်းသဖြင့် အတော်အသင့် ကျယ်ပြန့်၍ ရေစီးသန်သောမြစ်ဖြစ်လာခဲ့သည်။

ဤတွင် ဆူဒန်နိုင်ငံအား မိုင်ပေါင်းရာပေါင်းများစွာ ဖြတ်သန်းလာသော နိုင်းမြစ်ဖြူသည် ပူးပေါင်းခဲ့ပြန်သည်။ နိုင်းမြစ်ဖြူ ဖြတ်သန်းစီးဆင်းခဲ့သော ဆူဒန်နိုင်ငံ တောရပ်ဒေသသည် ပြောင်၊ ဆင်၊ ကျား၊ ကျားသစ်၊ ခြင်္သေ့ အပါအဝင်သားကောင်ကြီးများ၊ သစ်ကုလားအုတ်၊ မြင်းကျား၊ တောင်ဆိတ်တို့ပေါများသောဒေသဖြစ်ရကား ထိုသားသတ္တဝါများ ရေသောက်ဆင်းလေ့ရှိသောမြစ်ဖြစ်သည်။ မြစ်အတွင်း၌လည်း ငါး၊ မိကျောင်း စသည်တို့ ထူပြောသည်ဟုဆို၏။

ရှေးက အဘီဆီးနီးယား (ယနေ့ အီသီယိုးပီးယား) တောင်တန်းနှင့် တန်နာရေအိုင်ကြီးမှမြစ်ဖျားခံလာသော နိုင်းမြစ်ပြာတို့သည် ပူးပေါင်းခဲ့ကြရာမှ နိုင်းမြစ်ကြီးဖြစ်လာခဲ့ရသည်။ ဤတွင် ကမ္ဘာပေါ်တွင် ဒုတိယအကြီးမားဆုံးဖြစ်သောမြစ်ကြီးတစ်ခုသည်ဖြစ်လာပြီး မိုင်ပေါင်း (၄၀၀၀)ကျော် တောအထပ်ထပ်တောင်အထပ်ထပ်နှင့် စိမ့်မြေများ၊ သဲကန္တာရများကို ဖြတ်ကျော်စီးဆင်း၍ မြေထဲပင်လယ်အတွင်းစီးဝင်ခဲ့သည်။

ပထဝီဗေဒပညာရှင်များစွန့်စား၍ နယ်သစ်ရှာသွားလာသူများ မဟာခရီးသည်များ၏မှတ်တမ်းများတွင် မိုင်ပေါင်း (၄၀၀၀)ကျော်စီးဆင်းလာသည့် နိုင်းမြစ်ရိုးတစ်လျှောက်ရှိ သဘာဝကဖန်တီးပေးထားသောရှုခင်းများသည် ဘယ်ပန်းချီရေး၍မှမမီသောရှုခင်းများဖြစ်သည်ဟု တညီတညွတ်တည်းဆိုကြသည်။နိုင်းမြစ်သည် ကိုက်(၅၀၀)ခန့်သာကျယ်ဝန်း၍ ဝါသောမြစ်ကမ်းတစ်ဖက်တစ်ချက်မှာ မြေဩဇာအထူးကောင်းမွန်သဖြင့် လယ်ယာမြေများကို မျက်စိတစ်ဆုံးတွေ့ရမည်ဖြစ်





www.burmeseclassic.com

www.burmeseclassic.com



၏။ သို့ဖြစ်၍ ဂရိသမိုင်းပညာရှင် ဟီရိုဒိုးတတ်(စ်)က သမိုင်းအဆက်ဆက် အီဂျစ်နိုင်ငံတော်ကြီး ကြီးကျယ်ထင်ရှား၍ နိုင်ငံတကာမှမော့ကြည့်ရခြင်းသည်မှာ နိုင်းမြစ်ကြီးကြောင့် ဖြစ်သည်ဟု အဆိုအမိန့်ပြုခဲ့ခြင်းဖြစ်မည် ဖြစ်၏။

မှန်ပါသည်။ စတုရန်းမိုင် (၃၈၇,၅၀၀)ခန့်ကျယ်ဝန်းသော အီဂျစ်နိုင်ငံသည် နိုင်းမြစ်ကြီး၏ ကျေးဇူးကြောင့် စတုရန်းမိုင် (၁၃၅၆၀)သာစိုက်ပျိုးနိုင်ပြီး ကျန်မြေများမှာ ကန္တာရများသာဖြစ်၏။ မိုးအလွန်ခေါင်လှသဖြင့် သစ်တောများလည်းမရှိပေ။ အချို့သောနေရာများတွင် သဲကန္တာရအတွင်းအလေ့ကျပေါက်လေ့ရှိသောရှားစောင်းပင်များနှင့်ကုလားအုတ်များစားသည့် ကန္တာရပင်ကလေးများသာပေါက်သည်။ သို့ဖြစ်ရာ သဘာဝတရားအရဆိုလျှင် အီဂျစ်နိုင်ငံသည် စိတ်ပျက်စရာကောင်းလောက်အောင် ချတ်ခြုံကျမည့်နိုင်ငံဖြစ်ပေမည်။သို့သော် တငြိမ့်ငြိမ့်စီးဆင်းနေသော နိုင်းမြစ်ကြီးကျေးဇူးကြောင့် နိုင်းမြစ်ရိုးတစ်လျှောက် မြေဩဇာကောင်းမွန်လှသဖြင့် အီဂျစ်လူမျိုးတို့အဖို့ ကြောင့်ကြမဲ့ကင်းစွာ လယ်ယာခြံမြေများစိုက်ပျိုးနိုင်ခြင်းဖြစ်သည်။အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုကြီး အံ့မခန်း ကြီးကျယ် ခမ်းနားရခြင်းမှာ နိုင်းမြစ်ကြောင့်ဖြစ်သည်ဟု သမိုင်းပညာရှင်များ၊ သမိုင်းသုတေသီများကဆိုကြသည်။

အီဂျစ်လူမျိုးတို့သည် သမိုင်းမတင်မီခေတ်ကပင် နိုင်းမြစ်ရေအတက်အကျကိုခန့်မှန်းနိုင်ရန် နက္ခတာရာများကို လေ့လာကြရသည်။ နိုင်းမြစ်များဒေသတွင် မည်သည့်အချိန် မိုးအများဆုံးရွာသွန်းသည်။ ထိုအချိန်တွင် နိုင်းမြစ်ရေကြီးမည်၊ မည်သည့်အချိန်တွင် မြေနုကျွန်းများပေါ်မည် စသည်တို့ကို အီဂျစ်လူမျိုးတို့သည် လေ့လာမှတ်သားကြရသည်။ ဤသို့သော အခြေအနေအရပ်ရပ်ကြောင့် အီဂျစ်လူမျိုးတို့သည် အံ့ဖွယ်ယဉ်ကျေး အရှိန်အဟုန်ကြီးမားခဲ့ရခြင်း ဖြစ်ပေမည်။

မှန်ပါသည်။ အီဂျစ်လူမျိုးတို့ လျှမ်းလျှမ်းတောက်ကျော်ကြား၍ အီဂျစ်လက်နက်နိုင်ငံတော်ကြီးတည်ထောင်နေစဉ် ဂရိ(ခေါ်မ)နှင့် ရောမလူမျိုးတို့မှာ အမှောင်ခေတ်အတွင်းရှိနေခဲ့ကြသည်။ အီဂျစ်လူမျိုးတို့ နိုင်းမြစ်ရိုးတစ်လျှောက် အဘိုက်ဒိုး၊ လူဇာ၊ ကာနက်၊ ဘက်(စ်)စသော အံ့မခန်းကြီးကျယ်သည့်မြို့တော်ကြီးများတည်ဆောက်နေစဉ်တွင် ဂရိနှင့်ရောမတို့မှာ လူမသိသူမသိမျိုးနွယ်များသာဖြစ်ကြ၏။ သမိုင်းမှတ်တမ်းများအရ ခရစ်တော်မပေါ်မီ နှစ်ပေါင်း (၅၀၀၀) ကျော်ခန့်က အံ့မခန်းကြီးကျယ် ထင်ရှားခဲ့သော နိုင်းမြစ်ဝှမ်း အီဂျစ်ယဉ်ကျေးမှုသည် ခရစ်တော်ပေါ်ပြီး နှစ်ပေါင်း (၆၃၁) နှစ်ကြာမှ မှေးမှိန်ခဲ့ရသည်။

အီဂျစ်တို့သည် အစဉ်အဆက် စာပေရေးသားမှုကို တတ်[illegible]က်သူများဖြစ်ရကား လူမှုရေး၊ စီး[illegible]ရေး၊ နိုင်ငံရေး၊ ဘာသာရေး အခြေအနေအရပ်ရပ်ကို နတ်ဘုရားကျောင်းနံရံများတွင်လည်းကောင်း၊ အီဂျစ်ဘုရင်များ၊ အုပ်ချုပ်သူများ၊ အီဂျစ်ဘာသာရေး ဦးဆောင်သည့် ဘုန်းတော်ကြီးများ၏ သင်္ချိုင်းဂူနံရံများပေါ်တွင်လည်းကောင်း၊ ကျောက်ထက်အက္ခရာတင်ခဲ့သည်သာမက နိုင်းမြစ်ကမ်းတွင်အလေ့ကျပေါက်သော ကျူရိုးပုရပိုက်များဖြင့် မှတ်တမ်းတင်ခဲ့သည်။ ထိုစဉ်ကာလက အီဂျစ်တို့အက္ခရာများမှာ အရုပ်စာများသာဖြစ်သည်။ ထိုစာများကို ဦးဆောင်ဖန်တီးသူများမှာ အီဂျစ်ဘုန်းတော်ကြီးများသာဖြစ်၍ ထိုရှေးဟောင်းအီဂျစ်စာအရေးအသားကို ဘုန်းတော်ကြီးစာဟုခေါ်ကြ၏။ ဤစာဖြင့်မှတ်တမ်းတင်ထားသော ကျူရိုးပုရပိုက်များ၊ ဘုရားကျောင်းနံရံစာများ၊ သင်္ချိုင်းဂူနံရံစာများကြောင့် အနောက်တိုင်းယဉ်ကျေးမှုကြီး၏ မိခင်ဖြစ်သည်ဟု ဆိုကြသဖြင့် အနောက်တိုင်းမှ သမိုင်းပညာရှင်များ၊ မနုဿဗေဒပညာရှင်များ၊ သုတေသီများသည် သမိုင်းအဆက်ဆက် အီဂျစ်နိုင်ငံသို့ စဉ်ဆက်မပြတ်လာရောက်၍သုတေသနပြုကြခြင်း ဖြစ်သည်။

ဒေါ်ရော်သီသည် နိုင်းမြစ်ပြင်ကြီးကို ငေးမောကြည့်ရှုနေမိရာမှ ခပ်လှမ်းလှမ်းတွင်ရှိ အဘိုက်ဒိုးမြို့တော်ဟောင်းမှ နတ်ဘုရားကျောင်းပျက်များဆီ ငေးမောကြည့်ရှုမိပြန်သည်။ သူ့ခြေညှပ်ဖိနပ်ကိုစီး၍ အိမ်ကလေးပြင်ဘက်သို့ထွက်ခဲ့၏။ ညဉ့်ငွေ့ကမကုန်သေးသောအအေးဓာတ်သည် သူ့ကို ဆီးကြိုလိုက်သည်။ မိနစ်အနည်းငယ်အတွင်းအရှေ့ဘက်ကောင်းကင်တစ်ပြင်လုံးသည် ပုစွန်ဆီသွေးဖာဝေ့ဝေ့ဖြင့်ရှိနေပြီဖြစ်သည်။ နံနက်လေနုအေးကလည်း တညင်းညင်းဖြင့် နိုင်းမြစ်ဆီမှ ရေညှိနံ့၊ သစ်ရွက်ဆွေးနံ့များ သယ်ဆောင်လာသည်။ အနောက်ဘက်ကောင်းကင်ပြင်တွင်မူ လဝင်သွားခဲ့ပြီဖြစ်ခဲ့ပြီး ကြယ်ကလေးများလည်း တစ်လုံးပြီးတစ်လုံးမှိတ်ခဲ့သည်။

အမှောင်ရိပ်မှာမူ ဒေါ်ရော်သီအယ်ဒီ၏ လွမ်းရိပ်သာဝင်းအတွင်းရှိ စွန်ပလွံပင်နှင့်ရေသဖန်းပင်များပေါ်တွင်မူ ခိုနားဆဲဖြစ်နေသည်။ အချိန်အနည်းငယ်အတွင်း သူ့အိမ်ကတံစက်မြိတ်တွင် အသိုက်အအုံဖွဲ့နေကြသည့်စာကလေးများသည် အိပ်တန်းမှထလာကြတော့မည်ဖြစ်ပြီး လောကဓာတ်ကြီးတစ်ခုလုံး လှုပ်ရှားလာပေတော့သည်။

နိုင်ငံတကာမှလာရောက်ကြသည့် ဧည့်သည်များ၊ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုဌာနမှ သူ့ထံသို့ နေ့စဉ် သူရေးသော (The Dreams of The Past) အတိတ်မှအိပ်မက်များ ဟူသော အီဂျစ်နိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုသမိုင်းစာအုပ်အတွက် စာမူများကိုယူရန် လာရောက်ကြမည်၊ အီဂျစ်ရှေးဟောင်းဝန်ကြီးဌာနမှအမှုထမ်းများနှင့် သူ၏



www.burmeseclassic.com

www.burmeseclassic.com

အတ္တလန္တိတ်ကို ရေးသားပြုစုရန် လာရောက်ကြသည်။ စာရေးဆရာ ဇျူးနှင့်ဝါနှင့်ကော နှင့်တာနီနီ အယ်ဂိုင်နီတို့လည်း ရောက်ရှိလာမည် ဖြစ်သည်။

ဒေါ်ရော်သီအယ်ဒီသည် အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုဌာနမှ ပြုပြင်စောင့်ရှောက်နေသော အဘိုက်ဒိုးမြို့တော်ဟောင်းကြီးရှိ နတ်ဘုရားကျောင်းပျက်ဆီသို့ကြည့်မိပြန်သည်။ အီဂျစ်လူမျိုးတို့သည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း (၅၀၀၀) ကျော် (၆၀၀၀) ခန့်ကပင် ဤနိုင်းမြစ် တစ်နံတစ်လျား အဘယ်ကြောင့် အံ့မခန်းကြီးကျယ်သည့် မြို့တော်ကြီးများကို တည်ဆောက်နိုင်ခဲ့သနည်း။ ယနေ့ခေတ်မီဗိသုကာပညာရှင်များပင် လက်ဖျားခါရလောက်အောင် ကြီးကျယ်လှသည့်ပိရမစ်ကြီးများ၊ စဖင့်၊ မနုသီဟရုပ်ကြီးများ၊ သချိုင်းဂူကြီးများကို အဆင့်မြင့်စွာ တည်ဆောက်ခဲ့သနည်း။ ထိုအဆောက်အအုံများ တည်ဆောက်နိုင်ရန်တန်ပေါင်းများစွာလေးသောကျောက်တုံးကြီးများကို နိုင်းမြစ်ကမ်းမှ မိုင်ပေါင်းများ စွာကွာဝေးသော ကျောက်မိုင်းများမှ မည်ကဲ့သို့သယ်ယူခဲ့ကြသနည်း။ ယင်းကျောက်တုံးကြီးများကို တစ်နေရာမှတစ်နေရာရွှေ့ပြောင်းရာတွင် မည်သို့ကြီးမားသောဝန်ချီစက်များကိုအသုံးပြုခဲ့သနည်း။

ဤသို့တွေးမိသည်နှင့် သူ့စိတ်တို့သည် အတိတ်သို့တစ်ဖန်ပြန်ရောက်သွားပြန်သည်။ ဂရိတွေးခေါ်ပညာရှင်ကြီး ပလေတိုက သူ၏ဆွေးနွေးခန်းများ (Dialogues)ဟူသောကျမ်း၌ လွန်ခဲ့သောနှစ်တစ်သိန်းခန့်က အတ္တလန္တိစ်ဟူသောကျွန်းကြီးပေါ်ထွန်းခဲ့ပြီး ထိုကျွန်းသူကျွန်းသားများသည် အဘက်ဘက်မှ ထူးချွန်ကြသူများဖြစ်သည်ဟုဆို၏။ ထိုကျွန်းသူကျွန်းသားများသည် ယဉ်ကျေးမှုအဆင့်မြင့်မားလာသည်နှင့် မဟာဂန္ဓာရီပညာရပ်များတွင်လည်း ထူးထူးခြားခြားတတ်မြောက်လာကြသည်။

ယင်းအတ္တလန္တိစ်နိုင်ငံတော်ကြီးသည် အဘက်ဘက်မှတိုးတက်လာခဲ့ရာ မြို့တော်ကြီးမှာ နတ်ဘုံနတ်နန်းတမျှကြီးကျယ် ခမ်းနားသည်ဟု ဆိုသည်။ အဆောက်အအုံများ၊ လမ်းများ၊ လူအများစုဝေးရာခန်းမကြီးများ၊ ပြည်သူ့ဥယျာဉ်များကို ကျောက်သားကျောက်သလင်းများဖြင့် တည်ဆောက်ထားကြသည်။ မြို့အလယ်ရှိနတ်ဘုရားကျောင်းနှင့်နန်းတော်ကြီးမှာလည်း စုလစ်မွမ်းချွန်များဖြင့် အဆင့်မြင့်တည်ဆောက်ထားခဲ့ကြသည်။ ရတနာအမျိုးမျိုးစီခြယ်ထားပြီး အချို့ခန်းမဆောင်များတွင် ရွှေသားပိန်းချထားသည်ဟုဆိုသည်။ မြို့တော်သူမြို့တော်သားများအားလုံးမှာ ချမ်းသာကြွယ်ဝကြသည်။ ကျွန်းကြီးတစ်ကျွန်းလုံး အဖိုးတန်သစ်တောများပေါက်ရောက်လျက်ရှိသည်သာမက အဖိုးတန်ဓာတ်သတ္တုများလည်းထွက်ရှိသည်။

ကျွန်းကြီး၏သင်္ဘောဆိပ်သို့ နိုင်ငံတကာမှ ကုန်သင်္ဘောများဝင်ထွက်သွားလာကြပြီး အတ္တလန္တိစ်နိုင်ငံတော်၏စစ်အင်အားမှာလည်း အထူးခေတ်မီသဖြင့် ထိုစဉ်ကာလက ခေတ်ပြိုင်နိုင်ငံအားလုံးက အတ္တလန္တိစ်နိုင်ငံတော်ကြီးကို မဟာအင်အားကြီးနိုင်ငံတစ်နိုင်ငံဟု လက်ခံထားကြသည်။ သို့ဖြစ်၍ အတ္တလန္တိစ်နိုင်ငံတော်ခေတ်သည် ပဒေသာပင်ခေတ်ဟုဆိုနိုင်သည်။

ဤသို့ လက်ညှိုးညွှန်ရာရေဖြစ်သည့်ခေတ်တွင် အတ္တလန္တိစ်တိုက်သားအချို့သည် မဟာဂန္ဓာရီပညာရပ်ကိုအောင်မြင် ပေါက်ရောက်အောင် ကျင့်ကြံနိုင်မရှိကြ။ မိမိတို့တတ်မြောက်သော မဟာဂန္ဓာရီပညာ၏ တစ်ဝက်တစ်ပျက်ကိုအသုံးပြုပြီး ကိုယ်ကျိုးရှာကြတော့၏။ လောဘ၊ ဒေါသ၊ မောဟများ အတိုင်းမသိတိုးပွားလာရာမှမှော်ဆရာ၊ အောက်လမ်းဆရာများအဖြစ်သို့ ကူးပြောင်း၍ အလွန်သန့်ရှင်းဖြူစင်သောအတ္တလန္တိတ်မဟာဂန္ဓာရီပညာအား အစွန်းအထင်းထင်စေတော့သည်။ ဤမဟာဂန္ဓာရီပညာကိုသွေဖည်သော အောက်လမ်းပညာရပ်သည် အတ္တလန္တိစ်ကျွန်းသားများအတွင်း စိမ့်ဝင်ပျံ့နှံ့လာခဲ့ရာ သမိုင်းအဆက်ဆက် နေလိုလလိုထွန်းလင်းခဲ့သော အတ္တလန္တိစ်နိုင်ငံတော်ကြီး၏ဂုဏ်ကျက်သရေညှိုးနွမ်းရန် လမ်းပေါ်သို့ တစ်စတစ်စရောက်ရှိလာခဲ့[illegible]ည်။ မဟာဂန္ဓာရီပညာကိုလည်း အလွဲ[illegible]စားပြုကြတော့၏။


ဤသို့သောအခြေအနေသို့ရောက်ရှိလာသောအခါ မဟာဂန္ဓာရီပညာရပ်ကိုစောင့်ရှောက်သောပုဂ္ဂိုလ်များ၊ နတ်ဒေဝတာများနှင့် လောကပါလနတ်မြတ်နတ်ကောင်းတို့သည် ပဒေသာပင်ပေါက်သည့် အတ္တလန္တိစ်ယဉ်ကျေးမှုကြီး တစ်စတစ်စ ယွင်းယိုပျက်စီးမည်ကို ထောက်ထား၍ အတ္တလန္တိစ်နိုင်ငံတော်ကြီးအား အဏ္ဏဝါအောက်သို့ပို့၍ နိဂုံးချုပ်စေရန် စီမံခဲ့တော့၏။

ဤကဲ့သို့အခြေအနေအရပ်ရပ်ကိုစေ့ငုံစွာသိလာကြသော ဂန္ဓာရီပညာရှင်များကမူ ရေနစ်တော့မည်၊ ဘေးလွတ်ရာသို့တိမ်းရှောင်သွားရန် စီမံကြတော့၏။ မဟာဂန္ဓာရီပညာကို လေးစားယုံကြည်သောသူတော်စင်သူတော်ကောင်းတို့သည် မိမိတို့ပညာရပ်များကိုလေးစားကြသော တပည့်သာဝကများ၊ ထိုသူတို့၏ဆွေမျိုးသားချင်းများ ဘေးအန္တရာယ်လွတ်ကင်းရာသို့ ရှောင်ရှားသွားကြရန် စီမံစေသည်။

ဤသို့ အတ္တလန္တိစ်နိုင်ငံတော်ကြီးရေအောက်ရောက်သွားရာတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း နစ်မြုပ်သွားခြင်းမဟုတ်ဘဲ တစ်စတစ်စနစ်မြုပ်ခြင်းဖြစ်သည်ဟုဆိုသည်။

အတ္တလန္တိစ်နိုင်ငံတော် ရေနစ်မြုပ်တော့မည့်ဘေးမှလွတ်ကင်းအောင် တိမ်းရှောင်သွားကြသော မဟာဂန္ဓာရီပညာရှင်များ ဦးဆောင်သောလူအများသည် တစ်ချိန်တည်း တစ်စုတစ်ဝေးတည်း ထွက်ခွာသွားခြင်းမဟုတ်။ တစ်သုတ်စီထွက်ခွာသွားကြခြင်းသာဖြစ်၏။ ယင်းသို့တိမ်းရှောင်ထွက်ခွာသွားကြသူများအနက်အချို့သည် အနောက်ဘက်သို့ထွက်ခွာသွားကြပြီး အချို့ကမူ အရှေ့ဘက်သို့ထွက်ခွာသွားကြသည်။

အနောက်ဘက်သို့ထွက်ခွာသွားကြ





www.burmeseclassic.com

www.burmeseclassic.com



သူတို့အနက် အချို့မှာ တောင်အမေရိက တိုက်သို့ရောက်ရှိသွားကြပြီး မာယာ ယဉ်ကျေးမှုကြီးကို တည်ဆောက်ကြ၏။ အာဖရိကတိုက်မြောက်ပိုင်းသို့ရောက် သွားသော အတ္တလန္တိစ်သားများကမူ အီဂျစ်ယဉ်ကျေးမှုကြီးကို တည်ထောင် ကြတော့၏။ ထိုယဉ်ကျေးမှုကြီးနှင့်အတူ အီဂျစ်မဟာဂန္ဓာရီပညာကိုတည်ထောင် ခဲ့ကြသည်။ သို့ဖြစ်၍ ဂန္ဓာရီပညာ သုတေသီအများကမူ အီဂျစ်တို့၏မဟာ ဂန္ဓာရီပညာသည် ကမ္ဘာ့မဟာဂန္ဓာရီ သမိုင်းတွင် အခံစားဆုံးဖြစ်သည်ဟု ကောက်ချက်ချထားခဲ့ကြ၏။ အီဂျစ် လူမျိုးတို့၏ဘာသာရေးနှင့် အီဂျစ်ဂန္ဓာရီ ပညာမှာ အခြေခံအားဖြင့်တူကြသည်။ မှန်ပါသည်။ အီဂျစ်ရှေးဟောင်းဂန္ဓာရီ ပညာသည် အီဂျစ်ဘာသာရေးနှင့်ခွဲမရ အောင်ဆက်စပ်လျက်ရှိရာ ဂန္ဓာရီပညာ ကိုလိုက်စားသူ၊ လိုက်စားနိုင်ရန် အခြေ အနေအရပ်ရပ်ပေးသူအများမှာ အီဂျစ် ဖေရိုဘုရင်များနှင့် အီဂျစ်ဘုန်းတော်ကြီး များဖြစ်ကြ၏။

ထိုခေတ်က ဖေရိုဘုရင်များသည် မင်းကျင့်တရားနှင့်ပြည့်စုံပြီး၊ ဘုန်းတော် ကြီးများကဲ့သို့ သီလစင်ကြယ်ပြီး စရဏ တရားအားကောင်းသောပုဂ္ဂိုလ်များဖြစ် သည်။ တစ်ဖက်ကလည်း တိုင်းနိုင်ငံ၏ သာယာဝပြောရေး၊ စည်းလုံးရေးကိုယူ နေရသည်။ ဂန္ဓာရီပညာတွင် အောင်မြင် ပေါက်ရောက်သူများဖြစ်၏။ ရာစုနှစ် ပေါင်းများစွာ အီဂျစ်တို့၏ယဉ်ကျေးမှု သည် မြေထဲပင်လယ်ကမ္ဘာအား လွှမ်းမိုး ထားနိုင်ခဲ့သည်မဟုတ်သလော။

ဒေါ်ရော်သီအယ်ဒီသည် အဲတွေး နယ်ချဲ့မိပြန်သည်။ သူ့အီဂျစ်အမျိုးသမီး ဘဝကိုခံယူခဲ့ပြီး သူ့ဘဝထက်ဝက်နီးပါး သည် ဤလွမ်းရိပ်သာဂေဟာတွင်တစ်ဦး တည်းနေထိုင်၍ သူ့ဘဝဟောင်းကချစ်သူ ပထမမြောက် ဆက်တီဖေရိုဘုရင်ကြီး နှင့် ပေါင်းဖက်နိုင်ရန် မျှော်တလင့်လင့် ဖြင့် အသက်(၇၀)ကျော်ခဲ့လေပြီ။ ပထမ မြောက် ဆက်တီဘုရင်ကြီးမှာ အီဂျစ် နိုင်ငံ သမိုင်းတွင် စိုးစံခဲ့ကြသော ဖေရို မင်းဆက်(၃၀)ဆက်တွင် (၁၉) ဆက် မြောက်မင်းဆက်တွင် အီဂျစ်နိုင်ငံတော် အား စိုးမိုးအုပ်ချုပ်ခဲ့ကြသော ဖေရိုမင်း များတွင် နေလိုလလိုထင်ရှားသူ ဖေရို ဘုရင်ကြီးဖြစ်သည်။ ထိုဘုရင်ကြီးနှင့် ဒေါ်ရော်သီအယ်ဒီတို့မှာ တိတ်တခိုး ချစ်သူများဖြစ်ခဲ့ဖူးသည်။

ဒေါ်ရော်သီမှာ ထိုစဉ်ကာလက အဘိုက်ဒိုးမြို့တော်ရှိ အိုက်ဆစ်မယ်တော် ကြီး နတ်ဘုရားကျောင်းမှ ဘင်တရီရှက် အမည်ရှိရသေ့မလေးဖြစ်သည်။ အိုက်ဆစ် မယ်တော်ကြီး၏ ရသေ့မများသည် အိမ်ရာထောင်ခြင်းမပြုရဟု သစ္စာခံထား ရသူများဖြစ်သည်။ အိမ်ထောင်ပြုခြင်း၊ ချစ်သူထားခြင်းပြုခဲ့သော် ဘုရားကျောင်း အုပ်ချုပ်သော ဘုန်းတော်ကြီးများက စစ်ဆေး၍ ပြင်းပြင်းထန်ထန် အရေးယူ ခြင်းပြုခဲ့သည်။

ထိုစဉ်ကာလက ဒေါ်ရော်သီ အယ်ဒီဝင်စားသူ ဘင်တရီရှက်မှာ လှပ ချောမော၍ ဘုရားကျောင်း၏ ထင်ရှား သော အဆိုတော်ဖြစ်၏။ ဘင်တရီရှက် ဟူသော အီဂျစ်ဘာသာအဓိပ္ပာယ်မှာ 'စောင်းနတ်မယ်ဒေဝီ'ဟုဆို၏။ ဒေါ်ရော် သီအယ်ဒီဝင်စားသူ ဘင်တရီရှက်ကို ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၀၀၀ ခန့် က အဘိုက်ဒိုးမြို့တော်တွင် ဖွားမြင်ခဲ့ သည်။ သူ့ဖခင်မှာ ဂရိနိုင်ငံမှ အီဂျစ်နိုင်ငံ တော်သို့ ဗိသုကာအဖြစ်အမှုထမ်းသူ ဂရိအမျိုးသားတစ်ဦး၏ သားဖြစ်ပြီး ပထမမြောက် ဆက်တီဘုရင်ကြီးတပ်မ တော်တွင် တပ်သားတစ်ဦးအဖြစ် အမှု ထမ်းခဲ့သည်။ မိခင်ကွယ်လွန်ခဲ့ရာမှ ဖခင် ဖြစ်သူသည် ဘင်တရီရှက်အား အိုက်စစ် နတ်ဘုရားကျောင်းသို့ ပို့ဆောင်ခဲ့သည်။ ထိုစဉ်က ဘင်တရီရှက်မှာ သုံးနှစ်သမီး အရွယ်သာဖြစ်ခဲ့သည်။ အိုက်ဆစ်မယ် တော်ကြီးကျောင်းမှ မွေးစားခဲ့ရသော ရသေ့မ ဘင်တရီရှက်သည် အရွယ် ရောက်လာသည်နှင့် နတ်ဘုရားကျောင်း ပူဇော်ပသသည့်ပွဲများတွင် စီထရင်ဟု ခေါ်သော စောင်းတီး၍ သီချင်းဆိုရသူ ဖြစ်လာရာမှ ဘင်တရီရှက်မှာ လူသိများ လာသည်။

အခါတစ်ပါး၌ သက်တော် (၅၀) အရွယ်ရှိခဲ့ပြီးဖြစ်သော ပထမမြောက် ဆက်တီဘုရင်ကြီးသည် အိုက်ဆစ်မယ် တော်ကြီးကိုဖူးမြော်ရန် နတ်ဘုရား ကျောင်းသို့ အမှတ်မထင်ရောက်ရှိလာခဲ့ သည်။ ဘဝဆက်သံသရာတွင် ဆုံတွေ့ ကြရသည့်ရေစက်ကြောင့် ဘုရင်ကြီး သည် နတ်ဘုရားကျောင်းမှ ချောမော လှပသော ရသေ့မကလေး ဘင်တရီရှက် အား ချစ်ခင်စုံမက်သည်။ သူတို့နှစ် ယောက်သည် အသက်အရွယ် ဂုဏ်ပ ကာသနကွာခြားခဲ့ကြသော်လည်း ချစ် သူများဖြစ်လာသည်။ အမှန်အားဖြင့် သူတို့သည် သားအဖအရွယ်ဖြစ်သည်။ ဘုရင်ကြီးမှာ မိဖုရားပေါင်းများစွာ၊ ကိုယ် လုပ်တော်ပေါင်းများစွာရှိခဲ့သော်လည်း သာမန်မထင်ရှားသည့် ရသေ့မလေး အပေါ် ထူးထူးခြား စွဲလမ်းတော်မူသည်။


ဖေရိုဘုရင်ကြီးသည် သာမန် ကျေးတောသားအသွင်ရုပ်ဖျက်၍ ရသေ့မ ဘင်တရီရှက်ကို လာရောက်၍ တိတ် တခိုးတွေ့ဆုံခဲ့သည်။ ညစဉ်ချိန်းဆို၍ တွေ့ဆုံခဲ့ကြသည်ဟူသောသတင်းသည် တောမီးပမာပျံ့နှံ့လာခဲ့ရာ အိုက်ဆစ်မယ် တော်ကြီးကျောင်းမှ ဘုန်းတော်ကြီးများ လည်း သိရှိခဲ့ကြတော့၏။ သို့သော် ဘုရင်ကြီးရှိနေသဖြင့် ရသေ့မလေး ဘင်တရီရှက်အား အရေးယူမှုမပြုခဲ့ကြ။

သို့သော် ဘင်တရီရှက်နှင့်ဆက် တီဘုရင်ကြီးတို့မှာ ချစ်ကံခေသူများဖြစ် ကြသည်။ အခါတစ်ပါး၌ အီဂျစ်နိုင်ငံ အစွန်းအဖျားဒေသများတွင် ပုန်ကန်ထ ကြွမှုများ ပေါ်ပေါက်လာခဲ့သဖြင့် ဘုရင် ကြီးသည် နေပြည်တော်မှ စစ်သည် တော်များနှင့်အတူ အီဂျစ်နိုင်ငံတော်နယ်



www.burmeseclassic.com

www.burmeseclassic.com



စပ်သို့ထွက်ခွာခဲ့ရ၏။ ဤတွင် အိုက်စစ်မယ်တော်ကြီး နတ်ဘုရားကျောင်းမှ ဘုန်းတော်ကြီးများသည် ဘင်တရီရှက်အား စည်းကမ်းဖောက်ဖျက်မှုနှင့် စစ်ဆေးအရေးယူခဲ့၏။ နောက်ဆုံးတွင် ဘင်ထရီရှက်အား အဆိပ်သောက်၍ မိမိကိုယ်မိမိအဆုံးစီရင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ဘထရီရှက်သည် အဆုံးအစမရှိသော ဘဝရှက်သံသရာကြီးတွင် သူချစ်သူ ဆက်တီဘုရင်ကြီးနှင့် ဘဝဆက်တိုင်း ကြုံတွေ့ရပါလို၏ဟု အိုက်ဆစ်မယ်တော်ကြီးနှင့် နတ်မြတ်နတ်ကောင်းတို့အား ဆုတောင်း၍ မိမိကိုယ်မိမိ အဆုံးစီရင်ခဲ့သည်။

ဒေါ်ရော်သီအယ်ဒီသည်အတိတ်ပုံရိပ်များဆီသို့ တစ်ကျော့ပြန်ရောက်နေစဉ် အဘိုက်ဒိုးနတ်ဘုရားကျောင်းတက်မှ ရှုးရှုးဝါးဝါးအော်လိုက်သည့် ညငှက်တစ်ကောင်၏အသံကြောင့် သတိပြန်ဝင်လာသည်။တက်သစ်စနေ၏အရောင်သည် နိုင်းမြစ်တစ်ခွင်၌နားခိုနေသော အမှောင်ရိပ်များကို ပယ်ရှားခဲ့ပြီဖြစ်ရာ ပတ်ဝန်းကျင်ရှုခင်းသည် ကြည်လင်ပြတ်သားလာသည်။ ဒေါ်ရော်သီသည် သူ လွမ်းရိပ်သာခြံဝင်းမှ သူတာသဖြစ်ခဲ့သည့် နိုင်းမြစ်ကမ်းဆီသို့ လူသွားလမ်းကလေးအတိုင်း လျှောက်လာခဲ့သည်။

ဤရှုခင်းများအားလုံးသည် သူ့အဖို့ ထာဝစဉ်ဆွတ်ပျံ့ဖွယ်ကောင်းသည်ဟု ဆင်သည်။ ဤနေရာ ဤလမ်းကလေးတွင် လွန်ခဲ့သောနှစ်ပေါင်း (၂၀၀၀) ကျော်ခန့်က သူချစ်သူ ပထမမြောက်ဆက်တီဘုရင်ကြီးနှင့်အတူ မြောမကုန်သည့်ချစ်စကားများကိုပြောကြကာလမ်းလျှောက်ခဲ့ကြသည်ဟုထင်မိသည်။ ခပ်လှမ်းလှမ်းတွင်မှ တစ်ဝက်တစ်ပျက်ရိတ်ထားသောလယ်ကွက်များအထက်တွင်မှ တကလေးငှက်များ၊ ပျံသွားငှက်များသည် ပိုမှသည်မှ ဝဲပျံလျက်ရှိကြသည်။ ခရုတ်ငှက်များကလည်း အုပ်စုဖွဲ့၍ ငုရှုသောတက်သစ်စနေရောင်အောက်တွင် ပျံဝဲလျက်ရှိ၏။ ဒေါ်ရော်သီအဖို့ ထိုရှုခင်းများသည် ထာဝစဉ်မြင်တွေ့နေရသောရှုခင်းများဖြစ်သော်လည်း ရိုးအီမသွား။ ယခုမှမြင်ရသည့်ရှုခင်းအသစ်များလိုဖြစ်နေသည်။

လူသွားလမ်းဝဲယာရှိ ဆူးချုံများအတွင်းမှ တဝါကလေးများနှင့် မြေဝပ်ငှက်ကလေးများသည် ဒေါ်ရော်သီ၏ ခြေသံကိုကြားရသည်နှင့် လန့်ဖျပ်၍ ပျံသွားကြသည်။ နိုင်းမြစ်ဘက်မှတိုက်လာသော လေနုအေးတစ်ချက်ဝှေ့လိုက်သည်နှင့် ယာခင်းများဘေးတွင်စိုက်ထားသောပြောင်းပင်များသည် ရေလှိုင်းများကဲ့သို့ တလူးလူးတလွန့်လွန့်ဖြစ်လာသည်နှင့် သူစိတ်အစဉ်သည် သူတလေးဘဝကနေထိုင်ခဲ့ရသော လန်ဒန်မြို့ဝင်ခြေဖုံး ဘလက်ဟီရပ်ကွက်မှ အိမ်တော်ကြီးကိုသတိရသွားပြန်သည်။သူတို့စံအိမ်တော်သို့ဦးတိုက်နေသော ရိပ်သာလမ်းပေါ်သို့ကြွေကျလျက်ရှိသည့်သစ်ရွက်များပေါ်တွင် သူ့မိခင် မစ္စက်ကာရိုလင်းအယ်ဒီနှင့်လမ်းလျှောက်ခဲ့ရပုံ၊ ထိုရိပ်သာလမ်းတစ်ဖက်တစ်ချက်ရှိ ဝက်သစ်ချပင်အိုကြီးများမှ အကိုင်းအခက်ထိဖယ်နေကြသဖြင့် ရိပ်သာလမ်းကလေးကိုလျှောက်ရသည်မှာ သစ်ရွက်ဥမင်တစ်ခုအတွင်းရောက်နေသည်ဟုထင်ရ၏။ ထိုရိပ်သာလမ်းကလေးလွန်လာသည်နှင့် သူတို့မိသားစုနေထိုင်သည့် အလွန်ကြီးမားသောအိမ်ကြီးကိုမြင်ရသည်။ မြတင်းပေါက်များရှိနေသောနေရာမှတစ်ပါးအိမ်ကြီး၏မျက်နှာစာနံရံများတွင် တိုက်ကပ်ပန်းများဖုံးလွှမ်းလျက်ရှိသည်။

ဤသို့အတွေး အဘိုက်ဒိုးမြို့တောင်းကြီးနှင့်မနီးမဝေးရှိ အာရဘတ်ကျေးရွာကလေးမှဘီးများဆီမထည့်သဖြင့် တကျိုကျိုမြည်လာသောလှည်းဘီးသံကိုကြားရသည်နှင့် အတိတ်သို့ရောက်သွားသည်။ ဒေါ်ရော်သီ၏စိတ်သည် တည်ငြိမ်သွားပြန်သည်။

ထိုနေ့သည် လူဝင်စားဒေါ်ရော်သီအယ်ဒီနှင့် ရက်သတ္တပတ်ပေါင်းများစွာဆွေးနွေးခဲ့ကြသော စာရေးဆရာ ဂျွန်နသန်ကော့နှင့်ဟန်နီအယ်(လ်)ဗိုင်တို့ နောက်ဆုံးတွေ့ဆုံဆွေးနွေးရမည်နေ့ဖြစ်သည်။ စာရေးဆရာ၊ သတင်းစာဆရာနှစ်ဦးတို့သည် ထိုနေ့မှာပင် ကိုင်ရိုသို့ပြန်ကြမည်ဖြစ်၏။ ပန်းနုရောင်ဇာပဝါလွှမ်းထား၍ နံနက်လေအသွေးတွင် ဝဲယာယိမ်းနေသော စွန်ပလွံပင်တန်းများ၊ ကန္တာရပင်များတန်းရှိနေသော အာရဘတ်ကျေးရွာကလေးမှ ကလေးငိုသံ၊ မောင်းထောင်းသံ၊ ကုလားအုတ်များကိုဝေါက်သံများကြားလာရပြီး တစ်နေ့တာအစကို ဝီဝီပြင်ပြင်ပေါ်လာခဲ့ပြီ ဖြစ်သည်။

ဒေါ်ရော်သီအယ်ဒီသည် ဤဒေသ၏ရှုခင်းများ၊ အသံများကို နှစ်ပေါင်းများစွာ မြင်ခဲ့ကြားခဲ့ရသော်လည်း မရိုးနိုင်။ ဤဒေသကလေးမှမခွဲနိုင်။ သူနှလုံးရောဂါဝေဒနာသည် ဘက်သာလာခြင်းမရှိခဲ့။ အီဂျစ်အစိုးရသည် ကိုင်ရိုမြို့မှ သမားတော်ကြီးများ၊ အထူးဘူနာပြုများစေလွှတ်၍ စောင့်ရှောက်ပေးခဲ့သည်သာမက သူကွယ်လွန်ခဲ့လျှင် ရုပ်အလောင်းအား အဘိုက်ဒိုးမြို့တော်ဟောင်းရှိပထမမြောက် ဆက်တီဘုရင်ကြီး၏သင်္ချိုင်းဂူအနီးတွင် မြှုပ်နှံရန်ခွင့်ပြုထားပြီး ဖြစ်သည်။

အီဂျစ်အစိုးရကမူ ဒေါ်ရော်သီအယ်ဒီသည် ရသေ့မဘင်တရီရှက်ဝင်စားသည်ဟု ခိုင်ခိုင်မာမာယုံကြည်ထား၏။ ဒေါ်ရော်သီသည် ဘူလွမ်းရိပ်သာ ညေ့ခန်းအတွင်း ဝင်ရောက်လာခဲ့သည်နှင့် အသင့်ရောက်ရှိနေသော စာရေးဆရာနှစ်ယောက်ကို တွေ့ရတော့၏။

(ဆက်ရန်)

လှမိုး (ညောင်ရေး)



www.burmeseclassic.com

www.burmeseclassic.com


ဝိဇ္ဇာဓရဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

**ရွှေပြည်မင်း**

ဆရာဦးခင်မောင်လှ (တသ-၀၂၂၉၀)

**တိုင်းရင်းဆေးကုဌာန**

အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊
အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။
နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်နှင့်
ဆီးကျိတ်ရောဂါ။ လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။
အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ နှစ်ရှည်လများမီးယပ်အဖြူဆင်းခြင်း၊
ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ ခါတ်လုံးများဖြင့်
သီးသန့် သက်သာပျောက်ကင်းစေရမည်။

**စန္ဒာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊
ကင်ဆာ(စေါ်)မြစ်ပွားနာရောဂါ** အမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန် - နေ့လယ် (၁၂)နာရီ မှ ည (၇း၀၀)နာရီထိ တနင်္လာနေ့တိုင်း ပိတ်သည်။

ရွှေပြည်မင်း တိုင်းရင်းဆေးကုဌာန

၀၉ ၄၃၁၉၅၄၃၉ ၀၉ ၈၅၁၁၀၆၆

အမှတ် - ၂၇၊အပိုင်း(၃)၊၁၄ ရပ်ကွက်၊သုဝဏ္ဏလမ်းမကြီး မြင်သာ၊ တောင်ဥက္ကလာ၊ ရန်ကုန်မြို့ ☎ - ၅၇၇၆၄၉



မဟာဗုဒ္ဓတိပါရဂူ ဆရာကြီးဦးကြာမြင့်နှင့် ဆရာ ဦးစိုးလင်းတို့၏ တပည့်

**ဆရာ ဦးခင်ဇော်**

* [illegible]
* [illegible]
* [illegible]
* [illegible]
* [illegible]
* [illegible]
* [illegible]
* [illegible]
* [illegible]
* [illegible]

**ဆရာ ဦးခင်ဇော်**

[illegible]


www.burmeseclassic.com

www.burmeseclassic.com

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိဇ္ဇာဂုဏ် ကျေးဇူးအပေါင်းတို့နှင့် ပြည့်စုံတော်မူသော ရွှေပြည်ပတ်ကျိုင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယကဖြစ်တော်မူသည့် ကျေးဇူးတော်ရှင် မဟာလေးကျွန်းဒီပ္ပအတုလအဘိုးဆရာတော်ဘုရားကြီးသည် သက်တော် (၁၀၈) နှစ်၊ သိက္ခာတော် (၈၈) ဝါတွင် ဘဝနတ်ထံစံကြွသွားတော်မူသည့်သတင်းကို ကျွန်မကြားသိရသည့်အတွက် ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သော မြန်မာ့ဂုဏ်ရောင်ရှိ နီလာလမ်းသို့သွားရောက်ကာ အဘိုး၏မြေးဖြစ်သူ ဒေါ်စန္ဒာနှင့် တွေ့ဆုံခဲ့ပါသည်။ ရွှေပြည်ကျိုင်တွင် လက်ရှိသီတင်းသုံးနေတော်မူသော ဦးတေဇောဘာသ၊ ဒေါ်စန္ဒာ၏တူမလေးနှင့် ဆရာမလေး ဒေါ်ခင်ဝင်းတို့နှင့်တွေ့ဆုံခဲ့ပါသည်။

ဤသို့တွေ့ဆုံရာတွင် ဓမ္မေခစေတီတော်၏ ထူးခြားသောပုံတော်ကို ကျွန်မစိတ်ဝင်စားမိသောကြောင့် ဒေါ်စန္ဒာကို မေးမြန်းခဲ့ပါသည်။

ဓမ္မေခစေတီကို ၁၇-၄-၂၀၀၈ ခုနှစ်၊ ကြာသပတေးနေ့မှာ ပန္နက်တော်တင်မင်္ဂလာကျင်းပခဲ့ပါတယ်။ စေတီတော်ရဲ့ပုံစံကတော့ အိန္ဒိယနိုင်ငံမှာရှိတဲ့ ဓမ္မေခစေတီပုံစံကိုယူခဲ့ပါတယ်။ အရင်တုန်းကတော့ အိန္ဒိယရှိစေတီဟာ ပြိုကျပြီး ထပ်မံတည်ဆောက်နိုင်ရန် မြန်မာနိုင်ငံကနေပြီး ဓာတ်ပန္နက်ဆင်ခဲ့ပါတယ်။

ပြေပြေလည်လည်ဖြစ်အောင်ဆိုပြီး ပြည်မြို့မှာ ဓမ္မေခစေတီတော်ကို တည်ဆောက်ပြီးတဲ့အချိန်မှာ အိန္ဒိယနိုင်ငံရှိ ဓမ္မေခစေတီတော်လည်း ပြန်လည်တည်ဆောက်ပြီးသွားပါတယ်။ စေတီတော်မှာ ဓာတ်တော်များကိုလည်း ဌာပနာထားပါတယ်"

ဟု ရှင်းပြပါသည်။

"စေတီတော်ဟာ ကြာမှောက်၊ ကြာလန်များ၊ ကနုတ်ပန်း စသည်တို့ကို မြန်မာမှုဗိသုကာပညာရှင်ကြီး ဦးကျော်သန်းနဲ့အဖွဲ့က တာဝန်ယူခဲ့ပါတယ်။ လက်ခ (၇၅) သိန်း ကုန်ကျခဲ့ပါတယ်"

ထို့နောက် ဒေါ်စန္ဒာက ထူးခြားသည့် ပါရမီရှင်တစ်ဦးအကြောင်းကို ဆက်လက်ပြောကြားရာတွင် ထိုပါရမီရှင်၏ကျင့်စဉ်များနှင့် သာသနာပြုပုံများကို စိတ်ဝင်စားစွာ နားထောင်ခဲ့ရပါသည်။

❑

ထိုပါရမီရှင်၏ အမည်မှာ ဒေါ်အေးအေးဖြစ်ပြီး ယခုအခါတွင် ရှုပ်ထွေးလှသည့် လူပတ်ဝန်းကျင်မှာ မနေတော့ဘဲ သူတော်စင်ကြီးများချမှတ်သည့်တာဝန်များကိုစေလွှတ်သည့်နေရာမှာသာနေကာ သာသနာပြုနေပြီဟုသိရပါသည်။

ဒေါ်အေးအေးကို ရတနာမာန်အောင်ဆရာတော် (ရွှေဖျင်းနား) နှင့် အဘိုး(ရွှေပြည်ပတ်ကျိုင်)တို့မှ အနီးကပ်ကြည့်ရှုစောင့်ရှောက်ကြသော လိုအပ်သောကျင့်စဉ်များကို လမ်းညွှန်ပြသပေးခဲ့လေရာ အချို့ပုဂ္ဂိုလ်ထူးများကလည်း အလျဉ်းသင့်သည့်အချိန်များတွင် ကူညီပေးခဲ့ကြပါသည်။

ကိုးပါးသီလဆောက်တည်စေခြင်း၊ ယောဂီဝတ်စုံကို တစ်ခါတစ်ရံဝတ်ဆင်ရခြင်းနှင့် သက်သက်လွတ်များ၊ မီးလွတ်များကိုလည်း အမိဋ္ဌာန်ဝင်စေပါသည်။

ဒေါ်အေးအေးသည် ဘွဲ့ရပညာတတ်တစ်ဦးဖြစ်ပြီး ဆရာတော်ကြီးများ




www.burmeseclassic.com

www.burmeseclassic.com

၏လမ်းညွှန်မှုများကိုလိုက်နာဆောင်ရွက်ရာတွင် တပည့်လုပ်သူသည် အပျိုစင်ဖြစ်ရမည်။ သူများအသွေးအသားပယ်နိုင်သူဖြစ်ရမည်။ ဝိဇ္ဇာအကျင့်ကျင့်နိုင်သူဖြစ်ရမည်ဟူသောအချက်များနှင့် မိမိပြည့်စုံသည်ကို တဖြည်းဖြည်းသိနားလည်ခဲ့ပါသည်။

ကျင့်စဉ်များနှင့်မေတ္တာခေတ်များပွားများလာသည့်နှင့်အမျှ အချို့သိုက်ဆက်ပါသူများအနေနှင့် သူတို့သိုက်နန်းကို မဖြစ်မနေပြန်ရမည်ဟု သိရှိပြီး ဒေါ်အေးအေးထံလာကာ မေတ္တာခံယူခြင်းဖြင့် လူ့ဘဝတွင် အချိန်ကြာကြာနေခွင့်ရသွားပါသည်။

ရတနာမာန်အောင်ဆရာတော်ကြီးက အင်းကွက်ချနည်း၊ အင်းဆန်သွင်းနည်းများကိုလည်း သင့်လျော်သည့်အချိန်တွင် သင်ကြားပေးပါသည်။

အင်းအမျိုးမျိုးရှိသည့်အနက်မှ ဗောဓိအက္ခရာအင်းကိုချနည်းကိုလည်း သင်ကြားခဲ့ပါသည်။ ထိုနည်းကို သင်ကြားပေးချိန်တွင် ဂန္ဓမာလာဦးခင်လတ်ဖျာပုံမှ ပုစွန်ဖောင်သူဌေး ဦးခင်ရီနှင့် ကားသမားမောင်ထိန်ဝင်း စသည်တို့လည်း အနီးမှာရှိခဲ့ပါသည်။

အင်းကစားနည်းကို သင်ကြားရာတွင် လေထဲမှာ အင်းကွက်ပုံစံနှင့် အင်းကွက်များကိုချသွားခြင်း ဖြစ်ပါသည်။ မှားလို့မရပါ။

ထိုအတတ်ပညာများတက်မြောက်သွားသည့်အခါ ရတနာမာန်အောင်ဆရာတော်ကြီးက -

"ငါ့မြေးကို သံကွန်ချာနဲ့အုပ်လိုက်ပြီ"

ဟု မိန့်ခဲ့ပါသည်။

❑

ထို့နောက် အဆင့်မြင့် အင်းကစားခြင်းအတတ်ပညာကို ထပ်မံသင်ကြားရာတွင် ရတနာမာန်အောင်ကျောင်းတိုက်အရှေ့နှင့် ရင်ဘောင်စာကျောင်းအနောက်ဘက်ရှိ တောထဲကိုသွားရောက် ဆောင်ရွက်ရာ (၃)ညတိုင်တိုင် သဲချောင်းအနီးရှိ တောထဲမှာကျင့်ရပါသည်။ သီလရှင်ဆရာလေးများက အနီးမှာဝိုင်းထိုင်ပြီးစောင့်ရှောက်နေကြသကဲ့သို့ ခမုံဆရာတော်၏သားတပည့်များနှင့် ရဟန်းတော်များက မနီးမဝေးမှ စောင့်ရှောက်ကြပါသည်။ ထိုနေရာတွင် ရွှေလင်းပင်သိုက်ရှိနေသဖြင့် ပိုမိုဂရုစိုက်ပြီး အင်းကစားရပါသည်။

(၃) ညပြည့်သည့် တပေါင်းလ





www.burmeseclassic.com

www.burmeseclassic.com

ပြည့်နေ့ ည (၁) နာရီတွင် ထိတ်လန့်စရာကောင်းသော အဖြစ်အပျက်တစ်ခုနှင့် ဒေါ်အေးအေး ကြုံတွေ့ရပါတော့သည်။

ရေမရှိသောသဲချောင်းမှ လူ (၃) ယောက်သည် ဓားလွတ်များကိုစွဲကိုင်ကာ ဒေါ်အေးအေးထံသို့ ပြေးလွှားလာကြပါသည်။ ဒေါ်အေးအေးအနေဖြင့် အင်းကစားနေရသောကြောင့် သူတို့ကို အာရုံမစိုက်နိုင်ပါ။ တစ်ချက်များလိုက်ရုံနှင့် အင်းကစားပျက်သွားပါက ဖြစ်ပေါ်လာမည့်အခြေအနေကို ခန့်မှန်း၍မရနိုင်ပေ။

ထိုအချိန်တွင် ခမုံဆရာတော်၏ တပည့်များက -

"မင်းတို့ဘာကိစ္စရှိလို့လဲ။ ဒီအချိန်လာစရာလား ထွက်သွားကြ"

ဟု အော်ပြောလိုက်ပါသည်။

၎င်းတို့က -

"ထန်းပေါက်ရွာက မိန်းကလေးတစ်ယောက်ပျောက်လို့လာရှာတာပါ"

ဟု ဆိုကာ လှည့်ထွက်သွားကြရာ သူတို့၏ပုံသဏ္ဌာန်များ လေထဲတွင် ပျောက်ကွယ်သွားသည်ကို ထိတ်လန့်စရာကြုံတွေ့လိုက်ရပါသည်။ မည်သို့ပင်ဖြစ်စေကာမူ အင်းအတတ်ပညာတွင် အတော်ခရီးပေါက်လာပြီဟုဆိုရပေမည်။

မကြာမီရက်ပိုင်း၌ ဒေါ်အေးအေးသည် ရှေးတရုတ်စကားများ (လက်တို၊ လက်ရှည်) ဇင်းမယ်၊ ယိုးဒယား (ရှမ်းကြီး) ကုလားဘာသာစကား၊ တိဗက်စကား၊ သင်္သကရိုက်ဘာသာစကားစသည်တို့ကို အလိုအလျောက်တတ်မြောက်သွားပါတော့သည်။

❑

ဒေါ်အေးအေးအနေဖြင့် အဘိုးတို့ ချမှတ်ထားသော ကျင့်စဉ်များကို လိုက်နာဆောင်ရွက်ရာတွင် ထူးခြားလှသော ဖြစ်ရပ်များကိုလည်း တွေ့ကြုံခဲ့ပါသည်။

ရတနာမာန်အောင်ဆရာတော်ကို ဒေါ်အေးအေးတို့ ညီအစ်မနှစ်ယောက် လာရောက်ဖူးမြော်စဉ်မှာလည်း ထူးခြားသည့်ပုဂ္ဂိုလ်ကြီးတစ်ပါးကို မမျှော်လင့်ဘဲ ဖူးမြော်ခွင့်ရခဲ့ပါသည်။ ထိုဆရာတော်ကြီးသည် သော့ခလောက်ချိတ်ပြီးပိတ်ထားသည့် ဝင်ပေါက်တံခါးကြီးကို ဂျိုင်းခနဲနေအောင်ဖွင့်ဝင်လာကာ ရတနာမာန်အောင်ဆရာတော်ကြီးထံ လက်ကိုလွှဲပြီး မာန်ပါပါဖြင့်လျှောက်လှမ်းလာခဲ့



ပါသည်။ ဆရာတော်ကြီးလည်း ကုလားထိုင်ပေါ်မှထကာ ထိုပုဂ္ဂိုလ်ကြီးကို ခရီးဦးကြိုပြုပါသည်။ အတွင်းမှသော့ချိတ်ထားသောတံခါးကြီးမှာ မည်သို့ပွင့်သွားသည်ကို မသိနိုင်ပါ။ ထိုပုဂ္ဂိုလ်ကြီးဝတ်ဆင်ထားသော သင်္ကန်းတော်၊ ဧကသီတော်စသည်တို့မှာ အဝါရောင်ဖြစ်သော်လည်း အရောင်တစ်မျိုးစီ ကွဲပြားနေသည်ကို ဒေါ်အေးအေးသတိပြုမိပါသည်။ ဆံပင်တော်ရှည်သောကိုယ်တော်ဖြစ်ပြီး နောက်မှသိရသည်မှာ ဆံရှည်ကိုယ်တော် ဦးကောဏ္ဍညဖြစ်ကြောင်း သိရပါသည်။

ရတနာမာန်အောင်ဆရာတော်ကြီးနှင့် စကားအပြန်အလှန်ပြောဆိုရာတွင်လည်း မြန်မာလိုမဟုတ်ပါ။ မည်သည့်ဘာသာစကားဟု မသိရပါ။ ဆရာတော်ကြီးက -

"တင်ပါ့ဘုရား၊ တင်ပါ့ဘုရား"

ဟုလည်း ပြန်လည်မိန့်ပါသည်။

ထိုပုဂ္ဂိုလ်ကြီး ပြန်ကြွသွားရာတွင် တောင်ဝှေးတော်ကိုထားခဲ့ရာ ရတနာမာန်အောင် ဆရာတော်ဘုရားကြီးက ဒေါ်အေးအေးကို အနီးသို့ခေါ်လိုက်ပြီး မျက်နှာကိုထိုတောင်ဝှေးတော်နှင့်ထိုးချိန်လိုက်ကာ -

"ငါ့မြေးလေး ဝိဇ္ဇာကြီးများရဲ့ လက်ကသုံးတောင်ဝှေးဖြစ်သွားပြီ"

ဟု မိန့်ပါသည်။

ထို့နောက် ဒေါ်အေးအေးကို ထူးဆန်းသောကျင့်စဉ်များကို ချမှတ်ပြီး ဆောင်ရွက်စေရာ တိကျစွာလိုက်ပါလုပ်ဆောင်ခဲ့ရပါသည်။

သက်သက်လွတ်စားစေခြင်း၊ မီးလွတ်စားစေခြင်းများကိုလည်း ပြုလုပ်ခိုင်းပါသည်။ အံ့ဩစရာကောင်းသည့် ကျင့်စဉ်တစ်ခုမှာ သစ်ရွက်များကို တစ်ရက်လျှင် (၇) ရွက်ခူးပြီး စားခိုင်းခြင်းဖြစ်ပါသည်။

ကျောင်းဝင်းထဲရှိ စားရ၍ရသော အပင်များမှ အရွက် (၇) ရွက်ကို ခူးရပါသည်။ ပြီးလျှင် ထိုသစ်ရွက်များပေါ်တွင် အောက်ပါဂါထာသုံးပိုဒ်ကို တစ်ရွက်စီမှာ ရေးရပါသည်။

| | | | |
|---|---|---|---|
| ဦ | (န္ဝ) | ထုရုမုကု | (န္ဝ) |
| ဦ | (န္ဝ) | ထေရေမေကေ | (န္ဝ) |
| ဦ | (န္ဝ) | ထိုင်းရိုင်းမိုင်းကိုင်း | (န္ဝ) |

(မှတ်ချက်- (န္ဝ)ကို 'နဝ' ဟုရွတ်ဆိုရပါသည်။)

သစ်ရွက် (၇) ရွက်ကို (၇) ရက် စားရာတွင် ရေမှလွဲ၍ မည်သည့်အစားကိုမျှ မစားသောက်ရပါ။ သို့ရာတွင် ကျန်းမာရွှင်လန်းစွာဖြင့် ထိုကျင့်စဉ်ကိုလည်း အောင်မြင်ခဲ့ပါသည်။

တစ်ခါတစ်ရံ သက်သတ်လွတ် (၄၉) ရက်၊ မီးလွတ် (၄၉) ရက် မဂ်ဖိုလ်စမ (၈) လုံးကို (၈) ရက် ပထမံစမ(၈)လုံးကို (၈) ရက်စသဖြင့် အဓိဋ္ဌာန်ဝင်ရပြန်ပါသည်။

ဒေါ်အေးအေးသည် အဘိုးတို့စေခိုင်းသည့်အတိုင်း လိုက်နာဆောင်ရွက်နေရသော်လည်း ထိုပုဂ္ဂိုလ်ကြီးများ၏ ရည်ရွယ်ချက်ကို မမှော်မှန်းနိုင်ခဲ့ပါ။ တစ်နေ့မှာ အဘယ်ကြောင့် ထိုကျင့်စဉ်များပြုလုပ်စေရသည်ကို အနည်းငယ်သဘောပေါက်သလိုဖြစ်ခဲ့ရပါလေသည်။ အကြောင်းမှာ ဩစတြေးလျမှာ သီတင်းသုံးနေသော သီလရှင်ကြီးကို ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးက ဆက်သွယ်ရာတွင် မည်သည့်အဆက်အသွယ်ကိုမျှမရခဲ့ပေ။ ထိုသီလရှင်ကြီးမှာ ထိုစဉ်က သက်တော် (၇၀) ကျော်လောက်ရှိရာ အဘိုးတို့၏လက်ကသုံးတောင်ဝှေးဖြစ်ခဲ့ပါသည်။ ထို့ကြောင့် သီလရှင်ဒေါ်ဇေတိကနေရာတွင် ဒေါ်အေးအေးကို သာသနာပြုတာဝန်အချို့ကိုလွှဲပေးပါတော့သည်။

အဘိုးက ဒေါ်အေးအေးကို ရွှေပေါ်ကျွန်းဆရာတော်ကြီးထံ ထပ်မံစေလွှတ်ကာ လှူလည်းလှူ ကူလည်းကူဟု မိန့်ပါသည်။ သို့နှင့် ဒေါ်အေးအေးသည်



www.burmeseclassic.com

www.burmeseclassic.com

ပုဂံ၊ ပင်းယ၊ အင်းဝခေတ်စသည်တို့တွင် အကြိမ်ကြိမ်လူဖြစ်ခဲ့ပြီး ယခုလည်း ကျွတ်ထိုက်သည့်ဆွေတော်မျိုးတော်များနှင့် ဝေနေယျတို့ကို တတ်စွမ်းသမျှ ကယ်တင်ရန် တာဝန်ရှိလာပါသည်။

❑

ဒေါ်အေးအေး ပြည်မြို့တွင်ရှိနေစဉ် ခင်မင်ရင်းနှီးမှုတစ်ယောက်က သူ့ထံသို့ ရောက်လာပြီး အကူအညီတစ်ခု တောင်းပါသည်။

မကောင်းသည့် အတတ်ပညာတစ်ခုဖြင့် နာမကျန်းဖြစ်နေသူဟု ယူဆရသောလူနာတစ်ဦးကို ကယ်တင်ပေးရန် ဖြစ်ပါသည်။

ဒေါ်အေးအေးက သူသည် အကြားအမြင်ဆရာမဟုတ်ကြောင်းနှင့် သက်ဆိုင်ရာအန္တယ်များကို ကျေနပ်အောင်ပြုလုပ်ခြင်း၊ ဆက်သွယ်ခြင်းနှင့် မေတ္တာရပ်ခံခြင်းကိုသာ ပြုလုပ်နိုင်မည်ဟု အကူအညီတောင်းလာသူကို ပြောသော်လည်း တစ်ခေါက်လောက်ကြည့်ရှုပေးပါရန် ပြောသဖြင့် ပြည်မြို့အနီးရှိ မြို့တစ်မြို့ကို ကားဖြင့်လိုက်သွားစဉ် အကြောင်းအရာတစ်ခုကို တွေးတောစဉ်းစားမိလာပါသည်။

သတ္တဝါတို့သည် သေရမည်ကို ကြောက်တတ်ကြသည်။ ထို့ပြင် ဘဝကူးကောင်းရန်ပို၍မျှော်လင့်မိတတ်ကြသည်။ အကြောင်းတစ်ခုခုကြောင့် လွင့်ပါးသွားရသော ဝိညာဉ်ဟုခေါ်သည့် သံနားစရာကောင်းသော စပ်ကူးမပ်ကူးကာလလေးကို မသမာသူအချို့က အောက်တန်းကျသော အတတ်ပညာဖြင့် အသုံးချပြီး လူကောင်းများကို ဒုက္ခပေးမည်ဆိုပါက ခံစားရသူမှာ အတော်ဒုက္ခရောက်နိုင်ပေလိမ့်မည်။ ထို့ကြောင့် ရတနာသုံးပါးဦးထိပ်ထားကာ ကယ်တင်မည်ဟု စဉ်းစားမိပါသည်။

နေမကောင်းဖြစ်နေသည့်လူနာကို ဒေါ်အေးအေးမြင်ရတွေ့လိုက်ရသောအခါ အတော်သနားသွားပြီး စိတ်မကောင်းလည်းဖြစ်သွားပါသည်။ လူနာမှာ အသက် (၄၀) ကျော်လောက်ရှိပြီး ရောဂါဝေဒနာကိုခံစားနေရသော်လည်း ချောမောလှပသည့် အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။ ဖောင်းကားနေသော ဝမ်းဗိုက်ကြီးကို လက်နှစ်ဖက်ဖြင့်ခပ်ဖွဖွဖိကာ ညည်းတွားနေပါသည်။ ခုတင်ပေါ်တွင် လဲလျောင်းနေရသော်လည်း ဝေဒနာမှာသက်သာပုံမရပါ။

အိမ်သူအိမ်သားများ၏ ရှင်းလင်းပြောဆိုချက်အရ ထိုအမျိုးသမီးသည် ဌာနကြီးတစ်ခုတွင် ရာထူးကြီးတစ်ခုကို တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ယခုအချိန်တွင် ဆေးရုံမှလက်လွှတ်လိုက်ကာ သေရတော့မည့်အချိန်ကိုစောင့်စားနေရကြောင်းသိလိုက်ရပါသည်။

သို့နှင့် ဒေါ်အေးအေးသည် သူ၏အာရုံထဲတွင် နဂါးသိုက် (သို့) နဂါးစက်နှင့်မကင်းကြောင်းပေါ်လာသဖြင့် လူနာကို ဘုရားရှင်ထံအပ်ပြီး လက်အုပ်ချီစေပါသည်။

သောက်ရေသန့်တစ်ခွက်ကိုကိုင်ကာ အာကာသကောင်းကင်ရှိ နတ်နဂါးများကိုတိုင်တည်လိုက်ပါသည်။ နတ်နဂါးများကိုလည်း နဂါးစာကျွေးရန် လူနာရှင်ကိုပြောလိုက်ပါသည်။

သသ်ကရိုက်ဘာသာဖြင့် ထိုရေတော်ကိုမန်းကာ လူနာ၏ဦးခေါင်းမှစ၍ တစ်ကိုယ်လုံးကိုရေဖြင့်တောက်ပေးလိုက်ရာ လူနာမှာ အလွန်နာကျင်သကဲ့သို့ တုန်လှုပ်သွားပြီး -

"ကြောက်ပါပြီ၊ ကြောက်လှပါပြီ"

ဟု အော်ပါတော့သည်။

ထိုရေစင်ကိုသောက်ခိုင်းရာ ဦးစွာပထမ ငြင်းဆိုသော်လည်း နောက်ပိုင်းတွင် သောက်ပါသည်။

ကျန်သည့်ရေစင်များကိုမူ နောက်နေ့တွင် ထပ်မံတိုက်ရန်နှင့်ထူးခြားမှုရှိပါလိမ့်မည်ဟုပြောကာ အိမ်သို့ပြန်လာခဲ့ပါသည်။

နောက်တစ်နေ့ ညနေပိုင်းတွင် လူနာအိမ်မှ လာရောက်ပင့်ဆောင်သောကြောင့် ဒုတိယအကြိမ်သွားရပါသည်။

လူနာကို တွေ့မြင်ရသောအခါ ယခင်နေ့နှင့် များစွာမတူတော့ဘဲ ရွှင်လန်းသောမျက်နှာဖြင့် ဒေါ်အေးအေးကို ကြိုဆိုနေပါသည်။

"ညတုန်းက အိပ်မက်မက်တယ် ဆရာမ။ မယ်တော်လို့ယူဆရသူနှစ်ဦးက ကျွန်မကို တောထဲကိုခေါ်သွားပါတယ်။ စမ်းချောင်းလေးတစ်ခုအနားကိုရောက်တော့ သမီး ရေထဲကိုငုံ့ကြည့်စမ်းဆိုလို့ ရေထဲကိုငုံ့ကြည့်မိတယ်။ ထူးဆန်းလိုက်တာ ဆရာမရယ်၊ စီးနေတဲ့ ရေဟာ ခဏရပ်တန့်သွားပြီးရေတွေကငြိမ်သွားတယ်။ အဲဒီရေထဲမှာ မျက်နှာတစ်ခုပေါ်လာတော့ ကြည့်လိုက်တဲ့အခါမှာ ကျွန်မခင်မင်တဲ့မိတ်ဆွေတစ်ယောက်ရဲ့မျက်နှာဖြစ်နေတယ်။ သိလိုက်ပါတယ် ဆရာမ။ ကျွန်မကို ဒုက္ခပေးတဲ့သူဆိုတာကိုပေါ့။ မင်းကို မုန့်ကုလားပဲမှာ အပင်းသွင်းပြီး သေအောင်လုပ်တာ။ ဒါမှမင်းရဲ့ရာထူးကို သူရမှာပေါ့လို့လည်း တစ်ယောက်ယောက်က ပြောသံကိုကြားလိုက်ရပါတယ်။ နောက်တော့ စမ်းရေလည်း တသွင်သွင်မြန်ပြီးစီးဆင်းနေပါလေရော ဆရာမရယ်။ အဲဒီအချိန်မှာ မယ်တော်နှစ်ပါးက ရေထဲကိုအန်လိုက်၊ အန်ချလိုက်လို့ပြောတော့ ကျွန်မလည်း ရေထဲကို အန်လိုက်ပါတယ်။ ပါးစပ်ထဲကမည်းမည်းအတုံးလေးတွေမျောပါသွားပါတယ်။ မျောနေတဲ့အတုံးလေးတွေက ချက်ချင်းဆိုသလို လူ့မျက်နှာပုံစံပြောင်းပြီး ရေထဲကို မျောပါသွားတော့တယ်။ ကြောက်စရာကောင်းလိုက်တာ။

အဲဒါနဲ့ လန့်နိုးသွားတယ် ဆရာမ။ နေ့လယ်ဘက်မှာ ဝမ်းသွားချင်သလိုဖြစ်လာပြီး ဝမ်းသွားတော့လည်း မည်းမည်းနဲ့ပျစ်ချွဲချွဲအရာတွေဖြစ်နေပါတယ်။ ဝမ်းမဟုတ်ပါဘူး ဆရာမရယ်။ နှစ်ခါလောက်လည်းသွားပြီးရော ဖောင်းနေတဲ့ဗိုက်လည်းအခုလိုပိန်သွားပါတယ်"

ဟု ဝမ်းသာအားရပြောရှာပါသည်။

သို့နှင့် ကျောရိုးတွင်ခြင်ဆီဖောက်ကာ ရောဂါရှာဖွေရသည်အထိ ခံစားရသောဝေဒနာသည် လုံးဝပျောက်ကင်းသွားပါသည်။ ဆေးရုံသွားပြီးစစ်ဆေးခဲ့ရာ ရောဂါရှာမတွေ့တော့သဖြင့် ဆရာဝန်ကြီးများကလည်း အံ့ဩဝမ်းသာသွားသည်ဟု ကြားသိရပါသည်။

ယခုအခါ ကျန်းမာစွာဖြင့် တာဝန်များထမ်းဆောင်နေပြီး ရတနာသုံးပါးကို ပိုမိုဆည်းကပ်သူ ဖြစ်နေပါသည်။

❑

ဒေါ်အေးအေးအနေဖြင့် ဆရာတော်ကြီးများပေးအပ်သည့် သာသနာပြုတာဝန်ကို ဆောင်ရွက်နေသည့်အချိန်တွင် နောက်ထပ်အခက်အခဲကြုံသူတစ်ဦးကို ကူညီခဲ့ရပြန်ပါသည်။

အဘိုးက -

"ငါ့မြေး သူတို့အကူအညီလိုနေတယ်။ ကူညီလိုက်ပါ"

ဟု မိန့်သဖြင့် ထိုဇနီးမောင်နှံနှင့် တွေ့ဆုံရပြန်ပါသည်။ ၎င်းတို့မှာ အလွန်ချမ်းသာသည့်သူများဖြစ်ကာ လုပ်ငန်းတစ်ခုထံမှ ငွေကြေးသိန်းပေါင်းများစွာ ရစရာရှိနေသော်လည်း ပြန်မရတော့ပါ။ ဒေါ်အေးအေးက အာရုံပြုကြည့်လိုက်ရာ ရွှေစက်တော်သမိုင်းကြောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဆက်စပ်နေသည်ကို သိလိုက်ရသဖြင့် ထိုဇနီးမောင်နှံနှင့်အတူ အထက်ရွှေစက်တော်သို့သွားကာ သစ်သီးများ၊ ဆွမ်းများ၊ ကန်တော့ပွဲများ၊ ထုံးခွန်၊ ကုက္ကားများဖြင့် ပူဇော်စေပါသည်။

မကြာမီလပိုင်းလောက်တွင် ဆုံးရှုံးနေပြီဟုထင်ရသောရစရာရှိသည့်ငွေကြေးများကိုပြန်ရသဖြင့် အဘိုး၏စံကျောင်းတွင်သိန်းပေါင်းများစွာလှူဒါန်းကြပါသည်။

❑

၁၉၈၆ ခုနှစ်လောက်တွင် အဘိုးဆရာတော်၏ တာဝန်ပေးချက်အရ မြန်မာနိုင်ငံအရှေ့ပိုင်းရှိ ဘုရားစေတီတစ်ဆူရှိရာသို့သွားခဲ့ရသည်။ ထိုခရီးစဉ်တွင် ဒေါ်အေးအေးနှင့်အတူ ရွှေလရောင်သက်န်းတိုက်မှဦးစန်းဝင်း၊ အင်းဝဦးသိန်းကြည်နှင့် အဘိုးတပည့်လေးယောက်ပါဝင်သည်။

စေတီတော်မှာ ရှေးဟောင်းစေတီတစ်ဆူဖြစ်ကာ ရင်ပြင်တော်တစ်ဝိုက်တွင် ကန္တာရဆူးပင်များပေါက်နေပါသည်။ ဒေါ်အေးအေးတို့အဖွဲ့သည် စေတီရင်ပြင်တော်ရှိ တန်ဆောင်လေးတစ်ခုမှာ တည်းခိုကာ ညရောက်အောင်စောင့်ဆိုင်းနေပါသည်။ ကောင်းကင်တစ်ခုလုံးမှာ လရောင်မရှိဘဲ ကြယ်လေးများသာ မှိတ်တုတ်မှိတ်တုတ်ဖြင့် လင်းလက်နေပါသည်။

ညသန်းခေါင်ယံအချိန်၌ ဒေါ်အေးအေးတို့အဖွဲ့ လုပ်ငန်းစပါပြီ။ ကြိုတင်စီစဉ်ထားသည့်အတွက် မည်သည့်အချိန်မှာ မည်သို့ဆောင်ရွက်ရမည်ကို တစ်ဖွဲ့လုံးသိပြီးဖြစ်နေပါသည်။ ထို့အပြင် မည်သည့် အနှောင့်အယှက်မျိုးကိုမဆို အဆင်ပြေသလို လုပ်ဆောင်သွားရစေမည်ဟု နားလည်ထားကြပါသည်။

ဒေါ်အေးအေး၊ ဦးသိန်းဝင်းနှင့် အင်းဝဦးသိန်းကြည်တို့ (၃) ဦးမှာ စေတီအနီးရှိ အချုပ်အနှောင်ခံနေရသူဟု ယူဆရသော ရုပ်တုတစ်ခုရှေ့မှာ မတ်တတ်ရပ်လိုက်ပါသည်။ ထို့နောက် ဒေါ်အေးအေးက ဂါထာများမန်းမှုတ်ထားသည့် ရေမွှေးပုလင်းလေးကို ရုပ်တုခြေရင်းရှိ အပေါက်ငယ်ထဲသို့ထည့်ကာ -

"ခြောင်း. . . ရှစ်ယောင်း"

ဟုမာန်ပါပါရွတ်ဆိုလိုက်ပါသည်။

ထိုအချိန်တွင် ဘုရားစေတီပတ်ဝန်းကျင်မှာ လေပြင်းများတိုက်ခတ်လာပြီး ထိတ်လန့်စရာအသံမျိုးစုံများကို ကြားလိုက်ပါသည်။ တန်ဆောင်းအတွင်းကျန်ရှိနေသူများကလည်း သူတို့တာဝန်ယူရသည့်ဂါထာမန္တန်များကို ရွတ်ဖတ်နေကြပါသည်။

ညဉ့်နက်လာသည်နှင့်အမျှ အမှောင်ထုက ပိုမိုကြီးစိုးလာရာ ဒေါ်အေးအေးက သူ့လူနှစ်ယောက်ကို အချက်ပြလိုက်ပါသည်။ ထို့နောက် အလယ်မှာ ဒေါ်အေးအေးနေပြီး ဦးစန်းဝင်းနှင့် ဦးသိန်းကြည်တို့က လက်ဝဲ၊ လက်ယာမှာနေကာ တစ်ဦးလက်ကိုတစ်ဦးကကိုင်ထားပါသည်။

မှောင်လွန်းနေသောကြောင့် ရှေ့နောက်ဝဲယာကိုမမြင်ရတော့ပေ။ ထိုအခါ တစ်ချိန်ကအဘိုးတို့ဆောင်ရွက်စေသော မီးကျင့်စဉ် ဒေါ်အေးအေးကို အကူအညီပေးပါတော့သည်။

မီးကျင့်စဉ်ဆိုသည်မှာ မည်းမှောင်နေသောအခန်းငယ်လေးတွင် ဖယောင်းတိုင်တစ်တိုင်ကို မီးညှိပြီး စိုက်ထူထားသော ကတော့ပုံစက္ကူကို နားရွက်နှစ်ဖက်မှာ တပ်ဆင်ထားသည့်ကွင်းလေးများဖြင့် ချိတ်လိုက်ရာတွင် မျက်လုံးနှစ်လုံးကိုဖုံးသွားပါသည်။ ကတော့ချွန်စက္ကူလိပ်ထိပ်တွင်မူ အပေါက်ငယ်တစ်ခုဖောက်ထားသောကြောင့် ထိုကတော့ချွန်မှ ဖယောင်းတိုင်မီးရောင်ကိုသာ မြင်ရပါသည်။ ထိုကျင့်စဉ်ကို မီးကသိုဏ်းဟုလည်းခေါ်ဆိုနိုင်ပါသည်။ ထိုကျင့်စဉ်ကို သတ်မှတ်သည့်ကာလအတွင်း ဒေါ်အေးအေးဆောင်ရွက်နိုင်ခဲ့ရာ ယခုလို မည်းမှောင်နေသည့်အချိန်တွင် ဖယောင်းတိုင်မီးရောင်ကလေးသည် လင်းလက်ဖြာထွက်ကာ အမှောင်ကိုလင်းသွားစေပါသည်။

ထိုအလင်းရောင်ကလေးကို မြင်လိုက်ရချိန်တွင် ဒေါ်အေးအေးတို့သုံးဦးသည် ရင်ပေါင်တန်းအနေအထားဖြင့် အချင်းချင်းလက်တွဲပြီး ထိုစေတီလေးကို လက်ယာရစ် လှည့်ပတ်ပါတော့သည်။ ဖိနပ်မစီးရသဖြင့် ခြေဖဝါး[illegible]ည်းသာ ကန္တာရဆူးပင်များကို တက်[illegible]င်းရသော်လည်း ဆူးမစူးသည်မှာ အံ့ဩစရာကောင်းလှပါသည်။ စိတ်အာရုံအရ ဖယောင်းတိုင်မီးလေးလမ်းပြမှုကို ရယူကာ စေတီတော်ကိုသုံးကြိမ်ပတ်ပါသည်။ သုံးကြိမ်ပြည့်သည့်အချိန်တွင် လေပြင်းများနှင့်အတူ မကောင်းဆိုးဝါးအသံကြီးများသည် ရုတ်တရက်ငြိမ်သက်သွားပါသည်။ ကောင်းကင်ကိုမော့ကြည့်လိုက်ရာ ကြယ်ပွင့်လေးများကို ပြန်မြင်ရပါတော့သည်။ သည်တစ်ကြိမ် ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ပြန်ပါသည်။ ထိုကိစ္စမှာ သိုက်ဆရာတစ်ဦးက ထိုစေတီရှိ ရတနာပစ္စည်းများကို ရယူလိုသောကြောင့် သိုက်စောင့်ကို သူ့အတတ်ပညာဖြင့်ချုပ်ထားခြင်း၊ စေတီတော်သိုက်နေရာကို စည်းချထားခြင်း စသည်တို့ကို ပြုလုပ်ထားရာ ဒေါ်အေးအေးနှင့်အဖွဲ့က ထိုစည်းများကို ချေဖျက်နိုင်ခဲ့သည်ဟုဆိုရပေမည်။

စီရင်သောသိုက်ဆရာမှာ အတော်တတ်ကျွမ်းသူတစ်ယောက်ဖြစ်သော်လည်း ဒေါ်အေးအေးတို့ကို မည်သည့်ဒုက္ခမျှ မပေးနိုင်ခဲ့တော့ပေ။ သို့ဖြင့် မသမာသူလက်ထဲသို့ ရတနာများမရောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

❑

ထူးခြားသည့် ပါရမီရှင်တစ်ဦး၏ ကိုယ်ကျိုးမဖက်ဘဲ အမျိုးဘာသာသာသနာအတွက် ဆောင်ရွက်ခဲ့ပုံမှာ အတော်အံ့ဩချီးမွမ်းစရာကောင်းလှပါသည်။

"ဒေါ်စန္ဒာကအဲဒီပုဂ္ဂိုလ်အကြောင်းကို အတော်သိနေတာဘဲနော်"

ဟု ကျွန်မကပြောရာ ဒေါ်စန္ဒာက-

"သူနဲ့တွေ့စဉ်က ကြားသိခဲ့ရတာတွေနဲ့ သီလရှင်ကြီးများပြောတာကို ကြားခဲ့ရတာပါပဲ ဆရာမရယ်။ ကျွန်မက မှတ်မှတ်သားသားရှိတယ်ပဲဆိုပါတော့"

ဒေါ်စန္ဒာနှင့်တွေ့ဆုံပြီးသည့်အချိန်တွင် ကျွန်မအနေဖြင့် အတွေးအချို့ကို စဉ်းစားမိခဲ့ပါသည်။

တို့များရဲ့ဘုရားရှင်က မေတ္တာစိတ်အပြည့်ဝဆုံးထားခဲ့တယ်။ အောင်ခြင်းရှစ်ပါးကိုကြည့်ပါ။ ပလ္လင်ကိုလုတဲ့ မာန်နတ်မင်းကို ငါပြုခဲ့တဲ့ကုသိုလ်တွေဟာ ဝသုန်မြေကြီးအသိဖြစ်တယ်ဟု မိန့်လိုက်ရုံဖြင့် ဆံညှစ်ရေကြောမှာ မာန်စစ်သည်တို့မျောပါကုန်တော့သည်။ မည်သူ့မျှမသေဆုံးခဲ့ပါ။

နန္ဒောပနန္ဒ နဂါးမင်းကိုလည်း ရှင်မောဂ္ဂလာန်ရဟန္တာက သူ့ထက်ကြီးသော နဂါးအသွင်ဖန်ဆင်းပြီး မြင်းမိုရ်တောင်နံရံနှင့်ဖိညှပ်ထားခြင်းဖြင့် မာန်စွယ်ကျိုးရပြန်ပါသည်။ နာဠာဂီရိဆင်ပြောင်ကြီးကိုလည်း ချစ်သား ဟု အစချီမိန့်ကာဆုံးမရုံဖြင့် ဆင်မိုက်ကြီးမှာဒူးတုပ်ရရှာပါသည်။

ထို့ကြောင့် ရန်အပေါင်းကို ဒေါ်[illegible] ထွက်သံယိုကိစ္စများနှင့် ရှန့်ရင်ကြမ်းတမ်းမှုများမပါဘဲ မေတ္တာဖြင့်ဆုံးမကာ



www.burmeseclassic.com

www.burmeseclassic.com

ရဲမျိုးသူ(ဟောဝိမြို့ဖြ်)

# ဆန်ကိုတိုးစေ ခြအမြုတေ

"ဘာဥကြီးတုံး ဒကာကြီး"

"ဘာမှန်းတော့ သေသေချာချာ မသိပါဘုရား"

"ခြတောင်ပို့ဟောင်းထဲကရတာပါ ဘုရား"

"အခြားဘာပစ္စည်းတွေတွဲပါသေးတာလဲ"

"သစ်သားချောင်းလို၊ သံလိုလို အချောင်းတွေလည်းပါပါတယ် ဘုရား"

"မှန်း - ကိုင်ကြည့်စမ်းမယ်"

"တင်ပါ့ဘုရား"

လွန်ခဲ့ပြီးသော (၂၀) နှစ်ကျော်ကာလက ဖြစ်ပါသည်။ ကလေးမြို့နယ် ကန်သာယာရွာ ကန်သာယာဘုန်းကြီးကျောင်းနောက်ဘက် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများတူးဖော်စဉ်က ဖြစ်ပါသည်။ မြေကြီးတူးဖော်ရင်း ခြအုံဟောင်းအတွင်းမှ လေးလေးတစ်တစ်သစ်သားချောင်းအသွင်သံများနှင့် မည်းညိုညစ်ဥလေးတစ်လုံး ရရှိခဲ့လေသည်။ သိသူတို့က ခြသံဥဟုဆိုကြပြီး ဥလုံးကလေးမှ အရစ်ရစ်အနှစ်နှစ်အကြောအမျှင်များဖောင်း၍ထနေသည်



ကိုမြင်ရလေ၏။ ထို့ကြောင့် ရွှေပေါ်ကျွန်းသာသနာမြေသို့ရောက်ရှိစဉ် ရွှေပေါ်ကျွန်းဆရာတော်ကြီးအားအဖူးမြော်ခံရာ မမွှသာလာအဆောင်တွင်ပြသလျှောက်ထားမေးမြန်းခဲ့ခြင်း ဖြစ်ပါသည်။

"ဟုတ်တယ် ဒကာကြီး၊ ဒါဟာ ခြအမြုတေပဲ"

"အစစ်အမှန်ထွက်ရပ်လမ်းလိုက်သူတွေအတွက် ပြည်တန်ပတ္တမြားကိုအိပ်မက်မှာရသလို လိုချင်နှစ်သက်လှတဲ့ ရှာမှရှားပစ္စည်းပဲ"

"တင်ပါ့ဘုရား၊ ဘယ်လိုအသုံးပြုရမလဲဘုရား"

"ဖိုခွင်ထောင်ကာ ဖိုဆင်ဖို့မလို အလိုလိုသိဒ္ဓိတွေဝင်ပြီးဖြစ်တဲ့ပစ္စည်းပဲ။ ဒါကို တရော်ကင်ပွန်း၊ နံ့သာဖြူနီနဲ့ဆေးပြီးတော့မြင့်မြတ်တဲ့နေရာမှာသိမ်းထား။

အောင်မြင်ခဲ့ပါသည်။

ထိုအချက်များကို တွေးတောမိသည်နှင့်အမျှ နူးညံ့သိမ်မွေ့လှသော ဗုဒ္ဓဘာသာတရားတော်၏ အနှစ်သာရကို ပီတိဖြစ်စွာခံစားမိပါသည်။

အတွေးများဖြင့် နစ်မျောနေသော ကျွန်မမှာ ဒေါ်စန္ဒာ၏စကားသံကြောင့် အတွေးများပြတ်တောက်သွားပါသည်။

"ဆရာမကြီးကို ကျွန်မမှတ်သိသလောက် အချက်ကလေးတွေပြောပြချင်ပါသေးတယ်။ အဲဒါကတော့ (၃၇) မင်းဆိုတဲ့နတ်အချို့ဟာ အဘိုးတို့လို ပုဂ္ဂိုလ်ကြီးများရဲ့ တာဝန်ပေးအပ်ချက်အရ တတ်နိုင်သမျှ သာသနာပြုနေတယ်ဆိုတာပါဘဲ"

ဟု ပြောရာ ကျွန်မအံ့ဩသွားပြန်ပါသည်။

"ဘယ်လို သာသနာပြုတာပါလဲ ဒေါ်စန္ဒာရယ်"

"အချို့နတ်တွေထဲက ဥပမာပြောရရင် ပခန်းမင်းကြီးပေါ့နော်။ သူက အရက်သောက်တာတွေ၊ ကြက်ကြော်စားတာတွေမလုပ်တော့ဘဲ အဘိုးတို့ စေလွှတ်တဲ့နေရာကိုသွားပြီး စေခိုင်းတာကို လုပ်ဆောင်နေတယ်လို့ အဘိုးက ပြောခဲ့ပါတယ်။ ပြည်တွင်းရော ပြည်ပမှာပါ စေလွှတ်ရာကိုသွားရတာပါ"

ကျွန်မအနေဖြင့် ထူးခြန်းသော စကားကို ကြားရပြန်ပါပြီ။

"ဒါနဲ့ ဒေါ်စန္ဒာကကော အဲဒီလို ကျင့်စဉ်တွေကို ဆောင်ရွက်ဖူးပါသလား"

ကျွန်မမေးခွန်းကို ဒေါ်စန္ဒာက ပြုံးရွှင်စွာဖြင့် ဖြေကြားပါသည်။

"ကျွန်မကတော့ ဝိပဿနာဘက်ကို အားထည့်ပြီးရှုမှတ်နေပါတယ်။ အဘိုးတို့လမ်းညွှန်ချက်ပေါ့လေ။ ပါရမီအလိုက်လုပ်ဆောင်ရတယ်လို့ဆိုရမှာပေါ့"

သို့နှင့် ကျွန်မလည်း ဒေါ်စန္ဒာတို့ကို နှုတ်ဆက်ကာ အိမ်သို့ပြန်လာခဲ့ပါသည်။ အငှားကားလေးပေါ်မှာထိုင်ကာ ကားလေးခေါ်ဆောင်ရာသို့ လိုက်ပါလာရင်း ဆရာကြီး မဟာဂီတဦးပြုံးချို၏ တေဘုမ္မာသီချင်းကြီးနှင့်ဆရာကြီးဦးသုခ၏ ဘဝသံသရာသီချင်းများကို သတိရနေမိပါသည်။

ဘဝသံသရာ . . . . . ရှည်လျားထွေပြား . . . မနေမနား တသွားတည်းသွားကြကာ. . .

ကိုယ့်ကိုယ်ကိုယ်သနားပါ အများသတ္တဝါ. . .

လောဘ ဒေါသ မောဟဆိုတာ လောင်မီးကိုလေသာ. . .

နေရာဟောင်းကို လွှန်အောက်မေ့တာ/လေးဘုံအပါယ်ရွာလေးဘုံအပါယ်ရွာ. . .

ကျေးဇူးတင်လျက်

တင်တင်ဦး(ရေးသားတည်)

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကျင့်သီလကို မြဲအောင်စောင့်ထိန်းပြီးဆောင်ထားပေတော့။ ဆန်လိုရင်ဆန်တိုးလိမ့်မယ် ဒကာကြီး"

"တင်ပါ့ဘုရား"

"ဆန်လိုရင် ဆန်အိုးထဲထည့်ပြီး ဆန်လိုကြောင်းမနောကတောင်းကြည့်"

"တင်ပါ့ဘုရား"

"ဘုရား၊ တရား၊ သံဃာကို မမေ့နဲ့။ တွေ့လေသူတိုင်းကိုလည်း မပြောလေနဲ့"

ခြအမြုတေကို ဆရာတော်ဘုရားကြီး ညွှန်ပြသည့်အတိုင်း ဆောင်ရွက်စီမံထားရှိခဲ့ပါသည်။

တစ်နေ့ ဆန်အိုးထဲဆန်နည်းပါးနေသည်မို့ ခြအမြုတေဥလုံးလေးအား ဆန်အိုးထဲမြှုပ်၍ မနောမှတောင်းဆိုခဲ့လေသည်။

ပညာရေးဝန်ထမ်းဘဝမှသက်ပြည့်ပင်စင်ယူကာ အေးချမ်းစွာနေထိုင်ခဲ့ပါသည်။ တစ်နေ့ တစ်နှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲသို့ တက်ရောက်၍ ပူဇော်ကန်တော့ခံစဉ် အလွန်ရင်းနှီးသော်လည်း မတွေ့ရသည်မှာ ကြာပြီဖြစ်သည့် တပည့်ဟောင်းတစ်ဦးနှင့်အမှတ်မထင်တွေ့ခဲ့ရာ -

"ဆရာကြီးဘယ်မှာနေလဲ၊ အိမ်ခဏလိုက်လည်ပါရစေ"


ဆို၍ အိမ်သို့ တပည့်ဖြစ်သူက ကိုယ်ပိုင်ကားလေးဖြင့် အလည်လိုက်ပါခဲ့လေသည်။

တပည့်ဖြစ်သူမှာ တပ်မတော်မှ ဗိုလ်မှူးတစ်ဦး ဖြစ်လေသည်။ အိမ်သို့ရောက်ရှိစဉ် အိမ်အတွင်းလည်ပတ်ကြည့်ရှုရင်းမှ ဆန်အိုးအား အမှတ်မထင်ဖွင့်ကြည့်၍ -

"ဆရာကြီး၊ ကျွန်တော်အပြင်ခဏလေးသွားပြစေ"

ခွင့်တောင်းပြီး ကားဖြင့်ထွက်ခွာသွားပါသည်။ အပြန်တွင် ပေါ်ဆန်းမွှေး ဆန်အိတ် (၃) အိတ်မျှ ဝယ်ယူခဲ့ပါတော့သည်။ စိတ်တွင်အမှတ်မထင်အာရုံတွင် မြင်မိသည်ကား ရွှေပေါ်ကျွန်းဆရာတော်ကြီး မိန့်မှာဖူးသည့် 'ဆန်လိုက ဆန်တိုးလိမ့်မယ် ဒကာကြီး' ဆိုသည့် စကားအား သတိရမိပြန်တော့သည်။

တစ်ဖန် ခြအမြုတေနှင့်ပတ်သတ်ပြီး အကြောင်းကိစ္စတစ်ခု အံ့ဩဖွယ်ကြုံရပြန်ပါသည်။ ဦးပဉ္စင်းတစ်ပါး ကျောင်းထိုင်ဆရာတော်အဖြစ် တာဝန်



ပေးအပ်ခြင်းခံရ၍ -

"ဒကာကြီးရယ် ဦးပဉ္စင်းကျောင်းက ကျောင်းအိုကြီး၊ ဘာမှမပြည့်စုံဘူးဗျာ"

မိန့်လာခဲ့ရာ ဆရာတော်လေးအား ကိုယ်ချင်းစာမိသော ပြည့်စုံစေလိုသည့်စိတ်ကြောင့် -

"ဆရာတော်ဘုရား၊ ထူးခြားတဲ့ အမြုတေတစ်ခု တပည့်တော် (၃) နှစ်တိတိ ငှားပေးထားပါမယ်ဘုရား။ အရှင်ဘုရားဘက်က သီလလုံစွာဂုဏ်တော်ထုံပြီး ဆိုင်ရာပုဂ္ဂိုလ်တွေကို မေတ္တာသာ များများပို့ပေးပါ ဘုရား။ ကျောင်းအတွက် လိုအပ်ချက်ကို သစ္စာပြုပြီး မနောကနေ လိုတာကိုတောင်းကြည့်ပါဘုရား။ အရှင်ဘုရားရဲ့ ပါရမီဘုန်းကံလည်းရှိပါလျှင် ပွင့်လင်းလာလိမ့်မယ် ဘုရား"

ဟု လျှောက်ထားပြီး ခြအမြုတေကို ဆိုင်ရာပုဂ္ဂိုလ်များအား သာသနာအကျိုးအတွက် သယ်ပိုးလို၍ ငှားရမ်းခွင့်တောင်းကာ ပေးငှားခဲ့ဖူးပါသည်။ တိုက်ဆိုင်ခြင်းလား၊ ဆရာတော်လေး၏ သီလ၊ သမာဓိ၊ ကံကြောင့်လားမသိပါ။ စိတ်တွင် မမျှော်လင့်ထားသော တိုက်ကျောင်းများ (၃) နှစ်အ[illegible]င်းပြီးစီးခြင်းက အမှန်သာဖြစ်နေပါ[illegible]တော့သည်။ ကျောင်းအမည်နှင့် ဆ[illegible]ရာတော်ဘွဲ့ အမည်အား မဖော်ပြလိုတော့ပါ။

ခြအမြုတေနှင့်ပတ်သက်၍ အသိရှင်တို့အား လေ့လာ မေးမြန်းကြည့်ရာ အဂ္ဂိရတ်အခေါ် ကလပ်လုံးဟုခေါ်ကြောင်း၊ သဘာဝသတ္တိအရ ရွှေဆိုင်းကိုစားတတ်ကြောင်း၊ ခြအုံဟောင်းတိုင်းတွင် မရှိကြောင်းဖြစ်လေသည်။ အတတ်ပညာမှန်အသိဉာဏ်ကြီးစွာအသုံးချတတ်ပါမူ သဘာဝသတ္တိထူးရှိသောပစ္စည်းဟုလည်း ဆိုကြလေသည်။ ဆေးဒန်းမြေတွင် အုံတည်သော ခြကောင်များ၏ တံတွေးနှင့် ဆေးဒန်းမြေတို့ ဓာတ်ပြုထိတွေ့ထားသော ခြတောင်ပို့မြေမှာ အပူနှင့် ဖိအားတို့ကြောင့် နှစ်ပေါင်းများစွာ ကြာမြင့်လာသောအခါ အသွင်ပြောင်းလဲ၍ ခြသံ၊ ခြအမြုတေများ ဖြစ်တည်နေတတ်ခြင်းဖြစ်သည်ဟု မှတ်သားဖူးလေသည်။

ရသေ့ရှင်ကြီးတစ်ဦး ထူးထူးကဲကဲ မိန့်ဖူးသည်က -

"ခြသံရှိတဲ့ တောင်ပို့ဟာ သက်တံထွက်တယ်"

ဟု ဆိုလေသည်။

တစ်ဖန် ချင်းတွင်းမြစ်နံဘေးရှိ ပလူဇဝရွာသားမုဆိုးကြီးဦးနက်ပြောက -

"ဆရာရယ်၊ ချင်းတွင်းမြစ်ထဲ ရေဆင်းပြီးသောက်နေတဲ့ သက်တံကွေးကွေးကြီးဟာ လက်စသတ်တော့ ကျွန်တော်သားကောင်လိုက်ရင်ရောက်နေတဲ့တောထဲကခြတောင်ပို့ကြီးဆီကပဲ။ တဖူးဖူးမှုတ်ပြီးသက်တံထွက်တာဗျ"

ဟု ဆိုလေသည်။

ခြအမြုတေနှင့် ပတ်သက်၍ ထူးဆန်းသောကိစ္စများ၊ ဂမ္ဘီရဆန်စွာ အောင်မြင်တိုးတက်မှုများ၊ အံ့ဩဖွယ်များရှိနေပါသေးသည်။ ထူးခြားဆန်းပြားသော ဂမ္ဘီရပစ္စည်းဆန်းများအားလေ့လာရာတွင် အသိကြီးသူရှေးပညာရှိတို့ဆိုမိန့်ကြသည့်စကားတွင် နက်နဲတဲ့လောကီအသိဟာ အရေးကြီးလှသည်ဆိုသည့် စကားမှာအလွန်မှန်လှပါသည်။ ရွှေပေါ်ကျွန်းဆရာတော်ကြီးမိန့်ဖူးသော ဆန်ကိုတိုးစေတယ်ဆိုသည့် နှုတ်တော်ထွက်စကားမှာ ဆန်အိုးထဲမှဆန်များအလိုလိုတိုးတက်များပြားလာခြင်းမျိုးမဟုတ်ပါဘဲ အကြောင်းနှင့်အကျိုးဆက်စပ်၍ဖြစ်တည်ခြင်းဖြင့် ပြည့်ဝလာစေသော သဘောဖြစ်လေသည်ဟု လက်တွေ့ဆန်စွာ ဂမ္ဘီရဉာဏ်ဖြင့် ဆန်ကိုတိုးစေ ခြအမြုတေဟုသာ ဆိုရပေတော့မည်။

ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ကြီးအား
အာရုံဖြင့်ဦးညွှတ်လျက်

ရဲမျိုးသူ(ဗောဓိမြိုင်)

www.burmeseclassic.com

လောကနီတိကျမ်းတွင် မိတ်သင်္ဂဟပြုဆိုခန်း၌ ဦးစွာ ဟိတကာရောပရောဗန္ဓဟု အစချီဖွင့်ဆိုထားပါသည်။ ဟိတကာရော - အကျိုးများဆောင် စီးပွားကိုဆောင်သည်ရှိသော်၊ ပရောဘိ-ဘမိနှစ်ဖက် နွယ်ဆက်ကွဲပြား၊ သူတစ်ပါးသည်လည်း၊ ဗန္ဓ-မေတ္တာဖြိုးဝေ၊ အမျိုးအဆွေမည်သော်ဟုဆိုထားလေသည်။ ကမ္ဘာလောကတွင် လူတို့မှာ မိမိတို့ဘဝလမ်းတွင် ဖြောင့်တန်းသာယာပျော်ရွှင်နေနိုင်ရေးကား လက်တွဲဖော်ကောင်းရှိဖို့လိုပါသည်။ လက်တွဲဖော်မှသာလျှင် မိမိအပေါ် အပြစ်မယူဖေးမကူညီစာနာထောက်ထား စေတနာအား ဝေဆာပွားပေလိမ့်မည်။ သို့ဆိုလျှင် လက်တွဲဖော်မည်သို့ရှာနိုင်သနည်း။ ထိုအခြင်းအရာအတွက် တစ်ချက်လေးသာ မှတ်သားလိုက်ပါ။ ရတက်အေးစရာဆိုက်သွားထိုက်လှပါသည်။ ယခုဆိုခဲ့သော အကြောင်းရပ်ခေါင်းစဉ်တပ်လို့ အလျင်စလို သိလိုလှသူတစ်ဦးပြပါဆိုလျှင် ကျွန်ုပ်ထံမကြာမဆိုင်းလာတိုင်း အဖြေရှာပေးသော စာရေးဆရာမလေး မေရှူ တစ်ယောက်ပင် ထောက်ပြချင်ပါသည်။

ယနေ့တွင်ကား သူတစ်ဦးထဲ ထူးကဲစွာအလာထူးနေပါသည်။ အဖော်မပါဘဲမေးရန်ထောက်တော့ သူတကာမသိစရာပါလောက်ပေမည်။ ထို့ကြောင့် ကျွန်ုပ်မှ အလိုက်သိစွာ အတွေးကမှမေးရပြန်ပါသည်။

"ကိုယ်ရေးကိုယ်တာပူဗျာပါတစ်စွန်းတစ်စ အမှန်မေးရန်ရှိသလား သမီး"

"ဟား - ဆရာတို့များအမှန်းအဆအမြင်အတွေးတစ်ချက်လေးမှလွှဲတွက်လို့မရပါလား ဆရာ။ အမှန်ကိုပဲ သမီးကိစ္စမေးချင်လို့ပါ"

"သည်လိုရှိတယ်သမီး၊ အနုမာဏဆိုတာ ထောက်ချင့်မှန်းဆခြင်းဘဲ။ သမီးရဲ့မျက်နှာမှာပူပန်မှုသောကအငွေ့အသက်တွေ့နေရပြီး လာပုံလာနည်းကလည်း တစ်ယောက်တည်းဆိုတော့ ငယ်သူတွေရဲ့အမေးမှာ လက်တွဲဖော်အရေးဖြစ်ဖို့ သေချာနေတာပေါ့ကွယ်"

"ဟုတ်တယ် ဆရာ၊ လက်တွဲဖော်ဖြစ်ဖို့ ကြိုးစားနေတဲ့ (၃) ဦးနဲ့ သမီးရင်ဆိုင်နေရတယ်။ တစ်ဦးစီက တစ်မျိုးစီ အရည်အချင်းရှိပြီး စံမီတဲ့သူတွေဖြစ်နေတယ်။သမီးသိချင်တာက လောကီပညာ



# ထင်ကျော်စွာ

# လက်တွဲဖော်သိဖို့ရာ အဘယ်သို့လျှင်ရှာ



www.burmeseclassic.com

www.burmeseclassic.com

အရ ဘယ်လိုပိုင်းခြားသိနိုင်မှုရှိမှာလဲဆိုတာပါဘဲဆရာ"

"မွေးဖွားရက်လသိရင် ရာသီဖွားသိမယ်။ ရာသီဖွားချင်းဆက်သွယ်ပုံသိရင် အဆိုး၊ အကောင်းသိပြီပေါ့သမီး"

ထိုသို့ ကျွန်ုပ်မှပြောအပြီး ရောက်ရှိလာသူမှာ ဗေဒင်ဆရာမင္ဂ ၏ ဒင်လေးဖွန်ဖြစ်ပါသည်။ တစ်စွန်းတစ်စကြားလိုက်ရ၍ ရာသီဖွားများဆက်သွယ်ပုံသိလိုသောသူတို့အား အောက်ပါအတိုင်း ရှင်းပြလိုက်ရပါသည်။

ဘဝလက်တွဲဖော်တွက်လိုသူ ရာသီဖွားကို အရင်ကြည့်ပါ။ သိပါလျှင် အောက်တွင် သိသောရာသီဖွားကိုမူတည်၍ (၁၂) မျိုးမှ လက်တွဲသင့်ရာသီဖွားများ ဆက်သွယ်ပုံကိုကြည့်ခြင်းဖြင့် သိနိုင်သည်။ ကောက်နုတ်ဖော်ပြပါသည်။

**၁။ မိဿရာသီဖွားမှလက်တွဲသင့်ရာသီဖွားအခြေအနေ**

မိဿချင်းဖြစ်လျှင် ဂရုစိုက်ကြင်နာခြင်းနှင့် မိခင်ကောင်း/ဖခင်ကောင်းပီသသောသူသော ချစ်သူချင်းဖြစ်ပြီး၊ အပြုအမူစရိုက်အကြိုက်တွေ တစ်ထပ်တည်းကျမည်။

ပြိဿနှင့်ဖြစ်လျှင် တာဝန်သိခြင်း၊ သစ္စာရှိခြင်း အပြန်အလှန်လေးစားမှုနှင့်စွဲမြဲသော ချစ်သူဖြစ်ပြီး မိသားစုဘဝနားလည်ကြမည်။

မေထုန်နှင့်ဖြစ်လျှင် ခေတ်မီတဲ့အတွေးနဲ့လွပ်လပ်မှုကို နားလည်ခြင်းကြောင့် သံသယကင်းဝေးပြီး မိသားစုတွင်း ချစ်ချင်းပြည့်စုံမည်။

တူနှင့်ဖြစ်လျှင် ဂရုတစိုက်အလေးထားတာကို ခံယူချင်သူနှင့် ဂရုစိုက်၊ ဦးဆောင်တတ်သူ လိုက်ဖက်သည်။ ပြဿနာကင်းဝေးစေသည်။

ဗြိစ္ဆာ အိမ်တွင်းမှာနေရာယူချင်သူနှင့် အိမ်ပြင်မှာဦးဆောင်ချင်သူ ကြည်ဖြူသည်။ မိသားစုသက်ဆုံးတိုင်ခိုင်မြဲသည်။

ဓနု တစ်ဦးချင်း ဂရုစိုက်ကာကွယ်တတ်ကြသည်။ ဦးဆောင်တတ်မှုကြောင့် နွေးထွေးတဲ့ချစ်သူမိသားစုဘဝရမည်။

ကုံ အေးအေးသာသာနှင့် ပြောတတ်တဲ့အတွက် အဆင်ပြေလှသည်။ လွပ်လပ်မှုတွေနှင့်ခိုင်မြဲသည်။

မိန် ရိုးအေးပြီး အစွဲအလမ်းကြီးတာကို ညှိကြရမည်။ ဦးဆောင်ပြီးနားလည်မှု ကြိုးစားသူဖြစ်လို့ တင်းမာမှုတွေမများတဲ့လက်တွဲဖော်ပါဘဲ။

သိမ်ာ ခမ်းနားတဲ့ချစ်သူဘဝ၊ ဂရုစိုက်မှုကြီးမားမှု ထပ်တူကျမည်။ ဂုဏ်သိက္ခာသိသူချင်း အလေးအနက်ရှိမည်။

**၂။ ပြိဿရာသီဖွားမှ လက်တွဲသင့်သောရာသီဖွားအခြေအနေ/ပုံစံ**

မိဿနှင့်ဖြစ်လျှင် ဘဝ၏လိုအပ်ချက်တွေပြီးပြည့်စုံအောင် ဖန်တီးနိုင်ပြီး အပြန်အလှန်တွန်းအားပေးနိုင်ကြမည်။ ချစ်ခင်ကြင်နာကြမည်။

ပြိဿနှင့်ဖြစ်လျှင် စိတ်ခိုင်သူချင်းမို့ ကြင်နာခင်မင်မှုအပြည့်အဝပေးနိုင်ကြမည်။ ဥစ္စာပစ္စည်းကြိုက်သူချင်းမို့ စရိုက်တူကြသည်။

ကရကဋ်နှင့်ဖြစ်လျှင် သာယာသည့်အိမ်၊ လုံခြုံသည့်ဘဝ၊ စားစရာကအစ ကြွယ်ဝ၊ နှစ်ဦးလုံးဆန္ဒတူပြီးကြင်နာဂရုစိုက်ကြမည်။

ကန် မိသားစုပြည့်စုံသာယာမည်။ ဂရုစိုက်၊ ကြင်နာမှုတွေနှင့်နွေးထွေးသောဘဝ၊ ပျော်ရွှင်သောဘဝရမည်။

တူ အချစ်၊ အပန်းဖြေမှုမျှဝေခံစားမှုရှိကြမည်။ ကြင်နာယုယမှုတွေနှင့်ပြည့်စုံမည်။

ဗြိစ္ဆာ အချစ်စိတ်ပြင်းထန်ကြသူချင်း တစ်ဦးကိုတစ်ဦး ဂရိုက်တူ မည်။ ဥစ္စာစုဆောင်းမှု ဝါသနာတူလို့ပြည့်စုံကြမည်။

မိန် စိတ်ကူးကောင်းလုပ်ကိုင်နိုင်သူ၊ ပြောပြနိုင်သူတွေမို့ ကြည်ဖြူကြသည်။

**၃။ မေထုန်ရာသီဖွားမှ လက်တွဲသင့်ရာသီဖွားအခြေအနေ**

မိဿနှင့်ဖြစ်လျှင် ဘဝ၏အကောင်းဆုံးတွေကို ရဲရင့်တက်ကြွစွာရှာဖွေပြီး စိတ်ကူးအိပ်မက်တွေအကောင်အထည်ဖော်နိုင်မည်။ သစ္စာရှိမည်။

သိဟ်နှင့်ဖြစ်လျှင် တစ်ဦးလိုအပ်ချက် တစ်ဦးဖြည့်ဆည်းပေးရတာကို ကျေနပ်ပျော်ရွှင်နေကြသည်။ ပျော်စရာအိမ်ထောင်ရေးပါ။

တူနှင့်ဖြစ်လျှင် လိမ္မာပါးနပ်စရိုက်တူညီကြပြီး ဆုံးဖြတ်ချက်မြန်ဆန်သွက်လက်သူနှင့်လိုအပ်ချက်ဖြည့်တတ်သူတွေဖြစ်မည်။

ဓနုနှင့်ဖြစ်လျှင် ဓနုရဲ့ရိုးသားမှု၊ ဂရုစိုက်ကြင်နာတတ်မှုကို မေထုန်ကနှစ်သက်မည်၊ ပျော်ပျော်နေတတ်၊ ရဲရင့်တတ်တဲ့ဓနုကို မေထုန်ကလေးစားမည်။

**၄။ ကရကဋ်ရာသီဖွားမှလက်တွဲသင့်ရာသီဖွားအခြေအနေ**

ပြိဿနှင့်ဖြစ်လျှင် အိမ်ချစ် + အစားကြိုက် + ငွေကြိုက်ပုံချင်းတူ၍ မိသားစုဘဝအဆင်ပြေမည်။

ကရကဋ်နှင့်ဖြစ်လျှင် ငွေစုတာဝါသနာပါပြီး အထီးကျန်ဘဝကိုကြောက်တတ်သူနှစ်ဦးက လက်ကိုခိုင်ခိုင်တွဲပြီး ပြည့်စုံဖို့ကြိုးစားနိုင်ကြမည်။

သိဟ်က ဦးဆောင်တာဝန်ယူပြီး ငွေကို ဘဝ၏ကြီးမြတ်သော အထောက်အပံ့ဟု ယူဆရှာဖွေတတ်သူနှင့် နောက်လိုက်ကောင်းတို့ အဆင်ပြေမည်။

တူ အေးအေးသာသာငြိမ်းချမ်းစွာငွေစုတတ်သူနှင့် စိုးရိမ်တကြီးငွေရှာတတ်သူဖြစ်လို့ အောင်မြင်သည့်အတွဲဖြစ်သည်။

ဗြိစ္ဆာ ဘဝချမ်းသာမှုအတွက် ငွေကိုအပြိုင်ရှာကြမည့်သူနှစ်ဦးဖြစ်သည်။ အကြိုက်တူ၊ စရိုက်တူ၊ သုခချမ်းသာရမည်။

မကာရ အေးချမ်းလုံခြုံမှုအတွက် အနုပညာစိတ်နှင့်ငွေရှာလိုသူတို့ မကာရဖွားကဖေးမကူညီမည်။

**၅။ သိဟ်ရာသီဖွားမှ လက်တွဲသင့်ရာသီဖွားအခြေအနေ**

မိဿနှင့်ဖြစ်လျှင် ခမ်းနားပြည့်စုံသည့်ဘဝရည်မှန်းချက်တူမည်။ လက်ရည်တူမည်။ မျှော်လင့်ချင်းတူမည်။ လေးစားချစ်ခင်စွဲမက်တွယ်တာကြမည်။

ပြိဿ သိဟ်၏ ထည်ဝါမှုကိုပြိဿကနားလည်ပေးနိုင်လျှင်ဖြောင့်မတ်စွာချစ်ခင်နိုင်ပြီး ပြိဿကို သိဟ်ကလက်တွဲခေါ်မည်။

မေထုန် တာဝန်ကြီးမားလေးနက်တာတွေမပြုချင်သော မေထုန်က သူ့ကိုယ်စားတာဝန်ယူမည့်သူမို့ နှစ်ဦးသားကျေနပ်မှုရမည်။

တူ၏လိမ္မာပါးနပ်မှုကို သိဟ်ကမြတ်နိုးသည်။ သိဟ်၏တက်ကြွမှု ခိုင်မာတဲ့စိတ်ဓာတ်ကို တူကလေးစားမည်။

ဓနု လွတ်လပ်မှု၊ နွေးထွေးမှု၊ ပျော်ရွှင်မှုနှစ်ဦးစလုံးလိုလားကြသည်။ စိတ်ဝင်စားမှု၊ စွန့်စားမှုလည်း အတွဲညီသည်။

**၆။ ကန်ရာသီဖွားမှ လက်တွဲသင့် ရာသီဖွားအခြေအနေ**

ပြိဿနှင့်ဖြစ်လျှင် နှစ်ဦးလုံးဆန္ဒသဘောထား ရည်ရွယ်ချက်တူမည်။ တက်ညီလက်ညီအတွဲဖြစ်သည်။

www.burmeseclassic.com

ကန် မှန်မှန်အေးအေးချောမွေ့သည့်ခရီးလမ်းကို စိတ်လှုပ်ရှားမှုမရှိဖြတ်သန်းကြမည့်အတွဲဖြစ်သည်။

ပြိဿာဦးဆောင်တာဝန်ယူချင်သူနှင့်အနောက်က အေးအေးဆေးဆေးနေချင်သူ အဆင်ပြေလိုက်ဖက်သည်။ ကန်၏နူးညံ့မှုကို ပြိဿာကနှစ်သက်မည်။

မကာရ ဘဝသာယာရေး၊ နူးညံ့စွာ စိတ်မှာမွေးပြီးရှာဖွေရန် သဘောထားချင်းတူသည်၊ ငွေကိုတန်ဖိုးထားမှုတူသည်။ စွမ်းမြဲနိုင်မာတဲ့ချစ်သူများ။

**၇။ တူရာသီဖွားမှ လက်တွဲသင့်ရာသီဖွား အခြေအနေ**

မိဿနှင့်ဖြစ်လျှင် ဉာဏ်ပညာကြီးပြီး လူမှုရေးကျွမ်းကျင်မှုကို မိဿက လေးစားသည်။ တူက မိဿ၏လွတ်လပ်စွာနေသော စရိုက်ကိုလေးစားသည်။

ပြိဿ စိတ်ထားသိမ်မွေ့သူနှစ်ဦး၏ ငြိမ်းအေးသည့်ဘဝဖြစ်မည်။

မေထုန် မေထုန်စိတ်အင်အားကို တူကဖြည့်ပေးနိုင်သည်။ တူ၏နွေးထွေးမှု မေထုန်ကဖေးမပေးသည်။

သိဟ် စိတ်ထားနိုင်မြဲသူ သိဟ်ကို ဆုံးဖြတ်ချက်ချရာမှ ခက်ခဲနေတဲ့ တူက လေးစားသည်။ သိဟ်က ကူညီသည်၊ အားပေးသည်။

ဓနုကိုယ်တိုင် လွတ်လပ်သောအတွေးရှိဖြောင့်မတ်သူ ညှိနှိုင်းတတ်သူဖြစ်လို့ တူအနေမကျပ်စေဘူး၊ အဆင်ပြေသည်။

ကုံ ပျော်ပျော်နေတတ်ပြီး ငွေကိုသိပ်အာရုံမထားကြဘဲ လက်တွေ့ဘဝငြိမ်းချမ်းတာကိုပဲ ရှေးရှုတတ်သူခြင်း စရိုက်တူသည်။

**၈။ ဗြိစ္ဆာရာသီဖွားမှ လက်တွဲသင့်ရာသီဖွား အခြေအနေ**

မိဿနှင့်ဖြစ်လျှင် မိသားစုအိမ်တွင်းတာဝန်ကျေမှု စံပြစုံတွဲဖြစ်သည်။ တစ်နေရာစီ ခေါင်းဆောင်နိုင်သည်။ မယှဉ်ပြိုင်က အဆောင်မြင် ဆုံးမတွဲ။

ပြိဿ၏စိတ်ရှည်မှုသည် ဗြိစ္ဆာ၏ အဖော်ကောင်း၊ သစ္စာရှိသည့်အတွဲ။

ကရကဋ် အိမ်တွင်းပျော်တူပြီး မိသားစုရှေ့တန်းဖင်သူချင်းအောင်မြင်သည့်အိမ်ထောင်ရေးဖြစ်သည်။

သိဟ်ပွင့်လင်းခမ်းနားချင်သည့်သူနှင့် လျှို့ဝှက်ခမ်းနားချင်သူနှစ်ဦးဘဝစာနာနားလည်ပေးလျှင်အောင်မြင်မည်။

ကန် တစ်ဦး၏တော်သည့်အချက်တစ်ဦးက လေးစားပြီး တစ်ဦးအရည်အချင်းကို တစ်ဦးလိုလားမည်။

မိန် စရိုက်တူ၊ မခံစားတတ်မှုတူသည်။ တစ်ဦးအတွေးကို တစ်ဦးလေးစားသည်။ ပူးပေါင်းအောင်မြင်သောစုံတွဲဖြစ်သည်။

**၉။ ဓနုရာသီဖွားမှ လက်တွဲသင့်ရာသီဖွား အခြေအနေ**

မိဿ ဖြောင့်မတ်ပြီး မလျှော့သောဇွဲရှိကြသည်။ ရည်ရွယ်ချက်တွေဖွင့်ပြောပြီးမှ လုပ်လျှင်အောင်မြင်သည့်အတွဲ။

ကရကဋ် သိမ်မွေ့ခြင်း၊ အေးဆေးခြင်း၊ စိုးရိမ်တတ်ခြင်းရှိသူနှင့် ဘာကိုမှဂရုမပြု စွန့်စားတတ်သူစရိုက်ကတော့ကွာခြားသည်။ အိမ်ထောင်ကို ဂရုစိုက်ကြတာတော့ တူကြသည်။

ကန် ခပ်ကြမ်းကြမ်းစရိုက်ကိုလိမ္မာပါးနပ်စွာ သိမ်သိမ်မွေ့မွေ့ကူညီပံ့ပိုးပေးသူစိတ်ကူးကောင်းသူဖြစ်အောင်ကြိုးစားပေးလျှင်အဆင်ပြေမည့်အတွဲ။

**၁၀။ မကာရရာသီဖွားနှင့် တွဲသင့်ရာသီဖွားအခြေအနေ**

မိဿနှင့်ဖြစ်လျှင် ချုပ်ချယ်သည့်မကာရကို လွတ်လပ်စွာတွေးခေါ်သည့် မိဿက လိမ္မာစွာ ဦးဆောင်လိမ့်မည်။ ရည်ရွယ်ချက်မြင့်မားပုံချင်းတူ၍ လက်တွဲနိုင်သည်။

ပြိဿ တစ်ဦး၏အရည်အချင်းကို တစ်ဦးက အကောင်းမြင်စိတ်နှင့် မျှော်လင့်ဆက်ဆံသည်။ အိမ်ချစ်သူချင်း၊ တွယ်တာမှုတူညီတာချင်းညီသည်။

ကရကဋ် အိမ်ကို တခမ်းတနားထားပြီး အိမ်တွင်းပျော်တတ်သူနှစ်ဦးဘဝက ဓလေ့စရိုက်၊ အကြိုက်သဘာဝတွေ တစ်ထပ်တည်းတူကြလိမ့်မည်။

အိမ်မွေ့နူးညံ့သည့်ကန်က စိတ်ထားပြေပြစ်သည့် မကာရအတွက် နှစ်သက်စရာဖြစ်လိမ့်မည်။ နှစ်ဦးသားလက်တွဲခိုင်မြဲရန် ကြိုးစားကြမည်။

ဗြိစ္ဆာ တစ်ဦးရှိမှတစ်ဦးပြည့်စုံမည်ဟု ယူဆကြသည်။ ဘဝအတွက် ပြည့်စုံအောင် အတူတူလက်တွဲကြမည်ဟု ယုံကြည်ကြသည်။

ဘဝလုံခြုံမှုအတွက် မိနကတာဝန်ယူ၊ မကာရက အတွင်းကိစ္စတွေကိုလှုပ်ရှားပြီး ရှေ့လူနောက်လူတာဝန်ယူကြမည်။

မကာရချင်းဖြစ်လျှင် စိတ်အင်အား၊ ရုပ်အင်အားချင်းတူသည်။ စရိုက်လည်းတူ၍ ဘဝကိုပျော်ရွှင်စွာဖြတ်သန်းရမည်။ ရည်ရွယ်ချက်ကြီးကြီးမားမားထားနိုင်ကြမည်။

ငွေကြေးဥစ္စာအရာကောင်းသော မကာရကို မိန်က စိတ်ကူးကောင်းပေးမည်။ တစ်ဦးကိုတစ်ဦး မြတ်နိုးတွယ်တာကြမည်။

**၁၁။ ကုံရာသီဖွားနှင့်တွဲသင့်သော ရာသီဖွားအခြေအနေ**

မိဿ လွတ်လပ်တွေးတောမှုတူ၍ နှစ်ဦးသား နားလည်ပေးမည်။

တူ ထက်မြက်တဲ့ကုံဖွားကို မပြတ်သားတဲ့တူက လေးစားမည်။

**၁၂။ မိန်ရာသီဖွားမှ တွဲသင့်သောရာသီဖွားအခြေအနေ**

ပြိဿ - အေးဆေးတဲ့မိန် ဖြစ်ချင်တာလုပ်ပေးလို့ အဆင်ပြေသည်။

ရှေးဆန်စည်းကမ်းကျတဲ့ ကန်နှင့် စိတ်ကူးနှင့်ပျော်သောမိန် ဆွဲဆောင်မှုရှိသည်။

တူ-အဆင်ပြေသလိုနေပေးတတ်သည့်အတွဲဖြစ်သည်။

လက်တွေ့ကျသည့်ဗြိစ္ဆာကို မိန်ရဲ့စိတ်ကူးကြောင့် ဘက်စုံပြည့်စုံမည်။

အေးချမ်းလိုသည့်မကာရနဲ့ လုံခြုံလိုတဲ့မိန် အပြန်အလှန်ဖြည့်ပေးကြမည်။

ကျွန်ုပ်ရှင်းပြမှုများကို မေဇူတို့ တစ်တွေ မှတ်သားနာယူဆန်းစစ်ကြည့်ပြီး ကျေနပ်ပျော်ရွှင်စွာ ပြန်သွားကြလေသတည်း။


ထင်ကျော်စွာ (ဂမ္ဘီရဗေဒ)





www.burmeseclassic.com

www.burmeseclassic.com


နှလုံးရောဂါ ကင်းဝေးအောင်

မုံရွာဆရာမိုး

အမှတ်တံဆိပ်

အမောလုံ

နှလုံးအားဆေးကိုဆောင်

မှတ်ပုံတင် - ဝ၁၁၄y ၁၁ဝ၇၃၆  လိုင်စင် ၇၊ ၂ဝ၁၁၊ တအဆလတိုး (၁၃၁၂)

နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ ရင်ညွန့်၌စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်၍အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန် မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ် လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ သွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းမူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော် စားမဝင် စိတ်မကြည်လင်ခြင်း၊ အားအင်ကုန်ခမ်း စိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

ပင်ရင်း - ဈ - ၃၅၆၊ မေတ္တာဝီလပ်းမကြီး၊ ဈ - ရပ်ကွက်၊ ရတနာသီဂီဈေးအနီး၊ မ / ဥက္ကလာပ

ဖုန်း - ဝ၁ - ၄၆၉ဝ၅ဂ၇၊ ဝ၁ - ၆၉၁ဝ၇၉၊ ဝ၁ - ၆၉၁၅၉၁





ကြယ်ဖြူမင်း

အမှတ်တံဆိပ်

ဆီးချို၊ သွေးချိုသောက်ဆေး

ဆီးရှိုသွေးရှိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးခအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ သွေးထွက်များ၍ ကိုယ်ခန္ဓာအားအင် ကုန်ခမ်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ရှင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာရှင်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။

အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပင်ရင်း ကြယ်ဖြူမင်း ဆေးတိုက်

အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် အောင်မြေလမ်းထောင့် (၁၆)ရပ်ကွက်၊ မြောက်ဒဂုံ။

☎ ဝ၉-၇၃ဝဝ၄ဝ၄၄ 📱ဝ၉-၅ဝဝဝ၄၃၆၊ ဝ၉-၅ဝ၁၉ဝ၇၂၊ ဝ၉-၅ဝ၉ဝ၇၈၅



မှတ်ပုံတင် - TMR ၀၁၁၂၉၄(ဝ၆ဝ၅)
လိုင်စင် ၂/၂ဝ၁၃၊ တအဆထလ၊ (၂၃၈၅)

ဖြန့်ချိရေး

(မြို့သစ်မြို့ - ဒေးနန်းတော်ကြီးဆေးဆိုင်)၊ (တောင်ဥက္ကလာ - ရွှေမိုးလင်းဆေးဆိုင်)
(ပုသိမ်မြို့ - မြို့မသွင်ဆေးဆိုင်)၊ (မဲဇာမြို့ - တသီးတုန်ထူးသန့်ဆေးဆိုင်၊ တသီးတုန်သသင်ဆေးဆိုင်)


www.burmeseclassic.com


www.burmeseclassic.com

မင်းရှိန်အောင်

## ပြည်မြန်မာ၏ ၂၀၁၇ ခုနှစ်၊ မိဿရာသီပြောင်း

# မန္ဒိန်းဇာတာဟောကိန်း

## (၁၄-၄-၂၀၁၇) နေ့မှ (၁၃-၅-၂၀၁၇) နေ့အထိကာလ




သာယနစနစ်ကြိုစက္ကဇာတာခွင်

၁၄-၄-၂၀၁၇နေ့မှ ၁၃-၅- ၂၀၁၇ နေ့ထိကာလ ၁၄-၄-၂၀၁၇ နေ့နံနက် (၄း၅၆း၂၉) နာရီအချိန်တွင် တနင်္ဂနွေဂြိုဟ်သည် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းဝင်ရောက်ချိန်၌ ဥဒယလဂ်သည် မိဿရာသီ (၅) ဒီဂရီ (၃၂)မိနစ်တွင် ထွက်ပေါ်သည်။ ၎င်းကို အေဒီ ၂၀၁၇ ခုနှစ် မိဿရာသီစူဠသင်္ကြန်ဇာတာဟု ခေါ်ဆိုနိုင်သလို ကောဇာ ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ဇာတာဟုလည်း ခေါ်ဆိုနိုင်ပါသည်။

ဤဇာတာခွင်၏ ထူးခြားချက်မှာ (၁) ဒီဂရီအတွင်း ပူးထပ်နေကြသော တနင်္ဂနွေဂြိုဟ်နှင့် ယူရေးနပ်စ်ဂြိုဟ်တို့က ကြာသပတေးဂြိုဟ်ကို (၁၈၀)ဒီဂရီအတွင်း မြင်လျက် ကြာသပတေးဂြိုဟ်က ပလူတိုဂြိုဟ်ကို (၉၀) ဒီဂရီအတွင်း မြင်ကာ ၎င်းပလူတိုဂြိုဟ်က တနင်္ဂဂြိုဟ်နှင့်ယူရေးနပ်စ်ဂြိုဟ်ကို (၉၀) ဒီဂရီဖြင့် မြင်ထားကြသည်။ ထို့ပြင် စနေဂြိုဟ်က တနင်္ဂနွေဂြိုဟ်နှင့် ယူရေနပ်ဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်ဖြင့် မြင်ထားသည့်နောက် ဗုဒ္ဓဟူးဂြိုဟ်၏ (၁၂၀) ဒီဂရီအမြင်ကို ခံယူထားသောရာဟုဂြိုဟ်က အင်္ဂါဂြိုဟ်၏ (၁၈၀) အမြင်ကိုခံယူထားသောတနင်္လာဂြိုဟ်ကို (၁၂၀)အမြင်မြင်ထား၏။ ပြီးထိုသောကြာဂြိုဟ်ကို စနေဂြိုဟ်က (၉၀) ဒီဂရီဖြင့် မြင်ထားပြန်သည်။

ယင်းတို့ကိုခြုံငုံ၍ အနှစ်ချုပ်ကောက်ချက်ချရသော် တိုင်းရင်းသားရေးရာကိစ္စ၊ နယ်စပ်နှင့်လုံခြုံရေးရာကိစ္စ၊ နယ်စပ်ဖြတ်ကျော်ရွှေ့ပြောင်းနေထိုင်သူများကိစ္စ၊ ဘာသာရေးကိစ္စ၊ အမျိုးသားရေးကိစ္စတို့နှင့် နှီးနွှယ်လျက် ဝိရောဓိဖြစ်မှု၊ ပဋိပက္ခဖြစ်မှု၊ သမာမကျမှု၊ အညမည မဖြစ်မှုတို့ကြောင့် တက်ကြွလှုပ်ရှားသူတို့၏ တင်းမာသောတောင်းဆိုမှု၊ နိုင်ငံတကာ၏ ခက်ထန်သော ဖိအားပေးမှု၊ အစိုးရအဖွဲ့၏သာမန်မဟုတ်သောတုံ့ပြန်သက်ရောက်မှုများကြောင့် တိုင်းရေးပြည်ရေးသည် ပုံမှန်မဟုတ်သောလှုပ်ကြွရိုက်ခတ်မှုများ အရှိန်အဟုန်မြင့်တက်လာမည်။ နိုင်ငံရေးဆိုင်ရာ၊ [illegible]များရေးဆိုင်ရာတို့၌ ပုဂ္ဂိုလ်ရေးထိုးနှက်[illegible]တ်တိုက်မှုများ ပိုမိုပြင်းထန်လာမည်။ အလုပ်သမား၊ လယ်သမားများ ပါဝင်သော အခြေခံလူတန်းစားတို့၏ စားဝတ်နေရေး၊ လူမှုရေးဆိုင်ရာတောင်းဆိုမှုများ ပိုမိုထကြွခေါင်းထောင်လာမည်။တိုင်ရင်းသားဒေသဆိုင်ရာများ၏။ ဖွံ့ဖြိုးတိုးတက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခပြေငြိမ်းမှုများ ရှင်းလေရှုပ်လေ ဂျာအေးကိုသူ့အမေရိုက်ကဗျာလိုဖြစ်နေလိမ့်မည်။ အမျိုးသားရေး၊ ဘာသာရေး ဥပဒေပြုရေးနှင့် ဆက်နွှယ်လာလျှင် ပိုမိုဖြစ်ကြောရှည်တတ်မည်။

ငွေကြေးစီမံခန့်ခွဲရေးဆိုင်ရာ၊ ငွေကြေးဈေးကွက်နှင့် စတော့ရှယ်ယာဈေးကွက်ဆိုင်ရာတို့၌ အကျယ်ကျယ်မငြိမ်ဖွယ်ရာများဖြစ်ပေါ်တတ်မည်။ဘတ်ဂျက်နှင့်ဘဏ္ဍာရေးဆိုင်ရာတို့၌ ငြင်းစရာများဖြစ်ပေါ်တတ်မည်။ ၎င်းနှင့်ဆက်နွှယ်နေသောအမှုအခင်းများဖြစ်ပေါ်တတ်မည်။ကုန်းကြောင်း၊လေကြောင်းသယ်ယူပို့ဆောင်ရေး၌မတော်တဆထိခိုက်မှုများရှိနေဦးမည်။ အမျိုးသမီး၊ ကလေးသူငယ်နှင့် ပတ်သက်နေသော အမှုအခင်းများကလည်း ဆက်လက်ဖြစ်ပွားနေဦးမည်။

ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အမျိုးသားရေးတို့ယှက်နွှယ်နေသော ပရဟိတအဖွဲ့၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများကြောင့် ကောင်းသောအချိုးကျေးဇူးများ ဖြစ်ထွန်းလာသလိုဘေးထွက်ဆိုးကျိုးများကိုလည်း ဆပွားရရှိလာရလိမ့်မည်။ အထူးသဖြင့် အစိုးရအဖွဲ့နှင့် တိုင်းရေးပြည်ရေးကိစ္စတို့တွင် စိတ်ပျက်စရာကောင်းသောသက်ရောက်မှုများကို တွေ့ရှိလာရလိမ့်မည်။ နိုင်ငံတကာနှင့်ပတ်သက်လျှင် ပိုဆိုးတတ်မည်။ ရာသီဥတု၏ပူပြင်းမှု၊ လေပြင်း၏ခြိမ်းခြောက်မှု၊ ရေ၏ဒုက္ခပေးမှုကို ကြုံရတတ်မည်။

မင်းရှိန်အောင်

www.burmeseclassic.com



# (မဃိုးဃိုး) အောင်မြင့်ထွန်း

## ဝိဇ္ဇာတို့ဌာနီ အလုံပြည် ဂန္ဓာရီတောစခန်းရောက် အင်္ဂလန်နိုင်ငံသား

facebookသည် ကျွန်ုပ်တို့အတွက် အကျိုးရှိသောအရာတစ်ခု ဖြစ်သည်။

facebook မှ ကျွန်ုပ်အတွက် မှတ်သားဖွယ်ရာဗဟုသုတဟင်းလေးအိုးကြီးသဖွယ် အတွေးအမြင်သစ်များကို ဖန်တီးပေးစွမ်းလေ၏။မြန်မာနိုင်ငံအဝန်းမှ ဗဟုသုတမျိုးစုံရရှိပါသည်။ ပြည်တွင်း၊ ပြည်ပသတင်းဦးများလည်း ကောင်းစွာဖတ်ရှုသိရှိခွင့်ရခဲ့ပါသည်။ ရံခါ ဟာသစာမူ ကာတွန်းလေးများ၏ အတို့အထိကျီစယ်ပုံလေးများက ဘဝအမောကိုပြေစေခဲ့ပါ၏။

ကျွန်ုပ်သည် facebook ကို နေ့စဉ်ကြည့် ရှုဖြစ်ပါသည်။

ကျွန်ုပ်၏အိမ်အနီးရေတွင်းနံဘေးရှိ သနပ်ခါးပင်ယံထက်မှာ စာဝတီးတို့တေးဆိုညည်းနေကြကုန်၏။ ပွင့်လင်းသာယာသည့် မင်္ဂလာနံနက်ခင်း ဖြစ်ပါသည်။ ထိုစဉ် facebook မှ မြန်မာနိုင်ငံဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဝိဇ္ဇာဌာနီ အလုံပြည်ဂန္ဓာရီတောစခန်းသို့ ကျွန်ုပ်အား အလည်အပတ် ခေါ်ဆောင်သွားပါတော့သည်။ ကြည်နူးဖွယ်၊ ကြည်ညိုဖွယ်၊ ရင်သပ်ရှုမောဖွယ်တို့ဖြင့် တောရပ်မြိုင်စွန်းမှ လှပသာယာပုံအဖုံဖုံတို့ကို ခံစားရရှိလေ၏။

ထိုဂန္ဓာရီတောစခန်းနှင့်ပတ်သက်၍ မှတ်တမ်းတင်သူမှာ အမိန့်တော်ရ(မှတ်တမ်းတင်)(ဗုဒ္ဓဝင်)အောင်ထွန်းအေးရန်ကုန်မြို့ ဖြစ်လေ၏။

မူရင်းကျမ်းရေးသားသူကား အလုံဒီပါရုံ ဝိဇ္ဇာဆရာတော်ကြီး၏ လမ်းညွှန်ချက်အရ မဟာအဓိဋ္ဌာန်ဗုဒ္ဓဝင် (ပါဠိ+နိဿယ) ကျမ်းစာကို (၂၁) ရက်ဖြင့် အပြီးတည်ဆောက်တော်မူခဲ့သော အရှင်မဟာဝေရဝိဇယမထေရ်ကျော် ဖြစ်ပါသည်။ အရှင်မဟာဝေရဝိဇယမထေရ်ကျော်သည် ဤကျမ်းပြုတော်မူစဉ်က အရွယ်တော် သက်တော် (၄၀)၊ သိက္ခာတော် (၂၁) ဝါသာရှိသေး၏။

မူရင်းကျမ်းပြုစုသူ၊ မှတ်တမ်းတင်သူ၊ facebookတင်ပေးသူတို့၏ ကျေးဇူးကား ကြီးမားလှပါပေ၏။ ထို့ပြင် ကြီးမားသော ဗဟုသုတကို ပေးစွမ်းနိုင်ကြကုန်၏။ သိသင့်သိထိုက်သည့်လျှို့ဝှက်တိမ်မြုပ်နေသောအရာကို အများသိရှိခွင့်ရလိုက်ပါတော့သည်။ ကျေးဇူးများသည်ဟုဆိုပါရစေလား။

မြင်အပ်၊ မမြင်အပ်အရာဟု ဆိုရလေမလား။

အနောက်ဘက်ရိုးမတောင်တန်းကြီးသို့ လှမ်းမျှော်ကြည့်လိုက်လျှင် ယင်းရိုးမတောင်တန်းပေါ်တွင် တောင်ပေါ်မြို့တစ်မြို့၏ပုံစံအတိုင်း အမိုးအရောင်ပြောင်ပြောင်လက်လက်တို့ကို မြင်တွေ့နေရသည်က အမှန်ဧကန်ဖြစ်ပါသည်။ အကယ်တန္တု ထိုနေရာဆီသို့ တကယ်သွားရောက်ပါက မရောက်ရှိနိုင်သောဌာန (သို့မဟုတ်) မမြင်အပ်သောအရာတစ်ခုသာလျှင် ဖြစ်နေပါ၏။

လျှို့ဝှက် ဆန်းကြယ်ဆန်လှသည့် ဂန္ဓာရီတောစခန်းအကြောင်းအရာနှင့်ပတ်သက်၍ ကျွန်ုပ်သည် ဆရာကြီးဦးမြင့်သန်းနှင့် ဤသို့ တိုင်ပင်ဆွေးနွေးဖြစ်လေ၏။

"မင်္ဂလာပါ ဆရာကြီး၊ ပုသိမ်ခရိုင် ငပုတောနယ်ထဲမှာ မနုဿတန်ခိုးရှင်တွေ ဂန္ဓာရီပုဂ္ဂိုလ်ထူးတွေထာဝရနေထိုင်ကြတယ်လို့သိရပါတယ်။ ဆရာကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးခွင့်ပြုပါ"

"ကောင်းပါပြီ၊ အင်း - ရှိကြောင်းတော့ကြားသိခဲ့ရဖူးတယ်။ ရောက်တော့မရောက်ဖူးဘူးဗျ။ လျှို့ဝှက်နက်နဲတဲ့အရာတစ်ခုပေါ့ဗျာ။ လူကြီးသူမတွေကတစ်ဆင့် ကြားဖူးနေပါတယ်။ ဒီလိုကိစ္စအဆန်းတွေသိခဲ့ပုံကိုလည်းလင်းစမ်းပါဦးလေ"

"ကျွန်တော် facebook ထဲမှာတွေ့ခဲ့ရလို့ဆရာကြီးရဲ့။ အဲဒီဂန္ဓာရီတောစခန်း ဖြစ်ရပ်ဆန်းကြယ် တွေ့ကြုံခဲ့သူကတော့ ခရစ်ယာန်ဘာသာဝင် အင်္ဂလန်နိုင်ငံသား အင်္ဂလိပ်လူမျိုးပါ။ ၁၉၁၀ပြည့်



www.burmeseclassic.com

www.burmeseclassic.com

နှစ်တုန်းက တွေ့ကြုံခဲ့တဲ့ဖြစ်ရပ်ဆန်းပဲ။ သူကတပည့်တပန်းတွေနဲ့နယ်လှည့်သွားလာရင်း ငပုတောမော်တင်ဈိုမအရောက်မှာ အဲဒီအင်္ဂလိပ်ကြီးပျောက်သွားသတဲ့။ သူ့တပည့်တွေကစိတ်ပူပြီး (၂) နာရီကြာကြာလောက် လိုက်ရှာဖွေခဲ့ကြပေမယ့် ရှာမတွေ့ခဲ့ကြဘူး။

သူတို့လည်း မောမောနဲ့ လူစုပြီး နားနေကြတုန်း ဖြုန်းဆို လူအုပ်ကြားထဲမှာ ပျောက်နေသူ အင်္ဂလိပ်ကြီးပြန်ပေါ်လာပါလေရော။ တပည့်အားလုံး ဝမ်းလည်းသာ အံ့လည်းအံ့သြနေကြတာပေါ့လေ။ သူပြန်ပြောပြတာက ဂူကြီးတစ်ခုထဲမှာ ရွှေဆင်းတုကိုယ်တော်ကြီးတစ်ဆူတွေ့တော့ ကြည်ညိုစိတ်တွေဖြစ်လာသတဲ့။ ရွှေဆင်းတုကို ကိုင်ကြည့်တော့လည်း ဝါဂွမ်းစိုင်ကိုင်ရသလိုအိနေတယ်တဲ့။ အဲဒီဒေသဝန်းကျင်ကိုလည်း ပတ်ကြည့်ရှုခဲ့ရသေးတယ်။ အခု ဒီကို ပြန်ရောက်တော့လည်း သူ့စိတ်ထဲမှာ ဘုရားဆီကိုပဲရောက်နေသတဲ့"

"သဒ္ဓါယုံကြည်စိတ်လေးနက်သွားတာပေါ့"

"ဟုတ်တယ် ဆရာကြီး၊ နောက်ပိုင်း ဗုဒ္ဓဘာသာဝင်အဖြစ်ကူးပြောင်းလိုက်တဲ့အထိ ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်သွားတော့တာ ဆရာကြီးရေ ထူးတော့ ထူးသားဗျ။ အံ့ဖွယ်ဖြစ်သွားရတာပေါ့နော်။ ဩော် - ဒါနဲ့ပြောရဦးမယ်။ ဒီအကြောင်းတွေရေးတာ အရှင်မဟာဝေရဝိဇလမထေရ်ဆရာကြီးရဲ့"

"ဟုတ်လား၊ ဒါဆိုရင် ကျုပ်ကိုးကွယ်တဲ့ မြောင်းမြခါတော်မီကျောင်းတိုက်ဆရာတော်ကြီးဦးဝိသုဒ္ဓ ကျုပ်ကိုမိန့်ခဲ့ဖူးတဲ့ အရှင်မဟာဝေရဝိဇယမထေရ်မြတ်ကြီးပဲ။ ဦးဝိသုဒ္ဓမိန့်ခဲ့ဖူးတယ်လေ၊ အဲဒီ မထေရ်ကြီးဟာ ပြဒါးဝိဇ္ဇာထွက်ရပ်ပေါက်ဆရာတော်ကြီးတစ်ပါးတဲ့။ ပြဒါးရှင်လုံးပိုင်တဲ့ဆရာတော်ကြီးပဲ၊ အဲဒီ မထေရ်ကြီးပဲ။

အင်း - ပြောရင်းနဲ့သတိရလာပြီ။ မြန်မာနိုင်ငံရဲ့ဝိသေသတစ်ခုပေါ့။ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်တဲ့ဂန္ဓာရီဝိဇ္ဇာမိုရ်သူတော်စင်တွေတည်ရှိတဲ့ ဌာနေဟာ မြန်မာနိုင်ငံတစ်ခုတည်းပဲရှိတယ်။ ယင်းတို့သီတင်းသုံးတဲ့နေရာဟာလည်း မြန်မာနိုင်ငံထဲမှာ တစ်နေရာတည်းပဲ ရှိတယ်ဆိုတာကိုပဲ"

"ဟာ - ထူးခြားပါပေ့ ဆရာကြီးရယ်။ ဟုတ်ကဲ့ ဆရာကြီး၊ ဂန္ဓာရီတောစခန်းအကြောင်းရေးသားဖြစ်ခဲ့ပုံက အလုံ



ဒီပါရုံဝိဇ္ဇာမိုရ်ဆရာတော်ကြီးရဲ့ လမ်းညွှန်မှုအရရေးသားခဲ့တယ်လို့ အဆိုရှိပါတယ် ဆရာကြီးခင်ဗျာ"

"ဩော်ဩော် - ဒါကြောင့်လည်း မထေရ်ကြီးဟာ လူသူအရောက်အပေါက်နည်းတဲ့ တောင်တန်းတွေအပေါ်က တောရပ်စခန်းတွင်း လျှို့ဝှက်နက်နဲတဲ့ အကြောင်းကို သက်သေခိုင်ခိုင်လုံလုံနဲ့ ရေးသားနိုင်ခဲ့တာပေါ့။ မူရင်းကျမ်းရေးသူက ထွက်ရပ်ပေါက်ကိုယ်တော်ကြီးဆိုတော့ သူ့ကို ယုံယုံကြည်ကြည်နဲ့ ဝိဇ္ဇာမိုရ်ဆရာတော်ကြီးက လမ်းညွှန်တော်မူခဲ့တာပေါ့။ သာသနာတော်အတွက်အားရစရာကြီးရတာဝမ်းသာတယ်။ ခင်ဗျားနဲ့တွေ့ရတာ မင်္ဂလာပါပဲ။ ဒီလိုဆိုရင် ခင်ဗျားက အဲဒီPostကို Comမှာ ကျေးဇူးတင်ပါသည်လို့ရေးရလိမ့်မယ်ဗျို့"

"ဟုတ်ကဲ့ပါဆရာကြီး။ ကျွန်တော်က လိုက်လိုက်လဲ့လဲ့ကို ကျေးဇူးတင်နေတာပါခင်ဗျာ"

"အေးဗျာ အဲဒီ Postကို Likeလုပ်၊ ခင်ဗျားရဲ့ Friend (သူငယ်ချင်းမိတ်ဆွေကြီး) သိရလေအောင် Share ပေးလိုက်ရင် သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် အထောက်အကူဖြစ်ပြီပေါ့။ ဒါလည်း သာသနာပြုတာတစ်မျိုးပေါ့ဟလား"

"ဆရာကြီးကတော့ ကျွန်တော့်ကို ကုသိုလ်ရအောင်လုပ်ပေးလိုက်ပြန်ပြီ။ ကျေးဇူးပါ ဆရာကြီး ကျွန်တော်ကောင်းကောင်း Share ပေးလိုက်တော့မယ်ဗျာ"

"ကောင်းပါပြီ၊ ကောင်းပါပြီ"

ကျွန်ုပ်သည် ယခု Post ကို



နှစ်သက်အားရမိပါ၏။ ကျွန်ုပ်သည် like လုပ်ပြီးသည်နှင့် Comမှာ ကျေးဇူးတင်လိုက်ပါသည်။ သာသနာတော်အကျိုးပြုလုပ်ငန်းကြီးတစ်ခုဖြစ်သည့် လျှို့ဝှက်နက်နဲသော ဝိဇ္ဇာတို့ဌာနီ အလုံပြည် ဂန္ဓာရီတောစခန်းရောက် အင်္ဂလန်နိုင်ငံသားအကြောင်းကို အများသိစေရန် (စာလုံးပေါင်းကို မူရင်းကျမ်းပါအတိုင်း) မျှဝေခံစားလိုက်ရပါသည်။

**□ မြန်မာနိုင်ငံ ဝိဇ္ဇာဌာနီ အလုံပြည် မော်တင်ရိုးမ**

□ ပညာစက္ကော မဟာထေရ်ရော၊ သေတိရဇသ ကာလိကော ကုသိမေသော ဒီပါရာမေ၊ ဝါသံ ကပ္ပေသိ ပဗ္ဗတေ။

**ပညာစက္ကေ မဟာထေရော** - လောကဓမ္မနှစ်ဝဉာန်ရှောင် ထွန်းပြောင်နေလပမာပြသို့ ပါမောက္ခတစ်ဆူ သရဖူတင်အပ် ဝိဇ္ဇာမိုရ်အသျှင်ပညာစက္ကမထေရ်သူမြတ်သည်၊ **သေတိရာဇသ ကာလိကော** - ကုန်းဘောင်ရာဇကနက်ထူသည့် မြေဒူးခေါ်တွင် သာသနာပြုဘုရင် ဆင်ဖြူမင်းလက်ထက်တွင်းဝယ် မီးရှူးသန့်စင်ဖွားမြင်ထွက်ပေါ်ကျော်စောတော်မူပါပေ၏။

**သောဝိဇ္ဇာဓရော** - မဟာထေရ်ရော ထိုလောက၊ ဓမ္မ နှစ်ဝဉာန်ရှောင် ထွန်းပြောင်နေလပမာပြသို့ ပါမောက္ခတစ်ဆူ သရဖူတင်အပ် ဝိဇ္ဇာမိုရ်အသျှင်ပညာစက္ကမထေရ်သူမြတ်သည်၊ **ကုသိမေဒီပါရာမေပဗ္ဗတေ** - ရေဝတီတိုင်းပုံ့လှိုင်းထင်ပေါ် ဂန္ဓမြို့တော်အလုံ

www.burmeseclassic.com

www.burmeseclassic.com

(အတွင်း) ဒီပါရုံခေါ် မြတ်တောင်တော်၌။ ဝါသံ - ယာဖထလေးလီမှုညီ ရှင်သန်း စံမြန်းယခုနေထိုင်သီတင်းသုံးမှုကို ကမ္ဘာသိ - နိုင်ငံနှင့်သာသနာ့နှစ်ပြာအန္တရာယ်ကာကွယ်စောင့်ရှောက်မှု တာဝန်တော်ကို သတိပြုကာ ကောင်းစွာ မေသွန်တော်မူလေပြီ။

□ မှတ်ရာအထူး

ထိုအရှင်သူမြတ်ကြီး၏အချိန်အားလျော်စွာ လမ်းညွှန်မှုအမိန့်တော်ဖြင့်ပါဖြင့် အဇ္ကျန်ုပ် (အသျှင်မဟာဝေရိစေ) သည်ကား မဲထောက်မညာရှိပြုတ်သားစွာ သာသနာဖျက်၊ နိုင်ငံဖျက် စသောအဖျက်ပေါင်းမျိုးစုံတို့၏ မုန်းတီးခြင်းကို အမြဲခံယူရကာ မိမိမှခန္တီမေတ္တာသစ္စာအဓိဋ္ဌာန်အဖြာဖြာတို့ဖြင့် -

က။ အရေးပေါ် သာသနာ့အညစ်အကြေးကင်းစင်ရေးအတွက်လည်းကောင်း

ခ။ တိုင်းသူပြည်သူ ခပ်သိမ်းသူတို့၏ အန္တရာယ်ကင်းဝေးစေရေးအတွက်လည်းကောင်း၊

ယင်း လောက၊ ဓမ္မနှစ်ရပ်သော အရေးအခင်းများ ပေါ်ပေါက်လာတိုင်း အသိုင်းအဝိုင်းအကူအညီလုံးဝမပါဘဲ မေတ္တာသစ္စာနည်းဖြင့် (ဗုဒ္ဓဝင်ကျင့်စဉ်ယောဂီ သူတော်စင်နတ်ဝိဇ္ဇာအရှင်တို့နှင့်တကွ) ယင်းနှစ်ရပ်အန္တရာယ်ကျရောက်ဖွယ်မရှိအောင် (၁၃၃၉) ခုနှစ်မှ ဤနှစ် (၁၃၆၂) ခုနှစ် (ခရစ်နှစ် ၂၀၀၀) အထိ အကြိမ် (၄၉) ကြိမ်တာယတင်စောင့်ရှောက်ခဲ့၏။

□ သူတို့အသိသက်သေ

ထိုလောကဓမ္မသာသနာ့အန္တရာယ်အသွယ်သွယ်များကို (သစ္စာအဓိဋ္ဌာန်ဖြင့်)တစ်ကိုယ်ရည်ဆောင်ရွက်ခဲ့သည်မှာ သာသနာစောင့် နတ်ဝိဇ္ဇာတို့အသိပင်ဖြစ်ဘိသကဲ့သို့ အဇ္ကျန်ုပ်တို့၏ ဗုဒ္ဓဝင်သာသနာပြုစာရင်းဝင် ကြည့်တတ်မြင်တတ်သူပညာရှိတို့လည်း သိရှိကြပြီး ဖြစ်ပါသည်။

## အလွန်ထူးဆန်း မြန်မာနိုင်ငံဂန္ဓာရီ(အလုံ)ဝိဇ္ဇာမိုရ်ရဲ့ တောစခန်း

မြန်မာနိုင်ငံအောက်ပိုင်း ဧရာဝတီတိုင်းအတွင်း ပုသိမ်ခရိုင်တောင်ပိုင်း ငပုတောမြို့နယ် ဗုဒ္ဓဘာသာဝင် ဂန္ဓာရီဝိဇ္ဇာမိုရ် သူတော်စင် ရသေ့ရဟန်းတို့ နေထိုင်သီတင်းသုံးရာဖြစ်သည့်ဝိဇ္ဇာဌာနီ (အလုံပြည်) ခေါ်သော မော်ထင်ရိုးမ တောတွင်းစခန်းသည်ကား လောကထမ်းကြောင်းနှင့် ဓမ္မလမ်းကြောင်းတော်ကောင်းကြကုန်သော ရဟန်းရှင်လူ (ဓမ္မသဘောတ)တို့အတွက် (ဝါ) မြန်မာ့သမိုင်းနှင့် မြန်မာ့ယဉ်ကျေးမှုလွှမ်းခြောင်မှုအတွက် အံ့ဩဖွယ်ဖြစ်သောထူးဆန်းသည့် ဂန္ဓာရီပုဂ္ဂိုလ်ထူးများ ထာဝရနေထိုင်ရာဌာနချုပ်တစ်ခု ဖြစ်ပါသည်။

(ဓဇ္ဈတ္တမနုဿနတ္ထိလောကီယ လောကုတ္တရာပရိတ္တဓနာန) ဟူသော အဆိုအမိန့်နှင့်ညီညွတ်သည့် အထက်တန်း ရဟန်းရှင်လူပညာရှိတို့အတွက် ယုံကြည်ချက်တစ်ခုပင် ဖြစ်ပေသည်။

တစ်မျိုးအားဖြင့်လည်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဂန္ဓာရီရသေ့ရဟန်းများ သီတင်းသုံးရာဒေသမှာကား ဤတောတောင်ဌာနတစ်ခုတည်းပင် ဖြစ်သည်။ လောကီဂန္ဓာရီဝိဇ္ဇာမိုရ်လောကတွင် သစ္စာဒိဋ္ဌိဂန္ဓာရီဝိဇ္ဇာမိုရ်တို့နှင့် မိစ္ဆာဒိဋ္ဌိ ဂန္ဓာရီဝိဇ္ဇာမိုရ်ဟူ၍ နှစ်မျိုးရှိသည်ဖြစ်ရာ ဖော်ပြခဲ့သောဌာနသည် မိစ္ဆာဒိဋ္ဌိဂန္ဓာရီဝိဇ္ဇာမိုရ်တို့နှင့် သက်ဆိုင်သောဌာန မဟုတ်သည်ကို သတိပြုရာ၏။

သစ္စာဒိဋ္ဌိအယူရှိသော သာသနာတော်သန့်ရှင်းမှုကို အထူးလိုလားသည့် ဂန္ဓာရီဗုဒ္ဓဘာသာဝိဇ္ဇာမိုရ်သူတော်စင်တို့သည် သာသနာပြုပုဂ္ဂိုလ်များ ဖြစ်ကြသော်လည်း မိစ္ဆာဒိဋ္ဌိဂန္ဓာရီဝိဇ္ဇာမိုရ်များကား ဒုဿီလများဖြစ်ကြ၍ သာသနာဖျက်ဝိဇ္ဇာမိုရ်များဖြစ်ကြသောကြောင့် ဗုဒ္ဓသာသနာဖျက်သူသာဖြစ်ကြောင်း ထင်ရှားစွာ ရေးသားဖော်ပြမည်ကို ရှေ့တွင် ဖတ်ရှုကြရပါမည်။)

**မှတ်ချက်အထူး**

သမ္မာဒိဋ္ဌိဝိဇ္ဇာမိုရ်တို့သည် သာသနာတော်ကို အမြဲစောင့်ရှောက်ကြည့်ညိုကြမြဲဖြစ်၏။ ထို့ကြောင့် သမ္မာဒိဋ္ဌိဝိဇ္ဇာမိုရ်များသာလျှင် သာသနာတွင်းသား (ထေရဝါဒဝိဇ္ဇာမိုရ်များ) ဟုခေါ် ဆိုနိုင်ပါသည်။ ယနေ့ (ထေရဝါဒ) ဟူသော စကားကိုတွင်တွင်ကြီး သုံးစွဲနေချိန်တွင် ထေရဝါဒ၏အဓိပ္ပာယ်ကိုကွဲပြားစွာသိသူ ရဟန်းရှင်လူရှားပါးလှ၏။ သီလစသော ဝိနည်းနှင့် ညီညွတ်သည့် (အရှင်မဟာကဿပ) စသော အစဉ်အဆက်မထေရ်များ၏ (ဝိနယဝါဒီ) အရှင်များကိုသာ ထေရဝါဒသံဃာဟု ခေါ်ဆိုနိုင်ကြောင်း ထိုမထေရ်များဟောကြားဆုံးမအပ်သော ပိဋကတ်သုံးပုံလာစကားဟူသမျှ (ထေရဝါဒ)ပင် ဖြစ်သည်ကို သတိပြုပါ။

ဗရားဟောသီလဂုဏ်သမာဓိဂုဏ် ပညာကင်းမဲ့သူ ရဟန်းရှင်လူတို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်ဟု အဆိုပြုကြပါသော်လည်း သီလဂုဏ်စသည့်အောက်ခြေလွတ်ဗုဒ္ဓဘာသာရဟန်းရှင်လူဆိုလျှင် ထေရဝါဒဗုဒ္ဓဘာသာအစစ်မဟုတ်ပေ။ ထေရဝါဒဗုဒ္ဓဘာသာအတုအပသာဖြစ်၏။ (တိရေတိသီလက္ခန္ဓာဒိတိသမန္တာဂတတ္တာထေရာ၊ မဟာကဿပါဒရော၊ တေတိအာဂတာအာစရိယမ္ဗရာသိဿာနုသိဿာထေရဝါဒါနာမ)။

ဆက်ဦးအံ့. . .။ယင်းထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်သော ဂန္ဓာရီဝိဇ္ဇာမိုရ်သူတော်စင်တို့ဌာနတည်ရှိသည့် တိုင်းပြည်သည် မြန်မာနိုင်ငံတစ်ခုတည်းသာရှိသလို၊ ယင်းတို့နေထိုင်သီတင်းသုံးသောနေရာသည်လည်း မြန်မာပြည်၌ တစ်နေရာတည်းသာလျှင် ရှိ၏။

□ ဝိဇ္ဇာဌာနီဂန္ဓာရီအလုံပြည်တည်ရှိရာ ဌာနချုပ်

ယင်းဂန္ဓာရီဝိဇ္ဇာဌာနီအလုံပြည် တည်ရှိရာ ပထဝီဝင်အနေအထားကို ဖော်ပြပါအံ့။ ရခိုင်ရိုးမတောင်တန်း၏ တောင်ဘက်အဆုံးဖြစ်သည့် ပုသိမ်ခရိုင် ငပုတောမြို့နယ်အပိုင် (ပင်လယ်စု) မော်တင်ရိုးမတောင်တန်းပေါ်တွင် အဆိုပါ ဝိဇ္ဇာတို့ဌာနီ (ဂန္ဓာရီ) အလုံပြည် တည်ရှိပါသည်။

အဇ္ကျန်ုပ်တို့၏ မြန်မာနိုင်ငံတော်အတွင်း၌ (ဗုဒ္ဓကျမ်းဂန်လာ) ဂန္ဓာရတိုင်းမှ စတင်ပေါက်မြောက်သော ဂန္ဓာရီဝိဇ္ဇာအတတ်ပညာရှင်(မဟိဒ္ဓိ)သခင်တို့ကိန်းအောင်းစံပျော်ရာ (ပုံညကာမ္မနိပ္ပန္နာမဟာတိက္ကဒ္ဓိမဟိဒ္ဓိ) မဟိဒ္ဓိတန်ခိုးရှင်တို့၏ နေရာကို (အနီးကပ်မရောက်နိုင်သော်လည်း) အဝေးရပ်မှ တွေ့မြင်နိုင်ပေသည်။

□ ပုသိမ်မြို့မှ နံနက်ထွက်ခွာ ညနေချိန်မှာတွေ့နိုင်ပါ၏

ပုသိမ်ဆိပ်ကမ်းမှ နံနက် (၆) နာရီထွက်ခွာသော ဟိုင်းကြီးကျွန်းပင်လယ်ဝ သို့သွားသည့်ဧရာဝတီသင်္ဘောဖြင့်စီးနင်းလိုက်ပါလျှင် သင်္ဘောမြန်ပါက ညနေ (၃) နာရီလောက်တွင် (ဟိုင်းကြီးကျွန်း) နှင့် ရေမိုင် (၂၀) ခန့်အကွာ (ပန်းမ[illegible]) ခေါ် ပုသိမ်မြစ်ဝအလယ်မှ အနောက်ဘက်ရိုးမတောင်တန်းကြီး[illegible] လှမ်း၍



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်လျှင် ယင်းရိုးမတောင်တန်းပေါ်တွင် တောင်ပေါ်ရှိ မြို့တစ်မြို့ပုံစံအတိုင်း သွပ်မိုးအိမ်တန်းများကိုနေရောင်ထိုးထားသည့်သဏ္ဍာန်ကဲ့သို့ တပြောင်ပြောင်ဖြင့် ထင်ရှားနေသောဌာနတစ်ခုကို မည်သူမဆို တွေ့မြင်နိုင်၏။

**□ တွေ့ကားတွေ့နိုင် သွားလျှင်မတွေ့သောဌာန**

ထိုသို့သော(မဟာိဒ္ဓိရှင်)ဗုဒ္ဓဘာသာဝင် ဂန္ဓာရီဝိဇ္ဇာမိုရ်အပေါင်းကိန်းအောင်းစံပျော်ရာနေရာသည်ကား (ဘင်္ဂလားပင်လယ်အော်ကြီး) က ဝိုင်းရံကာဆီးထားသည့် ရိုးမတောင်တောင်စခန်း ဖြစ်သောကြောင့် (နွေရာသီ) တပို့တွဲ၊ တပေါင်း နှစ်လလောက်သာ ပင်လယ်ဝ၏ရာသီဥတုသာယာချိန်ဖြစ်၍ မြင်တွေ့နိုင်၏။ ကျန်အချိန်များတွင်ကား ပင်လယ်သမုဒ္ဒရာ၏ သဘာဝရေခိုးရေငွေ့များ ပင်လယ်၏ (မြူခိုးများ) ကာကွယ်နေ၍ မတွေ့မြင်နိုင်ချေ။

**□ ဝိဇ္ဇာဌာနီ ဒီပါရုံအလုံပြည်နှင့် ဒီပါရုံ(သုံးဆူ)နာမည်တူခြားနားချက်**

ဝိဇ္ဇာဌာနီ (ဒီပါရုံစေတီ) အလုံပြည်နှင့်ပတ်သက်၍ အမှန်အကန်သိရှိရန် (ဒီပါသုံးဆူ) ၏ ခြားနားချက်ကို လေ့လာရန် လိုအပ်ပြန်ပေသည်။ ပုသိမ်ခရိုင်တွင် ဒီပါရုံစေတီတော်သုံးဆူရှိပါသည်။

၁။ ရေကြည်မြို့လယ်ရှိ ဒီပါရုံစေတီတော်တစ်ဆူ၊

၂။ ပုသိမ်အနောက်မြို့နယ် မဲဇလီချောင်းတူးရွာတောင်ထိပ် ဒီပါရုံစေတီတော်တစ်ဆူနှင့်

၃။ ငပုတောမြို့နယ် ပင်လယ်ကမ်းရိုးတန်း ပျဉ်းမချောင်းရွာအနီး တောင်ထိပ်ဒီပါရုံစေတီတော် ဟူ၍ (ဒီပါသုံးဆူ) ရှိနေပါသည်။

အမှတ် (၃) ပျဉ်းမချောင်းဒီပါရုံစေတီတော်သည် (အတွင်းဒီပါရုံစေတီတော်) ဖြစ်သည့်အပြင် ဝိဇ္ဇာဌာနီ ဂန္ဓာရီအလုံပြည်တည်ရှိရာအမှတ်အသားထားသော ဒီပါရုံစေတီတော်မြတ်ဖြစ်၍ ဝိဇ္ဇာဌာနီအလုံပြည် ဂန္ဓာရီတောတွင်းမြို့၏ တံခါးဝစေတီတော် ဖြစ်ပါသည်။

**□ အသျှင်ပညာစက္ကဝိဇ္ဇာမိုရ်အသျှင်မြတ် ထာဝစဉ် သီတင်းသုံးအပ် ဒီပါရုံတောင်တော်မြတ်**

အကျွန်ုပ်တို့၏ဗုဒ္ဓါနုဿတိကျင့်စဉ် မဟာဓိဋ္ဌာန်ဓမ္မသိဒ္ဓိလမ်းစဉ်တော်မြတ်ကို လမ်းညွှန်တော်မူအပ်သည့် ဝိဇ္ဇာမိုရ်၏ အသျှင်ပညာစက္ကအသျှင်သူမြတ်ကြီးသည်ကား ထိုအတွင်းဒီပါရုံခေါ် အလုံမြို့တံခါးမုခ်ဦးစေတီတော်တွင် ထာဝစဉ် သီတင်းသုံးမူဆဲပင်ဖြစ်သော်လည်း ထိုဒီပါရုံသို့ရောက်ကြသူများမဖူးတွေ့နိုင်ခြင်းသည် (ကြောင်ကြောင်မြင်လျက် အသိခက်) ဟူသော(ဝိဇ္ဇာမယိဒ္ဓိ)တန်ခိုးဖြင့်ကာကွယ်တော်မူထား၍ မျက်မြင်ဖူးတွေ့ရသော်လည်း ဆရာတော်ဖရားကြီးဖြစ်ကြောင်း လုံးဝမသိနိုင်ကြပေ။

**□ ဖြစ်ရပ်မှန်တစ်ခု သက်သေပြစရာ အလုံဂန္ဓာရီမြို့နေရာ**

ယင်း ပုသိမ်ခရိုင် ငပုတောမြို့နယ် ဝိဇ္ဇာဌာနီ အလုံပြည် ဂန္ဓာရီတောစခန်းနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်တို့တွင်မက ယနေ့အထိ ထူးဆန်းလှသည့် အတွေ့အကြုံရပ်ပေါင်းများစွာရှိခဲ့ပါသည်။ ယင်းများပြားလှစွာသော အတွေ့အကြုံတို့တွင် (လူလိမ်တို့၏လုပ်ဇာတ်လမ်းမဟုတ်ပါဘဲ) တကယ့်ခိုင်လုံသော သမိုင်းဝင် အတွေ့အကြုံတစ်ရပ်ကို ယုံကြည်သော ပါရမီရှင်သူတော်စင်များအတွက် သိရှိမှတ်သားကြရန် အလွန် လိုအပ်၍ (ဝါ) အကျွန်ုပ်တို့၏ ဝိဇ္ဇာဌာနီအလုံပြည် ဗုဒ္ဓဘာသာဂန္ဓာရီတို့၏(ထေရဝါဒ)ဗုဒ္ဓဝင်ကျင့်စဉ် ယောဂီသူတော်စင်များအတွက်ကိုသာရည်ညွှန်းလျက် ဖော်ထုတ်၍ မော်ကွန်းတင်အဖြစ် တင်ပြပါအံ့။

**အင်္ဂလိပ်လူမျိုး ပုသိမ်မြို့အရေးပိုင် ခရစ်ယာန်ဘာသာဝင်တစ်ဦး လွန်ခဲ့သော အနှစ်(၁၀၀)နီးပါးက ဂန္ဓာရီတန်ခိုးရှင် ခေါ်ဆောင်သွားသည့်သာဓက**

မြန်မာနိုင်ငံ အင်္ဂလိပ်ခေတ် အင်္ဂလန်ပြည်သားMr.SumLight အမည်ရှိ ပုသိမ်ခရိုင်အရေးပိုင်နှင့် နောက်ပါဌာနပေါင်းစုံ စစ်ဆေးရေးအရာရှိအဖွဲ့သည် ပုသိမ်ခရိုင်တောင်ပိုင်း (ငပုတောမြို့နယ်အတွင်း)ပင်လယ်ပိုင်းဒေသသို့(ဝါ) ဂန္ဓာရီအလုံဝိဇ္ဇာမြို့တည်ရှိရာအတွင်းသို့ လက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့ပါဝင်လျက် ခရစ်နှစ် (၁၉၁၀) ခုနှစ် မတ်လဆန်း (၅) ရက်နေ့တွင် ခရီးထွက်ခဲ့ကြ၏။

ယင်းအရေးပိုင်အဖွဲ့ခေါင်းဆောင်သော အဖွဲ့ဝင်လူပေါင်း (၂၀) ကျော်တို့သည် (ပုသိမ်ခရိုင်ပင်လယ်ဝ)၏အခြေစိုက်ဒေသဖြစ်သော (ဟိုင်းကြီးကျွန်း) နှင့် ပင်လယ်ရေပြင်ရှိ (လိပ်ကျွန်း) သို့လည်း သွားခဲ့ကြရာ (၃) ရက်ခန့်အကြာတွင် ဟိုင်းကြီးကျေးရွာ၏ မြောက်ဘက် ပင်လယ်ကမ်းရိုးတန်း၊ ပျဉ်းမချောင်း (ဒီပါရုံစေတီတော်) မော်တင်ရိုးမတောစခန်းဌာနသို့ ညအိပ်အမီဆိုက်ရောက်ဖြစ်လေသည်။

**□ ခရစ်ယာန်ဘာသာဝင် အင်္ဂလိပ်အရေးပိုင်အားရှာမတွေ့၍ တောနင်းရှာဖွေ**

စစ်ဆေးရေးအဖွဲ့သည် (၄) ရက်မြောက်၌ ပျဉ်းမချောင်းဖျားကျေးရွာအပိုင် ယင်းဒီပါရုံရိုးမတောအတွင်းတွင် အဆိုပါအစိုးရနယ်လှည့်အဖွဲ့ခေါင်းဆောင်ဖြစ်သော အင်္ဂလိပ်အရေးပိုင်သည် အဖွဲ့ဝင်များနှင့် တောစခန်းပျော်ပွဲဆင်နွှဲနေချိန်တွင် မည်သူလာခေါ်မှန်းမသိမဖြစ်ကြပါဘဲ ရုတ်တရက် ပျောက်ဆုံးသွားခဲ့လေသည်။

နောက်ပါ (ဒေသခံ) ငပုတောမြို့ပိုင်နှင့် ပုသိမ်နယ်ပိုင်ခေါင်းဆောင်သောအဖွဲ့သည် လိုက်ပါစောင့်ရှောက်သောလက်နက်ကိုင်တပ်ဖွဲ့နှင့်အတူ ပတ်ဝန်းကျင်တစ်ဝိုက်တောနင်းရှာဖွေကြပါသော်လည်း (၂) နာရီခန့်အချိန်မျှ ကြာခဲ့၏။ သို့သော် လုံးဝမရှာတွေ့ပေ။ ရှာဖွေရေးအဖွဲ့လည်း ရိုးမတောတောင်အတွင်းဖြစ်သဖြင့် ခရီးကြမ်းဖြစ်သောကြောင့် ခြေကုန်လက်ပန်းကျကာ (မူလစခန်းချရာသို့) ပြန်ခဲ့ပြီး ဝိုင်းထိုင်၍ ယင်းပျောက်ဆုံးမှုအတွက် ဆွေးနွေးပြောဆိုနေစဉ်အတွင်း လူ (၂၀) ကျော်အဖွဲ့၏ အလယ်ဗဟိုတွင် အင်္ဂလိပ်အရေးပိုင်သည် ရုတ်တရက်ဘွားခနဲပေါ်လာသည်ကိုတွေ့ရှိကြသဖြင့် အံ့ဩတကြီးဖြစ်ရလေသည်။

ထိုအချိန်သည် မြန်မာလူမျိုးတိုင်း အင်္ဂလိပ်အရာရှိမှန်သမျှတို့ကို 'ဘုရား'ထူးနေရသောအချိန်ပင်ဖြစ်၍ တရိုတသေမေးမြန်းကြရာတွင် ယင်းပုသိမ်အရေးပိုင် အင်္ဂလိပ်လူမျိုး၏ပြောပြချက်မှာ လွန်စွာအံ့ဩစရာကောင်းလှ၏။

**□(အလုံပြည်)သို့ ဂန္ဓာရီဝိဇ္ဇာမိုရ်ခေါ်သွားသည်ကို အင်္ဂလိပ်အရေးပိုင်မသိခဲ့**

သူ့အား(ခေါင်းစွပ်)နှစ်ဖက်အမြိတ်ချကိုဆောင်းထားပြီး လက်တစ်ဘက်တွင် တောင်ဝှေးကိုင်ဆောင်ထားသော နီညိုရောင် ရွှေသားကွပ်အင်္ကျီရှည်ကို ဒူးပဆစ်ဖုံးအောင် ဝတ်ဆင်ထားသည့်

www.burmeseclassic.com

အဲသက်အားဖြင့် (၄၀)လောက်ခန့်ရှိနေပြီး အလွန်ခန့်ညားလှပသောယောကျ်ားပီသသည့် အမျိုးသားကြီးတစ်ဦးသည် ၎င်းအား မျက်စိမှိတ်ခိုင်းပြီး သူ၏လက်တစ်ဘက်ကိုဆွဲကိုင်သွားစဉ် သူသည် ရုတ်တရက် အိပ်ပိုက်သွားပြီးနောက် ရွှေရောင်တဖဝင်းဝင်းဖြင့် တောက်ပနေသော စေတီတော်နှင့် မြောက်ဘက်သို့ လှည့်နေသည့် (ဂူတွင်း) ရွှေဆင်းတုတော်၏ ရှေ့တွင်ရောက်နေတော့ကြောင်း၊

ဂူတွင်းရှိရွှေဆင်းတုကြီးမှာ (၉)ပေ (၁၀) ပေခန့်ရှိမည်ထင်ရပြီး ယင်းရွှေဆင်းတုရုပ်ပွားတော်တွင် အံ့ဩဖွယ်ရာကျောက်မျက်ရတနာများမှာ မျက်စိဖြင့်ကြည့်မရလောက်အောင် တောက်ပနေကြောင်းနှင့် ထိုအချိန် သူသည် ယင်းစေတီနှင့် ရုပ်ပွားတော်အနားမှ မခွာနိုင်လောက်အောင် စိတ်ထဲမှာကြည်နူး၍ နေကြောင်းပြောပြသည့်အပြင် အထူးမှာ မူရင်းရွှေဆင်းတုရုပ်ပွားတော်ကို သူ့လက်ဖြင့်ကိုင်လျက်ကြည့်ချင်စိတ်ပေါ်လာ၍ ဆင်းတုတော်၏ လက်မောင်းတော်ကို ကိုင်တွယ်ကြည့်စဉ် သူ၏လက်သည် ဝါဂွမ်းပုံကိုကိုင်ကြည့်သည့်အခါ အလွန်နူးညံ့စွာကိုင်ရသလိုဖြစ်ကြောင်း ပြောပြရုံမျှမက ထိုစေတီတော်၏ပတ်ဝန်းကျင်တွင် မြေပေါ်တွင်ထိနေအောင်ညွှတ်ကျနေသော (စကားဝါ) ပင်ပျိုများကို တွေ့ရ၍ သူ့အား ခေါ်ဆောင်သွားသည့် ပုဂ္ဂိုလ်က အနားမှာရပ်နေပြီးနောက် ထိုစကားဝါပွင့်များကို ခူးယူလိုက ခူးယူသွားနိုင်ကြောင်းပြော၍ သူသည် (စကားဝါပွင့်) လက်တစ်ဆုပ်အပြည့်ခူးခဲ့ပါကြောင်းနှင့်-

ထိုမြို့တွင်းရှိ နေအိမ်များမှာမူ မြန်မာပြည်တွင်လုံးဝမတွေ့ဘူးသေးသော လူနေအိမ်များသာဖြစ်ကြောင်း၊ ယင်းအဆောက်အဦးများထဲတွင် ယောကျ်ားပီသ၍ ရုပ်ဆင်းလှပခန့်ညားသောလူရွယ်များသာနေထိုင်သည်ကိုတွေ့ရကြောင်း အထူးခြားဆုံးမှာ အမျိုးသမီးနှင့်ကလေးသူငယ်များ ခွေး၊ ကြက်၊ ကျွဲ၊ နွားစသော သတ္တဝါများကို လုံးဝမတွေ့ခဲ့ကြောင်းကိုလည်း ပြောပြလေသည်။

သူဖူးခဲ့ရသောစေတီရင်ပြင်တော်ပေါ်တွင် မြန်မာလူမျိုး ဘုန်းကြီးများနှင့် အညိုရောင်ဝတ် လူကြီးလူငယ်များ၏ ဘုရားရှိခိုးသောအသံမှာကား အလွန်သာယာ၍ပါဠိစကားများသာဖြစ်ကြောင်း မှတ်စရာ။

ပါဠိရွတ်ဆိုနေကြခြင်းသည် ခုဒ္ဒကနိကာယ်(ဗုဒ္ဓဝင်) ပါဠိတော်များကို ရွတ်ဆိုနေကြခြင်း ဖြစ်၏။ သူသည် ခရစ်ယာန်ဘာသာဝင်ဖြစ်၍ ရှိခိုးခြင်းမပြုခဲ့ကြောင်း၊ ထို့နောက် မြို့တွင်းသို့ လိုက်ပြသည့်အခါတွင် မြို့တွင်းရှိမြေကြီးအားလုံးသည် ရွှေမှုန်များကြဲဖြန့်ထားသောရွှေမြေများဖြစ်ပုံရကြောင်းနှင့်ခေါ်ဆောင်သူပုဂ္ဂိုလ်မှ ရွှေရောင်မြေကြီးကို ယူလိုပါက တစ်ပြည်ခန့်ယူသွားနိုင်ကြောင်းပြော၍ သူ့တွင်ပါလာခဲ့သော (စကားဝါ)ပွင့်နှင့်ရွှေရောင်မြေကိုအားလုံးမြင်သာအောင်ပြလေသည်။

သူသည် (၂) နာရီကျော်အတွင်း သူ့အား မူလခေါ်ဆောင်သွားသူပုဂ္ဂိုလ်မှ ထခေါ်လာစဉ်က အတိုင်း သူ့လက်ကိုကိုင်၍ မျက်စိမှိတ်ခိုင်းလိုက်သည့်အခါတွင် အိပ်ပိုက်၍သွားပြီးနောက် ယခုပရိသတ်အလယ်သို့ရောက်နေခြင်းဖြစ်ကြောင်း ပြောပြီးနောက် ထိုနေ့ညတွင် အဆိုပါ ဖျားမချောင်းရွာ၌ ညပြန်အိပ်ကြပြီးနောက် (၅)ရက်မြောက်နေ့နံနက်ပိုင်းတွင် အစိုးရသင်္ဘောဖြင့် နယ်လှည့်အရာရှိအားလုံး ပုသိမ်မြို့သို့ပြန်ခဲ့ပြီး ငပုတောမြို့ပိုင်မှာ ငပုတောတွင်ဆင်း၍ နေခဲ့၏။

### □ စကားဝါပွင့်နှင့်မြေကြီးများ ရွှေသားအစစ်ဖြစ်

(အစ်လန်ပြည်သား) အင်္ဂလိပ်လူမျိုး ပုသိမ်မြို့အရေးပိုင် (Mr.Sun Light) သည် မိမိ၏အရေးပိုင်ရုံးစိုက်ရာဌာန ပုသိမ်မြို့နေအိမ်သို့ပြန်ရောက်၍ အနားယူပြီး မကြာခင်ကြုံတွေ့ခဲ့သော အဖြစ်ဆန်းများအပေါ်တွင် စိတ်ဝင်စား၍နေစဉ် ယင်းနေရာမှယူလာခဲ့သော စကားဝါပွင့်၊ မြေသားများကိုသတိရ၍ သူယူ၍ကြည့်လိုက်သောအခါတွင် စကားဝါပွင့် (၁၂) ပွင့်နှင့် မြေသားတစ်ပြည်ခန့်တို့သည် ရွှေသားစစ်စကားဝါပွင့်နှင့် ရွှေသားအမှုန့်များဖြစ်၍နေသည်ကိုတွေ့ရှိ၍ အသက်ရှူရမှန်းပင် မသိလောက်အောင် အံ့ဩဘနန်းအဖြစ်ဆန်းနှင့် ကြုံကြိုက်လေ၏။

### □ အရေးပိုင်ခမျာ လောဘတရားလွှမ်းမိုးလာခဲ့

ပုသိမ်ခရိုင် အင်္ဂလိပ်လူမျိုးအရေးပိုင်ခေါ် (ခရိုင်ဝန်) သည် ဝိဇ္ဇာဌာနီအလုံပြည် တောတွင်းဂန္ဓာရီဝိဇ္ဇာမိုရ်ရိုမြို့မှ ရရှိခဲ့သော (စကားပွင့်နှင့်မြေကြီးများ) ရွှေသားအစစ်တွေဖြစ်မှန်းသိရှိရသောကြောင့် လောဘတရားက သူ့သန္တာန်တွင် (အိပ်မရစားမဝင်)ဖြစ်အောင် လှုံ့ဆော်ပေးမှုကြောင့် ပုသိမ်ခရိုင်မော်တင်စိုးမအတွင်း ခရီးထွက်စဉ်က နောက်ပါအဖြစ်လိုက်ပါကြရသော ပုသိမ်နယ်ပိုင်နှင့် ငပုတောမြို့ပိုင်နှစ်ဦးတို့ကို အမြန်ခေါ်ယူလေ၏။

ပုသိမ်ခရိုင် ငပုတောမြို့နယ်အတွင်းတွင် ယင်းတောတွင်းမြို့တစ်မြို့ရှိကြောင်းကို သူ့ထံမတင်ပြမှုနှင့် ထိုတောတွင်းမြို့မှ အခွန်ဘဏ္ဍာငွေကောက်ခံခြင်းမရှိခြင်းတို့ကြောင့် အဆိုပါ ပုသိမ်နယ်ပိုင်ဝန်ထောက်နှင့် ငပုတောမြို့ပိုင်နှစ်ဦးတို့အပေါ် (ထုခြေလွှာ) အစီရင်ခံစာကို တစ်ပတ်အတွင်းတင်ပြရန် အမိန့်ထုတ်လေတော့သည်။

### □ အမှန်တကယ်တင်ပြကြသော်လည်း မယုံကြည်နိုင်

မျက်နှာဖြူအင်္ဂလိပ်အရေးပိုင်သည် ထိုထူးဆန်းလှသောတောတွင်းမြို့မှထွက်သော ရွှေများရရှိရန်နှင့် ယင်းမြို့တွင်းတွင် (နမူနာ) ဘော်တွင်းပုံစံကဲ့သို့ ရွှေထုတ်လုပ်မှု စက်ရုံတစ်ရုံတည်ဆောက်ရန်အတွက် (အိန္ဒိယဘုရင်ခံ) ထံသို့ အစီရင်ခံရန် ရည်ရွယ်ချက်ဖြင့် ပုသိမ်နယ်ပိုင်နှင့် ငပုတောမြို့ပိုင်နှစ်ဦးတို့ကို အမြန်ခေါ်ယူခြင်း ဖြစ်၏။

သက်ဆိုင်ရာ နယ်ပိုင်ဝန်ထောက်နှင့် မြို့ပိုင်တို့မှ နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း အစီရင်ခံကြရာတွင် ဤနေရာသည် ဝိဇ္ဇာခေါ်သော တန်ခိုးရှင်များကွယ်ဖျောက်ထားသည့် ဌာနသည်ဖြစ်၍ မည်သည့်အစိုးရမင်းအဆက်ဆက်တို့မှ (မင်း၏အာဏာ) ဖြင့် လွှမ်းမိုး၍မရပါကြောင်း၊ အဟုတ်အမှန်စကန်ရှိသော မြန်မာ့တန်ခိုးရှင် ဂန္ဓာရီ ဝိဇ္ဇာမိုရ်ရိတို့၏ နေထိုင်ရာဖြစ်သော်လည်း ယင်းတို့ခေါ်သွားမှသာ ရောက်ရှိနိုင်သောနေရာထူးဖြစ်ကြောင်း၊ (အရေးပိုင်မင်းမှာ) အတိတ်ဘဝတစ်ခုအကြောင်းဆက်ကြောင့်သာ ခေါ်သွား၍ရောက်ခဲ့သောနေရာတစ်ခုဖြစ်ပါကြောင်း စသည်ဖြင့် တင်ပြပါသော်လည်း အရေးပိုင်သည် (လုံးဝ) မယုံကြည်၍ ငပုတောမြို့နယ်အတွင်းရှိ (တိုက်နယ်သူကြီး) အားလုံးကိုခေါ်ယူ၍ ယင်းကိစ္စရပ်တစ်ခုစီ မေးမြန်းရန်အတွက် အမိန့်ထုတ်လျက် ခေါ်ယူပြန်လေသည်။

### □ ခရစ်ယာန်ဘာသာဝင် တောင်ရိုးကရင် (ရွာလူကြီးများ) တင်ပြပြောဆိုမှ ယုံကြည်စိတ်ပေါ်လာ

ပုသိမ်ခရိုင် အင်္ဂလိပ်အရေးပိုင် မျက်နှာဖြူအရာရှိသည် ပုသိမ်ခရိုင်ဝန်



www.burmeseclassic.com

www.burmeseclassic.com

အရေးပိုင်ရုံးသို့ တိုက်နယ်သူကြီးများအား ခေါ်ယူလျက် သူကြီးတစ်ဦးစီထံမှ ထိုဝိဇ္ဇာဌာနီအလုံပြည်ဂန္ဓာရီမြို့၏ထူးခြားချက်ကို ဟုတ်၊ မဟုတ်မေးမြန်းခဲ့ရာတွင် နယ်ပိုင်နှင့် မြို့ပိုင်နှစ်ဦးထွက်ချက်နှင့် တညီတညွတ်တည်းထပ်တူဖြစ်နေသော်လည်း ယုံကြည်ချက်မှာမူ ကရင်လူကြီးများ၏ ထွက်ဆိုချက်ကြောင့် (သူ၏မယုံကြည်မှုသံသယ) အားနည်းစပြုလာ၏။

ကရင်လူကြီးများသည် အများအားဖြင့် (ဒီပါရုံ) မျဉ်းမချောင်းရှာ ဝိဇ္ဇာဌာနီအလုံပြည်နှင့်ဆက်စပ်သော (ခရစ်ယာန်ဘာသာဝင်) တိုက်နယ်သူကြီးများသာဖြစ်၍ ၎င်းနှင့်(ဘာသာသွေး)စပ်သူတို့၏စကားကိုသာ အင်္ဂလိပ်အရေးပိုင်မှ လက်ခံလေသည်။

ထိုစဉ်ကစ၍ ဝိဇ္ဇာဌာနီအလုံပြည်ဂန္ဓာရီဌာနသည် တကယ်လည်းရှိ၍ တကယ်သွားသော်လည်း ရောက်နိုင်သောဌာနမဟုတ်ကြောင်း သိရှိသွား၍ သူ၏မယုံကြည်မှု (သံသယ) ကို ကိုယ်တိုင်ပင် ပြည်ဖုံးကားချလိုက်လေသည်။

**ခရစ်ယာန်ဘာသာကို စွန့်လွှတ်၍ ဗုဒ္ဓဘာသာဝင်အဖြစ်သို့ရောက်**

ယင်းထံသို့လုပ်ဖော်ကိုင်ဘက်ဖြစ်သော ဗုဒ္ဓဘာသာဝင်အရာရှိများနှင့် တွေ့ဆုံတိုင်းလိုလိုပင် သူသည် မိမိရောက်ခဲ့စဉ်က အတွေ့အကြုံများဖြစ်သည့် ဝိဇ္ဇာဌာနီအလုံပြည် ဗရားနှင့်ဗုဒ္ဓဘာသာသူတော်စင်များကို အိပ်မက်ထဲ၌ မကြာခဏတွေ့ရကြောင်း၊ ယခုအခါ ၎င်းသည် ဗုဒ္ဓဘာသာအပေါ်တွင် တစ်နေ့ထက်တစ်နေ့ စိတ်ဝင်စားနေကြောင်း ပြောပြလေသည်။

ယင်းနောက်တစ်နှစ်ကျော်ကာလတွင် ခရစ်ယာန်ဘာသာကိုလုံးဝစွန့်လွှတ်ပြီး အပြီးအပိုင် ဗုဒ္ဓဘာသာဝင်အဖြစ်သို့ရောက်ရှိသွားခဲ့၏။

အင်္ဂလိပ်အမည် (Mr.SunLight) မြန်မာအမည် (ဦးနေလင်း) သည် မိခင်နှင့်အတူနေထိုင်သော (လူပျိုလူလွတ်) တစ်ဦးဖြစ်၍ အသက် (၃၂) နှစ်တွင် ၎င်းနှင့်သက်တူရွယ်တူ ပုသိမ်မြို့သူ မြန်မာအမျိုးသမီးတစ်ဦးနှင့် ပုသိမ်မြို့၌ပင် လက်ထပ်ခဲ့၏။

အမျိုးသမီးမှာမူကား ပုသိမ်မြို့ (လူကုံထံများ) အများဆုံး နေထိုင်ရာ (အသည်ကြီး) ရပ်သူဖြစ်၍ မင်းတုန်းမင်းလက်ထက်တွင် ခန့်အပ်ခြင်းခံရသော (ပုသိမ်မြို့ဝန်) တစ်ဦး၏ (မြေး) တော်သူလည်း ဖြစ်လေသည်။

ယင်းဝိဇ္ဇာဌာနီအလုံပြည်ရောက် အင်္ဂလန်ပြည်သား ပုသိမ်ခရိုင် အရေးပိုင်မင်းသည် မကြာခင် အစိုးရအလုပ်မှ ထွက်၍ ပြင်ဦးလွင် (ခေါ်) မေမြို့တွင် သွားရောက်နေထိုင်ခဲ့၏။ သူ၏မိခင်ကြီး မေမြို့တွင် ကွယ်လွန်ပြီးနောက် ပုသိမ်သူ မင်းကတော်နှင့်အတူ သားသမီး (၅) ယောက်ကို ခေါ်ဆောင်ကာ အင်္ဂလန်ပြည်သို့ အပြီးအပိုင်ပြန်သွားခဲ့လေသည်။

**▫ အလုံပြည် ဂန္ဓာရီဝိဇ္ဇာဌာနီရောက် ဗုဒ္ဓဘာသာဝင် အင်္ဂလိပ်အရေးပိုင်မင်းနှင့် အင်္ဂလန်ပြည်ဗုဒ္ဓသာသနာပြုလုပ်ငန်း**

မြန်မာနိုင်ငံရှိ ဝိဇ္ဇာဌာနီအလုံပြည် (ဂန္ဓာရီမြို့ပြန်) ဗုဒ္ဓဘာသာဝင် ပုသိမ်အရေးပိုင်အင်္ဂလိပ်လူမျိုးသည် အင်္ဂလန်လူမျိုးသည် အင်္ဂလန်ပြည်သို့ပြန်သွားစဉ်နှင့် မြန်မာနိုင်ငံ ကမ္ဘာကျော် မုံရွာမြို့ ပထမလယ်တီဆရာတော်ဘုရားကြီး၏ အင်္ဂလန်ပြည်တွင် (နိုင်ငံခြားသာသနာပြုချိန်) တို့သည် တိုက်တိုက်ဆိုင်ဆိုင်ကံကောင်းထောက်မခဲ့ပြန်ရာတွင် မြန်မာပြည်ရောက် ပုသိမ်ခရိုင် အင်္ဂလိပ်အရေးပိုင်ဟောင်းဖြစ်သူ (Mr.SunLight) ခေါ် ထိုပုဂ္ဂိုလ်သည် အင်္ဂလန်ပြည်ရှိ (နိုင်ငံခြားသာသနာပြုလယ်တီအသင်းကြီးတွင် ဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့် လည်းကောင်း၊ လန်ဒန်မြို့ပါဠိဘာသာအသင်း၏တွဲဘက်အတွင်းရေးမှူးအဖြစ်ဖြင့်လည်းကောင်း လယ်တီဆရာတော်ဘုရားကြီးချမှတ်သော နိုင်ငံခြားဗုဒ္ဓဘာသာသနာကို ပြုပြန်လေသည်။ (သူ၏ ဗုဒ္ဓဘာသာမျိုးစေ့မှာ မြန်မာပြည် ဂန္ဓာရီဝိဇ္ဇာဓိုရ်မြို့မှ စတင်ခဲ့ခြင်းပင် မဟုတ်ပါလော။)

**မှတ်ချက်အထူး**

ယင်းအင်္ဂလိပ်လူမျိုး မြန်မာ့အရေးပိုင်နှင့် မြန်မာဗုဒ္ဓဘာသာအမျိုးသမီးတို့မှ ပေါက်ဖွားကြသော ဗုဒ္ဓဘာသာဝင် ဆွေစဉ်မျိုးဆက်တို့ကား ယနေ့တိုင် အင်္ဂလန်ပြည်တွင် ဗုဒ္ဓဘာသာမျိုးဆက်သစ်များဖြစ်ထွန်းကာ ခရစ်ယာန်မျိုးဆက်ဆိတ်သုဉ်းလျက်ရှိသွားလေတော့သည်။

**▫ တိုင်းတစ်ပါးတွင်လည်း ဝိဇ္ဇာဓိုရ်ဆက် ဂန္ဓာရီအလုံနွယ်ဖွားရှိနေကြောင်း သက်သေပြဝတ္ထုအပြီးသတ်ချက်**

အကျွန်ုပ်တို့ မြန်မာနိုင်ငံရှိ ဂန္ဓာရီသာသနာပြု(ထေရဝါဒ)ဝိဇ္ဇာဓိုရ်လောကနှင့် ဆက်သွယ်နေခြင်းမှာ ပြည်တွင်း၊ ပြည်ပအနီးအဝေးသည် ပဓာနမဟုတ်ကြောင်း ဗုဒ္ဓဘာသာတရားတော်အရ အလွန်ထင်ရှားသည်မှာ ယင်းဇာတ်လမ်းဖြစ်ရပ်မှန် ဂန္ဓာရီစခန်းမှပင် သက်သေခံအဖြစ် ရပ်တည်နေပါသည်။ အနီးနေရောဝတီတိုင်းအတွင်းမှသူများပင် ဝိဇ္ဇာဌာနီအလုံပြည်သို့ရောက်ခဲ့ကြောင်းခိုင်လုံစွာသော ဖြစ်ရပ်မှန်သည် အလွန်ရှားပါးလှ၏။

**▫ မြန်မာပြည်ရှိ ဗုဒ္ဓဝင်မိသားစုယောဂီအချို့ ဝိဇ္ဇာဌာနီအလုံပြည်ဆက်အမှန် (ကြောင်ကြောင်မြင်လျက် အသိခက်မှုသတိပြုပါ)**

ယနေ့ ဒုတိယအကြိမ်မြောက် ခရစ်နှစ် (၂၀၀၀) ပြည့်၊ မြန်မာနှစ် (၁၃၆၂) ခုနှစ်တွင် ထပ်မံ၍ ရိုက်နှိပ်ပူဇော်ကြကုန်သော (မဟာအဓိဋ္ဌာန်ဗုဒ္ဓဝင်ကျင့်စဉ် ဗုဒ္ဓါနုဿတိဘာဝနာနုယောဂ) လုပ်ငန်းကြောင့် အာယုသိဒ္ဓိ၊ ဝဏ္ဏသိဒ္ဓိ၊ သုခသိဒ္ဓိ၊ ပဋိဘာနသိဒ္ဓိစသော သိဒ္ဓိ (၁၀) တန် ဗုဒ္ဓဝင်မဂ္ဂခဏ်တန်ခိုးသည်ကား ယင်းဝိဇ္ဇာဌာနီကို အလုံပြည် ဝိဇ္ဇာဓိုရ်ဂန္ဓာရီလောက၏ ဗုဒ္ဓဘာသာကျင့်စဉ်ပင် ဖြစ်၏။

ထိုဗုဒ္ဓဝင်မဟာအဓိဋ္ဌာန်ကျင့်စဉ်ကောင်းကျိုးကြောင့်(လက်တွေ့)လောကချမ်းသာနှင့် ဓမ္မချမ်းသာများရရှိရန် ကူညီမှုရရှိသူများသည် အလုံပြည်ဂန္ဓာရီ ဝိဇ္ဇာဓိုရ်များနှင့် အကြောင်းအကျိုးဆက်စပ်မှု လုံးဝမကင်းပေ။

သို့ဖြစ်၍ ဗုဒ္ဓဝင်မိသားစုတို့၏ စီးပွားချမ်းသာတိုးတက်မှုရှိသူ (အချို့) တို့သည် မြန်မာနိုင်ငံ အလုံနွယ်ဖွား ဂန္ဓာရီဝိဇ္ဇာဓိုရ်များ၏ မိတ်ဆွေမျိုးဆက်တို့ဖြစ်ကြောင်းကို သတိပြုကြလျက် ဗုဒ္ဓဝင်သာသနာပြုကိစ္စများကို ဇွန့်လွှတ်ကြပါရန် ကြုံကြိုက်သည့်အခိုက် ဤအခဏ်းကဏ္ဍ အထူးသတိပေးခဲ့ရပေသတည်း။

**▫ ရောဝတီတိုင်း ဝိဇ္ဇာဌာနီအလုံပြည် ဂန္ဓာရီမြို့ပြန် ဘာသာခြား အရေးပိုင် ဝိဇ္ဇာဇာတ်လမ်း တောစခန်းမှတ်ချက်(၅)ရပ်**

၁။ ဝိဇ္ဇာဌာနီ အလုံပြည်ရောက် နိုင်ငံခြားသား ဗုဒ္ဓဘာသာဝင် ပုသိမ်အရေးပိုင်ဟောင်း (Mr.SunLight)သည် ခရစ်နှစ် (၁၈၇၉) တွင် အင်္ဂလန်ပြည်၌ ဖွားမြင်ခဲ့သည်။

၂။ ခရစ်နှစ် (၁၉၁၀) ဩဂုတ်လ


www.burmeseclassic.com

www.burmeseclassic.com

# သိဒ္ဓိဝင်
# ငှက်ပျောစေ့နက်ပုတီးလေး

ဝိုးမင်း(မြောက်စည်း-ရွာသစ်)

ဒီပုတီးလေးကို လွန်ခဲ့သော (၁၀) နှစ်ကျော် ချောင်းကောက်ရွာမှ အဘဘိုးငွေမောင်မှစာရေးသူအားချီးမြှင့်ထားခြင်း ဖြစ်ပါသည်။ ထိုစဉ်က ဘိုးဘိုးအောင်၏ ဝစကြာအင်းတစ်ဖြတ်အောင်သည့်အတွက် မင်းနဲ့တန်တယ်ဟုပြော၍ ပေးထားခြင်း ဖြစ်ပါ၏။

၎င်းပုတီးလေးသည် နာမည်မသိသော ငှက်ပျောသီးမှ ငှက်ပျောစေ့နက်များဖြစ်၍ (၁၀၈) လုံးပုတီးသီကုံးထားသောမန်းကျည်းစေ့တစ်ဆခွဲအရွယ်များ ဖြစ်ပါသည်။

ပုတီးပေးသည့်အခါ အဘမှ -

"ဒီပုတီးကအဆိပ်အကုန်နိုင်တယ်။ ပယောဂအကုန်နိုင်တယ်။ ရက္ခစိုးစောင့်တယ်။ တစ်ခုခုဖြစ်ရင် ရေစိမ်တိုက်လိုက်"

ဟု ပြောပြ၏။

ပုတီးကုံးလေးသည် သူ့သမိုင်းလေး ရှိ၏။ မူလပိုင်ရှင်မှာ ဟုမ္မလင်းနယ် ရွာထစ်ရွာမှဖြစ်၏။ အဘ၏ ပုတီးလည်း မဟုတ်ပေ။ အမည်မသိသော၊ မရင်းနှီးသောအမျိုးသားကြီးတစ်ယောက်က ၎င်းပုတီးအား အဘထံသို့ ခက်ခက်ခဲခဲလာရောက်ပို့ပေးခဲ့ခြင်း ဖြစ်ပါသည်။

ပုတီးရပုံအား အဘမှ ယခုလို ပြောပြပါသည်။

"ဟုမ္မလင်းနယ် ရွာတစ်ရွာက ဦးသောင်းဆိုတဲ့လူ အဘဆီလာပို့တာ သူ့ကို အဘမသိဘူး။ သူလည်း အဘကို မသိဘူး။ အဘကိုမသိပေမယ့် လမ်းညွှန်

---

အတွင်း၌ မြန်မာနိုင်ငံအောက်ပိုင်း ပုသိမ်ခရိုင်အတွင်းရှိ ဝိဇ္ဇာဌာနီအလုံပြည်ဂန္ဓာရီတောတောင်စခန်းအလွန်ထူးဆန်းသောနေရာသို့ ဂန္ဓာရီဝိဇ္ဇာမိုရ်တစ်ဦးခေါ်ဆောင်သွား၍ ကိုယ်တိုင်ရောက်ခဲ့သည်။

၃။ ခရစ်နှစ် (၁၉၁၁) ခုနှစ်တွင် ခရစ်ယာန်ဘာသာဝင်အဖြစ်မှရပ်နား၍ ဗုဒ္ဓဘာသာနယ်ပါယ်သို့ ကူးပြောင်းပြီးနောက် ပုသိမ်သူဌေးကြီးမှိုးကြီးမင်းစိုးရာဇာအနွယ်ဝင် မြန်မာအမျိုးသမီးတစ်ဦးနှင့်လက်ထပ်ခဲ့သည်။

၄။ ခရစ်နှစ် (၁၉၂၂) ခုနှစ်တွင် မိမိမွေးဖွားရာဒေသဖြစ်သော အင်္ဂလန်ပြည်သို့ပြန်၍ ပထမလယ်တီဆရာတော်ဘုရားကြီးချမှတ်သော နိုင်ငံခြားဗုဒ္ဓဘာသာသာသနာပြုလုပ်ငန်းများ ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

၅။ ခရစ်နှစ် (၁၉၅၄) ခုနှစ်တွင် အသက် (၇၅) နှစ်အရောက် အင်္ဂလန်မြို့တွင် ကွယ်လွန်ခဲ့သည်။ သို့သော် သားသမီးဆွေမျိုးများအား ဗုဒ္ဓဘာသာကို မစွန့်လွှတ်ရန် မှာကြားခဲ့၍ ယနေ့တိုင် အင်္ဂလန်ပြည်တွင် ဗုဒ္ဓဘာသာမျိုးဆက်မပြတ်ဘဲ မြန်မာပြည် (ဝိဇ္ဇာမိုရ်ဂန္ဓာရီမြို့) ရှိကြောင်းကို သက်သေခံအဖြစ် ဖော်ပြပါအတိုင်း သမိုင်းသက်သေမော်ကွန်းထိုးခဲ့သူဖြစ်ပေသည်။ ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်မိသားစုများက ယနေ့တိုင် ခိုင်လုံစွာသမိုင်းဝင်သက်သေပြခဲ့သော အင်္ဂလိပ်လူမျိုး ပုသိမ်ခရိုင်အရေးပိုင်မင်း ဗုဒ္ဓဘာသာဝင် (Mr.SunLight) ခေါ် ဦးနေလင်းအား ရောက်ရာဘဝဘုံဌာနမှ ဝမ်းမြောက်စွာဖြင့် အကျွန်ုပ်တို့ ဝိဇ္ဇာဌာနီအလုံပြည်ဗုဒ္ဓဝင်သာသနာပြုတုသိုလ်အစုစုကို သာဓုနုမော်ခေါ် နိုင်ပါစေသော်။

သာဓု သာဓု သာဓု။

❑

ဗုဒ္ဓဘာသာဝင်တို့အတွက် -
ဝမ်းမြောက်ဖွယ်ရာ၊ ဂုဏ်ယူစရာ၊

. . .

ထေရဝါဒဗုဒ္ဓဘာသာကိုကိုးကွယ်သော ဂန္ဓာရီဝိဇ္ဇာမိုရ်သူတော်စင်တို့ ဌာနတည်ရှိသည့် တိုင်းပြည်သည် မြန်မာနိုင်ငံတစ်ခုတည်းသာရှိသလို ယင်းတို့နေထိုင် သီတင်းသုံးသောနေရာသည်လည်း မြန်မာပြည်၌ တစ်နေရာတည်းသာလျှင်ရှိ၏ဟုသိတည်း။

ထိုတစ်နေရာတည်း ဆိုသည်မှာ မော်တင်ဇိုးမှတောတွင်းစခန်းဖြစ်ကြောင်း ဖော်ပြထားလေ၏။

ငပုတောမြို့နယ်ထဲ၌ ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်၏ဆံတော်ဌာပနာကာတည်ထားသော မြတ်မော်တင်စေတီတော်ကြီးကိုလည်း ဖူးမြော်နိုင်ကြပါ၏။ ကြည်ညိုကိုးကွယ်ကြရပါ၏။

မိမိတို့၏ ကုသိုလ်အကျိုးဆက်ကောင်းမှသာလျှင် (ဝါ) ဗုဒ္ဓဝင်မဟာအမိဌာနကျင့်စဉ် ကောင်းကျိုးကြောင့်၊ လောကချမ်းသာနှင့် ဓမ္မချမ်းသာရရှိရန် အကူအညီရရှိသူများသည် ဂန္ဓာရီသာသနာပြု (ထေရဝါဒ) ဝိဇ္ဇာမိုရ်လောကအကြောင်းအကျိုးဆက်နွယ်ဆက်စပ်မှုရှိကြောင်း အတိအလင်း ဖော်ပြပေးထားပါ၏။

ဗုဒ္ဓဝင်မိသားစုတို့၏စီးပွားချမ်းသာတိုးတက်မှုရှိသူ (အချို့) တို့သည် မြန်မာနိုင်ငံအလုံနွယ်ဖွား ဂန္ဓာရီဝိဇ္ဇာမိုရ်များ၏ ဆွေစဉ်မျိုးဆက်တို့ဖြစ်ကြောင်း အင်္ဂလန်နိုင်ငံသား (Mr.SunLight) ခေါ် ဦးနေလင်းက သက်သေပြလျက်ရှိ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ဗုဒ္ဓဝင်သာသနာပြုတိစ္စများကို မစွန့်လွှတ်ကြရန်နှင့် သာသနာပြုလုပ်ငန်းများ စဉ်ဆက်မပြတ်ထမ်းဆောင်သွားကြရန် တိုက်တွန်းနှိုးဆော်ထားပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် သူတော်ကောင်းလုပ်ငန်းများနှင့်တကွ သာသနာတော်အကျိုးပြုလုပ်ငန်းထမ်းဆောင်ကြခြင်းဖြင့် လောကီလောကုတ္တရာနှစ်ဖြာသော ကောင်းကျိုးချမ်းသာအဖြာဖြာ ရရှိစံစားခံစားကြရလိမ့်မည်ဖြစ်ပါကြောင်း ထပ်မံနှိုးဆော်တိုက်တွန်းရေးသားအပ်ပါသတည်း။

ဗုဒ္ဓသာသနံစိရံတိဋ္ဌတု

ဒေါက်မြင့်ထွန်း (မသုံးလုံး)

www.burmeseclassic.com

www.burmeseclassic.com

ချက်အတိုင်း တကူးတကလာပို့ရရှာတာ။ ခရီးက အဝေးကြီး သူလာတာ။ သင်္ဘောတစ်တန်၊ ကားတစ်တန်၊ ရထားတစ်တန် ခက်ခက်ခဲခဲလာပို့ရရှာတာ လမ်းစရိတ်တွေအတော်ကုန်တယ်။ အဘဆီမှာ နှစ်ညအိပ်သွားတယ်"

"ဒါပဋ္ဌာန်းဆက်ရှိလို့ပါနော်အဘ"

"အေး-အဘလည်းဒီလိုထင်တာပဲ အဘက သူ့ကိုသနားတာ ဒီပုတီးလေးအတွက်နဲ့ စရိတ်ကုန်လှပန်းပေါ့။ အသက်က(၆၀)လောက်။ အဘ့ထက်ငယ်တယ်"

"အဘ၊ ဒီပုတီး သူကဘယ်လိုရတာလဲ"


"အေး - သူပြောတာ အဘပြန်ပြောရမှာပေါ့ကွာ"

- အဘက ပုတီးအကြောင်းပြောကျွန်တော်က မိန့်မိန့်ကြီးနားထောင်ခဲ့ရ၏။

ဟုမ္မလင်းနယ် (ရွာမမှတ်မိ) ရွာတစ်ရွာမှဦးသောင်းသည် တောင်သူကြီးဖြစ်၏။ သူတွင် ဇနီးနှင့်သားကြီးသမီးကြီးငါးယောက်ရှိ၍ အားလုံးအိမ်ထောင်ခွဲများဖြစ်ကြ၏။ အိမ်တွင် ဦးသောင်းတို့လင်မယား၊ အငှားသားတစ်ယောက်၊ ခိုင်းနွားနှစ်ရှဉ်း နွားမ (၁၀) ကောင်ကျော် အစိုခင်း၊ အခြောက်ခင်း အသင့်တင့် ထောင်သူလတ်ဖြစ်လေ၏။

တစ်နေ့ညနေစောင်း အိမ်ပေါ်ဝရန်တာမှ ပက်လက်ကုလားထိုင်ဖြင့်ထိုင်ရင်း ဆေးလိပ်သောက်ရင်း အိမ်ရှေ့တည့်တည့်ကွင်းပြောင်ပြောင်မှတစ်ထွာခန့် အရွက်စိမ်းလေးတစ်ခု အလိပ်လိုက်အပေါ်ထောင်ထွက်နေ၍ စူးစမ်းသည့်သဘောဖြင့် အိမ်အောက်ဆင်း အပင်အားကိုင်ကြည့်ရာ ငှက်ပျောရွက်ကလေးနှင့်ဆင်တူ ပိသေသထူးသော်လည်းအမှတ်တမဲ့သာနေလိုက်၏။

မနက်မိုးလင်း ထိုအပင်အား သတိရ၍ပြန်ကြည့်ရာ ငုတ်တိုလေးသာကျန်၏။ နွားတွေလွှတ်ပေးလိုက်၍ နွားစားသွားမှန်းသိနေ၏။ နောက်တစ်နေ့ အညွန့်လေးတစ်ထွာခန့်ထွက်လာ၊ ညနေနွားတွေဝင်တော့ပြန်စားနှင့် ငှက်ပျောပင်လေးမှာ အညွန့်မထွက်နိုင်ရှာပေ။ ဒါနှင့် ဦးသောင်းဟာ ဒီငှက်ပျောပင်လေးကို ပြုစုဖို့ ဝါးခြမ်းပြားလေးနှင့်ငုတ်ရိုက်ကာ ပေးထား၏။ (၁) ရက်၊ (၂) ရက်မဲခံပြီး နွားတွေစားပြန်လေပြီ။ နောက်ဆုံးတော့ နွားတွေအစားမခံရအောင် တိုင်လေးတိုင်ထူ၊ ပတ်ပတ်လည်ကို ဝါးခြမ်းပြား



နှင့်ခြံခတ်လိုက်မှ နွားရန်တလွတ်၏။

ဒီနေ့ နေ့စွဲ အိမ်အောက်ခါးပန်းမှာ မြေဖြူခဲနှင့်သေချာမှတ်ထားလိုက်၏။ ငှက်ပျောဝင်သည် တစ်စတစ်စ ပင်လုံးကြီးပြီး အရွက်တွေဖြာလာ၏။ မူလခြံကကျဉ်းလို့ အပြင်ထွက်သည့် ငှက်ပျောရွက်တွေ နွားအစားခံရပြန်သည်။ ဦးသောင်းသည် နောက်ထပ် ခြံအသစ်ထပ်ကာ၏။ အရင်လိုမဟုတ်တော့ပေ။ တိုင်လေးတိုင်မှာ တောင့်တောင့်ဘေးပတ်လည်ပျဉ်ကာနှင့်အတွင်းထဲမှာ သဲဖြူတွေခင်း၊ အပြင်က ရာဇမတ်တွေ ကာပေးထား၏။

ဒီနေ့ နေ့စွဲကြည့်တော့ ငှက်ပျောပင်က တစ်နှစ်ပြည့်ပြီ အဖူးမထွက်သေး။ ပင်စည်က တုတ်သည်ထက်တုတ်လာတော့ အပင်မနိုင်တော့။ ဝါးတွေနှင့် ထောက်ကန်ပေးထား၏။ ထူးတာက ဒီနှစ်မှာ ဦးသောင်းလယ်က စပါးတွေ နှစ်ဆတိုးရသည်။ ပဲတွေလည်းတိုးကာ သူတို့လင်မယားချောင်လည်လာ၏။

သည်လိုနှင့် တစ်နှစ်ပြည့်ပြန်ပြီး ငှက်ပျောပင်မှာ အဖူးမထွက်သေး။ ဒီနှစ်က မနှစ်ကထက် သီးနှံတွေပိုရပြန်တယ်။ သီးနှံတွေတအားရတော့ ရွာထဲက မိတ်ဆွေတွေတောင် အံ့သြနေရ၏။ ဘေးကမိတ်ဆွေတွေတောင် ချေးငှားနိုင်လာ၊ စီးပွားဖြစ်လာပြီ။

ဦးသောင်းစိတ်မှာ အခုလို သီးနှံတွေ မရစဖူးရနေတာ ဒီငှက်ပျောပင်ကြောင့်လား။ ငှက်ပျောပင် အသက် (၂) နှစ်ကျော်လာပြီ။ သီးနှံတွေရတာလည်း (၂) နှစ်ရှိပြီ ဒါဖြစ်နိုင်၏။ ဘာငှက်ပျောလဲ သူငယ်ချင်းတွေမေးရမည်။ ဒီလိုနှင့် သူ့သူငယ်ချင်းတွေအိမ်ခေါ် ငှက်ပျောပင်အကြောင်းမေးတော့ ဘယ်သူမှ တိတိကျကျမသိ။ ပိုထူးတာက ငှက်ပျောပင်ဟာ အပင်ပွားတဲ့အမျိုး။ ယခုအိမ်ထဲက အပင်ဟာ ပင်ပွားမရှိ သူ့တစ်ပင်တည်းထီးထီးရှိနေသည်က ထူးဆန်းလှပေ၏။

ပင်စည်လုံးပတ်မှာ ကြီးသည်ထက်ကြီးလာ၍ ဝါးလုံးဖြင့်ထောက်၍မနိုင်တော့ပေ။ မျောတိုင်အသေးဖြင့် ပတ်လည်ထောက်ကူပေးရပြန်ရလေ၏။ ဤသို့ တစ်နှစ်လည်ပြန်သော် (၃) နှစ်တင်းတင်းပြည့်၏။ အဖူးမထွက်သေးပေ။ သီးနှံတွေက ရမြဲတိုင်းရနေလေ၏။ နောက်တစ်နှစ် (၄) နှစ်ပြည့်လေပြီ။ အဖူးကမထွက်သေး-စိမ်းစိမ်းစိုစို ပင်စည်တုတ်တုတ် ငှက်ပျောပင်အား တစ်ရွာလုံးနီးပါး လာကြည့်ကြသော်လည်း ဘာငှက်ပျောမှန်းမသိကြပေ။

အိမ်ခါးပန်းက နေ့စွဲကြည့်တော့ ဒီနှစ် ငှက်ပျောပင်က (၅) နှစ်ပြည့်မည်။ ဦးသောင်းမှာ အပင်ပတ်ပတ်လည် ပေါင်းမြက်ရှင်း၊ သဲဖြူတွေထပ်ခင်း၊ ခြံအား လုံခြုံစွာထားလေ၏။ (၅) နှစ်ပြည့်ပြီ သီးနှံတွေကတစ်ပုံကြီးရလေသည်။ ငှက်ပျောပင်က အဖူးမထွက်သေးပေ။

(၅) နှစ်ပြည့်ပြီးတော့ ငှက်ပျောပင်အား ဦးသောင်းမှာအရိပ်တကြည့်ကြည့်ဖြင့်ပြုစုရင်း တောသူဌေးဘဝပင်ရောက်လာလေ၏။ ခြောက်လခွန့်တော့ ဦးသောင်းမှာ ဝမ်းသာမဆုံးဖြစ်ရ၏။ သူ့ငှက်ပျောဖင် အဖူးစထွက်၍ဖြစ်၏။ ထိုမှငါးဖီးပါသော ငှက်ပျောတစ်ခိုင်ဖြစ်လာ၏။ ငှက်ပျောငါးဖီးမှာ ညီညီညာညာပြည့်ပြည့်ဝဝသီးနေတာလည်း သတိထားမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

(၆) နှစ်ပြည့်ခါနီး -လပိုင်းအလို ငှက်ပျောတစ်ခိုင်လုံး ဝင်းဝါနေ၍ ခုတ်လိုက်ရ၏။ ထိုငှက်ပျောဖူးဖီးအား သာသနာပွဲအဖြစ် ဘုရားလှူလေ၏။

တစ်ပတ်အကြာ သာသနာပွဲအား ချ၍ ရပ်ထဲရွာထဲမှ မိတ်ဆွေသင်္ဂဟများအား ငှက်ပျောသီးဒါနကုသိုလ်ပြုစဉ် တစ်ယောက်သောညွှန့်သည်ထိမှနေ၍ ထောက်ခနဲအသံ ဦးသောင်းကြား၍ ညွှန့်သည်ထဲသွားကြည့်ရာ ငှက်ပျောစေ့ကြီးဖြစ်နေ၍ အံ့ဩသွား၏။

ငှက်ပျောစေ့ကို ကျွန်တော်အား ပေးပါ။ ငှက်ပျောသီးကို လိုသလိုသုံးဆောင်ပါဟု ပရိသတ်အား မေတ္တာရပ်ခံတော့ ငှက်ပျောစေ့ပေါင်း (၁၀၈) စေ့ရလေ၏။ ထူးခြားသည်က ငှက်ပျောနက်စေ့မှာ (၁၀၈) စေ့ ကွက်တိဖြစ်နေ၍ ပုတီးခေါင်းသီးဖို့ပင် အပိုမရှိပေ။

ထိုငှက်ပျောစေ့အား ပုတီးတစ်ကုံးသီ၍ ထိုနေ့ဘုရားကျောင်းဆောင်ထက် တင်ထားလိုက်၏။ ညပိုင်း အိပ်ပျော်စဉ်တွင် အဝတ်ဖြူနှင့် လူသူတော်တစ်ပါး ဦးသောင်း၏ ခေါင်းရင်းမှရပ်လျက် အိပ်မက်ပေးလေ၏။

"ပုတီးက မင်းပုတီးမဟုတ်ဘူး။ ပိုင်ရှင်ရှိတယ် အဲဒီသွားပို့ချေ"

အိပ်မက်ပေးတော့ ဦးသောင်း စိတ်တိုသွားသည်။ အိပ်မက်ထဲမှာ လူသူတော်အား ပြန်အော်လေ၏။

"ဘာလို့ပေးရမှာလဲ။ ငါ့အိမ်၊ ငါ့အပင်ကရတာ မပို့နိုင်ဘူး"

လူသူတော်က ဆက်ပြောမြန်လေ၏။

"ဟေ့လူ ခင်ဗျားကဆိုင်သာဆိုင်တာ မပိုင်ဘူး။ ပိုင်ရှင်ဆီသွားပို့ချေ"

"မပို့ဘူး၊ ငါ့ပုတီး ငါပိုင်ဆယ်ကွ"

လူသူတော် ပျောက်ကွယ်တော့ ဦးသောင်းအိပ်ရာမှနိုး၍ ဆေးလိပ်ထိုင်သောက်ရင်းက ဒေါသထွက်နေ၏။ ဦးသောင်းစိတ်ထဲမှ လူသူတော်အား မကျေနပ်ပေ။ သူ့ပုတီးအား မဆိုမဆိုင်သူများပေးရမည်တဲ့လား။

နောက်တစ်ပတ်အကြာ လူသူတော်မှ ဦးသောင်းအား ယခင်လို အိပ်မက်ပေးပြန်လေ၏။ ဒီအကြိမ်လည်း မပေးနိုင်ကြောင်း ပြန်အော်လေ၏။

နောက်တစ်ပတ်ခြားအိပ်မက်ပေးပြန်သော်လည်း ဦးသောင်းကလက်မခံ။ သို့ပေမယ့် လူသူတော်က ဦးသောင်းအား တင်းတင်းကျပ်ကျပ် သတိပေးခဲ့လေ၏။

"ဒီပုတီးကို ပိုင်ရှင်ဆီပို့ရင်ပို့။ မပို့ရင် မင်းဒဏ်အခတ်ခံရမယ်"

ခေါင်းမာသော ဦးသောင်းသည် လူသူတော်အား မယုံမရှိပေ။ ထိုနှစ်တွင် ဦးသောင်း၏ လယ်ယာထွက်သီးနှံများ မရိတ်သိမ်းရဘဲ ကောက်သင်းသာ ကောက်ရလေသည်။ ပိုဆိုးသည်က ဦးသောင်း၏ခန္ဓာကိုယ်အနှံ့ အမည်မသိသောအနာများပေါက်၍ အိပ်ရာထတ်လဲလေ၏။ သီးနှံတွေမရ၊ ငွေတွေကုန်၊ လူက အလုပ်မလုပ်နိုင်နှင့် ဒုတိယနှစ်သို့ ရောက်လာ၏။

ကျွန်းမာရေးညံ့၍ စီးပွားရေးဆုတ်ယုတ်လာ၏။ သူ့ပုတီးကိုသတိရလာ၏။ 'ဒီပုတီးကြောင့် ငါအခုလိုခံစားနေရတာလား။ ဒီနေ့ည လူသူတော်ကြီး ငါ့ဆီလာရင် သိပ်ကောင်းမှာပဲ။ သူ့စကားကို သေချာမေးမယ်။ ဟုတ်ရင် ပို့ပေးတော့မယ်' ဦးသောင်းမှာ နှမြောစွာဖြင့်အိပ်ရာထက်မှ ညည်းညူနေရှာ၏။

ထိုနေ့ညတွင် လူသူတော်ကြီး ဦးသောင်းထံအိပ်မက်ပေးလေ၏။ လူသူတော်သည် ဦးသောင်း၏စိတ်အကြံအား သိနေပုံရလေ၏။

"ဟေ့-ပို့တော့မှာမို့လား။အမြန်ဆုံးသွားပို့ချေ"

"ပုတီးပို့ရအောင် ကျုပ်က လမ်းမှ မလျှောက်နိုင်ဘဲ။ နေကောင်းရင် ပို့ပေးမယ်"


"ပို့မယ်လို့သာ ကတိပေး။ အမြန်ဆုံးနေကောင်းသွားမယ်"

"ကဲပါ-ပို့ပါ့မယ်။ ကျုပ်သိချင်တာ မေးဦးမယ်။ ကျုပ်သီးနှံတွေမရတာ၊ ရောဂါတွေဖြစ်တာ ပုတီးသွားမပို့လို့လား"

"အေး - ဟုတ်တယ်။အရှင်လိုဖြစ်ချင်ရင် အမြန်ဆုံးသာသွားပို့"

ထိုအချိန် ဦးသောင်းစိတ်တွင် ပုတီးလေးအား နှမြောစိတ်[illegible]၍ လူသူတော်အား အတွန့်တက်လေ၏။

"ဒီပုတီးက ကျုပ်ကိုင်လို့မရဘူးလားဗျာ။ ကျုပ်ပုတီးစိပ်ပါ့မယ်ဗျာ"



"ဟေ့-မင်းကလိုင်းသမားမဟုတ်ဘူး။ ဒါမျိုးက သူလိုင်းနဲ့သူမှကိုင်ရတာ။ မင်းက သာသနာပြုနိုင်လို့လား။ သူများတွေက သာသနာပြုနေတာ သွားပို့ချေ"

ဦးသောင်းမှာ အဖြေမပေးသေးပေ။ ဆက်၍ကွန့်ပြန်၏။

"ကျုပ်သာသနာပြုမယ်ဗျာ။ ခိုင်းတာလုပ်မယ်၊ ပုတီးလည်းစိပ်မယ်"

"ဟေ့လူ ခုတစ်မျိုးတော်ကြာတစ်မျိုးမလုပ်နဲ့။ ဘာခုမှ သာသနာပြုမှာလဲ။ သူများတွေက ပဋ္ဌာန်းဆက်နဲ့ပြုကြတာ ပြုချင်တိုင်းပြုလို့မရဘူး"

"ယောချောင် ချောင်းကောက်ရွာက ဘိုးငွေမောင်းထံသွားပို့။ ပါးစပ်ဟ ဆေးတိုက်မယ်"

အိပ်ရာထက်မှ အလိုက်သင့် ပါးစပ်ဟ ကပ်စေးစေးဆေးတစ်လုံးတိုက်အပြီး လူသူတော်ကွယ်လေ၏။

ဆေးသောက်ပြီး (၅) ရက်အကြာ တစ်ကိုယ်လုံးမှ အနာများကွာ၍ လမ်းလျှောက်နိုင်လာ၏။ အားအင်ပြည့်လာ၏။ သူ့ကတိအတိုင်း (၁၀) ရက်အကြာ သင်္ဘောဖြင့် ဟူမ္မလင်းမှ ကလေးဝ၊ ကလေးဝမှ ကလေးကားစီး၊ ကလေးမှ ဂန့်ဂေါသို့ ရထားစီးရင်း ဂန့်ဂေါရောက်လေ၏။

ထိုနေ့ခရီးစဉ်တော့်၍ ရထားပြန်စီးပြန်၏။ ထိုနေ့ ညနေ မွေ့လယ်၊ ထိုမှ ချောင်းကောက်ရွာရောက်၍ ခရီးပန်းလှ၏။ အဘထံနှစ်ညအိပ်သွား၏။

စာရေးသူထံမှ ထူးခြားသော ပစ္စည်း (၃) မျိုးရှိပါသည်။ ဝစကြာအင်းပါသောကြေးစည်၊ ပထမဘိုးဘိုးအောင် စိတ်ကူးထားသော မေတ်ီးပုတီးနှင့် ယခု ငှက်ပျောနက်စေ့ပုတီးတို့ ဖြစ်လေ၏။ ထိုပစ္စည်း (၃) မျိုးသည် သာမန်တို့ထက် လွန်စွာထူးပါ၏။

ရင်းနှီးသော မိတ်ဆွေ ဆေးဆရာအမေတ်များများသည် စာရေးသူထံမှ ထိုပစ္စည်း (၃) မျိုးအား သူတို့ အလိုလိုသိကြပြီး မေတ္တာလက်ဆောင်တောင်းလေ့ရှိ၏။ လောကီပညာသင်တုန်း၊ ကြိုးစားတုန်းမို့ သည်းခံပေးရန်နှင့် နောင်အခါမှစွန့်မည့်အကြောင်း နှစ်သိမ့်ရလေ၏။

ဤပစ္စည်း (၃) မျိုး၏ ထူးခြားပုံများ နောင်အခါ ဖော်ပြပေးပါမည်။ ဤမျှနှင့်ကျေနပ်နိုင်ပါစေ။

စိုးမင်း(မြောက်ဥက္ကလာပ-ရွာသစ်)



www.burmeseclassic.com

www.burmeseclassic.com



## ၂၀၁၇ ခုနှစ်၊ ဧပြီလ

# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ (B.Sc)

**ဧပြီလ ၁ ရက်၊ စနေနေ့**-လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော(၉)ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာအနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ(၉)ခါ ရွတ်ဆိုပါ။

**ဧပြီလ ၃ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း(၀၊ ၂)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထမြောက်ဘက်လှည့်၍ သံဃာပူဇေမိ(၉)ခါ ရွတ်ဆိုပါ။

**ဧပြီလ ၄ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း(၂၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၅ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း(၈)။ စိုးမိုးဂဏန်း(၆၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား စနေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉)ခါ ရွတ်ဆိုပါ။

**ဧပြီလ ၆ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း(၉)။ စိုးမိုးဂဏန်း(၁၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် ပေဒါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၇ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း(၄၊ ၀)။ လာဘ်နေအရပ်အရှေ့။ လာဘ်အရောင် အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော(၉)ခါရွတ်ဆိုပါ။

**ဧပြီလ ၈ ရက်၊ စနေနေ့** - လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း(၂၊ ၄)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၉ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း(၁၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၀ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း(၂၊ ၀)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၁ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း(၂၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ(၉)ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း(၃၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဓမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။



www.burmeseclassic.com

www.burmeseclassic.com

**ဧပြီလ ၁၃ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း(၁၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော(၉)ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၄ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း(၈)။ စိုးမိုးဂဏန်း(၂၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၅ ရက်၊ စနေနေ့**-လာဘ်ဂဏန်း(၉)။ စိုးမိုးဂဏန်း(၁၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၆ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း(၂၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၇ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း(၁၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၈ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း(၁၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း(၂၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ခရမ်းရောင်၊ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ(၉)ခါရွတ်ဆိုပါ။

**ဧပြီလ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း(၂၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ခရမ်းရောင်၊ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ(၉)ခါရွတ်ဆိုပါ။

**ဧပြီလ ၂၀ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း(၄၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၁ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း(၅၀)။ လာဘ်နေအရပ်အရှေ့။ လာဘ်အရောင် ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော(၉)ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၂ ရက်၊ စနေနေ့** - လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း(၃၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉)ခါရွတ်ဆိုပါ။

**ဧပြီလ ၂၃ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း(၈)။ စိုးမိုးဂဏန်း(၇၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဧပြီလ ၂၄ ရက်၊ တနင်္လာနေ့**-လာဘ်ဂဏန်း(၉)။ စိုးမိုးဂဏန်း (၁၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉)ခါရွတ်ဆိုပါ။

**ဧပြီလ ၂၅ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း(၃၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား စနေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဧပြီလ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း(၁၇)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သားတနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉)ခါရွတ်ဆိုပါ။

**ဧပြီလ ၂၇ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း(၅၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၈ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း(၂၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂၉ ရက်၊ စနေနေ့**-လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း(၂၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၃၀ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း(၅၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်ဌေး (B.Sc)



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

"လူလေး"

"ဗျာ - အမေ"

"ဘာတွေမှိုင်မှိုင်နေတာလဲ အမေ့ကိုပြောစမ်း"

"ဗျာ - ဘာမှမမှိုင်ပါဘူး အမေ"

"နင့်ကို ငါမွေးထားတာ ဘာမှ အမေ့ကိုမလိမ်နဲ့။ ဘာတွေမှိုင်နေတာလဲ။ ငါ့သားမှာ ဘာအခက်အခဲတွေဘယ်လောက်တောင်ဖြစ်နေလဲ။ ဘာလဲ - စိန်ဂျွန်းဈေးမှာ ဈေးရောင်းမကောင်းဖြစ်နေတယ်မို့လား"

"အယ် - မဟုတ်ပါဘူး အမေ၊ ရောင်းရပါတယ်။ သား အမေ့ကို နေ့တိုင်း ပိုက်ဆံအမြတ်ပြန်အပ်နေနိုင်တာပဲဟာ"

အမေသည် အားရပါးရပြုံး၍ ကျွန်ုပ်ကိုကြည့်ရင်း ခေါင်းလေးတညိတ်ညိတ်လုပ်နေ၏။ အလွန်ချောမောလှပခဲ့သောအမေ၊ ဝင်းဝါစိုပြည်လှသော အသားအရေပိုင်ရှင်အမေ၊ ဆံနွယ်အခွေ

# ဆရာဦးမောင်မောင်သန်း

([illegible])

## ပညာရှင်

([illegible])

လေးများအလိပ်လိုက် နားသယ်နားထင်တစ်ပိုက်တွင်အလှဆင်နိုင်ခဲ့သောအမေ။

ဆံနွယ်ရစ်ခွေလေးများမရှိရှာတော့ပြီ။ ခေါင်းမှာဆွတ်ဆွတ်ဖြူမဟုတ်သော်လည်း ဆံပင်ကျိုးတိုးကျဲတဲနှင့်နက်သောနေရာနက်၊ ညိုသောနေရာညိုဖြစ်နေချေပြီ။ အမျှားဝိုင်းကြည့်ရလောက်အောင် အသားအရေတင်းပြောင်လှသောမျက်နှာလေးမှာ အရေးအကြောင်းများနေရာယူလာကြကုန်ပြီ။ဘယ်အချိန်ကဘယ်လိုညိုသွားမှန်းမသိလိုက်ရသောအသားရောင်များက အမေ့ကိုအလှော့မပေးတော့။

သားနှင့် သမီးကို ရေခဲရေသည်ဘဝ၊ ကုန်စိမ်းသည်ဘဝ၊ မုန့်ဟင်းခါးသည်ကြီးဘဝနှင့် မိခင်တာဝန်ကျေလွန်းစွာ မငြိုမငြင်လုပ်ကျွေးခဲ့သောအမေ။

သားနှင့် သမီးကို ဘယ်တစ်ဖက်၊ ညာတစ်ဖက် ရင်ခွင်ထဲဖက်ထားပြီး ညာဘက်လက်တွင် ဓားမြှောင်ကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း ယောကျ်ားသားကြီးများကြား မကြောက်မရွံ့ဂရုမစိုက်ညစဉ် နှစ်နှင့်ချီ၍ ကုန်စိမ်းကြိုခဲ့သောအမေ။

မပြောရက်တော့ပါ။

အမေ့ကို စိတ်ညစ်အောင်မပြောရက်တော့ပါ။

"မင်း - အမေ့ကိုပိုက်ဆံအပ်ရင် ငါ့သား နေ့တိုင်း ဝယ်စာရင်း၊ ရောင်းစာရင်းစာအုပ်လေးအမေ့ကိုပြစမ်း"

ဒိန်းခနဲဖြစ်သွား၏။ အမေ့ကို မလိမ်ချင်ပေမယ့် လိမ်ရပေတော့မည်။ အမှန်အတိုင်းပြောပြလျှင် အမေ စိတ်ဆင်းရဲပြီး အားလျော့သွားမည်ကိုမကြည့်ရက်ပါ။

"မမသိန်း၊ မမသိန်း"

အိမ်ရှေ့ဆီမှ လှမ်းအော်ခေါ်ရင်း ဝင်လာသောဒေါ်တင်ရွှေ။

"ဟော - မတင်ရွှေ လာ"

"သားလည်းရှိနေတော့ ဟန်ကျသွားပြီ"

"မမသိန်းရေ၊ ဖြူဖြူစိန်အလုပ်ရသွားပြီ။ သူလုပ်ချင်တဲ့အထည်ဆိုင်ကြီးမှာပဲရသွားပြီ။ အဲဒါ သူ့ကို စံပယ်ပန်းတောက်လျှောက်လှူခိုင်းတဲ့ ဟောဒီကငါ့တူကို ကျေးဇူးတင်ကြောင်းသွားပြောပေးပါဆိုလို့ အဲဒါ ဝမ်းသာရအောင်လာပြောတာ"

အမေလည်း ပြုံးနေ၏။ ကျွန်ုပ်လည်း ပြုံးနေမိ၏။ ဖြူဖြူစိန်အတွက် ဆရာသခင် သင်ကြားပြသနေသော ကက်ကင်းပညာခန်းကို လက်တွေ့စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ဘုရားရှင်ကို စံပယ်ပန်းများဝေနေအောင် ကပ်လှူပူဇော်စေခဲ့ခြင်းဖြစ်ပါသည်။ ဤကက်ကင်းအစီအရင်ကို ကျွန်ုပ်ပင်လျှင် အံ့အားသင့်ခဲ့၏။ လာစဉ်ကလည်း အလုပ်ရရင် ကျေးဇူးမမေ့ပါဘူးဟု ပြောသွားကြသူများဖြစ်ရာ သူတို့စကားတည်ပါသည်။ ကျေးဇူးတကယ်မမေ့ကြပါ။ ကျေးဇူးတင်ကြောင်းလာပြောကြ၏။ ကျေနပ်ပါသည်။

ဒေါ်တင်ရွှေကို ပို၍ကျေနပ်သွားသည်မှာ အမေအထည်စာရင်းမေးတော့မည်ဖြစ်နေစဉ် ရောက်လာသောကြောင့် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း နောက်နေ့ကစ၍ ဟုတ်တိပတ်တိ ခပ်တည်တည်နှင့် ခပ်လှမ်းလှမ်းတွင်ထိုင်ရင်း စာအုပ်လေးကိုဖြန့်ကြည့်ပြီး ဒီအကျီကွာ၊ ထင်တာလောက်မမြတ်ဘူး။ အင်း - ဟိုနှံ့သာရောင်အကျီကမှ (၁၅) ကျပ်မြတ်သေးတယ်။ ဘယ့်နှယ် ညာ့နှယ်လုပ်ရင်း အမေ့ကို အမြတ်ဟု ခပ်တည်တည်အပ်၏။ အမေသည် ကျွန်ုပ်ကိုအလွန်ချစ်၏။ သူ့အနားတွင် ကျွန်ုပ်ရှိနေလျှင် ကျေနပ်နေရှာသူဖြစ်၏။ ညီမလေးကိုပင် တစ်ပတ်တစ်ခါသွားတွေ့ခါမှသွားပြီး စကားထဲသိပ်ထည့်မပြော။ ထို့ကြောင့် ကျွန်ုပ် စိတ်ညစ်အောင် ထပ်မေးမည့်ပုံမတွေ့ရတော့။

ဆရာသခင်သည် ကျွန်ုပ်အား အခေါ်စိပ်လာ၏။ သင်ကြားပေးခြင်းများစိပ်လာ၏။ ကျွန်ုပ်လည်း ဈေးထွက်၊ ညနေပြန်ရောက်၊ ဆရာ့ဆီပြေးနှင့် လည်ပတ်နေတော့၏။

တစ်နေ့ -

စိန်ဂျွန်းဈေးမှအပြန် ရော်ရှင်ရုံရှေ့ မှတ်တိုင်မှ ဘတ်(စ်)ကားကိုတွယ်စီးလာ



www.burmeseclassic.com

www.burmeseclassic.com

၏။ နောက်ဘက်ခြေနင်းခုံတွင်ဖြစ်သော်လည်း ကားချောင်သည့်ထိစောင့်နေလျှင် မိုးချုပ်သွားနိုင်ပြီး အမေ စိတ်ပူနိုင်၏။ ကားပေါ် စတက်၍ နောက်ဘက်ခြေနင်းခုံမှာတွယ်စီးကြသော ငါးယောက်၊ ခြောက်ယောက်လူအုပ်ကြားတွင် ကျွန်ုပ်လည်းပါလာ၏။ ဘာကြောင့်မှန်းမသိ စိတ်ကလေးတေးတေးနှင့်။ ကားနောက်ဘက်အပေါ် ပိုင်းတွင် ကျွန်ုပ်တို့နေထိုင်ရာနှင့်နီးသော ကုန်းဘောင်လမ်းမတွင်နေထိုင်သည့် အစ်ကိုရင်မြင့်လည်း မတ်တတ်ရပ်စီးရင်းပါလာ၏။

ချိုင်းတွင်လွယ်ထားသောအိတ်နှစ်ကြိမ်၊သုံးကြိမ်လှုပ်သွားသည်ကို သတိထားလိုက်၊မထားလိုက်နှင့် တဖြည်းဖြည်းဗဟန်းကွေ့ကျော်လာ၏။ ရွှေဂုံတိုင်မီးပွိုင့်ရောက်သည်နှင့် အိတ်သည် ဆတ်ခနဲလှုပ်သလိုဖြစ်သွားပြီး လူတစ်ယောက်ဖျတ်ခနဲဆင်းလိုက်သည်ကို သတိထားလိုက်မိရာက အိတ်ကိုစမ်းကြည့်လိုက်၏။ သွားပြီ-အိတ်မှာယိုးဒယားပလတ်စတစ်ချိုင်းလွယ်အိတ်အပိုင်းဖြစ်နေ၍စမ်းကြည့်ရာ ဟက်တက်ကြီးကွဲနေတော့၏။ ခြေလှမ်းနှစ်လှမ်း၊ သုံးလှမ်းခန့်လျှောက်သွားသူကိုလှည့်ကြည့်ရင်း ဖျတ်ခနဲခုန်ဆင်းလိုက်ပြီး သူ့လက်ကိုလှမ်းဆွဲထားလိုက်၏။

"မင်းလက်ထဲက စာအုပ်အသေးလေးက ငါ့စာအုပ်ကွ"

"ဟေ့ကောင်၊ မင်း လူမှားနေပြီ။ အဲဒီကောင်က ဟိုမှာ"

ဟုပြောရင်း ကားဘက် လက်ညှိုးထိုးပြ၏။ သို့သော် သူ့လက်ထဲတွင် ကျွန်ုပ်၏စာအုပ်တွေ့နေသောကြောင့် သူ့အကျီလက်မောင်းကို ကျွန်ုပ်မလွှတ်တော့။ ကိုရင်မြင့်က လှမ်းကြည့်ရင်း 'ဘာဖြစ်တာလဲဟေ့' ဟု အော်သော်လည်း ဆင်းမလာ၊ မီးပွိုင့်စိမ်းပြီ။

စာအုပ်ကိုင်ထားသူသည် ကျွန်ုပ်၏လက်ကို သူ၏အားပါသောရုန်းခြင်းမျိုးနှင့်ရုန်းလိုက်ရာ -

"ဗုန်း"

"အင့်"

"ဖန်း. . . ဖန်း. . . ဖန်း. . . ဖြောင်း. . ."

ညာဘက်ဝိုက်လက်သီးကို အရှိန်နှင့်ဝိုက်ရင်း သူ၏အရှိုက်ဆီသို့ပစ်ကျိုးလိုက်လေရာ အင့်ခနဲတစ်ချက်သာအော်နိုင်ပြီး ဖင်ထိုင်လဲကျသွားတော့၏။ သူ၏ ဗိုက်ကိုဖိ၍နေစဉ် မျက်နှာကိုသုံး၊ လေးချက် လက်သီးနှင့်ထိုးပြီး တံတောင်နှင့်ရိုက်ချလိုက်၏။မျက်ခုံးကွဲရုံမက နှာခေါင်းနှင့်ပါးစပ်ထဲကပါ သွေးများမြင်မကောင်းအောင်ထွက်နေတော့၏။ ရှေ့တွင် သူ့လက်မှပြုတ်ကျသွားသော ကျွန်ုပ်၏စာအုပ်လေးသည် ဈေးရောင်းထားသော ပိုက်ဆံများနှင့်ပြန့်ကျဲသွား၏။ ကျွန်ုပ်က သွေးအေးအေးနှင့်သတိထားရင်း ကုန်းကောက်နေစဉ် ခါးပိုက်နှိုက်ထပြေးသွားပါတော့သည်။သူ၏ခါးကြားထဲမှကျလေသလား၊ အကျီအိတ်ထဲမှထွက်ကျလေသလားမသိ ဆယ်ပြားစေ့အလေးစေ့ကိုမြည်နေအောင်သွေးထား၏။ ခပ်လှမ်းလှမ်းမှ လူကြီးနှစ်ဦးသည် ကျွန်ုပ်နားသို့ကပ်လာပြီး -

"ဘယ်လိုဖြစ်တာလဲ ညီလေး"

"ခါးပိုက်နှိုက်လေ။ ကျွန်တော့်ပိုက်ဆံကိုကျွန်တော်ရအောင်ပြန်ယူတာ၊ သူ့ကိုဘာမှမလုပ်ပါဘူး။ သူကစရုန်းလို့ တစ်ချက်တလေပါ"

"ဟား - သွေးတွေမျက်နှာမှာရဲနေတာပဲ"

ကျွန်ုပ်က သူတို့မျက်နှာကြည့်လိုက်၏။

"ဒါကျွန်တော့်ဈေးနဲ့စာ၊ ကျွန်တော့်အမေကို ကျွန်တော်လုပ်ကျွေးနေတာ။ ကျွန်တော်က သူ့ကိုစပြီးစော်ကားတာမဟုတ်ဘူး။ ကျွန်တော့်ပိုက်ဆံကို မတရားလုပ်ရင် ကျွန်တော်လုပ်မှာပဲ"

"အေးအေးပါ-ညီလေး၊ ဂရုတော့စိုက်ပေါ့ကွာ။ ဘယ်မှာနေလဲ"

"တောင်ဥက္ကလာ"

"သူတို့က တစ်ယောက်တည်းမဟုတ်ဘူး၊ အဖွဲ့နဲ့။ သတိနဲ့သွားလာသိလား"

"ဟုတ်ကဲ့-အစ်ကို၊ ကျေးဇူးတင်ပါတယ်"

ကားဂိတ်ရောက်သည်နှင့် ကုန်းဘောင်လမ်းတွင် မားမားမားမားရပ်နေသည်မှာ ကိုရင်မြင့်။

"ညီလေး၊ အစ်ကိုလှမ်းမြင်တယ်။ ကားကကျပ်လွန်းတော့ ဆင်းလို့မရဘူးဖြစ်နေလို့၊ ခုကော"

အိတ်ထဲမှ စာအုပ်နှင့်ပိုက်ဆံများကိုထုတ်ပြလိုက်၏။

"ကျွန်တော့်ဈေးနဲ့စာလေ အစ်ကို၊ ကျွန်တော်ရအောင်ပြန်ယူတာပေါ့။ ဒါအမေ့ပေးရမှာ။ သူ့ကိုပြုံးပြသလိုလိုနဲ့ တီးထဲ့လိုက်တာ"

"အေးအေး - သွား ညီလေး၊ အစ်ကိုလည်းစိတ်ပူပြီးရပ်စောင့်နေတာ"

အိမ်ရှေ့ဆီတွင် ခြင်မကိုက်အောင်ယပ်တောင်လေးတဖျတ်ဖျတ်ခတ်ရင်း အမေထွက်စောင့်နေ၏အမေ့ကိုမြင်လိုက်သောအခါ အလိုလိုဝမ်းနည်းလာ၏။ ရင်ထဲမှာလှိုက်တက်လာ၏။

"လူလေး၊ မျက်နှာမကောင်းပါလား"

"ဘာမှမဖြစ်ပါဘူး အမေ၊ ကားတွေကျပ်လို့ပါ"

"ဟယ် - နင့်အိတ်ကြီးကွဲနေပါလား"

ကပျာကယာ ငုံ့ကြည့်သလိုလုပ်လိုက်ပြီး -

"ဟာ - ဟိုကောင်တွေနောက်လိုက်ပြီ။ တော်တော်ဆိုးတဲ့ကောင်တွေ"

"ဟဲ့ - ဘယ်ကောင်တွေလဲ"

"သားသူငယ်ချင်းတွေပါ စိန်ဂွန်းဈေးက။ အရမ်းနောက်တာပဲ အဲဒီကောင်တွေ"

"မသိပါဘူး၊ ငါက ခါးပိုက်နှိုက်တွေနဲ့များတွေ့လာလားလို့"

"အမေကလည်း၊ ဒီမှာ ပိုက်ဆံတွေ"

ခပ်တည်တည်နှင့် အိတ်ထဲမှ စာအုပ်နှင့်ပိုက်ဆံများကိုယူပြီး အမေ့ကိုပြလိုက်၏။ အမေဘာမှဆက်မပြောတော့။

သည့်နောက်တွင် ကားနောက်မှ ခိုစီးခြင်းမလုပ်ရဲတော့။ ကားထဲဝင်စီးတော့၏။

ဆရာသခင်နှင့်ပြောဖြစ်သောအခါ ကျွန်ုပ်အား တမာခေါက်နှစ်လက်မ၊ သုံးလက်မခန့် အိတ်ထဲထည့်ထားဟုဆို၏။ ခါးပိုက်နှိုက်နှင့် တမာခေါက် ကက်ကင်းမှန်း ချက်ချင်းသိလိုက်၏။ ကျွန်ုပ်လည်း ချက်ချင်းရှာ၍ဆောင်၏။ နေ့စဉ် ပုံမှန်သွားလာရင်းဘာအန္တရာယ်မှမဖြစ်တော့။ အလွန်လွယ်ကူသော်လည်း အလွန်အန္တရာယ်ကင်းသွားပါတော့သည်။

သည့်နောက်ပိုင်း တွေ့သမျှမိတ်ဆွေတော်တော်များများကို ကက်ကင်းပေးတော့၏။

"လှမောင်၊ ပုလင်းတစ်လုံး ဘုရားမှာပူဇော်ထား။ ပုလင်းထဲ အမွှေးတိုင်ထည့်၊ ဘုရားပူဇော်"

"ရင်စိန်ခင်၊ ခရေပန်းဘုရားပူဇော်"

"ဒေါ်ပိုးစိန်၊ ဘုရားကို [illegible]ယ်ဆောင်"



www.burmeseclassic.com

www.burmeseclassic.com

"တိုးမောင်၊ ပိတောက်သားဗူတီးစိပ်"

"အောင်ရဲ၊ အများသောက်သုံးနိုင်တဲ့သောက်ရေအိုးလှူ"

"စန်းနိုင်၊ နှင်းဆီပန်းအခြဘုရားပူဇော်"

အခြား ကျွန်ုပ်ပေးလိုက်သော ကက်ကင်းများမှာ မနည်းတော့။ တွေ့သမျှလူကိုပေးသလိုကိုပေး၏။ ကျွန်ုပ်ပြောသည့်အတိုင်းဆောင်ကြပြီး အဆင်ပြေလာကြသည်ကို တိုက်ရိုက်ဖြစ်စေ၊ တစ်ဆင့်စကားဖြစ်စေ ကြားရသောအခါ ဝမ်းသာရပါသည်။

တစ်နေ့ အသိအဒေါ်တစ်ယောက်သည် အမေနှင့်စကားထိုင်ပြောနေသည်မှာ ခပ်ကျယ်ကျယ်ဖြစ်၏။

သူ၏သားမှာ ကျွန်ုပ်ထံ မကြာခဏလာလည်တတ်ပြီး သူတို့က မြို့ထဲမှာနေ၏။ ကျွန်ုပ်သင်ကြားနေသော အင်္ဂဝိဇ္ဇာပညာကို ထိုလူလည်း စိတ်ဝင်စား၏။ ကျွန်ုပ်နှင့်ရွယ်တူဖြစ်ပါသည်။

ကျွန်ုပ်က ရှင်းရှင်းပြလျှင် သူက စာအုပ်တစ်အုပ်နှင့် မှတ်မှတ်ရေးသွားတတ်၏။

"ဘာဖြစ်လို့လဲ အမေ"

"ဩော် - ဒီမှာ သားဆီကို မောင်ထွေးလာလှာနေတာ သူ့အမေက မကြိုက်ဘူး။ သူတို့ဒေါ်ဂျစ်ကားလုပ်ငန်းကို ဝိုင်းမလုပ်ဘဲဒီလာလာနေလို့တဲ့"

"ဟုတ်တယ်လေ၊ သူက မင်းဆီက ဟိုတောင်တွက်မြောက်တွက်တွေရေးမှတ်လာပြီး ဟိုလူ့မြင်ဟောချင်၊ ဒီလူ့မြင်ဟောချင်နဲ့ ကတဲ- အိမ်အလုပ်ကိုမလုပ်ချင်တော့ဘူး။ အဲဒါ ငါ့သားရယ်၊ မင်းသူငယ်ချင်းကို မင်းပဲပြောပေးပါ ဒီမလာနဲ့လို့၊ အလုပ်ကြိုးစားဖို့"

"ဘာဖြစ်လို့လဲ အဒေါ်"

"မင်းတောင် စားဖို့မနည်းရှာပြေးလွှားနေရတယ်မို့လား။ မမသိန်းလုပ်ပေးထားလို့ ချောင်ချောင်နေရတာမို့လား။ ဒီဗေဒင်က ဘာလုပ်လို့ရလို့လဲ ကဲ - ငါ့ပြောစမ်းပါဦး၊ အခု မင်း ဒါကိုသင်နေတယ်ပြောတယ် မင်းပိုက်ဆံရလား၊ လုပ်စားလို့ရလား။ အေး - မင်းတောင် ဘာကောင်မှဖြစ်မလာတဲ့ဥစ္စာ၊ သူက ဘာလာလာလုပ်တယ်မသိဘူး။ ဝတ်ချင်တယ် အဲဒီကောင်"

ကျွန်ုပ် အမေ့မျက်နှာကို မသိမသာလှမ်းကြည့်လိုက်၏။ အမေက မသိမသာ ခေါင်းလေးခါပြ၏။

"ဟုတ်ကဲ့ - မင်းမလာနဲ့တော့လို့ ကျွန်တော်ပြောလိုက်မယ် အဒေါ်"

"အေး - အဲလိုကူညီစမ်းပါ ငါ့သားရယ်၊ ဒါမှ သူငယ်ချင်းကောင်းပီသတယ်ခေါ်တယ်"

ကျွန်ုပ်၏မျက်လုံးတို့ ပြာဝေသလိုဖြစ်သွားပြီး အိမ်ထဲခဏဝင်နေစဉ် ထိုအဒေါ်ပြန်သွား၏။

"သားက အမေခေါင်းခါပြလို့ အမေ့ကိုကြောက်လို့ ငြိမ်နေလိုက်တာ၊ သူက ရာရာစစ အိမ်ပေါ်တက်လာပြီး"

"သား ဒီမှာအမေ့ကိုကြည့်စမ်း။ သူပြောတာကို မင်းစိတ်ထဲမှာ အားဆေးလို့မှတ် ငါ့သား။ ငါ့သားကိုတွန်းတင်တယ်လို့မှတ်ထား။ ငါ့သားလေးက ခုမှ ပညာတွေသင်နေရတုန်းဆိုတာ သူမှ မသိဘဲ၊ ဒီပညာရဲ့တန်ဖိုးကို သူမသိဘူးလေ။ ငါ့သားကပိုပြီးကြိုးစားပြရမယ်၊ ပိုလုပ်ပြရမယ်။ မခံချင်စိတ်ဆိုတာ အဲဒါပဲ သား။ အားသူ့ကိုကျေးဇူးတောင်တင်ရဦးမယ်"

"ကျေးဇူးတင်ရမယ်၊ ဘာဆိုင်လို့လဲ အမေ"

"သူက သားအောင်မြင်ချင်စိတ်၊ ကြိုးစားချင်စိတ်ရှိအောင် သားကိုပြောသွားတာ သား"

"ဟင် - သူ့သားကိုစွလေ"

"ဟုတ်တယ်၊ သူပြောတာကို သားက မခံချင်ဖြစ်လာမယ်။ ဖြစ်ရင် သားကြိုးစားမယ်။ ကြိုးစားလာပြီဆိုရင် ငါ့သားဟာ ပညာရှင်ဖြစ်ကိုဖြစ်လာလိမ့်မယ်။ ငါ့သားကို အမေယုံတယ်"

"ပညာရှင်"

ကျွန်ုပ်၏နှုတ်မှ ခပ်တိုးတိုး သုံးလေးကြိမ် ရေရွတ်ကြည့်မိ၏။

"ဒီလိုပြောတဲ့လူတွေဟာ ကိုယ့်ကိုနှိမ်တယ်လို့ မအောက်မေ့နဲ့။ သူတို့ကို ငါ့သားကျေးဇူးတောင်တင်ရမယ်။ အမေ့စကားနားထောင်။ သားသူ့ကိုပြောခင်ထဲက အမေသူ့ကိုပြောလိုက်လို့ရတာပဲ။ ဘာလုပ်မှာလဲ၊ ပွဲပါသွားတာမဟုတ်ဘူး။ ငါ့သားလေးလည်း ကြိုးစားနေတာပဲ။ စီးပွားက တစ်ဖက်ရှာနေရတော့ ဒါလောက်ပဲသင်လို့ရဦးမှာပေါ့။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ်ပြန်ကြည့်၊ သူများက သူမြင်တဲ့အတိုင်းပြောမှာပဲ။ ပြောတာ သူ့အလုပ်၊ ကိုယ်ကြိုးစားရမှာ ကိုယ့်အလုပ်။ သားလေးကြိုးစား၊ သားလေးကြိုးစား။ ငါ့သားဟာ တစ်နေ့ကျ ပညာရှင်ဖြစ်ကိုလာမယ်ကွာ။ အမေပြောတယ်၊ အဲဒီကျအမေကဂုဏ်ယူမှာ"

အမေ့စကားသည် ကျွန်ုပ်တွင် ငုပ်လျှိုးနေသော အားမာန်များပွင့်တက်လာလေသလား အောက်မေ့ရ၏။ ဘယ်ကဘယ်လိုရောက်လာမှန်းမသိရသော အားအင်များဖြစ်၏။ ကိုယ်ခံပညာများကစားစဉ်ကရောက်လာတတ်သောအားများနှင့်မတူပါလေ။ ယခုရောက်လာသောအင်အားများကို ကျွန်ုပ်ကျေနပ်နေမိ၏။ သာယာနေမိ၏။

အခိဋ္ဌာန်တော့မထားပါ။

ဈေးသွားရင်း ကားပေါ်မှစ၍ရွတ်ဖြစ်သည်မှာ စဓဗဝစမကြီးလေးလုံးဂါထာ၊ ဣ(၈)ချက်ဂါထာဂုဏ်တော်၊ ဣတိပိသောသည်းခြေဂုဏ်တော်တို့များ၏။

တစ်နေ့လျှင် တစ်မျိုးကို တစ်ထောင်ရအောင်ရွတ်၏။ ဤမျှ လာဘ်လာဘနည်းလွန်းသည်၊ ကုသိုလ်ယူမည်ဟု စိတ်ပိုင်းဖြတ်ပြီး ပါးစပ်ကိုအားအောင်မထားတော့။ ခါးပိုက်နှိုက်ခွဲခံထားရသော ပလတ်စတစ်အိတ်အစား ချည်လွယ်အိတ်ကိုပြောင်းလွယ်ပြီး အိတ်ထဲလက်ထည့်၍ပုတီးစိပ်တော့၏။

မေတ္တာသုတ်ရွတ်လျှင် တစ်နေ့ (၁၀၈) ခေါက် သွားရင်းလာရင်းရွတ်၏။ ပဌာဝီဇယမန္တန်ရွတ်လျှင်လည်း တစ်နေ့ (၁၀၈)ခေါက် သွားရင်းလာရင်းရွတ်၏။ ကျွန်ုပ်၏နှုတ်မှာ ဂါထာမန္တန်ပုတီးစိပ်များနှင့် အချိန်ပြည့်ဖြစ်နေတော့၏။ လူမှာလည်းတက်ကြွသလို၊ ကိုယ့်ကိုယ်ကိုယ်လုံနေသလိုဖြစ်နေ၏။ ဈေးဦးမပေါက်လျှင်ပင် မတုန်လှုပ်တော့။

ဆရာသခင်သည်လည်း ကျွန်ုပ်ကိုလအတန်ကြာအောင် မျက်စိအောက်က အပြတ်မခံတော့။ မသွားလျှင်ပင် လူလွှတ်ခေါ်၏။ သင်သည့်ရက်ရှိသလို ငြိမ်သက်စွာထိုင်ပြီးပြန်ခဲ့ရသောရက်များလည်း မနည်းလှ။ ကျွန်ုပ်လည်းကြိုးစား၏။ ခက်ခဲသောပညာရပ်များကိုသင်ကြားရသည့်အခါ ဆရာ့အိမ်မှ ကျွန်ုပ်၏အိမ်အပြန် လမ်းလျှောက်ရင်း တစ်လမ်းလုံး အလွတ်ရွတ်အာဂုံဆောင်တော့၏။

"မင်းဟာ ငါ့ဆီမှာသင်လာတာလည်း နှစ်တွေကြာလာပြီ။ ခုချိန်ထိ နို့သက်ခံစို့နေတုန်းပဲ။ လူဆိုတာ သူများနဲ့မတူအောင်ကြိုးစားမှ သူများနဲ့မတူမှာ။ သူများထက်ထူးအောင်ကြိုးစားမှ သူများထက်ထူးမှာ"

ဆရာသခင်၏ စကားများကို မျက်တောင်မခတ်နားထောင်ရင်း ကျွန်ုပ်တွေဝေသွား၏။



www.burmeseclassic.com

www.burmeseclassic.com

"မင်းအမြစ်အညွန့်ကိုသိပြီးသား၊ ဟုတ်တယ်နော်"

"ဟုတ်ကဲ့"

"ဟုတ်ပြီ၊ အမြစ်အညွန့်ဆိုတာ လူတစ်ယောက်အတွက် ကောင်းတာလား၊ မကောင်းတာလား"

"ကောင်းတာပါ ဆရာ"

"ခိုင်တာလား၊ ပြုတ်တာလား"

"ခိုင်တာပါ ဆရာ"

"ပြောစမ်း"

"အမြစ်နဲ့ အညွန့်ဆိုတော့ မူလ ပင်စည်ခိုင်ပါတယ် ဆရာ"

"ဟုတ်ပြီ၊ ဒါက အမြစ်အညွန့်ကို မင်းကအတည့်မြင်တာ။ ဒါဖြင့်ကွာ အမြစ်အညွန့်ဇောက်ထိုးဖြစ်သွားရင် မင်း ဘာပြောမလဲ"

"ဟို . . . . အလယ်ကောင်က ပင်စည် အသက်မရှိနိုင်တော့ဘူး"

"အေး - အဲသလိုတွေ့ဖူးလား"

"မတွေ့ဖူးပါဘူး ဆရာ၊ ခုမှကြားဖူးတာပါ"

"သစ်ပင်တစ်ပင်ကို အမြစ်မိုးပေါ်ထောင်ပြီး အညွန့်အောက်မှာထားရင် အဲဒီသစ်ပင် ဘယ့်နှယ်နေမလဲ"

"အပင်သေသွားမှာပါ ဆရာ"

"အေး - ဒါပဲ။ နည်းနည်းဥာဏ်လွှာသုံး၊ တွေး။ ဒါကောင်းတယ်ဆိုရင် သူမှာမကောင်းတာ ဘာဖြစ်နိုင်လဲတွေး။ ဒီရှုထောင့်က ကြည့်လို့ကောင်းရင် ဟိုရှုထောင့်ကကြည့်ရင်ကောအဲလိုတွေး။ နေရာတကာ နှိုသက်ခံမစွဲနဲ့။ သူများက ကောင်းတယ်၊ ကောင်းတယ်ဆိုတိုင်း လိုက်မကောင်းနဲ့။ အတည့်ကကောင်းပါတယ်ဆိုရင် ဇောက်ထိုးပြောင်းပြန်ဆို ဘယ့်နှယ်နေမလဲတွေး။ အောက်ဆင်းသွားတာက ကောင်းပါတယ်ဆိုရင် အပေါ်တက်ရင်ကောတွေး။ အပေါ်တက်သွားတာကောင်းပါတယ်ဆိုရင်တော့ အောက်ဆင်းရင် ဘာဖြစ်နိုင်လဲ၊ ဒါ နှိုသက်ခံစိုလို့မရဘူး။ သိအောင်တွေးယူရမယ်။ ဒါမှ "မင်းကိုယ်တိုင်သိမှ မင်းပညာ၊ သူများပြောတာကိုမင်းလိုက်ပြောနေရင်း မင်းပညာမဟုတ်ဘူး" မှတ်ထား"

"ဟုတ်ကဲ့"

"အမြစ်အညွန့်အတည့်ကောင်းရင် အဲဒီအမြစ်အညွန့်ကိုပဲ ဇောက်ထိုးဆိုမကောင်းတော့ဘူး။ ခိုက်ပြီ၊ ရှုပ်မနေနဲ့၊ ဒါပဲ"

"ဟုတ်ကဲ့"

"သာစည်ပင်းယပညာခန်း၊ ဟုတ်ပြီ၊ ကောင်းတယ်။ ဒါဖြင့် သာစည်ပင်းယ ဇောက်ထိုးတွေဖြစ်ကုန်ရင်ကောကွာ"

"မကောင်းတော့ပါဘူး ဆရာ"

"ဒါပဲ အတည့်၊ ကောင်းတယ်။ အဲဒီအတည့်ကို ဇောက်ထိုးဖြစ်အောင်လုပ်ကြည့်၊ မြင်ကြည့် မကောင်းဘူး"

"ဟုတ်ကဲ့၊ မှတ်မိပါပြီ ဆရာ။ အပြင်အာယုကပ်၊ အတွင်းအာယုကပ်တွေလည်း ဒီလိုပဲမြင်ကြည့်ပါ့မယ်ဆရာ"

"အေး - မင်းသိထားဖို့က ဇောက်ထိုးတွေတော်တော်များများဟာဖြေဆေးမရှိဘူး။ အောက်လမ်းလို့အများခေါ်တဲ့ ပညာတွေထက်ဆိုးတယ်။ ဇောက်ထိုးဖြစ်ပြီပေ့ဆိုတာနဲ့ အုန်းခံနဲ့ထထိတာတွေရှိသလို တအိအိထိသွားတာတွေလည်းရှိတယ်။ ထိတာကထိတာပဲ"

ဆရာသခင်သည် တည်ငြိမ်အေးချမ်းစွာနှင့်ပြောရင်း လမင်းဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက်နေ၏။ ကျွန်ုပ်က ဆရာသခင်ပြောလိုက်သော ဇောက်ထိုးများကို အလွန်စိတ်ဝင်စားပြီဖြစ်၏။ ဘာမှ ခေါင်းထဲမရှိတော့။ ဇောက်ထိုးများသာ ခေါင်းပေါ်နေတော့၏။

ဇောက်ထိုး။

တုတ်ပြီ - ငါ ပညာတွေရပြီ။

'ငါမကြားဘူးတာတွေ ကြားရပြီ၊ လက်တွေ့စမ်းဖို့ပဲလိုတော့တယ်' ဟု တစ်ကိုယ်တည်းတွေးရင်း ပီတိဖြစ်နေ၏။

ဆရာသခင်သည် 'ဥမိသာအံ' ကဲ့သို့သော အဆင့်ဆင့်နိုင်သောပညာခန်းများ၊ 'အုံး-ဆံ-ဆီ-ထွေး'ကဲ့သို့အဆင့်ဆင့်နိုင်သောပညာခန်းများ၊ 'အောင်-လံ-တေ-ဇ-သကျမှီအုံး' တည်းဟူသော အဆင့်ဆင့်နိုင်ကြသည့် ပညာခန်းများကို သင်ပေးခဲ့စဉ်က အာရုံစိုက်ကာ သင်အံလေ့ကျက်ခဲ့ခြင်းသာရှိ၏။ ယခုသင်ရသောဇောက်ထိုးများကဲ့သို့ ဝမ်းမသာခဲ့။

'ဦးစရွှေလုံ- ကြုံလျှင်မများ' တည်းဟူသော ပညာခန်းကို သင်ခဲ့ရစဉ်က ကိုယ်တိုင်စမ်းကြည့်ပြီး တစ်နေ့တွင် ရန်အကြီးအကျယ်ဖြစ်လုနီးနီးကြုံခဲ့ရ၏။ နောက်တစ်ကြိမ် ထပ်စမ်းသောအခါ ရန်အလွန်လိုနေသူတစ်ဦးနှင့် မျက်နှာချင်းဆိုင်တိုးမိရာက ဓားပွဲတုတ်ပွဲဖြစ်ခါနီးဆဲဆဲ ထိုရပ်ကွက်မှလူများကောင်း၍ ဘာမှမဖြစ်ခဲ့။

'စောလှလေ့ဆန်၊ လူမြန်မင်းလွတ်' ပညာခန်းကိုသင်ကြားခဲ့ရပြီး လက်တွေ့စမ်းကြည့်ရာ ကျန်းမာရေးထိခိုက်သွားသည်ကိုကြုံခဲ့ရ၏။ နောက်တစ်ကြိမ် ထပ်စမ်းပြန်ရာ သူငယ်ချင်းတစ်ယောက်၏အစအနောက်ကြောင့် ရပ်ကွက်တစ်ကွက်မှ တစ်လမ်းလုံးနီးပါးဝိုင်းရိုက်ဝိုင်းလိုက်ရာ အသက်လု၍မနည်းပြေးခဲ့ရ၏။

စတုရန်းကို ပဥ္စပွတ်အုပ်ခြင်း၊ တြိရန်းကို ပဥ္စပွတ်အုပ်ခြင်း၊ ဆပွတ်အုပ်ခြင်း တည်းဟူသော အခံ၊ အအုပ်၊ အရိုက်များမှာကား ဆရာသခင်ခိုင်းလျှင် လုပ်ပေးနေရ၍ ထိုသစ်၊ ထိုနံတို့နှင့် ကျွန်ုပ်မစိမ်းပါ။ ထိုပညာခန်းများကိုသင်ခဲ့ရစဉ်က စမ်းတော့စမ်းကြည့်၏။ သိပ်ပြီး ထိထိရောက်ရောက်မစမ်းခဲ့၍လားမသိ ကြီးကြီးကျယ်ကျယ်ဖြစ်ခဲ့ပါ။

ဆရာသခင်သည် ကျွန်ုပ်ကို တစ်နေရာခေါ်သွား၍ ကျင်းကဲ့သို့ဖြစ်နေသောချိုင့်တစ်ခုထဲဝင်ထိုင်ခိုင်းပြီး အသက်ရှူသံကို နားထောင်မှတ်သားရသောအကျင့်ကိုကျင့်ခိုင်း၏။ ကျွန်ုပ်မှာ မကြာမကြာသွားထိုင်ရ၏။ ကြာတော့မကြာပါ။ တစ်နာရီပြည့်အောင်ပင်မထိုင်ရပါ။

တစ်ခါတစ်ခါ အင်းလျားကန်သို့ခေါ်သွား၏။ ကမ်းစပ်လေးတစ်နေရာတွင်ထိုင်ခိုင်းပြီး လေတိုက်နေသံကိုနားထောင်ခိုင်း၏။ ကြာကြာတော့မထိုင်ရ။ နာရီဝက်ခန့်သာထိုင်ခိုင်း၏။

ဘာကြောင့်ထိုင်ခိုင်းမှန်း၊မှတ်ခိုင်းမှန်းတော့ ကျွန်ုပ်မသိပါ။ ဆရာသခင်ခိုင်းခြင်းသည် အကြောင်းမဲ့မဟုတ်သည်ကိုတော့ ကျွန်ုပ်သိနေ၏။ ထူးခြားလာသည်မှာ လူအနည်းငယ်ငြိမ်သက်လာသလိုခံစားရ၏။ စကားနည်းချင်လာ၏။

လေတိုက်သံကိုနားထောင်ရသည့်အခါများတွင် အလွန်စိတ်ငြိမ်၏။ လူမှာတဖြည်းဖြည်းလှုပ်လာသလိုခံစားရ၏။ ငြိမ့်ညောင်းသလိုမျိုးခံစားရ၏။

❑

"မောင်မောင်သန်းရေ"

"ဗျာ"

"မင်း ညနေညနေဆို ပျောက်ပျောက်နေတယ်နော်"

"ဩော် - အေး၊ ငါမသိသေးတဲ့ပညာရပ်တွေသွားသင်နေတာပါကွာ။ ထူးဆန်းတဲ့ပညာတွေပေါ့"

"အမယ် - တယ်ဟုတ်ပါလား။ ငါ့သူငယ်ချင်းလူမိုက်ကြီးဘယ်လိုဖြစ်သွားတာလဲ။ နည်းနည်းကြည့်ရတာတည်ငြိမ်နေသလားလို့"

စီလုံတီးနားနှင့် မလှမ်းမကမ်းကော်ဖီဆိုင်လေးတွင် ပဲနံပြားစားနေစဉ် ပေါက်ခေါ်ရောက်လာပြီးပြောနေခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com

၏။ ပေါက်ခေါ ဟူသည်မှာ သူ၏သွားများမှာခေါလွန်း၍ ကျွန်ုပ်တို့က ချစ်စနိုးနှင့်ခေါ်ကြခြင်း ဖြစ်၏။ နာမည်ရင်းမှာ သိန်းထွန်းဖြစ်၏။ သူနှင့်အတူ သူငယ်ချင်းတစ်ယောက်ပါပါ၏။ ထိုသူငယ်ချင်းသည်လည်း ကျွန်ုပ်နှင့်ခင်သူဖြစ်၏။ သူက ဇော်မြင့်။

"မင်းတို့ဘာစားမလဲ၊ ပဲနံပြားပဲစားမလား"

"အေး - စားမယ်"

ကျွန်ုပ်က ပဲနံပြားနှစ်ပွဲမှာပေးလိုက်ပြီးတွေးလိုက်ရင်း စကားစမြည်ပြောနေလိုက်၏။

"မင်းခုန ဘာ. . . ဘာပညာ"

"ဩော် - မင်းတို့တော့သိမှာမဟုတ်ပါဘူး။ ရှေးဟောင်းမြန်မာ့ပညာရပ်ပါ။ အင်္ဂဝိဇ္ဇာပါ"

"အင်္ဂဝိဇ္ဇာ၊ ဩော် - အင်္ဂါရုပ်ကိုကြည့်ပြီး ဗေဒင်ဟောတာမို့လား။ ကြားဖူးပါတယ်ကွ မင်းကလည်း နဖူးရှေ့ရေကြည့်ပြီး"

"မဟုတ်ဘူး - အဲလိုမဟုတ်ဘူး"

ပေါက်ခေါသည် ပဲနံပြားကို ပလုတ်ပလောင်းစားရင်းမှ ကျွန်ုပ်ကို ကြည့်လိုက်ပြီး -

"ဒါဖြင့် မင်းဟာက ဘယ်လိုပညာလဲ"

"ဩော် - မင်းတို့နားလည်ပါ့မလား ငါရှင်းပြရင် . . . ဒီလိုကွာ၊ လာစေ၊ သွားစေ၊ ရောက်စေ၊ ပျောက်စေလုပ်နိုင်တဲ့ပညာကြီးပဲ"

ဇော်မြင့်သည် နံပြားကိုဖဲ့၍ပဲပြုတ်ထည့်မည်အပြု ရပ်နေလိုက်ပြီး ကျွန်ုပ်ကို သေချာစိုက်ကြည့်နေ၏။

"သူငယ်ချင်း၊ ဖြစ်နိုင်ပါ့မလား"

"မင်းတို့သိပါတယ်။ ငါက မင်းတို့ထက်လည်းမိုက်တဲ့ကောင်၊ မင်းတို့ထက်လည်းလက်တွေ့ဆန်တဲ့ကောင်။ ငါလိုလူတောင် ဒီပညာအကြောင်းပြောနေမှတော့. . ."

ကျွန်ုပ် ဘာမှဆက်မပြောတော့။ ရေနွေးကြမ်းကို နှစ်ခါငုံသောက်နေလိုက်၏။

"ဒါဆိုကွာ၊ ငါ့ထီပေါက်အောင်လုပ်ပေးနိုင်လား"

ဆရာသခင်သင်ကြားပေးခဲ့သည့် စကားလုံးများ နှလုံးသားတွင်းဝယ် ပဲ့တင်ထပ်၍ပြန်ပေါ်လာ၏။

"လူတစ်ယောက်ကိုကောင်းအောင်လုပ်တယ်ဆိုတာ သူကလည်းကောင်းချင်စိတ်ရှိမှ၊ လူတစ်ယောက်ကိုချမ်းသာအောင်လုပ်ပေးတယ်ဆိုတာ သူကလည်း ချမ်းသာစေနိုင်တဲ့လမ်းကိုလျှောက်နေသူဖြစ်ဦးမှ။ အကြောင်းတရားပေါင်းများစွာပေါင်းဆုံလာပြီဆိုရင် အကျိုးတရားတွေဖြစ်လာစမြဲပဲကွ"

ဆရာ့စကားထဲမှအချို့ကို နားထဲ ပြန်ကြားယောင်ပြီး -

"မင်းတအခုဘာလုပ်လဲ"

"ငါလား - ငါပုံမှန်ရှုပ်ဗိတ်တယ်"

"မင်းပုံမှန်အရက်သောက်နေပြီးများ ငါက ထီပေါက်အောင်လုပ်ပေးရမှာတဲ့ လား"

"သိပါတယ်၊ တို့နဲ့ခင်တဲ့ဗေဒင်ဆရာတစ်ယောက်လည်း ဒီလိုပဲ။ သူကတော့ ဘာပညာလဲမသိဘူး။ မင်းလိုပဲ တို့ဟာလုပ်နိုင်တယ်၊ ဒီဟာလုပ်နိုင်တယ်ပြောလို့ ငါ ခုလိုပြောလိုက်တာ ငါ့မြင်ရင်မျက်နှာကြီးငုံ့ထားတယ်ကွာ ဟားဟား"

ကျွန်ုပ် ဘာမှမပြောပါ။ ရေနွေးကြမ်းအိုးကိုစိုက်ကြည့်နေလိုက်ပြီး ဆရာသခင်ကို သတိရနေမိ၏။

"ဇော်မြင့် ဒီလိုလုပ်ပါလား၊ မင်းပြောသလို "မင်းထီပေါက်အောင်လုပ်ကြည့်စမ်းမယ်၊ လုပ်မလား"

"လုပ်မှာပေါ့ သူငယ်ချင်းရာ၊ ကျေးဇူး ကျေးဇူး"

"ဒါဖြင့်. . . မင်း. . . သံပုံးထဲကို သဖန်းသီးတွေဝယ်ထည့်ကွာ၊ တို့စားတဲ့ သဖန်းသီး"

"ဝယ်စရာမလိုဘူးလေ၊ တို့နားက ကျောင်းဆရာကြီးအိမ်ရှေ့မှာ သဖန်းပင်ကြီး ပြွတ်ခဲနေတာပဲ။ ငါ့အမေတို့တို့စားဖို့သွားခူးနေကျ"

"အေး - အဲဒီသဖန်းသီး မင်းစားနိုင်သလောက်ပေါ့ကွာ။ လက်တစ်ဆုပ်လောက် သံပုံးထဲထည့်ထား။ နောက်နေ့ကျတော့ အဲဒီသံပုံးထဲက သဖန်းသီးတွေကို စတ္တုတာတော့ထဲထည့်သွား သမိုင်းကိုမင်းသွားရမယ်။ သမိုင်းရောက်ရင် စားလို့ရပြီ"

"စားရမှာ"

"အေးလေ - မင်းထီပေါက်ချင်တယ်ဆို"

"ထီပေါက်တာနဲ့ သဖန်းသီးနဲ့ ဘာဆိုင်လို့လဲကွ"

"မင်းလုပ်ကြည့်လိုက်လေ၊ မင်းသိလာလိမ့်မယ်"

ပေါက်ခေါကပါ ကျွန်ုပ်ကိုကြည့်နေရင်း ရေနွေးကြမ်းငှဲ့လိုက်ပြီး -

"မောင်ဇော်သန်းရာ၊ ဟုတ်မှလည်းလုပ်ပါဦး။ ထီပေါက်အောင်လုပ်တာ သဖန်းသီးနဲ့လုပ်ရတယ်လို့ ဘာလဲ အဲဒါ ယတြာချေတာလား"

"ခတ်ရိုက်တာပေါ့ကွာ၊ ငါကတော့ ဇော်မြင့်ပြောတဲ့လူလို ခေါင်းငုံ့သွားမယ့်လူစားထဲကမဟုတ်ဘူး"

"အေး - လုပ်မယ်ကွာ၊ ဒီနေ့ပဲ လုပ်မယ်"

ထိုနေ့က လူမှာဆိုးဆိုးဆတ်ဆတ် တုန်နေ၏။ ခင်သောသူငယ်ချင်းများတော့ ဟုတ်ပါသည်။ သို့သော် ပညာကိုချစ်သော ကျွန်ုပ်အတွက် ဇော်မြင့်၏ စကားသည် အဆိပ်အတောက်သဖွယ် ဖြစ်သွားရာ -

"လူလေး၊ ဟဲ့ - လူလေး"

"ဗျာ - အမေ"

"အိမ်ရှေ့မှာ ကောင်လေးတစ်ယောက်လာခေါ်နေတယ်"

ကပျာကယာ လူးလဲထလိုက်ပြီး နာရီကိုကြည့်ရာ (၆)နာရီပင်ရှိသေး၏။

"ဟာ - ဟေ့ကောင်၊ ပေါက်ခေါ စောစောစီးစီးကြီး"

"အေး - ငါမင်းဆီလာတာကွ"

"အေး - လာလေ ထိုင်လေ၊ ဘာဖြစ်လို့လဲ လာထိုင်"

ပေါက်ခေါမျက်စိပျက်မျက်နှာပျက်နှင့် အိမ်ထဲဝင်လာပြီး ကျွန်ုပ်ကိုကြည့်နေ၏။ သူကြည့်ရသည်မှာခပ်သွက်သွက်လျှောက်လာခဲ့ရပုံရ၏။ မောနေဟန်ရှိ၏။

"တို့ ဟိုနေ့က ကော်ဖီဆိုင်မှာပြောခဲ့ကြတာလေ၊ မှတ်မိလား"

"ဘာကိုလဲ"

"ဇော်ကြီးကို မင်းလုပ်ခိုင်းခဲ့တာလေ၊ ထီပေါက်အောင်"

"ဩော် - အေး ဘာလဲ၊ ဇော်ကြီးလုပ်တယ်မို့လား"

"အေး - ခု သူ အဲဒီနေ့ကစက်ဘီးချိုင့်ထဲကျပစ်လဲပြီးလက်ကျိုးသွားတယ်ကွာ။ အခု ကျောက်ပတ်တီးကြီးနဲ့"

"ဩော်. . ."

"အဲဒါ ထီပေါက်ဖို့လုပ်တဲ့ဥစ္စာ ဘာလို့ လက်ကျိုးသွားရတာလဲ။ သူ့အမေကရော သူကရော ငါ့ကိုမေးခိုင်းလိုက်လို့၊ ပြီးတော့ . . . ငါလည်းသိချင်တာနဲ့"

ကျွန်ုပ် ဘာမှမပြောချင်ပါ။ စောစောစီးစီးပြောချင်စိတ်လည်းမရှိပါ။

. "ငါဘယ်သိပါ့မလဲ ပေါက်ခေါရယ်။ ငါလည်း ငါတတ်သလိုလေးလုပ်ပေးလိုက်တာပဲ။ ဘာမှမဆိုင်ပါဘူး။ ထီပေါက်အောင်ဆင့်တဲ့ဓာတ်နဲ့ သူစက်ဘီး



www.burmeseclassic.com

www.burmeseclassic.com

လဲတာ ဘာဆိုင်လဲကွာ။ မင်းကလည်း ပြန်ပြောလိုက်စမ်းပါ။ ဘာမှမဆိုင်ဘူး"

ပေါက်ခေါ် ကျွန်ုပ်ကိုကြည့်နေ၏။ မျက်တောင်မခတ်ကြည့်နေ၏။ ကျွန်ုပ်က လည်း သူ့ကိုခပ်တည်တည်နှင့်ကြည့်လိုက်ပြီး -

"ပေါက်ခေါ်၊ ငါက ဇော်မြင့်ပြောတဲ့လူလိုခေါင်းငုံ့သွားမယ့်လူစားမဟုတ်ဘူး"

ပြောရင်းနှင့် အိမ်ထဲပြန်ဝင်လာလိုက်၏။ အိမ်ထဲတွင် လုပ်စရာရှိသည်များလုပ်နေလိုက်၏။ ပေါက်ခေါ်ပင် ဘယ်အချိန်ပြန်သွားမှန်းမသိတော့။

အမေ့ကိုမပြောရက်ပါ။

သို့သော် ကျွန်ုပ် တစ်ခုခုကို ဆုံးဖြတ်လိုက်ပါသည်။

အရောင်းအဝယ် ဤမျှ 'အ'လွန်းနေ၍ စိန်ဂွမ်းဈေးဆိုင်ကို ပြန်အပ်လိုက်တော့မည်။ ငါသည် ဘာကောင်မှ မဟုတ်၊ သူများလို လမ်းဘေးတွင်ပင် ဈေးဗန်းခင်းရောင်းတော့မည်။ ဆိုင်လခ လည်းသက်သာ၊ လူစည်ကားသော နေရာများလည်းဖြစ်၊ ရောင်းကောင်းမှာ သေချာသည်ဟုတွေးရင်း စိန်ဂွမ်းဈေးမှ ဗက (၂၉) ဆိုင်လေးကို နှုတ်ဆက်ခဲ့ပါပြီ။

"ဟိုဘက်နည်းနည်းရွှေ့ပေးပါ၊ ဒါ အစ်မနေရာ"

"ဟုတ်ကဲ့"

"ဒါ ငါခင်းနေကျနေရာ၊ မင်းခင်းချင်ရင် ဟိုးဘက်သွားခင်းရောင်းလေ"

"အေးအေး"

ကျွန်ုပ်မှာ ဟိုပြေးဒီပြေးနှင့် ဘယ်ခင်း၍ခင်းရမှန်းမသိဖြစ်နေတော့၏။ မျက်နှာငယ်လိုက်သည့်ဖြစ်ခြင်း။ ဈေးဦးပေါက်မည်ကြံသေး လာဖယ်ခိုင်းကြပြန်၏။ နေရာလိုက်ရှာနေရသည့်ဒုက္ခမှာ မသေးလှ။ ဟိုလူလာမော့ကြည့်ရ၊ ဒီလူလာမော့ကြည့်ရနှင့် လမ်းဘေးဈေးသည်ကြီးဘဝရောက်ရပြီ ဖြစ်၏။

ကျွန်ုပ်အခြေအနေအသွားအလာ အချိန်ပြောင်းလဲသွားသည်ကို အမေ့ အကဲခတ်နေသောကြောင့် နောက်ဆုံး အမေ့ကိုဖွင့်ပြောပြရပါတော့သည်။

"ဩော် - သားရယ်၊ ဂဠုန်ဖမ်း ဘာဖမ်းနဲ့"

"ဖမ်းတော့လည်း ပြေးလို့လွယ်အောင် ပလတ်စတစ်အခင်းထောင့်လေးထောင့်ကို ကြိုးတွေချည်ထားတယ် အမေ။ လာလိုက်လို့ အဲဒီကြိုးတွေဆွဲယူလိုက်ရင် အထုပ်လိုက်ပါတယ်။ ငါးရက်၊ ဆယ်ရက်ဆိုတော့ အကျင့်ရနေပါပြီ အမေရဲ့"

အမေမျက်နှာမကောင်း။ မျက်ရည်လေးဝဲ့လာ၏။

"ဩော် - ငါ့သားလေး ဆိုင်နဲ့ရောင်းရာကနေ ဆိုင်မဲ့သွားရှာပြီ"

"အမေကလည်း သားက လမ်းဘေးဈေးရောင်းရတာ ပိုတောင်ကြိုက်သေး။ သားသူငယ်ချင်းတွေအများကြီး၊ ပျော်စရာကြီး။ အကုန်ဝိုင်းကူကြတယ်။ ပိုတောင်စီးပွားဖြစ်ကြသေးတယ်။ ဆိုင်နဲ့သူငယ်ချင်းတော်တော်များများ ဖရေဇာရောက်နေကြပြီ၊ အများကြီးပဲ"

အမေစိတ်ချမ်းသာအောင်သာပြောလိုက်ရသည်။ လမ်းဘေးမှာဈေးထွက်ရသည်မှာ အလွန်မျက်နှာငယ်လှ၏။

တစ်နေ့ -

ပန်းခြံထောင့် အအေးဆိုင်လေးဘေးတွင် နှစ်ပေခန့်နေရာလေးလွတ်နေ၏။ ကျွန်ုပ်စောင့်ကြည့်ပါသေးသည်။ မိုးချုပ်စပြုသည်ထိ တစ်ယောက်မှပေါ်မလာ၍ ကျွန်ုပ်လည်း ခင်းရောင်းလိုက်ပါသည်။ နေရာလေးမှာ လူဘေးတိုက်တိုးပြီးစည်၍ ခဏလေးနှင့် လေး၊ ငါးထည်ရောင်းထွက်သွား၏။

"ဟေ့ကောင်"

ကျွန်ုပ်မော့ကြည့်လိုက်၏။

"အဲဒါ ငါဖြန့်ခင်းဖို့ထားတာ၊ မင်းတခြားသွားခင်း"

ဘေးနားမှ ကျွန်ုပ်နှင့်ရွယ်တူတစ်ယောက်ဖြစ်ပြီး သူက စပို့ရှပ်များခင်းရောင်းသူ ဖြစ်၏။ သူ့ညီအစ်ကိုလား၊ အဖော်လား၊ တပည့်လားမသိ၊ ဈေးဗန်းရှည်ပြီး ရှစ်ပေခန့်ခင်းထားကြသူများဖြစ်၏။ ကျန်သောသူများက ကျွန်ုပ်ကိုဘာမှမပြော၊ သူတို့ဆိုင်ဘက်မှ မတ်တတ်ရပ်ခါးထောက်ရင်း ဝိုင်းကြည့်နေကြ၏။

"အေး - မနက်ဖြန်မလာပါဘူး။ ဒီနေ့တော့ခင်းလက်စမို့ပါ"

"ဟေ့ကောင်၊ မင်းလ[illegible]လမ်းဘေးဈေးသည်ပဲ၊ ငါလည်း[illegible]မ်းဘေးဈေးသည်ပဲ။ အထာမညက်တဲ့စကားတွေ မပြောနဲ့။ ဒီလိုနဲ့ခင်းရင်း ကိုယ့်နေရာလုပ်သွားတာ ငါတို့ခံရပြီးပြီ"

"ငါက နှစ်ပေလောက်ခင်းတာပါ။ ဘယ်လိုလုပ်လုပ်လို့ရမှာလဲ"

"တခြားသွားခင်းပါ ဘော်ဒါ"

ထိုအချိန် ဝယ်သူလာ၍ အင်္ကျီများဖြန့်ပြနေလိုက်၏။ လာပြောသူသည် ရပ်ကြည့်နေသော်လည်း သူ့လူငှားဖြစ်ဟန်ရှိသူက ဘာမပြောညာမပြော ကျွန်ုပ်၏ဈေးအခင်းပလတ်စတစ်ကို တက်နင်းလိုက်၏။ ဝယ်သူများပင်လန့်သွားပြီး နောက်သို့ထရပ်ကြ၏။

ကျွန်ုပ်၏စိတ်တွေဘယ်လိုဖြစ်သွားမှန်းမသိ။ မျက်လုံးများပြာဝေပြီး ဘာမှမမြင်တော့။ ရှက်လိုက်သည်မှာပြောမပြတတ်အောင်ရှက်နေ၏။ မျက်လုံးမှာ ပန်းခြံထောင့်အအေးဆိုင်ရှေ့မှာခင်းထားသော စားပွဲနှင့်ခွေးခြေပုလေးများဆီရောက်သွားတော့လေရာ -

"ဂုတ်"

"အား"

"ဟဲ့ဟဲ့-လုပ်ကြပါဦး၊ ဟဲ့-မလုပ်နဲ့၊ လက်လွန်ခြေလွန်တွေဖြစ်တော့မယ်"

"မင်းတို့ဝိုင်းဆွဲကြလေ"

"ပြေးပြေး - ထိကုန်မယ်။ ဟောတော့ ကွဲသွားပြီ"

"ဟာ ဟေ့ လွန်မယ် လွန်မယ်"

ဈေးဗန်းကိုတက်နင်းသောကောင်၏မျက်နှာကို ခွေးခြေနှင့်ဖြတ်အရိုက် သူကငုံ့လိုက်သောကြောင့် လေထဲဝဲ့သွားရင်း လက်ပြန်ပြန်ရိုက်ချလိုက်ရာ ခေါင်းမှသွေးများဖြာခနဲဖြစ်သွားသည်ကိုတော့ သိလိုက်၏။ သူဟပ်ထိုးလဲသွားသည်နှင့် နောက်ထပ် သူ့လူများသည် ကျွန်ုပ်အားပြေးထိုးကြ၏။ ခြေနှင့်ပြေးကန်သူကကန်၏။ ကျွန်ုပ်က ထိုလူများကို ခွေးခြေနှင့်ဝှေ့ယမ်းနေရင်းမှ နောက်ထပ် ခွေးခြေတစ်လုံးကိုပြေးဆွဲပြီး အတင်းဝင်ရိုက်လေရာ ဘာတွေဘယ်လိုထိကုန်မှန်းမသိ ဖတ်ခနဲ ဒုတ်ခနဲနှင့်။

"ဒုတ်"

"အား"

"ဘုန်း"

"ဖွတ်"

ဘယ်နေရာတွေထိမှန်းမသိတော့။ ခန္ဓာကိုယ်ကိုလုံခြုံအောင်သိုင်းကွက်နင်းရင်း ကိုယ်ကိုတစ်ပတ်လှည့်ရင်း ဝိုင်းပတ်နေအောင် ဘယ်ညာယမ်းရိုက်ရာ ပြေးကြလွှားကြထိကြဝင်ထိုးမလိုလုပ်ကြနှင့် ဂုတ်ခနဲဒုတ်ခနဲပစ်မလွဲဖြစ်နေတော့၏။

မကြာပါ။ ကျွန်ုပ်နားတွင်ရှင်းသွား၏။ ကျွန်ုပ်လည်း သူတို့ဈေးဗန်းပေါ်တက်နင်းရင်း ခွေးခြေနှစ်လုံးဘယ်၊ ညာ ဝိုင်းပတ်ဝှေ့ယမ်းကာ လေးကင်းပြနေလိုက်၏။ ဝှေ့ရင်းယမ်းရင်းသိုင်းကွက်နင်းရင်း အရပ်လေးမျက်နှာလုံးကိုလှည့်ပတ်ရင်ဆိုင်လိုက်၏။ နောက်ကြောကို အလစ်မပေး။

ကျွန်ုပ်မှာ အဖော်မရှိ။ နောက်က[illegible] ဝင်လာမလား၊ ရှေ့ကဝင်လာ[illegible]လား မပြောနိုင်။ ထို့ကြောင့် ခွေးခြေများ



www.burmeseclassic.com

www.burmeseclassic.com

အဆက်မပြတ်ငွေ့ယမ်းရင်း သတိထား နေခြင်းဖြစ်ပါသည်။

ပွက်လောရိုက်သံဆူညံဝုန်းဒိုင်းကြဲ ပြေးကြလွှားကြသည့်များကြားတွင် ကျွန်ုပ်မှာ ခွေးခြေနှစ်လုံးနှင့်။

ကျွန်ုပ် ခွေးခြေနှင့်ရှိက်လိုက်၍ ခေါင်းကွဲသွားသူရော လက်ထိ၍သွေးထွက်နေကြသူများပါ ကျွန်ုပ်နားမကပ်ရဲတော့။ ခပ်လှမ်းလှမ်းမှကြည့်နေကြ၏။ ကျွန်ုပ်ကလည်း -

"လာ - ဝင်လာ - ဝင်ရဲတဲ့ကောင်လာ။ တစ်ထိုင်တည်းနဲ့ ကြံတောရောက်စေရမယ် လာ"

ဟု အော်ဟစ်ရင်း ခွေးခြေများ ဘယ်ညာဝှေ့ဝိုက်ယမ်းနေလိုက်၏။

"ညီလေး ညီလေး၊ သတိထားတော်တော့နော်"

အသံရှင်မှာ အသက်ငါးဆယ်ခန့်ရှိ၏။ ဖရဲဇာမှာရောင်းကြသူများထဲတွင် လူရိုသေရှင်ရိုသေဦးလေးဖြစ်၏။

"ဦးလေးပြောနေတာ ကြားလား တော်တော့"

ကျွန်ုပ်လည်း ခြေထောက်ကို မကွေးတကွေးအနေအထားမှ မတ်မတ်ရပ်လိုက်ပြီး -

"ကျွန်တော်ထမင်းစားတဲ့ဇွန်းကိုတက်နင်းတယ် ဦးလေး။ ကျွန်တော် ဘယ်လိုလုပ် သည်းညည်း. . ."

"အေးပါ - ဦးလေး အစအဆုံးမြင်ပါတယ်။ ဟိုမှာကွဲတဲ့ကောင်တွဲသွားလို့ ဆေးခန်းတောင်သွားပြီ။ တော်တော့။ ထိတဲ့ကောင်တွေလည်းထိတုန်းပြီ။ ခင်းပြဿနာတက်မှာစိုးလို့ပါ"

"ဘာပြဿနာလဲ"

"ဩော် - စိတ်မထိန်းနိုင်တော့ ခြေလွန်လက်လွန်တွေဖြစ်ကုန်မှာစိုးလို့ပါ။ ဦးလေးက စေတနာနဲ့ပြောတာပါ။ ပေး - အဲဒီခွေးခြေတွေ"

ခွေးခြေပေးခါနီး ကျွန်ုပ်နှင့်ထိပ်တိုက်ဖြစ်သောကောင်များဆီ မျက်လုံးဝေ့ကြည့်လိုက်၏။ ခုတော့ သူတို့မထွတ်သလို ခပ်လှမ်းလှမ်းတွင် မျက်နှာငယ်လေးများနှင့်။

ကျွန်ုပ်လည်း လက်ထဲမှခွေးခြေများကို ဦးလေးအားပေးလိုက်ပါသည်။ ရန်မဖြစ်ခင်က ကျွန်ုပ်၏အကျီကိုဖြန့်ကြည့်နေကြသူများသည် ကျွန်ုပ်၏အနားလာ၍ ပိုက်ဆံပေးကြ၏။ ပြောသောဈေးကို ဆစ်ပင်မဆစ်တော့။ ကျွန်ုပ်လည်းယူသာထားလိုက်ပြီး ဘယ်လောက်တွေမှန်းမသိတော့။ ဝယ်သူတစ်ယောက်သည် အနားစာပ် ခပ်တိုးတိုးနှင့် -

"သိုင်းကားကြည့်နေရသလိုပဲ။ လူအုပ်ထဲကို ခွေးခြေနှစ်လုံးဘယ်ညာဝှေ့ယမ်းပြီးဝင်ချသွားတာ သဘောကျသွားပြီဗျာ။ တကယ့်ကိုမဟုတ်မခံဘဲ"

ဟုပြောရင်း လက်မထောင်ပြသွား၏။ ကျွန်ုပ်က ပြုံးရုံသာပြုံးပြလိုက်ပါသည်။ စကားမပြောချင်ပါ။

"ဒီကောင်တွေက သတ္တိရှိတာမဟုတ်ဘူး၊ အလကားဂန်ကျယ်နေတာ၊ အာပဲချောင်တတ်တာ"

"သူတို့ထက်မိုက်တဲ့လူနဲ့ကျ အမြီးတောင်မလှုပ်ရဲဘူး"

"နေရာတကာ သူတို့နေရာလုပ်ချင်တယ်။ ဘယ့်နှယ်တော် လမ်းဘေးပဲမျှခင်းမှပေါ့"

"ဦးကိုကျိုးထွက်သွားတာပဲ။ တောင်လေးက တကယ်ရိုက်တော့ ပြေးလိုက်ကြတာလေ။ ဒါတောင် သူတို့ကခြောက်သေးတယ်နော်"

"အသေရှိတ်တာနော်၊ ငါကြည့်နေတယ် ကိုတောင်အပြေးမြန်လို့ နည်းနည်းပဲထွဲသွားတာ။ သူတို့ဘာမှပြန်လုပ်နိုင်တောင်မရဘူး။ မြန်လိုက်တဲ့ဖြစ်ခြင်း"

"ဒီကောင်တွေကဟောက်စားလုပ်နေတာ။ တကယ်လည်းရိုက်ရော ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ပြေးတုန်ရော"

"ပိုက်ဆံပဲ သူ့ရဲခင်းရဲရှာတတ်တာ အလကားကြောက်တွေ။ ဝန်ကျယ်နေတာ"

တစ်ယောက်တစ်ပေါက်ပြောနေကြသံများ ကျွန်ုပ်၏ပတ်ဝန်းကျင်တွင် ကျွက်စီကျွက်စီဖြစ်နေတော့၏။ ကျွန်ုပ်က ဘယ်သူ့မျက်နှာမှမကြည့်။

ထိုနေ့က အအေးထိုင်သောက်နေကြသူများနှင့် လူရိုသေရှင်ရိုသေရှိသော ဈေးသည်အစ်ကိုကြီးများ ဝိုင်းဝန်းပြောဆိုမှုကြောင့် ကျွန်ုပ်မှာ ဆေးဖိုးဝါးခသုံးဆယ်ပေးလိုက်ရ၏။ ကျွန်ုပ်ကို ချောမော့ပြောကြခြင်း ဖြစ်ပါသည်။ လသံမာမာ တစ်ယောက်မှမပါပါ။ ကျွန်ုပ်ကလည်း မငြင်းပါ။ ကြည်ကြည်ဖြူဖြူပင်ပေးလိုက်ပါသည်။ လျော်လိုက်ရသည့်သဘောဖြစ်၏။

ထိုညက အမေသွေးလေးပြီး အိပ်ချင်သည်ဟုဆို၍ စောစောအိပ်ရာဝင်သွားသောကြောင့် တော်ပါသေးသည်။

နောက်နေ့မှစ၍ -

ဖရဲဇာလမ်းမဘေး ပန်းခြံထောင့်နားတွင် သုံးပေခန့်လွတ်နေသောကွက်လပ်ကလေးကို မည်သူမျှမခင်းရဲတော့။ ကျွန်ုပ်အတွက် အသင့်ရှိနေချေပြီ။

ကျွန်ုပ်ရောက်သွား၍ ဈေးခင်းလျှင်ပင် ဘေးနားမှလူများနှင့် ကျွန်ုပ်ရိုက်ခဲ့သောသူများက သူတို့အခင်းအနားများကို အနားသိမ်းပေးကြရင်း ကျွန်ုပ်ကို မိတ်ဆွေဖွဲ့ စကားပြောချင်၍ ရစ်သီရစ်သီလုပ်နေကြလေ့ရှိ၏။ ကျွန်ုပ် မည်သူ့ကိုမှ စကားမပြောချင်ပါ။ လူတွေ၏လော့ဘဇောတွေကိုသိလာလေ စကားမပြောချင်လေဖြစ်လာသောကြောင့် ဈေးဗန်းကိုသာကြည့်ရင်း၊ ဒိဝါတပတိဂါထာကိုရွတ်ရင်း ကိုယ့်အလုပ်ကိုယ်လုပ်နေလိုက်ပါသည်။ မတရားမလုပ်ချင်ပါ။ ကျွန်ုပ်ရိုက်ထားသူများသည် သူတို့အနားစကို တစ်တောင်ခန့်နီးနီး အနားသတ်ပေးသော်လည်း ကျွန်ုပ်သတ်မှတ်ထားသည့် သုံးပေနေရာလေးကိုသာခင်း၏။ လိုက်ဖြည့်မခင်းပါ။ သူတို့နှင့်ကျွန်ုပ်၏ဈေးဗန်းချင်းကြားတွင် တစ်တောင်ခန့်ကွက်လပ်လေးလွတ်နေလေ့ရှိ၏။ သူတို့ကလည်း ဖြန့်မခင်းတော့ပါ။

❑

"ပုပ္ပားတောင်တော်မြတ်သို့အမိဋ္ဌာန်ခရီး"

"ဟော - ဒကာကြီး"

"တင်ပါ့ဘုရား"

"ဘယ်လိုလဲသင်္ကြန်တွင်းအဓိဋ္ဌာန်ဝင်မယ်ဆိုတဲ့စကားတည်သေးရဲ့ပဲ"

"တင်ပါ့ဘုရား"

ဦးပဥ္ဇင်းဦးနိတာရှေ့တွင်ထိုင်၍ ဝတ်ပြုလိုက်သည်နှင့် ကျွန်ုပ်ကို အားရဝမ်းသာမေးနေတော့၏။ မြေကြီးပေါ်ထိုင်နေရင်း မထခင်ပင် ခပ်လှမ်းလှမ်းဘေးမှ ဦးပဥ္ဇင်းဦးမောင်မောင်ကလှမ်းမြင်လိုက်ပြီး ကျွန်ုပ်ထံရောက်လာ၏။ မျက်နှာမှာပြုံးနေ၏။

"ကျုပ်က ရန်ကုန်ကားဆိုက်တိုင်းကြည့်နေတာ တောက်လျှောက်ပဲ"

"တင်ပါ့ဘုရား"

"လာမယ့်လာတော့ ကပ်နေပါလား။ နောက်လေးရက်ကြာရင်ပဲ အကြိုဖြစ်နေပြီ"

"တင်ပါ့ - တပည့်တော်ပြေးလိုက်လွှားလိုက်နဲ့ ဈေးရောင်းနေရသေးလို့ပါဘုရား။ သင်္ကြန်ရက်လေးပဲအားလို့ရအောင်လာခဲ့တာပါ"

"မနှစ်ကလာတုန်းကလိုပဲနော်၊ ကျုပ်တို့ဆီမှာဘာမှအားနာစရာမလိုဘူး။

www.burmeseclassic.com

မြေပဲ၊ ပဲ၊ ဆန် အားလုံး အိတ်လိုက်တွေပဲ။ ခု တော်ကြာကျ ထမင်းစားတော့လေ"

"တင်ပါ့ - ကျေးဇူးကြီးလှပါတယ် ဘုရား"

ဦးပဉ္ဇင်းနှစ်ပါးလုံး၏ခြေထောက်များကို ခေါင်းနှင့်တစ်လှည့်စီထိ၍ ရှိခိုးလိုက်ပါသည်။ မနှစ်ကရှိသေ့စွာလျှောက်ထားခဲ့၍ သိမ်းပေးထားသော နံပါတ်(၉) ဂူ၏သော့ကို ဦးပဉ္ဇင်းဦးနိတ္တာက ကျွန်ုပ်၏လက်ထဲထည့်လိုက်၏။

"ဟော-ရန်ကုန်သား၊ အေးလေ- ငါသည်း ရန်ကုန်သားပဲ။ ဘယ်တုံးက ရောက်လဲ"

"အဲ - တစ်နာရီလောက်ရှိပြီ။ ဘုန်းဘုန်းတို့ကို ဝင်ကန်တော့တော့ ထမင်းကျွေးနေတာနဲ့ စားပြီးမှထွက်လာတာ"

"ကြော် - စားပြီးပြီပေါ့"

"ဟုတ်ကဲ့"

"ဘာပါလာသေးလဲ၊ ဘာလုပ်ပေးရဦးမလဲ သူငယ်ချင်းပြော"

"ကျေးဇူးတွေကြီးလှပါတယ် ရန်ကုန်ထမင်းဆိုင်ပိုင်ရှင်ကြီးရယ်။ ဒီတစ်ခေါက်ကတော့ အဓိဋ္ဌာန်ဝင်ရုံသက်သက်ပါ။ (၉) ရက်တော့ဖြစ်မယ်"

"ကြော် - အေးအေး ၊ ကောင်းတာပေါ့။ ဟိုနင်းမဖြစ်ရင် လာစားနော်ရတယ်။ ပိုက်ဆံတွေဘာတွေခေါင်းထဲမထည့်နဲ့"

"ဟုတ်ကဲ့ပါ-ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"အဓိဋ္ဌာန်ဆိုတော့ သကြ်န်တွင်းပဲလား"

"ဟုတ်ကဲ့ - သကြ်န်တွင်းပဲ"

"ဘယ်လိုလုပ်မှာလဲကိုမောင်သန်း။ မနက်ပိုင်း ထမင်းလာပို့ပေးရမလား။ ဟိုဂူလေးတွေမှာဝင်မှာမို့လား"

"ဟုတ်ကဲ့ - နံပါတ် (၉) ဂူမှာ။ ထမင်းကို ကျွန်တော်ကြည့်လိုက်ဦးမယ်။ အသီးပဲစားဖြစ်ရင်တော့ သကြ်န်ပြီးမှပဲလာခဲ့တော့မယ်လေ"

"အားမနာနဲ့နော်၊ လိုတာပြော။ ရေတွေဘာတွေယူသွား"

"ဟုတ်ကဲ့"

"နံပါတ် (၉) ဂူ"

ဂူတံခါးဖွင့်ခါနီး တစ်ဖက်ရှိ နံပါတ် (၈) ဂူကိုလှမ်းကြည့်လိုက်၏။ အစ်ကိုမောင်မောင်လေးကိုမတွေ့။ ဘုန်းဘုန်းတစ်ပါးသာထိုင်ပြီး ကျွန်ုပ်ကိုကဲကြည့်နေသောကြောင့် ကျွန်ုပ်ကလှမ်းပြီးလက်အုပ်ချီကန်တော့လိုက်၏။ ဘုန်းဘုန်းက ခေါင်းညိတ်ပြ၏။

'အင်း - မြေပဲကြော်လေးတွေ ခေါ်ခေါ်ကျွေးတဲ့အစ်ကိုမောင်မောင်လေး ဒီနှစ်တော့ ပုပ္ပားကိုမလာဖြစ်ဘဲ ဂူမှာများ အဓိဋ္ဌာန်ဝင်နေလားမသိဘူး။ မနှစ်က ကားပေါ်တက်ခါနီး 'မင်းလာဖြစ်မှာပါ' လို့ပြောခဲ့တယ်။ မင်းနဲ့ငါနဲ့ ပြန်ဆုံမှာပါလို့မပါဘူး။ သူပြောသလို ငါတော့ရောက်လာပြီ။ သူနဲ့မဆုံတော့ပါလား'

ကျွန်ုပ်၏စိတ်ထဲတွင် အသံတိတ်ပြောရင်း ဂူထဲမှဖုန်များ၊ ပင့်ကူအိမ်လေးများကိုဖယ်ရှားနေ၏။ ထန်းချောဖျာကြီးကို ဂူပြင်ထုတ်၍ ဒေါ်ဝဲလိုက်ဖုန်ခါနေလိုက်၏။

ဖုန်များခါပြီးပြီဖြစ်၍ နံပါတ်ရှစ်ဂူမှဘုန်းဘုန်းကို သွားထိုင်ကန်တော့ရာ ဘုန်းဘုန်းသည် တည်ကြည်သောမျက်နှာနှင့် ခေါင်းကိုတစ်ချက်ညိတ်ပြ၏။ ဘာမှမပြော။

သံလေ့ကားကြီးများအတိုင်း မေတ္တသုတ်ရွတ်ရင်းတက်သွားပြီး ဘဘကိုကန်တော့၊ ကျေးဇူးရှင်သခင်နှစ်ပါးကို မေတ္တာပို့နှင့် တောင်ထိပ်ရောက်သွားပါတော့သည်။ ဒုတိယအကြိမ်ရောက်လာခဲ့ရသောကြောင့် ဝမ်းသာကြည်နူးရင်း သဘာဝရှုမျှော်ခင်းများ၊ ထန်းတောကြီးများ၊ ကိုင်းကွက်များ၊ စိမ်းစိုသောသစ်ပင်တစ်မျှော်တစ်ခေါ်ကြီးများကိုအားရပါးရကြည့်ရင်း လေဝအောင်ရှူနေမိ၏။

နောက်နေ့ မိုးသောက်အလင်းရောက်သည်မှစ၍ -

နဝင်္ဂသီလတော်ကို ခံယူဆောက်တည်လိုက်ပြီး ဂုဏ်တော်တစ်ထောင်စိပ်ခြင်း၊ သမ္ဗုဒ္ဓေတစ်ထောင်စိပ်ခြင်း၊ ပဋ္ဌာန်း ဥဒ္ဒေသနိဒ္ဒေသတော်ရွတ်ဖတ်ပူဇော်ခြင်း၊ အရဟံဗုဒ္ဓေါရှုမှတ်ခြင်းကို တစ်ကြိမ်ထိုင်လျှင် တစ်နာရီနှင့် အကြိမ်သုံးလေးကြိမ် ရှုမှတ်ခြင်း စသည့် (၉)ရက်အဓိဋ္ဌာန်ကြီး စတင်ပါတော့သည်။ ယောဂီအထက်အောက်စိတ်ထားလိုက်၏။ မျက်လုံးကို ရှေ့ဆယ့်ငါးပေ၊ ပေနှစ်ဆယ်လောက်ဆီသာကြည့်ပြီး ဘေးဘီထွေရာလေးပါး မကြည့်တော့။ မဖြစ်လွန်းမှသာ စကားပြောပြီး ကျန်သောအချိန်များမှာ ပါးစပ်ပိတ်နေလိုက်ပါတော့သည်။

ပြောမယုံကြုံမှသိသော အတွေ့အကြုံထူးများဆိုသည်မှာ ဤသည်တို့ကိုခေါ်သလားဟု ထင်ရလောက်အောင် ထူးခြားမှုများစွာကြုံရပါသည်။ နဝင်္ဂသီလနှင့် ထမင်းငါးရက်စားစဉ်က သိပ်မထူးသေး။ ကျန်သောလေးရက်သစ်သီးစားသည့်နေ့မှစ၍ တစ်ဂူလုံးမွှေးလိုက်အနံ့ပျောက်သွားလိုက် ကြက်သီးထလိုက်ဖြစ်ဖြစ်နေ၏။

ကျွန်ုပ်မှာ ဂူဝင်ကျင့်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်လေရာ သမာဓိအားအလွန်ကောင်းသောကြောင့် ဂူတံခါးကို စေ့ရုံသာစေ့ထားလိုက်၏။ အရေးဟဲ့အကြောင်းဟဲ့တစ်ခုခုမြင်လိုက်လျှင် ဝုန်းဆို တံခါးပြေးဖွင့်၍ တစ်ဖက်ဂူကဘုန်းဘုန်းဆီပြေးရန်ဖြစ်၏။

တစ်ခါတစ်ခါရွတ်ဖတ်သာနေ၏။ ကျောကမှလုံ၊ လှည့်လှည့်ကြည့်မိ၏။ အဓိဋ္ဌာန် (၉)ရက်ပြည့်ရန်သာစိတ်စောနေပြီး လူကဂနာမငြိမ်ချင်ပါ။ ဦးပဉ္ဇင်းဦးနိတ္တာနှင့် ဦးပဉ္ဇင်းဦးမောင်မောင်နှစ်ပါးသည် ကျွန်ုပ်ကို အပြင်မှလာလာကြည့်၏။ ဂူတံခါးတွန်းဟကဲကြည့်ပြီးပြန်ကြွသွားကြ၏။ နေ့စဉ်လိုလိုလာကြည့်ကြ၏။ စိတ်ချပုံမရ။ ဘုန်းဘုန်းတို့ကျေးဇူးကြီးပါသည်။

(၈)ရက်မြောက် အဓိဋ္ဌာန်အောင်သည့်နေ့တွင် ဂုဏ်တော်တစ်ထောင်စိပ်ပြီး၍ အရဟံဗုဒ္ဓေါရှုမှတ်နေစဉ် လူလေးငါးယောက်စကားထိုင်ပြောပြီး အူတက်အောင်ရယ်ကြ၊ ပြောကြနှင့် အသံများကြားရ၏။ ရှုမှတ်ခြင်းကိုရပ်လိုက်ပြီး သေချာနားစွင့်ရာ ဘာမှမကြားပြန် တိတ်ဆိတ်နေ၏။ ပြန်ရှုမှတ်လိုက်သည်နှင့်ထိုအသံများတဖြည်းဖြည်းကျယ်ကျယ်လာပြန်၏။ ရှုမှတ်သည်က ရှုမှတ်ခြင်းတစ်ပိုင်း၊ ကြားခြင်းကတစ်ပိုင်းဖြစ်နေ၏။ စိတ်ကဖျောက်၍မရ။ ဘာတွေပြောနေကြမှန်းလည်းမသိ။ နင်ပြောလိုက်လေ။ ဟဲ့ - နင်ပြောပါ။ အမယ် - နင်ပြော၊ ငါမပြောချင်ဘူး. ဟီဟီဟိ ဟူသောရယ်သံပါပါနေ၏။ အသံမှာ အမျိုးသမီးခပ်ငယ်ငယ်လေးများအသံဖြစ်ရာ တဖြည်းဖြည်းနှင့် ကြက်သီးကြီးများထလာပြီး ဖျဉ်းခနဲအေးခနဲဖြစ်သွားရင်း နောက်သို့လှည့်အကြည့် -

. . . . .

(ရှေ့လဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)




www.burmeseclassic.com

www.burmeseclassic.com

### တနင်္ဂနွေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဗ္ဗတပတိဂါထာကို ရွတ်ဖတ်ပူဇော်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - တဟီးတဟီးအစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။
အိမ်ရောင်းလိုသူများ - အိမ်ကိုဓာတ်မရိုက်ပါနှင့်။ အနောက်အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။
ကားရောင်းလိုသူများ - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - တနင်္ဂနွေနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေဒေါင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်သူများမှတ်ပြီးရွတ်ပါ။
လူမှုရေးအတိုက်အခံများသူများ - မေတ္တာသုတ်ကို နေ့စဉ်ဗြိုဟ်သက်အလိုက်ရွတ်ဖတ်ပူဇော်ပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ခိုလေးများကိုအစာကျွေးပါ။
ကျန်းမာရေး - နွမ်းပါးသောဒုက္ခိတများကို ငွေကြေး၊ ဆေးဝါး၊ အာဟာရများလှူပါ။
ထီကံကောင်းလိုသူများ - ကားနှင့်လှည့်လည်ရောင်းသော ထီသည်ထံတွင် (၅)အစ (၅)အဆုံးထီလက်မှတ်များကို မင်္ဂလာစုံတွဲများတွင် ရွေးချယ်ကံစမ်းထားပါ။

### တနင်္လာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဗ္ဗတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ [illegible]က်န်းများကပ်လှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ဇီဇဝါညွန့်လက်တစ်ဆုပ်ဖြင့်မကြာခဏ[illegible]တိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို တောင်အရပ်ကအကျိုးဆောင်နှင့်စပ်ပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်းပြုပါ။
နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
ကျန်းမာရေး - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသောနွမ်းပါးသူများကို ဆေး၊ ငွေကြေးလှူပါ။
ထီကံကောင်းလိုသူများ - စက်ဘီး၊ ဆိုင်ကယ်နှင့်ရောင်းသော ထီသည်ထံတွင် (၃)ဂဏန်းများစွာပါအောင်ရွေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး (၁) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ချေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့်မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမဝင်တော့သည့် သံတိုသံစများ သစ်ဟောင်းသစ်ဆွေးများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများသို့သွား၍ ဘုန်းကြီးကုဋီများကို ရေဆေးပါ။ ရေဖြည့်ပေးပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေသားသမီးနှင့် ထီစပ်တူထိုးပါ။ ကိုယ်ကဂဏန်းမရွေးပါနှင့်။ သူကြိုက်ရာထိုးပါစေ။ ထီပေါက်တတ်ပါသည်။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၁) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ချေးငွေကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို သစ်သီးဆွမ်းများလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်ညွန့်လက်တစ်ဆုပ်နှင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'တနင်္လာ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ မရောက်, ရောက်အောင်သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီရောင်မဝတ်ပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကိုမကြာမကြာအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့် လှည့်ရောင်းသောထီကားများတွင် (၂) ဂဏန်းများစွာပါအောင်ရွေးချယ်ကံစမ်းထားလိုက်ပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ချေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တစ်နေ့တည်း ဘုရား (၃) ဆူလှည့်၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို စနေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - စနေနံဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ ပဋ္ဌာန်းနှင့်မေတ္တာကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက်ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ၂၄-ပစ္စည်းကို နေ့စဉ်ဂြိုဟ်သက်အလိုက်ရွတ်ဖတ်ပူဇော်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။



www.burmeseclassic.com

www.burmeseclassic.com

**ကျန်းမာရေး** - ကျိုးစာမကြာခဏကျွေးပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ယခုလ ဘုရား (၃) ဆူ တစ်နေ့တည်းလှည့်၍ စံပယ်ပန်းများဖြင့်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါညွှန့်လက်တစ်ဆုပ်ဖြင့်မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာ သွား၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ သစ်သားအဟောင်းအဆွေးများကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ မကြာမကြာသွား၍ ရင်ပြင်တော် တံမြက်စည်း လှည်း၊ အမှိုက်များကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စနေနံပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။ အစာကျွေးပေးပါ။
**ထီကံကောင်းလိုသူများ** - တနင်္လာနံထီဆိုင်တွင် (၂) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

## စနေသားသမီးများ


**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - 'တဟီ တဟီ' အစချီသော ဘုရားရှိခိုးဂါထာကို အမိဋ္ဌာန်ဖြင့်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင် အကျိုးဆောင်နှင့်စပ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - စနေနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ မေ့မစကြာနှင့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် သံတိုသံစ၊ သစ်တိုသစ်စများကို ရှင်းလင်းထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှလမ်းလျှောက်သွားရင် အနီးဆုံးဖြစ်သော ဘုရားစေတီသို့ မကြာမကြာသွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပါ။
**ကျန်းမာရေး** - နှမ်းပါးသောသက်ကြီးရွယ်အိုများကို တတ်အားသရွေ့ ငွေကြေးထောက်ပံ့ပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်များတွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

ယခုလတွင်-
တနင်္ဂနွေ-စနေပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွှတ်ဖတ်ခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။
အံ့ထွေး၊ အံ့ထင်၊ အိမ့်နွဲ့

မိမိကောင်းမှုအကြောင်းပြု
ဆုမတောင်းဘဲပြည့်ပါစေ

ပြည့်သိမ်းကျော်

www.burmeseclassic.com



မင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ -

နှစ်ဦးအချိန်ကာလမှာ -

သူရဇ္ဇပရိသတ်ကြီးကို နှစ်ဦးလက်ဆောင်နဲ့ ဂါရဝပြုခွင့်ရတဲ့အတွက် အင်မတန်မှ ဝမ်းမြောက်ဂုဏ်ယူရပါတယ်။

အခု -

ဒီနှစ်ဦးလက်ဆောင်ကို စတင်ဖတ်ရှုပြီဖြစ်တဲ့အတွက်လည်း ကျေးဇူးတင်စွာနဲ့ ရိုသေလေးစားစွာ ဂါရဝပြုလိုက်ပါတယ်။

**"နှစ်ဦးလက်ဆောင်"**

နှစ်ဦးနှစ်ဖျား ဆိုတဲ့ အချိန်အခါကာလမှသည် တစ်နှစ်လုံးအတွက် ကောင်းခြင်းမင်္ဂလာတွေဖြစ်လာစေဖို့ ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ အန္တရာယ်ကင်းခြင်းတွေပြည့်စုံနေစေဖို့ အကြံပြုခြင်းတွေနဲ့ ဒီစာမျက်နှာလေးကို မင်္ဂလာရှိရှိ စတင်လိုက်ပါပြီ။

နှစ်တစ်နှစ်ရဲ့ နှစ်ဦးရောက်လာပြီဆိုရင် ပျော်ရွှင်ချမ်းမြေ့ခြင်းတွေနဲ့ စတင်ကြတာများပါတယ်။

ပျော်ရွှင်ချမ်းမြေ့တာချင်းအတူတူ အပူအပင်ကင်းကင်းနဲ့ ပျော်ကြတာပိုကောင်းတာပေါ့။

ဒါဖြင့် အပူအပင်ကင်းဖို့အတွက် အပူအပင်ကင်းအောင်နေတတ်ဖို့တွေလိုလာပြီ။ အပူကင်းခြင်းရဲ့တန်ဖိုးကို သိဖို့လိုလာပြီ။

ဒီလိုဆို အပူကင်းအောင်ဘယ်လိုတွေများနေသင့်သလဲဆိုတဲ့ စဉ်းစားခြင်းတွေနဲ့ ရှုထောင့်တစ်ခုကိုမြင်ကြည့်လိုက်ရမယ်ဆိုရင် -

နှစ်ဦးကာလကစပြီး စိတ်ဆိုးခြင်း၊ စိတ်တိုခြင်း၊ ဒေါသထွက်ခြင်းတွေကို နည်းနိုင်သမျှနည်းအောင် ကြိုးစားပြီး ကောင်းခြင်းတွေတွေးကြရပါလိမ့်မယ်။ စိတ်ဆိုးတာကနေ စိတ်ကောင်းအောင်ပဲ စဉ်းစားကြတာ အကောင်းဆုံးပါပဲ။

ကိုယ့်ကိုယ်ကိုယ်များများအကဲခတ်၊ များများစောင့်ကြည့်၊ များများစစ်ဆေးရပါလိမ့်မယ်။

ဘာလို့လဲဆိုတော့ ကြည့်လိုက်ရင် သူများကိုပဲမြင်မြင်နေရတဲ့အတွက် သူများအကြောင်း၊ သူများချို့ယွင်းချက်တွေကအလိုလို ကိုယ့်မျက်လုံးထဲရောက်ရောက်နေတတ်လို့ပါပဲ။ ဒီတော့ ကိုယ့်ကိုယ်ကိုယ်မမြင်နိုင်ပါဘူး။ အဲဒီလို မမြင်နိုင်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ်မြင်နိုင်လာအောင် ကိုယ့်ကိုယ်ကိုယ်များများစစ်ဆေးရပါလိမ့်မယ်။

ငါ ဘာလိုနေလဲ။

ငါဘာလို့အပူသောကတွေများနေရတာလဲ။

ငါ ဘာလို့ငွေကုန်ကြေးကျတွေတအားများနေတာလဲ။

ဘာလို့ ငါ့မှာအလုပ်တွေအဆင်မပြေဖြစ်နေရတာလဲ။

ငါ ဘာဖြစ်လို့ ငါ့မိသားစု၊ ငါ့သားသမီးတွေနဲ့ အဆင်မပြေဖြစ်နေရတာလဲ။

ဘာလို့ ငါ့လုပ်ငန်းတွေ မအောင်မြင်ရတာလဲ။

ငါ ဘာလို့ ခဏခဏချူချာနေရတာလဲ။

ငါ့စိတ်တွေဟာ ဘာလို့စုစည်းလို့မရအောင်ဖြစ်ပြီး ဂနာမငြိမ်ဖြစ်နေရတာလဲ။

ဒါတွေဟာ -

ကိုယ့်ကိုယ်ကိုယ်မြင်အောင်ကြည့်ရမယ့်အကြောင်းတွေပါ။

တချို့ဆိုရှိပါတယ်။

ဒါလောက်ရွတ်ဖတ်၊ ဒါလောက်ပုတီးတွေစိပ်နေတာ၊ ဒါလောက်တရားတွေထိုင်နေတာဘာလို့များအပူသောကတွေ ပင်လယ်ဝေနေလဲမသိပါဘူးဆိုပြီး ပြောတတ်တဲ့၊ ညည်းတတ်တဲ့သူတွေရှိပါတယ်။

"မှန်ပါတယ်၊ သူတို့ကိုကြည့်လိုက်ရင် တကယ်ကိုရွတ်ကြဖတ်ကြ၊ အားထုတ်ကြသူတွေပါ။ ဒါပေမယ့် သူတို့မှာ ဘဝအမောမပြေနိုင်ကြပါဘူး။

ဒီလိုဆို -

စောစောက ပြောခဲ့တဲ့အတိုင်း စိတ်ဆိုးခြင်း၊ စိတ်တိုခြင်း၊ ဒေါသထွက်ခြင်းတွေကို နည်းနိုင်သမျှနည်းအောင် ကြိုးစားပြီး ကောင်းခြင်းတွေတွေးရပါလိမ့်မယ်။ ခုလိုနှစ်ဦးနှစ်ဖျားကစ မင်္ဂလာယူပြီး ကောင်းခြင်းတွေနဲ့ စတင်ရပါလိမ့်မယ်။

ဒါဖြင့် -

ဘယ်သူနဲ့တွေ့တွေ့ တစ်ဖက်သားကို စိတ်ချမ်းသာအောင်ပြောဖို့၊ ချိုးမွမ်းဖို့၊ ကျေးဇူးတင်စကားပြောဖို့၊ ပြုံးပြဖို့ ဝန်လေးနေလို့ မဖြစ်တော့ပါဘူး။ ကိုယ်ပြောချင်တာထက် သူပြောတာကို နားထောင်ပေးနိုင်ဖို့အတွက် နားထောင်တတ်အောင်ကျင့်ရပါလိမ့်မယ်။ ကိုယ်ပြောချင်တာကိုပဲ စွတ်ပြောဖိပြောနေလို့ မဖြစ်ပါဘူး။ ဆန့်ကျင်ဘက်မပြုပါနဲ့။ နှစ်ဦးကစပြီး ဒီလိုနဲ့ စတင်လိုက်ခြင်းဟာ ကိုယ့်အတွက်ပါ စိတ်ချမ်းသာမှုတွေ၊ စိတ်အေးချမ်းမှုတွေ ဖြည်းဖြည်းဖြစ်လာရတာ လက်တွေ့ကြုံရပါလိမ့်မယ်။

စိတ်ပျက်စရာ၊ စိတ်ခေါက်ကျစရာတွေမတွေးပါနဲ့။ သူများအကြောင်းလည်း ကောင်းတာပဲရှာကြံတွေးပြီး ကြံဖန်ချီးမွမ်းပါ။ ကျေးဇူးတင်ပါ။

တစ်ခါက လူငယ်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ဟာ ဘဝကိုပင်ပန်းကြီးစွာနဲ့ဖြတ်သန်းနေခဲ့ရပါတယ်။ အဲဒီလူငယ်လေးနဲ့ရင်းနှီးတဲ့မိသားစုတစ်စုရှိပါတယ်။ အဲဒီမိသားစုမှာ ကိုယ်ပိုင်ကားတစ်စီးရှိပါတယ်။ လူငယ်လေးဟာ တစ်နေ့ အဲဒီမိသားစုဝင်သူ့သူငယ်ချင်းကိုအကြောင်းပြုပြီး ကားလိုက်စီးချင်လို့ မယောင်မလည်ချဉ်းကပ်ခဲ့ဖူးပါတယ်။အဲဒီအခါမှာ သူ့သူငယ်ချင်းရဲ့ဖခင်က 'ဘယ်လိုလဲကွ၊ ကားစီးချင်လို့လား၊ ကားစီးချင်ရင်လည်း စီးနိုင်အောင်ကြိုးစားပေါ့ကွာ' ဆိုပြီး လူငယ်လေးကိုနောက်သလိုပြောင်သလိုနှိမ်သလိုပြောရင်း နှုတ်ဆက်ပြီး ကားမောင်းထွက်သွားကြပါတယ်။ လူငယ်လေးကို ကားပေါ်တင်ခေါ်မသွားတဲ့အတွက် လူငယ်လေးလည်း သူတို့ခြံဝကနေ ပြန်လှည့်လာခဲ့ရပါတယ်။

သူဟာ စိတ်ထဲမှာအတွေးတစ်ခုဝင်သွားပါတယ်။ ဟုတ်တယ်၊ ဦးလေးပြောတာ။ ကားစီးချင်တဲ့သူဟာ ကားစီးနိုင်အောင်ကြိုးစားရမယ်ဆိုတဲ့စိတ်ဝင်



# ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသူ)

## နှစ်ဦးလက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

သွားပါတယ်။ သူ့အတွေးဟာ အပြစ်ကင်းပါတယ်။ ဘယ်သူ့ကိုမှအပြစ်မမြင်ပါဘူး။ ဒါကြောင့်လည်း သူ့ကိုနှိမ်လိုက်တာ သူ့စိတ်ထဲမှာမရှိတော့ဘူး။ ကြိုးစားချင်စိတ်ပဲပေါ်လာတော့တယ်။

သူကြိုးစားတယ်။

သူ့အလုပ်လေးတွေကို သူ့အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီး ဘဝကိုဖြတ်သန်းတယ်။ သူ့ရည်ရွယ်ချက်ကိုပဲသူတွေးတယ်။ အတိတ်ကိုပြန်မစဉ်းစားတော့ဘူး။ အတိတ်အတွက် သူ့အတွေးတွေကို နေရာမပေးတော့ဘူး။ သူဟာ လူကြီးမိဘတွေရဲ့ဆိုဆုံးမမှု၊ လမ်းပြမှုတွေကိုနာခံရင်း ဘဝကိုဖြတ်သန်းတော့တယ်။

နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်ရှိမလားပဲ။

တစ်နေ့ -

ခြံတစ်ခြံရှေ့မှာ မတ်တတ်ရပ်ပြီး ဟိုကြည့်ဒီကြည့်ကြည့်နေတဲ့ဘကြီးတစ်ယောက်ရှေ့ကို လှပတဲ့ကားလေးတစ်စီး ညင်ညင်သာသာ ထိုးဆိုက်လာတယ်။ ကားပေါ်ကလူဟာ ကားအောက်ကိုဆင်းပြီး သူ့လက်ထဲကအထုပ်တစ်ထုပ်ကို အဲဒီဘကြီးလက်ထဲ ရိုရိုသေသေ ထည့်လိုက်တယ်။ အထုပ်က ဘကြီးဝတ်ဖို့ အင်္ကျီ၊ ပုဆိုးနဲ့ အားဆေးတွေပါ။ ပြီးတော့ အဲဒီလူဟာ ဘကြီးကို ရိုရိုသေသေ ထိုင်ကန်တော့လိုက်ပါတယ်။ဘကြီးကမမှတ်မိဘူး။ 'မင်းဘယ်သူလဲတဲ့'၊ ဒီတော့မှ ကျွန်တော် ဘကြီးသားကိုတွတ်နဲ့သူငယ်ချင်း မောင်ဘယ်သူပါ။ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်ကျော်က ကားစီးချင်ရင် စီးနိုင်အောင် ကြိုးစားပေါ့ကွာဆိုပြီး ဘကြီးချီးမြှောက်ခဲ့တဲ့စကားကြောင့် ကျွန်တော် ကြိုးစားခဲ့တာ ခု ဒီကားကို စီးနိုင်လို့ ဘကြီးကိုဦးဆုံးလာကန်တော့တာပါ။ ဘကြီးရဲ့ကျေးဇူးကြီးပါတယ်ဆိုပြီး ကန်တော့တယ်။ ဘကြီးက မျက်ရည်ကျတယ်။ သူနှိမ်ခဲ့တဲ့လူငယ်လေး၊ သူ့သားရဲ့သူငယ်ချင်းလေးဟာ သူ့ရှေ့မှာ နေနိုင်စားနိုင်သူတစ်ယောက်ဘဝနဲ့ သူ့ကို ပြုံးရွှင်စွာထိုင်ကန်တော့နေတော့ သူခံစားသွားရပြီလေ။

အဲဒီလူငယ်လေးလိုပဲ -

သူများအကြောင်းကိုကောင်းတာပဲရှာကြံတွေးပြီး ကျေးဇူးတင်လိုက်ပါ။

အိပ်ရာက စောစောထ၊ မျက်စိနှစ်လုံးပွင့်တာနဲ့ ရတနာမြတ် (၃) ပါး ဂုဏ်ကျေးဇူးကိုအာရုံပြုပြီး ကောင်းတာတွေ၊ ကျေးဇူးတင်တာတွေပဲတွေးပါ။

နေ့သစ်ကို ကောင်းခြင်းတွေနဲ့ အမြဲတမ်းစတင်ပါ။

မိတ်ဆွေတွေ၊ သူငယ်ချင်းတွေကို သူတို့ရဲ့အရည်အချင်း၊ သူတို့ရဲ့ကောင်းခြင်းတွေရှာကြံပြီး ချီးမွမ်းစကားဆိုဖို့၊ ကျေးဇူးတင်စကားဆိုဖို့၊ ပြုံးပြဖို့ မမေ့ပါနဲ့။

အဲဒီလိုနေလာပြီဆိုတာနဲ့ အင်မတန်မှအပူအပင်ကင်းတဲ့သူတစ်ယောက်လိုဖြစ်လာပါလိမ့်မယ်။

ဒီလိုစိတ်ဓာတ်နဲ့ လောကကိုအလှဆင်ပြီဆိုတာနဲ့ စိတ်ဆိုးခြင်း၊ စိတ်တိုခြင်း၊ ဒေါသထွက်ခြင်းတွေ တော်တော်နည်းလာနေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ်သိလာပါလိမ့်မယ်။

အဲဒီလိုစိတ်တွေနည်းလာပြီဆိုရင်-

ဘာကိုပဲလုပ်လုပ် ပေါ့ပျက်ပျက်မဖြစ်တော့ပါဘူး။

ပေါ့ပေါ့ပါးပါးလေးနဲ့ တက်တက်ကြွကြွရှိနေတာကို ကိုယ်တွေ့ကြုံရပါလိမ့်မယ်။

ဒါဖြင့် ရန်လည်းမလိုတော့ဘူး။ စိတ်ဆိုးခြင်း၊ စိတ်တိုခြင်း၊ ဒေါသထွက်ခြင်းတွေလည်းနည်းနိုင်သမျှနည်းအောင် ကြိုးစားနေပြီ။

ဒီလိုဆို ကောင်းကံတွေထပ်ပြုလိုက်ရင် ပိုမကောင်းဘူးလား။

ကောင်းရင် စဉ်းစားပေတော့။

နှစ်ဦးကစပြီး ငါဘာလုပ်မလဲ။

နှစ်ဦးစကပြီး ငါ ပဋ္ဌာဝါရပဋ္ဌာန်း နေ့တိုင်းရွတ်ပူဇော်မယ်ဆိုရင် စတင်ပူဇော်လိုက်ပါ။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကြီးကို နေ့စဉ်ပူဇော်မယ်ဆိုရင်လည်း စတင်ပူဇော်ပါ။

ဒါမှမဟုတ် ပရိတ်တော်တွေရွတ်ဖတ်ပြီးပူဇော်မလား၊ ပူဇော်ပါ။

ဒီလိုမှမဟုတ်သေးရင် အခုကစပြီး နေ့စဉ်ဂုဏ်တော်တစ်ထောင်ရွတ်မလား။

မရွတ်နိုင်လောက်သေးရင် (၁၀၈) ခေါက်ရွတ်မလား။

ဒီလိုမဟုတ်သေးရင် ဒိဝါတပတိဂါထာကို နေ့စဉ် (၁၀၈)ခေါက်ရွတ်ဖတ်ပြီး ဘုရားရှင်ကိုပူဇော်မလား။

ဒါမှမဟုတ် သရဏဂုံ-၃၀ကို ပုတီး (၁၀)ပတ် နေ့တိုင်းစစိပ်တော့မှာလား။

စတင်လိုက်ပါလေ။

နေ့စဉ်မပျက် ခုလိုပူဇော်ပြီဆိုရင် နေ့စဉ်မပျက် ပူဇော်ဖို့ရှိပါသေးတယ်။

ဒါကတော့ ဘုရားရှင်ကို သောက်တော်ရေကပ်လှူပြီး ယပ်တော်သွင်းပူဇော်တာပါပဲ။

နေ့သစ်ကို မင်္ဂလာယူပြီးစတင်လိုက်ပါ။

မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှင်ကို ဦးဆုံး သောက်တော်ရေကပ်၊ ယပ်တော်သွင်းပူဇော်ပါ။ လုံးဝမမေ့ပါနဲ့။

ဒါ - ဘာမှအပန်းကြီးတဲ့ကိစ္စ၊ ကြီးကြီးကျယ်ကျယ်လုပ်ရတဲ့ကိစ္စလည်း မဟုတ်ပါဘူး။ ဒါပေမယ့် ကြီးကျယ်ခမ်းနားတဲ့အောင်မြင်မှုတွေရောက်ရှိလာတာကို လက်တွေ့ကြုံရပါလိမ့်မယ်။

ရေရော၊ လေရော အေးချမ်းတဲ့ဓာတ်သဘောတွေနဲ့ ဘုရားရှင်ကိုပူဇော်နေတာမို့ ကိုယ်တိုင်လည်း အေးချမ်းခြင်းတွေ ပြည့်စုံလာပါလိမ့်မယ်။ ပြီးတော့မှ ကိုယ်ပူဇော်နေကျ ဆွမ်းများ၊ အမွှေးနံ့သာများနဲ့ ဆက်ပူဇော်ပါ။ ပြီးရင် ရွတ်ဖတ်၊ ပုတီးစိပ်၊ တရားရှုမှတ်ပူဇော်ခြင်းတွေ စတင်လို့ရပါပြီ။ မပျက်မကွက် နေ့စဉ်ပူဇော်ပါ။

တစ်လပြည့်တာနဲ့ သစ္စာဆိုလို့ရပါပြီ။

ဥပမာ မိခင်ကျန်းမာရေးကောင်းဖို့ သစ္စာဆိုမယ်ဆိုပါတော့။

ဘုရားတပည့်တော် ဘယ်နေ့သားမောင်ဘယ်သူ ဒါမှမဟုတ် ဘယ်နေ့သမီး မဘယ်သူဟာ နှစ်ဆန်းတစ်ရက်နေ့ကစပြီး ယနေ့ထိ ဘုရားရှင်ကို သောက်တော်ရေကပ်၊ ယပ်တော်သွင်းပူဇော်လာတာ မပျက်ကွက်ပါဘုရား။ ပဋ္ဌာဝါရပဋ္ဌာန်း (ဥပမာ) ရွတ်ဖတ်ပူဇော်လာခဲ့ခြင်းကိုလည်း မပျက်ကွက်ပါဘုရား။ ဤစကားသစ္စာတို့သည် မှန်ကန်ပါသည်ဘုရား။ ဤမှန်သောသစ္စာစကားကြောင့် ဘုရားတပည့်တော်၏မိခင်သည် မည်သည့်ရောဂါမျှမကပ်ငြိဘဲ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ပြည့်စုံပါစေသားဆိုပြီး သစ္စာပြုလို့ရပါပြီ။ လစဉ် သစ္စာပြုသွားလို့ရပါပြီ။

ဂုဏ်တော် (၁၀၀၀) စိပ်ရင်လည်း ဂုဏ်တော် (၁၀၀၀) ပုတီးစိပ်ခဲ့ခြင်းကို မပျက်ကွက်ပါဘူး ဘုရားဆိုပြီး သစ္စာပြုပါ။

ကိုယ်ဘယ်လိုရွတ်ဖတ်ပြီး ဘယ်လိုကျင့်ခဲ့သလဲ၊ အဲဒီအတိုင်းသစ္စာဆိုပါ။

ဒီလိုသစ္စာဆိုနိုင်ဖို့က ခုလို နှစ်ဦးနှစ်ဖျား နှစ်ဆန်းတစ်ရက်နေ့ကနေစတင်ပြီး မပျက်မကွက်ကုသိုလ်ပြုခဲ့မှသာရမှာဖြစ်ပါတယ်။ ပျက်သွားလို့မရပါဘူး။ ပြီးတော့ နှစ်ဦးကစပြီး ပြုကျင့်ရတဲ့ကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com

မို့ မှတ်လို့လွယ်သလို မင်္ဂလာလည်းရှိပြီး ထူးလည်းထူးပါတယ်။

ရှင်းပါတယ်။

နှစ်ဦးနှစ်ဖျားကစပြီး ခုလိုသစ္စာဆိုနိုင်အောင်ပြုရတဲ့ကုသိုလ်မျိုးဆိုတာ လုပ်ရင်ရမယ်၊ မလုပ်ရင်မရဘူး၊ ဒါပါပဲ။ အချိန်အခါမရွေး ပြုလုပ်တဲ့ကုသိုလ်တွေ ထက်မိုထူးနေတာက သစ္စာဆိုနိုင်လို့ပါပဲ။ မှတ်ရတာလည်း လွယ်ပါတယ်။

နှစ်စကစပြီး မပျက်မကွက်အားထုတ်လာကြသူတွေဆိုရင် တစ်ရက်မှ အပျက်မခံကြပါဘူး။ တစ်ရက်လောက်ဖျက်သွားမှာကိုတောင် အတော်စိုးရိမ်ကြပါတယ်။ သူတို့စိုးရိမ်လောက်အောင်လည်း ထူးခြားမှုတွေဖြစ်ဖြစ်လာတာကိုး။

ဒါဖြင့် -

ပေါ့ပေါ့ပါးပါးနဲ့တက်တက်ကြွကြွလည်းရှိပြီ။

ရန်လည်းမလိုတော့ဘူး၊ စိတ်ဆိုးခြင်း၊ စိတ်တိုခြင်း၊ ဒေါသထွက်ခြင်းတွေကိုလည်း နည်းနိုင်သမျှနည်းအောင်ကြိုးစားနေပြီ။

ဘယ်သူနဲ့ပဲတွေ့တွေ့ စိတ်ချမ်းသာအောင်ပြောဖို့ ချိုမွှမ်းဖို့ ကျေးဇူးတင်စကားပြောဖို့ ပြုံးပြဖို့ ဝန်မလေးတော့ဘူး။

သူများအကြောင်းကို ကောင်းတာပဲရှာကြံတွေးပြီး ကျေးဇူးတင်တတ်ပြီ။

အဲဒီလိုတွေကြောင့် ရင်ထဲမှာအပူကင်းလာပြီ။

ပြီးတော့ ကောင်းကံတွေလည်း တည်ဆောက်နေပြီ။

သစ္စာလည်းဆိုနိုင်ပြီ။

ဒီလိုဆို ထပ်ပြီးအကြံပြုလိုက်ပါ့မယ်။

ထူးသထက်လည်း ထူးလာရလေအောင်၊ အေးသထက်လည်းအေးလာရလေအောင် -

ကိုယ့်ကိုယ်ကိုယ်ဘာဖြစ်မှန်းမသိဖြစ်နေရတဲ့ အပူသောကတွေလည်း တဖြည်းဖြည်းလျော့ပါးသွားပြီး အေးချမ်းလာအောင် -

ခုလို နှစ်ဦးကစပြီး -

ဆပ်မကုန်နိုင်အောင် ကျေးဇူးကြီးမားလှတဲ့ ခင်ပွန်းကြီး (၁၀)ပါး ကို ဝန်ချတောင်းပန်ကန်တော့တဲ့အကျင့်နဲ့ စတင်ကျင့်ပြီး မင်္ဂလာနှစ်သစ်ကို စတင်လိုက်ပါ။

ဘဝဘဝပေါင်းများစွာက ကာယကံ၊ ဝစီကံ၊ မနောကံ တစ်ပါးပါးသောကံ



တို့နဲ့ပြစ်မှားမိခဲ့ရင် အဲဒီအပြစ်တွေကျေဖို့၊ ပြေပျောက်ဖို့၊ သက်သာဖို့ ကာယကံ၊ ဝစီကံ၊ မနောကံ ကံ (၃)ပါးတို့နဲ့ ဝန်ချတောင်းပန်ကန်တော့ပါ။

ကိုယ်မသိနိုင်တဲ့ အချိန်တွေမှာ ပြစ်မှားမိခဲ့တာတွေရှိကောင်းရှိနေပါလိမ့်မယ်။ ဒီပြစ်မှားထားခဲ့မိတဲ့ကံတွေက ဒီဘဝမှာလာပြီးပိတ်ဆို့နေတတ်ပါတယ်။ ဒါကြောင့် ဒီအပြစ်တွေနဲ့ကြွေးတွေကို ဆပ်ရပါလိမ့်မယ်။ ကြွေးတွေတင်နေသရွေ့၊ အဲဒီကြွေးတွေမဆပ်နိုင်သရွေ့ အကုသိုလ်အတိုးတွေတက်နေမှာပါပဲ။

ဘာဖြစ်လို့ဖြစ်မှန်းမသိတာတွေ ဖြစ်ဖြစ်နေရတာတို့၊ ရုပ်ပိုင်းစိတ်ပိုင်းထိခိုက်နေရတာတို့၊ ရှာလို့ဖွေလို့ ဘယ်လိုမှ အဆင်မပြေနိုင်တာတို့၊ စုဆောင်းလို့မရတာတို့၊ အလိုလိုနေရင်း လူချင်းတွေမသင့်ဖြစ်နေတာတို့၊ ဘာဖြစ်လို့ချချာနေရမှန်းမသိတာတို့၊ အနာနဲ့ဆေးမတွေ့တာတို့၊ အထိအခိုက်တွေများလွန်းတာတို့၊ ကိုယ်ဘယ်လောက်ကောင်းကောင်း အစွပ်အစွဲအပြောအဆိုခံနေရတာတို့ကြုံနေကြရမှာဖြစ်ပါတယ်။ ဒါကြွေးတွေအတွက် ပေးဆပ်နေရတာပဲ။

ဒီကြွေးတွေအတွက် ဝန်ချတောင်းပန်ကန်တော့ရပါလိမ့်မယ်။ ဒီလိုဝန်ချတောင်းပန်ကန်တော့ခြင်းကို တတ်နိုင်သမျှကြိုးစားပြီး နေ့စဉ်ပုံမှန်ပြုလုပ်ပါ။ တတ်နိုင်ရင် မနက်တစ်ကြိမ်၊ ညတစ်ကြိမ်ပြုပါ။ ဒီကြွေးတွေ တဖြည်းဖြည်းလျော့ပါးပြီးရှင်းလာပါလိမ့်မယ်။

လက်တွေ့ ဝန်ချကန်တော့လို့ လက်တွေ့ကောင်းကျိုးချမ်းသာမင်္ဂလာတွေနဲ့ ပြည့်စုံလာကြသူတွေ မနည်းတော့ပါဘူး။

ဒီပြင်က အပူတွေကူးစက်ပြီး ဘယ်လောက်ပူပူ အဲဒီအပူတွေပါ တဖြည်းဖြည်း ပြေပျောက်လွင့်ပျယ်သွားပါလိမ့်မယ်။

ဒါကြောင့် -

ဝန်ချတောင်းပန်ကန်တော့ခြင်းကို နှစ်ဦးနှစ်ဖျားကပဲ စတင်လိုက်ပါ။ မှတ်သားထားပါ။ မြွက်ဆိုဒီန်ကြည့်ပြီး အထူးမှတ်စရာမလိုပါဘူး။ နှစ်ဦးနှစ်ဖျားကစလိုက်တဲ့ ဒီကောင်းခြင်းကုသိုလ်ကြီးတွေ၊ သစ္စာတန်ခိုးတွေကြောင့် ကိုယ်ဟာဘယ်လောက်အေးချမ်းသွားပြီလဲ၊ ဘယ်လောက် အောင်မြင်သွားပြီလဲဆိုတာ ကိုယ်တွေ့ကြုံရတာ မိုကောင်းပါလိမ့်မယ်။ တစ်လ၊ နှစ်လဆိုကတည်းက စပြီးသိလာပါလိမ့်မယ်။

ဒီနှစ်ဦးလက်ဆောင်ကတော့ ဒါတွေ မလိုပါဘူးဆိုတဲ့သူတွေအတွက် မဟုတ်ပါဘူး။ လိုအပ်မယ်လို့ထင်တဲ့သူတွေအတွက် လိုအပ်တာလေးတွေကို တစ်ထောင့်တစ်နေရာကနေ ပါရမီဖြည့်လိုက်တာပဲဖြစ်ပါတယ်။

ဒါဆို -

နှစ်ဦးနှစ်ဖျားကစလို့ ကောင်းခြင်းတွေပြည့်စုံပြီ၊ ပိုင်ဆိုင်ပြီ။ ကောင်းခြင်းတွေပြည့်စုံရင် အောင်မြင်မှုတွေဖြစ်ပြီ။

ကျန်းမာခြင်း၊ ချမ်းသာခြင်းတွေဖြစ်ပြီ။

အကုသိုလ်တွေကင်းပြီ၊ စိတ်တွေလည်းချမ်းသာပြီ။

စိတ်ဆိုးခြင်း၊ စိတ်တိုခြင်း၊ ဒေါသထွက်ခြင်းတွေလည်း တဖြည်းဖြည်းနည်းသွားပြီ။ သူများကိုလည်း ကောင်းတဲ့စိတ်ဓာတ်နဲ့ ချိုးမွမ်းတတ်ပြီ၊ ကျေးဇူးတင်တတ်ပြီ။

ဒါလောက် ကောင်းခြင်းတွေနဲ့ ပြည့်စုံနေမှတော့ ဒီနှစ်ဟာ ကိုယ့်အတွက် မင်္ဂလာရှိနေပြီပေါ့။ အောင်မြင်ပြီပေါ့။ စိတ်ချမ်းသာပြီပေါ့။ ကျန်းမာပြီပေါ့။ ဘုန်းကံတက်ပြီပေါ့။ အပူတွေကင်းပြီပေါ့။

ဒါဖြင့် -

အဲဒီကောင်းခြင်းတွေကို အခုကပဲ စတင်လိုက်ကြရအောင်လို့ -

မေတ္တာစကားနဲ့ မေတ္တာများစွာပို့ရင်း -

နှစ်ဦးမှာဂါရဝပြုလိုက်ပါပြီ။

ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ အပူအပင်ကင်းခြင်းများစွာနဲ့ အောင်မြင်ခြင်းများစွာ ပြည့်စုံနိုင်ကြပါစေ။

**ဆရာဦးမောင်မောင်သန်း**

**(ရင်ကိုအေးမြစေသား)**



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် စမ်းနေသမည်ရှင်၊ ကြာသပတေးနံသမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ စက်ပစ္စည်းများအတွက်စိတ်ညစ်ရတတ်ပါသည်။ စက်ဟောင်းများမဝင်လာပါစေနှင့်။ စကားပြောစဏခဏများတတ်သောကာလ ဖြစ်ပါသည်။ မိတ်ဆွေဟောင်းများထံမှကူညီပံ့ပိုးမှုရမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာနေစေရန် စကားပြောဆင်ခြင်ရပါမည်။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သော အစားအသောက်များရှောင်လိုက်ပါ။ ပညာရေးကံများဆက်ကာဆက်ကာကောင်းနေပါမည်။ အလုပ်ကိစ္စများဘာလုပ်လုပ်တစ်ကြိမ်နှင့်မပြီးတတ်ပါ။ ကိုယ့်အလုပ်အပြင် သူတစ်ပါးအလုပ်တွေပါ တာဝန်ယူလုပ်ပေးနေရတတ်ပါသည်။ ငွေဝင်လာသော်လည်း ကုန်ကျစရာကိစ္စပေါ်လာတတ်၍ မစုမိဘဲဖြစ်နေမည်။ ရွှတ်ဖတ်နေကျဝတ္ထုရားများမပျက်ပါစေနှင့်။ ချစ်တတ်သူများ တစ်ယောက်နှင့်တစ်ယောက်အတူရှိနေချင်တတ်ပြီး မတည့်အတူနေဖြစ်နေမည်။ စကားကြောင့်ပြဿနာဖြစ်မည်။ ငှက်စာများများကျွေးပါ။ စိတ်ရှည်ပါ။ ထိုက်ကောင်းတတ်ပါသည်။ ကြာသပတေးနံ့ထီဆိုင်တွင် တနင်္ဂနွေသားသမီးတစ်ဦးနှင့် ထီစပ်တူထိုးပါ။ ကိုယ်ကြိုက်ရာဂဏန်းတွေ ရွေးချယ်နိုင်ပါသည်။ ဘာမဆိုစိတ်နှစ်ခွဖြစ်နေတတ်၍ နေ့စဉ် (၁၀)-မိနစ်၊ (၁၅) မိနစ်ခန့် အာနာပါနရှုမှတ်ပေးပါ။ (၃) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။

**ယတြာ ။ ။ အသက်အရွယ်ကြီးသူများကိုဆေးလှူပေးပါ။**


**၂၀၀၇ ခုနှစ်၊ ဧပြီလအတွက်**

**ဆရာဦးမောင်မောင်သန်း**

**(ရှင်ထိုစအေးမြဝေသား)**

# ခုနစ်ရက်သားသမီး

**ဟောတတမ်း**





www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စများအတွက် တနင်္လာနံ့မည်ရှင်၊ အင်္ဂါနံမည်ရှင်များနှင့် တိုင်ပင်ပါ။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ကောင်းသောအတွေးအကြံများနှင့် မင်္ဂလာရှိသော စကားများပြောဆို၍ အောင်မြင်မှုကိုရယူပါ။ အတိုက်အခံများလွန်းပါက ဂုဏ်တော်ကွန်ချာပုတီးစိပ်ပါ။ စကားပြောမကြမ်းပါနှင့်။ ရှေးဟောင်းရွှေပျက်များဝတ်ဆင်မထားသင့်ပါ။ ညီအစ်ကိုမောင်နှမချင်း စိတ်ဝမ်းကွဲစေမည့်စကားများရှောင်ပါ။ ကျန်းမာရေးအတွက် လေအောင့်သည်အထိ အဆာမခံပါနှင့်။ အပူအစပ်များရှောင်လိုက်ပါ။ ရေကူးမကျွမ်းကျင်ဘဲ ရေမကူးပါနှင့်။ လုပ်ငန်းခွင်အတွင်း စိတ်ပင်ပန်းကိုယ်ပင်ပန်းဖြစ်နေမည်။ ငွေနံ့အဖျားရှူးတတ်၍ ငွေဝင်စေသောဂါထာများ ပုတီးစိပ်ပါ။ ပညာရေးကံများကောင်းနေပါသည်။ ကြိုးစားလေ အောင်မြင်လေဖြစ်ပါသည်။ သိပြီးသားဟုထင်နေသောစာများ အမှန်တကယ်မသိဘဲဖြစ်နေမည်။ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးခြင်းသာဖြစ်ပါသဖြင့် ထပ်ပြီးကျက်မှတ်လေ့လာပါ။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများ ကံကောင်းမည်။ သို့သော် မကြာခဏစကားများရတတ်ပါသည်။ တစ်ဦးနှင့်တစ်ဦး မခံမရပ်နိုင်အောင် အပြောအဆိုတင်းမာမှုများရှောင်ပါ။ ထီကံစမ်းမည့်သူများ အင်္ဂါနံ့ထီဆိုင်တွင် (၃) အစ (၃) အဆုံး ထီလက်မှတ်လေးများကို ရွေးချယ်ပါ။

ယတြာ ။ ။ *လေထိထားသောစေနံ့ရှင်များကို ဆေးလှူပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် စနေနံမည်ရှင်၊ တနင်္ဂနွေနံမည်ရှင်များနှင့် တိုင်ပင်ပါ။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အနုပညာနှင့်ပတ်သက်သောလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ အခက်အခဲဖြစ်တတ်ပါသည်။ စနေနံ့လုပ်ငန်းများ၊ လူမျိုးခြားနှင့်ဆိုင်သောလုပ်ငန်းများ အဖျားရှူးသွားတတ်၍ သတိထားဆောင်ရွက်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာစေရန် မေတ္တာသုတ်ကို နေ့စဉ်ပြုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ အတိုက်အခံရန်များနေပါက အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီသို့သွား၍ တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။ ကျန်းမာရေးကောင်းနေစေရန် လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ အချိုအဆိမ့်များရှောင်ပါ။ အိမ်ဆောက်မည်ဆိုပါက အဆင်ပြေသော်လည်း မြေဝယ်လျှင် အရှုပ်အရှင်းဖြစ်တတ်ပါသည်။ ပညာရေးတွင် မြင်းကောင်းခွာလိပ်မဖြစ်စေရန် ကိုယ့်ကိုယ်ကိုယ်ဆုံးမပြီးကြိုးစားပါ။ ချစ်ရေးချစ်ရာကိစ္စများအဆင်ပြေနေသော်လည်း ချစ်သူနှင့် ဖုန်းကြာရှည်ပြောမိရင်းက ပြဿနာဖြစ်တတ်၍ သတိထားပါ။ အိမ်ထောင်ရှင်များလည်း အဓိပ္ပာယ်မရှိသောစကားများနှင့် ငြင်းခုံစွပ်စွဲရင်း မဖြစ်သင့်တာတွေဖြစ်တတ်၍သတိထားပါ။ ငွေနံ့ကောင်းပါမည်။ ကုန်သည်မှုငွေပြန်ဝင်လာမည်။ အလှူဒါနပြုလုပ်ပေးပါ။ ထီထိုးရန်အတွက် ကြာသပတေးနံ့ထီဆိုင်တွင် (၅) ဂဏန်းနှင့် စသော မင်္ဂလာစုံတွဲများနိုင်သလော်က်ထိုးထားပါ။

ယတြာ ။ ။ *လက္ခဏာရှားပါးသူတစ်ဦးဦးကို ငွေနှင့် သစ်သီးများ၊ ဟင်းချက်စရာများဝယ်ပေးလိုက်ပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် တနင်္လာနံမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ မိခင်၊ အဒေါ်၊ မိခင်ကဲ့သို့နေသောသူများကလည်း ကူညီပံ့ပိုးပါလိမ့်မည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အင်္ဂါနံ့လုပ်ငန်းများပြန်လည်ဦးမော့လာပါလိမ့်မည်။ ပုံမှန်ငွေဝင်နေစေရန် လာဘ်ဝင်စေသောဂါထာများကို အခိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ ရေလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းများ သူများပြောတိုင်းမလုပ်ပါနှင့်။ စပ်တူလည်းမထည့်ဝင်ပါနှင့်။ ကိုယ်လုပ်နေကျအလုပ်ဖြစ်ပါကလည်း ထစ်ငေါ့နေတတ်ပါသည်။ အိမ်တွင်းရေးသာယာမည်။ ကျန်းမာရေးကောင်းသည်ဆိုပြီးမပေါ့ပါနှင့်။ လွန်ကဲစွာအအေးမခံပါနှင့်။ ရေချိုးခြင်း၊ ပန်ကာလေခံခြင်းများဆင်ခြင်ရပါမည်။ ပညာရေးကြိုးစားနေရင်းက အဖျားရှူးမသွားပါစေနှင့်။ ပုံမှန်ထက်ပို၍ကြိုးစားလိုက်ပါ။ အောင်မြင်ပါလိမ့်မည်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာကိစ္စများသစ္စာရှိရပါလိမ့်မည်။ ခင်မင်သူတွေများလာပြီး မျက်နှာပွင့်လွန်းနေ၍ ချစ်သူ၏ သဝန်တို၊ သံသယစိတ်များကြောင့် ဖြေရှင်းချက်ပေးနေရပါမည်။ ထီဝါသနာပါသူများအတွက် စနေနံ့ထီဆိုင်တွင် (၂) ဂဏန်းများစွာပါအောင် ရွေးချယ်ပါ။

ယတြာ ။ ။ *ဘုရားတစ်ဆူဆူ၏ ရင်ပြင်တော်တွင် တံမြက်စည်းလှည်း၊ အမှိုက်ကောက်ခြင်းပြုပါ။*

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ပါ။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ရေလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်း၊ ဘဏ်လုပ်ငန်းများမမျှော်လင့်ဘဲ အောင်မြင်မှုရရှိမည်။ ခရီးသွားလုပ်ငန်းများ၊ အနုပညာနှင့်ဆိုင်သောလုပ်ငန်းများ၊ ခက်ခဲစွာဆောင်ရွက်ရတတ်သည်။ မိတ်ဆွေကောင်းများရှိနေ၍ အဆင်ပြေသွားပါလိမ့်မည်။ ကျန်းမာရေးကောင်းစေရန် ကိုယ်နှင့်မတည့်သည့်အစားအသောက်များရှောင်လိုက်ပါ။ လွန်ကဲစွာအဆာမခံပါနှင့်။ ပညာရေးကံများကောင်းနေပါသည်။ ကြိုးစားမှုများရပ်တန့်မသွားပါစေနှင့်။ စာကျက်မပျင်းပါနှင့်။ ဖူးစာရှင်နှင့် ချစ်ရေးချစ်ရာများ အတိတ်ကဇာတ်လမ်းဟောင်းတွေပြန်ပြောပြီး စိတ်ဆိုးစိတ်ကောက်ဖြစ်တတ်ပါသည်။ အဆင်ပြေစေရန် ငှက်ကလေးများကို အစာကျွေးပါ။ မွေးနေ့တွင် သက်သတ်လွတ်စား၍ ကောင်းမှုကုသိုလ်များပြုပါ။ အညံ့များ တဖြည်းဖြည်းလျော့နည်းသွားပါလိမ့်မည်။ လာဘ်လာဘအတွက် ငွေစက္ကူဖော်သော ဒီဂျိတ်ဇပတိဂါထာကို နေ့စဉ်ပုတီး (၃) ပတ်ရအောင်စိပ်ပါ။ အကြောင်းမဲ့ကုန်ကျမှုများလည်း ရပ်တန့်သွားပါလိမ့်မည်။ ထိုကံစမ်းမည့်သူများ တနင်္ဂနွေသားသမီးနှင့် စပ်တူထိုးပါ။ သူကြိုက်ရာထိုးပါစေ။ ကံကောင်းတတ်ပါသည်။

ယကြာ ။ ။ ***လမ်းကောင်းစွာမလျှောက်နိုင်သူတစ်ဦးကို တစ်နေရာမှာတွေ့သည်နှင့် ငွေ/အာဟာရလှူလိုက်ပါ။***

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် တနင်္လာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ပါ။ (၇) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ကားလုပ်ငန်း၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်မှုရရှိပါမည်။ ရွှေဟောင်းများဝတ်ရန်မဝယ်ပါနှင့်။ မမြဲပါ။ ပျက်စီး၊ ပျောက်ဆုံးခြင်းများဖြစ်တတ်ပါသည်။ စက်ပစ္စည်းများ ရပ်ဝေးတွင်ရှိသော စက်ရုံများပြန်လည်ဦးမော့လာမည်။ မြေကွက်ဝယ်လျှင်ကောင်းသော်လည်း အိမ်ဆောက်လျှင် တော်တော်နှင့်မပြီးဘဲ ကုန်ကျစရိတ်များနေပါလိမ့်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများတဖြည်းဖြည်းနားလည်မှုရရှိလာပြီး စိတ်ချမ်းသာရပါလိမ့်မည်။ ရပ်ဝေးမှ မိတ်ဆွေများထံမှ လက်ဆောင်ပစ္စည်းရရှိမည်။ ကျန်းမာရေး-ရောဂါဟောင်း၊ ဝေဒနာဟောင်းများ ပြန်လည်ခံစားရသော်လည်း စိုးရိမ်စရာမရှိပါ။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ လွန်စွာအအေးမခံပါနှင့်။ ရေချိုးလျှင် အကြာကြီးမချိုးပါနှင့်။ ပညာရေးကံများကောင်းနေပါသည်။ အသွားအလာလျှော့ပါ။ ညဉ့်နက်သည်အထိ စာမကျက်ပါနှင့်။ အိပ်ရေးဝဝအိပ်ပြီး ပုံမှန်စာကျက်ပါ။ အောင်မြင်ပါလိမ့်မည်။ နှလုံးသားရေးရာကိစ္စများ မျက်နှာပွင့်လန်းနေမည်။ ချစ်ရသူ၏ ချစ်ခင်ယုယမှုရရှိ၍ စိတ်ချမ်းမြေ့ပျော်ရွှင်နေပါလိမ့်မည်။ ထီထိုးရန်အတွက် ကားနှင့်ရောင်းသောထီကားလေးများ အိမ်ရှေ့လာရပ်ပြီး မင်္ဂလာရှိသောသီချင်းသံများဖွင့်ဖွင့်၍ရောင်းနေပါက ချက်ချင်းပြေးထိုးလိုက်ပါ။

ယကြာ ။ ။ ***ဖတ္တာန်းဥဒ္ဒေသနိဒ္ဒေသကိုအစိတ္တာန်နှင့်ရွတ်ပါ။***

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် အကောင်းဆုံးအကျိုးပေးသောနာမည်ရှင်များမှာ စနေနာမည်ရှင်များဖြစ်ပါသည်။ မိတ်ဆွေအဟောင်းထံမှ လုပ်ဖော်ကိုင်ဖက်များ၊ ဗုဒ္ဓဟူးနာမည်ရှင်များ ဒုတိယအကျိုးပေးပါသည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အဆောက်အအုံနှင့်ဆိုင်သောလုပ်ငန်းများ၊ ရေလုပ်ငန်းများ၊ စနေနံလုပ်ငန်းများအကျိုးပေးပါမည်။ ခရီးသွားလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ အပြိုင်အဆိုင်၊ အတိုက်အခံရှိနေ၍ ခက်ခဲနေမည်။ လူမျိုးခြားအကျိုးပေးမည်။ အိမ်တွင်းရေးများသာယာနေစေရန် ကိုယ့်ဆွေမျိုး၊ သူ့ဆွေမျိုးကိစ္စများယှဉ်ပြီးအပြစ်မပြောမိပါစေနှင့်။ ကျန်းမာရေးမကောင်းပါက အိပ်ရာပြောင်းအိပ်ပါ။ ကိုယ်နှင့်မတည့်သော အစားအသောက်များလွန်ကဲစွာမစားပါနှင့်။ လွန်စွာအဆာမခံပါနှင့်။ အိပ်ရေးပျက်မခံပါနှင့်။ ပညာရေးကံများကောင်းနေပါသည်။ သူငယ်ချင်းများနှင့် အချိန်မဖြုန်းဘဲ စာကိုဦးစားပေးပါ။ အောင်မြင်ပါလိမ့်မည်။ ဖူးစာရှင်နှင့် နှလုံးသားရေးရာများ-ချစ်သူဝိုင်းဝိုင်းလည်နေ၍ သစ္စာရှိရှိချစ်ရမည့်သူအပေါ် မျက်နှာမများပါနှင့်။ အနေအထိုင်ဆင်ခြင်ပါ။ အိမ်ထောင်ရှင်များလည်း ကိုယ့်အိမ်ထောင်ဖက်အပေါ် သစ္စာရှိပါ။ သံသယတွေမထားပါနှင့်။ စိတ်ချမ်းသာမှုရှိစေရန် ငှက်ကလေးတွေကို အစာကျွေးပါ။ ထီထိုးရန်အတွက် စနေနံထီဆိုင်တွင် (၇ အစ၊ ၅ ဆုံး) ထီလက်မှတ်လေးများကို တစ်နိုင်ထိုးထားပါ။ ထီပေါက်ကိန်းရှိနေပါသည်။ ထီထိုးရန် မမေ့ပါနှင့်။

ယကြာ ။ ။ ***အိမ်ထဲရှိသစ်အခွေများစွန့်ထုတ်လိုက်ပါ။***

ရ င် ကို ေ အး မြ ေ စ သ ာ

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၇၅၂) ကုန်းတောင်(၁၀)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။